http://www.dhammadownload.com



# ရခိုင်သမိုင်းအလင်းပြကျမ်း

ပြုစုသူ
ဦးရွှေခံ B.Sc.,B.C.S

(၂၀၁၁ အေဒီ)

http://www.dhammadownload.com

၁။ **နေနှင့်လ** ။ ပထမဆုံး ရခိုင်ဟု ခံယူအုပ်ချုပ်ခဲ့သော သူရိယမင်းဆက်၊ စန္ဒြားမင်းဆက်များမှ မင်းမြတ်တို့သည် နေ၊ လ အမည်ရှိသောဘွဲ့ထူးဂုဏ်ထူးကို ခံယူခဲ့ကြသည်။ နေ၊ လ သည် ကမ္ဘာ့အဆင်တန်ဆာ ဖြစ်သည့်အလျောက် အအေးနှင့်အပူ၊ အလင်းနှင့်အမှောင်၊ အကျိုးနှင့်အပြစ်တို့ကို ထင်ရှားစေနိုင်သောသတ္တိရှိသည်။ လူသားသတ္တဝါတို့အပေါ်တွင် အေးမြကြည်လင်သော သစ္စာတရားရှိသည်ကို ဖော်ညွှန်းသည်။

၂။ **သီရိဝစ္ဆ** ။ ကြက်သရေမင်္ဂလာအပြားပြားနှင့် ပြည့်စုံသည်ဟု အဓိပ္ပါယ်ရသည်။ ဝေသာလီခေတ်အင်း ခပ်နှိပ်ရာတွင် အသုံးပြုခဲ့ကြပြီး ဘုရားတန်ဆောင်း မှန်တံကဲများ၊ ရာဇပလ္လင်မှန်တံကဲများတွင် သုံးစွဲကြသည်။

၃။ **ခရုသင်း** ။ ဘုရင်များ ဘိသိက်ခံရာတွင် ရေစင်ဖြန်းသည့်အခါ တိုင်းသူပြည်သားတို့ကလည်း သစ္စာ၊ သီလ၊ သမာဓိဖြင့် တရားသဖြင့် အုပ်ချုပ်နိုင်ပါစေ၊ တိုင်းသူပြည်သားတို့ကလည်း သစ္စာ၊ သီလ၊ သမာဓိ ရှိကြပါစေဟူသော သရုပ်ကိုဖော်ဆောင်သည်။

၄။ **စိန်တောင်**။ အလယ်ဗဟိုတည့်တည့်တွင် မဏ္ဍိုင်အဖြစ် မားမားမတ်မတ် ဖြောင့်တန်းစွာ ရပ်တည်ထားသည်။

၅။ **စိန်တောင်အောက်ခံ**။ လခြမ်းသဏ္ဌာန်ဖြစ်ပြီး စိန်တောင်ကို မတိမ်းမစောင်း မယိမ်းမယိုင်ဖြောင့်မတ် တည်ရှိနိုင်စေရန် ထိန်းထားခြင်းသဘောဖြစ်သည်။

၆။ **ရွှေလုံး** ။ ရခိုင်တို့သည် ကြတ္တိကာနက္ခတ်နှင့် ယှဉ်သည့်လူမျိုးဖြစ်ပြီး ကြတ္တိကာနက္ခတ်သည် စပါးပင်၊ မြေကြီး လက္ခဏာကိုဆောင်သည်။

၇။ **ခြူးပန်း** ။ သူတစ်ပါးအမျိုးအနွယ်များကို ဖျက်ဆီးခြင်းမရှိ၊ အဗြဟ္မစရိယာသိက္ခာပုဒ်ကို စောင့်ထိန်းခြင်း၊ ပြည်သူပြည်သားများ မုဒိန်းတန္တ မကျူးလွန်စေကြရန် သရုပ်ဆောင်ထားခြင်းဖြစ်သည်။

သီရိဝစ္ဆ၏ သဘောအနက်အဓိပ္ပါယ်မှာ သစ္စာမေ့ရှိခြင်း၊ လယ်ယာစိုက်ပျိုးရေး၌ စပါးသီးနှံပွင့်များစေခြင်း၊ မိမိရိုးရာ ဓလေ့ထုံးစံများကို စောင့်ထိန်းနိုင်ခြင်း၊ ခေတ်နှင့်လျော်ညီစွာ တစ်စည်းတစ်လုံးတည်း တည်မြဲနိုင်စေခြင်း စသည့် ထွန်းသစ်ပေါ်များတိုးတက်စေနိုင်သော သင်္ကေတဖြစ်သည်။

http://www.dhammadownload.com



# ရခိုင်သမိုင်းအလင်းပြကျမ်း

ပြုစုသူ

ဦးရွှေခံ B.Sc.,B.C.S

(၂၀၁၁ အေဒီ)

ရခိုင်သမိုင်းအလင်းပြကျမ်း ဦးရွှေခံ B.Sc.,B.C.S (၂၀၁၁ အေဒီ)

http://www.dhammadownload.com

ရခိုင်သမိုင်းအလင်းပြကျမ်း ဦးရွှေခံ B.Sc.,B.C.S (၂၀၀၀ ခုနှစ်)

http://www.dhammadownload.com



# ရခိုင်သမိုင်းအလင်းပြကျမ်း

ပြုစုသူ

ဦးရွှေခံ - B.Sc.,B.C.S

၂၀၁၁-အေဒီ

http://www.dhammadownload.com

ပြုစုသူ - ဦးရွှေဓံ

❑ ***Published by -***
Migadawon Myanmar Temple
မှ ရိုက်နှိပ်ထုတ်ဝေသည်။

❑ ***First edition -***
2011. December, Printed 1000 copies
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၁..........................လ၊ အုပ်ရေ ၁၀၀၀ အုပ်


❑ ***Copyright -***
Migadawon Myanmar Temple
မူပိုင်ခွင့် မိဂဒါဝုန် မြန်မာကျောင်းတိုက်

❑ ***Printed in India, by -***
Nirankar Printing Press, Pandeypur,
Varanasi, (India).
တွင် ရိုက်နှိပ်သည်။

❑ © ***All rights reserved.***
Please contact the above for permission to reproduce any portion of this book.
မူပိုင်ခွင့်အားလုံးကို လက်ကိုင်ထားသည်။ ဤစာအုပ်မှ အချို့အစိတ်အပိုင်းကို ပြန်လည်ရိုက်နှိပ်ဖော်ထုတ်လိုပါက အထက်ပါ မူလရိုက်နှိပ်ထုတ်ဝေသူထံမှ ခွင့်ပြုချက် တောင်းခံစေလိုပါသည်။


http://www.dhammadownload.com





http://www.dhammadownload.com





## ရခိုင်အောင်လံတော်လင်္ကာ

ကြားပိမ့်ဗိုလ်သူ အုံ့ချီးမူသော သောင်းယူဇနာ မြေမျက်နှာထက် မြောက်မှာအာသံ
တောင်ယံသီဟိုဠ် နောက်ကိုလှည့်လည် မရွံ့ပြည်နှင့် ဦးတည်ပိုင်းခြား ပင်လယ်ဆင်းအောင်
စိုးမင်းတကာ ညီညွတ်ရာသည် သာယာရွှက်ဆောင် ရန်တိုင်းအောင်သည့် ဘုန်းခေါင်မြေ့ရာဇာ
ဥက္ကာဟုခ်မျိုး သမုတ်ရိုးလျှင် စံစိုးသောခါ ရက္ခပူရ ဓညမြို့ကြီး တိုင်းလုံးထီးကို ပြီးစီးခန့်ရှည်
ရွှေနန်းတည်၍ အောင်စည်ညံ့ညံ့ ဘိသိက်ခံက ကျောက်သံသလင်း သောင်းလုံးချင်းမှ
မြင်းလည်းသိန္ဓဝ နာဂဆဒ္ဒန် ရန်မန်ပယ်လွှေ့ ခြသေ့ကေသရီ အောင်နီအောင်ဖြူ ပဥ္စရူကို
ကြည်ဖြူနှစ်သက် နတ်တို့ဆက်က ဘုန်းကြက်သရေ မိုးနှယ်စွယ်၏ ရွှေငွေရတနာ
ပဒေသာသီး ပြီးစီးစေတတ် နတ်သမတ၊ စောင့်သီလနှင့် ဣန္ဒဝဇီရာ အလင်္ကာရ အစဖြန့်ချီ
သီရိဓဇ ချိုမြသာယာ နောက်ပိတ်မှာလည်း မဟာသုမေ့ ရာဇာဂုရု ရုံးကာစု၍ မျက်ရှုခတ်နှိပ်
ရွှေတံဆိပ်ကို စိတ်စိတ်ကြေနူး ရွှေနန်းဦး၌ ရွှင်မြူးကြည်ဖြူ လှူသော်ဟူက နတ်လူတကာ
ကောင်းခြီးပြာလျက် သာယာမြတ်နိုး မေတ္တာဖြိုး၍ ရေမိုးယံမှန်စွာ မြေဩဇာလည်း
ရသာပြည့်နှက် အောင်ဆုဆက်၍ ရာသက်တည်ကြောင်း မျိုးသစ်လောင်းသည်
ရိုက်သျှောင်း ပွဲတင် ငြိမ့်ငြိမ့်တည်း။ ။

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ


ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

အနန္တော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိဘနှစ်ပါးနှင့်
ကွယ်လွန်ခဲ့ပြီးသော အစ်ကို၊ အစ်မများ
ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာများ
အားလုံးအား
ဦးစာအုပ်ဖြင့် ကန်တော့ပါ၏။

http://www.dhammadownload.com



# ပြိမ်းချမ်းရေး၏ သင်္ကေတ




| | | |
|---|---|---|
| ၁။ | အမောက် (သို့) နှာမောင်း | နဂါး၊ ဆင် |
| ၂။ | မျက်လုံး | သမင် |
| ၃။ | ချို (ဦးချို) | ကြံ့ |
| ၄။ | လျှာ | ကြက်တူရွေး |
| ၅။ | ကိုယ် | တိုး၊ ငါးကြင်းကွက် |
| ၆။ | အမြီး | ဒေါင်း၊ စာမရီ |
| ၇။ | နားရွက် | ဆင်၊ မြင်း |
| ၈။ | ခြေ/လက်(သို့)လည်ဆံ | ခြင်္သေ့ (သို့) ကရဝိတ်ငှက် |
| ၉။ | အစွယ် | ကျား |

http://www.dhammadownload.com



## မာတိကာ


| | | |
|---|---|---|
| ၁ | ဘဒ္ဒန္တဝဏ္ဏဓဇ၏ အမှာစာ | ၁၂ |
| ၂ | ဘဒ္ဒန္တသုဇာတ၏အမှာစာ | ၁၄ |
| ၃ | ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏အမှာစာ | ၁၆ |
| ၄ | စာရေးသူ၏အမှာစာ | ၁၈ |
| ၅ | သူ့ဘဝသူ့ဒဿန | ၂၄ |

အခန်း (၂)

နိ ဒါန်း

| | | |
|---|---|---|
| ၆ | ဓညဝတီခေတ်နိဒါန်း | ၂၉ |
| ၇ | ဝေသာလီခေတ်နိဒါန်း | ၃၉ |
| ၈ | လေးမြို့ခေတ်နိဒါန်း | ၄၅ |
| ၉ | မြောက်ဦးခေတ်နိဒါန်း | ၅၅ |

အခန်း (၂)

ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီကပြုစုသော ရခိုင်သမိုင်း

| | | |
|---|---|---|
| ၁၀ | ဓညဝတီခေတ်ရခိုင်သမိုင်း | ၆၆ |
| ၁၁ | ဝေသာလီခေတ်ရခိုင်သမိုင်း | ၇၃ |
| ၁၂ | လေးမြို့ခေတ်ရခိုင်သမိုင်း | ၇၉ |
| ၁၃ | မြောက်ဦးခေတ်ရခိုင်သမိုင်း | ၈၇ |

အခန်း (၃)

ရခိုင်မင်းဆက်များဇယား

| | | |
|---|---|---|
| ၁၄ | ဓညဝတီခေတ်မင်းဆက်ဇယား | ၉၇ |
| ၁၅ | ဝေသာလီခေတ်မင်းဆက်ဇယား | ၁၀၈ |
| ၁၆ | လေးမြို့ခေတ်မင်းဆက်ဇယား | ၁၁၄ |
| ၁၇ | မြောက်ဦးခေတ်မင်းဆက်ဇယား | ၁၂၂ |

http://www.dhammadownload.com



# မာတိကာ

## အခန်း (၄)
## ခေတ်အလိုက်မင်းဆက်များသမိုင်း


၁၈ ဓညဝတီခေတ်မင်းဆက်များသမိုင်း ၁၂၉

၁၉ ဝေသာလီခေတ်မင်းဆက်များသမိုင်း ၂၅၄

၂၀ လေးမြို့ခေတ်မင်းဆက်များသမိုင်း ၃၃၀

၂၁ မြောက်ဦးခေတ်မင်းဆက်များသမိုင်း ၄၃၂


## အခန်း (၅)
## ရခိုင်စာပေသမိုင်း


၂၂ ဓညဝတီခေတ်စာပေ ၇၁၉

၂၃ ဝေသာလီခေတ်စာပေ ၇၂၀

၂၄ လေးမြို့ခေတ်စာပေ ၇၂၅

၂၅ မြောက်ဦးခေတ်စာပေ ၇၂၉

၂၆ ရခိုင်စာပေအဆင့်ဆင့်ပြောင်းလဲလာပုံ ၇၄၀


## အခန်း (၆)
## ရခိုင်ရိုးရာယဉ်ကျေးမှုအနုပညာများ


၂၇ ဝတ်စားဆင်ယင်ပုံ ၇၆၁

၂၈ ရှင်ပြုမင်္ဂလာ ၇၆၅

၂၉ သမက်တက်(လက်ထပ်ထိမ်းမြား)မင်္ဂလာ ၇၆၆

၃၀ တေးဂီတနှင့်တူရိယာများ ၇၇၀

၃၁ ရခိုင်ပြက္ခဒိန် ၇၇၁

၃၂ ရခိုင်ပန်းချီ ၇၇၄

၃၃ ငစေခြင်း ၇၇၆

၃၄ ပင့်ကူအက ၇၇၉

၃၅ ဖပြုတ်ကေဝတ္တု ၇၈၀

http://www.dhammadownload.com



မာတိကာ

၃၆ ပိုးဝါဘွဲ့ ၂၈၃

အခန်း (၇)

ရခိုင်ပွဲတော်များနှင့်ရခိုင်ရိုးရာအားကစားများ

၃၇ နှစ်သစ်ကူးသင်္ကြန်ပွဲတော် ၂၈၅

၃၈ ပြိုင်လောင်းပြိုင်ပွဲ ၂၈၇

၃၉ ကျင်ပွဲ ၂၈၈

၄၀ ရထားဆွဲပွဲ ၂၈၉

၄၁ ဒိုးကစားခြင်း ၂၉၁

၄၂ အောင်လူဆီးတန်းကစားနည်း ၂၉၄

၄၃ ဒေါင်းပြောက်ခုန်တန်းကစားနည်း ၂၉၆

အခန်း (၈)

သုတေသီအချို့၏ရခိုင်သမိုင်းဆိုင်ရာအမြင်နှင့်ကျမ်းပြုသူ၏သုံးသပ်ချက်

၄၄ ဝေသာလီကျောက်စာတိုင်အနောက်ဘက်မျက်နှာပါ အာနန္ဒစန္ဒြ ကျောက်စာအပေါ် သုံးသပ်ချက် ၂၉၈

၄၅ စာပေဗိမာန်မှထုတ်ဝေသော မြန်မာစာညွန့်ပေါင်းစာအုပ်ပါ သျှိုးလိုက်ရတုကိုဖော်ပြရာတွင်တွေ့ရသည့် သိန်ကန်မိန်တွင် သျှိုးလိုက်ရတုနှင့်ပတ်သက်၍သုံးသပ်ချက် ၈၀၇

၄၆ လောကသာရပျို့နှင့်ပတ်သက်၍သုံးသပ်ချက် ၈၁၅

၄၇ လေးမြို့ခေတ်နိဂုံးပိုင်းတွင်တွေ့ရှိရသောရခိုင်ရာဇဝင်နှင့်မြန်မာရာဇဝင်ကွဲလွဲနေမှုကိစ္စ ၈၂၂

အခန်း (၉)

ရခိုင်ဘာသာရေးဆိုင်ရာတင်ပြချက်များ

၄၈ ဗုဒ္ဓဆင်းတုတော်များ၏အခြေအနေကိုသုံးသပ်တင်ပြခြင်း ၈၂၇

၄၉ သိသင့်သိထိုက်သည့်မုဒြာများ ၈၃၀

http://www.dhammadownload.com



မာတိကာ


၅၀ ရခိုင်ပြည်ထောင်အတွင်းရှိမြတ်စွာဘုရားရှင်၏ဗျာဒိတ်တော်ရ ဓာတ်တော်မွေတော်စေတီပုထိုးများ ၈၄၂

၅၁ ဝေသာလီခေတ်အဘယမုဒြာနှင့်ဝဇီရာသနမုဒြာဆင်းတုတော် ၈၄၅

၅၂ ဝေသာလီခေတ်အေဒီ(၈)ရာစု လောကမဉ္ဇူဗျာနမုဒြာ ရွှေဆင်းတုတော် ၈၄၇

၅၃ လေးမြို့ခေတ်အဘယမုဒြာနှင့်မဟာကရုဏာမုဒြာဆင်းတုတော် ၈၅၀

၅၄ ထူးဆန်းအံ့ဖွယ်ရာဖူးပွင့်လာသော ရွှေဆင်းတုတော် ၈၅၃

၅၅ နေရဉ္စရာမြို့ဟောင်းမှအကြံတော်ပြည့်ဗုဒ္ဓရုပ်ပွားတော်မြတ် ၈၅၄

၅၆ A Mahakyain Phara of Lemro Period ၈၅၅

၅၇ ရှေးဟောင်းအမွေအနှစ်များစုဝေးရာ မဟူရာနဒီတန်းလွဲချောင်း ဒေသမှဖူးမျှော်ဂုဏ်ယူဖွယ်ရာများ ၈၆၇

၅၈ မောင်းထောင့်တောင် ပေါ်တော်မူရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ၈၆၉


အခန်း (၁၀)

အကိုးအကားများ


၅၉ ရှေးခေတ်မှတ်တမ်းဓာတ်ပုံများ ၈၇၀

၆၀ မြေပုံအညွှန်းမှတ်တမ်းများ ၈၇၃

၆၁ ခေတ်အလိုက်တန်ခိုးကြီးဗုဒ္ဓဆင်းတုတော်များ ၈၈၃

၆၂ နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ ၉၀၇

၆၃ ရခိုင်ဘုရင်မင်းမြတ်များနှင့်ထီးသုံးနန်းသုံးပေါင်းတော်၊တူရိယာများ ၉၂၂

၆၄ ပြောင်းလဲလာသည့်ဆံထုံးပုံစံအမျိုးမျိုး ၉၃၈

၆၅ ရှေးဟောင်းမြို့တော်များနှင့်အစောင့်အရှောက်ခံတပ်များ ၉၄၃

၆၆ အခြားထင်ရှားသည့်သမိုင်းဝင်မှတ်တမ်းများ ၉၅၄

၆၇ ရှေးဟောင်းမြို့တော်များနှင့်မြောက်ဦးနန်းတော်ကုန်းတူးဖော်မှု ပုံရိပ်များ ၉၆၅

၆၈ ထင်ရှားသည့်ဗုဒ္ဓခြေတော်ရာများ ၉၇၃

၆၉ ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ ၉၇၈

၇၀ အထူးဝေါဟာရ ခက်ဆစ်အဓိပ္ပါယ်ရှင်းလင်းချက် ၁၀၆၃

http://www.dhammadownload.com




မာတိကာ


| | | |
|---|---|---|
| ၇၁ | ကျမ်းကိုးစာရင်း(အင်္ဂလိပ်) | ၁၀၉၀ |
| ၇၂ | ကျမ်းကိုးစာရင်း(မြန်မာ) | ၁၀၉၃ |
| | အခန်း (၁၁) | |
| | အမျိုးသားယဉ်ကျေးမှုနှင့်နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ | |
| ၇၃ | ၁၉၄၂-ခုနှစ်မတိုင်မီကမောင်တောမြို့နယ်အတွင်းတည်ရှိခဲ့သော ရခိုင်ရပ်ရွာများပြမြေပုံ | ၁၀၉၈ |
| ၇၄ | ၁၉၄၂-ခုနှစ်မတိုင်မီကမောင်တောမြို့နယ်အတွင်းတည်ရှိခဲ့သော ရခိုင်ရပ်ရွာများစာရင်း | ၁၁၀၀ |
| ၇၅ | မောင်တောမြို့ပေါ်ရှိရပ်ကွက်များ | ၁၁၀၂ |
| ၇၆ | မောင်တောမြို့နယ်လက်ရှိဗုဒ္ဓဘာသာတိုင်းရင်းသားကျေးရွာများ (၁၉၉၂-ခုနှစ်) | ၁၁၀၂ |
| ၇၇ | ရခိုင်တိုင်းရင်းသားများ ရပ်ရွာအိမ်ခြေစာရင်း(တစ်ဘက်နိုင်ငံ) | ၁၁၀၃ |
| ၇၈ | ၁၉၄၂-ခု၊ ဘူးသီးတောင်မြို့နယ်ရှိကျေးရွာများအခြေပြစာရင်း | ၁၁၁၁ |
| ၇၉ | မြတ်စွာဘုရားရှင်၏ဗျာဒိတ်တော်ရဘူးသီးတောင်နှင့်မောင်တော မြို့နယ်အတွင်းတည်ထားရှိသည့်စေတီတော်များ | ၁၁၁၈ |
| ၈၀ | ဒေဝဓူတသုတ္တံ | ၁၁၂၄ |
| ၈၁ | ရခိုင်ပြည်နယ် နယ်စပ်ဒေသရှိသမိုင်းဝင်စေတီတော်များနှင့် ကျေးရွာများရှိစေတီတော်များ | ၁၁၂၅ |
| ၈၂ | ဥဿလင်းတိုင်း | ၁၁၃၈ |
| ၈၃ | နီလာပန်းတောင်းနှင့်ကျောက်ပန်းတောင်းမြို့တော် | ၁၁၃၉ |
| ၈၄ | မင်းအတိုင်ပင်ခံ ပညာရှိ အမတ်ကြီး မဟာပညာကျော် | ၁၁၄၀ |
| ၈၅ | မြသိန်းတန် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် | ၁၁၄၂ |
| | အခန်း (၁၂) | |
| | နိ ဂုံး | |
| ၈၆ | ကျမ်းစာအုပ်ထုတ်ဝေရခြင်းအကြောင်း | ၁၁၄၄ |

http://www.dhammadownload.com

http://www.dhammadownload.com



အသျှင်ဝဏ္ဏာဓိက (M.A.) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

http://www.dhammadownload.com

http://www.dhammadownload.com



## ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ အသျှင်သုဇာတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏ အမှာစာ

ရခိုင်သမိုင်းသည် အလွန်ရှေးကျသည့်အတွက် တချို့ဖြစ်ရပ်များကို ဒဏ္ဍာရီသဖွယ် ထင်မှတ်ပြောဆိုကြ၏။ အဘယ်ကြောင့်နည်း။ ရခိုင်သမိုင်းသည်အမှန်အားဖြင့် ခရစ်တော်မပေါ်မီ (ဘီစီ-၆၀၀၀) ကပင် ဖြစ်တည်လာသောကြောင့်ဖြစ်သည်။ ထင်ရှားသော သမိုင်းတင်ခေတ်ကြီး(၄)ခေတ်သို့မရောက်ရှိမီ၊ ရမ္မာဝတီရမ်းမြို့ပော်ကာလ၊ ဒွာရာဝတီမြို့တော်ကာလနှင့် ပထမဝေသာလီမြို့တော်ကာလများမှာ (ဘီစီ၆၀၀၀-၄၀၀၀)တွင် ပေါ်ထွန်းခဲ့သော ရှေးဟောင်းမြို့တော်ကြီးများ ဖြစ်ပေသည်။ ရမ္မာဝတီမြို့တော်မှာ ကမ္ဘာဦးမဟာသမ္မတနွယ်ဝင် သမုတ္တိဒေဝမင်း တည်ထောင်ခဲ့သည်ဟုဆိုပြီး ထို့နောက်မှ ဒွာရာဝတီမြို့တော်နှင့် ပထမဝေသာလီမြို့တော်များ ထွန်းကားခဲ့သည်ဟုသိရသည်။ ဓညဝတီခေတ်သည် ဒဏ္ဍာရီမဟုတ်ပါ ဆိုသည်ကိုယခုအခါ မြေကြီးကသက်သေပြလျှက်ရှိနေပြီ ဖြစ်ပါသည်။

ရခိုင်၌အစောဆုံးမှတ်တမ်းတင်ခဲ့သော ဓညဝတီခေတ်ကို ဖော်ထုတ်နိုင်ခဲ့သည့်အပြင် ဒုတိယခေတ် ဖြစ်သော ဝေသာလီမြို့တော်ကိုလည်းဖော်ထုတ်ထားပြီးဖြစ်ရာ၊ ယနေ့ ရခိုင်သမိုင်းသည် ဒဏ္ဍာရီမဆန်တော့ဘဲသမိုင်းမှန်တစ်ခုအဖြစ်တည်ရှိလာသည်မှာ အလွန်ဝမ်းမြောက်ဖွယ်ပင် ဖြစ်လေသည်။


ဤ ရခိုင်သမိုင်းအလင်းပြကျမ်းတွင် ရခိုင်လူမျိုးဆင်းသက်လာပုံ၊ ရခိုင်အင်ပါယာကြီးကြီးကျယ်ခမ်းနားခဲ့ပုံ၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးထွန်းကားခဲ့ပုံ၊ သင်္ဂါယနာတင်ပွဲများနှင့် နိုင်ငံတကာသို့ သာသနာပြုနိုင်ခဲ့သည့်သာသနာပြုမင်းမြတ်များအကြောင်း၊ ရခိုင့်နိုင်ငံတော်၏ စီးပွားကူးသန်းရောင်းဝယ်ရေးနှင့်ရွှေ ဒင်္ဂါး၊ ငွေဒင်္ဂါးများ ထုတ်လုပ်မှု၊ သံ၊ ကြေးသွန်း အတတ်ပညာများ၊ ဘင်္ဂါ (၁၂)မြို့ကို သိမ်းပိုက်အုပ်ချုပ်ပြီး၊ ဘင်္ဂလားပင်လယ်ကြီးကို စိုးမိုးချယ်လှယ်နိုင်ခဲ့မှုများအပြင် ဗုဒ္ဓဘာသာဝင်များအတွက် ကြည်ညိုဖွယ်ရာ မဟာကျန်၊ မဟာကျိန် သွန်းဆင်းတုတော်များ၊ ကျောက်စာများ၊ ဒင်္ဂါးစာများ ကိုလည်း လေ့လာရမည်ဖြစ်ပါသည်။

အထူးသဖြင့် သုတေသီ ဦးရွှေဇံသည် ရခိုင်တိုင်း၊ ဓညဝတီသို့ ဗုဒ္ဓဘုရားရှင် ကြွလာ တော်မူကြောင်းနှင့် မဟာမုနိရုပ်ရှင်တော်မြတ်ကို သွန်းလုပ်ခဲ့ကြောင်းတို့ ကိုအထောက်အထားများဖြင့် စိတ်ဝင်စားဖွယ်ရာ ပြည့်ပြည့်စုံစုံ တင်ပြထားသည်ဖြစ်ရာ၊ အမျိုးဘာသာသာသနာကို မြတ်နိုးသူတိုင်း ဖတ်ရှု လေ့လာသင့်သော ကျမ်းကောင်းတစ်စောင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။ ။

အသျှင်သုဇာတ

http://www.dhammadownload.com

http://www.dhammadownload.com



အသျှင်သုဇာတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

http://www.dhammadownload.com

http://www.dhammadownload.com



## မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသီတဂူကျောင်း နာယက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)ဆိပ်ကမ်းမြို့နယ်၊ ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် အသျှင်သုစိတ္တာဘိဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ အမှာစာ

ရခိုင်လူမျိုးတို့၏ သမိုင်းမှာ နှစ်ပေါင်း(၅၀၀၀)ကျော်ကြာမြင့်လာပြီးဖြစ်ပါသည်။ ရခိုင်လူမျိုးတွင် သမိုင်းမတင်မီ ခေတ်ကာလများနှင့် သမိုင်းတင်သော ခေတ်ကြီး(၄)ခေတ်ဖြင့် ရခိုင်သမိုင်းကို သုတေသီပညာရှင်တို့က အဆက်ဆက်မှတ်တမ်းတင်လာခဲ့ကြသည်။ ကျောက်ထက်အက္ခရာ၊ ပေထက်အက္ခရာ၊ ကြေးထက် အက္ခရာ၊ ရွှေပေထက်အက္ခရာများကို တွေ့ရှိလာခဲ့ကြရသည်။

ရှေးသမိုင်းများနှင့်ကျောက်စာများအရ ဂေါတမဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ်၁၂၃-ခုတွင် ဓညဝတီသို့ကြွလာတော်မူကြောင်း၊ ဓညဝတီပြည့်ရှင်စန္ဒသူရိယမင်းကြီးနှင့် ရခိုင်ပြည်သူများမှာ ဘုရားရှင်ကိုယ်တိုင် ချီးမြှင့်မှုဖြင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ခဲ့ကြကြောင်း၊ သမိုင်းပြယုဂ်အနေဖြင့် မဟာမုနိသွန်းစက်တော်မှာ ထင်ထင်ရှားရှား ကိန်းဝပ်ရှိနေဆဲဖြစ်ကြောင်း တွေ့ရပါသည်။

သိဒ္ဓတ္ထမင်းသားကို မဟာသက္ကရာဇ် ၆၈ တွင် ဖွားမြင်၍ ၉၇ တွင် တောထွက်ကာ ၁၀၃ တွင် ဘုရားဖြစ်တော်မူပြီး၊ မဟာသက္ကရာဇ် ၁၄၈ တွင် ပရိနိဗ္ဗာန်စံဝင်တော်မူပါသည်။ စန္ဒသူရိယမင်းကြီးကို မဟာသက္ကရာဇ် ၇၂ တွင်ဖွားမြင်၍၊ မဟာ သက္ကရာဇ် ၉၇ တွင်နန်းစံတော်မူပြီးလျှင်၊ မဟာသက္ကရာဇ် ၁၄၉ တွင်နတ်ရွာစံတော်မူပါသည်။ သို့ဖြစ်၍၊ ဗုဒ္ဓဘုရားရှင်နှင့် စန္ဒသူရိယမင်းကြီးတို့မှာ မဟာသက္ကရာဇ် အတွင်း အတူတူပင် ရှိနေကြောင်း သမိုင်းသုတေသီများ၏ ဖော်ထုတ်ချက်အရ တွေ့လာရပါသည်။

ဗုဒ္ဓသာသနာတော်ထွန်းကားသော ရခိုင်နိုင်ငံတော်ကြီးတွင် သံဂါယနာတင်ပွဲ(၂)ကြိမ် ရှိခဲ့ပါသည်။ ဝေသာလီခေတ်(အေဒီ ၃၂၇-၈၁၈) သီရိစန္ဒရားမင်းကြီး လက်ထက်တွင် ကြေးထက်အက္ခရာ(၁)ကြိမ်၊ လေးမြို့ခေတ်( အေဒီ ၈၁၈-၁၄၃၀) ပဋ္ဌာမင်းကြီးမင်းရင်ဖြူ လက်ထက်တွင် ရွှေပေထက်အက္ခရာ(၁)ကြိမ် ဖြစ်သည်။ သံဂါယနာတင်ခြင်းဖြင့် ဘာသာရေး၌ထွန်းကား အောင်မြင်ခဲ့သကဲ့သို့ ရခိုင်စာပေအရေးအသားလည်း တိုးတက်မြင့်မားခဲ့သည်ကို မှန်းဆကြည့်နိုင်ပါသည်။ ခေတ်အလိုက်စာဆိုများ၊ ကဗျာ၊ လင်္ကာ၊ ရတု ဧချင်း သာချင်းများ၊ ဆုံးမစာများ၊ ဖြတ်ထုံးများ၊ လျှောက်ထုံးများ၊ ကျောက်စာများ၊ ဒင်္ဂါးစာများ၊ ဆီမီးခွက်စာများ၊ ဘုရားတည်မော်ကွန်းစာများကိုလည်းကောင်း၊ ရခိုင်စာပေ အဆင့်ဆင့်ပြောင်းလဲလာပုံ ရခိုင်သင်ပုန်းကြီးဖတ်စာတို့ကိုလည်းကောင်း၊ ရခိုင်တူရိယာ၊ ဆင်ယင်ထုံးဖွဲ့မှုတို့ကို လည်းကောင်း ခေတ်အလိုက်မှတ်တမ်းပြုထားရာ ဤ **ရခိုင်သမိုင်းအလင်းပြကျမ်း** သည် အမျိုးဘာသာသာသနာအတွက် အကျိုးဖြစ်ထွန်းစေမည့်ကျမ်း တစ်စောင်ဖြစ်သည်ဟု ယုံကြည်မိပါသည်။


အသျှင်သုစိတ္တာဘိဝံသ

http://www.dhammadownload.com



[illegible]

http://www.dhammadownload.com



အသျှင်သုစိတ္တာဘိဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

http://www.dhammadownload.com

http://www.dhammadownload.com



# စာရေးသူ၏ အမှာစာ

ဤ **"ရခိုင်သမိုင်းအလင်းပြကျမ်း"** The Enlightening Text of Arakanese (Rakhine) History ကို ရေးသားပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ ယခုခေတ်လူငယ်များ၊ မျိုးဆက်သစ်များအတွက် ရခိုင်သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို အလင်းပြလို၍ဖြစ်ပါသည်။ ရှေးခေတ် ရခိုင်ပညာရှင်များ၏ အဆိုအရ၊ ရခိုင်တွင်ရာဇဝင်ကျမ်း (၄၈)စောင်ရှိသည်ဟုဆိုပါသည်။ သို့သော် ယခုတင်ပြလိုသည့် အလင်းပြကျမ်းမှာ ရာဇဝင်သက်သက်ကိုဦးစားပေး၍ ရေးသားခြင်းမျိုး မဟုတ်ပါ။ ယနေ့လူငယ်များအတွက် ရခိုင်ပြည်ထောင်တွင်ဖြစ်ပေါ်ခဲ့သော (Migration) တစ်ဘက်နိုင်ငံမှ ဝင်ရောက်လာသောလူများအကြောင်း၊ တည်ထောင်လာသော မြို့ပြများအကြောင်း၊ တိုင်းပြည်ကို စောင့်ရှောက်လာသည့် ရသေ့ကြီးများအကြောင်း၊ အယူရှိလာသော "စံ" နှင့် "စည်းကမ်း"နှင့်တကွ စောင့်ရှောက်လာသည်များကို လေ့လာနိုင်ရန်အတွက်ကို ဖော်ပြလိုခြင်းဖြစ်ပါသည်။

အလွန်ရှေးကျသောမြို့တော်များဖြစ်သည့် ရမ္မာဝတီ (ခေါ်)ရမ်းဗြဲ၊ ဒွာရာဝတီ (ခေါ်) သံတွဲနှင့် ဝေသာလီသာရပေါင်းခေတ်မျိုးဟူ၍ဖြစ်ပေါ်လာခဲ့ကြသည်ကိုတွေ့ရပါမည်။ ယင်းသို့ အလွန် ရှေးကျသောအခါကပင် ရသေ့ကြီးများသည် ရခိုင်နိုင်ငံတော်ကိုစောင့်ရှောက်ခဲ့ကြကြောင်း တွေ့ခဲ့ရ သည်။ ယင်းရသေ့ကြီးများမှာ ဗုဒ္ဓဘာသာအခြေခံ အဘိဉာဏ်(၄)ပါး (သို့မဟုတ်) (၅)ပါးအထိ အောင်မြင်ထားသူများဖြစ်ကြောင်း တွေ့လာရပါသည်။ ၎င်းရသေ့ကြီးများ၏ အမြော်အမြင် ကြီးမားမှုများကြောင့် မင်းကျင့်တရား (၁၀)ပါးနှင့်လူကျင့်တရား(၁၀)ပါးတို့ကို ယင်းအချိန်အခါ ကပင် စတင်၍ ကျင့်သုံးခဲ့ကြကြောင်းလည်း တွေ့လာရပြန်ပါသည်။

စတင်မှတ်တမ်းတင်နိုင်သောခေတ်များမှာ ဓညဝတီ(၃)ခေတ်၊ ဝေသာလီကျောက်လှေကား ခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်ဟူ၍ ဖြစ်ပါသည်။ တတိယဓညဝတီခေတ်မှစ၍ ရခိုင်လူမျိုးသည် ဗုဒ္ဓဘာသာကိုးကွယ်မှုစတင်ခဲ့ပါသည်။ တတိယဓညဝတီခေတ်ကာလ ဂေါတမ မြတ်စွာဘုရားရှင်ကြွရောက်တော်မူလာသည့်အချိန်ကစ၍ပင် ဗုဒ္ဓဘာသာကိုတိုက်ရိုက်ကိုးကွယ်မှု ရှိလာကြောင်းတွေ့ရပါသည်။ ဤ တတိယဓညဝတီခေတ်၏ အုပ်စိုးသောမင်းမြတ်မှာ စန္ဒသူရိယ မင်းကြီးဖြစ်ပါသည်။ ဤစန္ဒသူရိယမင်းကြီးသည် ဂေါတမမြတ်စွာဘုရားနှင့် မဟာသက္ကရာဇ် အတွင်းအပြိုင်ရှိနေသောမင်းကြီးဖြစ်ပါသည်။ ဂေါတမ မြတ်စွာဘုရားရှင် ဓညဝတီ ရခိုင်ပြည်ကြီးသို့ ကြွလာတော်မူစဉ်၊ စန္ဒသူရိယမင်းကြီးကို နိဗ္ဗာန်ရောက်ကြောင်း တရားတော်ဟောကြားခြင်းက စတင်၍ ရခိုင်လူမျိုးသည် ဗုဒ္ဓဘာသာဝင်များဖြစ်လာကြခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



ဤ တတိယ ဓညဝတီခေတ်မှာပင် တောင်ပေါက်ကြီးကျောက်စာ၊ (ပါဠိစာနှင့် ဖြဟ္မီ အက္ခရာနှင့် ပါဠိစာပေဖြင့်ရေးသားထားသော ကျောက်စာဖြစ်ပါသည်။) ထို့အပြင် ဘုရားဝမ်းပူ (ဗိုက်ပူဘုရား) ကျောက်စာ (ခေါ်) သစ္စကပရိတ္တာစကဝီန အရေးအသားမှာလည်း (ပါဠိဘာသာနှင့် ဖြဟ္မီအက္ခရာ)ကို သုံးစွဲထား ကြောင်းတွေ့ရပါသည်။ ဤသည်ကိုလေ့လာခြင်းအားဖြင့် ယင်းအချိန်ကပင် ပါဠိစာပေနှင့် ဖြဟ္မီအက္ခရာတို့ကို ရခိုင်တွင်သုံးစွဲလျှက်ရှိသည်ကို တစ်ထစ်ကျပြောလျှင် မှားမည်မထင်ပါ။

ကျွန်ုပ်တို့လေ့လာသင်ယူခဲ့ရသော ပုဂ္ဂိုလ်များကိုပြောရလျှင် ပြည်တွင်းသုတေသီများမှာ ဦးစံရွှေဘု၊ ဦးချန်ထွန်း၊ ဦးထွန်းချန်၊ ဦးအောင်သာဦး၊ ဦးအောင်သော်၊ ဦးဖေမောင်တင်၊ ဒေါက်တာ သန်းထွန်း၊ ဒေါက်တာ စန္ဒမုနိဘိက္ခု၊ ဒေါက်တာဒေါ်သင်းကြည်၊ ဒေါက်တာကျော်သက်၊ ဒေါက်တာ ထင်အောင်၊ ပဲနူးမင်းကျောင်း ဆရာတော်၊ ရမ်းဖြဲတောင်ကျောင်းဆရာတော်၊ ရသေ့တောင် မြို့နယ် အထက်ကျောင်းတောင် ဆရာတော် ဦးဉာဏ၊ ဝေသာလီခေတ် မေဓပညာအမတ်ကြီး၊ သုဝဏ္ဏ ဒေဝီ စောပြည့်ညို၊ ဓမ္မဇေယျ အမတ်ကြီး၊ ဦးဘစံ၊ ဦးဦးသာထွန်း၊ ဦးစံသာအောင်၊ ဦးစိန်ညိုထွန်း၊ ဦးထွန်းရွှေခိုင် စသည်တို့ဖြစ်သကဲ့သို့ ပြည်ပ သုတေသီများမှာ Dr. E.H. Johnston, Dr. D.C.Sircar, Jawahalal Nehru, R.D. Benerji, A.M.B. Irwin, Lt. General Sir Arthur Phayre, (ဟာဗေး), Morris Colis, Dr. P. Gutman, Dr. T.H. Luce, Vasant Chowdhury, R.B. Smart, Dr.Forchhammer, ဂျက်ကလေဒါ၊ ဗင်ကာလန်စသည်တို့ကား ကျွန်ုပ်တို့၏ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာများပင် ဖြစ်ပါသည်။ ၎င်းတို့၏အယူအဆလွဲမှားနေသည်များကို မခြွင်းမချန်ဘဲ ပြင်ဆင်တင်ပြထားသည်လည်း ရှိပါသည်။

ရခိုင်ရာဇဝင်သည်သမိုင်းမတင်မီ ခေတ်ကပင်စတင်လာသောကြောင့် ဒဏ္ဍာရီပုံပြင်ဆန်သော သမိုင်းအဖြစ်အပျက်များရောနှောပါရှိနေသည့်အပြင်၊ သမိုင်းတင်သောခေတ်ကြီး (၄)ခေတ်တွင်မူ၊ ယဉ်ကျေးသော၊ ခိုင်လုံသော၊ အဓိပ္ပါယ်ပြည့်ဝသောကျောက်စာ၊ ပေစာအထောက်အထားများနှင့် မြေပြင်အထောက်အထား များဖြင့်ပြည့်နှက်လျှက်ရှိသည်ကိုတွေ့ရပါသည်။

လူမျိုးတစ်မျိုး၏ ရာဇဝင်သမိုင်းကို လေ့လာရာ၌ ဝိဇ္ဇာပညာရပ်တစ်ခုတည်းဖြင့် မလုံလောက်တော့ပါ။ အခြားသိပ္ပံဘာသာရပ်များကိုလည်းထည့်သွင်းလေ့လာရန်လိုအပ်ပါသည်။ သူတို့၏ သမိုင်းကြောင်း(History)၊ ယဉ်ကျေးမှု (Culture)၊ ကမ္ပည်းကျောက်စာ (Paleography) စသည်တို့နှင့် ဆင်းတု၊ ရုပ်တု၊ ရုပ်ပွား၊ ရုပ်ပုံကားချပ်အနုပညာလက်ရာ သင်္ကေတပုံစံများကို

http://www.dhammadownload.com



လေ့လာခြင်းအတတ်ပညာ (Iconography)၊ သတ္တုသုံးစွဲမှုပညာ(Geology)၊ ကြေးသွန်းအပါအဝင် သတ္တုရောစပ်မှု အတတ်ပညာ (Chemistry)၊ သတ္တုနှင့်ဆိုင်သောပညာရပ် (Metallogy)၊ ရှေးဟောင်းပစ္စည်းများကို ခေတ်အလိုက် ဆက်စပ်လေ့လာသောပညာရပ် (Archiology)၊ ဗိသုကာ ပညာ (Archittecture) တို့သည်လည်း ဤသမိုင်းအတွက် အထူးလေ့လာအပ်သော ပညာရပ်များ ဖြစ်၍ ယနေ့လူငယ်များသည် သမိုင်းတစ်ရပ်ကို လေ့လာလိုလျှင် ဖော်ပြပါပညာရပ်များကို လေ့လာနိုင် ပါမှ ပြည့်စုံမှန်ကန်သောသမိုင်းတစ်ရပ် ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။ နောက်တစ်ချက်မှာ အထောက် အထားမှန်ကန်ရန်အတွက် လေ့လာရန်သည်လည်း အလွန်အရေးကြီးပါသည်။ ထင်သာ မြင်သာသော အထောက်အထားများ (Evidences) ကိုလေ့လာနိုင်ရမည့်အပြင် အထောက်အထား များဆိုရာ၌လည်း တိုက်ရိုက်တွေ့ရှိရသည့် အထောက်အထားများ (Direct evidence)နှင့် သွယ်ဝိုက်၍ဖြစ်စေ၊ တစ်ဆင့်ခံဖြစ်စေ အကိုးပြုထားသော အထောက်အထားများ (Indirect evidence) နှင့် ပတ်ဝန်းကျင်က သွယ်ဝိုက်တွေ့ရသည့် အကြောင်းအရာများမှတစ်ဆင့် ပေါ်လွင် ထင်ရှားစေသော အထောက်အထားများ (Circumstantial evidence) အားလုံးကို ကျွမ်းကျွမ်း ကျင်ကျင် အတတ်နိုင်ဆုံး ပေါင်းစပ်လေ့လာသုံးသပ်ပြီးမှသာ (Judgement ) ဆုံးဖြတ်ချက်ချရမည် ဖြစ်ပါသည်။

ရခိုင်ပြည်ကြီး ဗြိတိသျှလက်အောက်ကျရောက်ခဲ့စဉ်ကာလက၊ ရခိုင်သမိုင်းကို အင်္ဂလိပ် အပါအဝင် ဥရောပသုတေသီဖြစ်သော၊ ရခိုင်တိုင်းမင်းကြီးအဖြစ် ဦးစွာတာဝန် ထမ်းဆောင်ခဲ့သူ Lt. General Sir Arthur Phayre, Burma Gazetteer, Akyab District ရေးသားခဲ့သူ R.B. Smart, အောက်စဖို့တက္ကသိုလ် ဘေလီယောကောလိပ်၊ အရှေ့တိုင်းပညာဌာနပါမောက္ခ E.H. Johnston, The Burmese and Arakanese Calendars ကိုရေးသားသူ A.M.B. Irwin , Papers on subjects Relating the Archaeology of Burma ရေးသားခဲ့သူ Dr. Forchhammer, ၎င်းတို့အား ဆက်ခံသူနှင့် မြောက်ဦးမြို့တော်အကြောင်း ရေးသားသူ Mauric Collis တို့က ရေးသားခဲ့ကြရာတွင် တစ်ဦးနှင့် တစ်ဦးပုံတူကူးချယူခဲ့သည့်အတွက် မှားယွင်းနေသည့်သက္ကရာဇ်များကို အမှားအတိုင်းပင် ထပ်ဆင့် ထပ်ဆင့် ဖော်ပြခဲ့ကြသည်။ အလားတူ ဩစတြေးလျနိုင်ငံမှ Dr. P. Gutman ကလည်း သူမ၏ ဒေါက်တာဘွဲ့ကို (Ancient Arakan)ဖြင့် (Thesis)တင်ခဲ့ပါသည်။ သူ၏စာတမ်းတွင် ဂေါတမဗုဒ္ဓ ဘုရားရှင် ဓညဝတီသို့ ကောင်းကင် ခရီးဖြင့်ကြွလာတော်မူသည်ကို (miraculous visitation)

http://www.dhammadownload.com



(သဘာဝထက်လွန်ကဲသော) ဖြစ်ရပ်အဖြစ် သရော်တော်တော် ရေးသားထားသည် ကိုတွေ့ရပါသည်။ ဤသည်မှာသူမ၏ သမိုင်းအမြင် ကျဉ်းမြောင်းနေသေးသည်ကို ဝန်ခံနေသည့် သဘောဖြစ်နေပါသည်။ ဗုဒ္ဓဘာသာတို့၏ အထွတ်အမြတ်ဖြစ်သော ဂေါတမဗုဒ္ဓဘုရားနှင့် သာဝကများ၏ အကြောင်းရပ်၊ အရည်အချင်း၊ ထူးခြားချက်များကို မလေ့လာမိ၍ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဘာသာရေးအယူသည်းမှု တစ်ခုလည်းဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ မဇ္ဈိမနိကာယ်၌ ပါရှိသည့် မြတ်စွာဘုရားရှင်တော်မြတ်၏ အဘိညာဏ် (၆) ပါးဖြစ်သော (၁) ဣဒ္ဓိဝိဓအဘိညာဏ်၊ (၂) ဒိဗ္ဗသောတ အဘိညာဏ် (၃) ပရစိတ္တဝိဇာနနအဘိညာဏ် (၄) ဒိဗ္ဗစက္ခု အဘိညာဏ်၊ (၅) ပုဗ္ဗေနိဝါသဿ အဘိညာဏ်၊ (၆) အာသဝက္ခယအဘိညာဏ်တို့ကို မသိ၍ (သို့) မလေ့လာမိ၍ (သို့) မယုံကြည်၍လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အထူးသဖြင့် ကမ္ဘာ့ထင်ရှား အာဂလူသား ဂေါတမဘုရားရှင်၏ အဘိဓမ္မာ (Philosophy)ကို ဘာသာခြားပညာရှင်တစ်ဦးအနေဖြင့် လက်လွတ်စပယ် ဝေဖန်ရေးသား ခြင်းမှာ ကျွန်ုပ်တို့အမြင်အားဖြင့် သူမသည်သာ (Miraculous) (သဘာဝထက်လွန်ကဲသော) လုပ်ရပ်တစ်ခုကို လုပ်မိလိုက်ပြီဟု ယူဆရပါသည်။

ဤသည်တို့မှာ ကျွန်ုပ်တို့၏ အတွေ့အကြုံ၊အတွေးအခေါ် စေတနာ၊လေ့လာမှုတို့အရ တင်ပြခြင်းသာဖြစ်ပြီး ဤကျမ်းကိုလေ့လာသူများအတွက် အထူးမှားကြားလိုသော တင်ပြချက်များလည်း ဖြစ်ပါသည်။

ရခိုင်မြေမှရရှိသော ဗုဒ္ဓဆင်းတုတော်များမှာ ပုံစံအမျိုးမျိုးဖြင့်တွေ့မြင်ရပါသည်။ ယင်းပုံစံများမှာ (Posture & Gesture )ခေါ် ထိုင်တော်မူ၊ ရပ်တော်မူ စသည့်အနေအထား၊ လက်တော်အနေအထား စသည်တို့ကိုဖော်ပြလျှက်ပါရှိသည်ကို တွေ့ရပါသည်။ ၎င်းတို့မှာ ဂေါတမမြတ်စွာဘုရား၏(၄၅)ဝါကာလ ပတ်လုံး ဟောကြားတော်မူလာခဲ့သည့် တရားတော်များအား နေရာဒေသအလိုက် ဟောကြားခဲ့ပုံများကို သရုပ်ဖော်ပြထားသည့်အနေအထားမျိုးများပင်ဖြစ်လေသည်။ ဥပမာ-ဘူမိဖဿမုဒြာမှာ မြတ်စွာဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရရှိ၍ဘုရားဖြစ်တော်မူသည့်အချိန်၌ မာရ်နတ်၏ အနှောင့်အယှက်ကို ကင်းရှင်းအောင် မြေကြီးကိုသက်သေပြခြင်းဟု ဆိုလိုခြင်း၊ ဓမ္မစကြာမုဒြာမှာမြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးနောက် ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးကို ဟောပြနေသည်ကို သရုပ်ဖော်နေခြင်းမျိုးများပင် ဖြစ်ပါသည်။ ဤသည်တို့မှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုပင်ဖြစ်ပါ၍ ခေတ်လူငယ်များ၊ မျိုးဆက်သစ်များက ဤမုဒြာများ ကိုသိရှိထားရန်အတွက် မြတ်စွာဘုရား၏ ဗုဒ္ဓဘာသာတရားတော်များကို လေ့လာသိရှိရန် အထူးလိုအပ်ကြောင်း ဖော်ပြလိုပါသည်။

http://www.dhammadownload.com



ဤတွင်သာမက သင်္ချာတွက်နည်းသည်လည်း အရေးပါသည်ကိုတွေ့ရပါသည်။ ဥပမာ-မဟာပထမ အကြိမ်သင်္ကရာဇ်ဖြိုခြင်း၏ ရလာဒ်ဟုဆိုပါလျှင် ကုသမင်းသက္ကရာဇ် (၆၈၄၅) ၂ ကြွင်းထား၍ဖြိုခြင်း၊ ပြန်လည်တိုးတက်လာသော သက္ကရာဇ်ဟုခေါ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤသက္ကရာဇ်အတွင်း မြတ်စွာဘုရားရှင်ဖွားမြင်တော်မူသည်၊ တောထွက်တော်မူသည်၊ ပရိနိဗ္ဗာန်စံဝင်တော်မူသည်။ ထိုနည်းတူ တတိယ ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းကြီးသည်လည်း ဤမဟာသက္ကရာဇ်အတွင်းပင် မွေးဖွားသည်၊ နန်းတက်သည်၊ အနိစ္စရောက်သည်တို့ကို တွေ့ရသဖြင့်၊ မြတ်စွာဘုရားရှင်နှင့် အပြိုင် ရှိနေသည်ကို သေသေချာချာသိရလေသည်။

ဤမဟာသက္ကရာဇ်နှစ်ကို ခရစ်မပေါ်မီနှစ် ရရှိလိုပါက သင်္ချာနည်းဖြင့်တွက်ယူလျှင် ဖြစ်နိုင်သည်ကို ဤ သမိုင်းတွင် အလင်းပြထားပါသည်။ ထိုသက္ကရာဇ်မှာ ၂ မဟာ (ညီမျှခြင်း) ၆၃၈-ဘီစီ ရပါသည်။ အသေးစိတ် တွက်ချက်မှုကို ဤကျမ်းတွင်ဖော်ပြထားပါသည်။ (Algebric Method) အရတွက်ခြင်းအားဖြင့် သိရခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် သင်္ချာတွက်နည်း ကိုပါ လေ့လာထားသင့်ကြောင်း ပြောလိုခြင်းဖြစ်ပါသည်။ ထို့ပြင် ဤရခိုင်သမိုင်းအလင်းပြကျမ်းသည် ပိုပိုပြည့်စုံစေရန်အတွက် ယခင် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီမှ ကျမ်းပြုသူ ဦးစီးသော **"ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း"** ပါ အချက်အလက်များ၊ ခေတ်အလိုက်ဝတ်စားဆင်ယင်မှု၊ ထီးသုံးနန်းသုံးဆိုင်ရာ ပေါင်းတော်များနှင့် ရခိုင်စာပေသမိုင်းကြောင်းပါမကျန်ရအောင် ထည့်သွင်းပြုစုထားပါသည်။

ဤ -ရခိုင်သမိုင်းအလင်းပြကျမ်း - အောင်အောင်မြင်မြင်နှင့် ပေါ်ထွက်လာခြင်းသည် ရခိုင်လူမျိုးများ အတွက်သာမက ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားအားလုံးတို့အတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်မိပါကြောင်း။

**ဦးရွှေဇံ**

http://www.dhammadownload.com




[illegible]

[illegible]

[illegible]

[illegible]

http://www.dhammadownload.com



ဦးရွှေဝံ (၁၉၅၂-ခု)

http://www.dhammadownload.com

http://www.dhammadownload.com

ပြုစုသူ – ဦးရွှေခံ

THE FLOWER NEWS

TUESDAY, 8-14 FEBRUARY, 2011 VoL.7 No.6 THE FLOWER NEWS

# သူ့ဘဝ သူ့ဒဿန

သူ့ကိုစက်ရှင်တရားသူကြီးဖြစ်သူမိဘနှစ်ပါးမှမွေးဖွားခဲ့သည်ဟု ဆိုသော်လည်း သူဖြတ်သန်းခဲ့ရသော ငယ်စဉ်ဘဝက ခက်ခဲကြမ်းတမ်းခဲ့သည်။ ဆိုရလျှင်ငယ်စဉ်က သူသည် ဗုံးသံသေနတ်သံ စစ်ဒဏ်များကြားတွင် ပြေးလွှားရင်း ငယ်စဉ်ဘဝကိုဖြတ်သန်းခဲ့ရသည်။ ဖခင်၏ တာဝန်ကျရာ မြို့နယ်များတွင် မိဘနှင့်အတူလိုက်ပါခဲ့ရသည့် အချိန်မှာ သူ၏ အသက်ငါးနှစ်ပင် မပြည့်သေးချေ။



**သည်းခံခြင်းရဲ့ဘဝက တစ်ဖက်မှာ နစ်နာမှုတွေရှိကောင်းရှိနိုင်ပေမယ့် တစ်ဖက်မှာလဲ အဲဒီနစ်နာမှုတွေထက် ပိုများတဲ့ အောင်မြင်မှုတွေရှိတတ်ပါတယ်။**

"ကျွန်တော်ငါးနှစ်သားအရွယ်မှာ အဖေကပင်စင်ယူတယ်။ နောက်ဆုံးတာဝန် ထမ်းဆောင်ခဲ့တဲ့ မြင်းခြံမြို့ကနေ စစ်တွေကိုပြောင်းလာတယ်။ မယ်သီလရှင်ကျောင်းမှာ သုံးတန်းထိသင်ကြားခဲ့ရပြီး လေးတန်းကနေ ခြောက်တန်းထိကို စစ်တွေအထက်တန်း ကျောင်းမှာသင်ကြားခဲ့ရပေမယ့် ခုနစ်တန်းမှာ ဒုတိယကမ္ဘာစစ်ဖြစ်တော့ ပညာရေးက တစ်ပိုင်းတစ်စဖြစ်ခဲ့ရတယ်။ အဲဒီအချိန်မှာ ခေတ်ကာလကလည်း မကောင်းတဲ့အတွက် ရေကြည်ရာ မြက်နုရာကိုပြောင်းရွှေ့ခဲ့ရတယ်ဟု သူ၏ငယ်စဉ်ဘဝကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ပြောနေသည်။

http://www.dhammadownload.com



ဗုံးသံစစ်ဒဏ်များကြားတွင် ပြေးလွှားခဲ့ရသူတစ်ဦးဖြစ်သည့်အတွက် စစ်၏အနိဋ္ဌာရုံမြင်ကွင်းများကို သူကိုယ်တွေ့ကြုံခဲ့ရသော်လည်း ယင်းအတွေ့အကြုံများကို ပြည်သူများ မခံစားနိုင်ရန် အတွက် တတ်အားသရွေ့ ကြိုးပမ်းဆောင်ရွက်မည်ဟု ငယ်စဉ်ကဘည်းကပင် ဆုံးဖြတ်ချက်ချထားခဲ့သည်။

စစ်ပွဲဆိုတာကိုတော့ ဘယ်သူမှကြုံတွေ့ချင်မှာမဟုတ်ပါဘူး၊ ကြုံဖူးတဲ့သူတိုင်းလည်း စစ်ရဲ့ဒဏ်ကို ကောင်းကောင်းနားလည်ကြတယ်။ ပညာသင်ဖို့တောင်မပြောနဲ့ ထမင်းတောင် ကောင်းကောင်း မစားရဘူး။ နောက်ဆုံးမှောင်နေလို့ မီးတောင်မထွန်းရဲဘူး၊ အလင်းရောင်မြင်တာနဲ့ ကျည်တွေက မိုးရွာသလိုကျလာတယ်။ ဒီလိုနဲ့ငယ်စဉ်ဘဝကို ဖြတ်သန်းခဲ့ရပေမယ့် ဘယ်အရပ်ကိုတဲ ရောက်ရောက် ပညာကိုတော့ တတ်အောင်သင်မယ်။ ပညာသည်သာလျှင် ကျွန်တော်တို့ရဲ့ တိုးတက်ရာလမ်းလို့ ခံယူ ထားတဲ့အတွက် အဝကန်ရွာမှာ အတန်းကြီးတဲ့သူက အတန်းငယ်တဲ့ သူကိုသင်ပေးတဲ့ ကျောင်းမှာ ကိုယ်လဲတပည့် တစ်ခါကိုယ်လဲဆရာအဖြစ်နဲ့ ပညာကို သင်ကြားခဲ့ရပါတယ်ဟု" သူ၏ငယ်စဉ်ဘဝ ပညာသင်ကြားခဲ့ပုံကို ပြောပြနေပုံက စစ်တွင်းကာလတွင် သင်ကြားခဲ့ရသော ပညာရေးစနစ်ကို ပေါ်လွင်လျှက်ရှိနေသည်။

ပညာတတ်အသိုင်းအဝိုင်းမှ ဆင်းသက်လာသောသားတစ်ဦးဖြစ်သော်လည်း မိဘ၏ အရှိန်အဝါအောက်တွင် သူကားပျော်မွေ့ချင်သည့်စိတ်က အလျင်းမရှိခဲ့။ "မိမိသာလျှင် ကိုးကွယ်ရာ" ဟုဆိုသည့်အတိုင်း သူဖြစ်ချင်သော ရည်မှန်းချက်ကို ပညာတတ်မြောက်မှသာလျှင် သူသွားရာ လမ်းခရီးကသာယာမည်ဟု ဆုံးဖြတ်ခဲ့သည့်အတိုင်း တတ်မြောက်ထားသည့် ပညာကိုအခြေခံကာ မြို့တော်ရန်ကုန်သို့ သူဆက်လက် ထွက်ခွာခဲ့သည်။

"ပညာကို ဆက်သင်ချင်တဲ့အတွက် ပထမဆုံးရန်ကုန်ကို စရောက်လာခဲ့တယ်။ ရန်ကုန်မှာ ဘွဲ့ရပြီးတော့ ရန်ကုန်တက္ကသိုလ်မှာပဲ ရူပဗေဒသရုပ်ပြဆရာတစ်ဦးအဖြစ် စတင်အလုပ်ရရှိခဲ့ပါတယ်။ အဲဒီကမှ တစ်ဆင့် သန်းခေါင်စာရင်းအရာရှိအဖြစ်နဲ့ ရခိုင်မှာတာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၅၄ ကနေ ၁၉၇၂ထိ မြို့ပိုင်၊ နယ်ပိုင်အဖြစ်သာမက အတွင်းဝန်ကလေးအပါအဝင် ဒုတိယအတွင်းဝန်အဖြစ် မြန်မာနိုင်ငံအနှံ့မှာ တာဝန်ထမ်းဆောင်ခဲ့ရတယ်။ ၇၄ နောက်ပိုင်းမှာတော့ ရခိုင်ပြည်နယ်ပြည်သူ့ ကောင်စီဝင် ဖြစ်လာပြီး၊ ပြည်နယ် ကောင်စီအတွင်းရေးမှူးနှင့် ပြည်နယ်ကောင်စီတရားသူကြီး အဖွဲ့

http://www.dhammadownload.com



ဥက္ကဋ္ဌအပါအဝင် တစ်ပြိုင်တည်း ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးထိ တာဝန်ထမ်းဆောင်ခဲ့ရပါတယ်" ဟုပြောနေသူမှာကား ရှေးခေတ် မြန်မာ့သမိုင်းမှန်ကို ကမ္ဘာကပင် သိစေရန် ရည်ရွယ်ချက်ဖြင့် ကြိုးစားဆောင်ရွက်နေသည့် သမိုင်းသုတေသီ ဦးရွှေဖပင် ဖြစ်သည်။

တစ်ချိန်ကသူတွေ့ကြုံခဲ့ရသော အခက်အခဲများနှင့် လက်ရှိရရှိနေသောပညာနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက သူ့ကို ယခုအနေအထားတစ်ခုသို့ ရောက်နိုင်စရာမရှိဟု သူနှင့်အတူဖြတ်သန်းခဲ့ရသော အသိမိတ်ဆွေများက ထင်မှတ်ခဲ့ကြမည်ဖြစ်သော်လည်း၊ သူဖြစ်ချင်သည့် ရည်မှန်းချက်များကို မဖြစ်မနေ ကြိုးစားခဲ့သည်က လူငယ်များအတွက် အတုယူဖွယ်ရာ တစ်ခုဟုပင်ဆိုရမလို ဖြစ်သည်။

"ဘဝတစ်ခုတိုးတက်ဖို့ဆိုရာမှာ မိဘဂုဏ်အတိုင်းအတာတစ်ခုထိ သားသမီးအပေါ် မူတည်နေတယ် ဆိုပေမယ့် အဓိကတော့ မိမိသာလျှင်ပဓာနကျတဲ့အတွက် လူငယ်တွေကို ပြောချင်တာက ကိုယ်ကြိုးစားမှ ကိုယ်အောင်မြင်မှာ။ ပညာရေးဘဲဖြစ်ဖြစ် စီးပွားရေးဘဲဖြစ်ဖြစ် ပြည့်စုံမှုတစ်ခုကို လိုချင်တယ်ဆိုရင် မိဘလဲမတတ်နိုင်သလို ငွေလဲမတတ်နိုင်ပါဘူး၊ တတ်နိုင်တဲ့ တစ်ခုတည်းသော အရာက မိမိရဲ့ကြိုးစားမှုပဲ။ ဘဝခရီးကိုဖြတ်သန်းရာမှာ ကိုယ်ဘယ်လောက် မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေကို ချနိုင်ခဲ့သလဲ။ ဘဝမှာရှောင်ရန် ဆောင်ရန်တွေကို ဘယ်လောက်ထိ လိုက်နာဆောင်ရွက်နိုင်ခဲ့သလဲ၊ ဆိုတဲ့အပေါ် မှာမူတည်ပြီး ဘဝရဲ့အောင်မြင်မှုကို ရရှိကြမှာဖြစ်တဲ့အတွက် ချမ်းသာတဲ့လူပဲဖြစ်ဖြစ်၊ ဆင်းရဲတဲ့လူပဲဖြစ်ဖြစ် အောင်မြင်မှုကို လိုချင်ရင်တော့ ငြိမ်နေရုံနဲ့ဘယ်လိုမှ ရနိုင်မှာမဟုတ်ပါဘူးဟု"သူဖြတ်ကျော်ခဲ့ရသောအတွေ့အကြုံများနှင့် ယှဉ်ကာပြောပြနေပုံကလည်း ယနေ့လူငယ်များအတွက် မှတ်သားစရာများပင်ဖြစ်သည်။

တစ်ချိန်ကသူသည် မြန်မာနိုင်ငံအနှံ့တွင် နိုင်ငံ့တာဝန်များကိုထမ်းဆောင်ခဲ့ရသဖြင့် သူရောက်ရှိ ခဲ့သော မြို့နယ်များတွင်လည်း ပြုပြင်စရာများနှင့်ပြန်လည်ဆောင်ရွက်သင့်သည့် အကြောင်း များစွာကို တွေ့ကြုံခဲ့ရသည်။ အထူးသဖြင့် မြန်မာတစ်ဦးပီပီ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းမှန်ကို သူကပိုပြီး ပီပီပြင်ပြင် ဖြစ်စေချင်ခဲ့သည်။

" အစကတော့ ဝန်ထမ်းတစ်ဦးပီပီ နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်နေရတဲ့အတွက် တချို့နေရာတွေမှာ ပြုပြင်စရာရှိတာတွေကို တွေ့နေရပေမယ့် ကိုယ်တိုင်ဝင်မလုပ်နိုင်ခဲ့ဘူး။ အထူးသဖြင့် သက္ကရာဇ် လွဲမှားခြင်းတွေပေ့ါ။ နယ်ချဲ့အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို ကျူးကျော်စဉ်တုန်းက မြန်မာ့သမိုင်းတစ်ချို့ကို တလွဲလုပ်ခဲ့တာတွေရှိတယ်။ အဲဒါတွေကို ပြန်ပြီး မလုပ်နိုင်ခဲ့ဘူးဆိုရင်

http://www.dhammadownload.com



ဒီသမိုင်းတွေက ဒီအတိုင်းရှိနေတော့မှာကို စိုးရိမ်တဲ့အတွက် ကျွန်တော်ပင်စင်ယူတဲ့အချိန်ကနေ သမိုင်း သုတေသနဘက်ကို တစိုက်မတ်မတ် လုပ်ကိုင်နိုင်ဖို့ကြိုးစားခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ရခိုင်မှာ တာဝန်ကျမှုများခဲ့တဲ့အတွက် ရခိုင်သမိုင်းအမှန်ကို ဖော်ထုတ်နိုင်ဖို့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ ဒီသမိုင်းသုတေသနလုပ်ငန်းကို ယခုလည်းလုပ်နေသလို လုပ်ကိုင်ခွင့်ရသရွေ့ လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်'' ဟု ဝန်ထမ်းဘဝမှ သမိုင်းသုတေသီတစ်ဦးအဖြစ်သို့ ပြောင်းလဲလာပုံကို ပြောပြနေသည်။

သူသည်ဝန်ထမ်းဘဝဖြင့် မြန်မာနိုင်ငံအနှံ့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့်အတွက် ရာထူးအဆင့်ဆင့်ကိုတိုးမြှင့်ခံစားခွင့်ရရှိခဲ့သကဲ့သို့ သမိုင်း ဖြစ်စဉ်များကို ရေးသားဖော်ပြရာတွင် သူ့အနေနှင့်ဝန်ထမ်းတစ်ဦးပမာ တာဝန်ကျေပွန်စေချင်သည်။ ယင်းတာဝန်ကို ကျေပွန်စေချင်သည့်အတွက် သူသည် အသက်အရွယ်ကိုပင် မထောက်ထားဘဲ ရှေးဟောင်းသမိုင်း အမွေအနှစ်များတည်ရှိရာ နေရာများသို့ ကိုယ်တိုင်ကွင်းဆင်းခဲ့သည်။ သူပြုစု ထားသည့် သမိုင်းအထောက် အထားနှင့်လေ့လာမှတ်သားထားမှုကလည်း ယခုအခါသူ၏ စာအုပ်များ က သက်သေပြလျှက်ရှိနေသည်။ သူရေးသားထားသော စာအုပ်များကား မြန်မာနိုင်ငံတွင် သမိုင်းဖြင့် ပါရဂူဘွဲ့ရယူမည့်သူများအတွက် အထောက်အထားများသဖွယ်ရှိနေပြီးသာမက၊ ကမ္ဘာ့နိုင်ငံ အသီးသီးကပင် သိရှိနိုင်ရန်အတွက် မြန်မာဘာသာမှ တစ်ဆင့် အင်္ဂလိပ်ဘာသာများအဖြစ် ရေးသား ပြန်ဆိုထုတ်ဝေနိုင်ခဲ့ပြီးဖြစ်သည်။

''မြန်မာနိုင်ငံသူနိုင်ငံသားတွေအနေနဲ့ သမိုင်းကို မဖြစ်မနေသိထားဖို့လိုတယ်။ သမိုင်းဆိုတာ လိမ်လို့မရသလို လုပ်ယူလို့လဲ မရဘူး။ နိုင်ငံတိုင်းမှာသမိုင်းဆိုတာရှိတယ်။ တရုတ်နိုင်ငံဆိုရင် စကား ပြောတိုင်း သမိုင်းအထောက်အထားကို ကိုးကားပြီးပြောလေ့ရှိကြတဲ့အတွက် ကိုယ့်မြန်မာလူမျိုးတွေလဲ ဒီလိုပြောနိုင်အောင် လေ့လာထားရမယ်။ အထူးသဖြင့် ယနေ့ခေတ်လူငယ်တွေမှာ သမိုင်းနဲ့ ပတ်သက် ပြီး တာဝန်အများကြီးရှိတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးတိုင်းမှာ သမိုင်းတွေ ရှိကြတဲ့အတွက် အခြား လူမျိုးတွေရဲ့သမိုင်းကို မသိထားရင် တောင်မှ မိမိလူမျိုးရဲ့သမိုင်းကို မဖြစ်မနေသိထားသင့်တယ်။ မှန်ကန်တဲ့သမိုင်းကိုသိထားဖို့ အရမ်းအရေး ကြီးတယ်။ ဘယ်လိုမှန်ကန်တဲ့သမိုင်းလဲ။ တစ်ချို့သမိုင်း တွေဆိုရင် သက္ကရာဇ် မှားယွင်းနေတာတွေရှိနေတုန်းပဲ။ အဲဒါတွေကိုမှန်ကန်အောင်သိထားဖို့ဆိုရင် မဖြစ်မနေသိထားရမှာက သက္ကရာဇ်ဖြိုတဲ့ အကြောင်းကို လူငယ်တွေသိထားသင့်တယ်'' ဟု ပြောပြ

http://www.dhammadownload.com



နေပုံကလူငယ်များ အထူးသဖြင့် သမိုင်းကိုလေ့လာနေကြသော မြန်မာလူငယ်များ သမိုင်းမှန်ကို သိရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြောကြားနေခြင်းဖြစ်သည်။

သူသည် စစ်ဘေးကာလတွင် လူ့ဘဝကိုအစပြုခဲ့ပြီး သူဖြစ်ချင်သောဘဝတစ်ခုကိုရအောင် ယူနိုင်ခဲ့သည်ဟု ဆိုသော်လည်း သူကြုံတွေ့ခဲ့ရသည့်ဘဝအခက်အခဲများကို ကျော်လွှားခဲ့ရာတွင် သူသည် "အမုန်းတရားကိုအမုန်းတရားဖြင့် ပြန်တုံ့ပြန်လို့ မအောင်မြင်" ဟုဆိုသော ဘဝဒဿန များကို လက်ကိုင် ထားကာကြိုးစားခဲ့ရုံသာမက၊ ဘဝတက်လမ်းကို ကြိုးစားနေကြသော လူငယ်များ ကိုလည်း သူက "တိုးတက်မှုကို ရှာဖွေနေကြတဲ့ လူငယ်များအနေနဲ့ ဘဝတစ်ကွေ့မှာ တစ်ခါတစ်ခါ သည်းမခံနိုင်တဲ့အထိ သည်းခံခဲ့ရတာတွေ လည်းရှိမယ်။ သည်းခံခြင်းရဲ့သဘာဝက တစ်ဖက် မှာနစ်နာမှုတွေရှိကောင်း ရှိနိုင်ပေမယ့် တစ်ဖက်မှာလည်း အဲဒီနစ်နာမှုတွေထက် ပိုများတဲ့ အောင်မြင်မှုတွေရှိတတ်ပါတယ်။ အနောက်ကိုများများ ကြည့်နိုင်လေ အရှေ့ကိုသွားရာမှာ ပိုပြီး အဆင်ပြေနိုင်လေ" ဟုသူကျင့်သုံးခဲ့သော ဘဝဒဿနများကို အားမာန်အပြည့်ဖြင့်ပြောပြနေသော သူသည် အသက်အရွယ်အရအနားယူရမည့် အရွယ်ဖြစ်နေသော်ငြားလည်း ပြည်ထောင်စုသမိုင်းကြီး ပီပီပြင်ပြင် ပေါ်ထွက်လာစေရန် ဆက်လက်ကြိုးစားချင်သည့်အရိပ်အယောင်က သူ၏မျက်နှာတွင် ပကတိ အတိုင်းပေါ်လွင်လျှက်ရှိနေသည်။

**အယ်ဒီတာ စောမြင့်သန်း (ပေါက်တော)**

http://www.dhammadownload.com



# အခန်း (၁)

## နိဒါန်း

### ဓညဝတီခေတ်

ကျွန်ုပ်တို့ ရှေးရှေးလူကြီးများ သုတေသနပြုကာ စုစည်းမှတ်သားပြုစုထားခဲ့သော ရခိုင်ရာဇဝင် လူမှုသမိုင်း၊ ရာဇကထာနှင့် မင်းစဉ်မင်းဆက်ဇယားများအား စုစည်းလေ့လာကြည့်သည့်အခါ၌ အလွန်တရာမှ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ခေတ်အဆက်ဆက် လွန်လေပြီးသော နှစ် ၅၃၀၀ ခန့်ကပင် ဓညဝတီရခိုင်ပြည်တွင် မြို့တော် (City State) ကြီးငယ်များနှင့် ထိုမှတစ်ဆင့်တက်ကာ နယ်ပယ်သတ်မှတ်ပြီးသည့်ကာလ သီးခြားနိုင်ငံထူထောင်၍ ရခိုင်မျိုးရိုး မျိုးဆက်မပြတ် နွယ်တူမင်းများက ထီးနန်းစိုက်ထူ စိုးစံအုပ်ချုပ်ခဲ့ကြကာ နှစ်ထောင်စု (Millennum) ငါးစုခန့် သီးသန့်လူမျိုးစုတစ်ရပ် ပြည်ထောင်တစ်ခုအနေဖြင့် ရခိုင်တို့၏ ယဉ်ကျေးမှုအဆောက်အအုံကြီးကို ကြီးမားထည်ဝါကျယ်ပြန့်လာအောင် မနားမနေတည်ဆောက်လျက် ခိုင်မြဲစွာရပ်တည်နိုင်ခဲ့ကြသည်ကို တွေ့ရပေသည်။ ဘီစီ ၃၂၈၇ မှသည် အေဒီ ၁၇၈၅ ဇန်နဝါရီလ(၁)ရက် မြောက်ဦးမြို့တော် ကျရှုံးသည်အထိ ကြာခဲ့ကာ ၄င်းလ(၁၀)ရက်နေ့တွင် ရခိုင်ဘုရင် မဟာသမ္မတမင်းကို မြန်မာအင်းဝ (အမရပူရ)မှ ဘိုးတော်ဘုရားတပ်များက ဖမ်းဆီးရမိခေါ်ဆောင်သွားသည်မှစ၍ ရခိုင် ထီးနန်းနှင့် မင်းရိုးဆုံးခန်းတိုင်သို့ ရောက်ရှိသွားခဲ့ပါသည်။

သို့ပါသော်လည်း ရခိုင်လူမှုရေးသမိုင်းတစ်လျောက် အလွန်တရာမှ ပြောင်မြောက်ခဲ့သည့် နှလုံးရည်၊ လက်ရုံးရည်အဖြာဖြာနှင့် ပြည့်ဝသော အခြင်းအရာ၊ ယဉ်ကျေးမှု အစဉ်အလာ၊ ဖြတ်သန်းလာခဲ့ရသော သုခဒုက္ခ အခက်အခဲ အတွေ့အကြုံများနှင့် အောင်မြင်မှုများမှာ ကမ္ဘာ့လူမှုရေးသမိုင်းမှ မည်သည့်အခါမှ ပျောက်ကွယ်နစ်မြုပ်သွားမည် မဟုတ်ပေ။ သို့ပင်ငြားလည်း ထိုထိုသမိုင်းကြောင်း အစဉ်အလာမှတ်တမ်းများ အနှစ်ထောင်ချီကာ ဆက်လက်တည်တံ့နိုင်ရေးနှင့် ထိုထိုသမိုင်းကြောင်း အစဉ်အလာမှတ်တမ်းများ ပိုမိုတိကျပီပြင်စွာ ပေါ်ထွန်းလာနိုင်ရေးများမှာမူ ရခိုင်အမျိုးသားတစ်ရပ်လုံး၏ တာဝန်ဝတ္တရားတစ်ရပ်အနေဖြင့်ခံယူကာ ဆက်လက်သုတေသနပြုဖော်ထုတ်ဖြည့်စွက် နိုင်မှသာလျှင် ယခုထက် ပိုမိုပြည့်စုံမှန်ကန် ယုတ္တိတန်ခိုင်မာသော ရာဇဝင်ကြီးတစ်စောင် ပေါ်ထွန်းနိုင်မည် ဖြစ်ပေသည်။

http://www.dhammadownload.com



ဓညဝတီရခိုင်ပြည်၏ အဓိကပင်ကိုယ် မူလနယ်မြေနယ်နိမိတ်မှာ ဧရိယာအကျယ်အဝန်းအားဖြင့် သေးငယ်ရှည်လျားပြီး တောတောင်ထူထပ်ကာ မြစ်ချောင်းကြီးများ များပြားစွာရှိပြီးလျှင် လူဦးရေအားဖြင့်လည်း ရှေးရှေးပဝေသဏီကပင် နည်းပါးသော ပြည်ထောင်ငယ်တစ်ခု ဖြစ်လင့်ကစား ကြီးမားသောလူဦးရေ အလွန်ပိုမိုများပြားသည့် ပြည်ထောင်စုနှစ်ခုအကြား နှစ်ပေါင်း (၅၀၀၀)ကျော်မျှ အခွန့်ရှည်ကြာမြင့်စွာ မားမားမတ်မတ် သမိုင်းအစဉ်အလာကောင်းဖြင့် ရင်ပေါင်တန်းရပ်တည်နေလာနိုင်ခဲ့သည်မှာ အံ့ဩဂုဏ်ယူဖွယ်ရာပင် ဖြစ်ပေသည်။

ဤမျှပင်မက မွန်ဂိုနွယ်ဖွား(သျှမ်း)ခေါ် တရုတ်တရက်များ အလုံးအရင်း လူဦးရေကြီးမားစွာဖြင့် တရုတ်ပြည်မမှ ဗြဟ္မပုတ္တရ၊ ဧရာဝတီမှသည် မဲခေါင်မြစ်ညာမြစ်ဝှမ်းများဆီသို့ ရေကြည်ရာမြက်နုရာ နေရာသစ်ရှာဖွေရင်း မြောက်ရှမ်းကုန်းပြင်မြင့်မှတစ်ဆင့် အဍ္ဍနနဒီ (လေးမြို့)မြစ်ရိုးအတိုင်း ကစ္ဆပနဒီမြစ်ညာဒေသဆီသို့ အေဒီ ၇၉၄ ခုနှစ်၊ မြို့မျိုးခြား ပဲဖြူမင်းလက်ထက်က ကျူးကျော်ဝင်ရောက်ပြီး တစ်နှစ်တာမျှ ဓညဝတီ၊ ဝေသာလီမြို့တော်ဟောင်းနှင့် ပဲဖြူမြောက်ဦးကို ထိန်းချုပ်ထားရှိနိုင်ခဲ့ကြသော်လည်း သပိတ်တောင်မှ စန္ဒကူးမင်းသားနှင့် စမ္ဗဝက်မှ ငတုံမင်း စစ်ခံနေကြသည်ကို မထိုးဖောက်နိုင်၍ ဆုတ်ခွာသွားခဲ့ကြပြီး၊ အေဒီ ၁၁၄၂-၁၁၄၉ မင်းဖုန်းစားနှင့် အေဒီ ၁၂၈၃-၁၃၀၀၊ မင်းထီးတို့လက်ထက် တရုတ်များက ရှမ်းဒေသတစ်ခုလုံးကို စိုးမိုးနိုင်၍ အဍ္ဍနနဒီမြစ်ကြောင်းအတိုင်း ဆင်းလာကြပြန်သည့် အခါ၌လည်း နယ်စွန်နယ်ဖျားတွင်ပင် တရုတ် “ခန်”မင်းလက်အောက်ခံ မွန်ဂို(သျှမ်း)တရုတ်တပ်များကို ရွပ်ရွပ်ချွံချွံ လိုက်လံတိုက်ခိုက် အနိုင်ယူနိုင်ခဲ့၍ ၎င်းမင်းများလွန်ပြီးသည်က စပြီး မွန်ဂိုတရုတ်တပ်များရန်အဆုံးသတ် ချုပ်ငြိမ်းသွားခဲ့ပါသည်။ ၎င်းကဲ့သို့ပင် အနောက်မဇ္ဈိမ အစ္စလာမ်ဘာသာ စစ်သွေးကြွများက အိန္ဒိယ ကျွန်းဆွယ်တစ်ခွင်၌ စစ်ရေးဖြင့်နယ်မြေသိမ်းပိုက်ကာ ဘာသာရေးဖြန့်ချိသိမ်းသွင်းလာသည်ကိုလည်း ရခိုင်နယ်နိမိတ်နတ်မြစ် အနောက်ဖက်ကမ်းကို ကျော်ဖြတ်မကူးစက်နိုင်အောင် အေဒီ ၁၂၄၆- ၁၂၅၀ က ငနေလုံး (အနလုံး)မင်း၊ ၎င်းနောက် အေဒီ ၁၂၈၃-၁၃၈၉ အတွင်းက မင်းထီးအပြင် အေဒီ ၁၅၃၁-၁၅၅၃ က မင်းဗာကြီးတို့က ထိရောက်စွာ ချေမှုန်းထိန်းချုပ်နိုင်ခဲ့ကြသည့်အတွက် ရခိုင်ပြည်အဝှမ်း နေထိုင်ကြသည့် ရခိုင်လူမျိုးများက ကျူးကျော်စိုးမိုးပြီး ဘာသာရေးဖြန့်ချိကြိုးပမ်းသူများအား အနိုင်ယူကာ လူမျိုးဘာသာ ရောယှက်မှုနှင့် မိမိတို့၏ ဗုဒ္ဓဘာသာအယူဝါဒများကို ယခုအချိန်ထိတိုင်အောင် ခိုင်မြဲစွာ စောင့်ထိန်းထားရှိနိုင်ခဲ့ပါသည်။

http://www.dhammadownload.com



မိမိတို့တွင် အလွန်တရာမှရှည်လျားသော သမိုင်းနောက်ကြောင်းရာဇဝင်နှင့် မြင့်မားသော ယဉ်ကျေးမှုများမှာလည်း ရှေးအကျဆုံး သမိုင်းဦးလူသားများဖြစ်ကြသော အီဂျစ်၊ အရှေ့ဥရောပ တောင်ပိုင်း(Asia Minor)၊ ယခု အီရတ်နိုင်ငံရှိ မီဆိုပိုတန်မီယာ(Mesopotamia)နှင့် အိန္ဒိယကျွန်းဆွယ် မြစ်ညာမြစ်ဝှမ်း ယဉ်ကျေးမှု သန္ဓေတည် စတင်ပေါက်ဖွားခဲ့ရာ ဒေသများဖြင့် မရှေးမနှောင်း ၎င်းတို့နောက် နှစ်ရာစု(၅)စုမှ (၁၀)စုအတွင်းကပင် စတင်ခဲ့သည်ကို သတိမူကြစေလိုသည်။

## ရှေးအကျဆုံး ရခိုင်မြို့တော်များ (ဘီစီ ၆၀၀၀–၄၀၀၀)

ရှေးအကျဆုံး ရခိုင်မြို့တော်များမှာ ဒေသခံများ၏ ယူဆချက်အရ ခရစ်မပေါ်မီ နှစ်ထောင်စုလေးစုမှ ခြောက်စုအတွင်းက မြို့တော်များဖြစ်ပါသည်။ စာပေအက္ခရာ အရေးအသား တစ်စုံတစ်ရာ မပေါ်ပေါက်မီ နှစ်ပေါင်း ၄၀၀၀-၅၀၀၀ ခန့်ကပင် တည်ရှိခဲ့သော မြို့တော်များဖြစ်သည့်အားလျော်စွာ ရှေးလူကြီးများက ဆွေစဉ်မျိုးဆက် ပြောဆိုသွန်သင် သယ်ဆောင်လာကြသော လက်ဆင့်ကမ်း နှုတ်တက်အာဂုံပါးစပ်ပုံပြင်နှင့် ၎င်းတို့အပေါ် မှီငြမ်းပြုကာ နှစ်ထောင်ပေါင်းများစွာ လွန်လေပြီးမှ ရှေးပညာရှိသုတေသီများက မိမိတို့၏ ရာဇဝင်သမိုင်းကြောင်း ပျောက်ပျက်မတိမ်ကောသွားစေရန် ရှေးရှေးကရာဇကထာ(ပုံပြင်)များနှင့် သမိုင်းကြောင်းများကို ပေထက် အက္ခရာတင် ရေးသားထားသော ကျမ်းဟောင်းကြီးများ၌သာ တွေ့ရသည်ဟု သိရပြီး၊ ၎င်းကျမ်းကြီးများအပေါ် မှီငြမ်းပြုကာ ခေတ်သုတေသီများကလည်း အခက်အခဲအမျိုးမျိုးကြောင့်လည်းကောင်း၊ ရှေးအကျဆုံးခေတ်(၃)ခေတ် (မြို့တော် ၃မြို့) အကြောင်း အသေးစိပ်မှတ်တမ်းဟူ၍ သီးသန့်ပြုစုထားသည် မရှိကြောင်း သိရပါသည်။ ၎င်းတို့မှာ-

(၁) ရမ္မာဝတီ - ရမ်းမြို့တော်(ရမ်းဗြဲမြို့)

(၂) ဒွါရာဝတီမြို့တော် (သံတွဲ ပေလီကမ်းခြေဒေသ)နှင့်

(၃) ပထမ ဝေသာလီမြို့တော်များ ဖြစ်ကြပါသည်။

အဆိုပါမြို့တော်များ နောက်ဝယ် ဆက်စပ်ပေါ်ထွန်းလာကြသော ပိုမိုပီပြင်သည့် ဓညဝတီမြို့တော်ခေတ်(ဘီစီ၃၃၂၅အေဒီ၃၂၆)မှအစပြုကာရခိုင်ရာဇဝင် သမိုင်းမှတ်တမ်းများကို မပြုစုမီ ၎င်းရှေးအကျဆုံးမြို့တော်များအကြောင်း သိရှိသမျှကို အနည်းငယ် ထည့်သွင်းဖော်ပြလိုပါသည်။

http://www.dhammadownload.com



## ရမ္မာဝတီ "ရမ်း" မြို့တော်

မွန်ဝါးဝါးအသွင်တွင်ရှိသော ရမ္မာဝတီမြို့တော်မှာကား ကမ္ဘာဦးမဟာသမတန္ဒယ်ဝင် သမုတ္တိဒေဝမင်း တည်ထားခဲ့သောမြို့ဖြစ်သည်ဟု စာပေအရေးအသားအချို့တွင် တွေ့ရပြီး၊ ဒွါရာဝတီ(သံတွဲ)မြို့တော် မပေါ်ပေါက်မီ နှစ်ရာစုပေါင်းများစွာကပင် "ရမ်း"မြို့တော် တည်ရှိခဲ့သည်ဟု ဆိုပါသည်။ မြို့တော်မှ အဆောက်အအုံနေရာ ရုပ်ကြွင်းဝတ္ထုပစ္စည်းများ ယခုထက်တိုင် ကျန်ရှိနေသေးသည်ဟု သုတေသီအချို့က ပြောကြား၍ သိရပါသည်။ သို့သော် သုတေသနပြုချက် တစ်စုံတစ်ရာရှိကြောင်း မတွေ့ရပါ။ ဤမြို့ကို ရမ္မာဝတီမြို့တော်ဟု ခေါ်ဝေါ်ကြခြင်းမှာ အေးချမ်း သာယာသည့် ဘုရားသခင်၏ အရပ်ဒေသဖြစ်ခြင်းကြောင့်ဟု ဆိုပါသည်။

ကုလားလူမျိုးဘာသာစကားအရ "ရမ်း"မှာ ဘုရားသခင်ကိုယ်တော်မြတ် ဖြစ်ပေသည်။ သို့သော် ရခိုင်လူမျိုးတို့၏ အယူအဆမှာမူကား မင်းကျင့်တရားနှင့် ပြည့်စုံသည့် သာမန်လူသား မင်းမြတ်များ အုပ်ချုပ်စိုးစံရာ အေးချမ်းသာယာဝပြောသော နယ်ပယ်ဖြစ်သည်ဟုသာ ယူဆကြ လေသည်။

## လက်ဦးရခိုင်ပြည်ထောင်၏ ကိုးကွယ်မှုအယူဝါဒ

ရမ္မာဝတီ၌ ယင်းခေတ်ယင်းအခါက အဘိညာဉ်(၅)ဆင့်အထိ ပေါက်မြောက်အောင်မြင် သော ဂဝံပတိရသေ့ကြီးကဲ့သို့သော ရသေ့များက ရခိုင်မင်းနှင့် ပြည်သူများအား ဗုဒ္ဓအယူဝါဒ အခြေခံအကျင့် သိက္ခာ၊ သမာဓိနှင့် ပတ်သက်သည့် ဓမ္မဒေသနာတော်မြတ်များကို သွန်သင် ဟောကြားတော်မူကြကြောင်း သိရပါသည်။

ထိုတရားဓမ္မများ အားထုတ်နေကြသော ရသေ့ကြီးများ၏ ဩဝါဒများကို ရခိုင်မင်းများနှင့် ပြည်သူပြည်သားများက လိုက်နာကျင့်သုံးခဲ့ခြင်းကြောင့် နေပြည်တော်အဝှမ်း အေးချမ်းသာယာဝ ပြောမှုကို ခံစားကြရပြီး ရခိုင်ပြည်ထောင်မှာလည်း အစွန့်ရှည်ကြာစွာ တည်မြဲရပ်တည်နိုင်ခဲ့ကြ သည်ဟု ရှေးပညာရှိအမတ်ကြီး မဟာပညာကျော်က မြောက်ဦးမြို့တော် ပြည့်ရှင်ဘုရင် မင်းဖလောင်း(အေဒီ ၁၅၇၁-၁၅၉၃)မေးမြန်းချက်ကိုဖြေကြားသော လျှောက်ထုံး၌ ဖော်ပြပါရှိသည် ကို တွေ့ရပါသည်။ ဓညဝတီခေတ်က မြို့တော်များ၏ မြို့သက်နှင့် မင်းများ၏ နန်းစံသက်များမှာ

http://www.dhammadownload.com



အထူးရှည်ကြာကြောင်းကို မင်းစဉ်မင်းဆက်များ ဇယားအား ကြည့်ရှုရုံမျှဖြင့် သိရှိနိုင်ပါသည်။ တရားဓမ္မပါ အကျင့်သိက္ခာများကို ကျင့်ကြံပြီး သမာဓိအားထက်သန်မှုကြောင့် မင်းကျင့်တရား ပြည့်ဝစွာဖြင့် အုပ်ချုပ်ခြင်းမရှိဘဲ တရားမစောင့်သောမင်းများကြောင့် ပြည်ထောင်ပျက်ရသည်။ ပထမ ဝေသာလီနောက်ဆုံးစွန်မင်း ပြဟ္မာသိဒ္ဓိနှင့် ပထမဓညဝတီနောက်ဆုံးစွန် မင်းငယ်ပျော်လှ စည်သူမင်းများ ရှိခဲ့ကြောင်းကိုလည်း လျှောက်ထုံး၌ သာဓကအဖြစ် ဖော်ပြပါရှိ ပါသည်။

ထိုကဲ့သို့ပင် ဦးစိန်ညိုထွန်း(အိုင်စီအက်စ်)ပြုစုရေးသားသော စာမူအခန်းတစ်ခု၌ "ကျွန်ုပ် သည် ရခိုင်ရာဇဝင်ကို သင်သောကာလမှာ ဘယ်ကဲ့သို့ တရားစောင့်ရှောက်သော တိုင်းပြည် ဖြစ်လာကြောင်း ဦးစွာရှာရ၏"ဟု ပါရှိကာ ရာမပူရမြို့တော်၌ မင်းနှင့်ပြည်သူများ ဂဝံပတိရသေ့ကြီး အား ကိုးကွယ်အားထားမှုမှ ရခိုင်ပြည်တွင် ရသေ့ကြီးကိုးကွယ်မှု စတင်ခဲ့ကြောင်း၊ ထိုအချိန်မှ အစပြု၍ မင်းနှင့်ပြည်သူပြည်သားများ ရခိုင်ပြည်အဝှမ်း ကိုးကွယ်မှုပြုလာကြကာ ရသေ့ကြီးများ မြောက်များစွာပေါ် ထွန်းခဲ့၍ မင်းကလည်း မင်းကျင့်တရား၊ ပြည်သူများကလည်း ပြည်သူ့ကျင့်ဝတ် နှင့်အညီ စိုးမိုးအုပ်ထိန်းလာကြမှုကြောင့် အနောက်မဇ္ဈိမပြည်ထောင်တွင် နတ်ဘုရားများအား ကိုးကွယ်သည့် အာရီယံဟိန္ဒူဘာသာရေးဝါဒကို လိုက်နာကျင့်သုံးကြသည့်မင်းများ အုပ်ချုပ်သော ပြည်ထောင်များကဲ့သို့ ဖန်တလဲလဲ ပျက်စီးပြိုကွဲခြင်းမရှိဘဲ ကာလကြာရှည်စွာ ရခိုင်ပြည်ထောင် မြို့တော်များ တည်တံ့အေးချမ်းသာယာစွာဖြင့် ရပ်တည်နိုင်ခဲ့သည်ဟု ၎င်းပုဂ္ဂိုလ်က ထောက်ပြ ထားပါသည်။

ရသေ့ကြီးများကို ကိုးကွယ်မှုမှာ ဂေါတမမြတ်စွာဘုရားမပွင့်မီ နှစ်ထောင်ပေါင်း များစွာ ကပင် အနောက်မဇ္ဈိမ အိန္ဒိယ၌လည်း ရှိခဲ့ပါသည်။ ဥပမာ-ဘုရားအလောင်းတော် ကပ္ပိလရသေ့ ကြီး သင်္ခမ်းရာ၌ ရသေ့ကြီး၏ ဩဝါဒအရ ကပိလဝတ်ပြည်ကို တည်ထားခဲ့သည်။ ရခိုင်ပြည်ထောင် ၌ မာရယုမင်းသား၏ ခမည်းတော်မှာ နန်းစွန့်ကပိလဝတ်ပြည့်ရှင်မင်း အဇ္ဈုနရသေ့ကြီး ဖြစ်ပြီး မာရယုကဓညဝတီမြို့တော်ကို နာဂိန္ဒရသေ့ကြီး၏ ညွှန်ပြချက်နှင့် ဩဝါဒအရ တည်ထားကာ ဓည ဝတီဟုခေါ် ဝေါ် သမုတ်ခဲ့သည်။ (ဒွါရဝတီ၌လည်း "ကဏှာဒီပါယန"ရသေ့ ရှိခဲ့သည်။)

သို့ဖြစ်ခြင်းကြောင့် လွန်ခဲ့သော ဘီစီ ၄၀၀-၅၀၀ ခန့်ကပင် အာရီယံ၊ အာရီယံဒြာဗီဒီယံနတ် ဘုရားများကိုးကွယ်မှုကို ချုပ်ကိုင်သည့် ဟိန္ဒူပြဟာမ် ဘုန်းတော်ကြီးများနှင့်အတူ ဗုဒ္ဓဘာသာအခြေခံ အကျင့်သိက္ခာ၊ သီလ၊ သမာဓိကို ကြိုးပမ်းကျင့်ကြံအားထုတ်သည့် ရသေ့ကြီးများ၊ ပြဟာမ်

http://www.dhammadownload.com



ဘုန်းတော်ကြီးများနှင့် ခေတ်ပြိုင်ဆိုသလို ရှေးပဝေသဏီကပင်ရှိနေခဲ့သည်မှာ ထင်ရှားပေါ်လွင်ပါသည်။ ဤရသေ့ကြီးများမှာလည်း ဗုဒ္ဓဘာသာအယူဝါဒ အစစ်အမှန် ဂေါတမမြတ်စွာ ဘုရားနှင့်အတူ ပေါ်ထွန်းမလာမီ နှစ်ထောင်စုများစွာ ကြာကာလအတွင်းက ပင်ရှိနေပြီး သာသနာတော်ထွန်းကားပေါ်ပေါက်လာရေးအတွက် အထူးအထောက်အကူပြုခဲ့ပါသည်။

ဗုဒ္ဓဂေါတမ မြတ်စွာဘုရား မပွင့်မီခေတ်က ဤရသေ့ကြီးများသည် ရခိုင်ပြည်ထောင်အတွက် အထူးအရေးကြီးသည့်ကဏ္ဍမှ ပါဝင်ခဲ့ကြပါသည်။

ရမ္မာဝတီမြို့တော်နှင့် ပတ်သက်၍ အထူးမှတ်တမ်းတင်ထားရှိသည့် အချက်များမှာ-

၁။ အင်ဒိုအာရီယံနွယ်ဝင် ရခိုင်မင်းနှင့် ပြည်သူပြည်သားများ၏ ယုံကြည်ကိုးကွယ်အားထားမှု ဘာသာအယူဝါဒမှာ နတ်ဗြဟ္မာဘုရားကြီးများအား ကိုယ်စားပြုဖနသည့် နေ၊ လ၊ တော၊ တောင်၊ မြစ်ချောင်း စသည်တို့ကို ကိုးကွယ်သည့် သာမန်အာရီယံ ကိုးကွယ်မှု ကစ်ခုတည်းမဟုတ်ဘဲ အဘိညာဉ်(၁)ဆင့်မှ (၅)ဆင့် အထိပေါက်မြောက်သော ရသေ့ကြီးများအား မိမိတို့၏ ကယ်တင်ရှင်များအဖြစ် ယုံကြည်အားထားကိုးကွယ်မှု စတင်ရှိနှင့်ပြီးဖြစ်ကာနတ် ဗြဟ္မာကြီးများ ကိုးကွယ်မှုမှာ တစ်ဆင့်နိမ့်သောဘာသာအယူဝါဒသာဖြစ်ခြင်း။

၂။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြသည့် ရာဇာဘုရင်များမှာ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ကြရပြီး ပြည်သူပြည်သားများကလည်းပြည်သူ့ကျင့်ဝတ်နှင့်အညီ ပြုကျင့်လိုက်နာကြရခြင်း။

၃။ ဤဗုဒ္ဓဝါဒအခြေခံအကျင့် သစ္စာ၊ သိက္ခာ၊ သမာဓိနှင့် ရသေ့ကြီးများအား ကိုးကွယ်ဆည်းကပ်မှု အယူဝါဒကပင် နောင်တွင် ရခိုင်ဒေသ၌ အိန္ဒိယကျွန်းဆွယ်အနှံ့ ဟိန္ဒူအယူဝါဒ ကျင့်သုံးကြသည့် လူမျိုးကြီးမှ သီးသန့်ခွဲခြားကာ အာရီယံနွယ်ဝင် သကျသာကီမင်းများ အုပ်စိုးသည့် ရခိုင်ပြည်ထောင်အဖြစ် ပေါ်ထွန်းလာခဲ့ခြင်း။

၄။ အသန္တိန္နခတ္တိယ သကျသာကီဝင်မင်းရိုးနှင့် ပြည်ထောင်မှ ဆင်းသက်လာခြင်းဖြစ်လင့်ကစား ရခိုင်ပြည်ထောင်မှာ ဟိန္ဒူအယူဝါဒအား ကျင့်သုံးခဲ့ကြသည့် ဩဇာအာဏာ ကြီးမားပြီး လူအဆင့်အတန်း ခွဲခြားသတ်မှတ်မှုတွင် အမြင့်ဆုံးအဆင့်ဝင်များဖြစ်ကြသော ဟိန္ဒူဗြာဟ္မဏ် ဘုန်းတော်ကြီးများ ကြီးစိုးသိမ်းသွင်း

http://www.dhammadownload.com



ချယ်လှယ်မှုမှ လွတ်ကင်းခြင်း။

၅။ လူအဆင့်အတန်းခွဲခြား အယူသည်းမှု ရခိုင်ပြည်ထောင်၌ အနောက်မဇ္ဈိမဒေသမှာကဲ့သို့ ပြင်းထန်မှုမရှိဘဲ ရခိုင်လူမျိုးများနှင့် ကိုးကွယ်မှုကိုသာ မျိုးချစ်ပြည်ချစ်ဇာတိမာန် အပြည့်အဝဖြင့် စောင့်ရှောက်ကာကွယ်ကြသည်။ ဗုဒ္ဓဘာသာအခြေခံဝါဒီများဖြစ်၍အဆင့်အတန်းခွဲခြားပြီးတင်းကြပ်စွာမင်းနှင့် ဘုန်းတော်ကြီးများကဲ့သို့ စိစစ်ကြီးကြပ်မှု လုံးဝမရှိခြင်း၊ တစ်ခြားကိုးကွယ်မှု ဘာသာအယူဝါဒများကျင့်သုံးခြင်းကိုလည်း ပိတ်ပင်တားဆီးခြင်းမပြုကြောင်း အထူးပီပြင်လာပြီဖြစ်သော မြောက်ဦးခေတ်များ၌ တွေ့လာရခြင်း။

## ဒွါရာဝတီနှင့် ပထမဝေသာလီမြို့တော်များ

ခရစ်တော်(သက္ကရာဇ်)မပေါ်မီ ဘီစီ ၄၀၀၀ ခန့်အချိန်က အနောက်မဇ္ဈိမတစ်ခွင် စစ်ရေးစစ်ရာ၌ အောင်ပွဲဆင်ကာ နောက်လိုက်ဗိုလ်ပါ ကျေးကျွန်များစွာဖြင့် အနောက်မဇ္ဈိမ ဥတ္တရာပထတိုင်းမှ အသိထဥ္စနမြို့တွင် မင်းပြုနေကြသော ဥပသမင်းနှင့် မိဖုရားဒေဝဂဗ္ဘာတို့၏ သားတော်၊ သမီးတော်(၁၂)ဖော်အနက်မှ အကြီးဆုံးသမီးတော် ဥဒုမ္ဗရဒေဝီ အနိစ္စရောက်ပြီးနောက် ဝါသုဒေဝ၊ ဗလဒေဝ အစရှိသည့် မောင်တော်တစ်ကျိပ်နှင့် အငယ်ဆုံးနှမတော် အဥ္စနဒေဝီ၊ မင်းသားမင်းသမီး (၁၁)ပါးတို့သည် ဇမ္ဗူဒီပါကျွန်းအလုံး၌ရှိသော မင်းအဖြစ်ကိုယူအံ့ဟု မိခင်ဖခင် နှစ်ပါးကိုထားပြီး "ကဏှာဒီပါယန"အမည်ရှိသော ရသေ့အား ချဉ်းကပ်ပြီး ရသေ့ကြီး အကြံပြုချက်အရ ဒွါရာဝတီကို အောင်နိုင်ခဲ့၍ မင်းပြုစိုးစံကြလေသည်။

ထိုမင်းညီနောင်များ ပျက်စီးချိန်တန်၍ အရှင်ဒီပါယနရသေ့အား ပြစ်မှားမိသည့်အတွက် အချင်းချင်း မသင့်မမြတ်ဖြစ်ကာ မင်းညီမင်းသားများမှာလည်း သေကြေကုန်ကြပြီး ဒွါရာဝတီမြို့တော်မှာလည်း ပျက်သုဉ်းသွားခဲ့သဖြင့် ဝါသုဒေဝ၊ ဗလဒေဝ၊ နှမတော် အဥ္စနဒေဝီနှင့် ၎င်းတို့၏ ပညာရှိ ပုရောဟိတ် ပုဏ္ဏားပြဟ္မဏတို့လေးဦး ဒွါရဝတီကိုစွန့်ခွာကာ မြောက်ဘက်အရပ်သို့ ထွက်ခွာလာကြရာ နောင်တော်နှစ်ပါးလမ်းခရီး၌ အနိစ္စရောက်ခဲ့၍ နှမတော်အဥ္စနကုမ္မာရီ (အဥ္စနဒေဝီ)နှင့် ပုရောဟိတ်ပြဟ္မဏပုဏ္ဏားတို့သာ ဝေသာလီမြို့သို့ ရောက်ရှိခဲ့ကြလေသည်။

ထိုအချိန်အခါ၌ ဝေသာလီမြို့မှာလည်းမင်းကြီးနတ်ရွာစံတော်မူ၍ နန်းလျာမရှိ ဖြစ်နေသည့်

http://www.dhammadownload.com



အချိန်အခါနှင့် ကြုံကြိုက်ခဲ့ရာ မှူးမတ်ပြည်သူများက မင်းမျိုးရာဇာ ရုပ်အင်္ဂါနှင့်ပြည့်စုံသော အဥ္စနဒေဝီမင်းသမီးနှင့် ပညာဗဟုသုတကြွယ်ဝသော ဖြဟ္မဏပုဏ္ဏားကြီးတို့အား ၎င်းတို့၏ ပြည်ထောင်တွင် မင်းပြုရန် ပန်ကြားလာကြ၍ ဖြဟ္မာဏပုဏ္ဏားကြီးက ဖြဟ္မဏရာဇာအမည်ဖြင့် ဝေသာလီမြို့တော်တွင် မင်းပြုကာ အဥ္စနဒေဝီအား မိဖုရားမြှောက်ပြီး စိုးစံခဲ့ကြလေသည်။

ဖြဟ္မဏရာဇာမင်းနှင့် မိဖုရားအဥ္စနဒေဝီတို့လက်ထက် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်တော်မူကြ၍ တိုင်းပြည်စည်ပင်ဝပြော အေးချမ်းသာယာပြီး ၎င်းတို့မှ သားတော်(၆)ပါး မွေးဖွားခဲ့သည်။

၎င်းတို့မှ ဖွားမြင်သော သားတော်(၆)ပါးနှင့် ၎င်းတို့၏ နွယ်ဝင်မင်း(၁၆)ဆက်တို့က သာရဗ္ဗာန် (**Tharaban Dynasty**) မင်းနွယ်ဆက်အဖြစ် သားစဉ်မြေးဆက် စိုးမိုးအုပ်ချုပ်ခဲ့ကြရာ နောက်ဆုံးစွန် ဖြဟ္မသိဒ္ဓိမင်းလက်ထက် မင်းကျင့်တရားပျက်ပြားပြီး တရားလက်လွတ်အုပ်ချုပ်သော မင်းတစ်ပါးဖြစ်သည့် အားလျော်စွာ မကောင်းမိစ္ဆာ လူသားစား လူရိုင်းဋဆဒ္ဒန်နှင့် နောက်လိုက်နောက်ပါတို့က သေလာဂီရိ ကျောက်တော်ဒေသတွင် အခြေပြုလျက် ဝေသာလီမြို့ကို နှောင့်ယှက်နေကြခြင်းကြောင့် ဘုရင်ဖြဟ္မသိဒ္ဓိ မင်းကိုယ်တိုင် ဦးစီးပြီး ဋဆဒ္ဒန်နှင့် နောက်လိုက်နောက်ပါ ရက္ခိုက်လူရိုင်းများအား သွားရောက်နှိမ်နင်းရာ၌ ဘုရင်မင်းဖြဟ္မသိဒ္ဓိ အနိစ္စရောက်ခဲ့ပါသည်။

ဝေသာလီမြို့တော်မှာလည်း မင်းမဲ့မြို့တော်ဖြစ်နေပြီး နန်းတော်၌ မိဖုရားသီဒါဘီနှင့် သမီးတော်ရုစိတ္တမာလာ(ရုစ်မာလာ)နှစ်ပါးသာကျန်ခဲ့၍ အရိုက်အရာဆက်ခံရန် မင်းဆက်နန်းလျာမရှိဖြစ်ကာ ပြည်သူ ပြည်သားများမှာလည်း ကျီးလန့်စာစား ပြည်ရွာခြောက်ခြားကာ မငြိမ်မသာနှင့် တဖြေးဖြေးပျက်လုဆဲဆဲ အခြေအနေသို့ ကျရောက်နေပြီး ရက္ခိုက်လူရိုင်းများက မကြာခဏ ဆက်လက်ဝင်ရောက်တိုက်ခိုက် နှောင့်ယှက်လျက် ရှိနေကြပါသည်။ ဤအချိန်မှာ ဘီစီ ၃၂၈၇ ခန့်က ဖြစ်သည်။ အဥ္စနဒေဝီ၏ ဝေသာလီ မြို့တော်ဟောင်းမှာ သေလာဂီရိတောင်မှ (၆)မိုင်အကွာ အရှေ့ဘက်ကမ်းရှိဓညဝတီအရပ်ဒေသမှ တောင်ဘက်(ကစ္ဆပနဒီ အရှေ့ဘက်ကမ်းလွန်) ၁၃မိုင်ကျော်မျှအကွာတွင် တည်ရှိသည်။

**ဤအရပ်ဝန်းကျင်၌ အေဒီ ၃၆၄ ခုနှစ်တွင် ဒွေ့င်စန္ဒြမင်းကဝေသာလီ**

http://www.dhammadownload.com



ကျောက်လှေကား (ဒုတိယဝေသာလီဟုလည်းခေါ်သည်။) မြို့တော်ကို ဓညဝတီ မြို့တော်အား မြို့သက်ကုန်ပြီဟုဆိုကာ စွန့်ပစ်ပယ်ပြီး မြို့သစ်တည်၍ ပြောင်းရွှေ့ ထီးနန်းစိုက်ထူကာ စိုးစံတော်မူသည်။ ၎င်းမှာ မြောက်ဦး မြောက်ဘက်မှ (၅)မိုင်ခန့် ကွာဝေးသည်။ ဘီစီ ၃၂၈၇ ခန့်တွင် မာရယုမင်းသားက မြောက်ဘက်မှ ဆင်းသက်လာပြီး ဆေဒ္ဒနိလူရိုင်းများရန်ကိုဖြိုခွင်းကာ ဝေသာလီမြို့တော်ကို ရက္ခိုက်များရန်မှ ကာကွယ် ကယ်တင်ပေးပြီး ၎င်းမြို့၌ပင် မင်းဖြစ်လာကာ ဝေသာလီမင်းသမီး ရစ်မာလာအားလည်း မိဖုရားကြီးအရာ တင်မြှောက်ခဲ့လေသည်။

ပျက်သုဉ်းလုဆဲဆဲ ပထမဝေသာလီ၌ မာရယုမင်းနန်းတက်ပြီး များမကြာမီ ၎င်းနှစ်တွင်ပင် ဓညဝတီမြို့တော်သစ်ကို တည်ထောင်၍ ပြောင်းရွှေ့စံတော်မူခဲ့သဖြင့် ဘီစီ ၃၂၈၇ တွင် ပထမ အဥ္စနဒေဝီ ဝေသာလီမြို့တော် ဆုံးခန်းတိုင်သို့ ရောက်ရှိခဲ့ပါသည်။

ရှေးအကျဆုံး မြို့တော်သုံးမြို့တော်အကြောင်းနှင့် စပ်လျဉ်းပြီး သုတေသီအချို့တို့၏ အရေးအသားများကို အောက်ပါအတိုင်း ဖော်ပြလိုပါသည်-

သုတေသီ ဦးစံရွှေပုက ရှေးအင်ဒိုအာရိယံ(Indo-Aryan) လူမျိုးများသည် ဂင်္ဂါမြစ်ဝှမ်း မဇ္ဈိမဒေသ၊ မာဂဓမှ ရက္ခိုင်တောင်ကုန်းဒေသသို့ ဝင်ရောက်လာကာ တောင်ပိုင်းသို့ ဆင်းသက်လာ၍ ဒွါရာဝတီ၌ ဝါသုဒေဝ၊ ဗလဒေဝ အစရှိသည့် မောင်တော်တင်ကျိပ်နှင့် အငယ်ဆုံးနှမတော် အဥ္စနကုမ္မာရီ၊ ဗြဟ္မဏ ပုရောဟိတ်ပုဏ္ဏားနှင့် ခြွေရံသင်းပင်းတို့ နေထိုင်ကြ၏ဟု ဆိုပါသည်။ (ဦးစံရွှေပုမှာ ဂုဏ်ထူးဆောင် ရှေးဟောင်းသုတေသန အရာရှိအဖြစ် ဤဒေသတွင် ၁၉၁၇-၁၉၂၃ အထိ တာဝန်ထမ်းဆောင်ခဲ့လေသည်)

သုတေသီ ဦးချန်ထွန်းကလည်း ဝါသုဒေဝနှင့် ညီနောင်(၉)ပါးတို့ အိန္ဒိယတစ်ခွင် အောင်ပွဲဆင်လာပြီး နောက်ဆုံးဒွါရာဝတီကို အောင်မြင်သိမ်းပိုက် မင်းပြုနိုင်ခဲ့ကြသည်ဟု ဆိုပါ သည်။ အိန္ဒိယလူမျိုးများက ၎င်းအား ခရစ်ရှနာ(Krishna)နတ်ဘုရားအဖြစ် ကိုးကွယ်ဆည်းကပ်မှု ပြုကြသည်။ သို့သော် ရခိုင်လူမျိုးများက ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံသော မိမိတို့၏ ဘုရင်မင်းမြတ်တစ်ပါးအဖြစ်သာ ခံယူကာ ရိုသေသတ်မှတ် ဂါရဝပြုကြသည်ဟု အဆိုရှိပါသည်။ ဝါသုဒေဝညီနောင်(၉)ပါး ဖြစ်နေရခြင်းမှာရရှိသည့် အခွန်အတုတ်တို့အား ညီတူညီမျှခွဲဝေကြသည့် အခါ ညီမအငယ်ဆုံးဖြစ်သည့် အဥ္စနဒေဝီမင်းသမီးလေးအား မေ့လျော့ပြီးကျန်ခဲ့ရာ နောက်ထပ် ဝေစုကို (၁၀)စု ပြုပြင်ရန်လုပ်သည့်အခါ၌ ညီအငယ်ဆုံး အင်္ကုရမင်းသားက ၎င်း၏ဝေစုကို

http://www.dhammadownload.com



ညီမငယ်အားပေးရန်နှင့် ၎င်းအားလည်း ကူးသန်းရောင်းဝယ်မှုနှင့် သက်မွေးဝမ်းကြောင်း ပြုလုပ်မည်ဖြစ်၍အခွန်အကောက်မှ ခွင့်လွှတ်ရန်ခွင့်ပန်ပြီး သီးခြားခွဲထွက်သွားခဲ့ခြင်းကြောင့် ဖြစ်သည်။

ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီမှ ပြုစုထားသော ပြည်နယ်ဖြစ်စဉ်သမိုင်းအရ-

"ရခိုင်တို့၏ သမိုင်းဦးခေတ်သည် အခြားလူမျိုးများကဲ့သို့ပင် ဒဏ္ဍာရီပုံပြင်များနှင့် ရောနှောလျက် ရှိပေသည်။ ရခိုင်ရှေးဦးကျမ်းများအရဆိုလျှင် ရခိုင်တို့သည် ခရစ်တော်မပေါ်မီ (ဘီစီ)နှစ်ပေါင်းများစွာကပင် ထွန်းကားခဲ့သည်။ ရခိုင်နယ်သို့ နောက်ထပ်ဝင်ရောက်လာသော သူများမှာ အိန္ဒိယပြည်မှ အုပ်စုနှစ်စု ဖြစ်သည်။ ထိုအုပ်စုနှစ်စုတို့မှာလည်း ဆွေမျိုးများ (နွယ်တူ အာရီယံများ)ပင် ဖြစ်ကြပြန်တူသည်။ ပထမအုပ်စုသည် ဝေသာလီအရပ်တွင် လည်းကောင်း၊ ဝါသုဒေဝညီနောင်တစ်ကျိပ် ခေါင်းဆောင်သော ကျန်တစ်စုသည် ဒွါရာဝတီအရပ် တွင်လည်းကောင်း အခြေချနေထိုင်ခဲ့ကြသည်။ ထို့နောက် ဒွါရာဝတီတွင် အခြေချနေထိုင်သူတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ပွားပြီး ဒွါရာဝတီပျက်သုဉ်းသွားခဲ့သည်။ ကြွင်းကျန်သောသူ အချို့တို့မှာ ရခိုင်ပြည် မြောက်ပိုင်းအရပ်ရှိ ဝေသာလီနှင့် ဘီစီ ၃၂၈၇ အထိ ဆက်လက်တည်ရှိခဲ့ သည်ဟု ရ ခိုင် သမိုင်းမှတ်တမ်းများက ပြဆိုကြသည်။ အချို့သုတေသီများက ဘီစီ ၃၃၀၃ ဟုလည်း ဆို ကြသည်။

ဘီစီ ၃၃၀၃ မှာ ဗြဟ္မသိဒ္ဓိမင်း အနိစ္စရောက်ခဲ့ချိန်ဖြစ်နိုင်ပေသည်။ နောက်မှတ်သားရန် အချက်တစ်ချက်မှာ အိန္ဒိယ၌ လိစ္ဆဝီမျိုးရိုး မင်းများစိုးစံသည့် ဗုဒ္ဓမပွင့်မီ ရှေးပဝေသဏီက အ မည်တူမြို့တော် ဝေသာလီလည်း ရှိခဲ့သည်။ ၎င်းမြို့တော်၌ ဘုရင်မင်း၏ သမီးတော်မှာ ပုဂံမှ အနော်ရထာမင်းက မင်းလျှာမိဖုရားမြောက်ရန် တောင်းခံခဲ့၍ပေးပို့ခဲ့သော ပဉ္စကလျာဏီကုလား မင်းသမီးဖြစ်ပြီး ကျန်စစ်သားမင်း၏ မယ်တော်ရင်းဖြစ်သည်။ အေဒီ ၁၀၁၈ ခန့်တွင် အနော်ရထာ ဓညဝတီမြို့တော်သို့ လာရောက်ကြိုဆိုပြီး(၅)လနေထိုင်ကာ *ဘုရားရှက်မည်းလမ်း ဖောက်လုပ်ပြီးမှ ပြန်သွားခဲ့သည်ဟု အဆိုရှိပါသည်။

အာရီယံနွယ်အုပ်စုများ အိန္ဒူမြစ်ညာတွင် အခြေပြုကာ ၎င်းနောက်ဝင်လာကြသူများက ဂင်္ဂါမြစ်ညာမြစ်ဝှမ်းလွင်ပြင်ကျယ်နှင့် ဗြဟ္မပုတ္တရမြစ်ညာမြစ်ဝှမ်းမှ နောက်ဆုံးကစ္ဆပနဒီမြစ်ညာ

http://www.dhammadownload.com



အထိနှင့် အဆုံးစွန်အုပ်စုတို့က ဒွါရာဝတီဆီသို့ ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ပေသည်။ ဤအာရီယံ (အင်ဒိုအာရီယံ)အုပ်စုများမှာ ဘီစီ ၅၀၀၀ ခန့်ကပင် အိန္ဒိယအနောက်မြောက်ဘက် တောင်ကြား လမ်းဝင်ပေါက်များမှ စတင်ဝင်ရောက်ခဲ့သော အုပ်စုကြီးမှဖြစ်ပေသည်။ သို့ဖြစ်၍ အိန္ဒိယသို့ ဝင်ရောက်ချိန်မှ နှစ်ရာစု(၄)စု (၅)စုခန့် နောက်ကျပြီးမှ ဝင်ရောက်နေရာယူခဲ့သည်ဟု ယူဆပါ သည်။ ဘီစီ ၄၅၀၀ ခန့်ကပင် ဖြစ်ပေမည်။ ၎င်းအချိန်၌ အိန္ဒိယအနောက်မြောက်ဘက်၌ အလွန် ထင်ရှားသော မြို့ကြီးနှစ်မြို့ ထွန်းကားနေပြီဖြစ်သည်။

ရခိုင်ရာဇဝင်တွင်လည်း အဥ္စနကုမ္မာရီနှင့် ဖြဟ္မဏပုဏ္ဏားတို့ ဒွါရာဝတီမှ ထွက်ခွာခဲ့ကြသည်။ ရခိုင်အလယ်ပိုင်းဒေသ ရှေ့ပထမဝေသာလီသို့ ရောက်သောအခါ၌ ပညာရှိပုရောဟိတ်ပုဏ္ဏား ဖြဟ္မဏက အဥ္စနဒေဝီအား မိဖုရားမြှောက်ပြီးလျှင် ဖြဟ္မဏရာဇာအမည်ဖြင့် မင်းပြုလေသည်ဟု ကျမ်းဂန်သုတေသီများက တညီတညွတ်တည်း ဆိုပါသည်။

## ဝေသာလီခေတ်

### အဓိပ္ပါယ်ဖွင့်ဆိုချက်

"ဝေသာလီ" ရခိုင်ဝေသာလီသည် အိန္ဒိယပြည်၌ ထွန်းကားခဲ့သော လိစ္ဆဝီတို့၏ ဝေသာလီနှင့် ယခုအမည်ချင်းတူနေသည်။ ရှေးဟောင်း ရခိုင်စာပေများတွင် ဝေသာလီဟူ၍သာ တွေ့ရသည်။ ဝေသာလီ၏ အဓိပ္ပါယ်မှာ ဝေ-အထူးထူး အပြားပြားသော၊ သာလိ- ကောက်ပဲသလဲပေါ များခြင်း၊ ဝေသာလီ- အထူးထူး အပြားပြားသော ကောက်ပဲသလဲပေါများသော တိုင်းပြည်ဟု ဆိုလိုခြင်းဖြစ်သည်။

### ဝေသာလီကျောက်လှေကားခေတ်

ရခိုင်ရာဇဝင်တွင် ဓညဝတီခေတ်မတိုင်မီ အလွန်ရှေးကျ၍ မှုန်ဝါးဝါးအသွင်ဖြင့် မှတ်တမ်းတင်သူ မရှိခဲ့သေးသော ခေတ်တစ်ခေတ်ရှိခဲ့သည်။ ယင်းခေတ်ကို ဝေသာလီသာ ရဘန်းခေတ် (Tharaban Dynasty) ဟု ခေါ်ဆိုခဲ့ပါသည်။

http://www.dhammadownload.com



ယခု ဖော်ပြလတ္တံ့သော ခေတ်မှာ ဓညဝတီခေတ်နောက်ပိုင်း ဝေသာလီနေရာဟောင်းမှာပင် တတိယဓညဝတီခေတ်၏ နောက်ဆုံးမင်းဖြစ်သည့် သူရိယကေတုမင်း၏ သားတော်မဟာတိုင်းစန္ဒြ(ခ)ဒွေင်စန္ဒြမင်း တည်ထောင်ခဲ့သော ဝေသာလီဖြစ်သည်။ ဤဝေသာလီမြို့တော်မှာပင် လယ်ကူးရွက်သင်္ဘောများ ဆိုက်ကပ်နိုင်သော ကစ္ဆပနဒီ၏ မြစ်လက်တက် ရမ်းချောင်းတွင် ဆိပ် ကမ်းအဖြစ် အသုံးပြုမည့်ကျောက်လှေကားများ ပြုလုပ်ထားခဲ့သဖြင့် ဤမြို့ကို ဝေသာလီကျောက် လှေကားမြို့ဟုခေါ်ပြီး ဤခေတ်ကို ဝေသာလီကျောက် လှေကားခေတ်ဟူ၍လည်း ခေါ်တွင်လာ ပါသည်။

သို့သော် မဟာတိုင်းစန္ဒြ (ခေါ်) ဒွေင်စန္ဒြသည် ဝေသာလီနေရာသို့ တိုက်ရိုက်ပြောင်းရွှေ့လာခြင်း မဟုတ်မူဘဲ ကံသုံးဆင့်နေရာတွင် တစ်နှစ်ခန့်စံနေပြီးမှ ဝေသာလီကျောက်လှေကားနေရာသို့ ပြောင်းရွှေ့လာခြင်းကြောင့် ကြားခံနှစ် တစ်နှစ်ရှိခဲ့ပါသည်။

ဤဝေသာလီကျောက်လှေကားခေတ်သည် ဓညဝတီခေတ်ကဲ့သို့ မြို့တော် (City State) ခေတ် မဟုတ်တော့ဘဲ နယ်နိမိတ်များဖြင့် ရှိလာသော တိုင်းနိုင်ငံတစ်ခု ဖြစ်လာပါသည်။ နယ်နိမိတ်အကျယ်အဝန်းများကို ပြောရမည်ဆိုပါလျှင် ယခုလက်ရှိ ရခိုင်ပြည်နယ် နယ်နိမိတ်အပါအဝင် ယခုချင်းပြည်နယ် အစိတ်အပိုင်း ဖြစ်သော ပလက်ဝနယ်မြေပါဝင်ပြီး အရှေ့ဘက်တွင် ရခိုင်ရိုးမတောင်ကိုကျော်၍ ယခုပုသိမ်ခရိုင် အနောက်ဘက်ခြမ်းနှင့် အနောက်ဘက်တွင် ဘင်္ဂါ (၁၂)ခွင်တို့ပါဝင်ခြင်းကို ဘုရားဆင်းတုတော်များ အပါအဝင် ရုပ်ဝတ္ထုပစ္စည်း၊ ငွေဒင်္ဂါး၊ ရွှေဒင်္ဂါးများကို ဤနယ်နိမိတ်အတွင်း နေရာအနှံ့အပြား၌ တူးဖော်တွေ့ရှိထားချက်များက သက်သေထူလျက် ရှိ နေခြင်းကြောင့် အတိအကျ ပြောဆိုနိုင်ခြင်းပင် ဖြစ်ပေသည်။

ရခိုင်ရာဇဝင်အဆိုအရ တန်ခိုးအာဏာနှင့် ပြည့်စုံသော သိကြားမင်း၏ လက်နက်ဖြစ်သည့် အရိန္ဒမာလှံကို ပိုင်ဆိုင်သော မင်းကိုးပါးအုပ်စိုးခဲ့ကြောင်းအဆိုရှိပါသည်။

ဤဝေသာလီကျောက်လှေကား၏ တစ်နေရာမှ မြောက်ဦးခေတ်(၁၃)ဆက်မြောက်မင်း၊ ဘုရင်မင်းဖာကြီးက ပြောင်းရွှေ့ယူလာပြီး သျှစ်သောင်းဘုရား ပရိဝုဏ်အတွင်းတစ်နေရာတွင် စိုက်ထူထားခဲ့သော အာနန္ဒစန္ဒြကျောက်စာတိုင်ဟု ခေါ် ဆိုသည့် လေးမြောင့်တုံးကျောက်တိုင်၏ အနောက်ဘက်ခြမ်းတွင် ရေးထိုးထားသောဂါထာများကို ကျွမ်းကျင်သူ သုတေသီများက ဖော်ထုတ်

http://www.dhammadownload.com



ချက်အရ မင်းဆက်သုံးဆက်ကို သိရှိလာရပေသည်။ ပထမမင်းဆက်မှာ ဒုတိယဓညဝတီ ကံရာဇာကြီးခေတ် မင်းဆက် ၂၄-ဆက်မြောက်မင်း ရာလမာရုလက်ထက်၊ ရှေးကုသမင်း သက္ကရာဇ် ၈၆၄၅ ကို ဘိုးတော်အဥ္စနက ဖြိုခဲ့သလို ရာလမာရုမင်းကလည်း ယင်းနှစ်ကိုပင်ဖြို၍ သက္ကရာဇ် မဟာက ပြန်လည်စတင်သည့် အချိန်မှသည် တတိယဓညဝတီခေတ် ကုန်ဆုံးချိန်အထိ ကိုက်ညီမှုရှိပြီး ဒုတိယမင်းဆက်မှာ ဒွေ့ငစန္ဒြမင်းဆက်မှ တြီတိစန္ဒြမင်းအထိလည်းကောင်း၊ တတိယမင်းဆက်မှာ ပူရေပူရမှ မဟာဝိရမင်းဆက်ခံပြီး ဤကျောက်စာကို နန်းသက်၉-နှစ်တွင် ရေးထိုးသည့် အာနန္ဒစန္ဒြအထိ ဂါထာပေါင်း ၇၁ ဖြင့် ပြောင်မြောက်စွာ ရေးထိုးထားသည်ကို တွေ့ရှိဖက်ရှုလေ့လာခွင့်ရသဖြင့် ဝေသာလီ ကျောက်လှေကားခေတ်၏ လျှမ်းလျှမ်းတောက်ထွန်းကားခဲ့ပုံ မင်းစဉ်မင်းဆက်များနှင့်တကွ ဘာသာရေး၊ သာသနာရေး ကုသိုလ်ကောင်းမှုပြုလုပ်ပုံများ ရေတွင်းရေကန်တူးဖော်မှုနှင့် အခြားနိုင်ငံများနှင့် ကူးလူးဆက်ဆံမှုတို့ကို ကွင်းကွင်းကွက်ကွက် မှန်မှန်ကန်ကန် သိရှိလာရပါသည်။

ဤဒုတိယနှင့် တတိယမင်းဆက်ပါ မင်းအမည်များပါရှိသော စာတမ်းထိုးပါ ဒင်္ဂါးများကို ရခိုင်နယ်တခွင်အနှံ့သာမက ရခိုင်ပြည်နယ် နယ်နိမိတ်ဖြစ်ခဲ့သော ဘင်္ဂလားနယ်တစ်ခွင် (ယခုဘင်္ဂလားဒေ့ရှ်)မှာပါ တူးဖော်တွေ့ရှိရပါ၍ ဝေသာလီကျောက်စာပါ မင်းများကို ပိုမိုခိုင်လုံစေခဲ့ပါသည်။

တချို့ သုတေသီ အထူးသဖြင့် ဥရောပတိုက်သား သုတေသီများအပြင် Australian သုတေသီ Dr.Pamela Gutman အဆိုအရ ကျောက်စာပါ ဝေသာလီကျောက်လှေကား မင်း ဆက် နောက်ဝယ်မှာမှ ရခိုင်ရာဇဝင်ပါ ဝေသာလီမင်းဆက်က ဝေသာလီကျောက်လှေကား မြို့တော်ကို အသစ်ထပ်မံတည်ထောင်ခြင်းဖြစ်သည်ဆိုသောကြောင့် ကျောက်စာပါ မင်းဆက်နှင့် ရာဇဝင်ပါမင်းမှာမတူညီဘဲ တစ်ခြားစီဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ဤအဆိုမှာ မှန်ကန်မှုမရှိကြောင်းနှင့် ကျောက်စာပါမင်းဆက်နှင့် ရာဇဝင်ပါမင်းဆက်မှာ အတူတူပင်ဖြစ်ကြောင်းကို သက္ကရာဇ် အ ထောက်အထားအပြည့်အစုံနှင့် ဤကျမ်းတွင် တင်ပြထားပါသည်။

ဝေသာလီကျောက်လှေကားခေတ်သည် ရခိုင်သမိုင်းတွင် အလွန်ထူးခြား ပြောင်မြောက်သော ခေတ်တစ်ခေတ် ဖြစ်ပေသည်။ ဤခေတ်တွင် စာပေအရေးအသားများ တွင်တွင်ကျယ်ကျယ် ရှိလာပြီဖြစ်ပြီး ဗြဟ္မီပွား၊ ဒေဝနာဂရီ၊ ပါဠိ၊ သက္ကတနှင့် ရက္ခဝဏ္ဏအက္ခရာ စာပေတို့တဆင့်ပြီး တ

http://www.dhammadownload.com



ဆင့် ပြောင်းလဲလာသည်ကို လေ့လာတွေ့ရှိကြရပြီး သက္ကတဘာသာဖြင့် ကျမ်းအစောင်စောင် ပေါ်ထွန်းလာသည်ကို တွေ့ရပါသည်။ မေဓပညာ၏ **"မေဓပညာမော်ကွန်းလင်္ကာ"** စာဆိုတော် စောပြည့်ညို (ခေါ်) သုဝဏ္ဏဒေဝီ၏ **"သိန်ကန်မိန်တွင် သျှိုးလိုက်ရတုပိုဒ်စုံ"**၊ ဓမ္မဇေယျအမတ်၏ **"ဗျည်း ၃၃လုံး လေ့တော်သံ"**၊ **"အာနန္ဒစန္ဒြကျောက်စာ"** အစရှိသည်တို့သည် နှစ်ပေါင်း ၁၃၀၀ ခန့်ရှိသွားပြီ ဖြစ်သော်လည်း ယနေ့ခေတ်တိုင် ပြောင်မြောက်သော စာပေလင်္ကာအဖြစ် ကျန်ရစ် လျက်ရှိပါသည်။

ဤဝေသာလီကျောက်လှေကားခေတ်တွင် ရခိုင်မှာ သက္ကရာဇ်ဖြိုခြင်း အမှုကိုနောက်ဆုံး အကြိမ်အဖြစ် ပြုလုပ်ခြင်း ဖြစ်ပါသည်။ သက္ကရာဇ်ဖြိုသည့်နှစ်မှာ သာသနာ ၁၁၆၉(၆၀၉'၅၆၀) (ဓာတုဋ္ဌိကာ) နှစ်ဖြစ်ပါသည်။ ဤသည်မှာ ရခိုင်အလိုအရဖြစ်ပြီး ကျောက်စာအရ ခရစ်သက္ကရာဇ် အေဒီ၆၇၇နှင့် ကိုက်ညီနေပါသည်။ မြန်မာအလိုအရ ပုဂံ ပုပ္ပါး စောရဟန်း ကောဇာသက္ကရာဇ် ၅၆၀ ကို ဖြိုပြီး ထိုအချိန်မှာ ခရစ်သက္ကရာဇ် အေဒီ ၆၃၈နှင့် ကိုက်ညီနေပါသည်။ ရခိုင်နှင့်မြန်မာ ကွာခြားနေချက်နှင့် ဝေသာလီခေတ်အဆုံးမတိုင်မီ ကောဇာသက္ကရာဇ်ကို ကိုက်ညီသွားအောင် ညှိ ယူခဲ့ကြောင်း တွေ့ရပါသည်။

သီရိစန္ဒြ(ခ) သီရိဓမ္မဝိဇယမင်းလက်ထက်တွင် သက္ကရာဇ်ဖြိုခြင်းမှာ ဝေသာလီကျောက် လှေကားမြို့တော်၊ သရက်ချိုတောင်တွင် ရခိုင်အဆို ပထမသင်္ဂါယနာတင် (ဒေသအဆို) မာဃတီတိုင်းတွင် ပြုလုပ်ခဲ့သော သင်္ဂါယနာတင် သုံးကြိမ်နှင့်ပေါင်း၍ပြောပါလျှင် စတုတ္ထ (သို့မဟုတ်) ပဥ္စမအကြိမ် သင်္ဂါယနာတင်ခြင်းဟု ဆိုရမည်ဖြစ်ပါသည်။ ဤအကြိမ် သင်္ဂါယနာတင် ခြင်းမှာ သီဟိုဠ်နိုင်ငံတွင်လည်း ခုနှစ်စောစွာ သင်္ဂါယနာတင်ခဲ့ခြင်းကြောင့် ဤကဲ့သို့ သတ်မှတ်လို ခြင်း ဖြစ်ပါသည်။ ဤသင်္ဂါယနာတင်ခြင်းကို အကြောင်းပြု၍ သက္ကရာဇ်ဖြိုခြင်း ဖြစ်ပါသည်။ ဤသည်မှာ ရခိုင်တွင် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှုထွန်းကားခဲ့သည့် အထောက်အထားကို ညွှန်ပြခြင်းတစ်ရပ်ပင် ဖြစ်ပါသည်။ အလျဉ်းသင့်၍ တင်ပြရလျှင် ဝေသာလီမြို့ဟောင်းကို ၁၉၈၁ မှ ၁၉၈၄ခုအထိ တူးဖော်မှုပြုလုပ်ခဲ့ရာ အမှတ် (၅)ကုန်းကို တူးဖော်ရာတွင် သိမ်အဆောက် အအုံတစ်ခု ပေါ်ထွက် လာသည်ကို တွေ့ရှိခြင်းမှာလည်း ယင်းခေတ်အချိန်အခါက ထေရဝါဒ ဗုဒ္ဓဘာ သာကိုးကွယ်ကြောင်း နောက်ထပ်အထောက်အထားတစ်ရပ်ပင် ဖြစ်ပါသည်။

http://www.dhammadownload.com



ဒုတိယအကြိမ် တူးဖော်မှုကို ၂၀၀၃ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်ခဲ့ကြောင်း တွေ့ရသည်။ ကုန်းအမှတ် (၇)နှင့် (၈)ကို တူးဖော်ရာတွင် ပေ(၃၅၀)ရှည်လျား၍ (၁၅)ပေအကျယ်ရှိသည့် မြို့တော်တံတိုင်းနှင့် နန်းတော်တံခါးများ ထွက်ပေါ်လာပြီး (၂၇)ပေကျယ်သည့် မြို့တော်တံခါး အပြင် (၆)ပေပတ်လည်ရှိ ကျွန်းတိုင် (၂)တိုင်ကိုပါ တွေ့လာရပါသည်။ ဤကဲ့သို့ တွေ့ရှိလာခြင်းကို သုံးသပ်လျှင် အာနန္ဒစန္ဒြကျောက်စာဂါထာ အမှတ် ၁၉၊ ၂၀နှင့် ၂၁ ကို အကောင်အထည်ဖော်သည့်အလား တွေ့လာနေရသည်။ ဆိုလိုသည်မှာ မဟာတိုင်းစန္ဒြ(ခ)ဒွေင်စန္ဒြက နတ်ပြည်တမျှ လှပတင့်တယ်သည့် မြို့တော်ကို တည်ထောင်ခဲ့သည်ကို အကောင်အထည်ဖော်ပြခြင်းဟု ဆိုလျှင် မှားမည်မထင်ပါ။

ဤကဲ့သို့ လျှမ်းလျှမ်းတောက် ထွန်းကားခဲ့သော ဝေသာလီကျောက်လှေကားခေတ်သည်လည်း သင်္ခါရသဘောတရားကို မလွန်ဆန်နိုင်ဘဲ ရုတ်တရက် ယူနန်ပြည်မှ သျှမ်း (Sung) တရုတ်တရက်တို့က အလုံးအရင်းဖြင့် ဝင်ရောက်ဖျက်ဆီးခြင်းကြောင့် ဝေသာလီမြို့ ပျက်သုဉ်းခဲ့ရပါသည်။ ဝေသာလီမြို့တော်ကြီးသည်ကား ယခုအခါ မဟာမြေကြီးအောက်တွင် စုန်းစုန်းမြုပ်ခဲ့ရပေပြီ။ ကမ္ဘာ့နိယာမတရားကို သက်သေထူခြင်း တစ်ရပ်ဟု ဆိုရပေမည်။

ဝေသာလီကျောက်လှေကားခေတ်၏ သက်တမ်းသည် အေဒီ ၃၂၇မှ ၈၁၈အထိ ၄၉၁နှစ် (ပြုပြင် အေဒီ ၃၆၄မှ ၈၁၈ထိ ၄၅၄နှစ်)ဖြစ်၍ ဝေသာလီမြို့ ပျက်စီးချိန်မှတစ်ပါး ဝေသာလီတစ်ခတ်လုံး သည် တိုင်းပြည်ငြိမ်းချမ်းသာယာခြင်းကြောင့်လည်းကောင်း၊ လောကီ လောကုတ္တရာ သက္ကတ စာပေထွန်းကားသော မာဂတတိုင်းပြည် (ဂုပ္ပတခေတ်)နှင့် အဆက်မပြတ် ကူးလူးဆက်ဆံမှုရှိနေခြင်းကြောင့်လည်းကောင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသော သီဟိုဠ်ကျွန်းနှင့် မဟာမိတ် ဖြစ်လျှက် အေဒီ ၇-ရာစု ပထမထက်ဝက်ပိုင်းတွင် ဝေသာလီမြို့တော်၌ပိဋကသုံးပုံနှင့် အဋ္ဌကထာကျမ်းကို ပါဠိဘာသာဖြင့် သင်္ဂါယနာတင်ခဲ့ခြင်းကြောင့် လည်းကောင်း၊ ရခိုင်ပြည်ထောင်၌ ပါဠိ၊ သက္ကတဘာသာပြန်များအပြင် မြောက်ပိုင်း ဗြဟ္မီအက္ခရာမှ အသွင်ပြောင်းလာသော ရက္ခဝဏ္ဏအက္ခရာ ရခိုင်ဘာသာစကားဖြင့် ပြုစုရေးသားခဲ့သော လောကီလောကုတ္တရာရေးရာ အမြောက်အများ ပေါ်ထွက်ခဲ့ပါသည်။

အထက်က ဖော်ပြခဲ့ပြီးသည့်အတိုင်း ဝေသာလီမြို့တော်သည် အေဒီ ၇၉၃ ခုနှစ်တွင် တစ်နေရာမှတစ်နေရာသို့ လှည့်လည်ပတ်ကာ တိုက်ခိုက်လုယက်သွားလာနေတတ်ကြသော ပြင်

http://www.dhammadownload.com



ပရန်သူများ ရုတ်တရက် ဝင်ရောက်ဖျက်ဆီးခြင်းကြောင့် ပျက်စီးခဲ့ရပေသည်။ သို့သော်လည်း ရခိုင်ပြည်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ဘာသာယဉ်ကျေးမှုကိုကား ပြောပလောက်အောင် ထိခိုက်မှု မရှိခဲ့ပေ။ အေဒီ ၈၁၈ ခုမှာပင် ဝေသာလီ နောက်ဆုံးမင်းစူဠမဟာရာဇာ အနွယ်တော်များသည် စမ္ဘဝက်နှင့် ပဥ္စာမြို့တော်များကို အဋ္ဌနနဒီ (လေးမြို့ မြစ်ဝှမ်း)၌ တည်ထောင်ကာ တိုင်းပြည်ကို ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။

## ဆင့်ပွားခေတ်တစ်ခေတ်ပေါ်ပေါက်လာခဲ့ခြင်း

ဝေသာလီခေတ်နှောင်းပိုင်းတွင် အရေးပါသော အဖြစ်အပျက်တစ်ရပ် ရှိခဲ့ပါသည်။ အာနန္ဒစန္ဒြမင်းကို ဆက်ခံသော စူဠစန္ဒြမင်းသည် မြန်မာပြည်တကောင်းသင်းတွဲက အပြန်နာဂရင်အင်္ဂတွင် ရေနစ်အနိစ္စရောက်ပြီးနောက်ပိုင်း ထိုမင်း၏ နောက်လိုက်နောက်ပါ သေနာပတိထမ္မရာဇ်ခေါ် ဓမ္မဇေယျအမတ်ကြီး (ဗျည်း ၃၃ လှေတော်သံလင်္ကာကိုရေးသားသူ)နှင့် အတတ်ပညာရှင်၊ အသိပညာရှင်အများအပြား ပါဝင်မည်ဟု ယူဆရသည့် ဝေသာလီသားများက မိမိတို့ဌာနကို စွန့်ခွာ၍ အနောက်မြောက် တြိပူရာ Tripura ဘက်ဆီသို့ ရောက်သွားအခြေစိုက်သွားကြ သည်ကို တွေ့ရပါသည်။ ၎င်းနေရာသည်ပင် ဒင်္ဂါးသမိုင်းတွင် ထင်ရှားသည့် ရခိုင်ဝေသာလီဒင်္ဂါး ပုံစံအမျိုးအစားနှင့် အသွင်အပြင်တူသော ဟာရီကေလဒင်္ဂါးများ ထုတ်လုပ်ရာနယ်မြေ ဖြစ်နေ သည်။ ဗုဒ္ဓဘာသာကိုးကွယ်မှုအပါအဝင် ဝေသာလီယဉ်ကျေးမှုအစုစုကို လိုက်နာကျင့်သုံးလျက်လည်းရှိသော Harikela Kingdom သာ ဖြစ်ပါသည်။ India နိုင်ငံ Culcutta မြို့မှ သုတေသီ နှင့် ဒင်္ဂါးစုဆောင်းသူ Vacant Chowdhury ဆိုသူ၏ Harikela Coins, Some Interpretations ခေါင်းစဉ်ပါ စာတမ်းကို ဖတ်ရှုရာတွင် သိရှိလာသော အချက်အလက်များနှင့် အခြားသုတေသီများ၏ တွေ့ရှိထားသော အချက်အလက်များအရ ဆင့်ပွားခေတ်တစ်ခေတ် ပေါ်ပေါက်ခဲ့သည်ကို တွေ့ရသည်။

## ဟာရီကေလဒင်္ဂါးထွက်ပေါ်လာခြင်း

Harikela ဆင့်ပွားခေတ် ပေါ်ပေါက်လာချိန်မှစ၍ Harikela ဒင်္ဂါးများ ထွက်ပေါ်လာသည်ကို တွေ့ရပါသည်။ Harikela ဒင်္ဂါးနှင့် ဝေသာလီဒင်္ဂါးတို့ ကွာခြားချက်မှာ Harikela ဒင်္ဂါးတွင် နွားအမြီးအပေါ် သို့ထောင်နေပြီး အမြီးဖျားမှာ ကွေးလျက်ရှိနေကာ၊ ဝေသာလီဒင်္ဂါးမှာ

http://www.dhammadownload.com



နွားအမြီးအောက်သို့ ကျနေပါသည်။ ဝေသာလီဒင်္ဂါးမှာ ထုတ်ဝေသော မင်းအမည်ကိုဖော် ပြ၍ Harikela ဒင်္ဂါးမှာ ထုတ်လုပ်သော တိုင်းပြည်အမည်ကို ဖော်ပြခြင်းသည်လည်း ကွာခြားချက် နောက်တစ်ရပ် ဖြစ်ပါသည်။ Vacant Chowdhury အဆိုအရ Harikela ဒင်္ဂါးများကို ယင်းဒေသတွင် မကဘဲ ရခိုင်ကမ်းရိုးတမ်းတစ်လျှောက်ရှိ သီလက်မှ သံတွဲအထိမှာ မကြာခဏ တူးဖော်တွေ့ရှိရခြင်းကို ထောက်ရှုလျက် ရခိုင်ပြည်အနှံ့မှာလည်း ကုန်စည် ကူးလူးရောင်းဝယ်ရေး တွင် အသုံးပြုခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

Vacant Chrowdhury ၏ ဟာရိကေလဒင်္ဂါးအကြောင်းစာတမ်းတွင် ပါရှိသော စိတ်ဝင်စားဖွယ် နောက်အချက်တစ်ချက်မှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းသည့် မြေလှူစာတမ်းရေးထိုးပါ သတ္တုအိုးတစ်အိုးအကြောင်း ဖြစ်ပါသည်။ Vacant Chowdhurry ၏ အဆိုအရ ဤဒေသတွင် ပြက္ခဒိန်စံနစ် အမျိုးမျိုးရှိနေသော်လည်း ဤစာတမ်းတွင် ရေးထိုးထား သော သက္ကရာဇ်မှာ ဝေသာလီခေတ်သုံး ရခိုင်ကောဇာသက္ကရာဇ်ကိုသာ အလေးထား၍ ရေးထိုး ထားသည်ဟု ဆိုပါသည်။ ဤကောဇာသက္ကရာဇ်ကို ပြောင်းလဲ၍ရရှိသော ခရစ်သက္ကရာဇ်မှာ အေဒီ ၇၁၅ ဖြစ်ပါသည်။ နောက်တစ်ချက်မှာ ဤသတ္တုအိုးတွင်ရေးထိုးပါ အလှူရှင်စာရင်းတွင် ရွှေပန်းတိမ်အလုပ်နှင့် အသက်မွေးသူများဖြစ်သည့် ကုလစန္ဒြနှင့် ရတနာစန္ဒြ အမည်တို့ ဖြစ်ပါ သည်။ ဤသည်တို့ကို လေ့လာခြင်းအားဖြင့်လည်း ဝေသာလီ၏အနွယ်ဖြစ်ကြောင်း ထင်ရှားနေပါ သည်။ (ဤသတ္တုအိုးမှာ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသ ထားပါသည်။)

## လေးမြို့ခေတ်

### ဝေသာလီကျောက်လှေကားမြို့တော် ဖျက်ဆီးခံရခြင်း

ခရစ်သက္ကရာဇ် ၇၉၃ နှစ်တွင် တစ်နေရာမှတစ်နေရာသို့ လှည့်ပတ်ကာ တိုက်ခိုက်သွားလာ နေတတ်သော ရှမ်း- Sung တရုတ်တရက် ပြင်ပရန်သူများက ရုတ်တရက် ဝင်ရောက်ဖျက်ဆီးခြင်း ကြောင့် ဝေသာလီကျောက်လှေကားမြို့တော်သည် ထွားထွားညက်ကြေ ပျက်စီးခဲ့ရလေသည်။

http://www.dhammadownload.com



သို့သော် ရခိုင်ပြည်ထောင်တစ်ခုလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုတို့သည်ကား ပြောပလောက်အောင် ထိခိုက်မှုမရှိခဲ့ပေ။ ဝေသာလီခေတ် အဆုံးမသတ်မီ စူဠစန္ဒြနှင့် စန္ဒာဒေဝီတို့၏သား ငမင်ငတုံ ခေါ် စောရွှေလူးမင်းသားက လေးမြို့ကမ်းခြေတွင် စမ္ဗဝတ်မြို့ကို တည်ထောင်၍ ဝေသာလီခေတ်ကို (၂၄)နှစ်တိုင် ဆက်လက်အုပ်စိုး ထိန်းသိမ်းခဲ့ပြီးမှ အဆုံးသတ်ခဲ့သည်။

## လေးမြို့ခေတ်စတင်ခြင်း

ထို့နောက် ဝေသာလီကျောက်လှေကားခေတ်၏ သကျသာကီဝင် မျိုးရိုးစူဠစန္ဒြမင်း၏ တူတော် စန္ဒကူးမင်းသားနှင့် စန္ဒာဒေဝီမိဖုရားဟောင်းတို့ သပိတ်တောင်အရပ်တွင် စုံဖက်၍ရလာသော ခေတ္တာသင်မင်းသည် စမ္ဗဝက်မြို့တည် အဥ္စနနဒီမြစ်တစ်ဖက်ကမ်းတွင် ပဥ္စာမြို့ကို တည်ထောင်၍ လေးမြို့ခေတ်ဟုခေါ် ဆိုသော ခေတ်သစ်တစ်ခုကို စတင်ခဲ့သည်။ ဤလေးမြို့ခေတ်၏ မှတ်တိုင်တစ်ခုအဖြစ် ယခုမြောက်ဦးမြို့ အနောက်တောင်ဘက်ရှိ လေးတံခါး၏ တောင်ဘက်တွင် မင်္ဂလာဓာတ်ရွှေဂူ ပုထိုးတော်ကြီးတစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။ ပုထိုးတော်ကြီး၌ ယင်းခေတ်တွင် ပေါ်ထွန်းခဲ့သော ရဟန္တာအရှင်မြတ် ဗန္ဓုဝမဟာထေရ်၏ ဓာတ်တော်မွေတော် ဌာပနာများ ကိန်းဝပ်ခဲ့သည်။ ဤပုထိုးတော်ကြီးကို ယနေ့တိုင် ဖူးမျှော်နိုင်ပါသည်။

လေးမြို့ခေတ် နိဒါန်းပိုင်းကို ရေးသားတင်ပြရာတွင် ဤခေတ်မတိုင်မီ ပျက်သုန်းခဲ့သော ဝေသာလီ ကျောက်လှေကားခေတ်၏ ရှုပ်ထွေးသိမ်မွေ့သည့်အချက်များကိုပါ သိထားရန်ရည်ရွယ်၍ အရေးကြီးသော အချက်အလက်အချို့ကို ဆက်စပ်၍ ဆီလျော်အောင် ရှင်းလင်းတင်ပြထားပါသည်။

ဝေသာလီကျောက်လှေကားခေတ်နှင့် ပတ်သက်ပြီး ကျွန်ုပ်တို့တွေ့ရှိသော မှတ်တမ်းများကို လေ့လာသောအခါ ရာဇဝင်လာမင်းဆက်နှင့် ကျောက်စာတင်မင်းဆက်ဟူ၍ နှစ်မျိုးတွေ့ရသည်။ ဖယ်ယာ၊ ဟာဗေ၊ ဟောလ်၊ ဖေါ်ချမ်မာ၊ အာဝင် စသည့် ဥရောပသုတေသီများက ဝေသာလီခေတ်ကို သီးခြားမပြောဘဲ တတိယဓညဝတီခေတ်ထဲမှာ ထည့်သွင်း၍ ပြထားသည်သာမက သက္ကရာဇ်သတ်မှတ်ချက်မှာလည်း ရခိုင်ရာဇဝင်ဆရာတို့ သတ်မှတ်ချက်နှင့် ကွဲလွဲကာ ၈-ရာစုမှစ၍ ၁၁-ရာစုတွင် အဆုံးသတ်ထားပါသည်။

http://www.dhammadownload.com



ထိုနည်းတူစွာ ဩစတြေးလျ သုတေသီ Dr. Pamela Gutman ကလည်း နောက်အယူအဆ တစ်မျိုးဖြင့် ပြထားသည်ကို တွေ့ရပါသည်။ အာနန္ဒစန္ဒြကျောက်စာတိုင် အနောက်ဘက်ခြမ်းပါ ဝေသာလီမင်းစဉ်ကို တတိယဓညဝတီမြို့တော်တွင် စတင်ကြောင်းပြဆိုပြီး မငြိမ်မသက်သော ကြားကာလ ၅၉-နှစ်ခြား၍ ရာဇဝင်ပါဝေသာလီမင်းများက ဝေသာလီကျောက်လှေကားမြို့ကို တည်ကာ ဤခေတ်ကို ဆက်စပ်၍ ဖော်ပြပြီး ၁၁-ရာစု ၁၀၁၈-နှစ်အထိ ဆက်လက်စိုးစံခဲ့ကြောင်း ဆိုထားပါသည်။ အဆိုပါသုတေသီတို့က ရခိုင်တွင်သက္ကရာဇ် လေးကြိမ်ဖြိုသည်ကို မသိ၍သော်လည်းကောင်း၊ လက်မခံ၍သော်လည်းကောင်း ဤကဲ့သို့ ယူဆခြင်းဖြစ်ဟန်တူပါသည်။ ထို့ကြောင့် သမိုင်းကြောင်းများ လွဲချော်လာခြင်းဖြစ်လာသည်ကို တွေ့ရပါသည်။ ၁

စင်စစ် ဝေသာလီခေတ်၏ နန်းစဉ်နန်းဆက်သည် ဤကဲ့သို့မဟုတ်ပါဘဲ အာနန္ဒစန္ဒြကျောက်စာပါ ဝေသာလီခေတ်နှင့် ရာဇဝင်လာ ဝေသာလီခေတ်မှာ တစ်ဆက်တစ်စပ်တည်းလည်း မဟုတ်၊ တသီးတခြားလည်းမဟုတ်၊ တစ်ခုတည်းသော ဝေသာလီခေတ်သာ ဖြစ်ပါသည်။ ၂

လေ့လာရရှိသည်မှာ အာနန္ဒစန္ဒြမင်း၏ နန်းစံသက်တမ်းသည် နောက်ထပ် ၁၀-နှစ် ဆက်လက်ရှိကြောင်းကို သိရှိရပါသည်။ ၎င်းမင်းကို ဆက်ခံသောမင်းမှာ ရာဇဝင်တွင်ထင်ရှား သော စူဠစန္ဒြမင်းဖြစ်ပြီး နှစ်ပေါင်း ၃၆-နှစ်ကြာခဲ့ကြောင်း တွေ့ရသည်။ ၎င်းနောက် အမြတူ ၇-နှစ်၊ ပဲဖြူ ၁၇-နှစ်၊ မင်းမဲ့ကာလ ၁-နှစ် နှင့် ငမင်ငတုံ (စောရွှေလူး- စူဠစန္ဒြနှင့် မိဖုရား စန္ဒာဒေဝီတို့၏သား)က ၂၄-နှစ် ဆက်လက်စိုးစံခဲ့ပြီး ဝေသာလီခေတ်ကို လေးမြို့ကမ်းခြေရှိ စမ္ပဝက်မြို့တွင် အဆုံးသတ် ခဲ့လေသည်။ ထို့အပြင် ကျောက်စာပါ ဝေသာလီခေတ်နှင့် ရာဇဝင် နောက်ပိုင်းမှာ တစ်ဆက်တည်း အတူတူပင် ဖြစ်လာကြောင်း စိစစ်တွေ့ရှိလာရသည်။

သို့ဖြစ်၍ လေးမြို့ခေတ်အစကို လေ့လာကြည့်လျှင် အထက်ကဆိုခဲ့သည့်အတိုင်း ရခိုင်ရာဇဝင် အလိုအရစူဠစန္ဒ္ဒြမင်း၏ တူတော်သူ စန္ဒကူးမင်းသားနှင့် မိဖုရား စန္ဒာဒေဝီတို့ ဝေသာလီ ခေတ်နှောင်းပိုင်းတွင် သပိတ်တောင်အရပ်၌ စုံဖက်၍ ဖွားမြင်လာသော သားတော် ခေတ္တာသင်က ပဉ္စာမြို့ကို တည်ထောင်၍ စတင်ခဲ့ခြင်းဖြစ်ပါသည်။

---

၁။ ဦးရွှေဇံ၊ ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှု မြေကြီးက သက်သေတည်သရွေ့ စာ-၆၊ ၇

၂။ ဦးရွှေဇံ၊ ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှု မြေကြီးက သက်သေတည်သရွေ့ စာ-၂၅၊၂၆၊၂၇

http://www.dhammadownload.com



ပဉ္စာခေတ်သက်တမ်းမှာ ၂၈၅-နှစ်ရှိ၍ မင်း ၁၅-ဆက် အုပ်စိုးခဲ့သည်။ ထိုမင်းဆက်များ အနက် မင်းစဉ်-၁၂ မင်းဘီလူးလက်ထက်တွင် နန်းတွင်းပုန်စားမှုတစ်ရပ်ဖြစ်ခဲ့ပြီး နန်းလုအမတ် ဝရောင်းငှက်ခေါ် အသင်္ချာအမတ်က နန်းတက်ခဲ့သည်။ မင်းဘီလူး၏သား မင်းရဲဘာယသည် နှမတော် စောပေါက်ညို နှင့်အတူ ပုဂံပြည်အလောင်းစည်သူ၏ ဘိုးတော်ဖြစ်သော ကျန်စစ်သားမင်း ထံသို့ ပြေးဝင်ခိုလှုံခဲ့သည် မင်းရဲဘာယနှင့် မိသားစုတို့ ခိုလှုံနေသည့် အချိန်ကာလမှာ အေဒီ- ၁၀၆၈ မှ ၁၁၀၃ နှစ်ပေါင်း ၃၅-နှစ် (ကျန်စစ်သားမင်း နန်းစံ ၄-နှစ်မှ အလောင်းစည်သူ နန်းစံ ၁၁-နှစ်အထိ) ဖြစ်ကြောင်း တွေ့ရသည်။ မင်းရဲဘာယ ကွယ်လွန်ပြီးနောက် ၎င်း၏သားလကျာ မင်းနန်နှင့် နှမတော် ရွှေဂူသာတို့သည် အလောင်းစည်သူမင်း၏ အကူအညီဖြင့် ပဉ္စာမင်းဆက် မှ မင်းပတိကို ဖယ်ရှားပြီး မိမိ၏ဘိုးတော် အရိုက်အရာကို ဆက်ခံမင်းပြုခဲ့လေသည်။

ပဉ္စာခေတ်ပြီးနောက် ပုရိန်၊ စမ္ဗဝက်၊ နေရဉ္စရာတောင်ငူနှင့် လောင်းကြက်ခေတ်အသီးသီး တို့၏ မင်းစဉ်မင်းဆက်ဖြင့် ပြထားသောလေးမြို့ခေတ်သက်တမ်း ၆၁၂-ရှိ ဇယားကို ဆာအာသာ ဖယ်ယာ၏ လေးမြို့ခေတ်သက်တမ်း ၃၈၆ နှင့် နှိုင်းယှဉ်၍ ဤကျမ်းတွင် ဖော်ပြထားပါသည်။

## မွန်ဂိုလ့်ဂိုဏ်းများ ရခိုင်ကိုကျူးကျော်ဝင်ရောက်ခြင်း

လေးမြို့ခေတ် အေဒီ ၁၁၄၁-၁၁၄၉ တွင် ခြိမ်မြို့၌ စံမြန်းနေသော မင်းဖုန်းစားမင်း လက်ထက် ဝေသာလီနိဂုံးပိုင်းတွင် ဖြစ်ပျက်ခဲ့သကဲ့သို့ တရုတ်ပြည် ယူနန်နယ်မှ ရဲမက်ဗိုလ်ပါ မြောက်များစွာ ဦးစီးပြီးသျှမ်း Sung တရုတ်တရက် လူအုပ်ကြီးက ဗြဟ္မပုတ္တရမှ မဲခေါင်အထိ ဆင်းလာခဲ့ကြရာ ဘုရင်မင်းဖုန်းစား ကိုယ်တိုင် ဦးစီးသော ရခိုင်တပ်များက တရုတ်တရက်များကို လိုက်လံချေမှုန်း နိုင်ရုံသာမက ရှမ်းကုန်းမြင့်ဒေသအထိ လိုက်လံတိုက်ခိုက် သုတ်သင်ရှင်းလင်း နိုင်ခဲ့ပါသည်။ တစ်ဆက်တည်းမှာ ရှမ်းကုန်းမြင့်မှ အချို့ဒေသများအား လက်အောက်ခံနယ်မြေ အဖြစ် စိုးပိုင် ထားနိုင်ခဲ့ပါသေးသည်။

အေဒီ (၁၂၄၈-၁၃၀၀) ဘုရင်မင်းထီးလက်ထက်တွင် တစ်ဖန် နောက်တစ်ကြိမ် Kublai Khan မွန်ဂိုတပ်များနှင့် သျှမ်း Sung လက်အောက်ခံ တရုတ်တရက်တပ်ကြီးများက အဉ္စနနဒီ လေးမြို့မြစ်ဘက်က နောက်တစ်ကြိမ်ဆင်းလာပြီး ရခိုင်ကိုဝင်ရောက်တိုက်ခိုက်လာခဲ့သည်ကို တွေ့ရ ပြန်ပါသည်။ ဤအကြိမ်မှာလည်း အင်အားကောင်းသော ဘုရင်မင်းထီး၏ ရခိုင်တပ်များက ရှုပ်

http://www.dhammadownload.com



ရှုပ်ချုံချုံ ခုခံချေမှုန်း တိုက်ခိုက်နိုင်ခဲ့မှုကြောင့် ရခိုင်ပြည်အဝှမ်း နေထိုင်ကြသည့် အာရိယံနွယ် ပြည်သူများစွာမှာ Mongoloid တို့ စိုးမိုးအုပ်ချုပ်မှုနှင့် ရောယှက်မှု လုံးဝကင်းလွတ်ခဲ့သည်ကို တွေ့ ရပါသည်။ တရုတ်တရက်တို့ ဝင်ရောက်တိုက်ခိုက်မှုသည် ဤအကြိမ်သည် နောက်ဆုံးအကြိမ် ဖြစ် ပါသည်။ အေဒီ ၁၂၈၃ အချိန်မှစ၍ တိုက်ခိုက်ခံရမှုရန်မှ ချုပ်ငြိမ်းသွားခဲ့ပါတော့သည်။

## ဗုဒ္ဓဘာသာကိုးကွယ်မှု၏မှတ်တိုင်တစ်ခု

ဤခေတ်၏ သာသနာရေး၊ ဘာသာရေးနှင့်ပတ်သက်၍ ထင်ရှားသော အထောက်အထား တစ်ရပ်မှာ ပဉ္စာမြို့တော်၌ တတိယမြောက်မင်းဆက် မင်းရင်ဖြူလက်ထက် အေဒီ-၈၄၇ တွင် (၈၀၀)သော သံဃာတော် အရှင်မြတ်တို့သည် အညီအညွတ်စည်းဝေးကာ ပိဋကတ်သုံးပုံ ကျမ်းအစုံ ကို သင်္ဂါယနာ တင်တော်မူခဲ့ကြ ပါသည်။ ထိုသင်္ဂါယနာတင်ကျမ်းများကို ပတ္တားခတ်ထားသော ရွှေပြားပေါ်၌ ရေးထိုးထားခဲ့၏ဟု ရက္ခိုင်ရာဇဝင်ကျမ်းများက ဆိုထားကြပါသည်။ ယင်းရွှေပုရပိုက် ကို မင်းအဆက်ဆက် သိမ်းဆည်းခဲ့ရာ မြောက်ဦးခေတ် မင်းဖလောင်းလက်ထက် ရောက်သော အခါ ဦးရာဇ်တော်စေတီ၌ ဌာပနာခဲ့သည်ဟု ရာဇပုံကျမ်း ရှေးဟောင်းပေမူက ဆိုထားသည်။ သင်္ဂါယနာတင်အပြီးမှာ မင်းရင်ဖြူသည် နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်များကို သွန်းလုပ် တော်မူခဲ့ရာ ထိုရုပ်ပွားတော်များ၏ ဖမ္ဘခဏ်၌ "သကြစ် ၂၀၉-ခု ကဆုန်လဆန်း ၆-ရက် တနင်္လာနေ့ ၅း၀၀ နာရီကျော် အချိန်ရောက်သောအခါ ဗုဒ္ဓရုပ်ပွားတော်ကြီး သွန်းအဲသည်။ မောရ်ဖြူ ကောင်း မှုဘုရားကို ပဉ္စလောဟာဖြင့် ပြီးပြည့်စုံသည့် ဘုရားပြုသ္တော အကျိုဝ်(ဖြင့်) ဘုရားမချွတ် ဖြစ်စေ သော္" ဟု ရေးထိုးထားသည်ကို တွေ့ရပါသည်။ သက္ကရာဇ် ၂၀၉ ဟု ကျောဘက်တွင် ရေးထိုး ထားသည့် ကြေးသွန်းဘုရားဆင်းတုတော်တစ်ဆူကို စစ်တွေမြို့ လမ္ဗုတော်တောင်ရပ်ရှိ ခေါင်းလောင်း ကျောင်းတွင် ဖူးတွေ့နိုင်ပါသည်။

## ပုရိန်ခေတ်တွင် ဘာသာ၊ သာသနာကိစ္စအဖြစ်အပျက်များ

ပဉ္စာမြို့မင်းဘီလူး၏မြေး လက်ျာမင်းနန်ကို ပုဂံအလောင်းစည်သူမင်းက ရခိုင်ထီးနန်းကို ရယူစေ၍ နန်းတင်ပေးခဲ့သည်။ လက်ျာမင်းနန်သည် ပဉ္စာမှခွာပြီး ပုရိန်မြို့ကို သက္ကရာဇ် ၄၆၅ တွင် တည်ထောင်ခဲ့သည်။ လက်ျာမင်းနန်ကို နန်းတင်လာသူ၏ နောက်လိုက်များသည် ရခိုင်တို့၏ အထွဋ်အမြတ်ထားသည့် မဟာမုနိဘုရားကြီးအား ဖျက်ဆီးခဲ့ကြသည်။ မဟာမုနိ၏ ကံကြမ္မာသည်

http://www.dhammadownload.com



ကား ဤအချိန်သည် အဆိုးဝါးဆုံး အထိအနာဆုံးဟု ဆိုရပေမည်။ မဟာမုနိရုပ်ပွားတော်ကြီးကို ကိုးကွယ်လို၍ ပုဂံပြည် အနော်ရထာမင်း လက်ထက်ကလည်း ပထမအကြိမ် ပင့်ဆောင်ရန် ကြိုးပမ်းခဲ့ဖူးသော်လည်း မအောင်မြင်ခဲ့ပေ။ အဘိုးမင်းဘီလူးကို အမတ်ဝရောင်းငှက်က ပုန်းစား၍ ကွယ်လွန်ခဲ့ရာ သူ၏သား မင်းရဲဘယ၊ လက်ျာမင်းနန်၏ဘခင်မှာ မိသားစုနှင့်အတူ ပုံဂံတွင် ခို လှုံခဲ့ရာမှ ပုဂံတွင်ပင် ကွယ်လွန်ခဲ့၍ ၄င်း၏သားတော် လက်ျာမင်းနန်ကို နန်းတင်လာခြင်း ဖြစ်သည်။ မင်းရဲဘယနှင့် သားလက်ျာမင်းနန်တို့ကို ကျန်စစ်သားမင်းနှင့် အလောင်းစည်သူမင်း တို့က အမတ်ရာထူးပေးထားသည်။

## ပုရိန်ခေတ် ကောလိယမင်းလက်ထက် အလျှုကျောက်စာကြီး ရေးထိုးခြင်း

ပုရိန်ခေတ် ကောလိယမင်းကြီးလက်ထက်တွင် လောင်းကြက်တောင်မော်တောင်တန်း၏ မြောက်ဘက်စိတ်တွင် အလျားပေ-၅၅၊ အနံ-၃၀ ပေခန့်ရှိသော သဘာဝကျောက်တောင်ကြီး၌ ရေးထိုးထားသည့် အလှူမှတ်တမ်းကျောက်စာ တည်ရှိသည်။ ဘုရင်ကောလိယမင်း (အေဒီ ၁၁၁၈-၁၁၂၃) က လောင်းကြက်မြို့တော် မပေါ် ထွန်းမီကပင် ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။

လောင်းကြက်မြို့တော်ဟောင်း၏ အနောက်ဖက် ၃-မိုင်ခရီးတွင် ဤမင်း၏ ကောင်းမှု တော်ကြီးဖြစ်သော မဟာထီးဘုရားကိန်းဝပ်တော်မူပါသည်။ "မဟာထီး"သည် "မဟာထေရ်"ဟု အဓိပ္ပါယ်ရရှိသည်။ ဤဆင်းတုတော်ကြီးကို ကောလိယမင်းကြီးသည် လက်အောက်ခံမင်းတို့ကို အောင်နိုင်ပြီးနောက်မင်းတစ်ပါးပါးစီကို တာဝန်အသီးသီးပေးကာ တည်ထားခဲ့ခြင်းဖြစ်သည်။ ကောဇာသက္ကရာဇ် ၄၈၅ တွင် ကောလိယမင်း တည်ထားခဲ့သော ပိစိတော်ဓာတ်စေတီကို မြောက်ဦးမြို့ အရှေ့ပိုင်းတွင် ယနေ့တိုင်တွေ့မြင်နိုင်ပါသည်။

ပုရိန်ခေတ် နန်းတည်ဘုရင်ကောလိယမင်း၏ သားတော်ဒသရာဇာဘုရင် သက္ကရာဇ် ၄၈၅-၅၀၀၊ အေဒီ ၁၁၂၃-၁၁၃၉၏ ကောင်းမှုတော် မေရုံဘုရားလောင်းကြက်မြို့ဟောင်း တစ်နေရာတွင် စံပယ်တော်မူလျှက် ရှိသည်။ ဒသရာဇာဘုရင်၏ မဟာဘိသေကမင်္ဂလာမှာ အလွန်ကြီးကျယ် ခန့် ညား၍ အပြည်ပြည်မှ လက်အောက်ခံမင်းများ လာရောက်ကြကြောင်း ရခိုင်ရာဇဝင် ကျမ်းအ စောင်စောင်၌ ဆိုထားသည်ကို တွေ့ရပေသည်။ ဤမင်းလက်ထက်အဥ္စနနဒီ

http://www.dhammadownload.com



(လေးမြို့မြစ်) လက် ဝဲကမ်းခြေရှိ တောင်ကုန်းတောင်ထိပ်၌ တောင်ကုန်းပေါ်တွင် ရေးထိုးခဲ့သောကျောက်စာကို (ယခု အခါ တစ်ပိုင်းတစ်စ) ပျက်စီးနေပြီ ဖြစ်သော်လည်း တွေ့ရတုံသေး၏။

ရန်ကုန်မြို့၊ အမှတ်(၄၇/ခ)၊ ပြည်ထောင်စုလမ်းတွင် နေထိုင်သော အငြိမ်းစား မြန်မာစာတွဲဘက် ပါမောက္ခဦးအေးဖေ (ဂျိုးဖြူ ဆရာတော်ကြီး၏တပည့်ဖြစ်သူ)၏ နေအိမ်တွင် ကိန်းဝပ်စံပယ်တော်မူနေသော ရက္ခဝဏ္ဏစာတမ်းထိုးပါ မကိုဋ္ဌသရဖူဆောင်းကြေးဆင်းတုတော်တစ်ဆူကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်။ ဤဆင်းတုတော်မှာ လက်ရာအထူးပြောင်မြောက်၍ အလွန်ထူးခြားအံ့ဖွယ်ရာ ဆင်းတုတစ်ဆူ ဖြစ်ပါသည်။ ဆင်းတုတော်၏ ကျောဘက်ဓမ္မခဏ်ပေါ်တွင် ရေးထိုးထားသော စာတမ်းမှာ "ရန္ဒမဍ္ဍုကောင်းမှုလဲ ၈၈ ခု တန်ခူးလဆန်း ၁၁ စနေနေ့နေဝင်နှစ်မောင်တွင်အောင်မြင်၏"ဟု ရေးထိုးပါသည်။ လက်ရေးလက်သားမှာ လေးမြို့ခေတ် လက်ရေးလက်သား ဖြစ်ပါသည်။ ယင်းခေတ် ယင်းအခါက သက္ကရာဇ်ကို စာသားနှင့်ဂဏန်းကို ပေါင်း၍ ရေးလေ့ရေးထရှိကြောင်း သိရပါသည်။ ထို့ကြောင့် လဲ ၈၈ ဆိုသည်မှာ သက္ကရာဇ် ၄၈၈ ဖြစ်ပါသည်။ ဂဏန်း၁ကိုလည်း "ဒ"ရခိုင် ဒဒွေး၊ အင်္ဂလိပ်နံပါတ် Three 3 ကဲ့သို့ ရေးပါသည်။ မြောက်ဦးခေတ်တိုင် ဤကဲ့သို့ ရေးကြောင်းကို မြောက်ဦးဒင်္ဂါးများတွင် တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် "ဒဒ" ဆိုသည်မှာ "၁၁" ကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤစာတမ်းအပြည့်အစုံကို ဖော်ပြရပါလျှင် "ရန္ဒမဍ္ဍု ကောင်းမှု၊ သက္ကရာဇ် ၄၈၈ တန်ခူးလဆန်း ၁၁ ရက်၊ စနေနေ့ နေဝင်ချိန်နှစ်မောင်တွင် အောင်မြင်သည်"ပင် ဖြစ်ပါသည်။ ဘုရင်ဒသရာဇာ၏ နန်းတက်နှစ်မှာ သက္ကရာဇ် ၄၈၅ နှစ်ဖြစ်ပြီး ဘိသိက်ခံ သောနှစ်မှာ သက္ကရာဇ် ၄၉၀ ဖြစ်၍ ဤအချိန်အခါနှင့် တိုက်ဆိုင်နေသဖြင့် ဤဆင်းတုတော်မှာ ဒသရာဇာဘုရင်၏ မဟာဘိသေကအခမ်းအနားတွင် ကျမ်းသစ္စာကျိန်ဆိုသော မဟာကျိန်ဘုရား ဖြစ်ကြောင်း တထစ်ချပြောလျှင် မှားလိမ့်မည်မဟုတ်ပါ။

လေးမြို့ခေတ်၏ နောက်ဆုံးမင်းဆက်ဖြစ်သော လောင်းကြက်မြို့တည် နန်းတည် အလောမာဖြူ အေဒီ ၁၂၅၀-၁၂၅၆၊ သက္ကရာဇ် ၆၁၂-၆၁၈ မင်းသည် ရွှေပဝေသဏီ ကျောက်လှေကားခေတ်ကပင် အဆက်မပြတ် သီဟိုဠ်နှင့်မဟာမိတ်ဖြစ်ခဲ့ခြင်းကြောင့် ရှက်သင်္ဘောကြီးများဖြင့် သီဟိုဠ်သို့ကြွရောက်တော်မူခဲ့ကြောင်း အထိမ်းအမှတ် ဖြစ်စိမ့်သောငှာ ရေးထိုးထားသော ကျောက်စာတစ်ချပ်ကိုတွေ့ရပါသည်။ ထိုကျောက်စာ အရေးအသားမှာ မြောက်ဦးခေတ် အရေး အသားမျိုးနှင့် ထူးထူးခြားခြားမရှိသလောက်ပင်ဖြစ်၏။ အလောမာဖြူဟု ရေးထိုးထားသော သွန်းဆင်း

http://www.dhammadownload.com



တုတစ်ဆူမှာ ယခုမြောက်ဦးမြို့ လက်ကောက်ဈေး ဘုန်းကြီးကျောင်းတွင် ကိန်းဝပ်နေ သည်ကို ဖူးတွေ့နိုင်ပါသည်။

## ဆင့်ပွားခေတ်တစ်ခေတ် ပေါ်ပေါက်လာခြင်းသုံးသပ်ချက်

လေးမြို့ခေတ်နှင့်ဆက်စပ်ခဲ့သော ဝေသာလီခေတ်နှောင်းပိုင်းတွင် အရေးပါသော အဖြစ်အပျက်တစ်ရပ်မှာ စူဠစန္ဒမင်း အထက်မြန်မာပြည် တကောင်းသင်းတွဲကအပြန် နဂရစ်အငူတွင် ရေနစ်အနိစ္စရောက်ပြီးနောက်ပိုင်း ထိုမင်း၏ နောက်လိုက်နောက်ပါ သေနာပတိထမ္မရာဇ်(ခေါ်) ဓမ္မာ ဇေယျအမတ်ကြီးနှင့် အတတ်ပညာရှင်၊ အသိပညာရှင် အများအပြားပါဝင်မည်ဟု ယူဆရသည့် ဝေသာလီသားများက မိမိတို့ဌာနေကိုစွန့်ခွာ၍ အနောက်မြောက် တြိပူရာ Tripura ဘက်ဆီသို့ သွားရောက်အခြေစိုက်သွားကြသည်ကို တွေ့ရပါသည်။ ဤနေရာသည်ပင် ဒင်္ဂါးသမိုင်းတွင် ထင်ရှားသည့် ရခိုင်ဝေသာလီဒင်္ဂါးပုံစံ အမျိုးအစားနှင့် အသွင်အပြင်တူသော ဟာရိကေလ ဒင်္ဂါးများ ထုတ်လုပ်ရာနယ်မြေ ဖြစ်နေသည်။ ဗုဒ္ဓဘာသာကိုးကွယ်မှု အပါအဝင် ဝေသာလီယဉ်ကျေးမှုအစုစုကို လိုက်နာကျင့်သုံးလျှက်လည်းရှိသော Harikela Kingdom ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ Calcutta မြို့မှ သုတေသီ Vacant Chowdhury ၏ Harikela Coins - Some New Interpretations ခေါင်းစဉ်ပါစာတမ်းကို ဖတ်ရှုရာတွင် သိရှိရသော အချက်အလက်များနှင့် တခြားသုတေသီများ၏ တွေ့ရှိထားသော အချက်အလက်များကို ဆက်စပ်၍ သိလာရသည်မှာ ဝေသာလီကျောက်လှေကားခေတ်ကို ဆက်ခံလျှက်ရှိသော လေးမြို့ခေတ်နှင့်ခေတ်ပြိုင် သို့မဟုတ် ဆင့်ပွားခေတ်တစ်ခေတ်အဖြစ် ဆိုလို့ရပါသည်။

အထက်ပါအချက်အလက်များအရ ကောက်ချက်တစ်ခု ဆွဲနိုင်ပါသည်။ ၄င်းမှာ -

ဝေသာလီကျောက်လှေကားခေတ်

| | |
|---|---|
| Harikela Kingdom | လေးမြို့ခေတ် Kingdom |

ဆိုလိုသည်မှာ Harikela Kingdom သည် စူလစန္ဒြမင်း အနိစ္စရောက်ပြီးနောက် အနောက်ဒေသတွင် ဖြစ်ပေါ်လာသော ဝေသာလီစန္ဒြမင်းဆက်၏ အဆက်ဖြစ်ပြီး လေးမြို့ခေတ်မှာလည်း စူဠစန္ဒြမင်း

http://www.dhammadownload.com



၏သား ငမင်ငတုံ နောက်ဖြစ်ပေါ်လာသော လေးမြို့ခေတ်တို့ ဖြစ်ပါသည်။ စူဠစန္ဒြမင်း၏ တူတော်သူ စန္ဒကူးမင်းသားနှင့် စူဠစန္ဒြာမင်း၏ မိဖုရားဟောင်း စန္ဒာဒေဝီတို့ စုံ ဖက်၍ ဖွားမြင်သော ခေတ္တာသင် မင်းမှ စတင်သည့် မင်းဆက်ဖြစ်ပါသည်။ အရှေ့မြန်မာပြည် ပုဂံခေတ် ကုန်ဆုံးခါနီးမှာ "ပင်းယ"နှင့် "စစ်ကိုင်း"ဆင့်ပွားခေတ် ရှိခဲ့သကဲ့သို့ပင် ဖြစ်ပါသည်။

## ဟာရိကေလဒင်္ဂါးထွက်ပေါ်လာခြင်းသုံးသပ်ချက်

Harikela Kingdom ဖြစ်ပေါ်လာချိန်မှစ၍ Harikela ဒင်္ဂါးများထွက်ပေါ်လာသည်ကို တွေ့ရပါသည်။ (Harikela ဒင်္ဂါးများနှင့် ဝေသာလီဒင်္ဂါးများမှာ ဆင်တူလှပါသည်။ ကွဲပြားချက် တစ်ခုမှာ ဝေသာလီဒင်္ဂါးပုံစံတွင် နွား၏အမြီး အောက်သို့ကျနေပြီး Harikela ဒင်္ဂါးမှာ နွားအမြီး အပေါ်သို့ထောင်နေကာ အမြီးဖျားမှာ ကွေးလျှက်ရှိနေပါသည်။ နောက်တစ်ချက်မှာ ဝေသာလီဒင်္ဂါး ၌ မင်းအမည်ထိုးထားပြီး Harikela ဒင်္ဂါးတွင် မင်းအမည်ရေးထိုးခြင်းမရှိဘဲ Kingdom အမည်ကို သာ ရေးထိုးကြောင်း တွေ့ရပါသည်။ဤကဲ့သို့ Harikela Kingdom တွင် ဒင်္ဂါးဆက်လက်ထုတ် လုပ်ခဲ့သော်လည်း လေးမြို့ခေတ်တွင် ဒင်္ဂါး ထုတ်လုပ်မှုမှာ လောင်းကြက်မင်းဆက်ဘုရင် မင်း ထီးလက်ထက် ထုတ်ဝေခဲ့သည့် ဒင်္ဂါးမှအပ အခြားမင်းများ ထုတ်ဝေရန် ဒင်္ဂါးများကို မတွေ့ရ သေးပါ။ သို့သော် Harikela ဒင်္ဂါးသုံးစွဲမှုမှာ ထိုဒေသတစ်ဝိုက်တွင်သာ မဟုတ်ဘဲ ရခိုင်ဒေသ အားလုံးတွင်လည်း သုံးစွဲကြကြောင်းကို ရခိုင် ကမ်းရိုးတမ်းတစ်လျှောက် သီလက်မှသံတွဲအထိ မကြာခဏတူးဖော်ရရှိခြင်းက သက်သေထူလျှက်ရှိ ပါသည်။ ဆိုလိုသည်မှာ ဤဆင့်ပွားခေတ် နှစ် ခုတွင် ထိုအချိန်က Harikela ဒင်္ဂါးများကို နိုင်ငံတကာ သုံး စီးပွားရေးကုန်သွယ်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့သည်ကို တွေ့ရပါသည်။

ထိုဝေသာလီစန္ဒြမင်းဆက်များသည် ရခိုင်ကောဇာသက္ကရာဇ်ကိုသာ အလေးထားသုံးစွဲကြ သည်ကို တွေ့ရသည့်အပြင် Chowdhury ၏ စာတမ်းတွင်တွေ့ရသော နောက်တစ်ချက်မှာ ကုလစန္ဒြနှင့် ရတနစန္ဒြ ဟူ၍ ရွှေပန်းတိမ်နှစ်ဦး၏ အမည်နှစ်ခုကို မြေအလှူစာရင်းတွင်တွေ့ရရာ ဤသည်ကို ကြည့်ခြင်းအားဖြင့် Harikela Kingdom သည် ဝေသာလီစန္ဒြအဆက်ဖြစ်ကြောင်း ပေါ်လွင်သည်သာမက၊ ၎င်းတို့အခါက အသက်မွေးဝမ်းကြောင်းပညာရှင် အမျိုးမျိုးရှိနေသည့် သဘောကို သက်သေထူနေခြင်းလည်း မည်ပါသည်။ ဤသဘောသည်ကား ဝေသာလီမှ ဖြာထွက်

http://www.dhammadownload.com



လာသော Harikela Kingdom ၏ ယဉ်ကျေးမှုအဆင့်အတန်းမှာ ဝေသာလီခေတ်မှာကဲ့သို့ မြင့်မား လျှက်ရှိနေသည်ကိုလည်း သက်သေထူထားခြင်းပင် မဟုတ်ပါလား။ ဤသည်တို့သည် လေးမြို့ ခေတ်မတိုင်မီ ဝေသာလီခေတ်၏အခြေအနေကို ပို၍သိစေခြင်း ဖြစ်သလို လေးမြို့ခေတ်နှင့် အတူ ဝေသာလီခေတ်မှ ဖြာထွက်သွားသော ဆင့်ပွားခေတ်တစ်ခေတ်အကြောင်းကိုပါ သိထားရန် အ တွက်လည်းကောင်း၊ လေးမြို့ခေတ်ကဲ့သို့ပင် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ ဆက်စပ်နေကြောင်းကိုပါ သိစေလို၍ ယခုလို ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

## လေးမြို့ခေတ်ရခိုင်နယ်နိမိတ်

ဤလေးမြို့ခေတ်တွင် နယ်နိမိတ်သည် ဝေသာလီကျောက်လှေကားခေတ်နှင့် များစွာ ထူးခြား၍ ပြောင်းလဲမှုမရှိခဲ့ပါချေ။ သို့သော် ကွာခြားမှုတစ်ရပ်မှာ ရိုးမတောင်အရှေ့ဘက်ကို ကျော်၍ သရက်မြို့အထိ ရခိုင်နယ်နိမိတ် ကျယ်ပြန့်ခဲ့သည်။ လေးမြို့ခေတ်၌ ထင်ရှားသောမင်းများ ဖြစ်သည့် ကောလိယ၊ ဒသာရာဇာ၊ အလောမာဖြူ မင်းထီးတို့လက်ထက် "ရက္ခိုင်နယ်နိမိတ်"ကို "ရခိုင်သားလေ သာစွလေ"ကို ဖတ်ရှုခြင်းအားဖြင့် သိနိုင်ပါသည်။

ရခိုင်ထီးနန်းကို သက္ကရာဇ် ၁၄၀၄ တွင် မင်းစောမွန်အား ပြည်သူကလွှဲအပ်လေသည်။ မင်းစောမွန်သည် စိတ်ရင်းကောင်းသူတစ်ဦးဖြစ်သည်။ သို့သော် နန်းတက်၍ ၂-နှစ်အကြာတွင် ရခိုင်တို့၏ညီညွတ်ရေးသည် သပ်သျှိခံရလေသည်။ ထိုစဉ်က ရခိုင်တို့အား မွန်ရာဇာဓိရာဇ် (အေဒီ ၁၃၈၅-၁၄၂၃)က မဟာမိတ် ဖွဲ့ထားရှိသည်။ ရာဇဓိရာဇ်ကိုတိုက်နေသော အင်းဝမင်းခေါင် (အေဒီ ၁၄၀၀-၁၄၂၃)သည် ရခိုင်ကို ဝင်တိုက်လေသည်။ ဤသို့ စစ်တိုက်ရခြင်းမှာ ပခုက္ကူနယ်ကို စီး နင်းခဲ့ဖူးသည့်အတွက် ဖြစ်သည်ဟုဆိုသည်။ အင်းဝ တပ်တို့သည် အမ်း ဒလက်လမ်းမှ ဝင်ရောက် လာဖွယ်ရှိသည်။ အင်းဝမင်းခေါင်၏ တိုက်ခိုက်ခြင်းကို ကြာရှည်မခုခံနိုင်သဖြင့် မင်း စောမွန်သည် ဘင်္ဂလား(ဂေါ်)သို့ တိမ်းရှောင်သွားရလေသည်။ မင်းစောမွန်သည် ဘင်္ဂလားတွင် အေဒီ- ၁၄၀၆ မှ ၁၄၂၈ အထိ နှစ်ပေါင်း ၂၂-နှစ်မျှ ခိုလှုံခဲ့ပြီးနောက် ဂေါ်ဘုရင်တပ်များ အကူအညီဖြင့် လည်း ကောင်း၊ ညီတော် မင်းခရီ၏ မွန်ရာဇဓိရာဇ်နှင့် မဟာမိတ်ဖွဲ့၍ တစ်ဘက်တစ်လမ်းမှ ကြိုးပမ်းအား ထုတ်မှုကြောင့်လည်းကောင်း၊ ရခိုင်ထီးနန်းကို အေဒီ-၁၄၂၈ တွင် ပြန်လည်ရရှိခဲ့ပြီးနောက် နောက် တစ်နှစ်တွင် ပြိုပျက်နေသော လောင်းကြက်မြို့ကို စွန့်ခွာ၍ မြောက်ဦးမြို့တော်သစ်ကို တည် ထောင်ပြီး နန်းသစ်စိုက်ထူကာ မြောက်ဦးမြို့၏ ခေတ်သစ်ကို စတင်လေတော့သည်။

http://www.dhammadownload.com



ဤလေးမြို့ခေတ်သည် ရခိုင်တို့ဖြတ်သန်းလာခဲ့သော ဓညဝတီခေတ်၊ ဝေသာလီခေတ်များ ထက် မွန်၊ မြန်မာ၊ သက်တို့နှင့် ထိတွေ့မှုပိုမိုလာခဲ့ကြောင်း တွေ့ရပေသည်။ မွန်ရာမည (သထုံ) ဟံသာဝတီ၊ မြန်မာ-ပုဂံနှင့် သက် (သရက်)နှင့် မြန်မာ-အင်းဝတို့မှာ ရခိုင်လေးမြို့ခေတ်တစ်ခုတည်း နှင့် ခေတ်ပြိုင် ဖြစ်ခဲ့ကြသည်။ အချို့ သုတေသီတို့က လေးမြို့ခေတ်သည် လက်အောက်ခံနိုင်ငံ (သို့မဟုတ်) လက်ဝေခံနိုင်ငံ ကဲ့သို့ ဆိုနေကြသော်လည်း လက်အောက်ခံ (သို့) လက်ဝေခံနိုင်ငံ အဖြစ်သို့ ဤခေတ်ကာလအတွင်း တစ်ကြိမ် တစ်ခါမှကျရောက်ခဲ့ခြင်း မရှိကြောင်းကို ခိုင်ခိုင်မာမာ တွေ့ရပါသည်။ လေးမြို့ခေတ်၏နောက်ပိုင်းကာလ မင်းစောမွန်လက်ထက်တွင် ဟံသာဝတီနှင့် အင်းဝတို့ စစ်ပြိုင်ရာစစ်တလင်းနေရာအဖြစ်သို့ ရောက်ခဲ့ရသည်ကို သာ တွေ့ခဲ့ရသော်လည်း၊ လက်အောက်ခံနိုင်ငံအဖြစ်သို့ ရောက်ခဲ့ရသည်ကိုကား မတွေ့ရပါ။ မင်းစောမွန် အနောက်ဘင်္ဂါကို ရှောင်တိမ်းနေခဲ့သော နှစ်-၂၀ ကျော်အချိန်အတွင်းမှာ ညီတော်သံတွဲစား မင်းခရီက ကျွမ်းကျင် လိမ္မာစွာ ထိန်းသိမ်းထားနိုင်ခဲ့ကြောင်းကိုသာ ရခိုင်ရာဇဝင်အစောင်စောင်က ဆိုထားသည်ကို တွေ့ ရပေသည်။ ဤလေးမြို့ခေတ်အစောပိုင်းက ရခိုင်သို့ ပုဂံအနော်ရထာမင်းနှင့် အလောင်းစည် သူမင်းတို့ လာရောက်ခဲ့ကြသော်လည်း ရခိုင်ကိုတိုက်ခိုက်သိမ်းယူ၍ လက်အောက်ခံနိုင်ငံ (သို့) လက်ဝေခံနိုင်ငံအဖြစ် ထားခဲ့ခြင်းမျိုး လုံးဝမရှိခဲ့ပါ။ သုတေသီပါမောက္ခဒေါက်တာသန်းထွန်း က အနော်ရထာခေတ် ပုဂံနိုင်ငံတော် တွင် ရခိုင်မပါဝင်ကြောင်း ပုဂံကျောက်စာများကို ကိုးကား၍ တင်ပြထားပေသည်။ [၁]

## မြောက်ဦးခေတ်

လေးမြို့ခေတ်၏နိဂုံးပိုင်း သို့မဟုတ် မြောက်ဦးခေတ်အကြို လောင်းကြက်ခေတ်ကာလ အဖြစ်အပျက်များသည် မြောက်ဦးခေတ်ကို ဖြစ်ပေါ်စေရန် လမ်းစပင်ဖြစ်ပါတော့သည်။ လောင်းကြက်မြို့တော်တဝိုက်သည် နှစ်ပေါင်း နှစ်ဆယ်ကျော်စစ်တလင်း ဖြစ်ခဲ့ပုံမှာ မြန်မာ-အင်းဝ မင်းရဲကျော်စွာ တပ်များနှင့် မွန်ဟံသာဝတီ ရာဇဓိရာဇ်တပ်များ တလှည့်စီ စီးနင်းတိုက်ခိုက် သိမ်း ပိုက်ကြ၍ လောင်းကြက်သည် ထွားထွားညက်ညက် ကြေခဲ့ရပေပြီ။ မင်းစောမွန်သည် "အားမတန်၊ မာန်လျှော့" ဆိုသလို အင်အားမမျှ၍ အိန္ဒိယ၊ ဂေါဝါသို့ တိမ်းရှောင်နေခဲ့ရသည့် အချိန် တွင်

---

၁။ ဒေါက်တာသန်းထွန်း၊ အသစ်မြင် မြန်မာ့သမိုင်း။

http://www.dhammadownload.com



သံတွဲစား ညီတော်မင်းခရီသည် လိမ္မာပါးနပ်စွာ အခြေအနေကို ကိုင်တွယ်၍ ရခိုင်ဒေသ မဆုံးရှုံးရလေအောင် ထိန်းသိမ်းနိုင်ခဲ့ကြောင်း တွေ့ရသည်။

မင်းစောမွန်သည် ညီတော်မင်းခရီ၏ ပင့်ဖိတ်ချက်အရလည်းကောင်း၊ ဂါဝါသူရတန် တပ်ဖွဲ့၏ အကူအညီကိုရ၍လည်းကောင်း၊ ရခိုင်ထီးနန်းကို ပြန်လည်ရယူကာ လောင်းကြက် မြို့တော်မှာပင် နှစ်နှစ်ခန့် ပြန်လည်စိုးစံ၍ အေဒီ ၁၄၃၀ တွင် လောင်းကြက်ကိုစွန့်ခွာလျှက် မြောက်ဦးမြို့တော်ကို တည်ထောင်ပြီး မြောက်ဦးခေတ်သစ်တစ်ခုကို စတင်ထူထောင်ခဲ့ခြင်း ဖြစ်လေသည်။ မြို့တော်တည်လျှင် မိမိအသက်တိုမည့် နိမိတ်ဖတ်မှုကိုပင် ပမာမထားခဲ့ချေ။ ဤသို့ ကိုယ်ကျိုးစွန့်စိတ်ဓာတ်သည် မြောက်ဦးမြို့တော်၏ ဝိညာဉ်တမျှပင်ဟု ဆိုနိုင်သည်။

ဤကဲ့သို့ မြောက်ဦးမြို့ကို ခိုင်ခန့်စွာတည်ဆောက်ရန် ဖြစ်ပေါ်လာခြင်းမှာလည်း သမိုင်းကြောင်း၏ လိုအပ်ချက်အရ ဖြစ်လာရသည်ဟု ဆိုရပေမည်။ ပဒေသရာဇ်ခေတ်လယ်ဟု ခေါ်ဆိုရာသည့် ၁၄/၁၅ရာစု ခေတ်က တောင့်တင်း၍ အင်အားကောင်းရန်လည်း အမှန်လိုအပ်လာပေသည်။

မြောက်ဦးမြို့တော်၏ အနေအထားမှာ ကောင်းမွန်သော ကုလားတန်လွင်ပြင်နှင့် လေးမြို့လွင်ပြင်စပ်ကြားတွင် တည်ရှိသည့် သဘာဝတောင်တန်းလေးခုကို အခြေခံ၍ တည်ဆောက်ထားသည်။ မြို့တော်သည် အနောက်ဘက်အရပ်ကုလားတန်လွင်ပြင်သို့ မျက်နှာမူထားသည်။ တံတိုင်းအထပ်ထပ်၊ ကျုံးအထပ်ထပ် အင်အားဖြည့်ထားသဖြင့် ရန်သူများအလွယ်တကူ ဝင်ရောက်ရန် ခဲယဉ်းလေသည်။ မင်းစောမွန်ကို ဆက်ခံသောမင်းတို့သည် မြို့တော်ကို ထပ်မံ၍ ခိုင်ခန့်အောင် ပြုပြင်ခဲ့ကြသည်။ ထို့ကြောင့် ဤမြောက်ဦးမြို့တော်သည် ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင် အကောင်းဆုံးခံတပ်မြို့တစ်မြို့ ဖြစ်လာလေသည်။

ရခိုင်ညွှန့်ဖူးဟု ခေါ်ဆိုအပ်သည့် ဤမြောက်ဦးမြို့အကြောင်းကို မင်းခရီ၊ အေဒီ ၁၄၃၃-၁၄၅၉ လက်ထက် ရခိုင်စာဆိုရှင် ရှင်သီလဝံသက အောက်ပါအတိုင်း ရေးစပ်ခဲ့သည်။

http://www.dhammadownload.com



"ရေကြည်မြမြ၊ ကစ္ဆပနဒီ
မြစ်ဆီလက်ျာ၊ ပြည်သာမဏ္ဍိုင်
ရခိုင်ညွန့်ဖူး၊ ရွှေမြောက်ဦးဝယ်
ပသျှူးဆောင်ပြူ ရာထီးဖြူကို
သိမ်းယူစိုးလျှင်း၊ ထိုသည်မင်း၏
ဘက်ကင်းနှိုင်းထောက်၊ စိုးမြောက်လမည်။
ချိန်ငန်းရည်သည်၊
ဘုန်းစည်ပြောင်ဝင်း၊ ဘေးရန်နှင်း"။

မင်းခရီ၏သားတော် ဘစောဖြူမင်း၊ ၁၄၅၉-၁၄၈၂ လက်ထက် ပေါ်ထွန်းခဲ့သော ရခိုင်စာဆိုအဒူမင်းညိုကလည်း "ရခိုင်ညွန့်ဖူး မြောက်ဦးရွှေနန်းတည် လတ်ထွန်းသည်"ကို အောက်ပါအတိုင်း စပ်ဆိုခဲ့သေးသည်။

"ကစ္ဆပနဒီ၊ ဤသည်ညာမွန်
ယဉ်တန်တဘက်၊ ပင်လယ်ထွက်မှ
နှစ်ဘက်ကမ်းမြို၊ ဖြားရီမီဝယ်
ရှေ့ဆီပြုဗ္ဗာ၊ အာကာမှီခိုင်း
တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်
ရခိုင်ညွှန့်ဖူး၊ မွန်ကြယ်မြူးသို့
မြောက်ဦးရွှေနန်း၊ တည်လတ်ထွန်းသည်
ဤကျွန်းဇမ္ဗူ ထူးတည့်လေ။

ရခိုင်မင်းသမီး ချောင်း - အပိုဒ် (၁)

မြောက်ဦးခေတ်တွင် မြောက်ဦးမြို့သည် ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုဂုဏ်ဆောင်ဖြစ်သည်။ "မြောက်များစွာသော အကြံအစည်များကို ဦးဦးဖျားဖျားပြည့်စုံအောင်မြင်သည်"ဟု အဓိပ္ပါယ် ရ ရှိသည့် မြောက်ဦးသည် အေဒီ ၁၄၃၀ ပြည့်နှစ်မှ အေဒီ ၁၇၈၅ ခုထိ ရခိုင်မင်းတို့၏ နောက်ဆုံး ရာဇဌာနီဖြစ်ခဲ့ပြီး ရခိုင်ယဉ်ကျေးမှုကို အထွတ်အထိပ်သို့ ရောက်ရှိခံစားခဲ့ပေသည်။

http://www.dhammadownload.com



ရခိုင်ယဉ်ကျေးမှုအထွတ်အထိပ်သို့ ရောက်အောင် မြှင့်တင်ပေးခဲ့သော မြောက်ဦးခေတ်၏ ရွှေရောင်လွှမ်းမိုးသည့် ၁၆ ရာစုနှင့် ၁၇ ရာစုကာလများသည် အင်္ဂလန်နိုင်ငံ၌ ထင်ရှားသော ကျူဒါမင်းဆက် အိန္ဒိယနိုင်ငံ၌ တန်ခိုးထွားခဲ့သော မဂိုမင်းဆက်၊ မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော အင်းဝ၊ တောင်ငူ၊ ဟံသာဝတီနိုင်ငံများ၊ ယိုးဒယား (ထိုင်း) နိုင်ငံတွင် ပေါ်ထွန်းခဲ့သော အယုဒ္ဓယ မင်းဆက်တို့နှင့် ခေတ်ပြိုင် ရှိခဲ့သည်။

မြောက်ဦးခေတ် မြောက်ဦးမြို့ ကောင်းစားသည့်အချိန်သည်ကား အေဒီ ၁၄၉၂ ခုတွင် Christopher Columbus အမေရိကတိုက်ကို စတင်တွေ့လာချိန်၊ အေဒီ ၁၄၈၇ တွင် Vascoda Gama အာဖရိကတိုက် Cape of Good Hope ကို အောင်မြင်စွာပတ်နိုင်ပြီး အိန္ဒိယကျွန်းဆွယ်သို့ လမ်းသစ်ပွင့်လာသော အချိန်နောက်ပိုင်း ၁၆ရာစုခေတ်မှစတင်၍ စပိန်နှင့်ပေါ်တူဂီ အင်ပါယာများကို အမေရိကတိုက်နှင့် အိန္ဒိယသမုဒ္ဒရာတစ်ခွင်ရှိ နေရာအများအပြားတွင် ၎င်းတို့အင်ပါယာများကို ထူထောင်လာချိန်အခါပင် ဖြစ်ပေသည်။

ထိုကဲ့သို့သောအခါ၌ အိန္ဒိယပြည်တွင် မဂိုအင်ပါယာကို တပြိုင်တည်း ထူထောင်လာချိန်လည်း ဖြစ်နေသည်။ အိန္ဒိယနိုင်ငံရှိ ဘင်္ဂလားနယ် ဘင်္ဂါ ၁၂ခွင် မှာ ရှေးမဆွ ဝေသာလီကျောက်လှေကားခေတ် အေဒီ ၆၀၀ စုမတိုင်မီကပင် ရခိုင်တို့၏ပိုင်နက်နယ်မြေဖြစ်ခဲ့ပြီး စစ်တကောင်းမြို့မှာ ရခိုင်တို့၏အရေးပါသော ပထမဆိပ်ကမ်းမြို့တော်ကြီး ဖြစ်ခဲ့ပေသည်။ ဤဆိပ်ကမ်းမြို့မှတစ်ဆင့် ပေါ်တူဂီနှင့်သော် လည်းကောင်း၊ မဂိုတို့နှင့်သော်လည်းကောင်း ဆက်သွယ်မှုရှိလာသည်။ နောင်တွင် ကုန်စည်ကူးသန်းရောင်းဝယ်မှုလည်း နှစ်ဦးနှစ်ဘက် သိသိသာသာ တွင်ကျယ်လာသော အခါ စစ်တကောင်းမြို့မှ တစ်ဆင့်ခံသာမဟုတ်တော့ဘဲ ရခိုင်တို့၏မင်းနေပြည်၊ မြို့တော်မြောက်ဦး အထိ ရောက်လာပြီးနောက်ပိုင်းတွင် မြောက်ဦးမြို့မှာ တဖြည်းဖြည်း စည်ကားလာသည်သာမက ထိုအချိန်အခါမှာ အာရှတစ်ခွင်တွင် အဓိကရောင်းဝယ် ဖောက်ကားရာနေရာတစ်ခု ဖြစ်လာလေသည်။ ၁၆ ရာစုနှောင်းပိုင်း ၁၇ ရာစု ရောက်လာသောအခါ ဒတ်ချ် Dutch တို့နှင့် အဆက်အသွယ် ရလာသည်နှင့်အမျှ ရခိုင်တို့၏ရောင်းဝယ်ဖောက်ကားမှုမှာ ပိုမိုတွင်ကျယ်လာလေသည်။

မြောက်ဦးမြို့တော်သည် ယင်းခေတ်ကာလတွင် အပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ဖောက်ကားသည့် မြို့ကြီးတမျှ စည်ကားခဲ့သည်ဟု နိုင်ငံခြားသားများ၏ မှတ်တမ်းများက ဆိုကြသည်။ ပဲခူး၊ မုတ္တမ၊ ဘင်္ဂလား၊ သီဟိုဠ်စသော အိမ်နီးနားဒေသများမှသာမကဘဲ ယိုးဒယား၊

http://www.dhammadownload.com




စမွာ၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့မှ ကုန်သည်များလည်း လာရောက် ရောင်းဝယ်ဖောက်ကားခဲ့ပေသေးသည်။

ဟံသာဝတီ၊ ပဲခူး၊ မြန်မာ-အင်းဝတို့မှ ကုန်စည်စီးဆင်းမှုသည် ငဖဲ-အမ်းလမ်း၊ ဒါးလက်တောင်ကြားလမ်း၊ စလင်း-တောင်ကုတ်လမ်း တို့မှာ အဓိကလမ်းကြောင်းများဖြစ်ကြသည်။ အင်းဝမှရောက်လာသော ကုန်များအနက် ကျောက်သံပတ္တမြားရောင်းဝယ်မှုသည် အထူးတွင်ကျယ်သည်။ အိန္ဒိယမှ မြောက်ဦးသို့ ရောက်လာသော အဝတ်အထည်၊ ရွှေ၊ ငွေ၊ သံ စသည့် ကုန်ပစ္စည်းများကို အင်းဝနှင့်ပဲခူးတို့သို့တစ်ဆင့် ရောင်းဝယ်ဖောက်ကားကြသည်။ Dutch တို့ မြောက်ဦးတွင် ရောင်းဝယ်ဖောက်ကားမှု အထောက်အထားတစ်ခုအဖြစ် မြောက်ဦးမြို့ ဘောင်းဒွတ်အရပ်တွင် ပြိုပျက်နေပြီဖြစ်သော Dutch ကုန်တိုက်ကို ယခုတိုင် တစွန်းတစ တွေ့မြင်နိုင်ပါသေးသည်။

မြောက်ဦးခေတ် ရခိုင်တို့၏ ကုန်သွယ်ရေးလမ်းကြောင်းမှာ သုံးသွယ်ရှိသည်ကို တွေ့ရသည်။ အနောက်ဘက်ပင်လယ် လမ်းကြောင်းမှာ သီဟိုဠ်ကျွန်းကို ကျော်လွန်၍ မောလ်ဒိုက် ကျွန်းစုများအထိလည်းကောင်း။ ထိုဒေသမှ ရခိုင်တို့ဝယ်ယူသော ကုန်ပစ္စည်းများမှာ Cowries ကြွေစေ့များဖြစ်သည်။ ထိုခေတ်အခါက Cowries ကို အလုပ်သမားများ လခပေးရာတွင် လည်း ကောင်း၊ ပြည်တွင်းကုန်သွယ်ရောင်းဝယ်ရာတွင်လည်းကောင်း ငွေအကြေအဖြစ် အသုံးပြုကြသည်။ အ ရှေ့ဘက်ပင်လယ်လမ်းကြောင်းမှာ Malacca, Aceh (Batavia) တို့ဖြစ်သည်။ အလယ်လမ်း ကြောင်းမှာ အနောက်ဘက်တွင် အိန္ဒိယ၏ အရှေ့ကမ်းခြေ Coromendal နှင့် အောက် မြန်မာနိုင်ငံ ဖြစ်သည်။ အိန္ဒိယအရှေ့ကမ်းခြေဆိုရာ၌ Masulipatam, Pulicat နှင့် တခြား ဆိပ်ကမ်းငယ်များ ဖြစ်ကြသည်။ ရခိုင်တို့၏အလယ် ကုန်သွယ်လမ်းကြောင်း၏ ကုန်းတွင်းပိုင်းရှိ အဆက်အသွယ် ပြုလုပ်သော နေရာများမှာ အိန္ဒိယရှိ Bengal နှင့် အထက်မြန်မာပြည်ပင် ဖြစ်ပေသည်။

http://www.dhammadownload.com






Rakhine's trade in the Bay of Bengal XVIth-XVIIth c.

## မြောက်ဦးခေတ် ရခိုင်တို့၏ကုန်သွယ်ရေးလမ်းကြောင်းသုံးသွယ်ပြပုံ

အိန္ဒိယကမ်းခြေသို့ ရောင်းဝယ်ဖောက်ကားသော အဓိကပို့ကုန်များမှာ ကျောက်သံပတ္တမြား၊ ဆင်စွယ်၊ ဖယောင်း၊ မဲနယ်၊ ဆန်စပါးနှင့် ကျွန်းတို့ ဖြစ်ကြပြီး၊ အိန္ဒိယကမ်းခြေမှ ဝယ်ယူသော ကုန်ပစ္စည်းများမှာ အလှကုန်ပစ္စည်းအမျိုးမျိုး ရွှေ ငွေ နှင့် သံသတ္တုများ ဖြစ်ကြသည်။ ထိုအချိန် အခါမှာ ရခိုင်နှင့်ဂျပန်တို့လည်း ကုန်သွယ်မှုအဆက်အသွယ်ရှိကြသည်။ ဂျပန်တို့ထံမှ အဓိက ဝယ်ယူသောကုန်မှာ သံပစ္စည်း ဖြစ်သည်။

မြောက်ဦးမြို့တော်ကို မင်းစောမွန်နှင့် မင်းခရီတို့တည်၍ နှစ်ပေါင်းတစ်ရာကျော်ရှိလာပြီးနောက် မြောက်ဦးခေတ်အလယ်သို့ ဝင်ရောက်လာသည့်အချိန်မှာ မင်းဗာဘုရင်သည် ပေါ်တူဂီတို့၏ အကူအညီဖြင့် မြောက်ဦးမြို့ကို ပိုမိုခိုင်ခန့်အောင် တည်ဆောက်ခဲ့သည်နှင့်အမျှ ဘင်္ဂလားပင်လယ်အော်တွင် အကောင်းဆုံးခံတပ်မြို့ကြီး ဖြစ်လာလေတော့သည်။ ထို့ကြောင့် "စောမွန်ပြင်ပြု၊ မင်းဗာ တည်ကော၊ ရွှေမြောက်ဦး"ဟု ဆိုစမှတ် ပြုကြလေသည်။

၁၆ နှင့် ၁၇ ရာစုခေတ်၌ နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်မှု တွင်ကျယ်လာသည်နှင့်အတူ တိုင်းပြည်သည်လည်း ဖွံ့ဖြိုးတိုးတက်လာကြောင်း တွေ့ရသည်။ မင်းဗာကြီးလက်ထက်မှ စတင်၍ မြောက်ဦးအလယ်ခေတ်တစ်လျှောက်မှာ အင်အားကောင်းသော ကုန်းတပ်၊ ရေတပ် ရှိ

http://www.dhammadownload.com



လာသည်။ ပေါ်တူဂီ၊ ဂျပန် ဆာမူရိုင်း၊ မဂိုကုလား၊ မွန်၊ မြန်မာစစ်သား စသည်များကိုပင် ငှား ရမ်းထားခဲ့သည်ကို တွေ့လာရလေသည်။ ရေတပ်ဆိုလျှင် အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလား ပင်လယ် အော်တစ်ခွင်ကို စိုးမိုးထားနိုင်သည့် အနေအထားမှာရှိခဲ့သည်။

ရခိုင်တို့၏ စီးပွားရေးတွင် အရေးပါသော လုပ်ငန်းတစ်ခုမှာ ငွေဒင်္ဂါး၊ ရွှေဒင်္ဂါးများ ထုတ် လုပ်သုံးစွဲနိုင်မှုပင် ဖြစ်သည်။ မြောက်ဦးခေတ်အစပိုင်းတွင် ရခိုင်တို့သည် ကူးသန်းရောင်းဝယ် ရေး၌ သုံးစွဲရန် ဒင်္ဂါးများကို စစ်တကောင်းတွင်ထုတ်လုပ်သည်ဟု ဥရောပသုတေသီတို့က ဆိုကြ သည်။ ပထမခေတ်အစတွင် ရခိုင်စာနှစ်ဘက်ပါဒင်္ဂါးကိုလည်းကောင်း၊ Cufic ဒင်္ဂါးကို လည်း ကောင်း၊ Persian စာထက်ဝက် နာဂရီစာ ထက်ဝက်က တစ်ဘက်၊ ရခိုင်စာတစ်ဘက်ဒင်္ဂါးကို မြောက်ဦးခေတ် ဒုတိယခေတ်တွင်လည်းကောင်း တွေ့ရသည်။ သို့သော် တတိယခေတ် စတင်ချိန်မှ စ၍ ဒင်္ဂါးနှစ်ဖက်လုံးတွင် ရခိုင်စာကိုသာ အပြည့်အဝသုံးစွဲကြတော့သည်။ ဆင်ဖြူပိုင်ရှင်မင်းများက "ဆင်ဖြူသခင်" ဟူ၍ ဒင်္ဂါးစာတွင် ရေးသားကြပြီး၊ ဆင်ဖြူ ဆင်နီများပိုင်သော မင်းများက "ဆင်နီ သခင်၊ ဆင်ဖြူသခင်" ဟူ၍ သုံးစွဲကြသည်။(အခန်း ၁၀ - နိုင်ငံခြားသားများ၏ ကိုယ်တွေ့မှတ် တမ်းများ ပုံ-၄ ကိုရှုပါ)။ ဆင်ဖြူမပိုင်သောမင်းများက "ဆင်နီသခင်"ဟု ရေးသားကြသည်။ မြောက် ဦးခေတ်နှောင်းပိုင်းမှာ "ရွှေနန်းသခင်"၊ "ရွှေပြည်သခင်"ဟူ၍ ရေးသား သုံးစွဲလာကြသည်ကို တွေ့ရသည်။ မြောက်ဦးခေတ်တွင်ထုတ်လုပ်သော ဒင်္ဂါးများကို နန်းတက်သော နှစ်မှာ ထုတ်လုပ် လေ့ရှိသဖြင့် ၎င်းဒင်္ဂါးအပေါ် ထိပ်ပါ သက္ကရာဇ်ကို လေ့လာခြင်းအားဖြင့် ထုတ်လုပ်သူ ဘုရင်မင်း၏ နန်းတက်နှစ်သက္ကရာဇ်ကို အလွယ်တကူသိရှိနိုင်ပါသည်။ တစ်ကြိမ်ထက် ပိုမို ထုတ်လုပ်သော မင်း များကိုလည်း တွေ့ရသည်။ ဘုရင်များသည် မိမိနန်းစံနှစ်အတွင်း ထူးခြားမှု တစ်ရပ်ကို အကြောင်း ပြု၍ ထိုကဲ့သို့ ထုတ်လုပ်ကြကြောင်း တွေ့ရသည်။[၁] အေဒီ-၁၅၄၉-၁၆၁၂ မင်းရာဇာကြီး၊ အေဒီ- ၁၆၈၆-၁၆၉၂ ဝရဓမ္မရာဇာနှင့် အေဒီ-၁၇၆၄-၁၇၇၄ အဘယမဟာရာဇာ သုံးဦးတို့ ထုတ်လုပ်သော ရွှေဒင်္ဂါးကို တွေ့ရှိထားပြီးဖြစ်သည်။

မြောက်ဦးပထမခေတ်နှင့် အလယ်ခေတ်များတွင် ရခိုင်မင်းများသည် ရခိုင်ဘွဲ့များနှင့်အတူ ကုလားဘွဲ့ကို သုံးစွဲကြကြောင်း တွေ့ရသည့်အပြင် ကုလားဘွဲ့များကို ဒင်္ဂါးခေတ်နှိပ်ရာတွင် လည်း သုံးစွဲမှုရှိသည်ကို တွေ့ရပါသည်။

---

၁။ U Shwe Zan, The Golden Mrauk-U, An ancient Capital of Ralchine (2004).

http://www.dhammadownload.com



မြောက်ဦးခေတ် အထွဋ်အထိပ်ရောက်ချိန် ၁၆ ရာစုနှင့် ၁၇ ရာစု အစောပိုင်းတွင် ရခိုင် ဩဇာညောင်းသည့် ဘင်္ဂါ ၁၂ ခွင် နယ်မြေအတွင်း၌ လက်အောက်ခံဘုရင်၁၂ ပါး ရှိလေသည်။ ထိုဘုရင်များ နန်းစိုက်ရာမြို့ကြီး ၁၂ မြို့၌ လှပသော နန်းတစ်ဆောင်စီထားရှိသည်။ ရခိုင် အနောက်ဘက် ပင်မရေတပ်စခန်းကြီးထားရှိသော စစ်တကောင်းဒေသကို အနောက်ဘုရင်က သီးခြား အုပ်ချုပ်ရသည်။ မြောက်ဦးရွှေနန်းတော်တွင် အခွန်အကောက် မင်းဘဏ္ဍာတော် လက်ဆောင် ဘဏ္ဍာများဖြင့် ပြည့်လျှမ်းခဲ့သည်။ မြို့တော်သည်လည်း နန်းမြို့၊ ပြင်မြို့နှင့် လူနေရပ်ကွက်များ အပါအဝင်အချင်းဝက် ၅ မိုင်မျှ အဝန်းရှိလေသည်။ မြို့တွင် မြို့တံခါး ၃၀၊ ရေတံခါး ၃၂ ပေါက် ရှိသည်။ မြို့ရိုးတံတိုင်း အကာအရံတို့ကို အမြောက်လက်နက်ဖြင့် အပြည့်အဝ တပ်ဆင်ထားသည်။ ရခိုင်ဘုရင်တွင် ခြေလျင်တပ်သား တစ်သန်း၊ ဆင်တပ်အင်အား ၁၅၀၀နှင့် စက်လှေတစ်သောင်း ပိုင်ဆိုင်ခဲ့ပြီး၊ အမြောက်အင်အားမှာ မရေတွက်နိုင်ကြောင်း၊ ထို့အပြင် ရေတပ်သည် ပင်လယ် လှိုင်းထက်ပင် များပြားကြောင်း တင်စားနှိုင်းဆိုထားပေသည်။ အထက်က တင်ပြခဲ့သည့် အင် အားတောင့်တင်းသော ရခိုင်တပ်မတော်တွင် ပေါ်တူဂီ၊ ယိုဒယား၊ ဂျပန်၊ အင်းဝ၊ ဟံသာဝတီ၊ ဘင်္ဂလားနှင့် မဂို စစ်သည်များကို ငှားရမ်းအသုံးပြုခဲ့သေးသည်။

ထိုအချိန်တွင် ကုန်စည်ကူးသန်းရောင်းဝယ်ရေး ကျယ်ပြန့်လာမှုနှင့်အတူ မြောက်ဦး မြို့ တော်သည် တစ်နေ့တစ်ခြား ချမ်းသာကြွယ်ဝလာသည်။ မြောက်ဦးမြို့တော်၏ ပမာဏနှင့် ကြွယ်ဝ ချမ်းသာခြင်းမှာ ကမ္ဘာ့အနောက်ဘက်ရှိ အမ်စတာဒမ်မြို့၊ လန်ဒန်မြို့တော်များနှင့် တူညီကြောင်း* နိုင်ငံခြားမှတ်တမ်းများ၌ တွေ့ရသည်။

မင်းရာဇာကြီး၏မြေးတော် သီရိသုဓမ္မရာဇာ ၁၆၂၂-၁၆၃၈ လက်ထက်တွင် ရခိုင်သည် မဂိုပိုင် အနောက်ဘင်္ဂလားကို ရယူလိုသကဲ့သို့ မဂိုကလည်း ရခိုင်ပိုင်အရှေ့ဘင်္ဂလားကို သိမ်းသွင်း လိုသည့် အခြေအနေရှိသည်။ ထို့ကြောင့် မဂိုနှင့် ရခိုင်တို့သည် တစ်ဘက်အင်အား အလေးမသာ စေရန်အတွက် လက်နက်ရောင်းသော ပေါ်တူဂီနှင့် ဒတ်ချ်တို့ကို လိမ္မာစွာဖြင့် ဆက်ဆံခဲ့ကြလေ သည်။

---

၁။ From Schouten 'Voyages", 1676.

http://www.dhammadownload.com



လောင်းကြက်စား ဂေုသလသည် သီရိသုဓမ္မရာဇာကိုလုပ်ကြံ၍ ရခိုင်ထီးနန်းကို နရပတိကြီးအမည်ဖြင့် သိမ်းပိုက်လိုက်သည်နှင့် ရခိုင်ပြည်တွင်း ညီညွတ်ရေးသည် စတင်ပြိုကွဲလေ တော့သည်။ အရည်အချင်းရှိသူများလည်း ကွယ်ပျောက်ကုန်တော့၏။ ဒတ်ချ်နှင့် ကုန်သွယ်မှုမှာ လည်း ခေတ္တမျှ ရပ်ဆိုင်းသွားပြန်သည်။ နရပတိကြီး ၁၆၃၈-၁၆၄၅ ၏ မြေးတော် စန္ဒသုဓမ္မရာဇာ ၁၆၅၂-၁၆၇၄ လက်ထက်တွင်သာ အခြေအနေအရပ်ရပ်သည် ပြန်လည်တိုးတက်လာခဲ့သည်။ သို့ရာတွင် မူလ အင်အားဖွံ့ဖြိုးမှုကို မပြည့်မီတော့ချေ။ ထိုစဉ် ၁၆၆၀ ပြည့်နှစ်၌ ရခိုင်သို့ ခိုလှုံလာသော မဂိုဘင်္ဂလားဘုရင်ခံ ရှာသျှူဂျာနှင့် နောက်လိုက်တို့က ရခိုင်ထီးနန်းကိုလုယူရန် ကြိုးပမ်းလာခြင်းသည်လည်း ရခိုင်အင်အားကို လျော့ပါးသွားစေပြန်သည်။ မဂိုတို့နှင့် ဆက်ဆံရေးမှာလည်း တင်းမာလာသည်။ ၁၆၆၆ ခုနှစ်တွင် မဂိုတို့က အလုံးအရင်းဖြင့် တိုက်ခိုက်လာသဖြင့် စစ်တကောင်းမြို့ကို ရခိုင်တို့က လက်လွှတ်လိုက်ရလေသည်။ ဤအခြေအနေမျိုးသို့ ဆိုက်ရောက်နေသော စန္ဒသုဓမ္မရာဇာလက်ထက်၌ပင်လျှင် မြောက်ဦးမြို့တော်သည် အာရှတိုက်၏ ဤမှာဘက် တစ်ဝိုက်တွင် အကြွယ်ဝဆုံးသောမြို့ဖြစ်ကြောင်း၊ မြို့ကြွယ်ဝချမ်းသာရခြင်း၏ အခြေခံအကြောင်း အရာမှာလည်း ဟံသာဝတီ ပဲခူးနှင့်အယုဒ္ဓယယိုးဒယားမြို့တို့ထက် သာလွန်ကြောင်းကို ဒတ်ချ်လူမျိုး စကိုတင် (Schoutem)ဆို သူ၏မှတ်တမ်းတွင် ဖော်ပြထားပေသည်။

ထီးနန်းဆက်ခံသော စန္ဒသုဓမ္မရာဇာ၏ သားတော် ဥဂ္ဂါဗလမင်း ၁၆၇၄-၁၆၈၅ သည် အရည်အချင်းညံ့ပြီး ကိုယ်ရံတော်တပ်သားများက ပုန်ကန်၍ကွယ်လွန်လေသည်။ ဤတပ်ဖွဲ့သည် ၂၅ နှစ်တိုင်တိုင် အထိန်းမဲ့ကာ ဘုရင်များကိုထင်သလို နန်းတင်နန်းချ ပြုလုပ်လာကြသည်။ နန်းလုမှု ပုန်ကန်မှု များလာသည်။ ဤအခြေအနေများသည် တန္တဗိုလ်အမတ်က စန္ဒဝိဇယမင်း ၁၇၁၀-၁၇၃၁ ဟု ဘွဲ့ခံယူ၍ နန်းသိမ်းပိုက်ပြီးမှသာ ရပ်တန့်သွားလေသည်။ စန္ဒဝိဇယမင်းသည် နန်းသက်ရှည်၍ တိုင်းပြည်ငြိမ်ဝပ်အောင် အုပ်ချုပ်နိုင်ခဲ့သော်လည်း အိမ်နီးချင်းအရပ်များသို့ ချီတက်၍ ရခိုင်အင်အားကို ပြန်လည်ထူထောင်ရာ၌များစွာ အထမမြောက်ခဲ့ပေ။ ဤမင်းလုပ်ကြံခံရပြီးနောက် တိုင်းပြည်သည် ၁၁ နှစ်ခန့် မတည်မငြိမ် ဖြစ်လာခဲ့ပြန်သည်။ နရအဘယရာဇာ

http://www.dhammadownload.com



၁၇၄၃-၁၇၆၀ ထီးနန်းတက်လာသောအခါတွင်သာ တိုင်းပြည်ကို အခက်အခဲများကြားမှ ၁၉နှစ် တိုင်တိုင် အုပ်ချုပ်ခဲ့သည်။ ဤဘုရင် နတ်ရွာစံသည့်နှစ်တွင် ငလျင်ကြီးဒဏ်ကို တစ်ပြည်လုံးခံ ရလေသည်။ တစ်ဆက်တည်းပင် နောက်တစ်နှစ်တွင် ၁၇၆၂ တုန်လှုပ်သည့်ငလျင်ကြီးသည် ရခိုင် သမိုင်း၌ အပြင်ထန်ဆုံး ငလျင်ပင်ဖြစ်တော့သည်။ ငလျင်နှင့်အတူ ဒီရေကြီးများတက်ခဲ့သဖြင့် ဆန်စပါး၊ ထုတ်လုပ်မှုကို ထိခိုက်သွားသည်သာမက နောက်ဆက်တွဲကံကြမ္မာဆိုးများက ကပ်၍ လိုက်လာပြန်သည်။

၁၈ ရာစု နောက်ပိုင်းကာလများသည် မြောက်ဦးခေတ်၏ အနိဋ္ဌာရုံကာလများပင် ဖြစ်သည်။ နန်းလုမှု၊ ပုန်ကန်မှု၊ ပြည်ပမှ ထိပါးမှု၊ စီးပွားရေးကျဆင်းမှု၊ မငြိမ်မသက်မှုများကို အကြိမ်ကြိမ် အဖန်ဖန်တွေ့ကြုံလာရသည်။ ၁၇၆၀ ပြည့်နှစ်များတွင် စစ်တကောင်းကို မဂိုလက်မှ ရယူထားသည့် အင်္ဂလိပ်နှင့်ရခိုင်တို့၏ ဆက်ဆံရေးမှာ တင်းမာနေခဲ့သည်။ ရခိုင်သည် အင်္ဂလိပ်ပိုင် ဘင်္ဂလားဒေသ တွင်းသို့ ဝင်ရောက်၍ ကျွန်များကိုဖမ်းဆီးနေသည်ဟု အကြောင်းပြကာ ရခိုင်ကိုအင်္ဂလိပ်က လာ တိုက်ရန် စီစဉ်ခဲ့သော်လည်း လာမတိုက်ဖြစ်ပေ။ ဓားပိုင်ကြီးမှ ဘုရင်ဖြစ်လာသူ စန္ဒသုမနရာဇာ ၁၇၇၄-၁၇၇၇ သည် ရခိုင်တွင်ရှိနေသော ကျွန်စနစ်တစ်ရပ်လုံးကို ဖျက်သိမ်းခဲ့သည်။ ထို့ကြောင့် ကျွန်လုပ်အားကို မှီခိုခဲ့ရသော ရခိုင်စီးပွားရေးသည် တစ်ဟုန်ထိုးကျဆင်းသွားခဲ့သည်။

နန်းသက် ၅ နှစ်အတွင်း ပုန်ကန်မှု ၂၅ မှုကို ကြုံတွေ့ခဲ့ရသော စန္ဒသတိဿရာဇာ၊ နောင် ဘွဲ့အမည် ဓမ္မရာဇ်ရာဇာ၊ ၁၇၇၇-၁၇၈၂ ကံကုန်သောအခါ အမျူးအမတ်တို့က ရမ်းပြည့်စား လက်ဝဲမြန်သတို့အောင်ကို မင်းမြှောက်ကြသဖြင့် မဟာသမ္မတအမည်ကို ခံယူလေသည်။ မဟာ သမ္မတရာဇာ ၁၇၈၂-၁၇၈၅ သည် မြောက်ဦးထီးနန်း၏ နောက်ဆုံးမင်းပင်ဖြစ်သည်။ ဤမင်း နန်းတက်၍ ၂ နှစ် အတွင်းတွင် ပြည်တွင်းဆူပူမှုများ ငြိမ်သက်အောင် ဆောင်ရွက်နိုင် ခဲ့သည်။ သို့ရာတွင် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော ရေကြီးခြင်းက ရခိုင်ပြည်၏ စပါးကျီ ဖြစ်သည့် ကုလားတန်မြစ်ဝှမ်းဒေသကို ပျက်စီးဆုံးရှုံးစေခဲ့သည့် အတွက်ကြောင့် စီးပွားရေးချုံးချုံးကျကာ

http://www.dhammadownload.com



အစာရေစာ ရှားပါးမှုဖြစ်လာပြီး ကပ်သုံးပါးဆိုက်၍ တိုင်းပြည်အဝှမ်းမငြိမ်မသက် ဆူပူမှုများဖြင့် ကြုံတွေ့နေရသည်ကို အခွင့်ကောင်းယူကာ ၅ လ ကြာသောအခါ မြန်မာအမရပူရတပ်တို့ ချီတက်လာတော့သည်။ ရခိုင်တို့သည် အကွဲကွဲအပြားပြား ခုခံကြပြီးနောက် ၄၅ ရက် ကြာသောအခါ ၁၇၈၅ ခု ဇန်နဝါရီ ၁ ရက်နေ့တွင် မြောက်ဦးမြို့တော်ကျလေသည်။ နောက် ၉ ရက် ကြာသောအခါ ရခိုင်ဘုရင်ကို ဖမ်းမိသွားကြသည်။ ထိုအချိန်ကစ၍ မြောက်ဦးနန်းဆက်လည်း ပြတ်လေသည်။ ၁၇၈၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် ရခိုင်တို့၏ အထွတ်အမြတ် ကိုးကွယ်ရာ ဖြစ်သော မဟာမုနိ ဆင်းတုတော်ကြီးနှင့် ညီတော်ဆင်းတုတော်များကို တောင်ကုတ်လမ်းမှတဆင့် အမရပူရသို့ ပင့်ဆောင်သွားခဲ့လေသည်။

အထက်တွင်မြင်တွေ့ခဲ့ရသည့်အတိုင်း ၁၈ ရာစု နှောင်းပိုင်းအချိန်အခါသည် ရခိုင်တို့၏ ကံဆိုးမိုးမှောင်ကျလာသော ကျဆုံးချိန်ဖြစ်ပေသည်။

ဤကျဆုံးချိန်မတိုင်မီ ၁၆ နှင့် ၁၇ ရာစု အချိန်များသည် ရခိုင်တို့၏ ရွှေရောင်လွှမ်းမိုးသော အချိန် ဖြစ်ခဲ့သည်။ ကာကွယ်ရေး၊ စီးပွားရေး၊ ကုးသန်းရောင်းဝယ်ရေး၊ ယဉ်ကျေးမှုစသည်တို့မှာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ထိုသို့သော မြောက်ဦးခေတ် ကောင်းစားချိန်အခါတွင် မြောက်ဦးမြို့သည် အပြည်ပြည်ဆိုင်ရာ မြို့ကြီးတမျှစည်ကားခဲ့သည်။ Cosmopolitan City ဟုပင် ခေါ်ဆိုထိုက်လောက်အောင် ကမ္ဘာ့အရှေ့ခြမ်း၊ အလယ်ခြမ်း၊ အနောက်ခြမ်းမှ လူမျိုးပေါင်းစုံတို့ သည် မြောက်ဦးမြို့နှင့် ဆက်သွယ်ခဲ့ကြသည်။ ပါရှင်၊ အာရပ်၊ မဂို၊ ပေါ် တူဂီ၊ ပြင်သစ်၊ ဒတ်ချ်၊ အင်္ဂလိပ်၊ ယိုးဒယား၊ တရုတ်၊ ဂျပန်၊ အင်းဝ၊ ဟံသာဝတီ၊ ပဲခူး စသည်တို့မှ ကမ္ဘာ့လူမျိုးပေါင်းစုံတို့ သည် မြောက်ဦးသို့ တစ်နည်းမဟုတ်တစ်နည်းဖြင့် ရောက်ဖူးခဲ့ကြသည်။ မြောက်ဦးမြို့ ကြီးကျယ်ခမ်းနားပုံကို မြင်တွေ့ခဲ့ရသည့်အတိုင်းသူ ငင်းတို့၏ ခရီးသွားမှတ်တမ်းများတွင် တင်စား၍ မှတ်ချက်ပြု ကြသည်။ အရေးတယူ ဂရုတစိုက်မှတ်တမ်းတင်ခဲ့ကြသည်။ ထိုသို့ မှတ်တမ်းတင်ချက်များကို Maurice Collis ကဲ့သို့သော အင်္ဂလိပ်လူမျိုး စာရေးဆရာတို့ကလည်း ဝတ္ထုဆန်ဆန် ပြန်လည်ရေး သား၍ ထပ်ဆင့် မှတ်တမ်းတင်ကြသည်ကိုလည်း တွေ့ရလေသည်။

http://www.dhammadownload.com



# အခန်း (၂)

# ရခိုင်ပြည်နယ်ပြည်သူကောင်စီက ပြုစုထားသော ရခိုင်သမိုင်း

## ဓညဝတီခေတ်

### ရခိုင်ကျောက်ခေတ်

ရခိုင်ဒေသတွင် ကျောက်ကြမ်းခေတ် ရှိမရှိကို မသိရသေးသော်လည်း ကျောက်လယ်ခေတ်နှင့် ကျောက်ချောခေတ်ယဉ်ကျေးမှုရှိခဲ့ကြောင်းကိုမူ အထောက်အထားများအရသိရသည်။ ကျောက် လယ်ခေတ်နှင့် ကျောက်ချောခေတ်ပစ္စည်းများကို ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း နေရာ အနှံ့အပြား တွေ့ရှိရသည်။ မြေပြင်တွင်သာမက လယ်သမားများ လယ်ထွန် မြေဆွပြုရာမှလည်း တူးဖော်ရရှိတတ်ကြသည်။ ၎င်းကို မိုးကြိုးပေါက်ဆိန်ဟု ခေါ်ကြသည်။ (အခန်း ၁၀ ရှေးဟောင်း မှတ်တမ်းဓာတ်ပုံများကိုရှုပါ)

ရခိုင်ပြည်တောတောင်တို့တွင် ရှေးဟောင်းဂူများရှိသည်ဟု သိရသည်။ အထူးသဖြင့် ပုဏ္ဏားကျွန်းမြို့နယ်၊ ဘဲငါးရာတောင်တန်း၊ ယိုးချောင်း၌ ယက်သဲ့ချောင်းတောင်နှင့် တောင်ကုတ် မြို့နယ် ဆားပြင်ဒေသ၊ ကမာချောင်းဖျား ရိုးမတောင်စွယ်ရှိ ဂူတောင်တို့တွင် ရှေးဟောင်းဂူများရှိသည်။ သို့သော် ရှေးဟောင်းသုတေသီများက သွားရောက်ရှာဖွေဖော်ထုတ်ခြင်း မရှိသေးပေ။

### ရှေးဦးရခိုင်များ

ရခိုင်တို့၏ သမိုင်းဦးခေတ်သည် အခြားလူမျိုးများကဲ့သို့ပင် ဒဏ္ဍာရီပုံပြင်များနှင့် ရောနှောလျက် ရှိပေသည်။ ရခိုင်ရှေးဦးသမိုင်းကျမ်းများအရဆိုလျှင် ရခိုင်တို့သည် ခရစ်တော်မပေါ်မီ နှစ်ပေါင်းများစွာကပင် စတင်ထွန်းကားခဲ့သည်။ ရခိုင်နယ်မြေသို့ နောက်ထပ်ဝင်ရောက်လာသူ များမှာ အိန္ဒိယပြည်မှ အုပ်စုနှစ်စု ဖြစ်သည်။ ထိုအုပ်စုနှစ်စုတို့မှာလည်း ဆွေမျိုးများပင် ဖြစ်ကြဟန် တူပေသည်။ ပထမအုပ်စုသည် ဝေသာလီအရပ်တွင်လည်းကောင်း၊ ဝါသုဒေဝညီနောင်တစ်ကျိပ် ခေါင်း

http://www.dhammadownload.com



ဆောင်သော ကျန်တစ်စုသည် ဒွါရာဝတီအရပ်တွင်လည်းကောင်း အခြေချနေထိုင်ခဲ့ကြသည်။ ထို့နောက် ဒွါရာဝတီအရပ်တွင် အခြေချနေထိုင်သူတို့သည် အချင်းချင်းခိုက်ရန်ဖြစ်ပွားပြီး ဒွါရာဝတီ ပျက်သုန်းသွားခဲ့သည်။ ကြွင်းကျန်သောသူအချို့မှာ မြောက်ပိုင်းအရပ်ရှိ ဝေသာလီနှင့် ပူးပေါင်းသွားလေသည်။ ဝေသာလီသည် ဘီစီ ၃၃၂၅ အထိ ဆက်လက်တည်ရှိခဲ့သည်ဟု ရခိုင်သမိုင်းမှတ်တမ်းများက တင်ပြကြသည်။ အချို့သုတေသီများက ဘီစီ ၃၃၄၁ ဟု ဆိုကြသည်။

ရခိုင်ရှေးဦးလူတို့ ဝင်ရောက်လာသောအခါ ရခိုင်ပြည်၌ လူမျိုးတစ်မျိုးရှိပြီး ဖြစ်သည်။ အိန္ဒိယ အရှေ့မြောက်ပိုင်းတွင် မူလရှိနေသူတို့ကို ရက္ခသျှ ဟုခေါ်သည်။ ရခိုင်ရာဇဝင်များ၌ ထိုမူလရှိနေ သူများကို ရက္ခိုသ်ဟူ၍လည်းကောင်း၊ ရက္ခိုက်ဟူ၍လည်းကောင်း ခေါ်သည်ဟု အချို့က ယူဆ ကြသည်။

ကမ္ဘာ့လူမျိုးကြီးများ ပျံ့နှံ့ရာတွင် ရခိုင်ဒေသသို့ လူဖြူခေါ် ကော့ကေးဆပ်လူမျိုးနွယ်စုများ ရောက်ရှိဖြတ်ကျော်သွားဟန်ရှိသည်။ ကော့ကေးဆပ်လူမျိုးနွယ်စုသည် အိန္ဒိယနှင့် အရှေ့တောင် အာရှ တစ်ခုလုံးသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြသည်။ မွန်ဂိုလွိုက်အနွယ်များသည်လည်း အိန္ဒိယပြည် အရှေ့မြောက်ဒေသမှတစ်ဆင့် ရခိုင်ဒေသသို့ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်နေထိုင်ခဲ့ကြသည်။ အိန္ဒိယရှိ အာရိယန်များသည်လည်း ဝင်ရောက်နေထိုင်ခဲ့ကြသည်။

ရခိုင်သမိုင်းဦးခေတ်နှင့် ပတ်သက်၍ သုတေသီများက ကွင်းဆင်းသုတေသနပြုခြင်း မရှိသေးပေ။ ထို့ကြောင့် ရခိုင်သမိုင်းအစကို ဖော်ပြရာတွင် သမိုင်းမှတ်တမ်းများကို အခြေခံ၍သာ တင်ပြ နေရပေသည်။

## ဓညဝတီခေတ် (ဘီစီ ၃၃၂၅ အေဒီ ၃၂၇)

ရခိုင်အစဓညဝတီကဟု ရခိုင်တို့တွင် ဆိုရိုးစကားရှိသည်။ ဓညဝတီမင်းဆက် စတင် တည် ထောင်သည်မှစ၍ ရခိုင်ယဉ်ကျေးမှုကို စတင်ပျိုးထောင်လာကြသည်ဟု ယူဆကြသည်။ ရခိုင် သ မိုင်းမှတ်တမ်းများအရ ဓညဝတီခေတ်သည် ဘီစီ ၃၃၂၅ မှ အေဒီ ၃၂၇ အထိ ရှည်ကြာ ခဲ့သည်။ ဤခေတ်၏ ရုပ်ကြွင်းအဖြစ် ဓညဝတီမြို့တော်ဟောင်းသည် ယနေ့တိုင် ထင်ရှားရှိနေ သေးသည်။ သို့သော် သုတေသနပြုခြင်း မရှိသေးသဖြင့် ယင်းခေတ်၏ လူနေမှု အခြေအနေကို

http://www.dhammadownload.com



ရခိုင်သမိုင်းမှတ်တမ်းများမှတစ်ဆင့်သာ သိရှိနေရပေသည်။

## ဓညဝတီမြို့တော်ကို တည်ထောင်ခြင်း

ဝါသုဒေဝညီနောင်တစ်ကျိပ်တို့ တည်ထောင်သော ဒွါရာဝတီ(သံတွဲ)သည် ပျက်သုဉ်းသွားပြီးနောက် ကုလတန်မြစ်ဝှမ်းရှိ ဝေသာလီမြို့သည် အင်အားကောင်းလာခဲ့သည်။ ဗြဟ္မဏမင်းဆက်ကို တည်ထောင်ပြီး စည်ပင်ဝပြောလာလေသည်။ ထိုအချိန်တွင် မြို့လူမျိုးနှင့် သက်လူမျိုးတို့သည် ကုလားတန်မြစ်ညာတွင် အခြေချလျက် ရှိလေသည်။

အခါတစ်ပါး အိန္ဒိယပြည်ကပိလဝတ်ဒေသမှ သတ္တုအနွယ်ဝင် အဌနမင်းကြီးသည် လူ့ဘောင်ကို ငြီးငွေ့ပြီးရသေ့ရဟန်းပြုလေသည်။ ရှင်ရသေ့သည် တောတောင်ခိုမှီး၍ အရှေ့ဘက်သို့ ထွက်ခွာလာရာ ကုလားတန်မြစ်ဖျားသို့ ရောက်လေသည်။ ရှင်ရသေ့သည် သက်လူမျိုးတို့၏ ဒေသသို့ရောက်လာလေရာ သက်မင်းကြီး၏သမီးတော်ကန္တမာယုနှင့် ချစ်ကျွမ်းဝင်ပြီး သားတစ်ယောက် ထွန်းကားလေသည်။ ရှင်ရသေ့၏သား မာရယုသည် လေးအတတ်၊ သံလျက် အတတ်နှင့် လှံအတတ်တို့ကို ကျွမ်းကျင်တတ်မြောက်လာပြီးနောက် မြို့သင်းကြီး ငအောင်လာ၏ သမီး မဘီနှင့် ထိမ်းမြား၍ မြို့လူမျိုးတို့၏ ခေါင်းဆောင်တစ်ဦးအဖြစ် တင်မြှောက်ခံရလေသည်။

ထိုအချိန် ဘီစီ ၃၃၃၇တွင် အကြွေအရပ်ရှိ ဝေသာလီသည် မတည်မငြိမ် ဖြစ်လာသည်။ ဖြစ်ရခြင်းမှာ ရက္ခိုက်ဟုခေါ်သော မျိုးနွယ်စုတို့သည် ကျောက်တော်တောင်(သေလာဂီရိ) ပတ်ဝန်းကျင်ကို ခြေကုတ်ယူလျက် ဝေသာလီကို နှောင့်ယှက်သောကြောင့် ဖြစ်လေသည်။ မကြာမီ ဝေသာလီမင်းကြီး ဗြဟ္မသိဒ္ဓိသည် ရက္ခိုက်တို့၏ သတ်ဖြတ်ခြင်းကို ခံရလေသည်။ ရက္ခိုက်တို့လည်း တိုင်းပြည်ကို အကြိမ်ကြိမ် ဖျက်ဆီးလေတော့သည်။ ဤအချိန်တွင် မာရယုသည် အလုံးအရင်းနှင့် ဆင်းလာပြီး ဝေသာလီကို ကယ်တင်ခဲ့လေသည်။ ထို့ကြောင့် ဘီစီ ၃၃၂၅ တွင် ရက္ခိုက်တို့၏ ဆူပူသောင်းကျန်းမှုသည် ချုပ်ငြိမ်းသွားလေသည်။ မာရယုလည်း ဘုရင်အဖြစ် တင်မြှောက်ခံရပြီးနောက် ဝေသာလီကိုစွန့်ခွာ၍ ဓညဝတီမြို့ကို တည်ထောင်လေသည်။

## သမိုင်းစဉ်

မာရယုမင်းကြီးသည် ဓညဝတီမြို့တော်ကို လုံခြုံရေးအတွက် စနစ်တကျ တည်ထောင်လေ

http://www.dhammadownload.com



သည်။ ယင်းမင်းလွန်လျှင် သား မာရဇေတုက နန်းဆက်ခံသည်။ မာရယုမင်းဆက်ကို ဘီစီ ၁၀၂၀ တွင် ဘဏ္ဍာစိုးအမတ် ဆေတ်အိုက ပုန်ကန်ပြီးနန်းလုလေသည်။ မင်းဆွေမင်းမျိုးတို့သည် နန်းလု မင်းအား ဖြုတ်မချနိုင်ခဲ့ကြပေ။ ၄င်းလွန်ပြီးမှသာ ဘီစီ ၉၉၉တွင် မာရယုမင်းဆက် ပြန်လည်နန်းရလာသည်။ ၁၇ ဆက်မြောက် ဂုတ္တစန္ဒရားလက်ထက် ဘီစီ ၂၇၁၉တွင် မြို့အမတ် ၃ဦးတို့၏ သတ်ဖြတ်နန်းလုမှုကို ခံရလေသည်။ မြို့အမတ်အချင်းချင်း မသင့်မမြတ်ဖြစ်လာပြီး တစ်နှစ်သာ ခံလေသည်။ ထို့နောက် နန်းရိုးမင်းများ တက်လာသည်။ ဆက်ခံသောမင်းများမှာ သာမန်မျှသာ ဖြစ်သည်။ ဘီစီ ၁၅၁၅တွင် နန်းတက်သော မင်းငယ်ပျော်လှစည်သူသည် အရည်အချင်းအလွန်ညံ့သည်။ ၄င်းနန်းသက် ၆နှစ်တွင် မြို့တော်ကို ကံသုံးဆင့်သို့ ရွှေ့လေသည်။ ထိုစဉ် အမတ် ၃ဦးက ပုန် ကန်နန်းလုကြသည်။ မင်းဆွေမင်းမျိုးတို့မှာ နီလာပန်းတောင်းသို့ တိမ်းရှောင်သွားရလေသည်။ ဤတွင် မာရယုမင်းဆက်ပြတ်လေသည်။

ထိုအချိန်တွင် ကမ္ဘောဇခေါင်းဆောင်သော အုပ်စုတစ်စုသည် ရခိုင်ပြည်မြောက်ပိုင်းသို့ ဝင်ရောက်လာသည်။ ၄င်းတို့သည် ယခုပလက်ဝမြို့ အရှေ့ဘက်ရှိ ကျောက်ပန်းတောင်းအရပ်တွင် အခြေစိုက်လျက် ရှိသည်။

မကြာမီ နီလာပန်းတောင်းအရပ်သားတို့သည် ကျောက်ပန်းတောင်းမြို့နှင့် ပူးပေါင်း သွားလေသည်။ အင်အားကောင်းလာသော ကမ္ဘောဇသည် အလုံးအရင်းနှင့် ဘီစီ ၁၄၈၃ တွင် အောက်ပိုင်းသို့ ဆင်းလာခဲ့ပြီးနောက် ဒုတိယဓညဝတီမြို့ကို ထူထောင်၍ မင်းဆက်သစ်ကို စတင်လေသည်။ ၄င်းနောက်ဆက်ခံသောမင်းတို့မှာ အုပ်ချုပ်ရေးကောင်းကြဟန်ရှိသည်။ နန်းလုမှုများ တစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့ပေ။

ဘီစီ ၅၈၀တွင် နန်းတက်သော စန္ဒသူရိယမင်းသည် တတိယဓညဝတီကို တည်ထောင်၍ မြို့တော်ကို တောင့်တင်းခိုင်မာအောင် ပြုလုပ်ပြီး သူရိယမင်းဆက်ကို တည်ထောင်လေသည်။ ဓညဝတီမြို့သည် အေဒီ ၃၂၇ ထိ မြို့တော်အဖြစ် ဆက်လက်တည်ရှိခဲ့သည်။

## အုပ်ချုပ်ရေး

ဓညဝတီခေတ်အုပ်ချုပ်ရေးမှာ ပုံစံတစ်မျိုးတည်းသာလျှင် ဖြစ်ဟန်တူသည်။ မင်းအဆက်

http://www.dhammadownload.com



ဆက် လက်ဆင့်ကမ်းအုပ်ချုပ်လာခဲ့သော်လည်း မူလပုံစံပျောက်ကွယ်သွားသည်အထိ ပြောင်းလဲဟန် မတူပေ။ အစဉ်အလာရိုးရာအတိုင်း အုပ်ချုပ်သည့်ပုံစံဟု ယူဆရသည်။ အမတ်များ ခန့်ထားသည်ကို တွေ့ရှိရသဖြင့် ရှင်ဘုရင်သဘောတစ်ခုတည်းဖြင့် သက်ဦးဆံပိုင်ဆန်ဆန် အုပ်ချုပ်ခဲ့ဟန် မတူပေ။ ဓညဝတီပထမခေတ်တွင်အမတ်များ နန်းလုမှု ၃ ကြိမ်ပေါ်ပေါက်ခဲ့သည်မှာ အုပ်ချုပ်ရေး ညံ့ဖျင်းလာခြင်း၊ အမတ်များ အခွင့်အာဏာ ကြီးထွားလာခြင်းတို့ကြောင့် ဖြစ်ဟန်တူပေသည်။ ဓညဝတီ ဒုတိယနှင့် တတိယခေတ်တို့တွင် နန်းလုမှုများကို လုံးဝမတွေ့ရပေ။ တိုင်းပြည်အုပ်ချုပ်ရေးမှာ အသားကျလာဟန် ရှိသည်။

ဓညဝတီခေတ်တစ်ခုလုံး အုပ်ချုပ်ရေးသည် ငြိမ်းချမ်းရေးနှင့် မကျူးကျော်ရေးဝါဒကို အခြေခံဟန် ရှိသည်။ အင်အားတောင့်တင်းသည့်မင်းများ ပေါ်ထွန်းခဲ့သော်လည်း နယ်ပယ်သစ် ထပ်မံချဲ့ထွင်ခြင်း မရှိခဲ့ချေ။ ပြည်သူတို့သည် စစ်မက်ကို နှစ်သက်ဟန်မတူပေ။ ဘီစီ ၁၀၀၄တွင် နန်းတက်သော သုဝဏ္ဏကုမ္ဘာသည် စစ်မက်အလွန်ကြူးသဖြင့် ပြည်သူတို့က မနှစ်သက်ခဲ့ကြပေ။

ဘီစီ ၁၅၉၉ တွင် နန်းတက်သော မင်းနံလှသည် ဆင်စီးခြင်း၊ မြင်းစီးခြင်းအတတ်၌ လိမ်မာတော်မူကြောင်းဆိုသည်။ ယင်းကာလကပင် ရခိုင်တို့သည် ဆင်နှင့်မြင်းကို စစ်အတွက် အသုံးပြုဟန်ရှိသည်။ ဘီစီ ၁၁၁၄ တွင် နန်းတက်သော နီလဂုဏ်သည် ဆင်အတတ်ကို အလွန် တတ်လှသည်။ ယင်းမင်းလက်ထက် ဆင်လည်း ရှေးမင်းတို့ထက် အလွန်များပြားသည်ဟု ရခိုင် သမိုင်းက ဖော်ပြထားသည်။

ကမ္ဘောဇကို ဆက်ခံသောသားသီဟရာဇာလက်ထက်တွင် အခွန်အကောက်ကို လျှော့ပေါ့ကောက်ခံပြီး တိုင်းပြည်ကို စည်းလုံးခဲ့လေသည်။ အဆိုးဆုံးမင်းမှာ ဘီစီ ၄၂၈တွင် နန်းတက်သည့် သူရိယရူပ ဖြစ်သည်။ တရားဓမ္မမရှိ အုပ်ချုပ်သဖြင့် တိုင်းပြည်မှာ အဘက်ဘက်က ဆုတ်ယုတ်ခဲ့သည်။ တိုင်းပြည်ကို အမတ်များနှင့် ညှိနှိုင်းအုပ်ချုပ်ခြင်းသည် ဓညဝတီတတိယခေတ်တွင် များပြားဟန်ရှိသည်။ ရခိုင်ပြည်သို့ ဗုဒ္ဓရှင်တော် ကြွမြန်းလာပြီးနောက် ရခိုင်ပြည်၏ အုပ်ချုပ်ရေးသည် ယခင်ကထက် ပိုကောင်းလာခြင်း ဖြစ်ပေသည်။

## ဗုဒ္ဓရှင်တော် ကြွရောက်လာခြင်း

တတိယဓညဝတီတည် စန္ဒာသူရိယမင်းလက်ထက် ဘီစီ ၅၅၄ တွင် ဗုဒ္ဓရှင်တော်သည် ရ

http://www.dhammadownload.com



ခိုင်ပြည်သို့ကြွရောက်ခဲ့ကြောင်း ရခိုင်ရာဇဝင်တို့က ဖော်ပြထားသည်။ ဗုဒ္ဓရှင်တော် ကြွရောက်လာကြောင်းကို တောင်ပေါက်ကြီးကျောက်စာတွင် ဗြဟ္မီအက္ခရာပါဠိဘာသာဖြင့် ရေးထိုးထားခဲ့သည်ဟုဆိုသည်။ ဝေသာလီခေတ် အေဒီ ၅၀၀ခန့်တွင် ထွင်းထုသောကျောက်ဆစ်လက်ရာ တစ်ခုတွင်လည်း ဗုဒ္ဓရှင်တော်က စန္ဒသူရိယမင်းအား တရားဟောဟန် ထွင်းထုထားပုံကို တွေ့ကြရသည်။

ဗုဒ္ဓရှင်တော်သည် သေလာဂီရိ ကျောက်တော်တောင်ပေါ် မှနေ၍ ရခိုင်ပြည်တွင် ပေါ် ထွက်လာမည့် ဓာတ်တော်စေတီတော်တို့ကို ဗျာဒိတ်ပေးခဲ့ကြောင်းနှင့် စန္ဒသူရိယမင်းကြီးက ဗုဒ္ဓရှင်တော်ကိုယ်စား မဟာမြတ်မုနိရှင်တော် သွန်းလုပ်သည်ကိုလည်း ဗုဒ္ဓရှင်တော်ကိုယ်တိုင် ရှုစားခဲ့သည်ဟုအဆိုရှိသည်။ ရခိုင်တို့သွန်းလုပ်သော ဉာဏ်တော် ၁၂ ပေ ၇ လက်မရှိသော မဟာမြတ်မုနိ ရုပ်ရှင်တော်ကို ယခုမန္တလေးမြို့သို့ အေဒီ ၁၇၈၅ ခုနှစ်က ပင့်ဆောင်သွားခဲ့သည်။

ဗုဒ္ဓရှင်တော်၏ အဆုံးအမကို မင်းနှင့်ပြည်သူအားလုံးက လက်ခံကျင့်သုံးကြသဖြင့် ထိုအချိန်ကစ၍ ဗုဒ္ဓဘာသာထွန်းကားခဲ့သည်ဟု မှတ်ယူရသည်။ ရခိုင်တို့သည် ဗုဒ္ဓလက်ထက်ကပင် ဗုဒ္ဓဘာသာဝင် ဖြစ်လေသည်ကို များစွာဂုဏ်ယူကြသည်။

## စီးပွားရေး၊ လူမှုရေး

ဓညဝတီခေတ်စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ ဓညဝတီဟူသောအမည်ကပင် ဆန်ရေစပါး ပေါများခြင်းဟု အဓိပ္ပါယ်ရသည်။ စီးပွားရေးကောင်းခဲ့သဖြင့် မြို့ရွာများထွန်းပေါ် မှုကို ထောက်ရှုက ယင်းခေတ်လူနေမှုဘဝသည် အတော်အတန်အဆင့်မြင့်ပေမည်။ နိုင်ငံရပ်ခြားနှင့်လည်း ကူးသန်းရောင်းဝယ်မှု ရှိနေပေမည်။ ယခု ဖရုံကာကျွန်းတွင် ဓညဝတီခေတ်က ဘရုကစ္ဆကမည်သော သင်္ဘောဆိပ်ကြီးတစ်ခုရှိခဲ့သည်ဟု အဆိုရှိသည်။

အေဒီ ၁ ရာစုနှင့် ၂ရာစုက ရခိုင်ဓညဝတီနိုင်ငံကမ်းခြေမှ ဖြတ်သွားခဲ့သော အနောက်နိုင်ငံသားနှစ်ဦးက ဤသို့မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ အေဒီ ၁ ရာစုခန့်တွင် ပွန်အိုနီယတ်မေလဆိုသူက ဂင်္ဂါမြစ်အလွန်တွင်ရှိသော ခရိုင်စေနှင့် အာဂျရေကျွန်းတို့အနီးရှိ ကမ်းများပေါ် တွင်လူမည်းများ နေထိုင်ကြသည်ဟုဆိုသည်။ အေဒီ ၁၅၀ခန့်က ရေးသားခဲ့သည်ဟုဆိုသော တော်လမီ၏ ပထဝီကျမ်းတွင် "ဂင်္ဂါမြစ်၏ အရှေ့တောင်ဘက်သို့သွားသော် ပထမကီရဒီယနှင့် ဇရကုရ

http://www.dhammadownload.com



(စစ်တကောင်း) သင်္ဘောဆိပ်သို့ရောက်၏။ ထို့နောက် အာရ်ဂျရေ(ငွေမြေ)သို့ ရောက်သည်။ ထိုနိုင်ငံ တွင် စင်တြစဒါပေဗုန္ဓနှင့် တေမလမြို့များရှိ၏။ ထိုမြို့များကို လွန်ပြီးနောက် ပင်လယ်အငူ တစ်ခုသို့ ရောက်သည်”ဟု ဖော်ပြထားပါသည်။

အာရ်ဂျရေမှာ ရခိုင်ပြည်ပင်ဖြစ်သည်။ ဤမှတ်တမ်းအရဆိုလျှင် ယင်းခေတ် ရခိုင်နိုင်ငံ၌ ကုန်ကူးသန်းရာ သင်္ဘောဆိပ်များရှိနေပြီဟု အခိုင်အမာမှတ်ယူနိုင်သည်။

## ကိုးကွယ်မှု၊ စာပေ၊ အနုပညာ

ဗုဒ္ဓဘာသာဝင်ရောက်ခြင်း မရှိသေးခင်က ရခိုင်တို့သည် မိရိုးဖလာ ယုံကြည်မှုနှင့် ရိုးရာနတ်ကိုးကွယ်မှုတို့ကိုပြုခဲ့ဟန်တူသည်။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခဲ့ပြီး နောက်တွင် လည်း ဤအယူအဆတို့မှာ ပျောက်ကွယ်သွားဟန် မတူပေ။ ဤခေတ်တွင် ပါဠိဘာသာကို ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုခဲ့ဟန်ရှိသည်။

ဓညဝတီခေတ်၏ အနုပညာလက်ရာတို့ကို ခန့်မှန်းနိုင်ရန် တတိယဓညဝတီမြို့တော် ဟောင်း ၏ ရုပ်ကြွင်းများသည် ယနေ့တိုင်ရှိနေသေးသည်။ သို့သော် ပြည့်ပြည့်စုံစုံကား မဟုတ်တော့ပြီ။ တူးဖော်မှုသုတေသန မလုပ်ကြသေးသဖြင့် မြို့တော်ဟောင်း အနုပညာလက်ရာများမှာ မြေတွင် မြှုပ်နေဆဲဖြစ်သည်။ နန်းတော်၏ဧရိယာသည် ၆၄ ဧကမျှ ကျယ်သည့် အပြင်၊ မြို့ကို၊ မြို့ရိုး၊ တံတိုင်း၊ ကျုံးတို့ဖြင့် ကာရံထားသည်။ မြို့ရိုး၊ နန်းရိုးတို့ကို အုတ်ဖြင့်ပြုလုပ်သည်။ ကျောက်ကို အသုံးပြုမပြုမှာ မသိရသေးချေ။ မြို့တော်ဟောင်း အနီး ပတ်ဝန်းကျင်မှ ရှေးဟောင်းပစ္စည်းများကို ရံဖန်ရံခါ ရတတ်ပေသည်။

ရခိုင်တို့၏သမိုင်းတွင် ဓညဝတီခေတ်ယဉ်ကျေးမှုသည် ရခိုင်ယဉ်ကျေးမှု၏ အခြေခံ အုတ်မြစ်ပင် ဖြစ်သည်။ ဓညဝတီခေတ်၏ ဩဇာသည် ရခိုင်ယဉ်ကျေးမှုအပေါ် များစွာ လွှမ်းမိုးလာ သည်။ ထို့ကြောင့် ရခိုင်ပြည်ကို ခေါ် ရာ၌“ဓညဝတီ ရခိုင်ပြည်”ဟူ၍ ဂုဏ်ပုဒ်တပ် ခေါ် တွင်နေခြင်း ဖြစ်သည်။ ဓညဝတီဟူသည် ဓည = စပါး၊ ဝတီ = ရှိသည်။ ဓညဝတီ = ဆန်ရေစပါးပေါများရာ ဒေသဟုအဓိပ္ပါယ်ရသည်။

http://www.dhammadownload.com



## ဝေသာလီခေတ်

### (အေဒီ ၃၂၇-၈၁၈)

ဓညဝတီခေတ်ကို ဆက်ခံသော ဝေသာလီခေတ်သည် ရခိုင်သမိုင်းတွင် လျှမ်းလျှမ်းတောက် ထွန်းကားခဲ့သည်။ ထွန်းကားသလောက် ယင်းခေတ်၏ ရုပ်ကြွင်းယဉ်ကျေးမှု အမွေအနှစ်များမှာလည်း လွန်စွာပေါ်များသည်။ ထို့ကြောင့် ဤခေတ်၏ ယဉ်ကျေးမှုကို ခိုင်ခိုင်ခန့်ခန့် သိလာကြရပြီ ဖြစ်သည်။

ရခိုင်ဝေသာလီသည် အိန္ဒိယပြည်တွင် ထွန်းကားခဲ့သော လိစ္ဆဝီတို့၏ဝေသာလီနှင့် ယခု အမည်ချင်းတူနေသည်။ ရှေးဟောင်းရခိုင်စာပေများတွင် ဝေသာလိဟူ၍သာ တွေ့ရသည်။ ဝေသာလိ၏ အဓိပ္ပါယ်မှာ ဝေ'အထူးထူးအပြားပြားသော၊ သာလိ'ကောက်ပဲသလဲ ပေါ်များခြင်း၊ ဝေသာလိ 'အထူးထူး အပြားပြားသော ကောက်ပဲသလဲ ပေါ်များသည့်တိုင်းပြည်ဟု ဆိုလိုခြင်း ဖြစ်သည်။

### မြို့တော်ကိုတည်ထောင်ခြင်း

တတိယဓညဝတီနိုင်ငံ၏ နောက်ဆုံးမင်းမှာ တိုင်းစန္ဒြားဖြစ်သည်။ အေဒီ-၃၂၇တွင် နန်းတတ်လေသည်။ နန်းတက်သည့်နှစ်တွင်ပင် မြို့တော်ကို ကန်သုံးဆင့်အရပ်သို့ ရွှေ့သည်။ တဖန် ယင်းမှဆက်၍ ဝေသာလီအရပ်သို့ ရွှေ့ပြောင်းလေသည်။ ဝေသာလီ စည်ပင်ဝပြောချိန်တွင် ကျောက်လှေကားသင်္ဘော ဆိပ်ခံရှိသဖြင့် ယင်းမြို့ကို သမိုင်းဆရာတို့က ဝေသာလီကျောက် လှေခါးမြို့ဟု ကင်ပွန်းတပ်ကြသည်။

တိုင်းစန္ဒြားမင်းကြီးကို ကျောက်စာတွင် "ဒွေင်စန္ဒြား"ဟု တွေ့ရသည်။ မင်းကြီးသည် အမြော်အမြင်ဉာဏ်ပညာရှိပြီး ရခိုင်နိုင်ငံကို တောင့်တင်းခိုင်မာအောင်ပြုသည်။ "ဘုရင်မင်းမြတ်သည် တစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့ကို အောင်မြင်ခဲ့ပြီး၍ အထူးထူးသော မြို့ရိုးတံတိုင်း ကျုံးတို့ဖြင့် တန်ဆာဆင်သောမြို့တော်ကို တည်ဆောက်ခဲ့သည်"ဟု ကျောက်စာတွင် ဖော်ပြထားသည်။ ဤမြို့တော်မှာ "နတ်ပြည်၏ လှပတင့်တယ်ခြင်းကိုပင် ပျက်ရယ်ပြုနိုင်လောက်အောင်

http://www.dhammadownload.com



လှပတင့်တယ် သည်” ဟုဆို သည်။

ဝေသာလီမြို့တော်ကို တောင်ကုန်းနှင့် လွင်ပြင်စပ်စပ်နေရာတွင် တည်ထားသည်။ မြို့ ဧရိယာမှာ (၂. ၇)စတုရန်းမိုင် ရှိသည်။ နန်းတော်အနီးတွင် တစ်ဘက်ပိတ်ဆည်ကြီးဖြင့် တန်ဆာဆင် ထားသည်။ မြို့တော်ပတ်လည်တွင်လည်း လူနေအရပ်များ ဖြင့် ဖွဲ့စည်းထားသည်။ သင်္ဘောဆိပ်ကို အနောက်အရပ် မနီးမဝေးရှိ ရန္ဒနဒီ(ရမ်းမြစ်)တွင် ထားရှိသည်။ မြို့တော်တောင်ဘက်တွင် တောင်များကို အသုံးပြုလျက် တစ်ဘက်ပိတ်ဆည်ကြီးတစ်ခုဖြင့် ကာရံထားသေးသည်။ မြို့တော်ထဲရှိ တောင်တန်းငယ် နှင့် အရှေ့ဝန်းကျင်ရှိ တောင်တန်းကြီးတို့မှာ ရန်သူကိုမြင်နိုင်သော သဘာဝ မျှော်စင်များ ဖြစ်ကြသည်။ ဝေသာလီမြို့တော်သည် ရန်သူရှုတ်တရက် တိုက်ခိုက်အောင်မြင်ရန် ခက်ခဲလောက်အောင် လုံးခြုံရေး ကောင်းမွန်သည်။

## သမိုင်းစဉ်

ရခိုင်သမိုင်းတို့က ဝေသာလီတွင် မင်းကိုးဆက်ပေါ်ခဲ့သည်ဟု ဆိုသည်။ ထိုမင်းတို့သည် ဘုန်း တန်ခိုးကြီးမားကြပြီး လေး၊ သံလျက်၊ လှံအတတ်တို့ကို ကျွမ်းကျင်စွာ တတ်မြောက်ကြသည်။ လက်အောက်နိုင်ငံများဖြင့် ရှိခဲ့သည်ဟု ဖော်ပြကြသည်။ ဝေသာလီသည် လက်နက်နိုင်ငံဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကျောက်စာတွင်လည်း “ဒွေ်ငစန္ဒြား”မင်းသည် တစ်ရာ့တစ်ပါး သော မင်းတို့ကို အောင်နိုင်ခဲ့ကြောင်း ဖော်ပြရှိသည်။ ထိုကြောင့် ဝေသာလီသည် ဧကရာဇ်နိုင်ငံအဆင့် ရှိခဲ့သည်။

ကျောက်စာအထောက်အထားအရ ဒွေ်ငစန္ဒြာမင်းပြီးနောက် ၂၁-မင်း နန်းစံခဲ့သည်။ ဒင်္ဂါး အထောက်အထားအရ ကျောက်စာတွင်ပါသော နောက်ထပ် ၁၀-မင်း ဆက် နန်းစံခဲ့ကြောင်း သိရသည်။ ဒွေ်ငစန္ဒြတည်ထောင်ခဲ့သော ဧကရာဇ်နိုင်ငံတော် ကို ယင်းကိုဆက်ခံသော မင်း၃- ပါးသည် ဆက်လက်ထိန်းသိမ်းခဲ့ဟန် တူသည်။ သို့သော် အေဒီ ၄၃၃ ခုနှစ်မှစ၍ အနှစ်-၂၀တွင် မင်း ၃-ပါး နန်းတက်ခဲ့ရာ ၄င်းတွင်နန်းရိုးမဟုတ်ဟု ယူဆရသော အခြားမင်းတစ်ပါးပါသည်။ ထို့နောက် တက်လာသော ဘူတိစန္ဒြနှင့် နီတိစန္ဒြမင်းကြီးတို့မှာ နိုင်ငံရေးရော လူမှုရေးရာ၌ပါ ကြွယ်ဝကြသည်။ နီတိစန္ဒြမင်းကြီးသည် အုပ်ချုပ်ရေးနိုင်နင်းသောမင်းတစ်ပါးဖြစ်သည်။ ယင်း လက်ထက်တွင် ရခိုင်နိုင်ငံသည် အတော်အတန်တိုးတက်ခဲ့သည်ဟု ဆိုရမည်။ ယင်းနောက် (အေဒီ

http://www.dhammadownload.com



၅၃၂)နှစ်မှ စ၍ ၂၂-နှစ် အုပ်စိုးသော မင်း၃-ပါးမှာ သာမန်မျှသာဖြစ်သည်။ ပြီတီစန္ဒြမင်း (အေဒီ ၅၅၄-၅၅၇)မှာ ရခိုင်နိုင်ငံရေးကို တည်ငြိမ်အောင်လုပ်ခဲ့ရပြီး ၃-နှစ်မျှနှင့်ပင် လွန်လေသည်။ အသတ်ခံရ ဟန်ရှိသည်။ ၎င်းကို ဆက်ခံသော မင်း ၄-ပါးမှာ စန္ဒြသုရိယမင်း၏ ကြီးပမ်းမှုကြောင့် နန်းရိုးအနွယ် များလည်း မဟုတ်ပေ။ နန်းလုမင်းများဟု ယူဆရသည်။ ထို့နောက် စန္ဒြသုရိယမင်း၏ ကြိုးပမ်းမှု ကြောင့် နန်းရိုးအနွယ် တို့သည် အေဒီ-၆၀၆ ခုတွင် ပြန်လည်ဦးမော့ လာခဲ့သည်။ ဤမင်းဆက်တွင် အာနန္ဒစန္ဒြမင်းကြီး၏ စွမ်းဆောင်ချက်တို့မှာ များပြားလှသည်။ ဤမင်းလက်ထက်တွင် ရခိုင်နိုင်ငံ သည် တာမြပတ္တနပြည် (အနောက်ဘင်္ဂလား)နှင့် မဟာမိတ် ဖြစ်ခဲ့သည်။

ဝေသာလီကေရာဇ်နိုင်ငံတော်တွင် ဗဟိုအုပ်ချုပ်ရေး အားနည်းလာလျှင် လက်အောက်ခံနယ်များနှင့် ဆက်ဆံရေးမှာ ပြေပြစ်ဟန်မတူချေ။ သိင်္ဂစန္ဒြမင်း (အေဒီ ၆၆၇-၇၇၃)သည် အိမ်နိမ့်ဘဝတွင် မောက်သူဇာမြို့ ခြားနားသည်ကို နှိမ်နင်းခဲ့ရကြောင်း ရခိုင်သမိုင်းတို့က ဖော်ပြသည်။

## အုပ်ချုပ်ရေး

ဝေသာလီခေတ်၏ နိုင်ငံရေးစနစ်မှာ ဘုရင်စနစ်ဖြစ်သည်။ အုပ်ချုပ်ရာတွင် တရားဓမ္မနှင့် အုပ်ချုပ်ရသည်။ အုပ်ချုပ်ရာ တွင် အမတ်တို့သည် အရေးပါသည်။ စူဠစန္ဒြမင်းကြီး (အေဒီ ၇၃၃-၇၆၉) သည် တိုင်းပြည်ကို ကိုယ်တိုင်လှည့်လည်၍ ကြီးကြပ်အုပ်ချုပ်လေ့ရှိသည်။ အမြော်အမြင်ကြီးသော မင်းတို့က တိုင်းပြည်လုံခြုံရေးအတွက် စစ်တပ်အင်အားကို တောင့်တင်းအောင် ဆောက်ရွက်သည်။ ယင်းခေတ်က ရခိုင်ရေတပ်မတော်အင်အားမှာ အတော်အားကောင်းခဲ့ဟန်တူသည်။ စူဠစန္ဒြားလက်ထက်တွင် ရခိုင်ရေတပ်မတော်၌ လှေထောင်ပေါင်းများစွာရှိသည်ဟု ရခိုင်သမိုင်းတို့က ဖော်ပြသည်။ မြစ်ချောင်းထူပြောသော ရခိုင်ကမ်းခြေကို လုံလုံခြုံခြုံ စောင့်ရှောက်ရန်မှာ ရေတပ်အင်အား ကောင်းခဲ့ရမည်ဖြစ်ပေသည်။

## စီးပွားရေး

ဝေသာလီ၏ အနက်အဓိပ္ပါယ်ကပင် ကုန်သည်တို့ စုပေါင်းနေထိုင်ရာ အရပ်ဟူ၍လည်း အဓိပ္ပါယ်တစ်မျိုးရသည်။ ရခိုင်သမိုင်းတို့က တိုင်းစန္ဒြားမင်းလက်ထက်တွင် သင်္ဘောအစီးတစ်သောင်း ဝေသာလီသို့ လာရောက်၍ကုန်ပြုသည်ဟု ဆိုသည်။ ဝေသာလီခေတ်တစ်လျှောက်တွင် ရတနာမိုး များစွာလည်းရွာသည်ဟု ဆိုသည်။ ၎င်းအချက်တို့က ဝေသာလီတွင် ကုန်ကူးသန်း

http://www.dhammadownload.com



ရောင်းဝယ်မှုကို များစွာအားပေးခြင်းကြောင့် ပြည်သူလူထုမှာ ချမ်းသာကြွယ်ဝကြပုံကို ဆိုလိုဟန်ရှိသည်။

ဝေသာလီသည် ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင် အရေးပါသော ကုန်သွယ်စခန်းတစ်ခု ဖြစ်ခဲ့သည်။ အရှေ့တိုင်း နိုင်ငံများနှင့် အိန္ဒိယပြည်တို့ ကူးသန်းမှုတွင် ဝေသာလီသည် ကြားစခန်း တစ်ခုဖြစ်ခဲ့ဟန်တူသည်။

ဝေသာလီခေတ် ကုန်ကူးသန်းရောင်းဝယ်ရာတွင် ဒင်္ဂါးများကို ခတ်နှိပ်အသုံးပြုခဲ့သည်။ ဒင်္ဂါးများမှ ငွေဒင်္ဂါးတစ်မျိုး တည်းသာ မဟုတ်၊ ရွှေဒင်္ဂါးကိုပါ အသုံးပြုခဲ့ကြသည်။ ဒင်္ဂါးတွင် တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ တစ်မူး၊ တစ်ပဲ ဟူ၍ အရွယ်ငါးမျိုးကို သုံးခဲ့သည်။ အစောဆုံးထုတ်သော ဒင်္ဂါးများ တွင် မင်းတံဆိပ်အက္ခရာမပါချေ။ ဒေဝစန္ဒြားမင်း (အေဒီ ၄၀၁၁-၄၃၃) ဒင်္ဂါးမှစ၍ ထုတ်လုပ်သော အက္ခရာပါငွေဒင်္ဂါးကို အစောဆုံးတွေ့ရသည်။ အက္ခရာပါဒင်္ဂါး(၂၁)မျိုးကို ယနေ့ထိ တွေ့ရပြီဖြစ် သည်။ ဝေသာလီခေတ်ဒင်္ဂါးများကို ရခိုင်ပြည်အနှံ့အပြားတွင် တူးဖော်တွေ့ရှိရသည်။ အချို့ကို ဘင်္ဂလားနယ်ထိ တွေ့ရသည်။ ဤတွေ့ရှိမှုတို့ကို လေ့လာကြည့်က ယင်းခေတ်ဝေသာလီ၏ ကုန်ကူး သန်းရောင်ဝယ်မှု နယ်ပယ် ကျယ်ပြန့်ပုံကို ခန့်မှန်းနိုင်သည်။

အက္ခရာစာပါသော ဒင်္ဂါးများ၏ရင်ဖက်၌ မင်းဆက်၏တံဆိပ်တော်ဖြစ်သော နွားလား ဥသဘ နှင့် ယင်း၏အထက်၌ ထုတ်လုပ်သော မင်းအမည်ပါရှိ၏။ အသုံးပြုသော အက္ခရာများမှာ ဗြဟ္မီပွား အက္ခရာများဖြစ်သည်။ ကျောဘက်တွင် ကနဦးဒင်္ဂါးများတွင် ပါရှိသည့် မင်္ဂလာနှင့်ပြည့်စုံ သော သရုပ်ဖော်ပုံများပင် ပါရှိလေသည်။

ပြည်တွင်းဆက်သွယ်မှုလွယ်ကူစေရန် လမ်းများဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက် ခြင်းများရှိခဲ့သည်။

## ယဉ်ကျေးမှု

သုတေသီတို့လက်ဝယ်ရရှိထားသော ရှေးဟောင်းပစ္စည်းများကို ဆန်းစစ်လေ့လာခြင်းဖြင့် ရခိုင်ဝေသာလီခေတ် ယဉ်ကျေးမှုသည် အဆင့်အတန်းမြင့်ခဲ့ကြောင်း တွေ့ရသည်။

ဝေသာလီခေတ်ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာကို အခြေခံသောယဉ်ကျေးမှုဖြစ်သည်။ ယင်း ခေတ်တွင် အထင်ရှားဆုံးသောဂါထာမှာ "ယေဓမ္မာဂါထာ" ဖြစ်သည်။ ဤဂါထာသည် မြတ်စွာ ဘုရား၏ တရားအဆီအနှစ်ဖြစ်သည့် သစ္စာလေးပါးတရားတော် ဖြစ်သည်။ မြတ်စွာဘုရားအား

http://www.dhammadownload.com



မဟာသမဏဟူ၍ ကင်ပွန်းတပ်ခဲ့ကြသည်။ ထို့ကြောင့် ထိုခေတ်ဗုဒ္ဓဘာသာကို ထေရဝါဒ ဗုဒ္ဓဘာသာဟု ဆိုအပ်သည်။ ခေတ်နှောင်းမဟာယာန မဟုတ်ပေ။

ဝေသာလီတွင် ဟိန္ဒူကိုးကွယ်မှုဆိုင်ရာ နတ်ရုပ်အကျိုးအပဲ့အချို့ကို တွေ့ရသည်။ သို့သော် ဗုဒ္ဓဘာသာယဉ်ကျေးမှု ပစ္စည်းများလောက် မများပေ။ ဝေသာလီသားတို့သည် ဟိန္ဒူဘာသာကို ကိုးကွယ်ခြင်းကို သည်းခံခွင့်လွှတ်မှုရှိခဲ့သည်။ အာနန္ဒာစန္ဒြားမင်းကြီးသည် ဗုဒ္ဓဘာသာဝင် ဥပါသကာတစ်ဦးပင် ဖြစ်သော်လည်း ဗြာဟ္မဏ(ဟိန္ဒူ) ကိုးကွယ်မှုကို အားပေးခွင့်ပြုသည့်အနေဖြင့် ကျောင်းဆောက်ပေးခဲ့သည်။ နတ်ကွန်းများကို ပြုပြင်ပေးတော်မူခဲ့သည်။

ဗုဒ္ဓဘာသာကို လွန်စွာကိုင်းရှိုင်းသည့် ဝေသာလီဘုရင်များအနက် အာနန္ဒစန္ဒြားမင်းကြီးသည် ထင်ရှားသည်။ ၎င်းသည် မိမိပိုင်ဥစ္စာပစ္စည်းများနှင့် အလှူအတန်းလုပ်ခဲ့သည်။ တိုင်းပြည်ပိုင် ပစ္စည်းများဖြင့်လည်း ရေတွင်း၊ ရေကန်၊ ကျောင်း၊ လမ်း၊ စေတီ၊ ရုပ် တု များစွာတို့ကို ပြုလုပ်ပေးခဲ့သည်။ ၎င်းသည် “အလှူပေးခြင်း၌ ကရဏနတ်မင်း နှင့် တူ၏”ဟု ကျောက်စာက ဖော်ပြသည်။ စင်စစ် အာနန္ဒာစန္ဒြားမင်းကြီးသည် ရခိုင်ပြည်မှအာသောက မင်းကြီးပင်ဖြစ်သည်။

အာနန္ဒစန္ဒြားမင်းကြီးနည်းတူ ဝေသာလီပြည်သူတို့သည်လည်း ဗုဒ္ဓဘာသာကို ကိုင်း ရှိုင်းကြသည်။ ၎င်းတို့သည် စေတီတည်ကြသည်။ ဘုရားဆင်တုများ ထုထွင်း၍ ကိုးကွယ်ကြ သည်။ ဘုန်းကြီးကျောင်းများ ဆောက်ကြသည်။ မြေလှူကြသည်။ မိဘများကို ရည်စူး၍ လည်းကောင်း၊ အခြားသတ္တဝါများကို ရည်စူး၍လည်းကောင်း အမျှပေးဝေကြသည်။ ဆီမီးပူဇော်ခဲ့ကြသည်။

မဟာမုနိရုပ်ထုတော်သည် ဝေသာလီခေတ်တွင် ကိုးကွယ်မှုဆိုင်ရာ၌ အရေးပါဆုံး ဖြစ်သည်။ ဝေသာလီမင်းတို့ သည် သိမ်တော်ကိုလည်းကောင်း၊ ပလ္လင်တော်ကိုလည်းကောင်း၊ ထိန်းသိမ်းပြုပြင်ဆောက်လုပ်ခဲ့ကြသည်။ ယင်းအရပ်တွင် အလှူအတန်းများလည်း ပြုခဲ့ကြ သည်။

http://www.dhammadownload.com



ဝေသာလီခေတ်တွင် အပြစ်ကြီးသူကို သေဒဏ်ပေးခြင်း ရှိသည်။ သို့သော် အာနန္ဒစန္ဒြားမင်းကြီး လက်ထက်တွင်မူ သေဒဏ်ပေးစနစ်ကို မကျင့်သုံးပေ။

## အနုပညာ

ဝေသာလီခေတ် ရခိုင်ပြည်သူတို့သည် ပန်းအတတ် (၁၀)မျိုးလုံးကို တတ်မြောက်ကြ သည်။ အထူးသဖြင့် ကြေးသွန်းအတတ်နှင့် ကျောက်ဆစ်အတတ်တို့ကို နိုင်နင်းသည်။ ဝေသာလီအနုပညာသည် အိန္ဒိယယဉ်ကျေးမှုကို အခြေခံ၍ ဖြစ်ပေါ်လာခဲ့သည်။ လူပုံတို့တွင် အရိုးအဆစ် ရှည်သည်။ နွဲ့နှောင်းသွယ်လျှဟန် ရှိသည်။ အဝတ်ပါးလျားကျမှုကို သရုပ်ဖော်သည်။

ဤခေတ်ဗိသုကာလက်ရာ အဆောက်အအုံတို့မှာ မကျန်သလောက်ပင် ဖြစ်သည်။ ဝေသာလီအရပ်မှ တွေ့ရှိရ သော ပုံတူကြေးစေတီငယ်များကို ထောက်ရှု၍ ယင်းခေတ်သား တို့သည် ဗိသုကာ အဆောက်အအုံပညာတွင် တတ်ကျွမ်းသူများ ဖြစ်ကြောင်း သိနိုင်သည်။ မဟာဗောဓိစေတီပုံတွင် အဝင်ဝ၌တိုင်ခံပြီး ဂူဘုရားဟန် ဆောက်လုပ်ထားသည်ကို တွေ့ရ သည်။

ဝေသာလီကို ၁၉၈၁ခုနှစ် ပထမအကြိမ်တူးဖော်ရာတွင် အဆောက်အအုံရှည်ကြီးတစ်ခုနှင့် ဝေသာလီ နွားရုပ် တင်ပဆုံပိုင်းတစ်ခုကို ရရှိခဲ့သည်။

## ဝေသာလီပျက်သုဉ်းခြင်း

ဝေသာလီတူးဖော်မှုကို အပြည့်အစုံ မလုပ်ရသေးသဖြင့် ဝေသာလီမည်ကဲ့သို့ ပျက်စီးသွားသည်ကို မြေကြီးက သက်သေမခံသေးပေ။ ရခိုင်သမိုင်းအရမူ ဤသို့ဆက်စပ်တွေ့ရသည်။

အေဒီ-၇၆၉တွင် စူဠစန္ဒြားမင်းကြီးသည် ဦးခဲနာဖြစ်သဖြင့် လက်အောက်ခံသင်းတွဲသို့ ရေကြောင်းခရီးဖြင့် ကြွတော်မူသည်။ အပြန်တွင် နဂါးရစ်အငူ၌ လှေတော်ပျက်၍ ကံကုန်လေသည်။ တိုင်းပြည်တွင်လည်း ပြည်တွင်းညီညွတ်မှု လျော့ရဲသွားသဖြင့် အင်အားယုတ်လျော့သွားသည်။ ထိုစဉ် မီးချောင်းဖျားမှ မြို့သားအဖသုံးဦးတို့ ဝေသာလီနန်းကို ရရှိကြလေသည်။ ၎င်းတို့သည်

http://www.dhammadownload.com



စူဠစန္ဒြားမင်း၏ မိဖုရားစန္ဒာဒေဝီကိုပင် မိဖုရားတင်ကြသည်။ နန်းဆက်တရားဝင်စေရန် သဘောဖြစ်သည်။ သို့သော် ထိုသားအဖ(၃)ဦးတို့မှာ အချင်းချင်းညီညွတ်မှုမရှိကြ။ ဤသည်ကို အခွင့်ကောင်းယူ၍ အရှေ့ပြည်မှ ပျူတို့သည် အလုံးအရင်းနှင့် ဝေသာလီကို အေဒီ-၇၇၆တွင် တိုက်ခိုက်လာသည်။ နောက်ဆုံးတွင် ယင်းရန်စစ်ကို မြောက်ဦးမှ မြို့ပဲဖြူ မင်းသားငယ်တစ်ဦးက ဦးစီး၍ တွန်းလှန်လိုက်လေသည်။

ပျူရန်စစ်ကိုနိုင်လိုက်သဖြင့် ပဲဖြူမင်းသားသည်လည်း အင်အားကြီးထွားပြီး ယင်းနှစ်တွင်ပင် ဝေသာလီထီးနန်းကို ရရှိလေသည်။ အေဒီ-၇၉၃ ခုနှစ်တွင် သျှမ်း (မွန်ဂိုလီယံ)တို့သည် အလုံးအရင်းနှင့်ဆင်းလာပြီး ရခိုင်ပြည်ကို တိုက်ခိုက်လုယက်ကြသည်။ ပဲဖြူမင်းလည်း အင်အားမသာသဖြင့် တိမ်းရှောင်သွားရင်း လွန်လေသည်။ သျှမ်းတို့သည် တစ်နှစ်တိတိ စိတ်ကြိုက် ဖျက်ဆီးပြီး ထွက်ခွာသွားလေသည်။ ၎င်းတို့သည် ရမ်းဗြဲကျွန်းနေ လူတို့ကို ဖမ်းယူပြီးလျှင် အရှေ့ပြည်စစ်ကိုင်းအရပ်တွင် ချထားလေသည်။ သံတွဲကိုမူ ပျူတို့က သိမ်းပိုက်ထားလေသည်။

ထိုအချိန်တွင် ငမင်ငတုံ(စောရွှေလူး) ခေါင်းဆောင်သော စစ်တန်းတင် (စိုင်းတင်) အရပ်မှ သက်တို့သည် အင်အားကြီးထွားလာပြီး အလုံးအရင်းနှင့် ဆင်းလာသည်။ အေဒီ-၇၉၄တွင် ငမင်ငတုံ (စောရွှေလူး)သည် မင်းပြုသည်။ ငမင်ငတုံ (စောရွှေလူး)မှာ ဖခင်စူဠစန္ဒြားမင်း မကွယ်လွန်မီက ပဋိသန္ဓေဖြင့် ကျန်ခဲ့သူဖြစ်သည်။ ၎င်းသည် မြို့တော်ကို ဝေသာလီအရှေ့ဘက် အရပ်စမ္ပဝက်သို့ ရွှေ့လေသည်။၎င်းသည် စွမ်းအင်နှင့်ပြည့်စုံသောဘုရင်ဖြစ်သည်။ သို့သော် အေဒီ-၈၁၈တွင် အရှေ့ပြည်မှ သူလျှိုဒလံတို့၏ လက်ချက်ဖြင့် ကွယ်လွန်လေသည်။ ဝေသာလီ ထီးနန်းကိုမူ အဖကဲ့သို့တော်သူ ခေတ္တသင်မင်းသား ရရှိလေသည်။

ခေတ္တသင်မင်းသည် ရခိုင်မြို့တော်ကိုစမ္ပဝက်မှ တဖန်ပဥ္စာသို့ ရွှေ့လေသည်။ ပဥ္စာကိုတည် ခြင်းသည် ရခိုင်သမိုင်းတွင် ခေတ်တစ်ခေတ်သို့ ပြောင်းခြင်းပင်ဖြစ်သည်။ ဝေသာလီခေတ်ကို စမ္ပဝက် မြို့သက်ကုန်သည့် အေဒီ-၈၁၈အထိသာ သမိုင်းဆရာတို့က ရေတွက်ကြသည်။ လျှမ်းလျှမ်းတောက် ထွန်းကားခဲ့သောဝေသာလီယဉ်ကျေးမှုသည် မမျှော်လင့်ဘဲ သျှမ်း(မွန်ဂို)တို့ ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

## လေးမြို့ခေတ်

http://www.dhammadownload.com



## (အေဒီ ၈၁၈–၁၄၃၀)

အပျက်အစီး အဆုံးအရှုံးများဖြင့် နိဂုံးချုပ်သွားပြီးနောက် ရခိုင်ပြည်သူတို့သည် ရခိုင် ယဉ်ကျေးမှု ဗဟိုပြုရာအရပ်များကို ကုလားတန်မြစ်ဝှမ်းမှ ရှေးရခိုင်ပညာရှိတို့၏ ကျမ်းဂန်နှင့်ညီစွာ မြို့တည်အပ်သော အကြောင်းအင်္ဂါရပ် (၅)ပါးနှင့် ပြည့်စုံသော လေးမြို့မြစ်ဝှမ်း (အဥ္စနနဒီ)သို့ ရွှေ့ပြောင်းခဲ့ကြသည်။ လေးမြို့မြစ်ဝှမ်းတွင် ရခိုင်ယဉ်ကျေးမှုကို နောက်ထပ်၍ အနှစ်-၆၀၀ ကျော် ပြုစုပျိုးထောင်ကြလေသည်။

## မြို့တော်များတည်ထောင်ခြင်း

ငမင်ငတုံ (စောရွှေလူး) လွန်ပြီးနောက် ရခိုင်ထီးနန်းကို ဆက်ခံရန် မှူးမတ်တို့က ခေတ္တာသင်အား ရွေးချယ်ကြလေသည်။ စမ္ပဝတ်မြို့မှာ အချက်အချာမကျတော့သဖြင့် ခေတ္တာသင်မင်းသည် ရခိုင်မြို့တော်ကို ပဥ္စာသို့ရွှေ့ခဲ့သည်။ ပဥ္စာမြို့မှာ စမ္ပဝက်မြို့၏ အရှေ့တောင်ယွန်းယွန်းတွင် ရှိသည်။ လုံခြုံရေးကောင်းမွန်သည်။ သို့သော် အေဒီ ၁၁၀၃ ခုတွင် အရှေ့ပြည်မှ တိုက်ခိုက်လာသည့် ရန်စစ်ကြောင့် ပျက်စီးလေသည်။ ထို့ကြောင့် နန်းတက်လာသော လက်ယာမင်းနန်သည် လေးမြို့မြစ်ကမ်းခြေရှိ ပရိန်အရပ်တွင် မြို့တော်သစ်ကိုတည်ထောင်သည်။ တောင်ကုန်းများကို နောက်ခံထား၍ မြစ်ကမ်းတွင်တည်ရှိသော မြို့ဖြစ်သည်။ ဆိပ်ကမ်းကောင်းတစ်ခုဖြစ်သဖြင့် စည်ပင်ဝပြောလာလေသည်။ သို့သော် အေဒီ-၁၁၄၂ ခုတွင် နန်းတင်ခံရသည့် မင်းဖုန်းစားသည် လေးမြို့မြစ်ကို ဆန်တက်၍ ခြိတ်မြို့တော်ကို တည်ထောင်သည်။ ခြိတ်မြို့တော်သည် တောင်သုံးဘက်ဝိုင်းရံထားသည့် ခံတပ်ကောင်းဖြစ်သည်။ သို့ရာတွင် ကျန်းမာရေးမညီညွတ်ခြင်း၊ မြစ်ဝှမ်းလွင်ပြင်နှင့် အတန်ငယ်ဝေးကွာခြင်းတို့ကြောင့် ၁၂-နှစ်သာ မြို့သက်ရှည်ခဲ့သည်။ မင်းဖုန်းစား ကွယ်လွန်ပြီးနောက် မင်းနှစ်ဆက်မြောက် ဓနရူပေါမင်းလက်ထက် အေဒီ-၁၁၅၄ တွင် စမ္ပဝက်မြို့ဟောင်းသို့ ပြန်လည်ပြောင်းရွှေ့၍ နန်းစိုက်ခဲ့သည်။ ၎င်းမြို့တော်သည် နန်းသက် ၉-နှစ်ရှည်ခဲ့သည်။

အေဒီ-၁၁၆၃ ခုတွင် မဉ္ဇူသင်မင်းသည် လေးမြို့မြစ်ကိုကူး၍ တောင်ငူနေရဥ္စရာအရပ်တွင် မြို့တော်ကို တည်ထောင်ပြီးနောက် ရခိုင်အင်အား ကောင်းလာသည်။ သို့သော် ဤမြို့တော်သည် အနှစ်တစ်ရာခန့် ရှည်ခဲ့သည်။ အေဒီ-၁၂၅၁ ခုတွင် အလောမာဖြူမင်း လောင်းကြက်မြို့ကို တည်လေသည်။ လောင်းကြက်မြို့သည် အနှစ်-၂၀၀ နီးပါး ရခိုင်မြို့တော်ဖြစ်ခဲ့သည်။ လောင်းကြက်

http://www.dhammadownload.com



ခေတ်တွင် ရခိုင်သည် ပြန်လည်ဦးမော့ လာသည်။ အထူးသဖြင့် မင်းထီး အေဒီ ၁၂၈၃- အေဒီ ၁၃၈၉ လက်ထက်တွင် ရခိုင်၏ဩဇာနှင့် ဂုဏ်သတင်း အထူးပြန့်နှံ့လာခဲ့သည်။

## မင်းဆက်များ

လေးမြို့ခေတ်တွင် ရခိုင်ထီးနန်းဆက်ခံခဲ့ကြသူများမှာ မင်းပေါင်း ၆၀ ရှိခဲ့သည်။ ယင်းမင်းတို့အနက် တရားလက်လွတ်သောမင်း ၁၂-မင်း ပေါ်ခဲ့သည်။ သို့သော်၎င်းတို့သည် စုစုပေါင်း ၄၅-နှစ်ကြာသာ အုပ်စိုးခဲ့သည်။ ပြည်သူတို့က "တစ်မင်းမကောင်း တစ်မင်းပြောင်းရမည်"ဟူသော အယူကို လက်ခံသဖြင့် မင်း ၈-ဦးကို သတ်ဖြတ်ပြီး သင့်တော်သောနန်းရိုးကို တင်မြှောက်နိုင်ခဲ့ကြသည်။ တရားလက်လွတ်သော မင်းတို့အား ပုန်ကန်မှုကို အမျုးအမတ်တို့က ဦးဆောင်ကြလေသည်။ သို့သော် အမတ်တို့မှာဩဇာကြီးထွားသဖြင့် အမတ်ထဲမှာပင် နန်းလုမှု ၆-ကြိမ် ပေါ်ပေါက်ခဲ့သည်။ အေဒီ-၁၀၆၈ ခုနှစ်တွင် နန်းလုသောအမတ်အသင်္ချာသည် နန်းဆက်တစ်ဆက်ကို ၃၅နှစ်ကြာ ထူထောင်နိုင်ခဲ့လေသည်။

နန်းစံခဲ့သောမင်းများအနက် မင်းရင်ဖြူ အေဒီ ၈၄၃ - အေဒီ ၈၇၃ သည် သာသနာတော်ကို များစွာ ချီးမြှောက်သဖြင့် ထင်ရှားသည်။ နန်းလုအမတ် မင်းပတိ အေဒီ ၁၀၉၀ - အေဒီ ၁၁၀၃ လက်ထက် အေဒီ-၁၁၀၃ ခုတွင် အရှေ့ပြည်သားတို့သည် ရခိုင်နိုင်ငံသို့ ဝင်ရောက်ဖျက်ဆီးလာလေသည်။ ခုခံသောမင်းပတိမှာ အသတ်ခံရသည်။ ထို့နောက် ရခိုင်ထီးနန်းကို နန်းရိုးလက်ျာမင်းနန် အေဒီ ၁၁၀၃-အေဒီ ၁၁၀၉ က ရရှိလာသည်။၎င်းအနက် ၅-ဆက်မြောက် ကောလိယမင်း အေဒီ ၁၁၁၈- အေဒီ ၁၁၂၃ သည် စာပေကျမ်းဂန်တတ်မြောက်သည်သာမက စစ်သူရဲကောင်းမင်းတစ်ပါးလည်းဖြစ်သည်။၎င်းလက်ထက် ရခိုင်နိုင်ငံမှာ လက်အောက်ခံနှင့် လက်ဝင်နယ်မြေများ ကျယ်ပြန့်ခဲ့သည်။

ကောလိယမင်း တည်ထောင်ခဲ့သော ရခိုင်လက်နက်နိုင်ငံတော်ကို ၎င်း၏သား ဒသရာဇာ အေဒီ-၁၁၂၃၊ အေဒီ-၁၁၃၉ သည် ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။၎င်းသည် ဘာသာရေး၌ ကိုင်းရှိုင်းပြီး တိုင်းပြည်စည်ပင်ဝပြောအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော်၎င်း၏သား အနန္တသိရိမင်းမှာ အရည်အချင်းညံ့သဖြင့် လက်ဝင်နယ်ပယ်များအားလုံး ဆုံးရှုံးသွားရလေသည်။ အခွန်အတုတ်ကို အဆမတန်ကောက်သဖြင့် ပြည်သူတို့သည် ထိပ်ထက်မီးစုသကဲ့သို့ ခံစားကြရကုန်၏။

http://www.dhammadownload.com



မဥ္ဇူသင်(ခေါ်) တိုင်းချစ်မင်း အေဒီ ၁၁၆၁-အေဒီ ၁၁၆၆ လက်ထက်မှသာ ရခိုင်နိုင်ငံသည် အင်အားပြန်လည် တောင့်တင်းလာခဲ့သည်။ လက်ဝင်နိုင်ငံများ ပေါ်များခဲ့သည်။ အေဒီ ၁၁၆၈တွင် နန်းတက်သည့် မင်းပုဂံသည် အမြဲတမ်း စစ်တိုက်နေသူဖြစ်သည်။

ခရစ်နှစ် ၁၁၉၀ မှစ၍ အနှစ်-၃၀ ကြာ တရားလက်လွှတ်သောမင်းများကြောင့် ရခိုင်နိုင်ငံသည် ဆုတ်ယုတ်သွားလေသည်။ ၎င်းကို ပြန်လည်စည်ကားအောင် သကျဝင်ကြီးသည် ကြိုးစားခဲ့လေသည်။ ထိုမင်းသည် ရာဇနီတိ၌ ကျွမ်းကျင်သူဖြစ်၏။ သို့ရာတွင် နန်းသက် ၂-နှစ်တွင် လွန်လေသည်။ ၎င်း၏ပြုပြင်ချက်များကို ၎င်း၏သားတော် သကျဝင်ငယ် အေဒီ ၁၂၂၂ - အေဒီ ၁၂၃၂က ဆက်လက်ထိန်းသိမ်းသွား လေသည်။ ထို့နောက်ဆက်ခံသော သနပင်ဖြူမင်းသည်လည်း ပြည်၏ အကျိုးစီးပွားတိုးတက်အောင် စွမ်းဆောင်လေသည်။

ထို့နောက် ၃-ဆက်မြောက်ဆက်ခံသော အလောမာဖြူမင်း အေဒီ ၁၂၅၀ - အေဒီ ၁၂၅၆ သည် လက်နက်အင်အား တိုးချဲ့သည်။ ၎င်းလက်ထက် ရခိုင်နိုင်ငံသည် ကောလိယမင်းလက်ထက် ရခိုင်နိုင်ငံ အကျယ်အဝန်းထိ ကျယ်ဝန်းခဲ့သည်။ ၎င်းလွန်ပြီး၍ ၁၇-နှစ်ကြာပြီးနောက် နန်းတက်ခဲ့သော မင်းသုံးပါးက တရားမဲ့အုပ်ချုပ်ကြသဖြင့် တိုင်းပြည်သည် ၁၀-နှစ်တိုင်တိုင် ဆုတ်ယုတ်သွားလေသည်။ ဤအခြေအနေကို ကယ်တင်ခဲ့သူမှာ ဘုရင်မင်းထီး အေဒီ ၁၂၈၃ - အေဒီ ၁၃၈၉ ပင်ဖြစ်လေသည်။

## မင်းထီး၏ပြုပြင်ပြောင်းလဲမှု

မင်းထီးမင်းကြီးသည် တရားဥပဒေစိုးမိုးရေးကို အလေးပေးခဲ့သည်။ ဥပဒေပြုရာတွင် တိကျပြတ်သားမှု ရှိလေသည်။ သားမကောင်းလျှင် အဘ၊ သမီးမကောင်းလျှင် အမိ၊ မယားမကောင်းလျှင် လင်၊ တပည့် မကောင်းလျှင် ဆရာ၊ ကျွန်မကောင်းလျှင် အရှင်တို့တွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းပြီး သေဒဏ်ထိကျခံစေရန် သတ်မှတ်ခဲ့သည်။ ဤဥပဒေသည် များစွာပြင်းထန်သည်ဟု မှတ်ယူနိုင်သော်လည်း ဤဥပဒေကြောင့်သာ တိုင်းပြည်ကို ကောင်းကောင်းမွန်မွန် ပြုပြင်ပေးနိုင်ခဲ့သည်ပင် ဖြစ်၏။ ဘုရင်မင်းထီးသည် ဥပဒေပြုသူသက်သက်သာ မဟုတ်၊ ကိုယ်တိုင်လည်း လိုက်နာတတ်သူ ဖြစ်သည်။ ကိုယ်တိုင်ဖောက်ဖျက်မိသဖြင့် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ပါအတိုင်း

http://www.dhammadownload.com



မိမိ၏လက်ညှိုးကို မိမိကိုယ်တိုင်ဖြတ်၍ အပြစ်ခံယူခဲ့လေသည်။

ရာထူးများခန့်ထားရာတွင်လည်း အဂတိလုံးဝမလိုက်စားပဲ အရည်အချင်းရှိသူကို ရှိသူအ လျောက် ထိုက်တန်စွာခန့်ထားလေသည်။

တိုင်းပြည်၏စီးပွားရေးအတွက် များစွာသော ရေတွင်း၊ ရေကန်၊ လမ်းတံတားတို့ကို တိုးချဲ့ဆောက်လုပ်ခဲ့သည်။ တိုင်းပြည်လုံခြုံရေးအတွက် လက်နက်အင်အားကိုလည်း တိုးချဲ့လေသည်။ ထို့ကြောင့်သာ အေဒီ ၁၂၉၈ ခုတွင် မွန်ဂိုတို့၏ အလုံးအရင်းဖြင့် ကျူးကျော်မှုကို အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့လေသည်။ ထိုစဉ်က ခေတ်ပြိုင်ပုဂံနိုင်ငံသည် အေဒီ ၁၂၈၄ ခုနှစ် မွန်ဂိုကျူးကျော်မှုကို မခံနိုင်သဖြင့် ပျက်စီးသွားလေသည်။ မင်းထီးလက်ထက်တွင် ရခိုင်၏လက်ဝင်နိုင်ငံဖြစ်သော ဘင်္ဂါ ၁၂-တိုင်းနှင့် အရှေ့အနောက်တိုင်းငယ်များကို လက်အောက်ခံများအဖြစ် ပြန်လည်သိမ်းသွင်းနိုင်ခဲ့လေသည်။

ဘုရင်မင်းထီး၏အုပ်ချုပ်ရေးသည် အနှစ်-၁၀၆ နှစ်ရှည်ကြာခဲ့သည်။ ၎င်းလက်ထက်သည် လေးမြို့ခေတ်တွင် အတိုးတက်ဆုံး ဖြစ်လေသည်။၎င်းလွန်ပြီးနောက် ၁၅-နှစ်ကြာသောအခါ မင်းစောမွန် နန်းတက်လေသည်။၎င်းသည် နန်းတက်၍ ၂-နှစ်တွင် အင်းဝရန်စစ်ကြောင့် ဘင်္ဂလားသို့ ယာယီခိုလှုံခဲ့ရလေသည်။

## လူနေမှုဘဝ

လေးမြို့ခေတ် လူနေမှုဘဝသည် ခေတ်ကောင်းချိန်တွင် ဝေသာလီခေတ်ကဲ့သို့ လျှမ်းလျှမ်းတောက် ထွန်းကားခြင်းမဟုတ်သော်လည်း စာပေပညာထွန်းကားခြင်း၊ စစ်မက်ရေးရာ တိုးတက်ခြင်း၊ အုပ်ချုပ်ရေး ဥပဒေပြဋ္ဌာန်းနိုင်ခြင်း စသည့် အရေးအရာများ တစ်ဆင့်တိုးတက်လာပြီး သာယာဝပြောမှုရှိခဲ့ပေသည်။

အခွန်ထမ်းဆောင်ရာတွင် ပြည်သူပြည်သားတို့သည် တစ်နှစ်လျှင် အိမ်ကြီးငါးသပြာ၊ အိမ်ငယ်နှစ်သပြာခွဲ၊ အစိုးအင်သားတို့မှာ အိမ်ကြီး ဆယ်သပြာ၊ အိမ်ငယ် ငါးသပြာ၊ အရိုင်းတောင်သူတို့မှာ ဒါးတစ်စင်း ယာတစ်ခင်းလျှင် သုံးသပြာစီ ထမ်းဆောင်ရသည်။ အမှုထမ်းကိုယ်ရံမှုစ၍ ကင်းသား၊ ဒိုင်းသား၊ ဟာရီ စီရိတို့မှာ အခွန်ကင်းလွတ်ခွင့်ရသည်။ အချို့မင်းတို့သည် ဤထက်လျှော့

http://www.dhammadownload.com



ညှံ့၍ ကောက်ကြသည်။ အခွန်တွင် ဈေးခွန်၊ ရေခွန်၊ ကင်းခွန်၊ လယ်ခွန် စသည်တို့လည်း ရှိသေးသည်။ သကျဝင်ကြီးလက်ထက်တွင် အခွန်တို့ကိုကောက်ခံခြင်း မရှိပေ။ အချို့မင်းတို့သည် ပြည်သူများ ရင်းနှီးလုပ်ကိုင်စားသောက်နိုင်အောင် ဘဏ္ဍာတော်တိုက်မှ ငွေကြေးထောက်ပံ့လေသည်။

တရားလွတ်သောမင်းများ လက်ထက်တွင် အခွန်ကောက်ပုံမှာ လွန်ကဲလှသည်။ အမတ်စလက်ာဗိုလ် မင်း (အေဒီ-၁၁၆၀)သည် သစ်တစ်ပင်မျှမလွတ်ရအောင် အခွန်ကောက်သည်။

လေးမြို့ခေတ်တွင် ငွေကြေးစနစ်ကို သုံးခဲ့သည်။ မင်းထီးလက်ထက် ခပ်နှိပ်ထုတ်ဝေခဲ့သောဒင်္ဂါးတွင် ရင်ခွင်ပိုက်အုပ်ချုပ်သော ဦးရီးတော်အနန္တဘယတံဆိပ်တော် ပါရှိလေသည်။

တရားစီရင်ရာတွင် တစ်ခါတစ်ရံ ခေတ်ကိုလိုက်၍ ထူးခြားသောစီရင်မှုများရှိသည်။ သကျဝင်ကြီးလက်ထက်တွင် ခိုးသူမုဒိမ်းတို့ကို နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ နယ်နှင်ဒဏ်ပေးခြင်း များရှိခဲ့သည်။ အင်္ဂါကြီးငယ်ကို ဖြတ်၍သော်လည်းကောင်း စီရင်ခဲ့သည်။ ဥစ္စနာကြီးမင်း (အေဒီ-၁၂၆၀-၁၂၆၉) လက်ထက်တွင်မူ မုဒိမ်းတန္တကို ကြိမ်ဒဏ်မပေး၊ ထိုက်လျှောက်သော ဥစ္စာပေး၍လုပ်ကိုင်စားသောက်စေသည်။ ၃-ကြိမ်ပြုပြင်၍မရမှ နယ်နှင်ဒဏ်ပေးသည်။ ရာဇသူမင်း (အေဒီ-၁၃၉၃-၁၃၉၆)လက်ထက်တွင် မြေမှု၊ ရေမှု၊ ငွေမှုတို့ကို တရားဆွေပြည်စိုးတို့က စီရင်ရသည်။ တစ်ဦးတည်းဆုံးဖြတ်၍မရသော အမှုကို အမတ် ၄-ဦးက စုံညီဆုံးဖြတ်ပေးရသည်။ တရားဆုံးဖြတ်ခကို တရားနိုင်ထံမှ ပေးရသည်။ ခိုးမှု ယိုးမှုတို့ကို ရိုက်ပုတ် ထောင်းသတ်၍ မစစ်ဆေးရဘဲ ပညာဖြင့်သာပေါ်အောင် စစ်ဆေးရသည်။ ခိုးသည်မှန်က ဟာရီအစို့တွင်ဖြည့်ရသည်။ လူသတ်မှုကျူးလွန်သူကို သေဒဏ်ပေးခဲ့သည်။

## ကိုးကွယ်မှု

လေးမြို့ခေတ်တွင် ဗုဒ္ဓဘာသာသည် ဆက်လက်ထွန်းကားခဲ့သည်။ ဘုရင်တို့ကလည်း အားပေးဆောင်ရွက်ခဲ့ကြသည်။ အေဒီ-၈၄၇ တွင် မင်းရင်ဖြူမင်းကြီးသည် အသျှင်နန္ဒိယနှင့် အသျှင်ဘဒ္ဒိယမထေရ်မြတ်တို့ ဦးဆောင်သော ရဟန္တာ ၈၀၀ ဖြင့် ပိဋကတ်အစုံကို ရွှေပုရပိုဒ် ပေါ်တွင်ရေးကူးမှတ်တမ်းတင်ခဲ့သည်။ သကျဝင်ငယ်မင်းသည် ပိဋကတ်ကျမ်းဂန်များ ပြန့်ပွားလေ အောင်အထူးကြိုးစားဆောင်ရွက်ခဲ့သည်။ ရာဇသူမင်းလက်ထက်တွင် သီဟိုဠ်မှ ပိဋကတ်မူရင်းကို သာ

http://www.dhammadownload.com



သင်ကြားစေပြီး ပုထုဇဉ်တို့ပြုစုသော ကျမ်းဂန်တို့ကို လေ့လာသင်ကြားခြင်းမှ ပိတ်ပင်ခဲ့သည်။

ဗုဒ္ဓဘာသာစည်ပင်ထွန်းကားအောင်ပြုရာတွင် ထင်ရှားသော မင်းများပေါ်ခဲ့သည်။ ဒသရာဇာမင်းကြီးသည် အလျှုရက်ရောသည်။၎င်းလျှုဒါန်းပုံတစ်ချို့ကို ကျောက်ထက် အက္ခရာတင်ရှိသည်။၎င်းသည် အနှစ်-၂၀ ကျော် တိမ်မြုပ်သွားခဲ့သော မဟာမုနိရုပ်ရှင်တော်ကို ပြန်လည်ရှာဖွေခဲ့ပြီး ဆန်းကြယ်ထူးခြားစွာ ပူဇော်ခဲ့သည်။ ဧရမံမင်း အေဒီ-၁၁၆၆-၁၁၆၈ သည် လည်းရုပ်တုဆင်းတုများစွာကို တည်ထားခြင်း၊ ရဟန်းသံဃာများအား ချီးမြှောက်ခြင်းတို့ဖြင့် သာသနာတော် ကို ရောင်ဝါတောက်ပစေခဲ့သည်။ မင်းဆူ အေဒီ-၁၁၈၅-၁၁၉၀ သည်လည်း အလှူရက်ရောသည်။ နေ့စဉ် အသပြာလေးထောင်စီလှူသည်။ အလောမာဖြူမင်းသည် ဗုဒ္ဓဘာသာသာသနာ နှင့်ပတ် သက်၍ သီဟိုဠ်သို့ကြွရောက်ခဲ့သည်။ ဘုရင်မင်းထီးလက်ထက် အေဒီ၁၂၉၅ ခုတွင် မဇ္ဈိမဒေသရှိ ဗုဒ္ဓဂါယာမဟာဗောဓိစေတီတော်ပျက်သည်ကို ပြုပြင်ခဲ့လေသည်။ မှတ်တမ်းကျောက်စာကို ဗုဒ္ဓ ဂါယာတွင် ရေးထိုးထားလေသည်။

ဗုဒ္ဓဆင်းတုတော်ကို ကျောက်ဆစ်လက်ရာဖြင့် ထုလုပ်ပူဇော်ရာတွင် များသောအားဖြင့် ကျောက်တစ်လုံးတည်းဖြင့် ပူဇော်လေ့ရှိသည်။ ခြေတော်မှာ ဈာန်ဝင်စားဟန်ရှိပြီး မျက်နှာတော် သွယ်သွယ် တဘက်ရုံသင်္ကန်းတော်ကို ရုံထားဟန်တူကြသည်။

ဗုဒ္ဓဘာသာကိုးကွယ်မှုအပြင် ရိုးရာကိုးကွယ်မှုနှင့် အင်းအိုင်လက်ဖွဲ့ယုံကြည်မှုလည်း ရှိကြသည်။ နန်းကျားကြီး အေဒီ-၁၂၇၃-၁၂၇၇ လက်ထက်တွင် နာနာရုပ်အတတ်များသည် ထင်ရှားခဲ့သည်။

## ယဉ်ကျေးမှု

ဤခေတ်ယဉ်ကျေးမှုသည် အိန္ဒိယဟန်လွှတ်ကင်းသည်။ မင်းထီးလက်ထက်တွင် ကွမ်းစားသည့် ဓလေ့သည် အထူးထင်ရှားလာသည်။ နန်းကျားကြီးမင်းလက်ထက်မှ စ၍ မင်္ဂလာပွဲများတွင် စည်တီးခြင်း ဓလေ့ရှိခဲ့သည်။

ဤခေတ်တွင် ပါဠိဘာသာကို တွင်တွင်ကျယ်ကျယ် သုံးခဲ့သည်။ ရခိုင်စာပေသည် အများသုံးစာပေ ဖြစ်သည်။ ရခိုင်စာပေကို ပျို့လင်္ကာတို့ဖြင့် ကြွယ်ဝစေခဲ့သည်။ ပျို့လင်္ကာတွင် ပထမဆုံးဖြစ်သော "လောကသာရပျို့"ကို ရခိုင်သူမြတ် အဂ္ဂသာရက ဘုရင်မင်းထီးလက်ထက် အေဒီ-

http://www.dhammadownload.com



၁၃၃၃ နှင့် အေဒီ-၁၃၄၃ အတွင်းတွင် ရေးစပ်တော်မူခဲ့သည်။ ဤခေတ်တွင် လျှောက်ထုံး စာပေ သည် ထင်ရှားခဲ့သည်။ ထင်ရှားသော လျှောက်ထုံးကျော်ကဝိတို့မှာ အမတ် ကဝိကျော်၊ ပညာရှိပ ရောဟိတ်ရာဇဂုရု၊ အမတ်ဝိဇလ၊ စစ်တကောင်းစား ဝိမလတို့ ဖြစ်သည်။

## မင်းစောမွန်ဘင်္ဂလားတွင် တိမ်းရှောင်ခြင်း

ရခိုင်ထီးနန်းကို အေဒီ-၁၄၀၄ တွင် မင်းစောမွန်အား ပြည်သူတို့က လွှဲအပ်လေသည်။ မင်းစောမွန် သည် စိတ်ရင်းကောင်းသူတစ်ဦး ဖြစ်သည်။ သို့သော်၄င်းနန်းတက်၍ ၂-နှစ်အကြာတွင် ရခိုင်တို့၏ ညီညွတ်ရေးသည် သပ်သျှိခံရလေသည်။ ထိုစဉ်က ရခိုင်တို့အား မွန်ရာဇာဓိရာဇ် အေဒီ-၁၃၈၅-၁၄၂၃ က မဟာမိတ်ဖွဲ့ထားရှိသည်။ ရာဇာဓိရာဇ်ကို တိုက်နေသော အဝမင်းခေါင် အေဒီ ၁၄၀၀-၁၄၂၃ သည် ရခိုင်ကိုဝင်တိုက်လာလေသည်။ စစ်တိုက်ရခြင်းမှာ ရခိုင်တို့က ပခုက္ကူနယ်ကို စီးနင်းခဲ့ဘူးသည့်အတွက် ဖြစ်သည်ဟုဆိုသည်။ အင်းဝတပ်တို့သည် အမ်းဒလက်လမ်းမှ ဝင်ရောက် လာဖွယ်ရှိသည်။ အင်းဝမင်းခေါင်၏ တိုက်ခိုက်ခြင်းကို ကြာရှည် မခုခံနိုင်သဖြင့် မင်းစောမွန်သည် ဘင်္ဂလားသို့ တိမ်းရှောင်သွားရလေသည်။

သံတွဲစား ညီတော်မင်းခရီလည်း အင်းဝရန်စစ်ကို မွန်ရာဇာဓိရာဇ်၏ အကူအညီဖြင့် တိုက် ထုတ်လေသည်။ ထို့ကြောင့် မင်းခရီသည် နောင်တော်မရှိခိုက် အေဒီ-၁၄၀၇ တွင် ရခိုင် ထီးနန်းကို ယာယီသိမ်းပိုက်ထားလိုက်လေသည်။ သို့သော် အင်းဝက ထပ်မံ၍လာတိုက်ရာ မင်းခရီ လည်း ကုလားတန်မြစ်ညာသို့ တိမ်းရှောင်လေသည်။ မွန်တို့က ထပ်၍တိုက်ထုတ်သဖြင့် မြန်မာတို့ ဆုတ်ခွာ လေသည်။ မင်းခရီလည်း လောင်းကြက်တွင် နန်းစိုက်လေသည်။

နောက်တစ်နှစ် အေဒီ-၁၄၀၈ ခုတွင် မြန်မာအမတ်တစ်ဦးသည် ငွေသင်းတောင်၌ တပ်စွဲ လာသည်။ ၃-နှစ်ကြာသော် မွန်တို့က တိုက်ထုတ်လိုက်လေသည်။ သို့သော် နောက် ၂-နှစ် ကြာ သောအခါ မြန်မာတို့က ထပ်၍တပ်စွဲလာပြန်သည်။ တစ်နှစ်အကြာတွင် ရခိုင်တို့က တိုက်ထုတ် လိုက်လေသည်။ နောက် ၁၀-နှစ် ကြာသောအခါတွင် မြန်မာတို့က ပြိုင်းတိုင်းတောင်ခြေ တွင် တပ်စွဲလာသည်ကိုလည်း ရခိုင်တို့က တိုက်ထုတ်လိုက်ကြပြန်သည်။

ထိုစဉ်က ဘင်္ဂလားဂါဝါတွင် ခိုလှုံနေသော နောင်တော်မင်းစောမွန်သည် ညီတော် ဖိတ် ကြားချက်အရ အေဒီ-၁၄၂၉ တွင် လောင်းကြက်သို့ ပြန်လာသည်။ သို့သော် ပါလာသော မဟာ

http://www.dhammadownload.com



မိတ်တပ်က သစ္စာဖောက်သဖြင့် မင်းစောမွန်အဖမ်းခံရသည်။ မင်းခရီလည်း နောင်တော်ကို ကယ်ထုတ်ခဲ့သည်။ မင်းစောမွန်သည် ဂေါဝါသို့ တစ်ဖန်ပြန်သွားပြီး ဂေါဝါဘုရင်၏ နောက်ထပ် အကူအညီဖြင့် သစ္စာဖောက်သူတို့ကို နှိမ်နင်းလိုက်သည်။ ညီတော် မင်းခရီလည်းၚင်းထိန်းထား သော ရခိုင်ထီးနန်းကို နောင်တော်မင်းစောမွန်ထံ လွှဲအပ်လိုက်လေသည်။ နောက်တစ်နှစ်တွင် မင်းစောမွန်သည် လောင်းကြက်မြို့တော်ကို စွန့်ခွာ၍ မြောက်ဦးမြို့တော်ကို တည်ထောင်လေသည်။

## မြောက်ဦးခေတ်

မင်းစောမွန်သည်ဘင်္ဂလားမှ ပြန်လည်ဝင်ရောက်၍ ရခိုင်ထီးနန်းကို ပြန်လည်ဆက်ခံ ပြီးနောက် မြောက်ဦးမြို့တော်ကိုတည်ထောင်ခြင်းသည် ရခိုင်ယဉ်ကျေးမှုကို ခေတ်သစ်တစ်ခုသို့ ဝင်ရောက်စေလေသည်။ မြောက်ဦးခေတ်တွင်ရခိုင်ယဉ်ကျေးမှုသည် အဖွံ့ဖြိုးဆုံးဖြစ်လေသည်။

## မြို့တော်ကိုတည်ထောင်ခြင်း

မြောက်ဦးမြို့တော်သည်အနေအထားကောင်းမွန်သောအရပ်ဖြစ်သည်။ကုလားတန်မြစ် လွင်ပြင်နှင့် လေးမြို့မြစ်လွင်ပြင်စပ်ကြားတွင် တည်ရှိသည်။ သဘာဝတောင်တန်းလေးတန်းကို အခြေခံ၍ တည်ဆောက်ထားသည်။ မြို့တော်သည်အနောက်ဘက်အရပ်ကုလားတန်လွင်ပြင်သို့ မျက်နှာမူ ထားသည်။ တံတိုင်းအထပ်ထပ် ကျုံးအထပ်ထပ်ဖြင့် အင်အားဖြည့်ထားသဖြင့်၊ ရန်သူများ အလွယ်တကူဝင်ရောက်ရန်ခဲယဉ်းလေသည်။ မင်းစောမွန်ကို ဆက်ခံသောမင်းတို့သည် မြို့တော်ကို ထပ်မံ၍ ခိုင်ခန့်အောင်ပြုပြင်ခဲ့ကြသည်။ထို့ကြောင့်မြောက်ဦးမြို့တော်သည် ဘင်္ဂလားပင်လယ် ကမ်းခြေတွင် အကောင်းဆုံးခံတပ်မြို့တစ်မြို့ဖြစ်ခဲ့လေသည်။

## အခြေပြုသမိုင်း

မြို့တော်ကိုတည်ထောင်နေစဉ် မင်းစောမွန်လွန်လေသည်။ ၎င်းမလွန်မီထီးနန်းကို အရည်အချင်းရှိသော ညီမင်းခရီ(အေဒီ ၁၄၃၃-၁၄၅၉)အားလွှဲအပ်ခဲ့သည်။ မင်းခရီသည် တိုင်းပြည်နိုင်ငံထူထောင်ရေးကို များစွာပြုလုပ်လေသည်။ဆင်းရဲသူကိုထောက်ပံ့ပြီးလုပ်ကိုင်စားသောက်စေခဲ့သည်။ အခွန်အကောက်ကိုလျှော့ပေါ့ကောက်ခံပြီးတိုင်းပြည်ကိုစည်းရုံးခဲ့လေသည်။ ၁၄၃၇အေဒီတွင် သံတွဲ

http://www.dhammadownload.com



နယ်သည် ရခိုင်ဗဟိုအုပ်ချုပ်ရေးနှင့် ပူးပေါင်းလာသည်။ သံတွဲနယ်သည် ပြည်ပျက်စစ်ပွဲများ ကြောင့် အနှစ်သုံးဆယ်ကြာတသီးတခြားအုပ်ချုပ် နေခဲ့ရသည်။ ရခိုင်တို့သည် ပြည်တွင်းအင်အား ပြန်လည်ကောင်းလာခဲ့သဖြင့်၊ စုဋ္ဋာရေးနှင့်စစ်တကောင်းတို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ အရှေ့ဘက်ရန်စစ်ကင်းရေးအတွက် အင်းဝနရပတိနှင့် အေဒီ-၁၄၅၄တွင် မဟာမိတ်ဖွဲ့ခဲ့သည်။အေဒီ-၁၄၅၈တွင် မြောက်ဦးမြို့တော်ကို ရှမ်းတို့လာတိုက်သော်လည်းရခိုင်တို့က အောင်နိုင်လိုက်လေသည်။

ထီးနန်းဆက်ခံသော ဘစောဖြူမင်း(အေဒီ ၁၄၅၉-၁၄၈၂)လက်ထက်တွင် ရခိုင်စစ်အင်အားသည် ပို၍တောင့်တင်းလာသည်။ဗဟိုအုပ်ချုပ်ရေးထိရောက်မှုအတွက် မင်းကြီးကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်သည်။၄င်းကိုဆက်ခံသောမင်းကိုးပါးသည်အရည်အချင်းညံ့ဖျင်းကြသည်။ နန်းတွင်း အာဏာလုမှုသာ များလေသည်။ တိုင်းပြည်အုပ်ချုပ်ရေးအတွက် ထိထိရောက်ရောက် မလုပ်နိုင်ကြချေ။ အေဒီ-၁၅၁၃တွင်ပရန်သက်တို့၏ အကြီးအကျယ်ပုန်ကန်မှုကိုခံလိုက်ရသည်။ အိမ်ရှေ့မင်း ဂဇာပတိက ဦးစီး၍သာနှိမ်နင်းလိုက်ရသည်။ သို့သော် ဂဇာပတိ(အေဒီ ၁၅၁၃-၁၅၁၄)နန်းရသည်နှင့် အာဏာစည်းစိမ်မက်လွန်းသောကြောင့် နန်းသက်တိုခဲ့သည်။ သို့သော်၄င်းနောက်ဆက်ခံဖြစ်သော မင်းခေါင်းရာဇာ(အေဒီ ၁၅၂၁-၁၅၃၁)လက်ထက်တွင် မင်းဆွေမင်းမျိုးတို့သာ အာဏာထူးရကြသည်၊ တိုင်းပြည်မှာမူညီညွတ်မှုပျက်ပြားလာသည်။ ထို့ကြောင့်ညီတော် သံတွဲစား မင်းဗာကြီး(မင်းပင်)သည် သံတွဲမှချီလာပြီး၊ အုပ်စိုးနေသော မင်းခေါင်ရာဇာကို တိုက်ထုတ်လိုက်လေသည်။

## မင်းဗာကြီး၏ပြုပြင်မှု

မင်းဗာကြီး(မင်းပင်)၏(အေဒီ ၁၅၃၁-၁၅၅၃)ထီးနန်းရချိန်တွင် ရခိုင်နိုင်ငံ၌ အုပ်ချုပ်ရေးသစ်တစ်ခုကို စတင်နေချိန်ဖြစ်သည်။ အုပ်ချုပ်ရေးကို ရွှေမျဉ်းဓမ္မသတ်ကျမ်းလာအတိုင်း ဆောင်ရွက်လေသည်။ ဤကျမ်းကို အေဒီ-၁၅၁၅တွင် နိုင်ငံတဝန်းလုံးက အတည်ပြုခဲ့ပြီးဖြစ်သည်။ ရှေးမနုဓမ္မသတ်တို့ကိုညှိ၍ တောင်ညိုတိုက်အရှင်အဂ္ဂမုဏိနှင့် ရှင်ငယ်ဆရာဦးမြဝါ၊ ဝိမလအမတ်နှင့် မဟာပညာကျော်တို့ ရေးဆွဲထားခြင်းဖြစ်သည်။

ဤကျမ်းအရ ဘဏ္ဍာရေးကိုမင်းဘဏ္ဍာ၊ပြည်သူ့ဘဏ္ဍာ၊သာသနာရေးဘဏ္ဍာဟုခွဲခြား၍ ကောက်ခံသုံးစွဲရသည်။ တစ်ဘဏ္ဍာအတွက် တစ်ခြားတစ်ဘဏ္ဍာမှထုတ်ယူသုံးစွဲခြင်းမရှိချေ။ ပြည်သူတို့ ၏စီးပွားလုပ်ဆောင်ရာတွင် အရင်းအနှီးကိုဘုရင်ကထုတ်ချေးပေးရသည်။ နိုင်ငံခြားသို့

http://www.dhammadownload.com



ရောင်းချရေး ကိစ္စကိုဘုရင်က တိုက်ရိုက်ကြီးကြပ်ရသည်။ ထို့ကြောင့်နိုင်ငံခြားသားကုန်သည်တို့၏ ဈေးကစားခြင်း၊ ဖြတ်နှိမ်ခြင်းတို့မှ ကင်းဝေးလေသည်။ သို့သော် ဘုရင်သည်ထုတ်လုပ်သော ပြည်သူထံမှ သတ်မှတ်ထား သော ပွဲခွန်ကိုသာရရှိသည်။

ဤစနစ်သတ်ကို ပင်မင်းတာကြီး(မင်းပင်)သည် လက်ခံအကောင်အထည်ဖော်လေသည်။တိုင်းပြည်ကို ပြုပြင်ရာတွင်လိုအပ်သော အတတ်ပညာရှင်များ ရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပတွင် ပညာဆည်းပူးနေသော နိုင်ငံသားများကိုစုစည်းထားလေသည်။ မင်းတာကြီး(မင်းပင်) ကိုယ်နှိုက်ကလည်းနိုင်ငံရပ်ခြားတွင် ပညာသင်ကြားဖူးသူဖြစ်လေသည်။ ထို့ကြောင့် မင်းတာကြီး၏ ပြုပြင်ပြောင်းလဲမှုတွင် များစွာအခက်အခဲမရှိပေ။

## ရခိုင်အင်အားတောင့်တင်းလာခြင်း

မင်းတာကြီး(မင်းပင်)နန်းတက်ပြီးနောက် ရခိုင်အင်အားသည် တောင့်တင်းလာလေသည်။ မင်းတာကြီးသည် ပေါ်တူဂီတို့၏ အကူအညီကို များစွာရရှိခဲ့သည်။ မင်းတာနန်းမရမီ(၁၄)နှစ်က ရခိုင်နိုင်ငံသို့ပေါ်တူဂီလူမျိုး လွန်ကျော်ဒေဆီးဗေးအီးရားဆိုသူသည် ကုန်သွယ်မှုကိစ္စနှင့် လမ်းဖွင့်ရန် ရောက်လာသည်။ ရခိုင်တို့က ပေါ်တူဂီတို့အားကုန်ကူးခွင့်ပေးခြင်းအားဖြင့် ရခိုင်တို့သည် မိမိတို့ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းလိမ့်မည်ဟု အတွေ့အကြုံရင့်ကျက်စွာ မြင်ခဲ့ကြသည်။

ထိုစဉ်က ပေါ်တူဂီတို့သည် ရေကြောင်းအတတ်ပညာ၊ ခေတ်မီလက်နက်ပညာနှင့် ခံတပ်တည်ဆောက်မှု အတတ်ပညာတို့ကို ပိုမိုကျွမ်းကျင်စွာ တတ်မြောက်ကြသည်။ ထို့ကြောင့်ရခိုင်ဘုရင်က ပေါ်တူဂီတို့အား ကုန်ကူးခွင့်နှင့်သင်္ဘောများရပ်နားဆောက်လုပ်ခွင့်ကိုပေးခဲ့သည်။

မင်းတာနန်းရသောအခါ မြောက်ဦးမြို့တော်ကို ဘင်္ဂလားပင်လယ်အော်တွင် အကောင်းဆုံးခံတပ်ဖြစ်အောင် တည်ဆောက်ရန်ပေါ်တူဂီတို့အားငှားရမ်းခဲ့သည်။ ထို့အပြင်၎င်းတို့အား ရခိုင်နှင့်လူမျိုးစုံပါဝင်သော ရခိုင်တပ်အင်အားကို လေ့ကျင့်ရန်နှင့် လက်နက်တပ်ဆင်ရန် စစ်အရာရှိများအဖြစ်ခန့်ခဲ့သည်။ မင်းတာသည် ပေါ်တူဂီတို့အကူအညီဖြင့် ရခိုင်တို့ ဦးစီးသောရခိုင်ရေတပ်မတော်ကို ကြံ့ခိုင်စွမ်းရည်ရှိသော ရခိုင်တပ်သားတို့ဖြင့် ဖွဲ့စည်း၍၊ ပေါ်တူဂီရေသရဲတို့အားကြီးကြပ်စေခဲ့သည်။ ဤနည်းဖြင့် မင်းတာသည်ခေတ်မီလက်နက်ပိုင်ရှင် ဖြစ်လာခဲ့သည်။

http://www.dhammadownload.com



ထိုအချိန်တွင် အိန္ဒိယရှိမဂိုအင်ပါယာသည် ဘင်္ဂလားသို့ ချဲ့ထွင်နေသည်။ ဘင်္ဂလားဘုရင်လည်း အင်အားဖြင့်တွန်းလှန်နေသည်။ ၎င်းသည်အရှေ့ဘင်္ဂလား၏ လုံခြုံရေးကို လျစ်လျူရှုခဲ့ကြသည်။ ရခိုင်သည် ဘင်္ဂါ(၁၂)မြို့တွင် တချို့ကို လက်လွှတ်ခဲ့ရသည်မှာ အနှစ်(၁၀၀)မျှရှိပြီသည်။ မင်းဗာလည်း အခွင့်အလမ်းပေါ်လာသဖြင့် အရှေ့ဘင်္ဂလားသို့ ရေတပ်ကုန်းတပ်များဖြင့်ချီတက်ပြီး၊ အေဒီ၁၅၃၂ခု တွင် သိမ်းပိုက်လေသည်။ ရခိုင်အနောက်တခွင်ကို အုပ်ချုပ်ရန်အတွက် စစ်တကောင်းသည် အရေးကြီး သော မြို့ဖြစ်လာသည်။ ဘင်္ဂါ (၁၂)မြို့ထိ မြို့စားများသည် စစ်တကောင်းစားထံ အခွန်ဘဏ္ဍာဆက်ရသည်။

ရခိုင်တို့၏ အောင်မြင်မှုများမှာ ဆက်၍ပေါ်လာသည်။ နောက်သုံးနှစ်ကြာလာသောအခါ တချိန်က မိတ်ဆွေဖြစ်ခဲ့သော ပေါ်တူဂီတို့သည် ရခိုင်နိုင်ငံတော်ကို သိမ်းပိုက်ရန်ရေတပ်အင်အားဖြင့် ချီလာကြသည်။ သို့သော် ၎င်းတို့အားရခိုင်တို့က ကုန်းတွင်းရေတိမ်ပိုင်းတွင် အနိုင်ရလိုက်သည်။ တောင်ငူမင်းတပင်ရွှေထီး လည်း အေဒီ-၁၅၄၄ခုနှစ်မှ စ၍ သုံးနှစ်တိုင်တိုင်နှစ်စဉ် မြောက်ဦးသို့ ချီလာသည်။ ပထမနှစ်ကြိမ်၌ သံတွဲစား၏ ခုခံမှုကိုမခံနိုင်ခဲ့ပေ။ နောက်ဆုံးတစ်ကြိမ်တွင် ကြိုးစား၍ လာတိုက်သော်လည်း ခိုင်ခန့်လုံခြုံသော မြောက်ဦးမြို့တော်ကို တာရှည်မဝိုင်းနိုင်ဘဲ ဆုတ်ခွာသွားရလေသည်။

မင်းဗာလက်ထက်ကြီးပမ်းမှုများမှာ ရခိုင်သမိုင်းအတွက်ပြောင်မြောက်လှသဖြင့် ၎င်းအား ရခိုင်တို့က မင်းဗာကြီး ဟုခေါ်ကြသည်။

မင်းဗာကြီးတည်ထောင်ခဲ့သော ရခိုင်ကေရာဇ်နိုင်ငံတော်ကို ၎င်း၏စတုတ္ထမြောက်ဆက်ခံသူသား မင်းဖလောင်း(အေဒီ ၁၅၇၁-၁၅၉၃)က ဆက်လက်ထိန်းသိမ်းခဲ့လေသည်။ ၎င်းလက်ထက်တွင် အနောက်တရိုးရှိ ဘင်္ဂလားဒေသကို အုပ်ချုပ်မှုလွယ်ကူစေရန်အတွက် အနောက်ဘုရင်ကို စတင်ခန့်အပ်လေသည်။ အေဒီ-၁၅၇၆ခုနှစ်တွင် မဂိုဘုရင်အက္ကဘာ(အေဒီ ၁၅၅၆-၁၆၀၅)သည် အနောက်ဘင်္ဂလားကို သိမ်းယူလိုက်သဖြင့်၊ ရခိုင်နယ်စပ်နှင့်မဂိုနယ်စပ်တို့ ထိတွေ့သွားလေသည်။ မင်းဖလောင်းသည် ပြည်တွင်းစည်းလုံးရေးအတွက် စေတီများစွာကိုတည်ခဲ့သည်။ ဥရစ်တောင် ရေတပ်ကိုလည်း အားဖြည့်ထားခဲ့သည်။

http://www.dhammadownload.com



ရခိုင်အင်ပါယာသည် မင်းရာဇာကြီး(အေဒီ ၁၅၉၃-၁၆၁၂)လက်ထက်တွင် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ အေဒီ-၁၅၉၈ခုတွင် သံလျင်ကို ရခိုင်တို့ရရှိသဖြင့် ရခိုင်နယ်နိမိတ်ကို အနောက်မြောက်ဘက်တဗ္ဗား ဘင်္ဂလားမြစ်ဝကျွန်းပေါ် ဒေသကမ်းခြေမှ အရှေ့တောင်ဘက် မော်လမြိုင် ကမ်းရိုးတန်းအထိ ကျယ်ဝန်းခဲ့သည်။ ဤအချိန်သည်ရခိုင်တို့ ဘုန်းမီးအတောက်ဆုံးအချိန် ဖြစ်လေ သည်။

ပေါ်တူဂီတို့လည်းအေဒီ-၁၆၁၅ခုတွင် မြောက်ဦးမြို့တော်ကို ဝင်ရောက်တိုက်ခိုက်ကြပြန်သည်။ သို့သော်လည်း မင်းခမောင်း(အေဒီ ၁၆၁၂-၁၆၂၂)၏ တိုက်ဖျက်ခြင်းကို ခံကြရလေသည်။ ရခိုင်တို့၏ ခေတ်ကောင်းချိန်သည် အေဒီ-၁၆၃၈ခုထိ ဆက်လက်ရှည်ကြာခဲ့သည်။ ရခိုင်တို့ ဘုန်းမီးတောက်ပ စဉ်တွင် ရခိုင်တစ်နိုင်ငံလုံးကို လက်အောက်ခံဘုရင်ငယ်(၁၂)ပါးဖြင့် ဖွဲ့စည်းထားရှိသည်။

အေဒီ-၁၆၃၈ခုနှစ်နောက်ပိုင်းသည် ရခိုင်တို့အင်အားဆုတ်ယုတ်စပြုချိန်ဖြစ်သည်။ သို့သော် မင်းစဉ်မပျက်ဘဲ ဂုဏ်ရှိရှိဖြင့် နောက်ထပ်(၁၄၇)နှစ်ဆက်လက်တည်ရှိသေးပေသည်။

## နိုင်ငံရပ်ခြားနှင့်စီးပွားရေးဆက်သွယ်မှု

ရခိုင်တို့သည် ရှေးအစဉ်အဆက်ကပင် ဟိန္ဒူကုန်သည်များ၊ အာရပ်ကုန်သည်များနှင့် စီးပွားရေး ဆက်ဆံမှုရှိခဲ့သည်။ (၁၆)ရာစုတွင် ဥရောပသားတို့နှင့် ကူးသန်းမှုလမ်းပွင့်လာသည်။ ရခိုင်တို့နှင့် ပထမဆုံးဆက်ဆံကြသူများမှာ ပေါ်တူဂီဟုဆိုနိုင်သည်။ ၄င်းတို့နှင့်(၁၆)ရာစု တလျှောက်လုံးတွင် ရခိုင်တို့အများဆုံး ဆက်ဆံခဲ့သည်။ ၄င်းတို့အား စစ်တကောင်းတွင် နေထိုင်ခွင့် ပေးပြီး၊ ကုန်တိုက်များဖွင့်စေခဲ့သည်။ ပေါ်တူဂီတို့ ထံမှရခိုင်တို့က လက်နက်များကို အဓိကထား၍ ဝယ်သည်။ ၄င်းတို့သည်နောက်ပိုင်းတွင်ဆိုးသွမ်းလာကြပြီး၊ ရခိုင်ကိုအနှောင့်အယှက်ပြုလာခဲ့သည်။သို့သော် ရခိုင်တို့က သတိကြီးစွာဖြင့် ဆက်ဆံသွားကြသည်။

(၁၇)ရာစုအစတွင်ရခိုင်တို့သည် ပေါ်တူဂီအစား ဒတ်ချ်တို့နှင့်သာ စီးပွားရေးဆက်ဆံရန်ပို၍ စိတ်ဝင်စားလာခဲ့သည်။ ရခိုင်တို့ကဒတ်ချ်နှင့် စစ်ရေးမဟာမိတ်ပြုလိုသည်။ သို့သော်ဒတ်ချ်တို့က စစ် ရေးကိစ္စနှင့် ကင်းရှင်းအောင်နေသည်။ ၁၆၀၈-ခုတွင်မင်းရာဇာကြီးက ဒတ်ချ်တို့အား စစ်တကောင်း တွင် လွတ်လပ်စွာရောင်းဝယ်ခွင့်၊ ခံတပ်ဆောက်ခွင့်ပြုခဲ့သော်လည်း ဒတ်ချ်တို့ ငြင်းပယ်ခဲ့သည်။ ၁၆၁၅-ခုနှစ်တွင် ပေါ်တူဂီတို့က မြောက်ဦးကိုတိုက်ခိုက်ရာတွင် ဒတ်ချ်တို့က ရခိုင်တို့

http://www.dhammadownload.com



ဘက်မှများစွာ အကူအညီပေးခဲ့သဖြင့်၊ ဆွန်ဒိပ်ကျွန်း (သောင်းတီးကျွန်း)တွင် ပေါ်တူဂီအခြေစိုက်မှုကို ၁၆၁၇-ခုတွင် ဖယ်ရှားခဲ့လေသည်။

ထိုအချိန်တွင်ဒတ်ချ်တို့သည် ကုန်ထုတ်လုပ်ငန်းများအတွက် ကျွန်များအလိုရှိနေရာ ရခိုင်ပြည်မှ ကျွန်ဝယ်လိုသည်။ ၎င်းတို့ကကျွန်သာမဟုတ်၊ ဆန်စပါးကိုလည်းဝယ်ယူခဲ့ကြသည်။ မြောက်ဦးမြို့တော်တွင်လည်း ကုန်တိုက်တတိုက်ဖွင့်ထားရှိသည်၊ ရခိုင်တို့သည် ဆန်စပါးရောင်းဝယ်ရေးတွင် ဒတ်ချ်တို့က လက်ဝါးကြီးမအုပ်မိစေရန် အထူးဂရုပြုခဲ့သည်။ သံများ၊သူလျှိုများစေလွှတ်၍ ပေါက်ဈေးနှုန်းမှန်နှင့် အခြေအနေအရပ်ရပ်ကို ရခိုင်တို့ကသိရှိထားကြသည်။ ပြည်တွင်းဆန်စပါးရောင်းဝယ်ခြင်းကို ရခိုင်ဘုရင်ကတိုက်ရိုက်ကိုင်တွယ် သဖြင့်ဒတ်ချ်တို့မှာ ထင်သလိုလုပ်၍မရခဲ့ပေ။

ရခိုင်နှင့်ဒတ်ချ်တို့၏ စီးပွားရေးဆက်ဆံမှုသည် ၁၆၆၅-ခုအထိ ဆက်လက်တည်ရှိခဲ့ပေသည်။ ရခိုင်နှင့် မဆက်ဆံရန် မဂိုဘုရင်က ဖိအားပေးသဖြင့် ဒတ်ချ်တို့သည်ရပ်တန့်သွားလေသည်။

## ရွှေမြောက်ဦး

မြောက်ဦးကောင်းစားချိန်တွင် မြောက်ဦးမြို့တော်ကို အရံမြို့များဖြင့်ဖွဲ့စည်းခဲ့သည်။ မင်းအဆက်ဆက်တို့သည် မြို့သစ်များကို တိုးချဲ့ခဲ့ရာ မြို့အရံ(၁၇)မြို့ထိရှိလာလေသည်။ "ပန်းမဥ္ဇူကြိုင်ကြိုင်မွှီး မြောက်ဦးမြို့မှာ အိမ်ခြေစာရင်းပီး" ဆိုရိုးစကားအရ အိမ်ခြေပေါင်း(၅)သိန်းကျော်ရှိ ကြောင်းသိရသည်၊ သီရိသုဓမ္မရာဇာ(အေဒီ ၁၆၂၂-၁၆၃၇)လက်ထက်တွင် လူဦးရေမှာ နန်းမြို့တော် အတွင်း တသိန်းခြောက်သောင်းခန့်ရှိသည်ဟု ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်ကဆိုသည်၊ ရှေးဟောင်း လင်္ကာဖြစ်သောဖဒူမင်းညို၏ ရခိုင်မင်းသမီးခြေင်းတွင် နန်းမြို့တော်နှင့်တကွ အပြင်မြို့တွင်းမှာပါ တစ်မြို့လုံးရှိလူဦးရေကို "ခြောက်ဆယ်ဆင်ဖြူ ဗိုလ်လူမှုကား နွားလားသင်းစု ခုနစ်ခုမွှီး " ဟုဆိုထားသည်။ ဘောင်းဒွတ်မှာ သဘော်ဆိပ်မြို့ဖြစ်လေသည်။ မြောက်ဦးမြို့ တွင်းသွားလာရေး အတွက် တူးမြောင်းများကို အသုံးပြုရသဖြင့်။ မြောက်ဦးကို အရှေ့တိုင်းက ဗင်းနစ်မြို့ဟု သမိုင်းဆရာ တို့က တင်စားခိုင်းနှိုင်းကြသည်။ သံတမန်များကမြို့တော်သို့မဝင်မီ စနစ်တကျစစ်ဆေးပြီး မှဝင်ခွင့်ပြုသည်။ မြို့တော်ထဲတွင်ရေကန်များ၊ စပါးကျီများဖြင့်စားနပ်ရိက္ခာများကို သိုလှောင်ထားရှိသည်။

ရခိုင်တနိုင်ငံလုံးကို အုပ်ချုပ်ရာတွင် နယ်(ဘုရင်ခံ)(၁၂)နယ်ခွဲထားရှိသည်။ ၎င်းတို့မှာ နာဂသုန္ဒာတိုင်း၊ မဟီ သကတိုင်း၊ ကမ္ဗရူပတိုင်း၊ ဖလံတိုင်း၊ သက်တိုင်း၊ ဘိုမင်းတိုင်း၊ ဘုညားကြီးတိုင်း၊

http://www.dhammadownload.com



ဥသလင်းတိုင်း၊ ရက္ခပူရတိုင်း၊ ရမ္မပူရတိုင်း၊ မေဃဝတီတိုင်းနှင့်ဒါရကတိုင်းတို့ဖြစ်ကြသည်။ မြို့တော်ကြီး(၁၂) မြို့တွင်လည်း လှပသောနန်းတော်တဆောင်စီဆောက်ထားရှိပေသည်။

မြောက်ဦးမြို့တော်ကြီးကျယ်ခမ်းနားပုံနှင့် ပတ်သက်၍ အေဒီ-၁၆၃၀-လောက်တွင် ရောက်ရှိခဲ့ဘူးသော ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်ကမြောက်ဦးမြို့တော်ကို ထိုအချိန်က မြို့ပမာဏနှင့် ကြွယ်ဝချမ်းသာခြင်းများမှာ ကမ္ဘာ့အနောက်ဘက်ရှိ အမ်စတာဒမ်မြို့၊ လန်ဒန်မြို့တော်များနှင့် တူညီကြောင်း ခန့်မှန်းခဲ့သည်။ စကိုတင်ဆိုသူကလည်း မြောက်ဦးမြို့တော်သည် အာရှတိုက်၏ ဤမှာဘက်တဝိုက်မှာ အကြွယ်ဝဆုံးသော မြို့ဖြစ်ကြောင်း၊ မြို့ကြွယ်ဝချမ်းသာခြင်း၏ အခြေခံအကြောင်းအရာများမှာလည်း ဟံသာဝတီ(ပဲခူး)နှင့် ယိုးဒယား (အယုဒ္ဓယ)မြို့တော်များ ထက်သာလွန်ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## အနုပညာလက်ရာ

မြောက်ဦးခေတ်၏ ကြီးကျယ်ခမ်းနားခဲ့ပုံကို သမိုင်းပစ္စည်းအမွေအနှစ်တို့က သက်သေပြလျှက်ရှိသည်။ မြောက်ဦးမြို့တော်တစ်ခုလုံး အဆောက်အအုံများမှာ နန်းရာကုန်း၊ သျှစ်သောင်း၊ ဒုက္ကန်သိမ်၊ အံတော်သိမ်၊ ကိုးသောင်း၊ လေးမျက်နှာ၊ ရတနာပုံ မာန်ငါးပါးနှင့် လောင်ပွန်းပြောက်တို့ ဖြစ်ကြသည်။ ဆောက်လုပ်ရာတွင် ကျောက်ကို အများဆုံးအသုံးပြုသည်။ ခိုင်ခန့်မှုကို ဦးစားပေးခဲ့သည်။ အနုပညာ အမွှမ်းအပြောက်များဖြင့်လည်း တန်ဆာဆင်ကြသည်။ စေတနာရည်ရွယ်ချက်ကို ပေါ်လွင်အောင် ပြုလုပ်တတ်ကြသည်။

ရခိုင်စာပေသည် မြောက်ဦးခေတ်တွင်အထွတ်အထိပ်သို့ရောက်ခဲ့သည်။ မော်ကွန်းစာပေ၊ လျှောက်ထုံးစာပေ၊ ပုံပြင်ဝတ္ထုစာပေ၊ လင်္ကာရတုစာပေ၊ ဘာသာပြန်စာပေတို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့ကြသည်။ အိန္ဒိယမှ "သရောဒယဆေးကျမ်း " ကို ရခိုင်က "သရောဒယဆေးကျမ်း "အဖြစ်လည်းကောင်း၊ " ဟိတောပဒေသပုံပြင်များ " ကို "ထီးတော်ပဒေသာ" ဟုလည်းကောင်း ပြန်ဆိုခဲ့ကြသည်။ ဤခေတ်တွင် သက္ကဋစာပေကိုလည်း ရခိုင်တို့က သုံးစွဲခဲ့သည်။ ၁၇၃၄-တွင် သွန်းလုပ်သည့် မဟာမုနိယတြာခေါင်းလောင်းတွင် သက္ကဋစာပေဘာသာဖြင့်လည်း ရေးထိုးခဲ့လေသည်။

ဤခေတ်စာဆိုများတွင် ဖဒူမင်းညို၊ ဝိမလအမတ်၊ မဟာပညာကျော်၊ ဥက္ကာပျံ၊ လေက်ရုံး (ပညာဝံသ)၊ ရွှေသဲ၊ မိပန်းရီ တို့သည် အလွန်ထင်ရှားကြသည်။

http://www.dhammadownload.com



## ယုံကြည်ကိုးကွယ်မှု

မြောက်ဦးခေတ်တွင် ရခိုင်ဗုဒ္ဓဘာသာကိုးကွယ်မှုသည် လွန်စွာထင်လင်းခဲ့လေသည်။ ဤအကြောင်းကို "သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း " ဟူသောစာညွှန်ဖြင့်တင်စားလေ့ရှိသည်။ မြောက်ဦးမြို့တော်ရှိ တောင်ထိပ်တို့တွင်ဘုရားပုထိုးများဖြင့်ရှိခဲ့သည်။ ဆင်းတုတော်ကိုထုလုပ်ရာတွင် ပလ္လင်္ကာသနခေါ် ခြေတဘက်တင်တဘက်ချထိုင်ဟန်ကိုသာ ထုလုပ်ပူဇော်လေ့ရှိကြသည်။ နားရွက်တော်မှာ ပုခုံးတော်နှင့်သီးခြားကင်းလွတ်ဟန်ရှိသည်။ မျက်လွှာတော်ချပြီး သမာပတ်ဝင်စားဟန်ကို သရုပ်ဖော်ပြသည်။ ဦးတော်ကြီးပြီး ရင်အုပ်တော်ကားကား အသားပြည့်ဖြိုးဟန်နှင့် ပါးလွှာသော ကြာသင်္ကန်းစည်းဟန်တို့ကိုထု လုပ်ကြသည်။

ဗုဒ္ဓဘာသာကိုးကွယ်မှုအပြင် ရိုးရာနတ်ကိုးကွယ်မှုလည်းရှိခဲ့သည်။ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ချောင်းစောင့်နတ်၊ မြစ်စောင့်နတ် စသည့်နတ်များအပြင် ဥတုနတ်စသောနတ် ကြီး(၈)ရပ်ကို ကိုးကွယ်မှုလည်းရှိခဲ့သည်။ ယင်းနတ်ကြီး(၈)ရပ်ကို ဘုရင်ကိုယ်တိုင် နှစ်စဉ်ဦးဆောင်ပူဇော်ပသလေ့ရှိသည်။ အကြောင်းကား အပရိဟာနိယတရား(၇)ပါးနှင့် ညီစွာကိုးကွယ်ရခြင်း ဖြစ်သည်။ အင်းအိုင် မန္တရား စနဲတဘောင်ယုံကြည်မှုလည်းရှိကြသည်။

သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော်ညှိုးနွမ်းလာခြင်းကြောင့်၊ မင်းတာကြီး၊ မင်းရာဇာကြီးနှင့် မာရုပ္ပိယမင်းလက်ထက်တို့တွင် သီဟိုဠ်ကျွန်းသို့သာသနာပြုစေလွှတ်ခဲ့သည်။

## ရခိုင်အင်အားယုတ်လျော့ခြင်း

အမြော်အမြင်ရှိသောမင်းများနန်းတက်ခဲ့ကြသဖြင့် မြောက်ဦးခေတ်လယ်သည် ကြီးကျယ်ထွန်းကားခဲ့လေသည်။ သို့သော် ၁၆၃၈-ခုနှစ်မှစ၍ ရခိုင်အင်အားသည် တဖြည်းဖြည်း ကျဆင်းလာခဲ့သည်။ နန်းလုမင်း နရပတိကြီး(အေဒီ ၁၆၃၈-၁၆၄၅)လက်ထက်တွင် ရခိုင်

http://www.dhammadownload.com



ပညာရှိကြီးများ၊ စွမ်းရည်ရှိ ပုဂ္ဂိုလ် များတိမ်ကောပပျောက်သွားရ လေသည်။ နိုင်ငံအုပ်ချုပ်ရေးအတွက် ကြေးစားတပ်များကိုသာ အားကိုးအားထားရလေသည်။

မဂိုဘုရင်တို့နှင့်ဆက်ဆံရေးမှာလည်း စန္ဒသုဓမ္မ(အေဒီ ၁၆၅၂-၁၆၇၄)လက်ထက်တွင် ဆိုးရွားလာခဲ့သည်။ ရခိုင်အိန္ဒိယနယ်စပ်တွင် ပေါ်တူဂီစားပြတို့သည် ဆထက်ကဲ၍ သောင်းကျန်းလျှက်ရှိကြသည်။ မဂိုတို့လည်း ရခိုင်ပိုင်အရှေ့ဘင်္ဂလားကို သိမ်းယူရန်တာစူလျှက်ရှိသည်။ ထိုစဉ်ရခိုင်သို့ ၁၆၆၀-တွင်ခိုလှုံလာ သောဘင်္ဂလားဘုရင်ခံ ရှာသျှုဂျာသည် ရခိုင်ထီးနန်းကို လုရန်ကြံစည်လာသည်။ ၎င်းကို ရခိုင်တို့က နှိမ်နင်းနိုင်လိုက်သော်လည်း၊ ရခိုင်အင်အားမှာလျော့ပါးသွားလေသည်။ တဖန်ဒတ်ချ်တို့နှင့် စီးပွားရေးဆက်ဆံရေးမှာလည်း တိုးတက်မှုမရှိဖြစ်လာသည်။

ဤသို့ရခိုင်တွင် အကျပ်အတည်းဖြစ်နေစဉ် ၁၆၆၆-ခုတွင် မဂိုအင်ပါယာ၏ ဘင်္ဂလားဘုရင်ခံသည် စစ်တကောင်းနှင့် ပင်းဝါတို့ကိုလျှပ်တပြက် ဝင်ရောက်သိမ်းပိုက်လိုက်လေသည်။ ရခိုင်တို့သည် အကျအဆုံးများစွာဖြင့် ဆုတ်ခွာလာရတော့သည်။ စစ်တကောင်းကျဆုံးသွားခြင်းသည် ရခိုင်တို့အတွက် များစွာအထိနာလေသည်။ ရခိုင်တို့တိုးတက်ရေးအတွက် စစ်တကောင်းဒေသသည် အခြေခံဖြစ်သော ကြောင့်ဖြစ်သည်။

စန္ဒသုဓမ္မ နောက်(၃၆)နှစ်တွင် ဆက်ခံသူ(၁၀)ဆက်တို့သည် အရည်အချင်းညံ့ဖျင်းကြသည်။ ထို့ကြောင့် ၁၆၈၅-ခုနှစ် မှစ၍ နန်းတွင်းကိုယ်ရံတော်တပ်သားလေးသောင်းတို့သည် သောင်းကျန်းကြလေသည်။ ဘုရင်ကို၎င်းတို့အလိုကျနန်းတင်၊နန်းချပြုလာသည်။ နိုင်ငံရေးမတည်ငြိမ်သဖြင့် စီးပွားရေးလည်းများစွာကျဆင်းခဲ့သည်။ ၁၆၈၇- ခုတွင်စီးပွားရေးအဆိုးဆုံးဖြစ်လေသည်။ အင်အားဆုတ်ယုတ်လာသဖြင့် ပြည်တွင်းပုန်ကန်မှုများကို မနှိမ်ကွပ်နိုင်ဖြစ်ခဲ့သည်။ နန်းလုမှုလည်းများလာသည်။

ဤအခြေအနေဆိုးများကို ယာယီကယ်တင်ပေးနိုင်ခဲ့သူမှာ စန္ဒဝိဇယ(အေဒီ ၁၇၁၀-၁၇၃၁) ဖြစ်လေသည်။ ၎င်းသည်အရည်အချင်းရှိသောမင်းတပါးဖြစ်လေသည်။ ကိုယ်ရံတော်တပ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ အင်အားကိုလည်း(၃၀၀၀)အထိ လျှော့ချလိုက်သည်။ သူရဲကောင်းများကို

http://www.dhammadownload.com



မြောက် စားမှုပြုပြီး၊ ပြည်တွင်းကိုလည်း စည်းလုံးမှုပြုလေသည်။ သို့သော် ၁၇၃၁-တွင် လုပ်ကြံခံလိုက်ရလေသည်။

ယင်းနောက်ဆက်ခံသူတို့မှာ ပို၍အရည်အချင်းညံ့လာသည်။ အေဒီ ၁၇၃၈-တွင်ပြည်တွင်းရှိကုလားများသည် ပုန်ကန်မှုပြုလာသည်။ နရအဘယ(အေဒီ ၁၇၄၂-၁၇၆၁)လက်ထက်တွင် ပြည်တွင်းဆူပူမှုကင်းအောင် အစွမ်းကုန်ကြိုးစားလေသည်။ ရွှေဘိုဘုရင်နောင်(အေဒီ ၁၇၆၀-၁၇၆၃) သည် ရခိုင်ကိုတိုက်ရန် တပ်သား ၅၀၀၀၀ကို အေဒီ ၁၇၆၂-ခုတွင် စေလွှတ်လိုက်သည်။ ရခိုင်က တိုက်ထုတ်သဖြင့်ဆုတ်ခွာသွားလေသည်။ ထိုအချိန်တွင် ရခိုင်စီးပွားရေးသည် များစွာကျဆင်းနေပြီ ဖြစ်သည်။

အဘယမဟာရာဇာ(အေဒီ ၁၇၆၄-၁၇၇၃)လက်ထက်တွင်ရခိုင်နိုင်ငံသည် အတော်အတန်ပြန်၍တည်ငြိမ်လာသည်။ မြန်မာပြည်မှ တိမ်ကြားဗိုလ် ရခိုင်သို့ထိပါးသည်ကို အေဒီ ၁၇၇၃-တွင် တွန်းလှန်လိုက်နိုင်သည်။ ယင်းနောက် တိုင်းပြည်သည် တဖန်မတည်မငြိမ်ဖြစ်လာပြန်လေသည်။ အေဒီ ၁၇၈၂-ခုတွင်(၂)လတိတိရောဂါကပ်ဘေးဆိုက်သဖြင့် လူများစွာသေလေသည်။ နောက်(၂)နှစ်အကြာ တွင် ရခိုင်မြောက်ပိုင်းလွင်ပြင်သည် ရေလွှမ်းမိုးခြင်းဒဏ်ကို မကြုံစဖူးခံလိုက်ရသည်။ ထို့ကြောင့် ရခိုင်တွင် စားနပ်ရိက္ခာပို၍ရှားပါးလေသည်။ ယင်းနှစ်တွင်ပင်ရခိုင်တို့၏ အားနည်းချက်တို့ကို အခွင့်ကောင်းယူလျှက် မြန်မာအမရပူရဘုရင် ဗဒုံမင်း (အေဒီ ၁၇၈၂-၁၈၁၉)ကရခိုင်နိုင်ငံကို စစ်သုံးကြောင်း

http://www.dhammadownload.com



ချို၍ သိမ်းယူစေသည်။ ရခိုင်တို့သည်(၂)လတိုင်တိုင် အသေအလဲခုခံကြသည်။မနိုင်သဖြင့် အေဒီ-၁၇၈၅-ခု ဇန်နဝါရီလတွင် မြောက်ဦးမြို့တော်ပျက်လေသည်။ ရခိုင်တို့ တင်မြှောက်ထားသော မဟာသမ္မတ (အေဒီ ၁၇၈၂-၁၇၈၅)သည်လည်း အဖမ်းခံလိုက်ရလေသည်။ သမိုင်းစဉ်ဆက်ပိုးထောင်လာသော ရခိုင်ထီးနန်းသည် ပျက်သုဉ်းသွားလေတော့သည်။

## အခန်း (၃)

## ရခိုင်မင်းဆက် ဇယားများ

### ဓညဝတီခေတ်

### မင်းစဉ်မင်းဆက်ဇယား

ရခိုင်ပြည်ထောင်၏ သမိုင်းတင်သောခေတ်ကြီးများဖြစ်သည့် ဓညဝတီခေတ်၊ဝေသာလီကျောက်လှေကားခေတ်၊ လေးမြို့ခေတ် နှင့် မြောက်ဦးခေတ်တို့၏ မင်းစဉ်မင်းဆက်အခြေ ကိုထင်ထင်ရှားရှား သိရှိနိုင်ရန်အတွက် မင်းစဉ်မင်းဆက်ဇယားဖြင့် ခေတ်အလိုက်ဖော်ပြပါသည်-

http://www.dhammadownload.com



## မာရယုအနွယ်(၅၄)ဆက်၊မျိုးခြားအမတ်(၃)ဆက်၊ပေါင်း(၅၇)ဆက်သောမင်းဆက်တို့၏အင်းဇယား

| စဉ် | မင်းအမည် | မိဖုရားအမည် | နန်းစံနှစ် | သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မာရယု | ရှစ်တမာလာ | ၆၂ | ၅၉၉၅ | |
| ၂။ | မာရဇေတု | သုမိဇေ | ၃၂ | ၆၀၅၇ | သား |
| ၃။ | မာရအုံ | ဂေါယာဇေ | ၅၃ | ၆၀၈၉ | သား |
| ၄။ | မာရရွှယ် | ကုလမ္ဗိ | ၄၈ | ၆၁၄၂ | သား |
| ၅။ | မာရဘင် | သီလဘိ | ၅၅ | ၆၁၉၀ | သား |
| ၆။ | မာရဇိန် | ကုက္ကာဘိ | ၃၃ | ၆၂၄၅ | သား |
| ၇။ | မာရကင် | သဝမ္ဗိ | ၂၂ | ၆၂၇၈ | သား |
| ၈။ | ငဆတ်အို | သဝမ္ဗိ | ၂၀ | ၆၃၀၀ | မျိုးခြား |
| ၉။ | ဒေါလစန္ဒရား | ဝေဠုတာပီ | ၄၀ | ၆၃၂၀ | မာရကင်၏သား |
| ၁၀။ | သောလစန္ဒရား | ခန္တိပီ | ၃၃ | ၆၃၆၁ | သား |
| ၁၁။ | သူရိယစန္ဒရား | ဓမ္မဒေဝီ | ၃၇ | ၆၃၉၄ | သား |
| ၁၂။ | ကာလစန္ဒရား | သူရိယာပီ | ၄၀ | ၆၄၃၁ | သား |
| ၁၃။ | တဋ္ဌန္ဒရား | ဓမ္မဒိန္နာ | ၃၁ | ၆၄၇၁ | သား |
| ၁၄။ | မဓုစန္ဒရား | သန္တာပီ | ၂၀ | ၆၅၀၂ | သား |
| ၁၅။ | ဇေယျစန္ဒရား | သုဘာရူပီ | ၄၀ | ၆၅၂၃ | သား |
| ၁၆။ | မောက္ခစန္ဒရား | သုလာပီ | ၂၆ | ၆၅၆၃ | သား |
| ၁၇။ | ဂုဏစန္ဒရား | သုရာဘိ | ၁၂ | ၆၅၈၉ | သား |
| ၁၈။ | အမတ် ၃-ဦး ဒုတိယဓညဝတီ | ၁နှစ်၊၃-လ၊၇-ရက် | | ၆၆၀၁ | မျိုးခြား |
| ၁၉။ | ကံရာဇာကြီး | စောမာလာ | ၄၁ | ၆၆၀၂ | ဂုဏစန္ဒရား၏သား |
| ၂၀။ | ကံရာဇာငယ် | စောပန်းကုံး | ၃၆ | ၆၆၄၃ | သား |
| ၂၁။ | ကန္ဒသူရိယ | စောနန္ဒီ | ၃၅ | ၆၆၇၉ | သား |
| ၂၂။ | အသူရိန္ဒသူရိယ | စောကြွယ် | ၃၀ | ၆၇၁၄ | သား |
| ၂၃။ | သာရမိတ္တ | စောပန်းနု | ၂၈ | ၆၇၄၄ | သား |
| ၂၄။ | သူရိယ | စောပန်းဝေ | ၃၁ | ၆၇၇၂ | သား |

http://www.dhammadownload.com



| စဉ် | မင်းအမည် | မိဖုရားအမည် | နန်းစံနှစ် | သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၂၅။ | မင်းထီး | မင်းသီဒါ | ၂၂ | ၆၈၀၃ | သား |
| ၂၆။ | မင်းပါ | ရှင်ဝန်းဖြူ | ၂၂ | ၆၈၂၅ | သား |
| ၂၇။ | စည်ပေါင်သူ | ဆီမဆန်း | ၂၈ | ၆၈၄၇ | သား |
| ၂၈။ | တံတိုင်းသင် | ငွေဒါးအိမ် | ၃၁ | ၆၈၇၅ | ညီ |
| ၂၉။ | ကျော်ခေါင်စည် | ရှင်လှကျော် | ၅၃ | ၆၉၀၆ | သား |
| ၃၀။ | သူရိယစန္ဒမိတ် | ချစ်ရောင် | ၂၁ | ၆၉၅၉ | သား |
| ၃၁။ | အနန္တဘယ | ကလျာဝင်း | ၃၀ | ၆၉၈၀ | သား |
| ၃၂။ | လကျ်ာစည်သူ | ဆင်းလှစံ | ၃၀ | ၇၀၁၀ | သား |
| ၃၃။ | သီဟကုမ္ဘီ | စောညက်ထွား | ၄၃ | ၇၀၄၀ | သား |
| ၃၄။ | မင်းဘုန်းသန် | ဆင်းမြစစ် | ၃၁ | ၇၀၈၃ | သား |
| ၃၅။ | သက္ကမွေး | စလပ်ပန်း | ၄၉ | ၇၁၁၄ | သား |
| ၃၆။ | ဇေယျနန္ဒသူ | မြပန်းကုံး | ၅၂ | ၇၁၆၃ | သား |
| ၃၇။ | တက္ကသူ | ဆင်းလှမွေး | ၄၆ | ၇၂၉၈ | သား |
| ၃၈။ | လက္ခဏ | ကဏ္ဍာဒေဝီ | ၇၇ | ၇၂၆၁ | သား |
| ၃၉။ | ဂုဏရာဇ် | စောမာလာ | ၄၂ | ၇၂၁၅ | သား |
| ၄၀။ | သီဝရာဇ် | ပွင့်ဝတ်ရွှေ | ၄၁ | ၇၃၄၀ | သား |
| ၄၁။ | မင်းလှမွေး | စောနတ်လာ | ၂၁ | ၇၃၈၁ | သား |
| ၄၂။ | သူရိန္ဒ | စောရွှေချက် | ၆၀ | ၇၄၀၂ | သား |
| ၄၃။ | မင်းသိဒ္ဓတ် | လက္ခဏာဒေဝီ | ၂၂ | ၇၄၆၂ | သား |
| ၄၄။ | မင်းလှကြီး | စောပန်းဖြူ | ၄၇ | ၇၄၈၄ | သား |
| ၄၅။ | ထွေးလုပ်ကြီး | ရွှေစင်ဦး | ၂၄ | ၇၅၃၁ | သား |
| ၄၆။ | (စေရာဇ်) | စောလှမယ် | ၃၈ | ၇၅၅၅ | သား |
| ၄၇။ | မျက်နှာဝန်း | စောဘုန်းသူ | ၂၄ | ၇၅၉၃ | သား |
| ၄၈။ | လက်ရုံးကြီး | ရှင်လှဖြူ | ၂၇ | ၇၆၁၇ | သား |
| ၄၉။ | သီရိကမ္ဗုသုနန္ဒရ | စန္ဒာဒေဝီ | ၃၀ | ၇၆၄၄ | သား |
| ၅၀။ | နန္ဒကောဘယ | စောမင်းဖြူ | ၂၇ | ၇၆၇၄ | သား |
| ၅၁။ | မင်းနံ့ဖြူ | စောလှခေါင် | ၂၀ | ၇၇၀၁ | သား |
| ၅၂။ | မင်းနံ့လှ | စောပုညို | ၂၈ | ၇၇၂၁ | သား |
| ၅၃။ | မင်းခေါင်ငယ် | ပတ္တမြားသွေး | ၂၀ | ၇၇၄၉ | သား |
| ၅၄။ | လောက်ခေါင်ရာဇ | စောဘုန်းထွတ် | ၁၅ | ၇၇၆၉ | သား |
| ၅၅။ | မင်းသီဟ | စောခေါင် | ၂၁ | ၇၇၈၄ | သား |
| ၅၆။ | မင်းငယ်ပျော်လှစည်သူ | စောစစ် | ၇ | ၇၈၀၅ | သား |
| ၅၇။ | အမတ်(၃)ဦး | | ၈-လ၊၂-လ၊၁- | နှစ်၇၈၁၂-၇၈၁၃ | မျိုးခြား |

http://www.dhammadownload.com



## ကျောက်ပန်းတောင်းမြို့တည်(၂၄)နှစ်၊ ကံရာဇာကြီး (ကမ္ဘရာဇာ)မှစ၍ သီရိရာဇာမင်းအဆုံးရှိသောမင်းတို့၏ အင်းဇယား

| စဉ် | မင်းအမည် | မိဖုရားအမည် | နန်းစံနှစ် | သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ကံရာဇာကြီး | သုနန္ဒရီ | ၃၃ | ၇၈၁၃ - ၇၈၅၀ | သား |
| ၂။ | သီလရာဇာ | သုဝဏ္ဏ | ၄၁ | ၇၈၅၀ - ၇၈၉၁ | စယဒ |
| ၃။ | ဝါသုရ | နန္ဒပီ | ၃၁ | ၇၈၉၁ - ၇၉၂၂ | သား |
| ၄။ | နန္ဒသူရိယ | ဂန္ဒာပီ | ၄၀ | ၇၉၂၂ - ၇၉၆၂ | သား |
| ၅။ | သူရိယနန္ဒ | ဓနာပီ | ၃၂ | ၇၉၆၂ - ၇၉၉၄ | သား |
| ၆။ | သူရနန္ဒ | သုပဘာ | ၂၃ | ၇၉၉၄ - ၈၀၁၇ | သား |
| ၇။ | စန္ဒမာရ | စန္ဒရာသီ | ၃၂ | ၈၀၁၇ - ၈၀၄၉ | သား |
| ၈။ | သီရိစန္ဒာ | ရမ္မာပီ | ၄၀ | ၈၀၄၉ - ၈၀၈၉ | သား |
| ၉။ | သီဟရာဇာ | ဝါသုဝါပီ | ၄၆ | ၈၀၈၆ - ၈၁၃၅ | သား |
| ၁၀။ | သီဟာနု | ဓမ္မပီ | ၂၀ | ၈၁၃၅ - ၈၁၅၅ | သား |
| ၁၁။ | ပယာက | ရောဟနန္ဒီ | ၃၁ | ၈၁၅၅ - ၈၁၈၆ | သား |
| ၁၂။ | နိရဂုဏ် | စောမနာ | ၄၁ | ၈၁၈၆ - ၈၂၂၇ | သား |
| ၁၃။ | ရောဟဂုဏ် | ရောဟဏီ | ၃၀ | ၈၂၂၇ - ၈၂၅၇ | သား |
| ၁၄။ | သီရိဂုဏ် | သမာပီ | ၂၄ | ၈၂၅၇ - ၈၂၈၁ | သား |
| ၁၅။ | သမံရာဇာ | စန္ဒာပီ | ၃၅ | ၈၂၈၁ - ၈၃၁၆ | တူ |
| ၁၆။ | သုဝဏ္ဏကုမ္ဘာ | ဝါသဝါ | ၂၀ | ၈၃၁၆ - ၈၃၃၆ | သား |
| ၁၇။ | သက်တင်မြို | သီရိကုမ္ဘာရီ | ၄၀ | ၈၃၃၆ - ၈၃၇၆ | သား |
| ၁၈။ | သက်တင်ဦး | မာလာရံ | ၄၂ | ၈၃၇၆ - ၈၄၁၈ | သား |
| ၁၉။ | ဇေတဝန် | လက္ခဏာရီ | ၃၆ | ၈၄၁၈ - ၈၄၅၄ | သား |
| ၂၀။ | မုစ္ဆိယ | သီတာရံ | ၂၇ | ၈၄၅၄ - ၈၄၈၁ | သား |
| ၂၁။ | ကုမ္ဘာရဝိသုက | ရွှေစင်းကြန် | ၇၇ | ၈၄၈၁ - ၈၅၅၈ | သား |
| ၂၂။ | ဝါသုကဏ္ဏလ | မဥ္ဇူနာရီ | ၃၄ | ၈၅၅၈ - ၈၅၉၂ | သား |
| ၂၃။ | ပူရိန္ဒ | ဂင်္ဂါယဉ် | ၃၁ | ၈၅၉၂ - ၈၆၂၃ | သား |
| ၂၄။ | ရာလမာယု | ဂင်္ဂါယဉ် | ၂၂ | ၈၆၂၃ - ၈၆၄၅ | ညီ |
| ၂၅။ | နာလမာယု | သဝမ္ဓိ | ၃၁ | (၈၆၄၅ ) ၂ | သား |
| ၂၆။ | ဝရတကုန် | သမာဓိ | ၂၂ | ၃၃ | သား |
| ၂၇။ | ဝိသုရာဇာ | ကာနာထူ | ၁၂ | ၅၅ | သား |
| ၂၈။ | သီရိရာဇာ | ကုမ္ဘာရံ | ၃၀ | ၆၇ - ၉၇ | သား |

http://www.dhammadownload.com



### သီရိရာဇာ၏သား တတိယဓညဝတီမြို့တည် စန္ဒသူရိယမင်း မှ စတင်သော မင်းဆက်(၂၅)ဆက်တို့ အင်းဇယား

| စဉ် | မင်းအမည် | မိဖုရားအမည် | နန်းစံနှစ် | သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | စန္ဒသူရိယ | စန္ဒိမာလာ | ၅၂ | ၉၇ | သား |
| ၂။ | သူရိယဓိပတိ | သူရိယာရံ | ၄၇ | (၁၄၉)၂ | သား |
| ၃။ | သူရိယာပတိပါတ် | သုဝဏ္ဏကလျာ | ၅၆ | ၄၉ | သား |
| ၄။ | သူရိယရူပ | သုပဘာ | ၄၅ | ၁၀၅ | သား |
| ၅။ | သူရိယစန္ဒာလ | နန္ဒာဝရ | ၆၄ | ၁၅၀ | သား |
| ၆။ | သူရိယစက္က | ရုစိတာ | ၄၄ | ၂၁၄ | သား |
| ၇။ | သူရိယနာထ | ဝိသုဒ္ဓိ | ၄၂ | ၂၅၈ | သား |
| ၈။ | သူရိယဝံသ | ဝရသီရိ | ၄၀ | ၃၀၀ | သား |
| ၉။ | သူရိယဗန္ဓု | ဝါသုလနန္ဒာ | ၂၆ | ၃၄၀ | သား |
| ၁၀။ | သူရိယကလျာဏ | သီရိကုမ္မာရီ | ၃၈ | ၃၆၆ | သား |
| ၁၁။ | သူရိယမုက္ခ | ကလျာဒေဝီ | ၃၀ | ၄၀၄ | သား |
| ၁၂။ | သူရိယတေဇ | ဝရဒေဝီ | ၅၀ | ၄၃၄ | သား |
| ၁၃။ | သူရိယပုည | ရောဟနီ | ၃၅ | ၄၈၄ | သား |
| ၁၄။ | သူရိယကုလ | စိတြကလျာဏီ | ၃၆ | ၅၁၉ | သား |
| ၁၅။ | သူရိယပဘာ | သုဝဏ္ဏ | ၅၄ | ၅၅၅ | သား |
| ၁၆။ | သူရိယစိတြ | သုဘတ္တာ | ၃၆ | (၆၀၉)၈ | သား |
| | | | | ၂ | |
| ၁၇။ | သူရိယဇေဋ္ဌ | ဣစ္ဆာမယ | ၂၂ | ၃၈ | သား |
| ၁၈။ | သူရိယဝိမလ | ကေသရံသီ | ၁၈ | ၆၀ | သား |
| ၁၉။ | သူရိယရေနု | ကေသရံသီ | ၂၂ | ၇၀ | ညီ |
| ၂၀။ | သူရိယကံသ | သုနန္ဒာ | ၁၆ | ၁၀၀ | သား |
| ၂၁။ | သူရိယသကျ | သမာဓိ | ၈ | ၁၁၆ | ပထွေး |
| ၂၂။ | သူရိယသီရိ | ဝရကလျာဏီ | ၂၀ | ၁၂၄ | သား |
| ၂၃။ | သူရိယကေသီ | ပဋ္ဌကလျာ | ၁၉ | ၁၄၄ | သား |
| ၂၄။ | သူရိယကုမ္မာ | သုဝဏ္ဏဒေဝီ | ၃၂ | ၁၆၃ | သား |
| ၂၅။ | သူရိယကေတု | သုဘာသီ | ၅၄ | ၁၉၅ | သား |

http://www.dhammadownload.com

## သက္ကရာဇ်များဖြင့် နှိုင်းယှဉ်ချက်ဇယား

| စဉ် | မင်းအမည် | နန်းစံ | နန်းတက်, မဟာကောဇာ | ခရစ် (၁) | ခရစ် (၂) | သာသနာ | ကျောက်စာပါမင်းအမည် | ခရစ် | ရာဇဝင်ပါမင်းအမည် | နန်းစံသက္ကရာဇ် |
|---|---|---|---|---|---|---|---|---|---|---|
| ၂၄ | ရာလမာယု | ၂၂ | ၈၆၂၃ | ဘီစီ | ဘီစီ | | | | | |
| ၂၅ | နာလမာယု | ၃၁ | (၈၆၄၅) | ၆၉၇ | ၆၈၀ | | | | | |
| | | | ၂ | ၆၅၇ | ၆၃၈ | | (၁) မင်းအမည်ပျက် | ဘီစီ | စန္ဒသူရိယမှ | ၅၄၂ မှ ၃၈၇ |
| | | | | | | | သက်တမ်း (၁၂၀)နှစ် | ၆၃၈မှ | သူရိယရူပ အထိ | |
| | | | | | | | | ၅၁၈ | | |
| ၂၆ | ဝရတကုန် | ၂၂ | ၃၃ | ၆၄၄ | ၆၀၇ | | (၂)မင်းအမည်ပျက် | ၅၁၈မှ | စန္ဒသူရိယ၏သား | |
| | | | | | | | သက်တမ်း (၁၂၀)နှစ် | ၃၉၈ | သူရိယမိပတိ | |
| ၂၇ | ဝိသုရာဇာ | ၁၂ | ၅၅ | ၆၂၂ | ၅၈၅ | | (၃) မင်းအမည်ပျက် | ၃၉၈ မှ | သူရိယရူပမှ သူရိယ | ၂၇၈ |
| | | | | | | | သက်တမ်း (၁၂၀)နှစ် | ၂၇၈ | စန္ဒာလလွန် | |
| ၂၈ | သီရိရာဇာ | ၃၀ | ၆၇ | ၆၀၀ | ၅၇၃ | | (၄) မင်းအမည်ပျက် | ၂၇၈ မှ | သူရိယစက္က နန်းတက် | ၂၇၈ |
| | | | | | | | သက်တမ်း(၁၂၀)နှစ် | ၁၅၈ | သူရိယဝန္တုနန်းရ | ၁၅၂ |
| | | | | | | | (၁၂၀၄-၄၈၀)နှစ် | | | |
| | မြတ်စွာဘုရားဖွား | | ၆၈ | ၆၀၉ | ၅၇၂ | | | | | |
| | တောထွက်တော်မူ | | ၉၇ | ၅၈၀ | ၅၄၃ | | | | | |
| ၁ | စန္ဒသူရိယ | ၅၂ | ၉၇ | ၅၈၀ | ၅၄၃ | | (၅)ဗဟုဗလိမင်း | ၁၅၈ မှ | | |
| | ဘုရားပွင့်ထွန်း | ၁၀၃ | ၅၃၄ | ၅၃၈ | | | သက်တမ်း(၁၂၀)နှစ် | အေဒီ၃၈ | | |
| | ပရိနိဗ္ဗာန်စံဝင် | | ၁၄၈ | ၅၂၉ | ၄၉၂ | ၀ | | | | |
| ၂ | သူရိယာဓိပတိ | ၄၇ | ၂ | ၅၂၈ | ၄၉၁ | ၂ | (၆) ရယုပတိမင်း | ၃၈ မှ | | |
| | | | | | | | သက်တမ်း(၁၂၀)နှစ် | ၈၂ | | |
| ၃ | သူရိယပတိပါတိ | ၅၆ | ၄၉ | ၄၈၁ | ၄၄၄ | ၄၉ | (၇) မင်းအမည်ပျက် | ၈၂ မှ | | |
| | | | | | | | သက်တမ်း(၁၂၀)နှစ် | ၂၀၂ | | |

http://www.dhammadownload.com



| စဉ် | မင်းအမည် | နန်းစံ | နန်းတက် မဟာ/ကောဇာ | ခရစ် (၁) | ခရစ် (၂) | သာသနာ | ကျောက်စာပါမင်းအမည် | ခရစ် | ရာဇဝင်ပါမင်း | နန်းစံ သက္ကရာဇ် |
|---|---|---|---|---|---|---|---|---|---|---|
| ၄ | သူရိယရူပ | ၄၅ | ၁၀၅ | ၄၂၅ | ၃၈၈ | ၁၀၅ | (၈) စန္ဒြာဒယနန်းရ | ၂၀၂မှ | | |
| ၅ | သူရိယစန္ဒာလ | ၆၄ | ၁၅၀ | ၃၈၀ | ၃၄၃ | ၁၅၀ | (၉) အဏ္ဏာဝေမင်း | ၂၂၉ | | |
| ၆ | သူရိယစက္က | ၄၄ | ၂၁၄ | *၃၁၆ | ၂၇၉ | ၂၁၄ | (၁၀) အမည်ပျက်မင်း | ၂၃၄ | * ၃၇နှစ်ကွာ | |
| ၇ | သူရိယနာထ | ၄၂ | ၂၅၈ | ၂၇၂ | ၂၃၅ | ၂၅၈ | (၁၁) ရိကျပွေါမင်း | ၃၁၁ | | |
| ၈ | သူရိယဝံသ | ၄၀ | ၃၀၀ | ၂၃၀ | ၁၉၃ | ၃၀၀ | (၁၂) ကဝေရာမိဒေဝီ | ၃၃၄ | | |
| ၉ | သူရိယဗန္ဓု | ၂၆ | ၃၄၀ | ၁၉၀ | ၁၅၃ | ၃၄၀ | (၁၃) ဥမဝီရာ | ၃၆၁ | | |
| ၁၀ | သူရိယကလျာဏ | ၃၈ | ၃၆၆ | ၁၆၄ | ၁၂၇ | ၃၆၆ | (၁၄) ဇုဠ | ၃၆၅ | | |
| ၁၁ | သူရိယမုကုဋ | ၃၀ | ၄၀၄ | ၁၂၆ | ၈၉ | ၄၀၄ | (၁၅) လကီ | ၃၆၈ | | |
| | | | | | | | | | ဓညဝတီရာဇဝင်သစ် | |
| | | | | | | | | နန်းစံ | နန်းတက်ကောဇာ | နန်းတက်ခရစ် |
| ၁၂ | သူရိယတေဇ | ၅၀ | ၄၃၄ | ၉၆ | ၅၉ | ၄၃၄ | | | | |
| ၁၃ | သူရိယပုည | ၃၅ | ၄၈၄ | ၄၆ | BC ၉ | ၄၈၄ | | | | |
| ၁၄ | သူရိယကုလ | ၃၆ | ၅၁၉ | BC၁၁ | AD ၂၆ | ၅၁၉ | | | | |
| ၁၅ | သူရိယပဘာ | ၅၄ | ၅၅၅ | AD ၂၅ | ၆၂ | ၅၅၅ | | | | ၃၇၀ |
| ၁၆ | သူရိယစိတြ | ၃၆ | (၆၀၉) | ၇၉ | ၁၁၆ | ၆၀၉ | | | | |
| | | | ၂ | | | | | | | |
| ၁၇ | သူရိယဧဋ္ဌ | ၂၂ | ၃၈ | ၁၁၅ | ၁၅၂ | ၆၄၅ | | | | |
| ၁၈ | သူရိယဝိမလ | ၁၈ | ၆၀ | ၁၃၇ | ၁၇၄ | ၆၆၇ | | | | |
| ၁၉ | သူရိယရေနု | ၂၂ | ၇၈ | ၁၅၅ | ၁၉၂ | ၆၈၅ | | | | |
| ၂၀ | သူရိယကံသ | ၁၆ | ၁၀၀ | ၁၇၇ | ၂၁၄ | ၇၀၇ | | | | |
| ၂၁ | သူရိယသကျ | ၈ | ၁၁၆ | ၁၉၃ | ၂၃၀ | ၇၂၃ | | | | |

| စဉ် | မင်းအမည် | နန်းစံ | နန်းတက် မဟာ/ကောဇာ | ခရစ် (၁) | ခရစ် (၂) | သာသနာ | ကျောက်စာပါမင်းအမည် | ခရစ် | ရာဇဝင်ပါမင်း | နန်းစံ သက္ကရာဇ် |
|---|---|---|---|---|---|---|---|---|---|---|
| ၄ | သူရိယရူပ | ၄၅ | ၁၀၅ | ၄၂၅ | ၃၈၈ | ၁၀၅ | (၈) စန္ဒြောဒယနန်းရ | ၂၀၂မှ | | |
| ၅ | သူရိယစန္ဒာလ | ၆၄ | ၁၅၀ | ၃၈၀ | ၃၄၃ | ၁၅၀ | (၉) အဏ္ဏဝေမင်း | ၂၂၉ | | |
| ၆ | သူရိယစက္က | ၄၄ | ၂၁၄ | *၃၁၆ | ၂၇၉ | ၂၁၄ | (၁၀) အမည်ပျက်မင်း | ၂၃၄ | * ၃၇နှစ်ကွာ | |
| ၇ | သူရိယနာထ | ၄၂ | ၂၅၈ | ၂၇၂ | ၂၃၅ | ၂၅၈ | (၁၁) ရိကျပ္ပေါမင်း | ၃၁၁ | | |
| ၈ | သူရိယဝံသ | ၄၀ | ၃၀၀ | ၂၃၀ | ၁၉၃ | ၃၀၀ | (၁၂) ကဝေရာမိဒေဝီ | ၃၃၄ | | |
| ၉ | သူရိယဗန္ဓု | ၂၆ | ၃၄၀ | ၁၉၀ | ၁၅၃ | ၃၄၀ | (၁၃) ဥမဝီရာ | ၃၆၁ | | |
| ၁၀ | သူရိယကလျာဏ | ၃၈ | ၃၆၆ | ၁၆၄ | ၁၂၇ | ၃၆၆ | (၁၄) ဇုဝ္ဂ | ၃၆၅ | | |
| ၁၁ | သူရိယမုက္ခ | ၃၀ | ၄၀၄ | ၁၂၆ | ၈၉ | ၄၀၄ | (၁၅) လင်္ကီ | ၃၆၈ | | |
| | | | | | | | | | ဉေယတီရာဇဝင်သစ် | |
| | | | | | | | | နန်းစံ | နန်းတက်ကောဇာ | နန်းတက်ခရစ် |
| ၁၂ | သူရိယတေဇ | ၅၀ | ၄၃၄ | ၉၆ | ၅၉ | ၄၃၄ | | | | |
| ၁၃ | သူရိယပုည | ၃၅ | ၄၈၄ | ၄၆ | BC ၉ | ၄၈၄ | | | | |
| ၁၄ | သူရိယကုလ | ၃၆ | ၅၁၉ | BC၁၁ | AD ၂၆ | ၅၁၉ | | | | |
| ၁၅ | သူရိယပဘာ | ၅၄ | ၅၅၅ | AD ၂၅ | ၆၂ | ၅၅၅ | | | | ၃၃၀ |
| ၁၆ | သူရိယစိတြ | ၃၆ | (၆၀၉) ၂ | ၇၉ | ၁၁၆ | ၆၀၉ | | | | |
| ၁၇ | သူရိယဓေဌ | ၂၂ | ၃၈ | ၁၁၅ | ၁၅၂ | ၆၄၅ | | | | |
| ၁၈ | သူရိယဝိမလ | ၁၈ | ၆၀ | ၁၃၇ | ၁၇၄ | ၆၆၇ | | | | |
| ၁၉ | သူရိယရေနု | ၂၂ | ၇၈ | ၁၅၅ | ၁၉၂ | ၆၈၅ | | | | |
| ၂၀ | သူရိယကံသ | ၁၆ | ၁၀၀ | ၁၇၇ | ၂၁၄ | ၇၀၇ | | | | |
| ၂၁ | သူရိယသကျ | ၈ | ၁၁၆ | ၁၉၃ | ၂၃၀ | ၇၂၃ | | | | |

http://www.dhammadownload.com

http://www.dhammadownload.com



| စဉ် | မင်းအမည် | နန်းစံ | နန်းတက်မဟာ ကောဇာ | ခရစ် | ခရစ် | သာသနာ | ဧဉ္စဝတီရာဇဝင်သစ် နန်းစံ | ဧဉ္စဝတီရာဇဝင်သစ် နန်းတက်ကောဇာ | ဧဉ္စဝတီရာဇဝင်သစ် နန်းတက်ခရစ် |
|---|---|---|---|---|---|---|---|---|---|
| ၂၂ | သူရိယသီရိ | ၂၀ | ၁၂၄ | ၂၀၁ | ၂၃၈ | ၇၃၁ | | | |
| ၂၃ | သူရိယကေသီ | ၁၉ | ၁၄၄ | ၂၂၁ | ၂၅၈ | ၇၅၁ | | | |
| ၂၄ | သူရိယကုမ္ဘာ | ၃၂ | ၁၆၃ | ၂၄၀ | ၂၇၇ | ၇၇၀ | | | |
| ၂၅ | သူရိယကေတု | ၅၄ | ၁၉၅ | ၂၇၂ (+၁) | ၃၀၉ | ၈၀၂ | ၄၂ | ၁၁၉ | ၇၄၄ |
| ၁ | မဟာတိုင်းစန္ဒြား | ၅၇ | ၂၄၉ | ၃၂၇ | ၃၆၄ | ၈၅၆ | ၁ | ၁၅၁ | ၇၈၉ |
| | | | | ၄၃/၃၇၀ | ၆/၃၇၀ | | ၂၂ | ၁၅၂ | ၇၉၀ |
| ၂ | သူရိယတိုင်းစန္ဒြား (ရာဇစန္ဒြား) | ၄၉ | ၃၀၆ | ၃၈၄ | ၄၂၁ | ၉၁၃ | ၂၀ | ၁၇၄ | ၈၁၂ |
| ၃ | မောလတိုင်းစန္ဒြား | ၄၈ | ၃၅၅ | ၄၃၃ | ၄၇၀ | ၉၆၂ | ၁၉ | ၁၉၄ | ၈၃၂ |
| ၄ | ပေါလတိုင်းစန္ဒြား | ၄၆ | ၄၀၃ | ၄၈၁ | ၅၁၈ | ၁၀၁၀ | ၂၆ | ၂၁၃ | ၈၅၁ |
| ၅ | ကာလတိုင်းစန္ဒြား | ၄၉ | ၄၄၉ | ၅၂၇ | ၅၆၄ | ၁၀၅၆ | ၉ | ၂၃၉ | ၈၇၇ |
| ၆ | ထူဠစန္ဒြား | ၁၉ | ၄၉၈ | ၅၇၆ | ၆၁၃ | ၁၁၀၅ | ၉ | ၂၄၈ | ၈၈၆ |
| ၇ | သီရိစန္ဒြား | ၇၂ | ၅၁၇ | ၅၉၅ | ၆၃၂ | ၁၁၂၄ | ၃၂ | ၂၅၇ | ၈၉၅ |
| ၈ | သိင်္ဂစန္ဒြား | ၆၆ | ၂၉ | ၆၆၇ | ၇၀၄ | ၁၁၉၆ | ၁၆ | ၂၈၉ | ၉၂၇ |
| ၉ | စူဠစန္ဒြား | ၃၆ | ၉၅ | ၇၃၃ | ၇၇၀ | ၁၂၆၂ | ၁၄ | ၃၀၅ | ၉၄၃ |
| ၁၀ | အမြတူ | ၇ | ၁၃၁ | ၇၆၉ | ၈၀၆ | ၁၂၉၈ | ၇ | ၃၁၉ | ၉၅၇ |
| ၁၁ | ပဲဖြူ | ၁၇ | ၁၃၈ | ၇၇၆ | ၈၁၃ | ၁၃၀၅ | ၃၀ | ၃၂၆ | ၉၆၄ |
| ၁၂ | မင်းမဲ့ | ၁ | ၁၅၅ | ၇၉၃ | ၈၃၀ | ၁၃၂၂ | | | |
| ၁၃ | ငမင်ငတုံ | ၂၄ | ၁၅၆ | ၇၉၄ | ၈၃၁ | ၁၃၂၃ | ၂၄ | ၃၅၆ | ၉၉၄ |
| ၁၄ | ခေတ္တာသင် | ၁၈၀ | ၈၁၈ | ၈၅၅ | ၁၃၄၇ | ၃၈၀ | ၁၀၁၈ | | |
| | ဝေသာလီနှစ်စု- | ၄၉၁ | | ၄၉၁ | ၄၉၁ | ၄၉၁ | ၂၂၈ | ၂၂၈ | ၂၂၈ |

http://www.dhammadownload.com



## ဓညဝတီခေတ် မင်းဆက်များ

| စဉ် | မင်း အမည် | နန်းစံနှစ် | မဟာ(သို့) သာသနာ | ယဟာ(သို့) သာသနာ | ဂေါတမ ပူရဏ် အခြေခံ ခုနှစ် | Vikram အခြေခံ ခုနှစ် | Dr.Sircar | ခန့်မှန်း | မင်းအမည် အာနန္ဒစန္ဒြ မင်းအမည် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ခုနှစ် | နန်းစံ | | |
| | | | ၈၆၂၃ | | ဘီစီ | ဘီစီ | ဘီစီ | | | |
| ၁။ | ရာလမာယု | ၂၂ | ၈၆၄၅/၂ | - | ၆၇၇ | ၆၃၈ | ၆၃၈ | ၁၂၀ | ပျက် | (ပ)အကြိမ်သတ္တာ |
| ၂။ | နာလမာယု | ၃၀ | ၃၃ | - | ၆၄၆ | ၆၀၇ | | | | ရာဇ်ဖြိုမဟာ |
| ၃။ | ဝရတာကုန် | ၂၂ | ၅၅ | - | ၆၂၄ | ၅၈၅ | | | | သက္ကရာဇ် |
| ၄။ | ဝိသုရာဇာ | ၁၂ | ၆၇ | - | ၆၁၂ | ၅၇၃ | | | | |
| ၅။ | သီရိရာဇာ | ၃၀ | ၉၇ | - | ၅၈၂ | ၅၄၃ | | | | |
| | | | ၁၄၁/၁ | | ၅၃၁ | ၄၅၂ | ၅၁၈ | ၁၂၀ | ပျက် | (၃)ကြိမ်သက္ကရာဇ် |
| | | | | | | | | | | ဖြို ကောဇာစ |
| ၆။ | စန္ဒသူရိယ | ၅၂ | ၂ | ၂ | ၅၀ | ၄၉၁ | | | | ဂေါတမပူရဏ် |
| ၇။ | သူရိယဓိပတိ | ၄၇ | ၄၉ | ၄၉ | ၄၈၃ | ၄၄၄ | | | | ကျမ်းအလိုဗုဒ္ဓ |
| | | | | | | | | | | ပရိနိဗ္ဗာန်ပြု |
| | | | | | | | ၃၉၈ | ၁၂၀ | ပျက် | အသောကအခြေခံ |
| ၈။ | သူရိယဓိပတိဗုဒ္ဓ အပရနိဗ္ဗာန်ပြုပါတီ၏ | ၅၆ | ၁၀၅ | ၁၀၅ | ၄၂၇ | ၃၈၈ | | | | |
| ၉။ | သူရိယရူပ | ၄၅ | ၁၅၀ | ၁၅၀ | ၃၈၂ | ၃၄၃ | | | | |
| ၁၀။ | သူရိယစန္ဒာလ | ၆၄ | ၂၁၄ | ၂၁၄ | ၃၁၈ | ၂၇၉ | ၂၇၈ | ၁၂၀ | ပျက် | |
| | | | ၂၀၈ | ၂၀၈ | ၃၁၄ | ၂၇၅ | ၂၇၄ | | | Hasokiနန်းတက် |
| ၁၁။ | သူရိယစက္က | ၄၄ | ၂၅၈ | ၂၅၈ | ၂၇၄ | ၂၃၅ | | | | သာသနာ၂၀၈- |
| ၁၂။ | သူရိယနာထ | ၄၂ | ၃၀၀ | ၃၀၀ | ၂၃၂ | ၁၉၃ | ဘီစီ | | | |
| ၁၃။ | သူရိယဝံသ | ၄၀ | ၃၄၀ | ၃၄၀ | ၁၉၂ | ၁၅၃ | ၁၅၈ | ၁၂၀ | ဗဟုဗလီ | (တ)သံဂါယနာတင် |
| ၁၄။ | သူရိယဝန္နု | ၂၆ | ၃၆၆ | ၃၆၆ | ၁၆၆ | ၁၂၇ | | | | သာသနာ ၂၃၆ |
| ၁၅။ | သူရိယကလျာဏ | ၃၈ | ၄၀၄ | ၄၀၄ | ၁၂၈ | ၈၉ | | | | |

http://www.dhammadownload.com



## ဓညဝတီခေတ် မင်းဆက်များ

| စဉ် | မင်းအမည် | နန်းစံနှစ် | မဟာ(သို) သာသနာ | မဟာ(သို) သာသနာ | ဂေါတမ ပူရက် အခြေခံ ခရစ် | Vikram အခြေခံ ခရစ် | Dr.Sircar | ခန့်မှန်း | မင်းအမည် အာနန္ဒစန္ဒြ မင်းအမည် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ခရစ် | နန်းစံ | | |
| ၁၆။ | သူရိယမုခ | ၃၀ | ၄၃၄ | ၄၃၄ | ၉၈ | ၅၉ | | | | |
| | | | | | | | ၃၈ | ၁၂၀ | ရယုပတိ | |
| ၁၇။ | သူရိယတေဇ | ၅၈ | ၄၈၄ | ၄၈၄ | ၄၈ | ၉ | | | | |
| ၁၈။ | သူရိယပုည | ၃၅ | ၅၁၉ | ၅၁၉ | ၁၃ | ၂၆အေဒီ | | | | |
| ၁၉။ | သူရိယကုလ | ၃၆ | ၅၅၅ | ၅၅၅ | ၂၃အေဒီ | ၆၂ | | | | |
| | | | | | | | ၈၂ | ၁၂၀ | ပျက် | (တ)ကြိမ်သက္ကရာဇ်ဖြို |
| ၂၀။ | သူရိယပဘာ | ၅၄ | ၆၀၉/၁ | ၁ | ၇၇ | ၁၁၆ | | | | |
| ၂၁။ | သူရိယစိတြ | ၃၆ | ၆၄၅၁ | ၃၇ | ၁၁၃ | ၁၅၂ | | | | |
| ၂၂။ | သူရိယဇေဒ္ဓ | ၂၂ | ၆၆၇ | ၅၉ | ၁၃၅ | ၁၇၄ | | | | |
| ၂၃။ | သူရိယဝိမလ | ၁၈ | ၆၈၅ | ၇၇ | ၁၅၃ | ၁၉၂ | | | | |
| | | | | | | | ၂၀၂ | ၂၇ | စန္ဒြောဒယ | |
| ၂၄။ | သူရိယရေနု | ၂၂ | ၇၀၇ | ၉၉ | ၁၇၅ | ၂၁၄ | | | | |
| ၂၅။ | သူရိယဝံသ | ၁၆ | ၇၂၃ | ၁၀၅ | ၁၉၀ | ၂၃၀ | ၂၂၉ | ၅ အဏ္ဏဝေကမင်းများ | | |
| ၂၆။ | သူရိယသကျ | ၈ | ၇၃၁ | ၁၂၃ | ၁၉၉ | ၂၃၈ | ၂၃၄ | ၇၇ | ပျက် | |
| ၂၇။ | သူရိယသီရိ | ၂၀ | ၇၅၁ | ၁၄၃ | ၂၁၉ | ၂၅၈ | | | | |
| ၂၈။ | သူရိယကေသီ | ၁၉ | ၇၇၀ | ၁၆၂ | ၁၃၈ | ၂၇၇ | | | | |
| ၂၉။ | သူရိယကုမ္ဘာ | ၃၂ | ၈၀၂ | ၁၉၄ | ၂၇၀ | ၃၀၉ | ၃၁၁ | ၂၃ | ရိဘျပွေါ | |
| | | | | | | | ၃၃၄ | ၇ | ကုဝေရာမိ ဒေဝီမိဖုရား | |
| | | | | | | | ၃၄၁ | ၂၁ | ဥပဝိရာ | |
| ၃၀။ | သူရိယကေတု | ၅၄ | ၈၅၆ | ၂၄၈ | ၃၂၄ | ၃၆၃ | ၃၆၀ | ၇ | ဇုဂ္ဂ | |
| | | | | | | | ၃၆၈ | ၂ | လင်္ကီ | |
| | | | | | | | ၃၇၈ | | | ဦးမြင့်ဆွေနှစ်ပေါင်း |
| | နှစ်ပေါင်း | ၁၀၂၃ | | | | | နှစ်ပေါင်း | ၁၀၀၈ | | ၁၀၁၆ဟုယူဆသည် |

http://www.dhammadownload.com



## ဝေသာလီခေတ်

### မင်းစဉ်မင်းဆက်ဇယား

| စဉ် | မင်းအမည် | မိဖုရားအမည် | နန်းစံနှစ် | သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မဟာတိုင်းစန္ဒရား | သုပဘာဒေဝီ | ၅၇ | ၃၂၇-၃၈၄ | သူရိယကေတု၏သားတော် |
| ၂။ | သူရိယစန္ဒရား | စောပြည့်ညို | ၄၉ | ၃၈၄-၄၃၃ | သား |
| ၃။ | မောလစန္ဒရား | သုနန္ဒီ | ၄၉ | ၄၃၃-၄၈၂ | သား |
| ၄။ | ပေါလစန္ဒရား | ရောဟနီ | ၄၆ | ၄၈၂-၅၂၈ | သား |
| ၅။ | ကာလစန္ဒရား | နန္ဒာဒေဝီ | ၄၈ | ၅၂၈-၅၇၆ | သား |
| ၆။ | ထူလစန္ဒရား | ရူပီနီ | ၁၉ | ၅၇၆-၅၉၅ | သား |
| ၇။ | သီရိစန္ဒရား | ကဥ္စနမာလာ | ၇၂ | ၅၉၅-၆၆၇ | သား |
| ၈။ | သိင်္ဂစန္ဒရား | သုဝဏ္ဏာဒေဝီ | ၆၆ | ၆၆၇-၇၃၃ | သား |
| ၉။ | စူဠစန္ဒရား | စန္ဒာဒေဝီ | ၃၆ | ၇၃၃-၇၆၉ | သား |
| ၁၀။ | အမြတူ | စန္ဒာဒေဝီ | ၇ | ၇၆၉-၇၇၆ | မျိုးခြား |
| ၁၁။ | ပဲဖြူ | စန္ဒာဒေဝီ | ၁၇ | ၇၇၆-၇၉၃ | မျိုးခြား |
| ၁၂။ | မင်းမဲ့ကာလ | | ၁ | ၇၉၃-၇၉၄ | |
| ၁၃။ | ငတုံမင်း | သီရိဒေဝီ | ၂၄ | ၇၉၄-၈၁၈ | မျိုးခြား |

http://www.dhammadownload.com



## ရှစ်တန်ပလ္လင်ရိုး ဘိုးကဆက်ခံ ဘနန်းစံသည် ဟူသော စကားအား ရှင်းလင်းချက်ဇယား

(၁) မဟာဝီရ (အေဒီ ၆၀၀-၆၁၂) ဂါထာ(၃၃)
(၂) ဗြဲယဇပ် (အေဒီ ၆၁၂-၆၂၄) ဂါထာ(၃၄)
(၃) သေဝိင်္ဂှရောင် (အေဒီ ၆၂၄-၆၃၆) ဂါထာ(၃၅)
(၄) ဓမ္မစူရ (အေဒီ ၆၃၆-၆၄၉) ဂါထာ(၃၆)

သား
(၅) ဝဇြဂတ္တိ (အေဒီ၆၄၉-၆၆၅)
ဂါထာ (၃၇၊ ၃၈)

သား
(၆) ဂြီဓမ္မဝိဇယ(သီရိစန္ဒြား)
(အေဒီ ၆၆၅ မှ ၇၀၀)

သား
(၇)နရေန္ဒြဝိဇယ(အေဒီ၇၀၀-၇၀၄)

သမီး
စောပြည့်ညို

သား
(၈) ဓမ္မစန္ဒြ(အေဒီ၇၀၄-၇၂၀)
(သိင်္ဂစန္ဒြား) ဂါထာ(၄၂)

+

သုဝဏ္ဏဒေဝီမိဖုရား
စောပြည့်ညို

အာနန္ဒစန္ဒြ(အေဒီ ၇၂၀)
ဂါထာ(၄၄)

စူဠစန္ဒရား

http://www.dhammadownload.com



ဝေသာလီခေတ် ရခိုင်ရာဇဝင်ပါမင်းဆက်နှင့် ကျောက်စာပါမင်းဆက်များကို သက္ကရာဇ်များဖြင့် နှိုင်းယှဉ်ခြင်း

| စဉ် | မင်းအမည် | အာသောကခြေခံ | | | ရခိုင် | | ဗေယား အရ ကောဇာ | ကွာဟမှု | စဉ် | မင်းအမည် | ကောဇာ နန်းတက် | နန်းစံ | အာနန္ဒစန္ဒြကျောက်စာ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သာသနာ | ခရစ် | နန်းစံ | သာသနာ | ခရစ် | | | | | | | Dr.Sircar | ခရစ် | နန်းစံ |
| ၁။ | ဒွေင်စန္ဒြား | ၈၅၆ | ၃၆၄ | ၅၅ | ၈၅၈ | ၃၂၇ | ၂၄၉ | -၃၇ | ၁ | စန္ဒြား | ၂၄၉ | ၅၇ | Dven Candra | ၃၇၀ | ၅၅ |
| ၂။ | ရာဇစန္ဒြား | ၉၁၁ | ၄၁၉ | ၂၀ | ၉၁၃ | ၃၈၂ | ၃၀၄ | -၃၇ | ၂ | သူရိယစန္ဒြား | ၃၀၆ | ၄၉ | Raja Candra | ၄၂၅ | ၂၀ |
| ၃။ | ကာလစန္ဒြား | ၉၃၁ | ၄၃၉ | ၉ | ၉၃၃ | ၄၀၂ | ၃၂၄ | -၃၇ | | | | | Kala Candra | ၄၄၅ | ၉ |
| ၄။ | ဒေဝစန္ဒြား | ၉၄၀ | ၄၄၈ | ၂၂ | ၉၄၂ | ၄၁၀ | ၃၃၃ | -၃၇ | | | | | Deva Candra | ၄၅၄ | ၂၂ |
| | လွန် | ၉၆၂ | ၄၇၀ | | ၉၆၄ | ၄၃၃ | ၃၅၅ | -၃၇ | | လွန် | ၃၅၅ | | လွန် | ၄၇၆ | |
| | နှစ်ပေါင်း | ၁၀၆ | ၁၀၆ | ၁၀၆ | ၁၀၆ | ၁၀၆ | ၁၀၆ | -၃၇ | | | ၁၀၆ | ၁၀၆ | ၁၀၆ | ၁၀၆ | |
| ၅။ | ယဉ္စစန္ဒြား | ၉၆၂ | ၄၇၀ | ၇ | ၉၆၄ | ၄၃၃ | ၃၅၅ | -၃၇ | ၃ | မောလစန္ဒြား | ၃၅၅ | ၄၉ | Yajna Candra | ၄၇၆ | ၇ |
| ၆။ | စန္ဒြားဗန္ဓု | ၉၆၉ | ၄၇၇ | ၆ | ၉၇၀ | ၄၄၀ | ၃၆၂ | -၃၇ | ၃ | မောလစန္ဒြား | ၄၀၄ | ၄၆ | Candra Bandhu | ၄၈၃ | ၆ |
| ၇။ | ဘူမိစန္ဒြား | ၉၇၅ | ၄၈၃ | ၇ | ၉၇၇ | ၄၄၆ | ၃၆၈ | -၃၇ | ၅ | ကာလစန္ဒြား | ၄၅၀ | ၄၈ | Bhumi Candra | ၄၈၉ | ၇ |
| ၈။ | ဘူတိစန္ဒြား | ၉၈၂ | ၄၉၀ | ၂၄ | ၉၈၄ | ၄၅၃ | ၃၇၅ | -၃၇ | ၆ | ထူဥစန္ဒြား | ၄၉၈ | ၁၉ | Bhuti Candra | ၄၉၆ | ၂၄ |
| ၉။ | နီတိစန္ဒြား | ၁၀၀၆ | ၅၁၄ | ၅၅ | ၁၀၀၈ | ၄၇၇ | ၃၉၉ | -၃၇ | | လွန် | ၅၁၇ | | Niti Candra | ၅၂၀ | ၅၅ |
| ၁၀။ | ဝီရစန္ဒြား | ၁၀၆၁ | ၅၆၉ | ၃ | ၁၀၆၃ | ၅၃၂ | ၄၅၄ | -၃၇ | | | | | Vira Candra | ၅၇၅ | ၃ |
| ၁၁။ | ပြီတိစန္ဒြား | ၁၀၆၄ | ၅၇၂ | ၁၂ | ၁၀၆၆ | ၅၃၅ | ၄၅၇ | -၃၇ | | | | | Priti Candra | ၅၇၈ | ၁၂ |
| ၁၂။ | ပထွီစန္ဒြား | ၁၀၇၆ | ၅၈၄ | ၇ | ၁၀၇၈ | ၅၄၇ | ၄၆၉ | -၃၇ | | | | | Prthvi Candra | ၅၉၀ | ၇ |
| ၁၃။ | ဒြိတိစန္ဒြား | ၁၀၈၃ | ၅၉၁ | ၃ | ၁၀၈၅ | ၅၅၄ | ၄၇၆ | -၃၇ | | | | | Dhrti Candra | ၅၉၇ | ၃ |
| ၁၄။ | မဟာဝီရ | ၁၀၈၆ | ၅၉၄ | ၁၂ | ၁၀၈၈ | ၅၅၇ | ၄၇၉ | -၃၇ | | | | | Mahavira | ၆၀၀ | ၁၂ |
| ၁၅။ | ဗြဲယလပ် | ၁၀၉၈ | ၆၀၆ | ၁၂ | ၁၁၀၀ | ၅၆၉ | ၄၉၁ | -၃၇ | | | | | Vrajayap | ၆၁၂ | ၁၂ |
| ၁၆။ | သေဝိဉ်ရောင် | ၁၁၁၀ | ၆၁၈ | ၁၂ | ၁၁၁၂ | ၅၈၁ | ၅၀၃ | -၃၇ | | | | | Servinern | ၆၂၄ | ၁၂ |
| | လွန် | ၁၁၂၂ | ၆၃၀ | - | ၁၁၂၄ | ၅၉၃ | ၅၁၅ | -၃၇ | | | | | လွန် | ၆၃၆ | - |
| | နှစ်ပေါင်း | ၁၆၀ | ၁၆၀ | ၁၆၀ | ၁၆၀ | ၁၆၀ | ၁၆၀ | | | | ၁၆၂ | ၁၆၂ | | ၁၆၀ | ၁၆၀ |

http://www.dhammadownload.com



ဝေသာလီခေတ် ရခိုင်ရာဇဝင်ပါမင်းဆက်နှင့် ကျောက်စာပါမင်းဆက်များကို သက္ကရာဇ်များဖြင့် နှိုင်းယှဉ်ခြင်း

| စဉ် | မင်းအမည် | အာသောကခြေခံ | | | ရခိုင် | | ဖယား အရ ကောဇာ | ကွာ ဟ မှု | စဉ် | မင်းအမည် | ကောဇာ နန်းတက် | နန်းစံ | အာနန္ဒစန္ဒြကျောက်စာ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သာသနာ | ခရစ် | နန်းစံ | သာသနာ | ခရစ် | | | | | | | Dr.Sircar | ခရစ် | နန်းစံ |
| ၁၇။ | ဓမ္မသူရ | ၁၁၂၂ | ၆၃၀ | ၁၃ | ၁၁၂၄ | ၅၉၃ | ၅၁၅ | -၃၇ | ၇ | သီရိစန္ဒား | ၅၁၇ | ၇၂ | Dhama Sura | ၆၃၆ | ၁၃ |
| ၁၈။ | ဝဇရာဝတ္တိ | ၁၁၃၅ | ၆၄၃ | ၁၆ | ၁၁၃၇ | ၆၀၆ | ၅၂၈ | -၃၇ | | လွန် | | | Vajra Saleti | ၆၄၉ | ၁၆ |
| ၁၉။ | သီရိဓမ္မဝိဇယ | ၁၁၅၁ | ၆၅၉ | ၃၆ | ၁၁၅၃ | ၆၂၂ | ၅၄၄/၅၆၀ | -၃၇ | | | ၂၉ | | Dhrama Vizaya | ၆၆၅ | ၃၆ |
| ၂၀။ | နေရဲန္ဒြဝိဇယ | ၁၁၈၇ | ၆၉၅ | | ၁၁၉၂ | ၆၆၀ | ၂၉ | -၃၇ | | | | | Narendara Vizaya | ၇၀၁ | ၃ |
| | | ၁၁၉၀ | ၆၉၈ | | ၁၁၉၂ | ၆၆၀ | ၂၉ | -၃၇ | | | | | လွန် | ၇၁၄ | |
| | | ၆၈ | ၆၈ | ၆၈ | ၆၈ | ၆၈ | ၆၈ | | | | ၇၂ | ၇၂ | Dhama Vizaya | ၆၈ | ၆၈ |
| ၂၁။ | သီရိဓမ္မစန္ဒြား | ၁၁၉၀ | ၆၉၈ | ၁၆ | ၁၁၉၂ | ၆၆၀ | ၂၉ | -၃၇ | ၈ | သင်္ဃစန္ဒြား | ၂၉ | ၆၆ | AnadaCandra | ၇၁၄ | ၁၆ |
| ၂၂။ | အာနန္ဒစန္ဒြား | ၁၂၀၆ | ၇၁၄ | ၉/၁၀ | ၁၂၀၈ | ၆၇၇ | ၃၉ | -၃၇ | | လွန် | ၉၅ | | | ၇၂၀ | ၉/၁၀ |
| | လွန် | ၁၂၂၅ | ၇၃၃ | | ၁၂၂၇ | ၆၉၆ | (၁၀'၃၉) | -၃၇ | | | | | လွန် | ၇၃၉ | |
| | | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ | | | | ၆၆ | ၆၆ | | ၃၅ | ၃၅ |
| ၂၃။ | စူဠစန္ဒြား | ၁၂၂၅ | ၇၃၃ | ၃၆ | ၁၂၂၇ | ၆၉၆ | ၅၈ | | ၉ | စူဠစန္ဒြ | ၉၅ | ၃၆ | | ၇၃၉ | |
| ၂၄။ | အမြတ္တူ | ၁၂၆၀ | ၇၆၉ | ၇ | ၁၂၆၃ | ၇၃၂ | ၆၄ | | ၁၀ | အမြတ္တူ | ၁၃၁ | ၇ | | ၇၇၅ | |
| ၂၅။ | ပဲဖြူ | ၁၂၆၈ | ၇၇၆ | ၁၇ | ၁၂၇၀ | ၇၃၉ | ၁၀၁ | | ၁၁ | ပဲဖြူ | ၁၃၈ | ၁၇ | | ၇၈၂ | |
| ၂၆။ | | ၁၂၈၅ | ၇၉၃ | ၁ | ၁၂၈၇ | ၇၅၆ | ၁၁၈ | | ၁၂ | | ၁၅၅ | ၁ | | ၇၉၉ | |
| ၂၇။ | ငတုံ | ၁၂၈၆ | ၇၉၄ | ၂၄ | ၁၂၈၈ | ၇၅၇ | ၁၁၉ | | ၁၃ | ငတုံ | ၁၅၆ | ၂၄ | | ၈၀၀ | |
| | လွန်- | ၁၃၁၀ | ၈၁၈ | | ၁၃၁၂ | ၇၈၁ | ၁၄၃ | | | လွန် | ၁၈၀ | | | ၈၂၄ | |
| | | ၈၅ | ၈၅ | ၈၅ | ၈၅ | ၈၅ | ၈၅ | | | | ၈၅ | ၈၅ | | ၈၅ | ၈၅ |
| | နှစ်ပေါင်း | ၄၅၄ | ၄၅၄ | ၄၅၄ | ၄၅၄ | ၄၅၄ | ၄၅၄ | | | | ၄၉၁ | ၁၉၁ | | ၄၅၄ | ၄၅၄ |
| | | | | | | | | | | | | | | ၃၇ | ၃၇ |
| | | | | | | | | | | | | | | ၄၉၁ | ၄၉၁ |

http://www.dhammadownload.com



## ရှင်းလင်းချက်ဇယား

| အုပ်စု | ကျောက်စာဘက် | | ရခိုင်ရာဇဝင်ဘက် | ကွာခြားမှု | |
|---|---|---|---|---|---|
| | မင်းပေါင်း | နန်းစံနှစ်ပေါင်း | မင်းပေါင်း | နန်းစံနှစ်ပေါင်း | |
| ၁ | | ၁၀၆ | ၂ | ၁၀၆ | - |
| ၂ | | ၁၆၀ | ၄ | ၁၆၂ | ၂ |
| ၃ | | ၆၀ | ၁ | ၇၂ | ၄ |
| ၄ | | ၃၅ | ၁ | ၆၆ | ၃၁ |
| ၅ | | ၃၆၉ | ၈ | ၄၀၆ | ၃၇ |
| ၆ | | ၈၅ | ၄ | ၈၅ | - |
| ၇ | | ၄၅၄ | ၂၀ | ၄၉၁ | ၃၇ |

အထက်ပါနှိုင်းယှဉ်ချက်ကိုလေ့လာပါက ကျောက်စာပါ ဝေသာလီမင်းဆက်နှင့် ရာဇဝင်ပါ ဝေသာလီမင်းဆက်မှာ အတူတူပင်ဖြစ်ကြောင်းပေါ်လွင်ပါသည်။ ထိုကဲ့သို့လိုအပ်သည့်(၃၇)နှစ်မှာ အုပ်စု(၂)မှ (၂)နှစ်ပို +သီရိစန္ဒြား(၄)နှစ်ပို သင်္ဂစန္ဒြား (၆၆)နှစ်ပို - (၇၂)နှစ်မှ သိင်္ဂစန္ဒြား (၁၆-နှစ် + အာနန္ဒစန္ဒြ) တို့ဖြစ်သည်ကိုတွေ့ရပါမည်။ကျောက်စာပါ ဝေသာလီခေတ်နှင့် ရခိုင်ရာဇဝင်ပါဝေသာလီခေတ်သည်တစ်သီးတစ်ခြားလည်းမဟုတ်၊တစ်ဆက်တစ်စပ်တည်းလည်းမဟုတ်ဘဲ အတူတူပင်ဖြစ်ပြီး၊ ကျောက်စာဘက်တွင်မင်းတစ်ပါးချင်းကို ရာဇဝင်အုပ်စုမှာဖွဲ့၍ပြထားခြင်းသာဖြစ်သည်ဟုအခိုင်အမာပြောဆို နိုင်သည်။စူဠစန္ဒြားမင်းမှ ငမင်ငတုံများတို့အထိ ကျောက်စာတွင် အာနန္ဒစန္ဒြမင်း၏နောက်ပိုင်းမင်းများသာဖြစ်ကြရာ၊ အားလုံးမှာအတူတူပင်ဖြစ်ကြောင်း သိသာထင်ရှားပါသည်။ ထို့အတူကျောက်စာပထမဇယားမင်းဆက်များမှာလည်း ဓညဝတီ ဒုတိယမင်းဆက်(၂၅)နာလမာယု မှသည် တတိယ ဓညဝတီမင်းများနှင့်အတူတူဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

http://www.dhammadownload.com

Dr. Forchhammer ရေးသားသည့် ARAKAN အမည်ရှိစာအုပ် တွင် မဟာမုနိသမိုင်းကိုရေးသားရာ၌ ဝေသာလီမင်းနှင့် လေးမြို့ခေတ်မင်းများ၏သက္ကရာဇ်ကိုအောက်ပါအတိုင်းလွဲမှားစွာသုံးစွဲခဲ့သည်ကိုတွေ့ရသည်-

| စဉ် | အကြောင်းအရာ | ရခိုင်သက္ကရာဇ် | ခရစ်သက္ကရာဇ်(AD) |
|---|---|---|---|
| ၁ | ဝေသာလီကိုတည်ထောင်သောနှစ် | ၁၅၁ | ၇၈၉ |
| ၂ | သူရိယတိုင်းစန္ဒြား | ၁၇၂ | ၈၁၀ |
| ၃ | သိင်္ဂတိုင်းစန္ဒြား | ၂၉၇ | ၉၃၅ |
| ၄ | စူဠတိုင်းစန္ဒြား | ၃၁၃ | ၉၅၁ |
| ၅ | ပဲဖြူ | ၃၂၆ | ၉၆၄ |
| ၆ | ငတုံမင်း | ၃၅၆ | ၉၉၄ |
| ၇ | အသင်္ခရာမင်း | ၄၄၈ | ၁၀၈၆ |
| ၈ | အလောင်းစည်သူ(ပုဂံ)(လက်ျာမင်းနန်လက်ထက်) | ၄၅၈ | ၁၀၉၆ |
| ၉ | ဒသရာဇာ(ပရိန်ခေတ်) | ၅၁၅ | ၁၁၅၃ |
| ၁၀ | အလောမာဖြူ (လောင်းကြက်ခေတ်) | ၅၉၉ | ၁၂၃၇ |
| ၁၁ | မင်းစောမွန် (မြောက်ဦးခေတ်) | ၇၉၂ | ၁၄၃၀ |

မှတ်ချက်။ ။ (ဥပမာ ၁၅၁+၆၃၈ - ၇၈၉၊ ၇၉၂+၆၃၈ - ၁၄၃၀ ) ဆိုလိုသည်မှာ ကောဇာသက္ကရာဇ်ကို ၆၃၈ဖြင့် ပေါင်း၍ ခရစ်သက္ကရာဇ်ကို ရယူထားခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



## လေးမြို့ခေတ်

### မင်းစဉ်မင်းဆက်ဇယား

| စဉ် | မင်းအမည် | မိဖုရားအမည် | နန်းစံနှစ် | သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ခေတ္တသင် | သီရိကုမ္မာ | ၁၀ | ၈၁၈-၈၂၈ | စန္ဒကူးမင်းသားတော် |
| ၂။ | စန္ဒသင်း | သီရိကုမ္မာ | ၁၅ | ၈၂၈-၈၄၃ | ညီ |
| ၃။ | မင်းရင်ဖြူ | စောမုခ် | ၃၀ | ၈၄၃-၈၇၅၃ | သား |
| ၄။ | နဂရသူရိယ | စောလှမင်း | ၃၁ | ၈၇၃-၉၀၄ | သား |
| ၅။ | သူရိယရာဇာ | စောမင်းဖွား | ၃၂ | ၉၀၄-၉၃၆ | သား |
| ၆။ | ပုဏ္ဏက | ရှင်မင်းဖြူ | ၃ | ၉၃၆-၉၆၉ | သား |
| ၇။ | မင်းကြီးဖြူ | စောဘုန်းခေါင် | ၁၅ | ၉၆၉-၉၈၄ | သား |
| ၈။ | စည်သဘင်အမတ် | - | ၂ | ၉၈၄-၉၈၆ | သား |
| ၉။ | မင်းနု | နှမတော်ရှင်မကြီး | ၂၈ | ၉၈၆-၁၀၁၄ | မင်းကြီးဖြူ၏သား |
| ၁၀။ | မင်းလာထော် | စောဘီလူး | ၂၀ | ၁၀၁၄-၁၀၃၄ | သား |
| ၁၁။ | မင်းကုလား | ရှင်စောဖြူ | ၂၈ | ၁၀၃၄-၁၀၆၂ | သား |
| ၁၂။ | မင်းဘီလူး | စောစစ် | ၆ | ၁၀၆၂-၁၀၆၈ | သား |
| ၁၃။ | ဝရောင်းငှက်အသခ်ယာ | - | ၈ | ၁၀၆၈-၁၀၇၆ | သား |
| ၁၄။ | မင်းဘုန်းသန် | မျိုးရှင်စည် | ၁၄ | ၁၀၇၆-၁၀၉၀ | သား |
| ၁၅။ | မင်းပတိ | ယောင်သုံးဆယ် | ၁၃ | ၁၀၉၀-၁၁၀၃ | သား |
| ၁၆။ | လက်ျာမင်းနန် | ရွှေဂူသာ | ၆ | ၁၁၀၃-၁၁၀၉ | မင်းဘီလူး၏မြေး |
| ၁၇။ | မင်းသီဟ | သမ္ဘူလ | ၁ | ၁၁၀၉-၁၁၁၀ | သား |
| ၁၈။ | ရာဇာကြီး | စောစံနီ | ၃ | ၁၁၁၀-၁၁၁၃ | သား |
| ၁၉။ | သကျဝင်ကြီး | စောလှညို | ၂ | ၁၁၁၃-၁၁၁၅ | သား |
| ၂၀။ | သကျဝင်ငယ် | စောလှကြီး | ၃ | ၁၁၁၅-၁၁၁၈ | သား |
| ၂၁။ | ကောလိယ | ကုမ္မာရီ | ၅ | ၁၁၁၈-၁၁၂၃ | သား |
| ၂၂။ | ဒသရာဇာ | ရာမာဒေဝီ | ၁၆ | ၁၁၂၃-၁၁၃၉ | ကောလိယ၏သား |
| ၂၃။ | အနန္တသီရိ | သမာဓိ | ၃ | ၁၁၃၉-၁၁၄၂ | သား |
| ၂၄။ | မင်းဖုန်းစား | သမာဓိ | ၇ | ၁၁၄၂-၁၁၄၉ | ညီ |
| ၂၅။ | ပဉ္စကာလစက် | မင်းစည်ဖြူ | ၂ | ၁၁၄၉-၁၁၅၁ | သား |
| ၂၆။ | ခနုရှုပေါ် | ကလျာပု | ၉ | ၁၁၅၁-၁၁၆၀ | သား |
| ၂၇။ | စလက်ာဗိုလ်အမတ် | - | ၁ | ၁၁၆၀-၁၁၆၁ | မျိုးခြား |

http://www.dhammadownload.com



## လေးမြို့ခေတ်သရုပ်ဖော်ဇယား

စူဠစန္ဒြ(အေဒီ၇၃၃-၇၆၉)(၃၆နှစ်) — စန္ဒာဒေဝီ

အမြတ်ူ(အေဒီ၇၆၉-၇၇၆)(၇ နှစ်) — စန္ဒာဒေဝီ

ပဲဖြူ(အေဒီ၇၇၆-၇၉၃)(၁၇ နှစ်) — စန္ဒာဒေဝီ — မိဖုရားလေးဆက်ဖြစ်ခဲ့၏။

မင်းမဲ့(အေဒီ၇၉၃-၇၉၄)(၁ နှစ်)

သား ငမင်ငတုံ

ငမင်ငတုံ(အေဒီ၇၉၄-၈၁၈) (၂၄ နှစ်)

စန္ဒကူးမင်းသား (စူဠစန္ဒြ၏တူ) — + — စန္ဒာဒေဝီ

သားကြီး — သမီး — သားငယ်

ခေတ္တာသင် — (+) — သီရိကုမ္မာ — စန္ဒာသင်

(အေဒီ ၈၁၈-၈၂၈)(၁၀ နှစ်)

စန္ဒာသင်(အေဒီ ၈၂၈-၈၄၃)(၁၅ နှစ်)

မင်းရင်ဖြူ — မင်းရင်ဖြူ

(အေဒီ ၈၄၃-၈၇၃)(ကောဇာ ၂၀၅-၂၃၅)(၃၀ နှစ်)

မှတ်ချက်။၁။ အသောကအခြေခံအရ ၆-နှစ်ကွာ၍ ၈၂၄-၆-၈၁၈ ဖြစ်။ လေးမြို့ပဥ္စာခေတ် အေဒီ ၈၁၈ တွင်စတင် ခေတ္တာသင် အေဒီ ၈၁၈-၈၂၈။ စန္ဒာသင် အေဒီ ၈၂၈-၈၄၃၊ မင်းရင်ဖြူ အေဒီ ၈၄၃-၈၇၇ (ကောဇာ ၂၀၅-၂၃၅)၊ ဤသည်မှာစူဠစန္ဒြား၊ စန္ဒာဒေဝနှင့် စူဠစန္ဒြား၏တူစန္ဒကူးမင်းသားတို့၏ အဆက်အသွယ် မပြတ်ကြောင်းပေါ်လွင်သည်။

မှတ်ချက်။၂။ ခေတ္တာသင်နှင့်သီရိကုမ္မာရီတို့၏ကောင်းမှုမှာမင်္ဂလာဓာတ်ရွှေဂူပုထိုးနှင့်ဘုရား မြောက်ဦး၌ရှိ။ မင်းရင်ဖြူ၏ ကြေးသွန်းဘုရားတစ်ဆူ စစ်တွေမြို့ခေါင်းလောင်းကျောင်းတွင် ဖူးမျှော်နိုင်။ ရက္ခဝဏ္ဏစာ နှင့် ကောဇာသက္ကရာဇ်ထိုးထား၊ (ဤသည်တို့မှ ခိုင်လုံသော အထောက်အထားများဖြစ်သည်)။

http://www.dhammadownload.com



# ဝေသာလီကျောက်လှေကားခေတ် အဆုံး စမ္ဗာဝက်

| | |
|---|---|
| { ၁ }ခေတ္တသင်(အေဒီ ၈၁၈-၈၂၈) လေးမြို့ခေတ်အစ | ပဥ္စာ (၁) (အေဒီ ၈၁၈-၁၁၀၃) (၂၈၅-နှစ်) |
| (၁၅) မင်းပတိ ၁၅-ဆက်(အေဒီ ၁၀၉၀-၁၁၀၃)<br>{၁၆} လက်ျာမင်းနန်(အေဒီ ၁၁၀၃-၁၁၀၉) | ပရိန် (၂) (အေဒီ ၁၁၀၃-၁၁၄၂) (၃၉-နှစ်) |
| (၂၃) အနန္တသီရိ ၈-ဆက်(အေဒီ ၁၁၃၉-၁၁၄၂)<br>(၂၄) မင်းဖုန်းစား (အေဒီ ၁၁၄၂-၁၁၄၉) | ခြိုပ်ကြားခံမြို့ (အေဒီ ၁၁၄၂-၁၁၅၁) (၉-နှစ်) |
| (၂၅) ပဥ္စကာလစက် ၂-ဆက်(အေဒီ ၁၁၄၉-၁၁၅၁)<br>(၂၆) ဓနုရူပေါ (အေဒီ ၁၁၅၁-၁၁၆၀) | စမ္ဗာဝက် (အေဒီ ၁၁၅၁-၁၁၆၁) (၁၀-နှစ်) |
| (၂၇) စလက်ာပိုလ် ၂-ဆက်(အေဒီ ၁၁၆၀-၁၁၆၁)<br>{၂၈} မဥ္စူသင် (အေဒီ ၁၁၆၁-၁၁၆၆) | နေရဥ္စရာတောင်ငူ (၃) (အေဒီ ၁၁၆၁-၁၂၅၀) (၈၉-နှစ်) |
| အ/နှလုံး(င နှလုံး)မင်း ၁၆-ဆက်(အေဒီ ၁၂၄၆-၁၂၅၀)<br>{၄၄} အလောမာဖြူ(အေဒီ ၁၂၅၀-၁၂၅၆) | လောင်းကြက် (၄) (အေဒီ ၁၂၅၀-၁၄၃၀) (၁၈၀-နှစ်) (၆၁၂-နှစ်) |
| (၆၁)မင်းစောမွန် ၁၈-ဆက်(အေဒီ ၁၄၀၅-၁၄၀၇-၁၄၃၀) (၆၁-နှစ်မင်း) | |

http://www.dhammadownload.com



၁။ အလောမာဖြူ (၆၁၂-၆၁၈(၁၂၅၀-၁၂၅၆)

ညီ

၂။ရာဇသူကြီး (၆၁၈-၆၂၀)(၁၂၅၆-၁၂၅၈)

သား သား သား သား

၃။စောတူ(၆၂၀-၆၂၃)(၁၂၅၈-၁၂၆၁)

၄။ဥစ္စနာကြီး(၆၂၃-၆၃၁)(၁၂၆၂-၁၂၆၉)

၅။စောမွန်ကြီး(၆၃၁-၆၃၅)(၁၂၆၉-၁၂၇၃)

၆။နန်းကျကြီး(၆၃၅-၆၃၉)(၁၂၇၃-၁၂၇၇)

၇။မင်းဘီလူး(၆၃၉-၆၄၃)(၁၂၇၇-၁၂၈၁)

၈။စည်သဘင်အမတ်(၆၄၃-၆၄၅)(၁၂၈၁-၁၂၈၃)

၉။မင်းထီး(၆၄၅-၇၅၁)(၁၂၈၃-၁၃၈၉)

သား သား သား

၁၀။ဥစ္စနာငယ်(၇၅၁-၇၅၃)(၁၃၈၉-၁၃၉၁)

၁၁။သီဝရာဇ်(၇၅၃-၇၅၄)(၁၃၉၁-၁၃၉၂)

၁၂။နန်းကျငယ်သိစ္စည်း(၇၅၄-၇၅၆)(၁၃၉၂-၉၄)

သား သား

၁၃။ရာဇသူ(၇၅၆-၇၅၈)(၁၃၉၄-၁၃၉၆)

သိင်္ဂသူ

၁၄။သံတွဲစားစည်သဘင်အမတ်(၇၅၈-၇၅၉)(၁၃၉၆-၁၃၉၇)

၁၅။ပြင်စည်စားအမတ်(၇၅၉)(၁၃၉၇)

၁၆။ နန်းကျရာဇာ(၇၅၉-၇၆၃)(၁၃၉၇-၁၄၀၁)

၁၇။ သိင်္ဂသူ(၇၆၃-၇၆၆)(၁၄၀၁-၁၄၀၄)

(လောင်းကြက်ခေတ်မင်းဆက် ၁၈-ဆက်) ၁၈။မင်းစောမွန်(၇၆၆-၇၆၈)(၁၄၀၄-၁၄၀၆)(လောင်းကြက်)
(၇၆၈-၇၉၀) (၁၄၀၆-၁၄၂၈)(ဂါဝါ)
(၇၉၀-၇၉၂) (၁၄၂၈-၁၄၃၀)(လောင်းကြက်)
(၇၉၂-၇၉၅) (၁၄၃၀-၁၄၃၃)(မြောက်ဦး)

မျိုးရိုး -၁၅
မျိုးခြား -၃
နှစ်ပေါင်း -၁၈၀
ကောဇာ-၆၁၂-၇၉၂
ခရစ် ၁၂၅၀-၁၄၃၀။

http://www.dhammadownload.com



ရာဇသူ (လောင်းကြက်)
(၇၅၉–၇၆၃ (၁၃၉၇–၁၄၀၁ )

မိဖုရား(၁) မိဖုရား(၂)

စောလှမွေး

(၁)နရမိတ်လှ(ခ)စောမွန်
(၇၉၂-၇၉၅)(၁၄၃၀-၁၄၃၃)

(၂)နရနု(ခ)မင်းခရီ
(၇၉၅-၈၂၀)(၁၄၃၃-၁၄၅၉)+စောမသား

စောစစ် စောမြောက်

သား သား သမီး သား သမီး
မင်းကျော် မင်းမဒွတ် စောပို့ မင်းမွန်တင် စောပုရွှေ

* (၃)ဘစောဖြူ(၈၂၀-၈၄၃)
စောနန္ဒာ(၁၄၅၉-၁၄၈၂)

(၄)မင်းဒေါလျာ(၈၄၃-၈၅၃)
သူရခိုင်(၁၄၈၂-၁၄၉၂)

*(၅)ဘစောမင်းညို
(၈၃၅-၈၅၆)
(၁၄၉၂-၁၄၉၄)

သား သား သား

*(၆)မင်းရန်အောင်(၈၅၀)
(၁၄၉၄)

(၇)စလင်္ကာသူ+စောမိ(၈၅၆-၈၆၃)(၁၄၉၄-၁၅၀၁)

* (၈)မင်းရာဇာ+စောသူဘာ(၈၆၃-၈၇၅) (၁၅၀၁-၁၅၁၃)

သား သား

(၉)ဂဇာပတိ(၈၇၅-၈၇၇)
(၁၅၁၃-၁၅၁၅)

(၁၀)မင်းစောအို(၈၇၇-
(၁၅၁၅-၁၅၁၅)

(၁၁)သဇာတ(၈၇၇-၈၈၃)
(၁၅၁၅-၁၅၂၁)

* (၁၂)မင်းခေါင်ရာဇာ(၈၈၃-၈၉၃)
(၁၅၂၁-၁၅၃၁)

(၁၃)မင်းဘာ
(၈၉၃-၉၀၅(၁၅၃၁-၁၅၄၃)

http://www.dhammadownload.com



* ဤမင်းများမှာ ပုန်စားခံရသောမင်းများဖြစ်ပါသည်။

မှတ်ချက်။ ။

| | | |
|---|---|---|
| (၂) | မင်းခရီ | - အလီခင် |
| (၃) | ဘစောဖြူ | - ကလီမာသျှာ |
| (၄) | မင်းဒေါလျာ | - မော် |
| (၅) | ဘစောညို | - မဟာမောက်သျှာ |
| (၆) | မင်းရန်အောင် | - နော်ရီသျှာ |
| (၇) | စလင်္ကာသူ | - သက်ကောက်ဒေါလာသျှာ |
| (၈) | မင်းရာဇာ | - ဣလီသျှာ |
| (၁၀) | မင်းစောအို | - ဇာလာသျှာ |
| (၁၁) | သဇာတ | - အီလီသျှာ |

http://www.dhammadownload.com



## မြောက်ဦးခေတ်

### မင်းစဉ်မင်းဆက်ဇယား

| စဉ် | မင်းအမည် | မိဖုရားအမည် | နန်းစံနှစ် | သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မင်းစောမွန်(နရမိတ်လှ) | စောစစ် | ၃ | ၁၄၃၀-၁၄၃၃ | |
| ၂။ | မင်းခရီ (နရန) | စောပဘာ | ၂၅ | ၁၄၃၃-၁၄၅၉ | ညီ |
| ၃။ | ဘစောဖြူ | စောနန္ဒီ | ၂၃ | ၁၄၅၈-၁၄၈၂ | သား |
| ၄။ | မင်းဒေါလျာ | သူရခိုင် | ၁၀ | ၁၄၈၂-၁၄၉၂ | သား |
| ၅။ | ဘစောမင်းညို (မဟာမောသျှာ) | စောထွေးမယ် | ၂ | ၁၄၉၂-၁၄၉၄ | ပထွေးသား |
| ၆။ | မင်းရန်အောင် | စောရှင်စော | ၉ လ | ၁၄၉၄-၁၄၉၄ | မင်းဒေါလျာ၏သား |
| ၇။ | စလက်ာသူ | စောမိစော | ၇ | ၁၄၉၄-၁၅၀၁ | ဦးရီးတော် |
| ၈။ | မင်းရာဇာ | စောသုဘာ | ၁၂ | ၁၅၀၁-၁၅၁၃ | သား |
| ၉။ | ဂဇာပတိ | စောသူဇာ | ၂ | ၁၅၁၃-၁၅၁၅ | သား |
| ၁၀။ | မင်းစောအို | စောသူဇာ | ၆ လ | ၁၅၁၅-၁၅၁၅ | မင်းရာဇာ၏ပထွေး |
| ၁၁။ | သဇာတ | စောနန်းဆက် | ၆ | ၁၅၁၅-၁၅၂၁ | မင်းဒေါလျာ၏သား |
| ၁၂။ | မင်းခေါင်ရာဇာ | စောနန်းဆက် | ၁၀ | ၁၅၂၁-၁၅၃၁ | ညီ |
| ၁၃။ | မင်းဗာကြီး | ဖွားစောမင်း | ၂၂ | ၁၅၃၁-၁၅၅၃ | မင်းရာဇာ၏သား |
| ၁၄။ | မင်းတိက္ခာ | စောသန္တာ | ၃ | ၁၅၅၃-၁၅၅၆ | သား |
| ၁၅။ | မင်းစောလှ | စောဘုန်းထွတ် | ၈ | ၁၅၅၆-၁၅၆၄ | သား |
| ၁၆။ | စကြာဝတေး | ဓမ္မာဒေဝီ | ၇ | ၁၅၆၄-၁၅၇၁ | ညီ |
| ၁၇။ | မင်းဖလောင်း | ရှင်လတ် | ၂၂ | ၁၅၇၁-၁၅၉၃ | မင်းဗာကြီး၏သား |
| ၁၈။ | မင်းရာဇာကြီး | ဝိဇလာ | ၁၉ | ၁၅၉၃-၁၆၁၂ | သား |
| ၁၉။ | မင်းခမောင်း | ဓမ္မာဒေဝီ | ၁၀ | ၁၆၁၂-၁၆၁၂ | သား |
| ၂၀။ | သီရိသုဓမ္မရာဇာ | နတ်သျှင်မယ် | ၁၆ | ၁၆၁၂-၁၆၃၈ | |
| ၂၁။ | မင်းစနေ | နန်းတက်မိဖုရား | ၂၀ရက် | ၁၆၃၈- | |
| ၂၂။ | နရပတိကြီး(ကုသလ) | နတ်သျှင်မယ် | ၇ | ၁၆၃၈-၁၆၄၅ | |
| ၂၃။ | သတိုးမင်းတရား | ရတနာကုမ္မာရီ | ၇ | ၁၆၄၅-၁၆၅၂ | သား |
| ၂၄။ | စန္ဒသုဓမ္မရာဇာ | ရတနာပီယ | ၂၂ | ၁၆၅၂-၁၆၇၄ | သား |
| ၂၅။ | ဥဂ္ဂါဗလ | သုဝဏ္ဏကလျာ | ၁၁ | ၁၆၇၄-၁၆၈၅ | သား |
| ၂၆။ | ဝရဓမ္မရာဇာ | သုကုမ္မာ | ၇ | ၁၆၈၅-၁၆၉၂ | သား |
| ၂၇။ | မဏိသုဓမ္မရာဇာ | သုဘာရ | ၂ | ၁၆၉၂-၁၆၉၄ | နောင်တော် |

http://www.dhammadownload.com



| စဉ် | မင်းအမည် | မိဖုရားအမည် | နန်းစံနှစ် | သက္ကရာဇ် | မှတ်ချက် |
|---|---|---|---|---|---|
| ၂၈။ | စန္ဒသူရိယဓမ္မရာဇာ | သုဘာရ | ၂ | ၁၆၉၄-၁၆၉၆ | ညီ |
| ၂၉။ | ငတုံနော်ရထာ | သုခုမာ | ၁၅ ရက် | ၁၆၉၆-၁၆၉၆ | |
| ၃၀။ | မာရုပ္ပိယ | ကြ္လနွမာ | ၁ | ၁၆၉၆-၁၆၉၇ | မျိုးခြား |
| ၃၁။ | ကာလဂန္ဓာလ | ဖွားမယ် | ၁ | ၁၆၉၇-၁၆၉၈ | |
| ၃၂။ | နရာဓိပတိ | နန်းတက်မိဖုရား | ၂ | ၁၆၉၈-၁၇၀၀ | |
| ၃၃။ | စန္ဒဝိမလရာဇာ | ဖွားစော | ၆ | ၁၇၀၀-၁၇၀၆ | |
| ၃၄။ | စန္ဒသူရိယရာဇာ | ဖွားသွေး | ၄ | ၁၇၀၆-၁၇၁၀ | |
| ၃၅။ | စန္ဒဝိဇယရာဇာ | ရွှေဂူ | ၂၁ | ၁၇၁၀-၁၇၃၁ | |
| ၃၆။ | စန္ဒသူရိယရာဇာ | မှောက်တော် | ၃ | ၁၇၃၁-၁၇၃၄ | |
| ၃၇။ | နရာဓိပတိ | နန်းတက်မိဖုရား | ၁ | ၁၇၃၄-၁၇၃၅ | |
| ၃၈။ | နဝပဝရရာဇာ | နန်းတက်မိဖုရား | ၂ | ၁၇၃၅-၁၇၃၇ | |
| ၃၉။ | စန္ဒဝိဇယရာဇာ | နန်းတက်မိဖုရား | ၈ လ | ၁၇၃၇- | |
| ၄၀။ | မေတ္တရာဇ်ရာဇာ | ရွှေရည် | ၅ | ၁၇၃၇-၁၇၄၂ | |
| ၄၁။ | နရအဘယရာဇာ | စောသန္တာ | ၁၉ | ၁၇၄၂-၁၇၆၁ | |
| ၄၂။ | သီရိသုရာဇာ | တန်ဆောင်းမိဖုရား | ၃ လ | ၁၇၆၁- | |
| ၄၃။ | စန္ဒပရမရာဇာ | အောင်ကြော့ငံ | ၃ | ၁၇၆၁-၁၇၆၄ | |
| ၄၄။ | အဘယမဟာရာဇာ | စောရွှေကြာ | ၉ | ၁၇၆၄-၁၇၇၃ | |
| ၄၅။ | စန္ဒသုမနရာဇာ | ပန်းသူဇာ | ၄ | ၁၇၇၃-၁၇၇၇ | |
| ၄၆။ | စန္ဒဝိမလရာဇာ | ဒါဖြူ | ၄၀ ရက် | ၁၇၇၇- | |
| ၄၇။ | စန္ဒသတိဿရာဇာ | စိန်ခိုင် | ၅ | ၁၇၇၇-၁၇၈၂ | |
| ၄၈။ | မဟာသမ္မတရာဇာ | စောမယ်ပုံ | ၂ | ၁၇၈၂-၁၇၈၄ | |

http://www.dhammadownload.com



## မြောက်ဦးဒုတိယမင်းဆက်မင်းစဉ်မင်းဆက် ဆင်းသက်ပုံ

မင်းရာဇာ(၈၆၄-၈၇၅) + နန်းတက်မိဖုရား
(၈)မင်းလှရာဇာ-ကုလီသျှာ
(၁၅၀၆-၁၅၁၃)
စောသုဘာ

သား သား

(၉)ဂဇာပတိ(၈၇၅-၈၇၇)(၁၅၁၃-၁၅၁၅)

စလက်ာသူ၏ညီ
(၁၀)မင်းစောအို(၈၇၇)(၁၅၁၅)

ဒေါ်လျာ၏သား
(၁၁)သဇာတ(၈၇၇-၈၈၃)(၁၅၁၅-၁၅၂၀)

ညီ
(၁၂)မင်းခေါင်ရာဇာ(၈၈၃-၈၉၃)(၁၅၂၀-၁၅၃၀)

(မြောက်ဦးပထမမင်းဆက်ဆုံး(မြောက်ဦးဒုတိယမင်းဆက်စ)

ဘစောသီရိ(၈၈၃-၉၁၅)
မင်းဗာကြီး(၁၅၃၀-၁၅၅၃)
မင်းဘင်
(၁၃) သီရိသုဓမ္မရာဇာမင်း
စန္ဒမဟာရာဇာမိဖုရား
ဇော်ဘောက်သျှာ

သား သား စောသန္တာ
မိဖုရား

http://www.dhammadownload.com



သား

သား

စောသန္တာ
မိဖုရား

မင်းတိက္ခာ(၉၁၅-၉၁၇)
(၁၄) မင်းဒီဃာ(၁၅၅၃-၁၅၅၅)

သား
(၁၅) မင်းစောလှ
(၉၁၇-၉၂၆)
(၁၅၅၅-၁၅၆၄)

သား
(၁၆)စကြာဝတေး
(၉၂၆-၉၃၃)
(၁၅၆၄-၁၅၇၁)

(၁၇)မင်းဖလောင်း သက္ကန်ဒါသျှာ(၉၃၃-၉၅၅)(၁၅၇၁-၁၅၉၃)
မိဖုရား ဝိဇလ

(၁၈)မင်းရာဇာကြီးသတိုးဓမ္မရာဇာဆော်လိမ်သျှာ(၉၅၅-၉၇၄)(၁၅၉၃-၁၆၁၂)
မိဖုရား ဝိဇလ

သား
(၁၉)မင်းခမောင်း ဝရဓမ္မရာဇာဥသျှောင်သျှာ
(၉၇၄-၉၈၄)(၁၆၁၂-၁၆၂၂)
မိဖုရားဝိဇလ

သား
(၁၉)မင်းပန်ကြီး(အနောက်ဘုရင်)

သား
ဒွန်မာတင်

သမီး
ပက်ကြိသျှာနီလာ

(၂၀)မင်းဟရိ သီရိသုဓမ္မရာဇာ(၉၈၄-၁၀၀၀)(၁၆၂၂-၁၆၃၈)
မိဖုရားနတ်ရှင်မယ်

(၂၁) မင်းစနေ(၁၀၀၀)(၁၆၃၈)

http://www.dhammadownload.com



## တတိယမြောက်ဦးခေတ် မင်းစဉ်မင်းဆက် ဆင်းသက်ပုံ

၂၂။ နရပတိကြီးကုသလ(၁၀၀၀-၁၀၀၇)(၁၆၃၈-၁၆၄၅)

↓ သား

၂၃။သတိုးမင်းတရား (၁၀၀၇-၁၀၁၄)(၁၆၄၅-၁၆၅၂)

↓

၂၄။စန္ဒသုဓမ္မရာဇာ (၁၀၁၄-၁၀၃၆)(၁၆၅၂-၁၆၇၄)

သား — သား — သား — သားသမီးရတနာ

၂၅။ဥက္ကာဗလ (၁၀၃၆-၁၀၄၇) (၁၆၇၄-၁၆၈၅) → ညီ → ၂၆။ဝရဓမ္မာ (၁၀၄၇-၁၀၅၄) (၁၆၈၅-၁၆၉၂) → အစ်ကို → ၂၇။မဏိသုဓမ္မရာဇာ (၁၀၅၄-၁၀၅၆) (၁၆၉၂-၁၆၉၄) → ယောက်ဖ → ၂၈။စန္ဒသူရိယရာဇာ (၁၀၅၆-၁၀၅၈) (၁၆၉၄-၁၆၉၆)

သား — သား ↓

၂၉။ငတုံနော်ရထာ(ခ)နော်ရထာဇော

မျိုးခြား

(ဘုန်းကြီးလူထွက်)(၁၀၅၈-၁၀၆၉)

↓

၃၀။ မာရုပ္ပိယ

မျိုးခြား(ဘုန်းကြီးလူထွက်)

(၁၀၅၈-၁၀၅၉)(၁၆၉၆-၁၆၉၇)

↓

၃၁။ ကာလမန္တတ်

(၁၀၅၉-၁၀၆၀)(၁၆၉၇-၁၆၉၈)

၃၂။နရပတိ(၁၀၆၀-၁၀၆၂)(၁၆၉၈-၁၇၀၀)

↓ ၂၃၏မြေး

၃၃။ စန္ဒဝိမလရာဇာ(၁၀၆၂-၁၀၆၈)(၁၇၀၀-၁၇၀၆)

↓ ၂၄၏မြေး

၃၄။စန္ဒသူရိယရာဇာ(၁၀၆၈-၁၀၇၂)(၁၇၀၀-၁၇၁၀)

↓ မျိုးခြား

၃၅။စန္ဒဝိဇယရာဇာ(တန္တဗိုလ်) (၁၀၇၂-၁၀၉၃၀၉၁၇၁၀-၁၇၃၁)

↓ သမက်

ယောက်ဖ

၃၆။စန္ဒသူရိယရာဇာ+ဖွားသွေး(၁၀၉၃-၁၀၉၆)(၁၇၃၁-၁၇၃၄)

↓

သား — သား — သား(ဝမ်းကွဲ)

ညီ — ညီဝမ်းကွဲ

၃၇။နရပတိ (၁၀၉၆-၉၇)(၁၇၃၄-၃၅) — ၃၈။နရပဝရရာဇာ (၁၀၉၇)(၁၇၃၅-၃၇) — ၃၉။စန္ဒဝိဇယရာဇာ (၁၀၉၈-၉၉)

၄၀။ မဒရင် (၁၀၉၉-၁၁၀၄)(၁၇၃၇-၁၇၄၂)

http://www.dhammadownload.com



## ၄၁။ ရနအဘယရာဇာ(၁၁၀၄-၁၁၂၃) (၁၇၄၂-၁၇၆၀)

သား — ညီ
၄၂။ သီရိရာဇာ
(၁၁၂၃)
(၁၇၆၀)

သား — ယောက်ဖ
၄၃။ စန္ဒပရမရာဇာ
(၁၁၂၃-၁၁၂၆)
(၁၇၆၀-၁၇၆၃)

သမီး — ယောက်ဖ
၄၄။ အဘယမဟာရာဇာ
(၁၁၂၆-၁၁၃၅)
(၁၇၆၄-၁၇၇၃)

သမီး(စောသန္တာ) +
၄၅။ နန္ဒသုမနရာဇာ
(၁၁၃၅-၁၁၃၉)
(၁၇၇၃-၁၇၇၇)

↓ မျိုးခြား

၄၆။ စန္ဒဝိမလရာဇာ
(၁၁၃၉-၁၇၇၇)

↓ မျိုးခြား

၄၇။ စန္ဒသိဒိဿရာဇာ
(၁၁၃၉-၁၁၄၄)
(၁၇၇၇-၁၇၈၂)

↓ မျိုးခြား

၄၈။ မဟာသမ္မတရာဇာ
အင်္ဂါပုညဇော
(၁၁၄၄-၁၁၄၆)
(၁၇၈၂-၁၇၈၄)

**မှတ်ချက်။**

<u>မြောက်ဦးတတိယခေတ်</u>

မင်းဆက်ပေါင်း ၂၇-ဆက်
နှစ်စုစုပေါင်း ၁၄၆-နှစ်

# ရှေးဟောင်းမြို့တော်များနှင့် ခေတ်အလိုက်မင်းဆက်ပေါင်းပြဇယား(အသောကကိန်းအရ)

| စဉ် | မြို့တော်များ | ခရစ်သက္ကရာဇ် | ခေတ်သက်တမ်း (နှစ်ပေါင်း) | မင်းဆက် | မင်းဆက်များ အမတ်ဆက် | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဓညဝတီခေတ် | | | | | | |
| | (ကြားခံ)နီလာပန်တောင်းနှင့် | ဘီစီ၃၂၈၇အေဒီ၃၆၄ | ၃၆၅၁ | ၁၀၇ | ၃ | ၁၁၀ | |
| | ကျောက်ပန်တောင်း(၂၄)နှစ် | ဘီစီ၁၄၆၉ဘီစီ၁၄၄၅) | | | | | (ပ)(၃)ဓညဝတီကြား |
| ၂ | ဒုတိယဝေသာလီကျောက်လှေ | အေဒီ၃၆၄အေဒီ၇၉၃ | ၄၂၉ | ၂၃ | ၂ | ၂၅ | |
| | ကားခေတ်-သျှမ်းတရုတ်မွန်ကို | အေဒီ၇၉၃ | ၁ | | | | |
| | များ(ကြားခံ)စမ္ဘဝက်မြို့ | အေဒီ၇၉၄အေဒီ၁၄၀၆ | ၂၄ | ၁ | ၁ | | မင်းမဲ့(၁)နှစ် ၄၅၄နှစ် |
| ၃ | အဋ္ဌနနဒီ လေးမြို့ခေတ် | အေဒီ၈၁၈အေဒီ၁၄၀၆ | ၅၈၈ | ၅၄ | ၇ | ၆၁ | မင်းစောမွန်ခိုလှုံ |
| | (ကြားခံ) ခြိပ် | အေဒီ၁၁၄၂အေဒီ၁၁၅၄ | | | | | စုစုပေါင်း |
| | (ကြားခံ)ဒုတိယစမ္ဘဝက် | အေဒီ၁၁၅၅အေဒီ၁၁၆၃ | | | | | ၆၁၂ နှုတ် နှင့် |
| | (ကြားခံ)ဘဂီဂါဝါ | အေဒီ၁၄၀၆အေဒီ၁၄၂၈ | ၂၂ | | | | |
| | (ကြားခံ)လောင်းကြက် | အေဒီ၁၄၂၈အေဒီ၁၄၃၀ | ၂ | | | | |
| ၄ | မြောက်ဦးမြို့တော်ခေတ် | အေဒီ၁၄၃၀အေဒီ၁၇၈၅ | ၃၅၅ | ၄၈ | - | ၄၈ | |
| | | | ၅၀၇၂ | ၂၃၃ | ၁၂ | ၂၄၅ | |

၁။ စမ္ဘဝက် -ပဥ္စာ အေဒီ ၈၁၈ - အေဒီ ၁၀၁၈ - နှစ်ပေါင်း ၂၀၀
၂။ ပရိန် - အေဒီ ၁၀၁၈ - အေဒီ ၁၁၃၈ - နှစ်ပေါင်း ၁၂၀
၃။ ခြိပ်၊ပရိန်၊တောင်ငူ - အေဒီ ၁၁၃၈ - အေဒီ ၁၂၅၀ - နှစ်ပေါင်း ၁၁၂
၄။ လောင်းကြက် - အေဒီ ၁၂၅၀ - အေဒီ ၁၄၀၆ - နှစ်ပေါင်း ၁၅၆
စုစုပေါင်း- ၅၈၈

ဘင်္ဂလားတွင်ခိုလှုံ-အေဒီ ၁၄၀၆-အေဒီ ၁၄၂၈ ပေါင်း ၂၂ နှစ်
မင်းစောမွန်လောင်းကြက်သို့ပြန် အေဒီ ၁၄၂၈ အေဒီ ၁၄၃၈ နှစ်ပေါင်း ၆၁၂

http://www.dhammadownload.com



# အခန်း(၄)

## ခေတ်အလိုက် မင်းဆက်များသမိုင်း

## ဓညဝတီခေတ်

### ရှေးခေတ်ရခိုင်တို့၏ မျိုးရိုးပေါ်ပေါက်လာပုံ

"အသမ္ဘိန္န၊ ခတ္တိယဟု၊ ဝါသုဒေဝ၊ မင်းမှစ၍၊ ကစ္ဆပနဒီ၊ မြစ်ကိုမှီလျက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊ တည်ခဲ့ပေမှ"

ရခိုင်လူမျိုးများသည် လူတို့၏ အသက်နှစ်သောင်းတမ်း[၁] ကာလ၌ မဇ္ဈိမဒေသမြောက်ပိုင်း ဥတ္တရပထတိုင်း၊ ကံသမင်းတို့၏အနွယ်ဖြစ်သော ဝါသုဒေဝမင်းမှစ၍ သမ္ဘတမင်းအဆုံးရှိသော မင်းဆက်ပေါင်း ၁၉ ဆက်၊ မင်းဦးရေပေါင်း ၂၅၇ ပါး၊ (အချို့မင်းဆက်ပေါင်း ၂၄၀ ဆက်)တို့ဖြင့် တည်ထောင်ကာအစဉ်သဖြင့် ကြီးပွားလာခဲ့ကြသော လူမျိုးများဖြစ်ကြသည်။

ရခိုင်ရှေးဦးလူတို့သည် ရခိုင်ပြည်နှင့်နယ်နိမိတ်ချင်း ဆက်စပ်နေသော အိန္ဒိယပြည် အရှေ့မြောက်ပိုင်းဒေသမှ ဝင်ရောက်လာသူများ ဖြစ်ကြသည်။ အိန္ဒိယနိုင်ငံအတွင်းသို့ အာရိယန်များသည်လည်းကောင်း၊ မွန်ဂိုလွိုက်များသည်လည်းကောင်း တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက် နေထိုင်ခဲ့ကြသည်။ ထိုအုပ်စုများသည် အိန္ဒိယနိုင်ငံအတွင်းသို့ မည်သည့်အချိန်မှစ၍ ဝင်ရောက် နေထိုင်သည်ကို တိတိကျကျပြောရန် ခဲယဉ်းပေသည်။

အာရိယန်များသည် ယခုခေတ်၊ အဂရာနှင့် အူးဒ်တွင်ရှိသော မဇ္ဈိမဒေသတွင် ပျံ့နှံ့စွာ နေထိုင်ခဲ့ကြသည်သာမက ယင်းတို့သည် ဂင်္ဂါမြစ်ဝှမ်းဒေသ၊ ဘင်္ဂလားနယ်အထိပင် တစ်စတစ်စ ရွှေ့သို့တိုး၍ ရွှေ့လျားကာ နေထိုင်ခဲ့ကြသည်။[၂]

မွန်ဂိုလွိုက်များမှာလည်း ထိုအချိန်တွင် အာသံနယ်၊ ဟိမဝန္တာတောင်တန်း၏ တောင်ဘက်ဒေသ၊ ကမ္ဘောဇ္ဇဒေသ၊ မာဂဓတိုင်း ဂင်္ဂါမြစ်ဝှမ်းဒေသ၊ ဝင်္ဂတိုင်းခေါ် ဘင်္ဂလားနယ်တို့တွင် ပျံ့နှံ့စွာ ဝင်ရောက်နေထိုင်လျက်ရှိခဲ့ကြသည်။[၃]

---

၁။ ရှစ်စန္ဒိမာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပထမတွဲ ၊ စာ - ၂၀၂၊ ၂၀၃။
၂။ E,B Harvey, The History of Aryan Rule in India.P.34.
၃။ S.K. Chatterji, Ki-ma-a-jana-krti, P-22.

http://www.dhammadownload.com



အာရီယန်နှင့် မွန်ဂိုလွိုက်တို့သည် နှစ်ပေါင်းများစွာ အတူတူနေထိုင်ခဲ့ကြသဖြင့် တစ်မျိုးနှင့်တစ်မျိုး သွေးချင်းရောနှောခဲ့ကြပေမည်။ အာရီယန်များနှင့် မွန်ဂိုလွိုက်များသည် ရခိုင်ပြည်တွင်းသို့ သွေးချင်းရောနှောပြီးမှ ဝင်ရောက်သည်(သို့မဟုတ်) ရခိုင်ပြည်အတွင်းသို့ရောက်မှသာ သွေးချင်းရောနှောခဲ့သည်ဟူသော အချက်ကိုမူ တိတိကျကျယူဆရန် ခဲယဉ်းပေသည်။ ယဉ်ကျေးမှုအရကြည့်ပါက ထိုစဉ်အခါက အာရီယန်များ၏ ယဉ်ကျေးမှုသည် မွန်ဂိုလွိုက်များ၏ ယဉ်ကျေးမှုထက်သာ လွန်ပေသည်။ သို့ဖြစ်၍ မွန်ဂိုလွိုက်များသည် အာရီယန်တို့၏ ယဉ်ကျေးမှုကို လက်ခံခဲ့ဟန်ရှိသည်။

ရခိုင်ရှေးဟောင်းယဉ်ကျေးမှုတွင် အာရီယန်တို့ ဦးစီးဦးဆောင်ပြုသော ဟိန္ဒူယဉ်ကျေးမှုနှင့် သက္ကတယဉ်ကျေးမှုများ စိမ့်ဝင်ပျံ့နှံ့သည်ကို တွေ့ရသည်။ အလွန်ရှေးကျသော ရခိုင်သက္ကတကျောက်စာများကို ရခိုင်ပြည်တွင် တွေ့ရှိရသဖြင့် အာရီယန်တို့၏ ယဉ်ကျေးမှုသည် ရခိုင်လူ့အဖွဲ့အစည်းကို ဩဇာလွှမ်းမိုးခဲ့သည်ဟု ယူဆနိုင်ပေသည်။

ရခိုင်ပြည်တွင်းသို့ ရခိုင်လူမျိုးတို့ ဝင်ရောက်နေထိုင်ခြင်းနှင့် ပတ်သက်၍ ရခိုင်ရာဇဝင်ကျမ်းများတွင် "ရခိုင်တို့သည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ မာဂဓတိုင်းမှ ဝင်ရောက်လာကြသည်" ဟုဆိုသည်။

ယင်းအကြောင်းနှင့်စပ်လျဉ်း၍ ရခိုင်ရာဇဝင် မှတ်တမ်းအစောင်စောင်တို့တွင် အိန္ဒိယပြည် မဇ္ဈိမဒေသမှ ဝါသုဒေဝအစရှိသော ဒသဘာတိကညီနောင်တစ်ကျိပ်တို့သည် ရခိုင်ပြည်တွင် ဒွါရာဝတီပြည်(ခေါ်)သံတွဲမြို့ကို ဝင်ရောက်သိမ်းပိုက်၍ ပထမဆုံးရခိုင်မင်းဆက်ကို တည်ထောင် ခဲ့ကြောင်း ဖော်ပြကြသည်။

ဒွါရာဝတီပြည်သည် ရန်သူလာလျှင် ကောင်းကင်သို့ ပျံတက်နိုင်သောကြောင့် သံနှင့်ချိတ်တွဲသိမ်းယူရသည်။ ထို့ကြောင့် သံတွဲမြို့ခေါ်သည်ဟု အဆိုရှိသည်။[၁] စိန္တကျော်သူဘွဲ့ခံ ဦးဩရေးကဝိ လက္ခဏာသတ်ပုံကျမ်း အပိုဒ် ၃၅၃ တွင်- "ဒွါရပူရံ မိုးသို့ပျံ၊ သံနှင့်ချိတ်ကာတွဲ"ဟု ပါရှိသည်။ ယင်းကို မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် နိုင်ငံခြားဝန်ထောက်မင်းအဖြစ် အမှုထမ်းရသူ မြောင်လှမြို့စားဦးခြိမ့်က ရခိုင်ရာဇဝင် ဂဇပကာသနီကျမ်း၊ အသောကရာမကျောင်းတိုက် ရတနာပုံ

၁။ စိန္တကျော်သူဥဩ၊ ကဝိလက္ခဏာသတ်ပုံကျမ်း အပိုဒ် - ၃၅၃

http://www.dhammadownload.com



ကျော်ကျောင်း ကျောက်စာ၊ ကုသ မြို့သစ်စသော ကျမ်းအစောင်စောင်တို့ကို ကိုးကားဖြေဆိုရာ၌ မြို့လည်ပင်းကို သံကြိုးနှင့်ဖွဲ့၍ သံတင်းပုတ်ခပ်နှိပ်တိုက်ရမည်ဆိုသောကြောင့် သံကြိုးနှင့် တွဲ၍တိုက်ရာ အောင်မြင်သဖြင့် မင်းသား ညီနောင်တစ်ကျိပ်တို့သံတွဲမြို့တွင် မင်းပြုကြသည်ဟု ဖွင့်ဆိုရှင်းလင်းခဲ့သည်။

ကျည်းကန်ရှင်ကြီး၏ "သူ့ရန်သူကြံ၊ မိုးသို့ပျံ၊ နာမံဘယ်မြို့ဘယ်ကြောင့်နည်း" ဟူသော အမေးကို ကျီးသဲလေးထပ်ဆရာတော်က ဖြေကြားရာတွင်လည်း "ယင်းသို့ သံတွဲ၍ ရဖူးသောကြောင့် ယခုတိုင် သံတွဲဟုတွင်သည်၊ သမုဒ္ဒရာပြင်၌ မြို့ကျရာဖြစ်သော ကျွန်းသည်လည်း မာန်အောင်ကျွန်း ဟု ခေါ်တွင်သည်။ ဤအကြောင်းကို ဘုရားဟောတော်မူသော ဇာတ်၌လာသည်"ဟု ဖြေတော်မူခဲ့ သည်။

## ရခိုင်တွင်ရ ဖည်နာဖ

"ဝါသုဒေဝ၊ ဒသညီနောင်၊ တစ်ကျိပ်မောင်တို့ ကြံဆောင်လှံ့လ၊ ဥဿဟထူ၊ ကျွန်းဇမ္ဗူကို၊ သိမ်းယူတုံမြောက်၊ ခြောက်သောင်းသုံးထောင်၊ မင်းအပေါင်းတို့၊ ကုန်အောင်မဖျက်၊ စက်လက်နက်ဖြင့်၊ သတ်လျက်ထိုခါ၊ မြို့ဒွါရာကို၊ သိမ်းကာအုပ်စိုး၊ ထီးဖြူမိုးလျက်၊ မျိုးရိုးစဉ်ဆက်၊ မပျက်စိမ့်ငှာ၊ ရက္ခာပူရ၊ တွင်စေကြ၍၊ ရက္ခနွယ်စဉ်၊ မျိုးရခိုင်ဟု၊ ခေါ်ဆိုပြုလျက်"

ဝါသုဒေဝ၊ ဗလဒေဝစသော မင်းသားညီနောင် တစ်ကျိပ်တို့သည်ကား မူလက မဇ္ဈိမဒေသ မဂဓရာဇ်တိုင်းမှ အစဆက်ပွား၍ ရက္ခပူရ၊ ရခိုင်ပြည်သို့ ဝင်ရောက်လာခဲ့ကြပြီး ဒွါရာဝတီ၊ သံတွဲမြို့ကို သိမ်းပိုက်လျက် ပြည်ကိုလည်း "ရက္ခပူရတိုင်း၊ ရခိုင်ပြည်"ဟု ခေါ်တွင်စေ၍ အမျိုးအနွယ်ကိုလည်း "ရခိုင်"ဟု ခေါ်တွင်စေခဲ့သည်။

အခြားအယူအဆတစ်မျိုးမှာ ရှေးဦးလူတို့ ဝင်ရောက်မလာမီကပင် ရခိုင်ပြည်၌ လူမျိုးတစ်မျိုးရှိသည်။ အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းသားတို့က မူလရှိနေသူများကို "ရက္ခသျှ"ဟု ခေါ်သည်။ နောင်အခါ၌ ထိုမူလရှိနေသူများကို "ရက္ခိုသ်"ဟူ၍လည်းကောင်း၊ "ရက္ခိုက်" ဟူ၍ လည်းကောင်း ခေါ်တွင်မှုကို တွေ့ရသည်။ ရက္ခိသ်၊ ရက္ခိုသ်၊ ရက္ခိုက်ဟူသော ဝေါဟာရများမှာ များစွာနီးစပ်ပေသည်။ မူလရှိနေသူများကို အကြောင်းပြု၍ ရှေးဦးဝင်ရောက်လာကြသူတို့သည် ထိုဒေသကို

http://www.dhammadownload.com



ရက္ခိုသ်ပြည်၊ ရက္ခိုက်ပြည်၊ ရက္ခိုင်ပြည်ဟု ခေါ်ကြသည်။ သို့ဖြစ်၍ ရခိုင်ပြည်နှင့် ရက္ခိုသ် ဟူသော စကားမှာ သမိုင်းကိုမှတ်တမ်းတင်သော အချိန်ကပင် ပေါ်ပေါက်ခဲ့ဟန်တူသည်။

မူလရှိနေသူ ရက္ခိုက်များကို ရှေးဦးဝင်လာသူများက အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့ကြသည်။ ယင်းသို့ ရက္ခိုက်များနေထိုင်ခဲ့သောနေရာဖြစ်၍ ရခိုင်ပြည်ဟု ခေါ်တွင်ကြောင်း ရခိုင်ရာဇဝင်က ဆိုပါသည်။

ရခိုင်ရာဇဝင်သစ်လင်္ကာတွင်လည်း-

"သိကြားလက်နက်၊ ထိန်ထိန်ထွက်သည့်၊ စကြာအရောင်၊ ဝင်းဝင်းပြောင်နှင့်၊ တောတောင် မှီခို၊ အလဋ္ဌီဘီလူး၊ လူစားကြူးကို၊ ဂုဏ်ထူးအာဏာ၊ ဘုန်းမိုးယံးဖြာ၍၊ လိုရာအောင်မြင်၊ အောင်မြို့ဝင်၍၊ ခေါ်တွင်ရက္ခိုင်၊ ခုတိုင်မပျက်၊ မော်ကွန်းထွက်သည်"

ဟု ရေးစပ်ထားကြောင်း တွေ့ရသည်။

ထို့ပြင် ရခိုင်တို့သည် အမျိုးကိုလည်းကောင်း၊ သီလကိုလည်းကောင်း စောင့်ရှောက်သော လူမျိုး ဖြစ်သောကြောင့် ရက္ခိုင်ဟု ခေါ်တွင်ကြောင်းကိုလည်း အဆိုရှိသည်။ သို့ဖြစ်၍ အရှင်နာဂိန္ဒ မော်ကွန်းတွင်-

"အမျိုးသီလ၊ နှစ်ဌာနကို၊ ပြည့်ဝမတ္တိုင်၊ စောင့်စွမ်းနိုင်သည်၊ ရက္ခိုင်နာမ၊ ဘွဲ့မည်လှဖြင့်၊ အန္ဝတ္တသညာ၊ ခေါ်အပ်ရာတည်း"

ဟု ရေးသားခဲ့သည်။

တစ်ဖန်-

"ကျွန်းတွင်ဇမ္ဗူ၊ လူတွင်ရက္ခိုင်၊ ကြိုင်ဘိသတင်း၊ ကင်းဘိအပြစ်၊ ချစ်သည့်အမျိုး၊ ကြိုးသည့် လုံ့လ၊ မြတ်စာဂနှင့်၊ နှစ်ဝနတ်လူ၊ ချစ်ကြည်ဖြူသည်၊ နိဗ္ဗူဆုတောင်း ပြည့်အံ့တည်း"

ဟုလည်း ရေးသားခဲ့ပေသည်။

"ရခိုင်ဟူသည်၊ ပြည်နာမည်ကား၊ ဦးတည်အစ၊ မှိုင်းပျည့်မှောင်၊ ကြီးသောတောင်မှ၊ ရိုမြောင် ဆင်စီး၊ ခရီးဝီးဆန့်၊ ရှည်အခွန့်ကြောင့်၊ လိမ်တွန့်မော်ဖြစ်၊ ပတ်ရစ်ဆက်သွယ်၊ ကျယ်ထက် ကျယ်လျက်၊ ပင်လယ်သို့ရောက်၊ သမုဒ်ပေါက်အောင်၊ ကမ်းချောင်းသစ်မြက်၊

http://www.dhammadownload.com



နွယ်ခြို ယှက်လျက်၊ ချောင်းတက်ကြီးငယ်၊ သွယ်သွယ်ဟိထ၊ ကစ္ဆပဟု၊ မည်ရနဒီ၊
မြစ်ကိုမှီလျက်၊ ခုတ်တီထွင်ကျင်း၊ လယ်ကွင်းဆိုင်မြိုင်၊ တောရိုကြိုင်ကို၊ လုပ်ကိုင်မြို့တည်၊
ကာလရှည်သော်၊ တိုင်းပြည်ရခိုင်၊ ခုတိုင်မော်ကွန်း၊ သမိုင်းထွန်း၏"

ဟူ၍လည်း ဥတိန္ဒလင်္ကာနိဂုံး၌ အဓိပ္ပါယ်တစ်မျိုးဖြင့် စပ်ဆိုရေးသားခဲ့သည်။

ဆိုလိုသည်မှာ ကစ္ဆပနဒီမြစ်၏ လက်ဝဲလက်ယာ ကမ်းခြေတို့၌ ပေါက်ရောက်လျက်ရှိသော "တောရိုကြိုင်"ရေကြည်တောကို ခုတ်ထွင်ရှင်းလင်း၍ မြို့တည်သောကြောင့် "ရခိုင်မြို့၊ ရခိုင်ပြည်"ဟူ၍ ခေါ်တွင်လာခဲ့သည်။ ယင်းမြို့၊ ယင်းပြည်၌ နေထိုင်ကြသူများကိုလည်း မြို့ပြည်တို့၏ အမည်ကို အစွဲပြု၍ "ရခိုင်"ဟု ခေါ်တွင်လာခဲ့ခြင်း ဖြစ်သည်ဟု ဆိုလိုပါသည်။

သို့ဖြစ်၍ "ရခိုင်"ဟူသောအမည်သည် ရခိုင်လူမျိုးတို့၏ ကိုယ်ပိုင်စကားလုံးဖြစ်သည်။ မာဂဓဘာသာ "ရက္ခသ္မ၊ အာရက္ခ"တို့မှ ခေတ်အဆက်ဆက် ဆင့်ကဲ "ရက္ခ၊ ရက္ခိုက်၊ ရက္ခို၊ ရက္ခိုင်၊ ရခိုင်"ဟူ၍ ပြောင်းလဲလာသော စကားဖြစ်သည်။ ရခိုင်တို့သည် ပင်ကိုယ်အားဖြင့် ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသူများဖြစ်ရာ ဗုဒ္ဓစာပေလွှမ်းမိုးသော "ရက္ခိုင်"အမည်ကို "ရခိုင်" ထက်ပို၍ နှစ်သက်ကြသည်။ ရခိုင်ပြည်ကို ပါဠိလို "ရက္ခပူရ"ဟု ခေါ်ကြသည်။ သက္ကတစာပေ လွှမ်းမိုးမှုရှိသောခေတ်တွင် ရခိုင်ပြည်ကို "အာရက္ခာဒေသ္မ"ဟုခေါ်ကြောင်း အာနန္ဒစန္ဒကျောက်စာအရ သိရှိရသည်။

အိန္ဒိယသားတို့သည် ရခိုင်ပြည်ကို "အာရကန်"ဟု ခေါ်ကြသည်။ ထိုစကားသည် သက္ကတ "အာရက္ခာ"မှ ဆင်းသက်ဟန်ရှိသည်။ အိန္ဒိယသားတို့ အသုံးပြုသော "အာရကန်"မှ တစ်ဆင့် အနောက် နိုင်ငံသားတို့က သိရှိ၍ ရခိုင်ပြည်ကို "အာရကန်"ဟု ခေါ်လာကြသည်။

## ရခိုင်မျိုးနွယ်စု

ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုမှာ ရခိုင်များဖြစ်သည်။ ရခိုင်လူမျိုးတို့သည် အရပ်ဒေသကွဲပြားသော်လည်း ရခိုင်လူမျိုးဟူသောအမည်ကိုသာ အားလုံးက တညီတညွတ်တည်း လက်ခံကြသည်။

---

၁။ B.R, Pearn, Fifth Aminersary Publication, footnote of King Bering, P.448.
၂။ ဦးစံရွှေဘူ၊ Legend of the Early Aryan Sattlament of Arakan, R.B.R.S, 1921, vol II, Part 2.

http://www.dhammadownload.com



ရခိုင်လူမျိုးအပြင် ရခိုင်ပြည်နယ်တွင် ရခိုင်များနှင့် အမျိုးအနွယ်တူသော်လည်း ရှေးအခါက တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ခက်ခဲမှုကြောင့် မိမိတို့မျိုးနွယ်စုကို သီးခြားအမည်များဖြင့် ခေါ်တွင် နေကြသော တိုင်းရင်းသားများရှိကြသည်။ ယင်းတို့မှာ-

(၁) သက်

(၂) ဒိုင်းနက် တို့ဖြစ်ကြသည်။

ရခိုင်နှင့် ဘာသာရေးစသည် ဆက်စပ်မှုရှိသော မျိုးနွယ်စုများမှာ မြို့နှင့်မရမာကြီးများ ဖြစ်ကြသည်။

သက်လူမျိုးများသည် အာသံနယ်နှင့်နီးစပ်သော ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလန် ထောင်၊ မြို့ထောင်ခေါ် အရပ်များရှိ ရခိုင်များဖြစ်ကြသည်။ သက်များသည်လည်းကောင်း၊ ဗိုလ်မင်း များသည် လည်းကောင်း၊ ဖလန်များသည်လည်းကောင်း၊ မြို့များသည်လည်းကောင်း အားလုံးပင် ရခိုင်နှင့်တစ်မျိုး တစ်နွယ်တည်းမှ ဆင်းသက်လာကြသူများ ဖြစ်ကြသည်။ ယင်းလူမျိုးများ အားလုံး သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

ဒိုင်းနက်လူမျိုးများသည် ဒိုင်းပညာရပ်များကို တတ်ကျွမ်းသူများဖြစ်ခဲ့ကြ၍ ဒိုင်းနက် လူ မျိုးဟု ခေါ်တွင်ကြောင်း သိရသည်။ မူလ ဒိုင်းတက်-ဒိုင်းဒက်-ဒိုင်းနက်ဟု ရွေ့လျောလာသည်။ ဒိုင်းနက်များမှာ မျိုးနွယ်ကွဲ ရှစ်မျိုးရှိသည်။ ဒိုင်းနက်များသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။

မြို့လူမျိုးမှာ မျိုးနွယ်ကွဲ များပြားသောလူမျိုးဖြစ်သည်။ မြို့ ရှေးလူကြီးများက မြို့ အမျိုးကွဲ ပေါင်း ၁၀၀ ခန့်ရှိသည်ဟု ဆိုသည်။ သို့ရာတွင် ၅၇ မျိုးတို့၏ အမည်များကိုသာ လေ့လာ တွေ့ရှိ ရသည်။ ယခုအခါ မျိုးနွယ်ကွဲပေါင်း ၃၀ခန့်သာ ရှိပေသည်။ မြို့ဟူသော အမည်မှာ ရခိုင်တို့က ပေးထားသော အမည်ဖြစ်ပြီး မြို့တို့က သူတို့ကိုသူတို့ "ခမီ"ဟု ခေါ်ကြသည်။

မရမာကြီး လူမျိုးများသည် ဘင်္ဂါလီဘာသာစကားပြောပြီး ဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ် သူများ ဖြစ်ကြသည်။ ဓလေ့ထုံးစံတို့မှာ ရခိုင်လူမျိုးတို့နှင့် အတူတူပင်ဖြစ်သည်။ ရှေးအခါက မရ မာကြီးလူမျိုးတို့ကို ဗရွှဝါးလူမျိုးဟု ခေါ်သည်။

http://www.dhammadownload.com



## ရခိုင်လူမျိုးနှင့်ပတ်သက်၍ သုတေသီတို့၏ အတွေးအမြင်

ဤ၌ ရခိုင်လူမျိုးတို့၏ ဆင်းသက်လာပုံအကြောင်းနှင့်ပတ်သက်၍ သုတေသီတို့၏ အတွေးအမြင်ကို လေ့လာသိရှိရပါသည်။

ရခိုင်တိုင်းရင်းသားတို့သည် ရှေးမဇ္ဈိမဒေသ မာဂဓနှင့် ဆက်စပ်နေသော ရခိုင်နယ်မြေထဲသို့ ဝင်ရောက်လာသူများဖြစ်ခြင်းကြောင့် "မောဂ်"ဟူသော အမည်ကို ရကြ၏ ဟု B.R,Pearn က ဆိုထားသည်။

ရှေးအင်ဒိုအာရီယန်လူမျိုးတို့သည် ဂင်္ဂါမြစ်ဝှမ်း မဇ္ဈိမဒေသ မာဂဓမှ ရက္ခိုင်တောင်ကုန်းဒေသသို့ ဝင်ရောက်လာကာ တောင်ပိုင်းသို့ ဆင်းလာ၍ ဒွါရာဝတီ၌ ဝါသုဒေဝ၊ ဗလဒေဝ စသော ညီနောင်တစ်ကျိပ်၊ နှမတော် အဉ္စနကုမ္မာရီ၊ ဗြဟ္မဏပုရောဟိတ်နှင့် ခြွေရံသင်းပင်းတို့ နေထိုင်ကြသည် ဟု ဦးစံရွှေပုက ဆိုထားသည်။

အဉ္စနကုမ္မာရီနှင့်ဗြဟ္မဏပုရောဟိတ်တို့ဒွါရာဝတီမှထွက်ခွာ၍ ရက္ခိုင်အလယ်ပိုင်းဒေသ ရှေး ဝေသာလီသို့ ရောက်သောအခါ အဉ္စနကုမ္မာရီကို မိဖုရားမြှောက်ကာ ဗြဟ္မဏရာဇာအမည်ဖြင့် မင်းပြုလေ၏ဟုလည်း ရခိုင်ရာဇဝင်တို့၌ တွေ့ရသည်။

ရခိုင်မြောက်ပိုင်း တောင်ကုန်းဒေသ၌ ရှေးဦးခေတ်ကပင် နေထိုင်လာခဲ့သူများသည် "သက်" လူမျိုးဖြစ်၍ သူတို့ကို "ချက္ကမ" ဟူ၍လည်း ခေါ်ဝေါ်ကြသည်။

"ချက္ကမတို့သည် သကျမျိုးရိုး၊ အာရီယန်လူမျိုးအနွယ်"ဟု ခံယူကြလျက် အပြင်ဘက်မှ ခေတ် သစ် လူ့ယဉ်ကျေးမှု ဝင်ရောက်ရောယှက်မှုမရှိဘဲ ပေါက်ရောက်ရန်လည်း မလွယ်ကူသော တောင် ကုန်းဒေသ၌ နေထိုင်ကြ၏။ သူတို့၏ လက်ဝဲ(မြောက်)ဘက်၌ မွန်း(Mongs)မြို့လူမျိုး၊ လက် ယာ(တောင်)ဘက်၌ ဘိုမွန်း(Bohmong)ဘိုမင်းလူမျိုးတို့ နေထိုင်ကြရာ ယင်းနှစ်မျိုးစလုံးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ ရခိုင်အနွယ်များပင် ဖြစ်ကြပေသည် ဟု Pakistani Buddhist ၌ ဆိုထားသည်။

"ရက္ခိုင်"ဟူသော အမည်သည် အလွန်ရှေးကျဟန်ရှိသည် ဟူ၍ ဒေါက်တာကွန်နင်ဂို၏ ရေးသားချက်ကိုလည်း တွေ့ရသည်။

http://www.dhammadownload.com



မည်သို့ပင်ဆိုစေ ရခိုင်လူမျိုးတို့သည် မြတ်စွာဘုရား ကြွရောက်လျက် ရခိုင်ပြည်၌ သာသနာပြုချိန်မှစ၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ် အားထားလာကြသော ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။

## ရခိုင်ရှေးဟောင်းမြို့တော်များနှင့် ခေတ်အလိုက်မင်းစဉ်မင်းဆက်များ

ဂေါတမမြတ်စွာဘုရားမတိုင်မီ ပွင့်တော်မူခဲ့သော ကကုသန်၊ ကောဏဂုံ၊ ကဿပ သုံးဆူသော မြတ်စွာဘုရားတို့က ဤဒေသကို ဓညဝတီဟု ခေါ်ဆိုကြသည်။ ဂေါတမမြတ်စွာ ဘုရားကလည်း ဓညဝတီဟု ခေါ်တွင်ရန် ရှင်အာနန္ဒာနှင့် ရဟန်း ၅၀၀တို့အား ဗျာဒိတ်ပေးတော် မူခဲ့သော တိုင်းပြည်ဖြစ်သည်။ "ဓညဝတီ"ဟူသည်ကား ဆန်ရေစပါး ပေါကြွယ်ဝသောတိုင်းပြည် ဟု အဓိပ္ပါယ်ရသည်။

လွန်လေပြီးသော နှစ်ပေါင်း ၇၀၀၀၊ ခရစ်သက္ကရာဇ် ဘီစီ ၅၀၀၀ ခန့်မှ ၃၂၈၇ နှစ်များအတွင်းက ရှေးအကျဆုံး မှုန်ဝါးဝါးအသွင်တွင်ရှိသော ရခိုင်မြို့တော်ဟောင်းများဖြစ်ကြသည့် ရမ္မာဝတီ၊ ဒွါရာဝတီနှင့် ပထမဝေသာလီမြို့တော်ဟောင်းများနောက်ဝယ် သမိုင်းမှတ်တမ်းများ၌ ပိုမိုပီပြင်လာပြီးဖြစ်သော အောက်ဖော်ပြပါ မြို့တော်ခေတ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ခရစ်သက္ကရာဇ်များအတွင်း ဘီစီ-၃၂၈၇ မှ အေဒီ ၁၇၄၉ ဇန်နဝါရီလ ၁ ရက်နေ့အထိ နှစ်ပေါင်း (၅၀၇၂)ခန့် မြို့တော်များသက်တမ်း အဓွန့်ရှည်စွာ တည်ရှိခဲ့ပါသည်။ မင်းဆက်ပေါင်း(၂၄၅)ခန့် ရှိခဲ့သည်။ ရခိုင်ပြည်ထောင်နှင့် ထီးနန်းသက်တမ်းမှာ ၁၀-၁-၁၇၈၅ တွင် ကုန်ဆုံးခဲ့ပါသည်။

မှတ်ချက်။ ဓညဝတီခေတ်စတင်ချိန်မှ မြောက်ဦးခေတ်ကုန်ဆုံးချိန်အထိ မင်းဆက်ပေါင်း (၂၄၅)ဆက် ရှိခဲ့ပြီး နှစ်ပေါင်း (၅၀၇၂)နှစ် ကြာရှည်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ယနေ့ ၂၀၀၇ခုနှစ် အထိဆိုပါလျှင် နှစ်ပေါင်း ၅၂၉၃ နှစ်ရှိပြီး ဖြစ်ပါသည်။ (ရခိုင်တို့ ထီးသုန်းနန်းသုန်း ဖြစ်ခဲ့ရသည်မှာ နှစ်ပေါင်း(၂၂၁)နှစ် ရှိသွားပါပြီ။)

## ဓညဝတီခေတ်(ဘီစီ ၃၂၈၈ ခန့်မှ အေဒီ ၃၆၄ ထိ) ၃၆၅၂ နှစ်

မဟာသက ရက္ခပူရ ဟုခေါ်သည့် ရက္ခိုင်ပြည်၌ ပထမဝေသာလီမြို့တော် မြို့သက်တမ်းကုန်ပြီးနောက် တစ်ဆက်တစ်စပ်တည်းပင် ပေါ်ထွန်းခဲ့သော ဓညဝတီမြို့တော်ခေတ်မှာ မင်းဆက်

http://www.dhammadownload.com



ပေါင်း(၁၁၀)ဖြင့်မြို့တော်၏သက်တမ်း(၃၆၅၂)နှစ် အခွန့်ရှည်စွာ ထီးနန်းစိုက်ထူရာ မင်းနေပြည်တော်အဖြစ် ရပ်တည်နေခဲ့ပါသည်။

အဆိုပါ ဓညဝတီခေတ်အား သမိုင်းသုတေသီများက ရခိုင်ရာဇဝင်တွင် မှတ်တိုင်ကြီး (Landmark) တစ်ခုခုအပေါ် မူတည်ကာ ခေတ်သုံးခေတ်ပိုင်းခြားသတ်မှတ်ပြီး အောက်ပါအတိုင်း ခေါ်ဝေါ်သမုတ်ခဲ့ကြပါသည်။

(၁) **ပထမဓညဝတီခေတ်** မာရယုမင်းဆက်ဟုလည်း ခေါ်ဆိုကြသည်။ ခရစ်သက္ကရာဇ် ဘီစီ ၃၂၈၇ မှ ဘီစီ ၁၄၆၉ ထိ နှစ်ပေါင်း ၁၈၁၈ နှစ်နှင့် မင်းဆက်ပေါင်း ၅၇ ဆက်။(၁၄၆၉ မှ ၁၄၄၅)ထိ ကြားခံ ကျောက်ပန်းတောင်းမြို့(၂၄)နှစ်

(၂) **ဒုတိယဓညဝတီခေတ်** ကမ္ဗုရာဇာ ရခိုင်အခေါ်အဝေါ်အရ ကံရာဇာကြီး မင်းဆက် ခေတ်၊ ဘီစီ ၁၄၄၅ မှ ဘီစီ ၅၄၂ ထိ နှစ်ပေါင်း ၉၀၃ နှစ်နှင့် မင်းဆက်ပေါင်း ၂၈ ဆက်။ ကမ္ဗု-ကံ၊ ရာဇာ-အကြီးအကဲ၊ ကံရာဇာကြီးမှာ ရခိုင်တို့၏ အခေါ် အဝေါ်ဖြစ်သည်။

(၃) **တတိယဓညဝတီခေတ်**(စန္ဒသူရိယ သို့မဟုတ် သူရိယခေတ်) ဘီစီ ၅၄၂ မှ အေဒီ ၃၆၄ ထိ နှစ်ပေါင်း ၉၀၆ နှစ်နှင့် မင်းဆက်(၂၅)ဆက်တို့ ဖြစ်ကြပါသည်။

ဘီစီ ၃၂၈၇ တွင် မာရယုမင်းဆက် စတင်တည်ခဲ့သည့်နောက် နှစ်ပေါင်း (၁၈၁၈+၂၄ ၁၈၄၂) အကြာတွင် ကံရာဇာကြီးမင်းက တစ်ကြိမ်၊ ၎င်းနောက် နှစ်ပေါင်း ၉၀၃ နှစ်ကြာမြင့်သည့် အခါ စန္ဒသူရိယမင်းမြတ်က နောက်ထပ်တစ်ကြိမ် အိုမင်းယိုယွင်းလာသောမြို့တော်အား ခေတ်နှင့် လျော်ညီစွာ အသစ်တဖန် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြခြင်းကြောင့် ယခုကဲ့သို့ သုံးပိုင်းခွဲခြား ဖြတ်တောက် သတ်မှတ်ထားရှိခြင်းမှာ အထူးသင့်လျော်သည်ဟု ထင်မြင်မိပါသည်။ အေဒီ ၃၆၄ တွင် မဟာတိုင်းစန္ဒြ ခေါ် ဒွေင်စန္ဒြမင်းက ဓညဝတီမြို့တော်သက်တမ်းကုန်ပြီဟု ယူဆကာ ဝေသာလီကျောက်လှေကားမြို့တော်ကို တည်ထောင်ပြီး ပြောင်းရွှေ့စံတော်မူသည့်အခါမှ ဓညဝတီ မြို့တော်ခေတ် နိဂုံးချုပ်ခဲ့လေသည်။ ၎င်း၏ မိဖုရားတစ်ပါးနှင့် ဆင်ဖြူတော်တစ်စီး အနိစ္စရောက်ခဲ့၍ ပေဒင်ကိန်းခန်းအရ ဖြစ်သည်ဟု အဆိုရှိပါသည်။

ဓညဝတီခေတ်တစ်ခေတ်လုံး၌ မင်းဆက်(၁၁၀)ရှိခဲ့သည့် အနက်မှ ပထမဓညဝတီခေတ် တွင် နန်းတွင်းပုန်ကန်မှုဖြင့် ထီးနန်းကိုလုကာ စိုးစံခဲ့ကြသော အမတ်မင်းများ(၃)ဆက်ပါဝင်ပါသည်။

http://www.dhammadownload.com



၄င်းတို့အနက်မှ နန်းဆက်မျိုးခြားအမတ် ဆေတ်အိုမင်းတစ်ပါးသာ မိမိတစ်သက်တာ ၂၀ နှစ်တိုင် အနိစ္စရောက်သည်အထိ အုပ်ချုပ်နိုင်ခဲ့ပြီး၊ ကျန်အမတ်မင်းဆက် နှစ်ဆက်တို့မှာ တစ်နှစ်တာမျှသာ ခေတ္တခဏ နန်းလုအုပ်စိုးနိုင်ကြသူများဖြစ်ကြသည်။ ၄င်းတို့ ဝင်ရောက်စိုးမိုးပြီး မာရာယုမင်းမျိုးမင်းနွယ်များကသာ သားစဉ်မြေးဆက် ထီးနန်းအရိုက်အရာကို ဆက်လက်ခံယူနိုင်ခဲ့ကြ၍ နောက်ဆုံးအကြိမ်အထိ မင်းရိုးပြတ်တောက်သွားခြင်း လုံးဝမရှိခဲ့ပေ။

ဒုတိယနှင့် တတိယဧညဝတီခေတ်များမှာမူ နန်းတွင်းပုန်ကန်မှုဖြင့် နန်းလုစိုးစံခြင်း လုံးဝခေတ္တခဏမျှပင် မရှိခဲ့ပေ။ အုပ်ချုပ်မှု ပိုမိုတည်ငြိမ်ကျွမ်းကျင်လာသည်ကို ပြသခြင်း ဖြစ်ပေသည်။

## ပထမဓညဝတီမာရယုခေတ်(ဘီစီ ၃၂၈၇–၁၄၆၉) ဓညဝတီမြို့တော်နှင့် မင်းဆက်စတင်ဖြစ်ပေါ်လာပုံ အတ္တုပ္ပတ္တိ (အဇ္ဈနရသေ့၊ အိန္ဒာမာယုမင်းသမီးနှင့် မာရယုမင်းသားငယ်တို့အကြောင်း)

အနောက်မဇ္ဈိမ အိန္ဒိယပြည်၌ အသမ္ဘိန္နခတ္တိယ၊ သတ္တုသကျသာကီဝင်မင်းရိုး အစပြုပေါ်ထွန်းခဲ့ရာ ကပိလဝတ်ပြည်ထောင်တွင် ဘီစီ ၃၂၈၇ ခန့်က မင်းကျင့်တရားများနှင့်အညီ စိုးစံအုပ်ချုပ်နေသော ပြည့်ရှင်အဇ္ဈုနမင်းကြီးသည် လောကီစည်းစိမ်များကို ရွံရှာစိတ် သက်ဝင်လာ၍ တရားစစ်တရားမှန်ကို ရှာဖွေစိမ့်သောငှာ လူသူနည်းပါးဆိတ်ငြိမ်သော တောတောင်အရပ်၌ တရားဓမ္မဆည်းပူးအားထုတ်နိုင်ရန်အလို့ငှာ မိမိ၏နန်းစည်းစိမ်ကို သားဖြစ်သူအိမ်ရှေ့မင်းသား ဓမ္မသေနအား အပ်နှင်းစိုးစံစေပြီး နန်းစွန့်ကာ ရသေ့ဘောင်သို့ ကူးပြောင်းဝင်ရောက်လျက် တကိုယ်တည်းသင့်တော်ရာအရပ်ကိုရှာဖွေရင်း နေပြည်တော်မှ ဝေးလံသည့်ဒေသသို့ ခရီးနှင်ခဲ့လေသည်။

ထိုကဲ့သို့ တစ်တောဝင်တစ်တောင်ထွက် ဟိမဝန္တာတောင်ခြေတလျှောက် အရှေ့ဆီသို့ ထွက် လာခဲ့ရာ မဇ္ဈိဂီရိ ရခိုင်ရိုးမအနောက်ဘက်ရှိ ကစ္ဆပနဒီ(ကုလားတန်)မြစ်ညာ ရခိုင်နယ်ပယ်မြောက် ဘက်တောင်ကုန်းဒေသသို့ ရောက်ရှိသောအခါ စိတ်နှလုံးနှစ်သက်မှုဖြစ်ပေါ်လာ၍ တစ်ခုသော ပင်ညောင်ပင်ရင်းဝယ်တရားဓမ္မအားထုတ်ကာ အနီးအနားပတ်ဝန်းကျင်တွင် အခြေချနေထိုင် လျက်ရှိကြသော သကျမျိုးနွယ်ဝင်(အာရိယိုဒြာဗိဒီယံ) ချက္ကမ(သက်)မြို့လူမျိုးစုငယ်တို့၏ အလုပ် အကျွေး ကိုးကွယ်ပံ့ပိုးမှုကိုခံယူပြီး တရားအားထုတ်လျက် နေထိုင်ခဲ့လေသည်။

http://www.dhammadownload.com



ရာဇဝင်လင်္ကာ၌ အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီး "ကစ္ဆပနဒီ၊ ကပ်မှီမကင်း၊ ပင်ညောင်ရင်းသို့ လျှင်ပြင်းရသေ့၊ ရောက်သတည်း"ဟု ဖော်ပြစပ်ဆိုထားခဲ့သည်ကို တွေ့ရသည် ၎င်းရသေ့ကြီးအား နှစ်ရှည်လများ အလုပ်အကျွေးပြုစု စောင့်ရှောက်နေသော သက်(ချက္ကမ)လူမျိုးစု ခေါင်းဆောင်(ရာဇာ)၏ သမီးတစ်ဦးဖြစ်သူ အိန္ဒာမာယုအမည်ရှိ မင်းသမီးနှင့် အကျွမ်းတဝင် သံယောဇဉ် ငြိတွယ်ကာ ရေယှက်မိ၍ ရသေ့ကြီးဘဝမှလျောပြီး သားတော်တစ်ပါး ထွန်းကားရရှိခဲ့ ကြလေသည်။

ထိုမင်းသားငယ်မှာ မာရယုပင်ဖြစ်ပြီး အရွယ်ရောက်လာသည့်အခါ ရခိုင်ရာဇဝင်သမိုင်း၌ အကျော်ကြားဆုံး၊ လူသိများသော မင်းသားတစ်ပါး ဖြစ်လာသည်။

ကစ္ဆပနဒီမြစ်၏ အရှေ့ကမ်း မောရပဗ္ဗတမည်သော သေလာဂီရိကျောက်တော် တောင်ထိပ် ၌ မိန့်ခဲ့သော ဗုဒ္ဓဂေါတမမြတ်စွာဘုရာ၏ ဗျာဒိတ်တော် "ချစ်သားအာနန္ဒာ-(ဓညဝတီပြည် ထောင်၌) စိုးစံတော်မူလတ္တံ့သောမင်းတို့သည် အသမ္ဘိန္နမင်းမျိုးအရိုး အစဉ်မခြား ထီးနန်းဖွားသော မင်းတို့ချည်း ဖြစ်လတ္တံ့သောကြောင့်လည်းကောင်း၊ ငါတို့သာကီဝင်မင်း၏ အဆက်အနွယ်၊ ကပိလအဖွှန ရှင် ရသေ့အဆက် ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဓညဝတီပြည်ကို အလွန်ထင်ရှား မြင့်မြတ်သောပြည် ဟူ၍ ဆိုအပ်သတည်း"ဟု ပါရှိခြင်းကြောင့် အဖွှနရသေ့ကြီးမှာ ဓညဝတီမြစ်ညာ ဆီသို့ ရောက်ရှိ လာပြီး မင်းဆက်မင်းလျာ သကျသာကီမျိုးရိုး သတ္တာနွယ်ဝင် မာရယုရှိခဲ့သည်ကို ဘုရားရှင်က ဖော်ပြခြင်းပင် ဖြစ်ပေသည်။ ဗုဒ္ဓဂေါတမရှင်တော်မြတ်သည် အနန္တစကြာဝဠာနှင့် ပတ်သက်ပြီး အတိအကျကို ဗုဒ္ဓဖြစ်စဉ်ခဏ၌ပင် သိမြင်မြွက်ကြားခဲ့နိုင်ပြီး ၎င်းအသိပညာအား ကမ္ဘာ့အကျော် အမော်ဆုံး နက္ခတ်၊ သိပ္ပံ၊ ရှိရှိသမျှသော ပညာရှင်များ နှစ်ပေါင်း ၂၅၀၀ မျှ စူးစမ်းရှာဖွေပြီးမှ သိ ရှိခဲ့ရ၍ ဗုဒ္ဓမှာ လောကဓာတ်တစ်ခုလုံး၏ ဖြစ်ပျက်မှုအမှန်တရားကို စက္ကန့်အတွင်း သိစွမ်းနိုင် သည့် သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်ကြောင်း ပေါ်လွင်လာစေခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓဂေါတမ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်များမှာ အကြွင်းမရှိ တိကျမှုရှိခဲ့ပါသည်။ နောင်ကို လည်း ရှိပေမည်ဟု ယုံကြည်မှုအပြည့်အဝ ရှိလာခဲ့ကြသည်။

ဖခမည်းတော်သာကီနွယ်ဖွားကပိလဝတ်ဘုရင်ဟောင်းနှင့် မြို့လူမျိုးစုခေါင်းဆောင်ကြီး များ ၏ သွန်သင်လေ့ကျင့်သင်ကြားပေးမှုကြောင့် အရွယ်ရောက်လာသောအခါ မင်းညီမင်းသား ပြည် ထောင်အုပ်ချုပ်မင်းလုပ်မည့်သူများ တတ်သင့်တတ်ထိုက်သော ဓားသိုင်း၊ လှံသိုင်း၊ လေးမြား

http://www.dhammadownload.com



အ တတ်၊ နန်းတွင်းရေးရာ ရာဇနီတိနှင့် စစ်ပြုစစ်ခံသေနင်္ဗျူဟာအဝဝကို စုံလင်ကျွမ်းကျင်စွာ တတ် မြောက်လာခဲ့သည်ဖြစ်ရကား မာရယုမင်းသား ငယ်စဉ်ကပင် ကစားဖော်ဖြစ်ခဲ့သူ အာရီယန် နွယ်ဝင် အင်ဒို-ဒရာဗီဒီယံနွယ်ဖွား မြိုလူမျိုးအုပ်စုအကြီးအကဲ(ရာဇာ)ဖြစ်သည့် သင်းကြီးအောင်လာ ၏ သမီးတော်မင်းသမီး "ဘီ"(အချို့အရေးအသား၌ မိပင်းယာဒေဝီ)နှင့် မိဘတို့ ဝတ္တရားရှိသည့် အ လျောက် ထိမ်းမြားလက်ထပ်ပေးတော်မူကြပြီး ခေါင်းဆောင်များ၏ လိုအပ်သော အရည် အချင်းနှင့် ပြည့်စုံသော မင်းသားတစ်ပါးဖြစ်၍ မြိုလူမျိုးစုက ၎င်းတို့၏ လူမျိုးစု ခေါင်းဆောင်ရာဇာ တင် မြောက်ကာ အုပ်ချုပ်စေခဲ့ကြပါသည်။

ထိုအချိန်မှာ မာရယုမင်းသား ၁၈ နှစ်အရွယ်ခန့်ရှိပြီး ဘီစီ ၃၂၈၈ အတွင်းဖြစ်လေသည် ၎င်းတို့ နေထိုင်ရာအရပ်ဒေသမှ မနီးမဝေးရှိ အဥ္စနဒေဝီနှင့် ဗြဟ္မဏရာဇာမင်းဆက်များ စိုးစံသော ပထမဝေသာလီ၌ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တော်မူသည့် နောက်ဆုံးစွန် ဗြဟ္မဏသိဒ္ဓိမင်း လက် ထက် ဘီစီ ၃၂၈၀ ခန့်ကပင် မင်းနှင့်အမတ် တရားလွတ်ကြလေ၍ ဆေဒ္ဒန်ဦးစီးသော ကျောက် လယ်ခေတ် အကြွင်းအကျန် ဂူအောင်းလူသားစား ခေါင်းဖြတ်လူရိုင်း ရက္ခိုက်(ရက္ခိုက်) အုပ်စု တစ်စုက သေလာဂီရိကျောက်တော် တောင်ခြေကို ခြေကုတ်ယူပြီး ဝေသာလီ(ပထမ)မြို့တော် ပတ် ဝန်းကျင်ကို ဝင်ရောက်တိုက်ခိုက် သတ်ဖြတ်ဖျက်ဆီးနေ၍ ဘုရင်မင်းကိုယ်တော်တိုင် လိုက်လံ ရှင်းလင်းရာ မအောင်မြင်ဘဲ မကြာမီပင် ဆေဒ္ဒန်လက်ချက်ဖြင့် ဘုရင်မင်းဗြဟ္မဏသိဒ္ဓိ အနိစ္စ ရောက်ခဲ့ပါသည်။

၎င်းနောက် မြို့တော်သူ မြို့တော်သားများအား ဆေဒ္ဒန်နှင့် လူရိုင်းများက အမြဲတစေ ဆက်လက်ဝင်ရောက် နှောင့်ယှက်နေခဲ့ရာ ဘီစီ ၃၂၈၇ အရောက် မြို့တော်မှာ ကျီးလန့်စာစား မတည်မငြိမ်ဖြစ်လာကာ လူသူများစိတ်ဓာတ်ချောက်ခြား၍ ပျက်လုဆဲဆဲ အခြေသို့ ကျရောက်ပြီး နန်းတော်တွင်လည်း မင်းဆက်မင်းလျာမရှိ မိဖုရားဟောင်း သီတာဘီနှင့် သမီးတော် ရုစိတမာလာ (ရုစ်မာလာ)တို့သာ ကျန်ရှိနေကြသည်ဟု ရာဇဝင်အရေးအသားများက ဆိုပါသည်။

မာရယုမင်းသားငယ်က အနီးအနားဝန်းကျင်ရှိ လူမျိုးစုငယ်များမှ မြို၊ သက်လူမျိုးများကို စည်းရုံးစုစည်းပြီး မိမိကိုယ်တိုင် ဦးစီးခေါင်းဆောင်ကာ တောင်ဘက်အရပ်ရှိ သေလာဂီရိ တောင် ခြေဝန်းကျင်သို့ အလုံးအရင်းဖြင့် ဆင်းလာပြီး ပထမဝေသာလီအား နှောင့်ယှက်ဖျက်ဆီး နေသော ဆေဒ္ဒန်နှင့် နောက်လိုက်နောက်ပါ ငယ်သားရက္ခိုက်တို့အား ထွားထွားညက်ညက် ကြေမွ

http://www.dhammadownload.com



ပျက်ပြုန်းအောင် ခြေမှုန်းနိုင်ခဲ့၍ ၄င်းအရပ်မှ ၁၃ မိုင်ခန့်အကွာ ကစ္ဆပနဒီမြစ်ညာ အရှေ့ဘက်ကမ်းတွင်ပင်ရှိသည့် ပျက်လုဆဲဆဲဖြစ်နေသော ပထမဝေသာလီမြို့တော်အား ကယ်တင်သိမ်းပိုက်နိုင်ခဲ့သူ ဖြစ်လာခဲ့လေသည်။

ရက္ခိုက်လူသားစား လူရိုင်းများကို ခြေမှုန်းတိုက်ခိုက်ရာ၌ မာရယုမင်းသားငယ်၏ သူရသတ္တိ ခေါင်းဆောင်ကွပ်ကဲမှု၊ လက်ရုံးရည်၊ နှလုံးရည်နှင့် မျိုးရိုးစသည့် အရည်အချင်းများကို သိမြင်တွေ့ရှိလာသည့်အခါ အာရီယန်နွယ်ဝင် ဝေသာလီမြို့တော်သူ မြို့တော်သားများနှင့် လူမျိုးစုငယ်သက်၊ မြို့ များကပါ တညီတညွတ်တည်း ခေါင်းဆောင်တင်မြှောက်ကြပြီးလျှင် ဘီစီ ၃၂၈၈ ခန့်တွင် ဝေသာလီ၌ မင်းပြုစေခဲ့ပါသည်။

သို့သော် ဆေဒ္ဒန်နှင့် နောက်ပါရက္ခိုက်လူရိုင်းများ ဖျက်ဆီး၍ ချောက်ချားနေသော ပထမဝေသာလီမြို့တော်ကို မာရယုမင်းသားက မနှစ်မြို့၍ မြို့တော်သစ်တည်ရန် နေရာရှာရင်း မြောက်ဘက်အတိုင်း ဆန်တက်လာရာ ဝေသာလီမှ ၁၃ မိုင်ခန့်ကွာဝေးသည့် ကစ္ဆပနဒီ အရှေ့ဘက်ကမ်း(ကျောက်တော်တောင်)သေလာဂီရိရှိရာကမ်းလွန် ၆မိုင်ခန့်ရှိအရပ်သို့ ရောက်ရှိ သောအခါ၌ နာဂိန္ဒရသေ့ကြီး(အချို့အရေးအသား၌ နာကိသရ ရသေ့)အားတွေ့၍ ရသေ့ကြီးက မေးမြန်းသဖြင့် မြို့သစ်တည်ထောင်ရန် နေရာရှာထွက်လာကြောင်းနှင့် သင့်တော်မည့်နေရာကို ရွေးချယ်ပြသပါရန် ပြောပြလျှောက်ထားသည်တွင် ရသေ့ကြီးက ဒိဗ္ဗစက္ခုအဘိညာဉ်တော်ဖြင့် ဆင်ခြင်လတ်သော် ဘူမိ နက်သန်မြေတည်ရှိရာကို သိမြင်တော်မူ၍ မာရယုအား သေလာဂီရိ တောင်ခြေမှ ကမ်းလွန် ၆မိုင် ခန့်အကွာ အရှေ့ဘက်၌ သိရိမာနဒီ(သီရိချောင်းဖျား)အရပ်တွင် မြို့တော် တည်ရန်ညွှန်ပြပြီး ၄င်း မြို့တော်အား "ဓညဝတီ"ဟု အမည်ပေးသမုတ် ခေါ် ဝေါ် ရန်မှာ ကြားတော်မူခဲ့ လေသည်။

၄င်း ဘီစီ ၃၂၈၇ နှစ်တွင် မာရယုမင်းသားက ဓညဝတီမြို့သစ်ကို ရသေ့ကြီးညွှန်ပြခဲ့ရာ အရပ်၌ တည်ထောင်တော်မူကာ မိမိ၏ ရှိရင်းစွဲဇနီးသည် "ဘီ"မင်းသမီးနှင့် ဝေသာလီသရဇ္ဇာန် မျိုးရိုး ရုစ်မာလာ မင်းသမီးနှစ်ပါးတို့ဖြင့် ဘိသိက်ခံကာ ဓညဝတီမြို့သစ်၌ပင် မင်းပြုစိုးစံတော်မူလေသည်။

မာရယုမင်းသား ပထမဝေသာလီပြည့်ရှင်မင်းဖြစ်လာသည့်အခါ၌ ယခင် ဝေသာလီ မြို့တော်သူမြို့တော်သားများနှင့်မင်းဆွေမင်းမျိုး၊ မှူးမတ်ဗိုလ်ပါလူသူတစ်ရပ်လုံးအပေါ် မိမိ၏ အာဏာ စက် အကြွင်းမရှိ လွှမ်းမိုးနိုင်ရန်အတွက် ရုစ်မာလာမင်းသမီးကို မိဖုရားအရာတင်မြှောက်

http://www.dhammadownload.com



ခဲ့ခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍သာ မင်းစဉ်မင်းဆက်ဇယား၌ ၎င်း၏အမည် မာရယုမင်း၏ မိဖုရားခေါင် အဖြစ် ပါဝင်လာခြင်းဖြစ်သည်။ ရစ်မာလာမင်းသမီးမှာလည်း အာရိယန်လူမျိုးအုပ်စုကြီး မြို့တော်သူ မြို့တော်သားများ၏ ပြည့်ရှင် သကျသတ္တသာကီဝင်မင်း၏ သမီးတော်လည်း ဖြစ်ပေသည်။

အထက်ဖော်ပြပါ အချင်းအရာများနှင့်ပတ်သက်ပြီး ရခိုင်ရှေးရှေးပညာရှိ သုခမိန်များက ရခိုင်မျိုးရိုးဇာတိ၊ မင်းစဉ်မင်းဆက်နှင့် ဓညဝတီမြို့တော် ဖြစ်ပေါ်လာပုံ စသည့် အချက်အလက်များကို နောင်လာနောင်သားများအား ရှေးလူကြီးများက ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း သယ်ဆောင်သင်ကြား ပို့ချပေးနိုင်စေရန်အတွက် ရည်ရွယ်ချက်ဖြင့် စာပေအရေးအသားများ မပေါ်ထွန်းမီကပင် ဖွဲ့နွဲ့ထားရှိခဲ့ကြသည့် နှုတ်တက်အာဂုံဆောင် စကားပုံ၊ ထို့နောက် အေဒီ ၈ ရာစု ရက္ခဝဏ္ဏအရေးအသား ပေါ်ပေါက်လာသည့်အခါ၌ မှတ်လွယ်၊ ကျက်လွယ်၊ သင်ကြားလွယ်အောင် ရာဇဝင်မြောက် ကဗျာ၊ လင်္ကာ၊ ချောင်း အစရှိသည် များဖြင့် စပ်ဆိုထားရှိခဲ့ကြသည်ကို တွေ့ရှိကြရပါသည်။

မာရယုမင်း ရက္ခိုက်လူသားစား လူရိုင်းများအား မျိုးပြုတ်အောင် ချေမှုန်းကာ ဓညဝတီကို တည်ထောင်နိုင်ခဲ့ခြင်းကြောင့် ဓညဝတီမြို့တော်သူမြို့တော်သား ပြည်သူပြည်သားတစ်ရပ်လုံးအား ရခိုင်(ရက္ခိုင်)လူမျိုးများနှင့် ပြည်ထောင်ကိုလည်း ဓညဝတီရခိုင်ပြည်ဟု ခေါ်တွင်လာခဲ့ပြီး ထိုကဲ့သို့လူမျိုးတစ်မျိုးနှင့်ပြည်ထောင်တစ်ခုစတင်ဖြစ်ပေါ်စေခဲ့သူမှာလည်း မာရယုမင်းပင်ဖြစ်၍၊ ၎င်းအား အမွှန်းတင် ဂုဏ်ပြုသတိရနေကြစေရန်အတွက် အောက်ပါအတိုင်း စကားပုံများဖြင့် ချီးကျူးရွတ်ဆို သီကုံးထားခဲ့ကြသည်-

၁။ "ရခိုင်အစ မာရယုက"၊ "ရခိုင်အစ ဓညဝတီက" (အာဂုံနှုတ်တက်စကားပုံများ)

၂။ "တေဇာကြီးထု၊ မာရယုကား၊ စစ်ပြုဆိုင်တိုက်၊ ရေက္ခိုက်ဟု၊ ဝန်လိုက်နေငြား၊ ဘီလူးများကို ထွားထွားညက်ညက်၊ အကုန်ဖျက်မှ၊ အောင်ချက်ဌာန၊ ထိုကစ၍၊ တွင်ထအမည်၊ ရက္ခိုင်ပြည်ဟု၊ ပတ်လည်နှံ့သိ၊ ကျော်ဇောဘိ၏" (ရခိုင်ရာဇဝင် လင်္ကာ၊ ဓညစံ အရေးအသားမှ ကောက်နုတ်တင်ပြသည်)

http://www.dhammadownload.com



၃။ “သိကြားလက်နက်၊ ထိန်ထိန်ထွက်သည်၊ စကြာအရောင်၊ ဝင်းဝင်းပြောင်နှင့်၊ တောတောင်ခိုမှီ၊ အလင်္ဂီဘီလူး၊ လူစားကြူးကို၊ ဂုဏ်ထူးအာဏာ၊ ဘုန်းမျိုးဖြာနှင့်၊ လိုရာအောင်မြင်၊ အောင်မြို့ဝင်၍၊ ခေါ်တွင်ရက္ခိုင်၊ ခုတိုင်မပျက်၊ မော်ကွန်း ထွက်၍၊ မင်းဆက်ပျော်မှီး၊ ဝေသာလီတွင်. . .”

၄။ အထက်ဖော်ပြခဲ့ပြီးသော အဋ္ဌနရှင်ရသေ့၊ အိန္ဒာမာယုံ၊ ဘီ မင်းသမီး၊ ဆေဒ္ဒန်၊ ဓညဝတီ ရခိုင်ပြည်နှင့် ရခိုင်သားအစုံအလင် အကျုံးဝင်သည့် အဒူမင်းညို အပိုဒ်(၆) ရခိုင်မင်းသမီး ချေင်း၌လည်းကောင်း၊

“၆-၆ လျက်ဖော်လှစ်၊ အမြစ်အရင်း၊ မျိုးတကွင်းကို၊ လွှဲချင်းသာယာ၊ ကျုံးသံဝါဖြင့်၊ လွယ်ကာ သဘော၊ မိခင်ပြောစိမ့်၊ ဘေးစောသကျ၊ အဋ္ဌနလျင်၊ ကပ္ပိလဟု၊ ပြည်မခေါ် ရှောင်၊ မြိုင်ချောင် တော တွင်း၊ သီတင်းသုံးရာ၊ ကြမ္မာလေခေတ်၊ ဈာန်လွတ်လျော၍၊ ရသေ့မျိုးပွား၊ ဆတ်မသားဟု၊ မာရယုလျှင်၊ ဘဖြူမြိုထီး၊ သင်ကြီးအောင်လာ၊ သီးချာဒေဝီ၊ သမီးဘီနှင့်၊ ယှဉ်မိတကွ၊ ဓညရွှေပြည်၊ လာသည်အကြိုက်၊ ရက္ခိုက်ဂုဏ်မှာန်၊ ဆေဒ္ဒန်ဆိုး၊ ဘီလူးမျိုးကို၊ ကြိုးကာသတ်နှံ့၊ ထီးနန်းစံသည်၊ မောင်နှံနှစ်စုံ၊ ဖူးသည်လေး. . .”

နောက်ထပ်ကျန်ရှိသေးသည့် အောက်ပါရှေးရှေးပဝေသဏီကပင် သားစဉ်မြေးဆက် သင်ကြားပို့ချလျက် လက်ဆင့်ကမ်းသယ်ဆောင်လာကြသည့် နှုတ်တက်အာဂုံဆောင် ဆိုရိုးစကားပုံ နှစ် ရပ်လည်း ရှိပေသေးသည်။

၁။ “ရခိုင်အစ သကျမက” “ရခိုင်အစ သက်မက” “ရခိုင်အစ ချက္ကမ” “ရခိုင်အစ ဆတ်မက”

၂။ “ရခိုင်အစ ရီကြိုင်(ရေကြည်)က”တို့ဖြစ်ကြသည်။

အမှတ်စဉ်(၁)ပါ “ရခိုင်အစ သကျမက”မှာ မာရယုမင်းသား၏ မွေးမိခင်ကြီးမှာ သကျသာ ကီမျိုးရိုးပြည်ထောင်မှ အာရီယန် သို့မဟုတ် အာရီယိုဒြာဗီဒီယံ အမျိုးသန့်စင် မင်းသမီးတစ်ပါး ဖြစ်သည်ကို ဆိုလိုရင်းဖြစ်သည်။

၎င်းနောက် “ရခိုင်အစ သက်မက” “ရခိုင်အစ ချက္ကမ”ဆိုသည့် စကားပုံများက မာရယု မင်းသား၏ မယ်တော်မှာ အာရီယန်နွယ်ဖွား “ချက္ကမ”ရခိုင်အခေါ် “သက်”လူမျိုးစုက ဖြစ်သည်ဟု မျိုးရိုးနွယ်ဝင် မျိုးရိုးဇာတိကို ဖော်ပြခြင်း ဖြစ်လေသည်။

http://www.dhammadownload.com



ဤစကားပုံဆိုရိုးများအရ မာရယုမင်းသားလေးမှာ အမျိုးသန့်စင် သကျသာကီ မျိုးရိုးနွယ်ဖွား ချက္ကမ ခေါ် သက်လူမျိုးစု အာရီယန်နွယ်မင်းသမီးမှ ဖွားမြင်သည့် သားတော်ဖြစ် သည်ကို အလွယ်ဆုံးနှင့် အတိုဆုံး ကျက်မှတ်လွယ်အောင် ဖော်ပြခြင်းဖြစ်လေသည်။

သို့သော်"ရခိုင်အစဆတ်မက"နှင့်ဖဒူမင်းညို "ရခိုင်မင်းသမီးချောင်း" အပိုဒ် ၆ပါ. . . ရသေ့ မျိုးပွား၊ (ဆတ်)မသား(ဟု)၊ မာရယုလျှင် အစရှိသည့် အသုံးအနှုန်းများကြောင့်၊ လူသားစင်စစ်၊ သက်မင်း သမီးတစ်ပါးမှာ (ရခိုင်လူမျိုးတို့အခေါ် အဝေါ် အရ သက်-ချက္ကမ) အာရီယန်နွယ်ဖွား အုပ်စုဝင်များ ကိုးကွယ်သည့် အထွတ်အမြတ်ဆုံးသော သတ္တဝါ "ဆတ်" တိရစ္ဆာန် အဖြစ်သို့ ကူး ပြောင်းသွားခဲ့ရလေသည်။ ဟိန္ဒူ (အာရီယန်နွယ်ဖွား အိန္ဒိယ၌ အကြီးမားဆုံးသောအုပ်စု) ဘာသာ ဝင်များလည်း "နွား"သတ္တဝါအား အမြင့်မြတ်ဆုံးသော တိရစ္ဆာန်ဟု ယူဆပြီး အထွတ်အမြတ် ကိုးကွယ်ရာအဖြစ် ယခုယနေ့တိုင်ပင် ရိုသေဝတ်ပြုဂါရဝပြုကြဆဲ ဖြစ်သည်။

ဤကဲ့သို့ မာရယုမွေးသမိခင် မယ်တော်အား ဆတ်သတ္တဝါအဖြစ် တစ်နည်းတစ်ဖုံ ပြောင်း လဲယူဆပြောဆိုလာကြခြင်းမှာ ဖြတ်သန်းလာသည့် ရှည်လျားသော ရာဇဝင်သမိုင်းသက်တမ်း ထောင်စု (၅)စုကျော်အတွင်း တစ်ကွေ့တစ်နေရာ တစ်ချိန်တစ်ခါက "ချက္ကမ" "သက်မ" သကျ သာကီမျိုးရိုးမှဖြစ်ကြောင်းကို အမှမ်းတင်ချစ်စနိုးအသုံးအနှုန်းဖြင့် ၎င်းတို့ ကိုးကွယ်သည့် ဆတ်ဟု တင်စားပြောဆိုလာရာမှ အယူအဆအပြောအဆို မှားယွင်းလွဲချော်ချက်ကြောင့် လည်းကောင်း၊ သို့တည်းမဟုတ် နန်းစွန့် ကပ္ပိလပြည့်ရှင်ဟောင်း ရသေ့ကြီးအဇ္ဈုန စျာန်လွတ်လျောရ သည့်အ ဖြစ်အပျက်ကြောင့် ရသေ့ကြီး ဂုဏ်သိက္ခာ မညှိုးနွမ်းစေ ရန် ရည်ရွယ်ပြီး ပညာစကားဖြင့် လွှဲဖယ် ဖုံးကွယ်လို၍သော်လည်းကောင်း ဖြစ်ပေမည်။

## "ရခိုင်အစ ရီကြိုင်(ရေကြည်)က" ဆိုသည့်စကားပုံ

နောက်ထပ် ရခိုင်ရာဇဝင်လူမှုသမိုင်း၌ အလွန်အရေးကြီးသည့် ရှေးအကျဆုံး ဆိုရိုးစကားပုံ နှုတ်တက်အာဂုံသယ်ဆောင်လာကြသည့် "ရခိုင်အစ ရီကြိုင်(ရေကြည်)က" ဆိုသည့် ဆိုရိုး စကား ပုံနှင့်ပတ်သက်၍. . . "အသမ္ဘိန္န ခတ္တိယဟု၊ ဝါသုဒေဝ၊ မင်းကစ၍၊ ကစ္ဆပနဒီ၊ မြစ်ကိုမှီလျက်၊ လက်ဝဲလက်ယာ၊ မြို့သစ်တည်ခဲ့ပေမှ၊ နောက်ဆုံးကျသည့်၊ တေဇပြင်းထန်၊ သရဘန်(သရဖွန်) မင်းဆက်၊ ပြန်လျှည်းသည်". . . ဟု ရာဇဝင်လင်္ကာ၌ ဖွဲ့နွဲ့ထားသည့် ရှေးပညာရှိပုဂ္ဂိုလ်ကြီး၏

http://www.dhammadownload.com



စာပိုဒ်နှင့် သောက်သုံးရန်(ရာသီဥတုကောင်းမွန်ပြီး) ရေကြည်ရေသန့် အစဉ်မပြတ် တစ်နှစ်ပတ်လုံး ရရှိနိုင်သည့် "မြစ်ညာမြစ်ဝှမ်း ရေကြည်ရာမြက်နုရာဒေသ"တစ်ခုမှတစ်ခုသို့ ချဲ့ထွင်ရွှေ့လျားပြီး အာရိယန်အုပ်စုများ နေရာယူကာ အခြေချနေထိုင်လာကြရာမှ ပေါက်ပွားလာသည့် လူ့ယဉ်ကျေးမှုကို သတိရမိပါသည်။ ၎င်းယဉ်ကျေးမှုအား (River Valley Civilization) ဟု ကင်ပွန်းတပ်ခေါ်ဆို သမုတ်ကြသည်ကို လွန်ခဲ့သောနှစ်ပေါင်း ၇၀၀၀ ခရစ်သက္ကရာဇ် ဘီစီ ၅၀၀၀ မှအစပြုပြီး အိန္ဒိယကျွန်းဆွယ် သမိုင်းအား ပြုစုသည့် အင်္ဂလိပ်ရာဇဝင် သုတေသီများက စတင်အသုံးပြု ခေါ်ဝေါ်ခဲ့ သည်ကိုလည်း တွေ့ရပါသည်။

"ရခိုင်အစ ရိုကြိုင်(ရေကြည်)က"ဆိုသည့် စကားပုံမှာ လေးနက်ကျယ်ပြန့်သော အဓိပ္ပါယ်ရှိ၍သာ ရှေးလွန်လေပြီးသော ပဝေသဏီ (Time Immemorial) အချိန်ကပင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းသယ်ဆောင်ပြောဆိုလာသည့် နှုတ်တက်အာဂုံဆောင် စကားပုံဆိုရိုးစကားတစ်ခု ဖြစ်ပေသည်။ ရခိုင်လူ့မှုသမိုင်းနှင့်သာမက ကမ္ဘာ့လူမှုသမိုင်းဖြင့်ပင် အကျုံးဝင်နေသော စကားရပ် ဖြစ်ပေသည်။ ရှေးဟောင်းရခိုင်မြို့တော်များဖြစ်သော ဓညဝတီ၊ ဝေသာလီ၊ လေးမြို့အဥ္စနနဒီ၊ မြောက်ဦးနှင့်ပါ ဆက်စပ်မှုရှိပေသည်။

ဓညစံ(ဦးဘစံ)ပြုစုခဲ့သော ရခိုင်ယဉ်ကျေးမှုအစုစုကို ကောင်းစွာပေါ်လွင်စေသည့် "ရက္ခမဏ္ဍိုင်" အမှတ်(၁)စာအုပ်ပါ "ကစ္ဆပနဒီ" ဆောင်းပါး ¹ ၏ အဖွင့်စာပိုဒ်တွင် အောက်ပါအတိုင်း ရေးသား ထားခြင်းကို တွေ့ရပါသည်။

"လူ့ယဉ်ကျေးမှုသမိုင်းကို တည်ထောင်ခဲ့သော နိုင်းမြစ်၊ အင်ဒိုအာရိယန်ယဉ်ကျေးမှုကို ထူထောင်ခဲ့သော ဂင်္ဂါမြစ်၊ တရုတ်ယဉ်ကျေးမှုကို ပျိုးထောင်ခဲ့သော ဟိုဝှန်ဟိုမြစ်တို့နှင့်အတူ ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုအစုစုကို မြေတောင်မြှောက်ပေးခဲ့သော ကစ္ဆပနဒီခေါ် ကုလားတန်မြစ်ကြီးအကြောင်းကို မှတ်တမ်းတင်ထားရန် အလွန်လျော်ကန် သင့်မြတ်လှသည်ဟုထင်မြင်မိပါသည်။"

အထက်ပါ ဦးဘစံ၏ စာပိုဒ်များအား ဖတ်ရှုရရုံဖြင့် ၎င်းမြစ်များတည်ရှိသည့် ပြည်ထောင်စုများ၏ လူသားတစ်ရပ်လုံးအတွက် ထိုထိုသောမြစ်များသည် အသက်သွေးကြောကြီးပမာ အရေးပါလှပုံ၊ လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်စိုက်ပျိုးရေး တိုးတက်ဖွံ့ဖြိုးမှုကြောင့် နိုင်ငံရပ်ခြား (ပြည်

၁။ ဦးဘစံ (ဓညစံ)၊ ရက္ခမဏ္ဍိုင် အမှတ် (၁)

http://www.dhammadownload.com



တွင်းပြည်ပ)ကူးသန်းရောင်း ဝယ်ဖောက်ကားမှုနှင့် ယဉ်ကျေးမှုအဘက်ဘက်၌ ကူးစက် ပြန့်ပွားလာပုံတို့ကို စိတ်အာရုံဖြင့် မှန်းဆကြည့်နိုင်ပေသည်။

ဤအာရိယန်နွယ်ဝင်များ စတင်ခြေကုတ်ယူ အမြစ်တွယ်ခဲ့သော အိန္ဒိယကျွန်းဆွယ်ရှိ ဟိန္ဒူနှင့် ဂင်္ဂါမြစ်ညာတို့အား နေ၊ လ၊ တောတောင်၊ မြစ်ချောင်းတို့ကို ၎င်းတို့ ကိုးကွယ်အားထားသည့် နတ်ဗြဟ္မာများ၏ ကိုယ်စားပြုအရာများဖြစ်သည့် အသက်သခင် ကျေးဇူးတော်ရှင်ကြီးများဟုယူဆကာ ဥပမာ-မြင့်မြတ်ကိုးကွယ်ရာဖြစ်သည့်ဟိန္ဒူ၊ ဂင်္ဂါမြစ်များအား (Sacred River) နတ် ဘုရားကိုယ်စားပြု အထွတ်အမြတ်မြစ်ကြီးနှစ်သွယ်အဖြစ် အမြတ်တနိုး ရှိသေဝတ်ပြုပူဇော်သက္ကာရ ပြုကြဆဲပင် ဖြစ်ပေသည်။ အထူးသဖြင့် ဂင်္ဂါမြစ်မှာ ဟိန္ဒူများနယ်ပယ်အိန္ဒိယနိုင်ငံအတွင်း၌ ယခုအခါ တည်ရှိ၍ ကျော်ကြားလှပေသည်။

ရာဇဝင်လင်္ကာ၌လည်း -

"ကစ္ဆပနဒီ၊ မြစ်ကိုမှီလျက်၊ လက်ဝဲလက်ယာ၊ များစွာ မြို့ပြည်၊ တည်ခဲ့ ပေမှ . . . "ဟု ၎င်းမြစ်၏ အရေးပါပုံကို အမွန်းတင်စပ်ဆိုထားသည်ကို တွေ့ရပါသည်။

သို့ဖြစ်၍ ရခိုင်မြို့တော်ဟောင်းများဖြင့် ကစ္ဆပနဒီမြစ်ညာမှာ မည်သို့မျှခွဲခြား၍ မရအောင် ဆက်စပ်အကျိုးပြုခဲ့သည်ကို သတိရကြစေရန် ရှေးရှေးကပညာရှိ ပုဂ္ဂိုလ်များက အတိုဆုံးနှင့် အထိရောက်ဆုံးသော စာကြောင်းငယ်တစ်ကြောင်းဖြင့်ဖွဲ့ဆိုပြီး ဖော်ပြထားခြင်းပင် ဖြစ်တန်ရာ ပေသည်။ ဤကစ္ဆပနဒီမြစ်ညာ ရေကြည်ရာအရပ်ဒေသ၌ပင် မာရယုမင်းစဉ်မင်းဆက်၊ ရခိုင်တို့၏ လက်ဦးပထမ ယဉ်ကျေးမှုအစုစုနှင့် ရခိုင်လူမျိုးဇစ်မြစ်အားလုံး ပီပီပြင်ပြင် ပေါ်ထွန်းအမြစ်တွယ် ကြီးထွားလာခဲ့သည် မဟုတ်ပါလော။

"တေဇာကြီးထု၊ မာရယုကား . . . အောင်ချက်ဌာန၊ ထိုကစ၍၊ တွင်ထအမည်၊ ရခိုင်ပြည်ဟု၊ ပတ်လည်နှံ့သိ၊ ကျော်စောဘိ၏ . . ."

". . . သိကြားလက်နက်၊ ထိန်ထိန်ထွက်သည်၊ . . . အောင်မြို့ဝင်၍၊ ခေါ်တွင်ရခိုင်၊ ခုတိုင်မပျက်၊ မော်ကွန်းထွက်၍၊ မင်းဆက်ပျော်မှီ၊ ဝေသာလီတွင် . . ."

ဆိုထား၍ ဤရေကြည်(ရီကြိုင်)အရပ်ဒေသပင် ရခိုင်တို့၏ အမြုတေ သန္ဓေပေါက်ဖွားခဲ့ရာ အမိမြေ မဟုတ်ပါလော။ ဤအရပ်အား ရခိုင်ပြည်သူတို့က လေးစားဂါဝရပြုသင့်ပေသည်။ သို့ကြောင့်လည်း

http://www.dhammadownload.com



မဟာမုနိရှင်တော်မြတ် နှစ် ၂၃၅၀ ခန့် စံတော်မူခဲ့ရာ သီရိဂုတ်တောင်၊ ဗွေထိပ်ခေါင်။ ရခိုင်မဟာမုနိရှင်တော်ဗုဒ္ဓဂေါတမကိုယ်စားတော်(၁၉၉၆-ခုတွင်)နှစ်ပေါင်း ၂၅၄၀ အပူဇော်ခံနေတော်မူသည့် ဘူမိနက်သန်မြေ ရခိုင်မျိုးရိုး၏ ချက်မြှုပ်ဒေသအား မိမိတို့၏ အတွင်းစိတ်ဝိညာဉ်မှ ခွဲခြားဖျောက်ဖျက်၍ ရခိုင်ပါမည်လောဟု မိမိကိုယ်မိမိ စဉ်းစားသုံးသပ်အဆုံးအဖြတ်ပေးပြီးမှ မာရယုမင်းဆက်မှသည် စန္ဒသူရိယမင်းမြတ်များ မင်းစဉ်မင်းဆက် ၁၀၇ ဆက်တို့ စံမြန်းစိုးစံခဲ့သည့် ကစ္ဆပနဒီအညာမြေအား မမေ့မပျောက်စေရန် အောက်ပါဆောင်ပုဒ်နှစ်ရပ်တို့ကို လက်ဆင့်ကမ်း ဆွေစဉ်မျိုးဆက်သင်ကြား ပေးသွားကြစေလိုပါသည်။

## “ရခိုင်အာစ ရီကြိုင်က”၊ “ရခိုင်အာစ ဓညဝတီက”

မာရယုမင်းတည်ထောင်ခဲ့သော ဓညဝတီမြို့တော် အမှန်တကယ်ပင် ရှိခဲ့ကြောင်း အထောက်အထားများအား ယခုဆက်လက် ဖော်ပြသွားပါမည်။

မာရယုမင်းသား၏ ဖခမည်းတော် အဇ္ဇုန နန်းစွန့်ဘုရင်ဟောင်း အိန္ဒိယရာဇဝင်၌ ရှိခဲ့ကြောင်း၊ ၄င်းရသေ့ကြီး၏ ခရီးစဉ်အား ခြေရာခံရှာဖွေလေ့လာခဲ့ရာ အိန္ဒိယသုတေသီများက ၄င်း ၏နောက်ဆုံးခရီးကို ရခိုင်ဒေသနှင့် ဆက်စပ်လျက်ရှိသည့် မဏိပူရအထိ တွေ့ရှိရသည်ဟု ရခိုင် သမိုင်း ပညာရှင်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သူ ဦးချန်ထွန်းက ဆိုပါသည်။ ဤပုဂ္ဂိုလ်မှာ ရခိုင်ရာဇဝင် ရှေးဟောင်းမှုမှန် အစောင်စောင်နှင့် အထပ်ထပ်အဖန်ဖန် ညှိနှိုင်းတင်ပြထားသော “ရာဇက္ကမ သင်္ခေပကျမ်း”လာ တိကျမှန်ကန်သော ကောဇာသက္ကရာဇ်ကို သုတေသနပြုကာ ဥရောပနှင့် နိုင်ငံတကာသုံး ခရစ်နှစ်များနှင့် တွက်ချက်၍ တင်ပြထား၏။ ယင်းသက္ကရာဇ်များသည် ဓညဝတီခေတ် တစ်ခေတ်နှင့်သာမဟုတ် ရာဇဝင်တစ်လျှောက်လုံးနှင့် ယခုမျက်မှောက်ခေတ်သို့ ရောက်သည့်တိုင် အောင် ကိုက်ညီနေကြောင်းတွေ့ရသည်ဟု နောက်သုတေသီကြီးတစ်ဦးဖြစ်သူ ဦးအောင်သာဦး က ဆိုပါသည်။

ယခု အရေးအသားများတွင်လည်း ဤပုဂ္ဂိုလ်နှစ်ဦးတို့၏ သက္ကရာဇ်များ၌ အခြေပြု မှီငြမ်းကာ ခရစ်သက္ကရာဇ်အား အနည်းငယ်ပြုပြင်ပြီး ပြဆိုထားပါသည်။ ၄င်းပုဂ္ဂိုလ်တို့သည် ရခိုင်မင်းစဉ်မင်းဆက်ဇယားများအား ဘီစီ ၃၃၂၅ ဖြင့် မာရယုမင်းမှ စတင်ပြုစုခဲ့ကြပါသည်။ ရှေးဝေသာလီ(ပထမ)မင်းဆက်ကိုမူကား ၂၆ဆက်ထားကာ ဘီစီ ၅၃၁၅-၃၃၂၅ နှစ်စု ၁၉၉၀နှစ် ဟုသာ တွေ့မိပါသည်။

http://www.dhammadownload.com



ဒုတိယဓညဝတီမြို့တော်ခေတ်ကို ထူထောင်ခဲ့သော ကမ္ဗရာဇာ (ကံရာဇာကြီး)မင်းနှင့် ပတ်သက်၍ အဒူမင်းညိုစပ်ဆိုခဲ့သော "ရခိုင်မင်းသမီးချေါင်း" အပိုဒ် ၇တွင်လည်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။

"ထိုမင်းမာရယု၊ တည်စပြုက၊ သားပုမြေးချယ်၊ စဉ်တကယ်တွင်၊ ငါးဆယ့်လေးဆောင်၊ ဖြူရောင်ထွန်းလွန်၊ ကျိန်းခန်းကန်မှ၊ ဘေးမွန်ကြီးစွာ၊ ကံရာဇာလျှင်၊ . . ." ၅၄ ဆက်သော မင်းရိုးနွယ်ဝင်မင်းများ ပထမဓညဝတီ၌ ထီးနန်းစိုးစံခဲ့ကြသည်ကို ဖော်ကျူးထားခြင်း ဖြစ်ပါသည်။

အထက်ပါ ချေါင်းအရ ပထမဓညဝတီခေတ် စုစုပေါင်းမင်းဆက် ၅၇ ဆက် ရှိသည့်အနက်မှ ၅၄ ဆက်သော မင်းများမှာ မာရယုမင်း၏ သားစဉ်မြေးဆက် မင်းများဖြစ်ကြပြီး ၃ဆက်မှာ ဘဏ္ဍာတော်စိုးအမတ်ကြီးက မိမိတစ်သက်တာ နန်းသက် ၂၀ နှစ်ဖြင့်တစ်ဆက်၊ ၎င်းနောက် အမတ် ၃ဦးပါ မြို့နန်းလု အမတ်တို့က ၁၁ လ စိုးမိုးခဲ့သည့် တစ်ဆက်နှင့် နောက်ထပ် အမတ် ၃ဦးပါ တစ်နှစ်နှင့်လေးလ နောက်ဆုံးစံ ၅၇ဆက်၊ မာရယုမင်းမျိုးရိုး ၅၄ ဆက်နောက် ကမ္ဗရာဇာ (ကံရာဇာကြီး)တက်လာ၍ မှန်ကန်မှုရှိလေသည်။ ပထမဓညဝတီမှာ နောက်ဆုံးအမတ် ၃ ပါးဆက်မတိုင် မီကပင် ဘီစီ ၁၄၆၈ ခုတွင် မြို့တော်ဟောင်းဖြစ်နေပြီး ဖြစ်သည်။ ၎င်းကို နောက် ၂၄နှစ်ခန့် နေပြီးမှ ကံရာဇာကြီးက ထပ်မံတည်ဆောက်ပြီး ဒုတိယဓညဝတီခေတ်ကို တည်ဆောက်သည်။

၎င်းအဖြစ်အပျက်အား မှန်နန်းရာဇဝင် ပဥ္စမရိုက်ကလည်း ရခိုင်ရာဇဝင် ကမ္ဗရာဇာကဲ့သို့ပင် "ကံရာဇာကြီးမင်းသည် ကစ္ဆပနဒီမြစ်အရှေ့ဘက် ကျောက်ပန်းတောင်းမြို့ကို တည်ထောင်၍ ၂၄ နှစ် စံနေတော်မူသည်။ ထိုမှ မာရယုမင်းတည်ထောင်ရင်းဖြစ်သော ဓညဝတီမြို့ဟောင်းကို သိမ်းယူ၍ ထီးနန်းမြို့ ထပ်တည်ထောင် စံနေတော်မူသည်"ဟု ဖော်ပြပါရှိသည်။ သို့သော် မှန်နန်းမဟာရာဇဝင်တော်ကြီး(၁၉၉၂-ခု)၌မူ ရခိုင်ရာဇဝင်များမှ ကွာခြားကွဲလွဲစွာ ကျောက်ပန်းတောင်း၌ ၇၄ နှစ် စံနေပြီးမှ မာရယုမင်းတည်ထောင်ရင်းဖြစ်သော မြို့တော်ဟောင်းကို သိမ်းယူကာ ထီးနန်းမြို့ပြ ထပ်မံထူထောင်စံနေတော်မူသည်ဟု ဖော်ပြပါရှိပါသည်။

သို့ဖြစ်၍ ရခိုင်ရာဇဝင်ပါ မာရယုမင်းနှင့် ၎င်း၏မင်းရိုး ၅၄ ဆက်၊ အမတ် ၃ ဆက်၊ မင်းဆက် ၅၇ ဆက်ကို ဖဒူမင်းညို ရခိုင်စာဆို မြောက်ဦးမြို့တော်မင်း ဘစောဖြူလက်ထက် အေဒီ ၁၄၅၉ က အတည်ပြုထားပြီး မြန်မာမှန်နန်းရာဇဝင် ပဥ္စမရိုက်၊ မြန်မာမှန်နန်းရာဇဝင်တော်ကြီး

http://www.dhammadownload.com



အလုံးစုံက မာရယုမင်း ဓညဝတီကို တည်ထောင်ခဲ့ကြောင်းနှင့် ကံရာဇာကြီးက ဒုတိယဓညဝတီ မြို့တော်ကို ယခင်မြို့တော်အားပင် ပြန်လည်ပြုပြင်တည်ဆောက်ကာ ထီးနန်းမြို့ပြ ထပ်ပြုစိုးစံခဲ့ကြောင်း အခိုင်အမာအတည်ပြုထားကြသည်။ သက္ကရာဇ်ကိုမူ "ငါတို့ မြတ်စွာဘုရားသည် ဗောဓိအောင်မြေ ဗုဒ္ဓဟေဠ၌ သစ္စာလေးဆင့် ပွင့်တော်မမူမီ ရှေးလွန်လေပြီးသော အတိတ်ကာလ၌" ဟုသာ မှန်နန်းရာဇဝင်များ၌ ပြဆိုထားပါသည်။

ကံရာဇာကြီးမင်းမှာ ဘီစီ ၁၄၈၇ မှ ၁၄၃၀ ကမ္ဗုရာဇာမင်းဖြစ်၍ ယင်းမတိုင်မီ မာရယုမင်းရိုးမင်းဆက် ၅၄ ဆက်ဖြင့် ဓညဝတီမြို့တော် တည်ရှိနေပြီးဖြစ်ကြောင်း ပေါ်လွင်ကာ ယခုယနေ့ ၁၉၉၇ အထိ ပထမဓညဝတီမြို့တော်ဟောင်းနေရာ၌ တတိယဓညဝတီ စန္ဒသူရိယ မင်းမြတ် ဘီစီ ၅၄၂ မှ ၄င်းသူရိယမင်းဆက် ၂၅ ဆက်နောက်ဆုံးစွန်မင်း သူရိယကေတု အေဒီ ၃၁၀-၃၆၄တို့၏ တတိယဓညဝတီ မြေပေါ်မြို့တော်ရာ ရှေးဟောင်းမျက်မြင်သက်သေ အထောက်အထား ရုပ်ကြွင်း ဝတ္ထုများနှင့် စန္ဒသူရိယမင်းလက်ထက်ကတည်းက ကိုးကွယ်ခဲ့သော ရခိုင်မဟာမုနိ၊ မြန်မာမန္တလေးမြို့ရှိ ရခိုင်ဘုရားကြီးများကလည်း သက်သေသာဓကများအဖြစ် ယခုတိုင် ထင်ထင်ရှားရှား ရှိနေပါသေးသည်။ တတိယဓညဝတီ ၆ ဆက်မြောက် သူရိယစက္ကမင်း သွန်းလောင်းကိုးကွယ်ပူဇော်ခဲ့သည့် မဟာကျိန်ငါးဆူအနက်မှ အချို့ သွန်းစက်တော်များမှာလည်း ယခုတိုင်လက်ရာမပျက် မြောက်ဦးနှင့် မြန်မာပြည်ဒေသအချို့၌ ရှိနေပါသေးသည်။

မြောက်ဦးမြို့ရှိ ဝေသာလီကျောက်စာတိုင် အာနန္ဒစန္ဒြမင်း၏ ၄င်းရှေးရှေးက မင်းများအကြောင်း ဒေါက်တာဆာကား၏ မှတ်တမ်းအရ ကျောက်စာအရေးအသားများ ဘီစီ ၆၃၇ မှ အေဒီ ၇၂၀ ထိ ပါဝင်နေ၍ ဒုတိယဓညဝတီခေတ် မင်းဆက် အမှတ်စဉ် ၂၅ နာလမာယုမင်းမှ မင်းဆက် ၂၈ ဆက် သီရိရာဇာမင်းအထိ ထည့်သွင်းပြထားပါသည်။ ဓညဝတီမြို့တည်ရှိခဲ့သည့် အကြောင်းရင်းနှင့် ဝေသာလီမှာ ဓညဝတီမင်းဆက်မှ ဆင်းသက်လာသော ဝေသာလီ (စန္ဒြား မင်းဆက်)မင်းများက စိုးစံခဲ့ကြသည်ကို အတည်ပြုချက်ပင်ဖြစ်သည်။ သို့ပါ၍ စန္ဒြားမင်းဆက်မှာ ဓညဝတီသူရိယမင်းဆက်က ဆက်စပ်ပေါ်ထွန်း ဆင်းသက်လာသော နွယ်တူမင်းရိုးမင်းများ ဖြစ်ကြောင်း ပေါ်လွင်စေသည်။ မာရယုမင်းရိုး သူရိယမင်းဆက်အချို့အား ၄င်းတို့၏ စန္ဒြအနွယ် အဖြစ်ဖြင့် ဖော်ပြထားခြင်းသာ ဖြစ်ပေသည်။ ဝေသာလီမြို့သစ် တည်ထားသည်မှ မဖြတ်ဘဲ သက္ကရာဇ်ဖြိုသည်မှ ဖြတ်တောက်ခဲ့သည်။

http://www.dhammadownload.com



ဗုဒ္ဓဂေါတမ မြတ်စွာဘုရား ဗျာဒိတ်တော်၌လည်း “ကပ္ပိလအဠှနရှင်ရသေ့အဆက်ဖြစ်ခြင်း ကြောင့်လည်းကောင်း၊ ဓညဝတီပြည်ကို အလွန်ထင်ရှား မြင့်မြတ်သောပြည်ဟူ၍ ဆိုအပ်သတည်း” ဟု ပါထားပြီးဖြစ်သည်။ (မောရပဗ္ဗတမည်သော သေလာဂီရိကျောက်တော်တောင်ထိပ်) ဗုဒ္ဓရှင် တော်မြတ်က ရှင်အာနန္ဒာအား မြွက်ကြားသည့် ဗျာဒိတ်တော်များတွင် ပါရှိလေသည်။ ဘီစီ ၅၁၈/၅၁၇ ခုနှစ်က ဖြစ်သည်။ ပြင်ထားသည့် သက္ကရာဇ်)

## ပထမဓညဝတီ (ဘီစီ ၃၃၂၅ မှ ဘီစီ ၁၅၀၇)
## အရေးပါသောမင်းများနှင့် သုံးသပ်ချက်

ဓညဝတီမြို့တော်ကို ဘီစီ(ခရင်သက္ကရာဇ်) ၃၃၂၅ခုနှစ်တွင် တည်ထောင်ခဲ့သော မာရယု မင်းသည် မိမိ၏လက်ဦးမင်းမဖြစ်မီက ဇနီး မြို့မင်းသမီး မဘီ(ခေါ်) မိပင်းယာဒေဝီနှင့် ဝေသာလီ မြို့တော်မှ ဖြဟ္မာဏသိဒ္ဓိဘုရင် နောက်ဆုံးမင်း၏ သမီးတော် ရုစ်မာလာ(ရုစိတမာလ) မိဖုရားနှစ်ပါး ဖြင့် ဘီစီ ၃၃၂၅ မှ ၃၂၆၃ အထိ ၆၂နှစ် နန်းစည်းစိမ်ကို စံစားခဲ့ပြီး သက်တော် ၈၀ တွင် နတ်ရွာစံတော်မူလေသည်။

မင်းဖလောင်းကြီးလက်ထက် မင်းကြီးက ဤရက္ခပူရတိုင်းတွင် တရားစောင့်သော ဝိလုပ္ပန္နော လုယက်ဖျက်ဆီးတတ်သော နိဇဂ်လအမျိုး မင်းပြုဘူးလေအံ့လောဟု မေးတော်မူရာ အမတ်မဟာ ပညာကျော် လျှောက်ထုံးမှာ-

> “အရှင်မင်းမြတ်. . .။ ဝေသာလီမြို့တော်၌ ဖြဟ္မာဏရာဇာ မင်းမျိုး ၂၆ ဆက်အဆုံး ဖြဟ္မသိဒ္ဓိမင်းလက်ထက် မင်းနှင့်အမတ် တရားလွတ်ကြလေရာ ပြည်သူတို့ ဆိုးသွမ်း ရုန့်ကြမ်းလျှက် အမွေအမှုကိုသာ အလိုရှိကြလေ၍ မတရားသော နတ်မိစ္ဆာဘီလူး ဝင်ရောက်ဖျက်ဆီးကြလေသော် သေကြေကုန်၍ မြို့ရွာပျက်ဘူးပါသည်”

ဟုဆိုထားရာ ရှင်ဘုရင်ဖြဟ္မဏသိဒ္ဓိ(ဖြဟ္မသိဒ္ဓိ)မှာ ဝေသာလီမြို့တော်၏ အဠှနဒေဝီ ပုရောဟိတ် ပုဏ္ဏားမင်း ဖြဟ္မဏရာဇာတို့၏ မင်းစဉ်မင်းဆက် ၂၆ ဆက်မြောက် ဖြဟ္မဏသိဒ္ဓိမင်းလက်ထက် တွင် ပျက်ခဲ့ကြောင်းကို မြောက်ဦးခေတ် မင်းဖလောင်း(အေဒီ ၁၅၇၁-၁၅၉၃)ကပင် အတည်ပြုထား သည်ကို တွေ့ရပါသည်။ မာရယုမင်းသည် ရက္ခိုက်လူသားစား ခေါင်းဖြတ် ဘီလူးလူရိုင်းများရန်မှ

http://www.dhammadownload.com



ပျက်သုဉ်းလုနီးပါးဖြစ်နေသော မင်းမဲ့ ပထမဝေသာလီမြို့တော်ကို ကယ်တင်ကာ မင်းဖြစ်လာပြီး ၄င်းမြို့တော်အား မနှစ်မြို့၍ ကစ္ဆပနဒီ (ကုလားတန်) မြစ်ညာမြောက်ဘက်သို့ဆန်ကာ ၁၃ မိုင်မျှ ဝေးကွာသည့် မြစ်အရှေ့ဘက်ကမ်းလွန် ၅ မိုင် ခန့်တွင် ပထမဓညဝတီမြို့တော်ကို စတင် တည် ထောင်ခဲ့လေသည်။

ဆက်လက်၍ အမတ်မဟာပညာကျော်လျှောက်ထုံးက ဓညဝတီမြို့တည် မာရယုမင်းအမျိုး ၅၄ ဆက်အဆုံး မင်းငယ်ပျော်လှ(မင်းငယ်ပျော်လှစည်သူ)လည်း "မှားသောအမှုတို့ကို လိုက်နာလျက် အမတ်ယုတ်တို့၏စကားကို နာယူမိခြင်းကြောင့် တရားပျက်လေ၍ တိုင်းပြည်မသာ ရှိဘူးပါသည်။ နိဇင်္ဂလအမျိုး၊ ဝိလုပ္ပဗ္ဗေ၊ လုယက်ဖျက်ဆီးတတ်သော ယုတ်နွမ်းသော အကျင့်အကြံ၊ တရားမသိ အပြုအမူရှိသော မြို တိုင်းတစ်ပါးမင်းကို မိတ်ဆွေမဝင်ရန် တင်လျက်နှင့်သာပြုခြင်း ကြောင့် ထိုမင်း တို့လက်ထက် ဥတုရာသီမမှန် ဓာတ်လေးပါးမညီ၍ ကောင်းကင်၌ နေလနက္ခတ်တာရာ မဖြောင့် လေရာ ဝေသန္တဉတုချုပ်လေ၍ အစာရှားပါး သူခိုးဓားပြနှင့် တိုင်းပြည်ပျက်ကြသည့်နောက် ဘေး တော်ကံရာဇာကြီး ဆက်လက် အုပ်စိုးတော်မူသည်" ဟု ပါရှိလေသည်။

၅၄ ဆက်မြောက် အသမ္ဘိန္နခတ္တိယ၊ အာဒိစ္စနွယ်ဝင် သာကီဝင်မင်းတို့၏ သားမြေးစဉ်ဆက် ၅၄ ဆက်မြောက်တွင် သာကီဝင် မာရယုမင်း၏ အနွယ်တော် နွမ်းလျော်ကွယ်ပျောက်လေ သော်. . . ဟု မင်းငယ်ပျော်လှမင်းလက်ထက် ပထမဓညဝတီမင်းရိုး၊ ဘီစီ ၁၅၀၈ တွင် ပြတ်တောက် သွားခဲ့သည်ကို ဆိုခြင်းဖြစ်သည်။

ပထမဓညဝတီ မာရယုခေတ်အား ခြုံငုံသုံးသပ်ပြီး အရေးပါသည့် အချက်အလက်များကို ပြန်လည် ကောက်နုတ်တင်ပြရမည်ဆိုပါက-

မာရယုမိဘနှစ်ပါးဖြစ်ကြသော သာကီဝင်မင်းရိုး ကပ္ပိလဝတ်ပြည့်ရှင် နန်းစွန့်ဘုရင်ကြီး အဍ္ဍုနရသေ့ကြီးနှင့် ချက္ကမအာရီယိုဒြာဗိဒီယံ သက်ခေါင်းဆောင်(ရာဇာ)သမီးတော် အိန္ဒြာမာယု မင်းသမီးတို့မှ ဖွားမြင်သော သတ္တုအနွယ်ဝင် အာရီယန်မင်းသားတစ်ပါးဖြစ်ပေသည်။

အိမ်ထောင်ပြုသည့်အခါ၌လည်း အာရီယန်နွယ်ပွား ရစ်မာလာမိဖုရားနှင့် "မြို"မင်းသမီး အာရီယို ဒြာဗိဒီယံ "မြို"မိဖုရား ဘီ တို့ ဖြစ်ကြကာ ရစ်မာလာမိဖုရားဖြင့် သားတော် မာရဇေတု မင်းသားတစ်ပါး ဖွားမြင်ခဲ့သည်။

http://www.dhammadownload.com



မင်းဖြစ်လာသောအခါ၌လည်း ဝေသာလီမြို့အား နှောင့်ယှက်ဖျက်ဆီးနေသည့် ရက္ခိုက် လူရိုင်းများကို သက်, မြို လူမျိုးစုငယ်များ၏ အကူအညီဖြင့် ဖြိုခွင်းကာ မိမိ မိသားစုအား ပံ့ပိုးကူညီ စောင့်ရှောက်ခဲ့သည့် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ၎င်းလူမျိုးစုငယ်များထဲမှ မှူးတော်မတ်တော် ရဲမက်ဗိုလ်ပါများခန့်ထားပြီး ချီးမြှင့်မြှောက်စားခဲ့ပါသည်။

မိဘနှစ်ပါးလုံးမှာဗုဒ္ဓအခြေခံဝါဒကို ကောင်းစွာလိုက်နာကျင့်သုံးကြသူများဖြစ်ကြပြီး မာရယုမင်းသားမှာလည်း ရှင်ရသေ့ကြီးများအား ကိုးကွယ်ဆည်းကပ်သော မင်းတစ်ပါးဖြစ်ပေသည်။ သစ္စာ၊ သမာဓိ၊ အကျင့်သိက္ခာတို့ကို စောင့်ထိန်းသူများဟု ဆိုလိုရင်းဖြစ်သည်။

မာရယုမင်း လွန်ပြီးသည့်နောက်တွင်လည်း ၎င်းက မိမိ၏မိခင်ချက္ကမသက်နှင့် မိဖုရား ဘီ မြိုတို့၏ ဆက်စပ်မှုရှိနေခဲ့ခြင်းကြောင့် လိုက်နာကျင့်သုံးခဲ့သည့်အတိုင်းပင် သားစဉ်မြေးဆက် ဆက်လက်ကျင့်သုံးကာ သက်,မြို အမတ်များ ခန့်ထားသုံးစွဲခဲ့ကြပါသည်။ သို့သော် ၎င်းတို့အား ပေးထားသည့် အခွင့်အရေးကို လွဲမှားစွာ အသုံးပြုကာ မြိုအမတ်များက လူမျိုးစု အာဏာရရှိရေး အတွက် စုပေါင်းပြီး မိမိတို့အရှင်သခင်များအား ရက်စက်စွာ ပုန်စားနန်းလုစိုးစံမှု ကြိမ်ဖန်များစွာ ကျူးလွန်ပေါ်ပေါက်ခဲ့ပြီး လေးမြို့ခေတ်ရောက်သည့်အခါမှ ၎င်းတို့၏ရန်မီးအပြီးပိုင် ချုပ်ငြိမ်းသွား ခဲ့ပါသည်။

သက်လူမျိုးများအနေဖြင့် မာရယုမင်းသားအား ရက္ခိုက်များကို တိုက်ခိုက်ချေမှုန်းသည့် အချိန်တွင်သာမက ဝေသာလီကျောက်လှေကားမြို့တော် ပျက်သုဉ်းပြီး ငမင်းငတုံစစ်တန်းတင်မှ ဆင်းလာကာ လေးမြို့(အဥ္စနနဒီ)မြစ် အရှေ့ဘက်ကမ်း စမ္ဘဝက်အရပ်မှ မွန်ဂိုလ္လိုက်နွယ်ဝင် ရှမ်း တရုတ်တပ်ကြီးအား ရင်ဆိုင်တပ်စွဲလာသည့်အခါ၌လည်း သောင်းချီသော သက်တပ်သား ရဲမက်များ ပါဝင်ကူညီပေးခဲ့ကြပါသည်။ (ဘီစီ ၃၃၂၅- အေဒီ ၇၉၄)

ထို့အပြင် အရှေ့ဘက်မှ ရန်သူများ ရခိုင်ရိုးမ(မဏ္ဍာဂီရိ)ဝင်ပေါက်များမှ လွယ်လင့်တကူ မကျူးကျော်နိုင်စေရန် သက်မြို့စားများအား အပိုင်စားပေးထားသည့် ဒေသများမှ အကာအကွယ် အများအပြား ပေးခဲ့ကြပါသည်။

ခရစ်နှစ် ဘီစီ ၃၃၂၅ မှ ဘီစီ ၁၅၀၈ အထိ နှစ်ပေါင်း ၁၈၁၇ နှစ် အခွန့်ရှည်ကြာ ခဲ့ သော ပထမဓညဝတီမြို့တော်၌ မာရယုမင်းဆက် သက်တမ်းအချိန်အတွင်း အမတ်များက သုံးကြိမ်

http://www.dhammadownload.com



နန်းတွင်းပုန်ကန်ပုန်စားမှုဖြင့် နန်းလုစိုးစံခဲ့နိုင်ကြလင့်ကစား ဆေတ်အို ဘဏ္ဍာတော်စိုးအမတ်တစ်ပါးသာ ၄င်းတစ်သက်တာ ၂၁ နှစ် အသက်ထက်ဆုံးအထိ ထီးနန်းကို ထိန်းချုပ်စိုးစံနိုင်ခဲ့ ပါသည်။ ကျန်အမတ်မျိုးရိုး နန်းလုစိုးစံခဲ့ကြသောသူများမှာ ဒုတိယအကြိမ်၌ အမတ် ၃ပါးက ၁၁ လမျှနှင့် နောက်ဆုံးအကြိမ် အမတ် ၃ပါးက ၁ နှစ် နှင့် ၄ လမျှသာ မနိုင်မနင်းဖြင့် ထိန်းချုပ်နိုင်ခဲ့ကြလေသည်။

ဒုတိယအကြိမ်၌မင်းရိုးဆွေတော်မျိုးတော်များကထီးနန်းကိုလျှင်မြန်စွာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သော်ငြားလည်း နောက်ဆုံးစွန်မင်းငယ်ပျော်လုစည်သူမှာ ညံ့ဖျင်းသော မင်းတစ်ပါးဖြစ်ကာ အသက်အရွယ် ငယ်ရွယ်သူ မင်းတစ်ပါးလည်းဖြစ်၍ ပြန်လည်တော်လှန်ပြီး ထီးနန်းကိုရယူရန် ဒုတိယအကြိမ်တွင် ကံရာဇာကြီးကဲ့သို့သော ဘုရင့်သားတော်လည်း မရှိသဖြင့် ဓညဝတီနှင့် ကန်သုံးဆင့်မှာ ပျက်သုန်းသွားခဲ့သည်အထိ ဖြစ်ခဲ့ရလေသည်။ ပထမအကြိမ် ဆေတ်အိုအမတ် နန်းတွင်းပုန်ကန်ပုန်စားမှုဖြင့် နန်းလုသည့်အခါ၌လည်း မင်းဆက်မင်းလျာ မင်းသားလေးမှာ မွေးဖွားခါစအရွယ် သို့မဟုတ် မိခင်ဝမ်းတွင်း၌ ပဋိသန္ဓေဖြင့်သာ ရှိမည်ဖြစ်ပါသည်။

သို့သော် နန်းကျအသတ်အဖြတ်ခံ မာရကင်မင်း၏ မိဖုရားကြီး သဝမ္ဗိမှာ ဆေတ်အိုမင်းက ၄င်း သက်တမ်းတစ်လျှောက် မိဖုရားကြီးအရာကို ဆက်လက်တင်မြှောက်ထားရှိခဲ့ခြင်းကြောင့် ဆေတ်အို ၂၁ နှစ် စိုးစံပြီး အနိစ္စရောက်သည့်အခါ မာရကင်သဝမ္ဗိတို့၏ သားတော် အသက် ၂၀ အရွယ်ရှိ ဒေါလစန္ဒာရားမင်းသားက နန်းကျဖခမည်းတော်၏ နန်းမွေအရိုက်အရာကို ဆက်ခံခဲ့ရပါသည်။ ၄င်းမင်းသားမှာ ပြည်သူများ လျှို့ဝှက်စွာ ထားရှိခဲ့သည်ဟု သိရပါသည်။

သို့ဖြစ်ခြင်းကြောင့် ဆေတ်အိုအမတ်ကြီးမှာ (နန်းဆက်)မျိုးဆက်အမတ်မင်း(Regent) ကြားဝင်ပြီး ငယ်ရွယ်သူမင်းလျာအား ထိန်းသိမ်းအုပ်ချုပ်ပေးခဲ့သူ အနေအထားတွင်သာ ရှိပါသည်။

အထက်ပါအကြောင်းအရာများကြောင့် မာရယုမင်းနွယ်မင်းရိုး(Dynasty)မှာ မင်း ၅၄ ဆက်ဖြင့် သားစဉ်မြေးဆက် အုပ်စိုးခဲ့ကြသော **"မင်းစဉ်မင်းဆက်** တစ်ခုဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ကြားဝင်အမတ်များ အုပ်စိုးချိန် ၁၁လမျှဖြင့် မင်းဆက်ပြတ်တောက်သွားသည်ဟု မယူဆနိုင်ပေ။ နန်းကျဘုရင်၏သားတော် ကံရာဇာကြီးမင်းသားက ၄င်းအမတ်များအား ဖြုတ်ချ သတ်ဖြတ်ကာ ထီးနန်းကို ဆက်လက်သိမ်းပိုက်နိုင်ခဲ့ပြီး တတိယအကြိမ်မှာလည်း မြို့တော်ပျက်သုန်းသွားခဲ့သည့်အတွက် မင်းငယ်ပျော်လု စည်သူမင်းမှာ မာရယုနန်းစဉ်နန်းဆက် နောက်ဆုံးစွန်

http://www.dhammadownload.com



မင်းတစ်ပါးဖြစ်ကာ နန်းလုအမတ်များနှင့် မြို့တော်ပါ ပျက်သုန်းဆုံးခန်းတိုင်ခြင်းနှင့် နိဂုံးချုပ်ခဲ့ပါသည်။ မိဖုရားကြီးဟောင်း စောစစ်နှင့် နန်းလျာ နုနယ်သော သမီးတော်နှစ်ပါးတို့ ကန်သုံးဆင့်မြို့သစ်နှင့် ထီးပြိုင်နန်းပြိုင် နီလာပန်းတောင်းမြို့သစ်တည်ကာ ဆက်လက်စိုးစံနေခဲ့ကြရာ တစ်နေ့တစ်ခြား ကြီးထွားလာပြီး နှစ်အတန်ကြာ ရပ်တည်နေခဲ့ပြီးမှ ကျောက် ပန်းတောင်းနှင့် ပူးပေါင်းကာ ၂၄ နှစ်တာမျှ ကြာမြင့်သည့်အခါ၌ မြို့နှစ်မြို့ စုပေါင်းအင်အားဖြင့် ဒုတိယဓညဝတီမြို့သစ်နှင့်ခေတ်ကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ကြပါသည်။ မတည်မငြိမ်ဖြစ်ကာ ကျန်ခဲ့သည့် ကန်သုံးဆင့် မှာမူ ရာဇဝင်မှ ၁နှစ် ၄ လဖြင့် ပျောက်ကွယ်သွားခဲ့သည်။

ပထမဓညဝတီခေတ်တွင် မာရယုန္တယ်ဝင်မင်း ၅၄ ဆက်ရှိခဲ့သည့်အနက်မှ သုံးပါးသောမင်းတို့ ယုတ်နွမ်းသော အကျင့်အကြံ တရားမသိ အပြုအမူရှိသော သစ္စာမဲ့အမတ်များဖြင့် ပေါင်းသင်း၍ ပျက်စီးခဲ့ကြရသည့် မင်းများမှအပ ကျန်မင်း ၅၁ ဆက်မှာ မင်းကျင့်တရားနှင့်အညီ နန်းစံသက်ကြာရှည်စွာ သာယာဝပြောသော ဓညဝတီမြို့တော်၌ မိမိတို့ပြည်ထောင် လုံခြုံရေး၊ စားဝတ်နေမှုနှင့် လူနေမှုတိုးတက်ကောင်းမွန်ရေးတို့အတွက် အာရုံစူးစိုက်ဆောင်ရွက်ကာ ငြိမ်းချမ်းစွာတိုင်းပြုပြည်ပြုကိစ္စများဆောင်ရွက်ရင်း မင်းနှင့်ပြည်သူများ စည်းလုံးညီညွတ်စွာ တပျော်တပါးနေခဲ့ ကြပါသည်။

ပထမဓညဝတီခေတ်က ရခိုင်ပြည်သူပြည်သားများ အသုံးပြုခဲ့သော အိမ်သုံးပစ္စည်းကိရိယာတန်ဆာပလာ၊ စစ်လက်နက်ပစ္စည်းများနှင့် အိုးအိမ်တိုက်တာ အဆောက်အအုံ စသည်များနှင့်ပတ်သက်၍ ဓညဝတီမြို့တော်ရာဟောင်း တည်ရှိရာဝန်းကျင် မြေမျက်နှာပြင်အောက်ခန်း တူးဖော်ကြည့်နိုင်မှသာ သိရှိနိုင်မည်ဖြစ်ရာ ရှေးဟောင်းသုတေသနမှ သုတေသနပြု လေ့လာချက်များ မရှိသေးပါ၍ တိတိကျကျ သိရှိနိုင်ရန် ခက်ခဲပါသည်။ တတိယဓညဝတီ မြေပေါ် မျက်မြင်နှင့်အခြားကျောက်စာရုပ်ကြွင်းစသည့် အထောက်အထားများနှင့်သာ ဖော်ပြရခြင်းဖြစ်သည်။ ဝေသာလီ ကျောက်လှေကား ကျောက်စာတိုင်မှတ်တမ်းမှ ဘီစီ ၆၃၈ အထိ သိရပြီး ဖြစ်ပါသည်။

သို့ပါ၍ ရခိုင်ပြည်အနှံ့အပြားမှ တွေ့ရှိထားသော ကျောက်ချောခေတ် လက်နက်များနှင့်အရှေ့တောင်ဥရောပ (Asia Minor)အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယလူမျိုးပြန့်ပွားမှု၊ လူမှုအဆင့်အတန်းစသည့် သုတေသနပြုပြီး အချက်အလက်များတွင် အခြေပြုပြီး တတ်စွမ်းသ၍ စာတမ်းပြုစုသူ၏ ခန့်မှန်းချက်များအရ ပထမဝေသာလီနှင့် ပထမဓညဝတီခေတ် လူသူများ၏ အနီးစပ်ဆုံးဖြစ်နိုင်ဖွယ်ရာရှိသည့် အနေအထားကို မှန်းဆတွေးတောနိုင်ရန် တင်ပြလိုပါသည်။

http://www.dhammadownload.com



ခရစ်သက္ကရာဇ်၊ အေဒီ ၁၉၉၁-ခု စက်တင်ဘာလ ၁၉ ရက်နေ့က အီတလီ၊ ဩစတြေးလျ နှစ်နိုင်ငံနယ်နိမိတ် ရွေ့လျားနေသော (Glacier)နှင်းခဲပြင်စီးကြောင်း အပေါ်ပိုင်းမှရရှိသည့် လွန်လေပြီးသော ဘီစီ ၃၃၀၀ ခန့်မှ လူ့ခန္ဓာကိုယ်အစိတ်အပိုင်း အပြည့်အစုံပါရှိသည့် လူသေရုပ်ကြွင်းနှင့်တကွ ၎င်း၏ သားရေအဝတ်အစားများ၊ ဖိနပ်များ၊ သစ်ဖြင့်ပြုလုပ်သော လေးမြား၊ အသွားထက်မြက်သည့် ဓားမြှောင်၊ (မီးခတ်ကျောက်သား)နှင့် သစ်သားရိုး၊ ကြေးနီစင်ဖြင့် ပြုလုပ်သည့် ရဲဒင်း(ပုဆိန်)နှင့် သစ်သားရိုး၊ ဆေးဝါးမန္တာန်ဖြင့် စီမံထားသည်ဟု ယူဆရသော ကျောက်ဆွဲကြိုးအဆောင်၊ ဂုန်လျှော်အမျှင်တစ်မျိုးမှ ပြုလုပ်သည့် ကြိုးထုံးစသည့် လူ့အသုံးအဆောင် ပစ္စည်းများကို တွေ့ရပါသည်။ ကိုယ်အလေးချိန် ၅၀ ကီလိုခန့်ဖြစ်မည်။

(Bulgaria)နိုင်ငံမှ အဆင့်မြင့် ဘုန်းတော်ကြီးမြှုပ်နှံရာ သင်္ချိုင်းဂူတွင် အရိုးစုရုပ်ကြွင်းများနှင့် သံ၊ ကြေးနီစင်၊ ခဲ၊ သတ္တုပစ္စည်းများဖြင့် ပြုလုပ်သည့် အသုံးအဆောင်နှင့် ရွှေဖြင့်ပြုလုပ်သည့် အသုံးအဆောင်(၁၀၁၁)ခုကို တွေ့ရှိရပါသည်။

အဆိုပါ လူရုပ်ကြွင်းနှစ်ခုစလုံးမှာ နှစ်ပေါင်း ၅၃၀၀ ခရစ်သက္ကရာဇ် ဘီစီ ၃၃၀၀ ခန့်ကဟု (Carbon Dating)များအရ သိရပါသည်။

သို့သော် ဥရောပအလယ်ပိုင်း ယခုဖော်ပြခဲ့သည့် နှင်းခဲပြင်အောက်မှ လူသားရုပ်ကြွင်းနှင့် ခေတ်ပြိုင် ဥရောပမှလူများသည် သိုး၊ နွားများ၊ မွေးမြူကြကာ လယ်ယာလုပ်ကိုင်သူများ ဖြစ်ကြလေသည်။ ၎င်းတို့သည် ရွာငယ်တည်ထောင်ပြီး စုစည်းနေထိုင်လာကြသည့်အချိန်တွင် အရှေ့အလယ်ပိုင်း (Mesopotamia) ဒေသမှ လူသားများမှာ မြို့ကြီးပြကြီးများ တည်ထောင်ကာ တိုက်တာအဆောက်အအုံကြီးများထဲတွင် ဘီယာကဲ့သို့သော အရက်သေစာသောက်စားပြီး ထမင်းစားပွဲပြု လုပ်ကြခြင်း၊ လူများ အလုပ်အကိုင် ဂုဏ်ဒြပ်အလိုက် အဆင့်အတန်းခွဲခြားသတ်မှတ်ခြင်း၊ မြို့ကြီးများအချင်းချင်း ကူးသန်းရောင်းဝယ်မှု အပြိုင်အဆိုင် ဆောင်ရွက်ခြင်းများကို နှစ်ထောင်ချီ၍ ကြာမြင့်စွာကပင် ဆောင်ရွက်နေကြပြီး ဆည်မြောင်းများ၊ နွား၊ လား၊ မြည်းများဖြင့် ဆွဲသည့် လှည်းများ၊ ရွက်လှေ၊ သင်္ဘောများဖြင့် ခရီးဝေးပင်လယ်ကမ်းရိုး တမ်းတစ်လျှောက် ကူးလူးသွားလာကူးသန်းရောင်းဝယ်မှုများ ပြုလုပ်နေကြပြီးဖြစ်ရာ ၎င်းတို့၏ မြင့်မားသည့် ယဉ်ကျေးမှုနှင့် လူနေမှုအဆင့်အတန်းမှာလည်း တခဏချင်းပင် အိန္ဒိယအနောက်မြောက်ပိုင်းဒေသများသို့ ကူးစက် ပျံ့ပွားသွားခဲ့ပါသည်။

http://www.dhammadownload.com



ထိုအိန္ဒိယမြစ်ဝှမ်းမှတစ်ဆင့် အနောက်မဇ္ဈိမ အိန္ဒိယဂင်္ဂါပြဟ္မပုတ္တရ မြစ်ညာမြစ်ဝှမ်းမှသည် ရခိုင်ပြည်ထောင်အတွင်းသို့ပါ အာရီယန်နွယ်ဝင်ပွားလူမျိုးစု အများအပြား ဝင်ရောက်လာခဲ့ရာ ၄င်းဘီစီ ၄၀၀၀-စုခန့်အတွင်းက ဝင်ရောက်လာသူ ရခိုင်လူမျိုးဟု အာရီယန်နွယ်ဝင်များ၏ ဝေသာလီမြို့တော်(ပထမ)ခေတ်နှင့် ဓညဝတီမြို့တော် ပထမခေတ်ဦးအချိန်၌ အနည်းဆုံးပုံ(၁)ပါ ဥရောပလူနေမှုနှင့် ယဉ်ကျေးမှု အဆင့်အတန်းထက် အတော်အတန်သာလွန်ဖွယ်ရာ ရှိပါမည်။ သို့သော် မြို့ရွာများ၌ သစ်ဝါးကောင်းများ လွယ်ကူစွာရရှိနိုင်သောဒေသဖြစ်၍ အိမ်များ၊ အဆောက်အုံကြီးများကိုမှုင်းပစ္စည်းများဖြင့်သာထိုခေတ် ထိုအခါက ခိုင်ခံ့လှပစွာ တည်ဆောက် နေထိုင်ကြဟန်တူပါသည်။ ဓညဝတီ(ဒုတိယ)နှင့် အထူးသဖြင့် တတိယခေတ်ကျမှ ကျောက်အုတ် များ ပိုမိုအသုံးချလာကြပေသည်။ ဘီစီ ၁၅၀၀ နောက်ပိုင်း အရောက်အထိ ဖြစ်မည်။ သို့ဖြစ်၍သာ နီလာပန်းတောင်း၊ ကျောက်ပန်းတောင်းမြို့များ တည်ရှိခဲ့ရာအရပ်များ၌ ကျောက်အုတ်များဖြင့် တည်ဆောက်ခဲ့သည့် အဆောက်အအုံရုပ်ကြွင်းများ လုံးဝမတွေ့ရှိရခြင်း ဖြစ်ပေမည်။ အိန္ဒိယပြည်တွင်မူ တိုက်တာကြီးနှင့် မြို့ကြီးပြကြီးများစွာ ၄င်းအချိန်၌ ရှိနှင့်ပြီး ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေကာမူ အိန္ဒိယပြည်တွင်းမှ မြင့်မားလှသည့် ယဉ်ကျေးမှုနှင့် လူနေမှုအဆင့်အတန်း ရခိုင်ပြည်ထောင်အတွင်းသို့ အာရီယန်များနှင့်အတူ ပျံ့နှံ့ဝင်ရောက်ခဲ့သည်မှာ ဖော်ပြခဲ့သည့် အချိန်ကာလ အပိုင်းအခြား ဘီစီ ၄၀၀၀ ခန့်ကပင်ဖြစ်၍ အိန္ဒိယလူမျိုး ပြန့်ပွားဆင်းသက်လာမှု သမိုင်းကြောင်းကိုပါ သိရှိထားရန် အထူးလိုအပ်သဖြင့် ဒုတိယဓညဝတီခေတ်အကြောင်း မဖော်ပြမီ ယခုကပင် အိန္ဒိယကျွန်းဆွယ် လူမှုပြန့်ပွားဆင်းသက်မှုသမိုင်းကိုပါ ကြိုတင်ဖော်ပြထားရှိရပါသည်။

## ဒုတိယ ဓညဝတီမြို့တော်ခေတ် (ဘီစီ ၁၅၀၇ မှ ဘီစီ ၅၈၀)

ဒုတိယဓညဝတီမြို့တော်ခေတ် ဘီစီ ၁၅၀၇ မှ ဘီစီ ၅၈၀ ထိ၊ မြို့တော်ခေတ်သက်တမ်း ၉၂၇ နှစ်နှင့် မင်းဆက် ၂၈ ဆက်။

ရခိုင်ပြည်နယ် ပြည့်သူ့ကောင်စီမှ သုတေသနပြုကာ ပြုစုခဲ့သော ပြည်နယ်ဖြစ်စဉ်သမိုင်း၊ (၁၉၈၄ ခုနှစ်)တွင် အောက်ပါအတိုင်း ဒုတိယဓညဝတီခေတ်ကို ဖော်ပြထားရှိပါသည်-

http://www.dhammadownload.com



ဘီစီ ၁၅၁၅ တွင် နန်းတက်သော မင်းငယ်ပျော်လှစည်သူသည် အလွန်အရည်အချင်း ညံ့သည်။ (ပထမ ဓညဝတီ မာရယုခေတ်၏ နောက်ဆုံးစွန်မင်းဖြစ်သည်။) ၄င်းမင်းနန်းသက် ၆နှစ် တွင် မြို့တော်ကို မြို့သစ်ကန်သုံးဆင့်သို့ ရွှေ့လေသည်။ ထိုစဉ် အမတ် ၃ဦးက တစ်နှစ်ခန့် အကြာ ဘီစီ ၁၅၀၈ ခု ပုန်ကန်ပုန်စား နန်းလုကြသည်။ မင်းဆွေမင်းမျိုးတို့မှာ နီလာပန်းတောင်းသို့ တိမ်း ရှောင်သွားရ၍ မာရယုမင်းဆက် ပြတ်လေသည်။ (မှတ်ချက်။ ဤအဖြစ်အပျက်မှာ ကန်သုံးဆင့် မြို့သစ်တွင်ဖြစ်ပြီး ဓညဝတီ ပထမမြို့တော်ကြီးမှာ ဘီစီ ၁၅၀၉ ကပင် မြို့တော်ဟောင်း ဖြစ်သွားခဲ့ပြီး ဖြစ်သည်။)

ထိုအချိန်တွင် ကမ္ဘရာဇာခေါင်းဆောင်သော ကမ္ဘရူပ မဇ္ဈိပူရပြည်မှ အုပ်စုတစ်စုသည် ရခိုင်ပြည်မြောက်ပိုင်းသို့ ဝင်ရောက်လာသည်။ ၄င်းတို့သည် ယခုပလက်ဝမြို့အရှေ့ဘက်ရှိ ကျောက်ပန်းတောင်းအရပ်တွင် အခြေစိုက်လျက် ဘီစီ ၁၅၀၇ ကပင် ရှိနေပြီး မကြာမီ နီလာ ပန်းတောင်းမြို့နှင့် ပူးပေါင်းသွားလေသည်။

အင်အားကောင်းလာသော ကမ္ဘရာဇာသည် အလုံးအရင်းနှင့် ဘီစီ ၁၄၈၃ တွင် အောက်ပိုင်းသို့ ဆင်းလာခဲ့ပြီးနောက် ဒုတိယဓညဝတီမြို့ကို ထူထောင်၍ မင်းဆက်သစ်ကို စတင် လေသည်။ ၄င်းနောက် ဆက်ခံသောမင်းတို့မှာ အုပ်ချုပ်ရေးကောင်းကြဟန် ရှိသည်။ နန်းလုမှုများ တစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့ပေ။

ဘီစီ ၅၈၀ တွင် နန်းတက်သော စန္ဒသူရိယမင်းသည် တတိယဓညဝတီကို တည်ထောင်၍ မြို့တော်ကို တောင့်တင်းခိုင်မာအောင်ပြုလုပ်ပြီး သူရိယမင်းဆက်ကို တည်ထောင်လေသည်။ (တတိယ) ဓညဝတီမြို့တော်သည် အေဒီ ၃၂၇ ထိ မြို့တော်အဖြစ် ဆက်လက်တည်ရှိခဲ့သည်။

ဒုတိယဓညဝတီ(ကမ္ဘရာဇာ)ခေတ်အား အထက်ဖော်ပြပါ ပြည်သူ့ကောင်စီ သုတေသနပြု ရေးသားထားချက်များနှင့် အခြားမြန်မာမှန်နန်းရာဇဝင်၊ ဝေါတမမြတ်စွာဘုရား ဗုဒ္ဓဝင်စာပေ ပေါ် များဖြင့် ပေါင်းစပ်ကာ ဖော်ပြမှတ်တမ်းပြုစုသွားမည် ဖြစ်ပါသည်။

ကမ္ဘရာဇာမင်းနှင့်ပတ်သက်၍ ရခိုင်ရာဇဝင်ကလည်း "ထိုအချိန်အခါက ကမ္ဘရာဇာ ခေါင်းဆောင်သော အုပ်စုတစ်စုသည် ရခိုင်ပြည်မြောက်ပိုင်းသို့ ဝင်ရောက်လာသည်။ ၄င်းတို့သည် ယခု ပလက်ဝမြို့ အရှေ့ဘက်ရှိ ကျောက်ပန်းတောင်းအရပ်တွင် အခြေစိုက်လျက်ရှိသည်"ဟု ဆိုပါသည်။

http://www.dhammadownload.com



၁၉၈၄ ခုနှစ်က ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီမှ ပြည်နယ်ဖြစ်စဉ်သမိုင်းကဏ္ဍတွင်လည်း ဘီစီ ၁၄၈၃ ခုတွင် အိန္ဒိယ အရှေ့မြောက်ပိုင်း ကမ္ဗုရူပတိုင်းမှ ကမ္ဗုရာဇာသည် ဒုတိယဓညဝတီမြို့ကို တည်ထောင်၍ မင်းဆက်သစ် ပြန်စသည်ဟု ဖော်ပြထားသည်။

အေဒီ ၁၀၆၀ ခန့် ဘစောဖြူမင်း ခိုင်းစေချက်အရ မာရယုမှ ၎င်းနန်းတက်သည်အထိ ရာဇဝင်သမိုင်းကြောင်း အပြည့်အစုံကို ဖော်ပြသော "ရခိုင်မင်းသမီးချောင်း" အပိုဒ် ၇တွင်လည်း ရေးစပ်ခဲ့သူ စာဆိုဖဒူမင်းညို(အဒူမင်းညိုဟုလည်းခေါ် သည်)က အောက်ပါအတိုင်း ဖွဲ့ဆိုထား လေ သည်။

"ထိုမင်းမာရယု၊ တည်ထားပြုက၊ သားပြုမြေးချယ်၊ စဉ်တကယ်တွင်၊ ငါးဆယ်လေး ဆောင်၊ ဖြူရောင်ထွန်းလွန်း၊ ကျိန်းခန်းကုန်က၊ ဘေးမွန်ကြီးစွာ၊ ကံရာဇာလျင်၊ ပဥ္စနရီ၊ နတ်ဒေဝီနှင့်၊ တိမ်ဆီမိုးဆောင်း၊ တောင်ကျောက်ပန်းတောင်း၊ နတ်တန်ဆောင်း၌၊ ပွဲကောင်း ရင်ဘွဲ့၊ ထောင်ထားခဲ့သည်"

ဟု တွေ့ရပါသည်။

ကမ္ဗုရာဇာမှာ ရခိုင်အခေါ် အဝေါ် အရ ကံရာဇာကြီးပင်ဖြစ်ပြီး ပထမဓညဝတီခေတ်(ဘီစီ ၂၇၁၈ မှ ၁၆၄၁)အတွင်းက မင်းဆက် ၁၉ နှင့် ၂၀ အဖြစ် မင်းစဉ်မင်းဆက်ဇယား၌ ပါဝင်သော သားအဖ မင်းနှစ်ပါး ရှိခဲ့ဖူးပါသည်။ ၎င်းတို့အမည်မှာ "ကံရာဇာကြီး" "ကံရာဇာငယ်"ဖြစ်၏။

သို့ဖြစ်၍ ကံရာဇာကြီး၊ ကံရာဇာငယ်မင်းအမည်များမှာ ရခိုင်ရာဇဝင်၌ ထူးထူးဆန်းဆန်း ဒုတိယ ဓညဝတီခေတ်မှပေါ် ပေါက်သည့် အမည်များ မဟုတ်ပေ။ ၎င်းရှေးရှေးက ကံရာဇာကြီးမင်း နှင့် မမှားယွင်းရန် သတိပြုကြရမည်။

ပထမဓညဝတီခေတ် နောက်ဆုံးစွန်မင်းဖြစ်သော မင်းငယ်ပျော်လှစည်သူအကြောင်း မှတ်တမ်းပြုစုရာ၌ နီလာပန်းတောင်နှင့် ကျောက်ပန်းတောင်းဖြစ်ပေါ် လာခဲ့ပုံအား ဖော်ပြခဲ့ပြီး ဖြစ် လင့်ကစား ယခုတဖန်အနည်းငယ် ပြန်လည်ထည့်သွင်းဖော်ပြလိုပါသည်။

ပထမဓညဝတီ နောက်ဆုံးစွန်မင်း မာရယုမင်းရိုး ၅၄ ဆက်မြောက် မင်းငယ်ပျော်လှ စည်သူမင်း(အသက် ၂၈နှစ်)အား နိဗ္ဗာန်အမျိုး၊ ဝိလုပ္ပန္နော၊ လုယက်ဖျက်ဆီးတတ်သော ယုတ်

http://www.dhammadownload.com



နွမ်းသော အကျင့်အကြံ၊ တရားမသိ အပြုအမူရှိသော အမတ် ၃ဦးက ကန်သုံးဆင့်မြို့သစ်တွင် ပုန်ကန်ပုန်စားနန်းလုကာ တစ်နှစ်လေးလမျှ စိုးစံကြစဉ်က ၎င်းတို့အား မှူးတော်မတ်တော် ပြည်သူ ပြည်သားများ၏ ရည်ရှည်လက်ခံမှုကို ရရှိနိုင်စေရန်နှင့် အာဏာစက်ထက်မြက်စေရန်အတွက် မိဖု ရားကြီးဟောင်း စောစစ်နှင့် သမီးငယ်နှစ်ပါးကို ထိန်းသိမ်းသိမ်းသွင်းကာ ရုပ်ပြနန်းတင် ထား ရှိနိုင်ခြင်းမရှိခဲ့သဖြင့် မိမိတို့စိုးမိုးအုပ်ချုပ်မှုကို ထောက်ခံလိုလားသူများ တဖြည်းဖြည်း တို တောင်းသော အချိန်အတောအတွင်း ယုတ်လျော့ကျဆင်းသွားခဲ့သည့်အတွက် မြို့တော် ပျက်သုန်း သွားခဲ့ပြီး မင်းမဲ့မြို့တော်အသွင်သို့ ကျဆင်းသွားလေသည်။

၎င်းအခြေအနေနှင့်ပင် ၂၄နှစ်မျှ ရှိနေခဲ့ပြီး ပြည်ထောင်မငြိမ်မသက်မှုနှင့် မြို့တော်မှလူများ မိမိတို့၏ မိဖုရားဟောင်းနှင့် သမီးတော်နှစ်ပါးရှိရာ နီလာပန်းတောင်းသို့ ကူးပြောင်းဝင်ရောက် ခိုလှုံသွားခဲ့ကြလေသည်။ သို့ဖြစ်ခြင်းကြောင့် နီလာပန်းတောင်းမြို့မှာ စည်ပင်လာပြီး ခွန်အား တောင့်တင်းသော မြို့တော်ငယ်တစ်ခု ဖြစ်လာ၍သာ သုံးစိတ်သုံးဖြာ နီးကပ်စွာကွဲပြီး တည်ရှိနေ သော အခြေအနေ၌ နီလာပန်းတောင်းအား ကျန်ကန်သုံးဆင့်နှင့် ကျောက်ပန်း တောင်းမြို့များက ချဉ်းနင်းဝင်ရောက် တိုက်ခိုက်ဖျက်ဆီး လုယက်နိုင်စွမ်းမရှိခဲ့ခြင်း ဖြစ်ပေမည်။ ရခိုင်မင်းရိုးရှိနေ၍ ၎င်းမြို့ကြီးထွား အင်အားကောင်းလာရန် သာမန်အားဖြင့် အခွင့်အလမ်းပေးမည် မဟုတ်ချေ။

သို့သော် များမကြာမီ နီလာပန်းတောင်းနှင့် ကျောက်ပန်းတောင်းမြို့များ အဆက်အသွယ် ရရှိကာပူးပေါင်းသွားကြပြီး ကမ္ဗောဇမင်းကလာရောက်ကာမိမိကဲ့သို့ပင် သကျသာကီနွယ်ဝင် မိဖု ရားဟောင်း တစ်ပါးဖြစ်သူနှင့် သမီးတော်နှစ်ပါးတို့အား နီလာပန်းတောင်းမှ မိမိထံယူဆောင်ကာ မိဖုရားဟောင်းကို ယောက္ခမအရာထားပြီး သမီးတော်နှစ်ပါးတို့အား မိဖုရားမြှောက်ကာ ကျောက် ပန်းတောင်းတွင်ပင် ၂၄ နှစ် အထိ အင်အားဖြည့်တင်းရင်း စိုးစံနေခဲ့သည်။ ဘီစီ ၁၄၈၃ နှစ်ရောက်မှ ဓညဝတီမြို့တော်ဟောင်းကိုသိမ်းပိုက်ကာ အသစ်တဖန် ပြန်လည်ပြုပြင်ပြီး ပြောင်းရွှေ့ စံတော် မူလေသည်။ အမှန်တကယ်အားဖြင့် ဒုတိယဓညဝတီ ကမ္ဗောဇခေတ်မှာ ဘီစီ ၁၄၈၃ ခုနှစ်မှ စ တင်ခဲ့ပါသည်။ ကျောက်ပန်းတောင်း ၂၄ နှစ်နှင့်ပေါင်းပြီး ဘီစီ ၁၅၀၇ နှစ်က စတင်ခဲ့သည် ဟု ဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ မြို့နှစ်မြို့ ပူးပေါင်းသွားကာ သာကျသာကီမျိုးရိုး မင်းနွယ် ဓညဝတီမြို့စံ မင်းသမီးနှစ်ပါးအား ကမ္ဗောဇမင်းက မိဖုရားမြှောက်နိုင်ခဲ့ခြင်းကြောင့် ဓညဝတီ မြို့တော်အား တရားမဝင်အုပ်စိုးလာသော အိန္ဒိယစစ်ပြေးဒုက္ခိတ ခိုလှုံလာမင်းအသွင်မှ တရားဝင်

http://www.dhammadownload.com



မင်းအဖြစ်သို့ ကူးပြောင်းသွားကာ ပြည်ထောင်နှစ်ခုက ပြည်သူပြည်သားများမှာလည်း အာရိယို ဒြာဗီဒီယံ နွယ်တူလူမျိုးများဖြစ်ကြ၍ မြို့နှစ်မြို့ ပူးပေါင်းရာတွင် လွယ်ကူလျင်မြန်သွားခြင်း ဖြစ်ပေမည်။

## ဓညဝတီ၏ ကစ္ဆပနဒီဆောင်းပါးမှ ကောက်နုတ်ချက် နီလာပန်းတောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့များ

ပလက်ဝကား ရခိုင်ပြည်အပါအဝင် တောင်ပေါ်ဒေသ စခန်းမြို့ကြီးတစ်ခုပင် ဖြစ်ခဲ့လေသည်။ မိုးအခါ ပလက်ဝဆိပ်တွင် မီးသင်္ဘောကလေးများ တိုက်ရိုက်ဆိုက်ကပ်နိုင်ပြီး နွေအခါ၌မူကား ပလက်ဝအောက်၌ရှိသော လောင်းကဒူးအထိသာ ရောက်ရှိကြလေသည်။ သို့သော် မြစ်ညာသို့ လှေများဖြင့် အချိန်ကာလမရွေး သွားလာနိုင်ကြသည်။

ထိုမှတစ်ဆင့် စုန်ဆင်းခဲ့သည်ရှိသော် မီးဝစခန်းသို့ ရောက်လာပေမည်။ အရှေ့ဘက်မှ ဆင်းလာသော မီးချောင်းကို တွေ့မြင်ရသည်။ ဤမီးချောင်းဖြင့် ဆန်တက်လေလျှင် သမိန်းသို့ ရောက်ပြီး ထိုမှတစ်ဆင့် ရိုးမတောင်ကို ဖြတ်ကျော်နိုင်လေသည်။

ရာဇဝင်၌ ထင်ရှားသော ကျောက်ပန်းတောင်းကား ဤမီးချောင်းကလေး၏ အညာဘက်၌ပင် တည်ရှိတော့သည်။

ဤမှ စုန်ခဲ့သော် အနောက်ဘက်ကမ်းလွန်၌ နီလာပန်းတောင်း တောင်တန်းကြီးကို တွေ့မြင်နိုင်ပြီးအောက်သို့စုန်လာသော် ကျောက်တော်မြို့မှာ ကျောက်တော်တောင် အနောက်ဘက်ကမ်းနားတွင်ရှိသည်။၎င်းမြို့အရှေ့ဘက်ကမ်းလွန်၅/၆မိုင်ခန့်တွင် ဓညဝတီ မြို့တော်ရာဟောင်းနှင့် မဟာမုနိဘုရားကုန်းတော်တို့ ရှိပေသည်။

## ကျောက်ပန်းတောင်းမြို့ အေဒီ ၁၅၀၇–၁၄၈၃ (ဦးထွန်းရွှေခိုင် ၁၉၉၁)

ဤမြို့တော်မှာ အခြားမြို့တော်များကဲ့သို့ မြေပြန့်တွင် တည်ဆောက်ထားခြင်းမဟုတ်ဘဲ အလျား ၈ မိုင်၊ အနံ ၅ မိုင်ခန့် ကျယ်ဝန်း၍ ပေ ၄၅၀၀ ခန့်မြင့်သော တောင်ကုန်းမြင့်ပေါ်တွင် တည်ရှိသောမြို့ ဖြစ်သည်။ ယခုအခါ ချင်းပြည်နယ် ဆမီး(Sami)မြို့အနီး မီးချောင်းဖျားတွင် ရှိသည်။

http://www.dhammadownload.com



ဗြိတိသျှကိုလိုနီလက်ထက်ကာလ ဤဒေသသို့ မြေတိုင်းရန် ရောက်ရှိခဲ့သော ကပ္ပတိန် ဗိစီရပ်ဗီက ဤကုန်းမြင့်တွင် လူနေထိုင်မှုရှိခဲ့ဟန်တူကြောင်း သူ၏အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ရခိုင်မဟာမုနိဘုရားသမိုင်း ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)ဖေဖော်ဝါရီ ၁၉၉၁ ခုထုတ်မှ ကောက်နုတ်ဖော်ပြသည်။**

နီလာပန်းတောင်းမှာ ကျောက်တော်မြို့နှင့် ပလက်ဝမြို့အကြား အနောက်ဘက် နီလာပန်းတောင်းတောင်တန်းပေါ်တွင်ဖြစ်ပြီး၊ ဓညဝတီ အရေးအသားများ၌ အနည်းငယ်ဖော်ပြပါရှိသည်ကို တွေ့ရှိရသည်။ မီးချောင်းဖျားရှိ ကျောက်ပန်းတောင်းနှင့် တစ်ဖက်ကမ်း ကစ္ဆပနဒီ (ကုလားတန်) မြစ် အနောက်ဘက်ကမ်းလွန်တွင် တည်ရှိသည်။

ဤအခြင်းအရာနှင့်ပတ်သက်၍ မှန်နန်းရာဇဝင် ပဌမရိုက် စာတွဲစာ ၁၅၅ တွင် "ကံရာဇာကြီးမင်းသည် ကစ္ဆပနဒီမြစ် အရှေ့ဘက် ကျောက်ပန်းတောင်းမြို့ကိုတည်၍ ၂၄နှစ် စံတော် မူသည်။ ထိုမှ မာရယုမင်း တည်ထောင်ရင်းဖြစ်သော ဓညဝတီမြို့တော်ဟောင်းကို သိမ်းယူ၍ ထီးနန်းမြို့တော်တည်ထောင် စံနေတော်မူသည်"ကို တွေ့ရကြောင်း သုတေသီများက ဆိုပါသည်။

သို့သော် ၁၉၉၂ ခုထုတ် "မှန်နန်းရာဇဝင်တော်ကြီး"တွင်မူကား ကံရာဇာကြီးမင်းသည် ကစ္ဆပနဒီမြစ် အရှေ့ဘက် ကျောက်ပန်းတောင်း တောင်ပေါ်၌ မြို့ကိုတည်ထောင်၍ ၇၄ နှစ် စံတော်မူသည်။ ထိုကမှ ရှေးမာရယုမင်းတည်ထောင်ရင်းဖြစ်သော ဓညဝတီမြို့ဟောင်းကို သိမ်းယူပြီးလျှင် ထီးနန်းမြို့တော် တည်ထောင်စံနေတော်မူသည်ဟု တွေ့ရပါသည်။

အထက်ဖော်ပြပါ အချက်အလက်များက မာရယုမင်းတည်ထောင်ရင်း ဓညဝတီမြို့တော် ရှိခဲ့ပြီး ၎င်းမြို့တော်ဟောင်းအား မှန်နန်းပါ ကံရာဇာကြီးမင်းက (သက္ကရာဇ်မပါ) "ငါတို့ မြတ်စွာဘုရားသည် ဗောဓိအောင်မြေ ဗုဒ္ဓဟေဌ်၌ သစ္စာလေးဆင့် ပွင့်တော်မမူမီ ရှေးရှေး လွန်လေပြီးသော အတိတ် ကာလ၌" သိမ်းယူပြီးလျှင် ထီးနန်းမြို့တော် တည်ထောင်ခဲ့ကြောင်းကို အတည်ပြု ထားပါသည်။

သို့သော် ရခိုင်ရာဇဝင်သမိုင်းပါ ကမ္ဗရာဇာမင်းနှင့် မှန်နန်းရာဇဝင်တော်ကြီး ၁၉၉၂-ခုထုတ် ပါ ကံရာဇာကြီးမင်းများမှာ အယူအဆချင်း အများအပြား ကွဲလွဲနေသည်ကိုတွေ့ရှိရပါ၍ သက် ဆိုင်ရာစာအုပ်စာတမ်းများအား လေ့လာဖတ်ရှုကြည့်သည့်အခါ၌ အောက်ပါကွဲလွဲချက်များ အား တွေ့ရှိရပါသည်။

http://www.dhammadownload.com



## ကမ္ဗုရာဇာ(ကံရာဇာကြီး)မင်းနှင့် ပတ်သက်၍ ရခိုင်ရာဇဝင်နှင့် မြန်မာမဟာမှန်နန်းရာဇဝင်တော်ကြီး ၁၉၉၂ ခုထုတ် နှိုင်းယှဉ်ချက်

### ရခိုင်ရာဇဝင်ပါ ကမ္ဗုရာဇာ (ခေါ်) ကံရာဇာကြီး

ကမ္ဗုရာဇာမင်းမှာ အနောက်မဇ္ဈိမ သာကီဝင်ပြည်ထောင်တစ်ခုဖြစ်သည့် ကမ္ဗုရူပမြို့တော်မှ စစ်ဘေးဒဏ်ကြောင့် ရခိုင်နယ်ပယ်အတွင်းသို့ ဘီစီ ၁၅၀၇ နှစ်က ဝင်ရောက်ခိုလှုံလာကာ ကျောက်ပန်းတောင်း၌ အခြေချမြို့တည်ထီးနန်းစိုက်ထူခဲ့သော အသက် ၃၆ နှစ်အရွယ်ရှိ သကျ သာကီ စစ်ပြေးဒုက္ခသည် နန်းကျမင်းတစ်ပါးဖြစ်သည်။

ရခိုင်သို့ ရောက်လာစဉ် လမ်းခရီး၌ဆက်သသော လူမျိုးစုငယ် မင်းသမီးတစ်ပါးဖြစ်သူ ပဉ္စနရီမင်းသမီးနှင့် ဓညဝတီပထမခေတ် နောက်ဆုံးစွန် မင်းငယ်ပျော်လှစည်သူမင်း၏ မိဖုရား စောစစ်တို့မှ ဖွားမြင်သော သမီးတော်သုနန္ဒါနှင့် ဖွားတော်ထွေး(ဖွားတော်သွေး)မင်းသမီး ၃-ပါးအား မိဖုရားမြှောက်ကာ ဘီစီ ၁၅၀၇ မှ ဘီစီ ၁၄၈၃၊ သက်တော် ၆၀ တွင် ဓညဝတီမြို့ကို သိမ်းမြန်းပြီး ၁၃ နှစ် စိုးစံပြီးမှ ၇၃ နှစ်တွင် နတ်ရွာစံတော်မူသည်ဟု သိရှိရပါသည်။ **မှန်နန်းရာဇဝင်တော်ကြီး ၁၉၉၂ ခုထုတ်** အရဆိုပါက- ကံရာဇာကြီးမင်းမှာ ပဉ္စလရာဇ်မင်းနှင့် သာကီဝင်နိုင်ငံတစ်ခုဖြစ်သော ကောလိယမင်းတို့ စစ်မက် ဖြစ်ပွားပြီး သာကီဝင် ၃ပြည်ထောင် ထောင်းထောင်းပျက်၍ ရှုံးခဲ့သဖြင့် ကပိလဝတ်ပြည်မှ အဘိရာဇာမည်သောသကျသာကီဝင် ကုလားမင်းသည် မိမိဗိုလ်ခြေအလုံးအရင်း ဖြင့် မဇ္ဈိမအိန္ဒိယမှ စစ်ပြေးဒုက္ခိတအဖြစ် မြန်မာပြည်အတွင်းသို့ ခိုလှုံကာ "တကောင်း" "သဃ သာရဋ္ဌ "ဟူ၍လည်း ခေါ်သည့်မြို့ကို တည်ထောင်ပြီး၊ ဧရာဝတီမြစ်ညာ၌ အခြေချစံနေတော် မူသည်။ ၎င်းမင်းကြီး လွန်သောအခါ သားတော်ကံရာဇာကြီးမင်းသားနှင့် ညီကံရာဇာငယ် မင်းနှစ်ပါး နန်း လုကြရာ နောင်တော် ကံရာဇာကြီးရှုံးခဲ့၍ မိမိဗိုလ်ပါများနှင့် တကောင်းမြို့မှ ထွက်လာကာ ရခိုင် နယ်ပယ် ကစ္ဆပနဒီမြစ်ညာ ကျောက်ပန်းတောင်း အရပ်တောင်ပေါ်တွင် မြို့ တည်စိုးစံနေခဲ့ သည်။ နှမတော် သုဘဒ္ဒဒေဝီနှင့်မြင်သော (မယ်တော်မရှိတော့သည့်) လမ်းခ ရီးတွင် ၁၆နှစ်အရွယ်ရှိ သား တော် မုဒုစိတ္တမင်းသားအား ပျူတို့နန်းလျှာ တောင်းခံလာ ၍ပေးခဲ့ရာ ကံရာဇာကြီးမှာ ကျောက်ပန်းတောင်းကို တည်ထောင်သည့်အခါ သက်တော် ၃၂ မှ ၃၆ ခန့်အတွင်း ဖြစ်ပေမည်။ ကျောက်ပန်းတောင်းတွင် ၇၄ နှစ် နန်းစံပြီး သက်တော် ၁၀၆ မှ ၁၁၀ ရှိပြီးမှ ဓညဝတီမြို့တော်ကို သိမ်း

http://www.dhammadownload.com



ပိုက်ကာ မြို့သစ်တည် စိုးစံသည်ဆိုခြင်းမှာ ယုတ္တိမတန်ချေ။ **ရခိုင်ရာဇဝင်အရ -**

၁။ ရခိုင်ရာဇဝင်ပါ ရခိုင်မင်းသမီး ၃ပါးအား မိဖုရားမြှောက်ကာ သားတော်တစ်ပါးနှင့် သမီးတော်နှစ်ပါး ထွန်းကားခဲ့ကြောင်း၊ ၄င်းတို့အား မောင်နှမချင်း လက်ထပ် ထိမ်းမြားပေးကာ မင်းကြီးလွန်သည့်အခါ ထီးနန်းကို ဆက်ခံစိုးစံခဲ့ကြောင်းများ အား ဓညဝတီမင်းဆက်များနှင့် သက္ကရာဇ်အတိအကျ ဖော်ပြထားလေသည်။

၂။ ရခိုင်ရာဇဝင်သမိုင်းမှာ ပထမဓညဝတီ ထင်ထင်ရှားရှား သက္ကရာဇ်မင်းစဉ် မင်းဆက်၊ နန်းဆက်နန်းစဉ်နှစ်များဖြင့်ဆက်ပြီး အတိအကျဖော်ပြထား၍ ဓညဝတီ ပထမခေတ်ရှိခဲ့ကာ ကမ္ဗုရာဇာ(ကံရာဇာကြီး)မင်းသည် ဒုတိယဓညဝတီကို ဆက်ခံ ခဲ့ကြောင်း။ ၄င်းအား မှန်နန်းရာဇဝင်ကလည်း အတည်ပြုထားပါသည်။ ဓညဝတီ မြို့တော်မှာလည်း ယခုထက်တိုင် မြို့တော်နန်းတော်ရာနှင့် အခြားမျက်မြင် မြေပေါ် သက်သေခံ ရုပ်ကြွင်း ဝတ္ထုပစ္စည်းများ အမြောက်အများ ကျန်ရှိနေပါသေးသည်။ ရှေးဟောင်း ကျမ်းဂန်များလည်း အများအပြားရှိကြောင်းနှင့် ရှေးရှေးက စာပေဆိုရိုး စကားပုံ၊ ကဗျာလင်္ကာ၊ ချေင်း စသည်များကလည်း တညီတညွတ်တည်း ထွက်ဆိုထား သက်သေထူနေကြပေသည်။

မှန်နန်းရာဇဝင်၌ရခိုင်မင်းသမီး(မိဖုရား)၃ပါးအကြောင်းကိုတစ်စုံတစ်ရာ ဖော်ပြပါရှိခြင်း မရှိသည့်အပြင် သက္ကရာဇ်ကိုလည်း "ငါတို့မြတ်စွာဘုရားသည် ဗောဓိအောင်မြေ ဗုဒ္ဓဟေ၌ သစ္စာ လေးဆင့် ပွင့်တော်မမူမီ ရှေးလွန်လေပြီးသော အတိတ်ကာလ၌"ဟုသာ ပြဆိုထားရာ ဒဏ္ဍာရီ ပုံပြင်ဆန်လွန်းသည်ဟု ယူဆရပေမည်။

တကောင်းပြည်(သဃ်သာရဌ) ရှေးရှေးကမြို့တော်မှာမူ နိုင်ငံတော်ယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနဌာနမှ ပြုစုသော ၁၉၇၂ ခုနှစ်က ထုတ်ဝေသည့် "Historical Sites in Burma" စာအုပ်ပါ တကောင်းမြို့တော်အကြောင်း သုတေသနပြုပြီး မှတ်ချက်များအရ ၄င်း မြို့တော်မှာ လွန်ခဲ့သော ဘီစီ ၁၅၀၀ ခန့်က ရှေးအလွန်ကျသည့် မြို့တော်ဖြစ်နိုင်ဘွယ်ရာ ရုပ်ကြွင်း ဝတ္ထုပစ္စည်း အထောက်အထားတစ်စုံတစ်ရာမတွေ့ရကြောင်း၊ သဃ်သာရဌ(ခ)ပဥ္စလရာဇ် သမုတ်

http://www.dhammadownload.com



ခေါ်ဝေါ်သော ရှေးရှေးကတကောင်းထီးနန်းမြို့တော်နှင့် အဘိရာဇာမင်းတို့မှနီးစပ်ရာ အိန္ဒိယရာဇပုံပြင်များတွင်မှီးပြီး ရှေးလွန်လေပြီး အတိတ်ကာလကပင် မြန်မာတို့၏ ဇစ်မြစ်နှင့် အောင်မြင်မှုများ ထွန်းကားရှိခဲ့သည်ဟု ပြလိုသည့်ဆန္ဒဖြင့် ဖွဲ့နွဲ့ပြုစုထားသော ရာဇပုံပြင်ရာဇဝင်ကြောင်းတစ် ရပ်သာ ဖြစ်ရပေမည်အထိ အဓိပ္ပါယ်သက်ရောက်အောင် ရေးသားထားသည်ကို တွေ့ရပါသည်။

ရှေးဟောင်းသုတေသန အရေးအသားမှ ကောက်နုတ်ချက် အင်္ဂလိပ်ဘာသာဖြင့် နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထားပါသည်။ မြန်မာမှန်နန်း ၉၂၃ခုနှစ်က အဆိုရှိသလို ယခု အဖြစ်အပျက်များမှာ ရှေးရှေးကရခိုင်ပြည်ထောင်နယ်နိမိတ်အတွင်း အဖြစ်အပျက်တစ်ရပ် ဖြစ်သည့်အလျောက် ရခိုင်ရာဇဝင်သမိုင်းတွင်ပါရှိသော အချက်အလက်များက ပိုမိုတိကျမှန်ကန်မည် ဖြစ်ပေသည်။

မှန်နန်းရာဇဝင်၌လည်း ကံရာဇာကြီးအကြောင်း နောက်ထပ်လုံးဝမပါရှိတော့သဖြင့် အဘိရာဇာနှင့်ကံရာဇာကြီး တကောင်းမြို့တော်နှင့် ပတ်သက်မှုမရှိသော ကမ္ဘရာဇာမင်းနှင့်လည်း ခေတ်ပြိုင် မြန်မာမင်းဆက်မင်းနွယ်များသာ ဖြစ်ကြသည်ဟုမှတ်ယူကာ ရခိုင်ရာဇဝင်မှ သီးခြား ဖယ်ပြီး အထောက်အထားခိုင်လုံစွာ ရရှိပြသနိုင်သည်အထိ ထားရမည်ဖြစ်ပါသည်။ ယခုအထိ မြန်မာမှန်နန်းပါ အဘိရာဇမင်း၊ ကံရာဇာကြီး၊ ကံရာဇာငယ်နှင့် ရှေးဘီစီ ၁၅၀၀ခန့်က သဃ်သာရဋ္ဌ (ဗုဒ္ဓဂေါတမလက်ထက်မှာ တကောင်းဟု ခေါ်ပါသည်) ၄င်းမြို့ထက် ရခိုင်ကျောက်ပန်းတောင်း၊ နီလာပန်းတောင်း၊ ဓညဝတီပထမ၊ ဒုတိယစပ်ကူးမတ်ကူး သမိုင်းကြောင်းက ပိုမိုပြီးပြည့်စုံသော ရာဇဝင်မြောက်မှတ်တမ်းဟု ယူဆရပေမည်။

မှန်နန်းရာဇဝင်ကို ရေးသားသော ရာဇဝင်ပြုစုရေးအဖွဲ့ကြီးကလည်း ဤတကောင်းရာဇဝင်ကို ရေးသားရာ၌ "ရာဇဝင်ပုံပြင်များနှင့် ညှိနှိုင်းခဲ့ရသည်"ဟု မှန်နန်းပုဒ်မ ၁၀၂ တွင် ဝန်ခံထားသည်ဟုသိရကာ အထက်ပါအချက်အလက်များနှင့် မှန်နန်းရာဇဝင်အား စတင်ပြုစုခဲ့သည့် ရခိုင်ပြည်ထောင်အား သိမ်းယူခဲ့သော ဘိုးတော်(ဗဒုံ)မင်းလွန်ပြီးစ ဘကြီးတော်မင်းလက်ထက် မှန်နန်းပြုစုရေးသားခဲ့သော အေဒီ ၁၈၁၉-၁၈၂၁ အချိန်အခါကို ထောက်ရှုခြင်းအားဖြင့် ရာဇဝင်ပုံပြင်'တစ်ခုအဖြစ် ဖန်တီးရေးသားကြသည်ဟု ထင်မြင်ပါသည်။ ကမ္ဘရာဇာမင်းအား ကံရာဇာကြီးအဖြစ် အစားထိုးကာ မှန်နန်းပြုစုရေးသားသူများကဖွဲ့နွဲ့ပြီး ကံရာဇာကြီးနှင့် အဘိရာဇာမင်းဒဏ္ဍာရီကို ဖန်တီးခဲ့ဟန်တူပါပေသည်။

http://www.dhammadownload.com



သို့ဖြစ်၍ ဤအခြင်းအရာအား တိတိကျကျ သိရှိလေ့လာနိုင်ရန်အတွက် မှန်နန်း ၉၂-ခုနှစ်ပါ သာကီဝင်မျိုးရိုးဖြစ်ပေါ်လာပုံနှင့် ကပိလဝတ်ပြည် တည်ထောင်ခြင်းကို ဝိဋ္ဋူပမင်းဖျက်ခဲ့သည်အထိ နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထားပါသည်။ ၎င်းနှင့်အတူ ရှေးဟောင်းသုတေသနပြဌာနမှ ပြုစုရေးသားထားသည့် တကောင်းမြို့တော် သုတေသနပြု တွေ့ရှိချက်မှုရင်း ၁၉၇၂ ခုထုတ်နှင့် နောက်ထပ် ၁၉၇၅ ခုနှစ်က ၎င်းအား ပြန်လည်ပြုပြင်ပြီး ထုတ်သည့် အဘိရာဇာမင်းတည် တကောင်းတွင်မူ ဒွတ္တဘောင်မင်း၊ စူဠာသမ္ဘဝ၊ မဟာသမ္ဘဝ၊ သရေခေတ္တရာမြို့ စသည်တို့ဖြင့် ရှေးဟောင်းတကောင်းမှာ ယခုအခါ ၎င်းနေရာ၌ မြို့ရွာဖြစ်နေပြီ ဖြစ်၍ သုတေသနပြုလုပ်ရန် ခက်ခဲကြောင်း ထောက်ပြထားပါသည်။ မည်သို့ပင်ဖြစ်စေ တကောင်း မြို့တော်ဟောင်းမှာ ယခုအထိ တွေ့ရှိရသမျှသော အုတ်ခွက်ဘုရား၊ ကျောက်ကြေးဆင်းတု တော်များနှင့် စာပေအရေးအသားပါ ရှေးဟောင်းရုပ်ကြွင်းပစ္စည်းတို့မှာ ပုဂံအနော်ရထာ(အေဒီ ၁၀၁၇)မင်း လက်ထက်မှ အထောက်အထား သက်သေခံဝတ္ထုပစ္စည်းများသာဖြစ်ကြောင်း တွေ့ရပြီး၊ ၎င်းခေတ်မတိုင်မီ ရှေးကျသော အထောက်အထားများ မတွေ့ရကြောင်း၊ အကယ်၍ ရှိပင် ရှိခဲ့ငြားလည်း ၎င်းရွာငယ်များ၏ သက် တမ်းခရစ်သက္ကရာဇ် အစောပိုင်း(အေဒီ ၂-၃)ရာစုစသည်ဖြင့် အချိန်ကာလသို့ပင် ရောက်ရှိနိုင်မည်မဟုတ်ဟု ဖော်ပြထားပါသည်။

မှန်နန်းရာဇဝင် ၉၂-ခုနှစ်ထုတ်က မြန်မာသက္ကရာဇ်(၉၀၀)ကျော်ခန့်တွင် ရေးသားသည့် (အေဒီ ၁၅၃၈)ဟု ခန့်မှန်းရသော ကျမ်းပြုဆရာအမည်ကိုလည်း သေချာစွာမသိရသော "ပုဂံရာဇဝင် ဟောင်း"တစ်ခုရှိသည်။သင်းတွဲ၊တကောင်း၊သရေခေတ္တရာ၊ ဗျာဒိတ်ပိုင်းများဖြင့် ရာဇဝင်ဖွင့်သည်။ "မြန်မာအစ တကောင်းက" သဘောမျိုးမရေးဘဲ "မြန်မာအစ သရေခေတ္တရာက" သဘောမျိုးရေးပြီး သရေခေတ္တရာ တည်ထောင်ပုံ၊ ယင်းကိုတည်ထောင်သော ဒွတ္တဘောင်၊ မဟာသမ္ဘဝ၊ စူဠာသမ္ဘဝတို့ အကြောင်းကစ၍ ရာဇဝင်ဖွင့်သည်။ မှန်နန်းရာဇဝင်တော်ကြီး အတွဲ(၁) ၁၉၉၂-ခုနှစ်ထုတ်၊ စာမျက်နှာ "ခ"မဟာနိဒါန်းအောက်တွင် ဖော်ပြထားရာ ဤသရေခေတ္တရာမှာ ရခိုင် တတိယဓညဝတီ နောက်ပိုင်းနှင့် ဝေသာလီကျောက်လှေကား မြို့တော်ခေတ်နှင့်သာ ခေတ်ပြိုင်ဖြစ်ပေသည်။

ဒွတ္တဘောင်မင်းဖြစ်လာသည့် သက္ကရာဇ်မှာ ဗျာဒိတ်တော်အရ သာသနာ ၁၀၁ ဖြစ်၍ (မှန်နန်း ၉၂၊ စာ ၁၇၁) ဘီစီ ၅၄၄(-)၁၀၁ ' ဘီစီ ၄၄၃ ခန့်ဖြစ်မည်)သို့ဖြစ်ရာ ဗုဒ္ဓဂေါတမ ပရိ

http://www.dhammadownload.com



နိဗ္ဗာန်ပြုပြီး နှစ်ရာစု(၁)စုကျမှ သရေခေတ္တရာ၊ ပျူမြို့တော်စတင်ခဲ့သည်ဟု ယူဆရပေမည်။ အေဒီ ၈၁ ခုတွင် သရေခေတ္တရာပြည်မှ သုပညာနဂရဆိန္နမင်းသည် ရခိုင်ပြည်သို့ ရောက်ရှိလာပြီး ရွှေအဆင်းရှိသော မဟာမြတ်မုနိဘုရားကြီးကို ဖူးတွေ့ရကား အလွန်ကြည်ညိုသဒ္ဓါဖြစ်၍ သုံးနှစ်တိုင်တိုင် မပြန်နိုင်ဘဲရှိခဲ့သည်ဟု ဦးထွန်းရွှေခိုင် ပြုစုရေးသားသည့် "မဟာမုနိသမိုင်း"(ရခိုင်) စာမျက်နှာ ၃၇ တွင် တွေ့ရပါသည်။

ရှေးဟောင်းသုတေသနဌာနမှ ထုတ်ဝေသည့် "Historical Sites in Burma" စာမျက်နှာ ၁၆ တွင်လည်း သာသနာသက္ကရာဇ် ၁၀၁ တွင် ဒွတ္တဘောင်(ပျူမင်း)တည်ထောင်ခဲ့သည်ဟု ယူဆကြကြောင်း၊ ၎င်းမြို့တော်အား တည်ထောင်ပြီး နှစ်ရာစု(၅)စုခန့်အကြာတွင် ပျက်သုန်းသွားခဲ့ကြောင်း ဖော်ပြထားပါသည်။ မှန်နန်း ၉၂ခုထုတ် အနော်ရထာမင်းက သူပုန်သူကန်များ နောင်တွင် မခိုအောင်းနိုင်စေရန် ဖျက်ဆီးပစ်ခဲ့သည်ဟု အဆိုရှိပါသည်။ အေဒီ ၁၁ရာစု အစပိုင်းဖြစ်သည်။ သို့သော် ရှေးရှေးဘီစီ ၁၅၀၀ ခန့်က တကောင်းသယ်သာရဋ္ဌနှင့် ဆက်စပ်မှုကား မရှိပေ။

"မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း"အတွဲ ၁၃၊ ဆရာဝန်တင်ရွှေ အရေးအသား၌ အောက်ပါအတိုင်း နိုင်ငံတော်ရှေးဟောင်းယဉ်ကျေးမှု သုတေသနဌာနကကဲ့သို့ပင် ပါရှိပါသည်။

"တကောင်းမြို့" ဘီစီ ၆ ရာစုခေတ်လောက်ကတည်းက ဧရာဝတီမြစ်ကြီးနဘေး၊ မန္တလေးမြို့မှ ၁၂၇ မိုင်အကွာတွင် တည်ရှိသည်။

တူးဖော်ရရှိသော အချက်အလက်များအရ တကောင်းမြို့သည် ပုဂံမြို့၌ အနော်ရထာမင်းစောနန်းတက်သောခေတ်တွင်မြို့ကြီးတစ်မြို့အဖြစ် ရပ်တည်နေပြီးဖြစ်သည်။ ဤမြို့ဟောင်းမှလည်း ဗုဒ္ဓသာသနာထွန်းကားခဲ့သည့် အထောက်အထားများ တူးဖော်ရရှိပါသည်။ (၎င်းစာအုပ် စာ-၈၄-၈၅) တွင် တကောင်းမှ တူးဖော်ရရှိသော တကောင်းမြို့ဟောင်း ရုပ်ကြွင်းပစ္စည်းများမှာ ခရစ်သက္ကရာဇ် ၉ ရာစုမှ ၁၂ရာစု ဗုဒ္ဓဂေါတမ ကျောက်ဆင်းတုတော် ပုဂံလက်ရာများသာ ဖြစ်သည်ဟု သိရပါသည် စသည်ဖြင့် ပါရှိပါသည်။

ရခိုင်ရာဇဝင်၌ ဝေသာလီကျောက်လှေကား မြို့တော်မှ အလွန်တရာ တန်ခိုးအာဏာစက်ပြင်းထန်သည့် စူဠစန္ဒြ (အေဒီ ၈၀၀ စု နောက်ပိုင်းတွင်) သင်းတွဲသို့ ကြီးမားသော ရေကြောင်းချီတပ်တော်ကြီးနှင့် သွားရောက်ကာ မိမိ၏ခေါင်းခဲရောဂါအား ကုသပြီး၊ အတန်ကြာလျှင် ဩဇာခံသင်းတွဲ

http://www.dhammadownload.com



မင်း၏ဆက်ဆံ အပြုအမူကောင်းမှုကြောင့် ၄င်းမြို့၌ မိမိနိုင်ငံသို့ မပြန်နိုင်ဘဲ အတန်ကြာပျော်ပါး မွေ့လျော်နေကာ အပြန်လမ်းတွင် နဂါးရစ်အငူအရောက် လေမုန်တိုင်းကျရောက်၍ ရေတပ်ပျက်ခဲ့သဖြင့် စူဠစန္ဒြမင်း အနိစ္စရောက်ခဲ့ရသည်ဟု အဆိုရှိပါသည်။ ရခိုင်ရာဇဝင်က အေဒီ ၇၆၉ ခု ဟု ဆိုသည်။

## ကမ္ဘရာဇာ (ကံရာဇာကြီး) မင်း ဓညဝတီမြို့တော်ဟောင်းအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်း(ရခိုင်ရာဇဝင်အရ)

ကမ္ဘရာဇာမင်း ဓညဝတီမြို့တော်ဟောင်းအား ပြန်လည်တည်ဆောက်ရာတွင် လက်ဦး ပထမက နန်းမြို့နေရာကိုချဲ့ကာ ယခင်နေရာနှင့်ကပ်လျက် မနီးမဝေးတွင်ရှိသော "သီရိဂုတ္တ" တောင်ကုန်းနယ်မြေကိုပါ ထည့်သွင်းတည်ဆောက်ခဲ့ရာ ဤနေရာမှာ နောင်လာလတ္တံ့သော မဟာမုနိရုပ်ရှင်တော်မြတ် ကိန်းဝပ်စံပါယ်တော်မူမည့် မြေနေရာဖြစ်၍ လူသူရဲမက် အပျက်အစီး များသဖြင့် ပညာရှိပုရောဟိတ်တို့ ဟောကြားအကြံပြုချက်အရလည်းကောင်း၊ ဘုရင်မင်းကြီး အိပ်မက်တော်မြင်မက်ချက်အရလည်းကောင်း၊ ယခင်မြို့တော်ဟောင်း နန်းမြို့နေရာသို့ ပြောင်းရွှေ့ တည်ဆောက်ခဲ့ရလေသည်။ နန်းမြို့နှင့် ဘုရားကုန်းတော်မှာ ကပ်လျက်တည်ရှိပါသည်။ (မြို့တော်ရာ ဓာတ်ပုံအား နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။)

ဒုတိယဓညဝတီမြို့တော်ရာ ရွေးချယ်တည်ဆောက်ခဲ့သည့် အကြောင်းအရာနှင့် ပတ်သက်၍ "ရခိုင်ရှေးထုံးရာဇဝင်လင်္ကာ"တွင် အောက်ပါအတိုင်း ဖွဲ့ဆိုထားလေသည်။

> "သိမြင်ကျမ်းဂန်၊ ဗေဒင်မွန်တို့၊ လျှောက်ပန်သည်ရာ၊ ရာဇလူထွဋ်၊ ရှင်မင်းမြတ်၊ ပွင့်လတ်နောင်လာ၊ သုံးလူချာတို့၊ စည်လာကိုယ်စား၊ ထင်ရှားတည်လာ၊ မဏ္ဍာရာဟု၊ ဆရာသူမြတ်၊ လျှောက်ကုန်လတ်သော်၊ မလျော်သင့်ပေ၊ အမိပ္ပါယ်ကို၊ သံဝေဂယူ၊ ကျိန်းတော်မူရာ၊ ညဥ့်အခါဝယ်၊ ဒေဝါသက္ကာ၊ မာယာဘုန်းသျှင်၊ ဝတီရှင်က၊ စက်သျှင်ကိန်းရာ၊ ပေးလာအိပ်မက်၊ မိပ္ပါယ်ချက်မူ၊ အထက်သာယာ၊ မြို့ရာဟောင်းဝယ်၊ ပျော်စံနေမှ၊ မင်းလှုပ ရမေ၊ တိုးလေပွားပေ၊ ဘုန်းတော်စည်ဟု၊ မြို့မြေနန်းရာ၊ ပြောင်းစံပါသော်၊ . . . . "

ဟု တွေ့ရပေသည်။

http://www.dhammadownload.com



အသစ်တဖန် ယခင်မြို့တော်ဟောင်းနေရာတွင် ပြန်လည်တည်ဆောက်ထားသည့် မြို့တော် သစ်၌ ကမ္ဘရာဇာ(ကံရာဇာကြီး)မင်းနှင့် မိဖုရားသုနန္ဒရီ၊ ဖွားတော်ထွေး(ဖွားတော်သွေး)၊ ပဥ္စနာရီ မိဖုရားသုံးပါးတို့က ဘီစီ ၁၄၈၃ ခုနှစ်မှ ၁၄၇၀ ခုနှစ်အထိ ၁၃-နှစ်၊ (ကျောက်ပန်းတောင်း၊ နီလာပန်းတောင်း၊ ဘီစီ ၁၅၀၇-၁၄၈၃'၂၄) စုစုပေါင်း ၃၇ နှစ် စိုးစံခဲ့ကြပါသည်။

မိဖုရား ပဥ္စနာရီမှဖွားမြင်သည့် သားတော် သီလရာဇာနှင့် မိဖုရားဖွားတော်ထွေးမှ ဖွားမြင်သည့် သုဝဏ္ဏသုဘာသီ သမီးတော်နှစ်ပါးတို့အား စုံဖက်တော်မူပြီး အိမ်ရှေ့အရာ တင်မြှောက် ထားရာ ဖခမည်းတော် နတ်ရွာစံသည့်အခါ၌ ဓညဝတီထီးနန်းအရိုက်အရာကို ဆက်လက်ခံယူကာ ၄၁နှစ် နန်းစည်းစိမ်ကို ခံစားခဲ့ပြီး၊ သားစဉ်မြေးဆက် ကံရာဇာကြီးမှ ၂၈ဆက်၊ မြို့တော်သက်တမ်း ဘီစီ ၁၄၈၃ မှ ဘီစီ ၅၈၀ နှစ်အထိ စိုးစံခဲ့ကြပါသည်။

ဒုတိယဓညဝတီခေတ် နောက်ဆုံးမင်းမှာ သီရိရာဇာမင်းနှင့် မိဖုရား ကုမ္မာရီဖြစ်ပြီး ၎င်းတို့၏ ထီးနန်းအရိုက်အရာကို ဆက်ခံသူမှာ ရခိုင်ရာဇဝင်သမိုင်းကြောင်း၌ မာရယုမင်းတမျှ ကျော်ကြား လူသိများသည့် စန္ဒသူရိယမင်းမြတ်ပင် ဖြစ်သည်။

ပထမဓညဝတီခေတ်နှင့် မြို့တော်ကို မာရယုမင်းတည်ထောင်ခဲ့သလို စန္ဒသူရိယမင်းမှာ တတိယဓညဝတီခေတ်နှင့် ရခိုင်သူရခိုင်သားများ၊ ရသေ့ကြီး၊ နတ်ဘုရားကို ကယ်တင်သူများအဖြစ် ကိုးကွယ်မှုမှ ဗုဒ္ဓဘာသာအယူဝါဒသစ်အား နိုင်ငံတော်၏ ဘာသာရေးခံယူချက်ဖြင့် နိုင်ငံတစ်ဝှမ်းလုံး၌ ခိုင်မြဲစွာထွန်းကားအမြစ်တွယ်စေရန် ပြုပြင်ပြောင်းလဲနိုင်ခဲ့သော မင်းဖြစ်ပေသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များအတွက် ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်ပြုပြီးချိန်နောက်ပိုင်း ဘုရားရှင်၏ ဗျာဒိတ်တော်ဖြင့် သာသနာ ၅၀၀၀ တိုင် အပူဇော်ခံမည့် ဘုရားရှင်မျက်မှောက်၌ သွန်းလုပ်ခဲ့သည့် ရုပ်ရှင်တော်မြတ်တစ်ဆူအား သွန်းလုပ်အလှူဒါနပြုခဲ့သူ မင်းလည်းဖြစ်ပေသည်။ ထိုဘုရား မဟာမုနိ ရုပ်ရှင်တော်မြတ်မှာ သာသနာသက်တမ်း တစ်ဝက်ကျိုးကျော်လွန်သည်အထိ နှစ်ပေါင်း ၂၅၁၂နှစ်မျှ (နှစ်ပေါင်း ၂၅၀၀ ကျော်လွန်)သည့်တိုင်အောင် လက်ရာမပျက် မန္တလေးရွှေဟောင်းမြို့တော်၌ အပူဇော်ခံဆဲဖြစ်ပြီး ရခိုင်မြို့တော်ဟောင်း ဓညဝတီ၌လည်း နဂိုမူလလက်ရာမပျက် ခေတ်ပြိုင်ဟု ယူဆကြသော ကျောက်ညိုရုပ်ရှင်တော်တစ်ဆူမှာ ယခုတိုင် အပူဇော်ခံဆဲ ဖြစ်ပါသည်။ ပြည်ထောင်စု ကြီးနှင့် ဒေသခံနှစ်ရပ်လုံးအတွက် ဤမျှအခွန့်ရှည်စွာ ထိန်းသိမ်းစောင့်ရှောက်

http://www.dhammadownload.com



ကိုးကွယ်ထားရှိ နိုင်မှုကပင် ကမ္ဘာ့လူ့ယဉ်ကျေးမှုနှင့် သာသနာ ရေးသမိုင်းကြောင်း၌ ဂုဏ်ယူဝင့်ကြွားအံ့ဩဖွယ်ရာ တစ်ရပ်ပင် ဖြစ်ပါသည်။ နိုင်ငံတော်၏ ရှေးရှေးပဝေသဏီက ယဉ်ကျေးမှုအဆင့်အတန်းကိုလည်း ပေါ်လွင်စေခဲ့ပါသည်။

ဤဒုတိယဓညဝတီခေတ်နှင့် ပတ်သက်သော ခိုင်မာသည့် အထောက်အထားများမှာ-

၁။ အေဒီ ၇၂၀ မှ ၇၂၉ အတွင်းက မှတ်တမ်းတင်ထားရှိသည့် ဝေသာလီကျောက်စာတိုင် အနောက်ဘက်မျက်နှာစာပါ ကျောက်ထက်အက္ခရာတင် သက္ကတဘာသာဖြင့် မင်းစဉ်မင်းဆက်ဇယား (နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။)

၂။ အေဒီ ၆၇၇-၆၈၀ က "မေဓပညာမော်ကွန်းလင်္ကာ"။

၃။ မြန်မာမှန်နန်းရာဇဝင်တော်ကြီး အတွဲ(၁) ၁၉၉၂ ခုနှစ်ထုတ်ပါတည်ထောင်ရင်းမင်းမူကွဲ။ စာ ၁၅၁-၁၅၆။

၄။ မြဒိုးဝေရာဇဝင်(ဦးစံလှ၊ ဓညဝတီနိုင်ငံရွာများ ကဗျာလင်္ကာ)အေဒီ ၁၇၄၂-၁၇၆၁)၊ ဤကဗျာချောင်းနှစ်ပုဒ်မှ သမိုင်းကြောင်းအထောက်အကူပြုအပိုဒ်များ။

၅။ ဖဒူမင်းညို၏"ရခိုင်မင်းသမီးချောင်း"အေဒီ ၁၄၅၉-၈၂။

၆။ ဓညဝတီမြို့တော်ခေတ်သည် ဒဏ္ဍာရီမဟုတ်ပါ။ (ဆောင်းပါး)

၇။ ဝေသာလီကျောက်စာတိုင်မှတ်တမ်း မြစ်ဖျားခံရာခေတ်။ (ဒေါက်တာဆာကား၊ ခုနှစ် သက္ကရာဇ်သတ်မှတ်ချက်)

အထက်ပါ အမှတ်စဉ်(၁)နှင့် အေဒီ ၃၀၀-၆၀၀ မှ အရှေ့မျက်နှာပါ၊ အေဒီ ၆၀၀ အောက်နှင့် ၁၀၀၀ ခန့်တွင် ရေးထိုးသည့် မြောက်ဘက်မျက်နှာစာများ။

## မြဒိုးဝေ(မှိုင်ငြမ်းပြု ဦးစံလှ)လင်္ကာမှ ကောက်နုတ်ချက်

"ရှိဝယ်ကာလ၊ ပြည်ရခိုင်မှာ၊ သကျသာကီ၊ မဟာဆွိကေ၊ ဇာနီဘုန်းတု၊ မြတ်ရာဇာလေ၊ မာရယုလျှင်၊ ပြုစုတည်ထောင်၊ နန်းထီးဖြူနှင့်၊ ခွန်ယူမိုးလို့၊ စိုးပြီးနောင်တွင်၊

http://www.dhammadownload.com



များမြောင်နန်းတက်၊ သာဂီဝင်ကော၊ ဘုရင်ဆက်ကို၊ တွက်စစ်ရှိထား၊ များသွယ်သွယ်နှင့်၊ ငါးဆယ့်ငါးလျှင်၊ စံစားပျော်မှီ၊ နှစ်လီလီကို၊ တွက်ရှိသောခါ၊ ဆကောနှင့်၊ အဋ္ဌာကော၊ မျိုးခြားနိုင်၍၊ စိုးပိုင်သကော၊ ရာဇဘုရင်၊ ခြောက်ဆယ်တွင်ဝယ်၊ စံရှင်နှစ်နှစ်၊ ညေမည်ကော၊ ပြည်အသက်ကို၊ ပေါင်းဘက်လိုက်သော်၊ တွက်စစ်များမြောင်၊ နှစ်တစ်ထောင်နှင့်၊ ထိုနောင်ရှစ်ရာ၊ တဆယ်မှာတွင်၊ ကျော်ကာရှစ်နှစ်၊ သက္ကရာဇ်ကို၊ တွက်စစ်ပြန်ရာ၊ တိကောနှင့်၊ အဋ္ဌာသတ္တာ၊ ထိုခါဝယ်လေ၊ ပြည်ညေလျှင်၊ ဖြစ်ကပျက်ပြန်၊ လောကခံကို၊ မလွန်နိုင်ပြီ၊ နန်းထီးဖြူကို၊ ပိုင်သူကင်းကော၊ ယင်းပျက်စီးလို့၊ တသီးနောင်မှာ၊ ကံရာဇာဟု၊ သညာနာမ၊ သတင်းကျော်၍၊ ဘွဲ့တော်ရကော၊ မင်းလှဘုန်းကြွယ်၊ တိုင်းရက္ခာမှာ၊ ညောမြို့ကို၊ ထပ်လို့တည်လျှက်၊ ဆက်နွယ်မပျက်၊ ထီးနန်းထိုင်၍၊ စိုးပိုင်ပြီးကော၊ သားမြီးဆက်လို့၊ နန်းတက်တုံမြဲ၊ မြို့ညောမှာ၊ စည်ကာဖြစ်ကော၊ နှစ်ဆယ့်လေးတွင်၊ ဘုံးကံပကော၊ ရာလမာယု၊ ဘွဲ့မည်တော်ဖြင့်၊ တွင်ခေါ်ကျူးကော၊ နှိုင်းတုမရ၊ ပြင်းအာဏာနှင့်၊ မင်းရာဇာလျှင်၊ ဏာဝစန္ဒီ၊ ခန်းကြီလီကော၊ ကောဇာနှစ်ကို၊ ဖျက်ပစ်ပြီး၍၊ တစ်လီအသစ်၊ စွန်းသင်္ချာဖြင့်၊ တည်ကာခင်းကော၊ အကြွင်းနှစ်က၊ တွက်စစ်မှတ်ရာ၊ ထိုသင်္ချာကို၊ စဉ်လာသုံးလျှင်၊ နန်းတက်စံဘိ၊ အဆုံးစွန်မှာ၊ ဘုန်းကံဟိကော၊ သီရိရာဇာ၊ ဘွဲ့မည်တော်ဖြင့်၊ တွက်ခေါ်လတ်ကော၊ မင်းမြတ်စွာမှာ၊ တောင်ညာနန်းစံ၊ ကုမ္ဘာရံဟု၊ အလွန်ကျော်ကြား၊ လှတင့်တယ်၍၊ အသရေဟိကော၊ မိဖုရားတွင်၊ တက်ပွားကောဇာ၊ ဒွေးသတ္တာနှင့်၊ မှုံဝါရီမြ၊ ဆီးနှင်းယိုကော၊ ပြာသိုလ်လ၏၊ ပြည့်ထရက်တွင်၊ အာကာပြင်မှာ၊ နီဝင်လုခါ၊ လစန္ဒာလျှင်၊ ပေါ်ကာထွက်စ၊ သားပုတ္တာကို၊ တောင်ညာနန်းမ၊ မီးသန့်စင်၍၊ ဖွားမြင်ရသော်၊ နီလနှစ်ဆူ၊ ပေါင်းဖက်ထူ၍၊ ကောက်ယူပြီးခါ၊ နန်းလောင်းလျာကို၊ စန္ဒသူရိယ၊ သောင်းလုံးကျော် အောင်၊ ဘွဲ့တော်သ၍၊ . . . ”ဟု ပါရှိပါသည်။

ကမ္ဘရာဇာခေါ် ရခိုင်ကံရာဇာကြီးနှင့် မြန်မာမှန်နန်း ၉၂ ခုပါ အဘိရာဇာ၊ သားတော် ကံရာဇာကြီး၊ ကံရာဇာငယ် မင်းသုံးပါးတို့နှင့်ပတ်သက်ပြီး အရင်းအမြစ်များအား အောက်ပါအတိုင်း စဉ်းစားသင့်ကြောင်း တင်ပြလိုပါသည်-

၁။ ကံရာဇာ(ကံရာဇာကြီး)နှင့် အဘိရာဇာ တကောင်းမင်းနှစ်ပါးစလုံးတို့မှာ ပဉ္စလရာဇ် မင်းက သာကီဝင်မျိုးပြုတ်အောင် စစ်ခင်းသတ်ဖြတ်မှုကြောင့်

http://www.dhammadownload.com



လည်းကောင်း၊ စစ်ဘေးစစ်ဒဏ်မှလွတ်ကင်းရန် ရှောင်ရှားကာ စစ်ပြေးဒုက္ခိတ သကျမင်းများဖြစ် ကြသည့်အတွက် အင်ဒိုအာရီယန်/အင်ဒိုဒြာဗီဒီယံ သာကီဝင်သကျ အနောက် မဇ္ဈိမမှ မင်းများဖြစ်ကြ၍ ရခိုင်/မြန်မာ အယူအဆ နှစ်ရပ်လုံး အခြေခံအရ အတူတူပင်ဖြစ်ခြင်း။

၂။ ကမ္ဘောဇ/အဘိရာဇာမင်းများ ယခု ပြည်ထောင်စုမြန်မာနိုင်ငံနယ်နိမိတ်အတွင်း သို့ ဝင်ရောက်လာကြသည့်အခါ၌ အာသံ(Tuzu Gap)တူကူတောင်ကြား လမ်းကို ဖြတ်ကျော်ပြီး ချင်းတွင်းမြစ်ဖျား ဟုမ္မလင်းဒေသမှ "တကောင်း" သို့မဟုတ် "ကလေး" ဒေသသို့လည်းကောင်း၊ သို့မဟုတ် မဏိပူရ/ ဘင်္ဂါ (ဘင်္ဂလား) နယ်ပယ် ကုလားတန်မြစ်ဖျား "ပလက်ဝ"ဒေသ အရှေ့တောင် ဝန်းကျင်ရှိ ကျောက်ပန်း တောင်းတောင်သို့လည်းကောင်း၊ လက်ရှိ ချင်းပြည်နယ် အရှေ့မြောက်/ အနောက် တောင် တစ်ဖက်ဖက်မှ ဝင်ရောက်ခဲ့ရမည်မှာ အမှန်ပင် ဖြစ်ပေသည်။ သို့ဖြစ်ခြင်းကြောင့် ဝင်ရောက်ခဲ့ရာ လမ်းကြောင်း မှာလည်း အခြေခံအားဖြင့် တူညီမှု ရှိသည်ဟု ဆိုရပေမည်။

၃။ ကံရာဇာကြီး ကမ္ဘောဇာအမည်နာမမှာ ကုလားနှင့် ရခိုင်မြန်မာ ဘာသာပြန် အခေါ်အဝေါ်များဖြစ်၍ တူညီမှုရှိပေသည်။

၄။ မြန်ပြည်/ရခိုင်ဒေသအတွင်း ဝင်ရောက်သည့် အချိန်ကာလအပိုင်းအခြား ကိုက်ညီပြီး လွန်လေပြီးသော နှစ်ပေါင်း ၃၅၀၀ ခန့်က အဖြစ်အပျက်တစ်ရပ် ဖြစ်ပါ၍ ဝင်ရောက်ချိန်ကွာဟမှု နှစ် ၂၀-၃၀ မှာ မဖြစ်စလောက်သော အစိတ်အပိုင်းတစ်ရပ်ဟု ယူဆရပေမည်။

၅။ သို့ဖြစ်ပါ၍ မင်းအမည်နာမထက် အခြေခံအဖြစ်အပျက်ကို လက်ခံရပေမည်။ ကျောက်ပန်းတောင်း၊ တကောင်းမျိုးရိုး ဇာတိဇစ်မြစ်ပေါ်လွင်မှုကသာ အရေးပါသော လိုရင်းအချက် ဖြစ်ပေသည်။

http://www.dhammadownload.com



## တတိယဓညဝတီ(သူရိယမင်းစဉ်မင်းဆက်)ခေတ်

တတိယဓညဝတီခေတ်သည် စန္ဒသူရိယမင်းမှ သူရိယကေတုမင်းထိ မင်းဆက်ပေါင်း ၂၅ ဆက်နှင့် နှစ်ပေါင်း ၉၀၆ နှစ်ကြာညောင်းခဲ့သည်။ စန္ဒသူရိယမင်း နန်းသက်(၅၁)၊ သက်တော် ၇၆ နှစ်တွင် သက္ကရာဇ် ၁၄၈ နှစ်ကို အကြွင်းမဲ့ဖြိုသည်။ ဤသက္ကရာဇ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံနှစ်ဖြစ်သည့် သက္ကရာဇ်ကိုဖြို၍ ၁ နှစ်လွန်မှ စန္ဒသူရိယမင်း နတ်ရွာစံသည်။ (သာသနာ သက္ကရာဇ် ၂ နှစ်)။

စန္ဒသူရိယမင်းမှ ၁၆ ဆက်မြောက် သူရိယစိတြမင်းလက်ထက် သက္ကရာဇ် မနဋ္ဌာကိန်း ၆၀၉ ကို ၂ကြွင်းထား၍ ၆၀၇ ကို ဖြိုသည်။

ရာလမာယု၊ မိ၊ ဘ၊ စံ၊ စီ၊ ကိန်း ရခိုင် ၈၆၄၅-မဟာ ၂ကြွင်းမှ ရေတွက်လာသော ဘိုးတော်အဋ္ဌန ၉၇ မှ သာသနာ(အဇာတသတ်-ပဉ္စျူစတု ရှုပကိန်းဖြို ၈၅၆ ခု)၊ နှစ်စု ၉၀၆ နှစ်၊ မင်းဆက် ၂၅ ဆက်။ ခရစ်သက္ကရာဇ် ဘီစီ ၅၄၂ မှ အေဒီ ၃၆၄ အထိ အစွန့်ရှည် တည်တံ့ခဲ့သည်။

ဒုတိယဓညဝတီမှ ကမ္ဗုရာဇာ(ကံရာဇာကြီး)မင်း၏ မင်းစဉ်မင်းဆက် နောက်ဆုံးစွန် ၂၈ ဆက်မြောက် သီရိရာဇာမင်းမြတ်နှင့် မိဖုရားကြီးကုမ္မာရီ(ဘီစီ ၅၇၂-၅၄၂)တို့မှ မဟာ ၇၂ခု၊ ဘီစီ ၅၆၇ တွင် ဖွားမြင်တော်မူသော မင်းသားငယ်မှာ နေဝင်လထွက်ချိန်၌ ဖွားမြင်တော်မူခြင်းကြောင့် ၄င်းအချိန်အခါကို အတိတ်ယူပြီး “စန္ဒသူရိယ”မင်းသားဟု မိဘနှစ်ပါးက အမည်နာမ မှည့်ခေါ်ခဲ့ ကြပါသည်။ ယင်းကဲ့သို့ ဖွားမြင်တော်မူခြင်းနှင့် အမည်ပေးခြင်းအကြောင်းကို အေဒီ ၁၇၅၇ခန့်က ရခိုင်စာဆို ဒိုးဝေရာဇဝင်ကို မှီငြမ်းရေးသားသော အောက်ပါ “ဓညဝတီမြို့၏ နိဂုံးရွာများ သမိုင်းလင်္ကာ”တွင် ဖော်ကြူးထားပါသည်။

သီရိရာဇာ၊ မင်းမဟာနှင့် မိဖုရားကြီး ကုမ္မာရီ ဒုတိယဓညဝတီမြို့တော် ကံရာဇာကြီးခေါ် ကမ္ဗုရာဇာ ၏ နောက်ဆုံးစွန် ၂၈ ဆက်မြောက်မင်း-

“. . . ၊ တသီးနောင်မှာ၊ ကံရာဇာဟု၊ သညာနာမ၊ သတင်းကျော်၍၊ ဘွဲ့တော်ရကော၊ မင်းလှဘုန်းကြွယ်၊ တိုင်းရက္ခာမှာ၊ ဓညာမြို့ကို၊ ထပ်လို့တည်လျှက်၊ ဆက်နွယ်မပျက်၊ ထီးနန်းထိုင်၍၊ စိုးပိုင်ပြီးကော၊ သားမြေးဆက်လို့၊ နန်းတက်တုံမြဲ၊ မြို့ဓညာမှာ၊ စည်ကား ဖြစ်ကော၊ နှစ်ဆယ့်လေးတွင်၊ ဘုံးကံပကော၊ ရာလမာယု၊ ဘွဲ့မည်တော်ဖြင့်၊ တွင်ခေါ်

http://www.dhammadownload.com



ကျူးကော၊ နိုင်းတုမရ၊ ပြင်းအာဏာနှင့်၊ မင်းရာဇာလျှင်၊ ဏာဝစန္ဒီ၊ ခန်းကြုလီကော၊ ကောဇာနှစ်ကို၊ ဖျက်ပစ်ပြီး၍၊ တစ်လီအသစ်၊ စွန်းသင်္ချာဖြင့်၊ တည်ကာခင်းကော၊ အကြွင်းနှစ်က၊ တွက်စစ်မှတ်ရာ၊ ထိုသင်္ချာကို စဉ်လာသုံးလျှင်၊ နန်းတက်စံဘိ၊ အဆုံးစွန်မှာ၊ ဘုန်းကံဟိကော၊ သီရိရာဇာ၊ ဘွဲ့မည်တော်ဖြင့်၊ တွက်ခေါ်လတ်ကော၊ မင်းမြတ်စွာမှာ၊ တောင်ညာနန်းစံ၊ ကုမ္မာရံဟု၊ အလွန်ကျော်ကြား၊ လှတင့်တယ်၍၊ အသရေဟိကော၊ မိဖုရားတွင်၊ တက်ပွားကောဇာ၊ ဒွေးသတ္တာနှင့်၊ မှုံဝါရီမြ၊ ဆီးနှင်းယိုကော၊ ပြာသိုလ်လ၏၊ ပြည့်ထရက်တွင်၊ အာကာပြင်မှာ၊ နီဝင်လုခါ၊ လစန္ဒာလျှင်၊ ပေါ်ကာထွက်စ၊ သားပုတ္တာကို၊ တောင်ညာနန်းမ၊ မီးသန့်စင်၍၊ ဖွားမြင်ရသော်၊ နီလနှစ်ဆူ၊ ပေါင်းဖက်ထူ၍၊ ကောက်ယူပြီးခါ၊ နန်းလောင်းလျာကို၊ စန္ဒသူရိယ၊ သောင်းလုံးကျော်အောင်၊ ဘွဲ့တော်သ၍၊. . . "

အထက်ပါလင်္ကာမှာ ရှင်းလင်းပြတ်သားလှပါသည်။ ကံရာဇာကြီးမင်းဆက်၊ ၂၈ ဆက်မြောက် သီရိရာဇာမင်းနှင့် မိဖုရားကြီးကုမ္မာရီတို့မှ ဖွားမြင်သည့် သားတော်မှာ စန္ဒသူရိယ ဖြစ်ပြီး မဟာသက္ကရာဇ် ဒွိး ၂ သတ္တမ ၇(ပိဋကတ်သင်္ချာဂဏန်းယူပုံအရ) ၇၂ ခုပြာသိုလပြည့်နေ့ နေဝင်လထွက်ချိန် ညနေစောင်းတွင် ဖွားမြင်ပါသည်။ သို့ဖြစ်၍ ဖဒ္ဒမင်းညိုက ၎င်း၏ "ရခိုင်မင်းသမီးချောင်း"အပိုဒ် ၈ တွင် ကံရာဇာကြီး မင်းစဉ်မင်းဆက် ၂၈ ဆက်သောမင်းများနောက် (စန္ဒသူရိယနှင့်ခေတ်ပြိုင်)တွင် ဘုရားရှင်ဂေါတမ ပွင့်တော်မူကြောင်း အောက်ပါအတိုင်း စပ်ဆိုထားပါသည်။

"နှစ်ကျိပ်ရှစ်ယောက်၊ မင်းများနောက်တွင်၊ လက်အောက်အာဏာ၊ စကြာနန္တ၊ နေလမတူ၊ မဟူ(ယူ)မြတ်မော၊ ဉာဏ်ရောင်ပျောလျက်၊ ရှင်စောဂေါတမ၊ ပွင့်လတ်ထသည်၊ ဘဝသုံးထပ်၊ ဦးတည့်လေ" ဟု ဖွဲ့နွဲ့ထားပါသည်။ ဤသည်ကပင် ဗုဒ္ဓဂေါတမရှင်တော်မြတ်မှာ စန္ဒသူရိယမင်းနှင့် ခေတ်ပြိုင်ဖြစ်ကြောင်း ပေါ်လွင်ပါသည်။

မဟာမုနိရာဇဝင်လင်္ကာ(ပေမူ)၌လည်း -

". . . သီရိရာဇာ၊ မင်းမဟာ၏၊ တောင်ညာနန်းစံ၊ ကုမ္မရံဟု၊ နာမံဒေဝီ၊ မဟေသီ၌၊ တီတီမာသ၊ ပြာသိုလ၏၊ ပြည့်ထနေ့တွင်၊ နေဝင်လုဆဲ၊ ရဲရဲရောင်ဝါ၊ စန္ဒာရာလည်း၊

http://www.dhammadownload.com



ပေါ်ကာထွန်းတုံ၊ လဘုံနေအိမ်၊ ထွန်းပချိန်ကို၊ ရိပ်ငြိမ်လွယ်ကူ၊ ဖွားတော်မူ၍၊ စန္ဒာသူရိယ၊ အမည်ရလျှက်၊ . . . "ဟု စပ်ဆိုထားကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ စန္ဒသူရိယမင်းမှာ အမှန်တကယ် ၂၉ဆက်မြောက် ကံရာဇာကြီး မင်းစဉ်မင်းဆက်တွင် ပါဝင်ပါသည်။ စာဆို စောပြည့်ညို(သုဝဏ္ဏဒေဝီ)မိဖုရား "သိန်ကန်မိန်တွင်" ရတု (သျှိုးလိုက်)တွင်လည်း ဓညဝတီခေတ်အား မာရယုနှင့် ကံရာဇာကြီးခေတ် နှစ်ခေတ်သာ ပြထားပါသည်။

"ပြည်နဂိုရ်၊ ဝေသာလီ၊ ဓညနှစ်ခန်း၊ နှစ်ပြည်မြန်းသည်၊ ထီးနန်းအလီလီတည့်၊ မျိုးသာကီ စဉ်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာနွယ်ရိုးဆက်၏. . . "

(အေဒီ ၆၉၇ ခန့် ဝေသာလီခေတ်)။ သို့ဖြစ်၍ ဓညဝတီခေတ်မှာ ကံရာဇာကြီးမင်းမှ သူရိယကေတု (ဘီစီ ၁၄၆၉ မှ အေဒီ ၃၆၄) အထိ ဖြစ်ပါသည်။

ဖခမည်းတော် သီရိရာဇာမင်း မဟာ ၉၇ ခုတွင် နတ်ရွာစံတော်မူသည့်အခါ သားတော် စန္ဒသူရိယမင်းမှာ သက်တော် ၂၅ နှစ်ရှိပြီးဖြစ်၍ စန္ဒီမာလာမိဖုရားနှင့် အဘိသေကခံကာ ဖခင်၏ ထီးနန်းအရိုက်အရာကို ဘီစီ ၅၄၂ ခုနှစ်(မဟာ ၉၇)ခုနှစ်တွင် ဆက်ခံပြီး ဓညဝတီမြို့တော်၏ ပြည့်ရှင်မင်းအဖြစ် ခံယူစိုးစံတော်မူပါသည်။ ယင်းအကြောင်းအရာနှင့် စပ်လျဉ်းပြီး မြဒိုးဝေ(ဦးစံလှ ကဗျာလင်္ကာ၌)-

"ထိမ်းယုများစွာ၊ နွယ်မဟာအား၊ ဘယ်ညာရံပတ်၊ စံမြန်းပျော်ကော၊ နန်းတော်တွင်းမှာ၊ ကြီးပြင်းလတ်လို့၊ မျိုးမြတ်သာကီ၊ ပါရမီနှင့်၊ ဇာနည်ယောက်ျား၊ သက်အရွယ်လျှင်၊ နှစ်ဆယ့်ငါးတွင်၊ မဖွားပီတာ၊ မင်းရာဇာက၊ ပြည်ရွာနန်းရပ်၊ အလုံးစုံကို၊ အကုန်အပ်သော်၊ မိုးနတ်တမျှ၊ ရုပ်ပိုင်းပြင်နှင့်၊ အသွင်လှကော၊ စန္ဒမာလာ၊ ဒေဝီချာကို၊ တောင်ညာနှင်းအပ်၊ ကျင့်နန်းလယ်ကော၊ ရဝေမြက်မှာ၊ လက်ထပ်ပြီးခါ၊ ဖရိပ်ရာကို၊ ယူကာသိမ်းမြန်း၊ နန်းဘုန်းဆောင်မှာ၊ အောင်အတိတ် နှင့် ဘိသိက်သွန်းလို့ ရွှီနန်းစိုက်တည်၊ တိုင်းမြို့ပြည်ကို၊ ပတ်ခါဝိုင်းလျက်၊ ရံဆိုင်းတံခါး၊ လေးမျက်နှာတွင်၊ ခိုင်စွာပြုကော၊ လေးခုထားလို့၊ လေးပါးမျိုးနွယ်၊ ရပ်လေးသွယ်နှင့်၊ လမ်းငယ် လမ်းကြီး၊ ပြည့်ဖြိုးမှန်ကော၊ ရေကံကြီးနှင့်၊ မြို့ခိုးကျယ်ဝန်း၊ ပြသာဒ်ရံကော၊ စံရွှီနန်းပါ၊ အဆန်း တကြည်၊ ပြုစုတည်သော်၊ ထိုသည်ကာစ၊

http://www.dhammadownload.com



တတိယကော၊ ဓညဝတီ၊ တွင်မည်ရှိ၍၊ ရောက်သည့် ကောဇာ၊ သတ်နဝါတွင်၊
ရာဇာဘုန်းကြွယ်၊ အသစ်ဖန်၍၊ ရှိတန်နန်းမှာ၊ စံမြန်းရလေ" ။

ဟု ရေးစပ်ထားရှိရာ ကံရာဇာကြီး ပြုပြင်တည်ဆောက်ခဲ့ပြီးနောက် နှစ်ပေါင်း ၉၀၃ နှစ်ကြာမျှ အိုမင်းနေပြီဖြစ်သော မြို့တော်လေးမျက်နှာ၌ ခိုင်ခန့်သည့် တံခါးလေးပေါက်ပါရှိသော မြို့ရိုးတံတိုင်း၊ ကျုံးလေးတန်၊ ရေတွင်း ရေကန်ကြီးများ၊ ရပ်လေးသွယ်လမ်းပန်းဆက်သွယ်မှုလမ်းမကြီးများနှင့် ပြသာဒ်အဆောက်အအုံများဝန်းရံသည့် ရွှေနန်းတော်သစ်တို့ဖြင့် မြို့တော်ကိုပါခဲ့ကာ ဗုဒ္ဓဂေါတမ ရှင်တော်မြတ် ကြွရောက်မည်ကို ကြိုတင်သိမြင်ဘိသကဲ့သို့ အသစ်တဖန် ပြန်လည်ပြုပြင် မွမ်းမံ တည်ဆောက်တော်မူခဲ့သဖြင့် ယင်းအချိန်ကပင် တတိယဓညဝတီမြို့တော်ဟု ခေါ်ဝေါ်သမုတ် ကြောင်း မြဒိုးဝေရာဇဝင်က အဆိုရှိပါသည်။

တတိယဓညဝတီမြို့တော်သစ်၏ အလွန်တရာမှ ရခိုင်သမိုင်းကြောင်းတစ်လျှောက် မွန်မြတ် သည့် အကြောင်းအရာတစ်ရပ်မှာ စန္ဒသူရိယမင်း နန်းစံ ၆ နှစ်၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဘီစီ ၅၇၇ တွင် အနောက်မဇ္ဈိမ အိန္ဒိယ၌ ဗုဒ္ဓရှင်တော်ပွင့်တော်မူပြီး ဝါတော် ၂၀၊ မဟာ ၁၂၃၊ ခရစ်ဘီစီ ၅၁၇ ခု ခန့်တွင် စန္ဒသူရိယမင်းက ဓညဝတီမြို့တော်သို့ ကြွရောက်တော်မူပါရန် မနောအာရုံဖြင့် ပင့်ဖိတ်တော်မူ၍ ကြွရောက်တော်မူကာ ဒုက္ခအပေါင်းတို့ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း လမ်းညွှန်မှုပေးတော်မူသည့် ဓမ္မတရားဒေသနာတော်မြတ်များ ကို ဗုဒ္ဓရှင်တော် ကိုယ်တိုင်ကိုယ်ကျ ချီးမြှင့်တော်မူခဲ့သည်ဆိုသည့် ယခုတိုင်ရခိုင်လူမျိုးစု တစ်ရပ်လုံး၏ ခိုင်မြဲသော ယုံကြည်ချက်ပင်ဖြစ်ပေသည်။ ထို့အပြင် ဗုဒ္ဓရှင်ဓညဝတီမြို့တော်မှ ပြန်လည်မထွက်ခွာမီ ဗုဒ္ဓရှင်၏ ရုပ်ပွားကိုယ်စားတော်တစ်ဆူအား စန္ဒသူရိယမင်းမြတ်၏ တောင်းပန်မှုကြောင့် သွန်း လောင်းခွင့်ပြုပြီး ဗုဒ္ဓလက်တော်ဖြင့် ရင်ငွေ့တော် ခုနစ်လက်ခွေ့ သွန်းလောင်းကာ မဟာမုနိရုပ်ရှင် ကိုယ်စားတော်အဖြစ် ကိုးကွယ်ခွင့်ထားရှိခဲ့သည်ဟု စာပေကျမ်းဂန်များအရ သိရှိရပါသည်။

ဂေါတမဗုဒ္ဓရှင်တော်မြတ် ဝါတော် ၄၅ ဝါ၊ သက်တော် ၈၀ တွင် ပရိနိဗ္ဗာန်ဝင်စံတော်မူ သည့် သာသနာသက္ကရာဇ် ၁နှစ်၊ ဘိုးတော်အဥ္စန မဟာ ၁၄၈-ခုတိုင် စန္ဒသူရိယမင်းမှာ သက်တော် ထင်ရှားရှိတော်မူခဲ့ပြီး သာသနာသက္ကရာဇ် ၂ခု ဘိုးတော်အဥ္စန ၁၄၉တွင်မှ နတ်ရွာစံတော်မူခဲ့ရာ နန်းစည်းစိမ် ၅၂နှစ်၊ သက်တော် ၇၇ နှစ်၊ ဘီစီ ၄၉၀ အထိ ရှည်ကြာခဲ့ပါသည်။

http://www.dhammadownload.com



စန္ဒသူရိယမင်းမှစ၍ ဓညဝတီမြို့တော်၌ ဆွေစဉ်မျိုးဆက် သားစဉ်မြေးဆက်မပြတ် ၂၅ ဆက်သောမင်းများက(ဒုတိယဓညဝတီ ကံရာဇာကြီးမင်းဆက် ၂၈-ပါးသော မင်းများကဲ့သို့) နန်းတွင်းပုန်ကန်ပုန်စား နန်းလုလုပ်ကြမှု တစ်စုံတစ်ရာမျှမရှိဘဲ နှစ်စု ၉၀၆-နှစ်တိုင်အောင် မင်းဆွေမင်းမျိုး ပြည်သူပြည်သားများ နိုင်ငံအဝှမ်း အေးချမ်းသာယာဝပြောစွာဖြင့် စစ်မက်အန္တရာယ် ကင်းဝေးလွတ်မြောက်ကာ ဗုဒ္ဓဂေါတမရှင်၏ ဘာသာရေး အယူဝါဒသစ်၌ ယုံကြည်အားထား မွေ့လျော်ပျော်ပိုက်လျက် မိမိတို့ဘာသာ မင်းများကလည်း မင်းကျင့်တရားနှင့်အညီ၊ ပြည်ထောင်သူ ပြည်ထောင်သားများကလည်း ပြည်သူ့ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာ၍ နေထိုင်လုပ်ကိုင် စားသောက်နေထိုင်သွားနိုင်ကြပါသည်။ ထိုကဲ့သို့ ငြိမ်းချမ်းသာယာ စည်းလုံးညီညွတ် ဖွံ့လို့လ ကြီးစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့၍သာ ဝေသာလီကျောက်လှေကား စန္ဒြမင်းဆက်ခေတ်သို့ ကူးပြောင်းရောက်ရှိသည့်အခါ၌ ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှု၊ စာပေအနုပညာအဆင့်အတန်းမှာ ခေတ်အလျှောက် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရှေးဟောင်းရုပ်ကြွင်း သက်သေခံအထောက်အထားများက သက်သေထူလျက် ရှိနေပါသေးသည်။

စန္ဒသူရိယမင်းအမည်မှ အမည်နာမ၏ တစ်စိတ်တဒေသဖြစ်သော "သူရိယ"ဝေါဟာရကို နောင်တွင် တက်လာကြသော ကျန်(၂၄)ပါးသောမင်းများက မိမိတို့၏ ဘွဲ့နာမ၌ အထွတ်အမြတ် တင်ကာ ထည့်သွင်းအသုံးပြုခဲ့ကြသဖြင့် တတိယဓညဝတီ "သူရိယ"မင်းစဉ်မင်းဆက်ဟုလည်း ခေါ်ဝေါ်သမုတ်ကြပါသည်။ ၄င်းမင်းဆက်ဖြင့် ဆက်စပ်နေသော တတိယဓညဝတီခေတ်ယဉ်ကျေးမှု အစဉ်အလာတစ်ရပ်လုံး (မြို့တော်တည်နေရာမှအပ)ကို ဆက်ခံခဲ့သော ဝေသာလီ ကျောက် လှေကားမြို့တော်လည်း ယင်းကဲ့သို့ပင် "စန္ဒြ"အမည်ကို ဆက်ခံသုံးစွဲလာသည့် မင်းရိုးမင်းဆက် ၂၆ ဆက်အနက်မှ ၁၆ပါးသော မင်းများက သုံးစွဲခဲ့ကြ၍ "စန္ဒြ"မင်းစဉ်မင်းဆက်ဟု ၄င်းတို့အား ကင်ပွန်းတပ် သမုတ်ခဲ့ကြပါသည်။ (ရခိုင်အခေါ်အဝေါ် အရစိုင်းဒြားမင်းဆက် ဟုလည်း ခေါ်ပါ သည်။)

စန္ဒသူရိယမင်းနှင့် ဗုဒ္ဓဂေါတမ ရှင်တော်မြတ်အကြောင်း ဆက်လက်ဖော်ပြသွားပါမည်။

http://www.dhammadownload.com



## တတိယဓညဝတီခေတ်ကို တည်ထောင်ခဲ့သော စန္ဒသူရိယမင်းမြတ်လက်ထက် ဗုဒ္ဓဂေါတမ ဘုရားသခင်ကိုယ်တော်တိုင် ဓညဝတီမြို့တော်သို့ ကြွရောက်တော်မူခြင်းအကြောင်း

## မဟာ(အဥ္စန)သက္ကရာဇ် ၁၂၃၊ ခရစ်ဘီစီ ၅၁၇ ခု။

ဗုဒ္ဓဂေါတမရှင် ဓညဝတီမြို့သို့ ကြွရောက်တော်မူလာခြင်းနှင့် ဆွေစဉ်မျိုးဆက် ရှေးလူကြီးများနှင့် စာပေသုတေသီတို့ အမြဲတစေ ပြောလေ့ပြောထရှိသော ဘုရားရှင်နှင့် စန္ဒသူရိယအလောင်းနွားကျောင်းသားငယ်ဘဝက အဖြစ်အပျက်ကို တိုက်ဆိုင်မှုရှိ၍ မဖော်ပြမီ လွန်ခဲ့သောနှစ် ၂၀ကျော်ခန့် မြန်မာပုဂ္ဂိုလ်ကြီးတစ်ဦး မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အကြောင်း ပြောပြရာ၌ ရခိုင်အရေး အသားများတွင်ပါရှိခြင်း မရှိသည့် စန္ဒသူရိယမင်းက ဘုရားရှင်အား ဓညဝတီသို့ ပင့်ဖိတ်တော်မူရန် ဆန္ဒဖြစ်ပေါ်လာရခြင်းအကြောင်း ပုံပြင်ကို စတင်ဖော်ပြလိုပါသည်။

ဤပုံပြင်မှာ ရခိုင်ကျမ်းဂန်အရေးအသားများ၌ ပါရှိသည်ကို မတွေ့ရသော်ငြားလည်း သမိုင်းဟူသည် မိမိကြားဘူးပြီး မှန်ကန်ရန်အလားအလာရှိနိုင်သည်ဟု ယူဆရသောကြောင့် စိတ်ပါဝင်စားသူများ စိစစ်မှုပြုနိုင်ရန် အသိပေးတင်ပြရခြင်း ဖြစ်ပေသည်။ ဤအခြင်းအရာမှာလည်း အသောကမင်း ငယ်စဉ်ကနှင့် မင်းဖြစ်ပြီး ၉ နှစ်အထိ ကြမ်းတမ်းဆိုးသွမ်းမှုဖြင့် နိုင်းစာလျှင် မဖြစ်စလောက်သော အဖြစ်အပျက်ငယ်တစ်ခုဟုသာ ဆိုရပေမည်။

၎င်းမှာ အေးချမ်းသာယာဝပြောသည့် ဓညဝတီမြို့တော်၌ စန္ဒသူရိယမင်းနှင့် မိဖုရားကြီး စန္ဒိမာလာတို့ နှစ်ပေါင်း ၂၅နှစ်မျှ ပျော်ရွှင်စွာ မင်းစည်းစိမ်ကို ခံစားနေကြသည့် အခါဝယ် မထင်မှတ်ဘဲ အနောက်မဇ္ဈိမမှ ဆင်ထိန်း၊ မြင်းထိန်း၊ ကျေးကျွန်မျိုးရိုး၊ နန်းတော်တွင် အမှုထမ်းနေသော ဆင်မြင်းရထားထိန်းသူ၏ သားဖြစ်သူ လုလင်ငယ်တစ်ဦးနှင့် စန္ဒသူရိယ ဘုရင့်သမီးတော် တပင်တိုင် နန်းစံမင်းသမီးတို့ တိတ်တဆိတ်ချစ်ကျွမ်းဝင် မေတ္တာမျှနေကြောင်းကို ဘုရင်မင်းမြတ်ကြားသိရတော်မူသည့်အခါ မိမိအလွန်တရာမှ ချစ်မြတ်နိုးတော်မူသည့် သမီးတော်အား မိမိထံပါး ခေါ် ယူတော်မူလျက် ၎င်း၏ချစ်သူနှင့် မဆက်ဆံမပေါင်းသင်းရန် အမျိုးမျိုးဖြောင်းဖျ နားချပြောဆိုငြားလည်း သမီးတော် တပင်တိုင်မင်းသမီးက နန်းတွင်းစည်းစိမ်ကို လိုလားမှု မရှိကြောင်းနှင့် မိမိချစ်ခင်မြတ်နိုးသော ကျေးကျွန်နှင့်သာ အိမ်ထောင်ပြုကာ သာမန်ပြည်သူ တစ်ဦးဘဝဖြင့် ဖခမည်းတော်ပေးသည့် ပြစ်ဒဏ်ကိုခံယူပြီး နေထိုင်သွားမည်ဖြစ်ကြောင်း လျှောက်တင်နေခြင်းကြောင့် ဆုံးမဖြောင်းဖျ၍

http://www.dhammadownload.com



မရသည့်အဆုံးတွင် သာကီဝင်မျိုးရိုးဖြစ်သည့်အလျောက် ဇာတိမာန်ပြင်းထန်ပြီး မျိုးနွယ်မျိုးရိုး နိမ့်ညံ့သောသူနှင့် ရောယှက်အိမ်ထောင်ပြုမှုကို လုံးဝမလိုလားသော မင်းတစ်ပါးဖြစ်၍ သမီးတော်နှင့် ၎င်း၏ချစ်သူနှစ်ဦးစလုံးတို့အား အမိန့်အာဏာဖြင့် ကွပ်မျက်စေခဲ့သည်ဟု အဆိုရှိပါသည်။

ထိုကဲ့သို့ မိမိအလွန်တရာမှ ချစ်မြတ်နိုးလှသော သမီးတော်အား သာကီဝင်မင်းတို့၏ အမျိုးဂုဏ် ဇာတိဂုဏ်ပြင်းပြစွာဖြင့် ကွပ်မျက်ခဲ့သည့်နောက်ပိုင်း မင်းကြီးမှာ နောင်တကြီးစွာရကာ လွန်စွာမှ စိတ်သောကဝေဒနာကို ခံစားနေရခြင်းကြောင့် မိဖုရားကြီး စန္ဒီမာလာက အနောက်မဇ္ဈိမ အိန္ဒိယ၌ ဂေါတမမြတ်စွာဘုရား မဟာသက္ကရာဇ် ၁၀၃၊ ဘီစီ ၅၃၇ ခုခန့်ကပင် ပွင့်တော်မူပြီး ဆင်းရဲချမ်းသာ၊ လူမျိုးမရွေး လူသူခပ်သိမ်းတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ပေးဆောင်နိုင်သော တရားစစ်၊ တရားမှန် ဓမ္မဒေသနာတော်မြတ်များ ဟောကြားချီးမြှင့်နေကြောင်းကို ထိုဒေသမှ ပြန်လာကြသူများ ထံမှသိရှိရ၍ ဘုရင်မင်းကြီး ခံစားနေရသော စိတ်သောက ဒုက္ခဝေဒနာမှ သက်သာရာ ရစိမ့်သောငှာ ဗုဒ္ဓဂေါတမဘုရားရှင်အား ဧည့်ဝတီသို့ အဖူးမြော်ခံ ကြွရောက်ပါရန် ပင့်ဖိတ်တော်မူပါမည့်အကြောင်း ကြင်ရာတော်က လျှောက်ထားလေသောအခါ ဘုရင်စန္ဒသူရိယ မင်းမြတ်မှာ ဖူးမြင်လိုသည့်ဆန္ဒ၊ ရှေးရှေးဘဝများက ပဋ္ဌာန်းဆက်ကြောင့် လွန်စွာမှဆန္ဒပြင်းပြလာပြီး ပညာရှိမှူးမတ်၊ ပုရောဟိတ်များထံမှ မည်သို့မည်ပုံ ပင့်ဖိတ်တော်မူက သင့်တော်လျောက်ပတ်မည်ကို အကြံဉာဏ်တောင်းခံတိုင်ပင်ခဲ့ရာ ၎င်းတို့က သစ္စာ၊ သမာဓိ၊ တရားဓမ္မအားထုတ်ကာ မိမိ၏မနောဖြင့် နန်းတော်မှပင် ပင့်ဖိတ်ရန် သင့်တော်မူကြောင်းကို လျှောက်ထားကြသဖြင့် ၎င်းတို့ အကြံပြုသည့်အတိုင်း သစ္စာသမာဓိ တရားဓမ္မများ အားထုတ်ကျင့်ကြံပြီးသည့်ကာလ မနောဖြင့် ကြွရောက်ပါမည့်အကြောင်း နေ့စဉ်ရက်ဆက် ပင့်ဖိတ်တော်မူခဲ့လေသည်။

ဘုရားရှင်တော်မြတ်ကလည်း ချီးမြှင့်ထိုက်သူများအား ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် ဆင်ခြင်တော် မူသည့်အခါ စန္ဒသူရိယမင်း မနောစေတနာဖြင့် ပင့်ဖိတ်နေကြောင်းသိမြင်တော်မူလတ်သော် ဘဝ ပေါင်းများစွာနစဉ်ခါက မိမိအား အလုပ်အကျွေးပြုခဲ့ပြီး စန္ဒသူရိယအလောင်းတော်အား ကျောင်းသား ဖြစ်စဉ်ဘဝက မိမိအား မခွဲနိုင်မခွာရက်ဖြစ်ကာ ကိုယ်စားရုပ်ထုထားပြီးကာမှ ခေတ္တခဏ ခွဲခွာသွား ရောက်ရသည့် အခြင်းအရာအဖြစ်အပျက်ကို သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဖြစ်သည့်အလျောက် သိမြင် တော်မူသဖြင့် သွားရောက်ဖူးမြော်ခွင့်နှင့်

တရားဓမ္မပေးသနားခြင်း မပြုပါက ခံစားနေရသောဝေဒနာဖြင့် စန္ဒသူရိယဘုရင် ယခင်နွားကျောင်းသားဘဝကဲ့သို့ အနိစ္စရောက်မည်ကို ဃိမြင်တော်မူလတ်၍ ဘုရင်ကြီးဆန္ဒရှိသည့်အတိုင်း ဘဝပေါင်းများစွာ မိမိအား အလုပ်အကျွေးပြုခဲ့သည်ကို တုန့်ပြန်သည့် အနေဖြင့် ဘုရားရှင်ဝါတော် ၂၀၊ မဟာ ၁၂၃ခု၊ ခရစ်ဘီစီ ၅၁၇ တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှ ဓညဝတီမြို့တော်သို့ နောက်ပါရဟန္တာ ၅၀၀နှင့်အတူ စန္ဒသူရိယမင်း၏ အလိုဆန္ဒကို ဖြည့်ဆည်းကယ်ဆယ်ရန် ဒေသစာရီကြွချီတော်မူခဲ့လေသည်။

ဓညဝတီမြို့တော်မှ ငါးမိုင်ခန့်ကွာဝေးသည့် ကစ္ဆပနဒီအရှေ့ဘက်ကမ်းပါးရှိ သေလာဂီရိ (ကျောက်တော်)တောင်ထိပ်ဝယ် ပထမဆင်းသက် ရပ်နားတော်မူပြီး ဘုရင်မင်းကြီးကိုယ်တော်တိုင် လာရောက်ပင့်ဖိတ်တော်မူသည့်အခါမှ ဓညဝတီနန်းတော်သို့ ကြွတော်မူကာ လက်ဦးက နန်းတော်၌ ပင် သီတင်းသုံးတော်မူပြီး ကျောင်းတော်ကြီး ပြီးစီးသည့်အခါကျမှ ပြောင်းရွှေ့သီတင်းသုံးတော် မူသည်။

ထိုသို့ ဓညဝတီသို့ ကြွရောက်တော်မူသည့်အကြောင်းကို ရခိုင်ကောဇာ ၁၁၁၉ အေဒီ(ခရစ် ၁၇၅၇)က ပညာရှိအမတ်ကြီး "မြဒိုးဝေ"သုတေသနပြုရေးသားခဲ့သော ရာဇဝင်ကျမ်းမှ အောက်ပါအတိုင်း သင်္ကာရာဇ်များအား ဖော်ပြခဲ့ပါသည်။ (ဦးစံလှ၏ ဓညဝတီမြို့၏ နိဂုံးရွာများ သမိုင်းလင်္ကာ (ဝါ) ကဗျာ။) စန္ဒသူရိယမင်းနန်းတက်ပြီး-

"စံမြန်းမယေကောင်းစွာ၊ မြို့ဓညာမှာ၊ ရှည်ကြာနှစ်ရောက်၊ တွက်စစ်ပေသော်၊ နှစ်ဆယ့်ခြောက်သို့ ကျရောက်သောအခါ၊ နှစ်ကောဇာကို၊ ရှိကာတွက်စစ်၊ ကိန်းသင်္ချာမှာ၊ မှန်မလွဲကော၊ တိနောအစ်တွင်း၊ ရောင်းမြစ်ဝင်းထိန်၊ အသူရိန်ကော၊ ပူဟိန်ပြင်းပြ၊ မြူခိုးချုံကော၊ ကဆုန်လဍ္ဍ၊ အဋ္ဌဒိဝါ၊ မြတ်စွာသုံးလူ့၊ ဂုဏ်ပေါင်းလှိုင်ကော၊ သဗ္ဗညုရှင်၊ ပေါင်းစုများစွာ၊ ထေရ်ငါးရာနှင့်၊ အာကာခရီး၊ တန်ခိုးဖန်ကော၊ ယာဉ်ပျံစီးလို့၊ တိုင်းကြီးပူရ၊ ပြသာဒ်ဘုံနှင့်၊ ဂုဏ်မချို့ကော၊ မြို့ဓညသို့ မြန်းကြွချီလာ၊ ရောက်တုံပါကော၊ သေလာဂီရိ မည်ဟိတ်တံဆိပ်၊ မှိုင်းညိုမှောင်ကော၊ ကျောက်တောင်ထိပ်မှာ၊ ဣဒ္ဓိပါဒ၊ ရဟန္တာနှင့်၊ မြတ်စွာဘုန်းဟိ၊ တန်ခိုးဖန်ကော၊ ယာဉ်ပျံထက်က၊ ဆင်းသက်ပြီးလျှင်၊ အရှိမျက်နှာ၊ မြို့ဓညာသို့ လှည့်ကာပြုလတ်၊ ရောင်ခြောက်ဆိုင်ကို၊ ပြိုင်မနှုန်းအောင်၊ ကွန့်မြူး လွှတ်သော်၊ တိုင်းရပ်ပြည်ခွင်၊ များလူရှင်နှင့်၊ ဘုရင်ဘုန်းကြွယ်၊ မြတ်ရောင်ခြည်ကို၊ မြင်သည်ကာလ၊ ယခုတုံ၌၊ ဖြစ်ပုံများကော၊

http://www.dhammadownload.com



ထူးခြားလှပဟု၊ ရာဇဘုရင်၊ မတ်စုံလင်ကို၊ ခေါ် ငင်နိုးနှော၊ ညီလာခွင်မှာ၊ တိုင်ပင်ပြောသော်၊ သဘောမှန်စွာ၊ ကြောင်းခြင်းရာကို မဟာဝိမလ၊ မင်းဘုရင်ကို ဦးတင်သလို့၊ လျှောက်ထားသည်မှာ၊ . . . ”

မဟာဝိမလအမတ်က လျှောက်ထားသည်မှာ-

“ဇမ္ဗူချာကေ၊ ဒီပါကျွန်းလုံး၊ ရောင်ခြောက်ဆိုင်တို့၊ ပြိုင်မနှုန်းဘဲ၊ ကွန့်မြူးပြီးကေ၊ နီလရောင်ထက်၊ တောက်ပြောင်ဝင်းကေ၊ လင်းလတ်တေခု၊ အံ့ဘွယ်ကောင်းစွာ၊ ရောင်ခြောက်ဖြာမှာ၊ မှန်စွာမုချ၊ မာရဇိန်လေ၊ မောရဂီဝါ၊ ပဗ္ဗတာကေ၊ သေလာဂီရိ၊ တောင်ထိပ်ဗွီမှာ၊ ရောက်နိုခြင်းကို ရှင်မင်းသိအောင်၊ လွှတ်သည့်ရောင်ခြည်၊ မှန်စင်စစ်ကေ၊ ဖြစ်လိမ့်မည်ဟု၊ ယျောက်သည့်စကား၊ မင်းဘုရင်လေ၊ နားတွင်ကြားက၊ စိတ်ထားကြည်လင်၊ မြူးပျော်ရွှင်ကာ၊ ဖူးချင်အားကြီး၊ လင်းရောင်ပေါ်၍၊ စည်တော်တီးသော်၊ မှူးကြီးမတ်ရာ၊ စစ်သေနာဖြင့်၊ ဝိုင်းကာရံပတ်၊ မြတ်ဗုဒ္ဓလေ၊ ဟိရာရပ်ကို၊ ဦးညွတ်ပြီးခါ၊ ရိုသေစွာဖြင့်၊ ယာဉ်သာမစီး၊ သဒ္ဓါပိုကေ၊ ရှင်မင်းကြီးမှာ၊ ရွှီထီးမပါ၊ ခြီကျင်သာဖြင့်၊ လွန်စွာကြမ်းတမ်း၊ ဆူးငြောင့်ပုံ၍၊ ယှက်ရုံဆီးကေ၊ ခရီးလမ်းကို၊ ဖြတ်သန်းကျော်ကာ၊ လာပြီးခါဝါ၊ သေလာဂီရိ၊ စိမ်းညိုမှောင်ကေ၊ ကျောက်တောင်ထက်ကို၊ လှမ်းတက်ပြီးသော်၊ စောထီးဗုဒ္ဓါ၊ ရွှီမျက်နှာကို၊ သဒ္ဓါကြည်နူး၊ ကြိမ်များမြောင်လျှင်၊ ဝအောင် ဖူးလို့၊ လက်ဦးချီတွေ့၊ ခါသုံးကြိမ်လေ၊ ဦးနှိမ်ချိုးကေ၊ ရှိခိုးရေလေ။ ။”

ဗုဒ္ဓရှင်တော် သေလာဂီရိတောင်ထိပ်သို့ ရောက်ရှိနေကြောင်း စန္ဒသူရိယမင်းကြားသိရတော် မူသည့်အခါ၌ မည်မျှပျော်ရွှင်မှုရကာ ဘုရားရှင်အား ဖူးမြော်ပင့်ဆောင်ရန် ဆန္ဒပြင်းထန်ပြီး ယဉ်မစီးဘဲ၊ ခြေလျှင်လျှောက်ကာ၊ ငါးမိုင်သောခရီးကို ကိုယ်တော်တိုင်သွားရောက်၍ ဖူးမြော် ကန်တော့ပြီး-

“ညောအောင်ခန်း၊ ရွှီအရောင်ဖြင့်၊ တောက်ပြောင်လျှပ်ကေ၊ ပြသာဒ်နန်းသို့ ကြွမြန်းပြီးခါ၊ ဆွမ်းရသာကို၊ သုံးကြပါရန်၊ လက်ဦးချီ၍၊ ဝစီညောင်းကေ၊ လျှောက်တောင်းပန်က၊ ပြန်လှန်မပြော၊ လျှောက်ခြင်းဟံကို၊ လက်ခံပြီးကေ၊ တုံဏှိဘောဖြင့်၊ ရှင်စောမြတ်စွာ၊ နီသောအခါတွင်၊ ရာဇာမင်းလှ၊ စိတ်ကြည်လင်ကေ၊ ရွှင်အားရလို့ . . . ”

http://www.dhammadownload.com



စန္ဒသူရိယမင်းမြတ် နန်းတော်သို့ပြန်လာပြီး ဘုရားရှင်နှင့် ရဟန္တာ ၅၀၀အတွက် နန်းတွင်းနေရာထိုင်ခင်း၊ ဆွမ်းစသည်များ စီမံစေလျက် နန်းတွင်းနန်းပြင် ပြည်သူပြည်သားများ၊ အားအကူလောင်းကာ ဗုဒ္ဓနှင့်ရဟန္တာရှင်တော်မြတ်တို့ကျိန်းအံ့သော "ဝိဟာရကျောင်းတော်"နှင့် ခန့်ညားကျယ်စွာသော မဏ္ဍပ်တို့အား သစ်ဝါးများဖြင့် လျင်မြန်စွာ ဆောက်လုပ်စေပြီး -

"ဗိမာန်နန်းတွင်း၊ ဘုံသီဟာမှာ၊ နီရာခင်းလို့၊ ခပင်းဥသုံ၊ ပြီးပြည့်စုံသော်၊ ဆယ်စုံလက်မြှောက်၊ ဆွမ်းသုံးရန်ကေ၊ ချိန်တန်ရောက်ဟု၊ ပင့်လျှောက်သောအခါ၊ ထေရ်ငါးရာနှင့်၊ မြတ်စွာဗုဒ္ဓ၊ ထက်ဝဋ္ဋာကေ၊ အာကာသက၊ ပါဒဘုံညာဏ်၊ တန်ခိုးဖန်၍၊ ယာဉ်မြန်ကြွမြန်း၊ မြို့ဓညာလေ၊ ရာဇာနန်းသို့၊ ထူးဆန်းက္ကန္ဓေ၊ ကြည်ညိုဖွေဖြင့်၊ ရောင်ခြည်ဝင်းဝင်း၊ ပန်းစုံရံကေ၊ နန်းခြံတွင်းမှာ၊ သက်ဆင်းသောခါ၊ မင်းရာဇာလျှင်၊ တစ်ရှေ့ရှစ်ကွက်၊ ပြီးပြက်ပေကော၊ ပါဒေစက်ကို ဦးချတိုက်ကာ၊ ကြိုဆိုလာ၍၊ မဟာကနက်၊ ဆန်းအမော် နှင့်၊ နန်းတော်ထက်သို့၊ ရှိစက်ဖြန့်ကာ၊ တက်ကြွပါ၍၊ ကောင်းစွာခင်းအပ်၊ တင့်လျှောက် ပတ်ကော၊ နီရာမြတ်၌၊ လူနတ်သရဖူ၊ ထိုင်တော်မူသော်၊ ကြည်ဖြူလေးမြတ်၊ မင်းဘုန်း မော်က၊ ဆွမ်းတော်ကပ်လို့၊ သင့်မြတ်တော်ယော်၊ ဆွမ်းများမြောင်ကို၊ သုံးဆောင်ပြီးမှ၊ ရှိနန်းသူလေ၊ ဟူသမျှအား၊ ဓမ္မကထာ၊ ဒေသနာကို၊ သေချာကောင်းမြတ်၊ မောဒနာဖြင့်၊ ဟောကာချွတ်သော်၊ သုံးရပ်သရဏာ၊ တည်ကြပါ၍၊ ငါးဖြာသီလ၊ နန်းတွင်းသူလေ၊ ဟူသမျှမှာ၊ နိစ္စမြဲထွေ၊ ခါမကျန်ကေ၊ လွန်မယိမ်းအောင်၊ စောင့်ထိန်းရေလေ။"

ရခိုင်စာဆို "ဖဒူမင်းညို"က ၎င်း၏ "ရခိုင်မင်းသမီးချေင်း"အပိုဒ် ၉တွင်လည်းကောင်း၊ မဟာမုနိ ရခိုင်ရာဇဝင်လင်္ကာ၊ ဓညဝတီရာဇဝင်သစ်တွင် အထက်ကျောင်းတော်ဆရာတော် ဦးဉာဏက လည်းကောင်း၊ ၎င်းတို့၏ ချေင်းကဗျာလင်္ကာများတွင် ဗုဒ္ဓမြတ်စွာ ဓညဝတီသို့ စန္ဒသူရိယမင်း လက်ထက်တော်၌ ကြွရောက်တော်မူလာကြောင်း ရှေးဟောင်းရာဇဝင်ကျမ်းဂန်လာ အထောက် အထားအဖြစ် အတည်ပြုမှတ်တမ်းတင်သည့်အနေဖြင့် ထည့်သွင်းစပ်ဆိုထားကြသည်ကို တွေ့ရပါ သည်။

အထက်ကျောင်းတောင်ဆရာတော် ဦးဉာဏ လင်္ကာ၌-

http://www.dhammadownload.com



"သာမော၊ ပောဝန်တောမှ၊ ကောင်းသောငွေထူ၊ ဆင်ဖြူသီးသီး၊ အပြီးရောက်လာ၊ မှုးမတ်မှာလည်း၊ တစ်သိန်းမြောက်ပေ၊ ရံရွှေရွှေတည်း။ . . . နန်းနေဘုရင်၊ များပြည်သူတို့၊ ဆင်ယင် ကျိုးနွံ၊ ကျွန်တော်ခံသား၊ ဘုန်းကံကြီးခြင်း၊ ထိုသည်မင်းလျှင်၊ နန်းတွင်းစံပျော်၊ မူခါသော်၌၊ ပြိုင်ဖော်မရှိ၊ သမွောဓိသည်၊ များဘိသံဃာ၊ ထေရ်ငါးရာနှင့်၊ အာကာခရီး၊ ယာဉ်ရှင်စီး၍၊ ပြည်ကြီးသမိုင်း၊ ရခိုင်တိုင်းသို့ ဆိုင်းဆိုင်းမတ်မတ်၊ ကြွတုံလတ်၍၊ ပညတ်ဝေါဟာ၊ သေလာဂီရိ၊ မည်ရှိတောင်ညွန့်၊ ကိုယ်တော်တန့်သည်၊ ရောင်ကွန့်ခြောက်သွယ်၊ ထိန်ညီးတည်း"

ဟု ဖော်ကြူးစပ်ဆိုထားပါသည်။

## တောင်ပေါက်ကြီးကျောက်စာ

ဤကျောက်စာမှာ ဗုဒ္ဓဂေါတမရှင် ဓညဝတီမြို့တော်သို့ ကြွရောက်တော်မူသည့်အခါ သေလာဂီရိ(ကျောက်တော်တောင်ထိပ်)ဝယ် ဆင်းသက်ရပ်တန့်ခဲ့သည်ကို ပထမဦးစွာ မှတ်တမ်းတင်ထားရှိခဲ့သော ကျောက်စာဖြစ်ပေသည်။

အဆိုပါကျောက်စာကို ဂုဏ်ထူးဆောင် ကျောက်စာဝန် ဦးစံရွှေဘုနှင့် တပည့်ဖြစ်သူ ဦးဦးသာထွန်းတို့က ၁၉၃၂ ခုနှစ်၊ ဧပြီလတွင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဓညဝတီမြို့တော်ဟောင်းရှိသည့် မဟာသကျမုနိဘုရားသို့ ကျောက်တော်မြို့မှသွားရာလမ်းခရီးတွင် တည်ရှိသော တောင်ပေါက်ကြီးရွာဝန်းကျင်၌ တွေ့ရခြင်းကြောင့် တောင်ပေါက်ကြီးကျောက်စာဟု ခေါ်ဝေါ်ခဲ့ကြသည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်တော်တောင်တွင် ပြဟ္မီအက္ခရာ၊ ပါဠိဘာသာစကားဖြင့် ရေးထိုးထားပြီး စာကြောင်းရေ ၂၅ကြောင်းပါရှိသည့်အနက် ၅ကြောင်းသာ ပေါ်လွင်ထင်ရှား၍ ကျန်စာကြောင်းများမှာ ဖတ်မရအောင် ပျက်စီးနေသည်ဟု ဆိုပါသည်။

http://www.dhammadownload.com



## ဘာသာပြန်(အကျဉ်းချုပ်)

"ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်သည် ရဟန္တာ ၅၀၀ ခြံရံလျက် ကောင်းကင်ခရီးဖြင့် ဓညဝတီနေပြည်တော်သို့ ဒေသစာရီ ကြွရောက်တော်မူစဉ်အခါ၌ မြတ်သော ဓညဝတီမြို့တော်၏ အနောက်အရပ်တွင်ရှိသော ကစ္ဆပနဒီမြစ်၏ အရှေ့ဘက် ကမ်းပါးတွင် တည်ရှိသည့် ကျောက်တော်တောင်ထိပ်၌ ဆင်းသက်ရပ်နားတော်မူသည်"ဟု ပါရှိလေသည်။

အဆိုပါ ကျောက်စာခေတ်ပုံနှင့် ဘာသာပြန်အတိအကျကို ဖော်ပြထားပါသည်။ ဤ ကျောက်စာမှာ ဒုတိယကမ္ဘာစစ်ကြီး(၁၉၄၂-၄၅)ခုနှစ်များအတွင်းက ကျောက်ဆောင်တစ်ခုလုံးကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ကြသဖြင့် ပျက်စီးခြင်းသို့ ရောက်ခဲ့ရလေပြီး ဖြစ်ပေသည်။[၁]

ကျောက်စာပါ အရေးအသား အက္ခရာများမှာ ဘီစီ ၃ ရာစု အသောကမင်းစဉ်မင်းဆက်နှင့် ဓညဝတီမြို့တော်၌ သူရိယစက္ကမင်းစဉ်မင်းဆက် အချိန်အခါအတွင်း ကျရောက်နေခြင်းကြောင့် ပါဠိဘာသာအား အသုံးပြုသည့် ပါဋ္ဌလိပုတ်ပြည့်ရှင်ထံမှ ပေးပို့သာသနာပြုစေခဲ့သော ဓာတ်တော် မွေတော်များဖြင့် ရဟန္တာရှင် ၅ပါးတို့အား သူရိယစက္ကမင်းက လက်ခံပြီး ရဟန္တာများညွှန်ပြနေရာ များ၌ စတုပါစေတီငယ်များကို ကျောက်တော်တောင်(သေလာဂီရိ)မှ အစပြုကာတည်ထား ကိုးကွယ် သည့်အချိန်နှင့် တိုက်ဆိုင်နေသည်ကပင် ခိုင်လုံသောအထောက်အထားတစ်ရပ်ဖြစ်သည် ဟု ယူဆနိုင်ပါသည်။

ဗိုက်ပူဘုရားရုပ်တုနောက်တွင်လည်း ရေးထိုးထားသော စာကြောင်းငယ်တစ်ခုပါရှိရာ ဖြဟ္မီအက္ခရာဖြင့် ရေးထိုးထားပြီး ကျန်လက်ရေးလက်သားများမှာလည်း အသောကမင်း ကျောက်စာနှင့် ခေတ်ပြိုင်အရေးအသားများဖြစ်နေ၍ တောင်ပေါက်ကြီးကျောက်စာကဲ့သို့ ရှေးအကျ ဆုံးရုပ်တု(ရှေးဟောင်းရုပ်ကြွင်းဝတ္ထုပစ္စည်း)တစ်ခု ဖြစ်ပေသည်။[၂]

ဖြဟ္မီအက္ခရာမှာ ဘီစီ ၆ ရာစုမှ ၈ ရာစုတွင် ဂင်္ဂါမြစ်ဝှမ်းလွင်ပြင်မှ စတင်ပေါ်ခဲ့သည်ဟု အယူ ရှိပြီး ဘီစီ ၃/၄ ရာစုကပင် ထွန်းကားခဲ့သည့် "ပါဋ္ဌလိပုတ်"မြို့တော်နှင့် ဆက်နွယ် နေကြောင်း ခေတ်သုတေသီများက ရေးသားလာကြပါသည်။

---

၁။ ဂေါ်ယာမြေစောဝင်း - ၅၈ နှင့် ဘာသာပြန် စာ-၄၆။
၂။ ဂေါ်ယာမြေ - စာ- ၄၈ နှင့် စာ - ၅၉။

http://www.dhammadownload.com



စန္ဒသူရိယမင်းမြတ်နောက် ၆ ဆက်မြောက် စန္ဒသူရိယ၏ "တွတ်"တော်စပ်သူ သူရိယ နွယ်ဝင် သူရိယစက္ကမင်းမှာ ဗုဒ္ဓဂေါတမရှင်တော်နှင့် စန္ဒသူရိယမင်းတို့ လွန်ပြီးနောက် နှစ်ပေါင်း ၂၁၄ နှစ်ကြာမျှက မင်းတစ်ပါးဖြစ်သည့်အားလျော်စွာ နောင်လာနောက်သားများ သိရှိစေရန် မိမိ အတိအကျ သိရှိရသောနေရာအား (အသောကမင်း ဗုဒ္ဓဖွားတော်မူရာအရပ်၌ အမှတ်အသား အဖြစ် ကျောက်စာတိုင်စိုက်ထူထားရှိခဲ့သည့်ပမာ) မပျောက်မပျက်စေရန် အမှတ်တရ သူရိယစက္က သို့တည်းမဟုတ် သူရိယနွယ်ဝင် မင်းတစ်ပါးပါးက ကျောက်စာရေးထိုးထားရှိခဲ့ခြင်းလည်း ဖြစ်နိုင် ပါသည်။ ဤမင်းမှာမူ ဘာသာသာသနာ ထွန်းကားတည်တံ့ရေးကိစ္စရပ် အများအပြားဆောင်ရွက် ခဲ့ခြင်းကြောင့် ဘာသာစကားနှင့် စာပေအရေးအသား အထောက်အထားပေါ်မှိုပြီး ဖြစ်နိုင်ဘွယ်ရာ အကြောင်းရှိသည်ဟု ယူဆခြင်း ဖြစ်ပါသည်။ သို့သော် ဤကိစ္စမှာ ကျောက်စာ၊ ပေစာ၊ အက္ခရာနှင့် ဘာသာစကားရေးရာ ကျွမ်းကျင်သူသုတေသီများက ဆုံးဖြတ်ရမည့်အချက်သာ ဖြစ်ပေသည်။

သုတေသီ ဒေါက်တာဖော်ချမ်မာ (Dr.Forchhammer)ကမူ စန္ဒသူရိယမင်းလက်ထက် ဂေါတမမြတ်စွာဘုရား၊ သံဃာတော်ငါးရာ ခြံရံလျက် ရက္ခပူရ၊ ဓညဝတီပြည်သို့ ကြွရောက်တော် မူကြောင်း၊ မဟာမုနိရုပ်ပွားတော်မြတ် သွန်းလုပ်တော်မူကြောင်း၊ သမ္ဗဒါနပကာရဏကျမ်း (Sarvasthana Pakarana)ကို အထောက်အထားဖြင့် ပြခဲ့သည်။ P-54 ဂေါယာ ံမြဲ Dec-1994 ။ ဦးအောင်သာဦးက ၁၉၇၈ ခု ဤအကြောင်းကို ပြည့်ပြည့်စုံစုံ ရေးသားခဲ့ပါသည်။

ရှေးရခိုင်မင်းတို့ စိုးစံရာဖြစ်သော မြောက်ဦးမြို့တော်သို့ လွန်ခဲ့သောနှစ်ပေါင်း ၈၀ လောက် က ရောက်ဖူးလေ့လာခဲ့ဖူးသော ဂျာမန်လူမျိုးသုတေသီ "ဖော်ချမ်မာ"ကမူ စန္ဒသူရိယ မင်းလက်ထက် ဂေါတမမြတ်စွာဘုရား သံဃာတော်ငါးရာခြံရံလျက် ရက္ခပူရ၊ ဓညဝတီသို့ ကြွရောက်တော်မူကြောင်း၊ မဟာမြတ်မုနိရုပ်ပွားတော်ကို သွန်းလုပ်ကြောင်း၊ [၁] မဟာမြတ်မုနိ ဘုရားသမိုင်းနှင့် (ယခုအခါ ပျောက်ကွယ်သလောက်ဖြစ်နေသော) သမ္ဗဒါနပကာရဏကျမ်းမှ ကောက်နုတ်ရေးသားခဲ့သည်ကို တွေ့ရ၏။ သို့သော် ၎င်းကျမ်းကိုကား ကိုယ်တိုင်ကိုယ်ကျ မတွေ့ခဲ့ရ ဟု ဆိုထားသည်ဟု သိရပါသည်။

စန္ဒသူရိယမင်း၏ လျှောက်ထားတောင်းပန်သည်ကို အကြောင်းပြု၍ ရုပ်ပွားတော် မဟာမုနိ ကို မြတ်စွာဘုရားခွင့်ပြုချက်အရ သွန်းလုပ်ပြီးစီးသောအခါ ယင်းသို့သွန်းလုပ်

http://www.dhammadownload.com



ကိုးကွယ်ခြင်း၏ အကျိုးအာနိသင်ကို ဟောကြားတော်မူပါဟု လျှောက်ထားတောင်းပန်၍ မြတ်စွာဘုရားသခင်သည် ပါဠိဘာသာဖြင့် ၃၈ ဂါထာရှိသော "သတ္တုဗိမ္ဗသုတ္တန်"ဒေသနာတော်ကို ဟောကြားတော်မူခဲ့၏။

မှတ်ချက်။ ဤဖော်ပြပါ ဂါထာတော်သည် မဇ္ဈိမဒေသ၌ ပသေနဒီကောသလမင်းထုလုပ်သော စန္ဒသာရရုပ်ထုတော်နှင့် ပတ်သက်၍ မြတ်စွာဘုရားဟောကြားတော်မူသော "ဒါန ဖလုပ္ပတ္တိကျမ်းလာ" ဂါထာတော်များနှင့် တိုက်ဆိုင်ကြည့်ရာ လုံးဝမတူပါဟု သုတေသီ ဓမ္မာစရိယ ဦးအောင်ချစ်က ဆို၏။ (ဒါန ဖလုပ္ပတ္တိကျမ်းကို ဆရာတော်ဦးပုဓ်ရေးခဲ့၏။) ဦးအောင်သာဦး၏ "ဓညဝတီခေတ် ရာဇဝင်သမိုင်းနှင့် အချို့သော သုတေသီတို့၏ အတွေးအမြင်"ဆောင်းပါး ၁၉၈၇-ဒီဇင်ဘာ။

တတိယဓညဝတီမြို့တော်ရာဟောင်း၊ မြို့ရိုး၊ ဆည်၊ ကျုံး၊ နန်းတော်ရာ၊ မဟာမုနိကုန်းတော်၊ ရုပ်ရှင်ရုပ်ပွားတော်များနှင့် ကျောက်စာ၊ ပေစာ၊ မင်းစဉ်မင်းဆက်အချို့ ရှေးဟောင်းရာဇဝင် ကျမ်းဂန်အမြောက်အများအပြင် ကဗျာလင်္ကာ မြေပေါ်သက်သေ၊ ရှေးဟောင်း ရုပ်ကြွင်းဝတ္ထုပစ္စည်း အမြောက်အများတို့က ဓညဝတီမြို့တော်နှင့် ထိုခေတ်တည် စန္ဒသူရိယမင်းမှာ အမှန်တကယ် ရှိခဲ့ကြောင်းနှင့် အဆိုပါမင်းလက်ထက် မဟာသက္ကရာဇ် ၁၂၃ ခုတွင် ဗုဒ္ဓဂေါတမရှင် ဓညဝတီ မြို့တော်သို့ စန္ဒသူရိယမင်း မနောဖြင့် ပင့်ဖိတ်တော်မူခဲ့၍ ကြွရောက်တော်မူပါကြောင်းကို ပေါ်လွင် စွာ ဖော်ကြူးနေပါသည်။ မဟာသာသနာ ရခိုင်ကောဇာနှင့် ခရစ်သက္ကရာဇ်များမှာလည်း ၄င်း အချိန်ကစတင်ရေတွက်လာသည်မှာ ယခု ၁၉၉၇-ခုနှစ်(ခရစ်အေဒီ)အထိ တိကျမှန်ကန် ကိုက်ညီနေ ကြောင်း တွေ့ရှိရပါသည်။ (တတိယဓညဝတီ၊ ဝေသာလီကျောက်လှေကားနှင့် ခေတ္တသင်မှ ယခု အထိ၊ မြို့တော်ခေတ်၊ မြန်မာခေတ်၊ ဗြိတိသျှခေတ်နှင့် လွတ်လပ်ရေးရပြီး ခေတ်အထိ ဇယားကိုရှုပါ)

ဗုဒ္ဓရှင်တော် ပထမဦးစွာ ဓညဝတီ၌ ဆင်းသက်တော်မူခဲ့သော ကျောက်တော်တောင်နေရာ ဗုဒ္ဓရှင်အား ပင့်ဖိတ်တော်မူခဲ့သည့် စန္ဒသူရိယမင်းအား ဘုရားရှင်က တရားဓမ္မချီးမြှင့်တော်မူခြင်းနှင့် နောင် နှစ်ပေါင်း(၂၃၅)ခန့် ကြာမြင့်သည့်အခါ အသောကမင်းထံမှ ပေးပို့ရရှိသော ဗုဒ္ဓဂေါတမ ဓာတ်တော်မွေတော်များဖြင့် ပထမဆုံးသော ဓာတုစေတီတော်ကို သူရိယစက္ကမင်းက တည်ထားခဲ့ သည့် အမှတ်တရအဖြစ် ဤကျောက်တော်တောင်(သေလာဂီရိ)ကို နောင်လာနောက်သားများ

http://www.dhammadownload.com



သိရှိပြီး အစဉ်ထာဝရ သတိရကြစေရန် ထုလုပ်ထားခဲ့သည်ဟု ယူဆရပါသည်။ ဤသည်ကလည်း ရှေးဟောင်း အထောက်အထားတစ်ရပ်ပင် ဖြစ်ပါသည်။

ရခိုင်ပြည် ဓညဝတီမြို့တော်သို့ စန္ဒသူရိယမင်း မနောအာရုံဖြင့် ပင့်ဖိတ်တော်မူခဲ့၍ ဘုရားရှင် ကြွရောက်တော်မူလာကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့ ကြွရောက်လာပြီး ဓညဝတီမြို့တော်မှ ပြန်လည်မထွက်ခွာမီ ဘုရင်မင်းမြတ်လျှောက်ထားတောင်းပန်မှုကြောင့် မဟာမုနိ ရုပ်ရှင်တော်မြတ်အား သွန်းလုပ်ခွင့်ပြုပြီး ကိုယ်စားတော်အဖြစ် ထားရှိကိုးကွယ် ပူဇော်ခွင့် ချီးမြှင့်ခဲ့ပါသည်။

ဘုရားရှင်နှင့် စန္ဒာသူရိယမင်းတို့ ရှေးဘဝပေါင်းများစွာ ဆုံးဆည်းခဲ့ကြသည့် ပါရမီ ပဋ္ဌာန်း ဆက်ရှိခဲ့သည့်အနက်မှ ယခုကိစ္စနှင့် အထူးဆက်စပ်နေသည့် ဖြစ်စဉ်တစ်ရပ်အား ထည့်သွင်းဖော်ပြ လိုပါသည်။

ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၌ ဗေဒင်အရာတွင် အထူးတတ်ကျွမ်းသော ပုဏ္ဏားကြီး၏ သားငယ်တစ်ဘဝဖြစ်ခဲ့ရာ စန္ဒသူရိယအလောင်းတော်မှာ နွားကျောင်းသားလေး ဖြစ်ခဲ့သည်။ တစ်နေ့တွင် ခိုးသားများဝှက်ထား၍ နွားများပျောက်ဆုံးလေသော် ပူဆွေးသောက ရောက်နေသော စန္ဒသူရိယအလောင်းတော်အား ပုဏ္ဏားငယ်က မိမိတတ်ကျွမ်းသည့် ပညာဖြင့် တွက်ချက်ပြီး ဝှက်ထားသည့်နေရာအား ညွှန်ပြဖူးခဲ့သည်မှ အဆွေခင်ပွန်းဖြစ်ကာ အလုပ်အကျွေး ပြုစုပြီး နေလာခဲ့ကြရာ အထူးတလည် ရင်းနှီးမှုရရှိပြီး၊ ဘုရားအလောင်းတော် အခြားရပ်ရွာများသို့ ညအိပ်ရက်ရှည် အလုပ်ကိစ္စဖြင့် သွားရောက်ရသည့်အခါများ၌ စန္ဒသူရိယအလောင်းတော်က မခွဲနိုင်၍ ရွှံ့ဖြင့်ပြုလုပ်သည့် ကိုယ်တော်ရုပ်တုကို နွားကျောင်းသားလေးအား ပေးထားခဲ့ရလေသည်။

တစ်ခါသော် စန္ဒသူရိယအလောင်းတော်အား ပေးထားသော ရုပ်တုလေးကို တင်ထားနေကျ ညောင်ပင်ဂွ၌တင်ထားရာ ယင်းကို့နှစ်ဦး ရင်းနှီးမှုကို မနာလိုဖြစ်နေသော ညောင်ပင်စောင့်နတ်က ဝှက်ထား၍ ရှာဖွေမတွေ့ရသဖြင့် စန္ဒသူရိယအလောင်းတော်မှာ ကိုးကွယ်ရာမဲ့ ပူဆွေးသောက ပြင်းပြစွာ ဝေဒနာခံစားရပြီး ဘုရားအလောင်းတော် ခရီးသွားရာမှ ပြန်လည်မရောက်မီ ထိုဝေဒနာ နှင့်ပင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားရှာလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် စန္ဒာသူရိယမင်း၏ မနောဖြင့်ပင့်ဖိတ်နေကြောင်း သိတော်မူ၍ ဆင်ခြင်တော်မူလတ်သောအခါ ယခင်အခါကဲ့သို့ ဖြစ်မည်ကို သိမြင်တော်မူ၍ ကယ်တင်ရန် ကြွရောက်လာခြင်းဖြစ်သည်။

http://www.dhammadownload.com



ဗုဒ္ဓဂေါတမမြတ်စွာဘုရား သေလာဂီရိကျောက်တော်တောင်သို့ ဆင်းသက်ပြီး ရပ်တန့်သည့် အခါ အရပ်လေးမျက်နှာသို့ လှည့်ပတ်ကြည့်ရှုပြီး ပြုံးတော်မူသည်ကို ညီတော်အာနန္ဒာ မြင်တော်မူ၍ အကျိုးအကြောင်းအား လျှောက်ထားတောင်းပန်တော်မူသောအခါ ဗုဒ္ဓရှင်က-

"ချစ်သား အာနန္ဒာ. . .။ ပစ္ဆိမဒေသအနီးရှိ ဤဓညဝတီပြည်သည် အလွန်ထင်ရှား မြင့်မြတ်သော တိုင်းပြည်ဖြစ်ပေသည်။ မြစ်ကြီးကစ္ဆပနဒီ၏ အရှေ့အနောက် နှစ်ဖက်သော ကမ်းပါး၌ (၉၉)မြို့စီဖြင့် နောင်လာမည့်ကာလတွင် အလွန်စည်ကားထင်ရှားသော ပြည်ထောင်ဖြစ်လတ္တံ့။ ထိုမြို့များ၌ စိုးစံကြသော ဆွေဝင်မင်းတို့သည်လည်း အသမ္ဘိန္န ခတ္တိယမင်းမျိုးတို့သာ ဖြစ်ကြသောကြောင့်လည်းကောင်း၊ ငါတို့သာကီဝင်မင်း၏ အနွယ်တော်(နန်းစွန့်) ကပ္ပိလဝတ်မင်း၊ အဠုနရှင်ရသေ့က ဆင်းသက်လာသောကြောင့် လည်းကောင်း ဤပြည်ထောင်ကြီးသည် မြင့်မြတ်သောတိုင်းပြည် ဖြစ်ပေ၏။

ငါဘုရားနေစဉ်က ဤဓညဝတီမြို့တော်၌လည်း များစွာသောတပည့်တပန်းတို့၏ အကြီးအကဲ ပုရောဟိတ်ပုဏ္ဏားဖြစ်ခဲ့ကာ စန္ဒာသူရိယမင်းဖြင့် (၇)ဆက်ဆုံဆည်း ခဲ့ရာ. . . "ကြောင်းဆက် ခုနစ်ခါ ပါဘူးရာဝယ်၊ တကာသုံးခါ၊ ဆရာတစ်ခေါက်"ဟု မှတ်တမ်းတင်ပါရှိပါသည်။ သို့ဖြစ်ခြင်းကြောင့် ဓညဝတီမြို့တော်၊ သီရိကုဋ္ဌတောင်ကုန်း ပေါ်၌ ငါ၏ကိုယ်စားသဏ္ဌာန်တူသွန်းလုပ်တော်မူလတ္တံ့သော မဟာမုနိရုပ်ရှင်တော်သည် ငါ၏ရင်ငွေ့တော်ဓာတ်ဖြင့် သွန်းလောင်းထားမည်ဖြစ်၍ ငါ၏သာသနာတော် နှစ် ၅၀၀၀ ပတ်လုံး ကိန်းဝပ်တော်မူလတ္တံ့။ ငါပရိနိဗ္ဗာန်ပြုပြီးနောက်ဝယ်၌လည်း ငါ၏ဓာက်တော် မွေတော်များအား ဓာတုစေတီတော်များ (ဤကျောက်တော်တောင်အပါအဝင်) ကျင်လည်ခဲ့သည့် အရပ်ဒေသများ၌ တည်ထားကိုးကွယ်ရလိမ့်မည်ဟု ဗျာဒိတ်တော်ထားရှိကာ ဓညဝတီ ရခိုင်ပြည်၌ ကျင်လည်ခဲ့သော ဒေသများအား ဖွင့်ဟပြောကြားတော် မူခဲ့လေသည်"

ဟု မဟာမုနိသမိုင်းတွင် အဆိုရှိကြောင်း ကြားသိရပါသည်။

http://www.dhammadownload.com



## မဟာမုနိရုပ်ရှင်တော်မြတ် သွန်းလုပ်တော်မူခြင်းအကြောင်း

ဗုဒ္ဓရှင်တော်မြတ် ဓညဝတီမြို့တော်၌ တစ်ပတ်တာမျှ သီတင်းသုံးတော်မူပြီး ပြန်လည်ထွက်ခွာမည်ကို စန္ဒသူရိယမင်းမြတ် သိရှိတော်မူသည့်အခါ၌ ဗုဒ္ဓဟောကြားတော်မူသည့် ဓမ္မဒေသနာတော်မြတ်များကြောင့် အထူးကြည်ညိုမှုဖြစ်ပေါ်ကာ ဗုဒ္ဓပြန်လည်ကြွမြန်းသွားခဲ့လျှင် ဘုရားရှင်နှင့် ကွဲကွာရမည်ကို ပူပန်သောကကြီးစွာဖြစ်ပြီး ဘုရားရှင်ပြန်လည် ကြွမြန်းတော်မူခဲ့လျှင် မိမိတို့မှာ ကိုးကွယ်ရာမဲ့ မဖြစ်ရလေအောင် မိမိနှင့် ရခိုင်ပြည်သူပြည်သားများအား သနားကြင်နာသောအားဖြင့် ကိုယ်စားတော်ရုပ်ထုတစ်ဆူ သွန်းလုပ်ခွင့်ပြုပါရန် အောက်ပါအတိုင်း လျှောက်တင်ခဲ့လေသည်။

**အနေ့ာထော မေတုဝံ ဘန္တေ၊ ဒေသနတ္တာယ စာရိကံ**

**တသ္မာ တွံ ဣဟ တာဏာယ၊ ဒဒါဟိ ပဋိဗိမ္ဗကံ။**

ထိုသို့ တောင်းပန်သောအခါ၌ မြတ်စွာဘုရား ပြုံးတော်မူပြီး ဉာဏ်တော်ဖြင့် ဆင်ခြင်လတ်သောအခါ ကောသလမင်းကြီး ထုလုပ်ကိုးကွယ်တော်မူသော စန္ဒကူးနံ့သာ(နသာရ)မုနိမည်သည့် ငါ၏ရုပ်ပွားတော်မှာ မိစ္ဆာဒိဋ္ဌိမင်းများ ပိုင်စိုးလာသည့်အခါ ဖျက်ဆီးအံ့သည်ကို သိမြင်တော်မူသဖြင့် "သိကြားမင်းသည် ရွှေပလ္လင်တော်နှင့်တကွ ရုပ်တုတော်ကိုပါ သိုဝှက်၍ ထားလိမ့်မည်ဖြစ်၍ နောင်လာ နောက်သားတို့ ကိုးကွယ်ဆည်းကပ်ရာမရ ဖြစ်လိမ့်မည်"ဟု မြင်တော်မူသောကြောင့် ဤဓညဝတီမြို့တော်၌သာ ထားခဲ့ပါက ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက် ဗျာဒိတ်တော်ထားတော်မူလတ္တံ့သော သာသနာနှစ်(၅၀၀၀)ပတ်လုံး ဤအရပ်ဒေသ၌ တည်တံ့၍ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ချမ်းသာစီးပွားဖြစ်ကြကုန်လတ္တံ့ဟု ဆင်ခြင်တော်မူကာ စန္ဒသူရိယမင်းမြတ်လျှောက်ထား တောင်းပန်ချက်ကို သဘောတူခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်သည်။

ခွင့်ပြုချက်ရသည်နှင့် စန္ဒာသူရိယမင်းက အလွန်တရာမှ ဝမ်းမြောက်ပီတိဖြစ်ပြီး ရတနာငါးပါးအား စုစည်းစေကာ ရွှေပန်းတောင်းများ၌ထည့်၍ ဆင်ဖြူများပေါ်သို့တင်ပြီး ထီးဖြူများမိုးလျက် သီရိဂုတ္တ ကုန်းတော်ပေါ်သို့ ဆောင်စေပြီး ကြီးကျယ်ခမ်းနားသော မဏ္ဍာပ်ဆောက်စေ၍ စုစည်းထားသော ရတနာများအား ဗုဒ္ဓရှင်တော်မြတ်ထံ ကပ်လှူသောအခါ၌ ဘုရားရှင်က စန္ဒသူရိယဘုရင်မင်းမြတ်ကို ရတနာနှစ်ဆုပ်ယူကာ ချီးမြှင့်တော်မူလေသည်။ တရားဓမ္မဟောကြားတော်မူပြီး ခုနစ်ရက်တာမျှ ကောဇာ ၁၂၃ ခု၊ ကဆုန်လပြည့်နေ့ ညဦးအချိန်ကစပြီး စတင်သွန်းလုပ်

http://www.dhammadownload.com



ခဲ့ကြရာ မုနိတော်မှာ(၃)ကြိမ်တိုင်တိုင် ကွဲအက်ကာ မစေ့ဘဲဖြစ်နေသဖြင့် အကြောင်းစုံကို ဗုဒ္ဓရှင်အား လျှောက်ထားသည့်အခါ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ကြွရောက်တော်မူလာပြီး တေဇာတန်ခိုးကြီးခြင်း ကိုလည်း ဖြစ်စေရန်အလို့ငှာ ကိုယ်တော်မှဖြစ်သော ရင်ငွေ့တော်ကို (၇)လက်ခုပ် ထည့်တော်မူသည့် အခါမှသာ နံနက်အရုဏ်တက်တွင် ပြီးမြောက်အောင်မြင်တော်မူလေသည်။

ထိုကဲ့သို့ ဘုရားရှင်တော် ဓညဝတီတွင် သီတင်းသုံးနေထိုင်စဉ် အချိန်အခါမှ ပြီးဆုံးသည် အထိကို "မဟာမုနိလင်္ကာ"ပေမူ၌ အောက်ပါအတိုင်း စပ်ဆိုထားလေသည်။

"သူရိယစန္ဒာ၊ ဖြဟ္မာသိကြား၊ နတ်များညီညွတ်၊ မှုတ်ခတ်ကျူးလွင်၊ ပဋ္ဋင်ပြီးစီး၊ မဏ္ဍပ်ကြီးတွင်၊ ရှင်တော်ကိုယ်စား၊ ရုပ်ပွားဆင်းတု၊ သွန်းပြုသောခါ၊ နှစ်ကောဇာမူ၊ တစ်ရာ့နှစ်ဆယ်၊ စွန်းဝယ်သုံးခု၊ ရတုဂိမှ၊ နွေလကဆုန်၊ ပူပန်ပြင်းစွာ၊ ဝိသာခါနှင့်၊ မကွယ်ယှဉ်မှတ်၊ ရက်မြတ်ဗုဒ္ဓ၊ ညဉ်းကလျှင်၊ စ၍သွန်းရာ၊ ထိုအခါတွင်၊ တေဇာတန်ခိုး၊ တက်တိုးဝှန်ဝေ၊ ဖြစ်စေခြင်းငှာ၊ အဓိဋ္ဌာဖြင့်၊ မဟာပူရိသ၊ လောကကြေးမုံ၊ သုံးဘုံမျက်ဖျော်၊ ရွှေကိုယ်တော်ငွေ့၊ လက်တော်ပွေ့လျက်၊ ထည့်၍ကြည့်ရှု၊ သဗ္ဗညုတ၊ ကြပ်မသွန်းလုပ်၊ ရုပ်တုတော်ကြီး၊ ထိန်ညီးလျှံပြေး၊ ကြာသပတေးနေ့တွင်၊ ပြီးအောင်မြင်၏။. . ."

ဟု စပ်ဆိုထားပါသည်။

ဖဒူမင်းညိုက "ရခိုင်မင်းသမီး"ချောင်း၊ အပိုဒ် ၉ တွင်-

"ထူးလည်းမြတ်စိုက်၊ ကေရာဇ်တံခွန်၊ ဆဒ္ဒန်ဖြူလွှ၊ တရွှရွှနှင့်၊ ဓညဝတီ၊ သိင်္ဂီရွှေပြည်၊ ဘုန်းတည်စည်သား၊ အမည်သူရိယ၊ စန္ဒရာဇာ၊ မင်းသဒ္ဒါလျှင်၊ ထိုခါစိုးခိုက်၊ ရှင်တော်ကြိုက်၍၊ ရိုက်ရိုက်လဖိမ့်၊ အူသိမ့်တက်ဝှန်၊ ပီတိမွန်မျှ၊ တောင်းပန်သောခါ၊ မဟာမုနိ၊ ရှိသည်ယခု၊ ဆင်းရုပ်တုကို၊ ဝိသုကမ္မ၊ သိကြားမ၍၊ ပဉ္စလောဟာ၊ ရတနာဖြင့်၊ သွန်းကာမဖြစ်၊ ခုနစ်လက်ခွေ့၊ ကိုယ်တော်ငွေ့ယူ၊ တည်တော်မူမှ၊ ဘုန်းတူဘုန်းရှည်၊ ညီနည်ဘုရား၊ ကိုယ်တော်စားဟု၊ ထားခဲ့သောအား၊ သုံးပါးနတ်လူ၊ ကိုးရာမူသည်၊ အယူရှိညွတ်၊ ထူးတည့်လေ။"

ရခိုင်ဝေသာလီ ကျောက်လှေကားခေတ်၊ ခရစ်သက္ကရာဇ် ၈၀၀ ခုခန့်က ဓမ္မဝေယျ ရေးစပ်ခဲ့ သည့် "ဗျည်း ၃၃ လုံး ရခိုင်လှေတော်သံ"တွင်လည်း-

http://www.dhammadownload.com



"စ-စကိုမူကား၊ စန္ဒသူရိယ၊ မင်းလှပြည့်ရှင်၊ တောင်းပန်ကျင်ကော၊ သျှင်ပင်ကိုယ်စား၊ သွန်း၍ ထားသည်၊ ဖူးမျှားလွယ်ကာ၊ လွယ်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ" (ဧညစံ-ဦးဘစံ အရေးအသားမှ ကောက်နုတ်ချက်)။ "ဓမ္မဝေယျအမည်ခံ၊ အမတ်ကြီး၏ လောင်းလျှော်သံ၊ က မှ အ အထိ စပ်ဆိုထား၊ ကြားနာရေလူ၊ မျိုးချစ်ပွား" (ဧညဝတီမင်းပြား ရွှေကျော့သာ-၁၉၆၁)။

မြဒိုးဝေ စာဆိုအမတ် "ရခိုင်ရာဇဝင်တော်ကြီး"မှ ကောက်နုတ်ကာ ဦးစံလှရေးစပ်သည့် ကဗျာလင်္ကာ၌လည်း-

"သုံးဖြာလောက၊ တုမရကော၊ ဉာဏထွန်းချာ၊ စောဗုဒ္ဓါလျှင်၊ ပြည်ရွာတစ်ပါး၊ ရွှိစက်ချီ၍၊ ပြန်လည် ငြားကား၊ အများသူငါ၊ ကိုးကွယ်ရာနှင့်၊ ကင်းပါလိမ့်မည်၊ သို့ဖြစ်ပေ၍၊ စိန္တေမြတ်စွာ၊ ဘဂဝါနှင့်၊ တူစွာမခြား၊ ရတနာနှင့်၊ သွန်းကာလုပ်ကော၊ မြတ်ရုပ်ပွားကို၊ သနားမေတ္တာ၊ ကိုးကွယ်ရန်လေ၊ မှန်ယခုကော၊ ခွင့်ပြုပါဟု၊ ရာဇာမင်းလောင်း၊ နှုတ်ဝါ စာက၊ မြွက်ခါ တောင်းသော်၊ ကျိုးကြောင်းထောက်ကာ၊ မင်းရာဇာကို၊ မြတ်စွာသုံးလု၊ ရွှိကျောင်းပေါ်မှာ ခွင့်တော်ပြုသော်။

ရှိဦးတင်ကာ၊ နန်းဘုံသာသို့ ပြန်လာပြီးမှ၊ မှူးမတ်ဝန်လေ၊ ပတ်ရံခလို့ သီဟာဥဂ္ဂင်၊ ညီလာခွင်မှာ၊ တိုင်ပင်ပြီးထွေ၊ မတ်တန်တန်ကို၊ တာဝန်ခွဲလို့၊ လွှဲပြီးချေသော်၊ ရွှိ-ဓငွ-ကြီး-သံ၊ ဘင်မကျန်ဘဲ၊ ငါးတန်လောဟာ၊ ရတနာလေ၊ သပြာချပ်ရွှိ၊ ငါးမျိုးစီကို၊ တကုဋီအား၊ ကြည်ညီဖြူဆွ၊ ငါးစီးဆင်မှာ၊ တင်ပြီးမှလျှင်၊ သတ္တရတနာ၊ ညီးလူလူကော၊ ထီးဖြူမြတ်ကို၊ ဆောင်းလတ်ပါ၍၊ ရာဇာဘုန်းတု၊ လွန်မြိုင်ဆိုင်ကော၊ ကတညုသို့၊ ရုံးစုညီညာ၊ အောင်မောင်းညံလို့ အောင်လံခွန်းကော၊ ချီလှမ်းခါဖြင့်၊ လွန်စွာကြီးကျယ်၊ မဏ္ဍပ်လယ်မှာ၊ ရောက်သည့်ကာလ၊ ငါးစီးဆင်၏၊ ဥဂ္ဂင်မှလျှင်၊ ချကြပြီးငြား၊ ရတနာကို၊ ပုံကာထားမှ၊ ထင်ရှားကျော်လတ်၊ ပိသုကာလေ၊ ဆရာမြတ်နှင့် လူနတ်များစွာ၊ ကိုးစားရာလေ၊ မဟာမုနိ၊ ရုပ်ပွားတော်လေ၊ သောင်းကျော်လပ်ကော၊ မြတ်ဇောဓိကို၊ သွန်းသည့်အခါ၊ နှစ်ကောဇာလျှင်၊ တစ်ရာ့နှစ်ဆယ်၊ သုံးခုကယ်တွင်၊ ရောင်ခြေဝင်းပ၊ ပူပြင်းတုံကော၊ ကဆုန်လ၏၊ ပြည့် တစ်ရက်မှာ၊ နိဗ္ဗဒ္ဓါတွင်၊ စ ကာသွန်းဘိ၊ ဆုတ်စ ကာသို့ လွန်လာပြုကော၊ ဂုရုနိတွင်၊ ထိန်ညီးရှုပ၊ လျှပ်စစ်ရောင်သို့၊ ပြောင်ပြောင်လင်းကော၊

http://www.dhammadownload.com



ဆင်းဗုဒ္ဓကို၊ ပဥ္စလောဟာ၊ ရတနာဖြင့်၊ သွန်းကာလုပ်ကော၊ ခြောက်ရောင်ထင်၍၊ မြင်မညီးအောင်၊ သွန်းပြီးရေလေ။

သွန်းလို့မယေ ပြီးခါ၊ မြို့ဧညာက၊ မြတ်စွာဗုဒ္ဓ၊ ထေရ်ငါးရာနှင့်၊ ပြန်ကာကြွသော်. . . ”

ဟု စာဆိုမြဒိုးဝေက နောက်ထပ်စုံစုံလင်လင် ပီပြင်စွာ ဖော်ကြူးထားခဲ့ပြန်သည်။

## စန္ဒသူရိယမင်းနှင့်ပတ်သက်သည့် ကဗျာလင်္ကာမှတ်တမ်းများ

သာသနာသက္ကရာဇ် ၁၁၆၉၊ ခရစ်အေဒီ ၆၇၇ ခန့်ကပင် ဝေသာလီကျောက်လှေကားခေတ် သီရိစန္ဒြမင်း၏ ပညာကျော် စာဆိုအမတ်ကြီး “မေဝပညာ”ရေးစပ်ခဲ့သည့် ရတုတွင်လည်း၊ ဒုတိယဓညဝတီ ၂၄ ဆက်မြောက်၊ ရာလမာယုနောက်ဝယ်မှ တက်လာသော “ခေတ္တိငါးဆက်၊ မပျက်စဉ်လာ၊ စန္ဒာသူရိယ၊ ဇီဝကကိန်း၊ ဖြိုသိမ်းပြီးမှ၊ တစ်ကစလိုက်၊ သကြစ်လာ၊ သာသနာနှစ်” . . . စသည်ဖြင့် မဟာသက္ကရာဇ် ၁၄ရခုအား အကြွင်းမဲ့ဖြိုချေသောမင်းဖြစ်ကြောင်း တိတိကျကျ ဖော်ပြခဲ့ပါသည်။ ဤသည်ကလည်း စန္ဒာသူရိယမင်းမြတ်နှင့် ပတ်သက်၍ နန်းသုံးပေစာ ရာဇဝင်သမိုင်းကြောင်း၌ ခိုင်မာသည့် ရှေးရှေးက အထောက်အထားတစ်ရပ်ပင် ဖြစ်ပါသည်။

စာဆိုအမတ်ဖဒူမင်းညို၏ရခိုင်မင်းသမီးချောင်းအေဒီ၁၄၆ဝနှင့် မြဒိုးဝေရာဇဝင် အေဒီ ၁၇၅၇ တို့ ဖော်ပြချက်တွင်လည်း စန္ဒာသူရိယမင်းအကြောင်း ခိုင်လုံသည့် အထောက်အထားများစွာ ပါပြီး အေဒီ ၇ဝဝ-၇၆ဝ ခန့်စာဆိုအမတ် ဓမ္မဇေယျ၏ ဗျည်း ၃၃လုံး လှေတော်သံ သျှိုးလိုက်ရတု၌လည်း- “စ-စကိုမှူကား၊ စန္ဒာသူရိယ၊ မင်းလှပြည့်ရှင်၊ တောင်းပန်ကျင်ကော၊ သျှင်ပင်ကိုယ်စား၊ သွန်း၍ထားသည်၊ ဖူးများလွယ်ကာ၊ လွယ်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ၊” “(စ)”အက္ခရာဗျည်းဖြင့် အပိုဒ်တစ်ပိုဒ် ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ အဆိုပါ မင်းမြတ်နှင့်စပ်လျဉ်းပြီး ရှေးရှေးက သက္ကတဘာသာဖြင့် ပြုစုထားသည့်မှတ်တမ်း၊ ကဗျာ၊ လင်္ကာ၊ အမြောက်အများလည်း ရှိခဲ့မည်မှာ အမှန်ပင်ဖြစ်ပါသည်။ အမှန်ကိုတင်ပြရမည်ဆိုပါက ရခိုင်ပြည်ထောင်၏ ထီးသုံးနန်းသုံးနှင့် ဘာသာရေးဆိုင်ရာ အရေးအသားများမှာ ဝေသာလီခေတ်အထိ သင်္ကရိုက် သက္ကတ ပါဠိဘာသာစကားသာဖြစ်၍ ၄င်းဘာသာရပ်များအား ဝေသာလီခေတ် အေဒီ ၃၆၄-၇ဝဝ

http://www.dhammadownload.com



တိုင်ရောက်အောင် တွင်တွင်ကျယ်ကျယ် အထူးကျွမ်းကျင်စွာ အသုံးပြုနေခဲ့ကြသည်ကို ကျောက်စာ၊ ပေစာများမှ တွေ့ရှိရပါသည်။ အေဒီ ၆၇၇၊ သာသနာ ၁၁၆၉ တွင်မှ သသ်ကရိုက် အက္ခရာဂန္ဓဝင် စာပေ စာစကားများမှ စွန့်ခွာကာဘာသာရေး၊ ရိုးရိုးရခိုင်ဘာသာ၊ ရခိုင်စကား၊ စာပေသို့ ပြောင်းလဲ သုံးစွဲလာခဲ့ကြသည်ကိုလည်း မေဓပညာ၊ စောပြည့်ညို၊ ဓမ္မဇေယျ၊ အဆင့်မြင့်ကဗျာ၊ လင်္ကာ၊ ရတု၊ သျှိုးလိုက်၊ မော်ကွန်းစသည်များမှ တိတိကျကျ သိရှိနိုင်ပါသည်။ ဤမျှ အဆင့်အတန်းမြင့်မားသည့် ရက္ခဝဏ္ဏ ရခိုင်စာပေအက္ခရာများ ဖြစ်မြောက်တတ်ကျွမ်းလာရန် နှစ်ရာစုများစွာ လိုအပ်ပါသည်။

ရခိုင်ဘာသာစကားမှာ ဓညဝတီခေတ်ကပင်လည်းကောင်း၊ သက္ကတပါဠိ ဂန္ထဝင် အရေး အသားမှာ ဝေသာလီကျောက်လှေကားခေတ်အထိ တွင်တွင်ကျယ်ကျယ်ပါလာသည်က တစ်ကြောင်း အပြင် ရက္ခဝဏ္ဏ အက္ခရာမှာလည်း ဗြဟ္မီအက္ခရာမှ ပေါက်ပွားလာသည်ကို တွေ့ရခြင်းကြောင့် ရခိုင်လူမျိုးနှင့် ဘာသာစကား မည်ရွေမည်မျှ အာရိယန်၊ အာရီယိုဒြာဗီဒီယမ် စကားစာပေဖြင့် ဆက်နွယ်အမြစ်ခံနေသည်ဆိုသည့် အချက်အား သိမြင်နိုင်ပါသည်။ ယခုအထိ လည်းကောင်း၊ လေးမြို့ခေတ်တွင်လည်းကောင်း၊ မွန်ဂိုလီယံတရုတ်တရက် စကားစာပေ အသုံးအနှုန်းတစ်လုံး တစ်ပါဒမျှ မတွေ့ရ၍ မွန်ဂိုလွိုက်များ လွှမ်းမိုးအုပ်စိုးခဲ့သည်ဆိုသည့်အချက်မှာ အခြေအမြစ် လုံးဝမရှိဟု ထင်မြင်ပါသည်။

## ဂေါတမမြတ်စွာဘုရား ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်း နှင့် မဟာမုနိဆင်းတုတော်

### နိဒါန်း

ယနေ့ ရခိုင်လူမျိုးတို့သည်ကား ရှေးဓညဝတီခေတ်၊ ဝေသာလီကျောက်လှေကားခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်တို့မှ ဆင်းသက်လာသူများ ဖြစ်ကြပေသည်။ တတိယဓညဝတီ ခေတ် (သို့မဟုတ်) သူရိယခေတ် ကို စတင်သော စန္ဒာသူရိယမင်းလက်ထက် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် ရဟန်းရှင် (၅၀၀)နှင့်အတူ ဓညဝတီသို့ ကြွရောက်လာပြီး မင်းနှင့်ပြည်သူများကို နိဗ္ဗာန်ရောက် ကြောင်း တရားဟောတော်မူခဲ့သည်သာမက

http://www.dhammadownload.com



သာသနာအစွန့်ရှည်ရေးအတွက် ဘုရားကိုယ်ပွား မဟာမုနိဆင်းတုတော်ကို သွန်းလုပ်ခွင့်ပြုခဲ့ကြောင်းကို ရခိုင်သူ၊ ရခိုင်သားများက လက်ဆင့်ကမ်း၍ အစဉ်အလာ ယုံကြည်လျှက်ရှိကြပါသည်။ သို့သော် ဤကဲ့သို့ ယုံကြည်နေကြခြင်းကို မဖြစ်နိုင်ဘက်က ပြောကြ၊ ဆိုကြ၊ ရေးကြသူများမှာ ယနေ့တိုင် ရှိနေဆဲ ဖြစ်ပါသည်။ ဤသို့ မယုံကြည်နိုင်သူများ၏ အဆိုအရ အထောက်အထား ခိုင်ခိုင်မာမာ မရှိကြ၍ဟု ဆိုကြပါသည်။ မယုံကြည်နိုင်သည့် အကြောင်းပြချက်များကား များပြားလှပါသည်။ ထိုအချက်များအနက် အရေးအကြီးဆုံးအချက်များကား-

(က) ဗုဒ္ဓဝင်တွင် ဖော်ပြခြင်းမရှိခြင်း၊

(ခ) ပါဠိတော် အဋ္ဌကထာတွင် မပါရှိခြင်း၊

(ဂ) ပညာရှင်အချို့က မြတ်စွာဘုရားမှာ မဇ္ဈိမဒေသကလွဲ၍ ဒေသစာရီကြွချီခြင်း မရှိခဲ့သဖြင့် ဓညဝတီသို့ ဒေသစာရီ ကြွချီခြင်းမရှိခြင်း၊

(ဃ) ဥရောပတိုက်သား သုတေသီများအဆိုအရ မြတ်စွာဘုရားနှင့် စန္ဒသူရိယမင်းတို့မှာ အချိန်ကာလအားဖြင့် ကွာခြားနေပါ၍ နှစ်ဦးတွေ့ဆုံနိုင်ဖွယ်ရာ အကြောင်း မရှိပါ။ ထိုကြောင့် မြတ်စွာဘုရား ရှေ့မှောက်မှာ မဟာမုနိဆင်းတုတော်ကို သွန်းလုပ်သည် ဆိုသည်မှာလည်း ယုံကြည်နိုင်ဖွယ်ရာမရှိပါ။

(င) ထိုအချိန်အခါမှာ Bronze Age ကိုပင် မရောက်သေး၍ မဟာမုနိကို သွန်းလုပ်သည်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ဟု ပြောသူက ပြောကြသည်။

(စ) ထင်ရှားသော သုတေသီတစ်ဦး၏ ရေးသားချက်တစ်ရပ်မှာ "mariculous flying visitation of Guatama Buddha to Dhanyawady" ဟုငေါ့၍ ရေးသားထားသည်ကိုလည်း တွေ့ရပါသေးသည်။

(ဆ) ထိုပုဂ္ဂိုလ်ကပင် မဟာမုနိဆင်းတုတော်ကို သွန်းလုပ်ချိန်မှာ အေဒီ ၅ ရာစုခန့်သာ ဖြစ်နိုင်ပါမည်ဟု ဆိုပါသည်။

အမှန်စင်စစ် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က အဖြစ်အပျက်များကို ခိုင်လုံစွာ အထောက်အထားပြဆိုရန် ဆိုသည်မှာ လွယ်ကူလှသော ကိစ္စရပ်ကားမဟုတ်ပါ။ သို့သော်

http://www.dhammadownload.com



အထက်ကဆိုခဲ့သည့်အတိုင်း ရခိုင်သားတို့၏ ယနေ့တိုင်ယုံကြည်ချက် အစဉ်အလာသည်ကား ပြောင်းလဲခြင်းမရှိကြပါ။ ထိုအချိန်အခါကပင် ရခိုင်တွင်ဗုဒ္ဓဘာသာကို ကိုးကွယ်မှုစတင်ခဲ့ပြီး မဟာမုနိဆင်းတုတော်ကြီးကိုလည်း မြတ်စွာဘုရားရှေ့မှောက်တွင် သွန်းလုပ်ခဲ့သည်ကို စွဲစွဲမြဲမြဲ အကြွင်းမဲ့ယုံကြည်လျှက်ပင် ရှိကြပါသည်။ (Traditional belief of the Rakhine People)

ဤကဲ့သို့ ယုံကြည်နေချက်များမှာ မဖြစ်နိုင်ဘက်က ပြောကြသူများထဲတွင် ဥရောပ သုတေသီများမှာ ထိပ်ဆုံးက ပါရှိနေပါသည်။ သံသယဖြစ်ဖွယ်ရာ အကြောင်းတစ်ရပ်မှာ တစ်ဖက် သတ်ကျသော မြန်မာ၊ ရခိုင် ရာဇဝင်များကို အခြေခံလျှက် Sir Arthur P.Phayre ဦးဆောင် သော ဥရောပသုတေသီအုပ်စု၏ သက္ကရာဇ် အယူအဆမှားယွင်းမှုကို အကြောင်းပြု၍ ဖြစ်ဖွယ်ရာ ရှိပါသည်။ ဤသည်မှာလည်း မြတ်စွာဘုရားနှင့် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းတို့ တွေ့ဆုံနိုင်ရန် အကြောင်း မရှိနိုင်သည့် တစ်ဦးနှင့်တစ်ဦး သက္ကရာဇ်ကွာခြားနေမှုကြောင့်ပင် ဖြစ်ပါမည်။ မြတ်စွာဘုရား ဖွားမြင်ချိန်မှ ပရိနိဗ္ဗာန်စံချိန်အထိမှာ ဘီစီ ၇၊ ၆ ရာစုအတွင်းဖြစ်ပြီး ၄င်းအုပ်စုတို့က တွက်ချက်ထားသော အယူအဆအရ ရခိုင်ပြည့်ရှင်မင်း စန္ဒသူရိယနန်းစံနှစ်မှာ အေဒီ ၁၄၆ (သို့မဟုတ်) အေဒီ ၂ ရာစု ဖြစ်နေရာ တစ်ဦးနှင့်တစ်ဦး နှစ်ပေါင်းခြောက်ရာကျော်မျှ ကွာခြားနေပါ သဖြင့် ၄င်းတို့အယူ အဆအရ ဖြစ်နိုင်ခြေမရှိဟူသော ဆိုရဖွယ်ရှိပါ၍ မြတ်စွာဘုရား ရခိုင်ဓညဝတီသို့ ကြွလာပြီး စန္ဒသူရိယမင်းနှင့် ရခိုင်ပြည်သူပြည်သားများကို တရားပြသည် ဆိုသည်မှာလည်း မဖြစ်နိုင်သလို ထိုအချိန်ကပင် မဟာမုနိကို သွန်းလုပ်သည်ဆိုသည်မှာလည်း ပို၍ဖြစ်နိုင်ခြေမရှိဟု ဆိုနေခြင်း ဖြစ်ပါသည်။ ၄င်းအုပ်စု၏ အယူအဆဘက်ကနေ ကြည့်မည်ဆိုပါလျှင် ဟုတ်သလိုလို ဖြစ်နေပါသည်။ ၄င်းတို့ ရေးသားပုံ၊ ရေးသားနည်းနှင့် သက္ကရာဇ် အယူအဆအရေးအသားကို တစ်ဖက်သတ်ဖတ်မိ၍ တစ်ဖက်သတ် နားဝင်သွားသူများအနေဖြင့် တစ်ဖက်သတ် ယုံကြည်သွားဖွယ် ရာရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ တစ်ချို့ သုတေသီ ပညာရှင်များက ၄င်းတို့၏ အဆင့်မြင့်ဘွဲ့ယူ စာတမ်းများမှာပင် ဤကဲ့သို့ တစ်ဖက်သတ် ရေးသားခဲ့ကြောင်းကိုလည်း ကြားဖူးပါသည်။

## စာပေအထောက်အထားများ

ဒုတိယဓညဝတီမှ ကမ္ဗရာဇာ (ကံရာဇာကြီးမင်း)၏ မင်းစဉ်မင်းဆက် နောက်ဆုံးစွန် (၂၈)ဆက်မြောက် သီရိရာဇာဘုရင်မင်းမြတ်နှင့် မိဖုရားကြီးကုမ္ဗာရီ (ဘီစီ ၅၇၂-၅၄၂)တို့မှ မဟာ

http://www.dhammadownload.com



၇၂ ခု = ဘီစီ ၅၆၇ တွင် ဖွားမြင်တော်မူသော မင်းသားငယ်မှာ နေဝင်လထွက်ချိန်၌ ဖွားမြင်တော်မူခြင်းကြောင့် ၎င်းအချိန်အခါကို အတိတ်ယူပြီး "စန္ဒသူရိယ"မင်းသားဟု မိဘနှစ်ပါးက အမည်နာမ မှည့်ခေါ်တော်မူခဲ့ကြပါသည်။ ယင်းကဲ့သို့ ဖွားမြင်တော်မူခြင်းနှင့် အမည်နာမပေးခြင်းအကြောင်းကို အေဒီ ၁၇၅၇ ခန့်က ရခိုင်စာဆို ဒိုးဝေရာဇဝင်ကို မှီငြမ်းရေးသားခဲ့သော အောက်ပါ "ဓညဝတီမြို့၏ နိဂုမ်းရွာများသမိုင်းလင်္ကာ"တွင် ဖော်ကြူးထားပါသည်။

သီရိရာဇာ၊ မင်းမဟာနှင့် မိဖုရားကြီး ကုမ္မာရီ ဒုတိယဓညဝတီမြို့တော် (ကံရာဇာကြီးခေါ် ကမ္မရာဇာ၏ နောက်ဆုံးစွန် (၂၈)ဆက်မြောက်မင်း)။

". . . . . ၊ တသီးနောက်မှာ၊ ကံရာဇာဟု၊ သညာနာမ၊ သတင်းကျော်၍၊ ဘွဲ့တော်ရကော၊ မင်းလှ ဘုန်းကြွယ်၊ တိုင်းရက္ခာမှာ၊ ဓညာမြို့ကို၊ ထပ်လို့တည်လျှက်၊ ထီးနန်းထိုင်၍၊ စိုးပိုင်ပြီးကော၊ နှိုင်းတုမရ၊ ပြင်းအာဏာနှင့်၊ မင်းရာဇာလျှင်၊ ဏဝစန္ဒီ၊ ခန်းကြုံလီကော၊ ကောဇာနှစ်ကို၊ ဖျက်ပယ်ခြ၍၊ တလီအသစ်၊ ခန်းသချော်ဖြင့်၊ တည်ကာခင်းကော၊ အကြွင်းနှစ်က၊ တွက်စစ်မှတ်ရာ၊ ထိုသင်္ချာကို၊ စဉ်ကာသုံးလျက်၊ ဓညမည်ကော၊ ရွှေပြည်တွင်းမှာ၊ မင်းလေးဆက်လျှင်၊ နန်းတက်စံဘိ၊ အဆုံးစွန်မှာ၊ ဘုန်းကံဟိကော၊ သီရိရာဇာ၊ ဘွဲ့မည်တော်ဖြင့်၊ တွင်ခေါ်လတ်သော၊ မင်းမြတ်စွာမှာ၊ တောင်ညာ နန်းစံ၊ ကုမ္မာရံဟု၊ တက်ပွားကောဇာ၊ ဒွေးသတ္တာနှင့်၊ မှုံဝါရီမြ၊ ဆီးနှင်းယိုသော၊ ပြာသိုလ၏၊ ပြည့်ထရက်တွင်၊ အာကာပြင်မှာ၊ နီဝင်လုခါ၊ လစန္ဒာလျှင်၊ ပေါ်ကာထွန်းစ၊ လနှင့်နီကို၊ နှစ်လီပလို့ မြင်ရချိန်မှာ၊ သားပုတ္တာကို၊ တောင်ညာနန်းမ၊ မီးသန့်စင်၍၊ ဖွားမြင်ရသော်၊ နီလနှစ်ဆူ၊ ပေါင်းဘက်ထူ၍၊ ကောက်ယူပြီးခါ၊ နန်းလောင်းလျာကို၊ စန္ဒသူရိယ၊ သောင်းလုံးကျော်အောင်၊ ဘွဲ့တော်သ၍ . . . . ."

အထက်ပါလင်္ကာမှာ ရှင်းလင်းပြတ်သားလှပါသည်။ ကံရာဇာကြီးမင်းဆက် (၂၈)ဆက်မြောက် သီရိရာဇာမင်းနှင့် မိဖုရားကြီး ကုမ္မာရီတို့မှ ဖွားမြင်သည့်သားတော်မှာ စန္ဒသူရိယဖြစ်ပြီး၊ မဟာသက္ကရာဇ် ဒွိး= ၂၊ သတ္တမ=၇ (ပိဋကတ်သင်္ချာဂဏန်းယူပုံအရ) ၇၂ ခု၊ ပြာသိုလပြည့်နေ့ နေဝင်လထွက်ချိန် ညနေစောင်းတွင် ဖွားမြင်ပါသည်။ သို့ဖြစ်၍ ဖဒူမင်းညိုက ၎င်း၏ "ရခိုင်မင်းသမီးချင်း" အပိုဒ်(၈)၌ ကံရာဇာကြီးမင်းစဉ်မင်းဆက်- ၂၈ ဆက်သောမင်းများနောက် (စန္ဒသူရိယနှင့်ခေတ်ပြိုင်)တွင် ဘုရားရှင်ဂေါတမ ပွင့်တော်မူကြောင်း အောက်ပါအတိုင်း စပ်ဆိုထားပါသည်။

http://www.dhammadownload.com



"နှစ်ကျိပ်ရှစ်ယောက်၊ မင်းများနောက်တွင်၊ လက်အောက်အာဏာ၊ စကြာနန္တာ နေလမတူ၊ မဟူ(ယူ) မြတ်မော၊ ဉာဏ်ရောင်ပျောလျက်၊ ရှင်စောဂေါတမ၊ ပွင့်လတ်ထသည်၊ ဘဝသုံးထပ်၊ ဦးတည့်လေ"ဟု ဖွဲ့နွဲ့ ထားပါသည်။ ဤသည်ကပင် ဗုဒ္ဓဂေါတမ ရှင်တော်မြတ်မှာ စန္ဒသူရိယမင်းနှင့် ခေတ်ပြိုင်ဖြစ်ကြောင်း ပေါ်လွင်ပါသည်။

မဟာမုနိရာဇဝင်လင်္ကာ (ပေမူ)၌လည်း ". . . . သီရိရာဇာ၊ မင်းမဟာ၏၊ တောင်ညာနန်းစံ၊ ကုမ္ဘာရံဟု၊ နာမံဒေဝီ၊ မဟေသီ၌၊ တီတီမာသ၊ ပြာသိုလ၏၊ ပြည့်ထနေ့တွင်၊ နေဝင်လုဆဲ၊ ရဲရဲရောင်ဝါ၊ စန္ဒာရာလည်း၊ ပေါ်ကာထွန်းတုံ၊ လဘုံနေအိမ်၊ ထွန်းပချိန်ကို၊ ရိပ်ငြိမ်လွယ်ကူ၊ ဖွားတော်မူ၍၊ စန္ဒသူရိယ၊ အမည်ရလျက် . . . . "ဟု စပ်ဆိုထားကြောင်း သိရပါသည်။ သို့ဖြစ်၍ စန္ဒသူရိယမင်းမှာ အမှန်တကယ် (၂၉)ဆက်မြောက် ကံရာဇာကြီး မင်းစဉ်မင်းဆက်တွင် ပါဝင်ပါသည်။ စာဆိုစောပြည့်ညို (သုဝဏ္ဏဒေဝီ) မိဖုရား "သိန်ကန်မိန်တွင်" ရတု (သျှိုးလိုက်)တွင်လည်း ဓညဝတီခေတ်အား မာရယုနှင့် ကံရာဇာကြီးခေတ်သာ ပြထားပါသည်။ "ပြည်နဂိုရ် ဝေသာလီ၊ ဓညနှစ်ခန်း၊ နှစ်ပြည်မြန်းသည်၊ ထီးနန်းအလီလီတည့်၊ မျိုးသာကီစဉ်မပျက်၊ နှစ်ပေါင်း ရှည်ကြာ၊ မဟာနွယ်ရိုးဆက်၏ . . . . " (အေဒီ ၆၉၇ ခန့် ဝေသာလီခေတ်)။ သို့ဖြစ်၍ ဒုတိယဓညဝတီခေတ်မှာ ကံရာဇာကြီးမင်းမှ သူရိယကေတု (ဘီစီ ၁၄၆၉ မှ အေဒီ ၃၆၄ အထိကဲ့သို့ ဖြစ်ပါသည်။)

ဖခမည်းတော် သီရိရာဇာမင်း မဟာ ၉၇ ခုတွင် နတ်ရွာစံတော်မူသည့်အခါ၌ သားတော် စန္ဒသူရိယ မင်းမှာ သက်တော် (၂၅)နှစ်ရှိပြီဖြစ်၍ စန္ဒိမာလာမိဖုရားနှင့် အဘိသေကခံကာ ဖခင်၏ထီးနန်းအရိုက်အရာကို ဘီစီ-၅၄၂ ခုနှစ် (မဟာ-၉၇ ခုနှစ်တွင်ပင်) ဆက်ခံပြီး ဓညဝတီမြို့တော်၏ ပြည့်ရှင်မင်းအဖြစ် ခံယူစိုးစံတော် မူပါသည်။ ယင်းအကြောင်းအရာနှင့် စပ်လျဉ်းပြီး မြဒိုးဝေ (ဦးစံလှကဗျာလင်္ကာ၌)-

"ထိမ်းယုများစွာ၊ နွယ်မဟာအား၊ ဘယ်ညာရံပတ်၊ စံမြန်းပျော်ကော၊ နန်းတော်တွင်းမှာ၊ ကြီးပြင်းလပ်လို့၊ မျိုးမြတ်သာကီ၊ ပါရမီနှင့်၊ ဇာနီယောကျ်ား၊ သက်အရွယ်လျှင်၊ နှစ်ဆယ့်ငါးတွင်၊ ဖဖွားပီတာ၊ မင်းရာဇာက၊ ပြည်ရွာနန်းရပ်၊ အလုံးစုံကို၊ အကုန်အပ်သော်၊ မိုးနတ်တမျှ၊ ရုပ်ပိုင်းပြင်နှင့်၊ အသွင်လှကော၊ စန္ဒာမာလာ၊ ဒေဝီချာကို၊ တောင်ညာနှင်းအပ်၊ ကျင့်နန်းလယ်ကော၊ ရဝေမြက်မှာ၊ လက်ထပ်ပြီးခါ၊ ဖရိပ်ရာကို၊ ယူကာသိမ်းမြန်း၊ နန်းဘုန်းဆောင်မှာ၊ အောင်အတိတ်နှင့်၊

http://www.dhammadownload.com



ဘိသိက်သွန်းလို့ ရှိနန်းစိုက်တည်၊ တိုင်းမြို့ပြည်ကို၊ ပတ်ခါဝိုင်းလျက်၊ ရံဆိုင်းတံခါး၊ လေးမျက်နှာတွင်၊ ခိုင်စွာပြုကော၊ လေးခုထားလို့၊ လေးပါးမျိုးနွယ်၊ ရပ်လေးသွယ်နှင့်၊ လမ်းငယ် လမ်းကြီး၊ ပြည့်ဖြိုး မှန်ကော၊ ရေကန်ကြီးနှင့်၊ မြို့ချီးကျယ်ဝန်း၊ ပြဿဒ်ရုံကော၊ စံရှိနန်းပါ၊ အဆန်းတကြယ်၊ ပြုစုတည်သော်၊ ထိုသည်ကစ၊ တတိယကော၊ ဓညဝတီ၊ တွင်မည်ရှိ၍၊ ရောက်သည့်ကောဇာ၊ သက်နဝါတွင်၊ ရာဇာ ဘုန်းကြွယ်၊ အသစ်ဖန်၍၊ ရှိတန်နန်းမှာ၊ စံမြန်းရေလေ။ ။" ဟု ရေးစပ်ထားရှိရာ ကံရာဇာကြီး ပြုပြင်တည် ဆောက်ခဲ့ပြီးနောက် နှစ်ပေါင်း ၉၀၃ နှစ်မျှ ကြာမြင့်အိုမင်းပြိုဖြစ်သော မြို့တော်လေး မျက်နှာ၌ ခိုင်ခန့်သည့် တံခါးလေးပေါက်ရှိသော မြို့ရိုးတံတိုင်း၊ ကျုံးလေးတန်၊ ရေတွင်းရေကန်ကြီး များ၊ ရပ်လေးသွယ် လမ်းပန်းဆက်သွယ်မှု လမ်းမကြီးများနှင့် ပြဿဒ်အဆောက်အအုံများ ဝန်းရံသည့် ရွှေနန်းတော် အသစ်တို့ဖြင့် မြို့တော်ကိုပါချဲ့ကာ ဗုဒ္ဓဂေါတမရှင်တော်မြတ် ကြွရောက်မည်ကို ကြိုတင်သိမြင်ဘိသကဲ့သို့ အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်တော်မူခဲ့သဖြင့် ယင်းအချိန်ကပင် တတိယ ဓညဝတီမြို့တော်ဟု ခေါ်ဝေါ်သမုတ်ကြောင်း မြဒိုးဝေရာဇဝင်က အဆိုရှိပါသည်။ တတိယ ဓညဝတီမြို့တော်သစ်၏ အလွန်တရာမှ ရခိုင်သမိုင်း ကြောင်းတစ်လျှောက် မွန်မြတ်သည့် အကြောင်း အရာတစ်ရပ်မှာ စန္ဒသူရိယမင်း နန်းစံ (၂၆)နှစ်၊ မဟာ သက္ကရာဇ် ၁၀၃ ခုနှစ်၊ ဘီစီ ၅၃၇ တွင် အနောက်မဇ္ဈိမအိန္ဒိယ၌ ဗုဒ္ဓရှင်တော်ပွင့်တော်မူပြီး ဝါတော် (၂၀) မဟာ-၁၂၃၊ ခရစ်တော်ဘီစီ-၅၁၇ ခုခန့်တွင် စန္ဒသူရိယမင်းက ဓညဝတီမြို့တော်သို့ ကြွရောက်တော်မူပါရန် မနောအာရုံဖြင့် ပင့်ဖိတ်တော်မူ၍ ကြွရောက်တော်မူကာ ဒုက္ခအပေါင်းတို့ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်း လမ်းညွှန်မှုဟောတော်မူသည့် ဓမ္မတရားဒေသနာ တော်မြတ်များကို ဗုဒ္ဓရှင်တော် ကိုယ်တိုင်ကိုယ်ကျ ချီးမြှင့်တော်မူခဲ့သည်ဆိုသည့် ယခုတိုင် ရခိုင်လူမျိုး စုတစ်ရပ်လုံး၏ ခိုင်မြဲသော ယုံကြည်ချက်ပင် ဖြစ်ပေသည်။ ထို့အပြင် ဗုဒ္ဓရှင် ဓညဝတီမြို့တော်မှာ သွန်းလောင်းခွင့်ပြုပြီး ဗုဒ္ဓ လက်တော်ဖြင့် ရင်ငွေ့တော် ခုနှစ်လက်ခွေ့ သွန်းလောင်းကာ မဟာမုနိ ရုပ်ရှင် ကိုယ်စားတော်အဖြစ် ကိုးကွယ်ခွင့်ထားရှိခဲ့သည်ဟု စာပေကျမ်းဂန်များအရ သိရှိရပါသည်။

ဂေါတမဗုဒ္ဓရှင်တော်မြတ် ဝါတော် (၄၅)ဝါ၊ သက်တော် (၈၀)တွင် ပရိနိဗ္ဗာန်ဝင်စံတော်မူ သည့် သာသနာ သက္ကရာဇ် (၁)နှစ် = ဘိုးတော်အဥ္စန = မဟာ ၁၄၈ ခု တိုင် စန္ဒသူရိယမင်းမှာ သက်တော်ထင်ရှား ရှိတော်မူခဲ့ပြီး သာသနာသက္ကရာဇ် (၂)ခု (ဘိုးတော်အဥ္စန-၁၄၉)တွင် နတ်ရွာစံ တော်မူခဲ့ရာ နန်းစည်းစိမ် ၅၂-နှစ်၊ သက်တော် ၇၇-နှစ်၊ ဘီစီ-၄၉၁ အထိ ရှည်ကြာခဲ့ပါသည်။

http://www.dhammadownload.com



စန္ဒသူရိယမင်းမှစ၍ ဓညဝတီမြို့တော်၌ ဆွေစဉ်မျိုးဆက်၊ သားစဉ်မြေးဆက်မပြတ် (၂၅)ဆက်သော မင်းများက (ဒုတိယဓညဝတီ ကံရာဇာကြီးမင်းဆက် ၂၈-ပါးသော မင်းများကဲ့သို့) နန်းတွင်းပုန်ကန်ပုန်စား နန်းလုလုပ်ကြံမှု တစ်စုံတစ်ရာမျှမရှိဘဲ နှစ် (၉၀၆)ခုတိုင်အောင် မင်းဆွေမင်းမျိုး ပြည်သူပြည်သားများ နိုင်ငံအဝှမ်း အေးချမ်းသာယာဝပြောစွာဖြင့် စစ်မက်အန္တရာယ်ကင်းဝေးလွတ်မြောက်ကာ ဗုဒ္ဓဂေါတမရှင်၏ ဘာသာရေးအယူဝါဒသစ်၌ ယုံကြည်အားထားမွေ့လျော်ပျော်ပိုက်လျှက် မိမိတို့ဘာသာ မင်းများကလည်း မင်းကျင့်တရားနှင့်အညီ ပြည်သူပြည်သားများကလည်း ပြည်သူ့ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာ၍ နေထိုင်လုပ်ကိုင် စားသောက်သွားနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ ငြိမ်းချမ်းသာယာ စည်းလုံးညီညွတ် ဝွလုံ့လကြီးစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့၍သာ ဝေသာလီကျောက်လှေကား စန္ဒမင်းစဉ်မင်းဆက်ခေတ်သို့ ကူးပြောင်းရောက်ရှိသည့်အခါ၌ ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုစာပေ အနုပညာအဆင့်အတန်းမှာ ခေတ်အလျောက် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရှေးဟောင်းရုပ်ကြွင်းသက်သေခံ အထောက်အထားများက သက်သေထူလျှက် ရှိနေပါသေးသည်။

စန္ဒသူရိယမင်းအမည်မှာ အမည်နာမ၏ တစ်စိတ်တစ်ဒေသဖြစ်သော "သူရိယ" ဝေါဟာရကို နောင်တွင် တက်လာကြသော ကျန်(၂၄)ပါးသော မင်းများက မိမိတို့၏ ဘွဲ့နာမ၌ အထွတ်အမြတ်တင်ကာ ထည့်သွင်းအသုံးပြုခဲ့ကြသဖြင့် တတိယဓညဝတီ "သူရိယ" မင်းစဉ်မင်းဆက်ဟုလည်း ခေါ်ဝေါ်သမုတ်ကြပါသည်။

## တတိယဓညဝတီကို တည်ထောင်ခဲ့သော စန္ဒသူရိယမင်းမြတ်လက်ထက် ဗုဒ္ဓဂေါတမဘုရားသခင် ကိုယ်တော်တိုင် ဓညဝတီမြို့တော်သို့ ကြွရောက်တော်မူခြင်းအကြောင်း

**နောက်ဆက်တွဲအထောက်အထား (၁)**

ထိုသို့ ဓညဝတီသို့ ကြွရောက်တော်မူသည့်အကြောင်းကို ရခိုင်ကောဇာ ၁၁၁၉ (အေဒီခရစ်-၁၇၅၇) က ပညာရှိအမတ်ကြီး "မြဒိုးဝေ" သုတေသနပြုရေးသားခဲ့သော ရာဇဝင်ကျမ်းမှ အောက်ပါအတိုင်း သက္ကရာဇ်များအား ဖေါ်ပြခဲ့ပါသည်။ (ဦးစံလှ၏ ဓညဝတီမြို့၏ နိဂုံးရွာများ သမိုင်းလင်္ကာ (ဝါ) ကဗျာ) စန္ဒသူရိယမင်း နန်းတက်ပြီး-

http://www.dhammadownload.com



"စံမြန်းမယေကောင်းစွာ၊ မြို့ဥညာမှာ၊ ရှည်ကြာနှစ်ရောက်၊ တွက်စစ်ပေသော်၊ နှစ်ဆယ်ခြောက်သို့၊ ကျရောက်သောအခါ၊ နှစ်ကောဇာကို၊ ရှိကာတွက်စစ်၊ ကိန်းသချ်ာမှာ၊ မှန်မလွဲကော၊ တိနေ၁အစ်တွင်၊ ရောင်မြစ်ဝင်းထိန်၊ အသူရိန်ကော၊ ပူဟိန်ပြင်းပြ၊ မြူခိုးချုံကော၊ ကဆုန်လဒ္ဓ၊ အဌာဒိဝါ၊ မြတ်စွာသုံးလူ၊ ဂုဏ်ပေါင်းလှိုင်ကော၊ သဗ္ဗညုရှင်၊ ပေါင်းစုများစွာ၊ ထေရ်ငါးရာနှင့်၊ အာကာခရီး၊ တန်ခိုးဖန်ကော၊ ယာဉ်ပျံစီးလို့ တိုင်းကြီးပူရ၊ ပြဿဒ်ဘုံနှင့်၊ ဂုဏ်မချို့ကော၊ မြို့ဥညာသို့ မြန်းကြွချီလာ၊ ရောက်တုံပါကော၊ သေလာဂီရိ၊ မည်ဟိတံဆိပ်၊ မှိုင်းညို့ မှောင်ကော၊ ကျောက်တောင်ထိပ်မှာ၊ ဣဒ္ဓိပါဒါ၊ ရဟန္တာနှင့်၊ မြတ်စွာဘုန်းဟိ၊ တန်ဖိုးဖန်ကော၊ ယာဉ်ပျံထက်က၊ ဆင်းသက်ပြီး၍၊ အရှိမျက်နှာ၊ မြို့ဥညာသို့ လှည့်ကာပြုလတ်၊ ရောင်ခြည်ဆိုင်ကို၊ ပြိုင်မန္တန်းအောင်၊ ကွန့်မြူး လွှတ်သော်၊ တိုင်းရပ်ပြည်ခွင်၊ များလူရှင်နှင့်၊ ဘုရင်ဘုန်းကြွယ်၊ မြတ်ရောင်ခြည်ကို၊ မြင်သည်ကာလ၊ ယခုဘုံ၌၊ ဖြစ်ပုံများမှာ၊ ထူးခြားလှဟာ၊ ရာဇဘုရင်၊ မတ်စုံလင်ကို၊ ခေါ်ငင်နှိုးနှော၊ ညီလာခွင်မှာ၊ တိုင်ပင်ပြောသော်၊ သဘောမှန်စွာ၊ ကြောင်းခြင်းရာကို၊ မဟာဝိမလ၊ မင်းဘုရင်ကို၊ ဦးတင်သလို၊ လျှောက်ထားသည်မှာ၊ . . . . " မဟာဝိမလအမတ်က လျှောက်ထားသည်မှာ-

"ဇမ္ဗူချာကော၊ ဒီပါကျွန်းလုံး၊ ရောင်ခြောက်ဆိုင်တို့ ပြိုင်မန္တန်းဘဲ၊ ကွန့်မြူးပြီးကော၊ နီလရောင်ထက်၊ တောက်ပြောင်ဝင်းကော၊ လင်းလတ်တေခု၊ အံ့ဘွယ်ကောင်းစွာ၊ ရောင်ခြောက်ဖြာမှာ၊ မှန်စွာမုချ၊ မာရဇိန်လေ၊ အိန္ဒလျှင်၊ မောရဂီဝါ၊ ပဗ္ဗတာကော၊ သေလာဂီရိ တောင်ထိပ်ဝွိမှာ၊ ရောက်နိုခြင်းကို ရှင်မင်းသိအောင်၊ လွှတ်သည့် ရောင်ခြည်၊ မှန်စင်စစ်လျှင်၊ ဖြစ်လိမ့်မည်ဟု၊ ယှောက်သည့်စကား၊ မင်းဘုရင်လေ၊ နားတွင်ကြားက၊ စိတ်ထားကြည်လင်၊ မြူးပျော်ရွှင်ကာ၊ ဖူးချင်အားကြီး၊ လင်းရောင်ပေါ်၍၊ စည်တော်တီးသော်၊ မှူးကြီးမတ်ရာ၊ စစ်သေနာဖြင့်၊ ဝိုင်းကာရံပတ်၊ မြတ်ဗုဒ္ဓါလေ၊ ဟိရာရပ်ကို ဦးညွှတ်ပြီးခါ၊ ရှိသေစွာဖြင့်၊ ယဉ်သာမစီး၊ သဒ္ဓါပိုကော၊ မင်းကြီးမှာ၊ ရွှိထီးမပါ၊ ခြေကျင်သာဖြင့်၊ လွှန်စွာကြမ်းတမ်း၊ ဆူးငြောင့်ပုံ၍၊ ယှက်ရုံဆီးကော၊ ခရီးလမ်းကို၊ ဖြတ်သန်းကျော်ကာ၊ လာပြီးခါဝယ်၊ သေလာဂီရိ၊ စိမ်းညိုမှောင်ကော၊ ကျောက်တောင်ထက်ကို၊ လှမ်းတက်ပြီးသော်၊ ဘထီးဗုဒ္ဓါ၊ ရွှိမျက်နှာကို၊ သဒ္ဓါကြည်နူး၊ ကြိမ်များမြောင်လျှင်၊ ဝအောင်ဖူးလို့ လက်ဦးချီတွေ၊ ခါသုံးကြိမ်လေ၊ နှိမ်ကျိုးလေ၊ ရှိခိုးရလေ။ ။"

ဗုဒ္ဓါရှင်တော် သေလာဂီရိတောင်တော်ထိပ်သို့ ရောက်ရှိနေကြောင်း စန္ဒသူရိယမင်းကြားသိရတော်မူ သည့်အခါ မည်၍မည်မျှ ပျော်ရွှင်မူရကား ဘုရားရှင်အား ဖူးမျှော်ပင့်ဆောင်ရန်

http://www.dhammadownload.com



ဆန္ဒပြင်းထန်ပြီး ယာဉ်မစီးဘဲ ခြေလျင်လျှောက်ကာ ငါးမိုင်သောခရီးကို ကိုယ်တော်တိုင် သွားရောက်၍ ဖူးမြော်ကန်တော့ပြီး-

နောက်ဆက်တွဲအထောက်အထား(၂)

“ဓညာအောင်ခန်း၊ ရွှီအရောင်ဖြင့်၊ တောက်ပြောင်လျှပ်ကော၊ ပြဿဒ်နန်းသို့ ကြွမြန်းပြီးခါ၊ ဆွမ်းရသာကို၊ သုံးကြပါရန်၊ လက်ဦးချီ၍၊ ဝစီညောင်းကော၊ လျှောက်တောင်းပန်ကာ၊ ပြန်လှန်မပြော၊ လျှောက်ခြင်းဟံကို၊ တက်ခံပြီးကော၊ တုံ့ဏှိဘောဖြင့်၊ ရှင်စောမြတ်စွာ၊ နီသောခါတွင်၊ ရာဇာမင်းလှ၊ စိတ်ကြည်လင်ကော၊ ရွှင်အားရလို့ . . . . . ”

စန္ဒသူရိယမင်းမြတ် နန်းတော်သို့ပြန်လာပြီး ဘုရားရှင်နှင့် ရဟန္တာ (၅၀၀)အတွက် နန်းတွင်းနေရာ ထိုင်ခင်း၊ ဆွမ်း စသည်များစီမံစေလျှက် နန်းတွင်းနန်းပြင် ပြည်သူပြည်သားများအား ကူလျှောကာ ဗုဒ္ဓနှင့်ရဟန္တာ ရှင်တော်မြတ်တို့ ကျိန်းအံ့သော “ဝိဟာရကျောင်း”တော်နှင့် ခန့်ငြားကျယ် ပြန့်စွာသော မဏ္ဍာပ်တို့အား သစ်ဝါးများဖြင့် လျှင်မြန်စွာဆောက်လုပ်စေပြီး “ဗိမာန်နန်းတွင်း၊ ဘုံသီဟာမှာ၊ နီရာခင်းလို့၊ ခပင်းဥဿုံ၊ ပြီးပြည့်စုံသော်၊ ဆယ်စုံလက်မြှောက်၊ ဆွမ်းသုံးရန်ကော၊ ချိန်တန်ရောက်ဟု၊ ပင့်လျှောက်သောအခါ၊ ထေရ်ငါးရာနှင့်၊ မြတ်စွာဗုဒ္ဓ၊ ထက်ဝဋ္ဋာကော၊ အာကာသ က၊ ပါဒဘုံညာဏ်၊ တန်ခိုးဖန်၍၊ ယင်းမြန်ကြွမြန်း၊ မြို့ဓညာလေ၊ ရာဇာနန်းသို့ ထူးဆန်း ဣန္ဒြေ၊ ကြည်ညိုဖွေဖြင့်၊ ရောင်ခြည်ဝင်းဝင်း၊ ပန်းစုံရံကော၊ နန်းခြံတွင်းမှာ၊ သက်ဆင်းသောခါ၊ မင်းရာဇာလျှင်၊ တစ်ရာ့ရှစ်ကွက်၊ ပြိုးပျက်ပေကော၊ ပါဒေစက်ကို၊ ဦးချတိုက်ကာ၊ ကြိုဆိုလာ၍၊ အပဟာကနက်၊ ဆန်းအမော်နှင့်၊ နန်းတော်ထက်သို့ ရွှီစက်ဖြန့်ကာ၊ တက်ကြွပါ၍၊ ကောင်းစွာခင်းအပ်၊ တင့်လျှောက်ပတ်ကော၊ နီးရာမြတ်၌၊ လူနတ်သရဖူ၊ ထိုင်တော်မူသော်၊ ကြည်ဖြူလေးမြတ်၊ မင်းဘုန်းမော်က၊ ဆွမ်းတော်ကပ်လို့ သင့်မြတ်တော်ယောင်၊ ဆွမ်းများမြောင်ကို၊ သုံးဆောင်ပြီးမှ၊ ရွှီနန်းသူလေ၊ ဟူသမျှအား၊ ဓမ္မာကထာ၊ ဒေသနာကို၊ သေချာ ကောင်းမြတ်၊ မောဒနာဖြင့်၊ ဟောကာချွတ်သော်၊ သုံးရပ်သရဏာ၊ တည်ကြပါ၍၊ ငါးဖြာသီလ၊ နန်းတွင်းသူ၊ ဟူသမျှမှာ၊ နိစ္စမြဲထွေ၊ ခါမကျန်ကော၊ လွန်မယိမ်းအောင်၊ စောင့်ထိန်း ရလေ။ ။”

ရခိုင်စာဆို “ဖဒူမင်းညို”က ၎င်း၏ “ရခိုင်မင်းသမီးချေင်း” အပိုဒ်(၉)၌လည်းကောင်း၊ မဟာမုနိ ရခိုင်ရာဇဝင်လင်္ကာ၊ ဓညဝတီရာဇဝင်သစ်တွင် အထက်ကျောင်းတောင်ဆရာတော်

http://www.dhammadownload.com



ဦးဉာဏကု လည်းကောင်း ၊၄င်းတို့၏ချောင်း ကဗျာလင်္ကာများ၌ ဗုဒ္ဓမြတ်စွာ ဓညဝတီသို့ စန္ဒသူရိယမင်း လက်ထက် တော်၌ ကြွရောက်တော်မူလေကြောင်း ရှေးဟောင်းရာဇဝင် ကျမ်းဂန်လာ အထောက် အထားအဖြစ် အတည်ပြုမှတ်တမ်းတင်သည့်အနေဖြင့် ထည့်သွင်းစပ်ဆိုထားကြသည်ကို တွေ့ရပါသည်။

အထက်ကျောင်းတောင်ဆရာတော် ဦးဉာဏ ၎င်္ကာ၌-

သာမော၊ ဟေမန်တောမှ၊ ကောင်းသောငွေထူ၊ ဆင်ဖြူသီးသီး၊ အပြီးရောက်လာ၊ မှူးမတ်မှာ လည်း၊ တစ်သိန်းမြောက်ပေ၊ ရံရွှေရွှေတည်း၊ . . . . နန်းနေဘုရင်၊ များပြည်သူတို့၊ ဆင်ယင်ကျိုးနွံ၊ ကျွန်တော်ခံသား၊ ဘုန်းကံကြီးခြင်း၊ ထိုသည်မင်းလျှင်၊ နန်းတွင်းစံပျော်၊ မူခါသော်၌၊ ပြိုင်ခေါ်မရှိ၊ သမ္ဗောဓိသည်၊ များဘိသံဃာ၊ ထေရ်ငါးရာနှင့်၊ အာကာခရီး၊ ယာဉ်ရှင်စီး၍၊ ပြည်ကြီးသမိုင်း၊ ရခိုင်တိုင်းသို့၊ ဆိုင်းဆိုင်းမတ်မတ်၊ ကြွတုံလတ်၍၊ ပညတ်ဝေါဟာ၊ သေလာဂီရိ၊ မည်သောတောင်ညွှန့်၊ ကိုယ်တော်တန့်သည်၊ ရောင်ကွန့်ခြောက်သွယ်၊ ထိန်ညီးတည်း”ဟု ဖေါ်ကြူး စပ်ဆိုထားပါသည်။

### နောက်ဆက်တွဲအထောက်အထား (၃)

## တောင်ပေါက်ကြီးကျောက်စာ

ဤကျောက်စာမှာ ဗုဒ္ဓဂေါတမရှင် ဓညဝတီမြို့တော်သို့ ကြွရောက်တော်မူခဲ့သည့်အခါ သေလာဂီရိ (ကျောက်တော်တောင်ထိပ်)ဝယ် ဆင်းသက်ရပ်တန့်ခဲ့သည်ကို ပထမဦးစွာ မှတ်တမ်း တင်ထားရှိခဲ့သော ကျောက်စာ ဖြစ်ပေသည်။

အဆိုပါကျောက်စာကို ဂုဏ်ထူးဆောင် ကျောက်စာဝန် ဦးစံရွှေဘုနှင့် တပည့်ဖြစ်သူ ဦးဦးသာထွန်းတို့က ၁၉၃၂ ခုနှစ်၊ ဧပြီလတွင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဓညဝတီမြို့တော်ဟောင်းရှိသည့် မဟာမုနိဘုရားသို့ ကျောက်တော်မြို့မှ သွားရာလမ်းခရီး တွင် တည်ရှိသော တောင်ပေါက်ကြီး ရွာဝန်းကျင်၌ တွေ့ရခြင်းကြောင့် တောင်ပေါက်ကြီး ကျောက်စာဟု ခေါ်ဝေါ်ခဲ့ကြသည်။ သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်တောင် ထက်တွင် ပြဟ္မီ အက္ခရာ၊ ပါဠိဘာသာစကားဖြင့် ရေးထိုး ထားပြီး စာကြောင်းရေ (၂၅)ကြောင်း ပါရှိသည့်အနက်မှ (၅)ကြောင်းသာ ပေါ်လွင်ထင်ရှားပြီး ကျန်စာကြောင်းများမှာ ဖတ်မရအောင်

http://www.dhammadownload.com



ပျက်စီးနေသည်ဟု ဆိုပါသည်။

## ဘာသာပြန် (အကျဉ်းချုပ်)

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ရဟန္တာ (၅၀၀) ခြံရံလျှက် ကောင်းကင် ခရီးဖြင့် ဓညဝတီနေပြည်တော်သို့ ဒေသစာရီ ကြွရောက်တော်မူစဉ်အခါ၌ မြတ်သော ဓညဝတီမြို့တော်၏ အနောက်အရပ်တွင်ရှိသော ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ကမ်းပါးတွင် တည်ရှိသည့် ကျောက်တော်တောင်ထိပ် ဝယ်၌ ဆင်းသက်ရပ်နားတော်မူသည်ဟု ပါရှိလေသည် (နောက်ဆက်တွဲအထောက်အထား (၁)ကိုရှုပါ။)

အဆိုပါကျောက်စာဓါတ်ပုံနှင့် ဘာသာပြန်အတိအကျကို ဖော်ပြထားပါသည်။ ဤကျောက်စာမှာ ဒုတိယ ကမ္ဘာစစ်ကြီး (၁၉၄၂-၄၅)ခုနှစ်များအတွင်းက ကျောက်ဆောင်တစ်ခုလုံးကို ဖေါက်ခွဲဖျက်ဆီးပစ်ခဲ့ကြသဖြင့် ပျက်စီးခြင်းသို့ ရောက်ခဲ့ရလေပြီး ဖြစ်ပေသည်။ (ဂေါယာမြေ စာ-၅၈ နှင့် ဘာသာပြန် စာ-၄၆)။

ကျောက်စာပါအရေးအသား အက္ခရာများမှာ ဘီစီ (၃)ရာစု အသောက မင်းစဉ်မင်းဆက်နှင့် ဓညဝတီ မြို့တော်၌ သူရိယစက္က မင်းစဉ်မင်းဆက် အချိန်အခါအတွင်း ကျရောက်နေခြင်းကြောင့် ပါဠိဘာသာအား အသုံးပြုသည့် ပါဠိလိပုတ်ပြည့်ရှင်ထံမှ ပေးပို့သာသနာပြုစေခဲ့သော ဓါတ်တော်မွေ တော်များဖြင့် ရဟန္တာရှင် (၅)ပါးတို့အား သူရိယ စက္ကမင်းက လက်ခံပြီး ရဟန္တာများ ညွှန်ပြနေရာများ ၌ စတူပါစေတီယ်များကို ကျောက်တော် တောင် (သေလာဂီရိ)မှ အစပြုကာ တည်ထားကိုးကွယ် သည့်အချိန်နှင့် တိုက်ဆိုင်နေသည်ကပင် ခိုင်လုံသော အထောက်အထားတစ်ရပ် ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

ဗိုက်ပူဘုရားရုပ်တုနောက်တွင်လည်း ရေးထိုးထားသော စာကြောင်းငယ်တစ်ခုပါရှိရာ ဖြဟ္မီအက္ခရာဖြင့် ရေးထိုးထားပြီး ကျန်လက်ရေးလက်သားများမှာလည်း အသောကမင်းကျောက်စာနှင့် ခေတ်ပြိုင်အရေးအသား များ ဖြစ်နေ၍ တောင်ပေါက်ကြီးကျောက်စာကဲ့သို့ ရှေးအကျဆုံးရုပ်တု (ရှေးဟောင်းရုပ်ကြွင်းဝတ္ထုပစ္စည်း) တစ်ခု ဖြစ်ပေသည်။ (ဂေါယာမြေ စာ-၄၈ နှင့် ၄၉)။

**နောက်ဆက်တွဲအထောက်အထား (၄)**

ဖြဟ္မီအက္ခရာမှာ ဘီစီ-၁၆ ရာစုမှ ၈-ရာစုတွင် ဂင်္ဂါမြစ်ဝှမ်းလွင်ပြင်မှ စတင်ပေါ်ခဲ့သည်ဟု

http://www.dhammadownload.com



အယူရှိပြီး ဘီစီ-၃၊ ၄ ရာစုကပင် ထွန်းကားခဲ့သည့် "ပါဋလိပုတ်" မြို့တော်နှင့် ဆက်နွယ်နေကြောင်း ခေတ်သုတေသီများက ရေးသားလာကြပါသည်။

စန္ဒသူရိယမင်းမြတ်နောက် (၆)ဆက်မြောက် စန္ဒသူရိယ၏ "တွတ်"တော်စပ်သူ သူရိယနွယ်ဝင် သူရိယစက္ကမင်းမှာ ဗုဒ္ဓဂေါတမရှင်တော်နှင့် စန္ဒသူရိယမင်းတို့ လွန်ပြီးနောက် နှစ်ပေါင်း (၂၁၄)နှစ်တာမျှက မင်းတစ်ပါး ဖြစ်သည့်အားလျော်စွာ နောင်လာနောက်သားများ သိရှိစေရန် မိမိအတိအကျ သိရှိရသောနေရာအား (အသောကမင်း ဗုဒ္ဓဖွားတော်မူရာအရပ်၌ အမှတ်အသား အဖြစ် ကျောက်စာတိုင် စိုက်ထူထားရှိခဲ့သည့်ပမာ) မပျောက်မပျက်စေရန် အမှတ်တရ သူရိယစက္က၊ သို့တည်းမဟုတ် သူရိယနွယ်ဝင် မင်းတစ်ပါးပါးက ကျောက်စာရေးထိုးထားရှိခဲ့ခြင်းကြောင့် ဘာသာ စကားနှင့် စာပေအရေးအသား အထောက်အထားပေါ်မှီပြီး ဖြစ်နိုင်ဖွယ်ရာ အကြောင်းရှိသည်ဟု ယူဆခြင်းဖြစ်ပါသည်။ သို့သော် ဤကိစ္စမှာ ကျောက်စာ၊ ပေစာအက္ခရာနှင့် ဘာသာစကားရေးရာ ကျွမ်းကျင်သုတေသီများက ဆုံးဖြတ်ရမည့်အချက်သာ ဖြစ်သည်။

သုတေသီ ဒေါက်တာဖော်ချမ်မာ (Dr. Forchhammer)ကမူ စန္ဒသူရိယမင်းလက်ထက် ဂေါတမမြတ်စွာဘုရား၊ သံဃာတော်ငါးရာ ခြံရံလျှက် ရက္ခပူရဓညဝတီပြည်သို့ ကြွရောက်တော်မူ ကြောင်း၊ မဟာမုနိရုပ်ပွားတော် မြတ် သွန်းလုပ်တော်မူကြောင်း၊ သဗ္ဗါဒါနပကာရဏကျမ်း (Sarvasthana Pakarana)ကျမ်းကို အထောက်အထား ဖြင့် ပြခဲ့သည်။ P-၄၅၊ ဂေါ်ယာမြေ၊ Dec- ၁၉၉၄၊ ဦးအောင်သာဦးက ၁၉၇၈ ခု ဤအကြောင်းကို ပြည့်ပြည့်စုံစုံ ရေးသားခဲ့ပါသည်။

ရှေးရခိုင်မင်းတို့ စိုးစံရာဖြစ်သော မြောက်ဦးမြို့တော်သို့ လွန်ခဲ့သောနှစ်ပေါင်း (၈၀)လောက် က ရောက်ဖူးလေ့လာခဲ့ဖူးသော ဂျာမန်လူမျိုး သုတေသီ "ဖေါ်ချမ်မာ"ကမူ စန္ဒသူရိယမင်းလက်ထက် ဂေါတမ မြတ်စွာဘုရား သံဃာတော်ငါးရာ ခြံရံလျှက် ရက္ခပူရ၊ ဓညဝတီသို့ ကြွရောက်တော်မူ ကြောင်း၊ မဟာမြတ်မုနိ ရုပ်ပွားတော်ကို သွန်းလုပ်ကြောင်း၊ မဟာမြတ်မုနိသမိုင်းနှင့် (ယခုအခါ ပျောက်ကွယ်သလောက်ဖြစ်နေသော သဗ္ဗဒါနပကာရဏကျမ်း (Sarvasthana Pakarana)မှ ကောက်နုတ်၍ရေးသားခဲ့သည်ကို တွေ့ရ၏။)

စန္ဒသူရိယမင်း၏ လျှောက်ထားတောင်းပန်သည်ကို အကြောင်းပြု၍ ရုပ်ပွားတော် မဟာမြတ်မုနိကို မြတ်စွာဘုရား ခွင့်ပြုချက်အရ သွန်းလုပ်ပြီးစီးသောခါ ယင်းသို့ သွန်းလုပ်ကိုးကွယ်ခြင်း၏ အကျိုးအာနိသင်ကို ဟောကြားတော်မူပါဟု လျှောက်ထားတောင်းပန်၍ မြတ်စွာဘုရားသခင်သည်

http://www.dhammadownload.com



ပါဠိဘာသာဖြင့် (၃၉)ဂါထာ ရှိသော "သတ္တုပိမ္ပသုတ္တန"ဒေသနာတော်ကို ဟောကြားတော်မူခဲ့၏။

**မှတ်ချက်။** ။ ဤဖော်ပြပါဂါထာတော်သည် မဇ္ဈိမဒေသ၌ ပသေနဒီကောသလမင်း ထုလုပ်သော စန္ဒာသာရ ရုပ်တုတော်နှင့်ပတ်သက်၍ မြတ်စွာဘုရား ဟောကြားတော်မူသော "ဒါနပလုပ္ပတ္တကျမ်း" လာဂါထာတော်များနှင့် တိုက်ဆိုင်ကြည့်ရာ လုံးဝမတူပါဟု သုတေသီ မွှာစရိယ ဦးအောင်ချစ်က ဆို၏။ (ဒါနဖလုပ္ပတ္တိကျမ်းကို ဆရာတော်ဦးပုမ် ရေးခဲ့၏။) ဦးအောင်သာဦး၏ "ဓညဝတီခေတ်ရာဇဝင်သမိုင်းနှင့် တစ်ချို့သောသုတေသီတို့၏ အတွေးအမြင်" ဆောင်းပါး၊ ၁၉၈၇ ခု၊ ဒီဇင်ဘာလတွင် ရေးသားထားပါသည်။

တတိယဓညဝတီမြို့တော်ရာဟောင်း မြို့ရိုး၊ ဆည်ကျုံး၊ နန်းတော်ရာ၊ မဟာမုနိကုန်းတော်၊ ရုပ်ရှင်၊ ရုပ်ပွားတော်များနှင့် ကျောက်စာ၊ ပေစာ၊ မင်းစဉ်မင်းဆက်အချို့ ရှေးဟောင်းရာဇဝင်ကျမ်းဂန် အမြောက်အများ အပြင် ကဗျာလင်္ကာ မြေပေါ် မျက်မြင်သက်သေ ရှေးဟောင်းရုပ်ကြွင်းဝတ္ထုပစ္စည်း အမြောက်အများတို့က ဓညဝတီမြို့တော်နှင့် မြို့ခေတ်တည် စန္ဒသူရိယမင်းမှာ အမှန်တကယ်ရှိခဲ့ကြောင်းနှင့် အဆိုပါမင်းလက်ထက် မဟာသက္ကရာဇ် ၁၂၃-ခုတွင် ဗုဒ္ဓဂေါတမရှင် ဓညဝတီမြို့တော်သို့ စန္ဒသူရိယမင်း မနောဖြင့် ပင့်ဖိတ်တော်မူခဲ့၍ ကြွရောက်တော်မူပါကြောင်းကို ပေါ်လွင်စွာ ဖော်ကြူးနေပါသည်။ မဟာသာသနာ ရခိုင်ကောဇာနှင့် ခရစ် သက္ကရာဇ်များမှာလည်း ၄င်းအချိန်က စတင်ရေတွက်လာသည်မှာ ယခု ၂၀၀၇ ခုနှစ် (ခရစ်အေဒီ)အထိ တိကျမှန်ကန်ကိုက်ညီနေကြောင်း တွေ့ရှိရပါသည်။

ဗုဒ္ဓရှင်တော်မြတ် ဓညဝတီမြို့တော်၌ တစ်ပတ်တာမျှသီတင်းသုံးတော်မူပြီး ပြန်လည်ထွက်ခွာမည်ကို စန္ဒသူရိယမင်းမြတ် သိရှိတော်မူသည့်အခါ၌ ဗုဒ္ဓဟောကြားတော်မူသည့် ဓမ္မဒေသနာတော်မြတ်များကြောင့် အထူးကြည်ညိုမှု ဖြစ်ပေါ်ကာ ဗုဒ္ဓပြန်လည်ကြွမြန်းသွားခဲ့လျှင် ဘုရားရှင်နှင့် ကွဲကွာရမည်ကို ပူပန်သောကကြီးစွာဖြစ်ပြီး မင်းမြတ်က ဘုရားရှင် ပြန်လည်ကြွမြန်းတော်မူခဲ့လျှင် မိမိတို့မှာ ကိုးကွယ်ရာမဲ့မဖြစ်ရလေအောင် မိမိနှင့် ရခိုင်ပြည်သူပြည်သားများအား သနားကြင်နာသောအားဖြင့် ကိုယ်စားတော် ရုပ်တုတစ်ဆူ သွန်းလုပ်ခွင့်ပြုပါရန် အောက်ပါတိုင်းလျှောက်တင်ခဲ့လေသည်။

http://www.dhammadownload.com



အနေ့ာထော မေတုဝံဘန္တေ၊ ဒေသနတ္တာယစာရိကံ၊

တဿာတွံ့ကွှဟ တာဏာယ၊ ဒဒါဟိ ပဋိဗိမ္ဗကံ။

ထိုသို့ တောင်းပန်သောအခါ၌ မြတ်စွာဘုရားပြုံးတော်မူပြီး ဉာဏ်တော်ဖြင့် ဆင်ခြင်လတ်သောအခါ ပသေနဒီကောသလမင်းကြီး ထုလုပ်ကိုးကွယ်တော်မူသော စန္ဒကူးနံ့သာ (နသာရ)မုနိမည်သည့် ငါ၏ရုပ်ပွားတော်မှာ မိစ္ဆာဒိဋ္ဌိမင်းများ ပိုင်စိုးလာသည့်အခါ ဖျက်ဆီးအံ့သည်ကို သိမြင်တော်မူသဖြင့် သိကြားမင်းသည် ရွှေပလ္လင်နှင့်တကွ ရုပ်တုတော်ကိုပါ သိုဝှက်၍ထားလိမ့်မည်ဖြစ်၍ နောင်လာနောက်သားတို့ ကိုးကွယ်ဆည်းကပ်ရာ မရဖြစ်လိမ့်မည်ကို မြင်တော်မူသောကြောင့် ဤဓညဝတီမြို့တော်၌သာ ထားခဲ့ပါက ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်ပြီးသည့်နောက် ဗျာဒိတ်တော်ထားတော်မူလတ္တံ့သော သာသနာ (၅၀၀၀) ငါးထောင်ပတ်လုံး ဤအရပ်ဒေသ၌ တည်တံ့၍ လူနတ်ပြဟ္မာသတ္တဝါတို့၏ ချမ်းသာစီးပွား ဖြစ်ကြကုန်လတ္တံ့ဟု ဆင်ခြင်တော်မူကာ စန္ဒသူရိယဘုရင်မြတ်၏ လျှောက်ထားတောင်းပန်ချက်ကို သဘောတူခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်သည်။

ခွင့်ပြုချက်ရသည်နှင့် စန္ဒသူရိယမင်းက အလွန်တရာမှ ဝမ်းမြောက်ပီတိဖြစ်ပြီး ရတနာငါးပါးအား စုစည်းစေကာ ရွှေပန်းတောင်းများ၌ထည့်၍ ဆင်ဖြူများပေါ် သို့တင်ကာ ထီးဖြူများမိုးလျှက်သိရိဂုတ္တကုန်းတော် ပေါ် သို့ဆောင်စေပြီး ကြီးကျယ်ခန့်ညားသော မဏ္ဍပ်ဆောက်စေ၍ စုစည်းထားသော ရတနာများအား ဗုဒ္ဓရှင်တော်မြတ်အား ကပ်လှူသောအခါ၌ ဘုရားရှင်က စန္ဒသူရိယဘုရင်ကို ရတနာနှစ်ဆုပ်ယူကာ ချီးမြှင့်တော်မူလေသည်။ တရားဓမ္မာဟောကြားတော်မူပြီး (၇)ရက်တာမျှ ကောဇာ ၁၂၃ ခု၊ ကဆုန်လပြည့်နေ့ ညဦးအချိန်က စပြီး စတင်သွန်းလုပ်ခဲ့ကြရာ မုနိတော်မှာ (၃)ကြိမ်တိုင်တိုင် ကွဲအက်ကာ မစေ့ဘဲဖြစ်နေသဖြင့် အကြောင်းစုံကို ဗုဒ္ဓရှင်အား လျှောက်ထားသည့်အခါ ဗုဒ္ဓမြတ်စွာ ကြွရောက်တော်မူလာပြီး တေဇာတန်ခိုးကြီးခြင်းကိုလည်း ဖြစ်စေရန်အလို့ငှာ ကိုယ်တော်မှဖြစ်သော ရင်ငွေ့တော်ကို (၇) လက်ခုပ်ထည့်တော်မူသည့်အခါမှသာ နံနက်အာရုံတက်တွင် ပြီးမြောက်အောင်မြင်တော်မူသည်။

ထိုကဲ့သို့ ဘုရားရှင်တော် ဓညဝတီတွင် သီတင်းသုံးနေစဉ် အချိန်အခါမှ ပြီးဆုံးသည်အထိကို "မဟာမုနိလင်္ကာပေမူ"၌ အောက်ပါအတိုင်း စပ်ဆိုထားလေသည်။

"သူရိယစန္ဒာ၊ ပြဟ္မာသကြား၊ နတ်များညီညွတ်၊ မှတ်ခတ်ကျူးလွင်၊ ပဋ္ဌင်ပြီးစီး၊ မဏ္ဍပ်ကြီး

http://www.dhammadownload.com



တွင်၊ ရှင်တော် ကိုယ်စား၊ ရုပ်ပွားဆင်းတု၊ သွန်းပြုသောအခါ၊ နှစ်ကောဇာမူ၊ တစ်ရာ့နှစ်ဆယ်၊ စွန်း၀ယ်သုံးခု၊ ရတုဂိမှ၊ နွေလကဆုန်၊ ပူပန်ပြင်းစွာ၊ ဝိသာခါနှင့်၊ မဏ္ဍာယှဉ်မှတ်၊ ရက်မြတ်ဗုဒ္ဓ၊ ညဦးကလျှင်၊ စ၍သွန်းရာ၊ ထိုအခါတွင်၊ တေဇာတန်ခိုး၊ တက်တိုးဝှန်ဝေ၊ ဖြစ်စေခြင်းငှာ၊ အဓိဋ္ဌာနဖြင့်၊ မဟာပူရိသ၊ လောကကြေးမုံ၊ သုံးဘုံမျက်ဖျော်၊ ရွှေကိုယ်တော်ငွေ့၊ လက်တော်ပွေ့လျက်၊ ထည့်၍ကြည့်ရှု သဗ္ဗညုတ၊ ကြပ်ကသွန်းလုပ်၊ ရုပ်တုတော်ကြီး၊ ထိန်ညီးလျှံပြေး၊ ကြသပတေးနေ့တွင် ပြီးအောင်မြင်၏" . . . ဟု စပ်ဆိုထားပါသည်။

## ရခိုင်ဖဒူမင်းညို၏ ရခိုင်မင်းသမီး ဧချင်းအပိုဒ် (၉)

"ထူးလည်းမြတ်စိုက်၊ ကေရာဇ်တံခွန်၊ ဆဒ္ဒန်ဖြူလွှ၊ တရွှရွှနှင့်၊ ဓညဝတီ၊ သဂီရွှေပြည်၊ ဘုန်းတည်စည်သား၊ အမည်သူရိယ၊ စန္ဒရာဇာ၊ မင်းသဒ္ဒါလျှင်၊ ထိုခါစိုးခိုက်၊ ရှင်တော်ကြိုက်၍၊ ရိုက်ရိုက်လဖိမ့်၊ အူသိမ့်တက်ဝှန်၊ ပီတိမွန်မျှ၊ တောင်းပန်သောခါ၊ မဟာမုနိရှိသည်ယခု၊ ဆင်းရုပ်တုကို ဝိသုကမ္မ၊ သကြားမ၍၊ ပဥ္စလောဟာ၊ ရတနာဖြင့်၊ သွန်းကာမဖြစ်၊ ခုနှစ်လက်ခွေ့၊ ကိုယ်တော်ငွေ့ယူ၊ တည်တော်မူမှ၊ ဘုန်းတူဘုန်းရှည်၊ ညီနည်ဘုရား၊ ကိုယ်တော်စားဟု၊ ထားခဲ့သောအား၊ သုံးပါးနတ်လူ ကိုးရာမူသည်၊ အယူရှိညွတ်၊ ထူးတည့်လေ။"

ရခိုင်ဝေသာလီကျောက်လှေကားခေတ် ခရစ်သက္ကရာဇ် ၈၀၀ စုခန့်က ဓမ္မဝေယျအမတ်ကြီး ရေးစပ်ခဲ့ သည့် "ဗျည်း (၃၃)လုံး ရခိုင်လေ့တော်သံ"တွင်လည်း-

"စ-စကိုမူကား၊ စန္ဒသူရိယ၊ မင်းလှပြည့်ရှင်၊ တောင်းပန်ကျင်ကယ်၊ သျှင်ပင်ကိုယ်စား၊ သွန်း၍ထားသည်၊ ဖူးများလွယ်ကာ၊ လွယ်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ" (ဓညစံ-ဦးဘစံ အရေးအသားမှ ကောက်နှုတ်ချက်) "ဓမ္မဝေယျအမည်ခံ၊ အမတ်ကြီး၏ လောင်းလှော်သံ၊ က မှ အ အထိ စပ်ဆိုထား၊ ကြားနာရေလူ၊ မျိုးချစ်ပွား" (ဓညဝတီမင်းပြား ရွှေကျော်သာ-၁၉၆၁) ကမ္ပည်းရေးသားခဲ့ပါသည်။

မြဒိုးဝေ စာဆိုတော် "ရခိုင်ရာဇဝင်တော်ကြီး"မှ ကောက်နှုတ်ကာ ဦးစံလှ ရေးစပ်သည့် ကဗျာလင်္ကာ ၌လည်း-

သုံးဖြာလောက၊ တုမရကော၊ ဉာဏထွင့်ချာ၊ စောဗုဒ္ဓါလျှင်၊ ပြည်ရွာတစ်ပါး၊ ရှိစပ်ချိ၍၊

http://www.dhammadownload.com



ပြန်လည်ပြေးကား၊ အများသူငါ၊ ကိုးကွယ်ရာနှင့်၊ ကင်းပါလိမ့်မည်။ သို့ဖြစ်ပေ၍၊ စိန္တေမြတ်စွာ၊ ဘဂဝါနှင့်၊ တူစွာမခြား၊ ရတနာနှင့်၊ သွန်းကာလုပ်ကော၊ မြတ်ရုပ်ပွားကို၊ သနားမေတ္တာ၊ ကိုးကွယ်ရန်လေ၊ မှန်ယ္ယကော၊ ခွင့်ပြုပါဟု၊ ရတနာမင်းလောင်း၊ နှုတ်ဝါစက၊ မြွက်ခါတောင်းသော်၊ ကျိုးကြောင်းထောက်ကာ၊ မင်းရာဇာကို၊ မြတ်စွာသုံးလု၊ ရှိကျောင်းပေါ်မှာ၊ ခွင့်တောင်းပြုသော်။

ရှိခိုးတင်ကာ၊ နန်းဘုံသာသို့ ပြန်လာပြီးမှ၊ မူးမတ်ဝန်လေ၊ ပတ်ရံခလို့ သီဟဥဂ္ဂင်၊ ညီလာခွင်မှာ၊ တိုင်ပင် ပြီးထွေ၊ မတ်တန်တန်ကို၊ တာဝန်ခွဲလို့ လွှဲပြီးချေသော်၊ ရွှေ-ငွေ-ကြေး-သံ၊ ဘင်မကျန်ဘဲ၊ ငါးတန်လောဟာ၊ ရတနာလေ၊ သပြာချပ်ရှိ၊ ငါးမျိုးစီကို၊ စုပုံပြီးကော၊ တကုဋိအား၊ ကြံညီဖြူဆွ၊ ငါးစီးဆင်မှာ၊ တင်ပြီးမှလျှင်၊ သတ္တုရတနာ၊ ညီးလူလူကော၊ ထီးဖြူမြတ်ကို၊ ဆောင်းလတ်ပါ၍၊ ရာဇာဘုန်းတု၊ လွှန်မြိုင်ဆိုင်ကော၊ ကတည္ဆို့ ရုံးစုညီညာ၊ အောင်မောင်းညံလို့ အောင်လံရွှန်းကော၊ ချီလှပ်ခါဖြင့်၊ လွှန်စွာကြီးကျယ်၊ မဏ္ဍာပ်လယ်မှာ၊ ရောက်သည့် ကာလ၊ ငါးစီးဆင်၏၊ ဥဂ္ဂင်မှလျှင်၊ ချကြပြီးငြား၊ ရတနာကို၊ ပုံကာထားမှ၊ ထင်ရှားကျော်လပ်၊ ပိသုကာလေ၊ ဆရာမြတ်နှင့်၊ လူနတ်များစွာ၊ ကိုးစားရာလေ၊ မဟာမုနိ၊ ရုပ်ပွားတော်လေ၊ သောင်းကျော်လပ်ကော၊ မြတ်ဗောဓိကို၊ သွန်းသည့်အခါ၊ နှစ်ကောဇာလျှင်၊ တစ်ရာ့နှစ်ဆယ်၊ သုံးကယ်ခုတွင်၊ ရောင်ခြေဝင်းပ၊ ပူပြင်းတုံကော၊ ကဆုန်လ၏၊ ပြည့်တက်ရက်မှာ၊ နိဗ္ဗဒ္ဓါတွင်၊ စကာသွန်းဘိ၊ ဆုတ်စကာသို့ လွှန်လာပြုကော၊ ဂုရုနိတွင်၊ ထိန်ညီးရှုပ၊ လျှပ်စစ် ရောင်သို့ ပြောင်ပြောင်လင်းကော၊ ဆင်းဗုဒ္ဓကို၊ ပဋ္ဌလောဟာ၊ ရတနာဖြင့်၊ သွန်းကာလုပ်ကော၊ ခြောက်ရောင် ထင်၍၊ မြင်မညီးအောင်၊ သွန်းပြီးရေလေ။

**နောက်ဆက်တွဲအထောက်အထား (၅)**

သွန်းလို့မယေပြီးခါ၊ မြို့ဥဿာက၊ မြတ်စွာဗုဒ္ဓ၊ ထေရ်ငါးရာနှင့်၊ ပြန်ကာကြွသော်၊ . . . .”ဟု စာဆို မြဒိုးဝေက နောက်ထပ်စုံစုံလင်လင် ပီပြင်စွာ ဖော်ကြူးထားခဲ့ပြန်သည်။

သာသနာသက္ကရာဇ် ၁၆၉၊ ခရစ်အေဒီ-၆၇၇ ခန့်ကပင် ဝေသာလီကျောက်လှေကားခေတ် သီရိစန္ဒမင်း ၏ ပညာကျော်စာဆိုအမတ်ကြီး “မေဓပညာ” ရေးစပ်ခဲ့သည့် ရတုတွင်လည်း ဒုတိယဥဿဝတီ (၂၄)ဆက်မြောက် ရာလမာယုနောက်ဝယ်မှ တက်လာသေ “ခေတ္တိငါးဆက်၊ မပျက်စဉ်လာ၊ စန္ဒသူရိယ၊ ဇိဝကကိန်း၊ ဖြိုသိမ်းပြီးမှ၊ တစ်ကစလိုက်၊ သကြစ်လာ၊ သာသနာနှစ်” . . . စသည်ဖြင့် မဟာသက္ကရာဇ် ၁၄၈-ခုအား အကြွင်းမဲ့ ဖြိုချေ ခဲ့သော မင်းဖြစ်ကြောင်း

http://www.dhammadownload.com



တိတိကျကျဖော်ပြခဲ့ပါသည်။ ဤသည်ကလည်း စန္ဒသူရိယမင်းမြတ်နှင့် ပတ်သက်၍ နန်းသုံးပေစာ ရာဇဝင်သမိုင်းကြောင်း၌ ခိုင်မာသည့် ရှေးရှေးကအထောက်အထားတစ်ရပ်ပင် ဖြစ်ပါသည်။

စာဆိုအမတ် ဖဒူမင်းညို၏ "ရခိုင်မင်းသမီးချောင်း" အေဒီ-၁၄၆၀ နှင့် မြဒိုးဝေရာဇဝင် အေဒီ-၁၇၅၇ တို့ ဖော်ပြချက်တွင်လည်း စန္ဒသူရိယမင်းအကြောင်း ခိုင်လုံသည့် အထောက် အထားများစွာ ပါဝင်ပြီး အေဒီ ၇၀၀-၇၆၀ ခန့်က စာဆိုအမတ် ဓမ္မဇေယျ၏ "ဗျည်း ၃၃-လုံး" လေ့တော်သံသျှိုးလိုက်ရတု၌လည်း "စကိုမူကား၊ စန္ဒသူရိယ၊ မင်းလှပြည်ရှင်၊ တောင်းပန်ကျင်ကော၊ သျှင်ပင်ကိုယ်စား၊ သွန်း၍ထားသည်၊ ဖူးများလွယ်ကာ၊ လွယ်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွ လေ"။ ("စ") အက္ခရာဗျည်းဖြင့် အပိုဒ်တစ်ပိုဒ် ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ အဆိုပါ မင်းမြတ်နှင့် စပ်လျဉ်းပြီး ရှေးရှေးက သက္ကတဘာသာဖြင့် ပြုစုထားသည့် မှတ်တမ်း၊ ကဗျာ၊ လင်္ကာ အမြောက်အများလည်း ရှိခဲ့မည်မှာ အမှန်ပင်ဖြစ်ပါသည်။ အမှန်ကိုတင်ပြရမည်ဆိုပါက ရခိုင်ပြည် ထောင်၏ ထီးသုံးနန်းသုံးနှင့် ဘာသာရေးဆိုင်ရာ အရေးအသားများမှာ ဝေသာလီခေတ်အထိ သင်္ကရိုက် သက္ကတပါဠိဘာသာစကားသာဖြစ်၍ ၎င်းဘာသာရပ်များအား ဝေသာလီခေတ် အေဒီ ၃၆၄-၇၀၀ တိုင် ရောက်အောင် တွင်တွင်ကျယ်ကျယ် အထူးကျွမ်းကျင်စွာ အသုံးပြုနေခဲ့ကြသည်ကို ကျောက်စာ၊ ပေစာများမှ တွေ့ရှိရပါသည်။ အေဒီ-၆၇၇၊ သာသနာ-၁၁၆၉ တွင်မှ သင်္ကရိုက် အက္ခရာဂန္ထဝင် စာပေစကားများမှ စွန့်ခွာကာ ဘာသာရေး၊ ရိုးရိုးရခိုင်ဘာသာ၊ ရခိုင်စကား၊ စာပေသို့ ပြောင်းလဲသုံးစွဲလာခဲ့ကြသည်ကိုလည်း မေဓပညာ၊ စောပြည့်ညို၊ ဓမ္မဇေယျအဆင့်မြင့် ကဗျာ၊ လင်္ကာ၊ ရတု၊ သျှိုးလိုက်၊ မော်ကွန်း စသည်များမှ တိတိကျကျ သိရှိနိုင်ပါသည်။ ဤမျှအဆင့်အတန်းမြင့်မား သည့် ရက္ခဝဏ္ဏရခိုင်စာပေအက္ခရာများ ဖြစ်မြောက် တတ်ကျွမ်းလာရန် နှစ်ရာစုများစွာ လိုအပ်ပါ သည်။

ရခိုင်ဘာသာစကားမှာ ဓညဝတီခေတ်ကပင်လည်းကောင်း၊ သက္ကတပါဠိဂန္ထဝင် အရေး အသားမှာ ဝေသာလီကျောက်လှေကားခေတ်အထိ တွင်တွင်ကျယ်ကျယ် ကပ်ပါလာသည်က တစ်ကြောင်းအပြင် ရက္ခဝဏ္ဏ အက္ခရာမှာလည်း ဗြဟ္မီအက္ခရာမှ ပေါက်ဖွားလာသည်ကို တွေ့ရခြင်း ကြောင့် ရခိုင်လူမျိုးနှင့် ဘာသာစကား မည်ရွေ့မည်မျှ အာရီယံ၊ အာရီယို ဒြာဗီထီယမ် စကားစာပေ ဖြင့် ဆက်နွယ်အမြစ်ခံနေသည်ဆိုသည့်အချက်အား သိမြင်နိုင်ပါသည်။ ယခုအထိလည်းကောင်း၊ လေးမြို့ခေတ်တွင်လည်းကောင်း၊ မွန်ဂိုလီယံတရုတ်တရက်စကား စာပေအသုံးအနှုန်း တစ်လုံးတစ်ပါ

http://www.dhammadownload.com



ဒမ္မ မတွေ့ရ၍ မွန်ဂိုလွိုက်များ လွှမ်းမိုးအုပ်စိုးခဲ့သည် ဆိုသည့်အချက်မှာ အခြေအမြစ်လုံးဝမရှိဟု ထင်မြင်ပါသည်။

## အခြားအထောက်အထားများ

အလွန်ရှေးကျသော ရခိုင်ရာဇဝင်ကို လေ့လာသူ သုတေသီ ဦးစိန်ညိုထွန်း I.C.S (Retd) က ၎င်း၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော "Review of the most ancient Rakhine History" စာတမ်းတစ်စောင်တွင် ၁၉၆၆ ခုနှစ်၊ မေလအတွင်း စာရေးသားထားသည်မှာ-

ရှေးခေတ်ကုဿမင်း သက္ကရာဇ် ၈၆၄၅ ကို မြတ်စွာဘုရား၏ ဘိုးတော်အဥ္စနက ၂ ကြွင်းထား၍ စတင်ဖြိုခဲ့သည်။ ထိုကဲ့သို့ သက္ကရာဇ်ဖြို၍ ယင်းအချိန်မှ စတင်တိုးပွားလာသော သက္ကရာဇ်ကို မဟာသက္ကရာဇ် ဟုခေါ်တွင်သည်။ ဤမဟာသက္ကရာဇ်အတွင်းမှာပင် မြတ်စွာဘုရား ဖွားမြင်တော်မူသည်။ တောထွက်တော်မူသည်။ ဘုရားဖြစ်တော်မူသည်။ ပရိနိဗ္ဗာန်စံတော်မူသည်။ ထိုနည်းတူစွာ ရခိုင်စန္ဒသူရိယမင်း မွေးဖွားသည်။ မင်းဖြစ်သည်။ ကွယ်လွန်အနိစ္စရောက်သည်ဟု ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

တစ်ဖန် ယင်းသုတေသီကပင် ဆက်လက်၍ ရေးသားထားသည်မှာ- "Some are of the opinion that Myitzima ends at the Arakan (Rakhine) Yoma. Since Guatama Buddha travelled as far as Tan-gyi Taung on the West Bank of the Irrawady (Ayeyawady) River and from there predicted that the Tharay Khattera Kingdom will be formed on the opposite Bank in the future, we have to assume that Myitzima ends on the west bank of the Irrawaddy (Ayeyawaddy)".

သုတေသီ ဦးစိန်ညိုထွန်း၏ စာတမ်းအရမှာလည်း ဂေါတမမြတ်စွာဘုရားနှင့် ခေတ်ပြိုင်ဖြစ်ကြောင်း ဆိုထားသလို မြတ်စွာဘုရားလက်ထက်တော်အခါက ရခိုင်ဒေသသည် မြန်မာတို့နှင့် ဆက်သွယ်မှုမရှိသေးဘဲ ဘုရားပွင့်ရာ မဇ္ဈိမဒေသတွင် ပါဝင်သော တိုင်းတစ်တိုင်း ဖြစ်ပါသည်။ မဟိသကတိုင်းဟူ၍လည်းကောင်း၊ ရက္ခပူရတိုင်းဟူ၍လည်းကောင်း ခေါ်ဆိုပါသည်။

http://www.dhammadownload.com



ဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်းမြန်မာရာဇဝင်စာအုပ်၏ နိဒါန်းပိုင်းတွင် ရေးထားသည့် ဂေါတမ မြတ်စွာဘုရားသည် မဇ္ဈိမမှလွဲ၍ မည်သည့်နေရာဒေသကိုမှ ဒေသစာရီမကြွခဲ့ပါဟု ဆိုထားသည့်အချက် တစ်ချက်ကို ဆင်ခြင်ကြည့်ပါလျှင် ၎င်း၏ဆိုထားချက်မှာ မှန်ကန်ပါလိမ့်မည်။ သို့သော် အထက်ကဆိုခဲ့သည့်အတိုင်း ရခိုင်ဓညဝတီသည်ကား ဂေါတမမြတ်စွာဘုရား မပွင့်မီနှင့် ပွင့်ပြီးနောက်ပိုင်းကာလမှာ မဇ္ဈိမဒေသ၏ တိုင်းတစ်တိုင်းဖြစ်သည်ကို သတိပြုကြစေလိုပါသည်။

ဤသည်တို့မှာကား ဂေါတမမြတ်စွာဘုရား မဟာသက္ကရာဇ် ၁၂၃ မှာ ရခိုင်ဓညဝတီသို့ ကြွလာ၍ စန္ဒသူရိယမင်းနှင့် ဓညဝတီပြည်သူပြည်သားများကို တရားပြခဲ့သည့် ရခိုင်စာပေ အထောက်အထားများပင် ဖြစ်ပါသည်။ ဗုဒ္ဓဝင်ပါဠိတော် အဋ္ဌကထာတို့တွင် မပါရှိ၍ ယုံနိုင်ဖွယ်ရာ၊ လက်ခံနိုင်ဖွယ်ရာ မရှိဟူ၍ တစ်ထစ်ချ မယူဆသင့်ကြပါ။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရား ရှင်တော် (၄၅)ဝါပတ်လုံး ကာလအတွင်း အဖြစ် အပျက်များကို ထည့်သွင်းပါရှိရမည်ဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရာမရှိပါ။ ယုံနိုင်ဖွယ်ရာမရှိဟု ဆိုနေကြခြင်းမှာလည်း သဘာဝမကျလှဟု မထင်မိပါ။ ထို့အပြင် ဤဗုဒ္ဓဝင်နှင့် ပါဠိတော်အဋ္ဌကထာတို့မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် နှစ်ပေါင်း ၃၀၀ ကျော်မှ စတင်မှတ်တမ်းတင်သည့်အခါတွင် သာသနာရေး၊ ဘာသာရေး အတွက် လွန်စွာမှအရေးပါသည်များကို ဦးစားပေးမှတ်တမ်းတင် ထားဖွယ်ရာရှိပါ၍ ဤကဲ့သို့ မပါနိုင်ခြင်း ဖြစ်ပါမည်။

**နောက်ဆက်တွဲအထောက်အထား (ဇ)**

## ကျောက်ဆစ်လက်ရာအထောက်အထားများ

မြေကြီးမှထွက်ပေါ်လာသော ဗုဒ္ဓဝင်ခန်း ကျောက်ဆစ်လက်ရာများ

၁။ The "Fat Monk" Image - ဗိုက်ပူဘုရားဆင်းတု

ဤဗိုက်ပူဘုရားထိုင်တော်မူ ကျောက်ဆင်းတုငယ်တစ်ဆူကို ဝေသာလီမြို့ဟောင်းနှင့် သုံးမိုင်ခန့် ဝေးကွာသော ပန်းဈေးမြောင်းအုတ်စေတီပျက်မှ ၁၉၂၂ ခုနှစ်တွင် တောင်ယာခုတ်သူ တစ်ဦးက တူးဖော်ရရှိခဲ့ခြင်း ဖြစ်သည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ဦးစံသာအောင်က သူ၏ The Buddhist Art of Ancient Arakan စာအုပ်၊ စာမျက်နှာ (၁၄) (၁၅)တွင် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရပါသည်။

http://www.dhammadownload.com



"The image is 4.4 inches high, 2.4 inches wide and 0.9 inches thick. The Fat Monk is depicted in a sitting posture, with the right foot placed on his left thigh. He is shown sitting on a lotus throne, with a back-slab behind him. The back-slab is decorated with flower petals around the border. The monk is in dhyana mudra with his left hand placed on the right hand, and he has a piece of cloth wrapped around the chest, with one end of the piece hanging down over the left shoulder. "......" The backside of the back- slab possesse a line of inscription in the Brahmi script. According to the palaeographical consideration of the script, the image can be dated around the beginning of the Christian era. The line can be translated as Saccakaparibajaka (ji) na.

Saccakaparibajaka was a Nirgrantha Jina ascetic. He lived in Vesali during the life time of Buddha. He was a philosopher and teacher. He was said to have challenged Mahavira and the Buddha to a discussion with him about whose philosophy was the best. We are told that at the end of the debate he had to bow down to the Buddha and acknowledge of the Buddha's superiority. In Dr. Malalasekera's Dictionary of Pali Proper Names, Saccaka was mentioned as one of these who became a follower of the Buddha."

ဦးစံသာအောင်၏ စာပိုဒ်ကို လေ့လာခြင်းအားဖြင့် ဤဗိုက်ပူဘုရား ကျောက်ဆစ်လက်ရာ ဆင်းတုမှာ ဗုဒ္ဓဖြစ်စဉ်ကို ရည်ညွှန်းသော သက်သေတစ်ခုဟု ဆိုရပါမည်။ (လက်ရာမှာ တတိယ ဧည့ဝတီခေတ်လက်ရာ ဖြစ်ပါသည်။)

## ကျောက်တော်၊ သေလာဂီရိတောင်မှ ကျောက်ဆစ်အနုလက်ရာများ

သေလာဂီရိမည်ရှိ မြင့်ခေါင် ကျောက်တော်တောင်သည် ရခိုင်လူမျိုးတို့၏ အထွဋ်အမြတ်ထားရာ ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ မြတ်အတုလ သုဂတသည် "ရက္ခမဏ္ဍိုင် တိုင်းရခိုင်"သို့ ပြည်သူ့ကောင်စီမှ ၁၉၆၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော ရခိုင်ယဉ်ကျေးမှုမဂ္ဂဇင်း၊ စာမျက်နှာ (၁၇)၌ အထက်ပါခေါင်းစဉ်ဖြင့် အစချီ၍ ရေးသားထားသော စာပိုဒ်ဖြစ်ပါသည်။

http://www.dhammadownload.com



ဤကျောက်တော်တောင်ခြေမှ အမှတ်မထင် တူးဖော်ရရှိထားသော ကျောက်ချပ်ခြောက်ချပ် ပါရှိပါသည်။ ၎င်းကျောက်ချပ်များ၏ အဓိပ္ပါယ်ပြန်ဆိုချက်ကို ဦးရွှေဇံ၏ The Golden Mrauk-U စာအုပ်တွင် အောက်ပါအတိုင်း အကျဉ်းချုပ်၍ ရေးသားထားသည်ကို တွေ့ရပါသည်။

**Relief Sculpture found on The Salagiri Hill**

"Some where from the eastern part of this hill a stone image in Dhamma-cakra-mudra, now kept in the Mrauk-U Museum, was found earlier in 1923. This relief sculpture found on the Salagiri representing Buddha preaching King Canda thuria (slab-2) belong to 5th Century AD. This is the period of the famous Candra dynasty mentioned in Ananada Candra inscription of Shitethaung temple, Mrauk-U.

Five more red sandstone slabs with the carvings were found close by to the south of this Salagiri Hill in 1986. They are the same type as the single slab found earlier in 1923.

Carving of slab (3) represented a Bhumisp mudra of Buddha which was the meaning of Maras attack and Bodhisattva's Englightenment.

Carving of slab (4) represented a Karana mudra of Buddha.

Carving of slab (5) depicted one of the scenes from the life story of the Lord Buddha. The two deers at Buddha' feet were the symbol of the deer park and the two figures near them represented U Pathita, who was being absorbed in the Ye Dhamma verse recited by Atthizi Mahahtero, the youngest of Buddha's five disciples in front of the Blessed One in Dhammacakra mudra.

Caving of slab (6) represented the Lord Buddha lay down on a couch spread between two Sala trees by Ananda. He lay on his right side like a lion with one leg placed on the other. The trees burst into blossoms although it was

http://www.dhammadownload.com



not the flowering season and the spirits hovered round the bed. It was a mudra of Mahaparirvana.

The slab (7) carries the sculpture of a noble man whose headdress and decoations in the upper portion of the dress itself bear strong resemblance to the Canda Thuriya figure carved in the slab (2). This sculpture may therefore be donor of the Great Mahamuni Image.

The newly-found slabs are now kept under the custody of the Mahamuni Trustee Committee.

ဤကျောက်ချပ်များ၏ လက်ရာများမှာ ဝေသာလီခေတ်၏ လက်ရာများဖြစ်ပါသည်။

တစ်ဖန် ရခက၏ ယဉ်ကျေးမှုမဂ္ဂဇင်းတွင်လည်း ကျောက်ချပ် (၃)မှ (၇) ကို အောက်ပါအတိုင်း စာတည်းအဖွဲ့က ရှင်းလင်းထားပါသည်။

ဗုဒ္ဓမြတ်စွာ၏ ကျောရိုးတော်ဓာတ် တည်ထားလတ်၍ ကျောက်တော်တောင်ဟု ကျော်ကြားသော ဤတောင်တော်ခြေရင်းမှ ယခု ခရစ်နှစ် ၁၉၇၈ တွင် ကျောက်ဆစ်ရုပ်ကြွ (၅)ခုကို အမှတ်မထင် တူးဖော်တွေ့ရှိသဖြင့် ဤတောင်တော်၏ ကျက်သရေသည် ပိုမိုထွန်းတောက်လာဘိသကဲ့သို့ ရှိပါသည်။

ကျောက်ဆစ်ရုပ်ကြွ (၅)ခုလုံးမှာ အနုစိတ်ထွင်းထုထားသော လက်ရာများဖြစ်ပြီး အကြမ်းအားဖြင့် အလျား (၂)ပေ၊ အနံ (၁/၂)ပေရှိပါသည်။ အသုံးပြုကျောက်သားမှာ ကျောက်တော်တောင် အနီးအနား၌ တွေ့ရှိရသော သဲကျောက်အမျိုးအစားဖြစ်၍ ဤအချက်များဖြင့်ပင် ၎င်းရုပ်ကွက်များမှာ ဒေသဖြစ်ရုပ်ကွက်များ ဖြစ်ကြောင်း ထင်ရှားလှပါသည်။

ထွင်းထုထားသော အကြောင်းအရာမှာ ဗုဒ္ဓဝင်ခန်းများဖြစ်ပြီး ဘုရားရုပ်တုပါ ရုပ်ကြွ (၄)ချပ်နှင့် အခြားတစ်ချပ် ဖြစ်ပါသည်။

လက်ရာများအနေဖြင့်မူ ရုပ်ပွားတော်တို့ကို ပကတိမျက်စိဖြင့် သဘာဝကျအောင် ထုလုပ်ထားသည်ကို ထောက်၍ ဂန္ဓရဟန်နှီးနွယ်သည်ဟု ဆိုနိုင်ပါသည်။ ယင်းအချက်ကြောင့်ပင်

http://www.dhammadownload.com



ဤရုပ်တု ထုလုပ်မှုခုနှစ်မှာ အေဒီ (၂)ရာစုခန့်က ရုပ်လုံးများဖြစ်ကြောင်း ယူဆပါကသင့်မည် ဖြစ်ပါသည်။

ပုံ (၃)၌ ဘဂဝါဇိနအရှင်အား အပရာဇိတပလ္လင်နှင့် တွေ့နိုင်ပါသည်။ ပလ္လင်ပေါ်တွင် မျက်နှာမှိုမှိုင် ရှိပါသည်။ ၄င်းသည်ပင် အလွန်ရှေးဆန်လှသည်။ နောက်ခံတွင် ဗောဓိညောင်ပင် ပီပြင်လှသဖြင့် ဗောဓိပင်ရင်း၌ သီတင်းသုံးနေခြင်းဟု သဘောပေါက်နိုင်သည်။ လက်ဟန်မှာ ဘူမိဖဿမုဒြာဖြစ်သည်ဟု ထင်ရသော်လည်း ကရုနမုဒြာဖြစ်သည်။ လက်သူကြွယ်နှင့် လက်ခလယ် နှစ်ချောင်းကို နောက်သို့ကွေးပြီး လက်မနှင့်နှိပ်ထားသည်။ငွင်း၏သဘောမှာ ရန်သူအား ဆုံးမတော်မူ ဟန်ဖြစ်၏။ မာန်စစ်သည်တို့ကို အောင်မြင်စွာ ဆုံးမဟန်ဖြစ်သည်။ ဗောဓိပင်နှင့်ရွှေပလ္လင် အောင် တော်မူခန်းယူက သင့်မည်ဖြစ်သည်။

ပုံ (၄)တွင် ပလ္လင်ဗောဓိပင်နှင့်အတူ အစိန္တေယျမုနိန္ဒအား ဖူးတွေ့နိုင်ပါသည်။ လက်ဝဲ လက်ကိုလှန်၍ ပေါင်ခွင်ပေါ်တင်ထားသည်သာ ထင်ရှား၍ လက်ယာလက်မှာ ပွန်းပဲ့ပျက်စီးသွား သဖြင့် လက်ဟန်မုဒြာ မထင်ရှားတော့ချေ။ ရခိုင်တို့၏ ဗုဒ္ဓဝင်ရုပ်ပွားကွက်များတွင် အလွန်အသုံးများ သော သတ္တာဟစံတော်မူခန်း ယူပါကသင့်မည်ဖြစ်သည်။

ပုံ (၅)တွင် ပလ္လင်သမ္မာသမ္ဗုဒ္ဓ အတုလအရှင်အား ဓမ္မစကြာလက်ဟန် အနေအထားဖြင့် တွေ့နိုင်သည်။ သမင်ငယ်နှစ်ကောင်လည်း တွေ့နိုင်ပါသည်။ သို့ရာတွင် ခြေစုံချဖြင့် စံနေဟန် ဖြစ်သည်။ ဤအနေအထားကြောင့် ဓမ္မစကြာတရားဟောခန်းဟု ယူဆရန်မသင့်။ ဓညဝတီ၊ ဝေသာလီတို့တွင် အတွေ့များသော "ယေဓမ္မာ" ဂါထာကို သတိရစေသည်။ သျှင်သာရိပုတ္တရာ အလောင်းတော် ဥပတိဿအား ပဥ္စဝဂ္ဂီငါးဦးအနက်မှ အသျှင်အဿဇိက ယေဓမ္မာတရားကို ဟောပြပြီးနောက် ဘုရားနှင့်တွေ့ဆုံခန်းဟု ယူဆပါက သင့်မည်ဖြစ်ပါသည်။ လက်ယာ လက်ညှိုး သုံးချောင်း ထောင်ထားခြင်းမှာ မဖြစ်မပျက်ရာ၊ မဖောက်ပြန်ရာ၊ နိဗ္ဗာန်ပြဟန် ဖြစ်ပါသည်။ ဆံကျစ်ဖြင့် ဥပတိဿ၏ မျက်နှာမှာ ငြိမ်းချမ်းမှုအရသာကို ပေါ်လွင်စေသည်။ တစ်ခန်းရပ်ပြဇာတ် ကြည့်လသကဲ့သို့ ရှိပါသည်။

ပုံ (၆)တွင် ဇိနအရဟံ နာမံတော်သစ် ဘုံသုံးတိုက်၏ မကိုဋ်သရဖူ ဖြစ်တော်မူသော သမ္မောဓိအား အင်ကြင်းပင်စုံကြား၌ ကိုယ်စောင်းကာ လဲလျောင်းဟန် တွေ့ရပါသည်။ ခြင်္သေ့မင်း၏

http://www.dhammadownload.com



လဲလျောင်းပုံနှင့်တူသဖြင့် သီဟာသယန မည်၏။ ဂီလာနသယနပုံတော်ဟု ဆိုပါကလည်း ရနိုင်သည်။ ဘုရား၏ အောက်ဘက်တွင် သမားတော်ဇီဝကနှင့် သျှင်အာနန္ဒာတို့ ဆေးဝါးကပ်ရန် ဟန်ပန်ဖြင့် အခြေအရံပါရှိသည်။ ကုသိနာရုံ၌ ဂီလာနသယနစံခန်းဟု ယူသင့်မည်ဖြစ်ပါသည်။

ပုံ (၇)တွင် မကိုဋ်သရဖူဆောင်းထားသူတစ်ဦးသည် စံမခံတိုင်ပေါ်တွင် ခြေစုံရပ်နေသည်။ ဗုဒ္ဓဝင်ခန်း ထဲတွင် ပါအောင်ထည့်မည်ဆိုပါက ကဋ္ဌိကာရ ထိုပြဟ္မာဟု ယူနိုင်သည်။ (သျှစ်သောင်း ဘုရားတည် မော်ကွန်း၌ အလေးထားဖော်ပြသော ကဋ္ဌိကရပြဟ္မာ၊ ဘုရားအားဦးစွာ သက်န်း ပရိက္ခရာ ဆက်ကပ်သူ)

ဤရှင်းလင်းချက် (၂)ခု၏ အယူအဆတစ်ချို့မှာ ကွဲလွဲမှုရှိသော်လည်း တူညီချက်မှာကား ဤကျောက်ချပ် များသည် ဗုဒ္ဓဝင်ခန်းများကို ဖော်ပြနေခြင်းဖြစ်ပြီး ရခိုင်တွင် ထိုစဉ်အခါကပင် ဗုဒ္ဓဘာသာထွန်းကားလျက် ရှိနေပြီးဖြစ်ကြောင်းကို မြေကြီးကဖွင့်ဟ၍ သက်သေထူပြောပြပေးနေ ခြင်းပင်ဟု ဆိုရပေမည်။

တစ်နည်းပြောရသော် ယခုတင်ပြထားသော ဗုဒ္ဓဝင်ခန်းကျောက်ချပ်လက်ရာများမှာ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားရာတတိယဓညဝတီခေတ်နှင့် ဝေသာလီကျောက်လှေကားခေတ်ကို မြေကြီးက သက်သေထူ ထုတ်ပြခြင်းပင် ဖြစ်ပါ၍ ရခိုင်တွင် တတိယဓညဝတီခေတ်ကပင် ဗုဒ္ဓဘာသာတိုင်းပြည် ဖြစ်ကြောင်းကို ငြင်းကွယ်၍ ရနိုင်မည်မဟုတ်သလို ယင်းခေတ်တို့၏ အဆက် ယခုလေးမြို့ခေတ်သည်လည်း အထက်ပါ အခန်း (၁၉)အရ သိရပြီး ထေရဝါဒဗုဒ္ဓဘာသာမှာလည်း ထိုထိုသောခေတ်များကို ဆက်ခံလျှက် ရှိနေသည်မှာ ထင်ရှားလျှက် ရှိနေပါသည်။

သေလာဂီရိ အမည်ရှိသော ကျောက်တော်တောင်သည်ကား ရခိုင်လူမျိုးတို့၏ အထွဋ်အမြတ်ထားရာ တောင်တော်ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ ဂေါတမမြတ်စွာ ဓညဝတီဒေသသို့ ဒေသစာရီကြွချီတော်မူစဉ်က ဦးစွာရပ်နား ဗျာဒိတ်တော်ထားခဲ့ဖူးသဖြင့်တည်း။

ဤကျောက်တော်သေလာဂီရိတောင်ခြေရင်း အရှေ့ဘက်မှ ကျောက်ဆစ်ရုပ်ကြွပုံ တစ်ပုံကို ၁၉၂၃ ခုနှစ်က တူးဖော် ရရှိခဲ့ပါသည်။ ထိုကျောက်ဆစ်လက်ရာပုံတော်မှာ မြတ်စွာဘုရားက စန္ဒသူရိယမင်းကြီးအား အနီးကပ် တရားပြနေသည့်ပုံတော်ဟု ပညာရှင်များက ယူဆထားကြပါသည်။ (ပူးတွဲပုံကို ရှုပါ) ယခုအခါ ထိုကျောက်ချပ်ကို မြောက်ဦးမြို့ ရှေးဟောင်း သုတေသနပြတိုက်တွင် ပြသထားလျှက် ရှိပါသေးသည်။ လက်ရာမှာ အေဒီ ၅ ရာစု ခေတ် ဂုပ္တလက်ရာနှင့် ဆင်တူပါသည်။

http://www.dhammadownload.com



တစ်ဖန် ဤတောင်ခြေမှပင် ၁၉၈၆ ခုနှစ်တွင် ကျောက်ဆစ်ရုပ် (၅)ခုကို အမှတ်မထင် တူးဖေါ်တွေ့ရှိသဖြင့် ဤတောင်တော်၏ ကျက်သရေသည် ပိုမိုထွန်းတောက်လာဘိသကဲ့သို့ ရှိပါသည်။

ထွင်းထုထားသော ရုပ်ကြွများမှာ ဗုဒ္ဓဝင်ခန်းများဖြစ်ပြီး ဘုရားရုပ်တုပါ ရုပ်ကြွ (၄)ချပ်နှင့် စန္ဒသူရိယ သို့မဟုတ် သူရိယစက္ကဟု ယူဆရသော ကျောက်ဆစ်လက်ရာပုံတစ်ပုံ ဖြစ်ပါသည်။ ဤလူရုပ်ပုံသည်ကား ၁၉၂၃ ခုနှစ်က တွေ့ရှိထားသည့် စန္ဒသူရိယမင်း၏ ဝတ်စားဆင်ယင်မှုမှာ တူညီလှပါသည်။ အထူးသဖြင့် ဗောင်းတော် နှင့်နားဆွဲများမှာ တူညီလှပါသည်။ (ဤပုံများကို ကျောက်တော် မဟာမုနိပြတိုက်တွင် ပြသထားပါသည်။)

နောက်ထပ်ထူးခြားသည့် ပုံတစ်ပုံမှာကား အတုလအရှင်အား ဓမ္မစကြာလက်ဟန်အနေ အထားဖြင့် တွေ့နိုင်သည်။ သို့ရာတွင် ခြေစုံချဖြင့် စံနေဟန်ဖြစ်သည်။ ပုံပါသမင်နှစ်ကောင်မှာ မိဂဒါဝုန်တောကို ရည်ညွှန်းကြောင်းကို ဆိုလို့ရပါမည်။ ဤအနေအထားကြောင့် ဓမ္မစကြာဟော ဟန်ဟု ယူရန်မသင့်ဘဲ ဧည္စဝတီ၊ ဝေသာလီတို့တွင် အတွေ့များသော ယေဓမ္မာဂါထာကို သတိရစေ သည့်အနက်မှာ သျှင်အဿဇိမထေရ်က ယေဓမ္မာတရားကို ဦးပသာတိက ရှင်သာရိပုတ္တရာ အလောင်းလျာအား ဟောကြားပြီးနောက် ဘုရားနှင့် တွေ့ဆုံခန်းဟု ယူဆနိုင်ပါသည်။ ဤ ကျောက်ဆစ်လက်ရာပုံတော်မှာလည်း ထူးခြားသောပုံတစ်ပုံအဖြစ် တွေ့ရပါသည်။ အဘယ်ကြောင့် ဆိုသော် သာသနာ ၂၅၀၀ ပြည့်နှစ်တွင် အိန္ဒိယအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မှ ထုတ်ဝေသော "The way of the Buddha" Album စာအုပ်တွင်ပင် ရှာဖွေ၍မတွေ့နိုင်သော ကျောက်ဆစ် လက်ရာတစ်ခုဖြစ်နေ၍ပင် ဖြစ်ပါသည်။ မြတ်စွာဘုရားက ပဥ္စဝဂ္ဂီ (၅)ဦးအား ဓမ္မစကြာတရားဦးကို ဟောကြား ပြီးနောက်မှာကပ်၍ ဖြစ်ပျက်လာသော ဖြစ်စဉ်ဟုဆိုနိုင်ပါသည်။ ထိုအဖြစ်အပျက် နောက်ပိုင်းမှာမှ မြတ်စွာ ဘုရား၏ လက်ယာရံ လက်ဝဲရံအဖြစ် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန် တို့ ရဟန္တာဖြစ်လာကြခြင်း ဖြစ်ပါသည် ဟု အလွန်စောသော မြတ်စွာဘုရား၏ဖြစ်စဉ်ဟု ဆိုနိုင်ပါသည်။

ထို့အပြင် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံခန်းပုံတော် ကျောက်ဆစ်လက်ရာဖြင့် ပုံဖော်ထား သည်မှာလည်း ပီပြင်လှပါသည်။

http://www.dhammadownload.com



ဤသည်တို့မှာ မြေကြီးကသက်သေထူပြလာသော ဗုဒ္ဓဝင်ခန်းများပင် ဖြစ်ပါတော့သည်။ ဗုဒ္ဓဘာသာ ထွန်းပြောင်ခြင်း၏ သရုပ်ဖော် ချက်ဟု ဆိုနိုင်သလို မြတ်စွာဘုရား ရခိုင်ဒေသသို့ ဒေသစာရီကြွချီခဲ့ခြင်းကို ရောင်ပြန်ဟပ်စေသော ကျောက်ဆစ်လက်ရာများဟုလည်း ဆိုနိုင်ပါသည်။

နောက်ဆက်တွဲအထောက်အထား (၇)

## ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မုန်စဲကျွန်း ဗုဒ္ဓ၏ ပါဒ (ခြေတော်ရာ) သမိုင်းအကျဉ်း

လောကမျက်ရှု သဗ္ဗညုမြတ်ဘုရားသည် ဓညဝတီတိုင်းဌာနီသို့ စန္ဒသူရိယမင်း ပင့်ဖိတ်ချက် အရ မဟာသက္ကရာဇ် ၁၂၃-ခုနှစ်တွင် ဒေသစာရီ ကြွချီတော်မူခဲ့သည်ဟု ရခိုင်ရာဇဝင်သမိုင်းများ တွင် အထင်အရှား တွေ့ရှိရပါသည်။ လောကထွဋ်ထား မြတ်စွာဘုရားသည် ဝါတော် (၂၀)က စန္ဒသူရိယမင်း ပင့်ဖိတ်ချက်အရ ဓညဝတီမြို့၏အနီး အဂ္ဂညုတအမည်ရသော သီရိဂုတ္တတောင်ကုန်း ပေါ်၌ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို ရတနာကုံးပါးဖြင့် သွန်းလုပ်ခဲ့ကြောင်းကိုလည်း သမိုင်း စာပေများတွင် သက်သေခံထားသည်ကို တွေ့ရသည်။

သမိုင်းဆိုသည်မှာ ဤလောကဗုဒ္ဓ၏ ပွင့်ထွန်းပေါ် ပေါက်တော်မူလာသည့်အကြောင်း ဘုရင်တစ်ပါး၏ သက်ရှိထင်ရှားရှိခဲ့စဉ်က နေထိုင်ခဲ့သည့်ဖြစ်စဉ်အကြောင်းများ၊ နိုင်ငံတစ်နိုင်ငံ၏ ဖြစ်ခဲ့သည့်အကြောင်းဟောင်းများ၊ ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ဆောင်ချက် အကြောင်းဟောင်းများစသည့် အကြောင်းအရာများကို ပြန်လည် မီးမောင်းထိုးပြီး ဖော်ထုတ်ရေးသား ညွှန်ပြသည်ကို သမိုင်းဟု ဆိုလိုပါသည်။

တစ်ခါတစ်ရံ၌ သမိုင်းသည် မှတ်တမ်းတင်ပုဂ္ဂိုလ်၏ အသိပညာပေါ် မှာ မူတည်ပြီး အမှား အမှန် ဖြစ်နိုင်သည်။ ကျောက်စာ၊ ပေ၊ ပုရပိုက် စသည်တို့၌ လက်ရေးလက်သား ပျက်စီးခြင်းကြောင့် လည်းကောင်း မှတ်တမ်းတင်ပုဂ္ဂိုလ်၏ ဗဟုသုတအားနည်းသောကြောင့် လည်းကောင်း၊ အမှား အမှန်ဝေဖန်ပိုင်းခြားသည့် ဝိစာစရဏဉာဏ်မရှိသဖြင့် အမှားသည် အမှန်ဖြစ်၍ အမှန်သည်လည်း အမှားဖြစ်သွားတတ်ပါသည်။

http://www.dhammadownload.com



ယုံကြည်အားထားပြီး အငြင်းပွားခြင်း၊ တစ်ဖက်စွန်းရောက်စေသော စကားများကို ပြောဆိုခြင်းများသည် လူများအတွက် ဝိဝါဒမိကရိဏ်း အငြင်းပွားမှုကို ဖြစ်စေနိုင်ပါသည်။

## ယုတ္တိ (၄)မျိုးဖြင့် စဉ်းစားသင့်

ယုတ္တိသည် -

(၁) မိမိ သိထားသည့်အသိနှင့် ပြောဆိုမည့်စကား၊ အရပ်ဒေသ၌ သဘာဝကျ၊ မကျကို စဉ်းစားခြင်းဟူသော သဘာဝယုတ္တိ။

(၂) သမိုင်းစာပေ သာဓကပါရှိမှုလည်း ဤသာဓကသည် ခိုင်လုံသည့်သာဓက၊ ဘုရားဟောနှင့် ညီညွတ်သည့် သာဓက ဟုတ်ပါ၏လောဟု စဉ်းစားခြင်းဟူသော သာဓကယုတ္တိ။

(၃) သမိုင်းကလည်း မှန်နေသည်။ မြတ်စွာဘုရား ဟောကြားအပ်သော ပိဋကတ်တော်ထဲမှာ အခိုင်အမာ ရှိနေသည်ကို ကိုးကားပြီး ယုံကြည်ပြောဆိုခြင်းဟူသော အာဂမယုတ္တိ။

(၄) ရာဇဝင်သမိုင်းများက မှန်နေသည်ဟု သက်သေရှိနေသော်လည်း အကြောင်းအကျိုး ညီညွတ်မှုရှိ၊ မရှိ စီစစ်နှိုင်းယှဉ်ခြင်းဟူသော ကာရဏယုတ္တိအားဖြင့် (၄)မျိုး ရှိပါသည်။

အထက်ပါ ယုတ္တိ (၄)မျိုးဖြင့် မည်သည့်သမိုင်းရာဇဝင်ကို မဆို ချိန်ထိုးနှိုင်းယှဉ်ကြည့်နိုင်ရမည်။

## ထင်ရှားသောယုတ္တိများ စဉ်းစားဖွယ်

ပိဋကတ်စာပေ၊ ဥပရိပဏ္ဏာသပါဠိတော်၊ ပုဏ္ဏောဝါဒသုတ္တန်ကို အခြေခံပြီး ရေးသားကြရာ၌ သုနာပရန္တ တိုင်း ဆိုသည်မှာ မြန်မာနိုင်ငံ မကွေးတိုင်း မင်းဘူးခရိုင် လေကိုင်းကျောင်းတော်ရာ ဒေသဟု မြန်မာ့ရွှေစက်တော် သမိုင်းကို ဖော်ပြထားပါသည်။ ရခိုင်ရာဇဝင်များကလည်း သုနာ ပရန္တတိုင်းကို ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၊ မုန်စဲကျွန်း အပါအဝင် ဒေသတစ်ခုဖြစ်ကြောင်းကို ဖော်ပြထားလေသည်။

ရခိုင်ရာဇဝင်များ ဖော်ပြသည့်အချက်တွေမှာ ကာရဏယုတ္တိ သာဓကယုတ္တိ အထောက် အထား ပြည့်စုံသည်ဟု ယူဆပါသည်။ ဝါဏိဇဂါမကို ရာဇဝင်က ဖော်ပြရာ၌ မုန်စဲကျွန်း၊ ယခု

http://www.dhammadownload.com



ဖြူချောင်းရွာနီးဒေသ ဖြစ်သည်ဟု ဆိုထားသည်။ မကုလာကာမကျောင်း ဆိုသည်မှာလည်း ပန်းငုံ၊ ပန်းဖူး၊ ပန်းတွေပေါ်သော တောကျောင်းကို ဆိုလိုသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုပြသည်။ အဇ္ဈုပတ္တ တောင် ဆိုသည်မှာ ဦးကင်းတောင်ပင် ဖြစ်လေသည်။

အန္တရကပ် (၁၁)ကပ်မြောက် အဆက်အနွယ်ဖြစ်သော ကပိလဝတ်ပြည့်ရှင် အဇ္ဈနကပိလ မည်သောမင်း၏ သားတော်ကြီးဖြစ်သော ဓမ္မသေနမင်းသားအား ထီးနန်ကိုလွှဲအပ်၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ပြုနေလေ၏။ ထိုအဇ္ဈုနရသေ့သည် ဟိမဝန္တာမှ တရွေ့ရွေ့ဖြင့် သုနာပရန္တတိုင်းသို့ ရောက်ပြီး ယခုရသေ့ကျောင်းရာဟု ခေါ်တွင်လျက်ရှိသော နေရာ၌ ကျောင်းသင်္ခမ်းပြု၍ နေလေ၏။ ထိုရသေ့၏နေခြင်းကို အစွဲပြု၍ ၎င်းနေရာကို ယခုတိုင်အောင်ပင် ရသေ့ကျောင်းဟု ခေါ်တွင် လျက်ရှိလေသည်။

ထိုအဇ္ဈုနရသေ့နေသောတောင်ကို အဇ္ဈုနရသေ့၏ နေရာတောင်ဖြစ်သောကြောင့် "အဇ္ဈုန ဟတ္တတောင်" ဟု ခေါ်တွင်လေသည်။ ကာလကြာသော် အဇ္ဈုန၌ 'န'ပျောက်၍ 'အဇ္ဈုဟတ္တ တောင်'ဟု ခေါ်တွင်လေသည်။

နောက်ကာလ၌ ရှုချင်စဖွယ် တင့်တယ်သောတောင် ဖြစ်သောကြောင့် ဓာရပဗ္ဗတောင်ဟု တွင်လာသည်။ နောက်ပိုင်းကာလ၌ အမည်ပြောင်းလဲ၍ ခေါ်တွင်လေသည်။

သမုဒ္ဒဂိရိဝိဟာရကာ၊ သမုဒ္ဒရာအနီး၌ရှိသော တောင်ကိုဆိုလိုသည်။ ရခိုင်ရာဇဝင် ရှင်များက စစ်တွေမြို့ တောင်ဘက် ဗုဒ္ဓေါမော် ကျောက်တောင်ဖြစ်သည်ဟု ဆိုကြသည်။ ရှင်ပုဏ္ဏ၏ညီဖြစ်သူ စူဠပုဏ္ဏ ရောက်ခဲ့သော စန္ဒကူးတောဟူသည် ယခု ဘင်္ဂလားပင်လယ်အတွင်း မေယုတောင်တန်း အနောက်ဘက် နံ့သာကျွန်းကို ဆိုလိုသည်။ မေယုတောင်ကို ရှေးက မလယတောင်ဟု ခေါ်တွင်ခဲ့လေသည်။ ကာလအကြာတွင် မလယတောင်၊ မယူတောင်၊ မေယု တောင်ဟု တွင်လာသည်၊ ခေါ်ဝေါ်လာခဲ့သည်။ ၎င်းတောင်အနီး၌မြစ်ကို မေယုမြစ်ဟု ခေါ်ဝေါ်ကြသည်။

## မြန်မာ့သမိုင်းမှတ်တမ်းနှင့် ရခိုင်သမိုင်းမှတ်တမ်း

မြန်မာ့သမိုင်းနှင့် ရခိုင်သမိုင်းတို့သည် သံတူကြောင်းကွဲသဘောမျိုး ဖြစ်သည်။ အချို့ ပညာရှင်များက မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာနှစ်ဆူသည် (သုနာပုန္တတိုင်း) ယခု မကွေးတိုင်း

http://www.dhammadownload.com



လေးကိုင်းကျောင်းတော်ရာ ရွှေစက်တော်ဒွေပါဒ ခြေတော်ရာနှစ်ဆူကို ပုဏ္ဏောဝါဒသုတ်ကို အခြေခံပြီး အခိုင်အမာ အထောက်အထားများစွာဖြင့် ရေးသားထားသည်ကို တွေ့ရှိရပါသည်။ ရှေးရခိုင်ပညာရှိများကလည်း ရခိုင်ပြည်သို့ ဗုဒ္ဓမြတ်စွာ ကြွရောက်တော်မူကြောင်းကို ကျောက်စာများ၊ ပေထက်အက္ခရာများ၊ ရာဇဝင်သမိုင်း အကိုးအကားများစွာဖြင့် ရေးသားထားသည် ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေကာမူ ပြည်ထောင်စုမြန်မာနိုင်ငံသို့ မြတ်ဗုဒ္ဓါ ဝါတော် (၂၀) မြောက်တွင် ကြွလာ တော်မူခဲ့သည်မှာ အထင်အရှား သက်သေအဖြစ် ယခုမန္တလေး မဟာမြတ်မုနိ ရုပ်ရှင်တော်ကို ကိုးကားပြောရလျှင် အထောက်အထား သက်သေခိုင်လုံသည်ဟု ယူဆရပါလိမ့်မည်။

## ခြေတော်ရာများ လေ့လာသုံးသပ်ချက်

သရုပ်ပြအဘိဓာန်ကျမ်း၌ ခြေတော်ရာ (၃)ဆူကို လင်္ကာဒီပ ခေါ် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) သမန္တဥထခေါ် သုမနတောင်ထိပ်၌ မဏိအက္ခိကနဂါးမင်း တောင်းပန်၍ တစ်ဆူချထားတော်မူခဲ့ကြောင်းကို လည်းကောင်း၊ ဇမ္ဗူဒီပ မဏ္ဍလဟု ဆိုအပ်သော ယောနရဋ္ဌ ခေါ် နမ္မဒါမြစ်ကမ်း၌ နဂါးမင်းကြီး တောင်းပန်၍ တစ်ဆူချထားတော်မူခဲ့ကြောင်းကိုလည်းကောင်း၊ သစ္စဗန္ဓရသေ့ကြီး တောင်းပန်၍ နမ္မဒါမြစ်ကမ်းခြေ တောင်ထိပ်၌ "တိဏိခေါပန ဘဂဝတောပါဒ စေတိယာနိ လင်္ကာဒီ ပေဏေ၊ ဇမ္ဗူဒီပေ ယောနရဋ္ဌေဒွေတိ"ဟူ၍ ရေးသားဖော်ပြထားပေသည်။ ကေစိဆရာများက "ဇမ္ဗူမှာဒွေ၊ ရံမှာဧ"ဟု စပ်ဆိုခဲ့ပါသည်။

ဆရာကြီးဦးသုခ၏ မှတ်စုပဒေသာ၌ကား သမန္တဥထတောင်ထိပ် မဏိအက္ခိကနဂါးမင်း တောင်းပန်၍ တစ်ဆူ၊ ဇမ္ဗူဒီပကျွမ်း နမ္မဒါကျွန်းကမ်းနား၌ နမ္မဒါနဂါးမင်းကြီး တောင်းပန်၍ တစ်ဆူ၊ သစ္စဗန္ဓာတောင်ထိပ်၌ သစ္စဗန္ဓရသေ့ကြီး တောင်းပန်၍ တစ်ဆူ၊ ဤသို့အားဖြင့် ခြေတော်ရာ (၃)ဆူ ချတော်မူခဲ့သည်ဟု ရေးသားထားသည်။

## ပြည်တွင်းပြည်ပ ထင်ရှားသောခြေတော်ရာများ

ယိုးဒယားနိုင်ငံမှ ဗုဒ္ဓ၏ပါဒခြေတော်ရာတစ်ဆူ၊ လာအိုနိုင်ငံမှ ဗုဒ္ဓပါဒခြေတော်ရာတစ်ဆူ၊ သီဟိုဠ်နိုင်ငံမှ ဗုဒ္ဓပါဒခြေတော်ရာတစ်ဆူ၊ မြန်မာနိုင်ငံ မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်

http://www.dhammadownload.com



စက်တော်ရာ (၂)ဆူ၊ ရခိုင်ပြည်နယ် တောင်ကုတ်နယ် မအီချောင်း စက်တော်ရာ (၂)ဆူ၊ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မုန်စဲကျွန်း နမ္မဒါမြစ်ကမ်း၌ ပါဒစက်တော်ရာ တစ်ဆူနှင့် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံကာကျွန်း၌ တစ်ဆူတို့ ဖြစ်ကြလေသည်။

## ဗုဒ္ဓပါဒ ခြေတော်ရာ သုံးသပ်ချက်များ

ယခု တွေ့ရှိရသော ခြေတော်ရာသည် သံယုတ်အဋ္ဌကထာ ဥပရိပဏ္ဏာသအဋ္ဌကထာတို့၌ သုနာ ပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာသို့ ကြွတော်မူ၍ အပြန်တွင် နမ္မဒါနဂါးမင်း တောင်းပန်၍ နမ္မဒါမြစ် အနီး ကျောက်ဆောင်ပေါ်၌ ချတော်မူခဲ့သော ခြေတော်ရာသည် ဘယ်ပုဂ္ဂိုလ်၏ ခြေတော်ရာဖြစ်ပါ သနည်း။ သုနာပရန္တတိုင်းဆိုသည်မှာ ယခုကာလ အဘယ်နေရာ ဖြစ်ပါသနည်း။ ယင်း အချက် နှစ်ချက်နှင့် ပတ်သက်၍ မဟာဗောဓိမဏ္ဍဒီပနီ၌ ကျမ်းဆရာက သုနာပရန္တတိုင်း၊ ယောနကတိုင်း၊ သုဝဏ္ဏဘူမိတိုင်း၊ သုံးတိုင်းသည် မြန်မာနိုင်ငံဖြစ်ကြောင်းကို ရေးသားထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၌ ပါဝင်နေသော ဓညဝတီပြည်သည်လည်း သုနာပရန္တတိုင်းဟု ဖေါ်ပြထား ပါသည်။ ကာလရှည်ကြာ ယခုအခါ၌ သုနာပရန္တတိုင်းကို ရိုးမတောင်မှ ပိုင်းခြားသတ်မှတ်၍ မဟာဟံသတိုင်း၊ ရက္ခပူရတိုင်း၊ ဓညဝတီတိုင်းဟု ခေါ်ဝေါ်သမုတ်ကြသည်။ ဗောဓိမဏ္ဍဒီပနီက ဖေါ်ပြပါ အယူအဆသည် ဓညဝတီရခိုင်ပြည်ကို သုနာပရန္တတိုင်းဟု ရည်ညွှန်းထားသည်။ ဥပရိပဏ္ဏာသအဋ္ဌကထာတွင် သုနာပရန္တတိုင်း အတွင်း၌ နမ္မဒါမြစ်ခြေတော်ရာ၊ ဝါဏိဇ္ဇဂါမရွာ ရှိသည်ဟု ဖွင့်ဆိုထားသည်။ ၎င်းကို အသေးစိတ် လေ့လာသုံးသပ်ချက်ပြုလျှင် သုနာပရန္တတိုင်း၏ တည်ရာအမှန်ကို သိနိုင်ပါလိမ့်မည်။ နမ္မဒါမြစ်ကို ယခုအခါ နရမ်းမြစ်၊ ရမ်းဒါးမြစ် အဖြစ်ဖြင့် ပြောင်းရွှေ့ခေါ်ဝေါ်ကြသည်ကို တွေ့ရသည်။

အဂ္ဂမဟာပဏ္ဍိတ ကဝိဓဇ မဟာဓမ္မာဒိရာဇဂုရု တံဆိပ်တော်ရသော သင်္ဂဇာ ဆရာတော်ကြီး သည် ၁၂၄၀-ခုနှစ် ရခိုင်ပြည်နယ်သို့ တရားဟောကြွလာစဉ် ကြီးမြတ်သော ယုံကြည်ချက်ဖြင့် ဤပါဒခြေတော်ရာကို အထူးပင် ကြိုးစားရှာဖွေခဲ့သည်။ ဆရာတော်ဘုရားကြီးက ပါဒခြေတော်ရာကို နမ္မဒါမြစ်ကမ်း၌ အမှန်တကယ် တွေ့ခဲ့ရလျှင် ဗုဒ္ဓခြေတော်ရာအစစ်ကို တွေ့ရပြီဟု ယုံကြည် မှတ်ယူပြီးဖြစ်ကြောင်း အမိန့်ရှိခဲ့လေသည်။ ယခု ခြေတော်ရာကို

http://www.dhammadownload.com



သံသယရှင်းလင်းစွာဖြင့် ဆင်ကောင်ကြီးကို တွေ့က ဆင်ခြေရာကို ရှာစရာမလိုသကဲ့သို့ ဗုဒ္ဓခြေတော်ရာကို ထင်ရှားစွာဖူးတွေ့ နေရပြီ ဖြစ်သည်။

## ရခိုင်ပြည်သို့ ဘုရားရှင် ကြွရောက်တော်မူဖူးကြောင်း ထင်ရှားစေသော အချက်သက်သေ

မဟာမြတ်မုနိသမိုင်း၌ ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၂၃-ခု၊ ဝါတော် (၂၀)တွင် စန္ဒသူရိယမင်း၏ ပင့်ဖိတ်ချက်ကို အကြောင်းပြု၍ ယင်းနှစ် ကဆုန်လဆန်း (၄)ရက်၊ အင်္ဂါနေ့ ကြွတော်မူလာပြီးလျှင် ၄င်းလဆုတ် (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့ မဟာမြတ်မုနိရုပ်ပွားတော်ကို သွန်းလုပ်တော်မူကြောင်း နေ့စွဲ၊ ရက်စွဲနှင့်တကွပင် သေသေချာချာ ဖေါ်ပြထား၏။

ရခိုင်ပြည်သို့ ဘုရားသခင် ကြွတော်မူဖူးကြောင်းကို ထင်ရှားစေသော သက်သေ အထောက်အထားမှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ဆယ်နှစ်ခန့်က ကျောက်စာဝန် ဦးစံရွှေဘုနှင့် ရာဇဝင်ဆရာပဏ္ဍိတ ဦးသာထွန်းတို့ ကျောက်တော်တောင်ပေါက်မှ ရရှိသော ဗြဟ္မီအက္ခရာဖြင့် ပါဠိဘာသာရေးထိုးထားသော ကျောက်စာပင် ဖြစ်ပေသည်။ ၄င်းကျောက်စာကို တောင်ပေါက်ကြီး ကျောက်စာဟု ကျောက်စာဝန်ဆရာတို့ အမည်ပေးထားကြ၏။

၄င်းကျောက်စာပါဠိမှာ-

**အထခေါ ဘဂဝါ ဘိက္ခုသံဃေန ပါသာဒံ အဘိရုဟိတွာ ပဥ္စသတ ပါသာဒ ပရိဝုတော ဓညဝတီရဋ္ဌံ အာကာသမဂ္ဂေန စာရိကံ စရမာနေ ဓညဝတီ မဟာနဂရဿပစ္ဆိမ ဒိသာဘာဂေ ကစ္ဆပနဒီယာ ပုရတ္ထိမတီရေ သေလာဂီရိ ပဗ္ဗတမုဒ္ဓမှိ ဩရောဟိတွာ ပတိဋ္ဌာသိ။**

**အဓိပ္ပါယ်ကား-** ထိုအခါ ကာလအခါသမယ၌ မြတ်စွာဘုရားသည် ရဟန်း၊ သံဃာနှင့်တကွ ပြာသာဒ် ကိုယ်စီ ငါးရာသောပြာသာဒ် အခြံအရံတို့ဖြင့် ခြံရံလျှက် ဓညဝတီပြည်သို့ ကောင်းကင်ခရီးဖြင့် ဒေသစာရီ ကြွချီတော်မူသော် ဓညဝတီမြို့တော်ကြီး၏ အနောက်မျက်နှာအဖို့၌ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ကမ်းပါး၌ သေလာဂီရိအမည်ရှိသော တောင်ထိပ်၌ သက်ဆင်း၍ ရပ်တည်တော်မူ လေ၏။

၎င်းကား ကျောက်စာအထောက်အထားတည်း။

http://www.dhammadownload.com



ရက္ခပူရကြေးမုံကျမ်း၌ ရသေ့တောင်မြို့နယ်၊ မုန်စဲကျွန်းရှိ နမ္မဒါမြစ်ကမ်း အနီးထားရှိခဲ့သော ခြေတော်ရာသည် ဗုဒ္ဓပါဒခြေတော်ရာ တစ်ဆူဖြစ်ကြောင်းကို ဖော်ပြထား၏။

မြတ်စွာဘုရားသည် ငါးရာသော ယာဉ်ပြာသာဒ်တို့ဖြင့် ရဟန္တာငါးရာနှင့်တကွ ဂါဏဇိဗ္ဗဂါမ ရွာသို့ ကြွချီတော်မူသော လမ်းခရီးတွင် မုန်စဲကျွန်း (ယခု ရမ်းဒါးမြစ် သက္ကတဘာသာ၌ နဒြမ်းမဒါ၊ ဟိန္ဒီ အသံထွက် နရမ်းမဒါး ဟုခေါ်သော) မြစ်ပေါ်မှ ခရီးဒေသစာရီ ကြွချီတော်မူလာသည့် အချိန်တွင် နမ္မဒါမြစ်အတွင်း၌ တောင်ကိုမှီ၍နေကြသော ရေနဂါးတို့က မြူးတူးပျော်ပါး ရေကစား နေစဉ် မြတ်စွာဘုရား၏ နီလပီတစသည့် ရောင်ခြည်တော်တို့ကို ဖူးမျှော်ရသဖြင့် ယခင်က နဂါးများရေထဲမှ ခေါင်းမော်၍ ဖူးမျှော်သည့်နေရာ (ယခု နဂါးမောက်ရွာ)အနီး နဂါးအိုင်၌ မြူးတူး ပျော်ပါးနေသော နမ္မဒါနဂါးမင်းကြီးနှင့် နဂါးအပေါင်းတို့သည် ကြည်ညိုသဒ္ဓါ ဖရဏာပီတိ ဂွမ်းဆီထိသို့ ပီတိသောမနဿဖြစ်ပြီး မြတ်စွာဘုရားအား နမ္မဒါမြစ်၌နေသော နဂါးအပေါင်းတို့က ခရီးဦးကြိုဆို၍ ရေနဂါးတို့၏ ဘုံဗိမ္မာန်အတွင်းသို့ ပင့်ဖိတ်၍ ကြီးမြတ်သော ပူဇော်သက္ကာရ ကိုပြုပြီး နမ္မဒါ နဂါးမင်းကြီးက မြတ်စွာဘုရားအား ကျွန်ုပ်တို့အား အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ခြင်း ကို ပြုနိုင်ရန် အလို့ငှာ တစ်စုံတစ်ခုပေးသနားတော်မူပါဟု လျှောက်ထားတောင်းပန်သောကြောင့် ကရုဏာရှင် ဖြစ်သော မြတ်စွာဘုရားသည် လက်ဝဲခြေဖဝါးတော်ရာကို မနောစိတ်ကြံခိဋ္ဌာန်ချက်ဖြင့် နောင်လာ နောက်သား လူအများတို့ ကိုးကွယ်ဆည်းကပ်နိုင်ရန် အလို့ငှာ ပါဒခြေတော်ရာတစ်ဆူကို နရမ်းမြစ် ခေါ်သော နမ္မဒါမြစ်ကမ်းအနီး ကျောက်ဆောင်ပေါ်၌ ပေးသနားတော်မူခဲ့ပါသည်။

ထို့အပြင် ဆက်လက်၍ အောက်ပါအတိုင်း ရေးသားထားပါသေးသည်။

**နောက်ဆက်တွဲအထောက်အထား (ဂ)**

## ရခိုင်ပြည်နယ်အတွင်း ပါဒခြေတော်ရာများ

၁။ အဥ္စနနဒီ အန်းချောင်းအနီး လမုချောင်းရေအိုင်ပတ်ဝန်းကျင် တောင်ထိပ်တစ်ခု၌ လက်ဝဲပါဒ ခြေတော်ရာတစ်ဆူ။

၂။ လမုချောင်းရေအိုင်ကမ်းဘေး၌ မအီစက်တော်ရာဟု ဆိုအပ်သော ပါဒခြေတော်ရာ တစ်ဆူ။

http://www.dhammadownload.com



၃။ ဖရုကစ္ဆိကကျွန်း၌တစ်ဆူ။

၄။ ယခု နရမ်းမြစ် ခေါ်သော နမ္မဒါမြစ်ကမ်းနဘေး ကျောက်ဆောင်ပေါ်၌ တစ်ဆူအားဖြင့် ထင်ရှားသော ခြေတော်ရာ (၄)ဆူရှိကြောင်းကို သမိုင်းများက သက်သေခံဖေါ်ပြထားလေသည်။

## မုန်စဲကျွန်း ပါဒခြေတော်ရာ၏ ထူးဆန်းအံ့ဖွယ်များ

၁။ သမုဒ္ဒရာပင်လယ်မှလာသော လှိုင်းတံပိုးများသည် ပြင်းထန်သော လေမုန်တိုင်းကြောင့် ကြီးစွာသော လှိုင်းလုံးများ ရိုက်ခတ်ငြားသော်လည်း ခြေရာတော်ပေါ်သို့ ကျော်လွန်၍ မသွားခြင်း။

၂။ လေမုန်တိုင်းတိုက်ခတ်၍ လှိုင်းတံပိုးသည်းထန်ဖြစ်သော်လည်း ခြေတော်ရာအနီး၌ ငှင်းလှိုင်း တံပိုးသည် ရေပန်းများအသွင် ပါဒခြေတော်ရာကို ဖူးမျှော်ခြင်း။

၃။ မကြာခဏ အဆိပ်ပြင်းထန်သော နီသောအဆင်းရှိသော မြွေကြီးများခြေတော်ရာသို့ လာရောက်ပြီး ပတ်ခွေကာ အထင်အရှား ဖူးမျှော်ခြင်းကို တွေ့ရခြင်း။

၄။ ပင်လယ်မှ စက်လှေသင်္ဘောများ ခုတ်မောင်းသွားသည့်အခါ ရေများကွဲပြီး လှိုင်းတံပိုးဖြစ်သကဲ့သို့ ခြေတော်ရာအနီး၌ ဖြစ်ပေါ်လာပြီး သုံးနှစ်တစ်ကြိမ် ရေနဂါးများ မြူးတူးပျော်ပါးသည်ကို တွေ့မြင်ရခြင်း။

၅။ မိမိ၏ ခိုင်မြဲစိတ်ကြံ အဓိဋ္ဌာန်ဖြင့် ယုံကြည်ချက်တစ်ခုကို အဓိဋ္ဌာန်ပြုပါက အောင်မြင်ခြင်းစသည့် အံ့ဖွယ်များကို ယခုထက်တိုင် တွေ့မြင်နေရပါသည်။

## မအီချောင်း စက်တော်ရာသမိုင်း မှတ်ချက်

၁။ ဣန္ဒိယပြည် ဘုံဘိုင်နယ်မြောက်ပိုင်း နဘဒ္ဒါမြစ်ထဲ၌ ခြေတော်ရာတစ်ဆူ။

၂။ ၎င်းအထက် သစ္စပန်တောင်ပေါ်၌ ခြေတော်ရာတစ်ဆူ။

၃။ ဣန္ဒိယပြည်မြောက်ပိုင်း ဥဒယာနတိုင်း၌ ခြေတော်ရာတစ်ဆူ။ (ဖာဟိယန်မှတ်တမ်း)

http://www.dhammadownload.com



၄။ ပါတလိပုတ်မြို့တော်၏ တောင်ဘက် သုံးလီအကွာတွင် ခြေတော်ရာတစ်ဆူ။ (ဖာဟိယန် မှတ်တမ်း)

၅။ သီဟလိုကျွန်း "သုမနကူဋ" တောင်ထိပ်၌ ခြေတော်ရာတစ်ဆူ။

၆။ ရခိုင်ပြည်နယ်မြောက်ပိုင်း မယူကမ်း မုံစည်းကျွန်း သာစည်ထောင့်ရွာအနီး၌ ခြေတော်ရာတစ်ဆူ။

၇။ စစ်တွေမြို့ ကုလားတန်မြစ်ဝ ဖရုံကာကျွန်းစု မြေငူကျွန်းတွင် ဆံတော်ရှင် ဓာတ်တော်အနီး၌ ခြေတော်ရာ တစ်ဆူ။

၈။ ဗမာပြည် မင်းဘူးခရိုင် မန်းချောင်း၌ အထက်အောက်ခြေတော်ရာနှစ်ဆူ။

၉။ ဗမာပြည်မြောက်ပိုင်း ဝနယ်လွိုင်မူတောင်၏ အရှေ့မြောက်ဘက် တောင်စောင်းတွင် ခြေတော်ရာ တစ်ဆူ။ (၄င်းခြေတော်ရာကို "ဝ"လူမျိုးတို့သည် တစ်ခြားလူများ မလာနိုင်အောင် အသက်ပေး၍ ကာကွယ်ကြောင်းဖြင့် အတွဲ(၈) ၁၃၃၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် တနင်္ဂနွေနေ့ထုတ် အမှတ်(၆) ဓမ္မဗျူဟာစာစောင်တွင် ဆရာဝန်တစ်ယောက် ရေးသား တင်ပြသည်ကို တွေ့ရှိရသည်။)

၁၀။ ဤမဟီမြစ်အတွင်း၌ရှိသော အထက်အောက် ဝဲယာခြေတော်ရာနှစ်ဆူ။

စုစုပေါင်း (၁၂)တစ်ဆယ့်နှစ်ဆူကုန်သော ထိုခြေတော်ရာများတို့သည် အလျားအနံအားဖြင့် မတိမ်းမယိမ်းရှိကြောင်းကို စူးစမ်းသိရှိရလေသည်။ ၄င်းခြေတော်ရာများအနက် မဟီမြစ်တွင်း ရှိ ခြေတော်ရာ(၂)နှစ်ဆူတို့တွင် အောက်ခြေတော်ရာမှာ လက်ျာခြေတော်ရာဖြစ်ပြီး အထက်ခြေတော်ရာမှာလက်ဝဲခြေတော်ရာဖြစ်လေသည်။ (ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးအရိယဝံသ ရေး မအီစက်တော်ရာသမိုင်း၊ ၁၃၃၂ ခု၊ ပြာသိုလ၊ စာအုပ်မှ ကောက်နှုတ်ချက်။

http://www.dhammadownload.com



## ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းရှိ အဆူဆူသော မြတ်စွာဘုရား၏ ခြေတော်ရာအထောက်အထားများ

ရှင်တော်မြတ်ဘုရား ဗုဒ္ဓဂေါတမသည် သတ္တဝါဝေနေယျာများ၏ အကျိုးနှင့် ဗုဒ္ဓသာသနာ အခွန့်ရှည်ကြာရေးကို မျှော်တော်မူလျှက် မဟာမုနိရုပ်ရှင်တော်မြတ်ကို ကိုယ်တော်တိုင် ကိုယ်ထိ လက်ရောက် သွန်းလုပ် ပေးသနားတော်မူခဲ့သည့်အပြင် ဗုဒ္ဓသာသနာဝါးထောင်ပတ်လုံး ထွန်းတောက်တည်တံ့စေရေးအတွက် ခြေတော်ရာများကိုလည်း အတိုင်းတိုင်း အပြည်ပြည်တွင် အထင်အရှား ချထားတော်မူခဲ့ပါသည်။ ထိုခြေတော်ရာ များကို ဖော်ပြရပါလျှင်-

(၁) အိန္ဒိယနိုင်ငံ၊ ဘုံဘေပြည်နယ်မြောက်ပိုင်း နဘဒ္ဒါမြစ်ထဲတွင် ခြေတော်ရာ (တစ်ဆူ)

(၂) ၄င်းအထက် သစ္စပန်တောင်ပေါ်၌ ခြေတော်ရာ (တစ်ဆူ)

(၃) အိန္ဒိယပြည်မြောက်ပိုင်း ဥဒယာနာပြည်၌ ခြေတော်ရာ (တစ်ဆူ)

(၄) ပါကလီပုတ်မြို့တော်၏ တောင်ဘက်တွင် ခြေတော်ရာ (တစ်ဆူ)

(၅) သီရိလင်္ကာ (သီဟိုဠ်ကျွန်း) သုပနကူဋတောင်ထိပ်၌ ခြေတော်ရာ (တစ်ဆူ)

(၆) ဧရာဝတီရခိုင်ပြည်နယ်မြောက်ပိုင်း မယူကမ်း မုန်စည်းကျွန်း သာစည်တောင်ရွာ အနီး၌ ခြေတော်ရာ (တစ်ဆူ) (ယခု ရသေ့တောင်မြို့နယ်)

(နောက်ဆက်တွဲအထောက်အထား (၇) ကိုရှုပါ။)

(၇) ယခု စစ်တွေ့မြို့နယ် ကျားမသောက်ကျေးရွာတွင် ဖူးတွေ့ရသော ခြေတော်ရာ (တစ်ဆူ)

(၈) ယခု ပေါက်တောမြို့နယ်၊ ကုလားတန်မြစ်ဝ၊ ဖရုံကာကျွန်းစု၊ မြေငူကျွန်းတွင် ဆံတော်ရှင် ဘုရားအနီး၌ ခြေတော်ရာ (တစ်ဆူ)

(၉) ရခိုင်ပြည်နယ်၊ မဟီ(မအီ)မြစ်ထက် အောက်ခြေတော်ရာ တစ်စုံ (နှစ်ဆူ) သံတွဲ ခရိုင်၊ တောင်ကုတ်မြို့နယ်နှင့် အမ်းမြို့နယ်၊ ကျောက်ဖြူခရိုင် နှစ်ခုအတွင်းတွင် ကျရောက် သည်။

(နောက်ဆက်တွဲအထောက်အထား (၈)ကိုရှုပါ။)

http://www.dhammadownload.com



(၁၀) မြန်မာနိုင်ငံ မကွေးတိုင်း၊ မင်းဘူးမြို့နယ်၊ မန်းချောင်း၌ အထက်အောက်ထိ ခြေတော်ရာ (နှစ်ဆူ) (ဝဲဘက်ချည်း)

(၁၁) မြန်မာပြည်မြောက်ပိုင်း ရှမ်းပြည်နယ်အတွင်း လွိုင်မူတောင်စောင်းတွင် ခြေတော်ရာ (တစ်ဆူ)

အထက်ပါ ခြေတော်ရာများအနက်တွင် ဓညဝတီရခိုင်ပြည်၊ မအီ (မဟီ)မြစ်အတွင်းရှိသော အထက်အောက် ဘယ်ညာပါဒခြေတော်ရာနှစ်ဆူတွင် မအီမြစ်အတွင်း မဏိသေဠအိုင်အလယ် မဏိသေ ကျောက်ဆောင်ပေါ်ရှိလက်ယာခြေတော်ရာမှာ ဤဇမ္ဗူဒီပါလက်ယာတောင်ကျွန်းလုံး၌ တစ်ဆူသာလျှင်ရှိသည်ဖြစ်၍ ဓညဝတီရခိုင် ပြည်သူပြည်သားအပေါင်းတို့သည် အထူးပင် ဘာသာရေးနှင့် ပတ်သက်၍ အားပါးတရ ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။

ဘုရားရှင်၏ခြေတော်ရာ အတိုင်းအတာပမာဏမှာ-

(၁) အလျား (၁)ပေ (၄)လက်မ

(၂) အနံ (၁)ပေ (၄)လက်မ

(၃) ထုအနက် (၃)လက်မ

အထက်ပါ ရခိုင်ဒေသတွင် ဖူးတွေ့ရသော ပါဒစေတီခေါ် မြတ်ဘုရား၏ ခြေတော်ရာများမှာ ဘုရားရှင် ဓညဝတီမှနေ ဒေသစာရီကြွချီခဲ့သော မဇ္ဈိမဒေသအဆုံး ရခိုင်ရိုးမကိုကျော်၍ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း တန့်ကြည့်တောင်အထိ သွားရောက်ရာလမ်းကြောင်းအတိုင်းပင် ဖြစ်ကြောင်းကို တွေ့ရပါသည်။

ဤသည်တို့မှာလည်း ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် ဓညဝတီရခိုင်ဒေသသို့ ကြွလာသည့် အထောက်အထားဟုပင် ဆိုနိုင်ပါသည်။

## မဟာမုနိရုပ်ရှင်တော်ကို သွန်းလုပ်သည့်အထောက်အထား

မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ရှင်တော်ဂေါတမ မြတ်စွာဘုရားသည် ဓညဝတီသို့ ရဟန်းရှင် ၅၀၀ နှင့်အတူ ကြွလာခဲ့ခြင်းနှင့် ပတ်သက်၍ အထက်ပါစာဆိုပညာရှင်များ စပ်ဆိုထားခဲ့သော လင်္ကာများတွင် ဖေါ်ပြခဲ့ရာတွင် ထိုအချိန်အခါမှာ မဟာမုနိရုပ်ရှင်တော်ကို သွန်းလုပ်

http://www.dhammadownload.com



ကြောင်းကိုပါ ဖေါ်ပြထားသည်ကို တွေ့ရပါမည်။ သို့သော် သုတေသီအချို့ အထူးသဖြင့် ဥရောပ သုတေသီများက ယုံကြည်လက်ခံနေကြပုံ မရှိသေးပါ။ ၎င်းတို့၏အကြောင်းပြချက် တစ်ရပ်မှာကား ထိုစဉ်အချိန်မှာ ရခိုင်တွင် Bronze Age (ကြေးဝါ) ခေတ်ယဉ်ကျေးမှုပင် မရောက်သေး၍ဖြစ်ကြောင်း ဆိုနေကြပါသည်။ သုတေသီ Pamela Gutman က မဟာမုနိကို သွန်းလုပ်သောအချိန်ကို ဝေသာလီ ကျောက်လှေကား ခေတ် ဒေဝစန္ဒြလက်ထက် အေဒီ-၅ ရာစု အချိန်ခန့်ကမှ သွန်းလုပ်ခြင်းဖြစ်မည် ဟု ခန့်မှန်းသည်ကို ဖတ်ရှုရပါသည်။

ဤအယူအဆသည် ရခိုင်ရာဇဝင်အစောင်စောင်နှင့် ခေတ်ပေါ် စာဆိုရှင်များက ရေးသား စပ်ဆိုထားချက်များနှင့်သော်လည်းကောင်း၊ ရခိုင်သူရခိုင်သားများ၏ ယုံကြည်ထားမှုနှင့်သော် လည်းကောင်း ကွာဟနေသည်ကို တွေ့နေရပါသည်။ ဝေသာလီကျောက်လှေကားမြို့ကို တည်ထောင် သည့် မဟာကိုင်းစန္ဒြမင်း ခေါ် ဒွေင်စန္ဒြမင်းက သိင်္ဂုတ်တရကုန်းပေါ်တွင် ကိန်းဝင် နေသော မဟာမုနိတန်ဆောင်းပြာသာဒ်နှင့် ပလ္လင်တော်ကို ပြုပြင်သည့်အကြောင်းကို ရခိုင်ရာဇဝင် အစောင် စောင်တွင် ဖေါ်ပြထားကြောင်း တွေ့ရရာ ဒေဝစန္ဒြမင်းမှာ ဝေသာလီကျောက်စာပါ မင်းလေးဆက် မြောက်မင်းဖြစ်ရာ ဒေါက်တာဆာကား အလိုအရ နှစ်ပေါင်း (၇၅)နှစ်ခန့် ဒွေင်စန္ဒြမင်းထက် နောက်ကျနေပါသေးသည်ကို တွေ့ရ၍ အနည်းဆုံး ဤအချက်မှာပင် ၎င်းသုတေသီ အယူအဆနှင့် ဆန့်ကျင်နေပါသည်။

**နောက်ဆက်တွဲအထောက်အထား (၁၇)ကို ရှုပါ။**

အချို့ဝေဖန်သူများ၏အဆိုအရ ရခိုင်တွင် တတိယဓညဝတီအချိန်ကာလမှာ Bronze Age ကိုပင် မရောက်သေးပါ၍ ထိုအချိန်ကပင် မဟာမုနိဆင်းတုတော်ကို သွန်းလုပ်ခဲ့သည်ဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရာ မရှိဟု ဆိုကြပါသည်။

၈၃။ အလျဉ်းသင့်၍ ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်များကို ဘီစီ ၅-ရာစု ခေတ်ပြိုင် တခြား တိုင်းနိုင်ငံများ၏ ကြေးနီ၊ ကြေးဝါ အတတ်ပညာထွန်းကားနေပုံကို နှိုင်းယှဉ်ကြည့်ရှုနိုင်ရန် ကြေးနီ၊ ကြေးဝါခေတ်အကြောင်းကို တင်ပြအပ်ပါသည်။

**နောက်ဆက်တွဲအထောက်အထား (၉)**


http://www.dhammadownload.com



## ကြေးနီ၊ ကြေးဝါခေတ်

ရခိုင်ပြည်ထောင် ဓညဝတီမြို့တော်၌လည်း ဘီစီ-၅၁၇ ခန့်က ဗုဒ္ဓရှင်ဂေါတမ မြတ်စွာဘုရားရုပ်ပွားတော် မဟာမုနိအား ဗုဒ္ဓရှင်မျက်မှောက်၌ပင် စန္ဒသူရိယမင်းမြတ်က ဒါနပြုသွန်းလောင်းကာ ကိုးကွယ်ခဲ့ပါ သည်။ အိန္ဒိယကျွန်းဆွယ် လူယဉ်ကျေးမှုမှာ ခေါမဥရောပနိုင်ငံများထက် နှစ်ပေါင်း ၁၀၀၀၊ ၁၅၀၀ မျှစောပြီး ထွန်းကားခဲ့ကြောင်း ယင်းဘီစီ ၄၃၀-၅၀၀ ခန့်အတွင်းက ကြေးနီ၊ ကြေးဝါ သတ္တုပင်မက သံထည်ပစ္စည်း၊ စက်လက်နက်ကိရိယာ အသုံးအဆောင်များကိုပင် တွင်တွင်ကျယ်ကျယ် သုံးစွဲပြီး နိုင်ငံခြားပြည်ထောင်များသို့ တင်ပို့ရောင်းချနေကြောင်း မှတ်တမ်းများမှ သိရှိရပါသည်။

အိန္ဒိယကျွန်းဆွယ်၌လည်း ကြေးနီနှင့်သွပ် အမြောက်အများ ထွက်ရာဒေသဖြစ်ပြီး ကြေးနီ၊ ကြေးဝါ၊ ရွှေ၊ ငွေ၊ သတ္တုများကို မိုဟန်ဂျိုဒါရိုနှင့် ဟာရပါခေတ်ကပင် ကောင်းစွာ သုံးစွဲနေကြပြီ ဖြစ်ကြောင်း သုတေသနပြု တွေ့ရှိရပါသည်။




ဘီစီ ၃၀၀-၁၀၀ အတွင်း သံဖြင့်ပြုလုပ်သည့် ကြီးမားသောတိုင်ကြီးတွင် ကဗျည်းအက္ခရာ တင်မှတ်တမ်း ရေးထိုးထားသည်များလည်း ရှိပါသည်။ ကြေး (Bronze) ဥရောပ၌ ဘီစီ ၂၀၀၀-၁၀၀၀ အတွင်းကဟု သတ်မှတ်ထားပါသည်။ အရှေ့တောင်ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများ၌မူ ဘီစီ ၃၃၀၀ ခန့်ကပင် တွင်တွင် ကျယ်ကျယ် သုံးစွဲနေကြပြီ ဖြစ်ပေသည်။ (Ice man မှ ပုံနှင့်အချို့အရေးအသားများ)


http://www.dhammadownload.com






## That Was the Year That Was:2213 B.C.

Civilizations 4,210 years ago varied greatly in the complexity of their science, government and social structure. While people in some regions still practiced hunting and gathering, those in many of the river valleys had mastered monumental architecture and extensive irrigation.

| CIVILIZATION | SCIENCE/TECH | GOVERNMENT | RELIGION | SOCIOECONOMICS |
|---|---|---|---|---|
| Akkad  | • metallurgy • walled cities • irrigation | • strong central authority controlled several city-states and kept peace (for a while) • quelled dissent with violence | • polytheistic tradition centered on city gods, fertility goddess and harvest deities • hepatoscopy (examining sheep livers for omens) | • thriving trade with other city-states led to rise of merchant and artisan classes |
| China  | • grain milling • irrigation • metalworking • wheel thrown pottery • 5-tone music scale • lunar calendar | • warlords and powerful nobles ruled battling fiefdoms and exacted tribute from peasant farmers | • ancestor worship • gods created and controlled harmony on earth and conferred political legitimacy | • peasant farmers subjugated by wealthy aristocracy • intense trade networks |
| Egypt  | • massive public works projects, such as the Great Pyramids • calendar to predict Nile floods | • pharaohs had absolute power, massive hereditary bureaucracy ran the country | • pantheon of gods • obsession with life after death • pharaohs were gods in their own right | • peasants controlled by the bureaucracy • economy more isolated than Akkad's, with trade largely within kingdom |
| Mohenjo-daro (INDUS VALLEY)  | • extensive sewer systems • sea voyages • multi-story dwellings | • powerful municipal government organized food storage, city labor forces and public works projects | • possible proto-Hinduism, with Shiva-like god depicted as king of the beasts and god of fertility • cult of mother goddess | • large middle class • extensive caravan trade throughout Indus Valley and Punjab • multi-generational households |
| Other | • the plow was in widespread use throughout Europe | • complex Andean civilization flourishing | • proto-Greek religion developing on Minoan Crete | • Native American hunter gatherers begin to develop settlements |

http://www.dhammadownload.com



ဓညဝတီ ရခိုင်ပြည်ထောင်မြို့တော်ကြီး၌ စန္ဒသူရိယမင်းမြတ် လက်ထက် ဘီစီ-၅၁၇ က ဗုဒ္ဓဂေါတမ ရုပ်တုတော်ကြီး သွန်းလောင်းခဲ့ခြင်းမှာ မဖြစ်နိုင်ဖွယ်ရာ အကြောင်းလုံးဝမရှိပါ။ အရှေ့ အလယ်ပိုင်းနှင့် ဥရောပ အရှေ့တောင်ဒေသ၌ မဟာမုနိရုပ်ရှင်တော်မြတ်ထက်ပင် များစွာကြီးမား သည့် ကြေးဝါဖြင့် သွန်းလောင်းထုလုပ်သော ရုပ်တုအများအပြား ဘီစီ ၄၅၀-၄၀၀ အတွင်းကပင် ရှိနှင့်ပြီးဖြစ်ပါသည်။

The book of knowledge vol. 1 Gorden Stowel စာအုပ်တွင် ရေးသားဖော်ပြထားသည့် ယနေ့ Greece နိုင်ငံ၏မြို့တော် Athens တစ်ခုလုံးကို တောင်ထိပ်တွင် တည်ဆောက်ထားသော Acropolis နတ်ဘုရား ကျောင်း (သို့) ခံတပ်ကြီးထိပ်ဖျားတွင် စိုက်ထူထားသည့် ကြီးမားလှသော ကြေးဝါနတ်ဘုရားရုပ်တုကြီးများ (The huge bronze statue)ကို တတိယဓညဝတီနှင့် ခေတ်ပြိုင် ပေါ်ထွန်းခဲ့သည့် မြို့တော်အနေဖြင့် ချိန်ထိုး နှိုင်းယှဉ်နိုင်ပါသည်။ ဆိုလိုသည်မှာ ယင်းခေတ်၊ ယင်းအချိန်အခါကပင် ကြေးဝါအရုပ်ကြီးများ သွန်းလုပ်သည့် အတတ်ပညာ ထွန်းကားလျက်ရှိနေပြီ ဆိုသည့်အချက်ကို ပေါ်လွင်စေရန် တင်ပြခြင်းဖြစ်ပါသည်။

Athen မြို့တော်၏ တိုင်းသူပြည်သား အထွတ်အမြတ် နတ်ဘုရားကြေးရုပ်တုကြီးများကို သွန်းလုပ် စိုက်ထူထားခဲ့သလို ရခိုင်ဓညဝတီ တတိယခေတ်တွင် ဂေါတမမြတ်စွာဘုရား ကြွလာချိန်မှ စ၍ မင်းနှင့်ပြည်သူများ ဗုဒ္ဓ၏အဆုံးအမကို ရရှိလက်ခံလာပြီးနောက် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်လာကြသည်နှင့်အညီ-

**ACROPOLIS**



http://www.dhammadownload.com



**Acropolis (pronounce akrop'olis).** Some 800 years B.C. the Acropolis was the whole of Athens, now capital of Greece, then one of the many city-states occupying the same territory as the modern country. The name now describes a hilltop in Athens, and comes from two Greek words, akros, peak or topmost and polis, a city. Earlier inhabitants of the country had levelled off the mountain top; the early Athenians built terraced gardens and public buildings there and on the slopes below. This not only gave the inhabitants the benefit of clearer air and breeze, but made it easier to defend the city from attacking foes. Along the lower terraces below peak were built fortifications and quarters for soldiers. Between the (fort) and living quarters were formal gardens, some of which remain to day.

In 480 B.C the Acropolis was defended by the Athenians, for the last time, against the Persians, the statesman and orator, then made the Acropolis a shirne of Athene, the patron goddess of Athens. Pheidias, the sculptor, planned the new Acropolis, made the principle statues, and brought in the most famous artists, buildres, and geometers (they would be called "town planners" to-day) to plan the new city. Sailors 15 miles out at sea could get their bearings from the glint of the sun on the shining crest of the helmet of Athene, whose bronze statue had set by Pheidias on the top of the highest building. It was later overshadowed by the Parthenon, a vast temple of Althene, a building fronted by eight massive pillars supporting a carved, wide gable in which figures of gods, goddesses, and national heroes were carved. This building, now in ruins, was admired for centuries as the perfection of its type; ancient writers have left us most stirring descriptions of its beauty.

## ACROPOLIS OF ATHENS IN THE AGE OF PERICLES

To the Athenian of 2,500 years ago the hill of the Acropolis probably looked very much the same as it does in the above reconstruction. The pillared structure on the left is the Propylaea, which formed a gateway to the upper slopes; behind are the Erechtheion temple, and the huge bronze statue to the patron goddess, Athene. To the right and

http://www.dhammadownload.com



dominating the whole is the Parthenon, a temple of Athene fronted by pillars, which still stands in ruined maiesty.

ဗုဒ္ဓရုပ်ပွားတော် မဟာမုနိဆင်းတုကို ကြေးဝါ (ပဥ္စလောဟာ- ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ဇင့်)ဖြင့် သွန်းလုပ်ခါ အထွတ်အမြတ်ထား၍ ကိုးကွယ်ခဲ့ခြင်းကို ကျွန်ုပ်တို့ လက်မခံနိုင်စရာ အကြောင်း မရှိပါချေ။

## မဟာမုနိဆင်းတုတော်ကို ပင့်ဆောင်ယူရန် ကြိုးစားလာကြခြင်း

ပထမမြန်မာနိုင်ငံကို စုစည်းတည်ထောင်ခဲ့သည့် ပုဂံအနော်ရထာမင်းကြီးသည် ရခိုင်သို့ အစောဆုံး ရောက်လာသော မြန်မာမင်းတစ်ပါးဖြစ်ပြီး လေးမြို့ ပဥ္စခေတ်အစ သက္ကရာဇ် ၃၇၉-၄၂၀ မှ မဟာမုနိကို အစောဆုံး ဖူးမျှော်၍ မဟာမုနိတန်ဆောင်းပြဿဒ်နှင့် ရုပ်ရှင်တော်၏ မကိုဋ်တော်အသစ်ကို ပူဇော်ခဲ့သူလည်း ဖြစ်ပါသည်။ ထိုအခိုက်မှာပင် မဟာမုနိဆင်းတုတော်ကို ပုဂံသို့ပင့်ဆောင်ရန် ကြိုးစားခဲ့သေးသော်လည်း မအောင်မြင်ခဲ့ကြောင်း ရခိုင်ရာဇဝင်အချို့တွင် ဖေါ်ပြကြသည်ကို တွေ့ရပါသည်။

တန်ဖန် ပုဂံအလောင်းစည်သူမင်းလက်ထက် သက္ကရာဇ်-၄၅၅ (အေဒီ-၁၁၀၃) ရခိုင်မင်းရိုး လက်ျာမင်းနန်ကို ပြန်လည်ကူညီ နန်းတင်ပေးခဲ့သည့်အချိန်၊ လေးမြို့ခေတ် ပရိန်မြို့ကို တည်ထောင်စအချိန်၌လည်း ရုပ်ရှင်တော်ကို ပုဂံသို့ပင်ဆောင်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရခဲ့ကြောင်း တွေ့ရပါသည်။ ဤအချိန်သည်ကား မဟာမုနိ၏ ကံကြမ္မာမှာ အဆိုးဝါး ဆုံးအချိန် ဖြစ်ပါသည်။

၎င်းနောက် ရခိုင်ကို စစ်တပ်အလုံးအရင်းဖြင့် လာရောက်ကြသော ထင်ရှားသည့် မြန်မာမင်းများမှာ အင်းဝခေတ် ဘုရင်မင်းခေါင် မင်းစောမွန်လက်ထက် + မင်းရဲကျော်စွာ သက္ကရာဇ် ၇၆၂-၇၈၄ (အေဒီ ၁၄၀၀-၁၄၂၁) [လောင်းကြက်ခေတ်နှောင်းပိုင်း]၊ တောင်ငူခေတ် တပင်ရွှေထီး နှင့် ဘုရင့်နောင် သက္ကရာဇ် ၉၀၆၊ ၉၀၇၊ ၉၀၈ (အေဒီ ၁၅၄၄၊ ၁၅၄၅၊ ၁၅၄၆) (သုံးကြိမ်) [မြောက်ဦးခေတ်အလယ်မင်းဗာကြီးလက်ထက်]၊ တောင်ငူခေတ် ဘုရင့်နောင်လက်ထက် သက္ကရာဇ် ၉၄၃ (အေဒီ ၁၅၈၁) [မြောက်ဦးခေတ်လယ်] မင်းဖလောင်းလက်ထက် ကုန်းဘောင်ခေတ်

http://www.dhammadownload.com



နောင်တော်ကြီးမင်း သက္ကရာဇ် ၁၁၂၀-၁၁၂၅ (အေဒီ ၁၇၅၉-၁၇၆၃)နှင့် နောက်ဆုံး ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား ပဒုံမင်းသက္ကရာဇ် ၁၁၄၆ (အေဒီ ၁၇၈၄)တို့ ဖြစ်ကြသည်။

နောက်ဆုံး ဘိုးတော်ဘုရား၊ ပဒုံမင်းလက်ထက်တွင် ရခိုင်ကိုသိမ်းယူခဲ့ပြီး မဟာမုနိဘုရားကြီးကို ပင့်ဆောင်ခြင်းနှင့် ပတ်သက်၍ Than Tun, Mandalay University က Paya Lanma (Lord Highway) over the Yoma (Yakhine Range) ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း အစချီထားသည်ကို တွေ့ရပါသည်။

"From the Monastery of Thakhootane in Monywa area we got a black paper manuseript entiltled sakkeraj 1146 Mha 1148 atwan Kusuiltoau (Royal deeds of Merit during 1724-1726). It is enlists the various stages when the Great Image Mahamuni was of brought from Kyauktaw to its present site. The record beings with Royal Edict to go west and bring back the Great Image.

In Crown prince together with Prince Zagu and Prince Kama are to mach in full force of elephants and horse against Dhannavati the City of Yakhine and having captured the City, they are to bring Mahamuni here.

**Infact the edict amounts to ordering a military compaign against the king of Yakhing. Without defeating that monarch the removal of the great image was impossible."** ဟု တွေ့ရရာ ရခိုင်ကို သိမ်းယူခြင်း၏ အဓိကရည်ရွယ်ချက်မှာ မဟာမုနိရုပ်ရှင်တော်ကြီးကို ပင့်ဆောင်ယူရန်အတွက်ဖြစ်ကြောင်း ဆိုလိုရာရောက်ပါသည်။

ထိုနည်းလည်းကောင်း ရခိုင်သို့အလုံးအရင်းနှင့် လာရောက်ကြသည့် ခေတ်အဆက်ဆက် မြန်မာမင်းများမှာလည်း မဟာမုနိရုပ်ရှင်တော်ကို ပင့်ဆောင်ရန် အဓိကရည်ရွယ်ချက် ဖြစ်ပေမည်ကို ဦးသန်းထွန်း၏ ဘုရားလမ်းမ စာတမ်းကိုလေ့လာခြင်းအားဖြင့် ပေါ်လွင်နေပါသည်။

မြန်မာမင်းများ ဤကဲ့သို့ ဖြစ်ပေါ်လာရသည်မှာလည်း မဟာမုနိရုပ်ရှင်တော်မြတ်၏ ကျော်ကြားမှုကြောင့်ပင်ဖြစ်ပေမည် ဖြစ်သလို မဟာမုနိဆင်းတုတော်ကို ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် ရင်ငွေ့တော်ဖြင့် သွန်းလုပ်သည်ကို ယုံကြည်ကြ၍လည်း ကိုးကွယ်လိုသော ဆန္ဒကြောင့်ပင် ဖြစ်ပေမည်။

http://www.dhammadownload.com



ယနေ့ မြန်မာနိုင်ငံအနှံ့တွင် ဖူးတွေ့နိုင်သော တန်ခိုးကြီး ရခိုင်ဘုရားများမှာ-

(နောက်ဆက်တွဲ အထောက်အထား (၁၀)ကို ရှုပါ။)

| | | | |
|---|---|---|---|
| (၁) | မဟာမုနိဘုရား | - | မန္တလေး |
| (၂) | မာန်အောင်မြင်ဘုရား | - | ဇလွန်မြို့၊ ဟင်္သာတခရိုင် |
| (၃) | ရှင်ကျော်ဘုရား | - | ရွှေနတ်တောင်၊ ရွှေတောင်မြို့နယ်၊ ပြည်ခရိုင် |
| (၄) | ရွှေဘုံသာမုနိဘုရား | - | ပန်းတောင်းမြို့နယ်၊ ပြည်ခရိုင် |
| (၅) | မဟာမုနိပုံစံဘုရား | - | ဘုတ်ချောင်းရွာ၊ ဘုန်းတော်ကြီးကျောင်း၊ ဟင်္သာတ ခရိုင်တို့ ဖြစ်ကြပါသည်။ |

အထက်ဖော်ပြပါ ငါးနေရာစလုံးတွင် မြတ်စွာဘုရား ကိုယ်တော်တိုင် ရဟန်းရှင် (၅၀၀)နှင့် အတူ ဓညဝတီသို့ ကြွလာပုံ၊ ဓညဝတီပြည့်ရှင်မင်း စန္ဒသူရိယအား တရားပြပုံ၊ မဟာမုနိရုပ်ရှင် တော်မြတ်ကို သွန်းလုပ်ပုံနှင့် မဟာကျန်ဘုရားများကိုလည်း သွန်းလုပ်ပုံအကြောင်းစုံကို ပန်းချီ ကားချပ်ကြီးများနှင့် ထင်ထင်ရှားရှား သရုပ်ဖော်ထားသည်ကို တွေ့ရခြင်းအားဖြင့် မြတ်စွာဘုရား ရခိုင်ဓညဝတီသို့ ကြွချီလာခြင်းကို အကြွင်းမဲ့ယုံကြည်ခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။ ဤသည်များမှာ လည်း အထောက်အထားများပင်ဖြစ်ကြောင်း ဆိုရပါမည်။

နောက်ထပ်ခိုင်လုံသော အထောက်အထားမရှိဟု ယူဆပြောဆိုနေကြသော အချက် တစ်ချက်မှာ မဟာမုနိဆင်းတုတော်နှင့် ညီတော်ဆင်းတုတော်တို့တွင် ကျောက်စာရေးထိုးမပါ၍ဟု ဆိုခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် Dr. Pamela ၏ အယူအဆများအရ ဤဆင်းတုတော်များကို ဝေသာလီခေတ် ဒေဝစန္ဒြမင်းလက်ထက်မှာမှ သွန်းလုပ်သည်သာဖြစ်မည်ဟု ဆိုထားခြင်းကို ရှင်းလင်းရန် လိုပါသေးသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည့် နှစ်မှာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ဖြစ်ပါသည်။ ဤမဟာသက္ကရာဇ် ၁၄၈ ကို အဇာတသတ်မင်းက ဒုတိယအကြိမ်ဖြို၍ သာသနာသက္ကရာဇ် အသစ် (၁) ကို စတင်ခဲ့ပြီးနောက် ပထမသင်္ဂါယနာ တင်ခဲ့ပါသည်။ နောင်နှစ်ပေါင်း (၁၀၀) ပြည့်တွင် ဝေသာလီပြည့်ရှင် ကာလသောကမင်းက ဒုတိယအကြိမ် သင်္ဂါယနာတင်ခဲ့ပြီး နောက်တဖန် နှစ်ပေါင်း (၁၀၀) ကျော် ပါဋလိပုတ်ပြည့်ရှင် အာသောကမင်းတရားကြီး နန်းတက်၍ (၁၇)နှစ်အကြာ

http://www.dhammadownload.com



ခရစ်နှစ် ဘီစီ (၂၅၇) သာသနာ (၂၃၅) နှစ်တွင် တတိယအကြိမ် သံဂါယနာ တင်ခဲ့ပြန်ပါသည်။ ဤသုံးကြိမ်လုံး သံဂါယနာတင်ခြင်းတို့မှာ နှုတ်တိုက်အာဂုံ ဆောင်ခြင်းပင် ဖြစ်ပါသည်။ နောင်နှစ်ပေါင်း(၄၅၀)သီဟိုဠ်နိုင်ငံ၌ ဘုရင်ဝဋ္ဋဂါမဏိမင်းလက်ထက် စတုတ္ထသင်္ဂါယနာ တင်သည့် အခါမှာမှ သင်္ဂါယနာ တင်မှုကို "ပေထက်အက္ခရာ" တင်ခဲ့ကြောင်း သိရရာ၊ ထိုအချိန်မှစ၍သာ ပေထက်အက္ခရာ "ပေပိဋ္ဋ ကတ်တော်" ပေါ် ပေါက်လာခဲ့ပါသည်။ ဆိုလိုသည်မှာ ယင်းမတိုင်မီ ကာလ က အက္ခရာတင်မှု မရှိသေးဟု ဆိုခြင်းဖြစ်ပါသည်။ ရခိုင်၊ ဓညဝတီတွင် သူရိယစက္ကမင်း မတိုင်မီ သို့မဟုတ် သာသနာ-၂၁၄၊ ဘီစီ-၂၇၈ မတိုင်မီ စန္ဒသူရိယမင်းလက်ထက် တွင် စာပေအက္ခရာတင်မှု မရှိခြင်းမှာ မဆန်းပါကြောင်းကို အိန္ဒိယအခြေအနေနှင့် ချိန်ထိုး ကြည့်ခြင်း အားဖြင့် သိရှိနိုင်ပါသည်။ ထိုကြောင့် မြတ်စွာဘုရား စန္ဒသူရိယလက်ထက်တော်အခါ၌ ဓညဝတီသို့ ကြွရောက်လာသည် ဆိုသည့်အချက်နှင့် မဟာမုနိကို သွန်းလုပ်သည့်အချက်ကို ယင်းအချိန်ကပင် မှတ်တမ်းတင် အထောက်အထား မတွေ့ရ၍ မယုံကြည်နိုင်ဟု ဆိုနေကြခြင်းမှာ အဓိပ္ပါယ်မဲ့ မျက်စိ မှိတ်၍ အပျက်သဘောဆောင်နေသည့် အပြောမျိုးသာ ဖြစ်နေပေသည်။ ထို့အပြင် ဤသူရိယ မင်းဆက်တွင်ပင် နောက်ထပ် ဗုဒ္ဓရုပ်ပွားတော် ဆင်းတု နှစ်ဆူကို ဖူးတွေ့နေရပါသည်။ ပထမ ဆင်းတုမှာ စန္ဒသူရိယမင်းမှ (၆)ဆက်မြောက် သူရိယစက္ကမင်းလက်ထက် သွန်းလုပ်သော မဟာကျန် စန္ဒာမုနိ ဘုရားကြီးတစ်ဆူနှင့် စန္ဒသူရိယမင်းမှ (၁၄)ဆက်မြောက် သူရိယကုလမင်းလက်ထက် သွန်းလုပ်သည်ဟု ယူဆရသော သကျမုနိ ကြေးဆင်းတုတော်တစ်ဆူ ဖြစ်ပါသည်။ ဤဆင်းတု များအနက် ပထမဆင်းတုတွင် စာတမ်းရေးထိုး၍ မပါရှိပါ။ ဒုတိယဆင်းတု၏ ကျောဘက်တွင် ရေးထိုးပါရှိသည့် ရက္ခဝဏ္ဏစာတမ်းတစ်ခုမှာ သက္ကရာဇ်-၅၂၀ သူရိယကုလမင်း ကောင်းမှုတော် ဖြစ်ပြီး စမ္ဗခဏ် အရှေ့ဘက်တွင် ယေဓမ္မာဟေတုပြ ဘဝါကို ဗြဟ္မီအက္ခရာဖြင့် ရေးထိုးပါရှိကြောင်း တွေ့ရှိရပါသည်။ ယခုအခါတွင် စန္ဒာမုနိ မဟာကျန် ဆင်းတုတော်ကြီးမှာ စစ်တွေခရိုင်၊ မြောက်ဦးမြို့၊ ဗန္ဓုလကျောင်း ဝင်းအတွင်းတွင် ကိန်းဝပ်စံပါယ်လျက် ရှိပြီး စကြာမုနိဆင်းတုတော်မှာ စစ်တွေမြို့၊ လောကနန္ဒာ ဘုရားပရိဝုဏ်အတွင်းတွင် ထူးခြားစွာ ကိန်းဝပ်စံပါယ် လျက်ရှိသည်ကို ဖူးတွေ့ရပါသည်။ ဤသည် တို့မှာကား သူရိယခေတ်တွင် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်မှုနှင့် ဗုဒ္ဓယဉ်ကျေးမှုမှာလည်း ထိပ်တန်းသို့ရောက်နေပြီဖြစ်ကြောင်းကို ရောင်ပြန် ဟပ်စေသည့် အထောက်အထားပင် ဖြစ်ပါတော့ သည်။ ဆိုလိုသည်မှာ မြတ်စွာဘုရား ဓညဝတီသို့ ကြွလာခဲ့ပြီးနောက် နှစ်ပေါင်းတစ်ထောင် အတွင်းကာလ ဝေသာလီကျောက်လှေကားခေတ်ကို

http://www.dhammadownload.com



မရောက်မီမှာ သာသနာနှင့်ယဉ်ကျေးမှု ထွန်းပြောင်လျက်ရှိနေပြီကို ပြသလျက်ရှိသော အထောက်အထားများပင် ဖြစ်ပါတော့သည်။

(နောက်ဆက်တွဲ-၇ ပုံကိုများရှုပါ)

**မှတ်ချက်။** ။ ယခုကဲ့သို့ အထောက်အထားများပြရန် လိုနေသည့်အချိန်အခါမှာ မြောက်ဦးမြို့နယ်၊ သံသရာကျေးရွာ၊ သာမရွာငယ်အနီး ရေပြင်တစ်နေရာမှ ထူးဆန်းအံ့သြဖွယ်ရာ ပေါ်ထွက်လာသော သကျမုနိ ကြေးဆင်းတုပင် ဖြစ်ပါသည်။ ဤဆင်းတုတော်ကို ဖူးတွေ့ရသဖြင့် ဓညဝတီခေတ်အတွက် လိုအပ်နေသော သက်သေအထောက်အထားကို ဆန်းကျယ်စွာ ကမ်းလှမ်းဖော်ပြထားခြင်းပင် ဖြစ်ပါသည်။ အလားတူပင် စန္ဒာမုနိ ဆင်းတုမှာလည်း လွန်ခဲ့သော ၁၉၈၈ ခုနှစ်က ဆန်းကျယ်စွာပေါ်ထွက်လာခြင်းပင် ဖြစ်ပါသည်။

ရခိုင်တွင် အစောဆုံးတွေ့ရသော ပါဠိဘာသာဖြင့် ဗြဟ္မီအက္ခရာအရေးအသားမှာ အထက်ကဆိုခဲ့ပြီးသည့် ဗိုက်ပူဘုရားကျောက်စာနှင့် တောင်ပေါက်ကြီးကျောက်စာတို့၏ လက်ရေးလက်သားနှင့် အသုံးပြုသည့် စာများမှာ အသောက သာသနာပြုအဖွဲ့ ဓညဝတီသို့ရောက်လာပြီး နောက်ပိုင်းမှာမှ ပေါ်ပေါက်လာသော ကျောက်ထက်အက္ခရာ အသုံးအနှုန်းတူညီနေသည်မှာ အသောကသာသနာပြုအဖွဲ့ ဓညဝတီသို့ ရောက်လာပြီး နောက်ပိုင်းမှာမှ ပေါ်ပေါက်လာသော ကျောက်ထက်အက္ခရာတင် စာပေများဖြစ်သည်ဟု ဆိုသည်မှာ ယုတ္တိရှိပါသည်။ မြတ်စွာဘုရား ဓညဝတီသို့ ရဟန္တာ (၅၀၀)နှင့်အတူ ကောင်းကင်ခရီးဖြင့် ကြွလာပြီး ကစ္ဆပနဒီ အရှေ့ဘက် သေလာဂီရိတောင်ပေါ်သို့ ရောက်ရှိလာသည်ဆိုသည်မှာ ရခိုင်တွင်အစောဆုံးမှတ်တမ်းတင်နိုင်ခြင်း ဖြစ်ပေမည်။ ဤသည်ကိုလည်း မခိုင်လုံသေးဟုဆိုပါလျှင် နောက်ဆုံးပြောလိုသော အချက်တစ်ချက်မှာ မြေကြီးကသာ ပိုမိုခိုင်လုံသော သက်သေအထောက်အထား ပြနိုင်မည်ဖြစ်ပါ၍ ဓညဝတီမြို့ရိုး၊ သေလာဂီရိ တောင်ခြေတစ်ဝိုက်နှင့် ဝေသာလီမြို့ရိုးတို့ကို ရှေးဟောင်းသုတေသနနည်းဖြင့် စနစ်တကျ တူးဖော်ကြည့်မှသာ ပိုမိုသေချာသော အထောက်အထားရနိုင်ဖွယ်ရာ ရှိပါတော့သည်ဟု ပြောချင်ပါတော့သည်။

သုတေသီ Pamela Gutman ၏ အယူအဆအရ မဟာမုနိဆင်းတုတော်ကို ဝေသာလီခေတ် အေဒီ-၅ ရာစု ဒေဝစန္ဒြလက်ထက်အခါမှ သွန်းလုပ်ခြင်းသည်သာ မှန်ကန်ပေလိမ့်မည်ဟု ဆိုနေခြင်းမှာ နှစ်ပေါင်း ၁၀၀၀ ကျော်ခန့် ကွာဝေး၍ ပြောဆိုနေခြင်းမျိုး ဖြစ်ပါသည်။ ထိုအချိန်

http://www.dhammadownload.com



အခါမှာ ရခိုင်တွင် ကျောက်စာအထောက် အထား၊ ဒင်္ဂါးစာ အထောက်အထားများ ခိုင်ခိုင်မာမာရှိနေပြီ ဖြစ်ပေရာ ၎င်းသုတေသီအဆိုအတိုင်း မဟာမုနိကို ထိုအချိန်အခါမှာမှ သွန်းလုပ်ခြင်းဆိုသည်မှာ မှန်ခဲ့ပါလျှင် စာပေအက္ခရာမှတ်တမ်းများ ပါရှိရမည်မှာ မလွဲပါ။ ဤတင်ပြချက်များမှာ ယုတ္တိတန်၏၊ မတန်၏ကို စာရှုသူတို့ ချင့်ချိန်ရန်သာ ဖြစ်ပါသည်။ အမှန်စင်စစ် ဥရောပ သုတေသီနှင့် Pamela Gutman တို့၏ အလွန်တရာမှ ပြောင်ကျလွန်းသော ခရစ်သက္ကရာဇ် အယူအဆများ ကွဲပြားလွဲမှားနေသည်ကို ၎င်းတို့ကိုယ်တိုင် ယနေ့ထိ မမြင်ကြသေးသည်ကို တွေ့ရသည်မှာ စိတ်မကောင်းစရာပင် ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းချက်ကို အထက်အစ ပိုဒ်များမှာ ရှင်းလင်းခဲ့ပြီလည်း ဖြစ်ပါသည်။

ဤကဲ့သို့ နှစ်ပေါင်း ၂၅၀၀ ကျော်က အဖြစ်အပျက်များကို ခိုင်မာသော အထောက်အထား ပြရန်မှာ လုံးဝလွယ်ကူခြင်းမရှိပါ၍ Indirect & Circumstantial Evidences များဖြင့် သိုင်းဝိုင်း၍ အထောက်အထား ပြရန်သာလျှင် တခြားနည်းလမ်းမရှိတော့ပါကြောင်း တင်ပြအပ်ပါသည်။ ယုံကြည်သင့် မယုံကြည်သင့် ဆိုသည်မှာ စာရှုသူတို့၏ အဆုံးအဖြတ်သာ ဖြစ်ပါသည်။

ရှေးခေတ်အခါက ရခိုင်တွင် သိုက်ကျမ်းများရှိပါသည်။ ဦးစံသာအောင်၏ အဆိုအရ သိုက်ကျမ်း (၁၂)ကျမ်း ရှိသည်ဟု ၎င်း၏ရခိုင်ဒင်္ဂါးစာအုပ်တွင် ရေးသားထားသည်ကို တွေ့ရပါသည်။ နတ်သမီးသိုက်၊ နတ်သား ဝိသကြုံသိုက်၊ သိကြားမင်းသိုက်၊ ဂဝံပတိရသေ့သိုက်၊ ဘုရားသိုက်၊ ငမန်ကန်းသိုက်၊ လေတ်ရုံးသိုက်၊ ဗျာဒိတ်သိုက်၊ သီရိကုတ်သိုက်၊ မြောက်ဦးနတ်သမီးသိုက် ဟူ၍ ရှိသည်ကို ဖတ်ဘူးပါသည်။ ဤသိုက်များမှာ ရှေးကဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကိုသော် လည်းကောင်း၊ နောင်ဖြစ်လာမည့် အဖြစ်အပျက်များကို ကြိုတင်ဟောကိန်းထုတ်သော အချက်အလက်များ ဖြစ်ပါသည်။ ရခိုင်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များမှာ ထိုသိုက်ကျမ်းများက ကြိုတင်ဟောကိန်းထုတ်ထားချက်များနှင့် ကိုက်ညီမှုရှိနေသည်များကိုလည်း တွေ့ရပါသည်။

**ဂေါတမမြတ်စွာဘုရား ဓညဝတီသို့ ဒေသစာရီ ကြွလာချိန်က မိန့်ကြားခဲ့သော ဗျာဒိတ်တော်များကို သုတေသီတို့၏ စာပေ အရေးအသားများ၌ ဖော်ပြချက်များ အချို့မှာ-**

Do Forchhammer* ၎င်း၏ မဟာမုနိအကြောင်းကို ရေးသားရာတွင် ဖော်ပြချက်မှာ- "Then the Blessed One addressed his disciples. Thus Orahans my beloved sons" ! in the island of Jambudipa and among the 16 countries of Majjhimadesa, the food offered to the

http://www.dhammadownload.com



priesthood consists of a mixture of maize beans corns and millet. But in this country the food offered consists of various kinds of barley and rice: such food is eaten by brothers (Kakusandha, Gonagamana and Kasapa i.e. the three Buddhas who preceded Gotama) have called this country Dhannavati and as the inhabitanta have never suffered from temine, this region shell in all times to continue to be called Dhannavati (i.e. the grain blessed). (an abstraet from "Sarvasthana pakarana" byDr. Forehhammer).

အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ- "ဓညဝတီ" ဂေါတမမြတ်စွာဘုရား မတိုင်မီ ပွင့်တော်မူခဲ့သော ကကုသန်၊ ဂေါဏာဂုဏ်၊ ကဿပ သုံးဆူသော ဘုရားတို့က ဤဒေသကို "ဓညဝတီ"ဟု ခေါ်တွင်ရန် ရှင်အာနန္ဒာနှင့် ရဟန်း (၅၀၀)တို့အား ဗျာဒိတ်ပေးတော်မူခဲ့သော တိုင်းပြည်ဖြစ်သည်။ "ဓညဝတီ" ဟူသည်ကား ဆန်ရေစပါး ပေါကြွယ်ဝသော တိုင်းပြည်ဟု အဓိပ္ပါယ်ရသည်။ သုတေသီ ဦးစိန်ညိုထွန်း ကလည်း ၎င်း၏ Review of the most ancient Rakhaing History တွင် ဖော်ပြထားချက်မှာ-

"The History of Rakhapura as foretold by Gautama Buddha Guatama visited Dynnyawady with the object of leaving His Sasana as well as his Image, for he foresaw that the Sasana would get lost in India after His passing to Nirvana. On arrivial at Thaylagiri, Kyauktaw Hill, Guatama Buddha related to Ahnanda, the History of the Rakhaing Kingdom, in order that he may know in what kind of a country. He was leaving his Sasana, as well as his Image. (An abstract from "Review of the most ancient Rakhing History" by U Sein Nyo Tun ICS Retd:).

မြတ်စွာဘုရားလည်း ဤသို့ မိန့်တော်မူသတည်း- အာနန္ဒ မဇ္ဈိမတိုက်ဖြစ်သော သောနုဿနဂိုဠ်တွင်ကား ဤရက္ခပူရတိုင်းပြည်သည်လျှင် ကြီးကျယ်တင့်တယ်စွာ၏။ အဘယ်ကဲ့သို့ ကြီးကျယ်ထင်ရှားစွာဖြစ်သနည်းဟူမူကား ငါးရာစင်းတွင်အကျုံးဝင်သော ဤကစ္ဆပနဒီမြစ်ကြီး၏ အရှေ့ဘက်လည်း မင်းနေမြို့ဖြစ်ခဲ့သည်။ ကိုးဆယ့်ကိုးမြို့၊ အနောက်ဘက်လည်း မင်းနေမြို့ ကိုးဆယ့် ကိုးမြို့နှင့် ခွင့်ပြည့်စုံသောကြောင့်ကား ကြီးကျယ်ထင်ရှားသည် ဖြစ်သတည်း။ ထိုမင်းကိုးဆယ့်ကိုးမြို့ငယ်ဖြစ်သော မင်းအပေါင်းတို့သည်ကား မဟာသမ္မတက စသော အသိမ္ဘိန္နခတ္တိယတို့ အစဉ်သာ

http://www.dhammadownload.com



လျှင် အဆက်မပြတ် ထီးရိုးနန်းရိုးစည်တို့သည် တည်ကြည်ကုန်လျက် မင်းထက်မင်းချည်း ဖြစ်ကုန်သောကြောင့် ငါတို့ သာကီဝင်မင်းတို့၏အနွယ်လည်း အဋ္ဌနကပ္ပိလမင်းဆက်သည် မိလာသောကြောင့် ပြည်ကြီးကို မြတ်၏ဟူ၍ ဆိုကုန်သတည်း။ ထိုသို့ မြတ်သောကြောင့် ငါဘုရားသည် ရှေးအနန္တဘဝက သုံးဆယ်သောအရပ်တို့ကို ဖြစ်တော်မူသောဘဝ၌ ဤရွှေပြည်သာတွင် အကြိမ်များစွာ ကျင်လည် တော်မူဖူးသည်။

ဦးစိန်ညိုထွန်း၏ စာတမ်းတွင်ဖော်ပြသည် မြတ်စွာဘုရား၏ ဗျာဒိတ်ကိုဖော်ပြပါရှိသော နောက်ထပ် စာပိုဒ်တစ်ပိုဒ်မှာ-

"Some are of the opinion that Myitzima ends at the Arakan (Rakhine) Yomas. Since Guatama Buddha travelled as for as Tan-gyi Taung, on the west Bank of the Irrawady River (Ayeyawady) and from there predicted that Tharay-khatara Kingdom will be formed on the opposite bank, in the future, we have to assume that Myitzima ends on the west bank of the Irrawady (Ayeyawady) River and the country to the east of the Irrawady (Ayeyawady) is known as pyittsandarit. Pyitsandarit is a place, where no Buddhas travelled to Hence Guatama Buddha was explaining to Ahnanda, that he was still in Myitzima."

## နောက်ထပ်ဗျာဒိတ်တော်အရ မှန်ကန်သောအချက်များမှာ-

စန္ဒသူရိယမင်းလက်ထက်တွင် မြတ်စွာဘုရား ကြွတော်မူလာ၍ မဟာမုနိဘုရားကို ကိုယ်စား တော် သွန်းလုပ်ပြီးလျှင် ကစ္ဆပနဒီအရှေ့ဘက်ကမ်းထိပ် သေလာဂီရိအမည်ရှိသော တောင်ထိပ်၌ ရပ်တော်မူ၍ ဓညဝတီ မြို့ထက်ဝန်းကျင်ကို ကြည့်တော်မူသည်။

ထိုအခါ ညီတော်အာနန္ဒာ တောင်းပန်သည်တွင် မြတ်စွာဘုရား ရွှေနှုတ်တော်နှင့် ဗျာဒိတ်ရှိသည့် အကြောင်းကား ညီတော်အာနန္ဒာ ဤဓညဝတီပြည်တွင် ငါ၏ကိုယ်စားတော်၊ ငါပရိနိဗ္ဗာန်ယူသည့်နောက်ရောက်၍ ကိန်းဝပ်သော ဓာတ်တော်မွေတော်တို့သည် ဤသို့တည်လတ္တံ့။

(၁) ကစ္ဆပနဒီမြစ်အရှေ့ဘက် မဋ္ဌုပဗ္ဗတတောင်တွင် နောင်သောအခါ ငါ၏ချက်တော်ဓာတ်တည်လတ္တံ့။

http://www.dhammadownload.com



(၂) ထိုမှ မဂ္ဂပဗ္ဗတတောင်ထိပ်၏ ထိပ်ဖျား၌လည်း နဖူးသင်းကျစ်တော်ဓာတ် တည်လတ္တံ့။ (ဝေသာလီအနီး)

(၃) သေလာဂီရိတောင်တွင်လည်း ရင်ရိုးတော်ဓာတ် တည်လတ္တံ့။

ဤကဲ့သို့ ဗျာဒိတ်တော်ရှိခဲ့သည့်အတိုင်း တည်ရှိသည်ကို ယနေ့ တွေ့မြင်ဖူးမျှော်နိုင်သည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ဤသည်မှာလည်း ဂေါတမမြတ်စွာဘုရား ရခိုင်ဓညဝတီသို့ ကြွလာသည့် အထောက်အထားများပင် ဖြစ်ပါတော့သည်။

နောက်ဆုံး တင်ပြလိုသောအချက်မှာ သုတေသီ ဦးစိန်ညိုထွန်း၏ အင်္ဂလိပ်ဘာသာဖြင့် (၁၆-၅-၆၆) နေ့က "The Six High Powers". "Review of the most ancient Rakhine History" နှင့် "Very Important problem" ဟူ၍ ခေါင်းစဉ်များဖြင့် ခွဲ၍ရေးသားထားသော စာတမ်း တစ်စောင်ကို မြတ်စွာဘုရားအောင်မြင်တော်မူခဲ့သော အဘိညာဏ် (၆)ပါးအကြောင်းကို သဘော မပေါက်ကြ သေးသော သူများအတွက် ဗဟုသုတအလို့ငှာ နောက်ဆက်တွဲ (၁၅)အဖြစ် တင်ပြ ထားပါသည်။

ဤဗျာဒိတ်တော်များအပြင် တခြားမြောက်ဦးမြို့ ကျဆုံးခြင်းအကြောင်း အပါအဝင် တခြားဗျာဒိတ်တော်များ ရှိပါသေးသည်။ သို့သော် မြတ်စွာဘုရား ဓညဝတီသို့ ကြွချီလာရောက်ခြင်း နှင့် အကျုံးဝင်နေသည့် အချက်လောက်ကိုသာ ဖော်ပြပေးခြင်းအားဖြင့် ရှင်တော်ဘုရား ဓညဝတီသို့ ရောက်ရှိလာ၍သာ ဤဗျာဒိတ်တော်များကို နာခံရရှိလာခြင်းကို ယခုလို သက်သေအဖြစ် တင်ပြခြင်း ဖြစ်ပါသည်။

## နိဂုံး

ရခိုင်တို့၏ တိုင်းနိုင်ငံသည်ကား နှစ်ပေါင်း ၅၀၀၀ ကျော်ခန့် ထွန်းပြောင်ခဲ့သော်လည်း နှောင်းပိုင်းကာလ အဖြစ်အပျက်များမှာ ရင်နင့်ဖွယ်ရာ ကောင်းပါသည်။ မင်းသည်လည်း မင်းကျင့် တရား ပျက်ကွက်လာသလို တိုင်းသူပြည်သားများသည်လည်း ပြည်သူများ ရှိသင့်ရှိအပ်သော လူကျင့်တရားနှင့် ညီညွတ်မှုမရှိဘဲ ဖြစ်လာချိန်မှာပင် "မြွေပူရာကင်းမှောင့်" ဆိုသလို ရာသီဥတု ဖောက်ပြန်လာခြင်း၊ မြေလျှောင်အကြီးအကျယ်လှုပ်ခြင်း၊ အစာရေစာ ဝတ်မွတ်ခေါင်းပါးခြင်း တို့ကြောင့် ရခိုင်တို့သည် တဖြည်းဖြည်းကျဆုံးလာကာ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်အထိ

http://www.dhammadownload.com



အခြေအနေသို့ ဆိုက်ရောက်ခဲ့ရပါသည်။ ဤနှောင်းပိုင်းကာလ အခြေအနေကိုကြည့်ပြီး ရခိုင်တို့၏ လွန်ခဲ့သော ရှေးခေတ်ကာလအချိန်က ထွန်းပြောင်ခဲ့သည်များကို မယုံနိုင်ကြသည်မှာ သဘာဝကျလှ ပါသည်။ သို့သော် ရှေးအတိတ်ကာလ၏ အဖြစ်အပျက်များမှာ မည်သည့်အတိုင်းအတာအထိ မှန်ကန်မှု၊ အောင်မြင်မှုရှိခဲ့သည်ကိုကား ပြန်လည်လေ့လာ သုတေသနပြုလုပ်ရန်မှာ ယခုခေတ် ပြည်သူတို့၏ တာဝန်ပင် ဖြစ်ပေတော့သည်။

ဤကဲ့သို့ နိဂုံးပိုင်းမလှသောအချိန်မှာ ရခိုင်တို့၏အခြေအနေကို ပို၍ဆိုးဝါးစေသည်ကား မြန်မာတို့ မြောက်ဦးမြို့ကို သိမ်းယူပြီးနောက် စစ်လက်နက်ပစ္စည်းများနှင့်အတူ မဟာသမ္မတနှင့် မိဖုရားများ၊ မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး၊ မှူးမတ်ဗိုလ်ပါတို့နှင့်တကွ မိန်းမစိုးသုံးဆယ်ကျော်၊ ပုဏ္ဏားမျိုးသန့် အိမ်ထောင်စု ငါးရာကျော်၊ အတတ်ပညာသည် ဟူသရွေ့အစ သုံ့ပန်းသုံးသောင်းနှင့် မဟာမုနိရုပ်ပွားတော်ကြီးကို သိမ်းယူသွားလေသည်။ လက်ရဖမ်းယူသွားသော လူပေါင်းမှာ နှစ်သိန်းကျော်လေသည်။

နောက်သုံးနှစ်အကြာတွင် ရခိုင်နန်းကျဘုရင်ဟောင်းများ၏ သားသမီးများ၊ ဝိနည်းမိုရ် ဆရာတော်နှင့် အခြားဆရာတော်ကြီး (၇)ပါး၊ ပုရောဟိတ်များ၊ ဗေဒင်ဓာတ်များ၊ ဆေးသမားတော် များကို အမရပူရသို့ ခေါ်ဆောင်သွားလေသည်ဟု ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း၊ သမိုင်းကဏ္ဍစာအုပ် စာမျက်နှာ ၉၁၊ ၉၂ တွင် ဖော်ပြထားပါသည့်အပြင် မြန်မာ့စွယ်စုံကျမ်း အတွဲ-၈၊ စာမျက်နှာ-၃၅၉ တွင်လည်း ဤကဲ့သို့ ဖော်ပြထားပါသည်။

ထိုအချိန်အခါမှာ မြောက်ဦးမြို့တော်သည် ထွားထွားညက်ကြေ ပျက်စီးလေတော့သည်။ အနှစ်-၃၅၀ ကျော် ပြုစုပျိုးထောင်လာခဲ့သော ရခိုင်တို့၏မြို့တော်သည် တစပြင်ဖြစ်သွားလေသည်။

ထိုသမိုင်းဖြစ်စဉ်စာအုပ် စာမျက်နှာ-၉၄ တွင် တစ်ဖန် မြောက်ဦးမြို့ကို သိမ်းယူပြီး နောက်ပိုင်းတွင် ရခိုင်၌ အမရပူရက လာရောက်သာသနာပြုရသည့် အခြေအနေသို့ ရောက်သွား လေတော့သည်။ ရခိုင်သံဃာများ မြန်မာရဟန်းတို့၏ ကျင့်စဉ်အတိုင်း ကျင့်လာရသည်။ ရခိုင်တွင် ရှေးအဆက်ဆက်သုံးခဲ့သော ပိဋကတ်ကျမ်းဂန် များနှင့် စာပေအနုလက်ရာတို့သည် ရခိုင်တွင်ရှားပါး သွားပြီး မြန်မာပြည်သို့ ရောက်သွားလေသည်။ ဤအချိန်မှစ၍ ရခိုင်ယဉ်ကျေးမှု အဆောက်အဦကြီး တစ်ခုလုံးသည် ပျက်စီးပြိုလဲသွားလေတော့သည်ဟု ဆက်လက်၍

http://www.dhammadownload.com



ရေးသားထားလေသည်။ နောက်အနှစ် (၄၀)ကြာသောအခါ အင်္ဂလိပ်၊ မြန်မာ (၂)နှစ်ကြာ ပထမစစ်ပွဲအပြီး ရန္တပိုစာချုပ်အရ ရခိုင်ကို အင်္ဂလိပ်လက်အောက်သို့ လွှဲပေးလိုက်ရလေသည်။

ဤကဲ့သို့ ဖြစ်ပျက်ခဲ့သော အခြေအနေနောက်ပိုင်းမှာမှ အင်္ဂလိပ်နှင့် ဥရောပသုတေသီများက ရခိုင်ရာဇဝင်ကို ရေးသားခဲ့သည်မှာ တိကျမှန်ကန်နိုင်ဖွယ်ရာ ရှိပါမည်လား ဆိုသည်မှာ သံသယဖြစ်စေပါသည်။ ဤအနှစ် (၄၀)အတွင်း ရခိုင်ရာဇဝင်ကို ပြင်ဆင်ရေးသားကြသည်လည်း ရှိလာရာ နောက်ဝယ်မှာမှ နိုင်ငံခြားသား တို့ ရေးသားခဲ့ကြသော ရခိုင်ရာဇဝင်အချက်အလက် အယူအဆများမှာလည်း အထက်ကတင်ပြခဲ့သလိုရှိလာပြီး ရခိုင်တို့၏ရာဇဝင်မှာ ကမောက်ကမဖြစ်လာလေတော့သည်ကို တွေ့ရပါသည်။ ထိုစဉ်က အာဏာစက် ကြီးထွားခဲ့သည့် Sir Arthur P.Phayre ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများ၊ ထိုစဉ်က ထင်ရှားသော ပညာရှင်များဖြစ်ကြသော H.E. Harvey. D.G.E Hall စသည်တို့ ရေးသားသည့် မြန်မာရာဇဝင်၊ ရခိုင်ရာဇဝင်တို့ကို စာသင်ကျောင်းများ၊ ကောလိပ်ကျောင်း များတွင် ပြဋ္ဌာန်းသင်ကြားခဲ့သည်အထိရှိခဲ့ရာ ၄င်းတို့၏အယူအဆ မှန်၊ မမှန်ကို မည်သူတစ်ဦး တစ်ယောက်မျှ ဝေဖန်ဆန်းစစ်မှုများ ရှိခဲ့ကြဟန်မတူပါ။ ၄င်းတို့၏ သက္ကရာဇ်အယူအဆများကိုသာ ယခုခေတ် သုတေသီတို့က ဆက်လက်လိုက်ယူ အသုံးပြုနေသေးသည်ကိုသာ တွေ့နေရဆဲဖြစ်ရာ ထို့အတွက် ကြောင့် ယခုလိုတိမ်းစောင်းနေဆဲသဘော ဖြစ်သည်ဟု ယူဆပါသည်။ စာရေးသူအနေ ဖြင့် ယခုလို တင်ပြရခြင်း မှာ စာရှုသူတို့ ရခိုင်သမိုင်းဖြစ်ရပ်အမှန်များကို ဆင်ခြင်နိုင်ရန်အတွက် ဖြစ်ပါသည်။ ရခိုင်တို့ မှေးမှိန်ချိန်ကိုသာ မြင်ဖူး၊ ကြားဖူး၊ ဖတ်ဖူးသူများအနေဖြင့် ရခိုင်တို့ ထွန်းပြောင် ခဲ့သည်ကို ကြားလို့ပင် ယုံနိုင်ဖွယ်ရာမရှိသည်မှာ မဆန်းပါဟု ဆိုချင်ပါသည်။ ဤသည်ကြောင့်လည်း ရခိုင်တို့၏ အစဉ်အလာယုံကြည်ချက်မှာ မှန်ကန်မှုမရှိ ဆိုလိုသည့်ဘက်က ယနေ့တိုင် ရှိနေဆဲပင် ဖြစ်ပါသည်။

ထိုကြောင့် ယခုကဲ့သို့ ရှေးခေတ်ယဉ်ကျေးမှုကို နိုင်ငံတော်က ဦးဆောင်၍ ဖေါ်ထုတ်နေချိန်မှာ သမိုင်းအမှန်ဖြစ်ရေးနှင့် ပြည်ထောင်စုစာပေနှင့် သမိုင်းကြီးတစ်ရပ် ပီပီပြင်ပြင် ပေါ်ထွန်းလာရေးကို ရှေးရှု၍ ယခုလို ရှုထောင့်ဘက်စုံဖြင့် ရခိုင်တို့၏ အစဉ်အလာယုံကြည်လာခဲ့သော ဂေါတမမြတ်စွာဘုရား၊ စန္ဒသူရိယမင်းနှင့် မဟာမုနိဆင်းတု အကြောင်းစုံကို စိတ်ကူးယဉ်မဟုတ်ပါဘဲ အမှန်ဖြစ်ကြောင်းကို သိုင်းဝိုင်း၍ တင်ပြရခြင်းပင် ဖြစ်ပါကြောင်း။

**နောက်ဆက်တွဲအထောက်အထား (၁၁)**

http://www.dhammadownload.com



# INDUS

## CIVILIZATION

## CLUES TO AN ANCIENT PUZZLE

"The arrival of white skinned strange's who entered India from the north-west through the mountain passes. Perhaps not long after the founding of Eridu, about 5000 B.C. the new comers settled in the valley of the Indus River and built some magnificent cities the two famous being Harappa and Mohenjo - Daro. Not only these cities have fine broad streets laid out in a systematic plan, but they also had large buildings, sewer systems and public bathing pavillions. They were amazingly moderm." (J.V.D Southworth)

"The Aryan who migrated along the Indus river in 5000 B.C and they settled and built two famous cities in more than 4000 B.C by the name of Mohenjo Daro and Harappa."

"When the archaeologists excavated these two sites they found well thorouhgfares, gardens, aqueducts, bath - rooms and concrete buildings. They also found the art and craft of jewelly makings, statues and other house hold appliances with artistic touches. They used metals and they seemed to adore the gold metal."

နောက်ဆက်တွဲအထောက်အထား (၁၂)

## THE SIX HIGH POWERS (အဘိညာဏ် ၆ ပါး)

Translated from the Akankheyya - Sutta of the Majjhima-Nikaya.

**No. 1 If a priest, 0 priests, should frame a wish, as follows:**

Let me exercise the various magical powers - let me being one become multiform, let me being multiform become one, let me become visible, become invisible, go without hindrance through walls, ramparts, or mountains, as if through air, let me rise and sink in the ground as if in the water, let me walk on the water as if on unyielding ground, let me travel cross legged through the air like a winged bird, let me touch and feel with my hand

http://www.dhammadownload.com



the moon and the sun, mighty and powerful though they are and let me go with my body even up to the Brahma-world, "then must he baperfact in the precepts, bring his thoughts to a state of quiescence, practise diligently the trances, attain to insight, and be a frequenter of lonely places. (ဣဒ္ဓိဝိဓ အဘိညာဏ်)

**No.2 If a priest, 0 priests, should frame a wish, as follows:**

Let me hear with a divinely clear hearing, surpassing that of men, sounds both celestial and human, far and near "-then must he be perfect in the precepts, bring his thoughts to a state of quiescence, practise diligently the trances, attain to insight, and be a frequenter of lonely places. (ဒိဗ္ဗသောတ အဘိညာဏ်)

**No.3 If a priest, 0 priests, should frame a wish, as follows:**

Let me by my own heart investigate and discern the hearts of other beings, the hearts of men: let me discern a passionate mind to be passionate, let me discern a mind free from passion to be free from passion, let me discern a mind full of hatred, let me discern an infatuated mind free hatred to be free from hatred, to be full of hatred, let me discern an infatuated mind to be infatuated, let me discern a mind free from infatuation to be free from infatuation, let me discern an intent mind to be intent, let me discern a wandering mind to be wandering, let me disceran an exalted mind to be exalted, let me discern an unexalted mind to be unexalted, let me discern an inferior mind to be inferior, let me discern a superior mind to be superior, let me discern a concentrated mind to be concentrated, let me discern unconcentrated mind to be an one's unconcentrated, let me discern unemancipated mind to be emancipated, let me discern an unemancipated mind to be unemancipated. "-then must he be perfect in the precepts, bring his thoughts to a state of quiescence, practise deiligently the trances, attain.to insight, and be a frequenter of lonely places. (ပရစိတ္တဝိဇာနန အဘိညာဏ်)

http://www.dhammadownload.com



**No.4 If a priest, 0 priests, should frame a wish, as follows:**

"Let me call to mind many previous states of existence, to wit, one birth, two births, three births, four births, five births, ten births, twenty births, thirty births, forty births, fifty births, one hundred births, one thousand births, one hundred thousand births, many destructions of a world cycle, many renovations of a world cycle, many destructions and many renovation of a world-cycle. I lived in such a place, had such a name, was of such a family, of such a caste, had such a maintenance, experienced such happiness and such misseries, had such a length of life. Then I passed from that existence and was reborn in such a place. There also I had such a name, was of such a family, of such a caste, had such a maintenance, exp:rienced such happiness and such misseries, had such a length of life. Then I passed from that existence and was reborn in such a place. There also I had such a name, was of such a family, of such a caste, had such a maintenance, experienced such happiness and such miseries, had such a lenght of life. Then I passed from that existences and was reborn in this existence.." Thus let me specifically characterise them. - then must he be perfect in the precepts, bring his thoughts to a state of quiescence, practise diligently the trances, attain to insight, and be a frequenter of lonely places. (ဒိဗ္ဗစက္ခု အဘိညာဏ်)

**No.5 If a priest, 0 priests, should frame a wish, as follows:**

"Let me with a divinely clear vision, surpassing that of men, behold beings as they pass from of existence and spring up in another existence let me discern the base and the noble, the handsome and the ugly, those in a higher state of existence and those in a lower state of existence undergoing the results of their deeds. So that I can know as follows:- "Alas! these beings, having been wicked of body, wicked of voice, wicked of mind, slanderers of noble people, wrong in their views, acquirers of false merit under wrong views, have arrived, after the dissolution of the body, after death, at a place of punishment,

http://www.dhammadownload.com



a place of suffering, perdition, hell: or again, these other beings, having been righteous of body, righteous of voice, righteous of mind, not standerers of noble people, right in their views, acquirers of merit under right views, he arrived, after the dissolution of the body, after detah, at a plaçe of happiness, a heavenly world." Thus let me with a divinely clear vision, surpassing that of men, discern beings as they pass from one existence and suring up in another existence: let me discern the base and the noble the handsome and the ugly, those in a higher state of existence and those in a lower state of existence undergoing the results of their deeds. - then must he be perfect in the precepts, bring his thoughts to a state of quiescence, practise diligently the trances, attain to insight, and be a frequenter of lonely places. (ပုဗ္ဗေနိဝါသဿတိ အဘိညာဏ်)

**No.6 If a priest, 0 priests, should frame a wish, as follows:**

Let me, through the destruction of depravity, in the present life and in my own person, attain to freedom from depravity, to deliverance of the mind, to deliverance by wisdom, -then must he be perfect in the precents, bring his thoughts to a state of quiescence, practise deligently the trances, attain to insight, and be a frequenter of lonely places.

**Attainment of Nirvana** (အာသဝက္ခယ အဘိညာဏ်)

Note. Rathes can only attain the Five High Powers. A Buddha discovers the Sixth High Powers.

နောက်ဆက်တွဲအထောက်အထား (၁၃)

## THE FOURTH HIGH POWER

1. Rathes can call to mind former states of existence for 10 world cycles.
2. Ordinary Disciples can call to mind former states of existence for 100 or even 1,000 world cycles.
3. The 80 great Disciples can call to mind former states of existence for 100,000

http://www.dhammadownload.com



world cycles. (ကမ္ဘာတစ်သိန်း)

4. The two Chief Disciples for one immensity and 100,000 world cycles.
5. The vate Buddha for two immensites and 100,000 world cycles.
6. The Buddha have their powers unlimited.

နောက်ဆက်တွဲအထောက်အထား (၁၄)

## REVIEW OF THE MOST ANCIENT RAKHINE HISTORY

Gawan Pade Rathe, of Ramawady, was the first person in this world cycle to acquire the Five High Powers. With the acquired power, he worked for the benefit of fellow man, in order that they will escape Hell after death. Nirvana was not attainable in those days but the Region of Brhama could be attained by those that had the Five High Powers Gawan Pade Rathe and his pupils therefore introduced was the form of government, the 10 Principles as taught by all Buddhas in order to collect taxes. In order to collect taxes. Gawan Pade Rathe and his pupils had to introduce. 1. Calendar. 2. Writings. 3. Method of calculation. 4. Method of measuring grain by volume. 5. Method of weighing. 6. Method of measuring length. The Rathes by being able to see 40 world cycles of the past, could see what was in use during past world cycles, and hence they introduced what was the best.

Many Rakhines of today would like to know, why the Rakhine Kingdom is the oldest in the world, and why it has lasted the longest in the world. The Rakhine Kingdom is the oldest in the world due to Gawan Pade Rathe acquiring the Five High Powers and by following the teaching of Rathes. We are informed that 84,000 Rathes have appeared the country. The Rakhine have the oldest Kingdom in the world., due to successive. Thagewon Kings following the 10 principies of Government taught by all Buddhas. A highly moral life in needed for a Kingdom to last for a very long period of time. From Gautama Buddha we learn that the was had.

http://www.dhammadownload.com



ငါဘုရားသည် ရှေးအနန္တဘဝက သုံးဆယ်သောပါရမီကို ဖြည့်တော်မူသောအခါ၌ ဤရွှေပြည်သာတွင် အကြိမ်များစွာ ကျင်လည်တော်မူဖူးသည်။

In order that what is stated, may not amount to boosting Rakhine History, the statement made by Gautama Buddha has to be quoted.

Hindooism came to be formed because the Brhamms considered that collection of taxes. When the Brhamms advocated that the collection of taxes was wrong they were gone in the opposite direction of what brought about civilization in the Rakhine Kingdom. Due to Hindooism, Buddhism is never stable in India, but gets lost in the course of time. It is therefore for us to consider intelligently. When Ideas prevailing India was just the opposite of ideas prevailing in the Rakhine Kingdom, is it possible Rakhine to adopt Indian civilization.

နောက်ဆက်တွဲအထောက်အထား (၁၅)

**VERY IMPORTANT PROBLEM**

Rakhine History is full of data, with respect to events that took place in the past, events that will place in the present, and events that will take place in the future, stated by Gautama Buddha. Rahandas, as well as by Rathes. It will be very difficult to comprehend these problems, without a knowledge of the 5 High Powers. Those that do not have a konwledge of the Five High Powers, will treat the Rakhine Kingdom as a place of mystery.

Sd. Sein Nyo Tun

16-5-66)

နောက်ဆက်တွဲအထောက်အထား (၁၆)

http://www.dhammadownload.com



# မေဓပညာမော်ကွန်းလင်္ကာ

------- ကမ္ဘာစဉ်လာ ဓမ္မတာဖြင့် ဝိဒ္ဒါသမုတ်[၁]၊ စတုယုဂ်[၂]ကိန်း၊ လေးသိန်းသုံးသောင်း၊ နှစ်ထောင်ဆောင်းအယ့်။ နှစ်ပေါင်းကိုချုပ် ကလိယုဂ်[၃]တည့်။ ထိုယုဂ်နှစ်ပြန်၊ ဒွါပရန်[၄]ဟု၊ သုံးပြန်တြေတာ[၅]၊ လေးဖြာကတ[၆]၊ ပေါင်းကြလေးထပ်၊ ရှိုးအပ်သိမ့်၊ အအဥအီ၊ ရာဂီဒ္ဒဘာ[၇]၊ ဂဏန်းစုဖြစ်၊ ထိုနှစ်အပေါင်း ခေါက်ပြောင်း ပြန်လှန်၊ ကပ်ဆုံးလွန်အောင် လူ့ဘောင်ပွားဆုတ်၊ လေးပါးယုဂ်တွင် အယင်ကတ၊ ဓမ္မသစ္စာ၊ ပြည့်လာဥသ[၈] ကောင်းကိန်းကြံအယ့်။ သုံးပုံတြေတာ၊ ယုတ်မာတခု၊ ကောင်းမှုသုံးဖြာ၊ ဒွါပရာစက်၊ တဝက်ကောင်းဆိုး၊ တစ်မျိုးကလိ၊ အသိကေ၊ သုံးဝချုတ်ယွင်း၊ တရားကင်းအယ့်။ ယင်းကလိသက်၊ ထိုနှစ်ထက်မှာ ဂိဏ္ဍာဂိကဏ္ဍ[၉] ဂဏန်းကျခါ၊ ရာသက်ကာလ၊ ဟာယန[၁၀]မှီ သာကီသကျ၊ ဂေါတမဟု၊ လောကလူ့ရွာ၊ ဖြစ်ပွင့်လာရှည့် ဒေဝမနု[၁၁]၊ ကျွတ်မှုဟောကြား၊ လေးဆယ့်ငါးဝါ၊ ပြည့်ရေခါကား၊ ဩဆာဂါရ[၁၂]၊ သာခပုဏ္ဏမ[၁၃]၊ ငြိမ်းလီနိဗ္ဗာန်၊ ထားပြန်သာသနာ၊ ဂေါစာဖြို့ရှု ဓါတုဋ္ဌီကာ[၁၄]၊ ရောက်ခါပေါင်းကြ၊ နဝတြိ၊ သတ္တာဂိ[၁၅]၊ ဂေါတမပူရမ်၊ ကျမ်းညွှန် အလာ၊ ရက္ခပူရ၊ ဧသခင်၊ ဘုရင်ရာဇာ၊ ရာလမာယု၊ မင်းဟုသမိုက်၊ ဘိသိက်ကြိက်ခါ၊ ဂေါစာဘိန္န[၁၆]၊ သာခကေကျမ်း၊ ကိန်းခန်းအရ မိဘစံဇီ[၁၇]၊ ဖြိုလီကြွင်းနှစ်၊ သကြစ်မဟာ၊ တရာသုံးခု၊ ပွင့်မှုတ္တိကြံ၊ ကဆုန်ပုဏ္ဏ၊ ဂေါတမဟု၊ ဗုဒ္ဓတံထွာ၊ ဖြစ်လာဟောကြား၊ လေးဆယ့်ငါးဝါ၊ ရောက်တော်ခါကား၊ ရာလေးဆယ့်ယှစ်၊ ပြည့်ခိုက် ကဆုန်၊ နိုကြံအင်္ဂါ၊ နိဗ္ဗုတာသို့ မှန်စွာရောက်ဟိ၊ ခတ္တိုင်းဆက[၁၈]၊ မပျက်စဉ်လာ၊ စန္ဒသူရိယ၊ ဇီဝက[၁၉]ကိန်း၊ ဖြိုသိမ်းပြီးမှ တစ်ကစလိုက်၊ သကြစ်လာ၊ သာသနာနှင့် စဉ်လိုက်မပျက်၊ ဆယ့်ခြောက်ဆက်ခါ၊ သူရိယာစိတြ၊ နေဥ္စကိန်း[၂၀]၊ မယိမ်းဖြိုလေ၊ သုံးဆယ်နှစ်ဆက်၊ မပျက်ရောက်ဘိ၊ သိရိစန္ဒြ၊ ဥတ္တမ[၂၁]ကိန်း၊ ဖြိုသိမ်းပေါင်းပြု ဓါတုဋ္ဌီကာ၊ ဂေါစာဂလော၊ ရောက်ကေ မှန်စွာ၊ သာသနာနှစ်၊ အတိတ်ဖြစ်ခါ။

ထိုနှစ်မှာပင် စိတြာပုဏ္ဏ၊ ပဋိပါဒ[၂၂]၊ ဆုတ်စတရက်၊ ယင်းနိုလက်တွင်၊ မြသွင်မှိုင်းအိ၊ တန်ခိုးဟိသည့် ဘုမ္မိရှိမ်တောင်၊ ဗွိထက်ခေါင်ကို ညီအောင်ပြုကာ၊ ဝိဟာတမျက[၂၃]၊ လေးဘက်အညီ ငါးဆောင်စီဖြစ်၊ တကျောင်းနှိုက်ဝယ်၊ ငါးဆယ်သံဃာ၊ တမျက်နှာဟု၊ နှစ်ရာ့ငါးဆယ်၊ လေးသွယ် ရဟန်း၊ သီဟိုဠ်ကျွန်းက မူရနှစ်ဖြာ၊ ငါးရာစီမျှ၊ ရှိပြည်မမှ၊ မူရတထောင်၊ ပင့်ဆောင်ကျွေးမွေး၊ လျှုပွဲကျင်းပ၊ လယ်ကထူးဆန်း၊ နတ်နန်းတမျှ၊ တူစွရှိကျောင်း၊ အပေါင်းများစွာ၊ သံဃာနှစ်ထောင်၊ ပင့်ဆောင်ပြီးမှ စူလရေဝ၊ နာယကကား၊ ဓမ္မသဘင်၊ သင်္ဂါယနာ၊ တင်ရာအစ၊ ပဉ္စဝိနယာ[၂၄]၊ နှစ်ရာ့ ငါးဆယ်၊

http://www.dhammadownload.com



သုတ္တံကျယ်ဘိ၊ နာဝိကော ၂၅၊ ကိုးရာဆယ်တိ၊ အဘိဓမ္မာ၊ ကျမ်းလာသတ္တ၊ ယှစ်ရာ့ လေးဆယ်၊ ဗုဒ္ဓေဟောဟိ၊ ပါဠိနယ၊ တာမြပတ္တာ ၂၆၊ ကြီးဝါချပ်ပြား နှစ်ထောင်အားဖြင့် ရွှီးထား သေချာ၊ တနှစ်ကြာအယ့်။

တဖြာဖွင့်ပြ၊ အဋ္ဌကထာ၊ ဝိနယာမှာ၊ ခုနစ်ရာငါးဆယ်၊ သုတ်ဝယ်အလာ၊ ထောင့်ငါး ရာတည့်၊ အဘိဓမ္မာ၊ ခြောက်ရာကိုးဆယ်၊ မိပ္ပါယ်ပေါင်းစုံ အကုန်ဖော်ဟိ၊ ဝိသုဒ္ဓိမဂ်၊ သျှင်ပျက်မရာ၊ လိင်္ဂါမှာနှိုက်၊ ချပ်ဖြစ်လေးဆယ်၊ ဒွယေနိဿယ၊ ကဉ်ဝိတရဏီ ၂၇၊ ချပ်ရှိလေးဆယ်၊ နိကယ်ငါးဝ၊ အဋ္ဌကထာ၊ နှစ်နှစ်ကြာပြု၊

၁-ဒု-တ မှို၊ စတုတ္ထိ ကျ၊ မဟာသဟူ၊ မည်ရသမိုင်း၊ ရက္ခိုင်တိုင်းသို့ စိယ်ခိုင်းလီဘိ၊ မောဂ္ဂလိပုတ္တ၊ တိဿထေရ်လျှင်၊ သိခင်ရေဝ၊ ထေရငါးဖြာ၊ ရဟန္တာရှိ ကြွလာထိုခါ၊ သူရိယာစက္က၊ ရှိရာဇအား ဟောကြား ဒေသနာ၊ ဒေဝါမူတ ၂၈၊ သုတ္တံအဆုံး၊ လေးသောင်းလုံးမှာ ဓမ္မာစက္ခု၊ ရမှုဟိကြောင်း၊ လေးသောင်းရဟန်း၊ ကျွတ်တန်းဝင်ကြ၊ ထိုကစရှယ့်၊ သာသနာ့ဝန်ထမ်း၊ ရဟန်းသံဃာ၊ စဉ်လာပွားထ၊ သီဟဠနယ့်၊ ဝါဒတူဘိ၊ ဂုဏာသီဂိမှာ ပတ္တာပဉ္စမ ၂၉၊ ကြီးရှိချပ်ပြား၊ ငါးထောင်အားဖြင့်၊ ရွှီးထားသေချာ၊ သုံးနှစ်ကြာလျှင်၊ အောင်မြင်ပြီးစီး၊ သီရိစန္ဒြား၊ ရှိမင်းဖျားကား၊ ရုပ်ပွားပုထိုး၊ စေတီမျိုးနယ်၊ နောက်တိုးကန်တူး၊ ကောင်းမှုဖြာဖြာ၊ ပြည်ရွာချွန်ဘဏ်၊ ယွှပြန်တဝက်၊ ရန်မျက်ကင်းငြိမ်း၊ မယိမ်းမယုတ်၊ ကြီးကုပ်ဒါန၊ သီလတဖြာ၊ ဘာဝနာတရပ်၊ ဝိပဿနာ၊ များစွာ အားထုတ်၊ လောကုတ်သဘင်၊ မင်္ဂပွဲယင်သည်၊ ဖိုလ်ဝင်နိဗ္ဗာန်ရောက်ကြောင်းတည်း။

| | | |
|---|---|---|
| (၁) | ဝိဒ္ဒါသမုတ် | - ပညာရှိသမုတ်သော |
| (၂) | စတုယုဂ် | - ယုဂ်လေးပါး |
| (၃) | ကလိယုဂ် | - ဆုတ်ယုတ်သောယုဂ် |
| (၄) | ဒွါပရန် | - ဒွါပရယုဂ် |
| (၅) | တြေတာ | - တြေတရာယုဂ် |
| (၆) | ကတ | - တတယုဂ် |
| (၇) | အအာဥအ၊ ရာဂီဘြ | - ၄၃၂၀၀၀၀ ပိဋကတ်သင်္ချာနည်း |
| (၈) | ပြည့်လာဥသုံ | - အားလုံးပြည့်စုံသည်။ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (၉) | ဂိဇ္ဈာဂိဇ္ဈ | - | ၂၅၂၅ ကလိယုဂ်နှစ် - ပိဋကတ်သင်္ချာနည်း |
| (၁၀) | ယာယန | - | အသက်တစ်ရာတန်းကပ် |
| (၁၁) | ဒေဝါမန | - | နတ်-လူ |
| (၁၂) | ဩဆာဂါရ | - | ၂၅၇၀-ပိဋကတ်သင်္ချာနည်း |
| (၁၃) | သာခပုဏ္ဏမိ | - | ကဆုန်လပြည့်နေ့ |
| (၁၄) | ဓာတုဋ္ဌိကာ | - | ၁၁၆၉-ပိဋကတ်သင်္ချာနည်း |
| (၁၅) | နဝတြိသတ္တဂိ | - | ၃၇၃၉-ကလိယုဂ်ခေတ် |
| (၁၆) | ဂေါစာဘိန္ဒ | - | သက္ကရာဇ်ဖြိုခြင်း |
| (၁၇) | မိဘာစံဇီ | - | ၈၆၄၅-ပိဋကတ်သင်္ချာနည်း |
| (၁၈) | ခတ္တိငါးနောက် | - | ခတ္တိယအနွယ်မင်း ၅-ဆက် |
| (၁၉) | ဇီဝက | - | ၁၄၈-ပိဋကတ်သင်္ချာနည်း |
| (၂၀) | မနဋ္ဌ | - | ၆၀၉-ပိဋကတ်သင်္ချာနည်း |
| (၂၁) | ဥတ္တမ | - | ၅၆၀-ပိဋကတ်သင်္ချာနည်း |
| (၂၂) | စိတြာပုဏ္ဏာ၊ ပဋိပါဒ | - | တန်ခူးလဆုတ်-၁ |
| (၂၃) | ဝိဟာတမျက် | - | တစ်မျက်နှာ၌ကျောင်းဆောင် |
| (၂၄) | ပဉ္စဝိနယာ | - | ဝိနည်းငါးကျမ်း |
| (၂၅) | နာ၁ဝကော | - | ကိုးရာတစ်ဆယ် |
| (၂၆) | တာမြပတ္တာ | - | ကြေးကိုခတ်ထားသည့်အပြား |
| (၂၇) | ဒါယေဝိနစ္ဆယ၊ ကင်္ခါဝိတရဏီ | - | ဝိနစ္ဆယနှင့်ကင်္ခါဝိတရဏီကျမ်းပေါင်း |
| (၂၈) | ဒေဝါဓူတ | - | ဒေဝဓူတသုတ္တံဒေသနာတော် |
| (၂၉) | ပတ္တာပဉ္စမီ | - | ငါးထောင်ကြေးချပ်ရေ |

**မှတ်ချက်။** မေဓပညာမှာ အေဒီ (၇)ရာစု ဝေသာလီကျောက်လှေကားခေတ်တွင် ထင်ရှားသော ပညာရှိ အမတ်ကြီးတစ်ဦးဖြစ်သည်။ ရခိုင်တို့၏ ပထမဆုံး (သို့) မဇ္ဈိမဒေသ

http://www.dhammadownload.com



၏ စတုတ္ထအကြိမ် သင်္ဂါယနာတင်ခြင်းကို မှတ်တမ်းတင်ရေးသား သီကုံးထားခြင်း ဖြစ်သည်။ တစ်ချိန်တည်းတွင် သင်္ဂါယနာတင်မင်းက သက္ကရာဇ်ဖြို့ချခြင်းကို လည်း ဖော်ပြထားသည်။

## ယက္ခသေနာပတိ ပနာဒကျောက်ဆစ်ရုပ်တွင် ရေးထိုးသောစာ

**"မဟာသျူရိယေသျန္ဒြရော၊ နာမနေသျပဒါနေ ပကရတော (သတ္တတ)" ပါဠိဘာသာနှင့် ဆိုပါလျှင် မဟာသူရိယေစန္ဒရော နာမနေသဗ္ဗဒါနေ ပကရကေ ဟူ၍ ဖြစ်သည်။**

အဓိပ္ပါယ်က မဟာသူရိယတိုင်းမင်းကြီးသည် ဤကုန်းတော်၌ ဒါနဝတ္ထုအစုစုကို လှူဒါန်း၍ ပြီးပြည့်စုံ ပြီဟု ဖြစ်ပါသည်။ ဤစာထိုးထားသော ကျောက်စာပါအရုပ်မှာ မဟာတိုင်းစန္ဒြမင်းကြီး ကုသိုလ်ပြုစိုက်ထူခဲ့သော အရုပ်ဖြစ်ကြောင်း သက်သေထူခြင်း ဖြစ်သည်။

ဝေသာလီမြို့ကို စတင်တည်ထောင်သော မဟာတိုင်းစန္ဒြမင်းကြီးသည် သိမ်တော်နှင့် ပလ္လင်တော်များကို အသစ်တစ်ဖန် တည်ဆောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရပါသည်။ ထိုမင်းကြီး ကုသိုလ်ကောင်းမှု ပြုခဲ့သည်ကို မဟာမုနိဘုရားကုန်းတော် ဒုတိယအဆင့် အရှေ့တောင် ထောင့်ရှိ ယက္ခသေနာပတိ ပနာဒရုပ်တုတွင် အထက်ဖော်ပြပါအတိုင်း ရေးထိုးထားခြင်း ဖြစ်ပါ သည်။

**မှတ်ချက်**

အာနန္ဒစန္ဒြကျောက်စာကို အဦးဆုံးဘာသာပြန်ဆိုသူ ပါမောက္ခ Dr. Johnstan ၏ အဆိုအရ ဝေသာလီမြို့ကို စတင်တည်ထောင်သူ ဒွေ့င်စန္ဒြမင်း၏ ရာဇဝင်လာအမည်မှာ မဟာတိုင်းစန္ဒြမင်းဖြစ်ကြောင်း ဆိုပါသည်။ ထိုနည်းလည်းကောင်း မဟာတိုင်းစန္ဒြကို ရာဇဝင်တွင် သူရိယတိုင်းစန္ဒြ ဟူ၍လည်း ခေါ်ဆိုကြောင်း တွေ့ရရာ ယခု ယက္ခသေနာ ပတိပနာဒ ကျောက်စာပါ သူရိယတိုင်းစန္ဒြမှာ ဝေသာလီကို စတင်တည်ထောင်သော မင်းပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ သူရိယတိုင်းစန္ဒြမင်းသည် ရာဇဝင်လာ မဟာတိုင်း စန္ဒြဖြစ်သလို အာနန္ဒစန္ဒြကျောက်စာ ဒွေ့င်စန္ဒြမင်းပင် ဖြစ်ပါသည်။

**ဝေသာလီခေတ်**

http://www.dhammadownload.com



## ဦးစံသာအောင် ရေးသားသော ဝေသာလီ မြို့တည်မင်းနှင့် မင်းဆက်ပေါင်း

"။ ။ ။ ။ နှောင်းကားခါချိန်၊ ကျိန်တတ်နတ်မွန်၊ ညွှန်ပြလဘိ၊ ဝေသာလိဝယ်၊ ဇာတိဆဒ္ဒန်၊ မျိုးမှန်ဖြူလှဲ့၊ တဆယ့်နှစ်စီး၊ ကျော်သီးထိုခါ၊ ကြောင်းထင်စွာသား၊ မဟာမည်လှိုင်း၊ တိုင်းစန္ဒရား၊ ကျောက်လှေကား၌၊ သိကြားနတ်ပေး၊ လေးနှင့်သံလျက်၊ လက်နက်လှံပျံ၊ စေစားခံ၍၊ နှံ့တုံသောင်းနက်၊ ကိုးဆက်မင်းတိုင်၊ တုတ်ခွန်လှိုင်၏။ ရိုက်တိုင်ထန်ကြိုး၊ မိုးလည်းရတနာ၊ ရွာကာကာတည့်၊ မည်သာကျော်မွန်း၊ ဥဒါန်းထောင်လွှား၊ စန္ဒရားဟု၊ ကြီးအားမြောက်စည်၊ ကိုးဆက်တည်သည်။ ။ လူ့ပြည်ဘုန်းရှိန် စူးတည့်လေ။ ။" (ရခိုင်မင်းသမီးချေင်း အပိုဒ် ၁၀ မှ)

မြောက်ဦးမြို့ သျှစ်သောင်းဘုရား ကျောက်စာတိုင်ပါ အာနန္ဒစန္ဒြ ကျောက်စာအရမူ ဝေသာလီကို ဒွေစန္ဒြမင်းတည်ခဲ့သည်ဟု သိရသည်။ စန္ဒြမင်း ဆက်ကား ၉-ဆက်တည်းသာ မဟုတ်။ ဒွေစန္ဒြအဆက် ၁၆-ဆက်နှင့် အခြားနန်းဆက်များ ပါရှိပေသေးသည်။

## ဝေသာလီမြို့ တည်နေရာနှင့် တည်ဆောက်ပုံ

စန္ဒရားမင်းများ ထီးနန်းစိုက်ရာမြို့တော်မှာ ဝေသာလီမြို့တော်ပင် ဖြစ်သည်။ ဝေသာလီ မြို့သည် ယခုအခါ မြို့ဟောင်း မြို့၊ ယခင်အခေါ် မြောက်ဦးမြို့မှ ငါးမိုင်ခန့်အကွာတွင် တည်ရှိသည်။ ကောင်းကင်မှ ရိုက်ယူသော ဓာတ်ပုံများကိုကြည့်လျှင် ဝေသာလီမြို့ရိုးကိုလည်းကောင်း၊ နန်းရာကုန်းကို လည်းကောင်း၊ အထင်သား တွေ့မြင်နိုင်ပါသည်။ ယင်းဓာတ်ပုံများကို လည်းကောင်း၊ ကိုယ်တိုင် သွားရောက်၍လည်းကောင်း ပါမောက္ခဒေါက်တာဒေါ်သင်းကြည်၏ ၁၉၇၀ပြည့်နှစ် ဒီဇင်ဘာလ ထုတ် မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်အတွဲ-၅၃၊ အပိုင်း-၂ပါ ရခိုင်မြို့တော်များ အကြောင်း ကိုလည်းကောင်း လေ့လာပြီး ဝေသာလီမြို့ တည်ဆောက်ပုံကို အောက်တွင် ဖော်ပြအပ်ပါသည်။

ဝေသာလီမြို့၏ အနောက်ဘက်တွင် ကုလားတန်မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ရမ်းချောင်းရှိသည်။ မြို့၏အရှေ့ဘက်တွင် ကုလားတန်နှင့် လေးမြို့မြစ်များအကြား ရှိ တောင်တန်း ကြီးရှိသည်။ (မြို့၏ ပုံသဏ္ဌာန်မှာ အောက်ဘက်တွင် ရှုံး၍ကွေးနေသော စတုရန်းပုံပျက်

http://www.dhammadownload.com



သဏ္ဍာန်ပင် ဖြစ်၏။ မြောက်ဘက်နှင့် အရှေ့ဘက်မြို့ရိုးများမှာ ဖြောင့်တန်းနေပြီးလျှင် တောင်ဘက်နှင့် အနောက် ဘက် မြို့ရိုးများမှာ ကွေးနေသည်) ရမ်းချောင်း၏ မြစ်လက်တက် ကလေးတစ်ခုက မြို့ကို ဖြတ်လျက်စီးသည်။

ဝေသာလီမြို့၏ မြောက်ဘက်နှင့် တောင်ဘက်မြို့ရိုးများအကြား အကျယ်ဆုံးအကွာအဝေး မှာ ပေတစ်ထောင်မျှရှိပြီးလျှင် အရှေ့နှင့် အနောက်ဘက်မြို့ရိုးများအကြား အကျယ်ဆုံးအကွာ အဝေးမှာ ပေခြောက်ထောင်ငါးရာမျှ ရှိ၏။

အထက်တွင် ဖော်ပြသော မြို့ရိုးမှာ အပြင်မြို့ရိုးသာဖြစ်သည်။ အတွင်းမြို့ရိုးတစ်ခု ရှိသေး သည်။ ယင်းကို ကျုံးဖြင့် ဝိုင်းရံထားသည်။ အတွင်းမြို့သည် နန်းတော်ဖြစ်သည်။ နန်းရာကုန်းမှာ မြောက်ဘက်မှ တောင်ဘက်သို့ ပေတစ်ထောင့်ငါးရာမျှ ကျယ်ပြီးလျှင် အရှေ့ဘက်မှ အနောက် ဘက်သို့ ပေတစ်ထောင်မျှ ကျယ်၏။

ဝေသာလီမြို့အတွင်း၌ သောက်သုံးရန်အတွက် ရေတွင်းပေါင်း မြောက်များစွာရှိသည် သာမက မြို့အရှေ့ဘက်တွင် ရေကန်ကြီးတစ်ကန်ပါရှိသည်။ ဝေသာလီစည်ကားချိန်အခါက ဝေသာလီ မြို့သူမြို့သားများသည် အပြင်မြို့ရိုးအတွင်း၌ နေထိုင်ကြပေလိမ့်မည်။ သူတို့နေထိုင်ရာ မြို့ရိုးအတွင်း၌ပင် ထွန်ယက်စိုက်ပျိုးကြပေလိမ့်မည်။

## ဝေသာလီကျောက်လှေကား

ဝေသာလီမြို့၏ အမည်အပြည့်အစုံမှာ ဝေသာလီကျောက်လှေကားမြို့ပင် ဖြစ်သည်။ မြို့၏ အနောက်မြောက်ဘက် ရမ်းချောင်းကမ်းပါးတွင် ဤကျောက်လှေကား၏ အကြွင်းအကျန် များကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။ အနီးအနားရှိ ရွာသားများသည် ကျောက်လှေကား အထက်ပိုင်းရှိ ကျောက်တုံးများကို အသုံးပြုရန် ပြောင်းရွှေ့သယ်ယူသွားကြပြီဖြစ်၍ ဒီရေအကျတွင်မှ လှေကားအောက်ပိုင်းရှိ ကျောက်တုံးများကို မြင်နိုင်တော့သည်။ ကျောက်လှေ ကားသည် ယင်းခေတ်ကာလက ပင်လယ်ကူး ရွက်သင်္ဘောကြီးများ ဆိုက်ကပ်ရာ သင်္ဘောဆိပ်ကြီး ဖြစ်ပေမည်။ ကူးသန်းရောင်းဝယ် ရေးအလို့ငှာ သွားလာနေကြသော နိုင်ငံခြားတိုင်းပြည်များနှင့် ဝေသာလီမြို့မှ ကုန်တင်ရွက်သင်္ဘော ကြီးများဖြင့် စည်ကားခဲ့ပေမည်။

## သင်းကျစ်တော်စေတီ

http://www.dhammadownload.com



မြောက်ဦးမြို့မှ မဟာမုနိသို့ သွားရာလမ်းသည် ဝေသာလီမြို့ကို ထက်ဝက်ဖြတ်ထားသည်။ ယင်းလမ်းအတိုင်း မြောက်ဦးမှ ၄-မိုင်ခွဲခန့် သွားမိလျှင် ဝေသာလီ၏ တောင်ဘက်မြို့ရိုးကို စတွေ့ရသည်။ ယင်းမြို့ရိုးသို့ မရောက်မီကလေးတွင် အရှေ့ဘက်တောင်ကုန်းထိပ်၌ သင်းကျစ်တော်စေတီကို တွေ့ရသည်။ ယင်းစေတီ၏ အနောက်တောင်ဘက်သို့ ဖြာထွက် သွားသော တောင်စွယ်ထိပ်တွင် တည်ရှိသည့် ကျောက်စေတီငယ် တစ်ဆူမှာ ၁၉၆၅ ခု၊ မေလအတွင်းက "ယေဓမ္မာ" ဂါထာပါရှိသော ကျောက်စာငယ်တစ်ချပ်ကို ရရှိခဲ့သည်။ သင်းကျစ်တော်စေတီ၏ မြောက်ဘက် ဥဏ်သက တောင်ထက် စေတီပျက်တစ်ဆူမှ နီတိစန္ဒြမင်း မိဖုရားကျောက်စာ ငယ်တစ်ချပ်ကို ၁၉၅၇ ခုနှစ်က ရရှိခဲ့သည်။ ယင်းနှစ်လောက်ကပင် ယင်းတောင်၏ မြောက်ဘက် တောင်ထိပ်စေတီပျက်တစ်ဆူမှ ဝီရစန္ဒြမင်း ကျောက်စာငယ်တစ်ချပ်ကို ရရှိခဲ့သည်။ ယင်းစာများကို ရေးထိုးထားသော အက္ခရာမှာ ၆-ရာစု မတိုင်မီက အသုံးပြုသော အက္ခရာမျိုးဖြစ်သည်။ နီတိစန္ဒြနှင့် ဝီရစန္ဒြတို့မှာ အာနန္ဒစန္ဒြ ကျောက်စာတွင် ဖော်ပြပါရှိသည့် မင်းများပင်ဖြစ်၏။

## သလ္လာဝတီရွာ

ဝေသာလီတောင်ဘက်မြို့ရိုးအနီး ဝေသာလီမြို့အတွင်း၌ ပေါက်တောပြင်ရွာ တည်ရှိသည်။ ယင်းရွာကို ယခုအခါ သလ္လာဝတီရွာဟု ခေါ်တွင်သည်။ ယင်းရွာ၏ အနောက်တောင်ဘက် ၂-ဖာလုံခန့် အကွာ၊ ဝေသာလီမြို့ရိုးအနီး အုတ်ကုန်းငယ်တစ်ခုမှ လွန်ခဲ့သော နှစ်ပေါင်း ၄၀-ခန့်က ကြေးနီပြားတစ်ချပ် ရရှိခဲ့သည်။ ယင်းကြေးနီးပြားမှာ ဝေသာလီမင်းတစ်ပါး၏ မြေလှူအမိန့် မှတ်တမ်းပင်ဖြစ်သည်။ သလ္လာဝတီရွာ ခတ်တောင်စေတီတစ်ဆူမှ စာရေးထိုးပါရှိသော ဝေသာလီ ဒုတိယခေါင်းလောင်းကို လွန်ခဲ့သော ၁၀-နှစ်ခန့်က ရရှိခဲ့သည်။ ယင်းစာ ၂-ခု၏ လက်ရေးများမှာ ထပ်တူထပ်မျှပင် တူညီသည်။ ၆-ရာစုမတိုင်မီက အသုံးပြုသော အက္ခရာများဖြင့် ရေးထားခြင်း ဖြစ်သည်။

သလ္လာဝတီရွာရှိ ဘုန်းတော်ကြီးကျောင်းမှာ ကုန်းငယ်တစ်ခုပေါ်တွင် တည်ရှိသည်။ ယင်းကုန်းသည် အာနန္ဒစန္ဒြမင်း တည်ခဲ့သော အာနန္ဒောဒယကျောင်းတော်ရာဟု အဆိုရှိသည်။ ကျောင်းဝင်းအတွင်း ဝေသာလီခေတ်က တူးခဲ့သော ရေတွင်းတစ်တွင်း ရှိသည်။ သိမ်ဆောက်ရန်

http://www.dhammadownload.com



အတွက် နေရာတစ်ခုရှင်းရာ၌ ယင်းနေရာတွင် ကျောက်တုံးများကို တွေ့ရသည်။ ယင်းကျောက်တုံးများမှာ ပန်းပုထုထားပြီးလျှင် စေတီငယ်များနှင့် ကျောက်ရုပ် များ၏ အောက်ခံကျောက်တုံးများ ဖြစ်ကြသည်။ ယင်းဘုန်းကြီးကျောင်းတည်ရာ ကုန်း ဒအောက်တွင် လိုဏ်ဂူရှိမည်ဟု ခန့်မှန်းရသည်။

## ဝေသာလီရွာ

ဝေသာလီရွာသည် နန်းရာကုန်းတည်ရှိရာနေရာတွင် ရှိသည်။ သလ္လာဝတီရွာမှ ဝေသာလီရွာသို့ အသွားလမ်းတွင် တောင်ကုန်းငယ်များရှိသည်။ တောင်ကုန်းထိပ်များတွင် ရှေးစေတီပျက်များ၊ ဆင်းတုအကျိုးအပဲ့များ၊ ကျောက်ရုပ်၊ ကျောက်ပန်းပုအကျိုးအပဲ့များ ပြန့်ကျဲနေသည်ကို ယနေ့တိုင်အောင် တွေ့နိုင်ပါသည်။

ယင်းမှ မြောက်ဘက်သို့ သွားသောအခါ ယခင်ကျုံးနေရာဟု အဆိုရှိသော ရေကန်ကြီးကို တွေ့ရသည်။ ရေကန်ကို ကျော်လွန်သောအခါ ဝေသာလီရွာသို့ ရောက်သည်။ ယင်းရွာရှိ ဘုန်းကြီးကျောင်းသည် ယခုအခါ လက်ခတ်တောင်ဟုခေါ်သော တောင်ကုန်းကလေးပေါ်တွင် တည်ရှိသည်။ ယင်းတောင်ကုန်းပေါ်တွင် နတ်ရုပ်များ၊ ဗောဓိသတ္တရုပ်များကို တွေ့ရသည်။ အာနန္ဒစန္ဒြကျောက်စာပါ ကျောက်တုံးများကို ဘုရင်မင်းဖကြီးသည် ယင်းတောင်ကုန်းပေါ်မှ သျှစ်သောင်းဘုရားသို့ ပြောင်းရွှေ့ယူလာသည်ဟု အဆိုရှိသည်။ လက်ခတ်တောင်ဟုခေါ်ကြခြင်းမှာ ရက်ကန်းရက်ရာ၌ အသုံးပြုသော လက်ခတ်သဏ္ဌာန်ရှိသည့် နတ်ရုပ်များ စိုက်ထူရာ အောက်ခံကျောက်တုံးတစ်တုံး ရှိသောကြောင့် ဖြစ်သည်ဟု အဆိုရှိသည်။

နန်းရာကုန်းမှာ လက်ခတ်တောင်နှင့်ကပ်လျှက် တည်ရှိသည်။ နန်းရာကုန်းတစ်နေရာတွင် နတ်ရုပ်တစ်ရုပ်ရှိသည်။ ဤကျောက်ရုပ်မှာ ခေါင်းပြတ်လျှက်ရှိချေပြီ။ လက်လေးဖက်ပါသည်။ နတ်ရုပ်၏ တစ်ဖက်တစ်ချက်စီတွင် ကလေးအရွယ်တစ်ယောက်စီ ပါရှိသည်။ ယင်းနတ်ရုပ်မှာ ဗိဿနိုးနတ်ရုပ်ဟု သိရသည်။ ယင်းကျောက်ရုပ်၏ နောက်ကျောဘက်တွင် အာနန္ဒစန္ဒြကျောက်စာတိုင်ကိုအုပ်ထားသော အုပ်ဆောင်း၌ ပါဝင်သည့် ခရုသင်းပုံတစ်ပုံ ပါရှိသည်။ ဘုရင်မင်းဖကြီးသည် သျှစ်သောင်းလိုဏ်ဂူအတွင်း ဤသို့ လက်လေးဖက်ပါ ကျောက်ရုပ်များကို ထုထားသည်။

## စေတီတည်ကျောက်စာငယ်

http://www.dhammadownload.com



နန်းရာကုန်းကို ပတ်၍ကျုံးရှိသည်။ ယင်းကျုံးတစ်နေရာမှ အာနန္ဒစန္ဒြေကျောက်စာကို ရေးထိုးသော လက်ရေးမျိုးနှင့် ကျောက်စာယ်တစ်ချပ်ကို ရရှိခဲ့သည်။ အာနန္ဒစန္ဒြေကျောက်စာ အက္ခရာနှင့် "ရ"အက္ခရာကို ရေးရာ၌သာ ကွာခြားပါသည်။"ရ" ကိုအင်္ဂလိပ်(ဂျေ-J)သဏ္ဍာန် ရေးပါသည်။ ယခုအခါ ယင်းကျောက်စာယ်မှာ မြို့ဟောင်းမြို့ (မြောက်ဦး) ပြတိုက်တွင်ရှိသည်။

## ဝေသာလီဘုရားကြီး

ဝေသာလီရွာ၏ မြောက်ဘက်တွင် သင်္ဂါယနာတင်သည့် ကုန်းတစ်ကုန်းရှိသည်။ ယင်းအနီး နောက်ကုန်းတစ်ခု၌ မဟာတိုင်းစန္ဒရား၏ မိဖုရားတည်ခဲ့သည်ဟု အဆိုရှိသော ဝေသာလီဘုရားကြီး ရှိသည်။ ကြီးမားလှစွာသော ကျောက်တုံးကြီးကို ထွင်းထုထားသော ဆင်းတုတော်ပင်ဖြစ်သည်။ ဤမျှကြီးမားသော ကျောက်တုံးကို ယင်းတောင်ကုန်းပေါ်သို့ ရောက်အောင်တင်နိုင်သည်မှာ ချီးမွမ်းစရာကောင်းပါသည်။ ဆင်းတုတော်မှာ ယခုအခါ ဘုန်းတော်ကြီးအချို့က ပြည်မမှ မှာယူသောမျက်လုံးများ တပ်ဆင်ထားသည်ဖြစ်၍ ရှေးဆင်းတုလက်ရာပျက်လျှက် ရှိချေပြီ။ မျက်လုံးများကို သာမကသေး နဖူးသင်းကျစ်တော်ကိုလည်း မွမ်းမံခြယ်လှယ်ထားကြလေသည်။

၁၉၅၉ ခုနှစ်က ယင်းဘုရားကြီးတံတိုင်းရှိ ကျောက်ခဲကျောက်တုံးများမှ ပေါင်းမြက်သုတ်သင်ရာ တွင် ဝေသာလီကျောင်း ဆရာတော်ဘုရားသည် ၆-ရာစု မတိုင်မီက ပါဠိဘာသာဖြင့် ရေးထိုးသော "ယေဓမ္မာ"ပါရှိသည့် ကျောက်စာတစ်ချပ်ကို ရရှိခဲ့၏။

## စောင့်ရှောက်သူကင်းမဲ့နေသည့် ဝေသာလီမြို့ဟောင်း

ဝေသာလီမြို့ဟောင်းအတွင်းနှင့် ယင်းမြို့ပတ်ဝန်းကျင်အနီးအနားရှိ စေတီပျက်များမှာ သိုက် ဆရာများ ကျက်စားရာ နေရာများ ဖြစ်ခဲ့ပြီ။ ယင်းနေရာများရှိ တောင်ကုန်းကလေးများ အပေါ်တွင် အုတ်ကျိုးအုတ်ပဲ့များ၊ ကျောက်ရုပ်အမျိုးမျိုး အကျိုးအပဲ့များ၊ ကျောက်ဆင်းတု အကျိုးအပဲ့များဖြင့် ပြန့်ကျဲလျက်ရှိသည်။ ကျောက်လှေကား၊ မုခ်တံတိုင်း၊ နန်းတော်ရာတို့မှာ ဖရိုဖရဲ ပြိုကွဲပျက်စီးနေ သည်။ ကြည့်ရှုစောင့်ရှောက်မည့်သူ ကင်းမဲ့နေသဖြင့် ဖြစ်ချင်တိုင်း ဖြစ်လျှက်ရှိသည်။ ရခိုင် ရှေးမြို့တော် များဖြစ်သော ပုရိန်နှင့် လောင်းကြက်တို့ကဲ့သို့ ရေတိုက်စား၍ မြစ်ထဲသို့ပါသွားခြင်းမရှိ၍ မြေအောက် တွင် အဖိုးတန်ပစ္စည်းများ ကျန်ရှိပေမည်။ ဤမြို့ဟောင်းကို

http://www.dhammadownload.com



သာစနစ်တကျတူးဖော်နိုင်ပါကတန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန်လှသော သမိုင်း အထောက်အထားများ ရရှိမည်မှာ သေချာပါသည်။ (၂၀၀၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ ဒုတိယအကြိမ် တူးဖော်မှုကို ပြုလုပ်ခဲ့သည်။)

## ယဉ်ကျေးမှုအဆင့်အတန်း

ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်ရန် သင်္ဘောဆိပ်ကြီးရှိခြင်းကပင် ပင်လယ်ရပ်ခြား တိုင်းပြည်များနှင့် ကူးလူးဆက်ဆံမှုများရှိသည်ကိုဖော်ပြနေသည်။ အထူးသဖြင့် အိန္ဒိယအရှေ့ မြောက်ပိုင်း နှင့် ယဉ်ကျေးမှုအဆက်အသွယ်ရှိပေသည်။ ယင်းဒေသသို့ပင် ပင်လယ်ကြောင်းသာမက ကုန်းကြောင်းပါပေါက်သည်။

တူးဖော်ရရှိခဲ့ပြီး ရရှိနေဆဲ ရရှိဦးမည်ဖြစ်သည့် နွားရုပ်နှင့် စာရေးပါရှိသော ဝေသာလီ ငွေဒင်္ဂါး အကြီးအလတ်အသေးများက ပြည်တွင်းပြည်ပ ကုန်ရောင်းကုန်ဝယ်အဆင့်အတန်းကို ဖော်ပြလျှက် ရှိသည်။ ၄-ရာစုလောက်ကပင် ဒင်္ဂါးသွန်းလုပ်၍ အရောင်းအဝယ်အတွက် အသုံးပြုနေသည်ကို ထောက်လျှင် ဝေသာလီယဉ်ကျေးမှုအဆင့်အတန်းမှာ သာမညအဆင့် အတန်းမဟုတ်၊ ယင်းခေတ် ကာလက ကမ္ဘာ့ထိပ်တန်းတွင်ရှိပေမည်။

ကျောက်၊ ကြေးနီ၊ ကြေးဝါ၊ ရွှေ ငွေ တို့ဖြင့် ထုလုပ်သွန်းလုပ်သည့် လက်ရာမြောက်လှသော ဆင်းတုများ၊ စေတီငယ်များ၊ အရုပ်များ၊ ဆီမီးခွက်များကို ဝေသာလီမှ တူးဖော်ရရှိကြရာ အနုပညာ အဆင့်အတန်း အလွန်မြင့်မားကြောင်း ဖော်ပြနေ၏။

ကျောက်ဆစ်ရုပ်များကို ထွင်းထုရာ၌ အသုံးပြုသော ကျောက်များမှာ အလွန်မာကြော သည် ဖြစ်၍ ယင်းတို့ကို ထွင်းထုရန်အသုံးပြုသော ကိရိယာတန်ဆာပလာတို့မှာ ဤထက်မာကြောရ ပေမည်။ ထို့ကြောင့် အလွန်မာကြောသော သတ္တုများကို ဝေသာလီပြည်သားများ ထုတ်လုပ် အသုံးပြုနေကြပြီ ဖြစ်ကြောင်းကို သိနိုင်၏။

ဝေးလံလှသော နေရာများမှ လေးလံလှသော ကျောက်တုံးကြီးများကို သယ်ခြင်း၊ ယင်းကျောက်တုံးများကို မတ်စောက်သော တောင်ကုန်းများပေါ်သို့ သယ်နိုင်ခြင်း၊ ဝိုင်းစက် ညီညာလှသော ကျောက်လင်ပန်းများ ပြုလုပ်နိုင်ခြင်း၊ ဒင်္ဂါးများ သွန်းလုပ်နိုင်ခြင်းတို့က

http://www.dhammadownload.com



ယင်းခေတ်ဝေသာလီပြည်သားတို့တွင် စက်မှုအတတ် အတော်အသင့်ရှိ နေပြီ ဖြစ်ကြောင်း ခန့်မှန်းရပါသည်။

ကျောက်တုံးများတွင် စာများထွင်းထုနိုင်ကြသည်သာမက ကြေးခေါင်းလောင်း များ၊ ကြေးနီပြားများ အပေါ်၌ပင် စာများထွင်းထုနိုင်ကြပေပြီ။ အခြားစာရေးရန် အသုံးပြုသော ပစ္စည်းများလည်း ရှိပေလိမ့်ဦးမည်ဟု ခန့်မှန်းရပါသည်။ သက္ကဋ္ဌစာပေဖြင့် ရေးသားသော ကျောက်စာ၊ ခေါင်းလောင်းစာ၊ ကြေးနီပြားစာတို့က ဝေသာလီတွင် သက္ကဋ္ဌစာပေထွန်းကား လျက်ရှိမည်ကို ဖော်ပြသည်။ သက္ကဋ္ဌစာပေမှာ အထက်တန်း လွှာများ အသုံးပြုသော စာပေဖြစ်ရာ သက္ကဋ္ဌစာပေ ပညာရှင်များသည် လူထုသုံးစာပေ ကိုလည်း တီထွင်ကောင်း ထွင်ကြပေလိမ့်မည်။

လူအများအသုံးပြုသည့် ကျောက်လင်ပန်းများ၊ အိုးများ၊ ရွှေစလွယ်၊ လက်စွပ်၊ လက်ကောက်၊ နားဆွဲင်းများကိုလည်း ယင်းနေရာအနီးအနားတစ်ဝိုက်မှ တူးဖော်ရရှိကြသည်။

ဝေသာလီခေတ်တွင် တည်ထားခဲ့သော စေတီတိုင်းတွင် "ယေဓမ္မာဂါထာ" ထိုးထားခဲ့ပေ လိမ့်မည်။ အကြောင်းမှာ စေတီပျက်အမြောက်အမြားမှ "ယေဓမ္မာဂါထာ"ပါ ကျောက်စာငယ် အမြောက်အမြား ရရှိထား၍ဖြစ်သည်။ ယေဓမ္မာဂါထာမှာ အောက်ပါအဓိပ္ပါယ်ကို ဆောင်သည်။

"အကြင်တရားတို့တွင် အကြောင်းဖြစ်သော တရားသည်အမွန်အစဖြစ်၏။ အကြောင်း တရားနှင့် ထိုအကြောင်းတရားကြောင့် အကျိုးဖြစ်ခြင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအကြောင်း အကျိုးတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော အကြင်နိရောဓသစ္စာတရားကိုလည်း ဟောတော်မူ၏။ ကြီးမြတ်သော ရဟန်းသည် ဤသို့ အယူရှိတော်မူ၏"

ယင်းယေဓမ္မာဂါထာကို ဗုဒ္ဓဘာသာတရား၏ အဆီအနှစ်အဖြစ် လက်ကိုင်ထားသော ဗုဒ္ဓသာသနာသည် ဝေသာလီ တစ်ခေတ်လုံး ထွန်းပြောင်ခဲ့ပေသည်။ ဝေသာလီပြည်ကြီးသည် ဗုဒ္ဓသာသနာနှင့် ပတ်သက်၍ ပင်လယ်ရပ်ခြား တိုင်းပြည်များ၊ အထူးသဖြင့် သီဟိုဠ်နိုင်ငံနှင့် အဆက်အသွယ်ရှိခဲ့ပေသည်။

### သခ်ီရကို ဖလှန်ဆန်နိုင်ခြင်း

http://www.dhammadownload.com



ဝေသာလီမြို့ကြီးကို သက္ကရာဇ် ၃၅၀၊ အေဒီ သို့မဟုတ် ၃၇၀ အေဒီခန့်တွင် စတင်တည်ထောင်ခဲ့လိမ့်မည်ဟု သုတေသီဂျွန်စတင်နှင့် ဆာကာတို့က အာနန္ဒစန္ဒြကျောက်စာပါ မင်းများ၏ နန်းစံနှစ်များ၊ ယင်းမင်းများသွန်းလုပ်ခဲ့သော ဒင်္ဂါးစာများ၏ လက်ရေးလက်သားများ စသည့် အထောက်အထားများအရ ခန့်မှန်းခဲ့ကြပေသည်။ ရခိုင်ရာဇဝင်အလိုအရ ဝေသာလီမြို့သည် သက္ကရာဇ် ၇၉၄ အေဒီတွင် ပျက်စီးခဲ့ရသည်။

ဝေသာလီသည် သရေခေတ္တရာနှင့် ခေတ်ပြိုင်စည်ကားခဲ့၏။ ပုဂံခေတ်မတိုင်မီ နှစ်ပေါင်း ၆၀၀ မျှ အဆင့်အတန်း မြင့်မားသော ယဉ်ကျေးမှုထွန်းကားရာ နေရာတစ်ခုပင် ဖြစ်ပေသည်။ ယခုသော် ဝေသာလီပြည်ကြီးသည်ကား သင်္ခါရသဘောတရားကို မလွန်ဆန် နိုင်သည့်အတိုင်း ကြေပြုန်းပျက်စီးခဲ့လေပြီ။ ပျက်စီးခဲ့သည်မှာ နှစ်ပေါင်း တစ်ထောင်ကျော် ခဲ့လေပြီ။ သို့ရာတွင် ဝေသာလီပြည်သားများ၏ လက်ရာများကို ယနေ့တိုင်ပင် ကျွန်ုပ်တို့ တူးဖော်ရရှိ နေကြပေသေးသည်။

မှတ်ချက် ။ ။ အထက်တွင် ဖော်ပြခဲ့သောကျောက်စာများ၊ ကြေးနီပြားစာ၊ ခေါင်းလောင်းနှင့် ဝေသာလီဒင်္ဂါးပုံများကို ဦးစံသာအောင်ရေး "အေဒီ ခြောက်ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံး အက္ခရာ" စာအုပ်တွင် တွေ့နိုင်ပေသည်။

## အာနန္ဒစန္ဒြကျောက်စာမြန်မာပြန်

ဂါထာ ၄။ ထို့နောက် . . . . ရေမြွေသနင်း ဘုရင်မင်းမြတ်သည် အနှစ် ၁၂၀ စိုးစံ၏။

ဂါထာ ၅။ လောကဌ် နှီးမြှောက်ထောက်မှုခြင်းကိုသာ အာရုံရှုစိုက်၍ ပြုလုပ်လေ့ရှိသော (    ) မြွေသနင်းမင်းသည် အနှစ်-၁၂၀ မင်းပြု၏။

ဂါထာ ၆။ ထို့နောက် . . . . အမည်ရှိသော မင်းသည် လောက . . . . . အနှစ်-၁၂၀ တိုင်အောင် မင်းပြုလေ၏။

ဂါထာ ၇။ ထို့နောက် တစ်ဖန်ကြောက်ရွံ့ခြင်း ကင်းမဲ့၍ တည်ကြည်ပြီး ဝီရိယနှင့်ပြည့်စုံသော ဗဟုဗလီသည် အနှစ်-၁၂၀ မင်းပြုလေ၏။

http://www.dhammadownload.com



ဂါထာ ၈။ ထို့နောက် အလွန်အဆင်းလှ၍ လူမှုရေး၊ နိုင်ငံရေး ကျွမ်းကျင်သော ရယုပတိမင်းသည် အနှစ်-၁၂၀ မင်းပြုလေ၏။

ဂါထာ ၉။ . . . . . . ခွန်အားဗလ ကြီးမားသော ( ) မင်းသည် အနှစ်-၁၂၀ မင်းပြုလေ၏။

ဂါထာ ၁၀။ ထို့နောက် သူတော်စင်ဟု သမုတ်ထိုက်သော စန္ဒြောဒယ မည်သည့်မင်းသည် ၂၇-နှစ် တိုင်အောင် ထီးနန်းကို သိမ်းပိုက်၍ မင်းပြုလေ၏။

ဂါထာ ၁၁။ အဏ္ဏာဝေတမင်းသည် များစွာသော အလှူဒါနကို အထူးထူး အပြားပြားအားဖြင့် ပေးလှူကာ ဤကမ္ဘာပေါ်၌ လောကစည်းစိမ်ချမ်းသာကို ၅-နှစ်တိုင်အောင် ခံစားပြီး နတ်ပြည်သို့ ကြွမြန်းတော်မူ၏။

ဂါထာ ၁၂။ ထို့နောက် သီလမြဲခြင်း၊ ရဲရင့်ခြင်း၊ ပညာဉာဏ်ထက်မြက်ခြင်းတို့နှင့် ပြည့်စုံသော မြင့်မြတ်သည့် . . . . မင်းသည် နှစ်ပေါင်း ၇၇-နှစ်တိုင်အောင် မင်းပြုလေ၏။

ဂါထာ ၁၃။ ထို့နောက် ရိဘျပွေါ်မင်းသည် အလှူဒါနများစွာပြုလျက် ဘုန်းကံကြောင့် ၂၃-နှစ်တိုင်အောင် မင်းအဖြစ် စိုးမိုးအုပ်ချုပ်လေသည်။

ဂါထာ ၁၄။ ထို့နောက် ကူဝေရာမီဒေဝီမိဖုရားသည် ဒါန၊ သီလ၊ . . . . . . ၊ ထို့နောက် ရန်သူအပေါင်း ကင်းရှင်းသော တိုင်းပြည်ကို ၇-နှစ်တိုင် မင်းပြုလေ၏။

ဂါထာ ၁၅။ ယင်းနောက် ရာဇပရိယာယ်အရာ၌ လိမ္မာကျွမ်းကျင်၍ ဘုန်းတန်းခိုးကြီးမားသော မိဖုရား၏ ကြင်ယာတော် ( ) ဥမဝိရာမင်းသည် နှစ်ပေါင်း -၂၀ တိုင်အောင် မင်းစည်းစိမ်ကို ခံစားလေသည်။

ဂါထာ ၁၆။ ထို့နောက် သတ္တဝါအပေါင်းတို့၏ အစီးအပွားအကျိုးငှာ ပြုလုပ်ဆောင်ရွက်သော ဇဠ္ဌမင်းသည် မင်းအဖြစ်၌ ၇-နှစ်တိုင် မြဲစွာတည်ရှိလေ၏။

ဂါထာ ၁၇။ ထို့နောက် လကီအမည်ရှိသော မင်းသည် ၂-နှစ် မင်းပြု၏။ ရဲစွမ်းသတ္တိရှိသော ထိုမင်းသည် အချိန်တန်သော် နတ်ပြည်သို့လားလေ၏။

http://www.dhammadownload.com



ဂါထာ ၁၈။ မင်းမျိုးအနွယ်တော်ကို တည်ထောင်ခဲ့ကြသည် မင်းတို့၏ နန်းစံနှစ် အရေအတွက်ကို ဤနေရာ၌ ပြဆိုအပ်၏။ ဤမင်းများ၏ နန်းစံနှစ်ပေါင်းသည် ကောန်အမှန်ပင် နှစ်ပေါင်း ၁၀၁၆( ၁၀၁၆)ဖြစ်၏။

ဂါထာ ၁၉။ ယင်းတို့ပြီးနောက် နောင်ကာလ၌ ကုသိုလ်ကောင်းမှုပြုခြင်း၊ ဉစ္စာပေါခြင်း၊ ခွန်အား ဗလ ဘုန်းတန်းခိုးကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတို့နှင့် ပြည့်စုံသော ဒွေစန္ဒြအမည် ရှိသော ပညာရှိမင်းသည် မင်းတကာ့မင်းဖြစ်လာ၏။

ဂါထာ ၂၀။ ဘုန်းလက်ရုံးနှင့်ပြည့်စုံသော ဘုရင်မင်းမြတ်သည် တရာ့တစ်ပါးသော မင်းအပေါင်းတို့ကို အောင်မြင်ပြီး၍ အထူးထူးသော မြို့ရိုး၊ တံတိုင်၊ ကျုံးတို့နှင့် တန်ဆာဆင်သော မြို့တော်ကို တည်ဆောက်ခဲ့သည်။

ဂါထာ ၂၁။ နတ်ပြည်၏ လှပတင့်တယ်ခြင်းကိုပင် ပျက်ရယ်ပြုနိုင်လောက်အောင် လှပတင့်တယ်သောမြို့တော်ကို တည်ဆောက်စေပြီး၍ ကျော်စောခြင်းနှင့် ပြည့်စုံသော ထိုမင်းသည် ၅၅-နှစ်တိုင်အောင် မင်းပြုလေ၏။

ဂါထာ ၂၂။ ထို့နောက် ဘုန်းကျက်သရေရှိသည့် ရာဇစန္ဒြမင်းသည် အနှစ်-၂၀နှစ်တိုင်အောင် မင်းပြုလေ၏။ ဤသို့ နတ်တို့၏ စည်းစိမ်တမျှသော စည်းစိမ်ချမ်းသာကို ခံစားပြီး၍ ကမ္ဘာလောက၏ အရှင်သခင်မင်းကြီးသည် နတ်ပြည်သို့ ကြွမြန်းလေ၏။

ဂါထာ ၂၃။ ထို့နောက် ဘုန်းတန်ခိုးကြီးမားသော ကာလစန္ဒြမင်းသည် ၉-နှစ်တိုင်အောင် နန်းစံ၏။ နိုင်ငံရေး၊ လူမှုရေးတို့၌ အလွန်ကျွမ်းကျင်သော ထိုမင်းသည် ကျော်စောခြင်းတည်းဟူသော ပန်းကုံးကို သီကုံးပြီး နတ်ပြည်သို့ ကြွမြန်းတော်မူလေ၏။

ဂါထာ ၂၄။ ကမ္ဘာလောက၏ အရှင်ဒေဝစန္ဒြမင်းသည် နတ်တို့၏ အရှင်သခင် သိကြားမင်းကဲ့သို့တည်း။ ထို့နောက် (ထိုမင်းသည်) ၂၂-နှစ်တိုင်အောင် မင်းပြုပြီး၍ စင်စစ်လျှင် နတ်စည်းစိမ်ကို ခံစားတော်မူ၏။

ဂါထာ ၂၅။ ထို့နောက် ယဇ္ဇစန္ဒြမင်းသည် ၇-နှစ်တိုင် နန်းစံသည်ဟု ကြေညာအပ်၏။ ထို့နောက် စန္ဒြဗန္ဓုမင်းသည် လောက၌၆-နှစ်တိုင်အောင် မင်းစည်းစိမ်ကို ခံစားလေ၏။

http://www.dhammadownload.com



ဂါထာ ၂၆။ ထို့နောက် ကမ္ဘာမြေပြင်အထက်၌ ပေးထွန်းသော လမင်းကဲ့သို့ ဘူမိစန္ဒြမည်သော အခြားမင်းတစ်ပါးသည် ကုသိုလ်ကောင်းမှုကြောင့် ၇-တိုင်အောင် မင်းအဖြစ် အုပ်ချုပ်လေ၏။

ဂါထာ ၂၇။ နိုင်ငံရေး၊ လူမှုရေးတို့၌ ကျွမ်းကျင်သော ဘူတိစန္ဒြမင်းသည် ၂၄-နှစ်တိုင်အောင် မင်းစည်းစိမ်ကို ခံစားပြီး နောက် နတ်ပြည်ချမ်းသာကို ခံစားရန် ကြွမြန်းတော်မူလေ၏။

ဂါထာ ၂၈။ ထို့နောက် ခိုက်ရန်ဖြစ်ခြင်းကို ရာဇပရိယာယ်ဖြင့် ပယ်ဖျောက်နိုင်သည့် ထင်ရှားကျော်ကြားသော နီတိစန္ဒြမင်း သည် မဟာေန္ဒြမင်း (သိကြားမင်း) နည်းတူ (လူ့ပြည်၌) ၅၅-နှစ်တိုင်အောင် မင်းဖြစ်လေ၏။

ဂါထာ ၂၉။ ထို့နောက် လူတို့၏ အရှင်သခင် ဝီယစန္ဒြသည် ၃-နှစ်တိုင်အောင် မင်းပြု၏။ ယင်းနောက် ကမ္ဘာလောက၏ အရှင်သခင် ပြီတိစန္ဒြသည် ၁၂-နှစ်တိုင်အောင် မင်းပြုလေ၏။

ဂါထာ ၃၀။ ထို့နောက် တရားတော်ကို အမြဲလိုက်နာကျင့်သုံးလေ့ရှိသော ပ္ပထ္ဝီစန္ဒြမင်းသည် မင်း စည်းစိမ်ကို ၇-နှစ်တိုင် အောင် ကောင်းစွာခံစားလေ၏။

ဂါထာ ၃၁။ ထို့နောက်ဓ္ဓတိစန္ဒြမည်သော မင်းသည် ကမ္ဘာလောက၏ တည်ငြိမ်ခြင်းကို လုပ်ဆောင်၍ လူအပေါင်းကို ၃-နှစ်တိုင်အောင် ကာကွယ်စောင့်ရှောက်ပြီး နတ်ပြည်သို့ ကြွမြန်းလေ၏။

ဂါထာ ၃၂။ သီဝနတ်မင်းအနွယ်မှ ဆင်းသက်ခဲ့ကြသော အလွန်မွေ့လျော်ဖွယ်ရှိသည့် လမင်းကဲ့သို့ ဤလူပြည့်၌ ကျော်စောခြင်းရှိ၍ စန္ဒြဘွဲ့ခံကာ မင်းစည်းစိမ်ချမ်းသာကို တင့်တယ်စွာ ခံစားခဲ့ကြသော မင်း၁၆-ပါးတို့၏ နန်းစံနှစ်ပေါင်းကို ရေတွက်သော် နှစ်-၂၃၀ကေန် အမှန်ပင် ဖြစ်ရာ၏။

ဂါထာ ၃၃။ ထို့နောက် ပူရေပိုရမှ လူတို့၏အရှင် မင်းမဟာပိရသည် ထိုအခါ၌ တရားတော်နှင့် အညီ ၁၂-နှစ်တိုင်အောင် မင်းပြုလေ၏။

http://www.dhammadownload.com



ဂါထာ ၃၄။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော ရေမြေသေဌ်နင်း ဖြယဇ္ဇပ်မည်သော ထိုမင်းသည် မင်းစည်းစိမ်ကို ၁၂-နှစ်တိုင်အောင် ခံစားပြီးသော် နတ်ပြည်စည်းစိမ်ချမ်းသာကို ခံစားလေ၏။

ဂါထာ ၃၅။ ထို့နောက် သေဝိရော်မင်းသည် ၁၂-နှစ်တိုင်အောင် မင်းပြုခဲ့သည်ဟု မှတ်သားအပ်၏။ မာဝုကကိုသုတ်သင်ခဲ့သော ထိုမင်းသည် မင်းစည်းစိမ်ချမ်းသာကို ခံစားလေ၏။

ဂါထာ ၃၆။ ထို့နောက် ဓမဂ္ဂမင်းသည် တရားဓမ္မနှင့်အညီ ကမ္ဘာမြေကြီးကို စောင့်ရှောက်ခဲ့၏။ ဘုန်းတန်ခိုးကြီးမားသောမင်းသည် ၁၃-နှစ်ပြည့်သောအခါ နတ်ပြည်သို့ ကြွမြန်းတော်မူ၏။

ဂါထာ ၃၇။ ထိုနောက် နတ်တို့၏အနွယ်မှ ဆင်းသက်လာခဲ့သော စဩဂတ္တိမင်းသည် ဘာသာတရားကို ဆည်းကပ်ခြင်း၊ ကိုးကွယ်ခြင်း၊ သက်ဝင်ယုံကြည်ခြင်းတို့ကြောင့် မင်းအပေါင်းတို့တွင် သိကြားမင်းကဲ့သို့ ထင်ရှားကျော်ကြားလေ၏။

ဂါထာ ၃၈။ ဒါန၊ သီလ စသည်တို့နှင့် ပြည့်စုံလျက် ကမ္ဘာလောကတစ်ခုလုံးကို ၁၆-နှစ်တိုင် စောင့်ရှောက်အုပ်ချုပ်ပြီး၍ ထိုမင်းသည် နတ်ပြည်သို့ လားလေ၏။

ဂါထာ ၃၉။ ထို့နောက် ဘုန်းကျက်သရေ တရားဓမ္မအောင်မြင်ခြင်း ဂုဏ်တို့နှင့်ပြည့်စုံပြီး လူတို့အား ချီးမြှောက်ထောက်ပံ့မှုကိုသာ အာရုံစူးစိုက်ပြုလေ့ရှိသော တည်ကြည်ရဲရင့်သည့် ဂြိဓမဝိဇယမင်းသည် မင်းဖြစ်လေ၏။

ဂါထာ ၄၀။ (ထိုမင်းသည်) တရားဓမ္မ၊ နိုင်ငံရေးကျွမ်းကျင်မှု၊ အောင်မြင်ခြင်းဂုဏ်တို့ကြောင့်ပင် ၃၆-နှစ်တိုင်အောင် မင်းစည်းစိမ်ကို ခံစားပြီး၍ ရတနာသုံးပါးကို အစဉ်အောက်မေ့ ခြင်း၊ ကုသိုလ်နှင့်ယှဉ်သောကြောင့် တုသိတာ နတ်ပြည်သို့ ကြွမြန်းလေ၏။

ဂါထာ ၄၁။ ထိုမင်း၏ သားဖြစ်သူ သူတော်ကောင်း ပုဂ္ဂိုလ်ဖြစ်သော နရေန္ဒြဝိဇယမင်းသည်လည်း ၂-နှစ် နှင့် ၉-လ တိုင် မင်းစည်းစိမ်ကို ခံစားလေ၏။

http://www.dhammadownload.com



ဂါထာ ၄၂။ သိဝနတ်မင်း၏ အနွယ်တော်ဖြစ်ပြီး ရန်သူအပေါင်းကို အောင်နိုင်၍ သတ္တိ၃-ပါး (အစိုးရခြင်း၊ လမ်းညွှန်ခြင်း၊ စွန့်စားတတ်ခြင်း)၌ ချစ်ခင်တပ်မက်ယုံကြည်သဖြင့် ကြီးမားသော ဘုန်းတန်ခိုးကို ရရှိသော အကြင်ဝဇြဂတ္တိ ၏သားဘုန်းကျက်သရေ နှင့် ပြည့်စုံသော လူတို့၏အရှင်သူရဲကောင်း ဓမ္မစန္ဒြမင်းသည် လမင်းသဖွယ် တင့်တယ်၍ တန်ခိုးအာနုဘော်ကြီးမားခြင်း၌ ထင်ရှားကျော်စောစေ၏။

ဂါထာ ၄၃။ ဘုန်းကျက်သရေရှိသည့် ထိုမင်းသည် ၁၆-နှစ်တိုင်အောင် မင်းစည်းစိမ်ကို ခံစားခဲ့သော ထူးမြတ်သော သားတော်အား အရိုက်အရာကို လွှဲအပ်ခဲ့ပြီးနောက် နတ်ပြည်သို့ ကြွမြန်းသွားလေ၏။

ဂါထာ ၄၄။ ထိုမင်း၏သားတော်သည် ကျော်စောခြင်းနှင့် ပြည့်စုံ၏။ ညီညွတ်ခစားကြသော မင်းတို့၏ မကိုဋ်သရဖူရှိ ရတနာပန်းကုံးတို့မှ ထွက်ပေါ်လာသော တောက်ပြောင်သည့် ကျောက်မျက်ရတနာရောင်တို့ကြောင့် စက်တော်အစုံ ကြာပဒုံသည် နီမြန်းနေ ၏။ အာနန္ဒစန္ဒြမင်းသည် ကမ္ဘာလောက၌ တစ်ခုတည်းသော ကျော်စောခြင်းဖြင့် အလွန်ထင်ပေါ်ကျော်ကြားပြီး လူတိုင်း၏နှစ်လိုခြင်းကိုခံရ၏။ ရန်သူအမိုက် အမှောင်ကို ဖြိုခွင်းအောင်မြင်၏။ တန်းခိုးကြီး၏။

ဂါထာ ၄၅။ ထိုမင်းသည် အလှူပေးခြင်း၌ ကရဏမင်းနှင့်တူ၏။ သစ္စာတရားကို မြဲမြံစွာစောင့်ထိန်းရာ၌လည်း ယုဓိဠိ ရမင်းနှင့်တူ၏။ ရုပ်အဆင်းအားဖြင့် ပြဒျုမ္န (ကာမနတ်မင်း) ကဲ့သို့ပင် တင့်တယ်၏။ ဘုန်းတန်ခိုးအာနုဘော် ကြီးရာ၌ ကမ္ဘာ မြေပေါ်တွင် နေမင်းကဲ့သို့ပင် ဖြစ်၏။

ဂါထာ ၄၆။ အများအကျိုးအတွက် အားထုတ်လိုစိတ်ရှိသော မင်းတကာ့မင်းသည် သတ္တဝါအပေါင်းတို့၏ ကောင်းကျိုး အကျင့်ကိုသိမြင်၍ အသိဉာဏ်ပွင့်လင်းစေရန်နှင့် နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် ပြုလုပ်သော ကုသိုလ်ကောင်းမှုများ ပွားများစေရန် အလိုရှိသဖြင့် မင်းဖြစ်သည့် ပထမနှစ်မှစ၍ နဝမနှစ်မြောက်သည်အထိ မိမိ၏ ဥစ္စာဖြင့် ကိုယ်တိုင်ပြုလုပ်သော ကောင်းမှု၊ သူတစ်ပါးတို့အား ပြုလုပ်စေ၍ အနုမောဒနာ ခေါ်တော်မူအပ်သော ကောင်းမှုတို့ကို ပြဆိုအပ်ပေသည်။

http://www.dhammadownload.com



ဂါထာ ၄၇။ ကျွန်ယောက်ျား၊ ကျွန်မိန်းမ၊ လယ်၊ မြေ၊ နွား၊ ကျွဲ တို့နှင့်တကွ ပြည့်စုံသော အာနန္ဒောဒယအမည်ရှိသော ကျောင်းတော်များစွာကို ဆောက်လုပ်စေအပ်ပြီ။

ဂါထာ ၄၈။ ရွှေ၊ ငွေတို့ဖြင့် ပြုလုပ်အပ်သော ဘုရား၊ ဘုရားလောင်းနှင့် စုန္ဒမထေရ်စသော တန်ခိုးကြီးရဟန္တာများ၏ ဆင်းတုတော်များကိုလည်းကောင်း၊ ဓာတ်တော် မွေတော်များကိုလည်းကောင်း ဌာပနာ၍ စေတီပုထိုးများကို မိမိစွမ်းအားရှိ သလောက် ပြုလုပ်တည်ဆောက်အပ်ပြီ။

ဂါထာ ၄၉။ မြတ်စွာဘုရား၏ ဆင်းတုတော်များကို ကြေးဝါ၊ ကြေးဖြူ၊ ကြေးနီများဖြင့် အလေးချိန်အရေအတွက် ပမာဏအားဖြင့် (မှန်ကန်စွာ) ပြုလုပ်စေအပ်ပြီ။

ဂါထာ ၅၀။ ပြီးနောက် ကောင်းစွာဆေးရေးစီချယ်အပ်သော အလွန်လှပတင့်တယ် (သပ္ပယ်) သည် မြတ်စွာဘုရား၏ ဆင်းတုတော်ရုပ်ပွားတော်များကို သစ်သား၊ ရွှံ့ (အင်္ဂတေ) ကျောက်တို့ဖြင့် မြောက်မြားစွာပြုလုပ်စေအပ်ပြီ။

ဂါထာ ၅၁။ ရွှံ့ဖြင့် ပြုလုပ်မီးဖုတ်ထားသော ဆင်းတုရုပ်ပွားတော် မြောက်မြားစွာတို့ကို ပြုလုပ် စေအပ်ပြီ။ စေတီပုထိုး မြောက်မြားစွာတို့ကိုလည်း တည်ဆောက်အပ်ပြီ။ သူတော် ကောင်းတရားဆိုင်ရာ ကျမ်းဂန်များကို အမြောက်အမြား ရေးကူးစေအပ်ပြီ။

ဂါထာ ၅၂။ မင်းကြီးသည် ဘုန်းကျက်သရေရှိလှသည့် ဓာတ်တော်၊ မွေတော်များကို အမြဲတစေ ပူဇော်ရန်အလို့ငှာ ကောင်းမြတ်သည့် ကျောက်မျက်ရတနာတို့ဖြင့် စီချယ်ထား အပ်သော ရွှေကြာပန်း၊ ငွေကြာပန်းများစွာတို့ကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပူဇော်အပ်ပြီ။

ဂါထာ ၅၃။ မင်းကြီးသည် သူတော်ကောင်းတရားများကို စွဲမြဲနှစ်သက်သဖြင့် အလွန် စင်ကြယ်သောစိတ်ဖြင့် သူတော် ကောင်းတရားများကို ပူဇော်ခြင်းငှာ မြေယာများ ကို နေစဉ်နေ့တိုင်း ရွှင်လန်းဝမ်းမြောက်စွာ ပေးလှူအပ်ပြီ။ အားလုံးသော လူအပေါင်းတို့ကလည်း သာဓု အနုမောဒနာခေါ်အပ်ပြီ။

ဂါထာ ၅၄။ အရပ်ရှစ်မျက်နှာမှ ကြွရောက်လာကြသော ရဟန်းတော်များအား ရိုသေလေးမြတ် သဖြင့် ကြေးသပိတ်များနှင့် ကောင်းမွန်သောပိုးထည်သင်္ကန်းများကို ပေးလှူ အပ်ပြီ။

http://www.dhammadownload.com



ဂါထာ ၅၅။ "အကျွန်ုပ်၏ ဒါနပါရမီသည် သတ္တဝါတို့အပေါ်၌ မချို့တဲ့စေသတည်း" ထို့ကြောင့် သတ္တဝါအားလုံး၏ အကျိုးစီးပွားကို အလိုရှိသည်ဖြစ်၍ ဗုဒ္ဓဘာသာဝင် ဥပါသကာ တစ်ဦးဖြစ်သော်လည်း -

ဂါထာ ၅၆။ ပြာဟ္မဏပုဏ္ဏား ၅၀ တို့ နေထိုင်ရန်အတွက် မြေယာကျေးကျွန်များနှင့်တကွ တူရိယာများ တီးမှုတ်သူများ ပြည့်စုံစွာပါဝင်သော ကျောင်းကြီး ၄-ကျောင်းကို ဆောက်လုပ်စေအပ်ပြီ။

ဂါထာ ၅၇။ ပြဟ္မဏပုဏ္ဏားနေထိုင်ရာ သောမတိထအရပ်တွင် အာနန္ဒမာဓဝ အမည်ရှိ ကျောင်းကို လည်းကောင်း၊ နော်လက္ကဟူ၍ အမည်လည်းရှိသောနေရပ်တွင် အာနန္ဒေကွရမည် သော ကျောင်းကိုလည်းကောင်း (ဆောက်လုပ်လှူဒါန်းသည်ဟု) အောက်မေ့ မှတ်သားအပ်၏။

ဂါထာ ၅၈။ ရှေးယခင်က ဒေါမယဟု အမည်တွင်ခဲ့သော ပီလက္ကစဒုကုဟုခေါ် သည့်အရပ်၌ အထူးထူးအပြားပြားသော ကျောင်းအာရမ်များ၊ တန်တားနှင့် စကြိံလမ်းအစုံစုံကို ဆောက်လုပ်စေအပ်ပြီ။

ဂါထာ ၅၉။ စည်းဝေးခန်းမကြီး၌ နေ့စဉ်နေ့တိုင်း စည်းဝေးခြင်းကို အမြဲပြုလုပ်အပ်သည်။ အလွန်လျှင် သတ်ထိုက်သော (သေဒဏ်ပေးထိုက်သော) သတ္တဝါတို့ကိုလည်း သနားကြင်နာသဖြင့် အမြဲလွှတ်အပ်ပြီ။

ဂါထာ ၆၀။ ဥကက်မဂက်ချဝါရဟု အမည်တွင်သော အရပ်နှင့်ဘူရောကနော်လက္ကလဝါရဟု ခေါ်သည့် အရပ်တို့၌ မင်းကြီးသည် နှစ်သက်ဖွယ်ကောင်းသော ပဏ္ဏိုဂ်နှင့် သောမာ သံဃဟု ခေါ်ဝေါ်သည့် ရေကန်များကို တူးဖော်အပ်ပြီ။

ဂါထာ ၆၁။ ပညာရှိသော ထိုမင်းကြီးသည် ရှေးမင်းများ တည်ဆောက်ခဲ့၍ ယခုပျက်စီးနေ သော နတ်ကွန်းများနှင့် ဘာသာရေးဆိုင်ရာ အဓိကနေရာများကို အလုံးစုံအသစ် တစ်ဖန် ပြုပြင်ပြီးမြောက်စေအပ်ပြီ။

ဂါထာ ၆၂။ ဂိလာမေယမင်း၏ တိုင်းပြည်ရှိ အရိယာ ရဟန်းသံဃာများထံသို့ တရားပလ္လင်၊ ကောင်းမြတ်သော ဆင်မယဉ်သာ တစ်ကောင်နှင့် ပိုးသက်န်းတို့ကို ပို့လွှတ်လှူ တော်မူအပ်ပြီ။

http://www.dhammadownload.com



ဂါထာ ၆၃။ နတ်မျိုးနွယ်တို့မှ ဆင်းသက်ခဲ့သော ထိုမင်းကြီး၏ ကျော်ကြားသည့် ရဲရင့်ခြင်းဂုဏ်၊ ဘာသာတရားနှင့် ကျော်စောခြင်းတို့ကို နှစ်သက်သဖြင့် ရှိသေလေးမြတ်စွာ ဦးညွတ်သော ဘုန်းကျက်သရေရှိသည့် တာမြပတ္တနပြည့်ရှင်မင်းက မိမိ၏ သမီးတော် စန္ဒာကို အလွန်ရိုသေစွာဖြင့် (အာနန္ဒစန္ဒြမင်း)အား ဆက်သအပ်ပြီ။

ဂါထာ ၆၄။ ဘုန်းကျက်သရေရှိသည့် တရားသဖြင့် အုပ်စိုးသောမင်းတို့၏ အမျိုးအနွယ်မှ ဆင်းသက်သော အာနန္ဒမင်းကြီး၏ "တရားသဘော၊ အကျိုးစီးပွားနှင့် ယှဉ်အပ်သော၊ ရဲရင့်ခြင်း (မြတ်သော)၊ အမျိုးအနွယ်၊ ပေးကပ်စွန့်ကြဲခြင်း စသည့်ဂုဏ်တို့နှင့် လွှမ်းမိုးနေသည်လည်းဖြစ်သော" အမိန့်တော်စကားကို ကြားနာရလေသော် (သဖြင့်)-

ဂါထာ ၆၅။ ရိုသေကျိုးနွံစွာဖြင့် (အာနန္ဒစန္ဒြမင်း၏) အမိန့်တော်ကို နာခံလေ့ရှိသော (အာနန္ဒစန္ဒြမင်း၏) မိတ်ဆွေကောင်းအဖြစ်သို့ ရောက်ရှိလာသော ဂဝ-န္ဒြ မျိုးနွယ်မှ ဆင်းသက်ခဲ့သော ဘုန်းတန်ခိုးကြီးမားသော ဘုန်းကျက်သရေနှင့် ပြည့်စုံသော "မနောဓိရ" မင်းသည် -

ဂါထာ ၆၆။ ဂြိပတ္တန (ဂြိတာမြပတ္တန) အမည်ရှိ မိမိ၏မြို့တော်နှင့် သက်ဆိုင်သည့် နယ်မြေအတွင်း၌ ရေတွင်းနှင့်ကျောင်းကို အလျှင်အမြန် ပြုလုပ်စေပြီးလျှင် မိန်းမများ၏ ရတနာဖြစ်သော မိမိ၏သမီးတော် စန္ဒာကို အတုမရှိသော ဥစ္စာရတနာများနှင့် တကွ အလွန်ရိုသေမြတ်နိုးစွာဖြင့် ဤအရပ်သို့ (အာနန္ဒစန္ဒြမင်းထံသို့) ပို့လွှတ် ဆက်သအပ်ပြီတည်း။

အာနန္ဒစန္ဒြကျောက်စာနှင့်ပတ်သက်၍ သုတေသီတို့၏အမြင်ကို အခန်း (၈)တွင် ဖော်ပြထားပါသည်။

## ဝေသာလီကျောက်လှေကားမြို့တော် စန္ဒြမင်းစဉ်မင်းဆက် မြို့တော်တည် ပြည့်ရှင်မင်း

ရာဇဝင်ပါ မဟာစန္ဒရား (ကျောက်စာအရ ဒွေင်စန္ဒြ)မင်းနှင့် မိဖုရားကြီး သုပဘာဒေဝီတို့က သာသနာသက္ကရာဇ်-၈၅၆၊ ခရစ်အေဒီ-၃၆၄၊ ရခိုင်ကောဇာ-၂၇၇ခုတွင် ဝေသာလီကျောက်

http://www.dhammadownload.com



လှေကားမြို့တော်သစ်အား စတင်တည်ထောင်ကာ ၅၅-နှစ်တိုင် စည်းစိမ်ကို ခံစားခဲ့ကြသည်။ ၎င်းတို့၌ သားတော်နန်းလျာ ရာဇစန္ဒြနှင့် သမီးတော်စောနန္ဒီနှစ်ပါး ထွန်းကားခဲ့ပါသည်။

ခရစ်တော် မဖွားမီ ဘီစီ-၃၂၈၇ မာရယုမင်း တည်ထောင်ရင်းဖြစ်သော ဓညဝတီ မြို့တော်ကြီးမှာ အောက်တွင် ဖော်ပြပါအတိုင်း နှစ်ပေါင်း-၃၆၅၁ နှစ်မျှအဓွန့်ရှည်ကြာမြင့်နေပြီး ဖြစ်သဖြင့် တိုးတက်လာသည့် လူမှုရေး၊ စီးပွားရေး၊ ခေတ် လိုအပ်ချက်များဖြင့် ကိုက်ညီလျော်ကန်မှု မရှိတော့၍ မြို့သက်ကုန်ပြီဟု ထင်မြင်ယူဆကာ အိုမင်းယိုယွင်းနေသော မြို့တော်ကို အပြီးပိုင်စွန့်ခွာ ပစ်ပယ်ခဲ့ကြသည်။ ထို့နောက်တောင်ဘက် (၁၃)မိုင်ခန့် ကွာဝေးသော ဓညဝတီခေတ် မတိုင်မီက အဥ္စနဒေဝီနှင့် ဗြဟ္မဏရာဇာမင်း တည် ထောင်ပြုသည့် ပထမဝေသာလီ မြို့ဟောင်းနေရာ၌ပင် မြို့သစ် "ဝေသာလီကျောက်လှေကား" မြို့ကို ဒွေ့င်စန္ဒြမင်းက တည်ထောင်ပြီး ထီးနန်းစိုက်ထူ ပြောင်းရွှေ့စံ တော်မူသည်။ နန်းတက်ပြီး (၁)နှစ်ခန့်တွင် ဖြစ်သည်။

ဒွေ့င်စန္ဒြနောက်ဝယ်မှ တက်လာသော မင်းစဉ်မင်းဆက်နွယ်ဝင် အများစုက မိမိတို့ အမည် နာမတွင် မဟာစန္ဒြ (ဒွေ့င်စန္ဒြ) မင်းအမည် တစ်စိတ်တစ်ဒေသဖြစ်သည့် "စန္ဒြ" ဝေါဟာရကို နန်းတက်အဘိသေက ဘွဲ့အမည်၌ ထည့်သွင်းမှဲ့ခေါ် ခဲ့ကြခြင်းကြောင့် (ယခင် စန္ဒသူရိယ၏ "သူရိယ"မင်းစဉ်မင်းဆက်မှာကဲ့သို့) ဒွေ့င်စန္ဒြနွယ်ဝင် မင်းဆက်အား "စန္ဒြ"မင်းဆက် ဟု ခေါ် ဝေါ် သမုတ်ခဲ့ကြပါသည်။

ဒွေ့င်စန္ဒြမင်းမှာ တတိယဓညဝတီ စန္ဒာသူရိယ (သူရိယခေတ်)၏ နောက်ဆုံးစွန် ၂၅-ဆက်မြောက် သူရိယကေတုမင်းနှင့် တူမရင်းချာ သုဘာသီမိဖုရားကြီးတို့မှ မွေးဖွားသော သားဦး ရတနာမင်းသားဖြစ်၍ "သူရိယ" နွယ်ဝင် သကျသာကီမျိုးရိုး မင်းတစ်ပါးဖြစ်ပါသည်။ ညမြေလျှင် ကြီးစွာတုန်လှုပ်သောအခါ၌ မွေးဖွားခဲ့ခြင်းကြောင့် သမာရိုးကျ မိမိတို့အစဉ်အလာအတိုင်း "သူရိယ" အား အမည်နာမတွင် ထည့်သွင်းခြင်း မပြုဘဲ စန္ဒာသူရိယ၏ "စန္ဒ" အစိတ်အပိုင်းကိုသာယူပြီး "ဒွေ့င်စန္ဒြ" (မဟာတိုင်း စန္ဒြ)ဟု မိဘနှစ်ပါးက မှဲ့ခေါ် ခဲ့ကြသဖြင့် ရိုးရာဓလေ့ပြောင်းလဲသွားကြောင်း ရာဇဝင် အရေးအသား၌ တွေ့ရှိရပါသည်။

http://www.dhammadownload.com



## ရခိုင်ရာဇဝင်ပါခေတ် သက္ကရာဇ်များနှင့် အသောကမင်း နန်းတက်သာသနာ၊ ခရစ်ဘီစီအရ ပြုစုထားသည့် ခုနှစ်များ နှိုင်းယှဉ်ချက်

စုစုပေါင်း - ဝေသာလီခေတ် - ၄၉၂ နှစ် (ရာဇဝင်) ၄၅၄ နှစ်

ကွာဟချက် အေဒီတွင် (-) ၃၈ နှစ်

ဦးအောင်သာဦး၊ ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်းဘက်၌ ဘီစီနှစ်တွင် (+) ၃၈ နှစ်နှင့် အေဒီဘက်၌ (-)၃၈ နှစ် အသောကမင်း ကိန်းတွက်ပုံတွက်နည်းမှ သိသိသာသာ ကွာခြားနေသည်ကို တွေ့ရပါသည်။ ဤကဲ့သို့ ဖြစ်ခဲ့ရခြင်းအကြောင်းရင်းမှာလည်း အောက်ပါကွာခြားချက်ကြောင့် ဖြစ်ပါ သည်။

အာသောက နန်းတက် သာသနာ - ၂၁၈ = ဘီစီ - ၂၇၄

သူရိယစက္က တတိယဥေဒဝတီဆက် ၂၁၄ = ဘီစီ - ၃၁၆ (ရခိုင်ရာဇဝင်)

ဘီစီ - ၃၁၆(-) ၂၇၄ = (+) ၃၈ နှစ် ကွာခြားနေခြင်းမှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဝင် ပါဠိလိပုဒ်၊ မဂဓ (မောရိယပြည်ထောင် ကေရာဇ်)မင်းမှာ ဗုဒ္ဓပရိနိဗ္ဗာန်ဝင်စံပြီး ၂၁၈-သာသနာသက္ကရာဇ်တွင် နန်းတက်တော်မူပြီးကြောင်း အခိုင်အမာ ပြဆိုထားပါသည်။ ခိုင်မာသည့် အရှေ့တောင်အာရှ (ဥရောပ၊ ခေါ်မနှင့် အိန္ဒိယ) ရာဇဝင်သုတေသီများကလည်း အသောက နန်းတက်နှစ်မှာ ဘီစီ-၂၇၃၊၂၇၄ ဟု သုတေသနများစွာ ပြုလုပ်ပြီးမှ အတည်ယူသတ်မှတ်ထား သည်ဖြစ်၍ အသောကနှင့်အနီးစပ်ဆုံး တတိယဥေဒဝတီခေတ်မှ ခြောက်ဆက်မြောက် သူရိယ စက္ကမင်း နန်းတက်သာသနာ ၂၁၄ နှစ်ဖြစ်ကာ အသောကနန်းစံ ၃၇-နှစ်တာ ထီးပြိုင်နန်းပြိုင် မင်းနှစ်ပါးဖြစ်ပါ၍ သူရိယစက္က ခရစ်သက္ကရာဇ်အား အသောကကိန်းမှာပင် အောက်ဖော်ပြပါ အတိုင်း တွက်ချက် ယူခဲ့ပါသည်။

ထိုကဲ့သို့ တွက်ချက်ယူရခြင်းမှာလည်း ခေါ်မဘုရင် "အလက်စန္ဒာ" (ခေါ်မ) စစ်ကေရာဇ်။ အိန္ဒိယ ပါဋ္ဌလိပုတ် မဂဓ၊ (မောရိယကေရာဇ်) (သီရိဓမ္မာသောက) မင်းများကဲ့သို့ ကမ္ဘာကျော် လူသိများပြီး သုတေသနများစွာပြုလုပ်ခဲ့ကာ ကမ္ဘာ့သမိုင်းသုတေသီကြီးများက အတည်ပြု

http://www.dhammadownload.com



သတ်မှတ်ထားသော ခရစ်သက္ကရာဇ် လုံးဝမရှိ၍ဖြစ်ပါသည်။ သူရိယစက္က၊ ဧညဝတီသူရိယခေတ် ခြောက်ဆက် မြောက်မင်းမှာ အိန္ဒိယပါဋလိပုတ် အသောကမင်းနှင့် နန်းတက်သာသနာ သက္ကရာဇ် အားဖြင့် ၄-နှစ်သာ ကွာပြီး ၄င်းဖြင့် ၃၇-နှစ်မျှ ထီးပြိုင်နန်းပြိုင် စံစားခဲ့ကာ "အသောက" လွန်ပြီးနောက်တွင်မှ အနိစ္စရောက်ခဲ့ပါသည်။

ဗုဒ္ဓဘာသာ အယူဝါဒများအား လက်ခံကျင့်သုံးကြသည့် နိုင်ငံများ၌ ဗုဒ္ဓဂေါတမ မြတ်စွာဘုရား၏ သာသာနာသက္ကရာဇ်ထက် အဖြတ်အတောက်လုံးဝမရှိ၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုသည်မှ ယနေ့ယခုထက်တိုင် တိကျမှန်ကန်သည့် သက္ကရာဇ်မရှိချေ။ ကမ္ဘာတဝှမ်း လက်ခံအသုံးပြုသည့် စံချိန်စံညွှန်းဖြစ်သော ခရစ်တော်သက္ကရာဇ်မှာလည်း ယင်းကဲ့သို့ပင် ဖြစ်ပါသည်။ ၄င်းအား လုံးဝပြုပြင်ပြောင်းလဲချက် မပြုလုပ်ကြဘဲ သုံးစွဲနေကြပါသည်။ ခရစ်သက်တော် ဘီစီအတွင်းသို့ ၄-နှစ်ခန့် ကျွံဝင်ဖွယ်ရာရှိသည် ဆိုသည့် အယူအဆအသစ် Christ was born 4BC Circa အားလည်း သိသာရုံသာ ဖော်ပြကြပြီး မိမိတို့၏ သာမန် ခရစ်/ဘီစီ-အေဒီ၊ ခရစ်တော်မဖွားမီ၊ ခရစ်တော် ဖွားမြင်တော်မူသည့်နှစ် (BC = Before Chirst, AC = Ante Christium = Before Christ) (AD = Anno Domini = in the year of our lord) (AD - 1 to 30) Chistian Era, reckoned from supposed year of Christs birth AD one များတွင် (၄)နှစ်အား ပုံသေကားကျ အနှုတ်အပေါင်း ပြုလုပ်ကာ ပြသခြင်းလုံးဝမရှိပါ။ အကယ်၍သာ အနှုတ်အပေါင်း ပြုလုပ်ခဲ့ပါက မိမိတို့၏ ကလီစာကြားမှ ဘီစီ/အေဒီခုနှစ် သက္ကရာဇ်အကုန်အစင် များ၊ အခြားနိုင်ငံများ၏ သမိုင်းကြောင်းနှင့် မကိုက်ညီဘဲ ဖြစ်သွားကာ မှားယွင်းသွားပါမည်။

| | | | | | | |
|---|---|---|---|---|---|---|
| အသောကနန်းတက် သာသနာ | - | ၂၁၈ | = | ခရစ်ဘီစီ | - | ၂၇၄ |
| သူရိယစက္ကနန်းတက် သာသနာ | - | ၂၁၄ | = | ခရစ်ဘီစီ | - | ၂၇၈ |

ဤအကြောင်းအရာနှင့် စပ်လျဉ်းပြီး ပရိသတ်စာဖတ်သူများ အထူးသတိမူကြစေရန် ထပ်မံတင်ပြရခြင်း ဖြစ်ပါသည်။ ယခုရေးသားချက်များပါ သက္ကရာဇ်များမှာ အသောကအခြေခံ သက္ကရာဇ်များမှဖြစ်ပြီး ဗုဒ္ဓအလောင်းတော်ဖွားသည်မှ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်ထိ သက္ကရာဇ်များအား ဘုရားဘိုးတော် ဒေဝဒဟပြည့်ရှင် (အဥ္စန) မဟာသက္ကရာဇ်၊ ပထမသင်္ဂါယနာတင် ရာဇဂြိုလ်၊ ဒုတိယသင်္ဂါယနာတင် ဝေသာလီနှင့် တတိယသင်္ဂါယနာတင် ပါဋလိပုတ် သက္ကရာဇ် သာသနာနှစ်

http://www.dhammadownload.com



များဖြင့် ပြဆိုထားပါ၍ အသင့်တော်ဆုံးဖြစ်ပေသည်။ ဗုဒ္ဓဝင်ပါ သက္ကရာဇ်များအား ဆိုလိုပါသည်။ အထူးသဖြင့် အဇာတသတ် ဖြို ပ၊ သျှူ စတုရှုပါကိန်း (အဥ္စနမင်း) မဟာ ၁၄၈ ' ဗုဒ္ဓပရိနိဗ္ဗာန်ပြု သာသနာ သက္ကရာဇ် ၁-နှစ်၊ ဓညဝတီစန္ဒသူရိယမင်း ဇိဝက ကိန်းဖြင့် ထပ်တူထပ်မျှ (သာသနာ ' ကောဇာ) နှစ်ပင်ဖြစ်သည်။

သာကီဝင်မင်းများနှင့် ပြည်ထောင်များဖြစ်ကြကုန်သော ဗုဒ္ဓဝင်၏ အချက်အချာ ကပ္ပိလဝတ်။ ဒေဝဒဟ၊ ကောလိယ၊ ရာဇဂြိုလ်၊ (အိန္ဒိယ၊ ဝေသာလီ)ပါဋ္ဌလိပုတ်နှင့် ဓညဝတီ ရခိုင်ပြည်ထောင်များ၏ အခြေခံသက္ကရာဇ်သာသနာခုနှစ်များမှာ အပြတ်အတောက်လုံးဝမရှိ ယင်းကဲ့သို့ပင် ဖြိုချေခြင်း လုံးဝမရှိသည့် ခရစ်တော်သက္ကရာဇ် (ကမ္ဘာအဝှမ်းသုံး)နှင့် အလွန်ခိုင်မာ သည့် ကမ္ဘာကျော် လူသိအများဆုံး ခရစ်တော်၊ အလက်စန္ဒာ(ခေါ်မစစ်ကေရာဇ်)၊ စန္ဒဂုတ္တ(အိန္ဒိယစစ် ကေရာဇ်) နှင့် မြေးတော် အသောက (သီရိဓမ္မာသောက) မင်းမြတ်တစ်ပါးပါးဖြင့် ညှိနှိုင်းပြီး ခရစ် ဘီစီ/အေဒီနှစ် အတိအကျကို ရယူနိုင်ကြောင်း သိသာရန် ဖော်ပြအပ်သည်။ ဤသက္ကရာဇ်များထက် ခိုင်မာသော ဥရောပ၊ ခေါမ၊ ရောမ၊ အိန္ဒိယ၊ မြန်မာ၊ ရခိုင်သက္ကရာဇ်များက မရှိတော့ပါ။

သို့ဖြစ်ပါ၍ ယခုအသုံးပြုသော "အသောက" မင်းကိန်းအား အခြေခံယူထားခြင်းကို သံသယမရှိစေရန် ရှင်းလင်းပြခြင်းဖြစ်သည်။

နောက်ထပ်အရေးပါသည့် သက္ကရာဇ်နှစ်ရပ်မှာ ဓညဝတီမတိုင်မီက ရှိခဲ့သည်ဟု ရခိုင် ရာဇဝင်များ အဆိုရှိသည့် အဥ္စနဒေဝီနှင့် ဗြဟ္မဏရာဇာမင်းတို့ တည်ထောင်ခဲ့သော မှုန်ဝါးဝါးအသွင် ရှိသည့် ပထမဝေသာလီနောက်ဆုံးစွန်မင်း ဗြဟ္မဏသိဒ္ဓိအား "ငဆဒ္ဒာန်" ဂူအောက်လူသားစား ခေါင်းဖြတ်လူရိုင်း (ဘီလူး) လက်ချက်ဖြင့် အနိစ္စရောက်ခဲ့သည့်ခုနှစ် ရခိုင်ကောဇာ-၅၉၇၉၊ ခရစ်ဘီစီ-၃၃၀၄၊ ရခိုင်ရာဇဝင်ပါ ခရစ်ဘီစီ - ၃၃၄၁ (ဦးချန်ထွန်း/ရက္ခအောင်)မှ မာရယုဓညဝတီ မြို့တည် ၃၃၂၅၊ ခရစ်အထိ မင်းမဲ့ (၁၆)နှစ်ဖြစ်ပြီး ငမင်ငတုံစမ္ဗဝက်(အဥ္စနနဒီလေးမြို့) အရှေ့ဘက် ကမ်းရှိဝေသာလီကျောက်လှေကား နောက်ဆက်တွဲမြို့အား အရှေ့မြန်မာပြည် အရိမဒ္ဒနာ ပေါက္ကရာမ မြို့တော်မှ စောခင်နစ် (မြန်-၁၆၄-၁၉၃-ကောဇာနှစ်)လာရောက် တိုက်ခိုက်၍ စမ္ဗဝက်ပျက်သုန်း သွားခဲ့သည့် သာသနာ-၁၃၁၀၊ ခရစ်-၈၁၈တို့ဖြစ်ပါသည်။ ရခိုင်ရာဇဝင်၌ စမ္ဗဝက်/ ပဉ္စာမြို့သစ်ဖြင့် ခေတ္တသင်မင်းက လေးမြို့ခေတ်ကို ဤအချိန်မှ စတင်ခဲ့ပါသည်။ ဤမျှဖြင့်

http://www.dhammadownload.com



ရခိုင်ကောဇာမှန် စန္ဒာသူရိယ သာသာနာနှစ်/ခရစ်ဘီစီ/အေဒီနှစ်များ ရှင်းလင်းပြတ်သားစွာ ဖြစ်ပြီဟု ယူဆပါသည်။

အဥ္ဇနဒေဝီ/ဗြဟ္မဏသိဒ္ဓိတည် ပဝေသဏီက မှုန်ဝါးဝါးအသွင်ရှိ ဝေသာလီမြို့တော်ခေတ်မှာ ယခုအရေးအသားပါ ဒုတိယဝေသာလီ ကျောက်လှေကားမြို့တော်ဖြင့် "မြို့တည်နေရာ မြေထု" နှင့် "အာရိယံနွယ်ဝင် မျိုးရိုးဇာတိ" မှအပ အခြားတစ်စုံ တစ်ရာမှ ပတ်သက်မှုမရှိသည့်အပြင် ဓညဝတီခေတ်ကြီးတစ်ခုလုံး နှစ်ပေါင်း ၃၆၅၁ မျှ ကြားခံနေသည်ကိုလည်း သတိပြုကြစေလိုပါသည်။ အမည်နာမတူခြင်းအပြင် နေရာဒေသနှင့် မျိုးရိုးဇာတိ ပေါက်ဖွားခဲ့ရာ အမြုတေမျှသာ အဆက်အစပ် ရှိပါသည်။

## ဝေသာလီကျောက်လှေကား
## စန္ဒြ(စန္ဒရား/စိုင်းဒရား)မင်းဆက်ခေတ်သက်တမ်း

စန္ဒြမင်းဆက် (၁) ဒွေင်စန္ဒြမင်း သာသနာ-၈၅၆ (အေဒီ-၃၆၄)မှ နောက်ဆုံးစွန် စောရွှေလူး (ခေါ်) ငတုံမင်း၊ သာသနာ-၁၃၁၀ (အေဒီ-၈၁၈)တွင် လွန်သည်ထိ နှစ်စုစုပေါင်း ၄၅၄-နှစ် ဖြစ်ပါသည်။ (၁၃၁၀-၈၅၆=၄၅၄)၊ (၅၆၀-၂၄၇ =၃၁၃+၁၄၁=၄၅၄)

မင်းဆက်အနေဖြင့် "စန္ဒြမျိုးရိုး မင်း ၂၄-ဆက်နှင့် မြို-မျိုးခြား တူဦးရီး ၂-ဆက်၊ စုစုပေါင်း ၂၆ ဖြစ်ပေသည်။ မြို-နှစ်ဆက်မှာ အမှတ်စဉ်-၂၄နှင့် ၂၅ဖြစ်ပြီး နောက်ဆုံးစွန် ငတုံမင်း စောရွှေလူးမှာ မင်းရိုးစူဠစန္ဒြမင်းနှင့် စန္ဒာဒေဝီမိဖုရားကြီးတို့၏ သားတော်ရင်း ၂၆-ဆက်မြောက် စမ္ဘဝက်ပြည့်ရှင် ဖြစ်ပေသည်။ ဝေသာလီကို စွန့်ခွာပြီး ၂၄-နှစ်တာ အဥ္ဇနနဒီ အရှေ့ဘက် စမ္ဘဝက်မြို့သစ်ကို တည်ထောင်ကာ ပြောင်းရွှေ့စံတော်မူသည်။ မင်းဆက်ခေတ်သက်တမ်း အဆုံးသတ်ခဲ့သည်ဟု သာမန်အားဖြင့် ပြဆိုထားလင့်ကစား အမှန်တကယ်အားဖြင့် လုံးဝပျောက်ကွယ်သွားခဲ့သည်ကား မဟုတ်ပါ။ စူဠစန္ဒြ၏ မိဖုရားကြီး စန္ဒာဒေဝီက ငတုံမင်းအား ဝေသာလီ ကျောက်လှေကားမြို့ ဖခမည်းတော် အရိုက်အရာထီးနန်းကိုအပ်နှံပြီး စန္ဒာဒေဝီမိဖုရားဟောင်း ဘုရင့် မယ်တော်မှာ (လက်ဦးပထမ စူဠစန္ဒြကြင်ယာတော်)၏ တူရင်းချာ (ဘုန်းကံမပါ၍ စူဠစန္ဒြမင်း လွန်သည့်အခါ ဝေသာလီထီးနန်းအား မဆက်ခံခဲ့ရသူ)စန္ဒကူး မင်းသားဖြင့် လေးဆက်မြောက် အိမ်ထောင်ကျကာ သပိတ်တောင်ခြေ၌ ထွန်းကားခဲ့သည့် ခေတ္တာသင်၊ စန္ဒာသင်နှင့် သမီးတော် သီရိကူမ္မာ သားသမီး

http://www.dhammadownload.com



မောင်နှမသုံးဖော်တို့က (မေတူဖေကွဲ) စောရွှေလူးမင်းသည် စောခင်နှစ်လက်ချက်ဖြင့် ကွယ်လွန်အနိစ္စရောက်တော်မူသည့်အခါ၌ နန်းလျာမရှိသဖြင့် ၄င်းတို့၏အစ်ကို ငတုံစောရွှေလူး အရိုက်အရာကို ဆက်ခံပြီး အဥ္ဇနနဒီလေးမြို့ခေတ်ကြီးအား စမ္ဗဝက်တစ်ဘက် (အဥ္ဇနနဒီအနောက်ဘက်)ကမ်း၌ မြို့သစ်ပဥ္စာမြို့တော်ကို တည်ထောင်ပြီး စတင်ခဲ့ကြသဖြင့် "စန္ဒြ" (ယခင်မာရယု၊ သူရိယနွယ်ဝင်) မျိုးရိုး မြောက်ဦးခေတ်အထိတိုင် ဆက်လက်တည်တံ့ခဲ့ပါသည်။ စန္ဒာဒေဝီမိဖုရားဟောင်းမှာလည်း ရခိုင်ရာဇဝင်သမိုင်းကြောင်းအား (ပထမညေဝတီမင်းငယ်ပျော်လှ မိဖုရား "နီလာပန်းတောင်း" စောစစ်ကဲ့သို့) နောက်ထပ်နှစ်ပေါင်း ၉၆၆-နှစ် (အေဒီ ၇၉၄-၈၁၈ ငတုံမင်းလွန်သည်မှ) သက်ဆက် ပေးခဲ့သည်ဟု ဆိုနိုင်ပါသည်။ ရခိုင်သမိုင်းကြောင်းတွင် မှတ်တမ်း တင်လောက်သည့် အာဇာနည် (အာက) မိဖုရားကြီးနှစ်ပါး ဖြစ်ကြသည်။ စန္ဒာဒေဝီမိဖုရား (သုံးထပ် ကွမ်းတောင်ညာစံ၊ မင်းသုံးပါး၊ သမီးတော် မိဖုရားကြီးတစ်ပါးတို့၏ မယ်တော်ရင်းချာဖြစ်ပြီး ၄င်းမင်းမောင်နှမရင်း မွေးချင်းပေါက် ဖော်သုံးယောက်တို့၏ နန်းလျာ "မင်းရင်ဖြူ"မှာလည်း လေးမြို့ခေတ်၏ ဘာသာရေးနှင့် ယဉ်ကျေးမှု စာပေ အနုပညာ အရပ်ရပ်အား အခြေခံအုတ်မြစ် အခိုင်အမာချပေးခဲ့သော မင်းတစ်ပါးဖြစ်လာသည်။ ထီးကျိုးစည်ပေါက်မင်းဆက်ပျောက်မည့် အရေးပေါ်အခြေအနေမှ ကယ်တင်ခဲ့ကြသော မိသားစုဟုလည်း ဆိုနိုင်ပေသည်။ သက်သေခံအထောက်အထားအဖြစ် မင်းရင်ဖြူ၏ သူရိယစက္က နောက် ဒုတိယမုနိ (ကျောက်ညိုဆင်းတု တော်ကြီး)၅-ဆူပင် ဖြစ်သည်။ ယခုတိုင် ထင်ထင်ရှားရှား ဝေသာလီမြို့တော်ဟောင်းဝန်းကျင်၌ ရှိနေပါသေးသည်။ မုနိ ၅-ဆူ၏ ဘွဲ့တော်များအားလည်း ဤမင်းမြတ်ကပင် သတ်မှတ်ချီးမြှင့် ဆက်ကပ်တော်မူခဲ့သည်ဟု ရာဇဝင်များက အဆိုရှိပါသည်။ (သူမြတ်-မဟာအောင်မြေ၊ ၂-၇-၆၄၊ "ဒုတိယမုနိငါးဆူ") သူရိယစက္က သွန်းလုပ်လှူဒါန်းခဲ့သော ဘီစီ-၂၅၇/၂၅၆ (သာသနာ-၂၃၅/၂၃၆)က မုနိငါးဆူအား လုံခြုံမှုရှိစေရန် မြေအောက်ဌာပနာတိုက်အတွင်း ထည့်သွင်းပြီး မိမိကျောက်ညိုဘုရားကြီး ၅-ဆူကို ဌာပနာတိုက်များအပေါ်မှာ တည်ထားကာ -

"ငါတည်သော - ဒေဝမုနိ၊ စူဠာမုနိ၊ ရာဇာမုနိ၊ သကျမုနိ၊ စန္ဒမုနိဟု မိမိလက်တော်ဖြင့် ရေးထိုးမှတ်တမ်းတင်ထားရှိခဲ့သည်ဟု ဆိုပါသည်။ အေဒီ-၈၅၉ခုက ဖြစ်သည်။ ဒွေ၀်စန္ဒြဝေသာလီမင်းပြီးနောက်ဝယ်၌ ရခိုင်မင်းများ၏ အကြီးမားဆုံးသော ကျောက်ညိုဆင်းတုတော်များဖြစ်၏။

http://www.dhammadownload.com



နှစ်ပေါင်း ၁၁၃၈ခန့်ရှိပြီးဖြစ်သည်။ ဒွေင်စန္ဒြ၏ ဝေသာလီ ကျောက်ညိုဘုရားကြီးမှာမူ နှစ်ပေါင်း (၁၆၀၁-၁၆၆၃) နှစ်ခန့် ဖြစ်၏။ [၁]

## ဝေသာလီကျောက်လှေကားမြို့တော်သစ်၊ မြို့တည်-ခု-သက္ကရာဇ် ( သာသနာ-ခရစ်အေဒီ နှင့် ရခိုင်ကောဇာ)များအား စိစစ်တင်ပြချက်

မှိုငြမ်း-ဝေသာလီကျောက်စာတိုင်၊ ပြည်နယ်ဖြစ်စဉ်သမိုင်း၊ ဒိုးဝေ အခြေခံရခိုင်ရာဇဝင်ဇယား၊ ဓညဝတီရာဇဝင်သစ်နှစ်စောင် (ပဲခူး၊ ရသေ့တောင်ကျောင်းများ) ပါရာဇဝင်ကထာအရေးအသား၊ မြဒိုးဝေရာဇဝင်ဦးစံလှကဗျာ အလင်္ကာ၊ ဦးလှထွန်းဖြူ ဦးစံသာအောင်၊ ဦးအောင်သာဦး၊ ဦးရွှေဇံ၊ ဦးဘစံ၊ ဦးထွန်းရွှေခိုင်၊ ဂေါ်ယာမြေစောဝင်း။

အထက်ဖော်ပြပါ မှိုငြမ်းပြုသမိုင်းအကြောင်း အရေးအသားများကို လေ့လာကြည့် မည်ဆိုပါက ၎င်းတို့အားလုံးမှာ အခြေခံအားဖြင့် တူညီမှုရှိပါသည်။

ရခိုင်ရာဇဝင်အချို့ကမူ "ဒိုးဝေအရေးအသားပေါ် မူတည်ပြီး မြောက်ဦးမြို့ မြို့ဟောင်းကျောက်ရစ်ကေရပ်ကွက်မှ ဆရာဦးစံလှ၏ ဓညဝတီ နိဂုမ်းရွာများ သမိုင်းလင်္ကာ (ဝါ) ကဗျာ"ပါ ဝေသာလီကျောက်လှေကားသည် မဟာတိုင်းစန္ဒြ (ဒွေင်စန္ဒြ)မှသည် စူဠစန္ဒြမင်းသားတော် ဝတုံမင်း၏ အဋ္ဌနနဒီ - စမ္ဘဝက်မြို့ပျက်သုဉ်းသည်အထိ နှစ်ပေါင်း-၄၉၁ နှစ်၊ စန္ဒြနွယ်ဝင် ၁၀-ပါးသောမင်းများနှင့် ကြားဝင်မျိုးခြား (မြို) တူဦးရီးမင်း(နှစ်)ဆက်ကိုပင် ဝေသာလီ၏ မင်းဆက်အကုန်ဟု စွဲမြဲစွာယူဆကာ တခြားကျမ်းဂန်အထောက်အထားများဖြင့် ညှိနှိုင်းပေါင်းစပ်မှု ပြည့်ပြည့်စုံစုံမပြုဘဲ ရေးသားပြုစုထားသည်ကို တွေ့ရသည်။ စုစုပေါင်းမင်းဆက် (၁၂)ဆက်ဖြစ်သည်။ သို့သော် ဦးအောင်သာဦးနှင့် ဦးစံသာအောင်တို့က ဘုန်းတန်ခိုး အာဏာစက်ကြီးမားသောမင်းများ ကိုသာ ဖော်ပြခဲ့ဟန်ရှိသည်ဟု ဆိုထားပါသည်။

ဝေသာလီကျောက်လှေကားမြို့တော်ခေတ်၏မြို့သက်၊ ရခိုင်ခုသက္ကရာဇ်၊ ခေတ်ဦးမင်း (၃)ပါးနှင့်နှောင်းပိုင်းမင်း စန္ဒြနွယ်ဝင် (၄)ပါး၊ ထို့ပြင် ၈ / တပါးချပ်မြို-၂ဆက်တို့မှာ တခြားရခိုင်

---

၁။ ဦးဦးသာထွန်း၊ ရခိုင် + မြန်မာပဏ္ဍိတ် (မြောက်ဦး)

http://www.dhammadownload.com



ရှေးဟောင်းကျမ်းဂန်များလာ အမည်နာမများဖြင့် ကိုက်ညီပြီး၊ ကျန်အမှတ်စဉ်(၃) မောလစန္ဒရား၊ (၄)ပေါလစန္ဒရားနှင့် (၁) စူဋ္ဌစန္ဒရား၊ မင်းသုံးပါးမှာ မူ- ဝေသာလီကျောက်စာတိုင်-အပိုင်း-၂နှင့်၃ပါ- အာနန္ဒစန္ဒြမင်းမှတ်တမ်းတင်ပြုစုထားရှိခဲ့သော(ခေတ်)၏ အလွန်ခိုင်မာသည့် ကျောက်ထက် အက္ခရာမှတ်တမ်း၌ ပါဝင်ခြင်းမရှိသည်ကိုတွေ့ရပါသည်။

ခရစ်သက္ကရာဇ်-၁၇၅၇ (ရခိုင်-၁၁၁၉) ခန့်က မြဒိုးဝေအမတ် ပြုစုခဲ့သော ရာဇဝင်ကျမ်း အားကိုယ်တိုင်ကိုယ်ကျတွေ့ဘူး ဖတ်ဖူးသည်ကမရှိခဲ့ပါ။ သို့သော်ငြားလည်း ဝေသာလီသမိုင်း ကြောင်း၌ အရေးပါသည့်မင်းများ၏ ရာဇကထာ၊ တိုင်းပြုပြည်ပြု ဆောင်ရွက်ချက်များနှင့် ရခိုင် သက္ကရာဇ်စသည်တို့ တိကျမှန်ကန်မှုအများအပြားရှိပြီး၊ ၄င်း၏အရေးအသားတွင် (၁၂)ပါးသော ဝေသာလီမင်းဆက်သာမက အခြားသောမင်းဆက်များလည်း ပါကောင်းပါဖွယ်ရာရှိသည်ဟု ယူဆရ ပါသည်။ ထိုအရေးအသားများထဲမှ ဦးစံလှက ကဗျာလင်္ကာဖွဲ့နွဲ့စပ်ဆိုရာ၌ ဝေသာလီ ကျောက်စာ တိုင်နှင့် တခြားရှေးဟောင်းကျမ်းဂန်များလာမင်းစဉ် မင်းဆက်အပြည့်အစုံကို ထည့်သွင်း ဖော်ပြရန် ခက်ခဲသည့်အလျောက် ဘုန်းတန်ခိုးအာဏာစက်၊ လက်ရုံးရည်-နှလုံးရည်များ ပြည့်ဝပြီး ထင်ရှားကျော်ကြားသော (လုံ့စကြာရရှိသည်ဟုဆိုသည့် စန္ဒြမင်း ၉ပါးနှင့်)ကြားဝင်မြို ၂ ဆက်အပြင် နောက်ဆုံးဖြစ်သော ငမင်တုံ့ကိုသာထုတ်နှုတ်ကာ ဖော်ပြထားရှိခဲ့ဟန်တူသည်။ နန်းစံနန်းသက်များ အားလည်း ခေတ်သက်တမ်းဖြင့် ကိုက်ညီဆီလျော်မှုရှိစေရန် သင့်တော်သလို မိမိသဘောဖြင့် ဆုံးဖြတ် ပြုပြင်ပြောင်းလဲလိမ့်မည်ဟု ယူဆရပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ဦးစံလှကဗျာ / လင်္ကာမှာ ဝေသာလီခေတ်သမိုင်းကြောင်းအားနှစ်စုအနေဖြင့် အထူးပင် အထောက်အကူပြုခဲ့ပါ သည်။ ရခိုင်သာသနာသက္ကရာဇ်ဘက်၌ (၂)ကြွင်းမျှသာကွာဟမှုရှိပါသည်။ ကျောက်စာတိုင်ပါ ဝေသာလီခေတ် နောက်ဆုံးစွန် အာနန္ဒစန္ဒြအထိ ဖြစ်ပါသည်။

ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်းအနေဖြင့် ရှေးကရာဇဝင် သုတေသီကြီးများဖြစ်ကြသော- ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ (ဉပမာ-ရမ်းဗြဲတောင်ကျောင်းဆရာတော်ကြီး၊ ဦးချန်ထွန်း၊ ဦးအောင် သာဦး၊ ဦးဦးသာထွန်း၊ ဦးဘစံ၊ ဦးစံသာအောင်၊ ဦးစံရွှေပု၊ ဦးလှထွန်းဖြူ၊ ဦးစိန်ညိုထွန်းစာမူ)တို့ အပြင် အာနန္ဒစန္ဒြမင်းကျောက်ထက်အက္ခရာတင်မှတ်တမ်း၊ အခြားကျောက်စာပေစာနှင့် ရှေးဟောင်းသက်သေခံ ရုပ်ကြွင်းဝတ္ထုပစ္စည်း အထောက်အထားများစွာတို့ဖြင့် စန္ဒြမင်းနွယ် မင်းဆက်အကုန်အစင်၏ ခပ်နိုပ်သွန်းလုပ်ထုတ်ဝေသုံးစွဲခဲ့ကြသော ရွှေ/ငွေဒင်္ဂါးများအပေါ် အထူးအာရုံစိုက် ပြုစုထားပါ၍ ဦးစံလှရခိုင် ရာဇဝင်ထက်ပိုမိုပြီး တိကျပြည့်စုံမှုရှိပါသည်။

http://www.dhammadownload.com



သို့ဖြစ်ပါ၍ အထက်ဖော်ပြပါပြည်နယ် ရာဇဝင်သမိုင်း မှတ်တမ်းများနှင့် ရှေးဟောင်းပညာ ကျော်ပုဂ္ဂိုလ်ကြီးများ၏ အရေးအသား (မေဓပညာမော်ကွန်း၊ ဖဒူမင်းညိုလင်္ကာ၊ မဟာမုနိသမိုင်း) အစရှိသည်တို့မှာ ခေတ်သုတေသီများအတွက် လမ်းညွှန်ပြလျက်ရှိပြီး၊ ခေတ်အဆက်ဆက် ပညာရှိ အမတ်ကြီးများ၏ လျှောက်ထုံး၊ စောပြည့်ညိုခေါ် သုဝဏ္ဏဒေဝီကဲ့သို့သော ဘာသာပြန်ကျမ်း ပြုစု စာဆိုနှင့်ဝေသာလီမြို့တော်၏ နောက်ဆုံးမိဖုရားဖြစ်သော စန္ဒာဒေဝီ၏ အခြင်းအရာ များကလည်း ရခိုင်ဝေသာလီသမိုင်းကြောင်းကို တဖက်တလမ်းမှထင်ဟပ်ပေါ်လွင်စေပါသည်။ ဝေသာလီမြို့တော် ရခိုင်ကောဇာမှန် -၂၄၇-၀(၁၅၆)သာသနာ- ၈၅၆ / ၁၂၈၆၊ အေဒီ - ၃၆၄/၇၉၄ စတင်ဖြစ်ပေါ် လာသည်မှ လုံးဝပျက်သုဉ်းပြီးမြို့တော်သူမြို့တော်သား များငတုံမင်းသား စစ်စခန်းချရာ အဥ္စနနဒီမြစ် ကမ်းပါး၌ စမ္ဗဝက်မြို့သစ်ကိုတည်ထောင်ပြီး ၂၄နှစ်တာမျှ အေးချမ်းစွာဖြင့်နေထိုင် ခဲ့ကြကာ မြန်ပြည်အရိမန္ဒနာပေါက္ကံရာမ (ပုဂံ)မြို့တော်မှ စောခင်နှစ်လာ ရောက်ဖျက်ဆီး တိုက်ခိုက်၍ ငတုံမင်း နတ်ရွာစံသည်အထိ အရေးပါသော ဝေသာလီမင်း ဆက်မင်းများအား ဖော်ပြသွားပါမည်။

**မှတ်ချက် (၁၅၆)မှာ ရခိုင်ကောဇာသစ် ဓမ္မဝိဇယသက္ကရာဇ်ဖြစ်၏။**

## ဝေသာလီကျောက်လှေခါး၊ စန္ဒြ ခေတ်မင်းဆက်များ (ပထမ ၁၃ ဆက်)

တတိယဓညဝတီ (သူရိယခေတ်) ၂၅ဆက်မြောက်နောက်ဆုံးပြည့်ရှင် သူရိယကေတုနှင့် ကြင်ယာတော်မိဖုရား သုဘာသီ (ရခိုင်-၁၉၃-၂၄၆)တို့၏သားတော် မဟာတိုင်းစန္ဒြခေါ် ဒွေင်စန္ဒြ နှင့် မိဖုရားသုပပါဒေဝီတို့က ဖခမည်းတော်နတ်ရွာစံ သည့်သက္ကရာဇ်-၂၄၆-ခုတွင် ထီးမွေနန်းမွေ အရိုက်အရာကို ဆက်ခံအုပ်စိုးတော်မူလေသည်။

ဓညဝတီမြို့တော်၌ ခေတ္တခဏမျှစိုးစံကာ ထင်ရှားကျော်ဇောသော ပုရောဟိတ်ပုဏ္ဏား တို့က မြို့တော်ပြောင်းရန် မသင့်ကြောင်းတားမြစ်ပါလျှက်နှင့် တောင်ဘက်အရပ်ရှိ (ပထမဓညဝတီ ၏ နောက်ဆုံးမင်းဖြစ်သော မင်းယယ်ပျော်လှ တည်ထောင်ခဲ့သောမြို့ပျက်နေရာ) ကန်သုံးဆင့်အရပ် သို့ရွှေ့ကာ မြို့တော်သစ်တည်ဆောက်စံနေတော်မူရာ ကျန်းမာရေးအတွက် မသင့်တော်သည့်နွံနုန်း ဝန်းရံ-ခြင်၊ ယင်ပေါမျှားသောအရပ်ဖြစ်၍ တိရစ္ဆာန်ဆင်မြင်းနှင့် လူသူအများအပြားသောင်း၊ သိန်းချီ၍ သေကြေပျက်စီးခဲ့သဖြင့် ၄င်းနှစ်တွင်ပင်တောင်ဘက်သို့ ထပ်မံပြောင်းရွှေ့ပြီးလျှင် ဓညဝတီ

http://www.dhammadownload.com



မြို့တော်ဟောင်းမှ (၁၃)မိုင်ခန့် ကွာဝေးသော (အဋ္ဌနဒေဝီ / ဖြဟ္မဏရာဇာတို့၏) ပထမ ဝေသာလီ မြို့တော်ဟောင်းအရပ်၌ ဝေသာလီမြို့သစ်ကို တည်ထောင်ပြန်ကာ (ရခိုင် - ၂၄၇ မှ ၃၀၂)အထိ ၅၅နှစ် နန်းစည်းစိမ်ခံစားတော်မူပြီး ဝေသာလီကျောက်လှေကားခေတ် (စန္ဒြမင်းဆက်)ကို စတင်တည်ထောင်ခဲ့ပါသည်။

## မြို့တည်မြို့ပြောင်းငွေသားဒင်္ဂါးများသွန်းလောင်းပြုလုပ်ခြင်း

အထက်ပါအခြင်းအရာများနှင့်ပတ်သက်ပြီး မြဒိုးဝေက "မြို့ဓညကို၊ ပိုင်ကာစိုးငြား၊ မင်းဆက်နွယ်လေ၊ နှစ်ဆယ့် ငါးတွင်၊ နောက်ဆုံးဖျားစွန်၊ အုပ်စိုးစံကော၊ နိုင်ငံမျက်ရှု မဟာနွယ်လေ၊ မင်းကေတုမှာ၊ သားဦးပတ္တမြား၊ လက်ရုံးရောင်ဖြင့်၊ ပြောင်ပြောင်ထွန်းကော၊ စန္ဒရားကို၊ တောင်ညာတင်ထား၊ နန်းဝေယံမှာ၊ ပျော်စံစား၍၊ စန္ဒရားရာဇာ၊ တရံခါဝယ်၊ အင်္ဂါလေးရပ်၊ စစ်သေနာနှင့်၊ ရံကာပတ်လို့၊ မှူးမတ်စုံစွာ၊ မြို့ဓညာက၊ ထွက်ခွာသုတ်သုတ်၊ ခရီးတာကို၊ သချ်ာ ထုတ်သော်၊ ဂါဝုတ်နှစ်ပြန်၊ ရပ်မျက်နှာကို၊ မှန်းကာထောက်သော် နောက်မြောက်ယံတွင် (ဓညဝတီ ရှိရာဘက်)ရောက်ပြန်ကာလ၊ ကုန်းတန်းမြီမှာ၊ ဗိုလ်ခြေ ဝန်းကော၊ စခန်းချလို့မြို့ပြအင်္ဂါ၊ လက္ခဏာ နှင့်၊ ညီစွာတင့်တယ်၊ ကျုံးပတ်ရံ၍၊ တပ်ခြံဆီးကော၊ မြို့ကြီးတည်လို့၊ ဂုဏ်ရည်ထူး မြင့်၊ နန်းဝေယံ၊ စံမန္ဒိုးကော၊ ကန်သုံးဆင့်ဟု၊ နွှန်းမြွက်သညာ၊ ထိုမြို့ရွာမှာ၊ ရာဇာစန္ဒြား၊ မတ်တော်ဝန်နှင့်၊ ခြံရံငြား သော်၊ စံစားပျော်ရာ၊ ထိုအခါတွင်၊ ဗိုလ်ပါဆင်မြင်း မိုးတွင်းခါဝယ်၊ ယင်နာရောက်ကော၊ သေပျောက် ခြင်းကြောင့် နန်းတွင်းဘုံသာ၊ ဆောင်းသီတာတွင်၊ ရာဇာမင်းလှ၊ မတ်များစွာဖြင့်၊ တိုင်ပင်ကြသော်၊

-----------"ရာဇာထွဋ်မှုထား၊ တကေအေမှာ၊တေဇလွှမ်းကော၊ စန္ဒြားလျှင်၊ တည်ထားစံလင့်၊ များဗိုလ်ပါတို့ ပျက်ကာ ဆုံးကော၊ ကံသုံးဆင့်၌၊ ထီးဖွင့်မကြာ၊ တနှစ်တာတွင်၊ စွန့်ခွာပြီးလစ်၊ သက္ကရာဇ်လျှင်၊ နှစ်ရာ့လေးဆယ်၊ ကိုးခုဝယ်တွင်၊ ဌာနေသီရိ သေချာစွာဖြင့်၊ ဝေသာလီကို၊ ပြောင်းရွှေ့တည်ထောင်၊ မတ်များမြောင်နှင့်၊ရှင်မညီးအောင်စံပြီးနောင်တွင်၊ ပြည်ဘောင်တရိုး၊ ရွှေပြည်သူလေ၊ လူအများတို့၊ စီးပွားတိုးအောင်ပန်ဖို့ကောင်းစွာ၊ ဆည်မြောင်းတာနှင့်၊ လယ်ယာ များပြား၊ တိုးချဲ့ပြန်ကော၊ စီမံထားလို့၊ -----------"

----------" တလီထိုမှ၊ ရောင်းအဝယ်ကို၊ တွင်ကျယ်လှအောင်၊ မောင်းကရာဇူ၊ တောင်းသစ် ဟူ၍ညီတူပြုငြား၊ ရွှေပြည်သူတို့ သုံးတုံ့ငြားကော၊ သွန်းထားသေချာ၊ လွန်ကြည်လင်၍

http://www.dhammadownload.com



ငွေစင်ပြားနှင့်ကော၊ ဒင်္ဂါးမှာလျှင်ပါ၊ မဟာဓမ္မရာဇာပြတ်ဖုန်းမိုးကော၊ ထီးမင်းများ၏၊ မီးမွှားတို့ပြန်ပါ၊ စနိုင်ကို အမှန်ခတ်နိုင်၊ ကြိုးပြန်ကော၊ နွားတံဆိပ်နှင့်၊ တစ်ဖက်မှာတွင်ပါ၊ ရာဇာဖဆောင်းထိုက်၊ နဝရတ်ဖြော သီဟိစစ်ကော၊ မကိုင်ရှုပုံစံ၊ နောက်တဖန်ကား၊ ကြာလွန်ရှိက၊ မြို့ဥည်းမှာ၊ တောင်ဘုရားပကော၊ သူရိယရာဇာ၊ ဆက်နွယ်လာတဲ့၊ ပေါ်ကြွာညွန်းပြ၊ သုံးအညီကော၊ နီနှင့်လက်၊ မြို့သူဘောင်းမွန်၊ မှုကိုင်ရွှေတော်၏၊ အခေါ်ထိမ်မှာ၊ ခတ်နိုင်မြန်၍၊ ပုံစံနှစ်ရပ်၊ ငါးမူးဟူ၍၊ သုံးမူးစွဲကော၊ မူလခတ်နှင့်၊ ခုကာချိုင်းသုံးရန်၊ နှစ်ပုံစံကို သွန်းပြန်များပြား၊ ရခိုင်ပြည်ရွှေ နယ်အနှံ့မှာ၊ ဖြန့်လေပြီ ပြားနှံ့ချော်၊

အထက်ပါ အပိုဒ်များမှာ ရာဇဝင်သာမိုင်းကြောင်းအတွက် အထူးပင်အရေးပါလှသည်။ ဤဖွဲ့ဆိုထားချက်မှ ရခိုင်သက္ကရာဇ် ၂၄၄ - တွင်နန်းတက်ပြီး ၂၇၂ ခုနှစ်ဦးစကာပင် ကံသုံးဆင့်သို့ မြို့တော်ကိုပြောင်းရွှေ့ကာ၊ မိုးတွင်းအခါ ယင်ရောဂါ (ဝမ်းရောဂါ)ကြောင့် လူသူအများပျက်စီးခဲ့၍ ဆောင်းတွင်းရောက်သည့်အခါ တောင်ဘက်အရပ်သို့ဆင်းကာ၊ ခြေသာလီမြို့သစ်ကို ထပ်မံ တည်ထောင်ပြီးစံခဲ့ကြောင်း သိရသည်။

ရောင်းဝယ်ဖောက်ကားမှုသွက်လက်မှန်ကန်စေရန်အတွက် အလေးချိန်၊ အခြင်အတွယ် ညီမျှမှုရှိစေရန် ရွှေ၊ ငွေ၊ ကြေး၊ သတ္တုနှင့် ဒင်္ဂါးနှစ်မျိုးနှစ်စား(တစ်ပြားနှင့်ငါးမူး)ကိုလည်း ထုတ်လုပ်ဖြန့်ဝေခဲ့သည်။ သို့ဖြစ်၍ ငွေဒင်္ဂါးများမှာ ခြေသာလီခေတ်လွှတ်ကားစတင်ချိန်က သို့တည်း မဟုတ် ဓညဝတီသူရိယမင်းဆက်မှ ဆင်းသက်လာသည်ကိုလည်း ဖော်ပြထားသည်ဟု ဆိုမှေသည်။

ကံသုံးဆင့်၏ အတွေ့အကြုံကြောင့် နိုင်ငံအဝှမ်း ဆေးတတ်ကျွမ်းပြန့်ပွားရေးကို ပြည့်ရှင်မင်း အလေးထားအပြုံ့ဖြင့် မျိုးစေ့ထောင့်ခဲ့ခြင်းနှင့်ကြားစေခဲ့သည်။

"-------------- သိရောဂါတို့ ကင်းကွာငြားအောင် ဆေးဝါးပညာ၊ သင်အံ့တွင်လျှင် တစ်ရွာ တစ်ယောက်မင်းရာဇာကော ဘဏ္ဍာထောက်လို့ တတ်မြောက်အောင်ပင် ပြဆရာနှင့် ဝေသာမြို့မှာ ခေါ်လို့သင်၍ လူရှင်သီးသီး တိုင်းမြို့ရွာမှာ ကျမ်းရာရီကို အပ်ပေးကာညီ၊ တတ်လိမ္မာကော ဆရာများ နှင့် ကုစားစီလို့" ---- အထူးမှန်မြတ်ပြီးအမြော်အမြင်ကြီးမားသော ရှေးအကျဆုံးဆောင် ရွက်ချက် တစ်ရပ် ဖြစ်ပေသည်။

ဖောက်ကားရောင်းဝယ်မှုတစ်ပြည်ထောင်လုံး တွင်ကျယ်သွက်လက် ညီတူညီမျှရှိစေရန် ဒင်္ဂါး အလေးချိန်၊ အခြင်အတွယ် စံချိန်စံညွှန်းများ ပြုပြင်သတ်မှတ်ထုတ်ဝေခဲ့သည်သာမက

http://www.dhammadownload.com



တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် လယ်ယာကိုင်းကျွန်း ကျယ်ပြန့်စွာလုပ်ကိုင်နိုင်စေရန် ဆည်မြောင်း၊ ရေတွင်း၊ ရေကန် အမြောက်အမြားကို တူးဖော်တည်ဆောက်ပေးခဲ့သည်။ (ဥပမာ-ဝေသာလီကျောက်ဆည်တော်ကြီး)

နိုင်ငံရပ်ခြား ပင်လယ်ရေကြောင်း ကူးသန်းရောင်းဝယ် ကုန်စည်ဖလှယ်ရေး လွယ်ကူအဆင်ပြေစေရန်အတွက် ကြီးကျယ် ခန့်ငြားခိုင်ခံ့သည့် ကျောက်လှေကားကြီးတစ်ခုကို ရွက် သင်္ဘော၊ လှေကြီးများဆိုက်ကပ်ရန် တည်ဆောက်ထားရှိပါသည်။

"----- ဖောက်ကားရောင်းဝယ် အသွယ်သွယ်မှာ တွင်ကျယ်ပြန့်ပြော မြစ်နဒီလေ ရီတကြောမှာ သင်္ဘောလှိုင်ယင်၊ ထောင်ဝန်းကျင်ရို့ ထွက်ဝင်သောင်းသောင်းတခြားပြည်က ကုန်သည်ပေါင်းလည်း ရောင်းရန်ဝယ်ရန် လာကြပြန်သော် ကုန်ဝန်တင်ချ သယ်အယူရေးလွယ်ကူ လှအောင် ကျောက်များစွာဖြင့် စီကာလုပ်ထား ဆိပ်ကမ်းခြေမှာ ကျောက်လှေကားကိုစန္ဒရားမင်းမွန် ပြုလုပ်ပြန်၍ ငွေခွန်တိုးပွား ဝေသာပြည်မှာ လွန်စည်ကားလို့"----- ထို့အပြင် -

ဘုရားမြတ်စွာ သာသနာကို ပမာနီလထိန်ထိန်ဖြာကေ ရောင်ဝါပအောင် မစကောင်းစွာ ဆောင်ရွက်ကာဖြင့် ဝေသာကျွင်နန်း ရှိုနန်းဆောင်မှာ ဘုန်းရောင်ထွန်းလို့စံမြန်းပျော်ရာ နန်းသက်မှာကို ရှိကာ တွက်သော် ငါးဆယ်ကျော်၍ စွန်းပေါ် ခုနှစ်၊ ပွားတက်လာကေ ကောဇာနှစ်ကို တွက်စစ်ပြန်မြောက် ကိန်းသင်္ချာကေ သုံးရာခြောက်တွင် ဘုန်းတောက်ပါရမီ မဟာဆို့ကေ သာဂီမင်းမျိုး သက် အရွယ်လျှင် ရှစ်ဆယ်ကိုးမှာပျက်ညွှန်းဇာတာ မြို့ဝေသာကို စွန့်ခွာတဖန် ရုပ်ခန္ဓာလေ ပျက်ကာယွင်းကေ နတ်နန်းစံလို့

ဖော်ပြပါအရ မဟာစန္ဒရား(ဒွေ့ငစန္ဒြ) မင်းမှာနိုင်ငံအကျိုးပြု လုံခြုံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ရေကြောင်းလမ်းပန်းဆက်သွယ်ရေးများသာမက ကိုးကွယ်မှုဗုဒ္ဓဘာသာအယူဝါဒ တည်မြဲခိုင်မာသည့်လက္ခဏာကိုပါ ပြသသည့်အနေဖြင့် ကြီးမားသော ဝေသာလီဘုရားကြီး တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည့်အပြင် မဟာမုနိဘုရားပလ္လင်တော်၊ သိမ် စသည်တို့အားလည်း ပြုပြင်မွမ်းမံခဲ့ကြောင်းသိရပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာအယူဝါဒ ဝေသာလီခေတ်ဦးကပင် ခိုင်မြဲစွာ အမြစ်တွယ် ထွန်းကားရှိနှင့်နေပြီ ဖြစ်ကြောင်းပေါ် လွင်ပေသည်။

တစ်ချို့သောရာဇဝင်အရေးအသားအရ ဒွေ့ငစန္ဒြမင်းနန်းတက်၍ တစ်နှစ်မပြည့်မြောက်မီ မိဖုရားကြီးသုပပါဒေဝီနှင့် ဆင်ဖြူရတနာတို့ပျက်စီးအနိစ္စရောက်ခဲ့ခြင်းကြောင့် ပညာရှိပုဏ္ဏားတို့

http://www.dhammadownload.com



အား အကျိုးအကြောင်းကို မေးတော်မူလတ်သော် ဓညဝတီကိန်းခန်းကုန်ခဲ့ပြီဖြစ်ကြောင်း လျှောက်တင်ကြသဖြင့် ဗုဒ္ဓဗျာဒိတ်တော်အရ ဘူမိနက်သန်မြေဟုခေါ် ဆိုအပ်သော မဟာမုနိ ရုပ်ရှင်တော်ကိန်းဝပ်ရာအရပ်ကို စွန့်ခွာပြီးတောင်ဘက် ၁၃-မိုင်ခန့်အကွာ မြို့သစ်ဝေသာလီကို တည်ထားစံမြန်းတော်မူသည် ဟုအဆိုရှိပါသည်။

မြဒိုးဝေရာဇဝင်၌မူ ပုဏ္ဏားကြီးများက ဒွေ၀်စန္ဒြမင်းအား မြို့သစ်တည်ပြောင်းရွှေ့ပါက လူသူအများပျက်စီးဖွယ်ရာရှိ၍ တားမြစ်ခဲ့ကြောင်းအပြင် မိဖုရားကြီးသုပပါဒေဝီနှင့် ဆင်ဖြူတော်တို့ ဓညဝတီမြို့တော်တွင် အနိစ္စရောက်ခဲ့သည့်ကိစ္စကြောင့် ဝေသာလီမြို့သစ်တည်ကာ ပြောင်းရွှေ့ ခဲ့သည်ဟု လုံးဝဖော်ပြခြင်းမရှိသည်ကိုတွေ့ရ၍ ကွဲလွဲမှုရှိခြင်းကြောင့် တခြားကျမ်းဂန်လာ အရေးအသားများအား ဆက်လက်ဖော်ပြသွားပါမည်။

## အနောက်မဇ္ဈိမ ကပ္ပိလဝတ်မြို့တော်မှ သကျမုနိရုပ်တုတော်မြတ်

ဤရုပ်တုတော်မှာ ဘုရားရှင်တော်၏ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသွန်းလုပ်ပြီး ကပ္ပိလ ဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်တွင် ကိန်းဝပ်အပူဇော်ခံထားရှိသည့် ရုပ်တုတော်ဖြစ်သည်။

ဝေသာလီဘုရားကြီးဂေါပကအဖွဲ့မှဖြန့်ဝေသည့်နှီးဆော်စာအရမိဖုရားကြီး သုပပါဒေဝီမှာ အနောက်မဇ္ဈိမအိန္ဒိယ ကပ္ပိလဝတ်ပြည့်ရှင် သကျမဟာမျိုးနွယ်၏ သမီးတော်ဖြစ်ပြီး ရှေးရှေးဗုဒ္ဓ ဂေါတမ သက်တော်ထင်ရှားရှိစဉ်ကပင် သကျသာကီဝင်မင်းများနှင့် ပြည်သူပြည်သားများ အထွဋ်အမြတ်ထားကိုးကွယ်သည့် သကျမုနိဘုရားကြီးကို ဖူးမျှော်လိုသော ဆန္ဒရှိကြောင်း မင်းအားလျှောက်ထားသောအခါ ဒွေ၀်စန္ဒြမင်းကြီးက မိဖုရားကြီး၏ အလိုတော်ကို ဖြည့်ဆည်းရန် အတွက် သကျမင်းတို့ ကိုးကွယ်သည့် “သကျမုနိ” ဆင်းတုတော်ကို ပင့်ဆောင်ရန် မှူးတော် မတ်တော်တို့အား လက်ဆောင်ပဏ္ဏာများဖြင့် ကပ္ပိလဝတ်ပြည်သို့စေလွှတ်တော်မူခဲ့သည်။

ဓညဝတီရခိုင်ပြည်မှ ဒွေ၀်စန္ဒြဝေသာလီမြို့တော်ပြည့်ရှင်မှာလည်း လက်ရုံးရည်၊ နှလုံး ရည်နှင့်ပြည့်စုံသော ဗုဒ္ဓဘာသာဝင် ဘာသာရေးကိုင်းညွတ်သည့် သမက်တော်မင်းတစ်ပါးဖြစ်သည့် အပြင် မိမိ၏သမီးတော် သုပပါဒေဝီမှာလည်း ဗုဒ္ဓဘာသာကို အလွန်တရာမှ သက်ဝင်ကြည်ညိုသူ တစ်ဦးဖြစ်၍ ဒွေ၀်စန္ဒြမင်းစေလွှတ်တော်မူသော မှူးမတ်များအား ကပ္ပိလဝတ်မှ သကျမုနိ ရုပ်ပွား တော်ကို ရခိုင်သို့ ပင့်ဆောင်ခွင့်ပြုလိုက်သည်။

http://www.dhammadownload.com



ဝေသာလီမှ မျုးမတ်များ ရုပ်ပွားတော်အား ရက်သဘောင်ဖြင့်ပင့်ဆောင်လာ၍ သိဥည်းချောင်း(ယခု မြောက်ဦးမြို့ရှိ "ဘုရားပေါ်" ဘုရားတည်ရှိရာအနီး)သို့ ရောက်သောအခါ လေမုန်တိုင်း တိုက်ခတ်သဖြင့် သင်္ဘောပျက်ကာ ရုပ်ပွားတော်ရေထဲသို့ကျ၍ နစ်မြုပ်ပျောက်ဆုံးခဲ့သည်ဟု အဆိုရှိပါသည်။

ပင့်ဆောင်ရာမှ ပြန်ရောက်လာကြသော မျုးမတ်များက အဖြစ်အပျက်အစုံအလင်ကို ဘုရင်မင်းကြီးအား လျှောက်ထားရာ မိဖုရားကြီးကြားသိတော်မူသည့်အခါ ထိုရုပ်ပွားတော်အား ဖူးမျှော်လိုသော ဆန္ဒလွန်စွာမှ ပြင်းပြသော စိတ္တဇဝေဒနာစွဲကပ်ခံစားရရန်ရခြင်းကြောင့် မင်းကြီးက ကြီးမားသောကျောက်တုံးကြီးတစ်လုံးကို ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ထုလုပ်စေပြီး နစ်မြုပ်ပျောက်ဆုံးသွားခဲ့သော သကျမုနိရုပ်ပွားတော်ကြီးအစား တည်ထားပေးကာ မိဖုရားကြီး သုပပါဒေဝီအား ကိုးကွယ်ပူဇော်စေခဲ့ပါသည်။

မိဖုရားကြီးသည် များစွာဝမ်းမြောက်ဝမ်းသာရှိ၍ ရုပ်ပွားတော်အား နေ့စဉ်မပြတ် ပန်း၊ ဆီးမီးတို့ဖြင့် ကပ်လှူပူဇော်ပြီး ဆုတောင်းပန်လေသည်မှာ "ဘုရားတပည့်တော်မသည် ရုပ်ပွားတော်ကြီးအား ယခုဘဝတွင် ဆည်းကပ်မဖူးမျှော်ရသည့်တိုင် နောင်တစ်ဘဝ လူ့ဘဝကိုရပြီး ဤသကျမုနိရုပ်ပွားတော်၏ ဒါယကာမအဖြစ်ဖြင့် မိခင်၏ဝမ်းတွင်းမှ သက်ဆင်းသည့် ချက်ချင်းဖူးတွေ့ရပါလို၏" ဟူ၍ ဆုတောင်းခဲ့လေသည်။ ဝေသာလီဘုရားကြီးမှာ ဉာဏ်တော် ၁၇-ပေရှိ၍ ဘူမိဖဿမုဒြာ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူခန်းမုဒြာဖြစ်သည်။ ယခုဆိုလျှင် နှစ်ပေါင်း၁၆၀၀ကျော်ရှိပြီးဖြစ်ကာ စန္ဒသူရိယမင်းနောက် ကြီးမားသောဘုရားရုပ်ပွားတော်ကြီးများအနက် ရှေးအကျဆုံးသော ရုပ်ပွားတော်ဖြစ်ပေမည်။ ဤဘုရားကြီး ရင်ပြင်တော်ပေါ်မှ ဂုပ္ပတအက္ခရာဖြင့် ရေးထိုးထားသော ကျောက်စာယေ်တစ်ချပ်တွေ့ရှိရ၍ လွန်ခဲ့သောနှစ် ၁၆၀၀ကျော်ကပင် ရခိုင်ပြည်၌ စာပေ တတ်ကျွမ်းနေပြီး ဖြစ်ကြောင်းလည်း သိရှိရပါသည်။ (မှတ်ချက် ။ ။ ဤမျှကြီးမားသော ကျောက်တုံးကို ယင်းတောင်ကုန်းပေါ်သို့ရောက်အောင် တင်နိုင်သည်မှာ ချီးမွမ်းစရာ ကောင်းပါသည်။ ဆင်းတုတော်မှာ ယခုအခါမှာ ဘုန်းတော်ကြီးအချို့က ပြည်ပမှ မှာယူသော မျက်လုံးများကို သာမကသေး။ နဖူးသင်းကျစ်တော်ကိုလည်း မွမ်းမံချယ်လှယ်ထားကြလေသည်ဟု သုတေသီ ဦးစံသာအောင်က ၎င်း၏ဝေသာလီဆောင်းပါးမှာ မှတ်ချက်ပြုထားသည်။

http://www.dhammadownload.com



မိဖုရားကြီး သုပပါဒေဝီသည် ထိုဘဝမှလွန်ပြီးနောက် မြောက်ဦးခေတ်(မင်းပါကြီး၏ မြေးတော်) မင်းဖလောင်း၏သားဖြစ်သူ မင်းရာဇာကြီး (အေဒီ ၁၅၉၃-၁၆၁၂)နှင့် မိဖုရား ခံစိမ်မနှောင်းတို့၏ သမီးတော် "ပန်းသန္တာ" မင်းသမီးဖြစ်ခဲ့သည်ဟု အဆိုရှိသည်။ ၎င်းမင်းသမီးငယ်ကို မွေးဖွားသည့်နေ့ကပင် အိန္ဒိယကပ္ပိလဝတ်ပြည်မှ ပင့်ဆောင်လာစဉ် ရေတွင်နစ်မြုပ်ကိန်းဝပ် ပျောက်ကွယ်တော်မူခဲ့သော နှစ်ပေါင်း ၁၂၆၆ ရှိပြီးဖြစ်သည့် သကျမုနိရုပ်ပွားတော်ကို တံငါသည်များ တွေ့ရှိခဲ့လေသည်ဟု အယူရှိပါသည်။ အထက်ပါအရ သုပ္ပပါဒေဝီမှာ ဧည့ဝတီ၌ကွယ်လွန်ခြင်းမရှိ။ ဝေသာလီမြို့တော်တွင် ဒွေ်စန္ဒြမိဖုရားခေါင်အဖြစ် ရာဇဝင်သမိုင်းကြောင်း၌ မှတ်တမ်းတင်ပါရှိပါသည်။

(မင်းရာဇာကြီးသည် ၎င်းရုပ်ပွားတော်ကို ဆယ်ယူပင့်ဆောင်ပြီး ကိုးကွယ်ခဲ့လေသည်။ ရေထဲမှ ပေါ်လာသောဘုရားဖြစ်၍ "ဘုရားပေါ်ဘုရား" ဟု ယခုတိုင်ခေါ်ကြသည်။

၎င်း၏သမီးတော် ပန်းသန္တာက ဒါယိကာမပြုခဲ့သည်။ ဆင်းတုတော်ကို အေဒီ-၁၆၀၃ခုနှစ်တွင် ရေထဲမှ ဆယ်ယူခဲ့သည်ဆိုသည့် "ဘုရားပေါ်"အား အနီးရှိချောင်းထဲမှ ရရှိခဲ့သည်။ သက္ကရာဇ်-၉၅၅ခုနှစ် မြောက်ဦးရာဇဌာနေ ထီးဖြူ ကနက္ကဒါန်၊ ရောင်လျှံညီးညီး၊ ဘုန်းမီးနေလ၊ ထွန်းပဘီအသွင်၊ မြင်မြင်သမျှ၊ တုပ်ကွကျိုးနွံ၊ ဘုန်းတန်ခိုးကြီးမားတော်မူသော ရွှေနန်းရှင်မင်း ရာဇာကြီးနှင့် မိဖုရားခင်မနှောင်းတို့၏ သမီးတော်ဖြစ်ခဲ့သည်ဟု သုပပါဒေဝီအား အဆိုရှိပါသည်။ သုပပါဒေဝီဖုရားကြီးသည် ဝေသာလီခေတ် ဒွေ်စန္ဒြမိဖုရားခေါင်ဘဝက ဆုတောင်းသည့်အတိုင်း ပြည့်ဝသောကြောင့် ဝေသာလီဘုရားကြီးအား "ဆုတောင်းပြည့်ဘုရား"ဟုလည်း ခေါ် ဆိုကြသည်။

(မင်းရာဇာ၏ မိဖုရားကြီးမှာ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်းမှ ပြုစုထားသည့်ဇယားအို "ဓိရလာ"ဟု မိဖုရားကြီးဟုပါရှိရာ အဘိသေကခံအမည် သို့မဟုတ် နောက်မိဖုရားတစ်ပါး ဖြစ်နိုင်ပေသည်။)

ဦးစံသာအောင်က ဤမျှ ကြီးမားသော ကျောက်ညိုလုံးကြီးအား တောင်ပေါ်သို့တင်ကာ ဘုရားထုလုပ်နိုင်ခဲ့သည်ကပင် မာကျောသော ကျောက်သားအားထုလုပ်ရန် ပစ္စည်းပစ္စယ၊ လက်မှုပညာနှင့် ဗိသုကာပညာရှိပြီးကြောင်းကို ဖော်ပြနေခြင်းပင် ဖြစ်ပေသည်ဟု ဆက်လက်၍ မှတ်ချက်ပြုပါသည်။

ဤသည်ကား ဝေသာလီဆုတောင်ပြည့်ဘုရားကြီး၏ နောက်ခံသမိုင်းကြောင်းပေတည်း။

http://www.dhammadownload.com



ဒွေ့င်စန္ဒြမင်းနှင့်ပတ်သက်၍ ကျမ်းဂန်အရေးအသားများပါ ၎င်းတည်ဆောက်ခဲ့သော ရှေးဟောင်းမြေပေါ်မျက်မြင် ရုပ်ကြွင်းဝတ္ထုပစ္စည်းခိုင်မာသည့် သက်သေခံအထောက်အထား ဖြစ်သော ကျောက်လှေကားရေဆိပ်နှင့် ကျောက်ဆည်တော်ကြီးအကြောင်းကို ထပ်လောင်း ဖော်ပြလိုပါသည်။

## ဝေသာလီကျောက်လှေကားဆိပ်ကမ်းကြီး

စန္ဒြမင်း ဝေသာလီမြို့တော်ခေတ်အား (အနောက်မဇ္ဈိမ ဗုဒ္ဓရှင်တော် ဂေါတမမပွင့်မီ နှစ်ရာပေါင်းများစွာကပင် တည်ရှိသော ဝေသာလီမြို့တော်ကြီးနှင့်) ရခိုင်ဒေသ၌ ဓညဝတီမြို့တော် ကြီး မတည်ထောင်မီကပင် နှစ်ပေါင်း ၁၉၉၀နှစ်စော ပြီး (ဘီစီ - ၅၃၁၅ - ဘီစီ - ၃၃၂၅)ခန့်က အဠနဒေဝီ ဖြပ္ပဏရာဇာမင်းနွယ်မင်းဆက်တို့ တည်ထောင်စိုးစံခဲ့ကြသည်ဆိုသော ရှေးရှေး ပဝေသဏီက မှုဝါးဝါးအသွင်ရှိ ဦးချန်ထွန်း၊ ဦးအောင်သာဦး၊ ရမ်းပြဲတောင်ကျောင်းဆရာတော်- ရခိုင်ဂေါစာ-၄၀၀၅-၅၉၉၅ မြို့တော်ဟောင်းကြီးတို့ဖြင့် အမည်တူနေသောကြောင့် မှားယွင်းမှု မရှိစေရန်လည်းကောင်း၊ ကြီးမားခိုင်မာသည့် ကျောက်လှေကားကြီးအား အစွဲပြု၍ပါ "ဝေသာလီ ကျောက်လှေကားမြို့တော်"ဟု မှည့်ခေါ်ခဲ့ကြပါသည်။

ဒွေ့င်စန္ဒြမင်းဆောက်လုပ်ခဲ့သော ဝေသာလီမှ ကျောက်လှေကားရှေးဟောင်းရုပ်ကြွင်း ပစ္စည်းအကြွင်းအကျန်များအား ယနေ့တိုင်တွေ့မြင်နိုင်ပါသေးသည်။

ဝေသာလီမြို့တော်ရာဟောင်း အနောက်မြောက်ဘက်ရမ်းချောင်းကမ်းပါးတွင် ဤကျောက် လှေကားအထက်ပိုင်းရှိ ကျောက်တုံးများကို အနီးအနားမှရွာများကအသုံးပြုရန် ပြောင်းရွှေ့ သယ်ယူသွားကြပြီးဖြစ်၍ ဒီရေအကျတွင် လှေကားအောက်ပိုင်းရှိ ကျောက်တုံးကြီးများ အား တွေ့မြင်နိုင်တော့ကြောင်း၊ ကျောက်လှေကားသည် ယင်းခေတ်ကာလက ပင်လယ်ကူးရွက် သင်္ဘောကြီးများ ဆိုက်ကပ်ရာ သင်္ဘောဆိပ်ကြီးဖြစ်လိမ့်မည်ဟု သုတေသီဦးစံသာအောင်က ၎င်း၏ ယဉ်ကျေးမှုစာစောင် "ဝေသာလီ"ဆောင်းပါး၌ "ရခိုင်မင်းသမီး ချေင်း" ဖဒူမင်းညီမှ အောက်ပါ ကောက်နုတ်ချက်ကိုပါ ထည့်သွင်းဖော်ပြထားပါသည်။

http://www.dhammadownload.com



"နှောင်းကားခါချိန်၊ ကျိန်တတ်နှုတ်မွန်၊ ညွန်ပြလဘိ၊ ဝေသာလိဝယ်၊ ဇာတိဆဒ္ဒန်၊ မျိုးမွန်ဖြူလွဲ၊ တဆယ့်နှစ်စီး၊ ကျော်သီးထိုခါ၊ ကျော်ထင်စွာသား၊ မဟာမည်လှိုင်း၊ တိုင်းစန္ဒရား၊ ကျောက်လှေကား၌ သိကြားနတ်ပေး၊ လေးနှင့်သံလျှက်၊ လက်နက်လှံပျံ၊ စေစားခံ၍၊ နွံတုံ့ သောင်းနက်၊ ကိုးဆက်မင်းတိုင်၊ တုတ်ခွန်လှိုင်၏။ ရိုက်တန်ထန်ကြိုး၊ မိုးလည်းရတနာ၊ ရွှာကာကာတည့်၊ မည်သာကျော်မွန်း၊ ဥဒါန်းထောင်လွှား၊ စန္ဒရားဟု၊ ကြီးအားမြောက်စည်၊ ကိုးဆက်တည်သည်၊ လှူပြည် ဘုန်းရှိန်၊ စူးတည့်လေး"

"သိကြားနတ်ပေး၊ လေးနှင့်သံလျှက်၊ လက်နက်လှံပျံ" အစရှိသော စကြာလက်နက် ရရှိခဲ့ကြသည်။ ဘုန်းတန်ခိုးကြီးမားသော (၉)ပါးသောဝေသာလီမင်းဆက် မင်းများ လက်ထက်တော်၌ "ရတနာရွှေမိုး"ရွာဘိသကဲ့သို့ ဝပြောသာယာ အကောက်ခွန်ဘဏ္ဍာ၊ ရွှေငွေရတနာများ၊ ပေါကြွယ်ကြောင်း ဆိုလိုပေသည်။ ထိုမင်းများနောက် လေးမြို့ခေတ်တွင် ဒသမမြောက်စကြာရှင် ဒသရာဇာမင်းပေါ် ထွန်းခဲ့သည်ဟု အဆိုရှိပေသည်။ (ဦးအောင်သာဦး)

ဦးစံသာအောင်က ဆက်လက်ပြီး ဝေသာလီကျောက်စာတိုင် အာနန္ဒစန္ဒြမင်းမှတ်တမ်းတင် ထားရှိခဲ့သည့် အချက်အလက်များအရ ဝေသာလီကို ဒွေင်စန္ဒြမင်းတည်ထောင်ခဲ့သည်ဟု သိရကြောင်း စန္ဒြမင်းဆက် (၉)ဆက်တည်းသာမက ဒွေင်စန္ဒြအဆက် (၁၆)ဆက် (အာနန္ဒစန္ဒြမင်း အထိ)နှင့် အခြားနန်းဆက်ပါရှိပေသေးကြောင်း ၎င်းဆောင်းပါး၌ပင် ဖော်ပြထားပါသည်။

ဦးအောင်သာဦးကလည်း ဤဝေသာလီစန္ဒြမင်း (၉)ဆက်မှာ ဘုန်းတန်ခိုးအာဏာ စက်ကြီးမားသော မင်း (၉)ပါးအား ဖော်ပြခဲ့ခြင်းသာဖြစ်သည်ဟု ၎င်း၏အရေးအသားတစ်ခုတွင် အတိအလင်းဆိုထားပါသည်။ ဤကဲ့သို့ ထပ်ခါတလဲလဲဖော်ပြနေရခြင်းမှာ ဤခေတ်အနေဖြင့် ရခိုင်ရာဇဝင်တစ်ရပ်လုံး၌ အထူးအရေးပါ အချက်အချာကျလှခြင်းကြောင့် ဖြစ်ပါသည်။

ဤမင်းလက်ထက်ဆိပ်ကမ်းကြီး ဆောက်လုပ်ထားခဲ့ခြင်းဖြင့် နိုင်ငံရပ်ခြားကုန်သွယ် ဖောက်ကားမှု ယခင်ဓညဝတီခေတ်ကထက် ပိုမိုများပြားပြီး အနီးအနားဝန်းကျင် နိုင်ငံဆိပ်ကမ်းမြို့ များဖြင့် ဆက်သွယ်မှုကြီးထွားခိုင်မြဲလာသည် ဆိုသည့်အချက်အား အထောက်အကူပြုသော သာဓကတစ်ရပ်ပင် ဖြစ်ပေသည်။ ထို့ကြောင့်လည်း ငွေဒင်္ဂါးများသွန်းလုပ်ကာ နိုင်ငံအနှံ့ ကုန်သွယ် ဖောက်ကားရောင်းဝယ်မှု သွက်လက်ချောမွေ့စွာ လည်ပတ်စေရန်အတွက် ဖြန့်ခဲ့ရခြင်းဖြစ်၏။

http://www.dhammadownload.com



ထိုကဲ့သို့ နိုင်ငံရပ်ခြားတိုင်းပြည်များဖြင့် ကူးလူးသွားလာ ဆက်သွယ်မှု ကျယ်ပြန့်လာသည်နှင့်အမျှ ယဉ်ကျေးမှုနှင့် လက်မှုအနုပညာ စာပေလက်ရာများ တိုးပွားကူးစက်လာမည်မှာလည်း အမှန်ပင် ဖြစ်ပေမည်။

ဒွေင်စန္ဒြမင်းနောက်မှ စန္ဒြမင်းဆက်များက မိမိတို့၏ ငွေသားဒင်္ဂါးများ၌ မိမိတို့၏အမည်နာမကိုပါ ထည့်သွင်းခပ်နှိပ်လာခဲ့ကြသည်။ ရခိုင်ပြည်သူပြည်သားများ ၎င်းအချိန်အခါကပင် အလေးအချိန်၊ အခြင်အတွက် မင်းကသတ်မှတ်သည့် စချိန်စံညွှန်းအတိအကျဖြင့် ရောင်းဝယ်ဖောက်ကားမှုပြုနေကြကာ ယခင်သူရိယခေတ်ပါငွိနှင့်သက္ကတဘာသာအမြင့်ဂုဏ်ပုဒ်စာစုပေမှာ လည်း ခေတ်နှောင်းပိုင်းအရောက်၌ တတ်မြောက်ကာ ရက္ခဝဏ္ဏအင်္ဂရေးအက္ခရာကိုပါ ကောင်းစွာ တီထွင်တတ်ကျွမ်းသုံးစွဲနေကြောင်း ကျောက်စာ၊ ဒင်္ဂါး၊ ခေတ်ဦးကဗျာလင်္ကာအရေးအသားများမှ တွေ့ရှိရပါသည်။ (သုဝဏ္ဏ ဒေဝီ-သျှီးလိုက်၊ ဓမ္မဇေယျ-လှေတောင်သုံး၊ မေဓဝိညာဓမ်ကွန်းလက်ာ၊ အာနန္ဒစန္ဒြကျောက်စာတို့မှာ စာပေအဆင့်အတန်း၏ သမိုင်းမှတ်တိုင်များဖြစ်ပေသည်။) ရွှေ ငွေဒင်္ဂါး အနုလက်ရာ၊ ကျောက်ဆစ်ကြေးသွန်း အတတ်ပညာများ၌ တိုးတက်မှုများမှာ ခေတ်ဦးကပင် စတင်ခဲ့လေသည်။

## ရန္ဒနဒီကျောက်ဆည်တော်ကြီးအကြောင်း

"ရန္ဒနဒီကျောက်ဆည်တော်ကြီးအကြောင်း"မှာ ဝေသာလီစန္ဒြမင်းများမထိုင်မီ ရှေးလွန်လေပြီးသော နှစ်ပေါင်း ၉၀၀ ခန့်ကတည်းက တတိယဓညဝတီခေတ်ကို တည်ထောင်ခဲ့သော စန္ဒသူရိယမင်းမြတ်လက်ထက်ကပင် စတင်တည်ဆောက်ခဲ့ပြီး တည်ဆောက် စဉ်ကပင် မအောင်မြင်ဘဲ ကျိုးပေါက်သွားခဲ့ခြင်းကြောင့် နှစ်ရာစု၊ ကိုးရာစုမျှ ပစ်ပယ်လျစ်လျူရှုထားခဲ့ကြပါသည်။

သူရိယခေတ်မင်းစဉ်မင်းဆက် ၂၅-ဆက်၊ ၉၀၆-နှစ် ကုန်လွန်ပြီးမှ ဝေသာလီ (စန္ဒြခေတ်) ဒွေစန္ဒြမင်းက ဆည်ပျက်ကြီးအား အသွစ်တဖန်ကြီးမားသော ကျောက်တုံးကြီးများဖြင့် ပိတ်ဆို့တာတမံဖို့ တည်ဆောက်၍ ဆည်ဖို့မြေများအား ဆင်ကြီးများဖြင့် ခိုင်မာသိပ်သည်းအောင်နင်းစေပြီး အောင်မြင်စွာ ပြုပြင်နိုင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့်စပ်မျဉ်းရေးရာ အကြာအကွယ်လုံခြုံရေးအတွက် အလွန်သင့်လျော်ပေသည်။

http://www.dhammadownload.com



ကျောက်တုံးကျောက်ခဲကြီးများဖြင့် စနစ်တကျခိုင်ခန့်တောင့်တင်းစွာ ပြုလုပ်ထားခဲ့ခြင်းကြောင့် ကျောက်ဆည်တော်ကြီးဟု ခေါ်တွင်ခြင်းဖြစ်သည်။ ရန္ဒနဒီ (ရန်းချောင်း)အား တဘက်ပိတ် တည်ဆောက်ခဲ့သည့် ဆည်ကြီးဖြစ်ပါသည်။

ဤဆည်ကြီးမှာ ခေတ်မှီနိုင်ငံကြီးများ၌ တည်ဆောက်နေသော ခေတ်မှီဆည်ကြီးများကဲ့သို့ သိပ္ပံနည်းကျတည်ဆောက်ပုံ တူညီနေခြင်းကြောင့် မကြာမီကသက်ဆိုင်ရာ ဆည်မြောင်း ဌာနမှ အကြီးအကဲများ ပြန်လည်ပြုပြင်နိုင်မှု အခြေအနေကို သွားရောက်လေ့လာ တိုင်းထွာကြည့်ကြသည့် အခါ၌ တအံ့တသြချီးကျူးကြသည်ဟု သိရပါသည်။ ဆည်တည်ဆောက်ပုံ နည်းနိဿယ ကျမ်း ရှေးရှေးကပင်ရခိုင်တွင် အမြောက်အများရှိခဲ့သည်ဟု သိရပါသည်။ သို့ဖြစ်ပါ၍ လွန်ခဲ့သော နှစ်ပေါင်း ၁၆၀၀ကျော်အချိန်ခန့်ကပင် ရှေးခေတ်ရခိုင်ပြည်သာတို့၏ ဗိသုကာပညာရည်မည်၍ မည်မျှအဆင့်မြင့် ထွန်းကားပြောင်မြောက်ခဲ့သည်ကို ဤဆည်တော်ကြီးနှင့် ကျောက်လှေကား ဆိပ်ကမ်းတို့တွင် ပေါ်လွင်ထင်ဟပ်စေပါသည်။ ဤရန္ဒနဒီကျောက်ဆည်တော်ကြီးအပြင် အခြား ဆည်ကြီး ကျုံးကြီး ရေတွင်း ရေကန် အမြောက်အမြားကိုပါ အမြော်အမြင်ကြီးစွာဖြင့် ရန်သူမျိုး ငါးပါးတွင် ပါဝင်သည့် ရေကြီးခြင်း၊ မီးလောင်ကျွမ်းမှုအန္တရာယ်၊ စစ်ရေးစစ်ရာ ဗျူဟာမြောက် အကာအရံ အတားအဆီးတို့အပြင် မြို့တော်ဝန်းကျင် တိုးတက်လာသော လူဦးရေ၏ စားဝတ် နေရေးဖူလုံမှုနှင့် ကုန်စည်ကူးသန်း ရောင်းဝယ်ဖောက်ကားမှုတို့အတွက် လယ်ယာကိုင်းကျွန်း သီးနှံပိုမိုထုတ်လုပ် လုပ်ကိုင်နိုင်ရန် ရေကောင်းရေသန့်ရရှိရေးကို ရှေ့ရှုပြီး တည်ဆောက်တူး ဖော်ထားလာခဲ့သည်မှာ ချီးကျူးစရာပင် ဖြစ်ပေသည်။

ကုလားတန်မြစ်၏ လက်တက်တစ်ခုဖြစ်သော "ရန်းချောင်း"မှာ ဝေသာလီမြို့တော် အနောက်ဘက်ပတ်ဝန်းကျင် မြောက်မှတောင်သို့ စီးဆင်းနေသောချောင်းဖြစ်ပြီး ချောင်းလက်တက် တစ်ခုကမြို့ကို ဖြတ်လျှက် စီးဆင်းနေသည်။ ကုလားတန် ကစ္ဆပနဒီနှင့် တစ်ပြေးတည်းစီးဆင်းပြီး မြစ်ဖျားခံရာဒေသမှာလည်း ထပ်တူထပ်မျှနည်းပါးပင် ဖြစ်ပေသည်။ (ဓညဝတီမြို့တော်/ အရှေ့ဘက်နှင့် အရှေ့တောင်ဘက် အရံအတားအဖြစ် ဆည်ကြီးတည်ဆောက်ရန် စန္ဒသူရိယမင်း က ကြိုးပမ်းခဲ့ဟန် တူပါသည်။)

ဓညဝတီနှင့် ဝေသာလီမှာ ၁၃-မိုင်ခန့် ကွာဝေးသည်။ ဝေသာလီ/မြောက်ဦး အကွာအဝေး

http://www.dhammadownload.com



မှာ ၅-မိုင်ခန့်ရှိသည်။ စန္ဒသူရိယမင်းက ရေရှည်သဘောဖြင့် ရန္ဒနဒီ(ရန်းချောင်း)အား ပိတ်ဆို့ကာ ဆည်မြောင်းတည်ဆောက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ပေမည်။ သို့သော်၎င်းအကြံအစည်မှာ တောင်ဘက်ရှိ ဝေသာလီကျောက်လှေကားမြို့တော်အတွက် အထူးအရေးပါသည့် ဆည်ကြီးဖြစ်မြောက်လာခဲ့သည်။ ဒွေင်စန္ဒြမင်း ဘာသာရေးဆောင်ရွက်ချက်များအနေဖြင့် မဟာမြတ်မုနိဘုရား သိမ်တော်ကြီးကို နှစ်ကြိမ်တိုင်တိုင် ပြန်လည်ပြုပြင်ခဲ့ပြီး၊ ဂန္ဓကုဋီတိုက်တော်ကို အုတ်ဖြင့် တည်ဆောက်ခဲ့သည်။ ရွှေဖြင့်ပြုလုပ်သော ပတ္တမြားစီမကိုဋ္ဌတော်ကို လှူဒါန်းခဲ့သည်။ ပလ္လင်တော်ကိုလည်း ရှေးက ကျောက်ပလ္လင်အစား မိမိမွေးနံသစ်သားဖြင့် ပြုလုပ်ကာ သစ်သားပလ္လင်တော်ဖြင့် အစားထိုးခဲ့သည်ဟု သိရှိရပါသည်။ သိမ်တော်ကြီးမှာလည်း ၎င်းမင်းလက်ထက်မှာပင် မီးသင့်ခဲ့၍ သားတော်နန်းမတက်မီ တစ်ကြိမ်၊ နန်းတက်ပြီးနောက် နောက်ထပ်တစ်ကြိမ် ပြုပြင်ကာ ပလ္လင်တော်ကိုလည်း ကျောက်ပြားများဖြင့် အသစ်တစ်ဖန် သစ်သားပလ္လင်ကို အစားထိုးကာ လှူဒါန်းခဲ့သည်။ သိမ်တော်ကြီးကို ကြေးနီပြားများဖြင့်မိုးခဲ့သည်။ ခမည်းတော်က ကြေးနီဇာပန်းများ တပ်ဆင်လှူဒါန်းခဲ့သည်။၎င်းခေတ်ကပင် ကြေးနီကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြောင်း အထောက်အထားတစ်ရပ်ဖြစ်သည်။ ခေါင်မိုးမှ ထုထဲကြီးမားသော ကြေးပြားတစ်ချပ်နှင့် ပလ္လင်မှ ကျောက်သလင်းပြားတစ်ချပ်ကို ယခုတိုင်တွေ့ရှိရပါသည်။

ဒွေင်စန္ဒြ (မဟာစန္ဒြ)မင်းမှာ သာသနာသက္ကရာဇ်-၉၁၁၊ ရခိုင်-၁၀၂၊ အေဒီခရစ်-၄၁၉ခုတွင် နတ်ရွာစံပြီး သားတော် ရာဇစန္ဒြမင်းက အရိုက်အရာကို ဆက်ခံတော်မူသည်။

အာနန္ဒစန္ဒြမင်းလက်ထက် အေဒီ-၇၂၉၊ သာသနာ-၁၂၃၅ ကျောက်စာတိုင် အနောက်ဘက်မျက်နှာစာတွင် မှတ်တမ်းတင်ထားရှိခဲ့သော ဝေသာလီကျောက်လှေကားမြို့တော်ကို တည်ထောင်ခဲ့သည့် ဒွေင်စန္ဒြ(မဟာစန္ဒြ)နှင့် ပတ်သက်သော ခိုင်မာသည့်သက်သေခံအထောက်အထားများမှာ-

(က) ရခိုင်ပြည်နယ်ပြည့်သူ့ကောင်စီ၊ စစ်တွေမြို့မှ ထုတ်ဝေသည့် "မြောက်ဦးလမ်းညွှန်" စာအုပ်၊ စာမျက်နှာ-၈၅ အရ -

"အေဒီ-၈ရာစုထို၊ အာနန္ဒစန္ဒြမင်းကျောက်စာအရ ဒွေင်စန္ဒြမင်းကြီးသည် တစ်ရာ့တစ်ပါးသော မင်းတို့ကို အောင်နိုင် ပြီးနောက် နတ်ပြည်၏ လှပတင့်တယ်ခြင်းကို ပျက်ရယ်ပြုနိုင်လောက်အောင် လှပသောမြို့တော်ကို တည်ဆောက်ခဲ့သည်ဟု

http://www.dhammadownload.com



ဆိုသည်။

(ခ) ဦးစံသာအောင် မြန်မာဘာသာဖြင့် ပြန်ဆိုထားသော "ရခိုင်ဒင်္ဂါးများ" စာအုပ်ပါ ကျောက်စာတိုင်၏ ဂါထာ-၁၉ မင်းစဉ် (အေဒီ ၃၇၀-၄၂၅)တွင်လည်း အောက်ပါအတိုင်း ပါရှိသည်။

"ယင်းတို့ပြီးနောက် နောင်ကာလ၌ ကုသိုလ်ကောင်းမှုပြုခြင်း၊ ဥစ္စာပေါများခြင်း၊ ခွန်အားဘုန်းတန်ခိုးကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတို့နှင့် ပြည့်စုံသည့် ဒွေ့ဝင်စဉ် အမည်ရှိသော မင်းသည်မင်းတကာမင်း ဖြစ်လာသည်"။

ဆက်လက်ပြီး ဂါထာ - ၂၀တွင်

ဘုန်းလက်ရုံးနှင့်ပြည့်စုံသော ဘုရင်မင်းမြတ်သည် တစ်ရာ့တစ်ပါးသောမင်းတို့ကို အောင်မြင်ပြီး၍ အထူးထူးသော မြို့ရိုး၊ တံတိုင်း၊ ကျုံးတို့နှင့်တန်ဆာဆင်အပ်သော မြို့တော်ကို တည်ဆောက်ခဲ့သည်။

ဂါထာ-၂၁။

"နတ်ပြည်၏ လှပတင့်တယ်ခြင်းကို ပျက်ရယ်ပြုလောက်အောင် လှပတင့်တယ်သော မြို့တော်တစ်ခုကို တည်ဆောက်၍ ကျော်ဇောခြင်းနှင့်ပြည့်စုံသည့် ထိုမင်းသည် ၅၅-နှစ်တိုင်အောင် မင်းပြုလေသည်။"

ဝေသာလီကျောက်စာတိုင်အား မြို့တော်ဟောင်းရှိ "လက်ခတ်တောင်"ဟု ခေါ်သော တောင်ကုန်းငယ်မှ ဘုရင်မင်းပါကြီး(မြောက်ဦးဒုတိယမင်းဆက်သည်) ခရစ်အေဒီ ၁၅၃၁-၁၅၅၃ က မြောက်ဦးမြို့ရှိ သျှစ်သောင်းဘုရားသို့ ပြောင်းရွှေ့ယူလာသည်ဟု ဆိုပါသည်။ (ဦးစံသာအောင် ဝေသာလီစာတမ်း)

ကျောက်စာဂါထာ-၁၈၌ ဒွေ့ဝင်စဉ်မင်းမတိုင်မီ နှစ်-၁၀၁၆ က မင်းအမျိုးနွယ်ကို တည်ထောင်ခဲ့သောမင်းများအား ဘီစီ-၆၃၈ မှ အေဒီ-၃၆၈အထိ နှစ်ပေါင်း ၁၀၀၀ခန့် ဒုတိယဧည့်ဝတီ "ရာလမာယ"မင်း ရခိုင်ကောဇာ-၈၆၄၅ အား ဖြိုခဲ့သည့် သက္ကရာဇ်မှစတင်ကာ အေဒီ ၃၀၀-၆၀၀ စုလက်ရေးလက်သားဖြင့် မင်းတစ်ပါးပါးက စတင်၍ ကျောက်ထက်အက္ခရာတင်ပြီး

http://www.dhammadownload.com



၄င်းကျောက်စာ၌ပင် မှတ်တမ်းတင်ခဲ့သည်။

သို့ဖြစ်ပါ၍ စန္ဒြမင်းစဉ်မင်းဆက်နှင့် ပြည်သူပြည်သားများမှ ရှေးဓညဝတီခေတ်ကပင် အစဉ်အဆက် မပြတ်ဆင်းသက်လာကြောင်းကို တိကျစွာသိရှိခဲ့ရပါသည်။ မြဒိုးဝေရာဇဝင်အပေါ် မှိုင်မြင်းပြုစုစပ်ဆိုထားသော မြောက်ဦးမှ ဦးစံလှကဗျာ လင်္ကာဖြင့် မူအားဖြင့် ကိုက်ညီတိကျမှုရှိသည် ကိုလည်း ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဒုတိယဓညဝတီ ၂၄-ဆက်မြောက် ရာလမာယု သက္ကရာဇ်ဖြိုပြီး လွန်သည့်နှစ် မဟာ သက္ကရာဇ် ၁-ခု သားတော် နာလမာယုနန်းတက်နှစ်မှ ဝေသာလီစတင်သည့်နှစ် (ဘီစီ ၆၃၈- ၆၃၇)မှ အေဒီ-၃၆၄ အထိကို တတိယဓညဝတီခေတ် မင်းစဉ်မင်းဆက်ဇယားတွင် ဖော်ပြ ထားပါသည်။ သက္ကရာဇ် ဖြိုခဲ့သည်များကိုဖယ်ပြီး ပကတိ မဟာ သာသနာ ရခိုင်သက္ကရာဇ်များ ဖြင့်သာ ပြသထားပါသည်။ (ရာဇဝင်အရေးအသားအလိုအရ သက္ကရာဇ်ဖြိုခြင်းများအား ၄င်းဇယား၌ ယှဉ်တွဲပြီး ခွဲခြားပြသထားပါသည်။)

ဒွေင်စန္ဒြမင်းနှင့်ပတ်သက်သော အထောက်အထား ခိုင်လုံသည်ဟု ယူဆရသည့် နောက် ထပ်မံတွေ့ရှိသော အချက်တစ်ချက်မှာ "မြဒိုးဝေ" ရာဇဝင်ပါအတိုင်း အမည်နာမ၊ ခု သက္ကရာဇ် ဖော်ပြမပါရှိသော ဓညဝတီနှောင်းပိုင်း ငွေဒင်္ဂါးများပင် ဖြစ်ပါသည်။

ဦးစံသာအောင် "ရခိုင်ဒင်္ဂါးများ"စာအုပ်၌ ဖော်ပြပါရှိသည့် ခရုသင်း၊ ကင်းမီးကောက် သီရိဝစ္ဆဒင်္ဂါးများသာမက နွားတံဆိပ်ခတ်နှိပ်ပါရှိသည့် ဒွေင်စန္ဒြဒင်္ဂါးဟု ယူဆရသော ဒင်္ဂါးများကို လည်း တွေ့ရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။ (နွား-သီရိဝစ္ဆ)သို့သော် အတိအကျအတည်ယူရန် ဆက်လက် သုတေသနပြုချက်များကို အချိန်ယူစောင့်ဆိုင်းရပေမည်။ ဤဒွေင် စန္ဒြမင်းစဉ်မင်းဆက် များ၏ ရွှေ၊ ငွေဒင်္ဂါးများကို တွေ့ရှိပြီးဖြစ်ပါသည်။

ရခိုင်ရာဇဝင်အရ သားဖြစ်သူ ရာဇစန္ဒြ၏ မိဖုရားမှာ (နှမတော်ရင်း မယ်တူဖေတူ) စောပြည့်ညို(ခေါ်) စောနန္ဒာဟု ပြဆိုထားရာ၊ ဝေသာလီ ၂၁-ဆက်မြောက် သီရိဓမ္မစန္ဒြ (ဘဂ်စန္ဒြ) စောပြည့်ညို (သုဝဏ္ဏပပါ (ဘာ)-သုဝဏ္ဏဒေဝီ စာဆိုမိဖုရား) အေဒီ ၆၉၈ မှ ၇၁၄ နှင့်မမှားရန် သတိပြုရပေမည်။၄င်းမိဖုရား၏ အထောက်အထားမှာ ရက္ခဝဏ္ဏအက္ခရာ ရခိုင်ဘာသာစကားဖြင့် ကဗျာလင်္ကာစပ်ခဲ့ပြီး ကဗျာကျမ်းများ ပြုစုခဲ့သော သိင်္ဂစန္ဒြ၏မြောက်သား (နှမရင်းမဟုတ်)သာ

http://www.dhammadownload.com



ဖြစ်ပါသည်။ (ဓညဝတီရာဇဝင်သစ်၊ စာ-၈၇-၈၈ပါ၊ ပညာရှိအမတ် သောင်းတီးစား ဥတ္တမ သီရိကျော်က ဖခမည်းတော် မဟာစန္ဒြအားလျှောက်ထုံးကို ရည်ညွှန်းသည်။)

စောပြည့်ညို "သိန်ကန်မိန်တွင်၊ ဆယ့်နှစ်ခွင်"အပိုဒ်-၂ "တောင်ညာမဟေသွေး၊ နှစ်ပါး မောင်စုံ၊ ဘုန်းရိပ်လှုံသည်" မောင်တော်ရင်းနှင့် ကြင်ယာတော် မြောက်သား အားဆိုလိုသည်။ ဖနတ်ရှင်လောင်းဘုရား ခြားဝမ်းကွာ ရင်းချာမောင်နှမဆိုခြင်းမှာ ဖခမည်းတော် ဓမ္မဝိဇယနှင့် ဦးရီးတော် ဝဇရသတ္တိမင်းနှစ်ပါး ၎င်းတို့မှမြင်သော သားတော်နှစ်ပါး မောင်တော်နရေန္ဒြဝိဇယနှင့် မိမိကြင်ယာတော် မောင်ဝမ်းကွဲ ဓမ္မစန္ဒြခေါ် သိင်္ဂစန္ဒြတို့ကို ဆိုလိုရင်းဖြစ်သည်။ စန္ဒြမင်းဆက် ၁၈မှ ၂၁ မင်း များဖြစ်ကြသည်။

*ဦးရွှေဇံ၏ ရခိုင်သမိုင်းခေတ်ကာလပိုင်ခြားမှု မြေကြီးကသက်သေတည်သရွေ့ စာအုပ်၊ စာမျက်နှာ-၃၇၊ ၃၈၊ ၃၉ တွင်လည်း တတိယဓညဝတီနှင့် ဝေသာလီကျောက်လှေကား ခေတ်တို့မှာ တစ်ဆက်တည်း ပေါ်လွင်သလို၊ ကင်းမြို့ကောက် သီရိဝစ္ဆ(စာမပါ) ဒင်္ဂါးနှင့် ခရုသင်း၊ သီရိဝစ္ဆ (စာမပါ) ဒင်္ဂါးများမှာ ဓညဝတီတဆက်တည်းဖြစ်ကြောင်း ပေါ်လွင်သည်ဟု ဆိုထားသည်။*

အဆိုပါမောင်နှမရင်းချာ ပြည့်ရှင်နှစ်ပါးမှာ မိခင်နှင့်ဖခင်တို့ကဲ့သို့ပင် ဘာသာရေးအထူး ကိုင်းညွှတ်ပြီး မဟာမုနိ သိမ်ပလ္လင်များအား ဖခမည်းတော်လက်ထက်က မီးသင့်ခဲ့သည်ကို ပြုပြင်ခဲ့ကြပါသည်။ ကြေးချပ်များကို အသုံးပြုပြီးကာ သိမ်တန်ဆောင်း ခေါင်မိုးများအား လဲလှယ်ခြင်း၊ ပလ္လင်တော်ကို ကျောက်သလင်းပြားများဖြင့် စီချယ်ပြီး အုတ်ပလ္လင်အဖြစ် နောင်မီး မသင့်ရအောင် ပြုပြင်ခဲ့ခြင်းနှင့် ဘာသာသာသနာတော်အတွက် အများအပြား ဆောင်ရွက်ခဲ့ပါ သည်။ တိုင်းပြည် ငြိမ်းချမ်း ဝပြောသာယာတိုးတက်ပြီး ငွေဒင်္ဂါးများ မိမိအမည်ဖြင့် ထုတ်ခဲ့ပါသည်။

ဝေသာလီကျောက်လှေကား အာနန္ဒစန္ဒြမင်းကျောက်စာတိုင် အနောက်ဘက်မျက်နှာစာပါ ဒုတိယပိုင်း-၁၃ပါးသော စန္ဒြမင်းများအား ရွှေ ငွေဒင်္ဂါးနှင့် ကျောက်ချပ်စေတီပုထိုး အဆောက် အအုံ တည်ထားချက်များက ပိုမိုခိုင်မာစွာ အထောက်အထားပြုနေပါသည်။ သို့ဖြစ်ခြင်းကြောင့် ဥရောပ သုတေတီများ အထင်မှားအမြင်မှားခဲ့သလို ဟိန္ဒူမင်းများလည်းမဟုတ်၊ ဝေသာလီ ကျောက်လှေကား စတင်တည်ထောင်သည့် အေဒီ-၃၆၅မှစပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်

http://www.dhammadownload.com



သည့် ရခိုင်မင်းများဖြစ်ပြီး မြင့်မားသောယဉ်ကျေးမှုအဆင့်အတန်း လက်ရုံးရည် နှလုံးရည် ပညာအမြော်အမြင်နှင့် ပြည့်စုံသော မင်းမြတ်များဖြစ်ကြောင်း ပေါ်လွင်ပါသည်။ ၎င်းတို့မှာလည်း တတိယဓညဝတီမှ ဆင်းသက်လာကြသူများ ဖြစ်ပေသည်။

**မှတ်ချက် ။** ကျောက်စာပါ ဝေသာလီမင်းဆက် တတိယဇယားမင်းစဉ်မင်းဆက် ဆင်းသက်ပုံ သုဝဏ္ဏဒေဝီစောပြည့်ညို ၏ "သိန်ကန်မိန်တွင်" သျှိုးလိုက်ရတုနှင့် နှိုင်းယှဉ်ချက်ဇယား၊ ဦးရွှေဇံ၏ ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှု မြေကြီးကသက်သေ တည်သရွှေ့၊ စာ၃၃-၃၄ကို သိသာရန် နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

## ဝေသာလီကျောက်လှေကားခေတ် မင်းစဉ်မင်းဆက်အထောက်အထားများ

ဝေသာလီကျောက်စာတိုင် (အနောက်ဖက်စာမျက်နှာစာပါ) - ဒုတိယပိုင်းအဖြစ် ပါဝင်သည့် မင်းဆက် ၁၃-ဆက်၏ သက်တမ်းမှာ အေဒီ ၃၇၀ မှ ၆၀၀ အထိ နှစ်စုစုပေါင်း ၂၃၀-နှစ်ဖြစ်ပြီး အသစ်ပြုစုထားသည့် ဇယားအရလည်း နှစ်-၂၃၀အထိ ကိုက်ညီပါသည်။

| သာသနာ | ခရစ် | ရခိုင်ကောဇာ | |
|---|---|---|---|
| ၁၀၈၆ | ၅၉၄ | ၄၇၇ | ဒွေင်စန္ဒြမှ ပထ္တိစန္ဒြ လွန်အထိနှစ် |
| ၈၅၆ | ၃၆၄ | ၂၄၇ | စုစုပေါင်း -၂၃၀ |
| ၂၃၀ | ၂၃၀ | ၂၃၀ | (-၂-ကြွင်း ၄၇၉-၂၄၉) = ၂၃၀ နှစ် |

မှတ်ချက်။ ။ကျောက်စာအရမှာ မင်းဆက်-၁၆ဆက်ဟု ဆိုထားသော်လည်း ၁၃-ဆက်သာ တွေ့ရရာ မင်း ၃-ဆက် ပျောက်နေပါသည်။

သက္ကရာဇ်အားဖြင့် ကျောက်စာတိုင် ၃၇၀း၃၆၄ အေဒီအစနှင့် ၆၀၀း၅၉၄ အေဒီအဆုံးဖြစ်၍ သက်တမ်း (သက္ကရာဇ်) ၆-နှစ်သာ ကွာဟမှုရှိပါသည်။ အမှန်တကယ်မှာ ကျောက်စာအရှေ့ဘက် မျက်နှာစာပါ ပထမပိုင်း (ဇယား)၊ ဂါထာအပိုဒ်-၄ ရာလမာယုနန်းတက် ဘီစီ-၆၃၈မှ ပထ္တိစန္ဒြလွန်၊ မဟာဝီရနန်းတက်အထိ သမိုင်း မှတ်တမ်း (ဘီစီ ၆၃၈-အေဒီ ၆၀၀ = ၁၂၃၈) မျှ ရှည်လျားသည့် အချိန်ကာလ အပိုင်းအခြားအတွင်း မဖြစ်စလောက်သည့် ကွာခြားမှုဟု

http://www.dhammadownload.com



ဆိုရပေသည်။ (ဦးစံသာအောင် - ရခိုင်ဒင်္ဂါး၊ မြန်မာဘာသာပြန် အာနန္ဒစန္ဒြ မင်းကျောက်စာနှင့် ကျောက်စာပါ ရှေးမင်းများ။ ဦးရွှေဇံ - "The Golden Mrauk-U" P.48-49, Table.II) တို့အား ရည်ညွှန်းပါသည်။ ဤနှစ်ရပ်ပေါင်းစပ်က အပြည့်အစုံရရှိပါသည်။

ထို ၁၃-ပါးသော မင်းများအနက်မှ အလွန်အရေးပါသည့် ပထမနှင့်ဒုတိယ စန္ဒြမင်းဆက် ဒွေ့င်စန္ဒြနှင့် ရာဇစန္ဒြများအကြောင်း ရှေ့တွင်ဖော်ပြပြီးဖြစ်ကာ ကျန် ၁၁-ပါးသော မင်းများအနက်မှ ကျောက်စာတိုင် မှတ်တမ်းအား အထူးတလည် အထောက်အကူပြုသည့် မင်းအနည်းငယ်ကိုသာ ဖော်ပြသွားပါမည်။ ကျောက်စာ မှတ်တမ်းတမျှ ခိုင်မာသည့် ၎င်းတို့သွန်းလုပ် ထုတ်ဝေခဲ့ကြသော ရွှေ၊ ငွေ၊ ကြေး၊ ဒင်္ဂါးများမှာမူ အပြည့်အစုံ ရရှိပြီးဖြစ်၍ ထပ်မံဖော်ပြခြင်းမပြုတော့ပါ။ သို့သော် ကျောက်စာချပ်ငယ်များနှင့် ဗုဒ္ဓရုပ်တုတော်၊ စေတီပုထိုး စသည့် အခြားအထောက်အထားများဖြင့် သက်သေထူနိုင်သည့် မင်းများအား မှတ်တမ်းပြုတင်ပြသွားပါမည်။

## ဒွေ့င်စန္ဒြမိဖုရားကြီးတည် ဝေသာလီဘုရားကြီး

ဉာဏ်တော် ၁၇-ပေနှင့် ၄င်းပရိဝုဏ်မှ ရရှိသည့် အလျား ၁-ပေ၊ အနံ ၇-လက်မ၊ ထု ၅-လက်မရှိ ကျောက်ပြား၌ စာကြောင်းရေ ၄-ကြောင်းပါရှိသည့် "ယေဓမ္မာဂါထာ" တော်ပင် ဖြစ်သည်။ ပါဠိဘာသာဖြင့် ရေးထိုးထားပြီး ဒွေ့င်စန္ဒြမင်း၏ မိဖုရားကြီးတည်ထားခဲ့သည်ဟု အခိုင်အမာပြဆိုကြခြင်းကြောင့် ဝေသာလီကျောက်လှေကားခေတ်၏ အစောဆုံး သုပပါဒေဝီကျောက်စာဟု ယူဆကြသည်။ ဦးစံသာအောင်၊ ၁၉၇၃ခု ထုတ် "အေဒီခြောက်ရာစုမှ ယင်းမတိုင်မီ ရခိုင်ပြည်သုံး အက္ခရာကို ပဏ္ဏာမလေ့လာချက်" ပုံ-၁၄၊စာ-၁၇-၁၈အရ။

## ဝေသာလီမြို့ဟောင်း သင်းကျစ် (ချပ်) တော်တောင်မှ ကျောက်စာ

ဤစေတီမှာ မြို့တည်ဘုရားတစ်ဆူအဖြစ် ပါဝင်ခဲ့သည်ဟုယူဆကြရာ ကျောက်စာမှာ အေဒီ ၃၆၄-၃၆၅ ခန့်က ရေးထိုးခဲ့ခြင်း ဖြစ်နိုင်ပေသည်။ သင်္ကြိုက်ဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓတရားတော်၏ အဆီအနှစ်"ယေဓမ္မာ" ဂါထာတော်ပင်ဖြစ်ပြီး ခေတ်ပြိုင်ဂုပ္တတို့ သုံးစွဲရေးထိုးကြသော စာလုံးအက္ခရာ ဘာသာစကားတို့နှင့် တူညီသည်ဟု သိရပါသည်။ လက်ရေးလက်သား ကောင်းမွန်ပြီး ညီညာသပ်ယပ်စွာ ရေးထိုးထွင်းထုထား၏။ ဦးစံသာအောင်၊ ပုံ-၉။

http://www.dhammadownload.com



စာ ၁၃-၁၄။ သက္ကရာဇ်မင်းအမည် ပါဝင်ခြင်းမရှိပါ။

## နီတိစန္ဒြမင်းမိဖုရားကျောက်စာ (အေဒီ ၅၁၄-၅၆၉)

အဆိုပါကျောက်စာကို ဝေသာလီမြို့ဟောင်း၊ ဥဏ္ဏသကတောင်ထက်ရှိစေတီပျက်မှ ရရှိပြီး ကျောက်စာ၌ သက္ကရာဇ်ပါရှိခြင်းမရှိသော်ငြားလည်း အိန္ဒိယနိုင်ငံရှိ ကျောက်စာများနှင့် နှိုင်းယှဉ် ကြည့်သောအခါ အက္ခရာစာလုံးပုံသဏ္ဌာန်တို့မှာ အိန္ဒိယအရှေ့မြောက်ပိုင်း ဂုပ္တမင်းတို့ ခေတ်ဖြစ်သော ခရစ်သက္ကရာဇ် အေဒီ ၅၅၀ လောက်တွင် ရေးထိုးကြသော စာလုံးအက္ခရာတို့နှင့် တူညီကြောင်းကို တွေ့ရသည်။ ဒေသအလိုက် ပြောင်းလဲလာသော အလယ်သရများ ပါရှိသည်[၁]။ ကျောက်စာ၏အရွယ်မှာ အလျား ၁၈-လက်မ၊ အမြင့် ၁၀-လက်မ၊ အထု ၆-လက်မရှိပြီး စာကြောင်း ရေ ၅-ကြောင်း ပါရှိသည်။ ကျောက်စာဘာသာစကားမှာ သင်္သကြိုက်ပျက် ပါဠိဘာသာ အနည်းငယ်ရောနှောပါရှိ၏။ သက္ကရာဇ်ခန့်မှန်းချက်အရ အေဒီ-၅၅၀ခန့်ဖြစ်၍ နီတိစန္ဒြမင်း၏ (ဝိတာစန္ဒြဂြီယာ) ဝိတာစန္ဒြဂြီယာ အမည်ရှိသော ကျောက်စာပါမိဖုရား၏ ဒေယျဓမ္မဒါတဗ္ဗ အလှူတော် ဖြစ်ပေမည်။ အရေးအသားအထုအလုပ် သေသပ်ကောင်းမွန်သည်[၂]။

## ဝီရစန္ဒြမင်းကျောက်စာ (၅၆၉-၅၇၂)

ဤကျောက်စာချပ်မှာ အထူးပင်အရေးပါသော ကျောက်စာမှတ်တမ်းတစ်ရပ် ဖြစ်သည်။ စာလုံးများမှာ နီတိစန္ဒြကျောက်စာထက် အနည်းငယ်သေးသည်။ စာကြောင်းရေ ၄-ကြောင်းမျှ ပါဝင်သည်။

အဆိုပါကျောက်စာ၏ အက္ခရာ စာလုံးပုံသဏ္ဌာန် အရေးအသားကို ထောက်ရှုခြင်းဖြင့် နီတိစန္ဒြမင်း မိဖုရားကျောက်စာထက် နှစ်အနည်းငယ် နောက်ကျသော်လည်း တစ်ခေတ်တည်းပင် ဖြစ်သည်ဟု မှန်းဆရသည်။ ကျောက်စာကို ရေးထိုးသော သက္ကရာဇ်မှာ အေဒီ-၅၆၇-၅၇၈ ခန့် (ဇယားသစ်အရ ၅၆၉-၅၇၂ အေဒီ)ဖြစ်ပြီး ၄င်းမင်းမှာလည်း နီတိစန္ဒြမင်းအား ဆက်ခံသောမင်း

၁။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း (ယဉ်ကျေးမှုကဏ္ဍ)

၂။ ဦးစံသာအောင်၊ ပုံ-၇၊ စာ ၁၁-၁၂။

http://www.dhammadownload.com



ဖြစ်၍ (၃)နှစ်သာ နန်းစံသက်ရှိသော်လည်း လက်ရုံးရည် နှလုံးရည်ဖြင့် ပြည့်စုံသောမင်းတစ်ပါး ဖြစ်ပေမည်။ ကျောက်စာဂါထာ-၂၉တွင် "ထို့နောက် လူတို့၏ အရှင်သခင်" ဝိရစန္ဒြသည် (၃)နှစ်တိုင်အောင် မင်းပြု၏။ ယင်းနောက် ကမ္ဘာလောက အရှင်သခင် "ပီတိစန္ဒြ" သည် (၁၂)နှစ်တိုင်အောင် မင်းပြုလေ၏" ဟုပါရှိပါသည်။

၎င်း၏ကျောက်စာချပ်မှာ အလျား + အနံ (၁၀)လက်မ အမြင့် (၄)လက်မရှိပြီး သင်္ကြိုက်ပျက် ပါဠိဘာသာ အနည်းငယ်ရောနှောထားသော ဘာသာစကားဖြစ်၏။ ဦးစံသာအောင် ဘာသာပြန်ဆိုချက်အရ "(ဓမ္မေနသမေန) တရားသဖြင့် ထီးနန်းကိုဆက်ခံသောစိုးစံသောသူတစ်ပါး၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရန် ရည်သန်လျက်ရှိသော သီရိဝိရစန္ဒြဒေဝမင်းသည် မိမိပိုင်ငွေကြေးတို့ကို အကုန်အကျခံ၍ သစ္စာတရားကို သက်ဝင်ယုံကြည် ချစ်မြတ်နိုးသည့် အလျောက် ကမ္ဘာ၏ အဆင်တန်ဆာဖြစ်သော စေတီအဆူပေါင်းတစ်ရာတို့ကို တည်ဆောက်တော်မူသည်"ဟု ပါရှိသည်။ ၎င်းအား အာနန္ဒစန္ဒြားဘုရားဟုခေါ်သော စေတီပုထိုးမှရရှိသည် ဆိုပါသည်။ အာနန္ဒစန္ဒြမင်းမှာ နှစ် ၁၂၀ ကျော် နောက်ကျပြီးမှ နန်းတက်သော မင်းဖြစ်၏။

အထက်ပါကမ္ပည်းအက္ခရာတင် အရေးအသားကို ကြည့်ရခြင်းအားဖြင့်

၁။ ထီးမွေနန်းမွေဆက်ခံမှုတွင် အထစ်အငေါ့ရှိခဲ့ကြောင်း၊

၂။ ပြည်သူပြည်သားအကျိုးကို ဆောင်ရွက်လိုသည့် ဆန္ဒနှင့် ကြိုးပမ်းမှုရှိသည်ကို ပြသဖွင့်ဟပြောဆို ကြောင်းအပြင်

၃။ ဘာသာသာသနာထွန်းကားရေးနှင့် ကမ္ဘာ၏ အဆင်းလှစေရန် စေတီပုထိုးတည်ထားရာ၌ လွန်ကဲမှု ရှိလင့်ကစား ပြည်သူ့ဘဏ္ဍာဖြင့် မဟုတ်ဘဲ မိမိကိုယ်တိုင်ဥစ္စာမှ အကုန်အကျခံကာဆောက်တည်မှုများကို ပြုလုပ်သည်ဟု ဖော်ပြခြင်းမှာ၊ ဘုရားပုထိုးများစွာ တည်ထားမှုကြောင့် ပြည်သူပြည်သားများ ပင်ပန်းနွမ်းနယ် ဒုက္ခပင်လယ်ဝေကာ မိမိတို့ အလုပ်အကိုင်ပျက်မှုများကြောင့် မလိုမုန်းထားဆန့်ကျင်သူများရှိသည့် အားလျော်စွာ နန်းစံ (၃)နှစ်ဖြင့် အခွင့်အလမ်းရ၍ လုပ်ကြံခံခဲ့ရသည်ဟု ယူဆရပေသည်။

(ဥပမာ - အဝ၌ မင်းကြီးစွာစော်ကဲ ဘုရားတည်သောအခါ နေအပူဒဏ် ပူပြင်းသည့်

http://www.dhammadownload.com



ရာသီဥတုဒဏ်ကို အလူးအလဲခံကာ တည်ဆောက်ရခြင်းကြောင့် ပြည်သူများက မြေတူးရာမှ ဖြစ်ပေါ်လာသည့်အင်းအား "ပူအင်း" ဟုခေါ်ဝေါ်သမုတ်ကြသည်ဟု အဆိုရှိပါသည်။) သို့သော် ဘုရားပုထိုး ဤမျှတိုတောင်းသည့်အချိန် (၃)နှစ်တာအတွင်း ဆောက်တည်နိုင်သည့်မင်းကား သာမန် အားဖြင့် ဘုန်းတန်ခိုးအာဏာစက်ပြင်းထန်ပြီး လူကျင့်ဝတ်၊ မှန်ကန်သည့်တရားများကို တင်းကြပ်စွာ ကျင့်သုံးလိုက်နာစေသည့် မင်းတစ်ပါးဖြစ်ဟန်တူပါသည်။ ဘုန်းကြီးသော်ငြားလည်း ကံညံ့သည်ကို သိရှိသဖြင့် ဘာသာ၊ သာသနာရေးဘက်၌ လှံ့လထက်သန်ကာ ကံဇာတာကောင်းရာ ကောင်းကြောင်း ကြိုးပမ်းခဲ့ဟန် တူပေသည်။

အာနန္ဒစန္ဒြကျောက်စာမှတ်တမ်း၊ ဝေသာလီကျောက်စာတိုင်အား ရှေ့တွင်အတော်အတန် ဖော်ပြပြီး ဖြစ်၍ ဤကဏ္ဍ၌ ထည့်သွင်းဖော်ပြခြင်း မပြုတော့ပါ။

## ဝေသာလီမင်းတစ်ပါး၏ မြေလှူအမိန့်မှတ်တမ်း။ (ကြေးနီပြားထက် အက္ခရာတင်ထားရှိခြင်း)။

ဤကြေးနီကမ္ပည်းစာမှာ ဝေသာလီခေတ်မင်းတစ်ပါးရေးထိုးပြီး ယင်းကဲ့သို့ အမိန့်စာများ ကို အိန္ဒိယ၌ အမြောက်အများတွေ့ရှိရသော်လည်း မြန်မာပြည်တွင် ပထမဆုံးတွေ့ရှိခြင်းဖြစ်သည် ဟု ဆိုပါသည်။ လက်ရှိ စာကြောင်း(၁၂)ကြောင်းမျှပါရှိပြီး နဂိုက (၁၅)ကြောင်းခန့်ရှိမည်ဟု ခန့်မှန်း ကြပါသည်။ လက်ရှိအခြေအနေအရ (၁၀)ပေါင်ခန့်လေးသည်ဟု ဆိုပါသည်။ နှစ်ဘက်လုံးတွင် စာကြောင်းရေများပါရှိကာ အထက်တွင်ဖော်ပြခဲ့သည့် ကျောက်စာအက္ခရာအမျိုးအစားဖြစ်ပြီး ဂုပ္တအက္ခရာ-သသ်ကြိုက်ဘာသာဖြင့် ရေးထိုးထားပါသည်။ သက္ကရာဇ်ဟု ထင်ရသော အက္ခရာများ ဖြတ်တောက်ဖျက်ဆီးခြင်းခံရသည်။ ၎င်းကြေးနီပြား၌ ရေးထိုးထားသည့် အက္ခရာစာလုံးများမှာ အလွန်သေသပ်လှပပြီး အကုန်ဖတ်နိုင်ပါသည်။

မူရင်းစာအား မြန်မာလိုပြန်ဆိုထားခြင်းကို ဦးစံသာအောင်၏ အေဒီခြောက်ရာစုနှင့် ယင်း မတိုင်မီ ရခိုင်ပြည်သုံး အက္ခရာစာအုပ်စာမျက်နှာ ၂၁မှ ၂၃တွင်ပါရှိပြီး (၁၆-၁၇)တို့တွင် ကြေးပြား မူရင်းကို တွေ့မြင်နိုင်ကာ အဘိုးမဖြတ်နိုင်သော ရှေးဟောင်းဝေသာလီမှ ပစ္စည်းတစ်ခုဖြစ်ပေ သည်။ ၎င်း၌ မြေတည်ရာဒ္ဓေဂိုတ္တရွာ၊ အကျယ်အဝှမ်း-၃၀၀၀၊ မြေလှူရှင်မင်း၏ ရှေ့မှခြောက်

http://www.dhammadownload.com



ဆက်သော အနွယ်တော်မင်းများ အမည်ပါရှိခဲ့ပြီး ၄င်းမင်းများအမည် ဖြတ်တောက်ဖျက်ဆီးခြင်းခံထားရ၍ ၄င်းတို့၏ မယ်တော်အမည်များသာ ကျန်ရှိနေပါသည်။ ဤမျှရာဇဝင်မင်းဆက်ကြောင်းပါရှိသည့် တန်ဘိုးမဖြတ်နိုင်သော သက်သေခံဝတ္ထုပစ္စည်းတစ်ရပ် ဖျက်ဆီးခြင်းခံရသည်မှာ ကြီးကျယ်သောသမိုင်းကြောင်း ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပေသည်။ ကြေးပြားအချပ်ပေါင်းအတော်များများတွေ့ရှိရာမှ ဤတစ်ချပ်သာကျန်ပြီး ဂျပန်ခေတ်အတွင်း ဂျပန်များဖျက်ဆီးခြင်းခံရကာ ယခုအခါ၄င်းကြေးနီ ပုရပိုဒ်မှာ ရန်ကုန်မြို့ရှိ ရှေးဟောင်းသုတေသနဌာနန၌ ရှိသည်ဟု သိရပါသည်။ အကျယ်မှာ အထူးစိတ်ဝင်စားဖွယ်ဖြစ်သည်။

အခြားခေါင်းလောင်းစာများတွေ့ရှိသော်ငြားလည်း အမည်နာမ သက္ကရာဇ်များပါရှိခြင်းမရှိ၍ ဖော်ပြခြင်းမပြုတော့ပါ။ လက်ရေးလက်သား ဗျည်းအက္ခရာ ဘာသာစကားကြောင့် ဝေသာလီကျောက်တိုင်ပါ မင်းအချို့နှင့် ယင်းခေတ်အခါသမယက ထီးသုံးနန်းသုံး စာပေအက္ခရာ၊ ဘာသာစကားများကို ထင်ထင်ရှားရှားသိနိုင်ပြီး ရခိုင်ဒေသ၌ ဝေသာလီခေတ် အေဒီ-၃၆၄ခန့်က ပင် စာပေတတ်မြောက်ကျွမ်းကျင်မှု အဆင့်အတန်းကိုလည်း ကောင်းစွာပေါ်စေပါသည်။ ဤအခြင်းအရာများမှာ အေဒီ-၄၀၀/၆၀၀ မတိုင်မီကဖြစ်ပြီး အေဒီ-၆၇၇၊ သာသနာ (အဇာတသတ်) သက္ကရာဇ် ၁၁၆၉ခန့်မှ ပါဠိ၊ သင်္ကြိုက် ဘာသာ၊ ဂုပ္တအက္ခရာများ သာမက ရက္ခဝဏ္ဏ အက္ခရာ ရခိုင်ဘာသာစကားမှာလည်း ဘာသာရေးနှင့် အနုပညာ ကဗျာလင်္ကာရတုသျှိုး လိုက်များ စပ်ဆိုရာ၌ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာသည်ကို စာဆိုအမတ်ကြီး မေဓပညာ၊ နန်းတွင်းကျမ်းပြုစာချစာဆို အိမ်ရှေ့မင်းသမီး စောပြည့်ညို (သုဝဏ္ဏဒေဝီမိဖုရားကြီး အေဒီ ၆၉၅-၇၁၄ခန့်)နှင့် စာဆိုအမတ်ကြီး ဓမ္မဇေယျ (အေဒီ ၆၀၀ကျော်)တို့၏ အဆင့်မြင့်အရေးသားများမှ အထောက်အကူပြုနေပါသည်။ ဝေသာလီ ကျောက်စာတိုင်ကဲ့သို့ ဘီစီ-၆၃၈ခန့်မှ အေဒီ-၁၀၀၀ကျော်အထိ သက္ကဋဘာသာ ဂုပ္တခေတ်မှ ပြဟ္မီပွားအက္ခရာများဖြင့် မှတ်တမ်းတင်ထားရှိခဲ့သည့် ရခိုင်သမိုင်းကြောင်း ကျောက်ထက်အက္ခရာတင် "သမိုင်းစာအုပ်ကြီး"မှာလည်း ကမ္ဘာတစ်ဝှမ်း အလွန်တရာမှ ရှာမှရှားသည့် ရှေးဟောင်း ရုပ်ကြွင်း ဝတ္ထုပစ္စည်း သက်သေခံအထောက်အထားတစ်ခု ဖြစ်ပါသည်။

စစ်ဘေးစစ်ဒဏ်များကြောင့် လုယက်ဖျက်ဆီးဆုံးရှုံး မီးလောင်ခံရသည့်အကြားမှ အကြွင်းအကျန် ရှေးဟောင်းကျောက်စာ၊ ပေစာ ကျမ်းစာ အနည်းအကျဉ်းလည်း ဘုန်းတော်ကြီးကျောင်းအချို့တွင် ရှိနေသေးကြောင်း ကြားသိရပါသည်။

http://www.dhammadownload.com



## ဝေသာလီကျောက်စာတိုင်ပါ တတိယမင်းစဉ်ဇယား

## မှတ်ချက်များ

ဒေါက်တာဂျွန်စတင်နှင့် ဒေါက်တာဆာကားတို့ ပဏမဦးစွာဘာသာပြန်ဆိုပြီး လက်ရေးလက်သား ဗျည်းအက္ခရာအရခေတ်နှင့် မင်းစဉ်မင်းဆက် ခုနှစ်သက္ကရာဇ်များအား သတ်မှတ်ပြဋ္ဌာန်းထားရှိခဲ့ကြပါသည်။ အဆိုပါပုဂ္ဂိုလ်တို့၏ အယူအဆ တွက်နည်းတွက်ဟန်များအား စေ့စေ့စုံစုံ လူသူလေးပါး (လူတကာ) နားလည် စေရန် ဖော်ပြထားရှိခဲ့ခြင်း၊ မရှိငြားလည်း ၎င်းတို့အသုံးပြုခဲ့သော အခြေခံဂဏန်း "၆၃၈"ဘီစီများ အရင်းအမြစ် ဖြစ်သည့် အားလျော်စွာ ကိန်းဂဏန်း(၀)ဖြင့်တူညီသော "ကိန်းသေ" အဖြစ်ယူကာ တစ်မှစတင် ရေတွက်လာသည့် ကောဇာနှစ်များအား အပေါင်းအနှုတ်ပြုလုပ်ပါက ဘီစီ/အေဒီ သက္ကရာဇ်အမှန်ကို ရရှိလာမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့လေ့လာချက်အရ သိရသည်မှာ အိန္ဒိယမှ အသောကမင်းနှင့် ရခိုင်တတိယ ဓညဝတီမှ စန္ဒာသူရိယမင်းနောက် (၆)ဆက် မြောက်နန်းစံသော သူရိယစက္ကမင်းမှာ ၄-နှစ်သာကွာကြောင်း အောက်ပါအတိုင်း တွေ့ရပါသည်။

| | | နန်းတက်သာသနာနှစ် | | ခရစ်သက္ကရာဇ် |
|---|---|---|---|---|
| အသောက | - | ၂၁၈ | = | ၂၇၄ ဘီစီ (က) |
| သူရိယစက္က | - | ၂၁၄ | = | ၂၇၈ ဘီစီ (ခ) |

ဂေါတမမြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံနှစ်မှာ မဟာ ၁၄၈ = သာသနာ ၁ ဖြစ်

| | | | |
|---|---|---|---|
| (က) | အရမှာ | သာသနာ ၁ | = ၂၇၄ + ၂၁၈ = ၄၉၂ ဘီစီ |
| (ခ) | အရမှာလည်း | သာသနာ ၁ | = ၂၇၈ + ၂၁၄ = ၄၉၂ ဘီစီ |

ဆိုလိုသည်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံနှစ်မှာ - သက္ကရာဇ်သုံးမျိုးအရ
မဟာ (၁၄၈) = သာသနာ (၁) = ဘီစီ (၄၉၂) ဖြစ်သည်။

ရာလမာရု ဘိုးတော်အဥ္စန သက္ကရာဇ် ၈၆၄၅ နှစ်ကို ၂ ကြွင်းထား၍ဖြိုခဲ့ရာမှ
စတင်ရေတွက်လာသော မဟာ ၂ = ၄၉၂ + ၁၄၈ - ၂ =
= ၄၉၂ + ၁၄၆ = ၆၃၈ ဘီစီဖြစ်

ရာလမာရု ပထမအကြိမ် ၈၆၄၅ ကိုဖြိုရာတွင် ၂ ကြွင်းထား၍ ဖြိုသည်။

http://www.dhammadownload.com



ဤ ၂ ကြွင်းမှ စတင်ရေတွက်သော် သက္ကရာဇ် မဟာ ၁ ခေါ် = ဘီစီ ၆၃၈ နှင့် ညီမျှ
မဟာ ၉၆ = ၆၃၈-၉၆ = ၅၄၂ ဘီစီ

--------------

စန္ဒာသူရိယမွေးဖွားနေ့ ၉၇

သူရိယစက္ကနှင့် အသောကနန်းတက် သာသနာနှစ်များ နိုးစပ်ရာမှအစ ကောက်ယူကလည်း ကိုက်ညီမှု ရှိကြောင်းတွေ့ရပါသည်။

ဦးအောင်သာဦးက အာနန္ဒစန္ဒြကျောက်စာပါ ကျောက်စာတိုင် အနောက်ဘက်မျက်နှာစာ ဝေသာလီ ကျောက်လှေကား ဒွေင်စန္ဒြ (မဟာတိုင်းစန္ဒြ) မင်းစဉ်မင်းဆက် ကျောက်စာဒုတိယနှင့် တတိယပိုင်း-အာနန္ဒစန္ဒြ အထိကို လက်ခံပါသော်လည်း ၎င်း၏ ပင်မလာ ဂုတ်တမင်(DR.P. Gutman) ထံပေးပို့ခဲ့ သော ရခိုင်မင်းစဉ်မင်းဆက် ခုနှစ်သက္ကရာဇ် (ရခိုင်ကောဇာ၊ သာသနာနှင့် ခရစ်တော်ဘီစီ/အေစီ) ဇယား မှတ်ချက်၌ ကျောက်စာတိုင် အနောက်ဘက်မျက်နှာစာပါ ဒုတိယဓညဝတီ ရာလာမာယုဖြို့ သက္ကရာဇ်မှ တတိယဓညဝတီခေတ်-စန္ဒသူရိယမှ သူရိယကေတု အထိ ဒေါက်တာဆာကားပြဆိုချက်များအား ရှေးရှေးပဝေသဏီ ဓညဝတီမတိုင်မီက ပထမ ဝေသာလီ ပြဟ္မဏ ရာဇာခေတ် မင်းစဉ်မင်းဆက်ဇယားဟု အယူအဆမှားယွင်းဖော်ပြခဲ့ကြောင်း လေ့လာတွေ့ ရှိရပါသည်။

၎င်းကျောက်စာပါနှစ်စု (၁၀၀၁/၁၀၀၆) ဘီစီ - ၆၃၈ - အေဒီ ၃၆၈ နှင့် ရာဇဝင်ကြောင်း ၌ အထူးအရေးပါသည့် ဘီစီ - ၆၃၇/၆၃၈၊ ဗုဒ္ဓရခိုင်ကြွလာသည်ဆိုသော ဘီစီ - ၅၁၇/၅၁၈၊ သူရိယစက္ကမင်း နန်းတက်၊ ဘီစီ - ၂၇၈အပြင်၊ တတိယဓညဝတီနောက်ဆုံးစွန် သူရိယကေတုမင်း နန်းတက်အေဒီ - ၃၁၀/၃၁၁ တို့မှာ အသစ်ပြုစုထားသည့် မိမိတို့၏ ဇယားသစ်ဖြင့် ကိုက်ညီမှုရှိ သည်ကို ပီပြင်စွာတွေ့ရသောအခါတွင် အဆိုပါဝေသာလီကျောက်စာတိုင် အနောက်ဘက် မျက်နှာစာ၌ပါရှိသော အမှတ်အသားများမှာ ကေန်မုချ ဒုတိယဓညဝတီခေတ် ကံရာဇာကြီး မင်းစဉ်မင်းဆက် (၂၄)ဆက်မြောက် ရာလမာယုမင်း “မိဘစံဇီ” ကိန်းဖြင့် သက္ကရာဇ်ကို ရခိုင် ရာဇဝင်သမိုင်းကြောင်းတွင် ပထမဆုံးအကြိမ်ဖြို့ချေပြီး (လွန်)သည်မှ၊ တတိယဓညဝတီ စန္ဒသူရိယ ၏ သူရိယခေတ်နောက်ဆုံးစွန် (၂၅)ဆက်မြောက် သူရိယကေတု နန်းတက် အေဒီ-၃၁၀/၃၁၁

http://www.dhammadownload.com



အထောက်အထားတစ်ရပ်အမှန်ပင် ဖြစ်ကြောင်းနှင့် အရေးပါသည့် ခုသက္ကရာဇ်/နှစ်စု တူညီမှု ကြောင့် ဝေသာလီကျောက်လှေကား (စန္ဒြ)ခေတ်မှာ အပြတ်အတောက်မရှိဆက်စပ်နေပြီး သူရိယ ကေတုသားတော် ဒွေင်စန္ဒြမင်း (ကျောက်စာအနောက်ဘက် မျက်နှာစာပါ)ဖြင့် ဆက်သွားခဲ့သည် မှာ ယုံမှားဖွယ်ရာမရှိ သေချာသွားပါသည်။

## ဝေသာလီကျောက်စာတိုင် အာနန္ဒာစန္ဒြကျောက်စာ(ဒုတိယပိုင်း)

## ယင်းစဉ်ယင်းဆက် အမှတ်စဉ် (၁၄) မှ (၂၂) အာနန္ဒစန္ဒြအထိ မင်းဆက် (၉)ဆက်

အမှတ်စဉ် ။ ။ မဟာဝိရမင်း၊ အေဒီ-၆၀၀-၆၁၂။ (ဆာကား) (၁၄)။ ပြပြင်ထားသည့် ဇယား၊ အရ သာသနာ-၁၀၈၆၊ အေဒီ-၅၉၄၊ ရခိုင်ကောဇာမှန်-၄၇၇။)

ဝေသာလီကျောက်လှေကား (၁၃)ဆက်သောမင်းဖြစ်သည့် ပတိစန္ဒြမင်း နန်းစံ(၃)နှစ်တာ ဖြင့် အေဒီ (၅၉၄)ခု အရောက်တွင် အနိစ္စရောက်တော်မူသည့်အခါ၌ သင့်တော်သည့် နန်းလောင်း နန်းလျာမရှိဖြစ်နေခြင်းကြောင့် မင်းရိုးဆွေဝင်မှ မင်းညီမင်းသားတစ်ပါးဖြစ်သူ အနောက်မဇ္ဈိမဘင်္ဂါ ၁၂-ခွင်ရှိ "ပူရေပူရ " မြို့တွင် မြို့စားအဖြစ် အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်နေရသူ မဟာဝိရ မင်းသားအား မှူးမတ်ပြည်သူများက နေပြည်တော်သို့ခေါ်ယူကာ ဝေသာလီထီးနန်းကိုအပ်ပြီး မင်းပြု စိုးစံစေခဲ့ပါသည်။ ဤအခြင်းအရာနှင့်ပတ်သက်၍ ဝေသာလီကျောက်စာတတိယမင်းဆက် ဂါထာ-(၃၃)၌ မင်းမဟာဝိရ (အေဒီ ၆၀၀-၆၁၂ဆာကား)တွင်။

“ထို့နောက်တွင် ပူရေပူရမှ လူတို့၏ အရှင်မင်း မဟာဝိရသည် ထိုအခါတရားတော်နှင့်အညီ ၁၂-နှစ်တိုင်အောင် မင်းပြုလေ၏” ဟု ဖော်ပြပါရှိပါသည်။

“ပူရေပူရ” ဒေသစံ (ဦးဘစံ)၏ “ရခိုင်နယ်နိမိတ်”ဆောင်းပါး၊ (ရခိုင်သဟာယအသင်း၊ ရန်ကုန်မဂ္ဂဇင်း အမှတ်-၂ ၁-၁-၉၆ စာ ၄၃ပါ) အရ ပုရေပူရမြို့သည် တိုလမီပထဝီဝင်မြေပုံ၌ ဘရကုရမြို့ဖြစ်ပြီး၊ ထိုမြို့သည် ဂင်္ဂါမြစ်အရှေ့ဘက်ကမ်းခြေတွင်ရှိ၍ ကူးသန်းရောင်းဝယ်ရာ ဆိပ်ကမ်းမြို့ဖြစ်ကြောင်းပါရှိ၏။ ယင်းမြို့သည် ရခိုင်နယ်တွင်ပါဝင်ပြီး ထိုမြို့၌မြို့စားအဖြစ် အုပ်ချုပ်ရ သော မဟာဝိရမင်းသည် ဝေသာလီကျောက်လှေကားမြို့၌ ဓိတိစန္ဒြမင်းကို ဆက်ခံသည်ဟု ကျောက်စာ၌ ရေးထိုးထားခဲ့သည်။

http://www.dhammadownload.com



ဒေါက်တာပင်မလာဂတ်တမင် (Pamela Gutman) ရေးဟောင်းရခိုင်ပြည် (Ancient Arakan) ပါရဂူ (Ph.D) ဘွဲ့ယူ စာတမ်းအားပြုစုခဲ့သူ ဩစတြေလျနိုင်ငံ အမျိုးသားတက္ကသိုလ်မှ သုတေသီထံသို့ သုတေသီ ဦးအောင်သာဦး ပေးပို့ခဲ့သောစာ၌လည်း အောက်ပါအတိုင်း ပါရှိပါသည်။

"MAHAVIRA belong to the royal family of King DHRTI CHANDRA. During his reign, MAHAVIRA was stationed as a Governor at PURAMPURA (PARAPURA) the sea-port and Western gate of Arakan. After the death of DHRTICHANDRA, MAHAVIRA was called upon to succeed him. The former died in A.D 357 and the latter succeeded the throne in the same year. There is no gap in between. (undated)1975?"

ဦးအောင်သာဦးက ပင်မလာဂတ်တမင်မတိုင်မီ လွန်ခဲ့သောအနှစ်-၅၀ခန့်က ဟု ဂျွန်စတင်အားဆိုထားရာ ပင်မလာ -၁၉၇၅ ဆိုပါက-ဂျွန်စတင်မှာ-၁၉၂၅ ခန့်ဖြစ်ပေသည်။ (အမှန်မှာ-၁၉၄၄ခု) ဖြစ်သည်။

မဟာဝိရမင်းမှာ စန္ဒြဝေါဟာရအား နွယ်စဉ်မျိုးဆက် အသုံးပြုလာသည့် မိမိတို့ အမည်နာမ၏ တစ်စိတ်တစ်ဒေသအဖြစ် ထည့်သွင်းမှည့်ခေါ်ခဲ့သော အစဉ်အလာကို ပထမဆုံးအခြေအနေအရ သုံးစွဲခဲ့ခြင်းမရှိသော မင်းဖြစ်ပါသည်။ ၎င်းမျိုးဆက် (၂)ဆက်၊ ဝရယဇပ်နှင့် သေဝိင်ရောင် (စုစုပေါင်း ၃ဆက်-နှစ်ပေါင်း ၃၆နှစ်မျှ) အုပ်စိုးကြပြီးသည့်နောက်မှ၊ သီဝနတ်မင်းအနွယ်မှ ဆင်းသက်လာသည်ဟု ယူဆကြရသော၊ (ဘင်္ဂါ ၁၂ခွင်မှ ကုလားမင်းမျိုးမင်းနွယ် မင်းသမီးများဖြင့် သွေးနှော ရောယှက်ခြင်းကင်းစင်သည့်) "စန္ဒြ" နွယ်ဝင်မျိုးရိုး၊ မိရိုးဖလာ အစစ်အမှန် မင်းညီမင်းသားများက အထက်ဖော်ပြပါ (၃)ပါးသော မင်းတို့၏နောက်ဆုံးစွန် ဓမ္မဂူရ၊ ကျောက်စာဂါထာ(၃၆)ပါ တရားဓမ္မနှင့်အညီ ကမ္ဘာမြေကြီးကို စောင့်ရှောက်ခဲ့သော ဘုန်းတန်ခိုးကြီးမားသောမင်းနှင့် ၎င်း၏ သားတော်နှစ်ပါးဖြစ်ကြသည့် ဝဇရစတ္တိနှင့် ဓမ္မဝိဇယမင်းညီနောင်နှစ်ပါးက အစပြုကာ ပြန်လည်အသက်ဝင်ဦးမော့လာခဲ့ပြီး မိမိတို့ဆွေဝင် "ဓမ္မ" နှင့် မျိုးရိုး "စန္ဒြ" ကိုပါ စတင်သုံးစွဲခဲ့ကြောင်း တွေ့ရပါသည်။

http://www.dhammadownload.com



ဤအကြောင်းအရာဖြင့် ပတ်သက်ပြီး စန္ဒြနွယ်ဝင်မင်းများ၏ ရှေးရှေးက မျိုးရိုးအပြည့်အစုံကို "အတိုဆုံးနှင့် အထိရောက်ဆုံး" ဖော်ကြူးထားသည့် သိန်ကန်မိန်တွင် ၁၂ခွင် အစချီ လွမ်းဖွဲ့ (သျှိုးလိုက် ရတု) ၃ပိုဒ်တွင် "စောပြည့်ညိုမင်း သမီး" ကိုယ်ရည်သွေးဖော်ပြယင်း စကားလုံးအနည်းငယ်ဖြင့် (အောက်ပါအတိုင်း) စပ်ဆိုထားရာမှ သိရှိခဲ့ရပါသည်။

ဘင်္ဂါ ၁၂ခွင် ပြည်ထောင်များအား

"ရာဇာမျိုးရိုးမြတ်၏ ဆက်မပြတ်သိမ်းယူခံ၊ ဘီကအထက်၊ နွယ်မပျက်သည်၊ ကနက်ဖြန့်ကာစံ၏။"

ရှစ်တန်ပလ္လင်ရိုး၊ ဘိုးကဆက်ခံ (ဓမ္မဂုရမင်း) ထို့နောက် ဖနန်းစံသည့် (စောပြည့်ညို၏ ဖခမည်းတော် သီရိ ဓမ္မဝိဇယ- ၁၉ဆက်မြောက် မင်းနှင့်) (သီရိဓမ္မစန္ဒြကြင်ရာတော် အိမ်ရှေ့မင်း၏ ဖခင် ဝဇြာဂတ္တိ- ၁၈ဆက်မြောက်မင်း) ညီနောင်နှစ်ပါးအား ဖနန်းစံသည်ဟု ပြဆိုကာ- အိမ်ရှေ့နန်းရံ ဥပရာဇာနန်းလျာများဖြစ်ကြသော မိမိကြင်ရာတော် ဓမ္မစန္ဒြ(သိင်္ဂစန္ဒြ) တို့မှာ ၎င်းမင်းညီနောင်နှစ်ပါး၏ သားတော်သမီးတော် မောင်နှမ(ဝမ်းကွဲ) နှစ်ဖော်ကို "နန်းရန်တို့ အမျိုးတည်း" ဟု ဖော်ပြရုံသာမက မိမိတို့ရှေ့မှ(၃)နှစ်တာမျှသာ နန်းစံခဲ့သော မောင်တော်ရင်းချာ နရေန္ဒြဝိဇယမင်းအားလည်း-

"ဖနတ်ရှင်လောင်းဘုရား" (သီရိစန္ဒြ-ဓမ္မဝိဇယ)"ခြားဝမ်းမကွာ" ဖေ/မယ်တူရင်းချာ (ဝဇြာဂတ္တိ) မင်းညီနောင်နှစ်ဖော်တို့၏ သားတော်များဖြစ်ကြကုန်သော မောင်တော်ရင်း နရေန္ဒြဝိဇယနှင့် မောင်တော် (ဝမ်းကွဲ) မိမိကြင်ရာတော်ဓမ္မစန္ဒြမင်း "နှစ်ပါးမောင်စုံ၊ ဘိုးရိပ်လှုံရသည်" မိမိကိုမိမိ "တောင်ညာမဟေသွေး ပဒုံမာကြာနံ့မွှေး" ဟု ကိုယ်ရည်သွေးကာ ပြထားပါသည်။ ဘုရင့်မင်းနှစ်ပါး ၏ သမီး/ချွေးမဖြစ်သည့် ဘုန်းတန်ခိုးအာဏာစက် ပြင်းထန်ပြီး လက်ရုံးရည်၊ နှလုံးရည်ဖြင့်ပြည့်စုံသော ဘုရင်မင်းမြတ်၏ တပင်တိုင်နန်းစံသမီးတော်၊ အိမ်ရှေ့နန်းလျာ၏ နှမတော်ရင်းဖြစ်သည်သာမက ငယ်ရွယ်စဉ်ကပင် အဆင့်မြင့်ပါဠိ၊ သက္ကတ၊ ရက္ခဝဏ္ဏ ဘာသာစကား စာပေများထွန်းကားနေသည်ကို ကောင်းစွာထင်ဟပ်စေပြီး နန်းတွင်းစာဆို စာချနန်းတွင်းဖွား မင်းသမီး သူရဲကောင်းပီပီ ကြောက်ရွံ့တုန်လှုပ်မှုမရှိ မြောက်သားတော် သိင်္ဂစန္ဒြဖြင့် လက်ဆက်၍ မောင်တော် နရေန္ဒြမင်းဖြစ်လာသောအခါ နန်းရံအိမ်ရှေ့မင်း၏ မိဖုရားဘဝဖြစ်ကြောင်း အဖြာဖြာကို အသိတရားလက်ကိုင် ထားရှိစေရန် ရှေးရှေးကသမိုင်းကြောင်းပါ

http://www.dhammadownload.com



ထည့်သွင်းဖွဲ့ဆိုထားသော နက်နဲကောင်းမွန်လှသည့် ရတုပိုဒ်စုံ(၃)ပိုဒ်ဖြင့် လွမ်းဖွဲ့ဆိုကာ မိမိ၏ ကြင်ရာတော်သိဂ်စန္ဒြီအား ဖျောင်းဖျနိုင်ခဲ့ပါသည်။ ထို့အပြင်လက်ရှိဘုရင်၏ နှမရင်းချာ၊ အိမ်ရှေ့ ဥပရာဇာ၏ ကြင်ရာတော် တောင်ညာနန်းတွင်းဖွား မပဟာသွေးစသည့်ဖြင့် ကိုယ်ရည်သွေး မှတ်တမ်းပြုကာ မျိုးရိုးကိုဖော်ကြူး ပြသခဲ့ပါသည်။

သည်ပင်မက၊ "မဏ္ဍိုင်ချက်မြုပ်ထိုထက်၊ ပြည်နဂိုလ်ဝေသာလီ၊ ညေနှစ်ခန်း၊ နှစ်ပြည်မြန်း သည် ထီးနန်းအလီလီတည့်၊ မျိုးသာကီစဉ်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မပဟာနွယ်ရိုးဆက်၏။ မယုက်နှော၍၊ နှစ်သောင်းအချာ၊ ဆက်ကာစိုးစံ၊ နန်းရန်မယှဉ်ငါနိသို့"

ဝေသာလီကျောက်လှေကားမြို့တော်ခေတ်၏ "မဏ္ဍိုင်ချက်မြုပ်"စတင်လာခဲ့သည့် သမိုင်း ကြောင်း၊ ရှေးရှေးက အဥ္စနဒေဝီ/ ဗြဟ္မဏရာဇာမင်းတို့တည်ထောင်ရင်း နဂိုရ် ဝေသာလီရှေးရှေး ပဝေသဏိကပင် မျိုးသာကီဝင်မင်းများ စိုးစံလာ သည့် ညေဝတီမာရယ၊ ကံရာဇာကြီး မင်းစဉ် မင်းဆက်မှစပြီး မယုက်မနှော သူရိယကေတု အထိကိုပါ စာလုံးရေ (၁၆)လုံးမျှဖြင့် စီကုံးဖွဲ့နွဲ့သွား သည်ကိုလည်း တွေ့ရပေသည်။

ဤရတုမှာ စောပြည့်ညို က မိမိမျိုးရိုးကိုဖော်ကာ ကိုယ်ရည်သွေးလွမ်းဖွဲ့ဆိုသည့်ထက်၊ မရောမယှက်မျိုးရိုးသန့်စင် သာကီဝင်များ စဉ်ဆက်မပြတ် နှစ်ပေါင်းရှည်ကြာ မပဟာနွယ်ရိုးဆက် ကိုပါ ခေတ်အဆက်ဆက်ပြ၍ ကြင်ရာတော်အား အသိတရားရစေကြောင်း သွယ်ဝိုက်သော အသုံးအနှုန်းများဖြင့် နားချလျှောက်တင်ရာလည်း ရောက်ပေသည်။ (ကျောက်စာပါ ဝေသာလီ မင်းဆက် ဆင်းသက်ပုံ သုဝဏ္ဏဒေဝီ စောပြည့်ညို၏ "သိနိကန်မိန်တွင"သျှိုးလိုက်ရတုနှင့် နှိုင်းယှဉ် ချက်ကို (ရှစ်တန်ပလ္လင်ရိုးရှင်းချက်၌ရှုပါ)

အချုပ်အားဖြင့်ဆိုပါက-

ဘုန်းတန်ခိုးအာဏာစက်ပြင်းထန်ပြီး လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသော ဘုရင် မင်းမြတ်၏ တပင်တိုင်နန်းစံသမီးထက် အိမ်ရှေ့နန်းလျာ၏ နှမတော်ရင်းဖြစ်သည်သာမက ငယ်ရွယ်စဉ်ကပင် အဆင့်မြင့်ပါဠိ၊ သက္ကတ၊ ရက္ခဝဏ္ဏဘာသာစကား စာပေများကိုပါ ကောင်းစွာ တတ်ကျွမ်းပြီး နန်းတွင်းစာဆို/စာချ၊ ဘာသာပြန်ကျမ်းပြုနိုင်သည့် ပညာအရာထူးချွန်သော မိန်းမ၊ နန်းတွင်းဖွားမင်းသမီးအာဇာနည်သူရဲကောင်းတစ်ဦးက ကြောက်ရွံ့တုန်လှုပ်မှုမရှိ၊ လွှန်လေပြီး

http://www.dhammadownload.com



သော ဘကြီးတော်ဘုရင်မင်းမြတ်၏ သားတော်ဖြစ်သော မျောက်သားတော်သိဂ်စန္ဒြနှင့် လက်ဆက်၍ မောင်တော်နရေန္ဒြမင်းဖြစ်လာသောအခါ နန်းရံအိမ်ရှေ့မင်း၏ မိဖုရားဘဝဖြင့်မိမိ၏ ကြင်ယာ တော်အား မျိုးရိုးစဉ်လာအကြောင်းအဖြာဖြာကို သတိတရားလက်ကိုင်ထားရှိစေရန် ရှေးရှေးက သမိုင်းကြောင်းကိုပါ ထည့်သွင်းဖွဲ့ဆိုထားသော နက်နဲကောင်းမွန်လှသည့် ရတုပိုဒ်စုံ(၃) ပိုဒ်ဖြင့် လွမ်းဖွဲ့ဆိုကာ ဖျောင်းဖျနိုင်ခဲ့ပါသည်။

အေဒီ-၆၉၈ ခု မတိုင်မီကပင် အလွန်တရာမှ အဆင့်အတန်းမြင့်မားသည့် ပါဠိသက္ကတ အပြင် ရက္ခဝဏ္ဏစာပေဘာသာ စကားထွန်းကားနေသည်ကို ကောင်းစွာထင်ဟပ်စေပြီး သိရိမ္မစန္ဒြ မင်းဖြစ်၍ စောပြည့်ညို တောင်ညာစံ သုဝဏ္ဏဒေဝီဘွဲ့ခံ မိဖုရားကြီးဖြစ်လာသည့်အခါ၌ ရခိုင် ဘာသာစကားပီသစွာဖြင့် ရှေ့က "သိန်ကန်မိန်တွင် ဆယ့်နှစ်ခွင် " ကိုပါညွှန်းပြီး မိမိဘာသာ ပြန်ပြုစုခဲ့သော (ကဝိကဏ္ဍပါသန) နှင့် (ကဝိဂန္ဓ) ကျမ်းများကိုပါထည့်သွင်းဖော်ကြူးကာ ယခု ထက်တိုင်လွမ်းမပြေသေးဟန်ဖြင့် အောက်ပါကဗျာအား စပ်ဆိုထားသည်ကိုလည်းတွေ့ရပါသည်။

"ကဝိကဏ္ဍ ကျမ်းဦးပြသား၊ အယင်ကခါ၊ ပြည်ဓညာဝယ်၊ ဝယ်သာနန်းမ၊ ရာဇတန်ိုက်၊ ဝဏ္ဏပပါ။ ကညာမယ်ယျ၊ အလှသဇင်၊ တသလျှင်သည်၊ မြင်ရအာရုံ၊ စွဲတုံတသ၊ ဂိုဏ်းရှစ်ဝဖြင့် ဖော်ပြပြီးခါ၊ ပပါမည်ရ၊ သုဝဏ္ဏသည်၊ ငယ်ကကျမ်းကို လွမ်းဘွဲ့ဆို၍ တမ်းတသတည်း" (မိမိဘွဲ့ သစ်ဖြင့် တောင်ညာစံမိဖုရားဖြစ်လာသည်ကို ကိုယ်ရည်သွေး ဖော်ပြလိုခြင်းကားမဟုတ်၊ ရှေးကဖွဲ့နွဲ့ ခဲ့သည့်ရတုနှင့် ဘာသာပြန်ဆိုခဲ့သည့် ကာလီဒါသကျမ်းတို့ကို ရည်ညွှန်းကာ၊ မိဖုရားဖြစ်ပြီးမှ ကဗျာကျမ်းကို ပြုစုခဲ့ကြောင်းပြဆိုခြင်းဖြစ်ပေသည်။)

အထက်ပါကဗျာက သာသနာသက္ကရာဇ် ၁၁၉၀-၁၂၀၆ ခရစ်အေဒီ ၆၉၈-၇၁၄ ခန့်ကပင် ယခုမျက်မှောက်စကား ပြောဆိုသည့် အသုံးအနှုန်းတမျှ ဟိုစဉ်ကပင် ထီးသုံးနန်းသုံး သာမာန် ဝေါဟာရများ ပီပြင်နေပြီး ရတုကဗျာအဖွဲ့အနွဲ့ (ဝေါဟာရ) နှင့် ပတ်သက်ပြီး အသက် ၁၈ နှစ် ၁၉ နှစ်အရွယ် စောပြည့်ညိုအိမ်ရှေ့မင်းသမီးဘဝက ရေးစပ်ခဲ့သော"သိန်ကန်မိန်တွင်" ရတုပါ စားလုံးများမှာလည်း ခေတ်ရတုသျှိုးလိုက်တမျှ ကြွယ်ဝလှသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင် ပါသည်။

စောပြည့်ညိုထက် ဆယ်စုနှစ်စုမျှစောပြီး သာသနာသက္ကရာဇ် ၁၁၆၉-၁၁၇၉ ခန့်က "မေဝေညာရတု" ကို စပ်ဆိုခဲ့သော "မေဝေညာ" စာဆိုအမတ်ကြီးနှင့်၊ နှစ်အနည်းငယ်နောက်ကျပြီး

http://www.dhammadownload.com



ဗျည်း(၃၃) လုံး လှေတော်သံသျှိုးလိုက်ရတုအား သာသနာ ၁၂၀၀-၁၂၆၀ အတွင်းစီကုံးခဲ့သော ဓမ္မဇေယျပညာကျော် စာဆိုအမတ်ကြီးတို့၏ အလွန်တရာမှ မြင့်မားသောအဆင့်အတန်းရှိပြီး မြန်မာနိုင်ငံ၌ ရှေးအကျဆုံးရတုလင်္ကာသျှိုးလိုက်ရတုများ ရှိခဲ့ပါသည်။

ရခိုင်တို့၏ မေဓပညာ၊ ဓမ္မဇေယျ၊ ဖဒူမင်းညို၊ မြဒိုးဝေ (ဦးစံလှ) အမတ်တို့၏ အရေးအသားရတုကဗျာလင်္ကာ၊ ရခိုင်သူမြတ်၏ ပညာပေး လောကသာရပျို့၊ စောပြည့်ညို (သုဝဏ္ဏဒေဝီ)၏ ကဗျာကျမ်းနှင့် လက်ရာအစရှိသည် တို့မှာ ယင်းခေတ်ယင်းအခါကသာမက ယခုခေတ်အထိ အလွန်တရာမှ အဆင့်မြင့်နက်နဲသော အရေးအသား အဖွဲ့အနွဲ့များဖြစ်ပေသည်။ ဤအရေးအသားများက ရခိုင်ရာဇဝင်ကြောင်းနှင့် ဗုဒ္ဓဘာသာကိုးကွယ်မှုအတွက် အခြေခံလိုအပ်သည့် အချက်အလက်များကို လူသူလေးပါးနားလည် သဘောပေါက်ရုံလိုအပ်သည့် အတိုင်းအတာ အထိ ပြုစုထားခဲ့ကြပါသည်။

စစ်မက်ကြောင့် အပျက်အစီး၊ လုယက်ဖျက်စီးသောင်းကျန်းမှုကို အိုးပျက်အိမ်ပျက် နှစ်ရာ စုနှစ်စုမျှ အလူးအလဲခံ ရသည့်ကြားမှ အမြော်အမြင်ကြီးမားသည့် ခေတ်သုတေသီအချို့၏ ကြိုးပမ်းမှုကြောင့် ဤမျှအဖတ်ဆည်စုစည်းနိုင်ခဲ့သည်ကပင် ရခိုင်အမျိုးသားစာပေများအတွက် ကြီးမားသောအောင်မြင်မှုကြီးတစ်ရပ် ဖြစ်သည်ဟု ယူဆရပေမည်။

စာပေတတ်ကျွမ်းမှု အဆင့်အတန်းနှိုင်းယှဉ်ရာ၌ ကာလအပိုင်းအခြားကအဓိက အချက်တစ်ချက်ဖြစ်ပေသည်။ ဥပမာ ပြရမည်ဆိုပါက-

ခေါမ၌ ရာဇဝင်မှတ်တမ်းအရေးအသားကို ဘီစီ-၅၀၀ခန့်က စတင်ခဲ့သည်။

အိန္ဒိယ၌ (Veda) ဗီဒါနှင့် ရိုးရိုးစာပေအရေးအသားများ ဘီစီ၅၀၀-၁၀၀၀ ခန့်အတွင်းက စတင်ခဲ့သည်။ (သက္ကဋ၊ ပြကရိုက်၊ ပါဠိ) ရှေးဟောင်းဂန္ထဝင်စာပေ။

ရခိုင်ပြည်၌ ရက္ခဝဏ္ဏအက္ခရာ၊ ရခိုင်ဘာသာစာပေအရေးအသား၊ ရတုသျှိုးလိုက် ကဗျာ လင်္ကာများ အဆင့်အတန်းမြင့်မားစွာဖြင့် သာသနာ-၁၁၆၉ (ဓာတုဋ္ဌိကာ) အဇာတသတ် သက္ကရာဇ် ခုနှစ်ကပင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေပြီဆိုသည့် အချက်အလက်များအား သတိထားနိုင်ရန် ယခုကဲ့သို့ တင်ပြခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



ဤအချိန်မှ အစကောက်ကာ ဘာသာရေးအရေးအသား၊ ရတုရကန် ကဗျာ လင်္ကာစာပေ အနုပညာ ကွင်းဆက်ရှာပြီး လေ့လာမှုပြုမှ သုတေသီများ သိရှိနိုင်ကြမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာပေအရေးအသားမှတ်တမ်းများ မှားယွင်းမှုရှိသည်ကို တတ်စွမ်းသ၍ တစ်စစီ စီစစ်ပြီး အရှိကိုအရှိအတိုင်း တင်ပြသွားမှသာ အမှန်တရားတစ်နေ့တခြား ပေါ်လွင်လာမည်ဖြစ် ပါသည်။ သမိုင်းကြောင်းများမှာ ဖုံးကွယ်ဖျောက်ဖျက်မရသည့်မှတ်တမ်းများနှင့် မျက်မြင်သက်သေ အထောက်အထားများရှိရစမြဲဖြစ်ပေသည်။ ၎င်းအထောက် အထားများအား အကြောင်းအရာ အပြည့်အစုံကို ဖော်ပြပြီး ပြုပြင်ရန် သုတေသီများ၏ အဓိကတာဝန်ဝတ္တရား တစ်ရပ်လည်းဖြစ်သည်။ မိမိတတ်စွမ်းသရွေ့ ကိုယ်တိုင်ကိုယ်ကျဖြစ်စေ၊ သုတေသီအသင်းအဖွဲ့ စာပေ အနုပညာသတင်းရေး ရာနှင့် ပတ်သက်သောဌာနအဖွဲ့အစည်းများမှ တစ်ဆင့် ဖြစ်စေ တင်ပြရန် ကြိုးပမ်းကြရပေမည်။ ရိုးသားစွာတင်ပြမှုက အရေးကြီးပါသည်။

ကျောက်စာတိုင် (အာနန္ဒစန္ဒြ)-အပိုင်း၃အရ-ရှေ့တွင် ဖော်ပြပြီးဖြစ်သော "ပူရေပူရ"မှ မြို့စား (ဂါထာ-၃၃)ပါ-(၁၄)ဆက်မြောက်၊ ဝေသာလီကျောက်လှေကားမင်း၊ မဟာဝီရ။(၁၅)ဂါထာ-၃၄-ဝရယဇပ်(ဆာကာ-အေဒီ-၆၁၂-၆၂၄) ဇယားသစ်အရ၊ သာသနာ (အဇာတသတ်)၁၀၉၈၊ ခရစ်အေဒီ-၆၀၆ နှင့် ရခိုင်ကောဇာ (အကြွင်းမဲ့)-၄၈၉-ခု။ ဦးစံသာအောင်"ရခိုင်ဒင်္ဂါးများ" စာ-၁၄- ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောရေမြေသေဉ်နင်း ဖြယဇပ်မင်းမည်သော ထိုမင်းသည် မင်းစည်းစိမ်ကို ၁၂-နှစ်တိုင်အောင် ခံစားပြီးသော် နတ်ပြည်စည်းစိမ်ချမ်းသာကို ခံစားလေသည်။ ၎င်းနောက် ဖြယဇပ်မင်းမှာ မဟာဝီရ "စန္ဒြ"နွယ်ဝင် မင်းညီမင်းသားတစ်ပါး ဖြစ်လင့်ကစား ဘင်္ဂါ ၁၂ခွင်မှ အာရီယိုဒြာဝိဒီယံ ကုလားရာဇာ၊ ဝေသာလီလက်အောက်ခံမင်းတစ်ပါး၏ အနောက်မဂ္ဂိမ မင်းသမီးဖြင့် သွေးနှော၍ပြီးဘာသာရေး အယူဝါဒခံယူချက်နှင့် ယဉ်ကျေးမှုရေးရာကျင့်ဝတ် အစရှိသည်တို့ဘက်၌ စိတ်နေသဘောထား(ဒွိဟ) မိခင်နှင့်ဖခင် ခံယူချက်များ ရောနှောသည့် ဓလေ့အစဉ်အလာကြောင့်(ဘုန်းတန်ခိုးကြီးခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ နတ်မဟာေန္တြ သိကြားမင်း၊ လမင်း တရားတော်ကို အမြဲလိုက်နာခြင်း) အစရှိသည့် အသုံးအနှုန်းများအားရှောင်ရှားကာ သာမန်ချီးကျူး ချီးမြှောက်ခြင်းများဖြင့်သာ ဖော်ပြသွားသည်ကို တွေ့ရသည်။ လက်အောက်ခံနယ်ပယ်များ၌ ကြီးပြင်းလာသော မင်းညီမင်းသားများဓလေ့မှာ ဝေသာလီနန်းတွင်းဖွား ယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေး ဓလေ့အစဉ်အလာဖြင့် ကွာခြားချက်အများအပြားရှိမည်မှာ ယုံမှားဖွယ်ရာမရှိပါ။(circumstantial up bringing)ကြောင့် ဖြစ်ပေသည်။

http://www.dhammadownload.com



၁၆-ဂါထာ-၃၅ပါ သေဝိင်ရောင်၊ အေဒီ ၆၂၄-၆၃၆ ဆာကား၊၁၂နှစ်နန်စံ၊ သေဝိင်ရောင် မင်းမှာ လည်း ၁၅ဆက်မင်းကဲ့သို့ပင် "၁၂-နှစ်တိုင်အောင် မင်းပြုခဲ့သည်ဟု မှတ်သားအပ်၏"။ သို့သော်ထူးခြားချက်တစ်ရပ်မှာ "မာဝုကကို သုတ်သင်ခဲ့သော ထိုမင်းသည် မင်းစည်းစိမ်ချမ်းသာကို ခံစားလေ၏" ဟု မနှစ်မြို့သည့်အရိပ်အရောင်ပြကာ မှတ်ချက်ပြုထား၍ နန်းတွင်း အရိုက်အရာ ခံယူခဲ့ရာ၌ အထစ်အငေါ့ အရှုပ်အရှင်းရှိခဲ့ဟန်တူပါသည်။ နန်းလုပုန်ကန်လုပ်ကြံရန် ကြိုးပမ်းမှု ရှိခဲ့ခြင်း ဖြစ်ဖွယ်ရာရှိနိုင်သည်။ ဓလေ့တစ်ခုခုအား (သုတ်သင်) အဆုံးသတ်စေခဲ့သည် ဆိုလိုခြင်း လည်း ဖြစ်နိုင်ပါသည်။

**(၁၇)ဓမ္မဂူ (သူ) ရမင်း၊ အေဒီ ၆၃၆–၆၄၉၊ ဆာကား ၁၃နှစ် နန်းစံ၊ ကျောက်စာဂါထာ–၃၆**

"ထို့နောက် ဓမ္မဂူရမင်းသည် တရားဓမ္မနှင့်အညီ ကမ္ဘာမြေကြီးကို စောင့်ရှောက်ခဲ့၏။ ဘုန်းတန်းခိုး ကြီးမားသောမင်းသည် ၁၃နှစ်ပြည့်သောအခါ နတ်ပြည်သို့ ကြွမြန်းတော်မူလေ၏" ဤမင်းအထိ သီဝနတ်မင်းအနွယ် နတ်တို့၏အရှင်သခင် သိကြားမင်းကဲ့သို့ မဟေန္ဒြ (သိကြားမင်း) နည်းတူ အစရှိအလွန်တရာမှ မြင့်မြတ်သည့် အသုံးအနှုန်းကို ကိုးကားထည့်သွင်းသုံးစွဲခြင်း "စန္ဒြ" ဝေါဟာရကို မိမိအမည်တစ်စိတ်တစ်ဒေသအဖြစ် ထည့်သွင်းလာသည်ကို မတွေ့ရပါ။ ဝေသာလီ ကျောက်လှေကားမင်းများ "ဓမ္မ/စန္ဒြ" သို့တည်းမဟုတ် ဝေါဟာရနှစ်ရပ်လုံးအားသော် လည်းကောင်း၊ ဘာသာရေးတရားကို သက်ဝင်ယုံကြည်ဆည်းကပ်ကိုးကွယ်ခြင်း၊ တရားဓမ္မနှင့် အညီ ကမ္ဘာမြေကြီးကို စောင့်ရှောက်ခြင်း စသည်ဖြင့် အသုံးအနှုန်း ပြောင်းလဲပါဝင်လာသည်ကို ဝေသာလီကျောက်စာတိုင် အနောက်ဘက်မျက်နှာစာ စန္ဒြနွယ်ဝင် မင်းစဉ်မင်းဆက်မှတ်တမ်း၌ နောက်ထပ်တစ်ကျော့ ပါဝင်လာသည်ကို အောက်ပါဝဇြဂတ္တိမှ စတင်တွေ့ရပါသည်။

(၁၈)ဂါထာ ၃၇-ဝဇြဂတ္တိ(သတ္တိ)၊ အေဒီ ၆၄၉-၆၆၅။

"ထို့နောက် နတ်တို့၏ အနွယ်မှ ဆင်းသက်လာခဲ့သော ( သီဝနတ်မင်းအနွယ်ကို ရည်ညွှန်းဟန်တူသည်) ဝဇြဂတ္တိမင်းသည် ဘာသာတရားကို ဆည်းကပ်ခြင်း၊ ကိုးကွယ်ခြင်း၊ သက်ဝင်ယုံကြည်ခြင်းတို့ကြောင့် မင်းအပေါင်းတို့တွင် သိကြားမင်းကဲ့သို့ ထင်ရှားကျော်ကြားသည်"။ ဂါထာ-၃၈ "ဒါနသီလစသည်တို့နှင့် ပြည့်စုံလျှက် ကမ္ဘာလောကတစ်ခုလုံးကို ၁၆နှစ်တိုင် အောင် စောင့်ရှောက်အုပ်ချုပ်ပြီး၍ ထိုမင်းသည် နတ်ပြည်သို့ လားလေ၏"။

http://www.dhammadownload.com



ဤမင်းမြတ်မှအစပြုကာ "ဗုဒ္ဓဘာသာတရားအယူဝါဒ၌ ယုံကြည်သက်ဝင် ကိုးကွယ်ဆည်းကပ်ပြီး သိကြားမင်းကဲ့သို့ ထင်ရှားကျော်ကြားလေ၏ "ဟု တတိယပိုဒ်ကျောက်ထက် အက္ခရာစာမှတ်တမ်းတွင် စတင်ဖော်ပြခဲ့သည်။

အနောက်မဇ္ဈိမ ဘင်္ဂါ ၁၂ခွင်မှ စန္ဒြနွယ်ဝင် မင်းညီမင်းသားများ စတင်ဝင်ရောက်လာချိန် မဟာဝိရနောက်မင်းဆက် ၂ဆက်မှာ အာရိယိုဒြာဗိဒ်ယံ ဟိန္ဒူရာဇာများ၏ သမီးတော်မင်းသမီးများမှ ဝေသာလီ "စန္ဒြ" မင်းညီမင်းသားများဖြင့် သွေးနှော ရောယှက်ဖွားမြင်သည့် သူများဖြစ်ဖွယ်ရာရှိ၍သာ ပြည်ဓညာဝေသာ နန်းထက်ဖွား စောပြည့်ညိုက ပသီ "သူရတန်မင်း၏သွေး" ရာဇာမျိုးရိုးမြတ်၏။ ဆက်မပြတ် သိမ်းယူခံ၊ ဘီကအထက်၊ နွယ်မပျက်သည်၊ ကနက်ဖြန့်ကာစံ၏" "ရှစ်တန်ပလ္လင်ရိုး၊ ဘိုးကဆက်ခံ၊ ဖနန်းစံသည်မှာ မိမိတို့မောင်နှမနှစ်ဖော်၏ ဘိုးတော်ဖြစ်သော ဓမ္မသူရမင်းအား ရည်ညွှန်းပြီး ဖနန်းစံသည်မှာ မိမိ၏ဖခမည်းတော် သီရိဓမ္မဝိဇယမင်းနှင့် ၎င်း၏အထက် ဓမ္မဂူရ ၁၇-ဆက်မြောက် ဦးရီးတော်မင်း ဝဇြဂတ္တိတစ်ဦးကို တစ်ဦးဆင့်ကဲ နန်းတက်ကြသည့် ညီအစ်ကိုရင်းချာနှစ်ဖော်အား ဆိုလိုကာ "ဖနတ်ရှင်လောင်းဘုရား၊ ခြားဝမ်းမကွာ" အဖေအမေတူ ညီအစ်ကိုနှစ်ပါးတို့မှ မွေးဖွားကြသည့် ဆွေမျိုးရင်းချာ မောင်တော်ရင်းမင်းဆက်-၂၀ နရေန္ဒြဝိဇယနှင့် မိမိ၏ကြင်ယာတော် ဂါထာ-၄၂ပါ ဝဇြဂတ္တိ၏ သားတော် (မောင်မြောက်သား) သီရိဓမ္မစန္ဒြ၊ မိမိ၏မောင်တော်မင်းနှင့် နန်းရန်ကြင်ယာတော်တို့၏ "နှစ်ပါးမောင်စုံ" ညီအစ်ကို ဝမ်းကွဲနှစ်ပါး၏ ဘုန်းရိပ်ကို ခိုလှုံရသူ စောပြည့်ညိုအိမ်ရှေ့မိဖုရားက အဆိုပါမျိုးရိုးဆက်နွယ်ပုံကို ပြဆိုကာ-

(၁) ဝဇြဂတ္တိ(ဂါထာ-၃၇)နှင့် သီရိဓမ္မဝိဇယ (ဂါထာ-၃၉)တို့မှာ ဖေတူမေတူ ညီအစ်ကိုရင်းချာများဖြစ်ပြီး

(၂) နရေန္ဒြဝိဇယကျောက်စာဂါထာ-၄၁ နှင့် စောပြည့်ညိုတို့မှာ မောင်နှမရင်းချာ။

(၃) သီရိဓမ္မစန္ဒြမှာ၊ ၂ပါး မောင်နှမနှစ်ဖော်တို့၏ ညီမောင်ဝမ်းကွဲ ဓမ္မဂူရမင်း၏ သားတော်ဖြစ်ကြောင်း (ဂါထာ-၄၁)နှင့် (ဂါထာ-၄၂) ရာဇဝင်ပါ မြောက်သားတော်နှင့် စောပြည့်ညို "သိန်ကန်မိန်တွင် ဆယ့်နှစ်ခွင်" သျှိုးလိုက်ရတုမှ သိရပါသည်။"ဖနတ်ရှင်လောင်းဘုရား၊ ခြားဝမ်းမကွာ" "ရင်းချာမောင်နှစ်ပါး"။

http://www.dhammadownload.com



(၄) စောပြည့်ညိုက ဝေသာလီမျိုးရိုးနှင့် ပထမဝေသာလီစညဝတီနှစ်ခေတ် ဆက်စပ်နေပုံ သမိုင်းကြောင်းကိုပါ ကွင်းကွင်းကွက်ကွက် ပေါ်လွင်အောင် မိမိ၏ရတု၌ ဖော်ကျူး သွားခဲ့သည်။ ရောယှက်မရှိ မျိုးရိုးသန့်စင် သကျသာကီမှ ဆင်းသက်လာသော ပထမ ဝေသာလီ စညဝတီကဝေသာလီကျောက်လှေကား ရခိုင်မျိုးရိုးဟုလည်း သိရပါသည်။ (၁၈) ဝဇြဂတ္တိမင်း (အေဒီ၆၄၉-၆၆၅) ဂါထာ-၃၇။ (၁၉) သီရိဓမ္မဝိဇယမင်း (အေဒီ ၆၆၅-၇၀၁) ဂါထာ-၃၉။ ပြုပြင်ဇယားသစ်အရ သာသနာ-၁၁၅၁ မှ ၁၁၈၇၊ ခရစ် အေဒီ ၆၅၉ မှ ၆၉၅ (နန်းစံ-၃၆ နှစ်)။ စောပြည့်ညို "သိန်ကန်မိန် တွင်" အစချီ သည့်ရတု(သျှိုးလိုက်)မှ မိမိမှ သီရိစန္ဒြ (ဖနတ်ရှင်လောင်းဘုရား/ဖနတ်မင်း) စသဖြင့် နန်းရန်တို့အမျိုးကိုပြသခြင်းမှ သီရိဓမ္မဝိဇယမင်း (သီရိစန္ဒြမျိုးရိုးအကြောင်း ကောင်းစွာ သိခဲ့ရပြီး မြဒိုးဝေရာဇဝင်မှ "ကဥ္စနမာလာ" မိဖုရားကြီးဖြစ်သည်ကို သိရှိရကာ နရေန္ဒြဝိဇယနှင့် စောပြည့်ညိုသားတော်/သမီးတော်နှစ်ပါး ထွန်းကားခဲ့ကြောင်း ပေါ်လွင်ပါသည်။ သမီးတော် စောပြည့်ညိုအား မောင်ဝမ်းကွဲတော်စပ်သူ (မြောက် သား) ဝဇြဂတ္တိမင်း၏သားတော် သိဂ်စန္ဒြမင်းသားဖြင့် လက်ထပ်ထိမ်းမြားပေးခဲ့ သည်။ ခရစ်အေဒီ- ၆၉၁-၆၉၂ခန့်က ဖြစ်ပေမည်။

အေဒီ-၆၉၅ ခုနှစ်တွင် လက်အောက်ခံသူရတန် မောက်သူဇာပသီမင်းက အခွန်ဘဏ္ဍာ ဆက်သွင်းရန်ပျက်ကွက်ပြီး တော်လှန်ပုန်ကန်ခြားနားရန် ကြိုးပမ်းခဲ့သဖြင့် လက်ရုံးရည်ဖြင့် ပြည့်စုံသည့် တူသမက် စောပြည့်ညို၏ ကြင်ရာတော် သိဂ်စန္ဒြအား နှိမ်နင်းရန် (အာဏာမိန့်ဖြတ်၊ ဖမင်းမြတ်က၊ စစ်အင်္ဂါလေးပါးပြည့်စုံစွာပါရှိသည့် ကြီးမားသော တပ်တော်ကြီး ဖြင့် နောက်ခွင် မောက်သူဇာသို့ချီစေခဲ့ကာ အောင်မြင်စွာနှိမ်နင်းနိုင်ခဲ့ပြီးမှ ၄င်းနှစ်မှာတွင်ပင် သီရိစန္ဒြမင်း နတ်ရွာစံ တော်မူ၍ ၄င်း၏သားတော် နေရန္ဒြဝိဇယမင်းဖြစ်လာကာ နှမတော်စောပြည့်ညိုနှင့် ယောက်ဖတော် နန်းရန်သိဂ်စန္ဒြတို့အား မိမိ၏အိမ်ရှေ့ဥပရာဇာ ခန့်အပ်ချီးမြှောက်တော်မူသည်။

သီရိဓမ္မဝိဇယမင်းလက်ထက်နန်းစံ၁၈-နှစ် ဓါတုဋ္ဌိကာ (ပိဋကတ်သချာ) သာသနာ (အဇာ တသတ်သက္ကရာဇ်)၁၁၆၉-အေဒီ-၆၇၇၊ရခိုင်ကောဇာ-၅၆၀အရောက်တွင် ရခိုင်ကောဇာနှင့် (အဇာတသတ်)မဟာသက္ကရာဇ်တို့အားဖြိုချေကာ သူရိယစိတြသာသနာ-၆၀၉ အားဖြိုသည်မှ စတင်တိုးပွားလာသည့်(နှစ်ကြွင်း)အားအပြီးပိုင်ဖျက်ပယ်ခဲ့သဖြင့် ရခိုင်ကောဇာနှင့် သာသနာအပြင်

http://www.dhammadownload.com



ခရစ်အေဒီသက္ကရာဇ်များ အကုန်အစင်တိကျမှန်ကန်သွားခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရပါသည်။

နန်းတက်-ရခိုင်ပြည်နယ်ဇယားအရ-

သာသနာ-၁၁၅၃၊ရခိုင်ကောဇာ ၅၄၄

ပြုပြင်(၂ကြွင်း)၁၁၅၁၊ရခိုင်ကောဇာ ၅၂၄င်းမှ ရေတွက်လာသောဓာတုဋ္ဌိကာ၁၁၆၉၊ ရခိုင်ကောဇာ၅၆၀(ညီမျှ-အေဒီ-၆၇၇)ဖြစ်လာခဲ့၍ နောက်ထပ်သက္ကရာဇ်ဖြိုခြင်းများ ရခိုင်ရာဇဝင်သမိုင်းကြောင်း၌ မရှိတော့သဖြင့် ရခိုင်ကောဇာသုည(၀)ညီမျှခြင်း အေဒီခရစ်-၆၇၇မှာလည်း ရခိုင်ကိန်းသေဖြစ်လာကာ-

သာသနာ-ဓာတုဋ္ဌိကာ ၁၁၆၉-ရခိုင်ကောဇာ သုည(၀)=ခရစ်အေဒီ-၆၇၇ ဖြစ်လာသည်ကို တွေ့ရပါသည်။သို့ဖြစ်ပါ၍အဇာတသတ် သာသနာ-သက္ကရာဇ်နှင့် ခရစ်သက္ကရာဇ် အေဒီ အမှန်အား တွက်ချက်ရှာဖွေလိုပါက-

(၆၀၉+၅၆၀ဓါတုဋ္ဌိကာကိန်း)၁၁၆၉နှင့်ခရစ်အေဒီ၆၇၇-နှစ်တို့ဖြင့် (ဓါတုဋ္ဌိကာမှ ရေတွက်လာသော) ရခိုင်ကောဇာနှစ်များအား ပေါင်းထည့်ခြင်းဖြင့် အဇာတသတ်သာသနာ သက္ကရာဇ်နှင့် ခရစ်အေဒီအမှန်ကို ရရှိနိုင်ကြောင်း သေချာစွာ တွေ့ရပါသည်။ ဥပမာ-

သီရိစန္ဒြလွှန် ရခိုင်ကောဇာသစ် ၁၈နှစ် ၆၇၇+၁၈=၆၉၅ (ဓါတုဋ္ဌိကာနှစ် ၁၁၆၉+၁၈နှစ်) သာသနာ ၁၁၈၇=အေဒီ-၆၉၅နှင့် ရခိုင်ကောဇာသစ်-၁၈ ဖြစ်လာသည်။

ရခိုင်ပြည်ထောင်၌ ပထမဦးစွာ သင်္ဂါယနာတင်ခြင်းကို သာသနာသက္ကရာဇ် (အဇာတသတ်) ၁၁၆၉အား ဖြိုချေပြီး၊ ရခိုင်ကောဇာ(၁)နှစ် တွင် စတင်ခဲ့ကာ ကြေးဝါပြားအချပ်ငါးထောင် (၅၀၀၀) တွင် ပိဋကတ်သုံးပုံအလုံးစုံကို ဝေသာလီ/သီဟိုဠ်မှ သံဃာတော်(၂၀၀၀)ဖြင့် ရခိုင်ကောဇာ-၅၆၀ကို ဖြိုသော တန်ခူးလပြည့်ကျော် တစ်ရက်နေ့မှစ၍ (၃)နှစ်တိုင် ဝေသာလီကျောက်လှေကားမြို့တော် ရွှေတောင်(ယခု-သရက်ချိုတောင်) တောင်ကုန်းတောင်ထိပ်အား ညီညာစွာပြုလုပ်ကာ ကျောင်းဆောင်များဆောက်လုပ်၍ သင်္ဂါယနာတင် ပြုလုပ်ခဲ့သည်။ ၄င်း (ပေ ၇၀ ခန့်) မြင့်သောကုန်းမှာ ဝေသာလီအပြင်မြို့ရိုး အရှေ့မြောက်ဘက်စွန်း၌ ကပ်လျှက်တည်ရှိသည်။

http://www.dhammadownload.com



သီရိဓမ္မဝိဇယမင်းက ပစ္စည်းလေးပါးဒါယကာအဖြစ်ခံယူပြီး သင်္ဂါယနာတင်ကြောင်း မှတ်တမ်းအပြည့်အစုံကို ၎င်း၏အမတ်"မေဓပညာမော်ကွန်းလက်ာ"ဖြင့် တိကျစွာ မှတ်တမ်းတင်ထားရှိခဲ့သည်။(ရည်ညွှန်း-ရခိုင်ပြည်နယ် ပြည်သူ့ ကောင်စီ" မြောက်ဦးလမ်းညွှန် ၁၉၈၈-ခုထုတ်နှင့် ရခိုင်ပြည်နယ် ဗုဒ္ဓသာသနာ ဂေါယာမြေစောဝင်း၊၁၉၉၄ခုထုတ်)

သင်္ဂါယနာတင်အကျယ်ကို သီးခြားဖော်ပြထားပါသည်။

သင်္ဂါယနာတင်ကိစ္စများ အောင်မြင်ပြီးစီးသည့်အခါ မေဓပညာ၊ ခေတ်၏မျက်မှောက်စာဆို အမတ်ကြီး ဖော်ပြချက်အရ- "သီရိစန္ဒြား၊ ရို့မင်းဖျားကား၊ ရုပ်ပွားပုထိုး၊ စေတီမျိုးနွယ်၊ နောက်တိုးကန်တူး၊ ကောင်းမှုအဖြာဖြာ ၊ပြည်ရွာခွန်ဘဏ်၊ ယူပြန်တဝက်၊ ရန်မျက်ကင်းငြိမ်း၊ မယိမ်းမယုတ်၊ ကြိုးကုပ်ဒါန၊ သီလတဖြာ၊ ဘာဝနာတရပ်၊ ဝိပဿနာ၊ များစွာအားထုတ်၊ လောကုတ်သဘင်၊ မင်ပွဲယင်သည်၊ ဖိုလ်ဝင်နိဗ္ဗာန်ရောက်ကြောင်းတည်း" ဟု မင်းမြတ်၏ တိုင်းရေးပြည်ရေး ဘာသာသာသနာထွန်းကားရေး ဆောင်ရွက်ချက်များအား ဖော်ပြခဲ့ပါသည်။

## သီရိစန္ဒြမင်း ဥတ္တမကိန်းအရ ကောဇာ–၅၆ဝအား ဖြိုချေပြီးသည့်နောက်ဝယ်မှ ပေါ်ပေါက်ခဲ့သည့် ရခိုင်ကောဇာနှင့် ခရစ်သက္ကရာဇ်များ အပြောင်းအလဲ The Missing Gap or Link

ဝေသာလီကျောက်လှေကားမြို့တော်ခေတ်၏ တစ်ကြိမ်တည်းသော သက္ကရာဇ်ဖြိုချေမှုနှင့် ရခိုင်သမိုင်းကြောင်း တစ်လျှောက်(၄)ကြိမ်မြောက် နောက်ဆုံးအကြိမ်ဖြစ်သော "သီရိစန္ဒြ" ဖြိုချေခဲ့သည့် ဥတ္တမကိန်း ၅၆ဝနောက်ဝယ်မှ ပီပီပြင်ပြင်ပေါ်လာသည့် "ရခိုင်ကောဇာသစ် ကွဲလွဲကွာဟမှုကြီးတစ်ရပ်" အား ကျောက်စာတိုင်နောက်ဆုံးစွန် အာနန္ဒစန္ဒြမင်းနှင့် ၎င်းနောက် နန်းတက်လာသည့် စူဠစန္ဒြမင်းနှစ်ပါးအကြား အောက်ပါအတိုင်းတွေ့ရသည်။

http://www.dhammadownload.com



(အသောက အခြေခံဇယားအရ ပြည်နယ် ဖြစ်စဉ်သမိုင်း ကျောက်စာ၊ ဒဂီးဇယား)

| အမှတ် | အကြောင်းအရာ | သာသနာ (အကြွင်းမဲ့) | ခရစ်အေဒီ အမှန် | ရခိုင်ကောဇာ (အကြွင်းမဲ့) | မှတ်ချက်(ရခိုင်နှုန်းဝင်ပါ) | သာသနာ | ခရစ် | ရခိုင် |
|---|---|---|---|---|---|---|---|---|
| ၁၃ | သီရိဓမ္မဝိဇယ | ၁၁၅၁ | ၆၂၉ | ၁၄၂ | နန်းတက် | ၁၁၅၃ | ၆၂၂ | ၁၄၄ |
| | နန်းစံ(၁၆)နှစ် | ၁၈ | ၁၈ | ၁၈ | (ကြွင်းပါ) | ၁၆ | ၁၆ | ၁၆ |
| | သက္ကရာဇ်ဖြို | ၁၁၆၉ | ၆၇၇ | ဖြို(သုည) | | ၁၁၆၉ | ၆၃၈ | (သုည) |
| | ဖြိုပြီးနန်းစံ | ၁၈ | ၁၈ | ၁၈ | | ၂၀ | ၂၀ | ၂၀ |
| | နတ်ရာဇ်နှစ် | ၁၁၈၇ | ၆၉၅ | ၁၈ | (သက္ကရာဇ်)သစ် | ၁၁၈၉ | ၆၇၈ | ၂၀ |
| ၂၈ | နရေန္ဒြဝိဇယတက် | ၃ | ၃ | ၃ | နန်းစံ | ၃ | ၃ | ၃ |
| ၂၁ | သီရိဓမ္မတဲ | ၁၁၉၀ | ၆၉၈ | ၂၁ | | ၁၆ | ၁၆ | ၁၆ |
| ၂၂ | အာယုဓမ္မ(နန်းတက်) | ၁၂၀၆ | ၇၁၄ | ၁၉ | ဆုငှ(၉+၁၀) | ၁၉ | ၀၉ | ၁၉ |
| | (ပေါင်း) | ၁၂၂၅ | ၇၃၃ | ၆၁၆/၅၆ | ရခိုင်ကောဇာ | ၁၂၂၅ | ၆၅၆ | ၄၈ |
| | သုမိုးသဖြင့် သာသနာ/ရခိုင် ၆၀၉ ဖြိုရိုးလာသည့် ၂ကြွင်း | | | | | (၀)၂ | | (၀)၂ |
| | | | | | | | | |
| | သုမိုးသဇာ့ရှစ်သက္ကရာဇ်(အသောကကျိန်ထောက်ပို/လုံး၃၇) | | | | | | ၃၇ | |
| | | | | | | ၁၂၂၅ | ၇၃၃ | ၄၆ |
| | (ပမ္မရာဇာဝင အာနန္ဒာ-ရခိုင်ရာဇဝင်+၁၉နှစ်) | | | | | | | ၁၉ |
| | သာသနာ-ခရစ်အေဒီ-ရခိုင်ကောဇာ-အမှန်တိုက်ညီသွား | | | | | ၁၂၂၅ | ၇၃၃ | ၆၅ |
| | ရခိုင် ၅၆၀ဖြို-အေဒီ-၆၇၇-ရခိုင်ကောဇာ(၀)ဖြစ်၍ ရခိုင်"ကိန်းသေ" ၆၃၈ | | | | | | | |
| | | | | | ရခိုင်ရာဇဝင်ဇယားတွင်ပိုလာသည်ကိုတွေ့ရ | | | ၁၉ |
| | ရှင်မြင့်နန်းတက် | ၁၂၂၅ | ၇၃၃ | ၆၁၆/၅၆ သက္ကရာဇ်သစ် | | ၁၂၂၅ | ၇၃၃ | [illegible] |
| | | | | | | | | |

ရခိုင်ကောဇာဘက်(၃၉) ကွာဟချက်တွင် အကြွင်းနှစ်ပါဝင်နေခြင်းကြောင့် ဖြစ်ပေမည်။ ကောဇာ ၅၆၀ ဖြိုစဉ်က နန်းစံခရစ်(၁၈)နှင့် ရခိုင်(၁၆)ဖြစ်သည်။ ၃၇အစား ၃၉ဖြစ်သွားသည်။

သို့သော် စူလစန္ဒြမှစပြီး ရခိုင်ပြည်နယ်/ရာဇဝင်ဇယား "ကိန်းသေ"ဖြစ်လာစေရန် ရခိုင်ကောဇာ သက္ကရာဇ်ဘက်၌ (၃၉)နှစ်ပေါင်းထည့်ထားသည်ကို တွေ့ရကာ ကိန်းသေ "၆၃၈"အား သုံးစွဲလာပါသည်။

အထက်ဖော်ပြပါအတိုင်း သက္ကရာဇ်ဖြို (ဓါတုဒီကာ-၁၁၆၉) သာသနာ-၁၁၆၉ (ပိဋကတ်သချ်ာတွက်နည်း)၊ ခရစ်အေဒီ-၆၇၇၊ ရခိုင်ကောဇာ -၅၆၀ဖြို-သုည(၀)မှ ရေတွက်လာသည့်

http://www.dhammadownload.com



ကျောက်စာတိုင် နောက်ဆုံးစွန် အာနန္ဒစန္ဒြလွန်နှစ်အထိ ရခိုင်ရာဇဝင်သမိုင်းကြောင်း သက္ကရာဇ်များ အကုန်ကိုက်ညီလာခဲ့ကာ မှန်ကန်သွားခဲ့ပြီးပါမှ (အာနန္ဒစန္ဒြ)လွန်မှ စူဠစန္ဒြနန်းတက် မင်းနှစ်ပါးအကြား ယင်းခေတ်အခါသာမယ ကပင် ရခိုင်ကောဇာ(၅၆)ခုတွင် (၃၉)ထပ်မံတိုးကာ စူဠစန္ဒြနန်းတက်ရခိုင်ကောဇာ(၉၅)နှစ် (မြန်မာကိန်းသေ ၆၃၈ဖြင့်ကိုက်ညီသွားခဲ့သည့်) အကြောင်း ရင်းကို စိစစ်ရှာဖွေ၍ မရဖြစ်ရပါသည်။ ဓမ္မဝိဇယမှ နရေန္ဒြဝိဇယ ဓမ္မစန္ဒြမင်းများအထိ နန်းစံနှစ်အပြည့်အဝနှင့် မြဒိုးဝေက ထူလ(ဝါ) အာနန္ဒာ(၁၉)နှစ်တို့အား အတိအကျသိထားပါသည်။

ရခိုင်ရာဇဝင်က ဗုဒ္ဓရှင်ဖွား သက္ကရာဇ်အား ဘီစီ၆၀၉-၆၁၀နှင့် မြန်မာဘီစီ ၆၂၃/၆၂၄ ယူထားခြင်းကြောင့် မျဉ်းပြိုင်တန်းနှစ်ခုပမာ မည်သို့မျှဆုံဆည်းသွားနိုင်ဖွယ်ရာ မရှိသလို အသွင်မတူသော အခြေခံကိန်းဂဏန်းနှစ်ရပ်အတွက် ကိန်းသေတစ်မျိုးဖြင့် အဖြေ(ရလဒ်) အတူတူ ရရှိရန်မှာလည်း မဖြစ်နိုင်ပါ။ (၁၉၉၇-သာသနာ ၂၅၄၁)ကို ဆိုလိုရင်းဖြစ်သည်။

သို့ဖြစ်ခြင်းကြောင့် ရခိုင်ရာဇဝင်ကြောင်း၌ အာနန္ဒစန္ဒြမင်းမှ အထက်မာရယု၊ ဗြဟ္မသိဒ္ဓိ စသည်ဖြင့်အထိ ဗုဒ္ဓဖွား သက္ကရာဇ်အား ဘီစီ-၆၀၉၊ ထိုနှစ်မှ ယခုအထိ ဗုဒ္ဓဖွားသက္ကရာဇ်၊ ဘီစီ၆၂၃/၆၂၄ ၊ သာသနာ(၁)=(၆၂၄-၈၀) ဘီစီ-၅၄၄ ဖြင့် တွက်ချက်ပြီး ပြထားသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပါသည်။ တန်ခိုးကြီးမင်းတစ်ပါးပါး၏ အာဏာစက်ဖြင့် ပြုပြင်မှုရမည့်ကိစ္စ ဖြစ်ပေသည်။ ဘီစီ-၆၀၉ အယူမှာ ရခိုင်သုသေသီများအယူ ဖြစ်ပေသည်။ (ဦးအောင်သာဦးနှင့် ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း အယူအဆ။)

စူဠစန္ဒြမင်းမှ ရခိုင်တို့၏နောက်ဆုံးမင်း မဟာသမတ (ရခိုင်-၁၁၄၆၊ အေဒီ-၁၇၈၄) အထိမှာလည်း ဘီစီ-၆၀၉။စစ်တွေမြို့ ခေါင်းလောင်းကျောင်းတိုက်ရှိ ဗုဒ္ဓသွန်းစက်တော် ဉာဏ်တော်ငယ်တစ်ဆူ၌ သွန်းလုပ်ပူဇော်နေခဲ့သည့် သက္ကရာဇ်အား ရခိုင်ကောဇာ-၂၀၅ ခုဟု ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးထိုးဖော်ပြပါရှိပါသည်။ ယင်း ၂၀၅+၆၃၈=အေဒီ ၈၄၃ ခုဖြစ်၍ ရခိုင်သမိုင်းကြောင်း၌ ထင်ရှားခဲ့သောသာသနာဒါယကာ မင်းတစ်ပါး ဖြစ်သည့် (တတိယဓညဝတီခေတ် ၆-ဆက်မြောက် သူရိယစက္ကမင်းနောက်) ဒုတိယမြောက်ကြီးမားလာသော ကျောက်ညို “မှုနိုငါးဆူရှင်”လေးမြို့ (အဋ္ဌနနဒီ) ပဥ္စာခေတ် တတိယမြောက် “မင်းရင်ဖြူ”မင်း၊ ရခိုင်ကောဇာ ၂၀၅-၂၃၅ကပင် ဘာသာရေးရာမှတ်တမ်းများ၌ မြန်မာသက္ကရာဇ် ကိန်းသေ-၆၃၈အား အတည်ပြုယူသုံးစွဲနေပြီးဖြစ်ကြောင်း ခိုင်လုံသည့်အထောက်ထားတစ်ရပ်ဖြစ်ပေသည်။

http://www.dhammadownload.com



နောက်ထပ်ရခိုင်ကောဇာ အမှတ်အသားပါသွန်းစက်ရုပ်ပွားတော်တစ်ဆူမှာ လက်ရုံးရည်၊ နှလုံးရည်ကြောင့် လွန်စွာမှထင်ရှား လူသိများခဲ့သည့် ဒသရာဇာမင်း၊ နန်းစံနန်းသက် ရခိုင်ကောဇာ ၄၈၅-၅၀၀ (အေဒီ၁၁၂၃-၁၁၉၃)မဟာကျိန်နန်းတက် အဘိသေကခံ ရခိုင် ၄၈ဧခုညာဏ်တော်ငယ် သွန်းစက်တော်ဘုရားဖြစ်ပါသည်။ ဤမင်းမြတ်မှာ ပုဂံအရှေ့ မြန်မာမြို့တော်မှ လွန်စွာကျော်ကြား သည့် အလောင်းစည်သူမင်း အကူအညီဖြင့်ပဋ္ဌာမြို့ကို တိုက်ခိုက်သိမ်းယူကာ နန်းတက်ခဲ့သည့် (ပထမပုရိန်ခေတ်သည် ရခိုင်မင်းရိုးပဋ္ဌာ ၁၂-ဆက်မြောက် မင်းဘီလူး၏ မြေးတော်များဖြစ်ကြ သော) လက်ျာမင်းနန်/ နှမတော်ရင်း ရွှေဂူသာမိဖုရားတို့လက်ထက် ရခိုင်ကောဇာ ၄၆၅၊ အေဒီ ၁၁၀၃ကပင် စစ်ကူပါလာသည့် ပုဂံရဲမက်များဖြစ်ကြသော ပျူနှင့် မွန်စစ်သည်တော်များ မီးမွှေး ရွှေချခံရ၍ ကိုယ်အင်္ဂါအစိတ်အပိုင်းအချို့ ပျက်စီးကာ နှစ်ပေါင်း၂၃နှစ်မျှ ပျောက်ဆုံးကွယ်ပျောက် ခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ်အား ရှာဖွေပြီး နဂိုရှိရင်းစွဲ ဓညဝတီမြို့တော်ဟောင်း မဟာမုနိ ကုန်းတော်(ကတည္ကတ)သို့ ပြန်လည်ပင့်ဆောင်ပြုပြင်မွမ်းမံခဲ့၍ စန္ဒာသူရိယမင်းက ပထမ၊ ဒသရာဇာမင်းမှာ မုနိရှင်၏ ဒုတိယ ဒါယကာမင်းဟုပင် သမုတ်ခေါ်ကြသည်ဟုဆိုပါသည်[၁]။

ရခိုင်မဟာရာဇဝင်ကြီး၌ ပါရှိသည့် "စူဠတိုင်း စန္ဒြားမင်း သက္ကရာဇ်အား ငတုံလေးမြို့ ခေတ် ခေတ္တာသင်မင်း" တို့က ဆက်လက်သုံးစွဲသွားခဲ့ကြဟန် တူပါသည်။

အကယ်၍ စူဠစန္ဒြားမင်းက မပြောင်းလဲခဲ့ပါမူ နောက်ဖြစ်နိုင်သည့်မင်းမှာ မြန်မာအရှေ့ပုဂံ ၌ မွေးစကပင် ၂၅-နှစ်တာမျှ မိဘနှစ်ပါးနှင့်အတူ ခိုလှုံကြီးပြင်းပြီး အလောင်းစည်သူမင်းထံ အမတ်အဖြစ် အမှုတော်ထမ်းနေခဲ့သော လက်ျာမင်းနန်လည်း ဖြစ်နိုင်ဖွယ်ရာ မရှိပါ။ ဤသက္ကရာဇ် အမှတ်အသားအား ဦးဘစံ( သုတေသီဓညစံ) မှတ်စုမှ ရရှိခြင်းဖြစ်ပါသည်။

ရခိုင်ရာဇဝင် သမိုင်းကြောင်း သက္ကရာဇ်များနှင့်ပတ်သက်၍ ကမ္ဘာ့လူမှုသမိုင်းကြောင်း (အရှေ့တောင်ဒေသ) အိန္ဒိယကျွန်းဆွယ်မှ အလွန်ခိုင်မာသည်ဟု ရာဇဝင်သုတေသီများ အတည်ပြုယူထားကြသော ဂရိ(ခေါမ) စစ်ဘုရင်ကေရာဇ်"အလက်စန္ဒား" အိန္ဒိယအနောက် မြောက်ပိုင်းဒေသအား ဝင်ရောက်တိုက်ခိုက်သည့် ခုနှစ်ဘီစီ-၃၂၇ခုနှင့် အသောကနန်းတက် ဗုဒ္ဓဝင်

၁။ မြို့တော်ရန်ကုန်ရောက် ရခိုင်မြို့တော်ဟောင်းမှ ကြေးဆင်တုတော် တစ်ဆူ စောမင်းနွယ် (မြောက်ဦး)၊ ရခိုင်သဟာယမဂ္ဂဇင်းအမှတ် (၃) (၁၉၈၉-၃)
- U Shwe Zan, A Mahakyain Phara of Lemro Period.

http://www.dhammadownload.com



ပါသာသနာ(အဇာတသတ်) ၂၁၈နှစ်-ခရစ်ဘီစီ- ၂၇၃/၂၇၄ ဖြင့် တွက်ချက်ပြီး ဤအရေးအသား ဇယားသစ်ပါ သက္ကရာဇ်ခုနှစ်များအား ယူထားရခြင်းမှာလည်း ဗုဒ္ဓအဖြစ်သို့ရောက်ပြီး အိန္ဒိယဥပင် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပါသဖြင့် ၄င်းနိုင်ငံသုံး ဘိုးတော်ဒေဝဒေဟပြည့်ရှင် အဥ္စနမင်း သက္ကရာဇ် ၄င်းအားဖြိုချခဲ့ပြီး ပထမသင်္ဂါယနာတင်ကာ ကောဇာ၊ သာသနာထပ်တူထပ်မျှထား ရှိခဲ့သည့် အဇာတသတ် ရာဇဗြိုလ်ပြည့်ရှင် အိန္ဒိယ ဒုတိယသင်္ဂါယနာတင်ရာ ဝေသာလီနှင့် တတိယ သင်္ဂါယနာတင် ကမ္ဘာတစ်ဝှမ်း အလွန်တရာမှ ကျော်ကြားလူသိများပြီး သုတေသီများ အတည်ပြု လက်ခံထားသည့် ပါဋ္ဌလိပုတ်ပြည့်ရှင် မဂဓ မောရိယကေရာဇ် အသောကာ (ဓမ္မာသောကရာဇာ) မင်းတို့ အသုံးပြုထားသည့် ဗုဒ္ဓဝင်ပါ အပြတ်အတောက်ကင်းမဲ့သော သာသနာနှစ်များအား ရှေးဟောင်းရာဇဝင်သမိုင်း၌ ၄င်းကဲ့သို့ ကမ္ဘာ့သုတေသီကြီးများ လက်ခံအတည်ပြုထားသော မင်း ရခိုင်ရာဇဝင်တွင် မရှိခဲ့ပါ၍ အသောကမင်းဖြင့် ထီးပြိုင်နန်းပြိုင် ၃၇နှစ်မျှ အတူစံခဲ့သော ရခိုင်ဓညဝတီ တတိယခေတ် စန္ဒသူရိယမင်းအနွယ်ဝင် သူရိယစက္က ဘီစီ-၂၇၈၊ သာသနာ-၂၁၄မှာ အနီးကပ်ဆုံးဖြစ်ပါ၍ မလွဲမရှောင်သာသဖြင့် ညှိနှိုင်းယူကာ အသုံးပြုခဲ့ရပါသည်။

| | သာသနာ | ခရစ်အေဒီ | ရခိုင်ကောဇာ |
|---|---|---|---|
| ဝေသာလီမြို့တည်ဒွေင်စန္ဒြမင်း | ၈၅၆ | ၃၆၄ | ၂၄၇ |
| သီရိဓမ္မဝိဇယ သက္ကရာဇ်ဖြို | ၁၁၆၉ | ၆၇၇ | ၅၆၀ |
| နှစ်စု | ၃၁၃ | ၃၁၃ | ၃၁၃ |
| အာနန္ဒ စန္ဒြလွန် | ၁၂၂၅ | ၇၃၃ | (သစ်)၅၆ |
| ဒွေင်စန္ဒြနန်းတက် | ၈၅၆ | ၃၆၄ | (ဟောင်း) ၃၁၃ နှစ် |
| | ----- | ----- | ---- |
| | ၃၆၉ | ၃၆၉ | ၃၆၉ |

(သူရိယစိတြဖြို = ၆၀၉ + သီရိစန္ဒြဖြို - ၅၆၀ =၁၁၆၉ သာသနာ)

| | | | | |
|---|---|---|---|---|
| ဒွေင်စန္ဒြနန်းတက် | - | သာသနာ | - ၈၅၆ = ခရစ်အေဒီ | ၃၆၄ |
| အသောကကိန်း(ဘီစီ-၂၇၄= | | သာသနာ - | ၂၁၈ = ခရစ်အေဒီ(+) | ၂၇၄ |
| | | | ------ | ------ |
| | | | ၆၃၈ | ၆၃၈ |

http://www.dhammadownload.com



ဝေသာလီကျောက်လှေကားမြို့တည် ဒွေ့ငစန္ဒြမင်း နန်းတက်ခုနှစ် သက္ကရာဇ်များမှာလည်း အသောကမင်း နန်းတက်နှစ်များဖြင့် ကိုက်ညီသည်ပင်မက သာသနာ-၁-ဘီစီ ၄၉၂- ရခိုင်ကောဇာ (စန္ဒသူရိယ သာသနာ-၁) နှင့်ပါ ကိုက်ညီကြောင်း ရှေ့အရေးအသားများ၌ သက်သေထူပြသခဲ့ပြီး ဖြစ်ပါ၍ ဤအရေးအသားတွင် စူဠစန္ဒြနန်းတက်-သာသနာ-၁၂၂၅၊အေဒီ-၇၃၃ နှင့် ရခိုင်ကောဇာ သစ်-၅၆ ဖြင့် ဇယားသစ်ပါအတိုင်း ပြဆိုသွားမည် ဖြစ်ပါသည်။

ယခုတွေ့ရှိရသည့် ရခိုင်ကောဇာနှစ် ကွာခြားချက်ကို ရခိုင်ရာဇဝင်သမိုင်း၌ အဆက်အစပ် ပြတ်တောက်နေသော ၃၉-ခုနှစ် သက္ကရာဇ် ကွာဟချက် the missing gap အဖြစ် အမြဲသတိမူ ကြစေရန်ခေါ် ဝေါ် သမုတ်သင့်သည်ဟု ယူဆပါသည်။ ငတုံမင်းလွန်၊ ခေတ္တသင်မင်း လေးမြို့ခေတ် အား ထူထောင်ချိန် ပဥ္စာမြို့တော်ခေတ်၌ ရခိုင်ကောဇာသစ်အမှန်-၁၄၁ နှင့် ရာဇဝင်ဇယားပါ ၁၈၀-ခု၊ ၃၉-နှစ် ကွာဟမှုဖြစ်ပြီး သာသနာနှင့် ခရစ်အေဒီမှာ အတူတူပင်ဖြစ်ပါသည်။

အထက်ပါအရေးအသား၏ ခိုင်မာသည့် သက်သေခံအထောက်အထားနှစ်ရပ်မှာ

၁။ ယင်းရှေးရှေးက မျက်မှောက်ခေတ်ပညာရှိ သုခမိန် "မေဓပညာ" အမတ်ကြီး ရေးစပ်ခဲ့ သော သီရိစန္ဒြ၏ သင်္ဂါယနာတင် မော်ကွန်းလင်္ကာ (အေဒီ -၆၇၇ ခန့်) ပါ ဓာတုဋ္ဌိကာ သက္ကရာဇ် မြို့နှစ် သာသနာ-၁၁၆၉ ဖြစ်သည်ဟု အတိအကျသိရှိရခြင်းနှင့်

၂။ ဝေသာလီကျောက်စာတိုင် အနောက်ဘက်စာမျက်နှာနှင့် ပတ်သက်သည့် ဒေါက်တာဆာ ကား ဘာသာပြန်မှတ်တမ်းဂါထာအပိုဒ်-၄၀ ပါ ဓမ္မဝိဇယမင်းနန်းစံ ၃၆-နှစ်၊ ဂါထာ-၄၄ပါ ၃- ဆက်မြောက် မြေးတော် အာနန္ဒစန္ဒြကျောက်ထက်အက္ခရာတင် ခိုင်မာသည့် ခေတ်မှတ်တမ်းများ ဖြစ်ပါသည်။ (ဦးစံသာအောင်၏ ရခိုင်ဒင်္ဂါးများနှင့် ဦးရွှေဇံ၏ (The Golden Mruak- An ancient capital of Rakhine, p.49, The Anandacandra Inscriptions Pillar The third peroid Table.III) တို့အား ရည်ညွှန်းသည်။

ဤမျှဖြင့် ခုသက္ကရာဇ်များအခက်အခဲများ ရှင်းလင်းသွားပြီဟု ယူဆပါ၍ သီရိစန္ဒြ (သီရိဓမ္မဝိဇယ)မင်းနောက်ဝယ်မှ ဝေသာလီကျောက်လှေကားမြို့တော်၌ စိုးစံခဲ့ကြသော မင်းဆက်- ၂၀ မှ ၂၅ အထိနှင့် နောက်ဆုံးစွန် စမ္ဘဝက်မြို့သစ်တည် ငမင်ငတုံ (ငတုံ)မင်းအကြောင်း ဆက်လက်မှတ်တမ်းတင်ပြသွားပါမည်။ ရှေ့တွင်ဖော်ပြခဲ့သော "The Missing Gap" နှင့်

http://www.dhammadownload.com



သက္ကရာဇ်အနေအထား ယုတ္တိတန်၊ မတန်ကိုကား ဖတ်ရှုကြသူပရိသတ်တို့က မိမိတို့ဘာသာ ဆုံးဖြတ်ဝေဖန်နိုင်ရန်ဖြစ်ပါသည်။ တင်ပြသူများအနေဖြင့် တွေ့ရှိချက်များအား မထိန်မချန် စဉ်းစားစရာ အချက်တစ်ရပ်အဖြစ် ယူဆ၍ ဖော်ပြရခြင်းသာဖြစ်၏။ သို့သော် ဤအချက်၏ အတိမ်အနက်ကိုကား ရခိုင်ရာဇဝင်သမိုင်းကြောင်းတစ်ရပ်လုံးအနေဖြင့် အကျုံးဝင်နေ၍ အထူးအလေးထားပြီး လေးလေးနက်နက် စဉ်းစားပြီးကာမှ ဆုံးဖြတ်ချက်ချမှတ်ကြစေလိုပါသည်။ ရာဇဝင်သမိုင်းကြောင်း၌ ကြီးမားသော သက္ကရာဇ်ကောဇာ အလှည့်အပြောင်းတစ်ရပ် ဖြစ်၏။

ရခိုင်ကောဇာ (သူရိယစိတြ) ဓနဥကိန်း-၆၀၉မှ စတင်ရေတွက်လာသော ၅၆၀ ကောဇာ (၂-ကြွင်းအပါအဝင်)အား ဝေသာလီကျောက်လှေကား(၁၉)ဆက်မြောက် သီရိဓမ္မဝိဇယ(သီရိစန္ဒြ) မင်းက ၎င်း၏ နန်းစံ၁၈နှစ် (ရခိုင်ရာဇဝင် ၂-ကြွင်းပါ-၁၆နှစ်)၊ သာသနာသက္ကရာဇ်- ၁၁၆၉- ဓာတုမ္ဗိကာ အရောက်တွင် ဖြိုခဲ့ကြောင်းအထက်တွင် ရှင်းလင်းတင်ပြပြီ၊ ခရစ်အေဒီ၊ ရခိုင်ကောဇာ (၁၁၆၉၊ ၆၇၇နှင့် ၁၈)အကုန်အစင် အသောကကိန်း၊ အဇာတသတ် ဗုဒ္ဓဘုရားရှင် သာသနာ သက္ကရာဇ်၊ ခရစ်တော်ဘီစီ၊ အေဒီခုနှစ်များဖြင့် အံဝင်ခွင်ကျတွေ့ရှိရကြောင်း သက်သေထူခဲ့ပြီး ဖြစ်ပါသည်။

ဗုဒ္ဓပရိနိဗ္ဗာန်ပြု- ကလိယုဂ် ၂၅၇၀+သာသနာ-၆၀၉=၃၁၇၉ ကလိယုဂ်(၃၁၇၉- ၂၅၇၀=၆၀၉)မှာလည်း ကိုက်ညီနေပါသည်။ ၃၁၇၉မှာ "သာက" မင်းဖြိုသက္ကရာဇ်ဟု သူရိယသိဒ္ဓန္တ ကျမ်းက ဆို၏ဟု ဦးအောင်သာဦးက ပြဆိုထားရာ- ဗုဒ္ဓသာသနာ ၆၀၉ခုတွင် ကျရောက်ပါ၍ မှန်ကန်ကြောင်းသိရပါသည်။ ကလိယုဂ် နဝ သတ္တ ဧက တြိ (၃၁၇၉)ဖြစ်ပေသည်။ ရက္ခပူရနှင့် ထပ်တူ ထပ်မျှဖြစ်၏။

သို့သော် သုမုန္ဒရီမင်းလက်ထက် ဒေါဒေါရသ-၆၂၂-ကို ဖြို၍ ၂-ခု ကြွင်းထားခဲ့သည်။ ယင်းကို မြန်မာကောဇာသက္ကရာဇ် ခေါ်ဆိုသည်ဟု "မြတ်မင်္ဂလာစာစောင် အတွဲ၁၁၊ ၁၉၉၆- ခုနှစ်၊ မေလထုတ်၊ ဘာသာရေးပြဿနာများ (စာ-၃၇-၃၈) "သက္ကရာဇ်" အမေး/အဖြေ အောက်တွင် ဖော်ပြပါရှိသည်ကိုတွေ့ရရာ၊ ၆၂၂-၆၀၉=(၁၃)နှစ် မြန်မာနှင့်ရခိုင်ကောဇာ ကွာဟနေ ပါသည်။ (သာသနာနှစ် ၆၂၄ခုရောက်သောအခါ ၆၂၂-ခုကိုဖြိုပြီး ၂-ကြွင်းထားခဲ့ခြင်းဖြစ်သည်)

ယင်းမှ တိုးပွားလာသော နှစ်၅၆၂-ခုသို့ရောက်သောအခါ ပုဂံပုပ္ပါး စောရဟန်းမင်း လက်ထက် ခဆပဥ(၅၆၀)ကို ဖြို၍ ၂-ခုကြွင်းထားလျက် သုံးစွဲခဲ့လေသည်ဟု ပြဆိုထားပါသည်။

http://www.dhammadownload.com



ရခိုင်က(ခ၂ဆ၇ပဥ္စာ၅) မြန်မာအလိုအရ (ခန်း၀ဆ၄ပဥ္စ၅) ၅၇၂၅၆၀ကြွင်း ၂=၅၅၈ဖြစ်ပြန်ရာ ၅၇၂-၅၅၈=ကြွင်း (၁၄)နှစ်ဖြစ်ပါ၍ အထက်တွင်ဖော်ပြပါရှိသည့်အတိုင်း ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်ဖွား သက္ကရာဇ်အား ရခိုင်က ဘီစီ-၆၀၉-ခု မြန်မာက ၆၂၃-ခု (ဗုဒ္ဓဝါဒ အခြေခံသဘောတရားများ စာ-၄၈)တွင် ပါရှိရာ၊ ဗုဒ္ဓရှင်ဖွားမြင်တော်မူသည့် သက္ကရာဇ်နှင့် ပတ်သက်ပြီး ၆၂၃-၆၀၉ဘီစ=(၁၄)နှစ် ကွာခြားမှုရှိသည်ကိုလည်း တွေ့ရပါသည်။

သို့ဖြစ်ခြင်းကြောင့်ယခုအထိရခိုင်/မြန်မာ(၁၄)နှစ် ကွာဟချက်မှာ တူညီမှုရှိရပါမည်။

၍ကွာဟချက် (၁၄)နှစ်အား ရခိုင်ဝေသာလီကျောက်လှေကား (၁၉)ဆက်မင်းဖြစ်သော သီရိစန္ဒြ (သီရိဓမ္မဝိဇယ)၊ ရခိုင်ကောဇာ ၅၆၀ ဓါတုဋ္ဌီကာ-၁၁၆၉ (သာသနာ ၆၀၉+၅၆၀= ၁၁၆၉)ခုနှစ်က ဖြိုချေခဲ့ရာ၌ "ထိုရာဇာပင်၊ ကောဇာတွင်လစ်၊ သက္ကရာဇ်ကိုခေါ် ဆို ဥတ္တမဖြို ကိန်းကျ၍၊ (ခ၂ဆ၇ပဥ္စာ၅) ကိန်းသင်္ချာနှင့် ညီစွာမသွယ်ဖြိုလိုက်လေသည်။ "ဘုန်းကြွယ်မဏ္ဍိုင်၊ ရခိုင်သာယာ၊ သာယာစွလေ၊ သာစွလေ။ ရခိုင်သားလေ၊ သာစွလေ။"ဟုလေးမြို့ခေတ်ဖွဲ့ ရခိုင် သာစွလေ ကဗျာများ(၁၂)ပုဒ်အနက်မှ အမှတ်စဉ်(၄)တွင် ပါရှိသည်ကို တွေ့ရပါသည်။

လေးမြို့ (အဥ္စနနဒီ)ခေတ်မှလည်း ဝေသာလီကျောက်လှေကားအား (သျှမ်းတရုတ်တရက်) များ ဝင်ရောက်လုယက် ဖျက်ဆီးခဲ့၍ အေဒီ-၇၉၄ခု-ပျက်သုဉ်းသွားစဉ်ကပင် ၎င်းမြို့တော်သူ မြို့တော်သားများနှင့် စန္ဒြမင်းရိုးမင်းနွယ်ဝင်များက စတင်အစပျိုးတည်ထောင်ခဲ့သော ခေတ်သစ်ဖြစ် ပေသည်။ အမှန်တကယ်မှာ အထက်ဖော်ပြပါ အေဒီ-၇၉၄ ဝေသာလီရှိ တရုတ်တရက်များအား ငတုံမင်းသား ခံစစ်စခန်းချရာ စမ္ပာဝက်မှ စတင်ခဲ့ခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ လေးမြို့ခေတ်သုခမိန် များ သက္ကရာဇ်၅၆၀-အေဒီ ၆၇၇-မှ နှစ်စု-၁၁၇နှစ်မျှသာကွာခြား၍ မှန်ကန်တိကျစွာ သိရှိရန် အလားအလာအကောင်းဆုံး ဖြစ်ပေသည်။

သို့ပါ၍ ၎င်းတို့၏"သာစွလေ" ကဗျာ၌ပါရှိသော သီရိစန္ဒြမင်းက -ရခိုင်ကောဇာ-၅၆၀အား ဖြိုချေပြီး ခဆပဥ္စာ (ခန်းဆပဥ္စ) ကောဇာ ၅၇၂-ဖြင့် ထပ်တူထပ်မျှထားခဲ့သည်ဆိုသည့် အရေးအသား တွက်ချက်ရရှိသည့် အချက်အလက်များ ပေါ်မှီပြီး စီစစ်တွက်ချက်ကြည့်ရန်ပင် ဖြစ်ပေသည်။

ဥတ္တမကိန်းဖြင့် ရခိုင်သက္ကရာဇ်အား ဖြိုခဲ့စဉ်က ဓါတုဋ္ဌီကာ-၁၁၆၉ ခရစ်သက္ကရာဇ် ၆၇၇- ရခိုင်ကောဇာသစ် (သုည)ကြွင်း ရရှိခဲ့ပါသည်။ ၎င်းမှစတင်ရေတွက်လာသော သီရိစန္ဒြနန်းစံ

http://www.dhammadownload.com



(၃၆)နှစ်မှလက်ကျန် ၁၈-တွင်လွှန်ခဲ့၍ ရခိုင်ကော ဇာသစ် ၁၈နှစ်တွင်လွှန်ပါသည်။

| | | | ရခိုင် | မြန်မာ |
|---|---|---|---|---|
| သီရိစန္ဒြလွှန် | သာသနာ ၁၁၆၉ | ခရစ်အေဒီ ၆၇၇ | သူည(၀) | -၁၄- |
| | (၁၈)နှစ် | (၁၈) | (၁၈) | (၁၈) |
| နရေန္ဒြဝိဇယ | ၃ | ၃ | ၃ | ၃ |
| လိင်္ဂစန္ဒြ(သီရိဓမ္မစန္ဒြ) | ၁၆ | ၁၆ | ၁၆ | ၁၆ |
| အာနန္ဒစန္ဒြ(ထူးလ) | ၁၉ | ၁၉ | ၁၉ | ၁၉ |
| စူဠစန္ဒြ | ၃၆ | ၃၆ | ၃၆ | ၃၆ |
| အမြတူ | ၇ | ၇ | ၇ | ၇ |
| ပဲဖြူ | ၁၇ | ၁၇ | ၁၇ | ၁၇ |
| သျှမ်း မင်းမဲ့ | ၁ | ၁ | ၁ | ၁ |
| ငတုံမင်း | ၂၅ | ၂၅ | ၂၅ | ၂၅ |

(ရခိုင်အမှန်) သာသနာသက္ကရာဇ်(၁၃၁၀)ခရစ်အေဒီ(၈၁၈)ကောဇာ(၁၄၁)ကောဇာ(၁၅၅)

ကြွင်း-၂ဖြစ်ရမည်။

+၃၉

+၂၇

၁၃၁၀ ၈၁၈ ၁၈၀ ၁၅၃-၁၅၅/၁၈၀

ကောဇာရခိုင်အမှန် ၁၄၁ + ၆၇၇ = ၈၁၈

၄င်းကဲ့သို့ပင် ကောဇာရခိုင်အမှား၁၈၀ + ၆၃၈ = ၈၁၈

မည်သို့ပင်ဖြစ်စေကာမူ သီရိစန္ဒြလက်ထက်၌ (၁၄)နှစ်သာကွာခဲ့၍ လုံးလုံးလျားလျား မြန်မာသက္ကရာဇ်အသွင်သို့ ပြောင်းလဲသွားခဲ့ခြင်းမရှိပါ။ သက္ကရာဇ်နှစ်ရပ်ကွဲလွဲနေပြီး မြန်မာသုံး ကိန်းသေ "၆၃၈"ကို အသုံးပြုလာနိုင်သည်ကိုသာ စူဠစန္ဒြလက်ထက်တွင် တွေ့ရပါသည်။ သို့သော် ငြားလည်း ကောဇာသက္ကရာဇ်မှာ ကွဲလွဲနေဆဲပင်ဖြစ်သည်။

http://www.dhammadownload.com



အထက်ပါဇယားအတိုင်း ရခိုင်ကောဇာ(၁၄၁)နှင့် မြန်မာကောဇာ (၁၅၃) ခန့်မှန်းမျှသာဖြစ်ရာ -ရခိုင်ရာဇဝင် (ဓညဝတီရခိုင်ရာဇဝင်သစ်) ပဲခူးမင်းကျောင်း ဆရာတော် ကဝေသာလီစတင် တည်ထောင်သည်ဆိုသော မြန်မာသက္ကရာဇ် ရခိုင်ကောဇာ ၁၅၅ဖြင့် ဂဏန်းသင်္ချာကိန်းတိုက်ဆိုင် မှုတစ်ရပ်ကို တွေ့ရှိရပြန်ပါသည်။ ၁၅၅အား ၆၃၈ပေါင်းက=အေဒီ၇၉၃ရှိရာ၊ ဝေသာလီအား (သျှမ်းမွန်ကို) ဝင်သည့်နှစ်ဖြစ်ပေသည်။ ဝေသာလီ တည်ထောင်သောနှစ်ကား မဟုတ်ပါ။ ပျက်သုဉ်း သည့်နှစ်ဖြစ်၏။

ဤရခိုင်ကောဇာ-၁၅၃-မှ ဥရောပသုတေသီများ ပြဆိုကြသည့် ဝေသာလီကျောက်လှေကား စတင်နှစ်ရခိုင်ကောဇာ -၁၅၂-ဖေါ် ချမ်မာ=အေဒီ-၇၈၉(မော်ရစ်ကောလစ်-သီရိစန္ဒြ-အေဒီ-၇၈၈) နှင့် ဖေယာ/ဟာဗေး ဓညဝတီခေတ်အဆုံးသတ် ခဲ့သည်ဆိုသော အချက်ဖြင့်လည်း တိုက်ဆိုင်နေ၍ ၎င်းတို့၏အမှားများ ပိုမိုပီပြင်ပါသည်။ ဝေသာလီသီရိစန္ဒြခေတ်ကစ၍ ဖြစ်သွားခဲ့သည်။ ရခိုင်ကောဇာသစ်ပေါ် တိုင်း ၎င်းတို့က ခေတ်တခုအဖြစ် ယူကြသည်ကိုတွေ့ရသည်။

နရေန္ဒြဝိဇယမင်း(သာသနာ၊ ၁၁၈၇၊အေဒီ-၆၉၅၊ ရခိုင်ကောဇာ-၁၈)။ နန်းစံ(၃)နှစ်ခန့်။

ဤမင်းမှ ဖခမည်းတော် သီရိစန္ဒြ(သီရိဓမ္မဝိဇယမင်း) ရခိုင်ကောဇာသစ်-၁၈ခုတွင် နတ်ရွာစံသည်မှ ၂နှစ်နှင့် ၉လခန့်သာ ဖခင်၏ထီးနန်းအရိုက်အရာကို ဆက်ခံစိုးစံပါသည်။ ငယ်ရွယ်စဉ်ကပင် စွဲကပ်ခံစားနေရသည့် နာတာရှည်ရောဂါတစ်ခုကြောင့် ကျန်းမာရေးချို့တဲ့သည့် ဝေဒနာကြောင့်သော်လည်းကောင်း၊ သို့တည်းမဟုတ် နန်းတွင်းလုပ်ကြံမှုကြောင့် ၃-နှစ်တာမျှ နန်းစံကာ အနိစ္စရောက်ခဲ့၍ ထူးထူးခြားခြားရေးသား ဖော်ပြရန်မရှိပါ။

အဆိုပါအကြောင်းအရာနှင့် ပတ်သတ်၍ နှမတော် စောပြည့်ညို၏ "သိန်ကန်မိန်တွင်" အစချီသည့် သျှိုးလိုက်ရတုဌ် အရိပ်အခြေပြ ဖော်ပြချက်များပါရှိသည်ကို တွေ့ရပါသည်။ ထို့အပြင် သီရိစန္ဒြမလွန်မီ လအနည်းငယ်အတွင်းက အနောက်မဇ္ဈိမဘာဂ်-၁၂ခွင် ရခိုင်ပိုင်နက်မှာ မောက်သူဇာသူရတန် ပုန်ကန်ခြားနားရန် ကြိုးပမ်းပြီး ဘဏ္ဍာအခွန် ဆက်သွင်းခြင်းမရှိ ပျက်ကွက်နေခြင်းကြောင့် သီရိစန္ဒြမင်းက မိမိ၏စစ်တပ်အား ချီစေခဲ့ရာတွင်လည်း မိမိ၏သားတော်ရင်း နရေန္ဒြဝိဇယဥပရာဇာ အိမ်ရှေ့မင်းသားအား ဦးစီးကွပ်ကဲမှုမပြုစေဘဲ တူသားမက်(မိမိ၏ သမီးကြင်ယာတော်)

http://www.dhammadownload.com



အား အာဏာအပ်နှင်းပြီး စစ်ပြုရန်စေလွှတ်ခဲ့ပါသည်။ ယင်းကဲ့သို့စေလွှတ်ခဲ့ပြီး လအနည်းငယ် အတွင်းတွင်ပင် သီရိရာဇ္ဇမင်း အနိစ္စရောက်ကာ သားတော်နရေန္ဒြဝိဇယ မင်းဖြစ်လာသောအခါ၌ ယောက်ဖ တော်သိဂ်စန္ဒြအား အိမ်ရှေ့အရာထားခဲ့ခြင်းကြောင့်သာ (၂)နှစ်ကျော်ကြာလွန်ပြီးမှ ရေးစပ်သည့် စောပြည့်ညို့ရတုတွင်"ဥပရာဇ်ရှင်မယ့်ထိပ်တင်" ဟု စတင်သုံးစွဲလာသည်ကို တွေ့ရပါသည်။ ယခင်အပိုဒ်(၁)တွင်မူ "ဘိုးကဆက်ခံ၊ ဖနန်းစံသည် နန်းရန်တို့အမျိုး"ဟုသာ ဖော်ခဲ့ပါသည်။

ဤပင်မက သီရိစန္ဒြစစ်မိန့်"အာဏာမိန့်မြွတ်၊ ဖမင်းနတ်က" ချမှတ်ပေးစဉ်ကပင် နှိမ်နှင်း ပြီးသည့်အခါ "နောင်တစ်ကြောင်း ကုလားရွာ၊ အပိုင်အပ်ပြီး၊စစ်သူကြီး အမတ်လိမ္မာတစ်ဦးအား စောစီးထားခဲ့မှာ၏" ဟုသတိရစေရန် ဖော်ကျူးထည့်သွင်းကာနန်းရန်မယ့်ဌာနီသို့ အမြန်ပြန်လာ မည့်အကြောင်း ဖွဲ့နွဲ့ရေးသားထားသည်ကိုလည်းတွေ့ရပါသည်။ နန်းတွင်းဖွား ပညာပါရမီ ပြည့်စုံ သည့်စာဆိုမင်းသမီးပီပီလိုရင်းကိုအထိရောက်ဆုံးသော စကားလုံးများ ရွေးချယ်ပြီးဖော်ပြခဲ့သည်။ သိဂ်စန္ဒြဘဂါပြန်ရောက်၍ မကြာမီပင်နရေန္ဒြဝိဇယဘ၀ တစ်ပါးသို့ ပြောင်းသွားပါသဖြင့် ပြိုင်ဘက်နန်းလျာလည်းမရှိ အလွန်တရာမှလက်ရုံးရည်စွမ်းသတ္တိနှင့်ပြည့်စုံကာ ရခိုင်ပြည်ထောင် အတွက် သေနင်္ဂဗျူဟာနှင့် စီးပွားရေးအရအနောက်ဘက်တစ်ခွင်၌ အချက်အချာကျသည့်ဘင်္ဂါ- ၁၂ခွင်ကို နိုင်နင်းစွာစိုးပိုင်အုပ်ချုပ်နိုင်စွမ်းရှိသော သိဂ်စန္ဒြနှင့်ပါဠိသက္ကတ ရက္ခဝဏ္ဏဘာသာစာပေ အရပ်ရပ်ကိုအသက် ၂၀ မပြည့်မီကပင် အရွယ်နှင့်မလိုက်အောင်တတ်ကျွမ်း၍ ဘာသာပြန်ကျမ်းပြု နန်းတွင်းစာဆိုစာချ ပြုလုပ်နေသည့်ပါရမီဖြင့် ပြည့်စုံသူနန်းတွင်းဖွား ပထမ နှလုံးရည်နှင့် ပြည့်စုံ သူ အာဇာနီအိမ်ရှေ့မင်းသမီးစောပြည့်ညိုတို့ ဇနီးမောင်နှံအတွက် တိုင်းကျိုးပြည်ကျိုးဆတက် ထမ်းပိုး တိုးကာဆောင်ရန်အခွင့်အလမ်းမှာလည်း မမျှော်လင့်ဘဲအခက်အခဲအထစ် အငေါ့မရှိ ပွင့်လန်း သွားခဲ့ပါသည်။

## သိဂ်စန္ဒြ(သီရိဓမ္မစန္ဒြ)နှင့်စောပြည့်ညို(ခေါ်)သုဝဏ္ဏဒေဝီမိဖုရားကြီး၊ သာသနာ၁၁၉၀၊ ခေအီ–၆၉၈၊ ရခိုင်ကောဇာ–၂၁၁၃၊ နန်းစံ(၁၆)နှစ်

သိဂ်စန္ဒြမင်းမှာဘုန်းလက်ရုံးအာဏာစက်ကြီးမားပြီး သူရသတ္တိနှင့် ပြည့်စုံသောမင်း တစ်ပါးဖြစ်သည်အားလျော်စွာ နီးနားဝန်းကျင်ပြည်ထောင်များက လက်နက်အင်အား ပြိုင်ဆိုင်

http://www.dhammadownload.com



ကျူးကျော်စော်ကားမှုလည်းမရှိ မိမိကိုယ်တိုင်က လည်းလက်အောက်ခံနယ်ပယ်များ ချဲ့ထွင်တိုးပွားစေရန်အတွက် စစ်ပြုသိမ်းသွင်းလိုသည့်ဆန္ဒမရှိသဖြင့် တိုင်းပြည်အဝှမ်း အေးချမ်းသာယာပြောကာမိဖုရားကြီးစောပြည့်ညို(ခေါ်)သုဝဏ္ဏာဒေဝီနှင့် ဘဝသက်ဆုံးမင်းစည်းစိမ်ကို ငြိမ်းချမ်းစွာခံစားသွားခဲ့ပါသည်။

အချို့သောအရေးအသားများ၌ အရှေ့ပုဂံမှ သီရိဓမ္မစန္ဒြမင်းဘုန်းတန်ခိုးအာဏာ စက်ကြီးမားသည်ကိုကြောက်ရွံ့၍ ပညာရှိအမတ်နှစ်ယောက်အားစေလွှတ်ကာ သီရိဓမ္မစန္ဒြမင်းပျက်စီးရာပျက်စီးကြောင်း ပြုလုပ်စေခဲ့၍ များမကြာမီ နန်းသက်မကြာရှည်(၁၉)နှစ်ဖြင့်လွန်သည်ဟု ဓညဝတီရာဇဝင်သစ် (ပဲခူးမင်းကျောင်းဆရာတော်)၊ ဦးလှထွန်းဖြူတို့က ဆိုပါသည်။ သို့သော်ငှင်းအေဒီ ၆၉၈-၇၁၄ ခန့်အချိန်က အရှေ့ပုဂံပင် ထည်ထည်ဝါဝါမရှိသေးသည့်အပြင် ပျူမင်းများ၏ သရေခေတ္တရာခေတ်အတွင်း သာကျရောက်ပြီး၊အေဒီ-၈၄၉ခန့်တွင်မှ ပုဂံကိုထပ်မံတည်ထောင်ခဲ့ကြပါသည်။ (၈၃၂-ခုတွင် နန်ချောင် မင်းမြန်မာပြည်တွင်းသို့ ဝင်ပြီးသရေခေတ္တရာကို သိမ်းပိုက်ဖျက်ဆီးခဲ့ကြသည်။ ၉၃၈ တွင် သထုံကိုတိုက်ခိုက်ခဲ့သော်လည်း မြန်မာနွယ်ဝင်တို့ နန်ချောင်မင်းစစ်သည်များ ပြန်လည်ထွက်ခွာသွားသည့်အခါ မြို့တော်ကိုပြန်လည် တည်ဆောက်နေထိုင်ခဲ့ကြသည်။

အေဒီ ၆၀၉-သာသနာ ၁၀၅၁ ရခိုင်ကောဇာ(သူရိယစိတြ) ၅၄၂ခန့်ကပင် ရခိုင်များဘာသာရေးနှင့် ရတုသျှိုးလိုက်ကဗျာ လင်္ကာများ တွင်တွင်ကျယ်ကျယ်ရေးစပ်မှုစတင်ခဲ့ပါသည်။ ယင်းခေတ် ယင်းအခါက အရေးအသားများအား ယခုမှတစ်စတစ်စထင်ထင်ရှားရှား အပြည့်အစုံတွေ့ရှိလာရပြီး ရက္ခဝဏ္ဏရခိုင်အက္ခရာ ရခိုင်ဘာသာစကားများဖြင့်ဖြစ်သည်ကိုတွေ့လာရသည်။

ရခိုင်သမိုင်းကြောင်း၌ သိင်္ဂစန္ဒြမင်းလက်ရုံးရည်ကြောင့် ထင်ပေါ်ကျော်ကြားခဲ့သည်ထက်စောပြည့်ညို၏ နှလုံးရည်စာပေများအား ပိုမိုလူသိများခဲ့ပါသည်။ ပဲခူးမင်းကျောင်းဆရာတော်ဒေါက်တာဖောချမ်မာ **(DR Forchhammer)**၊ မောရစ်ကောလိပ်တို့၏ ရခိုင်ကောဇာဝေသာလီ မြို့တည်နှစ် အေဒီ ၇၈၈-၇၈၉-၇၉၀ စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ရေးသားဖော်ပြခဲ့ခြင်းကြောင့် ရခိုင်သမိုင်းကြောင်း၌ ကြီးမားသော ခရစ်အေဒီ သက္ကရာဇ်များယွင်းမှုဖြစ်ပေါ်စေခဲ့ပါသည်။ ဤပြဿနာသည် စောပြည့်ညိုရတုကျမ်းဂန်များဖြင့် တိုက်ရိုက်ပတ်သက်လာမှုရှိခြင်းကြောင့် ယခုလိုဖော်ပြရခြင်း ဖြစ်သည်။

http://www.dhammadownload.com



စောပြည့်ညိုမင်းသမီးမှာ အသက်၂၀ မတိုင်မီကပင် ကမ္ဘာတစ်ဝှမ်းအလွန်ကျော်ကြားသည့် ကာလီဒါသ ဆရာရသေ့ကြီး၏ စာပေအနုပညာတစ်ရပ် ဖြစ်သောရတုလင်္ကာစပ်ဆိုနည်း နည်းနာနိဿယအပြည့်အစုံပါရှိသည့် သက္ကတဘာသာဖြင့် ပြုစုထားသော"သျှရုတဘောဓ"အမည် ရှိသော ကဗျာကျမ်းရင်းအား ပထမဦးစွာ ရက္ခဝဏ္ဏအက္ခရာသက္ကတ အသံနှော၍တစ်ဆင့် ဘာသာပြန်ရေးခဲ့ပါသည်။ သက္ကတဘာသာတစ်ပုဒ်စီကို တိုင်းရင်းသားဘာသာအနက်ဖွင့်၍ အေဒီ-၆၅၇-၆၉၇ ခုအတွင်းကပင် ရေးသားခဲ့ပါသည်။ ၄င်း၏ "သိန်ကန်မိန်တွင်ဆယ့်နှစ်ခွင်" ကိုလည်း အေဒီ-၆၉၇ခုတွင်ပင် စပ်ဆိုရေးသားကာ ဘင်္ဂါ-၁၂ခွင်တွင် အောင်ပွဲခံပြီး ကုလား လက်အောက်ခံ ရာဇာ သူရတန်မင်းက ဆက်သလာသော ၄င်း၏သမီးတော် "ဒန်ရမာစာလီဒူရဘီ" မင်းသမီးနှစ်ပါး နှင့် ပျော်ပါးနေ၍ ရုတ်တရက်နေပြည်တော်ကျောက်လှေကားသို့ မပြန်ဘဲ (၃)နှစ်နီးပါးမျှ မောက်သူဇာ၊ ဘင်္ဂါဒေသတွင် ကြန့်ကြာနေခြင်းကြောင့် ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။

စောပြည့်ညိုရေးသားခဲ့သည် သက္ကရာဇ်အမှန်မှာ ၁၁၈၉/၁၁၉၀ခုဖြစ်ပြီး ၄င်း၏ ကြင်ရာတော်မှာ ဝေသာလီ(၂၁)ဆက်မြောက် သိင်္ဂစန္ဒြ(ဝါ)သီရိဓမ္မစန္ဒြမင်းသားဖြစ်ပါသည်။ ရတုသျှိုးလိုက်ကိုလည်း ၄င်းကိုယ်တိုင် ရေးစပ်ခဲ့ပါသည်။

ကင်းဝန်မင်းကြီးနှင့် ပဲခူးမင်းကျောင်းဆရာတော်ဦးပဏ္ဍိတို့ ပြဆိုသော ဝေသာလီစတင် သည့် သက္ကရာဇ်၊ ဝေသာလီမင်းဆက်အမှတ်စဉ် နှစ်ပါ သူရိယတဥ္စန္ဒြားမင်းနှင့် ၄င်း၏ နှမတော်ရင်းစောပြည့်ညိုခေါ် စောစန္ဒီအကုန်အစင်မှားယွင်းနေခြင်းကြောင့် ဖြစ်ပေါ်ခဲ့ရသော အမှားပင်ဖြစ်ပေသည်။ ပဲခူးမင်းကျောင်းဆရာတော်၏ ဓညဝတီရာဇဝင်သစ်တွင် အံမဝင်ခွင် မကျလွဲမှားနေသည်ကိုလည်း ဒုတိယပုရိန်မြို့တော်ခေတ်ဒသရာဇာမင်း (အေဒီ-၁၁၃၀-၁၁၃၉) ရခိုင်ကောဇာ ၄၈၅-၅၀၁ အထိအများအပြား တွေ့ရပါသည်။ နေရဥ္စရာတောင်ငူမင်းဆက်အေဒီ ၁၂၄၅ နန်းတက်ရခိုင်ကောဇာ-၅၉၇ အစား ၅၉၆ ဟု ပြထား၍ မှန်ကန်စပြုလာပါသည်။ လေးမြို့ (အဥ္စနနဒီခေတ်) မှာ အေဒီ ၈၁၈မှစတင်ကာ အေဒီ-၁၄၃၀တွင် အဆုံးသတ်ခဲ့ပါသည်။၄င်းအနက်မှ အေဒီ-၃၆၄ ဝေသာလီကျောက်လှေကား တည်ထောင်သည့်နှစ်အား အေဒီ ၇၉၀ ဖော်ပြခဲ့သည်မှ အေဒီ၁၂၃၅အထိမှာ မှားယွင်းနေကြောင်းတွေ့ရပါသည်။ မြန်မာစာ ညွှန့်ပေါင်း အရေးအသား စောပြည့်ညိုရေးသားခဲ့သောရတုအား မြန်မာသက္ကရာဇ် ၁၅၂ဟု ယူဆခဲ့၍ အေဒီ (၇၉၀-၆၉၈)=၉၂နှစ်ခန့်ကွာဟနေသည်ကို တွေ့ရပါသည်။ ဤအမှားအား သက္ကရာဇ် မင်းအမည်၊ မိဖုရားကြီးများပါဝင်နေသဖြင့် ပြန်လည်စိစစ်ပြုပြင်သွားရန် အထူးလိုအပ်လှသည်ဟု ယူဆပါသည်။

http://www.dhammadownload.com



စောပြည့်ညို-အေဒီ-၆၉၈-ခုတွင် သုဝဏ္ဏာဒေဝီဘွဲ့ခံ မိဖုရားကြီးဖြစ်လာပြီးသည့်နောက် စပ်ဆိုခဲ့သော ရှေ့တွင်ဖော်ပြပြီး ဖြစ်သည့် အောက်ပါလင်္ကာမူရင်းမှာ မိမိ၏အဘိသေကဘွဲ့ အမည်သစ်အား ပေါ်လွင်အောင် ဖော်ကြူးထားပါသည်။

လင်္ကာမူရင်း၊ (ကဝိကဏ္ဍ၊ ကျမ်း၌ပြသား၊ အယင်အခါ၊ ပြည်ဓညာဝယ်၊ ဝယ်သာနန်းမ၊ ရဇတန်ိုက်၊ ဝဏ္ဏပပါ၊ ကညာမယ်ယျ၊ အလှသဇင်၊ တသသျှင်သည်၊ မြင်ရအာရုံ၊ စွဲတုံတသ၊ ဂိုဏ်း ရှစ်ဝဖြင့် ဖော်ပြပြီးခါ၊ ပပါမည်ရ၊ သုဝဏ္ဏ သည်၊ ငယ်ကကျမ်းကို၊ လွမ်းဘွဲ့ဆို၍ တမ်းတသတည်း။)

မိမိ၏ဘွဲ့အား ကဗျာ၏ကာရန်ကို လိုက်၍ဖွဲ့ဆိုထားသည်။ ဤကဗျာပိုဒ်ငယ်မှာ တိုတောင်းလှသော်လည်း ရခိုင်အမြုတေအစစ် အနှစ်သာရကြီး တစ်ရပ်ဆိုထိုက်ပေသည်ဟု ရခိုင်ရာဇဝင် သုတေသီ ဦးဦးသာထွန်း (ရခိုင်မြန်မာပဏ္ဍိတ) ကဆိုပါသည်။

စောပြည့်ညိုပြုစုခဲ့သော ကဝိကဏ္ဍပါသနကျမ်းနှင့် ကဝိဂန္ထကျမ်းများမှာ သုဝဏ္ဏာဒေဝီက ကဗျာစီကုံးခြင်းအတတ်ပညာကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုသင်ကြားနိုင်ကြစေရန် ရည်သန်သော စိတ်ထားဖြင့် ပြုစုခဲ့သည်ဟုဆိုပါသည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်တွင်လည်း ကဝိကဏ္ဍ ပါသနကျမ်းများသာရှိပြီး ကဝိကန္ဒကျမ်းကို မတွေ့ရပေ။ မြောက်ဦးမြို့ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင် စုဆောင်းထားခဲ့သောပေမူများတွင်သာ မစုံလင်သော (ကဝိဂန္ထကျမ်း တစ်ပိုင်း တစ်စကို တွေ့ရသည်ဟု ဦးဦးသာထွန်းက ၎င်း၏“ရခိုင်ဂိုဏ်းရှစ်ပါး” ဆောင်းပါး၌ ပြဆိုထားပါ သည်။ သုဝဏ္ဏာဒေဝီ၏ ကဗျာစပ်နည်းနှင့် ပတ်သက်သည့် အချက်အလက်အပြည့်အစုံကို ရခိုင်မဂ္ဂဇင်း အတွဲ(၈) ၁၉၈၇-ခုတွင် ကြည့်ရှုနိုင်ပါသည်။

သိင်္ဂစန္ဒြမင်းနှင့် သုဝဏ္ဏာဒေဝီမိဖုရားကြီးတို့မှ ထွန်းကားခဲ့သော သားတော်နှစ်ပါးမှာ အာနန္ဒစန္ဒြကျောက်စာတိုင်မင်းနှင့် ၎င်းအားဆက်ခံသည့် ညီတော် စူဋ္ဌစန္ဒြမင်းများ ဖြစ်ကြပါသည်။

**၂၂ဆက် အာနန္ဒစန္ဒြမင်း (ထူလစန္ဒာရား၊ တွင်ပြေားတဖြာ၊**
**အာနန္ဒဟု၊ သညာဘွဲ့ရ)(မြဒိုးဝေရာဇဝင်)**
**မိဖုရား–ရူပိနီဒေဝီ (ခ) ကိမ္ဗာမိဖုရား။ နန်းစံ ၃၆နှစ်။**
**အေဒီ –၇၃၃၊ သာသနာ–၁၂၀၆–၁၂၁၅။**

ဤမင်းမှာ ရခိုင်ရာဇဝင်သမိုင်းကြောင်း၌ ၎င်းကိုယ်တိုင်နန်းစံ-၉နှစ် အေဒီ ၇၂၃ခုခန့်က ကျောက်ထက်အက္ခရာတင်ထားရှိခဲ့သော ဝေသာလီကျောက်လှေကားမြို့တည် ဒွေင်စန္ဒြ(ခ)

http://www.dhammadownload.com



မဟာတိုင်းစန္ဒြနန်းတက် အေဒီ -၃၆၄၊ သာသနာ ၈၅၆မှ မိမိနန်းစံ ၉နှစ်အထိ၊ မိမိ၏ ရှေ့မှ စိုးစံခဲ့သော မင်း(၂၁-ပါး၏ အမည်နာမနှင့် အကြောင်းအရာ နန်းတက်သက္ကရာဇ်အစရှိသည် တို့အား အနည်းငယ်စီဖော်ပြပြီး ဝေသာလီကျောက်စာတိုင် အနောက်ဘက်မျက်နှာစာတွင် မှတ်တမ်းတင်ထားရှိခဲ့ခြင်းကြောင့် အထူးကျော်ကြားလူသိများသော မင်းတစ်ပါးပင်ဖြစ်ပေသည်) အဆိုပါမှတ်တမ်းဂါထာ (၄၄)အရ အာနန္ဒစန္ဒြမင်းမှာ ဂါထာအပိုဒ်-၄၂/၄၃ပါ ဝေသာလီ (၂၁)ဆက်သော သီရိဓမ္မစန္ဒြ(သိဂ်စန္ဒြ) မင်း၏သားတော်ဖြစ်ကြောင်း အောက်ပါမှတ်တမ်းမှ သိရ ပါသည်။

လက်ရေးလက်သားပါရဂူ ဒေါက်တာဂျွန်စတန်ဘာသာပြန်ဆိုချက်၌ "ထိုမင်း၏ သားတော် သည် ကျော်ဇောခြင်းနှင့်ပြည့်စုံ၏။ ဦးညွှတ်ခစားကြသော မင်းတို့၏ မကိုဋ္ဌသရဖူရှိ ရတနာ ပန်းကုံးတို့မှ ထွက်ပေါ်လာသောတောက်ပြောင်သည့် အမျက်ရတနာရောင်တို့ကြောင့် စက်တော် အစုံ ကြာပဒုံသည် နီမြန်းနေ၏။ အာနန္ဒစန္ဒြမင်းသည် ကမ္ဘာလောက၌ တစ်ခုတည်းသော ကျော်စောခြင်းဖြင့် အလွန်ထင်ရှားပေါ်လွင်ကျော်ကြားပြီး လူတို့၏နှစ်လိုခြင်းခံရ၏။ ရန်သူအမိုက် မှောင်ကို ဖြိုခွင်းအောင်မြင်၏။ တန်ခိုးကြီး၏" ဟု သုတေသီဦးစံသာအောင်၏ ရခိုင်ဒင်္ဂါးများ စာအုပ်၌ ပြဆိုထားပါသည်။ဤမင်းမှာ ကျောက်စာတိုင်ပါ ဝေသာလီကျောက်လှေကား မင်းစဉ် မင်းဆက်၏ အနောက်စာမျက်နှာစာပါ နောက်ဆုံးစွန်မင်းလည်းဖြစ်ကာ မှတ်တမ်းတင်သည့် နန်းစံ ၉-နှစ်ဖြင့် ပြတ်တောက်သွားခဲ့ပြီး ၎င်း၏ ကျန်အကြောင်းအရာများမှာ ဖတ်မရအောင်ပျက်စီးနေ သော မြောက်ဘက်မျက်နှာစာ၌ ပါဝင်သွားဖွယ်ရာရှိသည် ဟုယူဆရပါသည်။

အာနန္ဒစန္ဒြမှတ်တမ်း၌ (ရာဇဝင်) ၂၆-ဆက်သော ဝေသာလီမင်းများအနက်မှ ရှေ့မှ ၂၂-ပါးသော မင်းဆက်နွယ် ဝင်မင်းအကြောင်း အနည်းငယ်စီ သိရှိခဲ့ရ၍ ရှေးဟောင်းစာပေကျမ်းဂန်၊ ဒင်္ဂါး၊ ဘာသာရေးကျောက်စာချပ်ငယ် အရေးအသားများဖြင့် ညှိနှိုင်းကာ ဝေသာလီကျောက် လှေကား ခေတ်အကြောင်း နောင်လာခေတ် သုတေသီများက ပေါင်းစပ်ပြုစုနိုင်ခဲ့ကြသည့် အလျှောက် ၎င်းကျောက်ထက် အက္ခရာတင်ထားရှိသော ကဏ္ဍအား **"ဝေသာလီသမိုင်း စာအုပ်"**ဟု ခေါ်ဝေါ်သမုတ်ကြပါ သည်။ ကျောက်ထက်အက္ခရာတင် မျက်မှောက်ခေတ် မှတ်တမ်းများအား ရှေးဟောင်းရာဇဝင်သုတေသီများက အခိုင်မာဆုံး သော သက်သေအထောက် အထားများဟု ယူဆကြသည့်အလျောက် ယခုဝေသာလီကျောက်စာတိုင် အနောက်ဘက်မျက်နှာစာ

http://www.dhammadownload.com



အာနန္ဒစန္ဒြ မှတ်တမ်းများတွင် ပါရှိသော မင်းစဉ်မင်းဆက်မှာ အနီးစပ်အမှန်ကန်ဆုံးဟု ယူဆကြသည့်အတိုင်း ဒဂ်ီးရာဇဝင် မှတ်တမ်းစာပေကျမ်းဂန်များဖြင့် ညှိနှိုင်းစီစစ်ရာ၌လည်း ကိုက်ညီမှုရှိသည်ကိုတွေ့ရပါသည်။

သို့ဖြစ်ပါ၍ ဤကျောက်စာတိုင်မှာ ဝေသာလီကျောက်လှေကားခေတ်နှင့် ၎င်းရှေ့မှ ထွန်းကားခဲ့သော ဓညဝတီခေတ် (အထူးသဖြင့် ဒုတိယဓညဝတီမြို့သစ်တည် ကံရာဇာကြီး ကမ္ဘရာဇာ) အထိ ပါဝင်သည့် တစ်ခုတည်းသော နှစ်ပေါင်း ၁၅၄၅-နှစ်မျှအတွက် အထောက် အထားတစ်ရပ်ပေတည်း။ (ကမ္ဘရာဇာ ဒုတိယဓညဝတီ ၂၄-ဆက်မြောက် ရာလမာယုက မိ၊ ဘ၊ စံ၊ ဝိ သက္ကရာဇ်ကိုဖြိုခဲ့သည့်ကျောက်စာတိုင် ဂါထာ-၄ပါ ဆာကား၏ ဘီစီ ၆၃၈၊ အေဒီ- ၇၃၃ အတွက်အပြင် ပျက်နေသော ဂါထာပိုဒ် ၃-ပိုဒ်ရှေ့တွင်ရှိနေသေးပါ၍ ရာဇဝင်သမိုင်း ကြောင်း ရာလမာယုရှေ့ မည်၍ မည်မျှပါရှိသေးကြောင်း မသိနိုင်ပါငြားလည်း ကံရာဇာကြီးအထိ ပင် ခိုင်လုံသောအထောက်အထားရရှိပြီး ဖြစ်သည်ဟုယူဆရပေမည်။)

ကမ္ဘရာဇာဒုတိယဓညဝတီ ကျောက်ပန်းတောင်းမှ အရှေ့ဓညဝတီ ပထမခေတ်ရှိခဲ့ကြောင်း ကိုလည်း မြန်မာမှန်နန်း ရာဇဝင်ကြီး -၉၂ ထုတ်၊ ရှေးဟောင်းဖဒူမင်းညိုနှင့် မြဒိုးဝေရာဇဝင်ကျမ်း၊ ကဗျာလင်္ကာချေင်းများက တိတိကျကျဖော်ပြထားကြခြင်းကြောင့် ဘီစီ-၃၂၈၇ မှ အေဒီ ၇၃၃ အထိ အထောက်အထားများ ရရှိပြီးဖြစ်၏။ ထို့အပြင် "ဟောလ်"၏ ဓညဝတီခေတ် ဘီစီ-၂၆၆၆ မှ အေဒီ-၇၄၆ (ဖေယာ/ဟာဗေ အေဒီ ၁၄၆-၇၈၈) (မောရစ်ကောလစ်၊ ဖေါ်ချမ်မာတို့အဆို ဝေသာလီစတင်တည် ထောင်နှစ်-၇၈၈/၇၈၉ မှ အေဒီ-၉၅၇)စသည်ဖြင့် ရေးသားချက်များကို ရှေ့ပိုင်းတွင်၎င်းတို့၏ အယူအဆအတွေးအခေါ် လုံးဝမှားယွင်းနေကြောင်း ဖောပြခဲ့ပြီးဖြစ်ပါ၍ ရခိုင်သမိုင်းကြောင်းအား အာနန္ဒစန္ဒြမင်းလွန်သည့် အေဒီ-၇၃၃ နှစ်အထိယုံ ကြည်ချက်အပြည့်အဝ ဖြင့် အတည်ယူရန်ပင်ဖြစ်ပါသည်။

ဤအာနန္ဒစန္ဒြမင်းအထိ သာသနာ၊ အသောကကိန်း အခြေခံခရစ် သက္ကရာဇ်နှင့် ရခိုင်ရာဇဝင်အကုန်အစင်မှာ တိတိကျကျကိုက်ညီနေသည်ကိုလည်း သက်သေထူတင်ပြခဲ့ပြီးဖြစ်ရာ ၎င်းနောက်ထီးမွေနန်းမွေကိုဆက်ခံသည့်ညီတော်စူဠစန္ဒြ ဝေသာလီ၂၃-ဆက်အား ဆက်လက် မဖော်ပြမီ အထက်ပါမင်းညီနောင်နှစ်ပါးအကြား ဆက်စပ်၍မရဖြစ်နေသော ရခိုင်ကောဇာဘက်၌ ၃၉-နှစ် (The missing gap or link)ကြောင့်သေချာကိုက်ညီသည့် ရခိုင်ကောဇာခုနှစ်များ

http://www.dhammadownload.com



ဘက်၌ မြန်မာသက္ကရာဇ်အသွင်သို့တမဟုတ်ချင်း ပြောင်းလဲသွားခဲ့သလို ဆန်းစစ်တွေ့ရခြင်း ကြောင့် ရခိုင်နှင့်မြန်မာ ကောဇာနှစ်ရပ်လုံးဖြင့်ဇယားသစ်တစ်ခုတည်ထွင်ကာ ရှင်းလင်းပြသပြီးမှ ဝေသာလီကျောက်လှေကား လက်ကျန်မင်းဆက် (စူဠစန္ဒြမှငတော်မင်း)လွန်နှစ်များအထိ ရှင်းလင်းပြီး ဆက်လက်ဖော်ပြသွားရပါမည်။

<u>အသောကကိန်းအခြေခံ ရခိုင်ရဇဝင် သက္ကရာဇ်</u>

| မင်းဆက် | မင်းအမည် | နန်းစံ | သာသနာ (နန်းတက်) | ခရစ် အေဒီ | ကောဇာ ရခိုင် | သာသနာ (မမြ) | ခရစ် | ကောဇာ မြန်မာ | မှတ်ချက် ကိန်းသေ |
|---|---|---|---|---|---|---|---|---|---|
| ၂၂ | အာနန္ဒစန္ဒြ (ထူလ) | ၁၉ | ၁၂၀၆ | ၇၁၄ | ၃၇ | ၁၂၀၆ | ၆၇၇ | ၃၉ | |
| | | | | (၆၇၇) | | ကြွင်း-၂ | (၆၃၈) | ကြွင်း | |
| ၂၃ | စူဠစန္ဒြ | ၃၆ | ၁၂၂၅ | ၇၃၃ | ၅၆ * | ၁၂၂၅ | ၇၃၃ | ၉၅ * | ရခိုင်/မြန်မာ ၆၇၇/၆၃၈ |
| ၂၄ | မြို့အမြူတူ | ၇ | ၁၂၆၁ | ၇၆၉ | ၉၂ | ၁၂၆၁ | ၇၆၉ | ၁၃၀ | ကွာဟချက်(၃၉)နှစ် |
| ၂၅ | မြို့ပဲမြို့ | ၁၇ | ၁၂၆၈ | ၇၇၆ | ၉၉ | ၁၂၆၈ | ၇၇၆ | ၁၃၈ | ဖြစ်ပေါ်နေသည်ကို တွေ့ |
| | သျှမ်းမွန်ကို | ၁ | ၁၂၈၅ | ၇၉၃ | ၁၁၆ | ၁၂၈၅ | ၇၉၃ | ၁၅၅ | သည်။ မြန်လည်မြဖြင့်၍ |
| ၂၆ | ငမင်းတော့ | ၂၄ | ၁၂၈၆ | ၇၉၄ | ၁၁၇ | ၁၂၈၆ | ၇၉၄ | ၁၅၆ | မရနိုင်သည့် ခြားနားမှုကြီး |
| | (လွန်နှစ်) | - | ၁၃၁၀ | ၈၁၈ | ၁၄၁ | ၁၃၁၀ | ၈၁၈ | ၁၈၀ | တစ်ရပ်ပေတည်း။ |

အသောကအခြေခံကိန်းသေ ၆၇၇ မြန်မာကိန်းသေ ၆၃၈

လေးမြို့ - ၈၁၈ ၈၁၈

ပဥ္စာ ခေတ္တာသင် ၁၀ ၁၃၁၀ ၈၁၈ ၁၄၁ ၁၃၁၀ ၈၁၈ ၁၈၀ ၃၉-နှစ်ကွာဟ

အထက်ဖော်ပြပါ ဇယားနှစ်ရပ်အရ ရခိုင်/မြန်မာကိန်းသေများမှာ ၆၇၇နှင့် ၆၃၈(၃၉)နှစ် ကွာဟပြီး၊အသောကကိန်းအခြေခံ ရခိုင်ကောဇာ - ၁၄၁နှင့် ရာဇဝင်ပါ - ၁၈၀ (၃၉)နှစ်သာ ကွာခြားခြင်းကြောင့်၊ ကောဇာနှစ်ဘက်တွင် ကွာခြားမှုနှစ်ရပ်အားသာ ယှဉ်တွဲပြီး ကော်လံခွဲခြား ပြသသွားရန်လိုအပ်ပါသည်။ ကျန်သာသနာနှင့် ခရစ်သက္ကရာဇ်များမှာ အတူတူပင်ဖြစ်ရပေမည်။ သို့သော်ရခိုင်ကောဇာအား တွက်ချက်ပြောင်းလဲပြသရာ၌မူ ရခိုင်အား ၆၇၇ဖြင့်လည်းကောင်း၊ မြန်မာနှင့်တူမျှသည့် ရာဇဝင်ပါသက္ကရာဇ်အား ၆၃၈ ကိန်းသေများဖြင့် တွက်ယူရပါမည်။

ရခိုင်၏ "ကိန်းသေ" ၆၇၇အေဒီမှာ ဓါတုဋီကာ - ၁၀၆၉- သာသနာသက္ကရာဇ်ဖြင့် ညီမျှသည့်ခရစ်သက္ကရာဇ်အေဒီ-၆၇၇ပင်ဖြစ်ပြီး၊ မြန်မာ "၆၃၈" ကားမည်သို့မည်ပုံရရှိခဲ့သည်ကို မသိရပါ။ သက္ကရာဇ်သုညဖြစ်မှ "ကိန်းသေ" အစစ်အမှန်ရရှိနိုင်ပေမည်။ သို့မဟုတ်ပါက ဤကိန်းသေ မှန်ကန်မှု ရှိမည်မဟုတ်ပါ။

http://www.dhammadownload.com



(သီးသန့်ပြထားသည့် ကလိယုဂ်ဟိန္ဒူသက္ကရာဇ်မှ စတင်ခဲ့သည်။)

ယခုအရေးအသားမှာ ရခိုင်ရာဇဝင်သမိုင်းကြောင်းသက်သက်သာဖြစ်ခြင်းကြောင့် ရခိုင်ရာဇဝင်အမှားဖြင့်သာ ပတ်သက်နေ၍၊ မြန်မာသက္ကရာဇ်ဖြိုမှုနှင့် အကျုံးဝင်နေပါသဖြင့် လုံးဝတွက်ချက်ပြသရန်အကြောင်းမရှိပါ။ မှားသည် မှန်သည်ဆိုသည့် ပြဿနာအား ၎င်းတို့၏ရာဇဝင်အကြောင်းမှ တွက်ချက်ပြီးယူမှသာ အတိအကျသိရှိနိုင်မည် ဖြစ်ပေသည်။ မိမိတို့ရာဇဝင်သက္ကရာဇ်များဖြင့် ၎င်းတို့အားမှားသည်မှန်သည်ဟု ပြသ၍ လုံးဝဖြစ်နိုင်မည်မဟုတ်ပါကြောင်း သတိမူကြစေရန် ထပ်လောင်းဖော်ပြရခြင်းဖြစ်၏။မည်သို့ပင်ဖြစ်စေကာမူ ၎င်း "၆၃၈" မှာလည်း ဗုဒ္ဓရှင်ဖွား သက္ကရာဇ်၊ အသောကနန်းတက် သာသနာ/ခရစ်သက္ကရာဇ်များဖြင့် ပတ်သက်နေကြောင်း သိသာပြီး၊ ရခိုင်ရာဇဝင် ရာလမာယု (လွှန်)နှင့် သူရိယကေတု လွှန်နှစ်များမှာ ဘီစီ-၆၃၈နှင့် အေဒီ- ၆၃၈ အသီးသီးဖြစ်ကြောင်း တွေ့ရပါသည်။

## (၂၃)ဆက်စူဠစန္ဒြမင်း (စူလမဟာရာဇာ)၊ စန္ဒာဒေဝီမိဖုရား။
## သာသနာ – ၁၂၂၅– ၁၂၆၁ (ခရစ်– အေဒီ– ၇၃၃– ၇၆၉)
## ရခိုင်ကောဇာ ၅၆– ၉၂။ နန်းစံ– ၃၆နှစ်။

စူဠစန္ဒြာမင်းမှာ ရခိုင်ရာဇဝင်အရေးအသားအရသိရိမဟ္မစန္ဒြ (သိင်္ဂစန္ဒြ)မင်း၏ သားတော်ငယ်၊ အာနန္ဒစန္ဒြမင်း၏ညီတော်ဖြစ်ပြီး၊ နောင်တော်လွန်ပြီးသည်နောက် ထီးနန်းအရိုက်အရာကို ဆက်ခံရပါသည်။

အာနန္ဒစန္ဒြမင်း ဝေသာလီကျောက်စာတိုင် စန္ဒြမင်းစဉ်မင်းဆက်မှတ်တမ်း၌ ပါရှိခြင်းမရှိသော်ငြားလည်း မြဒိုးဝေရာဇဝင် (ဦးစံလှ ကဗျာလင်္ကာ) ဖဒူမင်းညို "ရခိုင်မင်းသမီးချော်" အပိုဒ်- ၁၁တွင် ဖော်ပြပါဝင်ပြီး၊ ၎င်းမင်း၏ စူလမဟာရာဇာအမည်ဖြင့် သွန်းလုပ် ထုတ်ဝေခဲ့သော ငွေဒင်္ဂါးကိုလည်း တွေ့ရှိထားပြီးဖြစ်ပါသည်။ အဘိသေကခံနန်းတက်သည့်အခါ ထုတ်ဝေသုံးစွဲသည့် ဒင်္ဂါးများမှာလည်း ကျောက်ထက် မှတ်တမ်းအက္ခရာထားရှိသကဲ့သို့ခိုင်မာသည်ဟု ရှေးဟောင်းရာဇဝင်သုတေသီများက အတည်ယူကြပါသည်။

http://www.dhammadownload.com



အဆိုပါဒင်္ဂါးမှာ ရက္ခဝဏ္ဏအက္ခရာဖြင့် ပထမဆုံးဝေသာလီစန္ဒြခေတ်က ထုတ်ဝေခဲ့သော ဒင်္ဂါးဖြစ်ပါသည်။ ၎င်းအား သုတေသီအချို့က အေဒီ-၁၀ရာစုအတွင်းက မင်းတစ်ပါးဖြစ်သည်ဟု အာနန္ဒစန္ဒြမင်းစဉ် မင်းဆက်ဇယားတွင် မပါဝင်၍ ဖြစ်သည်ကတစ်ကြောင်း၊ ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးထိုးထားကာ ဥရောပသုတေသီများက ဝေသာလီကျောက်လှေကားခေတ် အေဒီ-၉၅၇ အထိ ပြဆိုခဲ့ကြသည်က တစ်ကြောင်းတို့ကြောင့် ဖော်ပြဟန်တူပါသည်။

ရခိုင်အက္ခရာ ရက္ခဝဏ္ဏအရေးအသားများအား ဘာသာရေးမှတ်တမ်းကို ဓမ္မဝိဇယ (သီရိစန္ဒြ) သာသနာ ၁၁၆၉၊ အေဒီ-၆၇၇ခု သင်္ဂါယနာတင်စဉ်ကပင် "မေဓပညာမော်ကွန်း" သင်္ဂါယနာတင်မှတ်တမ်း၊ အာနန္ဒစန္ဒြ၊ စူဠစန္ဒြမင်းနှစ်ပါး၏ မယ်တော်ကြီး စောပြည့်ညို(ခေါ်) သုဝဏ္ဏဒေဝီမိဖုရားကြီး၏ ကဗျာကျမ်း၊ "သိန်ကန်မိန်တွင်" အစချီသည့် ရတုလင်္ကာ(သျှိုးလိုက်)၊ စူဠစန္ဒြ၏ အမတ်ကြီးတစ်ပါးဖြစ်သူ ဓမ္မဇေယျ၏ "ဗျည်း ၃၃လုံး လှေတော်သံ" အဆင့်မြင့် ရတုလင်္ကာ ရတုသျှိုးလိုက်အမြောက်အများ ပေါ်ထွန်းနေပြီးဖြစ်၍ စူဠစန္ဒြမင်းက မိမိ၏ဒင်္ဂါးအား ရက္ခဝဏ္ဏ ရခိုင်အက္ခရာများဖြင့် အေဒီ-၇၃၃ခုတွင် ထုတ်ဝေခဲ့သည်မှာ ထူးဆန်းသည့် ကိစ္စမဟုတ်ပေ။

စူဠစန္ဒြမင်းမှာ သိင်္ဂစန္ဒြမင်း၏ သားတော်၊ ဝေသာလီကျောက်စာတိုင် အနောက်ဘက် မျက်နှာစာတွင် အာနန္ဒစန္ဒြနန်းစံ(၉)နှစ်မျှနှင့် အဆုံးသတ်သွား၍ ၎င်း၏ ရာဇဝံသအခြင်းအရာများ မြောက်ဘက်မျက်နှာစာဖတ်မရအောင် ပျက်စီးပွန်းပဲ့ပြုန်းတည်းနေသော စာကြောင်းရေ-၆၉ ကြောင်း အပေါ်ပိုင်း၌ ပါဝင်လိမ့်မည်ဟု ယူဆရပါသည်။၎င်း၏ ဒင်္ဂါး(စူလမဟာရာဇာ)မှအပ ကျောက်စာ၊ ကြေးပြား စသည်တို့၌ အက္ခရာတင် မှတ်တမ်းယခုထက်တိုင် တစ်စုံတစ်ရာမတွေ့ရ သေးပါ။ သို့သော် အမည်နာမဖော်ပြပါရှိသည့် ဒင်္ဂါးမှာလည်း ကျောက်စာတမျှ ခိုင်မာသော သက်သေခံပစ္စည်းတစ်ခု ဖြစ်သည့်အပြင် ဤမင်းနှင့် ပတ်သက်ပြီးရာဇဝင်ကြောင်း အရေးအသား အထောက်အထားအများအပြားရှိနေခြင်းကြောင့် အတည်ယူရန်ပင်ဖြစ်ပါသည်။ လေးမြို့ခေတ်ဖွဲ့ "ရခိုင်သာစွလေ" ကဗျာ-၅တွင်လည်း ငမင်ငတုံ၏ ဖခမည်းတော်ဖြစ်ကြောင်း ဖော်ပြပါရှိကာ ဒိုးဝေရာဇဝင်ကလည်း အတည်ပြုထားပါသည်။

အလွန်တရာမှထူးခြားသည့် အဖြစ်အပျက်တစ်ရပ်မှာ စူဠစန္ဒြမင်းလက်ထက်မှစတင်ပြီး ရခိုင်ရာဇဝင်သမိုင်း ကြောင်းပါ "ရခိုင်ကောဇာသက္ကရာဇ်"ဘက်၌ (၃၉)နှစ်ကွာဟသွားခဲ့ကာ

http://www.dhammadownload.com



ယခုကဲ့သို့ မည်သည့်အတွက် ရုပ်ချည်းပြောင်းလဲပြီး မြန်မာနှင့်ထပ်တူထပ်မျှ "ကိန်းသေ-၆၃၈"ဖြင့် ပေါင်းပါမှ ခရစ်သက္ကရာဇ်အမှန်ကို ရရှိနိုင်ကြောင်းတွေ့ရပါသည်။

ရခိုင်ကိန်းသေမှာ "၆၇၇"ဖြစ်ရာ ၆၃၈နှုတ်ပါက (၃၉)နှစ်ကွာခြားမှုရှိပါသည်။ ဤစူဠစန္ဒြမင်းလက်ထက်တွင်မှ စတင်တွေ့ရှိရပါသဖြင့် ၎င်းကပင်မင်းမိန့်မင်းအာဏာဖြင့် ယင်းကဲ့သို့ ပြောင်းလဲသုံးစွဲရန် မိန့်တော်မူကာ သက္ကရာဇ်ဖြိုသည့်အနေဖြင့် ပြုပြင်ပြောင်းလဲပစ်ခဲ့ဟန် တူပါသည်။ အခြားတစ်စုံတစ်ရာမှ ရှာဖွေမတွေ့ရပါ။ သို့ဖြစ်ပါ၍ ၎င်းအထက် မှမင်းများအား ထပ်မံစီစစ်ရန်လိုအပ်လာပါသည်။ ရခိုင်လူမျိုးများ ယင်းအချိန်အခါကပင် သက္ကတ/ပါဠိနှင့် ဗြဟ္မီပွား အိန္ဒိယသုံးကမ္ဘာတွင် အထူးကျော်ကြားလူသိများလှသည့် ဘာသာစကားစာပေများပင်မက ဗြဟ္မီအက္ခရာတွင် မြစ်ဖျားခံကာ တီထွင်တိုးပွား ဆင်းသက်လာသည့် ရက္ခဝဏ္ဏရခိုင်ဘာသာ အရေးအသားများကိုပင် အလွန်တရာမှ အဆင့်အတန်း မြင့်မားသည့် ကဗျာလင်္ကာများစပ်ဆိုဖွဲ့နွဲ့ရာ၌ ပါသုံးစွဲနေကြပြီးဖြစ်ကြောင်း သက်သေခံအထောက်အထား တစ်ရပ်ဖြစ်ပေသည်။ ဤရခိုင်စာပေ အရေးအသားများ မြန်ပြည်ပုဂံမြို့တော်တွင် အနော်ရထာမင်း နန်းမတက်မီ (၁၀၄၄-၆၇၇-) ၃၅၆နှစ်၊ မြစေတီကျောက်စာအား ကျန်စစ်သားမင်းကျောက်ထက်အက္ခရာမတင်မီ နှစ်ပေါင်း ၃၉၀ခန့်ကပင် ရခိုင်/မြန်မာဘာသာစကား နှစ်ရပ်စလုံးအတွက် အနှစ်သာရကြွယ်ဝသည့် အဆင့်မြင့်စာပေများဖြစ်ပေသည်။ (ရခိုင် အသံနှောသည့် အသုံးအနှုန်းစကားလုံး အနည်းငယ်ပါဝင်သည်မှအပ မြန်မာစာပီပီသသဖြစ်ပေသည်။) စကားလုံးရွေးချယ်ဖွဲ့နွဲ့စပ်ဆိုရာ၌ အဆင့်အတန်းအလွန်မြင့်မား ကောင်းမွန်သည်ဟု ဆိုရပေမည်။ ကမ္ဘာကျော်အဆင့်မြင့် သက္ကတဆရာ "ကာလီဒသ" ကဗျာလင်္ကာများကို မှီငြမ်းပြုဘာသာပြန်ဆိုကာ ဥရောပတက္ကသိုလ်များ၌ ယခုတိုင်ဘာသာရပ်တစ်ခုအဖြစ် ဌာနသီးသန့်ဖွင့်လှစ်ထားကာ သင်ကြားပေးနေကြဆဲဖြစ်ပါသည်။ စူဠစန္ဒြမင်းမယ်တော် သုဝဏ္ဏဒေဝီ (စောပြည့်ညို)သည် ဆရာကာလီဒါကဗျာကျမ်းကို သက္ကတဘာသာမှ ရခိုင်ဘာသာသို့ ပြုစုထားရှိခဲ့ပါသည်။ နန်းတွင်းမင်းညီမင်းသားများအား စာချသင်ကြားပေးမှုကိုလည်း ယော်ရွယ်စဉ်ကပင် ပြုလုပ်ခဲ့ကြောင်း အထောက်အထားများတွေ့ ရပါသည်။ ပညာကျော်နှလုံးရည်နှင့် ပြည့်စုံသည့် အာဇာနည်နန်းတွင်းဖွား အမျိုးသမီးစာဆိုတစ်ဦးဖြစ်ပါသည်။ (ဘုရင့်သမီးတော်၊ ဘုရင့်နှမတော်၊ ဘုရင့်ချွေးမတော်၊ ဘုရင့်ဖိဖုရားနှင့် ဘုရင့်နှစ်ပါးမယ်တော်ဖြစ်သည်။)

http://www.dhammadownload.com



စူလစန္ဒြမင်းနှင့် ပတ်သက်ပြီးရာဇဝင်တွင်မှတ်တမ်းပြုရန် အချက်သုံးချက်ကိုသာ တွေ့ရပါသည်။ ၎င်းတို့မှာ -

နန်းတက်ပြီးမကြာမီပင် ဘင်္ဂါ ၁၂-ခွင် ရခိုင်လက်အောက်ခံပိုင်စိုးသော နယ်ပယ်မှ သူရတန်မင်း လက်ဆောင်ပဏ္ဏာဆက်သရန် ပျက်ကွက်ပြီးခြားနားမည့် အရိပ်အမြွက်ပြသလာခြင်းကြောင့် အေဒီ-၇၅၃ခုခန့်တွင် စစ်ပြုနိုမ်နှင်းရန်စစ်အင်္ဂါအပြည့်အစုံဖြင့် ယခုမျက်မှောက် "စစ်တကောင်းမြို့"သို့ ချီတော်မူသည်။ ထိုကဲ့သို့ ကြီးမားသောတပ်ကြီးနှင့် စူဠစန္ဒြမင်း ချီလာသည်ကို ကြားသိရသောအခါ ကြောက်ရွံ့ပြီးမြောက်များစွာသော လက်ဆောင်ဘဏ္ဍာနှင့် လှပသော ကုလားမင်းသမီးများ ဆက်သပေးပို့ကာ အညံ့ခံသစ္စာဆိုခဲ့၍ ဒါးလှံတစ်ချောင်းမကျိုးဘဲ အောင်မြင်နိုင်ခဲ့သဖြင့် "စစ်မတိုက်ကောင်း" မြို့ဟု ခေါ်ကြရာမှ နှစ်ပရိစ္ဆေဒ ကြာရှည်လာသောအခါ "စစ်တကောင်း" မြို့ခေါ်ဝေါ်လာခဲ့သည်ဟု အဆိုရှိပါသည်။ နှစ်ပေါင်း ၁၂၆၂နှစ်ခန့် ကြာမြင့်နေပြီးဖြစ်၍ မှန်ကန်မှုရှိမရှိကို စီစစ်ရန်ခက်ခဲပါသည်။

ဤမင်းမှာ ခမည်းတော်သိင်္ဂစန္ဒြ၊ နောင်တော်အာနန္ဒစန္ဒြမင်းများ လက်ထက်ကပင် ကောင်းစွာပျိုးထောင်ထားရှိခဲ့သော ကျွမ်းကျင်မှုပြည့်ဝသည့် ကြီးမားတောင့်တင်းသော လေ့တပ်တော်ကြီးအား အမွေဆက်ခံခဲ့ရသူဖြစ်သည် အားလျော်စွာ တောတောင်မြစ်ချောင်း၊ ပင်လယ်ကြောင်းပါမကျန် သူရတန်ကုလား၊ သရေခေတ္တရာပျူမင်းတို့ ဆက်သကြသည့် မင်းသမီးများဖြင့် လှည့်ပတ်ပျော်ပါးသွားလာနေတတ်ပြီး ပညာအမြော်အမြင် ဗဟုသုတနည်းပါသော မှူးမတ်ပုဏ္ဏားငယ်တို့ဖြင့်ပေါင်းဖက်ကာ ရှေးထုံးအစဉ်အလာ မှူးကြီးမတ်ကြီးပညာကျော်နှင့် ပုဏ္ဏားကြီးတို့၏ အကြံပြုလျှောက် တင်ချက်များကို နာယူခြင်းမရှိ မှူးမိုက်မတ်မိုက်မင်း အလိုတော်ရိများနှင့် ကုလား၊ ပျူမင်းသမီးတို့၏ စကားကိုသာ အလေးပေးလိုက်လျောနာယူကာ အပျော်ကြူးသွားလာနေလေ့ရှိသည်ဟု ရာဇဝင် အရေးအသားများမှ သိရှိရပါသည်။ ရခိုင်ရေတပ်နှင့် ရေကြောင်းချီ ရဲမက်ဗိုလ်ပါ အများအပြားဘုရင်ကြီးနှင့်အတူ ရေနစ်သေဆုံးပြီး ဆုံးရှုံးခဲ့ရ၍ ရခိုင်စစ်အင်အားမှာလည်း ချည်နဲ့ယုတ်လျော့သွားခဲ့ပါသည်။

စူဠစန္ဒြမင်းမှာ ဘုန်းတန်ခိုးကြီးမားပြီး သတ္တိဗျတ္တိလက်ရုံးရည်အာဏာစက်ဖြင့် ပြည့်ဝသော မင်းတစ်ပါးဖြစ်လင့်ကစားအပျော်အပါးလွန်ကဲပြီး ပြည်တွင်းရေးရာအုပ်ချုပ်ရေး အစီအမံဘက်၌ လစ်ဟင်းလျစ်လျူရှုခြင်းများရှိခဲ့၍ ၎င်းလွန်ပြီး (၂၄)နှစ်မျှ အချိန်အပိုင်းအခြားအတွင်း နှစ်ပေါင်း

http://www.dhammadownload.com



(၄၀၀)ကျော်မျှ စန္ဒြမင်းစဉ်မင်းဆက် (၃၂)ဆက် ကြီးပမ်းတည်ထောင် လာသောစစ်အင်အား လူနေမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် ဝေသာလီမြို့တော်ကြီးမှာ မရှုမလှပျက်စီးခြင်း ဖြင့် နိဂုံးချုပ်သွားခဲ့ရပါသည်။ အာနန္ဒစန္ဒြမင်းအထိ တိကျမှန်ကန်ကိုက်ညီမှုရှိခဲ့သော ရခိုင်ကောဇာ သက္ကရာဇ် (၅၆)ခုနှစ်အားပျူ/မြန်မာ (၉၅)ခု(ကောဇာ)အဖြစ်သတ်မှတ်ကာ ရေတွက်လာခဲ့သည်ဟု ယူဆရပါသည်။ (နန်းတက်ပဥ္စာ နဝပဥ္စာဟု မြဒိုးဝေရာဇဝင်က ဆိုပါသည်။)

သီရိစန္ဒြသက္ကရာဇ်ရခိုင်ကောဇာ-၅၆၀ကိုဖြို-(သာသနာ၏နှစ်-အဇာတသတ်-၁၁၆၉)ပြီး တစ်ကစရေတွက်ခဲ့သည်ဟုဆိုပါသည်။ သို့ကြောင့် ဥတ္တမ ကိန်းအရဖြိုသည်မှာ မှန်ကန်ပြီး (ပျူ/ မြန်မာ-ပုဂံပြည်အရိမဒ္ဒနာ ပုပ္ပါးစောရဟန်းမင်းလက်ထက် ၅၆၂ ခန်းဆ ပဥ္စ(၅၆၀)ကိုဖြို၍ ၂- ကြွင်းထားလျက် သုံးစွဲလာခဲ့လေသည်ဟု ပြဆိုပါသည်။ သို့သော် ရခိုင်တွက်ကိန်း အရ ခန်းဆ ပဥ္စ=ခဆပဥ္စ=၅၇၂ ရရှိရာ ၅၇၄ ဖြစ်ရပေမည်။သို့ဖြစ်၍ (၁၄)နှစ်ကွာခြားပါသည်။ ဤ၁၄နှစ် ကွာခြားနေခြင်းမှာလည်း သရေခေတ္တရာပြည် သုမုန္ဒရီမင်းလက်ထက်ဒေါဒေါရသ-၆၂၄ကိုဖြို၍ ၂-ကြွင်းထားခဲ့သည့်အတွက် ရခိုင်သူရိယစိတြ-ခ န ဥကိန်းကောဇာ ၆၀၉ကိုမြန်မာ ၆၂၂မှ နုတ်ပါက (၆၂၂-၆၀၉) ၁၃နှစ=နှစ်ကြွင်း အတွက် ၁-နှစ်ဖြစ်သောကြောင့်၁၄-နှစ်ကွာခြားလာ၍ ဖြစ်သည်။ ရခိုင်အယူအဆဗုဒ္ဓဖွားမြင်တော်မူသည့် ဘီစီ သက္ကရာဇ် ၆၀၉အားမြန်မာအယူ ၆၂၃-မှ နုတ်လျှင်လည်း ၁၄-နှစ်ကွာဟမှုရှိ၍ ကိုက်ညီနေကြောင်း တွေ့ရပြန်သည်။

အထက်ပါအရ ရခိုင်သီရိစန္ဒြ၊နှစ်, စူဠစန္ဒြ-(ဓာတုဋ္ဌိကာ-၁၁၆၉ သာသနာ)ကောဇာ ၅၆၀ အား ဖြိုချေသည့်အချိန်၌မြန်မာက ခန်းဆ ပဥ္စ-၅၇၂ကို ပုပ္ပါးစောရဟန်းဖြိုချေခဲ့ခြင်းဖြစ်ပေမည်။ (၅၇၄-နှစ်၀၁၂၆ကြွင်း-၅၇၂)³

မြဒိုးဝေရာဇဝင်၌ သီရိစန္ဒြမင်းနှစ်ပါးအကြား သိင်္ဂစန္ဒြတစ်ပါးတည်းကိုသာ ပြဆိုကာ နရေန္ဒြဝိဇယနှင့်အာနန္ဒစန္ဒြမင်းနှစ်ပါးအား(ဖြုတ်ထား)ချန်လှပ်ခဲ့ပါသည်။မေဓပညာမော်ကွန်း၌ လည်းဓာတုဋ္ဌိကာ သာသနာ-၁၁၆၉-ဖြင့်ပြတ်သွားခဲ့ပါသည်။ ဤအချိန် အပိုင်းအခြားအတွင်း ရခိုင် ကောဇာဘက်၌ (၃၉)နှစ် ကွာဟချက် ရခိုင်ကောဇာ(၅၆)အမှန်နှင့်(၉၅) "The Missing Gap Or Link" ဖြစ်ပေါ်ခဲ့ပါသည်။ ၄င်းပြဿနာမှာလေးမြို့ခေတ်ဖွဲ့ "ရခိုင်သာစွလေကဗျာ" အပိုဒ်၄၃၌ ပြည်ရွှေအောင်မျိုး ဝေသာမြို့ဝယ် . . . စန္ဒသီရိ၊ ဘွဲ့မည်ရှိသည်. . . "ထိုရာဇဝင်၊ ကောဇာတွင် လစ်၊ သက္ကရာဇ်ကိုခေါ် ဆိုဥတ္တမ၊ ဖြိုကိန်းချ၍ ခဆပဥ္စာ၊ ကိန်းသင်္ချာနှင့် ညီစွာမသွယ်၊

http://www.dhammadownload.com



ဖြိုလိုက်လေသည်၊ ဘုန်းကြွယ်မဏ္ဍိုင်၊ ရခိုင်သာယောင်၊ သာယာလေစွ၊ သာစွလေ။ . . ရခိုင်သားလေး သာစွလေ. . ” ဟုဖော်ပြပါရှိရာ၊ ရခိုင်ဖြိုဥတ္တမကောဇာ-၅၆၀မှာ ပျူ/မြန်မာ ခဆပဋ္ဌ-၅၇၂နှစ်ဖြင့် ဖြိုချေချိန် ထပ်တူထပ်မျှ ကျသည်ဟု ဆိုလိုရင်းဖြစ်ပေမည်။

ယခုအနေအထားအရ-

စူဋစန္ဒြနန်းတက်-

| | | | |
|---|---|---|---|
| ရခိုင်ကောဇာ | ၅၆ | =ပျူ/မြန်မာ- | ၉၅ |
| ရခိုင်ကိန်းသေ | ၆၇၇ | =ပျူ/မြန်မာကိန်းသေ | ၆၃၈ |
| | ၇၃၃ အေဒီ | | ၇၃၃ အေဒီ |

၁။ မြဒိုးဝေ (ဦးစံလှ)၊ မေဓပညာမော်ကွန်း(မြတ်မင်္ဂလာအတွဲ-၁၁) အမှတ်-၁၁၊ ၁၉၉၆-ခု မေလ ၁ စာ-၃၇၊ ဘာသာရေးပြဿနာများ၊ အရှင်သူမြတ် (ဘဒ္ဒန္တလောကသာရ) ၏ “သက္ကရာဇ်” ။

ဖော်ပြပါတွက်ကိန်းများအရ အေဒီ-၇၃၃ညီတူညီမျှရရှိ၍ မိမိတို့ကိုယ်ပိုင်ကောဇာနှစ်နှင့် ကိန်းသေများအရ အပြည့်အဝရှိကြသည်မှာ သေချာပါသည်။ ဖြိုခဲ့သည့် ကောဇာသက္ကရာဇ်များ သာခြားနားမှုရှိကြသည်။

| | | | | |
|---|---|---|---|---|
| ရခိုင် | ၆၀၉ | သာသနာနှင့် | မြန်မာပျူတို့က | ၆၂၂ |
| + | ၅၆၀ | | | ၅၆၀ |
| | ၁၁၆၉ | သာသနာ | | ၁၁၈၂ သာသနာ |

ရခိုင် ၁၁၆၉ နှင့် မြန်မာ ၁၁၈၂ သာသနာအသီးသီးဖြစ်ကြရာ ၁၁၈၂ (-) ၁၁၆၉ ကွာဟ ၁၃-နှစ်ဖြစ်ပြီး မြန်မာအတွက် ယခုသုံးစွဲနေသော ကိန်းသေ ၆၃၈ ဖြင့်ငင်းတို့အား ပေါင်းမည်ဆိုပါက ၁၁၆၉=၆၇၇+(၅၆) နှင့်၁၁၈၂=၆၉၃ အေဒီ စသည်ဖြင့်သာ ရရှိပေမည်။ စူဋစန္ဒြအထိအဆိုပါ ၁၁၆၉=၆၇၇+(၅၆)နှင့် ၁၁၈၂=၆၉၁+(၅၆)ဖြစ်၍

| | | | | |
|---|---|---|---|---|
| ရခိုင် | ၆၇၇ | မြန်မာ | ၆၉၁ | အသီးသီးရရှိရာ ၇၂၉-၇၁၅=၁၄ |
| | ------ | | ------ | |
| | +၅၆ | | +၅၆ | |
| ၁၂၂၅ =၇၃၃ | | ၁၂၅၃ = | | ၇၄၇ နှစ်ဖြစ်၍ ကိုက်ညီမှု (၁၄-နှစ်ကွာဟ) |

http://www.dhammadownload.com



တူညီနေပြန်ပါသည်။

စူဠစန္ဒြ ၁၁၂၅=၇၃၃ (ကိန်းသေ ၆၇၇)+၅၆ ရခိုင်ကောဇာ ယခုအထိ မှန်မှန်ကန်ကန် ဖြစ်နေရာမှမည်သို့မည်ပုံ ဤစူဠစန္ဒြမင်းလက်ထက်မှာ အစပြုကာ ရခိုင်ကောဇာ-၉၅နှင့် ကိန်းသေ ၆၃၈ မြန်မာယူသွား(ဖြစ်သွား)ခဲ့သည်ကို ရှာဖွေ၍ မရရှိပါ။ ဖြစ်နိုင်သည့် တစ်ခုတည်းသော အဖြေမှာ ရခိုင်ကောဇာ -၅၆ မြန်မာ-၉၅ ကောဇာဖြင့် တိုက်ဆိုင်၍ စူဠစန္ဒြမင်းက မိမိ၏နန်းတက် သက္ကရာဇ်အား မြန်မာနှင့်ကိုက်ညီစေရန် ၉၅-အဖြစ် သတ်မှတ်ပြုပြင်ခဲ့သည်ဖြစ်ပေမည်။

စူဠစန္ဒြ နန်းတက်-၁၂၂၅(သာသနာ၊ အေဒီ-၇၃၃) ရခိုင်-၉၅ ဖြစ်သွားခဲ့ပါသည်။ ကိန်းသေမှာလည်း မြန်မာ-၆၃၈ ဖြင့် ယူထားပါသည်။

| | | | | |
|---|---|---|---|---|
| သာသနာ | ၁၂၂၅=အေဒီ | ၇၃၃ | =ရခိုင် | ၉၅(+၆၃၈) |
| အမှတ် | ၁၂၂၅=အေဒီ | ၇၃၃ | | ၅၆(+၆၇၇) |

အထက်ပါကိန်းနှစ်မျိုးနှစ်စားဖြင့် လက်ရှိခရစ် ၁၉၉၇ခုနှစ် ဖြစ်ညီမျှသော သာသနာ သက္ကရာဇ်အား ရှာကြည့်ပါက-

| | | | | |
|---|---|---|---|---|
| အေဒီ-၇၃၃ | သာသနာ | ၁၂၂၅ ထို့ကြောင့် အေဒီ | ၁၉၉၇ | = ၁၉၉၇ |
| | | +၁၂၆၄ | | = ၇၃၃ |
| | | ------- | | ------ |
| အေဒီ -၁၉၉၇ | | ၂၄၈၉ သာသနာရပါသည်။ | | ၁၂၆၄ |

(ရခိုင် ၂၄၈၉ သာသနာ=ခရစ်အေဒီ ၁၉၉၇)

ယခုမူကား ခရစ်နှစ် ၁၉၉၇ = ၁၃၅၉

(၆၂၂+၅၆၀)+၁၁၈၂ မြန်မာ/ပျူ-စောရဟန်း+ဒေါဒေါရသာ။

၂၅၄၁ ခု သာသနာရပါသည်။ (ခရစ်အေဒီ -၁၉၉၇= သာသနာ- ၂၅၄၁ ရ၏)

ကွာဟချက် ၅၂နှစ် ဖြစ်နေပါသည်။ ရခိုင် ၆၀၉ မြန် ၆၂၃

| | | |
|---|---|---|
| အသောကကိန်းမှ | (-) ၅၇၂ | (-)၅၇၂ |

http://www.dhammadownload.com



ယခုအထိ အသောကကိန်းမှ "ရခိုင+၃၇နှင့် " မြန်မာ+၅၁ ပကတိအခြေအနေ

ရခိုင်/မြန်မာ-၃၇/၅၁မှာလည်း ၁၄နှစ်ဖြစ်ရာ ရခိုင်/မြန်မာ နှစ်ရပ်လုံး အမှားပေါ်လွင်နေပြီး ဖြစ်ပါသည်။

ဤအဖြစ်အပျက်များမှာ ခရစ်သက္ကရာဇ် / ဟိန္ဒူကလိယုဂ်များဖြင့် ပတ်သက်နေကြောင်း တွေ့ရပါသည်။

ရခိုင်အမှားမှာ သူရိယစက္ကမင်းမှ ကွာလာသည့် ၃၇-နှစ်ကြောင့် ၅၇၂+၃၇=၆၀၉ နှစ် ဗုဒ္ဓဖွားသက္ကရာဇ်။

မြန်မာအမှားမှာ ၅၇၂+၃၇=၆၀၉+ ရခိုင်/မြန်မာ သက္ကရာဇ်ကွာဟချက် (၆၀၉+)၁၄နှစ် ၆၂၃ ကိုက်ညီနေပါသည်။

ဤသို့ဖြစ်ရခြင်းကြောင့် ရခိုင်ရာဇဝင်အား မြန်မာနှင့်တူညီစေရန် ပြုလုပ်ခဲ့ခြင်းအား ရခိုင်ရာဇဝင်ပါ ဓညဝတီနှင့် ဝေသာလီခေတ် သက္ကရာဇ်ကတစ်မျိုးနှင့်

ဝေသာလီခေတ်နှောင်းပိုင်း စူဠစန္ဒြ၊ သို့တည်းမဟုတ် အဋ္ဌနနဒီ(လေးမြို့) ခေတ်အစ ခေတ္တာသင်မှ ယခုယနေ့မျက်မှောက်ထိတိုင် ရခိုင်ရာဇဝင်သမိုင်း ခုသက္ကရာဇ်ကတစ်မျိုး၊ နှစ်မျိုးနှစ်စားဖြစ်ကာ ရခိုင်ရာဇဝင်မှာ မယုံစတမ်း ယုတ္တိမတန်ဖြစ်နေပေသည်။ ဖြစ်နေသည်ဟု ဆိုလိုပါသည်။

သို့ဖြစ်ပါ၍ ရခိုင်သက္ကရာဇ်များအား တိကျမှန်ကန်မှုရရှိပြီးနောက် သီရိစန္ဒြသက္ကရာဇ်ဖြိုခဲ့သော မာတုဋ္ဌီကာ ၁၁၆၉=အေဒီ ၆၇၇=ရခိုင်ကောဇာ -၀(သုည)မှစ- ယူလာသည့် သက္ကရာဇ်များဖြင့်သာ အတည်ယူပြုသပြီး ၎င်းဖြင့်ယှဉ်တွဲကာ စူဠစန္ဒြပြောင်းလဲပြုပြင်ခဲ့သည်ဟု ယူဆရသော ရခိုင်ကောဇာ-၅၉အား ၉၅ဖြင့်ယှဉ်တွဲ ပြသသွားပါမည်။ မြန်မာသက္ကရာဇ် ဖြိုခဲ့သည်ကိုကား အသေးစိတ် မင်းစဉ်မင်းဆက်ဖြင့် ရာဇဝင်တစ်ရပ်လုံးအား ဗုဒ္ဓဂေါတမ သာသနာသက္ကရာဇ်-၁ (အဇာတသတ်)က စတင်၍ စာရင်းဇယားပြုစုတွက်ယူမှသာ ရမည်ဖြစ်သဖြင့် ဤရခိုင်ရာဇဝင် အရေးအသားဖြင့် ပတ်သက်ခြင်းမရှိပါ။ မိမိတို့ရာဇဝင် သက္ကရာဇ် မှန်ကန်တိကျရေးကို အလေးထားပြုစုသွားရ မည်ဖြစ်၏။

(ဆိုလိုရင်းမှာ "သီရိစန္ဒြ" ဖြိုချေခဲ့သော ရခိုင်ကောဇာမှန်အား "စူဠစန္ဒြမင်း"က ကောဇာ၊

http://www.dhammadownload.com



မိမိနန်းတက်ရခိုင်-၅၆ ကို မြန်မာ-၉၅ ပြုပြင်ခဲ့သည်။)

## ရခိုင်ပြည်ထောင်တရုတ်ရာဇဝင်၌ ပါဝင်းခြင်းရှိ-မရှိ

နန်ချိုတရုတ်တရက်များ ယူနန်မှ တောင်နှင့်အနောက်တောင်ဘက်သို့ နယ်ပယ်ချဲ့ထွင်လုယက်ဖျက်ဆီးသိမ်းပိုက် လာသည့်အချိန်မှာ အေဒီ၈၃၂၊ ၈၃၅ခန့် ကဟုသိရပြီး မီနန်၊ မဲခေါင်၊ ရောဝတီဘက်ဆီသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာချိန်က သထုံ၊ အရိမန္ဒာနာ (နောင်တွင်ပုဂံ) နှင့်ပျူများစိုးမိုးသည့် သရေခေတ္တရာ ရှမ်းကုန်းမြင့်ဒေသ အထိဆင်းခဲ့၍ ၄င်းနောက် အရိမန္ဒာနာတံတိုင်းကြီးအား မြန်မာတို့က အေဒီ၈၅၀တွင်ဆောက်တည်ခဲ့သည်။စမ္ဘဝက်အား စောခင်နစ် ၈၁၈ခုတွင် ဖျက်သိမ်းပြီးမှဖြစ်သည်။ ရခိုင်သို့ လုံးဝမဝင်ခဲ့ချေ။

အရိမဒ္ဒနာအားမြန်မာတို့ပြန်လည်တည်ဆောက်ခဲ့သည်။ သထုံမှာလည်း အေဒီ၈၃၅တွင် နန်ချိုတို့ဖျက်သိမ်းခဲ့ပြီး ပြန်လည်စည်ကားလာခဲ့သည်။ တရုတ်တရက်များ သံလွင်မြစ်ညာမြစ်ဝှမ်း အထိ စိုးမိုးထားဟန်ရှိသည်။

နောက်ထပ်တစ်ကြိမ်တွင် တန်း(Tang)တရုတ်တရက်များဝင်ရောက်ခဲ့စဉ်က ရခိုင်နယ်စွန် နယ်ဖျားကို မင်းဖုံးစားလက်ထက်ထိပါးလာ၍ ခြေမှုန်းခြင်းခံရကာ မင်းဖုံးစားက ရှမ်းကုန်းမြင့် ဒေသအချို့ကို လက်အောက်ခံနယ်ပယ်များအဖြစ် ထိန်းချုပ်ထားနိုင်ခဲ့သည်။ အေဒီ-၁၁၂၄၊ ၉။

နောက်ဆုံးမင်းထီးလက်ထက်တွင်ကူဗလီခန်သားတော်တပ်များဦးစီးပြီး၊ ဆင် (Sung) တရုတ်တပ်ကြီး မြန်ပြည်မြင်းစိုင်းသို့ဆင်းလာသည့်အခါလည်း ချေမှုန်းခံရ၍ သျှမ်းတရုတ်။ မွန်ဂိုရန်ချုပ်ငြိမ်းသွားခဲ့ပါသည်။

ခေတ္တသင်- စန္ဒသင်နှင့် မင်းရင်ဖြူ(ပဥ္စာ) ကောလိယ-ဒသရာဇာ (ပုရိန်) မဥ္စူသင်- အနုလုံး(နေရဥ္စရာ) အလောမာဖြူ-မင်းထီး (လောင်းကြက်) အာဏာစက်ပြင်းထန်ပြီး အင်အားတောင့်တင်းသော မင်းများကြောင့် မွန်ဂိုလ်ကျူးတရုတ်တရက်၊ မွန်ဂို-မင်းဂွတ်များ လွှမ်းမိုး ခဲ့သည်ကားမရှိ ထောင်းထောင်းညက်ညက်ကြေအောင် ပျက်ခဲ့ကြသည်ဟုသာ ကြားဖူးပါသည်။

မှတ်ချက်။ ။ (နောက်ထပ်တွေ့ရှိချက်တစ်ခု) စူဠစန္ဒြမင်း ရခိုင်ကောဇာ-၅၆အား ၉၅သို့ ပြုပြင်ပြောင်းလဲ သတ်မှတ်ခဲ့သည်ဆိုသည့် အယူအဆမှာ ဒေါက်တာပန်မလာ-စာ-၄၆ အောက်ဖော်ပြပါ သူမပြဆိုချက်ဖြင့်လည်း အတိဖြစ်နေပါသည်။

http://www.dhammadownload.com



If we accept Sircar's dating of the inscription, it can be shown that following king Dhamasura attained the throne in C,639 AD, that is, one year after the introduction of the Culasakaraja, စူဠ သက္ကရာဇ် the Burmese common era (ကိန်းသေ ၆၃၈) said in the Arakanese chronicles to have been arranged in conjuction with the Phyu Kings ပုပ္ပါးစောရဟန်း (အေဒီ ၆၂၅ ၆၄၀) မြန်မာ ၅၆၀-အားဆိုလိုဟန်တူ "စူဠစန္ဒြမင်း" လက်ထက် (အေဒီ ၇၃၃-၇၆၉) ပျူမင်းများကို ဆိုလိုရင်းဖြစ်သည်။) ၄င်းအချိန်ကျမှပြုပြင်ခဲ့သည်။

23 OBE III,330.A,M.B Irwin, op-cil-p-2(ie "In A.D 638-9 the era now in common use started simultaneously, in Burma by king Poppasaw of Pagan and in Arakan by King Thareyarenu of Kauyawady Dynasty)

## ဝေသာလီခေတ် သာသနာရေးနှင့် ရခိုင်ဝေသာလီခေတ် ပဉ္စမသင်္ဂါယနာတင်

ရှေးနှစ်ပေါင်း တစ်ထောင့်သုံးရာကျော်လောက်ကပင် ဝေသာလီခေတ် သီရိစန္ဒရား(ခ) သီရိဓမ္မဝိဇယ ဘုရင်မင်းလက်ထက် ဝေသာလီကျောက်လှေကားရွှေမြို့တော်ကြီး၌ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာအစုံတို့ ကြေးနီချပ်ပြား၊ ပုရပိုက်ငါးထောင်တို့၌ ရေးထိုးလျှက် ပဉ္စမသင်္ဂါယနာတင်ခဲ့သည်ကို ပြဆိုထားခဲ့သော ရှေးဟောင်းသမိုင်းမော်ကွန်းစာအရ ယခုတင်ပြလတ္တံ့သော လက်ာစာပိုဒ်ဖြင့် သိအပ်ပေ၏။

## မဟာရတုလင်္ကာ ဇကပိုဒ်

သုဘူပရုံ၊ သုလောကိတံ၊ သုမင်္ဂလံ၊ သမိဒ္ဓဲတုံ၊ ရက္ခပူရ၊ ဓညသခင်၊ ဘုရင်ရာဇာ၊ ရာလာမာယု၊ မင်းဟုသမိုက်၊ ဘိသိက်ကြိုက်ခါ၊ ဂေါဇာဘိန္န၊ သာစကေကျမ်း၊ ကိန်းဆန်းအရ (မိ၊ ဘ၊ စံ၊ ဝိ) ဖြိုလီကြွင်းနှစ်၊ သက္ကရာဇ်မဟာ၊ တစ်ရာသုံးခု၊ ပွင့်မှုတွေ့ကြုံ၊ ကဆုန်ပုဏ္ဏာ၊ ဂေါတမဟု၊ ဗုဒ္ဓတံထွာ၊ မသေရာကို၊ လွယ်စွာရစိမ့်၊ သနားဖိန့်ဖိန့်၊ ဟောမိန့်ညွှန်ကြား၊ လေးဆယ့်ငါးလျှင်၊

http://www.dhammadownload.com



ရောက်ငြားဝါရှည်၊ ရာလေးဆယ်ရှစ်၊ ဘိုးတော်ချစ်၏၊ ပြည့်သစ်ကဆုန်၊ အင်္ဂါကြံနေ၊ သုံးဘုံဆွေ့ဆွေ့ တုန်ခွေ့ခွေ့လျှင်၊ မရွေ့နိဗ္ဗူ၊ စံတော်မူဘိ၊ ပြည်သူသက်နှင်း၊ မင်းမင်းစဉ်လျှောက်၊ ငါးဆယ် မြောက်က၊ စန္ဒာသူရိယာ (ဇီ ဝ၊ က) ကိန်း၊ ဖြိုးသိမ်းပြီးမှ၊ တစ်ကစလစ်၊ သက္ကရာဇ်ပါ၊ သာသနာနှစ်၊ ပွားသစ်အညီ၊ ယှဉ်မှီမြောက်တက်၊ ဆယ့်ခြောက်ဆက်မှာ၊ သူရိယာစိတြ၊ (ဓ၊ န၊ ဋ္ဌ) ကိန်း၊ ဖြိုးသိမ်းပြီး..၊ ခတ္တိယနွယ်၊ သုံးဆယ်နှစ်ဆက်၊ ဆင်းသက်ရောက်ပြန်၊ သီရိစန္ဒြ (ဥ၊ တ္တ၊ မ)ကိန်း၊ ဖြိုးသိမ်းပေါ်..းပြု(ဓာ၊ တု၊ ဋ္ဌိ၊ ကာ) ဂေါဇာဂုဏ၊ ရောက်ထမှန်စွာ၊ သာသနာနှစ်၊ အတိတ်ဖြစ်၏။ ထိုနှစ်မှာပင်၊ စိတြပုဏ္ဏ၊ ပါဠိပဒ၊ ဆုတ်စတစ်ရက်၊ ယင်းနေ့ထက်တွင်၊ မြသွင်မှိုင်းအိ၊ တန်ခိုးရှိသည့်၊ ဘူမိရွှေတော..င်၊ ဗွေထိပ်ခေါင်ကို၊ ညီအောင်ပြုလျက်၊ လေးဘက်ညီညာ၊ တစ်မျက်နှာလျှင်၊ နှစ်ရာ့ငါးဆ..၊ လေးသွယ်အရိယာ၊ ထေရ်သံဃာတို့၊ နှစ်ဖြာဓူရ၊ သီဟဠမှ၊ သတငါးလီ၊ ကြွချီဖြည့်တ.. တိုင်းရင်းဓညာ၊ တို့ပြည်မမှ၊ ဓူရငါးရာ၊ ကျော်လာတစ်ထောင်၊ ပင့်ဆောင်ကျွေးမွေး၊ လှူပေးပွဲကြီး၊ ..ဘင်ဟီးမျှ၊ အံ့ချီးထိုခါ၊ ကျင်းပရာတွင် လယ်ချာ ထူးဆန်း၊ နတ်နန်းဟုလျှောင်း၊ ရွှေကျောင်းဗိမာန်၊ ဝေဇယန်မှ၊ ဓမ္မရတနာ၊ ညီလာခံမှု၊ ပြုကြလေရာ၊ သံဃာ နှစ်ထောင်၊ ဦးဆောင်ပုဗ္ဗင်။ သခင်စူဠ၊ ရေဝထေရ်လျှင်၊ ကြီးမှူးတင်၍၊ သဘင်ဓမ္မ၊ သင်္ဂါယနာ၊ တင်ပြုရာတွင်၊ စစ္စာပဋ္ဌ၊ ဝိနယဉ်၌၊ နှစ်ရာ့ငါးဆယ်၊ နိကာယ်ပဋ္ဌ၊ သုတ္တန္တဟု၊ ကေဘာလီ၊ ကျမ်းဂမ္ဘီ၌၊ ယှဉ်မှီကိုးရာ၊ ခုဒ္ဒကာမည်ရ၊ သတ္တာဝေဖြာ၊ ဘိဓမ္မာ၌၊ ရှစ်ရာလေးဆယ်၊ သုံးသွယ်ပိဋကတ်၊ ပါဠိမြတ်၌၊ ရေးမှတ်ကြေးပြား၊ နှစ်ထောင် အားဖြင့်၊ ပြီးငြားသေချာ၊ တစ်နှစ်ကြာခဲ့၊ တစ်ဖြာပွင့်ပြ၊ အဋ္ဌကထာ၊ ဝိနယာ၌၊ ခုနှစ်ရာငါးဆယ်၊ နိကာယ်ပဋ္ဌ၊ သုတ္တန္တမှာ၊ ထောင့်ငါးရာတည်း၊ ဓမ္မတိရေကာ၊ ဘိဓမ္မ၌၊ ခြောက်ရာ့ကိုးဆယ်၊ မိပ္ပါယ်ပေါင်းရုံး၊ ကျဉ်းချုံးဖွင့်ရှိုဝိသုဒ္ဓိမဂ်၊ ရေတွက်တာလီသ၊ ဒွယနိဋ္ဌယာ၊ သဠီဝိတရဏီ၊ ကြေးနီချပ်ပြား၊ နှစ်ဆယ်အားဖြင့်၊ ငါးပါးနိကာယ၊ အဋ္ဌကထာ၊ နှစ်နှစ်ကြာခဲ့၊ စဉ်လာပွားဘက်၊ ဓမ္မစက်လျှင်၊ ရှည်ဆက်တည်မှု၊ မျှော်ထောက်ရှု၍၊ ပ-ဒုနောက်မှ တတိယဟု၊ ဓမ္မသဘင်၊ သင်္ဂါယနာ၊ တင်ရာဓိပတိ၊ မောဂ္ဂလိပုတ္တ၊ တိဿထေရ်ကျော်၊ အမိန့်တော်ဖြင့်၊ ထင်ပေါ်ပြည်မ၊ မဟိံသကဟု၊ မည်ရသမိုင်း၊ ရခိုင်တိုင်းသို့၊ စေခိုင်းကြွလာ၊ မဟာဒေဝ၊ ထေရငါးဖြာ၊ ရဟန္တာတို့၊ သူရိယစက္က၊ ထိုရာဇအား၊ ဒေဝနတ်တမန်၊ ဟောညွှန့်ညွှန်လောင်း၊ လေးသောင်းအရိယာ၊ ဓမ္မစက္ကု၊ ရမှုလူပေါင်း၊ လေးသောင်း ရဟန်း၊ ကျွတ်တန်းဆိုက်ရ၊ မြတ်ဗုဒ္ဓ၏၊ ဓမ္မစက်နွယ်၊ ဆက်သွယ် ပွားလျှောက်၊ ထပ်ဆင့်လျှောက်၍ ထွန်းတောက်ထိန်ထိန်၊ နောက်နောင်ချိန်လည်း၊ မမှိန်မမှိုင်း၊ ရွှေခိုင်တိုင်းဝယ်၊ ပြန့်လှိုင်းရောင်စွယ်၊ ဇမ္ဗူလယ် ၌ ဖြန့်ကျယ်ဆင့်ဆင့်၊ နှံ့သွယ်လင့်ဟု၊

http://www.dhammadownload.com



အသင့်လျော်စွာ၊ ဆောက်တည်ကာဖြင့်၊ မဟာမဟိန္ဒ၊ ထေရဘုန်းစည်၊ ဖြန့်တည်နွယ်စင်၊ သီဟိုဠ်ခွင်၌၊ နောင်တွင်ဆောင်ရွက်၊ လွန်ခဲခက်၍၊ ပေထက်အက္ခရာ၊ သင်္ဂါယနာ၊ စတုတ္ထမြောက်၊ တင်ပြီးနောက်မှ တိမ်းမှောက်ညစ်ညူး၊ ဝါဒထူးဖြင့်၊ ကူးလူးမယှက်၊ အစဉ်တည်တံ့၊ အရှည်ခံ့ဟု၊ ကူပံ့ဖြန့်ဖြူး၊ မြတ်ကျေးဇူးရှိ ရဘိရည်ညွှတ်၊ လွတ်လွတ်ပြုထ၊ သီဟဠနှင့်၊ ဝါဒတူညီ၊ တို့သိဂီကား၊ ပဉ္စမိတပ်၊ ကြေးနီချပ်လျှင်၊ ရွှေကွပ်တင့်ကား၊ ငါးထောင်အားဖြင့်၊ ရေးထားသေချာ၊ သုံးနှစ်ကြာလျှင်၊ ကောင်းစွာသီးသီး၊ အောင်မြင်ပြီး၏။ လူထီးမွန်ဆီ၊ စိုးမိုးချီသ၊ သီရိစန္ဒြာ၊ တို့ရာဇာကား၊ ပြည်ရွာခွန်ဘက်၊ လျှော့ဟန်တစ်ဝက်၊ ရန်မျက်ခပ်သိမ်း၊ ငြိမ်းစေကြောင်းပြု၊ ကောင်းမှုပြည့်ဖြိုး၊ စေတီမျိုးနှင့်၊ ပုထိုးဆင်းတု၊ မျက်ရှုကြည်လင်၊ ဖြူစင်မနော၊ ပြန့်ပြောစဖွယ်၊ ဂူကျောင်းသွယ်လျက်၊ သွားလွယ်တံတား၊ ရေသားကန်တူး၊ မြောင်းဆည်တူးဖြင့်၊ ဆည်းပူးမယုတ်၊ ကြိုးကုတ်ဒါန၊ သီလတစ်ဖြာ၊ ဘာဝနာတစ်ရပ်၊ ဝိပဿနာ ပွားကာ ထိန်းချုပ်၊ လောကုတ်မဂ္ဂင်၊ ထုံမွမ်းတင်သည်။ ဖိုလ်ဝင်နိဗ္ဗာန်ရောက်ကြောင်းတည်း။

အထက်ပါ ပဥ္စမသံဂါယနာတင် ဝေသာလီခေတ် ရခိုင်သီရိစန္ဒြ ဘုရင်မင်းဆိုသည်မှာ ဝေသာလီ ကျောက်လှေကားမြို့တော်ကို တည်ထောင်တော်မူခဲ့သော မဟာစန္ဒရားမင်း၊ ထိုမင်း၏သားတော် သူရိယစန္ဒရားမင်း (မိဖုရား စောနန္ဒီနှမတော်)မှ ၅-ဆက်မြောက် သီရိစန္ဒရားမင်း ဖြစ်သည်။ ဤသီရိစန္ဒရားမင်း ၏ (ပဥ္စမသံဂါယနာတင် ဒါယကာ) မိဖုရားကား ကဉ္စနမာလာဒေဝီဟု ရမ်းပြည့်တောင်ကျောင်းဆရာတော် ဦးစန္ဒာမာလာရေး ရာဇဝင်ကျမ်းသစ်ကျမ်း ၌ ပါရှိပါ၏။ ဤရတုပိုဒ်ကြီး၌ "မဟိံသကဟု မည်ရသမိုင်း ရခိုင်တိုင်းသို့" ဟု ဆိုထားပါသည်။ ပါရာဇိကဏ် အဋ္ဌကထာ စာမျက်နှာနံပါတ် ၅၀၊ တတိယသင်္ဂါယနာတင်ခန်း၌ မဟာဒေဝရောပိ မဟိံသကမဏ္ဍလဂန္တွာဒေဝ ဒူတသုတ္တံကထေသိ ဟု လာရှိပါသည်။

ဤရတုကြီးကို မဟာရေဝထေရ်ဟူ၍လည်းကောင်း၊ မဟာဒေဝရဟန္တာဟူ၍လည်းကောင်း စပ်ဆိုထားပါသည်။ ထိုမဟာဒေဝရဟန္တာအရှင်လည်း သူရိယာစက္က(ခေါ်) သီရိစန္ဒရားမင်းအား ဒေဝဒူတသုတ္တန် ဒေသနာတော်ကို ဟောတော်မူခဲ့ကြောင်း ပါရှိပါသည်။ (သို့မဟုတ်) သူရိယာစက္ကမင်းသည် သူရိယစန္ဒရားမင်းပင် ဖြစ်လေသလောဟု တွေးထင်ရပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဝေသာလီခေတ်ဦးအစကပင် ဓညဝတီရခိုင် သို့ သီရိဓမ္မသောကမင်းတရားကြီး သာသနာပြုစကပင် ဗုဒ္ဓဘာသနာတော် ရောက်ရှိလာကြောင်း ထင်ရှားပါသည်။ ရခိုင်ရာဇဝင်များအဆိုအရ မဟာ

http://www.dhammadownload.com



မြတ်မုနိ၏ ရုပ်ထုတော်သွန်းလုပ်စဉ်ကပင် မြတ်စွာဘုရား ကိုယ်တော်တိုင်ကြွရောက်၍ သာသနာပြု တော်မူခဲ့ကြောင်း ထင်ရှားပါသည်။ ဤမဟာရတုလင်္ကာကေပိုဒ်ကိုလည်း ရခိုင်ပြည်၌ ထင်ရှား ကျော်စောခဲ့သော ဓမ္မဇေယျအမတ်ကြီးကိုယ်တိုင် ရေးသားစီကုံးခဲ့သည်ဟု ရခိုင်သုတေသီများက ပြောဆိုထင်မြင်ချက်ပေးကြပါသည်ဟု တင်ပြလိုက်ရပါသတည်း။

| | |
|---|---|
| နဝတြိသတ္တဂ္ဂိရ | ၃၃၃၉ |
| ဇိဝက (ကိန်း) | ၁၄၈ |
| ဓနဥ္စ (ကိန်း) | ၆၀၉ |
| ဥတ္တမ (ကိန်း) | ၅၆၀ |
| ဓာတုဋ္ဌိက | ၁၁၆၉ |

(သုတေသီ အရှင်ရဝိန္ဒာဓိပတိ ရေးသားသော ဆောင်းပါးအပြည့်အစုံကို တင်ပြခြင်း ဖြစ်ပါသည်။)

## သင်္ဂါယနာ

ဝေသာလီခေတ်တွင် ရခိုင်ပြည်၌ ပထမဆုံးအကြိမ် သင်္ဂါယနာတင်ခဲ့ကြသည်ကို တွေ့ရလေသည်။ သီရိဓမ္မဝိဇယ (သီရိစန္ဒြမင်း) သည် ကောဇာသက္ကရာဇ် ၅၆၀ ကို ဖြိုသောနှစ် တန်ခူးလပြည့်ကျော်တစ်ရက် နေ့မှစ၍ ဝေသာလီကျောက်လှေကားမြို့တော် ရွှေတောင် (ယခု- သရက်ချို)ကြီးကို တောင်ထိပ်အား ညီညာ အောင် ပြုလုပ်လျှက် ရွှေကျောင်းဆောင်များ ဆောက်လုပ်ကာ သီဟိုဠ်မှ သံဃာ ၁၀၀၀၊ ရခိုင်မှသံဃာ ၁၀၀၀ စုပေါင်း သံဃာ ၂၀၀၀ တို့အား ပစ္စည်းလေးပါး ဒါယကာအဖြစ်ကို ခံယူပြီး သင်္ဂါယနာတင်စေခဲ့သည်။

မေဓပညာမော်ကွန်းလင်္ကာ၌----- ကမ္ဘာ့စဉ်လာ၊ ဓမ္မတာဖြင့်၊ ဝိဒ္ဓါသမုတ်၁၊ စတုယုဂ်၂ကိန်း၊ လေးသိန်း သုံးသောင်း၊ နှစ်ထောင်ဆောင်းအယ့်၊ နှစ်ပေါင်းကိုချုပ်၊ ကလိယုဂ်၃တည့်၊ ထိုယုဂ်နှစ်ပြန့်၊ ဒွာပရန်၄ ဟု၊ သုံးပြန်တြေတာ၅၊ လေးဖြာကတ၆၊ ပေါင်းကြလေးထပ်၊ ရှီးအပ်သိမ္မူ၊ အအဥအီ၊ ရာဂီသြို၇၊ ဂဏန်းစုဖြစ်၊ ထိုနှစ်အပေါင်း၊ ခေါက်ပြောင်းပြန်လှန်၊ ကပ်ဆုံးလွန်အောင်

http://www.dhammadownload.com



လှူဘောင်ပွားဆုတ်၊ လေးပါးယုဂ်တွင်၊ အယင်ကတ၊ ဓမ္မသစ္စာ၊ ပြည့်လာဥဿုံ[၈]၊ ကောင်းကိန်းကြုံအယ့်၊ သုံးပုံတြေတာ၊ ယုတ်မာတခု၊ ကောင်းမှုသုံးဖြာ၊ ဒွါပရာစက်၊ တဝက်ကောင်းဆိုး၊ တမျိုးကလိ၊ အသိကော၊ သုံးဝချွတ်ယွင်း၊ တရားကင်းအယ့်၊ ယင်းကလိသက်၊ ထိုနှစ်ထပ်မှာ၊ ဂိက္ခာဂိက္ခ[၉]၊ ဂဏန်းကျခါ၊ ရာသက်ကာလ၊ ဟာယန[၁၀]မှီ၊ သာကီသကျ၊ ဂေါတမဟု၊ လောကလှူရှာ၊ ဖြစ်ပွင့်လာရှယ့်၊ ဒေဝါမနု[၁၁]၊ ကျွတ်မှုဟောကြား၊ လေးဆယ့်ငါးဝါ၊ ပြည့်ရေခါကား၊ သြဆာဂါရ[၁၂]၊ သာခပုဏ္ဏမိ[၁၃]၊ ငြိမ်းလီနိဗ္ဗာန်၊ ထားပြန်သာသနာ၊ ဂေါစာဖြိုရှု၊ မာတုဠိကာ[၁၄]၊ ရောက်ခါပေါင်းကြ၊ နဝကြိ၊ သတ္တာဂိ[၁၅]၊ ဂေါတမပူရမ်၊ ကျမ်းညွှန်အလာ၊ ရက္ခပူရ၊ ဓညသခင်၊ ဘုရင်ရာဇာ၊ ရာလမာယု၊ မင်းဟုသမိုက်၊ ဘိသိက်ကြိတ်ခါ၊ ဂေါစာဘိန္န[၁၆]၊ သာဓကကျမ်း၊ ကိန်းခန်းအရ၊ မိဘာစံဇီ[၁၇]၊ ဖြိုလီကြွင်းနှစ်၊ သကြစ်မဟာ၊ တရားသုံးခု ပွင့်မှုတွိကြုံ၊ ကဆုန်ပုဏ္ဏာ၊ ဂေါတမဟု၊ ဗုဒ္ဓတံထွာ၊ ဖြစ်လာဟောကြား၊ လေးဆယ့်ငါးဝါ၊ ရောက်တောခါကား၊ ရာလေးဆယ့်ယှစ်၊ ပြည့်ခိုက်ကဆုန်၊ နိကြုံ အင်္ဂါ၊ နိဗ္ဗုတာသို့၊ မှန်စွာရောက်ဟိ၊ ခတ္တိငါးဆက်[၁၈]၊ မပျက်စဉ်လာ။ စန္ဒာသူရိယ၊ ဇိဝက[၁၉]ကိန်း၊ ဖြိုသိမ်းပြီးမှ၊ တစ်ကစလိုက်၊ သကြစ်လာ၊ သာသနာနှင့်၊ စဉ်လိုက်မပျက်၊ ဆယ့်ခြောက်ဆက်ခါ၊ သူရိယာစီတြ၊ ဓနဥ္စ[၂၀]ကိန်း၊ မယိမ်းဖြိုလေ၊ သုံးဆယ် နှစ်ဆက်၊ မပျက်ရောက်ဘိ၊ သီရိစန္ဒ၊ ဥတ္တမ[၂၁]ကိန်း၊ ဖြိုသိမ်းပေါင်းပြု၊ မာတုဠိကာ၊ ဂေါစာဂလော၊ ရောက်ကေ မှန်စွာ၊ သာသနာနှစ်၊ အတိတ်ဖြစ်ခါ။

ထိုနှစ်မှာပင်၊ စိတြာပုဏ္ဏိ၊ ပဋိပ္ပါ[၂၂]၊ ဆုတ်စတရက်၊ ယင်းနိရက်တွင်၊ မြသွင်မှိုင်းအိ၊ တန်ခိုးဟိသည်၊ ဘုမ္မရှိတောင်၊ ဗွိထက်ခေါင်ကို၊ ညီအောင်ပြုကာ၊ ဝိဟာတမျက်[၂၃]၊ လေးဘက်အညီ၊ ငါးဆောင်စီဖြစ်၊ တကျောင်းနှိုက်ဝယ်၊ ငါးဆယ်သံဃာ၊ တမျက်နှာဟု၊ နှစ်ရာ့ငါးဆယ်၊ လေးသွယ်ရဟန်း၊ သီဟိုဠ်ကျွန်းက၊ မူရနှစ်ဖြာ၊ ငါးရာစီမျှ၊ ရှို့ပြည်မမှ၊ မူရတထောင်၊ ပင့်ဆောင်ကျွေးမွေး၊ လှူပွဲကျင်းပ၊ လယ်ကထူးဆန်း၊ နတ်နန်းတမျှ၊ တူစွရှိကျောင်း၊ အပေါင်းများစွာ၊ သံဃာနှစ်ထောင်၊ ပင့်ဆောင်ပြီးမှ၊ စူလရေဝ၊ နာယကကား၊ ဓမ္မသဘင်၊ သင်္ဂါယနာ၊ တင်ရာအစ၊ ပဥ္စဝိနယာ[၂၄]၊ နှစ်ရာ့ငါးဆယ်၊ သုတ္တံကျယ်ဘိ၊ နာဝိကော[၂၅]၊ ကိုးရာဆယ်တိ၊ အဘိဓမ္မာ၊ ကျမ်းလာသတ္တ၊ ယှစ်ရာ့လေးဆယ်၊ ဗုဒ္ဓေဟောဟိ၊ ပါဠိနယ၊ တာမြပတ္တာ[၂၆]၊ ကြီးဝါချပ်ပြား၊ နှစ်ထောင်အားဖြင့်၊ ရှီးထားသေချာ၊ တနှစ်ကြာအယ့်။

တဖြာပွင့်ပြ၊ အဋ္ဌကထာ၊ ဝိနယာမှာ၊ ခုနှစ်ရာငါးဆယ်၊ သုတ်ဝယ်အလာ၊ ထောင့်ငါးရာတည့်၊ အဘိဓမ္မာ၊ ခြောက်ရာကိုးဆယ်၊ မိပ္ပာယ်ပေါင်းစုံ၊ အကုန်ဖော်ဟိ၊ ဝိသုဒ္ဓိမဂ်၊

သျှင်ပျက်မရာ၊ လိင်္ဂါမှာနိုက်၊ ချပ်ဖြစ်လေးဆယ်၊ ဒွယေနိစ္ဆယ၊ ကာဗ်ဝိတရဏီ[၂၇]၊ ချပ်ရှိလေးဆယ်၊ နိကါယ်ငါး၀၊ အဌကထာ၊ နှစ်နှစ်ကြာပြု။

ပ-ဒု-တ-မှီ၊ စတုတ္တိကျ၊ မဟိံသဟု၊ မည်ရသမိုင်း၊ ရက္ခိုင်တိုင်းသို့ စိယ်ခိုင်းလီဘိ၊ မောဂ္ဂလိပုတ္တ၊ တိဿထေရ်လျှင်၊ သိခင်ရေဝ၊ ထေရင်ါးဖြာ၊ ရဟန္တာရို့၊ ကြွလာထိုခါ၊ **သူရိယာစက္က**၊-ရိုရာဇအား၊ ဟောကြားဒေသနာ၊ ဒေဝါမူတ[၂၈]၊ သုတ္တံအဆုံး၊ လေးသောင်းလုံးမှာ၊ ဓမ္မာစက္ခု၊ ရမှုဟိကြောင်း၊ လေးသောင်းရဟန်း၊ ကျွတ်တန်းဝင်ကြ၊ ထိုကစရွယ့်၊ သာသနာ့ဝန်ထမ်း၊ ရဟန်းသံဃာ၊ စဉ်လာပွါးထ၊ သီဟဋ္ဌနယ့်၊ ဝါဒတူဘိ၊ ဂုဏ်သိင်္ဂီမှာ၊ ပဋ္ဌာပဋ္ဌမိ[၂၉]၊ ကြီးရှိချပ်ပြား၊ ငါးထောင်အားဖြင့်၊ ရှိန်းထားသေချာ၊ သုံးနှစ်ကြာလျှင်၊ အောင်မြင်ပြီးစီး၊ သီရိစန္ဒြား၊ ရို့မင်းဖျားကား၊ ရုပ်ပွားပုထိုး၊ စေတီမျိုးနယ်၊ နောက်တိုးကန်တူး၊ ကောင်းမှုဖြာဖြာ၊ ပြည်ရွာချွန်ဘဏ်၊ ယွှပြန်တဝက်၊ ရန်မျက်ကင်းငြိမ်း၊ မယိမ်းမယုတ်၊ ကြိုးကုတ်ဒါန၊ သီလတဖြာ၊ ဘာဝနာတရပ်၊ ဝိပဿနာ၊ များစွာအားထုတ်၊ လောကုတ်သဘင်၊ မဂ်ပွဲယင်သည်။ ဖိုလ်ဝင်နိဗ္ဗာန်ရောက်ကြောင်းတည်း။

| | | | |
|---|---|---|---|
| (၁) | ဝိဒ္ဒါသမုတ် | = | ပညာရှိသမုတ်သော |
| (၂) | စတုယုဂ် | = | ယုဂ်လေးပါး |
| (၃) | ကလိယုဂ် | = | ဆုတ်ယုတ်သောယုဂ် |
| (၄) | ဒွာပရန် | = | ဒွါပရယုဂ် |
| (၅) | တြေတာ | = | တြေတရာယုဂ် |
| (၆) | ကတ | = | ကတယုဂ် |
| (၇) | အအဥအီ၊ရာဂီဘြ | = | ၄၃၂၀၀၀၀ ပိဋကတ်သင်္ချာနည်း |
| (၈) | ပြည့်လာဥသုံ | = | အားလုံးပြည့်စုံသည် |
| (၉) | ဂိုက္ခာဂိုက္ခ | = | ၂၅၂၅ ကလိယုတ်နှစ်- ပိဋကတ်သင်္ချာနည်း |
| (၁၀) | ယာယန | = | အသက်တစ်ရာတန်းကပ် |
| (၁၁) | ဒေဝါမန | = | နတ်-လူ |
| (၁၂) | သြဆာဂါရ | = | ၂၅၇၀-ပိဋကတ်သင်္ချာနည်း |
| (၁၃) | သာခပုဏ္ဏမိ | = | ကဆုန်လပြည့်နေ့ |
| (၁၄) | ဓာတုဋ္ဌိကာ | = | ၁၁၆၉ - ပိဋကတ်သင်္ချာနည်း |

http://www.dhammadownload.com



(၁၅) နဝတြိံသတ္တက္ကိ = ၃၉၃၇-ကလိယုတ်ခေတ်
(၁၆) ဂေါစာဘိန္န = သက္ကရာဇ်ဖြိုခြင်း
(၁၇) မိဘာစံဇီ = ၈၆၄၅ ပိဋကတ်သင်္ချာနည်း
(၁၈) ခတ္တိင်းဆက် = ခတ္တိယအနွယ်မင်း ၅ဆက်
(၁၉) ဇီဝက = ၁၄၈ ပိဋကတ်သင်္ချာနည်း
(၂၀) ဓနဥ္စ = ၆၉၀ ပိဋကတ်သင်္ချာနည်း
(၂၁) ဥတ္တမ = ၅၆၀ ပိဋကတ်သင်္ချာနည်း
(၂၂) စိတြာပုဏ္ဏိ၊ ပဋ္ဋိပ္လိ = တန်ခူးလဆုတ် ၁
(၂၃) ဝိဟာတမျက် = တစ်မျက်နှာ၌ ကျောင်းဆောင်
(၂၄) ပဥ္စဝိနယာ = ဝိနည်းငါးကျမ်း
(၂၅) နာဝိကော = ကိုးရာတစ်ဆယ်
(၂၆) တာမြပတ္တာ = ကြေးကို ခတ်ထားသည့်အပြား
(၂၇) ဒါယေဝိနစ္ဆယ၊ ကင်္ခဝိတရဏီ ဝိနစ္ဆယနှင့် ကင်္ခဝိတရဏီ ကျမ်းပေါင်း
(၂၈) ဒေဝါဓူတ = ဒေဝဓူတသုတ္တံဒေသနာတော်
(၂၉) ပတ္တာပဥ္စမီ = ငါးထောင်သောကြေးချပ်ရေ

## ပိဋကတ်သင်္ချာကောက်နည်းဂါထာဇယားပုံ

| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | သရ(၈)လုံး နှင့် |
|---|---|---|---|---|---|---|---|---|---|
| ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | |
| ယ | ရ | လ | ဝ | ဂ | မ | သ | ဟ | ဠ | |
| ပ | ဖ | ဗ | ဘ | မ | | | | | ည ၀ န |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | |

http://www.dhammadownload.com



ပိဋကတ်သင်္ချာဂဏန်းယူပုံ-(ဥပမာ)

ဂိက္ခာဂိက္ခ ။ ။ ဂိက်=၅။ ခါ= ၂၊ ဂိက်=၅။ ခ=၂။ = ၂၅၂၅

ဩဆာဂါရ။ ။ ဩ = ၀၊ ဆာ = ၇၊ ဂါ = ၅။ ရ =၂ = ၂၅၇၀

မိဘာစံဇိ ။ ။ မိ = ၅။ ဘာ = ၄ ။ စ = ၆။ ဇ = ၈ = ၈၆၄၅

## ယုဂ်လေးပါး

| | | | | |
|---|---|---|---|---|
| (က) | ကလိယုဂ် | = နှစ်ပေါင်း | ၄၃၂၀၀၀ | အကောင်းတစ်ပုံ |
| (ခ) | ဒွါပရယုဂ် | = ။ | ၈၆၄၀၀၀ | အကောင်းတစ်ဝက်၊ အဆိုးတစ်ပုံ။ |
| (ဂ) | တြေတာ(သေတ)ယုဂ် | = ။ | ၁၂၉၆၀၀၀ | အကောင်းသုံးပုံ၊ အဆိုးတစ်ပုံ။ |
| (ဃ) | ကတယုဂ် | = ။ | ၁၇၂၈၀၀၀ | အားလုံးအကောင်း |
| | ယုဂ်လေးပါး | = ။ | ၄၃၂၀၀၀၀ | အအဥအီ-ရာဂီဩ-ဤယုဂ်လေးပါးသည် ကပ်ဆုံးသည့်တိုင်အောင်အစဉ်အတိုင်းဆက်စပ်ရွေ့လျားနေ၏။ |

ကလိယုဂ်သက်တမ်း၊ "ဂိက္ခာဂိက္ခ" ၂၅၂၅နှစ်သို့ရောက်သောအခါ ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မူ၍ ၄၅နှစ်တာကာလပတ်လုံး တရားဟောကြားလျက် ဩဆာဂါရ ၂၅၇၀နှစ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူလေသည်။ ထိုအခါ ကောဇာသက္ကရာဇ်နှင့်သာသနာနှစ်ကို ထပ်တူပြုကာ၊ မာဂဓေ၌ အဇာတသတ်မင်းသည်လည်းကောင်း၊ ဓညဝတီ၌ စန္ဒာသူရိယမင်းသည်လည်းကောင်း၊ မဟာသက္ကရာဇ် ၁၄၈ ကိုဖြိုပြီး ကောဇာ-၁၊ သာသနာ-၁ ဟုရေတွက်လာခဲ့ကြရာ၊ နောက်မှပေါ်လာ

http://www.dhammadownload.com



သော မင်းတို့က ကောဇာသက္ကရာဇ်ကို ကိန်းခန်းအလျောက် ဖြိုလာခြင်းကြောင့် ဂေါစာသက္ကရာဇ် သည် သာသနာနှစ်ဆက် ယုတ်လျော့ခဲ့၏။

### သက္ကရာဇ်ဖြိုသောမင်းနှင့် ဖြိုကိန်းများ

| | | | | |
|---|---|---|---|---|
| ၁။ ဒုတိယဧည္တဝတီ | ရာလမာယုမင်း | မိဘစံဇိကိန်း | ၈၆၄၅ | ဘုရားမပွင့်မီ |
| မဇ္ဈိမဒေသ | ဘိုးတော်အဥ္စနမင်း | နဝဒန္ဓေကိန်း | | |
| ၂။ တတိယဧည္တဝတီ | စန္ဒာသူရိယမင်း | ဇီဝကကိန်း | ၁၄၈ | ပရိနိဗ္ဗာန် |
| မဇ္ဈိမဒေသ | အဇာတသတ်မင်း | ပဿုစတုရူပကိန်း | | ပြုသောနှစ် |
| ၃။ တတိယဧည္တဝတီ | သူရိယစိတြမင်း | ခနဥ္စကိန်း | | |
| မဇ္ဈိမဒေသ | သာကမင်း | နဝခဆကိန်း | ၆၀၉ | ဓာတုဋီကာ |
| ၄။ ဝေသာလီ | သီရိဓမ္မာဝိဇယ | ဥတ္တမကိန်း | | ကိန်း ၁၁၆၉ |
| | (သီရိစန္ဒြမင်း) | | ၅၆၀ | |

**မှတ်ချက်** ။ ။ ဖော်ပြပါ မေဓပညာမော်ကွန်းလင်္ကာသည် အနှစ်သာရပြည့်ဝသလောက်၊ အလွန်လည်း အရေးပါအရာရောက်သော မော်ကွန်းလင်္ကာဖြစ်ပေသည်။ ပါဠိ၊ သက္ကတဘာသာ စကားများစွာပါဝင်လေသည်။ သက္ကရာဇ်ဖြိုမှု၊ သင်္ဂါယနာတင်မှုတို့ကို တိုတိုနှင့် လိုရင်းရောက်အောင် ဖွဲ့ဆိုထားပေသည်။ ယခုအခါ လူသိလည်း အလွန်နည်းလေပြီဖြစ်သဖြင့် သက္ကရာဇ်ဖြိုမှုများကိုပါ သိရှိတွက်ချက်နိုင်အောင် ဖော်ပြရခြင်းဖြစ်ပါသည်။

သီရိဓမ္မာဝိဇယ (သီရိစန္ဒြမင်း)သည် ဂေါစာသက္ကရာဇ် ၅၆၀ ကိုဖြိုသောနှစ် တန်ခူးလ ပြည့်ကျော် တစ်ရက်နေ့မှစ၍ ဝေသာလီကျောက်လှေကားမြို့ ရွှေတောင်(သရက်ချို) တောင်ကုန်း ပေါ်၌ သီဟိုဠ်(သီရိလင်္ကာ)မှ သံဃာ ၁၀၀၀၊ ရခိုင်မှ သံဃာ ၁၀၀၀တို့သည် စူဠရေဝအသျှင်ကို အမှူးထားပြီး သင်္ဂါယနာတင်တော်မူခဲ့ကြလေသည်။ သီရိဓမ္မဝိဇယမင်းကြီးက ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူခဲ့သည်။

မေဓပညာမော်ကွန်းလင်္ကာ၌ (ပ-ဒု-တ-မှီ) စတုတ္ထီကျ၊ မဟိသဟု၊ မည်ရသမိုင်း၊ ရက္ခိုင်တိုင်း သို့ . ဟုဆိုထားသဖြင့် ထိုသင်္ဂါယနာတင်မှုသည် သီဟိုဠ်မှ စတုတ္ထ သင်္ဂါယနာ တင်ခြင်း၏ အဆက်ဆိုသည်မှာလည်း ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com



ထိုသင်္ဂါယနာတင်ရာ၌-

ပိဋကတ်သုံးပုံဖြစ်သည့် . . .

| | | | | |
|---|---|---|---|---|
| ဝိနည်း | ၅ ကျမ်းကို ကြေးဝါချပ်ရေ | | | ၂၅၀ |
| သုတ် | ၃ | ॥ | ॥ | ၉၁၀ |
| အဘိဓမ္မာ | ၇ | ॥ | ॥ | ၈၄၀ |
| | | | စုစုပေါင်း = | ၂၀၀၀ ဖြင့် |

အက္ခရာတင်ခဲ့ကြရာ (၁)နှစ် ကြာခဲ့သည်။

အဋ္ဌကထာဖွင့်ဆိုရာ၌ . . . . . .

| | | | | |
|---|---|---|---|---|
| ဝိနည်း | ၅ ကျမ်းကိုကြေးဝါချပ်ရေ၇၅၀ | | | |
| သုတ် | ၃ | ॥ | ॥ | ၁၅၀၀ |
| အဘိဓမ္မာ | ၇ | ॥ | ॥ | ၆၉၀ |
| ဝိသုဒ္ဓိမဂ် | = | ॥ | ॥ | ၆၀ |
| | | | စုစုပေါင်း = | ၃၀၀၀ ဖြင့် |

အက္ခရာတင်ခဲ့ကြရာ (၂)နှစ်ကြာခဲ့သည်။ သို့ဖြင့် သင်္ဂါယနာတင်မှုအချိန်ကာလမှာ (၃)နှစ်ကြာမြင့်ခဲ့လေသည်။ ကြေးတစ်ချပ်လျှင် အလျားတစ်ထောင့်ထွာ၊ အနံတောင်ဆုပ်၊ အထူ-တစ်မူးရှိသည်။ရင်ဘက်-ကြောဘက် နှစ်ဘက်စလုံး၌ စာ ၂၇ကြောင်းစီ ပါဠိဘာသာဖြင့် ရေးထိုးထားသည်။

အာနန္ဒစန္ဒြမင်းလက်ထက်သို့ ရောက်သည့်အခါ ထိုသင်္ဂါယနာတင်ခဲ့သည့်ကျမ်းများကိုများစွာကူးရေးစေပြီး ဒေသအနှံ့ပျံ့နှံ့စေခဲ့သည်။ အာနန္ဒစန္ဒြမင်းနတ်ရွာစံပြီး နှစ် ၁၅၀ခန့် ကြာသောအခါတွင် (လေးမြို့ခေတ်) ပဉ္စာမြို့၌ စန္ဒသင်မင်း၏သားတော် မင်းရင်ဖြူသည် ဂေါစာသက္ကရာဇ် ၂၀၅ ခု၊ ခရစ်သက္ကရာဇ် ၈၄၃ တွင်နန်းတက်၍ နန်းစံ ၄ နှစ်မြောက်တွင် ထိုမင်း၏ ပစ္စည်းလေးပါးချီးမြှင့်ခြင်းကို ခံယူလျက် ၈၀၀ သောရဟန္တာအရှင်မြတ်တို့သည် ပဉ္စာမြို့၌ ရှေးဝေသာလီသင်္ဂါယနာတင်မှုကို အခြေခံ၍ ရက္ခဝဏ္ဏအက္ခရာဖြင့် ဒုတိယအကြိမ် သင်္ဂါယနာတင်ကြပြန်သည်။ ဤသို့ဖြင့် ရခိုင်၌သင်္ဂါယနာတင်မှု ၂ ကြိမ်ရှိခဲ့လေသည်။

http://www.dhammadownload.com



ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာကျမ်းအစုံကို အက္ခရာတင်ရန်အတွက် ရွှေအတိကို ပတ္တားခတ်၍ ချပ်ရေပေါင်းများစွာ ပြုလုပ်ရသည်။ ရွှေချပ်တစ်ချပ်၏ အရှည်မှာ အလျားတစ်တောင်၊ အနံတစ်ထွာ၊ (အချို့ကျမ်းများ၌ အနံလက်လေးသစ်) စာတစ်မျက်နှာ၌ စာ-၇ ကြောင်းစီရေးသား၍ တစ်ချပ်လျှင်ရွှေချိန် ၁၅ကျပ်သားရှိသည် ဟုဆိုပါသည်။

၄င်းသင်္ဂါယနာတင် ပိဋကတ်သုံးပုံ၊ အဋ္ဌကထာကျမ်းအစုံကို လေးမြို့ခေတ်တစ်ခေတ်လုံး ရခိုင်မင်းအဆက်ဆက်တို့ နန်းတွင်းဘဏ္ဍာတော်ရွှေတိုက်၌ ထားရှိလျက် ထိန်းသိမ်းခဲ့ကြသည်။ မြောက်ဦးခေတ်အလယ်သို့ရောက်သောအခါ မင်းဟကြီး၏သား မင်းဖလောင်းသည် ဦးရာဇ်တော် ဓာတ်စေတီမြတ်၌ ဌာပနာခဲ့သည်ဟု တစ်ဆယ့်တစ်အင်္ဂါရှိသော ရာဇပုံကျမ်း၌ပြဆိုထားသည်။

ရခိုင်ပဥ္စမသင်္ဂါယနာတင်မှုနှင့် ပတ်သတ်၍ ရခိုင်မဂ္ဂဇင်းအမှတ် (၇)၌ မုဏိဓေ (မြောက်ဦး) က (ပညာမော်ကွန်းစာ) မူကွဲတစ်ခုရရှိထားကြောင်း တင်ပြထားပါသည်။ ထိုမူမှာ ဆေးဆရာ ငမဲ မူဟူ၍ သတ်မှတ်နိုင်ပါ၏ဟုဆိုထားသည်။ ဆေးဆရာ ငမဲက ကောဇာ ၁၂၆၀တွင် ရေးကူးထား သောမူဟုဆိုသည်။ အခြားစာမျက်နှာနှင့်ဆက်၍ ရေးကူးထားသဖြင့်"ကော်"ချပ်မှ "ကား"ချပ်ထိ ထိုမော်ကွန်းစာကိုတွေ့ရ၏။ ယခု ဦးငမဲမူနှင့် မဟိုသက ရာဇဝင်လာမူကို ညှိနှိုင်းတိုက်ဆိုင်ကြည့်ရန် တင်ပြလိုရင်းဖြစ်၏ဟုဆိုသည်။

မူနှစ်ခုကိုနှိုင်းယှဉ်ကြည့်ရာ၌ ပေါင်းချပ်အရေအတွက်အားဖြင့် မကွဲပြားသော်လည်း တင်သောကျမ်းစာ၊ အရင်းအချာအားဖြင့် ကွဲပြားနေသည်ကိုတွေ့ရသည်။

သုဘူပရံ၊ သုလေါကိတံ၊ သုမင်္ဂလံ၊ သမိဒ္ဓိတု။

ကမ္ဘာစဉ်လာ၊ ဓမ္မတာဖြင့်၊ ဝိဒ္ဒါသမုတ်၊ စတုယုတ်ကိန်း၊ လေးသိန်းသုံးသောင်း၊ နှစ်ထောင် ဆောင်သား၊ နှစ်ပေါင်းကိုချုပ်၊ ကလိယုဂ်လည်း၊ ထိုယုဂ်နှစ်ပြန်၊ ဒွာပရန်ဟု၊ သုံးပြန်တေတြာ၊ လေးဖြာကတ၊ ပေါင်းကြလေးထပ်၊ ရှိအပ်သိမှု၊ အ အ ဥ ဤ၊ ရာဂီဘြ၊ ဂဏန်းစုဖြစ်၊ ထိုနှစ်အပေါင်း၊ ခေတ်ပြောင်းပြန်လှန်၊ ကပ်ဆုံးလွန်အောင်၊ လှုဘောင်ပွါးဆုတ်၊ လေးပါးယုတ်တွင်၊ အယင်မတ၊ ဓမ္မဥစ္စာ၊ ပြည့်လှာဥဿုံ၊ ကောင်းကိန်းကြုံ၏။ သုံးဘုံတေတြာ၊ ယုဂ်မှာတစု၊ ကောင်းစုသုံးမှာ၊ ဒွါပရာစက်၊ တဝက်ကောင်းဆိုး၊ တမျိုးကလိ၊ အသုဇက၊ သုံးဆချွတ်ယွင်း၊ တရားကင်း၏၊ ယင်းကလိသက်၊ ထိုနှစ်ထက်မှာ၊ သိက္ခာသိက္ခ၊ ဂဏန်းချကာ၊ ရာသက်ကာလ၊ ဟာယနမှီ၊ သာကီ

http://www.dhammadownload.com



သက္ကျ၊ ဂေါတမဟု၊ လောကလူ့ရွှာ၊ ပွင့်လာဖြစ်၍၊ ဒေဝါမနုံ၊ ကျွတ်မှုဟောကြား၊ လေးဆယ့်ငါးဝါ၊ ရောက်ခါ၊ ဩဆာသာရ၊ သာခပုဏ္ဏမီ၊ ငြိမ်းလိနိဗ္ဗာန်၊ ထားပြန်သာသနာ၊ ကောဇာဖြို့ရှု၊ ဓာတုဋ္ဌိကာ၊ ရောက်ရေခါကား၊ ပေါင်းကြ၊ နဝကြိ၊ သတ္တဂ္ဂီရ၊ ဂေါတမဂုဏ်၊ ကျမ်းညွှန်အလာ၊ ရက္ခာပူရ၊ ဓညသဘင်၊ ဘုရင်ရာဇာ၊ နာလာမာယု၊ မင်းဟုသမိုက်၊ ဝိတက်ဖြိုက်ခါ၊ ဂေါဇာဘိန္ဒ၊ သာဓကကျမ်း၊ ကိန်းဆန်းအရ၊ မိ-ဘ-စံ-ဇိ၊ ဖြိုတကြွင်းနှစ်၊ သက္ကရာဇ်မဟာ၊ တရားသုံးခု၊ ပွင့်မှုတို့ကြ၊ ကဆုန်ပဏ္ဏာ၊ ဂေါတမဟု၊ ဗုဒ္ဓတံထွာ၊ မသီရာကို၊ လွယ်စွာရဟိမ်း၊ သနားဖိန့်ဖိန့်၊ ဟောမိန့်ညွှန်ကြား၊ လေးဆယ်ငါးလျှင်၊ ရောက်ငြားဝါရွယ်၊ ရာလေးဆယ့်ရှစ်၊ ဘိုးတော်ချစ်၏။ ပြည့်သစ်ကဆုန်၊ အင်္ဂါကြုံနိ၊ ဘုံးဘုံဆွိဆွိ၊ တုန်တုန်ခွိလျှင်၊ မရွှိနိဗ္ဗု၊ စံတော်မူဘိ၊ ပြည်သူသက်နှင်း၊ မင်းစဉ်အလျောက်၊ ငါးဆယ်မြောက်ကျ၊ စန္ဒသူရိယာ၊ ဇီဝကကိန်း၊ ဖြိုသိမ်းပြီးမှ၊ တစ်ကစလစ်၊ သက္ကရာဇ်လာ၊ သာသနာနှစ်၊ ပွားသစ်အညီ၊ ယှဉ်မီမြောက်တက်၊ ဆယ့်ခြောက်ဆက်မှာ၊ သူရိယာစိတြ၊ မနေ့ဥကိန်း၊ ဖြိုသိမ်းပြီးထ၊ ခတ္တိယနွယ်၊ သုံးဆယ်နှစ်ဆက်၊ ဆင်းသက်ရောက်ပြန်၊ သီရိစန္ဒြ၊ ဥတ္တမကိန်း၊ ဖြိုသိမ်းပေါင်းပြု၊ ဓာတုဋ္ဌိကာ၊ ကောဇာဂုဏာ၊ ရောက်ထမှန်စွာ၊ သာသနာနှစ်၊ အတိတ်ဖြစ်၏။ ထိုနှစ်မှာပင်၊ စိတြပုဏ္ဏ၊ ပါဋ္ဌိပဒ၊ ဆုတ်စတရက်၊ ယင်းနိထက်တွင်၊ မြသွင်မှိုင်းအိ၊ တန်ခိုးဟိသည့်၊ ဘူမိရှိတောင်၊ ဗွီထက်ခေါင်ကို၊ ညီအောင်ပြုလျှက်၊ လေးဘက်ညီညာ၊ တမျက်နှာလျှင်၊ ဝိဟာယှဉ်မှို၊ ငါးဆောင်စီတည်း၊ မျှညီစပ္ပါယ်၊ ငါးဆယ်သံဃာ၊ တမျက်နှာလျှင်၊ နှစ်ရာငါးဆယ်၊ လေးသွယ်အရိယာ၊ ထေရ်သံဃာတို့၊ နှစ်ဖြာမူရ၊ သီဟဠမှ၊ သကငါးလီ၊ ကြွချီဖြည့်တင်း၊ တိုင်းရင်းဓည၊ တို့ပြည်မမှ၊ ဒူရင်းရော၊ ကျော်လာတထောင်၊ ပင့်ဆောင်ကျွေးမွေး၊ လျှုပီးပွဲကြီး၊ ပွဲတင်ဟီးမျှ၊ အံ့ချီးထိုခါ၊ ကျင်းပရာတွင်၊ လယ်ချာထူးဆန်း၊ နတ်နန်းတူလျှောင်း၊ ရှိကျောင်းဝိမာန်၊ ဝေဇယန်မှာ၊ ဓမ္မရတနာ၊ ညီလာခံမူ၊ ပြုကြစေရာ၊ သံဃာနှစ်ထောင်၊ ဦးဆောင် ပုဗ္ဗင်၊ သခင်စူဠ၊ ရေဝထေရ်လျှင်၊ ကြီးမှူးတင်၍၊ သဘင်ဓမ္မ၊ သင်္ဂါယနာ၊ တင်ပြုရာတွင်၊ စစ္စာပဋ္ဌ၊ ဝိနယဉ္ဌ၊ နှစ်ရာငါးဆယ်၊ နိကာယ်ပဋ္ဌ၊ သုတ္တန္တဟု၊ ကေတာလီ၊ ကျမ်းဂမ္ဘီဉ္ဌ၊ ယှဉ်မှီးကိုးရာ၊ တဆယ်လာ၏။ ခုဒ္ဒမည်ရ၊ သတ္တဝေဖြာ၊ ဘိဓမ္မာဉ္ဌ၊ ရှစ်ရာလေးဆယ်၊ သုံးသွယ်ပိဋကတ်၊ ပါဠိမြတ်ဉ္ဌ၊ ရှီးမှတ်ကြီးပြား၊ နှစ်ထောင်အားဖြင့်၊ ပြီးငြားသီချာ၊ တနှစ်ကြာခဲ့၊ တဖြာဖွင့်ပြ၊ အဋ္ဌကထာ၊ ဝိနယာဉ္ဌ၊ ခုနှစ်ရာငါးဆယ်၊ နိကယ်ပဋ္ဌ၊ သုတ္တန္တမှာ။ ထောင့်ငါးရာတည်း၊ ဓမ္မတိရေကာ၊ ဘိဓမ္မာဉ္ဌ၊ ခြောက်ရာကိုးဆယ်၊ မိပ္ပါယ်ပေါင်းရုံး၊ ကျဉ်းချုံးဖွင့်ဟ၊ ဝိသုဒ္ဓိမဂ်၊ ရေတွက်ဘာလီသ၊ ဒွိယနိဿယာ၊ ကင်္ခါဝိကရဏီ၊ ကြီးနီချပ်ပြား၊ နှစ်ဆယ်အားဖြင့်၊ ငါးပါးနိကာယ၊ အဋ္ဌကထာ၊ နှစ်နှစ်ကြာခဲ့၊ စဉ်လာပွါးသက်၊

http://www.dhammadownload.com



ဓမ္မစက်လျှင်၊ ရှည်ဆက်တည်မူ၊ မျှော်ထောက်ရှု၍၊ ပ-ဒု နောက်မှ၊ တတိယဟု၊ ဓမ္မသဘင်၊ သင်္ဂါယနာ၊ တင်ရာဓိပတိ၊ မောဂ္ဂလိပုတ္တ၊ တိဿထေရ်ကျော်၊ အမိန့်တော်ဖြင့်၊ ထင်ပေါ်ပြည်မ၊ မဟိံသဟုမည်ရသမိုင်း၊ ရခိုင်တိုင်းသို့၊ စီခိုင်းကြွလာ၊ မဟာရေဝ၊ ထေရင်ါးဖြာ၊ ရဟန္တာတို့၊ သူရိယာစက္က၊ ရှိ့ရာဇအား၊ ဒေဝဒူတန်၊ တန်တမန်ဖြင့်၊ ဟောညွန်းသွန်းလောင်း၊ လေးသောင်း အရိယာ၊ ဓမ္မစက္ခု၊ ရမူလပေါင်း၊ လေးသောင်းရဟန်း၊ ကျွတ်တမ်းဆိုက်ရ မြတ်ဗုဒ္ဓ၏၊ ဓမ္မစက်နွယ် ဆက်သွယ်ပွါးလျှောက်၊ တပ်ဆင့်လျှောက်၍၊ ထွန်းတောက်ထိန်ထိန်၊ နောက်နောင်ချိန်လည်း၊ မမှိန်သမိုင်း၊ ရှိခိုင်တိုင်းဝယ်၊ ဖြန့်လှိုင်းရောင်စွယ်၊ ဇမ္ဗူလယ်၌၊ ဖြန့်လျက်ဆင့်ဆင့်၊ နှံ့သွယ်လင့်ဟု၊ အသင့်လျော်စွာ၊ ဆောက်တတ်ကာဖြင့်၊ မဟာမဟိန္ဒ၊ ထေရဘုန်းစည်၊ ဖြည့်တည်နွယ်စင်၊ သီဟိုဠ်တင်ပြီးနောက်မှ၊ တိမ်းမှောက်ညစ်ညူး၊ ဝါဒထူးဖြင့်၊ ကူးလူးမယှဉ်၊ အစဉ်တည်တံ့၊ အရှည်ခံ့ဟု၊ ကူပံ့ဖြန့်ဖြူး၊ မြတ်ကျေးဇူးဟိ၊ ရဘိရည်ညွှတ်၊ လွတ်ထပြုထ၊ သီဟဠနှင့်၊ ဝါဒတူဆိ၊ တို့သင်္ဂီကား၊ ပဥ္စမီထပ်၊ ကြီးနီချပ်လျှင်၊ ရှိကွပ်တင့်သား၊ ငါးထောင်းအားဖြင့်၊ ရှိုးထားသီးချာ၊ သုံးနှစ်ကြာလျှင်၊ ကောင်းစွာသီးသီး၊ အောင်မြင်ပြီး၍၊ လူထီးခွန်ဆီ၊ စိုးမိုးချီသ၊ သီရိစန္ဒြာ၊ တို့ရာဇာ ကား၊ ပြည်ရွာခွန်ဆက်၊ လျှော့တန်တဝက်၊ ရန်မျက်ခပ်သိမ်း၊ ငြိမ်းစီးကြောင်းပြု၊ ကောင်းမှုပြည့်ဖြိုး၊ စေတီမျိုးနှင့်၊ ပုဆိုးဆင်းတု၊ မျက်မှုကြည်လင်၊ ဖြူစင်မနော၊ ပြန့်ပြောစဖွယ်၊ ဂူကျောင်းသွယ်လက်၊ သွားလွယ်တံတား၊ ရီထားကန်တူး၊ မြောင်းဆည်တူးဖြင့်၊ ဆည်းပူးမယုတ်၊ ကြီးကုတ်ဒါန၊ သီလ တဖြာ၊ ဘာဝနာတရပ်၊ ဝိပဿနာ၊ ပွါးကာထိန်းချုပ်၊ လောကုတ်မဂ္ဂင်၊ ထုံမွှန်းတင်သည့် ဖိုလ်ဝင်နိဗ္ဗူ ရောက်ကြောင်းတည်း။

အောက်ပါအတိုင်း ကိန်းဂဏန်းဖြင့် တွက်ပြထား၏။

## (က) ပါဠိတော်

| | | | |
|---|---|---|---|
| (၁) | ဝိနည်းငါးကျမ်း | - ကြေးနီချပ်ရေ | ၂၅၀ |
| (၂) | နိကာယ်ငါးရပ်တွင်သုတ္တန် ၄၁ ကျမ်း၌ | ။ | ၉၁၀ |
| (၃) | ဒုဒ္ဒကနိကာယ်ဝင်အဘိဓမ္မာ | ။ | ၈၄၀ |
| | | ချပ်ရေပေါင်း = | ၂၀၀၀ |

မှတ်ချက်။ ။ ဤ၌သုတ္တန် (၄၁) ကျမ်းကို တစ်သုတ်လျှင်တစ်ကျမ်းကျစီဖြင့် ရေတွက်ထား ခြင်းဖြစ်သည်။

ရေတွက်ပုံမှာ -----

http://www.dhammadownload.com



| | | | | |
|---|---|---|---|---|
| (၁) | ဒီဃနိကာယ် | - | ၃ ကျမ်း | |
| (၂) | မဇ္ဈိမနိကာယ်(ပဏ္ဏာသ) | - | ၃ ကျမ်း | |
| (၃) | သံယုတ္တနိကာယ် | - | ၅ ကျမ်း | |
| (၄) | အင်္ဂုတ္တရနိကာယ် | - | ၁၁ ကျမ်း | |
| (၅) | ကျန်ခုဒ္ဒကနိကာယ် | - | ၁၉ ကျမ်း | |
| | သုတ်ကျမ်းပေါင်း | - | ၄၁ ကျမ်း | |

**(ခ) အဋ္ဌကထာ**

| | | | |
|---|---|---|---|
| (၁) | ဝိနည်းငါးကျမ်း | ကြေးနီချပ်ရေ | ၇၅၀ |
| (၂) | နိကာယ်ငါးရပ်တွင်သုတ္တာန် ၄၁ ကျမ်း၌ | ။ | ၁၅၀၀ |
| (၃) | အဘိဓမ္မာခုနှစ်ကျမ်းတွင် | ။ | ၆၉၀ |
| (၄) | ဝိသုဒ္ဓိမဂ်။ | | ၄၀ |
| (၅) | ကင်္ခါဝိတရဏီနှစ်ကျမ်း<br>(ဘိက္ခု၊ ဘိက္ခုနီဝိနိစ္ဆယ) | ။ | ၂၀ |
| | | ချပ်ရေပေါင်း = | ၃၀၀၀ |

မှတ်ချက်။ ။ ဤ၌ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်တို့ကို ဖွင့်ဆိုထားသော ပါတိမောက် အဖွင့်(ခေါ်)ပါတိမောက် အဋ္ဌကထာကို သီးခြားသင်္ဂါယနာတင်ထားကြောင်း တွေ့ရသည်။ ထိုနှစ်ကျမ်းကို ဒွိယနိစ္ဆယကင်္ခါဝိတရဏီကျမ်း ဟုပြဆိုထားသည်။

## ထမ္မရာဇ်စစ်သေနာပတိ အာနောက်မဇ္ဈိမဒေသတွင် မြို့ရွာသစ်ထူထောင်ခြင်း

## ထမ္မရာဇ်စစ်သေနာပတိ

စူဠစန္ဒြားမင်းရေတပ်တော်ကြီးဖြင့် သင်းတွဲမှအပြန်လမ်းခရီးအဏ္ဏဝါရေပြင်ကျယ်အတွင်း နဂါးရာစ်(မော်တင်စွန်း)အငူဝန်းကျင်အရောက်တွင် စူဠစန္ဒြားမင်းနှင့်တကွ များပြားလှသော ရေကြောင်း ချီတပ်တော်ကြီးမှရဲမက်ဗိုလ်ပါ အများစုမှာ လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် သေကြေပျက်စီး ခဲ့ရပါသည်။ ကျန်ဆယ်ရာ့ိုင်နှုန်းမျှသောဘေးဆီးရန်တားစစ်သေနာပတိ ထမ္မရာဇ် အမတ်ကြီးကွပ်ကဲ အုပ်ချုပ်ရသည့် ရှေ့ပြေးတပ်တော်များမှာ လေပြင်းတိုက်ခတ်မည့် အရိပ်

http://www.dhammadownload.com



နိမိတ်ကိုတွေ့ရသည့်အချိန်မှ တပ်မျှူးက ပင်လယ်ကမ်းပါး၌ လေခိုရန်သင့်တော်သည့် နေရာများသို့ အပြင်းနှင်ကာ စုရုံးခိုအောင်း နေကြရန် အမိန့်ပေးခဲ့သည်။ ဤအကြောင်းအရာ နှင့်ပတ်သက်ပြီး၊ မြဒိုးဝေအမတ်ကြီး ရာဇဝင်(ဦးစံလှ ကဗျာ)၌ "လှိုမြန်စီးကာ၊ဘေးရန်စွယ်ကို၊ ကာကွယ်ပြုဖို့၊ ရှိဦးလာကေ၊ သေနာမတ်စစ်၊ စွမ်းရည်သန်ကေ၊ ထမ္မရာဇ်လျှင်၊သျှပ်စစ်လီရောင်၊ မီးခိုးမှောင်သို့၊ တိမ်တောင်ညိုမြ၊ သမုတ်ကယ်ကေ၊ ပင်လယ်ဝတွင်၊ မြင်ရတုံ့ပြန်၊ သံကျော်ကျော်နှင့်၊ အော်ကာဟစ်လို့ ပြောလိုက်ဟန်ကား၊ လှိုမြန်တော်သား၊ ရှိတပ်ချီကေ၊ ဗိုလ်ခြီများရှိ၊ ကြီးမားလှစွာ၊ အဏ္ဏဝါလေ၊ သီဒါတွင်းမှာ၊ လီပြင်းလာမည့်၊ သို့ဖြစ်ပေ၍၊ ခုဝယ်ယင်ယားစီးလာပြန်ကေ၊ လှိုမြန်များကို၊ တအားခတ်ကာ၊ မြစ်ကမ်းယံကို၊ အမြန်ကတ်အောင် ကူးကပ်ပါဟု၊ သေနာဦးစီး၊ ဟစ်အော်ကာဖြင့်၊ အာဏာပီးသော်၊ လှိုကြီးလှိုငယ်၊ စီးကြပေကေ၊ စစ်သယ်စစ်မျှူး၊ မြစ်ကမ်းယံသို့ အားမာန်တင်းကေ အမြန်ကူးလို့ အားလုံးစုံစွာ၊ ရောက်သောခါတွင်၊ လွန်စွာပြင်းလစ်၊ သမုဒ်ကျယ်ကေ၊ ပင်လယ်တွင်းမှာ၊ လီပြင်းတိုက်လို့၊ မဖြစ် အန္တရာယ်၊ ရဲမက်တော်လေ၊ ဖော်တသင်းမှာ၊ လွတ်ကင်းချေ၍. . . (ရခိုင်အသံမူရင်းဖြစ်သည်)

ရှေ့ပြေးတပ်တော်မျှူးထမ္မရာဇ်အမတ်ကြီးက မိမိတို့ကြိုတင်ရောက်ရှိနေသောနေရာ၌ပင် စခန်းချကာ နောက်မှပါလာသော ဘုရင်ကြီးနှင့်ရဲမက်များအားစောင့်မျှော်ရင်း လေပြင်းမုန်တိုင်းတိုက်ခတ်မှုငြိမ်သက်သွားသည့်အချိန်မှစပြီး၊ ရေစပ်ကမ်းစပ်ပင်လယ်ပြင်အနှံ့ခြေရာထပ်အောင် ခုနစ်ရက်တိတိ လိုက်လံရှာဖွေခဲ့ရာ စူဠစန္ဒြားမင်းစီးတော်လှေဖောင်ကြီး၏ အပိုင်းအစအချို့ကိုသာတွေ့ရသဖြင့်၊ ဘုရင်မင်းမြတ်နှင့် ရဲမက်ဗိုလ်ပါအခြံအရံတပ်တော်ကြီး တစ်ခုလုံးလေပြင်းဒဏ်ကြောင့် ရေတွင်နစ်မြုပ်ဆုံးရှုံး ပျက်စီးခဲ့သည်မှာ သေချာသဖြင့်၊ ရှာဖွေမှုများကိုရပ်စဲကာ နေပြည်တော်ဝေသာလီကျောက်လှေကားသို့ မိမိလက်အောက်ခံတပ်များဖြင့် ခရီးဆက်လက်နှင်လာပြီး ကစ္ဆပနဒီမြစ်ဝရှိ အာကျိတ်ကျွန်းတွင် ခရီးတစ်ထောက်ဝင်ရောက်နားကာ၊ အဖြစ်အပျက်အစုံအလင်အားလျှောက်တင်ရန်လျင်မြန်သည့် ရှေ့ပြေးတမန်များကိုစေလွှတ်ခဲ့ပါသည်။ ဖဒူမင်းညီကလည်း ၎င်း၏ "ရခိုင်မင်းသမီးချောင်း" အပိုဒ်(၁၁)တွင် စူဠစန္ဒြားမင်းအပြန် ခရီး နဂါးနှစ်(နောင်တွင်နဂါးရာဇ်-မော်တင်စွန်း)အရောက်တွင် ရှေးခုနစ်ဘဝက အတူတကွပေါင်းသင်းနေထိုင်ခဲ့ဘူး သောနဂါးမင်း၏ သမီးတော်က ဖခမည်းတော်အကူ အညီဖြင့်အပြန်ခရီးထိစောင့်ကာ နှစ်ယူပြီး၊ ရေအောက်နဂါးပြည်သို့ ခေါ်ဆောင်သွားခဲ့သည်။ နားသောတဆင်ကြသူပရိသတ်များ နားဝင်ချိုမြ နာချင်ဘွယ်ရာ

http://www.dhammadownload.com



ရှိအောင်ရှေးရှေးကဒဏ္ဍာရီပုံပြင်ပမာ ဥပ္ပါယ်တမျဉ်ဖြင့် . . . "ရေနတ်မင်းသွေး နှောင်းမယ်ထွေးလျှင် ရှေ့ခုနစ်ဖြစ်အချစ်ဝါသနာ ဆုံပေလာကြောင့် ပန်ထွာနှစ်ထောင်း ဘကိုတောင်းသော် အလောင်းပြန်ခါ လင့်ရှာလဟူ ချစ်နှစ်ယူသည် လွယ်ကူပန်း နှယ် စူးတည့်လေ" ဟုရေးသားခဲ့ပါသည်။

အထက်ပါဖဒူမင်းညို၏အဖွဲ့အနွဲ့အား မြဒိုးဝေရာဇဝင်(ဦးစံလှကဗျာလင်္ကာ)၌ စူဠစန္ဒြားမင်း မိမိ၏များပြားလှစွာသောရဲမက်ဗိုလ်ပါအခြံအရံဖြင့်သာမန်ရေနစ်အနိစ္စရောက်ခဲ့သည်ကို ဖဒူမင်းညိုကဲ့သို့သောပညာရှိပုဂ္ဂိုလ်များနှင့်ကွက်စိပ်ဟောဆရာများက မဖြစ်နိုင်၊ယုတ္တိမတန်သည့်အခြင်းအရာများအား ပညာအခြေခံနည်းပါးအယူသည်းတယူသန်များက ယုံမှားလက်ခံကာ ၎င်းတို့ကတစ်ဆင့် လွဲမှားသည့် အတွေးအခေါ် အယူအဆများပြန့်ပွားသွားဘွယ်ရာရှိ၍ ခေတ်ကျမ်းများကိုအကိုးအကား ပြုလျှက် ကုန်းနေသတ္တဝါများ လေမရှိသည့် ရေထုအောက်ဝယ်အသက်ရှင်ရပ်တည်နိုင်စွမ်းမရှိ ကြောင်း ထောက်ပြကာ၊ဖဒူမင်းညိုနှင့် ရာဇဝင်သုတေသီများ၏ အရေးအသားအား ပြစ်တင်ဝေဖန်ခဲ့ပါသည်။ သို့သော်ဖဒူမင်းညိုမှာလည်း ၎င်းကဲ့သို့ပင်ပညာရှိသုခမိန်တစ်ဦးဖြစ်၍ မိမိပုံပြင်ဆန်ဆန် ရေးသားမှုအား ၎င်း၏အပိုဒ်(၁၂)တွင် "ဟုတ်လိဝါးဝါး၊ တွေးယူမှားလျှက်၊ နဂါးနှုတ်ထွက်၊ ခုနစ် ရက်သာ၊ နေခဲ့ကာတည့်၊ တခါလည်းကောင်း၊ အလောင်းလူ့ပြည်၊ ပေါ်လာမည်ဟု၊ဟူသည်စကား ရှင်မထားလော့" --- ဖြင့် ရှေ့အပိုဒ်အဆိုမှာ ဒဏ္ဍာရီမျှသာဖြစ်ကြောင်း ပညာရှိပီပီ အပိတ်စကား ပါရှိသည်ကိုကား(ဦးစံလှ)ရိပ်စားမိ ခဲ့ဟန်မတူချေ။ ဆီလျော်သင့်မြတ်သောနေရာ၌ ကဗျာချေင်းကာရန်ကိုလိုက်၍ ဖော်ပြသွားခဲ့ခြင်းဖြစ်ပေသည်။ မြဒိုးဝေ ဦးစံလှက -- ကမ္ဘာလောက၊ တိုင်းနိုင်ငံ လေ၊ အနန္တတွင်၊ များစွာဖြာဖြာ၊ ခပ်သိမ်းသူလေ၊ လူအများ၏၊ စကားမှာ၌၊ စဉ်လာတန်း၊ ပြောကြ ပေကော၊ မြို့ပြည်သူနှင့်၊ရပ်သုံးရွာသုံး၊ နန်းလယ်တွင်းမှာ၊ ဘုရင်သုံးဟု၊ ဆိုထုံးဟိရာ၊ ယျွမှာ၌၊ ဆိုကာ ထားကော၊စကားလာလျှင်၊ရာဇာမင်းသုံး၊ဆန်းအယဉ်ကော၊ နန်းစဉ်ထုံးဖြင့်၊ ရွှိဘုန်းထင်ရှား၊ စန္ဒရား ကော၊ မင်းများဘုရင်၊ ဘောဂပြည်လေ၊ ဌာနေနန်းမှာ၊ စံမြန်းရွှင်ဟု၊ ရီတွင်ဆုံးကြောင်း၊ အဓိပ္ပါယ်ကို၊ ရိပ်ခြည်စောင်းလျှက်၊ ရှိဟောင်းစကား၊ ရာဇဝင်မှာ စာတင်ထားလို့၊ ရှည်လျား နှစ်တာ၊ ခေတ်များစွာ လျှင်၊ ကြာကာပြောင်းရှိ၊ နောက်နောင်လာကေ ပညာဟိဟု၊ ကေစိဆရာ၊ အဖြာဖြာတို့ ကဗျာရတု အဲအံ့ပြု၍၊ ထိုဝတ္ထုကို ပြုစုသောခါ၊ စာနဂိုမှာ၊ အပိုသွင်းလို့

http://www.dhammadownload.com



ရှိုးခြင်းရာကြောင့်၊ ပမာတင်အပ်၊ ရှိသဂီကို၊ ဖိုမှာနှောကော၊ ကြီးရောစပ်ယောင်၊ နောက်ထပ်တဖြာ၊ ဥပမာနှင့်၊ တူစွာသဘော၊ မုယော တန်လေ၊ ဆွမ်းဆံဖွီးမှာ ကြွက်ချီးရောယောင်၊ အဟောရှိ သမိုင်းမှန်မှာ ပိုချန်မုသလူများစွာတို့ နာသာဩြားအောင်၊ နဂါးနန်းဘုံ၊ယခုဆိုကေ ထိုမင်းဖျားမှာ၊ စံစားလှုံပှ တဖုံတနည်း ရာဇဝင်မှာ စာတင်ကွဲ့လို့ မှားလွဲပိုလွန် ရှိုးထားဟန်ကို၊" ---(အေဒီ-၁၅၃၁-၁၅၅၃ ခန့်က)

မင်းတရားကြီးဘုရင်လက်ထက် အေဒီ(၁၅၃၁-၁၅၅၃)ခန့်ကပင် (ဆီးဆရာကြီးပဏ္ဍိတ်ကျော်ခေါင်) "ဓာတ်များစွာကို ခွဲကာစမ်းကေ" ကျမ်းဂန်ပြုထားသည်။ "ဓာတုစိန္တာကျမ်း" အရ"လီထုတွင်းမှာ ပေါင်းစပ်ခါဖြင့်၊ပြန့်ခါပိလုပ်၊ခုဆိုပေကေ ထိုသည့်ဓာတ်ကို၊ များလက်စုံစွာ သတ္တဝါလေ၊ ကမ္ဘာလူသား၊ တိရစ္ဆာန်ပိုးနှံများနှင့်၊ မြို့ဘားကကြွင်း၊ နှာဓာတ်ကူ၍ စုတ်ယူသွင်းကော၊နှလုံးတွင်းသို့ သွင်းရမှသာ၊ ရုပ်နှင့်နာမ်မှာ မှန်မလွဲကော၊ တည်မြဲရာ၏၊ ဇီဝဓာတုငွေ့ရည်ပိုကော၊ ထိုဓာတ်စုလျှင်၊ ရှိထုအောက်ဆိုင်၊ လီဝါတာနှင့် သွင်းကာဖောက်ကော၊မရောက်နိုင်၍၊တောမြိုင်ကျက်စား၊ တိရစ္ဆာန်ကေပိုးနှံများနှင့်၊ လူသားတို့သည်၊ရှိအောက်မှာလျှင်၊ခန္ဓာသက်ကေ ဆုံးပျက်တေဟု၊အတည်တကျဓာတ်ကျမ်းမှာလျှင်၊ ရှိုးကာပြလို့၊ ဘောဂဒ္ဒါနေ၊ ရှိအောက်မှာ၌၊ တည်ထားကာကော၊ နဂါးပြည်တွင်၊ ဘုန်းကြွယ်မင်းဖျား၊ တအေကာလှင် တေဇာလွှမ်းကော၊ စန္ဒရားလျှင်၊ နဂါးသမီး နန်းဘုံမှာ လှစံသီးနှင့် ပျော်မှီးစမွဲယ် ဟိပါရေဟု ဆိုပေတုံဩြား ယုတ္တိယုတ္တ မဟိပါဘဲ ဆိုရာများကို--ရှိစာဆိုရှိ အပိုချဲ့လို့ ရှိုးခဲ့သည်သာ-- ပြောသောအခါတွင်၊---ပုဏ္ဏာကို သင်္ခါကင်းလို့---"

အခြင်းအရာအရေးအစပ်အားဖတ်ရှုခြင်းအားဖြင့် မင်းတရားကြီးဘုရင်လက်ထက်ကပင် ယုတ္တိ မတန်သည့်အရေးအသားဒဏ္ဍာရီများအားလူသူများလက်ခံသည့်လက္ခဏာမတွေ့ရတော့ပါ။ ဖဒူမင်းညီကလည်း ဟုတ်လိတ်ဝါးဝါး၊ တွေးယူများလျှက်၊ နဂါးနှုတ်ထွက်၊ ခုနစ်ရက်သာ နေခဲ့ပါတည့်၊ တခါလည်းကောင်း၊ အလောင်းလူ့ပြည်ပေါ် လာမည်ဟု၊ ဟူသည့်စကား ရှင်မထားလော့ ဟု ပညာသားပါပါ၊ ဦးစံလှကဲ့သို့ပွင့်ပွင့်လင်းလင်းမဟုတ်ဘဲ၊ပညာသားအပြည့်ဖြင့် ယုတ္တိမတန်ကြောင်းကို ဖွဲ့နွဲ့ရေးသားထားပါသည်။ အချုပ်အားဖြင့် ဒဏ္ဍာရီမှရာဇဝင်ကြောင်း အားထုတ်နှုတ်ယူကာ ရေးသားကြခြင်းပင် ဖြစ်ပါသည်။ အိန္ဒိယနန်းရင်းဝန်ဟောင်း ပဏ္ဍိတ်နေရူး ကမ္ဘာ့ထိပ်တန်း ပညာ ကျော်စာရေးဆရာကြီး၏ အဆိုအရ အိန္ဒိယရှေးဟောင်းရာဇဝင်သမိုင်းကို ပြုစုရာ၌ ရှေးရှေးဒဏ္ဍာရီ ဟောင်း ဂေါတမဗုဒ္ဓဘုရားရှင် ဗုဒ္ဓဝင်ပါအရေးအသားများမှ ရာဇဝင် သမိုင်းကြောင်း အချက်အလက်များစွာကိုရရှိခဲ့သည်ဟုဆိုပါသည်။

**စန္ဒာဒေဝီမိဖုရားကြီး**

http://www.dhammadownload.com





ကပင် ဘုရင်ကြီးမိန့်မှာတော်မူခဲ့သည့်အတိုင်းဝေသာလီကျောက်လှေကားမြို့တော်၌(ရာဇဝင်အရ) သုံးနှစ်မျှစိုးမိုးအုပ်ချုပ်နေခဲ့ပြီးဖြစ်ပါသည်။

စူဋစန္ဒြားမင်းကြီး၏အပြန်ခရီး၌ ရေနစ်အနိစ္စရောက်ကြောင်းတမန်တော်လျှောက်တင်ချက် အရ မိဖုရားသိရှိရသောအခါ ကျမ်းဂန်များလာ ရေတွင်နစ်မြုပ်သေဆုံးသူများ၏အလောင်းမှာ ခုနစ်ရက်ခန့်အတွင်းအလောင်း ရေပေါ်သို့ပေါ်လာစမြဲဖြစ်သည်ဟု ဆိုရိုးစကားကို ထမ္မရာဇ် အမတ်ကြီးသည် လျစ်လျူရှုအလေးမထား ရှေ့ဖျားမှရန်ဆီးရန်တားလိုက်ပါခဲ့ရသော စစ်သေနာပတိ ထမ္မရာဇ်အမတ်ကြီး မိမိ၏ပြည့်ရှင်ဘုရင်မင်းမြတ်အား နှံ့နှံ့စပ်စပ်လိုက်လံရှာဖွေခြင်းမရှိ "ကိုယ်လွတ်ရှောင်ခွာ လာတတ်ရာတွင် အလောင်းကိုစိစစ်နိုင်ရန်အတွက် တပါတည်းယူဆောင်လာ နိုင်ခြင်းမရှိသည်ကိုသော် လည်းကောင်း(မြဒိုးဝေ အပိုဒ် ၂)၊သို့တည်းမဟုတ်ပါက စူဋစန္ဒြားမင်းကြီး ခရီးထွက်ခွာဆဲဆဲ မိမိအား ထမ္မရာဇ်အမတ်ရှေ့တွင်ပင်- ရှင်မိဖုရား ငါသော်တမူကား ရပ်ဝေးမြေ ခေါင်သို့ ကြွတော်မူလိမ့်မည်၊ ရှင်မိဖုရားမူကား သီလသီတင်းကို မြဲစွာဆောက်တည်လျှက် ပြည်ရွာ တိုင်းကားကိုစိုးကွပ်၍နေပါ။ ပင်လယ်သမုဒ္ဒရာဟူသည် အသက်ဘေးအန္တရာယ် များစွာရှိသည်ဖြစ်၍၊ ငါ မင်းမပြန်လာငြားမူကား-လက်စွပ်နှင့် တိုင်း၍တန်သောသူအားမင်းပြုစေ"-ဟု အမိန့်တော်ထား ခဲ့သည်ကိုလည်းကောင်း၊ ထို့အပြင် ထမ္မရာဇ်အမတ်ကြီးမှာ ဘုရင်ထံပါး၌ အမြဲခစားနေရသူဖြစ်၍၊ ယခုအချိန် အခါရေမြေရပ်ခြားတိုင်းတပါးသို့ ကြွမြန်းတော်မူမည် ဆိုပါကအခါမသင့်၍ ပြန်လမ်းမမြင်ကြောင်း ပုဏ္ဏားကြီးများ ကကြိုတင်ဟောကိန်း ထုတ်ကာတားမြစ်တော်မူကြသည်ကို လည်းကောင်း ကောင်းစွာသိမြင်သူ တစ်ဦးဖြစ်၍၊ ဘုရင်မင်းမြတ် လမ်းခရီး၌ကွယ်လွန်အနိစ္စရောက်ခဲ့ပါက မိမိမှာဘုရင်နှင့်ကိုယ်ကာယအရပ် အမောင်းတူညီသောသူဖြစ်သည့် အလျောက် ထမ္မရာဇ် အမတ်ကသူသာလျှင် နန်းလျာဖြစ်နိုင်ဖွယ်ရာရှိသည်ဟု ယူဆကာ၊ မိမိအရှင်သခင် ဘုရင်မင်းအား အပြန်ခရီးပင်လယ်သမုဒ္ဒရာရေပြင်ကျယ်၌ လုပ်ကြံသတ်ဖြတ်ပြီး၊ အလောင်းကို စိစစ်ခွင့်မရ အောင်ဖျောက်ဖျက်ကာ နန်းလုရန်ရည်ရွယ်ချက်ဖြင့် နေပြည်တော်သို့ ချီလာသည်သာ ဖြစ်တန်ရာသည်ဟု ဆောက်တည်ရာမရ၊ အပူမီးတောက်လောင်နေသည့် ငယ်ရွယ်သူ အာဏာစက် ပြင်းထန်သော မိဖုရားကြီးစိတ်ဝယ်

http://www.dhammadownload.com



မယုံသင်္ကာစိတ်ဝင်ကာ ရန်ငြိုးကြီးစွာထားပြီး တမန်များဖြင့်ပင် နေပြည်တော်သို့ လုံးဝပြန်မလာရန် ထမ္ဘရာဇ်အမတ်ကြီးအား အကြောင်းကြားတားဆီးကာ ပြည်နှင် ဒဏ်ခတ်ခဲ့ပါသည်။ ၎င်းအဖြစ်အပျက်များနှင့်ပတ်သက်ပြီး ဦးစံလှ ကဗျာ၌-

"---ထိုသည်ကာလ လီပြင်းဟုန်လေ ရပ်တုံကလျှင် သေနမဟာမင်းရာဇာကို မျှော်ကာ စောင့်လျှက် ထိုနီရာတွင် တွက်ကာစစ်ကေခုနစ်ရက်ထိ ကုန်းနှင့်ရီစပ် မြစ်ကမ်းသာမှာ ဒီရာ ထပ်အောင် ရှာလတ်သောအခါ ဘုန်းရောင်ဖြာကေ ရာဇာတုလွတ် စီးကာပျော်ကေ လှီတော်မြတ် လျှင် ကွဲပြတ်ပိုင်းကာ၊ သမုဒ်ရီလေ ကမ်းခြီစပ်မှာ၊ တွိလတ်ပါသော်၊ ထိုခါပြီးမှ ပြည်ကြီးရှင်လေ၊ သဇင်ကုန်းကို၊ အဆုံးချလို့၊ တိုင်းမအောင်ချာ၊ မြို့ဝေသာကို၊ ပြန်လာတုံကြ အာရိုတ်ဆိုကေ၊ ထိုသည်ကျွန်းက၊ စခန်းချလျှက်၊ စန္ဒာဒေဝီ မပဟေသီဟု၊ ကျော်ညီထင်ရှား ရှိနန်းတော်မှာ၊ စံပျော်ဟိကေ မိဖုရားကို၊ ယင်းယား တလီ၊ ကြောင်းခြင်းဟန်ကို တမန်များနှင့် ယှောက်ကြားစီသော် ဒေဝီအလှ ဆွဆွခုန်၍ ယမ်းပုံထဲမှာ မီးခဲကျသို့ ဒေါသဖြစ်ကာ အကောက်ကြံ၍ စိတ်မာန်ပြင်းနှင့် မှူးတော်မတ်တော်များအားပြောခြင်း ရာကား၊--"

ရာဇာဘုန်းကြွယ် သင်းတွီးပြည်သို့ လာမည်ပြုခါ စကားဆိုလျှင်၊ မေကိုညွှန်းကေ သုံးခွန်းမှာကေ

၁။ ပြည်ရွှာထံမှောက်၊ မောင်သက်နှံလျှင်၊ ပြန်မရောက်က၊ မင်းမြှောက်အံ့ငှာ၊ အလောင်းရှာ သော် မောင်သာဆင်လတ်၊ နဝရတ်ကေ၊ လက်စွပ်နှင့်မူ တန်သောသူကို မင်းမူစီအပ်၊ (လက်စွပ်ဖြင့် တော်သောသူရှာဖွေမရပါမူ)

၂။ နောက်တဖန်လျှင်၊ရှိဘုန်းနန်းထဲ၊မောင်လျှင်ကိုင်ကေ၊နန်းစဉ်လှေးကို၊ဆွဲကာလွယ်ကူ တင်နိုင်းသူကို မင်းမူပါစီ။

၃။ နောက်တလီလျှင်၊မှာသည်စကား၊ညာနန်းစံမှာ၊သန္ဓေသားကို၊မြင်ဘွားတုံ့ပြန် အရွယ်တန်ကေ၊ နိုင်ငံတိုင်းမ၊ ဖအမွီလေ ရှိကြငှန်းကို၊စံမြန်းရယောင်၊လှမေခေါင်ကို၊ကြံဆောင်မစ၊ သားသက်ဝီကို ပီးလီရမည်၊ နန်းဘုံသာမှာ၊အာဏာမှတ်လို့၊ မိန့်လတ်တေခါ၊အမတ္တာလေ၊ သေနာပတိ၊ မတ်မဟာလျှင် ရာဇာဘားမှာ၊ခစားဟိလို့ ကြားသိလတ်ရာ၊မင်းမြတ်စွာနှင့်၊ ငါးရာ စင်စစ်၊ လုံးရပ်ညီကေ တူသည်ဖြစ်၍၊ရှိနှစ်သိင်္ဂါ ရတနာလေ ရာဇာလက်စွပ် သူ့လက်တန်မည်

http://www.dhammadownload.com



မှတ်လို့ ကြွယ်မှာ၊ မင်းမြတ်ကိုသာ၊ အဏ္ဏဝါတွင်၊ လွှန်စွာရက်စက်၊ ရုပ်ခန္ဓာကို၊ ဖျောက်ခါဖျက်လို့ အရှက်မပယ်၊ မင်းပြုရန်ဟု စိတ်ကြံဟိကော၊ ဆိုးဘိယုတ်မာ၊ မတ်မိစ္ဆာလျှင်၊ လိမ်ကာ လှည့်လျှက် အကောက်ဉာဏ်နှင့်၊ တမန်ဆက်ဟု၊ သွက်သွက်လည်းခါ၊ စိတ်မာန်ပါ၍၊ ကမ္ဘာမကြီး ငါမသီကော၊ မနီစီရ၊ မြို့တိုင်းပြည်က၊ နှင်မေပဟု၊ မေလှေတောင်ညာ၊ ကြိမ်းဝါးရာကို၊ သေနာ ထွင့်ထား မတ်တော်ဝန်(ထမ္မရာဇ်)မှာ နာခံပျင်းအောင်၊ သတင်းကြားလို့ ရှက်အားလည်းကြီး၊ တိုင်းမြို့ခွင်က ကြင်မယားနှင့်၊ သားသမီးကို ခေါ်ယူပြီးလျှင်၊ စစ်သေနာနှင့်၊မြစ်ညာထက်ကို ဆန်တက်ဝီးစွာ၊ သင့်မြတ်ရာမှ၊ မြို့ရွာတည်ချ၊ များဗိုလ်ခြီနှင့် နီလီကြသော်" ---

ထမ္မရာဇ်အမတ်ကြီးအား မှူးမတ်များအလယ်၌အထင်မှားပြီး စန္ဒာဒေဝီမိဖုရားကြီးကြိမ်းဝါး သံကို တမန်များထံမှကြားရသောအခါ အရှက်ကြီးစွာဖြင့်မြို့တော်သို့မပြန်ဘဲ မိမိသားမယားများကိုခေါ်ယူကာ နောက်လိုက်နောက်ပါရဲမက်ဗိုလ်ပါများနှင့်အတူ ကစ္ဆပနဒီမြစ်ဖျားဆီသို့ ဆန်တက်ပြီးလျှင် မြို့တော်မှဝေးလံသောမြောက်ဘက်အရပ် တောတောင်ထူထပ်သည့် တစ်နေရာ၌မြို့ရွာတည်ထောင်၍ လက်ဦးကနေထိုင်ခဲ့ကြပါသည်။သို့သော်ဝေသာလီစန္ဒြားနွယ်ဝင် မင်းဆွေမင်းမျိုးတပ်များလာရောက် တိုက်ခိုက်ကြသဖြင့်၎င်းဒေသမှတဖန် ရခိုင်အနောက်မဇ္ဈိမဘာဂ ၁၂-ခွင်နယ်ပယ်နယ်စပ် စစ်တကောင်း အရှေ့မြောက်ဘက်ရှိ တောတောင်ထူထပ်ပြီး လူသူ အရောက်နည်းပါးသောတြိပူရ (Chittagong Hill Tracks Tripura) သို့ အလုံးအရင်းဖြင့် ဆုတ်ခွာရှောင်တိမ်းသွားခဲ့ရပြီး၊ အများစုမှာတောင်များပေါ်၌ လည်းကောင်း၊ အချို့အဝက် ရဲမက်များ ကအနီးအနားမှာမြေပြန့်များ၌လည်းကောင်း မိမိတို့ကိုလူသူများ မသိရလေအောင် ဒေသခံလူမျိုးစု ငယ်နွယ်တူအာရိယံ (အာရိယိုဒြာဗီဒိယံသကျနွယ်ဝင်) သက်(ဆက်မ ချက္ကမ) မြို့ အမည်နာမများကို ခံယူကာ သီးသန့်မြို့ရွာတည်ထောင်ပြီး၊ အေဒီ-၇၇၀၊ သာသနာသက္ကရာဇ် (အဇာတသတ်) ၁၂၆၂ ခုကပင် ရခိုင်ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်ကိုးကွယ် မှုဘာသာအယူဝါဒ များ မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး၊ စုစည်းကာ အေဒီ (၁၅၃၃-၁၆၁၂)အထိနှစ်ပေါင်း (၈၅၀)ခန့် မြောက်ဦးဒုတိယခေတ် မင်းဗာကြီးဘုရင်၏ မြေးတော် မင်းရာဇာကြီး လက်ထက်တိုင်အောင် မိမိတို့ဘာသာလုပ်ကိုင်စားသောက်ကာ ဘာဂ ၁၂-ခွင် စန္ဒြနွယ်ဝင်မြို့များ နယ်ပယ်မှခွဲခြားပြီးလျှင် တိတ်တဆိတ်မိမိတို့ ဇာတိဇာစ်မြစ်ကိုဖုံးကွယ်ပြီး နေထိုင်လာခဲ့ကြသည် ဟုဆိုပါသည်။ အေဒီ-၁၅၉၉ ခုတွင် မြောက်ဦးမြို့တော်မှမင်းရာဇာကြီးက တောင်ငူမင်းအား ယိုးဒယားတပ်များ လာရောက်တိုက်ခိုက်စဉ်အခါက ကျဆုံးသွားခဲ့သော ပဲခူးမြို့ကို

http://www.dhammadownload.com



ပြန်လာ သိမ်းပိုက်ကူညီခဲ့ရာ၌၊ ယိုးဒယားရေတပ်အားမုတ္တမတွင် မိမိဦးစီးသည့်ရေတပ်ဖြင့် ခြေမှုန်းနိုင်ခဲ့သော ရခိုင်ဘက်မှ ခေါင်းဆောင်ရာဇာ "ကောင်းလှဖြူ" အားချီးမြှောက်သောအနေဖြင့် ပဲခူးဘုရင့်နောင်၏ သားတော် နန္ဒမင်း၏သမီးတော်ဖြင့် ထိမ်းမြားလက်ထပ်ပေးပြီး၊ ၎င်းတို့ နေထိုင်သည့် စစ်တကောင်း တောတောင်ထူထပ်သောနယ်ပယ်ကို မင်းမိန့်မင်းအာဏာဖြင့် အပိုင်စားပေးခဲ့သည်မှ ရခိုင်နွယ်ဝင်သက်၊ မြို၊ မရမာအမည်ခံ ထမ္မရာဇ်မျိုးနွယ်များ နေထိုင်ရာအရပ်မှ လက်ဦးရခိုင်လက်အောက်ခံ သက်ထောင်၊ ဗိုလ်မင်းထောင်၊ ဖလံထောင် စသည်ဖြင့် ထောင်စုမြို့ရွာ အများအပြား ရခိုင်ဘင်္ဂါ မဏိပူရတောင်တန်းဒေသ တလျောက် ထင်ထင်ရှားရှား အစပျိုးပေါ်ထွန်းခဲ့ပါသည်။ စစ်မက်ရေးရာ ရဲမက် (၁၀၀၀)စီပေးရသော အစုများဖြစ်၏။

၎င်းထောင်စုများက စစ်တကောင်းအားဒေလီမြို့တော်များမှ (Moharmedan Mogul Emperror) စစ်သွေးကြွများ ဘာသာရေးဇန်းပြစစ်ပြုသိမ်းယူပြီး၊ ဘာသာအယူဝါဒ သိမ်းသွင်း ပြောင်းလဲစေခဲ့ချိန်၌ ရခိုင်နယ်ပယ်နယ်နိမိတ်အတွင်းသို့ ပြန့်နှံ့ကူးစက်မှုမရှိစေရန် မြောက်ဦးနှင့် ဘင်္ဂါ ၁၂-ခွင်ရှိ ရခိုင်တပ်တော်များနှင့် အတူ ထောင်စုမှ တပ်သားများက ကြံကြံခံပြီး ရွတ်ရွတ် ချွန်ချွန်ခုခံကာကွယ်ခဲ့သူများ ဖြစ်ကြပြီး ယခုတိုင် ၎င်းဒေသသည် ရခိုင်၏ဓလေ့အစဉ်အလာ ရိုးရာမပျက် မြို (Mong)၊ ဖလံ (Palan)၊ သက်(ချက္ကမ-Chakma) ၊ ဘိုမွန် (Bohmong)၊ မရမာကြီး (Mara or Maramagri) နှင့် မြေပြန့်ဒေသရှိ ဘင်္ဂါ ၁၂-ခွင် ရခိုင်အနောက် ပြည်ထောင်သား အုပ်စုကြီးများမှာ ထင်ထင်ရှားရှားဘာသာကွဲ အယူသည်း တိုင်းတပါးတွင် ခိုင်မြဲတည်တံ့စွာ ရပ်တည်နေကြဆဲဖြစ်ပါသည်။ အရေးအသားနှင့်ပတ်သက်ပြီး (The Mog or the Magh or the Arakanese of Bangladesh by U San Tha Aung) စာတမ်းတွင် ပြည့်စုံစွာ ရေးသားထားပါသည်။

၎င်းအချိန်(အဇာတသတ်)သာသနာ-၁၂၆၁၊အေဒီ-၇၆၉(ရခိုင်ကောဇာ ၉၂၃)ခန့်က စန္ဒာ ဒေဝီမိဖုရားနှင့်စူဠစန္ဒြားမင်းတို့၏ နှစ်ခါလည်နုနယ်သောသားငယ်တို့ ဝေသာလီတွင် စိုးမိုးနေလာ ခဲ့သည့် ခေတ်ကုန်ဆုံးခဲ့သည်မှအစပြုကာ ရခိုင်ရာဇဝင်တွင် မကြုံစဖူးသော သမိုင်းကြောင်း အပြောင်းအလဲတစ်ရပ် အစပျိုးပေါ်ပေါက်လာ၍(၂၄)နှစ်သောအချိန်အတွင်း ရခိုင်ပြည်ထောင် ထီးကျိုးစည်ပေါက် သကျသာကီမျိုးရိုးပါ ပျောက်လုမတတ်အဖြစ်ဆိုးကြီး နှင့်ကြုံကြိုက်ခဲ့ရသည်

http://www.dhammadownload.com



သာမကၤ၊ရခိုင်တို့နှစ်ပေါင်း(၄၀၀၀)ကျော်မျှ ကြီးစားတည်ဆောက်လာခဲ့သော အနုပညာစာပေ လက်ရာများ၏ အမြုတေအမွေအနှစ် စုစည်းတည်ရှိရာ ဝေသာလီကျောက်လှေကား မြို့တော်နှင့် ဓညဝတီမြို့တော်ဟောင်းပါမကျန် အေဒီ-(၇၉၃-၇၉၄) ခုအတွင်း သျှမ်းတရုတ်များ အဋ္ဌနနဒီ မြစ်ဖျားဒေသမှဝင်ရောက်တိုက်ခိုက်လုယက်ဖျက်ဆီးခြင်းကြောင့် ထောင်းထောင်းညက်ညက် ကြေမွ သွားခဲ့၍ သုံးမရအောင်ပျက်ပြားနေသဖြင့် စစ်တန်းတင်မှသောင်းချီသော သက်လူမျိုးစုနောက်လိုက် နောက်ပါများဖြင့်အဋ္ဌနနဒီအရှေ့ဘက်ကမ်းပါး (ဝေသာလီအရှေ့ဘက် ၈-မိုင်ခန့်ကွာဝေးသော အရပ်၌) စစ်စခန်းများချကာသျှမ်းတို့ဘေးအန္တရာယ်မှအကာအကွယ်ပေးနေသော စန္ဒာဒေဝီ မိဖုရားနှင့်စူဠစန္ဒြားတို့၏သား ငတုံမင်းသားရှိရာ စမ္ဗဝက်ဒေသသို့ ရခိုင်စစ်ပြေး ဒုက္ခသည်များ စုဝေးရောက်ရှိခိုလှုံလာခဲ့ကြရာ၊ ၄င်းအရပ်၌ပင် ငတုံမင်းသားက မြို့ရွာအတည်တကျ တည်ထောင် ၍၊ အင်အားတောင့်တင်းလာပြီဖြစ်သောသက်၊ ရခိုင်တပ်ကြီးဖြင့်စစ်ခံနေခဲ့ပါသည်။

သျှမ်းတရုတ်တပ်တော်ကြီးမှာ စမ္ဗဝက်နှင့် စန္ဒာဒေဝီက ပဲဖြူအနိစ္စရောက်သည့် အေဒီ (၇၉၃-၇၉၄)ခုကပင် တူတော်စန္ဒကူးမင်းသားအကူအညီဖြင့် ဝေသာလီမှ စစ်မခံဘဲဆုတ်ခွာလာ သော စစ်အင်္ဂါအပြည့်အစုံပါရှိသည့် တပ်စစ်စခန်းချရာ ဝေသာလီအနောက်မြောက်ဘက်ရှိ သပိတ်တောင်ရခိုင်တပ်(၂)ခုဖြင့် မြစ်နှစ်သွယ်ကြား စစ်ဗျူဟာအရ ရပ်တည်နိုင်စွမ်းမရှိသည့် အားလျော်စွာ တစ်နှစ်တာမျှ မွှေနှောက်ဖျက်ဆီးလုယက်ပြီး၊ တောင်ဘက်သို့ဆင်းကာ၊ အရှေ့ ရခိုင်ရိုးမကို ဖြတ်သန်း၍မြန်မာပြည်တွင်းသို့ ဝင်ရောက်သွားသည်ဟုအဆိုရှိပါသည်။

ပုဂံ သရေခေတ္တရာ၊မွန် သထုံ ရခိုင် စမ္ဗဝက်တို့ကို နန်ချိုတရုတ်တရက်များဖျက်ဆီးခဲ့သည်။ ငတုံမင်းသားက အေဒီ-၇၉၄ ခုနှစ်တွင်ပင် ဝေသာလီထီးနန်းအား ခမည်းတော်အရိုက်အရာ ကို ဆက်လက်ခံယူခွင့်ပြုပါရန်မယ်တော် စန္ဒာဒေဝီထံတောင်းခံပြီး၊ ပြာပုံအတိ ယိုယွင်းပျက်စီး နေသော ဝေသာလီ၊ ဓညဝတီမြို့ဟောင်းအားမိမိ၏ ထီးနန်းစိုက်တည်ရာ မြို့တော်အဖြစ်ပြန်လည် ပြုပြင်ခြင်း မပြုတော့ဘဲ မိမိတပ်စခန်းချရာ စမ္ဗဝက်ဒေသ၌ပင်မြို့တော်သစ် တည်ထောင်ကာ (၂၄)နှစ် တာအဘိသေကခံနန်းတက်ပြီး အုပ်ချုပ်စိုးစံနေခဲ့ပါသည်။ ၄င်းမြို့တော်အား ဓညဝတီ၊ ဝေသာလီကျောက်လှေကားမြို့တော်များကဲ့သို့ နှစ်ရာပေါင်းများစွာအချိန်ယူကာ ခိုင်ခိုင်မာမာ မြို့တော်ကြီး အင်္ဂါရပ်များနှင့် အညီတည် ဆောက်ရန်အခါအခွင့်မရရှိခဲ့ချေ။ အရှေ့မြန်မာပြည် အရိမဒ္ဒနာ(ပုဂံ)မှ စောခင်နစ်မင်း(အေဒီ-၈၁၈) လာရောက်တိုက်ခိုက်၍ ငတုံမင်းကျဆုံးပြီး မြို့တော်

http://www.dhammadownload.com



ပါ ပျက်စီးခဲ့ရသည်။ ဤသည်ပင် ဝေသာလီကျောက်လှေကားခေတ် "စန္ဒြမင်းစဉ်မင်းဆက်"၏ နိဂုံးချုပ် အဆုံးသတ်ရာဖြစ်ပေသည်။ (အေဒီ-၇၉၄မှ ၈၁၈။သာသနာ-၁၂၈၆၊ရခိုင်ကောဇာ-၁၁၇-၁၄၁) (အမှန်တကယ်မှာ စောခင်နစ်မဟုတ်၊ နန်ချို-နန်ချောင်တရုတ်တရက်များ ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်)

## သုံးနှစ်မျှမင်းမဲ့ဖြစ်ကာ နုနယ်သောစန္ဒာဒေဝီမိဖုရားကြီးအုပ်ချုပ်နေရသည့် ဝေသာလီကျောက်လှေကားမြို့ကြီးအတွက် မင်းလောင်းမင်းလျာရွေးချယ်ခြင်း(အေဒီ-၇၆၉)

ရှေးရှေးထုံးတမ်းစဉ်လာအရ လက်ရုံးရည်နှလုံးရည်တန်ခိုးအာဏာစက်ပြင်းထန်ပြီး မင်းကျင့်တရားနှင့်အညီအုပ်ချုပ်သောမင်းများ ဘဝတစ်ပါးသို့ ပြောင်းလဲမသွားမီ အမိန့်တော်ရှိခဲ့သည့် မိန့်မှာချက် ကို(မိဖုရားကြီး၊ ဆွေတော်မျိုးတော်၊မှူးမတ်ဗိုလ်ပါအပါအဝင်)ပြည်သူပြည်သားများက ရိုးသားဖြောင့်မတ်ကာ ဘာသာရေးအယူဝါဒကိုင်းညွတ်ပြီး မိမိထားရှိရမည့် ကျင့်ဝတ်သိက္ခာကို မဖျောက်မဖျက် ထိန်းသိမ်းလိုက်နာကြသူများပီပီ တသွေမတိမ်းလိုက်နာ ဆောင်ရွက်ကြစမြဲ ဖြစ်ပေသည်။

အကယ်၍သာ ၄င်းမိန့်မှာချက်ကြောင့် ဆိုးကျိုးများကျရောက်ကာ "တစ်မင်းမကောင်း၊ တစ်မင်းပြောင်း"ဆိုသည့် ပြည်သူပြည်သားများ၏ ခံယူချက်သစ်ကိုလည်း မသုံးမဖြစ်သည့် အခြေအနေမျိုးသို့ ကျရောက်သည့်အခါမှသာ တွင်တွင်ကျယ်ကျယ်အသုံးချအကောင်အထည်ဖော်ခဲ့ကြသည်ကိုလည်း လေးမြို့ခေတ်သို့ကျရောက်မှသာ တွေ့မြင်လာခဲ့ရသည်။စူဠစန္ဒြားမင်းရေနစ်အနိစ္စရောက်ကြောင်းကြားသိရပြီးမကြာမီပင်၊တိုင်းပြည်အုပ်ချုပ်ရာ၌ နှစ်ရှည်လများ မင်းမဲ့တိမ်ကော(နှစ်)ခါ လည်မျှရှိသေးသော စူဠစန္ဒြား၊စန္ဒာဒေဝီတို့၏ သားငယ်ကို ရင်ခွင်ပိုက်လျှက် မိဖုရားကြီးကပင် ဆက်လက်အုပ်ချုပ်နေပါက စစ်အင်အားစွမ်းရည်ချည့်နဲ့၍ တိုင်းပြည်အတွက် အန္တရာယ်ကြီးမားလှသည်ကို အမြော်အမြင်ကြီးလှသည့် စန္ဒာဒေဝီမိဖုရားက သိတော်မူသည့်အလျှောက်တစ်နေ့တွင် ညီလာခံဝင်ရာ၌ မှူးတော်မတ်တော်ကြီးများအား ပြည်ရှင်မင်း မိန့်မှာချက်များအတိုင်း တိုင်းပြည်အဝန်းကြေငြာကာ မင်းလောင်းမင်းလျာ(မိမိအတွက်လင်လျာ) ရွေးချယ်ရန်အမိန့်တော်ရှိခဲ့ပါသည်။

http://www.dhammadownload.com



၎င်းအကြောင်းအရာနှင့်ပတ်သက်ပြီး ဖဒုမင်းညို၏ "ရခိုင်မင်းသမီးချောင်း" ၌ပြတ်သားလှပါသည်။ "ရှင်အေးခင်ဖွား၊မိဖုရားကို၊သွားမည့်အခါ၊ရောင်ဝါလျှပ်လျှား၊ပတ္တမြားခြည်၊ ၎င်းသည်လက်စွပ်၊ ဘိုးခတ်ပြည်နိုင်း၊ တိုင်းရွှေ(၍)တန်သူ၊ မင်းမြောက်မူဟု၊ ဟု(ယူ)ခဲ့နှစ်ထောင်၊ ကြာမညောင်းတည့်၊ အလောင်းမင်းလျာ၊ တိုင်းကာရှာသည်၊ ထိုခါပြည်လုံး၊ နှုံးတည့်လေ^၁။"

နှုံးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ ထိုရော်အခါ (လင်မိန့်မှာကြောင့်)၊ လင်လျာလို့နိုင်း၊ လက်စွပ်တိုင်း၍၊ ရနိုင်းတည့်ရှာမေး အပြည့်အသွေး။ ။လေညးယင်ယင်ေ။

စူဠစန္ဒြားမင်းခရီးမထွက်ခွာမီ လျှပ်စီးတမျှရောင်ဝါထွက်လှသည့် မိမိ၏ပြည်တန်ပတ္တမြားလက်စွပ် ကို မိဖုရားကြီးအားပေးအပ်ပြီး၊မိမိပြန်မလာပါကနှောင့်နှေးကြန့်ကြာမှုမရှိ မိဖုရားအတွက်မင်းလောင်းမင်းလျာ (လင်လျာ)ကို လက်စွပ်တော်ဖြင့် တော်သောသူအား ရွေးချယ်ရန်မှာကြားခဲ့ကြောင်း ပေါ်လွင်ပြီး၊စန္ဒာဒေဝီမိဖုရားမှာလည်း ရွေးချယ်ခံရသူဖြင့်ပင် နေရမည်ဖြစ်၍၊ မင်းကြီးခရီးထွက်စဉ် မိဖုရားတွင်သုံးလသန္ဓေသားရှိနေပြီးဖြစ်သော မျိုးဆက်အတွက်ပါ နန်းလျာဖြစ်မြောက်နိုင်ရေးမှာလည်း လူသိရှင်ကြားအသုံးဝင်လျှက်ရှိပြီးဖြစ်ပေသည်။ ၎င်းအချက်အားစန္ဒာဒေဝီမိဖုရားကြီးကမလွဲမသွေကြိုး ပမ်းဆောင်ရွက်ရမည်ဟုလည်း အဓိပ္ပါယ်သက်ရောက်ပါသည်။

အထက်ပါအချက်အလက်များကိုထောက်ရှုခြင်းအားဖြင့် စန္ဒာဒေဝီမိဖုရားကြီး မိမိ၏အရှင်သခင်ပြည့်ရှင်မှာကြားချက်များအတိုင်းတသွေမတိမ်းလိုက်နာမှုရှိ-မရှိနှင့်မည်၍ မည်မျှအောင်မြင်မှုရှိခဲ့သည်ဆိုသည့် အချက်ကိုသာစောင့်မျှော်လေ့လာပြီး၊ ၄င်းမှာပထမဒေဝတီနောက်ဆုံးစွန် မင်းငယ် ပျော်လှ၏မိဖုရားကြီးစောစစ်ကဲ့သို့ကြီးမားသောအန္တရာယ်ကိုရင်ဆိုင်ကာမင်းရိုးစဉ်ဆက်မပျက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်သော အာဇာနည်မိဖုရားကြီးတစ်ပါးပါပေလော၊ သို့တည်းမဟုတ်၊မြောက်ဦး ဒုတိယခေတ်မင်းဟရိ (သီရိသုဓမ္မရာဇာ) ၏နတ်သျှင်မယ်မိဖုရားကြီးကဲ့သို့ မျိုးဖျက်ပြည်ဖျက် "နတ်သျှင် မယ်(ဝါလှဖြူ) မှောက်မှား၊ အလား လား၊ ဟရိလည်းသေ၊ ပြည်လည်းကြေ"မှတ်ယူရလောက်အောင်ဆိုးသွမ်း ယုတ်မာသည့်မိဖုရားတစ်ပါးပေလောဆိုသည့် အဖြေကိုရှာကြရပေမည်။ ယင်းကဲ့သို့လေးနက်ခက်ခဲသည့်

---

၁။ ရခိုင်အေဒီ ၈၁၈-၁၄ နှစ်၊ ရခိုင်မြန်မာကွာခြားချက် - အေဒီ ၈၃၂

http://www.dhammadownload.com



မေးခွန်းများအတွက် အဖြေရှာဖွေသည့် အခါမည်သို့မည်ပုံအပေါ် ယံအားဖြင့် လင်ယူခဲ့သည့်မိဖုရား သကျသာကီမျိုးရိုး ဇာတိသိက္ခာ ကိုမစောင့်စည်း၊ဂုဏ်ဒြပ်ကိုမက်မောသောဘုရင်မကြီး၊ သို့တည်းမဟုတ်ပါက မိမိအားကြင်ယာတော် ပြည့်ရှင်မင်းကမိန့်မှာသွားခဲ့သည့် ဆောင်ရွက် ဖွယ်ရာများအပြည့်အဝအောင်မြင်မှု ရရှိရေးအတွက် မိမိဂုဏ်သိက္ခာအကျအဆင်းအညှိုး အနွမ်းခံကာ အမြော်အမြင်ကြီးစွာဖြင့်ဆောင်ရွက် နိုင်ခဲ့သော အာဇာနည်မိန်းမမြတ်မိဖုရားကြီး တစ်ပါးပေလော၊ ၎င်းမိဖုရားကြီးက အသိပညာဗဟုသုတ အတွေ့အကြုံခေါင်းပါးသည့် တောင်ယာခုတ်စားနေသော မြို့ တေပါးချုပ်မင်းနှစ်ပါး၊ စူဋစန္ဒြားတူတော် သကျသာကီမျိုးရိုး စန္ဒကူးမင်းသားကြီးတို့နှင့်ဆက်လက်ပေါင်းသင်းနေထိုင်ခဲ့ခြင်းမရှိပါက ရခိုင်ပြည်ထောင်ထီး ကျိုးစည်ပေါက်သကျသာကီမျိုးရိုးပါပျောက်ကွယ်လုမတတ်ဖြစ်နေသောအရေးပေါ် အခြေအနေမှ ထိန်းချုပ်ကယ်တင်ခဲ့ကြသော စန္ဒာဒေဝီ၏သားသမီးများဖြစ်ကြသည့် အဋ္ဌနနဒီရခိုင်ပြည်ထောင် များမှ(မင်းငတုံ၊ခေတ္တသင်၊စန္ဒသင်နှင့်နှမတော်ရင်းနောင်တော်မင်းနှစ်ပါး၏ မိဖုရားကြီး (သီရိကူမ္မာ) နှင့် သားတော်မင်းရင်ဖြူမင်းစဉ်မင်းဆက်ဆွေစဉ်မျိုးဆက် ရခိုင်ပြည်ထောင်အား အေဒီ-၇၉၄ မှ အဆုံးထိတိုင်အောင်ဆက်ပေးခဲ့သောမင်းများ)ပေါ် ထွန်းခဲ့မည်လောဆိုသည့်အချက်အား အလေး အနက်ထားကာ ထည့်သွင်းစဉ်းစားပြီးခါမှ စန္ဒာဒေဝီမိဖုရားမှာ မည်သည့်အဆင့်အတန်းတွင် ရင်ပေါင်တန်းပါဝင် နိုင်သည့်မိဖုရားကြီးဖြစ်သည်ကိုအဆုံးအဖြတ်ပေးကြစေလိုပါသည်။

၎င်းမိဖုရားကြီးသာမရှိပါက ရခိုင်ရာဇဝင်သမိုင်းရေစီးကြောင်းမည်သို့မည်ပုံ ပြောင်းလဲသွား ဖွယ်ရာရှိပါသနည်းဆိုသည့် မေးခွန်းအားပထမအဖြေရှာပြီးမှပြစ်တင်ဝေဖန်လျှက် သုံးလင်ပြောင်း သည့် မိန်းမအတန်းအစားနှင့် နှိုင်းကသင့်တော်ပေမည်လော၊ ကံကောင်းထောက်မ၍ (၄)ဆက် မြောက်တူတော် စန္ဒကူးမင်းသားကြီးနှင့်အိမ်ထောင်ပြုခဲ့၍သာ “အဋ္ဌနနဒီလေးမြို့ခေတ်” ပေါ် ထွန်း လာကာရခိုင်ထီးနန်း အားအသက်ဆက်ပေးနိုင်ခဲ့သည်ဆိုသည့်အချက်ကို မမေ့သင့်ဟု ယူဆမိပါ သည်။ မည်သို့ပင်ဖြစ်စေ တပင်လဲမှ နောက်တပင်ထူသည့် ကိစ္စဖြစ်ပေသည်။

ဝေသာလီခေတ်အဆုံးသတ်သည့်အခါ စန္ဒာဒေဝီမိဖုရားမှာ ဂုဏ်သိက္ခာကျဆင်းနေသည့် မိဖုရား ဟောင်းကြီးနှင့်ပြည်စွန်ပြည်ဖျားတောတောင်ဇနပုဒ် သပိတ်တောင်မြို့စား စန္ဒကူးမင်းသား၏ ဇနီးသည် မင်းသမီးအဖြစ်ပျောက်ကွယ်အဆက်ပြတ်မသွားစေရန် ကြိုးကြိုက်သည့် အခါအပြည့်အစုံ ရေးသား ဖော်ပြရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



အာဏာစက်ပြင်းထန်သည့် မင်း၏နန်းတွင်းဖွားမိဖုရားကြီး မင်းသုံးပါးနှင့်မြို့စားကြီး တစ်ပါး၏မိဖုရားကြီး၊မင်းသုံးပါး၏မွေးသမိခင်(လေးမြို့ အဥ္စနနဒီ မြောက်ဦးမယ်တော်ကြီးဟုပင် သမုတ်ခေါ် ဆိုအပ်ပေသည်။) ဝေသာလီခေတ်ကိုပင် မိမိလို့ဝှက်စွာသက်စွန့်ကြိုးပမ်းပျိုးထောင်ခဲ့သော ငမင်ငတုံက (၂၄)နှစ်တာဆက်လက်ထိန်းချုပ်ထားခဲ့သည်။ သုဝဏ္ဏဒေဝီ၏ သွေးသားပီသပေသည်။

မိဖုရားကြီးစန္ဒာဒေဝီက မင်းလောင်းမင်းလျာ ရွေးချယ်ရေးနှင့် ပတ်သက်၍ ညီလာခံတွင် မိန့်ကြားခဲ့သည့်အတိုင်း ပြည်တန်စူဠစန္ဒြားမင်းကြီး၏ နဝရတ်လက်စွပ်ဖြင့် တန်သောသူအား ပြည့်ရှင်မင်း အဖြစ် ရွေးချယ်မည်ဖြစ်ကြောင်း တိုင်းပြည်အဝန်းကြေငြာခဲ့သဖြင့် မင်းသားမင်းမြေး ဆွေတော်မျိုးတော် မှူးမတ်ဗိုလ်ပါပြည်သူပြည်သားအပေါင်း နှစ်ထောင်းအားရ ဝမ်းသာကြပြီး၊ စူဠစန္ဒြားမင်း၏တူတော်ရင်းချာ စန္ဒဂုဏ်ဘုန်းကံညံ့၍မင်းဖြစ်မည့် ဇာတာမပါရှိသော(စန္ဒကူး) စသော မင်းမျိုးမင်းနွယ်ဝင်မင်းသားမှအစ ပြုကာလက်ဝယ်စွပ်၍တိုင်းကြည့်သောအခါမတန်သဖြင့် စစ်သူကြီးမှူးတော်မတ်တော်၊ နန်းတွင်းနန်းပြင် မှူးမတ်များ၊ စစ်ဘက်ရဲမက်ဗိုလ်ပါတို့နှင့် လည်းမတော်၍၊ မြို့တော်အတွင်းအပြင် လူသူဆင်းရဲချမ်းသာ အယုတ်အညံ့မရွေးတိုင်း ကြည့်ပြန်သော်လည်း တစ်စုံတစ်ယောက်မျှတော်သောသူမတွေ့သဖြင့်၊ မြို့ရွာ ဇနပုဒ်ရွာကြီးရွာငယ် မကျန် တောတောင်အနှံ့တွေ့မြင်သမျှသူတို့၏လက်၌စွပ်ပြီးတိုင်းကြည့်ကြပြန်ရာ နောက်ဆုံး မီးချောင်းဝ ချောင်းဖျားမြသင်းကြီး၏ တောင်ယာလုပ်ကိုင်စားသောသားနှစ်ယောက် (အမြတူ၊အမြကူ)နှင့် ညီ အမြကူသားဖြစ်သူ ပဲဖြူတို့(၃)ဦးဖြင့်လက်စွပ်တော်သည်ကိုတွေ့ရသဖြင့် ထိုမြို (၃)ဦးတို့အား မြို့တော်သို့ ဆောင်ယူလာပြီးလျှင် အမြတူကိုရှင်ဘုရင် မြောက်နန်းတင်ကာ စန္ဒာဒေဝီမိဖုရားကြီးအား တောင်ညာစံတင်မြောက်၍တိုင်းပြည်အုပ်ချုပ်မင်းလုပ်စေပြီး၊ ညီဖြစ်သူ အမြကူအား အိမ်ရှေ့မင်းအရာပေးပြီးလျှင် ၎င်း၏သားဖြစ်သူ ပဲဖြူကိုမူမြောက်ဦးရွာစား အဖြစ်မှူးတော်မတ်တော်များက တင်မြောက်ခဲ့ကြပါသည်။

သို့ဖြစ်၍ယခုကဲ့သို့စူဠစန္ဒြားမင်း လိုအင်ဆန္ဒမိန့်မှာချက်အတိုင်းအမတ်များက မျိုးခြားတေပါးချုပ် မင်းအားရွေးချယ်တင်မြောက်ခဲ့ ကြခြင်းသာဖြစ်၍၊ စန္ဒာဒေဝီမိဖုရား၏ လိုအင်ဆန္ဒလုံးဝမပါဘဲ စူဠစန္ဒြားမင်း ညွှန်ကြားမိန့်မှာချက်ဖြင့် စန္ဒာဒေဝီမိဖုရားအတွက် မင်းလောင်းမင်းလျာ ရွေးချယ်ခဲ့ကြရခြင်းသာဖြစ်ပါသည်။

http://www.dhammadownload.com



သို့သော်ခရီးမထွက်မီ စန္ဒာဒေဝီမိဖုရား၌ ကျန်ခဲ့သော(၃)လသန္ဓေသားမှ ဖွားမြင်လာသည့် သားအား စန္ဒာဒေဝီကဖေးမကြပ်မတ်ပြီး မင်းလောင်းလျာအဖြစ် ဖခမည်းတော်အမွေအရိုက်အရာကိုဆက်လက်ခံစားခွင့်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဟု သီးသန့်မိန့်မှာချက် တစ်ရပ်ရှိပြီး၊ ၎င်းအခြင်းအရာကို စန္ဒာဒေဝီမိဖုရားက မှူးတော်မတ်တော်များအား ညီလာခံတွင်အသိပေး ကြေငြာ ထားရှိပြီးလည်းဖြစ်ပေသည်။

မင်းလျာရွေးချယ်ရာ၌ မထင်မှတ်ဘဲ မျိုးခြား ဝေတစ်ပါးချပ် ပညာဗဟုသုတ အတွေ့အကြုံ ခေါင်းပါးသော တောင်ယာလုပ်ကိုင်စားသောက်သူ မင်းဖြစ်လာသည့် အလျောက်မိမိနှင့် စူဠစန္ဒြားမင်းတို့၏ နှစ်ခါလည်သားကလေးမှာ အသက်အန္တရာယ်ဖြစ်နိုင်ဖွယ်ရာရှိသည့်အတွက် ၎င်းမင်းသားငယ်အား လျှို့ဝှက်စွာတိတ်တဆိတ် ၎င်း၏ဦးရီးတော်အားအပ်နှံကာ စစ်တန်းတင်သက်များ နေထိုင်ရာအရပ်၌ပင် ဦးရီးက မိမိညီမငယ်၏ သားအားကြပ်မတ်ပျိုးထောင်ရန် ပို့လွှတ်ထားရှိခဲ့ပါသည်။ စန္ဒာဒေဝီမိဖုရား မှာမူ မြို့အမြတ္တူမင်းနှင့်တောင်ညာစံမိဖုရားကြီးအဖြစ် သားလေးနောင်ရေးအတွက်ဆက်လက်စံစား နေခဲ့ပါသည်။

အမြတ္တူနန်းစံသက်(၃)နှစ်ရှိသောအခါ စန္ဒာဒေဝီမိဖုရားကြီးမှာ မတ်ဖြစ်သူအိမ်ရှေ့မင်း အမြတ္တူနှင့် ချစ်ကြိုက်နေကြသည်ဟု မင်းကြီးကြားရ၍ မိမိညီတော်အား မိမိတို့ယခင်က နေထိုင်ခဲ့ရာ တောတောင် အရပ်၌အခြေအရံမပါဘဲ၊ ညီအစ်ကိုနှစ်ဖော်သာ သွားရောက်ကာ နတ်(ယင်) ပူဇော်ရန် အကြောင်းပြ ခေါ်ဆောင်သွားပြီးလျှင် လူသူဝေးသော လမ်းခရီးတစ်နေရာ၌ ဆိပ်လူးမြှား ဖြင့်ခွင်းကာ လုပ်ကြံသတ်ဖြတ်၍ အလောင်းကိုဖျောက်ဖျက်ခဲ့ရာ၊ ထိုအခြင်းအရာအား သားဖြစ်သူ မြောက်ဦး ရွာစားပဲဖြူ သိရှိလာသောအခါတွင် မိမိ၏ ဦးရီးတော်အပေါ် ရန် ငြိုးကြီးစွာထားရှိခဲ့ပါသည်။

အမြတ္တူနန်းတက်၍(၇)နှစ်ခန့်ရှိသောအခါ အေဒီ-၇၇၆ခုတွင် မြန်မာပြည်မှပျူများ ဝေသာလီထီးနန်းကိုအသိ ပညာနည်းပါးသော မျိုးခြားမြို့ဆွေဝင်(၃)ပါးက စူဠစန္ဒြားမင်းနတ်ရွာစံ ပြီးနောက် မင်းပြုနေကြကြောင်းကြားသိရ၍ မိတ်ဘက်မင်းဖြစ်သူ စူဠစန္ဒြားမင်းကို မိမိသမီးတော် တစ်ပါးအားလည်း မိဖုရားတစ်ပါးအဖြစ် ထိမ်းမြားလက်ထပ်ပေးထားရသူဖြစ်ရကား မခံမရပ်နိုင်ဖြစ်ကာ သရေခေတ္တရာမှကြီးမားသော တပ်တော်ကြီးဖြင့် မြို့မင်းအား ဝေသာလီကျောက်လှေကား နန်းတော်မှ ဖြုတ်ချကာ မင်းရိုးနောက်တစ်ပါးကို နန်းတင်ရန်အတွက်စစ်ချီလာရာ မြောက်ဦးမြို့စား

http://www.dhammadownload.com



တူဖြစ်သူ မြို့ပဲဖြူက ပြိုင်းတောင်အရပ်ကနေကြိုတင်စစ်အောင်ပွဲဆင်နိုင်ခဲ့သဖြင့် ပျူတပ်ပျက်လျှက် ဆုတ်ခွာသွားခဲ့ပါသည်။

ပဲဖြူစစ်အင်အားကောင်းလာကြောင်း ဘကြီးတော်အမြတ္တူသိရှိသွားသည့်အခါ မိမိအား လည်း တိုက်ခိုက်သတ်ဖြတ်တော့မည်ကိုသိရှိလာ၍ စူဠစန္ဒြားမင်းနှင့်အတူ ပျက်စီးခဲ့ရသည့်အတွက် ဝေသာလီ စစ်အင်အားအလွန်အမင်း ချည့်နဲ့နေခြင်းကြောင့် စစ်ယှဉ်သာ မည်မဟုတ်သဖြင့် ကြီးစွာ သောကြောက်ရွံ့စိတ်သောကဖြစ်ကာ စွဲကပ်နေသော ရောဂါဆိုးရွားလာပြီး မကြာမီပင် သွေးအန် အနိစ္စရောက်ခဲ့ပါသည်။

အေဒီ-၇၇၆ခုတွင်ပင် စစ်အောင်နိုင်သူပဲဖြူအိမ်ရှေ့မင်းသားအား ဝေသာလီမြို့တော်သို့ မှူးတော်မတ်တော်ပြည်သူပြည်သားများက ခေါ်ယူပြီးမိမိတို့၏ ပြည့်ရှင်မင်းအဖြစ် တင်မြှောက်ခဲ့ကြ ရာ၊ပဲဖြူမင်းက စန္ဒာဒေဝီမိဖုရားကိုပင် တောင်ညာစံမိဖုရားအဖြစ်ရွေးချယ်ခဲ့၍ အခြေမပျက် ဆက်လက်စိုးစံနေခဲ့ရပြန်သည်။

ပဲဖြူမင်းမှာ အေဒီ-၇၇၆မှ ၇၉၃ခုနှစ်အထိ(၁၇)နှစ်စိုးစံခဲ့သည့်အနက်မှ(၅)နှစ်ခန့် ဝေသာလီ ကျောက်လှေကား၌ စံမြန်းပြီးသည့်အခါ (၅)မိုင်ခန့်မျှကွာဝေးသည့်တောင်ဘက်ရှိ မိမိမြို့စား (အိမ်ရှေ့မင်း) အဖြစ်စိုးစံခဲ့သော မြောက်ဦးမြို့ကိုအခိုင်အမာတည်ဆောက်ကာ ဝေသာလီမှ ပြောင်းရွှေ့စံနေတော်မူသည်ဟု ဆိုပါသည်။

အမြတ္တူနှင့်ပဲဖြူမင်းနှစ်ပါးမှာမျိုးခြား မြို့မင်းများဖြစ်သည့်အားလျော်စွာ မိမိတို့၏နန်းသက် တည်မြဲရေးအတွက် စူဠစန္ဒြားမင်းအနိစ္စရောက်ချိန်ကပင် ဝေသာလီစစ်အင်အားချည့်နဲ့ သွားခဲ့သည် ကို လျစ်လျူရှုထားခဲ့ဟန်တူပါသည်။ ပြည်သူပြည်သားများ နှင့်မှူးမတ်ဗိုလ်ပါ အပေါင်းက တော်လှန် ပုန်ကန်မှုမပြုလုပ်နိုင်စေရန်အတွက် တင်းကြပ်စွာ မိမိတို့၏လူယုံတော် တပ်သားများဖြင့် နှိပ်ကွပ် ချုပ်ကိုင်ထားရှိခဲ့ကြောင်း ဖဒူမင်းညို၏ "ရခိုင်မင်းသမီးချောင်း" ၌ အရိပ်အမြွက်ဖော်ပြပါရှိသည်ကို လည်းတွေ့ ရပါသည်။ မြောက်ဦးသို့ပြောင်းရွှေ့စံနေပြီး (၁၂)နှစ်ခန့်ကြာသောအခါ၌ မြောက်ဘက် ကုန်းမြင့်ဒေသမှ အင္ဂနနဒီ မြစ်ရိုးအတိုင်း အင်အားကြီးမားသောတရုတ်ခင်ဘွားတပ်များ ဝေသာလီ ကို တိုက်ခိုက်ရန် စစ်ကပ်လာသည့်အခါ အင်အားချည့်နဲ့နေသော မိမိ၏ဝေသာလီတပ်များဖြင့် စစ်မယှဉ်သာ၍၊ ရှုံးမိသမျှ သောတပ်၊ မင်းဆွေမင်းမျိုး၊မှူးမတ်တော်များဖြင့် ယိုးချောင်းဖျားရှိ သပိတ်တောင်ဒေသသို့ဆုတ်ခွာ စခန်းချနေစဉ်အချိန်အတွင်း၌ မကြာမီပင် ပဲဖြူမင်း(အေဒီ-၇၉၃)ခု

http://www.dhammadownload.com



အတွင်းအနိစ္စရောက်ခဲ့ပါသည်။ စန္ဒာဒေဝီမိဖုရားကြီးနှင့် စူဠစန္ဒြား၏တူဖြစ်သူ စန္ဒကူးမင်းသားတို့က သပိတ်တောင်တွင်ပင် မြို့သစ်တည်ထောင်ကာ အိမ်ထောင်ပြုကြပြီး အုပ်ချုပ်နေခဲ့ကြပါသည်။

သက်များနေထိုင်ရာ စစ်တန်းတင်အရပ်၌ ဦးရီးတော်က လျှို့ဝှက်စွာ ပျိုးထောင်ပေးထား သော စန္ဒာဒေဝီနှင့်စူဠစန္ဒြားမင်းတို့၏သားတော်(၂၆)နှစ်အရွယ်မျှရှိ ငတုံမင်းသား(သက်အခေါ် ငမင်းငတုံ) သောင်းချီသော သက်နောက်လိုက်နောက်ပါ ရဲမက် များကိုစုစည်းဦးဆောင်ကာ အဉ္စနနဒီအရှေ့ဘက်ကမ်း(ဝေသာလီမြို့တော်မှ ၈-မိုင်ခန့်ကွာဝေးသော အရှေ့တောင်အရပ်ရှိ) စမ္ဗဝက်ဒေသသို့ဆင်းလာပြီး စခန်းချကာ စစ်ပြေးရခိုင်ဒုက္ခသည်များအား အကာအကွယ်ပေး ပြီး၊စစ်အင်အားဖြည့်တင်းယင်း စစ်ခံနေခဲ့ပါသည်။

ဝေသာလီကိုလုယက်ဖျက်ဆီးနေကြသောတရုတ်တရက်စစ်သည်များ၊ ကစ္ဆပနဒီနှင့် အဉ္စနနဒီမြစ် နှစ်သွယ်အကြား အနောက်မြောက်အရပ်ရှိ သပိတ်တောင်တွင်စခန်းချနေသော ဝေသာလီမှတပ်နှင့် အရှေ့တောင်ဘက်ရှိ အဉ္စနနဒီ စမ္ဗဝက်မှတစ်နေ့တစ်ခြား ကြီးထွားလာသော ငတုံမင်းသား၏ရခိုင်တပ် နှစ်ခုအကြား မကြာမီအချိန်အပိုင်းအခြားအတွင်း ဘေးကျပ်နံကျပ် ပိတ်ဆို့တိုက်ခိုက်ခြင်းခံရမည်ကို သိမြင်၍၊ တစ်နှစ်တာမျှအကာအကွယ်မဲ့ ဓညဝတီ၊ ဝေသာလီ မြို့တော်ဟောင်းများအား ဓားမကျိုးလှံမကျိုး စိတ်တိုင်းကျလုယက်ဖျက်ဆီးကာ အရှေ့တောင် ဘက်သို့ဆင်းပြီး ရိုးမကိုဖြတ်ကျော်လျှက်မြန်မာပြည် အတွင်းသို့ဆုတ်ခွာသွားခဲ့ကြပါသည်။ ဓားစာခံအဖြစ်ဆုတ်ခွာရာလမ်းတစ်လျှောက် ဖမ်းဆီးရမိသော ရခိုင်များအား ခေါ်ဆောင်သွားပြီး မြန်မာပြည်စစ်ကိုင်းဒေသဘက်သို့ ရောက်သည့်အခါမှသာ ထားခဲ့သည်ဟုဆိုပါသည်။

အစီအမံညံ့ဖျင်းပြီးယုတ်မာကောက်ကျစ်စဉ်းလဲသောအကြံအစည်ရှိသည့်မျိုးခြား မြို့မင်းနှစ် ဆက်ကြောင့် ဝေသာလီမြို့တော်မှာတစ်နေ့တစ်ခြားယုတ်လျော့သွားခဲ့ရကာ၊ စစ်အင်အားချို့တဲ့ခြင်း ကြောင့် တရုတ်တရက်များ၏ရန်ကို အဉ္စနနဒီမြစ်ညာမြစ်ဖျားတောတောင်ထူထပ်ရာအရပ်၌ ပိတ်ဆို့ တိုက်ခိုက်ခြေမှုန်းရန်အခွင့်အလမ်းမရရှိခဲ့၍၊ ဝေသာလီနှင့် ဓညဝတီမြို့တော်ဟောင်းတို့မှာ ပြုပြင်မွမ်းမံပြန်လည်တည်ဆောက်၍ထီးမြို့နန်းမြို့တည်ထောင်ရန် မသင့်တော်သည့်အခြေအနေသို့ ကျရောက် သွားခဲ့ရပါသည်။ (မွန်ဂိုတပ်မပါဝင်ပါ။ "တန်" ပြည်ထောင်စုတရုတ်များသာဖြစ်သည်။ သျှမ်း ဟု လည်းခေါ်သည်။)

http://www.dhammadownload.com



တရုတ်တပ်များဆုတ်ခွာသွားသည့်အခါ ငတုံမင်းသားကမိခင်စန္ဒာဒေဝီထံမှ ဝေသာလီ ဖခမည်းတော်၏ထီးနန်းကိုဆက်ခံခွင့်တောင်းခံရရှိခဲ့၍မင်းဖြစ်ကာလများမကြာမီကပင် ဝေသာလီကို စွန့်ခွာပြီး မိမိစစ်စခန်းချနေထိုင်ခဲ့ရာ စမ္ဗဝက်ဒေသ၌မြို့သစ်စမ္ဗဝက်မြို့ကို အဥ္စနနဒီ အရှေ့ဘက် ကမ်း၌ တည်ထောင်ပြီးလျှင် မိမိ၏နှမတော်ဝမ်းကွဲ(စူဠစန္ဒြားမင်းနှမတော်၏သမီး) စောသီရိဒေဝီနှင့် အဘိသေကခံ နန်းတက်လျှက် (၂၄)နှစ်တိုင်ငြိမ်းချမ်းသာယာဝ ပြောစွာဖြင့် စံစားတော်မူခဲ့ပါသည်။ (အေဒီ ၇၉၄-၈၁၈) စောသီရိမိဘနှစ်ပါးမှာ မျိုးခြားမြို့မင်း လက်အောက်တွင် မနေလို၍ မထင်ရှားသောသူများအဖြစ် အဥ္စန နဒီမြစ်ကမ်းပါးရွာငယ် တစ်ရွာတွင်နေထိုင်ခဲ့ကြ ပါသည်။

ဤအခြင်းအရာနှင့်ပတ်သက်ပြီး "ရခိုင်မင်းသမီးချေါင်" အပိုဒ်(၁၄)(၁၅)တို့တွင်အပြည့်အစုံ ထည့်သွင်းဖော်ပြထားသည်ကိုအောက်ပါအတိုင်းတွေ့ရပါသည်။

အပိုဒ်(၁၄)၊ ငေ . . . ၊လျှေက်စီရုံး၊ပန်းနှယ်ကုံးပိမ့်၊ပြည်လုံးနံ့မျှ၊တိုင်းမရသော်၊ဆားဝမီးတဲ့၊ တောင် ယာပဲ(တဲ-ထဲ)ငယ်၊အမြဲနေပင်၊ မြို့တွင်ထင်ရှား၊ သင်းကြီးသားလျှင်၊ ရည်သွားလုံးရပ်၊ စည်းကြပ်ကျစ်ကြော ချောမောဆင်းရောင်၊ ညီနောင်သားဘ၊ သုံးယောက်ရ၍၊ အစတည်တုံ၊ အမြတုံနှင့်၊တူစုံသားမောင်၊ ထီးနန်းဆောင်၍၊ နောင်တလစ်မူ၊ သားပဲဖြူနှင့်၊ ရိပ်ဖြူဆောင်းချုပ်၊ ပြည်ရွာအုပ်လျှက်၊ တုန်လှုပ်မစွမ်း၊ ခဲယိုယွင်းတွင်၊ရှမ်းကိုးသိန်းရှင်၊ သိုခင်ဘွားကြီး၊ တောင်ရိုးစီး၍၊ ဖျက်ဆီးလေခါ၊ တို့ရွာတစ်ကြိမ်၊ မင်းမဲ့ တိမ်သည်။ ။ စည်းစိမ်မထွန်းရှူးတည့်လေ။ ။ ရှူးတည့်မှောက်တော်၊ဟုတ်တည့်ဩော်၊ထိုရော်ရှမ်းများ သိုခင်ဘွားလျှင်၊ ကြီးမားမာန်ပါ၊ ဖျက်ဆီး လာ၍၊ ယင်းခါတစ်ချက်၊ထီးနန်းပျက်သည်၊အဆက်တည့်အရေး ပြတ်လုသေး၊ လေညီးယင်ယင်ငေ။

အပိုဒ် (၁၅)။ ငေ . . . ၊ ငေခုခုမိမျက်ရှုကိုသိမှုထွေထွေ၊မိခင်ရေပိမ့်၊ပျက်ကြေကျိန်းခန်း၊ သိုက်နိဒါန်းလျှောက်၊ရှမ်းမင်းဖျက်ထ၊ ထိုခေတ္တဝယ်၊ စူဠတွင်ငြား၊ စန္ဒြားဟု၊ သား၏သွေးဦး၊ စောရှယ် လူးလျှင်၊ ကိုယ်ထူးခွာလှစ်၊စစ်တန်းတင်တက်၊ သက်နှင့်ဘက်၍၊ သက်သဘောပင်၊ သက်မည်တွင် သား၊ ငမင်းငတုန်း ဘုန်းလက်ရုံးဆက်၊ စမ္ဗဝက်၌၊ဖြူရွက်ဖြန့်မိုး၊ နှင်းလာစိုးက၊ မိုးကြိုးကန်ဝယ်၊ စောင့်ဘန်နဂါး၊သိကြားပေးသည့် ပတောက်စည်၏၊ တီးမြည်သံကြောင့်၊ ပုဂံထက်ညက်၊ ရှမ်းလည်း ပျက်၏။တိုင်းထက်ဆယ်ပြန်၊တို့ပြန်လွန်သည်။ ။တဖန်ကွန်းလုံး မူးတည့်လေ။ ။ မူးတည့်မှောက် တော်၊ ဟုတ်တည့်ဩော်၊ ထင်ပေါ်တေဇာ၊ စူဠတွင်ငြား၊ စန္ဒရား၏၊ သက်ထားလုလင်၊ သက်ငမင်

http://www.dhammadownload.com



လျှင်၊ ကြီးအင်ကြစည်၊ မြို့ကြီးတည်၍၊ အမည်စမ္ပဝက်၊ ထီးနန်းတက်သည်၊ တိုင်းဆက်တည့်ကျော်သေး၊ ဘိုးခင်ဘေး။ ။လေည်း ယင်ယင်ဧ။

ဖဒ္ဒုမင်းညီသာမက မြဒိုးဝေ(ဦးစံလှ)ကလည်းငှင်း၏ကဗျာလင်္ကာ၌အောက်တွင်ဖော်ပြပါအတိုင်းအခြင်းအရာများအားဖော်ပြထားပါသည်။

"တိုင်းမ-အောင်ချာ၊မြို့ဝေသာမှာ၊ရာဇာကင်းဘိ၊ဆောင်ချက်လေကော၊ ရဝေတွင်းမှာ၊ မင်းမရှိ သော်၊မျှုးကြီးမတ်ရာ၊ အဖြာဖြာနှင့်၊ တောင်ညာထွင့်ရှုထား၊ ညီလာဝင်၍၊ တိုင်ပင်ငြားလို့၊ စန္ဒြားမင်းမွန်၊အပ်ခဲ့ပြန်ကော၊ ပြည်တန်ဘိုးပြတ်၊ ရောင်ဝင်းစိုကော၊ ထိုလက်စွပ်နှင့်၊ စမ်းသပ်ပြီးခါ၊ မြို့ဝေသာတွင် ၊ပတ်ကာလည်းလှည့်၊ အကြိမ်ကြိမ်လျှင်၊ အိမ်မလွတ်အောင်၊ စွပ်လို့ကြည့်လည်း၊ ဝင်းလဲ့ထိန်လျှံ၊ လက်စွပ်ပျံနှင့်၊တန်သူမဟိ၊ ရက်လကြာအောင် ၊ရှာမတွေ့သော်၊ မြို့ကြီးကန္ဓာ၊ တောရပ်ရွာတွင်၊လည်ကာပတ်ထွေ၊ မင်းလောင်းလျာကို၊ ခါမပြတ် ကော၊ရှာလတ်တေလေ။ ရှာလတ်မယေတုံကြ၊မြရောင်ဝီ၍၊နဒီမြစ်ကော၊ဂင္ဂါပဟု၊နာမတွင်စွာ၊ထက်အညာသို့၊တက်ကာချီလှမ်း၊ရက်မခြာဘဲ၊လက်ယာကမ်းတွင်၊စုံစမ်းပြီးခါ၊အရွာရွာမှာ၊ခါခါပတ်လှည့်၊လူများစွာ၏၊လက်မှာစွပ်ကော၊ဝတ်လို့ကြည့်လည်း၊ဝင်းလဲ့ရောင်လျှံ၊လက်စွပ်ပျံနှင့်၊တန်သူမရမတ်ထိုထိုမှာ၊ရှိကိုမှန်းကော၊လှမ်းလို့ကြွသော်ညီမြရီမှောင်၊မီးချောင်းခေါင်ကော၊ကြယ်သောင်ဖျားက၊ဝါးများစွာကို၊ထမ်းလာငြားကော၊မြို့သားဖဟု၊အမရတ္တူအမရက္ခူနှင့်၊ပဲဖြူတွင်မှတ်၊သုံးယောက်လူကို၊ခေါ်ယူလတ်၍၊စွပ်ကြည့်တုံပြန်၊သုံးယောက်ဝယ်၏၊လက်ကြွယ်များမှာ၊အားလုံးတန်လို့မြင်ပြန်တုံကြ၊မတ်များစွာနှင့်လာသူများမှာ၊လွန်အားရ၍၊တိုင်းမချက်ချာ၊မြို့ဝေသာကိုခေါ်လာပြီးမှ၊အမရတ္တူကိုဆောင်ဘုံခြားသီး၊အိမ်ရှိရုံကောနန်းရုံး၍၊အိမ်ရှိရာဇာ၊မင်းညီစင်မှာ၊မြင်မဝကော၊သားလှပဲဖြူ၊ချစ်သဲ့အူကို၊ ခေါ်ယူတထပ်၊မြောက်ဦးရွာမှု၊ကောင်းစွာထားကော၊ ပိုင်စားအပ်လို့၊ နန်းမြတ်စံကာ၊ သုံးနှစ်ကြာသော်၊ ရာဇာထိုမင်း၊အမရက္ခူလေ၊ညီဖြူရင်းကို၊ စိတ်တွင်းတမူ၊ နန်းထီးဖြူကို၊ လုယူမည်မှတ်၊ ဝဂ်ဥာဏ်နှင့်၊ အကြံများကော၊ လှည့်ဖျားသတ်လို့၊ စံလတ်သည် ဖြစ်၊ ခုနစ်နှစ်တွင်၊ ပြောင်းလိုက်ခန္ဓာ၊စုတေ့ပါ၍"။ ။ညီတော်အားလုပ်ကြံ သတ်ဖြတ်သည့် အကြောင်းရင်းမှာ စန္ဒာဒေဝီ မိဖုရားကြောင့်မဟုတ်၊လုံးဝပတ်သက်ခြင်းလည်းမရှိသည်မှာ သေချာပါသည်။ မိဖုရားကြီးအား (မြို) မျိုးခြားများကိုရွေးချယ်မင်းမြှောက်ပြီး၊မိမိမျိုးရိုးအန္ဓယ်ဝင် ဂုဏ်သိက္ခာကိုမထောက်ဘဲ မိဖုရားကြီး အရာကိုမက်၍ မြို့မင်းနှင့်ဆက်လက်စံစားနေသည့် လော်လည်မောက်မှားအကျင့်ယုတ်မိန်းမပျက် တစ်ဦးပမာရေးသားထားကြခြင်းမှာအပေါ် ယံဖြစ်စဉ်ဖြစ်ရပ်များကိုသာမှီငြမ်းပြုပြီး မလိုမုန်းထား စိတ်ဝင်ကာ ရာဇဝင်ဆရာအချို့ကရေးသားထင်မြင်ချက်ပေးကြကြောင်း

http://www.dhammadownload.com



ပေါ် လွင်နေပါသည်။ "နောင်မှာတမူ၊ နန်းမွိယူကော၊ ပဲဖြူစံပေ၊ နန်းသက်ဝေကား၊ တဆယ့်ခုနှစ်၊ စံပြီးခါတွင်၊ ခန္ဓာတုံကော၊ ဆုံးသည်ဖြစ်၍၊ တစ်နှစ်ကြာဘိ၊ မြို့ဝေသာလေ၊ ပြည်ရွာတွင်းမှာ၊ မင်းမဟိကော . . . . . (ဝေသာပြည်၏၊ ကြာသည်နှစ်ကို၊ တွက်စစ်ပြသော်၊ လေးရာခြောက်ဆယ်၊ ခုနှစ်ကေ၍၊ တသွေမှတ်ပါ၊ နှစ်ကောဇာကား၊တရာ့ငါးဆယ်၊ခြောက်ခုကယ်တွင်၊). . .

. . . န္တိပြည်အောင်ချာ၊ မြို့ဝေသာကို၊ ရှိခါပိုင်ငြား၊ မင်းဘုရင်လေ၊ ဘုန်းအင်ထွန်းကော၊ စန္ဒရား၏၊ သားလှသက်နှင်း၊ ပြူတိုင်းတုံက၊ ဝတုံမင်းလျှင်၊ များခြင်းလိလိ၊ သောင်းထိရှိအောင်၊ ဗိုလ်ချီစုပေါင်း၊ ဖအမွိကို၊ ရစီကြောင်းနှင့်၊ လာတောင်းသောခါ၊ မတ်များစွာနှင့်၊ မာတာလှနတ်၊ နန်းထီးဖြူကို၊ အကုန်အပ်သော်၊ သားမြတ်သည်းချာ၊ မင်းရာဇာလျှင်၊ ဝေသာကြငှန်း၊ ဖမင်းစံကော၊ ဘုံပြန်နန်းမှာ၊ စံမြန်းတုံရာ၊ တရံခါတွင်၊ ရာဇာ ဘုရင်၊စိတ်မရွှင်ကော၊ အယင်ချီကာ၊ ထွက်ကြွလာ၍၊ သင်္ဂါနဒီ (အဥ္စနနဒီ)မြစ်ကမ်းခြီသို့ရောက်လီကြပေ၊စမ္ပဝေဟု၊ အမည်ဆန်းနှင့်၊ မြို့နန်းတည်လို့၊ ထိုစဉ်ကစ၊ သမယကော၊ ကာလနောင်ဝယ်၊မြို့ဝေသာမှာ၊ရာဇာကင်းကော၊ သုံ့ဖျင်းရေလေး။ ။

. . . ရာဇာမှန်ကင်း၊ ပြည်တိုင်းဘောင်မှာ၊ ဘုန်းရောင်လင်းကော၊ ငမင်ငတုံ၊ မဟာဆွိလေ၊ သာဂီဘုန်းမှာ၊ စုရုံးများစွာ၊ အတန်တန်ကော၊ မတ်ဝန်များရို့၊ ခစားကာဖြင့်၊ တရာ့ငါးဆယ်၊ ခြောက်ခုကယ်၍၊ ရောက်သည့် သက္ကရာဇ်၊ ထိုအခါလေ၊ သင်္ဂါမြစ်တွင်၊ မြို့သစ်တည်လျှက်၊ တွင်အမည်ကော၊ စမ္ပဝက်မှာ၊ နန်းတက်တုံပြန်၊ မြင့်ရှည်ကြာ၍၊ ခန္ဓာယွန်းကော၊ နတ်နန်းစံသော်၊ တဖန်နန်းတက်၊ ဆက်ခံကာဖြင့်၊စဉ်လာမြောက်ကော၊ ဆယ့်ခြောက်ဆက်တည်း၊. . .

မြဒိုးဝေရာဇဝင်(ဦးစံလှကဗျာလင်္ကာ)၌ဝေသာလီ(မြို့မင်း)နှစ်ဆက်နှင့် ၄င်းတို့နန်းစံ(၇)နှစ်နှင့်(၁၇)နှစ်များကိုပြပြီး၊ဝေသာလီမှာ(၁)နှစ်တာမင်းမဲ့ဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့ငြားသော်လည်း၊ သျှမ်း(တရုတ်များ)လာရောက်ဖျက်ဆီးလုယက်၍ပျက်သုဉ်းရကြောင်းကိုကားလုံးဝဖော်ပြထားခြင်းမပြုခဲ့ပါ။ ငတုံမင်းနန်းတက်သည်ကိုပြကာ စမ္ပဝက်မြို့တော်၌ ငတုံအပါအဝင်(၁၆)ဆက်သောမင်းများစိုးစံပြီးသည့်အဆုံး ဘုန်းကံညံ့၍ "ပဥ္စမင်းပတိ"ကို "လက်ျာမင်းနန်" လာရောက်တိုက်ခိုက်သိမ်းပိုက်သည်အထိ စမ္ပဝက်မြို့သက်ကိုပြဆိုထားပါသည်။ အရိမဒ္ဒနာ(ပုဂံ)မှ စောခင်နစ်လာရောက်တိုက်ခိုက်၍ အေဒီ-၈၁၈တွင်စမ္ပဝက်ပျက်သုဉ်းကာ ငတုံမင်းပါသတ်ဖြတ်ခံရသည်ကိုလည်း လုံးဝဖော်ပြခြင်းမရှိကြောင်းတွေ့ရပါသည်။ စမ္ဘဝက်၊ ပဥ္စာ၊ အဥ္စန တဘက်တကမ်းမြို့ညီနောင်(Twin Cities) ဖြစ်သည်။

http://www.dhammadownload.com



ငတုံမင်းအား အေဒီ-၈၁၈ခုနှစ်အတွင်း ပုဂံမြို့တော်(အရိမဒ္ဒနာ)မှ စောခင်နစ်မင်း လာရောက်တိုက်ခိုက်၍ စမ္ဘဝက်မြို့ပျက်သုဉ်းကာ ပြည့်ရှင်မင်းမှာလည်း နန်းတွင်းတိုက်ပွဲ၌ပင် ကျဆုံးခဲ့သည် ဟုဆိုပါသည်။ သာသနာသက္ကရာဇ် ၁၃၁၀၊ခရစ်အေဒီ-၈၁၈၊ရခိုင်ဥတ္တမကိန်း၅၆၀ မြို့ကောဇာသက္ကရာဇ်သစ်-၁၄၁ ခုအား ဝေသာလီကျောက်လှေကား (စန္ဒြမင်းစဉ်မင်းဆက်) ခေတ် ကုန်ဆုံးနိဂုံးချုပ်သည့် ခုနှစ်သက္ကရာဇ်ဟုပင် ခေတ်သုတေသီများက သတ်မှတ်ကြပါသည်။ ဒွေ့ဝင်စန္ဒြမင်းတည်ထောင်သည့် သာသနာ-၈၅၆၊ အေဒီ-၃၆၄၊ ရခိုင်ကောဇာ၂၄၇+၂ကြွင်း-၂၄၉(သူရိယစိတြ-ခနဥ္စကိန်း)မှ နှစ်ပေါင်း(၄၅၄)နှစ်အထိ ခေတ်သက်တမ်းကြာရှည်စွာ အဓွန့် ရှည်ခဲ့ပါသည်။

## လေးမြို့ခေတ်

### လေးမြို့ခေတ် စတင်ပုံ

ဝေသာလီခေတ်ကိုဆက်ခံသောလေးမြို့ခေတ်၏ပထမဆုံး မြို့တော်ပဉ္စာကို ခေတ္တာသင် မင်းက ကောဇာ-၁၈၀၊ ခရစ်အေဒီ-၈၁၈၊ သာသနာ-၁၃၆၂ ခုနှစ်တွင် တည်ထောင် နန်းစိုက်ထူ၍ နှမတော်သီရိကုမ္မာနှင့် နန်းစည်းစိမ်ကို ၁၀-နှစ် စံတော်မူကာ ကောဇာ-၁၉၀၊ ခရစ်-၈၂၀၊ သာသနာ-၁၃၇၅၊ သက်တော်- ၃၅နှစ်တွင် နတ်ရွာစံတော်မူသည်။

ဤခေတ္တာသင်မင်းလက်ထက်တွင် ပြည်ရွာအေးချမ်းသာယာပြီး သာသနာတော် နောက်ထပ် တစ်ကျော့ ထွန်းလင်းပြောင်ခဲ့သည်။ ရဟန္တာအရှင်မြတ်များလည်း ပေါ်ထွန်းခဲ့ကာ ရဟန္တာအရှင် မြတ်တစ်ပါး (ဗန္ဓာဝထေရ်)၏ ဓာတ်တော်မွေတော်အား ဗုဒ္ဓဂေါတမ မြတ်စွာ ဘုရားရှင်၏ ဓာတ်တော်များနှင့်အတူအကွ ဌာပနာ၍ “မင်္ဂလာဓာတ်ရွှေဂူစေတီပုထိုးတော်” အား တည်ထားခဲ့ သည်ဟု အဆိုရှိပါသည်။ ယနေ့တိုင် လက်ရာမပျက် မြောက်ဦးမြို့ အောင်တပ်ချောင်း သဘော်ာ ဆိပ်တောင်ဘက် တောင်ကုန်းတစ်ခုပေါ်တွင် တည်ရှိနေသည်ကိုတွေ့ရပါသည်။

ခေတ္တာသင်၏ သားတော် ပဉ္စာခေတ်တတိယမင်းဆက် မင်းရင်ဖြူမှာ ဘာသာရေးအထူး ကိုင်းညွတ်ပြီး လက်ရုံးရည်၊ နှလုံးရည်၊ ပညာအမြော်အမြင်နှင့် ပြည့်စုံသော မင်းတစ်ပါးဖြစ်၍ မင်းကျင့်တရား နှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်တော်မူသဖြင့် အဘက်ဘက်က ကောင်းမွန်

http://www.dhammadownload.com



တိုးတက်ကြောင်းတွေ့ရသည်။မင်းရင်ဖြူ၏ နန်းသက်-၃၀ နှစ် အတွင်း ဘာသာသာသနာ တိုးတက်ထွန်းကားပြန့်ပွားရေးနှင့် ရက္ခဝဏ္ဏ အရေးအသား၊ စာပေအနုပညာ၊ ယဉ်ကျေးမှု ကဏ္ဍဘက်တွင် အထူးဆောင်ရွက်ခဲ့ခြင်းကြောင့် ဘာသာသာသနာမှာ အထူးတလည် ထွန်းပြောင်ခဲ့ကြောင်း တွေ့ရပါသည်။ ပရိယတ္တိစာပေ၊ ပိဋကတ်သုံးပုံအစုံအား ရက္ခဝဏ္ဏ ရခိုင်အက္ခရာ ပါဠိဘာသာဖြင့် ပြန်ဆိုရေးသားကာ ကူးယူဖြန့်ဝေသည့် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်းကို တွေ့ရသည်။

ဝေသာလီခေတ် ကုန်ဆုံးခါနီးတွင် နိုင်ငံရေး မတည်ငြိမ်ဖြစ်မှုများ၊ ယဇ်နတ်ပူဇော်အယူဝါဒ ကျင့်သုံးသည့် မြို့မင်းနှစ်ဆက်ကြောင့် ရခိုင်ပြည် ဗုဒ္ဓဘာသာသာသနာသည် တည့်မတ်မှုလျော့ရဲလာပြီး မဟာယာနအယူများ ရောပြွမ်းလာလေသည်။ ဤသို့ အခြေအနေများသည် ရခိုင်ပြည်၏ သန့်စင်သော ထေရဝါဒဗုဒ္ဓဘာသာ ညှိုးနွမ်းစရာ ဖြစ်လာနိုင်သဖြင့် အထက်ဖော်ပြခဲ့သည့်အတိုင်း မင်းရင်ဖြူလက်ထက် အေဒီ-၈၄၇ ခုတွင် အသျှင်ဗန္ဓဝ၊ အသျှင်နန္ဒိယ၊ အသျှင်အိန္ဒိယ၊ အသျှင်ဥတ္တရ၊ အသျှင်ရေဝတ ရဟန္တာမထေရ်ငါးပါး အမှူးပြုသော ၈၀၀ တို့သည် ပဋ္ဌာမြို့၌ သင်္ဂါယနာတင်၍ ပိဋကတ်တော်နှင့် အဋ္ဌကထာကျမ်းကို ရွှေပြား၊ ပေရွက်များပေါ်တွင် ရေးထိုးထားခဲ့သည်။

မင်းရင်ဖြူသည် ပိဋကတ်သုံးပုံအလုံးစုံကို ရွှေသားပုရပိုဒ်ထက် ရက္ခဝဏ္ဏ ရခိုင်အက္ခရာတင်လျက် မိတ္တူအမြောက်အများပြုစုကာ နိုင်ငံအဝှမ်းကျောင်းကန်များသို့ ဖြန့်ချိသည်ဖြစ်ရာ ရခိုင်သာသနာ ပြန့်ပွားရေးကိုပါ ဆောင်ကျဉ်းပေးခဲ့သော မင်းမြတ်တစ်ပါးဟု ဆိုရပါမည်။

မြောက်ဦးခေတ် မင်းဗာ၏သား မင်းဖလောင်းလက်ထက်မှာ ဤရွှေပြားအက္ခရာတင် ပိဋကတ်သုံးပုံကို ဦးရာဇ်တောင်စေတီကိုပြုပြင်စဉ် ဌာပနာထည့်လိုက်ကြောင်း ရာဇဝင်ပုံကျမ်း ရှေးဟောင်းပေမူတွင် ပါရှိကြောင်း ဟူ၍လည်း အဆိုရှိပါသည်။

မင်းရင်ဖြူသည် ၄ ပေ-၅ လက်မမှ ၉ ပေ- ၃ လက်မခန့်ရှိ ကျောက်ညိုဘုရားကြီးငါးဆူကို ဓညဝတီနေရာဟောင်းနှင့် မဟာမုနိကုန်းတော်အနီးမှာ စီးဆင်းနေသော သိရီမာနဒီ (ခေါ်) သရီချောင်း ကမ်းနဘေးတွင် ရွာစဉ်အလိုက် တည်ထားကိုးကွယ်ခဲ့ပါသည်။ ယင်းဘုရားကြီးငါးဆူမှာ-

(၁) စပါးဆိပ်ကျေးရွာအနီး တည်ရှိသော ဒေဝမုနိ၊

http://www.dhammadownload.com



(၂) ညောင်ချောင်းကျေးရွာအနီး တည်ရှိသော စုဋ္ဌာမုနိ၊

(၃) ရွာမပြင်ကျေးရွာအနီး တည်ရှိသော ရာဇမုနိ၊

(၄) ကျောက်ကြပ်ကျေးရွာအနီး တည်ရှိသော သက္ကျမုနိ၊

(၅) တောင်ဦးကျေးရွာအနီး တည်ရှိသော စန္ဒာမုနိ တို့ဖြစ်သည်။

မင်းရင်ဖြူသည် ဤကျောက်ညိုဘုရားကြီး ငါးဆူအပြင် သွန်းစက်တော် ဘုရားရုပ်ပွားတော် ၂၈-ဆူကိုလည်း သွန်းလုပ်ခဲ့ပါသည်။ ဤဆင်းတု ၂၈-ဆူအနက် ယနေ့တိုင်ဖူးတွေ့ နိုင်သည့် တစ်ဆူတည်းသော ဆင်းတုတော်မှာ ယခုအခါစစ်တွေမြို့ လမ္ဘတော်တောင်ရပ်ကွက်ရှိ ခေါင်းလောင်းကျောင်းတိုက်တွင် စံပါယ်တော်မူလျက် ရှိနေပါသည်။

ဘုရားဓမ္မခဏ်တွင် ရေးထိုးထားသော ကမ္ပည်းစာမှာ " သက္ကရာဇ် ၂၀၉ ကဆုန်လဆန်း ၆ ရက် တနင်္လာနေ့ ငါးနာရီကျော်အချိန်ရောက်သောအခါ ကြီးသွန်းအဲ့သည်။ မင်းရင်ဖြူကောင်းမှု ဘုရားကို ပဥ္စလောဟဖြင့် ပြီးပြည့်စုံသည်။ ဘုရားပြုသောအကျိုးဖြင့် ဘုရားမချွတ်ဖြစ်စေသော" ဖြစ်ပါသည်။

ပဥ္စာခေတ်ပြီးနောက် ပုရိန်ခေတ်သာသနာရေးအတွက်ဆောင်ရွက်ချက်များမှာ ကောလိယ မင်းကြီးသည် ပုရိန်မြို့တော် အနောက်ဘက်စန္ဒပဗ္ဗတတောင်ကုန်းပေါ်ရှိ မဟာထီးဘုရား ရုပ်ပွားတော်ကို တည်တော်မူ၍ ဘုရားတံတိုင်း၌ ကျောက်စာရေးထိုးခဲ့ပါသည်။ ဤမင်း၏ အလှူပေးပုံတို့ကို လေးမြို့မြစ်ကမ်း ခေါင်းလောင်းဆွဲတောင် (လောင်းကြက်တော်မော်)၌ ကျောက်ထက်ကမ္ပည်းအက္ခရာ တင်ခဲ့သည်။

ဤကောလိယမင်းကြီး၏သား ဒသရာဇမင်းကြီးလက်ထက်မှာ အနှစ်နှစ်ဆယ်ကျော် တိမ်မြုပ်သွားခဲ့သော မဟာမုနိရုပ်ရှင်တော်ကို ပြန်လည်ရှာဖွေခဲ့ပြီး ဆန်းကြယ်ထူးခြားစွာ ပူဇော်ခဲ့ သည်။ ထို့အပြင် ရဟန်းသံဃာများ နေထိုင်ရန် ကျောင်းပေါင်း-၁၀၀ ကို ဆောက်လုပ်လှူဒါန်းခဲ့ သည်။ သီဟိုဠ်ဘုရင် မဟာဝိဇယဗာဟုမင်း၏ တောင်းပန်ချက်အရ သီဟိုဠ်သို့ ရခိုင်သံဃာတော် ၂၆-ပါးကို သာသနာပြုရန် သွားရောက်စေခဲ့သည်။ ဒသရာဇာမင်းကြီး၏ ဒါနစုံမက်ပုံမှာ မဇ္ဈိမဒေသမှ ဓမ္မာသောကမင်းကြီးနှင့် တူကြောင်းကို ရခိုင်မင်းသမီး ချေင်းအပိုဒ်-၁၉ တွင် မှတ်တမ်း တင်ထားသည်ကို တွေ့ရသည်။

http://www.dhammadownload.com



နေရဥ္စရာတောင်ငူမြို့ကို တည်ထောင်သော ဘုရင်မဥ္စျုသင်နှင့် မိဖုရားရွှေစင်ပြောင်တို့သည်လည်း ဗုဒ္ဓသာသနာတော်ကို စည်ကားပြန့်ပွားအောင် သာသနာပြုခဲ့ပေသည်။ ဤမင်းတည်ထားကိုးကွယ်ခဲ့သော ဘုရားအဆူဆူ စေတီတော်အများအပြားကို ယခုတိုင်အောင် ဖူးတွေ့နိုင်ပေသည်။

ဤမင်းကိုးကွယ်ခဲ့သည်ဟု ယူဆရသောအကြံတော်ပြည့် ဗုဒ္ဓရှင်တော်မြတ်ကို မူလတည်ထားကိုးကွယ်သည့်နေရာ အဥ္စနနဒီလေးမြို့မြစ်၏ အနောက်ဘက်ကမ်းမှ သာသနာတော်သက္ကရာဇ်-၁၆၈၉ ခုနှစ်၊ အေဒီ-၁၁၆၀ ခုနှစ်၊ ရခိုင်သက္ကရာဇ်-၅၂၂ ခုနှစ်တွင် အရှေ့ဖက်ကမ်းအသစ်တည်ထောင်ထားသော နေရဥ္စရာမြို့သစ်သို့ ပင့်ဆောင်၍ မိမိ၏ထီးဦးနန်းဦးမှာကျောင်းဆောင်တော်ဖြင့် ခမ်းနားထည်ဝါစွာ ကိုးကွယ်ခဲ့သည်ဟု အဆိုရှိပါသည်။(ခေတ်အလိုက်တန်ခိုးကြီးဗုဒ္ဓဆင်းတုတော်များပုံ-ရှု)

နေရဥ္စရာ တောင်ငူခေတ်မင်းတစ်ပါးဖြစ်သော သကျဝင်ငယ်မင်း (အေဒီ ၁၂၂၂-၁၂၃၂)မှာပိဋကတ်ကျမ်းဂန်များ ပြန့်ပွားအောင် အထူးကြိုးစားဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ဤဆောင်ရွက်ချက်များကြောင့် ထိုခေတ်မတိုင်မီ ကျဆင်းခဲ့သော ဘာသာရေး၊ သာသနာရေးမှာနောက်ထပ်တစ်ကျော့ အရှိန်အဟုန်ကြီးစွာဖြင့် ပြန်လည်ထွန်းပြောင်လာခဲ့ပါသည်။ ဤမင်းသည်ဘာသာရေးတိုးတက်ပြန့်ပွားရေးအတွက် မဟာမြတ်မုနိရှင်တော်မှအစ ဘုရားဆင်းတုတော်စေတီပုထိုး၊ ကျောင်းကန်မြောက်များစွာတို့ကို ကျယ်ပြန့်စွာ ဖြန့်ဖြူးလှူဒါန်းခြင်းဖြင့် အားပေးအားမြှောက်ပြုခဲ့ကြောင်း တွေ့ရပါသည်။

လေးမြို့ခေတ် အဆက်ဆက်တွင် သာသနာထွန်းပြောင်ခဲ့သည့် အထောက်အထားများအစုံအလင်တွေ့နေပြီဖြစ်သော်လည်း မင်းဖုန်းစားနှင့် ပဉ္စာကာလစက်မင်းနှစ်ပါး စိုးစံခဲ့သော ကြားခံခြိတ်မြို့နှင့်ပတ်သက်၍ အတိအကျမပြနိုင်သော်လည်း မကြာသေးမီကာလက ပေါ်တော်မူကျောက်ဆင်းတု ဘုရားကြီးတစ်ဆူ ဖူးမျှော်လာရပါသဖြင့် ဤကြားခံမြို့ ခေတ်ကာလမှာလည်းဗုဒ္ဓဘာသာ၊ သာသနာထွန်းလင်းခဲ့သည်ကို ရောင်ပြန်ဟပ်စေခြင်းပင် ဖြစ်ပါတော့သည်။ ထိုခြိတ်ချောင်း ပေါ်တော်မူဘုရားကြီးကို ယခုအခါမှာ ပြုပြင်မွမ်းမံထားပြီး ဖြစ်ကြောင်း တွေ့ရပါသည်။

**လောင်းကြက်ခေတ်**ကို စတင်သော အလောမာဖြူမင်း၏ ဘာသာရေးကိုင်းရှိုင်းမှုအထောက်အထား တစ်ရပ်ဖြစ်သော အလောမာဖြူမင်းစာတမ်းပါ ကြေးဆင်းတုတစ်ဆူကိုယနေ့တိုင် ဖူးတွေ့နိုင်ပါသည်။

http://www.dhammadownload.com



ဤလောင်းကြက်ခေတ်တွင် အမည်ဆိုးဖြင့် ထင်ရှားသော နန်းကျကြီးဘုရင်၏ ကိုးကွယ်ခဲ့သည့် ဗုဒ္ဓကျောက်ဆင်းတုတစ်ဆူကိုလည်း လောင်းကြက်မြို့ဟောင်းတစ်နေရာတွင် ယနေ့တိုင်ဖူးတွေ့နိုင်ပါသည်။ ရာဇသူ အေဒီ ၁၂၅၆-၁၂၅၈ မင်းလက်ထက်တွင် ရဟန်းတော်များအား သီဟိုဠ်မူပိဋကတ်တော် မူရင်းကိုသာ သင်ကြားစေပြီး ပုထုဇဉ်တို့ပြုစုသော ပိဋကတ်တို့ကို လေ့လာသင်ကြားခြင်းမှ ပိတ်ပင်ခဲ့လေသည်။

လေးမြို့ခေတ်၏ နောက်ဆုံးလောင်းကြက်ခေတ်တွင် အလောမာဖြူမင်းမှ ၆-ဆက်မြောက်ဘုရင် မင်းထီး (အေဒီ ၁၂၈၃-၁၃၈၉)လက်ထက် မင်းထီး၏ မင်းဆရာ သာသနာပိုင်ဆရာတော်အရှင်မြတ် သီရိဓမ္မာရာဇဂုရု ကိုယ်တော်တိုင် ကြပ်မတ်လျက် ပျက်စီးယိုယွင်းနေသော ဗုဒ္ဓဂယာရှိမဟာဗောဓိစေတီတော်ကို ကောဇာသက္ကရာဇ် ၆၅၇ ခု၊ ပြာသိုလဆန်း (၁၀)ရက်၊ သောကြာနေ့မှ အစပြု၍ ၆၆၀-ပြည့် တန်ဆောင်မုန်းလဆန်း (၈)ရက်၊ တနင်္ဂနွေနေ့သို့တိုင်အောင် ၃-နှစ်ခန့်ရှေးမူမပျက် မွမ်းမံပြင်ဆင်တော်မူခဲ့သည်။

ဤစေတီတော် မွမ်းမံပြုပြင်သော သကြစ်သည် မင်းထီးမင်း နန်းတက်၍ ၁၂-နှစ်မြောက်သောကာလတွင် ဖြစ်ပါသည်။ ဘုရင်မင်းထီး၏ ကောင်းမှုတော်ဖြစ်သော တိဿဘုရား ကျောက်ဆင်းတုတော်ကို လောင်းကြက် မြို့ဟောင်းတစ်နေရာတွင် တည်ထားကိုးကွယ်သည်ကို ယနေ့တိုင်ဖူးတွေ့နိုင်ပါသည်။

ဤသည်တို့မှာ လေးမြို့ခေတ်၏ ဗုဒ္ဓဘာသာ၊ သာသနာရောင်ဝါသည် ရှေးယခင် တတိယ ဓညဝတီ နှင့် ဝေသာလီကျောက်လှေကားခေတ်တို့ကကဲ့သို့ ကွင်းဆက်မပြတ် ထွန်းပြောင်ခဲ့ခြင်း၏ အထောက်အထားများပင် ဖြစ်ပါသည်။ လောင်းကြက်ခေတ်၏ နောက်ဆုံးမင်း၊ တစ်နည်းပြောရသော် လေးမြို့ခေတ်၏ နောက်ဆုံးမင်းဖြစ်သည့် မင်းစောမွန်မှာ မြောက်ဦးခေတ်ကို စတင်သောမင်းလည်းဖြစ်ပေရာ ဤမင်း၏ ဘာသာရေး၊ သာသနာရေးဆောင်ရွက်ချက်များသည် မြောက်ဦးခေတ်မှာမှ အထူးပေါ်လွင်လာသည်ကို တွေ့ရပါသည်။

## လေးမြို့ခေတ် ဗုဒ္ဓသာသနာ

လေးမြို့ခေတ် ဗုဒ္ဓသာသနာအကြောင်းကို တင်ပြမည်ဆိုလျှင် ရခိုင်တွင် ဗုဒ္ဓသာသနာမည်သည့်အချိန်က စတင်လာသည်ကို ဖော်ပြရန် လိုပါလိမ့်မည်ဖြစ်သလို လေးမြို့မတိုင်မီခေတ်များ

http://www.dhammadownload.com



၏ ဗုဒ္ဓဘာသာသာသနာရောင်ဝါ ထွန်းလင်းခဲ့ပုံကိုလည်း သိရှိထားမှသာ ဆက်စပ်မှုရှိပါမည်။ သို့ပါ၍ လေးမြို့ခေတ်မတိုင်မီ ခေတ်များမှစ၍ တင်ပြသွားပါမည်။

လေးမြို့ခေတ်သည် ဝေသာလီကျောက်လှေကားခေတ်ကို ဆက်ခံသလို ဒွင်စန္ဒြ တည်ထောင်သော ဝေသာလီကျောက်လှေကားခေတ်သည်လည်း စန္ဒာသူရိယမင်း တည်ထောင်သော တတိယဓညဝတီခေတ်ကို ဆက်ခံသည့်ခေတ်ဖြစ်ကြောင်း အထင်အရှားတွေ့ရပါသည်။ ဝေသာလီကို စတင်သောမင်းမှာ စန္ဒာသူရိယမင်း၏ နောက်ဝယ်ဆက်ခံသော မင်းဆက် ၂၅-ဆက် မြောက်ဖြစ်သည့် သူရိယကေတုမင်း၏သား မဟာတိုင်း စန္ဒြ(ခေါ်)ဒွေင်စန္ဒြဖြစ်ပါသည်။ ဤမင်းမဟာ တိုင်းစန္ဒြက တစ်မိုင်ခန့်ရှည်လျားသော ကျောက်လှေကားကို တည်ထောင်ခဲ့သဖြင့် ဝေသာလီ ကျောက်လှေကားခေတ်ဟူ၍ တွင်ခြင်းလည်း ဖြစ်ပါသည်။

အာနန္ဒစန္ဒြ ကျောက်စာအလိုအရ ဒွေင်စန္ဒြမင်းသည် "နတ်ပြည်၏လှပတင့်တယ်ခြင်းကို ပျက်ရယ်ပြုနိုင်လောက်အောင် လှပတင့်တယ်သောမြို့တော်ကို တည်ထောင်စေပြီး"ဟု ဂါထာ(၂၁) တွင် ဖော်ပြထား သည်ကို တွေ့ရပါသည်။ အာနန္ဒစန္ဒြကျောက်စာကို အစအဆုံး ဘာသာပြန်ဆိုသူ ပါမောက္ခဒေါက်တာ Johnstan က ဒွေင်စန္ဒြနှင့် မဟာတိုင်းစန္ဒြမှာ အဓိပ္ပာယ်ချင်း တူညီနေကြောင်း ဆိုထားပါသည်။

တစ်ဖန် စန္ဒာသူရိယမတိုင်မီ မင်း ၅-ဆက်အလို ရာလမာယုမင်းမှာ ဗုဒ္ဓဘာသာပေါ်ထွန်း လာမည့် အချိန်ကိုက်မင်းဖြစ်ကြောင်းကို ရခိုင်ရာဇဝင်အစောင်စောင်နှင့် မေဓပညာမော်ကွန်း လက်ာတို့အရ သိရှိရပါသည်။ ဤမင်းလက်ထက်တွင် ရှေးကုတ်သမင်း သက္ကရာဇ် ၈၆၄၅ ကို ၂-ကြွင်းထား၍ ဘိုးတော်အဉ္စန နှင့်အတူ တစ်ပြိုင်နက်တည်း ဖြိုချေ၍ ပြန်လည်စတင်တိုးပွားလာ သော သက္ကရာဇ်ကို မဟာသက္ကရာဇ်ဟု ခေါ်တွင်လာကြသည်။ အဘယ်ကြောင့်ဆိုသော် ဤသက္ကရာဇ်အတွင်းမှာ သက္ကရာဇ် ၆၈ တွင် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသည်။ သက္ကရာဇ်-၉၇၊ သက်တော်-၂၉ နှစ်တွင် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသည်။ သက္ကရာဇ်-၁၀၃၊ သက်တော်-၃၅ နှစ်တွင် ဘုရားဖြစ်တော်မူသည်။ ဘုရားဖြစ်တော်မူပြီး ၄၅-ဝါ ကြာသော သက္ကရာဇ်-၁၄၈ တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောကြောင့် မဟာသက္ကရာဇ်ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



ဤမဟာသက္ကရာဇ် အတွင်းမှာပင် တတိယဓညဝတီကို တည်ထောင်သူ စန္ဒာသူရိယမင်း မှာ မဟာသက္ကရာဇ်-၇၂ တွင် ဖွားမြင်တော်မူသည်။ မဟာသက္ကရာဇ်-၉၇၊ သက်တော်-၂၅ နှစ်တွင် မင်းဖြစ်တော်မူသည်။ မဟာသက္ကရာဇ်-၁၄၉၊ သက်တော်-၇၇ နှစ်တွင် အနိစ္စရောက်တော်မူ ကြောင်းကို အလွန်ရှေးကျသော ရခိုင်ရာဇဝင်ကို လေ့လာသူ သုတေသီဦးစိန်ညိုထွန်း I.C S. Retd: က ပြောဆိုသလို ဂေါတမဗုဒ္ဓ မြတ်စွာဘုရားသည် ဝါတော်-၂၀၊ မဟာသက္ကရာဇ် -၁၂၃ တွင် ရခိုင်ဓညဝတီသို့ ကြွလာကြောင်းကို ရခိုင်ရာဇဝင် အစောင်စောင်နှင့် မေဓပညာ မော်ကွန်းလင်္ကာ၊ လေးမြို့ခေတ် သာစွလေကဗျာ၊ မြောက်ဦးခေတ် အဒူမင်းညို ရေး ရခိုင်မင်းသမီးချော်း၊ မြောက်ဦး ကျောက်ရစ်ကေအရပ်မှ ဦးစံလှ၊ မှန်နန်းရာဇဝင်တော်ကြီး-၉၂ တို့ကလည်း တစ်ညီတည်း ရေးသားစပ်ဆိုထားသည်ကို တွေ့ရပါသည်။

ဂေါတမမြတ်စွာဘုရားက စန္ဒာသူရိယမင်း ဓညဝတီပြည်သူပြည်သားများအား နိဗ္ဗာန် ရောက်ကြောင်း တရားကို ဟောကြားသည်သာမက ဗုဒ္ဓသာသနာ အဓွန့်ရှည်စေရေးအတွက် မဟာမုနိဆင်းတုတော်ကို သွန်းလုပ်ခွင့်ပြုရာတွင်လည်း မြတ်စွာဘုရားရင်ငွေ့တော်ဖြင့် ထည့်သွင်းခဲ့ သည်ဟု အဆိုရှိပါသည်။

ဤသည်တို့မှာ ရခိုင်တွင် ဗုဒ္ဓဘာသာသာသနာ စတင်လာသောကာလပင် ဖြစ်တော့သည်။ တစ်နည်းပြောရသော် ရခိုင်တို့၏ ဗုဒ္ဓဘာသာကိုးကွယ်မှုသည် မြတ်စွာဘုရားထံမှ တိုက်ရိုက် လက်ခံရရှိလာသော ဗုဒ္ဓဘာသာဖြစ်ကြောင်း ဆိုနိုင်ပါသည်။ သို့သော် ဘုရားပွင့်ပြီးဝါတော်-၂၀ ကြာမှ ရရှိခြင်းဖြစ်ပါသည်။ သက္ကရာဇ်အားဖြင့် ဖော်ပြရပါလျှင် မဟာသက္ကရာဇ်-၁၂၃၊ ခရစ်သက္ကရာဇ်မှာ ဘီစီ-၅၁၈ (Vikram sambat)အလို သို့မဟုတ် ဘီစီ ၅၇၀ (Kaliyug) အလိုတွင်ဖြစ်ပါသည်။ ရခိုင်ပြည်သူပြည်သားတို့ကလည်း ဤအချက်ကို အကြွင်းမဲ့ အစဥ်အလာ အရ ယနေ့တိုင် ယုံကြည်လျှက်ရှိပါသည်။

အထက်ကဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောနှစ်မှာ မဟာသက္ကရာဇ်- ၁၄၈ နှစ်ဖြစ်ပါသည်။ ပရိနိဗ္ဗာန်စံသောနှစ်တွင် မဇ္ဈိမဒေသမှ အဇာတသတ်မင်းက ပထမသင်္ဂါယ နာတင်ခဲ့ပြီးနောက် မဟာသက္ကရာဇ်-၁၄၈ ကို ဖြိုချေ၍ ပြန်စသော သက္ကရာဇ်ကို သာသနာ သက္ကရာဇ်-၁ ဟုခေါ်တွင်လာပါသည်။ တစ်ချိန်တည်းမှာပင် ဓညဝတီပြည့်ရှင် စန္ဒာသူရိယမင်း ကလည်း အဇာတသတ်မင်းနည်းတူ မဟာသက္ကရာဇ် ၁၄၈ ကို ဖြိုချေ၍ သာသနာသက္ကရာဇ်-၁

http://www.dhammadownload.com



က ပြန်စသည်သာ မကဘဲ သက္ကရာဇ်တစ်ပြေးညီဖြစ်စေရန် ရည်ရွယ်၍ ကောဇာသက္ကရာဇ်ကို လည်း တစ်ပြိုင်နက်တည်း စတင်ခဲ့ကြောင်းတွေ့ရပါသည်။

စန္ဒာသူရိယမင်းမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ နောက်တစ်နှစ်တွင် ကွယ်လွန်အနိစ္စ ရောက်ကြောင်းကိုလည်း တူညီစွာဆိုထားကြသည်ကိုတွေ့ရပါသည်။ ဤသည်တို့မှာ ဂေါတမ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာသက္ကရာဇ် စတင်လာသည့် ဇစ်မြစ်ပင်ဖြစ်ပါတော့ သည်။ ညီမျှသော ခရစ်သက္ကရာဇ်မှာ Vikram Sambat သက္ကရာဇ်အလို (BC- 492)ဖြစ်ပြီး Kali Yug အလို (BC-544) ဖြစ်ပါသည်။

တဖန် ဤသာသနာသက္ကရာဇ်-၂၁၄ မှ စတင်၍ ဓညဝတီပြည့်ရှင် သူရိယစက္ကမင်း စိုးစံသည့်အချိန်မှာ မဇ္ဈိမဒေသမှ ပါတလိပုတ်ပြည့်ရှင် အသောကမင်းက တတိယသင်္ဂါယနာကို သာသနာသက္ကရာဇ်-၂၃၅ ခုတွင် တင်တော်မူပြီးနောက်ဝယ် ကိုးတိုင်းကိုးဌာနသို့ ဗုဒ္ဓသာသာနာကို သာသနာပြုစေလွှတ်ရာ၌ ရခိုင်သို့လည်း အရှင်ရေဝတထေရ် ဦးဆောင်သော ရဟန္တာငါးပါးအဖွဲ့ ရောက်ရှိလာပြီး ဗုဒ္ဓဘာသာသနာကို ပိုမိုခိုင်မြဲအောင် ဖြန့်ချိခဲ့ပါသည်။ ဤအချိန်မှစ၍ ရခိုင်တွင် ဗုဒ္ဓသာသနာ ပိုမိုကျယ်ပြန့်လာခဲ့ကြောင်း အဆိုရှိပါသည်။ ထိုအသောက သာသနာပြုအဖွဲ့မှ ပင့်ဆောင်လာသော ဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များကိုဌာပနာ၍ ရခိုင်တလွှား ကစ္ဆပနဒီ နှင့် အဥ္စနနဒီလေးမြို့မြစ်များ၏ ကမ်းခြေတစ်လျှောက်တွင် စတူပါစေတီများကို ယနေ့တိုင် ဖူးတွေ့ ရပါသည်။ ဂေါတမမြတ်စွာဘုရား ရခိုင်ဓညဝတီသို့ ကြွလာခဲ့စဉ် ရှင်အာနန္ဒာကို မိန့်ကြားခဲ့သော ဗျာဒိတ်တော်အတိုင်းပင် ထိုထိုဗျာဒိတ်ကျရာအရပ်တို့၌ သက်ဆိုင်ရာဓာတ်တော်များကို ဌာပနာ ကိန်းအောင်းစေခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချိန်ကစ၍ ဗုဒ္ဓဘာသာသာသနာ ရောင်ဝါသည်လည်း ရခိုင်တွင်ထွန်းလင်း တောက် ပြောင်လျှက် ရှိလာပါသည်။

စန္ဒာသူရိယမင်းနောက် ၆-ဆက်မြောက် သူရိယစက္ကမင်းသည်လည်း ဘုန်းကံကြီးမားသည့် သာသနာပြုမင်းတစ်ပါး ဖြစ်ပေသည်။ထိုမင်းလက်ထက်မှာ မဟာကျန်ဗုဒ္ဓဆင်းတုတော်ငါးဆူကို သွန်းလုပ်ခဲ့ကြောင်း အဆိုရှိပါသည်။ ထိုငါးဆူအနက်တစ်ဆူသော ဗုဒ္ဓဆင်းတုတော်မှာ စန္ဒာမုနိ ဖြစ်ပါသည်။ ဤစန္ဒာမုနိ ဆင်းတုတော်ကို ယနေ့တိုင် မြောက်ဦးမြို့၊ စန္ဒမုနိကျောင်းတိုက် ပရိဝုဏ် အတွင်းမှာ သပ္ပါယ်စွာ စံပါယ် နေသည်ကို ဖူးတွေ့နိုင်ပါသည်။

http://www.dhammadownload.com



ထို့နောက် မကြာသေးသောကာလက ထူးဆန်းဖွယ်ရာ ဖူးတွေ့လာရသော စကြာမုန်ကြေး ဆင်းတုတော်တစ်ဆူ၏ နောက်ကျောတွင် ရေးထိုးထားသော ရက္ခဝဏ္ဏစာတမ်းအရ ကုသိုလ်ရှင်မှာ သူရိယကုလမင်း ဖြစ်ကြောင်းသိရပါသည်။ ဤမင်းမှာ တတိယဓညဝတီ ၁၄-ဆက်မြောက် မင်းတစ်ပါးဖြစ်ပေသည်။ သက္ကရာဇ်-၅၁၉/၅၅၅ အထိ စိုးစံခဲ့သော မင်းဖြစ်ကြောင်းတွေ့ရပါသည်။ ဤဆင်းတုတော်မှာ ဘူမိဖဿမုဒြာနှင့် ဓမ္မစကြာမုဒြာကို ဆန်းကြယ်စွာ ပေါင်းစပ်ထား သည်သာမက ဓမ္မတရားတော်ကို အရပ်ရှစ်မျက်နှာ စကြာဝဠာတစ်ခွင်သို့ တရားဟောကြား ပြသနေပုံကို ပေါ်လွင်အောင် ပုံဖော်ပြထားခြင်းမှာလည်း အံ့ဩဖွယ်ရာဖြစ်သကဲ့သို့ မဂ္ဂင်ရှစ်ပါး တရားတော်ကိုလည်း တစ်နည်းအားဖြင့် ပေါ်လွင်စေပါသည်။ ဤကဲ့သို့ ပုံဖော်၍ သွန်းလောင်း စေသူ ကုသိုလ်ရှင် ဒါယကာမှာ ဗုဒ္ဓဘာသာ တရားတော်ကို နှိုက်နှိုက်ချွတ်ချွတ် ယုံကြည်သော ပုဂ္ဂိုလ်ပင် ဖြစ်ပါကြောင်းကိုလည်း ပေါ်လွင်စေပါသည်။

ဤသည်တို့မှာကား ရခိုင်ဓညဝတီသားတို့ ထိုအချိန်ကပင် ဗုဒ္ဓဘာသာယဉ်ကျေးမှု အပြည့် အဝရှိနေပြီ ဆိုသည်ကို ပြသခြင်းဖြစ်ပါသည်။ ဤသူရိယစက္ကမင်းနှင့် အသောကမင်းတို့၏ နန်းစံသက္ကရာဇ်ကို ဆန်းစစ်ကြည့်သောအခါ သူရိယစက္က၏ နန်းစံနှစ်မှာ သာသနာ ၂၁၄-၂၅၀၊ ခရစ်ဘီစီ ၂၇၄-၂၃၄ ဖြစ်ပြီး အသောကမင်း၏ နန်းစံနှစ်မှာ သာသနာ ၂၁၈ - ၂၄၅၊ ခရစ်သက္ကရာဇ် ၂၇၄-၂၃၄ ဖြစ်ကြောင်းတွေ့ရရာ တစ်ဦးနှင့်တစ်ဦး နန်းစံစတင်ချိန်မှာ ၄-နှစ်သာ ကွာခြားပါသည်။ ဆိုလိုသည်မှာ ဤမင်းနှစ်ဦးတို့ မင်းပြိုင်ဖြစ်သည့်အတွက် ခေတ်မှာလည်း ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသည့် ခေတ်ပြိုင်ဖြစ်ကြောင်း ဆိုနိုင်ပါသည်။

တတိယဓညဝတီခေတ် စန္ဒာသူရိယမင်းဆက် ၁၆-ဆက်မြောက် သူရိယစိတြမင်း လက်ထက် ကောဇာသက္ကရာဇ်-၆၀၉ ကို ၂-ကြွင်းထား၍ ဖြိုချေခဲ့ပါသည်။ ဤသက္ကရာဇ်ဖြိုချေခြင်း သည် ရခိုင်တွင်တတိယမြောက် ဖြိုချေခြင်း ဖြစ်ပါသည်။ ထိုအချိန်အခါနှင့် ကိုက်ညီနေသည့် ခရစ်သက္ကရာဇ် Kalliyug အလိုအေဒီ ၃၂၇ Vikram Sambat အလိုမှာ အေဒီ-၃၆၄ ဖြစ်ပါသည်။

တစ်ချိန်တည်းမှာ ဤသက္ကရာဇ်များသည် ဝေသာလီခေတ်ကို မဟာတိုင်းစန္ဒြက စတင်ချိန် လည်း ဖြစ်ပါသည်။ Dr. Sircar ၏အလိုအရ အာနန္ဒာကျောက်စာပါ ဝေသာလီ ဒုတိယဇယားကို စတင်ချိန်မှာ အေဒီ-၃၇၀ ဟုတွေ့ရရာ အထက်ဖော်ပြပါ Kaliyug သက္ကရာဇ်နှင့် ၄၃-နှစ်ကွာပြီး Vikram Sambat သက္ကရာဇ် အယူအဆဖြင့် တွက်ချက်ယူလျှင် Dr.Sircar အယူအဆနှင့်

http://www.dhammadownload.com



အလွန်နီးစပ်နေသည်ကို တွေ့ရပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ရာဇဝင်ပါမှတ်တမ်းနှင့် ကျောက်စာပါမှတ်တမ်းများမှာ တခြားစီမဟုတ်ဘဲ တစ်ခုတည်းသော သမိုင်းကြောင်း ဖြစ်ကြောင်းကောက်ချက်ချနိုင်သည်ကို တွေ့ရပါသည်။

ထို့ကြောင့် ဝေသာလီကို တည်ထောင်သော မဟာတိုင်းစန္ဒြ (ခ) ဒွေ်စန္ဒြ၏ သက္ကရာဇ်မှာ သာသနာ-၈၅၆၊ ကောဇာ-၂၄၉၊ ခရစ်အေဒီ-၃၆၄ ဖြစ်ပါသည်။ ဤမင်းမှာ အထက်က ဆိုခဲ့သည့် အတိုင်း တတိယဓညဝတီ၏ နောက်ဆုံးမင်းသူရိယကေတု၏ သားဖြစ်ပေရာ ဒွေ်စန္ဒြ (ခ) မဟာစန္ဒြ၏ ဗုဒ္ဓဘာသာကိုးကွယ်မှုမှာလည်း ထေရဝါဒဗုဒ္ဓဘာသာအဖြစ် ယူဆလို့ရပါသည်။ ဤမင်း၏ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ အထင်အရှား ဆောင်ရွက်ချက်တစ်ခုမှာ ဝေသာလီဘုရား ကြီးကို တည်ထားကိုးကွယ်ခြင်းဖြစ်ပါသည်။

ဤဘုရားကြီးကို ဝေသာလီနန်းတော်ရာအနီးတွင် ယနေ့တိုင် သပ္ပါယ်စွာ ဖူးတွေ့နိုင်ပါသည်။ ဤဘုရားကြီးမှာ ကျောက်တုံးကြီးတစ်ခုကို ထုလုပ်ထားပြီး တောင်ကုန်းပေါ်တွင် တည်ထားခြင်း ဖြစ်ကြောင်းကို တွေ့ရရာ ဤသည်မှာ ဘုရင်နှင့်ဝေသာလီသား ပညာရှင်များ၏ စွမ်းပကားဟု ဆိုနိုင်ပါသည်။

ဤသည်တို့မှာ ဝေသာလီခေတ်တွင် ဗုဒ္ဓဘာသာသနာ ထွန်းကားနေခြင်းနှင့် အခွန့်ရှည် တည်တံ့စေရေးအတွက် ဆောင်ရွက်ချက်များပင် ဖြစ်ပါသည်။ ရခိုင်တို့၏ ယုံကြည်ချက်မှာ ဓညဝတီစန္ဒာသူရိယမင်း လက်ထက်မှစ၍ ယနေ့တိုင် ကိုးကွယ်ယုံကြည်လာသော သာသနာမှာ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာဖြစ်သည်ဟု ယုံကြည်ထားကြပါသည်။

တစ်နည်းပြောရသော် ဗုဒ္ဓဘာသာသာသနာရောင်ဝါ ထွန်းပြောင်ခဲ့သည့် တစ်ခုတည်း သော ဝေသာလီ အေဒီ-၄ ရာစုမှ အေဒီ-၉ ရာစု စောစောပိုင်းထိ တည်တန့်ခိုင်မြဲခဲ့သည့် ဝေသာလီမြို့ သည် တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့သွားလာတတ်သော တရုတ်တရက် (Sung)များက ရုတ်တရက် ဝင်ရောက်ဖျက်ဆီးခဲ့မှုကြောင့် ဝေသာလီမြို့ကြီး လုံးဝပျက်စီးခဲ့ ရလေသည်။ စင်စစ်ဝေသာလီခေတ် တစ်လျှောက်လုံးသည်ကား ငြိမ်းချမ်းသာယာ၍ ဗုဒ္ဓယဉ် ကျေးမှုနှင့် အိန္ဒိယမြောက်ပိုင်း အက္ခရာစာပေများမှ ဆင်းသက်ကာ အဆင့်ဆင့် ပြောင်းလဲလာရာ အေဒီ-၈ ရာစုခန့်တွင် ရက္ခဝဏ္ဏစာပေသည်လည်း စာဆိုပညာရှင်များဖြစ်သော မေဝပညာ၊ စောပြည့်ညို (ခေါ်) သုဝဏ္ဏဒဝီ၊ ဓမ္မဇေယအမတ်ကြီးတို့လက်ထက်မှာ ထွန်းပေါ်လာခဲ့ပါသည်။

http://www.dhammadownload.com



ယင်းအချိန် မတိုင်မီ ပြုလုပ်ခဲ့သည့် သံဂါယနာတင် မှတ်တမ်းများကို သက္ကတဘာသာနှင့် မှတ်တမ်းတင်ခဲ့ သကဲ့သို့ တခြားတွေ့ရှိသော ကျောက်စာချပ်များမှာလည်း သက္ကတဘာသာဖြင့်ပင်ရေးထိုးထားခြင်း ဖြစ်ပေမည်။ အိန္ဒိယနိုင်ငံ လက်ရေးလက်သားမျိုးဖြစ်ခြင်း၏ အကြောင်းအရင်းများပင်ဖြစ်ပါ သည်။

အထက်ဖော်ပြပါ ပညာရှင်များပေါ်ထွန်းလာပြီးနောက် ရက္ခဝဏ္ဏအက္ခရာနှင့် စာပေအရေးအသားတို့ ပြောင်းလဲလာသည်ကို တွေ့ရပါသည်။

## ဝေသာလီကျောက်လှေကားခေတ်ကို ဆက်ခံသော လေးမြို့ ပဉ္စာခေတ်နှင့် *မြန်မာပုဂံခေတ်တို့၏ အနေအထား*

အဥ္စနနဒီလေးမြို့ခေတ်၏ ပထမဆုံးမြို့တော် ပဉ္စာကိုခေတ္တသင်မင်းက ကောဇာ-၁၈၀၊ ခရစ်အေဒီ-၈၁၈၊ သာသနာ-၁၃၆၂ တွင် တည်ထောင်ထီးနန်းစိုက်ထူ၍ နှမတော် သီရိကုမ္ဘာမိဖုရားဖြင့် နန်းစည်းစိမ်ကို ၁၀-နှစ် စံတော်မူကာ ကောဇာ-၁၉၀၊ ခရစ်-၈၂၈၊ သာသနာ-၁၃၇၂၊ သက်တော်-၃၅ နှစ်တွင် နတ်ရွာစံတော်မူသည်။

ခေတ္တသင်နန်းစံခြင်းနှင့် ပတ်သက်၍ လေးမြို့ခေတ် သာစွလေကဗျာလင်္ကာအပိုင်း-၆ ၌ "သာစွလေ" ပြည်ရွှေသာ မြို့ပဉ္စာထက်၊ စိုးလှာသည်မင်း၊ ခေတ္တသင်ဟု ထန်ပြင်းတေလာ၊ ဘုန်းပညာကြောင့် ပြည်ရွာအစိုး၊ ရေခမိုးသို့ အေးလို့ငြိမ်ငြိမ်၊ တာဝတိန်နှင့် စံချိန်တန္တူနိုး၊ ပျော်မဆုံးအောင်၊ ရှင်ဘုန်းထက်ဝှန်း၊ ပြည့်စုံလွန်းခဲ့။ တတန်သာသနာ၊ ပြည်ရွာမှာကား၊ ဖန်ဝါအရောင်ထွန်းလင်းပြောင်ခဲ့၊ ဦးဆောင်ဗန္ဓဝ၊ ကောဏ္ဍညနှင့် နောက်မှစဉ်ဆက်၊ မပြတ်စိုက်စိုက်၊ ထပ်ချပ်လိုက်သည်။ စရိုက်ဘာသာ၊ သာသနာ၏ ကောင်းရာအကျိုး၊ ထမ်းဆောင်မိုးလည်း အကျိုးမျှော်လေ၊ နန္ဒိယနှင့် ပဒုမရှင်၊ ပေါ်ထင်ရဟန္တာ မြတ်သံဃာတို့ ပဉ္စာမြို့ထက်၊ ထွန်းပေါ်ထွက်သည်၊ မျိုးဆက်မဏ္ဍိုင် ရခိုင်သာယောင်း၊ သာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

အထက်ပါလင်္ကာအရ သိရသည်မှာ ပဉ္စာမြို့ဆက် ခေတ္တသင်မင်းလက်ထက်တွင် ပြည်ရွာအေးချမ်းသာယာပြီး သာသနာတော် နောက်ထပ်တစ်ကျော့ ထွန်းလင်းပြောင်ခဲ့သည်။ ရဟန္တာအရှင်မြတ်များလည်း ပေါ်ထွန်းခဲ့ကာ ရဟန္တာအရှင်မြတ်တစ်ပါး(ဗန္ဓဝထေရ်)၏ ဓာတ်တော်မွေတော်အား ဗုဒ္ဓဂေါတမရှင်၏ ဓာတ်တော်များနှင့် အတူတကွဌာပနာ၍ မင်္ဂလာဓာတ်ရွှေဂူ၊

http://www.dhammadownload.com



စေတီပုထိုးအား တည်ထားခဲ့သည်ဟု အဆိုရှိပါသည်။ ယနေ့တိုင် လက်ရာမပျက် မြောက်ဦးမြို့ အောင်မာတ်ချောင်းသဘော်ာဆိပ် တောင်ဘက်ကုန်းတစ်ခုပေါ်တွင် တည်ရှိသည်ကို ဖူးတွေ့ရပါသည်။

ခေတ္တာသင်မင်းမှာ အေဒီ-၈၂၈ တွင် ကွယ်လွန်ပြီးနောက် ၎င်း၏ညီတော် အိမ်ရှေ့မင်းသား စန္ဒာသင်က သီရိကုမ္ဘာမိဖုရားကြီးနှင့်ပင် နန်းတက်တော်မူခဲ့သည်။ အေဒီ-၈၂၈ မှ ၈၄၃ အထိ ၁၅-နှစ်အထိ စည်းစိမ်ကိုခံစားခဲ့ရသည်။ စန္ဒာသင် လွန်သောအခါ ခေတ္တာသင်၏သားတော် မင်းရင်ဖြူပဉ္ဇာမင်း ဖြစ်လာပါသည်။

မင်းရင်ဖြူမှာ ဘာသာရေးအထူးကိုင်းညွှတ်ပြီး ခွန်အားကြီးမားသော လက်ရုံးရည် နှလုံးရည် ပညာအမြော်အမြင်နှင့် ပြည့်စုံသော မင်းတစ်ပါးဖြစ်၍ မင်းကျင့်တရားနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်တော်မူသဖြင့် အဘက်ဘက်တွင် ကောင်းမွန်တိုးတက်ခဲ့ကြောင်း တွေ့ရသည်။ မင်းရင်ဖြူ၏ နန်းစံသက်-၃၀ အတွင်း ဘာသာ၊ သာသနာ တိုးတက်ထွန်းကားပြန့်ပွားရေးနှင့် ရက္ခဝဏ္ဏ အရေးအသား စာပေအနုပညာ ယဉ်ကျေးမှုကဏ္ဍဘက်တွင် အားသွန်ခွန်စိုက် အထူးဆောင်ရွက်ခဲ့ခြင်းကြောင့်၊ ဘာသာသာသနာမှာ အထူးတလည်ထွန်းပြောင်ခဲ့ကြောင်း တွေ့ရပါသည်။ ပရိယတ္တိစာပေ၊ ပိဋကတ်သုံးပုံအစုံအား ရက္ခဝဏ္ဏ အက္ခရာပါဠိဘာသာဖြင့် ပထမဆုံးပြန်ဆိုရေးသားကာ ကူးယူဖြန့်ဝေပေးနိုင်ခဲ့သော သာသနာပြုမင်းတစ်ပါး ဖြစ်ခဲ့ပါသည်။

*မှတ်ချက်။ ။ ခေတ္တာသင်နှင့်မင်းရင်ဖြူတည်ထားသော မင်္ဂလာစာတ်ရွှေဂူ စေတီနှင့် မင်းရင်ဖြူသွန်းလုပ်ခဲ့သော မဟာကျန်ဆင်းတုတော်နှင့် ကျောက်ညိုဆင်းတုတော်များ ကို အခန်း(၁၀) ဓာတ်ပုံမှတ်တမ်းတွင်-ရှုပါ။*

မင်းရင်ဖြူ တည်ဆောက်ကုသိုလ်ပြုခဲ့သည့် ကျောက်ညိုဘုရားငါးဆူမှာ -

(က) စပါးဆိပ်ကျေးရွာတွင် တည်ရှိသော **ဒေဝမုနိ**၊

(ခ) ညောင်ချောင်းကျေးရွာတွင်တည်ရှိသော **စူဠာမုနိ**၊

(ဂ) ရွာမပြင်ကျေးရွာတွင် တည်ရှိသော **ရာဇာမုနိ**၊

(ဃ) ကျောက်ကျပ်ကျေးရွာတွင်တည်ရှိသော **သကျမုနိ**၊

(င) တောင်ဦးကျေးရွာတွင် တည်ရှိသော **စန္ဒာမုနိ** တို့ဖြစ်ပါသည်။

http://www.dhammadownload.com



၎င်းဘုရားငါးဆူသည် ဓညဝတီနေရာဟောင်းနှင့် မဟာမုနိကုန်းတော်အနီးတွင် စီးဆင်းနေသော သီရိမာနဒီ(ခေါ်)သရီချောင်းကမ်းနားဘေးတွင် ရှာစဉ်အလိုက် ယခုတိုင်တည်ရှိနေပါသည်။ မင်းရင်ဖြူ သွန်းလုပ်သော မဟာကျန်ဆင်းတု ၂၈-ဆူအနက် ယနေ့တိုင်ဖူးတွေ့နိုင်သည့် တစ်ဆူတည်းသော ဆင်းတုတော်မှာ **စစ်တွေမြို့ ခေါင်း လောင်းဘုန်းတော်ကြီးကျောင်းတွင်** ကိန်းဝပ် စံပါယ်လျက် ရှိပါသည်။ မင်းရင်ဖြူသည် ၄ပေ ၅လက်မ မှ ၉ပေ ၃လက်မ ခန့်ရှိ ကျောက်ညိုဘုရားကြီးငါးဆူအပြင် သွန်းစက်တော်ဘုရားရှင် ရုပ်ပွားတော် ၂၈-ဆူကိုလည်း သွန်းလုပ်ကာ ပိဋကတ်သုံးပုံ အလုံးစုံကို ရွှေသားပုရပိုက်ထက် ရက္ခဝဏ္ဏရခိုင်အက္ခရာပါဠိဘာသာဖြင့် ပြန်ဆိုရေးသားကာ ထပ်မံ၍ ပေထက်အက္ခရာတင်ပြီး မိတ္တူ အမြောက်အများပြုစုကာ နိုင်ငံအဝှမ်းကျောင်းကန်များသို့ ဖြန့်ချိခဲ့ သည်ဖြစ်ရာ ရခိုင်သာသနာတော် ပြန့်ပွားရေးကိုပါ ဆောင်ကျဉ်းပေးခဲ့သော သာသနာပြုမင်းမြတ် တစ်ပါးဖြစ်ပေသည်။

မင်းရင်ဖြူသည် သ်ဃာတော်အပါး-၈၀၀ တို့ဖြင့် ပဥ္စာမြို့၌ အေဒီ-၈၄၇ ခုနှစ်တွင် ယခင် ဝေသာလီကျောက်လှေကားခေတ် သီရိစန္ဒြမင်းလက်ထက် ဂုပ္တအက္ခရာဖြင့် ကြေးထက်အက္ခရာ တင်ခဲ့သော ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာများကို ရွှေပုရပိုက်ပေါ်၌ ရခိုင်အက္ခရာပါဠိ ဘာသာ စကားတို့ဖြင့် သံဂါယနာတင်ခဲ့ကြောင်း အဆိုရှိပါသည်။

မြောက်ဦးခေတ် မင်းတာကြီး၏သား မင်းဖလောင်းလက်ထက်မှာ ၎င်းရွှေပြားအက္ခရာတင် ပိဋကတ်သုံးပုံအား ဦးရာဇ်တောင်စေတီကို ပြုပြင်စဉ် ဌာပနာထည့်လိုက်ကြောင်း ရာဇပုံကျမ်း ရှေးဟောင်းပေမူတွင် ပါရှိကြောင်းဟူ၍လည်း အဆိုရှိပါသည်။

မင်းရင်ဖြူသွန်းလုပ်တော်မူခဲ့သော ဆင်းတု-၂၈ ဆူအနက် ယနေ့တိုင်ဖူးတွေ့နိုင်သည့် တစ်ဆူတည်းသော ဆင်းတုတော်မှာ အထက်ကဆိုခဲ့သည့်အတိုင်း စစ်တွေမြို့ လမ္ပတော်တောင် ရပ်ရှိ ခေါင်းလောင်းကျောင်းတွင် စံပါယ်တော်မူလျှက် ရှိနေပါသည်။ ဘုရားဗမ္ဗခဏ်တွင် ရေးထိုး ထားသော ကမ္ပည်းစာမှာ **"သက္ကရာဇ် ၂၀၉ ကဆုန်လဆန်း ၆ ရက် တနင်္လာနေ့ ငါးနာရီကျော် အချိန်ရောက်သောအခါ ကြီးသွန်းအဲသည်။ မောင်ရ်ဖြူကောင်းမှုဘုရားကို ပဥ္စာလောဟာဖြင့် ပြီးပြည့်စုံသည်။ ဘုရားပြုသော အကျိုး(ဖြင့်) ဘုရားမချွတ် ဖြစ်စေသော"** ဖြစ်ပါသည်။

မင်းရင်ဖြူမင်းကြီး ဘုရား-၂၈ ဆူကို သွန်းလုပ်သော သက္ကရာဇ်မှာ ၂၀၉ ဖြစ်ရာ ယခုအခါ

http://www.dhammadownload.com



၉ ဂဏန်းတစ်လုံးထဲသာ ဖတ်၍ရတော့သည်။ အရှေ့ဂဏန်း ၂,၀ မှာ ပျက်လျက်ရှိနေပေပြီ။ ထို့အပြင် ကျန် ၂၇-ဆူသော ဆင်းတုတော်များမှာ မည်သည့်နေရာတွင် ကိန်းဝပ်နေသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ ပြောနိုင်စွမ်း မရှိတော့ပါ။ (မင်းရင်ဖြူ၏ နန်းသက်မှာ ကောဇာ ၂၀၅-၂၃၅၊ အေဒီ ၈၄၃-၈၇၈ ဖြစ်ပါသည်။)

မင်းရင်ဖြူ နောက်တက်လာသော မင်းဆက်-၁၀ ထိသော မင်းများမှာ သာမန်မင်းများသာ ဖြစ်ပါသည်။ မင်းဆက်-၁၀ မင်းလာထော်၊ ကောဇာ ၃၇၆-၃၉၆၊ ခရစ် ၁၀၁၄-၁၀၃၄ လက်ထက် သည် ၁၀၁၈/၁၀၁၉ တွင် ပုဂံအနော်ရထာမင်း ဓညဝတီသို့လာရောက်ကြောင်း တွေ့ရပါသည်။ (အနော်ရထာမင်း မှာ လိစ္ဆဝီဝေသာလီမင်းသမီး ပဉ္စကလျာဏီကို ခေါ်ယူရန်ရောက်လာခြင်း ဖြစ်သည်။)

ဤသည်မှာ ကောဇာ ၁၈၀ မှ ၃၈၀၊ ခရစ် ၈၁၈-၁၀၁၈ အထိ နှစ်ပေါင်း ၂၀၀ နှစ်စုဖြစ် ပါသည်။ ဥရောပသုတေသီများနှင့် Pamela တို့အဆိုအရ ဤနှစ်ပေါင်း ၂၀၀ သည် ရခိုင် သမိုင်း ကြောင်းအမှန်နှင့် ချိန်ထိုးကြည့်ပါလျှင်လည်း ဖော်ပြပါသုတေသီတို့၏ အယူအဆမှာ မည်သို့မျှ ဖြစ်နိုင်ချေမရှိသည်မှာ ထင်ရှားနေပါသည်။ ထို့ကြောင့် ဝေသာလီကျောက် လှေကားခေတ်ကုန်ဆုံး သောနှစ်မှာ ကောဇာ-၁၈၀၊ ခရစ်-၈၁၈ သာဖြစ်ကြောင်းနှင့် ယင်းနှစ်သည်ပင် လေးမြို့ပဉ္စာခေတ် စတင်သောနှစ်ကို မည်သို့မျှငြင်းကွယ်၍ ရမည်မဟုတ်ပါပေ။ ပဉ္စာခေတ် မင်းဆက်-၁၀ မင်းလာ ထော်၏ နန်းသက် ၄-နှစ်၊ ကောဇာ-၃၈၀၊ ခရစ်အေဒီ ၁၀၁၈ နှစ်တွင် ပုဂံအနော်ရထာမင်း ဓညဝတီသို့ကြွလာကြောင်းကို မှန်နန်း ၉၂ ကလည်း အတည်ပြု ထားသည်ကို တွေ့ရပါသည်။

ဤကဲ့သို့ အထောက်အထား အထင်အရှားရှိနေသော သမိုင်းကြောင်းကို နိုင်ငံခြား သုတေသီများက ကိုယ်လိုရာဆွဲ၍ ဇွတ်တရွတ်ရေးသားပြောဆိုနေကြခြင်းမှာ အမှားကို အမှန်ထင် နေကြ၍ ဖြစ်ပါသည်။ ဤသည်တို့မှာ ပဉ္စာခေတ်၏ မင်းဆက်-၁၀ ဆက် နှစ်ပေါင်း-၂၀၀ အထိ သုံးသပ်တင်ပြခြင်းလည်း မည်ပါသည်။

Dr. Forehhammer မြန်မာနိုင်ငံ၏ ပထမဆုံး ဂျာမန်လူမျိုး ရှေးဟောင်းသုတေသနဝန် က ပုဂံအနော်ရထာမင်း ဓညဝတီရောက်လာပြီး မဟာမုနိဆင်းတုတော်ကို ဖူးမျှော်ပုံနှင့်ပတ်သက်၍ ရေးထား သည်မှာ -

http://www.dhammadownload.com



"In the 10th century the great Burmese monarch Anawrahta sojourned from Pagan to suprintend in person the rebuilding of the Mahamuni Temple, he also eracted a hall infront of the Shrine Summounted by a richly curved graduated turret."

(အနော်ရထာမင်း ဓညဝတီသို့ ရောက်လာသည့်အချိန်မှာ 10th Century မဖြစ်နိုင်ပဲ 11th Century အစောပိုင်းသာ ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အနော်ရထာ၏နန်းစံနှစ်မှာ အေဒီ ၁၀၇၇-၁၀၅၀ ဖြစ်၍ဖြစ်ပါသည်။ ပဲခူးမင်းကျောင်းဆရာတော်၏ ဓညဝတီရာဇဝင်သစ်လာ ပုဂံအနော်ရထာမင်း ဓညဝတီရောက်ရှိ၍ မဟာမုနိကို ပင့်ဆောင်ရန် ကြိုးစားခဲ့သည့် ကောဇာ ၃၃၈ ကိုယူ၍ ခရစ်သို့ ပြောင်းထားသည့်သဘောကို တွေ့ရပါသည်။ ၃၃၈ + ၆၃၈ = ၉၇၆ = ၁၀ ရာစု ဖြစ်နေသည်ကို ယူပုံရပါသည်။

ပဉ္စာမင်းဆက် သက်တမ်းမှာ ၂၈၅-နှစ် ဖြစ်၍ ယခုတင်ပြပြီးသည့်နှစ်ပေါင်း ၂၀၀ ကို နုတ်လိုက်ပါလျှင် ၈၅-နှစ် ကျန်နေမည်ဖြစ်ပြီး မင်းဆက်-၅ ဆက် ၁၁ မှ ၁၅ အထိဖြစ်ပါသည်။ ထိုမင်းဆက်များအနက် မင်းဆက်-၁၁ မင်းကုလားလက်ထက်အဖြစ်အပျက်မှာ အထူးအထွေ မတွေ့ရသော်လည်း မင်းစဉ်-၁၂ မင်းဘီလူးလက်ထက်သို့ ရောက်သောအခါ နန်းတွင်းပုန်ကန် ပုန်စားမှုတစ်ရပ် ဖြစ်လာပြီး နန်းလုခံရသည်ကို တွေ့ရပါသည်။ နန်းလုအမတ်မှာ ဝရောင်းငှက်ခေါ် အသခ်ယာ ဖြစ်ပါသည်။

ဤအဖြစ်အပျက်ကို လေးမြို့ခေတ် သာစွလေကဗျာ အပိုဒ်-၇တွင် ဤသို့ ဆိုထားပါသည်။

"သာစွလေ။ ။ ပြည့်ရွှေစမ္ဗဝက်၊ ယင်းပြည်ထက်တွင် မင်းဆက်တစ်ဆယ်၊ စိုးခါဝယ်၌၊ ကြံစည် လှည့်ပတ်၊ ပုန်ကန်သတ်၍၊ အမတ်အသခ်ယာ၊ မည်သာတချက်၊ ဝရောင်းငှက်ဟု သုံးဘက် ထိုးကာ မင်းပြုလာ၏။ ထိုခါချိန်ဝယ် မျိုးနွယ်သကျ၊ မင်းရဲဘယ၊ ပေါက်ညီမြနှင့် ချီကြွရှေ့ပြည်၊ ဆွေနှစ်မည်တွင် သားသည်တစိုက်၊ ဖွားမြင်လိုက်သည်။ ရင်နှစ်သည်းချာ၊ ရွှေဂူသာနှင့် လကျာမင်း နန်၊ နန်းရိုးမှန်လျှင် တဖန်မြို့သစ် တည်ဆောက်လှစ်ကာ၊ နှစ်ချစ်ပြည်သူ၊ စိတ်ကြည်ဖြူ၍ မှတ်ယူ တသီး၊ နန်းရွှေထီးကား၊ အံ့ချီးဂုဏ်သိရ် မြို့ပရိန်ဟု ကျော်ရှိန်မိုးဝှန်း၊ အံ့မခန်းသည် သစ်ဆန်းမဏ္ဍိုင် ရခိုင်သားလေ၊ သာစွလေ။"

မြောက်ဦးခေတ် အဒူမင်းညို၏ ရခိုင်မင်းသမီး ချောင်းအပိုဒ်-၁၀ တွင်လည်း အောက်ပါ အတိုင်း ဆိုထားပါသည်-

http://www.dhammadownload.com



" ----------- စသည်တချက်၊ ဓမ္မဝက်၌ ဘုန်းခက်စည်ပြုံး၊ ဆယ်ယောက်ကျုံးတွင်း အဆုံးစွန်မှူး မင်းဘီလူးကို ကြဲထူးလှည့်ပတ်၊ ပုန်ကန်သတ်၍၊ မတ်သခ်ယာ၊ မည်သာတချက်၊ ဝရောင်းငှက်လျှင် သုံးဆက်ရွှေသာ၊ ပဍ္ဍာမြို့ဟောင်း၊ ဂွိုန်းပြီးနှောင်းမှ မင်းကောင်းကျွေးခံ၊ မင်းရဲဘယ၊ ပေါက်ညိုမြနှင့် ကွခဲ့ ရှေ့ပြည်၊ ဆွေနှစ်သည်တွင်၊ မြင်သည့်သည်းခြာ၊ ရွှေဂူသာနှင့် လက်ျာမင်းနန်၊ နန်းရိုးမှန်လျှင် တဖန် လည်းကောင်း၊ လောင်းစည်သူခိုင်း၊ အယူလှိုင်း၍ တလိုင်း(မွန်)တသိန်း၊ ပြူတသိန်းနှင့် အောင်ကျိန်းခါချိန်၊ ပြက္ခဒိန်လျှောက်၊ ပရိန်မြို့သစ် ထောင်လာ လစ်သည်၊ ချစ်နှစ်ပြည်သူ၊ ထူးတည်းလေး"

မြောက်ဦးမြို့ ကျောက်ရစ်ကေအရပ်မှ ဦးစံလှ၏ ဓညဝတီနီဂုမ်းရွှာများ သမိုင်းလက်ာ (ဝါ) ကဗျာ အပိုဒ်-၈ ၌လည်း-

"ရာဇဝင်မှာ စတင်ထုံးကို ရှိတုံးချစ်မောင်၊ အမြဲပင်လျှင်၊ စိတ်ဝင်စား၍ မောင်နားထောင် လေ၊ ယခေါင်ကာလ၊ တိုင်းအောင်ပြီလေ၊ ရှိရက္ခတွင် မြို့ပြအင်္ဂါ၊ စုံလင်စွာနှင့် အောင်ချာကနက်၊ ထီးနန်းတည်ကော၊ ဓမ္မဝက်မှာ နန်းတက်စိုးစံ၊ ကုသလံလေ၊ ရှိကံလည်းထူး၊ ဘုန်းသဘာနှင့် တေဇာပြင်းကော၊ မင်းဘီလူးကို ညာဏ်ထူးစီမံ၊ လှည့်ပတ်ကြံ၍ ပုန်ကန်သတ်ဖြတ်၊ သခ်ယာဟု၊ တွင်ပါလတ်ကော၊ အမတ်လိမ်မာ၊ နန်းသိင်္ဂါနှင့် ဘဏ္ဍာကြီးငွေ တိုင်းပြည်ကို ယူသည်ကာလ အိမ်ရှိစံသည် သားမှန်တင်ကော၊ မင်းဘယလျှင် နန်းမရိပ်ခို၊ မြပေါက်ညိုနှင့် နှစ်ကိုယ်တူလှ ဘေးလွတ်ရာသို့ ပုန်းကာဝှက်လို့ ထွက်ပြီးကြသော်၊ တမ္မဝတီ၊ တွင်မည်ချီကော၊ ဌာနီမြတ်မွန်၊ ပြည်ပုဂံကို ရောက်ပြန်သည်ဖြင့် ထီးနန်းစံကော၊ မင်းကျန်စစ်သို့ ဦးတိုက်ခိုဝင် မြင့်ကြာတင်၍ ဘုရင်ကျန်စစ်၊ ငီဝီကွာ၍၊ နတ်ရွာလိုက်က မြီးချစ်အသဲ အလောင်းစည်သူမှာ သိမ်းယူကနက် သိသိက်ခံ၍၊ စိုးစံမြန်းကော၊ ရှိနန်းတက်လျှင် အထက်ရှိက ပြည်ရခိုင်ကို ပိုင်ဆိုင်ခြင်ကော၊ မင်းဘယ ၏ ပုတ္တာပီတာ ရွှေဂူသာ နှင့် လက်ျာမင်းနန် မျိုးရိုးမှန်ကို မင်းမွန်ခေါင်ဖျား သောင်းထိပ်အောင်၊ ပိုက်ခြီများကို သနားပြီးခါ တိုင်းရက္ခာသို့ မကြာမဆိုင်း လောင်းမင်းနန်ကို အပြန်ခိုင်း၍ မြို့တိုင်းပြည် ရွာ ဘိုးရိပ်ရာကို မြန်ကာသိမ်းမြောက်, ပရိန်မှာ ရောင်ထိန်လွှမ်းအောင် ရွှေနန်းဆောက်လို့ ဘုန်းတောက်ရှိန်ဝါ၊ စိုးစဥ်ခါတွင် တမ္မဒီပမြို့ပုဂံမှာ ဘုန်းလျှံပကော၊ ရာဇာမှန်ကူ ကြီးပညာနှင့် တေဇာပြင်းကေ မင်းစည်သူက နတ်လူရှိုည့်တ်မုနိတွင် ကေ, အရှင်မြတ်ကို ပီးအပ်လာရန် စာသဝန် ဖြင့် တောင်းခံလတ်ရာ ထိုအခါတွင် လက်ျာမင်းနန်း မတ်တော်ဝန်နှင့် ကြိမ်ဖန်များလှ ညီလာခွင်မှာ

http://www.dhammadownload.com



တိုင်ပင်ကြလို့ ဗုဒ္ဓဆင်းတော် ရုပ်ပွားတော်ကို ထင်ပေါ်ကျော်ဟိုး ထိပ်ချွန်လေမြင် ချွန်တက်ကော၊ ဝက်သတိုး၌ ပုံမယိုးဝှက်ထွေ တိတ်တိတ်ကေဖြင့်၊ ထားပေးပြီးမှ၊ စာသဝန်ကို ပုဂံမြို့မှာ ဆက်ပို့ကြလို့”

## မြန်မာမှန်နန်းရာဇဝင်တော်ကြီး ၁၉၉၂ ခုထုတ်ပါဓာ – ၂၉၇။

ပဉ္စာမင်းဘီလူး ကွယ်လွန်အနိစ္စရောက်ပြီးသည့်နောက် အမတ်အသင်္ယာက အေဒီ ၁၀၆၈ မှ ၁၀၇၆ အထိ (၈)နှစ် သိမ်းပိုက်စိုးစံကာ ထိုမင်းလွန်သည့် အချိန်မှာသားတော် မင်းဖုန်းသန်က မိဖုရား မျိုးရှင်စည် ဖြင့်အေဒီ ၁၀၇၆ မှ ၁၀၉၀ အထိ ၁၄-နှစ်ဆက်ခံပါသည်။

ဤမင်းစိုးစံသည့်အချိန် အေဒီ-၁၀၉၀ မှ ၁၀၃၃ အရောက်တွင် ပုဂံ၌ခိုလှုံနေရသော မင်းဘီလူး၏ မြေးတော်လကျ်ာမင်းနန် မောင်နှမနှစ်ဖော်အား အလောင်းစည်သူမင်း အကူအညီဖြင့် ပဉ္စာကိုတိုက်ခိုက်သိမ်းယူပြီး လကျ်ာမင်းနန်က မိမိ၏ဘိုးတော် အရိုက်အရာကို ဆက်ခံမင်းပြုခဲ့ပါသည်။ ဤမင်းအနေဖြင့် ပဉ္စာမြို့ကို ဆက်လက်မသုံးတော့ဘဲ မြို့သစ်ပုရိန်ကိုတည်ထောင်ကာ ပြောင်းရွှေ့စံတော်မူလေသည်။ ဤတွင်ပင် အေဒီ-၁၁၀၃ ခုနှစ်တွင် ပဉ္စာမြို့တော်ခေတ်မှာ အဆုံးသတ်လေတော့သည်။

ပဉ္စာမင်းဆက်-၁၅ ဆက်နှင့် ပုဂံမင်းဆက်-၁၃ မှ ၂၆ အထိသက္ကရာဇ်အမျိုးမျိုး နှိုင်းယှဉ်ချက်ဇယားကို အောက်ပါအတိုင်း ရေးဆွဲထားပါသည်။

http://www.dhammadownload.com



## ပဉ္စာမင်း ၁၅-ဆက်နှင့် ပုဂံမင်းဆက် ၁၃ မှ ၂၆ အထိသက္ကရာဇ်အမျိုးမျိုး နှိုင်းယှဉ်ချက်ဇယား

| စဉ် | လေးမြို့ခေတ် ပဉ္စာမင်းဆက် | နန်းစံ | ကောဇာ | ခရစ် | သာသနာ | သာသနာ | ခရစ် | ကောဇာ | နန်းစံ | မြန်မာပုဂံ မင်းဆက် | စဉ် |
|---|---|---|---|---|---|---|---|---|---|---|---|
| | ပမေင်တော့ | ၂၄ | ၁၅၆ | ၇၉၄ | ၁၃၃၈ | ၁၃၂၉ | ၇၈၅ | ၁၄၇ | ၁၇ | ထွန်လွတ် | ၁၂ |
| ၁ | ခေတ္တာသင် | ၁၀ | ၁၈၀ | ၈၁၈ | ၁၃၆၂ | ၈၀၂ | ၈၀၂ | ၁၆၄ | ၂၇ | စောခင်နှစ် | ၁၃ |
| ၁ | စန္ဒာသင် | ၁၅ | ၁၉၀ | ၁၂၈ | ၁၃၇၂ | ၁၃၇၃ | ၈၂၉ | ၁၉၀ | ၁၇ | မဲလူးမင်း | ၁၄ |
| ၃ | မင်းရင်ဖြူ | ၃၀ | ၂၀၅ | ၈၄၃ | ၁၃၈၇ | ၁၃၉၀ | ၈၄၆ | ၂၀၈ | ၃၂ | ပျဉ်ပြားမင်း | ၁၅ |
| ၄ | နာဂသူရိယ | ၃၁ | ၂၃၅ | ၈၇၃ | ၁၄၁၇ | ၁၄၂၂ | ၈၇၈ | ၂၄၀ | ၂၈ | တန်နက် | ၁၆ |
| ၅ | သူရိယရာဇာ | ၃၂ | ၂၆၆ | ၉၀၄ | ၁၄၄၈ | ၁၄၅၀ | ၉၀၆ | ၂၆၈ | ၉ | စလေငခွေး | ၁၇ |
| | | | | | | ၁၄၅၉ | ၉၁၅ | ၂၇၇ | ၁၆ | သီယို | |
| ၆ | ပုဏ္ဏက | ၃၃ | ၂၉၈ | ၉၃၆ | ၁၄၈၀ | ၁၄၇၅ | ၉၃၁ | ၂၉၃ | ၃၃ | တောင်သူကြီး ညောင်ဦးစော ရဟန်း | ၁၉ |
| ၇ | မင်းကြီးဖြူ | ၁၅ | ၃၃၁ | ၉၆၉ | ၁၅၁၃ | | ၉၆၄ | ၃၂၆ | ၂၂ | ကွမ်းဝက် ကြောင်ဖြူ | ၂၀ |
| ၈ | စည်သဘင်အမတ် | ၂ | ၃၄၆ | ၉၈၄ | ၁၅၂၈ | | | | | | |
| ၉ | မင်းနု | ၂၈ | ၃၄၈ | ၉၈၆ | ၁၅၃၀ | ၁၅၃၀ | ၉၈၆ | ၃၄၈ | ၆ | ကျဉ်စိုး | ၂၁ |
| ၁၀ | မင်းလာထော် | ၂၀ | ၃၇၆ | ၁၀၁၄ | ၁၅၅၈ | ၁၅၃၆ | ၉၉၂ | ၃၅၄ | ၂၅ | စုက္ကတေး | ၂၂ |
| | | ၄ | ၄ | ၄ | ၄ | | | | ၄၂ | အနော်ရထာမင်း | ၂၃ |
| | | ၂၀၀ | ၃၈၀ | ၁၀၁၈ | ၁၅၆၂ | ၁၅၆၁ | ၁၀၁၇ | | ၅ | စောလူးမင်း | ၂၄ |
| ၁၁ | မင်းကုလား | ၂၈ | ၃၉၆ | ၁၀၃၄ | ၁၅၇၈ | ၁၅၆၁ | ၁၀၁၇ | ၃၇၆ | ၄၂ | အနော်ရထာမင်း | ၂၃ |
| | | | | | | ၁၆၀၃ | ၁၀၅၉ | ၄၂၀ | ၅ | စောလူးမင်း | ၂၄ |
| ၁၂ | မင်းဘီလူး | ၆ | ၄၂၄ | ၁၀၆၂ | ၁၆၀၆ | | | | | | |
| | | | | | | ၁၆၀၈ | ၁၀၆၄ | ၄၂၆ | ၂၈ | ကျန်စစ်သားမင်း | ၂၅ |
| ၁၃ | အသင်္ခယာ | | | | | ('၄) | ('၄) | ('၄) | ('၄) | | |
| | ဝရောင်းငှက် | ၈ | ၄၃၀ | ၁၀၆၈ | ၁၆၁၂ | ၁၆၁၂ | ၁၀၆၈ | ၄၃၀ | ၂၄ | မင်းရဲဘယပုဂံ တွင်ခိုလှုံ | |
| ၁၄ | မင်းဘုန်းသန် | ၁၄ | ၄၃၈ | ၁၀၇၆ | ၁၆၂၀ | | | | | | |
| ၁၅ | မင်းပတိ | ၁၃ | ၄၅၂ | ၁၀၉၀ | ၁၆၃၄ | | | | | | |
| | လွှန်-လကျာမင်းနန် | ၆ | ၄၆၅ | ၁၁၀၃ | ၁၆၄၇ | ၁၆၃၆ | ၁၀၉၂ | ၄၆၄ | ၇၅ | အလောင်းစည်သူမင်း | ၂၆ |
| | | | | | | ('၁၁) | ('၁၁) | ('၁၁) | ('၁၁) | | |
| | | | | | | ၁၆၄၇ | ၁၁၀၃ | ၄၆၅ | ၆၄ | အလောင်းစည်သူမင်း | |
| | | | | | | ၁၇၁၁ | ၁၁၆၇ | ၅၂၉ | | လက်ျာမင်းနန်ကို ရခိုင်နန်းကိုပြန်ယူပေး | |

http://www.dhammadownload.com



မှန်နန်းစာ ၂၃၀-၂၃၉ (ပေါက္ကရာမ) ပုဂံတွင် ဖတ်ရှုရသည့်အတိုင်းဆိုပါလျှင် ပုဂံအနော်ရထာမင်းမှ အလောင်းစည်သူ လွန်သည်အထိ အေဒီ-၁၀၁၇ မှ အေဒီ-၁၁၆၇ ဖြစ်ပါသည်။ ရခိုင်ပဥ္စာခေတ် မင်းနု နန်းသက်မကုန်မီ ၃-နှစ်အလိုမှ မင်းပတိ လွန်သည်အထိ အေဒီ-၁၁၀၃ ' ၁၁-နှစ် ခေတ်ပြိုင်ဖြစ်ကြောင်း တွေ့ရသည်။ အထက်အပိုဒ်တွင် ဖော်ပြခဲ့သည့်အတိုင်း မင်းရဲဘယနှင့် လက်ျာမင်းနန်တို့ ပုဂံတွင်ခိုလှုံနေသည့် အချိန်ကာလမှာ အေဒီ -၁၀၆၈ မှ ၁၁၀၃၊ နှစ်ပေါင်း ၃၅-နှစ်ဖြစ်ကြောင်း တွေ့ရပါသည်။ ကျန်စစ်သားမင်း နန်းစံ ၄-နှစ်မှ အလောင်းစည်သူ နန်းစံ ၁၁-နှစ်အထိ ဖြစ်ပါသည်။

မင်းရဲဘယနှင့်လက်ျာမင်းနန်တို့ ပုဂံတွင်ခိုလှုံနေသည့်အချိန်ကာလ အေဒီ ၁၀၆၈-၁၁၀၃ နှစ်ပေါင်း ၃၅-နှစ်မတိုင်မီ ၂၄-နှစ် ရောက်သောအခါ ကျန်စစ်သားမင်း ကံတော်ကုန်မည့်နှစ် အေဒီ-၁၀၉၂ တွင် ကျန်ဇစ်သားမင်း၏ အပယ်မယား သားရာဇကုမ္မာ၏ လေးဖက်လေးတန်ရေး ကျောက်စာတစ်ချပ် ပေါ်ထွက်လာသည်ကို တွေ့ပါသည်။ (အေဒီ ၁၀၉၂ - ကောဇာ ၈၇၃)[၁] ပဥ္စာ မင်းရင်ဖြူထက် နှစ်ပေါင်း ၂၄၅-နှစ် နောက်ကျပြီးရေးထိုးထားကြောင်း တွေ့ရပါသည်။) တစ်ဆက်တည်းမှာပင် ရာဇကုမ္မာကျောက်စာကို ရခိုင်-မြန်မာယှဉ်တွဲ၍ သုံးသပ်ထားချက်ကို သိရှိနိုင်ရန် နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။

ဤနေရာတွင် ရခိုင်-မြန်မာ မင်းဆက် သက္ကရာဇ်တူညီနေသည့် စံနှစ်နှင့်မတူညီသော စံနှစ် နှစ်ခုကို တွေ့ရ ပါသည်။ ရခိုင်နှင့်မြန်မာတို့ ကိုက်ညီမှုအရ ရေးဆွဲထားသော နှိုင်းယှဉ်ဇယားကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

ပုဂံခေတ်သက္ကရာဇ်နှင့် ပတ်သက်၍ ပညာရှင်သုတေသီအချို့ သုံးစွဲလျှက်ရှိသောစနစ် (System) နောက်တစ်ခုကိုတွေ့ရရာ ဤသက္ကရာဇ်စနစ်အရဆိုလျှင် ရခိုင်နှင့်မြန်မာမှာ နှစ်ဖက်ညှိ၍မရကြောင်း တွေ့ရပါသည်။ ၎င်းသက္ကရာဇ်စံနစ်မှာ -

၁။ ပဥ္စာခေတ် မင်းရင်ဖြူ သွန်းဆင်းတုက ကဗျည်းစာရေးထိုးသည့်နှစ်။

http://www.dhammadownload.com

## ရခိုင်သမိုင်းအလင်းပြကျမ်း

| စဉ် | ပုဂံမင်းဆက် | ခရစ် | ကောဇာ | နန်းစံ |
|---|---|---|---|---|
| ၁။ | အနော်ရထာမင်း | ၁၀၄၄-၁၀၇၇ | ၄၀၆-၄၃၉<br>၁၀၆၈-(+၂၄) | ၃၃-နှစ်<br>၄၃၀-(+၂၄)<br>မင်းရဲဘယခိုလှုံနှစ်<br>ဖြစ်သွားသည်။ |
| ၂။ | စောလူး | ၁၀၇၇-၁၀၈၄ | ၄၃၉-၄၄၆ | ၇-နှစ် |
| ၃။ | ကျန်စစ်သား | ၁၀၈၄-၁၁၁၃ | ၄၄၆-၄၇၅ | ၂၉-နှစ်<br>၁၁၀၃-(+၁၉) |
| | ၄၆၅-(+၁၉)လက်ျာမင်းနန်ကို ပုရိန်တွင် နန်းတင်ပေးသည့်နှစ် ဖြစ်သွားမည်။ | | | |
| ၄။ | အလောင်းစည်သူ | ၁၁၁၃-၁၁၆၇ | ၄၇၅-၅၂၉ | ၅၄-နှစ် |
| ၅။ | နရသူ | ၁၁၆၇-၁၁၇၀ | ၅၂၉-၅၃၂ | ၄-နှစ် |
| ၆။ | နရမိတ်လှ | ၁၁၇၀-၁၁၇၃ | ၅၃၂-၅၃၆ | ၂-နှစ် |
| ၇။ | နရပတိစည်သူ | ၁၁၇၄-၁၂၁၁ | ၅၃၆-၅၇၃ | ၃၈-နှစ် |
| ၈။ | နရသီဟပတေ့<br>(ထီးလိုမင်းလို) | ၁၂၁၁-၁၂၃၄ | ၅၇၃-၅၉၆ | ၁၇-နှစ် |
| ၉။ | ကျစွာ | ၁၂၃၄-၁၂၅၀ | ၅၉၆-၆၁၂ | ၁၆-နှစ် |
| ၁၀။ | ဥဇနာ | ၁၂၅၀-၁၂၅၅ | ၆၁၂-၆၁၇ | ၅-နှစ် |
| ၁၁။ | နရသီဟပတေ့<br>(တရုတ်ပြေးမင်း) | ၁၂၅၅-၁၂၈၇ | ၆၁၇-၆၄၉ | ၃၂-နှစ် |

http://www.dhammadownload.com



ဤသက္ကရာဇ်စံနစ်အရဆိုပါလျှင် ပဋ္ဌာခေတ်တွင် ရခိုင်မင်းရဲဘာယနှင့် လက်ျာမင်းနန်တို့ ပုဂံတွင် ခိုလှုံနေချိန်မှာ ကျန်စစ်သားမင်းလက်ထက်တွင် မဟုတ်ဘဲ အနော်ရထာမင်းလက်ထက် တွင် ဖြစ်နေပါသည်။ ယင်းအပြင် လက်ျာမင်းနန်ကို ရခိုင်ပုရိန်တွင် ပြန်လည်နန်းတင်ပေးသည့် အချိန်မှာလည်း အလောင်းစည်သူမင်း လက်ထက်မဟုတ်ဘဲ ကျန်စစ်သားမင်းလက်ထက်ကပင် ဖြစ်နေပါမည်။ ရခိုင်ရာဇဝင်အဆိုနှင့် လုံးဝကွဲလွဲနေပါသည့်အပြင် မှန်နန်း-၉၂ အရလည်း မကိုက်ညီတော့ပါ။ ဤသည်တို့မှာ ချင့်ချိန်စဉ်းစားရန်အချက် ဖြစ်ပါသည်။

## ပဋ္ဌာခေတ် နဂရသူရိယမင်းနှင့် ကျန်မင်းဆက်များအကြောင်း

မင်းရင်ဖြူ အေဒီ-၈၇၃ ခုနှစ်တွင် နတ်ရွာစံတော်မူသည့်အခါ သားတော် နဂရသူရိယ အိမ်ရှေ့မင်းသားက မြောက်သားတော် စောလှမင်းနှင့် ဖခမည်းတော်၏အရိုက်အရာကို ဆက်ခံ ကာ အေဒီ-၉၀၄ အထိ နှစ်ပေါင်း ၃၁-နှစ် အေးချမ်းသာယာသော ပဋ္ဌာ (စမ္ဘဝက်/ပဋ္ဌာမြို့ အမွှာ)၌ပင် မင်းစည်းစိမ်ကို ဘိုးဘွားစဉ်လာမပျက် မင်းကျင့်တရားနှင့်အညီ ခံစားတော်မူသည်။

ဤမင်းနောက်ဆုံးစွန် ပဋ္ဌာမင်းဖြစ်သော အမတ်မျိုးရိုး (မျိုးခြား)မင်းပတိနှင့် မိဖုရား ယောင်သုံးဆယ် အေဒီ-၁၀၉၀ မှ ၁၁၀၃ အထိ မင်းဆက်-၁၅ ဆက် အနက်မှ ကျန်-၁၁ ဆက် သော မင်းတို့မှာ သာမန်မင်းများသာ ဖြစ်ပါသည်။ သို့သော် ရာဇဝင်သမိုင်းကြောင်းတွင် မှတ်တမ်း တင်လောက်သည့် အရေးအခင်းအဖြစ်အပျက်များနှင့် သမိုင်းအလှည့်အပြောင်းတစ်ရပ်ဖြင့်ပါ ဆက်စပ်အကျုံးဝင်နေသော အောက်ဖော်ပြပါ ပဋ္ဌာမင်း ၇-ပါးအား နောက်ခံရာဇဝင် အကြောင်း များပါ ထည့်သွင်းပြီးဖော်ပြသွားပါမည်။

http://www.dhammadownload.com

## ရခိုင်သမိုင်းအလင်းပြကျမ်း

| မင်းဆက် | မင်းအမည် | အမှတ် | သာသနာ | ရခိုင်ကောဇာ | ခရစ် | စံ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၅ | သူရိယရာဇာ | | ၁၄၄၈ | ၂၆၆ | ၉၀၄ | ၃၂ | |
| ၆ | ပုဏ္ဏက | | ၁၄၈၀ | ၂၉၈ | ၉၃၆ | ၃၃ | |
| ၇ | မင်းကြီးဖြူ | ၁ | ၁၅၁၃ | ၃၃၁ | ၉၆၉ | ၁၅ | နန်းတွင်းပုန်စားနန်းလုခံရ |
| ၈ | မိုးခြားစည်သဘင် | ၂ | ၁၅၂၈ | ၃၄၆ | ၉၈၄ | ၂ | မျိုးခြားအမတ်(ပုန်စားခံရ) |
| ၉ | မင်းနု(မင်းကြီးဖြူ၏သား) | ၃ | ၁၅၃၀ | ၃၄၈ | ၉၈၆ | ၂၈ | မဟာနာဂ၊စည်သဘင်သတ်ပြီးမင်းနုအားနန်းတင် |
| ၁၀ | မင်းလာထော် | ၄ | ၁၅၅၈ | ၃၇၆ | ၁၀၁၄ | ၂၀ | အနော်ရထာညောင်ဦးစောဝတီသို့လာ အေဒီ၁၀၁၈-၁၀၁၉ခန့် |
| ၁၁ | မင်းကုလား | | ၁၅၇၈ | ၃၉၆ | ၁၀၃၄ | ၂၈ | |
| ၁၂ | မင်းဘီလူး | ၅ | ၁၆၀၆ | ၄၂၄ | ၁၀၆၂ | ၆ | နန်းတွင်းပုန်စားပုန်ကန်နန်းလုခံရ |
| ၁၃ | ဝရောင်းငှက်အသခ်ရာ(အမတ်မျိုးရိုး)(မင်းဘီလူးသားအိမ်ရှေ့မင်း) | ၆ | ၁၆၁၂ | ၄၃၀ | ၁၀၆၈ | ၈ | မျိုးခြားအမတ်(ဆွေဝင်၃-ဆက် |
| ၁၄ | မင်းဘုန်းသန် | | ၁၆၂၀ | ၄၃၈ | ၁၀၇၄ | ၁၄ | |
| ၁၅ | မင်းပတိ | ၇ | ၁၆၃၄ | ၄၅၂ | ၁၀၉၀ | ၁၃ | အလောင်းစည်သူနန်းစံ |
| | | လွှန် | ၁၆၄၇ | ၄၆၅ | ၁၁၀၃ | | ၁၁နှစ်တွင်တိုက်မိန့်ပေး |

http://www.dhammadownload.com



## မင်းကြီးဖြူနှင့်ကျန်ရှိသော ပဉ္စာမင်းဆက်များ

မင်းကြီးဖြူလက်ထက် အေဒီ-၉၈၀/၈၁ ခုဝန့်တွင် ရခိုင်ပြည်ထောင် နယ်နိမိတ်မြောက်ဘက်အရပ်ဒေသမှ လူရိုင်းအုပ်စုတစ်စုသည် ဓညဝတီမြို့တော်ဟောင်း မြို့သုဥ်း(မြို့ပျက်)တွင် စခန်းချနေထိုင်ပြီး မဟာမုနိရုပ်ရှင်တော်မှ စိန်ရွှေရတနာများနှင့် ပလ္လင်အောက်၌ မြှုပ်နှံထားသော အဖိုးတန်ပစ္စည်းများကို တူးဖော်ယူကာ ရုပ်ရှင်တော်မှ ရွှေခွာ၊ ရွှေချပြုလုပ်ကြပြန်ရာ မပျော်ဘဲရှိနေ၍ ရုပ်ရှင်တော်ကို မိမိတို့နေရပ် ဌာနေသို့ ယူဆောင်သွားရန် ကြိုးစားခဲ့ကြပြန်ပါသည်။ သို့သော် သယ်ဆောင်မရသည့်အဆုံး လမ်းခရီးတစ်နေရာတွင် ပစ်ပယ်ထားခဲ့ကြသဖြင့် မဟာမုနိရုပ်ရှင်တော်မှာ သုံးနှစ်နှင့်ငါးလတာခန့်မျှ နဂိုသီတင်းသုံးရာ သီရိဂုတ်တောင်မှ ပျောက်ဆုံးကွယ်နေခဲ့သည် ဟု ဆိုပါသည်။[၁]

မင်းကြီးဖြူမှာလည်း ဤအဖြစ်အပျက်နောက်ဝယ်၌ စည်သဘင်အမတ်ကြီး နန်းတွင်း ပုန်ကန်ပုန်စားမှုကြောင့် အနိစ္စရောက်ခဲ့ရရာ လူရိုင်းများ ဓညဝတီမြို့ဟောင်းအားထိန်းချုပ်ပြီး တစ်နှစ်တာမျှ စိုးမိုးထားခဲ့ကြသည်ကို ထိရောက်စွာ တိုက်ထုတ်ခြေမှုန်းနိုင်ခြင်းမရှိ သို့မဟုတ်ပါက လစ်လျူရှုထားခဲ့၍ ဂုဏ်သိက္ခာ ကျဆင်းကာ မိမိတို့ငယ်သားများအပေါ် အာဏာစက်ယုတ်လျော့ ကျဆင်းသွားမှုကြောင့် စည်သဘင်အမတ်ကြီးက လုပ်ကြံသတ်ဖြတ် နန်းလုစိုးစံနိုင်ခဲ့ခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။

မင်းကြီးဖြူအား ပုန်ကန်ပုန်စားပြီး နန်းလုစိုးစံခဲ့သော စည်သဘင်အမတ် အေဒီ ၉၈၄-၉၈၆ မှာလည်း မင်းရိုးဘက်တော်သား လိုလားသူ အမတ်ကြီးမဟာနာဂက လုပ်ကြံသတ်ဖြတ်ကာ မင်းကြီးဖြူ၏ သားတော်-၃ မင်းနုအား အေဒီ-၉၈၆ ခုနှစ်တွင် နန်းတင်ခဲ့ရာ နှမတော်ရှင်မကြီးကို မိဖုရားမြှောက်၍ ဖခမည်းတော်၏ အရိုက်အရာကိုဆက်ခံပြီး အေဒီ-၁၀၁၄ အထိ ၂၈-နှစ်တာ စိုးစံတော်၏မူခဲ့သည်။ ဤမင်းမှသားမြေးဆက်၍ မင်းလာထော် အေဒီ ၁၀၃၄-၁၀၆၂ က မင်းသမီး စောဘီလူးဖြင့် ၂၈-နှစ်၊ ၎င်းသားတော် မင်းကုလားက အေဒီ-၁၀၆၂ မှ ၁၀၆၈ အထိ မြောက်သား တော် ရှင်စောဖြူဖြင့် ၂၈ နှစ်၊ ထို့နောက် သားတော် မင်းဘီလူး (အေဒီ-၁၀၆၂ မှ ၁၀၆၈) က ၆-နှစ် ရခိုင်မင်းရိုးများသာ ဆက်လက်ပြီး စိုးစံကြပြီးလျှင် မင်းလာထော်လက်ထက်မှသည် မင်း ဘီလူးကို

၁။ M.S.Collis.Arakn's Place in The Civilization of the Bay JBRS. XV.I. FAP.P.488.
ထွန်းရွှေခိုင် - ရခိုင်ရှေးဟောင်းမြို့တော်များ။ ၁၉၈၅။ စာ - ၁၇။

http://www.dhammadownload.com



သတ်ဖြတ်နန်းလုစိုးစံခဲ့သော ဝရောင်းငှက်အသင်္ခယာအမတ်နှင့် ၎င်း၏ဆွေစဉ်မျိုးဆက် ၂-ဆက်၊ စုစုပေါင်း ၃-ဆက်ဖြင့် Dynasty တစ်ခု တည်ထောင်စိုးစံခဲ့ကြရာ အေဒီ- ၁၁၀၃သို့ ရောက်သည့်အခါ အလောင်းစည်သူ (ပုဂံ)မင်းက အသင်္ခယာ၏ မြေးတော်မင်းပတိအား စစ်ပြု ဖြုတ်ချပြီး မင်းဘီလူး၏မြေးတော် လက်ျာမင်းနန်နှင့် နှမတော်ရွှေဂူသာတို့အား ထိမ်းမြားပေး ကာ ပဉ္စာမြို့တော်၌ ၎င်းတို့၏ ဘိုးတော်အရိုက်အရာကို ဆက်လက်ခံစား စိုးစံစေခဲ့ပါသည်။

## မင်းလာထော် အေဒီ – ၁၀၁၄ – ၁၀၃၄

ခမည်းတော်မင်းနု နတ်ရွာစံလွန်တော်မူပြီးနောက် အေဒီ-၁၀၁၄ တွင် ပဉ္စာထီးနန်းကို မင်းသမီးစောဘီလူးနှင့် အေဒီ-၁၀၃၄ အထိ အနှစ်-၂၀ စိုးစံတော်မူလေသည်။ ဤမင်းလက်ထက် အလွန်မွန်မြတ်သည့် ထူးခြားချက်တစ်ရပ်မှာ ရှေးရှေးကအဆက်အသွယ်ကြောင့် မိတ်ဘက်ဖြစ်သူ အနော်ရထာမင်းက မိမိ၏မိဖုရားလောင်းလျာ အနောက်မဇ္ဈိမ ဝေသာလီပြည့်ရှင်၏သမီးတော် ပဉ္စကလျာဏီမင်းသမီးကို ဓညဝတီမြို့တော်ဟောင်းအထိ လာရောက်ပြီး မဟာမုနိရုပ်ရှင်တော် မြတ်အား ငါးလမျှကြည်ညိုကာ မြန်ပြည်ပုဂံနေပြည်တော်သို့ ပြန်လည်ကြွမြန်းတော်မူသည့် အခြင်းအရာပင် ဖြစ်ပေသည်။ (မှန်နန်း -၉၂-စာ၂၃၁-၂၅၅ )။

မှတ်ချက် (၁) အထက်ပါအချက်အလက်များနှင့် ပတ်သက်ပြီး ရှင်အာရဟံ ပုဂံမြို့တော်သို့ကြွ ရောက်လာသည့်အချိန် အတိအကျအပြင်၊ ၎င်းအနော်ရထာမင်း ရခိုင်ဓညဝတီမြို့ ဟောင်းရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်အား လွန်စွာမှ ကြည်ညိုသဒ္ဓါပွား များခြင်း ကြောင့် သိမ်၊ တန်ဆောင်းတော်တို့အား အသစ်ဆောက်လုပ်လှူဒါန်းကာ ငါးလမျှ ကြာမြင့်စွာ နေထိုင်သွားခဲ့သည်ဟု အဆိုရှိရာ ၎င်းအချိန်မှ အနော်ရထာမင်း ဗုဒ္ဓဘာသာတရား အယူဝါဒသစ်အား စတင်ကျင့်သုံးလိုက်နာပြီး အချိန်ဟု ယူဆရ ပေသည်။

မှတ်ချက် (၂) ရခိုင်ရာဇဝင်သစ်က မဟာမုနိရုပ်ရှင်တော်မြတ်အား ပုဂံသို့ပင့်ဆောင်ရန်အတွက် ကြီးမားသော တပ်တော်ကြီးဖြင့် ဗူးရွက်မည်းလမ်းမှ ကြွမြန်းတော်မူလာသည်ဟု သာ ပြဆိုထားပါသည်။ ပင့်ဆောင်မရသဖြင့် ပြည်တော်သို့ ပြန်လည်ကြွမြန်းတော် မူသည်။

http://www.dhammadownload.com



ပဋ္ဌာ ၁၁-ဆက်မြောက် မင်းကုလား အနိစ္စရောက်သည့်အခါ သားတော်မင်းဘီလူးနှင့် မိဖုရားစောစစ်တို့က အေဒီ ၁၀၆၂-၁၀၆၈ အထိ ၆-နှစ် မင်းစည်းစိမ်ကို စံစားကြပါသည်။ ၎င်းတို့တွင် သားတော်မင်းရဲဘယနှင့် သမီးတော် စောပေါက်ညို (မြပေါက်ညို) သား/သမီးနှစ်ပါး ရှိရာ မောင်နှမနှစ်ဖော်တို့အား ထိမ်းမြားပြီး အိမ်ရှေ့အရာ အပ်နှင်းထားရှိပါသည်။

မင်းဘီလူး နန်းစံ ၆-နှစ်ရှိသောအခါ မိမိ၏အရှင်သခင်ကို ပုန်စားအံ့ဟု အခါမလပ် အမြဲကြံစည်ကာ သင့်တော်သည့်အခွင့်အလမ်းကို စောင့်စားစနည်းတဘောင်နာနေသော အသန် ယာဒါးပိုင်ကြီးအမတ်သည် အခြေအရံနှင့် တင့်တယ်စွာမြင်တွေ့ရသည့် ဝရောင်းငှက်တစ်ကောင်၏ မြည်သံကို ကောင်းစွ၊ ကောင်းစွဟု ကြားရလေသောအခါ၌ အချိန်အခါရောက်ပြီဟု အတိတ်ယူကာ အမတ်ကြီးက နန်းတွင်းပုန်ကန်ပုန်းစားမှု ပြုလုပ်ခဲ့၍ ဘုရင်မင်း အနိစ္စရောက်တော်မူသည်။

သားတော်အိမ်ရှေ့မင်းသား မင်းရဲဘယနှင့် နှမတော်စောပေါက်ညိုတို့အား ဘေးမသီ ရန်မခ လွတ်မြောက်သွားကြပြီး အရှေ့မြန်မာပြည်ထောင် ပုဂံပြည့်ရှင် ကျန်စစ်သားမင်းထံ ဝင်ရောက်ခိုလှုံခဲ့ကြရာ ကျန်စစ်မင်းမြတ်က မိမိ၏ဆွေဝင်ရင်းချာ မိသားစုပမာလက်ခံပြီး အမတ်အရာပေးကာ မိမိထံပါးခစားခွင့်ပြုခဲ့ပါသည်။ ၎င်းတို့တွင် သားတော်လက်ျာမင်းနန်နှင့် သမီးတော်ရွှေဂူသာ မောင်နှမနှစ်ဖော်ထွန်းကားခဲ့ရာ ၎င်းတို့အားလည်း ကျန်စစ်မင်း နတ်ရွာစံပြီး နောက် အရိုက်အရာကိုဆက်ခံသည့် အလောင်းစည်သူမင်း အေဒီ-၁၀၉၂က မိမိ၏ဘိုးတော် ကျန်စစ်မင်းကဲ့သို့ပင် ရခိုင်နန်းလျာမင်းရဲဘယနှင့် သားတော်လက်ျာမင်းနန်တို့အား ဆွေမျိုးရင်း ခြာကဲ့သို့ အခွင့်အရေးပေးပြီး အမတ်အဖြစ် ဆက်လက်ချီးမြှင့် ထားရှိခဲ့ပါသည်။ အလောင်းစည်သူ နှင့် လက်ျာမင်းနန်တို့မှာ အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းဖြစ်၍ ဘိုးတော်ကျန်စစ်မင်း နန်းတက်သည့်အခါ အသက် ၂၆-နှစ်၊ မင်းနန် ၂၄-နှစ်ခန့် ဖြစ်ပါမည်။ အချို့သော အရေးအသား များတွင် မင်းနန်အခါလည်သားခန့် ပုဂံသို့ပါသွားခဲ့သည်ဟု ဆိုပါသည်။ အလောင်းစည်သူ နန်းစံ- ၁၁ ရောက်သည့်အခါ လက်ျာမင်းနန်အား ပုဂံမှမွန်ရေကြောင်းချီတပ်များကို ဦးစီးစေပြီး ကြည်းကြောင်းချီ မြန်မာတပ်ဖြင့် ပူးပေါင်းတိုက်ခိုက်ကာ ပဋ္ဌာကိုသိမ်းယူမင်းပြုစေခဲ့ပါသည်။
(၄၅၄ + ၆၃၈ = ၁၀၉၂ + ၁၁ = ၁၁၀၃ အေဒီ)

ဤအချင်းအရာဖြင့်ပတ်သက်၍ ရခိုင်/မြန်မာရာဇဝင် အရေးအသားနှစ်ရပ် တူညီမှုရှိ သည်ကိုတွေ့ရ၍ မြန်မာမှန်နန်းရာဇဝင်တော်ကြီး ၁၉၉၂-ခုထုတ်ပါ စာ ၂၉၇-၂၉၈ မိတ္တူကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

http://www.dhammadownload.com



မင်းဘီလူး ကွယ်လွန်အနိစ္စရောက်ပြီးသည့်နောက် အမတ်အသခ်ယာက အေဒီ ၁၀၆၈ မှ ၁၀၇၆အထိ ၈-နှစ် သိမ်းပိုက်စိုးစံကာ ၎င်းမင်းလွန်သည့်အခါ သားတော်မင်းဘုန်းသန်က မိဖုရားမျိုးရှင်စည်ဖြင့် အေဒီ-၁၀၇၆ မှ ၁၀၉၀ အထိ ၁၄-နှစ် ဆက်ခံပါသည်။ အသခ်ယာမိဖုရားအမည်ကား မင်းစဉ်မင်းဆက်ဇယားများ၌ ပါဝင်ခြင်းမရှိပါ။

## ၇–မင်းပတိနှင့် မိဖုရားယောင်သုံးဆယ်

ဤမင်းစိုးစံသည့်အချိန် အေဒီ-၁၀၉၀ မှ ၁၁၀၃ အရောက်တွင် ပုဂံတွင်ခိုလှုံနေရသော မင်းဘီလူး၏ မြေးတော်လက်ျာမင်းနန် မောင်နှမနှစ်ဖော်အား အလောင်းစည်သူမင်း အကူအညီဖြင့် ပဉ္စာကိုတိုက်ခိုက်သိမ်းယူကာ လက်ျာမင်းနန်က မိမိ၏ဘိုးတော်အရိုက်အရာကို ဆက်ခံမင်းပြုခဲ့ပါသည်။ ၎င်းမင်းက ပဉ္စာ/ စမ္ဘဝက်ကို ထီးနန်းစိုက်ထူရာမြို့တော်အဖြစ် ဆက်လက်မသုံးတော့ပဲ ပဉ္စာကိုတောင်ဘက်အရပ်၌ မနီးမဝေးသောအရပ်တွင် မြို့သစ်ပရိန် (ပုရိန်)ကိုတည်ထောင်ကာ ပြောင်းရွှေ့စံတော်မူလေသည်။ သို့ဖြစ်၍ စမ္ဘဝက် ပဉ္စာမြို့တော်ခေတ်မှာ အေဒီ-၁၁၀၃ ခုနှစ်တွင် အဆုံးသတ်သွားခဲ့လေသည်။

## ပုရိန်မြို့တော်ကို တည်ထောင်ခြင်း

ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သော "စမ္ဘဝက်/ပဉ္စာ"မြို့များမှာ လေးမြို့ (အဥ္စနနဒီ)ခေတ်၏ ကျန်မြို့များဖြစ်သည့် ပရိန်(ပုရိန်) "နေရဥ္စရာ တောင်ငူ" "လောင်းကြက်"မြို့တော်များတည်နေရာကို ဖော်ကျူးပြသရာ၌ အထူးပင်အရေးပါလှ၏။ သို့ဖြစ်ပါ၍ "ပုရိန်မြို့" တည်နေရာကို လက်ရှိရွာစဉ် အနေအထားများဖြင့် သေချာစွာမှန်းဆပြသနိုင်ပါရန် "စမ္ဘဝက်/ပဉ္စာ"မှစတင်ကာ စာပေအရပ် ရပ်ပါ အချက်အလက်များဖြင့် ရှင်းလင်းဖော်ပြပါမည်။

စမ္ဘဝက်မြို့တည်ရှိရာအရပ်မှာ နေရဥ္စရာတောင်ငူမြို့ကို အေဒီ -၁၁၆၃ တွင် နန်းတက်သော"မဥ္စူသင်း" (တိုင်းချစ်မင်း) တည်ထောင်ပြုသည့်အခါ ရခိုင်မင်းသမီးချောင်းအပိုဒ် -၂၂ (အဒူမင်းညို)ဖော်ပြရာတွင် "တိုင်းချစ်တွင်မည်၊ စိုးမင်းသည်ကို၊ ပြည်၌ဗိုလ်လူ၊ ကြိုက်မူသနား၊ ရှင်ရိုးသားဟု၊ မြောက်စားစီရင်၊ ဘိသက်တင်မှ၊ ထိုတွင် မထောင်၊ တောင်၏တူရူ၊ မြို့တောင်ငူ၌၊ တည်မူစဉ် လျှက်". . . . ဟု တိတိကျကျ ပြဆိုထားရှိချက်အရ ငမင်ငတုံ စမ္ဘဝက်မှာ ယခုလက်ရှိ

http://www.dhammadownload.com



(စမ်းဗွတ် ကိုင်း-စမ်းဘွတ်ကိုင်း) ဖြစ်ဟန်တူပြီး၊ အဥ္စနနဒီအရှေ့ဘက်ကမ်းတွင် တည်ရှိကာ ၄င်းမှ တောင် ဘက်တူရူ နေရဥ္စရာတောင်ငူ (ယခု ပန်းမြောင်းရွာ)ကို ဝါးတပ်တည်ထောင် နန်းစိုက်ခဲ့သည် ဆိုခြင်းကြောင့် စမ္ဗဝက်(စမ္ဗဝက်)မြို့မှာ လေးမြို့အဥ္စနနဒီမြစ်အရှေ့ဘက်တွင် တည်ရှိသည်မှာ သေချာသွားပြီဖြစ်ပေမည်။ (အဒူမင်းညို အပိုဒ်-၂၂ ကလည်း အလောမင်းဖြူ "မြစ်ကြီးကူးလျှက်၊ မြစ်အနောက် ဘက်ဝယ်၊ လောင်းကြက်မည်ခေါ် မြို့သာကျော်ကို၊ အလောမာဖြူတည်လတ်သူ သည်၊ အယူကြံတည့် ထူးတည့်လေ၊ ထူးတည့်မှောက်တော်၊ ဟုတ်ထည့်ဩော်၊ အလောမာဖြူ မြို့တောင်ငူက၊ ကြံယူစူးစူး လောင်းကြက်ကူး၍၊ အထူးမြို့မွန်၊ တည့်လတ်လွှန်သည်၊ ရန်မာန်တည့် ဝရန်ဧ၊ ကြောက်တင်းမေး၊ လေည်းယင်ယင်ဧ" ဟု ဆက်လက်ဖော်ပြထားရာ စမ္ဗဝက်/တောင်ငူမှာ အဥ္စနနဒီအရှေ့ဘက်ကမ်းတွင် တည်ရှိကြောင်း သေချာစွာပြဆိုနိုင်ပြီ ဖြစ်သည်။

ဦးဦးသာထွန်းကမူ မြောက်ဦးအရှေ့မြောက်ဘက် ၃-မိုင်အကွာ မြောက်ဦးအရှေ့မြောက် ဘက် မိုးကြိုးပြင်အရပ်၌ တည်ရှိသည်ဟု ဆိုထားရာတွင် ပဥ္စာမြို့အကြောင်း ပြဆိုခြင်းကြောင့် ယခု ဆင်အိုးရွာ တည်ရှိသည့်နေရာမှာ မြို့ဟောင်းမှ ၄-မိုင်ခန့်သာရှိ၍ အလွန်နီးစပ်မှုရှိပေသည်။ စမ္ဗဝက်/ပဥ္စာမြို့ အမှာညီနောင်မှာ တစ်ဘက်တစ်ကမ်းစီတွင် တည်ရှိပေမည်။ အခြားရာဇဝင် အရေးအသားများ၌လည်း ပဥ္စာမှာစမ္ဗဝက်မြို့ အနောက်တောင်ဘက်ယွန်းယွန်းမှာ အဥ္စနနဒီ မြစ်တစ်ဘက်ကမ်းဖြစ်နေ၍ ယခုလက်ရှိ ဆင်အိုး/လေညင်းတောင်ရွာအကြား မြစ်အရှေ့ဘက်ရှိ ဂုဏ်ကျွန်းရွာ ကုတို့ဆိပ် ရှေ့တူရူတွင် ဖြစ်ပေမည်။ ဦးထွန်းရွှေခိုင် "ရခိုင်ရှေးဟောင်းမြို့တော်များ" ၁၉၈၅ ခုထုတ် စာ-၃၅ အားရည်ညွှန်းပါသည်။ စစ်တွေခရိုင် ဂဇက်တီယာ ၁၉၂၄ ခုတွင်လည်း ဤရွာများပါရှိသည်ကို တွေ့ရှိရပါသည်။ စမ္ဗဝက်/ပဥ္စာအား တစ်မြို့တည်း ပင်ဟု ယူဆပါက လက်ျာမင်းနန် လေးမြို့မြစ်ကိုကူးကာ လောင်းကြက်သို့ ပထမဦးစွာသွားပြီး၄င်းမှ မြောက်ဘက်ရှိ ပေါင်းတုတ် (လောင်းကြက်)ချောင်းကိုကူးကာ ပုရိန်မြို့တည်သည်ဟု ဆိုနိုင်ပေသည်။ စမ္ဗဝက်/ ပဥ္စာမြို့ လေးမြို့မြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသည့်အယူအဆဖြင့် သမိုင်းသုတေသီများက ယူဆခဲ့ခြင်းကြောင့် ဖြစ်ပေမည်။

အထက်ပါပုရိန်မြို့တော်နှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ စစ်တွေမှ ပြုစုထုတ်ဝေသော မြောက်ဦးလမ်းညွှန်စာအုပ်-၁၉၈၈ ခုတွင် အောက်ပါအတိုင်း ပါရှိပါသည်။ "လောင်းကြက်မြို့တော်ဟောင်း၏ မြောက်ဘက်တွင် (ပေါင်းတုတ်ချောင်း မြောက်ဘက်ကမ်းလွန်)၌

http://www.dhammadownload.com



ပရိန်မြို့တော်ဟောင်း တည်ရှိသည်"။ ဤမြို့တော်ဟောင်းသည် ၁၁၀၃ မှ ၁၁၆၁ ထိ မင်း ၁၂ဆက်၏ နန်းစံမြို့ဖြစ်ခဲ့သည်။ မြို့ဟောင်း၌ ပါးရီတော်စေတီ၊ နားရီတော်စေတီနှင့် ကောလိယနန်းတော်ရာတို့သာ ကျန်တော့သည်။

မြို့တော်ဟောင်း၏ မြောက်ဘက်တစ်ခိုတွင် ရှေးဟောင်းကန်ပေါင်း-၁၀၀ တည်ရှိပြီး အေဒီ ၈၁၈ မှ အေဒီ ၁၁၀၃ ထိ ထွန်းကားခဲ့သော ပဉ္စာမြို့တော်ဟောင်း၏ နေရာပင် ဖြစ်သည်။ ဤမြို့တော်သည် မြောက်ဦးမြို့၏ အရှေ့ဘက်တွင် ကျရောက်သည်။ ပရိန်မြို့တော်၏ တစ်ဘက်ကမ်းသည် တောင်ငူ နေရဉ္စရာ ထွန်းကားခဲ့ရာအရပ်ပင်ဖြစ်သည်။ လောင်းကြက်မတိုင်မီ အေဒီ-၁၁၆၁ မှ ၁၂၅၀အတွင်း ထွန်းကားခဲ့သည့် မင်းနေပြည်တော် ဖြစ်လေသည်။

ဖော်ပြပါအရေးအသားများမှ-

(၁) စမ္ဘဝက်မြို့တော်သည် ဝေသာလီကျောက်လှေကားမြို့တော်မှ ၇-မိုင်ခန့်အကွာ အဥ္စနနဒီ လေးမြို့မြစ်တစ်ဘက် အရှေ့ဘက်ကမ်း စမ်းဗွတ်ကိုင်း (စမ္ဘဝက်ကိုင်း) ရွာနေရာတွင် တည်ရှိပြီး လက်ရှိဂုဏ်ကျွန်းရွာမြောက်ဘက် မနီးမဝေးသောအရပ် တွင်ရှိကာ တောင်ဘက်တူရူတွင် ပန်းမြောင်းရွာ (နေရဉ္စရာတောင်ငူမြို့ဟောင်း) တည်ရှိသည်။

(၂) စမ္ဘဝက်မြစ်တစ်ဘက် အနောက်ဘက်ကမ်းတွင် ပဉ္စာမြို့ အနောက်ဘက်တောင်ယွန်းယွန်း လက်ရှိ ဆင်အိုးရွာ မြောက်ဦးမှ အရှေ့မြောက် ၄-မိုင်ခန့်တွင် တည်ရှိပြီး ၎င်းနှင့် မြောက်ဘက် ကပ်လျှက်ရှိသော ကုတိုးဆိပ်ရှိရာ နယ်မြေဝန်းကျင်၌ ဖြစ်ပေမည်။

(၃) ပဉ္စာမြို့တောင်ဘက် တူရူဆင်အိုးရွာမှ မနီးမဝေးသော လက်ရှိ "မြက်ရိပ်ကျွန်းရွာ" တည်ရှိနေရာမှာ "ပုရိန်" ဒေသ ဖြစ်ပေမည်။ မြစ်တစ်ဘက်ကမ်း၌ ပန်းမြောင်းဒေသ တောင်ဘက်ရှိ ပေါင်းတုတ်ချောင်းတစ်ဘက်ကမ်း လေးမြို့မြစ်ပေါ်တွင် "လောင်းကြက် မြို့တော်"ဟောင်း တည်ရှိသည်ကို အထောက်အထား ပြည့်စုံစွာဖြင့် ကောင်းစွာသိရှိနိုင်ပြီဟု ဆိုနိုင်ပေသည်။ (ဒုတိယ ပုရိန်မြို့တော်ခေတ်၊ သုံးဆက်မြောက် "မင်းဖုန်းစား" တည်ထောင် စိုးမိုးခဲ့သော ခံတပ်(ယာယီ)မြို့တော်မှာ မင်း(၃)ဆက် အေဒီ-၁၁၄၂ မှ အေဒီ ၁၁၅၄ အထိ ၁၂-နှစ်သာဖြစ်၍ လေးမြို့ခေတ်မြို့တော်ကြီးတစ်ခုအဖြစ် ထည့်သွင်းဖော်ပြခြင်းမပြုပဲ "ပုရိန်" အတွင်း ထည့်ပြထားပါသည်။

http://www.dhammadownload.com



ဤရှင်းလင်းချက်မှ လေးမြို့မြစ်ရိုး ၈-မိုင် ဝဲယာတစ်ဘက်တစ်ချက်အတွင်း လေးမြို့စလုံး တည်ရှိကြောင်း ပေါ်လွင်ပြီးဖြစ်ပါသည်။ လေးမြို့ခေတ်၏ တတိယမြို့တော်အကြောင်း "ပုရိန်"မြို့ တည် လက်ျာမင်းနန်မှ အစပြုကာ မင်းစဉ်မင်းဆက်များအား ဖော်ပြသွားပါမည်။

## လက်ျာမင်းနန် နှင့် နှမတော် မိဖုရားရွှေဂူသာ

အဆိုပါမင်းမှာ ပုဂံမြို့တော်တွင် မိမိဖခမည်းတော်/မယ်တော်များဖြင့် အတူခိုလှုံရာ၌ ပါဝင်ခဲ့သော ဆွေဝင်မျိုးမတ်ဗိုလ်ပါ အခြွေအရံများအသိုင်းအဝိုင်းများနှင့် ပုဂံမင်းမျိုးမှူးမတ် ဗိုလ်ပါများအကြား "ကျန်စစ်သားမင်းနှင့် အလောင်းစည်သူမင်း" တို့၏ ချီးမြှောက်အရေးပေးမှုကို ခံစားရသဖြင့် ၃၄/၅ နှစ်တာမျှ နေထိုင်ကြီးပြင်းလာသော မင်းသားတစ်ပါးဖြစ်သည့်အားလျော်စွာ လက်ရုံးရည်၊ နှလုံးရည်ဖြင့်ပြည့်စုံသော မင်းတစ်ပါးဖြစ်ပေသည်။ သို့သော်ငြားလည်း နိုင်ငံရပ်ခြား တိုင်းတစ်ပါးတွင် မိမိဘိုးစဉ်ဘောင်ဆက် စိုးစံလာသည့် နယ်ပယ်မှ အဆက်အသွယ်ပြတ်တောက် ကင်းဝေးနေသူဖြစ်သည့်အလျောက် မိမိအားလိုလားသော မှူးတော်၊ မတ်တော်၊ ရဲမက်ဗိုလ်ပါ ပြည်သူပြည်သားများရှိခဲ့သလို မလိုလားသောသူများလည်း ရှိတန်သရွေ့ ရှိကြမည်မှာ အမှန်ပင် ဖြစ်သည်။ လက်ျာမင်းနန်သည် ပုဂံမင်း၏တပ်တော်ကြီး အကူအညီဖြင့်အကြီးအကျယ် စစ်မက်ပြု ကာ ပဉ္စာမြို့၌ စိုးစံနေသော မင်းပတိကို ဖြုတ်ချပြီးကာမှ မိမိဘိုးတော် သကျသာကီမျိုးရိုး ပဉ္စာ ပြည့်ရှင် မင်းဘီလူးအရိုက်အရာကို ဆက်ခံခဲ့ရခြင်းကြောင့်၊ အုပ်ချုပ်ရေးနှင့် နန်းတွင်းရေးရာ အခက်အခဲများ၊ ၎င်းစိုးစံခဲ့သည့် ၆-နှစ်တာ အချိန်အတောအတွင်း အထိုက်အလျောက် ရှိကောင်း ရှိပေမည်။ ဤအယူအဆအား နောက်ထပ်နန်းအရိုက်အရာကို ဆက်ခံကြသော ပထမပရိန် မင်းဆက် (၂ မှ ၅ အထိ) မင်းတို့၏တိုတောင်းလှသော နန်းစံသက်များက သိသာပေါ်လွင်စေသည်။

| စဉ် | အမည် (ပရိန်) | စံ | ကောဇာ | ခရစ် အေဒီ | စဉ် | အမည် | စံ | ကောဇာ | ခရစ် |
|---|---|---|---|---|---|---|---|---|---|
| ၁။ | လက်ယာမင်းနန် | ၆ | ၄၆၅ | ၁၁၀၃ | ၁။ | အလောင်းစည်သူ | ၇၅ | ၄၅၄ | ၁၀၉၂ |
| ၂။ | မင်းသီဟ | ၁ | ၄၇၁ | ၁၁၀၉ | | နန်းစံ-၁၁နှစ် | | ၄၆၅ | ၁၁၀၃ |
| ၃။ | မင်းရာဇာကြီး | ၃ | ၄၇၂ | ၁၁၁၀ | | ရခိုင်သို့လက်ယာ | | ၅၂၉ | ၁၁၆၇ |
| ၄။ | သကျဝင်ကြီး | ၂ | ၄၇၅ | ၁၁၁၃ | | မင်းနန်အားနန်း | | | |
| ၅။ | သကျဝင်ငယ် | ၃ | ၄၇၇ | ၁၁၁၅ | | တင်ရန်စစ်ပြုစေခဲ့ | | | |
| ၆။ | ကောလိယ | ၆ | ၄၈၀ | ၁၁၁၈ | | | | | |

http://www.dhammadownload.com



လက်ျာမင်းနန်မျိုးရိုးလာ အလောင်းစည်သူမင်း အကူအညီဖြင့် စစ်ပြုကာ ပဋ္ဌာမြို့ တော်အား သိမ်းယူစိုးစံခဲ့ရပုံအခြင်းအရာများကို ရခိုင်အဒူမင်းညို မြန်မာမှန်နန်းရာဇဝင်ကြီး ၁၉၉၂ ခုထုတ်တွင် အတိအကျဖော်ပြထားသည့်အတိုင်း ထည့်သွင်းပြသခဲ့ပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် မြဒိုးဝေ အမတ်ကြီး ရာဇဝင်ပါ ဦးစံလှ မှိုင်းစီကုံးရေးသားချက်အား နောက်ထပ်အထောက် အထားတစ်ရပ် အဖြစ် သိသာပါရန် ဖော်ပြလိုပါသည်။

"ယခင်ကာလ၊ တိုင်းအောင်မြို့လေ၊ ရွှီရက္ခတွင်၊ မြို့ပြအင်္ဂါ၊ စုံလင်စွာနှင့်၊ အောင်ချာကနက်၊ ထီးနန်းတည်ကော၊ စမ္မေဝက်မှာ၊ နန်းတက်စိုးစံ၊ ကုသလံလေ၊ ရှိက်လည်းထူး၊ ဘုန်းသဘာနှင့်၊ တေဇာပြင်းကော၊ မင်းဘီလူးကို၊ ညာဏ်ထူးစီမံ၊ လှည့်ပတ်ကြံ၍၊ ပုန်ကန်သတ်ဖြတ်၊ သခ်ယာဟု၊ တွင်ပါလတ်ကော၊ အမတ်လိမ်မာ၊ နန်းသင်္ဂါနှင့်၊ ဘဏ္ဍာကြီးငွေ၊ တိုင်းမြို့ပြည်ကို၊ ယူသည်ကာလ၊ အိမ်ရှိစံသည်၊ သားမှန်ကင်းကော၊ မင်းဘယလျှင်၊ နန်းမရိတ်ခို၊ မြပေါက်ညိုနှင့်၊ နှစ်ကိုယ်တူကွ၊ ဘေးလွတ်ရာသို့၊ ပုန်းကာဗှက်လို့၊ ထွက်ပြီးကြသော်၊ တမ္ဗဝတီ၊ တွင်မည်ချိကော၊ ဌာနီမြတ်မွန်၊ ပြည်ပုဂံကို၊ ရောက်ပြန်သည်ဖြစ်၊ ထီးနန်းစံကော၊ မင်းကျန်စစ်သို့၊ ဦးတိုက်ခိုဝင်၊ မြင့်ကြာတင်၍၊ ဘုရင်ကျန်စစ်၊ ဇီဝိကွာ၍၊ နတ်ရွာလိုက်က၊ မြီးချစ်သဲအူ၊ လောင်းစည်သူမှာ၊ သိန်းယူကနက်၊ ဘိသိတ်ခံ၍၊ စိုးစံမြန်းကော၊ ရွှီနန်းတက်လျှင်၊ အထက်ရှိက၊ ပြည်ရခိုင်ကို၊ ပိုင်ဆိုင်ခြင်းကော၊ မင်းဘယ၏၊ ပုတ္တပီတာ၊ ရွှီဂူသာနှင့်၊ လက်ျာမင်းနန်၊ မျိုးရိုးမှန်ကို၊ မင်းမွန်ခေါင်ဖျား၊ သောင်ထိပ်ပီအောင်၊ ပိုလ်ခြံများကို၊ သနားပြီးကာ၊ တိုင်းရက္ခာသို့၊ မကြာမဆိုင်း၊ လောင်းမင်းနန်ကို၊ အပြန်ခိုင်း၍၊ မြို့တိုင်းပြည်ရွာ၊ ဘိုးရိပ်ရာကို၊ ပြန်ကာသိမ်းမြောက်၊ မြို့ပရိန်မှာ၊ ရောင်ထိန် လွှမ်းအောင်၊ ရွှီနန်းဆောက်လို့၊ ဘုန်းတောက်ရှိန်ဝါ၊ စိုးစဉ်ခါတွင်၊ တမ္ဗာဒီပ၊ မြို့ပုဂံမှာ၊ ဘုန်းလျှံပကော၊ ရာဇမှန်ကူ ကြီးပညာနှင့်၊ တေဇာပြင်းကော၊ မင်းစည်သူက၊ နတ်လူရိုညွတ်၊ မုနိတွင်ကော၊ အသျှင်မြတ်ကို၊ ပီးအပ်လာရန်၊ စာသဝန်ဖြင့်၊ တောင်းခံလတ်ရာ၊ ထိုအခါတွင်၊ လက်ျာမင်းနန်၊ မတ်တော်ဝန်နှင့်၊ ကြိမ်ဖန်များလှ၊ ညီလာခွင်မှာ၊ တိုင်ပင်ကြလို့၊ ဗုဒ္ဓဆင်းလျော်၊ ရုပ်ပွားတော်ကို၊ ထင်ပေါ် ကျော်ဟိုး၊ တောင်ထိပ်ချွန်လေ၊ မြင့်ချွန်တတ်ကော၊ **"ဝက်သတိုး၌၊ ပုံးယိုးဗှက်ထွေ၊ တိတ်တိတ်ကေဖြင့်၊ ထားပေပြီးမှ"**၊ စာသဝန်ကို ပုဂံမြို့မှာ၊ ဆက်ပို့ကြလို့၊ ရွှီးထား ခြင်းရာ၊ အကြောင်းမှာကား၊ ရာဇတုံလွှတ်၊ ဘုန်းတေဇာဖြင့်၊ အာဏာပြင်းကော၊ ရှင်မင်းမြတ်လေ၊ လှူရပ်ပေါ်ထင်၊ မုနိသျှင်မှာ၊ ခုလျှင်တလီ၊ စံမြန်းပျော်ကော၊ သိမ်တော်အောက်မှ၊ ကွယ်ပျောက်ပြီဟု၊ စာပီ၊ ရွှီးလျှက်၊ မြို့ပုဂံမှာ၊ တဖန်ဆက်၍၊ လ-ရက်နှစ်တာ၊ အချိန်ကြာသော်၊ ရာဇမင်းနန်၊ နတ်

http://www.dhammadownload.com



ရွာစံ၍၊ တဖန်နန်းတက်၊ အဆက်ဆက်ဖြင့်၊ ရှည်မြင့်ကာလ၊ ပက္ခဒိန်မှာ၊ ရက်ချိန် ညောင်းလို့၊ ပြောင်းလတ် ကလျှင်၊ ဒသရာဇာ၊ နန်းတက်ခါဝယ်၊ မဟာမုနိ၊ တန်ခိုးတော်ဖြင့်၊ လွှမ်းကျော် လတ်ကော၊ မြတ်ဗောဓိက” စသည်တို့ ဖြစ်ပါသည်။

လက်ျာမင်းနန် ပဥ္စာမြို့တော်မှ ပရိန်သို့ မပြောင်းရွှေ့မီခန့်တွင် အလွန်အရေးကြီးသော ဘာသာကိုးကွယ်မှုဆိုင်ရာ အခြင်းအရာတစ်ရပ် ပေါ်ပေါက်လာလေသည်။

လက်ျာမင်းနန်အား နန်းတင်ရန် ပါလာကြသော မြန်ပြည်ပုဂံမှ အလောင်းစည်သူမင်း ၏ ပျူ-မွန်တလိုင်းတပ်တော်သားအချို့အဝက်သည် နယ်မြေရှင်းလင်းရန် ဓညဝတီမြို့တော်ဟောင်း ဒေသသို့ ရောက်ရှိလာပြီး မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေငွေရတနာမြောက်များစွာဖြင့် စီချယ်၍ ဖူးတွေ့ရသောအခါ လိုချင်တပ်မက်လောဘဇော ဖုံးလွှမ်းကာရုပ်ရှင်တော်မှ ရတနာရွှေငွေများကို ဖြုတ်ယူကြသည်သာမက ရုပ်ရှင်တော်ကိုပါ ရွှေခွာ၊ ရွှေချဖျော်ယူရန် ဖိုကျင်တစ်ထောင်ထိုးပြီး ကြိုးစားခဲ့ကြရာ ဖျော်၍မပျော်သည့်အဆုံး ရုပ်ရှင်တော်၏ကျောသားနှင့် ပေါင်သားများကို (ဘုရားရှင် ဓညဝတီမြို့တော်တွင် ညီတော်ကိုယ်စား သွန်းစက်တော်အား မိန့်မှာခဲ့သည့် ဗျာဒိတ် တော်စကားနှင့်အညီ) ဖဲ့ဖြုတ်ယူဆောင်သွားကြပါသည်။ (ဗျာဒိတ်တော်အားရှု)

ရုပ်ရှင်တော်မှာလည်း လူသူမနီးသော တောတွင်းတစ်နေရာသို့ရောက်ကာ လည်ပင်းတော် အထိ မြေကြီးအောက်သို့ ကျွံဝင်မြုပ်သွားခဲ့ပြီး ခြုံပိတ်ပေါင်းများ ပေါက်ရောက်ဖုံးကွယ်သွားခဲ့၍ နဂိုနေရာတွင် မရှိပျောက်ကွယ်နေခဲ့ပါသည်။

ထိုကဲ့သို့သော အချိန်ကာလ၌ပင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးက ရခိုင် ပြည်သူပြည်သားများ နှစ်ပေါင်း ၁၆၂၀ခန့် (ဘီစီ -၅၁၇/၅၁၈ မှ အေဒီ -၁၁၀၃)အထိတိုင် အ ထွဋ် အမြတ်ဆုံးထားပြီး အားထားကိုးကွယ်လာကြသော မဟာမုနိရုပ်ရှင်တော်မြတ်အား ပုဂံမြို့ တော်သို့ ပြောင်းရွှေ့အပူဇော်ခံထားရှိရန် တောင်းခံလာခဲ့လေသည်။

ဘိုးတော်ကျန်စစ်သားလက်ထက်ကလည်းကောင်း၊ အလောင်းစည်သူမင်းကြီးလက်ထက် တွင်လည်းကောင်း၊ လက်ျာမင်းနန်မိသားစုအား ဆွေမျိုးရင်းချာပမာ ၃၅-နှစ် ပုဂံ၌ စောင့်ရှောက် မ,စကြည့်ရှုလာခဲ့သော ကျေးဇူးရှိသည့်အပြင် ယခုတွင်လည်း မိမိ၏ဘိုးတော် မင်းဘီလူးအရိုက် အရာကို ဆက်ခံယူနိုင်ရန် သောင်းပေါင်းများစွာသော ကြည်း/ရေတပ် စစ်သည်ဗိုလ်ပါများဖြင့်

http://www.dhammadownload.com



(တစ်ကြိမ်ဖြင့်မအောင်၍) နောက်ထပ်စစ်ကူမြောက်များစွာ ထပ်မံပို့လွှတ်ဖြည့်တင်းကာ နှစ်ကြိမ်တိုင်တိုင် ပဋ္ဌာမင်းပတိအား စစ်မက်ကြီးစွာပြုလျက် နန်းချပြီး မိမိ(လက်ျာမင်းနန်)ကို နန်းတင်ပေးခဲ့ခြင်းကြောင့်၊ အလောင်းစည်သူ မင်းကြီးအား ၎င်း၏တောင်းဆိုလာခဲ့ချက်ကို ငြင်းပယ်ရန် အခက်ကြုံနေသည်သာမက လက်ျာမင်းနန်က သဘောတူလိုက်လျှောပြီး ပို့ပေးမည်ဆိုပါကလည်း ရခိုင်ပြည်သူပြည်သား မှူးမတ်ဗိုလ်ပါများက မလိုလား၍ နိုင်ငံမငြိမ်မသက် ပုန်ကန်ထကြွမှု ဖြစ်ဖွယ်ရာ ရှိပါသည်။ တစ်ဖက်တွင်လည်း အလောင်းစည်သူမင်းအား မိမိက ပေးရန်မဖြစ်နိုင်ဟု ယတိပြတ်ပြန်ကြားခဲ့ပါလျှင် တန်ခိုးအာဏာ ထက်မြက်ပြင်းထန်ပြီး လွန်စွာမှစစ်အင်အား တောင့်တင်းနေဆဲဖြစ်၍ ၎င်းမင်းက မိမိ၏တပ်များကို နောက်တစ်ကြော့ ပြန်လည်ပို့လွှတ်ကာ စစ်မက်ပြုအနိုင်ယူပြီး စစ်အင်အားချည့်နဲ့ နေသေးသော ရခိုင်ပြည်ထောင်ကို သိမ်းပိုက်ကာ မဟာမုနိရုပ်ရှင်တော်မြတ်အား ယူဆောင်ရန် အလားအလာရှိနေခြင်းကြောင့် လက်ျာမင်းနန်မှာ နန်းတက်စကပင် ကြီးမားသော အခက်အခဲဖြင့် ရင်ဆိုင်တွေ့ခဲ့ရပါသည်။

ကံကောင်းထောက်မ၍ ပုဂံစစ်ကူတပ် ပျူ/တလိုင်းများ လူသူမသိရာအရပ်တွင် ခိုးဝှက်ရွှေချ ဖျက်ဆီးယူဆောင်ရန်ကြိုးပမ်း၍ အောင်မြင်မှုမရှိသည့်အခါ ဖိုကျင်ထိုးရာတွင်ပင် လူသူမသိမမြင်စေရန် မြှုပ်နှံဖုံးကွယ် ပစ်ပယ်ထားခဲ့ကြ၍ ရုပ်ရှင်တော်မှာ ပျောက်ဆုံးမျက်ကွယ် ဖြစ်နေခြင်းကြောင့် လက်ျာမင်းနန်က ဤအခြေအနေကို အခွင့်ကောင်းယူကာ ရှာဖွေရန် မကြိုးစားတော့ပဲ လျှို့ဝှက်ထားပြီး မှူးတော်မတ်တော်များဖြင့် တိုင်ပင်ကာ ရဲစွမ်းသတ္တိပြောင် မြောက်စွာဖြင့် မိမိ၏ကျေးဇူးရှင် အလောင်းစည်သူမင်းကြီးအား လှည့်ဖျားကာ ဖြစ်ရပ်မှန်ကို အကြောင်းကြားပြီး မုနိရုပ်ရှင်မှာ နဂိုနေရာ၌မရှိတော့ဘဲ ပျောက်ကွယ်သွားခြင်းကြောင့် ပုဂံသို့ပြန်ကြသည့် တပ်တော်ကြီးဖြင့် ပေးပို့ရန်မဖြစ်နိုင်ကြောင်း သဝဏ်လွှာပေးပို့ ပြန်ကြားခဲ့ပါသည်။ ဤဖြစ်ရပ်အား ရခိုင် မင်းသမီးချောင်း "အဒူမင်းညို"ကဗျာလင်္ကာ၌ အောက်ပါအတိုင်း ပါရှိပါသည်။ အပိုဒ် (၁၆)နှင့် (၁၇)။

"ဧ. . . ၊ သေည်တချက်၊ စမ္ဗဝက်၌၊ ဘုန်းခက်(စက်)စည်ပြုံး၊ ဆယ်ယောက်ကျုံးတွင်၊ . . . . "ရှေ့ တွင်ဖော်ပြပြီး အပိုဒ်-၁၇

"ချောင်း၊ ဧသေံကြား၊ ကျူးကာဖြားပိမ့်၊ နားလည်မယောင်၊ ရှင်မထောင်လော့၊ မောင်နှမရင်း၊ တသား ချင်းတို့၊ မင်းမြှောက်သောခါ ပါသည်များလှိုင်း၊ တလိုင်းနှင့်ပျူ (မြန်မာအား ပျူဟုဖော်ပြသည်)၊ နှစ်ပြည်သူတို့ သုံးလူထွင့်ချာ၊ မဟာမုနိ၊ တြိနာထော်၊ ရုပ်ရှင်တော်ကို ပေါင်တော်ကျော့သား၊

http://www.dhammadownload.com



ယူသောအားဖြင့်၊ နဂါးလည်းနှစ်၊ ပြန်ရစ်သောအခါ၊ ပြည်ရွာလည်းပျက်၊ ခုထက်တိုင်ပင်၊ နွဲဖြစ်လျက်၊ ရှင်ပင်ပြစ်ကြောင့်၊ ဖြစ်သတည်းဟု၊ သည်းသျှင်နှမ၊ နားတော်ခလေ့၊ ဘဝလုံးဆုံး၊ ပျက်သုံးခန္ဓာ၊ သသ်ရာဝယ်၊ ကျွတ်တည့်ကမ္ဘာ၊ ကျူးတည့်လေ၊ ကျူးတည့်မှောက်တော်၊ ဟုတ်တည့်ကြော်၊ ပေါင်တော်ကျော့သား၊ လောဘအားကြောင့်၊ ယူကားယူမိ၊ မချိဒုက္ခ၊ ဘဝသံသာ၊ ပဥ္စာနန္တ ကံကြီးလှသည်၊ မြတ်စွာတည့်ရှင့် ပင့်ဘေး၊ လေည်းယင်ယင်ဧ"

ဓညဝတီနိဂုံးရွာသာချင်း၌ ဦးစံလှက "ႉ ႉ ႉ ႉ ႉ ႉ ႉ မင်းနန်ဝှက်ကေ၊ ဝက်သတိုး(တောင်)က ရှိခိုးပန်ထွာ ပင့်ဆောင်လာ၍ႉ ႉ ႉ ႉ "ဟု ဒသရာဇာမင်း သွားရောက်ပင့်ဆောင်လာသည်ကို ရေးသားဖော်ပြထားပါသည်။ မင်းနန်က မုနိရှင်ရှိသည့်နေရာကို သိလျက်ဖြင့် အလောင်းစည်သူ သက်တော်ရှည်မင်းရှိနေသ၍ စစ်ပြု ယူဆောင်ရန်ကို စိုးရိမ်သဖြင့် လျှို့ဝှက်ဖုံးကွယ်ထားခဲ့ရာမှ နောက်တက်လာသောမင်းများနှင့် မှူးတော် မတ်တော်၊ ပြည်သူအပေါင်းလုံးဝမသိ ဒသရာဇာမင်း (အေဒီ-၁၁၀၃ မှ ၁၁၂၃ တိုင်အောင်၊ ဒသရာဇာမင်း ဖြစ်ပြီး နှစ်အတန်ကြာအထိ)နှစ်ပေါင်း-၂၀ ကျော်၊ မင်း- ၆ ဆက် ပျောက်ကွယ်နေခဲ့ပါသည်။

အနီးအနား လူသူအရောက်အပေါက်မရှိသော တောတောင်ခေါင်ခေါင်ကြီးအတွင်း လုပ်ကိုင်စားသောက်နေကြသော ချင်း/မြိုလူမျိုးစုငယ်များမှ ရွာသူရွာသားတို့ လာတွေ့ရှိ၍ ၎င်းတို့၏ကိုးကွယ်မှု ဓလေ့အယူအတိုင်း "ယင်ပူဇော်"မှု ပြုကြသည့်အခါ မိုးလွန်စွာမှ ကောင်းခြင်းကြောင့် "မိုးကောင်းနတ်ကြီး" ဟု သမုတ်ခေါ် ဝေါ်ကြပြီး နတ်ဦးခေါင်းတော်ရုပ်ကြီး အမှတ်ဖြင့် ကိုးကွယ်ပသခြင်းပြုနေခဲ့ကြသည်ဟု သိရပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပျူ /တလိုင်းတပ်များက ရုပ်ရှင်တော်မြတ်အား ပြုမူခဲ့ကြခြင်းမှာ ဗျာဒိတ်တော်နှင့်အညီ ဖြစ်ခဲ့သည့်အပြင် ရခိုင်ပြည်သူပြည်သားနှင့် လက်ျာမင်းနန်၊ ရွှေဂူသာမောင်နှမ နှစ်ဖော် အတွက်ပါ တစ်နည်းအားဖြင့် ကောင်းကျိုးသက်/ဆက် ကိုးကွယ်မှု ပြုနိုင်ရန် မျက်ကွယ်ခေတ္တခဏာဟာမျှ အလောင်းစည်သူ သက်တော်ရှည်မင်း အာဏာစစ်အရှိန် အဝါကျဆင်း မှေးမှိန်သွားချိန်အထိ ပျောက်ဆုံးခဲ့သည်ဟု ယူဆရပေသည်။

မဟာမုနိရုပ်ရှင်တော်မြတ်မှ ကျောသားပေါင်သားများကို ပိုင်းဖဲ့ဖြတ်တောက် ယူဆောင်သွားခဲ့ကြသည့် စစ်သည်တော်များမှာလည်း ၎င်းတို့ရခိုင်ပဥ္စာမှအပြန်တွင် စီနင်းလိုက်ပါလာကြသည့်လှေများ လမ်းခရီး "ရမ်း" မြစ်ဝသို့အရောက်တွင် နစ်မြုပ်၍လူသူအများအပြား ပျက်စီးခဲ့ရ

http://www.dhammadownload.com



သည်။ ရေဘေးမှလွတ်ကင်းသွားသူ များမှာလည်း မိမိတို့၏ရပ်ရွာများသို့ ပြန်လည်ရောက်ရှိကြသည့်အခါ၌ နူနာဝဲနာ စွဲကပ်ကြသည်ဟု အဆို ရှိပါသည်။

ရုပ်ရှင်တော်ကို ပေါင်တော် ကျောသား ယူသောအားဖြင့် နဂါးလည်းနှစ် ပြန်ရစ်သောခါ ပြည်ရွာလည်းပျက် ခုထက်တိုင်ပင် နူဝဲဖျင်လျက် ရှင်ပင်ပြစ်ကြောင့် ဖြစ်သတည်းဟု. . . ။

ဓညဝတီရာဇဝင်သစ်၊ စာ - ၅၉။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ - ၂၆၀။

ဗုဒ္ဓရှင် ညီတော်ကိုယ်ပွား မဟာမုနိရုပ်ရှင်တော်မြတ်အား ချမှတ်ပေးတော်မူသော ဗျာဒိတ်တော်မှာ-ငါ့ညီတော်-

"ငါတမူကား မကြာမြင့်ခင်လျှင် ပရိနိဗ္ဗာန်ပြုရလိမ့်မည် ငါ့ညီတော်သာလျှင် ငါဘုရားဖန်ဆင်းဘိသကဲ့သို့ အထူးထူးအပြားပြား တန်ခိုးပြာဋိဟာတို့ကို ဖြစ်စေလျှက် ငါထားတော်မူလတ္တံ့သော သာသနာငါးထောင် မကုန်သရွေ့အမျှ တည်ရစ်သဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ရှိသေရာဖြစ်စေလော့ဟု ဗျာဒိတ်ပေးတော်မူပြီးမှ ငါဘုရားသည် ရှေးရှေးဘဝ၌ မာန်အောင်ကျွန်းတွင် မင်းဖြစ်သောအခါ တောင်သူကြီး ၏ ခြေထောက်အပေါင်ကိုဖွဲ့ခဲ့ဖူးသော ဝိပါတ်တော်နှင့် မင်းသားငါးယောက်တို့၏ ကျောသားကို နုတ်ဖွဲ့ဖူးသော ဝိပါတ်တော်၊ ဤဝိပါတ်တော်နှစ်ပါးကို ငါ၏ကိုယ်စားတော်ဖြစ်သော ငါ့ညီတော်သည်ခံရစ်လော့ဟု ဗျာဒိတ်စကား မှာထားပြုတော်မူလေသည်။" အရှင်သူမြတ် စန္ဒာမာလာ လင်္ကာရ စာ - ၂၆၀။

ဗုဒ္ဓရှင်တော် ဆွမ်းဘုန်းပေးတော်မူပြီးသည့်အခါ စန္ဒာသူရိယမင်းမြတ်အား ရုပ်ရှင်တော်မြတ်မုနိ ကို ဆည်းကပ်သော ဒါယကာမင်းမြတ်သည် အလွန်အကျိုး ကြီးမြတ်ကြောင်းဖြင့် တရားဒေသနာတော် ဟောကြားတော်မူလေသည်။

လက်ျာမင်းနန်မှ နောက်ထပ်မင်း(၅)ဆက်ပထမ ပရိန်မြို့တော်တွင် စိုးစံခဲ့ကြသည့်အနက်မှ

(၂) မင်းသီဟ၊ အေဒီ ၁၁၀၉-၁၁၁၀၊ မိဖုရားမြောက်သားတော် သမ္ဘူလ၊ နန်းစံ ၁-နှစ်၊

(၃) မင်းရာဇာကြီး၊ အေဒီ ၁၁၁၀-၁၁၁၃၊ မိဖုရားစောစန္ဒီ၊ နန်းစံ ၃-နှစ်၊

(၄) မင်းသကျဝင်ကြီး၊ အေဒီ ၁၁၁၃-၁၁၁၅၊ မိဖုရားမြောက်သားတော် စောလှယို၊ နန်းစံ ၂-နှစ် (၅) မင်းသကျဝင်ငယ်၊ အေဒီ ၁၁၁၅-၁၁၁၈၊ မိဖုရားမြောက်သားတော် စောလှကြီး၊ နန်းစံ ၃-နှစ်၊

http://www.dhammadownload.com



ဤမင်း ၄-ပါးမှာ နန်းသက်လွန်စွာတိုတောင်းပြီး သာမန်မင်းများသာဖြစ်ကြ၍ ထူးထူးထွေထွေ ရေးသားဖော်ပြရန် မလိုပါ။ နောက်ဆုံးစွန် ၆-ဆက်မြောက် ကောလိယမင်းက အေဒီ ၁၁၁၈-၁၁၂၄ အထိ မြောက်သားတော် ကုမ္ဘာရီဖြင့် မင်းစည်းစိမ်ကို ၆-နှစ် စံစားခဲ့ပါသည်။

ကောလိယမင်း ၁၃-နှစ်အရွယ်ကပင် ဆင်အတတ်၊ မြင်းအတတ်၊ လေး၊ သန်လျက်အတတ်တို့ကို တတ်မြောက်တော်မူ၏။ ပိဋကတ် ဗေဒင်တတ်ကျွမ်းကာ အရောင်အဆင်း ခွန်အားဗလနှင့်လည်း ပြည့်စုံပေသည်။ လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်စုံသည့်မင်းတစ်ပါးဖြစ်၍ အလောင်းစည်သူကဲ့သို့သော ဘုန်းသမ္ဘာကြီးမားလှသည့် (အနော်ရထာမင်း၊ ကျန်စစ်သားမင်း၊ မြန်မာသမိုင်းကြောင်း၌ အတုမရှိ လက်ရုံးရည်နှင့်ပြည့်စုံကာ စစ်အင်းအားလွန်စွာမှ တောင့်တင်းသော မင်းနှစ်ပါး၏ အမွေကိုဆက်ခံခဲ့သည့်) မင်းကို ပဋ္ဌာမင်းပတိ ကြုံကြုံခုခဲ့၍ ချည့်နဲ့သွားခဲ့သော ရခိုင် ကြည်း/ရေ တပ်တော်အား တိုတောင်းလှသည့် ၄င်းစိုးစံခဲ့သော ၆-နှစ်တာအချိန်ကာလတွင် ပြန်လည်အင်အားဖြည့် ဖွဲ့စည်းပျိုးထောင်နိုင်ခဲ့သော မင်းတစ်ပါး ဖြစ်သည်။ ဤမင်းလက်ထက်တော်၌ ရခိုင်ရက္ခဝဏ္ဏစာပေ၊ အနုပညာလက်ရာ ပြန်လည်ဦးမော့ တိုးတက်လာသည်ကိုလည်း ၄င်း၏ကျောက်စာ၊ သမိုင်းမော်ကွန်းများက ထင်ဟပ်ပေါ်လွင်စေပါသည်။ ရခိုင်ဩဇာ လွှမ်းမိုးသော လက်အောက်ခံနယ်ပယ်များအား စနစ်တကျပြန်လည်စည်းရုံးချုပ်ကိုင်နိုင်ခဲ့သည်ကိုလည်း ပိစိဓာတ်သမိုင်းဝင် မော်ကွန်းကျောက်စာတိုင်မှတ်တမ်းများက သက်သေသာဓကအဖြစ် ယခုတိုင် ကျန်ရှိမြင်တွေ့နိုင်ပါသည်။[၁] ကလေး၊ မိုးညှင်း၊ မိုးကောင်း၊ ကသည်း၊ အုန်းပေါက်၊ ယွန်း၊ တလိုင်း၊ ဇင်းမယ်၊ သူရတန်၊ ဘင်္ဂါ ၁၂- ခွင်၊ ဟစ်ရှဲ၊ မြုံ/သက်၊ မင်းပြည်ထောင်များဖြစ်ကြောင်း တွေ့ရပါသည်။ ပြည်ထောင်မှာမူ နှစ်ပြည်ထောင် ဆက်ဆံရေးကောင်းမွန်သည့်အလျောက် အားကြီးမာန်တက် တစ်တပ်တစ်အားပါဝင်မည်မှာအမှန် ပေါ်ထွန်းမည့်ပိစိဘုရားမှာ မြောက်ဦးရွှေမြို့တော်နန်းတော်မှ အရှေ့ဘက်အပြင်မြို့ရိုးအတွင်း ခန့်မှန်း ၁-မိုင်ခန့် ကွာနေပေ၏။ ပဋ္ဌာခေတ်ရဟန္တာအရှင်မြတ် (ရှင်ဆန္ဒက) ကြိုတင်ဟောကိန်းအရ တည်ထားခဲ့သော ဘုရားဖြစ်သည်ကို သိရှိနိုင်ပါသည်။

---

၁။ မြောက်ဦးလမ်းညွှန်၊ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ (၁၉၈၈)၊စာ ၈၂၊

**Shwe Zan Golden Marauk-U,** စာ-၁၂၂

http://www.dhammadownload.com



## လက်ျာမင်းနန်မှ ကောလိယမင်းအထိ နိုင်ငံရေးခံယူချက်

ဒုတိယပုရိန်ခေတ်သို့ မကူးပြောင်းမီ ပထမပုရိန်မင်းဆက် ၆-ဆက် မျိုးရိုးနှင့် လေးမြို့သူ လေးမြို့သားများ၏ ရင်ဝယ်ပိုက်နိုင်ငံရေးရာ ခံယူချက်သစ်အား အနည်းငယ်ထည့်သွင်း စဉ်းစားရန် လိုအပ်လိမ့်မည်ဟု ထင်မြင်ပါသည်။

| စဉ် | မင်းဆက်အမည် | စံ | သက္ကရာဇ် (အေဒီ) | သက်တော် | မင်းနန်းဖြင့် နှီးယှဉ်ချက် ကွာဟ နှစ် | နှစ်စု | |
|---|---|---|---|---|---|---|---|
| ၁။ | လက်ျာမင်းနန် | ၆ | ၁၁၀၃-၁၁၀၉ | ၃၅ | ၃၅ | ၆ | ပုဂံတွင်ကြီးပြင်းလာသူ |
| ၂။ | မင်းသီဟ | ၁ | ၁၁၀၉-၁၁၁၀ | ၃၄ | ၂၈ | ၇ | လက်ျာသားမဖြစ်နိုင်ပါ။ |
| ၃။ | မင်းရာဇာကြီး | ၃ | ၁၁၁၀-၁၁၁၃ | ၂၈ | ၂၁ | ၁၀ | လက်ျာသားမဖြစ်နိုင်ပါ။ |
| ၄။ | သကျဝင်ကြီး | ၂ | ၁၁၁၃-၁၁၁၅ | ၂၄ | ၁၄ | ၁၂ | ဤမင်း ၃-ပါးသာ၊လက်ျာ |
| ၅။ | သကျဝင်ငယ် | ၃ | ၁၁၁၅-၁၁၁၈ | ၁၉ | ၇ | ၁၅ | ရွှေဂူသာသားများဖြစ်နိုင်။ |
| ၆။ | ကောလိယ | ၅ | ၁၁၁၈-၁၁၂၃ | ၁၆ | ၁ | ၂၀ | စုစုပေါင်းသက်တမ်း လက်ျာနန်းတက်စဉ် တွင်၊ အသက်အရွယ် |

အကယ်၍သာ ဦးထွန်းရွှေခိုင် ဇယားပါမင်းများ၏နန်းတက်/လွန်သက်များ မှန်ကန်မှု ရှိသည်ဆိုပါလျှင် မင်းသီဟနှင့်မင်းရာဇာကြီးတို့မှာ လက်ျာမင်းနန်/ရွှေဂူသာတို့၏ သားတော်များ ဖြစ်နိုင်ဖွယ်ရာ မရှိပါ။ ကျန်သုံးပါးမှာ ဖြစ်ကောင်းဖြစ်နိုင်ဖွယ်ရာရှိပြီး ပုဂံတွင် မွေးဖွားခဲ့သူများသာ ဖြစ်ပေမည်။

သကျဝင်ကြီး၊ သကျဝင်ငယ် (ညီအစ်ကို)မင်းများမှာလည်း မင်းသီဟနှင့်မင်းရာဇာကြီးတို့၏ သားတော်များမဖြစ်နိုင်ပါ။ ကောလိယမင်းတစ်ပါးတည်းသာ လက်ျာမင်းနန်၊ မင်းသီဟနှင့် မင်းရာဇာကြီးတို့နှင့် အကျုံးဝင်နေပါသည်။

အမှတ်စဉ် ၂-မှ ၅-အထိ မင်းများနှင့်ပတ်သက်၍ နန်းတွင်းရေးရာအရိုက်အရာ ဆက်ခံမှု အတိအကျကို မသိရပါ၍ မင်းစဉ်မင်းဆက်ဇယားပါ (သား)ဟု ပြဆိုချက် နန်းတက်နှင့် နန်းလွန် သက်များ ဘဝင်မကျဖြစ်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ အကယ်၍သာ အထက်ပါဇယား

http://www.dhammadownload.com



အတိုင်း မှန်ကန်သည်ဆိုပါက လက်ျာမင်းနန်လွန်ပြီးနောက် မင်းသီဟနှင့်မင်းရာဇာကြီးတို့မှာ ငယ်ရွယ်သူမင်းသားငယ် ၃-ပါးတို့၏ ကိုယ်စား ထီးနန်းမင်းလျာများ ခေတ္တခဏသာအခြေအနေ အရ ဝင်ရောက်ထိန်းသိမ်းစိုးစံခဲ့ကြရသော(ဘုရင်) နန်းလျာကိုယ်စားပြုအုပ်ထိန်းသူ ဆွေဝင် (Regent)များသာ ဖြစ်ပေမည်။ ၎င်းတို့မှာလည်း အသက်အရွယ်အားဖြင့် ငယ်ရွယ်သူများသာ ဖြစ်ကြပါ၍ "တစ်မင်းမကောင်း တစ်မင်းပြောင်း" နိုင်ငံရေးခံယူချက်သစ်ကြောင့်သော်လည်း ကောင်း မင်းဆွေမင်းမျိုး၊မှူးမတ်တော်များ၏ နန်းတင်၊နန်းချ နန်းတွင်းရေးရာ စီမံချက်သို့တည်း မဟုတ် အကြောင်းတစ်ခုခုကြောင့် အနိစ္စရောက်၍ ဖြစ်နိုင်ပါသည်။

အရွယ်ရောက်လာကြသော မင်းရိုးနန်းလျာများ ထီးနန်းအရိုက်အရာ ဆက်ခံကြသည့်အခါ ၌လည်း နန်းစံသက်တမ်းအားဖြင့် တိုတောင်းလှသည်ကိုတွေ့ရပြန်ရာ နန်းတွင်းရေးရာအတိအကျ ကို စီစစ်ရှာဖွေပြီး နောက်ခံအခြေအနေများအား ထည့်သွင်းဖော်ပြနိုင်ပါက အထူးသင့်မြတ် ကောင်းမွန်ပေမည်။

ကောလိယမင်းကအစပြုကာ အခြေအနေကောင်းမွန်စ ပြုခဲ့သည်ကိုတွေ့ရပါသည်။ သို့သော်ငြားလည်း မှူးမတ်ဗိုလ်ပါ ပြည်သူပြည်သားများက သမားရိုးကျ နန်းစဉ်နန်းဆက် အရိုက် အရာဆက်ခံမှုထက် အမျိုးဘာသာနှင့် တိုင်းပြုပြည်ပြုဆောင်ရွက်နိုင်စွမ်းများပေါ် ပိုမိုအလေးထား ကြသည်ကို ဒုတိယပုရိန်ခေတ်ကစပြီး ပေါ်ပေါ်လွင်လွင် တွေ့မြင်လာရပါသည်။

ဤအယူအဆများနှင့်တကွ တိုင်းရေးပြည်ရေးဆောင်ရွက်ရာ၌ မှူးတော်မတ်တော်များ၏ အာဏာလွှမ်းမိုးမှု ယခင်ကထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် သက်ရောက်လာသည်ကို တစ်စတစ်စ သိသာလာပါသည်။ မှူးမတ်ပြည်သူများမလိုလားကြသော အကျင့်သိက္ခာပျက်မင်းများအား အမတ် များကပင် ဦးဆောင်ဖြုတ်ချခဲ့သည့် ဖြစ်ရပ်များလည်း မကြာခဏပေါ်ပေါက်ခဲ့ပါသည်။ ဥပမာ- ပဋ္ဌာခေတ်အတွင်းက အသင်္ခယာဒါးပိုင်ကြီး အမတ်နန်းလုစိုးစံပြီး မင်းပတိအထိ မင်းဆက်-၃ ဆက်တိုင် အမတ်နန်းလုစိုးစံ၍ မင်းပတိအထိမင်းဆက်-၃ ဆက်တိုင် အမတ်မျိုးရိုးအား ပြည်သူ ပြည်သားများနှင့် မင်းမျိုးဆွေဝင်နောက်လိုက် နောက်ပါတို့က ဖြုတ်ချနိုင်ခြင်းမရှိခဲ့ပေ။ လက်ျာမင်း နန်ပြည်တော်သို့ စစ်ပြုဝင်ရောက်လာသည်ကိုပင် ရဲမက်ဗိုလ်ပါများက မင်းပတိနှင့် နိုင်ငံသားတို့ကို ကာကွယ်ပြီး လက်ဦးကကြုံကြုံခံ ခုခံတိုက်ခိုက်ခဲ့ကြပါသည်။ ၃၅- နှစ်မျှ အမတ်အမျိုးမျိုး မင်းကျင့် တရားနှင့်အညီစိုးမိုးကာ တိုင်းပြုပြည်ပြုဘာသာရေးရာ ဆောင်ရွက်ချက် ကောင်းမွန်ခဲ့သဖြင့် တိုင်းနိုင်ငံဝပြော သာယာအေးချမ်းမှုရှိခဲ့ပေသည်။

http://www.dhammadownload.com



## ဒသရာဇာ (ခေါ်) ကုမ္မာဘယမင်း

ကောလိယမင်းလွန်သောအခါ သားတော်အိမ်ရှေ့ကုမ္မာဘယမင်းက မိဖုရားမာယာဒေဝီဖြင့် ဆက်ခံကာ အေဒီ-၁၁၂၃ မှ ၁၁၃၉ အထိ ပုရိန်မြို့တော်၌ပင် ၁၆-နှစ်တာ စိုးစံတော်မူခဲ့ပါသည်။ ဤမင်းမှာ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံပြီး စစ်အင်္ဂါလေးရပ်နှင့် ပြည့်ဝသော ကြီးမားသည့် တပ်တော်ကြီးရှိသဖြင့် ဘုန်းတန်ခိုးအာဏာစက် ပြင်းထန်ရကား ဝေသာလီကျောက်လှေကားမြို့တော်ခေတ်အတွင်းက ပေါ်ထွန်းခဲ့သော သိကြားမင်း ပေးဆက်သည့်လှံ့ပျံ့ရှိသည်ဟု အမွှန်းတင်သတ်မှတ်ပြောစမှတ်ရှိသူ ၉-ဆက်သောမင်းများ နောက်ဝယ်၌ မင်းကျင့်တရားနှင့်အညီ စိုးစံအုပ်ချုပ်လာသော လက်ရုံးဘုန်းသမ္ဘာ တန်ခိုးအာဏာစက်ဖြင့် ပြည့်ဝသောသူမတူ ၁၀-ဆက်မြောက်မင်းဖြစ်၍ "ဒသရာဇာမင်း" ဟူ၍ ရာဇဝင်၌ ထင်ရှားကျော်ကြားခဲ့ပါသည်။

ဤမင်းမြတ်လက်ထက်တော်၌ တိုင်းပြုပြည်ပြု ဘာသာသာသနာတော်ရေးရာ အကျိုးပြုဆောင်ရွက်ချက်များကို အဒူမင်းညို ရခိုင်မင်းသမီးဧချင်း အပိုဒ်-၃၉၊ မြဒိုးဝေရာဇဝင်၊ ဦးစံလှကဗျာလင်္ကာ၊ အခန်း-၁၊ အပိုဒ်-၈ မှ ၁၀ တို့အပြင် လေးမြို့ခေတ်ဖွဲ့ ရခိုင်သစ္စာလေကဗျာ အပိုဒ်-၉ တို့တွင်လည်းကောင်း၊ အရေးကြီးကိစ္စရပ်တစ်ခုခုကြောင့် ပညာကျော်အမတ်များက ဘုရင်မင်းအားလျှောက်ထား သံတော်ဦးတင်ဖြေကြားချက် လျှောက်ထုံးမှတ်တမ်းများမှ တိတိကျကျသိရှိလာပါသည်။

### အဒူမင်းညို ရခိုင်မင်းသမီးဧချင်း အပိုဒ်-၃၉

"ဧ. . . . .၊ တော့မယ်မိ၊ နားတော်ချိလော့၊ ကောလိယမင်း၊ အရင်းသည်းချာ၊ ဒသရာလျှင်၊ မဟာမုနိ ရှိသည့်အကြောင်း ပေါင်းလောင်းမြိုထီး၊ သင်းကြီးညွှန်ပြ၊ ပုညာကြီးထွေ၊ လွန်ရိုသေလျှက်၊ ဝင်လေသက်ထက်၊ ထွက်ခဲ့သင်တုတ်၊ ဂါဝုတ်ရှစ်မည်၊ ဗိုလ်ခြေစည်မျှ၊ အမည်စေ၊ မြို့ချက်မဝယ်၊ အင်္ကတည၊ တော်ပုအများ၊ ကန္ဒားပွဲကြီး၊ ရွှေတောင်ထီးသို့၊ ကျောင်း(ကျောက်)ကြီးရွှေဂူ၊ တည်သည်မူကား၊ ဇမ္ဗူတကျွန်း၊ မင်းထက်ဝန်းတို့၊ တာငန်းချချ၊ လုပ်ရသောအား၊ ဘုရားမည်သာ၊ သာသနာဝယ်၊ ဓမ္မာသောက၊ ဒသရာဇာ၊ ဤနှစ်ခါသည်၊ မျက်နှာမင်းချင်းဖူးတည့်လေ။ ဖူးတည့်မှောက်တော်၊ ဟုတ်ထည့်ဩော်၊ ရှေးသော်ဓမ္မာ၊ သဃ်ာယန၊ အာဒိယ (ဟဒီယ၊ ဗျာဒိယ)နှင့် ဒသရာဇာ၊ လက်ထက်သာလျှင် မျက်နှာကြည်ရွှင်၊ ဘုန်းကြီးလျှင်သည် မင်းချင်း တည့်စုဝေး၊ မြင်ကြသေး။ လေည်းယင်ယင်ဧ"။

http://www.dhammadownload.com



## မြဒိုးဝေရာဇဝင်အခြေခံ (ဦးစံလှ ကဗျာလင်္ကာအခန်း–၁၊ အပိုဒ်–၈/၉မှ ကောက်နုတ်ချက်များ

“. . . လက်ျာမင်းနန်၊ အမတ်တော်ဝန်နှင့် ကြိမ်ဖန်များလှ၊ ညီလာခွင်မှာ တိုင်ပင်ကြလို့၊ ဗုဒ္ဓဆင်းလျော် ရုပ်ပွားတော်ကို ထင်ပေါ်ကျော်ဟိုး၊ တောင်ထိပ်ချွန်လေ၊ မြင့်ချွန်တက်တက်၊ ဝက်သတိုး၌ ၊ ပုံးယှုံးဝှက်ထွေ၊ တိတ်တိတ်ကေဖြင့်၊ ထားပေပြီးမှ၊ စာသဝန်ကို၊ ပုဂံမြို့မှာ၊ ဆက်ပို့ကြလို့ . . . . ကွယ်ပျောက်ပြီဟု၊ စာပီရှိုးလျက်၊ မြို့ပုဂံမှာ၊ တမန်ဆက်၍၊လ-ရက်နှစ်တာ၊ အချိန်ကြာသော်၊ ရာဇာမင်းနန်၊ နတ်ရွာစံ၍၊ တဖန်နန်းတက်၊ အဆက်ဆက်ဖြင့်၊ ရှည်မြင့်ကာလ၊ ပက္ခဒိန်မှာ၊ ရက်ချိန်ညောင်းလို့၊ ပြောင်းလတ်ကလျှင်၊ ဒသရာဇာ၊ နန်းတက်ခါဝယ်၊ မဟာမုနိ၊ တန်ခိုးတော်ဖြင့်၊ လွှမ်းကျော်လက်ကေ၊ မြတ်ဓာဓိကို မည်ဟီး ကျော်ဟိုး၊ ခါတဖန်တွင်၊ မင်းနန်ဝှက်ကေ၊ ဝက်သတိုးက၊ ရှိခိုးပန်ထွာ၊ ပင့်ဆောင်လာ၍၊ ဤရွာ၌ဝယ် (ညောင်ချောင်းရွာ) ရှိုးပန်းမြိုင်ကေ၊ ယာဉ်ရထားကို၊ ရပ်နားပေး၍၊ ပန်းဖြေညောင်းညာ၊ ထိုထခါစ၊ သာမောစည်ကေ၊ ဤဒေသကို၊ ညောင်းချောင်းတွင်ရေ။ ။ အပိုဒ်(၉)မှာ . . . . . . . . . . ထိုနိရာက၊ တစ်ခါ မျှော်ထောက်၊ ပြန်ကိုးရာလျှင်၊ တိုင်းတာဟိကေ၊ အရှေ့မြောက်တွင်၊ ဘုန်းတောက်ပေါ်ထင်၊ မုနိသျှင်၏၊ စံရှင်ပျော်မှီ၊ ကုန်းထိပ်ပေါ်မှာ၊ သိမ်တော်ကြီးကို ထိန်ညီးတင့်တယ်၊ ကြည်နူးဖွယ်နှင့် မြင်မည်မလွဲ၊ တပြောင်ပြောင်နှင့် သိမ်ဆောင်ထဲမှာ၊ အမြဲမှန်စွာ၊ စဉ်အလာဖြင့်၊ အခါမိဿ၊ စိတ္တရံကေ၊ ဝင်းရံပလို့၊ မာသတန်ခူး၊ နှစ်ဟောင်းလွန်၍၊ သင်္ကြန်ကျူးသော်၊ ပျော်မြူးသာရွှင်၊များလူရှင်တို့ . . . . . . . . . . . ” ရုပ်ရှင်တော်မြတ် ပြန်လည်အဖူးမြှော်ခံခြင်းကြောင့် လူသူအများ မြူးကြသည်ကို ပြဆိုထားပါသည်။

## သာစွလေကဗျာ အပိုဒ် (၉)

**သာစွာလေ။** ။ ပြည်ရွှေဘုန်းလူ၊ ကျွန်းဇမ္ဗူထက်၊ ထီးဖြူကြက်၍၊ မင်းဆက် စဉ်လာ၊ ဒသရာဟု၊ မဟာနွယ်မျိုး၊ မင်းလျှင်စိုးက၊ တန်ခိုးမိုးဝှန်၊ ဘုန်းတော်လွန်၍၊ အပ်နှံသိကြား၊ လေးနှင့်မြားကို၊ လျပ်လျပ်မကြာ၊ ပေးဆက်ပါက၊ ဒီပါကျွန်းခွင်၊ မင်းလျှင်အစစ်၊ ကေရာဇ်ဟု၊ တွင်ရစ်ဥဒါန်း၊ အမည်ထွန်း၍၊ ထီးနန်းရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ လွန်ချမ်းသာခဲ့၊ တမြာနာဂရ၊ ပြည်ချက်မ၌၊ တန္တမုဒိန်း မှုခပ်သိမ်းလည်း၊ ကင်းငြိမ်းရှင်းရှင်း၊ ရွှေပြည်တွင်းဝယ်၊ သီတင်းသီလ၊

http://www.dhammadownload.com



စောင့်ထအမြဲ၊ ရာသီပွဲလည်း၊ ဆင်နွှဲခါခါ၊ လမခြာတည်း၊ ရာဇမင်းလှ၊ နရိန္ဒလည်းရာဇဘိသေက၊ ဘိတ်သိတ်ခံ၍၊ တရံကောင်းမှု၊ ကုသိုလ်ပြုသည်၊ ပေါင်းစုကြည်ဖြူ၊ များဝိုလ်လူနှင့်ပြည်သူခပင်း၊ ဦးညွှတ်ခြင်းငှာ၊ မဟာမုနိကြီးဆီ ဘုန်းတော်မြတ်ရှင်ကျော်ကို သင့်လျော်နေရာ မြတ်ကုန်းသာ၌ ထပ်ကာတည်ထား ကုသိုလ်ပွားသည် စည်ကားမဏ္ဍိုင် ရခိုင်သာယောင့် သာယာစွလေ။

အိမ်ရှေ့ကုမ္မာဘယမင်းဖြစ်လာသည်နှင့်နှစ်ပေါင်း-၂၀ သာ သက်တမ်းရှိသေးသော ပုရိန်မြို့ကို အသစ်တဖန်မွမ်းမံပြုပြင်ခဲ့သည်အား ထောက်ရှုရခြင်းဖြင့် နန်းစံသက်တိုတောင်းလှ သည့် မိမိရှေ့မှ ပရိန်မင်း ၆-ဆက် အလျင်စလို တည်ဆောက်သွားခဲ့ကြသည့် မြို့ကိုပိုမိုသပ်ယပ် လှပပြီး ခေတ်ဖြင့်လိုက်လျောညီထွေ ရှိစေရန် စနစ်တကျ ထပ်လောင်းပြင်ဆင်ခဲ့ဟန်တူပါသည်။ မြို့သစ် အနေအထားပုံပန်းသဏ္ဍာန်ကို မှန်းဆကြည့် ရခြင်းအားဖြင့် မိမိနန်းတော်သစ်နှင့် မြို့တွင်း လူနေရပ်အား မြောက်ဘက်မနီးမဝေး၌ ကပ်လျက်တည်ရှိသော မြို့ဟောင်း ပဋ္ဌာနှင့်ကြားခံ လယ်ကွင်းကြီးဆီသို့တိုးချဲ့ကာ သစ်ကောင်းဝါးကောင်းများဖြင့် ခိုင်ခံတင့်တယ်စွာ ဆောက်လုပ်ထား သော အိမ်များချည်းဖြစ်ရကား၊ မြို့မျက်နှာစာ မြစ်တစ်ဘက်ကမ်းပါးမှ ဝေးလံခေါင်သော ရပ်ကွက် များ၌ သုံးစွဲရန်မီးဘေးကာကွယ်ရေးအတွက် ရေအခက်အခဲမရှိစေရန် ပဋ္ဌာမြို့အနီးအနားရှိကန် ၁၀၀-ဝန်းကျင်ဆီသို့ ပုရိန်(ဒုတိယ)တိုးချဲ့မြို့သစ်အားအရှေ့တိုင် တည်ဆောက်စေခဲ့သည်ဟု ဆို ရပေမည်။

နောက်ထပ်တိုင်းကျိုးပြည်ကျိုးအတွက်ဈေးခွန် လယ်ယာကိုင်းကျွန်း၊ဥယျာဉ်ခြံမြေခွန် စသည်တို့ကို အရာအထူကိုကြည့်၍ လျှော့ပေါ့ကောက်ခံသောကြောင့် ပြည်သူပြည်သားအပေါင်း တို့ ပိုမိုကြွယ်ဝချမ်းသာလာကြာကာ နိုးဝှက်လုယက် သောင်းကျန်းအဓမ္မမှုများ ကျဆင်းနည်းပါးသွား ပြီး နိုင်ငံတော်အဝှမ်း ငြိမ်းချမ်းသာယာရှိခဲ့ပါသည်။

တိုင်းရေးပြည်ရေးကိုးကွယ်မှု ဘာသာသနာရေးများအားဆောင်ရွက်သည့်အခါများ၌လည်း ပညာရှိမှူးမတ်တော်များဖြင့် ညီလာခံတွင်နှီးနှောတိုင်ပင်ကာ ရှေးရှေးက ဘေးဘိုးစဉ်လာထုံးတမ်း များကို မေးမြန်းလျှောက်ထားစေပြီးမှ ပညာပေးလျှောက်ထုံးအကြံပြုချက်များ နောက်တကျော့ ပြန်လည်ထွန်းကားပြီးမှ မှတ်တမ်းများ ကောင်းစွာကျန်ရှိခဲ့ပါသည်။ ၎င်းလျှောက်ထုံးများမှ ခေတ်သုတေသီများက ထီနန်းသုံးရှေးအစဉ် (ဥပမာ ၊ ရာဇဘိသေက ခံလုပ်ရိုးလုပ်စဉ်) များကို ပီပီပြင်ပြင်သိရှိလာကြသည် သာမက ရှေးဟောင်းရာဇဝင် သမိုင်းကြောင်း၏ အရေးပါအချက် အလက် သက်သေခံနိုင်လုံသော အထောက်အထားများကိုလည်း ရရှိခဲ့ကြပါသည်။

http://www.dhammadownload.com



ရှေ့တွင်ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်သော အဒူမင်းညီ ရခိုင်မင်းသမီးချောင်း ပိုဒ် -၁၉- အပြင် ၂၀-၂၁ မြဒိုးဝေရာဇဝင် (ဦးစံလှကဗျာလင်္ကာ) ရာဇ/ဓမ္မဝံသ မှတ်တမ်းများ၌ ဖော်ပြသည့်အတိုင်း ကုမ္မာဘယမင်းမြတ်မှာ သူရသတ္တိ လက်ရုံးနှလုံးရည်အဖြာဖြာဖြင့် ပြည့်ဝကာ စစ်အင်္ဂါလေးရပ်နှင့် ပြည့်စုံသည့်ကြီးမားသော ကြည်း၊ ရေ ရဲမက်ဗိုလ်ပါ ဆင်တပ်၊ မြင်းတပ်ကြီးရှိပြီး စာပေကျမ်းဂန်များ ကို လေ့လာဆည်းပူးတတ်ကျွမ်းသော မင်းတစ်ပါးဖြစ်ပါသည်။ ရှေးရိုးစဉ် လာဓလေ့ထုံးများကို လိုက်နာကျင့်သုံးပြီး တိုင်းရေးပြည်ရေးစီမံခန့်ခွဲနိုင်စွမ်း ရှိသည်သာမက ဗုဒ္ဓဘာသာကိုးကွယ်မှု အယူဝါဒဘက်၌ပါ အလွန်မှုကြည်ညိုကိုင်းညွှတ်မှုရှိသဖြင့် မိမိ၏အဘိသေကခံ အခမ်းအနားကို ကြိယာအင်္ဂါစုံလင်စွာဖြင့် ရှေးရိုးရာအသွင်အပြင်အတိုင်း ကြီးကျယ်ခန့်ညားစွာ ဆင်ယင်လျက် ကျင်းပနန်းတက်ခဲ့ပါသည်။ နန်းတက်ပြီးနောက် ၅ လခန့်အကြာတွင် မဟာမုနိရုပ်ရှင်တော်မြတ် အား လွန်စွာမှဖူးမြော် ကြည်ညိုလိုသည့် ဆန္ဒပြင်းပြလာရကား နိုင်ငံအဝှမ်းမှ ၁၆၀၀ မျှသောရာစု ထောင်စုစားမူးတော်၊ မတ်တော်အပေါင်းတို့အား မုနိရုပ်ထုတော်သည် ဘယ်အရပ်၌ရှိတော်မူ သနည်းဟု မေးမြန်းတော်မူလေသော် အမတ်အပေါင်းတို့က ဘေးလောင်းတော် စန္ဒာသူရိယ မင်းမြတ်တောင်းပန်အပ်သည်ဖြစ်၍ ဗုဒ္ဓရှင်ကိုယ်တော်တိုင် ဓညဝတီနေပြည်တော်တွင် သီတင်းသုံး နေစဉ်ခွင့်ပြု သွန်းလောင်းတည်ထားကိုးကွယ်စေခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်မှာ ဘေးတော် လက်ျာမင်းနန်အား ပုဂံအကူအညီဖြင့် ပဥ္စာထီးနန်း စစ်အင်အားသုံး တိုက်ခိုက်သိမ်းယူပြီး နန်းတင် ပေးခဲ့စဉ်ကပင် အရှေ့မြန်ပြည်အရိမဒ္ဒနာပုဂံမှ အလောင်းစည်သူ မင်းကြီး၏ ပျူတလိုင်းတပ်သား အချို့က ဖိုကျင်ထိုး ရွှေချမရ၍ကျောသား၊ ပေါင်သားများကို ဗျာဒိတ်တော်ရှိသည့်အတိုင်း ဖဲ့ယူသွားသည်မှ ရုပ်ရှင်တော် မှာ ရှေ့ကပုရိန်မင်းဆက် ၆-ဆက် အပါ အဝင် နှစ်စု ၂၄- နှစ်ခန့် သီတင်းသုံးတော်မူရာ ဓညဝတီမြို့ဟောင်း သီရိကုန်းတော်ပေါ်ရှိ သိမ်တော်ကြီးမှ မျက်ကွယ်ပြု ပျောက်ဆုံးသွားခဲ့ကြောင်း လျှောက်ထား ကြလေသည်။ ထိုအခါ မင်းကြီးသည်မှူးတော်မတ်တော် ဗိုလ်ပါအချို့အား ရုပ်ရှင်တော်သီတင်းသုံးခဲ့ရာ သီရိဂုတ်တောင် ဝန်းကျင်အနှံ့ ကြည့်ရှုရှာဖွေစေ ခဲ့ပါသည်။

၄င်းတို့ရှာဖွေမတွေ့၍ ဘုရင်အားအကျိုးအကြောင်း လျှောက်ထားသောအခါ၌ မောက်သူ ဇာအမတ်ကဝိကျော်က မင်းကြီးပလ္လင်၌ ပျားစွဲလာသည်ကိုအကြောင်းပြု၍ ဒသရာဇမင်းမှာ ဘုန်းကံကြီးမားသော မင်းဖြစ်သည့် အားလျော်စွာ ရာဇပလ္လင်မြောက်ဘက်နား၌ အနောက်ဘက် အရပ်မှ ပျံလာသောပျားများဖွဲ့လာသည့် ပျားအုံကြီးတစ်အုံသည် ပျားအရည်ရင့်ကျက်ပြည့် လတ်

http://www.dhammadownload.com



သော် ပျားသလတ်တည်ပေါက်ဖွားရန်ကို မလင့်ဘဲစွန့်ကာ မြောက်ဘက်အရပ်သို့ ထွက်ခွာပျံသွားသည်ကို အတိတ်နိမိတ်ကောက်ပြီး (ဂေါတမ ဘုရားရှင်နှင့်ရဟန္တာများ စန္ဒာသူရိယ မင်းအား ဗုဒ္ဓကိုယ်စားပြုရုပ်ရှင်တော်မြတ်မဟာမုနိကို ကိုးကွယ်ဆည်းကပ်ရန် သွန်းလုပ်စေခဲ့ပြီး ထားခဲ့သည့် ပမာ၊ ဥပမာပြကာ ပျားများညွှန်ရာ မြောက်ဘက်အရပ်၌ပင် ရုပ်ရှင်တော်မြတ် မဟာမုနိ ရှိသည်မှာ အမှန်ဖြစ်သည်ဟု လျှောက်လေသည်။ မင်းကြီးက ရှာဖွေတွေ့ရှိသူများအား ရက်ရက်ရောရော ပေးကမ်းနိုင်ရန် ဆုလာဘ်များစွာကိုပါ တပါတည်းယူဆောင်စေပြီး မြောက်ဘက်တစ်ခွင်၌ တောတောင်အနှံ့ ရုပ်တုတော်အား ထောက်လှမ်းစူးစမ်းရှာဖွေရန် အမတ်ဗိုလ်ပါ အချို့ကိုစေခဲ့လေသည်။ မြို့လူမျိုးသင်းကြီး (ရပ်ရွာလူကြီး) ရပောင်လာနှင့် အပေါင်လာဆိုသူနှစ်ဦးက တောတောင်အစွယ်တွင် လယ်ယာလုပ်ကိုင်စားသောက်ကြသော မြို့လူမျိုးများက ယစ်ပူဇော်၍ မိုးလေဝသကောင်းသည်ကိုအစွဲပြုကာ မိုးကောင်းနတ်ကြီးဟု ခေါ်ဝေါ်သမုတ်ကြသောဆီသို့ လမ်းပြခေါ်ဆောင်သွားခဲ့ရာ တောတောင်ထူထပ်သည့် ဝါးချောင်းဖျားငယ် တစ်နေရာ၌ မဟာမုနိရုပ်ရှင်တော်အား ဖိုကျင်ထိုးရာကျင်းဟု ယူဆဖွယ်ရာရှိသော တွင်းကြီးအတွင်းသို့ကျကာ လည်တော်အထိတိုင်မြေမြှုပ်၍တွေ့ရကြောင်း ဘုရင်မင်းအား လျှောက်တင်ကြလေသည်။ မဟာမုနိရှင်တော်ကို တွေ့ရှိသည့် သတင်းကိုကြားရသော်မင်းကြီးမှာ အထူးဝမ်းသာအားရပြီး ဒသရာဇာဘုရင်မင်းနှင့် မိဖုရားမာယာဒေဝီတို့သည် အခြွေအရံနန်းတွင်းသူ နန်းတွင်းသားများနှင့်အတူ မှူးမတ်ဗိုလ်ပါများ ခြံရံလျှက်ရပောင်လာ၊ အပေါင်လာမြို့နှစ်ဦး ဦးဆောင် လမ်းပြမှုဖြင့် ၎င်းရုပ်ရှင်တော်မြတ်ရှိရာအရပ်ဆီသို့ သွားရောက်ကြလေသည်။ ရုပ်ရှင်တော်မြတ်အား တူးဖော်ကြပြီး အမှိုက်သရိုက်သဲဖုန်မှုန့်များကို ရှင်းလင်းဖယ်ရှား စီစစ်ကြည့်ကြသည့်အခါ၌ ရုပ်ရှင်တော်မြတ်၏ ယာဖက်ပေါင်ပြတ်နေပြီး နောက်ကျောသားများလည်း ဟင်းလင်းပေါင် ပျက်စီးနေသည်ကို တွေ့ကြရသည်ဟု ဆိုပါသည်။ မြို့ရာဇာများ ကားမဟုတ် တောတောင်လမ်းပြများသာ ဖြစ်ပေသည်။

ရုပ်ရှင်တော်မြတ်အား ထိုးဝါးချောင်းအရပ်မှ ဖောင်တော်ဖြင့် တစ်တန်၊ ဆွဲရထားဖြင့် ကြည်းကြောင်း ဓညဝတီသို့အရောက် အတန်တန်ယူဆောင်လာကာ နဂိုမူလသီတင်းသုံးရာ ကတညုတတောင်တော်တွင် ခန့်ညားကြီးကျယ်စွာ အခမ်းအနားကျင်းပပြုလုပ်ကာ ပြန်လည်ပြုပြင်မွမ်းမံ၍ ပလ္လင်ပေါ်သို့တင်ပြီး တည်ထား ကိုးကွယ်တော်မူလေသည်။ သို့ဖြစ်ခြင်းကြောင့် ဒသရာဇာမင်းကို စန္ဒာသူရိယမင်းမြတ်နောက် ဒုတိယမဟာမုနိ ဒါယကာတော်ဟု တင်းစား ခေါ်ဝေါ်သမုတ်ကြလေသည်။

http://www.dhammadownload.com



ရုပ်ရှင်တော် ပရိဂုဏ်အတွင်း သိမ်ကျောင်းများနှင့် ကတညုတတောင်ကုန်းကို လေးထောင့်ညီညီ တူးစေပြီး အတားအဆီးအကာအရံကျောက်တုံးကျောက်ဆစ်ဖြင့် ပြုလုပ်သော တံတိုင်းကြီးကို လေးဘက်လေးတန်မုခ်ဝများဖြင့် ကျနစွာ ယခုလက်ရှိအတိုင်း ဘောင်ခတ်တည်ဆောက်ကာ အစောင့်အရှောက် သန့်ရှင်းရေးလုပ်သား၊ ဘုရားကျွန်အမြောက်အမြားကိုလည်း လုပ်ကိုင်စားသောက်ရန် လယ်ယာမြေများ ပေးသနားကာ ခန့်အပ်လှူဒါန်းတော်မူခဲ့သည်။

ထိုကဲ့သို့ မဟာမုနိကုန်းတော်၌ ပြုပြင်ဆောက်လုပ်သည့်အခါတွင်လည်း လက်အောက်ဩဇာခံနှင့် မိတ်ဘက်ပြည်ထောင်များဖြစ်ကြကုန်သော အုန်းပေါင်၊ မိုးညှင်း၊ မိုးကောင်း။ မိုးနည်း၊ မိုးထွေး၊ မိုးကောင်း၊ ကလေး၊ ရှမ်း၊ သူရတန်ဘင်္ဂါ-၁၂ခွင်၊ သက်၊ ကျေး၊ မြို၊ ကန်တုပ်၊ ဟစ်ရှိ (ဘင်္ဂလား၊ မဏိပူရ)၊ တလိုင်း၊ မွန်၊ ယိုးဒယား၊ လင်းဇင်းမင်းများက တာဝန်ကိုယ်စီယူ၍ ကုသိုလ်ပါဝင်ဆောက်လုပ်ခဲ့ကြသည်ဟု မော်ကွန်း ကျောက်စာထိုးထားခဲ့လေသည်။

ဒသရာဇာမင်း အဘိသေကခံနန်းတက်ပြီး (၅)နှစ်ခန့်တွင် (အေဒီ-၁၁၃၂)ဘင်္ဂါ-၁၂ခွင်နှင့် ဂင်္ဂါ မဏိပူရနယ်စပ် သက်ပြည်ထောင်တို့ပူးပေါင်းပြီး ဒေလီမြို့တော်မှ သွေးထိုးလှုံ့ဆော်ချက်ကြောင့် ပဏ္ဏာလက်ဆောင်မသွင်းမပြု သောင်းကျန်းပုန်ကန်မှုပြုလာရာ ရခိုင်အုပ်ချုပ်ရေးမှူးများနှင့် ဘင်္ဂါဒေသ ကုလားရာဇာများ အင်အားပြိုင်ဆိုင် ထိတွေ့မှုပြန်လည်စတင်ခဲ့ပြန်ပါသည်။

အနောက်ဘင်္ဂါ-၁၂ ခွင် မြို့ရွာများ၊ သက်နှင့်ပေါင်းကာ သောင်းကျန်းပုန်ကန်လေရကား ဒသရာဇာမင်းက အမတ်ကိုယ်ရံတော်ကြီး ဇေယျဗိုလ်ကို ၅၀၀၀၀ သော စစ်သည်တော်တို့ဖြင့် နှိမ်နင်းရန်ချီစေသည့် ကာလ တပ်ဦးတွင် ကြီးကြာငှက်တစ်ကောင်သည် သရေ (သားရေ)တစ်ခုကိုချီ၍ တပ်ဦးသို့ပျံဝဲလာရာ ငှက်နှင့်သရေကိုပါ ဖမ်းမိ၍ မင်းထံဆက်သလေသောအခါ ထိုနိမိတ်ကို အတိတ်ယူပြီး အမတ်ပညာရှိ ကဝိကျော်လျှောက်ထုံးသော်ကား -

"တပ်ဦးတွင်မြင်သောနိမိတ်၊ တိတ်ရအလို၊ ထိုငှက်ကြိုးကြာ၊ နံမှာကုလား၊ မှောက်မှားရောယှက်၊ သက်ကားသရေ၊ မိတ်ဆွေပြုလျက်၊ ခြားနားချက်မှာ၊ တိတ်အလာပေ၊ သရေနှင့်ငှက်၊ ပျံလျက်မလွတ်၊ ကိုင်းညွှတ်တုံလာ၊ ချင်းအစာလည်း၊ မကွာစုံဖက်၊ ပို့ဆက်လာပြန်၊ ထိုကျွန်နှစ်ပါး၊ ကုလားနှင့်သက်၊ ငှက်နှင့် သရေ အနေမယွင်း၊ ချက်ချင်းမကြာ၊ အောင်မြင်ပါမည်"ဟု လျှောက်လေသော်၊ အမတ်ကြီးအား ဆင်ပေါက်တစ်စီး ဆုပေးပြီး အမတ်ဇေယျဗိုလ် (ဓမ္မဇေယျ)အား မဆိုင်းအမြန် ဘင်္ဂါ-၁၂ခွင်သို့ ချီစေခဲ့သော်၊ သူပုန်သူကန်များအား လျင်မြန်စွာပင် နှိမ်နင်းနိုင်ခဲ့ပါသည်။

http://www.dhammadownload.com



ဖခမည်းတော်လက်ထက်က ပိုင်စိုးခဲ့သော အိပ်ဝင်ဩဇာခံနယ်ပယ် ရှမ်းကုန်းမြင့်ဒေသ အချို့နှင့် ဘင်္ဂါ-၁၂ ခွင်၊ သက်၊ မြို၊ ဘင်္ဂလား၊ မဏိပူရနယ်စပ်တောင်တန်းဒေသ ရာဇမင်းငယ် အားလုံးတို့အား ကောင်းစွာထိန်းချုပ်ထားရှိနိုင်ခဲ့သည်သာမက အရှေ့မြန်မာ အရိမဒ္ဒနာ- ပုဂံပြည် ကြီး မှ စစ်အင်အားလွန်စွာမှ ကြီးမားပြီးအာဏာစက်ပြင်းထန်သော အလောင်းစည်သူမင်း လာ ရောက် စစ်ပြုပြီး မဟာမုနိရုပ်ရှင်တော်မြတ်အား ပင့်ဆောင်မည့် အလားအလာရှိသည်ကိုပင် ကြောက်ရွံ့ခြင်းမရှိ။ လွန်ခဲ့သောအနှစ် ၂၄-နှစ်ခန့်က ဘိုးတော်လက်ျာမင်းနန့် တိတ်တဆိတ် လူသူလုံးဝမသိအောင် အထူးလျှို့ဝှက်မျက်ကွယ်ပြုလုပ်ကာ နဂိုရှိရင်းစွဲ သီရိဂုတ်တောင်ပလ္လင် တော်ပေါ်၌ ပေါ်ပေါ်လွင်လွင် နီးနားဝန်းကျင်နယ်ပယ်များ ပစ္စည်းလုပ်အားပါဝင် လျှုဒါန်းသည်ကို လက်ခံပြီး တည်ထားကိုးကွယ်ခဲ့ပါသည်။ ဤဒသရာဇာမင်းမှာလည်း မွေးဖွားစဉ်ကပင် လေးမြို့ အဥ္စနနယ်ပယ်တွင် ကြီးပြင်းလာသော ပထမဆုံးရခိုင်က ပေါက္ကာရာမတွင် ခိုလှုံခဲ့သော မင်းညီ မင်းသားများဖြစ်သည်။

ပထမပုရိန်မင်းဆက် (၄-၅-၆)နန်းတက် (အသက်အရွယ်များနှင့်လွန်သက်)များအား မှားယွင်းပြသခဲ့ကြသဖြင့် ဒသရာဇာမင်း၃-ဆက်မှအပ ကျန်ရခိုင်ရာဇဝင်ဇယားများပါ နတ်ရွာစံ သက်များက မှန်ကန်မှုရှိကြောင်း တွေ့ရပါသည်။ သားစဉ်မြေးဆက် ထီးမွေနန်းမွေကို ဆက်ခံ စိုးစံကြသည်ဟု ဖော်ပြမည့်အစား ဆွေဝင်ရင်းချာ မင်းညီမင်းသားများက အရိုက်အရာ ဆက်ခံ ကြသည်ဟု မှတ်ယူသင့်ပါသည်။

ရခိုင်မင်းသမီး ချေါင်းအပိုဒ်-၁၈ မင်းရိုးဆက်လှာ၊ မင်းလက်ျာ၏ "သည်းချာစည်ရှည် ငါးဆက်လည်တွင် မည်ကောလိယ"ဟု ပါရှိ၍ လက်ျာမင်းနန် ရွှေဂူသာတို့မှ ဖွားမြင်သည့် သား တော်ဖြစ်ကြောင်း သေချာပြီ။

အပိုဒ်-၁၉ . . . "ကောလိယမင်း အရင်းသည်းချာ ဒသရာလျှင်" မဟာမြတ်မုနိရှိသည့် အကြောင်း ပေါင်းလောင်းမြို့ထီး သင်းကြီး ညွှန်ပြ". . . ဟု ဖွဲ့နွဲ့ထားခြင်းကြောင့် ဒသရာဇာမှာ ကောလိယမင်း၏ သားတော်သေချာပြီး ၁၅-နှစ်တွင် နန်းတက်ကာ သက်တော် ၃၁-နှစ်တွင် လွန်တော်မူသည်က မှန်ကန်ပေမည်။ ဖခမည်းတော်ကဲ့သို့ပင် မင်းမဖြစ်မီ လက်ရုံးအတတ်ပညာ စာပေကျမ်းဂန်အဝဝကို ကောင်းစွာတတ်မြောက်အောင် အခြေခံကောင်းရရှိခဲ့သော မင်းတစ်ပါး ဖြစ်ပေသည်။ ဤမင်းလက်ထက် ရိုးရိုးရက္ခဝဏ္ဏ ရခိုင်စကားစာပေ မည်ရွေ့မည်မျှ တိုးတက်လာ

http://www.dhammadownload.com



သည်ကို အဘိသေကခံ မှတ်တမ်းအသေးစိတ် ဖော်ပြချက်နှင့် လျှောက်ထုံးများက ထင်ဟပ်ပေါ်လွင်စေပါသည်။

ရခိုင်ရှေးဟောင်း ရာဇဝင်သမိုင်းကြောင်းများမှာ ဒသရာဇာ၏ သားတော်နှစ်ပါးဖြစ်သော သားတော်ကြီး အနန္တသီရိနှင့် သားတော်ငယ် မင်းဖုန်းစား မင်းညီမင်းသား နှစ်ပါးအကြောင်းများစွာ မှတ်တမ်း ပြုထားရှိခဲ့ခြင်းကြောင့် ခိုင်လုံမှုရှိပါသည်။

ဒသရာဇာမင်းလက်ထက်ကျမှသာ ရခိုင်မင်းများ အဘိသိတ်ခံ အခမ်းအနားအပြည့်အစုံကို ကဗျာလင်္ကာကဲ့သို့ လျှောက်ထုံးအပြင် စကားပြေများဖြင့် သေသေချာချာ ခေတ်အရေးအသားအရ သိရှိရပါသည်။ ဒသရာဇာမင်း အတိုင်ပင်ခံပညာရှိဖြစ်သည့် မောက်သူဇာမြို့စား ကဝိကျော်အမတ်က ဘိသိတ်ခံရာ၌ အင်္ဂါစုံလင်ရန်လိုအပ်ကြောင်း သျှိုးလိုက်ရတုသွားမျိုးဖြင့်လည်း လျှောက်တင်ခဲ့သည် ကို တွေ့ရသည်။ သျှိုးလိုက်ရတု သွား-

"သတ္တဝါကို၊ မေတ္တာသုံးခွေရစ်၊ ညွှန့်သစ်တက်ဝေ
ကျက်သရေကြောင့်၊ ဖြိုးဝေလူနတ်ချစ်၏
လေးပါးအပြစ်၊ ရှင်းရှင်းကွာ၊ ပြည်လူတုပ်ခွန်
မလွန်စားတို့ရသည်၊ မဟာနွယ်မြစ်ဖုန်းပွင့်သစ်"

ဟူ၍ ရှေးမင်းကောင်းမင်းမြတ်တို့၏ ထုံးပုံကိုပြပြီး မင်းအားဆုံးမလမ်းညွှန်ပေးသည်။ ဤပညာရှိကဝိကျော်၏ ဗဟုသုတပညာရည်ကြွယ်ဝပုံကိုပါ ဤနေရာတွင် ကောင်းစွာတွေ့ကြရသည်။ နောက်ထပ်ရေးဖွဲ့ရာတွင်လည်း-

"နွယ်မြစ်စဉ်လာ၊ မြတ်ရာဇာတို့၊ စကြာရောက်ရာ
အကြောင်းပေ၊ မရမေဘုန်းသမ္ဘာ၊ မဟာဇနိန်
သကိန်ဇကရာတို့၊ ကြီးကျယ်စွာ မင်းတံဆိပ် ဘိသိတ်တော်ခံ

တိုင်းနိုင်ငံကို စိုးစံကွပ်ညှပ်နှိပ်၍" (သျှိုးလိုက်ရတုအပြည့်အစုံကို နောက်ဆက်တွဲတွင်-ရှု) စသည်ဖြင့် ဝေသာလီကျောက်လှေကားခေတ်က သုဝဏ္ဏဒေဝီ၊ စောပြည့်ညို၏ ကဗျာပိုဒ်အသွားမျိုး ဖြင့် ကာရံယူထားသည်ကို တွေ့ရသည်။

http://www.dhammadownload.com



ဤကဲ့သို့ လျှောက်ထုံးမျိုးများဖြင့် လျှောက်ထား၍ ဘိသေကမင်္ဂလာပြုလုပ်ရန် ကြိုးပမ်းသည့်အပြင် ဘိသိက်မင်္ဂလာတွင် ကျမ်းသစ္စာကျိန်ဆိုရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာမှာလည်း ရန္တမဉ္ဇူသာသနာပိုင်ဆရာတော်ကြီးက သွန်းလုပ်ဆက်သသော မဟာကျိန်နန်းတက်သစ္စာခံ ရုပ်ပွားတော်နှင့် သစ္စာခံယူချက် အတိအကျစသည်တို့ ပိုမိုပီပြင်စွာလည်း ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။ ဤမှတ်တမ်းများမှာ ခိုင်မာသည့် လေးမြို့ရာဇဝင်သမိုင်းကြောင်း အထောက်အထားများဖြစ်ပါသည်။

ဒသရာဇာမင်း အေဒီ-၁၁၃၉၊ ရခိုင်ကောဇာ-၅၀၁၊ နန်းစံ ၁၆-နှစ်တွင် နတ်ရွာစံတော်မူသည်။

## အာနန္ဒသီရိ၊ မိဖုရား သမာဓိ

ဒသရာဇာမင်းလွန်လေပြီးသည့်အခါ သားတော်ကြီးအနန္တသီရိက အေဒီ ၁၁၃၉မှ ၁၁၄၂ အထိ ၃-နှစ်စိုးစံတော်မူကာ အမတ်ပြည်သူ ကြည်ဖြူမရှိ ပုန်ကန်စားခြင်းဖြင့်နိဂုံးချုပ်ခဲ့ရပါသည်။ ဘိုးတော်ကောလိယနှင့် ခမည်းတော် ဒသရာဇာမင်းကြီးများ၏ မိတ်ဖက်ဩဇာခံနိုင်ငံ ပြည်ထောင်ငယ် များပြားစွာရှိငြားသော်လည်း၊ ၎င်းကဲ့သို့လက်ရုံးရည်နှလုံးရည်မရှိ လွန်စွာမှညံ့ဖျင်းသည့် မင်းတစ်ပါးဖြစ်သည့်အလျောက် ဆက်ဆံမှုတင်းမာကာအာဏာစက်ဖြင့် ထိန်းချုပ်ထားနိုင်စွမ်းလည်း မရှိ၍၊ အိပ်ဝင်နယ်ပယ်များလက်လွတ်ပြိုကွဲသွားခဲ့ပါသည်။

၎င်းတို့အားပြန်လည်သိမ်းသွင်းရယူနိုင်ရေးအတွက် စစ်မက်ပြုကြိုးပမ်းခဲ့ပါသော်လည်း ပြည်သူအပေါင်းအား အမျိုးမျိုးအဖုံဖုံနှိပ်စက်ကလူ ပြုမှုများကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားကာ မင်းအမှုကိုကြိုးပမ်းတမံ မထမ်းလိုကြသဖြင့်အောင်မြင်မှုမရဘဲ၊ စစ်ပျက်ရကား တစ်ပြည်မကြွင်း လက်ဆောင်ပဏ္ဏာမသွင်း အာဏာဖီဆန်ကြလေသည်။ တိုင်းပြည်ဘဏ္ဍာတော်မှာလည်း လျော့ပါးခမ်းခြောက်သွားခဲ့ရကား၊ ပြည်တွင်းအခွန်အတုပ်များကိုအဆမတန်တိုးမြှင့်ကောက်ခံခဲ့ရ၍ ပြည်သူအပေါင်းကြီးစွာသော ဆင်းရဲဒုက္ခအဖြာဖြာကိုခံစားကြရပါသည်။

ခမည်းတော်မယ်တော်များကဲ့သို့ ဘာသာရေးကိုင်းညွတ်မှုလည်းမရှိ တရားမစောင့်သောမင်းဖြစ်၍ ရှင်မြူး အပျော်အပါးလိုက်စား၍သာနေသောကြောင့် နန်းစံ ၃-နှစ်အတွင်းမှူးမတ်ပြည်သူရုံးစုညီညွတ်ပေါင်းစည်းကာ အမတ်သေံတိုင်ကလုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် အနိစ္စရောက်ခဲ့ပါ

http://www.dhammadownload.com



သည်။ ထိုမင်းလွန်သည်နှင့် မှူးမတ်ပိုလ်ပါပြည်သူတို့ဆန္ဒအရ ရသေ့ရဟန်းအသွင်ဖြင့် ရှောင်ဖယ်ကာ နေရသော ညီတော်အားမင်းပြုစေပြီး မရီးတော်နှင့်ထိမ်းမြားအဘိသေကခံကာ ပရိန်ထီးနန်းအရိုက်အရာကိုဆက်ခံခြင်းပြုစေခဲ့ပါသည်။

## မင်းဖုန်းစားနှင့်မြောက်သား(မရီးတော်) သမာဓိ

မှူးမတ်ပြည်သူများတင်မြောက်ခြင်းကြောင့် မရီးတော်ဖြင့်နန်းတက်လာသော ညီတော်အား မင်းဖုန်းစား ဟု အမည်နာမပေးခေါ်ဝေါ်ကြသည့်အကြောင်းအရင်းမှာကား နောင်တော် နန္ဒသီရိမှာ မင်းကျင့်တရားနှင့်အညီ မအုပ်စိုးသော၊ တရားမစောင့်သည့်အကျင့်ပျက် မင်းတစ်ပါးဟုနှလုံးသွင်းကာ မုန်းတီးရွံရှာသောကြောင့် မင်းညီမင်းသား စည်းစိမ်ချမ်းသာအကုန်ကိုစွန့်၍၊ သာသနာဘောင်သို့ ဝင်ကာဒုက္ခဆင်းရဲဆွမ်းပန်းအလှူခံလျှက်သာ စားသောက်နေသောကြောင့် လူသူများသနားဂရုဏာသက်ဝင်၍ မင်းဖြစ်လာသောအခါ မင်းဖုန်းစား တွင်သည်ဟုအဆိုရှိပါသည်။

နောင်တော်လက်ထက် ပြည်သူအပေါင်းတို့အား နှိပ်စက်ကလူပြုခဲ့သည်ကို ကိုယ်ချင်းစာ သံဝေဂတရားရကာ မိမိပြည့်ရှင်မင်းဖြစ်လာသောအခါ၌ ၎င်းတို့အားရင်ဝယ်သားပမာ ကြင်နာစိတ်ရှိပြီးမင်းကျင့်တရားနှင့်အညီ အုပ်စိုးတော်မူလေသည်။ အခွန်အကောက်များအားလည်း မယုတ်မလွန်သတ်မှတ်လျှော့ချကောက်ခံစေခဲ့ခြင်းကြောင့် ပြည်ရွာ အဝှမ်းဝပြောအေးချမ်း သာယာလာ၍ လူသူခပ်သိမ်းအလွန်မြတ်နိုးချစ်ခင်လေးစားကြကုန်၏။

ရခိုင်ရာဇဝင်အရ ပရိန်မြို့တော်ကို မနှစ်သက်၍၊အေဒီ-၁၁၄၂ တွင်ပင် စမ္ဘဝက်/ပဉ္စာပရိန် နှစ်ရပ်တည်ရှိရာ မြစ်ရိုးဝဲယာတစ်လျောက် ဥယျာဉ်ခြံ မြေနန်းအိမ်မည်း ပေါင်းတုတ်ချောင်းမြောက်ဘက်ကမ်းမှ နတ်တောင်မော်အထိ အလွန်မှလှပ တင့်တယ်ရှုမငြီးဖွယ်ရာရှိသော အဥ္စနနဒီမင်းများ ထီးနန်းစိုက်ထူရာ အရပ်ဒေသအားစွန့်ခွာပြီး အဥ္စနနဒီမြစ်ညာသို့ ဆန်တက်ကာ ၆-မိုင်ခန့်မျှ ဝေးကွာသည့် (ခေတ္တာသင်၊ စန္ဒသင်နှင့်သီရိကုမ္ဘာ မောင်နှမသုံးဖော်တို့ မင်းစည်းစိမ်မရမီ ခေတ္တနေထိုင်ခဲ့ရာ ခြိပ်ချောင်းဖျားအရပ်ဒေသ၌) ခြိပ် ခံတပ်မြို့သစ်လေးကို ထူထောင်ကာ စံမြန်းနေထိုင်တော်မူခဲ့သည်။ (မြဒိုးဝေရာဇဝင် ဦးစံလှကဗျာလင်္ကာ- မြို့နန်းတည်ခန်း အပိုဒ်အရ )

. . . အောက်ချာကျင့်နန်း၊ မြို့၌နိုလေ၊ ပရိန်နန်းမှာ၊ သက်တမ်းကုန်ခါ၊ ညီးမှိန်ပါ၍၊ နောက်မှမခြား၊ မင်းဖုန်းစားလျှင် တည်ထားစံမြောက်၊ ခြိပ်မြို့ဝယ်၌၊ စိုးသည်မင်းကို့ . . . ။

http://www.dhammadownload.com



ဤမြို့ငယ်မှာ ဝေသာလီမှ ၅-မိုင်ခန့်နှင့် ပဲဖြူမြောက်ဦးက ၉-မိုင်ခန့်ရှိပြီး အရှေ့ဘက်တွင် ခြိပ်ချောင်းနှင့် အဥ္စနနဒီ၊ တောင်ဘက်တွင်လည်း အဥ္စနနဒီနှင့် အနောက်နှင့်မြောက်ဘက်တို့မှာမူ သစ်ဝါးထူထပ်ရာ တောတောင်တန်းများရှိကာ ခြိပ်မြို့ဟောင်းအကျယ်ပမာဏမှာ ၃ ကေ ခန့်မျှသာ ကျယ်ဝန်းသည်။ ပေအရှည်အားဖြင့် နန်းမြို့ရာက ၁၂၀၀-ခန့်ဖြစ်ပြီး မြို့တောင်ဘက်နန်းမြို့ရိုး အတိုင်း ပြိုင်ပြီး ပေ-၃၅၀၀ ခန့်ရှည်လျားသော တံတိုင်းတစ်ဘက်သာရှိ၍ ခံတပ်မြို့အတွက် အလွန် ကောင်း မွန်လှသော သဘာဝရန်ဆီးရန်တား အကာအရံများဖြင့် တည်ဆောက်ထားသော မြို့ဟုပင်ဆိုရ မည်။ ကျဉ်းမြောင်းပြီး မြို့ကြီးပြကြီး တည်ထောင်ရန်ခက်ခဲသော အရပ်ဖြစ်ရကား မင်းဖုန်းစား ရွေးချယ်တည်ထောင်ခဲ့စဉ်က မြို့တော်ဟောင်းများရှိရာ တောင်ဘက်အား ရန်သူများ ပဲဖြူမင်း လက်ထက်ကဲ့သို့ အဥ္စနနဒီမြစ်ညာမြစ်ဖျား မြောက်ဘက်အရပ်မှ စစ်တပ်လာသည်ကို ရှေ့ကာ အခြေခံစစ်စခန်းကြီး (ခြေကုပ်ယူရာစုရပ်သဖွယ်) စစ်ဗျူဟာမြောက် တည်ထားခဲ့ဟန်တူပါသည်။ ထီးနန်းစိုက်ထူရာ မြို့စစ်ဌာနအခြေ စိုက်စခန်းမြေခေါ် ဆိုပါက ပိုမိုမှန်ကန်ပါလိမ့်မည်။

အေဒီ-၁၁၄၂ မတိုင်မီက ရှမ်းကုန်းမြင့်ဒေသ ရခိုင်သြဇာခံနယ်မြေများမှ နောင်တော်မင်း လက်ထက် ဆုတ်ခွာလာရသော ရခိုင်အုပ်ချုပ်ရေးမှူးနှင့် ရဲမက်များထံမှ (Khitan), (Juchen or Chin and (Sung) များတရုတ်ပြည် အနောက်မြောက်ဘက်၌ကြီးကျယ်သော နယ်သိမ်းတိုက်ပွဲကြီးများ ကြောင့် ဆင်(သျှမ်း/ထိုင်း Shan and Thai) တရုတ်တရက်များ တရုတ်ပြည်အနောက်တောင်ဘက် ဆီသို့ ပြိုကွဲဆင်းလာသော ယူနန်နယ်စပ်မှသည် အင်ဒိုချိုင်းနား၊ ယိုးဒယားနှင့်မြန်မာ ရှမ်းကုန်းမြင့် ဒေသများ သို့ တပ်တော်ကြီးဦးစီးသော လူအုပ်ကြီးအချို့နယ်မြေရှေ့တွင် ကျူးကျော် ဝင်ရောက် ဗိုလ်ခံလာ ကြသည့်သတင်းများကြားသိရ၍ အဥ္စနနဒီမြို့တော်နယ်ပယ်ဆီသို့ စစ်မီးလျှံမထိပါး မကူးစက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဤကြီးမားသောရှေ့ကာခံတပ်မြို့ကို အမြော်အမြင်ကြီးစွာဖြင့် ကြိုတင်ပြင်ဆင် မှုတစ်ရပ်အဖြစ် ဆောက်တည်ခဲ့ခြင်းဖြစ်ပေမည်။

"Min Phonsa (504-511A.E)ie.AD. 1142-1149, a Son of Datha Raza was proclaimed king in 504 AE, his predecessor being deposed. He changed his capital from Parein to khrait Mro. The Shans had decended from the north in successive waves of racial migration and were pouring into fertile plains watered by the menam the Mekong, the Irrawaddy and

http://www.dhammadownload.com



the Brahmaputra. They followed the course of Lamro River and raided Arakanese villages as in the time of Pai Pru Min (ie by T'ang). They had now to deal with a king of a different stamp altogether. He commanded his army in person and defeated the vast hordes of hans with great slaughter at the Shan Hill. He pursed them into the Shan States occupying Kale, Mongin, Mogoung and returned with numerous captives to form a shan seltement called Theinkapa Village.Indeed, within the next hundred years, other Shan States such as Onbaung, Yatsauk, Yaunglhwe, Yun, and Htihlaing were to come within the orbit of Arakanese power, especially so during the regin of Myizuthin (523-528A.E) and Alawmapru (612-618) [၁]

**" A Short History of the Far East" by k.s Lotourette. 1947"**

ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော် စန္ဒမာလာ လင်္ကာရ-ရခိုင်ရာဇဝင်သစ်ကျမ်း (ပထမတွဲ)စာ-၃၄၂ တွင်လည်း အောက်ပါအတိုင်းဖော်ပြခဲ့သည်ကို တွေ့ရပါသည်။

ထိုမင်းလက်ထက်ဝယ် တောင်သူကြီး နေားကြီးသည် ခရီးညွှန်ပြလျှက် သုံးသိန်းသော သျှမ်း တို့နှင့် စစ်ပြုအံ့ဟု လာသည်ကိုကြားသည်လျှင် ထိုမင်းဖုန်းစားသည် များမြောင်စွာသောဗိုလ်ပါ ရဲမက်တို့နှင့် အဋ္ဌနနဒီမြစ်ကိုဆန်လေ၍ တောင်ကြီးတစ်လုံးထက်တက်ကာ တိုက်နှင့်လေသော် ထိုသျှမ်းသုံးသိန်းတို့ ကရောက်ကပါး ပျက်ပြားလေကုန်၏ ယင်းတောင်ကို သျှမ်းတောင်ဟု ယနေ့ တိုင်ခေါ်လေ၏။

ထိုမင်းသည် သျှမ်းပြည်တိုင်အောင် လိုက်လေ၏။ ကလေး၊ မိုးညှင်း၊ မိုးကောင်း ဤ သုံးမြို့ကိုလည်းရချေ၏။ မင်းဆွေမင်းပါးစေသော ပြည်သူတို့ကိုကြဉ်းဆောင်၍ ယူခဲ့ရာဝယ် ကြွင်းကျန်သည့် သျှမ်းတို့ကား အကြည်ကဆီး၍ တိုက်ပြန်လေ၏။ သုံးစုနှစ်စုသော သျှမ်းတို့သည် လွတ်ပြန်လေ၏။ တစ်စုကားပါလာ၏။ ထိုပါလာသော သျှမ်းတစ်စုကို ရွာပေးလေလျှင် စစ်ပြုကာ

---

၁။ ဦးလှထွန်းဖြူ M.A.B.L. EX M .L.A, ၏ ဘဝနှင့်စာပေ ,(1948)

http://www.dhammadownload.com



သိမ်း၍ပါလာသောကြောင့် ယင်းရွာကို သိမ်းကပါရွာ ဟုခေါ်လေ၏။ ထိုမင်းကား အိမ်နိမ့် ၂၅-နှစ်၊ နန်းစံ ၇-နှစ်၊ နှစ်စုသက်တော် ၃၂-နှစ်၊ သက္ကရာဇ် ၅၁၁ တွင် ကွယ်လွန်တော်မူလေ၏။ ထိုကဲ့သို့ စစ်သုံ့ပန်းများကို နောက်နောင်သောင်းကျန်းစစ်မပြုနိုင်စေရန် ရည်ရွယ်ပြီး ခေါ် ဆောင်လာကာ မိမိတို့ထိန်းချုပ်ထားနိုင်သော ဒေသများ၌ရပ်ရွာတည်ထောင်ပြီး ရခိုင်များမှ ခွဲခြား ထားရှိခြင်းတို့ကို ဥရောပသုတေသီများမသိနားမလည်၍ မွန်ဂိုလွိုက်များဖြင့် လေးမြို့ခေတ်တွင် ရောယှက်သွေးနှောမှုများကြောင့် ရခိုင်ဒေသတွင် မွန်ဂိုလွိုက်သွေးနှောပြီး စိုးမိုးလာခဲ့သည် စသည်ဖြင့် လွဲမှားစွာယူဆပြဆိုခဲ့ကြပြန်တုပါသည်။ အနောက်ဘက်မှ သူရတန်၊ သက် ၊မြို့ အစရှိသော ဘင်္ဂလားတောင်တန်း၊ မဏိပူဒေသမှ စစ်မက်ပြုကာ ခေါ်ဆောင်လာသော သုံ့ပန်းများအား အလား တူခေါ်ဆောင်ကာ နိုင်ငံအတွင်း အခိုင်းအစေများအဖြစ် ထားရှိသည့်ကိစ္စ အများအပြားကို လည်းတွေ့ရပါသည်။ ၎င်းတို့အားလည်း မွန်ဂိုလွိုက်သွေး နှောသောလူမျိုးဟု ဥရောပသားများက ယူဆကြသော်လည်း ဟိန္ဒူလူမျိုးများ ဇာတ် (Caste System) ကြောင့် သွေးနှောမှုလွန်စွာ ရှားပါသည်။

ယင်းခေတ် ယင်းအခါနှင့် ပဲဖြူလက်ထက်များက တရုတ်ပြည်အနောက်ပိုင်း ယူနန်နယ်စပ်ဒေသများဘက်မှ စစ်မက်ရေးရာကြောင့် ရှောင်ရှားပြီး ရေကြည်ရာမြက်နုရာ မြစ်ညှာမြစ်ဝှမ်းများသို့ နယ်ပယ်တိုးချဲ့ နေရာဝယ်လာကြသော အေဒီ- ၇၉၄-၁၁၅၀ ခန့်က တိဘက်တိုဘာမန်ခေါ် အမျိုးအမည်ခွဲခြားမရသည့် မိမိတို့ဘာသာ စာပေအက္ခရာဟူ၍မရှိသော တရုတ်တရက်တမျိုး (Chin) များ မြန်ပြည်အတွင်း ဝင်ရောက်နေရာယူ ဗိုလ်ခံခဲ့ကြသည်ဆိုခြင်းမှာလည်း ရခိုင်များနှင့် လုံးဝပတ်သတ်မှုမရှိပါ။ ထင်မြင်ချက်များဖြင့် ခမည်းတော်အနွယ်ဝင် မပြောပလောက်သည့် လူမျိုးစုငယ်ရပ်ရွာများဖြစ်သော ချင်း/ရခိုင်နယ်စပ်မှ မိမိဘာသာ တောတောင်များ၌ တောင်ယာလုပ်ကိုင်စားသောက်ပြီး ရခိုင်ရိုးမတလျှောက် ရှေးရှေးက ရွှေ့လျားကူးလူးနေထိုင်ကြသူ အနည်းအကျဉ်းအား ဥရောပဘာသာရေးဖြန့်ချိသည့် ဘုန်းတော်ကြီးများ အရေးအသားထင်မြင်ယူဆချက် (Christian Missionry Groups) သွေးခွဲစကား အဆိုများကြောင့်လည်း ဖြစ်တန်ရာသည်။ ရခိုင်များအတွက်မူ ထိုမြို့အုပ်စုများမှာ အရိယံနွယ်ဖွား ဟိန္ဒူများကဲ့သို့သော အနောက်မြောက်ဘက်နယ်စပ်ဒေသမှ လူမျိုးစုငယ်များ ဟုသတ်မှတ်ကြပါသည်။ ၎င်းတို့နှင့်ပတ်သတ်၍လည်း စာအုပ်စာတမ်းအများအပြား၌ရေးသားဖော်ပြချက်များ ပြည့်ပြည့်စုံစုံရှိပါသည်။ (ချင်းပြည်နယ်တောင်တန်းဒေသ၌လည်း ၎င်းတို့၏ ရာဇဝင်သမိုင်းကြောင်း ကောင်းစွာရှိသည်ဟု သိရပါသည်။)

http://www.dhammadownload.com



ထိုမင်းဖုန်းစားလွန်လေလျှင် သားတော်ပဥ္စကလစက်(ဝက်)က မင်းစည်းဖြူဟူသော မင်းသမီးနှင့် အေဒီ-၁၁၄၉ မှ ၁၁၅၁အထိ ခြိပ်ခံတပ်မြို့ငယ်တွင်ပင်-၂-နှစ် အရိုက်အရာခံ ဆက်လက်အုပ်စိုးနေပြီး ခနုရှုပေါလက်ထက်ကျမှ ခြိပ်မြို့ကို စွန့်ခွါပြီး အဥ္စနနဒီမင်းနယ်ပယ်ကြီး တောင်ဘက်ဆီသို့ ပြန်လည်ပြောင်းရွှေ့ကာ စမ္ဗာဝက် ထီးနန်းမြို့တော်နေရာသစ် တည်ထောင်ခဲ့ပါ သည်။ ခြိပ်မြို့မှာမင်း ၃-ဆက် ၁၂-နှစ်တာမျှသာ ခေတ္တအခြေအနေ အရ ပြောင်းရွှေ့စံမြန်းခဲ့ကြဟန် ရှိပါသည်။

## ပဥ္စကာလဝက်၊ မိဖုရားမင်းစည်းဖြူ

မင်းဖုန်းစား အေဒီ ၁၁၄၂ လွန်လေလျှင် နောင်တော်နှင့် မရီးတော်သမာဒိ(မိ)၏ သားတော်များဖြစ်ကြကုန်သော ပဥ္စကာလဝက်နှင့်ခနုရှုပေါမင်းသားနှစ်ပါးတို့က ခြိပ်မြို့၌ပင် အေဒီ ၁၁၅၄ ခြိပ်မြို့သက် ၁၂-နှစ်ထိတိုင် ဆက်လက်စိုးစံတော်မူကြသည်။

ပဥ္စကာလဝက်မင်းက စည်းဖြူဟူသောမင်းသမီးနှင့်အေဒီ ၁၁၄၉မှ ၁၁၅၁အထိ ၂-နှစ်တာ မျှသာမင်းစည်းစိမ်ကိုခံစားတော်မူပြီးသည့်အခါ ညီတော်ခနုရှုပေါမင်းသားက ထီးနန်းအရိုက်အရာကို ဆက်လက်ခံစားတော်မူလေသည်။

## ခနုရှုပေါမင်းနှင့်မိဖုရား ကလျာပုံ၊ အေဒီ ၁၁၅၁–၁၁၆၀

ပဥ္စကာလဝက်မင်းအနိစ္စရောက်ပြီးနောက် ခနုရှုပေါမင်းက အေဒီ ၁၁၅၁-၁၁၅၄အထိ ၃-နှစ်တာ ခြိပ်ခံတပ်မြို့တော်၌ဆက်လက်စံနေတော်မူခဲ့ပြီး၊ရာဇဝင်သမိုင်းအဆိုအရ ဆင်၊ မြင်း ဗိုလ်ပါများစွာ သေပျောက်ကြသည်ဖြစ်၍၊ ခြိပ်မြို့ကိန်းခန်းကုန်ပြီဟုယူဆကာ မြို့တော်ဟောင်းကြီး (၃) မြို့စုဝေးတည်ရှိရာတောင်ဘက်အရပ် ဝေ့ံမင်းမြို့တော်ဟောင်းနေရာသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ထိုခနုရှုပေါမင်းတွင် ရွှေစင်ပြောင်ဟူသော သမီးတော်တစ်ပါးထွန်းကားခဲ့ပါသည်။

ထိုကဲ့သို့အေဒီ ၁၁၅၄မှ ၁၁၆၀အထိစမ္ဗာဝက်နန်းမြို့သစ်တွင်စံမြန်းနေစဉ် ခနုရှုပေါမင်းသားကို အမတ်စလကၠာဗိုလ်က နန်းတွင်းပုန်ကန်ပုန်စားလုပ်ကြံသတ်ဖြတ်၍ (၁၀)နှစ်တာမျှခန့် နန်းကို သိမ်းမြန်းစိုးစံပြီး ပြည်သူပြည်သားများအား ညှင်းပမ်းနှိပ်စက်ကလူပြုကာ အခွန်အကောက်များကို

http://www.dhammadownload.com



လည်းမတော်မတရား တိုးမြှင့်ကောက်ခံသည်သာမက၊ သစ်ပင်ကြီးတစ်ပင်မျှမလွတ်ရအောင် အခွန်အတုပ်ဆောင်ကြရသဖြင့်၊မှူးမတ်ပြည်သူများမခံမရပ်နိုင်ဖြစ်ရကား ညီညွတ်လျှက် စလက်ာဗိုလ်နန်းတက်ပြီးတစ်နှစ်အတွင်း အေဒီ ၁၁၆၀တွင် ပုန်စား၍လွန်တော်မူသည်။

စလက်ာဗိုလ်အမတ်မင်းအနိစ္စရောက်ပြီးနောက် သေဘေးမှလွတ်ကင်းခဲ့သော ခနုရှုပေါ်၏ သားတော်ငယ် မဥ္ဇူသင်မင်းသားအား နှမတော်ရင်း ရွှေစင်ပြောင်နှင့် မှူးမတ်ပြည်သူများက ထိမ်းမြားကာ စမ္ဘဝက်မြို့တွင် နန်းတင်ခဲ့ပါသည်။ မဥ္ဇူသင်ကစမ္ဘဝက်မြို့မှာ ပျက်စီးဖန်များလေပြီ ဘေးလောင်းတော်စမ္ဘဝက်မြို့တည် ဝတုံမင်း အမတ်မျိုးရိုးမင်းပတိ ခမည်းတော်ခနုရှုပေါ်နှင့် စလက်ာအမတ်တို့မှာလည်း၎င်းအရပ်၌ပင်အသတ်ဖြတ်ခံခဲ့ရကား၊ ဆက်လက်နန်းမြို့တည်ရန် မသင့်တော်ဟု ယူကာ မှူးတော်မတ်တော်များဖြင့်တိုင်ပင်ပြီး၊ စမ္ဘဝက်မြို့နီးနား ဝန်းကျင်ဥယျာဉ်ခြံမြေလူနေရပ်ရွာငယ်များရှိရာ အစွန်အဖျားတောင်ဘက်တူရူ ၅-မိုင်ခန့်အကွာတွင်ရှိသော နေရဥ္စရာတောင်ငူအရပ်၌ ဝါးတပ်နန်းမြို့သစ်တည်၍စံမြန်းနေထိုင်တော်မူသည်။

၎င်းနန်းမြို့သစ်မှာ အဥ္စနနဒီအရှေ့ဘက်ကမ်းလွန် ၁-မိုင်ခန့်ရှိ ၆-မိုင်ခန့်ရှည်လျားသော မြစ်ရိုးတစ်လျှောက်တောင်တန်းငယ် အစွန်အဖျား(တောင်ငူ)ဆိပ်နားတွင် တည်ရှိပြီး ပရိန်မြို့တော်ဟောင်း ရှေ့တူရူတစ်ဖက်တစ်ချက်၌ဖြစ်၏။ သို့ဖြစ်ရကားအဥ္စနနဒီမြစ်ရိုးတစ်လျှောက် ဝဲ၊ယာ တစ် ဖက်တစ်ချက် မြောက်မှတောင်သို့ ၅-မိုင်ခန့်ရှိသော လက်ရှိ ပြတ်ချောင်း၊ လေညှင်း တောင်ရွာများမှာလည်း ပန်းမြောင်းရွာနှင့်ပေါင်းတုတ်ချောင်း မြောက်ဘက်ကမ်းပါးအထိ နယ်ပယ် ဒေသတစ်ရပ်လုံးမှာ လူနေအိမ်ခြေဥယျာဉ်ခြံမြေများဖြင့် အေဒီ ၁၁၆၁ နေရဥ္စရာတောင်ငူကို တည်ထောင်စဉ်ကပင် ပြည့်ကျပ်စည်ကားသိုက်မြိုက်နေပြီဖြစ်ပေသည်။

၎င်းကဲ့သို့ ၅-၆မိုင်ခန့်ရှိအဥ္စနနဒီ ဝဲ၊ယာမြစ်ကမ်းပါး၌ နန်း၊ အိမ်၊ ကျောင်း၊ ကန်၊ ဥယျာဉ်ခြံမြေ သစ်သီးဝလံပန်းမန်ပင်ကြီးများ စီရီပေါက်ရောက်လျှက် ရှေ့ကဗျာတွင်ဖော်ပြပါ ကျက်သရေဆောင်သဘာဝ အလှရှုမျှော်ဖွယ်ရာမြင်ကွင်းကျယ် ရှုမျှော်ခင်းကြီးကြောင့်ပင် လေးမြို့သူလေးမြို့သားများ နှစ်ပေါင်း ၆၀၀ ကျော်မျှ ထိုဒေသကိုမစွန့်လွှတ်မခွဲခွာနိုင်ကြဘဲ ကြာမြင့်စွာ ရခိုင်ပြည်ထောင်၏ ထီးနန်းစိုက်ရာမြို့တော်ကြီးတည်ထောင်ကာ ကြည်နူးပျော်ပိုက်လျှက် နေထိုင်သွားခဲ့ကြသည်ဟု ထင် မြင်မိပါသည်။ နောက်ထပ်ပေါ်ထွန်းလာမည့် လောင်းကြက်မြို့သစ်မှာလည်း ပေါင်းတုတ်ချောင်း တောင်ဘက် အဥ္စနနဒီကမ်းစပ်ပေါ်တွင်ဖြစ်၍ အပြတ်အတောက်မရှိ တစ်ဆက်

http://www.dhammadownload.com



တစ်စပ်တည်းပင် ဖြစ်ပေသည်။ ဤလောင်းကြက်ခေတ်ဖြင့် အဠနနဒီ လေးမြို့ခေတ်ကြီး ဆုံးခန်းတိုင်ရောက်ကာ ရာဇ၀င်တွင် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော မြောက်ဦးရွှေမြို့တော် ခေတ်သို့ကူးပြောင်း ရောက်ရှိသွားခဲ့ပါသည်။

## အဋ္ဌနနဒီ (လေးမြို့) နေရဥ္စရာတောင်ငူခေတ်

မြို့တည် မဉ္ဇူသင်မင်းနှင့် နှမတော်မိဖုရား ရွှေစင်ပြောင် အေဒီ ၁၁၆၁-၁၁၆၆ မှ စတင်ပြီး အေဒီ ၁၂၄၆-၁၂၅၀ ၊ ၎/နှလုံးမင်း၊ မိဖုရားစောရွှေနန်းတို့ လက်ထက်တွင် ကုန်ဆုံးခဲ့သည်။ နှစ်စုအားဖြင့် ၈၉-နှစ် ခန့်ရှိပြီး မင်း ၁၆-ဆက် စိုးစံကြသည်။

မြို့အနေအထား- နေရဥ္စရာတောင်ငူမှာ လေးမြို့မြစ်အရှေ့ဘက်ကမ်းပါး စမ္ပာ၀က်မြို့မှ ၅-မိုင်ခန့်အကွာ တောင်ဘက်ဘူရှု ပုရိန်မြို့တစ်ဘက်ကမ်းတွင် တည်ရှိသဖြင့် စမ္ပာ၀က်/ပဥ္စာကဲ့သို့ပင် ပုရိန်/နေရဥ္စရာမြို့အမွှာ (Twin Cites)ဟု ခေါ်ဆိုနိုင်ပေသည်။

| | | | |
|---|---|---|---|
| | အေဒီ - ၁၁၀၃-စမ္ပာ၀က်/ပဥ္စာ-မှသည် | | စစ်မက်(၁)ကြိမ်နှင့်မြို့သစ် |
| | လက်ျာမင်းနန်၊ ပထမ ပရိန် | ၊ ၂၀ နှစ် | |
| ပရိန် | ဒသရာဇာ၊ ဒုတိယပုရိန် | ၊ ၁၉ နှစ် | ဒုတိယမြို့သစ်၊ စစ်မက် (၁)ကြိမ် |
| ခေတ် | (ကုမ္ဘာဘယလည်းမည်၏) | | စစ်(၁)ကြိမ်နှင့်ခြိပ် |
| ခြိပ် | မင်းဖုန်းစားခြိပ်ခံတပ်မြို့ | ၊ ၁၂ နှစ် | |
| | ခနေရှုပေါ၊ စမ္ပာ၀က်မြို့တော်ဟောင်း | ၇ နှစ် | တတိယမြို့သစ်နှင့်လေးကြိမ်မြောက် |
| | (ကိန္နရုပ်မင်းလည်းဟူ၏) | | စမ္ပာ၀က်သို့။ |
| | ပုရိန်ခေတ်သစ်နှစ်စု- ၅၈ နှစ် | | (ခြိပ်/စမ္ပာ၀က်အပါအ၀င်) |

အရှေ့တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

အထက်ပါအတိုင်း ၅၈-နှစ်တာ အချိန်အတွင်း စစ်မက် ၃-ကြိမ်နှင့် မင်းနေနန်းမြို့သစ် ၄-ကြိမ်တိုင် ပုရိန်ခေတ်တွင် အခြေအနေအရ ပြုလုပ်ပြောင်းရွှေ့ခွင့်ရခဲ့သဖြင့် မင်းဘဏ္ဍာတော် အမြောက်အများ ကုန်ကျခဲ့ဖွယ်ရာ ရှိသည့်အလျောက် နန်းသစ်မြို့တည်မင်းများ၏ နောက်ဝယ်မှ တက်လာသောမင်းများအနေဖြင့် အခွန်အတုတ်လက်ဆောင်ပဏ္ဏာတို့က ရရှိသည့်မင်း ဘဏ္ဍာ

http://www.dhammadownload.com



တော် ဝင်ငွေများဖြင့် ချိုးခြံချွေတာပြီး အတိုင်းအတာဖြင့် သုံးစွဲခြင်းမရှိပါက ဘဏ္ဍာတော်ရေး ကျပ်တည်းမှုဖြင့် ရင်ဆိုင်ကြရမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထိုကဲ့သို့သော ဘဏ္ဍာရေး အခက် အခဲဖြင့် ကြုံကြိုက် သည့်အခါများ၌ (အနန္တသီရိအမတ်မင်း စလက်ာအစရှိသော) အကျင့်ပျက် တရားမစောင့် ကိုယ်ကျိုး နှင့် အပျော်အပါးအတွက် အသုံးကြီးသောမင်းများက မိမိ၏ဘဏ္ဍာ တော်ငွေ တိုးတက်ရရှိရေး ကိုရှေ့ရှုပြီး ပြည်သူပြည်သားများထံမှ မတော်မတရား အခွန်အတုတ် တိုးမြှင့် ကောက်ခံကြခြင်း ကြောင့် ပြည်ထောင် အေးချမ်းသာယာဝပြောမှုနှင့် စည်းလုံးညီညွတ်ရေး ယိုယွင်းပျက်ပြားလာကာ မှူးတော်မတ်တော် မင်းမှုထမ်းအများအပြားတို့၏ စာရိတ္တ မဏ္ဍိုင် အကျင့်သိက္ခာ ဖောက်ပြားယိုင်လဲလာခြင်းများရှိကြမည်မှာ ယုံမှားဖွယ်ရာမရှိပါ။

ယင်းကဲ့သို့ အုပ်ချုပ်ရေးမဏ္ဍိုင်ကြီး၏ တရားလက်မဲ့ အဓမ္မမှု များကြီးထွားလွှမ်းမိုးလာ သည်နှင့်အမျှ ပြည်ရွာတစ်ရပ်လုံး၏ ငြိမ်းချမ်းသာယာတည်ငြိမ်စွာဖြင့် တရားဥပဒေ၊ မင်းအာဏာ စက်စိုးမိုးရေးမှာလည်း တစတစ ဆိတ်သုဉ်းသွားခဲ့ကာ မှူးမတ်ပြည်သူများက ဆိုးသွမ်းသည့် မိမိတို့၏ ပြည့်ရှင်မင်းများအား ပုန်ကန် ပုန်စားမှုများ ပုရိန်ခေတ်ကပင် မကြာခဏပေါ်ပေါက်လာခဲ့ ပါသည်။

If evil forces preponderate in an administrative appratus, it disturbs the harmonious rhythm of the nation, usually with a disastrous consequences.

နေရဉ္စရာတောင်ငူခေတ်တွင် မင်းဆက်-၇၊ မင်းရွှေသင်မှ မင်းဆက်-၁၁ ကမ္ဘာလောင် ငယ်အထိ ဆင့်ကဲဆင့်ကဲ အရိုက်အရာခံပြီး နှစ်ပေါင်း-၃၀ တရားလက်လွတ်အုပ်စိုးခဲ့သော မင်းငါးပါးကြောင့် အဘက်ဘက်၌ နိုင်ငံတော်ယိုယွင်းကျဆင်းသွားပြီး ပြည်သူအပေါင်း ကြီးစွာ သော အတိဒုက္ခဆင်းရဲအဖြစ်ဆိုးများဖြင့် ကြုံကြိုက်ခဲ့ရကာ အမတ်ဇေယျဘတ္တရာ ဦးဆောင်ဦးရွက် ပြုပြီး သကာလအကျင့်ပျက်နောက်ဆုံး စွန် "ကမ္ဘာလောင်ငယ်မင်း"အား နန်းတွင်းပုန်ကန်ပုန်စားမှု ဖြင့် ဖြုတ်ချကာ ၎င်း၏သားသကျဝင်ကြီး မင်းသားကို နှမတော်စောရွှေချမ်းနှင့် ထိမ်းမြားဘိသိက် သွန်း၍ တရားစောင့်မင်းဖြစ်မြောက်ဖို့ရာ ဆုံးမ သွန်သင်မှုများပြုလုပ်ပြီးကာမှ ပြည်စည်းစိမ်ကို အပ်နှင်းကြလေသည်။

တိုင်းသူပြည်သားများ ကြုံတွေ့ရသော ဆင်းရဲဒုက္ခ အခက်အခဲများအား မရှုစိမ့်သော ပညာရှိ မှူးမတ်တော်ကြီးများနှင့် ပြည်သူများသည် ယင်းကဲ့သို့သော အချိန်အခါများ၌ ညီညွတ်ကာ

http://www.dhammadownload.com



မိမိတို့၏ ပြည့်ရှင်မင်းများကို နန်းချသတ်ဖြတ်ခဲ့ကြသည့် သာစေကနှစ်ရပ်အားလည်း ရှေ့တွင် ဖော်ပြခဲ့သော စလက်ဘိုလ်အမတ်အား မှူးမတ်ပြည်သူများက လုပ်ကြံသတ်ဖြတ်ပြီးမှ မဥ္ဇူသင်မှာ ဖခမည်းတော် မနုရူပေါမင်း၏ အရိုက်အရာကို ဆက်ခံခဲ့ရသော မင်းတစ်ပါးဖြစ်ပါသည်။ လက်ရုံး ရည် နှလုံးရည် ပညာဗဟုသုတပြည့်စုံပြီး မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သည့် ဘာသာရေး ကိုင်းညွတ်သော မင်းတစ်ပါးဖြစ်သည့်အလျောက် မင်းကောင်းမင်းမြတ်ဟု ပြည်သူပြည်သားများ ချစ်ခင်မြတ်နိုး ချီးကျူးထောပနာပြုခြင်းခံရသဖြင့် "တိုင်းချစ်မင်း"ဟု ရခိုင်ရာဇဝင်သမိုင်းကြောင်း တွင် ပထမဆုံးအကြိမ် သမုဒ်ကျော်ကြားမှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရပါသည်။

ဤမင်းလက်ထက် အခွန်အကောက်များကို လျှော့ပေါ့ကောက်ခံကာ ၄င်းတည်သော နန်းမြို့သစ် "နေရဥ္စရာတောင်င"မှာလည်း "ဝါးတပ်"မြို့ဟု ရာဇဝင်အရေးအသားများ၌ တွေ့ရပါ၍ ဘဏ္ဍာငွေအကုန် အကျသက်သာစေရန် ရည်ရွယ်ချက်ဖြင့် ယင်းကဲ့သို့ ယာယီဆောက်တည် စံမြန်းနေခဲ့ဟန်တူပါသည်။ စစ်မက်ကြီးစွာမပြုရဘဲ ဘိုးတော်ဘေးတော်တို့လက်ထက်က ဩဇာ လွှမ်းမိုးခဲ့သော နယ်ပယ်အိတ်ဝင်ပြည်ထောင်များ အား ပြန်လည်သိမ်းသွင်းနိုင်ခဲ့သဖြင့် လျင်မြန်စွာ တိုင်းပြည်ပြန်လည်တိုးတက် စည်ပင်သာယာဝပြောလာသည်နှင့်အမျှ စည်းလုံးညီညွတ်မှုရရှိ၍ စစ်အင်္ဂါ ၄-ရပ်ဖြင့် ပြည့်စုံသည့် ထက်မြက်သော တပ်တော်ကြီးအား လည်းကောင်း၊ စိုးစံခဲ့သည့် ၅-နှစ်တာအချိန်အတွင်း ပြန်လည်ဖွဲ့စည်းတည်ထောင်ထားရှိနိုင်ခဲ့ပါသည်။ ဘာသာ သာသနာတိုးတက်ရေးအတွက် စေတီပုထိုး၊ လမ်းပန်း၊ ရေတွင်းရေကန်၊ တံတားများ တည်ထား ပြုပြင်ခဲ့ကာ ပြည်ထောင်စုအဝှမ်း မိမိပြုလုပ်ခဲ့သော ကောင်းမှုအလှူဒါနများတွင် "ရခိုင်မင်း ကောင်းမှု"ဟု ကမ္ပည်းကျောက်စာ ရေးထိုးစိုက်ထူထားခဲ့သည်ဟု အဆိုရှိပါသည်။

မဥ္ဇူသင်မင်း အားကြီးမာန်တက် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်သာ ၄င်းလွန်ပြီးသည်နှင့် ဆက်ခံလာကြသည့် သာမန်နှင့်သာမန်အောက်မင်း ၁၀-ဆက် (အကျင့်ပျက် ၅-ဆက်အပါအဝင်) တို့နှစ်စု ၆၃-နှစ် ခန့်မျှ ဆက်လက်တည်တံ့စွာ စိုးစံသွားနိုင်ခဲ့ကြပြီး နောက်ဆုံးမင်းဆက် ၅-ဆက် ၁၂၊ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ တို့လက်ထက်ကျမှ နိုင်ငံအခြေအနေ ပြန်လည်တည်ငြိမ် ကောင်းမွန်လာခဲ့ပါသည်။

သို့ဖြစ်ပါ၍ နေရဥ္စရာတောင်ငူမင်းဆက်အနက်မှ စွမ်းစွမ်းတမံ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါမင်းများအား အနည်းငယ်စီ ထည့်သွင်းမှတ်တမ်းပြုတင်ပြ သွားပါမည်။

http://www.dhammadownload.com



| | | |
|---|---|---|
| မင်းဆက်-၃ | မင်းပုဂံ၊ | နန်းစံ ၂-နှစ် (အေဒီ ၁၁၆၈-၁၁၇၀)။ |
| မင်းဆက်-၁၂ | သကျဝင်ကြီး၊ | နန်းစံ ၂-နှစ်။ |
| မင်းဆက်-၁၃ | သကျဝင်ငယ်၊ | နန်းစံ ၁၀-နှစ်။ |
| မင်းဆက်-၁၄ | သနပင်ဖြူ၊ | နန်းစံ ၃-နှစ်။ |
| မင်းဆက်-၁၅ | နယ်သိမ်းမင်း၊ | နန်းစံ ၁၁-နှစ်။ |
| မင်းဆက်-၁၆ | ငနှလုံးမင်း (နောက်ဆုံးစွန်)၊ | နန်းစံ ၄-နှစ်။ |

## မင်းပုဂံ၊ အေဒီ ၁၁၆၈–၁၁၇၀

ခမည်းတော် မယ်တော်တို့ ပုဂံချောင်းနားသို့ တောကစားသွားရာတွင် ဖွားမြင်တော်မူသောကြောင့် "မင်းပုဂံ"ဟု အမည်နာမမှည့်ခေါ်ခဲ့သည်။ ထိုမင်းကား ခွန်အားဗလနှင့် ပြည့်စုံပြီး သန်လျက်၊ လေးမြှားအတတ်တွင် ကျွမ်းကျင်ကာ မိမိနန်းစံ သက်တမ်း ၂-နှစ်တာအတွင်း စစ်မက်ပြု၍သာ အချိန်ကုန်ခဲ့သော စစ်ကျူးမင်းတစ်ပါးဖြစ်၍ ပြည်သူအပေါင်း မုန်းတီးငြိုငြင်မှုကို ခံရသည်။ သို့သော် ခမည်းတော်ဘိုးတော်တို့ ဩဇာလွှမ်းမိုးသော ပြည်ထောင်များအား ကောင်းစွာ ထိန်းချုပ်ထားရှိနိုင်ခဲ့သည်။

## သကျဝင်ကြီး၊ အေဒီ ၁၂၂၀–၁၂၂၂

ဤမင်းရှေ့တော်မှ စိုးစံခဲ့ကြသော မင်း ၅-ပါးတို့မှာ လွန်စွာမှဆိုးသွမ်းသည့် အကျင့်ပျက်မင်းများချည်း ဖြစ်ကြပါသည်။ ၄င်း၏ဖခမည်းတော် "ကမ္ဘာလောင်ငယ်" (နန်းစံ ၁၀-နှစ်)မှာ ရတနာသုံးပါးကိုလည်း မကြည်ညို၊ အလှူကောင်းမှု၌ လည်း မမွေ့လျော်၊ အကျင့်သိက္ခာမရှိသော သူပျက်သလေတို့သာ ချီးမြှောက်ပြီး သူတော်ကောင်း တို့ကိုကား နှိပ်စက်ညှင်းပန်း၏။ ၄င်းရှေ့မှ လေးဆက်သောမင်းများကလည်း မတင့်မလျောက်ပတ် သော အကျင့်တို့ကို ကျင့်လေသောကြောင့် ရာသီဥတုဖောက်ပြန်၍ မိုးလည်းကောင်းစွာမရွာ၊ အပူအချမ်း မျှတမှု မရှိသဖြင့် မြေဆီပျက်သောကြောင့် ကောက်ပဲသီးနှံ မပြန့်မပွား၊ ဆေးဝါးပင်များမှာလည်း အာနိသင်မရှိဖြစ်ရကား၊ လူသူအပေါင်းတို့ အချင်းချင်းမသင့်မမြတ် စည်းလုံးညီညွတ်မှု ပျက်ပြားလာ၍ နိုင်ငံအတွင်း စနောင့်စနင်းဖြစ်ကာ မုဒိမ်း သူခိုး ဓားပြမှုခင်း ထူပြောလာသည်ကို နိုင်နင်းစွာ ကွပ်ညှပ်မှုလည်း မရှိသဖြင့် အမတ် "ဇေယျဘတ္တရာ" အမှူးပြုသော မှူးမတ်ရဲမက် ပြည်သူတို့က

http://www.dhammadownload.com



နန်းတွင်းပုန်ကန် ပုန်စားမှုဖြင့် ကမ္ဘာလောင်ငယ်အား ဖြုတ်ချပြီးလျှင်၊ သားတော် "သကျဝင်ကြီး"ကို တရားသဖြင့်အုပ်ချုပ်ရန် ပညာပေးပြီးနန်းအပ်ခဲ့ကြပါသည်။

ဤမင်းကား လွန်လေပြီးသော ဘေးတော်၊ ဘိုးတော်၊ ဖခမည်းတော်တို့အကျင့်ကို အလွန်ရှုံ့ရှာသည်ဖြစ်၍ တရားစောင့်သောမင်းတို့၏ ကျင့်ထုံးကျင့်နည်း ရှေးကျမ်းအစဉ်အလာကိုသာ ဆောင်သည်။ ရတနာသုံးပါးကိုလည်း အလွန်ကြည်ညိုကာ ပြည်သူပြည်သားတို့၏ စီးပွားချမ်းသာတိုးတက်စေမည့် အလို့ငှာ ပြည်တုတ်ပြည်ခွန်များကို ညှာတာလျှော့ပေါ့ ကောက်ခံတော်မူသည်။ ကင်းခွန်၊ ဆိပ်ခွန်၊ ရေခွန်ကိုလည်း ဖျောက်ဖျက်ခဲ့၏။ ပြည်ထောင်အဝှမ်း ပျက်စီးလေသောရွာကြီးရွာငယ်တို့ကို မစအကူအညီပေး၍ ပြန်လည်မြို့စုတည်ထောင်ပေးကာ မပျက်မစီးကြွင်းကျန်သော ရွာတို့ကိုလည်း နိုင်ထက်စီးနင်း နှိပ်စက်ညှဉ်းဆဲကလူ မရှိရလေအောင် အုပ်ချုပ်စေသည်။ ထိုကဲ့သို့ ကောင်းစွာကြပ်မတ် မစတော်မူပြီး ခိုးသူ မုဒိမ်း နှိပ်စက်သတ်ဖြတ် လုယက်သူတို့အား အင်္ဂါကြီးငယ်ကိုဖြတ်စေလျှက် တရားသဖြင့် သုံးကြိမ်ပြည့်အောင်ဆုံးမ၍ မနိုင်မှသာ နိုင်ငံမှနှင်လွှတ်စေရန် ပြဋ္ဌာန်းခဲ့သည်။ သို့ဖြစ်ခြင်းကြောင့် ပြည်သူတို့က ဘုရင်အား မိမိတို့၏မိဘများကဲ့သို့ မျက်မြင်မျက်ကွယ် ချီးကျူးပြီး ချစ်ခင်မြတ်နိုးလေးစား ခင်မင်ခဲ့ကြလေသည်။ သကျဝင်ကြီး ၂-နှစ်တာ စိုးစံခဲ့သည့် တိုတောင်းသောအချိန်ကာလအတွင်း တိုင်းပြုပြည်ပြု ဆောင်ရွက်ချက်များကို လုံ့လဝီရိယဖြင့် ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောမှု ပြန်လည်ရရှိကာ စည်ပင်သာယာလာခဲ့ပါသည်။

## သကျဝင်ငယ်။ မိဖုရား စောပျိုးရွှေ ၊ အေဒီ ၁၂၂၂-၁၂၃၂

သကျဝင်ကြီး လွန်တော်မူလေလျှင် သားတော် သကျဝင်ငယ်သည် မြောက်သားတော်စောပျိုးရွှေနှင့် ပြည်ကြီးစည်းစိမ်ကို ဆက်ခံအုပ်စိုးတော်မူလေသည်။ ခမည်းတော် မြို့စုပျိုးထောင်ပေးခဲ့သောတိုင်းကျိုး ပြည်ပြုဆောင်ရွက်ချက် ကျင့်ထုံးကျင့်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားခဲ့၍ တိုင်းပြည်အဝှမ်းလွန်စွာမှ သာယာဝပြောလာပြီး ပြည်သူအပေါင်း ရေချမ်းအိုးကို ပိုက်ရဘိသကဲ့သို့ အေးချမ်းပျော်မွေ့မှုကိုခံစားကြရပါသည်။ အကျင့်ပျက်မင်း ၅-ဆက် အုပ်စိုးချိန်ကာလက လူသူအများ နှစ်-၃၀ခန့် ဆင်းရဲဒုက္ခပင်လယ်ဝေကာ စားဝတ်နေရေးအတွက် ရုန်းကန်ခဲ့ကြရသောကြောင့် တုန့်ဆိုင်းကျဆင်းသွားခဲ့သော ဘာသာသာသနာရေးနှ ဆောင်ရွက်ချက်များမှာလည်း

http://www.dhammadownload.com



နောက်ထပ်တစ်ကျော့ အရှိန်အဟုန်ကြီးစွာဖြင့် ပြန်လည်ထွန်းပြောင်လာခဲ့ပါသည်။ ပြည့်ရှင်မင်းကလည်း ဘာသာရေးရာ တိုးတက်ပြန့်ပွားရေးအတွက် မဟာမုနိမြတ်ရှင်တော်မှအစ ဘုရားဆင်းတုစေတီပုထိုး ကျောင်းကန်မြောက်မြားစွာတို့ကို ကျယ်ပြန့်စွာ ဖြန့်ဖြူးလှူဒါန်းခြင်းဖြင့် အားပေးအားမြှောက်ပြုခဲ့ပါသည်။

အထက်ဖော်ပြပါကဲ့သို့ သားအဖနှစ်ပါး ၁၂-နှစ်တာမျှ ပြည်သူအပေါင်း၏ စီးပွားရေး၊ လူနေမှုနှင့် ဘာသာရေးရာ တိုးတက်ကောင်းမွန်လာရေးအတွက် အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် မင်းနှင့်ပြည်သူ စည်းလုံးညီညွတ်မှု ခိုင်မြဲလာကာ တစ်စတစ်စ ပြင်းပြလာသည့် လေးမြို့သူလေးမြို့သားတို့၏ "တစ်မင်း မကောင်း တစ်မင်းပြောင်း" လိုသည့် နိုင်ငံရေးရာ ခံယူချက်မူဝါဒသစ်အား အခိုက်အတန့်အလျောက် ထိန်းချုပ်ထားရှိနိုင်ခဲ့ပါသည်။ ပြည်တွင်းရေး တည်ငြိမ်မှု၏ရလာဒ်များဖြစ်သော စည်းလုံးညီညွတ်မှုနှင့် စီးပွားရေး အခြေအနေ တိုးတက်ကောင်းမွန်လာမှုတို့ကြောင့် နောက်တက်လာသော နောက်ဆုံးစွန်နေရဌရာ မင်း ၃-ပါးတို့က အုပ်ချုပ်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေး ကဏ္ဍနှစ်ရပ်တို့တက်၌ အားသွန်ခွန်စိုက် ဆောင်ရွက် သွားနိုင်ခဲ့ကြသည်ကို ရှေးဟောင်းကျမ်းဂန် အစောင်စောင်အား ညှိနှိုင်းပြုစုမှတ်တမ်းတင်ထားရှိခဲ့သော အရှင်စန္ဒမာလာလင်္ကာရ (ရခိုင်ရာဇဝင်သစ်ကျမ်း)၏ ရေးသားချက်များမှ သိရှိခဲ့ရပါသည်။

## သနပင်ဖြူမင်း။ အေဒီ ၁၂၃၂-၁၂၃၅။

သကျဝင်ငယ်မင်း လွန်တော်မူလေလျှင် သားတော် သနပင်ဖြူမင်းသည် မင်းသမီးစန္ဒာနန္ဒီနှင့် ပြည်ကြီးစည်းစိမ်ကို အုပ်စိုးတော်မူလေသည်။ လူတို့၏အရည်အသွေးကို နားလည်သိတတ်သည့်အလျောက် ရာထူးရာကန်တို့ကို ထိုက်လျောက်အောင် ချီးမြှောက်တော်မူသည်။ ပစ္စည်းဥစ္စာမရှိ နွမ်းပါးသူများအား အရည်အသွေးကောင်းမွန်ပါက ၎င်းတို့၏ဘဝ တိုးတက်ရေးအတွက် အကူအညီအထောက်အပံ့ ချီးမြှောက်ကာ မြေတောင်မြှောက်ပေးခြင်းများ ပြုလုပ်ပေးသည်။ ထိုကဲ့သို့ပင် ပစ္စည်းဥစ္စာရှိသူများအားလည်း ပိုမိုတိုးတက် ကြွယ်ဝလာစေရန် ဆောင်ရွက်မစတော်မူသဖြင့် ပြည်ထောင်အဝှမ်း သူဌေးသူကြွယ်ပွားများပြီး မင်းဘဏ္ဍာ ကျီကြတို့သည်လည်း အလွန်ဖြစ်ထွန်းပွားများ၍ ဆင်မြင်းရဲမက်ဗိုလ်ပါတို့သည် များစွာရှိကုန်၏။ ဤမင်းကား မိမိကိုယ်တိုင် လက်ရုံးရည်နှင့် ပြည့်စုံသည်သာမက နီးနားဝန်းကျင်အခြေအနေအရ နိုင်ငံတော်

http://www.dhammadownload.com



လုံခြုံရေးအတွက် စီးပွားရေး စစ်အင်အားတို့ဖြင့် ဖြန့်ကြက်ရေး မူဝါဒ နှစ်ရပ်စတင်အကောင်အထည် ဖော်ခဲ့သည်ဟု ဆိုရပေမည်။

## နယ်သိမ်းမင်း၊ အေဒီ ၁၂၃၅–၁၂၄၆

သနပင်ဖြူမင်း လွန်တော်မူသည့်အခါ နယ်သိမ်းမင်းက နမတော်စောစံနှင့် အရိုက်အရာကို ဆက်ခံပြီး စိုးအုပ်တော်မူသည်။ ထိုမင်းကား ပညာဗဟုသုတရှာ မှီးလေ့လာသင်ကြားရာ၌လျှင် မြန်ထက်မြက်သည်ဖြစ်၍ မကြားစဖူး မမြင်စဖူးသော အတတ်တို့ကို သိကျွမ်းလိမ္မာတတ်သိတော်မူသောကြောင့် နယ်သိမ်းမင်း ဟူ၍တွင်၏ဟု အဆိုရှိပါသည်။ အင်္ဂလိပ်အယူအဆ စကားပုံတစ်ရပ်အရ "Read every day something no one else is reading. Think every day something no one else is thinking. It is bad for the mind to be always a part of unanimity." သို့ဖြစ်ခြင်းကြောင့် ဤမင်းမှာ ယင်းခေတ်ယင်းအခါက အလေးထားသင်ကြားကြသည့် ဗုဒ္ဓဝင်စာပေ၊ ရှေးဟောင်းကျမ်းဂန်များအပြင် တိုးတက်လာသော ခေတ်၏အဆန်းအပြား ဘာသာရပ်အတတ်ပညာ ဗဟုသုတများကိုပါ လေ့လာဆည်းပူးကျွမ်းကျင်သော မင်းတစ်ပါးဖြစ်ဟန် တူပေသည်။ ထို့အပြင် အရာခပ်သိမ်းတို့၌ ဘေးတော် ခမည်းတော်တို့ကဲ့သို့ ကျင့်ရိုးကျင့်စဉ်ကိုလည်း မှီ၍ အုပ်ချုပ်ကွပ်ကဲတော်မူသောကြောင့် ချစ်ခင်မြတ်နိုးကြကုန်လျှက် ပြည်သူပြည်သားတို့ ညွတ်တွားရှိသေကုန် သည်ဟု သိရပေသည်။ နန်းစံသက် ၁၁-နှစ်မျှ ရှည်ကြာခဲ့ခြင်းကြောင့် မိမိ၏တိုင်းပြုပြည်ပြု ဆောင်ရွက်ချက် များကို စိတ်တိုင်းကျပြည့်ဝ ပြီးစီးအောင်မြင်သည်အထိ ပြုလုပ်နိုင်ခဲ့ပေလိမ့်မည်။

## ၀ နရလုံးမင်း၊ မိဖုရား နမတော် စောရွှေနန်း၊ အေဒီ ၁၂၄၆–၁၂၅၀

ဤမင်းမှာ မိမိရှေ့မှ တိုင်းပြုပြည်ပြု မင်းလေးဆက်တို့၏ လုံ့လဝီရိယကြီးစွာဖြင့် ၂၆-နှစ်တာမျှ လိုလေသေးမရှိ ဆောင်ရွက်ကာ ပြုစုပျိုးထောင်ထားခဲ့သော အဥ္စနဒီမြစ်ရိုးဝဲ/ယာတစ်လျှောက် ၅-မိုင်ခန့် ရှည်လျားသည့် ရခိုင်ပြည်ထောင်၏ အုပ်ချုပ်ရေးမဏ္ဍိုင် မြို့တော်ဟောင်း မြို့တော်သစ်များ စုဝေးတည်ရှိရာ နယ်ပယ်ကို အမွေခံပိုင်စိုးလာရသော လက်ရုံးရည် နှလုံးရည်ဖြင့် ပြည့်စုံသူမင်းတစ်ပါး ဖြစ်ပါသည်။ ၎င်းမှာလည်း ဘေးဘိုး ခမည်းတော်တို့ ကျင့်သုံးသည့် ထုံးအတိုင်း မင်းကျင့်တရားနှင့်အညီ စိုးစံတော်မူသော မင်းကောင်းမင်းမြတ်ဖြစ်သည့်အားလျော်စွာ အထူးရေးသားဖော်ပြရန် လိုအပ်တော့မည်မဟုတ်ပါ။

http://www.dhammadownload.com



ဘေးတော် ဒသရာဇာမင်း၊ အေဒီ ၁၁၂၃-၁၁၃၉ အချိန်ကကဲ့သို့ အေဒီ ၁၂၀၆ ခန့်ပင် ဂင်္ဂါမြစ်ဝှမ်း တစ်ခွင်အား ပိုင်စိုးလာသော ဒေလီမြို့တော်မှ (Aibak) စူလတန် (သူရတန်) (တူရကီနွယ်ဖွား မင်းစဉ်မင်းဆက် အထောက်အပံ့)၏ လှုံ့ဆော်သွေးထိုးမှုကြောင့် ရခိုင်ဩဇာခံ အနောက်မဇ္ဈိမဘင်္ဂါ ၁၂-ခွင်ကို ဘင်္ဂလားတောင်ကုန်းဒေသရှိ ကုလားနှင့်သက်တို့ ပူးပေါင်းကာ သောင်းကျန်းဆိုးသွမ်းပြီး လက်ဆောင်ပဏ္ဏာ၊ ဘဏ္ဍာများ ဆက်သွင်းရန် ပျက်ကွက်ခဲ့ပြန်၍ ငနှလုံးမင်းက ပြည့်စိုးကြီးဓမ္မဝေယျကို သူပုန်သူကန်များအား ရဲမက်ဗိုလ်ပါ (ငါးသောင်း) ဖြင့် သွားရောက်နှိပ်ကွပ်ရန် အမိန့်တော်ရှိခဲ့ရာ စစ်ထွက်ရန်ပြင်ဆင်နေစဉ် တပ်ဦးတွင် ကျီးကန်းနှင့်ဖျိုင်းခွပ် ကြ၍ ကျီးအတောင်ကျိုးလျှက်ဖမ်း၍ရသောကြောင့် မင်းကြီးထံလျှောက်ထား သောအခါ သားစဉ်မြေးဆက် ရှေးပညာရှိ အမျိုးဖြစ်သော ပညာကျော်အမတ် "ဝိဇလ" လျှောက်ထုံးသော် ကား-

"အရှင်မင်းမြတ် ကျီးနံကုလား၊ ဖျိုင်းကားမြန်မာ၊ နံမှာအလို၊ နဂိုယာယီ၊ ကိန်းနှစ်လီတွင်၊ ယာယီ ကျီးဂာန်း၊ ပင်ပန်းကုလား၊ ထွားထွားကြေညက်၊ ပျက်မည့်အကြောင်း၊ လုံးပေါင်းပြီးစီး၊ ခရီးမကြာ၊ အောင်မြင် ပါမည"ဟု လျှောက်တင်လေလျှင် အမတ်စစ်သူကြီးတို့လည်း မရပ်မဆိုင်း ချီတက်လေသော် ကုလားစစ်သည်များက စစ်တကောင်းမြို့မှ အခိုင်အမာခုခံသည်ကို ရခိုင်တပ်များ က ရှုပ်ရှုက်ချုံချုံ ဖိစီးတိုက်ခိုက်လေသော် ၅-ရက်နှင့် ကုလားတပ်များ ဆုတ်ခွာထွက် ပြေးကြသဖြင့် သိမ်းပိုက်နိုင်ပြီး၊ ဒါကာမြို့မှ ကုလားအိမ်ရှေ့မင်းသား ခံနှင့်လေသည်ကို ဆက်လက်တိုက်ရန်အမတ် ကြီး ဓမ္မဝေယျက မိမိတပ်များအား "လောက်ချေးပူရာ" တိုင်အောင် ဆက်လက်စစ်ချီစစ်တက် စေကာ ထိုးစစ်ဆင်ရန် ပြင်ဆင်နေသည်ကို ထိုကုလားမင်းသား သိရှိသောအခါ ၄င်းတို့က ဆင် စီးခြင်းထိုး စစ်ရေးပြိုင်ရန် ကမ်းလှမ်းလာခြင်းကြောင့် ကုလားအိမ်ရှေ့မင်းက ဗလဝါဟူသော ဆင်ကိုစီး၍ အမတ်ဓမ္မဝေယျက နတ်ယာဉ်ပျံအမည်ရှိ စီးတော်ဆင်ဖြင့် စစ်ရေးပြိုင်ကြရာ ဆင်နှစ်စီး ချွန်းဖွင့်ကြလျှက် တစ်ဟုန်ထိုးအစွယ်ယှက်ကြသည်တွင် နတ်ယာဉ်ပျံက ဗလဝါကို ပြင်းစွာဒဏ်ပေး ဦးလေသောကြောင့် ဗလဝါဆင်ခေါင်းအလှည့်တွင် စစ်သူကြီး ဓမ္မဝေယျ ထိုးလိုက်သောလှံချက် သည် ကုလားအိမ်ရှေ့မင်းသားအား ထိမှန်၍ ဒဏ်ရာဖြင့်ဆင်ပေါ်မှကျရာ ဖမ်းမိသည်နှင့် ကုလားစစ်သည်တို့ ပျက်ပြို၍ပြေးကြလေသည်။

စစ်သူကြီး ဓမ္မဝေယျလည်း မောက်သူဇာမြို့တွင် တပ်စွဲ၍ "ဒလီပဆာ" မင်းကို ဆက်လက်တိုက် ပြန်လေရာ ပဆာမင်းရှုံး၍ ပြည်သို့ဝင်ပြေးလေသည်။

http://www.dhammadownload.com



ဖမ်းမိသော ကုလားမင်းသားနှင့် သိမ်းဆည်းရလိုက်သော လက်နက်များအား မင်းကြီးထံ ဆက်သ စေရာ ငနှလုံးမင်းက ကုလားပြည်တွင် အမတ်ဆင်ကဲကြီးကို ထားခဲ့၍ စစ်သူကြီးဓမ္မ ဝေယျကို ပုန်ကန်သောင်းကျမ်းသည့် ကုလားမြို့များက ကုလားအချို့အဝက်ကို အိမ်ထောင်မပျက် စေပဲ ခေါ်ဆောင်ပြီး ပြည်တော်သို့ ပြန်ခဲ့ရန်အမိန့်တော်ရှိတော်မူလေသည်။ အမိန့်တော်အတိုင်းပင် အသုံးချနိုင်သည့် ကုလားအချို့ကို သိမ်းယူခေါ်ဆောင်ပြီး ပြန်လာခဲ့လေသည်။ နေရစ္စရာသို့ ဓမ္မဝေယျပြန်ရောက်သောအခါ "မဟာဝေသဝဏ္ဏ" ဟူသော ဘွဲ့ကို ဘုရင်ကချီးမြှောက် ပေးသနား တော်မူလေသည်။ ကုလားမင်းသားကိုလည်း ရရှိသည့်ဒဏ်ရာ ဒဏ်ချက်များအား ဆေးကုသပေး ပြီး ပျောက်ကင်းသွားသည်နှင့် ရွာစားကျေးပေး ထိန်းသိမ်းထားကာ နောင်တော်လှန်မှုမပြုနိုင်စေရန် နေထိုင်ခွင့်ပြုထားလေသည်။ ဤစစ်ပွဲမှ ဖမ်းဆီးခေါ်ဆောင်လာ သော ကုလား သုံ့ပန်းများအား မင်းကအမိန့်အာဏာဖြင့် လုပ်ငန်းသတ်မှတ်ချပေးသည့် အစီအစဉ်ကို ပထမဆုံးအကြိမ်အဖြစ် နောင်အစဉ်အလာဖြစ်စေရန် မော်ကွန်းတင်ထားရှိခဲ့ရာမှ ရခိုင်မင်းများက သုံ့ပန်းများကို မည်သို့မည်ပုံ ခွဲဝေတာဝန်ပေး အသုံးချပုံအား သုတေသီတို့ သိရှိခဲ့ရပါသည်။

ဖမ်းဆီးလာသော ကုလားအမတ်နှင့် သူပုန်သူကန်များအား ငွေဒင်္ဂါးခပ်လုပ်မှု၊ ဆားချက် တံငါ၊ ငရုပ်၊ ကြက်သွန်၊ ဆန်စပါး။ ဆင်မြင်း၊ အစားအစာ၊ မြက်ရိတ်၊ ချေးကျုံး၊ မြို့တော်သန့်ရှင်း စင်ကြယ်ရေး လုပ်ငန်း၊ ရေထမ်းရေသည် မင်းညီမင်းသား မှူးမတ်များအခိုင်းအစေ၊ သစ်ဝါးခုတ်၊ လက်သမား၊ ပန်းထိမ်၊ ပန်းပဲ စသည်များအတွက် ခွဲဝေသတ်မှတ်ပေးကာ နေရာချထားပေးကြောင်း သိရပါသည်။

ငနှလုံးမင်း ရခိုင်ကောဇာ (ဦးအောင်သာဦး/ပြည်နယ်/ဦးထွန်းရွှေခိုင်) ၆၁၂ ခုတွင် ပုရိန်ခေတ် ကုန်ဆုံးကြောင်း မြဒိုးဝေရာဇဝင်တွင် အခြေခံသည်။ (ဦးစံလှကဗျာလင်္ကာ၌ အောက်ဖော်ပြပါအတိုင်း ပြဆို ထားသည်ကို တွေ့ရပါသည်။ (ကောဇာ-၆၁၂၊ အေဒီ -၁၂၅၀)၊ ဦးစံလှ၊ မြို့တည်နန်းတည်ခန်း၊ အပိုဒ်-၇။ "--------------- သက္ကရာဇ်ကို တွက်စစ်ပြန်သော် လေးရာကျော်၍ စွန်းပေါ်ခြောက်ဆယ် ငါးခုကေတွင် (၄၆၅-ကောဇာ) ဌာနေကနက်၊ မင်းနီပြည်လေ၊ စမ္ဗဝှက်မှာ နန်းတက်စံဟိ၊ အဆုံးစွန်တွင်၊ ဘုန်းကံဖျင်းကေ၊ မင်းပတိကို သောင်းထိစီကာ၊ ခွေ့ရပါသည်၊ လက်ျာမင်းနန်း လက်ရုံးဆောင်၍ ရအောင်တိုက်ကေ သိမ်းပိုက် ပြန်၍ အလွန်သာစည်၊ မြို့ပုရိန်ဟု အောင်မည်ဆန်းကေ ထီးနန်းတည်လို့ --------" (ပုရိန်မြို့တည်နှစ်)၊ ကောဇာ-၆၁၂၊ အေဒီ -၁၂၅၀။

http://www.dhammadownload.com



စံပေကြရာ ထိုမြို့မှာပင် စဉ်ကာစိုးမြောက် မင်းများစွာကို ရှိကာတွက်ကယ်၊ ရှစ်ဆယ်ရောက်၏ (အနန္တသီရိနန်းတက်) သက္ကရာဇ်ငါးရာ တစ်ခုမှာတွင် ပြိုကာပျက်ပြုန်း မြို့ပုရိန်လေ ရှိကနက်မှာ မင်းဆက်လုံး ဟူ။ (ကောဇာ -၅၀၄)။

အောက်ချာကျဌာန်း မြို့ဌာနီလေ၊ ပုရိန်နန်းမှာ သက်တမ်းကုန်ခါ၊ ညှိုးမှိန်ပါ၍ နောက်မှာတစ်ခြား မင်းဖုန်းစားလျှင် တည်ထားစံမြောက် ခြိတ်မြို့ဝယ်၌ စိုးသည်မင်းကို ကောဇာ-၅၀၄ ------------------- တစ်ဖန်နောက်မှ ငနှလုံးကေ အဆုံးကျအောင်။ ........ ရောက်ကောဇာကား ခြောက်ရာ့တစ်ဆယ်နှစ်ခု ကယ်တွင် (၆၁၂) ဂုဏ်ရည်တောက် ထွန်းအောင်ချက်မြီလေ၊ ပုရိန်နန်းမှာ ဆုံးခန်းတိုင်တွေ မင်းရာဇာနှင့် ကင်းကွာပြီးကေ ပျက်စီးရေလေ။

မြဒိုးဝေက ပုရိန်နန်းဆက်ကို လက်ျာမင်းနန်မှ ငနှလုံးသားအထိ သက္ကရာဇ်ကောဇာ ၄၆၅ မှ ၆၁၂ အထိ ပြသွားကာ စမ္ဗဝက်/နေရဥ္စရာတောင်ငူမှာ အမှန်အားဖြင့် ပုရိန်တစ်ဘက် အရှေ့ဘက်ကမ်းတွင် ဖြစ်၍ (မြို့အမြွာ) ပုရိန်ဟုပင် ပြသသွားခြင်း ဖြစ်ပေမည်။ အထက်ပါအရ လက်ျာမင်းနန် (လက်ယာမင်းနန်)မှ ငနှလုံးသားမင်းအထိ အေဒီ ၁၁၀၃ မှ ၁၂၅၀ ကိုက်ညီမှန်ကန်နေပါသည်။ (စမ္ဗဝက်/ပဉ္စာ) (ပုရိန်/နေရဥ္စရာ) နယ်မြေအား (မြို့ကြီးတစ်မြို့) နယ်ပယ်တစ်ရပ် အသွင်ပြသသွားပါသည်။

ငနှလုံးမင်းလွန်လျှင် သားတော် "အလောမာဖြူ"က ပုရိန်ကနေ လောင်းကြက်၊ မြို့သစ်ကိုတည်ထောင်ကြောင်း ၎င်း၏ကဗျာလင်္ကာ၌ ဆက်လက်ဖော်ပြသွားသည်။(အပိုဒ်စ-)။

"ပျက်စီးပါကေ၊ ထိုခါကာလ၊ ဘုန်းတော်ရောင်ဖြင့်၊ ပြောင်ပြောင်ပကေ၊ မင်းလှရာဇာ၊ မည်သညာမှာ၊ အလောမာဖြူ၊ လောင်းကြက်ပြည်ကို၊ တည်တုံလတ်ကေ၊ နန်းစိုက်ထူလျှက်၊ မင်းမူသည်မှ၊ နောက်ဆက်ခံ၍၊ နန်းစံများကို၊ တွက်ပြေးကလျှင် "ရာဇာနွယ်မြောက် (မင်းရိုး)၊ ထီးအောက်ဝယ်၌၊ စမွှါယ် ခဲ့သော တစ်ဆယ့်ခြောက်တည်း" လောင်းကြက်မင်းရိုး ၁၆-ဆက်ဟု "စည်သဘင်အမတ်မင်း နှစ်ဆက်" ခေတ္တခဏ စိုးစံခဲ့ကြသည်ကို ချန်လှပ် ပြသသွားခြင်း ဖြစ်ပါသည်။ စောမွန်မင်းဖြင့် အဆုံးသတ်ထားပါသည်။

သို့ဖြစ်ရာ ဤအရေးအသား၌ လေးမြို့ခေတ်၏ သက္ကရာဇ်များ မှန်ကန်ကြောင်း၊

http://www.dhammadownload.com



အထောက်အထား တစ်ရပ်ပင် ဖြစ်ပေသည်။ ယခုဆက်လက်ပြီး လေးမြို့ခေတ် နောက်ဆုံးစွန် လောင်းကြက်မြို့တော်အား ဖော်ပြသွားပါမည်။ ဤမြို့မှာလည်း ပုရိန်မြို့စွန်မြို့ဖျား လောင်းကြက် (ပေါင်းတုတ်)ချောင်းဝနှင့် အဥ္စနနဒီမြစ် ဆုံရာ၌ တစ်ဆက်တစ်စပ်တည်း ဆိုသလို တည်ရှိပါသည်။ လေးမြို့ခေတ်ကြီး၏ အုပ်ချုပ်ရေးမဏ္ဍိုင် တည်ရှိရာ နယ်မြေတစ်ရပ်လုံးအနေအထား ကွက်ကွက် ကွင်းကွင်း ပေါ်လာပြီးဖြစ်သည်။

A Race without a realistic history may be equated with a person without a state. eg; a stateless person or race Nomads and members of the gipsy race. အိုးခြေအိမ်ခြေ မတည်၊ မိမိတို့နယ်ပယ်ဟူ၍ လက်ဆုပ်လက်ကိုင် ပြစရာမရှိသည့် လူမျိုးစုဝင်များနှင့် လူသူများ "ဥဒေါင်းယောင်ဆောင်သောကျီး" ပုံပြင် အတိုင်း ပြုကျင့်သူများ အပါအဝင်ဖြစ်သည်။

We just want to prove that we are not a people without a state.

ပုရိန်မှနေရဥ္စရာ တောင်ငူတိုင် အေဒီ ၁၁၀၃-၁၂၅၀ လက်ျာမင်းနန်မှ ငနုလုံးမင်းအထိ အချိန် အပိုင်းအခြားအတွင်း (အရှေ့မြန်ပြည် အရိမဒ္ဒနာ ပေါက္ကံစည်သူမင်းနှောင်းပိုင်းမှ ကျစွာမင်းလွန် အေဒီ -၁၂၅၀ အထိ) ရခိုင်မြန်မာ လက်နက် စစ်အင်အား ပြိုင်ဆိုင်မှု လုံးဝမရှိခဲ့ပါ။ ပုဂံတွင် အလောင်းစည်သူမင်း လွန်ပြီးသည့် နောက်မှတက်လာသော မင်းများက "သျှမ်း"များရန်မှ ကာကွယ်ရေးနှင့် ဘာသာသာသနာရေးရာ ကဏ္ဍများ၌သာ အာရုံစူးစိုက်ဆောင်ရွက်နေကြခြင်း ကြောင့် ဖြစ်ဟန်တူပါသည်။ ၄င်းမင်းအများစုမှာ ဘာသာရေးလွန်စွာမှ ကိုင်းရှိုင်းပြီး စစ်မက်လိုလား သူများ မဟုတ်ကြပေ။ ရခိုင်ပြည်ထောင်အတွင်း တရားမစောင့်သော နေရဥ္စရာတောင်ငူမင်းအချို့ ကြောင့် စည်းလုံးညီညွတ်ရေးပျက်ပြားကာ စီးပွားရေးနှင့် စစ်အင်အား အနိမ့်ဆုံးသို့ ကျဆင်းနေ သည့်အချိန်ကာလ၌ အရှေ့ပုဂံမှစစ်ပြုလာခြင်းမရှိ၍ သက်သာရာ ရရှိခဲ့ပါသည်။ သို့မဟုတ်ပါက ရခိုင်ရာဇဝင်သမိုင်းရေစီးကြောင်း တစ်မျိုးတစ်ဖုံ အကြီးအကျယ် ပြောင်းလဲသွားဖွယ်ရာ ရှိပါသည်။ လောင်းကြက်ခေတ် မင်းထီးလက်ထက်တွင် ရခိုင်စစ်အင်အား လွန်စွာကြီးထွား တောင့်တင်းလာခဲ့ ပါသည်။

ရခိုင်မင်းသမီးချောင်း၌ကား အပိုဒ်-၁၆ ဝရောင်းငှက်မှ မင်းကောင်းကျွေး (သွေး)ခဲ၊ မင်းရဲဘာယ၊ ပေါက်ညိုမြနှင့် ကြွခဲ့ရှေ့ပြည်၊ ဆွေနှစ်မည်တွင် မြင်သည်သည်းချာ ရွှေဂူသာနှင့်

http://www.dhammadownload.com



လက်ျာမင်းနန် နန်းရိုးမှန်လျှင် (ပုရိန်မြို့သစ်) . . . မှ "အပိုဒ်-၂၂ ဒုတိယစမ္ဘဝက်၌" တိုင်းချစ်တွင်မည် စိုးမင်းသည်ကို ပြည်သူဝိုလ်လူ ကြိုက်မှုသနား "ရှင်ရိုးသားဟ" မြောက်စားစီရင် ဘိသိက်တင်မှ ထိုတွင်မထောက် တောင်၏တူရူ မြို့တောင်ငူ ၌ တည်မူစဉ်လျက် မြစ်နောက်ဘက် ဝယ် လောင်းကြက်မည်ခေါ် မြို့သာကျော်ကို အလောမာဖြူ တည်လတ်ထူသည် အယူကြံတည့် ထူးတည့်လေ။ ။

ထူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ အလောမာဖြူ၊ မြို့တောင်ငူက၊ ကြံယူစူးစူး၊ လောင်းကြက်ကူး၍၊ အထူးမြို့မွန်တည်လတ်ထွန် (ပြည်)သည် ရန်မန်တည့်တုန်ဧ ကြောင်းတင်း မေး။ ။လေည်းယင်ယင်ဧ "လက်ရှိပန်းမြောင်းဈေးရွာ တောင်ငူစွန်၊ အဋ္ဌနနဒီ အရှေ့ဘက် ကမ်းပါး၌ ကြီးမားသော" ရေဝဲပြန် (ဂယက်) တစ်ခုရှိသည်။ ပေါင်းတုတ်ချောင်းဝ ရှေ့ဘက်အလွန် ၌ ဖြစ်၏။ ပုရိန်လောင်းကြက်နှင့်နေရဋ္ဌရာတို့၏ သဘာဝရန်ကာ အတားအဆီး တစ်ခုပင်။

လေးမြို့ခေတ်ဖွဲ့ ရခိုင်သာစွလေကဗျာ အပိုဒ်-၆ ခေတ္တာသင် ပြည်ရွှေသာယာ မြို့ပဥ္စာထက် စိုးလာထက်သည်မှာ။ အပိုဒ်-၇၊ ပြည်ရွှေ စမ္ဘဝက် အမတ်သခ်ယာ မည်သာတစ်ချက် ဝရောင်းငှက် စမ္ဘဝက် ပဥ္စာမြို့အမြွာမှ စတင်ကာ အပိုဒ်-၁၀။သာစွလေ။ ပြည်ရွှေရောင်ဝါ၊ နေခြည်ဖြာသို့ တေဇာဂုဏ်လွန်း၊ ကမ္ဘာနှံ့အောင် ချီးအုံမကုန် ဂုဏ်မျိုး စုံနှင့် ကုံလုံပြည့်ဝ ပြည်ရက္ခပု ခေါ်ထနာမည် ရို့ရွှေပြည်ကား မျိုးစည်မပျက် မင်းဆက် ဆက်လျှင် ကနက်ဖြန့်ကာ ပြည်အောင်ချာထက် ဥက္ကာမင်းမျိုး မဇ္ဈိမ သကျသာကီ ဥက္ကာကရင်မျိုးရိုး သမုတ်ရိုးလျှင် စံစိုးသောခါ ရက္ခပူရ ဓညပြည်ကြီး တိုင်းလုံးထီးဝယ် အုံချီးဖွယ်ရာ မြေမျက်နှာထက် မြို့လောင်းကြက်ကို ဖြူရွက်ဖြန့်ကာ ဘွဲ့ထူးယူ၍ မင်းမူနိမိတ် အောင်အတိတ်ဖြင့် တံဆိပ်ခံကာ စိုးအုပ်ပါသည် ဇေယျာမဏ္ဍိုင် ရခိုင်သာယောင့် သာယာစွလေ၊ သာစွလေ ရက္ခိုင်သားလေး သာစွလေ။

ဖော်ပြခဲ့သော ဖဒူမင်းညို၏ ရခိုင်မင်းသမီးချောင်း မြဒိုးဝေရာဇဝင်၊ ဦးစံလှ ကဗျာလင်္ကာ နှင့် သာစွလေ ကဗျာများက လေးမြို့ခေတ် တစ်ခေတ်လုံး (စမ္ဘဝက်/ပဥ္စာမှ လောင်းကြက်အထိ လေးမြို့) မင်းရိုး၊ မင်းစဉ်မင်းဆက် သက္ကရာဇ်၊ ခေတ်အခြေအနေနှင့် မြို့များတည်နေရာ ရာဇဝင် သမိုင်းကြောင်းတစ်ရပ်လုံး၏ ခိုင်မာသောအထောက်အထားများအဖြစ် ဖော်ကျူးနေသည်ကို တွေ့ရပြီး ဖေယာ၊ ဟာဝီ၊ ဟောလ်၊ မောရစ်၊ ကောလစ်၊ ဖော်ဟမ္မာ၊ လူ့စ်၊ ပန်မလာ အစရှိသော ဥပရောပတိုက်သား သုတေသီများ၏ အရေးအသား အတွေးအမြင်များ မည်၍မည်မျှ မှားယွင်း နေသည်ကိုလည်း ကောင်းစွာပေါ်လွင်နေပါသည်။ ဤခေတ်၏ ကျောက်စာ အထောက်အထား များအား ရှုပ်ထွေးမှုမရှိစေရန် သီးသန့်ဖော်ပြထားပါသည်။

http://www.dhammadownload.com



## လောင်းကြက်ခေတ်
## အလောမာဖြူမင်းနှင့် မြောက်သားတော် မိဖုရား စောရွှေသစ်

ငနုလုံး (အနုလုံး)မင်း လွန်တော်မူလျှင် သားတော် အလောမာဖြူမင်းသည် နေရဥ္စရာ ထီးနန်းအရိုက် အရာကို ဆက်ခံ၍ ခေတ္တစံတော်မူပြီးနောက် ဟူးရားတတ်တို့က ဘေးဘိုးမိဘတို့ စိုးစံတော်မူခဲ့သော မြို့ဟောင်းတောင်ငူသည် ကိန်းခန်းကုန်ပြီဖြစ်၍ ဆက်လက်နေတော်မမူသင့် ကြောင်း ပြောင်းရွှေ့တော်မူပါလျှင် သက်တော်ရှည်၍ ပြည်တော်ငြိမ်းချမ်းသာယာကာ ပြည်သူ အပေါင်းတို့၏ စီးပွားချမ်းသာ တိုးတက်အံ့ဟု ဟောကိန်းထုတ်လျှောက်ထားကြသည်ကို လက်ခံကာ အလောမာဖြူမင်းက နေရဥ္စရာတောင်ငူနန်းတော်ဟောင်းကို စွန့်ပြီး အဥ္စနနဒီမြစ်အနောက်ဘက် ကမ်းဆီသို့ကူး၍ အဥ္စနနှင့် ပေါင်းတုတ်ချောင်းဆုံရာ တောင်ဘက်ကမ်းပါး၌ အေဒီ-၁၂၅၀၊ ကောဇာ-၆၁၂ ခုတွင် နန်းမြို့အသစ်ဆောက်တည်ပြီး မှူးမတ်ဗိုလ်ပါများနှင့် အတူတကွပြောင်းရွှေ့ စံတော်မူသည်မှ “လောင်းကြက်မြို့တော်”ဟု ခေါ်ဝေါ်သမုဒ်စေခဲ့သည်။

အမှန်တကယ်မှာ ဤမြို့သစ်သည် နေရဥ္စရာတောင်ငူမြို့ဟောင်း ရှေ့တူရူခန့် အဥ္စနနဒီ အနောက်ဘက်ကမ်း ပုရိန်မြို့ဟောင်း နယ်နိမိတ်တောင်ဘက်အစွန်အဆုံး ပေါင်းတုတ်ချောင်း တစ်ဘက်ကမ်းပါးတွင် ကပ်လျှက်တည်ရှိပါသည်။ သို့ဖြစ်၍ “လေးမြို့ခေတ်”၏ နောက်ဆုံးမြို့တော် နှင့် ယင်းခေတ်က ရခိုင်ပြည်ထောင်အဝှမ်း အုပ်ချုပ်ရေးမဏ္ဍိုင်အချက်အချာဖြစ်သော နယ်မြေ တောင်ဘက် အဆုံးစွန်ဟု ဆိုနိုင်ပေသည်။ ဤအနေအထားအရ စမ္ဗဝက်/ပဥ္စာမြို့ဟောင်းများမှာ မြောက်ဘက်အစွန်းအဖျားတွင် ရှိနေပါသည်။

မြို့တည်၍ ၂-နှစ်ရှိလေသောအခါ အေဒီ-၁၂၅၃ ခုအတွင်း ဘုရင်မင်းမြတ် ကိုယ်တော် တိုင်ဦးစီးပြီး ဘိုးတော်တို့လက်ထက်ကပင် သြဇာလွှမ်းမိုးခဲ့သော ကလေး၊ မိုးညှင်း၊ မိုးကောင်း၊ ယွန်း၊ ထီးလှိုင်တို့အထိ ရှမ်းကုန်းမြင့်ဒေသအစွန်တိုင်အောင် အင်အားပြစစ်ချီ၍ ဆက်မြဲ လက်ဆောင်ပဏ္ဏာ ဘဏ္ဍာပေးသွင်းရန် ပျက်ကွက်သောမြို့များရှိ သူပုန်သူကန်များကို နှိမ်နှင်း အောင်မြင်တော်မူသည့်အခါ ပြင်းတို့ပေးဆက်ကြသော ရတနာဘဏ္ဍာအခွန်တုတ်တို့ကို ခံယူပြီး နိုင်ငံတော်သို့ ပြန်တော်မူသည်။

နေပြည်တော်သို့ ပြန်ရောက်ပြီး မကြာမီပင် အနောက်ဘက်ကုလားပြည်မှ သြဇာခံဘင်္ဂါ

http://www.dhammadownload.com



၁၂-ခွင်နှင့် နီးနားဝန်းကျင်ရှိ သက်၊ မြို၊ ဟစ်ရုံ၊ ဘင်္ဂလား၊ မဏိပူတောင်တန်းဒေသသို့ အလားတူ ချီတော်မူကာ သူပုန်သူကန်မြို့စားများ အချို့အားနှိမ်နင်းပြီး ဆက်သကြသော လက်ဆောင်ပဏ္ဏာတို့ကို လက်ခံ၍ နောင်တွင်မပျက်မကွက် ဆက်သွင်းရန် သစ္စာပြုစေပြီးမှ မိမိနိုင်ငံတော်သို့ ပြန်ခဲ့ကြောင်း ရာဇဝင်အရေးအသားများ၌ တွေ့ရရာ အေဒီ ၁၂၅၄ ခုခန့်ကပင် ရခိုင်ဩဇာအာဏာ လွှမ်းမိုးမှုကို ဗီဆန်တော်လှန်မှုများ ရှမ်းနှင့်ဘင်္ဂါ ၁၂-ခွင် ဒေသနှစ်ရပ်လုံး၌ အချိန်နီးကပ်စွာ မကြာခဏဆိုသလို ထပ်ကာတလဲလဲ ပေါ်ပေါက်ခဲ့ပါသည်။ သို့ဖြစ်ရကား အခြင်းအရာများမှာ စစ်အင်အားတောင့်တင်းပြီး ဩဇာအာဏာစက်ညောင်းသည့် အိန္ဒိယမှ "ဒေလီ"မင်းနှင့် အရှေ့ယူနန်မှ "ဆင်း"နွယ်ဝင်မင်းများ သွေးထိုးလှုံ့ဆော်အားပေးအားမြောက်ပြုမှုများကြောင့် တစ်နေ့တစ်ခြား အရှိန်အဟုန် မြင့်မားတိုးပွားလာသည်ဟုပင် ကောက်ချက်ချရပေမည်။

အလောမာဖြူမင်းတွင် ညီတော်အိမ်ရှေ့မင်း ရာဇသူကြီးနှင့် ညီမတော် စောဆွေ၊ စောသူဇာ အပြင် သားလေးဦးရှိပါသည်၊ ၎င်းတို့၏အမည်မှာ (၁)စောလူး၊ (၂)ဥစ္စာနာကြီး၊ (၃)စောမွန်ကြီးနှင့်၊ (၄)နန်းကျားကြီးဟူ၍ဖြစ်ပါသည်။ အလောမာဖြူမင်းနန်းစံ ၆-နှစ်ဖြင့် လွန်တော်မူသည့်အခါ ညီတော်ရာဇသူကြီးက ထီးနန်းအရိုက်အရာကို နှမတော်နှစ်ပါးဖြင့် ဆက်ခံတော်မူသည်။ (ဆင်းသက်ပုံဇယားကို-ရှု)

## ရာဇာသူ နှမတော် မိဖုရားကြီး စောဆွေ

ထိုမင်းသက္ကရာဇ် ၆၁၈ ခုတွင် ဘိသိက်ခံနန်းတက်သည့်အခါ ညီတော်မင်းခင်ယဉ်အား အိမ်ရှေ့အရာကို ပေးအပ်တော်မူသည်။ ရတနာသုံးပါး၌ အလွန်ရိုသေကိုင်းညွတ်ပြီး ကုသိုလ်ကောင်းမှုကိုလည်း များစွာပြုလုပ်၏။ ဘိုးတော်၊ ဖခမည်းတော်တို့ ပျိုးထောင်ထားရှိခဲ့သော စစ်အင်္ဂါလေးရပ်ဖြင့်ပြည့်စုံသည့် တပ်တော်ကြီးအား အမွေဆက်ခံခဲ့ရသဖြင့် ဆင်မြင်းရဲမက်ဗိုလ်ပါ မှူးတော်မတ်တော် အခြံအရံပြည့်စုံကာ ပညာအဆင်အခြင်၊ လက်ရုံးရည်နှင့် ပြည့်စုံသော မင်းတစ်ပါးဖြစ်လေသည်။

ဤအချိန်အခါက ပုဂံနှင့်အင္ဂနနဒီလေးမြို့ခေတ်များအတွင်း အေဒီ-၁၀၁၇ ပုဂံ အနော်ရထာ မင်းလက်ထက်မှ ရာဇသူ "မင်းထီး" လောင်းကြက်မင်းများအထိ ရခိုင်မြန်မာစစ်အင်အား ပြိုင်ဆိုင်မှုလုံးဝမရှိခဲ့ကြောင်း တွေ့ရပေသည်။ အလောင်းစည်သူမင်းကြီး ပဉ္စာမှ

http://www.dhammadownload.com



တရားဝင်မင်းရိုးလက်ျာမင်းနန်အား ဘိုးတော်မင်းဘီလူး ထီးမွေနန်းမွေကို ဆက်လက်ခံစားခွင့်ရရှိနိုင်ပါရန် စစ်အင်အားအကူအညီပေးခဲ့သည့် စစ်မက်တစ်ကြိမ်သာ ရှိခဲ့ပါသည်။ အေဒီ ၁၀၀၃ ခု၊ မှန်နန်း-၉၂၊ စာ-၉၂၈။

ရာဇသူမင်းကြီး လွန်တော်မူသည့်အခါ ကောဇာ-၆၂၀၊ အေဒီ-၁၂၅၈ မှ ကောဇာ-၆၅၃၊ အေဒီ-၁၂၇၃ ကာလတွင်း စောလူး၊ ဥစ္စနာကြီးနှင့် စောမွန်ကြီးမင်းရိုးမင်း ၃-ပါး ဆက်လက်အုပ်စိုးကြရာ ၄င်းမင်းများမှာ သာမန်မင်းများသာဖြစ်၍ တတိယစောမွန်ကြီးမင်းက ဆက်လက်ဖော်ပြသွားပါမည်။ (မင်းဆက်-၃၊ ၅ အထိ မင်းများ)

## စောမွန်ကြီး၊ အေဒီ ၁၂၆၉–၁၂၇၃၊ ကောဇာ ၆၃၁–၆၃၅

စောမွန်ကြီးမင်း ကောဇာ-၆၃၁ ခုတွင် မင်းသမီး စောဘီလူးမနှင့် အရိုက်အရာခံ အုပ်စိုးတော်မူသည်။ ထိုမင်းကား ကုသိုလ်ကောင်းမှု၌ မွေ့လျော်၏။ သူတော်ကောင်းနှင့် ပေါင်းဖော်၏။ ဆင်မြင်းရဲမက် များမြောင်၏။ ၄င်းတွင် မိဖုရားနှစ်ပါးရှိရာ စောဘီလူးမဖြင့် နန်းကျကြီးဟူသော သားတော်နှင့် ရွှေစလပ်၊ ရွှေနံ့သာဟူသော သမီးတော်နှစ်ပါး၊ စုစုပေါင်း သားသမီးသုံးပါး ရှိလေသည်။ သက္ကရာဇ် ၆၃၅-ခုတွင် လွန်သောအခါ သားတော်နန်းကျကြီး မင်းစည်းစိမ်ကို ဆက်လက်ခံစားတော်မူသည်။

## ရခိုင်မင်းသမီး ဧချင်းအပိုဒ်–၂၃

"ဧ. . . ၊ ငပိမ့်သံချေ၊ မိမြူတေကို၊ စေ့ရေမိခင်၊ ပြောပါချင်အံ့၊ ဘေးခင်ကြီးစွာ၊ အလောမာလျှင်၊ တည်လာလောင်းကြက် ထိုမြို့တက်၌ ဖြူရွက်ဖြန့်ကျုံး၊ ခြောက်ရောင်ဆုံးတွင် တစ်ရှုံးကြံသည်း နန်းကျကြီးက မီးထက်မက ပြည်ပပြည်တွင်း ဒါးတစ်စင်းမျှ မရှိရသည့် ကျနကောက်ငင်၊ ပူဆာအင်နှင့် ဆွေလင်နှစ်မည် အိမ်ထောင်ချည်သား စည်သဘင်ကြီး သမီးလှစွာ ပန်းနီလာကို အာသာကော်ကော် လောဘမက်၍ ရက်ရက် ယူပြီး မတ်ကြီးခေါင်ဖျား ဘနှစ်ပါးတို့ ငြိုးထားကြီးစွာ ဖြတ်စီးရှာသည် မိစ္ဆာကျင့်ညစ်ညှူးတည့်လေ။

ညှူးတည့်မှောက်တော် ဟုတ်တည့်သြော် မတော်ကျင့်ညစ် ကြင်ချစ်လင်မှီ ဇနီးသည်းလျာ ပန်းနီလာကို ခွာ၍ယူပြီး မတ်ကြီးနှစ်ဆူ၊ ဘကိုမူလည်း အပူအဆာ ဖျက်ဆီးရှာသည် မိစ္ဆာတည့် မှောက်ထက်မှေး။ ။ လေည်းယင်ယင်ဧ။ ။

http://www.dhammadownload.com



## နန်းကျကြီး မြောက်သားတော် စောပိုမယ်၊ ကောဇာ ၆၃၅–၆၃၉

နန်းကျကြီးမင်းသည် ၁၆-နှစ်သားအရွယ်ကပင် မြောက်သားတော် စောပိုမယ်နှင့် အေဒီ-၁၂၇၃ တွင် မင်းစည်းစိမ်ကို အုပ်စိုးတော်မူပြီး စောပိုမယ်အပြင် စောပဒုမ္မာ၊ စောမင်းဖွား၊ စောဖြူစုစုပေါင်း မိဖုရား ၄-ပါးရှိလေသည်။ စောမင်းဖွားတွင် စည်သူဟူသော သားတော်ကြီးနှင့် မင်းဖျိုသားတော်ငယ်နှစ်ပါး၊ စောပုဒုမာ၊ ဝိကာလစန္ဒာ၊ စောသမ္မာနှင့် စောမယ်ဟူသော သမီးငယ်သုံးပါးမြင်သည်။

ဤမင်းက ကုသိုလ်ကောင်းမှုကိုလည်း မပြု၊ ပြည်၌ ဆိပ်ခွန်၊ ရေခွန်၊ ကင်းခွန်ကိုလည်း ကောက်ယူခြင်း ပြု၏။ တိုင်းပြည်ဝယ် သူဌေးသူကြွယ် လူချမ်းသာတို့ကိုလည်း ဖျက်ဆီး၍ ပရိက္ခရာ ဥစ္စာပစ္စည်းတို့ကို မင်း၏ ကျိုကြသို့သွင်းထား၏။ မင်းသားမင်းမြေး မင်းမျိုးမင်းနွယ်တို့ကိုလည်း ချစ်ခင်မြတ်နိုး ကြင်နာခြင်းမရှိ ညှင်းပန်း ကလူနှိပ်စက်ခြင်းပြု၏။ မှူးမတ်စသော ပြည်သူတို့ကိုလည်း ဖမ်းဆီး၍ချုပ်နှောင်၏။ အပြစ်မရှိသည်တို့ကို အပြစ်ပြု၍ သူ့လယ်သူ့ယာ၌ ဖြစ်သော ကောက်စပါးတို့ကိုလည်း ဆင်မြင်းတို့ကို ကျွေး၏။ ထိုသို့ မကောင်း သောအမူအကျင့်တို့ကို ပြုခြင်းကြောင့် ပြည်သူတို့ ဆင်းရဲဒုက္ခ တော်မွတ်ခေါင်းပါးခြင်း ဖြစ်လတ်သည်ရှိသော် ပြည်ရွာစနောင့်စနင်းဆူပူ၏။ ထိုမင်းကြီးကို အလွန်မျက်လိုမုန်းထားကုန်၏။ ထိုအကြောင်းကို မင်းကြီး သိလေလျှင် လွန်စွာကြောက်လန့်၍ တိုင်းပြည်နိုင်ငံလုံးဝယ် မင်းနေမြို့တော်မှစ၍ ရွာကြီးရွာငယ်တို့၌ ဟင်းငါး သင်စရာ ဒါးမငယ်မှ မလွတ်ရအောင် သိမ်းယူလေ၏။ ရဟန်းသံဃာ အရိယာသူတော်ကောင်းတို့ကျောင်းဝယ်လည်း ခေါင်းရိတ်စရာ သင်တုန်းမျှမရှိရအောင် စိစစ်၍ သိမ်းယူလေသောကြောင့် ရဟန်းသံဃာတို့သည် သီတင်းနေ့ရောက်လတ်လျှင် ခေါင်းရိတ်စရာ သင်တုန်းကို မင်း၏နန်းတော်မှသာလျှင်ငှား၍ ခေါင်းရိတ်ကုန်၏။

တစ်ရံသောအခါ၌ နန်းကျကြီးမင်းသည် အမတ်ကြီး စည်သပင်၏သမီး ပန်းနီလာကို တောင်းလေသော် တပ်ထိမ်ရကာ၍ ယခုကျောက်ပေါက်နေပါသည်။ သာယာမှ လက်ဆောင်တော် ဆက်ပါမည်ဟု လျှောက်လိုက်၏။ မင်းကြီးလည်း အကယ်ထင်မှတ်တော်မူလေ၏။ အမတ်ကြီး စည်သဘင်သည်လည်း ညအခါလူသေကောင်အလောင်းတစ်ခုကို ယူဆောင်၍ ပုဆိုးအဝတ်လွှမ်းပြီးသော်ထား၏။ သမီးကိုကား တောတစ်ခုဝယ် ဝှက်၍ထားလေ၏။ ထိုသူသေကို သမီး

http://www.dhammadownload.com



ကျောက်ရောဂါဖြင့် သေခဲ့သည်ဟု သူသိသူမြင် သကြိုဟ်ပြီး ဘုရင်အားလျှောက်ထားလေသည်။

ကာလကြာရှည်လတ်သော် အမတ်ကြီးစည်သဘင်က မင်းကြီးမေ့လျော့လောက်ပြီဟု မှတ်၍ အမတ်ကြီးလက်ယာနန္ဒသူသားနှင့် သမီးပန်းနီလာကို ထိမ်းမြားပေးလေသည်။ ထိုထိမ်းမြား မင်္ဂလာပွဲမှ စည်သံ၊ ပတ်သံကို မင်းကြီးကြား၍ မေးလေသောအခါ အမတ်ကြီးလက်ယာ နန္ဒသူသားနှင့် စည်သဘင်၏သမီးပန်းနီလာကို ထိမ်းမြားရာမှ တီးသောစည်သံ၊ ပတ်သံဖြစ်ကြောင်း လျှောက်တင်လေသည့်အခါ ငါသို့သော မင်းကို ဤသို့လိမ်ညာဖျက်ဝှက် ပြုရသလောဟု ပြင်းစွာ အမျက်တော်ရှိလတ်၍ လက်ယာနန္ဒသူ၏ အိမ်ထောင်ပစ္စည်းဥစ္စာများတို့ကိုလည်း ထွားထွား ညက်ညက် ဖျက်ဆီးသိမ်းယူပြီး စည်သဘင်အမတ်၏ ပစ္စည်းဥစ္စာများ ကိုလည်း သိမ်းယူလေ၏။ ၎င်း၏သမီး ပန်းနီလာကိုပါသိမ်းယူကာ မင်းမြှောင်ထားလေသည်။ မင်းကြီးက ထိုနေ့မှစ၍ ငါ့အားမပန်ကြားပဲ စည်မတီးစေနှင့်ဟု အမိန့်တော်ထုတ်ထားရာ ထိုအခါကစ၍ မင်းကိုပန်ကြား ပြီးမှ စည်တီးရ၏။

အမတ်စည်သဘင်နှင့် လက်ယာနန္ဒသူတို့ကား အလွန်ရှက်ကြောက်သည်ဖြစ်၍ မျုံးမတ် ပြည်သူတို့နှင့် ညီညွတ်ကြပြီးလျှင် အောက်လမ်းပညာ ဆေးဝါးမန္တာန်တတ်ကျွမ်းသည့် ရှင်စိတ္တရနှင့် နာရဒတို့အား တံစိုးများစွာပူဇော်၍ ဘုရင်ကြီးအား လုပ်ကြံသတ်ဖြတ်ရန် ညှိနှိုင်းစီစဉ်ခဲ့သဖြင့် ဘုရင်ကြီးအား ရှင်ငယ်နှစ်ပါးတို့ ဘုန်းတော်ကြီးကျောင်းအတွင်း လုပ်ကြံရန်ပြုကြသောအခါ ကျောင်းထိုင်ဆရာတော်ကိုဖက်၍ ငါ့အားတားပါဟု လျှောက်လေသောအခါ ဘုန်းတော်ကြီးက လက်ဖယ်၍ မင်းကြီးသိမ်းယူပြီးကြောင့် ငါတို့ကျောင်းဝယ်သင်တုန်းမျှမရှိ အဘယ်လက်နက်ဖြင့် တားရပါအံ့နည်းဟုဆို၏။ နားမှစီးယိုသော သွေးကို သုတ်စရာ ပုဝါပေးတော်မူပါဟု တောင်းပြန် သောအခါ မင်းကြီးကျေးဇူးကြောင့် ကျောင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း ကွမ်းထုပ်စရာ ပဝါမျှမရှိရအောင် သိမ်းယူသည်။ ယခု ဘယ်ကိုပေးရအံ့နည်းဟုဆိုလေလျှင် မင်းကြီးလည်း မတားလိုသောအကြောင်းကိုသိ၍ မိမိကုသိုလ်ပြုလျှုဒါန်းထားသော ဂူထဲသို့ဝင်၍ တံခါး ပိတ်လျှက် နေလေ၏။

ရှင်ငယ်နှစ်ပါးကလည်း မင်းကြီးသည် ဂူထဲကထွက်အံ့လော၊ မင်းကြီးကောင်းမှုကိုလည်း မီးတိုက်ခံ အံ့လောဟုဆိုသော် ငါသေသော်လည်း ငါ့ကောင်းမှု မပျက်စီးပါစေနှင့်၊ ထွက်ပါအံ့ဟု

http://www.dhammadownload.com



ဆိုပြီး လက်ယာနားမှထွက်သော သွေးကို လက်ယာလက်ဖြင့်ခံယူပြီး ဘုရားရုပ်တုတော်၏ လက်ယာပေါင်တော်၌ လက်ဝါးစုံဖြင့် ပုတ်ပြီးလျှင် ဤသို့အဓိဋ္ဌာန်ပြုတော်မူသည်ဟု ဆိုပါသည်။ "အရှင် ရုပ်တုတော်မြတ် ဘုရားကျွန်ုပ်သည် ဤပြည်၌ တစ်ဖန်မင်းအဖြစ်ကိုရ၍ အကျွန်ုပ်၏ ရန်သူတို့၏ ဆွေမျိုးအသင်းအပင်းတို့ကို ပြုန်းတီးအောင်သတ်ရပြီးမှ အကျွန်ုပ်လိမ်းကျံသော လက်ယာပေါင်၌သွေးသည် စင်စေသတည်း"ဟု သစ္စာဆိုပြီး ဂူမှထွက်၍ အသတ်ခံလေလျှင် ရှင်ငယ်တို့က ဘုရင်ဦးခေါင်းကိုဖြတ်ကာ စည်သဘင်အမတ်ကို အပ်လေ၏။ ဤသည်ကား "ရခိုင်ရာဇဝင်ကျမ်း" အရှင်စန္ဒမာလာလင်္ကာရ၊ စာ ၃၆၂-၃၆၄မှ ကောက်နုတ်၍ ဖော်ပြခြင်း ဖြစ်ပေသည်။ ထိုနန်းကျမင်း၏ ဝတ်စားဆင်ယင်မှုအပြည့်အဝပါသော ရုပ်တော်အား လေးမြို့ ခေတ်နှောင်းပိုင်း ဝတ်စားဆင်ယင်မှုကို သိသာပါရန် ထည့်သွင်းထားပါသည်။

## ရခိုင်မင်းသမီး ဖချင်း အပိုဒ်–၂၄

၆. . . ၊ ပေမိမ့်ပြတ်ပြတ်၊ ကျူးရေရွှတ်အံ့ ထိုမင်းနှစ်ပါး ငြိုးသိုထား၍ ဆေးဝါးမန္တာန် တတ်မှန်အန္တိ ဇော်ဂျီဝိဇ္ဇာ ပညာစီရင် ဘယ်သူသင်ထား ရှင်ငယ်စိတ္တ နာရဒကို မိဖုရားပြစ် ရလစ်မသတ် ဆရာမှတ်၍ ကြည်ညွတ်ရိုသေ တောင်းပန်လေမှ ထွေထွေလာလာ နာနာရုပ်ဟန် ဘန်ဘန်ဆင်းဆင်း လိုက်လေလျှင်း၍ လွတ်ခြင်းမထင် ဂူထဲဝင်လျှက် ရှင်တော်ရုပ်ထု ကိုယ်တော်မူ တွင် ပြုသည့်သစ္စာ အဓိဋ္ဌာကြောင့် ယင်းခါကဝယ် မြှောက်စားနွယ်၍ နှစ်ဆယ်နှင့်ဒွေး နန်းထက်ဝေးမှ ရှင့်ဘေးတော်မင်း ရှင်ရှင်းတွင်သာ သွေးလက်ျာမူ ကြေရှာဟူသည်။ ။ နတ်လူအံ့မိန်းမူးတည့်လေ။ ။ မူးတည့်မှောက်တော် ဟုတ်တည့်ဩော် ရေသော်နှစ်ကျိပ် ဖြူရိုပ်ဖွေးဖွေး နှစ်ယောက်ဝေးမျှ ရှင်ဘေးတော်ချစ် မင်းခေါင်ဖြစ်မှ ကြေလစ်တည် လက်ျာသွေး။

နန်းကျကြီးနောင်တွင် အင်းဝဘုရင်မင်းခေါင် (မင်းရဲကျော်စွာ ဖခမည်းတော်)အဖြစ် ဝင်စားပြီး ရခိုင်အားစစ်ပြုလာ၍ လောင်းကြက် နောက်ဆုံးစွန်မင်း မင်းစောမွန် ၂၂-နှစ်တာ ဘင်္ဂါ ၁၂-ခွင်သို့ တိမ်းရှောင်နေခဲ့ရသည့်အခါမှ နန်းကျကြီး လက်ျာသွေး သစ္စာချုပ်ငြိမ်းသွား ခဲ့သည်ဟု ဆိုထားခြင်း ဖြစ်ပါသည်။

ထိုမင်းလွန်လေလျှင် စည်သဘင်အမတ်ကြီးက ပြည်သူတို့ဖြင့် တိုင်ပင်ပြီး နန်းကျကြီး သားတော် မင်းဘီလူးကို မင်းသမီး စောမာလာ (စောသမ္မာ)နှင့် သက္ကရာဇ်-၆၄၉ တွင် အဘိသိက် ခံပြီး မင်းအဖြစ် အပ်နှင်းကြသည်ဟု ဆိုပါသည်။ ဤမင်းမှာ လွန်စွာမှ စိတ်ထားခက်ထန် ကြမ်းတမ်းမှုရှိသဖြင့် ပြည်သူပြည်သားများက မင်းဘီလူးဟု သမုဒ်ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

http://www.dhammadownload.com



အမတ်ကြီးစည်သဘင်သမီး ပန်းနီလာကိုလည်း မိဖုရားမြှောက်လေသည်။

## မင်းဘီလူး၊ မိဖုရား စောသမ္ဘာ၊ ကောဇာ ၆၃၉–၆၄၃

(မင်းဘီလူးအမည်ရင်းမှာ စည်သူဖြစ်ပေသည်)ထိုမင်းဘီလူးသည် ကုသိုလ်ကောင်းမှုကို လည်းမပြု၊ ကြမ်းတမ်းယုတ်မာစွာဖြင့် မှူးမတ် ပြည်သူတို့၏ သမီးများကိုလည်း နန်းကျကြီးကဲ့သို့ သိမ်းယူလေ၏။ ပြည်တုတ်ပြည်ခွန်ကိုလည်း မညှာမတာ ဖခမည်းတော် အခါကထက်ကဲ၍ ကောက်ယူလေသည်။

ထိုမင်းတွင် သားတော်တစ်ပါးဖွားမြင်သောအခါ ကောင်းသောတိတ်နိမိတ် စနည်း တဘောင်တို့ များစွာပေါ်ခဲ့သည်။ မင်းတို့ကိုင်စမှတ်ပြုသော လက်နက်ပေါင်းတို့သည် အရောင် တောက်ပခဲ့သည် ဖြစ်ကုန်၏။ ထိုကဲ့သို့သော အခြင်းအရာများကို ကြားသိမြင်ရသောအခါ သားကမိမိထက်လွန်ပြီး ဘုန်းတန်ခိုးတော်ကြောင့် ကျော်လွှားသွားမည်ကို ကြောက်ရွံ့၍ ဖခင်မင်း ဘီလူးက ယုတ်မာသောအကြံဖြင့် မိမိကလေးငယ်အား မြစ်အတွင်း ရေတွင်နှစ်မြှုပ်သတ်ဖြတ် ဖျောက်ဖျက်ပြစ်ရန် လူယုံတော်တစ်ဦးအား စေခဲ့သော်လည်း ၄င်းကျေးကျွန်က ကလေးငယ်အား သနားကြင်နာမှုဖြစ်ပေါ်ကာ မြို့တော်သို့ဈေးရောင်းဈေးဝယ်ပြီး မိမိတို့ရပ်ရွာသို့ ပြန်ရန်ပြင်ဆင်နေ ကြသော လင်မယားနှစ်ဖော်နှင့် မြစ်ဆိပ်ကမ်းနားတွင်တွေ့၍ ကလေးငယ်ကို ယူဆောင်သွားကာ မွေးစားရန်ပေးခဲ့ရာမှ မင်းသားငယ်မှန်းမသိ အစဖျောက်ကာ ခြောက်နှစ်တာမွေးစားမိဘ များထံ တွင် ကြီးပြင်းလာခဲ့ရသည်ဟု ဆိုပါသည်။

ဤအခြင်းအရာကို ရိပ်စားမိသော စည်သဘင်အမတ်ကြီးနှင့် မှူးမတ်ပြည်သူများက ဤမင်းသည် မိမိ၏သားငယ်ကိုပင် ကရုဏာချစ်မြတ်နိုးစိတ် မထား၊ မိမိနန်းသက်ကြာရှည်စွာ တည်မြဲရေးကိုသာရှုပြီး သားငယ်ကို ဖျောက်ဖျက်သတ်ဖြတ်ရန်ပြုလုပ်သော မင်းဖြစ်ရာ ငါတို့လို ပြည်သူတို့က အဘယ်ဆိုဖွယ်ရာရှိအံ့မည်ဟု ကြောက်ရွံ့မုန်းတီးလာကြ၍ မှူးမတ်ပြည်သူများညီကာ မင်းဘီလူးနန်းတက်ပြီး ၄-နှစ်ရှိသော အခါတွင် နန်းတွင်းပုန်ကန်ပုံစားခြင်းကြောင့် အနိစ္စရောက်ခဲ့ ပါသည်။

ထိုမင်းလွန်တော်မူလျှင် မင်းဘီလူးကို ပုန်စားသော စည်သဘင်အမတ်ကြီးကိုယ်တိုင်

http://www.dhammadownload.com



နန်းလုစိုးစံတော်မူပြီး မိမိမိသားစု ခံစားခဲ့ရသော ဒုက္ခဆင်းရဲအဖြာဖြာတို့ကြောင့် မင်းမျိုးမင်းနွယ် အပေါ် လွန်စွာမုန်းတီး ကလဲ့စားချေလိုသည့်အပြင် မိမိနန်းသက်တည်မြဲစေရန် မင်းညီမင်းသား မင်းဆွေဝင်များအားစိစစ်၍ ညှင်းဆဲ နှိပ်စက်က လူပြုလေသော် ကြွင်းသော မင်းမျိုးမင်းဆွေတို့ သည် ပြည်သူပြည်သားတို့နှင့် ညီညာလျှက် စည်သဘင်နန်းသက် ၂-နှစ်ဝယ် လုပ်ကြံသတ်ဖြတ်ခဲ့ သဖြင့် ကောဇာ ၆၄၅-ခုတွင် လွန်တော်မူသည်။

ထိုအချိန်၌ ယိုးချောင်းဖျားတစ်နေရာတွင် မထင်မရှား ဘုန်းကြီးကျောင်းသားအဖြစ် ကျောင်းထိုင်ဆရာတော်ကြီး၏ သွန်သင်မှုအောက်တွင် ပညာသင်ကြားနေသော ၇-နှစ်သားအရွယ် ရှိ "မင်းထီး"လောင်းလျာ အသက်ရှင်လျှက်ရှိကြောင်း၊ ၎င်းအားရေတွင်နစ်မြှုပ်သတ်ဖြတ်ရန် တာဝန်ပေးယူဆောင်သွားခဲ့ရသူ မင်းဘီလူး ကျေးကျွန်ထံမှ ဖြစ်ကြောင်းမှန် သတင်းအစအန သိရှိခဲ့ရ၍ စူးစမ်းရှာဖွေခဲ့ရပြီး ယိုးချောင်းဖျားမှ လောင်းကြက်မြို့တော်သို့ ယူဆောင်လာကာ ဖခမည်းတော် မင်းဘီလူးအရိုက်အရာကို မျှုမတ်ပြည်သူများက အပ်နှံခဲ့ကြ ပါသည်။

## ရခိုင်မင်းသမီး ဧချင်း အပိုဒ်–၂၅

ဧ. . . . . ဝေပိမ့်စည်ကွင်း မကောင်းခြင်းဖြင့် ထိုမင်းနှင့်သား (မင်းရိုး နန်းကျကြီးနှင့် မင်းဘီလူး) နှစ်ပါးလုံးလွန် နှောင်းဆုံးစွန်တွင် ကောင်းမွန်ယည်ချိ လောင်းတောမိဟု ဇာတိမချွတ် လူနတ်ပုံခြီး ဘုရားထီးကား ထွန်းညီးမည်တော် ဘွားလက်သော်တည့် နုဘော်တောဘ ဤလက်နက် သံလျှက်တောက်ရောင် နန်းလုံးပြောင်မျှ ကောင်းခေါင်ခြင်းရာ သားကြောင့်ငါကား ခန္ဓာအသက် တို့အံ့လျှက်ဟု ပုခက်နှင့်ရစ် ရေဝယ်ပြစ်လည်း မနစ်ထိုရော် စက်ဝန်းပေါ်သို့ ပူဇော်နတ်တို့ ကျွန်းလုံးကြို၍ လေးမြို့တစ်ဖန် လျှိုလေပြန်မူ ပူပန်ဝမ်းပါး မိဖုရားနှင့် မတ်များမတ်ဗိုလ် ပြည်လုံးဟိုလျှက် ဘကိုပယ်လစ်ခုနှစ်နှစ်က ရှိချစ်ကြည်လင် ထီးနန်းတင်သည်။ ။ ရွှေစင် သန္ဓေဖူးတည့်လေ။ ။ ဖူးတည့်မှောက်တော် ဟုတ်တည့်သြော် မယ်တော်ကာစ မတ်ထိုမျှတို့ ဘကိုပယ်လစ် ခုနှစ်သက်နီ ပျိုမကြီးက မင်းထီးမည်ခေါ် ဘေးလောင်းတော်ကို ပူဇော်လူနတ် အားလုံးညွတ်သည် အထွက်ထည့်တင်သေးပွဲစုဝေး။ ။လေညီးယင်ယင်ဧ။ကောဇာ ၆၄၅-၇၅၁။

**မင်းထီးမင်း၊ မိဖုရား စောစစ်၊ အေဒီ ၁၂၈၃–၁၃၈၉။**

http://www.dhammadownload.com



ထိုမင်းမြတ် နန်းစည်းစိမ်ရလာသည့်အခါ အသက်အရွယ်အားဖြင့် ၇-နှစ်သာ ရှိသေးသဖြင့် ၄င်း၏ ဦးရီးတော် အနန္တဘာယ၊ မယ်တော် သုဘဒ္ဒါဒေဝီတို့နှင့်အတူ နန်းတွင်းညီလာခံပွဲလမ်းသဘင်များ ကျင်းပသည့်အခါ ၄င်းတို့တစ်ဦးဦး၏ ရင်ခွင်ပေါ်တွင်ထိုင်ကာ ရှုစားနားဆင်တော်မူသည်ဟု သိရပေသည်။

မင်းထီးသည် လွန်လေသော မယ်တော်၏မောင်တော်ရင်း ဦးရီးတော်သမီး မြတ်ရွှေညာကို တောင်ညာနန်းတော်မူ၍ ဘိသေကကို သက်တော် ၁၅-နှစ်ရောက်သောအခါ ခံတော်မူသည်။

မင်းထီးမှာ ငယ်ရွယ်စဉ်ကပင် ဆရာသူမြတ် ဘုန်းတော်ကြီး၏ ကြပ်မတ်သွန်သင်မှုကြောင့် ရတနာသုံးပါးကို လွန်စွာကိုင်းညွတ်ပြီး ဒုစရိုက်ဟူသမျှကို မုန်းတီးရွံ့ရှာသော ကလေးငယ်တစ်ဦးဖြစ်သည့်အားလျော်စွာ ဆယ်ကျော်အရွယ်ကပင် တိုင်းပြည်အဝှမ်း စာရိတ္တမကျိုင် ပျက်ပြားယိမ်းယိုင်နေသည့် အခြေအနေကို စက်ဆုပ်ဖွယ်ရာ တွေ့မြင်သိရှိလာသည့်အခါ၌ ထိရောက်စွာ ပြုပြင်ထိန်းသိမ်း ကွပ်ကဲနိုင်မှုရှိစေရန်အတွက် ရည်ရွယ်ပြီး အမိန့်တော်ထုတ်ပြန်ခဲ့သည်ကား "သားမကောင်းလျှင် အဖကို စီရင်ရမည်။ မယား မကောင်းလျှင် လင်၊ တပည့် မကောင်းလျှင် ဆရာ၊ ကျွန် မကောင်းလျှင် အရှင်၊ သမီး မကောင်းလျှင် အမိကို စီရင်ရမည်"။ အာဏာ ၅-ရပ် ပိုင်းခြားလျှက် ထားလေသည်။

တစ်နေ့သောအခါ လောင်းကြက်မြို့နေ သူဌေးမနဥယ၏ ကျွေးကျွန်နှစ်ဦးတို့သည် လက်မရှာတွင် နွားတစ်ကောင်ကို ခိုးယူသတ်စားလေရာ ၄င်းတို့အားဖမ်းပို့လျှင် သူဌေးက မိမိအပေါ် တည်ဆဲဥပဒေအရ အပြစ်သက်ရောက်မည်ကို ကြောက်ရွံ့သောကြောင့် ငွေအသပြာတစ်ထောင် လာဘ်ထိုးကာ ဘုရင်မင်း၏ ဦးရီးတော်အနန္တဘာယအား အစားဝင်ပြီး နွားခိုးစားသူနှစ်ယောက် ကျွန်ရှင်ခံစေသည့်မှုခင်းကို စစ်ဆေးခဲ့ရာတွင် ပြည့်ရှင်မင်းက မည်သူ့ကျွေးကျွန်နည်းဟု မေးတော်မူရာ၌ ဦးရီးတော် အနန္တဘာယကျွန် ဖြစ်ပါသည်ဟု လျှောက်လေသော် ဦးရီးတော်က မှန်ကြောင်းဆိုသည်နှင့် မင်းထီးက စစ်တကောင်းမြို့စား ဝိမလအား အာဏာကို ဖျက်သူအား မည်သို့လာသနည်းဟု ဘေးတော်၊ ဘိတော် ထီးနန်းမင်းဆက်စီရင်ထုံးဟောင်းများ နှင့်အညီ လျှောက်ရမည်ဟု မိန့်တော်မူခဲ့ရာ ပညာရှိအမတ်ကြီး ဝိမလက လိမ္မာပါးနပ်စွာဖြင့် ကျမ်းဟောင်း ရာဇနီတိပါကို အကြောင်းပြုလျှောက်ထုံးသော်ကား -

http://www.dhammadownload.com



မင်းတို့၌ ပြကတေ့ ကျေးဇူးတရား ခုနစ်ပါးရှိကြောင်းကို ကျမ်းဂန်၌လာသည်ကား လိမ္မာတော်ဖြောင့် တရားစောင့်သော ပြည့်ရှင်မင်းလည်းတစ်ပါး၊ မိမိအရှင်ဖြစ်သော မင်းအလိုတော်သို့ တရားသဖြင့်လိုက်၍ ဆုံးမပေးတတ်သော အမတ်ပညာရှိလည်းကောင်း၊ ဇနပုဒ်ပြည်ရွာတိုင်းကား၌ ဖြစ်ပေါ်ထွန်းလင်းသော သူတော်ကောင်းဖြစ်သော ပညာရှိလည်းကောင်း၊ ဖျက်ဆီးကူးမြောက်ခြင်းငှာ ခဲယဉ်းစွာသောမြို့ရိုး၊ တံတိုင်း၊ ပြအိုး၊ တန်ဆောင်း၊ ကျုံးမြောင်း၊ ရင်တားနှင့်ပြည့်စုံသော မြို့တော်ရှိခြင်းလည်းကောင်း၊ အပြစ်ရှိ သူအား အပြစ်အားလျော်စွာ မျက်နှာကြီးငယ်မဖယ်မရွေး ဒဏ်ပေးခြင်းလည်းကောင်း၊ ပြည်သူတို့၏အခွန်ကို မလွန်စေရ ဆယ်ဖို့တစ်ဖို့ ခံယူ၍မကုန်မခမ်းနိုင်သော ကျီကြဘဏ္ဍာ ဥစ္စာများမြောင်စွာရှိခြင်းလည်းကောင်း၊ ရန်သူရောက်လတ်သောအခါ ညီညာကူပံ့ဖော်ရသော ပြည်ထောင်ဘက်ခြင်း မိတ်ဆွေခင်ပွန်းမင်းရှိခြင်း လည်းကောင်း ဤသို့ခုနစ်ပါးသော မင်းတို့၏ပြကတေ့ ကျေးဇူးတရားတို့သည် ဖြစ်ကုန်၏ဟု "နီတိဝိ စက္ခဏာ" ရာဇာနီတိ၌ လိမ္မာကုန်သော ပညာရှိသည် ဆိုအပ်ကုန်၏။

ဤသို့ ကျမ်းဂန်လာကြောင်းနှင့် အမတ်ကြီးလျှောက်လေရာ ပြည့်ရှင်မင်း အမိန့်တော်ရှိသည်ကား ငါယင်တော်မူသော်လည်း ကေသရာဇာခြင်္သေ့မျိုးသည် ရွှေဂူ၌သာ အိပ်သကဲ့သို့ ခြင်္သေ့၏အဆီသည်လည်း ရွှေခွက်တွင်သာ တည်သည်။ ဆဒ္ဒန်ဆင်ဖြူမျိုးမှန်လျှင် ဆင်မည်း(မဲ)ဖွားရိုး မရှိ။ နေလတို့သည် မိမိအရောင်ကို ဖျက်၍မထွန်း။ သမုဒ္ဒရာတို့မူလည်း ကမ်းသို့ရေလျှံရိုးမဟုတ်။ ငါတို့မင်းမျိုး၌လည်း အနီးအဝေးမရွေးလေရာ။ အာဏာသားနား ထားတော်မူသောစကားကို ဖျက်ရိုးထုံးဟောင်းမလာ။ မင်းတည်ကြည်မှ ပြည်သာမည်ကို အနွယ်တော်စောင့်သော တရားမဖျက်သင့်။ ငါလည်း သိတော်မူသည်ပင်ဟု အမိန့်တော်ရှိ၍ ဦးရီးတော်အနန္တဘယကို သူသတ်လက်သို့အပ်၍ ကွပ်မျက်စေပြီး အမတ်ကြီးသို့လည်း စားကျေးမင်းတုန်းကို ပေးတော်မူသည်။ ဤမင်းကား ဥပဒေပြုရေးရာ၌ ပြည်ထောင်စုအဝှမ်း တပြေးတညီတည်း အာဏာစက်ဖြင့်ဆောင်ရွက်စေခဲ့သည်သာမက မိမိကိုယ်တော်တိုင်ကလည်း တသဝေမတိမ်း လိုက်နာကျင့်သုံးခဲ့ပေသည်။

ဥပမာတစ်ရပ်မှာ-တစ်နေ့သော် ဘုရင်မင်းထီး နန်းတော်တိုင်များတွင် ကွမ်းစားပြီးလက်ချောင်းတွင် ကျန်နေသည့် ထုံးများအား စည်းကမ်းမဲ့သုတ်၍ ပယ်ကြဲ့နေသည်များကိုမြင်တွေ့ရသောအခါ နန်းတိုင်များတွင် ထုံးမသုတ်ရန်နှင့် အကယ်၍ သုတ်မိပါက လက်ညှိုးအဖြတ်ခံရမည်ဖြစ်ကြောင်း အမိန့်တော်တစ်ရပ် ထုတ်ပြန်လေသည်။ ကာလအတန်ကြာလျှင် ဘုရင်မင်းထီး

http://www.dhammadownload.com



သည် ကိုယ်တိုင် ထုတ်ပြန်ထားသော အမိန့်ကိုမေ့လျော့ကာ နန်းတိုင်၌ ထုံးသုတ်မိလေရာ ၄င်းအခြင်းအရာအား ညီလာခံ၌ စိစစ်လေသည့်အခါ မှူးမတ်များက နေ့ရက်အချိန်နာရီ နှင့်တကွ မှတ်တမ်းတင်ထား သည်ကို ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြကြသည့်အခါတွင် မိမိမှာ ပြည့်ရှင်မင်းပင် ဖြစ်လင့်ကစား မိမိထုတ်ပြန်ထားသော အမိန့်တော်ကို ချိုးဖောက်သည့်အတွက် ခွင့်လွှတ်ခြင်း မပြုနိုင်ဟု မိန့်တော်မူပြီး လက်စွဲတော်သံလျှက်ဖြင့် မိမိလက်ညှိုးကို ကိုယ်တော်တိုင် ဖြတ်တောက် ဒဏ်ခတ်တော်မူသည်။

ဤအဖြစ်အပျက်ကို အထိမ်းအမှတ်တစ်ရပ်အနေဖြင့် ဘုရားရုပ်တုတော်များ တည်ထားသည့်အခါ ဆင်းတုတော်၏ ညာဘက်လက်ညှိုးတော် မပါစေပဲ လက်ချောင်းတော် ၄-ချောင်းစီသာ ထုလုပ်စေခြင်း ဖြစ်သည်ဟုဆိုပါသည်။ မင်းထီးဘုရင်၏ ကောင်းမှုတော် တိဿဘုရားပုံတော်ကို ရှုပါ။

## သာစွလေကဗျာ၊ အပိုဒ်–၁၂

ပြည်ရွှေဘုံသာ တိုင်းရက္ခာ၌ တေဇာရှိန်ပြင်း တရားမင်း၏ ဝပ်စင်းမှီရာ ခံထိုက်စွာသား မဟာနရိန် မင်းရာဇိန်တို့ ကြိမ်ကြိမ်ထပ်ထပ် စိုးပိုင်လတ်၍ နွယ်မြတ်စဉ်လာ ကမ္ဘာတစ်လျှောက် မပေါက်မတိမ် မျိုးမမှိန်ဘဲ ဒေဝိန်ပြည်နှုန်း ပျော်မဆုံးအောင် ရွှင်ပြုံးပြည်သူ စိတ်ကြည်ဖြူ၍ ဆူဆူဘုရား တည်လျက်ထားကာ အစ္ဆနနဒီ ခေါ်ညီတွင်ထ ထိုမြစ်မ၏ကမ်းစနှုဖူး မြေသန့်ထူးဝယ် ကျွန်းဦးမည်ခေါ် သောင်းခေါင်မော်နှင့် ဓာတ်တော်ပါးပျိုင်း အံ့လှိုင်ဦးခိုင် တက်မကိုင်လည်း ဘုန်းလူထင်ပေါ် လက်မတော်ဟု တွင်ခေါ်တလီ ပါရီနားရီ မြတ်စေတီသို့ အညီသင့်လျော် တည်လတ်တော်က ဖူးမြော်လူများ ကုသိုလ်ပွားခဲ့ တခြားမှတ်ရာ လေးမြို့မှာကား ဦးစွာစမွက် တချက်ပဋ္ဌာ မည်သာကျော်ရှိန် မြို့ပရိန်နှင့် မမှိန်ထင်ရှား ထပ်ဆင့်ပွားသည် တခြားလောင်းကြက် ဂုဏ်သိရ်တက်ခဲ့ ပြည်တက်နဂိုရ် မှီခိုသူများ စဉ်လာမှားသည် နွားလားသင်းစု ခုနှစ်ခုမွေး သချာရေးသော် အံ့ငေးစရာ ပြည်ရက္ခာသည် သာသနာမဏ္ဍိုင် ရခိုင်သာယောင် သာယာစွလေ သာစွလေ။ ရခိုင်သားလေ။ သာလေစွလေ။

မင်းထီးကား အလွန်လျှင် ရတနာသုံးပါးကို ကြည်ညိုမြတ်နိုးပေ၏။ များစွာသောကောင်းမှုကိုလည်း ပြုခဲ့ကာ မင်းမျိုးမင်းဆွေ မှူးမတ်ပြည်သူကိုလည်း များစွာချီးမြှောက်မစတော်မူလေသည်။ ပြည်သူရှာသားတို့အား ဝမ်းထွက်သားကဲ့သို့ သနားကြင်နာတော်မူတတ်၏။ ပြည်ထုပ်ပြည်ခွန်

http://www.dhammadownload.com



အလုံးစုံကိုလည်း ထက်ဝက်မျှ ယုတ်လျော့ညှာတာ၍ ကောက်ခံရ၏။ အဟောင်းအမြစ်ဖြစ်သော ဘုရားစေတီ ပုထိုးသိမ်ကျောင်း တန်ဆောင်း ပြသာဒ်တို့ကိုလည်း အသစ်တစ်ဖန် ထပ်မံ၍ ကောင်းမွန်စွာ ပြုပြင်ခဲ့ကာ ရေတွင်းရေကန်၊ တံတား၊ လမ်း ဟူသမျှတို့ကို မည်သည့်မြို့ရွာ တစ်ရပ်တစ်ကွက်မျှ မကျန်ရလေအောင် လုပ်ဆောင်စေခဲ့သည်။ လဆန်း လဆုတ် မယုတ်မပျက် ဥပုသ်သီလ ဆောက်တည်တော်မူသည်ဟု ရာဇဝင်မှတ်တမ်းများအရ သိရှိရပါသည်။ ထိုသို့ တရားဘာဝနာ အားထုတ်မွေ့လျော် နေတော်မူသော အလေ့အထ ထက်သန်ကြောင်း နီးနားဝန်းကျင် နယ်ပယ်များထိတိုင် သတင်းပျံ့နှံ့ပြီး အမျက်စောင်မာန်မရှိ စစ်မက်ရေးရာ ဝါသနာမထုံ မလိုလားဟူ၍ မှတ်ထင်ယူဆကြသဖြင့် သြဇာခံနယ်ပယ်များနှင့် နီးနားပြည်ထောင်မင်းများက အထင်အမြင်မှားကာ အခွင့်ကောင်းယူပြီး အာဏာဖီဆန် ပုန်ကန်မှုများ ပြုလုပ်စေခြင်းနှင့် ရခိုင်နယ်နိမိတ်အတွင်း ကျူးကျော်ရန်စကာ သွေးတိုးစမ်း ထိပါးခြင်းများကို ပြုလုပ်လာခဲ့ကြပါသည်။ သို့သော် မင်းထီးမှာကား ၎င်းတို့ထင်မြင်သည့်အတိုင်းမဟုတ်ဘဲ ဘာသာရေးလွန်စွာ ကိုင်းရှိုင်းကြိုးစားအားထုတ်ခြင်း ရှိလင့်ကစား လက်ရုံးရည်နှလုံးရည် စစ်အင်္ဂါ လေးရပ်နှင့်ပြည့်စုံသည့် တပ်တော်ကြီးဖွဲ့စည်းတည်ထောင်ထားရှိကာ ပြည်ထောင်အဝှမ်း စည်းလုံးညီညွတ်ပြီး မိမိတို့၏ ဘုရင်မင်းမြတ်အား ကြောက်ချစ်ရိုသေခြင်းကိုခံရသော မင်းတစ်ပါးဖြစ်သည့် အားလျော်စွာ သက္ကရာဇ် ကောဇာ-၆၆၀၊ အေဒီ ၁၂၉၈/၁၃၀၀ အတွင်း အရှေ့မြောက်အရပ်မှ သျှမ်းတရုတ်များ (Sung) (Shan) (That)နှင့် ၎င်းတို့အား ဦးစီးသည့် ကူဗလိခန်နွယ်ဝင် ယွန်း (Yuan)မှ မွန်ဂို (မင်းကွန်း)တပ်များ (မြင်းစိုင်း၊ မက္ခရာ၊ ပလယ် ဘိန္နကနွယ်ဝင် ရှမ်းစော်ဘွား မျိုးရိုးမင်းသားများအား တိုက်ပြီး ကျော်စွာမင်းအား ပုဂံထီးနန်းတင်ရန်သားဖြစ်သူ စောနစ် ပုဂံမင်း စစ်ပင့်ခေါ် ချက်အရ) မြန်မာပြည်တွင်း အေဒီ ၁၂၉၈/၁၃၀၀ က ကြီးမားသော တရုတ် မွန်ဂိုတပ်တော်ကြီး ဝင်လာသော အခါ အချို့အဝက်သော တရုတ်တပ်များက ၎င်းတို့သြဇာလွှမ်းမိုးသည့် မိုးညှင်း၊ ကလေးဘက်မှ ဝင်ရောက်ဖျက်ဆီး တိုက်ခိုက်လာ၍ မင်းထီးတပ်များက သွားရောက်တိုက်ခိုက် ခြေမှုန်းခဲ့ရပါသည်။ ဖမ်းမိသော သုံ့ပန်းစစ်သည်များအား အစာရေစာ အဝကျွေးပြီး အဝတ်အထည် ရိက္ခာများပေးပြီး ပြန်လွှတ်ပေးခဲ့သည်ဟု ဆိုပါသည်။

၉-သိန်းသော ခန်းမင်းကြီး မြင်းစိုင်းသို့ အေဒီ ၁၃၀၀ တွင် ရောက်ပြီး ၎င်းနှစ်တွင်ပင် လက်ဆောင် ပဏ္ဏာ မြောက်များစွာရရှိပြီး ကျော်စွာမင်းခေါင်ကို ပြသခဲ့သဖြင့် ပြန်ကြသည်ဟု

http://www.dhammadownload.com



ဆိုပါသည်။ "ရှမ်း"များ တရုတ်တရက်တပ် ပြန်သည့်အခါ ခြားနားပုန်ကန်ကြသည်ဟုလည်း မှန်နန်း-၉၂၊ စာ-၃၆၆ တွင် ဆိုပါသည်။

အရှေ့ ရှမ်းတစ်လွှား၊ မိုးနဲ၊ ညောင်ရွှေ၊ အုန်းပေါင်၊ မိုးမိတ်နှင့် မြောက်ဘက်တစ်လွှား မိုးညှင်း၊ မိုးကောင်း၊ မိုင်းညောင်း၊ ကလေးတို့ ဖြစ်သည်ဟု ပါရှိသည်။ ၄င်းအပြင် မွန် ပုသိမ် သုံးဆယ့်၊ နှစ်မြို့လည်း ခြားနားလေသည်ဟု ဆိုပါသည်။ စာ-၃၆၆။

ရခိုင်/မြန်မာ ရာဇဝင်အရေးအသား ကိုက်ညီမှုရှိသည်ကို တွေ့ရပါသည်။ ရခိုင်ရာဇဝင် တွင် မင်းထီးနန်းတက်ပြီး ၁၅-နှစ် (၆၄၅+၁၅ =၆၆၀ + ၆၃၈ = အေဒီ - ၁၂၉၈/၉ ခန့်တွင် သျှမ်း(တရုတ်) ဝင်သည်ဟု ဆိုပါသည်။ မှန်နန်း-၉၂ တွင်လည်း သျှမ်း (တရုတ်)ဝင်သည်ဟု ဆိုပါသည်။ မှန်နန်း-၉၂ က မြင်းစိုင်းသို့ ၆၆၂ တွင် ရောက်သည်ဟု ပြဆိုပါသည်။ ပုဂံသို့ တရုတ်တရက်များ ဝင်သည့်အချိန် အေဒီ-၁၂၈၄ ခန့်က စပြီး "ဆင်း"ပြည်ထောင် ယူနန်ဒေသမှ တရုတ်တရက် (Shan) သျှမ်း (Thai)လူမျိုးစုများက ရှမ်းကုန်းမြင့် ဒေသအား ဩဇာလွှမ်းမိုးစ ပြုပြီးဖြစ်ပါသည်။ ပုဂံစစ်အင်အားမှာ တရုတ်တရက်၊ ကူဗလိခံ စစ်ကြီးကြောင့် ယုတ်လျော့ချည်နဲ့ သွားခဲ့ကာ ပုဂံ၊ ပြည်၊ ဒလ၊ ပဲခူး၊ ပုသိမ်၊ မြင်းစိုင်း၊ မက္ခရာ၊ ပင်လယ်၊သရက် စသည်ဖြင့် အရိမဒ္ဒနာ ပေါက္ကံပြည်ကြီးမှာ အကွဲကွဲအပြားပြား စည်းလုံးညီညွတ်မှုပျက်ပြား၍ သူတလူငါတမင်း ဖြစ်သွား ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အချင်းချင်း စစ်မက်ပြုလုပ် ကြံစည်ပုန်စားမှုများစွာ ရှိခဲ့သည်။

ပုဂံမင်းများဖြစ်ကြသော ကျော်စွာသားမြေးများဖြစ်သည့် "စောနစ်" နှင့် "စောခင်နှစ်" မင်းများမှာ ငခွေးချေး (တရုတ်ပြေး) နရသီဟပတေ့မင်း၏ မိဘုရားကြီး (ဖွားစော)နှင့် ရှမ်းဘိန္နက နွယ်ဝင်မင်းတို့ပေး၍သာ ပုဂံမြို့စားအဆင့်မျှအဖြစ် ရပ်တည်နေနိုင်ခဲ့ကြသူများ ဖြစ်ပေသည်။ နရသီဟပတေ့မင်းလွန်သည်မှ ပုဂံ၊ ပင်းယနှင့် စစ်ကိုင်းမြို့တော်များအထိ မြန်မာရာဇဝင် (ရာဇဝံသ)မှာ လွန်စွာမှ ရှုပ်ထွေးခက်ခဲသော ကဏ္ဍတစ်ရပ်ဟု ဆိုရပေမည်။ မင်းစွာစော်ကဲ "အင်းဝ"ခေတ်ကျမှ အခြေအနေတစ်ရပ်လုံး တည်ငြိမ်သွားခဲ့ပါသည်။ အေဒီ ၁၂၈၄ မှ ၁၃၆၇ (ကောဇာ-၇၂၉)ခုအထိ ဖြစ်၏။ ဓညဝတီရက္ခိုင်ပြည်ထောင် လေးမြို့ခေတ်၊ လောင်းကြက်ခေတ်၌ လည်း လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံပြီး စစ်အင်အားလွန်စွာမှ တောင့်တင်းသော သက်တော် ရှည် တရားမင်း "မင်းထီး" ကောဇာ ၆၄၅-၇၅၁၊ အေဒီ ၁၂၈၃-၁၃၈၉၊ နှစ်စု ၁၀၆-နှစ်

http://www.dhammadownload.com



စိုးစံခဲ့သောမင်းကောင်းမင်းမြတ်တစ်ပါး ပေါ်ထွန်းခဲ့၍သာ နှစ်ပေါင်း ၁၀၀-ကျော် လုံခြုံမှုအပြည့် အဝဖြင့် ဝပြောအေးချမ်းသာယာမှုကို ပြည်သူအပေါင်း ကောင်းစွာခံစားကြရပါသည်။ စစ်မက် အနည်းငယ်ရှိခဲ့လင့်ကစား လက်ရုံးရည်ပြောင်မြောက်သည့် ပညာရှိမှူးတော်မတ်တော်များနှင့် တောင်ကုတ်ချောင်းမှ နတ်မြစ်အထိ သေနင်္ဂဗျူဟာ ကျွမ်းကျင်သူ မြို့စားရွာစားများ စည်းလုံး ညီညွတ်စွာရှိသည်ဟု နိုင်ငံလုံခြုံရေးအတွက် တစ်တပ်တစ်အား များစွာအထောက်အကူပြုခဲ့ပါ သည်။

ဤခရစ်တော် သက္ကရာဇ် ၁၀၀၀-၁၄၀၀ အချိန်အပိုင်းအခြားအတွင်း အရှေ့ တရုတ်ပြည်၊ အနောက် မဇ္ဈိမ အိန္ဒိယကျွန်းဆွယ်ဒေသ တစ်ရပ်လုံးမှာ ထိုင်း၊ သျှမ်းနယ်ချဲ့လူမျိုးပြန့်မှု၊ မာမှု(ဒ်) Mahmud နောက်လိုက်နောက်ပါ ဘာသာရေးတစ်ယူသန် စစ်ကြူးဝါဒဖြန့်ကာ နယ်ပယ်သိမ်းပိုက်မှု နှင့် လွန်စွာမှ ရက်စက်ကြမ်းကြုတ်သည့် မွန်ဂို၊ ယွန်း၊ (Mongo Sung and Yuan ) စစ်ကေရာဇ်မင်းများ ဒေသအဝှမ်း ကျူးကျော်ဝင်ရောက် တိုက်ခိုက်သတ်ဖြတ်လုယက်ဖျက်ဆီးမှုများ ပြုကာကြီးစိုးလွှမ်းမိုးနေသောကြောင့် အရှေ့အာရှနယ်မြေတစ်ခွင် လူမှုရေးကြီးပွားရေးနှင့် ဘာသာရေးအယူဝါဒ ပဋိပက္ခမှုများကြောင့် မငြိမ်မသက် တပွက်ပွက်ဆူနေသည့် ကာလလည်းဖြစ် ပေသည်။ (The entire South East Asia was inferment ,and those with unfinched courage, to defend their race and religion survied as distinct , throughout this period.)

## ရခိုင်မင်းသမီးဧချင်း အပိုဒ်–၂၆

၄. . . . ၊ ဝေမိမ့်သံခြေ၊ စေ့စေ့ရေလျက် မြတွေကျင့်သုံးနှလုံးမလစ် မင်းဖြစ်သုံးဆယ်၊ ဆယ်နှစ်ဝယ်တွင် ၆၄၅+၃၃=ကောဇာ-၆၇၈=အေဒီ ၁၃၁၆ ခန့် ကြီးကျယ်တိုင်းကား ဝန်းလျားကျေ ညာ မြန်မာတလိုင်း ရှမ်းသာလှိုင်းလျက်၊ သက်ရှိုင်းနှင့်မြို့ သုသုမှောင့်ရောင့် စိတ်ဝမ်းနှောင့်မျှ ထောင့်ထောင့်ပုန်ကန်၊ထိုရန်မာန်ကို တွန်းလှန်လိုက်မည် စီးပွားရည်ကြောင့် ထိုသည်မင်းထီး ဘေးမင်းကြီးကား ပုတီးလက်ဖျင်ဘုရားတင်လျက် သို့စင်ခန်းကြူး၊ စစ်မြေမှူးမျှ၊ သုံးဦးတပ်မင်း၊ သုံးသင်း စစ်ခြေ၊ဖြိုဖြိုစေ၍ အောင်မြေဖြစ်ဖြစ် ၊ လက်ရုံးထစ်ခဲ့ ငယ်ဖြစ်ပျော်မွေ့ အိမ်ရှေ့ခုနှစ် ပစ်တုံ့နန်းမ၊ တရာခြောက်မည်၊ နန်းသက်ရှည်သည်။ နတ်ပြည်ဘဝင်ပစ်၍ ကြူးတည့်လေ။

။ကြူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ ငယ်သောခုနှစ် အိမ်ရှေ့ဖြစ်ကို ပစ်၍ ရေသော် ရွှေနန်းတော် သက်တော်တရာ့ခြောက်နှစ်ပသည်၊ ဘဝတည့်နတ်ပြည်ရှေး။ ။ လေည်းယင်ယင်။

http://www.dhammadownload.com



ကောဇာ-၆၀၀-၆၇၈၊ အေဒီ ၁၂၉၀-၁၃၁၆ ကာလအတွင်း ရခိုင်ပြည်ထောင်နယ်စွန်နယ်ဖျားမြို့ရွာ ဇနပုဒ် လေးရပ်လေးမျက်နှာက ကျူးကျော်ရန်စမှုများစွာရှိခဲ့ရာ မင်းထီးကအမျက်ဒေါသကြီးစွာထွက်၍ မှူးမတ်အပေါင်းတို့နှင့် တကွတိုင်ပင်တော်မူပြီးသော် ဓညဝတီမြို့တော်ဟောင်းရှိ မဟာမုနိရုပ်ရှင်တော်ထံသွားရောက်ကာ လက်စွဲတော်ပြုသော ပုတီးကိုဘုရားရှေ့မှောက်တင်တော်မူပြီးသော် အောက်ပါအတိုင်း မိန့်ခွန်းတော်မူလေ၏။

"မြတ်စွာဘုရားရုပ်ပွားတော်ကို စောင့်သောနတ်များအပေါင်းတို့လည်းကောင်း၊ သာသနာငါးထောင် စောင့်သောနတ်အပေါင်းတို့သည်လည်းကောင်း သိတော်မူစေသတည်း။ ငါတမူကား ဤဘဝပတ်လုံး ခန္ဓာတည်သ၍ ဒါန၊ သီလနှင့် မွေ့လျော်တော်မူလျက် နေ့ရက်ကိုကုန်စေအံ့ဟု မှတ်ခဲ့ပါသည်။ ယခုရန်သူများ သည် ငါ၏တိုင်းကားနိုင်ငံ ပျက်စီးအောင် ပြုလာသည်ဖြစ်သောကြောင့် ဘုန်းလက်ရုံးတန်ခိုးကိုပြုပြီးမှသာလျှင်တိုင်းနိုင်ငံလုံး အုံ့စေသတည်း"ဟု အမိန့်ရှိ၍ မှူးတော်မတ်တော်တို့နှင့် ရှုံးစုတိုင်ပင်ပြီးသော် စစ်အင်္ဂါအရပ်ရပ်နှင့်တကွ ကိုယ်တော်တိုင် သံတွဲသို့ချီတော်မူ၍ တပ်တော်တည်ရပ်ကာ မင်းကြီးနေတော်မူပြီးသော် ဘထွေးတော် ဥစ္စနာကြီးကို မင်းကြီးတွင်ပါသော ရဲမက်တို့နှင့် မြန်မာပြည်ကို တိုက်စေတော်မူ၏။

ယောက်ဖတော် စလင်္ကာသူကိုကား ကိုယ်တော်ရံသူရဲတို့နှင့် မွန်ပြည်ကို တိုက်စေတော်မူကာ အမတ်ကြီးရာဇသင်္ကြံကို အနောက်ပြည်မှ ပုန်ကန်ထကြွလေသော သက်များအားနှိမ်နင်းရန်စေတော်မူ ခဲ့သည်။

မြန်မာပြည်ကို တိုက်စေတော်မူသော ဘထွေးတော် ဥစ္စနာကြီးကား မြန်မာတို့က မြို့ပြတိုက်တာ ကျုံးမြောင်း ဆင်မြင်းအလုံးအရင်းတို့နှင့်ထွက်၍ ခံတိုက်လတ်သောကြောင့် စစ်ရေးမသာ၍တပ်ပါရဲမက်တို့တွင် သစ္စာကတိမြဲစွာတည်၍ သက်စွန့်ကြိုးပမ်းလိုသူ ရဲမက် ၂၀၀၀-၃၀၀၀ ခန့်အားတစ်နေ့လျှင် ၁၀၀-၂၀၀ ခန့်စီ မြန်မာတပ်သို့ အရှုံးခံလက်နက်ချဝင်ပြီး စားနပ်ရိက္ခာမရှိငတ်မွတ်နေပါသည်ဟု ပြောဆိုလေလျှင် မြန်မာတို့က တကယ်ထင်မှတ်၍ ထိုသူတို့ကို ဆုလာဒ်ပေးကာ မှူးတော်မတ်တော်အိမ်များ၌ အခိုင်းအစေထားလေ၏။ ဥစ္စာနာကြီး ရခိုင်တပ်များ တပ်ပြန်လေသော် မြန်မာတို့လည်း ဆင်လုံးမြင်းလုံးနှင့် ထွက်၍တိုက်ကြလေသောအခါ ရခိုင်လူဝင် ပဥ္စမံတပ်သားများကစုရုံးကာ မြို့တံခါးများကိုပိတ်ပြီး မြို့တွင်းရှိ အိမ်ရာအဆောက်အအုံများကို မီးတင်ရှို့လေလျှင် မြို့အတွင်းအုတ်အုတ်ကျက်ကျက် ဖရိုဖရဲထိန်းမနိုင်သိမ်းမရ ဖြစ်၍ အပြင်တပ်များဖြင့်

http://www.dhammadownload.com



အဆက်အသွယ်ပျက်ကာ မြန်မာတို့တပ်ပျက်၍ များစွာသောလက်ဆောင်ပဏ္ဏာနှင့် ဥစ္စာနာကြီး ဘုရင်မင်းအား ဆက်လာလေလျှင် ဥစ္စနာကြီးကစ၍ သူရဲဗိုလ်ပါတို့ကို ဆုလာဒ်များစွာ ပေးတော်မူလေသည်။

မွန်ပြည်နယ်မြောက်ဘက်ဒေသကို တိုက်စေခဲ့သောစလကၤာသူသည် မိမိ၏တပ်များမွန်များကိုတိုက်ရန် ၄င်းခံစစ်နေရာသို့ရောက်သောအခါ၌ ခုနှစ်ရက်စာရိက္ခာကိုသာချန်၍ ရိက္ခာများကို ရေတွင်သွန်စေ၍ မိမိတို့မြစ်အတွင်း ဖြတ်ကျော်လာသော လှေများအကုန်ကို မီးတိုက်ဖျက်ဆီးပြီးသော် ဆုတ်လမ်းမရှိသည့် အခြေအနေသို့ရောက်သည့်အခါတွင်မှ ရဲမက်ဗိုလ်ပါများ တညီတညွတ်တည်းတိုင်ပင်၍ ရန်သူများအား အောင်လိုစိတ်အပြည့်အဝဖြင့် ရွပ်ရွပ်ချွံချွံ ဖိဖိစီးစီး တိုက်ခိုက်ကြလေလျှင် မွန်တို့တပ်ပျက်ကာ ပုသိမ်နှင့် မြောက်ဘက်အရပ်ဒေသများအား အခက်အခဲများစွာမရှိ အောင်မြင့်ခဲ့သဖြင့် များစွာသောရွှေငွေဥစ္စာ ဆင်မြင်းလက်ဆောင်ပဏ္ဏာများဖြင့် စလကၤာသူပြန်လာပြီးမင်းကြီးအားဆက်သတော်မူလေလျှင် မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ဆုလာဘ်များစွာ ပေးတော်မူသည်။

ထိုနှစ်တွင်ပင်မွန်မင်းက မင်းထီးထံသမီးတော် စောဘုန်းခေါင်နှင့် ပိဋကတ်ကျမ်းဂန် ရွှေငွေရတနာတို့ကို ဆက်သတော်မူလာသည်ဟု ရာဇဝင်အရသိရှိရသည်။ ရခိုင်ရာဇဝင်သစ်ကျမ်း အရှင်စန္ဒမာလါလင်္ကာရ စာ ၊၃၇၀ ။

ဘင်္ဂလားမဏိပူရဒေသမှ သက်ပြည်ကိုတိုက်စေသော အမင်္ကြီးရာဇသင်္ကြံ သက်နယ်မြေအတွင်း ဝင်ရောက်တိုက်လေလျှင် သက်တို့သည်စုရုံးပြီးသော် ပဥ္စရီတောင်ထက်ဆီသို့ တက်ပြီးစစ်ခံနေကြသဖြင့် မရနိုင်သည်ဖြစ်၍ နေပြည်တော်သို့ပြန်လာခသည်။ မင်းကြီးလည်းမရခဲ့ပဲပြန်လာခဲ့သည် ကို ကြားတော်မူလျှင် အမျက်တော်ရှိ၍ အပြန်လမ်းခရီး(မေယု)မယူမြစ်ဝတွင် ကွပ်လေဟုသူသတ်တို့ကို စေလေ၏ ရာဇသင်္ကြံလည်းသျှင်ထိုင် သျှင်ထားဟူသော သမီးနှစ်ယောက်တို့ကို လက်ဆောင် ဆက်သတော်မူလျက် ဤတစ်မိုးကို သည်းခံတော်မူပါ ဝါကျွတ်လျှင် ရအောင်ပြု၍ သက်ပြည်ထောင် ကိုလက်ဆောင်ဆက်သပါမည်ဟု အသနားခံတောင်းပန်တော်မူလျှင် မင်းကြီးလည်း ငံ့ဆိုင်းတော်မူလေ၏။ ရာဇသင်္ကြံအမင်္ကြီးလည်း (သီတင်းကျွတ်) ဝါမကျွတ်မီတော်သလင်းကပင် မိမိထံ၌ ရှိသောရဲမက်ဗိုလ်ပါနှင့် ပဥ္စရီတောင်မြို့ကို ပတ်ပတ်ရံလေ၏။ ရံလေပြီးသောအခါ ဗေဒင်ဟူးရား အရာ၌ လွန်စွာတတ်မြောက်သည်ဖြစ်၍ တိုက်ခိုက်မည်ကာလ

http://www.dhammadownload.com



အားတွက်ချက်ပြီး ရှုလေသည်ရှိသော် တန်ဆောင်းမုန်းလပြည့် ပုဏ္ဏမီနေ့၌ သည်းစွာသော လျှောင်ကြီးသုံးကြိမ်စေ့အောင် လှုပ်လတ္တံ့သော အဖြစ်ကို မြင်လေသော် သက်တို့အား တမန်စေလွှတ်၍၊ နင်တို့သည် ဤတောင်မှ ရာဇသံပေး ခြိမ်းခြောက်သောအခါ၊ သက်များသည် လည်းမယုံပဲနေကြလေ၏ တန်ဆောင်မုန်းလပြည့်၍ လျှောင် ကြီးစွာလှုပ်မည့် အချိန်ကိုငံ့လင့်၍ နေလေရာ အကယ်ပင် အချိန်ကျရောက်သည့်အခါ၌ လျှောင် အဟုန်ဖြင့် တောင်လုံးသိမ့်သိမ့်ခါ လှုပ်လေ၏ ထိုအခါတမန်စေ၍ ထပ်ပြောပြန်ရာ သက်တို့အချို့ ကားယုံကုန်၏ အချို့ကား မယုံမကြောက်ကုန်၊ ဒုတိယအကြိမ်မျှော်မှန်းထားခဲ့သည့်အခါ လှုပ်ပြန်ရာ ဝန်းရံထားသော ရဲမက်များအားတောင်အလုံးပဲ့တင်ခတ်အောင်ဟစ်အော်ပြီးကြွေးကြော်စေ၏။ ယင်းသို့ နှစ်ကြိမ်မြောက် လှုပ်ပြီးသော် တဖန် တမန်စေလွှတ်၍နင်တို့ကိုငါတို့၏ အရှင်ကျွန်ဖြစ်သောကြောင့် သနားသည် ဖြစ်၍ နှစ်ကြိမ်မြောက်သည်းခံသေးသည်။နောက်ထပ်တစ်ကြိမ် သုံးကြိမ်မြောက်အခါ ဖြစ်လျှင် တောင် နှင့်တစ်ကွ နင်တို့ကို သမုဒ္ဒရာ သို့ငင်ချလျက် သေကြေနစ်မွန်းပျက်စီးအောင် ပြုလုပ်မည်ဟု စေလွှတ်ပြောဆိုလေ၏။ ယင်းသို့ ပြောဆိုရာတွင် အကြီးအငယ်မကြွင်း (နတ် ကြောက်သူများ ဖြစ်၍) မင်းလင်မယားမှူးမတ် အပေါင်းတို့သည် သမီးကညာ ဘဏ္ဍာလက်ဆောင် တို့ဖြင့် ဆက်သကာ ကျိုးနွံဝင်လာကုန်သည်ဟု စေလွှတ်အဆိုရှိပါသည် (ပြင်းထန်သော လျှောင် များလှုပ် သည့်အခါ နောက်ထပ် -ကြိမ်ဖန်များစွာ ဆက်ကာဆက်ကာ လှုပ်လေ့လှုပ်ထရှိခြင်းများက အမှန်ပင် ဖြစ်ပေသည်)။ နတ်ကိုးကွယ်သည့် လူမျိုးစုများက မီးတောင်ပေါက်ကွဲခြင်း မြေလျှောင်လှုပ် ခြင်းများကို နတ်ကြီးမလိုလား၍ ဖြစ်တန်ရာသည်ဟု ယနေ့ခုတိုင် တောတောင်မှီခို နေထိုင်သူ လူမျိုးစုများ အယူအဆရှိပေသေးသည်။

ရာဇသင်္ကြံအမတ်ကြီးလည်း ဆင်မြင်းဗိုလ်ပါနှင့်တကွ အနောက်ဘက်ရှိ သက်များအား အားပေးအားမြှောက်ပြုပြီးသော် ကုလားပြည်ထောင်များကို ဆက်လက်တိုက်ခိုက်လေရာ ဗြဟ္မပုတ္တရမြစ် အထိ ရောက်အောင် တိုက်ခိုက်အောင်မြင်ခဲ့ပြီး ၄င်းမင်းများဆက်သကြသော ရတနာရွှေငွေ အတုတ်အခွန်များကိုရယူကာ ထိုအရပ်၌ ရေတွင်းရေကန်များ ဘုရားပုထိုးများ ပြုလုပ်ထားခဲ့၍ ယခုထက်တိုင်အချို့ချို့သော ရေတွင်းရေကန်များ ရှိနေသေးသည်ဟု ၁၉၃၀ ခန့်က အရေးအသား များ၌ တွေ့ရှိရပါသည်။ ရာဇသင်္ကြံ နိုင်ငံတော်သို့ပြန်လည်ရောက်ရှိသည့် အခါ ရရှိခဲ့သော ရတနာ ရွှေငွေတို့ကို ဘုရင်မင်းမြတ်အား ဆက်လေရာ မင်းထီးကဆုလာဘ်များစွာ

http://www.dhammadownload.com



ချီးမြှင့်တော်မူလေသည်။

မြန်မာမွန်အရှေ့ဘက်မြို့များဖြင့် စစ်မက်ဖြစ်ပွားခဲ့ရသည့် အကြောင်းအရင်းမှာ မြန်မာတို့က အမ်း၊ ဒါးလက်များကို ဖျက်ဆီးလာပြီး မွန်များက အလုအယက် ကျိန္တလီ၊ ကြွေကျိုင်၊ တိုင်ကျိုးတို့ကိုလည်းကောင်း၊ သက်တို့လည်း မဟာစိုးနှင့် ရှင်ငယ်ရွာတို့ကို တိုက်လာလေ၍ စစ်မက်ဖြစ်ခဲ့ရသည်ဟု ရာဇဝင်အရ သိရှိရပါသည်။

ကျန်အရှေ့သက်တို့ နေထိုင်ကြရာ နယ်မြေတခွင် စိုးမိုးသော " သရက်" မြို့စား (ပုဂံကျော်စွာမင်း၏ သားတော်တစ်ပါးဖြစ်သူမင်းရှင်စောနှင့် ဘဂီ -၁၂-ခွင်မှ ဒေလီမဂိုမင်း သွေးထိုးမှုကြောင့် ဒါကာကုလားမင်းနှင့် သက်မင်း "ငဖုံး" ပုန်ကန်သောင်းကြမ်းကြ၍ သွားရောက်စစ်ပြုနှိမ်နင်းရသည့် အကြောင်းအရပ်များအား ဆက်လက်ပြီးအပြည့်အစုံ ဖော်ပြထားပါသည်။

သက်မင်းခေါ်"မင်းရှင်စော"နှင့် ပတ်သက်ပြီး မြန်မာမှန်နန်း ၉၂ ခုထုတ်၊ စာ-၄၀၃ တွင် အောက်ပါ အတိုင်းပါရှိပါသည်။

မြင်းစိုင်းမင်းညီနောင် သုံးဦး (ဘိန္နကမြို့စား စော်ဘွားတော်ငယ် သိမ်ပိုလ်နှင့် မြင်းစိုင်းအရပ်အသည် သူကြွယ်သမီးတို့မှ မြင်သောသားတော်များ မှန်နန်းစါ- ၃၆၁။) နရသီဟပတေ့ (တရုတ်ပြေးမင်း) မိဖုရားကြီးစောနှင့် ညီညွတ်ကြံစည်ကာ မင်းကျော်စွာပုဂံမင်းကို ကောဇာ ၆၆၀ တွင် နန်းချသည်၊ သက်မင်းမင်း ရှင်စောကိုလည်း သားသုံးယောက်နှင့် အတူတကွ ရခိုင်သို့ယူလေသည်။ ရခိုင်မှာ သားသုံးယောက်ကို ပိဋကတ် ဗေဒင်တတ်သော သျှင်အဂ္ဂသာရ သူမြတ်ထံတွင် အပ်၍ စာပေသင်စေသော် ဆရာသူမြတ်အိပ်မက်မြင်သည်ကား မင်းသားကြီးစမုန်ရေကိုသောက်၍ ကုန်သည်ကိုမြင်မက်၏။ အလတ်ကားဖိုးဦးမော်ရေကိုသောက်၍ ကုန်သည် မြင်မက်၏။ အငယ်စော်ကဲ (စောတူ) ကားရောဝတီမြစ်ရေကိုသောက်၍ ကုန်သည်ကိုမြင်မက်၏။ မင်းသားတို့ကို "အမောင်တို့ စစ်ကိုင်းပင်းယ သို့သွားလေကုန် မင်းချည်းဖြစ်မည် မင်းဖြစ်လျှင် ငါ့ကိုမမေ့ကြကုန်လင့်"ဟု မိန့်တော်မူ၏ နိမိတ်စကားကို မိဘတို့အား ပြန်ကြား၍မင်းရှင်စောသား၊ မယား၊ ကျေးကျွန်နှင့်တကွ ရခိုင်မှထွက်ခဲ့၍ ပင်းယသို့ရောက်လေသော်(၁) နောင်တော်ကြီးကား ပင်းယစား ခုနှစ်ကျောင်းဒါယကာဥဇနတွင်မြဲ၍ မြင်းစိုင်းရွှေနန်းကိုပေးတော်မူ၏။ (၂)ညီတော် ဒလတ်ကား ခုနှစ်ကျောင်းဒါယကာ ဥဇနမရှိ၍ ညီတော်ငါးစီးရှင် ကျော်စွာတွင်မှ စောရန်နောင်ဟူသော အမည်နှင့် ပြည်မြို့ကိုပေး၍ စားရ၏။ ညီတော်အငယ်ကား စစ်ကိုင်းမင်းဆင်ဖြူရှင် တရဖျားတွင်မြဲ၍ အမြင့်ကိုစားရ၏။

http://www.dhammadownload.com



သရက်မင်းရှင်စောတို့မောင်နှံအကြောင်းကို သတိုးမင်းဖျား နှမတော် ဘုရင်မင်းကြီးစွာ (စွာစော်ကဲ) မိဖုရားစစ်ကိုင်း စောဥမ္မာကျောက်စာ၊ စာ-၄၀၃၊ မှန်နန်း-၉၂ က မျိုးရိုးကို အနည်းငယ်ဖော်ပြသည်။

အထက်ဖော်ပြပါအချက်အလက်များက ရခိုင်၊မြန်မာထိတွေ့မှု မင်းထီး၊မင်းရှင်စော သရက် "သက" နယ်ပယ်ကိုစားသော မင်းငယ်တို့လက်ထက် ဖြစ်ပေါ်ခဲ့ကာ ရခိုင်ပိုင်နက် အရှေ့ဘက်တွင် "သရက်" အထိဆိုခြင်း၏ အထောက်အထားတစ်ရပ်ပင် ဖြစ်ပေသည်။ ဤပြင်မက ရခိုင်မင်းထီးက မင်းရှင်စောနှင့် မိသားစုတရပ်လုံးအား ရခိုင်၌ မြို့စားရွာစားပေးကာ ၎င်း၏သားတော်သုံးပါးကိုပါ "လောကသာရပျို့"ကို စီကုံးစီရင်တော်မူခဲ့သော ပညာကျော် အသျှင်အဂ္ဂသာရသူမြတ်ထံတွင် နှစ်လကြာမြင့်စွာ ပညာသင်ကြားခွင့် ပြုခဲ့ပါသည်။ ၎င်းတို့အနက် မှ (စောတူ) စွာစော်ကဲမင်းသားမှာ မြန်မာတို့၏ စစ်ကေရာဇ်မင်းတစ်ပါး ဖြစ်မြောက်လာခဲ့ပါသည်။ မှန်နန်း-၉၂၊ စာ-၄၁၆။ ဘုရင်မင်းကြီးစွာ၊ စွာစော်ကဲမင်းဖြစ်၍ ၆-နှစ်ရှိသောအခါ ကောဇာ- ၇၃၀+ ၆ =၇၃၆ = ၁၃၇၄ အေဒီတွင် မိမိအား ပညာသင်ကြားပေးခဲ့သော ဆရာသူမြတ်အား အဝမြို့သို့ ဆောင်ယူစေပြီး ဆရာတော်ကိုများစွာပူဇော်သက္ကာရပြုတော်မူ၍ "မဟာသယ်ရာဇာ" ဟူသော ဘွဲ့တံဆိပ်ကို ဆက်ကပ်ကာ ရွာသစ်ကြီး၌ စည်ခုံနှင့်ကျောင်းတည်ထား ချီးမြောက်တော်မူ သည်။ ဤအခြင်း အရာနှင့်ပတ်သက်ပြီး ကျနစ်သားမင်းလက်ထက်က ရခိုင်မင်းဘီလူး၏ သားတော် ပဉ္စာမှ ပုဂံတွင် ခိုလှုံလာသူ အိမ်ရှေ့မင်းသား မင်းရဲဘာယနှင့် မြပေါက်ညို၊ အလောင်း စည်သူမင်း လက်ထက်ကျ ရောက်သည့်အခါ ၎င်းတို့ သားတော်၊ သမီးတော်ဖြစ်သော လက်ျာ မင်းနန်နှင့် ရွှေဂူသာ ရခိုင်ပုရိန် တွင် နန်းတင်ပေးသည်တို့ကို သတိရမိပါသည်။ ရခိုင်-မြန်မာ၊ လေးမြို့-အရိမဒ္ဒနာ ပေါက္ကံ ပြည်ထောင်နှစ်ခုတို့၏ ခင်မင်ရင်းနှီးစွာ ဆက်သွယ်မှု၏ သာဓကတစ်ရပ် ဖြစ်ပေသည်။ သာကီ နွယ်တူ ကိုးကွယ်မှု အယူဝါဒတူညီသည့် ပြည်ထောင်နှစ်ခု၏ ခင်မင်ရင်းနှီးစွာ ဆက်ဆံကူးလူး သွားလာမှုရှိခဲ့ကြောင်း ထင်ဟပ်စေပါသည်။

ယခုဆက်လက်ပြီး ရခိုင်ရာဇဝင်ပါ မင်းထီးနှင့် အရှေ့မြန်ပြည်မှ သရက်မြို့စား "သက်မင်း"ခေါ် "မင်းရှင်စော" အကြောင်း ဆက်လက်ဖော်ပြလိုပါသည်။

နရသီဟပတေ့မင်း မိဖုရားကြီးစော၊ ဖွားစောနှင့် ရှမ်းစော်ဘွား ဘိန္နကမြို့စားကြီး

http://www.dhammadownload.com



ထည့်တော်မူလိုက်သည်။

ထိုအကြောင်းကို အမတ်ကြီးသိလေလျှင် ရဲမက်တို့ကို ဖိုးခေါင်တောင်မှာတင်ထား၍ အတော်အသင့်သောလူနှင့်သာ နေလေသည်။ ပြည်သို့ အမတ်ရောက်လေသော် ထိုမိန်းမကို ပြသကြည့်ရှုစေပြီးလျှင် ကြိုတော်မူစေလိုကြောင်းနှင့် လျှောက်စာဆက်လိုက်၍ ပြန်စေသည်။

မင်းတပ်စား ပြည်သို့လည်း လောင်းကြက်မြို့ ရှင်မင်းထီး၏ နှမတော်ဖြစ်ကြောင်းနှင့် အမတ်ကြီး တွက်ချက်သည့်အတိုင်း လျှောက်လေရာ အားရတော်မူ၍ အကြိုမင်းတပ်အရောက် ထွက်လာတော်မူခဲ့သည်။

မင်းတပ်တွင် ပွဲသဘင်ကြီးစွာခံ၍ သက်မင်းစံနေကြောင်းကို လူရောက်လျှောက်ထား၍ သိလေလျှင် အမတ်ကြီးက ဒါဂါစားရဲအောင်နိုင်သို့ ကိုယ်ရံတော်သူရဲကောင်းတစ်သောင်း၊ တိုက်ဆင်တစ်ရာပေး၍ ထိုမိန်းမကို ဆက်သရန်ယူလျှက် ရှေ့ကချီသွားစေသည့်ကာလမှာ ပြန်သည်ကား-

သက်မင်းသည် အပျော်မှု၌လွန်သူ ဖြစ်သည်။ အပျော်အရွှင်သဘင်မှု၌ လွန်သောသူအား မေ့လျော့ထိုင်းမှိုင်း ပေါ့ဖျင်းလျှက် သေသောက်ကြူးနှင့်တူသည်။ တရွေ့ရွေ့သာ သွားလေဟူမှာ လိုက်၏။ ထို့နောက် ကသာမြို့စား စံတဗိုလ်ကို သူရဲကိုယ်တော်ရံတစ်သောင်းပေး၍ တောကြောင်း ချီစေလျှက် သက်မင်းနောက်က ပိတ်ဆို့စေသည်။

သက်မင်း မင်းရှင်စောကား မီးမက်သော ပိုးဖလံကဲ့သို့ ပွဲသဘင်နှင့်သာ ပျော်ပါး၍နေတော်မူလေရာ ဒါဂါစားရဲအောင်နိုင်လည်း ထိုမိန်းမကိုဝင်၍ ဆက်သလေသည်။ သက်မင်းရှင်စောလည်း အလွန်ချစ်မြတ်နိုးလျက် ပွဲသဘင်၌ ထိုမိန်းမနှင့်အတူ ကြည့်ရှု၍ နေရာညဥ့်တစ်ပဟိုရ်ခန့်တွင် ရှေ့နောက်ပိတ်ဆီး၍ တိုက်လေသော် **သက်မင်း မင်းရှင်စောနှင့် သားလတ် စောဖြူ သားငယ် စောတူတို့ကို** ရလေသည်။

ထို့နောက် ဆက်လက်ချီသွား၍ သက်မင်းနေရာ မဇ္ဈာဂီရိ သရက်မြို့သို့ရောက်၍ သားအကြီး စောစုံ၊ မိဖုရားကြီး ရှင်မြတ်လှနှင့်တကွ မိဖုရားသုံးပါး မောင်းမအကုန်ကို ရပြန်လေသည်။

http://www.dhammadownload.com



သက်မင်း"မင်းရှင်စော"နှင့် သားသုံးပါး၊ မိဖုရားကြီး ရှင်မြတ်လှနှင့်တကွ မိဖုရားသုံးပါး၊ သမီးနှစ်ပါး မောင်းမများတို့ကို ဒါဂါစားရဲအောင်နိုင်ကိုစေ၍ ပြည့်ရှင်မင်း မင်းထီးထံ သက္ကရာဇ် ၆၉၅ ခု၊ တပို့တွဲလဆန်း ၂-ရက်နေ့ ပို့ဆက်စေသည်။

ယင်းသို့ ဉာဏ်ပညာဖြင့် သက်မင်းနေသော မဏ္ဍာဂီရိ သရက်မြို့ကို ဓားလှံမကျိုးရပြီးမှ ပြည်မြို့သို့ ချီလေသော် ပြည်စားအတိုက်မခံဝံ့၍ ဆင်ပေါက်-၅၀၊ ဆင်ပြောင်-၂၀၊ ရွှေငွေ အထည်အလိပ်များကို ဆောင်ယူလျှက် အမတ်ကြီးနေရာကာမမြို့ရောက် ပို့ဆက်လေသော် ပြည်မြို့ကိုကား မတိုက်မဖျက် သက်အိမ်ထောင်စုံတစ်သောင်းကို သိမ်းယူခဲ့၍ ငင်းသက္ကရာဇ် ၆၉၅-ခု တပေါင်းလပြည့်ကျော် ၁၃-ရက်နေ့ အမတ်ကြီး ပြန်ခဲ့သည်။

သက်မင်း "မင်းရှင်စော"ကိုကား ကျောက်မသာ ကျောက်ဖျားရွာကို ပေးတော်မူသည်။

သက်မင်းသမီး စောမောက်ကို **မင်းချစ်တန်ဆောင်** ထားတော်မူသည်။ သက်မင်းသမီး အငယ်ကို အမတ်ကြီးသား အမ်းစားအောင်သူနှင့် ပေးမြားတော်မူသည်။

အမတ်ကြီးကို "မဟာဝေဿဝဏ္ဏ" အမည်ကိုပေးတော်မူသည်။ ဆင်က၊ ရွှေသား၊ ဇောင်းဖြူ ထွက်စည်ရွှေထမ်းစင် ပေးတော်မူသည်။

သက်မင်းသားအကြီး စောစုံကို ကြို့တဲစား၊ သားအလတ် စောဖြူကို မီးစား၊ သား အငယ် စောတူကို ကင်းစား အသီးသီးသူကောင်းပြု၍ အပါးတော်တွင်ထားတော်မူရာ လေးမြို့သို့ ချီရာတွင် သက္ကရာဇ် ၇၀၅-ခုနှစ် သက်မင်းသားသုံးယောက် လေးမြို့အဖျား ဖိုးခေါင်တောင်ကိုလွှဲ၍ အရှေ့ပြည်သို့ပြေးလေသည်။ ယင်းသောအခါ သက်မင်းကိုသော်ကား မည်သို့အပြစ်မပြု၊ စားကျေးမြို့ရွာကိုလည်း မနှုတ်ထားမြဲသာ ထားတော်မူသည်။ မြန်မာမှန်နန်း-၉၂ အရ မြန်မာပြည်သို့ သားများနှင့်အတူ ပြန်သည်ဟုဆိုသည်။

သက်မင်းသား ၃-ယောက် အရှေ့ပြည်သို့ရောက်လေသော် ပန်းစီးရှင် ဥစ္စာနာ (ဉဇန)ထံ နေကြလေရာ အကြီးဖြစ်သူ စောစုံသည် မြင်းစိုင်းမြို့ကို စားရလေသည်။ ညီအလတ် စောဖြူမှာ ကျော်စွာမင်းလက်ထက် မင်းရန်နောင် အမည်ကိုခံ၍ ပြည်မြို့ကို စားရလေသည်။ ညီအငယ် စောတူသော်ကား စစ်ကိုင်းမင်းတရား သတိုးမင်းဖျား၊ ၇၂၆-၇၂၉ ထံ ထမ်းရွက်လေ၍ "အမြင့်"မြို့ကို စားရလေသည်။

http://www.dhammadownload.com



## မင်းသား ၃-ပါးအား ရခိုင်သို့ယူဆောင်၊ ကောဇာ-၆၉၅၊ အေဒီ-၁၃၃၃

မင်းသားများ ရခိုင်ကထွက်ခွာ၊ ကောဇာ-၇၀၅၊ အေဒီ-၁၃၄၃၊ ရခိုင်တွင် ၁၀-နှစ်ကြာခဲ့သည်။

| | | | |
|---|---|---|---|
| စွာစော်ကဲမင်းဖြစ် - အင်းဝ-၇၂၉ ခု | အိမ်နိမ့် | - | ၃၇ နှစ် |
| | စံ | - | ၃၃ နှစ် |
| အေဒီ-၁၃၆၇၊ လွန်-၇၆၂ = အေဒီ-၁၄၀၁ | လွန် | - | ၇၀ နှစ် |

အထက်ပါတွက်ကိန်းအရ (စောထူး ရခိုင်အလို) စွာစော်ကဲမင်း ရခိုင်သို့ ၆၉၅-ခုတွင် ပါလာသည်။ ၇၂၉-ခုတွင် အင်းဝဘုရင်ဖြစ်လာသည်။ ၇၂၉-၆၉၅ = ၃၄ နှစ်၊ အိမ်နိမ့် ၃၇-(၃-၄-နှစ်) သားအရွယ်တွင် ရခိုင်သို့ပါလာပြီး ၃၇-နှစ်တွင်မှ အင်းဝတွင် မင်းဖြစ်လာသည်။ ၁၃နှစ် သားအရွယ်မှ မြန်ပြည်ကျော်စွာမင်းလက်ထက် ပင်းယသို့ရောက်သည်။ ငယ်ရွယ်သူဖြစ်၍ မြို့စားမရဟန်တူသည်။

စစ်ကိုင်းမင်း "သတိုးမင်းဖျား" (မိဖုရား စောဥမ္မာ၊ စွာစော်ကဲ နှမငယ်) ၇၂၆-၇၂၉ တွင် စော်ကဲအမှုတော်ထမ်းပြီး "အမြင" မြို့စားအဖြစ်ထမ်း၍ ပင်းလွန်မှ စောဥမ္မာ (အစ်ကို)ဖြစ်၍ အင်းဝနန်းကို ရခဲ့သည်။ နောင်တွင် ညီမတော်မြောက်ကျောင်းဒါယိကာမ စောဥမ္မာကို အလယ်နန်းထား၍ စစ်ကိုင်းမြို့ကို ကံကျွေးပေးတော်မူ သည်။ စာ ၄၀၄-၄၀၅၊ မှန်နန်း-ဇ၂၊ နောင်တွင် နှမတော် စောဥမ္မာကို "ရာဇသကြီးမောက်"နှင့် စုံမက်၍ တောင်ပြုံးကြီးနှင့် ဝါးရင်းတုတ်ကို ပေးတော်မူသည်။

| | | | |
|---|---|---|---|
| စောစုံ - | - မြင်းစိုင်း | "စောဥမ္မာ" | |
| စောဖြူ - မင်းရန်နောင် | - ပြည် | ညီအငယ်ဆုံးက ရခိုင်တွင်မွေးဖွားခဲ့ဟန်တူသည်။ | |
| စောတူ - တရဖျားစော်ကဲ | - အမြင့် | သတိုးမင်းဖျား ယောက်ဖတော်၊ စာ-၄၀၀၀၀။ | |

http://www.dhammadownload.com



## ဖင်းထီးနှင့်သရက်မင်း(ခေါ်)မင်းရှင်စော

ပုဂံနရသီဟပတေ့ (တရုတ်ပြေး)မင်းသားတော်ငယ်ကျော်စွာတွင် မြင်သည့်စောနစ်နှင့် မင်းရှင်စော တို့အကြောင်း အနည်းငယ် ဆက်လက်ဖော်ပြသွားရန် လိုအပ်ပါသည်။

သရက်မင်းရှင်စောအား ရခိုင်သို့ဆောင်လာပြီး သားတော်သုံးပါးကို အရှင်သူမြတ် 'အဂ္ဂသာရ'ထံတွင် အပ်နှံ၍ ပညာသင်ကြား ဆည်းပူးစေခဲ့ပါသည်။ ၄င်းမင်းညီနောင်သုံးပါးနှင့် ရခိုင်တွင်မွေးဖွားသည်ဟု ယူဆရသော ၄င်းတို့၏အငယ်ဆုံးညီမငယ် 'စောဥမ္မာ'တို့ သက္ကရာဇ် ၇၀၅ ခုတွင် ထွက်ပြေး၍မြန်မာပြည်သို့ ရောက်လာကြသောအခါ "ပန်းယ"မြို့ တစီးရှင် ဥစဏာ(ဥဇနာ)မင်းထံတွင် ခိုလှုံနေကြကြောင်းနှင့် ဆိုလေ သည်။

တစီးရှင် (ဥဇနာ)ဥစဏာမင်းကြီးသည် ပင်းယ ၆၈၄ ခုတွင် ညီတော်ငါးစီးရှင်ကျော်စွာကို နန်းလွှဲ အပ်တော်မူကာ အိမ်ဖြူတော်ဆောက်ပြီးလျှင် စကားခုနှစ်ကျောင်းငါ့ပြုစု၍ နေတော်မူသည်။ နောက် မက္ခရာအရပ်၌ တောဝင်တော်မူ၏။ (မှန်နန်း ၉၂ စာ ၃၇၉) သက္ကရာဇ် ၁-နှစ် ကွာသည်က အကြောင်းမဟုတ်ချေ။

## ငါးစီးရှင်ကျော်စွာ

သားတော် 'ကျော်စွာငယ်' မင်းဖြစ်သည့်အခါ သရက်မင်းရှင်စော (ရခိုင်သို့ပါမင်း) သမီးတော် စောဥမ္မာ (ကျောက်စာတွင်မူကား ဥမ္မာဒန္တီဟုရေး)အား မိဖုရားမြှောက်တော်မူ၏။

ညီတော်နရသူက အရိုက်အရာခံ မင်းပြုတော်မူသည့်အခါလည်း မရီးတော်စောဥမ္မာကိုပင် ဆက်လက်မိဖုရားမြှောက်ပြီး ၅-နှစ်စံမြန်းတော်မူခဲ့သည်။ နရသူအား ပင်းယကို မောရှမ်းတို့ တိုက်ခိုက်ဖျက်ဆီးသည့်အခါ မောရှမ်းတို့ ဆောင်ယူသွားခဲ့သည်ကို အကြောင်းပြု၍ မောပါနရသူ တွင်၏။

စစ်ကိုင်း၊ ပင်းယမြို့တော်များ သက္ကရာဇ် ၇၂၆၊ နယုန်၊ဝါဆိုလများအတွင်း အသီးသီး ပျက်ကြပြီး၊ ၄င်းနှစ် တော်သလင်းလ ဥဇနာပြောင်နန်းကျသည်။ မိဖုရားမှာ စောဥမ္မာပင် ဖြစ်သည်။ သတိုးမင်းဖျား နန်းတက်ပြီး တပေါင်းလ အင်းဝမြို့ကို တည်ထောင်ကာ နန်းတက်ခဲ့သည့်

http://www.dhammadownload.com



သက္ကရာဇ်၇၂၆ ခုအထိ စောဥမ္မာမှာ မိဖုရားကြီးအဖြစ်ပါလာကာ သက္ကရာဇ် ၇၂၉ ခုတွင်မောင်တော် အမြင်မြို့စားစော်ကဲ (စောထူး)မင်းဖြစ်လာရသည့် ၇၁၄ ခန့်မှ ၇၂၆ အထိ စောဥမ္မာမိဖုရားကြီး အဖြစ် စိုးစံခဲ့ရပါသည်။

စွာကဲမင်းဖြစ်လာသည့်အခါ စစ်ကိုင်းမြို့မင်း ပြောင်အမတ်ရေနည်းစားဝေသူ၊ ပေါက်ကံတောင်စား တုရင်ကရဲကျော်၊ ထိုနှစ်ယောက်တို့ လူပေါင်းမိန်းမ ယောကျ်ား ၁၂၀-ခန့်နှင့် လောင်းကြက်မြို့တော်သို့ ပြေးဝင်ခိုလှုံလာရောက်ကြသော် အရှေ့ပြည်အကြောင်းကို စုံစွာမေး တော်မူ၍ ဘုရင်စွာကဲအကြောင်းပါ သိကြားတော်မူရပြီး ဝေသူကိုရမ်းဗြဲစား တုရင်ကရဲကျော်ကို သောင်းတီးစားအရာ၌ ရခိုင်တွင်မင်းထီးက အသီးသီး စားကြေးပေးမူ၍ထားလေသည်။ ပြည့်ရှင်မင်းထီးကား အနီးအဝေးရွှေတော်မမူ၊ ပညာအလျောက် သူကောင်းပြုတော်မူသည်။ သက္ကရာဇ် ၇၂၆ ခု မှစပြီး မင်းထီးမြေးတော် မြှောက်ပေးခဲ့သော စောထူး(စွာကဲ) မှာလည်း မင်းထီးမင်းနှင့် ထီးပြိုင်နန်းပြိုင် မင်းထီးသက္ကရာဇ် ၇၅၁ ခုတွင် နတ်ရွာစံသည်အထိ ၂၅ နှစ်တာမျှ အင်းဝတွင် မင်းပြုရှိနေခဲ့ပြီး၊ ၎င်းနောက် သက္ကရာဇ် ၇၂၆ ခုတွင်မှ စွာစောကဲ လွန်တော်မူကာ သားတော် ဆင်ဖြူမင်းက ဆက်ခံလေသည်။

"မင်းထီး"ကား အိမ်နိမ့် ၇-နှစ်၊ နန်းစံ ၁၀၆ နှစ်ဖြစ်ကြောင်း ရာဇဝင်အကုန်က တညီတညွတ်တည်း ပြဆိုကြပါသည်။ ထိုသက်တော်ရှည်မင်းမြတ် လွန်တော်မူလေလျှင် အသက်အရွယ်အားဖြင့် ကြီးမြတ်ပြီးသော သားတော်သုံးပါးတို့က တစ်ဦးကိုတစ်ဦး အောက်ပါအတိုင်း အရိုက်အရာကို ဆက်ခံတော်မူကြသည်။

သားဥစ္စနာယယ်သည် နှမတော် မင်းဇဏာ(မင်းဂုဏာ) နှင့်ကောဇာ ၇၅၁ (အေဒီ-၁၃၈၉) တွင် ခမည်းတော်စည်းစိမ်ကို (၁)နှစ်ဆက်ခံပြီး သက်တော် ၅၂ နှစ်တွင် လွန်တော်မူသည်။

ထိုမင်းလွန်လျှင် ညီတော်သီဝရာဇ် နှမတော်စောမာလာနှင့် ကောဇာ ၇၅၃-၇၅၄၊ ၁-နှစ် ဆက်ခံပြီး သက်တော် ၅၂ နှစ်တွင် လွန်တော်မူသည်။

သီဝရာဇ်မင်း လွန်တော်မူလေလျှင် ညီတော် နန်းကျယ်သိင္ခည်းက ကောဇာ ၇၅၄ ခုတွင် မိထွေးတော် သမီးစောမယ်ဖွားနှင့် နောင်တော်၏အရိုက်အရာကို ဆက်ခံပါသည်။ ထိုမင်း မိထွေးတော် သမီးစောမယ်ဖွားလည်းတစ်ယောက်၊ ဖေတူဖြစ်သော စောမာလာလည်းတစ်ယောက်၊

http://www.dhammadownload.com



ပိန္နဲဝစည်မြေး စောမိညီလည်း တစ်ယောက်အားဖြင့် သုံးယောက်တည်း။

မိဖုရားစောမာလာတွင် မင်းမျိုးမင်းဆွေ မိညီဟူ၍ သမီးနှစ်ယောက်ရှိပြီး စောမယ်ဖွားတွင် ရာဇသူနှင့် သိင်္ဂသူဟူ၍ သားတော်နှစ်ပါး ဖွားမြင်တော်မူသည်။

ထိုသိဋ္ဌည်းမင်းကား အလွန်ကြမ်းကြုတ်၏။ ကုသိုလ်ကောင်းမှုဉ်ကား လျစ်လျူရှု၏။ နန်းတက်၍ တစ်နှစ်ရှိလျှင် ကောဇာ - ၇၅၅ ခုတွင် နီးနားဝန်းကျင် မွန်ပြည်အချို့ကို တိုက်၍ နိုင်တော်မူသည်။ ထို့နောက် မိုးနှောင်းဝယ် ဘင်္ဂါ ၁၂ ခွင်မှ မင်းထီးမရှိတော့သဖြင့် ဆက်မြဲဘဏ္ဍာတော် မဆက်မသွင်း ပုန်ကန်သောင်းကျန်းရန် ကြံစည်သောစစ်တကောင်းမြို့အား သွားရောက်နှိမ်နင်းအောင်မြင်တော်မူသည်။ ထို့နောက် တစ်နှစ်ရှိလျှင် ကောဇာ ၇၅၆ က မြန်မာပြည်ကို တိုက်အံ့ဟု ချီလေ၍ ဖိုးခေါင်တောင်သို့ ရောက်လေလျှင် သံတွဲစားစည်သဘင်သည် အချိန်အတိုင်း မရောက်လာပဲ နောက်ကျနေသည်ဖြစ်၍ မင်းကြီး အမျက်တော်ရှိသောကြောင့် စည်သဘင်ကို သတ်လေဟု သူသတ်တို့အားစေလိုက်သည်။ သူသတ်တို့သည်လည်း သံတွဲစားအမတ်ကြီးအား သတ်ရန်လာကြောင်း သိလေသည်တွင် အမတ်ကြီးဆွေမျိုးများဖြင့်တိုင်ပင်၍ အကြံမရနိုင်သဖြင့် မှိုင်တွေလျက်နေကြရာ အရှေ့ဘက်ရွာသား မြိုငနားစွန်းမြင်၍ မေးလေသော် ဟယ်-----မြို ကျွန်းသား နင်နှင့် တန်သည့် စကားလောဟု ဆဲရေးပြောဆိုနေစဉ်တွင် မြိုငနားစွန်းက အကြောင်းကိုသာ ပြောပါ။ ကျွန်တော်ကြံအံ့ဟုဆိုပေသော် စည်သဘင်အမတ်လည်း ဟုတ်လိုဟုတ်ငြားဟု သူသတ်တို့လာသည့် ကိစ္စကိုပြောပြလေသောအခါ မြိုငနားစွန်းလည်း မိမိအရှင်အား ဤကိစ္စမှာ အလွယ်သာဖြစ်သောကြောင့် စိုးရိမ်ဘွယ်ရာမရှိ ငါတို့သခင်ကို အဘယ်ကြောင့် သတ်ရအံ့နည်းဟုဆိုကာ သတ်ရန်လာသည့် တစ်ကျိပ်နှစ်ကျိပ်သော သူသတ်များအား သတ်ပြီး နယ်မြေအတွင်းရှိ ပါနိုင်သောလှေတပ်တို့ကိုယူ၍ ကြွင်းကျန်သော လှေများကို မင်းတပ်တော်သားများ အသုံးပြုကာ လိုက်လံတိုက်ခိုက်ခြင်းမပြုနိုင်စေရန် လှေတပ်တို့ကို မီးရှို့ဖျက်ဆီးစေပြီးမှ စည်သဘင်အား မြို့တော်သို့ဝင်၍ မင်းပြုတော်မူပါဟု နေားစွန်းလျှောက်လေသည်။ စည်သဘင်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် ဆွေမျိုးတို့ဖြင့်တိုင်ပင်ကာ လောင်းကြက်မြို့သို့ ခရီးနှင်ပြီးလျှင် မိဖုရားစောမယ်ဖွားကို ရာဇသူနှင့် သင်္ဂသူသားနှစ်ယောက်တွင် မည်သူအားနန်းတင်ရပါအံ့နည်းဟု မေးလေသော် မိဖုရားကြီးက ရာဇသူလည်းသား၊ သိင်္ဂသူလည်းသား နှစ်ယောက်အကြား မယ်ဖွားမဆိုသာဟု ပြောလေလျှင် သံတွဲစားစည်သဘင်သည် အကြီးဖြစ်သော ရာဇသူမင်းသားကို မိမိ

http://www.dhammadownload.com



သမီးတော် စောလှမွေးဖြင့် ထိမ်းမြား၍ သက္ကရာဇ် ၇၅၆ ခုတွင် နန်းတင်လေသည်။

နန်းကျငယ် သိဃ္ဃည်းမင်းလည်း ထိုသတင်းကိုကြားလေလျှင် ဖိုးခေါင်တောင်မှ လျင်မြန်စွာ ပြန်လာခဲ့လေ၏။ ပြန်လာသောအကြောင်းကိုကြားလေသော် ရာဇသူနှင့် စည်သဘင်လည်း အကြွင်းမဲ့ လှေတပ်တို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်လျက်နှင့် အဘယ်လှေဖြင့် မင်းကြီးပြန်လာသနည်းဟု ကြောက်ကြကုန်လျှက် မည်သို့မည်ပုံ ဆောင်ရွက်ကြမည်ကို ငနားစွန်းအား မေးမြန်းလေသော်၊ အရှင်သားတို့ ဤကိစ္စလည်း အလွယ်သာတည်း၊ အဘယ်သို့လွယ်သနည်းမူဟူကား မင်းကြီးနှင့် ပါလေသမျှ မင်းမျိုးမှူးမတ် ရဲမက်ဗိုလ်ပါတို့၏ သားမယားတို့ကို မြို့ထဲသို့သွင်းပြီးသော် သံခြေချင်းခတ် ၍ မြို့ရိုးထက်မှာထားလျှက် ပြလေ၏။ ထိုအခြင်းအရာအား ချီလာသောတပ်များ မြင်လေလျှင် ရဲမက်ဗိုလ်ပါအများတို့သည် သားမယားကြောင့်သာ ဆင်းရဲဒုက္ခခံကြကုန်၏။ သားမယားတို့ကို မျက်မြင်ညှင်းဆဲသည်ကို အဘယ်သို့မြင်ဝံ့အံ့နည်းဟု အားလုံးသူတို့ ဝင်ကြလေသည်။ ဘုရင်မင်း၏ လူအင်အားလွန်စွာနည်းပါးသွားလျှင် နန်းကျငယ်သိဃ္ဃည်းမင်းအား တိုက်ခိုက်သတ်ဖြတ်၍ နန်းစံနှစ် ၂-နှစ်၊ သက်တော် ၅၂-နှစ်၊ သက္ကရာဇ်-၇၅၆ တွင် လွန်တော်မူသည့်အခါ သားတော်ရာဇသူအား နန်းအပ်ကြလေသည်။

ရာဇသူမင်းဖြစ်တော်မူ၍ ၂-နှစ်ရှိသောအခါ သံတွဲစားစည်သဘင် နန်းတွင်းပုန်ကန်မှုဖြင့် ရာဇသူမင်းနှင့် ညီတော် သိင်္ဂသူတို့နှစ်ဦးအား ဖမ်းဆီးကာ လျှို့ဝှက်စွာ တိတ်တဆိတ်ဆောင်ယူပြီး တောင်ခွင်၊ကျိန္တလီ၌ ချုပ်နှောင်အကျဉ်းချထားပါသည်။

ထိုကောဇာ ၇၅၈ တွင်ပင် အမတ်ကြီးသံတွဲစား စည်သဘင်မင်းပြုလေ၏။ မင်းပြုပြီး ၅-လကြာသောအခါ တိုင်းသူပြည်သားတို့ကို ညှင်းပန်းနှိပ်စက် ပြုကျင့်ခြင်းကြောင့် အမတ်ပြင်စည်စားသည် ပြည်သူများနှင့်ညီ၍ စည်သဘင် နန်းတက် ၁-နှစ်ရှိသောအခါ ကောဇာ ၇၅၉-ခု အတွင်း ပုန်ကန်ပုန်စားမှုဖြင့် သံတွဲစား စည်သဘင်အမတ် အနိစ္စရောက်ခဲ့လေသည်။

စည်သဘင်လွန်လေလျှင် ပြင်စည်စားအမတ် မင်းမူနန်းတက်ပြန်လေသော် လေးလ မြောက်လျှင် ပြည်သူတို့ ညီညွတ်လုပ်ကြ၍ ထိုသက္ကရာဇ် ၇၅၉-ခုနှစ်တွင်ပင် လွန်လေသည်။

ပြင်စည်စားအမတ် လွန်လေပြီးလျှင် ပြည်သူတို့ညီညာပြီး တောင်ခွင်၊ ကျိန္တလီသို့ လျှို့ဝှက်၍ ပို့ထားသော နန်းကျရာဇသူကို ပင့်ယူပြီးလျှင် သက္ကရာဇ် ၇၅၉-ခုနှစ်တွင် ပြန်လည်

http://www.dhammadownload.com



နန်းတင်ကြလေကုန်၏။ ထိုမင်းရာဇသူ၌ အိမ်နိမ့်မယား စောညက်ထွားဖြင့် သားတော်စောမွန်နှင့် သမီးတော် စောပန်းတူ သားသမီး နှစ်ပါး ရှိတော်မူသည်။ ၎င်းတို့နှင့် အဖေတူအမေကွဲ သားတော် မင်းခရီလည်း တစ်ပါးရှိလေသည်။

နန်းကျရာဇသူလက်ထက် တလိုင်းတို့သည် တောင်စဉ်ကိုဖျက်လာလေသောအခါ ရာဇသူလည်း စစ်အင်္ဂါ ၄-ပါးနှင့်ချီ၍ တိုက်လေလျှင် မွန်တို့စစ်ပျက်၍ လေးရာမျှသောလှေများနှင့် မွန်စစ်သူကြီး ထွန်းတမြစ်ကို ရလိုက်လေ၏။ ထိုမင်းကား နန်းစံအလျှင် ၂-နှစ်၊ ဒုတိအကြိမ် ၄-နှစ်၊ စုစုပေါင်း ၆-နှစ်၊ သက်တော် ၄၂-နှစ်၊ သက္ကရာဇ်- ၇၆၃ တွင် လွန်တော်မူလေသည်။

ထိုမင်းလွန်တော်မူလေလျှင် ၎င်း၏ညီတော် သိင်္ခသူသည် ပိန္နဲစေည်သမီး မိဖုရားစောစစ်တွင်မြင်သော စောမာလာနှင့် သက္ကရာဇ် ၇၆၃ ခုတွင် နောင်တော်၏ထီးနန်းကို အုပ်စိုးတော်မူလေသည်။ ထိုမင်းကား ကုသိုလ်ကောင်းမှုကိုလည်းပြု၏။ ပြည်သူတို့ စီးပွားချမ်းသာကိုလည်း ရွက်ဆောင်တော်မူလေသည်။

ထိုမင်းညီနောင် နှစ်ပါးတို့အား တောင်ခွင်၊ ကျိန္တလီသို့ လျှို့ဝှက်ပို့ထားသောအခါက မြက်ရိတ်၍ အသက်မွေးခဲ့ဖူးသော ရဟန်းတစ်ပါးသည် သိင်္ခသူကို ကြည့်ရှုစောင့်မ ပြုဖူးသောကြောင့် ထိုရဟန်းအား "သင်္ဃရာဇာ"အရာကို ပေးအပ်ချီးမြှောက်တော်မူသည်။ ထိုရဟန်းကား မကောင်းစားဖူး၍ ကောင်းစားလေသောအခါ ရူးသွပ်သကဲ့သို့ မာနတက်ကာ ရဟန်းသံဃာအကြီးကို မရိုသေ၊ နှိပ်စက်ကလူ ညှဉ်းဆဲခြင်းကို ပြု၏။ ထိုသို့ပြုသောအဖြစ်ကို မင်းကြီးသိင်္ခသူကြားသိတော်မူလေလျှင် တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်စေ့အောင် ပင့်ခေါ်၍ လျှောက်ထားဆုံးမသော်ငြားလည်း ရှေးအတူသာလျှင် ဆက်လက်ပြုမူနေ၍ မင်းကြီးကြားလေလျှင် အမျက် တော်ရှ၍ သံဃရာဇာအား ရှေးကမြက်ရိတ်သားဘဝကို သတိရစိမ့်သောငှာ မြက်ထမ်းကို ကျောင်းပါးသို့ ထမ်းပိုးဖြင့်ရွက်ဆောင်လျှက် ပြစေ၏။ သံဃရာဇာဘုန်းကြီးလည်း မြက်ထမ်းကို မြင်လေလျှင် ငါ့ကိုမင်းကြီးအရှက်ခွဲဘိသည်ဟု အမျက်ကြီးစွာရှိလေလျှက် မင်းသား စောမွန်ကိုခေါ် ၍ ဤကဲ့သို့ဆို၏။ မင်းသား ဘထွေးတော်သည် ငါ့ကိုအရှက်ခွဲသည်ဖြစ်၍ မင်းသားမင်းပြုဘိသည်ဟု ဆိုလေသော် အကျွန်ုပ်ဝယ် အလုံးအရင်းဆင်မြင်း လက်နက်ကိရိယာ မရှိဘဲလျှက် အဘယ်သို့ မင်းလုပ်ရပါအံ့နည်းဟု ဆိုလေသော် မင်းသားအိပ်၍သာနေပါ၊ ငါကြံမည် မကြောင့်ကြလင့်ဟု ဆိုလေသော် မင်းသားစောမွန်လည်း ပြုပါမည်ဟု ဝန်ခံလေ၏။

http://www.dhammadownload.com



သံဃရာဇာလည်း ထိုနေ့ကစ၍ လက်နက်ကိရိယာစုဆောင်း၍ ကျောင်းတွင်း၌ မင်းသားစောမွန်ကိုဝှက်ထားလေ၏။ မင်းကြီးသိဂ်သူလည်း ဝါကျွတ်လျှင် ကျေးဇူးရှင်ဖြစ်သောကြောင့် ကန်တော့မည်ဟုကျောင်းသို့ကြွလာတော်မူလတ်သော် သံဃရာဇာသည်မမာမကျန်းဖြစ်နေဟန်ပြု၍ ကျောင်းထဲမှမထွက်ပဲနေလေ၏။ မင်းကြီးလည်း ငါ့ဆရာ မမာဖြစ်လေသည်ဟု သဘောထား၍အတွင်းသို့ ဝင်တော်မူ လေလျှင် ဝင်လျှင်ဝင်ချင်း သံဃရာဇာ လုပ်ကြံသတ်ဖြတ်လေ၏။

ထိုမင်းသိဂ်သူကား နန်းစံ ၃-နှစ်၊ သက်တော် ၃၅-နှစ်၊ သက္ကရာဇ်-၇၆၆ တွင် လွန်တော်မူလေသည်။ ရခိုင်ရာဇဝင်သစ်၊ အရှင်စန္ဒမာလာလင်္ကာရ၊ စာ ၃၇၉-၃၈၃ မှ ကောက်နှုတ်ဖော်ပြသည်။

"ရခိုင်ရာဇဝင်သစ်"မှာ ရှေးဟောင်းရာဇဝင်ကျမ်းအစောင်စောင်နှင့် မြန်မာမှန်နန်းရာဇဝင်ဟောင်းတို့ဖြင့် ညှိနှိုင်းပြုစုထားသည်ကို တွေ့ရပါ၍ မှန်ကန်တိကျမှုအရှိဆုံးဟု ထင်မြင်ပါသည်။

"ဓညဝတီအရေးတော်ပုံ"၌ မင်းထီး၏ သားတော်"ရာဇသူ"သည် "ဝရဓမ္မာ"ဟူသောဘွဲ့အမည် ကိုခံ၍ နန်းစံတော်မူကြောင်းနှင့်၎င်း၏သားတော်မှာ စောမွန်ဖြစ်ကြောင်းနှင့်ပြသထားသည်ဟု ဆိုပါ၍ မင်းထီးမင်း၏ သားတော် ၃-ပါးဖြစ်ကြကုန်သော ဥစ္စနာ၊ သိဝရာဇ်၊ နန်းကျယ်သိင်္ခသူ တို့ မပါဝင်လေ။ "ရာဇဝင်သစ်"လည်း ထို့အတူ ဆိုလေသည်ဟု ထောက်ပြထားပါသည်။ အမှန် တကယ်မှာ စောမွန်သည် မင်းထီး၏မြစ်သာ ဖြစ်ပေသည်။ မြေးတော်ကား မဟုတ်ပေ။

မင်းကြီးစွာစော်ကဲ အင်းဝမင်းက ရခိုင်သို့မင်းပြုရန် ဦးရီးတော်စောမွန်ကြီးအား သက္ကရာဇ် ၇၃၅-ခု တွင် ပို့လွှတ်ခဲ့သည်။ ၇၄၂-တွင် စောမွန်ကြီးလွန်ပြီး ၎င်းအားဆက်ခံရန် ကျွန်ရင်းဖြစ်သော ဆိုးတူကောင်းဖက် စောမည်းကိုဆက်ခံရန် နောက်ထပ်ပို့လွှတ်ခဲ့ပြန်ရာ စောမည်းကား ရတနာသုံးပါးကိုလည်း မရိုသေ၊ ပြည်ရွာကိုလည်း ငြိမ်းချမ်းသာယာအောင် မပြုသောကြောင့် ရခိုင်တို့သောင်းကျန်းပုန်ကန်လေ၍ စကုမြို့သို့ ပြန်ပြေးလာရ၏။ ရခိုင်သားတို့လည်း စောမည်းပြေးလျှင် နန်းကျကြီးမြေး"ကျော်စွာ"ကို နန်းတင်လေ၍ ခြားနားလေ၏ဟု ဆိုခြင်းမှာ ရခိုင်ရာဇဝင်အစောင်စောင်တို့၌ ကြည့်ရှုစိစစ်ခဲ့ရာ တစ်စုံတစ်ရာ အရိပ်အမြွက်မျှ မတွေ့ရ။ မင်းဘီးလူးနောက်တွင် စည်သဘင်အမတ် ၎င်းနောက်တွင် မင်းဘီလူးသား မင်းထီးသာ ထီးနန်းဆက်ခံစိုးစံကြောင်း

http://www.dhammadownload.com



ရာဇဝင်အစောင်စောင်တို့၌ ပါရှိသည်ကိုတွေ့ရသဖြင့် မြန်မာမှန်နန်းရာဇဝင်သည် အဆိုပါ မင်းစောမွန်ကြီးနှင့် စွာစော်ကဲမင်း ကျွန်ရင်း ငမည်းတို့အား ဆွဲတင်ရေးသားစကားသာဖြစ်မည်ဟု အရှင်စန္ဒမာလာလင်္ကာရ၏ "ရခိုင်ရာဇဝင်သစ်ကျမ်း"၊ စာ ၃၈၃-၃၈၄ တွင် အကျယ်တဝင့် ရှင်းလင်းထောက်ပြထားပါသည်။ မှန်နန်း ၉၂-ခု၊ စာ-၄၁၀၊ 'ရခိုင်ကမင်းလျှာတောင်း၍ စောမွန်ကြီးကိုပေးခြင်း'နှင့် ၊ စာ ၄၁၄-၄၁၅၊ "ရခိုင်မြို့စားရွေးရာတွင် စည်သဘင်လျှောက်ပ"ကို ရည်ညွှန်းပါသည်။ မင်းထီးမတိုင်မီက လောင်းကြက်မြို့တော်တွင် နန်းတက်ခဲ့သောမင်း၊ ရခိုင် လောင်းကြက်မင်း စောမွန်ကြီး၊ နန်းကျကြီး၊ မင်းဘီလူးနှင့် ကျော်စွာမင်း အမည်များကို ဖော်ပြထား ရာ ၄င်းတို့မှာ ကောဇာ ၆၃၁-၆၄၃ က မင်းများဖြစ်၍ (၆၃၁-၇၃၅ ကွာဟချက်) ၁၀၄-နှစ်ရှိပြီး မင်းကြီးစွာစော်ကဲ (စောထူး)မိသားစု ရခိုင်သို့မပါခင် ၃၆-နှစ်က ရခိုင်စောမွန်ကြီး ဖြစ်၏။ ၄င်းအမည်ပါမင်းများ မင်းထီးနောက်ဝယ်တွင် ရခိုင်ရာဇဝင် လောင်းကြက်ခေတ်အတွင်း၌ မရှိ သည့်အပြင် မှန်နန်းပါသက္ကရာဇ်များမှာလည်း "မင်းထီး"လက်ထက်အတွင်း ကျရောက်နေပါ၍ ပြန်လည်စိစစ်ပြီး လိုအပ်ပါက ပြုပြင်သွားသင့်သည်ဟု ထင်မြင်ပါသည်။ ရခိုင်ရာဇဝင်သမိုင်း ကြောင်းအရ ဖြစ်နိုင်ခြင်းမရှိသည်ကို သေချာစွာတွေ့ရပါသည်။ မင်းထီးလက်ထက် ရခိုင် နယ်နိမိတ်နှင့်ကပ်လျှက် တည်ရှိသော သက်များနေထိုင်ရာ မဏ္ဍာဂီရိ၊ သက်ဆိုးတောင်၊ သရက် ဒေသ၊ ယခင်က မင်းရှင်စောနယ်ပယ်တွင်များ ဖြစ်လေသလောဟု တွေးတောစရာပင်။ ဒေါက်တာ လူစ်၊ ဒေါက်တာပန်မလာ၏ ကျမ်းပြုစာတမ်း စာ-၁၄။

## မင်းထီး၏ ပြုပြင်ပြောင်းလဲမှု

မင်းထီးသည် တရားဥပဒေစိုးမိုးရေးကို အလေးပေးခဲ့သည်။ ဥပဒေပြုရာတွင် တိကျပြတ်သားမှုရှိလေသည်။ သားမကောင်းလျှင် အဘ၊ သမီးမကောင်းလျှင် အမိ၊ မယား မကောင်းလျှင် လင်၊ တပည့်မကောင်းလျှင် ဆရာ၊ ကျွန် မကောင်းလျှင် အရှင်တို့တွင် တာဝန်ရှိ သည်ဟု ပြဋ္ဌာန်းပြီး သေဒဏ်ထိကျခံစေရန် သတ်မှတ်ခဲ့သည်။ ဤဥပဒေသည် များစွာပြင်းထန် သည်ဟု မှတ်ယူနိုင်သော်လည်း ဤဥပဒေကြောင့်သာ တိုင်းပြည်ကို ကောင်းကောင်းမွန်မွန် ပြုပြင် ပေးနိုင်ခဲ့သည်ပင် ဖြစ်၏။ မင်းထီးသည် ဥပဒေပြုသူသက်သက်သာ မဟုတ်၊ ကိုယ်တိုင်လည်း လိုက်နာတတ်သူဖြစ်သည်။ ကိုယ်တိုင် ဖောက်ဖျက်မိသဖြင့် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်

http://www.dhammadownload.com



အတိုင်း မိမိလက်ညှိုးကို မိမိကိုယ်တိုင်ဖြတ်၍ အပြစ် ခံယူလေသည်။

ရာထူးများခန့်ထားရာတွင်လည်း အဂတိလုံး၀ မလိုက်စားပဲ အရည်အချင်းရှိသူကို ရှိသူအလျောက် ထိုက်တန်စွာခန့်ထားလေသည်။

တိုင်းပြည်စီးပွားရေးအတွက် များစွာသောရေတွင်း၊ ရေကန်၊ လမ်းတံတားတို့ကို တိုးချဲ့ ဆောက်လုပ်ခဲ့သည်။ တိုင်းပြည်လုံခြုံရေးအတွက် လက်နက်အင်အားကိုလည်း တိုးချဲ့လေသည်။ ထို့ကြောင့်သာ အေဒီ- ၁၂၉၈ ခုတွင် မွန်ဂိုတို့၏ အလုံးအရင်းဖြင့် ကျူးကျော်မှုကို အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့လေသည်။ ထိုစဉ် ခေတ်ပြိုင်ပုဂံနိုင်ငံသည် အေဒီ-၁၂၈၄ ခုနှစ် မွန်ဂိုကျူးကျော်မှုကို မခံနိုင်သဖြင့် ပျက်စီးသွားလေသည်။ မင်းထီးလက်ထက်တွင် ရခိုင်၏လက်ဝင်နိုင်ငံဖြစ်သော ဘင်္ဂါ ၁၂-တိုင်းနှင့် အရှေ့အနောက်တိုင်းငယ်များကို လက်အောက်ခံများအဖြစ် ပြန်လည်သိမ်းသွင်းနိုင်ခဲ့ လေသည်။

မင်းထီး၏အုပ်ချုပ်ရေးသည် အနှစ်-၁၁၆ နှစ် ရှည်ကြာခဲ့သည်။ ၎င်းလက်ထက်သည် လေးမြို့ခေတ် တွင် အတိုးတက်ဆုံးဖြစ်လေသည်။ ၎င်းလွန်ပြီးနောက် ၁၅-နှစ်ကြာသောအခါ မင်းစောမွန် နန်းတက်လေသည်။

## မင်းထီးလက်ထက် မှတ်သားလောက်ဖွယ်ရာ စစ်မက်နောက်ထပ်တစ်ရပ်

မင်းထီးလက်ထက် မှတ်သားလောက်ဖွယ်ရာ စစ်မက်နောက်ထပ်တစ်ရပ်မှာ မောက်သူဇာ၊ ဘင်္ဂါ ၁၂ မြို့ကုလားတို့သည် ၎င်းတို့တောင်ကုန်းဒေသရှိ "သက်" (ချက္ကမ)နှင့် ပေါင်းပြီးလျှင် ဒီလီပဆာ (ဒေလီ စူလတန်)မင်းထံဝင်လျှက် သောင်းကျန်းပြန်လေရာ စစ်သူကြီး ဓမ္မဇေယျာနှင့် ကိုယ်ရံကြီးပြသထ၊ ထိုနှစ်ယောက်ကို ရဲမက်တစ်သိန်းငါးသောင်းနှင့် ချီပြီးနှိမ်နင်းစေသောအခါ စစ်ဆင်သောထုံး (Srategy) သော်ကား ကြည်း၊ ရေနှစ်ရပ်ချီ၍ အမတ်ကြီးတို့ မဟာစိုးကျွန်းသို့ ရောက်လေရာ သက်တို့သည် ခိုင်လုံစွာနှင့် ကြံမ်တန်းတောင်က ခုခံနေလေသည်။

ကုလားများသည် စစ်တကောင်းမြို့အဝင် ဟင်းရာဝက သဘော်တစ်ရာ လက်နက်အစုံတို့ ဖြင့် ဆီးဆို့နေလေသော် အမတ်နှစ်ဦးတို့ ညီညွှတ်တိုင်ပင်၍ ဆုံးဖြတ်ကြသည်ကား ကုလားမှာမြေ၊

http://www.dhammadownload.com



သက်မှာခြေ၊ ကုလားပျက်လျှင် သက်အလွယ်သာ ဖြစ်သည်။ သက်နှင့်ကုလား မပူးစေရ။

ပုရိန်ဝတွင် စိန်တင်စားတပ်၊ မြို့ချောင်းစားတပ်၊ သူရဲတစ်သောင်းနှင့် ခိုင်လုံစွာရပ်နေစေသည်။ ယင်းသို့ ပြီးမှ စပ်တင်လှေ ၅၀၀ ကို ကျောက်တင်စေပြီး သင်္ဘောထွက်ရေကြောင်း (Channel)၌ ညဥ့်အခါသွား၍ မြှုပ်ထားစေသည်။ ထိုသို့ပြုပြီးမှ ဝါးဖောင် ၁၀၀၀ ၌ အမှိုက်ပြည့်စွာထည့်လျှက် လူရုပ်သဏ္ဌာန် လက်နက်ကိုင်စေ၍ စစ်ဝတ်ဆင်ယင်ပြီးလျှင် ထိုဝါးဖောင်တွင် အများအပြားထည့်လေသည်။ ယင်းသို့ပြီးမှ ယမ်းအိုး အများစေ့အောင် ဝါးဖောင်၌ထည့်လေ၍ အခမ်းအနားကို စီရင်ပြီးသော် ဖြားရေကြီးသောနေ့၌ မြစ်ညာက ထိုဝါးဖောင်တို့ကို မျှောလေရာ သင်္ဘောသားတို့က လူထင်ပြီးတိုက်ရန် ချဉ်းကပ်လာသည်ထင်မှတ်၍ အမြောက်များဖြင့် ပစ်ခတ်လေသည်။ ထိုအခါ ဝါးဖောင်ပါယမ်းအိုးများ မီးထလောင်၍ သင်္ဘောများဆီသို့ ရောက်လတ်သော် ပင်လယ်သို့သင်္ဘောများထွက်ရန် ကြိုးစားလေရာ ရေကြောင်းပိတ်ဆို့ရှိလေသောကြောင့် မထွက်နိုင်ရှိလေသည်။ ထိုဝါးဖောင်တို့သည် မီးပုံကြီးစွာထ၍ ထပ်ကာထပ်ကာ မျှောလာထိပါးလာသဖြင့် သင်္ဘောများကို မီးစွဲလောင်ကျွမ်း၍ သင်္ဘောတပ်ကြီးပျက်စီးလေသော် ကုန်းတပ်မှကုလားတို့ မြစ်ကြောင်းအထောက်အကူပြု ရေတပ်မရှိသဖြင့် စစ်တကောင်းမြို့က ဆုတ်ခွာသွားလေလျှင် စစ်တကောင်းကို ဓားမကျိုး၊ လှံမနာပဲ လွယ်ကာနှင့် ရခိုင်တပ်များ သိမ်းပိုက်နိုင်ခဲ့သည်။

ကုလားရေတပ်ကြီးပျက်၍ ၎င်းတို့နီးနားရှိ စစ်တကောင်းမြို့ ကျရှုံးကြလေလျှင် အလွန်ကြောက်လှ၍ သက်မင်းကိုယ်တိုင် လက်ဆောင်ပဏ္ဏာများစွာနှင့် အညံ့ခံရောက်လာလေသည်။

အမတ်ကြီးတို့လည်း စစ်တကောင်းမှမြောက်ဘက်သို့ ဆက်လက်ချီတက်သွား၍ မောက်သူဇာမြို့ကို တိုက်ခိုက်ပြီးရပြန်လေသော် မောက်သူဇာတွင် စိန်တင်စား၊ ဒါကာမြို့တွင် အမတ်မြို့ချောင်းစားတို့ကိုချထား၍ ကုလားအကြီးအကဲ သက်မင်းနှင့်ခေါင်ကြီးများတို့ကို ခေါ်ယူပြန်လာစေ၊ မင်းအမိန့်တော်ရောက်လျှင် စစ်မှူးအမတ်ကြီးနှစ်ဦးတို့ ခေါ်ဆောင်ပြီး နေပြည်တော်သို့ ပြန်လာခဲ့ကြသည်။

သက်မင်းငဖုံးကို အသက်မသတ်၊ ခြေတော်ရင်းတွင် ခစားစေလေသည်။ မုသလမ်ကုလားတို့မှာ အကောက်အဆိုးများသည် အမိန့်တော်ရှိ၍ ကုလားအကြီးအကဲ လူပေါင်း ၅၀၀ အနက်တစ်ရာကို တန်ဆာသိမ်း၍ မိန်းမစိုး၊ မော်လိတ်အစို့မှာ ဖြည့်တော်မူသည်။ လေးရာကုလားကို

http://www.dhammadownload.com



စီးရီရေခပ်အစို့မှာ ဖြည့်တော်မူသည်။

ဤအချိန်အခါမှစပြီး အာဖဂန်၊ ပါရှား၊ တူရကီနှင့် မဂို (Mogul)နွယ်ဝင် ဂင်္ဂါမြစ်ဝှမ်း အရှေ့ပိုင်းလွင်ပြင်အား ကြီးစိုးလွှမ်းမိုးလာသည့် ဘာသာရေးဘန်းပြစစ်ကြျုး မူသလမ် (Moslem- Mohammedan Islam) ဘာသာဝင်များ ဘင်္ဂါ -၁၂-ခွင်မှတစ်ဆင့် ရခိုင်နယ်နိမိတ် နတ်မြစ်အနောက်ဘက်ကမ်းအား ကျော်ဖြတ်ကာ နယ်ပယ်ချဲ့တွင် သိမ်းပိုက်၊ ဘာသာရေးသိမ်းသွင်းရန် မည်၍မည်မျှ စိုးပြင်းလာကြသည်ကို သိသိသာသာ တွေ့မြင်နိုင်ပါသည်။ ဘင်္ဂါ ၁၂-ခွင် ဘင်္ဂါနယ်ပယ်အတွင်း ၄င်းတို့ခြေကုပ်စတင်ယူခဲ့သည့် အချိန်လည်း ဖြစ်ပေသည်။

ကံကောင်းထောက်မ၍ စစ်ကိုင်းပင်းယမြို့များအား ဖျက်ဆီးပြီး တရုတ်တရက် ဩဇာလွှမ်းမိုးသည့် ရှမ်းကုန်းမြင့်ဒေသမှ ရန်စွယ်ရန်မီးမှာ အင်းဝစွာစော်ကဲမင်း လက်ထက်ကပင် အတော်အတန် ထိန်းချုပ်ထား ရှိနိုင်ခဲ့သဖြင့် ရခိုင်ဒေသအတွက် ပူပန်ရန်မလိုတော့ဘဲ အပြီးပိုင်ချုပ်ငြိမ်းသွားခဲ့ပါသည်။

## မင်းစောမွန်နှင့်မင်းခရီ

လောင်းကြက်ခေတ် သက်တော်ရှည်မင်းထီးနောက် ရခိုင်ရာဇဝင်သမိုင်းကြောင်း၌ အလွန်တရာမှ အရေးပါသော မင်းနှစ်ပါးမှာ မင်းထီး၏ 'မြစ်' တော်များ ဖြစ်ကြကုန်သော ဖေတူ၊ မေကွဲ "ဝရဓမ္မာ" ခေါ် ရာဇာသူမင်း၏ သားညီနောင်နှစ်ပါးဖြစ်ကြသော စောမွန်နှင့် ခရီတို့ ဖြစ်ပေသည်။ လောင်းကြက်ခေတ်၏ တရာဝင်မင်းမှာ စောမွန်ဖြစ်ပြီး ညီတော်ဝမ်းကွဲ မင်းသားခရီမှာ သံတွဲမြို့စားဖြစ်ပေသည်။ မှူးတော်မတ်တော်အချို့၏ မလိုလားမုန်းထားကုန်းချောစကားကြောင့် ညီတော် မေတူ၊ ဖေကွဲ မင်းခရီအား နန်းလုရန်ကြံစည်သည်ဟု လက်ဦးက ထင်မှတ်သံသယရှိခဲ့လင့်ကစား လောင်းကြက်မြို့တော်ကို အဝမှ ဘုရင်မင်းခေါင် သားတော်အိမ်ရှေ့မင်းသား မင်းရဲကျော်စွာ လာရောက်တိုက်ခိုက်သည့်အခါ၌ မင်းညီနောင်နှစ်ပါး စိတ်ဝမ်းမကွဲ သစ္စာရှိစွာဖြင့် တစ်ဦးကိုတစ်ဦး အားကိုးအားထား အထောက်အကူပြုကာ ၂၂-နှစ်တာမျှ ရန်သူများအား စစ်ရေး၊ နိုင်ငံခြားဆက်ဆံမှု အစရှိသည့် နည်းပရိယာယ် အမျိုးမျိုးကို အသုံးပြုပြီး စစ်တလင်းအသွင်း ကျရောက်နေသော ပေါင်းတုပ်ချောင်းတောင်ဘက်ရှိ လောင်းကြက် နန်းမြို့မှ

http://www.dhammadownload.com



အပ ကျန်ရခိုင်နယ်ပယ်အုပ်ချုပ်ရေး အချုပ်အချာ အာဏာမဏ္ဍိုင်အား မပြိုမလဲ မဆုံးရှုံးရလေအောင် ဇွဲလုံ့လသတ္တိမြည့်မြောက်စွာဖြင့် ကြံ့ကြံ့ခံ ကာကွယ်ထိန်းချုပ်ထားနိုင်ခဲ့သည်။ ဓညဝတီ ရခိုင်ပြည်ထောင်အတွင်း စစ်ပြုကွပ်ကဲကျန်ရှိနေခဲ့သော ညီတော်အိမ်ရှေ့ ခရီမင်းသားကဦးဆောင် စည်းရုံးစုစည်းထားနိုင်ခဲ့ခြင်းကြောင့် လက်ပြောင်းလက်လွှဲကြိမ်ဖန် များစွာရှိခဲ့သည်။ လူသူနည်းပါးပြီး တစသုသာန်အသွင်ကို ကျရောက်နေသော ပေါင်းတုပ်ချောင်းတောင်ဘက် ခြမ်းဒေသ လောင်းကြက်နန်းမြို့တော်အထိကိုသာ မြန်မာတပ်များ ခေတ္တခဏ စိုးပိုင်နိုင်သည် ကျန်လေးမြို့ ဒေသကိုကား မင်းခရီနှင့် မိဖုရား။ ရဟန်းသံဃာ၊ မှူးတော်မတ်တော် ရဲမက်ဗိုလ်ပါ ပြည်သူများ ညီညွတ်ပေါင်းစည်းကာ ကြံ့ကြံ့ခံ ထိန်းချုပ်ကာကွယ်ထားခဲ့ကြပါသည်။

ဤအခြေအနေကြောင့် အင်းဝဘုရင်မင်းခေါင်က သားတော်မင်းရဲကျော်စွာအား နေပြည်တော်သို့ ခေါ်ယူကာ ကလေးမြို့ကို စားရသော အနော်ရထာကို မင်းမြောက်တန်ဆာငါးပါးနှင့် ရခိုင်ပြည်ထောင်ကို အုပ်ချုပ်ရန်လောင်းကြက်နန်းမြို့ကိုပေး၍ စေလွှတ်တော်မူခဲ့သည်ဟု ယူဆရပါသည်။ အနော်ရထာတပ်နှင့် မြန်မာတပ်တော်သားများ အရပ်ထက်ဝန်းကျင်ကိုကား ထိန်းချုပ်စိုးမိုးနိုင်ခြင်းမရှိ ထရံကာ လောင်းကြက်တစ်မြို့ကိုသာ အစိုးတရပြု၍ နေကြလေကုန်၏ ဟု ရခိုင်ရာဇဝင်သစ်အတွဲ (၂)(စာ-၃)၌ အရှင်သူမြတ် စန္ဒာမာလာလင်္ကာရက ရေးထားပါသည်။

လောင်းကြက်စားအဖြစ် တစ်နှစ်ခန့်ရှိသော အင်းဝမင်းခေါင်က အနော်ရထာနှင့် မိမိ၏ သမီးတော်အသက် ၁၃-နှစ်အရွယ် ရွှေပြည်ချမ်းသာမင်းသမီးအဖြစ် စုံမက်ထိမ်းမြားပေးတော်မူ လေသည်။

မြန်မာပြည်အဝမှ အနော်ရထာနှင့် ရွှေပြည်ချမ်းသာ ဇနီးမောင်နှံနှစ်ပါး ၎င်းတို့၏ ဗိုလ်ပါ တို့သည် လွန်စွာဆိုးသွမ်းသည်ဖြစ်၍ ၎င်းတို့ပိုင်ထားသည့် နယ်မြေရှိ မြို့သူ၊ မြို့သားများနှင့် နီးနားဝန်းကျင်ရွာများအား အမျိုးမျိုးနှိပ်စက် ညှင်းပန်းကလူပြုသည်ဖြစ်ရကား လောင်းကြက်ဒေသ ရှိ မြန်မာတပ်တော်ကြီးက နောင်တော်အနောက်မဖွဲ့မတွင် ခိုလှုံစဉ် မင်းခရီက အစားဝင်ရောက် မင်းပြုနေရချိန် မိမိလက်အောက်ရှိတပ်များနှင့် တွန်းလှန်တိုက်ထုတ်နိုင်ခြင်း မရှိသဖြင့် သံတွဲမြို့စား ညီတော်မင်းခရီသည် မွန် ပဲခူးမင်း ရာဇာဓိရာဇ်ထံသွားရောက်ပြီး အကျိုးအကြောင်းလျှောက်ထားကာ အကူအညီတောင်းခံခဲ့ရာ ရာဇာဓိရာဇ်မင်းက သံလျင်စားအမတ်ဒိန်ကို “အင်းဝနိုင်”ဟူသော

http://www.dhammadownload.com



အမည်ဖြင့် ဗိုလ်မှူးခန့်၍ မွန်စစ်သည်ငါးသောင်းနှင့် တကွ လောင်းကြက်၌ နန်းတက်ရန် တစ်ပါးတည်း စေလိုက်တော်မူလေသည်။ မင်းခရီ(၁၄၃၃-၁၄၅၉)နှင့် ရာဇာဓိရာဇ်တို့ ချစ်ကြည်မှု မဟာမိတ်ပြုလုပ်သည့် ကျောက်စာမှတ်တမ်းတစ်ချပ်ကို ပုရိန်မြို့တော်ဟောင်း ခံတပ်တစ်နေရာမှ ရရှိခဲ့၍ ယခုအခါ မြောက်ဦးမြို့ရှိ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသလျှက်ရှိသည်ကို တွေ့နိုင်ပါသည်။

အမတ်ဒိန် (အင်းဝနိုင်) တပ်မှူးလည်း သူရဲကောင်း ၅၀၀၀၀ နှင့် ရခိုင်သို့ချီလာပြီး အနော်ရထာမင်းနှင့် မှူးမတ်-၁၀၀ကျော်တို့ကို ဖမ်းဆီးရမိ၍ ကွပ်မျက်ကာ မင်းသားခရီအား နောင်တော် စောမွန်မင်း အနောက်မဇ္ဈိမတွင် ခိုလှုံနေချိန်ဖြစ်၍ နန်းတင်ပြီး နော်ရထာမိဖုရား ရွှေပြည်ချမ်းသာကို ဆောင်ယူကာ မွန်များတပ်ရုပ်ပြန်ကြကုန်သည်။

ရွှေပြည်ချမ်းသာအား ရာဇဓိရာဇ်မင်းထံ ဆက်သကြသည့်အခါ ရာဇဓိရာဇ်က မိဖုရား အရာပေး၍ သိမ်းပိုက်တော်မူလေသည်။

အရှေ့မှ ရန်မီးချုပ်ငြိမ်း၍ဘင်္ဂါလခွင်မှ စောမွန်မင်း လောင်းကြက်မြို့တော်သို့ ညီတော်ခရီမင်း ပင့်ခေါ်ချက်အရ ပြန်လည်မင်းပြုသည့်အခါ၌ လောင်းကြက်မြို့တော်မှာ ပျက်စီးနေသည့်အလျောက် လောင်းကြက်တွင် ၂-နှစ်စံပြီး စစ်ဗျူဟာအရ ပိုမိုသင့်တော်သည့် မြို့သစ်နေရာရွေးချယ်ကာ မြောက်ဦး မြို့တော်သစ်နှင့် မြောက်ဦးခေတ်ကိုတည်ထောင်ခဲ့ပါသည်။ သက္ကရာဇ် ၁၃၄၀ အေဒီတွင်ဖြစ်ပါသည်။

ဤအခြင်းအရာအပြည့်အစုံကို ဓညဝတီရာဇဝင်သစ်နှင့် ရခိုင်ရာဇဝင်သစ်တို့တွင် မင်းစောမွန်မင်းသား လောင်းကြက်မြို့တော်၌ မင်းဖြစ်လာပုံနှင့် ငယ်ရွယ်သူမင်းတစ်ပါးဖြစ်သည့် အလျောက် မှောက်မှားမှုများနှင့် ဗဟုသုတနည်းပါးသော အချို့အမတ်တို့၏ စကားကိုသာ နားဝင်ပြီး နေပြည်တော်အဝှမ်း စည်းလုံးညီညွတ်မှု ပျက်ပြားကာ အရှေ့မှ မင်းရဲကျော်စွာ စစ်ပြုလာသည့် အခါ၌ အကွဲကွဲအပြားပြား ခုခံခဲ့ကြ၍စစ်ပျက်ရသည့် အကြောင်းစုံကို ပြည့်ပြည့်စုံစုံရေးသား ဖော်ပြထားပါသည်။

စောမွန်မင်းဂါဝါမှ ပြည်တော်ပြန်ပြီး ၂-နှစ်တွင် ရခိုင်ရာဇဝင်၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် မြောက်ဦးမြို့တော်သစ်နှင့် ခေတ်စတင်ပေါ်ပေါက်လာပုံများ အထူးစိတ်ဝင်စား

http://www.dhammadownload.com



ဖွယ်ကောင်းလှပါသည်။

## မင်းစောမွန် ဘင်္ဂလားသို့တိမ်းရှောင်ခြင်း

မင်းစောမွန် လောင်းကြက်တွင် နန်းတက်ပြီးနောက် သူရတန်သို့ တိမ်းရှောင်ခြင်းကို ရခိုင်မင်းသမီး ချော်အပိုဒ် (၂၇)တွင် ဤသို့ဆိုထားသည်။ "ဧ---------ပေိမ့်သာခွန်း၊ အဆန်းဆန်း တည့် စီတန်းကောင်းကင် မိုးသက်တင်သို့ တမျှင်မကျိုး ရှင့်ဘေးဘိုးကား နန်းရိုးငင်ငင် သာကီဝင်၏ နွယ်လျှင်မပျက် မျိုးသားဆက်ခဲ့လောင်းကြက်တွင်မူ ရိပ်ဖြူဖွေးဖွေး တဆယ့်လေး ဝယ် ခင့်ဘေးဆုံးစွန် မင်းစောမွန်လျှင် တရန်တထောက် ကျိန်းခန်းလျှောက်ဖြင့် နောက်သူရတန် ပဌာန်းမင်းနေပြေးရှာချေ၍ ပြန်လေတခါ မြို့ကောင်းရာကိုရှာလေ အကျော်ရေးကြီးမျှော်သည်။ မြင်တော်လေသို့ဟူတည့်လေ။ ။ ရောက်ပြန်တံ့လျှက် မြို့လောင်းကြက် အသက်ကုန်၏ မနေ တည့်ဟု မျှော်ကြည့်စာနာ မြို့ကောင်းရာကို ရှာသည်တည့်သည်ရှေး နောင်လာရေး ။ ။ လေညီးယင်ယင်ဧ"

တဖန် မြဒိုးဝေရာဇဝင်ကို ကိုးကား၍ ဦးစံလှ (မြောက်ဦး)က ဓညဝတီ နိဂုမ်းရှာ အခန်း-၁၊ အပိုဒ်-၆၊ စာမျက်နှာ-၄ နှင့် ၅ တွင် ဆိုထားသည်မှာ-

"----------အလီလီကေ ရာသီပြောင်းလို့ နှစ်ပေါင်းများစွာ ကြာသောအခါတွင် သေနာ ပတိ ရဲစွန်းဂိုဏ်းဖြင့် ပြည့်စုံလတ်ကေမတ်ကဝိနှင့် မင်းထီးဘုရင် နတ်နန်းဝင်သော် တဆယ်ကျော်၍ စွန်းပေါ်ခုနစ် မင်းစောမွန်လျှင် နန်းစံခေတ်တွင် သက္ကရာဇ်ကောဇာ ခုနှစ်ရာနှင့် စွန်းလာ ခြောက်ဆယ် ရှစ်ခုဝယ်တွင် ရှိပြည်ထွားညက် များစစ်သယ်နှင့် နှင်းနယ်ငြားကေ အောက်သား ဖျက်လို့ နှိပ်စက်များစွာ သို့တွက်တာကြောင့် ပြည်ရွာပျက်စီး ---- အိုးအိမ်ခွာ၍ ထွက်ခွာပြီးသော် ပြည်ကြီးမဏ္ဍိုင် ရှိရခိုင်မှာ အိမ်တိုင်နွယ်ရစ် မျက်သစ်အုံ၍ ရှက်ဂုဏ်နှောကေ လယ်ကောဖြစ်လို့ အနှစ်နှစ်ဆယ် ကာလရှည်အောင်ကြာပေသောအခါ မဇ္ဈမာက ရာဇဘုန်းသန် သူရတန်လျှင် ထောက်ကန်ပြီးငြား သောင်းထိဝီအောင် ပိုလ်ခြီများနှင့် မင်းသားစောမွန် ပြည်တော်ပြန်၍ ရန်ကိုနှိမ်ပြီး လောင်းကြက်ခေါ်ကေမြို့တော်ကြီးများ နန်းထီးထပ်မံ စိုးကာစံလျှင် နိုင်ငံအဝှမ်းရီနှင့် ကြာကေ ပမာညွှန်းသို့ ဟု စပ်ဆိုထားရာ

သက္ကရာဇ် ကောဇာ-၇၆၀ ခုနှစ်တွင် မြန်မာများတိုက်ခိုက်လာသောကြောင့်

http://www.dhammadownload.com



နောက်သူရတန်မှာ နှစ်နှစ်ဆယ်ကာလရှည်အောင် တိမ်းရှောင်ပြီးနောက် ရန်ကိုနှိမ်နင်း၍ လောင်းကြက်တွင် ထပ်မံ စိုးမိုးလာသည်တို့ကို ပေါ်လွင်စေပါသည်။

ဤသည်တို့မှာ ရခိုင်မင်းသမီး ချေင်းနှင့်ဓညဝတီ နိဂုမ်းရွာတို့က မင်းစောမွန်၏ ရာဇဝင်ကြောင်းကို သိစေလာခြင်းပင် ဖြစ်ပါသည်။

အရှင်စန္ဒမာလာ လင်္ကာရရေးသားပြုစုသော ရခိုင်ရာဇဝင်သစ်ကျမ်း ပထမတွဲတွင် မင်းစောမွန်၏ ရာဇဝင်အဖြစ်အပျက်အကြောင်းအရာကို စာမျက်နှာ ၂၀ အထိ ပြည့်ပြည့်စုံစုံရေးသားထားပါသည်။ အသေးစိတ်ကို ယင်းစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

ဤကဲ့သို့ မင်းစောမွန်ဘင်္ဂလားတွင် တိမ်းရှောင်ခြင်းခေါင်စဉ်ဖြင့် ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း ပထမတွဲသမိုင်းကဏ္ဍတွင် လိုရင်းကို အနှစ်ချုပ်၍ ဖော်ပြသည်ကိုပင် ကျွန်ုပ်တို့လက်ခံ၍ ထပ်ဆင့်တင်ပြသွားပါမည်။

ရခိုင်ထီးနန်းကို ၁၄၀၄ တွင် မင်းစောမွန်အားပြည်သူတို့က လွှဲအပ်လေသည်။ မင်းစောမွန်သည် စိတ်ရင်းကောင်းသူတစ်ယောက်ဖြစ်သည်။ သို့သော် ၄င်းနန်းတက်၍ ၂ နှစ်အကြာတွင် ရခိုင်တို့၏ ညီညွတ်ရေးသည် သပ်လျှိုခံရလေသည်။ ရာဇဓိရာဇ်ကို တိုက်နေသော အင်းဝ မင်းခေါင်၊ အေဒီ ၁၄၀၀-၁၄၂၃ သည် ရခိုင်ကိုဝင်တိုက်လာလေသည်။ အင်းဝမင်းခေါင်၏ တိုက်ခိုက်ခြင်းကိုကြာရှည်မခုခံနိုင်သဖြင့် မင်းစောမွန်သည် ဘင်္ဂလားသို့ တိမ်းရှောင်သွားရလေသည်။ မင်းစောမွန်သည် ဂေါဝါစူလတန်နယ်၌ ၂၂ နှစ် ကြာမျှခိုလှုံခဲ့ရသည်။

သံတွဲစား ညီတော်မင်းခရီလည်း အင်းဝရန်စစ်ကို မွန်ရာဇဓိရာဇ်၏အကူအညီဖြင့် တိုက်ထုတ်လေသည်။ ထို့ကြောင့် မင်းခရီသည် နောင်တော်မရှိခိုက် အေဒီ -၁၄၀၇ တွင် ရခိုင်ထီးနန်းကို ယာယီသိမ်းပိုက် ထားလိုက်လေသည်။ သို့သော် အင်းဝထပ်မံ၍ လာတိုက်ရာမင်းခရီလည်း ကုလားတန်မြစ်ညာသို့ တိမ်းရှောင်လေသည်။ မွန်တို့ကထပ်၍ တိုက်ထုတ်သဖြင့် မြန်မာတို့ဆုတ်ခွာလေသည်။ မင်းခရီလည်း လောင်းကြက်တွင် နန်းစိုက်လေသည်။

နောက်တစ်နှစ် အေဒီ - ၁၄၀၈ ခုတွင် မြန်မာအမတ်တစ်ဦးသည် ခွေးသင်းတောင်၌ တပ်စွဲလာသည်။ ၃-နှစ်ကြာသော် မွန်တို့ကတိုက်ထုတ်လိုက်လေသည်။ သို့သော်နောက် ၂-

http://www.dhammadownload.com



နှစ်ကြာသောအခါ မြန်မာတို့ကထပ်၍ တပ်စွဲလာပြန်သည်။ တစ်နှစ်အကြာတွင် ရခိုင်တို့က တိုက်ထုတ်လိုက်လေသည်။ နောက်ဆယ်နှစ် ကြာသောအခါတွင် မြန်မာတို့က ပြင်းတိုင်းတောင်ခြေတွင် တပ်စွဲလာသည်ကိုလည်း ရခိုင်တို့က တိုက်ထုတ်လိုက်ပြန်လေသည်။

ထိုစဉ်က ဘင်္ဂလားတွင်ခိုလှုံနေသော နောင်တော်မင်းစောမွန်သည် ညီတော်ဖိတ်ကြားချက်အရ အေဒီ ၁၄၂၉ တွင် လောင်းကြက်သို့ပြန်လာသည်။ သို့သော်ပါလာသော မဟာမိတ်တပ်များ သစ္စာဖောက်သဖြင့် မင်းစောမွန် အဖမ်းခံရသည်။ မင်းခရီလည်း နောင်တော်ကို ကယ်ထုတ်ခဲ့သည်။ မင်းစောမွန်သည် ဂေါဝါသို့ တဖန်ပြန်သွားပြီး ဂေါဝါဘုရင်၏ နောက်ထပ်အကူအညီဖြင့် သစ္စာဖောက်သူတို့ကို နှိမ်နင်းလိုက်လေသည်။ ညီတော်မင်းခရီလည်း ၎င်းထိန်းထားသော ရခိုင်ထီးနန်းကို နောင်တော်မင်းစောမွန်ထံ လွှဲအပ်လိုက်သည်။ မင်းစောမွန်လည်း အေဒီ ၁၄၃၀ ပြည့်နှစ်တွင် လေးမြို့ကမ်းခြေကို စွန့်ခွာ၍ မြောက်ဦးမြို့တော်ကို တည်ထောင်လေသည်။

## မြောက်ဦးခေတ်

### မြောက်ဦး ပထမခေတ်

### မင်းစောမွန်နှင့် မင်းခရီညီနောင်နှစ်ဆက်အကြောင်း

ရခိုင်သမိုင်းကို လေ့လာချက်အရ သိရသည်မှာ လေးမြို့ခေတ် နှောင်းပိုင်း၊ လောင်းကြက်ခေတ် အဆုံးကာလ၌ မြန်မာနိုင်ငံတွင် အင်းဝဘုရင်က ရခိုင်ကို ဝင်ရောက်တိုက်ခိုက်သကဲ့သို့ အိန္ဒိယနိုင်ငံတွင်လည်း မင်းစောမွန် ခိုလှုံနေစဉ် ဘင်္ဂလားပြည်နယ်ကို စူလတန် အီဘရာဟင်က ဝင်ရောက်တိုက်ခိုက်ရာမှ မင်းစောမွန်က ကူညီတိုက်ခိုက်ပေးခဲ့သဖြင့် ဘင်္ဂလားဘုရင်က ကျေးဇူးတင်ပြီး မင်းစောမွန်အား ရခိုင်ဘုရင် အဖြစ် ပြန်လည်ရရှိရန် ကူညီခဲ့ပါသည်။ မင်းစောမွန်သည် လောင်းကြက်မြို့တွင် ၂-နှစ်နန်းစံခဲ့ပြီး နောက် ကောဇာ ၇၉၂၊ ခရစ်အေဒီ ၁၄၃၀ တွင် မြောက်ဦးမြို့တော်ကို ပြောင်းရွှေ့တည်ထောင်၍ နန်းစံ နေထိုင်သည်ကို တွေ့ရသည်။

မင်းစောမွန်၏ အဖြစ်အပျက်ကို ပြန်ပြောင်းပြောရပါလျှင် မင်းစောမွန်က အမ်း-ဒါးလက်စား အနန္တသိန်၏ အလွန်အဆင်းလှပသည့် နှမ စောပုညီအား လင်ကိုခွာစေပြီး သိမ်းယူ

http://www.dhammadownload.com



ကာ မင်းမြောက်ထားသည်ကို ဒါးလက်စားက မခံမရပ်နိုင်ဖြစ်ကာ အင်းဝတပ်ချီလာသည်တွင် ဒါးလက်စား ပုန်ကန်ပဲ့ထွက်ပြီး အင်းဝဘက်ပါဝင်သွားသည်ကလည်း ရှေ့တန်းအကာအရံ ရခိုင်တပ်ကို ယုတ်လျော့သွားစေခဲ့ပါသည်။ အချုပ်အားဖြင့်ဆိုရသော် ရခိုင်တို့၏ စည်းလုံးညီညွတ်ရေးမှာ ပြည့်ရှင်မင်းနှင့် ပညာအမြော်အမြင်နည်းပါးသည့် အမတ်အချို့တို့၏ ဖောက်ပြားမှုကြောင့် တိုင်းပြည်ပျက်စီး အတိဒုက္ခရောက်ခဲ့ကြရပေသည်။

စင်စစ် မင်းစောမွန် လောင်းကြက်နန်းတက်စဉ်အခါက ၎င်း၏အသက်အရွယ်မှာ ၂၅/၂၆ နှစ် ဖြစ်ပါသည်။ ထိုအချိန်က မင်းစောမွန်သည် မင်း၏အရည်အချင်းနှင့်မညီသော အပြုအမူများကို ဆောင်ရွက် ခဲ့ကြောင်း တွေ့ရသည်။ သီလလည်းမမြဲခဲ့ပေ။ ထို့ကြောင့် လေးမြို့ မြစ်ရေသည် သွေးချောင်းစီးခဲ့ရသည်မှာ နှစ်ပေါင်း-၂၀ ကျော်ကြာခဲ့သည်။

မင်းစောမွန်သည် လောင်းကြက်မြို့ကို ပြန်လည်သိမ်းပိုက်သော အချိန်အခါမှာ အရွယ်အားဖြင့် အသက် ၅၀ ခန့်ရှိလာပြီးဖြစ်၍ ယခင် ၂၅-နှစ် အရွယ်မျိုးမရှိတော့ဘဲ အတွေ့အကြုံရင့်ကျက်မှု ရှိလာသူပီပီ ငယ်စဉ်အသက် ၂၅-နှစ် အချိန်အခါနှင့် လုံးဝမတူတော့ပေ။

ယခုအချိန်အခါမှာ မင်းစောမွန်သည် မိမိတိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်လိုသော စိတ်ဆန္ဒပြင်းပြလျှက် ရှိလာသည်သာမက ငြိမ်းချမ်းသောနယ်မြေ ဖြစ်လာစေရန်အတွက်ကိုလည်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြောင်း တွေ့လာရသည်။ မြောက်ဦးမြို့တော်ကို တည်ဆောက်ရာတွင် မိမိအသက်တိုမည်ဟု ပုရောဟိတ်တို့ နိမိတ်ဖတ်သည်ကိုသိလျှက်နှင့် မြောက်ဦးမြို့တော်ကို တည်ဆောက်သည်ကို တွေ့ရသည်။

မင်းစောမွန်သည် ဤအချိန်အခါမှာ ဗုဒ္ဓဘာသာတရားကို အထူးရိုသေကိုင်းရှိုင်းသူ တစ်ဦးဖြစ်လာသည်ကို တွေ့လာရသည်။ ကိုင်းရှိုင်းပုံမှာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှ အသောကရာဇာနှင့် တူလှသည်ဟု သုတေသီအချို့က ခိုင်းနှိုင်းကြသည်။ မင်းစောမွန် ဘာသာတရားကို အထူးယုံကြည်မှု၊ လေးစားလိုက်နာမှုကို ၎င်းမင်းတည်ဆောက်သော မြောက်ဦးမြို့တည် ဘုရားတစ်ဆူဖြစ်သည့် လေးမျက်နှာဘုရား တည်ဆောက်ပုံကို ကြည့်ခြင်းအားဖြင့်ပင် သိသာနိုင်ပါသည်။ မြောက်ဦးမြို့သည် တောင်ပတ်လည်ဝိုင်းရံထားသော နေရာဖြစ်လင့် ကစားလေးမျက်နှာဘုရားကို တောင်ပေါ် အမြင့်တွင် တည်ဆောက်ထားခြင်းမပြုဘဲ မြေပြန့်မှာသာ တည်ဆောက်ပြီး အောက်ခြေ

http://www.dhammadownload.com



ကို တစ်ပေအမြင့်သာ ယူကြောင်းတွေ့ရသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် တည်ဆောက်သူ ကုသိုလ်ရှင်မင်းစောမွန်မှာ မာန်မာနတက်ကြွမှု မရှိတော့ဘဲ မိမိကိုယ်မိမိ နှိမ့်ချထားသည့် သဘော ပင် ဖြစ်ပါသည်။

လေးမျက်နှာပုထိုးတော်ကြီး၏ လိုဏ်ဂူတော်အတွင်း၌ ရှစ်မြောင့်ပုံနံရံနှင့် အလယ်မဏ္ဍိုင်ရှိ သည်။ ရှစ်မြောင့်ပုံနံရံတွင် ဆင်းတုတော်ရှစ်ဆူ ကိန်းဝပ်လျှက်ရှိသည်။ ဤဘုရားရှစ်ဆူမှာ မဂ္ဂင် ရှစ်ပါးကို ရည်ရွယ်ဟန်ရှိသည်။ ဂူပေါက်ဝလမ်းအဆုံး နံရံအကြား တစ်ခုစီတွင် ဆင်းတုတော် ၅ ဆူစီ ကိန်းဝပ်ထားရှိရာ လေးတန်လေးဘက် နံရံအကြား ဆင်းတုတော် ၂၀ ရှိသဖြင့် ဂူအတွင်းရှိ ဆင်းတုတော် အပေါင်း ၂၈-ဆူ ကိန်းဝပ်လျှက်ရှိပါသည်။ ဤအနေအထားကို အဓိပ္ပါယ်ဖွင့် ဆိုရပါလျှင် ပွင့်တော်မူပြီးခဲ့သော ကကုသံ၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ တည်းဟူသော ဘုရား များအပြင် လာလတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရားကိုပါပေါင်း၍ ရည်စူးကြောင်း အဓိပ္ပါယ်ဖွင့်ဆို၍ ရပါသည်။

တချို့တည်းမှာပင် လိုဏ်ဂူအတွင်း ဆင်းတုတော် ၂၈ ဆူ ကိန်းဝပ်ခြင်းမှာလည်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရည်ညွှန်းထားခဲ့ဟန် ရှိပါသည်။ ဤလေးမျက်နှာပုထိုးတော်ကြီး တည်ဆောက်ပုံကို လေ့လာခြင်းအားဖြင့် ပုထိုးဒါယကာမင်းစောမွန်မှာ ဗုဒ္ဓဘာသာကို အထူး ယုံကြည်သက်ဝင်သူဖြစ်ကြောင်း ပေါ်လွင်ပါသည်။ ပျော့ပျောင်းညံ့ဖျင်းသော စိတ်ဓါတ်မှ လေးနက် တည်ကြည်မြင့်မြတ်သော စိတ်ဓါတ်အသွင်ကို ကူးပြောင်းခဲ့ပြီး တိုင်းသူပြည်သားများအား ဤမြို့တည်ဘုရားက ဘာသာသာသနာကို အလေးထားယုံကြည် လိုက်နာကြစေရန် လမ်းခင်းပေး နိုင်ခဲ့ကြောင်း သက်သေထူခဲ့ခြင်းဖြစ်ပါသည်။

မင်းစောမွန်သည် လေးမျက်နှာပုထိုးတော်ကြီးအပြင် ရွှေဂူတောင်၊ မြတန်းဆောင်း၊ မုတ်ဆိတ်တော်နှင့် သတ္တမရံသီဘုရားများကိုလည်း မြို့တည်ဘုရားများအဖြစ် တည်ဆောက်ခဲ့ပါ သေးသည်။ မင်းစောမွန် တည်ဆောက်ခဲ့သော လေးမျက်နှာပုထိုးတော်ကြီးနှင့် ကပ်လျှက် အိမ်ရှေ့ မင်း မင်းခရီကလည်း ညီတော်စေတီကို တည်ဆောက်ခဲ့ပါသည်။ မင်းခရီသည် မြောက်ဦးနန်းကို ဆက်ခံပြီးသောအခါတွင် သရပဗ္ဗတာစေတီကို ၁၄၃၃ အေဒီတွင် တည်ထားခဲ့ပါသည်။

## ဒင်္ဂါးအထောက်အထားများ

http://www.dhammadownload.com



မင်းစောမွန်(ခေါ်) နာရမိတ်လှ၊ မြောက်ဦးခေတ်ကို အမှန်တကယ် စတင်ခဲ့ကြောင်းနှင့် သက္ကရာဇ်- ၇၉၂ တွင် စတင်၍ နန်းတက်ပြီး သက္ကရာဇ်- ၇၉၅ အထိ နန်းစံခဲ့သည်ကို ထောက်ပြနေသော ဒင်္ဂါး ၂- ပြားကို ယခုအခါ ကျွန်ုပ်တို့၏ လက်ဝယ်၌ ရရှိထားပြီးဖြစ်ပါသည်။

ဤဒင်္ဂါးနှစ်ပြားတွင် ရေးထိုးထားသည့်စာများမှာ- ၇၉၂- ရွှေနန်းသခင် နာရမိတ်လှရာဇာနှင့် ၇၉၅- ရွှေနန်းသခင် နာရမိတ်လှရာဇာ ဟူ၍ ဖြစ်ပါသည်။ နာရမိတ်လှမှာ မင်းစောမွန်၏ နောက်အမည် တစ်မျိုးဖြစ်ရာ ဤဒင်္ဂါး ၂-ပြားမှာ မင်းစောမွန်ထုတ်လုပ်သော ဒင်္ဂါးများပင်ဖြစ်သော်လည်း ဒင်္ဂါး ၂-ပြား၏ ထွင်းထုသောပုံစံမှာ တစ်ခုနှင့်တစ်ခု မတူပါချေ။ ၇၉၅ ခုနှစ်တွင် ထုတ်လုပ်သောဒင်္ဂါးမှာ မြောက်ဦး တတိယခေတ် မင်းဆက်-၂၃ သတိုးမင်းတရားကြီး ထုတ်လုပ်သည့် ဒင်္ဂါးနှင့်ဆင်တူကြောင်း တွေ့ရသည်။ ဒင်္ဂါး၏ အနားပတ်လည်တွင် ဗိန္ဒုပြောက်များ ပါရှိသည်ကို တွေ့ရသည်။ ဤသို့ပါရှိနေခြင်းကို ရာဇဝင်အလိုအရ ကနက္ကဒဏ်ထီးဖြူကိုဖွင့်၍ ပွင့်တော်မူသောကြောင့် ထီးဖြူဖွင့်ဟန်ထီးရိပ်တည်၍ ဒင်္ဂါးခတ်သည်ဟု ဆိုပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သက္ကရာဇ် ၇၉၅ ထိုးဒင်္ဂါးမှာ မြောက်ဦးခေတ်အစ ပထမဆုံး ထုတ်လုပ်သော ဒင်္ဂါးဖြစ်မည်လောဟု ယူဆရပါသည်။ Pamela Gutman ကဲ့သို့သော သုတေသီများက မြောက်ဦးမြို့ခေတ် စတင်ချိန်ကို ၁၄၃၃ အေဒီဟု ရေးသားနေကြသည်ကို ဖတ်ရှုရရာ ဤအတိုင်းသာဆိုလျှင် သက္ကရာဇ် ၇၉၅ ခရစ် ၁၄၃၃ နှစ် ထုတ်ဒင်္ဂါးမှာ မြောက်ဦးခေတ်၏ အဦးဆုံးဒင်္ဂါးဟု ဆိုရမလို ဖြစ်နေပါသည်။

ဤကဲ့သို့သာ ယူဆခဲ့ပါလျှင် သက္ကရာဇ် ၇၉၂ ရေးထိုးဒင်္ဂါးမှာ လောင်းကြက်တွင် စိုးစံခဲ့စဉ်ထုတ်လုပ်သော ဒင်္ဂါးဖြစ်ကြောင်း ယူဆရန် ဖြစ်လာပါသည်။ မည်သို့ပင်ဖြစ်စေ မင်းစောမွန်(ခေါ်) နာရမိတ်လှရာဇာမှာ လေးမြို့ခေတ်၏ နောက်ဆုံးခေတ် လောင်းကြက်ကို စိုးစံ သော မင်းဖြစ်သလို မြောက်ဦးခေတ်ကို စတင်သောမင်းဖြစ်ကြောင်းမှာ အထောက်အထား ခိုင်လုံ နေပါသည်။

**နရနု(ခေါ်) ညီတော်မင်းခရီမှာ** - လောင်းကြက်ကို မြန်မာ အင်းဝမင်းခေါင်၏သား မင်းရဲကျော်စွာတပ်များ ဝင်ရောက်တိုက်ခိုက်စဉ်အခါက မွန်ရာဇာဓိရာဇ်အား အကူအညီတောင်းခံသူဖြစ်ပါသည်။ လောင်းကြက်သည် မင်းရဲကျော်စွာတပ်နှင့် ရာဇဓိရာဇ်တပ်တို့ တိုက်ခိုက်ရာ စစ်တလင်း ဖြစ်ခဲ့သည်။ နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း လောင်းကြက်ကို တစ်လှည့်စီ သိမ်းပိုက်ကြသည်ကို တွေ့ရသည်။

http://www.dhammadownload.com



ဤအချိန်မှာ မင်းစောမွန်သည် အနောက်ဘင်္ဂလားတွင် ရှောင်တိမ်းနေရချိန် ဖြစ်ပါသည်။ ထိုစဉ် ညီတော်နရနု(ခေါ်) မင်းခရီမှာ ရခိုင်ဒေသ မကျဆုံးရလေအောင် အခက်အခဲများစွာကြားက လိမ္မာပါးနပ်စွာ ထိန်းသိမ်းနိုင်ခဲ့သူဖြစ်ကြောင်း သမိုင်းတွင်ပေါ်လွင်ပါသည်။

မင်းခရီနှင့် မွန်ဘုရင်ရာဇာဓိရာဇ်တို့ မဟာမိတ်ဖြစ်ကြောင်း ဖော်ညွှန်းထားသည့် မှတ်တမ်း ထိုးကျောက်စာတစ်ချပ်ကို ပုရိန်မြို့ဟောင်းရှိ ခံတပ်မှတူးဖော်ရရှိ၍ ယခုအခါ မြောက်ဦးမြို့ရှိ ရှေးဟောင်း သုတေသနပြတိုက်တွင် ထားသည်ကိုတွေ့ရရာ ဤသည်မှာလည်း ရာဇဝင်အဖြစ် အပျက် အထောက်အထားတစ်ခု ဖြစ်ပေသည်။

မင်းစောမွန်မှာ ၎င်း၏နန်းကို ဆက်ခံရန်ရှိသော်လည်း သားများကိုမလွှဲအပ်ဘဲ ညီတော် မင်းခရီကို လွှဲအပ်ခဲ့ခြင်းမှာ၊ ၎င်း၏သားများမှာ ငယ်ရွယ်သူဖြစ်သည်ကတစ်ကြောင်း၊ တိုင်းပြည် အုပ်ချုပ်ရန် ရင့်ကျက်မှုမရှိသေးသည်ကတစ်ကြောင်း၊ ညီတော်၏ လိမ္မာပါးနပ်၊ ကျွမ်းကျင်မှုနှင့် သစ္စာရှိမှုကိုလည်း ယုံကြည်ခြင်းကြောင့်ပင် ဖြစ်ပါသည်။မင်းခရီ၏ နန်းစံနှစ်မှာ ၂၆ နှစ်ဖြစ်ကြောင်း တွေ့ရပါသည်။ မြောက်ဦးခေတ်၏ သက်တမ်းအရှည်ဆုံးထဲမှာ ပါဝင်သည့် မင်းတစ်ပါးဖြစ်သော် လည်း ၎င်း၏အမည်ဖြင့် ဒင်္ဂါးထုတ်လုပ်မှု မရှိကြောင်း တွေ့ရပါသည်။ နန်းတက်နှစ်မှာ သက္ကရာဇ်၇၉၅ ဖြစ်ပါသည်။ သက္ကရာဇ် ၇၉၅ နှစ်ကို ရေးထိုးထုတ်ဝေသော ရွှေနန်းသခင် နာရမိတ်လှအမည်ထိုး ဒင်္ဂါးကိုပင် ဆက်လက်သုံးသည့်သဘောလည်း ဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မင်းခရီ သည် အမြဲတန်းသစ္စာစောင့်စည်းသူ ဖြစ်ပါသည်။ မင်းစောမွန်သည် မိမိနန်းမရမီအချိန်ကပင် ညီတော်စေတီတစ်ဆူကို လေးမျက်နှာပုထိုး နားတွင်ကပ်လျှက် တည်ထားကိုးကွယ်ခဲ့သည်ကို တွေ့ရ ပါသည်။ မိမိနန်းရလာသောအခါ သရပဗ္ဗတစေတီကို နန်းတက်နှစ်တွင်ပင် တည်ထားကိုးကွယ်ခဲ့ကြောင်း တွေ့ရပါသည်။

## မင်းခရီလက်ထက်တခြားမှတ်သားဖွယ်ရာ အချက်အလက်များ

မင်းခရီနန်းတက်၍ နောက်တစ်နှစ် သက္ကရာဇ် ၇၉၆၊ အေဒီ၁၄၃၄ တွင် ဘင်္ဂါ ၁၂-ခွင် မှ စစ်တကောင်းနှင့် စုက္ကရားကို စစ်ပြုအနိုင်ရကာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

သုံးရွာစား သံတွဲမင်းလွန်သောအခါ စောယဉ်မိဘား အလယ်မိဖုရားတင်မြှောက်ကာ သံတွဲမြို့နှင့် အလုံးအရင်းအကုန်ကိုရတော်မူလေသည်။

http://www.dhammadownload.com



သက္ကရာဇ် ၈၁၆၊ အေဒီ ၁၄၅၄ ခုတွင် အရှေ့မြန်မာပြည် အင်းဝမြို့တော်မှ နရသီဟပတိမင်းနှင့် ဓညဝတီမြောက်ဦးမှ မင်းခရီတို့ ဖိုးခေါင်တောင်အရပ်တနေရာတွင် မင်းခမ်းမင်းနားစစ်တမ်းအပြည့်အစုံဖြင့် သံတမန်ရေးအရ ကြိုတင်ချိန်းဆိုစီစဉ်ကာ တွေ့ဆုံပြီး နှစ်ပြည်ထောင်မဟာမိတ်ဖွဲ့ကာ စစ်မက်မပြုအတူတကွအေးချမ်းစွာ နေထိုင်ခဲ့ကြပါသည်။

သက္ကရာဇ် ၈၂၀၊ အေဒီ ၁၄၅၀ တွင် သားတော် ဘစောဖြူမင်းသားအား အိမ်ရှေ့အရာအပ်နှင်းသည့်ကိစ္စကို မကျေနပ်၍ ရှမ်းပြည်ကလေးသို့ တိမ်းရှောင်နေသော နောက်သားတော်တစ်ဦးကွ င်း၏အစီအမံဖြင့် မြောက်ဦးမြို့တော်ကို ရှမ်းတို့နှင့်ပူးပေါင်း၍ စစ်ပြုရန် ဝန်းရံစစ်ကပ်လာသည်ကို မင်းခရီက နှိမ်နင်းချေမှုန်းနိုင်ခဲ့သည်။

မြောက်ဦးခေတ်ဦးပိုင်း မင်းစဉ်မင်းဆက်များနှင့် ထိုမင်းစဉ်မင်းဆက်များ ဆင်းသက်ပုံဇယားများကို ဆက်လက်ဖတ်ရှုခြင်းအားဖြင့် မြောက်ဦးခေတ်ဦး၏ မင်းစဉ်မင်းဆက်များအကြောင်းကို အမြွက်သိရှိနိုင်မည် ဖြစ်ပါသည်။ ဤမင်းများ၏ လုပ်ဆောင်ချက်မှာ ထူးခြားမှုမရှိသည့်အပြင် -

မင်းစဉ်-၃ ဘစောဖြူ၊ မင်းစဉ်-၅ ဘစောမင်းညို၊ မင်းစဉ်-၆ မင်းရန်အောင်၊ မင်းစဉ်-၈ မင်းရာဇာ၊ မင်းစဉ်-၉ ဂဇာပတိ၊ မင်းစဉ်- ၁၂ မင်းခေါင်ရာဇာတို့မှာ ပုန်ကန်ပုန်စားခံရသောမင်းများဖြစ်ကြပါသည်။

သို့သော် မြောက်ဦးခေတ်ဦး၏ အများစုမင်းများသည် သာသနာကိုချီးမြှင့်၍ စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ကြသည်ကို တွေ့ရပါသည်။

ဘစောဖြူမင်း တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများမှာ ရတနာစံရွှေစေတီ၊ ရတနာမှန်ကင်းစေတီ၊ မဟာဗောဓိရွှေဂူ၊ တက္ကသီလစေတီ၊ မင်းဒေါလျာ- သုံးကျိပ်တစ်ဆူစေတီ၊ မင်းရန်အောင်-ထူပါရုံစေတီ၊ မင်းစလင်္ကာသူ-တေဇရာမစေတီ၊ အနော်မာဘုရား၊ မင်းသဇာတ- ဝသဲဘုရား၊ မြောက်ဦးတွင် ဉာဏ်တော်အကြီးဆုံး ကျောက်ဆင်းတု မင်းခေါင်ရာဇာ-လောင်ဘွန်းပြောက်၊ သက်တော်ရှည်စေတီ၊ သက်တော်ရစေတီ၊ မင်းစောအို - နိဗ္ဗူဇာ၊ ဘုရားညီနောင်တို့ ဖြစ်ကြပါသည်။

## တခြားထူးခြားချက်

http://www.dhammadownload.com



မြောက်ဦးမြို့ ဒိုင်းကျီဘက်အရပ်တွင် ဘစောဖြူမင်းက ရေကန်ကြီးတစ်ကန် တူးဖော်ခဲ့သည်။ ဤဒိုင်းကျီကန်၏ အကျိုးကျေးဇူးကြောင့် မြောက်ဦးမြို့သားများနှင့် နိုင်ငံခြားသားတို့အတွက် သောက်သုံးရေ ဖူလုံခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ "ဒိုင်းကျီရှိယင့် ရီရှိယင့်" ဟု ဆိုရိုးစကားတစ်ခု ရှိခဲ့ပါသည်။

ဤဘစောဖြူမင်းလက်ထက်တွင် စာဆိုပညာရှိ အဒူမင်းညို ပေါ်ပေါက်ခဲ့သည်။ ဘုရင့်သမီး စောရွှေကြာအတွက် ပုခက်လွှဲချေင်းကို စပ်ဆိုခဲ့ရာတွင် ရခိုင်တို့၏ခေတ်ဦးမှသည် ဘစောဖြူမင်းလက်ထက်တိုင်အောင်အထိ ရှေးခေတ်ရာဇဝင်အားလုံးကို အကျုံးဝင်စေသည့် ချေင်းများကို စပ်ဆိုခဲ့ပါသည်။ ယနေ့တိုင် မြန်မာစာပေသမိုင်းတွင် ထင်ရှားဆဲဖြစ်ပေသည်။

## ဇချေင်း ကောက်နုတ်ချက်အချို့

ဖဒူးမင်းညို စာဆိုသုတေသီရေးစပ်ခဲ့သော "ရခိုင်မင်းသမီး ချေင်း" ၁၄၆၀ အေဒီ-ကောဇာ ၈၂၂၊ အပိုဒ် ၂၇ တွင်လည်း "ဧ ---၊ စေိမ့်သာခွန်း၊ အဆန်းဆန်းတည့်၊ စီတန်းကောင်းကင်၊ မိုးသက်တင်သို့၊ တမျှင်မကျိုး၊ ရှင်ဘေးဘိုးကား၊ နန်းရိုးငင်ငင်၊ သာကီဝင်၏။ နွယ်လျှင်မပျက်၊ မျိုးသားဆက်ခဲ့၊ လောင်းကြက်တွင်မူ၊ ရိပ်ဖြူဖွေးဖွေး တစ်ဆယ့်လေးဝယ်၊ (မင်းနွယ်-၁၄ ပါး၊ စောမွန်ခမည်းတော် နန်းကျ ရာဇသူ ၂ ထပ်ကွမ်းအပ်အဝင်) ခင့်ဘေးဆုံးစွန်၊ မင်းစောမွန်လျှင် တရန်တစ်ထောက်၊ ကျိန်းခန်းလျှောက်ဖြင့်၊ အနောက်သူရတန်၊ ပဌာန်းမင်းနေ၊ ပြေးရှာ ချေ၍ ပြန်လေတခါ၊ မြို့ကောင်းရာကို ရှာလေအကျော် ရေးကြီးမြော်သည်။ မြင်တော်လေသို့ ဟူးတည့်လေ။ ဟူးတည့်မှောက်တော်၊ ဟူးတည့်အော်၊ ထိုရော်တဖန်၊ ဘေးစောမွန်လျှင်၊ ရောက်ပြန်တုံ့လျှက် မြို့လောင်းကြက်ကို၊ မြို့သက်ကုန်၏။ မနေတည့်ဟု၊ မြော်ကြည့်စာနာ၊ မြို့ကောင်းရာကို ရှာသည်တည့်စည်းရှေး၊ နောင်လာရေး။ လေည်းယင်ယင်ဧ။"

အပိုဒ် ၂၈ တွင်လည်း ---------------"ရခိုင်မှန်ဖူး၊ ရွှေမြောက်ဦးကို၊ နတ်မျှုးညွှန်ပြ၊ နန်းရာရသည်။ ဘုမ္မိနက်သန် ထူးသည်လေ။ ထူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ မြော်တုံ့ဘရင်း၊ အောင်ခြင်းရန်နိုင်၊ မြို့ချက်တိုင်ဟု ရခိုင်မှန်ဖူး၊ မြောက်ဦးမည်သာ၊ ဘုမ္မာချာသည် နန်းရာတည့်ရှာဖွေ၊ ခန်းတွက်တွေး။ လေည်းယင်ယင်ဧ---"။ ဟု ဖွဲ့နွဲ့ထားသည်။

http://www.dhammadownload.com



ချောင်းအပိုဒ် ၂၉ မှ ၃၄ ကို အပိတ်သဘောဖြင့် ဘစောဖြူမင်း၏ ဘိုးတော်မင်းညီနောင်နှစ်ပါး မင်းစောမွန်၊ မင်းခရီတို့တွင်လည်း အဒူမင်းညိုက ၎င်း၏ရာဇဝင်အဖွဲ့အနွဲ့ကို အဆုံးသတ်သည်ကလည်း အဒူမင်းညိုစာဆိုအမတ်မှာ ဘစောဖြူမင်း အထက်ဖော်ပြပါ ညွှန်ကြားမိန့်ဆိုချက်အရ စပ်ဆိုခဲ့ကြောင်း ခိုင်လုံသော သာဓကတစ်ရပ် ဖြစ်ပေသည်။

## စောမွန်ပြင်ပြု မင်းဗာတည်ကေ ရှိုမြောက်ဦး၊ ဒုတိယမြောက်ဦးခေတ် မြို့၊ စေတီတည် ဘစောသီရိ(ခေါ်)မင်းဗာ။ ကောဇာ၊ ၈၉၃-၉၁၅၊ အေဒီ-၁၅၃၁-၁၅၅၃၊ နန်းစံ - ၂၂နှစ်

မင်းဗာမင်းမှာ ပထမမြောက်ဦးခေတ် (၈)ဆက်မြောက်မင်းရာဇာ (ခေါ်) ဣလိသျှားမင်းနှင့် ဦးရီးတော် ဆင်ကဲအောင်ထင် သမီးတော်စောနန္ဒိမိဖုရားတို့မှမြင်သော သားတော်တစ်ပါး ဖြစ်သည်ဟု အရှင် စန္ဒမာလာလင်္ကာရ ရမ်းပြည့်မြို့မတောင်ကျောင်းဆရာတော်၏"ရခိုင်ရာဇဝင်သစ်ကျမ်းစာ၊ ၃၈/၃၉ ၌ ပါရှိပါသည်။

ဖခမည်းတော်လက်ထက်ကပင် စစ်သူကြီးအရာပေး၍ ဦးရစ်တောင်ရေတပ်ဌာနချုပ်စခန်း တစ်ဘက်ကမ်း လက်ရှိပေါက်တောမြို့မှ ဟင်းခရော်ရွာအလွန် ပြောင်းပြာမြစ်ဆုံ၊ သံတရာရွာခန့် တောင်ဘက်မှ မြောက်ဦးမြို့တော်သို့ ကြည်းကြောင်း၊ ရေကြောင်း အဓိကဝင်လမ်းကို စိုးမိုးချုပ်ကိုင်ထားသော စစ်ရေးစစ်ရာ တွင် လွန်စွာမှအချက်အချာကျသည့် "တောင်ရင်းကျွန်းဒေသ"အား အုပ်ချုပ်ကွပ်ကဲ အပိုင်စားခဲ့ရပါသည်။

၎င်းတောင်ရင်းကျွန်းနယ်မြေအတွင်း ကစ္ဆပနဒီမြစ်လက်တက် ချောင်းကျယ်များ၌ ပင်လယ်မှရန်သူ စစ်သင်္ဘောလှေကြီးများ ရုတ်တရက် ရေတပ်စခန်းအား ဝင်ရောက်တိုက်ခြင်းနှင့် စစ်ရေယာဉ်များ မိုးဒဏ်၊ လေဒဏ် အကာအကွယ်ရရှိမှုအတွက် ဦးရာဇ်တော်တောင်မှ ရေယာဉ်များစွာကိုလည်း ထားရှိရာအရပ် ဖြစ်ပေသည်။

ဘစောသီရိမင်းသည် မင်းခေါင်ရာဇာအား အလုံးအရင်းနှင့် တိုက်ခိုက်လုပ်ကြံပြီးလျှင် မြောက်ဦးရွှေနန်းကို သိမ်းပိုက်ခဲ့၏။ ၎င်းမင်းကို မင်းဗာကြီး၊ မင်းဘင်၊ သီရိသူရိယစန္ဒ မဟာဓမ္မရာဇာဟူ၍ ခေါ်ကြ၏။ ကုလားအမည်အားဖြင့် "ဇဘောက်သျှာ"ဟု ခေါ်တွင်လေသည်။ မြောက်ဦးခေတ်တွင် တန်ခိုးအကြီးအထွားဆုံးသော မင်းတစ်ပါးပင် ဖြစ်သည်။

http://www.dhammadownload.com



ဤမင်းသည် မင်းရာဇာ၏သားတော်ဖြစ်ပြီး မင်းရာဇာလက်ထက်ကပင် စစ်သူကြီးရာထူး၌ ခန့်အပ်ခံရပြီး ဖြစ်သည်။ သို့ဖြစ်၍ စစ်ထိုးခြင်းအတတ်ကို ငယ်စဉ်ကပင် တတ်ကျွမ်းနေပေပြီ။ ရွှေမြို့တော်တွင် ရန်များသဖြင့် သံတွဲမြို့ကို သွားရောက်နေရာ သံတွဲမြို့ကိုစားရသည်။ အချိန်တန်သောအခါ သံတွဲမှ စစ်ချီပြီး မြောက်ဦးကို သိမ်းပိုက်ခြင်းဖြစ်၏။

နန်းတက်ပြီး၍ နောက်တစ်နှစ် ၈၉၄ တွင် အနောက်ဖက် ဘင်္ဂလားဒါကာနှင့်မူရှိဒါဘက်မြို့များအပါအဝင် ဘင်္ဂါ ၁၂-မြို့ကို တိုက်ခိုက်သိမ်းယူခဲ့သည်။ မဟာဇေမိတွင် ကဗ္ဗည်းကျောက်စာရေးထိုးစိုက်ထားခဲ့သည်။

မြောက်ဦးမြို့တော်သို့ ပြန်လည်ရောက်ရှိပြီးသည်မှ အရှေ့ မြန်မာပြည် တောင်ငူမြို့တော်၌ စိုးစံနေသော မင်းတရားရွှေထီးမင်းသည် ဘုန်းလက်ရုံးတော်နှင့် ပြည့်စုံတော်မူပြီး မြန်မာနိုင်ငံအလုံးနှင့် မွန်ပဲခူး၊ ဟံသာဝတီပြည်ထောင်ကိုပါ စိုးမိုးရန်ဆန္ဒရှိ၍ ကြံစည်နေသည်ဟု ကျော်ကြားလေလျှင် မချွတ်မလွဲ ငါတို့နှင့်လည်း တစ်ချိန်တခါ၌ ထိတွေ့ကြုံရလတ္တံ့ဟု ဆင်ခြင်တော်မူပြီး မြောက်ဦးမြို့တော်နှင့် နီးနားဝန်းကျင်ရှိ မြို့ရံများ၏ စစ်မက်ရေးရာအရံအတား မြို့ရိုးဆည်ကျုံးများအား အခိုင်အမာထပ်မံပြုပြင်တည်ဆောက်အားဖြည့်မှုများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

မင်းတရားရွှေထီး

၈၉၂ (စံ - ၂၀) လွန် ၉၁၂။ ထီးပြိုင်၊ နန်းပြိုင်မင်းနှစ်ပါး

မင်းဗာ

၈၉၃ (စံ - ၂၂) လွန် ၉၁၅။

ဤမင်းနှစ်ပါးမှာ ထီးပြိုင်၊ နန်းပြိုင် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်စုံကာစစ်အင်္ဂါ (၄)ရပ်နှင့် ကောင်းစွာဖွဲ့စည်းထားသော အင်အားတောင့်တင်းသည့် တပ်တော်ကြီးများ တည်ထောင်ထားရှိခဲ့ကြပါသည်။

မင်းဗာဘုရင်တွေးတော ယူဆချက်အရ မိမိနိုင်ငံတော်သည် အနီးစပ်ဆုံးတိုင်းပြည်များနှင့် စစ်မက်ဖြစ်နိုင်ဖွယ်ရာ ရှိသည်။ ပြည်ထောင်နှင့်စစ်အင်္ဂါရပ်များ ဖွဲ့စည်းထားရှိမှု (Enemy Order of Battle) အပေါ် အခြေပြုပြီး မိမိ၏ ကြည်းတပ်၊ ရေတပ် အင်အားကို လိုအပ်သော

http://www.dhammadownload.com



ခေတ်မှီစစ်လက်နက် ပစ္စည်းများ ဖြင့် အချိန်မှီ မအားမလပ်ကြိုတင်အားဖြည့်စီမံထားရှိကာ မြို့တွင်းမြို့ပြင် ဝန်းကျင်ရှိသော တောင်ကုန်းတောင်တန်းငယ် များကိုလည်း အုတ်၊ ကျောက်တုံးတို့ဖြင့် အခိုင်အမာခံတပ်သဖွယ် လိုအပ်သလို အားဖြည့်စီမံတော်မူပြီး မြင့်သင့်သည့်မြို့ရိုးများအား မြင့်ကာ မြို့ရိုးတစ်လျှောက် ပြအိုး၊ ပစ္စင်၊ ရင်တား၊ တံခါးကောက်၊ တံခါးကွေ့များ ခိုင်ခန့်စွာစီရင်၍ အမြောက်မီးပေါက်ထူထပ်စွာ တပ်ဆင်ထားရှိပါသည်။

ရေအားစွမ်းအင် ရေစီးရေလွှမ်းမိုးမှုကို အခြေခံသည့်စစ်နည်းနာနိသယအရ ရေစီးရေလာကောင်းသည့် ချောင်းမြောင်းများကို ရေသွင်း၊ ရေထုတ်ပြွန်၊ ရေတံခါးများဖြင့် ဆက်သွယ်ပိတ်ဆို့ပြီး ရေလျှောင် မြောင်းနှင့်အင်းအိုင်ကြီးများအတွင်း သိုလှောင်ထားရှိကာ မြို့တော်အတွင်း စစ်မက်ရေးရာ အချက်အချာကျသည့် စစ်ဗျူဟာမြောက် နယ်မြေများ (Stratagic Killing Grounds) ဆီသို့ ရန်သူတပ်များ ထိုးဖောက်ဝင်ရောက် တိုက်ခိုက်လာသည့်အခါများ၌ သိုလှောင်ပိတ်ဆို့ ထားရှိသည့် ရေများကို ဖွင့်လွှတ်ခြင်းဖြင့် ရန်သူတို့အား ရေလွှမ်းမိုးနစ်မြုပ်ပျောပါစေရန် စနစ်သစ်တစ်ရပ် စတင်တည်ထွင်ပြီး ကောင်းစွာစီမံ ပြုလုပ်ထားရှိခဲ့ပါသည်။

မင်းဗာ နန်းမရမီ ၁၄-နှစ်ခန့်က ရခိုင်တို့ ပေါ်တူဂီတို့အား ကုန်သွယ်ခွင့်ပေးခြင်းအားဖြင့် ကုန်သွယ်မှု ကိစ္စနှင့် လမ်းဖွင့်ရန်ရောက်လာသည်။ ရခိုင်တို့က ပေါ်တူဂီတို့အား ကုန်သွယ်ခွင့်ပေးခြင်းအားဖြင့် ရခိုင်တို့သည် မိမိတို့တိုင်းပြည်အတွက် အကျိုးစီးပွား ဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်အားထားခဲ့ကြသည်။

ထိုစဉ်က ပေါ်တူဂီနိုင်ငံရပ်ခြား အပြိုင်အဆိုင်ရေကြောင်း ကုန်သွယ်ဖောက်ကားသူများသည် ခေတ်မှီလက်နက်ခံတပ် တည်ဆောက်မှုနှင့် ရေကြောင်းအတတ်နည်းပညာရပ်များအားလုံးကိုကျွမ်းကျင်စွာ တတ်မြောက်ကြသည်။ ထို့ကြောင့် ရခိုင်ဘုရင်က ပေါ်တူဂီတို့အား ကုန်ကူးခွင့်နှင့် သင်္ဘောများရပ်နား ပြင်ဆင်ဆောက်လုပ်ခွင့်ကိုပေးခဲ့သည်။

မင်းဗာဘုရင် နန်းရလာသောအခါ မြောက်ဦးမြို့တော်ကို ဘင်္ဂလားပင်လယ်အော်တွင် အကောင်းဆုံးခံတပ်ဖြစ်အောင် တည်ဆောက်ရန် ပေါ်တူဂီတို့အား ငှားရမ်းခဲ့သည်။ ထို့အပြင် ၎င်းတို့အား ရခိုင်နှင့် (သံ့ပန်း/ကြေးစား) လူမျိုးစုံပါဝင်သော ရခိုင်တပ်အင်အားကို လေ့ကျင့်သင်ကြားပေးရန်နှင့် လက်နက်တပ်ဆင်ရန် စစ်အရာရှိများ ခန့်အပ်ခဲ့သည်။ မင်းဗာသည် ပေါ်တူဂီ

http://www.dhammadownload.com



တို့ အကူအညီဖြင့် ရခိုင်ရေတပ်ကိုဖွဲ့စည်း၍ ပေါ်တူဂီရေသူရဲတို့အား ကြီးကြပ်လေ့ကျင့် သင်ကြား ပေးစေခဲ့သည်။ ဤနည်းဖြင့် မင်းဗာသည် ခေတ်မှီလက်နက်များ တပ်ဆင်ထားသော စွမ်းရည် ပြည့်ဝသည့် ကြည်း၊ ရေ တပ်မတော်ကြီးကို ဖွဲ့စည်းတည်ထောင် ထားရှိခဲ့သည်။

ဘင်္ဂါစစ်မက်ပြီးဆုံး၍ မိမိနေပြည်တော်သို့ ပြန်လည်ရောက်ရှိပြီး တစ်နှစ်မျှခန့်အကြာတွင် တစ်ချိန်က မိတ်ဘက်ဖြစ်ခဲ့သော ပေါ်တူဂီတို့သည် ရခိုင်စီးပွားရေးနှင့်ကုန်သွယ်မှုကို ချုပ်ကိုင်ရန် ဆန္ဒဖြင့် မြို့တော်ကိုသိမ်းပိုက်ရန် ခေတ်မှီရေတပ်အင်အားဖြင့် ချီလာပြီး ရှေ့ကာရေတပ် စခန်းများ အား ဖိစီးတိုက်ခိုက်ကြလေသည်။ သို့သော် ရခိုင်တို့က အင်အားမယှဉ်သာ၍ ပင်လယ်ပြင်သို့ ထွက်ကာ လိုက်လံတိုက်ခိုက်ခုခံခြင်းမပြုပဲ ရေတိမ်ပိုင်းမြစ်အတွင်းသို့ ဝင်ရောက်တိုက်ခိုက်ရန် ဆွဲဆောင်ပြီး အနိုင်ယူခဲ့ပါသည်။

သက္ကရာဇ် ၈၉၆ ခု၊ တပေါင်းလဆန်း (၅)ရက်တွင် များစွာသော ရွက်လှေသင်္ဘော သမ္ဗာန်တို့နှင့် ဘရင်ဂျီဖလောင်းတို့သည် စစ်လက်နက် ကိရိယာများစွာတင်လျှက် ရခိုင်ရေတပ် စခန်းနှင့် မြို့တော်ကို သိမ်းပိုက်ဖျက်ဆီးရန်ချီလာကြပြီး ကြို့တဲကို စတင်တိုက်ခိုက်ဖျက်ဆီးလေ၏။ လဆန်း (၉)ရက်နေ့ ကံတဇသို့ရောက်ကာ(၁၀)ရက်နေ့ဝယ် ရခိုင် ကြည်း၊ ရေ တပ်များနှင့် တိုက်ကြ လေသော် ရခိုင်တပ်များမခံနိုင်၍ရွှေဝင်းတော်ရှေ့သို့ဆုတ်ကာ ခံလာ၏။ဂေါ် ယာဘရင်ဂျီဖလောင်း တို့သည် လဆန်း (၁၁)ရက် မြောက်ဦးမြို့တော်နားအထိ လိုက်လာပြီး ဥယျာဉ်တွင် ရပ်နားနေလာ ၏။ ပြည့်ရှင်မင်းဗာက ကိုယ်ရံကြီးကို ဦးစီးစေ၍ စစ်သူကြီးအပေါင်းနှင့် ကုန်းတွင်းရေတိမ်ပိုင်းမှ ဆီးဆို့ခံစေလျှင် ရန်သူ တပ်များ ဆက်လက်မချီနိုင်ဘဲ ဆုတ်သွားပြီး မြဲမြံတွင်တပ်တည်နေပြန်ရာ ရခိုင်တပ်များက ဝါးဖောင်များဖွဲ့၍ မီးတောက်လောင်စာဖြည့်ကာ ရန်သူ သင်္ဘောများဆီသို့လွှတ်ပြီး လှေသင်္ဘောများအား မီးသင့်လောင်ကျွမ်းစေခြင်းဖြင့် ပေါ်တူဂီရေကြောင်း ချီတပ်ရှုံးပါးပျက်စီးမှု များပြား၍ ခုနစ်ရက်တစ်ပတ်မျှသာ ခုခံပြီး ပင်လယ်သို့ဆုတ်ခွာထွက်ပြေးကာ အဆုံးအရှုံးများစွာ ဖြင့် မိမိတို့စခန်းများသို့ ပြန်ကြပါသည်။

ဘုရင်မင်းဗာကြီး ဘုရင်ဂျီဖလောင်း စစ်ကိုအောင်ပြီးလျှင် သက္ကရာဇ်၈၉၇ ခုနှစ်အရောက် တွင် ယခင်က မိမိတည်ထားပြုသော ပုထိုးတစ်ခုကို အကောက်အကွေ့များစွာဖြင့် စီရင်အပ်သော လိုဏ်ခေါင်းစေတီရံများ ထပ်မံပြုလုပ်၍ နံရံများ၌ ဗုဒ္ဓဝင်ပါနိပါတ်တော်နှင့် တခြားရုပ်ကြွ ပုံတော်များဖြင့် မွမ်းမံပြီး ရှစ်သောင်းလေးထောင်သော ဗုဒ္ဓရုပ်တုတော်တို့ကိုပါ ထည့်သွင်းပါဝင်စေ

http://www.dhammadownload.com



ကာ ကြီးစွာသော အလှူသဘင်ကျင်းပတည်ထားတော်မူလေသည်။ ထိုပုထိုးတော်ကြီးအား "ရန်အောင်ဇေယျ" ဘုရားဟု ကုလားနှင့် ပေါ်တူဂီ စစ်များအား အောင်မြင်မှုအထိမ်းအမှတ်ဖြင့် သမုတ်တော်မူသည်။

မင်းဗာ မျှော်မှန်းယူဆခဲ့သည့်အတိုင်း အရှေ့မြန်ပြည်တောင်ငူဘုရင် တပင်ရွှေထီးလည်း နှစ်များစွာ မကြာမီ သက္ကရာဇ် ၉၀၆၊ ၉၀၇ နှင့် ၉၀၈ (၃)နှစ်တိုင်တိုင် နှစ်စဉ်မြောက်ဦးကို တိုက်ခိုက်သိမ်းယူရန် ကြီးမားသော တပ်တော်ကြီးဖြင့် ကုန်းကြောင်း၊ ရေကြောင်းချီကာ ကြွစည်ခဲ့သည်။ သို့သော် ပထမနှစ်ကြိမ်တွင် ၄င်း၏ယယ်သား စစ်သေနာပတိ မှူးတော်မတ်တော်များ စစ်ထောင်း ထောင်းပျက်ကာ ရှေ့ကာသံတွဲမြို့ကိုပင်မရ ပြန်လည်ပြေးကြရသည်။ နောက်ဆုံး တတိယအကြိမ်တွင် တပင်ရွှေထီးမင်းကိုယ်တိုင် ဦးစီးစစ်ဆင်လာငြားလည်း အချည်းအနှီးပင် မြို့တော်မြောက်ဦးကို လုပ်ကြံနိုင်ခြင်းမရှိ စစ်ပစ္စည်းရဲမက် လိုက်ပါအဆုံးအရှုံးများစွာနှင့် အစာရေစာ ခက်ခဲပြတ်လပ်လာ၍ စစ်ပြေငြိမ်းမှုရယူကာ တပ်ခေါက်ပြန်သွားခဲ့ရသည်။

ဤသို့လျှင် မြောက်ဦးမြို့ကို ရန်သူများ မချည်းကပ်နိုင်အောင် စေ့စုံစွာစီရင်ခဲ့သဖြင့် "စောမွန်ပြင်ပြုမင်းဗာတည်ကေ ႏြိမြောက်ဦး" ဟု မြောက်ဦးမြို့ကို မင်းဗာတည်သည်ဟု ကဗျာလင်္ကာကလေးစပ်လျက် ဆိုမှတ်ခဲ့ကြလေသည်။

ဘုရင်မင်းဗာ မျှော်မှန်းခဲ့သည့်အတိုင်း တောင်ငူဘုရင် မင်းတရားရွှေထီးသည်လည်း သက္ကရာဇ် ၉၀၆ တွင် တစ်ကြိမ်၊ ၉၀၇တွင် တစ်ကြိမ်၊ ၉၀၈တွင် တစ်ကြိမ်၊ စုစုပေါင်း သုံးကြိမ်တိုင်အောင် လာရောက်တိုက်ခိုက်လေသည်။

ပထမနှစ်ကြိမ်၌ သံတွဲမြို့မှပင် စစ်ရှုံး၍ပြန်ရသည်။ နောက်ဆုံးအကြိမ်၌မူ လောင်းကြက်မြို့အထိ ရောက်လာသည်။ ကုလားကိုလည်းကောင်း၊ ပေါ်တူဂီကိုလည်းကောင်း အောင်နိုင်ထားသော မင်းဗာကြီးသည် ကြံရည်ဖန်ရည် အပြည့်ရှိသည်။ စစ်ထိုးရာ၌ ကျွမ်းကျင်သည်။ သူ၏ သားတော် အိမ်ရှေ့မင်း မင်းတိက္ခာ၊ ဒီဃာအား ရေတပ်ကို အုပ်ချုပ်စေ၍ ရေကြောင်းတိုက်စေသည်။ သားတော် မင်းဖလောင်းအား ရိုးမတောင်ရိုးမှပတ်လျှက် အစားရိက္ခာများကို သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း ပြုလုပ်စေသည်။ တပင်ရွှေထီးသည်လည်း စစ်တိုက်၍မနိုင်ချေ။ ရခိုင်တပ်တို့၏ ခြံရံပိတ်ဆို့ထားခြင်းကို ခံရသည်။ မင်းဗာကြီးသည် တပင်ရွှေထီးအား ဖျက်ဆီးခြင်းမပြုဘဲ အမတ်ကြီး မဟာပညာကျော်ကို ယင်းမင်းအား ဆုံးမစေလျှက် ကတိသစ္စာပြုစေပြီးမှ ပြန်လွှတ် လိုက်လေသည်။

http://www.dhammadownload.com



ဤကားရခိုင်ရာဇဝင်များတွင် ဖော်ပြသောတပင်ရွှေထီး ရခိုင်ပြည်ကို တိုက်သည့် အကြောင်းပင် ဖြစ်၏။ မှန်နန်းရာဇဝင်တွင်မူ မင်းတရားရွှေထီးသည် ရခိုင်သို့ တစ်ကြိမ်တည်းသာလာသည်။ ရခိုင်မြို့သည် တောင်ထိပ်မှာလည်း ဖြစ်သည်။ မြို့ကိုယ်လည်း ခိုင်ခံ့သည်။ ကျုံးမြောင်းလည်း ကျယ်သည်။ လက်နက်ကိရိယာလည်း ထူထပ်လှသည်ဖြစ်သောကြောင့် ကြိမ်ဖန်များစွာ လုပ်ကြံတော်မူသော်လည်း မြို့ကိုမရချေဟု ရေးသည်။ ထို့နောက် ရခိုင်ဘုရင်၏သားက မှူးမတ်တို့နှင့် တိုင်ပင်၍ လက်ဆောင်ပဏ္ဏာတို့ဖြင့် အမတ်နှစ် ယောက်ကို စေလွှတ်ပြောဆိုကြောင်း၊ ထို့နောက် ဆရာတော်လေးပါးတို့ကို လျှောက်ထား၍ တရားသဖြင့် ပြေငြိမ်းစေရန် မေတ္တာရပ်ခံစေကြောင်း စသဖြင့် ဆိုထား၏။

ဤမင်းလက်ထက်တွင် ပညာရှိအမတ်ကြီး မဟာပညာကျော် အပြင် ရှင်ငယ်ဆရာ ဦးမြဝါလည်း ရှိ၏။ ယင်းရှင်ငယ်ဆရာကား ရခိုင်ပြည်တွင် ဗုဒ္ဓသာသနာ ပြန်လည်စည်ပင်လာအောင် ကြိုးပမ်းလုပ်ဆောင်ခဲ့သူ ဖြစ်ပေသည်။ နန်းတော်တည်ရန်အတွက် အသက်ကိုစတေးခဲ့သူ ဖြစ်သည်။

မင်းဖာကြီးကား သံတွဲမြို့တွင် အံတော်၊ နံတော်နှင့်ဆံတော် စေတီများ၊ ကျောက်ဖြူမြို့တွင် ကျောက်တစ်လုံးစေတီ၊ မိုးယံးစဲကျွန်းတွင် ကျောက်တောင်ကြီးကိုဖောက်၍ ရုပ်ပွားဆင်းတုလေးဆူတို့ကို တည်ထားခဲ့သည်။ တောင်အနှံ့တွင်လည်း ရေသတ္တဝါ၊ ကြည်းသတ္တဝါတို့၏ အရုပ်တို့ကို ထုလုပ်စေသည်။ မြောက်ဦးမြို့တွင် ဘုရားအုတ်စေတီ၊ ဂူကြီးဘုရားတို့ကို တည်သည်။ ယနေ့တိုင်အောင် ထင်ရှားကျော်ကြားလျက်ရှိသောသျှစ်သောင်းပုထိုးတော်ကြီးကို သက္ကရာဇ် ၈၉၇ (၁၅၃၆ အေဒီ)နှစ်က တည်ခဲ့သည်။ ယင်းအပြင် ယင်းပုထိုးနှင့်ကပ်လျက် အံတော်စေတီကို တည်သည်။ မင်းစောအိုလက်ထက်ကတည်သော လောင်ဗွန်းပြောက်စေတီကိုလည်း မင်းဖာကြီးပင် တည်ခဲ့သည်ဟု အချို့ရာဇဝင်တွင် တွေ့ရသည်။

မင်းဖာကြီးလက်ထက် ထုတ်လုပ်ခဲ့သော ဒင်္ဂါးများအထဲမှ စစ်တကောင်းမင်းဘင်ဟူ၍ ရခိုင်စာဖြင့် တစ်ဖက်၊ ပါရှင်စာဖြင့်တစ်ဖက် ရေးထိုးထားသော ဒင်္ဂါးငယ်များကို လည်းကောင်း၊ မင်းဘင်သင်ခယာဟူ၍ ရခိုင်စာဖြင့်တစ်ဖက်၊ ပါရှင်စာဖြင့်တစ်ဖက် ရေးထိုးထားသော ဒင်္ဂါးငယ်များကိုလည်းကောင်း တွေ့ရှိပြီးဖြစ်သည်။

## မင်းဖလောင်းနန်းတက်တော်မူခြင်း၊ မင်းဖလောင်းနန်းတက်မိဖုရားရှင်လတ်
## ၉၃၃–၉၅၅၊ အေဒီ ၁၅၇၁–၁၅၉၃၊ နန်းစံ – ၂၂နှစ်

http://www.dhammadownload.com



## မင်းဆက် ၅– မင်းဖလောင်းနန်းတက်ခြင်း

စကြာဝတေးမင်း ကျောက်ရောဂါဖြင့် ကွယ်လွန်တော်မူသည့်အခါ မင်းဗာကြီး၏ သားတော် ဖွားတော်ထွေးချစ်နှောင်း(ခေါ်) မင်းဖလောင်းသည် စကြာဝတေးမင်း၏ သမီးတော်ရှင်လတ်နှင့် မဟာဓမ္မရာဇာဘွဲ့ဖြင့် အဘိသေကခံနန်းတက်တော်မူသည်။

ပြည်သူ့မျိုးမတ် ညီညွတ်တိုင်ပင်ကာ သက္ကရာဇ် ၉၃၃ ခု၊ တပို့တွဲ လဆုတ် ၈ ရက်၊ ကြာသပတေးနေ့ စစ်တံတင်မြို့စား မင်းဖလောင်းအား ရှင်လတ်မိဖုရားနှင့် ဘိသိက်သွန်း၍ ရွှေနန်းတင်တော်မူသည်ဟု ဖော်ပြပါရှိသည့်အပြင် မင်းဖလောင်း၏ နောင်တော်မင်းစောလှက နောင်တွင် မိမိမရှိသည့်အခါ မင်းရေးမင်းရာ နန်းလျာရွေးချယ်မှုကို ဆင်ခြင်တော်မူ၍ နှမတော်ရင်း ဓမ္မာဒေဝီနှင့်ညီရင်း စကြာဝတေးကို မိမိသက်တော် ထင်ရှားရှိနေခိုက် ထိမ်းမြားပေးခဲ့ပြီး ၎င်းတို့တွင် သမီးတော်နှစ်ပါး ဖွားမြင်ပြီးမှ မင်းစောလှ လွန်တော်မူသည့်အခါ ညီတော်စကြာဝတေးမင်း ဖြစ်တော်မူသည်ဟု ရာဇဝင်အရ သိရရာ စကြာဝတေးမောင်နှမနှစ်ဖော်တွင် အရိုက်အရာ ဆက်ခံရန် နန်းလျာသားယောကျ်ားမရှိ၍ ဘထွေးတော် မင်းဖလောင်းအား တူမတော် ရှင်လတ်မင်းသမီးဖြင့် နန်းတင်ပေးခဲ့ခြင်း ဖြစ်သည်။

ရခိုင်တို့ အဖို့ရာမှာ မင်းဖလောင်းကဲ့သို့ လက်ရုံးရည် နှလုံးရည် ဘုန်းသမ္ဘာနှင့် လွန်စွာ ပြည့်စုံကာ နိုင်ငံကာကွယ်ရေးနှင့် ဘာသာသာသနာရေးရာ နှစ်ရပ်လုံးအား ဒွန်တွဲဆောင်ရွက်နိုင်သည့် မင်းဗာမင်းကဲ့သို့သော အာဇာနည်သူရဲကောင်း မင်းကောင်းမင်းမြတ်တစ်ပါးမှာ နီးနားဝန်းကျင်၌ စစ်အင်အား ပြိုင်ဆိုင်မှုများကြောင့် အထူးလိုအပ်နေသည့် အချိန်အခါတွင် ပေါ်ထွန်းခဲ့၍သာ အရှေ့အနောက်နှစ်ဘက်စလုံးမှ စစ်သူရဲကောင်းမင်းအချို့ အင်အားကြီးမားစွာဖြင့် ကြောက်ခမန်း လိလိ စစ်မက်ပြုလုပ်လာခြင်းများကို ရင်ဆိုင်ကာ တားဆီးဖြိုခွင်းရင်း သာသနာ ထွန်းကားရေးကိုပါ အချိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်ခဲ့ပါသည်။

အနုပညာ စာပေထွန်းကားရေးနှင့် ရှေးဟောင်းစဉ်လာထုံးတမ်းများအရ တရားဥပဒေ စိုးမိုးရေး ကဏ္ဍများဘက်တွင်လည်း ဘုရင်မင်းက ကိုယ်တိုင်လိုက်နာ အားပေးချီးမြှောက်မှုကြောင့် ဖခမည်းတော်မင်းဗာ လက်ထက်ကကဲ့သို့ ဥပဒေရေးရာ စာပေအတတ်ပညာ အထူးပြောင်မြောက် ထွန်းကားခဲ့ပါသည်။ ကျမ်းဟောင်းစာပေဘက်၌ သက်တော်ရှည် ပညာရှိအမတ်ကြီး မဟာပညာ

http://www.dhammadownload.com



ကျော် လျှောက်ထုံးမှတ်တမ်းများက ထင်ရှားသော သာဓကတစ်ရပ် ဖြစ်ပေသည်။ ဤအမတ်ကြီး မှာ ဖခင် မင်းဗာမင်းလက်ထက်တော်ကပင် ပညာဗဟုသုတအရာ ထူးချွန်မှုကြောင့် မဟာပညာ ကျော်ဘွဲ့ ချီးမြှောက်ခြင်းခံရကာ စစ်တကောင်းစားအဖြစ် အမှုတော်ထမ်းရသည်ပင်မက မင်းဗာသားတော်တစ်ပါးဖြစ်သူ သံတွဲစား ဥပရာဇာ ပညာအမြော်အမြင်နည်းပါးကာ ဆိုးသွမ်း ကြမ်းတမ်းသည့် စရိုက်အမူအကျင့်ကြောင့် သံတွဲစားအဖြစ်မှ နှစ်အတန်ကြာ အနုတ်ခံ ရသည့်အချိန်က ၄င်းစစ်တကောင်းစား အမတ်ကြီးထံအပ်နှံပြီး သွန်သင်ထိန်းကွပ် ပြုပြင်ပေးစေ ခဲ့ပါသည်။

မင်းဖလောင်း၏ နောင်တော် မင်းတိက္ခာလက်ထက်၌ တစ်ဖန် ဥပရာဇာကို သံတွဲမြို့စား ကြီး ပြန်လည်ပေးသောအခါတွင်လည်း "ခွေးမီးတောက်ကျည်တောက်စွပ"သလို သက္ကရာဇ် ၉၁၆ ခု၊ အေဒီ-၁၅၅၄ တွင် မသင့်မလျော် မရိုမသေတ်သည့်အမှုကို ပြုလေပြန်လျှင် နောင်တော်မင်း တိက္ခာက သားတော်အိမ်ရှေ့မင်းစောလှနှင့် စစ်သူကြီး လေးဦးတို့အား သံတွဲသို့စေလွှတ်ထိုးစေခဲ့ရာ မခံနိုင်၍ တောင်ငူမင်း ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းထံ ပြေးဝင်ခိုလှုံနေခဲ့ရသည်။

မှန်နန်းရာဇဝင်တော်ကြီး ၁၉၉၂ ခုအရ (စာ-၂၈၃) သက္ကရာဇ် ၉၁၆ ခု၊ ဝါဆိုလ ရခိုင်ဘုရင်သား ဘထွေးနှစ်ဦး မကြည်ရှိကြ၍ ရခိုင်ဘုရင် အကြီးသားတော် သံတွဲစားသည် တူတော်ရှင်ရဲမျိုးနှင့်တကွ ဆင်မြင်းအလုံးအရင်းကိုယူ၍ ခြေတော်ရင်းသို့ ရောက်လာသည်။ ဘဝရှင် မင်းတရားကြီး ဘုရင့်နောင်မင်းလည်း သံတွဲစား ဥပရာဇာကို သီရိဓမ္မာ သောကဟူသော အမည်ကို သမုတ်တော်မူ၍ ညီတော်မုတ္တမဘုရင် မင်းရဲစည်သူ သမီးတော်အကြီးနှင့် စုံဖက်တော်မူ သည်။ ရခိုင်ဘုရင် တူတော်ရှင်ရဲမျိုးကိုလည်း သမီးတော် မျိုးမြတ်ဘုန်းစည်နှင့် စုံဖက်တော်မူ၍ တမောမြို့ကို ပေးတော်မူသည်။ သက္ကရာဇ် ၉၁၆ ခု၊ သက္ကရာဇ် ၉၂၈ ခု၊ တပို့တွဲလဆန်း ၆ ရက်၊ သောကြာနေ့ ညီတော် မုတ္တမင်းသမီးတော်အကြီး သံတွဲစားမြို့စားဟောင်း ဥပရာဇာဇနီး သည် လွန်လျှင် သမီးတော်အငယ်နှင့် ဘုရင်ညီတော် သီရိဓမ္မာသောကကို ထပ်မံစုံဖက် ပေးတော်မူ သည်။ ဟံသာဝတီ မဟာရာဇဌာနဌာနီမြို့ကြီးကို ဘုရင့်နောင်တည်တော်မူသည့်နှစ်တွင် ဖြစ်သည်။ ကုသိုလ်ကောင်းမှုကြီး၊ ရွှေမော်ဓော၊ မဟာရံစေတီတော်များ၊ ပိဋကတ်တိုက်နှင့် ရွှေတိဂုံဒဂုန် ဆံတော်ရှင် ထီးတော်တင်မင်္ဂလာ အပါအဝင်များစွာကို ပြုလုပ်တော် မူသည်။

ဘုရင့်နောင်မင်းတရားကြီး ရခိုင်မင်းညီမင်းသားနှစ်ဦးအား အထက်ပါကဲ့သို့ ဆွေရင်းပမာ

http://www.dhammadownload.com



မြောက်စားထားရှိသည်ကပင် တစ်ချိန် တစ်ခါ၌ ရာဇဌာနီမြောက်ဦးမြို့တော်အား တိုက်ခိုက်သိမ်းယူ သိမ်းသွင်းရန် ရည်ရွယ်ချက်ဖြင့် နွယ်ဝင်မင်းလျာများ ကြိုတင်စီမံပျိုးထောင် ထားရှိပုံပုန်တူပါသည်။ ဤအကြံအစည်ကား မင်းဖလောင်းလက်ထက်ကျမှ ပေါ်ပေါက်လာခဲ့ပါသည်။ သံတွဲမြို့အား ခြေကုတ်ယူကာ ရခိုင်မြို့တော်ကို လုပ်ကြံရန် အစီအစဉ်ပင်ဖြစ်၏။ သို့သော် ဘုရင့်နောင် မင်းတရားကြီးမှာ မြန်မာပြည်အဝှမ်း အင်းဝအထိ၊ ရှမ်းဒေသ၊ မွန်ဒေသနှင့် ယိုးဒယား နေရာအနှံ့ အပြား၌ မနားမနေစစ်ပြု သိမ်းယူသိမ်းသွင်းနေရသဖြင့် ရခိုင်ဒေသကို နောက်ဆုံး ၄င်းမလွှန်မီ သက္ကရာဇ် ၉၄၃ နှစ်တွင်မှ လုပ်ကြံရန်ကြိုးပမ်းခဲ့ရာ စစ်ပျက်ပြီး ၄င်းနှစ်တွင်ပင် ပဲခူးမင်းတြားကြီး အနိစ္စရောက် တော်မူသည်နှင့် ၄င်း၏အကြံအစည် ပျက်ပြားသွားခဲ့ပါသည်။ ရခိုင်မြောက်ဦး မင်းဗာကြီး လက်ထက်ကပင် ညီတော် သံတွဲစားမင်းအောင်လှ တောင်ငူသို့ ထွက်ပြေးခိုလှုံသွားခဲ့ခြင်း ဖြစ်၏။

ရခိုင်မြောက်ဦးမြို့တော်ကို သက္ကရာဇ်၉၃၃ ခု၊ တပို့တွဲလတွင် မင်းဖလောင်း အလိုတော်ပြည့် သည့် အခါ ငယ်ကမျောက်သားတော်ဖြစ်သော စောမိတော်ကို မိဖုရားခေါင်ကြီး မြှောက်တော်မူ၏။ နောင်တော်မင်းတိက္ခာ၏ အာဇာနီမိဖုရားကြီး စောသန္တာကို တောင်မိဖုရားအရာ၌ ထားတော်မူ၏။ ဘိသိက်သွန်းဖက်ဖြစ်သော စကြာဝတေးသမီးတော် ရှင်လတ်ကိုကား နန်းထက်မိဖုရား မြှောက် တော်မူသည်။ မြောက်သားတော် စောဦးကိုကား မြောက်မိဖုရားမြှောက်၍ မိဖုရားလေးယောက် ဖြစ်သတည်း။

သားတော်ကြီးဖြစ်သော သတိုးဓမ္မရာဇာကို စကြာဝတေးသမီးတော် နန်းထက်ဖွားနှင့် ထိမ်းမြားတော်မူ၍ အိမ်ရှေ့အရာကို အပ်နှင်းတော်မူသည်။ သားတော်အလတ်ဖြစ်သော သတိုး မင်းစောကိုကား သမီးတော် ပဒုမာဒေဝီနှင့် ထိမ်းမြား၍ စစ်သူကြီးအရာကို ပေးအပ်တော်မူသည်။ သမီးတော်အကြီး ကဥ္စနဒေဝီကိုကား ညီတော်မောင်ကြီးထွေးနှင့် ထိမ်းမြား၍ တောင်ဘက်စား အရာပေးတော်မူသည်။ သမီးထွေးစလပ်ဒေဝီကိုကား နောင်တော်ဘုရင် မင်းတိက္ခာ သားတော်မင်း ဘစောမင်းညိုနှင့် ထိမ်းမြား၍ ရာဇသင်္ကြန်အရာ ပေးတော်မူသည်။ ဥပရာဇနောင်တော် ဖေတူ မေကွဲမှာ ဖခမည်းတော်လက်ထက်ကကဲ့သို့ သံတွဲမြို့စားအဖြစ် ဆက်လက်ခံစားနေရပြီး ၄င်းမှာ လည်း မိဖုရားကြီး စောသန္တာနှင့် မောင်နှမရင်းချာဖြစ်သည်။ ယခင် သံတွဲစား မင်းအောင်လှ၏ သမက်လည်းဖြစ်၏။ ဤသို့လျှင် ဘဝရှင်မင်းတရားကြီး မင်းဖလောင်းသည် ကြွယ်များဘောင်၌

http://www.dhammadownload.com



လမင်းကဲ့သို့ မျိုးတော်ဆွေတော်တို့၏အလယ်၌ မင်းစည်းစိမ်ကို ခံစားတော်မူ၍ မင်းနှင့်ဆွေဝင် မျိုးမတ်ပြည်သူတို့ စည်းလုံးညီညွတ်ကာ အေးချမ်းသာယာစွာ ခံစားနေတော်မူသည်။

သက္ကရာဇ် ၉၃၆ ခု၊ တပို့တွဲလဆန်း ၂ ရက်၊ စနေနေ့တွင် စစ်အင်္ဂါလေးပါး အလုံးအရင်းနှင့် စတင်ချီတော်မူပြီး သောက်ချောင်းဝယ် တပ်ချနေပြီးမှသားတော် အိမ်ရှေ့မင်းသားအား သက်မင်း အညွှံ့မခံ စစ်ခံရန်ပြင်ဆင်နေသည်ကို ကြားသိတော်မူ၍ များစွာသော ရဲမက်ဗိုလ်ပါ လက်နက် ကိရိယာ ဆင်လုံးမြင်းရံတို့နှင့် သက်မင်းအား ထိုးရန်စေခဲ့သည်။ မင်းဖလောင်းသည်လည်း ဖခမည်း တော်မင်းဗာလက်ထက်ကကဲ့သို့ ကြီးကျယ်ခန်းညားစွာ မြေပြင်အနှံ့မျှ စစ်ချီအင်အားပြကာ ရေကြောင်း၊ ကြည်းကြောင်း ကြွချီတော်မူကြောင်း အနောက်တစ်လွှား မဇ္ဈိမဘင်္ဂါ ဒေသတစ်ခွင်မှ ကြားသိတော်မူသည်နှင့် အလွန်ကြောက်ရွံ့ပြီး ဒေလီပဆာ၊ သက်မြို့တို့ဖြင့် ပေါင်းဘက်လွှမ်းတင် ပါဝင်သောင်းကျန်း ပုန်ကန်ထကြွရန်ဆန္ဒမရှိတော့ဘဲ မိမိတို့ဘာသာ ငြိမ်သက်စွာနေခဲ့ကြရာ သားတော်အိမ်ရှေ့မင်းအနေဖြင့် သက်မင်းပြည်ထောင် အားကိုးရာတွင် လွယ်ကူမြန်ဆန်စွာ ပြီးမြောက်အောင်မြင်တော်မူလေသည်။

သက်ပြည်ထောင်အား အကြွင်းမရှိ အပြီးပိုင်အောင်မြင်တော်မူပြီးဖြစ်ကြောင်း ခမည်းတော် မင်းကြီး ကြားသိတော်မူလေလျှင် ဝမ်းမြောက်တော်မူလျှက် သက်မင်းနှင့်တကွ ကမ္ဘောဇပြည်ကို ကောင်းစွာပြန်လည်ထူထောင်ပြုစုတော်မူ၍ သက်မင်း၏နိုင်ငံဖြစ်သော ပူရပါသျှာ၊ သံက သလာ၊ သျှက်သျှာ၊ စုက္ကရာ၊ သေက္ကဒန် စသောရွာကြီးရွာငယ်တို့ကို မပြိုမကွဲစေဘဲ ရွာစားချတော်မူ၍ သာသနာတော်ပါ ထွန်းပြောင်မြောက် အမြစ်တွယ်တည်တံ့စေရန် ဆောင်ရွက်တော်မူစေသည်။

မင်းဖလောင်းဘင်္ဂါ ၁၂ ခွင်နှင့် သက်ပြည်ထောင်တို့အား ဖခမည်းတော့်လက်ထက်ကကဲ့သို့ အလိုတော်ပြည့်သည်မှ နိုင်ငံရပ်ခြား နီးနားဝန်းကျင်ပြည်ထောင်များနှင့် စစ်မက်ဖြစ်ပွားခြင်းကို အလိုမရှိ ငြိမ်းချမ်းသာယာစွာဖြင့် ဘာသာသာသနာ ပြည်တွင်းပြည်ပ ထွန်းကားရေးကိုသာ အားကြိုးမာန်တက် ဆောင်ရွက်ရင်း ပြည်တွင်းအုပ်ချုပ် ကွပ်ကဲမှုနှင့် တရားဥပဒေ စိုးမိုးရေးအဝဝ ကို မဟာပညာကျော် အမတ်ကြီးနှင့်တိုင်ပင်ပြီး ထုံးဟောင်းကျမ်းဂန် ရှေးရှေးက အစဉ်အလာများ အရ စီရင်ဆုံးဖြတ်ခန့်ခွဲလျှက် နေတော်မူခဲ့ပါသည်။

## တောင်ငူဘုရင်ရွှေထီးနှင့် ဘုရင့်နောင်တို့ စစ်ခင်းလာခြင်း

http://www.dhammadownload.com



သက္ကရာဇ် ၉၄၂-၃၊ အေဒီ-၁၅၈၀-၁ ရောက်သောအခါ ပဲခူးဘုရင်ကျော်ထင်နော်ရထာသည် အလိုတော်ပြည့်မိ ရန်ယောက်ဖတော်ဖြစ်သော တောင်ငူဘုရင် မင်းတရားရွှေထီးနှင့်တကွ ငါတို့ဆင်ဖြူရှင် မင်းတရားကြီး မင်းဖလောင်း၏ ဖခမည်းတော် သီရိသုရိယစန္ဒမဟာဓမ္မရာဇာ (မင်းဗာမင်း)လက်ထက်တော်၌ နောက်ဆုံးတစ်ကြိမ် လာရောက်လုပ်ကြံလာသော် ဘုန်းတော်တည်းဟူသော သံခြေကွန်ရက် လောင်းကြက်၊ မြောက်ဦးဒေသ၌ မြို့တော်ကို ဝန်းရံလုပ်ကြံမရ၍ တပ်စွဲနေစဉ် ကြိုတင်စီမံထားသည့်အတိုင်း မြို့စောင့် ရခိုင်တပ်တော်များနှင့် အရှေ့တောင်အရပ်မှ အမတ်ကြီး ၂ ဦး၊ ရေတပ်တော်ဖြင့် ကွပ်ကဲစောင့်ကြပ် ပိတ်ဆို့ထားသော သားတော် မင်းတိက္ခာတပ်များက ချီလာပြီးနောက်မှ ကူညီတိုက်ခိုက်လာ၍ မတိုးနိုင်မဆုတ်သာ ညှပ်ပူးညှပ်ပိတ် အသေအပျောက်များစွာနှင့် အလူးအလဲခံနေရစဉ် ၄င်းအခြေအနေမှ မလွတ်ထွက်နိုင်ပါက လုံးပါးပါးသွားမည့် အခြေအနေကိုသိ၍ မိဖုရားရတနာ၊ ဆင်ကောင်း၊ မြင်းကောင်း ရွှေငွေလှေ့တက်စသော များမြောင်စွာသော လက်ဆောင်ပဏ္ဏာတော်ဆက်သ၍ ပြန်ခွင့်ပြုပါမည့်အကြောင်း မင်းဗာမင်းထံ အသနားခံလေရာ မင်းကြီးလည်း လမ်းခရီးတွင် စားသောက်ရန် ရိက္ခာကိုပါပေးပြီး သနားစွာဖြင့် ပြန်ခွင့်ပေးတော်မူ၍ ပြန်သွားကြပြီးနောက် မင်းတရားရွှေထီး သက္ကရာဇ် ၉၁၂ အေဒီ ၁၅၅၀ ခုတွင် လုပ်ကြံခံရ၍လွန်သဖြင့် ယောက်ဖတော် ကျော်ထင်နော်ရထာ မင်းဖြစ်တော်မူသည်။ ဤမင်းကား မင်းဖလောင်း၏ လက်ရုံးရည် နှလုံးရည် စစ်မက်ရေးရာကျွမ်းကျင်မှုကို မသိအလေးမထား လက်ရုံးရည်ရဲစွမ်း သတ္တိနှင့်ပြည့်စုံသော မင်းတစ်ပါးဖြစ်သည့်အားလျော်စွာ မင်းဗာလက်ထက်တော် သက္ကရာဇ် ၉၀၈ ခုအတွင်းက စစ်အောင်မြင်မှုမရခဲ့သော ပဲခူးမင်းဘုရင်နောင်သည် ကြီးမားသော စစ်အင်္ဂါလေးပါးဖွဲ့စည်းစီရင်၍ ညီတော် မုတ္တမစားသီရိသုဓမ္မရာဇာကို တပ်မှူးခန့်၍ လင်းပတေးကြောင်း ရခိုင်သို့ချီစေပြီး သံတွဲမြို့သို့ ရောက်သည့် အခါ၌ ရဲမက်တော် ရှစ်တပ်သားတို့နှင့် ရုံးစည်း၍ ရေအား ကြည်းအားဖြင့် ချီလာပြီးလျှင် မြောက်ဦးမြို့တော် တောင်ဘက်လောင်းကြက်ပြင်ဝယ် တပ်ချ၍နေလာ၏။ ဘုရင့်နောင်နှင့် ရှမ်းစော်ဘွားတို့ကလည်း ဖိုးခေါင်တောင်ကို ဖြတ်ကျော်၍ အရှေ့ကမြို့တော်ကို လုစေပြီးမှ စစ်သူကြီးများအား လောင်းကြက်မြို့တွင်းရှိ ရန်သူတပ်များအား သွားရောက်တိုက်ခိုက်စေခဲ့ရာ ရဲမက်ဗိုလ်ပါအပေါင်းတို့သည် သောင်းသောင်းရှင်လန်း ဝမ်းသာစွာဖြင့် အမိန့်တော်ကို ဦးထိပ်ထက်တင်ကာ လောင်းကြက်မြို့တွင်ရှိ ရန်သူတပ်များကို ထွားထွားကြေညက်အောင် သွားရောက်တိုက်ဖျက်လေသောအခါ မြန်မာတပ်များ သက္ကရာဇ် ၉၄၃ ခု၊ တန်ဆောင်မုန်းလတွင် တာရှည်မခံနိုင်၍ သံတွဲမြို့ကို ဆုတ်ခွာကာ

http://www.dhammadownload.com



အလုံနေကြပြန်သည်။

ဘုရင်မင်းဖလောင်းလည်း သံတွဲမြို့သို့ဆုတ်ကာ တပ်စွဲနေသော မြန်မာတပ်များအား လိုက်လံတိုက်ခိုက်ရမည်ဟု အမိန့်တော်ရှိပြန်ရာ ရခိုင်ရဲမက်ဗိုလ်ပါတို့ ကြီးမားသောတပ်ကြီးဖွဲ့ကာ များပြောင်သော လက်နက်ကိရိယာနှင့်တကွ ရေကြောင်းချီ၍ သံတွဲကိုတပ်တော်အချို့ဖြင့် ဝန်းရံပိတ်ဆို့ထားပြီး ဆုတ်ခွာထွက်ပြေးကြသော မြန်မာတပ်များအား အရှေ့မြန်ပြည်အတွင်း ထိအောင် လိုက်လံတိုက်ခိုက်လိုက်၍ ယင်းလမ်းခရီးတစ်လျှောက် လှေတက်မြို့ရွာ စားနပ်ရိက္ခာများ ကို မီးတိုက်ဖျက်ဆီး၍ များစွာသော သုံ့ပန်းတို့ကို ဆောင်ယူကာပြန်လာခဲ့ကြသည်။

သံတွဲတွင် ဝိုင်းမိထားသော မြန်မာတပ်များအားလည်း အရံတပ်သားနှင့် စစ်ကူလာသော တပ်များကိုတိုက်ခိုက်ချေမှုန်း ကြပြန်ရာ အချို့အဝင်သောတပ်များ မော်တင်နဂါးရစ်မြစ်ကို လှည့်ပတ်၍ ပြေးကြသည်ကို လိုက်လံတိုက်ခိုက်သောတပ်များနှင့် မြန်ပြည်အတွင်းမှ ပြန်လာ သောတပ်တို့ညှပ်၍ တိုက်ခိုက်ခြင်း ကိုလည်း ခံကြရသဖြင့် မရှုမလှသေကြေပျက်စီးကာ များပြားစွာ သော သုံ့ပန်းစစ်လက်နက်ပစ္စည်း ကိရိယာများကိုလည်း ရရှိကြသဖြင့် နေပြည်တော်သို့ ပြန်ကာ ဘုရင်မင်းမြတ်ထံ ဆက်သကြပါ သည်။

ပဲခူး ဘုရင့်နောင်ကျော်ထင်နော်ရထာသည် သက္ကရာဇ် ၉၄၃ ခု၊ တန်ဆောင်မုန်းလပြည့်နေ့ တွင် ရခိုင်မှစစ်ရှုံးနိမ့်၍ ပြန်ရောက်သည့်အခါ အနိစ္စရောက်ခဲ့သည်ဟု ဆိုပါသည်။ ဓညဝတီ ရာဇဝင်သစ်ကျမ်း- ရမ်းပြည့်မူ စာ-၈၇-၈၉ မြန်မာရာဇဝင် အရေးအသားများ၌မူ ဘုရင့်နောင်တပ် များ သံတွဲမြို့တွင် ရပ်တန့်နေစဉ် ဘုရင့်နောင်မင်း အနိစ္စရောက်၍ နေပြည်တော်သို့ တပ်ရုပ်ပြန် လာရန် ခေါ်ယူခဲ့ရသည်ကို တွေ့ရပါသည်။

ဓညဝတီ ရာဇဝင်သစ် ပဲခူးမင်းကျောင်းမူစာ ၁၉၄-၅ တွင် ဘုရင့်နောင်စစ်ချီလာသည်ကို မင်းဖလောင်းကြားသိတော်မူလတ်သော် စီမံခန့်ခွဲရန်ဟူသမျှကို မှူးမတ်ဗိုလ်ပါများအား ခွဲခြား သတ်မှတ် ပေးကာထားရှိကြောင်းပြဆိုပြီး ဆက်လက်ဖော်ပြခြင်းမရှိ ရပ်ထားသည်ကို တွေ့ရပါ သည်။ ဤရခိုင်ရာဇဝင်သစ် ပဲခူးမူတွင် ခေတ်သက်၊ မင်းဆက်သက္ကရာဇ် အများအပြား မှားယွင်းချက်များစွာပါရှိသဖြင့် ဓညဝတီ ရာဇဝင်သစ်ပါ အချက်အလက်များပေါ်တွင် အခြေခံကာ တခြားရာဇဝင်ကြောင်း အရေးအသားများနှင့် ပေါင်းစပ်ပြီးဖော်ပြထားခြင်း ဖြစ်ပေသည်။ သို့ပါမှ

http://www.dhammadownload.com



သာ ရာဇဝင်မှတ်တမ်းများပါ အချက်အလက်များအားလုံး ပြည့်စုံမှု ရရှိပါမည်။

## အနောက်ဘုရင်ခန့်အပ်ခြင်း

ဤသို့ ရန်မာန်ခပ်သိမ်းကင်းငြိမ်းပြီး နိုင်ငံတော်ပြန်လည် အေးချမ်းလာပြီးသည့်အခါ၌ ဘုရင်မင်းတရားကြီးသည် နောက်နောင်အစဉ်အဆက် ပြည်ရေးတာဝန်ကို မျှော်လင့်၍ သားတော်အကြီးဖြစ်သော အိမ်ရှေ့မင်းသတိုးဓမ္မရာဇာအားများစွာသော ဆင်မြင်းရဲမက် လက်နက်ကိရိယာ ကျေးရွာခရိုင်တို့ကို သတ်မှတ်ပိုင်းခြားလျှက် ဆောင်နှင်းတော်မူ၍ အိမ်ရှေ့မင်းဘုရားအမည်ကို ပေးတော်မူသည်။ ထို့အပြင် အနောက်မဇ္ဈိမဒေသတစ်ရိုး မိမိသြဇာအာဏာစက် လွှမ်းမိုးသည့် နယ်ပယ်များ၌လည်း ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလာအောင် ကြံဆောင်ကြိုးပမ်းတော်မူမည်ဟု ဆန္ဒဖြစ်ပေါ်တော်မူလေသည်။ သို့ရာတွင် ဆွေတော်တို့ကို ခန့်ထားအုပ်ချုပ်စေသည်ရှိပါက မိမိအကြံအစည် အတိုင်း အလိုတော်ပြည့်စုံဖွယ်ရာ မရှိဟုထင်မြင်၍ သာသနာပြန့်ပွားရေးကို အကြောင်းပြုပြီး မိမိသွေးသားရင်းချာ သားတော်အလတ်ဖြစ်သော သတိုးမင်းစောကို အာဏာစက်ထက်မြက်စေရန် များစွာသော အလုံးအရင်းဆင်မြင်းရဲမက်ဗိုလ်ပါနှင့်တကွ အနောက်တစ်ရိုးကို ဆောင်နှင်းခန့်အပ်တော်မူသည်။ ၄င်းအပြင် အနောက်ဘုရင် ဖခင်၏ ထီးနန်းအရိုက် အရာကို သစ္စာစောင့်ထိန်းဆက်ခံခွင့် ပြုပါရန် ပန်ကြားအသနားခံလာသည်နှင့် မင်းဖလောင်းက ကရုနာသက်ဝင်ကာ အဖအရာဖြစ်သော ထီးနန်း စည်းစိမ်ကို ဆောင်နှင်းပေးပြီးထိုသို့သောအရပ်ပြည်ရွာတို့ကို မပြိုမကွဲစေဘဲ ပြန်လည်ထူထောင် ကာ သမ္မာအယူကို ပြောင်းလဲခံယူကျင့်သုံးစေပြီးမှ ပြာသိုလတွင်ပင် နေပြည်တော်သို့ ပြန်ကြွမြန်း တော်မူလာသည်။

ထိုအချိန်မှစပြီး ဘင်္ဂါ ၁၂ ခွင်နှင့် သက်မြို့ပြည်ထောင်များမှ လက်ဆောင်ပဏ္ဏာတို့ကို နှစ်စဉ်မပြတ် ဆက်သတော်မူကြသည်။

## ဦးရာဇ်တော်စေတီနှင့် တခြားဓါတုစေတီအများအပြား တည်ဆောက်ခြင်း

ဦးရာဇ်တော်စေတီနှင့် တခြားဓါတုစေတီ အများအပြား တည်ဆောက် ခြင်းတို့ကို မင်းဖလောင်းက ပြုပြင်တည်ထားခဲ့ပြီး သက်၊ မြို၊ ဘင်္ဂါသို့ စစ်မချီမီ သစ္စာပြုခဲ့သည့် အတိုင်း

http://www.dhammadownload.com



သီလပဗ္ဗတ ဦးရစ်တော်ဓါတ် "ဦးရစ်တောင်စေတီ လုံးပတ်ညီ"ကို အထောင်မကသော ပန်းရန်အစွဲသားတို့ဖြင့် ဦးရစ်တောင်စားအား တာဝန်ပေးကာ မင်းကြီးအလံတော် ရှစ်ဆယ် လုံးပတ်ရှိသော စေတီအဖြစ် ပြန်လည်ပြုပြင်ဆောက်တည်စေသည်။ ကောဇာသက္ကရာဇ် ၉၅၃ ခု တန်ခူးလဆုတ် တစ်ရက် တနင်္ဂနွေနေ့နံနက်အချိန် ဌာပနာသွင်းသဘင်ကို စီရင်တော်မူ၍ စေတီပြီးမြောက်သည့်အခါ၌ ခုနစ်ရက်တိတိကြီးစွာသော အလှူတော်ကြီးနှင့် ပွဲလမ်းသဘင်ခံကာ ကိုးသိန်းသော အသပြာတို့ကို သဒ္ဒါကြည်ဖြူ ပေးလှူစွန့်ကြဲတော်မူကြောင်း သိရပါသည်။ သက္ကရာဇ် ၉၄၈ ခု ပြာသိုလပြည့်နေ့ စစ်ချီထွက်စဉ်ကပင် ကတိသစ္စာပြုခဲ့၍ မိမိဆိုခဲ့သည့်အတိုင်း ပြန်လည်ရောက်ရှိသည့်အခါ အစီအမံပြုဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။ လက်ရှိ ဦးရာဇ်တော် စေတီပင်ဖြစ်၏။

ပဉ္စာခေတ်မြို့တည် ခေတ္တာသင်မင်း၏ သားတော်မင်းရင်ဖြူလက်ထက် ရွှေပြားပရပိုဒ်တွင် ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးထိုးကာ သင်္ဂါယနာတင်ထားရှိခဲ့သော ပိဋကတ်သုံးပုံကို မင်းဖလောင်းကမင်းဘဏ္ဍာတော်အတွင်းမှ ထုတ်ယူကာ ဤဦးရစ်တော်စေတီဌာပနာတိုက်အတွင်း ရန်သူမျိုးငါးပါးဖျက်ဆီးမှုမှ လွတ်ကင်းစေရန် ထည့်သွင်းဌာပနာခဲ့သည်ဟု အဆိုရှိပါသည်။

## ပတ္တမြားဒေဝီ စောမဲကျီမိဖုရား

ရမ္မာဝတီ ရမ်းဗြဲကျွန်း ကံဒိုင်းနယ် ရွာရင်းရွာတွင် စောမဲကျီကိုဖွားမြင်ခဲ့သည်။ ပတ္တမြားရတနာကြောင့် မြောက်ဦးရွှေနန်းသခင်ဘဝရှင်မင်းဖလောင်း၏ မိဖုရားအဖြစ် တော်ကောက်ခံခဲ့ရသည်။မိဖုရားသည်ကုသိုလ်အလှူဒါနတို့၌အထူးမွေ့လျော်သည့်အလျောက် ဘဝရှင်မင်းဖလောင်း၏တည်ဆောက်ပြုပြင်ရန်ကျန်ရှိနေသည့် ပေါက်တောမြို့နယ်၊မြေငူကျွန်းမှ ဆံတော်ရှင်စေတီတော်မြတ်ကိုပြုပြင်ရန် မောင်းမမိသံအခြွေအရံအပေါင်းနှင့် မြောက်ဦးမြို့တော်မှ မြေငူကျွန်းသို့ထွက်ခွာလာခဲ့လေသည်။ သဘာဝရာသီဥတုအခြေအနေမပေးသဖြင့် ပင်လယ်သမုဒ္ဒရာကြောင်း မချီဝံ့ဘဲကျွန်း၏အရှေ့ဘက်တစ်နေရာသို့ဝင်ရောက်ကာစခန်းချလေသည်။ ထိုနေရာကိုယနေ့တိုင်အောင် စောမဲကျီဆိပ်ကမ်း ဟုခေါ် ဝေါ်ကြလေသည်။ မိဖုရားသည်ရမ္မာဝတီ ဇာတိဖြစ်သည်အားလျော်စွာ ရမ်းဗြဲဒေသတစ်ခွင်၌ဘုရားစေတီပုထိုး မြောက်များစွာကို တည်ထားပြုပြင်တော်မူသည့်အပြင်၊ တောင်ကုတ်မြို့နယ် မဟူရာနဒီတန်းလွဲချောင်းတစ်လျောက်တွင်လည်း ဘုရားစေတီပုထိုးများကို တည်ထားပြုပြင်ခဲ့ကြောင်းတွေ့ရသည်။ တန်းလွဲချောင်း မောင်းထောင့်တောင်ပေါ်မှ ပေါ်တော်မူ

http://www.dhammadownload.com



ဗုဒ္ဓဆင်းတုတော် သည်အလွန်ထင်ရှားကျော်ကြားလေသည်။

အမ်းမြို့နယ်၊ပေါက်တောမြို့နယ်၊ရမ်းဗြဲမြို့နယ်တို့၌လည်း မိဖုရား၏ ကုသိုလ်တော်များကိုတွေ့ရသည်။ မိဖုရားသည်အတိတ်ကာလဝိဘက်ကြောင့် ဘုရင်မင်းကြီး၏အမျက်ဒေါသကိုခံရပြီးနောက် သေဒဏ်ပေးခံခဲ့ရသည်။ မကွယ်လွန်မီ မွေးရပ်ဌာနေ၌သစ္စာအဓိဋ္ဌာန်ပြုလေသဖြင့် ကွယ်လွန်သွားသည့်အခါ မိဖုရား၏အလောင်းကိုရေတွင်မျှောသော်လည်း အလောင်းမှာရေနစ်မြုပ်ခြင်းမရှိ ဘဲ ရေဆန်တက်သွားသည်ဟု ဝမ်းနည်းဖွယ်ရာဒဏ္ဍာရီဆန်ဆန်ဇာတ်လမ်းကျန်ရစ်ခဲ့သည်။ ရုပ် ဝတ္ထုသက်သေအချို့မှာ ယနေ့တိုင်ရမ်းဗြဲကျွန်းရမ္မာဝတီမြေ၌ကျန်ရှိနေကြောင်းသိရပေသည်-

(၁)မိဖုရားစောမဲကျီ၏အလောင်းရေဆန်တက်ရာ ဆန်တက်ချောင်း

(၂)မိဖုရားစောမဲကျီ၏အရိုးဂူ

(၃)မိဖုရားစောမဲကျီ၏ပြဿဒ်ထမ်းစင်

(၄)နန်းသူစေတီ

(၅)လွမ်းစေတီ

(၆)မင်းတက်လှေကား

(၇)မိဖုရားစောမဲကျီ၏ဆွေမျိုးသင်္ချိုင်း

(၈)မိဖုရားစောမဲကျီအသုံးပြုခဲ့သည့် ရေအိုး

ဘဝရှင်မင်းဖလောင်းသည် အိမ်နိမ့် ၃၇ နှစ်၊ နန်းစံ ၂၂၊ သက်တော် ၅၉ နှစ်၊ သက္ကရာဇ် ၉၅၅ ခု၊ ဝါဆိုလဆန်း ၆-ရက် တနင်္ဂနွေနေ့တွင် နတ်ရွာစံတော်မူလေသည်။ ဤမင်းလွန်တော်မူသည့်အခါ သားတော်အိမ်ရှေ့မင်း သတိုးဓမ္မရာဇာမင်းက ထီးနန်းအရိုက်အရာကို ဆက်ခံတော်မူ လေသည်။

## မင်းအတိုင်ပင်ခံမဟာပညာကျော်အမတ်ကြီး


အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်းတည်းဖြတ်သော မဟာပညာကျော် လျှောက်ထုံးစာအုပ် နိဒါန်းတွင် ဆိုထားသည်မှာ ဤလောကတွင် ဘုန်းတန်ခိုးကြီးသော ဘုရင်မင်းမြတ်တို့ပေါ် ထွန်း သောအခါ ထိုဘုရင်မင်းမြတ်အား တရားလမ်းကြောင်းတိမ်းစောင်းခြင်းမရှိစေရန် မှန်ကန်ရာကို ညွှန်ပြနိုင်သော သတ္တုသလ္လဇာတ်တော်လာ သေနကအမတ်ကြီး ဝိဓူရဇာတ်တော်လာ ဝိဓူရ အမတ်ကြီးစသည်တို့ကဲ့သို့ လောကီလောကုတ္တရာအဖြာဖြာကို ကောင်းစွာနှိုင်းညှိ လမ်းမှန်သိ

http://www.dhammadownload.com



နိုင်သော ပညာရှိအမတ်ကြီးများ ပေါ် ပေါက်သည်နှင့်အညီ ဓညဝတီပြည်ကြီးတွင် သာကီမျိုးနွယ်မှ ဆင်းသက်သော မင်းဇာကြီး၏သား မင်းဖလောင်းသည် ရွှေထီး ရွှေနန်း သိမ်းမြန်းစိုးအုပ်တော်မူသောအခါ မဟာပညာကျော်အမတ် ပေါ် ပေါက်ရလေသည်။

မဟာပညာကျော်အမတ်သည် ဤမင်းဖလောင်းကြီးကို တိုင်းရေးပြည်ရေး၊ စစ်မက်



http://www.dhammadownload.com



ရေးမှုစ၍ မင်းရေးမင်းရာအဖြာဖြာတို့မှာ တိုင်ပင်လျှောက် အမတ်ကြီးလျှောက်ထားချက်အတိုင်းသာ ဆောင်ရွက်တော်မူခြင်းကြောင့် အရာရာမှာ အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုရပေမည်။

ဘုရင်မင်းဖလောင်းလက်ထက် သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ရေးထိုးခဲ့သော မော်ကွန်းတစ်ချပ်ကို ၁၃၅၁ ခု တပို့တွဲလဆန်း ၅ ရက်နေ့က မင်းတရားပြင်အရပ်မှ တူးဖော်တွေ့ရှိခဲ့ပါသည်။ ၎င်းနရာဓိပတိ မော်ကွန်းကို ၃၀-၉-၅၂ နေ့က မြောက်ဦးမြို့ သျှစ်သောင်းဘုရားကြီး သိမ်တော်အတွင်းသို့ ပြောင်းရွှေ့ပြထားသည်ကို မြင်တွေ့ရပါသည်။

## မင်းရာဇာကြီး မိဖုရားဝိဇလ သက္ကရာဇ် ၉၅၅-၉၇၄
## အေဒီ ၁၅၉၃-၁၆၁၂၊ နန်းစံ - ၁၉ နှစ်
## မင်းရာဇာကြီး နန်းတက်တော်မူခြင်း

ခမည်းတော်မင်း မင်းဖလောင်း နတ်ရွာစံတော်မူလျှင် သားတော် အိမ်ရှေ့သတိုးဓမ္မရာဇာသည် မြောက်သားတော် ဝိဇလာနှင့် ဘိသိက်ခံကာ မင်းရာဇာကြီးဘွဲ့ကိုခံယူပြီး သက္ကရာဇ် ၉၅၅ ခု၊ ဝါဆိုလဆန်း ၆ ရက်နေ့တွင် နန်းတက်စိုးစံတော်မူသည်။

မင်းရာဇာကြီး နန်းတက်တော်မူသည့်အခါ ခမည်းတော် မင်းဖလောင်း လက်ထက်ကပင် အနောက်ဘုရင် အနောက်တရိုးကို ဆောင်နှင်းခန့်အပ်ခဲ့သော သားတော်လတ်မင်းရာဇာကြီး၏ ညီတော် သတိုးမင်းစောလှအား အမတ်ကြီး မဟာပညာကျော်စားရသော စစ်တကောင်းမြို့ကို စားကြေးပေး အုပ်ချုပ်စေခဲ့ပါသည်။

ထိုသို့ စစ်တကောင်းစား ခန့်အပ်ပြီး ၂ နှစ်ခန့်ကြာလွန်သည့်အခါ ညီတော် သတိုးစောလှသည် ဘင်္ဂါ ၁၂ မြို့၊ သက်မင်းကောင်းလှဖြူ မြို့ လင်းကဲ အနောက်အုပ်စုတစ်ရပ်လုံးနှင့်ပေါင်း၍ မြောက်ဦး မင်းရာဇာကြီးအား သောင်းကျန်းပုန်ကန်ရန် ကြိုးပမ်းလာသည့်အခါ စစ်တကောင်းနှင့် ဘင်္ဂါ၊ သက်၊ မြို့ ဒေသသို့ စစ်ပြုနှိမ်နင်းရန် သက္ကရာဇ် ၉၅၇ ခုတွင် မင်းရာဇာကြီးကိုယ်တိုင် စစ်အင်္ဂါအပြည့်အစုံဖြင့် ချီလာသည်ကို ညီတော် စစ်တကောင်းစား စစ်မပြိုင်ဝံ့၍ ကျိုးနွံဝင်ရောက် အညံ့ခံလာသဖြင့် ၎င်းတို့၏အကြံအစည် ပျက်ပြားသွားခဲ့ပါသည်။ ကုလားအကြီးအကဲ ဒေးဝန်းနပတ်ကို သစ္စာမစောင့်သောကြောင့် မျက်တော်မူ၍ ၎င်းဌာနမှ ဒေးဝန်းနပတ်အပါအဝင် လက်

http://www.dhammadownload.com



အောက်ငယ်သား တစ်ရာတို့အား တန်ဆာထိန်းသိမ်းပြီးမှ မော်လိပ်အစိုးမှာ ဖြည့်တော်မူစေသည်။

ညီတော် သတိုးစောလှအား စစ်တကောင်းမြို့စားမှုနှုတ်ကာ ယခင်ကအတိုင်း အမတ်ကြီး မဟာပညာကျော်က ပြန်လည်စည်းကြပ် အုပ်ချုပ်စေပြီး အမတ်ကြီး၏သား ကျီးညိုကိုရောင်မြို့ မြို့စား၊ မိမိ သားတော် ဒီဃမင်းသားကို မောက်သူဇာမြို့စား အသီးသီးခန့်အပ် တော်မူပြီးလျှင် ယင်းသက္ကရာဇ် ၉၅၇ ခု၊ တပို့တွဲလ၌ နေပြည်တော် မြောက်ဦးသို့ ပြန်လည်ကြွမြန်းတော်မူလာသည်။

## တောင်ငူဘုရင်က မင်းရာဇာကြီးအား စစ်ကူတောင်းလာခြင်း

သက္ကရာဇ် ၉၅၉ ခုတွင် တောင်ငူမင်း မင်းရဲကျော်ထင်(ခေါ်) သီဟသူ ကျော်ထင်နော်ရထာ ညီတော်မင်းခေါင်၏ သားတော်သည် ဘကြီးတော် ကျော်ထင်နော်ရထာသား ဟံသာဝတီ၊ ပဲခူး မင်းနန္ဒကိုလုပ်ကြံပြီး နှစ်ပြည်ထောင်၏ မင်းအဖြစ်စိုးစံလို၍ ကျော်ထင်နော်ရထာ(ခေါ်) ဘုရင့် နောင် မင်းကြီးလက်ထက်တော်ကပင် ရခိုင်ပြည်ထောင်အား စိုးမိုးလိုသည့်ဆန္ဒဖြင့် သက္ကရာဇ်၉၃၄ ခုနှစ်က စစ်မက် ပြုခဲ့သည်လည်းရှိရကား မိမိအကြံအစည်ပြီးမြောက်အောင် မြင်နိုင်စေရန်အတွက် လက်ဆောင် ပဏ္ဏာရွှေပေလွှာဖြင့်တကွ ကြည်းတောင်စားနှင့် ကသာစားနှစ်ယောက်တို့အား စေလွှတ်ကာ မိမိ ဟံသာဝတီ၊ ပဲခူးမြို့တော်အား စစ်ထိုးရာတွင် ပါဝင်ကူညီတိုက်ခိုက်ပေးပါရန် ယင်းသို့ ရိုင်းပင်းကူညီ၍ အောင်မြင်သည့်အခါ၌ ပဲခူးမင်းနန္ဒ သမီးတော်နှင့် ဆင်ဖြူရတနာကို ဆက်သပါမည်ဟု ကတိက ဝတ်ပြုကြောင်း မင်းရာဇာကြီးထံ ရေးသားအကြောင်းကြားလာခဲ့ပါသည်။

အထက်ပါကိစ္စရပ်များကို မှူးမတ်ဗိုလ်ပါများနှင့် တိုင်ပင်ပြီး တောင်ငူမင်းက ပဲခူးကို စစ်ထိုးရာ၌ သွားရောက်ကူညီရန်ဆုံးဖြတ်၍ စနည်း နာစေသော် အဋ္ဌနနဒီလေးမြို့မြစ်တွင် လူငယ် တို့လှေလှော် ၍ ဆိုကြသည့် တြင်းသံမှာ "ဆင်ဖြူပေါင်ကျိုး၊ ထီးဖြူညှိုး၍၊ ပဲခူးဘုရင်၊ ဒို့အရှင်ထံ ဝင်လိမ့်မည်"။ . . . .

ထိုတြင်းသံအလိုကို အမတ်မဟာပညာကျော် လျှောက်ထားသည်မှာ ကျမ်းဂန်တွင်လည်း မိတ်ဆွေဝင်သောမင်းတို့၌ အရေးအကြောင်း ဆိုက်ရောက်သော် ကူညီသင့်ကြောင်း ထုံးဟောင်းရှိပါသည်။ ယခုအကြည်တော် တောင်ငူမင်းက ပေးလိုက်သော ရွှေပေလွှာလည်း အရှည်ထွန်းလင်း ရာသောအကြောင်း ဖြစ်ပါသည်။ သူငယ်တို့ဆိုသည့် တြင်းအလိုမူ အမှုလွယ်ကာ ပြီးကုန်ပါမည်ဟု

http://www.dhammadownload.com



လျှောက်လေသော် ချီတော်မူမည့်တပ်စဉ် စီရင်ခန့်အပ်တော်မူကာ ပဲခူးသို့ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူသည်။

အမတ်ကိုယ်ရံကြီး မုတ္တမသို့ချီပြီး မုတ္တမမြို့အရှေ့ ကျွန်းကြီးမြို့တွင် လက်ဝဲသင်းကိုယ်ရံတော် သူရဲကောင်းက ကုလားတန်စားအား နှင်းထားလေသည်။ ချုံးချုံးကျမှာ လက်ယာသင်းကိုယ်ရံသူရဲ တစ်သောင်းနှင့် တရွေးစားကို တပ်နှင်းထားပြီး လက်ယာသင်း ကိုယ်ရံသူရဲတစ်သောင်းနှင့် မြို့သစ်စား ဗလတင်ကို အလံတစ်ရာချောင်းတွင် တပ်နှင့်ထားလေသည်။ ဖောင်ဆိပ်တွင် သူရဲတစ်သောင်းနှင့် သံတောင်စားတုံးညိုကို တပ်ချထားပြီး မုတ္တမမြို့ အရှေ့မြောက်ထောင့် သရေမြစ်ညာလမ်း မြရာဝတီကသည် ကမော်ကလိုတောင်ထိပ်ကို သက်မင်းကောင်းလှဖြူအား သူရဲသုံးသောင်း အဖြီးအခိုင်ထားနှင့်သည်။

မောက်သူဇာ ဘဂ်ီကုလား သူရဲငါးထောင်မှာ အမတ်တော်ဆင်ကဲကြီးမဟာနုအချုပ်၊ သင်္ဘောသုံးရာနှင့် ပသျှူးကျွန်း၊ မော်တင်ဝထိ ကျွန်းတိုင်းမြစ်ပေါက်တိုင်း စောင့်နေရသည်။

ပြည့်ရှင်မင်းတပ်တော်မှာ ရဲမက်တစ်သိန်းပါပြီး နောက်မှတစ်ဆင့် ကြည်းကြောင်း ချီလာသည်။ သူရဲငါးသောင်းနှင့် သားတော် အိမ်ရှေ့မင်းခမောင်းကို စိန်တင်စားဥက္ကာပျံနှင့် သက္ကရာဇ် ၉၆၀ ပြည့်၊ တန်ဆောင်မုန်း လဆန်း ၁၁ ရက်နေ့ မော်တင်ကိုလှည့်၍ သန်လျင်သို့ချီကာ လုပ်ကြံစေရာ မြို့စောင့်တပ်များ မခံနိုင်၍ ပြေးလေလျှင် မြို့တွင်းဝင်ကာ အခိုင်အလုံ တပ်ချနေလေသည်။

## မင်းရာဇာကြီးတပ်နှင့် တောင်ငူဘုရင့်တပ် ပူးပေါင်း၍ ဟံသာဝတီနှင့် ပဲခူးကိုသိမ်းယူခြင်း

တောင်ငူဘုရင်က ရခိုင်တပ်များ မြန်ပြည်အတွင်း ရောက်လာ သည်နှင့် မြို့ကြီးစားတပ် မြို့လှစားတပ် ဘယနန်သူတစ်တပ် အမြဲပိုက်တစ်တပ် ညီတော်မင်းရဲကျော်ထင်တစ်တပ် သားတော်နတ်ရှင်နောင်တစ်တပ်၊ တောင်ငူဘုရင်တပ်မပြု၍ တပ်ခုနစ်တပ်၊ စစ်သည်သူရဲငါးသောင်းဖြင့် ချီလာကာ ကောလိယတွင် အခိုင်စောင့်ဆိုင်းနေသည်။ ရခိုင်တပ်တော်နှင့် စစ်ရေးစစ်ရာ ညှိနှိုင်းသတ်မှတ်ပြီးသည်နှင့် သက္ကရာဇ် ၉၆၀ ပြည့်နှစ်တွင်ပင် ဟံသာဝတီသို့ ချဉ်း၍

(က) တောင်ငူဘုရင်က အရှေ့ကရံသည်။

http://www.dhammadownload.com



( ခ) သားတော် နတ်ရှင်နောင်က မြို့မြောက်ဘက်က ရံသည်။
( ဂ) အိမ်ရှေ့မင်းခမောင်းက တောင်ကရံကာ၊
(ဃ) မင်းရာဇာကြီးက အနောက်ကရံ၍ ဝန်းရံထားကြသည်။

ထိုကဲ့သို့ နှစ်ပြည်ထောင်မင်းတပ်များ ရံကာ ပိတ်ဆို့ထားခြင်းအတွက် မြို့တွင်းတပ်သားတို့ အစာရိက္ခာရှားပါး ငတ်မွတ်သည်ဖြစ်၍ အချို့လည်း တောင်ငူဘုရင်တပ်သို့ အညံ့ခံဝင်ပြီး အချို့မှာ မင်းရာဇာကြီးတပ်နှင့် အချို့မှာလွတ်ရာသို့ထွက်ပြေးကြသဖြင့် ဟံသာဝတီမင်း သားတော် မင်းရဲကျော်စွာလည်း တောင်ငူမင်းထံ အညံ့ခံဝင်သွားခဲ့ရာ ၎င်းသတင်းအား ဟံသာဝတီမင်းကြီး ကြားလေသောအခါ "ငါကားသားဖွဲ့စုသည် ယခု ငါ့သားပင်တစ်ဘက်သို့ ကူးပြောင်းဝင်ရောက်သွားပြီး ဖြစ်၍ ငါ့စည်းစိမ်ကို ငါ့ညီတောင်ငူမင်းသာ ယူပါစေတော"ဆိုကာ မြို့ကိုအပ်လေလျှင် ဟံသာဝတီ၊ ပဲခူးမင်းကို တောင်ငူသို့ပို့ကာ ထိန်းသိမ်းထားပြီး ဟံသာဝတီမင်း မြောက်နန်း မိဖုရား၊ နှမတော်နှင့်သမီး၊ တူမတော် ခင်မရွှေတုံတို့နှင့် ဟံသာဝတီ၊ ပဲခူးပြည်ကို သိမ်းယူမင်းပြုလေ သည်။ ဤသည်ကား မှန်နန်းအလိုဟု ရခိုင်ရာဇဝင်သစ်ကျမ်း (ရမ်းပြည့်မှူ)က အဆိုရှိပါသည်။

ထိုကဲ့သို့ စစ်မက်အကြီးအကျယ် တိုက်ခိုက်မှုမရှိ အလိုတော်ပြည့်သည်နှင့် တောင်ငူမင်းက လူသုံးထောင်အား လက်ဆောင်ပဏ္ဏာတော်များကို သယ်ယူစေပြီး မင်းညီမင်းသား မှူးမတ်များအား ကြပ်မတ်လျက် မင်းရာဇာကြီးထံ ဆက်သစေကာ နောက်မှဆင်ဖြူတော်တစ်စီးနှင့်တကွ နန်းကျ ဟံသာဝတီ မင်းသမီးတော်ခင်မနှောင်းကို မိဖုရားကြီး အဆောင်အယောင်နှင့်တကွ အထိန်းအချီ လေးယောက်၊ ကိုယ်လုပ်သုံးကျိပ်နှင့် မှူးမတ်အပေါင်း ဝန်းရံစေလျက် ဝေါနှင့်ထမ်းဆောင်၍ မင်းရာဇာကြီးအား ဆက်သတော်မူစေသည်။

ယင်းကဲ့သို့ မြန်မာမင်းနှစ်ပါးအချင်းချင်း မသင့်မမြတ် စစ်မက်ပြုကာ တောင်ငူမင်းက ဟံသာဝတီ၊ ပဲခူးမြို့တော်ကို သိမ်းယူပြီး ဗိုလ်ခံမင်းပြုနေကြောင်းကို ယိုးဒယားမင်း ဗြနရာဇ်ကြား သိတော်မူသည့်အခါ အောက်မြန်မာနယ်ပယ်အတွင်း ညီညွတ်မှုပျက်ပြား၍ မငြိမ်မသက် စိတ်ဝမ်းကွဲပြားနေသည့်အခြေအနေကို အခွင့်ကောင်းယူ၍ စစ်အောင်သူ တောင်ငူဘုရင် မင်းရဲကျော်ထင်(ခေါ်)သီဟသူအား စစ်ထိုးရန်ချီလာသည်။ တောင်ငူမင်းက ဟံသာဝတီ၊ ပဲခူးမြို့တော်အား မိတ်ဖက်ရခိုင်မင်းရာဇာကြီးထံ အပ်နှံထားခဲ့ပြီး မိမိမြို့တော် တောင်ငူကို ယိုးဒယားတို့ရန်မှ ကာကွယ်ရန် တောင်ငူသို့ပြန်တော်မူသည့်အကြောင်း ယိုးဒယားဘုရင် ကြားသိရ

http://www.dhammadownload.com



သောခါ မိမိတပ်များအားလှပ်ကာ တောင်ငူသို့ချီစေပြီး အကြိမ်ကြိမ်လုပ်ကြသော်လည်း မရဘဲ ဖြစ်နေရာ မြို့ကိုဝန်းရံထားပြီးမှ ရေကြောင်းချီရိက္ခာဖြင့် စစ်ကူတပ်များအလာကို စောင့်ဆိုင်းနေတော်မူသည်။

ရခိုင်အိမ်ရှေ့မင်းခမောင်းက မိမိတပ်တော်နှင့် ယိုးဒယား ရေကြောင်းဖြင့် ရိက္ခာပို့ရန်လာသော လှေတို့ကို ဆီးကြို၍တိုက်လေသောအခါ လာသမျှပျက်လေ၍ ယိုးဒယားမင်းတပ်များသို့ ရိက္ခာမရောက်နိုင်ဘဲ တစ်လခန့်ရှိလျှင် ငတ်မွတ်လေသောကြောင့် ယိုးဒယားတပ်များ တောင်ငူအရံကိုဖြုတ်ပြီးခွာကာ မိမိတို့နိုင်ငံသို့ တပ်ခေါက်ပြန်ကြရာ သက်မင်းကောင်းလှဖြူတပ်များက လမ်းမှဆီးဆို့ တိုက်ခိုက်ခြင်းကို ခံရသဖြင့် ယိုးဒယားတပ်ပျက်ကာ မင်းညီတော် ဗြသမွန်ကိုရ၍ မင်းရာဇာကြီးထံ ဆက်လေသည်။ မင်းရာဇာကြီးက ယိုးဒယားဘုရင့်ညီတော်ကို ကောင်းစွာထိန်းသိမ်းထားစေပြီးမှ ကောင်းလှ ဖြူအား ပင်လယ်ကြောင်းစစ်ကူချီလာသည့် ယိုးဒယားစစ်သင်္ဘောလှေများကိုခံရန် ဘဂိ္ဂ ၁၂ ခွင်မှ ကုလားသင်္ဘောတပ်များနှင့် ပူးပေါင်းကွပ်ကဲစေကာ ဖိဖိစီးစီး မုတ္တမကွေ့မှ ဆီးကြိုတိုက်ခိုက် စေခဲ့ရာ ယိုးဒယားရေတပ် ထောင်းထောင်းပျက်ကာ ဆုတ်ခွာထွက်ပြေးသွားကြလေသည်။

ထိုကဲ့သို့ ဟံသာဝတီမင်းအား စစ်ကူလာသော ယိုးဒယား ကြည်း၊ရေ တပ်များ အကျအဆုံး အပျက်အစီးများဖြင့် ကြုံကြိုက်ခဲ့၍ ယိုးဒယားဘုရင် စစ်အင်အားချည်နဲ့သွားသည့်အခါမှ ယိုးဒယားမင်းထံမှ စစ်ပြေငြိမ်းရေးအတွက် ဘဏ္ဍာ၊ စစ်လက်နက်ကိရိယာများကို ဆက်သရန် တောင်းခံခဲ့ရာ ပြောင်းမီးပေါက် သုံးထောင်နှင့် အထူးစီမံထားသော ဗြဓ္ဓတ္တာသိနှင့် တခြားအမြောက်လက်နက်ကြီးများကို ဆက်သလာ၍ သံ့ပန်းဗြသမွန်မင်းသားကို လွတ်ငြိမ်းချမ်းသာခွင့်ပေးကာ သစ္စာခံစေပြီးမှ ယိုးဒယားဘုရင်ထံ ပြန်လည်ပေးပို့ အပ်နှံခဲ့လေသည်။

တောင်ငူ၊ ဟံသာဝတီ၊ ပဲခူးမင်းကလည်း ဘကြီးတော် ကျော်ထင်နော်ရထာ ဘုရင့်နောင်မင်းလက်ထက်က သိမ်းဆည်းယူ တော်မူခဲ့သော ယိုးဒယားမင်း ဗြသာဓိပတိရာဇာ၊ မိဖုရားကြီးနှင့် ယိုးဒယားမင်း ဆရာရုပ်တုများ၊ ရောဝဏ်ဆင်ရုပ်၊ ယိုးဒယားတို့ ကိုးကွယ်သောရာမ၊ ဟနုမန်မျောက်ရုပ်နှင့် အလမ္ဘာယ်မြွေသမားရုပ်အစရှိသော ကြေးသွန်းရုပ်ကြီးများအပြင် ရွှေငွေဘဏ္ဍာတို့ကို မင်းရာဇာကြီးအား ဆက်သတော်မူကာ နှစ်ပြည်ထောင်အကြား စစ်ရေးစစ်ရာနှင့် ကုန်သွယ်ဖောက်ကားမှု ပိုမိုခိုင်မြဲစေရန် မင်းနှစ်ပါး ကတိကဝတ်ပြုကာ မိတ်ဖွဲ့ပြီးမှ မင်းရာဇာကြီးက

http://www.dhammadownload.com



လက်ဆောင်ပဏ္ဏာ၊ တူမတော် ခင်မနှောင်းကို ယူဆောင်၍ ဟံသာဝတီ၊ ပဲခူးမြို့တော်အား တောင်ငူမင်းထံအပြီးအပိုင် ပြန်လည်အပ်နှံပြီး နေပြည်တော်သို့ရေကြောင်းဖြင့် သက္ကရာဇ် ၉၆၁ ခုတွင် ပြန်လည်ကြွမြန်းတော်မူလာသည်။

## မဟာပညာကျော်အမတ်ကြီးကွယ်လွန်ခြင်း

ရခိုင်တပ်များ တပ်ရုပ်ပြန်လည်ထွက်ခွာလာသည့်အခါ၌ ဘုရင့်အမိန့်တော်အရ ဟံသာဝတီမြို့ရှိ ယိုးဒယားအိမ်ထောင်စု သုံးသောင်း၊ မွန်တလိုင်းအိမ်ထောင်စု သုံးသောင်း၊ လူပေါင်း ခြောက်သောင်းတို့ကို သိမ်းယူခေါ်ဆောင်ပြီးလျှင် သက္ကရာဇ် ၉၆၀ ခုတွင်ပင် ပြန်ကြသည်။ လမ်းခရီးအကြား မော်တင်စွန်းသို့ရောက်သည့်အခါ ရခိုင်၌လက်ရုံးတစ်ပါးဖြစ်သော သက်တော်ရှည်ပညာရှိ မဟာပညာကျော် ကွယ်လွန်အနိစ္စရောက်တော်မူရာ ကြီးကျယ်စွာ ထိုအရပ်၌ပင် သင်္ဂြိုဟ်သော သင်္ချိုင်းရာပေါ်တွင် ဘုရားစေတီတည်ထားတော်မူခဲ့သည်။ ထိုစေတီကြီးကို ယခုတိုင် မော်တင်စေတီဟု ထင်ရှားခေါ်ဝေါ်လျက်ရှိ၏။ မဟာပညာကျော်၏ သားဖြစ်သော ကျီးညိုကို သူကောင်းပြုကာ ဖခင်အားပေးသည့်အရာ ပေးသနားတော်မူပြီး ပညာဝံသဘွဲ့ အမည်ဖြင့် ချီးမြှင့်တော်မူသည်။ ၎င်းမှာလည်း ဖခင်ကဲ့သို့ပင် ပညာအရာထက်မြက်သူတစ်ဦး ဖြစ်ပေသည်။

## ရွှေကျောင်းပြင်ဟု ခေါ်တွင်ခြင်း

မော်တင်စွန်းမှသည် စခန်းအစီအစဉ်အတိုင်း ဆက်လက် ချီတော်မူလာရာ ဒွါရာဝတီ သံတွဲမြို့သို့ ရောက်တော်မူသည့်အခါ စစ်ချီစဉ်အခါ၌ ဘုရင်မင်းမြတ် လှေဖောင်တော်ဦးတွင် သိမ်းငှက်ဗဟိုတွင် ဗျိုင်းနှင့်ပဲ့တွင် ဌင်းတနားလာသည်ကို ဟံသာဝတီ၊ ပဲခူးမြို့တော်ကို သိမ်းပြီး ဆင်ဖြူတော်နှင့် မိန်းမရတနာရအံ့ဟူ၍ နိမိတ် ဟောဖတ်ပြန်ကြားပေးတော်မူသည့်အတိုင်း ရွှေကျောင်းဆောက်၍ လှူတော်မူသည်။ ထိုအရပ်ကို ရွှေကျောင်းပြင်ဟူ၍ ယခုတိုင်အောင်ခေါ်တွင် သမုတ်ကြလေသည်။

ဘုရင်မင်းရာဇာကြီး သံတွဲတွင် ရွှေငှက်ဖောင်တော်ကို ပြုပြင်မွမ်းမံစေပြီးလျှင် ရွှေပြောင်ပြောင်ဆက်လျှက် ရတနာဆင်ဖြူကိုပါ တင်တော်မူ၍ ရွှေလှေ၊ ငွေလှေ အစရှိသော လှေရံအပေါင်း ခြံရံလျှက် မြောက်ဦးမြို့တော်ကို စစ်အောင်သူမင်းအဖြစ် တင့်တယ်လျောက်ပတ်စွာ ရွှေမြို့တော် မြောက်ဦးသို့ ကြွမြန်းရောက်ရှိတော်မူသည်။

http://www.dhammadownload.com



## ပဲခူးနန်းကျနန္ဒဘုရင်သမီးတော် ခင်မနှောင်းအား တန်ဆောင်မိဖုရားမြှောက်ခြင်း

မြောက်ဦးသို့ရောက်သည့် နောက်ဝယ်၌ ပဲခူးနန်းကျဘုရင် နန္ဒမင်း သမီးတော် ခင်မနှောင်းအား တန်ဆောင်မိဖုရားမြှောက်တော်မူပြီး မြောက်ဦးနန်းတော်၏ အလှကျက်သရေကို ချီးမွမ်းထောပနာပြုခဲ့သည်က ခေတ်သုတေသီများ၏ မင်းရာဇာကြီးလက်ထက်နှင့် မင်းဖလောင်းလက်ထက် တို့က အသစ်တစ်ဖန် ပြန်လည်ပြုပြင်ဆောက်တည်ခဲ့သော မြောက်ဦးရွှေနန်းတော်အကြောင်း တစေ့ တစောင်း "ဝေဇယန္တာပမာတမျှ" လှပတင့်တယ်သည်ဟု အမွှန်းတင်ပုံနှိုင်းရေးသားထားချက်မှ သိရှိရပါသည်။ နန်းတွင်းမင်းနေဘုံသား၊ မြင်းဆိုင်းသည့် ရာဇရွှေပလ္လင်နှင့် ရွှေသလွန်တော် အစရှိသည်များ၌ စိန်၊ ကြောင်၊ ကျောက်မျက်ရတနာမျိုးစုံဖြင့် စီချယ်ထားသည့်အကြောင်း ထည့်သွင်းဖေါ်ကြူးထား၏။ ဤခင်မနှောင်း သမီးတော် ပန်းသန္တာမင်းသမီးမှာ ဝေသာလီ ကျောက်လှေကားမြို့တည် ဒွေ့င်စန္ဒြမင်း၏ မိဖုရားခေါင် သုပပါဒေဝီဝင်စားဖြစ်၍ မြောက်ဦး "ဘုရားပေါ်" ဒါယိကာမဖြစ်လာခဲ့သည်ဟု အဆိုရှိပါသည်။ ၄င်းဆင်းတုတော်အား အေဒီ ၁၆၀၃၊ ကောဇာ ၉၆၅ မင်းရာဇာကြီး နန်းတက်ပြီး၁၀ နှစ်တွင် ရေထဲမှ ဆယ်ယူရရှိသည်ဟု အဆိုရှိရာ ခင်မနှောင်းမင်းသမီးမှာ ဟံသာဝတီ၊ ပဲခူးမြို့တော်မှ မင်းရာဇာကြီးနှင့် သက္ကရာဇ် ၉၆၀ ခုနှစ်က ပါလာသည် ဖြစ်၍ သက္ကရာဇ်အနေဖြင့် မှန်ကန်မှုရှိပါသည်။ ဤပန်းသန္တာမင်းသမီးမှာကား ရာဇဝင်တွင် အရေးပါသည့် နေရာမှပါဝင်ခြင်း မရှိခဲ့ပါ။

တောင်ငူဘုရင် နောင်တွင် တောင်ငူ၊ ဟံသာဝတီ၊ ပဲခူးမင်း မင်းရဲကျော်ထင်(ခေါ်) သီဟသူက နောင်တော်ဝမ်းကွဲ ဟံသာဝတီ နန်းကျဘုရင် မင်းနန္ဒသမီးတော်ခင်မနှောင်း တူမတော်ကို မင်းရာဇာကြီးနှင့် လက်ဆက်ထိမ်းမြားပေးခဲ့သဖြင့် မင်းရာဇာကြီးအား တူတော်ဟု ခေါ်တော်မူကာ မင်းရာဇာကြီးကလည်း တောင်ငူ၊ ပဲခူးဘုရင်ကို ဦးရီးတော်ဟုခေါ်တော်မူ၍ မိတ်ဖွဲ့ကာ ကတိသစ္စာခံယူထားကြသည့်အလျောက် မင်းနှစ်ပါးအကြား မင်းစေတမန် မပြတ်လွှတ်၍ သင့်မြတ်ချစ်ကြည်စွာ ရှိကြသည်။

သက္ကရာဇ် ၉၆၁ ခု၊ အေဒီ ၁၅၉၉၊ နေပြည်တော်သို့ မင်းရာဇာကြီး ပြန်ရောက်တော်မူသည့် အခါ၌ ပဲခူး၊ဟံသာဝတီမြို့တော်မှ ခေါ်ဆောင်လာခဲ့သော ယိုးဒယားအိမ်ထောင်စု သုံးသောင်း အတီး အက၊ အကျောအစို့ ၄င်းပြင် ကြွေတဲတပ်၊ ကြွေမသီတပ်၊ ရာဇဂြိုဟ်တပ်၊ တောင်ဘက်တပ်၊

http://www.dhammadownload.com



မြို့သစ်တပ်၊ မှိုင်းတပ်၊ တောင်ငူတပ်၊ ကျွန်းကောင်းတပ် တပ်ရှစ်စု ဖွဲ့တော်မူ၍ ကဆ္ဆပနဒီအရှေ့ဘက်၊ ဖွဲတားကျွန်း၊ တောင်ရင်းကျွန်း၊ မြစ်အနောက်ဘက်၊ ပေကျွန်း၊ ဦးရစ်တောင် ကျွန်း၊ မရိုးကျွန်း၊ ရမောင်ကျွန်းများမှာ ဖြန့်ပြီးတာဝန်ချထားတော်မူသည်။ တလိုင်းမွန်သုံးသောင်းကိုမူ ဆင်အောက်မသင်းများမှာဖြည့်ပြီး ငါးဇင်ရိုင်းကျွန်းတွင်ချထားတော်မူ၏။ ဤအချိန်ကပင်များပြားသော ယိုးဒယားနှင့်မွန်တလိုင်းစစ်သည်များ ရခိုင်တပ်တော်၌ ပါဝင်အမှုထမ်းဆောင်ခဲ့ကြရသည်။ ယိုးဒယားသဘင်အက လေးစိတ်သားတို့ကို မှူးအမတ် သူငယ်တော်သွေးသောက်သို့ အပ်တော်မူလေသည်။

မဟာပညာကျော် အမတ်ကြီးသားတော် ရောင်ဖြူစားကျီးညိုကိုလည်း ပညာဝံသအမည်ဖြင့် သူကောင်းပြုတော်မူကာ စစ်တကောင်းမြို့အား စားကြေးပေးတော်မူသည်။

အရှေ့မြန်ပြည်မှ သယ်ဆောင်ခဲ့သော ရေအုန်းခနိ ရေအုန်းမျိုးကို ငှက်ကြီးချောင်းတွင်ကောင်းစွာ စိုက်ပျိုးလျက်ထားတော်မူပြီး ယင်းကစ၍ ယခုထက်တိုင် မြောက်ဦးမြို့ဒေသများစွာ၌ထူထပ်စွာ မြစ်ချောင်းရိုးတစ်လျှောက် ပေါက်ရောက်လျှက်ရှိပြီး ခနိရေနှင့် ခနိ အိမ်ခေါင်မိုးများလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်။

ဟံသာဝတီစစ်မက်ပြီးဆုံးကာ တပ်များ ရုပ်သိမ်းသွားကြပြီးသည့် နောက်တစ်နှစ်သက္ကရာဇ်၉၆၂ အရောက်ခန့် ကပင် မြောက်ဦးမှ တောင်ငူ၊ ဟံသာဝတီ၊ ပဲခူးဆက်သွယ်ရေးလမ်းတစ်လျှောက် ခိုအောင်းနေထိုင်ကြသော သူပြေးသူပုန်တို့သည် ခရီးသွားလာသူများအား လမ်းခရီး၌လုယက် တိုက်ခိုက်ဖျက်ဆီးမှုများကို ကျူးလွန်လာကြရာ ထိုအကြောင်းကို မင်းရာဇာကြီးသိကြားတော်မူ သည့်အခါတွင် ရဲမက်သုံးရာ အစောင့်အရှောက်ဖြင့် တောင်ငူမင်းထံ သံစေတော်မူပြီး အကြောင်း ကြားခဲ့သည်မှာ-

"ကေတုမတီနှင့် ဓညဝတီအကြားတွင် လူပြေးသူပုန်တို့ ဖျက်ဆီး လုယက်သော် သံတမန်အစေအပါးတို့ သွားလာဆက်သွယ်မှု မရောက်မပေါက်နိုင်ရှိကြသည်။ သို့ကြောင့် လမ်းခရီးတစ်ထောက် သန်လျင်မြို့တွင် အလုံးအရင်းနှင့် ရခိုင် ကြည်း၊ရေ ရဲမက်အချို့ ချထားနေစေမည်ဆိုပါက နှစ်ပြည်ထောင် သံတမန်ဆက်သွယ်ရေးနှင့် ကုန်ရောင်းကုန်ဝယ် အရောက်ပေါက်လွယ်မည်ဖြစ်၍ ရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်မည်ဟူ၍ အကြံပြုအကြောင်းကြားခဲ့သည်နှင့် တောင်ငူဘုရင်ကမင်းရာဇာကြီး အကြံပြုကမ်းလှမ်းချက်ကို နှစ်သက်သဘောပေါက်တော်မူ၍ တူတော်အလိုရှိရာ

http://www.dhammadownload.com



အလုံးအရင်းနှင့် မြန်မာပိုင်နက်ဖြစ်သော သန်လျင်တွင် နေပါစေဟူ၍ ခွင့်ပြုစကား လာရောက်သူများဖြင့် မှာတော်မူလိုက်သည်။

## မင်းဗာကြီးနှင့်ကုလားမင်းသမီးပဲသီတာ၏ သားငအာဂါကို သံလျင်တွင် တာဝန်ချထားခြင်း

ဤအခွင့်အရေးရရှိသည်နှင့် မင်းရာဇာကြီးက ဘင်္ဂါဒေသတွင် မြို့စားအဖြစ်နေထိုင်နေသူ ဘိုးတော် မင်းဗာကြီးနှင့် ပဲသီတာ ကုလားမင်းသမီးတို့၏ သားတော်ငအင်္ဂါကို သင်္ဘောသုံးစင်းလှမ်းကျင်း လှေတစ်ရာကျော်၊ လူနှစ်ထောင်ကျော်ခန့်နှင့် သံလျင်မြို့တွင် အခိုင်အလုံနေစေသည်။ ငအင်္ဂါလည်း သန်လျင်သို့ရောက်သည့်အခါ မြို့ပြ ကျုံးမြောင်းတို့ကို ခိုင်လုံအောင် လုပ်ဆောင်ပြင်ဆင်ပြီးလျှင် သင်္ဘောသားကုန်သည်များအား သင့်တင့်အောင် ဖျားယောင်းသိမ်းသွင်းမိတ်ဖွဲ့ကာ ကိုယ်ကျိုးစီးပွားရေးအတွက် ရောင်းဝယ်ဖောက်ကားမှုများ ဆောင်ရွက်ကာ ကြီးပွားချမ်းသာလာခဲ့ပါသည်။

## သက်မင်းကောင်းလှဖြူ

ထိုနည်းတူပင် ဟံသာဝတီ၊ ပဲခူး စစ်မက်ဖြစ်စဉ်က ယိုးဒယား ကြည်း၊ ရေတပ်များအား သက်နှင့်ဘင်္ဂါ ရေတပ်တို့ကို ကွပ်ကဲပြီးပိုင်နိုင်စွာ ချေမှုန်းတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သော ဓမ္မရာဇာ အမတ်ကြီးနှင့် နောက်လိုက်နောက်ပါ ရဲမက်ဗိုလ်ပါ မျိုးမတ်အဆက်အနွယ်များက အေဒီ ၇၇၀ခန့်ကပင် ရခိုင်ပြည်ထောင်နှင့် ဘင်္ဂါ ၁၂ ခွင်ရှိ ရခိုင်များမသိရလေအောင် မျိုးရိုးဇာတိကို လျှို့ဝှက်ပြီး နယ်ခံသက်၊ မြို၊ မြူ မရမာကြီး စသည်ဖြင့် နီးနားဝန်းကျင်လူမျိုးစုငယ်များ၏ အမည်ကိုခံယူကာ နှစ်ပေါင်း ၈၅၀ ခန့် မိမိတို့ဘာသာရပ်ရွာများ တည်ထောင်ကာ မိမိတို့ ရခိုင်မပျက်စေပဲ ယဉ်ကျေးမှုဓလေ့အစဉ်အလာနှင့် ကိုးကွယ်မှုဘာသာ လျှို့ဝှက်စွာနေထိုင်လာခဲ့ကြသော ရခိုင်များဖြစ်ကြသည်ကိုပါ သိရှိသွားသည့်အတွက် ၎င်းကောင်းလှဖြူသက်မင်းကြီးကြပ်စိုးမိုး အုပ်ချုပ်နေသော သက်၊ ဖလံ၊ ဘိုမင်း အစရှိသည့် ရပ်ရွာများ၏ နေရာနယ်ပယ် တစ်ရပ်လုံးအား အပိုင်စားပေး မင်းပြုစေခဲ့ပါသည်။ ထိုအချိန်အခါမှစ၍ ထောင်စုများဖြစ်သော သက်ထောင်ဖလံထောင်ဘိုမင်းထောင်ဟူ၍ ၎င်းတို့နေထိုင်ကြရာ တောတောင်နယ်ပယ် တစ်ရပ်လုံး၌ စတင်အစပျိုး ပေါ်ပေါက်ခဲ့သည်ဟု ရာဇဝင်အရ သိရှိလာပါသည်။ ၎င်းထောင်စုများတွင် နေထိုင်ကြသော ရခိုင်မျိုးရိုးဇာတိများ မိမိတို့၏ရခိုင်ရိုးရာ အစဉ်အလာဘာသာစကားနှင့်

http://www.dhammadownload.com



ကိုးကွယ်မှုများကို ယနေ့ယခုထိတိုင် မပျောက်ပျက်ရအောင် ထိန်းသိမ်းကာကွယ်ပြီး လူမျိုးဘာသာခြား ပြည်ပနိုင်ငံအတွင်း မြို့ရွာကြီးများ တည်ထောင်လျှက် အတည်တကျ စုစည်းနေထိုင်ကြဆဲဖြစ်ပါသည်။ ထိုသူများအား ရခိုင်တို့က အဝေးအနောက်ပြည်ရောက် "အနောက်သား" များဟု အသိအမှတ်ပြုခေါ်ဝေါ်နေဆဲ ဖြစ်သည်။ သက်မင်းကောင်းလှဖြူအားလည်း ဟံသာဝတီ၊ပဲခူးနန်းကျဘုရင် နန္ဒမင်း၏သမီးတော် မင်းသမီးတစ်ပါးနှင့် မင်းရာဇာကြီးက ထိမ်းမြားချီးမြှောက်ပေးခဲ့ပါသည်။ ထိုကဲ့သို့ နိုင်ငံရပ်ခြား တိုင်းတစ်ပါးရောက် ရခိုင်မျိုးနွယ် မင်းညီမင်းသားပြည်သူများအား မင်းရာဇာကြီးက ခွဲခြားပစ်ပယ်ထားမှုမရှိ မျိုးရိုးဇာတိမှန်ကန် သိရှိလာသည့်အချိန်ကပင် မင်းမိန့်မင်းအာဏာဖြင့် အသိအမှတ်ပြုကာ နယ်ပယ်သတ်မှတ်ပျိုးထောင်ထားရှိခဲ့သည်မှာ လွန်စွာမှမွန်မြတ်လှပေသည်။ ယခုအခါ နိုင်ငံရပ်ခြား တိုင်းတစ်ပါးပင် ဖြစ်နေလင့်ကစား နှစ်ပေါင်း ၁၀၀၀ ကျော်မျှ မိမိတို့၏မျိုးရိုးဇာတိကို မပျောက်ပျက်ရလေအောင် ထိန်းသိမ်းလိုသည့် စိတ်ဓာတ်မှာလည်း လွန်စွာမှမွန်မြတ်လှပေသည်။ ထိုဒေသ၌ နယ်ခံဘာသာကွဲ လူမျိုးများနှင့် လူမျိုးရောယှက်မှုမှာလည်း ယခုထက်တိုင်မရှိသလောက်ဖြစ်ပြီး ဘာသာ၊ စကား စာပေ ဝတ်စား ဆင်ယင်မှု ထုံးတမ်းစဉ်လာ ပျောက်ပျက်မသွားခဲ့သည်မှာလည်း မယုံနိုင်လောက်အောင် အံ့ဩစရာ တစ်ရပ်ပင် ဖြစ်၏။ အေဒီ ၁၆၆၆ ခုခန့်မှ သက္ကရာဇ်၃၃၃ နှစ်ခန့် အယူသည်းဘာသာကွဲ မျိုးခြားမင်း အာဏာရှင်ဘုရင်များနှင့် မိမိတို့ထက် လွန်စွာမှ လူဦးရေများပြားလှသည့် နယ်ခံပြည်သူများအကြား တန်းတူညီတူ လုပ်ကိုင် စားသောက်ပြီး တည်ငြိမ်စွာရင်ဘောင်တန်း ပြိုင်ဆိုင်ကာ တစည်းတစ်လုံးတည်း အတူယှဉ်တွဲ နေထိုင်လာနိုင် ကြသည့် အနောက်သားရခိုင်များ၏ ပါးနပ်လိမ္မာစွာ ပေါင်းသင်းဆက်ဆံရေး နည်းနာနိသယများမှာ ကမ္ဘာတစ်ဝှမ်းလူသားများ အတုယူစရာတစ်ရပ်ပင်ဖြစ်ပေသည်။

## မင်းရာဇာကြီး၏ ဘာသာရေးဆောင်ရွက်ချက်များ

သက္ကရာဇ် ၉၆၇ ခုနှစ်တွင် ဇမြောက်ဦးရွှေမြို့တော်၏ အနောက် မြောက်ဘက်အရပ်၊ ရွှေဆည်ဝ၏ ကမ်းထိပ်အနီးရေပြင်ဝယ် ကြီးမားသော မြတ်စွာဘုရား ရုပ်တုတော်တစ်ဆူ ရေတွင်မြုပ်လျှက်ရှိကြောင်း တံငါသည်များတွေ့ရှိခဲ့ရာမှသိရ၍ ဘုရင်မင်းရာဇာကြီးက အနီးအနားရှိ ကမ်းပေါ်သို့ ဆယ်ယူပင့်ဆောင်ပြီး မဟာရံတံတိုင်းနှင့် သိမ်ကျောင်းတော် ဆောက်လုပ်လှူတန်းကာ ကိုးကွယ်ခဲ့ပါသည်။ ရေမှဆယ်ယူပေါ်ထွန်းလာသော ဆင်းတုတော်ဖြစ်၍ ယခုတိုင် "ဘုရားပေါ်" ဘုရားဟု ခေါ်တွင်ပါသည်။ ဘုရင်မင်းရာဇာကြီးနှင့် တန်ဆောင်မိဖုရား ခင်မနှောင်း

http://www.dhammadownload.com



တို့၏ သမီးတော် ပန်းသန္တာက ဒါယိကာမအဖြစ် ခံယူခဲ့သည်ဟု အဆိုရှိပြီး ပန်းသန္တာမှာ ဝေသာလီကျောက်လှေကားခေတ်မြို့တော်တည် ဒွေ့စန္ဒြ(ခေါ်)မဟာတိုင်းစန္ဒရားမင်း၏ မိဖုရားခေါင် သုပဘာဒေဝီ မိဖုရားကြီးဖြစ်ခဲ့စဉ်ဘဝက ဆုတောင်းခဲ့သည့်အတိုင်း ယခုဘဝတွင် ဘုရားပေါ် ဘုရားကြီး ဒါယိကာမ ဖြစ်လာသည်ဟု ရာဇဝင်အဆိုရှိပါသည်။

မင်းရာဇာကြီးသည် ကိုးသောင်းဘုရားကြီးစေတီအိမ်နှင့်တကွ ကိုးသောင်းသော ဘုရားရုပ်တုတော်၊ ဆင်းတုတော်တို့ကို ကောင်းမွန်ဆန်းကြယ်စွာ ပြုပြင်စီမံကာ တံတိုင်းစီးတားနှင့်တကွ တည်ထားပြုပြင်ခဲ့ပြီး ရဟန်းသံဃာတော်တို့ သီတင်းသုံးနေတော်မူရန် ဇေတဝန်ကျောင်းတော်ကို ဆောက်လှူခဲ့ပြီး ဤကိုးသောင်း ဘုရားမှာ မင်းတိက္ခာလက်ထက်က ပြည့်စုံစွာအပြီးမသတ်မီ မင်းတိက္ခာကျောက်ရောဂါဖြင့် အနိစ္စရောက်ခဲ့၍ နောက်မင်းများဆက်လက် ပြုပြင်ခဲ့ကြပါသည်။ မင်းတိက္ခာ လွန်သက္ကရာဇ်-၉၁၈၊ မင်းရာဇာကြီး သက္ကရာဇ် ၉၅၅-၉၇၄၊ အေဒီ ၁၅၉၄-၁၆၁၂ ဖြစ်ရာ ကိုးသောင်းဘုရား မှာ မင်းရာဇာကြီး လွန်သည်အထိ ပကတိအတိုင်း မပျက်မစီးရှိနေကြောင်း သေချာပါသည်။ နောက်မှသာ ပျက်စီးယိုယွင်း သွားခဲ့ခြင်းဖြစ်သည်။ အေဒီ-၁၇၉၁-၂ခု လျှင်ကြီးများ ဒဏ်ကြောင့်ဟု ယူဆရပါသည်။

ဘုရင်မင်းရာဇာကြီးသည် ဘေးတော်ဒသရာဇာ လေးမြို့ပုရိန်ခေတ် အေဒီ ၁၁၂၃-၁၁၃၉ ဆောက်လုပ်ပြုပြင်ခဲ့သော မဟာမုနိ သိမ်တော်ကို အသစ်ထပ်မံ၍ ကောင်းမွန်စွာ ဆောက်လုပ်တော်မူလျက် ပြည်ဘောင်အတွင်းရှိ ရဟန်းသံဃာတော်တို့ကိုဖိတ်၍ ပဌင်းတစ်သောင်း ခံတော်မူသည်။ သေလာဂီရိတောင် ကျောက်တော်စေတီနှင့်တကွ ၄၇ ဆူသော စေတီတို့ကိုလည်း ထပ်မံပြုပြင်တည်ဆောက်တော်မူခဲ့သည်။ သက္ကရာဇ် ၉၆၈ခု။

ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ပုထိုး၊ လေးမြို့မြစ်ရိုးတလျှောက် ကျောင်းများကိုလည်း ကြီးကျယ်စွာ ပြုပြင်ဆောက်လုပ်ခဲ့ပါသည်။ သက္ကရာဇ် ၉၆၉ ခု။

ရခိုင်ပြည်ထောင်၌ သာသနာတော်ထွန်းလင်းတော်မူကြောင်းကို သီဟိုဠ်ကျွန်းမှ ဝိမလဓမ္မသူရိယမင်းက ကြားသိလေရာ လက်ဆောင်ပဏ္ဏာများနှင့် သာမဏေကြီးတစ်ပါးကို နောက်လိုက်နောက်ပါအခြွေအရံများနှင့် သင်္ဘောကြီးတစ်စင်းဖြင့်စေလွှတ်ကာ သီဟိုဠ်ကျွန်း၌ သာသနာတော်ညစ်နွမ်းပျက်စီး၍ သာမဏေကြီးသာ ပွားများနေကြောင်း၊ အဆွေတော် မင်းရာဇာမင်းမြတ်က ဆရာတော်၊ သံဃာတော်များ သာသနာပြုရန် စေလွှတ်တော်မူစေချင်ကြောင်း သဝဏ်လွှာပေးပို့

---

၁။ စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၅၈-၁၅၉။

၂။ မြန်မာမင်းများအုပ်ချုပ်မှု စာတမ်း (၁၉၇၀ ခု)၊ ရန်ကုန်မြို့။

http://www.dhammadownload.com



တောင်းပန်လာ၍ မြောက်ဦး မြောက်တန်ဆောင်းဆရာတော် အရှင်စန္ဒဝိလာသအား လျှောက်ထား တောင်းပန်၍ အရံသံဃာ ၂၀-ပါးနှင့်တကွ သက္ကရာဇ် ၉၆၈ခု တန်ဆောင်မုန်းလတွင် သင်္ဘောနှင့် ကြွတော်မူသည်။ သီဟိုဠ် ကျွန်းသို့ ရောက်တော်မူလျှင် မောင်ရှင်သာမဏေတို့အား ရဟန်းပဉ္စင်း ခံစေတော်မူသဖြင့် သာသနာတော်ကို တည်တံ့စေပြီးမှ ပြန်လည်ကြွမြန်းတော်မူလာသည်[၁]။

၁၉၇၀ ခုနှစ်က ရန်ကုန်မြို့ ဗဟိုပုံနှိပ်တိုက်မှထုတ်ဝေသော မြန်မာမင်းများ အုပ်ချုပ်ပုံ စာတမ်း စာအုပ်စာမျက်နှာ-၉၀၊ အပိုဒ်-၃၆၆၊ ၁ ဗုဒ္ဓဘာသာ သာသနာကိုလိုလားစွာ ဆောင်ရွက် သော ဘုရင် ၇-ပါးတွင် မင်းရာဇာကြီးသည် တစ်ပါးဖြစ်ကြောင်း တွေ့ရသည်[၂]။ ထိုမင်းများမှာ

(၁) ပုဂံအနော်ရထာမင်း
(၂) ပုဂံကျစ္စာမင်း
(၃) ဟံသာဝတီဓမ္မစေတီမင်း
(၄) ဟံသာဝတီဆင်ဖြူများရှင်မင်း
(၅) ရခိုင်မင်းရာဇာကြီး၊
(၆) အမရပူရပထမနန်းတည်မင်း
(၇) မန္တလေးပထမနန်းတည်မင်းတို့ ဖြစ်ကြသည်။

ရခိုင်မင်းရာဇာကြီး၏ မူများမှာ မြတ်စွာဘုရား ဟောကြားတော်မူသော ပါဠိတော်နှင့် ညီလျော်သော ပိဋကတ်ကျမ်းဂန်များမှတစ်ပါး နောက်ပွားကျမ်းဂန်များကို ပယ်ရှားပြီးလျှင် အရည ဝါသီတောနေ ရဟန်းများမှတစ်ပါး၊ ဂါမဝါသီပွဲကျောင်းများကို ပပျောက်အောင် ဆောင်ရွက်ခဲ့ ပေသည်။

ဂါမဝါသီ၊ အရညဝါသီ ရဟန်းသံဃာတော် အရှင်မြတ်တို့အား ပစ္စည်းလေးပါးတို့ဖြင့် မပြတ်လှူဒါန်း အပ်သည်ဖြစ်၍ ရဟန်းသံဃာတော် တို့သည် ပရိယတ်၊ ပဋိပတ်တရားကို ကြိုးစား အားထုတ် ဖြည့်ကျင့်တော် မူရသဖြင့် သာသနာသည် အလွန်တောက်ပ ထွန်းလင်းတော်မူ၏။

## ဗုဒ္ဓသာသနာအတွက် ဆောင်ရွက်ပုံ

ဘုရင်မင်းရာဇာကြီး၏ သာသနာရေးကို ဆွေးနွေးမေးမြန်းပုံများမှာ အမရပူရ ပထမမြို့ နန်းတည်မင်းတရားနှင့် သဘောသွားတူသလိုလိုရှိသည်။ သို့ရာတွင် အမရပူရပထမမြို့ နန်းတည် မင်းတရားကား မှားမှန်းသိလျှင် ပြန်၍နုတ်သိမ်းလေ့ရှိသည်။ ရခိုင်မင်းရာဇာကြီးမူကား မှားမှန်းသိပြန်သော်လည်း တစ်ဖန်ပြန်၍နုတ်လေ့မရှိ။

http://www.dhammadownload.com



ရခိုင်မင်းရာဇာကြီး၏ သာသနာပြုပုံကား ဘုရားဟောပါဠိတော်မှတစ်ပါး နောက်ပေါ် စာများကို ဖယ်ရှားသိမ်းခြင်း၊ ဂါမဝါသီသံဃာများကို ပယ်ရှား၍ အရညဝါသီသံဃာများကို အားပေးခြင်း၊ လူတို့ ကျင့်ဆောင်လိုက်နာမှုကို ပြုပြင်ခြင်းပင်တည်း။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မင်းရာဇာကြီးသည် တောင်ငူဘုရင်ဖက်က ကူညီ၍ ဟံသာဝတီရှင်ဘုရင် ငါးဆူဒါယကာကို အောင်နိုင်သူလည်း ဖြစ်ပေသည်။ ပဲခူးမြို့က ပြန်သည့်အခါ အောက်ပါအမိန့်တော်ကို ထုတ်ပြန်တော်မူသည်။

## အာလဇ္ဇီရှင်ယောင်တို့ကို လူဝတ်လဲစေသည့်အကြောင်း

ပဲခူးမြို့ကို ချီတော်မူခိုက် နေပြည်တော်များ ရွေးထုံးဥပဒေပျက်နှင့်သည် ဂါမဝါသိပွဲကျောင်း

ရဟန်းတို့က မင်းအချီးအမြှောက်ခံလိုကြောင်း တစ်ဦးနှင့်တစ်ဦး ငြိုငြင်ကြောင်း လှူ၍ရသော ပစ္စည်းဥစ္စာကို ဆည်းပူးကြောင်း၊ ရွာသူတို့နှင့် ရောနှောဟင်းဝှက်ကမ်းလှမ်းကြောင်း၊ ရွာသူတို့၏ ဥစ္စာပစ္စည်းများကို အပ်နှံလက်ခံကြောင်းများကို ကြားတော်မူပြန်သည်။ "နိုင်ငံတော်အတွင်း ဂါမဝါသီရွာသူတို့နှင့် ရောနှောနေသော အလိဇ္ဇီရှင်ယောင်တို့ကို ကိုယ်ရံကြီးမဟာဇေယသိန်က သိမ်း၍ လက်ယာနံ၊ လက်ဝဲနံတွင် ခြသေ့ရုပ်ထိုး၊ သင်းကိုယ်ရံကြီးမှာဖြည့်၊ အရညဝါသီ သံဃာတော်မြတ်တို့မှာ တိစီဝရိတ်ဆောက်တည်မြဲ ငြိမ်ဝပ်စွာ သတင်းသုံးတော်မူကြ"ဟူသော အမိန့်တော်ကို ထုတ်ပြန်တော်မူသည့်အတိုင်း လိုက်နာကြရသည်။

## ပိဋကတ်နှင့်မညီသော နောက်ပွားကျမ်းဂန်များကို ဖယ်ရှားဖိလိမ်းသည့်အကြောင်း

ပဲခူးမြို့က ယူခဲ့ရင်းစာ၊ ရှိရင်းကျမ်းဂန်များသည် ဘုရားစကားတော် ပါဠိတစ်လုံးလျှင် တစ်သောင်း ပွားများ၊ ကျမ်းပြုစုသည်ဆို၍ အကျော်အစော အလိုရှိသော ရှင်ဆိုးလူဆိုးတို့ ပြုလုပ်သော စာလည်း ရှိသည်။ လက်ခုပ်ပွင့်နှင့် ကတိုးအတူထားလေရာ လက်ခုပ်ပွင့်အနံ့ကြောင့် ကတိုးပျက်သကဲ့သို့ ဘုရားရှင်စကား တော်ရင်း ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း ပျက်စီးလေရာသည်။ လုပ်တရားများနှင့် ပြုလုပ်သည့် ကျမ်းစာများကို ကိုယ်ရံကြီးအမတ်

http://www.dhammadownload.com



မဟာဇေယသိန်က ကုန်စင်အောင်သိမ်း၍ ဓမ္မသာမိဆရာတော်နှင့် ဖတ်နာကြည့်ရှုပြီးလျှင် ဘုရားရှင် နိဗ္ဗာန်ယူပြီးနောက် အနှစ်-၂၀ တွင် ဘေးတော်သူရိယဓိပတိမင်းနှင့် ရင်း၍ထားတော်မူသော ဘဏ္ဍာမသုတ်ကျမ်း အထွက်အတိုင်း သီဟိုဠ်ကျွန်းမှာ သုံးကြိမ်ကူးယူသည်။ ဘဏ္ဍာမသုတ်ရှိရင်းနှင့် ဘဏ္ဍာမသုတ်မထူးမခြား တစ်သံတည်းထွက်သည်။ ဘဏ္ဍာမသုတ်အထွက်နှင့်မညီ ကွဲလွဲသမျှ သင်္ဂါယနာတင်အဝင်ကျမ်း မဟုတ်၊ နောက်ကိုပြုလုပ်ကြသော ကျမ်းစာများဖြစ်သည်။ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းများမှာလည်း ဘုရားရှင်က အပ်၊ မအပ် ပညတ်တော်မူရင်း ရှိလျှက် မှားမိကျူးလွန်မိသော အာပတ်ဖြေလျှင် ပြေသည်။ ယင်းသို့ပါသည့်အရာများသည် ဟိန္ဒူလူမျိုး တို့မှာလည်း အပြစ်ရှိရာ ဂင်္ဂါရေချိုးလျှင် ပြေသည်ဟူသော အယူနှင့် တူကြလေသည်။ ဘုရားဓမ္မတာနှစ်ခွန်း ဆိုတော်မူရိုးမဟုတ်။ ပုထုဇဉ်တို့ ပြုလုပ်သွင်းထားသည့် စကားသာဖြစ်သည်။ ပိဋကတ်ကိုလည်း ကုန်စင် အောင် ပါသမျှကိုနုတ်၍ မီးငြိမ်း၊ ဘုရားစကားတော်မူရင်းကို အက္ခရာသီးသန့်ထားဟူသော အမိန့်တော်ကို ထုတ်ပြန်တော်မူသည့်အတိုင်း လိုက်နာကြရသည်။

## လူတို့ကျင့်ဆောင် လိုက်နာမှုကို ပြုပြင်ခြင်းအကြောင်း

ဒါနကုသိုလ်ပြုရာနိုက်သည် အကျော်အမော်ကိုလို၍ ကွဲနွားကြက်ဝက်သတ္တဝါ တိုက်သည်၊ ညှစ်ပြီးလျှင် ပေးလှူကျွေးမွေးကြသည်လည်း သူတော်ကောင်း ဓလေ့မဟုတ်၊ ကွဲနွားကြက်ဝက်တို့ကို သတ်ညှစ် မရောင်းမဝယ် မကျွေးမမွေးစေနှင့်။

အရှေ့မြန်ပြည် အင်းဝဘုရင် အနောက်ဘက်လွှမ်းမင်းတရားက လက်ဆောင်ပဏ္ဏာများဖြင့် မေတ္တာ ဆက်ပေါင်းဖက်လိုပါကြောင်းနှင့် တစ်ဖန် စေလွှတ်ရောက်လာ၍ မင်းရာဇာကြီးက အမတ်ကြီးဥက္ကာပျံကို ပြစ်ဒါဏ်မှ ခွင့်လွှတ်ပြီးကာ ရာဇသကြံန်အမည်ဖြင့် သံတမန်အဖြစ် ခန့်အပ်လျှက် သက္ကရာဇ် ၉၇၁ ခု၊ နတ်တော်လဆန်း ၅ ရက်၊ အင်္ဂါနေ့တွင် ထည့်တော်မူလိုက်သည်။

အင်းဝသို့ရောက်သည့်အခါ မြန်မာအမတ်များ ပညာစမ်းလို သည်ကိုသိ၍ လက်စွမ်းပြသည့်အနေဖြင့် မယ်ဖွဲ့ပိုဒ်စုံ ၃-ပိုဒ် အရိမေတ္တယျဘုရားဖွဲ့ပိုဒ်စုံ ၃-ပိုဒ်နှင့် အမတ်ကြီး ဥက္ကပျံကိုယ်တိုင် ပြည်တော်သို့ပြန်မည့်အခါ၌ ရေးသားခဲ့သော ကေပိုဒ်အပြင် မိုးဖွဲ့ မဏိဦးချအပြင် မြန်မာအမတ်

၁။ စန္ဒမလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ရမ်းပြည့်မူ၊ စာ-၁၅၄၊၁၅၉။

http://www.dhammadownload.com



စပ်ဆိုဖွဲ့နွဲ့ချက်အား ဖြည့်သည့်တစ်ပိုဒ် စုစုပေါင်းရတု ၅-ပိုဒ် အင်းဝ၌ စပ်ဆိုထားရှိခဲ့ ပါသည်။ ဤအခြင်းအရာများက ဥက္ကါပံ့အမတ်လက်ကိုဖြတ်ပြီး မဟာမုနိဘုရားကျွန်အဖြစ် ပို့ခဲ့သည့်အဆိုမှာ ယုတ္တိမရှိကြောင်းပေါ်လွင်ပါသည်။ သတိသံဝေဂရရှိစေရန် မဟာမုနိဘုရား ဓညဝတီမြို့တော် ဟောင်းမှာ နှစ်အတော်အကြာ ဘုရားကျွန်အဖြစ် ပို့ထားသည်က မှန်ပေမည်[၁]။

တောင်ငူမင်းနှင့် မဟာမိတ်၊ နန်းဆက်နန်းလျာ ထိမ်းမြားထားရှိ ချက်များကို ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ အနောက်မဇ္ဈိမဘာဂ်ါတွင် ဘိုးတော်မင်းဗာကြီးလက်ထက်ကပင် မြို့စားရွာစားအဖြစ် နေလာခဲ့ ရသော ဒေလီပဆာမင်းသမီးနှင့် မြေးလည်း ဖြစ်တော်မူသည့် အင်္ဂါမင်းသားအားလည်း ရေကြောင်း၊ ကြည်းကြောင်း ကုန်သွယ်ရေလမ်းကြောင်းတွင် အလွန်မှအရေးပါသည့် သန်လျင်မြို့တွင် ရခိုင်ရေတပ်ဖွဲ့ကို ကြပ်မတ်အုပ်ချုပ်ကာ အစားပေးထား သည်ကလည်း ဒေလီပဆာမင်းနွယ် များဖြင့် ယတိပြတ်အဆက်အသွယ် မိတ်မပျက်ရလေအောင် ရည်ရွယ်ပြီး မြှောက်စားပေးကမ်းခဲ့ခြင်းပင် ဖြစ်ကောင်းဖြစ်ပေမည်။ ရခိုင်နန်းတွင်း ရေးရာ မင်းလျာအခွင့်အရေး၌ ပဲသီတာက မိမိ၏သားတော်ကို ထည့်သွင်းမစဉ်းစား၍ မကျေနပ်မှုရှိမည်မှာ လူ့သဘာဝအရ ဖြစ်လေ့ဖြစ်ထရှိသော အဖြစ်အပျက်တစ်ရပ်ပေတည်း။

**Speech delivered by Nimal Samara Sundera,**

**Secretary of Ministry of Buddha Sasana**

**Sri Lanka**

Most Venerable Chief Sangha Nayaka of Myanmar, Venerable Members of Maha Sangha, Rector Venerable Sri, Your Excellencies, Distinguished guests, Dear Students, Ladies and gentlemen,

I consider it a privilege to be here to attend this historic occasion of inaugurating the International Theravada Buddhist Missionary University. This is the Red Letter Day in the history of Buddhist world when the Government of Myanmar is establishing a University which is the first and only one of its kind in the entire Theravada Buddhist world and which is a fulfillment of a long felt need in the region. I wish the new university every

http://www.dhammadownload.com



success.

Let me thank sincerely organizers for giving Sri Lanka this opportunity to share the joy of being a partner to this important event and express the very best wishes for the project of Her Excellency Chandrika Bandaranaike Kumaratunga, President of the Democratic Socialist Republic of Sri Lanka, Hoalakshman Jayakody, Minister of Buddha Sasana, Cultural and Religious Affairs and the people of Sri Lanka of whom the majority are Buddhists. As the Secretary to the Ministry of Buddha Sasana I give you the assurance of extending Sri Lanka's Cooperation to this endeavour in whatever way the university seeks.

The cordial relationship particularly based on Buddhism, between Myanmar and Sri Lanka is at least 500 years old. According to the Kalyani Inscription higher ordination of Sangha was sought for and brought into Myanmar from Sri Lanka during the 15th Century.

Subsequently **during the reign of King Wimaladhar masooriya I higher ordination of Sangha was taken to Sri Lanka from Myanmar as which was then know as Arakan or Rekkhanga Desa. Similarly monks from Sr. Lanka came to Myanmar and secured higher ordination from venerable monks of Myanmar, The two Myanmar Sects of Sangha now we have in Sri Lanka have had their roots in Myanmar for which we are indebted to this great Buddhist country. The world respects Myanmar as a country which has preserved Theravada Buddhism.**

Buddhism will be the only doctrine that can face the challenges of the new millenium. It is necessary to produce a group of Dhammadutas who can take the time less massage of Buddha across the world.

We must appreciate the fact that now the enlightened academic and educaion communities all over the world, and especially in the West, have evinced a renewed interest in Buddhism and that their approach is primarily intellectual and incisive. Buddhism has

http://www.dhammadownload.com



never encouraged blind faith as we all are well aware of what the Tathagata said in the Kalama Sutra "Accept not because I say it or because your traditional teachers have said. Analyse well and bring to bear your sense of criticism on anything your are taught and accept that alone which is consonance with reason and wisdom.

Today's world is not prepared to accept dogma. They seek the aid of reason and logic to test the validity of any proposition. And I boldly say that Buddhism can stand any such incise examination and scrutiny. Our Sutras are replete with such discussions that took place while the Enlightened One was living.

So, I would humbly submit that the type of Dhammaduta that we should wend especially to the West is the accomplished Dhammadhari who will be in a position to field the many questions raises by a typical Western audience after a discourse. They are yearning to learn to be enlightened.

So I pray and hope that this Missionary University being the first of its kind will be a successful harbinger of the new approach to the dissemination of the Dhamma I Thank you.

May all beings be happy. Sabbe Satta Bhavantu Sukhitatta.

## မင်းခမောင်းခေါ်တွင်ခြင်း

## မင်းခမောင်း၊ မိဖုရား ဓမ္မာဒေဝီ၊ သက္ကရာဇ် ၉၇၄-၉၈၄

## အေဒီ ၁၆၁၂ မှ ၁၆၂၂၊ နန်းစံ - ၁၀ နှစ်

မင်းရာဇာကြီး ကွယ်လွန်တော်မူလျှင် သားတော် အိမ်ရှေ့မင်း မင်းခမောင်းသည် နာရာ မိပတိဝရဓမ္မ ရာဇာဟူသောဘွဲ့ကို ခံယူတော်မူပြီး မြောက်သားတော် ဓမ္မာဒေဝီမိဖုရားနှင့် ဘိသိက်ခံ၍ သက္ကရာဇ် ၉၇၄ ခု၊ ဝါဆိုလဆန်း ၁၀ ရက်တွင် နန်းတက်စိုးစံတော်မူသည်။

http://www.dhammadownload.com



မင်းခမောင်းဟူ၍ ခေါ်တွင်ခြင်းမှာကား ဘိုးတော်မင်းဖလောင်း အဥ္စနနဒီမြစ်ညာသို့ ချီတော်မူသောအခါ ၎င်းမြစ်၏လက်တက်တစ်ခုရှိ ခမောင်းဆိပ်၌ တဲနန်းတော်ဝယ် ဖွားမြင်တော်မူသောကြောင့် မင်းခမောင်းအမည် တွင်သည်ဟူ၏။

မင်းဖလောင်းမင်း သက္ကရာဇ် ၉၃၃ ခုတွင် နန်းတက်ပြီး ရခိုင်ဒေသအဝှမ်းရှိ မြို့စား၊ ရွာစားများအားဆင့်ဆို၍ ယူဆောင်လာကြသော အကောင်းဆုံးသစ်များမှ ရွေးချယ်ကာ မြောက်ဦးနန်း ရာ ကုန်းရှိ နန်းတော်ကို အသစ်တစ်ဖန် ပြုပြင်တည်ဆောက်တော်မူခဲ့သည်။ ၎င်းသက္ကရာဇ် ၉၃၉ ခုတွင် မင်းခမောင်း၏ မြေးတော်ဖွားမြင် တော်မူခဲ့သည်။

## စေတီများတည်ခြင်း

နန်းတက်ပြီးနောက်တစ်နှစ်တွင်ပင် မင်းခမောင်းသည် သက္ကရာဇ်- ၉၇၅၊ အေဒီ- ၁၆၁၃ နှစ်အတွင်း ထူပါရာမစေတီသစ်နှင့် အလိုတော်မပြည့်မီက တည်ခဲ့သောရန် အောင်မြင်စေတီတော်ကိုပါ ထပ်မံ၍ ပြုလုပ်တော်မူကာ သိမ်တော်ကြီးနှင့် ရတနာဝိမာန်ကျောင်းတော်တို့ကိုပါ ဆောက်လုပ်၍ ကြီးကျယ်စွာသော ပွဲလမ်းသဘင်ဆင်ယင်ပြီး အလှူတော်ကြီးပေးပြီး သကာလကျောင်းတော်ကိုပါ သံဃရာဇာဆရာတော်အား သက္ကရာဇ် ၉၇၅ ခု၊ ဝါဆိုလပြည့်နေ့တွင် ကပ်လှူတော်မူသည်။

## ဒေသမှပုန်ကန်သောင်းကျန်းရန်သွေးထိုးလှုံ့ဆော်ခြင်း

အနောက်မဇ္ဈိမ အိန္ဒိယမှအက္ကဘာ၊ အေဒီ- ၁၅၅၆-၁၆၀၅ ဒေလီ မဂိုဘုရင်မင်းလက်ထက်က ဘင်္ဂလားနယ်ပယ်ကို ၁၅၇၆ အေဒီကပင် သိမ်းယူစိုးပိုင်နိုင်ခဲ့၍ ရခိုင်ပိုင် နယ်လက်အောက်ခံ ဘင်္ဂါ ၁၂ ခွင် ဖြင့် ဒေလီမဂိုနယ်စပ်တို့ တိုက်ရိုက်ထိတွေ့သွားခဲ့ရာ ဘင်္ဂါ ၁၂-ခွင်ကို ကုလားဒေသခံ အုပ်ချုပ်ရေးမှူး၊ သက်၊ မြို၊ ဘင်္ဂလား၊ မဏိပူတောင်တန်း တောင်စွယ်ဒေသများအား ဒေလီမှ ပုန်ကန် သောင်းကျန်းရန် သွေးထိုး လှုံ့ဆော်ပြီး စစ်ရေးစစ်ရာ အကူအညီပေးမှုများမှာလည်း မကြာခဏဆိုသလို ဖြစ်ပေါ်ခဲ့ပါသည်။

မင်းစောမွန်လက်ထက်က ရခိုင်ပြည်ရှိ မွန်၊ မြန်မာ တပ်ပျက်တပ်ခို အကြွင်းအကျန်များ

http://www.dhammadownload.com



အား အပြီးပိုင် ရှင်းလင်းသုတ်သင်သည့်အခါ၌ ဒေလီပဆာမဂိုမင်း အကူအညီပေးခဲ့၍ ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဘင်္ဂါ ၁၂-ခွင် ရခိုင်ဩဇာခံ ပဏ္ဏာသွင်းပိုင်နက်ကို အခိုက်အတန့် အလျောက် မြို့ပိုင်မြို့စားများ ခန့်အပ်အုပ်ချုပ်ခွင့် ပေးခဲ့၍ နှစ်တစ်ရာတိတိခန့် အေဒီ ၁၄၃၀ မှ ၁၅၃၁ အထိတိုင် ၎င်းတို့စိုးမိုးနေခဲ့ရာမှ ဒုတိယမြောက်ဦးခေတ် မင်းဗာမင်းလက်ထက်တော်၌ ဆုံးရှုံးပေးကမ်းခဲ့သော ဘင်္ဂါ ၁၂-ခွင် မြို့များအကုန်အစင်ကို စစ်ပြုကာပြန်လည် သိမ်းသွင်းနိုင်ခဲ့သည်သာမက သက်၊ မြူ၊ နယ်ပယ်များကိုပါ လက်ဆောင် ပဏ္ဏာဘဏ္ဏာသွင်း ဩဇာခံ ပြည်ထောင်များအဖြစ် ပြန်လည်ရယူနိုင်ခဲ့ပါသည်။ သက္ကရာဇ်- ၈၉၄၊ အေဒီ - ၁၅၉၁ ခုက ဖြစ်၏။

## မဂိုဘုရင် Jahargir က မင်းခမောင်းအား သွေးတိုးစမ်းလာခြင်း

ထိုအောင်မြင်မှုများအား မင်းစဉ်မင်းဆက်မပြတ် ဆက်လက် စိုးမိုးထိန်းသိမ်းလာခဲ့ရာမှ မင်းခမောင်း လက်ထက်သို့ ရောက်သည့်အခါ၌ ဒေလီမဂိုမင်းက မင်းခမောင်းလက်ရုံးရည်၊ နှလုံးရည်စွမ်းအင်သတ္တိ၊ ရခိုင်စစ်အင်အားတောင့်တင်းမှု၊ ယခင်အာဏာစက်ပြင်းထန်သည့် ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်မင်းများ ကဲ့သို့ စွမ်းဆောင်နိုင်လိမ့်မည်မထင်၍ မင်းရာဇာကြီးလွန်သည်မှ ရခိုင်မင်းထံက ပြန်လည်တိုက်ခိုက် သိမ်းယူရန် ရည်ရွယ်ပြီး ပြင်ဆင်မှုများကို စတင်ခဲ့ပါသည်။ ယင်းမင်းမှာ Jahargir ဂျာဟင်ဂျာ၊ အေဒီ ၁၆၀၅-၁၆၂၇ ဒေလီမဂိုမင်းပင် ဖြစ်လေသည်။ ၎င်း၏ဘိုးတော်၊ ဖခမည်းတော် မဂိုမင်းများမှ လက်ရုံး အားဖြင့် အိန္ဒိယတစ်ခွင် စစ်ရေးအရအောင်မြင်ကာ သက္ကရာဇ် ၉၇၆ ခု နယ်ပယ် ချဲ့ထွင်ပြီး ဘာသာရေးသိမ်းသွင်းနိုင်ခဲ့သူမင်းများ ဖြစ်ကြသည်။

သက္ကရာဇ် ၉၇၆ခု၊အေဒီ- ၁၆၁၄ သို့ ရောက်သောအခါ မင်းဖလောင်းက ဘင်္ဂါ ၁၂-မြို့၊ အနောက်မဏ္ဍိုမ ရခိုင်ဩဇာခံနယ်ပယ်ကို ဒေလီမဂိုမင်းက ထိပါးလာမှုမပြုဝံ့လေအောင် ရည်ရွယ်ပြီး စစ်အင်အားပြ သတိပေးရင်း စစ်အင်္ဂါအပြည့်အစုံနှင့် အနောက်မဏ္ဍိုမ ဘင်္ဂါသို့ တိုင်းခန်းလှည့်လည် ကြွချီတော်မူလေသည်။ ထိုသို့ မင်းဖလောင်းချီလာသည့်အကြောင်း မဂိုပထန်မင်းတို့သိလေလျှင် များစွာသော ဆင်၊ မြင်း၊ လက်နက် ကိရိယာတို့ကို ရှုံးစုံ၍ တက္ကတျာက စတင်ထိုးရန်ချီစေသည်။ မင်းခမောင်း တက္ကတျာသို့ရောက်သည့်အခါ ကျွန်တော်ခံ သောင်းတီးစား ဘရင်ဂျီကြေးစားတပ် များအား မဂိုတပ်များကို ထိုးရန်ရေကြောင်းချီစေခဲ့ရာ၌ ပေါ်တူဂီဘရင်ဂျီ တပ်ထောင်းထောင်းပျက်

http://www.dhammadownload.com



ခဲ့သည်ကို ရခိုင်ရဲမက် တော်တို့ ကြားသိလေလျှင် တပ်မှူးများက လက်အောက်ငယ်သားများကို ချုပ်တည်းကွပ်ညှပ်ထိန်းချုပ်၍ မနိုင်တော့ဘဲ ကြောက်ရွံ့ကာ ပြိုကွဲတပ်ပျက် မည့်အခြေအနေတွင် ရှိနေသည်ကို ဒေလီပထန်မဂိုမင်းတို့ ကြားသိကြသောအခါ များစွာသော ဆင်မြင်းရဲမက် လက်နက်ကိရိယာများနှင့် ဖိဖိစီးစီး ရခိုင်တပ်များအား ထိုးနှက်တိုက်ခိုက်လာသဖြင့် ရခိုင်တပ် အကျဆုံးများစွာဖြင့် ပျက်လုအခြေအနေသို့ ကျရောက်ခဲ့သည်။ ထိုအခါ ဘုရင်မင်းကိုယ်တော်တိုင် ဆင်တော် "အောင်ထက်"ကိုစီးကာ ချွန်းဖွင့်ပြီး ဦးဆောင်ကွပ်ကဲ ဝင်ရောက်တိုက်ခိုက်သည့်အခါမှ ရခိုင်ရဲမက်ဗိုလ်ပါများ၏ စိတ်ဓာတ်မြင့်မား တက်ကြွလာ၍ မဂိုတို့အား ရှပ်ရှပ်ချုံချုံ ပြန်လည်တိုက်ခိုက်လာကြသဖြင့် ရန်သူ့တပ်တော်ကြီး တပ်ပျက်ကာ အကျအဆုံး မြောက်များစွာဖြင့် ဆုတ်ခွာထွက်ပြေးတပ်ခေါက်ပြန်သွားခဲ့ကြလေသည်။ ရဲမက်စစ်သုံ့ပန်း ဆင်မြင်းလက်နက် ကိရိယာများစွာကိုလည်း ရခိုင်တပ် များက ရရှိခဲ့လေသည်။ မင်းခမောင်းက ဘင်္ဂါ ၁၂ခွင် အတွင်း စီမံခန့်ခွဲမှုများပြုလုပ်ကာ နေပြည်တော်သို့ ၄င်းနှစ်တွင်ပင် ပြန်လည်ကြွမြန်းတော်မူခဲ့သည်။

## ဦးရစ်တောင်အထိ ဘုရင်ဂျီရေတပ်စစ်ကပ်လာခြင်း

ဤဘင်္ဂါစစ်ပွဲ၌ ရခိုင်တပ်အမြောက်အများ ကျဆုံးခဲ့ရသဖြင့် ရခိုင်ရဲမက်တို့ စိတ်ဓာတ်ကျဆင်းပြီး စစ်အင်အားမှာလည်း ချည့်နဲ့သွားဖွယ်ရာရှိသည်ဟု ထင်မြင်တွေးတောပြီး သောင်းတည်းမှ ဘရင်ဂျီ ပေါ်တူဂီများက ရခိုင်နေပြည်တော်အား ရေအား၊ ကြည်းအား တိုက်ခိုက် သိမ်းယူရန် အခွင့်အလမ်းကြီး တစ်ရပ်ပင်ဟု ယူဆကာ သက္ကရာဇ် ၉၇၇ ခု၊ သီတင်းကျွတ်လပြည့်နေ့တွင် စစ်သင်္ဘောကြီး၊လှေကြီး၊လှေငယ် မြောက်မြားစွာဖြင့် ယခင်က ကျွန်တော်ခံသောင်တီးစား ပေါ်တူဂီက ရဲမက်ဗိုလ်ပါအများအပြား တင်ဆောင်လာကာ ဦးရစ်တောင် ရခိုင်ရေတပ်စခန်းအထိ အတင့်ရဲဝင်ရောက် စစ်ကပ်လာခဲ့ရာ ဘုရင် မင်းခမောင်းက စစ်အင်္ဂါလေးရပ်နှင့်တကွ ကိုယ်တော်တိုင်ကွပ်ကဲ ချီတော်မူပြီး ဘရင်ဂျီတပ်များအား ရင်ဆိုင်စစ်ခံချေမှုန်းနိုင်ခဲ့သည့်အတွက် ဘရင်ဂျီ ကုလားတို့ကို မင်းခမောင်းက နောက်မှထပ်ချပ်လိုက်ကာ ၄င်းတို့၏ စစ်စခန်း သောင်းတီးကိုပါ တိုက်ခိုက်ဖျက်ဆီးပစ်နိုင်ခဲ့ပါသည်။

## ဘရင်ဂျီများကို နှိမ်နင်းခြင်း

http://www.dhammadownload.com



ဘရင်ဂျီများ ရခိုင်ကိုထိုးရန်ချီသွားကြောင်းကို ဦးတေပုတ် စောင့်သျှောက်မဏိ အစရှိသော သက်၊ မြို၊ ဩဇာခံနယ်ပယ်မင်းများ ကြားသိကြလေသော် ပုန်ကန်သောင်းကျန်းပြီး မကျိုး မနွံပြုမူလာကြသည်နှင့် ဘ၀ရှင်မင်းခမောင်းက သောင်းတီးကိုဖြိုဖျက်ပြီးသည်နှင့် ၄င်းသက်၊ မြိုဒေသများသို့ ဆက်လက်ချီ အကြေ အလည် တိုက်ခိုက်ဖြိုဖျက်ကာ သောင်းကျန်းသူများအား နှိမ်နင်းတော်မူပြီးလျှင်၄င်းတို့ထံမှ ဆင်မြင်း ရဲမက်ဝိုလ်ပါများစွာတို့ကို သိမ်းဆည်းယူပြီးမှ ဗုဒ္ဓဘာသာ ပိုမိုပြန့်ပွား ခိုင်မြဲရေးအတွက် စေတီပုထိုးများ တည်ထားစေကာ နေပြည်တော်သို့ ပြန်လည် ကြွမြန်းတော်မူလာသည်။

## မင်းခမောင်းအနိစ္စရောက်ခြင်း

ထိုကဲ့သို့ သောင်းတီးစားပေါ် တူဂီ ဘရင်ဂျီ သက်၊ မြိုမင်းများဖြစ်သော ဦးတေပုတ်နှင့် စောင့်သျှောက် မဏိတို့၏ တပ်များအား မင်းခမောင်း ကြွေမွှအောင် တိုက်ခိုက်ချေမှုန်းနိုင်ကြောင်း ကို တခြားဘင်္ဂါ ၁၂ ခွင်နှင့် နီးနား၀န်းကျင် ပြည်ထောင်များက သိရှိလာကြသောအခါ လွန်စွာမှကြောက်လန့်ရွံ့ကြောက်ပြီး ၀ပ်စင်းရိုသေစွာ ပဏ္ဏာကာရ အကောက်အခွန်တို့ဖြင့် နှစ်စဉ်မပျက် ဆက်သလာကြကုန်၏။ ထိုကဲ့သို့ အဆက်မပြတ် လက်ဆောင်ပဏ္ဏာတော်ငွေများ ဆက်သနေရာမှ သက္ကရာဇ် ၉၈၃ ခုအရောက်တွင် ဘင်္ဂါ၁၂မြို့တို့ ပုန်ကန် သောင်းကျန်း လေကြောင်း ကြားသိရ၍ ၄င်းနှစ်နတ်တော်လတွင်ပင် စစ်အင်္ဂါလေးရပ်နှင့် သွားရောက် နှိမ်နင်းအောင်မြင်လာခဲ့၍ နေပြည်တော်သို့ ပြန်လည်ရောက်ရှိပြီး များမကြာမီတွင် ကြီးစွာသော ကျောက်ရောဂါဝေဒနာ ကျရောက်ခံစားရပြီး သက္ကရာဇ် ၉၈၄ ခု၊ နယုန်လဆန်း ၄ ရက်၊ နန်းစံ ၁၀ နှစ်၊ သက်တော် ၄၅ နှစ်တွင် ကွယ်လွန်တော်မူသည်။ နတ်ရွာမစံမီ မိဖုရားခေါင်နှင့်တကွ သားတော်၊ မြေးတော်၊ အမတ်၊ သေနာပတိ၊ သက်ရှည်ကျော်ထင်၊ နန္ဒကျော်ထင်၊ လက်ယာရာဇသင်္ကြန် သီရိဇေယျကျော်ထင်တို့အား ယူတော်မူပြီး တိုင်းပြည်၀န်ကို ညီညွတ်စွာဖြင့် ရှုံစုတိုင်ပင်ဆောင်ရွက်ကြရန် မှာကြားတော်မူခဲ့သည်။

## ဥက္ကာပျံစာဆိုအမတ်ကြီး

စာဆိုအမတ်ကြီး ဥက္ကာပျံမှာသားတော်ကို အထိန်းအကြီးထားသူ ဖြစ်လျှက်နိုင်အောင် မဆုံးမ၊ ပျော်ရွှင်မှုကိုသာ ဦးစားပေးအလေးထားသူ ဖြစ်သည်။ မင်းဆရာအထိန်းတော်အဖြစ်မသုံး အပ်၊ မဟာမုနိ ဘုရားမှာ လှူတော်မူသည်ဟု ဆိုပါသည်။ ဆိုလိုရင်းမှာ ဘုရားကျွန်အဖြစ်သတိ သံဝေဂရအောင် ထားရန်ဖြစ်၏ သားတော်မင်းခမောင်းကို အပြစ်ပေးမည်ရှိလေသော် အမတ်

http://www.dhammadownload.com



မဟာပညာဝံသက ရှေးထုံး ဟောင်း အစဉ်အလာများဖြင့် လျှောက်လဲခဲ့၍ အမျက်တော်ပြေကာ ၎င်းအမတ်ကြီးထံ သွန်သင် ဆုံးမရန် မင်းရာဇာကြီးက အပ်နှံလေသည်။

မဟာပညာဝံသအမတ်ကြီး လျှောက်လဲချက်များမှာ အထူးပင် လေ့လာဖတ်ရှုရန် ကောင်းပါသည်။ ဓညဝတီရာဇဝင်သစ်-ပဲခူးမူ စာ-၂၁၀-၂၁၄နှင့် ရခိုင်ရာဇဝင်သစ်ကျမ်း ရမ်းပြည့် မူ စာ-၁၅၃-၁၅၆ ကပ္ပိလဝတ် သာဂီဝင်နှင့် မွန်ပြည်ထောင်ဟံသာဝတီ မင်းစဉ်မင်းဆက်များနှင့် ပတ်သက်၍ မဟာပညာဝံသအမတ်ကြီး လျှောက်ထုံးများက အထူးပင်ကောင်းမွန်ပါသည်။

## မင်းဟာရီ၊ သီရိသုဓမ္မရာဇာဘွဲ့ခံ၍ နန်းတက်တော်မူခြင်း
## မင်းဟာရီ(ခေါ်) သီရိသုဓမ္မရာဇာ၊ မိဖုရားကြီးနတ်ရှင်မယ်၊
## သက္ကရာဇ် ၉၈၄-၁၀၀၀၊ အေဒီ-၁၆၂၂-၁၆၃၈၊ နန်းစံ-၁၆နှစ်၊

မင်းခမောင်း လွန်တော်မူလေလျှင် သားတော်အိမ်ရှေ့မင်း မင်းဟာရီသည် ဖေတူမေကွဲ နှမတော် နတ်ရှင်မယ်မိဖုရားနှင့် အဘိသေကခံ၍ သက္ကရာဇ် ၉၈၄ ခု၊ နယုန်လဆန်း ၁၀ရက်နေ့တွင် ပြည်စည်းစိမ်ကို စိုးအုပ်မင်းပြုတော်မူလေသည်။ ငယ်မည် မင်းဟာရီဟူ၍ခေါ်တွင်ခြင်းသည် ဟာရီတောင်ဘုရား အရှေ့ဘက် မင်းခမောင်း၏ နန်းတော်ဆောင် တစ်ဆောင်တွင် ဖွားမြင်တော်မူသောကြောင့်ဟု သိရပါသည်။

မင်းဖြစ်တော်မူသည်မှ ဘေးလောင်းတော် မင်းဗာမင်းအစပြု တည်ဆောက်တော်မူခဲ့သော မြို့တော် ရန်ဆီး၊ ရန်တား၊ ကျုံး၊ မြောင်း၊ ရေလှောင်ကန်၊ မြောင်း၊ ပစ္စင်၊ ရင်တား၊ တံခါး၊ ပြအိုးများအား ပြုပြင်တော်မူပြီး မြို့တော်ပတ်ဝန်းကျင်၌ လက်နက်မီးပေါက် အမြောက် စိန်ပြောင်းများကိုလည်း အားဖြည့်တပ်ဆင်ကာ အဆင်သင့်အနေအထား စီမံထားရှိလေသည်။ ရှေးမင်းများ လှူဒါန်းခဲ့သော သာသနိကတန်ဆောင်း ပြသာဒ်၊ဇရပ်၊ တံတား၊ ရေတွင်း၊ ရေကန်၊ ဘုရားပုထိုးများ ဟောင်းနွမ်းပျက်စီးလျက်ရှိသော အရာများကိုလည်း မွမ်းမံပြုပြင်တော်မူခဲ့ပါသည်။

သို့ပင်ငြားလည်း နန်းတွင်းပြည်တွင်းရေးရာကိစ္စရပ်များ၌ ရှေ့ကမင်းများ အစဉ်အလာ အရပညာရှိ မှူးတော်မတ်တော် သံဃာတော်တို့ဖြင့် တိုင်ပင်ပြီး ၎င်းတို့က ရှေးရှေးက ထုံးတမ်း ကျမ်းဂန်လာ ကျင့်ထုံးများဖြင့် လျှောက်လဲအကြံပြုချက်၊ သတိသံဝေဂရရှိစေရန် တင်ပြ အသိပေး

http://www.dhammadownload.com



ခြင်းများအား အလေးမထား မင်းဆွေမင်းမျိုး နန်းဆက် နန်းလျာ၊ မှူးမတ် ပြည်သူတို့ အကျိုး၊ တိုင်းပြည်သာယာဝပြော အဓွန့်ရှည်တည်မြဲရေးကိုလည်း နှလုံးတော်မသွင်း၊ မိမိ တစ်ကိုယ်တော် စည်းစိမ်ချမ်းသာကို ခံစားပြီးမိဖုရားခေါင်နတ်ရှင်မယ် စကားအစီအမံများကိုသာ အစဉ်လိုက်လျော၍ အသက်ထက်ဆုံးနေတော်မူခဲ့သဖြင့် မင်းဟာရီ အကျိုးပြုဆောင်ရွက်ချက်များမှာ အရာမထင်ဖြစ်ရပြီး ၎င်းမင်းမှာ တွေးတောဆင်ခြင်တုံတရား ကင်းမဲ့သည့် ညံ့ဖျင်းသောအောက်မင်း အဖြစ်သာ ရာဇဝင်၌ပါဝင်သည်။

## ဘင်္ဂါ ၁၂ မြို့သို့ စစ်အင်အားပြချီတော်မူခြင်း

သီရိသုဓမ္မရာဇာ မင်းဟာရီမင်းသည် နန်းတက်သည့်သက္ကရာဇ်-၉၈၄ခုနှစ်ကပင် များစွာသော လှေရုံအပေါင်း နှင့် ဆင်၊ မြင်းဗိုလ်ပါ လက်နက်ကိရိယာကို စီရင်၍ အနောက်မဇ္ဈိမ ဩဇာခံဘင်္ဂါ ၁၂ မြို့များသို့ ဒေလီမဂိုနှင့် ကုလားမင်းများအား သတိပေးသည့်အနေဖြင့် စစ်အင်အား ပြချီတက်တော်မူကာ ရခိုင်နယ်နိမိတ် အပိုင်းအခြားကို သတ်မှတ်ထားခဲ့တော်မူပြီး အခက်အခဲ ပုန်ကန်သောင်းကျန်မှုမရှိ အေးဆေးစွာ မိမိ နေပြည်တော်သို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပါသည်။

နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပြီး များမကြာမီတွင် ပြည့်ရှင်မင်းနှင့် မိဖုရားကြီးတို့သည် ကစ္ဆပနဒီအညာ အရှေ့ဘက်ကမ်း သေလာဂီရိကျောက်တော် တောင်ထိပ်စေတီတော်ကို ဖူးမျှော်တော်မူ ပြီးလျှင် ဆန်းကျယ်စွာ ဆောက်လုပ်အပ်သော မဏ္ဍပ်အတွင်း အရိယာသံဃာ ပုဂ္ဂိုလ်သူမြတ်များအား အလှူကြီးကို ပေးလှူစွန့်ကြဲတော်မူပြီးလျှင် ကစ္ဆပနဒီမြစ်ကို စုန်ဆင်းတော်မူ၍ ပြန်တော်မူခဲ့သည်။ ဆက်လက်၍ မြို့တော်အရှေ့ဘက် အဥ္ဇနနဒီမြစ်ကို ဆန်တက်တော်မူကာ ဘိုးတော်မင်းဖလောင်း ပဉ္စင်းတစ်ထောင်ခံတော်မူခဲ့သော ဆိပ်ကမ်းအရပ်ဝယ် ကြီးကျယ်စွာသော အလှူမဏ္ဍပ်ဇရပ် တန်ဆောင်း များကို ဆောက်လုပ်တော်မူပြီး အလှူကြီးကို တိုင်းခန်းလှည့်လည်ပြီး ဒကာပြုပေးတော်မူခဲ့သည်။ သက္ကရာဇ် ၉၈၅ ခု တန်ခူးလအတွင်းက ဖြစ်ပေသည်။

သက္ကရာဇ် ၉၈၆ ခု တွင် အနောက်မြို့သစ်မှ ဆင်ဖြူတစ်စီး ဆက်လာ၍ နန်းတော် အရှေ့တောင်တွင် တန်ဆောင်းပြဿဒ် ဆောက်လုပ်၍ထားတော်မူသည်။

သက္ကရာဇ် ၉၈၇ ခုအတွင်း ဘင်္ဂါရှိ ဒါဂါမြို့ထကြွပုန်ကန် သောင်းကျန်လာကြောင်း

http://www.dhammadownload.com



ကြားတော်မူလျှင် စစ်အင်္ဂါလေးရပ် အပြည့်အစုံဖြင့် သက္ကရာဇ် ၉၈၇ ခုနှစ်တော်လတွင် ချီ၍ တိုက်ခိုက် နှိမ်နှင်းခဲ့ရာ ဒါဂါအုပ်ချုပ်ရေးမှူး မခံနိုင်၍ ပြေးလေသဖြင့် ဆင်မြင်းလက်နက်ကိရိယာ ဆင်မြင်း ဘဏ္ဍာတော်များစွာကို ရရှိလေသည်။ ထိုအကြောင်းအား ဘင်္ဂါ ၁၂ ခွင်ရှိ ကျန်မင်းများ ကြားလေ လျှင် မင်းဟရိအား လက်ဆောင်ပဏ္ဏာ များစွာဖြင့် ရိုသေစွာ လာရောက်ဆက်သကြ၏။ ထိုကဲ့သို့ လက်ရုံးရည်ကို ပြသနိုင်ခဲ့သဖြင့် အနောက်ဘင်္ဂါ ၁၂ နယ်ပယ် တစ်ခွင်မှာ ကြောက်ရွံ့ ငြိမ်သက်ကာ မင်းဟရိအသက်ထက်ဆုံးတိုင် လက်ဆောင်ပဏ္ဏာ ဘဏ္ဍာတော် မပြတ်ဆက်မြဲ ဆက်သနေခဲ့ကြသည်။

သက္ကရာဇ် ၉၈၈ ခု အရောက်တွင် အရှေ့ပြည်လက်ဆောင် ပဏ္ဏာသွင်း ဟံသာဝတီနှင့် သံလျင် မကျိုးမခွံ့ သောင်းကျန်းပုန်ကန်လာသောအခါ ၎င်းမြို့များအား နှိမ်နှင်းရန် နတ်တော်လ အတွင်း ချီတော်မူ၍ ဒွါရဝတီသံတွဲသို့ရောက်သောအခါ ဆင်ကဲကြီး နန္ဒကျော်ထင်က ဘုရင်မင်း အား သံတွဲတွင်သာ အရှင်မင်းကြီး စံတော်မူနေပါ အမှုတော်ကို ပြီးစီးအောင် မိမိဆောင်ရွက်ပါမည် ဟု လျှောက်တင်လေသော် ဆင်ကဲကြီး နန္ဒကျော်ထင်ကို များစွာသော ရဲမက်ဗိုလ်ပါအပေါင်းတို့နှင့် သံလျင် ဟံသာဝတီမြို့များအားထိုးရန် ချီစေခဲ့ရာ အကြေအညက် တိုက်ဖျက်နိုင်ခဲ့သည်။ အခွန်အတုတ် လက်ဆောင်ပဏ္ဏာများစွာဖြင့် ပြန်လာပြီး မင်းကြီးအား ဆက်သခဲ့ပါသည်။ ထိုအခါမှ ပြည့်ရှင်မင်း နေပြည်တော်သို့ ပြန်တော်မူခဲ့သည်။

## ဆင်ဖြူသခင် ဆင်နီသခင်

ဤသီရိသုဓမ္မရာဇာမင်းမှာ ဒွါရာဝတီမှ ဆင်နီတစ်စီး၊ အနောက် မြို့သစ်က ဆင်ဖြူတစ်စီး ဆက်သရရှိတော်မူခဲ့သဖြင့် ဆင်နီသခင်၊ ဆင်ဖြူသခင် ဟူ၍ ခေါ်တွင်တော်မူလေသည်။

သက္ကရာဇ် ၉၉၆ ခု၊ နှစ်တော်သလင်းလတွင် အရှေ့မြန်ပြည် အင်းဝမြို့တွင် စိုးစံနေသော သီရိသုဓမ္မရာဇာမဟာ အဓိပတိဘွဲ့ခံ သာလွန်မင်းတရားကြီးထံ မင်းဟရိက ဇေယတမန် ဂုန္တန်ရာဇတမန် ဒေဝတမန်နှင့် လူပေါင်းတစ်ကျိပ်နှစ်ယောက် လိုက်ပါစေလျှက် နှစ်နိုင်ငံ မိတ်ဖွဲ့လို ကြောင်း လက်ဆောင် ပဏ္ဏာများဖြင့် စာတမန်ရာဇသံဖြင့် စေလွှတ်တော်မူခဲ့ရာ အင်းဝဘုရင်က

---

၁။ အရှင်စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ရမ်းပြည့်မူ၊ စာ-၁၇၂-၁၇၄။

http://www.dhammadownload.com



အားရကြည်ဖြူစွာ လက်ခံခဲ့ကြောင်း မြောက်ဦးအင်းဝနှစ် ပြည်ထောင်မိတ်ဖက် နိုင်ငံများ ဖြစ်လာပါသည်။ မင်းနှစ်ပါးရာဇဝင်များမှ နှစ်ပြည်ထောင် သြဇာခံ နယ်ပယ်အပြည့်အစုံအား သိရှိခဲ့ရ၏။ ၁

## မိဖုရားများနှင့် သားသမီးများ

မိဖုရားကြီးနတ်ရှင်မယ်ဖြင့် မြင်သော သားတော် သမီးတော်များမှာ (၁) အိမ်နိမ့်ဘဝက မွေးဖွားခဲ့သည့် မင်းစနေလည်း တစ်ပါးအပြင် (၂)ညီတော်မင်းကြီးစွာနှင့် (၃)နှမငယ် ရွှေကျင်စွာတို့ ဖြစ်ကြသည်။ ထို့အပြင် ကျန်မိဖုရားနှစ်ပါးနှင့် ကိုယ်လုပ်တော်မောင်းမတို့မှ မြင်သည့် သား သမီး(၁၆)ဦးလည်း ရှိသေး၏။ ဤသားတော် သမီးတော်များ အနက်မှ နတ်ရှင်မယ်သားဦး မင်းစနေမင်းသားတစ်ပါးသာ ထင်ထင်ရှားရှား သက္ကရာဇ် ၁၀၀၀ တွင် ရက်ပေါင်းနှစ်ဆယ် (၂၀-ရက်) မင်းဟာရီလွှန်ပြီး စိုးစံခဲ့ရကာ နတ်ရှင်မယ် မွေးမိခင်ရင်းလက်ချက် အစီအမံကြောင့် ကျောက်ရောဂါ ခံစားနေရစဉ် ဆေးဖြင့်လုပ်ကြံခံရ၍ ကျောက်ရောဂါ ပိုမိုဆိုးရွားလာကာ လွန်တော်မူသည်။ ဒုတိယမြောက်ဦးခေတ် နဂါး ၃-ခွေမှ နောက်ဆုံး ခွေစနေသားတည်း။ ရှေ့ကနှစ်ခွေမှာ ခေတ်တည်မင်းဗါနှင့် မင်းဖလောင်း စနေသားများ ဖြစ်ကြသည်။ ကျန်မင်းဟာရီ၏ ၁၈-ပါးသော သားတော် သမီးတော်တို့ကား ကေုသလ နန်းတက်သည့်နေ့ ညတွင်းခြင်း မင်းသား မင်းဆွေမင်းမျိုး ပညာရှိ မှူးတော် မတ်တော် စစ်သူကြီးအမတ် စသည့် အကုန်အစင်အား နတ်ရှင်မယ် အစီအစဉ်ဖြင့် ဆင့်ခေါ် စုရုံးစေကာ ဖမ်းဆီးချုပ်နှောင် ကွပ်မျက်စေခဲ့၍ မင်းစဉ်မင်းဆက် ပြုံးဘီး အစတုံးသွားစေခဲ့ရာ၌ အကွပ်ခံရ၍သော်လည်းကောင်း၊ သို့တည်းမဟုတ် နယ်စွန်ဇနပုဒ် တောကြိုတောင်ကြား နယ်ပယ်များသို့ပွဲကာ တိမ်မြုပ် ပျောက်ကွယ် နန်းတော်နှင့် အဆက်အသွယ် ပြတ်တောက်သွားစေခဲ့၍ သော်လည်းကောင်း၊ ၄င်းမင်းဟာရီ မင်းညီမင်းသားများ ရာဇဝင်ကြောင်း၌ ပါဝင်လာကြသည်ကို လုံးဝမတွေ့ရတော့ပါ။ ရှေ့ကကြွက်မင်း မင်းစောမွန်နွယ်ဝင် မင်းဗာမင်းဆက် နဂါးသုံးခွေသည် နောက်ဆုံးစွန်မင်း မင်းစနေလက်ထက် သာကီဝင် မင်းဆက် ပြတ်တောက်သွား သည်ဟု ဆိုပင်ငြားလည်း ကေုသလအမတ်မှာ မင်းဗာမြစ်တော်တစ်ပါးဟု ရမ်းပြည့်စာမူ၌ တိတိလင်း လင်း ဖော်ပြထား၍ မင်းဗာ၏အနွယ်တော်သာ ပြတ်တောက်သွားခြင်း ဖြစ်ပါသည်။ ကေုသလမင်း ကြောင့် ရခိုင်မင်းမျိုးဆွေဝင် အနွယ်တော်ကား လုံးဝမတိမ်ကော ပျောက်ကွယ်သွား ခြင်း မဟုတ်ပါ။

http://www.dhammadownload.com



ဧည့ဝတီရခိုင်ပြည်၌ မင်းစည်းစိမ်နန်းလျာကို မခံစားရသော ညီနောင်ပေါက် ဆွေဝင်မျိုးဖွား အမတ်ပညာရှိစစ်သူကြီး မှူးမတ်ဗိုလ်ပါ သာမန်ပညာတတ် ပုဂ္ဂိုလ်များအဖြစ် နိုင်ငံအဝှမ်းရှိကာ မိမိတို့ဖာသာအုပ်ချုပ်ရေး၊ ကြည်း၊ ရေ၊ တပ်တော်များနှင့် စီးပွားကုန်သွယ်ရေး ကဏ္ဍများတွင် အသက်မွေးဝမ်းကြောင်းပြုလျှက် မင်းညီမင်းသား နန်းတွင်းသူ နန်းတွင်းသားများ ကဲ့သို့ မထင်မရှား ဘဲ မိမိတို့ဖာသာ လုပ်ကိုင်စားသောက်နေကြသူများလည်း ဒုနှင့်ဒေး ရှိကြပေ သည်။ ဥပမာအားဖြင့် ၎င်းတို့အထဲတွင် ငမင်ငတဲ့(စောရွှေလူး) မင်းဗာ၊ မင်းဖလောင်း ငကုသလကဲ့ သို့သော သာမန်သား စဉ်မြေးဆက် ပြည့်ရှင်မင်းများထက် လက်ရုံးရည် နှလုံးရည်တွင် ထူးချွန်သူ မင်းရိုး အဆက်အနွယ် အများအပြားလည်း ရှိကြပေလေ ဦးမည်။

သီရိသုဓမ္မရာဇာ(မင်းဟာရီ)မင်းမှာ လွန်စွာမှ ရိုးသားပြီး ဖြောင့်မတ်တော်မူသော နှလုံးတော် ရှိ၍ ဘာသာရေးရာ ကိုင်းညွတ် ကျိုးနွံပြီး အလှူဒါန ရက်ရောမှုရှိသော မင်းတစ်ပါးဖြစ်၏။ ၎င်း၏ ပျော့ကွက်မှာ ရုပ်ဆင်းအင်္ဂါလွန်စွာမှ လှပတင့်တယ်သည့် မိဖုရားကြီး နတ်ရှင်မယ်အား လွန်စွာမှချစ်မြတ်နိုးသဖြင့် မိဖုရားကြီးအလိုဆန္ဒကိုသာ အစဉ်တစိုက် လိုက်လျောနာယူသည့် အားနည်းချက်ကြောင့် နန်းတွင်း ရေးရာ နန်းဆက်နန်းလျာ အစီအမံကိစ္စရပ်များ၌ ကွပ်ကွပ် ညပ်ညပ်မရှိ လျစ်လျူရှုကာ ကံစီမံရာအတိုင်း နှလုံးသွင်းပြီး နတ်ရှင်မယ်ချယ်လှယ်မှုကို စွက်ဖက် မပြု ဆိတ်ဆိတ်နေတော်မူကာ မင်းအဖြစ်သို့ ရောက်တော် မူသည့်အချိန်မှ ရှေးရှေးက ဘေးတော်၊ ဘိုးတော်ဖခမည်းတော်တို့ ပညာအမြော်အမြင်ဖြင့် ပြုလုပ်တော်မူခဲ့သော အရေးကြီး ကိစ္စရပ်များနှင့် ပတ်သက်၍ ပညာရှိအမတ်ကြီးများအား ရှေးဟောင်းကျမ်းဂန် အချက်အလက်များပါ ထည့်သွင်း ဖော်ပြပြီး လျှောက်လဲစေခြင်းမျိုး မပြုလုပ် မရွက်ဆောင်ဘဲ စည်းစိမ်ချမ်းသာကိုသာ အေးချမ်းစွာ ခံစားလျှက် နေတော်မူ၏။

## ဝါလှဖြူ

မင်းဟာရီ၏ စိတ်နေသဘောထား အားနည်း ချက်များကြောင့် "ဝါလှဖြူ(နတ်ရှင်မယ်) မှောက်မှား၊ အလားလား၊ ဟာရီလည်းသေ၊ ပြည်လည်းကြေ" တဘောင်လာအစား "မင်းဟာရီ မှောက်မှား အလားလား ဟာရီလည်းသေ ပြည်လည်းကြေ" ဖြစ်လာသုံးစွဲ လာသည်ကို တွေ့ရ၍ မင်းထီး (လောင်းကြက်မင်း) ဥပဒေပြုအမိန့်တော်ပါ မယား မကောင်းလျှင်လင် အားအာဏာရပ် အတိုင်းစီရင်ရမည် ဆိုသည့်အပိုဒ်ကို သတိရမိပါသည်။

http://www.dhammadownload.com



အမှန်တကယ်မှာ မိမိ၏ အလိုဆန္ဒတစ်ခုတည်းကိုသာ စိတ်အလိုလိုက်ပြီး မှောက်မှောက် မှားမှား ပြုမူကျင့်ကြံခဲ့သည်က တောင်ညာစံမိဖုရားကြီး နတ်ရှင်မယ်သာဖြစ်ပြီး မင်းဟာရီမှာမူ စစ်မက် နိုင်ငံရပ်ခြား တိုင်းတစ်ပါးနှင့် ဆက်ဆံရေးဘက်များ၌ အောင်မြင်မှုရှိကာ အလျှုဒါန စွန့်ကြဲမှုရက်ရောပြီး ရိုးသား ဖြောင့်မတ်ကာ မိမိဘာသာ အေးချမ်းသာယာစွာ မင်းစည်းစိမ် ခံစားလိုသည့် စိတ်နေသဘောထား ကောင်းသော အိမ်ထောင်သည် ကောင်း တစ်ယောက် ဖြစ်ပါသည်။

မိဖုရားကြီး နတ်ရှင်မယ်မှာ မိမိအား လွန်စွာချစ်ခင်မြတ်နိုးသည့် ကြင်ရာတော်နှင့် သားသမီးနန်းလျာ မင်းညီမင်းသား ဆွေဝင်များ၏ ဂုဏ်သိက္ခာနှင့် နောင်ရေးကိုမငဲ့မညှာဘဲ လော်လီဖောက်ပြား ယုတ်ညံ့မိုက်မဲစွာ ပြုမူများကြောင့် ဓညဝတီရခိုင်ပြည်မှာလည်း လျင်မြန်စွာ ချုံးချုံးကျ ယိုယွင်းကျဆင်းသွားကာ သက္ကရာဇ် ၁၀၀၀ မှ ၁၁၄၆ အေဒီ ၁၆၃၈ - ၁၇၈၄ နှစ်စု၊ ၁၄၄ နှစ်အတွင်း ဆက်လက်အခွန့်ရှည် တည်ရှိခဲ့ပေငြားလည်း စည်းလုံးညီညွတ်မှု လုံးလုံး လျားလျား ပြိုကွဲ ပျက်ပြားပြီး ပြည်တွင်းအခြေအနေကို ထိန်းမနိုင်သိမ်းမရ သူတလူ ငါတမင်းဖြင့် သမရိုးကျ မင်းရိုးအစဉ်အလာ ပျက်သွားကာ ထီးကျိုးစည်ပေါက်ထီးနန်းပါ ပြောင်သည်အထိ ကျရောက်ရသည်၊ ထိုတွင်မက ၄င်းဖြတ်သန်းလာခဲ့ရသည့် နှစ်ရာစုတစ်စုခွဲအချိန်ကာလ သိန်းသန်းမကသော ပြည်ထောင်သူ ပြည်သားများစွာ ဆင်းရဲဒုက္ခအမျိုးမျိုး နှိပ်စက်မှုဒဏ်ကို အလူးအလဲခံခဲ့ ကြရပါသည်။ သိုက်ဓာတ်တဘောင်များ အလိုအရ ရခိုင်ပြည်ထောင် ထီးနန်းသုဉ်း ၁၈-ရာစုခန့် အေဒီ၁၇၈၄ တွင် ဖြစ်မည့်ကံအကျိုး ပေးကြောင့် ရှောင်မရဖယ်မရ ပျက်စီးရမည် ဖြစ်ငြားလည်း မင်းဟာရီသာ ကြိုတင်ကာကွယ်ထိမ်းကွပ်မှု ပြုလုပ်ခဲ့ပါက မင်းညီမင်းသား မှူးမတ် ဗိုလ်ပါ ပြည်သူပြည်သား တို့အပေါ် ၄င်းမင်းနှစ်ပါး၏ ဆိုးကျိုးပြစ်ဒဏ် ဝဋ္ဋဒုက္ခဆင်းရဲတို့ကဲ့သို့ ကြီးလေးလိမ့်မည်မထင်ပါ။ တန်ပြန်လက်ရုံး ပညာရှိအမတ်ကြီး ယတြာကို လုပ်ခွင့်ရရှိပါကလည်း ယင်းတုံ့ပြန်မှုများကြောင့် ငကေသလမင်းလောင်းပျောက်သည်လည်း ဖြစ်နိုင်ပေသည်။ ယတြာ ကောင်း မင်းလောင်းပင် ပျောက်တတ်သည် ကံကိုယုံ၍ ဆူးပုံမနင်းနှင့် ဆိုသည့်ရှေးရှေးက အယူ အဆ စကားပုံများလည်း ရှိပေသည်။ ကံတရား သိုက်ဓါတ်အဆိုစသည်တို့ကိုချည်း ရာခိုင်နှုန်းပြည့် တုန့်ပြန်မှု တစ်စုံတစ်ရာ မပြု၍ခံရကာ အပြစ်ပုံချသည်က မှန်ကန်မှုမရှိဟု ယူဆပါသည်။

" Human life is avoyage in which we can choose neither the vessel nor the weather although much may be done in management of the sails and the guidance of the helm.

http://www.dhammadownload.com



ဟုအင်္ဂလိပ်ပညာရှင်တစ်ဦးက ဆိုပါသည်။ ထို့အတူပင် နိုင်ငံတစ်နိုင်ငံ လူမျိုးစုနွယ်တစ်စု၏ ထီးနန်းတည်တံ့ရေး ကံကြမ္မာမှာလည်း မထင်မှတ်ပဲ တစ်ချိန်တစ်ခါတွင် မလွဲမသွေ ယိုယွင်းပျက်စီးမည်ဆိုသည့် အယူအဆ သိုက်ဓါတ်အဆိုကို မငြင်းဆိုနိုင်ပါသော်လည်း ဖြစ်ပျက် သဘောသိုက်ဓါတ်တရား စီမံချယ်လှယ်မှုဒါဏ်မှ မည်သို့မည်ပုံ သက်သာရာရမည့်အရေးကို ကြံဆတွေးတောပြီး ကြိုတင်ကာကွယ်မှု ပြုလုပ်ထားရှိခြင်းမျိုးများဖြင့် အဖြေရှာကာ ဆောင်ရွက်ရပေမည်။ မင်းဟရီမှောက်မှားမှုက အဖြေမရှာပဲ လျစ်လျူရှုပြီး ကံစီမံရာအတိုင်း ဖြစ်ပါစေတော့ဟု ပစ်ပယ်ကာ တက်တက်ကြွကြွလှုပ်ရှားမှု တစ်စုံတစ်ရာမရှိ တစ်ကိုယ်ကောင်းဆန်ကာ မင်းစည်းစိမ်ကိုခံစားပြီးလျှင် ငြိမ်သက်စွာ ဆိတ်ဆိတ်နေခဲ့သဖြင့်၊ အနည်းဆုံး အပြစ် ၅၀% ရှိပါသည်။ ၄င်းမောင်နှံနှစ်ဦးစလုံး မှောက်မှား၍ ဖြစ်ရခြင်းကြောင့် နှစ်ဦးစလုံးတွင် ရာခိုင်နှုန်းပြည့်စီ အပြစ်ရှိသည်ဟု ယူဆနိုင်ပေသည်။ မိဖုရားကြီးနှင့် ကေုသလ မှားနေသည်ကိုသိလျှက်နှင့် အထိန်းအကွပ် အရေးယူဆောင်ရွက်ခြင်းမရှိခဲ့၍ ဖြစ်ရလေသည်။

ဤအခြင်းတရားကို နောက်ခံထားပြီး မင်းဟရိနှင့် သီရိသုဓမ္မ ရာဇာမိဖုရားကြီး နတ်ရှင်မယ်တို့နှင့် ပညာကျော် အမတ်ကြီးများဖြစ်ကြသော လေးမြို့စားသိုက်တတ်လက်ရုံးနှင့် လောင်းကြက်စား ကေုသလတို့၏ စိတ်ဝင်စားဖွယ် အဖြစ်အပျက်များကို အနည်းငယ် အတိုချုံးပြီး ထည့်သွင်းဖော်ပြလိုပါသည်။

မြောက်ဦးမြို့တော်ခေတ်အတွင်း ရှေးဟောင်းစာပေ၊ ကျမ်းဂန် ထုံးတမ်း အစဉ်အလာများ သာမက မင်းများနှင့် နိုင်ငံရေးရာတို့ဖြင့် ပတ်သက်သော ရှေးရှေးက သိုက်ဓါတ်တဘောင် နိမိတ်များအား တိကျမှန်ကန်စွာ ပြန်ဆို၍ ဘုရင်ကမေးမြန်းသည့်အခါ သို့မဟုတ် မသိမ့ေလျော့ လျစ်လျူရှုထားပါက မင်းများ သတိတရားရစေရန် ပညာကျော် နက္ခတ်ပေဒင် သိုက်ဓါတ်တဘောင် ဟူရားဖြူ ဟူရားညို အစရှိသော အမတ်ကြီးများက တိကျမှန်ကန်စွာ နိမိတ်ဖတ်ပြီး ကြိုတင် ဟောကိန်းထုတ် ကာ လျှောက်လဲတင်ကြရသည်ကို စာပေ ကျမ်းဂန် ရာဇဝင်အရေးအသား သိုက်ဓါတ်ကျမ်းများ မှ သိရှိရပါသည်။

## သိုက်တဘောင်များ

ဓညဝတီရခိုင်ပြည်ထောင် စစ်မက်အန္တရာယ်နှင့် ထီးကျိုးစည်ပေါက် ထီးနန်းပျောက်ကာ ပျက်သုဉ်းမည့် အကြောင်း သိုက်ဓာတ်တဘောင် နိမိတ်ဖတ်ခြင်းများကား မြောက်ဦးမြို့တည် စောမွန်မင်း လောင်းကြက် ခေတ် အဆုံးစွန်နှစ်များကအစ မင်းဟရိ(ခေါ်) သီရိသုဓမ္မ ရာဇာမင်း မြောက်ဦးဒုတိယခေတ် ကုန်ဆုံးချိန်အတွင်း အများဆုံးနှင့် အတိအကျ အပြတ်သားဆုံး

http://www.dhammadownload.com



တွေ့ရှိရပါသည်။ ၄င်းတို့မှာ -

(က) မင်းစောမွန် သက္ကရာဇ် ၇၆၆-၇၉၅ ၊ အေဒီ ၁၄၀၄-၁၄၃၃ အဖြစ် အပျက်များ။

(ခ) မင်းဗာ သံတွဲမြို့စားနှင့် မြောက်ဦးပြည့်ရှင်၊ အေဒီ ၁၅၂၁-၁၅၃၁၊ ဒုတိယမြောက်ဦး ခေတ်တည်နှင့် တပင်ရွှေထီး အဖြစ်အပျက်များ။

(ဂ) မင်းဖလောင်း၊ သက္ကရာဇ် ၉၃၃-၉၅၅။ အေဒီ ၁၅၇၁-၁၅၉၃ နှင့် သိုက်ဓာတ်နိဒါန်း ကျွမ်းကျင်လိမ္မာတော်မူသော ပိန္နဲတောင်ဘုန်းတော်ကြီး၊ ဟူးရားသူကြီးငကုဲ၊ ဆင်ကဲကြီး အမတ်ငပု လျှောက်လဲချက်၊ စာ-၁၇၇ ရမ်းပြည့်မူ။

(ဃ) မင်းဟာရိ(ခေါ်) သီရိသုဓမ္မရာဇာ၊ သက္ကရာဇ် ၉၈၄-၁၀၀၀၊ အေဒီ ၁၆၂၂-၁၆၃၈၊ မင်းနှင့်ခေတ်သိုက်၊ ဓာတ်တဘောင်နှင့် နတ်ထွက်စကား၊ လေးမြို့စား သိုက်တတ် လေက်ရုံးအမတ်ကြီး သိုက်ကျမ်း အဆိုစသည်တို့မှာ ထင်ရှားပါသည်။

အထက်ပါ သိုက်ဓာတ်တဘောင် အတိတ်နိမိတ်များကို ကောင်းစွာလေ့လာပြီးမှ ထိုခေတ်အချိန် အပိုင်းအခြား အဖြစ်အပျက်များ၏ ကြိုတင်ဟောကိန်းများအား ကောင်းစွာ သိရှိနိုင်ပါသည်။

မင်းစောမွန်မှ သီရိသုဓမ္မရာဇာ ပထမနှင့်ဒုတိယမြောက်ဦးခေတ်များ၏ သိုက်ဓာတ်တဘောင် ထုံးဟောင်းများ-

စောမွန်မင်းခေတ်ထုံးဟောင်း လျှောက်လဲချက်၊ အမတ်ကြီး ဝိမလကျော်ထင် -

"ကြွက်ကြီး တွင်းအောင်း၊ ကြွက်ငယ်လောင်း၊ ရုံးပေါင်းတွင်းကို ဖျက်လိမ့်မည်။ ကျောင်းတစ်ဆယ်ကို ရှင်ငယ်တစ်ယောက် စားလိမ့်မည်။ အကျီခါးတို၊ လူပျို အမတ်များလိမ့်မည်။ ပုတီးလက်စွဲ လူစဉ်းလဲလည်း များလိမ့်မည်။ ယင်းသောအခါ မိုးမရွာ၊ အစာငတ်မွတ် ရှားလိမ့်မည်။ ငတ်မြစ်ကူးတို့၊ လူမပို့ပဲ ကူးလိမ့်မည်။ ငတ်လို့မြစ်ကူး ထွက်ပြေးသူတို့ ကြွက်မင်းပြေးကာ၊ မဇ္ဈိမာသို့ ရောက်လိမ့်မည်။ ကြွက်မင်းတစ်ဖန်၊ တွင်းသစ်ပြန်သော်၊ အကြံတွင်းသစ် ရှာလိမ့်မည်။ တွင်းသစ်ရ ခါများမကြာ၊ ကြမ္မာကုံ အံ့သော်"။ (စာ-၁၆-၁၇ ရမ်းပြည့်မူ၊ ဒုတိယတွဲ၊ ၁၉၉၇ ခုထုတ်။)အဖြစ်အပျက်များ အထူးမှန်ကန်မှုရှိသည်ကို ရာဇဝင်အကြောင်းမှ သိရှိရပါသည်။

http://www.dhammadownload.com



သံတွဲစားမင်းဇာလက်ထက်က မင်းမဖြစ်မီ သိုက်စာတတ်တဘောင်က "ကြွက်ကားသုံးမည်၊ ရှေ့ဖျားတည်၊ ကြစည်ကောင်းခြင်း၊ သံတွဲမင်းဖြစ်လာမည်လည်း၊ တော်သလင်း"။ ပထမမြောက်ဦး ခေတ်။

"သံတွဲမြေဟောက်၊ အစွယ်ပေါက်သည်၊ လက်ကောက် ဝတ်လောက်ပြီတကား။ ကြွက်ကား စည်လျက်၊ အဆက်နဂါး၊ နောက်ထားရေသူ၊ ကိုးဆက်ဟူ၏။ မြောက်ဦးအပါး၊ အိမ်ရှေ့ နား၌၊ နဂါးသုံးခွေ၊ ခွေလိမ့်မည်" သိုက်စာတတ်တဘောင်၊ ရမ်းပြည့်မူ စာ-၅၇- ဒုတိယတွဲ။ ဒုတိယ မြောက်ဦးခေတ် စနေသားသုံးပါး၊ နဂါးသုံးခွေ နှင့် မင်းကိုးဆက်။ တပင်ရွှေထီး ရခိုင်သို့ စစ်ပြုလာချိန် သက္ကရာဇ် ၉၀၈။

"ကျိုးအာ၍ ညွှတ်လာသည်၊ လသာသည်၊ ပြန်လေဦး အုန်းပင်ရှင်ဖမ်းမိမည်။ အိပ်၍နေ၊ လှေဦးတိုင်၊ ပဲ့တိုင်ကို၊ ခိုင်အောင်စိုက်၊ ပေါင်းမျိုးဖျာကိုလိပ်၍သွင်း"၊ ဘင်္ဂါ ၁၂ ခွင်ကို ပြန်လည်သိမ်းယူခြင်းနှင့် စပ်လျဉ်း၍ ရှေ့သိုက်ဟောင်းတွင်- "ကုလားပုဏ္ဏ ဆယ့်နှစ်တန်ကို မလွှန်စေရ"။

၁၂- မင်းဆက် ပထမမြောက်ဦး မင်းခေါင်ရာဇာ သက္ကရာဇ် ၈၈၃-၈၉၃၊ အေဒီ ၁၅၂၀-၁၆၂၀ ရမ်းပြည့်မူ စာ-၅၉။ ၁၂-တန်၊ မင်းဇာလက်ထက် နန်းတက်သည့်နှစ်တွင် ဆုံးခန်းတိုင်သို့ ရောက်သည်။ ပထမမြောက်ဦးခေတ်မှာလည်း ၁၂-ဆက်တွင် ပင် ပြီးဆုံးသည်။ ဤအဆိုမှာ လည်း မင်းဇာလက်ထက် ပြန်ရ၍မှန်၏။

မင်းဖလောင်း၊ သက္ကရာဇ် ၉၃၃-၉၅၅၊ အေဒီ - ၁၅၇၁-၁၅၉၃၊ စာ-၁၇၇ ရမ်းပြည့်မူ။

အရှင်မင်းကြီးအနွယ်သည် ၉-ဆက်တွင် ပြတ်ပါမည်။ ပြတ်မည်ကား သက္ကရာဇ် ၁၀၀၀ တစ်ထောင်စေ့တွင် စနေသား၊ နဂါး လက်ထက် ဖြစ်ပါလိမ့်မည်။

အရှင်မင်းကြီးအနွယ် စနေသားလက်ထက်တွင် သက္ကရာဇ် ၉၉၉ ကပင်စ၍ အကျွန်ုပ်တို့ လက်စကို ဖြတ်ပါလိမ့်မည်။ တစ်ထောင်တွင် ယင်းစနေသားကို ဗုဒ္ဓဟူးသား ဟိန္ဒဝင်မင်းဖြစ်ပါ လိမ့်မည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မင်းဖလောင်းသည် သက္ကရာဇ် ၉၈၄ ခုတွင် လွှန်၊ သားမင်းဟရီလည်း မင်းဖြစ်သည်။

နဂါးအနွယ်၊ အကယ်ကိုးဆက်၊ မြောက်လိမ့်မည်။

http://www.dhammadownload.com



အဆုံးနဂါး၊ တိုင်လေငြား၊ နဂါးအနွယ်က ပြတ်လိမ့်မည်။

မင်းစနေ၊ စနေသား၊ ဒုတိယမြောက်ဦး ကိုးဆက်မင်း ၁၀၀၀၊ သိုက်စာတန်းအဆို၊ မင်းဟာရီအား ငလက်ရုံးလေးမြို့စားလျှောက်။ စာ-၇၈၀၊ ရမ်းပြည့်မှူး ဒုတိယတွဲ။ မင်းဗာ၊ မင်းဖလောင်း၊ စနေအဆုံးစွန်၊ စာ-၁၇၆၊ ဤသိုက်ဓာတ်အဆိုလည်း မှန်ကန်တိကျမှုရှိပေသည်။

## ငစည်

သီရိသုဓမ္မရာဇာမင်းက "ငါ့လက်ထက်တွင် မင်းနွယ်ပြတ်လတ္တံ့လော့"ဟု အမေးကို ငလက်ရုံးနှင့် ဟူးရားသူကြီးအမတ်တို့က လျှောက်ထားသည်မှာ- အရှင်မင်းကြီးလက်ထက်၌ မပြတ်ပါသေး၊ "အရှင်မင်းကြီး လွန်ပြီးမှသားတော် မင်းစနေလက်ထက်တွင်သာ ဖြစ်လတ္တံ့ပါ မည်"ဟု လျှောက်ကြသည်။

ဆက်လက်ပြီး မင်းဟာရီကအနွယ်တော်ပျက်လျှင် "အဘယ်အနွယ်က အဘယ်အရပ်သားဖြစ်လတ္တံ့နည်း"ဟု မေးတော်မူသောအခါ သိုက်တတ်လက်ရုံးအမတ်က အရှင်မင်းကြီးအနွယ်တော်ကို ကျွန်မျိုး မင်းမှုထမ်းအကုန်အနွယ်ကို ကျွန်ဟုသာ သုံးစွဲသည်။ ဗုဒ္ဓဟူးသားဖြစ်လတ္တံ့မည်ကို "ငှက်တွင်ငှက်ဖျက်၊ ငှက်ခေါင်ပုတ်ကို၊ ငှက်များခြံရံ ပြုလိမ့်မည်၊ လူတွင်လူယုတ်၊ လူစက်ဆုပ်ကို၊ လူများရိုသေ ပြုလိမ့်မည်" ဟု သိုက်ကျမ်းလာကြောင်း လျှောက်ပြီးလျှင် နောက်ဆယ်ဆက်သော မင်းတို့၏ မွေးရက်များကိုဖော်ပြပြီးလျှင် ၁၈၀-တိုင်ဖြစ်ပြီးမှသာ စနေသားတစ်ယောက် မင်းဖြစ်လိမ့်မည်ဟု သိုက်တတ်လက်ရုံးက လျှောက်တင် လေရာ သီရိသုဓမ္မရာဇာမင်းကြီးလည်း ဆိတ်ဆိတ်သာနေပြီး မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်သင့်ကြောင်းကို တိုင်ပင်မှုမပြု။ စနေသား၊ သားတော်မင်းစနေ သက္ကရာဇ် ၁၀၀၀ တွင် ပြုဖွယ်ရှိသည့်အပြင် ၄င်းအား ယုတ်မာသောကျွန် ဗုဒ္ဓဟူးသား လူယုတ်မာ လောင်းကြက်စား ငကုသလမင်းဖြစ်ဖွယ်ရာရှိကြောင်း လျှောက်ထားပါလျက်နှင့် ငကုသလကို နှိမ်နင်းဖယ်ရှားရန် မစဉ်းစားလေးလေးနက်နက်လဲ မတိုင်ပင်ဘဲ၊ ရွှေလူးမီးပေါက်သုံးချက် ပစ်ဖောက်ကာ ထီးဖြူဆင့်လျှက်မြင်တော်မူပြီး တောင်ဘက်တွင် နန်းထိုင်တော်မူ သည့် ဆောင်ရွက်ချက် တစ်ခုတည်းကိုသာ မိမိဘာသာ ကိုယ်ကျိုးအတွက် ပြုလုပ်ခဲ့ပါသည်။ မိဖုရားကြီးနှင့် ငကုသလတို့အား ထိန်းချုပ်နှိမ်နင်းရန်ကား နှလုံးမသွင်းခဲ့ချေ။

http://www.dhammadownload.com



လောင်းကြက်စား ကေသလနှင့် မိဖုရားကြီး နတ်ရှင်မယ်တို့ သင့်တင့်မြဲ သင့်တင့်လျက်ပင် မင်းဗာ၏မြစ်တော်ဖြစ်သူ ကေသလကလည်း မိဖုရားကြီး အကာအကွယ်အားပေးမှုဖြင့် မိမိမင်းဖြစ်စေရန် မန္တာန်ယတြာ ပတ္တရာအဖြာဖြာကို များစွာအားထုတ်စီမံလေ၏။ ဤအချိန် သက္ကရာဇ် ၉၉၈၊ ၉၉၉ ခုခန့်တွင် ကေသလအမတ်က ကိုယ့်ဗုဒ္ဓဟူး ဆင်နံပေါ်ဖို့ မင်းကြီးအား ဆင်အိုးတည်စေပြီးနောက်ထပ် အင်္ဂါသား သီရိသုဓမ္မာကို နှိမ့်ရန်အတွက် "စေည်"ဟူသော ပတ္တရာကို တည်ထွင်သင်ကြားပေးကာ စေည်များအား ပြည်သူတို့နှစ်သက်အားပေး၍ လူကြိုက်များ ကျော်ကြားမှု ရရှိစေရန်နှင့် ဘုရင်နံကို ပိုမိုထိရောက်စွာ နှိမ်ရန်အတွက် နန်းတွင်းသို့သွင်းကာ ဘုရင်ကြည့်ရှုသည်အထိ စိတ်ဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး မြို့ရွာများအနှံ့ စေည်ကို ကပြစေခဲ့ ပါသည်။ ပြည်သူပြည်သားတို့ တစ်ခါမျှရှေ့က မကြားမမြင်ဘူးသောကြောင့် ကြိုက်နှစ်သက် ကြ၍ စေည်ပတ္တရာကို လက်ခုပ်တဖြောက်ဖြောက်တီးလျက် ဆိုကြည့်ကြလေကုန်၏။

ဘုရင်ကို ကေသလတိုက်တွန်းမှုကြောင့် ဆင်အိုးတည်သည့် ကိစ္စကို သိုက်ခာတ်ကျွမ်းကျင် သည့် ပရက္ကမတိုက်နေ ဘုန်းတော်ကြီး တစ်ပါးနှင့် စစ်ကွပ်ဆရာတော်တို့ ကြား၍ မနှစ်သက်သဖြင့် သိုက်စာအဆိုရှိ သည်များကိုပြ၍ မင်းကြီးထံ စာသွင်းသတိပေးကြောင်း လောင်းကြက်စား ကေသလသိလေလျှင် ၎င်းဆရာ တော်များအား အသပြာ ၅၀၀စီ လာဘ်ထိုးပြီး မိမိဘက်သို့ ပါဝင်လာအောင် ဆွယ်ကာ ဖျက်ယူသွားခဲ့သည်။

သိုက်တတ်လေက်ရုံး စေည်အခြင်းအရာကို ကြားလေလျှင် မင်းကြီးကို "ဘိုးတော် လောင်းကြက်စား ကေသလသည် အထူးထူးယတြာပတ္တရာများဖြင့် မင်းကြီးအား လုပ်ကြံရန် ကြံစည် နေကြောင်းကို အရှင်မင်းကြီး မသိပါ၏လော၊ သိကြားမင်းစည်းစိမ်ကို ခံစား၍သာနေတော် မူဘိသည်။ အန္တယ်တော်ပြတ်အောင် ကြံစည်နေပါသည်။ ဘိုးတော် ကေသလမင်းဖြစ်ရန်လည်း ရှိပါသဖြင့် အရှင်မင်းကြီး ဘိုးတော် ကေသလအား မထိန်းချုပ် မဖိနှိပ်ပါလျှင် အကျွန်ုပ်လည်း တစ်ပြည်တစ်ရွာသို့ ပြေးရပါမည်သာ၊ အရှင်မင်းကြီး စဉ်းစားတော်မူပါလေ။ ယင်းပြီး ကျောက်ဆိပ်၊ စိုးရွှေပန်း၊ ကျောက်ဗီလာနတ်တို့၏ တြင်းနာပါ လေ"ဟုလည်း သိုက်တတ်လေက်ရုံးက လျှောက်တင်လေသည်။

သီရိသုဓမ္မမင်းလည်း လေက်ရုံးအကြံပေးသည့်အတိုင်း နန်းရှင် လုလင်ထောင်းစားနှင့် ဘုန်းတော်စား တို့ကိုစေ၍ နတ်တြင်းနာစေသောအခါ ကျောက်ဗီလာတွင် တြင်းနာသော် "ဖွတ်ကမိကျောင်းဖြစ်သော် ချောင်းမြောင်းမနေသာ၊ ကျွန်ကသူကောင်းဖြစ်သော် ပြည်ရွာ

http://www.dhammadownload.com



မချမ်းသာ" ဟူသော တြင်းကိုကြားခဲ့၏။ ကျောက်ဆိပ်နတ်မှ "မင်းဟရီကို ပြည်စောင့်ထားသည်၊ ဟရိလည်းသေ ပြည်လည်းကြေ"ဟု ဆိုသည်။ စိုးရွှေပန်နတ်တွင် တြင်းနာသောအခါ "ကျွန်က လူသည် အကယ်တန့်တန့် တစ်ထောင် စေ့တွင် ဖြစ်လတ္တံ့" ဟူ၍ဆိုကြောင်း နန်းရှင်လုလင်တို့ ကြားခဲ့ရသည်ကို မင်းကြီးအား လျှောက်တင်ကြလေသော် မင်းကြီးလည်း ကြောက်ရွံ့သဖြင့် သိုက်တတ်လေက်ရုံးအား ခေါ်တော်မူပြီး နိမိတ်အတိတ်ကို ပြန်ဆိုစေခဲ့ရာ ကျောက်ဆိပ်နတ် ဆိုသည့်အလိုမှာ အရှင်မင်းကြီး ပျက်စီးအံ့သောအကြောင်း၊ စိုးရွှေပန်းနတ်ဆိုသော တြင်းအရ ကျွန်က မင်းဖြစ်အံ့သောအကြောင်းနှင့် ကျောက်ဗီလာ တြင်းအရမူကား ကျွန်ကမင်းဖြစ်လျှင် ပြည်ရွာမချမ်းသာ ပျက်စီးအံ့သောအကြောင်း ဖြစ်ပါသည်ဟု လျှောက်၏။

မင်းကြီးက သိုက်တတ်လေက်ရုံးကို သိုက်ဓာတ်ကိန်းခန်းတို့နှင့် တွက်ချက်၍ကြည့်ရန် မိန့်တော်မူပြန်၍ တွက်ချက်ကြည့်ပြန်သောအခါ သက္ကရာဇ် ၁၀၀၀ စေ့တွင် တောင်ဘက်မှ ဗုဒ္ဓဟူးသားအနွယ် တစ်ဆယ် တစ်ဆက်မင်းတို့ ဆက်လက်ဖြစ်လိမ့်မည်။ ပြည်ရွာပျက်လိမ့်မည်ဟု လျှောက်တင်ပြန်လေရာ မင်းကြီးလည်း ဆိတ်ဆိတ်သာနေတော်မူလေသည်။ လေးမြို့စား လေက်ရုံးက သျှစ်သောင်းဘုန်းတော်ကြီး ဂုဏမဥ္ဇူကို စေည်အကြောင်း လျှောက်တင် မေးမြန်းရာ သူမြတ်ထံမှသိရသည့်အတိုင်း စေည်စကားအဆိုကို မင်းကြီးကြား ရသည်က "ခုနစ်ရက်အတွင်း ပျက်စီးအံ့"ဆိုလိုက်၍ မှန်တော်မမူမည် ထင်သည်ဟုဆိုသည်။ သို့ဖြစ်၍ စေည်ကို မင်းကြီးမကြည့်၊ နားမထောင်ရန် လျှောက်တင်ပြန်သည်။

မင်းကြီးလည်း နာတော်မယူပဲ မိဖုရားကြီးက စေည်နှိုက် ဆိုကသည်ကို လွန်စွာကြည့်ရှု နားဆင် လိုကြောင်း ပန်ကြားသည်နှင့် နန်းတော်ရင်ပြင်သို့သွင်းပြီး စေည်နှိုက်၍ ပြစေကာ မင်းကြီး ကိုယ်တော်တိုင် မိဖုရားမောင်းမမိသံတို့နှင့်တကွ ထွက်၍ ကြည့်တော်မူလေသည်။ မင်းကြီးသည် စေည်စကားကို ကြားတော်မူပြီး ဘုန်းတော်ကြီး မိန့်တော်မူသည့်အတိုင်း မကြာမီပင် သက္ကရာဇ် ၁၀၀၀ ပြည့်၊ နယုန် လပြည့် ၂ ရက်နေ့တွင် လွန်တော်မူသည်ဟု ဆိုပါသည်။

အထက်ပါအခြင်းအရာများကား ရာဇဝင်မြို့ဟောင်း မြို့တည်ခန်း၌လာသော သီရိသုဓမ္မ ရာဇာမင်း၏ အခန်းဟု ရမ်းပြည့်မူစာ- ၁၀၄က ဆိုပါသည်။

ရှေ့တွင်ဖေါ်ပြခဲ့သော ကျောက်ဆိပ်နတ်ထံမှ တြင်းအရ မင်းဟရီကို ပြည်စောင့်ထားသည် ဟု ပါရှိရာ ၄င်းတြင်းအရ မင်းဟရီက ကြိုးစားအားထုတ်ပြီး မိမိပြည်ထောင်မပျက်မစီး ယုတ်လျော့ မသွားစေရန် တတ်စွမ်းသ၍ ကြိုးစားဆောင်ရွက်ရမည့် ဝတ္တရား "ပြည်ကိုစောင့်ရသော မင်း" တစ်ပါးအနေဖြင့် ရှိသည်ဟု ကျောက်ဆိပ်နတ်က သတိပေးစကား မြွက်ကြားခဲ့ဟန်တူပါသည်။

---

၁။ ပဲခူးမင်းကျောင်းဆရာတော်၊ ဓညဝတီရာဇဝင်သစ်၊ စာ-၂၁၈။

http://www.dhammadownload.com



သိုက်တပေါင်တတ်လေးမြို့စား လေက်ရုံးအမတ်ကြီးသည် သျှစ်သောင်းဆရာတော်ကြီး ဝုဏ္ဏမဥ္ဇူက စေည်နှိုက်သည့်ကိစ္စနှင့် ပတ်သက်၍ မိန့်ဆိုချက်အား မင်းဟရီ သီရိသုဓမ္မာရာဇာ အား လျှောက်တင်ပြီးသည့်နောက်တွင် စိတ်လက်ပျက်ပြားကာ ပညာအမြော်အမြင် ဆင်ခြင်တုံ တရား နည်းပါးသောမင်းထံ ဆက်လက်ဆည်းကပ်နေပါက နောင်များမကြာမီ လောင်းကြက်စား မင်းဖြစ်သောအခါ၌ အပြစ်ကြီးစွာ ဖြစ်ရာသည်ဟုကြံလျှက် ဘုရင်ထံခွင့်တောင်းပြီးလျှင် ရဟန်း ပြု၍ နေလေတော်မူသည်။ ခုနစ်လစေ့သော ကာလ သီရိသုဓမ္မာမင်း ကြီးစွာသော ဝေဒနာတိုးပွား လာ၍ လွန်တော်မူသည်။ [၁]

သီရိသုဓမ္မရာဇာမင်းလက်ထက်တွင် ဒတ်(ချ်)တို့နှင့် ကုန်သွယ်မှု ပြုလုပ်ခဲ့ကြသည်။ ဒတ်(ချ်)ကုန်ရုံကို မြောက်ဦးဘောင်းဒွတ်ဘက်တွင် ဖွင့်လှစ်ခဲ့သည်။ ဒတ်(ချ်) မှတ်တမ်းများတွင် ရခိုင်နှင့်ကုန်သွယ်မှုအကြောင်း အစေ့အစုံ ရေးသားထားကြောင်း တွေ့ရသည်။ သီရိသုဓမ္မာရာဇာ သည် မိမိသင်္ဘောများဖြင့်လည်း ကုန်သွယ်သည်။ ဤမင်းလက်ထက်မှာ ကုန်သွယ်မှုနိုင်ငံများရှိ ကုန်ဈေးနှုန်းနှင့်ကုန်များ အခြေအနေကို စုံစမ်းရန် သံများစေလွှတ်ခဲ့သည်။

ဤမင်းလက်ထက်တွင် ပေါ်တူဂီဘုန်းတော်ကြီး မန်နရိတ်၊ မြောက်ဦးသို့ နှစ်ကြိမ်တိုင်တိုင် ရောက်ခဲ့သည်။ သီရိသုဓမ္မာရာဇာ ဘိသိက်ခံပွဲကြီးကျယ်ပုံ၊ နန်းတော်ကြီး ခန့်ငြားပုံနှင့် နိုင်ငံ အရပ်ရပ်မှ သံတမန်များ ရောက်ရှိခဲ့ပုံနှင့်စည်ကားခဲ့ပုံ ကိုယ်တွေ့မျက်မြင်မှတ်တမ်းများ ရေးသားခဲ့ ကြောင်းလည်း တွေ့ရသည်။

## မင်းစနေ (ခေါ်) သတိုးမင်းလှ၊ ရခိုင်သက္ကရာဇ် ၁၀၀၀၊
## အေဒီ-၁၆၃၈၊ နန်းစံ - ၂၀ ရက်

သီရိသုဓမ္မာရာဇာလွန်လျှင် သားတော် မင်းစနေနန်းတက်သည်။ နန်းတက်၍ ရက်၂၀ အကြာတွင် ကျောက်ရောဂါဖိစီး၍ နတ်ရွာလားသည်။ ရာဇဝင်အလိုအရ မိခင်နတ်ရှင်မယ်သည် လောင်းကြက်စား ကုသလနှင့်ချစ်ကြိုက်နေ၍ မင်းစနေအား ကျောက်ဆိပ်တက်စေသည့်

http://www.dhammadownload.com



အစာကိုကျွေး၍ သတ်သည်ဟု ဆိုကြလေသည်။

မိဖုရား နတ်ရှင်မယ်သည် မင်းညီမင်းသား၊ မှူးတော်မတ်တော် များအား နန်းတွင်းသို့ ခေါ်ယူပြီး အခြေအနေကို တင်ပြဆွေးနွေးသည့် အချိန်မှာ ကိုယ်ရံတော်တပ်သည် နန်းတော်ကို ဝိုင်းထားသည်။ နတ်ရှင်မယ်က မိမိတွင် လင်လည်းဆုံး၊ သားလည်းဆုံးပြီဖြစ်၍ ထီးနန်းနှင့် ထိုက်တန်သူကို ရွေးပေးကြရန် တောင်းဆိုသည့်အခါ မှူးမတ်မင်းညီ မင်းသားများသည်လည်း အကြံဦးပြီဖြစ်သော ဧကုသလအား ရွေးချယ် ပေးကြလေသည်။

## ရွှေရောင်လွှမ်းခဲ့သည့်မြောက်ဦးအလယ်ခေတ်

မြောက်ဦးဒုတိယခေတ် (သို့) အလယ်ခေတ်ကို သမိုင်းဆရာတို့က အထူးဂုဏ်တင်၍ ရေးသားခဲ့ကြ သည်ကို တွေ့ရသည်။ ဤ ၁၆ ရာစု နှင့် ၁၇ ရာစုနှစ်များကို ရွှေရောင် လွှမ်းမိုးသော ခေတ်ဟူ၍လည်း ဆိုကြပါသည်။

ဤမြောက်ဦးအလယ်ခေတ်ကို ထင်ရှားစေခဲ့သောမင်းများကို ရွေးချယ်တင်ပြရပါလျှင် ကောဇာ ၈၉၃-၉၅၅၊ ခရစ် ၁၅၃၁-၁၅၅၃ အထိ နန်းစံခဲ့သော မင်းဗာကြီး(ခေါ်) မင်းဘင်၊ ဇော်ဘောက်သျှား၊ မင်းစဉ် ၁၃။ ကောဇာ ၉၃၃-၉၅၅၊ ခရစ် ၁၅၃၁-၁၅၅၃ အထိ နန်းစံခဲ့သော မင်းဗာဘုရင်၏သား မင်းဖလောင်း(ခေါ်) သကွန်ဒါသျှာ၊ မင်းစဉ် ၁၇။ ကောဇာ ၉၅၅-၉၇၄၊ ခရစ် ၁၅၉၃-၁၆၁၂ အထိ နန်းစံခဲ့သော မင်းဖလောင်း၏သား၊ မင်းရာဇာကြီး(ခေါ်) သတိုးဓမ္မရာဇာ၊ ဆော်လိမ်သျှာ၊ မင်းစဉ် ၁၈။ ကောဇာ ၉၇၄-၉၈၄၊ ခရစ် ၁၆၁၂-၁၆၂၂ အထိ နန်းစံခဲ့သော မင်းရာဇာကြီး၏သား မင်းခမောင်း(ခေါ်) ဝရဓမ္မရာဇာ ဥသျှောင်သျှာ၊ မင်းစဉ် ၁၉။ ကောဇာ ၉၈၄-၁၀၀၀၊ ခရစ် ၁၆၂၂-၁၆၃၈ အထိ နန်းစံခဲ့သော မင်းဟာရီ(ခေါ်) သီရိသုဓမ္မရာဇာ၊ မင်းစဉ် ၂၀တို့ ဖြစ်ကြပါသည်။

ဤမင်းများလက်ထက်တွင် မြောက်ဦးမြို့တော်ကို အထူးတောင့်တင်းခိုင်မာအောင် တည်ဆောက်ခဲ့ကြ၍ ဘင်္ဂလားပင်လယ်အော်တစ်ခွင်တွင် အတောင့်တင်းဆုံးသော ခံတပ်မြို့ကြီး ဖြစ်လာသည်။ ကြည်းတပ်၊ ရေတပ်တို့သည်လည်း အင်အားကောင်းမွန်သည်ကို တွေ့ရသည်။ ဘင်္ဂလားပင်လယ်အော်တစ်ခွင်ကို ထိုအချိန်အခါက ရခိုင်ရေတပ်က စိုးမိုးခဲ့သည်။ မင်းစောမွန်၏

http://www.dhammadownload.com



လက်ထက်က ဆုံးရှုံးခဲ့သော ဘင်္ဂါ ၁၂ မြို့ကိုလည်း မင်းဗာကြီးလက်ထက်မှစ၍ ပြန်လည်ရယူနိုင်ခဲ့ကြသည်။ စီးပွားကုန်သွယ်ရေး ဘက်တွင်လည်း မဂို၊ ပေါ်တူဂီ၊ ဒတ်(ချ်)၊ အင်း၀၊ ဟံသာ၀တီ၊ တောင်ငူ တို့နှင့် အရောင်းအဝယ်သွက်ခဲ့သည်။ မဂိုတို့နှင့် မဟာမိတ်ဖြစ်သည့်အလျောက် မင်းဗာကြီး၊ မင်းဖလောင်း၊ မင်းရာဇာကြီး၊ မင်းခမောင်းတို့သည် မဂိုဘုရင်များက ချစ်ကြည်လေးစား၍ ဘွဲ့တံဆိပ်များ အပ်နှင်းခဲ့သည်ကိုလက်ခံ၍ ဒင်္ဂါးခတ်နှိပ်ရာတွင် ရခိုင်ဘွဲ့များနှင့်အတူ သုံးစွဲကြသည်ကိုလည်း တွေ့ရပါသည်။ ကူးသန်းရောင်းဝယ်မှု တွင်ကျယ်ရန်အတွက် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးခတ်နှိပ်၍ ကုလားစာတစ်ဝက်၊ ရခိုင်စာတစ်ဝက်နှင့် ထုတ်ဝေသုံးစွဲခဲ့ကြသည်ကိုလည်း တွေ့ရသည်။ ဤမင်းများမှာ ဒင်္ဂါး ၂ ကြိမ်စီ ထုတ်ခဲ့ကြသည်။

ဤအနေထားသည် သီရိသုဓမ္မရာဇာလက်ထက်မှာ လောင်းကြက်စား နရပတိကြီးက ပုန်ကန်မှု ဖြစ်လာသည့်နောက်ပိုင်းတွင် အခြေအနေတစ်ခုလုံး ပြောင်းလဲသွားလေတော့သည်။

ရခိုင်တို့၏ ရွှေရောင်လွှမ်းမိုးသောခေတ်တွင် ဗုဒ္ဓဘာသာ သာသနာသည် အထူးထွန်းပြောင်ခဲ့ သည်ကို တွေ့ရသည်။ သီဟိုဠ်မင်းများ၏ မေတ္တာရပ်ခံချက်အရ သီဟိုဠ်သို့ အကြိမ်ကြိမ်သာသနာပြုအဖွဲ့များ သွားရောက်သာသနာပြုခဲ့သည်လည်း ရှိခဲ့ပါသည်။ စာပေအရာမှာလည်း အထူးတိုးတက်ခဲ့ကြောင်း တွေ့ရသည်။ ကျမ်းဂန်ဓမ္မသတ်များနှင့် လျှောက်ထုံးများစွာ ပေါ်ထွန်းခဲ့သည်။ မဟာပညာကျော် လျှောက်ထုံး နှင့် ဥက္ကာပျံ၏ ၁၂ ရာသီဘွဲ့များသည် အထူးထင်ရှားခဲ့ပါသည်။ ဆရာတော်အကျော်အမော်များ စေတီပုထိုးများ တိုးပွားထွန်းကားလျှက်

http://www.dhammadownload.com



# GENERALOGICAL TABLE OF THE MUGHAL EMPERORS

- Timur
  - **1.** Babur (1526-30)
    - **2.** Humayun (1530-40, 1555-56).
      - **3.** Akbar. (1556-1605).
        - **4.** Jahangir (1605-27).
          - *Darwar Bakhsh* (1627).
          - Parwez.
          - **5.** Shah Jahan I (1627-56).
            - Dara.
            - *Shuja.*
            - **6.** Aurangzeb (1656-1707).
              - Muhanuned Sultan.
              - **7.** Shah Alam I Bahadur (1707-12)000000.
                - **8.** Jahandar (1712-13).
                  - **14.** Alamgir II (1754-59).
                    - **15.** Shah Alam II (1759-1806).
                      - **16.** Muhammad Akbar II (1806-37).
                        - **17.** Bahadur II (1837-57).
                - *Asim-ush-Shan* (1712).
                  - **9.** Farrukhsiyar (1713-19).
                - Rafi-ush-Shan
                  - **10.** Rafi-ud-Darjat (1719)
                  - **11.** Shan Jahan II (Rafi-ud-Daula) (1719).
                  - *Ibrahim (1720).*
                - Jahan Shah.
                  - **12.** Muhammard (1719-48)
                    - **13.** Ahmad (1748-54)
                      - *Bedar Bakht* (1788).
              - *A'zam* (1707).
              - Muhammad Akbar.
                - Nikusiyar
              - *Km Bakhsh* (1707-9).
                - Muhayy-us-sunnat. *Shah Jahan III.*
            - *Murad Bakhsh.*
          - *Shahriyar.*
        - Daniyal.
      - Hakim.
    - Kamran.
    - Hindal.
    - Askari.

**Note**
The names of pretenders have been printed in *italics.*

http://www.dhammadownload.com



ရှိခဲ့သည်ကို တွေ့ရပေသည်။

ဤအချက်အလက်များအနက် မင်းဗာကြီးနှင့်မင်းရာဇာကြီး နှစ်ဦး ဆောင်ရွက်ချက်များကို အထူးသတိပြုနိုင်ရန်အတွက် ရွေးချယ်၍ စံပြမင်းများအဖြစ် ရေးသားတင်ပြထားပါသည်။ ဤကဲ့သို့ တင်ပြချက် အကြောင်းများတွင် မင်းဗာလက်ထက် ရခိုင်တို့ဦးမော့လာခဲ့သလို မင်းရာဇာကြီး လက်ထက်မှာ နယ်နိမိတ်အကျယ်ပြန့်ဆုံးရှိခဲ့ခြင်းကြောင့် လည်းကောင်း ထိုမင်းနှစ်ပါး၏ သာသနာတော်ပြန့်ပွားရေးနှင့် ဘာသာရေးဆောင်ရွက်ချက်များ အထူးရှိခဲ့၍လည်းကောင်း ဖြစ်ပါသည်။ မင်းဗာကြီးလက်ထက်တွင် ကျူးကျော်စစ်များကို အောင်မြင်ခဲ့မှုများကလည်း အထူးထင်ရှားခဲ့ပါသည်။

## တတိယမြောက်ဦးမြို့တော်ခေတ်
## မင်းဆက်(၁)

လောင်းကြက်စား ငကုသလအမတ်မင်း လက်ဦးကာ မိဖုရားကြီးဟောင်း နတ်သျှင်မယ် ကိုပင် မိဖုရားမြှောက်။ ကောဇာ ၁၀၀၀-၁၀၀၇၊ အေဒီ ၁၆၃၈-၁၆၄၅၊ နန်းစံ ၇ နှစ်။

နတ်သျှင်မယ် မိဖုရားဟောင်းကြီး ကျောက်ဆိပ်တက် ဆေးကျွေး၍ စနေ နဂါးနံလွှန်သည် နှင့် မင်းမယ်တော်က လောင်းကြက်စား ငကုသလ၊ (မိမိချစ်ခင်တွယ်တာ၍ အထောက်အကူ အကာအကွယ် အမျိုးမျိုးပေးကာ ထီးနန်းအရိုက်အရာကို မိမိနှင့် လက်တွဲပြီး ဆက်ခံရန် ရည်ရွယ် ထားသူအား) ခေါ်ယူကာ နန်းကိုအပ်ပြီး မင်းပြုစေသည်။ ငကုသလလည်း နရပတိကြီး အမည်ကို ခံ၍ နန်းတက်သည်နှင့် မိမိအား မတော်လှန်နိုင်စေရန် ညဥ့်အခါ၌ ဖမ်းဆီးချုပ်နှောင်ထားသော ရှေးမင်းညီမင်းသား ဆွေတော်မျိုးတော်၊ မှူးကြီးမတ်ကြီး အကုန်ကိုထုတ်၍ ကုန်စင်အောင် သုတ်သင် ပြီးမှ နံနက်မိုးသောက် ရောက်သောအခါ နတ်သျှင်မယ်အား မင်းစနေ အလောင်းကိုထွက်၍ ကိုယ်တိုင်ကိုယ်ကျ ကောင်းမွန်စွာသင်္ဂြိုဟ်စေခဲ့သည်။

နရပတိမင်းကြီးက နတ်ရှင်မယ်အား မိဖုရားအရာထားလျှက် နန်းတက်ခဲ့လင့်ကစား ၎င်း၏ စိတ်ထဲတွင် "လင်ကိုမတွယ် သားကိုမခင်သော မိန်းမနှင့် ငါဆက်လက် ပေါင်းသင်းနေမည် ဆိုပါက မိဖုရားကြီး အကျင့်အကြံ ပျောက်မည်မထင်၊ ငါ့အားလည်း အလားတူပြုမူ လုပ်ကြံရာ၏"ဟု မယုံသင်္ကာစိတ် သက်ဝင်ဖြစ်ပေါ်လာကာ မြို့မြောက်အရပ်တွင် ကြီးစွာသော အိမ်တစ်ဆောင် ဆောက်၍ အုတ်တံတိုင်းဝင်းကာရံစေပြီး မိဖုရား နတ်သျှင်မယ်ကို ၎င်းအိမ်၌ထားကာ နန်းတွင်းသို့

http://www.dhammadownload.com



မသွင်းဘဲ ထားလေသည်။

သီရိသုဓမ္မရာဇာမင်းကြီး လက်ထက်ကပင် ကြေးစားပေး၍ ထားခဲ့တော်မူသော သားတော် အလတ် ငတုံခင် အနောက်ကံသာမြို့စားမှာ၊ နရပတိမင်းမဖမ်းဆီးမီ အနောက်မဇ္ဈိမဘင်္ဂါသို့ ထွက်ခွာသွားခဲ့၍ လွတ်မြောက်သွားသည်နှင့် ပုန်ကန်ခြားနားနေလေရာ အခြားသော တောတောင် မှီခို ခိုအောင်းရှောင်ဖယ် နေကြသော ရှေးမှူးမတ်နှင့် မင်းသားမင်းဆွေတို့ကလည်း လုံခြုံမှုရှိရာ ကံသာမြို့သို့ ထွက်ပြေးခိုလှုံ သွားကြလေသည်။

ရှေးပညာရှိသူတော်ကောင်းမျိုးရိုး သိုက်တက်လေက်ရုံး ရဟန်းပြုနေသည် အရပ် "ဘုရားပေါ်"တွင် သီတင်းသုံးနေရာမှ ခေါ်ယူပြီး သူရဲကောင်းကိုယ်ရံတော် လက်ဝဲရံ ငါးသောင်းတို့ လည်း ကံသာမြို့သို့ အလုံးအရင်းနှင့် ကံသာစားထံသို့ ခိုလှုံသွားကြလေသည်။ ထိုကံသာစား ရခိုင်မင်းသားကိုကား ကုလားတို့က မရမာကြီး မြန်မာကြီးဟု ခေါ်ဝေါ်သမုတ်ကြ၏။

သျှစ်သောင်းဘုရားမှ ဂုဏမဥ္ဇူဆရာတော်ကို နရပတိကတောကျောင်းသို့ပို့၍ လျှိုထား သည်။ ပေါင်းဘက်တရားခံဖြစ်ခဲ့သော ဝိနိပျက် လာဘ်သပ်ပကာ အသပြာယူကာ မင်းအကြံပေးမင်း တိုင်ပင် အမတ်အရာမျှော်မှန်းခဲ့သော စစ်ကွပ်ဆရာဘုန်းတော်ကြီးမှာလည်း မိမိအား နရပတိကကွပ် မည်ထင်၍ အနောက်ဘင်္ဂါသို့ တိမ်းရှောင် အစဖျောက်ကာနေသွားလေတော့သည်။ သိုက်တပ် လေက်ရုံးမှာမူ ကံသာရေကြည်ပြည်တွင် အိမ်သူအိမ်သားများဖြင့် နေထိုင်ခဲ့သည်။

နာရပတိကြီးထံပါး တိုင်းရေးတိုင်းရာတိုင်ပင်ရန် ပညာရှိမှူးတော်မတ်တော် မင်းဆွေမင်းမျိုး မကျန် ဖြစ်ခဲ့ရကား သိုက်တပ်လေက်ရုံးအမတ်ကြီးနှင့် စစ်ကွပ်ဆရာတို့အား အနောက်ပြည်သို့ ထွက်ပြေးလေကြသည်ကိုသိ၍ လိုက်လံရှာဖွေစေခဲ့ရာ သိုက်တပ်လေက်ရုံး တစ်ဦးတည်းကိုသာ တွေ့၍ ပြန်လည်ခေါ်ယူခဲ့ပြီး ပြည်စိုးကြီးနှင့် မင်းတိုင်ပင်အမတ်ခန့်အပ်ကာ အမှုတော်ထမ်းစေခဲ့ပါ သည်။ ၎င်းသက်တော်မှာ ၇၇-နှစ်ရှိပြီး ဖြစ်သည်။ သက္ကရာဇ် ၁၀၀၅ ခု ကဆုန်လဆုတ် ၁၄ ရက်၊ အသက် ၈၂ နှစ်တွင် လွန်တော်မူသည်။ နရပတိထံ ၅ နှစ်မျှ အမှုတော်ထမ်းခဲ့သည်။ ဤမင်းလက်ထက် နိုင်ငံရပ်ခြား ဆက်ဆံရေးရာ၌ အခြင်းအရာနှစ်ရပ် ဖြစ်ပေါ်ခဲ့သည်။

ပထမတစ်ချက်မှာ နရပတိမင်းက ပြည်ထောင်မင်းချင်းမင်းတို့ထံ ရွှေကျေးတမန်စေပြီး နိုင်ငံအချင်းချင်း ချစ်ကြည်စွာ ယခင်မင်းများ လက်ထက်ကကဲ့သို့ ဆက်လက်ကျင့်သုံးရန် ကမ်းလှမ်းခဲ့ သောအခါ၌ သာသနာပိုင် ဂိုဏ်းချုပ်သျှစ်သောင်း ဂုဏမဥ္ဇူဆရာတော်အား တောကျောင်းကိုပို့ရာ

http://www.dhammadownload.com



ထူးခြားသည့်အကြောင်းကား ကျွန်က မင်းဖြစ်လာသည်။ ပြီးလျှင် မင်းသား၊ မင်းသမီး၊ မှူးကြီး မတ်ကြီးတို့အား သတ်သည်တို့ကို ပညာစကားဖြင့်ဖော်ပြီး အရှေ့မြန်ပြည်အင်းဝမြို့တော်မှ သာလွန် မင်းထံ ပို့ခြင်းကြောင်းဖြစ်သည်။ ထို့ကြောင့် သာလွန်မင်းက ယခင်နှစ်ဦး နှစ်ဖက် သဘောတူကတိ ကဝတ်ပြု မဟာမိတ်ဖွဲ့ ထားရှိခဲ့သည်အား ရာဇသံပေးပြန်ကြားကာ ဖျက်သိမ်းခဲ့လေသည်။ သို့ဖြစ်၍ ယဉ်ကျေးမှုဓလေ့အစဉ်အလာ ဘာသာအယူဝါဒ တူညီသည့် မိတ်ဘက် ပြည်ထောင်ကြီးတစ်ခု ဆုံးပါးသွားခဲ့သည်။

နာရပတိကြီးလက်ထက်တွင် ဒုတိယအရေးပါသော အချက်တစ်ချက်မှာ သီရိသုဓမ္မရာဇာ မင်း လက်ထက်တိုင် ထိန်းချုပ်ပြီး မိမိနိုင်ငံ အပိုင်းအခြားနယ်ပယ်ပိုင်နက် သတ်မှတ် ထားခဲ့သော ဘင်္ဂါ ၁၂ ခွင်။ ဩဇာခံ ပဲခူး၊ ဟံသာဝတီနှင့် သန်လျင်၊ တနင်္သာရီဒေသ အကုန်အစင်တို့ နရပတိကြီး လက်ထက်ရောက်သောအခါ မခန့်လေးစား ခွဲခြား သွားခဲ့ကြခြင်းပင်ဖြစ်ပြီး ၎င်းနယ်ပယ်များသို့ သွားရောက် နှိမ်နင်းခြင်းကိုလည်း ၎င်းမင်း နန်းသက်-၇ နှစ်တာအတွင်း ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ပြည်တွင်း၌ လက်ရုံးသဖွယ် အားထားရသည့် မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး၊ ပညာရှိ မှူးတော်မတ်တော် မြောက်များစွာတို့အား ကွပ်မျက်ခဲ့ခြင်းကြောင့် လက်ဝဲကိုယ်ရံတော်တပ်မှလည်း ဘုရားပေါ် ကျောင်း၌ သီတင်းသုံးနေသော ငလက်ရုံးအမတ်နှင့် ကံသာမြို့သို့ ခိုလှုံထွက်ခွာသွား၍ စစ်မက်ပြုသိမ်းသွင်းရန် အင်အားမရှိ ချည့်နဲ့သွားခြင်းကြောင့် ဖြစ်ပေမည်။ သက္ကရာဇ် ၁၀၀၀ အေဒီ ၁၆၃၈ ခုနှစ်က အစပြုကာ ဓညဝတီရခိုင်ပြည်ထောင်၏ စစ်အင်အားမှာ မကြံစဖူးတမဟုတ် ချင်း ပြန်လည်နာလန်မထူနိုင်အောင် ယိုယွင်းသွားတော့သည်။

ရခိုင်တို့ ဩဇာလွှမ်းမိုးသည့် ဒေသများအထက်ပါအတိုင်း လက်လွတ်သွားခဲ့သည့် အကြောင်းကို "ဝိဇယမင်း စစ်အောင်ချေင်း"၌ ဖော်ကျူးစပ်ဆိုထားပါသည်။

"ဘဒ္ဒကမ္ဘာ၊ တည်လာအစ၊ နရသာမိ၊ ဘူပတိလျှင်၊ မုနိလျှောင်းလျှာ၊ မဟာသမ္မတ၊ ထိုကနွယ်လာ၊ ဆက်ကာစိုးဘိ၊ က္ကဋ္ဋန္တိယ၊ ဒေသတတိုင်း၊ ယှဉ်နှိုင်းတဝ အယုဇ္ဈနှင့် ရက္ခမဏ္ဍိုင်၊ စိုးပိုင်ကြငှန်း၊ နန်းနှင့်ထီးစည်၊ ပြည်နှင့်မင်းဆက်၊ မပျက်မကွဲ၊ နန်းပွဲမြင့်ကြာ ယင်းသို့ရာတွင် နတ်ရှင်ဘုန်းရှိ သီရိသုဓမ္မရာဇာ၊ ညာပျော်စံမြဲ၊ နန်းပွဲမနော၊ အမစ္စောသွေး၊ ဆင်းငြိမ့်လေးကို ချစ်ကြွေးရှေ့ဝတ်၊ တောင်ညာနတ်မှူး၊ မပြတ်ဇာတိ၊ မသိတရားလောင်းကြက်စားနှင့် ယဉ်ပါးမိတ်ဝင်၊ ရွှေစင်ရတနာ၊ သည်းချာလည်းဆုံး ကိုယ်လည်းရှုံး၍ ရှေးထုံးတိမ်းပါး၊ လောင်းကြက်စားလျှင်

http://www.dhammadownload.com



ထွက်ဖျားရောက်လေ ကြယ်များကြွေသို့ အမြုတေဆီ၊ သာကီမြတ်မျိုး၊ မှူးရိုးမတ်မွန်၊ သေလွန်ပျက်ပြုန်း ညှိုးသုံးမြို့ရွာ နောက်မျက်နှာ၌ ဘင်္ဂါကုလား သက်များလည်းရိုင်း လူတိုင်းထွက်ဝင် သဘင်အလွဲ နန်းပွဲမလျော် ထောင်ပေါ်နှစ်စု ဂြိုဟ်စုကိန်းရောက်၊ မင်းရိုးပျောက်၍ စည်ပေါက်ထီးကျိုး မတ်မျိုးဖွင့်လှစ် တစ်ဆယ့်နှစ်တွင် တက်သစ်နေလ ဝိဇယလျှင်ထောင်မှ စွန်းကယ်ခုနှစ်ဆယ်နှစ် သက္ကရာဇ်တွင် ရာခေတ်စိုးအုပ် နိုင်ငံချုပ်သည် မရှုပ်တည့်ပြည်ရေး ရေနှယ်အေး" ဟူ၍ရှေးကဆိုခဲ့သော ဝိဇယစစ်အောင်ချောင်း၌ ပြဆိုထားပါသည်။

ဤအဖွဲ့နှစ်ချက်မှ အဇ္ဇုနသားတော် ပထမဓညဝတီမြို့တော်ခေတ်သည် မာရယုမင်းမှသည် ဒုတိယမြောက်ဦး မြို့တော်ခေတ် နောက်ဆုံးစွန် သီရိသုဓမ္မရာဇာ နတ်သျှင်မယ်သား မင်းစနေမိသားစုတို့ လက်ထက်တိုင် မပျက်မသုဉ်း ဆင်းသက်လာသော သာကီမျိုးရိုးနှင့် ရှေးထုံးတမ်းစဉ်လာ၊ မင်းဆွေမင်းမျိုး၊ မှူးရိုးမတ်မွန်တို့အား လက်လှမ်းမီသရွေ့ ဖမ်းကာကွပ်ကဲ၍ သေလွန်ပျက်ပြုန်း လက်ငုတ်တုံးသွားကာ နိုင်ငံဂုဏ်သိက္ခာ ညှိုးနွမ်းခဲ့ရပြီး အနောက်ဘက်ကုလား ဘင်္ဂါ ၁၂ ခွင် နှင့် သက်ပါမကျန် ဆုံးပါးရိုင်းပြသွား ခဲ့ကြောင်း ပေါ်လွင်အောင် မှတ်တမ်းတင်ထားရှိခဲ့ပါသည်။ ကုသလနရပတိ ၁၀၀၀-၁၀၀၇ ကောဇာမှသည် မင်း-၁၄ ဆက်မြောက် မင်းစန္ဒဝိဇယရာဇာ ကောဇာ ၁၀၇၂-၁၇၁၀၊ နန်းစံ ၂၁-နှစ်တွင်မှ ပြည်ထောင်အဝှမ်း ချမ်းသာယာမှု အခိုက် အတန့်အလျောက် ရရှိကြောင်းဆိုပါသည်။ တတိယ မြောက်ဦးခေတ်အတွင်း မင်းဆက် ၂၈ဆက် ရှိခဲ့ရာမှ အလယ်မဏ္ဍိုင်၊ ခေတ်သက်တမ်း ၁၄၆ နှစ်ရှိသည့်အနက် ထက်ဝက် ၇၂/၇၃ နှစ်တွင် လည်း တိုက်တိုက်ဆိုင်ဆိုင် ကျရောက်ပါသည်။

ကုသလ နရပတိလက်ထက် ပညာရှိမှူးတော်မတ်တော်များ မည်၍မည်မျှ ရှားပါးသွားခဲ့သည်ကို နန်းတက်ပြီး (၂)နှစ်ခန့် သက္ကရာဇ်၁၀၀၂ အတွင်း အနောက်မဇ္ဈိမသို့ တိမ်းရှောင်သွားခဲ့သော အသက်အရွယ်အားဖြင့် ၇၇ နှစ်ရှိပြီးသူ လေက်ရုံးအမတ်အား သိမ်းသွင်းခေါ်ယူကာ အကြံပေးမင်း တိုင်ပင်အမတ်ကြီးအဖြစ် သုံးစွဲခဲ့ရပါသည်။ ရခိုင်သိုက်ကျမ်းပါ အချက်အလက်မြောက်များစွာ တို့အား ဤသိုက်တက်လေက်ရုံးအမတ်ကြီးက တိကျမှန်ကန်စွာ ပြန်ဆိုဖော်ပြခဲ့နိုင်ပေသည်။ ကုသလမင်းက ပညာရှိပုဂ္ဂိုလ်များမရှိပြီဖြစ်၍ ဆရာတော် ၁၂-ပါး၏ အဆုံးအမ အကြံပြုချက်များ ကို နန်းတွင်းနှင့် ဘာသာရေးရာ သာသနိကကိစ္စများ၌ ခံယူခဲ့ရ၏။ လေက်ရုံးအမတ် မခံစားမီက ဖြစ်ပေါ်ခဲ့သော အင်းဝသာလွန် မင်းတြားကြီး ရာဇသံအား

http://www.dhammadownload.com



နားလည်တတ်ကျွမ်းသူ မရှိ၍ မိမိဖြုတ်ချခဲ့သော သာသနာပိုင် ဂုဏမဉ္ဇူသျှစ်သောင်း ဆရာတော်ဟောင်းကို သက္ကရာဇ် ၁၀၀၁ခု အတွင်းက အမိန့်တော်ရေးထောက်စာနှင့် ရွှေ့တော်ဖတ်တို့အား အရှက်ကင်းမဲ့စွာဖြင့် (ဂုဏမဉ္ဇူ ဆရာတော်) သီတင်း သုံးနေရာ တောကျောင်းသို့လွှတ်ပြီး အကြံဉာဏ်တောင်းကာ ဖြေကြားစေခဲ့ ရပါသည်။

ဂုဏမဉ္ဇူဆရာတော်က ပြန်ကြားပေးခဲ့ပါသော်လည်း အမျက်တော်ထွက်၍ "နင်တို့အရှင် သည် မင်းသားမင်းသမီး မှူးကြီးမတ်ကြီးတို့ကို သတ်ဖြတ်၍ ပစ်မည်ကိုကားပြုတတ်သည် ရာဇသံ ပြန်ကြားလိုက်ရန် ကိုကားမတတ်လော" ဟုလာရောက်သူ မင်းမှုထမ်းများအား မင်းကြီးကို လျှောက် ထားရန် မှာတော်မူလိုက်သည်က တစ်ကြောင်းအပြင် နတ်သျှင်မယ် မိဖုရားကမင်းလျာရွေးချယ် ခိုင်းရာ၌ မင်းညီမင်းသား ထိုက်တန်သူမြောက်များစွာ ရှိပါလျှက်နှင့် နတ်သျှင်မယ်က ငကုသလ အမတ်ကြီးအားသာ ရွေးချယ်ရန်လိုလား၍ ကြံစည်နေကြောင်းသိသဖြင့် ဂိုဏ်းချုပ် ဂုဏမဉ္ဇူ ဆရာတော်က "ကျွန်ုပ်ကိုသာ ရွေးချယ်မင်းမြှောက်လော့" ဟုပြောဆိုပြီး ညီလာခံမှ စိတ်လိုက်မာန်ပါ ထွက်ခွာသည်ကို ခွင့်လွှတ်ခြင်းမပြုနိုင် ရန်ငြိုးထားပြီးကာ အသက်ထက်ဆုံးတိုင် ၎င်းဆရာတော်ကြီး အား တောကျောင်းတွင်ပင် လှို၍ထားခဲ့ပါသည်။

ငကုသလမင်းအနေဖြင့် ဘစောသီရိမင်းဗာ ကောင်းမှုတော်စေတီနှစ်ဆူမှာ မြို့တော် ကျယ်ပြန့်လာသည့်အခါ၌ လူသူများနေထိုင်ရာအတွင်း ကျရောက်နေ၍ ငင်းရင်ရိုးတော် နံရိုးတော် စေတီနှစ်ဆူမှ ဓါတ်တော်များ အားပြောင်းရွှေ့ကာ သင့်တော်ရာအရပ်၌ မြင်တော်မူ၊ ကြင်တော်မူ စေတီဟူ၍ တည်ထားခဲ့ပါသည်။ မိမိရှေးရှေးက မင်းများတည်ထားခဲ့သော ဘုရားရုပ်ဘုဆင်းတုဂူ ကျောင်းပုထိုးစသည်တို့ ပျက်စီးယိုယွင်းနေသည်များကိုလည်း မွမ်းမံပြုပြင်ခဲ့သည်။

ဤမင်းလက်ထက်မှစ၍ ငွေဒင်္ဂါးများ၌ ရင်ဖက်ကျောဖက် နှစ်ဖက်စလုံးတွင် ရခိုင်ရက္ခဝဏ္ဏ အက္ခရာ ဖြင့်သာစာထိုးပြီး ပါရှင်နှင့်နာဂရီအက္ခရာများကို ထည့်သွင်းခြင်း မပြုတော့ချေ။

အနောက်ဘင်္ဂါ မင်းရိုးနွယ်ဝင် ပေါ်တူဂီရေတပ်တွင် အရာရှိ အမှုထမ်းနေသော လက်ရုံး ရည်နှင့် ပြည့်စုံသည့် ဒေါင်မာတင် (ဒွန်မာတင်)ဆိုသူ မင်းသားတစ်ဦး နရပတိမင်းရိုး မဟုတ်သူ ထီးနန်းလုပြီး မြောက်ဦးမြို့တော်၌ မင်းပြုနေသည်ဟု အကြောင်းပြကာ ၎င်းအား ဖြုတ်ချနိုင်ရန် အတွက် ပေါ်တူဂီနိုင်ငံသို့ သွားရောက် စစ်ကူတောင်း ခဲ့သည်ဟုဆိုပါသည်။ သို့သော် အိန္ဒိယရှိ

http://www.dhammadownload.com



ပေါ် တူဂီရေတပ်ဌာနချုပ်သို့ အပြန်လမ်း ခရီးတွင် ကွယ်လွန်အနိစ္စရောက်ခဲ့၍ ၎င်းအကြံအစည်မှာ ပျက်ပျယ်သွားခဲ့ပါသည်။

နိုင်ငံရပ်ခြားကုန်သွယ် ဖောက်ကားရောင်းဝယ်မှုနှင့် ပတ်သက်၍ ဤမင်း လက်ထက် တိုးတက်မှု ရှိသည်ကိုကား မတွေ့ရပါ။ သို့ပင်ငြားလည်း ကျွန်ကုန်ရောင်းဝယ်မှု ဈေးကွက်တစ်ရပ် ပြောက်ဦးတွင် ထွန်းကားစပြုလာသည်ကို စာပေများ၌ တွေ့ရပါသည်။ ယင်းမတိုင်မီက ကျွန်ကုန် ကူးရာ၌ ရခိုင်နှင့် မဂိုရေတပ်တို့ ပါဝင်ခြင်းလုံးဝ မရှိခဲ့ပါ။ ကျွန်ဖမ်းသူများမှာ ပင်လယ်ဓါးပြများသာ ဖြစ်ကြပေသည်။ ရခိုင်တို့၏ ဩဇာခံ ဘင်္ဂါလာတော်သွင်း နယ်ပယ်များဖြစ်သော စစ်တကောင်းနှင့် ၎င်းဖြင့်ကပ်လျှက် တည်ရှိသော သောင်းတီ (Sandwip) ဘုရင်ဂျီကိုလိုနီခံတပ်မြို့များ၌သာ ကျွန်ဈေးကွက် တွင်တွင်ကျယ်ကျယ်ရှိခဲ့ပြီး ရခိုင်မင်းများ ခန့်အပ်ထားသော အုပ်ချုပ်ရေးမှူးများထံ သတ်မှတ်ထားသည့် အခွန်အကောက်ငွေများကို ပေးဆောင်ကြရပါသည်။ ရခိုင်မင်းများက ဘုရင်ဂျီ ပင်လယ်ဓါးပြသင်္ဘောများအား ဝင်ရောက်ရပ်နားပြီး အစာရေစာ ဖြည့်တင်းခြင်းနှင့် ကျွန်အရောင်း အဝယ်ပြုလုပ်ခြင်းများကို သောင်းတီ၊ စစ်တကောင်းမိမိတို့ လက်အောက်ခံ ဒေသများအတွင်း လျစ်လျူရှုထားခဲ့သည်မှာ အမှန်ပင်ဖြစ်ပေသည်။ ကျွန်အရောင်းအဝယ် ဈေးကွက်၌ ပါဝင်လာသည့် ပညာသည်ကျေးကျွန်နိုင်ငံတွင် အသုံးဝင်မည့်သူများအား မိမိတို့လက်ဝယ်ရှိသော သာမန် ကုလား ကျေးကျွန်၊ စစ်သုံးပန်းစသည့်သူများဖြင့် လဲလှယ်ယူခြင်းများ လည်း ရှိခဲ့ပါသည်။ ကျေသလ နရပတိမင်းလက်ထက်တွင် လက်လွှတ်သွားခဲ့သည့် နယ်ပယ်များကို ပြန်လည်နှိမ်နင်းသိမ်းသွင်းရန် စစ်အင်အားမရှိ၍ စစ်သုံးပန်းကျေးကျွန်မရရှိတော့သည့်အတွက် တစ်စတစ်စ မလိုလားအပ်သည့် ကျွန်ကုန်ကူးလုပ်ငန်းအပေါ် အားကိုးအားထား ပြုလာရဟန် တူပါသည်။ ရခိုင်ဒေသ၌ ဆန်စပါး၊ ကောက်ပဲသီးနှံ ကိုင်းထွက်ငရုပ်၊ အာလူး၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက် အစရှိသည့် လယ်ယာ စိုက်ခင်းများနှင့် သားငါး၊ ဆီ၊ ဆား အလုပ်ကြမ်း အလုပ်သမားများအဖြစ် ကျေးကျွန်များအားလွန်စွာ မှ အားကိုးအားထားပြု သုံးစွဲလာသည်ကိုလည်း မနှစ်မြို့ဖွယ် တွေ့မြင်လာရပါသည်။ ဤလိုအပ်ချက် ကြောင့် ကျေးကျွန်အရောင်း အဝယ်ဈေးကွက် ရခိုင်နယ်အတွင်းသို့ တဖြေးဖြေးခြင်း ကျွံဝင်လာသည် ဟု ယူဆရပေသည်။

လူမျိုးစုငယ် သက်၊ မြို့၊ ခမီးများမှာလည်း အများအားဖြင့် မိမိတို့စားဝတ်နေရေး ဖူလုံမှုအတွက်သာ ၎င်းတို့နေထိုင်ကြသော ကုန်းမြင့်တောတောင်ဒေသ တောင်ယာများ၌ ခက်ခဲစွာ ထုတ်လုပ်နိုင်ကြ၍ နိုင်ငံရပ်ခြားကုန်သွယ်မှု၊ တောင်ယာများနှင့် မြို့တော်ရပ်ရွာကြီးများ၏

http://www.dhammadownload.com



လိုအပ်ချက်များအား လုံးဝဖြည့်ဆည်း ပေးနိုင်စွမ်းမရှိသည့်အပြင် သူတို့၏ဓလေ့အစဉ်အလာအရ ကျယ်ဝန်းသည် မြေပြန့်လွင်ပြင်များသို့ ဆင်းသက်ကာ အသက်မွေးဝမ်းကြောင်းပြုရန် လုံးဝဆန္ဒမရှိကြပါ။ မြေပြန့်သားများနှင့် ရောနှောနေထိုင်ရန်ကို မဆိုထားဘိ နီးနားဝန်းကျင်၌ပင်ရွာများ ထူထောင် လုပ်ကိုင်စားသောက်ရန်ကိုပင် လွန်စွာမှ ဝန်လေးကြ ပါသည်။ အဓိကအနေဖြင့် ၎င်းတို့၏ လူမျိုးရောယှက်မှု ပေါ်ပေါက်လာမည်ကို စိုးရိမ်ကြောင့်ကြမှုပင် ဖြစ်သည်ဟု ဆိုရပေမည်။ လူမျိုးစု စိတ်ဓါတ်လွန်စွာမှ ပြင်းပြပြီး မိမိတို့ဘာသာ အေးဆေးငြိမ်သက်စွာ ပြောင်းလဲတိုးတက်မှုကိုလည်း မလိုလား၊ ဘိုးစဉ်ဘောင်ဆက် ဓလေ့ထုံးတမ်းစဉ်လာအရ အသက်မွေးဝမ်းကြောင်းပြုကာ သီးခြား ယခုတိုင် စုစည်းနေထိုင်ကြဆဲဖြစ်ပါသည်။

ကေသလနရပတိကြီးလက်ထက် ဘင်္ဂါ ၁၂-ခွင် လက်လွတ်သွားခဲ့သည်ဟုဆိုပင်ငြားလည်း ရခိုင် အနောက်မင်းနှင့် မြို့စားများ အုပ်ချုပ်မှု အောက်တွင် ရှိမြဲရှိနေကာ လက်ဆောင်ဘဏ္ဍာ မသွင်းမကျိုးမနွံ ခွဲခြားနေထိုင်ကြသဖြင့် စည်းလုံးညီညွတ်မှု ပျက်ပြားသွားခဲ့ရသည်အထိသာ ကျရောက်ခဲ့ပါသည်။ ဒေလီပဆာ မဂိုမင်းများနှင့် ဘင်္ဂါမှကုလားရာဇာများ လက်ဝယ်သို့ ကျရောက်ဆုံးရှုံးသွားခြင်းကား မဟုတ်ပါ။ ဤအခြင်းအရာ နှင့် အရှေ့အင်းဝသာလွန်မင်းတရား (တြား)ကြီးလက်ထက် ပျက်ခဲ့ရသည်အဖြစ်များက ရခိုင်ပြည်ထောင်၏ ဆိုးကျိုးကံကြမ္မာကို စတင်ဖန်တီးပေးခဲ့သည်ဟုပင် မှတ်ယူရပေမည်။

ကေသလမှာ ရှေးဘဝကံအကျိုးပေးမှုကြောင့် အေးချမ်း တည်ငြိမ်ပြီး သာယာဝပြောသော နိုင်ငံ၏ ထီးနန်းစည်းစိမ်ကို ညစ်ညမ်းယုတ်မာသည့်အကြံအစည် အပြုအမူများဖြင့် သိမ်းပိုက်လုယူ စိုးစံနိုင်ခဲ့ငြားလည်း ၇-နှစ်မျှသာ စံစားခဲ့ရပြီး သက္ကရာဇ် ၁၀၀၇၊ အေဒီခရစ် ၁၆၃၈ ခု၊ သက်တော် ၆၃-နှစ်အတွင် အနိစ္စရောက် တော်မူသည်။

## မင်းဆက်-၂

## ညီရောင်ဖြူ ခေါ် သတိုးမင်းတရား နှမတော် မိဖုရား၊ ရတနာကူမ္မာရီ၊ သက္ကရာဇ် ၁၀၀၇-၁၀၁၄ အေဒီ ၁၆၄၅-၁၆၅၂ နန်းစံ-၇ နှစ်။

ကုသလနရပတိမင်း အနိစ္စရောက်လေသော် သားတော် အိမ်ရှေ့မင်းသား အသက် ၂၆ နှစ်အရွယ်ရှိ ညီရောင်ဖြူက သတိုးမင်းတရားဘွဲ့ကို ခံယူကာ နှမတော်ရင်းရတနာကူမ္မာရီနှင့်

http://www.dhammadownload.com



အဘိသိက်ခံ၍ ထီးနန်း စည်းစိမ်ကို ဆက်ခံတော်မူသည်။

သာကီဝင်မင်းရိုးမဟုတ်သည့် အမတ်မျိုးနွယ် ခတ္တိယမင်း လက်ရုံးနှလုံးရည်ကြောင့် တေပါ မင်း ဖြစ်လာသူ ကေသလ နာရပတိကြီးက ဓညဝတီ၊ ဝေသာလီသာကီဝင်မင်းများ၏ မျိုးရိုးစဉ်ဆက် မည်စ်နွမ်း စေရန်ရည်ရွယ်ပြီး ကျင့်သုံးသည့် ဓလေ့အစဉ်အလာတစ်ရပ် ဖြစ်သော မောင်နှမရင်းချာ သားသမီးများအား ထိမ်းမြားပေးကာ ဖခမည်းတော်၏ ထီးနန်းအရိုက်အရာကို ဆက်ခံသည့် ထုံးတမ်းအတိုင်း ခတ္တိယမင်းရိုးကပါ စတင်ကျင့်သုံးလာသည်ကို တွေ့ရပါသည်။

သာမန်သာကီဝင်ပြည်ထောင်အတွင်း မှီတင်းနေထိုင်ကြသော ဗုဒ္ဓဘာသာဝင် ပြည်သူ ပြည်သားများ အနေဖြင့် ဤသာကီမင်းရိုးနန်းလျာ ရွေးချယ်သည့် ဓလေ့ထုံးတမ်းအစဉ်အလာအား အတုယူလိုက်နာ ကျင့်သုံးကြသည်ကား မရှိပါ။ ညီအစ်ကို သို့တည်းမဟုတ် ညီအစ်မ သွေးသား ရင်းချာ သားသမီးအချင်းချင်းပင် ထိမ်းမြားခြင်းမပြုသည့် ရှေးရှေးပဝေသဏီက အစဉ်အလာကို ရခိုင်ဗုဒ္ဓဘာသာဝင်များ ယနေ့ယခုအချိန် ထိတိုင်မဖျောက်မဖျက် ပစ်ပယ်ခြင်းမရှိ လိုက်နာကျင့်သုံး နေကြဆဲဖြစ်ပါသည်။

သတိုးမင်းတရား နန်းတက်လာသည်နှင့် ဖခမည်းတော်၏ မိဖုရားကြီးဟောင်း မိထွေးတော် နတ်ရှင်မယ်အား ဟာရီတောင်၏ အရှေ့ဘက်နန်းတော်ရာ ရွှေဝင်းတော်၏ အပြင်မြောက်အရပ်၌ ဝင်းနှင့် အိမ်တော်သစ်တစ်ဆောင် ဆောက်ပေးကာ နေထိုင်စေခဲ့၍ ၎င်းအား "မယ်တော်နန်း" ဟု ခေါ်ဝေါ်သမုတ် ကြသည်ဟုဆိုပါသည်။ ကေသလနှင့် နတ်ရှင်မယ်တို့မှာ ၇-နှစ်သာ နန်းသက်ရှိ ခဲ့ရာ၊ ညိုရောင်ဖြူမှာ အသက်အရွယ်အားဖြင့် နန်းတက်သည့်အခါ ၂၆ နှစ် ဖြစ်၍ ကေသလနာရ ပတိမင်း အမတ်ဘဝကအထက် အိမ်ထောင်မှုပါလာသော သားတော် သာဖြစ်ပေသည်။ ၎င်းက မိမိနန်းသက်တည်မြဲရေးအတွက် ရည်ရွယ်ပြီး မိထွေးတော်စပ်သူအား မိခင်ရင်းသဖွယ် အခွင့်အရေး ပေးမြှောက်စားကာ နန်းတော်ဝင်းနီးနား ဝန်းကျင်အပြင်ဘက်၌ ဝင်းနှင့် အိမ်တော်သစ်ဆောက်၍ တင့်တင့်တယ်တယ် ရုပ်ပြနှီးမြှောက်ထားခဲ့ခြင်းကြောင့် ပြည်သူအများ လေးစားချစ်မြတ်နိုးကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။ ထို့အပြင် ကေသလအမတ်ယုတ်က မန္တန်မန္တရားယတြာများဖြင့် ဖျက်ဆီး ပြုစားကာ ငယ်ရွယ်သူ မင်းမောင်နှံနှစ်ပါးထံမှ နန်းလုမင်း ဖြစ်လာ သည်ကို ပြည်သူအများသိကြ၍ သီရိသုဓမ္မရာဇာနှင့် နတ်ရှင်မယ်မင်းမောင်နှံ မောင်နှမနှစ်ပါးတို့အပေါ် သနားဂရုဏာ စိတ်ပိုမို

http://www.dhammadownload.com



သက်ဝင်ပြီး နှမြောတသယူကျုံးမရ ဖြစ်ကြပေမည်မှာလည်း မလွဲပေ။

သတိုးမင်းတရား နန်းတက်ပြီး နှစ်အတန်ကြာသောအခါ မဟာမုနိနှင့် ဦးရစ်တော်ဓါတ်တို့အား ဖူးမြော်ရန် တပ်တော်ကြီးဖြင့် ရေကြောင်းချီတော်မူကာ အလျူတော်ကြီးနှပ်းခဲ့ပြီး ထိုမှတစ်ဆက်တည်းပင် ဖခမည်းတော် နာရပတိကြီးလက်ထက်က မကျိုးမညွှတ် ပုန်ကန်ရိုင်းပြ ပြုမူနေခဲ့ကြသော သက်ပြည်ထောင် ရမ္မာပူရကမ္ဘောဇတို့သို့ နှိမ်းနင်းရန် ဆက်လက်ကြွချီတော်မူပြန်ရာ သက်ပြည်ထောင်များက ခုခံခြင်းမပြုပဲ ကြိုဆိုလက်ခံ၍ လက်ဆောင်ပဏ္ဏာများ ဆက်သကြသဖြင့် ဘင်္ဂါ ၁၂-ခွင်ရှိ တက္ကတျာ အစရှိသော ခုနှစ်ပြည်ထောင်မှ ရခိုင်အုပ်ချုပ် ရေးမှူးများကပါ စစ်မက်မလိုလား၍ အလားတူ လာရောက်ဆက်သ လာကြသောကြောင့် ဘင်္ဂါနှင့်စစ်မက်မရှိ လက်ဆောင်ပဏ္ဏာ ဆက်သလိုက်သည်များအား ပျူငှာစွာ လက်ခံယူကာ နေပြည်တော်သို့ပြန်တော်မူခဲ့သည်။ ဘင်္ဂါဒေသတစ်ရပ်လုံးအား စစ်ပြုအနိုင်ယူလောက်သည့် စစ်အင်အားလည်း ရှိလိမ့်မည် မထင်ပါ။

သို့သော် ဒေလီမဂိုမင်းရန်ကို ကြောက်ရွံ့၍သာ ဘင်္ဂါရခိုင်အုပ်ချုပ် ရေးမှူးများက အချင်းချင်း စစ်မက်မပြုလို၍ အညွှံခံခဲ့ကြခြင်းဖြစ်ပေမည်။

အထက်ဖော်ပြပါအတိုင်း စစ်အင်အားပြ ကြွချီခဲ့ရာ၌ ပါဝင် လိုက်ပါရန် ပျက်ကွက်ခဲ့သည့် မှူးမတ် ဗိုလ်ပါ မြို့စား၊ ရွာစားများအား ပြည်ရွာအနှံ့စိစစ်ပြီး ထောင်တွင်းဖြည့်ရန် မင်းကြီးက အမိန့်တော် ထားရှိခဲ့သည်နှင့် စိစစ်ရေးအဖွဲ့ဝင်များက မင်းမိန့်မင်းအာဏာကို အခွင့်ကောင်းယူကာ အလွဲသုံးစားပြုပြီး လူသူများအား နိုင်ထက်စီးနင်း ခြောက်လှန့်တောင်းယမ်း စားသုံးနေကြခြင်းကြောင့် ပြည်သူအများအပြား ဆင်းရဲဒုက္ခအမျိုးမျိုးဖြင့် ပြည့်ရှင်မင်းမရှိခိုက် ကြုံကြိုက်ခဲ့ကြရသည်ဟု ဆိုပါသည်။

ဘုရင်မင်းနေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည့်အခါ အနာရောဂါစွဲကပ်သဖြင့် လွန်စွာအနာသည်းလတ်သည်ကို မိမိယုံသား မကောင်းသောမိစ္ဆာများက ဖော်ပြပါအတိုင်း မတော်မတရားညှင်းပန်းသတ်ဖြတ် လာဘ်စားမှုများကို ကျူးလွန်ခဲ့ကြ၍ ထိုကဲ့သို့ ရောဂါ ပျောက်ကင်း နိုင်ခြင်းမရှိ ခံစားနေရသည်ဟု ဘုရင်မင်းသံဝေဂ ယူတော်မူကြောင်း ရာဇဝင်အရသိရပါသည်။ သို့ပါ၍ သတိုးမင်းတရားလက်ထက်တွင်လည်း ဤအရေးအခင်းကြောင့် ရာထူးမှချကာ ထောင်တွင်းအဖြည့်ခံကြရသဖြင့် နောက်ထပ်ပညာရှိ ပုဂ္ဂိုလ် မှူးတော်မတ်တော် မြို့စားရွာစား ပစ္စည်းဥစ္စာရှင် အများအပြား ထပ်မံယုတ်လျော့ ပျက်စီးခဲ့ရပြန် ပါသည်။

http://www.dhammadownload.com



သတိုးမင်းတရားတွင် နှမတော်ရင်းမိဖုရားကြီး ရတနာကုမ္မာရီ၊ တောင်မိဖုရားကား ရှင်လတ်၊ မြောက်မိဖုရား စောပွိမယ်နှင့် အနောက်မိဖုရားကား မိဖုရားဖြူစသည်ဖြင့် မိဖုရား ၄ပါး ရှိသည့်အနက် ၎င်းတို့မှ မြင်သည့် သားတော်သမီးတော်များမှာ မိဖုရားရတနာကုမ္မာရီတွင် သားတော်ကြီး စန္ဒာနှင့် မင်းမဲလုလင်နှစ်ပါး၊ သမီးတော်မယ်ကြီးနှင့် မယ်လတ် စုစုပေါင်း ၄ ဦး၊ မိဖုရား ရှင်လတ်တွင် သားသမီးမရှိ မိဖုရားစောပွိမယ်တွင် သမီးတော် စန္ဒပဘာ နှင့် မိဖုရားဖြူတွင် သားတော်မင်းချွတ်တို့အပြင် ကိုယ်လုပ်တော်များမှ ဖွားမြင်သော သားသမီးတစ်ကျိတ်မက ရှိသေး သည်ဟု သိရပါသည်။

၎င်းမင်းအနေဖြင့် မိမိနိုင်ငံလုံခြုံရေးအတွက် ဘင်္ဂါနှင့်သက်ပြည်ထောင်များအား စစ် အင်အားပြချီတော် မူကာ အခိုက်အတန့်အလျောက် ပြန်လည်သိမ်းသွင်းထားရှိနိုင်ခဲ့သည်မှအပ တခြားတိုင်းကျိုးပြည်ကျိုးနှင့် ဘာသာသာသနာ ထွန်းကားရေးအတွက် အထူးတလည်ဆောင်ရွက် ခဲ့သည်ကို ကားမတွေ့ရပါ။ ငွေဒင်္ဂါး ထုတ်လုပ်သောအခါ မြောက်ဦးမြို့တော်နှင့် ခေတ်ကိုတည် ထောင်ခဲ့သော မင်းစောမွန်၏ ရွှေနန်းသခင် နာရမိတ်လှအမည်ပါ ဒင်္ဂါးကဲ့သို့ အနားပတ်လည်တွင် ဗိန္ဒုပြောက်များ ထည့်သွင်းခတ်နှိပ်ထားပြီး၊ ဒင်္ဂါးပေါ်တွင် "၁၀၀၇ ဆင်နီသခင်၊ ဆင်ဖြူသခင် သတိုးမင်းတရား"ဟု စာတမ်းထိုးထားသည့် ထူးခြားချက်တစ်ရပ်ကို တွေ့ရပါသည်။ ရာဇဝင်အဆို အရ ကနက္ကဒဏ် ထီးဖြူကိုဖွင့်၍ ပွင့်တော်မူသောကြောင့် ထီးဖြူပွင့်ဟန် ထီးရစ်ဗိန္ဒုပြောက် ထည့်ကာ ခတ်လုပ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ဆင်ဖြူဆင်နီများ သတိုးမင်း တရားလက်ထက် တိုင် ရှိနေသေးကြောင်းသိရပြီး ၎င်းနောက်တွင် ဘုရင်မင်းများဒင်္ဂါးထုတ်လုပ်ရာ၌ ဆင်နီသခင်၊ ဆင်ဖြူသခင်အသုံးအနှုန်းအား ဆက်လက်ဖော်ပြခြင်း မပြုတော့ပါ၍ ၎င်းဆင်များ သေဆုံးသွားပြီး ဖြစ်တန်ရာသည်။ ၁

မင်းကြီးသည် ခံစားနေရသော အနာသည်းလတ်၍သေအံ့သောအကြောင်းကို သိသဖြင့် ဖိဖုရားကြီးနှင့် မှူးတော်မတ်တော်များအား ခေါ်ယူကာ သားတော်အိမ်ရှေ့မင်းသား စန္ဒာကို ထီးနန်းအပ်ပြီး မကြာမီ သက္ကရာဇ် ၁၀၂၄၊ အေဒီ ၁၆၄၂၊ နန်းစံ ၇ နှစ်တွင် အနိစ္စရောက် တော်မူသည်။ ကေသလနရပတိမင်းက ၎င်း၏ အမတ်မျိုးရိုးနန်းစဉ် နန်းဆက်သစ် Dynasty တည်ထောင်ရာ၌ ၎င်းမင်းမှာ ပထမသော မျိုးဆက်မင်း ဖြစ်လာခဲ့ပါသည်။ မင်းဆက်အနေဖြင့် ဒုတိယမင်းဆက် ဖြစ်သည်။

---

၁။ စံသာအောင်၊ ဦး၊ ရခိုင်ဒင်္ဂါးများ၊ စာ-၅၁။

http://www.dhammadownload.com



## မင်းဆက်–၃

## စန္ဒသုဓမ္မရာဇာ၊ နှမတော်ရင်း ရတနာကုမ္မာရီ မိဖုရား၊ သက္ကရာဇ် ၁၀၁၄– ၁၀၃၆ အေဒီ ၁၆၅၂–၁၆၇၄၊ နန်းစံ–၂၂ နှစ်။

ဖခမည်းတော် သတိုးမင်းတရား လွန်တော်မူသည့်အခါ သားတော် စန္ဒမင်းသားက နှမတော်ရင်း ရတနာကုမ္မာရီနှင့် စန္ဒသုဓမ္မ ရာဇာဘွဲ့ကိုခံယူကာ ထီးနန်းအရိုက်အရာကို ဆက်ခံတော်မူသည်။ နန်းတက်ပြီး သည်မှ ဖခင်မွမ်းမံခဲ့သော မြို့ရိုး၊ ကျုံးမြောင်းတို့ကို အပြီးသတ် ဆက်လက်ပြုပြင် ဆောင်ရွက်ထားရှိတော်မူခဲ့သည်။

သက္ကရာဇ် ၁၀၁၉၊ အေဒီ-၁၆၇၇ ခု၊ နတ်တော်လတွင် မဟာမုနိသိမ်တော်နှင့် ဝင်းမနား ကျီတော်တို့ မီးသင့် ပျက်စီးသွားခဲ့ရာ သက္ကရာဇ် ၁၀၂၀၊ အေဒီ-၁၆၅၈ အတွင်း မဟာမုနိသိမ်တော် အား သစ်ကောင်းများဖြင့် အသစ်တဖန် ပြန်လည်ဆောက်လုပ်တော်မူခဲ့ပြီးသည့်နောက် သက္ကရာဇ် ၁၀၂၁ ခုတွင် မိမိဒါနပြုသည့် ရတနာစံဦးစေတီနှင့် ကျောင်းတော်ကို တည်ဆောက် လှူဒါန်းတော်မူ ခဲ့သည်။ အေဒီ-၁၆၅၉။

စန္ဒသုဓမ္မရာဇာမင်းနန်းတက်သည့် အေဒီ ၁၆၅၂ မှ ၁၆၆၀နှစ် ဝက်အထိ နန်းစံ ၈-နှစ် အတွင်း မြောက်ဦးမြို့တော်နှင့် ရခိုင်ပြည်ထောင်မှာ နိုင်ငံရပ်ခြား ကုန်သွယ်မှုနှင့် စီးပွားရေးရာ ကောင်းမွန်ခြင်းကြောင့် ဝပြောသာယာမှုရှိခဲ့ပါသည်။

သို့သော် အေဒီ ၁၆၆၀ ခု ၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မထင်မှတ်ပဲ အနောက်မဖွိုမ ဒေလီမဂိုမင်းဖြင့် ဆက်ဆံရေး အခြေအနေမှာ တင်းမာမှုတစ်ရပ်စတင် ဖြစ်ပေါ်ခဲ့ပါသည်။

ဒေလီမဂိုကေရာဇ်ကျီဟန် Shah Jehan အနိစ္စရောက်သည့်အခါ စတုတ္ထသားတော် ဩရန်ဇဇ် Aurangzeb မင်းသားမှာ ဒေလီနန်းတော်၌ ရှိနေ၍ ဖခင်၏အရိုက်အရာကို လွယ်ကူစွာရယူကာ နန်းတက်ခဲ့ ပါသည်။

ဤအပြုအမူကို မကျေနပ်သော တခြားသားတော်များက ထီးနန်းကိုရယူရန် စစ်ပြုကြိုးပမ်း ခဲ့ကြပါသော်လည်း မအောင်မြင်ကြပဲ စစ်ပျက်ကာ ထွက်ပြေးတိမ်းရှောင် သွားခဲ့ကြရာ၌ ဒက္ကာမြို့စား နောင်တော် ရှာရှုဂျာ Shah Shuja ရခိုင်အခေါ် “သက်သူဇာ”မှာလည်း တစ်ပါးအပါအဝင်ဖြစ်ပေ

http://www.dhammadownload.com



သည်။

ရှာရှူဂျာမင်းသားသည် မိမိနှင့်မိသားစု အသက်စည်းစိမ် လုံခြုံရေးအတွက် ဘင်္ဂါ- စစ်တကောင်းမြို့ရှိ ရခိုင်အုပ်ချုပ်ရေးမှူးမှတဆင့် မြောက်ဦးမြို့တော်၌ ခိုလှုံခွင့်ရရှိရေး၊ စန္ဒသုဓမ္မ ရာဇာမင်းထံ တောင်းခံခဲ့ရာ ရခိုင်ပြည့်ရှင်မင်းက လူလူချင်းစာနာမှုဖြင့် မဂိုရခိုင်ဆက်ဆံရေး ကောင်းမွန်မှုတို့ကို အကြောင်းပြုကာ ခွင့်ပြုချက်ပေးခဲ့သဖြင့် အေဒီ ၁၆၆၀ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့ တွင် မြောက်ဦးမြို့တော်သို့ မိဖုရား သားတော် ၃-ပါးနှင့် သမီးတော် ၂-ပါးအပြင်၊ ခြွေရံ သင်းပင်း ၃၀၀ကျော်ခန့် ပစ္စည်းဥစ္စာ ရတနာရွှေငွေ မြောက်များစွာ ရဲမက်များဖြင့် ထွက်ပြေးဝင် ရောက် ခိုလှုံလာခဲ့ပါသည်။

စန္ဒသုဓမ္မရာဇာမင်းက သက်သူဇာ ရှုရှုဂျာမင်းသားအား ဧည့်ဝတ်ကျေပြွန်စွာ လက်ခံပြီး ဝသဲချောင်း ညာဘက်ကမ်းပါး ဘားဘူတောင်ခြေရင်း၌ ယာယီနန်းတော်ဆောက်လုပ်ပေးကာ ၎င်းတို့၏ လုံခြုံရေးနှင့် လိုအပ်သမျှကို စီစဉ်ဆောင်ရွက်ထားခဲ့ပါသည်။ ယင်းခေတ်ယင်းအခါက ဒေလီမဂိုမင်းညီမင်းသားများနေထိုင်သည့် အိုးအိမ်တိုက်တာ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာ၊ ရွှေငွေ ရတနာနှင့် အဆောင်အယောင် အခွင့်အရေးများမှာ အိန္ဒိယအဝှန်း လွှမ်းစွာမှုဖြင့်မားပြီး မိမိတို့၏ ဂုဏ်ဒြပ်အခွင့်အလမ်းများကြောင့် မာန်မာနပြင်းထန်ကာ အဓမ္မမှုများ ကျူးလွန်ရန် လက်မနှေးကြ ပေ။ မဟာမေဒင်ဘာသာရေး အယူဝါဒပြင်းပြပြီး စစ်ကျူးတိုက်ခိုက် သတ်ဖြတ်မှု ဝါသနာထုံကာ နယ်မြေချဲ့ထွင်သိမ်းပိုက်၍ ဘာသာရေးဖြန့်ချိသူများလည်း ဖြစ်ကြပေသည်။ သက်သူဇာမင်းသား ရခိုင်ဒေသသို့ ရှောင်တိမ်းလာခဲ့သည့် အချိန်ကပင် ရခိုင်ထီးနန်းနှင့် မြို့တော်အား ရှောင်တခင် သိမ်းပိုက်ကာ ရခိုင်နှင့်ဘင်္ဂါ ၁၂-ခွင်တွင် ခြေကုတ်ရယူပြီး ဒေလီမဂိုမင်း ညီတော်အား စစ်ပြုဖြုတ်ချ ၍ အာဏာရယူမင်းပြုမည့်အကြံအစည်ရှိသည်ဟု တစ်ချို့သုတေသီများက ယူဆကြပါသည်။

သူရောက်လာပြီး မကြာမီ အာရပ်လူမျိုး ၈၀ ခန့် တိတ်တဆိတ်ပွင်းထံဝင်ရောက်လာကြပြီး သက်သူဇာမင်းသားကလည်း အရှေ့ပြည်ရှိ မဟာမေဒင်တို့၏ ဘာသာရေးမြို့မက္ကာသို့သွားလို ကြောင်းနှင့် ရခိုင်ရေတပ် သင်္ဘောအစောင့်အရှောက်ဖြင့် ပို့ပေးပါရန် စန္ဒသုဓမ္မရာဇာ မင်းထံ ပန်ကြားခဲ့သည်ဟုဆိုပါသည်။ သို့သော် စန္ဒသုဓမ္မရာဇာမင်းက သင်္ဘောတူခွင့်ပြုချက်မပေးပဲ ကြံ့ကြာ နေသည့်အပြင် သက်သူဇာသွေး သမီးတော်တစ်ပါးဖြစ်သူ (ဘာနူ) Banu မင်းသမီးအား ထိမ်းမြား

http://www.dhammadownload.com



မိဖုရားမြှောက်ရန် တောင်းဆိုလာခဲ့ရာ အိန္ဒိယတိုက်ငယ်အဝှမ်းအတုမရှိ ဘုရင့် သားတော်တစ်ပါး အနေဖြင့် ဂုဏ်ဒြပ်မြင့်မားစွာ စည်းစိမ်အာဏာ စက်ဖြင့်ကြီးမားထယ်ဝါသော မြို့ကြီးပြကြီးများ၌ မင်းမူနေခဲ့သော သက်သူဇာနှင့် မင်းကြီး၏ချစ်ကြည်ရေး ပျက်ပြားခဲ့ပါသည်။

သက်သူဇာမင်းသားက စန္ဒသုဓမ္မရာဇာမင်းသည် မိမိသမီးတော်အား အတင်းအဓမ္မ သိမ်းပိုက်ယူမည်ကို ကြောက်ရွံ့စိုးရိမ်မကင်း ဖြစ်လာ၍ ရခိုင်ပြည်တွင်း မှီတင်းနေထိုင်ကြသော ကုလားမူသလမန် လုပ်သား ကျေးကျွန်များအားစည်းရုံးကာ ရခိုင်ပြည်ကို သိမ်းယူမည့် အစီအစဉ် ပေါက်ကြားသွားခဲ့သည်နှင့် စန္ဒသုဓမ္မရာဇာမင်းက ၎င်းအား ချုပ်နှောင် ဖမ်းဆီးရန် စီစဉ်လေသည်။ ထိုအခါ တိတ်တဆိတ်ခိုးဝင်လာသော အာရပ် ၈၀-ခန့်နှင့် သက်သူဇာဆွေဝင် ၃-ဦးတို့ကမိမိတို့ စံအိမ် မြောက်ဦးမြို့နှင့် နန်းတော်ကိုမီးရှို့ပြီး မြို့တော်အတွင်း အခြေအနေရှုပ်ထွေးအောင်ဖန်တီးနေ ချိန်တွင် ရခိုင်ပြည်အနောက်မြောက်ပိုင်းသို့ သက်သူဇာမိသားစုနှင့် နောက်လိုက်နောက်ပါများ ထွက်ပြေးသွားကြရာ ဘင်္ဂလားနယ်စပ် တရိပူရ (Trippura) သို့ မဖြတ်ကျော်မီ ရခိုင်တပ်များက ဖမ်းဆီးရမိ၍ ဘုရင့်အမိန့်တော်ဖြင့် သက်သူဇာအားကွပ်မျက်ကာ ၎င်းမိသားစုဝင်သမီး ၂-ပါးနှင့် မိဖုရားတို့အား နန်းတော်အတွင်း သီသန့်မိန်းမဆောင်၌ ထားရှိ၍ သားတော် ၃-ပါးကိုမူ ထောင်ထဲ သွင်းအကျဉ်းချထားခဲ့ပါသည်။ မီးရှို့သူများအား ဖမ်းဆီးမိ၍ ၎င်း ၈၀ ခန့်အား ကွပ်မျက်ကာ မင်းဆွေမင်းမျိုး မသတ်ကောင်းဟု မယ်တော်ကတား၍ ဆွေဝင် ၃ ဦးကို မသတ်ပဲချမ်းသာခွင့်ပေးခဲ့ သည်ဟု အဆိုရှိပါသည်။ အေဒီ ၁၆၆၀ ခု ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သက်သူဇာအား ကွပ်မျက် ခဲ့သည်ဟု သိရပါသည်။

ဖော်ပြပါ အရေးအခင်းကြောင့် သက်သူဇာသွေးသမီးတော် ဘာနု သို့မဟုတ် ညီအစ်မ နှစ်ဖော်တို့အား မိဖုရားမြှောက်ရန် အစီအစဉ်မှာလည်း ထိုအခြေအနေကြောင့် ပျက်ပြားသွား ခဲ့ပါသည်။

စန္ဒသုဓမ္မရာဇာမင်းမှာ သက်သူဇာသွေး သမီးတစ်ပါးအား လွန်စွာမှ လိုလားစွဲလန်းမှု ဖြစ်နေသည့် အလျောက်မကွပ်ပဲ အသက်ချမ်းသာခွင့်ပေးခဲ့သော ဆွေဝင်မိသားစုများ အကုန်ကို မကြာမီ အစောင့် အရှောက်များနှင့် လွတ်လပ်စွာ နေခွင့်ပေးခဲ့ပါသည်။ မိဖုရားနှင့် သမီးတော် နှစ်ပါးအား နန်းတွင်းမိန်းမဆောင် တွင် နေခွင့်ပြုပြီး သားတော် ၃-ပါးအား ထောင်တွင်းအချုပ်

http://www.dhammadownload.com



အနှောင်ခံနေရာက လွှတ်ပေးခဲ့ပါသည်။

သက်သူဇာမင်းသားကွပ်မျက်ခံရပြီးဖြစ်ကြောင်း ဒေလီမင်း၏ ဘင်္ဂလားဘုရင်ခံဖြစ်လာသူ ၄င်း၏ ဦးရီးတော် ရှာယိစ္စတာခန် Shayista Khan က ဒက္ကာမြို့ရှိ ဒတ်(ချ်)ကိုယ်စားလှယ်ထံမှ ကြားသိရသောအခါ ဒတ်(ချ်)တို့အကူဖြင့် ဂင်္ဂါအမည်ရှိသော သင်္ဘောတစင်းကို ငှားပြီး ရှာရှုဂျာ၏ သားတော် သမီးတော်များကို ပေးအပ်ရမည်ဟု သံတမန်စေလွှတ်၍ စန္ဒသုဓမ္မရာဇာထံ ရာဇသံပေးကာစေခဲ့ပါသည်။ သို့သော် ၄င်းသံတမန် အား စန္ဒသုဓမ္မရာဇာမင်းက လက်ခံတွေ့ဆုံခွင့် မပေးခြင်းကြောင့် သံတမန်အနေဖြင့် မည်သို့မျှ မဆောင်ရွက်နိုင် ခဲ့ချေ။ မဂိုဘင်္ဂလားဘုရင်ခံက အေဒီ ၁၆၆၃ ခု နှစ်တိုင်အောင် ရှာရှုဂျာ၏ သားတော်သမီးတော်များအား၄င်းထံပေးအပ်ရမည်ဟု ထပ်ကာတလဲလဲ တောင်းဆိုနေဆဲ ဖြစ်သော်လည်း အောင်မြင်ခြင်းမရှိပါ။

ဤအချိန်အတွင်း အေဒီ ၁၆၆၄ ခုနှစ်ဦးခန့်တွင် နောက်ထပ်အရေးအခင်းတစ်ရပ် ပေါ်ပေါက်ခဲ့ပြန်ပါသည်။ ပြင်ပတွင် လွတ်လပ်စွာ အစောင့်အရှောက်ဖြင့် လှုပ်ရှားသွားလာ ခွင့်ပြုထားသော သက်သူဇာ၏ သားတော်များက မဂိုလေးတပ်သားများနှင့် ပူးပေါင်း၍ မိခင်၊ နှမတော်များကို တစ်ပါတည်းခေါ်ယူ၍ အနောက်မဇ္ဈိမသို့ ထွက်ပြေးရန် အကြံအစည်ဖြင့်ညီကာ မြောက်ဦးနန်းတော်အား ဒုတိယအကြိမ် မီးရှို့လုပ်ကြံခဲ့ရာ၌ အောင်မြင်မှုမရှိ မိသားစုအကုန်အား ဖမ်းမိသောကြောင့် စန္ဒသုဓမ္မရာဇာကမိသားစုနှင့် ဆွေဝင်အကုန်ကို ကွပ်မျက်ခဲ့သည်ဟု သိရပါသည်။ မဂိုကမန်လေးတပ်သားများကိုမူ သစ္စာရေသောက်စေပြီး မိမိ၏ ကိုယ်ရံတော်အဖြစ် နန်းတော်ဝင်းအတွင်း အစောင့် အရှောက်တာဝန်ကိုပင် ဆက်လက်ပေးထားသည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ နှစ်ကြိမ်တိုင်တိုင် သစ္စာမဲ့စွာ မိမိတို့ မဟာမေဒင်ဘက်က ကူညီလုပ်ကြံခဲ့သော ကမန်(ခေါ်) မဂိုလေးတပ်သား များအား မိမိကိုယ်ရံတော်တပ်အတွင်း သွပ်သွင်းပြီး ဆက်လက်သုံးစွဲနေခြင်းမှာ နောင်တွင် စန္ဒသုဓမ္မာရာဇာမင်း လွန်လေပြီးသောအခါ၌ ခွင့်မလွှတ်နိုင်သည့် အမှားတော်ကြီး တစ်ရပ်ဖြစ်လာခဲ့ ပါသည်။ ဤပင်မက မိမိလိုအင် ဆန္ဒတစ်ခုတည်းတွင်မူတည်ကာ သက်သူဇာသားသမီးများအား မခွဲနိုင်မခွာရက် တိုင်းရေးပြည်ရေးနှင့် ဘင်္ဂါဒေသအနေအထားကို လေးလေးနက်နက် ထည့်သွင်း မစဉ်းစားပဲ ၄င်းမိသားစုအား ဘင်္ဂလားဘုရင်ခံထံ အပ်နှံရန် ငြင်းဆန်နေခဲ့သည်က ရခိုင်တို့၏ ဩဇာလွှမ်းမိုးရာ ဘင်္ဂါ ၁၂-ခွင် လုံးလုံးလျားလျား လက်လွှတ်သွားခဲ့ကာ ရခိုင်ရဲမက် သူရဲကောင်း မြောက်များစွာတို့၏ အသက်စတေးခံခဲ့ရသည်အထိ

http://www.dhammadownload.com



ဖြစ်ခဲ့ရပါသည်။ နိုင်ငံရပ်ခြားကုန်သွယ် ဖောက်ကားမှုကဏ္ဍတွင်လည်း အထူးအားထားရသည့် စစ်တကောင်း နှင့် ပေါ်တူဂီ ကိုလိုနီ၊ ဒီယင်ဂါ ဆိပ်ကမ်းပါ ဆုံးရှုံးသွားခဲ့ရခြင်းကြောင့် အကောက်အခွန် ဘဏ္ဍာတော် တစောက်ထိုးကျဆင်း သွားခဲ့ပါသည်။

ဤကဲ့သို့ သက်သူဇာမိသားစုအား ကွပ်မျက်သည့် အခြင်းအရာကို ဒတ်(ချ်)မြောက်ဦးမြို့ ဌာနခွဲသို့ တာဝန်ထမ်းဆောင်ရန်ရောက်လာသော ဒန်နီယာလ်ဆိတ် Daniel Six က ၁၆၆၄-ခု၊ ဧပြီလတွင် ဘာတီဗီယာ ဂျာဘာ ဒတ်(ချ်)ကုန်သွယ်ရေးဌာနချုပ်သို့ ပေးပို့ခဲ့သည့် ဧပြီလ ၁၆၆၄-ခု အစီရင်ခံစာက အတည်ပြုထားပါသည်။

မြောက်ဦးနန်းတော်ကို အေဒီ ၁၆၆၄ ခု၊ ဝါခေါင်လတွင် အသစ်တစ်ဖန် ပြန်လည်ဆောက်တည်ခဲ့ပါသည်။ သက်သူဇာသွေး သမီးတော်အား မည်၍မည်မျှ စွဲလမ်းခြင်းဖြစ်ပြီး မက်မောနေသည်ကို စန္ဒသုဓမ္မ ရာဇာမင်း ရေးစပ်ဖွဲ့နွဲ့ထားခဲ့သည်ဆိုသော ထိုသက်သူဇာထွေး မဏ္ဍိမအလှဒေဝီ၏ ရုပ်ဆင်းအင်္ဂါ အလှကျက်သရေ အဖြာဖြာအား ချီးမွမ်းခန်းပျို့ကဗျာမှာ-

(၁) ပလျှမ်းထင်၍၊ ထိပ်ပြင်ဦးစွန်း၊ လရောင်ထွန်းသို့၊ တို့ကျွန် အားလုံး၊ ကိုယ်ရောင်ဖုံးသည်၊ တင့်ဆုံး ဝင်းပြောင်၊ လှထွတ် ခေါင်မူ၊ ဖြူရောင်ပြာထွား၊ ရွှေအသားနှင့်၊ မြသားစိန်သွယ်၊ လကိုယ်နှယ်သို့ ကြင်ဖွယ်လှတင့်၊ ခြောက်ပြစ်လွင့်၍၊ လှချင့်အရည်၊ ခြောက်ထပ်ပြည်လည်း၊ ရှိမည်မထင်၊ မြင်လျှင်ကိုယ်လုံး၊ သက်ဆုံးတိမ်းမတ်၊ ခန္ဓာပြတ်လိမ့်၊ နတ်လည်းမတူ၊ လူလည်းမက၊ ဘယ်ဒါန ကြောင့်၊ အလှသို့စင်လွန်သနည်း။

(၂) ညဥ့်မှောင်တွင်း၌၊ အပြင်ဆယ့်လေး၊ ဝင်းရောင်ပြေးသား၊ ငယ်သွေးရှိန်းရှိန်း၊ ဆင်းမြစိမ်းကို၊ ခပ်သိမ်းရှင်လူ၊ နှလုံးမူလိမ့်၊ မဥ္ဇူပန်းမြတ်၊ ပွင့်ရောင်လွှတ်သို့ မိမြတ်ပြာစင်၊ သက်လုံးကြင်မျှ၊ ဥဒက်ုရ၊ တွင်မှုသညာ၊ မြဂေါယာနှင့်၊ ပြဗ္ဗာရပ်တောင်၊ တောင်ညာဇမ္ဗူ၊ ကျွန်းလေးဆူတွင်၊ ရှင်လူပြိုင်ဘက်၊ ရမည်ခက်၏။ ပြီးပျက်ရောင်သွယ်၊ သော်တာနယ်သို့ နှိုင်းဆွယ်မလျော်၊ အစုပေါ်တွင်၊ သင်္ကော်ဒေဝ၊ နှုတ်ကပြတ်ပြတ်၊ သံချိုလွှတ်သည်၊ ဘယ်နတ်သင့်ကို ဖန်သနည်း။

(၃) လှစ်တင့်၍၊ ကေသျှင်မြနှစ်၊ ထုံးကျစ်လှစ်နှင့်၊ ရေသစ်မွှမ်းဖျင်း၊ မြူတေဝင်းမျှ၊ အဆင်းရွှေရောင်၊ ခန်းလုံးပြောင်သား၊ တန်ဆောင်အတူ၊ ထားပြဖြူလျှင်၊ မိုးသူနတ်ရုပ်၊ နှိုင်းမစပ်

http://www.dhammadownload.com



တည်း။ ခြောက်ထပ် တံခွန်၊ လှတင့်ဟန်နှင့်၊ ယုဂန်ထိပ်ဖျား၊ ဘယ်သိကြားသည်၊ မှတ်သား
နောင်ဖို့ ရန်သနည်း။

ဤသုံးပိုဒ်စုံ ပျို့ကဗျာအား မြောက်ဦးတတိယခေတ်နှောင်းပိုင်း ရခိုင်ရတုကဗျာ၊ စာပေ အဆင့်အတန်းအား ပီပြင်စွာသိရှိနိုင်ရန်အတွက် အပြည့်အစုံ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။ အေဒီ ၄၀၀ စုနှစ်က ဆရာကာလီဒါသ၏ မယ်တော် သူရသာတီအလှချီးမွမ်းခန်းကဗျာကို အတုယူ ကာ ရင်ဖွင့်စပ်ဆိုခဲ့ဟန် တူပါသည်။ သို့သော် ကာလီဒါသရသေ့ကြီး၏ကဗျာမှာ နောင်လာ နောင်သားများအတွက် တန်ဘိုးမဖြတ်နိုင်သည့် ကဗျာစပ်ဆိုနည်းနာနိဿယကျမ်းကြီး တစ်ရပ် အသွင်ဆောင်ပြီး စန္ဒသုဓမ္မရာဇာမင်းကဗျာမှာကား ရခိုင်ပြည်ထောင်သူ ပြည်ထောင်သား တစ်ရပ်လုံး အသည်းနှလုံးပြုံးလုမတတ် ယူကျုံးမရ ဖြစ်ကြရမည်ကိုကား စန္ဒသုဓမ္မရာဇာမင်း အနေဖြင့် တစိုးတစိမျှ စိုးရိမ်မကင်း နှလုံးသွင်းခဲ့ဟန်မတူပါ။ လူသားချင်းစာနာမှု ရှုထောင့်တစ်ခု တည်းမှ မဟုတ်ပဲ ဘင်္ဂါ ၁၂ ခွင်ရှိ မဂိုသိမ်းပိုက်ထားသောဒေသ၊ ရခိုင်ပိုင်နက် နယ်ပယ်များအား ပြန်လည်ပေးအပ်ရန် စန္ဒသုဓမ္မရာဇာအား တောင်းဆိုခဲ့သည်ကို ဒေလီမင်း လက်ခံသဘောတူပါက သက်သူဇာ မိသားစုဝင်များကို ပြန်လည်ပေးအပ်ရန် စကားကမ်းလှမ်းခဲ့သည်ဟု ဆိုပါသည်။

သို့သော် မဂိုမင်းလက်တွင်း ရောက်ရှိနေပြီးဖြစ်သော ကြီးမားသည့်နယ်မြေအား မဂိုမင်း၏ ရန်သူ မင်းသားမိသားစုဝင်တစ်စုဖြင့် အလဲအလှယ်ပြုရန် တောင်းဆိုခြင်းမှာကား လုံးဝဖြစ်နိုင်ဖွယ် မရှိသည့် အဆိုပြုချက်တစ်ရပ်ဟုသာ သဘောပေါက်နားလည်ထားရပေမည်။ ထိုကဲ့သို့ နှစ်ပြည် ထောင်အကြား တင်းမာနေသည့် အခြေအနေကျရောက်နေချိန်အတွင်း နောက် ထပ်ပေါ်ပေါက်လာ သည့် ပုန်ကန်မှုကြောင့် သက်သူဇာမိသားစုဝင်များအား ကွပ်မျက်ခဲ့ရသည့်အတွက် ရခိုင်နှင့် မဂိုစစ်မလွဲမရှောင်သာ ဖြစ်လာတော့မည်ကို ရခိုင်မင်းက ကြိုတင်ခန့်မှန်းထားပြီး ဖြစ်လေသည်။ အခြေအနေအရပ်ရပ်ကို စောင့်ကြည့်နေချိန်၌ မဂိုတပ်များ စစ်သင်္ဘောအစီး ၂၆၀ ဖြင့် ရခိုင်ပြည်သို့ ချီတက်တိုက်ခိုက်ရန် ဒက္ကာမြို့တွင် အစီအစဉ်ပြုလုပ်နေကြောင်း သတင်းရရှိသည်နှင့် စစ်တကောင်း ဆိပ်ကမ်း၌ စခန်းချကာ ရခိုင်ပြည်လုံခြုံရေးအတွက် ထားရှိသော ရခိုင်ရေတပ်မှ သင်္ဘောအစီး ၇၀ ခန့်အား လက်ဦးမှုရယူရန်အတွက် ဒက္ကာသို့ ချီစေခဲ့ရာ မဂိုရေတပ်မှ စစ်သင်္ဘော အစီး ၂၆၀ နှင့် လမ်းခရီး၌ တွေ့ဆုံ၍ ရေကြောင်းစစ်ပွဲကြီးတစ်ရပ် ဖြစ်ပွါးခဲ့သည်။ မဂိုသင်္ဘောများ အနက်မှ ၁၃၀ စီးခန့်မှာ

http://www.dhammadownload.com



ပျက်စီးသွားခဲ့၍ တပ်ပျက်ဆုတ်ခွာသွားကြသဖြင့် မဂိုသင်္ဘောမှ ရဲမက်များ အား ဖမ်းဆီးယူဆောင်ကာ ရခိုင်ရေတပ် သင်္ဘောများတပ်ခေါက် ပြန်ခဲ့ကြပါသည်။ သို့ကြောင့် မဂိုတို့၏ ရခိုင်သို့စစ်ပြုရန် ချီမည့်အစီအစဉ်မှာ လုံးဝပျက်ပြားသွားခဲ့သည်။ ဤသည်ကား ရခိုင် ဒေလီ မဂိုတို့၏ စစ်ပွဲ မလွဲကေန် ဆက်လက်ဖြစ်ပွားရန်အတွက် အစပျိုးထိတွေ့ မှုတစ်ရပ်ပင် ဖြစ်ပေသည်။ ဤပွဲဦးထွက် ထိတွေ့မှု၌ မဂိုရေတပ် လွန်စွာမှအထိနာသွားခြင်းမှာ ၎င်းတို့က ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ပဲ စစ်အင်အားဖြည့်တင်းရေး အေဒီ ၁၆၆၄ ခုမှ ၁၆၆၆ ခု အထိ ဆိုင်းငံ့ကာ ငြိမ်သက်စွာနေခဲ့ကြပါသည်။ သို့သော် ဤ ၂-နှစ်တာခန့် အချိန်ကာလအတွင်း စန္ဒသုဓမ္မရာဇာမင်းအနေဖြင့် ဒက္ကာခရီးရေတပ် အောင်ပွဲခံအနိုင်ရခဲ့မှုအပေါ် ကျေနပ်အားရကာ မိမိရေတပ်အား ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းတလျှောက် စစ်ပြိုင်နိုင်သည့် အင်အားမရှိဟု မိမိကိုယ်မိမိ အထင်ကြီးကာ နိုင်ငံနှစ်နိုင်ငံအကြား စစ်မက်အကြီးအကျယ် ဖြစ်ပွားရာ၌ စစ်အောင် နိုင်မှုကို အထောက်အကူ ပြုသည့် အခြားမြောက်များစွာသော နိုင်ငံစီးပွားရေး၊ ခေတ်မီလက်နက် ပစ္စည်း၊ ခနဥစ္စာကြွယ်ဝမှု၊ ပစ္စည်းအင်အား၊ လူအင်အား၊ စိတ်ဓာတ်ရေးရာနှင့် ရဲမက်တို့၏ ထက်မြက်သော တိုက်ရည်ခိုက်ရည် စွမ်းပကားအစဉ်ရှိနေရန် လေ့ကျင့်ထားရှိရေး၊ သူ့စစ်အင်အား ဖွဲ့စည်းပုံနှင့် ရည်မှန်းချက် Enemy's Order of Battle and Objective အစရှိသည် တို့အား အမြဲတန်းမျက်ခြေမပြတ် လေ့လာပြီး လိုအပ်သလို ကြိုတင် ပြင်ဆင်ထားရှိရပေမည်။

သို့သော် ရာဇဝင်အရေးအသားများအရ စန္ဒသုဓမ္မရာဇာမင်းမှာ မိမိနှလုံးမသွင်း မေ့လျော့ ကာ လျစ်လျူရှုခံနေရသော နိုင်ငံတော်လုံခြုံရေးနှင့် ပြည်တွင်းအုပ်ချုပ်ရေးရာ အရေးကြီး လိုအပ်ချက်များအား အမြဲအစဉ်ဂရုပြုပြီး မိမိနီးနား၌ အစဉ်မပြတ် သတိပေးလျှောက်တင် ဆွေးနွေး တိုင်ပင်ရန် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသော ပညာရှိမှူးတော်၊ မတ်တော်၊ ဆွေဝင်မင်းညီ မင်းသားမရှိ ပညာအခြေခံနည်းပါးပြီး အတွေ့အကြုံ ဗဟုသုတခေါင်းပါးသော အသိုင်းအဝိုင်း မှူးငယ်၊ မတ်ငယ် အနည်းငယ်ဖြင့်သာ ပြည်ထောင် အုပ်ချုပ်ရေးတစ်ရပ်လုံးအား ချုပ်ကိုင်စီမံခန့်ခွဲရ သည်ဟု သိရပါသည်။ သို့ဖြစ်၍ ကောင်းစွာမျှော်မှန်းနိုင်သည့် ဒေလီမဂိုအင်ပါယာမှ စစ်အင်အား ဖြည့်တင်းပြီး အချိန်မရွေး မိမိတို့လက်ဝယ် ကျန်ရှိနေသေးသော ဘင်္ဂါ ၁၂ ခွင်မှ မြို့များ အထူးသဖြင့် အချက်အခြာကျသော စစ်တကောင်းဆိပ်ကမ်းမြို့ရှိ ရခိုင်တို့၏ ရှေ့တန်း စစ်အင်အားအခြေခံဌာန ချုပ်အား နောက်ထပ်တကျော့ တိုက်ခိုက်လာမည်ကိုပင် အမြော်အမြင်ခေါင်းပါးစွာဖြင့် နောက်ထပ်

http://www.dhammadownload.com



စစ်အင်အား ကြိုတင်ဖြည့်တင်းထားခြင်းမရှိ လျစ်လျူ ရှုထားခဲ့ပါသည်။ သက္ကရာဇ် ၁၀၂၆၊ အေဒီ ၁၆၆၄၊ တပို့တွဲလတွင် စစ်တကောင်းကို မဂိုအင်ပါယာ တပ်များ သွေးတိုးစမ်း လာရောက်တိုက်ခိုက်ကာ ကိုယ်ရံတော်ကြီး ရာဇဗလကျော်ထင်နှင့် ကုလားပဋ္ဌင်းကို ဖမ်းဆီးယူဆောင်သွားပါသည်။ စစ်တကောင်းရှိ ရခိုင်ဗိုလ်ချုပ် စစ်သည်ရဲမက် အပေါင်းတို့လည်း ရှုံးနိမ့်၍ စစ်တကောင်းဒေသမှ ရခိုင်ပြည်တွင်းသို့ ဆုတ်ခွာ ထွက်ပြေးခဲ့ရသည်။

ထိုနှစ် အေဒီ ၁၆၆၄ ခုတွင်ပင် စန္ဒသုဓမ္မရာဇာမင်း ဖောင်တော် စီးလျှက် မဟာမုနိရုပ်တုတော်အား အဖူးမျှော်သွားနေခိုက် သရီချောင်းသို့ ရောက်သောအခါ စစ်တကောင်းမောင်းဝွတ် မဂိုတပ်များ နောက်ထပ် တစ်ကြိမ် လာရောက်တိုက်ခိုက်ဖျက်ဆီးကြောင်း လျှောက်ထားလာကြသည်။ မင်းကြီးသည် လှေတော်စီးကာ ရွှေမြို့တော်သို့ ပြန်လာခဲ့ပြီး ရောက်တော်မူသည့်အခါ စစ်သူကြီးအား စစ်တကောင်းသို့ချီပြီး မဂိုတပ်များကို တန်ပြန်စစ်ဆင်စေခဲ့ရာ စစ်သည်ရဲမက်၊ လှေတပ်လက်နက်ကိရိယာများစွာသာ ပျက်စီးဆုံးရှုံး၍ စစ်ပျက်ကာ ပြန်ခဲ့ကြရကုန်သည်။ ဤအချင်းအရာများကား စန္ဒာသုဓမ္မရာဇာမင်းအနေဖြင့် စစ်ရေးစစ်ရာ နိုင်ငံတော်လုံခြုံရေး စီမံချက်များ၌ မည်၍မည်မျှ ညံ့ဖျင်းကာ ကြိုတင်စီစဉ်မှုများ ပြုလုပ်ထားရှိရန် လစ်ဟင်းခဲ့ သည်ကို သိသာနိုင်ပါသည်။ စစ်တကောင်းမြို့မှာလည်း အေဒီ ၁၆၆၆ ခုနှစ်အရောက်တွင် အပြီးအပိုင် သိမ်းပိုက်ခံရသည်မှာ အေဒီ ၆၀၀ မတိုင်မီကပင် နှစ်တစ်ထောင်ကျော်ခန့် ဩဇာလွှမ်းမိုးကာ စီးပွားရေးနှင့် စစ်မက်ရေးရာများ၌ ရခိုင်တို့အတွက်လွန်စွာမှ အထောက်အကူပြုခဲ့သော ဘင်္ဂါ ၁၂ ခွင်ဒေသတစ်ရပ်လုံးမှာ လုံးလုံးလျားလျား ဆုံးရှုံးသွားခဲ့ပါတော့သည်။ ရခိုင်ပြည်ထောင်မှာလည်း အရေးအကြောင်းရှိပါက ထိထိရောက်ရောက် ကူညီဖေးမနိုင်သည့် မိတ်ဖက်ပြည်ထောင်ဟူ၍ နီးနားဝန်းကျင်၌ မရှိ။ အထီးကျန် ၏အခြေအနေသို့ ရောက်ရှိသွားကာ တစ်နေ့တစ်ခြား အဖက်ဖက်၌ ယုတ်လျော့ကျဆင်းသွားသည်ကို တွေ့လာရပါသည်။

သက္ကရာဇ် ၁၀၃၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့ မိဖုရားခေါင်သားတော် ဥဂ္ဂါဗလကို ရဟန်းပြုတော်မူပြီးလျှင် ညီတော်ကို စစ်တကောင်းစား ပေးတော်မူသည်ဟု ရာဇဝင်က ဆိုပါသည်။ အေဒီ ၁၆၇၀၊ သို့သော် ၁၆၆၆ ခုကပင် စစ်တကောင်းမှာ မွန်ဂိုလက်အတွင်း အပြီးအပိုင်ကျရောက်သွားပြီးဖြစ်၍ အမည်ခံခန့်အပ်ပေးခြင်းသာ ဖြစ်နိုင်ပေသည်။

၄င်းနှစ် ပြာသိုလဆုတ် ၁၀ ရက် စစ်တကောင်းစား ခန့်အပ်ပြီး တစ်လကျော်မျှအကြာတွင်

http://www.dhammadownload.com



ညီတော်က နန်းလုရန် ပုံကန်ကြိုးစားခဲ့ရာ၌ စန္ဒသုဓမ္မရာဇာမင်းက ကိုယ်ရံတော်တပ်ဖြင့် နန်းတော်ဝင်းအတွင်းက ခုခံခဲ့ခြင်းကြောင့် အောင်မြင်ခဲ့ခြင်းမရှိဘဲ ညီတော်မှာလည်း လက်နက်ထိမှန်၍ အနိစ္စရောက်ခဲ့ပါသည်။

သက္ကရာဇ် ၁၀၃၃၊ အေဒီ ၁၆၇၁ ခု၊ နယုန်လတွင် ရွှေနန်းတော် အရှေ့ဘက်တံခါးမှသည် မဟာမုနိသိမ်တော် ရောက်အောင် စကြံ်န် ဆည်ဖို့တော်မူကာ ဝါဆိုလတွင် ရွှေဂူမဟာသိမ်တော်နှင့် ကျောင်းကို ဆောက်လုပ်လှူဒါန်းတော်မူ၏။

သက္ကရာဇ် ၁၀၃၄ ခု၊ ကဆုန်လတွင် သားတော်အလတ် ရဟန်းလူထွက် ဥဂ္ဂါဗလနှင့် သမီးတော် သုဝဏ္ဏလျာကို ထိမ်းမြားပေးပြီး နယုန်လတွင် ဥဂ္ဂါဗလကို အိမ်ရှေ့အရာ နှင်းတော်မူသည်။ အေဒီ ၁၆၇၂။

သက္ကရာဇ် ၁၀၃၅ခု၊ နတ်တော်လတွင် စန္ဒသုဓမ္မရာဇာမင်းသည် ဒွါရဝတီသံတွဲမြို့သို့ ကြွချီတော်မူပြီး ၎င်းမှတောင်စဉ်ခုနစ်ခရိုင်သို့ ဆက်လက်ချီကာ ၎င်းခရိုင်များ၏ မိုးခြားမြေခြား နယ်နိမိတ်သတ်မှတ် ပေးခဲ့တော်မူပြီးလျှင် ခုနစ်ခရိုင်၌ စေတီပုထိုးများ တည်ထားအလှူကြီး ပေးကာ သံတွဲမြို့သို့ ပြန်ပြီးလျှင် အံတော်၊ နံတော်၊ ဆံတော်တို့၌ အလှူကြီးပေးဖူးမြော်ပြီး နေပြည်တော်သို့ ပြန်တော်မူခဲ့သည်။ အေဒီ ၁၆၇၃။

မြောက်ဦးမြို့တော်၌ စေတီပုထိုး မာရ်အောင်ငါးဆူရှိသည့် အနက်မှ ဇိနမာရ်အောင်၊ လောကမာရ် အောင်၊ ရတနာမာရ်အောင် သုံးဆူနှင့် ပန်းသီးတောင်ဘုရား ရွှေကြာသိမ်တို့ကိုပါ တည်တော်မူခဲ့သည်ဟု သိရပါသည်။

ထိုစန္ဒသုဓမ္မရာဇာမင်းသည် မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟ တရားလေးပါး စသည်တို့ကို ကြိုးစားဖြည့်ကျင့်ကာ အိမ်နိမ့် -၂၅၊ နန်းစံ-၂၂၊ သက်တော်-၄၇နှစ်၊ သက္ကရာဇ် ၁၀၃၆၊ အေဒီ ၁၆၇၄ ဝါဆိုလ၌ လွန်တော်မူသည်။ သားတော် ဥဂ္ဂါဗလအိမ်ရှေ့မင်းက ၎င်း၏အရိုက်အရာကို ဆက်ခံကာ နန်းတက်တော်မူ၏။

စန္ဒသုဓမ္မရာဇာမင်းနှင့် သားတော် ဥဂ္ဂါဗလ အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ (ဦးစံသာအောင် ဒင်္ဂါးစာမျက်နှာ-၅၁မှ ၅၃တို့ကို ဖတ်ရှုနိုင်ရန် နောက်ပိုင်းတွင် ထည့်သွင်းဖော်ပြထားပါသည်။)

http://www.dhammadownload.com



## မင်းဆက်-၄

## ဥဂ္ဂါဗလ (ခေါ်) သီရိသုဓမ္မရာဇာ၊ မိဖုရားကြီး သုဝဏ္ဏကလျာ
## သက္ကရာဇ်၁၀၃၆-၁၀၄၇၊ အေဒီ ၁၆၇၄-၁၆၈၅၊ နန်းစံ- ၁၁ နှစ်။

စန္ဒသုဓမ္မရာဇာမင်း လွန်တော်မူလျှင် သားတော်အိမ်ရှေ့မင်း ဥဂ္ဂါဗလက သုဝဏ္ဏကလျာ မိဖုရားကြီးနှင့် အဘိသိက်ခံကာ သီရိသုဓမ္မရာဇာ ဘွဲ့အမည်ဖြင့်ပင် နန်းတက်တော်မူသည်။ လက်ဦးက မင်းရိုး သီရိသုဓမ္မရာဇာနှင့် မမှားစေရန် ဥဂ္ဂါဗလအမည်ကိုသာ ဤအရေးအသားတို့၌ သုံးစွဲသွားပါမည်။ ဝါဆိုလဆန်း ၅ ရက်၊ ဖခမည်းတော် လွန်သည့်အခါ နန်းရသည်။ ရမ်းပြည့်တောင်ကျောင်း ဆရာတော် အရှင်စန္ဒမာလာ လင်္ကာရမူအတွဲ-၂အရ။

(က) သက္ကရာဇ် ၁၀၃၆၊ ဝါဆိုလဆန်း ၆ ရက်နေ့တွင် သီရိသုဓမ္မရာဇာဘွဲ့ခံ နန်းတက်တော်မူသည်။

(ခ) ဝါခေါင်လဆုတ် ၁၁-ရက်နေ့၌ ကွယ်လွန်ပြီးဖြစ်သော ဘထွေးတော် အနောက်မင်း ၏ သမီးကို မိဖုရားမြှောက်တော်မူသည်။

(ဂ) တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့ ဘထွေးတော် သံတွဲစားမင်းရဲကျော်စွာကို ကုလားတန်သို့ လျှို့လေသည်။

(ဃ) နတ်တော်လဆုတ် ၆-ရက်နေ့တွင် ခြိပ်မြို့ကို တည်ထောင်ပြီးလျှင် မင်္ဂလာနန်းတော်ကို ဆောက်လုပ်တော်မူ၍ မင်္ဂလာဦးစေတီနှင့် မင်္ဂလာဦးကျောင်းတော်တို့ကိုပါ တည်ထား ဆောက်လုပ်တော်မူလေသည်။

(င) နတ်တော်လဆုတ် ၁၀-ရက်နေ့တွင် နန်းသစ်တက်ပြီး အလှူကြီးပေးတော်မူသည်။

(စ) ပြာသိုလတွင် မဟာမုနိရုပ်ရှင်တော်ကို ဖူးမြော်ရန် ကြွချီတော်မူလေသည်။ ပြည်သူပြည်သား တို့ကို ဘုရားရုပ်ရှင်တော်ထံ၌ သစ္စာရေတိုက်၍ ပြန်ခဲ့သည်။

(ဆ) သက္ကရာဇ် ၁၀၃၇၊ တန်ခူးလပြည့်ကျော် ၁-ရက်၊ လောကမာရ်အောင်သိမ်တော်၌ ပဥ္စင်းတစ်ထောင်ခံတော်မူပြီး အလှူတော်ကြီးပေးတော်မူသည်။

http://www.dhammadownload.com



၎င်းသက္ကရာဇ် တန်ဆူးလဆုတ် ၆-ရက်နေ့တွင် မဟာမုနိရုပ်ရှင်တော်ကို ဖူးမြော်ကြည်ညိုရန် ကြွချီတော်မူသည်ကို ဟူးရားတတ်ပညာရှိတို့က ကြွချီတော်မူလျှင် ပြန်အံ့မရှိပါကြောင်းနှင့် လျှောက်တင်ထားတော်မူခဲ့သည်ကို မနာယူဘဲ ချီသွားလေသည်။ ဘုရားရင်ပြင်တော်၌ ၃-ရက် ပတ်လုံး အလှူကြီးပေးကာ အပြန်လမ်းခရီး၌ ရမ်းဝစည်းမှာ တစ်ရက်၊ မင်းဆိပ်နန်းမြေအရပ်တွင် ၃-ရက် နေတော်မူပြီးမှ မြောက်ဦး ရွှေနန်းတော်သို့ မတက်ပဲ၊ ကဆုန်လဆုတ် ၁ ရက်နေ့ ရွှေဖောင် ကို စီးတော်မူလျှက် အဥ္စနနဒီလေးမြို့မြေ မြစ်ညာရှိခြိပ်မြို့သစ်သို့ ကြွချီတော်မူပြီး ၎င်းမြို့ရှိ အသစ်ဆောက်တည်ထားသော မင်္ဂလာထီးနန်း၌ပင် အမြဲတန်းအသက်ထက်ဆုံးတိုင် ထီးနန်းစိုက် စိုးစံတော်မူလေသည်။ ဟူးရားတတ်ပညာရှိတို့ မြောက်ဦးရွှေနန်းတော်သို့ ပြန်အံ့မရှိဆိုသည့် လျှောက်လဲချက်မှန်ပါပေ၏။

ဤဥဂ္ဂါဗလမင်းလက်ထက် နိုင်ငံတော်ကာကွယ်ရေး၊ ကုန်သွယ်ဖောက်ကားမှုနှင့် အုပ်ချုပ် ရေးရာကဏ္ဍ အစရှိသည်တို့၌များစွာ လစ်ဟင်းမှု ရှိခဲ့သဖြင့် နန်းစံ ၁၁ နှစ်၊ သက္ကရာဇ် ၁၀၉၇၊ ကဆုန်လဆန်း ၇ ရက်နေ့တွင် နိုင်ငံတော်အုပ်ချုပ်ရေးရာ စက်ယန္တရားအတွင်း စည်းကမ်းပျက်ကာ မှူးတော်မတ်တော်၊ ကိုယ်ရံတော်ရဲမက် ဗိုလ်တို့၏ အခွင့်အရေးအာဏာ ကြီးထွားလာပြီး ၎င်းတို့အထဲမှ အမတ်ရဲဘော် သီဟက ကိုယ်ရံတော်တပ်နှင့်ညီပြီး ဘုရင်မင်းအား လုပ်ကြံသတ်ဖြတ်ခဲ့၍ ခြိပ် နန်းတော်၌ပင် ဥဂ္ဂါဗလမင်း၊ အိမ်နိမ့်-၂၇နှစ်၊ နန်းစံ-၁၁နှစ်၊ သက်တော်-၃၈နှစ်၊ သက္ကရာဇ် ၁၀၉၇ ခု၊ ကဆုန်လဆန်း ၁၁-ရက်နေ့တွင် အနိစ္စရောက်ခဲ့ပါသည်။

ကိုယ်ရံတော်တပ်သားများ နန်းတော်ကို မီးရှို့ဖျက်ဆီးကြရာ၌ မိဖုရားများနှင့် ကိုယ်လုပ် မောင်းမများစွာအပြင် လက်ယာမြန်စစ်ကဲကြီးနှင့် မှူးကြီးမတ်ရာလူသူတို့ အသက်ဆုံးရှုံးခဲ့ရပါသည်။ နန်းတွင်း ဘဏ္ဍာတော်မှ ဥစ္စာရွှေငွေများကိုလည်း ပြည်သူများ လုယက်ခိုးဝှက်ယူသွားခြင်းခံရ၍ ဆုံးသွားခဲ့ပါသည်။

အထက်ဖော်ပြပါ အချက်အလက်များက နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးရာ ပင်မက မြို့တော်သူမြို့တော်သားများအတွင်း စည်းကမ်းအကျင့်စာရိတ္တနှင့် လူ့ကျင့်ဝတ်သိက္ခာ မည်၍မည်မျှ ပျက်စီး ယိုယွင်းနေသည်ဆိုသည့် စိတ်နေသဘောထား Moral deterioration အခြေအနေကို ကောင်းစွာသိမြင်နိုင်ပါသည်။ အုပ်ချုပ်ရေးအာဏာစက် ပျက်ပြားသွားသည့် Period

http://www.dhammadownload.com



of anarchy ဟု သက္ကရာဇ် ၁၀၄၇ က အစပြု၍ ဘုရင့်ကိုယ်ရံတော်တပ်သား ရဲမက်ဗိုလ်ပါ ၄၅၀၀၀ (လေးသောင်းငါးထောင်) ရှိသော အမြဲတန်း တပ်တော်ကြီးက စတင်သောင်းကျန်း၍ မင်းများကို မိမိတို့သဘောအလျောက် အတင်အချ၊ အဖြုတ်အကွပ် ပြုကြပါတော့သည်။

**မှတ်ချက်။** ။ အချို့သော သုတေသီများအဆိုအရ မြို့ပ်မြို့နန်းတော် အား မီးရှို့ရာ၌ ဥဂ္ဂါဗလမင်း၏ မိဖုရားနှစ်ပါး အသက်မသေဘဲ လွတ်မြောက်သွားခဲ့သည်ဟု အဆိုရှိပါသည်။ ၎င်းမိဖုရားနှင့်ပတ်သက်ပြီး ရွှေတုံးညို(ခေါ်)၊ တန္တဗိုလ်သင်းမအမတ် စစ်သူကြီး၏ အတ္ထုပ္ပတ္တိကျမှ အပြည့်အစုံထည့်သွင်း ဖော်ပြသွားပါမည်။

ဥဂ္ဂါဗလမင်း လွန်တော်မူသည့်အခါ ဘုရင်အား ဦးစီးလုပ်ကြံ သတ်ဖြတ်ခဲ့သော တောင်ဖက်စား ရဲဘော်သီဟအမတ်အား နန်းတင်မည် ဟူ၍ ချောင်းသစ်က ဆောင်ယူလာခဲ့ရာ မင်းဆိပ်သို့ရောက်လေသော် အချို့သော လူသူများ သဘောမတူသဖြင့် မညီမညွတ် ဖြစ်ကြရကား ၎င်းအားညတွင်းချင်းပင် ကွပ်မျက်ခဲ့ကြ ပါသည်။ ၎င်းသေလွန်ပြီးနောက်မှ ပြည်သူပြည်သား မှူးမတ်များ ညီညာ၍ ဥဂ္ဂါဗလမင်း၏ ညီတော် သံတွဲစားမင်းသားအား ၁၀၄၇ ခု၊ ကဆုန်လဆန်း ၁၂ ရက်တွင် မိဖုရား သုကုမ္မာနှင့် အဘိသိက်ခံတော် မူစေကာ တိုင်းပြည်ထီးနန်းစည်းစိမ်ကို အပ်နှင်းကြလေသည်။

## ကုသလနာရပတိမင်းကြီး၏ မင်းစဉ်မင်းဆက်လက်ထက် ၅၈–နှစ် ကာလအဖြစ်အပျက်များ

ကုသလနာရပတိကြီး၊ တတိယမြောက်ဦးခေတ်တည်မင်း၊ အမတ်မျိုးခြား နန်းတက်သည့် သက္ကရာဇ် ၁၀၀၀ ပြည့်၊ ရခိုင်မြောက်ဦး ခေတ်၏ အထွဋ်အမြတ်ဆုံးအချိန်၌ စတင်ယိုယွင်း စပြုလာသော ရခိုင် ပြည်ထောင် အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် လူမှုရေးရာ၊ စီးပွားရေး အခြေအနေ အစရှိသည့် ကဏ္ဍအရပ်ရပ်မှာ ငင်း၏မြေးတော် ဥဂ္ဂါဗလ (ခေါ်) သီရိသုဓမ္မာရာဇာ မင်းအား မြို့ပ်မြို့၌ စခန်းချနေသော ကိုယ်ရံတော် ရဲမက် ၄၂၀၀၀ တို့ လုပ်ကြံသတ်ဖြတ်ပြီး နန်းတော်နှင့် မင်းဘဏ္ဍာတော်တို့အား လုယက်ဖျက်ဆီး မီးတင်ရှို့ခဲ့သော သက္ကရာဇ် ၁၀၄၇၊ ကဆုန်လဆန်း ၁၁ ရက်နေ့ကစတင်ပြီး အနိမ့်ဆုံးနှင့် အဆိုးရွား ဆုံးအခြေအနေသို့ စတင်ကျရောက်သွားခဲ့ပါ သည်။

http://www.dhammadownload.com



မျိုးခြား ကုသလနာရပတိကြီး၏ မင်းစဉ်မင်းဆက် Dynasty မင်း ၈-ပါးလက်ထက် ၎င်းတို့ ပြည်တွင်းမင်းပြု အုပ်စိုးခဲ့သည့် နှစ်စု ၅၈ နှစ်တာ ကာလအတွင်း အနောက်မဇ္ဈိမ ဘင်္ဂါ ၁၂-ခွင် မြို့ရွာများသို့ တိမ်းရှောင်မသွားဘဲ နာရပတိမင်းထံ ကပ်ခိုအခွင့်ရေးစံစားကာ ကျန်ခဲ့သော လက်ယာကိုယ်ရံတော် ရဲမက်ဗိုလ်ပါ ငါးသောင်း (၅၀၀၀၀) ခန့်တို့အား စည်းကမ်းတကျ ပြန်လည် ဖွဲ့စည်းပြုပြင် တည်ထောင်ထားရှိ ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် နိုင်ငံအဝှန်း ဆူပူသောင်းကျန်းမှုများ အား နှိမ်နင်းနိုင်စွမ်းမရှိသည့်အပြင် ကိုယ်ရံတော်တပ်က နန်းတွင်းမင်းလျာ ရွေးချယ်ရေးကိုပါ ချုပ်ကိုင်ဖန်တီးပြီး မိမိတို့သဘောအလျောက် မင်းများကို တင်မြောက်၊ ဖြုတ်ချ၊ ကွပ်မျက်ခြင်းများပါ ပြုလုပ်လာကြ၍ အခြေအနေအရပ်ရပ်အား ပြန်လည်ပြုပြင်ထိန်းချုပ်၍ မရနိုင်လောက်အောင် ပြည်ထောင်အုပ်ချုပ်ရေးယန္တရား ပျက်ပြားဆုတ်ယုတ် ကျဆင်းသွားခဲ့သည်ကို တွေ့ရပါသည်။

၎င်းကိုယ်ရံတော်တပ်၌ ကုလား၊ မွန်၊ ရှမ်း အစရှိသည့် ကြေးစား စစ်သံ့ပန်းအများအပြား ပါဝင်ကာ စန္ဒသုဓမ္မရာဇာမင်းလက်ထက် "သက်သူဇာ" မင်းသား၏ မဂို (မဂေါလ်) လေးမြားအရာ လွန်စွာမှ ကျွမ်းကျင်သည့် (ကမန်-ကမ္ဗိုလ်) ရဲမက်သံ့ပန်း အကြွင်းအကျန် အများအပြားကိုလည်း သစ္စာရေတိုက်ကာ မိမိနန်းတွင်း ကိုယ်ရံတော်တပ်အတွင်း အမှုထမ်းစေခဲ့ပါသည်။ ၎င်းသည်ကား အမှားကြီးတစ်ရပ် ပေတည်း။

နာရပတိကြီးနန်းတက်စဉ်က ရခိုင်ရဲမက်ဗိုလ်ပါ ၁၀၀၀၀၀ (တစ်သိန်းခန့်)နှင့် လက်ဝဲ ကိုယ်ရံတော် ၅၀၀၀၀ (ငါးသောင်း) ပါဝင်သောတပ်များ လေးမြို့စား လေက်ရုံးနှင့် အချို့သော မင်းညီမင်းသား ပညာရှိ မှူးကောင်း၊ မတ်ကောင်းများနှင့်အတူ အနောက်ကံသာမင်းထံ စုရုံးကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြပါသည်။ အများစုမှာ ၎င်းနိုင်ငံရပ်ခြား၌ နေထိုင်သွားခဲ့ကြ၏။

၎င်းကဲ့သို့ ရခိုင်ပြည်ထောင် ယူကျုံးမရပျက်ပြုန်းသွားခဲ့သည့် အကြောင်း အပြည့်အစုံကို ရှင်းလင်းစွာ သိသာနိုင်ပါရန်အတွက် ကေုသလ နာရပတိမင်းစဉ်မင်းဆက်မင်းများအကြောင်း၊ ဥဂ္ဂါဗလမင်း လွန်သည်မှာ သတိုးအောင် (ခေါ်) စန္ဒသူရိယဓမ္မရာဇာဘွဲ့ခံ ကေုသလနွယ်ဝင် နောက်ဆုံး စွန်မင်းနော်ရထာတို့၏ အတ္ထုပ္ပတ္တိအကျဉ်းအား အောက်တွင်ဖော်ပြထားပါသည်။

**မင်းဆက်–၅**

http://www.dhammadownload.com



## ဝရဓမ္မရာဇာမင်း၊ ဥဂ္ဂါဗလ ညီတော်သံတွဲစား။ သက္ကရာဇ်၁၀၄၇

ဥဂ္ဂါဗလနှင့် ရဲဘော်သီဟမင်းလောင်းတို့ လွန်တော်မူသောအခါ ဥဂ္ဂါဗလ ညီတော်သံတွဲစားအား မိဖုရားသုကုမ္မာနှင့် အဘိသိက်ခံကာ "ဝရဓမ္မရာဇာ"ဟူသောဘွဲ့ကိုခံ၍ ပြည်သားမှူးမတ်တို့က သက္ကရာဇ် ၁၀၄၇ ကဆုန်လဆန်း ၁၂ ရက်နေ့တွင် ပြည်စည်းစိမ်ကို အပ်နှင်းတော် မူကြသည်။ နန်းတက်မင်္ဂလာဆုလာဘ်အဖြစ် လူကြီးသူကြီးတို့ကို ငွေကျပ် ၃၀၊ ပြည်သူတို့ကို ၁၅ ကျပ်စီနှင့် ကိုယ်ရံတော်တပ်သား ၅၀၀၀၀ (ငါးသောင်း)ခန့် တို့အားလည်း ပြည်သူများထံမှ ကောက်ခံ၍ တစ်လကို တစ်ဦးလျှင် ငွေ ၄-ကျပ်စီ ပေးတော်မူသည်။

ယင်းနှစ်တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၁၀၄၇ ခုနှစ်တွင် မြောက်ဦးရွှေနန်းတော်အား မီးသင့်၍ မိဖုရား၊ မောင်းမမိသံနှင့် ကိုယ်လုပ်တော်များစွာတို့ သေကြေပျက်စီးခဲ့ကြရ၏။

သက္ကရာဇ် ၁၀၄၈ တန်ခူးလဆုတ် ၁ ရက်၊ သူငယ်တော်ကြီး စန္ဒဂါမဏိသည် များစွာသော ရဲမက်ဗိုလ်ပါတို့နှင့် နန်းလုရန် ပုန်ကန်ခဲ့ရာ ပြည်သူတို့က ကာကွယ်ခုခံတိုက်ခိုက်ကြသဖြင့် သူငယ်တော်ကြီး အရေးနိမ့်ကာ ၎င်းအား အရှင်လက်ရဖမ်းမိရာ ဘုရင်မင်းက အသက်ချမ်းသာပေးပြီး ကုလားပြည်သို့လျှို့ဝှက်ပို့စဉ် လမ်းခရီး၌ထွက်ပြေးခဲ့သဖြင့် ကိုယ်ရံတော်ကြီး စည်သူကျော်ထင်နှင့် ရဲမက်များလိုက်၍ ဖမ်းကာ မင်းကြီးအားဆက်သလာရာ ဝရဓမ္မရာဇာက အမျက်တော်ရှ၍ ကွပ်မျက်စေခဲ့ပါသည်။

သက္ကရာဇ် ၁၀၄၈ တပို့တွဲလဆုတ် ၄-ရက်တွင် မြောက်ဦး နီးနား ကင်းပြင်ပေါင်းတုပ်တွင် နေရာချထား ပေးသော ကုလားများညီကာ ဝရဓမ္မရာဇာအား သတ်ဖြတ်ရန် ပုန်ကန်ထကြွကြပြန်ရာ ပြည်သူနှင့်ရဲမက်များ နှိမ်နင်းခဲ့၍ မခံနိုင်သဖြင့် ကြွင်းကျန်သူများ အနောက်ပြည်သို့ ထွက်ပြေးခိုလှုံသွားကြပါသည်။

သက္ကရာဇ် ၁၀၄၉ ပြာသိုလတွင် ကိုယ်ရံတော်တပ်သား ရဲမက်များ ခဲလုံ့တွဲလျက် ဆင်ကဲကြီး တရဖျားနှင့် လက်ဝဲမြန် လက်ယာမြန်တို့အား လွှတ်တော်ထက်ဝယ် သတ်ဖြတ်ပြီးသော် ရှေ့မင်းစဉ်မင်းဆက် ထားတော်မူခဲ့သော ဘဏ္ဍာကျီကြီးတို့တွင်ရှိသည့် ရွှေငွေဥစ္စာတို့ကိုပါ လုယက် ယူငင်သွားကြလေကုန်၏။ မင်းသမီးမောင်းမတို့ကိုလည်း ၎င်းတို့က ဆောင်ယူကာ ကိုယ်ပိုင်

http://www.dhammadownload.com



သားမယားအဖြစ် ပြုကြသည်အထိ အတင့်ရဲလာကြသည်။ သို့ဖြစ်ရကား မင်းလည်းမတည် ပြည်လည်းမချမ်း မင်းအာဏာစက်ဆိပ်သုဉ်းလာ၍ ရဟန်းပျိုရှင်ပျိုများ စုဆောင်းလျက် ကိုယ်ရံတော်ရဲမက်တို့အား ရိုက်နှက်ခြောက်လှန့် ဆုံးမစေခဲ့ရာ ပြန်လည် ခုခံသတ်ဖြတ်ကြ သည့်သတင်းကို မင်းကြီးကြားလေသော် မင်းရေးရွှေတောင် သင်းဒေဝအမတ် လောကမာရ်အောင် မဏိဖြူနှင့် ရွှေဂူဘုန်းတော်ကြီးသုံးပါးတို့ထံ ဘုရင်မင်းမြတ်က မိမိအား ကယ်တင်ယူရန် အကြောင်း ကြားခဲ့၍ ၎င်းတို့က ရှင်ပျို၊ ရဟန်းပျိုတို့ကို စုစည်းကာ ညသန်းခေါင်တွင် နန်းသို့ဝင်၍ မင်းကြီးအား ယူဆောင်လာကြရန် စေလွှတ်ခဲ့သည်။ ကိုယ်ရံတော် ရဲမက်ပိုလ်ပါများကလည်း သံဃာတော်များ အား ဆီး၍သတ်ဖြတ်ကြကုန်၏။ ဤပင်မကစေခဲ့သော အမတ်နှစ်ဦးနှင့် ဆရာတော် ၃-ပါးတို့ကိုပါ ကိုယ်ရံတော်တို့ ဖမ်းဆီးယူကာ ရေတွင်နှစ်၍ သတ်ပစ်ကာ ပြည်တွင်းပြည်ပ လူသူတို့၏ အိမ်များ သို့ပါတက်၍ ဖမ်းဆီးပြီး အိမ်သားများအား နှိပ်စက်ကလူပြုလုပ်ကြပြန်သည်။

သက္ကရာဇ် ၁၀၅၀ ပြည့်နှစ်၊ ဝါဆိုလတွင် သူကြီးအမည်ရှိသော ကုလားနှင့် သရေသင်္ဂဇာ တို့ညီပြီး ဝရဓမ္မမင်းအား သတ်ဖြတ်ရန် ပုန်ကန်သောင်းကျန်းခဲ့ကြသည်ကို ကိုယ်ရံတော်တို့ ခုခံတိုက်ခိုက် ကာကွယ်ပေးခဲ့ကြသဖြင့် သူပုန်သူကန်များတပ်ပျက်ဆုတ်ခွာ ထွက်ပြေးသွားကြသည်။

၎င်းလတွင်ပင် ကစ္ဆပနဒီ အညာရပ်မှ မွန်နှင့်ကုလားတို့ တပ်တည်သောင်းကျန်းကြ၍ မတ်ရာကြေးစား နှင့် ကိုယ်ရံကြီးတို့ နှိမ်နင်းရန်ချီခဲ့ရာတွင်လည်း မတ်ရာကြေးစားတို့ တပ်ပျက်၍ ကိုယ်ရန်ကြီးတို့ တပ်ခေါက်ပြန်ခဲ့ကြရသည်။

ယင်းနှစ်ဝါဆိုလဆုတ် ၁၃-ရက်နေ့တွင် ကိုယ်ရံကြီးတို့ နောက်ထပ်တစ်ကြိမ်အညာသို့ချီ၍ တိုက်လေသော် နှိမ်နင်းအောင်မြင် ခဲ့၍ ပြန်ခဲ့ကြသည်။ ဘုရင်မင်းက တပေါင်းလတွင် မင်္ဂလာ စေတီတော်နှင့် ကျောင်းတော်တို့ကို ဆောက်လုပ်တည်ထားလှူဒါန်းတော်မူသည်။

သက္ကရာဇ် ၁၀၅၉ ခု၊ ဝါဆိုလတွင် ရှမ်း သျှမ်းတို့ လူလေးရာ ခန့်ဖြင့် မြင်းကပါကို လာရောက်ဖျက်ဆီး လာကြသည်။

သက္ကရာဇ် ၁၀၅၄ ခု၊ ဝါဆိုလဆန်း ၇ ရက်တွင် ကိုယ်ရံတော်တို့ ညီ၍ ဝရဓမ္မရာဇာမင်း အား နန်းကချကာ ထားကြလေသည်။

ဤဝရဓမ္မရာဇာမင်းအနေဖြင့် ပထမအကြိမ် သက္ကရာဇ် ၁၀၄၇ ခု၊ ကဆုန်လမှ သက္ကရာဇ်

http://www.dhammadownload.com



၁၀၅၄ ခု ဝါဆိုလအထိ နန်းစံ ၇ နှစ်၊ နန်းစည်းစိမ်ကိုစံစားခဲ့ပြီး သက်တော် ၂၅ နှစ်တွင် နန်းကျခဲ့ပါသည်။

သက္ကရာဇ် ၁၀၄၇ ခုတွင် ထုတ်ဝေသော ဝရဓမ္မရာဇာ အမည်ထိုး ငွေဒင်္ဂါး၊ ရွှေဒင်္ဂါးတွေ့ထားပါသည်။

## မင်းဆက်–၆

## ဝရဓမ္မရာဇာ၏ နောင်တော်အိမ်ရှေ့မင်း

## ဥဂ္ဂါဗလညီ မဏိသုဓမ္မ ရာဇာ၊ မိဖုရားသုဘာရ။ သက္ကရာဇ် ၁၀၅၄–၁၀၅၆

ဝရဓမ္မရာဇာမင်းနန်းကျတော်မူသည့်အခါ ကိုယ်ရံတော်တပ်များက နောင်တော်မဏိဒတ္တကို မိဖုရားသုဘာရနှင့် ဘိသိက်ခံ၍ သက္ကရာဇ် ၁၀၅၄ ခု၊ ဝါဆိုလတွင်ပင် နန်းတင်ကြသည်။ ထိုမင်းက မဏိသုဓမ္မရာဇာဘွဲ့ကို ခံယူတော်မူသည်။

ကိုယ်ရံတော်ရဲမက်များက သူတို့၏ လစာနှင့်ရိက္ခာကို မင်းကြီးထံမှ တောင်းကြလေသော် "ငါ့တွင် ဥစ္စာရွှေငွေ မရှိ"ဟုဆို၍ မဏိသုဓမ္မရာဇာအား ၄င်းလတွင်ပင် နန်းကချကာ ယခင်နန်းကျဘုရင်ဟောင်း ဝရဓမ္မရာဇာကို ကိုယ်ရံတော်များက နန်းတင်ကြပြန်ပါသည်။ သို့သော် ဝါဆို၊ ဝါခေါင်ရေဖောင်ဖောင် ရှိရမည့်အစား မိုးမရွာဘဲ ရာသီဥတုဖောက်ပြားလေသဖြင့် ဝရဓမ္မရာဇာအား နန်းချကာ မဏိသုဓမ္မရာဇာ နန်းကျဘုရင်ကိုပင် တဖန်နန်းတင်ကြပြန်ပါသည်။

၎င်းမဏိသုဓမ္မရာဇာလက်ထက် သီဟိုဠ်ကျွန်းတွင် သာသနာတော် ဆုတ်ယုတ်ပျက်စီးနေ၍ ပြန်လည် ထွန်းကားအောင် ရခိုင်သံဃာတော်တို့အား ကြွရောက်ချီးမြှောက်ပေးရေးအတွက် ပင့်ဖိတ်ရန် သက္ကရာဇ် ၁၀၅၅ ခု၊ တော်သလင်းက အဝဆယ်လံရှိသော သင်္ဘောဖြင့် လက်ဆောင်ပဏ္ဏာတင်၍ မြောက်ဦးမြို့တော်သို့ သီဟိုဠ်မင်းစေတမန် တော်များ ရောက်ရှိလာကြရာ တိုင်းရေးပြည်ရေး ရှုပ်ထွေးနေ၍ မဏိသုဓမ္မရာဇာမင်း ကြွချီခွင့်ပြုတော်မမူသောကြောင့် သီဟိုဠ်မင်းစေတမန်များ တန်ဆောင်မုန်းလတွင် ပြန်သွားခဲ့ရပါသည်။ ၄င်းတို့ပြန်သွားပြီး မကြာမီပင် မဏိသုဓမ္မရာဇာမင်းကို နန်းချပြီး နန်းကျ နောင်တော် ဝရဓမ္မရာဇာကို နောက်ထပ်တစ်ကြိမ် နန်းတင်ကြပြန်သည်။ သက္ကရာဇ် ၁၀၅၆ ခု၊ တပို့တွဲလတွင် ဝရဓမ္မရာဇာကို ကိုယ်ရံတော်များက နန်းချပြီး မဏိသုဓမ္မရာဇာကို နန်းတင်ကြပြန်သည်။

http://www.dhammadownload.com



ထိုမဏိသုမဓမ္မရာဇာမင်းကား သက္ကရာဇ် ၁၀၅၆ ခု၊ ပြာသိုလတွင်း နန်းစံ ၂-နှစ်ခန့်တွင် နန်းကျတော်မူပြန်ပါသည်။

## မင်းဆက်–၇
## သတိုးအောင် (ခေါ်) စန္ဒသူရိယဓမ္မရာဇာ၊ မိဖုရားသုဘာရ။
## သက္ကရာဇ် ၁၀၅၆ ခု၊ ပြာသိုလ၊ သက္ကရာဇ် ၁၀၅၈ ခု၊
## ဝါခေါင်လထိ။ နန်းစံ ၂–နှစ်ခန့်

မဏိသုမဓမ္မရာဇာမင်း နန်းကျတော်မူသည့်အခါ ဥက္ကါဗလ၏ နောက်ညီတော်တစ်ပါး ဖြစ်သော သံတွဲမြို့စား သတိုးအောင်ကို နောင်တော် မိဖုရားသုဘာရနှင့်ပင် ထိမ်းမြားအဘိသေက ခံစေပြီး ကိုယ်ရံတော်တင်္ဂသားများက သက္ကရာဇ် ၁၀၅၆ ခု၊ ပြာသိုလဆန်း ၅ ရက်နေ့တွင် စန္ဒသူရိယဘွဲ့ခံကာ နန်းတင်ကြပါသည်။

ထိုမင်းနန်းတက်ပြီး မွန် နဲခဲ၊ နဲသူတတို့ ကစ္ဆပနဒီမြစ်ညာဖျား၌ သောင်းကျန်းကြလေရာ လောသောက ဦးစီးသတိုးသည် များစွာသော ရဲမက်ဗိုလ်ပါတို့နှင့်သွား၍ တိုက်လေရာ လောသောက ဦးစီးသတိုး ကျဆုံးပြီး စစ်ပျက်၍ ကြွင်းကျန်သော ရဲမက်ဗိုလ်ပါများ သက္ကရာဇ် ၁၀၅၇ ခု ဝါဆိုလတွင် ပြန်ခဲ့ကြပါသည်။

၄င်းသက္ကရာဇ် ၁၀၅၇ တပေါင်းလဆန်းတွင် သတိုးအောင် စန္ဒသူရိယဓမ္မရာဇာကို နန်းကချပြီး ဝရဓမ္မရာဇာ နန်းကျဘုရင်ကိုပင် နန်းတင်ကြပြန်သည်။

ထိုအခါ ကစ္ဆပနဒီမြစ်ညာမြစ်ဖျား၌နေကြသော ကုလားအပေါင်းနှင့် မွန်နဲခွဲ၊ နဲသုတတို့ ပေါင်းကာ ဆင်းလာတိုက်ခိုက်ကြပြီး စန္ဒသူရိယဓမ္မရာဇာကို နန်းတင်ကာ ဝရဓမ္မရာဇာကို နန်းချ၍ ကုလားတန်သို့ လျှို့ဝှက်ပို့ လေသည်။

ထိုသို့ စန္ဒသူရိယဓမ္မရာဇာကို နန်းတင်ပေးပြီး သက္ကရာဇ် ၁၀၅၈ ကဆုန်လဆန်း ၉ ရက် ရောက်သော အခါ ကုလားနှင့်မွန်တို့သည် ဘုန်းကြီးကျောင်းနှင့် ပြည်သူများ၏ အိမ်များသို့တက်၍ ဥစ္စာရွှေငွေများကို လုယက်ယူငင်ကြပြီး လူသူအများတို့အား နှိပ်စက်ညှဉ်းပန်း ရိုက်ပုတ်ကြလေ

http://www.dhammadownload.com



သောအခါ ပြည်သူများ မခံမရပ်နိုင်ဖြစ်ပြီး ပြောင်းမီးပေါက်တပ်ကို အုပ်ချုပ်သော သူရဲညီဗိုလ်မှူး ပြုပြီး ကိုယ်ရံတော်အကြွင်းအကျန်များကို စုစည်းဦးဆောင်ကာ ခုခံကြ၍ မွန်နဲခွဲနှင့်နဲသုတတို့ မခံနိုင်ရကား ဆုတ်ခွာထွက်ပြေးကြသည့်အခါ ကိုယ်ရံတော်ကြီး "လှပန်းသွယ်"ဆိုသူက လူသူ အများနှင့်လာပြီး စန္ဒသူရိယဓမ္မရာဇာမင်းကို သက္ကရာဇ် ၁၀၅၈ ဝါခေါင်လဆန်း ၈ ရက်တွင် လုံနှင့်ထိုးကာ အဆုံးစီရင်ခဲ့လေသည်။

## မင်းဆက်–၈
## ငတုံ ခေါ် နော်ရထာမင်း၊ မိဖုရားသုခုမာ၊
## နန်းစံ–၁၅ ရက်၊ သက္ကရာဇ် ၁၀၅၈ ခု၊ ဝါခေါင်လ။

စန္ဒသူရိယဓမ္မရာဇာမင်းလွန်တော်မူသည့်အခါ ၎င်း၏သားတော် ငတုံအား မိဖုရား သုခုမာနှင့် ဘိသိက်ခံကာ နော်ရထာဘွဲ့ကို ခံယူနန်းတက်စေခဲ့ကြပါသည်။ နန်းတက်ပြီး ၁၅ ရက်ရှိလျှင် ရဟန်းပြု၍ သျှစ်သောင်းဘုရားကြီးကျောင်းတွင် ထားရှိကြပါသည်။ သို့ဖြစ်ရကား သက္ကရာဇ် ၁၀၅၈ ဝါခေါင်လဆန်း ၈ ရက် နန်းတက်တော်မူသော နော်ရထာမင်းမှာ သက်တော်- ၁၄နှစ်၊ ၎င်းလဆုတ် ၆ ရက်နေ့တွင် ၁၅ရက် နန်းစံပြီး နန်းကျကာ ရှင်ဝတ်ဖြင့်နေတော်မူရသည်။ ဤမင်းသည်ကား အမတ်မျိုးရိုးလောင်း ကြက်စား ကောသလနာရပတိကြီး၏ ဆွေဝင်မင်းများ၏ နောက်ဆုံးစွန်ဖြစ်ကာ ၎င်းမင်းညီမင်းဆက် ပြတ်တောက်သွားခဲ့ ပါတော့သည်။ ထိုသူအား နောက်တက်လာသည့် မျိုးခြားရဟန်း ဂူဖြူမင်းက ၎င်းနန်းတက်၍ ၁၃ရက် ရှိသောအခါ သျှစ်သောင်းဘုရားတွင် ရဟန်းပြု၍ ထားရာမှ နော်ရထာကိုယူ၍ သတ်ပစ်စေခဲ့သည်။ ကောသလ နရပတိမျိုးဆက် ဤတွင်မျိုးပြုတ်ခဲ့၏။ လောင်းကြက်စား ကောသလ နာရပတိကြီးမင်းမှသည် ၎င်း၏ "တ" တော်စပ်သူ နော်ရထာမင်းအထိ နန်းစဉ်နန်းဆက်မင်း ၈ဆက် ဖြစ်ပေသည်။ သို့သော် ဝရဓမ္မရာဇာမင်းနှင့် မဏိသုဓမ္မရာဇာမင်းတို့မှာ အဖြုတ်ချခံပြီးမှ ခေတ္တခဏစီ နောက်ထပ်ကြားဝင် နန်းစံခဲ့ရကား မင်းဆက် ၈-ဆက် အစား ၁၀-ဆက်ကဲ့သို့ ဖြစ်နေပေသည်။

မြောက်ဦးသိုက်ကျမ်းအရ ကုသလနာရပတိကြီးလက်ထက် မင်းကြီးက ပြည်စိုးကြီး အမတ်အား "ငါ၏အနွယ် အဘယ်မျှအဆက်တွင် ပြတ်မည်နည်း၊ သိုက်ကျမ်းအရ လျှောက်"ဟု မိန့်တော်မူသည့်အခါ ပြည်စိုးကြီး လျှောက်ထားသည်မှာ-

ဆဒ္ဒါတောင်ထိုး နရပတိဆင်နံ့၊ နဂါးမျိုး၊ မင်းပါ၊ မင်းဖလောင်း၊ မင်းစနေ စနေသားများ

http://www.dhammadownload.com



နဂါးသုံးစွယ်ကို ဖြတ်လတ္တံ့။ အနွယ်ဆယ်ဆက် မြောက်လတ္တံ့။

ဓါးအိမ်ရွဲရွဲ ဒါးကိုင်စွဲလျက်၊

သူရဲထောင်သောင်း မြောက်လိမ့်မည်။

မြောက်ဦးမြို့နှယ်လွင့်လိမ့်မည်။

နံမည်ထိုခါများလိမ့်မည်။

အလင်္ကာနှင့် ဒုဿီရှင်ကြမ်းများလိမ့်မည်။

တုတ်၊ ဓါးလှံညီးလက်ကိုင်ပြီး ရှင်ကြီးသူရဲထွက်လိမ့်မည်။

ရှင်ငယ်သေသောက် များလိမ့်မည်။

သုတ်သင်မစပြုလိမ့်မည်။

ဟိန်းတုတ်၊ စစ်ချီ အညီသောင်းကျန်းများလိမ့်မည်။

ကင်းခွန်၊ ဆိပ်ခွန်သူ့ထက်လွန်၍ ကောက်လိမ့်မည်။

မြောက်ဦးမြို့နှယ်လွင့်လိမ့်မည်။

သာသနာလည်း ရောင်ဝါထခါညှိုးလိမ့်မည်။

သင်းတို့အတွက် မူးမတ်ထိုခါ ပြုလိမ့်မည်။

(အရှင်စန္ဒမာလာလင်္ကာရရခမ်းပြည့်မူ၊အတွဲ-၂၊စာ-၂၀၃ မှကောက်နုတ်ဖော်ပြပါသည်။)

တတိယမြောက်ဦးခေတ်စမှ ယခုနော်ရထာ၊ ဘုန်းကြီးလူထွက် မျိုးခြား ဂူဖြူ (ခေါ်) မာရုပ္ပိယအထိနှင့် ၎င်းနောက် ဆက်ခံသော ရတနာစံဦး ဘုန်းတော်ကြီးကို လူဝတ်လဲစေကာ ကာလမန္တာတ်မင်းဘွဲ့ဖြင့် နန်းတင်ခဲ့ကြသည်အထိ သိုက်ကျမ်းဟောင်းပါ ကြိုတင်ဟောကိန်းများက အကြွင်းမရှိ မှန်ကန်လှသည်ကို တွေ့ရပါသည်။ ဤသိုက်ကျမ်းများအား ရာဇဝင်သုတေသီများ ကောင်းစွာလေ့လာသင့်သည်ဟု ထင်မြင်ပါ သည်။ ရာဇဝင်ပါ အရေးကြီး အချက်အလက်များကို ဤသိုက်ကျမ်းများမှ များစွာရရှိနိုင်ပါသည်။ သိုက်ကျမ်း-၁၂မျိုး ရခိုင်၌ ရှိသည်ဟု သိရပါသည်။ (ဦးစံသာအောင် ဒင်္ဂါးများစာအုပ်၊ စာ-၅၄-၅၆ မှ ကောက်နုတ်ဖော်ပြသည်။)

ဤဝရဓမ္မရာဇာမင်းဆက်-၅ မှ စန္ဒသုရိယဓမ္မရာဇာမင်းဆက်-၈ အထိနှင့် ပတ်သက်ပြီး၊

http://www.dhammadownload.com



သုတေသီဦးစံသာအောင်က ဒင်္ဂါး စာအုပ်စာမျက်နှာ ၅၄ တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရပါသည်။

ထိုမင်း (ဥဂ္ဂါဗလမင်းအား ရည်ညွှန်းသည်) လွှန်လျှင် ညီတော် သံတွဲစားအား ဝရဓမ္မရာဇာအမည်နှင့် နန်းတင်ကြသည်။ ဒင်္ဂါးခပ်နှိပ်ခဲ့ရာ "၁၀၄၇ ရွှေနန်းသခင် ဝရဓမ္မရာဇာ"ဟူ၍ စာထိုးထားသည်။

ဤအချိန်မှစပြီး ကိုယ်ရံတော်တို့ အကြိမ်ကြိမ်သောင်းကျန်းကြသည်။ ကုန်ဈေးနှုန်းများလည်း များစွာကြီးမြင့်သည်။ ပြည်သူအပေါင်း တို့ လွန်စွာဆင်းရဲကြသည်။ ဤမင်းသည် ဥဂ္ဂါဗလရာဇာ စတင်တည်ခဲ့သော မင်္ဂလာမာရ်အောင်စေတီကို အပြီးအပိုင်တည်ခဲ့သည်။ ဤမင်းအား ကိုယ်ရံတော်တို့က သက္ကရာဇ် ၁၀၅၄ ခုနှစ်တွင် ပထမအကြိမ် နန်းမှချကြသည်။ ယင်းအချိန်မှစပြီး သက္ကရာဇ် ၁၀၅၆ တိုင်အောင် မဏိသုဓမ္မရာဇာမင်းနှင့် တလှည့်စီ နောက်ထပ်နှစ်ကြိမ် နန်းတင်နန်းချ ပြုလုပ်ကြသည်။ စန္ဒသူရိယဓမ္မ ရာဇာမင်း၊ မင်းဆက် - ၇၊ သတိုးအောင်မင်းလက်ထက်သို့ရောက်သောအခါလည်း တစ်ကြိမ်နန်းတက်နန်းချ ပြုလုပ်ခြင်းခံရသည်။

ဝရဓမ္မရာဇာကို နန်းမှချပြီးသောအခါ နောင်တော် အိမ်ရှေ့မင်းကို မဏိသုဓမ္မရာဇာအမည်နှင့် နန်းတင်ကြသည်။ နန်းတင်နန်းချသုံးကြိမ် ပြုလုပ်ခံရသည်။ ကိုယ်ရံတော်များချယ်လှယ်သည့်အတိုင်း ခံနေရသည်။ နန်းစံ ၂ နှစ်တွင် နန်းချခံရသည်။ တိုင်းပြည်မငြိမ်မဝပ်၍ သိန်းခိုကျွန်း(သီဟိုဠ်၊သီရိလင်္ကာနိုင်ငံ)မှ သာသနာပြုကြွရောက်ရန် ဖိတ်ခေါ်ခြင်းကို ငြင်းဆန်ခဲ့ရသည်။ ဒင်္ဂါးမတွေ့ပါ။

မဏိသုဓမ္မရာဇာကို နန်းချပြီးသောအခါ ကိုယ်ရံတော်များသည် ညီတော်သံတွဲစားသတိုးအောင်ကို စန္ဒသူရိယဓမ္မရာဇာအမည်ဖြင့် နန်းတင်ကြသည်။ ဤမင်းကို နန်းမှ တစ်ကြိမ်ချပြီး ဝရဓမ္မရာဇာကို နန်းတင်ကြသည်။ ပြည်သူပြည်သားများ အလွန်ဆင်းရဲကြသည်။ ကိုယ်ရံတော်ကြီးလှဝန်းသွယ် ပုန်စားလျက် လှံဖြင့်ထိုးသဖြင့် ဤမင်း လွန်ရသည်။

"ထိုမင်းလွန်လျှင် သားတော် ငတုံကို နော်ရထာအမည်နှင့် နန်းတင်ကြသည်။ ၁၅ ရက်သာ ရှင်ဘုရင်ဖြစ်ရပြီး နန်းချခံရသည်။ သျှစ်သောင်းဘုန်းတော်ကြီးကျောင်းတွင် ရဟန်းပြုထားခြင်း ခံရရာမှ နောက်တက်လာသော ဘုရင် ဘုန်းကြီးလူထွက် ဂူဖြူ မာရုမ္ပိယက ထုတ်ယူပြီး

http://www.dhammadownload.com



သတ်ပစ်ခြင်းကိုခံရသည်။ ဒဂ်ီးခပ်နှိပ်ခဲ့ဟန်မတူ။"

"ငတုံနော်ရထာအား နန်းချပြီးသောအခါ မျိုးခြား ရဟန်းလူထွက် ဂူဖြူကို နန်းတင်ကြသည်။ အသက်အရွယ်အားဖြင့် ခြောက်ဆယ်ရှိပြီး ဖြစ်သည်။ ဤမင်းလက်ထက်၌ သိန်းခိုမှ သာသနာပြုပင့်ဖိတ်သဖြင့် သက္ကရာဇ် ၁၀၅၈ ခုနှစ်တွင် သံဃာတော်လေးကျိပ်ကို စေလွှတ်၍ သာသနာပြုစေသည်။ သတ္တဌာန ဆရာတော် က္ကန္ဒမဥ္စူနှင့် လောင်းကြက် ဆရာတော်တို့က ဦးဆောင်ကြသည်။ သက္ကရာဇ် ၁၀၅၆ ခုနှစ်တွင် သောင်းကျန်းသူများ ပုန်ကန်ကြသဖြင့် နန်းမှ ဆင်းပြေးသည်။ မြို့ကိုလည်း ကိုယ်ရံတော်တို့က တိုက်ခိုက်၍ ပြန်လည်ရယူကြရသည်။"

အထက်ဖော်ပြပါ ဦးစံသာအောင်၊ ရခိုင်ဒဂ်ီးစာအုပ်ပါ ဖော်ပြ ချက်များနှင့်အခြားရာဇဝင် အရေးများအား ညှိနှိုင်းကာ ရမ်းပြည့်မူတွင် အခြေခံပြုစုထားသာ မိမိတို့အရေးအသားများ တူညီနေသည်ကို တွေ့ရပါသည်။ ဤငတုံနော်ရထာ၊ ငကုသလမင်း၏ မျိုးရိုးစဉ်ဆက် ၈-ဆက်မြောက် မင်းလက်ထက် ကုသလနာရပတိကြီး အမတ်မျိုးရိုးပထမ အုပ်စု Dynasty မှာ မျိုးခြား ဘုန်းကြီးလူထွက် မင်းနှစ်ပါးကြားဝင်ပြီး စိုးစံခဲ့ကြ၍ ပြတ်တောက်သွားခဲ့ပါတော့သည်။ ငကုသလ နာရပတိ မင်းရိုး ၈-ဆက်စိုးစံခဲ့ကြသည်မှာ အငြင်းပွားဖွယ်ရာ မရှိပါ။ ကိုယ်ရံတော်ရဲမက်များ တင်ချပြုလုပ်သည့် မင်း၂-၃ ဆက်ကြောင့် မင်းဆက် ၈ အစား၊ ၁၀-၁၁ ဆက်အနေဖြင့် သိုက်ကျမ်း၊ ငလက်ရုံး ပညာရှိအမတ်များ ဖော်ကျူးပြသချက် ဤပြတ်တောက်မှုဖြင့်ပင် အသုံးသတ်ခဲ့သည်ဟု ယူဆနိုင်ပါသည်။

ရတနာစံဦးဘုန်းတော်ကြီးနောက် တက်လာသော-

(၁) မင်းသားရွှေစာ၊ ငယ်မည်မောင်ဖြူ နရပတိမင်းဘွဲ့ခံ။ ၎င်း၏သား -

(၂) မင်းရဲကျော်စွာ (ခေါ်) ကျော်သိင်္ဂ၊ စန္ဒဝိမလဓမ္မရာဇာ

(၃) စန္ဒသူရိယရာဇာနှင့်

(၄) ရွှေတုံးညို(ခေါ်) တန္တပိုလ်မင်းစသည်တို့၏ မျိုးရိုးအဆက် အနွယ်များမှာကား ၎င်းမင်းလွန်သည့် အသက်များဖြင့် စိစစ်ကြည့်မည် ဆိုပါက အငြင်းပွားစရာ အများအပြားတွေ့ရပါသည်။ ဥပမာ-

http://www.dhammadownload.com



(က) သတိုးအောင်၊ စန္ဒသူရိယဓမ္မရာဇာ၊ သက်တော်-၂၄ နှစ်တွင် လွန်ပြီး ၎င်း၏သားဟု အဆိုရှိသော ငတုံ နော်ရထာ ၁၄နှစ်သားက ဆက်ခံသည်ဟု ဆိုပါသည်။ သားအဖနှစ်ဦး၏ အသက် ၁၀နှစ်သာ ကွာပါသည်။ ငတုံနော်ရထာမင်းသားငယ်မှာ ၁၅-ရက်သာ မင်းပြုခဲ့ရ ပါသည်။ ပြီးနောက် ရဟန်းဘ၀ဖြင့် ၁၃ရက်ခန့်အကြာ အကွပ်ခံရသည်။

(ခ) မင်းသားရွှေစာ(ခေါ်) မောင်ဖြူ နရပတိဘွဲ့ခံမင်းနန်းစံ ၂နှစ်ဖြင့် လွန်သည့်အခါ သက်တော်-၂၃နှစ်၊ ထိုမင်းလွန်သည့်အခါ ၎င်း၏ သားတော် မင်းရဲကျော်စွာ(ခေါ်) ကျော်သိင်္ဂက စန္ဒဝိမလဓမ္မရာဇာဘွဲ့ခံ မင်းပြုပြီး နန်းစံ ၆နှစ်ဖြင့် လွန်သည့်အခါ သက်တော် ၂၆-နှစ် စသည်ဖြင့် တွေ့ရ၍ မျိုးရိုးစိစစ်ရန် အခက်အခဲများစွာ ရှိ၏။

(ဂ) စန္ဒဝိဇယရာဇာ (ခေါ်) ရွှေတုံးညို၊ ပတ္တမြားမျက်ရှင်၊ တန္တဗိုလ်မင်း မှာလည်း ဥဂ္ဂါဗလ မြောက်နန်းမိဖုရား၏ သားတော်ဖြစ်သည်ဟု ရာဇဝင်မြောက် အရေးအသားအများအပြား၌ ပြကြပါသော်လည်း ၎င်းအနိစ္စရောက်သည့်အခါ သက်တော်-၆၆ နှစ် သက္ကရာဇ် ၁၀၂၇ ခုနှစ်ဖွား ဥဂ္ဂါဗလလွန် သက္ကရာဇ် ၁၀၄၇ ဖြစ်ပါ၍ ဥဂ္ဂါဗ လွန်စဉ်က ပဋိသန္ဓေ ၆-လနှင့် ခြိပ်မှ ထွက်ပြေး လွတ်မြောက်သွားခဲ့သော မြောက်နန်း မိဖုရား၏သားတော် လုံးဝဖြစ်နိုင်စရာအကြောင်းမရှိပါ။ ၎င်းအရေးအသားများကပင် မြန်မာမုဆိုးဘို ဦးအောင်ဇေယျ(ခေါ်) အလောင်းဘုရားနှင့်ရွယ်တူ ထီးပြိုင်နန်းပြိုင် ဆိုသည်မှာလည်း ဦးအောင်ဇေယျ သက္ကရာဇ် ၁၀၇၆ တွင် ဖွားမြင်ပြီး ၁၁၁၉ ခု နတ်တော်လဆန်း ၉ရက်တွင်မှ ရတနာသိင်္ဃမြို့တော်တွင် စီမံအုပ်ချုပ်၍ စတင်နေခဲ့သည်။ ၁၁၂၂ ခု ကဆုန်လပြည့်ကျော် ၁၁ရက်တွင် ယိုးဒယား မှ ဆုတ်ခွာ၍ မုတ္တမကျေး ကင်းရွာတွင် လွန်သည်။ သက်တော် ၄၅ နှစ် ၈-လ၊ ၄၆-နှစ်။ နန်းစံ ၈နှစ်နှင့် ၁လ။ သက္ကရာဇ် ၁၁၂၀ နှစ် နှောင်းပိုင်းတွင် ယိုးဒယားသို့ စစ်ပြုရန် ချီသည်။ မင်းဖြစ်သည့်နှစ် ဥဂ္ဂါဗလမင်း ခြိပ်မြို့တွင် အသတ်ခံရ သက္ကရာဇ် ၁၀၄၇ ခုနှစ်။ ဦးအောင်ဇေယျဖွား - ၁၀၇၆ ၊ နန်းတက် - ၁၁၁၄၊ နန်းစံ-၈ နှစ်၊ ၁၁၁၄-၁၁၂၂၊ လွန် - ၁၁၂၂။ စန္ဒဝိဇယရာဇာ ခေါ် တန္တဗိုလ်ဖွား- ၁၀၉၃-၆၆ =၁၀၂၇ ခု။ နန်းစံ-၂၁နှစ်၊ ၁၀၇၂ မှ ၁၀၉၃ ထိ။

အထက်ဖော်ပြပါ ဥဂ္ဂါဗလ၊ တန္တဗိုလ်(ခေါ်) စန္ဒဝိဇယရာဇာမင်းနှင့် ဦးအောင်ဇေယျ(ခေါ်) အလောင်းဘုရား အင်း၀- ရတနာသိင်္ဃ အရှေ့ပြည်မင်းများမှာ တစ်ပါးနှင့်တစ်ပါး အဆက်အစပ် လုံးဝ မရှိကြသည်ကို တွေ့ရပါသည်။

http://www.dhammadownload.com



အထက်ဖော်ပြပါ တတိယမြောက်ဦး မင်းဆက်-၄ ဥက္ကါဗလမင်း လွှန်သည့် သက္ကရာဇ် ၁၀၄၇ ခုမှ တော့နော်ရထာမင်းလွှန်သော သက္ကရာဇ် ၁၀၅၈ ။ နှစ်စု ၁၁ နှစ်တာ အချိန်အပိုင်းအခြားတွင်း ရခိုင်ပြည်အဝှမ်း မရှုမလှ ကြေမွပျက်ပြုံးသွားသည့် အခြေအနေသို့ ကျရောက်သွားခဲ့ရပါသည်။ ပြည်တွင်းစည်းလုံး ညီညွတ်မှုပျက်ပြားကာ သူတလူငါတမင်း ပွက်ပွက်ဆူလျှက်မင်းများ၏အုပ်ချုပ်ရေးအာဏာစက် လုံးဝဆိပ်သုဉ်းသွားခဲ့သည်။ ထို့ကြောင့် ကိုယ်ရံတော်တပ်သားများ ထင်သလို မင်းမူနေကြသည်ကို အကြောင်းပြု၍ "ဖျက်သည်လည်း ကိုယ်တော်ရံ ပြင်သည်လည်း ကိုယ်တော်ရံ"ဟု အစဉ်ပြောစမှတ်ရှိ၏။

ငကုသလနာရပတိကြီး နန်းတက်သည့် သက္ကရာဇ် ၁၀၀၀၊ အေဒီ ၁၆၃၈ ခုနှစ်အထိ ဟံသာဝတီ-ပဲခူး ကမ္ဘောဇသာဒီ နန်းထက်ဖွား ဘုရင့်နောင် မင်းတြားကြီးမြေးတော် နန္ဒဘုရင်၏ သမီးတော် ရှင်ဒွေးနှောင်း (ရှင်မနှောင်း) ဘုရင်ကို ဘုန်းတော်ကြီး မာန်နရိတ် အစရှိ သူများ လွှန်စွာမှ အမွန်းတင်ချီးမွမ်းခြင်းကိုခံရသော မြောက်ဦးရွှေနန်း တော်နှင့် မင်းအသုံးအဆောင် နန်းတွင်းအဆင်အပြင် မင်းဘဏ္ဍာတော် တွင်လည်း ဘလာနတ္ထိအခြေအနေဆိုးတွင် ရှိမည်မှာ အမှန်ပင် ဖြစ်ပေသည်။ သိုက်ကျမ်းပါအရ "မြောက်ဦးမြို့နယ် လွှင့်လိမ့်မည်" အဆိုကား မှန်ပါပေ၏။ ဤအခြေအနေကို နောက်ခံထားပြီး မြောက်ဦးနှင့် ရခိုင်ပြည်ထောင် ရာဇဝင်သမိုင်းကြောင်းအား ဆက်လက်မှတ်တမ်းပြုသွားပါမည်။

## မင်းဆက်(၉)

## ဂူဖြူ(ခေါ်) မာရုမ္ပိယ၊ မိဖုရား ကြွန္တမာ၊ ၁၀၅၈၊ ဝါခေါင်–၁၀၅၉ ခု၊ ကဆုန်လ။

## နန်းစံ–၁နှစ်၊ ၇–လ ခန့်

ဤမင်းနန်းတက်၍ ၁၃-ရက်ရှိလျှင် ရဟန်းပြုနေသော နန်းကျ-၁၄နှစ်အရွယ်၊ တော့နော်ရထာကို သျှစ်သောင်းဘုရားမှထုတ်ပြီး ရက်စက်စွာ ကွပ်မျက်စေခဲ့သည် ငကုသလနာရပတိအမတ်မင်းရိုး လက်စတုံးစေရန် ရည်ရွယ်ချက်ဖြင့် အပြတ်ရှင်းလင်း သုတ်သင်ခဲ့ဟန်တူပါသည်။

မာရုမ္ပိယမင်းတစ်နှစ်နီးပါး ၁၀လမျှ နန်းစည်းစိမ်ကို စံစားခဲ့ချိန်အတွင်း သီဟိုဠ်မင်းမှ တမန်တော် လွှတ်ပင့်ဖိတ်ချက်အရ ၄င်းနိုင်ငံ၌ သာသနာသန့်စင်ရေးဆောင်ရွက်ရန် သတ္တဌာန

http://www.dhammadownload.com



ဆရာတော် ဣန္ဒာမဥ္စူနှင့် လောင်းကြက်ဆရာတော်ဦးစီးပြီး သံဃာတော် လေးကျိပ်တို့အား သက္ကရာဇ် ၁၀၅၈၊ ပြာသိုလတွင် ပို့လွှတ်ပေးခဲ့ကာ သာသနာတော်ကို သုတ်သင်ပြုစု ချီးမြှင့်တော်မူပြီးမှ မိမိတို့ ရခိုင်ပြည်သို့ ပြန်ကြွတော်မူခဲ့ကြပါသည်။

သက္ကရာဇ် ၁၀၅၉၊ တပို့တွဲလတွင် မွန်နှင့်ကုလားတို့ ကစ္ဆပနဒီအဖျား ချင်းတောင်ဒေသ သရီချောင်းဖျား အရပ်၌ တပ်တည် သောင်းကျန်းနေကြ၍ နှိမ်နင်းရန် မဟာဇေယျအမတ်အား လှေတက် လက်နက်ကိရိယာ ရဲမက်ဗိုလ်ပါတို့ဖြင့် စေလွှတ်စေခဲ့ရာ သရီချောင်းဖျားတွင် တွေ့ဆုံတိုက်ကြရာ၌ မဟာဇေယျအမတ်နှင့်မိသားစု အကုန်သေပြီး တပ်ပျက်ခဲ့သဖြင့် သောင်းကျန်းသူများ ဓါး၊ လှံ၊ ပြောင်း၊ မီးပေါက် လှေတက်အများရရှိသွားခဲ့ပါသည်။

ထိုသို့ ဥစ္စာရွှေငွေ စစ်လက်နက်ပစ္စည်းများ ရရှိသွားခဲ့သည်နှင့် မွန်နဲသုတနှင့် ကုလားတို့ မြောက်ဦး မြို့သို့ ဆင်းလာကာ တိုက်ခိုက်ဖျက်ဆီးသိမ်းပိုက်နိုင်ခဲ့ကြပါသည်။ သက္ကရာဇ် ၁၀၅၈၊ တပေါင်းလပြည့်ကျော် ၂ရက်တွင် ဖြစ်သည်။

မြောက်ဦးမြို့တော်မှ မင်းနှင့် နန်းတွင်းသူ နန်းတွင်းသား မှူးတော် မတ်တော်၊ မြို့သူမြို့သားများ မြို့နှင့် ငါးမိုင်ခန့်အကွာရှိ ပေါင်းတွတ်ရွာသို့ တိမ်းရှောင်နေကြရကာ နန္ဒဗလနှင့် ရဲမက်များက စောင့်ကြပ်ကာကွယ် ပေးထားရပါ၏။ သက္ကရာဇ် ၁၀၅၉ ခု ကဆုန်လဆုတ် ၇ရက်တွင်မှ ကိုယ်ရံတော်အပေါင်းတို့ စုစည်းပြီး သောင်းကျန်းသူများလက်မှ တိုက်ယူသိမ်းပိုက်နိုင်၍ သူပုန်တပ်ပျက်ပြီး ထွက်ပြေးသွားခဲ့ကြပါသည်။ ၄င်းလဆုတ် ၁၀ရက်ခန့်တွင်ပင် မာရုမ္ဗိယ (ဂူဖြူ)မင်းနန်းကျပါသည်။

## မင်းဆက်–၁၀

## ရတနာစံဦး ဘုန်းတော်ကြီး၊ ကာလမန္တတ်မင်းဘွဲ့ခံ၊ မိဖုရား ဖွားမယ်၊ သက္ကရာဇ် ၁၀၅၉ ခု ကဆုန်လဆုတ် ၁၁ရက်မှ သက္ကရာဇ် ၁၀၆၀ ခု၊ ကဆုန်၊ နန်းစံ–၁နှစ်။

http://www.dhammadownload.com



သက္ကရာဇ် ၁၀၅၉ ခု၊ ကဆုန်လဆုတ် ၁၁-ရက်နေ့တွင် ကိုယ်ရံတော်တပ်များညီ၍ ရတနာစံဦး ဘုန်းတော်ကြီးအား ဝတ်ဖြူလဲစေ၍ မိဖုရားဖွားမယ်နှင့် အဘိသေကခံ နန်းတင်ခဲ့ကြပါသည်။ အဘိသေကခံ ဘွဲ့မှာ ကာလမန္တတ်မင်းဖြစ်သည်။

ဤမင်းလက်ထက်တွင်လည်း မွန်နှင့်ကုလားများ ရမ်းချောင်းဝသို့ ဆင်းလာကာ ရပ်ရွာများအား မီးရှို့ဖျက်ဆီးလာရာ ဖလောင်းဘရင်ဂီ သင်္ဘောသားများနှင့် မီးစားကြီး ခံချေမှုန်းနိုင်ခဲ့၍ သူပုန်သူကန်တပ်များ ပျက်ကာ အညာအရပ်ရှိ ကုလားများလည်း အနောက်အရပ်သို့ ကူးဝင်ပြေးကြလေကုန်သည်။

သက္ကရာဇ် ၁၀၆၀ ခု၊ နှစ်ဦးကဆုန်လတွင် ပြည်သူလူအပေါင်း ဝတ်မွတ်ခေါင်းပါး၍ အချင်းချင်းမထွက် မသွားနိုင်အောင် တိုက်ခိုက် လုယက်စားသောက်ကြ၍ နိုင်ငံပျက်လုမတတ် ဖြစ်ခဲ့ရာ ကာလမန္တတ်မင်း နန်းစံတစ်နှစ်တွင် တန္တပိုလ်ပုန်ကန်သတ်ဖြတ်ခဲ့၍ လွန်တော်မူသည်။

## မင်းဆက်–၁၁
## မင်းသားရွှေစာ(ခေါ်) မောင်ဖြူ (နာရပတိမင်း)
## သက္ကရာဇ် ၁၀၆၀၊ နယုန်လ၊

ဤမင်းနန်းတက်၍ ၃၇ ရက်ရှိလျှင် တောင်ဘက်တလွှားတွင် အုပ်ချုပ်နေသော နန္ဒစည်သူအမတ်သည် များစွာသော ရဲမက်ဗိုလ်ပါများဖြင့် ဝါခေါင်လတွင် လာရောက်ပုန်ကန် နန်းချခြင်းကို ခံရပါသည်။ ၎င်းအမတ်ကပင် စန္ဒသုဓမ္မရာဇာ ဟူသော ဘိုးတော်အမည်ကိုခံယူ၍ နန်းတက်တော်မူသည်။ သို့သော် နန်းတက်၍ ၁၄-ရက်တွင် ပြည်သူတို့ မကြိုက်မလိုလား၍ နန်းတော်ကချပြီး နရပတိမင်းကို ပြန်လည် နန်းတင်ကြပါသည်။

ပြည်သူအားလုံးလည်း ဝတ်မွတ်၍ ချောင်း၊ မြောင်း၊ တောင်ကြား၊ မြေပြန့်မကျန် လမ်းတို့၌ သူကောင်ထပ်မျှ သေကြေလေကုန်၏။ မြစ်ချောင်းတို့တွင်လည်း လူကောင်တို့ မျောကုန်၏။ တောသူ တောင်သားတို့သည်လည်း လူသူအများကို ဖမ်းဆီးခေါ်ဆောင် ရောင်းစားကြသည် ဟုဆိုပါသည်။

http://www.dhammadownload.com



နိုင်ငံရပ်ခြား နီးနားဝန်ကျင် ပြည်ထောင်များသို့ ဝင်ရောက်ခိုလှုံ သွားကြသော သူများလည်း မျာပြားလှသည့် ရွှေငွေဥစ္စာရှိပါသော်လည်း အစာရေစာဝယ်ရန် ရှာဖွေမရ ငတ်မွတ်ခေါင်းပါး လှ၏။

ထိုနရပတိ၊ ရွှေစာ(ခေါ်) မောင်ဖြူမင်းသားအား သက္ကရာဇ် ၁၀၆၁ နတ်တော်လတွင် စစ်ကဲကြီး နန္ဒစည်သူက များစွာသော ရဲမက်ဗိုလ်ပါတို့နှင့်လာ၍ နန်းလုလေသော် မင်းကြီးမခံနိုင် ကြောက်ရွံ့၍ လောင်းကြက်ကျွန်း သမန်ချောင်းဝယ် ပုန်းအောင်းနေပြီးမှ နန္ဒဗလစစ်သူကြီးအား များစွာသော ရဲမက်ဗိုလ်တို့ နှင့် သွားရောက်တိုက်ခိုက်ရန်စေခဲ့ရာ သက္ကရာဇ် ၁၀၆၁ တပို့တွဲလတွင် သောင်းကျန်းနေသော နန္ဒစည်သူ အမတ်တပ်ပျက်၍ ပြေးလေရာ ဥစ္စာရွှေငွေ သားမယား အားလုံးကိုရ၍ နာရပတိမင်းအား ဆက်သလာသည်။

စစ်ရှုံးစစ်ကဲကြီး နန္ဒစည်သူလည်း သားမယားကြောင့် အငြိုးထား၍ ရဲမက်များအား ပြန်လည်စုစည်းပြီး သက္ကရာဇ် ၁၀၆၂ ဝါဆိုလဆန်း ၁-ရက်တွင် ရွှေနန်းတော်အနောက်ဘက်က တက်ကာ ဝင်ရောက်လုပ်ကြံလေသော် နရပတိမင်း၊ အိမ်နိမ့်-၂၁၊ နန်းစံ-၂နှစ်တွင် လွန်တော်မူသည်။

## မင်းဆက်-၁၂

## စန္ဒဝိမလရာဇာမင်း

ထိုမင်းလွန်သည့်အခါ ၄င်းသားတော်ဆိုသူ မင်းရဲကျော်စွာမည်သော ကျော်သိင်္ဂသည် မိဖုရားဖွားစောနှင့် သက္ကရာဇ် ၁၀၆၂၊ ဝါဆိုလဆန်း၊ ၂-ရက်နေ့တွင် စန္ဒဝိမလရာဇာဘွဲ့ဖြင့် အဘိသေကခံ နန်းတက်တော်မူသည်။

သက္ကရာဇ် ၁၀၆၂ ခု တပေါင်းလတွင် နန္ဒစည်သူနှင့် သက်စံရွှေတို့ မဲကျွန်းက များစွာသော ရဲမက်တို့နှင့် ချီလာပြီးသော် ပုန်ကန်နန်းလုလာ၍ မင်းကြီးလည်း ကံဖြူကျွန်းသို့ တိမ်းရှောင် နေထိုင်လာရ၏။

သက္ကရာဇ် ၁၀၆၃ ခု၊ နတ်တော်လတွင် နန်းတော်ဆောက်တော်မူသည်။ သက္ကရာဇ် ၁၀၆၄ ခု၊ ဝါဆိုလတွင် ကောလိယမင်း၏ နန်းယာမြို့၊ သာယာလေးမြို့၊ ပူရိန်မြို့ဟု ယူဆသို့ ပြောင်းရွှေ့၍နေလာပြန်သော် သူငယ်တော်ကြီး နန္ဒစည်သူသီရိဇေယျာ၊ ဓါးပိုင်ကြီး ဇေယျဖြူ

http://www.dhammadownload.com



သင်းမပုံးရွှေ၊ တောင်ဘက်စား ရအိမ်ဖြူတို့ စုရုံးပေါင်းဖက်၍ ရဲမက် ဗိုလ်ပါ များစွာနှင့် အညာပေကျွန်းအရပ်က ချီလာပြီး သက္ကရာဇ် ၁၀၆၄ နတ်တော်တွင် စန္ဒဝိမလဓမ္မရာဇာ မင်းကို ပုန်ကန်နန်းလု ဖြုတ်ချရန် ကြံစည်ခဲ့ကြရာ မင်းလည်း တောင်တန်းကျွန်း သို့ ပြောင်းရွှေ့နေရ ပြန်သည်။ နန္ဒဗလ၏ စစ်သူကြီးအား ရဲမက်ဗိုလ်ပါများစွာဖြင့် ၄င်းတို့အား ထိုးရန်စေခဲ့သဖြင့် သွားရောက်တိုက်ခိုက်သောအခါမှ သူပုန်တပ်ပျက်၍ နန္ဒစည်သူနှင့် အပေါင်းပါတို့ အညာပေကျွန်း မှ ပေါင်းတွက်သို့ ပြောင်းပြီးလျှင် နန်းတော်ဆောက်၍ နေတော်မူ ပြန်သည်။

ထိုအခါ၌ ပညာမဲ့လူတိတ္ထိနှင့် သူခိုးတန္တတို့ ဂိုဏ်းများသည်၊ ဘုရားပုထိုး ဌာပနာတိုက်များ အတွင်းက ရွှေငွေတို့ကို ဖျက်ဆီးဖေါက်ထွင်း ယူငင်နေကြ၍၄င်းသာသနာတော်ကို ဖျက်ဆီးနေ သော သူများအား နှိမ်နင်းဖြိုဖျက်ရန် စန္ဒဝိမလဓမ္မရာဇာမင်းသည် ဆရာတော်ပညာရှိ မှူးမတ် အပေါင်းတို့နှင့် တိုင်ပင်အကြံဉာဏ် တောင်းခံခဲ့ရာ၌ နိဒါန်းအလို အဆိုရှိသည်မှာ-"သူခိုးတို့ကို တန္တဗိုလ် ခေါင်းကိုရိတ်ဖြတ်၊ သတ်လတ္တံ့ ယောက်ျား တစ်ယောက် တိုင်တားဆောက်၍ ရပ်စောက်ပြည်ကို ဖျက်လတ္တံ့." စသည်ဖြင့် ပါရှိရာ အဋ္ဌောဓါတ်မ စနေဂြိုဟ်အားရှိ၍ စနေသား တစ်ယောက်ကို တန္တဗိုလ်မင်းဟု အမည်မှည့်၍ လူဆိုးသူခိုးတို့ကို တိုက်သတ်စေမှ ဘုရားဖေါက် သာသနာဖျက်များအား နိုင်ပါမည်ဟု လျှောက်ကြလေလျှင် နန္ဒဗလစစ်သူကြီးက လျှောက်ထား သည်မှာ အနောက်ခနိတောတောင်ကို စိုးပိုင်သော ရွှေတုံးညိုဆိုသူသည် ပညာ အဆင်အခြင် နှင့်လည်း ပြည့်စုံအမြော်အမြင်ရှိကာ အားအင်ဗလ ရဲစွမ်းသတ္တိရှိသူ တစ်ယောက်ဖြစ်၍ မှူးရာမတ်ရာကို လုံခြုံစိတ်ချစွာ ပေးနိုင်ကြောင်း အကြံပြု တင်ပြလာသည်ကို ဘုရင်စန္ဒဝိမလရာဇာ ကြိုက် နှစ်သက်တော်မူသဖြင့် သက္ကရာဇ် ၁၀၆၄ တပို့တွဲလဆန်း ၄ ရက်နေ့တွင် ရွှေတုံးညိုကို တန္တဗိုလ်မင်းဟု အမည်မှဲ့ကာ မင်းမူ ထမ်းရွက်စေပါသည်။ ဤပုဂ္ဂိုလ်ကား နောင်တွင် တန္တဗိုလ် စန္ဒဝိဇယရာဇာမင်း သက္ကရာဇ် ၁၀၇၂-၁၀၉၃၊ စံ ၂၁-နှစ် ဖြစ်လာမည့်သူပင် ဖြစ်ပေသည်။

ရွှေတုံးညို၊ တန္တဗိုလ်မင်းအဖြစ် အမှုတော်ထမ်းရွက်နေစဉ် အောင်မြင်ခဲ့သည့် တိုက်ပွဲများ ကား သင်းမပိုရွှေ၊ တောင်ဘက်စား ရအိမ်ဖြူ ရမ်းပြည့်စားအောင်ရွှေ၊ သီရိဇေယျစစ်သူကြီးနှင့် သူငယ် တော်ကြီး နန္ဒစည်သူတို့အား ပပြန်ရွာမှသည် အုန်းတစ်ပင်ရွာအထိ နေရာအနှံ့အပြားတွင် တပ်တည်သောင်းကျန်း ကြသည်။ ၄င်းတို့ရန်မှ ကာကွယ်ခဲ့၍ ရွှေတုံးညိုအား သမကျေးကို

http://www.dhammadownload.com



ဘုရင်ကပေးတော်မူသည်။

နောင်တွင် လက်ဝဲဝင်းမှူး သတိုးညို၊ လက်ယာဝင်းမှူး သတိုးဖြူ၊ နဲစွဲ၊ နဲသုတ၊ နဲသုခ၊ အရှေ့ဓါးတော်စိုး တုံးညိုတို့နှင့်ပေါင်းကာ သက္ကရာဇ် ၁၀၆၅၊ တော်သလင်းလဆုတ်၊ ၆-ရက်နေ့တွင် ကျိန်းကျွန်း၊ မင်းပြားနယ် ကျက်သရေရွာကို ဖျက်ဆီးလာရာ တန္တဝိုလ်မင်း ချီလာတိုက်လေသော် နိုင်လေ၏။ ရန်သူ၊ သူပုန်၊ သူကန် ဓါးမကျမြစ်တွင် သူကောင်ပြည့်မျှ သေကြေလေသည်ဟု ပြောစမှတ်ရှိသည်။ ကြွင်းကျန်သူများကလည်း ဓါးလှံလက်နက် လှေတက်မှမယူနိုင် အကုန်ကို ပစ်ကာ ပြေးကြေ၏။ ဤတိုက်ပွဲ၌ သင်းမပိုးရွှေနှင့် စစ်ကဲကြီး သီရိဇေယျတို့ကို ဖမ်းမိ၍ ကွပ်မျက်ခဲ့လေသည်။

ဤကဲ့သို့ ရခိုင်ပြည်အဝှမ်း၊ နေရာတကာတိုင်းမှာပင် သောင်းကျန်းပုန်ကန်နေကြသော လူသူမှူးမတ်ဗိုလ်ပါ ရွာစားမြို့စား၊ ကုလား၊ တလိုင်းစသည်များအား ပြည့်ပြည့်စုံစုံ ဖော်ပြမည် ဆိုပါက ဆုံးမည်မဟုတ်ပါ။ ပြည်ထောင်၏ အခြေအနေကို ပေါ်လွင်အောင် ဖော်ပြလို၍သာ ထည့်သွင်းပြသနေရခြင်း ဖြစ်ပါသည်။ ရခိုင်ပြည်အဝှမ်း၌ လူတကာအပေါင်း ကိုယ်ကျင့်တရား၊ တိုင်းပြည်ချစ်စိတ်ဓါတ်နှင့် စည်းကမ်းပျက်ကာ အဓမ္မစိတ်သက်ဝင်ဖောက်ပြန် နေကြသည်ကို ဤဖော်ပြပြီး အခြင်းအရာ အနည်းငယ် ကပင် သိသာနိုင်ပါသည်။ ပြည့်ရှင်မင်းမှာ မြောက်ဦးမြို့ တော်တွင်း၌ပင် နေခွင့်မရ၊ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းပြေးလွှားခိုလှုံနေရကာ အာဏာ စက် ဆိတ်သုဉ်းကာ လက်အောက်ငယ်သား မှူးတော်မတ်တော် စစ်သူကြီးများအပါအဝင် သောင်း ကျန်းပုန်ကန်ထကြွနေသည့်အတွက် တန္တဝိုလ်မင်းအား ဖြိုခွင်းနေရ သည်နှင့် အချိန်ကုန်ခဲ့ပါသည်။ တစ်ပြည်ထောင်လုံး သူပုန်သူကန် သောင်းကျန်းသူများနှင့် ပြည့်ရှင်မင်း နေထိုင်အုပ်ချုပ် ရန်နေရာ ဟုပင် အတည်တကျမရှိသည့် အချိန်အခါမျိုးဖြစ်ကာ ပြည်သူများလည်း ဝတ်မွတ် ခေါင်းပါးပြီး ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ကြုံကြိုက်နေကြရ၍ မင်းမဲ့နိုင်ငံအသွင်သို့ မသိမသာ ကျရောက်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤစန္ဒသုဓမ္မရာဇာမင်းနှင့် စန္ဒဝိမလဓမ္မ ရာဇာမင်း လက်ထက်မှာ ရခိုင်ရာဇဝင်သမိုင်းကြောင်း၌ ယခုအချိန်အထိ အဆိုးဆုံး ကာလတစ်ခုဟုပင် သတ်မှတ်နိုင် ပါသည်။

ဤအခြင်းအရာအပြည့်အစုံအား ရခိုင်ရာဇဝင်သစ်ကျမ်း၊ ရမ်းပြည့်အရှင်စန္ဒာမာလာ လင်္ကာရမူစာ -၂၂၅ မှ ၂၄၁ တွင် ဖတ်ရှုနိုင်ပါသည်။

http://www.dhammadownload.com



ကြပ်စင်ကျွန်းမှ စစ်ကဲရဲဘော်နန္ဒဗလစစ်သူကြီး၊ ဓါးပိုင်ကြီးဦးဒီ၊ လက်ယာမြန်ထွန်းဖြူနှင့် ကုလားပြည်မှ ကုလားခေါင်းတကာတို့ညီ၍ သင်းမတန္တပိုလ်မင်းကို တိုက်ရန်နှင့် ပေါင်းတွက်ရှာ၌ ခိုလှုံနန်းစံနေရသော စန္ဒဝိမလဓမ္မရာဇာကိုပါ နန်းသူနန်းသား မှူးတော်မတ်တော်တို့နှင့်တကွ ဖမ်းယူကာ အနောက်ပြည်သို့ ပို့ပြီးထားလျှိုရန် ကြံစည်နေစဉ် မှူးတော် မတ်တော်များကြားသိ၍ ဘုရင်မင်းအားယူပြီး မြောက်ဦးမြို့တော်တွင် လျှို့ဝှက်ထားခဲ့ပါသည်။ သူပုန်သူကန်တို့ မသိကြသဖြင့် ပေါ် ထွက်လာရောက်တိုက်ခိုက် ဖျက်ဆီးကြသည်ကို တန္တပိုလ်မင်းကြားလေလျှင် ၄င်းတို့အား လာရောက်တိုက်ခိုက်၍ တပ်ပျက်ကာ ဆုတ်ခွာရာ၌ ကစ္ဆပနဒီမြစ် အကူးတွင် ကုလားတို့ အတုံးအရုံးသေကြေပျက်စီးပြီး နန်းရှင်မယ်တော်နှင့် ရတနာငွေပစ္စည်း၊ လက်နက် ကိရိယာ အများအကုန်ကိုလည်း ရလိုက်၏။

နောက်ထပ်တစ်ကြိမ် တန္တပိုလ်မင်းအား လက်ယာမြန်ထွန်းဖြူနှင့် သက်စံရွှေတို့ လာရောက်တိုက် ရာ၌လည်း တပ်ပျက်ကာ ပြေးကြရသည်။

သောင်းကျန်းသူ တပ်ပျက်တို့ စစ်ကဲရဲဘော်နှင့် သက်စံရွှေတို့ထံ ခိုကပ်ကာ လောင်းကြက်၊ စမ္ပလယ်၊ တောတန်း၊ စည်ရွာ၊ ငါးဇင်ရိုင်း ချောင်း၊ ကြပ်စင်၊ ရွှေပန်းတောင်း၊ မင်းကန်၊ စားမကျ၊ မင်းမ၊ သီဂ်ပါ၊ သင်းပေါင်းချောင်း၊ အကြည်တရိုးမှ မျိုးခြားများ အပါအဝင် လူသူများအား သိမ်းသွင်းပေါင်းဖက်ကာ စုစည်း၍ ဇီးငှက်တို့ရွာတွင် တပ်ချနေလာပြီး သောင်းကျန်းရန် ပြင်ဆင်နေကြရာ၊ တန္တပိုလ်မင်း နှိမ်နင်းခဲ့သဖြင့် တပ်ပျက်ပြီး ကျယ်ဝန်းသော နယ်မြေတစ်ရပ်လုံးမှ သက်စံရွှေ စစ်ကဲရဲဘော်တို့ တပ်ပျက်ဆုတ်ခွာပြေးကြရပြန်သည်။ သံတွဲစား ဇေယျဖြူနှင့် လောင်းကြက်စားငစံ၊ အနောက်ဝင်းမှူး ယက်သည်တို့ ညီကာ လူအများနှင့် တန္တပိုလ်မင်းထံ ၁၀၆၇ ခု၊ ကဆုန်လအတွင်းကြောက်၍ ကျွန်ခံသစ္စာပြုဝင်လာခဲ့ကြသည်။ ၄င်းနှစ်တွင်ပင် ကြပ်စင်ကျွန်း၌ စစ်ကဲရဲဘော်လူသူစုပြီး တစ်ကြိမ်တန္တပိုလ်အား တိုက်လာပြန်ရာ၊ လေးမြို့ချောင်း ဒေသတွင် နေသော စစ်သူကြီး နန္ဒဗလကလည်း ထွက်လာ၍ အခွင့်ကောင်းယူကာ သောင်းကျန်း လေတော့သည်။ သို့သော် ၄င်းတို့အကုန်ပျက်၍ ပြေးကြရကုန်၏။

ဦးရာဇ်တောင်စားငမဲသည် လူသူများစွာစု၍ တောင်ညိုတွင် တပ်တည်ပုန်ကန်လာရာ တန္တပိုလ် လာတိုက်၍ သူပုန်တပ်ပျက်ကာ ဦးရာဇ်တောင်စားအား ဖမ်းမိလေသည်။ ဤအဖြစ် အပျက်များက သူပုန်သူကန်များ၏ နယ်မြေမည်၍ မည်မျှ ကျယ်ဝန်းများပြားသည်ကို သိသာစေပါ

http://www.dhammadownload.com



သည်။

သက္ကရာဇ် ၁၀၇၀ ပြည့် တပို့တွဲလတွင် သင်းမအမတ် တန္တဗိုလ်သည် ကစ္ဆပနဒီမြစ်ညာသို့ ဆန်တက်၍ သောင်းကျန်းသူများနေရာကို ရဲမက်ဗိုလ်ပါများစွာနှင့် ရှင်းလင်းတိုက်ဖျက်ခဲ့ရာ ဦးစွန်းတော် ဘောက်ချောင်းအထိ ရှင်းလင်းသုတ်သင်နိုင်ခဲ့ပြန်သည်။ ပိန္နဲချောင်းကနေ၍ သောင်းကျန်းပြန်သော စစ်ကဲရဲဘော်အားလည်း သက္ကရာဇ် ၁၀၇၀ တပေါင်းလတွင် နှိမ်နင်းခဲ့ပြန်သည်။ ရမ်းပြည့်စားအောင်ရွှေနှင့် သားပုန်ကန်မှုကိုလည်း နှိမ်နင်းခဲ့ရသည်။

## မင်းဆက်–၁၃
## စန္ဒသူရိယရာဇာမင်း၊ အိမ်နိမ့်–၄၆၊ နန်းစံ–၄ နှစ်

ဝရဓမ္မရာဇာမင်းမှစ၍ စန္ဒသူရိယရာဇာမင်းအထိစာရင်း ၉-ဆက်သောမင်းတို့သည် အာဏာစက် မတည်မရပ် နန်းတော်ကိုမျှ မပိုင်လေ၊ ကိုယ်တော်ရံ ၄၂၀၀၀ တို့သည် ပြည်ရှင်မင်းကို နန်းတင်ချ၊ ၎င်းတို့စိတ်ကြိုက်ပြုကြလေသည်။ ထို့ကြောင့် ဖျက်သည်လည်း ကိုယ်ရံတော် ပြင်သည်လည်း ကိုယ်တော်ရံ Appointing and Firing Power ကို အပြည့်အဝ သုံးစွဲကျင့်သုံးကြသော တပ်ပျက်ကြီးတစ်ရပ်ဖြစ်ကာ မိမိတို့ထင်သလို မင်းမူနေခဲ့ကြသည်။ မင်း၏ထံပါး စောင့်ကြပ်ကာကွယ်နေကြသူများထက် မင်းများအား ရွေးချယ်ပြီး အတင်အချ ပြုလုပ်နေကြသော နန်းဆက်နန်းလျာ ရွေးချယ်ရေး အာဏာပိုင်အဖွဲ့အစည်းဟုပင် သမုတ်ကင်ပွန်း တပ်ခေါ်ဝေါ်သင့်ပါသည်။ ဤကိုယ်ရံ တော်တပ် သက်တမ်းကား ၂၅နှစ် နန်းကျစန္ဒဝိမလ ရာဇာမင်းမူကာ အနောက်ပြည်သို့ ပြေးလေရာတွင် ဘင်္ဂလီကုလားတို့နှင့် ပေါင်းဖက် ခိုကပ်ကာ နေလေရာမှ ခန္ဓာရွှေတော်မူ၍ ၎င်းယူသွားသည့် ရွှေငွေဥစ္စာ လက်နက် ကိရိယာ လှေတက်မိဖုရား သားသမီးကို ဘင်္ဂလီကုလားတို့ ရလေသဖြင့် ၎င်းအနွယ်ဘင်္ဂါတွင်ပင် အဆုံးသတ် ပြတ်တောက်သွားခဲ့သည်။ ၎င်းစန္ဒဝိမလ ဓမ္မရာဇာ သက္ကရာဇ် ၁၀၆၈ ခု တပေါင်းလ တွင် နန်းကျတော်မူသည်။ ၎င်းနန်းကျလျှင် တောင်ဘက်စား ရဲဘော်သီဟ၏သား သတိုးလှကို မိဖုရားဖွားသွေးနှင့် ဘိသိက်ခံ၍ သက္ကရာဇ် ၁၀၆၈ ခု၊ တန်းခူးလဆန်းတွင် စန္ဒသူရိယ ရာဇာဘွဲ့ခံ နန်းတင်ကြ၏။

နှစ်ခုငါးဆယ်၊ သက္ကရာဇ် ၁၀၇၂ ခု၊ တော်သလင်းလတွင် လူဆိုးတန္တတို့ သတ်လေမှ လွန်တော်မူသည်။

## မင်းဆက်–၁၄

http://www.dhammadownload.com



# စန္ဒဝိဇယ

စန္ဒသုဓမ္မရာဇာမင်းလွန်လျှင် သင်းမအမတ် တန္တဗိုလ်မင်း ရွှေတုံးညိုသည် စန္ဒဝိဇယ ရာဇာအမည်ဖြင့် ရွှေနန်းကို သိမ်းပိုက်လေသည်။ ဤမင်းတွင် သူရဲကြီးတစ်ကျိပ် ရှိသည်။ ယင်းသူရဲကြီးများနှင့် ဥဂ္ဂါဗလရာဇာ လွန်ချိန်မှစ၍ သောင်းကျန်းနေကြသော ကိုယ်ရံတော် အပေါင်းတို့ကို တိုက်ခိုက်နှိမ်နင်းသည်။ ယင်းမင်းသည် သူ၏ဗိုလ်မှူး သူရဲများကို မ,စ မြှောက်စား သည်။ သောင်းကျန်းမှု ပိုမိုများပြားခဲ့သောကြောင့် ဇာတ်ဘာသာ ရောယှက်နေပြီးဖြစ်သော ပြည်သူအပေါင်းတို့ကိုလည်း စစ်ကြောမေးမြန်းပြီး ဇာတ်ဘာသာအလိုက် မြို့ရွာ တည်ထောင်ပေး သည်။ ရွှေဝင်းတော်၊ မြို့ပြ၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်တားတို့ကို အသစ်ပြင်ဆင်လုပ်စေ တော်မူသည်။ ရုပ်ရှင်တော်မဟာမုနိသိမ်တော် အစရှိသော သိမ်ပေါင်းရှစ်ရာ၊ ကျောင်းပေါင်းရှစ်ရာ၊ ကန်ပေါင်း ရှစ်ရာတို့ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။

စန္ဒဝိဇယမင်းသည် အနောက်ပြည်နှင့် အရှေ့ပြည်တို့ကို စစ်တိုက်ခိုက်၍ အောင်မြင်တော် မူခဲ့သည်။ ဝိဇယမင်း စစ်အောင်ချင်း သို့မဟုတ် စစ်နိုင်မော်ကွန်း၊ စစ်နိုင်ရတုလင်္ကာ အရပ်ရပ် သည် ရခိုင်ရာဇဝင် အစောင်စောင်၌ ပါရှိသည်။

နန်းသက် ၂၁နှစ်တိုင် ရှည်ခဲ့၍ တိုင်းပြည်ငြိမ်ဝပ်ပြီး စည်ကားသည်။ မှူးကောင်း၊ မတ်ကောင်း၊ သူရဲကောင်း၊ ရဟန်းပညာရှိ၊ လူပညာရှိ များစွာရှိသည်။ ပညာရှိအမတ်မှာ ပညာဝံသ၏သား ခင်ညို ဖြစ်သည်။ ဤမင်းလက်ထက် မင်း၏လူယုံတော် တန်းလွဲစားလက်ဝဲမြန် အမတ်အား မင်း၏ဆွေမျိုးမှူးမတ် များက မနာလို၍ ကုန်းချောစကားကြောင့် ကျားကိုက်၍ သေအောင်ပြုသော ကြံစည်မှုမှာ စိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။ ဤမင်းသည် ဒင်္ဂါးထုတ်လုပ်ခဲ့၏။ ဒင်္ဂါးပေါ်တွင် "၁၀၇၂ ရွှေနန်းသခင် စန္ဒဝိဇယရာဇာ"ဟူ၍ ထိုးထားသောကြောင့် ယင်းသက္ကရာဇ်၌ နန်းတက်ကြောင်းကို သိသာစေပါသည်။ ၁၀၈၅ ခုနှစ်က စစ်တကောင်းကိုတိုက်၍အပြန်တွင် လေမုန်တိုင်းမိသဖြင့် သားတော် တောင်ဘက်မြို့သစ်စား ရေတွင်ကျ၍ သေသည်။ ဤမင်းကို ဥဂ္ဂါဗလ ရာဇာ၏သားတော်ဟူ၍ ပြောစမှတ်ရှိသည်။ ဤမင်းသည် အသက် အရွယ်ကြီးလာပြီး မနာလိုသူ မှူးမတ်ဆွေမျိုးများက ကုန်းချောပြောသည် ကို လိုက်နာ၍ မိမိ၏ကျွန်ယုံတော်ကို သတ်သည်ဖြစ်သောကြောင့် သားမက်တော် သာမမင်းသားက ပုန်စား၍လွန်လေသည်။

http://www.dhammadownload.com



## မင်းဆက်–၁၅
## စန္ဒသူရိယရာဇာ

စန္ဒဝိဇယမင်းအား သားမက်တော် သာမမင်းသားက ပုန်စားပြီး စန္ဒသူရိယရာဇာအမည်ဖြင့် နန်းတက်ခဲ့၏။ ဒင်္ဂါးထုတ်ခဲ့ရာ ဒင်္ဂါးပေါ်တွင် "၁၀၉၃ ရွှေနန်းသခင် စန္ဒသူရိယရာဇာ"ဟူ၍ ကမ္ပည်းထိုးသည်။ စန္ဒဝိဇယ မင်း၏သားတော်များကို နောင်တွင် ပုန်ကန်မည်စိုး၍ သတ်ပစ်လေသည်။

ဤတွင်မက ယခင်မင်း၏ ကျွန်ယုံများ၏သားများကိုပါ သတ်ရန် ကြိုးစားလေသည်။ ဤမင်းသည် သေသောက်ကြူး၏။ မတရားသော အမူအကျင့်ရှိ၏။ ကိုယ်လုပ်တော်တို့က အဆိပ်ဆေးခတ်၍ သတ်သဖြင့် လွန်လေသည်။ စန္ဒဝိဇယမင်းက တိုင်းနိုင်ငံငြိမ်ဝပ်ပိပြားအောင် စီရင်ခဲ့ခြင်း၊ ပြည်သူတို့အနေအထားမှန်အောင် စီရင်ခဲ့ခြင်းတို့ကို ဆက်လက်မဆောင်ရွက်ခဲ့။ စည်းကမ်းတကျ စည်းရုံးရေးကို မလုပ်နိုင်ခဲ့ပေ။

## မင်းဆက်–၁၆
## နရာဓိပတိ

ထိုမင်းလွန်လျှင် သားတော်အိမ်ရှေ့မင်းသည် နရာဓိပတိ အမည်ဖြင့် နန်းတက်၏။ ကုသိုလ်ကောင်းမှု တရားတို့၌ မေ့လျော့၏။ တရားမစောင့်၊ ကြမ်းတမ်းခက်ထန်၏။ အမျက်စောင်မာန်ကြီး၏။ လက်ယာဝင်းမှူးစစ်ချီ၏ တပည့်များလက်ချက်ဖြင့် လွန်လေသည်။

## မင်းဆက်–၁၇
## နရပဝရရာဇာ

ထိုမင်းလွန်လျှင် နရာဓိပတိ၏ မယ်တော်သည် သူ၏သားတော် လောင်းကြက်စားအား နရပဝရရာဇာ အမည်ဖြင့် နန်းတင်၏။ ဒင်္ဂါး ထုတ်လုပ်ခဲ့ရာ "၁၀၉၇ ရွှေနန်းသခင် နရပဝရရာဇာ"ဟူ၍ ကမ္ပည်းထိုး ထားသည်။ မှူးမတ်ပြည်သူများကို နှိပ်စက်သတ်ဖြတ်သည်။ တစ်နှစ်သာ နန်းစံရပြီးလွန်လေသည်။

## မင်းဆက်–၁၈
## စန္ဒဝိဇလရာဇာ

http://www.dhammadownload.com



ထိုမင်းလွန်လျှင် ညီတော်ဝမ်းကွဲသည် စန္ဒဝိဇလရာဇာအမည်ဖြင့် နန်းတက်သည်။ ဒင်္ဂါးထုတ်သည်။ "၁၀၉၈ ရွှေနန်းသခင် စန္ဒဝိဇလရာဇာ" ဟူ၍ ကမ္ပည်းထိုးသည်။ ၁၀၉၉ ခုနှစ်၌ သူပုန်များစစ်ချီလာပြီးလျှင် ရွှေမြို့တော်ကို တိုက်သည်။ စန္ဒဝိဇလရာဇာသည် နန်းမှဆင်း၍ သူပုန်များကို စစ်ခံရာတွင် သေနတ်ကျည်ဆံ ထိမှန်၍ လွန်တော်မူသည်။

## မင်းဆက်–၁၉
## မဒရာဇ်ရာဇာ

စန္ဒဝိဇလမင်းလွန်တော်မူလျှင် ညီတော်အိမ်ရှေ့မင်းသည် "မဒရာဇ်ရာဇာ"ဟူသော အမည်ကိုခံ၍ နန်းတက်သည်။ ဒင်္ဂါးထုတ်သည်။ "၁၀၉၉ ရွှေနန်းသခင် မဒရာဇ်ရာဇာ"ဟု ကမ္ပည်းထိုးသည်။ သာသနာတော်ကို စည်ပင်ထွန်းလင်းအောင် ချီးမြှင့်ထောက်ပင့် ပြုစုတော်မူသည်။ အနာဆိုးဖြစ်၍လွန်သည်။ ပညာရှိအမတ်မှာ ခင်ညို၏ သားကိုယ်ရံကြီးရဲအောင်ဖြစ်၏။

## မင်းဆက်–၂၀
## နရအဘယရာဇာ

ထိုမင်းလွန်လျှင် ဦးရီးတော်သည် "နရအဘယရာဇာ"ဟူသော ဘွဲ့ဖြင့်နန်းတက်သည်။ ဒင်္ဂါးထုတ်သည်။ "၁၁၀၄ ရွှေနန်းသခင် နရအဘယရာဇာ"ဟူ၍ ကမ္ပည်းထိုးသည်။ နန်းသက်-၁၉နှစ် တိုင်အောင် ရှည်ခဲ့သည်။ ပြည်တွင်း၌ ရန်ငြိမ်းအောင်ပြုလုပ်နိုင်သည်သာမက အရှေ့ဖက်၊ အနောက်ဖက်တို့ကိုပါ ချီတက်တိုက်ခိုက်အောင်နိုင်ခဲ့သည်။ ဘိသိက်သုံးကြိမ်ခံခဲ့သည်။ အလှူကြီး အကြိမ်များစွာ ပေးသည်။ မြို့တော်အနောက်လက်ကြွယ်တော်၌ စေတီတည်သည်။ မင်းကျင့်တရားကို မမှားမယွင်းအောင် စောင့်ထိန်းသည်။ မှူးကောင်းမတ်ကောင်း၊ သူရဲကောင်း၊ ဆင်ကောင်း၊ မြင်းကောင်းများစွာ ရှိသည်။ သူရဲကောင်းများထဲတွင် နာမည်အကြီးဆုံးကား မင်း၏ခမက်တော် လက်ယာမြန်ဂူတာ ပင်ဖြစ်၏။ အရေးကြီးသော စစ်ပွဲဟူသမျှ လက်ယာမြန်က ဦးဆောင်တိုက်ခိုက်ခဲ့၏။ သက္ကရာဇ် ၁၁၂၂ ခုနှစ်၌ ငလျင်ကြီးလှုပ်ခဲ့သည်။

## မင်းဆက်–၂၁
## သီရိသူရာဇာ

http://www.dhammadownload.com



ထိုမင်းလွန်လျှင် သားတော်အိမ်ရှေ့မင်း ရွှေယောက်သည် "သီရိသုူရာဇာ"အမည်ဖြင့် နန်းတက်၏။ နန်းစံ ၃လအကြာတွင် ကျောက်ပေါက်၍ လွန်သည်။ ဒင်္ဂါး မတွေ့သေး။

## မင်းဆက်-၂၂
## စန္ဒပရမရာဇာ

ထိုမင်းလွန်လျှင် ညီတော် ဒါးပိုင်ကြီးသည် "စန္ဒပရမရာဇာ" ဟူသော အမည်ကိုခံယူ၍ နန်းတက်သည်။ ရွှေ ငွေ ဒင်္ဂါး ထုတ်သည်။ "၁၁၂၃ ရွှေနန်းသခင် စန္ဒပရမရာဇာ"ဟူ၍ ကမ္ပည်းထိုးသည်။ ယင်းနှစ်တွင် ပင် ရခိုင်တစ်ပြည်လုံး ငလျင်ကြီးစွာ လှုပ်ခဲ့သည်။ သူပုန်ဗိုလ် ငနိုးဆိုသူ ထကြွသောင်းကျန်းသည်။ စန္ဒပရမရာဇာ သည် ယောက်ဖတော် ရမ်းပြည့်သံတောင်စား၏ အကူအညီဖြင့် ရန်စစ်တို့ကိုအောင်ခဲ့၏။ မင်းဆွေမင်းမျိုးတို့ ကုန်းချောသောစကားများကြောင့် ရမ်းပြည့်စားအား သတ်မည်ကြံစည်ရာ ယင်းအကြံကိုသိရှိသူ ရမ်းပြည့်စား တိုက်သဖြင့် နန်းကျလေသည်။ နောင်တွင် ဝမ်းကျ၍သေသည်။

## မင်းဆက်-၂၃
## အဘယမဟာရာဇာ

စန္ဒမရမရာဇာ၏ ယောက်ဖတော် ရမ်းပြည့် သံတောင်စားသည် "အဘယမဟာရာဇာ"ဟူသော ဘွဲ့ဖြင့်ထီးနန်းကို သိမ်းပိုက်သည်။ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး (၂)မျိုးစလုံးကို တွေ့ရသည်။ "၁၁၂၆ ရွှေနန်းသခင် အဘယမဟာရာဇာ"ဟူ၍ ကမ္ပည်းထိုးသည်။ အလှူကြီးပေးသည်။ ဤမင်းလက်ထက်၌ စာဖတ်တတ်ဒိုးဝေ ပေါ်သည်။ အမတ်ကြီးဒိုးဝေသည် ၄၈- အင်္ဂါရှိ ပြည်၏ ရာဇဝင်ကြီးကို ရေးသားခဲ့သည်။ သူသည် နန်းတွင်း၌ စာဆိုသမှုကိုပြုရာမှ မိဖုရားနှင့် ယဉ်ပါးကြ၍ မင်းဘေးကိုကြောက်ပြီးလျှင် အရှေ့ပြည်သို့ ခေတ္တပြေးခဲ့သည်။ အခြားပညာရှိ အမတ်များအဖြစ် ကိုယ်ရံကြီးရဲအောင်၏သား စိန်တင်စား ရွှေသဲနှင့် ဇနီး မိပန်းရုံတို့ ရှိကြသည်။ မိပန်းရုံရေး "ရခိုင်အောင်လံတော်လင်္ကာ"သည် မှတ်လောက် သားလောက်ဖြစ်ပေသည်။

အတွင်းပုန်ကန်မှု အနည်းအကျဉ်းရှိသည်။ မင်းသည် သီလ သီတင်းနှင့်ပြည့်စုံ၏။ အမျိုးလေးပါးကို စောင့်ရှောက်၏။ ယယ်ကျွန်သက်လူမျိုး ငသောက်ကြာတို့ ညီအစ်ကိုနှစ်ဦးကို မြှောက်စား၏။ အစ်ကိုကို လက်ယာမြန်အမတ်ခန့်ပြီး ညီကိုဓားပိုင်ကြီး ခန့်၏။ စိန်တင်စားရွှေသဲ

http://www.dhammadownload.com



သည်လည်း ငသောကြာကို ဓားပိုင်ကြီးမခန့်ရန် အကိုးအကားနှင့် လျှောက်လဲတင်ပြသော်လည်း မင်းကြီးသည် နားမထောင်ခဲ့ပေ။

အိမ်ရှေ့မင်း ရဲဘော်သည် မကောင်းမှုဒုစရိုက်ကို ကျင့်ပြီးလျှင် ပြည်သူတို့ကို နှိပ်စက်၏။ ဘခင်ကို ပုန်ကန်မည်စိုး၍ လက်ယာမြန်အမတ်အား သတ်ခိုင်းလေသည်။ ဤမင်းသည် နောက်ဆုံး၌ ငယ်ကျွန် ဓားပိုင်ကြီး ငသောကြာပုန်စား၍ လွန်တော်မူသည်။ ပညာရှိစကားကို မနာယူ၍ သေရခြင်းဖြစ်သည်။ နန်းသက်ရှည်ခဲ့သော်လည်း ပြည်သူ ပြည်သားများအား စည်းကမ်းတကျ စည်းရုံးရေးကို မလုပ်နိုင်ခဲ့ပေ။

## မင်းဆက်–၂၄
## စန္ဒသုမနရာဇာ

ဓားပိုင်ကြီးငသောကြာသည် အဘယမဟာရာဇာအား ပုန်ကန်သတ်ဖြတ်ပြီးလျှင် "စန္ဒသုမနရာဇာ "အမည်ဖြင့် နန်းတက်၏။ ပညာရှိ အမတ် ရွှေသဲကို အခဲမကျေ၍သတ်ပစ်သည်။ ဒင်္ဂါး ထုတ်သည်။ "၁၁၃၅ ခုနှစ်နန်းသခင် စန္ဒသုမနရာဇာ"ဟူ၍ ကမ္ပည်းစာထိုးသည်။ တိုင်းပြည်တွင် သူပုန် သူကန်ပေါ်များသည်။ ဘုရင်မင်းအား လုပ်ကြံရန်ကြံစည်မှုများ မကြာခဏ ပေါ်ပေါက်သည်။ နန်းတော်မီးတိုက်ခံရ၍ အသစ်ပြန်လည်ဆောက်ရသည်။ စစ်ဗိုလ်ချုပ်သားမက်တော် လက်ဝဲမြန်အနန္တသီရိကျော်ထင်ကို အားကိုးသည်။

ရမ်းပြည့်မင်းရပ် ဗိုလ်မင်းအောင်စုံနှင့် မာန်အောင်ကျွန်း ဆယ်ရွာသူကြီးအောင်ကျော်ဇံတို့ သောင်းကျန်းကြရာ လက်ဝဲမြန် အနန္တသီရိကျော်ထင်အား နှိမ်နင်းရန်စေလွှတ်သည်။ အနန္တသီရိကျော်ထင်လည်း ယင်းတို့နှစ်ဦးကို နှိမ်နင်း၍ မနိုင်ချေ။ စာဖတ်တတ် ဒိုးဝေနှင့် ကိုယ်ရံတော် ပိုးရွှေတို့သည်လည်း ပုန်ကန်ကြသည်။

သူတို့သည် ရမ်းပြည့်ဗိုလ်မင်းအောင်စုံအား မြောက်ဦးမြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် ခေါ်ကြသည်။ သို့ရာတွင် အချိန်မတန်သေး အင်အားမစုံလင်သေးဆိုပြီး မလိုက်ချေ။ ထို့ကြောင့် ဒိုးဝေနှင့် ပိုးရွှေတို့ နှစ်ဦး ပုန်ကန်ပြီး မြောက်ဦးမြို့ကိုတိုက်ရာ အနန္တသီရိကျော်ထင်က ပြန်လည်တိုက်ခိုက်သည်။ အနန္တသီရိကျော်ထင် သည်လည်း စစ်ပွဲတွင် ရရှိသော ဒဏ်ရာဖြင့် ကွယ်လွန်သည်။ ဤအခါ၌ တစ်ဖက်ရန်ကို ခေါင်းဆောင်၍ တိုက်ပေးမည့်သူမရှိတော့ပြီဖြစ်၍

http://www.dhammadownload.com



စန္ဒသုမနမင်းသည် ရွှေနန်းတော်မှ ဆင်းပြေးလေသည်။

## မင်းဆက်-၂၅
## စန္ဒဝိမလရာဇာ

စန္ဒသုမနရာဇာနန်းမှ ဆင်းပြေးသောအခါ၌ ကိုယ်ရံတော် ပိုးရွှေကို အပေါင်းအပါ သူပုန်များဖြစ်ကြ သော စာဖတ်တတ်ဒိုးဝေတို့လူစုက "စန္ဒဝိမလရာဇာ"ဟူသောအမည်ဖြင့် နန်းတင်ကြ၏။ စာဖတ်တတ် ဒိုးဝေသည်လည်း မားပိုင်ကြီးဒိုးဝေ ဖြစ်လာ၏။ ဤသို့ နန်းတင်ခံရသောအခါ ကုလားတန်စား စဖိုဝေ ခေါင်းဆောင်သော သူပုန်အုပ်စုနှင့် ရမ်းပြည့်စား ဗိုလ်မင်းအောင်စုံ ခေါင်းဆောင်သော သူပုန်အုပ်စုတို့သည် ပုန်ကန်သောင်းကျန်းကြ၏။ မားပိုင်ကြီးဒိုးဝေတို့က နှိမ်နင်းတိုက်ခိုက်ရာ စဖိုဝေအုပ်စုကို နှိမ်နင်း၍ အောင်နိုင်လေသည်။ စဖိုဝေသည် မားလက်နက်ပီးသည် ဖြစ်သောကြောင့် မားပြန်စီးဟူ၍ အမည်တွင်လေ သည်။ မားပိုင်ကြီးဒိုးဝေတို့သည် ရမ်းပြည့်စား ဗိုလ်မင်းအောင်စုံ၏ သူပုန်အုပ်စုကို နှိမ်နင်း၍ မနိုင်ချေ။ ဗိုလ်မင်းအောင်စုံ တိုက်သဖြင့် မားပိုင်ကြီးဒိုးဝေတို့ ထွက်ပြေးကြရသည်။ စန္ဒဝိမလမင်းသည်လည်း ရွှေနန်းတော်မှ ဆင်းပြေးလေသည်။ ဤမင်းကို နောက်တတ်လာသော မင်းကဖမ်းပြီး ရဟန်းပြုထားလေသည်။

## မင်းဆက်-၂၆
## စန္ဒသဒိသရာဇာ

သူပုန်ဗိုလ်ရမ်းပြည့်စား ဗိုလ်မင်းအောင်စုံသည်လည်း "စန္ဒသဒိသရာဇာ"ဟူသော ဘွဲ့အမည်ကိုခံ၍ ရွှေနန်းကို သိမ်းပိုက်လေသည်။ ဒင်္ဂါးနှစ်ကြိမ် ထုတ်ခဲ့သည်။ ပထမအကြိမ်၌ "၁၁၃၉ ရွှေနန်းသခင် စန္ဒသဒိသရာဇာ"ဟု ကမ္ပည်းစာထိုးသည်။ တစ်နိုင်ငံလုံးတွင် ဆူပူသောင်းကျန်းလျက်ရှိသည်။

တစ်ခါက မိမိ၏ချက်မြှုပ်ရမ်းပြည့်ကျွန်းသို့ ခရီးထွက်စဉ်တွင် မားပြန်စီးတို့အုပ်စုသည် နန်းတော်ကို အပိုင်စီး၍ ပုန်ကန်ကြသည်။ စန္ဒသဒိသရာဇာမင်းသည် မာန်အောင်ကျွန်း ဆယ်ရွာသူကြီး အောင်ကျော်ဇံကို အသုံးပြုပြီး ဤသူပုန်ရန်ကို နှိမ်နင်းအောင်နိုင်ခဲ့သည်။ အောင်ကျော်ဇံကို

http://www.dhammadownload.com



လည်း လက်ဝဲမြန်အရာကို ပေးသည်။ လက်ဝဲမြန် သတိုးအောင်ဟု တွင်သည်။ ဤမင်းအား ပုန်ကန်သူတို့တွင် စာဖတ်တတ် ဒိုးဝေတို့လည်း ပါဝင်သည်။

ဤမင်းသည် ပုန်ကန်သူသောင်းကျန်းသူမှန်သမျှကို နှိမ်နင်း အောင်မြင်ခဲ့သည်ဖြစ်၍ "ထီမထင်ရာဇာ" အမည်ခံရန် ကြံစည်၏။ မှူးမတ်များက မသင့်လျော်ကြောင်းကို လျှောက်တင်ကြ၍ ယင်းအကြံအစည်ကို ဖျက်ပြီးလျှင် ဓမ္မတာတရားနှင့် ပြည့်စုံသောကြောင့် ရခိုင်ပြည်တွင် မင်းဖြစ်သည်ဆိုကာ ဓမ္မရာဇ်ရာဇာဟူသော အမည်သစ်ကို ခံယူ၍ ဘိသိက်ခံ၏။ ဤအကြိမ်၌လည်း ဒင်္ဂါးထုတ်ဝေခဲ့သည်။ ဒင်္ဂါးတွင် "၁၁၄၀ ရွှေပြည်သခင် ဓမ္မရာဇ်ရာဇာ"ဟူ၍ ကမ္ဗည်းထိုးသည်။ ရွှေပြည်သခင်ဟူ၍ ဤမင်းလက်ထက်၌ တိုင်းနိုင်ငံ မငြိမ်ဝပ်၊ အချင်းချင်းနိုင်ထက်စီးနင်း ပြုကြသည်။ တစ်ရွာနှင့်တစ်ရွာ ဓားပြတိုက်ကြသည်။ မင်းသည် တစ်ပွဲတိုး စစ်ပွဲတိုင်းကို တိုက်တိုင်းအောင်မြင်ခဲ့သော်လည်း အရှည်အတွက် စီမံ ခန့်ခွဲမှု မပြုတတ်ပေ။ စည်းကမ်းတကျ စီစဉ်ရေးကို မဆောင်ရွက် တတ်ပေ။ တူဖြစ်သူ ကျော်ပုံအား ဓားပိုင်ကြီးခန့်ခဲ့သည်။ သူကောင်းပြုထားသူ ဓားပိုင်ကြီးကျော်ပုံသည်ပင် မင်းအားပုန်ကန်ရန် ကြံသည်။ ဓားပိုင်ကြီးကျော်ပုံသည် လက်ဝဲမြန်သတိုးအောင်၏ ယောက်ဖလည်း ဖြစ်သည်။ ဤမင်းသည် နန်းစံ ငါးနှစ်ရပြီးသောအခါ လွန်တော်မူသည်။

## ရခိုင်တို့၏နောက်ဆုံးမင်းဆက်

### မင်းဆက်–၂၇

| | |
|---|---|
| မင်းအမည် | မဟာသမ္မတရာဇာ/အဂ္ဂေါပုညဇောရာဇာ |
| မျိုးရိုး | မျိုးခြား |
| နန်းစံ | ၂ |
| အိမ်နိမ့် | ၄၈ |
| နန်းစံသက္ကရာဇ် | ရခိုင်သက္ကရာဇ် ၁၁၄၄-၁၁၄၆ |
| | ခရစ်သက္ကရာဇ် ၁၇၈၂-၁၇၈၄ |
| ဒင်္ဂါး | ၁၁၄၄၊ ရွှေနန်းသခင် မဟာသမ္မတရာဇာ |
| | ၁၁၄၄၊ ရွှေနန်းသခင် အဂ္ဂေါပုညာဇောရာဇာ |

http://www.dhammadownload.com



ဓမ္မရာဇ်ရာဇာမင်းလွန်လေလျှင် လက်ဝဲမြန်သတိုးအောင်သည် မဟာသမ္မတရာဇာအမည်ဖြင့် သက္ကရာဇ် ၁၁၄၄ တွင် နန်းတက်ခဲ့သည်။ ထိုမင်းနန်းတက်ချိန်တွင် ရခိုင်ပြည်တောင်ပိုင်း၌ ဗိုလ်မင်းကျော်ထွေး၊ အနောက်ပိုင်းတွင် ငသံဒွေခေါင်းဆောင်သော လူတစ်စု၊ ပိန္နဲချောင်းကျွန်းတွင် ဓမ္မရာဇ်ရာဇာ၏သား ကုလားဖြူခေါင်းဆောင်သော လူတစ်စုစသည်ဖြင့် အစုစုကွဲကာ ပုန်ကန်ထကြွနေကြသည်။ တစ်တိုင်းပြည်လုံး စည်းလုံးညီညွတ်မှုမရှိဘဲ သူတစ်လူ ငါတစ်မင်း ဖြစ်နေကြသည်။ ထိုသူပုန်များကို သမ္မတရာဇာသည် ဓားပိုင်ကြီးကျော်ပုံနှင့်အတူ သွားရောက် နှိမ်နင်းရသည်။ သူပုန်များ အရေးနိမ့်၍ ပြိုကွဲခဲ့ရသည်။ သူပုန်များကို အောင်မြင်ပြီးနောက် မဟာသမ္မတရာဇာမင်းသည် အဂ္ဂေါပုည ဇေရာဇာအမည်ဖြင့် ဒုတိယအကြိမ် ဘိသိက်ခံလေသည်။ အနှိမ်နင်းခံရသော သူပုန်တို့အထဲမှ ငသံဒွေ၊ ထွန်းစံ၊ ငပု၊ မောင်သာရှိတို့သည် အရှေ့ပြည်ဘိုးတော်ဘုရားထံဝင်ခိုပြေးကာ ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် စစ်ပန်သဖြင့် ဘိုးတော်ဘုရား၏သားတော် ဥပရာဇာအိမ်ရှေ့မင်းသည် လာရောက်ပြီး ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်လေသည်။ ထို့ကြောင့် မြောက်ဦးမြို့သည် ၁၁၄၆ ပြာသိုလပြည့်ကျော် ၇-ရက်၊ စနေနေ့တွင် မြန်မာတို့၏ လက်အောက်သို့ကျရောက်လေသည်။ မဟာသမ္မတမင်းကို လက်ရဖမ်းမိပြီး အမရပူရနေပြည်တော်သို့ ယူဆောင်သွားလေသည်။

အထက်တွင် ဖော်ပြသကဲ့သို့ တိုင်းပြည်မငြိမ်မသက် ဖြစ်နေချိန်မှာပင် "နှစ်လတိတိရောဂါဘေးက တစ်ဖန် ဆိုက်ကပ်ခဲ့သဖြင့် လူများစွာသေကြေသည်။ နောက် နှစ်နှစ်အကြာတွင် ရခိုင်မြောက်ပိုင်းလွင်ပြင်သည် ရေလွှမ်းမိုးခြင်းဒဏ်ကို မကြုံစဖူးခံလိုက်ရသည်။ ထို့ကြောင့် ရခိုင်တွင် စားနပ်ရိက္ခာပို၍ ရှားပါးလေသည်။ ယင်းနှစ်တွင်ပင် ရခိုင်တို့၏ အားနည်း ချက်တို့ကို အခွင့်ကောင်းယူလျှက် မြန်မာအမရပူရ ဗဒုံမင်း အေဒီ ၁၇၈၂-၁၈၁၉က ရခိုင်နိုင်ငံကို စစ်သုံးကြောင်းချီ၍ သိမ်းယူစေသည်။ ရခိုင်တို့ ၂လတိုင်တိုင် အသေအလဲ ခုခံကြသည်။ မနိုင်သဖြင့် အေဒီ ၁၇၈၅ ခုနှစ်၊ ဇန်နဝါရီလတွင် မြောက်ဦးမြို့တော် ပျက်လေသည်။ ရခိုင်တို့ တင်မြှောက်ထားသော ဘုရင်မဟာသမ္မတမင်း အေဒီ ၁၇၈၂-၁၇၈၅သည်လည်း အဖမ်းခံလိုက်ရလေသည်။ သမိုင်းစဉ်ဆက် ပျိုးထောင်လာသော ရခိုင်ထီးနန်းသည် ပျက်သုဉ်းသွားလေတော့သည်" ဟူ၍ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီက ပြုစုသော ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း၊ သမိုင်းကဏ္ဍ စာမျက်နှာ-၉၁မှာ ဆိုထားပါသည်။ စာမျက်နှာ-၉၁တွင် ဆက်လက်၍ ရေးသားထား ချက်မှာ-

မြန်မာတို့သည် မြောက်ဦးမြို့တော်ကို သိမ်းယူပြီးနောက် မင်းကြီးမင်းခေါင်ကို သေနတ်စွဲ

http://www.dhammadownload.com



လူတစ်သောင်းကျော်နှင့် အစောင့်ထားခဲ့ပြီး အမရပူသို့ ပြန်ကြသည်။ အပြန်တွင် နန်းကျရခိုင်ဘုရင် မဟာသမ္မတနှင့် မိဖုရားများ မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး၊ မှူးမတ်ဗိုလ်ပါတို့နှင့်တကွ အမြောက်စိန်ပြောင်း လက်နက်တစ်သောင်းကျော်၊ သေနတ်လက်နက် တစ်သောင်းကျော်၊ ကြေးရုပ် သုံးဆယ်ကျော်၊ မိန်းမစိုး သုံးဆယ်ကျော်၊ ပုဏ္ဏားမျိုးသန့် အိမ်ထောင်စု ငါးရာကျော်၊ အတတ်ပညာသည် ဟူသရွေ့ကအစ ဆင်မြင်း၊ သုံ့ပန်းသုံးသောင်းနှင့် မဟာမုနိရုပ်ပွားတော်ကို သိမ်းယူသွားလေသည်။ လက်ရဖမ်းယူထားသော လူပေါင်းမှာ နှစ်သိန်းကျော်လေသည်။

နောက်သုံးနှစ်တွင် ရခိုင်နန်းကျဘုရင်ဟောင်းများ၏ သားသမီးများ၊ ဝိနည်းမိုရ် ဆရာတော်နှင့် အခြားဆရာတော်ကြီး ၇ပါး၊ ပုရောဟိတ် များ၊ ဗေဒင်တတ်များ၊ ဆေးသမားတော်များ၊ ကိုယ်ရံတော်များ၊ သူငယ်တော် ယောက်ျား၊ မိန်းမ စသည် ၇၇၀၀ကျော်ကို အမရပူရသို့ ခေါ်ဆောင်သွားလေသည်ဟူ၍ စာမျက်နှာ- ၉၂တွင် ဆက်လက်ဖော်ပြထားသည်။

ထိုအချိန်အခါမှာ မြောက်ဦးမြို့တော်သည် ထွားထွားညက်ကြေ ပျက်စီးလေတော့သည်။ အနှစ် ၃၅၀ကျော် ပြုစုပျိုးထောင်လာခဲ့သော ရခိုင်တို့၏ မြို့တော်သည် တစပြင်ဖြစ်သွားလေသည်။

စာမျက်နှာ ၉၄တွင် "တစ်ဖန်မြောက်ဦးကို မြန်မာတို့ သိမ်းယူပြီး နောက်ပိုင်းတွင် ရခိုင်၌ အမရပူရက သာသနာပြုသည်။ သို့နှင့် ရခိုင်သံဃာများ မြန်မာရဟန်းတို့၏ ကျင့်စဉ်အတိုင်း ကျင့်လာကြရသည်။ ရခိုင်တွင် ရှေးအဆက်ဆက်သုံးခဲ့သော ပိဋကတ်ကျမ်းဂန်များနှင့် စာပေ အနုပညာလက်ရာတို့သည် ရခိုင်တွင် ရှားပါးသွားပြီး မြန်မာပြည်သို့ ရောက်သွားလေသည်။ ဤအချိန်မှစ၍ ရခိုင်ယဉ်ကျေးမှု အဆောက် အအုံကြီးတစ်ခုလုံးသည် ပျက်စီးသွားလေသည်"ဟု ရေးသားဖော်ပြထားလေသည်။

တစ်ဖန် ၁၉၅၉ ခုနှစ်၊ မန္တလေး မဟာမြတ်မုနိ ဘဏ္ဍာထိန်းအဖွဲ့ ဩဝါဒစရိယ ဆရာတော်ကြီးများနှင့် ဂေါပကလူကြီးများ ထုတ်ဝေသော မန္တလေးမဟာမြတ်မုနိဘုရားကြီး သမိုင်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

"အမရပူရမြို့တည် ဘိုးတော်ဘုရား၏ သားတော်အိမ်ရှေ့စံမဟာ ဥပရာဇာ မင်းသားကြီး

---

၁။ ရခိုင့်တန်ဆောင် နှစ်လည်မဂ္ဂဇင်း၊ ဦးပညာသီရိ၏၊ မဟာသမ္မတမင်းလက်ထက်ဝယ် ဆောင်းပါး။

http://www.dhammadownload.com



သည် မဟာသမတရာဇာမင်းနှင့် မိဖုရား မောင်းမမိဿံ၊ သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော်၊ မှုးတော်၊ မတ်တော်၊ ဗိုလ်မှုး၊ တပ်မှုး၊ မိန်းမစိုး -၃၀ကျော်၊ ပြဟ္မဏမျိုး၊ ဝိသျှမျိုး၊ သုဒ္ဒိမျိုး၊ ပုဏ္ဏားမျိုးသန့် အိမ်ထောင်စု-၅၀၀ကျော်၊ ဆတ္တာ၊ ဂန္ဓာ ပုဏ္ဏားမျိုးတို့နှင့် အတတ်ပညာသည်ဟူသမျှ စ၍ ဆင်၊ မြင်း၊ သုံ့ပန်းလူ- ၁၀၀၀၀ကျော် တို့ကိုလည်းကောင်း၊ အလျားအတောင်-၂၀၊ လုံးပတ်-၆တောင်ရှိ အမြောက်-၂၀၀၀ကျော်၊ သေနတ်-၁၀၀၀ကျော်တို့ကို လည်းကောင်း၊ သိမ်းယူတော်မူခဲ့ပြီးလျှင် ၁၁၄၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇-ရက်နေ့တွင် ဓညဝတီရခိုင်ပြည်မှ ပြန်တော်မူခဲ့ကြောင်း”ဟူ၍ ရေးသားထားသည်ကိုလည်း တွေ့ရှိရပေသည်။ [၁]

သက္ကရာဇ် ၁၁၄၆ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ရခိုင်ဓညဝတီပြည်ကြီးကို ဘိုးတော်ဘုရား လက်ထက် သိမ်းယူခြင်းနှင့်ပတ်သက်၍ မြန်မာစွယ်စုံကျမ်း အတွဲ-၈၊ စာမျက်နှာ-၃၅၉တွင် ရေးသားထားချက်ကို တွေ့ရသည်မှာ- “သက္ကရာဇ် ၁၁၄၆ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ရခိုင်ဓညဝတီပြည်ကြီးကို သိမ်းယူတော်မူမည်”ဟု သားတော်ဥပရာဇာကို အချုပ်ခန့်၍ အလုံးအရင်းနှင့် ချီစေသည်။ မဟာဥပရာဇာသည် စစ်-၄ကြောင်းဖြန့်၍ ချီတက်ရာ ရခိုင်တို့အပြင်းအထန် ခုခံတိုက်ခိုက်ကြသော်လည်း ရခိုင်တို့ရှုံးကာ သံတွဲမြို့နှင့်တကွ တောင်စဉ်-၃ ခရိုင်သာမ ရခိုင်တစ်ပြည်လုံးကို မင်းနှင့်တကွ ရရှိသည်။ ရခိုင်ဘုရင်နှင့်တကွ မင်းဆွေမင်းမျိုး၊ မှုးမတ်ပညာသည်များ၊ အလျားအတောင်-၂၀၊ လုံးပတ်-၆တောင်ရှိ အမြောက်ကြီးနှင့် ခဲယမ်းမီးကျောက် အမြောက်သေနတ်များ၊ ဆင်မြင်းလူသူ-၃သောင်းကျော်နှင့်တကွ ယိုးဒယားလုပ် ကြေးရုပ်-၃၀ ကျော်တို့ကို ဆောင်ယူ၍ တပို့တွဲလပြည့် ကျော် ၇-ရက်နေ့တွင် ရခိုင်မှပြန်လာသည်။

ရခိုင်မင်းများ အစဉ်အဆက်ကိုးကွယ်သော မဟာမုနိရုပ်ပွား တော်ကြီးကိုလည်း တောင်ကုတ်လမ်းဖြင့် ပင့်ဆောင်ကာ ပန်းတောင်းမြို့ ဆိပ်ကမ်းမှ ရွှေဖောင်တော်နှင့် တင်ဆောင်၍ အမရပူရမြို့သို့ ရောက်လျှင် မြို့မြောက်ဖက်၌ ရွှေပြဿဒ်နှင့် တည်ထားကိုးကွယ်သည်။ “ရှေးက ရခိုင်ပြည်ကို မြန်မာတို့တိုက်ခိုက် အောင်မြင်ခဲ့ဘူးသော်လည်း ခရီးအထောက်အလှမ်း မသင့်ခြင်းကြောင့် ကြာရှည်သိမ်းမထားနိုင်ခဲ့ချေ။ ဘိုးတော်ဘုရားလက်ထက်တော်တွင်မှ ရခိုင်မင်းဆက်ပြတ်လေတော့သည်”ဟု ဖော်ပြထားပါသည်။ ဤနေရာတွင် ဤအခြေအနေ နောက်ပိုင်း ဗြိတိသျှတို့၏ ကိုလိုနီလက်အောက်ခံ မဖြစ်မီ ရခိုင်မြန်မာနောက်ဆုံး မင်းဆက်များ အခြေအနေကိုပါ

http://www.dhammadownload.com



သိရှိနိုင်ရန် ပူးတွဲပါ အခြေအနေပြဇယားနှင့် တင်ပြပါသည်။

ထို့အပြင်တဝ ဓညဝတီရခိုင်ပြည်ကို နောက်ဆုံးစိုးစံခဲ့သော မဟာသမတရာဇာ(ခေါ်) အင်္ဂါပုညဇောမင်း လက်ထက် မြန်မာတို့ ရခိုင်ကိုသိမ်းယူရခြင်းအကြောင်းနှင့် ပတ်သက်၍ သန်းထွန်းမန္တလေးတက္ကသိုလ် Dr. Than Tun၊ သမိုင်းသုတေသီရေးသားသည့် Paya Lanma, Loard's Highway over the Yoma, Yakhine Range စာတမ်း၏ ကောက်နှုတ်ချက်ကို ဖတ်ရှုသိရှိနိုင်ပါရန်ဖော်ပြထားပါသည်။

## ရခိုင်နိုင်ငံ၏နိဂုံး

မြန်မာ့စွယ်စုံကျမ်းအတွဲ-၁၊ စာမျက်နှာ-၃၅၉ တွင် ဖော်ပြ ထားသော အထက်အပိုဒ်-၁၁ ပါ ရှေးက "ရခိုင်ကိုတိုက်ခိုက် အောင်မြင်ခဲ့ဘူးသော်လည်း ခရီးအထောက်အလှမ်းမသင့်ခြင်းကြောင့် ကြာရှည်သိမ်း မထားနိုင်ခဲ့ချေ" ဆိုသည့်အချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာတွေ့ရှိထားချက်ကို ပြန်လည်သတိပြုစေရန် အနည်းငယ် တင်ပြလိုပါသည်။

ရခိုင်ဓညဝတီကို လာရောက်ခဲ့သည့် ထင်ရှားသောမြန်မာမင်းများမှာ-

(၁) အနော်ရထာမင်း၊ ပုဂံခေတ်၊ သက္ကရာဇ် ၃၇၉-၄၂၁၊ အေဒီ ၁၀၁၇-၁၀၅၉။

(၂) အလောင်းစည်သူမင်း၊ ပုဂံခေတ်၊ သက္ကရာဇ် ၄၅၅၊ အေဒီ ၁၁၀၃။

(၃) ဘုရင်မင်းခေါင်လက်ထက် မင်းရဲကျော်စွာ၊ အင်းဝခေတ်၊ သက္ကရာဇ် ၇၆၂-၇၈၃၊ အေဒီ ၁၄၀၀-၁၄၂၁။

(၄) တပင်ရွှေထီးနှင့်ဘုရင့်နောင်၊ တောင်ငူခေတ်၊ သက္ကရာဇ် ၉၀၆-၉၀၇-၉၀၈၊ အေဒီ ၁၅၄၄-၁၅၄၅-၁၅၄၆။

(၅) ဘုရင့်နောင်၊ တောင်ငူခေတ်၊ သက္ကရာဇ် ၉၄၃၊ အေဒီ ၁၅၈၁။

(၆) နောင်တော်ကြီးမင်း၊ ကုန်းဘောင်ခေတ်၊ သက္ကရာဇ် ၁၁၂၀-၁၁၂၅၊ အေဒီ ၁၇၅၉ ၁၇၆၃။

(၇) ဘိုးတော်ဘုရား၊ ပဒုံမင်း၊ ကုန်းဘောင်ခေတ်၊ သက္ကရာဇ် ၁၁၄၆၊ အေဒီ ၁၇၈၄ တို့ ဖြစ်ကြသည်။

http://www.dhammadownload.com



အနော်ရထာမင်း ရခိုင်ဓညဝတီသို့ လာရောက်ခဲ့ခြင်းသည်ကား အိန္ဒိယဝေသာလီမင်းသမီး ပဥ္စကလျာဏီ၊ ကျန်စစ်သား၏မိခင်ကို မိဖုရားမြှောက်ရန်အတွက် ပုဂံမှလာရောက်ကြိုဆိုခြင်း ဖြစ်သည်။ ထိုစဉ်က အနော်ရထာမင်းမှာ ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် လာစအချိန် ဖြစ်သည့်အလျောက် မဟာမုနိဆင်းတုတော်ကြီးကို ပင့်ရန်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့။ သုတေသီသမိုင်းပညာရှင် ပါမောက္ခဒေါက်တာသန်းထွန်းက ၎င်း၏အသစ်မြင်ရာဇဝင်စာအုပ်တွင် အနော်ရထာမင်းလက်ထက် မြန်မာနိုင်ငံတွင် ရခိုင်ပြည်ထောင်မပါဟု ဆိုထားသည်ကို တွေ့ရ သည်။ အလောင်းစည်သူမင်းလက်ထက်မှာ ရခိုင်မင်းရိုး လက်ျာမင်းနန်းကို ပုရိန်မြို့သစ်မှာ နန်းပြန်တင် ပေးခဲ့သည့်အချိန်မှာ ၎င်း၏နောက်လိုက် နောက်ပါများက မဟာမုနိကို ပင့်ယူရန်ကြိုးစားခဲ့ပြန်ပါသည်။ မရ၍ ဆင်းတုတော်ကြီးကို ပိုင်းဖြတ်ဖောက်ထွင်းယူ၍ ပေါင်တော်တစ်ဘက်ကို ချိုးပဲ့ ဖျက်ဆီးခဲ့ပြီး ပြန်သွားကြ ကြောင်း သိရှိရပါသည်။ ဤအချိန်သည် မဟာမုနိ၏ကံကြမ္မာသည် အဆိုးရွားဆုံးအချိန် ဖြစ်လေသည်။ မဟာမုနိမှာ နှစ် -၂၀မျှ ပျောက် ကွယ်နေရာမှ ဒုတိယပုရိန်ခေတ် ဒဿရာဇာမင်းလက်ထက်ရောက်မှ ပြန်လည်တွေ့ရှိ၍ သီရိဂုတ္တကုန်းတော်တွင် ပြန်လည်ကိန်းဝပ်ရန် စီစဉ်ခဲ့ရပါသည်။

အင်းဝဘုရင် မင်းခေါင်နှင့် သားတော်မင်းရဲကျော်စွာလက်ထက်မှာ ရခိုင်လောင်းကြက်၏ နောက်ဆုံးမင်း၊ မင်းစောမွန်ကို သက္ကရာဇ် ၇၆၈-၇၉၀၊ အေဒီ ၁၄၀၆-၁၄၂၈တွင် လာရောက်တိုက် ခိုက်သည်။ ထိုအချိန်မှာ မင်းစောမွန်၏ညီတော် သံတွဲစားမင်းခရီက မွန်ဘုရင် ရာဇဓိရာဇ်ထံ သွားရောက်စစ်ပန်၍ လောင်းကြက်သို့ လာရောက်ကာ မင်းရဲကျော်စွာကို တိုက်ထုတ်ခဲ့သည့် အတွက် လောင်းကြက်သည် စစ်တလင်းဖြစ်ခဲ့ပြီး လောင်းကြက်ကို မွန်နှင့်မြန်မာတို့အနှစ်- ၂၀ကျော်တိုင်အောင် အပြန်အလှန် တိုက်ခိုက် သိမ်းယူမှုရှိခဲ့သည်။ ထိုအချိန်အခါ မှာ မင်းစောမွန် သည် ဂေါ်ဝါသို့တိမ်းရှောင်ခဲ့ရသည်။ ညီတော်မင်းခရီက ရခိုင်ဒေသကို လိမ္မာပါးနပ်စွာ ထိန်းသိမ်းခဲ့ လေသည်။ သက္ကရာဇ် ၇၉၀၊ ခရစ်အေဒီ ၁၄၂၈တွင် မင်းစောမွန်သည် ဂေါ်ဝါမှသူရတန်စစ်တပ် အကူဖြင့် လောင်းကြက်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ မင်းစောမွန်မှာ လောင်းကြက်တွင် ၂- နှစ်မျှ နန်းစံပြီး သက္ကရာဇ် ၇၉၂ အေဒီ ၁၄၃၀ တွင် လောင်းကြက်မှပြောင်းရွှေ့၍ မြောက်ဦးမြို့ ကိုတည်ကာ မြောက်ဦးခေတ်သစ်တစ်ခုကို စတင်ခဲ့လေသည်။ မင်းစောမွန်သည် ရွှေနန်းသခင် နာရမိတ်လှရာဇာအမည်ဖြင့် သက္ကရာဇ် ၇၉၂တွင် တစ်ကြိမ်၊ သက္ကရာဇ် ၇၉၂မှာ မင်းစောမွန်၏ လောင်းကြက်တွင်စိုးစံသော နောက်ဆုံးနှစ်ဖြစ်သလို မြောက်ဦးမြို့တည်နှစ်လည်း ဖြစ်သည်။

http://www.dhammadownload.com



သက္ကရာဇ် ၇၉၅တွင် တစ်ကြိမ်၊ ရခိုင်စာနှစ်ဘက်ပါ ဒင်္ဂါးထုတ်လုပ်ခဲ့သည်ကို တွေ့ရှိရသဖြင့် ရာဇဝင်ကြောင်းအရ အထောက်အထားခိုင်လုံကြောင်းကို သက်သေထူနေခြင်းဖြစ်ပါသည်။

## တောင်ငူဘုရင် တပင်ရွှေထီးနှင့်ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ ရခိုင်ကိုတိုက်ခိုက်လာခြင်း

မြောက်ဦးဘုရင်မင်းဗာကြီးလက်ထက် သက္ကရာဇ် ၉၀၆၊ အေဒီ ၁၅၄၄တွင် တစ်ကြိမ်၊ သက္ကရာဇ် ၉၀၇၊ အေဒီ ၁၅၄၅တွင် တစ်ကြိမ်၊ သက္ကရာဇ် ၉၀၈၊ အေဒီ ၁၅၄၆တွင် တစ်ကြိမ်၊ သုံးကြိမ်တိုင်တိုင် မြောက်ဦးကိုလာရောက် တိုက်ခိုက်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း တွေ့ရသည်။

တပင်ရွှေထီးမင်း အနိစ္စရောက်ပြီးနောက် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်း ဖြစ်လာသော အခါ တွင်လည်း သက္ကရာဇ် ၉၃၄၊ အေဒီ ၁၅၈၁၌ မြောက်ဦးသို့ လာရောက်တိုက်ခိုက်ခဲ့သော်လည်း အောင်မြင်မှု မရှိ၍ တောင်ငူသို့အပြန်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာ ကွယ်လွန်အနိစ္စရောက်ခဲ့ကြောင်း တွေ့ရသည်။

တောင်ငူဘုရင် ဘုရင့်နောင် ကွယ်လွန်ပြီးနောက်ပိုင်း ဘုရင့်နောင်၏သားတော် နန္ဒဘုရင် လက်ထက်မှာ ရခိုင်ဘုရင်မင်းရာဇာကြီးက ဟံသာဝတီ၊ ပဲခူးနှင့်မုတ္တမအထိ သိမ်းယူခဲ့ကြောင်း တွေ့ရသည်။ ထိုအချိန်မှာ ရခိုင်တို့၏အကျယ်ပြန့်ဆုံးသော နယ်နိမိတ်ဖြစ်ခဲ့ပေသည်။ မင်းရာဇာကြီး စစ်အောင်၍ နန္ဒဘုရင်၏သမီးတော် ခင်မနှောင်းနှင့်တကွ နန်းစဉ်ရတနာများ ဆင်ဖြူတော် တစ်စီးနှင့် ယိုးဒယားကြေးရုပ်ကြီး ၃၀ကို သိမ်းယူရရှိကြောင်း ရခိုင်ရာဇဝင်အစောင်စောင်နှင့် မှန်နန်းရာဇဝင်တော်ကြီးတို့က ဆိုသည်။

ကုန်းဘောင်ခေတ် ဒုတိယမင်းဆက် နောင်တော်ကြီးလက်ထက်တွင် မြောက်ဦးသို့တစ်ကြိမ် လာရောက်တိုက်ခိုက်သည်။ ထိုအချိန်အခါမှာ ရခိုင်တို့၏အင်အားမှာ ယုတ်လျော့ လျှက်ရှိနေပြီ ဖြစ်သော်လည်း စစ်အင်အားငါးသောင်းဖြင့် တိုက်ထုတ်ခဲ့သဖြင့် ရခိုင်ကို သိမ်းယူနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

နောက်ဆုံးတွင် သက္ကရာဇ် ၁၁၄၆၊ ခရစ် ၁၇၈၄ ခုနှစ်သို့ ရောက်သောအခါမှ ရခိုင်တို့၏ ကံကြမ္မာမှာ အဆိုးဝါးဆုံးအချိန်နှင့် အနိမ့်ဆုံးအချိန်သို့ ရောက်နှင့်ပြီးဖြစ်ပါသည်။ Misfortune never comes single ဆိုသည့်စကားအတိုင်းပင် ထိုအချိန်မှာ ရခိုင်တို့ ညီညွတ်မှုကင်းမဲ့လာသည်။

http://www.dhammadownload.com



ရာသီဥတုမှာ အဆိုးရွားဆုံး ဖောက်ပြန်လာချိန် ဖြစ်နေသည်။ စားနပ်ရိက္ခာခေါင်းပါး၍ ဝတ်မွတ်ဘေးနှင့် ကြုံကြိုက်နေချိန် ဖြစ်လာသည်။ ထိုသို့သောအချိန်မှာ ရခိုင်သို့ဘိုးတော်ဘုရား၏ ပြည်သိမ်းအမိန့်ဖြင့် အိမ်ရှေ့မင်းဥပရာဇာ ခေါင်းဆောင်ပြီး စစ်ကြောင်းလေးကြောင်းချီကာ မြောက်ဦးသို့ချီတက်၍ မြောက်ဦးကိုသိမ်းပိုက်လေတော့ သည်။ ထို့နောက် ဘိုးတော်ဘုရားလက်အောက် ကုန်းဘောင်ခေတ်အတွင်းတွင် ၃၅နှစ်နှင့် ဘိုးတော်ဘုရားကို ဆက်ခံသူ ဘကြီးတော်မင်းလက်အောက်တွင် ၅နှစ်၊ စုစုပေါင်းအနှစ် ၄၀ ရှိသည့်အချိန်မှာ အင်္ဂလိပ်- မြန်မာ ပထမစစ်ပွဲဖြစ်လာသောအခါ မြန်မာတို့စစ်ရှုံး၍ ရန္တပိုစာချုပ်အရ ရခိုင်နှင့်တနင်္သာရီကို မြန်မာတို့က အင်္ဂလိပ်တို့အားပေးလိုက်ရလေသည်။ ယင်းအချိန်မှစ၍ အင်္ဂလိပ်ကိုလိုနီလက်အောက်သို့ ရောက်သွားလေတော့သည်။ ကိုလိုနီလက်အောက်သို့ မရောက်မီ ရခိုင်-မြန်မာ နောက်ဆုံးမင်းဆက်များကို နှိုင်းယှဉ်ပြထား သည့်ဇယားကို ရှုပါ။

မာရယုမင်းဓညဝတီကို စတင်ချိန် ဘီစီ-၃၃၂၅ (သို့) ဘီစီ-၃၃၄၀ ဦးအောင်သာဦး၊ ဦးချန်ထွန်းတို့ အယူအဆအရ စတင်တည်ထောင်ခဲ့သည်မှ မင်းဆက်မပြတ် ခေတ်အဆက်ဆက်အစဉ်တစိုက် အုပ်စိုးလာ ခဲ့ကြရာ မြောက်ဦးခေတ်မင်းဆက် ၄၈၊ မဟာသမ္မတရာဇာ (ခေါ်) အဂ္ဂေပုညဇောလက်ထက်အထိ မင်းဆက် စုစုပေါင်း ၂၄၅ဆက်၊ နှစ်ပေါင်း (၅၀၇၂) ငါးထောင်ခုနှစ်ဆယ်နှစ် နှစ်တိုင်အောင် ကြာရှည်စွာ တည်တန့်ခိုင်မြဲခဲ့သော ဓညဝတီ-ရခိုင်နိုင်ငံကြီးသည်ကား ဤတွင်ပင် နိဂုံးချုပ်လေတော့သည်။

ဘိုးတော်ဘုရား သက္ကရာဇ် ၁၁၄၆ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ရခိုင်ဓညဝတီပြည်ကြီးကို သိမ်းယူတော်မူမည်ဟု သားတော်ဥပရာဇာကို အချုပ်ခန့်၍ အလုံးအရင်းနှင့်ချီစေသည်။ မဟာဥပရာဇာ သည် စစ်လေးကြောင်းဖြန့်၍ချီတက်ရာ ရခိုင်တို့အပြင်းအထန် ခုခံတိုက်ခိုက်ကြသော်လည်း ရခိုင်တို့ ရှုံးကာ သံတွဲမြို့နှင့်တကွ တောင်စဉ်ခုနစ်ခရိုင်သာမက ရခိုင်တစ်ပြည်လုံးကို မင်းနှင့်တကွ ရရှိသည်။ ရခိုင်ဘုရင်နှင့် တကွ မင်းဆွေမင်းမျိုး မှူးမတ်ပညာသည်များ၊ အလျားအတောင်-၂၀၊ လုံးပတ်-၆တောင်ရှိ အမြောက်ကြီးနှင့် ခဲယမ်းမီးကျောက်၊ အမြောက်သေနတ်များ၊ ဆင်မြင်းလူသူ သုံးသောင်းကျော်နှင့်တကွ ယိုးဒယားလုပ် ကြေးရုပ်-၃၀ကျော်တို့ကို ဆောင်ယူ၍ တပို့တွဲ လပြည့်ကျော် ၇ရက်နေ့တွင် ရခိုင်မှပြန်လာသည်။

ထို့ပြင် ရခိုင်မင်းများ အစဉ်အဆက်ကိုးကွယ်သော မဟာမုနိ ရုပ်ပွားတော်ကြီးကိုလည်း တောင်ကုတ်လမ်းဖြင့် ပင့်ဆောင်ကာ ပန်းတောင်းမြို့ ဆိပ်ကမ်းမှ ရွှေဖောင်တော်နှင့် တင်ဆောင်၍

| စဉ် | မြောက်ဦးခေတ် နောက်ဆုံးမင်းဆက် | သက္ကရာဇ် | အေဒီ | နှစ် | စဉ် | ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက် | သက္ကရာဇ် | အေဒီ | နှစ် |
|---|---|---|---|---|---|---|---|---|---|
| ၄၁ | နရအဘယရာဇာ | ၁၁၀၄-၁၁၂၂ | ၁၇၄၂-၁၇၆၀ | ၁၈ | ၁ | အလောင်းဘုရား | ၁၁၁၄-၁၁၂၁ | ၁၇၅၂-၁၇၆၃ | ၇ |
| ၄၂ | သိရိသူရာဇာ | ၁၁၂၃ | ၁၇၆၁ | ၁ | ၂ | နောင်တော်ကြီး | ၁၁၂၁-၁၁၂၅ | ၁၇၅၉-၁၇၆၃ | ၄ |
| ၄၃ | စန္ဒပရမရာဇာ | ၁၁၂၃-၁၁၂၅ | ၁၇၆၁-၁၇၆၃ | ၂ | ၃ | ဆင်ဖြူရှင် | ၁၁၂၅-၁၁၃၈ | ၁၇၆၃-၁၇၇၆ | ၁၃ |
| ၄၄ | အဘယမဟာရာဇာ | ၁၁၂၅-၁၁၃၅ | ၁၇၆၄-၁၇၇၃ | ၉ | ၄ | စဉ့်ကူးမင်း | ၁၁၃၈-၁၁၄၃ | ၁၇၇၆-၁၇၈၁ | ၅ |
| ၄၅ | စန္ဒသုမနရာဇာ | ၁၁၃၅-၁၁၃၉ | ၁၇၇၃-၁၇၇၇ | ၄ | ၅ | ဖောင်းကားစား | | | |
| ၄၆ | စန္ဒဝိမလရာဇာ | ၁၁၃၉ | ၁၇၇၇ | ၁ | | မောင်မောင် | | (၇-ရက်) | |
| ၄၇ | စန္ဒသိဒ္ဓသရာဇာ | ၁၁၃၉-၁၁၄၄ | ၁၇၇၇-၁၇၈၂ | ၅ | | | | | |
| ၄၈ | မဟာသမတရာဇာ (၄၂ - ၁၀ ' ၃၂) | ၁၁၄၄-၁၁၄၆ | ၁၇၈၂-၁၇၈၄ | ၂ | ၆ | ဘိုးတော်ဘုရား | ၁၁၄၃-၁၁၄၆ | ၁၇၈၁-၁၇၈၄ | ၃ |
| | အမရပူရ | ၁၁၄၆-၁၁၈၆ | ၁၇၈၄-၁၈၂၄ | ၄၀ | | -ငင်း- | ၁၁၄၆-၁၁၈၁ | ၁၇၈၄-၁၈၁၉ | ၃၅ |
| | | | | | ၇ | ဘကြီးတော် | ၁၁၈၁-၁၁၈၆ | ၁၈၁၉-၁၈၂၄ | ၅ |
| | အင်္ဂလိပ်-မြန်မာ ပထမ | | | | ၈ | သာယာဝတီမင်း | ၁၁၈၆ | ၁၈၂၄ | |
| | စစ်ပွဲအပြီး | | | | ၉ | ပုဂံမင်း | ၁၂၁၄ | ၁၈၅၂ | |
| | အင်္ဂလိပ်လက်အောက် | ၁၁၈၆-၁၂၄၇ | ၁၈၂၄-၁၈၈၅ | | ၁၀ | မင်းတုန်းမင်း (ရတနာပုံခေတ်) | ၁၂၁၄-၁၂၄၀ | ၁၈၅၂-၁၈၇၈ | ၂၆ |
| | (အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး) | | ၂၈ | | ၁၁ | သီပေါမင်း | ၁၂၄၀-၁၂၄၇ | ၁၈၇၈-၁၈၈၅ | ၇ |
| | (၆၁-နှစ်) | | | | | | | | |
| | (အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး) | | | | | | | | |
| | အင်္ဂလိပ်လက်အောက် | ၁၂၄၇-၁၃၁၀ | ၁၈၈၅-၁၉၄၈ | ၆၃ | | | | ၁၃၃ | |
| | | | | | | အင်္ဂလိပ်လက်အောက် | ၁၂၄၇-၁၃၁၀ | ၁၈၈၅-၁၉၄၈ | ၆၃ |

http://www.dhammadownload.com



အမရပူရ မြို့သို့ရောက်လျှင် မြို့မြောက်ဖက်၌ ရွှေပြာသာဒ်နှင့် တည်ထားကိုးကွယ်သည်။ ဘိုးတော်ဘုရား လက်ထက် တော်တွင် ရခိုင်မင်းဆက် ပြတ်လေတော့သည်။

### ဗြိတိသျှကိုလိုနီလက်အောက်ခံ မဖြစ်မီ ရခိုင်မြန်မာ နောက်ဆုံးမင်းဆက်များ အခြေအနေပြဇယား

# Paya Lanma (Lord's Highway) over the Yoma (Yakhine Range)

**Than Tun***

**Mandalay University**

From the monastery of Thakhoottane in Monywa area, we got a black paper manuscript entitled Sakkaraj 1146 mha 1148 atwan: Kusuiltoau (Royal Deeds of Merit during 1724-1726). Its enlist the various stage when the Great Image Mahamuni was brought from Kyauktaw to its present site. The record begins with Royal Edict to go west and bring back the Great Image.

The Crown Prince together with Prince Zagu and Prince Kama are to march in full force of elephants and horses against Dhannavati the City of Yakhine and having captured the City, they are to bring the Mhamuni here.

In f act the Ediet amounts to ordering a military campaign against the king of Yakhine. Without defeating that monarch the removal of the Great Image was inpossible. With the Crown Princes as the Commander-in-Chief, four routes were marked for the campaign:

1. U Yin Pu Route from Ba Daung.
2. Lin Ba Day Route from Myan Aung.

http://www.dhammadownload.com



3. Min Don Route from Kama and

4. Maw Din Ga Yit (Sea) Route from Pathein.

The Commander-in-Chief went by the first route. The chronology of the campaign is:

| | | | |
|---|---|---|---|
| 16. | October | 1784 | Royal Edict to bring back the Mahamuni; war - like preparations were already done and as soon as the Edict to bring back the Mahamuni was issued the campaign was launched. |
| 21. | October | 1784 | The main body of the army arrived at Pyay. |
| 21. | October | 1784 | The army crossed over the Ayeyawadi and reached Ba Daung. |
| 22. | November | 1784 | Left Ba Daung |
| 22. | December | 1784 | Reached Taung Goke it was renamed Onmerbhummi. |
| 31. | January | 1785 | Mrok U the capital city of Yakhine taken; the Crown Prince issued an order to start the work on moving the Mahamuni to Amarapura with ten thousand men under Nemyui: Kyoauthan Jeyasu (Atwinwun of the Crown Prince) and Siridevakyoausu (Thit Taw Wun). |
| 22. | January | 1785 | The image was put on a carriage to be moved to the Kaladan river bank. |
| 24. | January | 1785 | The image was put on a raft and floatd down the Kaladan river. |
| 30. | January | 1785 | The raft carrying the image reached Taung Goke |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| 5 | February | 1785 | The hauling of the image along the over land routebegan |
| 20 | March | 1785 | Pass through the Kyi Bin Sa Khan. Chaung Gwa Sa Kham and arrived at Ba Daung where the Great Image was put on a raft and then raft was moved up-stream to Pyay. |
| 7 | April | 1785 | The raft carrying the Great Image left Pyay. |
| 27 | April | 1785 | The raft arrived at the Amarapura jetty. |

၁။ အလောင်းဘုရား၊
ကုန်းဘောင်မင်းဆက်
စတင်သောနှစ် ကောဇာ ၁၁၁၄ ခရစ်-အေဒီ ၁၇၅၂

၂။ ရခိုင်ကို ဘိုးတော်ဘုရား
သိမ်းယူသောနှစ် ကောဇာ ၁၁၄၆ ခရစ်-အေဒီ ၁၇၈၄

၃။ ရခိုင်ကိုမြန်မာကုန်းဘောင်မင်းဆက်
အမရပူရလက်အောက်ခံအဖြစ်
(က) ဘိုးတော်ဘုရား
လက်အောက် ကောဇာ ၁၁၄၆-၁၁၈၁ ၃၅
အေဒီ ၁၇၈၄-၁၈၁၉ ၃၅
(ခ) ဘကြီးတော်
လက်အောက် ကောဇာ ၁၁၈၁-၁၁၈၆ ၅ ၄၀
အေဒီ ၁၈၁၉-၁၈၂၄ ၅

၄။ အင်္ဂလိပ်လက်အောက်ခံဖြစ်လာသည့်အချိန်
(က) သာယာဝတီမင်း

http://www.dhammadownload.com



- ကောဇာ-၁၁၈၆-၁၂၁၄-၂၈

(ခ) ပုဂံမင်း ၂၈

- ကောဇာ-၁၈၂၄-၁၈၅၂-၂၈

(ဂ) မင်းတုန်းမင်း

- ကောဇာ-၁၂၁၄-၁၂၄၇ - ၃၃

(ဃ) သီပေါမင်း -

- ၁၈၅၂-၁၈၈၅ (ရတနာပုံခေတ်) ၃၃ ၃၃

၁၀၃ ၁၀၁ - ၁၀၁

| | | |
|---|---|---|
| ဆိုလိုသည်မှာ-ကုန်းဘောင်ခေတ်နှစ်ပေါင်း | ၁၃၃ | ရှိရာတွင် |
| ကုန်းဘောင်တွင်မပါဝင်သေးပါ | ၃၂ | နှစ် |
| ကုန်းဘောင်လက်အောက်တွင် ပါဝင်သောနှစ် | ၁၀၁ | နှစ် |
| = | ၄၀ | နှစ် |

အင်္ဂလိပ်ကိုလိုနီလက်အောက်တွင်

ကျရောက်ခဲ့သောနှစ်ပေါင်း = ၆၀နှစ်ဖြစ်ပါသည်။

## မြောက်ဦးခေတ်သမိုင်း၏အဓိကဖြစ်စဉ်များ

| အေဒီ | အဓိကဖြစ်စဉ်များ |
|---|---|
| ၃၃၆ | ပျူတို့ကို မြောက်ဦးအရပ်၌ ပဲဖြူမင်းသားက အောင်နိုင်ခြင်း |
| ၇၇၇ -၇၉၃ | မြောက်ဦးမြို့ကို ပဲဖြူမင်း တည်ထောင်အုပ်ချုပ်ခြင်း |
| ၁၄၃၀ | မြောက်ဦးမြို့တော်ကို မင်းစောမွန်တည်ထောင်ခြင်း |
| ၁၄၃၄ | စစ်ကူရားနှင့်စစ်တကောင်းကို သိမ်းပိုက်ခြင်း |
| ၁၄၃၇ | သံတွဲနယ် ပူးပေါင်းလာခြင်း |
| ၁၄၄၃ | အင်းဝနှင့်သံတမန်ဆက်ဆံခြင်း |

http://www.dhammadownload.com



၁၄၅၄ ရခိုင်မင်းနှင့်အင်းဝမင်းတို့ ဖိုးခေါင်တောင်တွင် တွေ့ဆုံခြင်း

၁၄၅၈ ကလေးသျှမ်းတို့၏ ဝန်းရံမှုကို နှိမ်နင်းခြင်း

၁၄၆၈ ကာလဝမ်းရောဂါ ဖြစ်ပွားခြင်း

၁၄၇၅ သရက်ရှိ သက်တို့ပုန်ကန်သည်ကို နှိမ်နင်းခြင်း

၁၄၈၁ စစ်တကောင်း ပုန်ကန်သည်ကို နှိမ်နင်းခြင်း

၁၅၁၃ ပရိန်သက်တို့ ပုန်ကန်ခြင်း
မြို့မင်းက စစ်တကောင်းကို သိမ်းယူခြင်း

၁၅၁၇ ပေါ်တူဂီတို့နှင့် ကုန်သွယ်မှုစတင်ခြင်း

၁၅၃၁ မြောက်ဦးမြို့တော်ကို မင်းဗာကြီးက တိုးချဲ့ခြင်း

၁၅၃၂ စစ်တကောင်းနှင့် ဒက္ကာကို ပြန်လည်သိမ်းယူခြင်း

၁၅၃၅ ဝန်းရံလာသော ပေါ်တူဂီရေတပ်တို့ အောင်နိုင်ခြင်း

၁၅၄၄ - ၁၅၄၆ တောင်ငူတပ်တို့ မြောက်ဦးကို လုပ်ကြံခြင်း၊ မရ၍ တပ်ပြန်ခြင်း

၁၅၅၆ မြို့တော်ကို ဝေသာလီအထိ တိုးချဲ့ခြင်း

၁၅၅၇ သက်မင်းပုန်ကန်သည်ကို နှိမ်နင်းခြင်း

၁၅၆၄ စစ်တကောင်းကို ပထန်းတို့ဖျက်ဆီးခြင်း

၁၅၇၅ စစ်တကောင်းကို ထပ်မံသိမ်းပိုက်ပြီး အနောက်ဘုရင်ကို ခန့်အပ်ခြင်း

၁၅၈၀ - ၁၅၈၁ တောင်ငူတပ် သံတွဲကိုဝန်းရံပြီး ဆုတ်သွားခြင်း

၁၅၈၆ မြို့မင်း ပြည်ကို တိုက်ခိုက်သိမ်းသွင်းခြင်း

၁၅၉၀ တောင်ငူနှင့်ပူးပေါင်း၍ ဟံသာဝတီကို အောင်နိုင်ခြင်း၊ ယိုးဒယားဘုရင်ညီတော်ကို ဖမ်းမိခြင်း

၁၅၉၉ မဟာပညာကျော် အမတ်ကြီး ကွယ်လွန်ခြင်း

၁၆၀၀ - ၁၆၃၈ မြောက်ဦးခေတ် ရွှေရောင်လွှမ်းချိန်

၁၆၀၃ ဒက္ကာသို့ ချီတက်တိုက်ခိုက်ခြင်း သန်လျင်စားစေင်ကာ (ဒီဘရစ်တို) ပုန်ကန်ခြင်း

၁၆၀၇ ဒီယင်ဂါရှိ ပေါ်တူဂီတို့ကို နှိပ်ကွပ်ခြင်း

http://www.dhammadownload.com



၁၆၀၈ ဒတ်ချ်တို့နှင့် ကုန်သွယ်ခြင်း

၁၆၀၉ အင်းဝနှင့်သံ ထပ်မံဆက်ခြင်း

၁၆၁၀ ဗျူလွှာကို စစ်ချီခြင်း

၁၆၁၂ စစ်တကောင်း အနောက်ဘုရင် ပုန်ကန်သည်ကို နှိမ်နင်းခြင်း၊ ပေါ်တူဂီတို့ တိုက်ခိုက်မှုကို အောင်နိုင်ခြင်း၊ သောင်းတီးကျွန်းကို ဖြိုဖျက်သိမ်းပိုက်ခြင်း

၁၆၁၆ မဂိုတို့ စစ်တကောင်းကို တိုက်သည်ကိုနိုင်ခြင်း

၁၆၂၀ ဘင်္ဂါ ၁၂မြို့ ထကြွသည်ကို နှိမ်နင်းခြင်း

၁၆၃၃ ဒတ်ချ်တို့နှင့် ကုန်သွယ်မှုတံခါး ထပ်မံဖွင့်ခြင်း

၁၆၄၀ ရခိုင်မင်းသား ဒေါင်မာတင် ချီလာခြင်းနှင့် ကံကုန်ခြင်း

၁၆၄၄ ဒတ်ချ်တို့ ကုန်တိုက်ကို ရုပ်သိမ်းခြင်း

၁၆၅၃ ဒတ်ချ်တို့နှင့် ထပ်မံကုန်သွယ်ခြင်း

၁၆၆၀ မဂို ဘင်္ဂလား ဘုရင်ခံ ရှာရှုဂျာ ခိုဝင်လာခြင်း

၁၆၆၂ ခိုဝင်လာသူတို့ ပုန်ကန်သည်ကို နှိမ်နင်းခြင်း

၁၆၆၄ ရှာရှုဂျာ နောက်လိုက်တပ်များ ထပ်မံပုန်ကန်သည်ကို နှိမ်နင်းခြင်း

၁၆၆၅ ဒတ်ချ်တို့ ရခိုင်ရှိ ကုန်တိုက်ကိုပိတ်ခြင်း

၁၆၆၆ စစ်တကောင်းမြို့ ကျဆုံးခြင်း

၁၆၈၅ - ၁၇၁၀ ကိုယ်ရံတော်တို့ သောင်းကျန်းခြင်း

၁၆၉၆ ကျောက်ရောဂါဖြင့် လူများစွာသေခြင်း

၁၆၉၇ သီဟိုဠ်ကျွန်းသို့ သာသနာပြုရန် ရခိုင်ရဟန်းတော်တို့ ကြွသွားခြင်း

၁၇၀၃ - ၁၇၁၀ တန္တဝိုလ်အမတ်က ပုန်ကန်မှုများကို နှိပ်ကွပ်ရခြင်း

၁၇၁၇ ဘင်္ဂလားမြစ်ဝပိုင်းသို့ စစ်ချီခြင်း

၁၇၁၉ အရှေ့သို့ စစ်ချီခြင်း

၁၇၂၄ ဘင်္ဂလားသို့ စစ်ချီခြင်း

၁၇၃၈ ချင်းတို့ လေးမြို့မြစ်ကို ဖျက်ဆီးခြင်း

၁၇၄၁ စစ်တကောင်းသို့ စစ်ချီခြင်း

၁၇၄၅ စစ်တကောင်းသို့ ထပ်မံစစ်ချီခြင်း

http://www.dhammadownload.com



၁၇၄၈ ဒက္ကာသို့တိုင်အောင် စစ်ချီခြင်း

၁၇၅၅ စစ်တကောင်းသို့ ထပ်မံစစ်ချီခြင်း၊ မိုးခေါင်၍ သီးနှံရှားပါးခြင်း

၁၇၅၆ ကာလဝမ်းရောဂါကြောင့် လူများစွာပျက်စီးခြင်း

၁၇၆၁ ငလျင်ကြီးလှုပ်ခြင်း၊ ရခိုင်ပြက္ခဒိန်ကို တစ်မူတည်းဖြစ်အောင်ပြုပြင်ခြင်း

၁၇၆၂ ရခိုင်သမိုင်း၌ အကြီးဆုံးငလျင်လှုပ်ခြင်း

၁၇၆၃ ရခိုင် စီးပွားရေးသမိုင်း၌ အဆိုးရွားဆုံးနှစ်ဖြစ်ခြင်း

၁၇၆၇ ကျွန်စနစ်ကို ဖျက်သိမ်းခြင်း (ဇန်နဝါရီလ)

၁၇၇၅ ချင်းတို့ ဝင်ရောက်ဖျက်ဆီးခြင်း

၁၇၈၂ တစ်ပြည်လုံး ဆူပွက်ခြင်း၊ ကျောက်၊ ဝက်သက်နှင့် ကာလဝမ်းရောဂါ ဖြစ်ပွားခြင်း

၁၇၈၄ ရခိုင်မြောက်ပိုင်း ရေလွှမ်းမိုးခြင်းနှင့် သီးနှံပျက်စီး ခြင်း (ဇွန်လ)မြန်မာတို့ ချီလာခြင်း

၁၇၈၅ မြောက်ဦးမြို့တော် ကျဆုံးခြင်း (ဇန်နဝါရီလ-၁) ရခိုင်မင်းကို ဖမ်းမိခြင်း (ဇန်နဝါရီလ-၁၀) မဟာမြတ်မုနိဘုရားကို ပင့်ဆောင်သွားခြင်း

၁၇၈၉ မြို့တော်ဟောင်းရှိ အဆောက်အအုံများ ပြိုလဲပျက်စီးသွားခြင်း

၁၈၁၁ ပုန်ကန်ထကြွသူတို့က မြောက်ဦးမြို့ကို ယာယီသိမ်းပိုက်ခြင်း

၁၈၂၅ အင်္ဂလိပ်တို့က သိမ်းပိုက်ခြင်း (ဧပြီ-၁)

၁၈၂၆ မြို့ဟောင်းဟု အမည်တွင်လာခြင်း

၁၉၇၉ မြောက်ဦးအမည်ကို တရားဝင် ပြန်လည် သတ်မှတ်ခြင်း။

## မင်းဗာအနောက်မဖျိုမ ဘင်္ဂါ ၁၂ခွင် ကုလားပြည်သို့ စစ်ချီတော်မူခြင်းအကြောင်း

ရှေ့ကဖော်ပြခဲ့သည့်အတိုင်း ကုလားအမတ်ကာတီနှင့် ကုလားမင်းထံနှုတ်ဖြင့် ရာဇသံပါး ပြီးချိန်မှ မှူးတော် မတ်တော်တို့ကို ခေါ်ယူတိုင်ပင်၍ ဘင်္ဂါသို့ စစ်ချီရန်ပြင်ဆင်မှုများ စီရင်ပြီး

http://www.dhammadownload.com



စစ်အင်္ဂါအပြည့်အစုံ ပါဝင်သည့် စစ်ကြောင်းကြီး ၃ရပ် ဖွဲ့စည်းကာ အေဒီ ၁၅၃၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက်နေ့တွင် အောင်တပ်စတင်ထွက်တော်မူသည်။ ပြာသိုလဆန်း ၁၅ရက်တွင် ဒါကာမြို့ကို အောင်မြင်စွာသိမ်းပိုက်နိုင်ပြီး ဒေလီမင်းထံရေးသား ရာဇသံပေးပို့ခဲ့ရာ မောက်သူဇာမြို့တော်မှ ခံနေသော ကုလားဒေလီမင်း ဆုတ်ခွာခဲ့၍ မောက်သူဇာသို့ ချီတော်မူသည်။

**ရခိုင်ဘုရင် မင်းဗာကြီးထံမှ အိန္ဒိယတိုင်း ဒီလီပဆာမင်းထံ ပေးပို့သောရာဇသံ**

"ကမ္ဘာစ မဟာသမ္မတမင်း၊ ဘေးတော် သာဂရ သည်စဉ်လာ၊ ဝါသုဒေဝ၊ ယဋ္ဌပဏ္ဍိတ၊ ဗြဟ္မဏရာဇာ၊ မာရယုမင်း၊ အဘိရာဇာ၊ ကံရာဇာကြီး၊ စန္ဒသူရိယ၊ ဒသရာဇာ၊ အာဏာထွန်းလင်း၊ မင်းဆက်များစွာ၊ အနောက်မျက်နှာ ရက္ခပူရတိုင်း နိုင်ငံ၊ ကမ္ဘိလမြို့ထိ၊ အနောက်တောင်၊ ဘင်္ဂရနဒီ ရေရိုးအခြား၊ မောက်သူဇာမြို့၊ ကာလကတ္တား သင်္ဘောဆိပ်ထိ၊ အနောက်မြောက်ရောင်မြူမြစ်၊ အနောက်ဖက်၊ ဘိလက်မြို့ထိ ပိုင်တော်မူသည်။ ဘေးတော် မင်းထီးလက်ထက် အရှေ့ဘက်သို့ တောင်စဉ်ကျေးရွာကို စတင်ဖျက်ဆီးလေရာ မာန်တော်ဝင်၍ သက္ကရာဇ် ၆၉၄ ခုတွင် ချီတက်တိုက်စေရာ သက်မြို့ပျက်၍ သက်မင်း နှင့် သားသမီးတို့ကို ရခဲ့သည်။ သက်မင်းသားတို့ ထွက်ပြေးလေရာ အညိုးရန်စ ရှိသည်ဖြစ်၍ သက်မြေး မင်းဆွေခေါ် သော အင်းဝမင်းခေါင်သား မင်းရဲကျော်စွာ သက္ကရာဇ် ၇၆၈ခု တွင် ချီတက်တိုက်လာ သော် မင်းစောမွန်လည်း အမျိုးမင်းကျင့်တရား လွတ်လေရာ ပြည်သူပြုငြင်သဖြင့် ပျက်စီးလျှက်ရှိသော် ဘင်္ဂါ ၁၂မြို့ကို ထွက်ပြေးကူးပြောင်း၍ ပဆာမင်းထံ ဝင်ခိုလေရာ ပဆာမင်းက စစ်ကူပေးသည်ကို အကြောင်းပြု၍ ကုလားဘင်္ဂလား ၁၂မြို့ကို ပေးခဲ့သည်။ နှစ်အရှည်ရှိပြီ သိမ်းယူလောက်တန်၍ သိမ်းယူတော်မူလေသည်။ ဒီလီမင်း နိုင်ငံရေမြေကဲ့သို့ ဆီးဆို့ ခုခံလေသည်မှာ သာယာစွာ ပြန်လျှင်လည်း ရှေးဘေးတော်မင်းတို့ ထုံးဟောင်းမပျက်စေရ မောက်သူဇာမြို့တွင်သာ ယူတော်မူမည်ဟူ၍ ပေးတော်မူလိုက်သည်။

ထိုစာသဝဏ်လွှာ ကုလားမင်းထံသို့ ရောက်လေသော် ဘင်္ဂါ ၁၂ခွင်ကို လွှန်ခဲ့သော နှစ်တစ်ရာကျော်စားမြဲအတိုင်း ရခိုင်ဘုရင်အား ပြန်လည်အပ်နှင်း၍ ကုလားမင်းမောက်သူဇာမှ အညံ့ခံ တပ်ရုပ်ဆုတ်ခွာသွားပြီးလျှင် ဘာဂီရနဒီမြစ် အနောက်ဘက် ဇဂိရာမြို့မှာ ချရပ်နေပြီးမှ ကုလားဒီလီ

http://www.dhammadownload.com



မင်း ရှုမာယွန်က သမီးပဲသီတာ (Pensital)နှင့် လက်ဆောင်ပဏ္ဏာအများ ဆက်သလာလျှင် ကုလားအိမ်ရှေ့မင်းသားမုရသိန်ကိုလည်း လွှတ်ငြိမ်းချမ်းသာခွင့်ပေးကာ ပြစ်တော်မယူဘဲ ၎င်းဖခမည်းတော်ထံ ပြန်လည်ပေးတော် မူသည်။

ဘဝရှင်မင်းဗာ၏ ဘင်္ဂါ ၁၂ခွင်အား ပြန်လည်ပိုင်စိုးလိုသည့် ဆန္ဒမှာ ၈၉၃ ခု၊ ပြာသိုလ အတွင်း ပြီးမြောက်တော်မူပြီး အသစ်ပိုင်စိုးလာသည့် နယ်ပယ်တစ်ရပ်လုံး လုံခြုံရေးနှင့် အုပ်ချုပ်ကွပ်ကဲမှုရေးရာများအား သေချာစွာ ချထားသတ်မှတ်ပေးရင်း ဘင်္ဂါ၌ သက္ကရာဇ် ၈၉၅ ခု၊ တပေါင်း လဆန်း ၁၂ရက်နေ့အထိ ဒါကာမောက်သူဇာမြို့တို့တွင် စံမြန်းနေခဲ့ပြီးမှ နေပြည်တော်မြောက်ဦးသို့ ခါတော်မှီ ပြန်တော်မူသည်။ ထိုသို့ အနောက်မဇ္ဈိမ၌ တစ်နှစ်လေးလခန့် ကိုယ်တိုင်ကိုယ်ကျ စီမံခန့်ခွဲနေခဲ့ချိန် အတောအတွင်း အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားလာခဲ့သည်ဟုသိရပါ သည်။

ဒေလီပဆာမင်းနှင့် စစ်မက်ပြီးဆုံး၍ စစ်ပြေအေးသဘောတူညီချက်ရရှိက ပိုင်နက်နယ်မြေ အေးချမ်းသာယာလာသည်နှင့် ဘဝရှင်မင်းဗါသည် စစ်အင်္ဂါအပြည့်ခြံရံလျှက် ဂယာသီဟမြို့တော် ဘက်ခရီး သုံးဂါဝုတ် ခန့်ရှိ ဗုဒ္ဓဂယာရွာအနီး မဟာဗောဓိပင်ကြီးနှင့် စေတီတော်တည်ရှိရာသို့ သွားရောက်ဖူးမြော်တော်မူကာ သက်စေ့ကျောက်ဆင်းတု တော်အပါးလေးဆယ် တည်ထားပူဇော်တော်မူပြီးလျှင် ကြီးစွာသော အလှူကို ပေးတော်မူကာ ၈၉၅ ခု တစ်ပေါင်းလတွင် မဟာဗောဓိပင် ဗုဒ္ဓဂယာမှဒါကာသို့ ပြန်တော်မူခဲ့ပါသည်။ ၎င်းလတွင်ပင် နေပြည်တော်သို့ပြန်ကာ ၈၉၅ ခု ခါတော်မီမြောက်ဦးသို့ ဆိုက်ရောက်တော်မူသည်။

## ကျောင်းသားများအသင်း ရခိုင်တန်ဆောင်စာပေ
## ဖွဲ့နွဲ့သီကုံးသူနန္ဒဘုရင့်သမီးမင်းရာဇာကြီး၏တန်ဆောင်မိဖုရားချင်နှောင်း

တက်ထွန်းလနေ၊ လကျာခွေ၍၊ ဝိဒေခေါ်ထွတ်၊ သောင်းကျွန်းပတ်ခဲ့၊ တွန်ထပ်သောင်းသောင်း၊ မောင်းလည်းပြန်ခေါက်၊ သောက်ခြယ် ရောက်က၊ ထွန်းတောက်မြောက်သူ၊ နေနှင့်ဆူလျှင်၊ ထွက်ပြူသည် လော၊ တွေးထင်မောစွ၊ ပေါ်ပေါက်တောင်ညို၊ လယ်ထိပ်မိုတက်၊ ဗဟိုရ်ရွှေနန်း၊ ခေါင်းစွန်းငါးဆင့်၊ ခြင်သေ့သင့်လျက်၊ ယပ်နှင့်စမြင်၊ မိုးပြင်ကြွားကြွား၊ တိမ်ကြားလျှပ်ခွဲ၊ ပျံ့ဝဲဘနန်း၊ ကျရန်းလက်မကန်၊ ငုံဟန်ချပ်ကြာ၊ ကိန္နရာခွင်၊ တောင်တွင်ယွန်းမိုး၊ ရိုးရိုးမှင်ထား၊ စောင့်နတ်သားနှင့် ယပ်မားဆင့်ထပ်၊ ဒေါင်းယပ်ပန်းရုပ်၊ ပဒုမ်ကြာလျော့က်၊ ကြက်မောက်ကြက်

http://www.dhammadownload.com



တိုက် ထီးဆိုက် တောင်တန်း၊ ရွှေဒေါင်းတွန်သို့ လှံချွန်မှန်ဖူး၊ လင်းရောင်မြူးသည်။ စည့်ရှုးထွန်းချက် မာန်တကား။ စက်ဂန်းပတ်ခွေ၊ ကျွန်းလုံးမွှေမျှ ဝိဒေခေါ် မှန်း၊ ကွေ့ယွန်းများမြောင်၊ ကုဋေထောင်တိ၊ မြင် တောင်ထိပ်မှာ၊ ဝေယန္တာနှင့်ပမာတမျှ၊ တူမောလှ၏၊ ပါဒနက်သန်၊ ပိတောန်ညောင်ရွက်၊ ကွမ်းခွက် တောင်ထဲ၊ တော်ဆွဲလူလူ ချူလည်းသွင်သွင် ကြယ်လပြင်တိ၊ ပျံဝင်ကိုးပါး၊ မျက်စုံနားလျက် ချူးသား ပြောက်နွယ်၊ ဆန်းကြယ်ပေါ်ထုတ်၊ ကွေးနှုတ် ညွတ်ညောင်း၊ ရုမ်းပေါင်းများဖြင့် လည်ထင်ရင်ဘက် စိန်ရှက်မုံချွန်၊ ပန်းမာလ်ချိန်သင့်၊ ဆိုင်၍ပွင့်သို့ ပတ်ရင့်ချိုပျား၊ ယူစားကျေးငှက်၊ တောင်ယှက်စာပြန်၊ ခွံ့ဝယ်ဟန်လည်း၊ သဏ္ဍာန်မရှား၊ ထွေထွေများကို၊ သိကြားဘုံမှာ သာ့ကြားပါရှင့်၊ ဘယ်မှာခွဲခြမ်း၊ ရေးနိုင်စွမ်းချိမ့်၊ မှောင်လွန်းညဥ့်တွင်း၊ မီးသို့ဝင်းသည်။ လှဝင်းမယှက်ဟန်တကား။

ဘက်ကျွန်းလွတ်ထွေ၊ ဇမ္ဗူမြေဌ်၊ မင်းနေဘုံသာ၊ လော်ကနာ၏၊ ရတနာစုံ၊ ရောင်ဟုန်း လျှံပြည့်၊ ကွေ့ကွေ့ ဆက်လ်ပ်၊ မွှန်းထိတ်လက်တံ၊ ငုံဟန်စံကား၊ ဆပ်သွားရိုင်းစိုင်၊ မြင့်ဆိုင်ပလ္လင်၊ ဥဂ္ဂင်သလုမ်း၊ ကုန်းသို့အထိ၊ မျက်စိငြီးခဲ့၊ စံထီးရောင်ရွှန်း၊ ကြငှန်းဥရူ၊ နှစ်ဆူပြိုင်တောက်၊ ထီးဖြူ အောက်ဝယ်၊ ပြိုးပြောက်လျှံထွား၊ ဝေဘုဖျားထက်၊ အုန်းတားလက်တင်၊ မျက်ရှင်မြန္တိုက်၊ နရိုက် ခြည်သန်း၊ ခပန်းသွယ်မြောင်၊ စိန်ကြောင်မျက်မြင်၊ နဝရတ်ဟိ၊ ရုပ်ထပ်ဆင့်ပွါး မိုးသားပစ္စုန်၊ စမုံကြာပြန့် ရွှေသလွန်ထက်၊ မိုးစွန်တိမ်သွင်၊ ဇာသရင်ကို ဖုံပြင်လွှမ်းထား၊ အုန်းတားရွှေပြောင်၊ ဓနုဖေါက်လျက်၊ ရိုက်ခေါက်သံတောင်း၊ အာနီမောင်းသည်။ ညောင် စောင်းနတ်စက်ဟန်တကား။ ၁၂၅၂ ခု၊ လမ္ဘတော် ဆရာဦးဥတ္တမ မူရင်းအတိုင်း ရေးကူးခဲ့သော 'ရက္ခိုင်ရာဇဝင်တော်ကြီး' ပေစာမျက်နှာ [ဋိ] -[ဌူ။](မူကွဲနှင့်တိုက်ဆိုင်ရမှ ကောင်းမည်။ ကာရန်ပျက်သည်ကို တွေ့ရ၏။)

## ရခိုင်မင်းသား ဒွန်မှာတင်

ရခိုင်ရာဇဝင်သည် ပုဂံရာဇဝင်ကဲ့သို့ ရှည်လျားရှုပ်ထွေးသည်။ "ပုဂံရာဇဝင်ပြောရင် တုတ်ထမ်းပြော ရတယ်"ဟူသော ဆိုရိုးစကား ရှိသကဲ့သို့ ရခိုင်ရာဇဝင်ပြောပါက တစ်စုံတစ်ခုကိုင်၍ ပြောရမလိုရှိသည်။ ဗုဒ္ဓသာသနာ အစောဆုံးရောက်ရှိထွန်းကားရာဌာနဖြစ်ရုံမက မိုင်များစွာ ရှည်လျားသော ပင်လယ်ကမ်းရိုး တန်းကြီး၊ ဆိပ်ကမ်းမြို့များ၊ ကျွန်းစုများ၊ သဘာဝသယံဇာတများ ပေါကြွယ်သည့်အပြင် အိန္ဒိယတိုက်ယေနှင့်လည်း အိမ်နီးချင်းဖြစ်နေသောကြောင့် စီးပွားရေး၊

http://www.dhammadownload.com



နိုင်ငံရေး၊ လူမှုရေး ယဉ်ကျေးမှု အိန္ဒိယနှင့် ဆက်နွယ်နေသည်။ မင်းဆက်များစွာ ပေါ်ထွန်းခဲ့ပြီး ဘုန်းတန်ခိုးအာဏာကြီးမားသော ရခိုင်ဘုရင်များလက်ထက်တွင် ဩဇာစက်ရိပ်ကို ပင်လယ်ပြင်ကို လွှန်၍ ယနေ့တစ်ဖက်နိုင်ငံပိုင်ဖြစ်နေသော ဒေသများစွာကို ပိုင်စိုးခဲ့ဖူးသည်။ ခရစ်နှစ် ၁၆ နှင့် ၁၇ ရာစုများအချိန်က ပေါ်တူဂီတို့ အရှေ့ကမ္ဘာခြမ်းတွင် ကြီးစိုးချယ်လှယ်ခဲ့ကြသည့် အချက်သည်လည်း ရခိုင်ရာဇဝင်အပေါ် သက်ရောက်ခဲ့သည်။

အရှေ့အိန္ဒိယကျွန်းစုများ (အင်ဒိုနီးရှား)၏ ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ဖောက်ကား ရေး၊ ကြေးစားစစ်မှုထမ်းရေး၊ ကျွန်ဖမ်း နှင့် ပင်လယ်ဓားပြလုပ်ငန်းနှင့် ကိုယ်ရေးကိုယ်တာစွန့်စား ကြီးပွားလိုသော ဆန္ဒအပြင် တစ်ခါတစ်ရံဘုရင်ဂျီဘာသာ ခရစ်ယာန်သာသနာပြုများနှင့် ပူးပေါင်း၍ ဒေသခံထိးနန်းရေးရာ များတွင် ဝင်ရောက်စွက်ဖက်ကာ ကိုယ်ကျိုးရှာရင်း ခရစ်ယာန်သာသနာပြု လုပ်ငန်းများကို ပေါ်တူဂီတို့ လုပ်ကြသည်။ အိန္ဒိယပင်လယ် ကမ်းရိုးတန်းများရှိ ဆိပ်ကမ်းမြို့များတွင် ပေါ်တူဂီခြေကုပ်စခန်းများ တည်လာကြပြီး ထိုမှတစ်ဆင့် အရှေ့ဖက်သို့ နယ်ချဲ့လာကြရာ အချေ၊ စူမာတြာ၊ ဂျာဝါ၊ မလာယု၊ မုတ္တမ၊ သန်လျင်၊ မြောက်ဦးသို့ပင် ဝင်ရောက်လာကြသည်။

မြန်မာဘုရင် အနောက်ဖက်လွှန်မင်းလက်ထက် အေဒီ ၁၆၀၅-၂၈၊ ၁၆၁၃ ခုနှစ်တွင် သန်လျင်ရှိ ပေါ်တူဂီခြေကုပ်စခန်းကြီးကို အလုံးအရင်းနှင့် ဖြိုခွင်းပြီး ပေါ်တူဂီလူရမ်းကား ခေါင်းဆောင် ငဇင်ကာ (ဖီလစ်ဒီဘရစ်တို)နှင့် ကြရာပါနတ်သျှင်နောင်တို့ကို အဆုံးစီရင်ကြောင်း နှင့် နောက်လိုက်နောက်ပါတို့အား သစ္စာပေးပြီး ရွှေဘို၊ မုံရွာ၊ အညာသို့ ပြောင်းရွှေ့နေရာချကာ အမှုတော်ထမ်းစေခဲ့သော သမိုင်းအကြောင်းကို ရဟန်းရှင်လူ မြန်မာပြည်သူတို့ အသိများသည်။ သို့သော် ယခုဤဆောင်းပါးတွင် ဖော်ပြမည့် ရခိုင်သမိုင်းဝင်ဖြစ်ရပ်ကိုမူ သိသူမများသေးဟု ထင်ပါသည်။ ရှေးခေတ် ရခိုင်ပညာတတ်တို့ကား သိကြသည်။ ယနေ့ ရခိုင်တိုင်းရင်းသား မျိုးဆက်သစ်များအဖို့ အမှုမဲ့အမှတ်မဲ့ ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် မယုံရင် ပုံပြင်မှတ်ဟု ဆိုလောက်သော အောက်ဖော်ပြပါ သမိုင်းဖြစ်ရပ်ကို အကျဉ်းချုံး ဖော်ပြလိုက်ပါသည်။

ခရစ်နှစ် ၁၆၁၀ တွင် မြောက်ဦးမင်းဆက်မှ ခုနစ်ဆက်မြောက် မင်းဖြစ်သော မင်းရာဇာကြီး၏ သားတော်ငယ်၊ စစ်တကောင်းမင်းမန်ကြီး သည် နောင်တော် အိမ်ရှေ့မင်း မင်းခမောင်းနှင့် မသင့်မတင့်သောကြောင့် ထိုအချိန်က ရခိုင်ရေမြေတွင် ခြေကုပ်ရနေကြသော ပေါ်တူဂီတို့နှင့် ပေါင်းကာ ထောင်ထားသည်။ ထိုအချိန်က ရခိုင်ပိုင်ဘင်္ဂလား ပင်လယ်တွင်းရှိ ဆန်ဒွိပကျွန်း

http://www.dhammadownload.com



Sandwip ပေါ်တွင် ပေါ်တူဂီ-စပိန် ကပြားပင်လယ်ဓားပြ ဗိုလ်ဆီဘတ်(စ်)ရှန်ဂွန်ဇလ Sebastian Gonsalves သည် အခွင့်ကောင်းယူကာ လက်နက်လူသူ အကူပေးပါမည်ဟု စစ်တကောင်းစားသို့ စကားကမ်းသည်။ ထို့ပြင် နှစ်ဦးမဟာမိတ် ပြုရာတွင် ခိုင်မြဲရေးအတွက် စစ်တကောင်းစားသမီးနှင့် သူ့သားကို ထိမ်းမြားရန် တိုက်တွန်းသည်။ စစ်တကောင်း မင်းမန်ကြီး သည် နောင်တော်အပေါ် မကျေချမ်းနိုင်သဖြင့် တိုက်တွန်းချက်ကို လက်ခံလိုက်မိသည်။ သမီးတော် အား ဘုရင်ဂျီဘာသာ သွင်းရန် ပေါ်တူဂီဘုန်းကြီးတို့ တရားဟောခိုင်း သော်လည်း သမီးတော်သည် ငြင်းဆန်နေသည်။ သို့သော် အဓမ္မနည်းနှင့် ဘာသာသွင်းပြီး ဂွန်ဇလိသားနှင့် ပေါ်တူဂီမင်းခမ်းမင်း နားဖြင့် လက်ထပ်ပေးလိုက်သည်။

စစ်တကောင်းစားနှင့် ဂွန်ဇလိတို့ပေါင်းပြီး ခမည်းတော်နှင့် နောင်တော်တို့အား ပုန်ကန်ကြရာ မအောင်မြင်ချေ။ စစ်တကောင်းမြို့ကို ချီတက်တိုက်ခိုက်လာသော နောင်တော်တပ်ကို ခုခံရင်း စစ်တကောင်းစား ကျည်သင့်ကာ မေ့မြောသွားသည်။ ဂွန်ဇလိလည်း ရခိုင်တပ်တို့ကို မခုခံနိုင်၍ ပြေးသည်။ ဂွန်ဇာလီသည် ခရစ်ယာန်ဘုန်းကြီး ရပ်ဖယ် Father Rafael အား စစ်တကောင်းစား၏ လူမမယ်သားတော်နှင့် သမီး တော်တို့အား ကယ်ယူပြီး ခရစ်ယာန်ဘာသာသွင်းရန် စေလွှတ်သည်။ ရပ်ဖယ်ရောက်လာပြီး ကံကုန်ခါနီး ဆဲဆဲစစ်တကောင်းစားကို ခရစ်ယာန် ဘာသာသွင်းရန် စိုင်းပြင်း နေစဉ် စစ်တကောင်းစား ကံကုန်သွားသည်။ ဤတွင် လူမမယ်သားတော်နှင့် သမီးတော်တို့အား ခေါ်ဆောင်မွေးစားပြီး ခရစ်ယာန်ဘာသာ သွင်းလိုက်သည်။

သည့်နောက် ရခိုင်မင်းနွယ် ကလေးငယ်နှစ်ဦးကို ဟူဂလိ Hugli ရှိ ပေါ်တူဂီစခန်းသို့ ပို့လိုက်ပြီး 'စိန်နီကိုလပ်' St. Nicholas သီလရှင်ကျောင်းသို့ အပ်နှံကာ ကြီးပြင်းလာသည်အထိ ခရစ်ယာန် သာသနာပြုတို့က ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးကြသည်။ ဘုရင်ဂျီဘာသာဝင်များ ဖြစ်လာရုံမက ရခိုင်ဇာတိလုံးဝပျောက်သွားပြီး ပေါ်တူဂီစိတ်ပေါက်ကာ ပေါ်တူဂီမင်းညီမင်းသား အသွင်ဆောင်လာကြသည် သမီးတော်ကို ပေါ်တူဂီလူကုန်တန် အိမ်ထောင်စုက မွေးစားလိုက်ပြီး သားတော်ကို ဂိုအား Goa ရှိ ပေါ်တူဂီဘုရင်ခံက မွေးစားသည်။ အခွင့်သာသောအခါ သားတော်အား ရခိုင်ထီးနန်းကို အရယူခိုင်းပြီး ရခိုင်တစ်ပြည်လုံးအား ပေါ်တူဂီသြဇာခံ ဖြစ်လာစေရန် ဘုရင်ခံက ရည်မှန်းသည်။ ဘုရင်ဂျီဘုန်းကြီးတို့ကလည်း ရခိုင်ပြည်ကြီး ပေါ်တူဂီသြဇာခံ ဖြစ်လာပါက တစ်ပြည်လုံးကို ခရစ်ယာန်ဘာသာသို့ သွတ်သွင်း ခွင့်ရမည်ဖြစ်၍ ဘုရင်ခံနှင့်

http://www.dhammadownload.com



ပူးပေါင်းဆောင်ရွက်ကြသည်။ ဂိုအာဘုရင်ခံသည် ငွေအား၊ လူအားနှင့် ကူညီထောက်ပံ့ပေးသည်။ သာသနာပြုဘုန်းကြီး ဖာသာအန်တီနီယိုဒီဆန်ဗင့်ဆင်း Father Antoniodesan Vincente ၏ သင်ကြား လေ့လာမှုဖြင့် ရခိုင်မင်းသားငယ်ကို ပေါ်တူဂီသူကောင်းမျိုး ဇာတ်သွင်းပေးပြီး ပေါ်တူဂီ လူငယ် သူရဲကောင်း ပကတိ ဖြစ်လာစေသည်။ ၁၆၁၉ ခု၊ တနင်္ဂနွေနေ့တစ်နေ့၌ ဟူဂလီရှိ ပေါ်တူဂီ မင်းပေါင်းစုံညီရှေ့တွင် မင်းခမ်းမင်းနားကျင်းပကာ ရခိုင်မင်းသားကို 'ဒွန်မာတင်' Dom Martin အမည်ဖြင့်လည်းကောင်း၊ ရခိုင်မင်းသမီးကို ပထရိုနီလာ Petronila အမည်ဖြင့်လည်းကောင်း ဘာသာထပ်သွင်းပေးပြီး ပေါ်တူဂီမင်းသား၊ မင်းသမီးအဖြစ်သို့ ရောက်သွားကြစေသည်။

သည့်နောက် ဒွန်မာတင်ကို ဂိုအား Goa မြို့တော်သို့ ပို့ပြီး အိုမွတ် Ormuz ပင်လယ်ရေ လက်ကြားရှိ ပေါ်တူဂီစခန်းကို ကွပ်ကဲရသော စစ်ဗိုလ်ကြီး ဖရယ်ရီဒီအင်ဒရာဒါ (Captain Freire de Andrada) ၏ ရေတပ်တွင်တပ်သားအဖြစ် အမှုထမ်းစေကာ စစ်ပညာများ သင်ယူစေသည်။ ပါရှမ်ပင်လယ်ကွေ့ရှိ ပေါ်တူဂီဘုရင့် ရေတပ်မတော်တွင် လေးနှစ်ကြာ အမှုထမ်းရာတွင် သူရသတ္တိ နှင့် တိုက်ခိုက်ရေးတွင် အလွန်တရာ ထူးချွန်ပြောင်မြောက်လှသောကြောင့် ပေါ်တူဂီစစ်ဗိုလ်မှူး လောကတွင် ဒွန်မာတင်သည် သူရဲကောင်းလူငယ်တစ်ဦးဟု သတင်းမွှေးလျက်ရှိသည်။

ခရစ်နှစ် ၁၆၂၇ ခုတွင် မလက္ကာ Maleccal ပင်လယ်ရေလက် ကြားပေါ်တွင် ပေါ်တူဂီ တို့သည် အချေဆူလတန်မင်း Sulatan of Acheli ၏ တိုက်ခိုက်ခြင်းခံရသောကြောင့် ကာကွယ်ရေး အတွက် အင်အား ဖြည့်နေကြရာ အသက် ၂၁-နှစ်အရွယ်သာရှိသေးသော ဒွန်မာတင်မင်းသားကို ပေါ်တူဂီဂါဗာနာမင်းကြီး ဒွန်လွီဘရစ်တို Dom Luis de Brito က ဗိုလ်မှူးရာထူးပေးပြီး မလက္ကာသို့ စေလွှတ်သည်။ တိုက်သင်္ဘော ၃၀ ကို ကွပ်ကဲရသော ဒွန်ဖရစ်စစ်စကို၊ တူကီနိုဒဲလ်ဆင် Dom Fracisco Countinodel Sem နှင့်အတူ ချီတက်လိုက်ပါသွားပြီး ပေါ်တူဂီတို့ ရန်သူအင်အား စုကို စွမ်းစွမ်းတမံတိုက်ခိုက်ရာ ဒွန်မာတင်၏ သူရသတ္တိကြောင့် တိုက်ပွဲအောင်မြင်ပြီး လုံ့စွပ်ဒဏ်သင့် ခဲ့သည်။ သည့်နောက် ဗိုလ်မှူးကြီး ဒွန်အယ်လ်ဗားဒေဘိုတဲလို Dom Alvarez Botello ၏ ရေတပ်တွင် အမှုထမ်းပြန်သည်။ ၁၆၂၉ ခုနှစ်တွင် ဒုတိယအကြိမ် အချေတပ်များနှင့် ရင်ဆိုင်တိုက်ပွဲ တွင်လည်းကောင်း၊ ၁၆၃၀ ပြည့်နှစ်တွင် စင်ကာပူရေလက်ကြား၌ အင်္ဂလိပ်ဒတ်ချ်တို့နှင့် ရင်ဆိုင်တိုက်ပွဲတွင်လည်းကောင်း ဒွန်မာတင်သည် ရဲစွမ်းပြပြီး အောင်ပွဲများရပြန်သည်။

http://www.dhammadownload.com



ဒွန်မာတင်သည် ပေါ်တူဂီရေတပ်ဗိုလ်အဖြစ် အမှုထမ်းသက် ဆယ်နှစ်ပင်ရှိခဲ့လေပြီ။ ခရစ်နှစ် ၁၆၄ဝ ပြည့်တွင် သူသည် အသက် ၃၄နှစ်ရှိခဲ့ပြီး ပါရှား၊ သီဟိုဠ် သီရိလင်္ကာနှင့် ရေလက်ကြားတစ်ဝိုက်တွင် လည်းကောင်း၊ အိုမွတ်မှသည် ဂျကာတာအထိလည်းကောင်း ပင်လယ်ပြင် တစ်လျှောက် ကာကွယ်ရေး၊ တိုက်ခိုက်ရေးတွင် ပေါ်တူဂီမင်း၏ အမှုတော်ကို သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့သည်မှာ ၁၆နှစ်ပင် ရှိလေပြီ။

ထိုကာလအတွင်း၌ သူ၏ကံကြမ္မာကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေသောဖြစ်ရပ်များ ရခိုင်နှင့် ပေါ်တူဂီတွင် ပေါ်ပေါက်လာသည်။ ရခိုင်ပြည်၌ ခရစ်နှစ် ၁၆၄၅ ခုနှစ်တွင် နန်းလုဘုရင် နရပတိကြီး မင်းပြုလျက် ရှိသည်။ ပေါ်တူဂီနိုင်ငံတွင် ၁၅၈ဝ ခုနှစ်မှစ၍ ကြီးစိုးခဲ့သော စပိန်မင်းဆက် ကျဆင်းသွားပြီး ၁၆၄ဝ ပြည့်နှစ် စတုတ္ထမြောက် ဂျွန် John IV မင်းမှစ၍ ပေါ်တူဂီမင်းဆက် ပြန်လည်ကြီးစိုးလာသည်။ စပိန် မင်းဆက်များလက်ထက်က ယိမ်းယိုင်ကျဆင်းနေသော အရှေ့ကမ္ဘာရှိ ပေါ်တူဂီတို့၏ တန်ခိုးအာဏာကို ပြန်လည်တည်ဆောက်ရန် ပေါ်တူဂီတို့ ပြန်လည် စိုင်းပြင်းလာကြသော အချိန်ဖြစ်သည်။

ဤသို့ ကမ္ဘာ့အခြေအနေနှင့် ရခိုင်ပြည်တွင်းရေး အခြေအနေ တို့ကို ဆက်စပ်သုံးသပ်မိသော ရခိုင်နန်းလျာ ဒွန်မာတင်သည် ပေါ်တူဂီ မင်းအကူအညီဖြင့် ပြည်တော်ပြန်၍ ရခိုင်ထီးနန်းရရန် ကြံစည်လေသည်။ ခရစ်နှစ် ၁၆၄၂ ခုနှစ်တွင် အသက် ၃၆-နှစ်အရွယ် ဒွန်မာတင်သည် ဂွပ်ဟုတ်အငူ Cape of Goodhope မှ ပတ်သော ပင်လယ်ရေကြောင်း ခရီးဖြင့် ပေါ်တူဂီ မြို့တော် လစ္စဘွန်း Lisbon သို့ ရောက်လာသည်။ ခရစ်ယာန်ဘုန်းတော်ကြီး ဖာသာကွန်တီနို Father Coutino အပါအဝင် သာသနာပြုမိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်တို့ အကူအညီဖြင့် ပေါ်တူဂယ် ဘုရင်ဂျွန်နှင့် နီးစပ်သော သူကောင်းမျိုးဩဇာရှင် မင်းညီ မင်းသားများနှင့် ဒွန်မာတင်ဆက်သွယ်မိ လေသည်။ ဘုရင်၏ ဆွေတော်မျိုးတော်ထဲမှ ဩဇာရှိ မင်းသားကြီး အယ်လင်ကပ်စတြာ John of Alencastre သည် ရခိုင်မင်းသား ဒွန်မာတင်၏အရေးတွင် မိမိပါကြီးပွား နိုင်မည့်လမ်းမြင်သော ကြောင့် ငွေအားဖြင့်ထောက်ပံ့ကူညီသည်။ ဒွန်မာတင်အား ဂျွန်ဘုရင်ရှေ့မှောက်သို့သွင်း၍ ခစားရာ ၌ လိုအပ်သော မင်းညီမင်းသား အဝတ်အစား၊ အဆောင်အယောင်၊ အခမ်းအနား၊ နောက်လိုက်ရံ ရွေတော်၊ ကျေးကျွန်များအတွက် ကုန်ကျစရိတ်တို့ကို သူကပင် အရင်းစိုက်ထားလိုက်သည်။

ခရစ်ယာန်ဘုန်းကြီး ဖာသာကွန်တီနို၏ အဆက်အသွယ်ဖြင့် ဒွန်မာတင်သည် ဂျွန်မင်းထံ အခစားဝင်ခွင့်ရပြီး ရခိုင်ထီးနန်း ပြန်ရယူရေး ကိစ္စကိုတင်ပြရာ ဂျွန်မင်းသည် ရခိုင်မင်းသား ဒွန်မာတင်အပေါ် ကြည်ဖြူ သနားသည့်အပြင် အရှေ့ကမ္ဘာခြမ်းရှိ ပေါ်တူဂီတန်ခိုးအာဏာ

http://www.dhammadownload.com



ပြန်လည်ထူထောင်ရေးတွင် ရခိုင်ပြည်နှင့်တကွ ဒွန်မာတင်မင်းသားကို အသုံးချနိုင်သည့် လာဘ်ကို မြင်သောကြောင့် ဒွန်မာတင်အား လိုသမျှအကူအညီ ပေးမည်ဟု ကတိပေးလိုက်သည်။

ခရစ်နှစ် ၁၆၄၂ ခု၊ ပင်လယ်ခရီးထွက်ရန် သင့်လျော်သောအချိန်တွင် ဂွန်ဘုရင် ချီးမြှင့်ကူညီလိုက်သော ငွေအား၊ လူအား၊ လက်နက်အင်အား၊ သင်္ဘောအင်အား အပြည့်အစုံနှင့် ဒွန်မာတင်သည် ပင်လယ်ခရီးမှ ရခိုင်ပြည်သို့ ထီးနန်းပြန်သိမ်းယူရန် ချီခဲ့သည်။ သို့သော် ကံတရားက ပြောင်းလဲလိုက်သည်။ ပွဲတိုင်းကျော် အောင်ပွဲရသူရဲကောင်း ဒွန်မာတင်သည် ပင်လယ်ခရီးတွင် ပြင်းထန်စွာဖျားနာပြီး ဆေးကုမရသဖြင့် ကံကုန်သွားရှာသည်။ ဤတွင် မြန်မာ့နယ်မြေ ရခိုင်ပြည်ကြီးအား လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းခဲ့သော ပေါ်တူဂီဘုရင်နှင့် သာသနာပြု တို့၏ ကြီးမားသော အကြံအစည်ကြီးတစ်ရပ် တစ်စခန်းသိမ်းသွားရလေ တော့သည်။ ဒွန်မာတင်သာ မကွယ်လွန်ခဲ့ပါလျှင် ရခိုင်ရာဇဝင်သာမက မြန်မာနိုင်ငံသမိုင်းပါ တစ်မျိုးတစ်ဖုံ ဖြစ်သွားပေမည်လောဟု တွေးတော စရာဖြစ်သည်။

ဒွန်မာတင်၏ နှမတော် ပေါ်တူဂီမင်းသမီး ပက်ထရိုနီလာကား ပေါ်တူဂီသူကောင်းမျိုး တစ်ဦးနှင့် လက်ဆက်ပြီး မူလရခိုင်ဇာတိပျောက်ကာ ဇာတ်မြှုပ်သွားလေတော့သည်။

## မြောက်ဦးခေတ် အစ အဆုံးမင်းစဉ် မင်းဆက်များ

မြောက်ဦးမြို့ကို ရခိုင်ဘုရင်မင်းစောမွန်သည် ရခိုင်မြန်မာ သက္ကရာဇ် ၇၉၂ ခု၊ တော်သလင်းလဆန်း၊ ၁-ရက်နေ့တွင် တည်ခဲ့သည်။ ခရစ်သက္ကရာဇ်အရဆိုလျှင် အေဒီ ၁၄၃၀ ခုနှစ်က ဖြစ်သည်။

မြောက်ဦးမင်းဆက်သည် ရခိုင်မြန်မာ သက္ကရာဇ် ၁၁၄၆ ခု၊ ပြာသိုလပြည့်ကျော်၊ ၇-ရက်နေ့တွင် ပြတ်သည်။ ခရစ်သက္ကရာဇ်အရဆိုလျှင် ၁၇၈၄ ခုနှစ်က ဖြစ်သည်။ မြောက်ဦးမြို့ကား ၃၅၄ နှစ်တိုင် စည်ကားခဲ့သော ရခိုင်တို့၏နောက်ဆုံးမြို့တော်ဖြစ်သည်။

ယင်းမြို့တွင် မင်းဆက်ပေါင်း ၄၈-ဆက် နန်းစံခဲ့သည်။ ဤ မြောက်ဦးခေတ်မင်းဆက်ကို လေးပိုင်း ဖြတ်၍တင်ပြရပါမူ မြို့တည်သော မင်းစောမွန်မှ ဘုရင်မင်းဖလောင်ကြီး မတိုင်မီအထိ ၁၂-ဆက်၊ ယင်းမင်းဆက် ကို ပထမမြောက်ဦးမင်းဆက်ဟု ခေါ်ကြသည်။ ဘုရင်မင်းဖလောင်ကြီးမှ မင်းစနေထိ ၉-ဆက် ယင်းမင်းဆက်ကို ဒုတိယမြောက်ဦးမင်းဆက်ဟု ခေါ်ကြသည်။ ဘုရင် နရပတိကြီးမှ စန္ဒဝိဇယမင်းအထိ ၁၄-ဆက်၊ ဘုရင် စန္ဒသူရိယမှ မဟာသမတရာဇာ၊ အင်္ဂါပုည ဇာရာဇာအထိ ၁၃-ဆက်၊ စုစုပေါင်း ၄၈-ဆက် ဖြစ်၏။

### မင်းဆက် – ၁

http://www.dhammadownload.com



မင်းအမည် - နာရမိတ်လှ / မင်းစောမွန်
မျိုးရိုး - လောင်းကြက် မင်းရာဇသူ၏သား
အိမ်နိမ့် - ၂၄-နှစ်
နန်းစံ - လောင်းကြက်-၄ နှစ်၊ နန်းကျ-၂၂ နှစ်၊ မြောက်ဦး- ၃ နှစ်
နန်းစံသက္ကရာဇ် - ၇၉၂-၇၉၅၊ ခရစ်သက္ကရာဇ် ၁၄၃၀-၁၄၃၃ အေဒီ
ဒင်္ဂါး - ၇၉၂/ရွှေနန်းသခင် နာရမိတ်လှရာဇာ-ငွေဒင်္ဂါး
၇၉၅/ရွှေနန်းသခင် နာရမိတ်လှရာဇာ-ငွေဒင်္ဂါး

**မင်းဆက် - ၂**

မင်းအမည် - နရနု-မင်းခရီ-အလီခင်
မျိုးရိုး - ညီ
အိမ်နိမ့် - ၄၂-နှစ်
နန်းစံ - ၂၆-နှစ်
နန်းစံသက္ကရာဇ် - ၇၉၅-၈၂၁၊ ခရစ်သက္ကရာဇ် ၁၄၃၃-၁၄၅၉ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် - ၃**

မင်းအမည် - ဘစောဖြူ / ကလီမာသျှာ
မျိုးရိုး - သား
အိမ်နိမ့် - ၃၀-နှစ်
နန်းစံ - ၂၃-နှစ်
နန်းစံသက္ကရာဇ် - ၈၂၁-၈၄၄၊ ခရစ်သက္ကရာဇ် ၁၄၅၉-၁၄၈၂ အေဒီ
ဒင်္ဂါး - ကလီမာစာထိုးဒင်္ဂါး တွေ့သည်။

**မင်းဆက် - ၄**

မင်းအမည် - မင်းဒေါလျာ/မင်းသုဓွေါလာသျှာ/မောခုသျှာ
မျိုးရိုး - သား

http://www.dhammadownload.com



အိမ်နိမ့် - ၂၇-နှစ်
နန်းစံ - ၁၀-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၈၄၄-၈၅၄၊ ခရစ်သက္ကရာဇ် ၁၄၈၂-၁၄၉၂ အေဒီ
ဒင်္ဂါး - မတွေ့သေး

**မင်းဆက် – ၅**

မင်းအမည် - ဘစောညို / မဟာမောက်သျှာ
မျိုးရိုး - ဘထွေး (မင်းခရီ၏သား)
အိမ်နိမ့် - ၅၇-နှစ်
နန်းစံ - ၂-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၈၅၄-၈၅၆၊ ခရစ်သက္ကရာဇ် ၁၄၉၂-၁၄၉၄ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် – ၆**

မင်းအမည် - မင်းရန်အောင် / နော်ရိသျှာ
မျိုးရိုး - မင်းဒေါလျာသား
အိမ်နိမ့် - ၉-နှစ်
နန်းစံ - ၆-လ
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၈၅၆၊ ခရစ်သက္ကရာဇ် ၁၄၉၄ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် – ၇**

မင်းအမည် - စလက်သူ/သိင်္ဂသူ/သက်ကောက်ဒေါ်လာသျှာ
မျိုးရိုး - မိခင်ဖက်မှဦးရိုး
အိမ်နိမ့် - ၄၀-နှစ်
နန်းစံ - ၇-နှစ်၊
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၈၅၆-၈၆၃၊ ခရစ်သက္ကရာဇ် ၁၄၉၄-၁၅၀၁ အေဒီ

http://www.dhammadownload.com



ဒင်္ဂါး - ကုလားစာဖြင့် သီကွန်ဒါသျှာဟု ထိုးသောဒင်္ဂါးတွေ့သည်။

**မင်းဆက် — ၈**

မင်းအမည် - မင်းရာဇာ / ဣလီသျှာ / မင်းလှရာဇာ
မျိုးရိုး - သား
အိမ်နိမ့် - ၂၂-နှစ်
နန်းစံ - ၁၂-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၈၆၃-၈၇၅၊ ခရစ်သက္ကရာဇ် ၁၅၀၁-၁၅၁၃ အေဒီ
ဒင်္ဂါး - ကုလားစာနှင့် ဣလီသျှာဟု ထိုးသောဒင်္ဂါးတွေ့သည်။

**မင်းဆက် — ၉**

မင်းအမည် - ဂဇာပတိ
မျိုးရိုး - သား
အိမ်နိမ့် - ၁၆-နှစ်
နန်းစံ - ၂-နှစ်
နန်းစံသက္ကရာဇ် - ၈၇၅-၈၇၇၊ ခရစ်သက္ကရာဇ် ၁၅၁၃-၁၅၁၅ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် — ၁၀**

မင်းအမည် - မင်းစောအို/ဇလာသျှာ/သီရိသူ/ဇလက္ကာစောမွန်ခင်
မျိုးရိုး - စလက်သူ၏ညီ
အိမ်နိမ့် - ၆၀-နှစ်
နန်းစံ - ၆-လ
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၈၇၇၊ ခရစ်သက္ကရာဇ် ၁၅၁၅ အေဒီ
ဒင်္ဂါး - တွေ့၊ ရွှေနန်းသခင်စောမွန်ခင် ဒင်္ဂါးတွေ့။

**မင်းဆက် — ၁၁**

မင်းအမည် - သဇာတ၊ အလီသျှာ
မျိုးရိုး - ဒေါ်လျာသား

http://www.dhammadownload.com



အိမ့်နိမ့် - ၅၂-နှစ်
နန်းစံ - ၆-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၈၇၇-၈၈၃၊ ခရစ်သက္ကရာဇ် ၁၅၁၅-၁၅၂၁ အေဒီ
ဒင်္ဂါး - အလီသျှာဟု ကုလားစာဖြင့်ထိုးသော ဒင်္ဂါးတွေ့။

**မင်းဆက် – ၁၂ (ပထမခေတ်)**

မင်းအမည် - မင်းခေါင်ရာဇာ
မျိုးရိုး - ညီ
အိမ့်နိမ့် - ၄၅-နှစ်
နန်းစံ - ၁၀-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၈၈၃-၈၉၃၊ ခရစ်သက္ကရာဇ် ၁၅၂၀-၁၅၃၁ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် – ၁၃ (ဒုတိယခေတ်)**

မင်းအမည် - မင်းဗာကြီး / မင်းဘင်
မျိုးရိုး - မင်းရာဇာ၏သား
အိမ့်နိမ့် - ၃၉-နှစ်
နန်းစံ - ၂၂-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၈၉၃-၉၁၅ ၊ ၁၅၃၁-၁၅၅၃ အေဒီ
ဒင်္ဂါး - စစ်တကောင်းမင်းဘင် မင်းဘင်သန်ယာ

**မင်းဆက် – ၁၄**

မင်းအမည် - မင်းတိက္ခာ၊ မင်းဒီယာ
မျိုးရိုး - သား
အိမ်နိမ့် - ၃၉-နှစ်
နန်းစံ - ၂-နှစ် ၊ ၆-လ
နန်းစံသက္ကရာဇ် - ၉၁၅-၉၁၇၊ ခရစ်သက္ကရာဇ် ၁၅၅၃-၁၅၅၅ အေဒီ

http://www.dhammadownload.com



ဒဂ်ီး - မတွေ့သေး။

**မင်းဆက် – ၁၅**

မင်းအမည် - မင်းစောလှ
မျိုးရိုး - သား
အိမ်နိမ့် - ၂၄-နှစ်
နန်းစံ - ၈-နှစ် ၊ ၆-လ
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၉၁၇-၉၂၆၊ ခရစ်သက္ကရာဇ် ၁၅၅၅-၁၅၆၄ အေဒီ
ဒဂ်ီး - မတွေ့သေး။

**မင်းဆက် – ၁၆**

မင်းအမည် - စကြာဝတေးမင်းစကြာ
မျိုးရိုး - ညီ
အိမ်နိမ့် - ၂၉-နှစ်
နန်းစံ - ၇-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၉၂၆-၉၃၃၊ ခရစ်သက္ကရာဇ် ၁၅၆၄-၁၅၇၈ အေဒီ
ဒဂ်ီး - နရာဓိပတိ ဥရီတော်သရိ ဒဂ်ီးတွေ့

**မင်းဆက် – ၁၇**

မင်းအမည် - မင်းဖလောင်း/သီကွန်ဒါသျှာ/သျှောက်ဋ္ဌန္တသျှာ
မျိုးရိုး - မင်းဗာကြီး၏သား
အိမ်နိမ့် - ၃၇-နှစ်
နန်းစံ - ၂၂-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၉၃၃-၉၅၅၊ ခရစ်သက္ကရာဇ် ၁၅၇၁-၁၅၉၃ အေဒီ
ဒဂ်ီး - နရာဓိပတိဥရီတော်သီရိသျှာ

**မင်းဆက် – ၁၈**

မင်းအမည် - မင်းရာဇာကြီး/သတိုးဓမ္မရာဇာဆော်လိမ်သျှာ
မျိုးရိုး - သား
အိမ်နိမ့် - ၃၆-နှစ်

http://www.dhammadownload.com



နန်းစံ - ၁၉-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၉၅၅-၉၇၄၊ ခရစ်သက္ကရာဇ် ၁၅၉၃-၁၆၁၂ အေဒီ
ဒင်္ဂါး - ၂-ကြိမ်ထုတ်သည်။ နရာဓိပတိဆော်လိပ်သျှာ
၉၅၅ နှင့် ဆင်ဖြူသျှင်နရာဓိပတိ ဆော်လိပ်သျှာ ၉၆၃

**မင်းဆက် – ၁၉**

မင်းအမည် - မင်းခမောင်း/ဝရဓမ္မရာဇာ/ဥသျှောင်သျှာ
မျိုးရိုး - သား
အိမ်နိမ့် - ၃၅-နှစ်
နန်းစံ - ၁၀-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၉၇၄-၉၈၄၊ ခရစ်သက္ကရာဇ် ၁၆၁၂-၁၆၂၂ အေဒီ
ဒင်္ဂါး - ၂-ကြိမ်ထုတ်ခဲ့သည်။ ၈၇၄ ဆင်ဖြူရှင် ဝရဓမ္မရာဇာ ဥသျှောင်သျှာနှင့် ၉၈၁
ဆင်ဖြူသခင်ဆင်နီသခင် မင်းတြားကြီး ဥသျှောင်သျှာ

**မင်းဆက် – ၂၀**

မင်းအမည် - သီရိသုဓမ္မရာဇာ
မျိုးရိုး - သား
အိမ်နိမ့် - ၂၀-နှစ်
နန်းစံ - ၁၆-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၉၈၄-၁၀၀၀ ၊ ခရစ်သက္ကရာဇ် ၁၆၂၂-၁၆၃၈ အေဒီ
ဒင်္ဂါး - ၉၈၄ - ဆင်ဖြူဆင်နီသခင် သီရိသုဓမ္မရာဇာ

**မင်းဆက် – ၂၁**

မင်းအမည် - မင်းစနေ / သတိုးမင်းလှ
မျိုးရိုး - သား
အိမ်နိမ့် - ၁၈-နှစ်
နန်းစံ - ၂၀-ရက်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၀၀၊ ခရစ်သက္ကရာဇ် ၁၆၃၈ အေဒီ
ဒင်္ဂါး - မတွေ့သေး။

http://www.dhammadownload.com



## မင်းဆက် - ၂၂ (တတိယခေတ်)

မင်းအမည် - နရာပတိကြီး၊ စန္ဒဝိဇယမင်းအထိ ၁၄ ဆက်
မျိုးရိုး - သဇာတာ၏မြစ် အမတ်မျိုး
အိမ်နိမ့် - ၅၆-နှစ်
နန်းစံ - ၇-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၀၀-၁၀၀၇၊ ခရစ်သက္ကရာဇ် ၁၆၃၈-၁၆၄၅ အေဒီ
ဒင်္ဂါး - ဆင်ဖြူသခင် နရပဓိကြီး

## မင်းဆက် - ၂၃

မင်းအမည် - သတိုးမင်းတရား
မျိုးရိုး - သား
အိမ်နိမ့် - ၃၆-နှစ်
နန်းစံ - ၇-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၀၇-၁၀၁၄၊ ခရစ်သက္ကရာဇ် ၁၆၄၅-၁၆၅၂ အေဒီ
ဒင်္ဂါး - ၁၀၀၇ ဆင်နီသခင် ဆင်ဖြူသခင် သတိုးမင်းတရား

## မင်းဆက် - ၂၄

မင်းအမည် - စန္ဒသုဓမ္မရာဇာ
မျိုးရိုး - သား
အိမ်နိမ့် - ၂၅-နှစ်
နန်းစံ - ၂၂-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၁၄-၁၀၃၆၊ ခရစ်သက္ကရာဇ် ၁၆၅၂-၁၆၇၄ အေဒီ
ဒင်္ဂါး - ၂-ကြိမ်ထုတ်ခဲ့သည်။ ငါးမူးစေ့လည်း ထုတ်သည်။
ငါးမူးစေ့တွင် အလယ်ကမျဉ်းအကြောင်းပါသည်။
၁၀၁၄- ရွှေနန်းသခင် စန္ဒသုဓမ္မရာဇာ ရေးသည်။

http://www.dhammadownload.com



**မင်းဆက် – ၂၅**

မင်းအမည် - ဥက္ကာဗလရာဇာ
မျိုးရိုး - သား
အိမ်နိမ့် - ၂၇-နှစ်
နန်းစံ - ၁၁-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၃၆-၁၀၄၇
ခရစ်သက္ကရာဇ် ၁၆၇၄-၁၆၈၅ အေဒီ
ဒင်္ဂါး - မတွေ့သေး

**မင်းဆက် – ၂၆**

မင်းအမည် - ဝရဓမ္မရာဇာ
မျိုးရိုး - ညီ
အိမ်နိမ့် - ၁၈-နှစ်
နန်းစံ - ၇-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၄၇-၁၀၅၄၊ ခရစ်သက္ကရာဇ် ၁၆၈၅-၁၆၉၂ အေဒီ
ဒင်္ဂါး - ၁၀၄၇ ရွှေနန်းသခင် ဝရဓမ္မရာဇာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေ့။

**မင်းဆက် – ၂၇**

မင်းအမည် - မဏိသုဓမ္မရာဇာ
မျိုးရိုး - အကို
အိမ်နိမ့် - ၃၅-နှစ်
နန်းစံ - ၂-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၅၄-၁၀၅၆၊ ခရစ်သက္ကရာဇ် ၁၆၉၂-၁၆၉၄ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် – ၂၈**

မင်းအမည် - စန္ဒသူရိယဓမ္မရာဇာ
မျိုးရိုး - ညီ

http://www.dhammadownload.com



အိမ်နိမ့် - ၂၂-နှစ်
နန်းစံ - ၂-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၅၆-၁၀၅၈၊ ခရစ်သက္ကရာဇ် ၁၆၉၄-၁၆၉၆ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် – ၂၉**

မင်းအမည် - ဝတုံနော်ရထာ / နော်ရထာစော
မျိုးရိုး - သား
အိမ်နိမ့် - ၁၄-နှစ်
နန်းစံ - ၁၅-ရက်၊ ၃၇-ရက်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၅၈၊ ခရစ်သက္ကရာဇ် ၁၆၉၆ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် – ၃၀**

မင်းအမည် - မာရုပ္ပိယ
မျိုးရိုး - မျိုးခြားဘုန်းကြီးလူထွက်
အိမ်နိမ့် - ၆၀-နှစ်
နန်းစံ - ၁-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၅၈-၁၀၅၉၊ ခရစ်သက္ကရာဇ် ၁၆၉၆-၁၆၉၇ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် – ၃၁**

မင်းအမည် - ကာလမန္ဒာတ်
မျိုးရိုး - -
အိမ်နိမ့် - ၆၀-နှစ်
နန်းစံ - ၁-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၅၉-၁၀၆၀၊ ခရစ်သက္ကရာဇ် ၁၆၉၇-၁၆၉၈ အေဒီ

http://www.dhammadownload.com


ဒင်္ဂါး - ၁၀၅၉ ရွှေနန်းသခင်ကာလ မန္တာက်ရာဇာမင်း

**မင်းဆက် – ၇၂**

မင်းအမည် - နရာဓိပတိ
မျိုးရိုး - စန္ဒသူရိယဓမ္မရာဇာ၏သား
အိမ်နိမ့် - ၂၁-နှစ်
နန်းစံ - ၂-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၆၀-၁၀၆၂၊ ခရစ်သက္ကရာဇ် ၁၆၉၈-၁၇၀၀ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် – ၇၃**

မင်းအမည် - စန္ဒဝိမလဓမ္မရာဇာ
မျိုးရိုး - နရာဓိပတိ၏မြေး
အိမ်နိမ့် - ၂၀-နှစ်
နန်းစံ - ၆-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၆၂-၁၀၆၈၊ ခရစ်သက္ကရာဇ် ၁၇၀၀-၁၇၀၆ အေဒီ
ဒင်္ဂါး - ၁၀၆၂- ရွှေနန်းသခင်စန္ဒဝိမလရာဇာ

**မင်းဆက် – ၇၄**

မင်းအမည် - စန္ဒသူရိယရာဇာ
မျိုးရိုး - စန္ဒသုဓမ္မရာဇာ၏မြေး
အိမ်နိမ့် - ၄၆-နှစ်
နန်းစံ - ၄-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၆၈-၁၀၇၂၊ ခရစ်သက္ကရာဇ် ၁၇၀၆-၁၇၁၀ အေဒီ
ဒင်္ဂါး - မတွေ့သေး။

**မင်းဆက် – ၇၅**

မင်းအမည် - စန္ဒဝိဇယရာဇာ
မျိုးရိုး - မျိုးခြား
အိမ်နိမ့် - ၄၃-နှစ်

http://www.dhammadownload.com



နန်းစံ - ၂၁-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၇၂-၁၀၉၃၊ ခရစ်သက္ကရာဇ် ၁၇၁၀-၁၇၃၁ အေဒီ
ဒင်္ဂါး - ၁၀၇၂- ရွှေနန်းသခင် စန္ဒဝိဇယရာဇာ

## မင်းဆက် – ၃၆(တတိယခေတ်)

စန္ဒသူရိယမှ မဟာသမ္မတ ရာဇာ/အင်္ဂပုညဇောရာဇာအထိ ၁၃ လ

မင်းအမည် - စန္ဒသူရိယ
မျိုးရိုး - သားမက်
အိမ်နိမ့် - ၃၆-နှစ်
နန်းစံ - ၃-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၉၃-၁၀၉၆၊ ခရစ်သက္ကရာဇ် ၁၇၃၁-၁၇၃၄ အေဒီ
ဒင်္ဂါး - ၁၀၉၃- ရွှေနန်းသခင် စန္ဒာသူရိယရာဇာ

## မင်းဆက် – ၃၇

မင်းအမည် - နရာဓိပတိ
မျိုးရိုး - သား
အိမ်နိမ့် - ၂၀-နှစ်
နန်းစံ - ၁-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၀၉၆-၁၀၉၇၊ ခရစ်သက္ကရာဇ် ၁၇၃၄-၁၇၃၅ အေဒီ
ဒင်္ဂါး - မတွေ့သေး။

## မင်းဆက် – ၃၈

မင်းအမည် - နရပဝရရာဇာ
မျိုးရိုး - ညီ

http://www.dhammadownload.com



အိမ်နိမ့် - ၂၀-နှစ်
နန်းစံ - ၁-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၉၇-၁၀၉၈၊ ခရစ်သက္ကရာဇ် ၁၇၃၅-၁၇၃၆ အေဒီ
ဒင်္ဂါး - ၁၀၉၇- ရွှေနန်းသခင် နရပဝရရာဇာ

**မင်းဆက် - ၄၉**

မင်းအမည် - စန္ဒဝိဇလရာဇာ
မျိုးရိုး - ညီဝမ်းကွဲ
အိမ်နိမ့် - ၂၂-နှစ်
နန်းစံ - ၈-လ
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၉၈၊ ခရစ်သက္ကရာဇ် ၁၇၃၇ အေဒီ
ဒင်္ဂါး - ၁၀၉၈- ရွှေနန်းသခင် စန္ဒဝိဇလရာဇာ

**မင်းဆက် - ၅၀**

မင်းအမည် - မဒရာဇ်
မျိုးရိုး - နရဝရရာဇာ၏ညီ
အိမ်နိမ့် - ၂၀-နှစ်
နန်းစံ - ၅-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၀၉၉-၁၁၀၄၊ ခရစ်သက္ကရာဇ် ၁၇၃၇-၁၇၄၂ အေဒီ
ဒင်္ဂါး - ၁၀၉၉- ရွှေနန်းသခင် မဒရာဇ်ရာဇာ

**မင်းဆက် - ၅၁**

မင်းအမည် - နရအဘယ
မျိုးရိုး - ဦးရီး
အိမ်နိမ့် - ၄၈-နှစ်
နန်းစံ - ၁၉-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၁၀၄-၁၁၂၃၊ ခရစ်သက္ကရာဇ် ၁၇၄၂-၁၇၆၁ အေဒီ

http://www.dhammadownload.com



ဒင်္ဂါး - ၁၁၀၄- ရွှေနန်းသခင် နရအဘယရာဇာ

## မင်းဆက် - ၄၂

မင်းအမည် - သီရိသူရာဇာ
မျိုးရိုး - သား
အိမ်နိမ့် - ၃၃-နှစ်
နန်းစံ - ၃-လ
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၁၂၃၊ ခရစ်သက္ကရာဇ် ၁၇၆၁ အေဒီ
ဒင်္ဂါး - မတွေ့သေး။

## မင်းဆက် - ၄၃

မင်းအမည် - စန္ဒပရမရာဇာ
မျိုးရိုး - ညီ
အိမ်နိမ့် - ၂၀-နှစ်
နန်းစံ - ၃-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၁၂၃-၁၁၂၆၊ ခရစ်သက္ကရာဇ် ၁၇၆၁-၁၇၆၄ အေဒီ
ဒင်္ဂါး - ၁၁၂၃ ရွှေနန်းသခင် စန္ဒပရမရာဇာ

## မင်းဆက် - ၄၄

မင်းအမည် - အဘယမဟာရာဇာ
မျိုးရိုး - ယောက်ဖ
အိမ်နိမ့် - ၅၅-နှစ်
နန်းစံ - ၉-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၁၂၆-၁၁၃၅၊ ခရစ်သက္ကရာဇ် ၁၇၆၄-၁၇၇၃ အေဒီ
ဒင်္ဂါး - ၁၁၂၆ ရွှေနန်းသခင် အဘယမဟာရာဇာ

## မင်းဆက် - ၄၅

မင်းအမည် - စန္ဒသုမနရာဇာ
မျိုးရိုး - ယောက်ဖ

http://www.dhammadownload.com



အိမ်နိမ့် - ၅၀-နှစ်
နန်းစံ - ၄-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၁၃၅-၁၁၃၉၊ ခရစ်သက္ကရာဇ် ၁၇၇၃-၁၇၇၇ အေဒီ
ဒင်္ဂါး - ၁၁၃၅- ရွှေနန်းသခင် စန္ဒသုမနရာဇာ

## မင်းဆက် - ၄၆

မင်းအမည် - စန္ဒဝိမလရာဇာ
မျိုးရိုး - မျိုးခြား
အိမ်နိမ့် - ၄၆-နှစ်
နန်းစံ - ၄၀-ရက်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၁၃၉၊ ခရစ်သက္ကရာဇ် ၁၇၇၇ အေဒီ
ဒင်္ဂါး - မတွေ့သေး၊ ထုတ်နိုင်ခဲ့ဟန်မတူ။

## မင်းဆက် - ၄၇

မင်းအမည် - စန္ဒသဒိဿရာဇာ/ဓမ္မရာဇ်ရာဇာ
မျိုးရိုး - မျိုးခြား
အိမ်နိမ့် - ၅၀-နှစ်
နန်းစံ - ၅-နှစ်
နန်းစံသက္ကရာဇ် - ရခိုင်သက္ကရာဇ် ၁၁၃၉-၁၁၄၄၊ ခရစ်သက္ကရာဇ် ၁၇၇၇-၁၇၈၂ အေဒီ
ဒင်္ဂါး - ၁၁၃၉ - ရွှေနန်းသခင် စန္ဒသဒိဿရာဇာ၊
၁၁၄၀ - ရွှေပြည်သခင် ဓမ္မရာဇ်ရာဇာ

## မင်းဆက် - ၄၈

မင်းအမည် - မဟာသမ္မတရာဇာ / အင်္ဂေါ်ပုညဇော
မျိုးရိုး - မျိုးခြား
အိမ်နိမ့် - ၄၀-နှစ်

http://www.dhammadownload.com



နန်းစံ - ၂-နှစ်

နန်းစံသက္ကရာဇ် - ၁၁၄၄-၁၁၄၆၊ ခရစ်သက္ကရာဇ် ၁၇၈၂-၁၇၈၄ အေဒီ

ဒင်္ဂါး - ၁၁၄၄ - ရွှေနန်းသခင် မဟာသမ္မတရာဇာ၊

၁၁၄၄ - ရွှေနန်းသခင် အဂ္ဂေါပုညဇောရာဇာ

## မြောက်ဦးခေတ် ဘုရင်စနစ်၏မြင်ကွင်း
## မြောက်ဦးခေတ်ရှေးရခိုင်ဘုရင်များ ညီလာခံကျင်းပပုံ

ရခိုင်ဘုရင်များသည် မှူးကြီးမတ်ကြီးများ ရေဇုန္နတ်၊ ကုန်းဇုန္နတ်၊ ပုရောဟိတ်၊ လွှတ်တော်ဝန် စသော ပုဂ္ဂိုလ်များနှင့် ညီလာခံကို နေ့စဉ်ကျင်းပလေ့ရှိသည်။ ထိုညီလာခံတွင် တိုင်းရေးပြည်ရေးများ ကို တိုင်ပင်ကြသည်။ အောက်ရုံးများမှ မပြီးပြတ်သော အမှုများကို စီရင်သည်။ လက်အောက်ခံပဒေ သရာဇ်များ၊ မြို့စား၊ ရွာစားများ၏ အခြေအနေများကို မေးမြန်းစုံစမ်းသည်။ ရာထူးအပြောင်းအလဲ နှင့် မြို့စားရွာစား အပြောင်းအလဲ များကို ဆွေးနွေးဆုံးဖြတ်ကြသည်။ ထို့အပြင် တစ်နှစ်လျှင် ၂-ကြိမ်သာ ကျင်းပသော ညီလာခံကြီးများလည်း ရှိသေးသည်။

ယင်းညီလာခံတွင် နေပြည်တော်မှ မှူးမတ်၊ သုခမိန်၊ စစ်သေနာပတိများအပြင် ရပ်ဝေးမှ လာကြသော လက်အောက်ခံ ပဒေသရာဇ်ဘုရင်ခံ၊ မြို့စား၊ ရွာစား၊ ကျွန်းစားများတက်ရောက်ကြ သည်။ ဤညီလာခံမျိုးကို ကျင်းပရန် မြောက်ဦးခေတ်က မြောက်ဦးနန်းတော်၏ အရှေ့ဘက် ၂ မိုင်ခန့်အကွာတွင် မြင်းမိုရ်တောင်ကဲ့သို့ ကျွန်းကြီးလေးကျွန်း ဝိုင်းရံထားပြီး ပုံသဏ္ဌာန်ဖြင့် တောင်မြင့် မိုရ်နန်းဟု ခေါ်သော ညီလာခံနန်းဆောင်တစ်ခု တည်ဆောက်ထားသည်။ မြောက်ဘက်၌ မဟာ သံဃရာဇာဆရာတော် ဝိနည်းမိုရ်ဆရာတော်နှင့် သာသနာရေးဆိုင်ရာ မှူးကြီးမတ်ကြီးများ ပါဝင် သည့် ညီလာခံပြုလုပ်သော မြောက်မြင်းမိုရ်နန်းဆောင် တစ်ခုကိုလည်း တည်ဆောက်ထားသည်။ ရှင်ဘုရင်သည် ညီလာခံကျင်းပရာ၌ အဆင့်အတန်းအလိုက် မှူးကြီးမတ်ရာများကို ထိုင်ခုံဖြင့်ထိုင်စေ ပြီး ဘုရင်၏ လက်ဝဲဘက်မှ ၄၉-ဦးနှင့် လက်ယာဘက်မှ ၄၉-ဦး၊ အလယ်၌ ၁၀-ဦး ထားကာ ၁၀၈ဦးဖြင့် ညီလာခံကျင်းပသည်။

http://www.dhammadownload.com



## လက်ယာဘက်၌ နေရာယူထိုင်ရသူများ

ပထမတန်း။ ။ (၁)သေနာပတိ၊ (၂)တောင်ဘက်စား၊
(၃) နာရီပိုင်၊ (၄) သူငယ်တော်ကြီး၊
(၅)တံခါးသေးသံခံ၊ (၆) သာမအမတ်၊
(၇) ဝင်းပိုင်အမတ်။

ဒုတိယတန်း။ ။ (၁)ဦးရာဇ်တောင်စား၊ (၂) ဓါးပိုင်တာနော
(၃)စံကားတောင်းစား၊ (၄)စယိုးစား၊
(၅)လောသကွတ်ဦးစီး၊ (၆) ဟာဟာရဝကြီး၊
(၇) နန္ဒသူ။

တတိယတန်း။ ။ (၁) မင်းစီခံအမတ်၊ (၂) ရွှေစာဖတ်၊
(၃) မှိုင်စား၊ (၄) တောင်ဖက်မြို့သစ်စား၊
(၅)ယိုးစား၊ (၆)မူဒိန်းစား၊
(၇) မုဇုန္ဒာကြီး။

စတုတ္ထတန်း။ ။ (၁) လေးမြို့စား၊ (၂)နတ်တောင်စား၊
(၃)ပိန်းနဲတောင်စား၊ (၄)အကျက်စား၊
(၅) တန်းလွဲစား၊ (၆) သူငယ်တော်စား၊
(၇)စစ်ကဲ။

ပဉ္စမတန်း။ ။ (၁) မကျဲချောင်းစား၊ (၂)တောင်ဖက်စစ်ကဲ၊
(၃)ပိန်းနဲတောင်စား၊ (၄)ကိုယ်ရံတပ်မင်း၊
(၅) ရှေးတင်းဇုန္ဒတ်၊ (၆)အင်းတင်စား၊
(၇)ရဲကျော်ထောင်စား။

ဆဌမတန်း။ ။ (၁)ရွှေလောင်းထောင်စား၊ (၂)အသေထောင်စား၊
(၃)စအင်းစား၊ (၄)ဘုရင်အမတ်၊

http://www.dhammadownload.com



(၅)ကသိန်ကအမတ်၊ (၆) ရေဇုန္ဒတ်ကြီး၊
(၇) ရေဇုန္ဒတ်ငယ်။

သတ္တမတန်း။ ။ (၁)စေသဘင်အမတ်၊ (၂) ဥဿလင်စား၊
(၃) ရည်ချောင်းစား၊ (၄)အရှေ့ယောပါးစား၊
(၅) လေးတောင်စား၊ (၆) လမုစား၊ (၇) ရှူးစား။

## လက်ဝဲဖက်၌ နေရာယူထိုင်ရသူများ

ပထမတန်း။ ။ (၁)ဆင်ဝန်မင်း၊ (၂)စလင်္ဂသူ၊
(၃) စိခံအမတ်၊ (၄)မြောက်ဦးမြို့စား၊
(၅)မတ်တော်ရဲမွန်၊ (၆)သံထောင်စား၊
(၇)ရမ်းပြဲစား။

ဒုတိယတန်း။ ။ (၁)ကွမ်းစဲစား၊ (၂)ကုလားတန်စား၊
(၃)ကျီးမသယ်ရေးစား၊ (၄) စိန်တောင်စား၊
(၅)ဒေါ်လောဦးစီး၊ (၆)ကန်နီစား၊
(၇)ကုလားပန်ဇင်းစား။

တတိယတန်း။ ။ (၁)လက်သမားသူကြီး၊ (၂)တွိုတဲစား၊
(၃) တင်းမစား၊ (၄) မြောက်ဖက်မြို့သစ်စား၊
(၅)အမြင့်စား၊ (၆)အသင်္ချာအမတ်၊
(၇) ရလာစား။

စတုတ္ထတန်း။ ။ (၁)မတ်တော်မောဇလိပ်၊ (၂)တန်ဆိပ်သာမ၊
(၃)ကုလားအတွင်းစစ်ချီ၊ (၄)မင်းလှတ်အမတ်၊
(၅)တောင်ဇုန္ဒတ်၊ (၆)တေန်သရဲစား၊
(၇) ရေသင်းကြန်။

ပဉ္စမတန်း။ ။ (၁) အဇိခံစစ်ကဲ၊ (၂)မြောက်ဦးစစ်ကဲ၊
(၃)အဇိခံရှေ့တင်၊ (၄)မြောက်ဦးရှေ့တင်ဇုန္ဒတ်၊
(၅)သံတောင်ရှေ့စားဇုန္ဒတ်၊ (၆)ကတ္တော်၊

http://www.dhammadownload.com



(၇) မဟိစား။

ဆဌမတန်း။ ။ (၁) ရန်သနင်းအမတ်၊ (၂)စကြာအမတ်၊
(၃) နန္ဒားစူးထိုးအမတ်၊ (၄)ရဲဖျားအမတ်၊
(၅)တောင်ဖက်စားအမတ်၊ (၆)လက်သန်းချို၊
(၇)ရန်းစား။

သတ္တမတန်း။ ။ (၁) ရေဇုန္ဒတ်ကြီး၊ (၂)ရေဇုန္ဒတ်ငယ်၊
(၃)မူစဲစား၊ (၄)ကျိန်းစား၊
(၅)ကျောက်တော်စား၊ (၆)ဒလက်စား၊
(၇)နတ်သလင်းကသူအမတ်။

## လက်ဝဲလက်ယာကြား အာလယ်၌ နေထိုင်ရသူများ

လက်ဝဲနဝစတ္တာလိသ ၄၉ ယောက်၊ လက်ယာ နဝစတ္တာလိသ ၄၉ ယောက်တို့၏ အကြားတွင် ဝန်ကြီး ၁၀ ယောက်တို့ နေရာယူတိုင်ကြသည်။

**လက်ယာဖက်၌ ထိုင်ရသော ဝန်ကြီး ၅ ယောက်-**

(၁)ကိုယ်ရံကြီးလက်ပန်း၊ (၂)ပြည်စိုးကြီးနရိ၊
(၃) သူငယ်တော်ရွှေးစေ၊ (၄) တံခါးသွေးသံခံ၊ (၅) ဟာရစကြီး။

**လက်ဝဲဖက်၌ ထိုင်ရသော ဝန်ကြီး ၅ ယောက်-**

(၁)ယွန်းမိစုန္ဒာကြီး၊ (၂)ရွှေတောင်ဆင်ကဲကြီး၊
(၃)ဆင်ခွန်အစိခံမြတ်ထုံးကြီး၊ (၄) ဝင်းစားမီးကာကြီး၊
(၅)လက်သမားသွေးဖျိုင်းထောင်။

ဤညီလာခံတွင်ပါဝင်သော မှူးတော်မတ်တော်၊ ကတော်၊ သေနာပတိ၊ စစ်ကဲစစ်ချီတို့မှာ နေရပ်အမည်နှင့် ဘွဲ့ထူးဂုဏ်ထူး အမည်သာ ဖြစ်သည်။ လူပုဂ္ဂိုလ်တို့၏ အမည်မဟုတ်ချေ။ တစ်ဦး ကွယ်လွန်လျှင်ဖြစ်စေ၊ အခြားသင့်တော်သူတစ်ဦးကို ထိုရာထူး၌ ခန့်အပ်ရသည်။

http://www.dhammadownload.com



## မြောက်ဦးခေတ် ဘုရင်များ၏ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်

မြောက်ဦးခေတ်တွင် အုပ်ချုပ်ခဲ့ကြသော ဘုရင်များလက်ထက်၌ တိုင်းပြည်မြို့ရွာများကို စနစ်တကျဖွဲ့စည်း၍ အုပ်ချုပ်ခဲ့ကြသည်။ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး လက်ထပ်ပြီးလျှင် ၎င်းတို့နှစ်ဦးကို "တတည်ထောင်"ဟုခေါ်သည်။ ဆယ်တည်ထောင်လျှင် တရပ်၊ ဆယ်ရပ်သည် တစ်ရွာ၊ ဆယ်ရွာသည် တစ်မြို့၊ ဆယ်မြို့သည် တစ်ခွင်၊ ဆယ်ခွင်သည် တစ်တိုင်း၊ ဆယ်တိုင်းသည် တစ်ပြည် ဖြစ်သည်။ ရှေးရခိုင်ဘုရင်များသည် ရခိုင်ပြည်ကို တိုင်းကြီး (၁၂)တိုင်းခွဲ၍ အုပ်ချုပ်ခဲ့ကြသည်။ ၎င်းတိုင်းကြီးများမှာ (၁)နာဂသုန္ဒတိုင်း၊ (၂)မဟိသကတိုင်း၊ (၃)ကမ္ဗုရုပတိုင်း၊ (၄)ဖလံတိုင်း၊ (၅)သက်တိုင်း၊ (၆)ဗိုလ်မင်းတိုင်း၊ (၇) ဘုညားကြီးတိုင်း၊ (၈)ဥဿလင်းတိုင်း၊ (၉) ရက္ခပူရတိုင်း၊ (၁၀) ရမ္မာပူရတိုင်း၊ (၁၁) မေဃဝတီတိုင်း၊ (၁၂)ဒွါရကတိုင်းတို့ ဖြစ်ကြသည်။ ဤတိုင်းကြီးများတွင် ဘုရင်ခံများ၊ မြို့စား၊ နယ်ဇားများ ခန့်အပ်ပြီး အုပ်ချုပ်စေခဲ့သည်။ မင်းနေပြည်နှင့် ဝေးကွာသော ဒေသရှိဘုရင်ခံများမှာ အုပ်ချုပ်ရေးကိစ္စကို မိမိကိုယ်တိုင်စီမံဆောင်ရွက်ခွင့် ရှိသည်။ အလိုရှိသော အခါ ရိက္ခာနှင့် စစ်သားစုဆောင်းပေးရသည်။ အချို့သော မြို့စားရွာစားများသည် ဘုရင်တစ်ဆူကဲ့သို့ အဆောင်အယောင်ကို ရရှိကြသည်။ နာဂသုန္ဒတိုင်း၊ မဟိသကတိုင်း၊ ကမ္ဗုရုပတိုင်းများကို အုပ်ချုပ်သော မြို့စားနယ်စားများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသောကြောင့် ပဒေသရာဇ်မင်းငယ်များဟု ခေါ်ဆိုကြသည်။ ဖလံတိုင်းမှ ဒွါရကတိုင်းထိ မြို့ကြီးများတွင် ဘုရင်သားတော်များ၊ ညီတော်များနှင့် ယုံကြည်စိတ်ချရသော မှူးကြီးမတ်ကြီးများကို အုပ်ချုပ်စေသည်။ မြို့စားရွာစားရာထူးများတွင် သားစဉ် မြေးဆက် ဆက်ခံခွင့်ပေးလေ့ရှိသည်။ သို့သော် ဘုရင်သည် သုခမိန်အမတ်ကြီးများနှင့် တိုင်ပင်ပြီးမှ အဖသေဆုံးလျှင် သားအား ၎င်းရာထူးကို အမိန့်စာချွန်ပေးအပ်၍ ဆက်ခံခွင့်ပေးလေ့ရှိသည်။

## မြောက်ဦးခေတ်တရားစီရင်ရေး

မြောက်ဦးခေတ်တွင် တရားစီရင်ရာ၌ ကျေးရွာမှ လွှတ်တော်ထိ အဆင့်ဆင့် တရားစီရင်နည်းကို အသုံးပြုခဲ့ကြသည်။ ဘုရင်ခံနှင့် မြို့စားနယ်စားများသည် စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးများကို နေပြည်တော်မှ ကျင့်သုံးနေသော ထုံးတမ်းများကို မှီငြမ်းပြု၍ လွတ်လွတ်လပ်လပ် အုပ်ချုပ်စီရင်ခွင့်ရှိလေသည်။သို့ရာတွင် သေဒဏ် အမိန့်ကို မပေးနိုင်ချေ။ သေဒဏ်အပြစ်ကို ဘုရင်မှ လွဲပြီး မည်သူမျှ ချမှတ်ခွင့်မရှိချေ။ နေပြည်တော် လေးမျက်နှာတွင် တရားမဏ္ဍပ် တရားရုံးလေးခု ဆောက်လုပ်ထားရှိ၍ တရားရုံးတစ်ခုလျှင် ပြည်စိုးကြီးခေါ် တရားသူကြီး တစ်ဦးနှင့်

http://www.dhammadownload.com



တရားသွေး ဟုစ်ဦးတို့ ရုံးထိုင်ကြပြီး လက်ရောက်မှု၊ နှုတ်လွန်မှု၊ အိုးမှု၊ ငွေမှု၊ ယာမှု၊ မြေမှု စသည်များကို စီရင်ကြသည်။ တရားသွေးဆိုသည်မှာ ပြည်သူလူထုထဲမှ ရွေးကောက် တင်မြှောက်ထားသော သမာဓိလူကြီးဖြစ်သည်။ ပြည်စိုးကြီးနှင့် တရားသွေးတို့၏ စီရင်ဆုံးဖြတ်ချက်ကို တရားလိုနှင့် တရားပြိုင်တို့ လက်ခံကျေနပ်သည့်အခါ ပြည်စိုးကြီးနှင့် တရားသွေးတို့အား အမှုအကြီးငယ်အလိုက် နှစ်သပြာတန် သည် လေးသပြာတန်သည်ဖြင့် ပေးကြရသည်။ အမှုတစ်ခုသည် ပြည်စိုးကြီးနှင့် တရားသွေးတို့ ရုံး၌မပြီးပြတ်ရှိခဲ့သော် အမတ်လေးဦးပါဝင်သော ခုံအဖွဲ့က စုံညီရုံးထိုင်၍ စီရင်ဆုံးဖြတ်ကြသည်။ အမတ်လေးဦးတို့ရုံး၌ မပြီးပြတ်ခဲ့သော် နောက်ဆုံးအဆင့်အဖြစ် ဘုရင်မင်းထံ သံတော်ဦးတင်ရ သည်။ ဘုရင်က သက်တော်ရှည်အမတ်ချုပ်ကြီးနှင့်တိုင်ပင်၍ အဆုံးအဖြတ်ပေးသည်။ တရားစီရင် ရာ၌ မှီငြမ်းပြုသော ဓမ္မသတ်ကျမ်းများမှာ မနုဓမ္မသတ်၊ ရာဇဝံသကျမ်း၊ ဝိနည်းဓမ္မခန်ကျမ်း ရာဇနီတိကျမ်းများနှင့် ရွှေမျဉ်းဓမ္မသတ် ကျမ်းတို့ ဖြစ်ကြသည်။ ရွှေမျဉ်းဓမ္မသတ်ကို မင်းဗာဘုရင် လက်ထက်ဆရာမြဝါက ပြုစုခဲ့သည်။ ရှေးခေတ် တရားစီရင်ရာတွင် အလွန်ကြမ်းတမ်းမှုရှိသဖြင့် ခေတ်နှင့်ဆီလျော်အောင် ရှေးဓမ္မသတ်ကျမ်းများမှ ကောင်းနိုးရာရာများကို ထုတ်နှုတ်၍ ဓမ္မသတ်ကျမ်းသစ်တစ်စောင်ပြုလုပ်ကာ **ရွှေမျဉ်း ဓမ္မသတ်ကျမ်း**ဟု အမည်ပေးခဲ့သည်။ ထိုကျမ်းကို ပြုစုပြီးသောအခါ တပြည်လုံးမှ ရဟန်းပညာရှိ လူပညာရှိများကို ပင့်ဖိတ်လျှက် လိုအပ်ချက်များကို ဖြည့်စွက်ပြင်ဆင်စေပြီးနောက် အတည်ပြုခဲ့လေသည်။ အပြစ်ဒဏ်ပေးရာ၌ လျော်ကြေးပေးခြင်း၊ ကြိမ်ဒဏ်ပေးခြင်း၊ ထောင်ဒဏ်ပေးခြင်း၊ ကျွန်ခံဒဏ်၊ ဘုရားကျွန်ခံဒဏ် ဟာရိအစို့သွတ်သွင်းခြင်းဒဏ်၊ နဖူးတွင် စာထိုးခြင်းဒဏ်၊ သူတပါး၏ပစ္စည်းဥစ္စာကို ဆုံးရှုံးအောင် ပြုလုပ်ခဲ့သောပြစ်မှုအတွက် ဆုံးရှုံးတန်ဘိုးကို လျော်နိုင်ခြင်းမရှိက ဆုံးရှုံးမှုတန်ဖိုးကိုလိုက်၍ နှစ်အကန့်အသတ်အားဖြင့် သူ့ကျွန်ခံစေရသည်။ လူတစ်ဦးကို ဖြစ်စေ၊ အများကိုဖြစ်စေဆဲရေးခြင်း၊ သိက္ခာညှိုးနွမ်း စေခြင်း၊ အမှုကိုပြုလုပ်သူတို့အား အပြုလုပ်ခံရသူတို့တွင် နှစ်အကန့်အသတ်ဖြင့် ကျွန်ခံစေသည်။ သူ့ကျွန်မခံ လိုလျှင် ပဒေသရာဇ်တရားရုံး များက ဘုရားကျွန်အဖြစ် လှူဒါန်းသတ်မှတ်ကြသည်။ ဘုရားကျွန်တွင် သုံးမျိုးသုံးစားရှိသည်။ အချိန်ကာလသတ်မှတ်ထမ်းဆောင်ရသည့် ဘုရားကျွန်၊ ပေါက်ပွားလာသည့် သားသမီးများကို မထိခိုက်စေသော တစ်သက်တာဘုရားကျွန်၊ သားစဉ်မြေးဆက်တာဝန်ထမ်း ဆောင်ရသည့် ဘုရားကျွန်တို့ ဖြစ်ကြသည်။ အကျင့်ယုတ်သူတို့အား ပြစ်ဒဏ်ပေးပုံမှာ မုဒိမ်းမှု ဖြစ်ပွားသူအား ကျသင့်သော အပြစ်ဒဏ်ကိုပေးပြီး

http://www.dhammadownload.com



အကျင့်ယုတ်သူ စာရင်းမှာသွတ်သွင်းခြင်းကို ခံရသည်။ လူမျိုးကို ဖျက်ဆီးသူ၊ ကျေးရွာမြို့ပြတို့၏ အင်္ဂါရပ်နှင့် စည်းကမ်းတို့ကို မလိုက်နာ၊ အမိနှင့်သား၊ အဖနှင့်သမီးမှောက်မှားခြင်း ရှိသူများကို အကျင့်ယုတ်စာရင်း တင်သွင်းခံရသည်။ ၎င်းတို့သည် လူကောင်းများနှင့်တကွ နေထိုင်ခွင့်မပြုဘဲ သီးခြားသတ်မှတ်ထားသည့် ဒေသထွက် ထိန်းသိမ်းမှုကို ခံရသည်။ ထိုလူများကို စုပေါင်း၍ ထောင်တည်ထားသည်။ ရွှေးမနိုင်ထောင်ဟု ခေါ်သည်။ ထိုသို့အကျင့်ယုတ်သူအဖြစ် သွတ်သွင်းခြင်းကို ရခိုင်စကားဖြင့် ဟာရီအစ္စိသွင်းသည်ဟု ခေါ်သည်။ ဟာရီအစ္စိဝင်သည် နန်းရင်ပြင်၊ မှူးကြီးမတ်ရာ၊ သေနာပတိစသည်မင်းမှုထမ်းတို့ အိမ်များနှင့် ပြည်သူပြည်သား တို့၏ အိမ်များတွင် သန့်ရှင်းရေးကို လုပ်ဆောင်ရသည်။

## မြောက်ဦးခေတ် ဘုရင်များလက်ထက်တော် အခွန်ကောက်ခံပုံ စနစ်

မြောက်ဦးခေတ်ဘုရင်များသည် ပုရိသမေဓခေါ် လူခွန်နှင့် သဿမေဓခေါ် မြေခွန်၊ နှစ်မျိုး စလုံးကို စည်းကြပ် ကောက်ခံကြသည်။ လူခွန်ကောက်ခံရာ၌ အိမ်ထောင်အလိုက်ကောက်ခံသည်။ လည်ပေါ် ခေါင်တင်သော အိမ်ကြီးတစ်အိမ်လျှင် တစ်နှစ်အတွက် အခွန်တော်ငါးသပြာ၊ လည်ပေါ် မတင်သည့် အိမ်ငယ်တစ်အိမ်အတွက် နှစ်သပြာခွဲ ကောက်ခံသည်။ သားပျို့သမီးပျိုများကို အိမ်ထောင်သင့်ပြီး သီးခြားအိမ်၌မနေဘဲ မိဘများနှင့် အတူတစ်အိမ်တည်းနေလျှင် ကြေးနှုန်းနှစ်ပြား ပေးရသည်။ မြေခွန်ကောက်ခံ ပုံမှာ မြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်သည်ကို အနည်းဆုံးအတိုင်း အတာအရ ၁၂ တောင်ဝါး၊ အလျား ၁၀ ပြန်၊ အနံ ၁၀ ပြန်၊ ဝါး ၁၀၀ တွင် မူတည်၍ ကောက်ခံ သည်။ ကောက်ခံသည် မှာလည်း စိုက်ပျိုးသော သီးနှံကိုကောက်ခြင်းနှင့် ငွေကောက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ သီးနှံကို အခွန်ပေးဆောင်ရပါက သီးထွက်၏ ဆယ်ပုံ တစ်ပုံကို ပေးဆောင်ရသည်။ ဥပမာ-ဝါးတစ်ရာမှ စပါးတောင်းတစ်ရာထွက်လျှင် အခွန်တော်အဖြစ် ဆယ်တောင်းပေးဆောင် ရသည်။ တောင်ယာလုပ်ကိုင်သူတို့အား ယာတစ်ခင်းလျှင် ကြေးဒင်္ဂါးတစ်ကျပ် တစ်မတ်ပေးဆောင် စေသည်။ အခွန်ကောက်ခံရေးအတွက် တာဝန်ခံရသူများကို ကြေးထမ်းကြီးဟု ခေါ် ဆိုကြသည်။ ကြေးထမ်းကြီးသည် မိမိတို့ရွာ၊ မြို့၊ ခွင်အလိုက် ကောက်ခံရသော အခွန်တော်များကို စာရင်း အတိအကျလုပ်၍ အပ်နှံရသည်။ စပါးများကို ဘုရင်ကျီတော်များတွင် ဖြည့်သွင်းရသည်။ ငွေကြေး များကို ဘဏ္ဍာတိုက်များသို့ ပေးသွင်းရသည်။ ထိုအခွန်ဘဏ္ဍာများကို အချိုးအလိုက်ခွဲဝေပြီး တိုင်းပြည်မြို့ရွာ၏ အကျိုးပြုလုပ်ငန်းများအတွက် သုံးစွဲရန် ကလန်သံချင်တို့က ထိန်းသိမ်းထားရပြီး

http://www.dhammadownload.com



စနစ်တကျ သုံးစွဲရသည်။

## မြောက်ဦးခေတ်ရခိုင်တို့၏စီးပွားရေးနှင့် ပြည်တွင်းပြည်ပကုန်သွယ်ရေး ရှေးဘုရင်များလက်ထက်က

ရှေးအခါက ရခိုင်သည် စီးပွားရေးကုံလုံကြွယ်ဝမှုရှိခဲ့ပြီး၊ နိုင်ငံခြားနှင့်ကုန်ကူးရေးမှာ အထက် တန်းကျခဲ့လေသည်။ ရှေးရခိုင်ဘုရင်များလက်ထက်က ရခိုင်ပြည်သည် အထူးစည်ကား သာယာ လှသည်ဟု သမိုင်းရာဇဝင်များက ဆိုထားလေသည်။ ရှေးအခါက ဓညဝတီ၊ ဝေသာလီ၊ မြောက်ဦး မြို့တော်တို့မှာ ကြက်ပျံမကျစည်ကားခဲ့သည်ကို တွေ့ရလေသည်။ ဓညဝတီမြို့တော်ကို အခြေပြုထွန်း ကားခဲ့သောဒေသကို ဓညဝတီဟုခေါ်သည်။ ဤဓညဝတီပြည်ကို စန္ဒာသူရိယ လက်ထက် မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်ခဲ့စဉ်က ကောက်ကြီး သလေးဆန်တို့ဖြင့် ကပ်လှူပူဇော်ခဲ့ကြသည်ကို အကြောင်းပြု၍ ဓညဝတီပြည်ဟု အမည်ပေးတော်မူခဲ့ပြီး ဤပြည်သူ ပြည်သားအပေါင်းတို့သည် စိုးစည်းရံဖန်ရံခါမျှ ရှားပါးငတ်မွတ်ခြင်းမရှိ ဖြစ်သောကြောင့် ဓညဝတီ ပြည်ဟူ၍ပင်လျှင် ထင်ရှား ကျော်ဇောစွာ ဖြစ်စေသတည်းဟု ဗျာဒိတ်စကား မိန့်ကြားတော် မူခဲ့သည်ကို ရခိုင်ရာဇဝင်တို့၌ ဖော်ပြထားလေသည်။ ထို့အပြင် စန္ဒရားမင်းတရားကြီး စိုးစံခဲ့သော ဝေသာလီမြို့တော်ကြီးတွင် သင်္ဘောများဆိုက်ကပ်ပြီး ရွှေမိုး၊ ငွေမိုး ရွာသည်ဟု ဖော်ပြထားရှိ ခဲ့ပြန်လေသည်။ "ဇမ္ဗူကျွန်းပြင် ထက်ဝယ် ကုန်သည်တို့သည် နောင်သောအခါ ရတနာအတိ ပြည့်ဖြိုးလတ်လျှင် ကုန်သင်္ဘောတို့ သည်လည်း ဆိုက်လာလတ္တံ့သော အကြောင်းကိုမြင်၍ ဝေသာလီဟု အမည်ပေးကြကုန်၏"ဟု ရှေးရခိုင် ပညာရှိများက ရေးသားထားခဲ့သည်ကိုလည်း တွေ့ရှိရလေသည်။

ထို့နောက် မြောက်ဦးမြို့တော်သို့ နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်ခြင်း၊ နိုင်ငံခြား ကုန်သည် များ အမြဲမပြတ် သွားလာဝင်ထွက်ခြင်းတို့ကိုလည်း တွေ့ရ၏။ ရှေးအခါက မြောက်ဦးမြို့တွင် ဆန်စပါးအတွက် လည်းကောင်း၊ ရေအတွက်လည်းကောင်း မည်သည့်အခါမှ စိုးရိမ်ဖွယ်မရှိခဲ့သည်ကို ထင်ရှားအောင် အောက်ပါဆောင်ပုဒ်ကလေးကိုပင် သီဆိုလျက်လာခဲ့ကြပေသည်။

http://www.dhammadownload.com



### "ဘားဘူရှိယင့်-ဆန်ရှိယင့်၊ ဒိုင်းကျီရှိယင့်-ရီရှိယင့်"

အဓိပ္ပါယ်မှာ ဘားဘူအရပ်တွင် ဆန်စပါးများကို သိုလှောင်၍ အမြဲတန်းထားရှိ၏။ ဒိုင်းကျီအရပ်တွင် ရေလှောင်ကန်များ တူးဖော်ရရှိပြီး ရေကိုအချိန်မရွေး လွယ်ကူစွာရရှိနိုင်၏။ ထို့ကြောင့် ဘားဘူရှိလျှင် ဆန်ရှိသည်။ ဒိုင်းကျီရှိလျှင် ရေရှိသည်ဟု ဆိုကြခြင်းဖြစ်လေသည်။

## ပြည်တွင်းလုပ်ငန်းများ

ဆန်စပါးလုပ်ငန်းကား အဓိကလုပ်ငန်းဖြစ်၍ ၎င်းနောက် ဝါဂွမ်းစိုက်ပျိုးရေးနှင့် ရက်ကန်းလုပ်ငန်း၊ နှမ်းခင်းများ စိုက်ပျိုး၍ နှမ်းဆီကြိတ်နယ်သောလုပ်ငန်း၊ လှေလောင်းလုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ပန်းပဲ၊ ပန်းရံ၊ ကျောက်ဆစ်အစရှိသော လုပ်ငန်းများ၊ ကြေးထည်၊ ငွေထည်လုပ်ငန်း၊ ဆင်ဖမ်း၍ ရောင်းချသော လုပ်ငန်း၊ ဆင်စွယ်လုပ်ငန်း၊ ငါးလုပ်ငန်း၊ ဆားလုပ်ငန်း၊ ဆေးပင်စိုက်ပျိုးသောလုပ်ငန်း၊ ဟင်းသီးဟင်းရွက်၊ ဥယျာဉ် လုပ်ငန်းအမျိုးမျိုး၊ မြေအိုးလုပ်ငန်း အစရှိသည်ဖြင့် လုပ်ငန်းအမျိုးမျိုးကို တည်ထွင်ခဲ့ကြလေသည်။

ဆန်စပါး၊ ဝါနှင့်အခြားစိုက်ပျိုးရေးလုပ်ငန်းတို့အတွက် ယခုအခါ အမတော်ကြေးထုတ်ပေးသကဲ့သို့ ဘုရင်ကထုတ်ပေးလေ့ ရှိလေသည်။ ပြည်သူတို့ အချင်းချင်းလည်း ရောင်းဝယ်ကြရာတွင် ငွေချေးငှားခြင်း များကိုလည်း ပြုလုပ်နိုင်ခွင့်ရှိကြလေသည်။ ဘုရင့်အမိန့်တော်အရ အသပြာ ၁၀၀ ကျပ်လျှင် တစ်လကို ၂ အသပြာသော အစည်း(အတိုး) ကို ယူရလေသည်ဟု တွေ့ရှိရလေသည်။

၎င်းကဲ့သို့ လုပ်ငန်းများအပြင် ဘုရင့်အမိန့်အာဏာအတိုင်း အစု့အဝန်း အဖွဲ့ထားရှိလေသည်။ ထိုအစု့အမျိုးမျိုးတွင် လုပ်ငန်းအမျိုးမျိုးနှင့် အလုပ်သမားအမျိုးမျိုး ရှိကြ၏။ လက်သမားအစု့၊ လယ်သမားအစု့၊ မျက်ရိပ်အစု့၊ ဟာရီအစု့၊ သူသတ်ဘရဝါအစု့၊ အချက်အစု့၊ မဲထည်ဆက် အစု့၊ ငွေခွန်ဆက်အစု့ အစရှိသည်ဖြင့် အစု့အမြောက်အများ ရှိလေသည်။ ၎င်းတို့အား တိုင်းပြည်တည်ထောင်ရေးလုပ်ငန်းများတွင် အသုံးချခြင်း တစ်မျိုးဖြစ်လေသည်။

## ဆန်စပါးလုပ်ငန်းနှင့်နိုင်ငံခြားကုန်သွယ်ရေး

ရှေးအခါကပင် ရခိုင်ပြည်၏ အသက်သွေးခဲမှာ ဆန်စပါးလုပ်ငန်း ဖြစ်သည်။ မိုးရေချိန်

http://www.dhammadownload.com



၂၀၀ ကျော်ရှိခဲ့သည့်အပြင် မြေဆီဩဇာကောင်းသဖြင့် စပါးကို အလွယ်တကူပေါက်ရောက်စေ၏။ စပါးကို ကြဲလိုက်ပြီး အထူးမပြုစုရဘဲလျက် ဒလဟောပေါက်ရောက်ကြလေသည်။ ဓညဝတီသားတို့ သုံးရန်လိုသည်ထက် များစွာပိုလျှံလျက်နေသဖြင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့ကြလေသည်။ ဤဆန်စပါး ကူးသန်းရောင်းဝယ်ရေးသည် ရခိုင်ပြည်၏အဓိကစီးပွားရေးလုပ်ငန်း ဖြစ်လေသည်။ ဝါဂွမ်းသည် ဒုတိယ အရေးကြီးသော လုပ်ငန်းဖြစ်၏။ ဤဆန်စပါးနှင့် ဝါဂွမ်းကြီးကြပ်ရေးကို ဘုရင်ကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်ခဲ့လေသည်။ ယခု လွတ်လပ်သော ပြည်ထောင်စုခေတ်၌ ကုန်သွယ်လယ်ယာလုပ်ငန်းမှ ကြီးမှူး ဆောင်ရွက်သော လုပ်ငန်းစဉ်နှင့်နှိုင်းယှဉ်၍ ကြည့်ရှုနိုင်ရန် မဟာရာဇဝင်တော်ကြီးမှ အောက်ပါအတိုင်း ကောက်နှုတ်ချက် ဖော်ပြလိုက်ပေသည်။

## ရပ်ကွက်စာတိုင်နှင့်အချုပ်လူကြီး

အချုပ်လူကြီးမင်းတို့သည် မိမိတို့၏ ခရိုင်မင်းပိုင်ဆိုင်သော ရပ်ရွာအသီးသီးသို့ သွားရောက်ပြီးလျှင် လယ်ယာမြေလုပ်ကိုင်သော သူတို့အား စစ်ဆေးမေးမြန်းလျက် ၎င်းရပ်ကွက်စာတိုင်တို့နှင့်တကွ လယ်သမား တို့အား စောင့်ရှောက်ကြလေသည်။

ထိုအခါ လယ်မြေလုပ်ကိုင်သော သူတို့သည် လယ်ယာမြေ လုပ်ကိုင်သောအချိန်၌ ကောင်းမွန်စွာ စပါး၊ ဝါဂွမ်းတို့ကို စိုက်ပျိုးပြီးလျှင် သီးပွင့်သောအချိန်၌ ၎င်းစပါးဝါဂွမ်းတို့ကို စုပုံထားရလေသည်။

ထိုအခါ ခရိုင်မင်းတို့က လွှဲအပ်သော အချုပ်လူကြီးတို့သည် မိမိတို့အပိုင်၌ လုပ်ကိုင်လျက်ရှိသော လယ်သမားတို့ထံသို့ သွားကြရပြီးလျှင် ဆိုင်ရာရပ်ကွက်စာတိုင်တို့နှင့်တကွ ရရှိသော စပါးဝါဂွမ်းတို့ကို တောင်းချိန် မောင်းချိန်တို့ဖြင့် ချင့်ချိန်ပြီးလျှင် အသီးသီးခွဲဝေရလေသည်။

ခွဲဝေပုံမှာ ရှေးဦးစွာ ဘုရင်မင်းမြတ်၏ ဘဏ္ဍာတော်ဆယ်ခိုင် ကြေးကို နှုတ်ရလေသည်။ ၎င်းနောက် ကြွေးကျန်သမျှ စပါးများတို့ကို စာရင်းပြုလုပ်လျက် မိမိတို့ခရိုင်မင်းထံသို့ တင်သွင်းရလေသည်။

ထို့နောက် ဘုရင်မင်းမြတ် ဆယ်ခိုင်ကြေးဘဏ္ဍာတော် ပစ္စည်းများကို အသီးသီးမြို့တော်သို့ ဟင်ဆောင်ကြပြီးလျှင် ဘုရင်မင်းမြတ်၌ ဆောက်လုပ်ထားသော ကျီကော်တွင်းသို့ ပို့ဆက်သွင်းရလေသည်။

ခရိုင်မင်းတို့မှာလည်း အချုပ်လူကြီးတို့က တင်သွင်းသည့် အရပ်ရပ်စပါး ဝါဂွမ်းစာရင်းများကို

http://www.dhammadownload.com



မြို့တော်၌ ဘာပူစာရပြည်စိုးကြီးထံသို့ ဆောင်ပို့ပယ်သွင်းရလေသည်။

## ဈေးနှုန်းသတ်မှတ်ခြင်း

ထိုနိုင်ငံတော်၌ လုပ်ကိုင်ရရှိသော စပါး၊ဝါဂွမ်းများတို့ကို ရောင်းချရန်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေး တိုင်ပင်လိုသဖြင့် နိုင်ငံတော် အတွင်း၌ ခန့်ထားသောခရိုင်မင်းတို့နှင့်တကွ အချုပ်လူကြီးတို့ကိုပါ ဘာပူစာရ ပြည်စိုးကြီးလွှတ်တော်က ဆင့်ခေါ်လျှက် အစည်းအဝေးပြုလုပ် ပြီး ဆွေးနွေးတိုင်ပင်ကြလေသည်။ ၄င်းအစည်းအဝေး၌ နိုင်ငံတော်တွင် လုပ်ကိုင်လျှက်ရရှိသော စပါး၊ ဝါဂွမ်းများ၏တန်ဘိုးတို့ကို ရောင်းဝယ်နိုင်ရန် ထိုက်သည့်အားလျော်စွာ အများသဘောတူညီ ချက်အရ ဈေးနှုန်း ကို သတ်မှတ်ကြပြီး နိုင်ငံတော်သား လူအများတို့အား ကြားသိစေခြင်းငှာ ဈေးကိုထုတ်ဖော်၍ ကြေငြာတော်မူလေသည်။

## ရောင်းဝယ်ခြင်း

ထိုသို့ ကြေငြာတော်မူ၍ ဈေးနှုန်းကို သိကြပြီးမှ တိုင်းရင်းသား ကုန်သည်များနှင့် နိုင်ငံခြားမှ လာရောက်သော ကုန်သည်များတို့သည် ပြည်သူတို့က ဆုံးဖြတ်ချမှတ်ထားသော ဈေးနှုန်းအတိုင်း ဝယ်ယူရလေသည်။ ထိုအခါ ကုန်သည်များအား မိမိတို့ဝယ်ယူလိုသော စပါး၊ ဝါဂွမ်းတို့ကို စာရင်းပြုလုပ်လျှက် ဘာပူစာရပြည်စိုးကြီးလွှတ်တော်သို့ တင်သွင်းရလေသည်။

ထိုအခါ ဘာပူစာရပြည်စိုးကြီးသည် ကုန်သည်တို့ တင်သွင်းသော စာရင်းကိုရရှိလေလျှင် နိုင်ငံတော် အကျိုးတော်ဆောင် ဒိုင်းကျီ အစိုးရက တိုးသူကြီးထံသို့ ပြုလုပ်ဆုတ် သိုမှီထားသော ဝါဂွမ်းတို့ကို ဒိုင်းကျီအမိန့် အာဏာဆင့်ဆိုတော်မူသည်မှာ ကျေးရွာတို့ကို ပြုလုပ်လျှက် သိုမှီးထားသော ဝါဂွမ်းတို့ကို ဒိုင်းကျီ အလုပ်သမားကူလီများတို့နှင့် လှေလောင်း စုံလင်စွာယူပြီးလျှင် ၄င်းစပါး၊ ဂွမ်းတို့ တင်ဆောင်၍ မြို့တော်အနီး ဈေးကြီး၌ ကောင်းမွန်စွာထားရမည်ဟု ဆင့်ဆိုတော်မူလိုက်ပေသည်။ ၄င်းအမိန့်တော်အတိုင်း ဒိုင်းကျီအစိုးရ တိုးသူကြီးက ဒိုင်းကျီအလုပ်သမားကူလီများတို့နှင့် ကျေးရွာသို့သွားရောက်ပြီးလျှင် သိုမှီလျှက်ရှိသော စပါး၊ ဝါဂွမ်းတို့ကို ကောင်းစွာတင်ဆောင်၍ ထားရလေသည်။

ထိုအခါ စပါးရှင်နှင့်တကွ ရပ်ကွက် ဘာပူစာရလွှတ်တော်၌ရှိသော သဘော်ာစာတိုင်ထံသို့ တင်သွင်းရလေသည်။ ၄င်းစာတိုင်သည် စာရင်းအရ ရောင်းဝယ်သော ကုန်များ၏ ဈေးနှုန်းအတိုင်း သင့်ငွေများ ကိုတွက်စစ်၍ ပြည်ကျိုးတော်ဆောင် အကောက်တော်ငွေများကို စပါး တစ်ရာလျှင်

http://www.dhammadownload.com



နှစ်အသပြာကျနှုန်းဖြင့် ၄င်းဝါဂွမ်းအသပြာတစ်ရာ တန်ဖိုးရှိလျှင် သုံးအသပြာကျနှုန်းဖြင့်လည်းကောင်း တွက်စစ်၍ စာရင်းပြုလုပ် ပြီးလျှင်လည်းကောင်း၊ စာရင်းနှင့်တကွ စပါး၊ ဝါဂွမ်းများကို သင်္ဘောသို့ရောက်အောင် သယ်ပို့ဆောင်ရွက်သော ဒိုင်းကျီအလုပ်သမားတို့ ကူလီခငွေတို့ကိုပါ ကုန်သည်တို့က စုံလင်စွာတင်သွင်းရန် စာရင်းပြုလုပ်လျှက် ဗာပူစာရပြည်စိုးကြီးလွှတ်တော်သို့ တင်သွင်းရလေသည်။

## ကုန်သည်များကျသင့်ငွေစာရင်းတင်ခြင်း

ထိုအခါ ဝါဂွမ်းများကို လက်ရောက်ရရှိသော ကုန်သည်များတို့သည် စာရင်းတွင် ဖော်ပြလျှက် ပါရှိသောငွေများကို ဗာပူစာရပြည်စိုးကြီး လွှတ်တော်၌ ပြေငြိမ်းအောင် ရရှိကြောင်းနှင့်တံဆိပ်လက်မှတ် ရေးထိုးပြီးလျှင် ၄င်းကုန်သည်တို့အား ပေးအပ်တော်မူလေသည်။

ကုန်သည်တို့သည် ၄င်းလက်မှတ်ကိုယူဆောင်လျှက် နိုင်ငံခြား လှေသင်္ဘောတို့ကို စောင့်ရှောက်နေ သော ၄င်းလက်မှတ်ကို ရေတံခါးမင်းထံ၌ တင်သွင်းပြီး မိမိတို့ တိုင်းပြည်သို့ ထွက်သွားရန် အမိန့်အာဏာတော် ကို ခံယူရလေသည်။ ထိုအခါ ရေတံခါးမင်းက မိမိတို့တိုင်းပြည်မှ ဝယ်ယူသော စပါး၊ ဝါဂွမ်းတို့၏ တန်ဖိုး ရသင့်သော ကြေးငွေများကို ရယူပြီးသောအခါ မည်သည့်အခါမဆို မိမိတို့တိုင်းပြည်သို့ ထွက်သွားခွင့် ရလေသည်။

ခရီးအကြား၌ သုံးဆောင်စားသောက်ရန် ရေမိုးလုံခြုံစွာ တင်ယူ ဆောင်လိုလျှင် သင်္ဘောဆိပ်ကမ်း၌ ဒိုင်းလူကြီးအား ပြောရလေသည်။ ထိုအခါ ဒိုင်းကျီကျွန်း၌ နိုင်ငံခြားကုန်သည်တို့၏ အလို့ငှာ ဘုရင်မင်းမြတ်က စီမံပြုလုပ်ထားသော ကန်တော်ကြီးမှ ဒိုင်းကျီအလုပ်သမားတို့သည် ရေများကို လုံခြုံအောင် တင်ဆောင် ပို့ရလေသည်။ ၄င်းရေတင်ပို့သော အလုပ်သမား လုပ်အားခတို့ကို ဒိုင်းကျီက တိုးသူကြီးထံ၌လည်းကောင်း၊ ကုန်သည်တို့က ထိုက်သည့်အားလျော်စွာ ပေးအပ်ရလေသည်။

## လွှတ်တော်မှငွေရှင်းခြင်း

ထိုသို့ ရောင်းဝယ်ခြင်းကိစ္စ ပြီးဆုံးလျှင် ဗာပူစာရပြည်စိုးကြီးသည် ရောင်းဝယ်လျှက်ရရှိသော အသပြာငွေများကို ပေးဆောင်ရန် ဆိုင်ရာရပ်ကွက်စာတိုင်နှင့်တကွ လယ်သမားတို့အား

http://www.dhammadownload.com



ဆင့်ခေါ်တော် မူပြီးလျှင် လယ်သမားတို့ လုပ်ကိုင်ရေးအတွက် ထောက်ပံ့လျက်ရှိသော ပြည်ကျိုးဆောင် ဘဏ္ဍာတော် ငွေများကို ဖြတ်ယူ၍ ကျန်ကြွင်းသောငွေများ၌လည်း အသပြာတစ်ရာလျှင် ပြည်ကျိုးတော်ဆောင်ရွက်ရန် ငါးအသပြာကျနှုန်းဖြင့် သိမ်းပိုက်၍ ကျန်ကြွင်းသောငွေများကို ရောင်းဝယ်ရရှိသည့် ဈေးနှုန်းအတိုင်း မယုတ်လျော့စေဘဲ လယ်သမားတို့အား ပေးတော်မူပေသည်။

ထို့နောက် အကောက်တော်ငွေအရပ်ရပ်များတို့နှင့် တစ်နှစ်အတွက် လယ်သမားတို့က ပေးဆပ်ခဲ့သော ငွေတော်ကိုလည်းကောင်း၊ ပြည်သူ့ဘဏ္ဍာတော်တိုက်သို့ သွင်းရလေသည်။

ထို့နောက် ဘုရင်မင်းမြတ်အား တောင်သူလယ်သမားတို့က ဆယ်ခိုင်ကျေး ဆက်သွင်းလျက်ရှိသော စပါး၊ ဝါဂွမ်းတို့ကို ဗာပူစာရ ပြည်စိုးကြီးက ယူဆောင်၍ ဓမ္မသတ်တော် အတိုင်း အကောက်တော်နှင့် တကွ ရောင်းပြီးလျှင် အကောက်တော်ငွေများကို ပြည်သူ့ဘဏ္ဍာတိုက်သို့ သွင်းရလေသည်။

ထို့နောက် ရောင်း၍ရသော ငွေများတွင်လည်း အသပြာတစ်ရာလျှင် ငါးအသပြာဖြင့် သာသနာ့ ဘဏ္ဍာတော်တိုက်သို့ သွင်းရလေသည်။ အလှူတော်သချီမြေမှရသမျှသော အသပြာငွေတို့ကိုလည်း သာသနာ့ဘဏ္ဍာတော်တိုက်သို့ သွင်းရလေသည်။ ထိုမှကြွင်းသမျှသော အသပြာငွေများကို ရောင်း၍ ရရှိသောဈေးနှုန်းအတိုင်း ဘုရင်မင်း၏ ဘဏ္ဍာတော်တိုက်သို့ သွင်းရလေသည်။

## ရောင်းဝယ်ရေးဌာနများနှင့်အရာရှိများ

ထိုအခါ ကုန်သန်းရောင်းဝယ်ရေးအရာရှိ ရေတံခါးမင်းနေခဲ့သောကြောင့် ထိုအရပ်ကို ယခုတိုင် အောက်တံခိုးကျွန်းဟု ခေါ်ကြလေသည်။ တောင်သူလယ်သမားတို့က စပါး၊ ဝါဂွမ်းတို့ကို စုပုံရောင်းချသော နေရာ ဖြစ်သောကြောင့် ယခုတိုင်အောင် စပါးထားဝါဘိုကျွန်းဟု ခေါ်ကြသည်။ နိုင်ငံခြားမှလာရောက်သော လှေသင်္ဘောတို့ကို စောင့်ရှောက်ရန် တပ်ဖွဲ့စည်းထားသောကြောင့် ယခုတိုင်အောင် တပ်မော်ကျွန်းဟု ခေါ်ကြသည်။ နိုင်ငံခြားကုန်သည်များနှင့် တိုင်းရင်းသား ကုန်သည် တို့သည် လမ်းခရီး၌ သုံးစွဲရန် ရေလုံခြုံစွာ တင်ယူရန်အတွက် ဘုရင်မင်းမြတ်ကစီမံ၍ ကန်တူးထားသော ကျွန်းကို မင်းကန်ကျွန်းဟု ယခုတိုင်အောင် ခေါ်ကြသည်။

http://www.dhammadownload.com



မြောက်ဦးမြို့တော်၌လည်း ဖာပူစာရပြည်စိုးကြီးနေခဲ့သော အရပ်ကို ယခုတိုင်အောင် ဖားပူတောင် အရပ်ဟု ခေါ်ကြလေသည်။ မြို့တော်ဆိပ်ကမ်းတွင် ရောင်းဝယ်ရေးပြုလုပ်နေသော နေရာကို ယခုတိုင်အောင် ဈေးကြီးတံခါးဝဈေးစပါး ဈေးဆိပ်ဟု ခေါ်ကြသည်။ နိုင်ငံခြားသင်္ဘော တို့ကို စောင့်ရှောက်ရန် တပ်ဖွဲ့ထားသော နေရာကို ယခုတိုင်အောင် အောင်တပ်ဟုခေါ်ကြလေ သည်။ ၎င်းတပ်၌ အကြီးအမှူးဖြစ်သော ရေတံခါးမင်း နေရာကို ယခုတိုင်အောင် ရေတံခါးအရပ်ဟု ခေါ်ကြလေသည်။ ပြည်ကျိုးဆောင်ဒိုင်းကျီ အလုပ်သမား နေသောအရပ်ကို ယခုတိုင်အောင် ဒိုင်းကျီကျွန်းဟု ခေါ်ကြလေသည်။

## ပေါ်တူဂီဘုန်းကြီးမင်နရိတ်အမြင်

ထိုစဉ်က မြောက်ဦးသို့ရောက်ရှိခဲ့သော ပေါ်တူဂီဘုန်းကြီး မန်နရိတ်က ၎င်း၏မှတ်တမ်းကြီး တွင် အိန္ဒိယပြည်အား ဆန်တင်ပို့ရောင်းချရခြင်းကြောင့် မြောက်ဦးစည်ကားပုံကို အောက်ပါအတိုင်း ရေးသားထားခဲ့၏။

"With rainfall of between 200 and 300 inches a year the crop never failed, while in adjacent. India poor monsoon followed by increased from by famines periodically occured. Thus is Arakan whealth increased from generation to generation. The export of rice of undernourished India brought on a steady flow of those commodities which were lacking on the spot."

ရခိုင်ပြည်နှင့်ဆက်စပ်နေသော အိန္ဒိယပြည်သည် မိုးခေါင်ရေရှား၊ ငတ်မွတ်ခြင်းဘေးနှင့် တွေ့ရသော် လည်း ရခိုင်ပြည်မှာ နှစ်စဉ်နှစ်တိုင်း မိုးရေချိန်လက်မ ၂၀၀ မှ ၃၀၀ ထိ ရွာသွန်းခြင်း ကြောင့် ရခိုင်ပြည်၏ ကြွယ်ဝခြင်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်၍သာ လာခဲ့ကြောင်း၊ ပိုသောဆန်စပါးများကို အိန္ဒိယပြည်သို့ အမြဲတင်ပို့၍ ရောင်းချလိုသော ကုန်စည်များကို အိန္ဒိယပြည်မှ တင်သွင်းကြကြောင်း ဆိုထားပါသည်။

## ဒတ်(ချ်)တို့နှင့် ဆန်ရောင်းဝယ်စဉ်က

ရှေးအခါက ဆန်စပါးများကို အိန္ဒိယ၊ ဘင်္ဂလားပြည်၊ မာဒရပ်ကမ်းခြေ၊ သီဟိုဠ်၊ ပေါ်တူဂီ၊ ဂိုအာ၊ မလာယု၊ ဒတ်(ချ်)၊ အရှေ့အိန္ဒိယ ကျွန်းစုများသို့ တင်ပို့ရောင်းချခဲ့ကြလေသည်။ ဒတ်(ချ်)မှတ်တမ်းတစ်စောင် ၌ အောက်ပါအတိုင်း ရေးသားထား၏။

http://www.dhammadownload.com



၁၆၃၁ ခုနှင့် ၁၆၃၄ ခုအကြားတွင် ဘင်္ဂလားပင်လယ်ကမ်းခြေ တစ်ဝိုက်၌ ငတ်မွတ်ခေါင်းပါးသော ဘေးဆိုက်ရောက်လျှက် ရှိသည်။ ဒတ်(ချ်)လူမျိုးများသည် ရခိုင်ပြည်မှ စပါးဝယ်ရန် သွားကြသည်။ သီရိသုဓမ္မရာဇာ၏ သံတမန်များက ဒတ်(ချ်)လူမျိုးများသည် မလက်ကာ ကျွန်းစုများကို စစ်တိုက်နေကြသဖြင့် ဆန်အမြောက်အများ လိုနေကြောင်းကို ဘုရင်အား လျှောက်ထားကြလေသည်။ ထို့ကြောင့် ရခိုင်ဘုရင်သည် ဆန်စပါးများကို ဘုရင့်ပစ္စည်းအဖြစ်သို့ ပြောင်းလဲကာ ဘုရင့်အာဏာဖြင့်သာ ရောင်းချရန်အမိန့် ထုတ်ဆင့် ထားသောကြောင့် ဒတ်(ချ်)များသည် အထူးမကျေမနပ် ဖြစ်ကြသည်။ ဒတ်(ချ်)တို့သည် အခြားပွဲစားများထံ အခြားလူများထက် ဈေးကို စည်းမဲ့ကမ်းမဲ့ မထွက်သွားအောင် တားဆီးထားနိုင်လေသည်။ ဤအချက်ကို ကြည့်ရှုခြင်းအားဖြင့်ပင်လျှင် ရခိုင်ဘုရင်၏ ကုန်သွယ်ရေးအဆင့်အတန်းမှာ ဒတ်(ချ်)များ ထက် အောက်မကျဟု သိရှိနိုင်ပေသည်။ သို့သော် စာရင်းစာအုပ်များတွင် မှတ်ထားသည့်ဈေးနှုန်းအရ ဒတ်(ချ်)တို့မှာလည်း မနစ်နာကြချေ။ ဘတေဘီယာတွင် ၁၆၆၃ ခုနှစ်၌ ဆန် ကာရာ ၄၄၀ပေါင်ကို ဒင်္ဂါး ၁၈ ကျပ်ဈေးရှိသည်။ ဒတ်(ချ်)တစ်ပေါင်သည် အဗွိုင်ဒူပွိုင် Avoirdupois ၁. ၀၉ ပေါင်နှင့်ညီမျှသည်။ တစ်ကာယာကို ဘုရင်ဈေးနှုန်းမှာ တစ်ဆယ်ကျပ် ဖြစ်သည်။

ဆန်စပါးရှားပါးချိန် လွတ်မြောက်ခဲ့ပြီးနောက် ဒတ်(ချ်)တို့သည် တစ်ကာယာလျှင် ငါးကျပ်ကျထိ ဈေးကျအောင် လုပ်နိုင်ခဲ့ကြသည်။ သို့သော် သူတို့မကျေနပ်ကြသော အခြားအကြောင်းတစ်ရပ်မှာ ဘုရင်သည် အကြောင်းမျိုးစုံပြပြီး ဘတေဘီယာသို့ ဈေးနှုန်း အခြေအနေကို စုံစမ်းရန်လူလွှတ်ခြင်းကြောင့် ဖြစ်သည်။ ဒတ်(ချ်)တို့သည် ဘုရင့် အဝယ်တော်များကို ရှောင်လွှဲ၍ စစ်တကောင်းသို့ လူလွှတ်ပြီး ဝယ်ယူရန် ကြိုးစည်ခဲ့သော်လည်း ၄င်းနှစ်ပတ်တွင်ပင်ကြိုး၍ ၄င်းစစ်တကောင်းနယ်မှ စပါးများကို ဘုရင်မှာဝယ်နှင့်ပြီးသား ဖြစ်၍ ကန့်သတ်သောဈေးနှုန်းနှင့်သာ ဝယ်ခဲ့လေသည်။

## ဒတ်(ချ်)ရခိုင်ကူးသန်းရေး

ရခိုင်ပြည်နှင့် ဒတ်(ချ်)လူမျိုး ကုန်ကူးသန်းဆက်ဆံရေးကို ဟော(လ်)က နိုင်ငံခြားသား မှတ်တမ်းများကို မူတည်ရေးသားထားသော ၄င်း၏ "မြန်မာပြည်စာအုပ်"တွင် အောက်ပါအတိုင်း ဖော်ပြထားရှိလေသည်။

Thirithudamma cultivated friendly relations with the Dutch of Batavia Permitted them to open a factory at his capital. They were in urgent need of

http://www.dhammadownload.com



regular supplied of rice and slaves for their Indonesian settlements, and could obtained large quantities of both in Arakan. The slaves were, the fruits of the feringhi raids in Bengal. After Thirithudama's death the Dutch quarrelled with his successor, Narapatigri(1638-45)and for one year, with drew their factory. It was not reopened until the reign of Sandathudamma. In 1653 he signed a commercial treaty with Batavia, which laid down the terms upon which Dutch trade at Mrohaung was regulated for many years. Sandarthudamma is celebrated in the Arakanese chronicles as one of the noblest of their kings. During his long reign. Arakan persued a far more enlightened policy towards European traders than did its neighbour Burma. Unlike Burma it used coined money.

The Mughal Tanga, the predecessor of the rupee, was used in its ports. For small bazaar transactions cowrie shells were used. They were imported from the Maldives, often by Dutch ships, which sold them in Arakan at the rate of forty-eight viss for a rupee. The main articles imported into the country by the Dutch were spices and Japanese iron Batavia, and Indian piece-goods from their eorimandel coast factories. The Daghregister of Batavia shows that the Arakan trade was by no means a unimportant department of Dutch commerce in the Bay of the Bengal."

## နိုင်ငံခြားနှင့်ကုန်စည်ကူးသန်းရောင်းဝယ်ရေး

ဓညဝတီ၊ ဝေသာလီနှင့် မြောက်ဦးမြို့တော်များ ထွန်းကားခဲ့စဉ်အခါက နိုင်ငံခြားပင်လယ်ကူး သင်္ဘောများသည် မြို့တော်ဆိပ်ကမ်း၌ အမြဲတမ်း ဆိုက်ကပ်လျှက်ရှိခဲ့လေသည်။ နိုင်ငံခြားသား ခရီးသည်ကြီးတစ်ဦးက ကုလားတန်မြစ်အထက် မိုင် ၅၀ကျော်မျှ ဆန်တက်မိသော အခါ အလွန်ကြီးကြပ်သော ဆိပ်ကမ်းမြို့တစ်မြို့ကို တွေ့ရှိရသည်ဟုဆိုထားရာ ဝေသာလီမြို့တော်ကို ဆိုလိုခြင်းဖြစ်သည်ဟု ယူဆလေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုခရီးသည်ကြီး ရောက်လာခဲ့ သော ခုနှစ်သက္ကရာဇ်ကို တွက်ဆကြည့်သောအခါ ဝေသာလီမြို့တော်ခေတ် အတွင်း၌ပင် ဖြစ်နေ

http://www.dhammadownload.com



လေသည်။ ဝေသာလီခေတ်အကြောင်းကို စုံစုံလင်လင် သိရသောအခါ ပိုမိုထင်ရှားလာပေလိမ့်မည်။ မြောက်ဦးခေတ်တွင် နိုင်ငံခြားသားများနှင့် ဘယ်ပုံကုန်စည် ကူးသန်းရောင်းဝယ်ရေးပြုလုပ် ခဲ့သည်ကိုကား ရခိုင်ရာဇဝင်များနှင့် နိုင်ငံခြားသားများ အထူးသဖြင့် ပေါ်တူဂီ၊ ဒတ်(ချ်)တို့၏ မှတ်တမ်းများတွင် အတော်အသင့် ဖတ်ရှုသိရှိကြရလေသည်။

ရှေးအခါက ရခိုင်ပြည်နှင့်ကုန်စည်ကူးသန်းရောင်းဝယ် ဆက်သွယ်ကြသော နိုင်ငံများမှာ အိန္ဒိယ အထူးသဖြင့် ဘင်္ဂလားပြည်၊ မဒရပ်ကမ်းခြေနှင့် သီဟိုဠ်တို့ ဖြစ်ကြလေသည်။ အိန္ဒိယအနောက်တောင် ကမ်းခြေ ဂိုဝါနယ်၌ ကြီးစိုးနေခဲ့ကြသော ပေါ်တူဂီတို့သည် ရခိုင်ဘုရင်ခွင့်ပြုချက်ကြောင့် မြောက်ဦးမြို့တော် ဒိုင်းကျီဘက်အရပ်၌ စခန်းချခဲ့ကြသည်။ ၎င်းတို့သည် ဆန်ဒဝီကျွန်းနှင့် စစ်တကောင်းတစ်ဘက်ကမ်းရှိ ဒယင်းဂါးဆိုသော ဒေသတို့၌စခန်းချကာ ရခိုင်ဘုရင်လက်အောက်ခံ ဘင်္ဂလားအရှေ့မြောက်ဒေသကို ကူညီစောင့်ရှောက်ပေးကြလေသည်။ ဤပေါ်တူဂီတို့သည် ၎င်းတို့နေရင်းဒေသဖြစ်သော ဂိုဝါနှင့်ကုန်စည် ကူးသန်းရောင်းဝယ်ရေးတို့ကို အထောက်အပံ့ပေးခဲ့ကြလေသည်။ ဤသို့ ကူညီခဲ့ကြရာမှ ၎င်းတို့သည် ရခိုင်ပြည်ကို သိမ်းပိုက်ရန် ကြိုးစားခဲ့သော်လည်း ရခိုင်ရေတပ်၊ ကုန်းတပ်တို့၏ သတ္တိကြောင့်လည်းကောင်း၊ ဘုရင်၏ နည်းပရိယာယ်ကောင်းခြင်းကြောင့်လည်းကောင်း မအောင်မြင် ခဲ့ကြချေ။ သို့သော် ရခိုင်ဘုရင်သည် နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးနှင့် ရခိုင်ပြည်အတွက် ကာကွယ်ရေးတို့အတွက်လည်းကောင်း ပေါ်တူဂီ တို့အား ကောင်းစွာအသုံးပြုနိုင်ခဲ့လေသည်။

ပေါ်တူဂီတို့နှင့် အဆက်ပြတ်ခါနီးတွင် အရှေ့တောင် ဒတ်(ချ်) အိန္ဒိယကျွန်းစု ဘာတေဘီယာမြို့ရှိ ဒတ်(ချ်)တို့နှင့် ဆက်သွယ်ခဲ့လေသည်။ ဤဒတ်(ချ်)တို့၏ ကုန်လှောင်ရုံ Dutch factories များကို မြို့ဟောင်း အနားရှိ ဘောင်းဒွတ်အရပ်၌ ဖွင့်လှစ်ခဲ့ကြ၏။ ယနေ့တိုင် ၎င်းတို့ကို ပျက်စီးယိုယွင်းလျှက် တွေ့နိုင်ကြပေ သေးသည်။ ရခိုင်ပြည်နှင့် ဒတ်(ချ်) တို့၏ ကုန်စည်ကူးသန်းရောင်း ဝယ်ရေးမှာ အတော်ကြီးကျယ်ခဲ့ကြောင်းများနှင့် ရခိုင်ဘုရင်သည် နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးတွင် ဒတ်(ချ်) တို့ထက် မညံ့လှကြောင်းကို မှတ်တမ်းတင်ထားခဲ့ကြပေသေးသည်။

## သွင်းကုန်ထုတ်ကုန်များ

ရခိုင်ပြည်မှ နိုင်ငံခြားသို့ တင်ပို့သော ကုန်များမှာ စပါး၊ ဝါဂွမ်း၊ ဆင်၊ ကျေးကျွန်များ၊

http://www.dhammadownload.com



ငွေထည်များ၊ ဆင်စွယ်များ၊ ချည်ထည်များ၊ မဲနယ်၊ ချိတ်၊ ယွန်းထည်များ ဖြစ်ကြ၏။

ဝင်ကုန်များမှာ ကောက်ရိုးခေါ် ကြီစေ့ (ကြွေစေ့)၊ ဆေးများ၊ အမွှေးအကြိုင်၊ တွင်းထွက်ပစ္စည်းများ၊ ပိုးထည်များ၊ ဟင်းမွှေးမဆလာ၊ အကျော်၊ ကရမက်၊ ကော်ဇော၊ သတ္တုထည်၊ ပန်းကန်ခွက်ယောက် အစရှိသော အသုံးအဆောင်ပစ္စည်းအမျိုးမျိုးဖြစ်ကြလေသည်။

## နိုင်ငံခြားနှင့်ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့်ပတ်သက်၍ အကျိုးဆက်များ

မြောက်ဦးခေတ် စီးပွားရေးနှင့် နိုင်ငံခြားကုန်သွယ်ရေးမှာ ၁၆၈၄ ခု၊ စန္ဒသုဓမ္မရာဇာ လက်ထက်အထိ ထွန်းကားကျော်စောခဲ့ပေသည်။ ဤအချိန်ကို မြောက်ဦး၏ရွှေရောင်လွှမ်းမိုးသော ခေတ်ဟုလည်း ဆိုကြသည်။ ထိုအချိန်အခါတွင် ရခိုင်ပြည်သည် အရှေ့အာရှတွင် နိုင်ငံခြားသားတို့၏ ကိုယ်တွေ့မျက်မြင်အရ အထူးထင်ရှားခဲ့သော တိုင်းပြည်တစ်ပြည် ဖြစ်ခဲ့ပေသည်။ နှစ်ပေါင်းနှစ်ရာ ကျော်မျှ အဆက်မပြတ်ပဲ ငြိမ်းချမ်းခဲ့ရာ စီးပွားရေးရာများသည် အထူးတလည် တိုးတက်လျှက် ရှိခဲ့ပေသည်။ ပင်လယ်ကမ်းခြေဒေသ ဖြစ်နေသဖြင့်လည်း နိုင်ငံခြားသားများနှင့် ကူးလူးနိုင်ခဲ့ကာ နိုင်ငံခြားစီးပွားကုန်သွယ်ရေးများ ပြုလုပ်ခဲ့သည်တို့မှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

ထိုစဉ်က နိုင်ငံခြားသားများသည် ရွက်သင်္ဘောကြီးများဖြင့် ကုန်စည် ကူးသန်း သွားလာကြသည်။ မြောက်ဦးမြို့အထိ ထိုသင်္ဘောများ ထွက်ဝင်နိုင်ကြ၏။ ရခိုင်ရေတပ်ဗိုလ်မှူးကြီး စခန်းချသော ဦးရစ်တောင် နှင့် မျက်နှာချင်းဆိုင် ကုလားတန်မြစ်တစ်ဘက်ကမ်း၌ "ဒိုဘာဈေး" အရပ်ရှိပေသည်။ ၎င်းအရပ်တွင် နိုင်ငံခြားသားကုန်သည်များ စခန်းချကြ၏။ အထူးသဖြင့် အိန္ဒိယအရပ်ရပ်မှ လာရောက်ကြသော ကုန်သည်များ ဖြစ်ကြသည်။ မြောက်ဦးမြို့ပတ်ဝန်းကျင်၌ ဈေးများရှိသည်။ ယခုတိုင် ညောင်ပင်ဈေး၊ လက်ကောက်ဈေး၊ ပြင်ဈေး အစရှိသဖြင့် ခေါ်တွင်လျက်ရှိသေး၏။ မြောက်ဦးဆင်ခြေဖုံး ဘောင်းဒွတ်အရပ်၌ အကောက်ဌာနများ ဒတ်(ချ်)လူမျိုးများ၏ အလုပ်ရုံများကို တည်ထောင်ခဲ့ကြလေသည်။ ယခုတိုင် အထက်ကတင်ပြခဲ့သည့်အတိုင်း ထိုအရပ်၌ ဒတ်(ချ်)လူမျိုးများ ၏ အလုပ်ရုံအကြွင်းအကျန်များကို တွေ့ရှိနိုင်ပါသေးသည်။ ထိုအချိန်က မြောက်ဦး မြို့တော်ကြီးမှာ အထူးစည်ကားလှ၏။ မြောက်ဦး ဆင်ခြေဖုံး ဘောင်းဒွတ်အရပ်မှာပင် အထူးစည်ကားနေသဖြင့် နယ်ဘက်မှတက်လာကြသော သူတို့သည် ဘောင်းဒွတ်ကို ပင် မြို့တော်ဟု

http://www.dhammadownload.com



မှတ်ပြီး မြို့တော်တွင်းသို့ မရောက်ခဲ့ပဲ ပြန်သွားခဲ့ကြဘူးသည်ဟု ဆိုကြသည်။ ထို့ကြောင့် "အစွန်း မပေါက် မြို့မရောက်၊ ဘောင်းဒွတ်အဆီ ပြန်လတ်စီ" ဟူ၍ ပြောဆိုလေ့ရှိကြသည်။ မြောက်ဦးမြို့ ချောင်း တစ်ဘက်၌ "ဒိုင်းကျီ"အရပ်ရှိသည်။ ထိုအရပ်၌ ပေါ်တူဂီလူမျိုးများ နေကြသည်။

မြောက်ဦးမြို့ရေဆိပ်၌ အကောက်ရုံးများရှိကြသည်။ အကောက်အရာရှိကြီးငယ်များ ခန့်ထားပြီး ထွက်ကုန်၊ ဝင်ကုန်တို့အပေါ် အကောက်ကောက်ယူခြင်း ဖြစ်လေသည်။ ခုနှစ် သက္ကရာဇ်နှင့် ဘုရင်အမည်များ တပ်၍ ငွေဒင်္ဂါးများဖြင့် ဝယ်ယူသုံးစွဲကြသည်။

၁၆၃၀ လောက်က ရခိုင်ငွေဒင်္ဂါးတစ်ကျပ်မှာ ပေါ်တူဂီဒင်္ဂါး ရီလ်(စ) လေးကျပ်နှင့်ညီမျှ သည်။ ရခိုင်ဒင်္ဂါးတစ်ကျပ်ပေးလျှင် ကြက်အကောင် (၃၀)ရသည်။ ၈ဲ ဖြင့် ကြက်ဥ ၁၀၀ ဝယ်နိုင်သည်။ ထိုစဉ်က ရခိုင်ငွေဒင်္ဂါး တစ်ကျပ်သည် ယခု အင်္ဂလိပ် ၇ ပေါင်နှင့် ၁၀ သျှိလိင်နှင့် ညီမျှပြီး ယခု မြန်မာဒင်္ဂါး ၁၀၅ ကျပ်လောက်နှင့် ညီမျှသည်။ ၁၆၆၃ ခုနှစ်လောက်က ရခိုင်ဒင်္ဂါး တစ်ကျပ်သည် ဒတ်(ချ်) Sous ဆော(ဟ်) ၂၅ ကျပ်နှင့် တူညီပြီး ရခိုင်ဒင်္ဂါး တစ်ကျပ်လျှင် အကြွေ ကောက်ရီ ၂၆၆၀ ရရှိသည်။ နိုင်ငံခြားသားများ ရခိုင်ပြည်မှ အရေးတကြီး ဝယ်ယူကြသော ပစ္စည်းများမှာ ဆန်စပါးပင်ဖြစ်သည်။ ထို့နောက် ဆင်များ၊ ကျွန်များ၊ မဲနယ်၊ ချိတ်၊ ယွန်း၊ ချည်ထည်များ၊ တိပါရမှ ရက်လုပ်သောအပေါ်စား အထည်ကြမ်းများကိုလည်း ဝယ်ယူကြသေးသည်။ များသောအားဖြင့် ဒတ်(ချ်)လူမျိုးများသည် အရှေ့ဒတ်(ချ်) ကျွန်းစု ဘတေဘီယာမှ ထွက်သော အမွှေးအကြိုင် မဆလာမျိုးစုံတို့ကိုယူဆောင်လာကြ၏။ ကောက်ရီခေါ် ကြွေစေ့များကို ရိုမန်ဒယ်(လ) ကမ်းခြေမှ ယူဆောင်လာကြ၏။ ရခိုင်ပြည်မှ ဒင်္ဂါးအကြွေသုံးရာ၌ အသုံးချကြလေ သည်။ ၎င်းတို့ကို ပိဿာချိန်ဖြင့် ရောင်းကြသည်။ ၎င်း ၁၄၈ ပိဿာကို တစ်ကျပ်ဈေးရှိသည်။ တစ်ခါတစ်ရံ ဆေးများကို ယူဆောင်ခဲ့ကြ လေသည်။ ၎င်းကုန်သည်တို့သည် ဆင်များကိုဝယ်ယူရာ၌ ဆင်တစ်ကောင်ကို ၁၃၀၀ိ/- မှ ၁၄၀၀ိ/- ကျပ်ထိ ပေးဝယ်၍ ကိုရိုမန်ဒယ်ကမ်းခြေ၌ လေးဆလောက်ဈေးတင်ရောင်းကြသည်။ ဆန်စပါး ဝယ်ယူသူများမှာ အကြီးအကျယ်ဆုံး ဖြစ်ပေသည်။ ဆန်စပါးရောင်းဝယ်ရေးနှင့် ပတ်သက်၍ နိုင်ငံခြားခရီးသည် ဒတ်(ချ်)မှတ်တမ်း တစ်စောင်က ကိုယ်တွေ့ မှတ်တမ်းများ ရေးသားခဲ့ကြသည်ကိုတွေ့ရခြင်းဖြစ်သည်။

ထို့နောက် အထူးစိတ်ဝင်စားဖွယ်တစ်ခုမှာ ကျွန်အရောင်းအဝယ် ပြုလုပ်ခြင်းပင် ဖြစ်သည်။ ထိုခေတ်အခါ၌ ယဉ်ကျေးသော အနောက်နိုင်ငံ စီးပွားရေးရာများတွင် ကျွန်အရောင်းအဝယ်

http://www.dhammadownload.com



ရှိကြပေသည်။ ထိုခေတ်၌ ရခိုင်ပြည်တွင် ကျွန်အရောင်းအဝယ် ပြုလုပ်သည်မှာ မထူးဆန်းလှပေ။ ကျွန်ရောင်းဝယ်ရေးကို ပေါ်တူဂီလူမျိုးများနှင့် ဒတ်(ချ်)လူမျိုးများ နှစ်ဦးစလုံးပင် ပြုလုပ်ကြသည်။ ဤအကြောင်းနှင့်ပတ်သက်၍ မှတ်တမ်းတစ်ခုတွင် အောက်ပါအတိုင်း ရေးသားထား၏။

သူတို့ သယ်သွားကြသောကုန်များမှာ များသောအားဖြင့် ဆန်နှင့်ကျွန်များပင် ဖြစ်လေသည်။ ရွက်လှေတစ်စင်းတွင် ကျွန် ၂၁၀၊ အခြားတစ်စင်းတွင် ၃၂၅ ယောက်၊ နောက်တစ်စင်းတွင် ၁၄၅ ယောက် ပင်ဖြစ်လေသည်။ ဦးရေကိုဖျမ်းမျှခြင်းအားဖြင့် တွက်ရန် အတော်ခက်သည်။ ကုန်သွယ်ရေး တိုးတက်သော နှစ်တွင်မူ အနည်းဆုံး သင်္ဘောလေးစင်းမျှ ဘတေဘီယာသို့ ထွက်လေသည်။ ထို့ကြောင့် ကျွန်ဦးရေမှာ တစ်ထောင်ထက် လျော့မည်မဟုတ်။ အဘိုးလည်းအတော်ပင် ကွာခြားလေသည်။ တစ်ချို့တစ်လေကို ၁၀ ဖလော်ရင် Florins (၁ဖလော်ရင်' ၁သျှိလင်ဧပဲနိ ဖြစ်သည်)နှင့်ပင်ရပြီး၊ ဈေးအကြီးဆုံးမှာ ၃၀ဖလော်ရင် ပင် တန်ဘိုးရှိလေသည်။ ၁၆၄၁ ခုနှစ်တွင် ရခိုင်အစိုးရသည် နိုင်ငံပြင်သို့ ထုတ်သွားသောကျွန်များအပေါ်တွင် တစ်ဦးလျှင် တစ်ဆယ်ကျပ်ကျ အခွန်ကောက်လေသည်။ ၎င်းကို ဒတ်(ချ်)တို့က ကန့်ကွက်ခဲ့ကြသော်လည်း အရာမထင်ခဲ့။ လက်မှုပညာတတ်မြောက်သော ကျွန်များကိုမူ ဒတ်(ချ်)တို့အား ယူဆောင်ခွင့်မပေးခဲ့ချေ။

ဤကဲ့သို့ ကျွန်အရောင်းအဝယ်ပြုလုပ်ရာ၌ ကျွန်များသည် အဘယ်မှာ ရရှိကြသနည်း။ အဘယ်လူမျိုးများ ဖြစ်ကြပါသနည်း။ ထိုစဉ်က ရခိုင်ဘုရင်သည် မဂိုလ်ရန်ကို ကာကွယ်ရန်အတွက် ပေါ်တူဂီ လူမျိုးများအား စစ်တကောင်းအောက်နားက ဒိုင်ရင်ဂါးတွင် နေထိုင်၍ တပ်စခန်းချ ရန်ပေးထားလေသည်။ ထိုပေါ်တူဂီများသည် မိမိစီးပွားရေး အတွက် ဘင်္ဂလားနယ်တစ်ဝိုက် ဩရိဿနှင့် ဘင်္ဂလားပင်လယ်ကမ်းခြေ များမှ ကျွန်များဘမ်းယူပြီး အခြားပေါ်တူဂီစခန်းများနှင့် ရခိုင်ပြည် ဒတ်(ချ်)စခန်းများတွင် ရောင်းချခြင်း ဖြစ်လေသည်။ မြောက်ဦးခေတ် စီးပွားရေးရာများမှာ ခေတ်နှင့်စာသော် အထူးအထက်တန်းကျခဲ့သည်ဟု ဆိုနိုင်ပေသည်။ ရခိုင်လူမျိုးများသည် ထိုစဉ်က ရေဘက်တွင် အထူးကျွမ်းကျင်ပြီး နိုင်ငံခြားအရပ်ရပ်သို့ ကုန်သွယ်ရန်သွားရောက်နိုင်ခဲ့ကြလေသည်။

## မှတ်တမ်းများ

ပေါ်တူဂီဘုန်းတော်ကြီး မန်နရိတ်သည် သီရိသုဓမ္မရာဇာ ဘိသိက်ပွဲနှင့်ကြုံကြိုက်ခဲ့ရာ

http://www.dhammadownload.com



မြောက်ဦးမြို့ တော်၌ အရပ်ရပ်မှကုန်သည် များရောက်ရှိလာပြီး စည်ကားလှကြောင်းကို အောက်ပါအတိုင်း မှတ်တမ်း တင်ထားခဲ့လေသည်။ ၎င်းအပြင် စကောက်တန်အမည်ရှိသော ဒတ်(ချ်) ခရီးသည်ကလည်း အောက်ပါအတိုင်း မြောက်ဦးချမ်းသာကြွယ်ဝပုံကို ရေးသားထားခဲ့ပြန်သေးသည်။ ဤကောက်နုတ်ချက်များကို ဖတ်ရှုရခြင်းဖြင့် မြောက်ဦးမြို့၏ နိုင်ငံခြားကုန်သွယ်ရေး လုပ်ငန်းနှင့် မြောက်ဦး စည်ကားလှပုံတို့ကို ပေါ်လွင်စွာ သိရှိနိုင်ကြ လေသည်။

The capital was crowded with visitors from the towns and villages, and a larger number of foreign merchants from the countries of the Bay, Siam, Burma, India and the Spice islands, took the apportunity of what was expected to be a lively market and arrived in ships loaded with every sort of merchandies food, medicines, scented woods, minerials, silks, carpet, metal works and porcelin. The goods were allowed in dutyfree. The main street became a vast bazaar, where in addition to the articles, mentioned it was possible to buy a wide variety of precious stones, with such varities as amber, jade, musk and quicksilver, as well as lac, cinnaber, opium and ioncense.

It should be borne in mind that Mrauk-U, though less substantially built, was comparable in size and wealth to such Western cities as Amsterdam and london. Schouten, writing decleares it the richest city in that part of Asia, acceding in its resources both Pegu and Aryudhi, the capital of Siam (Thailand).

## ခေတ်သုတေသီများ၊ စာတမ်းပါစိတ်ပါဝင်စားဖွယ်ရာ အပိုဒ်များကို ကောက်နုတ်တင်ပြခြင်း

မြောက်ဦးခေတ် ဘင်္ဂလားပင်လယ်အော် စီးပွားကုန်သွယ်မှု လုပ်ငန်းနှင့် ပတ်သက်၍ ကိုလိုနီခေတ် စာရေးဆရာများဖြစ်ကြသော Maurice Collies, D.G.E Hall နှင့် G.Harvey တို့က မြောက်ဦး၏ ရွှေရောင်လွှမ်းခဲ့သည့် အခြေအနေကို ကိုယ်တွေ့ မြင်တွေ့ခဲ့သူ ပေါ်တူဂီဘုန်းကြီး မန်နရိုက်၏ မှတ်တမ်းကို အခြေခံ၍ အခြားအကိုးအကားများ ဖြင့် စာအုပ်ရေးခဲ့သည်များ ရှိခဲ့သလို ယခုခေတ်သုတေသီများ ဖြစ်ကြ သော ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့ Chulalongkorn

http://www.dhammadownload.com



တက္ကသိုလ်မှ Jacqubes P.Leider (Luxemberg) နှင့် နယ်သာလန်နိုင်ငံ Leiden တက္ကသိုလ်မှ Stephan Van Galen ဒတ်(ချ်)တို့က စိတ်ပါဝင်စားကြ၍ မြန်မာနိုင်ငံတွင်လည်းကောင်း၊ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့ Chulalongkorn တက္ကသိုလ်တွင် လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့သော Confernce on Myanmar Culture and Soceity Traditional Spirits and path to Moderity တွင် ကိုးကားချက် များစွာဖြင့် စာတမ်းရေးသား၍ ဖတ်ကြားတင်ပြခဲ့ကြောင်း တွေ့ရသည်။ Jacques P.leider ၏ စာတမ်း ခေါင်းစဉ်မှာ Elephants, Slaves and rubies, Arakan's place in the trade net work of the bay of Bengal ဖြစ်ပြီး Stephan Van Galen ဖတ်ကြားတင်ပြခဲ့သော စာတမ်း ခေါင်းစဉ်မှာ The Serpent and the king. The Dutch Arakanese relationship 1608-1688 ဖြစ်ပါသည်။

## မြောက်ဦးခေတ်ဒင်္ဂါး သို့မဟုတ် ဒင်္ဂါးစာပြောသော မြောက်ဦးခေတ်သမိုင်း

မြောက်ဦးခေတ် ဒင်္ဂါးအကြောင်းကို တင်ပြမည်ဆိုပါလျှင် ရခိုင်ဒေသတွင် မည်သည့်အချိန် ကစ၍ ဒင်္ဂါးသုံးစွဲမှု ရှိလာခဲ့သည် သို့မဟုတ် မြစ်ဖျားခံခဲ့သည်ကိုပါ စတင်ဖော်ပြရန် လိုအပ်ပါလိမ့် မည်။

ကျွန်ုပ်တို့၏ ရှေးခေတ်ရခိုင်သမိုင်းကို လေ့လာချက်အရ ရခိုင်တို့၏ အခိုင်အလုံမှတ်တမ်း တင်နိုင်သော ခေတ်များမှာ ဓညဝတီ သုံးခေတ်၊ မာရာယုမင်းမှ စတင်သော ဓညဝတီ ပထမခေတ်၊ ကံရာဇာကြီး ခေါ် ကမ္ဗုရာဇာမှ စတင်သော ဓညဝတီ ဒုတိယခေတ်၊ စန္ဒာသူရိယမင်းမှ စတင်သော ဓညဝတီ တတိယခေတ်ဟူ၍ လည်းကောင်း၊ ဒွေင်စန္ဒြေခေါ် မဟာတိုင်းစန္ဒြ စတင်တည်ထောင် သော ဝေသာလီကျောက်လှေကားခေတ်၊ ခေတ္တာသင်မှ စတင်သော ပဥ္စာခေတ်၊ လက်ျာမင်းနန်မှ စတင်သော ပရိန်ခေတ်၊ မဥ္ဇူသင်မှ စတင်သော နေရဉ္စရာတောင်ငူခေတ် အလောမာဖြူမှ စတင်သည့် လောင်းကြက်ခေတ်ဟူ၍ မြောက်ဦးခေတ် မတိုင်မီ ရှိခဲ့ပေရာ ဒင်္ဂါးကို မင်းအမည်ထိုး၍ စတင်ထုတ်ဝေသုံးစွဲသော ခေတ်မှာ ဝေသာလီ ကျောက်လှေကားခေတ် ဖြစ်ကြောင်း တွေ့ရပါသည်။ သို့သော် ဝေသာလီဒင်္ဂါးနှင့် ဆင်တူသည့် အမည်ထိုး၍မပါသော ဒင်္ဂါးများလည်း အမြောက်အများ ရခိုင်ဒေသအနှံ့ တူးဖော်တွေ့ထားရာ ယင်းဒင်္ဂါးများမှာ ဝေသာလီကျောက်လှေကားခေတ် မတိုင်မီက သုံးစွဲသော ဒင်္ဂါးအဖြစ် မှတ်ယူရမည်သာဖြစ်ပါသည်။ ဝေသာလီကျောက်လှေကားခေတ် မတိုင်မီခေတ်ကို ပြန်ကြည့်လျှင် စန္ဒာသူရိယ တည်ထောင်သော ဓညဝတီတတိယခေတ်ကို

http://www.dhammadownload.com



တွေ့ရပေမည်။ စာတမ်းထိုး၍မပါသော ဒင်္ဂါးများမှာ တတိယစေဒဝတီ စန္ဒာသူရိယမင်းခေတ် သုံးဒင်္ဂါးများ ဖြစ်တန်ရာပါသည်။

အလျဉ်းသင့်၍ ဝေသာလီအကြောင်းနှင့် ပတ်သက်ပြီး ၁၁-၁-၂၀၀၀ နေ့စွဲဖြင့် မြန်မာအလင်း သတင်းစာတွင် ရေးသားထားသည့် ပြည်ထောင်စုစိတ်ဓါတ် ခေါင်းစဉ်ပါ ဆောင်းပါးအပိုဒ်-၃၈ တွင် အောက်ပါအတိုင်း တင်ပြထားသည်ကို တွေ့ရပါသည်။

ရခိုင်တွင် အစောဆုံး ပေါ်ထွန်းခဲ့သော မြို့ပြ နိုင်ငံမှာ ဝေသာလီဖြစ်သည်။ ရခိုင်တွင် ခရစ်နှစ်မတိုင်မီကပင် ထင်ရှားသော မင်းဆက်ယဉ်ကျေးသော လူ့အဖွဲ့အစည်းရှိနေပြီဟု သိရပါသည်။ ဝေသာလီခေတ် ထင်ရှားသောမင်းဖြစ်သည့် စန္ဒြသူရိယမင်း ဘုရားပွင့်တော်မူပြီး ဘုရားကိုယ်ပွား ကိုးကွယ်ရန် ဆင်းတုတော်များ သွန်းလုပ်ထားခဲ့ကြောင်း ရှေးဟောင်းအထောက် အထားများအရ လေ့လာတွေ့ရမြင်ရ သည်။ အစောပိုင်း မြို့ပြနိုင်ငံနှင့် အခြေအနေများကို ဖော်ပြသော ကျောက်စာအများစုကို ခရစ်နှစ် ၆ ရာစုအတွင်း ရေးသားခဲ့ကြကြောင်း တွေ့ရှိရသည်။ မြို့ဟောင်းသျှစ်သောင်းဘုရားမှ အာနန္ဒစန္ဒြကျောက်စာ၊ အေဒီ ၇၂၉ တွင် ရေးထိုးသည်ဟု ခန့်မှန်းအရ ဝေသာလီကို ခရစ်နှစ် ၄-ရာစုတွင် တည်ဆောက်ပြီး စန္ဒြမင်းဆက် စိုးစံခဲ့ကြောင်း တွေ့ရသည်။ ဒင်္ဂါးများကို အရွယ်အမျိုးမျိုးသုံးစွဲကြပြီး ဒင်္ဂါးအချို့တွင် သွန်းလုပ်သူမင်းအမည်ကို ရေးထိုးထားကြောင်း တွေ့ရှိရသည်”ဟု ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ဝေသာလီအကြောင်းအရာမှာ ကျွန်ုပ်တို့ လေ့လာဆန်းစစ်၍ သိရှိထား ချက်နှင့် တခြားစီဖြစ်နေသည်ကို တွေ့ရသော်လည်း ဤနေရာတွင် သမိုင်းကြောင်းနှင့် ပတ်သက်၍ မဆွေးနွေးလိုဘဲ “ယဉ်ကျေးသော လူ့အဖွဲ့အစည်းရှိနေပြီ” ဆိုသည့် အချက်တစ်ချက်နှင့် “ဒင်္ဂါးထုတ်လုပ်သုံးစွဲမှု”နှင့် ပတ်သက်၍သာ အမှန်တကယ်ရှိပြီးသော အချက်အလက်များကို မူတည်၍ ဝေသာလီခေတ်ဒင်္ဂါးအကြောင်းကို အနည်းငယ်ဆွေးနွေးလိုပါသည်။ စင်စစ်ဝေသာလီ ယဉ်ကျေးမှုသည် မြို့ပြအဆင့်ကို ကျော်လွန်ခဲ့ပြီး နယ်နမိတ်သတ်မှတ်နိုင်သော တိုင်းနိုင်ငံအဆင့်ကို ရောက်ခဲ့ပြီးဆိုသည့် အချက်ကို ရခိုင်ပြည်အနှံ့သာမကဘဲ ထိုစဉ်က အိန္ဒိယ၊ ယခု ဘင်္ဂလားဒေ့ရှ်ရှိ မိနာမိတိ တူးဖော်မှုမှ ရရှိသော ဝေသာလီ Harikela ဒင်္ဂါးများက သက်သေထူနေပါသည်။ ရခိုင်တွင် အစုလိုက် အပြုံလိုက် တူးဖော်ရရှိသော နေရာများမှာ ဥပမာအားဖြင့် ပြရပါလျှင် ယခုစစ်တွေမြို့နယ်ရှိ ကြို့တဲကျေးရွာ၊ ရခိုင်တောင်ပိုင်း တောင်ကုတ်မြို့နယ်ရှိ ခရိုင်ကျေးရွာမှ

http://www.dhammadownload.com



ဝေသာလီမင်းဆက်မျိုးစုံ ပါဝင်သည့် ဒင်္ဂါး ၄၈ ပြား ၁၉၈၄ ခုနှင့်အတူ ပျူဒင်္ဂါး ၂-ချပ်ကိုပါ တူးဖော်ရရှိခဲ့သည် တို့မှာလည်း ခိုင်လုံသော သာဓကအထောက်အထားပင် မဟုတ်ပါလော။ သည်ပင်မက ဝေသာလီခေတ်ကို ဖော်ညွှန်းသည့် တခြားအထောက်အထားများကိုလည်း တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ မင်းပြားမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ် စသည်တို့တွင် ကျောက်စာချပ် အပါအဝင် ဝေသာလီခေတ် စတူပါ အမြောက်အများနှင့် ဆင်းတုတော်များ၊ ကျောက်ဆင်းတု၊ ကြေးဆင်းတု တွေ့ရှိသည်များသည်လည်း ခိုင်လုံသော ယင်းခေတ်၏ အထောက် အထားများပါပေ။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်းမြန်မာ ရာဇဝင်စာအုပ်တွင် ဝေသာလီဒင်္ဂါးများ အကြောင်းကို "ခရုခရင်းဒင်္ဂါး၊ နွားခရင်းဒင်္ဂါး" စသည်ဖြင့် မရေမရာ ဖော်ပြထားရာ ထိုအချိန်အခါက ရခိုင်တို့မှာ ယဉ်ကျေးမှုအဆင့် မရှိသေးသည့်သဘောကဲ့သို့ ဖြစ်နေ ပါသည်။

အမှန်စင်စစ် ထိုအချိန်မတိုင်မီ နှစ်ပေါင်းများစွာကပင် ရခိုင်တွင် ယဉ်ကျေးမှု အပြည့်အဝရှိ သော လူ့အဖွဲ့အစည်း ဖြစ်နေပြီဆိုသည်ကို သရုပ်ဖော်ထားသည့် ဝေသာလီငွေဒင်္ဂါး၊ ရွှေဒင်္ဂါးနှစ်ဖက် ပါ အဓိပ္ပါယ်များ ကို လေ့လာကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

ရခိုင်သဟာယအသင်း၊ ရန်ကုန်မဂ္ဂဇင်း အမှတ်စဉ်-၅ အမေးပုစ္ဆာ ပဟေဠိဖြေဆိုနိုင်သူ ပညာရှိ ခေါင်းစဉ်ပါ ဆောင်းပါးစာမျက်နှာ ၃၅ တွင် ရခိုင်မြန်မာ ပဏ္ဍိတ်ဦး ဦးသာထွန်းက ဦးစိန်လွင်ကို ရှင်းလင်း ပြထားသည့် ဝေသာလီခေတ်ဒင်္ဂါး၏ အဓိပ္ပါယ်ဖော်ပြချက်များကို အားလုံး သဘောပေါက်စေရန်အတွက် အောက်ပါအတိုင်း ကောက်နှုတ်၍ တင်ပြပါသည်။

ဝေသာလီခေတ်ဒင်္ဂါး၏ ကျောဖက်၌ ဘုရင်၏ဘွဲ့အမည်နှင့် ခြေထောက်များကိုခွေလျှက် သက်တောင့် သက်သာဝပ်နေသော နွားလားဥသဘဖပုံ တစ်ပုံပါရှိ၏။ ရင်ဖက်၌ ထိပ်ဆုံးမှနေနှင့်လ ယင်းအောက်မှ အခက်အလက်များ ဖြာထွက်လျက်ရှိသော သီရိဝစ္ဆ ကောက်ကြောင်းပုံနှင့် ယင်းအောက်က ဝိန္ဒုပြောက်ပုံများ ပါရှိလေသည်တို့ကို ဦးဦးသာထွန်း၏ အဓိပ္ပါယ်ဖွင့်ဆိုပြချက်အရ သိရသည်မှာ -

http://www.dhammadownload.com



"နွားလားဥသဘဖပုံ" ထည့်သွင်းပုံဖော်ထားခြင်းသည် ဗုဒ္ဓဘာသာ လူမျိုးတွေအတွက် နွားလားဥသဘဖမှာ ဝိသာခါ လပြည့် (ကဆုန် လပြည့်နေ့)ကို ဖော်ညွှန်းပါသည်။ အဘယ်ကြောင့်ဆိုသော် ဒီနေ့မှာ မြတ်စွာဘုရား ပွင့်တော်မူသည်၊ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူသည်၊ ပရိနိဗ္ဗာန်စံတော်မူသည်၊ ဒီထူးခြားချက်များ ကြောင့် ဗုဒ္ဓဘာသာလူမျိုးတွေအတွက် အလွန်မွန်မြတ်လှတဲ့ ဝိသာခါလပြည့်နေ့ကို ကိုယ်စားပြု နွားလား ဥသဘဖပုံကို ရခိုင်ဝေသာလီဒင်္ဂါးတွေမှာ ခပ်နှိပ်ပုံဖော်ထားခြင်းဖြစ်ပေသည်။ တစ်ဖန် ဒင်္ဂါး၏ရင်ဘက် (ပန်းဖက်)၌ပါရှိသော နေနှင့်လသင်္ကေတမှာ အာရီယန်လူမျိုးတွေအတွက် သင်္ကေတ ဖြစ်ပါသည်။ ဒီနေနှင့်လ တံဆိပ်တွေဟာ ရခိုင်မင်းတို့မှာ အာရီယန် လူမျိုးတွေ ဖြစ်တယ်လို့ အဓိပ္ပါယ်ထွက်ပါတယ်။ တနည်းအားဖြင့် နေမျိုးလနွယ်ဖြစ်တယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ရခိုင်မင်းတို့ဟာ စကြာမင်းတို့လို ဘုန်းတန်ခိုးအရာမှာ နေမင်းကဲ့သို့ဖြစ်ပြီး သူတို့အုပ်ချုပ် ကြသည့် တိုင်းနိုင်ငံများမှာလည်း လမင်းပမာ ကြည်လင်အေးမြ တင့်တယ်သည်၊ မွေ့လျော်ဖွယ်ရှိသည်လို့ ဂုဏ်ပုဒ်ကို ဖော်ညွှန်းခြင်းတွေလည်း ဖြစ်ပေသည်။ ထို့ကြောင့် ဝေသာလီဒင်္ဂါးတွေမှာ နေနှင့်လကို ထည့်သွင်းခပ်နှိပ်ထားခြင်းဖြစ်ကြောင်း သိရပေသည်။

တစ်ဖန် သုံးခက်ဖြာအမှတ် လက္ခဏာဖြစ်သော သီရိဝစ္ဆမှာ မြတ်နိုးဖွယ်ရာ၊ ကိန်းအောင်းရာနေရာ အထိမ်းအမှတ် လက္ခဏာလို့ အဓိပ္ပါယ်ကောက်ယူကြသည်။ ရခိုင်မြန်မာ ဘုရင်တွေရဲ့ စံမြန်းရာ ရာဇပလ္လင်မှဒ် တကဲတွေဟာ သီရိဝစ္ဆလက္ခဏာနှင့် သဏ္ဌာန်တူအောင် ပြုလုပ်ကြတယ်လို့ ယူဆကြပါတယ်။ ဤသီရိဝစ္ဆ လက္ခဏာတစ်ဘက် တစ်ချက်မှာ ရခိုင်တို့၏ အထွက်အမြတ် သဇင်ပန်းခက်နှစ်ခက်ကို ရံထားသည်။

ဝိန္ဒုပြောက်၏ အဓိပ္ပါယ်မှာ "စပါးဆန်ရေ ပေါကြွယ်ဝခြင်းကို ဖော်ညွှန်းသည့် ရေတို့၏ အမှတ်အသား သင်္ကေတ ဖြစ်ပါသည်"။

ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် ရခိုင်တို့၏ ဝေသာလီ ခေတ်တွင် ထုတ်ဝေသုံးစွဲကြသော ဒင်္ဂါးများမှာ ဒေါက်တာသန်းထွန်း တင်ပြထားသော အဓိပ္ပါယ်မဲ့ဒင်္ဂါးများ မဟုတ်ဘဲ ဝေသာလီခေတ်၏ လူမျိုးဘာသာ ယဉ်ကျေးမှုကို အပြည့်အဝအထွတ်တင် ဖော်ပြထားသော ဒင်္ဂါးများဖြစ်ကြောင်း တွေ့ရပေသည်။

ဝေသာလီခေတ်ကို ဆက်ခံသော လေးမြို့ခေတ်တွင် ဒင်္ဂါး ထုတ်လုပ်မှုကို အတိအကျ မတွေ့ရသော် လည်း ဝေသာလီမှ ဖြာထွက်သွားသော အိန္ဒိယဘင်္ဂါဘက်ရှိ ဝေသာလီယဉ်ကျေးမှုအစုစုကို ဆက်ခံသော Harikela Kingdom တွင် သုံးစွဲသည့်ဒင်္ဂါးများ ရှိနေသည်ကို တွေ့ရပါသည်။ ဝေသာလီ ယဉ်ကျေးမှုမှ ကူးစက်သွားသော ဆင်တူဒင်္ဂါးများကို ဆက်လက်သုံးစွဲ

http://www.dhammadownload.com



ကြကြောင်း တွေ့ရပါသည်။ Harikela ဒင်္ဂါးများမှာ ဝေသာလီစန္ဒြဒင်္ဂါးများနှင့်လည်း ဆင်တူကြောင်း တွေ့ရပါသည်။ အနည်းငယ်ကွာခြားချက်မှာ နွားလားဥသဘ၏ အမြီးမှာ အပေါ်သို့ထောင်နေပြီး အမြီးဖျားမှာ ကွေးနေခြင်း ဖြစ်သည်။ စာတမ်းမှာ မင်းအမည်ကို မထိုးဘဲ Harikela Kingdom အမည်ကိုထိုးကြောင်း တွေ့ရပါသည်။ ဤ Harikela ဒင်္ဂါးကို ထိုအချိန်က ၄င်းတို့နေရာတွင် သာမက ရခိုင်ပြည်အနှံ့မှာ သုံးစွဲကြောင်းကို ရခိုင်ကမ်းရိုးတမ်းတစ်လျှောက် သံတွဲအထိ မကြာခဏ တူးဖော်ရရှိခြင်းက သက်သေထူလျှက်ရှိနေပါသည်။

## မြောက်ဦးခေတ်ဒင်္ဂါး

မြောက်ဦးခေတ်ကိုစတင်သော မင်းစောမွန်အနေနှင့် ဒင်္ဂါး စတင်ထုတ်လုပ်ကြောင်း တွေ့လာရသည်။ သို့သော် ဤဒင်္ဂါးများမှာ ဝေသာလီစန္ဒြဒင်္ဂါးနှင့်သော်လည်းကောင်း Harikela Kingdom မှ ထုတ်လုပ်သော ဒင်္ဂါးပုံစံအမျိုးအစားနှင့်သော်လည်းကောင်း မတူတော့ဘဲ၊ ရခိုင်စာနှစ်ဘက်ပါ ဒင်္ဂါးပုံစံအမျိုး ဖြစ်လာပါသည်။ ဒင်္ဂါးထုတ်လုပ်သော သက္ကရာဇ်ကို ထိပ်တွင်ဖော်ပြထားပါ၍ ထိုမင်း၏ နန်းသက်သက္ကရာဇ်ကို လွယ်လင့်တကူ သိလာနိုင်ပါသည်။

မြောက်ဦးခေတ်ကို သုတေသီတို့က ခေတ်ဦး ခေတ်လယ် ခေတ်နှောင်းခေတ်ဟူ၍ သုံးပိုင်းခြား၍ သတ်မှတ်ဖော်ပြလေ့ရှိကြသည်။ နောက်တစ်မျိုးက ပထမခေတ်၊ ဒုတိယခေတ်၊ တတိယခေတ်ဟူ၍ သတ်မှတ် ခေါ်ကြသေးသည်။

သုတေသီ ပါမောက္ခ ဦးစံသာအောင်၏ ရခိုင်ဒင်္ဂါးစာအုပ်ကို လေ့လာသောအခါ မင်းစဉ်-၃ ဘစောဖြူ၊ မင်းစဉ်-၇ စလင်္ကာသူ၊ မင်းစဉ်-၈ မင်းရာဇာနှင့် မင်းစဉ်-၁၁ သဇာတတို့မှာ ပါဠိရှင်အက္ခရာ သက်သက်ဖြင့် ထုတ်ဝေကြောင်း သိရသည်။ ဦးစံသာအောင်၏ ရခိုင်ဒင်္ဂါးစာအုပ်အရ မြောက်ဦးပထမခေတ်ရှိ ကျန် ၈-မင်းနှင့် ပတ်သက်၍ ဒင်္ဂါးထုတ်လုပ်မှု မရှိပါ။

ဦးစံသာအောင် စာရင်းအရ မြောက်ဦးဒုတိယခေတ်တွင် ဒင်္ဂါးထုတ်လုပ်သော မင်းများမှာ မင်းစဉ်-၁၃ မင်းဗာကြီး၊ မင်းစဉ်-၁၆ စကြာဝတေးမင်း၊ မင်းစဉ်-၁၇ မင်းဖလောင်း၊ မင်းစဉ်-၁၈ မင်းရာဇာကြီး၊ မင်းစဉ်-၁၉ မင်းခမောင်း၊ မင်းစဉ်-၂၀ သီရိသုဓမ္မရာဇာမင်းတို့ ဒင်္ဂါးထုတ်လုပ်ကြောင်း တွေ့ရသည်။ ထုတ်လုပ်သော ဒင်္ဂါးအမျိုးအစားမှာ ပါဠိရှင်တစ်ဝက် နာဂရီတစ်ဝက်က တစ်ဘက်နှင့် ရခိုင်စာတစ်ဘက် ဖြစ်သည်။ သီရိသုဓမ္မရာဇာမှလွဲ၍ ကျန်မင်းများမှာ ကုလားဘွဲ့ကို သုံးကြကြောင်း တွေ့ရသည်။ မင်းဖလောင်း၊ မင်းရာဇာကြီး၊ သီရိသုဓမ္မရာဇာတို့ ၄င်းတို့နန်းစံသက်တမ်းအတွင်း ၂-ကြိမ်စီ ဒင်္ဂါး ထုတ်လုပ်ခဲ့ကြောင်း တွေ့ရပါသည်။

http://www.dhammadownload.com



မြောက်ဦးခေတ်လယ်မှာ ရခိုင်တို့၏ ရွှေရောင်လွှမ်းမိုးသော ခေတ်ဖြစ်သည်ဟု အဆိုရှိသည်။ အကြောင်းမှာ ဤခေတ်တွင် ရခိုင်နှင့် နိုင်ငံတကာတို့ ကုန်သွယ်ကူးသန်းရောင်းဝယ်မှု အထူး တွင်ကျယ်ခဲ့သည့်အပြင် အိန္ဒိယရှိ မဂိုတို့နှင့်လည်း မိတ်ဆွေအဖြစ် ရှိခဲ့ကြသည့်အတွက် ရခိုင်မင်း တို့က ကုလားဘွဲ့ကို သုံးခဲ့ခြင်းဖြစ်ပေသည်။ နာဂရီနှင့် ပါရှင်ကူဖစ်အက္ခရာတွေကို သုံးစွဲရခြင်းမှာ လည်း ဤအက္ခရာများကို အသုံးပြုကြသည့် လူမျိုးခြားနှင့် အများအပြား ကုန်သွယ်မှု ရှိလာခြင်း ကြောင့်သော်လည်းကောင်း၊ သံတမန်ဆက်သွယ်ရေးအားဖြင့်သော် လည်းကောင်း အဆက်အသွယ် အသွားအလာရှိနေခြင်းကြောင့်လည်း ဖြစ်ပေသည်။ ယခုခေတ် မြန်မာငွေစက္ကူ တစ်ကျပ်ကို အင်္ဂလိပ်စာတတ်သည့် နိုင်ငံတွေက ဒီစက္ကူ၏တန်ဖိုးကို သိနားလည်အောင် အင်္ဂလိပ်လို One Kyat ဟု ရေးသားဖော်ပြသည့် သဘောမျိုးပင် ဖြစ်ပါသည်။

## မြောက်ဦး ဒုတိယခေတ်တွင် ရခိုင်ဗုဒ္ဓဘာသာမင်းများ ကုလားဘွဲ့အမည်ကို သုံးစွဲလာရခြင်း၏ ဇစ်မြစ်

မြောက်ဦးခေတ်သမိုင်းကို ဆန်းစစ်လေ့လာကြည့်ပါလျှင် အထက်ကဆိုသည့်အတိုင်း မြောက်ဦးခေတ် ရွှေရောင်လွှမ်းသော အချိန်အခါ ၁၆ နှင့် ၁၇ ရာစုခေတ် အိန္ဒိယမဂိုတို့ တန်ခိုး အာဏာ ကြီးထွားချိန်နှင့် ခေတ်ပြိုင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ထိုစဉ်ရခိုင်နှင့် မဂိုတို့ ဆက်ဆံမှု အခြေအနေ

မဂိုမင်းသား ရှာရှုဂျာရခိုင်ပြည်သို့ ဝင်ရောက်ခိုလှုံခဲ့သော ခရစ်သက္ကရာဇ် ၁၆၆၀သို့ မရောက်မီ ရှေ့ပိုင်း၌ ရခိုင်နှင့် မဂိုတို့ ဆက်ဆံရေး အနေအထားကို ပြန်ကြည့်လျှင် ဒေလီမြို့၌ ခရစ်သက္ကရာဇ် ၁၄၉၄ မှ ၁၅၀၀ အထိ ထီးနန်းစိုက်ခဲ့သော ဘာဘာ (Babur) သည်၊ မဂိုနိုင်ငံကို ရှေးဦးစွာ တည်ထောင်၍ ထိုမင်းလွန်ပြီးနောက် သားတော်အကြီး ရှုမာယွန် (Humayun) သည် ခမည်းတော်၏ အရိုက်အရာကို ၁၅၃၀ မှ ၁၅၅၆ အထိ ဆက်ခံစိုးစံခဲ့ခြင်းကြောင့် ရခိုင်ပြည်၌ ၁၅၃၁ မှ ၁၅၅၃ ခု အထိစိုးစံသော ရခိုင်ဘုရင်မင်းဗာကြီးနှင့် မင်းပြိုင်ဖြစ်ကြောင်း တွေ့ရသည်။

မင်းဗာကြီး နန်းတက်ပြီး၍ ၁၅၃၂ ခု၊ နိုဝင်ဘာလ လဆန်း စချိန်သို့ရောက်သောအခါ ဝေသာလီ ခေတ်ဦးကပင် ရခိုင်ပိုင်နက်မြေဖြစ်သော ဒက္ကာနှင့်မူရှိဒါဘဒ် Mushidabad မြို့များသို့

http://www.dhammadownload.com



တစတစဝင်ကာ အပိုင်စီးရန် ကြိုးစားနေကြသော မဟာမေဒင် ကုလားလူမျိုးများအား နှိမ်နင်းရမည့် အခြေအနေပေါ်ပေါက်လာ ခြင်းကြောင့် မင်းဗာကြီးသည် အလုံးအရင်းနှင့် ချီတက်ခဲ့ရသည်။ အခက်အခဲမရှိဘဲ အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့ပါသည်။ ယင်းအချိန် မဂိုဘုရင် ရှုမာယွန်သည် မူရှိဒါဘဒ် Mushidabad မြို့၏ မြောက်ဘက် မိုင် ၈၀ ခန့် ကွာဝေးသော ဂါဝ်ပြည် Gaur ပြည်ငယ်ကို လက်အောက်ခံအဖြစ်ဖြင့် သိမ်းပိုက်ကာ ယင်းမှာပင် ရှိနေပါသည်။ ဒေလီနန်းတွင်း ရှုပ်ထွေးနေခြင်းကြောင့် ရှုမာယွန်သည် ဒေလီမြို့တော်သို့ ချက်ချင်းမပြန်နိုင် သေးပါ။ ယင်းကဲ့သို့သော အခြေအနေမှာ ဂါဝ်ပြည်ကို သိမ်းပိုက်မည်ဆိုလျှင် အလွယ်တကူ ဖြစ်နိုင်သည်ဟု မင်းဗာကြီး သိ၏။ သို့သော်လည်း မင်းဗာကြီးသည် ကိုယ်ပိုင်နယ်မြေ တစ်ညှို့တစ်ထွာကိုမျှလည်း မကျူးကျော် မစော်ကားစေလိုသကဲ့သို့ သူ့ပိုင်နက် မြေတစ်ထွာကိုမျှလည်း မကျူးကျော် မစော်ကားအပ်၊ မိမိ အင်အားကြီးသည်ဟူ၍ အင်အားနည်းသော တစ်ဖက်သားကို မတရား မဖိနှိပ်အပ်၊ ရန်စရှည်တတ်သည်ဟု မိန့်တော်မူပြီးလျှင် ဂါဝ်သို့ ချီတက်တိုက်ခိုက်ခြင်း မပြုခဲ့ပါ။

ထိုမျှသာမဟုတ် မင်းဗာကြီးသည် မဂိုဘုရင် ရှုမာယွန်နှင့် တိုင်းပြည် နယ်နိမိတ် အပိုင်းအခြားကို သတ်မှတ်ကာ မဟာမိတ်ဖွဲ့ခဲ့ ပါသည်။ ဇဘောက်သျှာ Zabauk Shah ဟူသော ဘွဲ့သည် မဂိုဘုရင်က မင်းဗာကြီးအား မဟာမိတ်အဖြစ်ဖြင့် ဆက်ကပ်သောဘွဲ့ဖြစ်၍ ပန်စီ Pensi သည် မင်းဗာကြီးနှင့် လက်ဆက်သော ရှုမာယွန်၏ သမီးတော် ဖြစ်၏။ ပန်စီတယ် Pensital ဟူ၍လည်း ခေါ်၏။ ရခိုင်ရာဇဝင်၌ 'ပဲသီတာ' မင်းသမီးဟုတွင်၏။ မင်းဗားကြီး နန်းတက်၍ ၂-နှစ်မြောက် ခရစ်သက္ကရာဇ် ၁၅၃၃ မှစ၍ မင်းရာဇာကြီး၏ သားတော်မင်းခမောင်း နတ်ရွာလားသည့် ၁၆၂၂ ခုထိ နှစ်ပေါင်း ၉၀ တိုင်အောင် အဆက် မပြတ်ဘဲ၊ ရခိုင်နှင့် မဂိုမဟာမိတ်ဖြစ်ခဲ့ကြပါသည်။ ယင်းကြောင့် မင်းဖလောင်းအား စီကင်ဒါသျှာ Siecunda Shah မင်းရာဇာကြီးအား ဆော်လိမ်သျှာ Selimn Shah မင်းခမောင်းအား Hussein Shah ဟူသော ဘွဲ့ကို မဂိုဘုရင်တို့ မဟာမိတ်အနေနှင့် ပေးဆက်ကြကြောင်း တွေ့ရသည်။

## ကုလားတို့ စိမ့်ဝင်ကျူးကျော်မှု

ခရစ်သက္ကရာဇ် ၁၃ ရာစုအစပိုင်းလောက်ကပင် မဟာမေဒင်ကုလားလူမျိုးတို့သည် ဂင်္ဂါမြစ်၏ အရှေ့ဘက်ဖြစ်သော ရခိုင်နယ်မြေ ဘင်္ဂါနယ်ထဲသို့ အမှတ်မထင် စိမ့်ဝင်နေကြပါသည်။ သီရိသုဓမ္မရာဇာ ၁၆၂၂-၁၆၃၈ လက်ထက်သို့ ရောက်သောအခါ စိမ့်ဝင်ကျူးကျော်သူတို့၏ အင်အားမှာ များစွာတောင့်တင်း လာခဲ့ပြီးဖြစ်သဖြင့် အကွက်ကောင်းလာသည်နှင့်တပြိုက်နက်

http://www.dhammadownload.com



ဘင်္ဂါတစ်နယ်လုံးကို သိမ်းပိုက်ရန် ကြိုးစားလာ ကြတော့သည်။ ကျူးကျော်သူတို့၏ နောက်ဝယ် မဂိုဘုရင်ရှာဂျီဟန် ရှိနေသည်။ ထို့ကြောင့် သီရိသုဓမ္မရာဇာနှင့် ရှာဂျီဟန် တို့၏ ဆက်ဆံမှုအခြေ အနေမှာ တင်းမာလာပြီးလျှင် စစ်မက်ဖြစ်ပွား နိုင်သော အခြေအနေသို့ပင် ဆိုက်ရောက်လာခဲ့ ပါသည်။ ယင်းကြောင့်လည်း သီရိသုဓမ္မရာဇာ၌ ခမည်းတော် ဘိုးတော် ဘေးတော်တို့ လက်ထက်မှာ ကဲ့သို့ ကုလားဘွဲ့ကို မတွေ့ရခြင်းဖြစ်ပါသည်။ ရခိုင်မဂို မဟာမိတ်ဘဝသည် ဤအချိန်မှ စ၍ အဆုံးသတ်ခဲ့ကြောင်း တွေ့ရပါသည်။

ဤသည်တို့မှာကား ရခိုင်ဘုရင်ကုလားဘွဲ့ကို သုံးစွဲလာကြခြင်း၏ အကြောင်းအချက် အလက် ဇစ်မြစ်ပင် ဖြစ်ပေသည်။ ကုလားဘွဲ့ကို ရခိုင်ဘွဲ့အမည်ဖြင့်တွဲ၍ ဒင်္ဂါးခတ်နှိပ်ရာတွင် ရေးထိုးသော ဘုရင်၊ မင်းဖလောင်း၊ မင်းရာဇာကြီးနှင့် မင်းခမောင်းတို့မှာ ရခိုင်သမိုင်းတွင် အလွန်ထင်ရှား၍ ဘုန်းတန်ခိုးကြီးမားသော မင်းများဖြစ်ကြပေရာ၊ ဤကဲ့သို့ ကုလားဘွဲ့ကို သုံးစွဲကြခြင်းမှာ မဂိုတို့၏ ဩဇာလွှမ်းမိုးခံရ၍ဟု ဥရောပ သုတေသီအချို့တို့၏ ယူဆချက်များသည် မည်သို့မျှ ဖြစ်နိုင်ဖွယ်ရာ မရှိပါ။ သီရိသုဓမ္မရာဇာမင်း လက်ထက် ရောက်သောအခါတွင် ဒင်္ဂါးခတ်နှိပ်ရာ၌ ရခိုင်ဘွဲ့နှင့် ရခိုင်စာတစ်ဖက်ပါရှင်နာဂရီ စာတစ်ဘက်ကို သုံးစွဲခတ်နှိပ် သေးသော်လည်း ကုလားဘွဲ့မပါရှိတော့ပါ။ သီရိသုဓမ္မရာဇာ မင်းမှစ၍ နောက်ပိုင်းမင်းများမှာ ကုလားဘွဲ့များလည်း မရှိတော့သလို ဒင်္ဂါးခတ်နှိပ်ရာတွင်လည်း ကုလားစာကို လုံးဝမတွေ့ရတော့ပါ။

## အနောက်ဘုရင်များ ထုတ်လုပ်သော ရခိုင်ဒင်္ဂါးများ

မြောက်ဦး ဒုတိယခေတ် မင်းဖလောင်းလက်ထက်ကစ၍ ရခိုင်ပိုင် ဘင်္ဂါ ၁၂ ခွင်၌ စစ်တကောင်းမြို့စား သာမကဘဲ ဘင်္ဂါ ၁၂ ခွင်ကို အုပ်ချုပ်သည့်အနောက်ဘုရင်များလည်း ခန့်ထား ကြောင်း တွေ့လာရသည်။ အနောက်ဘုရင်များ ရုံးစိုက်ရာ နေရာမှာ မူရှေဒါဘတ် ဖြစ်သည်။ အနောက်ဘုရင်အမည် စာတမ်းထိုး၍ ရခိုင်စာတစ်ဘက် ပါရှင်နှင့် Arabic တစ်ဘက်ရေးထိုး၍ ငွေဒင်္ဂါးများ ထုတ်လုပ်ကြောင်း တွေ့ရသည်။

ဝေသာလီကျောက်လှေကားမှ စွန့်ခွာ၍ အိန္ဒိယဘင်္ဂါနှင့် စစ်တကောင်း တောင်တန်းဘက်သို့ ရောက်သွားကြသော ရခိုင်ဝေသာလီသားတို့ အခြေချထူထောင်ခဲ့သည့် Harikela Kingdom ထုတ် Harikela ဒင်္ဂါးများမှာ ဝေသာလီယဉ်ကျေးမှုမှ ကူးစက်သွားသော

http://www.dhammadownload.com



ဒင်္ဂါးသာဖြစ်နေကြောင်းကို Culcutta မှ Vasant Chowdhwy ရေးသားချက်အရ သိလာခဲ့ရပါသည်။ ကျွန်ုပ်တို့ ယူဆထားခဲ့သလို အိန္ဒိယ ယဉ်ကျေးမှုမှ ကူးစက်လာခြင်း မဟုတ်ကြောင်း တွေ့လာရပါသည်။ သို့သော် မြောက်ဦးခေတ်အပိုင်းသို့ ရောက်သောအခါ အိန္ဒိယမှသုံးစွဲသည့် ပုံစံအတိုင်း ရခိုင်တွင် သုံးစွဲလာပုံရပါသည်။

အနောက်ဘင်္ဂါ ၁၂ ခွင်တွင် စစ်တကောင်းစားဟူ၍ မင်းဖလောင်းလက်ထက် မတိုင်မီအထိ ရှိခဲ့သော်လည်း မင်းဖလောင်း လက်ထက်မှစ၍ အနောက်ဘုရင်ဟူ၍ ဖြစ်လာသည်။ စစ်တကောင်းစားသည် အနောက်ဘုရင်၏ လက်အောက်ခံဖြစ်သည်။ အနောက်ဘုရင်၏ ရုံးစိုက်သည့်နေရာမှာ ဒါကာနှင့် မိုးရှိဒါဘက်တို့ ဖြစ်သည်။ မင်းဖလောင်းမှ စန္ဒသုဓမ္မရာဇာ လက်ထက်အထိ အနောက်ဘုရင်ရှိခဲ့သည်။ ပထမဆုံးသော အနောက်ဘုရင်မှာ မင်းဖလောင်း၏ သားတော်မင်း စောလှဖြစ်ပြီး နောက်ဆုံးသော အနောက်ဘုရင်မှာ စန္ဒသုဓမ္မရာဇာ၏ ညီအစ်ကို ဝမ်းကွဲတော်စပ်သူ မင်းရဲသခ်ယာဖြစ်သည်။

## New Findings သို့ နောက်ဆုံးတွေ့ထားသော မြောက်ဦးခေတ် ဒင်္ဂါးအကြောင်း မျက်မြင်သက်သေအဖြစ် တင်ပြခြင်း

(၁) သက္ကရာဇ် ၇၉၂ ခုနှစ်တွင် ထုတ်ဝေသော ရွှေနန်းသခင် နာရမိတ်လှရာဇာအမည်ထိုးပါ ဒင်္ဂါး ဖြစ်ပါသည်။

(၂) သက္ကရာဇ် ၇၉၅ ခုနှစ်တွင် ထုတ်ဝေသော ရွှေနန်းသခင် နာရမိတ်လှရာဇာအမည်ထိုးပါ ဒင်္ဂါး ဖြစ်ပါသည်။

(၃) သက္ကရာဇ် ၈၇၇ ခုနှစ်တွင် ထုတ်ဝေသော ရွှေနန်းသခင် စောမွန်ခင် အမည်ထိုးပါဒင်္ဂါး ဖြစ်ပါသည်။

(၄) သက္ကရာဇ် ၉၂၆ ခုနှစ်တွင် ထုတ်ဝေသော နရာဓိပတိဥရိတော် သရီသူအမည်ထိုးပါ ဒင်္ဂါး ဖြစ်ပါသည်။

ဤဒင်္ဂါး(၄)ပြားမှာ မြောက်ဦးခေတ် ဒင်္ဂါးများဖြစ်ပါသည်။ သို့သော် ယခင်မတွေ့ဘူးသော ဒင်္ဂါးများဖြစ်ပါသည်။ မြောက်ဦးမြို့မှ ဦးမောင်ဦးကျော်၏ ကိုယ်ပိုင် စုဆောင်းထားသော ဒင်္ဂါးများ ဖြစ်ပါသည်။

## နိဒါန်းပိုင်းတွင် တင်ပြခဲ့သည့် မှတ်ချက်များအရ

http://www.dhammadownload.com



တတိယခေတ်စတင်ချိန်မှစ၍ ဒင်္ဂါးနှစ်ဘက်လုံးတွင် ရခိုင်စာကို အပြည့်အဝ ရေးထိုးသုံးစွဲကြတော့သည်။ ဆင်ဖြူပိုင်ရှင်မင်းများက ဆင်ဖြူရှင်ဟူ၍ ဒင်္ဂါးစာတွင် ရေးသားကြပြီး ဆင်ဖြူဆင်နီများပိုင်သော မင်းများက ဆင်နီသခင်၊ ဆင်ဖြူသခင်ဟူ၍ သုံးစွဲကြသည်။ ဆင်ဖြူ မပိုင်သော မင်းများက ဆင်နီသခင်ဟု ရေးသားကြသည်။


မြောက်ဦးခေတ်နှောင်ပိုင်းမှာ ခေတ်ဦးပိုင်းကကဲ့သို့ ရွှေနန်း သခင်ဟူ၍ သုံးစွဲကြသည်။ ခေတ်နှောင်းပိုင်း မင်းအချို့က ရွှေပြည်သခင်ဟူ၍လည်း သုံးစွဲကြသေးသည်။ ထိုအပြင် မြောက်ဦးဒုတိယခေတ်အပိုင်း မင်းဖလောင်းမတိုင်မီ မင်းဖြစ်သော စကြာဝတေးမင်း ဒင်္ဂါးတွင် ရခိုင်စာနှစ်ဖက်လုံး ရေးထိုးထားသည်ကို တွေ့ရသေးသည်။ သို့သော်လည်း ရွှေနန်းသခင်ဟူ၍ မပါရှိပေ။

သက္ကရာဇ် ၇၉၅ နှစ်တွင် ထုတ်ဝေသော ရွှေနန်းသခင် နာရမိတ်လှဒင်္ဂါးမှာ မြောက်ဦးတတိယခေတ် မင်းစဉ်-၂၃ သတိုးမင်း တရားထုတ်ဝေသော ဒင်္ဂါးကဲ့သို့ အနားပတ်လည်တွင် ဗိန္ဒုမြောက်များ ထည့်သည်ကို တွေ့ရရာ၊ ရာဇဝင်အလိုအရ ကနက္ကဒဏ် ထီးဖြူကိုဖွင့်၍ ပွင့်တော်မူသောကြောင့် ထီးဖြူပွင့်ဟန် ထီးရစ်ထည့်၍ ဒင်္ဂါးခေတ် သည်ဟု သတိုးမင်းတရား၏ ဒင်္ဂါးကို ဆိုထားသကဲ့သို့ပင်ဖြစ်ပေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ၇၉၅ သက္ကရာဇ်ထိုး ဒင်္ဂါးမှာ မြောက်ဦးခေတ်၏ ပထမဆုံးသော ဒင်္ဂါးဖြစ်တန်ရာသည်။ ထို့ကြောင့် သက္ကရာဇ် ၇၉၂ နှစ်ထိုး ရွှေနန်းသခင် နာရမိတ်လှဒင်္ဂါးမှာ လောင်းကြက်တွင် မင်းစောမွန်နောက်ဆုံး နန်းစံခဲ့စဉ် ထုတ်ဝေသော ဒင်္ဂါးဖြစ်ကြောင်း ကောက်ချက်ချလျှင် မှားမည်မထင်ပါ။(မြောက်ဦးခေတ် ဒင်္ဂါးပေါင်းချုပ်ကို ပူးတွဲတင်ပြပါသည်။)

http://www.dhammadownload.com




## မြောက်ဦးခေတ် ဒင်္ဂါးပေါင်းချုပ်

| | |
|---|---|
| ပုံ-၁<br>မင်း-၁<br>မင်းစောမွန်<br>၇၉၂<br>၁၄၃၀ | မင်းစဉ်-၁<br><br>ရွှေနန်းသခင် နာရမိတ်လှရာဇာ |
| ပုံ-၂<br>မင်း-၁<br>မင်းစောမွန်<br>၇၉၃<br>၁၄၃၁ | မင်းစဉ်-၁<br><br>ရွှေနန်းသခင် နာရမိတ်လှရာဇာ |
| ပုံ-၃<br>ဘစောဖြူ<br>၈၂၃<br>၁၄၆၁<br>ကလိမာသျှာ | မင်းစဉ်-၃<br><br>ကလိမာသျှာ |
| ပုံ-၄<br>စလင်္ကာသူ<br>၈၅၆<br>၁၄၉၄<br>သက်ကောက်<br>ဒေါ်လာသျှာ | မင်းစဉ်-၇<br> |

http://www.dhammadownload.com



| | |
|---|---|
| ပုံ-၅<br>မင်းရာဇာ<br>၈၆၃<br>၁၅၀၁<br>အိလိသျှာ | မင်းစဉ်-၈<br><br>အိလိသျှာ |
| ပုံ-၆<br>မင်းစောအို<br>၈၇၇<br>၁၅၁၅ | မင်းစဉ်-၁၀<br><br>ရွှေနန်းသခင် စောမွန်ရာဇာ |
| ပုံ-၇<br>အလိသျှာ<br>၈၇၇<br>၁၅၁၅ | မင်းစဉ်-၁၁<br><br>ပါရှင်ကူဖိတ် |
| ပုံ-၈<br>မင်းဗာကြီး<br>၈၉၃<br>၁၅၃၁ | မင်းစဉ်-၁၃<br><br>မင်းဘင်သခ်ရာ |

http://www.dhammadownload.com



| | |
|---|---|
| ပုံ-၉<br>မင်းဗာကြီး<br>၈၉၃<br>၁၅၃၁ | မင်းစဉ်-၁၃<br><br>စစ်တကောင်းမင်း |
| ပုံ-၁၀<br>မင်းစကြာ<br>၉၂၆<br>၁၅၆၄ | မင်းစဉ်-၁၆<br><br>နရာဒိပတိဥူရိတော်သီရိသူ |
| ပုံ-၁၁<br>နရာဒိပတိ<br>ဥရိတော်သီရိ<br>၉၂၆<br>၁၅၆၄ | မင်းစဉ်-၁၆<br><br>သကွန်ဒါသျှာ |
| ပုံ-၁၂<br>မင်းဖလောင်း<br>နရာဒီပတိ<br>ဥရိတော်<br>မဟာသီရိသူသျှာ<br>၉၃၃ - ၁၅၇၁<br>သီကွန်ဒါသျှာ | မင်းစဉ်-၁၇<br><br>နရာဒိပတိဥရိတော် မဟာသီရိသူသျှာ |


http://www.dhammadownload.com



| | |
|---|---|
| ပုံ-၁၃<br><br>မင်းရာဇာကြီး<br>၉၅၅<br>၁၅၉၃ | မင်းစဉ်-၁၈<br><br>နရာဒိပတိဆောင်လိမ်သျှာ |
| ပုံ-၁၄<br><br>မင်းရာဇာကြီး<br>၉၆၃<br>၁၆၀၁ | မင်းစဉ်-၁၈<br><br>ဆင်ဖြူရှင် နရပတိဆောင်လိမ်သျှာ |
| ပုံ-၁၅<br><br>မင်းခမောင်း<br>၉၇၄<br>၁၆၀၂ | မင်းစဉ်-၁၉<br><br>ဆင်ဖြူရှင် ဝရဓမ္မဥသျှောင်သျှာ |
| ပုံ-၁၆<br><br>မင်းခမောင်း<br>၉၈၁<br>၁၆၁၉ | မင်းစဉ်-၁၉<br><br>ဆင်ဖြူသခင်၊ ဆင်နီသခင် မင်းတရားကြီးဥသျှောင်သျှာ |



http://www.dhammadownload.com



| | |
|---|---|
| ပုံ-၁၇<br><br>သီရိသုဓမ္မရာဇာ<br>၉၈၄<br>၁၆၂၂ | မင်းစဥ်-၂၀<br><br>ဆင်ဖြူသခင်၊ ဆင်နီသခင် သီရိသုဓမ္မရာဇာ |
| ပုံ-၁၈<br><br>နရပတိကြီး<br>၁၀၀၀<br>၁၆၃၈ | မင်းစဥ်-၂၂<br><br>ဆင်ဖြူသခင်၊ ဆင်နီသခင် နရပတိကြီး |
| ပုံ-၁၉<br><br>နရပတိကြီး<br>၁၀၀၀<br>၁၆၃၈ | မင်းစဥ်-၂၂<br><br>ဆင်ဖြူသခင်၊ ဆင်နီသခင် နရပတိကြီး |
| ပုံ-၂၀<br><br>သတိုးမင်းတရား<br>၁၀၀၇<br>၁၆၄၅ | မင်းစဥ်-၂၇<br><br>ဆင်ဖြူသခင်၊ ဆင်နီသခင် သတိုးမင်းတရား |



http://www.dhammadownload.com



| | |
|---|---|
| ပုံ-၂၁<br>စန္ဒသုဓမ္မရာဇာ<br>၁၀၁၄<br>၁၆၅၂ | မင်းစဉ်-၃၃<br><br>ရွှေနန်းသခင် စန္ဒဝိမလရာဇာ |
| ပုံ-၂၂<br>စန္ဒသုဓမ္မရာဇာ<br>၁၀၁၄<br>၁၆၇၂ | မင်းစဉ်-၃၅<br><br>ရွှေနန်းသခင် စန္ဒဝိဇယရာဇာ |
| ပုံ-၂၃<br>ဝရဓမ္မရာဇာ<br>၁၀၄၇<br>၁၆၇၅ | မင်းစဉ်-၃၆<br><br>ရွှေနန်းသခင် စန္ဒသူရိယရာဇာ |
| ပုံ-၂၄<br>ကလာမန်ဒက်<br>၁၀၅၉<br>၁၆၉၇ | မင်းစဉ်-၃၈<br><br>ရွှေနန်းသခင် နရပဝါရရာဇာ |


http://www.dhammadownload.com



| | |
|---|---|
| ပုံ - ၂၅<br>စန္ဒဝိမလရာဇာ<br>၁၀၆၂<br>၁၇၀၀ | မင်းစဉ် - ၂၄<br><br>ရွှေနန်းသခင် စန္ဒသုဓမ္မရာဇာ |
| ပုံ - ၂၆<br>စန္ဒဝိဇယရာဇာ<br>၁၀၇၂<br>၁၇၁၀ | မင်းစဉ် - ၂၄<br><br>ရွှေနန်းသခင် စန္ဒသုဓမ္မရာဇာ |
| ပုံ - ၂၇<br>စန္ဒသူရိယရာဇာ<br>၁၀၉၃<br>၁၇၃၁ | မင်းစဉ် - ၂၅<br><br>ရွှေနန်းသခင် ဝရဓမ္မရာဇာ |
| ပုံ - ၂၈<br>နရပဝရ<br>၁၀၉၇<br>၁၇၃၅ | မင်းစဉ် - ၃၁<br><br>ရွှေနန်းသခင် ကလာမန်ဒက်ရာဇာ |


http://www.dhammadownload.com



| | |
|---|---|
| ပုံ-၂၉<br><br>စန္ဒဝိဇလရာဇာ<br>၁၀၉၈<br>၁၇၃၆ | မင်းစဉ်-၃၉<br><br>ရွှေနန်းသခင် စန္ဒဝိဇလရာဇာ |
| ပုံ-၃၀<br><br>မဒရာဇ်<br>၁၀၉၉<br>၁၇၃၇ | မင်းစဉ်-၄၀<br><br>ရွှေနန်းသခင်မဒရာဇ်ရာဇာ |
| ပုံ-၃၁<br><br>နရအဘယရာဇာ<br>၁၁၀၄<br>၁၇၄၂ | မင်းစဉ်-၄၁<br><br>ရွှေနန်းသခင် နရအဘယရာဇာ |
| ပုံ-၃၂<br><br>စန္ဒပရမရာဇာ<br>၁၁၂၃<br>၁၇၆၁ | မင်းစဉ်-၄၃<br><br>ရွှေနန်းသခင် စန္ဒပရမရာဇာ |


http://www.dhammadownload.com




| | |
|---|---|
| ပုံ-၃၃<br>အဘယမဟာရာဇာ<br>၁၁၂၆<br>၁၇၆၄ | မင်းစဉ်-၄၄<br><br>ရွှေနန်းသခင် အဘယမဟာရာဇာ |
| ပုံ-၃၄<br>စန္ဒသုမနရာဇာ<br>၁၁၃၅<br>၁၇၇၃ | မင်းစဉ်-၄၅<br><br>ရွှေနန်းသခင် စန္ဒသုမနရာဇာ |
| ပုံ-၃၅<br>စန္ဒသီဒသရာဇာ<br>၁၁၃၉<br>၁၇၇၇ | မင်းစဉ်-၄၆<br><br>ရွှေနန်းသခင် စန္ဒသီဒသရာဇာ |
| ပုံ-၃၆<br>စန္ဒသိက်ဓာတ်သရာဇာ<br>ဓမ္မရာဇ်<br>၁၁၄၀<br>၁၇၇၈ | မင်းစဉ်-၄၇<br><br>ရွှေပြည်သခင် ဓမရာဇ်ရာဇာ |

http://www.dhammadownload.com



| | |
|---|---|
| ပုံ-၄၇<br>မဟာသမ္မတရာဇာ<br>၁၁၄၄<br>၁၇၈၂ | မင်းစဉ်-၄၈<br><br>ရွှေနန်းသခင် မဟာသမ္မတရာဇာ |
| ပုံ-၄၈<br>အဂ္ဂါပုညဇောရာဇာ<br>၁၁၄၄<br>၁၇၈၂ | မင်းစဉ်-၄၉<br><br>ရွှေနန်းသခင် အဂ္ဂါပုညဇောရာဇာ |

ရွှေဒင်္ဂါး

| | |
|---|---|
| ပုံ-၄၉<br>မင်းရာဇာကြီး<br>၉၅၅<br>၁၅၉၃ | မင်းစဉ်-၁၈<br><br>နရာဓိပတိ ဆင်ဖြူသခင် ဆော်လိမ်သျှာ |
| ပုံ-၅၀<br>ဝရဓမ္မရာဇာ<br>၁၀၄၇<br>၁၆၈၅ | မင်းစဉ်-၂၅<br><br>ရွှေနန်းသခင် ဝရဓမ္မရာဇာ |
| ပုံ-၅၁<br>အဘယမဟာရာဇာ<br>၁၁၂၆<br>၁၇၆၄ | မင်းစဉ်-၄၄<br><br>ရွှေနန်းသခင် အဘယမဟာရာဇာ |

http://www.dhammadownload.com



## TABLE REPRESENTION ANAUK BARUNG AND SITETAGAUNG MONG

| NO | NAME OF GOVERNOR | OBERSE | TITLE | | YEAR OF INSTAL-LATION | REMARK |
|---|---|---|---|---|---|---|
| | | | REVERSE | RELATION | | |
| 5. | MONG RE AS GOVERI OR | SULTAN CHATGAON 1038 A.H | SITETAGONG MONG | COUSIN OF THIRI THUDHAM MARAZA | 1000 B.E. 1638 A.D. | ISSUED IN CHITETAGONG |
| 6. | MONG RE AS REBEL | MAZAFFAR SHAN | SIETAGAUNG MONG RE KYAW HTON | I | 1638 A.D | ISSUED IN MUGHUI TERRTTORY |
| 7. | THARI ZEYA NAWRAHTA | CHI TAGONG RAJ | 1000 B.E. SITETAGAUNG MONG THIRI ZEYA NAWRAHTA | NOT KNOWN | 1638 A.D. | KING NARAPATI GREE'S REION |
| 8. | MONG RE THIHA THU | NIZAM SHAH SHAH | MONG RE THIHA THU | NOT KNOWN | 1645 A.D | KING THADO MONG TARA'S REION |
| 9. | MONG RE THIN KHA YAR | 1062 H SULTAN CHATAGONG MUBARAZ SHAH | MONG RE THIN KHAYAR | CUSIN OF SANDA THUDHAM MA RAZA | 1652 A.D | THE LAST GOVERNOR OF CHITETAGONG Previously Considered as Mong Bar Ghree's Coin's |

## TABLE REPRESENTION ANAUK BARUNG AND SITETAGAUNG MONG COINS

| NO | NAME OF GOVERNOR | OBERSE | TITLE | | YEAR OF INSTAL-LATION | REMARK |
|---|---|---|---|---|---|---|
| | | | REVERSE | RELATION | | |
| 1. | MONG HLA | SRISRI ANAUK BARUNG | 953 B.E MONG TARA GRI | SON OF MONG | 953.BE 1591A.D | FIRST ANAUK BARUNG |
| 2. | MONG | ISLAMSHAII | 959 B.E NARADIPATI THADAW ANAUK BAWASHUN | SONG OF MONG PHALAUNG | 959 B.E. 1597 A.D | |
| 3. | SHIAPATI | SULATN | 960 B.E NARADIPATI URIDAW MAHASHA SURA | UNCLE OF MONG RAZA GREE | 960 B.E 1598 A.D. 1598 A.D | FUL ISSUE (Pravisously Regarden as Uridaw Nanda Baya Coins) |
| | | SULATAN HILALSHAN | SULA MAHARAZA | | | HALE ISSUE (Presidered as Sula Chandra Coins) |
| 4. | CHAKRABADE | SRISRI SULEMAN SHAH THADAW SULEMAN | 973 B.E. SHIN PRUSHUN THADAW SULEMAN SHAN | SON OF MONG RAZA GREE | 973 B.E 1611 A.D. | THIS COIN COULD BE MONG MANGRI OR ALAMANIA COIN |

http://www.dhammadownload.com



အနောက်ဘင်္ဂါ (၁၂)ခွင်တွင် စစ်တကောင်းစားဟူ၍ မင်းဖလောင်းလက်ထက်မတိုင်မီ အထိ ရှိခဲ့သော်လည်း မင်းဖလောင်းလက်ထက်မှစ၍ အနောက်ဘုရင်ဟူ၍ ဖြစ်လာသည်။ စစ်တကောင်းစားသည် အနောက်ဘုရင်၏ လက်အောက်ခံဖြစ်သည်။ အနောက်ဘုရင်၏ ရုံးစိုက်သည့်နေရာမှာ ဒါးကာနှင့် မိုးရှိဒါဘက်တို့ ဖြစ်သည်။ မင်းဖလောင်းမှ စန္ဒသုဓမ္မရာဇာ လက်ထက်အထိ အနောက် ဘုရင် ရှိခဲ့သည်။ ပထမဆုံးသော အနောက်ဘုရင်မှာ မင်းဖလောင်း၏ သားတော်မင်းစောလှဖြစ်ပြီး နောက်ဆုံးသော အနောက်ဘုရင်မှာ စန္ဒသုဓမ္မရာဇာ၏ ညီအစ်ကို ဝမ်းကွဲတော်စပ်သူ မင်းရဲသခ်ယာဖြစ်သည်။

## ရခိုင်အနောက်ဘုရင်များထုတ်ဝေခဲ့သည့်ဒင်္ဂါးနှင့် သက္ကရာဇ်

| စဉ် | အနောက်ဘုရင် | ဒင်္ဂါးပါအမည် | | တော်စပ်ပုံ | ထုတ်လုပ်သည့်နှစ် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ခေါင်းဘက် | ပန်းဘက် | | | |
| ၁။ | မင်းစောလှ | သီရိသီရိ အနောက်ဘုရင် | ၉၅၃ မင်းတရားကြီးသတိုး အနောက်ဘုရင် | မင်းဖလောင်း၏သားတော် | ကောဇာ ၉၅၃ အေဒီ ၁၅၉၁ | ပထမဆုံးသော အနောက်ဘုရင် |
| ၂။ | မင်းညို | အိစလန်သျှာ | ၉၅၉ နရဓိပတိသတိုး အနောက်ဘဝရှင် | မင်းဖလောင်း၏သားတော် | ကောဇာ ၉၅၇ အေဒီ ၁၅၉၇ | |
| ၃။ | သီဟပတိ | စုလတန် ဟီလလ်သျှာ | ၉၆၀ နရာဓိပတိ ဦးရိုးတော်မဟာသီဟသူရ | မင်းရာဇာကြီး၏ဦးလေး | ကောဇာ ၉၆၀ အေဒီ ၁၅၉၈ | ကျပ်ပြည့်ဒင်္ဂါး ဦးရိုးတော် နန္ဒာဘယ ဒင်္ဂါးဟု ယခင် ယူဆခဲ့သောဒင်္ဂါး |
| | | စုလတန် ဟီလလ်သျှာ | ၅၉ မဟာရာဇာ | | | ငါးမူးသားဒင်္ဂါး စုဠ စဋ္ဌနဒင်္ဂါး ယခင် ယူဆခဲ့သောဒင်္ဂါး |
| ၄။ | ချာကရာဘာဒေ | သီရိသီရိ စုလမန်သျှာ | ၉၇၃ ဆင်ဖြူရှင်သတိုး ဆုလမန်ရှား | မင်းရာဇာကြီး၏သား | ကောဇာ ၉၇၃ အေဒီ ၁၆၁၁ | မင်းရာဇာကြီး၏သား မင်းမန်ကြီး ဒင်္ဂါး ဖြစ်နိုင်မင်းမန်ကြီးကို ပေါ်တူဂီတို့က အယ်လာမန်ဂျာဟု ခေါ်ကြသည်။ |
| ၅။ | အနောက်ဘုရင် မင်းရဲ | စစ်တကောင်း ဆုလတန် ၁၀၃၈ ဝံ | စစ်တကောင်းမင်း | သီရိသုဓမ္မာရာဇာနှင့်ညီတစ်ကို တစ်ဝမ်းကွဲ | ကောဇာ ၁၀၀၀ အေဒီ ၁၆၃၈ | စစ်တကောင်းတွင် ထုတ်လုပ်သည်။ |
| ၆။ | သုပုန်မင်းရဲ | ပူဇာဇာသျှာ | စစ်တကောင်း မင်းရဲကျော်ထင် | | အေဒီ ၁၆၃၈ | မဂိုပိုင်နက်အတွင်း ထုတ်လုပ်သည်။ |
| ၇။ | သီရိဇေယျနော်ရထာ | စစ်တကောင်း ရာဇာ | ၁၀၀ စစ်တကောင်း မင်းသီရိဇေယျနော်ရထာ | မသိ | အေဒီ ၁၆၃၈ | နရပတိမင်းကြီး နန်းသက်အတွင်း |
| ၈။ | မင်းရဲသီဟသူ | နီဇပ်သျှာ | မင်းရဲသီဟသူ | မသိ | အေဒီ ၁၆၄၅ | ဘုရင်သတိုးမင်းတရား သက်တမ်းအတွင်း |
| ၉။ | မင်းရဲသခ်ပဝါ | စစ်တကောင်း ပူဘာရစ်သျှာ | မင်းရဲသခ်ပဝါ | စန္ဒသုဓမ္မရာဇာ၏ ညီအစ်ကို ဝမ်းကွဲတော်စပ် | အေဒီ ၁၆၅၂ | နောက်ဆုံးသော စစ်တကောင်း အနောက်ဘုရင် ယခင် မင်းဇာကြီး ဒင်္ဂါးဟု ယူဆခဲ့ကြ။ |

http://www.dhammadownload.com



## မြောက်ဦးခေတ် ဗုဒ္ဓဘာသာ၊ သာသနာကို ရောင်ပြန်ဟပ်စေသည့် စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်နှင့် ဆရာတော်အကျော်အမော်များ၏ အမျိုးဘာသာ၊ သာသနာအတွက် ကြိုးပမ်းချက်များ

"ဘုရားမာတင်၊ ပန်းသဇင်၊ သဇင်ပန်းခိုင်၊ တမြိုင်မြိုင်၊ ရခိုင် ဘုရား၊ ဖူးဖောင်လားမေ" ရခိုင်တေးမှ-

"သဇင်ပန်းခိုင် တမြိုင်မြိုင်၊ ရခိုင်ဘုရားပေါင်း"ဟု အရေအတွက်အားဖြင့် ခြောက်သန်းကျော် ရှိသည်ဟု တင်စားခေါ်ဝေါ်ကြသည့် ရခိုင်တို့ဌာနီတွင် ဘုရားစေတီပုထိုးပေါ်များလှရာ မြို့တော်မှာ မြောက်ဦးမြို့ တော်ဟောင်းပင်ဖြစ်သည်။ တောင်ပေါ်မြေပြန့်မကျန် နေရာအနှံ့၌ တည်ထားကိုး ကွယ်ခဲ့သည့် ဗုဒ္ဓသာသနိက အဆောက်အအုံများသည် မြောက်ဦးဌာနေ၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ရှေးအမွေများလည်း ဖြစ်ကြပေသည်။

မြောက်ဦးတွင် ကိန်းဝပ်နေသည့် စေတီပုထိုးဂူကျောင်းဘုရား၊ ဆင်းတုရုပ်ကြွတို့သည် အဓိကအားဖြင့် ကျောက်ဆစ်လက်ရာများ ဖြစ်ကြသည်။ ခရီးဝေးလံသော မြစ်ဖျားမြစ်ညာနှင့် ပင်လယ်ကမ်းခြေတို့မှ သယ်ယူလာသော ကျောက်တုံးတို့ကို လိုအပ်သလို ထုဆစ်လျက်တစ်ခုနှင့် တစ်ခု တစ်စပ်တည်းဖြစ်အောင် အင်္ဂတေဖြင့် ပေါင်းစည်းထားသဖြင့် အဆောက်အဦးတို့ကို ရန်သူအပင်အမြစ်များ ထိုးဖောက်လာမှုမှ ဟန့်တား ရာကျပြီး အစိုဓါတ်လွှမ်းကဲမှုကိုလည်း လျော့ပါးစေသည့် လက္ခဏာတို့ကို မြောက်ဦးခေတ် ဗိသုကာ လက်ရာတွင် တွေ့မြင်နိုင်ပေသည်။ နံရံများကိုလည်း ကျောက်ဆစ်လက်ရာများဖြင့် လှပအောင် တန်ဆာ ဆင်ထားသေးသည်။ ခိုင်ခံ့မှု၊ ဗိသုကာလက်ရာမြောက်မှုနှင့် အပြောက်အမွမ်း တန်ဆာဆင်မှုတို့တွင် မြောက်ဦးရှိ ဘုရားပုထိုးတို့သည် ရောဝတီကမ်းခြေရှိ လက်ရာထက်သာလွန်သည်ဟု ကျောက်စာဝန် ဒေါက်တာဖော်ချမ်မာက ၁၉ ရာစု အကုန်တွင် ဖော်ညွှန်းခဲ့သည်။

မြောက်ဦးရှိ သာသနိက အဆောက်အအုံများတွင် မြေစိုက်လုံးပိတ်စေတီ၊ အာရုံခံဂူကျောင်းသို့ လိုဏ်ပတ်ပါသော ဂူစေတီ နှစ်မျိုးစလုံးကို ဖူးတွေ့နိုင်သည်။ တည်ဆောက်ရာ၌ လည်း တစ်ခုနှင့်တစ်ခု တထေရာတည်း မဟုတ်ကြပေ။ ကွင်းကွင်းကွက်ကွက်နှင့် အချိုးအစား

http://www.dhammadownload.com



ပြေပြစ်လှအောင်လည်း ဖန်တီး တည်ဆောက်ခဲ့ကြသေးသည်။ ပေါင်းမိုးရာတွင် သတ်စီပေါင်းခုံး တစ်မျိုးတည်းကိုသာ သုံးခဲ့ကြသည်။

မြောက်ဦးခေတ်၊ မြောက်ဦးမြို့တွင် သာသနိက စေတီပုထိုး ဂူကျောင်းများ၏ ဗိသုကာလက်ရာကို ခေတ်ဦးပိုင်း ၁၄၃၀-၁၅၃၁၊ ခေတ်လယ်ပိုင်း ၁၅၃၁-၁၆၃၈ နှင့် နှောင်ခေတ်ပိုင်း ၁၆၃၈-၁၇၈၅ ဟူ၍ သုံးပိုင်း တွေ့မြင်နိုင်သည်။

ခေတ်ဦးပိုင်းတွင် တည်ဆောက်သော စေတီပုထိုးများသည် ထုထည်ကြီးမားမှု မရှိကြချေ။ ပြင်ပပုံသဏ္ဌာန်မှာ ရခိုင်ဝေသာလီခေတ်တွင် ထင်ရှားသော ကျောက်စေတီငယ် (စတူပါ)ပုံ၏ အထက်ပိုင်းနှင့် များစွာဆင်တူသည်။ သပိတ်မှောက်အထက်၌ ဓာတုဂဗ္ဘခေါ် လေးထောင့်တိုက်ပုံ ဆင့်ထားပြီးအထွတ် ထီးဟန်တင်ထားသည်။ ပုံစံအားဖြင့် မုတ်ဆိတ်တော်စေတီနှင့် အောက်နိဗ္ဗူဇာစေတီတို့ဖြစ်ကြသည်။ လေးမျက်နှာစေတီသည် ဤအမျိုးအစား၌ ပါဝင်သော်လည်း အောက်ခံပစ္စယာကို ဂူကျောင်းပုံ ပြုထား သည်မှာ ထူးခြားသည်။ ဂူကျောင်းပါသော စေတီများတွင် ရှစ်မြောင့်ပုံ ပစ္စယာထည့်ခြင်း၊ ခေါင်းလောင်းပုံ နိမ့်ခြင်း၊ ဓာတုဂဗ္ဘကို မထည့်ဘဲ ထုချွန်အထွက်ကို ဆင်ခြင်းများကိုလည်း တွေ့ရသည်။ ပုံစံအားဖြင့် ဗောဓိရွှေဂူ၊ မင်္ဂလာစိတ်ရွှေဂူ စသည်တို့ ဖြစ်ပေသည်။ ၁၅၂၅ ခုတွင် တည်ဆောက်ခဲ့သည် ရှစ်မြောင့်ထုချွန်ပုံ လောင်ပွန်းပြောက်စေတီသည် မြောက်ဦးတွင် နောင်ပေါ်ထွန်းလာမည့် ထုချွန်ပုံစေတီများ၏ ရှေ့ပြေး လက်ရာဟု ဆိုနိုင်သည်။ ခေတ်ဦးကာလ၏ ထူးခြားချက်တစ်ခုမှာ ကျောက်ပလ္လင်တော်ကို ရုပ်ကြွများဖြင့် ထုဆစ်ကာ ပူဇော်ထားမှုပင် ဖြစ်သည်။ ဤလက်ရာများကို အနော်မာ၊ ဗောဓိရွှေဂူ၊ မြို့ဥကျောင်းဘုရား၊ ပန်းရိုးမြောင်ရှင်ပင် ညီမတော်ဘုရားစသည်တို့တွင် တွေ့မြင်နိုင်သည်။

ခေတ်လယ်ကာလသည် အဆောက်အအုံကြီးများကို တည်ဆောက်ခြင်းနှင့် စတင်ခဲ့သည်။ ဤကဲ့သို့ တည်ဆောက်ခြင်းသည် မြောက်ဦးခေတ်၏ ကြီးကျယ်ခမ်းနားမှုကို ထင်ဟပ်စေသည်။ ဤခေတ် ဗိသုကာလက်ရာပုံစံသည်ထုထည်ကြီးမားမှုနှင့်အတူအာရုံခံဝတ် ပြုနိုင်လောက်အောင် သာမက အနုပညာရသ ပါရှိအောင်လည်း တည်ဆောက်နိုင်ခဲ့သည်။ သို့ရာတွင် မြင့်မားတက်ကြွမှု အသွင်ထက် ပြေပြစ်အေးချမ်းသော အသွင်ကိုသာဆောင်အောင် ဂရုပြုခဲ့ကြသည်။ သျှစ်သောင်း၊

http://www.dhammadownload.com



ထုက္ကန့်သိမ်၊ အံတော်သိမ်နှင့် ကိုးသောင်းပုထိုး တော်များသည် ဤအမျိုးအစား၌ အကျုံးဝင်သည်။ အဆောက်အအုံသေးငယ်သော်လည်း နံရံအပြောက် မွမ်းကြွယ်ဝစွာ တန်ဆာဆင်ထားသော ပိဋကတ်တိုက်တော်များသည် ဤခေတ်၌ပင် ပေါ်ထွန်းခဲ့ပေသည်။ ခေတ်လယ်ကာလ ဒုတိယပိုင်းအချိန်တွင် ထုချွန်ပုံတည်ထားမှုသည် ခေတ်စားလာသည်ဟု ဆိုနိုင်သည်။

နှောင်းခေတ်ကာလ ဝိသုကာလက်ရာပုံစံသည် ခေတ်လယ် ဒုတိယပိုင်းကာလလက်ရာကို အမွေ ဆက်ခံခြင်းပင် ဖြစ်သည်။ ဝိသုကာလက်ရာပုံစံသည် မြင့်မားတက်ကြွမှုအသွင်ကို ပို၍ဆောင်လာသည် အပြောက်အမွမ်း တန်ဆာဆင်မှုနည်းပါးသွားပြီး မုခ်တံကဲများကိုသာ အဓိကထား၍ တန်ဆာဆင်လာ ကြသည်။ ထုချွန်ပုံ ဝိသုကာလက်ရာတွင် လုံးပတ်ပုံစံနှင့် ဂူကျောင်းပါပုံစံနှစ်မျိုးစလုံးကို တွေ့ရှိရသည်။ သကျမာရ်အောင်၊ မင်းခေါင်ရွှေကူ၊ ရတနာ့မာရ်အောင်၊ မင်္ဂလာမာရ်အောင်တို့သည် လုံးပိတ်စေတီများ ဖြစ်ကြပြီး ဇိနမာရ်အောင် လောကမာရ်အောင် စေတီတို့သည် ဂူကျောင်းပါစေတီများ ဖြစ်ကြသည်။

ထုချွန်ပုံစေတီများ၏ ထီးတော်များကို ကျောက်ပြားကျောက်ချပ်များဖြင့်ဆင့်ကာ ပြုလုပ်ထားရှိခဲ့သည်။ ထီးရိုးအဖြစ် သံတိုင်ကိုသာ အသုံးပြုခဲ့ကြသည်။ ကျောက်ထီးရိုးပုံစံမှာ စေတီတော်၏ထိပ်ကို ဖွင့်ထားသော ထီးရွက်က စိုက်ထူမိုးထားဟန်ဖြစ်သည်။ ထီးတော်တစ်ခုလုံးကို လှပစွာ တန်ဆာဆင်ထားရှိသည်။ ရခိုင်ဝိသုကာလက်ရာ၏ ရှားပါးစွာ ကျန်ရှိသော ကျောက်ထီးနမူနာတို့ကို မြောက်ဦးမြို့ပြတိုက် ရွှေထီးသိမ် ဘုရားနှင့် ဘုရားပေါ် စေတီရင်ပြင်တော် တို့တွင် တွေ့မြင်နိုင်ပေသည်။

မြောက်ဦးခေတ် သာသနိကအဆောက်အအုံများတွင် ဆင်းတုတော်များကိုလည်း ကျောက်ကို ထုဆစ်၍ ပူဇော်ထားရှိခဲ့ကြသည်။ အကြီးဆုံး ကျောက်ဆင်းတုတော်သည် ဝသဲဘုရားဖြစ်၍ ဉာဏ်တော် ၁၅-ပေ ရှိသည်။ ကျောက်ဆင်းတုတော်များကို ကျောက်တစ်လုံး တည်းမှသော်လည်းကောင်း၊ ကျောက်စရွေး ဆက်၍သော်လည်းကောင်း ပြုလုပ်ခဲ့ကြသည်။ မြောက်ဦးခေတ်ကျောက်ဆင်းတု အတတ်ပညာသည် ဝေသာလီ၊ လေးမြို့ခေတ်တို့မှ မြစ်ဖျားခံသော် လည်း လက်ရာမှာမူ တသီးတခြားဟန်ရှိနေသည်။ အများအားဖြင့် ဘူမိဖဿမုဒြာခေါ် ညာလက်တော်ချထားဟန်နှင့် မဟာမြတ်မုနိ ဆင်းတုတော်ပုံ၊ ညာခြေတော်က ဘယ်ခြေတော်

http://www.dhammadownload.com



ထပ်ဟန်ပုံစံကိုသာ ထုဆစ်ခဲ့ကြသည်။ ရင်အုပ်တော်မှာ ကျယ်ပြီးမောက် သည်။ ဦးတော်မှာ ခပ်ကြီးကြီးဖြစ်သည်။ မျက်လွှာချထားဟန်နှင့် ဦးတော်ငိုက်ဟန် ပေါ်လွင်လေ့ရှိသည်။ နားရွက်တော်မှာကားပြီး နားပြောင်းဝတ် သွယ်လျသော်လည်း ပခုံးတော်နှင့် ထိတွေ့မှုမရှိချေ။ မျက်နှာတော်မှာ မေးတော်ကားပြီး နဖူးတော်ကျယ်သည်။ များသောအားဖြင့် ဆံစုတော်နှင့် လည်ပင်းတော်အဝန်း ဦးတော်အဝန်းနှင့် ခါးတော်အဝန်း ထက်ဝက်တော်ဖွဲ့သည် အကျယ်နှင့် ဥဏှာလုံမွေရှင်တော် ဓါတ်နေရာတို့၏ အမြင့်စသည်တို့သည် အချိုးညီတတ်သည်ကို ဖူးတွေ့ရပေသည်။ ကိုယ်ရုံသင်္ကန်းကိုမူ ပါးလွှာသော ပဒုမ္မာကြာသင်္ကန်း စီးထားဟန်ဖြစ်အောင် ထုဆစ်ထားကြသဖြင့် ဆင်းတုတော်၏ သားမြတ်တော်အစုံကို ဖူးတွေ့နိုင်သေးသည်။ ဦးတော်၌ ဆံကျစ်တော်ပုံအဖြစ် ချိတ်ကို ခရုချွန်ပုံဖြစ်အောင် လုပ်၍ ကပ်ထားလေ့ ရှိကြသည်။ မြောက်ဦးခေတ်ရှိ ဆင်းတုတော်တချို့တွင် ရင်တော်၌ သင်္ကန်းတော်ကို ရင်သိုင်းဖွဲ့ထားဟန် ထုဆစ်ထားသည်ကို ဖူးတွေ့ရသည်။ ဈာန်တန်ခိုးဖြင့် ကောင်းကင်ခရီးကြွချီပါက သင်္ကန်းတော် လေဝယ် မလွင့်မကျရအောင် ချည်နှောင်ခြင်း သဘောပင်ဖြစ်သည်။

သတ္တုဖြင့် စပ်၍သွန်းသော ဆင်းတုတော်များမှာလည်း အထက်ပါအချိုးအစားများနှင့် များစွာ မခြားနားလှချေ။ တစ်ချို့ ဆင်းတုတော်၌ ရောင်လျှံတော်များကိုပင် ထည့်သွင်း ထုဆစ်ထားတတ်ကြသည်။ ညာဏ်တော်ကြီး သွန်းဆင်းတုတော်တို့တွင် ပလ္လင်နှင့် တဆက်တည်းမဟုတ်မူဘဲ စမ္ပခဏ်များသာ ပါရှိတတ်ပေသည်။

## စေတီပုထိုးများ၏ လိုရင်းအဓိပ္ပါယ်

စေတီဆိုသည်မှာ သက္ကတဘာသာအခေါ် အဝေါ် အရ Setra စဲတျဖြစ်ပြီး ပါဠိအလိုအရ စေတီယတို့မှ ဆင်းသက်လာသည်။ အဓိပ္ပါယ်အကျဉ်းမှာ သပိတ်မှောက်ပုံရှိသော အဆောက်အအုံပုံမျိုးကို ဆိုသည်။ အကျယ်အားဖြင့် ဆိုပါလျှင် အုတ်၊ ကျောက်၊ အင်္ဂတေ တစ်ခုခုနှင့် ဆောက်လုပ်ထားသော အဆောက်အအုံအတွင်း ဗုဒ္ဓ သို့မဟုတ် ရဟန္တာတို့၏ ဓါတ်တော်မွေတော်များ ကိန်းဝပ်ရှိရာနေရာ ဖြစ်သည်။

စေတီအမျိုးအစား - စေတီလေးမျိုးရှိသည်။ ၄င်းတို့မှာ-

(က) ဓါတုစေတီ - ဓါတ်တော်မွေတော်များ ကိန်းဝပ်ရာ စေတီကိုဆိုသည်။

(ခ) ပရိဘောဂစေတီ - ဗောဓိပင် သို့မဟုတ် ဗုဒ္ဓမြတ်စွာ ဘုရား၏ ဓါတ်တော်မွေတော်များ ဌာပနာထားရှိ သောစေတီကိုဆိုသည်။

http://www.dhammadownload.com



(ဂ) ဥဒ္ဒိဿစေတီ ဗုဒ္ဓရုပ်ပွားတော်နှင့် ဗုဒ္ဓရုပ်ပုံတော်များ ကိန်းဝပ်ရာ စေတီကို ဆိုသည်။

(ဃ) ဓမ္မစေတီ ရွှေပေချပ်၊ ငွေပေချပ်၊ ကြေးပေချပ်၊ ကျောက်ချပ်ပေါ်တွင် ဗုဒ္ဓတရားတော် မြွက်များကို ရေးထိုး၍ ဌာပနာထားသော စေတီကိုဆိုသည်။

ပုထိုးဆိုသည်မှာ -

သက္ကတဘာသာမှ ဆင်းသက်လာသော စကားဖြစ်သည်။ ပညာရှင်နှင့် သုတေသီတို့အဆို အရ (Budo) ဗုဒ္ဓိုး သို့မဟုတ် ထိုင်းစကား (Bahrobudor) ဗုရောဗုတ်ထိုးမှ ဆင်းသက်လာဟန် ရှိကြောင်း ဆိုကြသည်။

လိပ်ခုံးအမျိုးရှိ ဂူပေါက်လမ်းကြောင်းများအတွင်းမှာ ရှိနေသော ဓါတ်တော်မွေတော် ကိန်းဝပ်ရာ အဆောက်အအုံကို ပုထိုးဟု ခေါ် ဆိုသည်။

ပုထိုးအမျိုးအစားကို ၂ မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ -

အဆောက်အအုံတွင်းရှိ ဘုရားဝပ်ပြုရာ ခန်းမသို့ သွားရောက်လမ်းရှိသည့် အဆောက်အဦး တစ်မျိုး နောက်တစ်မျိုးကား တောင့်တင်းသော ဂူပေါက်အတွင်း လမ်းရှိသည့် အဆောက်အဦကို ဆိုလိုခြင်း ဖြစ်သည်။

မြောက်ဦးခေတ်နှင့် မြောက်ဦးမတိုင်မီ တည်ထောင်ကိုးကွယ်ခဲ့သော စေတီပုထိုးများသည် အထက်တွင် ရှင်းလင်းဖော်ပြခဲ့သော စေတီအမျိုးအစားအားလုံးနှင့် အကျုံးဝင်လျက်ရှိကြောင်း တွေ့ရပါသည်။ ပုံစံအားဖြင့် ပြရပါလျှင် -

| | *စေတီအမည်* | | *အမျိုးအစား* |
|---|---|---|---|
| (က) | မင်္ဂလာဓါတ်ရွှေဂူ | - | ဓါတုစေတီ |
| (ခ) | ပိစိတော်ဓါတ် | - | ပရိဘောဂစေတီ |
| (ဂ) | လေးမျက်နှာစေတီ | - | ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ |
| (ဃ) | မုတ်ဆိတ်တော်စေတီ | - | ပရိဘောဂစေတီ |
| (င) | လင်ပွန်းပြောက်ဘုရား | - | ဥဒ္ဒိဿစေတီ |
| (စ) | သျှစ်သောင်းပုထိုးတော် | - | ဓါတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ |

http://www.dhammadownload.com



(ဆ) ကိုးသောင်းပုထိုး - ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ
(ဇ) ထုက္ကန့်သိမ် - ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ
(ဈ) ဉရာဇ်တောင်စေတီ - ပရိဘောဂစေတီ၊ ဓမ္မစေတီ

## မြောက်ဦးမြို့ရှိ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းတိုက်များ

မြောက်ဦးခေတ်တွင် သာသနာတော်သည် နေရောင်လရောင်ပမာ ထွန်းကားခဲ့သဖြင့် ဘာသာရေး အဆောက်အဦဖြစ်သော စေတီဘုရား၊ ပုထိုးများစွာနှင့် ဘုန်ကြီးကျောင်းများစွာ ရှိခဲ့သည်။ မြောက်ဦးမြို့တွင် ဘုန်းကြီးကျောင်းတိုက်ကြီး ၃၆ ကျောင်းနှင့် ကျောင်းငယ် ၃၆၀၀ ကျောင်းရှိသည်ဟု မှတ်တမ်းများတွင် တွေ့ရှိရသည်။ ကျောင်းတိုက်ကြီး ၃၆ တိုက်မှာ-

(၁) ရတနာစံဦးကျောင်းတိုက်
(၂) ဂုဏာမဥ္စူကျောင်းတိုက်
(၃) ပရက္ကမကျောင်းတိုက်
(၄) တေဇာရာမကျောင်းတိုက်
(၅) ဓမ္မိကာရာမကျောင်းတိုက်
(၆) အဂ္ဂစိန္တေယကျောင်းတိုက်
(၇) ရတနာဗိမ္မာန် ကျောင်းတိုက်
(၈) လောကရံသီကျောင်းတိုက်
(၉) မြတန်းဆောင်းအရှေ့ကျောင်းတိုက်
(၁၀) မြတန်းဆောင်းအနောက် ကျောင်းတိုက်
(၁၁) စန္ဒာရာမကျောင်းတိုက်
(၁၂) တောင်ညိုကျောင်းတိုက်
(၁၃) တောင်ဖြူကျောင်းတိုက်
(၁၄) ဘားမဲကျောင်းတိုက်
(၁၅) ဘားဂရာကျောင်းတိုက်
(၁၆) ဓမ္မဝိလာသကျောင်းတိုက်
(၁၇) မဟာဝိဇယရံသီကျောင်းတိုက်
(၁၈) နန်းတက်ကျောင်းတိုက်

http://www.dhammadownload.com



(၁၉) ဇိနာမာသကျောင်းတိုက်
(၂၀) ဒုက္ကန်ကျောင်းတိုက်
(၂၁) တောကျောင်းတိုက်
(၂၂) ရေလည်ကျောင်းတိုက်
(၂၃) ဆင်စွယ်ကျောင်းတိုက်
(၂၄) အနုသိဒ္ဓိကျောင်းတိုက်
(၂၅) မိန်ကျောင်းတိုက်
(၂၆) ယောင်ကျောင်းတိုက်
(၂၇) ပေါက်ကံကျောင်းတိုက်
(၂၈) မထေရ်သိမ်ကျောင်းတိုက်
(၂၉) မဟိန်ကျောင်းတိုက်
(၃၀) စည်းမောင်းကျောင်းတိုက်
(၃၁) တောင်မြင့်ကျောင်းတိုက်
(၃၂) ကုလားမြို့ကျောင်းတိုက်
(၃၃) ပွဲရှင်ကျောင်းတိုက်
(၃၄) နေရုဝိမလကျောင်းတိုက်
(၃၅) ဝရသမ္ဘောဒိကျောင်းတိုက်
(၃၆) ဉတ္တမတေဇောကျောင်းတိုက် တို့ဖြစ်ကြသည်။

စန္ဒရာမကျောင်းတိုက်၊ ပရက္ကမကျောင်းတိုက်၊ ရတနာ့ဗိမ္ဗာန် ရွှေကျောင်းတိုက်၊ ဂုဏမဥ္ဇူ ကျောင်းတိုက်၊ တေဇာရာမကျောင်းတိုက်၊ ဓမ္မိကာရာမကျောင်းတိုက်၊ ထူပါရုံကျောင်းတိုက်၊ ဇိနမာရ်အောင် ကျောင်းတိုက်၊ မြတန်ဆောင်းကျောင်းတိုက်၊ တောင်ညိုကျောင်းတိုက်၊ အစိန္တော ကျောင်းတိုက်၊ ရတနာစံဦး ကျောင်းတိုက်၊ ဇေတဝန်ကျောင်းတိုက်၊ မြတောင်ကျောင်းတိုက်၊ မင်္ဂလာဦး ကျောင်းတိုက်၊ သကျမဥ္ဇူ ကျောင်းတိုက်စသည့် ကျောင်းတိုက်များမှာ ထင်ရှားသော ကျောင်းတိုက်များဖြစ်ကြသည်။ ဤကျောင်းတိုက် များတွင် သံဃာတော်တစ်ထောင် အထိတိုင် အများအပြား သီတင်းသုံးနေကြသည်။ ဤ ကျောင်းတိုက်နေ သံဃာတော်များအတွက် ဘုရင် မင်းမြတ်နှင့် မိဖုရားတို့ စေတီ၊ ပုထိုးများကို ယင်းပရိဝုဏ်အတွင်းမှာ တည်ဆောက်ပေးကြခြင်းလည်း ဖြစ်ပေသည်။

http://www.dhammadownload.com



မြောက်ဦး၊ သရက်အုပ်ရွာ တောင်ကုန်း၌တည်ရှိသော ပရတ္တမကျောင်းတိုက် ဆိုပါလျှင် သီဟိုဠ် ဆရာတော်များ အဆက်ဆက်သီတင်းသုံးလာခဲ့သည့် ကျောင်းတော်ကြီးတစ်ကျောင်း ဖြစ်ပါသည်။

မြောက်ဦးမြို့ကို စတင်တည်ဆောက်ချိန်မှာ စန္ဒရာမကျောင်းတော်ကြီးကို ဘုရင်မင်းစောမွန်က တည်ဆောက်ခဲ့ပါသည်။ သံဃာတော်တစ်သောင်းခန့် သီတင်းသုံးခဲ့ကြောင်း အဆိုရှိသည်။

ထို့အပြင် မြောက်ဦးမြို့တွင် ကျောင်းတိုက်ငယ်များ အများအပြား၌လည်း သံဃာတော်အနည်းအများ ရှိကြသည်။

အထက်ဖော်ပြပါ ကျောင်းတိုက်ကြီးများတို့တွင် သာသနာပိုင် သံဃရာဇာများ၊ ဝိနည်းဓိုရ်များ၊ ပိဋကတ်ဗေဒင်နှင့် လောကီ၌ ပါရဂူမြောက်သော ဆရာတော်တို့ကိုလည်း ကျောင်းတွင်ကိုးကွယ်ခဲ့ကြသည်။ ကျောင်းတိုက်အတွက် ဝတ္တကမြေများ သံဃိက တည်ခဲ့သည်။ ထို့အဖြစ်ကို တေဇရာမ ကျောက်စာ၊ သျှင်ထွေးကျောက်စာ၊ ကတ္တော်သိမ်ကျောက်စာ၊ ပြင်လျှားကျောက်စာ၊ လောကဒေဝီ ဇနီးမောင်နှံကျောက်စာ စသည်တို့က သက်သေခံထားသည်။

မြောက်ဦးခေတ်ဘုရင်သည် ယခုလို သာသနိကအဆောက်အအုံများကို မြောက်ဦးမြို့တွင်း၌ သာ မဟုတ်ဘဲ၊ နိုင်ငံတော်အနှံ့မှာလည်း တည်ဆောက်ခဲ့ပါသည်။ ပုံစံအားဖြင့် ပြရပါလျှင် ဘုရင်မင်း ရာဇာကြီးသည် သံတွဲရွှေ ကျောင်းပြင်အရပ်၌ ဆရာတော်တစ်ပါးအား ရွှေကျောင်းဆောက်လုပ် လှူဒါန်းခဲ့လေသည်။ ဤအကြောင်းကို အစွဲပြု၍ ထိုအရပ်ကို ယခုတိုင် ရွှေကျောင်းပြင်ဟု မည်တွင် နေသေးသည်။

မြောက်ဦးမြို့နှင့် နိုင်ငံတော်အတွင်း၌ ထိုမျှများပြားသော ကျောင်းတိုက်ကြီးငယ်များမှ သံဃာတော်တို့ ကံကြီးကံငယ်ဆောင်နိုင်ရန် သိမ်ကြီးသိမ်ငယ်များလည်း အများအပြားပင် သမုတ်ခဲ့ကြလေသည်။ ယခုတိုင် စေတီရှိလျှင် သိမ်၊ ရေတွင်း၊ ရေကန်မှာ ရှိမြဲမိတ်ဖက်ကဲ့သို့ချည်း တွေ့နေရ၏။ ရခိုင်မင်းလက်ထက် သမုတ်ခဲ့ကြသော သိမ်တို့ကို သုံးမျိုးသုံးစား မှတ်ခဲ့သည်။ မဟာသိမ်၊ မဇ္ဈိမသိမ်၊ ခုဒ္ဒကသိမ်ဟူ၍ အမည်ရှိသည်။ မဟာသိမ်ဆိုလျှင် သံဃာငါးရာမှ တစ်ထောင်ထိ ဥပုဒ်၊ ပဝါရဏာစသော သံဃာကံများကို ဆောင်ရွက်နိုင်လေသည်။ ဥဒ္ဒက မဇ္ဈိမ သိမ်များကား ရခိုင်ပြည်အဝှန်း တောတောင်တိုင်း၊ ကျောင်းတိုက်ကြီး ငယ်တိုင်း၌ အနှံ့အပြား

http://www.dhammadownload.com



တွေ့ရသည်။ မဟာသိမ်များ (အကျယ်အားဖြင့် သုံးယူဇနာကို အောက်အကျဉ်းဆုံး ကျောင်းတိုက် တဝိုက်စာလောက် အပိုင်းအခြားအရပ်)အနက် ယခုမြို့တဝိုက်၌ ထင်ရှားရှိနေသေးသော သိမ်ကြီးများကို အနည်းငယ်တင်ပြလိုသည်။

(၁) သိမ်ကြီးသိမ်၊ မင်းတရားပြင်အရပ်၌ မင်းဗင်ဘုရင် ထပ်မံပြုပြင်ခဲ့သေးသည်။

(၂) မိဖုရားသိမ်၊ သရပ်အုပ်အရပ်တွင်ရှိသည်။

(၃) သကျမာရ်အောင်ရှိ လေးသိမ်ညှပ်သမုတ်ထားခဲ့သော သိမ်တော်ကြီးဘုရား ရင်ပြင် တစ်ခုလုံးကို သမုတ်ထားခြင်း ဖြစ်လေသည်။

(၄) ရွှေကြာသိမ်တော်ကြီး၊ လောင်ပွန်းပြောက်စေတီအနီးရှိ ရှင်ထွေးမိဖုရား ကောင်းမှု ပြုခဲ့လေသည်။

(၅) မဟာဝိဇယရံသီသိမ်တော်ကြီး သုံးကျိပ်တဆူ တောင်တန်းတွင်ရှိသည်။ ကျောက် တိုင် အကြီးဆုံးဖြင့် သမုတ်ထားခဲ့သည်။ မြန်မာပြည်မှ ရှင်မဟာရဋ္ဌသာရ၊ ရှင်ကေသာရတို့ ရှောင်တိမ်းရောက်လာစဉ် နေခဲ့ဖူးသည်။ ယခုပြန်လည် ပြုပြင်ထား သည်။

(၆) မင်္ဂလာမာရ်အောင်ဘုရားတွင် သိမ်တော်ကြီး၊ ဘုရား ရင်ပြင်တစ်ခုလုံးကို သမုတ် ထားခြင်းလည်း ဖြစ်လေသည်။

(၇) တပင်တိုင်မိဖုရားကြီးသိမ်၊ မင်္ဂလာမာရ်အောင် သိမ်ကတုံးချိုင် အတွင်းတည်ရှိ သည်။

(၈) ရွှေထီးသိမ်ကြီးသိမ်၊ တပင်တိုင်မိဖုရားကြီးသိမ် အနောက်ဘက်တောင်ထိပ်တွင် တည်ရှိသည်။ ဤသိမ်သည် အဆန်းအကျယ်ဆုံး ကျောင်းအဆောက်အအုံ ဖြစ်သည်။ အိန္ဒိယပြည် တပ်ဂျ်မဟာကဲ့သို့ ဖြစ်သည်။

(၉) ရုပ်များသိမ်တော်ကြီး၊ ပေါင်းဒွတ်ရွာအနောက်ဘက် သဘော်စာ တိုင်ကျွန်း တွင်ရှိသည်။ သိမ်တော်ငယ်(၂)ခုလည်း ရှိသေးသည်။ သျှစ်သောင်း သိမ်ကဲ့သို့ နံရံရုပ်ထုများ ထုဆစ်ထား ရှိသည်။

http://www.dhammadownload.com



(၁၀) ထုက္ကန်သိမ်တော်ကြီး အလယ်ခန်းမ၌ သံဃာရာဇာ ထိုင်၍ ကျန်အခန်းတိုင်း၌ ဝိနည်းမိုရ်နှင့် သံဃာတော်များထိုင်ပြီး ပဋိကတ်တော်ကို သုတ်သင်ခဲ့ရာလည်း ဖြစ်သည်။ သျှစ်သောင်းသိမ် အနောက်ဘက်တွင်ကျသည်။ မဟာသိမ်ကြီးအနက် အကြီးဆုံးလည်း ဖြစ်သည်။

(၁၁) သျှစ်သောင်းသိမ်၊ ထုက္ကန်သိမ်ကြီးရှေ့ဘက်တွင် နံရံကျောက်ဆစ်ရုပ်တို့ဖြင့် ဆန်းကြယ်သည်။ ထုက္ကန်သိမ်ကြီးနှင့် တန်းတူကြီးလေသည်။ ဤသိမ်ကြီး ဌာနမှ ပြုပြင်စရာများကို ပြုပြင်ကြစဉ် ပြင်နိမိတ်တိုင်ကြီးများ ပေါ်ထွက်လာကြောင်း တွေ့ရ၍ မဟာသိမ်ဖြစ်ကြောင်း ထင်ရှားလေ သည်။

## မြောက်ဦးခေတ်ဆရာတော်အကျော်အမော်များ
## အမျိုးဘာသာသာသနာအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ

တောင်ညိုတိုက်ဆရာတော် အဂ္ဂမုနိ(အာစိန္တေယျလည်းဟူ၏) ဆိုလျှင် တိုင်းပြည်နှင့် လူမျိုးအတွက် မနုဓမ္မသတ်ကို ပြုပြင်၍ ရွှေဖျဉ်းဓမ္မသတ်အဖြစ် စီစဉ်ပေးခဲ့သည်။ သံတွဲတေဇာသရ ဆရာတော်ဆိုလျှင် ကဗျာပါရဂူ မြောက်ဖြစ်၍ ဗုဒ္ဓုပ္ပတ္တိပျို့ကို ရေးစပ်ခဲ့သည်။ မြောက်ဦးဆရာ တော်က ကဗျာပါရဂူတံခွန်ထူလည်း ဖြစ်သည့်အတိုင်း ကဝိကဏ္ဌပါသကျမ်းကို ရေးသားခဲ့သည်။ ဆေးဝါးဖက်၌ဆိုလျှင် ဆေးတိုင်ဆရာတော် ဇီဝကဟူ၍ ထင်ရှားခဲ့သည်။ သီဟိုဠ်စသော နိုင်ငံခြား သို့ ရောက်သော သာသနာပြု ပုဂ္ဂိုလ်အကျော်အမော်များ ပေါ်ထွန်းခဲ့သည်။ စစ်ရေးစစ်ရာ၌ လည်းကောင်း၊ လောကီအတတ်တို့၌ လည်းကောင်း၊ မွေးထုတ်သင်ကြား ပေးနိုင်ခဲ့သော စစ်ကွပ်ဆရာတော် (လှော်င်စရာ)လှိုင်းဆရာတော်များ ရှိခဲ့သည်။ ဟူးရား၊ ဗေဒင်၊ သိုက်၊ ဓါတ်၊ တဘောင်၊ နိဒါန်း၊ ယတြာ၊ ယာယီ၊ ကိန်းခန်းဘက်၌ သျှစ်သောင်းဆရာတော်၊ ဘုရားပေါ် ဆရာတော်၊ ပိန္နဲတောင်ဆရာတော်၊ ပရက္ကမတိုက်ဆရာတော်၊ စစ်ကွပ်ဆရာတော်၊ သံတွဲရွှေ ကျောင်းပြင်ဆရာတော်များ ထင်ရှားခဲ့ကြသည်။ အရက်သည်မ ဆရာတော်၊ ဘားမဲ့ ဆရာတော် တို့မှာ တိုင်းပြည်အတွက် စက်ယန္တရား အတတ်ဖြင့် စွန့်စားပါဝင်ဆောင်ရွက်ခဲ့ကြလေသည်။

ဘာသန္တရဘက်၌ တောင်စဉ်လမုချောင်းရင်းငူ ဆရာတော်မှာ ထင်ရှားသော ပုဂ္ဂိုလ် ဖြစ်ပေသည်။ ရမ်းဗြဲသံတောင်တိုက်၌ လောကီ လောကုတ္တရာ စွယ်စုံမြောက် သင်ကြားပေးနိုင်သော

http://www.dhammadownload.com



သလူတောင်ကြီးတွင် ဇောတိပါလ ဆရာတော်မှာ ထင်ရှားသည်။ ထိုဆရာတော်မှာ စန္ဒသတိဿရာဇာမဓမ္မရာဇ်မင်းအောင်စုန်၏ ငယ်ဆရာရင်းလည်း ဖြစ်သည်။ ယင်းသို့ တိုင်းပြည်နှင့် လူမျိုး၊ မင်းမျိုးမတိမ်ကောပဲမကျန်အောင် အကျိုးပြုနိုင်ခဲ့ ကြသော ဆရာတော် များ ထင်ရှားပေါ် ထွန်းခဲ့ကြသဖြင့် သာသနာ့ဘာသာလူမျိုးပါ ဂုဏ်သတင်းလင်းစေနိုင်ခဲ့ ရာသည်။ ထိုသို့ ကျောင်းတိုက်ကြီးများ၊ ပြည်တံခွန်ဖြစ်သော ဆရာတော် သံဃာတော်များသည် သာသနာဦးဆောင်ဖြစ်ကြသည်။ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ ကျောင်း၊ ဂူလိုဏ်၊ ပိဋကတ်တိုက်စသော သာသနာ့အမွေများ အထိမ်းအမှတ်အဖြစ် ဖော်ပြနေကြသည်။ ရခိုင်ပြည်၏ ဘုရားစေတီများကို "သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း"ဟူသော မဟာရာဇဝင်ကြီးလာပျို့အတိုင်း ၆၃၅၂၅၅ ဆူတွေ့ရှိကြောင်း သိနိုင်လေရာသည်။ ဤသည်မှာ ဝေသာလီခေတ်နောက်မှစ၍ မြောက်ဦးခေတ်ထိ ဘုရားများသာဟူ၏။ ဓညဝတီမှ ဝေသာလီခေတ်ထိ ဘုရားများကား "ပတောက်ရွှီ ဝါဝင်းဝင်းဝါ"ဟူ၍ (၄)သန်းကျော်ဖြစ်ကြောင်း ပျို့လာရှိ၏။

http://www.dhammadownload.com



| စဉ် | ကုသိုလ်ရှင် | စေတီပုထိုး ကျောင်း/ဘုရား | တည်ဆောက်သည့်နှစ် | | တည်နေရာ မြောက်ဦး |
|---|---|---|---|---|---|
| | | | ကောဇာ | ခရစ် | |
| ၁။ | မင်းစောမွန် | လေးမျက်နှာပုထိုး | ၇၉၂ | ၁၄၃၀ | မြောက်ပိုင်း |
| | | ဝိဇယရံသီစေတီ | ၇၉၂ | ၁၄၃၀ | အနောက်တောင်ပိုင်း |
| | | မုတ်ဆိတ်တော်စေတီ | ၇၉၂ | ၁၄၃၀ | မြောက်ပိုင်း |
| | | အရှေ့နှင့်အနောက်မြတန်ဆောင်း | ၇၉၅ | ၁၄၃၃ | မြောက်ပိုင်း |
| | | စန္ဒာရုံမကျောင်းတိုက် | ၇၉၅ | ၁၄၃၃ | မြောက်ပိုင်း |
| ၂။ | မင်းခရီ | ညီတော်စေတီ | ၇၉၅ | ၁၄၃၃ | မြောက်ပိုင်း |
| ၃။ | ဘစောဖြူမင်း | ရတနာစံရွှေစေတီ | ၈၀၈ | ၁၄၄၆ | မြောက်ပိုင်း |
| | | ရတနာမှန်ကင်းစေတီ | ၈၀၉ | ၁၄၄၇ | မြောက်ပိုင်း |
| | | မဟာဗောဓိရွှေဂူ | ၈၁၀ | ၁၄၄၈ | မြောက်ပိုင်း |
| | | တက္ကသီလစေတီ | ၈၂၂ | ၁၄၆၀ | တောင်ပိုင်း |
| ၄။ | မင်းဒေါလျာ | သုံးကျိပ်တစ်ဆူစေတီ | ၈၄၄ | ၁၄၈၂ | အနောက်ပိုင်း |
| ၅။ | မင်းရန်အောင် | ထူပါရုံစေတီ | ၈၅၆ | ၁၄၉၄ | မြောက်ပိုင်း |
| ၆။ | မင်းစလက်ာသူ | တေဇရာမစေတီ | ၈၅၆ | ၁၄၉၄ | မြောက်ပိုင်း |
| | | အနော်မာဘုရား | ၈၆၃ | ၁၅၀၁ | မြောက်ပိုင်း |
| ၇။ | သဇာတမင်း | ဝသဲဘုရား | ၈၇၇ | ၁၅၁၅ | တောင်ပိုင်း |
| ၈။ | မင်းခေါင်ရာဇာ | လောင်းမွန်းပြောက် | ၈၈၇ | ၁၅၂၅ | မြောက်ပိုင်း |
| | | သက်တော်ရှည်စေတီ | ၈၈၇ | ၁၅၂၅ | မြောက်ပိုင်း |
| | | သက်တော်ရစေတီ | ၈၈၇ | ၁၅၂၅ | မြောက်ပိုင်း |
| ၉။ | မင်းစောအို | နိဗ္ဗူဇာ | ၈၈၉ | ၁၅၂၇ | အရှေ့ပိုင်း |
| | | ဘုရားညီနောင် | ၈၈၉ | ၁၅၂၇ | အရှေ့ပိုင်း |

http://www.dhammadownload.com



## လေးမျက်နှာ ပထိုးတော် (အေဒီ ၁၄၃၀)

ဤလေးမျက်နှာပုထိုးတော်ကြီးမှာ မုခ်လေးဘက်ပါရှိ၍ "မုခ်လေးတန်ဘုရား"ဟုလည်း အမည်တွင် သည်။ လိုဏ်ကျောင်းအောက်ခံပေါ်၌ အရံစေတီလေးဆူနှင့် စေတီကြီးတစ်ဆူ ပေါက်ဟန်ဖြစ်သည်။ သပိတ်မှောက် (သင်္ကန်းဆီးမပါသော ခေါင်းလောင်းမှောက်ဟုလည်း ခေါ်ကြသည်။) အပေါ်၌ ဓာတုကမ္ဘာနှင့် အထွတ်တင်ထားသည် ဤပုံစံမှာ မြောက်ဦးအစောပိုင်း ခေတ် ၁၄၃၀-၁၅၃၁ ၏ ဘုရားတည် ရှေးဦးပုံစံပင် ဖြစ်သည်။ မင်းစောမွန်က မြို့တည်ဘုရားအဖြစ် ၁၄၃၀ ပြည့်နှစ်တွင် ကျောက်ဖြင့်တည်ဆောက်ခဲ့သည်။

ဤလေးမျက်နှာပုထိုးတော်ကြီး၏ ကျောက်စာပါသက္ကရာဇ်မှာ သက္ကရာဇ် ၇၉၂-ခု တော်သလင်းလဟူ၍ ရေးထိုးထားသည်။ ဤပုထိုးတော်ကြီးကို တည်ဆောက်ရာတွင် ရာဇာဓိ ရာဇာဂုရုဆရာတော် ဖြစ်တော်မူသော စန္ဒရာမဆရာတော်အမှူးရှိသည့် သံဃာတော် သုံးကျိပ် တို့က နာယကအဖြစ် ဆောင်ရွက်လျှက် မြို့တည်ဘုရား တို့ကို တည်ဆောက်သော ဗိသုကာကျမ်း အရ တည်ဆောက်ခြင်းဖြစ်ပါသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့် ဆိုသော် ဤလေးမျက်နှာ ပုထိုးတော်ကြီးမှာ အမျိုးဘာသာ သာသနာသုံးရပ်နှင့် ညီညွတ်မှုရှိနေကြောင်း တွေ့ရ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ဤပုထိုးတော်ကြီးသည် အဓိကအားဖြင့် ဘာသာရေးအဆို အမျိုးသား ယဉ်ကျေးမှုအဆိုနှင့် သာသနာရေးနှင့် မထိခိုက်စေရဟုသော အဆိုများဖြင့် ညီညွတ်နေ၍ ဖြစ်ပါသည်။

ဤကဲ့သို့ ညီညွတ်ပုံ ပုထိုးတော်ကြီး၏ အမည်နာမမှာ လေးမျက်နှာဖြစ်ရာလေးသည် ဗုဒ္ဓဟူးနံဖြစ်၍ အက္ခရာသင်္ချာနည်းအရ ဂဏန်း ၄ ဖြစ်ရာ ထိုဂဏန်း ၄ သည် ရခိုင်မျိုးနွယ် ယဉ်ကျေးမှု ကိုယ်စားပြုနေ၍ အမျိုးသားယဉ်ကျေးမှုနှင့် ကိုက်ညီနေခြင်း။

ဤပုထိုးတော်ကြီးအပေါ်၌ အရံစေတီလေးဆူနှင့် အလယ်တွင် စေတီတစ်ဆူပေါက် ဟန်ရှိနေရာ ထိုအရံလေးဆူမှာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမစသော ပွင့်တော်မူပြီး သည့် ဘုရားလေးဆူကို ရည်စူးခြင်းနှင့် အလယ်စေတီမှာ ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရားကို ရည်စူးခြင်း ဖြစ်ပေရာ သာသနာတော်ကို ကြည်ညိုစောင့်ရှောက်ခြင်း မည်ပေ သည်။

ပုထိုးတော်ကြီး၏ လိုဏ်တော်အတွင်း၌ ရှစ်မြှောင့်ပုံနံရံနှင့် အလယ်မဏ္ဍိုင်ရှိသည့် ထိုရှစ် မြှောင့်တွင် ထုဆစ်ထားသော ပလ္လင်ရှစ်ခု၌ ဘူမိဖဿမုဒြာပုံစံ ဘုရားဆင်းတုရှစ်ဆူ ကိန်းဝပ်

http://www.dhammadownload.com



လျှက်ရှိရာ၊ ထိုရှစ်ဆူသည်ကား ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ တရားဦးဖြစ်သည့် ကောင်းစွာ မြင်ခြင်း၊ ကောင်းစွာကြားခြင်း၊ ကောင်းစွာပြောဆိုခြင်း ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာအသက် မွေးခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာအောက်မေ့ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်း ဟူသော မဂ္ဂင်ရှစ်ပါးတရားတော်ကို ရည်စူး၍ ကိုးကွယ်ထားခြင်းမှာ ဘာသာတရားတော်နှင့် လွန်စွာညီညွတ်လှပေသည်။

ထိုအပြင် ဂူနံရံလေးဘက်တွင်လည်း တဖက်ဆီတွင် ဗုဒ္ဓဆင်းတုတော်ငါးဆူစီ ကိန်းဝပ်၍ ရှိသည်ကို တွေ့ရရာ ဤသည်မှာလည်း ဘုရားငါးဆူကို ရည်စူးထားသည့် သဘောပင်ဖြစ်သည်။ လိုဏ်ဂူအတွင်း ဘုရား ဆင်းတုတော် စုစုပေါင်း ၂၈ ဆူ ကိန်းဝပ်သဖြင့်လည်း သမ္ဗုဒ္ဓေ ဂါထာတော်ကြီးကို ရည်ညွှန်း၍ တည်ထားခဲ့ ဟန်ရှိပေရာ ဤပုထိုးတော် ကြီးမှာ ရခိုင်တို့၏ သာသနိကဗိသုကာပညာအရ တည်ဆောက်ရာမှ လိုအပ်သည့် အမျိုးဘာသာ သာသနာသုံးရပ်နှင့် ကိုက်ညီနေသော မြို့တည်ပုထိုးတော်ကြီးဖြစ်ကြောင်း ပေါ်လွင်လှပါသည်။

ပုထိုးတော်ကြီးသည် ဉာဏ်တော်ပေ ၇၀ ခန့်မြင့်သည်၊ အပြောက်အမွမ်းတံကဲ ရိုးစင်းသော ဟန်ဖြစ်သည်။

ဤသည်တို့မှာ ကုသိုလ်ရှင်မင်းစောမွန်၏ အသွင်သဏ္ဌာန် စိတ်နေစိတ်ထားမှာ အမျိုးဘာသာရောင်ဝါ ထွန်းစေရန် ရည်သန်၍ တည်ဆောက်ခြင်းဖြစ်သည်ကို ရောင်ပြန် ဟပ်စေပါသည်။

လေးမျက်နှာပုထိုးတော်ကြီးမှာ မြောက်ဦးမြို့ မြောက်ပိုင်းတွင် တည်ရှိသည်။

## ဝိဇယျရုံသီစေတီ (အေဒီ-၁၄၃၀)

ဤစေတီကို ၁၄၃၀ ပြည့်နှစ်တွင် မင်းစောမွန်က မြို့တည် ဘုရားတစ်ဆူအဖြစ် တည်ထား ခဲ့ပြီး ညီတော် မင်းခရီကလည်း နန်းတက်ဘုရားအဖြစ် ကိုးကွယ်ခဲ့ပေသည်။ စေတီ၏ အရှေ့တောင် စောင်း၌ လောင်းကြက်မြို့တော်ဟောင်းမှ သာသနာပိုင်ဆရာတော် မဟာဝိဇယျရုံသီနှင့် ရဟန်းတော်တို့အတွက် ကျောင်းတော်ကြီးကို တည်ထားခဲ့သည်။ ယင်းကျောင်းတော် ကို အစွဲပြု၍ စေတီအမည်သည်လည် ဝိဇယျရုံသီဟု တွင်ခြင်းဖြစ်သည်။ ဤကျောင်းတော်၌ မြန်မာကဗျာ စာဆိုကျော် ရှင်တေဇောသာရနှင့် ၎င်း၏ဆရာရှင် ရဋ္ဌသာရတို့ ရခိုင်သို့ ကြွရောက် ခဲ့စဉ် ၁၄၈၆ ခုတွင် ခေတ္တနားခို သီတင်းသုံးတော်မူ ခဲ့ကြသည်။ မူလစေတီမှာ ပြိုပျက်သွားပြီးဖြစ်၍ မြောက်ဦးမှ

http://www.dhammadownload.com



ကုသိုလ်ရှင် များက ယခုခေတ်ပုံစံစေတီတော်ကို ပြန်လည်တည်ဆောက်ထားသည်။ ဤကဲ့သို့ ပြန်လည်တည်ဆောက်ရာတွင်မှ ဌာပနာစေတီတော်ကို ပြန်လည်ဌာပနာထားကြောင်း သိရပါသည်။ ဤဌာပနာပုံတော်ကို လေ့လာခြင်းအားဖြင့် လေးမြို့ခေတ်မှ ဆင်းသက်လာသော ဗိသုကာလက်ရာအတိုင်း စတူပါပုံစံကိုအပေါ်တွင် ဖောက်ထားဟန် ဖြစ်သည်။လိုဏ်ကျောင်း အောက်ခံမှာလည်း ရခိုင်ကို ကိုယ်စားပြုသည့် မျက်နှာလေးဘက်တွင် ဂူပေါက်ဝလေးခုရှိပြီး ဘုရားဆင်းတုတော်လေးဆူ ကိန်းဝပ်လျက်ရှိမည်ဟု ယူဆရပါသည်။

## မုတ်ဆိတ်တော်စေတီ (အေဒီ - ၁၄၃၀)

ဤမုတ်ဆိတ်တော်စေတီကိုလည်း မြို့တည်ဘုရားအဖြစ် မင်းစောမွန်ကပင် တည်ထားခဲ့သည်။ မြတ်စွာဘုရား၏ မုတ်ဆိတ်တော် ဓါတ်ကိန်းဝပ်ရာ ဓါတုစေတီတော်ဖြစ်သည်။ ကုန်းတော်၏ အောက် ပစ္စယာတွင် ကျောက်ဆစ်လက်ရာများပါသော ပိဋကတ်တိုက်တစ်လုံး တည်ရှိသည်။ အပေါ်ပစ္စယာတွင် ရင်ပြင်ကို ကျောက်ပြားကြီးများ ခင်းထားသည်။ စေတီတော်ပုံမှာ သပိတ်မှောက်နှင့် ဓါတုဂဗ္ဘတင်ထားဟန် ဖြစ်သည်။ ရှေ့မျက်နှာစာ၌ ၃၄ လက်မရှိသော ခြေတော်ရာတစ်ဆူ ရှိသည်။ စက်လက္ခဏာ မပါရှိချေ။

မုတ်ဆိတ်တော်စေတီ၏ မြောက်ဖက်တွင်ရှိသော တောင်စောင်းတွင် စန္ဒရာမကျောင်း တိုက် တည်ရှိသည်။ စန္ဒရာမ ဘုန်းတော်ကြီးအတွက် မင်းစောမွန်က တည်ဆောက် လှူဒါန်းခဲ့ခြင်းပင် ဖြစ်သည်။

မုတ်ဆိတ်တော်စေတီမှာလည်း မြောက်ဦးမြို့ မြောက်ဘက်တွင် တည်ရှိသည်။ တည်ဆောက်သော နှစ်မှာ ၁၄၃၀ ပြည့်ဖြစ်သည်။

## အရှေ့နှင့်အနောက်မြတန်ဆောင်းစေတီတော်(အေဒီ-၁၄၃၀)

မင်းစောမွန်သည် လေးမျက်နှာပုထိုး၏ မြောက်ဘက်ရှိ ကုန်းနှစ်ကုန်းတွင် အရှေ့မြတန်းစောင်းနှင့် အနောက်မြောက်တန်စောင်းတို့ကို ကျောင်းတော်နှင့်တကွ တည်ထားခဲ့ပြီး မြို့တော် လောင်းကြက်မှ သံဃာအချို့သီတင်းသုံးနိုင်ရန် လှူဒါန်းခဲ့သည်။ အရှေ့မြတန်စောင်းသည် ကုန်းနှစ်

http://www.dhammadownload.com



ထပ်ဖြစ်သည်။ စေတီတော်၏ ဂန္ဓကုဋိတိုက်တွင် အလင်းပေါက် ၆ ပေါက်ရှိပြီး သပ်စီ ပေါင်းထိုးထားသည်။ စေတီတော်၏ မြောက်ဘက် တောင်ခြေလည်း ကျောင်းတော် ရာဖြစ်သည်။ ဤမြတနန်ဆောင်းတော်မှ ဆရာတော်သည် မင်းရာဇာကြီး၏ လျှောက်ထားချက်အရ အရှံသံဃာ အပါးနှစ်ဆယ်နှင့်အတူ သီဟိုဠ်သို့ သာသနာပြုရန် ၁၆၀၆ ခုတွင် ကြွရောက်ခဲ့သည်။

## ညီတော်စေတီ (အေဒီ - ၁၄၃၀)

ညီတော်စေတီသည် လေးမျက်နှာပုထိုးတော်ကြီး၏ မြောက်ဘက်တွင် ကပ်လျက် တည်ရှိသည်။ ကုသိုလ်ရှင်မှာ မင်းစောမွန်၏ ညီတော်မင်းခရီ(ခေါ်) နရနုက ၁၄၃၀ ပြည့်နှစ်မှာပင် ကုသိုလ်ပြုခဲ့ခြင်း ဖြစ်သည်။ စေတီပုံစံမှာ ပုရိန်ခေတ် ကောလိယဘုရင်၏ ကုသိုလ်တော် ပါးရီတော် (လောင်းကြက်)စေတီနှင့် ဆင်တူကြောင်းတွေ့ရသည်။ အရှေ့သို့မူသော မုခ်ထွက်စေတီဖြစ်ပြီး မုခ်လမ်းနံရံတွင် ဂူငယ် ၂၈ ဂူ၌ ဆင်းတုတော်များ ကိန်းဝပ်ခဲ့သည်။ ဤဆင်းတုတော် ၂၈ ဆူ ကိန်းဝပ်ခဲ့ခြင်းမှာလည်း လေးမျက်နှာစေတီ မှာကဲ့သို့ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရည်ညွှန်းခဲ့ ဟန်တူသည်။ ဤစေတီတော်ကို အကဲခတ်ခြင်းအားဖြင့် ကုသိုလ်ရှင်မင်းခရီးခေါ် နရနုမှာလည်း အမျိုးဘာသာသာသနာကို စောင့်ထိန်းပြန့်ပွားလိုသည့် ဆန္ဒရှင် ဖြစ်သည်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။ စေတီတော်မှာ ကျောက်စေတီတစ်ဆူ ဖြစ်သည်။

## ရတနာစံရွှေးစေတီတော်နှင့် ရတနာမှန်ကင်းစေတီတော် (အေဒီ ၁၄၄၆–၁၄၄၇)

ရတနာစံရွှေ (၁၄၄၆)နှင့် ရတနာမှန်ကင်းစေတီတော် (၁၄၄၇)နှစ်ဆူမှာ ဘစောဖြူမင်းကြီး ၏ ရှေးဦးကောင်းမှုတော်စေတီများ ဖြစ်ကြပါသည်။ မြောက်ဦး မြို့မြောက်ပိုင်းတွင်တည်ရှိပါသည်။ ဤမင်းကြီး၏ ကောင်းမှုတော် မဟာဗောဓိရွှေဂူ၏ တောင်ဘက်ရှိ တောင်စွယ်များပေါ်တွင် အသီးသီးကိန်းဝပ်တော်မူကြပြီး ရတနာ မှန်ကင်းစေတီသည်။ တောင်ဘက်အဆုံးတွင်ရှိ၍ ဤစေတီ၏ ဂန္ဓကုဋိတိုက်တော်တွင် ပလ္လင်တော်မှာ နံရံနှင့် မဆက်စပ်ပဲ သီးခြားကင်းကင်း လွတ်လွတ်ရှိသဖြင့် ထူးခြားဟန်ရှိသည်။

http://www.dhammadownload.com



## မဟာဗောဓိရွှေဂူ (အေဒီ ၁၄၄၈)

ဤစေတီတော်သည် ရှစ်မြောင့်ပုံဖြစ်ပြီး သပိတ်မှောက်ပုံ ထုပိကာတစ်ခု မုခ်ထွက်တစ်ခုနှင့် ဂန္ဓကုဋိတိုက်တော်များပါရှိသည်။ ဂူဝင်လမ်းနံရံတစ်ခုတွင် ကျောက်ဆစ်ရုပ်တုလက်ရာများ အဆင့် (၆)ဆင့် ဖြင့်ပြသထားသည်။ အရုပ်ပေါင်း ၂၈၀ ကျော်ပါဝင်သည်။ ၎င်းအရုပ် များတွင် ဗုဒ္ဓရုပ်ပွားတော်များ၊ တူရိယာတီးဟန်များ ကျွမ်းထိုးဟန်များ တိရစ္ဆာန်တို့ ပျော်ပါးဟန်၊ ပူဇော်ဟန်၊ ငရဲကျဟန်၊ စစ်တိုက်ဟန်၊ ဝေသန္တရာမင်းကြီး သားသမီးလှူဟန် သုဝဏ္ဏသာမဇာတ်မှ လေးပစ်ဟန်၊ ရွှေဟသာမြင်းဇာတ် စသည့် သရုပ်ဖော်ရုပ်ကြွများ ပါဝင်ပေသည်။ ဂန္ဓကုဋိတိုက်ရှိ ကျောက်ပလ္လင် တွင်လည်း ပန်းနွယ်ပန်းခက်များ၊ ဇာတ်နိပါတ်လာရုပ်ကြွများ၊ ကောင်းချီပေးခရုသင်းမှုတ်ဟန် ပါဝင်သေး သည်။ ဤရုပ်ကြွများသည် မြောက်ဦးခေတ်၏ ယုံကြည်ချက်နှင့် ဝတ်စားဆင်ယင်မှုကို ဖော်ပြသော ကြေးမုံတစ်ချပ်ပင်ဖြစ်သည်။ သျှစ်သောင်းထုတ္တန့် သိမ်ရှိရုပ်ကြွလက်ရာများ၏ ရှေ့ပြေးနမူနာလည်း ဖြစ်ပေသည်။ ကုသိုလ်ရှင် ဘစောဖြူ မင်းကြီးသည် ဤဘုရားကို ၁၄၄၈ ခုနှစ် ကဆုန်လပြည့်၌ မြောက်ဦးမြောက်ဘက် နက္ခတ်တောင်၏ အနောက် တောင်စွယ်တစ်ခု ပေါ်တွင် တည်ထားခဲ့သည်။

## နရတ်စားဘုရား (အေဒီ– ၁၄၅၈)

မြင်းဝန်တောင်၏ အနောက်ဘက် (မြောက်ဦးသဘော်ဆိပ် အနီးရှိ) ယခုမြို့သစ်ရပ်တွင် နရတ်စား ဘုရားကိန်းဝပ်သည်။ ယခုအခါ မူလအဆောက်အအုံမှာ ပျက်စီးသွားပြီဖြစ်သည်။ ဘစောဖြူမင်းကြီး၏ ယောက္ခမဖြစ်သူ နရတ်စားအမတ်ကြီး ၁၄၅၈ ခုတွင် ကုသိုလ်ပြုခဲ့သည်။ ဉာဏ်တော် ၇ ပေခွဲခန့် မြင့်သော ကျောက်ဆင်းတုတော်တစ်ဆူမှာ သိမ်တော်အတွင်းတွင် ကိန်းဝပ်လျှက်ရှိသည်။

ဘစောဖြူမင်းကြီး၏ သမီးတော် "သူရခိုင်" တည်ထားသော ဤဘုရားသို့ ပန်း ဆီမီး ပူဇော်ရန်အသွား ညနေဆည်းဆာတွင် ဝိဇယျာရုံသီကျောင်း၌ ခေတ္တသတင်းသုံးနေတော်မူသော မြန်မာကဗျာ ပါရဂူ ရှင်တေဇောသာရက မြင်တွေ့သဖြင့် မင်းသမီး၏အလှတွင် မူးရစ်သွားရကား "ချုပ်ညရီတွင်း ဖြုတ်ခြည်းမြင်သည်၊ သျှင်သာရခိုင်တန် ဆောင်လော" ဟူသော အာမေဋိတ်သံကို ဖွင့်မိကာ 'ရွှေရုပ်သွင်ပိုဒ်စုံ' ရတုကို သီကုံးခဲ့လေ သည်။ ရှင်မဟာရဋ္ဌသာရကလည်း "မနောမျက်ရှု ကြေးမုံပြု၍" အစချီရတုကို ရေးစပ်သီကုံးခဲ့လေသည်။ ဤကဗျာနှစ်ပုဒ်စလုံးသည် မြန်မာစာပေတွင် လွန်စွာထင်ရှားသည်။

http://www.dhammadownload.com



## တက္ကသီလာစေတီ (အေဒီ - ၁၄၆၀)

တက္ကသီလာစေတီကို ၁၄၆၀ - ခုနှစ်တွင် ဘစောဖြူမင်းကြီး တည်ခဲ့သည်။ ညဏ်တော် (၇)ပေရှိပြီး ခြေတော်ထပ်လျှက် ရင်သိုင်းပါသက်န်းပေါ်တွင် ကိုယ်ရံ သက်န်း တစ်ခုလုံးအရစ်ရစ် ဖော်၍ ရုံထားသည့် တက္ကသီလာဘုရား ကိန်းဝပ်လျှက်ရှိသည်။

## သုံးကျိပ်တစ်ဆူစေတီ (အေဒီ - ၁၄၈၂)

၎င်းစေတီတော်တွင် ကျောက်ဆင်းတုတော် ၃၁ ဆူ ကိန်းဝပ် လျှက်ရှိခြင်းကြောင့် သုံးကျိပ်တစ်ဆူ စေတီဟုခေါ်သည်။ အလယ်တွင် ထိုင်တော်မူ ဆင်းတုတော်တစ်ဆူရှိ၍ ယင်းဘုရား နှင့် ကျောခြင်းကပ်တွင် ပရိနိဗ္ဗာန်စံခန်း ကျောက်ဆစ်လက်ရာ တစ်ဆူကိန်းဝပ်သည်။ ၎င်းစေတီ၏ တည်နေရာမှာ မြောက်ဦးမြို့ အနောက်တောင်ပိုင်းရှိ လေးမြို့ခေတ်ဦး၏ ခေတ်အစတွင် ခေတ္တသင်မင်းကြီး တည်ထားကိုးကွယ်ခဲ့သော မင်္ဂလာဓာတ်ရွှေဂူ စေတီတော်တည်ရှိ ရာတောင်တန်းနှင့် ကိုးနဝင်းစေတီတော် တည်ရှိရာ တောင်တန်းနှစ်ခု အကြားရှိ တောင်ခါးပန်း တစ်ခုပေါ်တွင် တည်ရှိသည်။ ဘုရားသိမ်သည် ၎င်းတောင်ခါးပန်းပေါ်တွင် ရှိပြီး တောင်ခြေနှင့် လက်ဆည်ကန် ထိတွေ့နေ၍ ရှုခင်းသာယာလှပသည်။ ကုသိုလ်ရှင်မင်းဒေါလျှာသည် ၎င်းဘုရားကို ၁၄၈၂ ခုနှစ်တွင် ကောင်းမှု ပြုခဲ့သည်။

## ထူပါရုံစေတီ (အေဒီ - ၁၄၉၄)(အေဒီ-၁၆၃၁)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

ထူပါရုံစေတီသည် မြောက်ဦးမြို့မြောက်ဘက်ရှိ လောင်းပွန်းပြောက်စေတီ၏ မြောက်ဘက်တွင် ကပ်လျှက် ဝင်းတံတိုင်းနှစ်ထပ်အတွင်း တည်ရှိသည်။ ၎င်းစေတီတော်၏ ရှစ်မြှောင်ပုံပစ္စယာများတွင် ကြာဖူးကြာလက်ပုံပေါ်အောင် ထုဆစ်ထားသည်။ ပစ္စယာများတွင် ဂူကျောင်းလေးကျောင်းပါရှိပြီး မုခ်ထွက်တံကဲလက်ရာများကို အနုစိတ် ထုဆစ်ထားသည်။ စေတီတော်၏ ရင်ပြင်ထောင့်လေးထောင့်ရှိ ဂူကျောင်းပျက်ကိုသာတွေ့မြင်နိုင်သည်။

မူလကုသိုလ်ရှင်မှာ မြောက်ဦးမင်းဆက်တွင် အသက်အငယ်ဆုံးဖြင့် မင်းဖြစ်လာသူ ဘုရင် မင်းရန်အောင်ဖြစ်ပြီး ၁၄၉၄ ခုနှစ်တွင် တည်ခဲ့သည်။ နောင်တွင် မင်းခမောင်းက ၁၆၁၃ ခုတွင်

http://www.dhammadownload.com



ထပ်မံပြုပြင် ခဲ့သည်သာမက စေတီတော် တစ်ခုလုံးကိုပါ ရွှေလုံးပြည့်ချခဲ့သေးသည်။ ဤစေတီတော်တည်ရှိရာ အရပ်သည် ဘူမိနက်သန်မြေဟု အယူရှိကြသဖြင့် မြောက်ဦးခေတ်ဘုရင်များသည် ဘိသိက်မင်္ဂလာ သွန်းလောင်းပြီး နောက် ဤစေတီတော်ကို ဖူးမျှော်ကာ အောင်မြေနင်းကြရသည်။ နောင်တွင်ဤ စေတီတော်၏ အနောက်ဘက်ရှိ တောင်ဝှမ်းတွင် မင်းခမောင်းလှူခဲ့သော ကျောင်းတော်နှင့် ဆေးရုံတော်တည်ရှိခဲ့သည်။

## တေဇရာမစေတီ – (အေဒီ – ၁၅၀၁)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

တေဇရာမစေတီသည် မြောက်ဦးမြို့ မြောက်ပိုင်းရှိ စန္ဒရာမကျောင်းတိုက်၏ မြောက်ဘက်တောင်ဝှမ်းတွင် တည်ရှိသည်။ ထူးချွန်ပုံဖြစ်ပြီး ပစ္စယာအဆင့်တို့တွင် ခိုနန်းချိုးသုံးဆစ်ပါရှိသည်။ ဒုတိယနှင့် တတိယပစ္စယာတို့တွင် မုခ်ထွတ်လေးခုပါရှိသည်။ စလကာ်သူမင်းက ၁၅၀၀ ခုတွင် သံဃာရာဇာဖြစ်သော တေဇရာမဆရာတော်အတွက် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဤစေတီတော်ကို ၁၆၃၈ ခုနှစ် နာရပတိကြီးကလည်းကောင်း၊ ၁၇၁၀ ပြည့်နှစ်တွင် စန္ဒဝိဇယရာဇာကလည်းကောင်း ပြုပြင်ခဲ့သည်။ ယခုစေတီတော်ပုံမှာ မြောက်ဦး နှောင်းခေတ်ပုံစံဖြစ်သည်။ စေတီတော်ကြီး၏ တောင်ဘက်အနီးတွင် ကျောက်စာလေးချပ်ကို ဂူငယ်ထဲ၌ စိုက်ထူထားရှိသည်။ ဤကျောက်စာများမှာ စေတီတော်နှင့် ကျောင်း အတွက် မြေလှူမှတ်တမ်းပင်ဖြစ်သည်။

## အနော်မာဘုရား (အေဒီ–၁၅၀၀)

မြောက်ဦးမြို့ မြောက်ဘက်ပိုင်းရှိ ထူပါရုံစေတီ၏ အရှေ့ဘက် သို့သွားလျှင် အနော်မာဘုရားကို ဖူးတွေ့နိုင်သည်။ ဤဘုရားမှာ ဉာဏ်တော် ၁၀ ပေ ရှိသည်။ ကျောက်ဆင်းတုတော်ဖြစ်ပြီး မူလ ဂူကျောင်းမှာမူ မရှိတော့ချေ။ ကျောက်ဆင်းတုတော် ကိန်းဝပ်ရာ ကျောက်ပလ္လင်မှာ ၅ ပေမြင့်ပြီး ဆယ်မြောက်ပုံရှိသည်။ ပလ္လင်တစ်ခုလုံးကို ပန်းနွယ်ပန်းခက်၊ ကျေးငှက်တိရိစ္ဆာန်များ၊ ရုပ်ကြွများဖြင့် တန်ဆာဆင်ထားသည်။ ပလ္လင်ရုပ်ကြွတစ်ခုဖြစ်သော ဝသုန္ဒရီနတ်ရုပ်တွင်မူ တံကဲပုံပါပြီး ယင်းတံကဲတစ်ခုလုံးကို ကျားကကိုက်ချီဟန် သရုပ်ဖော် ထားသည်။ ကုသိုလ်ရှင်မှာ စလကာ်သူမင်း၏ သမီးတော် အနော်ဇာ မင်းသမီးဖြစ်၍ ၁၅၀၁ ခုနှစ်တွင် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

http://www.dhammadownload.com



## ဝသဲဘုရား (အေဒီ–၁၅၁၅)

မြောက်ဦးမြို့တော်ပိုင်းတွင် တည်ရှိသောဝသဲဘုရားကြီးသည် ဉာဏ်တော် ၁၃ ပေရှိပြီး မြောက်ဦးမြို့ တော်ဟောင်းအတွင်း၌ အကြီးဆုံး ဆင်းတုတော်ပင်ဖြစ်သည်။ ဘုရင်သဇာတမင်းက ၄င်းနန်းတက်သည့် ၁၅၁၅ ခုတွင် ကောင်းမှုပြုခဲ့သော ဘုရားတစ်ဆူဖြစ်သည်။

## လင်ပန်းပြောက် (လောင်ပွန်းပြောက်) (အေဒီ ၁၅၂၅)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

မြောက်ဦးမြို့ မြောက်ဘက်ပိုင်းရှိ တည်ဘုရားတစ်ဆူဖြစ်သည့် လေးမျက်နှာ ပုထိုးတော်ကြီး၏ အရှေ့မြောက်ဘက်ကွင်းပြင်တွင် ဤလောင်ပွန်း ပြောက်စေတီတည်ရှိသည်။ စေတီတော်မှာ ရှစ်မြှောက် သုချွန်ပုံ ဖြစ်သည်။ လက်ရှိ အမြင့် ၇၅ ပေခန့်ရှိသည်။ အောက်ပစ္စယာ အဆင့် မုခ်ထွက်ဂူကျောင်းငယ် ၁၆ ကျောင်းပါရှိပြီး မုခ်တံကဲလက်ရာများဖြင့် ထုဆစ်ထားသည်။ စေတီတော်တစ်ခုလုံးကျောက်ဖြင့် တည်ဆောက်ထားပြီး ပန်းကြွပန်းဆွဲများဖြင့် မွန်းမံချယ် သထားသည်။ အာရုံခံရင်ပြင်ပတ်လည်တွင် ကြွေရေသုတ်အုပ်ချပ်များ ထွင်းထားခဲ့သည်။

ဝင်းတံတိုင်းနှစ်ထပ်ရှိသည်။ အတွင်းဘက်တံတိုင်း၏ အပြင်ဘက် နံရံတွင် ကြွေရေသုတ် ရောင်စုံ အုတ်ချပ်များ ဖြင့် ပန်းပွင့်ပုံလင်ပန်း ရခိုင်အခေါ် လောင်ပွန်းပုံများ ဖော်ထားခြင်းဖြစ် သည်။ ဤစေတီ၏ ဝိသေသလက္ခဏာပင် ဖြစ်ပေသည်။ ထို့ကြောင့် ဤစေတီသည် "လောင်ပွန်းပြောက်" ဟုတွင်သည်။ တံတိုင်း တစ်ဘက်တွင် လင်ပန်းပုံ ၆၀ ခန့်ရှိပါသည်။ ကုသိုလ်ရှင်မှာ မင်းခေါင်ရာဇာဖြစ်ပြီး ၁၅၂၅ ခုတွင်-

"ခရမ်းသီးလက်ကောက်၊ ပြောင်ပြောင်တောက်၊ စျီးမှာဝယ်ကေ လောင်ပွန်းပြောက်" ဟူသော အတိတ်တဘောင်အရ တည်ထားခဲ့ခြင်း ဖြစ်သည်။

## သက်တော်ရှည်စေတီနှင့် သက်တော်ရစေတီ (အေဒီ – ၁၅၂၅)

သက်တော်ရှည်စေတီသည် မြောက်ဦးမြောက်ပိုင်းရှိ ရွက်ညိုတောင်ပေါ်တွင် တည်ရှိသည်။ ယခုပုံစံမှာ မူလလက်ရာမဟုတ်တော့ဘဲ နောက်ပိုင်းခေတ်ပြုပြင်ထားပြီး လက်ရာသာဖြစ်သည်။ ဤဘုရား တောင်၏ အရှေ့ဘက်တောင်ခြေတွင် သက်တော်ရဘုရားတည်ရှိသည်။ ပုံစံမှာပိ္ဍ

http://www.dhammadownload.com



ကတ်တိုက်ပုံစံမျိုးဖြစ်ပြီး နံရံအပြင်ဘက်၌ ကျောက်ဆစ်ပန်းကွက်များဖြင့် တန်ဆာဆင် ထားသည်။ ဤဘုရားများကို မင်းခေါင်ရာဇာက ၁၅၂၅ တွင် ကုသိုလ်ပြုခဲ့သည်။

## ဘုရားညီနောင် (အေဒီ – ၁၅၂၇)

မင်းစောအိုသည် မြောက်ဦးနန်းတော်ကို ဗဟိုပြု၍ နိဗ္ဗူဇာစေတီများအပြင် အခြား ဘုရားခြောက်ဆူ ကိုလည်း တည်ထားခဲ့သည်။ နိဗ္ဗူဇာစေတီ၏ အရှေ့ဘက်ရှိ တောင်နိမ့်ပေါ်တွင် ကိန်းဝပ်သော ဘုရားညီနောင်ခေါ် ပုထိုးရှစ်ဆူမှာ တစ်ဆူနှင့်တစ်ဆူ ပန္နက်ပုံများ မတူကြချေ။

## ညီမတော်ဘုရား

မြောက်ဦးမြို့အရှေ့ပိုင်းရှိ သိမ်ကြီးရွှေဂူ၏ တောင်ဘက်ရှိကုန်းပေါ်တွင် ညီမတော်ဘုရား ကိန်းဝပ်သည်။ ကျောက်ပလ္လင်ပေါ်တွင် ကျောက်ဆစ်လက်ရာများဖြင့် တန်ဆာဆင်ထားသည်။ ပလ္လင် အောက်ခြေတွင် ရင်ခွင်ပိုက်စောင်းကို တီးဟန်မှာ အသက်ဝင်လှပြီး မြောက်ဦးခေတ်၏ ထင်ရှားသော ရုပ်ကြွင်းလက်ရာတစ်ဆူပင် ဖြစ်ပေသည်။ ဤဘုရားကို ဆင်ဖြူရှင်မင်း ဒေါလျာ၏ သမီးတော် စောနန်းဖြူ၏ ညီမတော်စောသုဘာက ကောင်းမှုပြုခဲ့သဖြင့် ညီမတော်ဘုရားဟု တွင်သည်။ အစ်မတော် စောနန်းမင်းဖြူ၏ ကောင်းမှုတော်မှာ ကွမ်းဈေးတံခါးအနီး၌ သျှင်ငယ်ဓာတ်တောင်ပေါ်တွင် တည်ရှိသည်။

## နိဗ္ဗူဇာစေတီများ (အေဒီ – ၁၅၂၇)

မြောက်ဦးမြို့အရှေ့ပိုင်းတွင် မြောက်ဦးခေတ်သုံး ဝင်းမနား ကျီတော်၏ အရှေ့ဘက် ဝင်းတံတိုင်းသည် နိဗ္ဗူဇာတောင်ကို အခြေခံထားသည်။ ဤတောင်ထိပ်သို့ တောင်ဘက်အဆုံးမှ တက်ရသည်။ ပထမဆုံး ဖူးတွေ့ရသောစေတီမှာ အောက် နိဗ္ဗူဇာ စေတီဖြစ်သည်။ စေတီပုံစံမှာ လေးမျက်နှာပုထိုးတော်ကြီး၏ သပိတ်မှောက်ပုံစံမျိုးပင် ဖြစ်သည်။ သို့ရာတွင် သက်န်းစီး ဖေါင်းရစ်ပါရှိပြီး ကြာသီးပုံများကို ထုဆစ်ထားသည်။ အာရုံခံသိမ်၌ ဉာဏ်တော် ၁၀ ပေခန့်ရှိ ဆင်းတုတော်တစ်ဆူကိန်းဝပ်သည်။ ထိုသိမ်၌ပင် ရှိသော ဝေသာလီခေတ် နတ်ရုပ်နှစ်ရုပ်က ဤကုန်းတော်၏ သက်တမ်းရှည်ကြာမှုကို ရည်ညွှန်းပြနေသည်။

http://www.dhammadownload.com



တောင်ကြောအတိုင်းဆက်၍ တက်သွားလျှင် အလယ်နိဗ္ဗူဇာ စေတီသို့ ရောက်သည်။ ကျောက်ဖြင့် တည်ဆောက်ထားပြီး ပြိုပျက်နေပြီ ဖြစ်သည်။ တောင်အမြင့်ဆုံးနေရာတွင်ပင် ပင်မနိဗ္ဗူစာစေတီ ကိန်းဝပ်သည်။ နိဗ္ဗူဇာစေတီများကို ၁၅၂၇ ခုတွင် မင်းစောအိုက တည်ထား ခဲ့လေသည်။

http://www.dhammadownload.com



## မြောက်ဦးဒုတိယခေတ်၊ စေတီပုထိုးနှင့်သာသနိကအဆောက်အဦများ

| စဉ် | ကုသိုလ်ရှင် | စေတီပုထိုး | တည်ဆောက်သည့်နှစ် | | တည်နေရာ |
|---|---|---|---|---|---|
| | - | ကျောင်း/ဘုရား | ကောဇာ | ခရစ် | မြောက်ဦး |
| ၁။ | အံတော်သိမ် | မင်းစောလှ | ၈၉၃ | ၁၅၃၁ | မြောက်ပိုင်း |
| | ။ | မင်းဗာကြီး | ။ | ။ | ။ |
| | ။ | မင်းရာဇာကြီး | ။ | ။ | ။ |
| ၂။ | ရွှေတောင်စေတီ | မင်းဗာကြီး | ၈၉၃ | ၁၅၃၁ | မြို့တွင်းပိုင်း |
| ၃။ | သိမ်ကြီးရွှေဂူစေတီ | မင်းဗာကြီး | ၈၉၃ | ၁၅၃၁ | အရှေ့ပိုင်း |
| ၄။ | ကုလားမြို့စေတီ | မင်းဗာကြီး | ၈၉၃ | ၁၅၃၁ | တောင်ပိုင်း |
| ၅။ | ရွှေဂူကြီး | မင်းဗာကြီး | ၈၉၃ | ၁၅၃၁ | မြောက်ပိုင်း |
| ၆။ | သျှစ်သောင်းပုထိုးတော် | မင်းဗာကြီး | ၈၉၇ | ၁၅၃၁ | မြောက်ပိုင်း |
| ၇။ | ဦးမြဝါစေတီ | မင်းဗာကြီး | ၈၉၇ | ၁၅၃၅ | မြို့တွင်းပိုင်း |
| ၈။ | မိဖုရားကြီးဂူ | စောသန္တာမိဖုရား | ၉၅၁ | ၁၅၅၃ | အရှေ့ပိုင်း |
| ၉။ | ကိုးသောင်းပုထိုးတော် | မင်းတိက္ခ | ၉၁၅ | ၁၅၅၃ | အရှေ့ပိုင်း |
| ၁၀။ | မင်းခမောင်းပုထိုး | မင်းဖလောင်း | ၉၃၃ | ၁၅၇၁ | တောင်ပိုင်း |
| ၁၁။ | ခြင်ကိုက်ပိဋကတိုက် | မင်းဖလောင်း | ၉၃၃ | ၁၅၇၁ | တောင်ပိုင်း |
| ၁၂။ | ကျောက်အုတ်ဘုရား | မင်းဖလောင်း | ၉၃၃ | ၁၅၇၀ | အရှေ့ပိုင်း |
| ၁၃။ | ထုက္ကန့်သိမ်ပုထိုးတော် | မင်းဖလောင်း | ၉၃၃ | ၁၅၇၁ | မြောက်ပိုင်း |
| ၁၄။ | ဘုရားအုပ်ပုထိုးတော် | မင်းဖလောင်း | ၉၃၃ | ၁၅၇၁ | အရှေ့ပိုင်း |
| ၁၅။ | ပခန်းသိမ် | မင်းရာဇာကြီး | ၉၆၂ | ၁၆၀၀ | အနောက်တောင်ပိုင်း |
| ၁၆။ | ဘုရားပေါ်စေတီ | မင်းရာဇာကြီး | ၉၆၅ | ၁၆၀၃ | အနောက်ပိုင်း |
| ၁၇။ | မင်းပေါင်းရွှေဂူ | မိဖုရားရှင်ထွေး | ၉၆၆ | ၁၆၀၄ | |
| ၁၈။ | ရတနာပုံစေတီ | မိဖုရားရှင်ထွေး | ၉၇၄ | ၁၆၁၂ | မြောက်ပိုင်း |
| ၁၉။ | ရတနာပြည်သဒ်စေတီ | မင်းခမောင်း | ၉၇၄ | ၁၆၁၂ | မြောက်ပိုင်း |
| ၂၀။ | သကျမာန်အောင် | သီရိသုဓမ္မရာဇာ | ၉၉၁ | ၁၆၂၉ | အရှေ့ပိုင်း |
| ၂၁။ | မင်းခေါင်ရွှေတူ | မိဖုရားနတ်ရှင်မေ | ၁၀၀၀ | ၁၆၃၈ | အရှေ့ပိုင်း |
| ၂၂။ | မျှော်တော်မူစေတီ | မိဖုရားနတ်ရှင်မေ | ၁၀၀၀ | ၁၆၃၈ | အရှေ့ပိုင်း |

http://www.dhammadownload.com



## (၁) အံတော်သိမ် (အေဒီ – ၁၅၂၁)

## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

အံတော်သိမ်သည် မြောက်ဦးမြို့မြောက်ဘက်တွင် တည်ရှိသည်။ သိမ်တော်သည် ရှစ်မြှောင့်ပုံစေတီ ဖြစ်သည်။ အထက်ဝါသည် အရန်စေတီရှစ်ဆူက အလယ်စေတီကို ရန်ထားဟန်ဖြစ်သည်။ ဉာဏ်တော် ပေ ၄၀ ခန့် မြင့်ပြီး ပရဝုဏ်အတွင်း၌ ဂူကျောင်းပါ စေတီငယ်များက ရန်ထားသည်။ မူလကုသိုလ်ရှင်မှာ မင်းစောလှဖြစ်ပြီး ၁၅၂၁ ခုနှစ်တွင် ကောင်းမှုပြုခဲ့သည်။ ၁၅၅၆ ခုသို့ ရောက်သောအခါ မင်းရာဇာကြီးက အံတော်ဓာတ်ကို ဌာပနာရန် ထပ်မံတည်ခဲ့၍ "အံတော်သိမ်"ဟုခေါ်တွင် ခဲ့ခြင်း ဖြစ်သည်။ ဤအံတော်ကို ဘုရင်မင်းဗာကြီးက သီဟိုဠ်မှပင့်ဆောင်ခဲ့ပြီး နန်းတော်၌ ထားရှိကိုးကွယ်ခဲ့ပါသည်။ ယင်းအံတော်ဓာတ်ကို မြောက်ဦးမြို့ ဗန္ဓုလကျောင်းတိုက်တွင် ယနေ့တိုင် ကိုးကွယ်ထားရှိပါသည်။

သိမ်တော်ကြီး၏ အရှေ့ဘက်နံရံတွင် ရုပ်တော်မူဆင်းတုတော် (၆)ဆူ ကိန်းဝပ်သည်။ ယင်းဆင်းတု တော်များ မုဒြာများမှာ အဘယနှင့် ဝရဒမုဒြာ၊ ဥတ္တရမုဒြာ၊ ဓမ္မစကြာနှင့် ညာလက်အဘယမုဒြာနှင့် ဘယ်လက်ဝရဒမုဒြာများ ဖြစ်သည်။ ဤအားလုံးသော ဆင်းတုတော်များတွင် သက်န်းများကို တင်းကြပ်စွာ စည်းထားဟန်ထုဆစ်ထားသည်။

သိမ်တော်ကြီး၏ အတွင်းလှိုင်ပတ်မှာ နှစ်ထပ်ရှိသည့်အပြင် နံရံနှစ်ဘက်၌ ဗုဒ္ဓဆင်းတုတော် ၁၄၂ ဆူ ကိန်းဝပ်စံပါယ်လျှက်ရှိပြီး အတွင်းလှိုင်ပတ်နံရံတွင် ဗုဒ္ဓဆင်းတုတော် ၂၅ ဆူ စံပါယ်လျှက် ရှိသည်ကို ဖူးတွေ့နိုင်သည်။ အလယ်မဏ္ဍိုင်များမှာ ရှစ်မြှောင့်ပုံသဏ္ဍာန် ရှိပြီး ဗုဒ္ဓဆင်းတုတော်ရှစ်ဆူ ကိန်းဝပ်လျှက် ရှိပါသည်။ ထို့ကြောင့် လိုဏ်ဂူအတွင်းတွင် ဗုဒ္ဓဆင်းတုတော် စုစုပေါင်း ၁၇၅ ဆူ ကိန်းဝပ်လျှက် ရှိပါသည်။

အလယ်မဏ္ဍိုင်မှ ဆင်းတုတော်များအနက် ရှေးအကျဆုံးလက်ရာမှာ သက်န်းတော်ကိုရင်၌ ဖွဲ့စည်းထားဟန် ထုဆစ်ထားပါသည်။ ဤပုံစံများကို "ဈာန်သိုင်း" ပုံစံဟုခေါ်သည်။ ဤအလယ်မဏ္ဍိုင်ရှိ တံကဲများကို ပြောင်မြောက်စွာ ထုဆစ်ထားပါသည်။ ပလ္လင်တော်ရှစ်ခန်းပေါ် လက်ရာကို တစ်စုတစ်ဝေးတည်း ဖော်ပြထားခြင်း ဖြစ်ပါသည်။ တံကဲများ၌ ဗျာလ္လနှစ်ကောင်စီ ကလျှက်ရှိပါသည်။ ရခိုင်တို့က "လျှာထုတ်ကေ" ဟု ခေါ်သော ဗျာလ္လသည် အမြဲပြုံးရယ်နေပြီး မင်္ဂလာရှိသော လက္ခဏာကို ဆောင်သည်ဟု ယုံကြည်ကြ ပါသည်။

http://www.dhammadownload.com



ပလ္လင်အောက်ခြေတွင် ထုဆစ်ထားသော ကျောက်ဆစ်လက်ရာ ပုံစံအမျိုးမျိုးတွင် မင်းရာဇာကြီးဟု ယူဆရသောပုံစံကိုလည်း တွေ့ရသည်။ အခြားပုံများမှာ ကိန္နရာပုံစံများ ထီးမိုးထားသော အမတ်ပုံများလည်း ပါဝင်သည်။ ဤကဲ့သို့ ထူးခြားလှသော ပလ္လင်ပုံစံများကို လေ့လာခြင်းဖြင့် မြောက်ဦးခေတ်မင်းများ၏ ထီးနန်း ပလ္လင်တော် အနေအထားရှိမှုကို တင်ပြပေသည်။

## (၂) ရွှေတောင်စေတီ (အေဒီ – ၁၅၃၁)

မြောက်ဦးမြို့တောင်ပိုင်းရှိ ပေ ၂၅၀ မြင့်သော တောင်စွယ် တစ်ခုပေါ်တွင် ရွှေတောင်စေတီ တည်ရှိသည်။ လုံးဝထုချွန်ပုံရှိသော ဤစေတီတော် ပုရဝဏ်တွင် သမိုင်းဝင်မြေကတုတ်ကျင်းများကို တွေ့နိုင် ပေသည်။ ဤကျင်းများ၌ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲက မြန်မာတပ်တို့သည် အမြောက်လက်နက်များ တပ်ဆင်ထားခဲ့ပြီး ကျူးကျော်လာသော အင်္ဂလိပ်တို့ကို အတော်အတန် အထိနာစေခဲ့သည်။ စေတီတော်၏ မူလကုသိုလ်ရှင်မှာ ဘုရင်မင်းဗာကြီး ဖြစ်သည်။ သက္ကရာဇ် ၁၅၃၁ ခုနှစ်တွင် အခြားစေတီများအပြားနှင့် တည်ခဲ့သည်။

## (၃) သိမ်ကြီးရွှေဂူစေတီ (အေဒီ – ၁၅၃၁)

သိမ်ကြီးရွှေဂူဘုရားသည် မြောက်ဦးမြို့အရှေ့မြောက်ပိုင်းရှိ ပုဏ္ဏားတောင်ခံတပ်၏ အရှေ့ဘက်ရှိ ကုန်းပေါ်၌ ဘုရင်မင်းဗာကြီးက ၁၅၃၁ တွင် တည်ထားကိုးကွယ်ခဲ့ပါသည်။ ကုန်းတစ်ကုန်းလုံးကို မဟာသိမ် အဖြစ် သမုတ်ထားပါသည်။ လေးပေခန့်မြင့်သော သိမ်သမုတ် ကျောက်တိုင်ကြီးနှင့် တိုင်ငယ်တို့ကိုပူး၍ ရခိုင်သိမ်သမုတ်ပုံစံဖြင့် စိုက်ထူထားပါသည်။ သိမ်ကြီးရွှေဂူ၏ ဂန္ဓကုဋိတိုက်တော်၌ ဉာဏ်တော် ၁၁ ပေ ခန့်မြင့်သည့် ကျောက်ဆင်းတုတော် တစ်ဆူ စံပါယ်တော်မူသည်။ ဤသိမ်တော်ကိုလည်း ဘုရင်မင်းဗာကြီးက စေတီနှင့်အတူ တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

## (၄) ကုလားမြို့စေတီ (အေဒီ – ၁၅၃၁)

ဤကုလားမြို့စေတီသည် ရွှေတောင်စေတီတက်လမ်း၏ တောင်ဘက်ရှိ တောင်စွယ်

http://www.dhammadownload.com



တစ်ခုပေါ်တွင် တည်ရှိသည်။ မြောက်ဦးမြို့ရဲ့ ၁၃ မြို့တွင် အပါအဝင်ဖြစ်သော ကုလားမြို့စေတီဖြစ်သည်။ ကုသိုလ်ရှင်မှာ မင်းဖလောင်းမင်းဖြစ်သည်။ ၁၅၃၁ ခုနှစ်တွင်မှာပင် တည်ထားခဲ့သည်။

## (၅) ရွှေဂူကြီး (အေဒီ – ၁၅၃၁)

မြောက်ဦးမြို့တောင်ပိုင်းရှိ ဂူဟုမ်းတစ်ခုထဲ၌ ဤရွှေဂူကြီးဘုရားကို ဖူးတွေ့ရသည်။ အောက်ခံနံရံ ဂူဘက်နှင့် မုခ်ထွက်စေတီ ဖြစ်သည်။ အပေါ်မှ ပင်မစေတီမှာ စက်ဝိုင်းခြမ်းပုံဖြစ်ပြီး အရံစေတီ လေးဆူပါရှိ သည်။ ဂူဝင်လမ်းမှာ လုံ၊ စကြာ၊ တုတ်၊ ခရုသင်းများကို ကိုင်ထားပြီး လက်နှစ်ဘက်က မင်္ဂလာကောင်းချီး ပေးနေဟန် ကျောက်ဆစ်နတ်ရုပ် တစ်ရုပ်ကို စိုက်ထူထားသည်။ ဤနတ်ရုပ်အမြင့်မှာ ၂ ပေ ၄ လက်မခန့် ရှိ၍ ကြာပွင့်ပေါ်တွင်ရပ်နေပြီး ဘေးတစ်ဘက်တစ်ချက်၌ ရှိခိုးပူဇော် ဟန်အရုပ်များ ပါရှိသေးသည်။ ဂူထဲရှိ ညာဏ်တော် ၁၀ ပေရှိသော ကျောက်ဆင်းတု တော်ကြီးတစ်ဆူ ကိန်းဝပ်သည်။ ပရိဝုဏ်အတွင်း၌ ကျောက်ပုလ္လင်ရုပ်ကြွများ ပြန့်ကျဲနေသည်။ ကုသိုလ်ရှင်ဘုရင်မင်းဖလောင်းသည် နန်းတက်သည့်နှစ် ၁၅၃၀ ဤဂူအပြင် ရခိုင်ပြည်အနှံ့ရှိ အခြားနေရာများတွင်လည်း တစ်ပြိုင်နက်တည်း ဂူစေတီများ တည်ခဲ့သေးသည်။

## (၆) သျှစ်သောင်ပုထိုးတော်ကြီး (အေဒီ – ၁၅၃၀)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

သျှစ်သောင်းပုထိုးတော်ကြီးသည် မြောက်ဦးခေတ်၊ မြောက်ဦး မြို့တော်၏ အဓိကရ ဘုရားတစ်ဆူဖြစ်သည်။ ရခိုင်သက္ကရာဇ် ၈၉၇၊ ခရစ်သက္ကရာဇ် ၁၅၃၅ ခုနှစ်တွင် မြောက်ဦးထီးနန်းရှင် သီရိသုဓမ္မ စန္ဒမဟာဓမ္မရာဇာမင်းကြီးဘွဲ့ခံ ဘုရင်မင်းဖလောင်း ကုလားဘွဲ့ခံဇော် ဘောက်သျှာသည် ဘုရားမတည်မီနှစ်က ဘင်္ဂါတစ်ဆယ့်နှစ်မြို့နှင့် ပေါ်တူဂီရေတပ်၏ ကျူးကျော်မှုတို့ကို အောင်နိုင်ခဲ့သဖြင့် ရန်အောင်ဇေယျ ပုထိုးတော်ဟု အမည်တွင်စေခဲ့သည်။ အနောက်မဇ္ဈိမဒေသကို အောင်နိုင်ခဲ့စဉ် ပင့်ဆောင်ခဲ့သည့် ရှစ်သောင်းလေးထောင်သော ဓာတ်တော်မွေတော်အပေါင်းကို ဌာပနာခဲ့ခြင်း၊ နောင်ပွင့်လတ္တံ့သော ဘုရားရှင် ရှစ်သောင်းလေးထောင်ကို ရည်မှန်းခြင်းတို့ကြောင့် လေးထောင် အရေအတွက်ကို မြုပ်လျှက် (သျှစ်သောင်း) ရှစ်သောင်းဘုရားဟူ၍လည်း ခေါ်တွင်သည်။

http://www.dhammadownload.com



ဘုရားတည်နေရာမှာ မြောက်ဦးနန်းတော်ကုန်း၏ မြောက်ဘက် မိုင်ဝက်ခရီးတွင် တည်ရှိသည်။ ဖိုးခေါင်တောင်၏ တောင်ကလပ်ကိုညှိ၍ တည်ခြင်းဖြစ်သည်။ မင်းဗာဘုရင်သည် ဤဘုရားကို တည်ရာတွင် အဂ္ဂစိန္တေယျဆရာတော်၊ အဂ္ဂမုနိဆရာတော်၊ ရသေ့ကြီးသျှင်မြဝါ၊ ပညာရှိ အမတ်ကြီးဝိမလနှင့် သားဖြစ်သူ မဟာပညာကျော်တို့နှင့် ညှိနှိုင်းတိုင်ပင်ကာ ပန်းရံဆရာ တစ်ထောင် ဖြင့် တစ်နှစ်ကြာတည်ဆောက်ခဲ့သော ပုထိုးတော်ကြီးဖြစ်သည်။

ပုထိုးတော်ကြီး၏ လိုဏ်ပတ်များအတွင်း၌ ဆင်းတုတော်များ၊ နံရံရုပ်ကြွများကို ထားရှိသည်။ နံရံရုပ်ကြွအဆင့် ခြောက်ဆင့်ခွဲ၍ ထုဆစ် ထားသည်။ ရုပ်ကြွရှိသောနံရံ၌ ဆီမီးခွက် ၁၁၀၄ ခုကို ထွန်းညှိ၍ ရရှိအောင် ကျောက်ကိုထွင်းထားသည်။ ရုပ်ကြွရှိသော စကြံလမ်း တစ်လျှောက်၌ ဝသုန္ဒရာနှင့်ဝသုန္ဒရီ အရုပ်များကို တောင့်တိုင်းကြားလမ်းခုလပ်တိုင်း၌ စိုက်ထူကာ သိမ်သမုတ်ထားရှိသည်။ ထို့ကြောင့် ဤပုထိုးတော်ကြီးကို သျှစ်သောင်းသိမ်တော်ကြီး ဟူ၍လည်း ခေါ်သည်။

သိမ်တော်ကြီး၏ ထုထည်ကြီးမားမှု၊ ကျောက်တုံးများဖြင့် တည်ဆောက်ထားမှု၊ တောင်ခုလပ်ကို အသုံးပြုမှု၊ ကုန်းတော်မပြိုစေရန် ကျောက်တုံးကြီးတို့ဖြင့် အားဖြည့်ထားခဲ့မှု၊ လိုဏ်ထပ်များပါဝင်မှု စသည့် လက္ခဏာတို့ကြောင့် တစ်ချို့သုတေသီတို့က ခံတပ်အဖြစ် အသုံးပြုရန် ရည်ရွယ်ချက်ရှိသည်ဟု လွဲမှားစွာ ထင်မြင်ယူဆခဲ့ကြသည်။

ပုထိုးတော်ကြီးအနောက်ဘက်တွင် ကပ်လျှက် ခန်းမဆောင် တစ်ခုရှိသည်။ ရှေးအခါက ရှင်ဘုရင်များ နန်းတက်ဘိသိက်မင်္ဂလာ ကျင်းပရာဘုရားဖြစ်သည်။ ထိုဘိသိက်ခန်းမနှင့် ကပ်လျှက် ရှင်ဘုရင်၏ ဥပုသ်ဆောင်ရှိသည်။

ဒုတိယပတ်လည်၌ ဂူပေါက် ၃၁ ပေါက်ရှိပြီး တစ်ခုစီကျောခြင်းကပ် ရုပ်ပွားတော် နှစ်ဆူစီ ပူဇော်ခံထားသည်။

တတိယလိုဏ်ထပ်နှင့် စတုတ္ထလိုဏ်ပတ်နေရာကို အတွင်းပတ်ဟု ခေါ်သည်။ အရှေ့ဘက် ဝင်လမ်းအတိုင်း၊ အနောက်ဘက်ဝင်လမ်းအတိုင်း ဝင်သွားပြီးမှ မြောက်ဘက်ချိုးရ၏။ ထိုမှ အရှေ့ဘက်သို့ တစ်ဖန် ကွေ့ရသည်။ ထိုမှ အထက်ဘက်သို့ လှေကားဖြင့်တက်လျှင် ဗုဒ္ဓခြေရာတော် တစ်ဆူကို ဖူးတွေ့ရသည်။

အတွင်း၌ လိုဏ်ဂူသံ လုံးဝမရှိအောင် တည်ဆောက်ထားပုံမှာ ဤပုထိုးတော်ကြီး အဆောက် အအုံ၏ ဗိသုကာလက်ရာ အဆင့်မြင့်မားပုံကို ဖော်ညွှန်းနေခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ဤပုထိုးတော်၏ လိုဏ်ပတ်နံရံများတွင် ဇာတ်နိပါတ်လာ အခန်းပုံပြင်ဝတ္ထုပြကွက်၊ တူရိယာ တီးမှုတ် ကခုန်နေဟန် စသည့် လောကီလောကုတ္တရာဆိုင်ရာအခန်းများကို ထုဆစ်ထားရှိသဖြင့် မြောက်ဦးခေတ် ၏ ရုပ်စုံသဘာဝပြတိုက်အဖြစ်သာမက ရခိုင့်ဂုဏ်ဆောင် ဗိသုကာလက်ရာမြောက် အဆောက်အအုံ တစ်ခုလည်း ဖြစ်ပေတော့သည်။

ဤပုထိုးတော်ကြီး ပထမရင်ပြင်ကို တက်မိလျှင် ဘုရားတည် ဒါယကာမင်းဗာကြီး၏ ဘုန်တန်ခိုးကို ရည်ညွှန်းသည့် နေထွက်ဘုရားနှင့် နေဝင်ဘုရားနှစ်ဆူ ရှိသည်။ နေထွက်ဘုရားမှုခ်မှာ အရှေ့သို့ မျက်နှာမူပြီး နေဝင်ဘုရားမှာ အနောက်ဘက်သို့ မျက်နှာမူလျက်ရှိသည်။

သျှစ်သောင်းပုထိုးတော်ကြီးမှာ အောက်ခံလိုဏ်ထပ်ကျောင်းခံ အပေါ်၌ ပင်မစေတီကြီးနှင့် အရံစေတီ ၂၆ ဆူ ဖောက်ထားပုံဖြစ်သည်။ စေတီတော်ကြီး၏ ပုံသဏ္ဍာန်မှာ ဝေသာလီခေတ် ကျောက်စတူပါစေတီပုံ ပါ သပိတ်မှောက်ပုံစံနှင့် ဆင်တူသည်။ ဓာတုပဏ္ဍာခေါ် ဓာတ်တော်တိုက် ရှိလေသည်။ ပုထိုးတော်ကြီးသည် အလျား ၁၆၀ ပေ၊ အနံ ၁၂၄ ပေ၊ ဉာဏ်တော် ၈၆ ပေ ရှိလေသည်။ အထက်ရင်ပြင်တော်ရှိ စေတီရန်များကြားတွင် နိပါတ်တော်လာ ဇာတ်ကွက်များ အချို့ကို ကျောက်ဆစ်လက်ရာများဖြင့် ပြသထားသည်။ လိုဏ်ပတ်များအတွင်း၌ ဆင်းတုတော်များ၊ နံရံရုပ်ကြွများကို အဆင့်ခြောက်ဆင့်ခွဲ၍ ထုဆစ်ထားသည်။

နံရံရုပ်ကြွများတွင် ဗုဒ္ဓဖြစ်တော်ပေါင်းထဲမှ သန့်စင်သော ဘဝပေါင်း ၁၃၆ ဘဝ သရုပ်ဖော် တိရစ္ဆာန် များပုံများကို ထုဆစ်သရုပ်ဖော်ထားသည်။ ထို ၁၃၆ ဘဝများမှာ ကြိုးကြာ ၁၆ ဘဝ၊ စာမရီ သားကောင် ၁၅ ဘဝ၊ နွား ၁၄ ဘဝ၊ ဝက် ၁၃ ဘဝ၊ ကြက် ၁၂ ဘဝ၊ ဆင် ၁၁ ဘဝ၊ မျောက် ၁၀ ဘဝ၊ ဟင်္သာငှက် ၉ ဘဝ၊ ကျွဲ ၈ ဘဝ၊ သာလိကာ ၇ ဘဝ၊ ခိုငှက် ၆ ဘဝ၊ ကရဝိတ်ငှက် ၅ ဘဝ၊ ကိန္နရာ ၄ ဘဝ၊ ကြက်တူရွေး ၃ ဘဝ၊ ဥဒေါင်း ၂ ဘဝ၊ မြင်း ၁ ဘဝတို့ ဖြစ်သည်။

အထက်ပါတိရစ္ဆာန်ပုံများအပြင် ဂန္ဓကာလဇာတ်မှ သစ်တောက် ငှက်၊ မာယာဇာတ်ဝင်၊ အရုပ်ကဟန်၊ တီးမှုတ်ဟန်၊ တုတ်သိုင်း၊ ကျင် စသည့် အားကစားပြကွက်၊ ဆင်ဖမ်းဟန်ပြကွက်၊ ကျေးဇူးသိတတ်သော လိပ်၊ သစ္စာမရှိသော ခြင်္သေ့၊ သကုဏဇာတ်၊ မဟာဇနက္က၊ ဘူရိဒတ်၊ ဇဝန ရွှေဟင်္သာမင်းငှက်ဆင်ချီခန်း၊ သီဠဝလုလင်ကျားကိုက်ခန်း၊ ကိန္နရာ ဇာတ်စသည်တို့ကို သရုပ်ဖော် ထားသည်။ စုစုပေါင်း အရုပ်ပေါင်း ၁၀၀၀ ကျော်ရှိသည်။ ဗုဒ္ဓစာပေဆိုင်ရာနှင့် သက်ဆိုင်သော အခန်းများ စာပေပုံဝတ္ထုဆိုင်ရာမှ အခန်းများကိုလည်း ရုပ်ကြွများဖြင့် ပြသထားသဖြင့် ရခိုင်သုတ ပြတိုက်ကြီးတစ်မျှပင် ဖြစ်လေတော့သည်။

http://www.dhammadownload.com



ရုပ်ကြွများရှိရာ လိုဏ်ပတ်အတွင်းထောင့်အရုပ်များ၌ ဘုန်းလက်ရှန်းတို့ကို ဖော်ညွှန်းသော လက်ပွား များကို တပ်ဆင်ထုဆစ်ထားသည်။ ထိုလက်ရာတို့ဖြင့် သိကြားမင်း၏ဝရဇိန်လက်နက်၊ ယမမင်း၏ မျက်စိလက်နက်၊ ဝသဝဏ္ဏနတ်မင်းကြီး၏ ဂဒါ (လျှင်ကန်တောင်း)လက်နက်၊ အာဠဝကနတ်ဘီလူး၏ စုလျားပုဆိုး လက်နက်၊ ခရုသင်းပန်းသားမြီးယပ် စသည်တို့ကို အသီးသီး ကိုင်ထားသည်။ အရှေ့မြောက် ထောင့်ရှိ အရုပ်သည် ရောဝဏ်ဆင်ကို စီးထားသည့် သိကြားမင်း၊ အရှေ့တောင်ထောင့်ရှိ အရုပ်သည် သိကြားမင်း၏ မိဖုရားကြီးများဖြစ်ကြသော သုစိတ္တာ၊ သုနန္ဒာ၊ သုမာလာ၊ သုပမာတို့ ခြွေရံခစားသော ယဋိကာရ အရိယာပြဟ္မာကြီး အနောက်မြောက်ထောင့်ရှိ အရုပ်သည် မိဖုရားကြီးများဖြင့် ခြွေရံခစားနေသော ဘုရင်မင်းဗာကြီးဖြစ်ကြောင်း မှတ်တမ်းများ၌ တွေ့ရသည်။ ဂန္ဓာကုဋိတိုက်တော်တွင် ကိန်းဝပ်စံပါယ်တော်မူသော ဗုဒ္ဓရှင်တော်အား ဤလေးပါး သော ပုဂ္ဂိုလ်တို့က ခြွေရံခစားသည့်သဘောပင်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သော အန္တရာယ်မရှိ ၁၃၆ ဘဝကိုပင် ရှေးခေတ်လောကီပညာများက စမ ပညာစွမ်းဖြင့် စီရင်၍ ဘေးလုံရန်ကာပေးခဲ့ကြပုံမှာ-

အလျားလိုက်ပေါင်းလျှင် (၃၄)
ဒေါင်လိုက်ပေါင်းလျှင် (၃၄)
ကြိုက်ရာ(၄)ကွက်ပေါင်းလျှင် (၃၄)

| | | | | |
|---|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ | - ၃၄ အလျားနှစ်ခုဆက်လျှင်(၃၄) |
| ၅ | ၄ | ၁၅ | ၁၀ | - ၃၄ |
| ၁၁ | ၁၄ | ၁ | ၈ | - ၃၄ ဒေါင်လိုက်နှစ်ခုဆက်လျှင်(၃၄) |
| ၂ | ၇ | ၁၂ | ၁၃ | - ၃၄ အလယ်(၄)ကွက်ဆက်လျှင်(၃၄) |

အထက်ခလယ် ၂ ကွက် + အောက်ခလယ် ၂ ကွက် = ၃၄ ဘေးတစ်ဖက်၊ တစ်ချက် ခလယ်နှစ်ခုစီကို ပေါင်းလျှင် ၃၄ ၊ ဤ ၃၄ သည် ၃ + ၄ = ၇ မှာ ၇ ရက်သားသမီးကို ရည်ညွှန်းသည်။ အလွန် ထူးဆန်းအံ့ဖွယ်ပညာရပ်ဖြင့် ၇ ရက်သားသမီးတို့အား ဥပါဒ်ကင်းလွတ် အောင် စီရင်ပေးထားခြင်း ဖြစ်လေသည်။

အာရုံခံတန်ဆောင်းတော်မှာ ခေတ်လက်ရာဖြစ်သည်။ တန်ဆောင်းတော်၏ အဝင်ဝအနီး

http://www.dhammadownload.com



တွင် ဘုရားတည်ဒါယကာမင်းဗာကြီး၏ ရုပ်ထုနှင့် ၄င်း၏သားတော် မင်းဖလောင်း၊ နရာဓိပတိ မော်ကွန်း ကျောက်စာအမိန့် ပြန်တမ်းတစ်ခုရှိသည့် ကျောက်စာ၏ထိပ်စည်းတွင် ဘုရင်မင်းကြီးက သီဟာသနပလ္လင် တော်ပေါ်ဝယ် ထိုင်ဟန်နှင့်အမတ်ကြီးလေးပါးက ခစားနေဟန်ကို သရုပ်ပေါ် အောင် ထုဆစ်ထားသည်။

ဤသျှစ်သောင်းပုထိုးတော်ကြီး၏ တက်လမ်းတစ်နေရာတွင် အနုစိတ်ထုဆစ်လက်ရာ ပါရှိသော ထုတ်တန်းကျောက်ပြားကြီးတစ်ချပ် မြေခလျှက်ရှိသည်။ အတောင်နှစ်ဘက်တတ်ထား သော လက်ယာရစ် ခရုသင်းပုံထိပ်၌ ကြာပွင့်တစ်ပွင့်ထိုးထွက်နေပုံနှင့် ဓမ္မစကြာစက်ဝိုင်းက ထိုကြာပွင့်ထိပ်တို့ကို ထိတွေ့နေပုံကို ပေါ်လွင်အောင် ထုဆစ်ထားခြင်းကား ရှေးခေတ်ရခိုင် ဗုဒ္ဓ ဘာသာထွန်းကားမှု ပြယုဂ်ပါပေ။

ဤပုထိုးတော်ကြီး၏ တည်ဆောက်ပုံကို လေ့လာခြင်းအားဖြင့် ရခိုင်တို့၏ ထိုခေတ် ထိုအချိန်အခါက ဗိသုကာပညာမှာ လွန်စွာပင် ဆန်းကျယ်လှသည်မှာ အမှန်ပင် ဖြစ်ပေသည်။ ဥရောပသုတေသီများ၏ တစ်ဘက်စောင်းနင်း ယူဆထားသလို ခံတပ်အဆောက်အဦးအဖြစ် အသုံးချရန် ရည်ရွယ်ဟန်ရှိသည်ဟု ဆိုနေခြင်းမှာ ရခိုင်တို့၏ ဗိသုကာပညာကို အထင်မကြီးသည့် သဘောမျိုးသာ ဖြစ်နေပါသည်။

အမှန်စင်စစ်မှာ ရခိုင်တို့၏ ခေတ်အဆက်ဆက်မှ ဆင်းသက်လာသော ဗိသုကာပညာကို လိမ္မာ ကျွမ်းကျင်စွာ အသုံးပြုထားကြောင်းသာ ဖြစ်ပေသည်။ ကုသိုလ်ရှင်ဘုရင်မင်းဗာကြီး၏ စိတ်နေသဘောထား နှင့် ခံယူချက်အရ ရခိုင်တို့၏ ဗိသုကာကျမ်းဂန်များ၏ အဆိုအမိန့်အတိုင်း၊ အမျိုးဘာသာ သာသနာသုံးရပ်ကို ကိုယ်စားပြု၍ တည်ဆောက်ထားကြောင်း ပေါ်လွင်လှသဖြင့် ကုသိုလ်ရှင်၏ ယုံကြည်ချက်ကို အထူး ထင်ဟပ်စေပါသည်။

## (၇) ဦးမြဝါစေတီ (အေဒီ – ၁၅၃၇)

သက္ကရာဇ် ၁၅၃၇ ခုနှစ်တွင် မြောက်ဦးမြို့သက်ရှည်ရန် အစီအမံအရ အသက်စွန့်သွားသော သျှင်ငယ်ဆရာဦးမြဝါကို ရည်စူး၍ ဘုရင်မင်းဗာကြီးက ကောင်းမှုပြုထားခဲ့သော စေတီဖြစ်သည်။ ယခုအခါ စေတီတော်၏ အောက်ခံလေးထောင့်ပုံသာ ကျန်ရှိတော့သည်။ ဦးမြဝါ အသက်စတေး

http://www.dhammadownload.com



ခဲ့ရာ နေရာဖြစ်သည့် တောင်ဘက်တောင်ခြေတွင် ကျောက်အင်းဆံတစ်ချပ်ကို စိုက်ထူထားရှိသည်။

## (၈) မိဖုရားကြီးဂူ (အေဒီ – ၁၅၅၃)

မိဖုရားကြီးဂူသည် မြောက်ဦးမြို့အရှေ့ပိုင်းရှိ ဘုရားညီနောင်ကုန်း၏ အရှေ့ဘက် ကုန်းငယ်တစ်ခုတွင် တည်ထားသည်။ ကုသိုလ်ပြုသူမှာ မင်းတိက္ခာ၏မိဖုရား စောသန္တာဖြစ်ပြီး သက္ကရာဇ် ၁၅၅၃ ခုနှစ်တွင် တည်ထားခဲ့သည်။

## (၉) ကိုးသောင်းပုထိုးကြီး (အေဒီ – ၁၅၅၃)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကိုရှုပါ)

ကိုးသောင်းပုထိုးကြီးသည် မြောက်ဦးမြို့ အရှေ့ပိုင်းတွင် တည်ရှိသည်။ ဤပုထိုးတော်ကြီး၏ မူလအတိုင်းအတာမှာ အရှေ့အနောက် ပေ ၂၃၀ ပေ၊ တောင်မြောက်ပေ ၂၅၀ ခန့် ရှိသည်။ အနားသုံးဘက်ကို ကျောက်တုံးများဖြင့် အဆင့်ဆင့်ပြုလုပ်ထားပြီး တစ်ဆင့်စီ၌ စေတီများတည်ထားခဲ့သည်။ ထိုစေတီငယ်များကို ကျောက်တုံးများဖြင့်ဆင့်၍ ပြုလုပ်ထားခဲ့သည်။ စေတီများဖောက်ထားသော ဤတံတိုင်းအတွင်းတွင် လိုဏ်တစ်ထပ် ပြုလုပ်ထားခဲ့သည်။ ပုထိုးတော်ကြီး၏ အလယ်ရင်ပြင်၌ အဌဂံပုံစေတီတစ်ဆူ ကိန်းဝပ်သည်။ ပုထိုးမှာ ရခိုင်မှဗောရောဗုဒ္ဓေါဟု ဆိုရလောက်အောင် ထုထည်ကြီးမားလှသည်။ နောင်ပွင့်တော်မူသည့် ဘုရားပေါင်း ၈၄၀၀၀ (အရေအတွက်အားဖြင့် ၉၀၀၀၀ဟု အပြည့်ဖြည့် သင်္ချာဖြင့်ဆိုရသည်ကို ရည်မှန်း၍ တည်ထားသဖြင့် ကိုးသောင်းဘုရား)ဟု တွင်သည်။

ကုသိုလ်ရှင် မင်းတိက္ခာသည် ၁၅၅၃ ခုတွင် တည်ထားကိုးကွယ်ခဲ့သည်။ အဘမင်းဗာကြီးက သျှစ်သောင်းဘုရားကို တည်သည်။ သားတော် မင်းတိက္ခာက ကိုးသောင်းဘုရားကိုတည်သည်။ သို့နှင့် အဘရှစ်သောင်း၊ သားကိုးသောင်းဟု ဆိုရိုးစကား ပေါ်ခဲ့သည်။ မင်းတိက္ခာ နန်းရသောအခါ ခြောက်လဖြင့် နတ်ရွာစံမည်ဟု နိမိတ်ဖတ်ကြသဖြင့် ယတြာအဖြစ် ကိုးသောင်းပုထိုးတော်ကြီး၏ အရှေ့ဘက်ရှိကုန်း၌ ယာယီနန်းစံခဲ့သေးသည်။

ဤပုထိုးတော်ကြီးမှာ ပျက်စီးယိုယွင်းကာ မြေကြီးအောက်မှ ဖုံးအုပ်လျှက်ရှိနေခဲ့ရာမှ ယခုအခါ ပြန်လည်တူးဖော်မှု လုပ်ငန်းများကို နိုင်ငံတော်မှ ပြုလုပ်ခဲ့သဖြင့် ဘုရားဆင်းတု ကျောက်ဆစ်လက်ရာများ၊ အစီအမံအမျိုးမျိုးဖြင့် ယဉ်ကျေးမှုရုပ်ကြွအမျိုးမျိုး တွေ့ရပေသည်။ လက်ရာနှင့်ပုံစံမှာ အမှန်ပင်အင်ဒိုနီးရှားရှိ ဗောရောဗုဒ္ဓေါကဲ့သို့ ကြီးကျယ်လှကြောင်း တွေ့မြင်ရသည်။

http://www.dhammadownload.com



## (၁၀) မင်းခမောင်းပုထိုးတော်ကြီး (အေဒီ- )

ဤပုထိုးတော်ကြီးသည် မြောက်ဦးမြို့တောင်ပိုင်းတွင် တည်ရှိသည်။ ထူးခြားသော လက်ရာရှိသည့် ပုထိုးတော်ကြီး၏ အောက်ခံနံရံလေးထောင့်တွင် မုခ်ထွတ်တစ်ခု ပါရှိသည်။ မုခ်ဝတံကဲ၏ တစ်ဘက်တစ်ချက်တွင် နတ်မောင်နှံနှစ်ဦးက ပူဇော်နေဟန်နှင့် ဘုရင်၏အောက်ခြေတွင် ဗောင်းဆောင်းအမတ်တစ်ဦးက ဆောင့်ကြောင့်ထိုင်ဟန် ထွင်းထုထားခြင်းမှာ မြောက်ဦးခေတ်လက်ရာ၌ ဤတစ်ခုသာတွေ့ရ၍ ရှားပါးသော လက်ရာဟန်ပင် ဖြစ်သည်။ ဂန္ဓကုဋိတိုက်ထဲရှိ ကျောက်ပလ္လင်၏ အထက်မျက်နှာအနားရစ်တွင် ကျောက်ဖြင့် တစ်ဆက်တည်း ထွင်းထားသော ဆီမီးခွက်ငယ်ကိုးခွက် ပါရှိသည်။ ဆီမီးခွက်၏အနားများကို ကြာစွယ်ကြာသီး များဖြင့် လှပစွာတန်ဆာဆင်ထားသည်။ ဤလက်ရာသည်လည်း ဘုရင်ကဲ့သို့ တစ်ခုတည်းသော လက်ရာဟန်ပင် ဖြစ်သည်။ ဘုရင်မင်း ခမောင်းက ပြန်လည်ပြုပြင်၍ ကုသိုလ်ပြုခဲ့သည့်အတွက် မင်းခမောင်း ပုထိုးတော်ကြီးဟု ခေါ်ကြသည်။ ဤပုထိုးကို ဂေါရီဝဘုရားဟူ၍လည်းတွင်သည်။ မူလကုသိုလ်ရှင်မှာ မင်းခမောင်း၏ ဘိုးတော် မင်းဖလောင်းဖြစ်သည်။

## (၁၁) ခြင်ကိုက်ပိဋကတ်တိုက် (အေဒီ ၁၅၉၁)

မြောက်ဦးမြို့မြောက်ပိုင်းရှိ ထူပါရုံစေတီတော်၏ မြောက်ဘက်တွင် ကျောက်ဆစ်လက်ရာ အမြောက် အမြားဖြင့် တန်ဆာဆင်ထားသည့် အဆောက်အဦးမှာ ခြင်ကိုက်ပိဋကတ်တိုက်တော် ဖြစ်သည်။ ဤပိဋကတ် တိုက်သည် ခြင်ကိုက်တံတိုင်း၏အနီးတွင် တည်ရှိသဖြင့် ခြင်ကိုက်ပိဋကတ်ဟု အမည်တွင်သည်။ မြောက်ဦး တစ်ခွင်၌ ပိဋကတ်တိုက်ပေါင်း (၄၈)ခုရှိသည့်အနက် ယခုတိုင် အထင်အရှား ကျန်နေဆဲ ပိဋကတ်တိုက် ဖြစ်သည်။ ဤပိဋကတ်တိုက်သည် အနားတစ်ဘက်လျှင် တစ်ဆယ်သုံးပေ အရှည်ရှိပြီး မုခ်ထွတ်ခြောက်ပေပါရှိသည်။ ဂူကျောင်းတွင် ထောင့်တစ်ခု စီ၌ ခိုနန်းချိုးတစ်ဆစ်ချိုးထားသည်။ နံရံမှာ အတွင်းသို့ ချိုင့်ဝင်နေပြီး ကြာပွင့်ဟန်ပုံ ဖြစ်သည်။ အပေါ်မှ ပြဿဒ်ဘုံငါးဆင့်အထိ အမြင့်တစ်ဆယ့်ငါးပေ ရှိသည်။ ကုသိုလ်ရှင်မှာ ဘုရင်မင်းဖလောင်းဖြစ်ပြီး ၁၅၉၁ ခုတွင် ပိဋကတ်တော်များ ထားရှိရန်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဤပိဋကတ် တိုက်တော်ကို အနောက်ဘက်ရှိ တောင်ညိုကျောင်းတိုက်မှ ရဟန်းသံဃာတော်များက အသုံးပြုခဲ့ကြသည်။

http://www.dhammadownload.com



## (၁၂) ထုက္ကန့်သိမ်ပုထိုးတော်ကြီး (အေဒီ – ၁၅၇၁)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

မြောက်ဦးမြို့မြောက်ပိုင်းတွင် တည်ရှိသော ဤထုက္ကန့်သိမ်တော်ကြီးသည် တောင်မြောက် ၁၁၀ ပေ၊ အရှေ့အနောက် ၁၃၇ ပေ ရှည်ပြီး ပေနှစ်ဆယ်ခန့်မြင့်သော ကုန်းတော်ပေါ်တွင် ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။ ပုထိုးတော်ကြီး၏ အနောက်ဘက်ထောင့်တွင် ဥပုသ်ဆောင်တော်တစ်ခု ဆက်လျှက်ရှိသည်။ သိမ်တော်ကြီးသည် အောက်ခံကျောင်းပေါ်ရှိ အလယ်စေတီကို ထောင့်စေတီ လေးဆူရံထားပုံ ဖြစ်သည်။ ဤသဘောမှာ လေးမျက်နှာပုထိုးမှ တွေ့ရသလို ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ စသည့်ပွင့်တော်မူသော ဘုရားလေးဆူနှင့် ပွင့်တော်မူလတ္တံ့သော အရိမေတ္တယျမြတ်စွာဘုရားကို ရည်စူးထားဟန်သဘောပင် ဖြစ်သည်ဟု ယူဆရသည်။ အလယ်စေတီဟန်မှာ သျှစ်သောင်းပုထိုးတော်ကြီးမှ စေတီများကဲ့သို့ သပိတ်မှောက်အပေါ်၌ ကုဗပုံဓာတုဂဗ္ဘဆင့်ထားဟန် ဖြစ်သည်။

အောက်ခံကျောင်းတော်တွင် ဝင်လမ်းတစ်ခုတည်းရှိပြီး ခရုပတ် ရစ်သွားသော လိုဏ်နှစ်ခု ရှိသည်။ လိုဏ်လမ်းအဆုံး၌ ဂန္ဓကုဋိတိုက်တော် ရှိသည်။ လိုဏ်ပတ်လမ်းနံရံတစ်လျှောက်တွင် ဂူကျောင်းငယ် ၁၄၆ ရှိပြီး သျှစ်သောင်းကဲ့သို့ သွန်းဆင်းတုတော်များ စံပါယ်ခဲ့ကြသည်။ ဂူမျက်နှာက ၌ ကုသိုလ်ရှင်များက ပူဇော်နေဟန် ကျောက်ဆစ်လက်ရာများကို ထားရှိသည်။ စုစုပေါင်း ရုပ်ကြွ ၃၃၀ ကျော် ရှိသည်။ ရုပ်ကြွများကို မြောက်ဦးခေတ်လယ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများဖြင့် ထုဆစ်ထား၍ မြောက်ဦးခေတ်၏ ဝတ်စားဆင်ယင်မှု ပြတိုက်ဟု ဆိုရလောက်သည်။ ရုပ်ကြွများကို ထိုခေတ်ရှိ ရာထူးအဆင့်အတန်းအလိုက် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများ ကွဲပြားခြားနားကြပုံကို ပေါ်လွင်အောင် ထုလုပ်ထားသည်။ ရှေးရခိုင်ဝတ်စားဆင်ယင်မှုဆိုင်ရာ ယဉ်ကျေးမှုပင်ဖြစ်သော-

"ဗောင်းတော်လေးဆယ် စလွယ်တော်ကိုးပါး၊ ခါးကြိုးငါးရစ်၊ လက်စွပ်ရှစ်ဆယ့်တစ်၊ လက်ယစ်ကိုးခွေ၊ နဘောကိုးဆင့်၊ ကြယ်ပွင့် တစ်ဆယ့်ခြောက်၊ လက်ကောက်နှစ်ဆယ်၊ ပန်းသွယ် ငါးမျိုး၊ ဆံထိုးရှစ်ခု၊ ပန်းပုရှစ်ချက်၊ ခြေစွယ်ခုနစ်ပါး၊ ကိုယ်လှာငါးမျိုး" စသည်တို့အပြင် ဆံထုံး ထုံးနည်း ၆၄ မျိုးကိုကား ဤလက်ရာများမှာ လေ့လာနိုင်ပေသည်။

ပုထိုးတော်ကြီးကို ကျောက်ပြားခင်း၊ ကျောက်ပြားပါးသပ်စီ ပေါင်းစုံစနစ်ဖြင့် တည်ထောင်

http://www.dhammadownload.com



ထားသည်မှာ မြောက်ဦးခေတ်၏ ဗိသုကာစွမ်းပကားတစ်ခုပင် ဖြစ်တော့သည်။ သာသနာပိုင်ဆရာတော်ကြီးနှင့် သံဃာတော်များ ဓမ္မသဘင်ပြုလုပ်ခြင်း၊ ဥပုသ် ပဝါရဏာပြုလုပ်ခြင်းတို့ကို ရည်ရွယ်၍လည်းကောင်း၊ "အိမ်အိုကျားကန် မြို့အိုထုတ်ကန်" ဆိုသော ဆိုရိုးစကားအရလည်းကောင်း ဘုရင်မင်းဖလောင်းသည် ၁၅၇၁ ခုတွင် တည်ထောင်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ထုက္ကန့်သိမ်ဟုတွင်သည်။ အဆောက်အအုံထုထည် ကြီးမားခြင်း၊ ခရုခွေပုံစံ လိုဏ်ပတ်လမ်းရှိခြင်းတို့ကြောင့် ခံတပ်နှင့်အမြင်မှားလေ့ရှိကြသည်။

ဤထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ ဗိသုကာပညာနှင့်တည်ဆောက်သော ကုသိုလ်ရှင်၏ ဗုဒ္ဓဘာသာရေး အတွေးအခေါ် တစ်ရပ်ကို ပေါ်လွင်လျက်ရှိပါသည်။

ဤပုထိုးကြီး၏ ဗိသုကာပညာမှာလည်း လွန်စွာဆန်းလှလေသည်။ အမျိုးဘာသာသာသနာကိုပြည့်ပြည့်ဝဝ ကိုယ်စားပြုထားသည်ကို တွေ့ရပေရာ ရခိုင်တို့၏ ဗိသုကာပညာအစွမ်းကို ခိုင်ခိုင်မာမာပြထားကြောင်း တွေ့ရပါ၍ ကုသိုလ်ရှင်၏စိတ်ဆန္ဒနှင့် ယုံကြည်ချက်ကို ထင်ဟပ်လျက်ရှိ ပါသည်။

မင်းဖလောင်း၏အရည်အချင်း ပြည့်ဝမှု၊ ယင်းမင်းတည်ဆောက်ခဲ့သည့် ထုက္ကန့်သိမ်တော် ကြီးကို လေ့လာခြင်းဖြင့် ပေါ်လွင်သိရှိနိုင်ပေသည်။ ပုထိုးတော်ကြီးကို "ဂရာတောင်"ပူစာပေါ်မှာ တည်ဆောက်ခြင်းကို ကြည့်ခြင်းအားဖြင့် မြင့်မားသောယုံကြည်မှု ရှိသူဟု ဆိုရပေမည်။

မင်းဖလောင်း၏ဗိသုကာပညာ အရာရာတွင် ကျွမ်းကျင်လိမ္မာ ယုံကြည်မှုရှိသည်ကိုလည်း ထိုထုက္ကန့်သိမ်ပုထိုးတော်ကြီးက သက်သေပြနေပါသည်။ ပုထိုးတော်ကြီးကို ကြီးမားသော ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသော်လည်း အတက်လှေကားများကို ညီညာချောမွေ့မှုမရှိသည့် ကျောက်တုံးကြီးများနှင့်သာ ဆောက်ထားခြင်းမှာ ထူးခြားလှပေသည်။ သုံးဆယ့်တစ်ပုံသော ဘဝသံသရာတွင် ကျင်လည်ရာ၌ ဆင်းရဲဒုက္ခအမျိုးမျိုး၊ သုခအမျိုးမျိုးကို မညီမညာခံစားရပြီး နိဗ္ဗာန်ချမ်းသာကို ရအံ့ဟူသောအသိကို ရှိစေရန် သရုပ်ဖော်ခြင်းပင် ဖြစ်ပေသည်။ လူ့ဘဝ၏ရခဲမှုကိုလည်း နားလည်စေလိုသော သဘောပါပေ။

ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ ဝင်ပေါက်မှာ အရှေ့ဘက်မျက်နှာတွင် တစ်ပေါက်သာရှိနေသည်မှာလည်း အဓိပ္ပါယ်ထူးခြားလှသည်။ လှေကားတက်လမ်းမှာ ပုထိုးတော်ကြီး၏ အလယ်တည့်တည့်မှာရှိနေသော်လည်း ပုထိုးတော်ကြီးအတွင်းသို့ ဝင်ပေါက်နှင့်တည့်တည့်မကျစေဘဲ လွှဲထားသည်ကို တွေ့ရသည်။ အဓိပ္ပါယ်ဆောင်သည်ကား လူ့ဘဝသို့ ရောက်လာသူများမှာ

http://www.dhammadownload.com



တစ်ဦးနှင့်တစ်ဦး မတူညီကြ၍ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကြိုးပမ်းကြရာတွင်လည်း မတူညီကြ၊ ကံ,ကံ၏အကျိုးအတိုင်း ဖြစ်ပေါ်လာရကြောင်းကို ဆိုလိုသည်။ ဝင်ပေါက်တစ်ပေါက်တည်း ထားရှိခြင်းမှာလည်း သံသရာမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း၏ တစ်ခုတည်းသော လမ်းစမှာ နိဗ္ဗာန်ပင်ဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပြီး ဤအဝင်ပေါက်မှာ ကျဉ်းမြောင်းသောအခန်းကို နံရံကြီးများနှင့်ဆီးတားခြင်းနှင့် တူနေခြင်းသည်ကား နိဗ္ဗာန်ကိုအရောက်သွားသော လမ်းကြောင်းမှာ မလွယ်ကြောင်းကို ပြထားသည့်သဘောပင် ဖြစ်ပေသည်။ ဆိုလိုရင်းမှာ သံသရာမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကြိုးပမ်းရာတွင် မူလပထမ၌ မိမိ၏စိတ်ကို ချိုးနှိမရန်လိုအပ်ကြောင်းကို ပြဆိုထားခြင်းလည်း ဖြစ်သည်။

## (၁၃) ဘုရားအုပ်စေတီတော်ကြီး (အေဒီ – ၁၅၇၁)

ဤဘုရားအုပ်ပုထိုးတော်ကြီးမှာ မြောက်ဦးမြို့အရှေ့ပိုင်းတွင် တည်ရှိသည်။ ယခုအခါ စေတီတော်မှာ အောက်ခံပစ္စယာတစ်ဆင့်သာ ကျန်ရှိတော့သည်။ ထိုပစ္စယာတွင် မုခ်ကပ်ဂူကျောင်းငယ် ၂၉ ကျောင်း ကို တည်ဆောက်ထားသည်။ ဂန္ဓကုဋိတိုက်တော်၌ ဉာဏ်တော် ၁၂ ပေ၊ ၅ လက်မ မြင့်သော ကျောက်ဆင်းတုတော်တစ်ဆူ စံပါယ်တော်မူသည်။ ဤစေတီတော်ကို ဘုရင်မင်းဖလောင်းသည် နန်းတက်သက္ကရာဇ် ၁၅၇၁ ခုနှစ်တွင် နိုင်ငံမပြိုကွဲရန် အတိတ်နိမိတ်ဖြင့် တည်ထားခဲ့ခြင်းဖြစ်သည်။

## (၁၄) ပခန်းသိမ်

မြောက်ဦးမြို့ အနောက်ဘက်တောင်ပိုင်းရှိ ဘားဘူတောင်ကုန်း ငယ်တွင် ဉာဏ်တော် ၆ ပေခန့်ရှိ ကျောက်ဆင်းတုတစ်ဆူ စံပါယ်လျှက် ရှိရာ သိမ်တော်ကို ပခန်းသိမ်ဟု ခေါ်သည်။ ၁၇၈၅ ခုနှစ်နောက်ပိုင်းတွင် ပခန်းဆရာတော်သည် ရခိုင်ဓညဝတီသာသနာပြုစဉ်က ဤအရပ်၌ သီတင်းသုံးခဲ့သဖြင့် ဤကဲ့သို့ အမည်တွင်ခြင်းဖြစ်သည်။

## (၁၅) ဘုရားပေါ်စေတီ (အေဒီ – ၁၆၀၃)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

မြောက်ဦးမြို့ အနောက်တောင်ပိုင်းရှိ ရွှေကြာသိမ် အနောက်ဘက် မိုင်ဝက်ခရီးတွင် ဘုရားပေါ် စေတီတည်ရှိသည်။ ကုလားကျောင်း အောက်ခံနှင့်ဖြစ်ပြီး ၁၈ ရာစုအဆုံးပိုင်း၌

http://www.dhammadownload.com



ပြုပြင်ထားခြင်းဖြစ်သည်။ ဂန္ဓကုဋိတိုက်တော်၌ ကိန်းဝပ်သည့်ဉာဏ်တော် ၁၂ ပေ ၃ လက်မရှိ ကျောက်ဆင်းတုတော်ကို ၁၆၀၃ ခုနှစ်တွင် အနီးရှိချောင်းထဲမှရရှိခဲ့ရာ မင်းရာဇာကြီး၏ သမီးတော် ပန်းသန္တာက ဒါယိကာမပြုခဲ့သည်။ ဤဆင်းတုတော်ကို အေဒီ-၃၂၇ ပြုပြင် အေဒီ-၃၆၄တွင် ဝေသာလီမြို့ သို့ မဟာတိုင်းစန္ဒြ (ခ) ဒွေင်စန္ဒြက မဇ္ဈိမဒေသမှ ပင့်ဆောင်ခဲ့စဉ် ရေ၌ကိန်းဝပ်သွား ကြောင်း အယူရှိခဲ့ကြသည်။

ဘုရားပေါ်သိမ်အတွင်း၌ အရစ် ၁၀ ရစ်ပါသော ထုချွန်ပုံမဏ္ဍိုင် စေတီ၌ ဗုဒ္ဓဆင်းတုတော် ၁၀၃ ဆူတို့ ထုဆစ်ပူဇော်ထားသည်မှာ ရခိုင် ကျင့်ထုံး၊ တရာ့သုံးကို ရည်ညွှန်းသည်ဟု ဆိုသည်။

## (၁၆) မင်းပေါင်းရွှေဂူ
## (၁၇) ရတနာပုံစေတီ (အေဒီ–၁၆၁၂)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

ဤရတနာပုံစေတီသည် မြောက်ဦးမြို့မြောက်ပိုင်းရှိ အံတော်သိမ်နှင့်ကပ်လျှက် တည်ရှိ သည်။ အဝန်းပုံစံဖြစ်ပြီး ပုအိုင့်အိုင့်ရှိသော သပိတ်မှောက်ပုံကို ပစ္စယံသုံးဆင့်တွင် တင်ထားသည်။ အထွတ်မရှိတော့ပေ။ ကုသိုလ်ရှင်များမှာ မင်းခမောင်းနှင့်မိဖုရားကြီး သျှင်ထွေးတို့ဖြစ်ကြပြီး ၁၆၁၂ ခုတွင် တည်ထားခဲ့သည်။ ပန္နက်ပုံသဏ္ဌာန်မှာ အာရုံခံရင်ပြင် ကျယ်ပါရှိသော အဌဂံပုံစံတစ်မျိုး ဖြစ်သည်။ ရင်ပြင်ထောင့်များတွင် ကျောက်တုံးလေးတစ်တုံးဖြင့် ပြုလုပ်ထားသော ခြင်္သေ့ရုပ်များ ရှိသည်။ ရင်ပြင်မှရေများကို ထုတ်ရန်ဆင်ရုပ် ရေပြွန်များ တပ်ဆင်ထားသည်။ အာရုံခံရင်ပြင်၏ အရှေ့ဘက်သိမ်တော်ရာတွင် ကြွေရည်သုတ်ကျောက်ချပ်များ ခင်းထားသည်။

## (၁၈) ရတနာပြဿာဒ်စေတီ
## (၁၉) သကျမာရ်အောင်စေတီ (အေဒီ – ၁၆၁၅)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

သကျမာရ်အောင်စေတီသည် မြောက်ဦးမြို့အရှေ့ပိုင်းရှိ ရွှေဂူတောင်စေတီတော် အရှေ့ဘက်တွင် တည်ရှိသည်။ အနောက်ဘက်အဝင်ဝ၌ ဘီလူးကြီးနှစ်ကောင် စောင့်နေဟန်

http://www.dhammadownload.com



ကျောက်ဖြင့်ထုဆစ်ထား သည်မှာ အသက်ဝင်လှသည်။ စေတီတော်နှင့် ဝင်းတော်နှစ်ထပ်စလုံးကို ကျောက်သားဖြင့် တည်ဆောက်ထားသည်။ ဝင်းတော်အတွင်း၌ အရံစေတီများ ရှိသည်။ စေတီတော် မှာ အောက်ခံကြာပွင့်များ ပွင့်အာနေပုံ၊ ဖိနပ်ပေါ်၌ စေတီတော်ဖောက်ထားဟန် ဖြစ်သည်။ နွံတည်း ဟူသော လောကီဘုံမှ ဗုဒ္ဓတည်းဟူသော ကြာပွင့်ပွင့်လာဟန် သရုပ်ဖော်ထားခြင်းဖြစ်သည်။ ပစ္စယံ များတွင် မုခ်ထွက်တံကဲများ၊ ခိုနန်းချိုးများ ပါရှိသည်။ စေတီတော်မှာ ၁၁၄ ပေ မြင့်သည်။ စေတီတော်၏ အောက်ခံပစ္စယာသည် ထူးခြားသော ဗိသုကာလက်ရာ တစ်ခုပင်ဖြစ်သည်ဟု သုတေသီတို့က မှတ်ချက်ပြုကြသည်။

ကုသိုလ်ရှင်မှာ သီရိသုဓမ္မရာဇာမင်းဖြစ်၍ ၁၆၂၉ တွင် တည်ထားခဲ့သည်။ ပရိဝုဏ် တစ်ခုလုံးကို မဟာသိမ်အဖြစ် သမုတ်ထားခဲ့သည်။ အရှေ့မျက်နှာစာတွင် ကိန်းဝပ်လျှက်ရှိသော ကျောက်ဆင်းတုတော်မှာ ပြည်စိုးကြီးဘုရားမှ ၁၆၁၅ ခုနှစ်တွင် ပင့်ဆောင်ကိုးကွယ်ထားခြင်း ဖြစ်သည်။

## (၂၀) မင်းခေါင်ရွှေတူစေတီ (အေဒီ – ၁၆၂၉)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

မြောက်ဦးမြို့အရှေ့ပိုင်းရှိ ဘုရားအုတ်စေတီ၏ တောင်ဘက်အနီးတွင် မင်းခေါင်ရွှေတူ စေတီတော် တည်ရှိသည်။ သက်နိုးရစ်တွင် ရွှံပြားများဖြင့် စီခြယ်ထားသည်။ စေတီတော်ကို ကျောက်ဆစ်လက်ရာများဖြင့် တန်ဆာဆင်ထားသည်။ ဤဘုရားကို ၁၆၂၉ ခုတွင် သီရိသုဓမ္မရာဇာ မိဖုရားကြီး နတ်ရှင်မေက ဘုရင်မင်းမြတ် တည်တော်မူသော ဘုရားနှင့်အပြိုင် တည်ထားခဲ့ သည်။

## (၂၁) မျှော်တော်မူစေတီ (အေဒီ – ၁၆၂၉)

မြောက်ဦးအရှေ့တောင်ပိုင်းရှိ အလယ်ဈေးတံတားအလွန်၌ မျှော်တော်မူစေတီတော်ကို ဖူးတွေ့ရသည်။ ဤစေတီမှာလည်း သီရိသုဓမ္မ ရာဇာ၏ မိဖုရားနတ်ရှင်မေ၏ ကုသိုလ်တော်တစ်ဆူ ဖြစ်သည်။ နောက်ပိုင်းခေတ်၌ ပြုပြင်ထားသဖြင့် အုတ်လက်ရာကိုသာ တွေ့ရသည်။

http://www.dhammadownload.com



*မြောက်ဦးတတိယခေတ် (သို့) နှောင်းခေတ်တွင် ထင်ရှားသော စေတီပုထိုးများ*

| စဉ် | စေတီပုထိုးနှင့် သာသနိက | ကုသိုလ်ရှင် | တည်ဆောက်သည့်နှစ် | | တည်နေရာ |
|---|---|---|---|---|---|
| | | | ကောဇာ | ခရစ်အေဒီ | |
| ၁။ | မြင်တော်မူစေတီ | နာရပတိကြီး | ၁၀၀၃ | ၁၆၄၁ | မြို့တွင်းပိုင်း |
| ၂။ | ထင်တော်မူစေတီ | နာရပတိကြီး | ၁၀၀၃ | ၁၆၄၁ | မြို့တွင်းပိုင်း |
| ၃။ | ရတနာ့မာရ်အောင်စေတီ | စန္ဒသုဓမ္မရာဇာ | ၁၀၁၄ | ၁၆၅၂ | မြောက်ပိုင်း |
| ၄။ | ဇိနမာရ်အောင်စေတီ | စန္ဒသုဓမ္မရာဇာ | ၁၀၁၄ | ၁၆၅၂ | တောင်ပိုင်း |
| ၅။ | လောကမာရ်အောင် | စန္ဒသုဓမ္မရာဇာ | ၁၀၁၄ | ၁၆၅၂ | အနောက်ပိုင်း |
| ၆။ | မင်္ဂလာမာရ်အောင် | ဥဂ္ဂါဗလရာဇာ | ၁၀၄၇ | ၁၆၈၅ | မြောက်ပိုင်း |
| ၇။ | ဟရိတောင်စေတီ | နရအဘယရာဇာ | ၁၁၁၂ | ၁၇၅၀ | မြို့တွင်းပိုင်း |

## (၁) မြင်တော်မူစေတီနှင့် (၂)ထင်တော်မူစေတီ(အေဒီ–၁၆၄၁)

ဤစေတီနှစ်ဆူမှာ မြောက်ဦးမြို့ အလယ်ပိုင်းရှိ တောင်ထိပ်နှစ်ခုတွင် တဆက်တည်း တည်ရှိကြသည်။ ဤစေတီတော်တို့ကို နာရပတိကြီးက ၁၆၄၁ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ တည်ထားရခြင်း အကြောင်းမှာ မြောက်ဦးနန်းတော်တောင်ဘက် လက်ဆည်ကန်အနီး၌ ဘုရင်မင်းဗာကြီးကောင်းမှုပြုခဲ့သော ရင်ရိုးတော်စေတီနှင့် နံရိုးတော်စေတီတို့သည် ပဋိရူပမသင့်တော်သဖြင့် ပြောင်းရွှေ့ပြီး အမည်သစ်အသီးသီး ပေးခဲ့ခြင်း ဖြစ်သည်။

http://www.dhammadownload.com



## (၂) ရတနာမာရ်အောင်စေတီ (အေဒီ ၁၆၅၂)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

ရတနာမာရ်အောင်စေတီသည် မြောက်ဦးမြို့ မြောက်ပိုင်းရှိ ရတနာပုံစေတီ၏ အရှေ့ဘက် တောင်ကြားအလွန်တွင် တည်ရှိသည်။ ဤစေတီတော်မှာ ရှစ်မြောင့်ထုချွန်ပုံဖြစ်ပြီး ဉာဏ်တော် ၁၈၀ ပေမြင့်၍ ကျောက်ဆစ်ပန်း ပြောက်လက်ရာများဖြင့် တန်ဆာဆင်ထားသည်။ ကုသိုလ်ရှင် စန္ဒသုဓမ္မရာဇာက ၁၆၅၂ ခုတွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။စေတီတော်ရင်ပြင်၏ အနောက် မြောက်ထောင့်တွင် အလျား ၅၄ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၀ ပေ ခန့်ရှိသော ဂေါ်ဂူဖြူ ကျောက်ဂူတစ်ခုတည်ရှိသည်။ ဂူဖြူဆရာတော်သည် ၁၆၉၇ ခုတွင် နန်းတင်ခံရပြီး မာရုမ္မိယအမည် ဖြင့် တစ်နှစ်အုပ်စိုးခဲ့သည်။ စေတီတော်၏ မြောက်ဘက်တွင် ရတနာစံဦးကျောင်းတိုက်ရှိခဲ့သည်။ ယခုအခါ ကျောင်းဝင်းတော် အကြွင်းအကျန်လောက်ကိုသာ မြင်တွေ့ရ တော့သည်။

## (၃) ဇိနမာရ်အောင်စေတီ (အေဒီ ၁၆၅၂ – ၁၆၇၄)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

မြောက်ဦးမြို့ တောင်ပိုင်းရှိတက္ကသီလာဘုရား၏ အနောက်ဘက်တောင်ကုန်းပေါ်၌ ကြံ့ခိုင်မှုသရုပ် ပေါ်လွင်နေသော စေတီတော်ကြီးသည် ဇိနမာရ်အောင်စေတီဖြစ်သည်။ မာရ်ငါးပါး ဝင် ဤစေတီတော်သည် ရှစ်မြောင့်ပုံဖြစ်ပြီး ဂန္ဓကုဋိတိုက်တော်ပါရှိသည်။ အောက်ခံပစ္စယာ ထောင့်များတွင် ကိုယ်နှစ်ခုပါရှိသော ပူးတစ်ကောင်စီစောင့်ပြီး အထက်ပစ္စယာများတွင်မူ ရိုးရိုးပူး တစ်ကောင်စီစောင့်သည်။ ဤစေတီသည် ရတနာမာရ်အောင် ဘုရားတည်ဒါယကာ စန္ဒသုဓမ္မရာဇာ ၁၆၅၂-၁၆၇၄ ၏ ကောင်းမှုတစ်ဆူပင်ဖြစ်သည်။ ဤဘုရင်စတင်တည်ခဲ့သော ဘုရားမှာ ဇိနမာရ်အောင်စေတီ၏ မြောက်ဘက်ရှိ ပန်းတိမ်တောင် ပေါ်တွင် ကိန်းဝပ်သည်။ ထိုဘုရားသည် အရွယ်ပမာဏသေးငယ်သဖြင့် အသျှင်စံသု၊ ပန်းတိမ်တောင်တွင် တည်ထားပြု သာဓုမခေါ်သာဟူ၍ ပြည်သူတို့က ကဲ့ရဲ့သမှုပြုကြသဖြင့် ဘုရင်တစ်ပါး၏ ဂုဏ်သိက္ခာနှင့် ညီစေရန် ဉာဏ်တော်ကြီးမား သော စေတီတော်ကို ထပ်မံတည်ထားခဲ့ခြင်း ဖြစ်သည်။

http://www.dhammadownload.com



## (၄) လောကမာရ်အောင်စေတီ (အေဒီ ၁၆၅၂–၁၆၇၄)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

မြောက်ဦးမြို့ အနောက်ပိုင်းတွင် တည်ရှိသည့် လောကမာရ်အောင်စေတီတော်မှာ ဇိနမာရ်အောင် ကဲ့သို့ပင် ဂန္ဓကုဋိတိုက်တော်ပါစေတီဖြစ်ပြီး၊ ကုသိုလ်ရှင်မှာလည်း စန္ဒသုဓမ္မရာဇာပင်ဖြစ်သည်။ စေတီတော်၏ အထွတ်သည် ပြေပြစ်သပ္ပယ်လှသည်။ ပစ္စယာအဆင့်ရှိ မုခ်ထွက်တံကဲများတွင် ကျောက်ဆစ်လက်ရာများ ပါရှိသည်။ ဂန္ဓကုဋိတိုက်တော်၌ ဉာဏ်တော် ၁၂ ပေ ၅ လက်မမြင့်သော ကျောက်ဆင်းတု တစ်ဆူကိန်းဝပ်သည်။ ၁၆၇၆ ခုတွင် ဤဘုရား၏ ပရိဝုဏ်အတွင်း၌ စန္ဒသုဓမ္မရာဇာမင်း၏ သားဖြစ်သူ ဥက္ကာဗလမင်းက ပဋ္ဌင်းတစ်ထောင် ခံပွဲကျင်းပခဲ့သည်။ ဤဘုရားကို လောကမူဟုလည်း ခေါ်ကြသည်။

## (၅) မင်္ဂလာမာရ်အောင်စေတီ (အေဒီ ၁၆၈၅)
## (အခန်း ၁၀ မြောက်ဦးခေတ်ဘုရားများ ကို ရှုပါ)

မြောက်ဦးမြို့မြောက်ပိုင်းရှိ မင်္ဂလာတံတားမြောက်ဘက်တွင် မင်္ဂလာမာရ်အောင်စေတီကို ထင်ရှားစွာ ဖူးတွေ့နိုင်သည်။ ထုချွန်လုံးပိတ် စေတီဖြစ်ပြီး ရင်ပြင်တော်တွင် ကျောက်ဆစ်လက်ရာများ ပြန့်ကျဲလျက် ရှိနေသည်။ ဤစေတီတော်သည် ဇေတဝနာရာမ စေတီတော်နှင့် ခပ်ဆင်ဆင် တူသည်။ ကုသိုလ်ရှင် ဥက္ကာဗလ မင်းသည် ကံတော်ကုန်မည့် ၁၆၈၅ ခုနှစ်တွင် တည်ထားခဲ့သည်။

## (၆) ဟရီတောင်စေတီ (အေဒီ ၁၇၅၀)

မြောက်ဦးနန်းတော်ဝင်း၏ မြောက်ဘက်တံတိုင်းနှင့်ကပ်လျက် ပေခုနစ်ဆယ်မြင့်သော တောင်တစ်ခုပေါ်တွင် တည်ရှိသော ဟရီတောင် စေတီဟုခေါ်သောစေတီမှာ မြတ်စွာဘုရား၏ အရိုးပြား (အရေပြား) တော် ဓါတ်ကိန်းဝပ်တော်မူသည့် စေတီတော်ဖြစ်သည်။ ဤစေတီတော်ကို ၁၇၅၀ ပြည့်နှစ်တွင် နရအဘယရာဇာမင်းတည်ထား ကိုးကွယ်ခဲ့သော စေတီဖြစ်သည်။ ယခုဖူးတွေ့ရ သောလက်ရာမှာနောက်ပိုင်းခေတ် ပြုပြင်ထားသော လက်ရာဖြစ်သည်။

http://www.dhammadownload.com



## မြောက်ဦးခေတ်စာပေသမိုင်း

မြောက်ဦးခေတ်စာပေသမိုင်းအကြောင်းကို မတင်ပြမီ၊ ကျွန်ုပ်တို့ ဖြတ်သန်းလာခဲ့သော မြောက်ဦးခေတ်မတိုင်မီက ခေတ်များ၏ စာပေသမိုင်းများကို အကျဉ်းမျှသိရှိထားရန် လိုအပ်ပေမည်။ စင်စစ်မြောက်ဦးခေတ်စာပေသည် အဆိုပါရှေးကျသော ခေတ်များမှတဆင့် ဆင်းသက်လာကြောင်းကို မည်သူမျှငြင်းကွယ်လို့ရမည် မဟုတ်ပါ။ ထို့ကြောင့် ဓညဝတီခေတ်၊ ဝေသာလီကျောက်လှေကားခေတ်နှင့် လေးမြို့ခေတ် စာပေသမိုင်းအကြောင်းကို လေ့လာဖတ်ရှုလိုသူများအတွက် စိတ်ဝင်စားဖွယ် ဖြစ်လာပါမည့်အပြင် နားလည်းသဘောပေါက်သိရှိရန် ပိုမိုလွယ်ကူမည်ဖြစ်ပေသည်။

## ရခိုင်စာပေသမိုင်း

အရေးအဖတ်စာပေတို့သည် ရခိုင်ဒေသတွင် ရှေးအခါကပင် ရှိခဲ့သည်။ ရခိုင်တွင် ပေါ်ပေါက်ခဲ့သော စာပေများတွင် ရခိုင်ဒေသနေ လူတို့ဖြတ်သန်းလာရသော လူနေမှုဘဝနှင့် ခေတ်ကာလအခြေအနေတို့ကို ထင်ဟပ်လျက်ရှိပေသည်။

ရခိုင်သုံး အက္ခရာများ၏ မူရင်းဇစ်မြစ်သည် အိန္ဒိယပြည်၌ ပေါ်ထွန်းခဲ့သော ဗြဟ္မီနှင့် ဗြဟ္မီပွား အက္ခရာများပင် ဖြစ်သည်ဟု သုတေသီများက ဆိုကြသည်။

## ဓညဝတီခေတ်စာပေ

ဗြဟ္မီအက္ခရာဖြင့် ရခိုင်တွင်ဓညဝတီခေတ်၌ အရေးအသားရှိပြီးဖြစ်ကြောင်း တောင်ပေါက်ကြီး ကျောက်စာနှင့် တစ်ရာစုအေဒီလောက်က အသုံးပြုခဲ့သောဗြဟ္မီဖြင့် ရေးထိုးထားသော ဘုရားဗိုက်ပူသစ္စကပုရပိုင်ကျောက်စာများအရ သိရှိရသည်။ ဤကျောက်စာများအရ ပါဠိစာပေမှာ အရေးတွင်နေပြီးဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်သည်။ ရခိုင်သမိုင်းများက ဓညဝတီခေတ်တွင် ကျောက်ထုံးစာပေများ ထွန်းကားခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

## ဝေသာလီကျောက်လှေကားခေတ်စာပေ

ဝေသာလီကျောက်လှေကားခေတ်တွင် အရေးအသားများ လွန်စွာကျယ်ပြန့် နေပြီဖြစ်ကြောင်း ယင်းခေတ်က ရေးထိုးထားသော ကျောက်စာများ၊ ခေါင်းလောင်းစာများ ကြေးနီပြားစာများ၊ ဒင်္ဂါးစာများအရ သိရှိနိုင်ပေသည်။ ဤအရေးအသားများပါသော ရှေးဟောင်းပစ္စည်း

http://www.dhammadownload.com



များကို ရခိုင်ပြည်နယ်အနှံ့တွင် တွေ့ရှိရပေသည်။ အသုံးပြုသော စာပေမှာ ပါဠိ၊ သက္ကဋနှင့် ပါဠိသက္ကဋရော အရေးအသားများဖြစ်ကြပြီး ဒေသအလျောက် လက်ရေးလက်သားများ ပြောင်းလဲလာသည်ဟု သုတေသီတို့က ဆိုကြသည်။

ကျောက်စာများမှာ များသောအားဖြင့် ကျောက်စေတီများ ပြိုကျရာမှ ပြုတ်ကျ၍ ရရှိခြင်းဖြစ်သည်။ အကြောင်းအရာမှာ ယေဓမ္မဂါထာတစ်ခုတည်း ထိုးထားသောကျောက်စာ၊ ယေဓမ္မဂါထာကို ဦးစွာရေထိုးပြီး စေတီပုထိုးတည်၍ ကုသိုလ်ကောင်းမှုပြုသောစာများ၊ ယေဓမ္မများ ဖြစ်ကြသည်။ ယင်းကျောက်စာများအပြင် ဝိဟာရကျောင်းတော်ကြီးများ ဆောက်လုပ်ပြီး၍ ယင်းကျောင်းတော်၏ ဝေယျာဝစ္စများအတွက် အသုံးပြုနိုင်ရန် မြေလှူသော မြေလှူမှတ်တမ်း ကြေးနီပြားတစ်ချပ်ကိုလည်း ဝေသာလီမှရရှိသည်။ ထို့အပြင် စာထိုးပါရှိသော ခေါင်းလောင်းငယ် နှစ်လုံးကိုလည်း ရရှိသည်။ ရှင်ဘုရင်၏ အမည်များရေးထိုးထားသော ဒင်္ဂါးအမြောက်အမြားကို လည်း ရရှိထားပြီးဖြစ်သည်။

ဝေသာလီခေတ်တွင် အရေးကြီးဆုံးသော ကျောက်စာမှာ ဝေသာလီကျောက်စာတိုင်ခေါ် မြောက်ဦးမြို့ရှိ သျှစ်သောင်းဘုရားကျောက်စာတိုင်ပင် ဖြစ်သည်။ စာသုံးမျက်နှာ ပါရှိသည်။ တစ်မျက်နှာနှင့် တစ်မျက်နှာ နှစ်ပေါင်းနှစ်ရာစီခြား၍ ပြောင်းလဲလာသော ပြုဟ္မီပွါး အက္ခရာများကို အသုံးပြုပြီး သက္ကဋဘာသာဖြင့် ရေးထိုးထားသော ကျောက်စာတိုင်ကြီးဖြစ်သည်။ လက်ရေး လက်သားပညာအရ အရှေ့ဖက်မျက်နှာပါစာတို့ကို အေဒီ ၆ ရာစုလောက်က ရေးထိုးပြီး အနောက် ဖက် မျက်နှာစာကို အေဒီ ၈ ရာစု၊ မြောက်ဖက်မျက်နှာကို အေဒီ ၁၀ ရာစုလောက်က ရေးထိုးခဲ့ သည်ဟု ခန့်မှန်းကြသည်။

အနောက်ဖက်မျက်နှာကို အေဒီ ၇၂၉ ခန့်တွင် အာနန္ဒစန္ဒြ မင်းကြီးက ရေးထိုးခဲ့သည်ဟု သိရသည်။ စာကို အပိုင်း နှစ်ပိုင်းခွဲနိုင်သည်။ ပထမပိုင်းမှာ မင်းစဉ်မင်းဆက်များ၏ အမည်များနှင့် စိုးစံသောနှစ်များ၊ ယင်းမင်းတို့ အကြောင်းအကျဉ်းပါရှိသည်။ ရှေးရခိုင်ရာဇဝင်ကြီးပင် ဖြစ်သည်။ ဒုတိယပိုင်းမှာ အာနန္ဒစန္ဒြမင်းကြီး နန်းတက်၍ ၉ နှစ်အတွင်း ကိုယ်တိုင်ပြုခဲ့သော အလှူဒါနနှင့် သူတစ်ပါးအားပြုစေ၍ သာဓု အနုမောဒနာ ခေါ်ခဲ့သော ကုသိုလ်ကောင်းမှုတို့အကြောင်းတို့ကို ရေးသားထားသည်။ အက္ခရာမှာ အကြိုနာဂရီအက္ခရာသို့ ပြောင်းခဲ့ပြီး ဖြစ်သည်။

ဝေသာလီမြို့ဟောင်းမြောက်ဖက်မှ 'အာယနာကောင်းမှု' ဟု ယနေ့အက္ခရာဖြင့် ရေးထိုးမှုရှိ သော ဝေသာလီ မိန်းမအရုပ်၊ ဆီမီးခွက် တစ်ခွက်ကို တူးဖော်ရရှိခဲ့သည်။ ယင်းကြေးရုပ်ကို ထုစဉ်က ဤအက္ခရာကို အသုံးပြုပြီးဖြစ်ကြောင်း ထင်ရှားနေသည်။

http://www.dhammadownload.com



ဤခေတ်တွင် ရခိုင်အက္ခရာများကို ဓမ္မဇေယျအမတ်ကြီးက တည်ထွင်အသုံးပြုခဲ့သည်ဟု ရခိုင်သမိုင်းတို့က ဆိုသည်။ ထို့ပြင် သီရိစန္ဒြားမင်းလက်ထက် သင်္ဂါယနာတင်ခြင်းကို မေဓပညာ အမတ်ကြီးက မော်ကွန်းတင်ခဲ့သည်ဟူ၏။ အိမ်ရှေ့မင်းသိင်္ဂစန္ဒြ၏ မြောက်သားတော် သုဝဏ္ဏ ဒေဝီသည်လည်း သိန်ကန်မိန်တွင် ချီရတုတို့ကိုလည်းကောင်း ကဝိကဏ္ဍာကျမ်းကိုလည်းကောင်း၊ ဓမ္မဇေယျအမတ်ကြီးသည် ဗျည်း ၃၃ လုံး၊ လေ့တော်သံကိုလည်းကောင်း စပ်ဆိုခဲ့ကြောင်းဆိုသည်။ ဤခေတ်တွင် စာနကျအမတ်ကြီး၏ စာနကျနိတိကျမ်း ကြမ္မာဒိုက်မင်းကြီး ဝတ္ထု၊ မနုဓမ္မသတ်ကျမ်း၊ ဂေါတမပူရမ်ကျမ်း၊ နက္ခတ်ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ သင်္ချာကျမ်း၊ ဓါတ်ကျမ်းများကိုလည်း မူရင်း သက္ကဋ္ဌစာပေမှ ပြန်ဆိုခဲ့ပေသည်။

## လေးမြို့ခေတ်စာပေ

လေးမြို့ခေတ်အစ အေဒီ ၈၄၇ မင်းရင်ဖြူလက်ထက်၊ ပိဋကတ်တော်များကို ရက္ခဝဏ္ဏ အက္ခရာဖြင့် ရေးကူးမှတ်တမ်းတင်ခဲ့ကြောင်း ရခိုင်သမိုင်းတို့က ဆိုထားသည်။ လေးမြို့ခေတ်တွင် နန်းမြို့တော်များ မကြာခဏ ပြောင်းလဲခြင်း၊ မငြိမ်မသက်မှုများ ဖြစ်ပွားခြင်း၊ လေးမြို့မြစ်ရေ မှာလည်း နှစ်စဉ်ရေတိုက်စားဖြိုဖျက် ခြင်းများကြောင့် လေးမြို့ခေတ်ထိုး ကျောက်စာများမှာ များစွာ ရှားပါးသွားပြီဖြစ်သည်။ ယခုကြွင်းကျန်သော ကျောက်စာများမှာ အလှူဒါနမှတ်တမ်းများ ဖြစ်ကြ သည်။ အကြီးဆုံးကျောက်စာမှာ အမြင့် ၁၇ ပေ၊ အရှည် ၃၀ ပေခန့်ရှိသော လောင်းကြက်တောင် မော်ကျောက်စာပင် ဖြစ်သည်။

လေးမြို့ခေတ် စာပေအနက်မှ ကုမ္မာဘယမင်းသားသည် ဒသရာဇဟူသော ဘွဲ့ကိုခံ၍ နန်းတက်ပြီးနောက် ဘိသိက်ခံသောအခါ ကိရိယာစုံလင်ရာသောအကြောင်းကို ပညာရှိအမတ် ကဝိကျော်က လင်္ကာထုံးဟောင်း၊ သျှိုးလိုက်ရတုကို စပ်ဆိုခဲ့သည်။ အကြောင်းအရာမှာ ပုရိန်ခေတ် ဒသရာဇာမင်း အေဒီ ၁၁၂၃- အေဒီ ၁၁၃၉ ၏ ဘိသိက် မင်္ဂလာပြုလုပ်ခြင်းကို သျှိုးလိုက်ရတု တစ်ပိုဒ်ဖြစ်ပါသည်။

လေးမြို့ခေတ်ဖွဲ့ ရခိုင်သာစွလေ ကဗျာများသည်လည်း မင်းထီးဘုရင်လက်ထက်တွင် ဖွဲ့ဆိုသောကဗျာများ ဖြစ်ပါသည်။ မင်းထီးမတိုင်မီအထိ လေးမြို့ခေတ်အကြောင်းကို စုံလင်စွာ ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။

ဤခေတ်သည် နိုင်ငံရေးမတည်ငြိမ်မှု၊ တရားလက်လွှတ်သော မင်းများကြီးစိုးမှု အမတ်များ ဩဇာ ကြီးထွားမှုများဖြင့် ရောပြွမ်းလျက်ရှိရာ စိုးစံသော ဘုရင်များအား အမတ်အင်္ဂါများနှင့်အညီ

http://www.dhammadownload.com



ဆုံးမလမ်းညွှန် တည့်မတ်လိုသည့် အမတ်များပေါ်ထွန်းခဲ့ခြင်းကြောင့် လျှောက်ထုံးစာပေသည် များစွာထင်ရှားခဲ့သည်။

လေးမြို့ခေတ် နောက်ဆုံးမြို့တော်ဖြစ်သော လောင်းကြက်ခေတ်တွင် ရခိုင်စာပေ အဆင့်အတန်း မြင့်မားလျက် ရှိပေသည်။ အိန္ဒိယပြည် မဟာဗောဓိစေတီ၌ ရခိုင်ဘုရင်မင်းထီး လက်ထက် ရေးထိုးသောကျောက်စာတချပ်ကို တွေ့ရပြီးဖြစ်သည်။ မဟာဗောဓိကို သက္ကရာဇ် ၆၅၇ ခုမှစတင်ပြုပြင်ရာ ၆၆၀ တွင် ပြီးစီးကြောင်း ဖော်ပြထားသည်။

လေးမြို့ခေတ်တွင် ပေါ်ထွန်းခဲ့သော စာပေများအနက် လောကသာရပျို့မှာ များစွာ ထင်ရှားသည်။ မင်းထီးလက်ထက်၌ ရခိုင်သူမြတ်အသျှင်သည် ပိုဒ်ရေ ၅၅ ပိုဒ်ရှိသော နီတိကဗျာရှည်ကြီးကို အပိုင်း ၃ ပိုင်းခွဲ၍ အေဒီ ၁၃၃၃ မှ ၁၃၄၃ အတွင်း ရေးစပ်ခဲ့သည်။ နောင်အခါတွင် ဘုရင်ဖြစ်လာသည့် မင်းကြီးစွာစော်ကဲသည် ငယ်စဉ် အခါက ဤဆရာတော်ထံမှ ဤနီတိကျမ်းကို သင်ကြားခဲ့ဘူးသည်။ ပျို့လောက သမိုင်းတွင် ဤပျို့ကို အစောဆုံးပျို့ဟု သုတေသီ တို့က သတ်မှတ်ထားကြသည်။

## မြောက်ဦးခေတ်စာပေ (ပထမခေတ်)

မြောက်ဦးတော်တွင် ရခိုင်စာပေသည် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ နရနုမင်း(မင်းခရီ အေဒီ ၁၄၃၃-၁၄၅၉)လက်ထက်တွင် ရခိုင်ရှင်သီလဝံသသည် ကဝိကဏ္ဍပါသကျမ်းကို စီရင်ခဲ့သည်။ ဤကျမ်းသည် ကဗျာလင်္ကာစပ်ရာ၌ များစွာအရေးကြီးလှသော ကျမ်းပင်ဖြစ်သည်။ နရနုမင်း လက်ထက်တွင် သံတွဲစား မိဖုရားစောယဉ်မိ၏ ကဗျာနှင့် နရနုမင်း၏ ကဗျာတို့မှာလည်း များစွာလက်ရာမြောက်လှ ပေသည်။ နရနုမင်း၏သား ဘစောဖြူမင်း အေဒီ ၁၄၅၉-၁၄၈၂ လက်ထက် တွင် ရခိုင်စာဆို အဒူမင်းညိုပေါ်ပေါက်ခဲ့သည်။ ဤစာဆိုသည် ချေင်းထဲတွင် အစောဆုံးချေင်းအဖြစ် သတ်မှတ်ခံရသော 'ရခိုင်မင်းသမီး ချေင်း'ကို ရေးစပ်ခဲ့သည်။ ချေင်းဖြင့် ရခိုင်သမိုင်းအစ မာရယုမင်းမှစ၍ ဘစောဖြူမင်းအထိ ကာလကို စပ်ဆိုထား ခြင်းဖြစ်သည်။

## မြောက်ဦးခေတ်စာပေ (ဒုတိယခေတ်နှင့် တတိယခေတ်)

မင်းဗာကြီးလက်ထက်မှ မင်းရာဇာကြီးလက်ထက်တိုင်အောင် ပညာရှိအမတ်ဖြစ်ခဲ့သော

http://www.dhammadownload.com



မဟာပညာကျော်အမတ်၏ လျှောက်ထုံးနှင့် ဖြတ်ထုံးများမှာ များစွာထင်ရှားသည်။ မင်းရာဇာကြီးလက်ထက် အိမ်ရှေ့မင်း၊ မင်းခမောင်း၏ အထိန်းတော် ဥက္ကာပျံမှာ ရတုဘုရင်ပင် ဖြစ်၏။ ၁၂ ရာသီရတု၊ ကျေးစေရတု၊ မယ်ဖွဲ့၊ မောင်ဖွဲ့ရတု အမြောက်အများကို ရေးခဲ့သည်။

ဤခေတ်တွင် သမိုင်းစာပေသည်လည်း များစွာထွန်းကားခဲ့သည်။ မင်းဗါကြီး လက်ထက်တွင် ဝိမလအမတ်ကြီး၊ နရပတိကြီး လက်ထက်တွင် လေက်ရုံးအမတ် အဘာယမဟာရာဇာမင်း လက်ထက်တွင် စာဖတ်တတ်ဒိုးဝေတို့၏ ရာဇဝင်များသည် များစွာထင်ရှားသည်။ လေက်ရုံး အမတ်ကြီးသည် နောင်ဖြစ်လတ္တံ့ သော အခြေအနေများကို နိမိတ်ဖတ်သည့် သိုက်ကျမ်းများကို ပြုစုခဲ့သေးသည်။

မြောက်ဦးခေတ်တွင် သာခြင်းစာပေသည်လည်း လွန်စွာ တိုးတက်ခဲ့ပေသည်။ ပိုးဝါဘွဲ့မှာ မင်းဗာကြီး၏သမီးတော် သံတွဲမင်းသမီး၏ အလှကိုသာခြင်းရှည်ကြီးဖြင့် ဖွဲ့ဆိုထားခြင်းဖြစ်သည်။ သီရိသုဓမ္မရာဇာကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့သော ငစေသာခြင်းသည်လည်း ဇာတ်ဆောင်တဦး တည်းဖြင့် အသုံးတော်ခံသော ပြဇာတ်စာပေတစ်မျိုးပင် ဖြစ်တော့သည်။ စိုင်းဒြားဘွဲ့၊ အဘာယ ကုမ္မာအက (ပင့်ကူအက) တို့မှာ လူအများပါဝင်ရသော ပြဇာတ်စာပေများဖြစ်သည်။

ကျမ်းစာပေများအနက် မြောက်ဦးခေတ်တွင် စူဠာမုနိကျမ်း၊ သရောဒယ(သရဒွေး)ကျမ်း၊ ဒွာနန္ဒရီကျမ်း၊ ပဥ္စဘုတ်ကျမ်း၊ နာရီပိုင်ကျမ်း၊ နာဋိပိသယဆေးကျမ်း၊ ဆေးသဒ္ဒါကျမ်းစသည့် ဆေးကျမ်းများကို တိုးတက်ကောင်းမွန်လာအောင် ဖြည့်သွင်းပြုစုခဲ့သည်။ များသောအားဖြင့် ဆေးကျမ်းများကို မူလသက္ကဋစာပေများမှ ပြန်ဆိုခဲ့ကြသည်။

အနုစာပေများအနက် ဟိတောပဒေသကဲ့သို့ မူလသက္ကဋကျမ်းများကိုလည်း ထီးတော်ပဒေသာဟူ၍ ပြန်ဆိုခဲ့ကြသည်။

## ရခိုင်မင်းသမီးဧချင်းနှင့်ပတ်သက်၍ ရေးသားချက်များအပေါ် သုံးသပ်တင်ပြချက်

မြောက်ဦးခေတ် တတိယမင်းဆက် ဘစောဖြူ ၈၂၀-၈၄၃၊ ၁၄၅၉-၁၄၈၂ မင်းလက်ထက်တွင် ပေါ်ထွန်းခဲ့သော ပညာရှိအမတ် အဒူမင်းညိုရေးသားစီကုံးသည့် ‘ရခိုင်မင်းသမီး ဧချင်းမှာ

http://www.dhammadownload.com



တွေ့ရှိသမျှသော ချောင်းများတွင် အဟောင်းဆုံးဖြစ်သည်။ ထိုခေတ်ထိုအခါတွင် ရခိုင်ပြည်တွင် မြန်မာစာပေ ထွန်းကားတိုးတက်လျှက်ရှိနေကြောင်းမှာ များစွာအံ့ဩဖွယ်ရာဖြစ်သည်။ မြန်မာပြည်က အားကျဖွယ်ရာ ကောင်းလှပေ၏။ အဘယ်ကြောင့် ရခိုင်ပြည်တွင် မြန်မာစာပေ ပွင့်လင်းနေရပါသနည်းဟူမူ ရာဇဝင်ကြောင်း များအရ မင်းကြီးစွာစော်ကဲလက်ထက် သက္ကရာဇ် ၇၃၅ ခုနှစ်တွင် ရခိုင်အမတ်များ တောင်းပန်သဖြင့် မြန်မာဘုရင်မင်းမြတ်သည် မြန်မာဘုရင်ခံစောမွန်ကြီးကို ခန့်ထားသည်မှအစပြု၍ မြန်မာစာပေသည်လည်း ရခိုင်ပြည်တွင် ပွင့်လင်းပြန့်ပွားလျှက် ရှိရတော့သည်ဟူ၍ ယူဆဖွယ်ရာဖြစ်သည်ဟု စတုတ္ထအကြိမ်ထုတ် မြန်မာစာပေ သမိုင်းစာအုပ် စာမျက်နှာ ၅၃ ရခိုင်မင်းသမီး ချောင်းခေါ်င်းစဉ်အောက်တွင် အထက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရပါသည်။

မြန်မာစာပေ ပွင့်လင်းပြန့်ပွားမှုကိစ္စကို ယခုအနည်းငယ် ဆွေးနွေးသုံးသပ် တင်ပြလိုပါသည်။ မြန်မာစာပေသမိုင်း အလိုအရ ဆိုရပါလျှင် ရခိုင်တွင် စာပေအရေးအသားကို မြောက်ဦးခေတ်သို့မဟုတ် လောင်းကြက်ခေတ်လယ်လောက်မှာမှ ပေါ်ထွန်းလာသည့်သဘော ဖြစ်နေပါသည်။ အမှန်မှာ ရခိုင်စာပေအရေးအသား (ရက္ခဝဏ္ဏ)စာပေ ပေါ်ထွန်းလာသော အချိန်သည်ကား ဝေသာလီကျောက်လှေကားခေတ် အေဒီ ၇ ရာစု အလယ်ပိုင်းအချိန်ကပင် ပေါ်ပေါက်လျှက်ရှိနေပြီး ဖြစ်ပြီး လေးမြို့ခေတ် ရောက်သောအခါတွင် ရခိုင်စာပေမှာ အထူးရင့်ကျက်လျှက်ရှိနေပြီ ဆိုသည့် သဘောကို ဘုရင်မင်းထီး (၆၄၇-၇၅၀) (၁၂၈၃-၁၃၈၉)လက်ထက် အရှင်အဂ္ဂသာရသူမြတ်၏ လောကသာရပျို့အကြောင်းကို ရေးသားခဲ့ရာ၌ အပြည့်အစုံ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဤအချက်များ ကို လေ့လာခြင်းအားဖြင့် သိသာနိုင်ပါသည်။

သုတေသီ ပါမောက္ခဒေါက်တာ သန်းထွန်း၏ အဆိုအရ မြန်မာစာပေကို စတင်စမ်းသပ်သောအချိန်မှာ ပုဂံခေတ် ကျန်စစ်သား မင်းလက်ထက်မှာမှ စတင်တွေ့လာရသည်ဟု ဆိုထားပါသည်။ ၁၁ ရာစု နှောင်းပိုင်း သို့မဟုတ် ၁၂ ရာစု အစောပိုင်းလောက်မှာ ဖြစ်ပါသည်။ဤသည်ကို ထောက်ရှုခြင်းအားဖြင့် စတုတ္ထအကြိမ် ထုတ်ဝေသော မြန်မာစာပေသမိုင်းတွင် ဖော်ပြထားသည့် အချက်အလက်များ လက်ခံနိုင်ဖွယ်ရာမဟုတ်သော အယူအဆများသာ ဖြစ်ပေသည်။ ဤကိစ္စနှင့် ပတ်သက်၍ မေဃဝတီကျော်ဇင်၏ ရခိုင်တန်ဆောင်မဂ္ဂဇင်းတွင် ဆောင်းပါးရေးသား၍ ဝေဖန်ချေပထားသည်ကို တွေ့ရပါသည်။

http://www.dhammadownload.com



## ရခိုင်စာပေအမျိုးအစား

ရခိုင်စာပေသမိုင်းတလျှောက်တွင် ပေါ်ထွန်းခဲ့သော စာပေများ အနက် အောက်ပါတို့မှာ များစွာ ထင်ရှားဆဲဖြစ်ပါသည်။ ပို့တွင် လောကသာရပို့၊ ဓမ္မသာရပို့၊ ရာဇသာရပို့၊ ချေင်းတွင်း ရခိုင်မင်းသမီး ချေင်း၊ ဝိဇယမင်းစစ်အောင်ချေင်း၊ လင်္ကာတွင် ဗျည်း (၃၃)လုံး၊ လှေတော်သံဟာ်စွ လေလင်္ကာ၊ ဇာတ်တော် ဆယ်ဘွဲ့၊ လင်္ကာများတွင် ဥတ်ိနလင်္ကာ၊ မာဃလင်္ကာ၊ မဏိကုဏ္ဍလလင်္ကာ၊ ၁၂ ရာသီလင်္ကာ၊ ရာဇဝင်လင်္ကာ၊ ရာဇပုံလင်္ကာ၊ မြို့တည်လင်္ကာ၊ ရတုတွင် သုဝဏ္ဏဒေဝီ သျှိုးလိုက် ရတု၊ ကျေးစေရတု၊ မယ်ဖွဲ့ရတု၊ မောင်ဖွဲ့ရတု၊ ဆယ့်နှစ်ရာသီ ရတု၊ ဘွဲ့(ရခိုင်အခေါ် ဖွဲ့)တွင် ပိုးဝါဘွဲ့၊ ထမရာဘွဲ့၊ စိုင်းဖြားဖွဲ့၊ သာခြင်းတွင် ဇမ်းခြင်း၊ ယိုင်းသာခြင်း၊ တိုက်သာခြင်း၊ ပိုဒ်စုံသာခြင်း၊ ဇာတ်ဝတ္ထုနိပါတ် တော်လာသာခြင်းများ၊ လွမ်းခြင်းများတွင် ရာသီဘွဲ့လွမ်းခြင်း၊ ဇာတ်ဝတ္ထုနိပါတ် တော်လာ သာခြင်းများ၊ လွမ်းခြင်းတွင် ရာသီဘွဲ့လွမ်းခြင်း၊ ဒိုးခြင်းတွင် ဦးမြင်းဒိုးခြင်း၊ ကာခြင်းတွင် လှိုင်းစရာကာခြင်း၊ သံချပ်တွင် ပြိုင်လောင်းသံချပ်များ၊ သင်္ကြန်သံချပ် များ၊ ရထားပွဲ သံချပ်များ၊ ဥတုဘောဇနသံပေါက်၊ ပန်းဝှက်တမ်း (ကဗျာဉာဏ်စမ်း)၊ စကားစဉ် (စကားပုံ) များ၊ မေတ္တာစာ၊ ဟောစာ၊ တရားတောင်းစာ၊ ကျမ်းများတွင် အပါဒါန်ကျမ်း၊ ပေါတမပူရာမ်ကျမ်း၊ ဓမ္မသတ်ကျမ်း၊ နက္ခဗေဒင်ကျမ်း၊ သင်္ချာကျမ်း၊ ဆေးကျမ်း(ဓါတ်ကျမ်း)၊ ကဝိကဏ္ဌပါသကျမ်း၊ သိုက်ကျမ်းများ၊ ပိသုကာကျမ်းများ၊ ဓမ္မသတ်တွင် ရွှေမျဉ်း ဓမ္မသတ် မနုပင်လယ်၊ ဓမ္မဝိလာသ ဓမ္မသတ်၊ ဓမ္မသတ္တာသင်္ခေပ မနုဓမ္မသတ်၊ အရွှေ့တွင် ဆန်ဖွတ်၊ မောင်းနင်း၊ ဟင်းရွက်ခူး၊ နွားကျောင်း၊ ကျွဲကျောင်း၊ ငါးရှာ၊ ဖောင်စီ၊ တလင်းနယ်၊ သားချော့၊ ဘုန်းကြီးကျောင်းသွား၊ ဘုရားသွား၊ ဝါငင်၊ ဗိုင်းငင်၊ ရက်ကန်းရက်၊ နက္ခက်တာရာ စသည်တို့နှင့် ပတ်သက်၍ စပ်ဆိုသော သဘာဝတေးကဗျာ များ၊ အကတွင် ငစွေအက၊ ဆံတောက်ပိုးအက၊ ပြဇာတ်တွင် အဘာယကုမ္မာ ပင့်ကူပြဇာတ်၊ ရာဇဝင် ကျမ်းများတွင် ရာဇဝင်ကြီး၊ ရာဇဝင်အင်းစောက်၊ ဝိမလရာဇဝင်၊ လေက်ရုံးရာဇဝင်၊ ဒိုးဝေရာဇဝင်၊ ဓညဝတီအရေးတော်ပုံ၊ ပေည်ရာဇဝင်၊ ရာဇဝင်အကောက်၊ ရာဇဝင်အချုပ်၊ ဓညဝတီရာဇဝင်သစ်၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊ မော်ကွန်းတွင် အသျှင်နာဂိန္ဒမော်ကွန်း၊ ထောင်တည်မော်ကွန်း၊ မေဓပညာ မော်ကွန်း၊ ကျောက်စာတွင် အာနန္ဒစန္ဒြကျောက်စာ၊ လောင်းကြက်တောင်မော်ကျောက်စာ၊ ပရန် အဆုံးတောင်ကျောက်စာ၊ ကလုံတောင်ကျောက်စာနှင့် အခြားကျောက်စာများ ပုံပြင်ဝတ္ထုတွင် ဖါးပြုတ်ကေဝတ္ထု၊ လိပ်ကန်ဖာမဝတ္ထု၊ ငန်းတော်ရှည် ဝတ္ထု၊ ကျီးဖြူရှာ ဝတ္ထု၊ သံကိုးမောင်းဝတ္ထုနှင့်

http://www.dhammadownload.com



အခြားဝတ္ထုများ လျှောက်ထုံးတွင် မဟာပညာကျော်လျှောက်ထုံး၊ ကဝိကျော်အမော် လျှောက်ထုံးများ၊ ခရီးသွားစာပေတွင် ကင်းဆရာမှတ်တမ်း၊ ဒေးဝန်ကြီးမှတ်တမ်း၊ မြို့သူကြီးမှတ်တမ်းတို့သည် များစွာထင်ရှားဆဲ ဖြစ်သည်။ တိမ်မြုပ်သွားသော စာပေများမှာ အများအပြားပင်ရှိလေသည်။

ရခိုင် ၁၂-လရာသီလင်္ကာ

**"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

ညွှန့်လန်းမင်္ဂလာ၊ မော်ကွန်းဖြာပိမ့်၊ မဟာကပ္ပေါ၊ မီးရေလေ ကြောင့်၊ ပျက်ချေတည်ထွန်း၊ လေးကျွန်းမြင့်မိုရ်၊ ယုဂန္ဓိုရ်နှင့်၊ ရေညီ သီတာ၊ တာရာနက္ခတ်၊ လနတ်သူရိန်၊ အချိန်မနှောင်း၊ လတပေါင်းဝယ်၊ ခါကောင်းသည်နှစ်၊ စစ္စာဖြစ်ရှင့်၊ တွက်စစ်ထိုမှ၊ ဆယ့်နှစ်လတွင်၊ အမ္ဗဝါသီ၊ ပုဏ္ဏမီဟု၊ တိထိပန္န၊ ပုဏ္ဏကမ္ဗည်း၊ တပိုဒ်တည်းဖြင့်၊ ရုံးစည်း ကွန့်ဖူး၊ မှတ်ဖွယ်ကျူးပိမ့်။

(၁) တန်ခူးမှာသိန်၊ ဖလ်ရှိန်ငြိမ်းစ၊ ကြယ်ဖုသျှတည့်၊ မိဿရာသီ၊ နှစ်ယံချီသော်၊ သင့်ညီစိုတြ၊ ဆိပ်မြူးကလျက်၊ တာရဆံကျင်၊ သဘင်ရေသွန်း၊ ကန့်ကော်ပန်းနှင့်၊ ထူးဆန်းရင်ခတ်၊ သူရန် နတ်လည်း၊ မွန်းမတ်ရိပ်သွား၊ သုံးဖဝါးဟု၊ ပိုင်းခြားလှည့်ကာ၊ နေ့ညနာရီ၊ သုံးဆယ်စီတည့်။

(၂) ရာသီပြိဿ၊ ကဆုန်လဝယ်၊ မာဃနေငြိမ်၊ ပျော်ရှိန်သဲသဲ၊ ညောင်ရေပွဲဟု၊ ပွင့်မြစ်ကား၊ နှစ်ဖဝါးတည့်၊ နွားလားဥဿဘ၊ တံငါ့တာရာ၊ သံခေါင်မှာတွင်၊ ဝိသာခါညီ၊ ညဉ့်နာရီတိ၊ ထာဝီသဖွယ်၊ သုံးဆယ်နှစ်ကွေ့၊ နာရီစေ့က။

(၃) မြူငွေ့မှုံမှုံ၊ လနယုန်ဝယ်၊ မေခုံရာသီ၊ ကိန္နရီဖိုမ၊ ဇေဋ္ဌသံကြိမ်၊ သူရိန်စဲစ၊ ဥတ္တရာဘရဂုဏ်၊ ညဉ့်နာရီတိ၊ ဆဝီသတည့်၊ ဇောတြိမွေ့၊ ပန်းမြတ်လေးနှင့်၊ ငွေသွေးစမွယ်၊ ကြယ်ဖွယ်စံပေး၊ တေးဝင့်တာရာ၊ စီကာဖဝါး၊ တပြန်ထားရှင့်။

(၄) မှတ်သားမြဲသို၊ ဝါဆိုကရကဋ်၊ နေခြည်ပတ်က၊ စိတြရနှင့်၊ ဒေဝနတ်စကာ်၊ ပုံးညက်ပွင့်မြဲ၊ ပဥ္စင်းပွဲလျှင်၊ သဲသဲသိမ့်အောင်၊ သံခေါင်ချိန်မှန်၊ ပြုပ္ပါသန်နှင့်၊ ဆဒ္ဒန်တရာ၊ ရုပ်ဝါထူးချွန်၊ လယ်ပုစွန်ဟု၊ ရိပ်မှန်ဖဝါး၊ သုညားတွက်ကြီး၊ နာရီဆုံးရှင့်၊ နေ့သုံးဆယ့်ခြောက်၊ ညရောက် စောဝီ၊ ရင့်ကျူးချီ၏။

(၅) ရာသီသိဟ်ဆောင်၊ လဝါခေါင်ဝယ်၊ ဖလ်ရောင်ငြိမ်းလာ၊ ဝိသာခါနှင့်၊ ခတ္တာပန်းလှိုင်၊ သံခေါင်တိုင်က၊ မြင်းတာရနှင့်၊ထွန်းပသရဝဏ်၊ ရုပ်မွံခြသေ့်၊ စာရေးတံပွဲ၊ နှစ်ဆယ့် ခြောက်ည၊ ဇရတြိန်း၊ နေ့ကိန်းနာရီ ကုန်ညီဖဝါး၊ တပြန်ထားရှင့်။

http://www.dhammadownload.com



(၆) မှတ်သားမြဲသွင်း၊ တော်သလင်းဝယ်၊ နေမင်းဝင်ကာ၊ မူလနက္ခတ်၊ ရုံးမှတ်ပရပိုက်၊ ရေနိုက်သဘင်၊ လှေပွဲဆင်၍၊ မွမ်းဖျင်ငြိမ်သစ်၊ သုံးဆစ်နှစ်တိ၊ နေ့ဖြစ်နာရီ ညဉ့်တာဝီတိ၊ ရာသီကံမှ၊ တာရဥဖျိုင်း၊ ရိပ်တိုင်းဖဝါး၊ ဒွေးဟုထားရှင့်။

(၇) စဉ်လျားမချွတ်၊ လဝါကျွတ်မူ၊ တူရာထီလ၊ နေ့နှင့်ညကို၊ တွက်ဆနာရီ၊ သုံးဆယ်စီတိ၊ ရဝိဂေါယာ၊ လှည့်ကာကွယ်လွန်၊ သရဝဏ်ဟု၊ မိုယ်းစွန်ပြောင်းလျက်၊ ညဉ့်နှစ်ချက်ကို၊ ရှည်လျက် ထွန်းပ၊ ကျိုးကာကနှင့်၊ အသဃဏီ၊ တရီဖဝါး၊ ငါးပြားကြာပန်း၊ ထူးဆန်းချိန်ခင်၊ နတ်လျှင်ကိုယ်ဟန်၊ သင်္ကြာန်ရုပ်လျှော၊ ကံတော့ပွဲကြီး၊ မီးမြင့်မိုရ်ရောင်၊ တိုင်းလုံးပြောင်းမူ။

(၈) တန်ဆောင်မုန်းချိ၊ ရာသီပြိစ္ဆာ၊ ဇရဖဝါး၊ ပျော်ပါးမြူးကွန်၊ ကင်းပုဇွန်ဟု၊ ပွဲမွန်ကထိန်၊ မာရဇိန်ကို၊ ကောင်းငြိန်လျှဒါန်း၊ ခဝဲပန်းဟု၊ ညဉ့်သုံးယံမှာ၊ ကြတ္တိကာနှင့်၊ တာရာကတ္တတ၊ ငြိမ်ဇနေခြည်၊ တည့်သည်နက္ခတ်၊ သတ္တဗိသျှ၊ ချမ်းမြည္ဓရီ၊ ပါးတြိတိ၊ တာဝီမှန်သော်၊ နေ့ကိန်းခေါ်၏။

(၉) နတ္တော်မှန်လှ၊ ဟင်းသတာရာ၊ မဟာပိန္နဲ၊ ဆွဲရထားငင်၊ ဂမုံးအင်နှင့်၊ သဇင်ပျံ့သင်း၊ မန္တတ်မင်းတို့၊ ပျော်ခင်းဌာန၊ နတ်နိုးလှ၏။ ပဉ္စငါးခု၊ ဖဝါးစု၍၊ ခနုရာသီ၊ သံခေါင်ရီကာ၊ မိဂသီမည်၊ ရောင်ခြည်ရဝိန်၊ ဖလ်ရှိန်ကွယ်ကာ၊ ဥတ္တရာပရပိုက်၊ မွန်းဆိုက်တည့်တုန်း၊ ဆယ့်သုံးနှစ်လီ၊ နေ့နာရီကို၊ ညဉ့်ပြီ တွက်ရေး၊ သုံးဆယ့်လေးတိ။

(၁၀) စည်ရှေးပြောဆို၊ လပြာသိုဝယ်၊ ခွာညိုနွယ်ပန်း၊ မကာန်းရုပ်လှ၊ မကာရတည့်၊ ဖုသျှသံခေါင်၊ နေ့ရောင်ပျောက်ပြီ၊ ဘရနီဟု၊ နာရီတွက်ဖွဲ့၊ သုံးဆယ့်ခြောက်ည၊ ဇရဒွေးနှေ၊ ပဥ္စရွှေပြား၊ ဖဝါးမြောက်ပြန်၊ ပုဇွန်တောရ၊ ရောင်မြလျှံလင်း၊ နေလျှံကင်းကာ၊ မြင်းခင်းသဘင်၊ စီရင်ခန့်မြ။

(၁၁) တပို့တွဲဝယ်၊ ပေါက်လဲဆူးပန်း၊ ညဉ့်သန်းချိန်ကျ၊ ကြယ်မာဃနှင့်၊ တာရချိန်စင်း၊ နေမင်းဝင်ရီ၊ ရောဟနိတည့်၊ နာရီတိဝ၊ ဆဒွေး ချမှ၊ ဇရကြိန်း၊ နေ့ကန်းနာရီ ကုံရာသီစု၊ လျှကောင်းမှုဖြင့်၊ ယာဂုမီးပုံး၊ တိုင်းလုံးလျှံဖြိုး၊ ကြာသွတ်အိုးနှင့်၊ ကြာမျိုးစိုက်ထ၊ ပဉ္စဖဝါး၊ ယူသွားဆောင်ယောင်း။

(၁၂) လတပေါင်းဝယ်၊ ချိန်မောင်းရိုက်ချီး၊ နှစ်ယံတီးကာ၊ ချိန်တူလနှင့်၊ ဥတ္တရာဘရဂုဏီ၊ မိန်ရာသီဟု၊ နာရီထွက်စစ်၊ နှစ်ဆယ့်သျှစ်ကို၊ နေ့ဖြစ်မှန်လှ၊ ဒွေးတိညတိ၊ ဇရဖဝါး၊ ရပ်ထားမလွတ်၊ ကြေင်း မှတ်တုံး၊ ပွင့်ဝတ်သရဖီ၊ အညီအင်ကြင်း၊ နေ့လျှံလင်းကာ၊ ဟတြတိ၊ များလှအညီ၊ သဲစေတီကို၊ မြှောက်ချီရှင်ပျ၊ လျှဒါန်း ကြရှင့်။

ကမ္ဘာ့တန်ဆာ၊ ဆယ့်နှစ်ဖြာကို၊ လင်္ကာကုံးဆောင်၊ မှတ်လွယ် အောင်ဟု၊ စာစောင်စီလျှည်ထွေပြားရှည်သည်၊ လစည်မော်ကွန်း ဥဒါန်းတည်း။

http://www.dhammadownload.com



# မြောက်ဦးခေတ်ကျောက်စာများ

| စဉ် | ကျောက်စာတွေ့ရှိသည့်နေရာ | တည်ဆောက်သည့်နှစ် | | ကျောက်စာ အကြောင်း | မှတ်ချက် |
|---|---|---|---|---|---|
| | | ကောဇာ | ခရစ်အဒေီ | | |
| ၁။ | လေးမျက်နှာဘုရား | ၇၉၂ | ၁၄၃၀ | မင်းစောမွန် | ပျက် |
| ၂။ | ပန်းကုန်းသိမ်ဘုရား | ၈၀၇ | ၁၄၄၅ | မင်းခရီ | |
| ၃။ | တောင်ကုတ်မြို့နယ်၊ မအီချောင်း အရှေ့တောင်တန်းကျောင်းဘုရား | ၈၁၃ | ၁၄၅၁ | မင်းခရီ | |
| ၄။ | ဆင်ဖြူရှင် မင်းဘစောဖြူ၏ ဘုရားပလ္လင်စာ | ၈၃၀ | ၁၄၆၈ | ဘစောဖြူ | |
| ၅။ | မြောက်ဦးမြို့ မင်းသားကျွန်းဘုရား | ၈၄၁ | ၁၄၇၉ | ဘစောဖြူ | |
| ၆။ | ဂဏာန်းချပ်တောင်ဘုရား | ၈၄၄ | ၁၄၈၂ | မင်းဒေါလျာ | |
| ၇။ | မြောက်ဦးမြို့နယ်၊ ကင်းဆိပ်ကျေးရွာ ဘုရားနီ၊ ဘုရားဂူ | ၈၅၁ | ၁၄၈၉ | မင်းဒေါလျာ | |
| ၈။ | မြောက်ဦးမြို့နယ်၊ သရက်အုပ်၊ ဝရာဇ်တောင်ဘုရား | ၈၅၇ | ၁၄၉၅ | စလင်္ကာသူ | |
| ၉။ | ခြင်ကိုက်အပြင်တောင် ဘုရားကျောက်စာ | ၈၆၁ | ၁၄၉၉ | စလင်္ကာသူ | |
| ၁၀။ | ကျောက်တောင်ဘုရားကျောက်စာ | ၈၆၅ | ၁၅၀၃ | ကဇာပတိ | |
| ၁၁။ | သိမ်ကြီးအောင်မြေစေတီ | ၈၇၇ | ၁၅၁၅ | မင်းစောအို | |
| ၁၂။ | ဝေသာလီရွှေတောင်စေတီ | ၈၈၁ | ၁၅၁၉ | သဇာတ | |
| ၁၃။ | ကံသိမ်ဘုရားဆင်းတုမွေ့ခံ | ၈၈၃ | ၁၅၂၁ | မင်းခေါင်ရာဇာ | |
| ၁၄။ | အနော်မာဘုရားစေတီ | ၈၈၃ | ၁၅၂၁ | မင်းခေါင်ရာဇာ | |
| ၁၅။ | ဝန်းတီးနတ်ကွမ်းကျောက်စာ | ၈၈၃ | ၁၅၂၁ | မင်းခေါင်ရာဇာ | |
| ၁၆။ | ကျောက်တောင်ဘုရားကျောက်စာ | ၈၈၇ | ၁၅၂၅ | မင်းခေါင်ရာဇာ | |
| ၁၇။ | မြောက်ဦးမြို့နယ်၊ မောင်းဆွဲကျေးရွာ ဓာတ်တောင်စေတီ | ၈၉၉ | ၁၅၃၉ | မင်းဘာ | |
| ၁၈။ | ရသေ့တောင်မြို့နယ်၊ ကူတောင် | ၉၀၅ | ၁၅၄၃ | မင်းဘာ | |

http://www.dhammadownload.com



| စဉ် | ကျောက်စာတွေ့ရှိသည့်နေရာ | တည်ဆောက်သည့်နှစ် | | ကျောက်စာ အကြောင်း | မှတ်ချက် |
|---|---|---|---|---|---|
| | | ကောဇာ | ခရစ်အေဒီ | | |
| ၁၉။ | ဝန်းတီးနတ်ကွမ်းကျောက်ရုပ် | ၉၀၅ | ၁၅၄၃ | မင်းဘာ | |
| ၂၀။ | အလယ်နိဗ္ဗူစေတီ | ၉၀၆ | ၁၅၄၄ | မင်းဘာ | |
| ၂၁။ | သရက်တပင်တောင်မော်ဘုရား | ၉၀၇ | ၁၅၄၅ | မင်းဘာ | |
| ၂၂။ | ကုလကကျေးရွာဘုရား | ၉၀၇ | ၁၅၄၅ | မင်းဘာ | |
| ၂၃။ | အဓိပတိထီးစေတီ | ၉၁၀ | ၁၅၄၈ | မင်းဘာ | |
| ၂၄။ | ပီပင်ကုန်းကျေးရွာ တောင်ဖီလာစေတီ | ၉၁၅ | ၁၅၅၃ | မင်းဘာ | |
| ၂၅။ | ရွှက်ညိုတောင်ဘုရား | ၉၁၅ | ၁၅၅၃ | မင်းဒီယာ | |
| ၂၆။ | ပီပင်ကုန်းနတ်ကြေးဆင်းတု | ၉၁၆ | ၁၅၅၄ | မင်းဒီယာ | |
| ၂၇။ | မြောက်ဦးပန်းစျေးမြောင်း ကျောက်စာခေါ် ဝရသံ ဗောတိကျောက်စာ | ၉၁၆ | ၁၅၅၄ | မင်းဒီယာ | |
| ၂၈။ | မင်းပြားမြို့နယ်၊ ပြင်ယောင်း ကျေးရွာအနီး၊ ပြင်ယောင်း ဘုန်းတော်ကြီးကျောင်း | ၉၁၈ | ၁၅၅၆ | မင်းစောလှ | |
| ၂၉။ | မြောက်ဦးမြို့၊ ပုဏ္ဏား မြောင်အနီးကြေးဆင်းတု | ၉၃၆ | ၁၅၇၄ | မင်းဖလောင်း | |
| ၃၀။ | ကလုံတောင်ဘုရားကျောက်စာ | ၉၄၇ | ၁၅၈၅ | မင်းဖလောင်း | |
| ၃၁။ | ပီပင်ကုန်းဘုရားကျောက်စာ | ၉၄၉ | ၁၅၈၇ | မင်းဖလောင်း | |
| ၃၂။ | ကြေးဆင်းတုတော်တစ်ဆူ၏ စံမခဏ်(ယခုကျေးပင်ကြီးရပ်၊ စစ်တွေ) | ၉၅၃ | ၁၅၉၁ | မင်းဖလောင်း | |
| ၃၃။ | ဖောင်တော်သီစေတီကျောက်စာ | ၉၅၄ | ၁၅၉၂ | မင်းဖလောင်း | |
| ၃၄။ | ကျောက်ရစ်စေတီရေတံခါး | ၉၅၄ | ၁၅၉၂ | မင်းဖလောင်း | |
| ၃၅။ | အံတော်သိမ်ပုထိုး | ၉၅၈ | ၁၅၉၆ | မင်းရာဇာကြီး | |
| ၃၆။ | သရက်အုပ်ဘုရားစေတီကျောက်စာ | ၉၆၇ | ၁၆၀၅ | မင်းရာဇာကြီး | |

http://www.dhammadownload.com



| စဉ် | ကျောက်စာတွေ့ရှိသည့်နေရာ | တည်ဆောက်သည့်နှစ် | | ကျောက်စာ အကြောင်း | မှတ်ချက် |
|---|---|---|---|---|---|
| | | ကောဇာ | ခရစ်အေဒီ | | |
| ၃၇။ | ပန်းစျေးမြောင်းချတွင်းကျိုင် ကျောက်စာ | ၉၇၁ | ၁၆၀၉ | မင်းခမောင်း | |
| ၃၈။ | အဂ္ဂစိန္တေယျတောင်ဘုရား | ၉၈၀ | ၁၆၁၈ | မင်းခမောင်း | |
| ၃၉။ | မဟာထီးရေတွင်းကျောက်စာ | ၉၈၁ | ၁၆၁၉ | မင်းခမောင်း | |
| ၄၀။ | ဇုန္နတ်လက်ျာပုံချီကျောက်စာ | ၉၈၇ | ၁၆၂၅ | သီရိသုဓမ္မရာဇာ | |
| ၄၁။ | မိဘုရားသျှင်ထွေး အလယ်စေတီကျောက်စာ | ၁၀၀၂ | ၁၆၄၀ | နာရာပတိကြီး | |
| ၄၂။ | ကန်ရှည်သမုတ်သိမ်တိုင် ကျောက်စာ | ၁၀၀၇ | ၁၆၄၅ | သတိုးမင်းတရား | |
| ၄၃။ | တြင်းနဝင်း(ခ)သက်တော်ရ ဘုရားကျောက်စာ | ၁၀၃၈ | ၁၆၇၆ | ဥဂ္ဂါဗလ | |
| ၄၄။ | ပိန္နဲချောင်း ဝါလှဖြူ လင်မယားကျောက်စာ | ၁၀၅၉ | ၁၆၉၇ | ကလာပဏ္ဏာ | |
| ၄၅။ | ကုလားတန်ဝါးကျောက်စာ | ၁၀၇၁ | ၁၇၀၉ | စန္ဒသူရိယရာဇာ | |
| ၄၆။ | တေဇရာမကျောက်စာ | ၁၀၇၃ | ၁၇၁၁ | စန္ဒဝိဇယရာဇာ | |
| ၄၇။ | တေဇရာမကျောက်စာ | ၁၀၇၈ | ၁၇၁၆ | စန္ဒဝိဇယရာဇာ | ကောင်း |
| ၄၈။ | တေဇရာမကျောက်စာ | ၁၀၈၀ | ၁၇၁၈ | စန္ဒဝိဇယရာဇာ | |
| ၄၉။ | ဝါစျေးကျောင်းတိုက် | ၁၀၈၈ | ၁၇၂၆ | စန္ဒဝိဇယရာဇာ | |
| ၅၀။ | နန်းတော်ကုန်းကြေးရွှာ မြောက်ကျောက်စာ | ၁၁၀၃ | ၁၇၄၁ | မဒရာဇ်ရာဇာ | |
| ၅၁။ | မာန်အောင်မဟာကြီး ဘုရားကျောက်စာ | ၁၁၅၆ | ၁၇၉၄ | | |
| ၅၂။ | မြောက်ဦးနန်းတော်ကုန်း မြို့ရိုး၊ အရှေ့ဘက် ဒုတိယအထပ်၊ နန်းတော် ကုန်းအနီးကျောက်စာ | ၁၁၈၃ | ၁၈၂၁ | | |

http://www.dhammadownload.com



## မြောက်ဦးခေတ်ဆင်ယင်ထုံးဖွဲ့မှု

ရခိုင်လူမျိုးတို့၏ ဝတ်စားဆင်ယဉ်မှုတို့ကို ဓညဝတီခေတ်၊ ဝေသာလီ၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်စသော အဆက်ဆက်တွင် အဆင့်မြင့်စွာ ဝတ်ဆင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းတို့၌ တွေ့ရသည်။ မြောက်ဦးခေတ်တွင် အမျိုးသမီးများတွင် ဆင်ယင်ထုံးဖွဲ့ရာ အဝတ်အထည်နှင့် လက်ဝတ်ရတနာများ ဆင်ယင်မှုတို့သည် ပိုမိုများပြား ပြည့်စုံလာကြောင်း အထောက်အထား များစွာတွေ့ရသည်။ မြောက်ဦးမြို့ရှိ သျှစ်သောင်းဘုရား၊ ထုက္ကန်သိမ်ဘုရားနှင့် ဗောဓိရွှေဂူဘုရား များအတွင်းရှိ နံရံများတွင်ထုထားသော ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများကို ကြည့်ရှုခြင်းအားဖြင့် သိရှိနိုင် သည်။ မြောက်ဦးခေတ်တွင် အမျိုးသား အမျိုးသမီးတို့သည် မိမိတို့အဆင်အတန်းအလိုက် ဝတ်ဆင် ကြရသည်။ မင်းမှုထမ်းများမှာလည်း ရာထူးအဆင့် အတန်းအလိုက် ဝတ်ဆင်ကြရသည်။ အမျိုးသားများ ထိုင်မသိမ်းအင်္ကျီ၊ ပုံတော်အင်္ကျီ၊ ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ကြသည်။ တောင်ရှည်ပုဆိုးကို အဆင်အမျိုးမျိုး ယက်လုပ်ဝတ်ဆင် ကြသည်။ ဖေါင်းတော်လေးဆယ်၊ စလွယ်တော်ကိုးပါး ဆိုသည့် အတိုင်း ရာထူးအဆင့်အတန်းကိုလိုက်ပြီး ဖေါင်းထုတ်ဆောင်းရသည်။ ဖေါင်းထုတ်ရှိ တမာချွန်များကို ကြည့်ခြင်းဖြင့် ရာထူးအဆင့်အတန်းကို ခွဲခြားသိနိုင်သည်။ စလွယ်အမျိုးမျိုးကို ရာထူးအဆင့် အတန်းအလိုက် သတ်မှတ်ပြီး ရစ်သိုင်းရသည်။ နားဋ္ဌောင်းများ ကိုလည်း ပဂွင်းနားဋ္ဌောင်း၊ စူးထိုး နားဋ္ဌောင်း၊ ဆင်စွယ်နားဋ္ဌောင်း၊ ရွှေနားပန်းစသည်ဖြင့် ဝတ်ဆင်ကြသည်။ ရာထူးအဆင့်အတန်းကြီး သူတို့မှာ လက်မောင်းတွင် ရွှေမောင်းကွပ်ကို ဝတ်ဆင်ကြသည်။ တောင်ရှည်ပုဆိုးကိုဝတ်ပြီး ခါးစည်း ကို ကြိုးခေါက်စည်းကာ အစနှစ်ခုကို ဘေးတွင်ချထားကြသည်။ စစ်သားများမှာ မောက်တိုမောက် ရှည်များ ထောင်ပြီး ကိုယ်ကြပ်အင်္ကျီနှင့် ပုံတော်များကို ဝတ်ဆင်ကြသည်။ တောင်ရှည်ပုဆိုးကို ခါးထောင်းကျစ်ပြီး အတွင်းမှ ဘောင်းဘီတိုဝတ်ကြသည်။ မြောက်ဦးခေတ် အမျိုးသမီးများသည် ဆံပင်ကို အဆန်း တကြယ် ထုံးဖွဲ့ကြသည်။ ဆံထုံးထုံးနည်း ခြောက်ဆယ်လေးမျိုးရှိသည်ဟု တွေ့ရ သည်။ သို့သော် ယနေ့ထိ အမျိုးသုံးဆယ်သာ တွေ့ရှိရသည်။ ဆံထုံးထုံးနည်းကို လင်္ကာဖွဲ့ဆိုထား သည်မှာ "ဇမ္ဗူတံခွန်၊ မင်းမွန်းစိုးမြတ်၊ လောကနတ်တို့ ကျင့်အပ်တရား၊ စောင့်ထိန်းငြားသည်၊ မမှားအမှန်၊ မြတ်မွန်သီလ၊ မြတ်ဓမ္မဖြင့် စိုးကြ သောခါ၊ ပြည်ဧည္ဇာဝယ်၊ နေပါတုံလျှင်၊ သူတော်စင်တို့ ဆင်ယင်ဝတ်စား ရှိငြားတန်တန် ထုံးနည်းမှန်မှာ ထုတ်ပြန်တချက် မပျက်ဥသျှောင် ဆောင်ယောင် ဖွဲ့နည်း ဆံထုံးနည်းကို ကမ္ဘည်းဤသို့စပ်ခဲ့သည်။ ဆံထုံး ထုံးနည်း နိသျှဉ်းကို ကမ္ဘည်းတင်ပြန်၊ ကျမ်းဂန်အရ

http://www.dhammadownload.com



ဖော်ထုတ်ကြသည်၊ ပထမမှာ မြဒိုးလုံး၊ လမုံ့သီး၊ တသီတလ၊ တပတ်ခွိ၊ နှစ်ပတ်ခွိ၊ သုံးပတ်ခွိမြိတ်စွိ၊ ထချို့မိတ်လွတ်၊ မြီးတံရှည်က စသည်တမျိုး စူးထိုးပတ္တမြား၊ မမှားတမှုံး၊ ကျိတ်ထုံး တတုံ၊ တစုံကယင် ထိုပြင်ဘီးစိုက်၊ အလိုက်သင့်စွာ ထုံးရာဒီးဒုတ်၊ ဦးစွန်းပုတ်နှင့် အသုတ်နောက်ဆွဲ၊ မလွဲထိပ်တင် ထိုပြင်တသျှောင်း ယောင်စောင်းမြိတ်ခေါက် အသွယ်သွယ်မြောက်က မြိတ်ခေါက်ပန်း စိုက်၊ တဖြစ်တလဲ၊ လျှော့ရဲကြာဝတ်ဆံ၊ တဖန်ပုလဲကုံး၊ တူနှုံးခရုပတ်၊ မလွတ်မြိတ်ရစ်၊ စနစ်မရွတ်၊ နဂါးပတ်ကျော့ကွင်း မယွင်းလက်လယ်ကန် တူစုံမလွဲ၊ မုတ္တာရွဲနှင့် ဆင့်ကဲနဂါးလိမ်၊ နှိုင်းယှဉ်ပမာ၊ ဂမုန်းအာငုံ၊ တူစုံမလွတ် တမျဉ်းခတ်လျှက်၊ ရစ်ပတ်ထုံးခွေ၊ ဆင်ကြပေသည်။ ဤမြေရက္ခာရွှေပြည် တည်း" ဟုရေးစပ်ထားခဲ့သည်။ အဆိုပါ လင်္ကာအရ ဆံထုံးထုံးနည်း အမျိုးသုံးဆယ်မှာ (၁)မြဒိုးလုံး၊ (၂)လမုံ့သီး၊ (၃)တပတ်ခွိ၊ (၄)နှစ်ပတ်ခွိ၊ (၅)သုံးပတ်ခွိ၊ (၆)မြိတ်စွိ၊ (၇)မြိတ်လွယ်၊ (၈)မြီးတံရှည်၊ (၉) ပတ္တမြားစူးထိုး၊ (၁၀) ကျစ်ထုံး၊ (၁၁) ကတုံ၊ (၁၂) ကယင်၊ (၁၃)ဘီးစိုက်၊ (၁၄)ဦးစွန်း၊ (၁၅)နောက်တွဲ၊ (၁၆)ထိပ်တင်၊ (၁၇)ယောင်စောင်း၊ (၁၈) မြိတ်ခေါက်၊ (၁၉)ပန်းစိုက်၊ (၂၀)လျှော့ရဲ၊ (၂၁)ကြာဝတ်ဆံ၊ (၂၂)ပုလဲကုံး၊ (၂၃)ခရုပတ်၊ (၂၄)မိတ်ရစ်၊ (၂၅)နဂါးပတ်ကျော့ကွင်း၊ (၂၆)လလယ်ယုန်၊ (၂၇) မုတ္တာရွဲ၊ (၂၈) နဂါးလိမ်၊ (၂၉)ဂမုန်းငုံအာ၊ (၃၀)ဒီးဒုတ် တို့ဖြစ်ကြသည်။ အမျိုးသမီးများသည် နားတွင်းနားဋ္ဌောင်း အမျိုးမျိုးကို ဝတ်ဆင်ကြသည်။ ဝတ်ဆင်သော နားဋ္ဌောင်း များမှာ ပတ်ရစ်နားဋ္ဌောင်း၊ ပန်းနားဋ္ဌောင်း၊ ကျောက်နားဋ္ဌောင်း၊ နားဆွဲ၊ နားပတ်စသည်တို့ဖြစ်ကြ သည်။ လည်ပင်းတွင် ဘယက်၊ ပုလဲလည်ဆွဲ၊ သံဒါလည်ဆွဲ စသည်တို့ကိုဝတ်ဆင်ကြသည်။ ခါးတွင် ပန်းခါးကြိုးစည်း၍ ငွေသော့ကြိုးများကို ဆွဲချိတ်ထားကြသည်။ မြောက်ဦးခေတ်တွင် ဝတ်ဆင်ခဲ့ကြ သော ထမိန်ဆင်များမှာ အချိတ်၊ မန်ကျည်းပွင့်၊ တုတ်တံစီ၊ ကျူထရံ၊ ကွက်ထောင့်၊ ထောင်လုံးကျော်၊ ပိုးဝါသန်း၊ ခဒါပြတ်၊ မှိုင်းလုံးစသည် အဆင်ဆန်းများကို ရက်လုပ်ဝတ်ဆင်ခဲ့ကြသည်။ မြာစောင်းတင် လက်ကောက်၊ မည်းစိလက်ကောက်၊ ပန်းလက်ကောက်၊ ကြိုးလိမ်လက်ကောက်၊ ကြံဆစ် လက်ကောက်၊ ဖရုံစိလက်ကောက် စသည်များကို ဝတ်ဆင်ကြပြီး လက်ရှစ်ချောင်း ပြည့်အောင် လက်စွပ်များကို ဝတ်ဆင်ကြသည်။ မြောက်ဦးခေတ် အမျိုးသမီးများ ဝတ်စားဆင်ယင် ပုံကို ပိုးဝါဘွဲ့ အကတွင် ဖော်ပြရေးစပ်ထားသည်မှာ "အရုပ်ဆင်းဝါ၊ လှပိုးဝါမှာ၊ ဝတ်လက်ပါရေ၊ ဗောင်းနတ်ကယ် ထမိန် သုံးနှစ်လုံးပင် ဝတ်မကြီကော၊ အောက်ခြေတဆင့်၊ လှပိုးဝါမှာ မကျိုးပွင့်ကန့်၊ လှတင့်ဆင်ယင်၊ မေပိုးဝါမှာ ဆင်လတ်တေလေ၊ ခါးမှာကြည့်လည်း ခါးကြိုးဒွါဒရာ၊ မျက်ငါးဖြာလေ၊ စုံစွာသိသပ်၊ လှပိုးဝါးမှာ နောက်စချပ်လို့ တင့်ကြောင်း သခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလေ၊ ရင်မှာမာကော၊ ရင်မှာကြည့်လည်း၊ ကင်းစွန်းရွက်ရောင်၊ ပန်းပွင့်ရောင်လေ၊ ခြာရာသိသပ်၊

http://www.dhammadownload.com



မမယ်ရင်မှာ မမွတ်ချုပ် လို့ တင့်ကြောင်းသပြေ၊ မေပိုးဝါမှာ၊ ဝတ်လတ်တေလေ၊ ကိုယ်မှာမယေ၊ ကိုယ်မှာကြည့်လည်း၊ ကိုယ်မှာဘာဋူ ရွှေတုပန်းခက်၊ မေ့တာဋူမှာ၊ ခြိုးဇရက်နန့် လည်ယှက်ဦးဒေါင်း၊ ရုပ်ပေါင်းများစွာ၊ မေဘာဋူမှာ သာလိကာနန့်၊ စတုလောကပါလ၊ နတ်သားလေးယောက်၊ ကြိမ်လုံးပြောက်နန့်၊ ထောက်လို့ကြည့်ဟန်၊ မေ့ဘာဋူမှာ၊ ခြသေ့်ရံလို့၊ အထောင့်လေးထောင့် နတ်သားစောင့်လို့ ရုပ်ပုံ သဏ္ဌာန်၊ မိန့်ဘမှာ ချစ်လို့ပီးကေ၊ သိန်းသောင်းတန်ကို တင့်ကြောင်းသခြေ၊ ဝတ်လတ်တေလေ၊ ခေါင်းမှာမာလေ၊ ခေါင်းမှာကြည့်လည်း ခေါင်းမှာကြက်ခြီ၊ မြပန်းကုန်းမှာ ရွှီပွင့်စီလို့၊ ဦးရောင်ကေ ဆံထုံး၊ မြအိုးလုံးကို ပိုးဝါခေါင်မှာ တင်မိရေလေ၊ လက်မှာမာကေ၊ လက်မှာကြည့်လည်း၊ နဝရတ် မျက်ရုံ အဘာပီးကေ၊ သိန်းသောင်းတန်ကို၊ နှစ်ချောင်းကိုလွှတ်၊ ရှစ်ချောင်းလက်မှာ အပြည့်ဝတ်လို့၊ ဝတ်လတ်တေလေ၊ နားမှာမာကေ၊ နားမှာ ကြည့်လည်း ကိုယ်ရိုပ်လည်းမြင်၊ စိန်ရှင်ဒေလိပ်လက်၊ အဘာပီးကေ မြနဘက်ကို၊ တင့်ကြောင်းသခြေ၊ ပိုးဝါနားမှာ၊ ဝတ်လတ်တေလေ"ဟု စီကုံးရေးသား ထားခဲ့သည်။ မြောက်ဦးခေတ် ဘုရင်မင်းမြတ်များနှင့် မိဖုရားတို့ ဝတ်စားဆင်ယင်ပုံ အပြည့်အစုံကို သျှစ်သောင်းပုထိုးတော် ကြီး၏ စနေထောင့် ရှိ မင်းဗာဘုရင်ကြီးနှင့် မိဖုရားကြီး ဖွားမင်းစောတို့၏ ရုပ်ထုများကို ကြည့်ရှုလေ့လာနိုင်သည်။ မြောက်ဦးခေတ်အမျိုးသားနှင့် အမျိုးသမီးတို့၏ ဝတ်စား ဆင်ယင်မှုများကို လေ့လာခြင်းအားဖြင့် မြောက်ဦးခေတ် ယဉ်ကျေးမှုမှာ ရခိုင်ပြည်၏ ခေတ်လေး ခေတ်အနက် အဆင့်အတန်းအမြင့်ဆုံး ဖြစ်ကြောင်းတွေ့ရှိရသည်။

## မြောက်ဦးနန်းတော်

ဘိုးတော်ဗဒုံမင်းသည် ရခိုင်ပြည်ကြီးကို ၁၇၈၄-ခုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် သိမ်းယူသည်။ ရခိုင်ပြည်သည် အင်ရှစ်ပါးနှင့်ပြည့်စုံသည်။ နောင်တွင် တိုက်ဆိုင်လှန်ပြန်တတ်၏။ ထို့ကြောင့် နောင်လှန်ပြန် နိုင်မှုမရှိစေရန်ရွှေနန်းတော်၊ ထီး၊ နာရီစင်၊ ရွှန်းစည်၊ မြို့ဝင်ထိုင်၊ ရင်တား၊ မြို့အင်္ဂါခုနစ်ပါး၊ နဝရတ်ကိုးသွယ်တို့ကို ကွယ်ပျောက်လေအောင် ဆောင်ရွက်၏။ ၁၇၈၈တွင် ထိုအင်္ဂါရပ်များမှာ မြောက်ဦးမြို့၌ လုံးဝကွယ်ပျောက်သွားခဲ့၏။ မြောက်ဦးမြို့တော်ရှိ ကျောင်းကြီး (၃၀)၊ ကျောင်းငယ်(၃၇၀၀)နှင့် ပြည်နိုင်ငံအနှံ့ရှိ သိမ်၊ ကျောင်း၊ ဘုရား အများအပြားတို့ကို

http://www.dhammadownload.com



ပျောက်ကွယ်သွားစေသည်ဟု မဇ္ဈိမဒေသအရေးတော်ပုံကျမ်း[၁] တွင် ရေးသားထားသည်။ သို့ကြောင့်လည်းရခိုင်တို့သည် မြောက်ဦးရွှေနန်းတော်ပုံကို ယနေ့အထိ ထင်ထင်ရှားရှားမတွေ့ရသေးချေ။ ယခုနယ်သာလင်နိုင်ငံ စကောတမ်ပြတိုက်ကြီးတွင်ပြသထားရှိသည့် ရခိုင်ဘုရင်စန္ဒသုဓမ္မရာဇာဘုရင်ကြီး ရခိုင်ပြည်မြို့တော်မြောက်ဦး၌တိုင်းခန်းလှည့်လည်စဉ်ကမြင်ကွင်းကို ကိုယ်တိုင်တွေ့မြင်ခဲ့ရသော နိုင်ငံခြားသားကုန်သည်တစ်ဦး ရေးဆွဲခဲ့သည့်မူရင်းပုံကိုသာ နိုင်ငံတကာမှတ်တမ်းများတွင် တွေ့ရပေသည်။ (. . . . . . ပုံ) မြောက်ဦးရွှေနန်းတော်ကုန်းကို ၁၉၉၆-၉၇ခုနှစ်ကရှေးဟောင်းသုတေသနဦးစီးဌာနက တူးဖော်ခဲ့ရာ တွေ့ရှိ မှတ်တမ်းတင်ထားချက်များကို ဦးရွှေဇံ၏ The Golden Mrauk-U, An ancient Capital of Rakhine တွင်ဖော်ပြထားပါသည်[၂]။

## A. PALACE WALLS

The Palace is surrounded by three wall encirclements. When Mong Saw Mon started building the palace, underground canals were first dug, then stone walls were erected and finally the three hills were levelled down. Some of the canals that carried off the water to the Thinghanadi creek to the south of the palace can still be found.

Having a rectangular shape, the perimeter of the palace site is 600ft away from the intermediate walling. The intermediate walling stretches 800ft from north to south and 1,000ft from east to west. The outer walling is about 237ft away from the intermediate one. There is a small side in the south-east part of the palace which made it into a pentagon. The widest extent of the site is 1740ft from east to west and 1606ft from north to south.

The area of the whole palace was 1.2 square miles and the walls were originally made of brick. King Mong Ba Gree reinforced the palace walls with a

၁။ လှထွန်းဖြူဦး၊ မဇ္ဈိမအရေးတော်ပုံကျမ်း ( ၁၉၉၈ ခု) စာ (၇)

၂။ ရွှေဇံဦး၊ THE GOLDEN MRAUK-U, An Cncient Capital of Rakhine.(2004) p=126-129.

·http://www.dhammadownload.com



new structure of stone in 1531. The height of the walls today averages 12ft and thickness runs about 7ft. Three sides of the palace are

guarded with moats. The moats in the east and the west are manually made, whereas the southern one is a natural Thinghanadi creek. The Royal flotilla used to be maned in this very creek. The northern side had buildings for the queens and also includes the strategi- cally important Haridaung Hill.

## B. THE GOLDEN PALACE

The inner enclosure of the palace had all the important structures. From here all the 48 kings of the Mrauk-U Dynasty reigned with pomp and grandeur, making the country as prosperous as any other city of that era. This was the strangest patch of soil where kings built with a little supersition and much more toil the strongholds of defence, courts of justice, mansions for receiving guests from the Eastern courts as well as the Western courts. When there were coronations the heavenly palace rung with incantation of the High Priests, when a justice was demanded, the court-house filled with reverberations of pleadings, walls of the sufferer; when it was time for the king to come to resume his daily office, luck-bringing melodies were chanted in the great halls; and when there were attempts of palace coups, shells boomed incessantly. It was the place where for 355 years Arakanese (Rakhines) Kings defined any submission to intruders.

The Golden Palace had roofs of five graduated series supported on tall, straight and giant pillars, gilted with gold on a coat of vermilion. The roof was plated with gilding sheets of copper that would reflect the crimson rays of the sun in the early morning, transforming the palace into a fairytale Palace of the Arabian Night awash in gold.

http://www.dhammadownload.com



Khin ma Hnaung, the younger sister of Nanda Bayin of Hanthawaddy, the poet-queen of Mong Raza Gree depicted how the roofs of the palace were furnished with carvings of various designs: briolette figures, lotuses, *Kinnara* couples, figures of devas, peacocks, tinkling bells, ornamentations of stalks arches and live birds.

The King's Palace was essentially a complex of many separate buildings. The King and his attendants stayed in the palace proper whereas the queens, prince and princesses were assigned separate buildings within the palace city. Public housing was allocated in the eastern ouside the boundary of the palace city for which the locality could be considered as the outer city. The plains in the western part of the city was occupied by important ministers and higher officials. The quarters assigned were from south to north Pinnay-chaung, Naratt, Kaladan, Bah-oh, Lemro etc. Each of the quarters was under the control of a *Kwinza* or headman.

To the west of these quarters there was the quarter of the Duty Officer (custome collector) from there if one proceeded a little to the south one could find the quarter of the Port Officer on an island. The entire western side of Mrauk-U appeared to be important because the most important gateway (at Dwara), guest house for foreign diplomats, and the station were local lords reported their arrival (Kadaw-wah) were kept there.

At Baungdwet, about 3 miles south of the city, ships harboured and the Dutch and Portuguese trade centres offered brisk commerce. The quarter had a network of roads, moats and streams connected with the capital.

The Thinghanadi creek running across the city offered easy communication with the Lemro river in the east so that the agricultural products and handicrafts from the Lemro made their way into the five central markets of

http://www.dhammadownload.com



Mrauk-U. The total capacity of the rice storage compleses could easily meet the demand of the 500,000 city dwellers for ten years in case of a siege, though no spot of the land of the city was used for agriculture.

Pagodas and temples filled up the landscape of the city not leaving the tops of hills and spaces of the plains empty. There were 30 Buddhist instututions and 3700 monasteries in the city.

Nine main roads, nine plains and nine important bridges facilitated the internal communications of the city. Fr. Manrique recorded in the 17th century that Mrauk-U was as wide as 30 miles from south to north.

The King's palace was the wonder of the city with its golden·roof that looked much like a red fiery reflection of the sun at the hour of sunrise, which was described by Shin Htwe Hnaung, the Princess of Hanthawaddy.

Fr. Manrique's account of the Golden Palace describes it as entirely gilted in gold; in it, pillars of odoriferous wood emanation fairytale fragrance into the golden chambers and precious and semiprecious stones glittered with a thousand sparklingly colourful rays from the seven life-size images in the palace court.

Schouten*, in the trip to Mrauk-U in 1678, recorded that the Mrauk-U palace was the most magnificent palace in entire Asia which reflected the prosperity Arakan (Rakhine) enjoyed, keeping Hanthawaddy and Ayuthiya(Thai) far behind.

The chroniclers from time to tome recorded the prosperity of the city to be unique in the entire history of Rakhine since its inception 5000 years before Christ came upon earth. Dhanyawaddy was the crdle of Rakhine civilization, Vesali-the playground of adolescent Rakhine, Pyinsa, Parein, Taungo-Niranzara-all contributed their best for the culture of a nation in the making. But Mrauk-U the superme master workmanship of the proud people of Rakhine had no equals in all fields of human achievements.

---

* A Dutch traveller

http://www.dhammadownload.com



## MOUND OF THE WHITE ELEPHANT

At the foothill to the east of the Haridaung there is the mound of the White Elephant covered with stones. A pagoda built on the western side of the mound reminds us of the goodwill of the later-day devotees. White elephants are believed to bring good luck and prosperity to a country . A white elephant was found along Yochaung creek during King Ba Saw Pru's rule in 1462 which completed the king to build a mound for it. Another one was found in 1481 which had but a short life. Mong Raza Gree on his way back from Hanthawaddy in 1599 brought another white elephant . Thiri Thudhamma Raza receiver another white cow elephant from the Naaf region. The elephants were housed in a new place at the south eastern corner of the palace from which the name of White Elephant Gate came to be used. The elephants were there upto 1660 according to the record of the Dutch. In the Mrauk-U period the kings, Mong Raza Gree, Mong Khamoung, Thiri Thydhamma Raza, Narapatigree and Thado Mintara adopted the title of "The possessor of White Elephant" and they stamped the title on coins except only Ba Saw Pru.

## QUEENS QUARTERS

Queens quarters were built near this mound. Only the brick foundations of the buildings could be seen today. To the north of the queens quarters there was the royal cremation grounds. Ashes after cremation were spread over the foothill of Pokhaungdaung hill, to the north east of the queens quarter.

## RAKHA DAUNG

Rakahdaung hill stands close south to Haridaung. This hill is considered as the "headpiece" of the other hills of the city. The goddes Ganga, Jamuna and Bhagrirakhi were erected here complete with altars. To the south of the hill Ba Saw Pru dug Manchari (beautiful) Pond (*Kan Hla*) amd placed the figure of Mahadeva on the four corners of the pond.

http://www.dhammadownload.com



# အခန်း (၅)
# ရခိုင်စာပေသမိုင်း

## ဓညဝတီခေတ်

ရခိုင်လူမျိုးတို့၏သမိုင်းသည် (ဘီစီ-၃၃၂၅)ဆက်နွယ်သော ဓညဝတီ ခေတ်ကပင် စတင်ခဲ့သည်ဟု ရှေးရခိုင်သမိုင်းရာဇဝင်ကျမ်းများကဆိုပါသည်။ ရခိုင်စာပေ၏ အစအဦးကိုမူ ကြွင်းကျန်တွေ့ရှိရဆဲစာပေ အထောက်အထားများအရ မှတ်တမ်းတင်ကြရခြင်းဖြစ်ပါသည်။ အစောဆုံး "စာ" အရေးအသားကို ကျောက်စာများတွင် တွေ့ရလေသည်။

ရခိုင်တို့၏သမိုင်းဦးဖြစ်သော ဓညဝတီခေတ်သည် ရခိုင်စာပေအရေး အသား အစပျိုးရာ ခေတ်ဦးဖြစ်လေသည်။ ဤခေတ်တွင်ရေးထိုးခဲ့သည်ဟုယူဆကြသော ကျောက်စာ(၂)ချပ်ကို တွေ့ရှိထားပါသည်။ ယင်းတို့မှာ ဘုရားဝမ်းပူ (ဗိုက်ပူဘုရား)မှစာ နှင့် တောင်ပေါက်ကြီး ကျောက်စာ တို့ဖြစ် ကြသည်။

ဤကျောက်စာများမှာ ဘီစီ(၈)ရာစုမှ (၆)ရာစုအတွင်းပေါ် ပေါက်သည်ဟု ခန့်မှန်းရသည့် ပြဟ္မီအက္ခရာကိုအသုံးပြုကာ၊ပါဠိဘာသာဖြင့်ရေးထိုးထားခြင်းဖြစ်သည်။ ဘုရားဝမ်းပူမှစာသည် "သစ္စကပရပိုက်" ဟုအမိပ္ပါယ်ရသည်။ တောင်ပေါက်ကြီးကျောက်စာမှာ ဓညဝတီရခိုင်ပြည်ကြီးသို့ ဗုဒ္ဓဘုရားရှင်ဒေသစာရီ ကြွချီတော်မူလာသည့် အကြောင်းကိုရေးထိုးထားပါသည်။ ဤအထောက် အထားများအရဆိုလျှင် ဓညဝတီ ခေတ်တွင်အက္ခရာအရေးအသားရှိနေပြီးဖြစ်၍၊ ရခိုင်တို့သည် စာရေးစာဖတ် တတ်နေကြပြီ[၁]ဟုဆိုရပါမည်။

## လျှောက်ထုံး

လျှောက်ထုံးဟူသည်မှာအိပ်မက်၊ အတိတ်နိမိတ်၊ မင်္ဂလာပွဲ၊ ဘိသိက်ပွဲ ခံခြင်းစသည့် အကြောင်း ကိစ္စတစ်ခုခုနှင့်စပ်လျဉ်းပြီး နိုင်ငံဘုရင်မင်းမြတ်က မေးမြန်းသောအခါ၊ အမတ်ပညာရှိကြီး များက ရှေးထုံးအစဉ်အလာနှင့်တကွ လျှောက်ထားသည့် လျှောက်ထားချက်များဖြစ်သည်။

ရခိုင်သမိုင်း လျှောက်ထုံးသည် ဓညဝတီခေတ်ကပင်ရှိခဲ့သည်။ ဓညဝတီခေတ် ဘုရင်သီရိရာဇာမင်း လက်ထက်ပညာရှိ ဝိမလအမတ်ကြီးလျှောက်ထုံး၊ ဘုရင်စန္ဒသူရိယမင်းကြီးလက်ထက် ပညာရှိ အမတ်ကြီး တောင်ကုတ်စား ဓမ္မဇေယျလျှောက်ထုံး၊ ဘုရင်သူရိယကေတုမင်းကြီးလက်ထက်

၁။ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ၊ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ ယဉ်ကျေးမှုကဏ္ဍ။

http://www.dhammadownload.com



သောင်းတီးစား ဥတ္တမသီရိကျော်တို့၏ လျှောက်ထုံးများသည် ထင်ရှားကြသည်။ စကားပြေနှင့် ရေးသားထားပြီး၊ အမတ်ပညာရှိတို့၏ ပညာရည်၊ ဗဟုသုတရည်၊ ဉာဏ်ရည်၊ စကားရည်တို့ကို ကောင်းစွာမြင်တွေ့ရသည်။

**ဝေသာလီခေတ်**

ဓညဝတီခေတ်နောက်ပိုင်း အေဒီ(၄)ရာစုမှ (၈)ရာစုအထိ ထွန်းကားခဲ့သော ဝေသာလီ ကျောက်လှေကားခေတ်တွင် ကျောက်စာ၊ ခေါင်းလောင်းစာ၊ ဒင်္ဂါးစာ၊ ကြေးနီပြားစာများနှင့် အတူ ဆန်းကျမ်း၊ ဗေဒင်ကျမ်း၊ ဓမ္မသတ်လျှောက်ထုံး စသောကျမ်းဂန်များ၊ လှေတော်သံ၊ သာခြင်း၊ ရတု၊ ကဗျာ၊ လင်္ကာ စသော ရသစာပေများလည်း ထွန်းကားခဲ့သည်။

နီတိစန္ဒြမင်းကြီး၏ မိဖုရားကျောက်စာ၊ ဝီရစန္ဒြမင်းကျောက်စာတို့သည် စေတီတည်သော အလှူ မော်ကွန်းများဖြစ်ကြသည်။ သက္ကတပျက် ပါဠိဘာသာဖြင့်ရေးသားပြီး၊ ဖြုပ်ဗ္ဗွားအက္ခရာကို အသုံး ပြုထားသည်။ နီတိစန္ဒြမင်းကြီး၏မိဖုရားကျောက်စာတွင် "မိဖုရားအား မြတ်စွာဘုရား၌ သဒ္ဓါကြည်ညိုခြင်းနှင့်ပြည့်စုံသော ဒါယိကာမ" ဟူ၍လည်းကောင်း၊ ဝီရစန္ဒြမင်း ကျောက်စာတွင် "ဝီရစန္ဒြမင်းသည် သစ္စာတရားကိုသက်ဝင် ယုံကြည်မြတ်နိုးသည့်အလျောက် ကမ္ဘာ၏ အဆင်းတန်ဆာ ဖြစ်သော စေတီအဆူပေါင်း တစ်ရာတို့ကိုတည် ဆောက်တော်မူသည်" ဟူ၍ လည်းကောင်း ရေးထိုးထားသည်။ နာမဝိသေသနများ၊ တွဲလုံးကြီယာများကိုအသုံးပြုနေ ကြပြီဖြစ် သည်။ ဤအရေးအသားများသည် ရှေးဟောင်း ရခိုင်လူမျိုးတို့၏စာပေစိတ်ကူးစိတ်သန်းနှင့် ဝါကျတည် ဆောက်မှု အဆင့်အတန်းကို ညွှန်ပြနေသည်။

သင်းကျစ်တော်တောင်ကျောက်စာ၊ ကျောက်ဖြူမှကျောက်စာ၊ ကျောက်တော်တောင် ကျောက်စာ၊ သံတွဲငလုံးမော်ကျောက်စာနှင့် ပြည့်ဝကျောက်စာ၊ ဝေသာလီမြို့ဟောင်းကျောက်စာ တို့တွင်မူ အရှင်အဿဇိ မထေရ်၏ "ယေဓမ္မာ" ဂါထာတော်ကိုရေးထိုးထားကြောင်းတွေ့ရသည်။ ဘာသာရေးနှင့်သက်ဆိုင်သည်တို့ကိုသာ သက္ကဋပျက်ပါဠိဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာ များဖြစ်ကြသည်။ မဟာသူရိယတိုင်း စန္ဒြားမင်းကြီး၏မိဖုရားကြီးတည်ထားတော်မူခဲ့သော ဝေသာလီ ဘုရားကြီးကုန်းတော်ကျောက်စာမှာ ပါဠိ ဘာသာသက်သက်ဖြင့်ရေးထိုးထားလေသည်။

ခေါင်းလောင်းစာများသည်လည်း အလှူမှတ်တမ်းတင်ခြင်းများဖြစ်ကြပြီး၊ သက္ကဋ၊ ပါဠိ ဘာသာကို အသုံးပြုထားလေသည်။ ဝေသာလီခေတ်ဒင်္ဂါးစာများမှာ မင်းအမည်များကို သက္ကဋ ပါဠိဘာသာဖြင့် ရေးထိုး ထားခြင်းဖြစ်သည်။ ဝေသာလီမင်းကြီးတစ်ပါး၏ မြေလှူအမိန့်တော်

http://www.dhammadownload.com



ပြန်တမ်းကို အက္ခရာတင်ထားသော ကြေးနီပြားစာတစ်ချပ်မှာ သက္ကဋဘာသာသက်သက်ကိုသာ အသုံးပြုထားသည်ကို တွေ့ရသည်။

ဤခေတ်တွင် စာပေအရေးအသား သုံးစွဲမှုမှာ များစွာကျယ်ပြန့်နေပြီဖြစ်သည်။ သက္ကဋ စာပေနှင့် ပါဠိစာပေတို့ကို သုံးစွဲခဲ့ကြသည်။ ယင်းခေတ်သုံး ကျောက်စာများကို ယနေ့အများအပြား တွေ့ရှိနေပြီဖြစ်သည်။ အစောဆုံးကျောက်စာမှာ နီတိစန္ဒြမင်းလက်ထက်ထိုးကျောက်စာ ဖြစ်သည်။ စာပေကို အိန္ဒိယမှ တစ်ဆင့်ရရှိသည်။ သို့သော် အက္ခရာအရေးအသားတွင် ဒေသအလိုက် ပြောင်းလဲနေသော လက္ခဏာများပါရှိသည်။

သက္ကဋစာပေဖွဲ့နွဲ့ပုံမှာ လက်ရာပြောင်မြောက်ခဲ့သည်။ ကျောက်စာတချို့တွင် သတ္တဝါအပေါင်း နိဗ္ဗာန်ရောက်ကြောင်း ဆုတောင်းရာ၌ တင်စားဖွဲ့နွဲ့ပုံမှာ ရသမြောက်လှ သည်။ "တဏှာတည်းဟူသော လှိုင်းတံပိုးတို့ဖြင့် ပြင်းထန်စွာ လှုပ်ရှားရိုက်ခတ်သည့် အသံမြည်ဟီးလျက် ရှိသော ဘဝတည်းဟူသော သမုဒ္ဒရာမှ ကမ်းတစ်ဘက်သို့ ရောက်ကြပါ စေသတည်း"ဟု စာပေ အလင်္ကာဖြင့် ဆုတောင်းထားသည်။

ဝေသာလီခေတ်သုံးစာပေတွင် အာနန္ဒစန္ဒြားမင်းရေးထိုး ကျောက်စာသည် တန်ဖိုးရှိလှ သည်။ ကျောက်စာတွင် အာနန္ဒစန္ဒြမင်းနှင့် ယင်းမင်းမတိုင်မီ နန်းစံခဲ့သော မင်းပေါင်း (၃၆)ပါးတို့၏ နန်းစံပုံကို အစီအစဉ်အလိုက် မှတ်တမ်းတင်ထားသည်။ ထို့ကြောင့် ဤကျောက်စာကို ဝေသာလီ ခေတ်၏ သမိုင်းစာအုပ်ကြီးဟု သမိုင်းဆရာတို့က တင်စားကြသည်။

ရခိုင်သမိုင်းအဆိုအရ ဤခေတ်တွင် ရခိုင်အက္ခရာစာပေ အရေးအသားကို စတင် မှတ်တမ်းတင်ခဲ့သည်။ ရခိုင်စာသုံး ဗျည်း ၃၃-လုံးနှင့် အက္ခရာတို့ကို ဓမ္မဝေယျအမတ်ကြီး သည် စတင်တီထွင်ခဲ့သည်ဟူ၏။ အာနန္ဒစန္ဒြမင်း ကျောက်စာတွင် ရှေးဦးရခိုင်အက္ခရာ "ဂ၊ ဃ၊ င၊ စ၊ ဆ၊ န၊ ပ၊ တ၊ လ၊ ဝ၊ အ" တို့နှင့် ဆင်တူသည့် အက္ခရာပုံစံများ ပါရှိနေသည်ကို တွေ့ရသည်။ ရခိုင်အလယ်သရတွင်ပါသည့် "အား၊ အူး၊ အီး"သရတို့၏ ရေးဟန်များကို လည်း ဤကျောက်စာတွင် တွေ့ရသည်။

ဤခေတ်တွင် သုဝဏ္ဏဒေဝီ၏ သွန်းလိုက်ရတု ဗျည်း ၃၃-လုံး လေ့တော်သံတို့ကို စပ်ဆိုခဲ့ပြီး ဘာသာပြန်ကျမ်းများလည်း ရှိခဲ့သည်ဟု ဆိုသည်။ ကြမ္မာဒိုက်မင်းကြီးဝတ္ထု (တစ္ဆေပြောသော ပုံပြင်)ကို မူရင်းသက္ကဋဘာသာမှ ဤခေတ်တွင် ပြန်ဆိုခဲ့ဟန် ရှိသည်။ ဤဝတ္ထုမှာ အေဒီ ၃၇၅၊ အေဒီ-၄၁၃တွင် အိန္ဒိယပြည်တွင် ပေါ်ထွန်းခဲ့သော စာပေဖြစ်သည်။

http://www.dhammadownload.com



## အာနန္ဒစန္ဒြကျောက်စာ

ဤကျောက်စာကို အေဒီ (၇၂၀)ခန့်တွင်နန်းတက်တော်မူသော ဝေသာလီ ဘုရင်အာနန္ဒစန္ဒြ မင်းကြီး လက်ထက်၌ရေးထိုးခဲ့သည်။ ရှေးရခိုင်မင်းဆက်များ၏ ထင်ရှားသော အကြောင်းအချက်များကိုအကျဉ်းအားဖြင့်မှတ်တမ်းတင်ထားသည်။ ကျောက်စာကုသိုလ်ရှင် အာနန္ဒစန္ဒြ၏ကောင်းမှုတော်များ၊ ပြည်သူတို့အတွက် ဆောင်ရွက်ချက်များကိုမူ အကျယ်တဝင့်ရေးထိုးထားသည်။ သက္ကဋ္ဌဘာသာဖြင့် ဂါထာဖွဲ့ဆိုထားသော ကျောက်စာဖြစ်သည်။ နှစ်ပေါင်းနှစ်ရာစီခန့် ကွာခြားသော ပြဟ္မီပွားအက္ခရာသုံးမျိုးကို ကျောက်စာတိုင်၏အရှေ့၊ အနောက်၊ မြောက်မျက်နှာတို့တွင် တမျိုးစီအသုံးပြုထားသည်။ယင်းကျောက်စာတိုင် ကိုမြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်အဝင်ဝတွင် ယခုတိုင်တွေ့မြင်နိုင်ပါသည်။

ဤကျောက်စာတွင် အလင်္ကာများ၊ ဝိသေသနများ၊ တင်စားချက်များဖြင့် ဝေဝေဆာဆာ ရေးထိုးထားသည်ကိုတွေ့ရသည်-

“ပဒုမ္မာကြာပွင့်ခြေတော် “ ဂါထာ(၄၄)

“ကမ္ဘာမြေပြင်အထက်၌ပေါ်ထွန်းလာသော လမင်းကဲ့သို့” ဂါထာ(၂၆)

“ကျော်ဇောခြင်းတည်းဟူသော ပန်းကုံးကိုသီကုံးပြီး နတ်ပြည်သို့ကြွမြန်းတော် မူလေသည်။” ဂါထာ (၂၃)

နတ်ပြည်၏လှပတင့်တယ်ခြင်းကိုပြက်ရယ်ပြုနိုင်လောက်အောင်လှပတင့်တယ်သောမြို့တော် ဂါထာ (၂၀)

ဤသည်တို့မှာ ဝေသာလီခေတ်ရခိုင်အမျိုးသားတို့၏ ဖန်တီးနိုင်သော ရူပကလင်္ကာ၊ ဥပမာလင်္ကာ၊ တင်စားဖွဲ့ဆိုမှုများ၊ စိတ်ကူးစိတ်သန်းကောင်းများကို တွေ့မြင်ရမည်ဖြစ်လေသည်။

## စောပြည့်ညို

စောပြည့်ညိုမှာ ဝေသာလီပြည့်ရှင် သီရိစန္ဒြားမင်းကြီး၏သားတော်အိမ်ရှေ့ဥပရာဇာ၏ မျောက်သားတော်ဖြစ်သည်။ ခမည်းတော်သီရိစန္ဒြမင်းကြီးလက်ထက်တွင် ဒက္ကားနှင့်မောက်သူဇာ (မူရရှေဒဘဒ်) မှအခွန်ဘဏ္ဍာဆက်သရန် ပျက်ကွက်ခြင်းကြောင့် အိမ်ရှေ့ဥပရာဇာသည် အနောက်ပြည်သို့ စစ်ချီခဲ့ရလေသည်။ အရေးအခင်းကိုကောင်းစွာဖြေရှင်းနိုင်ပြီးသော်လည်း ဥပရာဇာသည်သုံးနှစ်မျှကြာမြင့်အောင်ပင် ဝေသာလီသို့ပြန်လည်ကြွမြန်းခြင်းမပြုခဲ့ပေ။ အနောက်

http://www.dhammadownload.com



သူရတန်မင်းဆက်သသော သမီးတော်နှစ်ပါးဖြစ်သည့် ဒန်ရမာဇာလီ၊ ဒုရဘီတို့နှင့် စံစားပျော်ပါး၍ နေခဲ့လေသည်။ ထိုအခါ ချစ်လှစွာသော မောင်တော်အားလွမ်းဆွတ်လှသော စောပြည့်ညိုသည် "သိန်ကန်မိန်တွင် "အစချီသောကဗျာသုံးပုဒ်ကို မောင်တော်အားဆက်သတော်မူစေခဲ့လေသည်။

စောပြည့်ညိုမင်းသမီး၏ လွမ်းပင်လယ်ဝေနေသည့်ဖြစ်အင်ကို ဤကဗျာက ထင်ထင်လင်းလင်းပြဆို ထားသည်။ ဤကဗျာသုံးပုဒ်သည် ရခိုင်စာပေသမိုင်းတွင် အတော်ပင်ရှေးကျသော ရသမြောက် လှသည့် အချစ်အလွမ်းကဗျာဖြစ်ကြောင်းတွေ့မြင်ရလေသည်။

## ကဝိကဏ္ဍာကျမ်း

စောပြည့်ညိုသည် သက္ကဋ္ဌဘာသာ ဖြင့်ရေးဖွဲ့ထားသည့် ဆန်းကျမ်းတစ်စောင်ကို လည်း ဘာသာပြန်ဆိုခဲ့သည်။ အိန္ဒိယပြည်၏အလင်္ကာကျမ်းဆရာကြီး ကာလီဒါသပြုစုခဲ့သော -သျှုရုတဘောဓ (ရုတဗောဓ)- ကျမ်းကို -ကဝိကဏ္ဍာ- ဟူသောအမည်ဖြင့် ရခိုင်ဘာသာသို့ ပြန်ဆို ရေးသားခဲ့သည်။

"ကဝိကဏ္ဍာပါသန" အမည်ဖြင့် ယခုအခါထင်ရှားနေသောကဗျာဖွဲ့နည်းကျမ်းသည် စောပြည့်ညို၏ကျမ်းဖြစ်သည်ဟုသုတေသီတို့က မိန့်ဆိုကြသည်။ ထို့ကြောင့် စောပြည့်ညိုအား ဆန်းအလင်္ကာပညာရှိဟူ၍ သုတေသီတို့ကမော်ကွန်းထိုးခဲ့ကြသည်။

## မေဓပညာ ပညာရှိကြီး

ဝေသာလီခေတ် သီရိဓမ္မဝိဇယ (သီရိစန္ဒြ)မင်းကြီး၏ ပညာရှိအမတ်ကြီး ဖြစ်သည်။ အမတ်ကြီးသည် မေဓပညာမော်ကွန်းနှင့် စန္ဒြားဘွဲ့များကို ဖွဲ့ဆိုခဲ့သည်။ မေဓပညာ မော်ကွန်းသည် သက္ကရာဇ်ဖြိုခြင်း၊ သင်္ဂါယနာတင်ခြင်း၊ ရခိုင်ပြည်ကြီးသို့ ရဟန္တာငါးပါး ကြွလာတော် မူခြင်း စသည်တို့ကို တိုတိုနှင့်လိုရင်း အကျဉ်းဆောင်ဖော်ပြထားသော လင်္ကာဖြစ်သည့်အပြင် ဘုရင်မင်းတို့၏ ကောင်းမှုဆောင်ရွက်ချက်တို့ကိုလည်း မှတ်တမ်းတင်ထားသည်။ သို့ဖြစ်သောကြောင့်လည်း ဤလင်္ကာကို မော်ကွန်းစာတစ်စောင်တစ်ဖွဲ့အနေဖြင့် သုတေသီတို့ကယူဆဟန်ရှိသည်။

## ဓမ္မဇေယျအမတ်ကြီး

ဓမ္မဇေယျသည် စူဋ္ဌစန္ဒြားမင်းကြီးလက်ထက်တွင်ထင်ရှားသော အမတ်ကြီးဖြစ် သည်။ အမတ်ကြီးသည် "ဗျည်း(၃၃)လုံးလေ့တော်သံ" ကိုစပ်ဆိုခဲ့သည်။ ရှေးရခိုင်ရေတပ်တော်သား များတွင် စစ်ချီသည့်အခါ သန်မာထွားကျိုင်းသူ ကျင်သန်(လူသန်)ကြီးများက လှေလှော်ခတ်ကြ ရသည်။

http://www.dhammadownload.com



ထိုအခါ စည်ကိုတီးယင်း လေ့တော်သံကိုဆိုယင်းဖြင့် တက်ညီလက်ညီ အားမာန်ပါပါ လှော်ခတ်ကြလေသည်။ ဤသို့လှော်ခတ်ယင်း သီဆိုကြသော လေ့တော်သံကိုအမတ်ကြီး ဓမ္မဇေယျ သည် စိတ်ကူးကောင်း ကောင်းဖြင့် (က)မှ(အ) အဆုံးထိဗျည်း(၃၃)လုံးကို အစထားလျှက်စပ်ဆိုခဲ့လေ သည်။

"ဗျည်း(၃၃)လုံးလေ့တော်သံ"တွင် မဟာမုနိရုပ်ရှင်တော်မြတ် သွန်းလုပ်တော်မူသည့် အကြောင်း၊ ဘုရားရှင်၏ငါးရာ့ငါးဆယ်နိပါတ်တော်၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ပုံပြင်၊ ဒဏ္ဍာရီတို့ဖြင့် တန်ဆာဆင်ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ ဗုဒ္ဓဝင်အကြောင်းခြင်းရာများ၊ သမိုင်းဆိုင်ရာ အဖြစ်အပျက်များကိုလည်း ထည့်သွင်းထားသည်ကိုတွေ့ရပြန်သည်။စကားလုံးအလှများ၊ အလင်္ကာ များဖြင့်ရသမြောက်ဂန္ဓဝင်တေးကဗျာဖြစ်လာအောင်ဖန်တီးထားသည်။ စာဆိုရှင်၏အစွမ်းပင်ဖြစ် သည်။ အချို့သောသုတေသီတို့က လေ့လှော်ရာတွင်သီဆိုရသောရေကြောင်းဆိုင်ရာ သီချင်း ဖြစ်သောကြောင့် "အန်ခြင်း " ဟူ၍လည်းကောင်း၊ အံ့သြဖွယ်ရာများကိုဖွဲ့ဆို၍ "အံ့ခြင်း "ဟူ၍လည်း ကောင်း အမည်ပေးကြသည်။

## ရွှေမျဉ်းဓမ္မသတ်

ဝေသာလီခေတ်၌ ဓမ္မသတ်ကျမ်းများလည်းပေါ်ထွန်းခဲ့သည်။ မြောက်ဦးခေတ်၌ ထင်ရှား ခဲ့သောတရားစီရင်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးအတွက် ရှေးရခိုင်ဘုရင်မင်းမြတ်တို့ လက်စွဲပြုခဲ့ကြသော ရွှေမျဉ်းဓမ္မသတ်သည် ဝေသာလီခေတ်ကပင် စတင်ခဲ့သည်ဟု မှတ်သားရသည်။

## ကျောက်ထိုးများ

မဟာသူရိယ တိုင်းစန္ဒြားမင်းကြီးလက်ထက်တွင် သောင်းတီးစား ဥတ္တမသီရိကျော် ကျောက် ထိုးများနှင့် စူဠတိုင်းစန္ဒြားမင်းကြီးလက်ထက် စစ်တကောင်းမြို့စား ဝိဓူရအမတ်၏ ကျောက်ထိုး များသည် ဝေသာလီခေတ်၌ထင်ရှားသည့် ကျောက်ထိုးများဖြစ်ကြသည်။ မဟာသူရိယ တိုင်းစန္ဒြား မင်းကြီး လက်ထက်သားတော်သူရိယတိုင်းစန္ဒြားနှင့်သမီးတော်စောပြည့်ညိုတို့အား ထိမ်းမြားပေးရေး နှင့်စပ်လျဉ်း၍၊ သောင်းတီးစား၏ကျောက်ထိုးမှာ "ပတ္တမြားကျောက်ကောင်းတို့တွင် ဂေါပလ္လေစသော အနာရှိလျှင် မင်းမသုံးရ၊ စိန်ကျောက်တို့တွင် ဇလုပ်တေဇာငယ်နာမစင်၊ တောကြောင်မွေးမျှင် စသောအပြစ်မကင်းလျှင်၊ မင်းမသုံးထိုက်၊ မိုးစပါးတို့မှာလည်း အရောရောပါလျှင် အပင် အသီးမညီ ရွှေ၌လည်းကြေးနီ၊ ငွေ၊ သံမလွတ်လျှင် အရည်အသွေးမဖြောင့်၊ထို့အတူ သာကီဝင်မင်း တို့၌လည်း

http://www.dhammadownload.com



နွယ်တော်ဝံသစင်မှမျိုးတူစွာစဉ်လာကြီးမြင့်အကျင့်မဖောက်စေလို” အကိုးအကား၊ အနှိုင်းအထောက်များ ဖြင့် ချောမောပြေပြစ်သောစကားပြေ အရေးအဖွဲ့ ကိုတွေ့နိုင်ပါသည်။

ဝေသာလီခေတ်၌ ပါဠိသက္ကဋ္ဌဘာသာတို့မှပြန်ဆိုထားသောကျမ်းပေါင်းများစွာရှိခဲ့ပါသည်။ စာနာကျ အမတ်ကြီး၏ စာနကျနီတိ၊ ကြမ္မဒိုက်မင်းကြီးဝတ္ထု၊ မနုဓမ္မသတ်တို့သည် ထင်ရှားလှသည်။ ဂေါတမပူရာဏကျမ်း၊ နက္ခတ်ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ သင်္ချာကျမ်း၊ ဓာတ်ကျမ်းများလည်း ပေါ်ထွန်းခဲ့သည်။ သာခြင်း၊ ကဗျာများသည်လည်း စန္ဒြားမင်းများလက်ထက်က စတင်ပေါ်ပေါက် ခဲ့ခြင်းဖြစ်သည်။

ယနေ့ခေတ်ဒဏ္ဍာရီပုံပြင်များတွင်လည်း အာနန္ဒစန္ဒြမင်းကြီး၏ ရွှေနန်းတော် အတွင်းဝယ် မိဖုရားခေါင်ကြီးဒဏ္ဍာဒေဝီ ဟောပြောခဲ့သောပုံပြင်များ များစွာပါဝင်ခဲ့သည်ဟု ဆိုကြသည်။ ယင်းပုံပြင်များကို ရခိုင်ပြည်သူတို့သည် နားဖြင့်၊ နှုတ်ဖြင့်ခေတ်အဆက်ဆက် သယ်ဆောင်လာကြခြင်းကြောင့် ယနေ့ထိတိုင်အောင် နားထောင်နေကြရသည်။ မိဖုရားကြီး၏ အမည်ကိုအစွဲပြုပြီး “ဒဏ္ဍာရီ” ဟု အမည်တွင်လာရခြင်း ဖြစ်သည်ဟုယူဆကြသည်။

ဝေသာလီခေတ်သည်ရခိုင်စာပေယဉ်ကျေးမှုအခြေကျအနေထိုင်ကာတိုးတက်ထွန်းကားခဲ့သည့်ခေတ်ဖြစ်သည်။ စောပြည့်ညို၏ ကဝိကဏ္ဍာကျမ်းကဲ့သို့သော ကျမ်းများရှိပြီဖြစ်သောကြောင့် ဝေသာလီတိုင်းသားတို့သည် လင်္ကာဖွဲ့နည်းအတတ်ပညာကို လွန်ခဲ့သော နှစ် ပေါင်း(၁၂၀၀)ခန့်ကပင် ရရှိ တတ်မြောက်ကျွမ်း ကျင်နေကြပြီဖြစ်သည်ဟုယုံကြည်နိုင်ပါသည်။ “သိန်ကန်မိန်တွင်” ကဲ့သို့သော ကဗျာများကိုလည်းများစွာ ရေးဖွဲ့ခဲ့ကြပေလိမ့်မည်။ ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်၊ စစ်ဘေးဒဏ်နှင့် ကာလကြာမြင့်စွာဖြစ်ပေါ်ခဲ့သည့် ဘေးဒဏ်တို့ကြောင့် တိမ်မြုပ်ပျက်စီးပျောက်ကွယ်ခြင်း ဖြစ်ပေလိမ့်မည်။ နောင်လာရခိုင်ပြည်သူတို့သည် ဤသို့ပျောက်ကွယ်တိမ်မြုပ်နေသော စာပေယဉ်ကျေးမှုများကို သုတေသနပြု ထိန်းသိမ်း ဖော်ထုတ် ကြရမည်ဖြစ်ပေသည်။

## လေးမြို့ခေတ်

### လေးမြို့ခေတ်စာပေ

လေးမြို့ခေတ်၏စာပေများအနက် ရခိုင်ပြည်၌ ကုမ္ဘာဘယမင်းသားသည် ဒသရာဇာ ဟူသောဘွဲ့ကိုခံ၍ နန်းတက်ပြီးနောက် ဘိသိက်ခံသောအခါ ဘိသိက်မင်္ဂလာပြုလုပ်ခြင်းကို ရေးစပ်ထားသော “သျှိုးလိုက်ရတု”သည် အလွန်ထင်ရှားလေသည်။ ထို့အတူ လောင်းကြက်ခေတ် ဘုရင် မင်းထီးလက်ထက်တွင် ပေါ်ထွန်းခဲ့သော ”သာစွာလေကဗျာ”မှာလည်း ရခိုင်စာပေသမိုင်း၏

http://www.dhammadownload.com



မှတ်တိုင်တစ်ခု ဖြစ်လေသည်။ မင်းထီးလက်ထက် မှာပင် ပေါ်ထွန်းလာသော ရခိုင်အဂ္ဂသာရ အသျှင်သူမြတ် စီကုံးသည့် "လောကသာရပျို့"သည် ရခိုင်စာပေသမိုင်းတွင် ပျို့တကာ့ပျို့မှာ အစောဆုံးနှင့် ရခိုင်ပြည်ထောင်တစ်ခွင်တွင် အထင်ရှားဆုံးဖြစ်လေသည်။ ဤလေးမြို့ခေတ်တွင် အမတ်များကြီးစိုးမှု ရှိသဖြင့် "လျှောက်ထုံး"အများအပြားသည်လည်း ပေါ်ထွန်းခဲ့ လေသည်။

လေးမြို့ခေတ်သည် ဝေသာလီကျောက်လှေကားခေတ်နောက်ပိုင်း ထွန်းကား လာသော ခေတ်ဖြစ်သည်။မင်းဆက်၊ ပရိန်မင်းဆက်၊ ခြိတ်မင်းဆက်၊ စမ္ဘဝက်မင်းဆက်၊ နေရဉ္စရာ တောင်ငူမင်းဆက်၊ လောင်းကြက်မင်းဆက်ဟူ၍ ခွဲခြားပေါ်ထွန်းခဲ့သည်။

## ကဝိကျော်

ပရိန်မင်းဆက်၌ထင်ရှားသော ဒသရာဇာမင်းကြီးလက်ထက် မင်း၏အတိုင်ပင်ခံပညာရှိ အမတ်မှာ မောက်သူဇာမြို့စား ကဝိကျော်ဖြစ်သည်၊ ကဝိကျော်၏လျှောက်ထုံးများသည် လေးမြို့ခေတ် စာပေသမိုင်းတွင်ထင်ရှားလှသည်။ ပျားအုံနိမိတ်၊ ကြီးကြာနိမိတ်တို့နှင့် ဆက်စပ်သော လျှောက်ထုံးများ တွင် အမတ်ကြီး၏ ဆင်ခြင်သုံးသပ်ဉာဏ်ရည်ကိုတွေ့ရှိရသည်။

ဒသရာဇာမင်းကြီးဘိသိက်ခံအခမ်းအနားတွင် အင်္ဂါစုံလင်ရန်လိုအပ်ကြောင်းကို သျှိုးလိုက် ရတုဖြင့် မင်းကြီးအားလျှောက်ထားခဲ့သည် -

"သတ္တာဝါကို မေတ္တာထုံးခွေရစ် ညွန့်သစ်တက်ဝေ ကျက်သရေကြောင့်

ဖြိုးဝေလူနတ်ချစ်၏၊ လေးပါးအပြစ် ရှင်းရှင်းကွာ ပြည်သူထုပ်ခွန်

မလွန်စားတို့ရာသည် မဟာနွယ်မြစ် ဖုန်းပွင့်သစ် . . . "

ဟူ၍ ရှေးမင်းကောင်းမင်းမြတ်တို့၏ ထုံးလာကိုပြပြီး၊ ပြည်ရှင်မင်းအားဆုံးမ လမ်းညွှန် ပြပေးသည်။

ဒသရာဇာမင်းကြီးလက်ထက်တွင်အတိတ်နိမိတ်နှင့်ပတ်သက်သောလျှောက်ထုံးများလည်း ပေါ်ထွန်းခဲ့သည်။ ဘင်္ဂါ(၁၂)မြို့မှကုလားနှင့် သက်တိုပူးပေါင်းပြီး နိုင်ငံတော်ကို ပုန် ကန်သောင်းကျန်း ကြရာ၊ အမတ်ကြီး ဇေယျဗိုလ်ကို ချီစေရာတွင်၊ တပ်ဦး၌ ငြိုးကြာငှက်တစ်ကောင်သည် သားရေတစ်ခု ကိုချီလာသည်ကို တွေ့ရှိဖမ်းမိလေရာ၊ ထိုအတိတ်နိမိတ်ကိုပညာရှိအမတ်ကဝိကျော် လျှောက်ထားသည် ကား "ငြိုးကြာကုလား၊ မှောက်မှားရောယှက်၊ သက်ကား သားရေ၊ မိတ်ဆွေ ပြုလျှက်၊ ခြားနားချက်မှာ" ဟူ၍ "ငှက်နှင့်သားရေ အနေမယွင်း ချက်ခြင်းမကွာ အောင်ပါမည်"ဟု

http://www.dhammadownload.com



လျှောက်ထားခဲ့သည်။ လျှောက်ထားသည့်အတိုင်းပင် အလွယ်တကူဖြင့် အောင်မြင်တော်မူခဲ့လေသည်။

## ပုရောဟိတ်ပုဏ္ဏား ရာဇဂုရု

ရာဇဂုရုသည် ဒသရာဇာမင်းကြီးလက်ထက်၌ ပုရောဟိတ် ပုဏ္ဏားကြီး ပညာရှိဟူးရားဖြူဖြစ်သည်။ ပုဏ္ဏားရာဇဂုရု၏လျှောက်ထုံးတွင်ကျမ်းဂန်၊ နက္ခတ်ဗေဒင် တတ်မြောက်သော ပုရောဟိတ်ကြီး၏ပညာရည်ကိုသိသာနိုင်သည်။ နမူနာအားဖြင့် အောက်တွင် ဖော်ပြလိုက်သည်-

"ဓာတ်ဆန်းဓာတ်ပျက် နရစက်နှင့် ဂြိုဟ်ပျက်ဒသာ

ဒွာဒရာရုပ် ဥုတ်ကသစ်ဖက် စန်းလက်မလျော့ ဇာတာတော်လည်း. . ."

## ဝိဇိလအမတ်

ဝိဇိလသည် ဒသရာဇာမင်းကြီးနောက်တစ်ဆယ့်နှစ်ဆက်အဆုံးဖြစ်သော ငနှလုံးမင်းကြီးလက်ထက်က ပညာရှိအမတ်ကြီးဖြစ်သည်။ လေးမြို့ပေါ်စာ ပေစုတွင် ဝိဇိလ၏ ကျိန်နှင့်ဖျိုင်း ခွပ်သည်ကို အတိတ်နိမိတ်ကောက်သော လျှောက်ထုံးကို ငနှလုံးမင်းကြီးလျှောက်ထားခဲ့သည်ကို တွေ့ရပါသည်-

"ကျိုးနံကုလား၊ဖျိုင်းကားမရမာ၊နံမှာအလိုနဂိုယာယီ၊ကိန်းနှစ်လီတွင်၊ယာယီကျိုးကန်း၊ ပင်ပတ်ကုလား၊ ထွားထွားကျေညက်၊ ပျက်မည့်အကြောင်း၊ လူးပေါင်းပြီးစီး၊ ခရီးမကြာ အောင်မြင်ပါမည်။"

## အမတ်ကြီး ဝိမလ

ပညာရှိအမတ်ကြီးဝိမလသည် လောင်းကြက်မင်းကြီး ဘုရင်မင်းထီး လက်ထက်မှစ၍ ဘုရင်နရမိတ်လှထိတိုင်အောင်တိုင်းပြည်အကျိုးအတွက်အမှုထမ်းခဲ့သူဖြစ်သည်။ အမတ်ကြီးသည် တရားစောင့်သောဘုရင်မင်းထီးအား ပြည့်စုံအပ်သောကျေးဇူးခုနစ်ပါး၊ ရာဇဒေဝီမိဖုရားကြီးတို့၏ ကြံအင် အင်္ဂါရပ်ခုနစ်ပါး၊ မိန်းမမြတ်တို့၏လက္ခဏာရပ်များ စသည် တို့ကိုကျမ်းဂန်ပါဠိလာရှိသည်နှင့် အညီလျှောက်ထားခဲ့သည်။ လောကီကျမ်းတို့၏ အလိုနှင့်ထောက်ပြီး အတိတ်နိမိတ်များကိုလည်း ဖတ်ခဲ့သည်။ ထို့ကြောင့် ရွှေထမ်း စင်စီးခွင့်ပြုခြင်းစသည့် ဘုရင်အဆက် ဆက်၏ ချီးမြှောက်မှုများစွာကို ခံယူရရှိခဲ့လေသည်။

http://www.dhammadownload.com



အမတ်ကြီးသည် ရာဇသူမင်းကြီး၏သားတော် နရမိတ်လှမင်း၏မင်းကျင့်နှင့်မညီ၊ ပေါ့ပျက်သော့သွမ်းစွာ နေထိုင်သည်ကိုလည်း ရှေးသူဟောင်းတို့၏ စကားများ၊ရှေးဟောင်းစာပေ အလာများ၊ ကလိန်ကရာဇ် မင်းက အသကမင်းကိုဝပ်ပြုသောအကြောင်းများ စသည်တို့ဖြင့်သွန်သင်ပေးခဲ့သည်။

"အရှင်မင်းမြတ်၊ ပင်လယ်မြစ်ကြောင်း၊ ဝဲခနောင်း၌၊ ထိန်းကျောင်းမဖယ်သာ၊ မာလိန်မတာတ်

ရေကြောင်းမလွှတ်သော်၊ ကူးခပ်မရောက်ရာ"

## ရခိုင်သူမြတ်

ရခိုင်သူမြတ်သည် ဘုရင်မင်းကြီးမင်းထီးလက်ထက်၌အလွန်ထင်ရှားသော ပိဋကတ်ဗေဒင် တတ်ကြီးဖြစ်သည်။ ဘုရင်မင်းထီးသည် သရက်မြို့တည်သက်မင်း မင်းလျှင်စောကို ရခိုင်သို့ဆောင်ယူလေသောအခါ၊ သက်မင်း၏သားတော် စောခုံ၊ စောဖြူ၊စောတူတို့သုံးဦးလည်း ဖခင်နှင့်အတူ ပါလာ သည်။ မင်းလျှင်စောသည်သားတော်သုံးပါးအားကျမ်းတတ်ပုဂ္ဂိုလ် "သူမြတ်" ထံတွင် အပ်နှံလျှက် ပညာသင်ယူစေခဲ့သည်။ စောတူသည် အဝမြို့တွင် မင်းကြီးစွာစော်ကဲအမည်ဖြင့် မင်းဖြစ်လာသော အခါ ငယ်ဆရာ ရခိုင်သူမြတ် ကို နေပြည် တော်သို့ပင့်ခေါ်၍ "မဟာသံဃရာဇာ" ဟူသောဘွဲ့တံဆိပ် ကပ်လှူပြီးလျှင်ကိုးကွယ်တော်မူလေသည်။ ရခိုင်သူမြတ်သည် မင်းသားသုံးပါးကို" ကြားပိမ့်သူမြတ် ချီ "လောကသာရပျို့" စီကုံးကာ သင်ကြားပေးခဲ့သည်။

ပျို့သည် လင်္ကာမှလာသောအဖွဲ့အနွဲ့တစ်ခုဖြစ်သည်။ လင်္ကာထက်ရှည်လျားသည်။ အထူးသဖြင့် ဘုရားဟောတရားတော်များကို နှစ်သက်ဖွယ် ဖွဲ့ဆိုထားသော ကဗျာဇာတ်လမ်းရှည်များ ဖြစ်ကြသည်။ တခါတရံတွင်ကျင့်ဝတ်နီတိများကိုလည်း ပျို့ကဗျာပုံစံဖြင့်ရေးဖွဲ့ကြသည်။

## မြကျော်အောင် (ကဝိကျော်)

မြကျော်အောင်သည်လည်းဘုရင်မင်းထီးလက်ထက်မှ နရမိတ်လှမင်းထိ တိုင်အောင် အမှုထမ်းခဲ့သည့်သက်တော်ရှည်ပညာရှိအမတ်ကြီးဝိမလ၏ သားတော်ဖြစ်သည်။ နရမိတ်လှသည် မင်းစောမွန်အမည်ဖြင့် လောင်းကြက်ထီးနန်းကို ဒုတိယအကြိမ် သိမ်းမြန်းတော်မူသောအခါ၊ မြကျော်အောင်ကို ကဝိကျော် အမည်ဖြင့် ပညာရှိအမတ်ကြီးခန့်အပ်လျှက်လေးမြို့ကိုအပိုင်စားပေးပြီး သူကောင်းပြု ခဲ့လေသည်။ မင်းစောမွန်သည် လောင်းကြက်မြို့မှ မြောက်ဦးမြို့တော်သို့ ပြောင်းရွှေ့ မည်ပြုသောအခါအမတ် ကြီးကဝိကျော်က မြို့မပြောင်းမီ ဘိသိက်ခံယူသင့်ကြောင်းဘုရင်ကို

http://www.dhammadownload.com



ကျမ်းဂန်လာ အထောက်အထားများ၊ ရှေးပညာရှိတို့၏မှာကြားချက်များကို ကိုးကားလျှောက်တင်ခဲ့လေသည် -

"ရဟန်းတို့မှာ ကမ္မဝါတင် သိမ်ဝင်သိက္ခာ ဓမ္မာတရားမြဲသင့်ကြောင်း၊ မင်းတို့မှာလည်း ဘိသိက်ခံရာ သမ္မာမြင့်မြတ်ကြောင်း "

လေးမြို့ခေတ်စာပေသမိုင်းကိုလေ့လာကြည့်လျှင် ကျောက်ထုံးများ၏အခန်းကဏ္ဍသည် ယခုတွေ့ရှိထားပြီးသည့် အထောက်အထားများအရပင်လျှင် အတော်ကျယ်ပြန့်ခဲ့ဟန်ရှိကြောင်းတွေ့ရသည်။ တိမ်မြုပ်ပျောက်ကွယ်နေသည့် ကျောက်ထုံးများလည်း အများအပြားရှိနေဦးမည် ဖြစ်ပါသည်။

ကျောက်ထုံးများသည် နိုင်ငံတော် သာယာအေးချမ်းဝပြောရေး၊ ဘုရင်မင်းမြတ် တို့တရားနှင့်အညီ ကျင့်ကြံအုပ်ချုပ်ရေး၊ ပြဿနာကိစ္စရပ်များပြေပြစ်ရှင်းလင်းရေးအတွက် ပညာရှိအမတ်တို့၏ ကြီးမားသည့်၊ ခိုင်မာသည့် လုပ်ငန်းရပ်များလည်းဖြစ်သည် ကိုတွေ့ရပေသည်။ လေးမြို့ခေတ် ကျောက်ထုံးများသည် ဝေသာလီခေတ်ကျောက်ထုံးများကဲ့သို့ စကားပြေသန့်သန့်မဟုတ်ဘဲ၊ ကာရန်အစပ်အဟပ်များ၊ ကဗျာလင်္ကာအသွားများဖြင့် ရေးကုံးထားသောကျောက်ထုံးများ ဖြစ်သည်ကိုလည်း တွေ့ရပေသည်။

လေးမြို့ခေတ်သည် အေဒီ(၉)ရာစုမှ(၁၅)ရာစုအထိနှစ်ပေါင်းခြောက်ရာကျော် ကြာမြင့်ခဲ့သည်။ လေးမြို့ခေတ်မတိုင်မီဝေသာလီ ကျောက်လှေကားခေတ်ကပင် ရသမြောက်စာပေများ၊ ပါဠိသက္ကဋ ဘာသာပြန်ကျမ်းဂန်များ၊ ဆန်းအလင်္ကာကျမ်းများ ပေါ်ပေါက်ခဲ့ပြီးဖြစ်ရာ၊ လေးမြို့ခေတ်တွင်လည်း ကဗျာလင်္ကာများ၊ကျမ်းဂန်စာပေများ ပေါ်ထွန်းခဲ့သည်ကိုတွေ့ရလေသည်။ လေးမြို့ခေတ်၏ စာပေ အမွေအနှစ်အဖြစ် လောကသာရပျို့ တစ်စောင်၊ ကျောက်ထုံးအချို့နှင့် အေဒီ-၁၁၂၆ ပရိန် မင်းဆက်ဒသရာဇာမင်းကြီးလက်ထက် ရေးထိုးခဲ့သော ဒသရာဇာကျောက်စာ၊ ဘုရင်မင်းထီး လက်ထက်ကောဇာ ၆၆၀ပြည့်တွင်ရေးထိုး ခဲ့သော ဗုဒ္ဓဂယာ မဟာဗောဓိကျောက်စာ စသည်တို့ကို လည်းတွေ့ရှိရသေးသည်။ ဘုရင်မင်းထီး ဘိသိက်ခံသည်ကို ရေးဖွဲ့ထားသော သျှန်းလိုက်ရတုရှိသည်ဟု အဆိုအမိန့်ရှိခဲ့ကြသော်လည်း၊ ယနေ့တိုင်မတွေ့ရသေးချေ။

## မြောက်ဦးခေတ်

လောင်းကြက်ရွှေနန်းသခင် နရမိတ်လှ(ခေါ်)မင်းစောမွန်သည် အေဒီ-၁၄၃၀၊ သက္ကရာဇ် ၇၉၂ ခု တော်သလင်းလဆန်း ၁ ရက်နေ့တွင် လောင်းကြက်မြို့မှ အနောက်မြောက်ဘက် ၅ မိုင်ခန့်

http://www.dhammadownload.com



အကွာ၌ မြောက်ဦးမြို့တော်သစ်ကို စတင်တည်ထောင်လေသည်။ မြောက်ဦးခေတ် သည်သက္ကရာဇ် ၁၁၄၆ခုပြာသိုလပြည့်ကျော် ၇-ရက်၊ အေဒီ-၁၇၈၄ အထိ နှစ်ပေါင်းသုံးရာငါးဆယ်လေးနှစ်မျှ ကြာမြင့်ခဲ့သည်။ မြောက်ဦးခေတ်မှာယနေ့ကာလနှင့် အနီးစပ်ဆုံးခေတ်ဖြစ်သည့် အားလျော်စွာ၊ မြောက်ဦးခေတ်၏ လျှောက်ထုံးများ၊ရတုကဗျာ လင်္ကာများ၊ များစွာကျန်ရှိခဲ့သည်ကိုတွေ့ရသည်။

## အဒူမင်းညို (ဘဒူမင်းညို)

မြောက်ဦးခေတ် တတိယမြောက်မင်းဆက်ဖြစ်သည့် ဘုရင်ဘစောဖြူ မင်းကြီး (အေဒီ-၁၄၅၉)လက်ထက်၌ထင်ရှားသောလယ်သမားစာဆိုတစ်ဦးဖြစ်သည်။ စာပေသမိုင်း၌ -အဒူမင်းညို- ဟူသောအမည်ဖြင့် လူသိများလှသည်။ စာဆိုမှာ ဘားဒူရွာသားဖြစ်၍ -ဘဒူမင်းညို- ဟုခေါ်တွင် ရာမှ -အဒူမင်းညို- အမည်ဖြင့်လည်းထင်ရှားလာခြင်းဖြစ်သည်။ အဒူမင်းညို၏ -ရခိုင်မင်းသမီး ချောင်း - သည်အလွန်ထင်ရှားသည်။

ချောင်းသည် ဂီတသဘောသက်ဝင်သည့် သီခြင်းဖြစ်သည်။ မင်းသမီးငယ်၊ မင်းသားငယ် များအား ပုခက်တင်ယေဉ်တော်မင်္ဂလာ ကျင်းပသည့်အခါ ပုခက်လွှဲယင်း သီဆိုရသော သီခြင်း ဖြစ်သည်။ ခြေင်းဖွဲ့ဆိုရာ၌ ကောရန္တဖြင့် အစချီပြီး၊ ကောရန္တဖြင့်အဆုံးသတ်ရသည်။ မြေသာယာစွာ ရွတ်ဆိုရပြီး၊ နားထောင်သူတို့အားနာပျော်ဖွယ်ကိုဖြစ်စေသည်။ အကြောင်းအရာ အနေဖြင့် မူကား၊ခြေင်းဖွဲ့ခံမင်းသမီးငယ်၊ မင်းသားငယ်တို့၏ဘေးဘိုးစဉ်ဆက် ဘုန်းသမ္ဘာကြီးရင့်ခဲ့သော အကြောင်းများ၊ တိုင်းပြည်နိုင်ငံတော်ကြီးကျယ် ထွန်းကားခဲ့ပုံများ၊ တိုက်ပွဲဝင်အောင်မြင်ခဲ့သော စစ်ပွဲအကြောင်းအရာများကိုရေးဖွဲ့ကြသည်ကိုတွေ့ရသည်။ ထို့ကြောင့်ချောင်းသည် ဇာတိသွေး ဇာတိမာန်ကိုလှုံ့ဆော်ပေးသည့် "အမျိုးသားရေးတေးခြင်းကဗျာရှည်"ပင် ဖြစ်သည်။

## ရခိုင်မင်းသမီးဧချင်း

ရခိုင်မင်းသမီးချောင်းသည်စာပေသမိုင်းတွင် တွေ့ရှိရပြီးသောချောင်းများအနက် ရှေးအကျဆုံး သော ချောင်းဟောင်းတစ်ပုဒ်ဖြစ်သည်ကိုတွေ့ရသည်။ စာဆိုအဒူမင်းညိုသည် ဘုရင်ဘစောဖြူ၏ သမီးတော် မှောက်တော်မင်းသမီးငယ် စောရွှေကြာအတွက် ဤချောင်းကို ရေးဖွဲ့စပ်ဆိုခဲ့သည်။ ဤချောင်း တွင် ပုခက်တင်မင်္ဂလာဆင်ယင်တော်မူသည့် အကြောင်းကို မှတ်သားဖွယ်ရာ အနုစိတ်ချယ်မှုန်းခဲ့ သည်။

ထို့အပြင် ဝေသာလီခေတ်တွင်ကျော်ကြားခဲ့သော စန္ဒြားမင်းကိုးဆက်၏ ဘုန်းတန်ခိုး တော်ကိုလည်း ကောင်း၊ လေးမြို့ခေတ်ဘုရင်မင်းထီးလက်ထက် "သုံးဦးတစ်မင်း၊သုံးသင်းဗိုလ်ခြေ၊

http://www.dhammadownload.com



သုံးဖြာစေ၍၊ အောင်ခြေပြစ်ပြစ်၊လက်ရုံးထစ်ခဲ့” ဟူသော ဘုန်းလက်ရုံးထွန်းတောက်ခဲ့သည်များကို လည်းကောင်း၊ သမိုင်းရာဇဝင်ကို ကောက်ကြောင်းပေါ် လာအောင် မပြောင်းမလဲဘဲဖွဲ့ဆို ထားသော ကြောင့် “ရခိုင်ရာဇဝင်လင်္ကာ” ဟုလည်း အမည်ပေးနိုင်ပေသည်။

ဇာတိသွေးဇာတိမာန် အဖွဲ့များနည်းပါးခြင်း၊ နောက်ပေါ်ခြေင်းများကဲ့သို့ ရာဇဝင်ကြောင်းအရ ပြီးပြည့်စုံခြင်းမရှိသော်လည်း၊ အဒူမင်းညိုသည် ကလေးချော့သိပ်သည့်တေးခြင်းပီသစွာ မင်းသမီး ငယ်လေးအတွက် နှလုံးငြိမ့်ညောင်းနာပျော်ဖွယ်ဖြစ်အောင်ရေးဖွဲ့ခဲ့သည်ကိုတွေ့ရပေသည်။ ရခိုင် မင်းသမီးခြင်းသည် မြောက်ဦးခေတ်၏ သုတရသဆိုင်ရာစာပေ အမွေအနှစ်တစ်ခုအဖြစ် တန်ဖိုးကြီး လှပေသည်။

## သံတွဲမိဖုရားစောယဉ်မိ

သံတွဲမိဖုရားစောယဉ်မိသည် လောင်းကြက်ခေတ်နှောင်းတွင် သံတွဲမြို့သုံးရွာစား ၏ မိဖုရားဖြစ်သည်။ လောင်းကြက်ရွှေနန်းရှင်ဘုရင် နရမိတ်လှသည် အင်းဝမင်းရဲကျော်စွာ၏တိုက်ခိုက် မှုကြောင့်အနောက်ဘင်္ဂါ(၁၂)မြို့သို့တိမ်းရှောင်ခဲ့ရသည်။ ထိုအခါညီတော်သံတွဲစား နရနုသည် မင်းရာဇာမိရာဇ်ထံဝင်၍ စစ်ကူတောင်းခံခဲ့သည်။ ထိုအချိန်တွင် အရှေ့ပြည်မှ သုံးရွာစားသည် သံတွဲမြို့ကို မင်းနေပြည်တော်ပြုလုပ်၍အုပ်ချုပ်သည်။ သုံးရွာစား လွန်လေသောအခါ စောယဉ်မိသည် သားတော် စောရန္တမိတ်နှင့် ဘယမင်းရဲ တို့ကို လက်ဝဲလက်ယာထားကာ သံတွဲမြို့တော်ကို ဆက်လက် အုပ်ချုပ်နေခဲ့သည်။ တခါသော်မူ သားတော်ကြီးစောရန္တမိတ် သည် ကျေးကျွန်တို့၏ ကုန်းပစ်သော စကားကို ယုံကြည်လျှက် ညီတော်အားဥပါယ်တမည်ဖြင့် လက်ဖြတ်ပစ်ခဲ့သည်။ ထိုအခါသံတွဲမိဖုရား သည် အမျက်ပြင်းစွာထွက်တော်မူ၍ ရခိုင်ဘုရင် နရနု (ခေါ်)အလီခင်ထံသို့မိမိနှင့် တကွမြို့ပြကိုပါ သိမ်းယူရန်အဖြည့်ခံရတုနှစ်ပုဒ်ကို ရေးဖွဲ့စာလွှာ ပေးပို့ခဲ့သည်။

## ရတု

ရတုသည်လင်္ကာမှတစ်ဆင့်တက်လာသော ကဗျာအမျိုးအစားဖြစ်သည်။ လင်္ကာထက် စည်းကမ်းကြီးသည်။ ရတုရေးဖွဲ့ရာတွင်တစ်ပိုဒ် သို့မဟုတ်၊ နှစ်ပိုဒ်သုံးပိုဒ်ရေးရသည်။ တစ်ပိုဒ်တည်းကို ကေပိုဒ် နှစ်ပိုဒ်ရှိသည်ကိုအဖြည့်ခံ၊ သုံးပိုဒ်လုံးစုံသောရတုကို ပိုဒ်စုံရတုဟုခေါ် သည်။ ရတုကို အခြေခံ အားဖြင့် လေးလုံးတစ်ပါဒစပ်ရသည်။ အချီညီ အချညီရ၏။ ရတုတစ်ပိုဒ်တွင် ပါဒအရေအတွက် (၁၀၀)ထက်မပိုရချေ။ အချတွင် လည်း(၇)လုံး၊ ၉လုံး၊ ၁၁လုံး၊ ၁၅လုံး၊ ၁၉လုံးစသည်ဖြင့်သာချရသည်။

http://www.dhammadownload.com



နောင်အခါတွင်ရတုအရိုးကိုကွန့်ညွန့်ပြီး ဒေါင့်တဲ့ကွန့်ရတု၊ သဝေမပါရတု၊ သျှန်းလိုက် ရတု၊ သာခြင်း၊ ရကန်စသည့် ကဗျာပုံစံသစ်များကိုပါ တီထွင်လာခဲ့ ကြသည်။ ရခိုင်စာဆိုများသည် ရတုကဗျာများကို ဓညဝတီခေတ်နှင့် ဝေသာလီကျောက်လှေကားခေတ် လောက်ကစ၍ ရေးလာခဲ့ကြပြီးဖြစ်သည်ဟု ယုံကြည်ရသည်။ ဝေသာလီခေတ်တွင် စောပြည့်ညိုသည် ရတုအရိုးမှတစ်ဆင့် တက်လာပြီ ဖြစ်သော၊ သျှန်းလိုက်ရတုကို ရေးခဲ့ပြီးဖြစ်သည်။ ထိုနည်းတူလေးမြို့ခေတ်လျှောက် ထုံးများတွင်လည်း သျှန်းလိုက်ရတုပုံစံအရေးအသားများကိုတွေ့ရသည်။ သို့သော်ရခိုင်စာဆိုတို့၏ ရတုရိုးများကို မြောက်ဦးခေတ်ရောက်လာသည့်အခါ အများအပြားပင်တွေ့ရှိလာခဲ့ရသည်။ ဝေသာလီခေတ်နှင့် လေးမြို့ခေတ်ရေးရတုရိုးများကို မတွေ့ရှိရသေးသည်မှာ ထိုခေတ်များ၌ရေးဖွဲ့ခဲ့ကြသော်လည်း အကြောင်း အမျိုးမျိုးကြောင့်တိမ်မြုပ်ပျောက်ကွယ်နေခြင်း ဖြစ်တန်ရာပေသည်။

## နရနုဇာ၏ရာဇသံ(သဝဏ်လွှာ)

နရနုသည် အေဒီ(၁၄၃၀)တွင် နရမိတ်လှ(ခေါ်) မင်းစောမွန် နတ်ရွာစံပြီးနောက် မြောက်ဦး ရွှေနန်းတော်ကို ဆက်ခံခဲ့သည်။ နရနုလက်ထက်တွင် အင်းဝ မင်းနရပတိသည် ရခိုင်သို့ချီလာခဲ့သည်။ ဖိုးခေါင်နွယ်ချိုတောင်သို့ ရောက်သည့်အခါ နရနုမင်းကြီးသည်လည်း ချီသွား၍ ကမာအရပ်တွင် တပ်ချနားခဲ့သည်။ ထို့နောက် ဥဿ လင်းစားအမတ်အား အင်းဝမင်းထံရာဇသံပို့စေခဲ့သည်။

"အကြည်တော်လည်း မင်းမည်ကာမဟုတ်၊ အလာကောင်းလျှက်အပြန်မစောင်းစေရ။ ကိုယ်က မကွာ၊ သမ္မာရှစ်ထပ်၊ စစ်ကွပ်လိမ်မာ၊ ပညာလက်နက်၊ ပိုးပရွက်သို့၊ စစ်တက်လာကြ၊ လောဘသူပုန်၊ ကုန်အောင် သတ်ဖြတ်၊ အခွာတတ်မှ၊ မြတ်ရာသို့ရောက်မည်ဖြစ်ကြောင်းကို ကြားလိုက်သည် အကြည်တော်. . "

ဤရာဇသံ(သဝဏ်လွှာ)ကို မည်သူရေးခဲ့သည်ဟုအမှတ်အသားမတွေ့ရချေ။ သို့ရာတွင် နရနု၏ ရာဇသံသည် ရခိုင့်ပြည့်ရှင်မင်းတို့၏တရား ဓမ္မပြည့်ဝမှု၊ ကျမ်းဂန်နားလည်ကျွမ်းကျင်မှု၊ တရားနှင့်အညီဆင် ခြင်းသုံးသပ်တတ်မှု၊ ဖျောင်းဖျောင်းဖြဖြ ပြောဆိုတတ်မှုများကို သာမက၊ မြောက်ဦးခေတ် လင်္ကာစပ်စကားပြေ အရေးအဖွဲ့တို့ကိုပါ ကောင်းစွာလေ့လာနိုင်သည့် ရာဇသံမျိုး ဖြစ်ပေသည်။

## အမတ်ကြီး ဝိမလ

http://www.dhammadownload.com



လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်တို့တွင် ဝိမလဘွဲ့အမည်ရသောအမတ် ပညာရှိများ များစွာ ပေါ်ပေါက်ခဲ့သည်။ အေဒီ-၁၅၃၁ ခုနှစ် မင်းဗာဘုရင်မင်းမြတ်လက်ထက်တွင် "ဝိမလ" ဟူသော ဘွဲ့အမည်ရသည့် ပညာရှိအမတ်တစ်ဦးပေါ်ထွန်းခဲ့ပါသည်။ ပညာရှိအမတ်ကြီးများသည် တိုင်းပြည် နိုင်ငံ၌ လည်းကောင်း၊ ပြည့်ရှင်မင်းနှင့်လည်းကောင်း၊ အရေးအခင်းတစ်စုံတစ်ရာ ကြုံကြိုက်လာသော အခါများ၌၊ဆင်ခြင်သုံးသပ်လျှောက်တင်ရသည်။ဤသို့အားဖြင့် ရခိုင်ရာဇဝင် သမိုင်း စာပေတို့သည် အမတ်ပညာရှိကြီးများ၏လျှောက်ထုံးများဖြင့် ပြည့်လျှမ်းနေခဲ့သည်ကို တွေ့ရသည်။

မင်းဗာဘုရင်လက်ထက်က အမတ်ကြီးဝိမလလျှောက်တင်ခဲ့သောလျှောက်ထုံးများသည် အခြားသော လျှောက်ထုံးများကဲ့သို့ပင်ကျမ်းဂန်အကိုးအကားများဖြင့်အခိုင်အမာ လျှောက်ထားသည့် စကားပြေ လျှောက်ထုံးများဖြစ်သည်။ သို့ရာတွင်ထူးခြားသည်မှာ ဝိလအမတ်ကြီးလျှောက်ထုံး၌ ရတုတရက်စပ်ဆို လျှောက်တင်သည် ဆိုသောလျှောက်ထုံးလင်္ကာ တစ်ပိုဒ်ကိုထူးထူးခြားခြား တွေ့ရသည်။ ဖြစ်ရပ်မှာ ဤသို့ ဖြစ်သည်။

မင်းဗာဘုရင်မင်းမြတ်သည် အေဒီ၁၅၃၃တွင်ဘင်္ဂါ(၁၂)မြို့သို့ ချီတော်မူခဲ့သည်။ လမ်းခရီး၌ စီးတော်ဆင် ဇီဝဇိုးသည်မာန်ဝင်ကာ ကညင်ပင်တစ်ပင်ကို ထိုးလေသောကြောင့် ကညင်ပင်သည် အမြစ်မှစ၍ လဲလေသည်။ထို့အပြင်မုံစဲကျွန်းသူကြီးကောင်းလှအောင်ကလည်း ငါးမန်းကျွဲတစ်ကောင် ဆက်သလာလေသည်။ ယင်းအတိတ် နိမိတ်နှစ်ခုနှင့် စပ်လျဉ်း၍၊ အမတ်ကြီးဝိမလသည် "အာဋ္ဌာဝက၊ ဂင်္ဂေယျနှင့်၊ ပဏ္ဍာရခေါ်၊ ပေါက်ကျော်ကမ္ဗဝိင်္ဂလ"ဟု အစချီသောလင်္ကာကိုဖွဲ့ဆိုကာ လျှောက်တင် လေသည်။

"ထိုကုလားပြည်၊ မတည်ထွားညက်၊ ပျက်မည်မလွဲ၊ ငါးကျွဲဆက်လာ၊ ဘင်္ဂါဆယ့်နှစ်၊ ပဆစ်ညွတ်တုပ်၊

လက်အုပ်ချီမြှောက်၊ ခြေစက်အောက်သို့၊ ပို့ရောက်လာပြီ၊ ဒီလီပဆာ၊ ဇာတာနွမ်းညှိုး၊ ခိုကိုးမည်ချည်း၊

အလံလှဲ၍၊ ကပ်ဆည်းဝင်လာ၊ရတနာထွေ၊ မိုးသို့စွေမျှ၊ ကျက်သရေစုံ၊ ခြေဘုံရပ်ဖွား၊ ကုလားမင်းသွေး၊ ဆင်းငြိမ့်လေးကို၊ အရေးတော်ဖန်၊ ဆက်မည်မှန်သည်၊ လျင်မြန်ပြီးစီး၊ ဘုန်းနေမီး။ "

http://www.dhammadownload.com



ထိုသို့လျှောက်ထားခြင်းကြောင့်အမတ်ကြီးသည် အမျိုးစားရိုးဖြစ်သော စစ်တကောင်းမြို့စား အဖြစ် ချီးမြှင့်ခြင်းခံရလေသည်။ အမတ်ကြီး၏ပင်ကိုယ်ဉာဏ်နှင့်ကဗျာရည်သည် မြောက်ဦးခေတ် စာပေ ပင်မကြီး ၏စည်ပင်ဖွံ့ဖြိုးတိုးတက်မှုကို ညွှန်ပြလျှက်ရှိနေပေသည်။

## မဟာပညာကျော်

စစ်တကောင်းမြို့စားအမတ်ကြီးဝိမလ၏ သားတော်မှာ မဟာပညာကျော် ဖြစ်သည်။ မြောက်ဦးခေတ်၌ ဘုရင်မင်းဗာကြီး (အေဒီ-၁၅၃၁)မှ ဘုရင်မင်းရာဇာကြီး (အေဒီ-၁၅၉၃) အထိ ဘုရင်မင်း ခြောက်ဆက်တိုင်အောင် အတိုင်ပင်ခံပညာရှိအမတ်ကြီး အဖြစ်ထင်ရှား ကျော်ကြားခဲ့သည်။ အမတ်ကြီး ပညာရှိ မဟာ ပညာကျော်၏ လျှောက်ထုံးများ၊ တရားဖြတ်ထုံးများနှင့် ဆယ့်နှစ်ရာသီ ဘွဲ့ရတုများသည် ရခိုင်စာပေ သမိုင်းတွင်ထင်ရှားကျော်ကြားလှသည်။

## လျှောက်ထုံးများ

အမတ်ကြီးမဟာပညာကျော်သည် လောကရေး၊ ဓမ္မရေး၊ ရာဇရေးဟူသော အရေးသုံးပါး စလုံး၌ကျွမ်းဝင်နှံ့စပ်သူဖြစ်သည်။ သို့ကြောင့်လည်း ပြည့်ရှင်မင်းအဆက်ဆက်တို့သည် ပြည်သူတို့အား ကျောသား ရင်သားမခွဲခြားဘဲ တရားဖြောင့်မတ်စွာ အုပ်ချုပ်နိုင်ရန်အတွက် အကြံကောင်း ဉာဏ်ကောင်းနည်းလမ်းကောင်းများကိုကောင်းစွာညွှန်ပြပေးခဲ့သည်။ မဟာပညာကျော်၏ လျှောက်ထုံးများသည်တိုင်းရေးပြည် ရေးပြည်သူတို့အရေးတာဝန် များကိုကောင်းစွာလမ်းပြ ပေးနိုင်ခဲ့ ကြသည်။ ဘုရင်မင်းဗာကြီးလက်ထက်မင်းနေပြည်တော် အသစ်ပြောင်းရွှေ့ခြင်းကြောင့် ပြည်သူတို့ နေမှုစားမှုအသားမကျ ဒုက္ခရောက်ရမည်ကို ဆင်ခြင်စာနာမိသဖြင့် တိုင်းပြည်သာယာ ရခြင်း၏အဓိက အကြောင်းရပ်များကိုထောက်ပြလျှက် အုပ်ချုပ်သူ မင်းရာဇာအား သွန်သင်နိုင်ခဲ့ သည်ကို တွေ့ရသည်-

"တရားမရှိ၊ ကျမ်းဂန်မနာ၊ မင်းသွန်းတို့အုပ်စိုးသော နိုင်ငံဖြစ်ချေကလည်း မြို့ရွာပြောင်း လဲအသစ်တည်ထောင်သည်မှုလျှက် တိုင်းပြည်သာယာသည်မဟုတ်ချေ။ မင်းနှင့်အမတ်ပြည်သူ ညီညွတ်သဖြင့် သာသနာတော်ပွင့်လင်းမှ တိုင်းပြည်သာယာမြဲကို ကျမ်းဂန်လာပါသည်။"

အမတ်ကြီး၏ကျမ်းကိုးများ၌ရှေးသူဟောင်းတို့၏ကဗျာလင်္ကာများကိုလည်းတွေ့ရသည်။ ဘုရင်မင်း ဖလောင်းလက်ထက်ကတောင်ငူမင်းကျော်ထင်နော်ရထာသို့ သဝဏ်လွှာပို့ရာတွင် တိုင်းပြည် တစ်ပြည်၌ ဘုရင်မင်းများကသာမူလဖြစ်ကြောင်းကို ထည့်သွင်းဖော်ပြခဲ့သည် -

http://www.dhammadownload.com



"မင်းလည်းမင်းကြမ်း၊ အမတ်သွမ်းနှင့်၊ အကျွမ်းမိတ်ဝင်၊ သို့တည်းလျှင်မူ၊ ပြည်သူရိပ္ပတ်၊ မင်းတည့်မတ်က၊ အမတ်ထို့တူ၊ ပြည်သူမညှိုး၊ စစ်ထိုးမရှိ၊ မရိသတ္တဝါ၊ ရေစာမရှား၊ နို့သားမပေါ်၊ မြင်မြော် သသူ၊ ကြည်ဖြူမြတ်နိုး၊ ရေခမိုးသို့၊ ပြည့်ဖြိုးစုံလင်၊ တိုင်းခွင်အခြား၊ မင်းတပါးလည်း၊ သနားမိတ်ဝင်၊ ချစ်ခင်လေးမြတ်၊ လွမ်းမတ်ညာကြေ၊ မြဲနေပြည်သူ၊ ရှင်လူသောင်းသောင်း၊ မင်္ဂလမ်း ကြောင်းသို့ ထုံးဟောင်းမလပ်၊ ထုံးသစ်ထပ်လျှက်၊ ရှစ်ရပ်ဒိသာ၊ ပွင့်လင်းလာသည်၊ ကမ္ဘာစဉ်ဆက်၊ ဥဒါန်းတည်း။"

## ဆယ့်နှစ်ရာသီရတု

မြောက်ဦးခေတ်စာဆိုတို့သည် ဆယ့်နှစ်ရာသီကိုစီကုံးဖွဲ့နွဲ့သော ဆယ့်နှစ်ရာသီဘွဲ့ရတုများကို ရေးသားဖွဲ့နွဲ့လေ့ရှိကြသည်။ မြောက်ဦးခေတ်၏ မီးရှူးတန်ဆောင် အလင်းရောင် ပညာရှင်ကြီး ဖြစ်သော ပညာရှိအမတ်ကြီးမဟာပညာကျော်သည်လည်း ဆယ့်နှစ်ရာသီကဗျာပုံစံဖြင့် စီကုံးရေးဖွဲ့ခဲ့ သည်ကို တွေ့ရသည်။ အမတ်ကြီး၏ရာသီဘွဲ့ရတုများတွင်ရာသီအမည်၊ ထွန်းပသော နေယှဉ်စန်း ယှဉ်နက္ခတ်များ၊ နေသွားလမ်းကြောင်းအခြေအနေ၊ ရာသီအလိုက် ဖူးပွင့်သည့်ပန်းများ၊ ရာသီပွဲတော်များ စသည်တို့ကိုပြည့်စုံစွာရေးဖွဲ့ထားသည်ကို တန်ခူးလဘွဲ့ဧကပိုဒ်ရတု၌ ဤသို့ တွေ့ရသည် -

"တန်ခူးမာသိန်၊ ဖန်ချိန်ငြိမ်းပ၊ ကြယ်ဖုသျှ၏၊ မိဿရာသီ၊ နုယေချီသော်၊ သဋ္ဌတ်စိတ်ကြွင်း၊

ဆိတ်မြူးကလျှက်၊ ကာကဆံကျင်၊ သခင်ရေသွန်း၊ ကံ့ကော်ပန်းနှင့်၊ လူးဆန်းရင်ခတ်၊ သူရိန်နတ်လည်း၊ မိန်းပတ်ရိပ်သွား၊ သုံးဖဝါးစု၊ ပိုင်းခြားလှည့်က၊ နေ့ညနာရီ၊ သုံးဆယ်တည့် . . "

အမတ်ကြီးမဟာပညာကျော်သည် အေဒီ-၁၅၉၉ ခုဘုရင်မင်းရာဇာကြီးလက်ထက် ဟံသာဝတီ သို့ စစ်ချီပြီးအပြန် မော်တင်အရောက်၌ သက်တော်(၁၁၁)နှစ်အရွယ်ကွယ်လွန်ခဲ့သည်။ ဘုရင်မင်းရာဇာကြီးသည် အမတ်ကြီးမဟာပညာကျော်အားကြီးကျယ်စွာသင်္ဂြိုဟ်ခဲ့သည်။ သင်္ချိုင်း ရာပေါ်တွင် ဘုရားစေတီတည်ထားခဲ့သည်။

## မိညို

ရခိုင်အမျိုးသမီးစာဆိုဖြစ်သည်။ အင်းဝခေတ်တွင် နန်းတွင်းစာဆိုအဖြစ်ထင်ရှားခဲ့သည်။ အေဒီ-၁၅၅၁-ခုနှစ်အင်းဝမင်း နရပတိစည်သူလက်ထက်၌ နန်းတွင်းစာဆိုတော်အဖြစ် အမှုထမ်းခဲ့ သူ ဖြစ်သည်။ မိညိုသည်အင်းဝနန်းတွင်း၌ ပြိုင်ဖက်ဖြစ်သော နန်းတွင်းမိဖြူနှင့် အပြိုင်ဆိုခဲ့ရသည်။

http://www.dhammadownload.com



"တောင်တွင်မြင့်မိုရ်၊ ကျွန်ုပ်ဆိုသား၊ ရေညှိရစ်သန်း၊ ရံလျှက်ဝန်း၍၊ လေးကျွန်းအလယ်၊ လေးသွယ်ခြည်ရောင်၊

တပြောင်ပြောင်လျှင်၊ ဘုန်းခေါင်အထွဋ်၊ သုံးလူနတ်တို့၊ မချွတ်မေတ္တာ၊ ဘိမမ္မာကို၊

မှန်စွာအခေါင်၊ကြားလွင့်ဆောင်သည်၊တောင်တွင်မြင့်မိုရ်သာတကား။"

"စည်တွင်ဗဟိုရ်၊ ကျွန်ုပ်ဆိုသား၊ ခါကိုသိစေ၊ ရှစ်ကြိမ်နေဖြင့်၊ ချက်ရေမရွေ့ ဘီးမလေ့ကား၊ ညဥ့်နေ့နာရီ၊ ခြောက်ဆယ်စီလျှင်၊ ချက်ချီလှည့်ကူး၊ ညဉ့်ဦးသန်ကောင်၊ သောက်ရောင်မိုး သောက်၊မွန်းတည့်ရောက်က၊ ဝမ်းမြောက်ရွှင်လန်း၊ လူရဟန်းတို့၊ စိတ်ဝမ်းဖြူစင်၊ သိစီရင်သည်၊ စည်တွင်ဗဟိုရ် သာတကား. ."

"နန်းတွင်မိညို၊ ကျွန်ုပ်ဆိုသား၊ မှောင်ကိုပယ်လင်း၊ ဆီမီးဝင်းသို့၊ သီတင်းငါးမည်၊ သီလ တည်လျက်၊

လှရည်ညက်သွေး၊ ပြေး၍မဆို၊ လူကိုနှိပ်စက်၊ မာန်မထွက်တည့်၊ ဝှန်တက်ပညာ၊လင်္ကာရတု၊

ဆို့မှုရွှန့ရှ ကြားကစိတ်ဝမ်း၊ သူနားချမ်းလိမ့်၊ စွဲလမ်းတို့တွင်၊ တောင်နှယ်ဆင်သည်၊ နန်းတွင်မိညို သာတကား. . . "။

## ပညာရှိပညာဝံသ

ပညာဝံသသည် အမတ်ကြီးမဟာပညာကျော်၏သားဖြစ်သည်။ ငယ်မည်မှာ ကျီးညို ဖြစ်သည်။ သူ့ဘခင်ကွယ်လွန်တော်မူသောအခါ သားကျီးညိုအား ဘုရင်မင်းရာဇာကြီးက သူကောင်းပြုတော်မူပြီး၊ စစ်တကောင်းမြို့ကိုစားစေကာ၊ ပညာဝံသ ဟူသောဘွဲ့အမည်ကို ပေးတော်မူသည်။ ဘုရင်မင်းရာဇာ ကြီးလက်ထက်၌ အခက်အခဲအများအပြားကို ဖြေရှင်းပေးခဲ့သည်။ လျှောက်ထုံးများဖြင့် ဘုရင်မင်း၏ အမျက်ကိုပြေစေခဲ့သည်။ ခမည်းတော်ကို လုပ်ကြံသတ်ဖြတ်ရန် သုံးကြိမ်တိုင်တိုင် ကြိုးစားခဲ့သော မင်းခမောင်း၏အသက်ကိုလည်း အကိုးအကားအထောက် အထားခိုင်မာပြည့်စုံစွာ လျှောက်ထားနိုင်ခဲ့ ခြင်းဖြင့် ကယ်တင်နိုင်ခဲ့သည်။

ပညာဝံသ၏ လျှောက်ထုံးများကိုရခိုင်စာပေသမိုင်း၏ စကားပြေအဖွဲ့တွင် ထည့်သွင်း လေ့လာ နိုင်သည်။ တွေ့ရှိပြီးသမျှ လျှောက်ထုံးများတွင် ကာရန်မပါ၊ စကားပြေသက်သက်ဖြင့် ရေးဖွဲ့ထားသည် ကိုသာတွေ့ရသည်။ သို့ရာတွင် နိပါတ်တော်များ၊ ပါဠိကျမ်းဂန်မှ နိဿယပြန်ဆို ချက်များဖြင့် အကိုးအကားပြုထားသည့် ကျိုးကြောင်းဆီလျော်ညီညွတ်လှသော လျှောက်ထုံးများ ဖြစ်သည်ကိုတွေ့ရ ပေသည်။

http://www.dhammadownload.com



## ဥက္ကာပျံ

ဥက္ကာပျံသည် အေဒီ-၁၅၉၃ခုနှစ် နန်းတက်တော်မူသည့် ဘုရင်မင်း ရာဇာ ကြီးလက်ထက်၌ သားတော်အိမ်ရှေ့မင်းသားမင်းခမောင်း၏အကြီးတော်ဖြစ်သည်။ စိန်တင်ရွာကိုအပိုင်စားပြီး၊ အင်းဝသို့ သံတမန် အဖြစ်စေလွှတ်ခံခဲ့ရသည်။ဥက္ကာပျံသည် မင်းခမောင်း၏ ခမည်းတော်ထီးနန်းအား သုံးကြိမ်တိုင်ကြံစည်ခဲ့ရာတွင် အကြံပေးသူဖြစ်သည်။ ထို့ကြောင့်ဘုရင်မင်းရာဇာကြီးက ဥက္ကာပျံအား မဟာမုနိဘုရားကြီး၌ ဘုရားကျွန် အဖြစ်လှူဒါန်း အပြစ်ပေးခဲ့သည်ဟု အဆိုရှိခဲ့သည်။ ဥက္ကာပျံသည် ရတုကဗျာအသီအကုံးအနှုန်းအဖွဲ့တို့၌ ထင်ရှားသည့်ရခိုင်စာဆိုတော်တစ်ဦးဖြစ်ပြီး၊ ဘုရားတိုင်ရတု၊ မယ်ဘွဲ့မောင်ဘွဲ့၊ မိုးဘွဲ့၊ ကျေးစေရတု၊ဆယ့်နှစ်ရာသီဘွဲ့ရတုများသည် အလင်္ကာရသမြောက်လှသည့် အပြင် စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

## လောင်းကြက်စား ငကုသလ

အေဒီ (၁၆၂၂-၁၆၃၈)သီရိသုဓမ္မရာဇာမင်းကြီး လက်ထက်တွင် ငကုသလသည် အမတ်အဖြစ်အမှုတော်ထမ်းခဲ့သည်။ ငကုသလသည်ယတြာအတတ်ကိုကျွမ်း ကျင်သည်ဟု ဆိုကြသည်။ မိဖုရားကြီးနတ်ရှင်မယ်နှင့် ချစ်ကျွမ်းဝင်မိသည့်အခါ ပြည့်ရှင်မင်းကြီး၏ နံကိုနှိပ်၍ ယတြာလုပ်သည်။ ထိုအခါမင်းကြီးသည် ဘေးရန်မရောက်စိမ့်သောငှာ သိုက်တတ် လေက်ရုံးလည်း ငကုသလအိမ်သို့ သွား၍ ယတြာလုပ်ပြန်သည်။ ထိုအကြောင်းကိုငကုသလ သိရှိသွားသောအခါ ငကုသလသည်ယတြာကို ပတ္တရာပြုသည့်သဘောဖြင့် "ငစေခြင်း"ကိုဆိုစေခဲ့ သည်။ယင်း ငစေခြင်းကို နားထောင်မိသည့်အတွက်ဘုရင်မင်းကြီး နတ်ရွာစံရသည်ဟု ရခိုင်သမိုင်းများကဆိုပါသည်။ ငကုသလ သည် အေဒီ-၁၆၃၈ခု တွင် "နရပတိကြီး" ဟူ သောဘွဲ့ဖြင့် မြောက်ဦးထီးနန်းကိုစိုးစံခဲ့သည်။

## စန္ဒဝိဇယစစ်အောင် ဧခြင်း

အေဒီ-၁၇၁၀ ခု သတိုးလှမင်းလက်ထက်၌ နရပတိကြီး၏ အနွယ်တော် ဖြစ်ခဲ့သည်။ ထိုအခါ ဓနိခေါင်းက ကျိန်းဒုံးညှိဆိုသူသည် မြို့ပြနိုင်ငံအတွင်း ထကြွသောင်းကျန်း နေသည့်သူပုန်(၄၀)ဖွဲ့အားတိုက်ခိုက်နှိမ်နင်းပြီး၊ စန္ဒဝိဇယရာဇာဘွဲ့ကိုခံယူလျက်၊ အေဒီ-၁၇၁၀ခုတွင် မြောက်ဦးနန်းတော်သစ်ကို ပြန်လည်တည်ထောင်တော်မူခဲ့သည်။ ဤသို့စန္ဒဝိဇယရာဇာ၏ အောင်မြင်မှုကို မှတ်တမ်းတင်ခဲ့သော "ဝိဇယစစ်အောင်ဧခြင်း "သည်ရခိုင်စာပေသမိုင်းတွင် ထင်ထင်ရှားရှားကျန်ရှိနေခဲ့သည်-

http://www.dhammadownload.com



"ဘဒ္ဒကမ္ဘာ၊ တည်လာအစ၊ နရသာမိ၊ ဘူပတိလျှင်၊ မုနိလောင်းလျာ၊ မဟာသမ္မတ၊ ထိုကနွယ်လာ၊ ဆက်ကာစိုးဘိ၊ ဣန္ဒြိယ၊ ဒေသတတိုင်း၊ ယှဉ်နှိုင်းတဝ၊ အယုဇ္ဈနှင့်၊ ရက္ခမဏ္ဍိုင်၊ စိုးပိုင်ကြငှါနိမ်းနန်းနှင့်ထီးစည်၊ ပြည်နှင့်မင်းဆက်၊ မပျက်မကွဲ၊ နန်းပွဲမြင့်ကြွာ၊ ယင်းသို့ရာတွင်၊ နတ်ရှင်ဘုန်းရှိ၊ သီရိသုဓမ္မရာဇာ၊ ညာပျော်စံမြဲ၊ နန်းပွဲမနှော၊ အမစွောသွေး၊ ဆင်ငြိမ့်လေးကို၊ ချစ်ကြွေးရှေ့ဝတ်၊ တောင်ညာနတ်မူ၊ မပြတ်ဇာတိ၊ မသိတရား၊ လောင်းကြက်စားနှင့်၊ ယှဉ်ပါးမိတ်ဝင်၊ ရွှေစင်ရတနာ၊ သည်းချာလည်းဆုံး၊ ကိုယ်လည်းရှုံး၍၊ ရှေးထုံးတိမ်းပါး၊ လောင်းကြက်စားလျှင်၊ ထွတ်ဖျားရောက်လေ၊ ကြယ်များကြွေသို့ အမြဲတေဆီ၊ သာကီမြတ်မျိုး၊ မှူးရိုးမတ်မွန်၊ သေလွန်ပျက်ပြုန်း၊ ညှိုးသုံးမြို့ရွာ၊ နောက်မျက်နှာ၌၊ ဘင်္ဂါကုလား၊ သက်များလည်းရိုင်း၊ လူတိုင်းထွက်ဝင်၊ သဘင်အလွဲ နန်းပွဲမလျော်၊ ထောင်ပေါ်နှစ်ခု၊ ဂြိုဟ်စုကိန်းရောက်၊ မင်းရိုးပျောက်၍၊ စည်ပေါက်ထီးကျိုး၊ မတ်မျိုးဖွင့်လှစ်၊ တဆယ့်နှစ်တွင်၊ တက်သစ်နေလ၊ ဝိဇယလျှင်၊ ထောင်ကစွန်းကယ်၊ ခုနစ်ဆယ့်နှစ်၊ သက္ကရာဇ်တွင်၊ သုံးခေတ်စိုးအုပ်၊ နိုင်ငံချုပ်သည်၊ မရှုပ်သည့်ပြည်ရေး ရေနှယ်အေး။"

## ကိုရံကြီးရဲအောင်

အေဒီ-၁၇၃၁ ခုနှစ် စန္ဒဝိဇယမင်းကြီးနတ်ရွာလားတော်မူပြီးနောက် သမက်တော် "သာမ" သည် "စန္ဒသူရိယရာဇာ"ဘွဲ့ဖြင့် မြောက်ဦးရွှေနန်းကိုသိမ်းမြန်းအုပ်စိုးတော်မူသည်။ ဤမင်းကြီးလက်ထက် တွင် အမတ်ကြီး၊ ကိုယ်ရံကြီးခင်ညို ကွယ်လွန်ခဲ့သည်။ ထိုအခါမင်းကြီးသည် ကိုယ်ရံကြီးခင်ညို၏ သားဖြစ်သူ "ရဲအောင်" ကို သမီးတော် "နှောင်းမွှေး" နှင့် လက်ဆက်စေပြီး ကိုယ်ရံကြီး အမတ်အရာ၌ ခန့်ထားတော်မူသည်။ ကိုယ်ရံကြီး ရဲအောင်သည် ပြည့်ရှင်မင်း၌ အရေးအခင်းတစ်စုံတစ်ရာ ကြုံလာတိုင်း လျှောက်ထုံးများကို ရှေးဟောင်းကျမ်းဂန်လာ အဆိုအမိန့်များ၊ ရှေးသူဟောင်းတို့၏ စကားလင်္ကာများ၊ လောကဥပမာများဖြင့် လျှောက်တင်ခဲ့သည်။-

"တယောက်ချမ်းသာ၊ ကိုယ့်တို့ရှာ၍၊ သတ္တဝါပေါင်း၊ ဆိုးကြောင်းပျက်ရ၊ အဓမ္မမှု၊ သူပြုသူ့ဝန် သူ့ခံခေတ္တ၊ ရေပွက်မျှကို၊ နိစ္စထင်မှား၊ တောသားမုဆိုး၊ အားကြိုးမာန်တက်၊ လက်နက်စွဲကိုင်၊ ဆိုင်မြိုင်ထူထောင်၊ ကုန်အောင်လှည့်ပတ်၊ သားငါးသတ်သို့၊ မတတ်စရာ၊ ပမာကိုထူ၊ အယူမှောက်လှန်၊ ကျေးကျွန်ကိုယ့်သား၊ သူတပါးကို၊ မုန်းထားရန်စစ်၊ လောဘမြစ်ကို၊ နှုတ်မြစ်လေးကြိုး၊ မင်းထီးစောထွက်၊ နွယ်တော်မြတ်တို့ . . . "။

http://www.dhammadownload.com



## စိန်တင်စားရွှေသဲ

စိန်တင်စားရွှေသဲမှာ ကိုယ်ရံကြီးရဲအောင်၏ သားအငယ်ဖြစ်သည်။ မဒ္ဒရာဇ် ရာဇာမင်းက သားအမှတ်အဖြစ်မွေးစားပြီးနန်းတော်၌ ထားခြင်းခံရသည်။ ရွှေသဲ၏ လျှောက်ထုံးများတွင်အကိုးအကား အထောက်အထားပြည့်စုံခိုင်လုံမှုမှာအံ့သြချီးကျူးလောက်ဖွယ်ဖြစ်သည်။ ရွှေသဲ၏လျှောက်ထုံးများတွင် ရာဇဝင်လက်သုံး၊ ထုံးဟောင်းစာတမ်း အလင်္ကာကဗျာလင်္ကာ အချို့ကိုကိုးကားထားကြောင်းတွေ့မြင်ရသည်-

"ရေမြေသေဌ်နင်း၊ မင်းတို့ကျင့်သုံး၊ ရှေးထုံးမသုံ၊ ရာဇာဂုဏ်မြတ်၊ နဝရတ်ကိုးခိုင်၊ မဏ္ဍိုင်မပျက်၊မင်းလက် နက်တည်း၊ ဝေဝက်စိတ်ဖြာ၊ မလိမ်မာငြား၊ လူမိုက်သားကို၊ မှာ၍ပြည့်ရှင်၊ သူကောင်းတင်လျှက်၊ တိုင်းခွင်ခရိုင်၊ အပိုင်ကံကျွေး၊ မင်းခွင့်ပေး၍၊ မှူးမတ်ရေးရာ၊ နှင်းအပ်ပါမူ၊ ပဇာကျိုးရှိ၊ နွမ်းရိသတ္တဝါ၊ မြို့ရွာတုန်လှုပ်၊ မင်းကျိုးယုတ်၏၊ စက်ဆုပ်သဖွယ်၊ ပျက်ရယ်ဝတ္ထု၊ ပြည်မှုရှုပ်ထွေး၊ တိုင်းဝေးတပါး၊ စကားမတည်၊ အရှည်မကောင်း၊ ပူပေါင်းပမာ၊ မိစ္ဆာငှက်ဆိုး၊ လင်ကောင်ပိုးသို့၊ ဆိုရိုးတချက်၊ ကြွက်နှင့်မြွေတူ၊ သူမူမချောက်၊ မျောက်နှင့်မြေခွေး၊ ဆိုရေးတသီး၊ ကျီးနှင့်ဝက်တူ၊ အမူယုတ်သွမ်း၊ သူတန်းအကြံ၊ လာဘလျှံသည်၊ မင်းထံနီးကပ် မသုံးအပ်"။

## ရခိုင်အောင်လံတော်လင်္ကာ

ဤလင်္ကာကိုမိပန်းရံရေးခဲ့သည်ဟုသိရသည်။-

"ဘုန်းခေါင်ဗြဟ္မာရာဇာ၊ ဥက္ကာပုဒ်မျိုး၊ သမုတ်ရိုးလျှင်၊ စံစိုးသောခါ၊ ရက္ခာပူရ၊ ဓညမြို့ကြီး၊ တိုင်းလုံးထီးကို၊ ပြီးစီးခန့်ရည်၊ ရွှေနန်းတည်၍၊ အောင်စည်ညံ့ညံ၊ ဘိသိက်ခံက . . . "။

"မဟာသုဗ္ဗြ၊ ရာဇဂုရုမျက်ရှုခတ်နိုပ်၊ ရွှေတံဆိပ်ကို၊ စိပ်စိပ်ကြည်နူး၊ ရွှေနန်းဦး၌၊ နွှင်မြူးကြည်ဖြူ၊ လျှုတော်မူက၊ နတ်လူတကာ၊ ကောင်းချီးငြာလျှက်၊ သာယာမြတ်နိုး၊ မေတ္တာဖြိုး၍၊ ရေမိုယ်းမှန်စွာ၊ မြေသြဇာလည်း၊ ရသာပြည့်နှက်၊ အောင်ဆုဆက်၍၊ ရာသက်တည်ကြောင်း၊ မျိုးသစ်လောင်းသည်၊ ရိုက်ရှောင်းပွဲတင်၊ ငြိမ့်ငြိမ့်တည်း "။

## အဘိုးသျှင်ဦးမြဝါ

ဦးမြဝါ၏ဘခင်မှာ စိုင်းတင်မြို့စား မဟာနန္ဒသကြန်ဖြစ်၍ အမိမှာ ဆင်ကဲကြီးအောင်ထင်နှင့် စောသန္တာတို့၏သမီးတော် ဇေယျခေမာဖြစ်သည်။ ဦးမြဝါမှာ ရသေ့ ယောဂီ တစ်ပါးဖြစ်ပြီး၊ မဇ္ဈိမဒေသ၌ လောကီပညာမျိုးစုံကို ဗာရာဏသီမြို့တော်၌လည်းကောင်း၊ မိဂဒါဝုန်ဆရာဝိသနိုးထံ

http://www.dhammadownload.com



တွင်လည်းကောင်း နှစ်ပေါင်း(၂၀)တိုင်အောင်သင်ယူခဲ့သည်။ မြောက်ဦးမြို့ မြောက်ဘက်၊ တောင်ညို တိုက်၌ နမန္တာမားကျမ်းကို ရေးသားခဲ့သည်။ မဟာပညာကျော်အမတ်ကြီးနှင့် မင်းဗာဘုရင်မင်းမြတ် တို့နှင့် သွေးသောက်မိတ်ဆွေဖြစ်သည့်အပြင် ဆွေမျိုးလည်းတော်စပ်သည်။ မင်းဗာဘုရင်မင်းမြတ် မြောက်ဦးရွှေမြို့တော်ကိုတည်ထောင် သည့်အခါ မြို့ကို ရန်သူများ လွယ်လင့်တကူ ဝင်ရောက် မကျူးကျော်နိုင်စေရန်နှင့်မြို့တော်၏ ဘုန်းကျက်သရေ တိုးတက်မြင့်မားလျှက် မြို့သက်ရှည်စေရန် အတွက် သျှင်မြဝါသည် လိုအပ်သည်တို့ကိုဦးဆောင်စီရင်တော်မူခဲ့သည်။ မြို့တော်အတွင်း၌ ကွက်လပ်တစ်နေရာကိုလည်း ချန်လှပ်ထားခဲ့သည်။ ထို့နောက်မြို့တော်ကိုတည် ဆောက်ပြီးခါနီးတွင် သျှင်မြဝါသည် မိမိ၏အူကိုထုတ်၍ မြို့တည်ဆောက်မှုကိုပြီးပြည့်စုံအောင် တည်ဆောက် ဆောင်ရွက်ကာ ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။ သျှင်မြဝါအနိစ္စမရောက်မီ "အကျွန်ုအလောင်းကို အသက်ကုန်ဆုံးသည့်နေရာတွင်ပင်မြှုပ်နှံလိုက်ပါ" ဟုမှာကြားခဲ့သည်။ သို့ရာတွင်ပြည့်ရှင် မင်းကြီးနှင့်တကွ မှူးတော်မတ်တော်ဆွေတော်မျိုးတော်တို့ကမူ တိုင်းပြည်နှင့် အမျိုးအတွက် အသက်ကို စွန့်လွှတ်သွားသည့် မျိုးချစ်အာဇာနည် ပုဂ္ဂိုလ်ထူးတစ်ပါးအား ခမ်းနား ကြီးကျယ်စွာသင်္ဂြိုဟ်လိုကြပြီး၊ တိုင်းသူပြည်သားတို့ကမူ၊ သျှင်မြဝါမိန့်မှာခဲ့သည့်အတိုင်း အသက် ကုန်ဆုံးသည့် နေရာ၌ပင် သင်္ဂြိုဟ်လိုကြလေသည်။ဖြစ်ရသည်မှာ သင်္ဂြိုဟ် ရမည့်နေရာမှာလည်း မသန့်ရှင်းသည့် နေရာ ဖြစ်နေပြန်သည်။ ထိုအခါ ပြည့်ရှင်မင်းကြီးနှင့်မှူးမတ် ဆွေတော်မျိုးတော်တို့က တဘက်၊ တိုင်းသူပြည်သား တို့ကတဘက်ဖြစ်နေရာ၊ နောက်ဆုံးတွင် သျှင်မြဝါ၏ ရုပ်ကလပ်တော်ကို ဖောင်ဖွဲ့တင်လျှက် တဘက်စီဆွဲကြရန်သဘောတူကြလေသည်။ ဘုရင်ဘက်မှအနိုင်ရရှိသဖြင့် သျှင်မြဝါ၏ ရုပ်ကလပ်တော်ကို ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်ကြလေသည်။ ဤဖြစ်ရပ်ကို အလေး အနက်ပြုကာ၊ မျိုးချစ်အာဇာနည် သျှင်မြဝါ၏ ကျေးဇူး တော်ကို အမှတ်တရဂုဏ်ပြုသောအားဖြင့် နှစ်စဉ်တပို့တွဲလသို့ ရောက်တိုင်းရထားပွဲသဘင်ကို ဆင်ယင်ကျင်းပလာခဲ့ကြပေသည်။ ရထားပွဲမှာ ရွှေးရိုးရာပွဲဖြစ်သည်။ လယ်ယာစိုက်ပျိုးရေး၊ နက္ခတ်ဗေဒင်တို့နှင့် သက်ဆိုင်ကြောင်း၊ ရထားပွဲ ကျင်းပခြင်းဖြင့် လယ်ယာသီးနှံဥတုရာသီမျှတပြီး သီးနှံအထွက်တိုးကြောင်းယုံကြည်ကြသည်။ နောက်ပိုင်း ကျင်းပသည့် ရထားပွဲတော်မှာ သာမန်ပျော်ရွှင်ပွဲမျိုး သက်သက်မဟုတ်ဘဲ သျှင်မြဝါ၏ တိုင်းပြည်နှင့်လူမျိုး အတွက်စွမ်းဆောင်ချက်များကိုအစဉ် သတိရလျှက် ရခိုင်လူမျိုးတိုင်းမိမိတို့ အမျိုးကို စောင့်ရှောက်ကြရန်မျိုးချစ်စိတ်ကိုဖော်ထုတ်သည့်ပွဲတော်သဘင်ကြီးဖြစ်လာသည်ကို တွေ့ရပေသည်။

http://www.dhammadownload.com



# ရခိုင်စာပေအဆင့်ပြောင်းလဲလာပုံ

ရခိုင်အက္ခရာအရေးအသားသည် ရှေးခေတ် အိန္ဒိယနိုင်ငံသုံး ဗြဟ္မီအက္ခရာအရေးအသားကို အခြေခံသည်။ ရခိုင်ပြည်သည်အိန္ဒိယပြည်နှင့် နယ်နိမိတ်အရရေချင်းမြေချင်းဆက်စပ်နေသည့်အပြင် ယဉ်ကျေးမှု ချင်းလည်းကူးလူးဆက်ဆံမှုရှိခဲ့သည်။ ဤဆက်ဆံမှုတို့ကြောင့်အိန္ဒိယပြည်သုံးအက္ခရာ အရေးအသားတို့သည် ရခိုင်ပြည်သို့ရောက်ရှိလာခြင်းဖြစ်ပေသည်။ရှေးခေတ်ရခိုင်ပြည်တွင် ရှေးခေတ်အိန္ဒိယတိုက်သုံးအက္ခရာ အရေးအသားကိုအသုံးပြုခဲ့ကြောင်း သက်သေအထောက်အထား မြောက်များစွာရှိပေသည်။ အိန္ဒိယပြည် သုံးဗြဟ္မီအက္ခရာ၏ ဗျည်းသရများကိုခွဲထုတ်ကြည့်ပါက အက္ခရာစာလုံးပုံသဏ္ဍာန်သည် ယခုခေတ်ရခိုင် အက္ခရာ စာလုံးပုံသဏ္ဍာန်သို့အဆင့်ဆင့်ပြောင်းလဲ လာကြောင်း သိနိုင်လေသည်။

ရခိုင်ပြည်တွင်အစောဆုံး ရေးထိုးသည်ဟုယူဆရသော ကျောက်စာ(၂)ချပ်ကို ဗြဟ္မီအက္ခရာ ဖြင့် ရေးထိုးထားသည်ကိုတွေ့ရပါသည်။

ပထမကျောက်စာမှာ ဘုရားဝမ်းပူ(ဗိုက်ပူဘုရား)၏ကြောဘက်တွင်ရေးထိုးထားသော ဗိုက်ပူဘုရား ကျောက်စာဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်က ဝေသာလီမြို့ဟောင်းမှ အရှေ့ဘက်(၃)မိုင် အကွာ ပြိုပျက်နေသော ရှေးအုတ်စေတီဟောင်းတစ်ဆူမှရရှိခဲ့ခြင်းဖြစ်သည်။ ယင်းကျောက်စာမှစာသည့် "*သစ္စက ပရိုက်*"ဟုအမိပ္ပါယ်ရသည်။ ပါဠိဘာသာကိုဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားခြင်းဖြစ်ပါသည်။အက္ခရာရေးထိုး ပါရှိသဖြင့်၊ ဝေသာလီခေတ်ဆင်းတုမဟုတ်ပဲ၊ ဓညဝတီခေတ်ဆင်းတုဖြစ်သည်ဟု သုတေသီတို့ကယူဆကြသည်။ ကျောက်စာမူရင်းအက္ခရာနှင့် ဘာသာပြန်တို့ကိုတွဲ၍ ဖော်ပြထားပါသည်-

ကျောက်စာမူရင်းအက္ခရာ- 

မြန်မာဘာသာ- သ (စ္စ)ကပရိဗာက(ဗိ)န

ဒုတိယကျောက်စာမှာ ဓညဝတီမြို့တော်ဟောင်းအနီးမှ "*တောင်ပေါက်ကြီးကျောက်စာ*" ဖြစ်သည်။ ကျောက်တော်မြို့မှ မဟာမုနိဘုရားသို့သွားရာလမ်းတွင် တည်ရှိသော တောင်ပေါက်ကြီး ကျေးရွာ သဘာဝကျောက်တောင်ပေါ်၌ ရေးထိုးထားသော ကျောက်စာဖြစ်၍၊ တောင်ပေါက်ကြီး ကျောက်စာဟုခေါ်ဆိုကြသည် ယင်းကျောက်စာကို ၁၉၃၂-၃၃ခုနှစ်ပြီလအတွင်းက ဂုဏ်ထူးဆောင်

http://www.dhammadownload.com



ကျောက်စာဝန်ဦးစံရွှေဘုနှင့် တပည့် ဦးဦးသာထွန်း (ရခိုင်မြန်မာပဏ္ဍိတ်)တို့က တွေ့ရှိ၍ ကူးယူခဲ့ကြခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ယခုအခါ လုံး၀ ပျက်စီး သွားပြီ ဖြစ်သည်။ ဤကျောက်စာတွင်မြတ်စွာဘုရားရှင် ဓညဝတီရခိုင်ပြည်သို့ ကြွချီတော်မူလာ သည့်အကြောင်းပါရှိသည်။ ပါဠိဘာသာကို ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားသည်။ ကူးယူခဲ့သော စာအချို့ကို အောက်တွင်ဘာသာပြန် ဆိုထားချက်နှင့်အတူ ဖော်ပြပါသည်-

(၁) အထခေါ ဘဂဝါ ဘိက္ခု သံဃံ ပါသာဒံ အာရုဟာ ပေတ္တာ

(၂) ပဥ္စပါသာ - သတပရိဂုတော ဓညဝတီရဋ္ဌံ အာကာသမဂ္ဂေန စာရိကံ စရမာနော

(၃) ဓညဝတီ မဟာနာဂရဿ ပစ္ဆိမ ဒိသာ ဘာဂေ

ဤကျောက်စာများက ရခိုင်စာပေအစပျိုးခဲ့သည့် ဓညဝတီခေတ်တွင် ဗြဟ္မီအက္ခရာ အရေးအသားကို အသုံးပြုခဲ့ကြောင်း ထင်ရှားစွာသက်သေထူလျှက်ရှိနေပေသည်။

## ဝေသာလီခေတ်သုံးအက္ခရာ

ဓညဝတီခေတ်နောက်ပိုင်း ဝေသာလီခေတ် (အေဒီ ၄-ရာစုမှ ၉-ရာစု)တွင် ရေးထိုးခဲ့သော ကျောက်စာ၊ ခေါင်းလောင်းစာ၊ ကြေးနီပြားစာ တို့သည် ဝေသာလီခေတ်၏ အက္ခရာအရေးအသားကို ဖော်ညွှန်းနေပေသည်။

### နီတိစန္ဒြမင်းမိဖုရားကျောက်စာ


ဤကျောက်စာကို ၁၉၅၇-ခုနှစ်တွင် စစ်တွေခရိုင် ဝေသာလီမြို့ဟောင်း ဥဇ္ဇိုသကတောင်ထက်စေတီပျက်တစ်ဆူမှရရှိခဲ့သည်။ ခုနှစ်သက္ကရာဇ်မပါချေ။ သို့သော် မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီး၌စိုက်ထူထားသော အာနန္ဒစန္ဒြကျောက်စာအရ၊ ဝေသာလီ ဒုတိယ မင်းဆက်စာရင်းတွင် နီတိစန္ဒြအမည်ကိုတွေ့ရသည်။ အက္ခရာစာလုံး ပုံသဏ္ဍာန်မှာ အိန္ဒိယအရှေ့မြောက်ပိုင်း ဂုပ္တမင်းခေတ် အေဒီ-၅၅၀ လောက်အတွင်းရေးထိုးခဲ့ကြသော အက္ခရာစာလုံး ပုံသဏ္ဍာန်နှင့်တူညီကြောင်းတွေ့ရသည်။ ဒေသအလိုက် ပြောင်းလဲနေသော အလယ်သရများပါရှိသည်။ နီတိစန္ဒြမင်းသည် အေဒီ-၅၂၀မှ ၅၇၅ အတွင်း ဝေသာလီ ထီးနန်းကိုစိုးစံခဲ့သည်ဟု သုတေသီများ သတ်မှတ်ချက်အရ၊ ဤကျောက်စာကို နီတိစန္ဒြ မင်းကြီးလက်ထက်တွင်ပင် ရေးထိုးခြင်းဖြစ်မည်ဟု ယူဆကြသည်။

http://www.dhammadownload.com



စေတီတည် အလှူမော်ကွန်းတင်သည့် ကျောက်စာပင်ဖြစ်သည်။ ရေးထိုးသည့်အက္ခရာမှာ ဂုပ္တအက္ခရာ ဖြစ်ပြီး၊ ဂုပ္တအက္ခရာမှာပြဟ္မီအက္ခရာမှ ပွားလာသောပြဟ္မီပွါးအက္ခရာ တစ်မျိုးပင်ဖြစ်သည်။ ဘာသာ စကား မှာသက္ကဋ္ဌပျက်ပါဠိဘာသာ အနည်းငယ် နှောထားသည်။

ကျောက်စာကို ဘာသာပြန်ဆိုချက်နှင့်အတူ အောက်တွင်ဖော်ပြထားပါသည်။




(၁) ယေဓမ္မ ဟေတု ပြဘဝါ ဟေတုံ တေပါ တထာဂတော


## ဝီရစန္ဒြမင်းကျောက်စာ

ဤကျောက်စာကို ဝေသာလီမြို့ဟောင်းအနီး သင်းချပ်တော်တောင် အာနန္ဒစန္ဒြ စေတီမှ တွေ့ရှိခဲ့သည်။ကျောက်စာ၏စာလုံးများမှာ နီတိစန္ဒြကျောက်စာထက် အနည်းငယ်သေးသည်။ အက္ခရာစာလုံး ပုံသဏ္ဍာန်ကိုကြည့်ပြီး၊ နီတိစန္ဒြမင်းမိဖုရားကျောက်စာနှင့် တစ်ခေတ်တည်းပင် ဖြစ်မည်ဟု ခန့်မှန်းရသည်။ အာနန္ဒစန္ဒြကျောက်စာတွင် ဝီရစန္ဒြမင်းသည် နီတိစန္ဒြမင်းကို ဆက်ခံသောမင်းဖြစ်ကြောင်းပါရှိသည်။ ကျောက်စာရေးထိုးသောသက္ကရာဇ်မှာ အေဒီ-၅၇၆မှ ၅၇၈ အတွင်း ဖြစ်ဖွယ်ရာရှိသည်။ နီတိစန္ဒြမင်းမိဖုရားကျောက်စာထက် အလယ်သရရေးပုံ တိုးတက်လာကြောင်း ထင်ရှားသည်။ စေတီတည် အလှူမော်ကွန်း တင်ကျောက်စာဖြစ်ပါသည်။


ဘာသာစကားမှာ သက္ကဋ္ဌပျက် ပါဠိဘာသာဖြစ်ပြီး၊ အက္ခရာမှာ ဂုပ္တအက္ခရာပင်ဖြစ်သည်။ ကျောက်စာ ကိုဘာသာပြန်ဆိုချက်နှင့်အတူ အောက်တွင်ဖော်ပြထားပါသည်-



(၁) သကျဓမ္မာ အာနုရာဂေဏ ဣတံသ္မာ တေဘူဘုဇ



(၂) ပရာထ ယဋ္ဌနောသ္သာဂ သမျန္ဒိ ဟိတစေဘိ(တ)သာ



(၃) ဂြိဝီရ စဋ္ဌန္ဒ ဒေဝန မဟီ မဏ္ဍလ မဏ္ဍာန်



(၄) ဓမ္မာဓိဂတရာဇျေဏဗုဒ္ဓသ္တူပဂက္ကတံ (စေတီ)


## သင်းကျစ်တော်တောင်မှကျောက်စာ

http://www.dhammadownload.com




ဤကျောက်စာကိုဝေသာလီမြို့ဟောင်း သင်းကျစ်တော် တောင်ခါးပန်း မှ ၁၉၆၅-ခုနှစ် မေလတွင် ရရှိခဲ့သည်။ သင်းကျစ်တော် တောင်မှအနောက် တောင်ထောင့်ဘက်သို့ဖြာထွက်သွားသော တောင်စွယ်ထိပ်တွင်တည်ရှိသည့် ကျောက်စေတီ ငယ်တစ်ဆူမှ ဒာစိတ်အပိုင်းတစ်ခု ဖြစ်ဟန်တူသည်။

ဤကျောက်စာပါအက္ခရာစာလုံးမှာ နီတိစန္ဒြ၊ ဝီရစန္ဒြကျောက်စာပါအက္ခရာများနှင့် တူညီသည် ကိုတွေ့ရသည်။ ဂုပ္တအက္ခရာကိုသုံးကာ သက္ကဋ္ဌပျက် ပါဠိဘာသာဖြင့်ရေးထိုးထားသည်။ "ယေဓမ္မ ဟေတု ပြဘဝါ" အစချီသောဂါထာတော်အကြောင်းကို ကျောက်ထက်အက္ခရာ တင်ထားခြင်း ဖြစ်သည်။ "ယေဓမ္မာ"ဂါထာမှာ အရှင်အဿဇိမထေရ်က ရှင်သာရိပုတ္တရာအလောင်း အား ဗုဒ္ဓတရားတော်၏ အဆီအနှစ်ကို အကျဉ်းချုပ်၍ ဟောတော်မူအပ်သော ဂါထာ တော်ဖြစ်ပါသည်။ ကျောက်စာကိုဘာသာပြန်ဆိုချက်နှင့်အတူ အောက်တွင်ဖော်ပြထားပါသည်-



(၁) ယေဓမ္မ ဟေတုပြဘဝ ဟေတု



(၂) ဟေပါ တထာဂတ တောဟျဝဒတ်



(၃) တေပါဠ္ဌ ယော ဏီရော ဓော ဝံ

## ကျောက်တော်မှကျောက်စာ

မြန်မာနိုင်ငံ၏ပထမဆုံးကျောက်စာဝန် Dr. Forchhammar ပြုစုသော (Arakan) စာအုပ်၊ စာမျက်နှာ(၇)ဓာတ်ပုံနံပါတ်(၃)တွင် ဤကျောက်စာ၏ဓာတ်ပုံကိုတွေ့ရှိနိုင်ပါသည်။ရှေးဟောင်း သုတေသနညွှန်ကြားရေးဝန်၏ ၁၉၅၈-၅၉ခုနှစ်အတွက်နှစ်ချုပ်အစီရင်ခံစာတွင်လည်း ဓာတ်ပုံ နံပါတ်(၄၀)အဖြစ်ဖော်ပြထားပါသည်။ ယေဓမ္မ ဟေတုပြဘဝါ အစချီသောဂါထာပါရှိသော ကျောက်စာဖြစ်သည်။ ပြဟ္မီအက္ခရာကို သက္ကဋ္ဌဘာသာဖြင့်ရေးထိုးထားသည်။

အထက်ပါနှစ်ချုပ်အစီရင်ခံစာအရ အေဒီ-၆ရာစုနှစ်လောက်ကရေးထိုးထားသည့်စာ ဖြစ်သည်ဟု ခန့်မှန်းကြသည်။ထူးခြားချက်တစ်ရပ်မှာ ယပင့် သဝေထိုး လုံးကြီးတင် ဆံခတ် ယပင့် အသတ်နေရာတို့၌ မျဉ်းကြောင်းကြီးနှစ်ကြောင်းဆွဲပြီးရေးမှတ်ပုံတို့ဖြစ်သည်။ နိဂ္ဂဟိတ်ကို မ အက္ခရာပြု

http://www.dhammadownload.com



၍ နောက်ဖျည်းတွင် ကပ်တင်ထားတတ်သည်။ ကျောက်စာကိုဘာသာပြန်ဆိုချက်နှင့် အတူ အောက်တွင်ဖော်ပြထားပါသည်-



(၁) ယေဓမ္မ ဟေတုပြဘဝါဟေတု မ္တေပ တထာဂတော(ဟျ) ဝဒတ္တ




(၂) ဝါဋ္ဌ




(၃) ယော နိ ရောဓော (ဟ) ဝမ္ဘာ ဒီမ ဟာ ဂမလား

## သံတွဲခရိုင် ငလွှမ်းမော်ကျောက်စာ


ဤကျောက်စာကို (Lt. General Sir A.P. Phayre)က သံတွဲခရိုင်၊ ငလွှမ်းမော်ကျေးရွာအနီးရှိ တောင်ပူစာတစ်ခု၏ ဂူတစ်ခုအတွင်းမှ ၁၈၇၂-ခုနှစ်တွင်ရရှိခဲ့သည်။ ယင်း ကျောက်စာမှာ ကာလကတ္တားပြတိုက်၌ထိန်းသိမ်းထားလျှက်ရှိသည်ဟုသိရသည်။ကျောက်စာပါ အကြောင်းအရာမှာ "ယေဓမ္မာ ဟေတုပြဘဝါ" အစချီသောဂါထာပင်ဖြစ်သည်။ စာကြောင်းရေ (၄)ကြောင်း ပါရှိပြီး စာရေးပုံမှာလည်းဆန်းပြားနေသည်။ အလျှုဥပသကာများဖြစ်သော မိဂါနှင့် သာကောမတို့က မိဘနှစ်ပါးကို ရည်စူးလျှက်ကုသိုလ်ပြုကြောင်းရေးထိုးထားသည်။




(၁) ယေဓမ္မ ဟေတုပြ ဘဝ ဟေတု



(၂) တေသံတထာဂတဟဟျ ဝေါဒတေသံဥ္စ ယော



(၃) နိရောထဝဝံဝါဒီ မဟာဂြဏာ



(၄) ဉပါသကာမ ဤဂါဉပါသ

http://www.dhammadownload.com



## ဝေသာလီမြို့ဟောင်းမှကျောက်စာ

ဤကျောက်စာကို မြန်မာနိုင်ငံရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ ၁၉၅၈-၅၉ခုနှစ် နှစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားသောဓာတ်ပုံ(၃၉)၌ တွေ့ရှိနိုင်ပါသည်။အစီရင်ခံစာအရ ရခိုင်ပြည် ဝေသာလီမြို့တော်ဟောင်းမှ ကျောက်စာမှာ ၁၉၂၀-၂၁ ခုနှစ်အတွင်းက တွေ့ရှိထားသော ကျောက်စာ ဖြစ်ကြောင်းသိရပါသည်။ ယခုအခါ မူရင်းကိုမတွေ့ရတော့ဘဲ၊ မင်ကူးဓာတ်ပုံကိုသာတွေ့ရတော့သည်။ "ယေဓမ္မာ ဟေတုပြဘဝါ" အစချီသောဂါထာတော်ပင် ဖြစ်သည်။ ဖြဟ္မီအက္ခရာကို သက္ကဋ္ဌမျက် ပါဠိဘာသာဖြင့် ရေးထိုးထားသည်။

ကျောက်စာကိုဘာသာပြန်ဆိုချက်နှင့်အတူ အောက်တွင်ဖော်ပြထားပါသည်-



(၁) ယေဓမ္မာ ဟေတုပြဘဝါ ဟေတုံ တေသံ တထာဂတော



(၂) ဒတ္တေပါဠွ ယော နိရောဓော ဝေံဝါဒီ မဟာ မ -

## ဝေသာလီဘုရားကြီးကုန်းတော်ရှိ ကျောက်စာ


မဟာသူရိယ တိုင်းစန္ဒြားမင်းကြီးသည် ဝေသာလီဘုရားကြီးကို ဝေသာလီမြို့တွင် တည်ထားခဲ့သည်။ ဤကျောက်စာသည် ယင်းဘုရားကြီးကုန်းတော် ရှိပျက်စီးနေသော ကျောက်စေတီ ငယ်တစ်ဆူမှထွက်ကျသောကျောက်ချပ်တွင် ရေးထိုးပါရှိသည့် ကျောက်စာဖြစ်သည်။ စာပါအကြောင်း အရာမှာ "ယေဓမ္မာ" ဂါထာတော်ပင်ဖြစ်ပါသည်။ အက္ခရာမှာ လက်ရေးဝိုင်းပြီး၊ ဖြဟ္မီပွါး အက္ခရာကို ပါဠိဘာသာသက်သက်ဖြင့် ရေးထိုးထားခြင်းဖြစ်ပါသည်။ ကျောက်စာကိုဘာသာပြန်ဆိုချက်နှင့်အတူ အောက်တွင်ဖော်ပြထားပါသည်-




(၁) ယေဓမ္မာ ဟေတု ပဘဝါ

http://www.dhammadownload.com





(၂) ဟောတု တေသံတထာဂတော အာဟ



(၃) တေ သဠ ယော နိ ရော ၄




(၄) ဧ ဝံ ဝါဒီမ ဟာ သ မ ဏ

ဤဂါထာ၌ပါရှိသောအချို့အက္ခရာများမှာ ထူးခြားနေသည်။ စာကြောင်းရေ ၁ နှင့် ၃ တို့တွင်ရေး ထိုးထားသော“ယ” အက္ခရာတွင်လက်ဝဲဘက်မှ အပြင်ဘက်သို့ထွက်လျှက်ရှိသော ခေါင်းကလေးသည်အတွင်း သို့လိပ်ဝင်လျှက်ရှိသည်။ “ဟ” အက္ခရာကိုနှစ်မျိုးနှစ်စား ရေးထားသည်ကိုလည်းတွေ့ရသည်။"ဟေတု” ကို ရေးရာ၌ “ဟ” အက္ခရာသည် လိမ်တွန့်၍အောက်သို့တွဲကျနေသည်။ “အာဟ” နှင့် “မဟာ” တို့ကိုရေးရာ ၌ “ဟ” မှာ တွေ့နေကျအင်္ဂလိပ်စာလုံး (j)သဏ္ဍာန်ပင်ဖြစ်သည်။ “ဓ” ကိုရေးရာတွင်လည်း “ဝ” ဖြစ် နေ သည်။ “ဓ” အစား “၄” ကိုအသုံးပြုသကဲ့သို့ဖြစ်နေသည်။

## ဝေသာလီပထမခေါင်းလောင်းစာ

ကျောက်စာဝန်ဦးစံရွှေဘု သည် ဤခေါင်းလောင်းကို ဝေသာလီမြို့ ဟောင်းမှရရှိခဲ့သည်။ စစ်တွေမြို့တွင်ရှိသေးကြောင်းသိရသည်။ "သစ္စာတရားကိုသိမြင်စိမ့်သောငှာ မိဘနှစ်ပါးကိုရည်စူး၍လှူဒါန်းကြောင်း "ဘုန်းတော်ကြီးတစ်ပါး၏ အလှူမော်ကွန်းတင် ရေးထိုးသည့်စာဖြစ်သည်။ ကျောက်စာကို ဘာသာပြန်ဆိုချက်နှင့်အတူ အောက်တွင် ဖော်ပြထားပါသည် -



(၁) ဒေယျဓမ္မောယံဂါ ဘိပေါဘူ တ္တား ယစတ္တြ ပုညာ ဘ




ဒ္ဒဝ တု မာတာပီတ ပူ (ဝ)င် မံ ဂ္ဂ တွာ

http://www.dhammadownload.com



## ဝေသာလီဒုတိယခေါင်းလောင်းစာ

ဤခေါင်းလောင်းကို ဝေသာလီမြို့ဟောင်း အပေါင်တော် ခတ်တောင်စေတီတစ်ဆူမှ ရရှိခဲ့သည်။ စစ်တွေမြို့တွင် ထိန်းသိမ်းထားလျှက်ရှိသည်။ ဤခေါင်းလောင်းစာတွင်ပါရှိသော အကြောင်းအရာအတိအကျကို ဖတ်မရကြသေးချေ။ အကြမ်းအားဖြင့် မိဘဆွေမျိုးများ ကုသိုလ်စဉ်ဆက်ရစေရန် ရည်သန်လျှက် လှူဒါန်းသောခေါင်းလောင်းဖြစ်သည်။ လက်ရေးလက်သားမှာ ဝေသာလီခေတ် ကြေးနီပြားစာနှင့် တစ်ထပ်တည်းတူနေသည်။ ဘာသာမှာ ရှေးဟောင်းသက္ကဋ ဘာသာပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန၏ ခန့်မှန်းချက် အရစာရေးထိုးသော သက္ကရာဇ်မှာအေဒီ(၆)ရာစုပတ်ဝန်းကျင်ဖြစ်သည်။ ကျောက်စာကိုဘာသာ ပြန်ဆိုရရှိသမျှနှင့် အတူ အောက်တွင်ဖော်ပြထားပါသည် -



(၁) ဦးနမ။ မာတာပီတြောဟီရိပာထေထြက်မ္မာ



ယန္တမာနယား

## ဝေသာလီဒင်္ဂါးစာများ

ဝေသာလီ ဒုတိယမင်းဆက်(၁၃)ဆက်ကို ရခိုင်ပြည် မြောက်ဦးမြို့ ရှစ်သောင်း ပုထိုးတော်ကြီး အဝင်ဝရှိ အာနန္ဒစန္ဒြကျောက်စာတွင်ဖော်ပြထားပါသည်။ ယင်းမင်းဆက်ကို သုတေသီ (E.H.Johnston) နှင့်(D.C.Sircar)က သက္ကရာဇ် (၄)ရာစုမှ (၆)ရာစုအထိတည်ရှိခဲ့သည်ဟု သတ်မှတ်ခဲ့ကြသည်။ ယင်းမင်းဆက်တို့အနက် စာရေးထိုးထားသောမင်းဆက်(၈) ဆက်၏ဒင်္ဂါးများကို တွေ့ရှိထားပြီးဖြစ်သည်။ အဆိုပါဒင်္ဂါးများမှာ(၁)ဒေဝစန္ဒြ (၂)စန္ဒြပန္နာ (၃)ဘူမိစန္ဒြ (၄)နီတိစန္ဒြ (၅)ဝီရစန္ဒြ (၆)ပြီတိစန္ဒြ (၇)ပတီစန္ဒြ (သို့မဟုတ်) ပြတီစန္ဒြ (၈)ဓွတိစန္ဒြ တို့၏ဒင်္ဂါးများဖြစ်ကြပါသည်။ အသုံးပြုထားသော အက္ခရာမှာပြဟ္မီပွားအက္ခရာများဖြစ်ကြပါသည်။ ဤဒင်္ဂါးများတွင်ရေးထိုးထားသောမူရင်းစာကိုဘာသာပြန်ဆိုမှုနှင့်အတူအောက်တွင်ဖော်ပြထားပါသည်-

၁။ မင်းဆက် ၄- ဒေဝစန္ဒြ

http://www.dhammadownload.com




စာ- 


မြန်မာပြန် --- ဒေဝ

၂။ စာ- 


မြန်မာပြန် --- စန္ဒြပန္ဒ

၃။ စာ- 


မြန်မာပြန်--- ဘူမိစန္ဒြ

၄။ စာ- 


မြန်မာပြန်--- နီတိစန္ဒြ

၅။ စာ- 

မြန်မာပြန်--- ဝီရစန္ဒြ

၆။ စာ- 

မြန်မာပြန်--- ပြီတိစန္ဒြ

၇။ စာ- 

မြန်မာပြန်--- ပြတိစန္ဒြ

၈။ စာ- 

မြန်မာပြန်--- ပထဝီစန္ဒြ

၉။ စာ- 

မြန်မာပြန်--- ဓွတိစန္ဒြ

## ကြေးနီပြားစာ


ဤကြေးနီပြားစာကိုဒုတိယကမ္ဘာစစ်မဖြစ်မီက မြောက်ဦးနှင့်ကျောက်တော်သွား လမ်းမကြီး အနီးရှိ ပေါက်တောပြင်ရွာ၏ အနောက်တောင်ဘက် နှစ်ဖာလုံခန့်အကွာ အုတ်ကျွန်းငယ် တစ်ခုအနီးမှ တူးဖော်တွေ့ရှိရခြင်းဖြစ်သည်။ ယခု အခါ မြောက်ဦးမြို့ရှေးဟောင်းသုတေသန ပြတိုက်တွင်ထိန်းသိမ်း ထားလျှက်ရှိပါသည်။စာပါ အကြောင်းအရာမှာ ဝေသာလီခေတ်က မင်းတစ်ပါး၏ မြေလှူအမိန့် မှတ်တမ်းဖြစ်ပါသည်။သက္ကဋ္ဌဘာသာဖြင့်ရေးထိုးကာ၊ ဂုပ္တအက္ခရာပွား

http://www.dhammadownload.com




ကိုအသုံးပြုထားသည်။ ဤကြေးနီပြား၌ ရေးထိုးထားသည့်စာမှာ တွေ့ရှိထားပြီးသမျှ စာများအနက် အလှပဆုံး၊ အပီပြင်ဆုံး၊ အသေသပ်ဆုံး လက်ရာဖြစ်ကြောင်းတွေ့ရသည်။ မူရင်းစာကို ဘာသာပြန်ဆိုမှုနှင့် အတူအောက်တွင် ဖော်ပြထားပါသည်-

(မျက်နှာဘက်)



(၁) သွ တ္တာဒါန ရှာတး ပရမ မာ ဟေဝ္ဂရော မဟာဒေဝှ်ာ



ငြိ ကိ ကု - ဝျာ မု တွ န္ဒော မ ဟာ ရာ ဇာ

## ဗျည်း နှင့် သရ

ဓညဝတီနှင့်ဝေသာလီခေတ်တို့တွင် ရေးထိုးခဲ့ကြသည့် ကျောက်စာများ၊ ခေါင်းလောင်းစာများ၊ ဒင်္ဂါး စာများ၊ကြေးနီပြားစာတို့မှ သရနှင့်ဗျည်းများကို စိစစ် ကောက် နုတ်ခြင်း ဖြင့်(၆)ရာစု အေဒီနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးပြဟ္မီပွားအစ သရ နှင့် ဗျည်းများကိုရရှိသည်။ရခိုင်ပြည်သုံး ပြဟ္မီပွား အစ သရနှင့် ဗျည်းအချို့ကိုဖော်ပြလိုပါသည်။

### အလယ်သရများဆင့်ကဲအသွင်ပြောင်းလဲလာပုံ

ဖော်ပြပါကျောက်စာများတွင်ပါရှိသော ဗျည်းနှင့် အလယ် သရကွဲခြင်းများ၊ ယပင့်၊ ရရစ်၊ နှစ်လုံးဆင့်များ စသည်တို့ကိုလေ့လာကြည့်သောအခါ၌၊ အလယ်သရများ ဆင့်ကဲအသွင်ပြောင်း လာပုံကိုသိရှိနိုင်သည်။

ဗျည်းများ၊အစ သရများ၊အလယ်ရသများ၏ ပုံသဏ္ဌာန်ကို အိန္ဒိယပြည်သုံး အက္ခရာများနှင့် နှိုင်းယှဉ်ကြည့်ခြင်းဖြင့်၊ ယင်းတို့ကိုရေးထိုးထားသောနှစ်မှာ အေဒီ(၆)ရာစုပတ်ဝန်းကျင်တွင် ဖြစ်လိမ့်မည်ဟု မှန်းဆနိုင်သည်။

http://www.dhammadownload.com



ဝေသာလီကြေးနီပြားစာနှင့်ဝေသာလီဒုတိယခေါင်းလောင်းစာတို့တွင် အလယ်သရများ ပြောင်းလဲလာခြင်းသည် တွေ့ရှိသမျှစာများတွင် အထွတ်အထိပ်သို့ရောက်ပြီးဟုမှန်းဆနိုင်သည်။ သုတေသီများ၏ ခန့်မှန်းချက်အရ ယင်းစာများမှာ အေဒီ(၆)ရာစုမတိုင်မီက ရေးထိုးထားသော စာဖြစ်မည်ဟု ဆိုထားသဖြင့်၊ ကျန်စာများမှာ ထိုထက်စောဖွယ်ရာသာရှိသည်။

အေဒီ(၇)ရာစုပတ်ဝန်းကျင်အတွင်း အိန္ဒိယပြည်သုံး ဗျည်း၊ သရများနှင့်နှိုင်းယှဉ်သောအခါ ရခိုင် ပြည်သုံးဗျည်းများမှာအိန္ဒိယပြည်မြောက်ပိုင်းသုံး ဖြဟ္မီပွားဗျည်းများ နှင့် ဆင်တူကြောင်းတွေ့ ရသည်။ အေဒီ(၆)ရာစုအတွင်းရေးထိုးသော ယသောဒါမံ ဗျည်းများနှင့်အနီးစပ်ဆုံးတူနေပေသည်။ အလယ် သရများမှာ ယင်းတို့နှင့်မတူဘဲ ဒေသအလိုက်ဖွံ့ဖြိုးလာပုံရပါသည်။

ရခိုင်ဗျည်းများထဲတွင် ခ၊ ဋ၊ ပ၊ န၊ ယ၊ ဉ၊ ဂ နှင့် က တို့သည်ဒေသအလိုက်ဖွံ့ဖြိုးလာ ကြောင်းထင်ရှားလှပေသည်။ ဤကဲ့သို့ရခိုင်အက္ခရာပုံဆန်းများကို တစ်ဆင့်နှင့်တစ်ဆင့်နှိုင်းယှဉ် လေ့လာ ခြင်းဖြင့်၊ ယနေ့သုံးအက္ခရာပုံစံသည် ဖြဟ္မီအက္ခရာပုံသဏ္ဍာန်မှမည်ကဲ့သို့ တစ်ဆင့်ပြီး တစ်ဆင့်ပြောင်း လဲလာသည်ကို သိနိုင်ပါသည်။ တင်ပြရသော် ရခိုင်အက္ခရာတို့သည် ဖြဟ္မီအက္ခရာ နှင့်ဖြဟ္မီအက္ခရာပွား တို့ကို အခြေပြုကာ၊ရခိုင်ဘာသာစကားကို ဖော်ပြမှတ်သားရန် ရေးသားသုံးနှုန်း လာခဲ့သောအက္ခရာများပင်ဖြစ်ပေသည်။

## လေးမြို့ခေတ်သုံးအက္ခရာ


လေးမြို့ခေတ်သို့ရောက်လာသောအခါ ကျောက်စာ ဒင်္ဂါးစာတို့တွင် လေးမြို့ခေတ် ရက္ခဝဏ္ဏ အက္ခရာ အရေးအသားများကို ထင်ထင်ရှားရှား တွေ့လာရသည်။

**ဗုဒ္ဓဂယာ မဟာဗောဓိရှိကျောက်စာ**

http://www.dhammadownload.com



ဤကျောက်စာကို ဘုရင်မင်းထီးလက်ထက် ကောဇာ-၆၆၀တွင် ရေးထိုးခဲ့သည်ဟု သုတေသီ



တို့ကယူဆကြသည်။ မဟာဗောဓိစေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ အလှူဒါနပြုခြင်းတို့ကို ရက္ခဝဏ္ဏအက္ခရာဖြင့် မှတ်တမ်းရေးထိုးထားသည်။ ကျောက်စာမူရင်းနှင့် ဘာသာပြန်ဆိုမှုကို အောက်တွင်ဖော်ပြထားပါသည်-

## မူရင်းကျောက်စာ

## မြန်မာဘာသာပြန်

"ဘုရားသခင်သာသနာ ၂၁၈ လွန်လေပြီးသောအခါ၌၊ ဇမ္ဗူဒိပ်ကျွန်းကိုအစိုးရသော သီရိဓမ္မာ သောကမည်သောမင်းကြီး စေတီရှစ်သောင်းလေးထောင်အနက်၌ ဆွမ်းတော်ဘုဉ်းပေးရာ ပါယာ သဘတ်ကို အခါလေးမြင့် ပျက်၍ပြင်သော သခင်ပင့်သကူကြီးတယောက်။ ထိုပြီးတချက် ပျက်ခဲ့ရကား သတိုးမင်းပြု၏။ ထိုပြီးတချက်ပျက်ခဲ့တုံရကား ဆင်ဖြူသခင်တရားမင်းကြီး၊ မိမိကိုယ်စား ဆရာ သီရိဓမ္မရာဇဂုရု ကို စေတော်မူလတ်သောအခါ၌ ပါလတ်သော တပည့်သား သီရိကဿပသည် လုပ်အံ့သည်ဥစ္စာရှိလျှက် မလုပ်ရတတ်ရကား၊ ဝရတသိသခင်ထေရ်ကို ခံဝန်စေရကား ပြုတသိန်းမင်း


http://www.dhammadownload.com




ကျူ၍လုပ်စေက ပြူသခင်ငယ်ကို အမတ်ကြီးရထ ကိုအခွင့်ပြုရကား၊ သက္ကရာဇ် (၄၆၇)၆၆၇ ခု ပြာသိုလ္ဆန်း ၁၀ ရက် ၆-နေ့ ပြုကုန်၏။ သက္ကရာဇ် (၄၆၈)၆၆၈၊ တန်ဆောင်မုန်းလ ဆန်း ၈-ရက် တနင်္ဂနွေနေ့ လှုပသော တံခွန်ကုက္ကား တံခွန်များကိုလည်းပူဇော်၏။ သင်ပုတ်တော် ဆီမီးထောင်ကို အကြိမ်များစွာလှျှင် ပူဇော်၏။ သား,သမီးဟုမှတ်၍ သူငယ် ၂-ယောက် ရွှေပန်း ငွေပန်းခက်၊ ပုဆိုး ဆွဲသော ပဒေသာလည်းပူဇော်၏။ အခါခပ်သိမ်းလှျှင် သင်ပုတ်အဆက်မပြတ် တည်စိမ့်သောကြောင့် မြေ၊ ကျွန်၊ နွားတို့ကိုလည်း ဝယ်၍လှူခဲ့၏။ ဤပြုသော ကောင်းမှုကား၊ နိဗ္ဗာန်ပစ္စည်း အထောက် အပင့်ဖြစ်ချင်သတည်း။ အရိမတေး ဘုရားသခင်လက်ထက်လှျှင် ရဟန္တာဆု လိုသတည်း။[၁]

## လောင်းကြက်ခေတ် ဒင်္ဂါး

[illegible]ကြက်မင်းဆက်ကောင်းစားစဉ်က အေဒီ (၁၂၅၀-[illegible]) [illegible] ဗင်းထီး ဘုရင် [illegible] ဂါးများကိုတွေ့ [illegible] ၏တစ်ဘက်၌ [illegible] ဖြင့် ထုတ် [illegible] င့် ထုတ်ဝေသ [illegible] ရးထိုးထားပြီး [illegible] က်၌ နာဂရီ [illegible] ထားသည်။ ဒင်္ဂ [illegible] းပါသည်-





လောင်းကြက်ခေတ် ဒင်္ဂါးပုံ

အထက်ပါကျောက်စာ၊ ဒင်္ဂါးစာတို့အရ လေးမြို့ခေတ်တွင် ရက္ခဝဏ္ဏအက္ခရာ အရေးအသား ကို နိုင်ငံတဝန်းတွင် တွင်တွင်ကျယ်ကျယ်သုံးစွဲနေပြီဖြစ်ကြောင်း တွေ့ရသည်။

## မြောက်ဦးခေတ်သုံးအက္ခရာ

၁။ မိဂဒါဝုန် ဦးကိတ္တိမာ၊ မဟာဇောဓုပ္ပတ္တိကတာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ၂၀၀၆ခု။

http://www.dhammadownload.com



မြောက်ဦးခေတ်(အေဒီ၁၄၃၀-၁၇၈၄)သည်ကား ရခိုင်စာပေအရေးအသား တိုးတက်ဝေဆာထွန်းကားသောခေတ်ပင်ဖြစ်သည်။ဤခေတ်တွင်အုပ်စိုးကြသောမင်းတို့မှာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို ခပ်နှိပ်သုံးစွဲခဲ့ကြသည်။ ဘုရင်မင်းဗာကြီးမှ သီရိသုဓမ္မရာဇာတိုင်အောင် (အေဒီ၁၅၃၁-၁၆၃၈) ထုတ်လုပ်သော ဒင်္ဂါးများတွင် မင်္ဂလာနှင့်ပြည့်စုံသော သရုပ်ဖော်ပုံများမပါရှိပေ။ ရင်ဘက်တွင်ထုတ်ဝေသောသက္ကရာဇ်နှင့် ဘုရင်မင်းမြတ်၏အမည်ကို ရခိုင်အက္ခရာဖြင့် ရေးထိုးထား ပြီး၊ ကျောဘက်တွင် ပါရှန်အက္ခရာဖြင့်ထက်ဝက်၊ နာဂရီ အက္ခရာဖြင့် ထက်ဝက်ရေးထိုးထားသည်။ နရပတိကြီးလက်ထက်မှနောက်ဆုံးမင်းကြီး မဟာသမ္မတ ရာဇာထိတိုင်အောင် (အေဒီ ၁၆၃၈-၁၇၈၄) ထုတ်လုပ်သောဒင်္ဂါးများတွင်ကား၊ ထုတ်လုပ်သည့် သက္ကရာဇ်နှင့်ဘုရင်မင်းကြီး၏ အမည်ကို နှစ်ဘက်စလုံး၌ ရခိုင်အက္ခရာဖြင့်သာ ရေးထိုးကြသည်ကို တွေ့ရလေသည်။ ဒင်္ဂါးပါ အက္ခရာ အရေးအသားမှာ ယခုခေတ် လူတို့ဖတ်၍နားလည်နိုင်သောအက္ခရာ အရေးအသားများဖြစ်ကြသည်။

မြောက်ဦးခေတ်အက္ခရာအရေးအသားမှာ ရက္ခဝဏ္ဏ အက္ခရာ အရေး အသားဖြစ်ပြီး၊ ယခုခေတ်ရခိုင်အရေးအသားနှင့် မကွဲမပြားသော အခြေအနေသို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။

ရခိုင်ပြည်တွင် ခေတ်အလိုက်ရေးသားမှတ်တမ်းတင်ခဲ့ကြသော ဖော်ပြပါစာပေ အထောက်အထားများက ရခိုင်အက္ခရာအရေးအသားသည် ရှေးခေတ်အိန္ဒိယနိုင်ငံသုံး ဗြာဟ္မီအက္ခရာအရေးအသားကို အခြေခံကြောင်း ခိုင်လုံစွာသက်သေထူလျက်ရှိနေပါသည်။ ယင်းအက္ခရာကိုပင် တစ်ဆင့်ပြီးတစ်ဆင့်ပွားယူ အသုံးချကာ လက်ရှိရခိုင်အက္ခရာအရေးအသားသို့ ရောက်ရှိလာခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



[illegible]

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | | [illegible] | | [illegible] | [illegible] |
| [illegible] | | | | | [illegible] |
| [illegible] | | [illegible] | | | [illegible] |
| [illegible] | | | | | [illegible] |
| [illegible] | [illegible] | [illegible] | | | [illegible] |
| [illegible] | | | | | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | | | | | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | | [illegible] | [illegible] |
| [illegible] | | [illegible] | [illegible] | | [illegible] |
| [illegible] | | [illegible] | | | [illegible] |
| [illegible] | | [illegible] | | | [illegible] |
| [illegible] | | [illegible] | | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | | [illegible] | | | |
| [illegible] | | [illegible] | | | |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | | [illegible] | | | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

http://www.dhammadownload.com



## ဗျည်း ၃၃ လုံးအခေါ်အဝေါ်

ရခိုင်အက္ခရာဗျည်း(၃၃)လုံးတို့၏အသံထွက်မှာ အောက်ပါအတိုင်းဖြစ် သည်-

က - ကကြီး
ခ - ခငေ ၊ ခခွေ
ဂ - ဂငွေ (ဂငုံး)
ဃ - ခကျောက်ရှေ
င - င
စ - စလုံး
ဆ - ဆလိမ်
ဇ - ဇငွေ (ကွဲ)
ဈ - စမြီးဆွဲ (ဆမိန်စွဲ)
ည - ည
ဋ - ဋသံချိပ် (ဋသံလျင်ချိပ်)
ဌ - ဌဝမ်းခွေး (ခွဲ)
ဍ - ဍ ရင်ကောက်
ဎ - ဎရှိမှုတ်
ဏ - ဏကြီး
တ - တဝမ်းတက်
ထ - ထဆင်ထူး
ဒ - ဒဇါယ် (ဒဒီ)
ဓ - ဓဝမ်းယှိပ်
န - န ငေ
ပ - ပဦးစောက်
ဖ - ဖဖောက်လိပ်
ဗ - ဗလုံး
ဘ - ဘတုံးယှိပ်

http://www.dhammadownload.com



မ - မ

ယ - ယ

ရ - ရ

လ - လ

ဝ - ဝ

သ - သ

ဟ - ဟ

ဠ - ဠကြီး

အ - အ

## ရခိုင်သင်ပုန်းကြီး ရွတ်ဆိုနည်း

ရခိုင်သင်ပုန်းကြီးရွတ်ဆိုနည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

က - ကရီးရာ ကရရေ

ကာ - ကချ ကာရရေ

ကိ - ကတင် ကိရရေ

ကီ - တင်လို့ပွတ်ကာ ကီရရေ

ကု - တချက်ငင် ကုရရေ

ကူ - နှစ်ချက်ငင် ကူရရေ

ကေ - သဝီခြား ကေရရေ

ကဲ - နောက်ပင် ကဲရရေ

ကော - သဝီလေ့ခြား၊ကာလေ့ချ ကောရရေ

ကော် - ရှိကိုထိုး ကော်ရရေ

ကံ - တချက်ပွတ်ကာ ကံရရေ

ကား - ချလုံးနှစ်ချက်ပွတ် ကားရရေ

<u>အပင့်</u>

ကျ - ကပင့်ရီးရာ ကျရရေ

ကျာ - ကျချ ကျာရရေ

http://www.dhammadownload.com



ကျိ - ကျတင် ကျိရရေ
ကျီ - တင်လို့ပွတ်ကာ ကျီရရေ
ကျု - တချက်ငင် ကျုရရေ
ကျူ - နှစ်ချက်ငင် ကျူရရေ
ကျေ - သဝေထိုး ကျေရရေ
ကျဲ - နောက်ပစ် ကျဲရရေ
ကျော - သဝေထိုးရေးချ ကျလဲ့ချနန့် ကျော ရရေ
ကျော် - ရှိထိုး ကျော်ရရေ
ကျံ - တချက်ပွတ် ကျံရရေ
ကျား - ချလို့နှစ်ချက်ပွတ်ကာ ကျားရရေ
- ချ၊ ဂျ၊ ပျ၊ ဖျ၊ မျ၊ လျ တို့ကို အထက်ပါနည်းအတိုင်းရွတ်ဆိုရပါသည်။
ြ - အရစ်
ကြ - ကရစ်ရိုးရာ ကြရရေ (ရှေး)
ကြာ - ကြချ ကြာရရေ
ကြိ - ကြတင် ကြိရရေ
ကြီ - တင်လို့ပွတ်ကာ ကြီရရေ
ကြု - တချက်ငင် ကြုရရေ
ကြူ - နှစ်ချက်ငင် ကြူရရေ
ကြေ - သဝေထိုး ကြေရရေ
ကြဲ - နောက်ပစ် ကြဲရရေ
ကြော - သဝေထိုးရေးချ၊ကြလဲချနန့် ကြောရရေ
ကြော် - ရှိထိုး ကြော်ရရေ
ကြံ - တချက်ပွတ်ကာ ကြံရရေ
ကြား - ချလို့နှစ်ချက်ပွတ်ကာ ကြားရရေ
- ဂြ၊ ပြ၊ ဖြ၊ ဗြ၊ မြ တို့ကိုလည်းအထက်ပါအတိုင်းရွတ်ဆိုရပါသည်။

အပင့်၊ အရစ်တချို့ကို ရွတ်ဆိုသည့်အတိုင်း (ှ) (ဟဆွဲ)၊ (ွ)(ဝဆွဲ)၊ (ျွ)(ပင့်ဝဆွဲ)၊ (ြွ) (ရရစ်ဝဆွဲ)၊ (ွှ)(ဟဆွဲဝဆွဲ)၊ တို့ကိုလည်းရွတ်ဆိုရသည်။

http://www.dhammadownload.com



## ရခိုင်အသတ်ချေဆိုနည်း

ကက် - ကက် ကသတ်
ကင် - ကင်သေတ်၊ ကင့် သေတ်၊ ကင်း သေတ်၊
ကိုက် - ကစ်- ကစ် စသတ်
ကိုင် - ကည် - ကည် ညသတ်၊ ကည့် ညသတ်၊ ကည်း ညသတ်၊
ကတ် - ကတ် တသတ်
ကန် - ကန် နသတ်၊ ကန့် နသတ်၊ ကန်း နသတ်၊
ကပ် - ကပ် ပသတ်
ကမ် - ကမ် မသတ်၊ကမ့် မသတ်၊ ကမ်း မသတ်၊
ကယ် - ကယ် ယသတ်၊ ကယ့် ယသတ်
ကဝ် - ကဝ် ဝသတ်
ကိုဝ် - ကကင်ငင် ဝသတ် ကိုဝ်လေ့ရ၊ကိုဝ့်လေ့ရ၊ကိုဝ်းလေ့ရ၊
ခ-အစ အ-အဆုံးထိအထက်ပါနည်းအတိုင်း ရွတ်ဆိုရသည်။
ကျက် - ကပင့် ကျက် ကသတ်
ကျင် - ကျင် သေတ်၊ ကျင့် သေတ်၊ကျင်း သေတ်၊
ကျစ် - ကျစ် စသတ်၊
ကျည် - ကျည် ညသတ်၊ ကျည့် ညသတ်၊ ကျည်း ညသတ်၊
ကျတ် - ကျတ် တသတ်၊
ကျန် - ကျန် နသတ်၊ ကျန့် နသတ်၊ကျန်း နသတ်၊
ကျပ် - ကျပ် ပသတ်
ကျမ် - ကျမ် မသတ်၊ ကျမ့် မသတ်၊ ကျမ်း မသတ်၊
ကျယ် - ကျယ် ယသတ်
ကျဝ် - ကျဝ် ဝသတ်
ကျိဝ် - ကျတင်ငင်ဝသတ် ကျိဝ်လေ့ရ၊ ကျိဝ့်လေ့ရ၊ ကျိဝ်းလေ့ရ၊
ချ၊ ဂျ၊ ပျ၊ ဗျ၊ ဖျ၊ မျ၊ လျ တို့ကို အထက်ပါအတိုင်း ရွတ်ဆိုရသည်။

http://www.dhammadownload.com



ရခိုင်အသတ်ကြီး ဆိုနည်း

ကိတ် - ကတင် ကိတ်တသတ်

ကိန် - ကိန် နသတ်၊ ကိန့် နသတ်၊ ကိန်း နသတ်၊

ကိပ် - ကိပ် ပသတ်

ကိမ် - ကိမ် မသတ်၊ ကိမ့် မသတ်၊ ကိမ်း မသတ်၊

ကုတ် - ကုတ် တသတ်

ကုန် - ကုန် နသတ်၊ ကုန့် နသတ်၊ ကုန်း နသတ်၊

ကုပ် - ကုပ် ပသတ်

ကုမ် - ကုမ် မသတ်၊ ကုမ့် မသတ်၊ ကုမ်း မသတ်၊

ကောက် - ကောက် ကသတ်

ကောင် - ကောင် ငသတ်၊ ကောင့် ငသတ်၊ ကောင်း ငသတ်၊

ကိုက် - ငတင် ငင်ကိုက် ကသတ်

ကိုင် - ကိုင် ငသတ်၊ ကိုင့် ငသတ်၊ ကိုင်း ငသတ်၊

ခ မှ အ အထိ အထက်ပါနည်းအတိုင်းရွတ်ဆိုရသည်။

ကျိတ် - ကပင့် ကျိတ် တသတ်

ကျိန် - ကျိန် န သတ်၊ ကျန့် နသတ်၊ ကျိန်း နသတ်၊

ကျိမ် - ကျိမ် မသတ်၊ ကျိမ့် မသတ်၊ ကျိမ်း မသတ်၊

ကျုတ် - ကျုတ် တသတ်

ကျုန် - ကျုန် နသတ်၊ ကျုန့် နသတ်၊ ကျုန်း နသတ်။

ကျိန် - ကျိန် န သတ်၊ ကျန့် နသတ်၊ ကျိန်း နသတ်၊

ကျိမ် - ကျိမ် မသတ်၊ ကျိမ့် မသတ်၊ ကျိမ်း မသတ်၊

ကျုတ် - ကျုတ် တသတ်

ကျုန် - ကျုန် နသတ်၊ ကျုန့် နသတ်၊ ကျုန်း နသတ်။

ကျုပ် - ကျုပ် ပသတ်၊

ကျုမ် - ကျုမ် မသတ်၊ ကျုမ့် မသတ်၊ ကျုမ်း မသတ်။

ကျောက် - တချာ အချာ ကျောက် တသတ်။

http://www.dhammadownload.com



ကျောင် - ကျောင် သေတ်၊ကျောင့် သေတ်၊ ကျောင်း သေတ်။

ကျိုက် - ကတင်ကို ငင် ကျိုက် ကသတ်။

ကျိုင် - ကျိုင် သေတ်၊ကျိုင့် သေတ်၊ ကျိုင်း သေတ်။

ချ၊ ဂျ၊ ပျ၊ ဖျ၊ ဗျ၊ မျ တို့ကိုလည်း အထက်ပါအတိုင်းရွတ်ဆိုရသည်။

ပြ(အရစ်) ှ (ဟဆွဲ)၊ ွ (ဝဆွဲ)၊ ှွ (ပင့်ဝဆွဲ)၊ ြွ(ရစ်ဝဆွဲ)၊ ွှ (ဟဆွဲဝဆွဲ)၊ တို့ကိုလည်း ထိုနည်းတူပင်ရွတ်ဆိုရသည်။

အထက်ဖော်ပြပါတို့သည်ဝေသာလီခေတ်တွင်အသုံးပြုခဲ့သောရခိုင်အက္ခရာ၊ရခိုင်သင်ပုန်းကြီး နှင့်ရခိုင်သင်ပုန်းကြီးရွတ်ဆိုနည်းတို့ဖြစ်သည်။

သင်ပုန်းကြီးအဆင့်ကုန်လျှင် လက်ရေးလှအဖြစ် ကဗျာလင်္ကာတို့ကိုသင်ယူလေ့ကျင့်ကြရသည်။ လက်ရေးလှလင်္ကာမှာအောက်ပါအတိုင်းဖြစ်သည်-

တောကျောင်းဝိဟာ တိုက်တော်သာက မလာမောင်ကြောင့် စိုးနှောင့်ဗျာပါ သလွန်သာဝယ် မယ်သာကိုယ်ထူး မပျော်မြူးသည် ညဦးသန်းခေါင် လရောင်ကိုတမ်း မောင့်ကိုလွမ်းသည် ရှမ်းရှမ်း မျက်ရည် ယိုလတ်တည်း။

## အခန်း (၆)

## ရခိုင်ရိုးရာယဉ်ကျေးမှု အနုပညာများ

### ဝတ်စားဆင်ယင်ပုံ

လူမျိုးတစ်မျိုးစီတွင်မိမိတို့၏ရိုးရာဓလေ့အရဝတ်စားဆင်ယင်ပုံအမျိုးမျိုး ရှိကြသည်။ ရေမြေဒေသ ကွဲပြားခြားနားသည်နှင့်လျော်ညီစွာ လူမျိုးတစ်မျိုးနှင့်တစ်မျိုးယဉ်ကျေးမှု ထုံးဓလေ့ ကွဲပြားခြားနားသကဲ့သို့ဝတ်စားဆင်ယင်ပုံ အသွင်ကွဲပြားမှုများကိုတွေ့ရသည်။ တစ်ခေတ်မှ တစ်ခေတ်သို့ကူးပြောင်းလာသည်နှင့်အညီ ဆင်ယင်ထုံးဖွဲ့မှုအသွင်သည်လည်း တစ်ဖြည်းဖြည်း ပြောင်းလဲလာခဲ့ပေသည်။ ရှေးရခိုင် လူမျိုးများ၏ ဝတ်စားဆင်ယင်ပုံသည်လည်းခေတ်အဆက်ဆက် ပြောင်းလဲလာသည်နှင့်အမျှ အသွင်အမျိုး မျိုးဆန်းပြားလာခဲ့လေသည်။

ရခိုင်လူမျိုးတို့၏ဆင်ယင်ထုံးဖွဲ့မှုနှင့်ဝတ်စားဆင်ယင်မှုများသည် မည်သည့်အချိန်ကပင် စတင်ခဲ့သည်ကိုခန့်မှန်းရလျှင်၊ ကျောက်ခေတ်နောက်ပိုင်းယဉ်ကျေးသိမ်မွေ့လာသည့်အချိန်ကပင် စတင်ခဲ့သည်ဟုဆိုရပေလိမ့်မည်။ ယဉ်ကျေးသိမ်မွေ့လာသည့်ခေတ်ကား ဓညဝတီခေတ်၊ ဝေသာလီ

http://www.dhammadownload.com



ကျောက်လှေကားခေတ်၊ လေးမြို့ခေတ်နှင့်မြောက်ဦးခေတ်တို့ပင်တည်း။ ဆင်ယင်ထုံးဖွဲ့မှုများမှာခေတ်အလိုက်ပြောင်းလဲလာခဲ့ခြင်း ဖြစ်ပေသည်။

ရခိုင်တို့၏ ရှေးအကျဆုံး ဆင်ယင်ထုံးဖွဲ့မှုအခြေအနေကိုလေ့လာလျှင် အာရိယန်နှင့် နီးနွယ်သဘော အဆောင်အယောင်များကိုတွေ့ရသည်။ ဆင်းတုများ၊နတ်ရုပ်များ နှင့်ဝေသာလီမှ တူးဖော်ရရှိသောဆီမီးခွက် ကိုင်ဆောင်ထားသည့်အရုပ်များသည် ဝေသာလီ ယဉ်ကျေးမှုကို ဖော်ပြထားသည်။ ယင်းအရုပ်တို့၏ဝတ်စား ဆင်ယင်ပုံကို အာနန္ဒစန္ဒြား ရှစ်ရာစု ရခိုင်ဝေသာလီမင်း စာအုပ်တွင် ပုံ(၂၉)မှ(၄၅)အထိ စာမျက်နှာ (၁၈၁)မှစ၍ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းအရုပ်များ၏ဆင်ယင်ထုံးဖွဲ့မှုများကိုကွက်ကွက်ကွင်းကွင်း မြင်နိုင်ပေသည်။ ဘုရားဆင်းတုတော်များတွင် လူသားများဝတ်ဆင်သည့်မင်းဝတ်တန်ဆာများကို ဝတ်ဆင်ထားသည်ကိုတွေ့ရသည်။

အလားတူ နတ်ရုပ်၊ ကြေးဆီမီးခွက်ရုပ်များ၏ ဝတ်စားဆင်ယင်ပုံများတွင်လည်း ဖော်ပြထားသည်။ ဓညဝတီခေတ်နှင့် ဝေသာလီခေတ်များ၏ ဆင်ယင်မှုများကို ရှေးဟောင်းစာပေမှ ဘုရားရှင် ရခိုင်ပြည်သို့ ကြွချီတော်မူပြီး ဘုရားရှင်ကိုယ်စားတော်များကို သွန်းလုပ်ပုံ၊ စန္ဒသူရိယမင်းကြီး၏ မင်းခမ်းမင်းနားများဖြင့် ပူဇော်သက္ကာရပြုပုံများကိုစာကြီးပေကြီးများတွင် မှတ်တမ်းပြုဖော်ပြထား ရှိလေသည်။

လေးမြို့ခေတ်ဆင်ယင်ထုံးဖွဲ့မှုနှင့်ပတ်သက်၍လည်း ဆင်းတုတော်ဆင်ယင်မှုနှင့် မင်းခမ်းမင်းနားများကိုမျှော်မှန်း၍ သိရှိနိုင်ပေသည်။

မြောက်ဦးခေတ် အေဒီ ၁၅၆၄-ခုမှ အေဒီ-၁၅၇၁ ခုမင်းစကြာနှင့် အေဒီ-၁၅၇၁ ခုမှ အေဒီ-၁၅၉၃ခုထိမင်းဖလောင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့ကြသော ဒုက္ကန်သိမ် သိမ်တော်အတွင်း အရုပ်များ၊ အံတော်သိမ် သိမ်အတွင်းအရုပ်များနှင့်မင်းခန်းပလ္လင်များ၊ သျှစ်သောင်းပုထိုးတော်ကြီး၏ လိုဏ်ဂူတော် အတွင်းမှ အရုပ်များ၏ ဝတ်စားဆင်ယင်ပုံများကိုလေ့လာပါက၊ မည်မျှတိုးတက်၍ မည်မျှအိန္ဒြေလုံခြုံ ကြောင်းတွေ့ရမည် ဖြစ်ပေသည်။ ဘုရင်မင်းဗာကြီးနှင့် သံတွဲမင်း မိဖုရားတို့၏သမီးတော် ပိုးဝါမင်းသမီး အားဖွဲ့ကျူးစပ်ဆိုသော ပိုးဝါဘွဲ့တွင်-

"အရုပ်ဆင်းဝါ၊ လှပိုးဝါမှာ၊ ဝတ်ပါလတ်ရေ ဇောင်နက်ကေထမိ၊ သုံးနှစ်လုံးပင်၊ ဝတ်မကြီးကေ၊ အောက်ခြီအဆင့်၊ လှပိုးဝါမှာ၊ မှင်းကျိုးပွင့်နှင့်၊ လှတင့်ဆင်ယင်၊ မယ်ပိုးဝါမှာ ဆင်လတ်တေလေ။ ခါးမှာကြည့်လဲ ခါးကြိုး ဒွါဒရာ၊ မျက်ငါးဖြာလေ၊ စုံစွာသေသပ်၊ လှပိုးဝါမှာ နောက်စချပ်လို့ တင့်ကြောင်း သခြေ၊ လှပိုးဝါမှာ ဝတ်လတ် တေလေ။ ရင်မှာကေ ရင်မှာကြည့်လေ။ ကင်းစွန်း

http://www.dhammadownload.com



ရွှက်ရောင်၊ ပန်းပွင့် ယောင်လေ၊ ခြားရာသေသပ်၊ မမယ် ရင်မှာ၊ မမွတ်ချပ်လို့ တင့်ကြောင်း သခြေ၊ မေပိုးဝါမှာ ဝတ်လတ် တေလေ"... ဟုဖွဲ့ဆိုထားပါသည်။

ယောကျ်ားတို့မှာလည်း၊ တောင်ရှည်ဒယော(ပုဆိုး)၊ ပြင်ခံအင်္ကျီ အပြည့်အစုံဖြင့် ဝတ်ခဲ့ကြပြီး၊ ခေါင်းပေါင်းကို လက်ဝဲချတစ်မျိုး၊လက်ျာချတစ်မျိုး၊နောက်ထပ်အလယ်တည့်တည့်တစ်မျိုးစသည်ဖြင့် ပေါင်းကြသည်။ ဤသို့လျှင်ဘုရင်မျိုး၊သုခမိန်မျိုး၊လက်ဝဲမြန်မျိုး၊ လက်ျာမြန်မျိုးဟူ၍ ခွဲခြားပေါင်းခဲ့ကြလေသည်။ အရွယ်လိုက် ခေါင်းပေါင်းစွန်ကိုထုတ်ကြသည်။လူပျိုပေါင်း၊မင်းကျွန်ပေါင်း၊ ဝါကြီးပေါင်းဟူ၍ ခွဲခြားထားသည်။ အိုလာသည့်အခါ ခေါင်းပေါင်းစွန်များမှာ များသောအားဖြင့် နောက်သို့ရောက် သွားသည်။ ဘုရား ကျောင်း ကန်သွားလျှင် အဖြူဝတ်၍ "ကိုယ်တင်" တင်ကြသည်။ ရှေးအာရိယန် များ၏အယူအဆအတိုင်း စလွယ်များကို ဘယ်သို့ သိုင်းသည့် အစဉ် အလာအတိုင်း ဘုရားကျောင်း ကန်သွားလျှင်လည်း ကိုယ်တင်(ကိုယ်ရုံ)ကို ဘယ်ဘက် အစွန်ချကာ သိုင်းကြသည်။

ခါးစည်းအဖြစ် ပုဝါဖြူများ၊ ယင်းကတဆင့် ပိုးခါးပတ်များ၊ ငွေခါးပတ်များဝတ်ကြသည်။ ထိုင်မသိမ်းအင်္ကျီနှင့် တောင်ရှည်ပုဆိုးများကိုဝတ်ဆင်ကြသည်။

အမျိုးသမီးများမှာ ပိုးဝါဘွဲ့မှာကဲ့သို့ နောက်စထမီနှင့်ရင်ကန် ခါးကြိုး ထိုင်မသိမ်းအင်္ကျီ သော့ကြိုး နှင့် ရွှေဝတ်တန်ဆာအပြည့်အစုံကို ဝတ်ဆင်ခဲ့ကြသည်ကိုတွေ့ရသည်။

မင်းဝတ်မင်းစားနှင့် သာမန်လူများဝတ်ဆင်သော အဝတ်တန်ဆာနှင့် အလွန်ခြားနားသည်။ မြောက်ဦးခေတ်နောက်ပိုင်း ရှေးနှစ်(၁၀၀)ခေတ်အတွင်းပိုင်း၌မူ၊ အမျိုးသား၊ အမျိုးသမီးများ၏ ဆင်ယင်ပုံမှာလူကြီး ပိုင်းနှင့်လူငယ်ပိုင်းသည်ပင်ရှည်ဒယော(တောင်ရှည်ပုဆိုး)ခါးတောင်းကျိုက်နှင့် ဘေးတပ်အင်္ကျီကိုဝတ်ဆင်ကြသည်၊ ဘေးတပ်အင်္ကျီသည် တင်ပဆုံအထိနီးပါးရှည်၍၊ လက်ဝဲဘက်သို့ ဖုံးထားသောရင်ဖုံး၌ အဝတ်ကို ကျစ်ထားသောကြယ်သီးတို့ကိုတပ်ဆင်ကြသည်။အင်္ကျီခါးနှစ်ဘက် တွင်ခွဲထားသည်။ ခေါင်းပေါင်းမှာအရှည်ခုနစ်တောင်ခန့်ရှိသော အဝတ်စကို လွန်းလုံးသဏ္ဍာန်ရစ်၍ ဆံပင်ပေါ် အောင်ပေါင်းရသည်။ ခေါင်းပေါင်းစတိုတိုကိုထုတ်၍၊ ဘယ်ဘက် နားထင်တည့်တည့်တွင် ထားလေ့ရှိသည်။အမျိုးသားလူငယ်များမှာ ရှေ့တပ် ရင်စိတ်အင်္ကျီခါးတိုတိုကို ဝတ်ဆင်ကြသည်။ သုံးတောင့်တစ်ထွာထက်မပိုသော ခေါင်းပေါင်းကို ဆံပင်ကိုချုပ်၍လည်းကောင်း၊ ဆံထုံးကိုဖော်၍လည်းကောင်း ပေါင်းကြသည်။

အမျိုးသမီးများမှာ ရင်ကန့်တပ်ဆင်၍၊ နောက်စထမီနှစ်ထပ်ကို ခါးကြိုးစည်းလျှက် ဝတ်လေ့ရှိသည်။ အမျိုးသမီးများ ခါးကြိုးစည်းသောဓလေ့မှာ ရှေးရခိုင်မင်းများလက်ထက်ကတည်းက

http://www.dhammadownload.com



အသုံးပြုခဲ့ကြကြောင်း ပိုးဝါတွဲ့အရသိရှိနိုင်သည်။ အမျိုးသမီးကြီးများမှာ သော့ကြိုးတန်ဆာဝတ်ဆင်ခြင်း မျိုးမတွေ့ရပေ။ လုံမငယ်များမှာမူ ရင်ကန့်မပါသော ဇာဇူအင်္ကျီကိုဝတ်ဆင်ကြသည်။ အမျိုးသမီးများ ဝတ်ဆင်သောအင်္ကျီမှာ ခါးတိုလက်ဖွားအင်္ကျီဖြစ်သည်။ အမျိုးသမီးကြီးများကပို၍အရှည်ဝတ်ဆင် ကြသည်။ ပုဆိုးပိုင်း(ခေါ်) တဘက်ခြုံ စောင်ကိုခြုံလေ့ရှိကြသည်။ နံငယ်တဘက်ရှည်တစ်မျိုးကိုလည်း နှစ်ထပ်ခေါက်ပြီး၊ ပုခုံးတွင်တင်၍အသုံးပြုတတ်ကြသဖြင့်၊ ထိုတဘက်ကိုနှစ်ထပ်ပိုင်း ဟုလည်း ခေါ်သည်။ ပုဆိုးပိုင်းကို အမြိတ်အရှည်တပ်ဆင်ကြ၍၊ ကြာပွင့် ကြာလန်ပန်းဖော်လျှက်၊ ပန်းခြေထိုးသည်ဟုခေါ်သော ထောက်ကြိုးချောင်းများကို ပုဆိုးပိုင်း အလျားစွန်တွင်ဖော်ဆောင်သည်။ ကြာပွင့် ကြာဖူးကြာငုံသဏ္ဌာန်နားကပ်များ၊ သန္တာလက်ကောက်၊ ပယင်းလက်ကောက်၊ ရွှေငွေဘီး၊ သန္တာသီးတို့ကိုကြိုးဖြင့် သီတပ်သော ပုတီးသွယ်ကြိုးများ၊ လက်စွပ်များကိုလည်း အလှတန်ဆာများ အဖြစ်ဝတ်ဆင်ကြသည်။

ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီကသတ်မှတ်ပေးခဲ့သည့် ရခိုင်အမျိုးသားဝတ်စုံမှာ အမျိုးသားအပေါ်ဝတ်အင်္ကျီ၌ အပေါ်အိတ်လုံးဝမပါဘဲ၊ ဘေးအောက်အိတ်နှစ်ခုသာပါ၍၊ ဘေးမှ ခါးနှစ်ဘက်တွင် ဖားကွဲပါရှိသည်။ ခေါင်းပေါင်းမှာ ဘယ်ဘက်သို့အစွန်ချ၍ ပေါင်းရသည်။လုံချည်မှာ ရခိုင်ပြည်က ယက်လုပ်သော ရခိုင်လုံချည် ဘယ်ဘက်၌ပေါင်စွန်တင်၍ ဝတ်ဆင်ရသည်။ အမျိုးသမီးဝတ်စုံမှာမူ ရှေးစဉ်လာမပျက် ထိုင်မသိမ်းပုံကို မွမ်းမံပြီး၊ ရင်ကွဲအပေါ်ဝတ်အင်္ကျီကို ရင်ဖုံးဖြင့်ဝတ်ဆင်ရသည်။ ရင်နားတစ်ဘက်စီတွင် သဇင်နွယ်ခက်များဖောက်ထားသည်။ လုံချည်မှာ ရခိုင်လုံချည်ဖြစ်၍၊ ဘယ်ဘက်ပေါင်တွင် ပေါင်စွန်နားထား၍ ဝတ်ဆင်ရသည်။ထို့အပြင် အနားအမြိတ်နှင့် ပြည့်စုံသော ခြုံတဘက်ကိုခြုံရသည်။

ဆင်ယင်ထုံးဖွဲ့မှုတွင် ဆံထုံးအမျိုးပေါင်း(၆၀)နှင့်ပေါင်းတော်(၄၀)စလွယ်တော်(၉)ပါးအစ ချီသော ဆင်ယင်မှုရတုကြီး၌ အပြည့်အစုံပါရှိသည်။

ယနေ့၌ ရခိုင်တို့၏ဆင်ယင်ထုံးဖွဲ့မှုများကား မြန်မာပြည်အနှံ့ ထင်ပေါ်ကျော်ဇောလျှက်ရှိသေးသည်။ ရခိုင်လုံချည်ရ ခိုင်ထမီများကား လူကြိုက်အများဆုံးဖြစ်ခဲ့လေသည်။ ဝတ်စား ဆင်ယင်မှု၏ ထူးခြားချက်တစ်ခုမှာ အအိုဆင်၊ အပျိုဆင်ဟူ၍ခွဲခြားထားသည်။ ယခုအခါ ခွဲခြားမှုများပျောက်ကွယ် သွားပေပြီ။ သို့သော် အရင့်ဆင်၊ အနုဆင်ဟူ၍ခွဲခြားဆဲပင် ရှိနေသေး သည်ကို တွေ့ရပေသည်။ (ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံးပေါင်းတော် တူရိယာများကဏ္ဍာ နှင့် ပြောင်းလဲလာသည့် ဆံထုံး ပုံစံအမျိုးမျိုး ကဏ္ဍာ ဓာတ်ပုံများကို အခန်း ၁၀ တွင်ရှု။)

http://www.dhammadownload.com



# ရှင်ပြုမင်္ဂလာ

ရခိုင်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အလျောက် မိမိတို့၏ သားရတနာများကို သာသနဘောင်သို့ သွတ်သွင်းချီးမြှင့်သည့် ရှင်ပြုမင်္ဂလာအခမ်းအနားကို တခမ်းတနားကျင်းပလေ့ရှိကြသည်။ မိဘများသည် သားရတနာထွန်းကားလာသည့်အခါ သာသနာ အမွေကိုဆက်ခံရမည့်သူများအဖြစ် စိတ်နှလုံးဝမ်းမြောက်ကာ တစ်နေ့တွင် ရှင်ပြုရမည်ကို မျှော်မှန်းလျှက် လိုအပ်ငွေများကို စုဆောင်းတတ်ကြသည်။ ဤသည်မှာသားယောကျ်ားမွေးဖွားသည့် မိဘတိုင်း၏ ကြီးမားသော ယုံကြည်ချက်ပင်ဖြစ်လေသည်။ ရှင်ကျင့်ကို ထိန်းနိုင်သည့်အရွယ်တွင်ရှင်ပြုကြသည်။ရှင်ပြုမင်္ဂလာ မတိုင်မီလိုအပ်သော ပရိက္ခရာသက်န်းများ၊ ကျွေးမွေး ညှော်ခံရန်လိုအပ်ချက်များကို ဝယ်ယူစုဆောင်းကြသည်။ ငွေကြေးတတ်နိုင်သူတို့မှာ တတ်နိုင်သလောက်အလျှုပစ္စည်းများကို ဝယ်ယူကြသည်။ ရှင်ပြုပွဲမတိုင်မီ ရက်သတ္တ(၂)ပတ်အလိုတွင် ရှင်လောင်းများအားပုတီးစိတ်နှင့် ရှင်ကျင့်ဝတ်များကို သင်ယူနိုင်ရန် ဆိုင်ရာဘုန်းတော်ကြီးကျောင်းသို့ စေလွှတ်အပ်နှံကြသည်။ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်ကွက်၊ ကျေးရွာသားများအားလည်း ဖိတ်ကြားကြရသည်။ ထို့နောက် အိမ်ရှေ့တွင်အလျှု မဏ္ဍာပ်ကို ဆောက်လုပ်ရလေသည်။

ရှင်ပြုပွဲမတိုင်မီ(၃)ရက်ခန့်အလိုတွင် အိမ်ထောင်ရှင်အမျိုးသမီးကြီးများသည် ကွမ်းထောင်၊ ပန်းထောင်များ စုပေါင်းပြုလုပ်ကြသည်။ တစ်ရက်အလိုတွင် ရှင်လောင်းလှည့်ပြီး၊ ရှင်လောင်းလှည့်ပွဲတွင် အမိက ရှင်လောင်းနှင့် နေ့နံသင့်အမျိုးသမီးများအား ပရိတ်အိုး ရွက်လျှက်ရှေ့ဆုံးမှ စီတန်းသွားစေသည်။ရှင်လောင်း၏မိခင်က သင်္ကန်းကိုခေါင်းတွင်ရွက်၍ ဖျာလိပ်၊ ခေါင်းအုံး၊ ပန်းထောင်၊ အလှူပစ္စည်း စသည်များကို အမျိုးသမီးများရွက်၍စီတန်းသွားကြရသည်။ ရှင်လောင်း၏ဖခင်သည် သင်္ကန်းမှအပ ပရိက္ခရာများကို လွယ်လျှက်သွားရသည်။ ရှင်လောင်း ကိုဆင်မြင်းများ အပေါ်တင်၍ လည်းကောင်း၊ ထမ်းစင်ပေါ်တွင် တင်၍လည်းကောင်း နေ့သင့်နံသင့်သည့် ကာလသားများက ခြံရံကာရှင်လောင်းကို ရွှေထီးမိုးပြီးစီတန်းလိုက်ပါရသည်။

နောက်တွင်မင်္ဂလာပန်းတျင်းတီးပြီး သျှန်းလိုက်ရတုများကို ရွတ်ဆိုလိုက်ပါ လေ့ရှိကြသည်။ ရှင်ပြုသည့်နေ့ နံနက်စောစောတွင်ရှင်လောင်းအား မင်္ဂလာမြောက်ရသည်။ နေ့နံသင့်သူများကိုရှင်လောင်း၏ အခြံအရံများအဖြစ်ရွေးချယ်ကာ လာရောက်ကြသည်။ ဆရာတော်ကြီးက သီလချီးမြှင့်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ကြသည်။ ရှင်လောင်း၏ မိဘများမှ ညနေရှင်လောင်းလှည့်ချိန်ကပင် ဥပုသ်ဆောက်တည်နေကြသည်။ မင်္ဂလာမြောက်ပြီးနောက်

http://www.dhammadownload.com



ဘုန်းတော်ကြီးကျောင်းသို့ သွားကြရသည်။ ဘုန်းတော်ကြီးကရှင်လောင်းအား သက်န်းကပ်၊ သက်န်တောင်းများကို ပြုလုပ်သည်။ ထို့သို့ပြုလုပ်နေစဉ် ကာလသားများက ကျောင်းအောက်ထပ်တွင် ဗုံကျယ်ကျယ်လောင်လောင်တီးကာ အနှောင့်အယှက်ပေးကြသည်။ ရှင်လောင်းမိဘထံမှ ဆုချီးမြှင့် ငွေကိုရလို၍ဖြစ်သည်။ ၎င်းကိုမာန်နတ်မှောင့်သည်ဟု ခေါ်ဆိုလေ့ရှိကြသည်။

ရှင်လောင်းအားခေါင်းရိတ်သည့်အခါ မိဘဆွေမျိုးများက ပိတ်ဖြူစင်ကြယ်ဖြင့်ဆံပင်များကို မြေကြီးသို့မကျစေရန်ခံယူကြသည်။ ခေါင်းရိတ်ရေချိုးသန့်စင်ပြီးသောအခါ ကာလသားများ ရှင်လောင်းအား ရွက်ချီ၍ဆရာတော်ထံအရောက်ပို့ပေးကြသည်။ ဆရာတော်က (၁၀)ပါးသီလ ချီးမြှင့်ပြီး သာမဏေဘောင်သို့ သွင်းလျက် လူအမည်ကို ဖျောက်ကာ ရှင်သာမဏေဘွဲ့ကို ချီးမြှင့်ပေးလေသည်။

## သမက်တက်(လက်ထပ်ထိမ်းမြားး)မင်္ဂလာ

သားပျို သမီးပျိုများအား လက်ထပ်ထိမ်းမြားမင်္ဂလာ ဆောင်ပေးရသည်မှာ မိဘတို့၏တာဝန်တစ်ရပ်ဖြစ်သည်။ သားသမီးများ အရွယ်ရောက်ပြီဆိုလျှင် မိဘများက အိမ်ထောင်ဘက်ကို ရှာဖွေရွေးချယ်ပေးလေ့ရှိကြသည်။ သမီးမျောက်သားတော်စပ်လျှင် (မောင်နှမတို့က မွေးဖွားသော သား သမီး) ဆွေမျိုးအချင်းချင်းလက်ထပ်ပေးသော ဓလေ့ရှိသည်။သားရှင်၏မိဘများသည် ချွေးမလောင်း ရွေးချယ်ရေးအတွက်အမျိုးသမီး၏ အရည်အချင်းကို သေချာစွာလေ့လာသကဲ့သို့ သမီးရှင်များကလည်း မိမိတို့၏သမက်လောင်းအရည်အချင်းကို လေ့လာစုံစမ်းကာ၊ ကျေနပ်ကြမှ သာလျှင် စေ့စပ်ကြောင်းလမ်းရန်(သို့မ ဟုတ်)" အခါကြည့်ရန်" သမီးရှင်နေအိမ်သို့ သွားရောက်ကြ လေသည်။ စေ့စပ်ကြောင်းလမ်းပွဲတွင် "အသွင်းဖိုး "ကို ညှိနှိုင်းရသည်။ ရွှေငွေလယ်ယာ စသည်တို့ကို အသွင်းအဖြစ်တင်တောင်းလေ့ရှိသည်။ထိုနေ့တွင် သမီးရှင်ဘက်မှခေါ်ထားသောဗေဒင် ဆရာနှင့် သားရှင်ဘက်မှ ခေါ်ထားသောဗေဒင်ဆရာနှစ်ဦးက သမက်ရှင်နှင့် သမီးရှင်၏ ဇာတာများကိုနှေနံ သင့်၊ မသင့်တွက်ချက်ပြီး၊ သင့်တော်ပါကလက်ထပ်မည့် ရက်ကို တခါတည်းသတ်မှတ်ပြီးလျှင်၊ သမက် ရှင်လောင်းဘက်ကအသွင်းဖိုးကို ရပ်ရွာလူကြီးများ ရှေ့တွင် ကြိုတင်ပစ္စည်းပေးအပ်ရသည်။ စေ့စပ်ပွဲတွင် သမီးရှင်ကိုသမက်ရှင်၏ မိဘများကမြင်တွေ့ကြရသဖြင့် မျက်နှာခ(သို့)က္ကန္တြေခအဖြစ် ငွေကြေးပေးသည့် ဓလေ့ရှိသည်။ အကြောင်းကြောင်းကြောင့်

http://www.dhammadownload.com



သမက်တက်ရန်သမက်ရှင်ဘက်မှ ပျက်ကွက်ခဲ့လျှင်၊ အသွင်းနှင်းရန်ကြိုတင်ပေးထားပြီးသော ပစ္စည်းကိုအဆုံးခံရသည်။ သမီးရှင်ဘက်မှ ပျက်ကွက်ခဲ့လျှင် အသွင်း၏တန်ဖိုးတစ်ဆကို ပြန်လျော်ရသည့် အစဉ်အလာရှိသည်။

စေ့စပ်ကြောင်းလမ်းခြင်း အောင်မြင်ပြီးသောအခါ လက်ထပ်ထိမ်းမြားရန် နှစ်ဘက်မိဘများက စီစဉ်ကြရသည်။ မင်္ဂလာသမက်တက်ပွဲတွင် သမီးရှင်နှင့် သမက်ရှင်အခမ်းပြုလုပ်ရန်အတွက် နေ့သင့် နံသင့်သူများကို ရွေးချယ်ကြရသည်။ သမက်တက်မည့်နေ့ နံနက်အာရုဏ်တက်ချိန်တွင် သမက်ရှင်၏ အိမ်၌သမက်ရှင်အား မင်္ဂလာမြှောက်၍၊ သမီးရှင်အားလည်းသမီးရှင်၏ နေအိမ်တွင် မင်္ဂလာမြှောက်သည်။ မင်္ဂလာမြှောက်ရာတွင် ဘုန်းတော်ကြီးများကိုဆွမ်းကပ်ခြင်း၊ မင်္ဂလာပရိတ်တော်တို့ကို နာကြားခြင်း၊ ဘိုးဘွားလူကြီးများကိုကန်တော့ခြင်း၊ နံ့သာရည်ဖြင့်သမက်ရှင်၊ သမီးရှင်တို့အား ပက်ဖျန်းခြင်းတို့ဖြစ်သည်။

သမီးရှင်၏နေအိမ်တွင် မင်္ဂလာပွဲပြုလုပ်ရန်အတွက် အညွှန့်ရှိသူ (လူပျိုအပျိုလက်ထပ်ပြီး ယခုထက်တိုင် မောင်နှံစုံအတူတကွနေထိုင်လျှက် သားသမီးတစ်ဦးတစ်ယောက်မျှ ပျက်စီးခြင်းမရှိသော အိမ်ထောင်ရှင်အမျိုးသမီးဖြစ်သည်)က မင်္ဂလာထမင်းချက်ရသည်။ မင်္ဂလာလက်ဆုံထမင်းပွဲတွင် ငကန်သား၊ အကြေးရှိသောငါး၊ ကြက်သား၊ ဘဲဥ၊ ပုဇွန်၊ မြောက်ဥ၊ ရွှေဖရုံသီးဟင်းတို့ပါရသည်။ ကြက်တွင် အူစုံသဲစုံပါသကဲ့သို့အခြားသော ငါး၊ ပုဇွန်တို့၌လည်း အင်္ဂါစုံရသည်။ အကျိုးအပဲ့ အနာအဆာမပါရအောင် ဂရုစိုက်၍ပြင်ဆင်ရသည်။ မင်္ဂလာလောင်ပွန်းတွင် ကောက်ညှင်းထမင်း၊ ပုဇွန်တုတ်ကြီး နှစ်ကောင်၊ ဂရင်ငှက်ပျောသီးနှစ်လုံး၊ ဘဲဥနှစ်လုံး တင်ထားရသည်။ ထို့အပြင်မြေ (သို့) ကြေးဖြင့်ပြုလုပ်ထားသော ရေစင်အိုးနှစ်လုံး၌ သပြေညွှန့်နှင့် နေ့နံသင့်သော ပန်းအညွှန့်များဖြင့် "အခါစာ" ကိုထိုးစိုက် ထားရသည်။ အခါစာဆိုသည်မှာသမက်ရှင်ဘက်မှဗေဒင်ဆရာက နေ့နံသင့် တွက်ချက်၍သမီးရှင်နှင့် သင့်သောပန်း၊ သမက်ရှင်နှင့် မိတ်ဖက်ဖြစ်သောပန်းတို့ကို ပန်ဆင်ရသည်။ ရေစင်အိုးတွင် မည်သည့်ပန်းစိုက်ရမည်ဟု ရေးထိုးထားသောစာဖြစ်သည်။

လက်ထပ်ပွဲမကျင်းပမီညနေပိုင်းနှင့် ကျင်းပမည့်နေ့ နေ့လည်ပိုင်းတို့တွင် သမီးရှင်အိမ်သို့ အမျိုး သမီးအပျိုအရွယ်များ ဝတ်ကောင်း စားလှဝတ်ဆင်လျှက် သမီးရှင်၏အဖော်အဖြစ် စောင့်ရှောက်ခြင်းကို "သမီးစောင့်" သည်ဟု ခေါ် ဆိုကြသည်။ သမီးစောင့်ပွဲတွင် ယောကျ်ားပျိုများ

http://www.dhammadownload.com



မလာရချေ။ သမီးစောင့်ပွဲသို့လာသော အမျိုးသမီးပျိုများ သည်သမီးရှင်ကိုလက်ဖွဲ့ပေးကြသည်။ သမီးရှင်ဘက်ကလည်း အကျွေး အမွေးဖြင့်ညှော်ကာ မင်္ဂလာလက်ဆောင်ပစ္စည်းပြန်လည်ပေးသည်။

နေ့လည်ပိုင်းတွင်သမီးစောင့်ပွဲပြုလုပ်ပြီးနောက် ညနေပိုင်းတွင် လက်ထပ်ပွဲကို ဆက်လက်ကျင်းပသည်။ သမီးရှင်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများက သမီးရှင်အိမ်သို့ မင်္ဂလာညှော်ခံပွဲ လာရောက်ကြသကဲ့သို့ သမက်ရှင်ဘက်မှမိတ်ဆွေသင်္ဂဟများကလည်း သမက်ရှင်အိမ်သို့ ချီးမြှင့်ရန် လာရောက်ကြသည်။မင်္ဂလာအချိန်ကျရောက်သောအခါ သမက်ရှင်နှင့် ညှော်ပရိသတ်များက သတို့သမီးအိမ်သို့စီတန်း၍ သွားကြသည်။ သမက်ရှင်သည်သမီးရှင်အိမ်သို့တက်ရသဖြင့် မင်္ဂလာပွဲကို "သမက်တက်" ဟုခေါ်ခြင်း ဖြစ်သည်။

သမက်ရှင်နှင့်ညှော်ပရိသတ်တို့သည် သမီးရှင်အိမ်သို့ လာသည့်အခါ နဂါးခေါင်းလှည့်နှင့်ရင်မဆိုင်ရအောင် ပေဒင်အရလှည့်လည်သွားကြရသည်။ ရှေ့ဆုံးတွင် ရပ်ရွာလူကြီးများက ဦးဆောင်လျှက် ယင်းနောက်တွင် လက်ထပ်ပြီးသော အမျိုးသမီးများကဦးစီးစီတန်း၍လိုက်ရသည်။ သမီးရှင်ပန်ဆင်ရန် ပန်းထည့်ထားသောအညွှန့်အုပ်ကို အညွှန့်ရှိသူအမျိုးသမီးကကိုင်၍ ရှေ့ဆုံးမှလိုက်ရသည်။ယင်း၏ နောက်တွင်ငွေဖလားကိုင်သူ အမျိုးသမီးများက လိုက်၍၊ သမက်ရှင်ဆောင်းမည့်သျှောင်ကို ကိုင်သူက နောက်ဆုံးမှလိုက်ရသည်။ယင်းကဲ့သို့အုပ်၊ ငွေဖလား၊ သျှောင်ကိုင်သူအမျိုးသမီးများကိုသမက်ရှင်ဘက်မှ မင်္ဂလာအုပ်တိုင်တွင်ချည်ထားသော ပုဝါတစ်ပိုင်းစီလက်ဆောင်ပေးရသည်။ယင်းတို့၏နောက်တွင် သမက်ရှင်နှင့် လူပျိုရံများ၊ သမက်ရှင်၏ မိတ်ဆွေသူငယ်ချင်းများက သမက်ရှင်ကိုခြံရံလျှက်လိုက်ပါကြ သည်။ ရေစင်အိုးထမ်းသူက သမက်ရှင်၏ရှေ့မှလိုက်၍ ယပ်ထမ်းသူ၊ ဓားထမ်းသူတို့ကသမက်ရှင်၏ တစ်ဘက်တစ်ချက်မှနေ၍ ခြံရံလျှက်လိုက်လာကြသည်။ ပန်းတျှင်းသမားများက လည်းမင်္ဂလာပန်းတျှင်း ကိုတီး၍ လိုက်ကြသည်။ သမက်တက်လိုက်ရာတွင် အမျိုးသမီးအပျိုများလုံးဝမလိုက်ရချေ။

သမီးရှင်အိမ်သို့ရောက်သောအခါ သမက်ရှင်မှာအိမ်ပေါ်သို့ ချက်ချင်းတက်ခွင့်မရဘဲ မဏ္ဍာပ် အတွင်း ခေတ္တနားနေရသည်။ သမက်ရှင်ဘက်မှ အညွှန့်အုပ်ကိုင်လာသူအမျိုးသမီးကပင် ပစဲညွှန့် နှစ်ညွှန့်၊ မြောက်ညွှန့်နှစ်ညွှန့်၊ စပါယ်နှစ်ကုံး၊ ဒေါင်းဒလေးပန်းနှစ်ကုံးတို့ကို သမီးရှင်အား ပန်ဆင်ပေးရသည်။ သမီးရှင်ပန်ဆင်ပြီးမှ သမက်ရှင်က လူပျိုရံများနှင့်အတူ သမီးရှင်အိမ်သို့ တက်ရာတွင် လှေကားခုံ၌ ခယ်မ ဖြစ်မည့်သူက ခြေဆေးပေးရသည်။ ခြေဆေးခ ၅/-ပေးရသည်။ သို့ပြီးမှအိမ်ပေါ်သို့တက်ရသည်။ လက်ထပ်ပွဲကို စတင်သောအခါ အညွှန့်ရှိသူ အမျိုးသမီးက

http://www.dhammadownload.com



ချည်ခင်ကိုကိုင်ပြီး၊သမက်ရှင်နှင့်သမီးရှင်တို့ မင်္ဂလာနေရာကို သုံးပတ်၊ ငါးပတ်၊ ခုနစ်ပတ်စသည်ဖြင့် ပတ်ရသည်။ ရေစင်အိုး၊သမက်ရှင်၏အိပ်ယာလိပ်၊ သေတ္တာတို့အပြင် မင်္ဂလာထမင်းပွဲကိုလည်း အထက်ပါအတိုင်း ချည်ခင်ဖြင့်ရစ်ပတ်ရသည်။ ဤသို့ပြုလုပ်သည်ကို "မြားသည်" ဟုခေါ်သည်။ ထို့နောက်သမက်ရှင်နှင့်သမီးရှင် ထမင်းလက်ဆုံစားကြရသည်။ယင်းသို့ ထမင်းလက်ဆုံစားရာ၌ သမက်ရှင်၏ဘခင်ကသမီးရှင်ထံမှထမင်းဆုပ်ခုနစ်ဆုပ်ကိုလည်းကောင်း၊ သမီးရှင်၏ဘခင်က သမက်ရှင်ထံမှ ထမင်းဆုပ်ခုနစ်ဆုပ်ကိုလည်းကောင်းပုဝါဖြန့်၍ခံယူရသည်။ ထို့နောက်သမက်ရှင်နှင့် သမီးရှင်တစ်ဦးနှင့်တစ်ဦးထမင်းခုနစ်လုပ်စီပေး၍စားသောက်ကာရေဖလားတွင် အတူလက်ဆေး ကြရသည်။ အညွန့်ရှိသော၊ ဂုဏ်သရေရှိသော ဇနီးမောင်နှံတို့ကသမက်ရှင်နှင့် သမီးရှင်တို့၏ ညာလက်များကိုယူပြီးလက်ထပ်ပေးသည်။ ရေစင်များသွန်းလောင်းပြီးမင်္ဂလာရတုကို ရွတ်ဆို၍ ထိမ်းမြားပေးလေသည်။

ဤသို့မင်္ဂလာဆောင်ပေးပြီးနောက် ဧည့်သည်များသည်သမက်ရှင်နှင့် သမီးရှင်တို့ရှေ့ရှိ ငွေဖလားနှစ်လုံးထဲသို့ လက်ဖွဲ့ပစ္စည်းများပေးထည့်ကြသည်။ လက်ဖွဲ့စဉ်သမီးရှင်နှင့်သမက်ရှင်က လက်အုပ်ချီထားရသည်။ လက်ဖွဲ့ပြီးသည့်နောက်သမက်ရှင်သည် သမီးရှင်ဆောင်းထားသော သျှောင်ကိုယူ၍ မင်္ဂလာစားပွဲခုံပေါ်တွင်ချထားရပြီး၊ မိမိ၏ သျှောင်ကိုသမီးရှင်၏ ခေါင်းပေါ်၌ ဆောင်ပေးရသည်။ ယင်းကဲ့သို့ သျှောင်တင်သျှောင်ချ ပြုလုပ်သည့်အခါ သမီးရှင်က သမက်ရှင်ကို ရှိခိုးရပြီး၊ သျှောင်တင် သျှောင်ချခအဖြစ်သမက်ရှင်ကသမီးရှင်ကို ကြေးငွေပေးရသည်။ လက်ဖွဲ့ငွေများကို သမက်ရှင်ကသမီးရှင်အားပေးအပ်သောအခါ သမီးရှင်ကရှိခိုးယူရသည်။ ယင်းသို့လက်ထပ်ပွဲ အခမ်းအနားပြီးသွားလျှင် သမက်ရှင်က မိတ်ဆွေ သူငယ်ချင်းများ အား ကျွေးမွေးဧည့်ခံရန်မိမိအိမ်သို့ ခေတ္တပြန်ရသည်။ ညပိုင်းတွင် သမက်ရှင်၏သူငယ်ချင်းများက သမီးရှင်အိမ်သို့ သမက်ရှင်ကို လိုက်ပို့ကြသည်။

မင်္ဂလာဆောင်ပြီးသုံးရက်၊ သို့မဟုတ်၊ ခုနစ်ရက်ခန့်ကြာလျှင် သမက်ရှင်နှင့် သမီးရှင်တို့သည် သမက်ရှင်အိမ်သို့အလည်သွားရသည်။ ၎င်းကို "အိမ်ပြန်တက်သည်" ဟုခေါ်သည်။မင်္ဂလာ ဆောင်သည့်နေ့မှ အိမ်ပြန်တက်သည်အထိ သမက်ရှင်နှင့် သမီးရှင်သည် မင်္ဂလာထမင်းလောင်ပွန်း တစ်ခုတည်းတွင်နှစ်ဦးအတူ ထမင်းလက်ဆုံစားကြရသည်။

http://www.dhammadownload.com



ရခိုင်အမျိုးသားတို့သည် ထိမ်းမြားလက်ထပ်ပွဲကို ငွေကြေးအကုန်အကျ အမြောက်အများခံကာ ခမ်းခမ်းနားနား ကျင်းပလေ့ရှိသည်။

## တေးဂီတနှင့်တူရိယာများ

ရခိုင်လူမျိုးသည်သမိုင်းတလျှောက် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မား ခဲ့ကြသည်နှင့် အညီတေးဂီတ နှင့်တူရိယာများသည်လည်း များစွာတိုးတက်ထွန်းကားခဲ့ပေသည်။ ရခိုင်ရှေးဟောင်းတူရိယာများနှင့်ပတ်သက်၍မြစ်ဖျားခံရာမူလဇာစ်မြစ်ကိုတိကျခိုင်လုံစွာ မသိရသေးသော်လည်း၊ ပဏ္ဍိတ်ဆရာကြီးဦးဦးသာထွန်းက "ရခိုင်တို့၏မူလဂီတမှာ ရှေးလွန်လေပြီးသော ဘုရားအဆူဆူတို့ပွင့်တော်မူရာ မဇ္ဈိမဒေသနှင့်ကမ္ဘာဦး လူတို့၏ မင်းအဆက်ဆက် မှဆင်းသက်လာသည်"ဟု "ရခိုင်တူရိယာနှင့်ဂီတ" ဟူသော ဆောင်းပါးတွင်ရေးသားဖော်ပြထားသည်ကိုတွေ့ရသည်။ မည်သို့ဆိုစေ အတိတ်ကာသမိုင်းအမွေကို ပစ္စုပ္ပန်က ဆက်ခံကြခြင်းဖြစ်ရာ ရခိုင်တို့၏မူလဂီတနှင့် တူရိယာတို့မှာလည်းခေတ်အဆက်ဆက် သုံးစွဲလာခဲ့ကြမည်သာ ဖြစ်ပေသည်။

တတိယဓညဝတီခေတ် စန္ဒသူရိယမင်းကြီးလက်ထက်၌ မဟာမုနိရုပ်ရှင်တော်မြတ်ကို သွန်းလုပ် ခဲ့ရာတွင်ခုနစ်ရက်တိုင်တိုင်စည်၊ စောင်း၊ ညှင်းစသည့်တူရိယာများကိုတီးမှုတ်လျှက် ကခြင်း၊ သီခြင်းတို့ကိုပြု လုပ်ကြကြောင်းရခိုင်ရာဇဝင်သမိုင်းအစောင်စောင်တို့တွင်တွေ့ရသည်။ ရခိုင်ရာဇဝင်လင်္ကာ၌ "သီရိဂုတ်တောင်၊ ဗွေထိပ်ခေါင်ကို၊ ညီအောင်ပြင်ဆင်၊ မဏ္ဍပ်ခွင်နှင့်၊ သဘင်ထူးပြား၊ အခြားခြားလျှင်၊ နတ်များတန်ဆာဆင်ယင်ကာတည့်၊ သုဓမ္မဇရပ်၊ ပြဿဒ်ဝင်းဝင်း၊ မတူလျှင်းဘဲ၊ ထူးကဲသာယာ၊ များစွာပဥ္စင်၊ သဘင်ငြိမ့်ငြိမ့်၊ တသိမ့်သိမ့်လျှင်၊ ပျော်ရွှင်မှုတ်တီး၊ နားမငြီးသည်၊ ပွဲကြီးသဘင် ထူးဆန်းတည်း" ဟုတွေ့ရပါသည်။

သက္ကဋ၊ မဂဓ၊ ရက္ခဝဏ္ဏနှင့် ရေးသားထားသောဆန်းအလင်္ကာတို့ဖြင့် သီကုံးထား သည့် ပါဠိသံနှင့် ကဗျာဂီတတို့ကိုသီဆိုသောအခါ၊ တစ်ဘက်ပိတ်စည်၊ နှစ်ဘက်ပိတ်သောစည်ရှည်၊ သံလွင်စည်၊ ပြွေရှည်တို့ကိုတီးမှုတ်၍ လက်ခုပ်ကိုလည်းတဖြောက်ဖြောက်တီးကြရသည်။ ဝေသာလီခေတ် အိမ်ရှေ့မိဖုရားစောပြည့်ညို ရေးစပ်သည့်ရတုကိုသီဆိုတီးမှုတ်ရာတွင် တရော၊ စောင်းကောက်၊ ခရာမွှာခရာကောက်၊ လက်တံရှည်၊ ခွက်ခွင်း၊ ပတ်သာ၊ လင်းကွင်းတို့ကို သံစုံလိုက်ကာတီးမှုတ်ကြသည်ဟုဆိုသည်။ အိမ်ရှေ့မိဖုရားစောပြည့်ညိုသည် သုတ ဘောဓကျမ်း (သျှရုတဘောဓကျမ်း)ကြီးကို ဘာသာပြန်ဆိုခဲ့သူဖြစ်သည်။ယင်းကျမ်းကြီးသည် သူရဿတီ

http://www.dhammadownload.com



နတ်သမီးကို ဖွဲ့ဆိုထားသော ကဗျာကျမ်းကြီးဖြစ်သည်။ တေးဂီတသည်ကဗျာမှ ဆင်းသက်လာခြင်းဖြစ်သည်။တစ်နည်းအားဖြင့် ကဗျာမှတဆင့်သီချင်းနှင့်လင်္ကာတို့ ဆင်းသက်လာခြင်းဖြစ်ရာ၊ သီချင်းကိုတူရိယာ သံစုံများ တီးမှုတ်သီဆိုခြင်းဖြင့် တေးဂီတဖြစ်လာပေသည်။ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦး ခေတ်အဆက်ဆက် ဓမ္မသဘင်များကျင်းပသည့်အခါ၌လည်းကောင်း၊ ဘုရင်မင်းမြတ်တို့၏ ဘိသိက် ခံပွဲများ၊ ရိုးရာဓလေ့ ထုံးစံအရကျင်းပသည့် ပွဲလမ်းသဘင်များ၊ ဗုဒ္ဓဘာသာ အမွေအနှစ်များ ဖြစ်သည့်ဘုရား ပုထိုးစေတီများကို ချီးမြှောက်ပူဇော်သည့်ဘုရားပွဲတော်စသည်များ၌လည်းကောင်း ရခိုင်လူမျိုးတို့သည် တူရိယာသံစုံ များတီးမှုတ်၍ သီဆိုကခုန်ပျော်ရွှင်ခဲ့ကြပေသည်။ ယင်းကဲ့သို့ တူရိယာများ အသုံးပြုခဲ့ကြသည်ကို မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီးရှိ ရုပ်လုံး ရုပ်ကြွများက ယနေ့တိုင်အောင် သက်သေခံလျှက်ရှိပေသည်။

ရခိုင်ရာဇဝင်လင်္ကာ၌ "သာကြေညှင်းညှင်း၊ တေးသီချင်းနှင့်၊ နှည်းသာခြင်း၊ စောင်းညှင်းညှင်းလျှင်၊ သံချင်းနှောပြား၊ ပတ္တလားက၊ မခြားတူထ၊ တရောစသည်၊ ခေါ်ယနာမ၊သုသီရနှင့်၊ ပဉ္စမည်သာ၊ တူရိယာက၊ ခရာသံကောက်၊ နှဲပြွေမြောက်၍၊ အစောက်ရှည်ပြား၊ ပတ္တလားနှင့်၊ ပန်းတျားပတ်ဝန်း၊ ပတ်ဆိုင်းထန်းဖြင့်၊ ကြေးတန်းလျှောက်သွား၊ ကခြေများနှင့်၊ တီးပြားရိုက်သည်၊ စည်ငါးမည်တည်း" ဟူ၍ တွေ့ရပြီး၊ ရခိုင်ဧယျစစ်တွေ၏ ဆောင်းပါးတွင် "စည်မျိုးရှစ်ပါး၊ အပြားနှစ်ဆယ်၊ ပုံရှည်ပန်းကျား၊ ပတ္တလားနှင့်၊ ခွက်ခွင်းခရုသင်း၊ ဒုံမင်းစည်းစုတ်၊ လေမှုတ်နှဲပြွေ စင်ပလွေကော၊ တောင်ပြွေဗြီခေါင်း၊ တိုက်မောင်နှင့်ညင်း၊ ကြေးနင်းပတ်သာ၊ ခရာမြွှာ ခရာကောက်၊သံနှော ပတ်ဆိုင်း၊သံမှိုင်းသာယာ၊ တူရိယာလေ၊ ကြားကေမဝ၊ ပြည့်ဝညမှာ၊ သာယာစွလေ သာစွလေ" ဟူ၍လည်းကောင်း၊ ဥက္ကာအဲးတွင် "ဘောမှုတ် သားလည်း၊ ဘောသံကိုဆင့်၊ မှုတ်ရရေလေ၊ စည်တီးသားလည်း၊ စည်သံကိုဆင့် တီးရမေလေ၊ အဝါညီးညီး၊ သိကြားပီးရေ ဖောင်ကြီးကြားနှယ် စုံရမေ"ဟူ၍တွေ့ရလေသည်။ ထို့ကြောင့် ရခိုင်တို့၏ တူရိယာအမျိုးမျိုးကို စိစစ်ကြည့်လျှင်၊ (၁)တဘက်ပိတ်စည် (၂)နှစ်ဘက်ပိတ်စည် (၃)ဒုံမင်း (၄)ပုံရှည် (၅)ပန်းတျား (၆)ပန်းတလျား (၇)ပတ်ဝန်း (၈)ပတ်ဆိုင်း (၉)ဘော (၁၀)ပြွေရှည် (၁၁)စင်ပလွေ (၁၂)တောင်ပြွေ (၁၃)ဗြီခေါင်း (၁၄) နှဲ (၁၅)ခရာမြွှာ (၁၆)ခရာကောက် (၁၇)လက်တံရှည် (၁၈)ညင်း (၁၉) ပတ်သာ (၂၀)ကြေးနင်း (၂၁)စည်းစုတ် (၂၂)သံလွင်စည် (၂၃)ခရုသင်း (၂၄)ပတ္တလား (၂၅)တိုက်မောင်း (၂၆)မီးချောင်း (၂၇)တရော (၂၈)စောင်း (၂၉)ခွက်ခွင်း (၃၀)လင်းကွင်း တို့ကိုတွေ့ရပေသည်။ ဖော်ထုတ်မရသေးသည့် တူရိယာများလည်းရှိဦးမည်ဖြစ်ရာ ဤစာရင်းမှာ မပြည့်စုံသေးပေ။(အခန်း ၁၀ ရခိုင်ဘုရင်မင်းမြတ်များနှင့်ထီးသုံးနန်းသုံးပေါင်းတော်၊ တူရိယာများကဏ္ဍ ပုံကို-ရှု)

http://www.dhammadownload.com



## ရခိုင်ပြက္ခဒိန်

ရခိုင်တွင်ဘုရင်မင်းမြတ်အဆက်ဆက်တို့ကသက္ကရာဇ်ဖြိုခြင်း(၄)ကြိမ်တိုင် တိုင်ရှိခဲ့ရာ၊ ဓညဝတီပြည့်ရှင်သူရိယရေနုမင်းကြီး သက္ကရာဇ်ဖြိုပြီးနောက် သုံးစွဲလာသော သက္ကရာဇ်ကို ဆက်လက်သုံးစွဲ လာကြသည်ဟုသိရပြီး၊ ယခုဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဒေသ တွင်လည်း (မော်စားသံ)ရခိုင်သက္ကရာဇ်ဟူသောအမည်ဖြင့် သုံးစွဲလျက်ရှိကြောင်း ဆေဝေးလ် နှင့်ဒိတ်ချိတ်တို့ရေးသားချက်အရသိရသည်။

မြောက်ဦးဘုရင်နရအဘယရာဇာ(အေဒီ၁၇၄၂၁၇၆၁)လက်ထက်တွင်ပညာရှိများနှင့်တိုင်ပင်လျက် ကောဇာသက္ကရာဇ်နှစ်ပေါင်း(၂၀၀၀)အထိ(အေဒီ ၆၃၉ မှ ၆၃၈ ထိ) တွက်ချက်ပြုလုပ်ခဲ့ကြောင်း သိရပြန်သည်။ ယင်းကိုမှီးလျှက် ခရစ်(၁၉၀၅)ခုနှစ်တွင် စစ်တွေမြို့မှဦးထွန်းစံ(ဘီအေဘီ အယ်လ်) သည် ရခိုင်ပြက္ခဒိန် ကောဇာအနှစ်(၂၀၀၀)အတွက် စန္ဒရမာသသူရိယမာသပြက္ခဒိန် ကိုအင်္ဂလိပ် ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

ရခိုင်ပြက္ခဒိန်သည် သူရိယသိဒ္ဓန္တနည်းမှတစ်ဆင့်တိုးတက်လာသော မကာရန္တနည်းကို အသုံးပြုလျှက်၊မြောက်ဦးနန်းရှင် နရအဘယရာဇာ မင်းလက်ထက် သက္ကရာဇ်(၂၀၀၀)ပြက္ခဒိန်ကို နောင်အငြင်းပွားစရာမရှိရအောင် တွက်ချက်ဇယားချကာ ဖော်ပြထားခဲ့သည့်အတွက် ရခိုင်ပြက္ခဒိန် သည် ပီပီပြင်ပြင် ပေါ်ထွန်းလာခြင်းဖြစ်ပေသည်။ ယခုအခါ မြန်မာနိုင်ငံ၌ အသုံးပြုနေသော သက္ကရာဇ်များမှာ (၁) ရခိုင် သက္ကရာဇ်(၂)မြန်မာ သက္ကရာဇ်(၃) ခရစ်သက္ကရာဇ်များကိုအသုံးပြုကာ မြန်မာ၊ရခိုင်၊ အင်္ဂလိပ် ဟူသော အမည်ဖြင့် ပြက္ခဒိန်ထုတ်ဝေအသုံးပြုလျှက်ရှိသည်ကိုတွေ့ရသည်။ ဓညဝတီခေတ် ရာလမာယုမင်းကြီးသည် မိဘစံဇီကိန်း(၈၆၄၅)ခုနှစ်ကိုဖြိုခဲ့သည်။ ထိုကိန်း (ကုသမင်းသက္ကရာဇ် ၈၆၄၅)ကို ပင်ဘိုးတော်အဥ္စနမင်း ကြီး(ဘုရားရှင်၏အဘိုး)က နဝစန္ဒေကိန်း အဖြစ်ဖြိုခဲ့သည်။ အဆိုပါဖြိုခွင်းသက္ကရာဇ်ကို မဟာသက္ကရာဇ် အဖြစ်ရေတွက်ခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ်(၆၈)တွင်ဖွားမြင်တော်မူပြီး၊မဟာသက္ကရာဇ် (၁၀၃)ခုတွင် ဘုရားဖြစ်တော်မူသည်။ မဟာသက္ကရာဇ(၁၄၈)တွင်ပရိနိဗ္ဗာန်စံဝင်တော်မူသည်။ ထိုနှစ် (၁၄၈)ကို မဇ္ဈိမဒေသမှ အဇာတသတ်မင်းကြီးသည် ပဉ္စုံစတုရူပကိန်းအဖြစ်ဖြိုကာ သာသနာသက္ကရာဇ် ကို စတင်ခဲ့သည်။ အလားတူတတိယဓညဝတီပြည့်ရှင်စန္ဒသူရိယမင်းကြီးသည် ဇိဝကကိန်းအဖြစ် (၁၄၈)ကိုပင်ဖြိုကာ ကောဇာသက္ကရာဇ်ကိုစတင်ခဲ့သည်။ ကောဇာသက္ကရာဇ်ကို(၁)မှစတင် ရေတွက်လာခဲ့ရာ တတိယဓညဝတီခေတ်(၁၆)ဆက်မြောက် သူရိယစိတြမင်းကြီးလက်ထက် ကောဇာ(၆၀၉) ခနဥ္စကိန်း အဖြစ်ဖြိုခဲ့သည်[၁]။ ထိုကပင် ကောဇာသက္ကရာဇ်ကိုစတင်ရေတွက်လာ ခဲ့ရာ နှစ်ပေါင်း(၅၆၀)သို့ရောက် သောအခါ ဝေသာလီခေတ် သီရိစန္ဒြားမင်းကြီးက ဥတ္တမကိန်းပြုကာ

---

၁။ ဦးသာထွန်း၊ ဦး၊ ၁၉၉၄၊ ရခိုင့်တန်ဆောင်ဆောင်းပါးများ၊ တက်လမ်းစာပေ၊ ရန်ကုန်မြို့။

http://www.dhammadownload.com



စတုတ္ထနှင့်နောက်ဆုံးအကြိမ်အဖြစ်ဖြိုခဲ့သည်။[၁] ထို့ကြောင့် ရခိုင်ကောဇာသက္ကရာဇ်သည် သာသနာသက္ကရာဇ်အောက် (၆၀၉+၅၆၀ =၁၁၆၉) နှစ်ယုတ်လျော့ခဲ့သည်။

လက်ရှိအသုံးပြုနေသောကောဇာသက္ကရာဇ်(၁၃၆၇)ခုနှစ်သည် ဥတ္တမကိန်း (၅၆၀)ကို ဖြိုသောနှစ်မှ ယခုအချိန်ထိတိုင်အောင် ရေတွက်ထားသော နှစ်အရေအတွက်ဖြစ်သည်။ တစ်နည်းအားဖြင့် နောက်ဆုံးအကြိမ်သက္ကရာဇ်ဖြိုကြွင်းနှစ်မှ ယနေ့ကာလအထိအချိန်ကာလ ကွာခြားမှုဖြစ်သည်။ ကိန်းသေ (၆၃၈)ကိုနောက်ဆုံးအကြိမ်သက္ကရာဇ်ဖြိုပြီးနောက် တိုးတက် ရေတွက်လာသောကောဇာသက္ကရာဇ်ကို ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရာတွင် သာအသုံးပြုနိုင်သည်။ ယင်းကိန်းသေကိုစတုတ္ထအကြိမ် သက္ကရာဇ်ဖြိုခြင်းမတိုင်မီ ကောဇာသက္ကရာဇ်များအား ခရစ် သက္ကရာဇ်ဖြင့်ပြရာတွင်သုံးစွဲပါက မှားယွင်းနေမည်ဖြစ် ပေသည်။

*(မူကွဲတစ်ရပ်အနေဖြင့်တတိယအကြိမ်သက္ကရာဇ်ဖြိုမင်းကြီးမှာတတိယဓညဝတီခေတ်(၁၅)ဆက်မြောက်သူရိယပဘာ မင်း(ကောဇာ ၅၅၅-၆၀၉)ဟုဆိုသည်။ ၄င်းလက်ထက်သက္ကရာဇ်(၆၀၉)ကိုဖြို၍အသစ်ပြန်စ သက္ကရာဇ်(၁) တွင် (၁၆)ဆက်မြောက် သူရိယစိတြမင်းကြီးနန်းတက်ခဲ့သည်။ ထို့ကြောင့်တတိယအကြိမ်သက္ကရာဇ်ဖြိုခြင်းမှတ်တမ်း တင်ရာ၌မင်းအမည် ကွဲပြားသော်လည်း အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်သည်ကိုတွေ့ရှိရသည်။)*

ရှေးရခိုင်သမိုင်းသည် ရှေးဟောင်းအိန္ဒိယသမိုင်းနှင့်ဆက်နွယ်လျှက်ရှိသည်။ တူးဖော်တွေ့ရှိ ထား သောသုတေသနအထောက်အထားများနှင့် ရက္ခဝဏ္ဏအက္ခရာအရေးအသားသည် ရှေးဟောင်း အိန္ဒိယမြောက်ပိုင်း၌ အသုံးပြုသော ဖြဟ္မီအက္ခရာမှဆင်းသက် ပြောင်းလဲလာမှု တို့ကိုထောက်ရှု၍ ရှေးဟောင်းရခိုင်နှင့် ရှေးဟောင်းအိန္ဒိယ (အထူးသဖြင့် အရှေ့ ဘင်္ဂလားဒေသ)သမိုင်းတို့သည် ယဥ်ကျေးမှုအရလည်းကောင်း၊ ဘာသာရေးအရလည်းကောင်း ဆက်စပ်နှီးနွယ်နေခဲ့သည်ကိုငြင်း ကွယ်၍ မရနိုင်ချေ။

ရခိုင်တို့၏ပြက္ခဒိန်တွက်ချက်မှုသည်လည်း အိန္ဒိယပြက္ခဒိန် တွက်ချက်မှု ပညာမှ ဆင်းသက် လာသည်ဟုယူရမည်ဖြစ်သည်။ မေဓပညာမော်ကွန်းလင်္ကာအရ ရခိုင်၌ပထမအကြိမ်နှင့် ဒုတိယ အကြိမ် သက္ကရာဇ်ဖြိုခြင်းများသည် အိန္ဒိယနိုင်ငံ မှာဘိုးတော်အဉ္စနမင်းနှင့် အဇာတသတ်မင်း တို့၏ သက္ကရာဇ်ဖြိုခြင်း နှင့်ထပ်တူ ထပ်မျှဖြစ်နေခြင်းကိုထောက်ရှု၍သိသာနိုင်ပါသည်။ ထို့ကြောင့် ရခိုင်တို့၏ပြက္ခဒိန်တွက် ချက်မှုကိုသိလိုပါလျှင် အိန္ဒိယနိုင်ငံ သုံးပြက္ခဒိန်စနစ်များ ကိုလေ့လာဆန်းစစ် ရန်လိုအပ်မည်ဖြစ်ပါသည်။

ရခိုင်ပြက္ခဒိန်သည် သူရိယသိဒ္ဓန္တနည်းမှတစ်ဆင့်တိုးတက်လာသော မကာရန္တနည်းကို အသုံး ပြုလျှက် မြောက်ဦးရွှေနန်းသခင် နရအဘယရာဇာမင်းကြီး လက်ထက် ကောဇာ

http://www.dhammadownload.com




သက္ကရာဇ်(၂၀၀၀) အတွက် (ခရစ်အေဒီ ၆၃၉ မှ ၁၆၃၈ အထိ)ပြက္ခဒိန်ကို နောင်လာနောက်သားများ အငြင်းမပွားရလေအောင် တွက်ချက်ထားခဲ့ပါသည်။ ယင်းကြောင့်လည်း ရခိုင်ပြက္ခဒိန်သည် ပီပီပြင်ပြင် ပေါ်ထွန်းရှင်သန်နေခြင်းဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် အသုံးပြုနေသောသက္ကရာဇ်များမှာ(၁)မြန်မာသက္ကရာဇ် (၂)ရခိုင်သက္ကရာဇ်(၃) ခရစ်သက္ကရာဇ်တို့ဖြစ်ကြပြီး၊ယင်းသက္ကရာဇ်အလိုက်ပင် မြန်မာ၊ရခိုင်၊ အင်္ဂလိပ်ဟူသောအမည်ဖြင့်ပြက္ခဒိန်များထုတ်ဝေအသုံးပြုလျှက်ရှိဆဲဖြစ်ပါသည်။

## ရခိုင်ပန်းချီ

ပန်းချီပညာသည်ယဉ်ကျေးမှု၏တစိတ်တပိုင်းဖြစ်သည်အားလျော်စွာ၊ ရခိုင်လူမျိုးတို့ ၏ ရှေးကျမှုကို ရခိုင်ပန်းချီများကသရုပ်ဖော်ပေးနေကြသည်။ ရှေးကျသောလူမျိုးများ၌ ကျောက်ခေတ်မှ မှတ်တမ်းများကို ကောက်ကြောင်း ပန်းချီများဖြင့်မှတ်တမ်းတင်ထားခဲ့ကြသည်။ ရခိုင်လူမျိုးတို့၏ကောက် ကြောင်းပန်းချီကိုလည်း (ARAKAN) စာအုပ်တွင် ဒေါက်တာဖော်ချမ်မာ က မှတ်တမ်းတင်ထားခဲ့သည်။ ရှေးအကျဆုံးဟုယူဆရသောကျောက်တုံးကြီးများမှာမြောက်ဦးမြို့နယ် ပါးတော်ကျေးရွာတွင် ယခုထိတိုင် လက်မဝက်ခန့်အနက်ရှိသော ကောက်ကြောင်းများဖြင့်ရေးသားဖော်ပြထားသည်ကိုတွေ့ရသည်။ ယင်းပန်းချီ၏အဓိပ္ပါယ်မှာ ရခိုင်တို့၏သမိုင်းကြောင်းအစကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ရခိုင်လူမျိုးများက မျိုးရိုးကိုမည်မျှစောင့်ရှောက်ခဲ့ကြသည်ကို ရှေးပဝေသဏီကပင် အဆိုပါကောက်ကြောင်းပန်းချီက ဖော်ပြနေသည်ကိုတွေ့ရပေသည်။ နိုင်ငံခြားမှ ကျူးကျော်





http://www.dhammadownload.com



ဝင်ရောက်လာသူ လူစိမ်းများကို မည်သို့မောင်းထုတ်ခဲ့ကြသည်ကို သဘာ ဝကျကျပေါ် လွင်အောင် ဖော်ပြထားလေသည်။ မှတ်တမ်းတင်သူ သုတေသီပညာရှင်ကြီးဒေါက်တာဖော်ချမ်မာသည် အဓိပ္ပါယ်ကို တစ်တခုချင်းစီအသေးစိတ်ဖော်ပြခဲ့ပါသည်။

ပန်းချီပညာရှုထောင့်မှကြည့်လျှင် ယခုခေတ်နှင့်အတူ ပစ်ပယ်စရာမရှိ၊ အချိုးကျကျပန်းချီ ရသမြောက် လှပေသည်။ အချိုးကျခြင်း၊အလေးချိန်ညီခြင်း အဝေး အနီးထင်မြင်ရှိခြင်း၊ ကကွက် ပြန့်ခြင်းစသည့် ပန်းချီအင်္ဂါရပ်များနှင့်လည်းညီညွတ်သည်ကိုတွေ့ရသည်။ မှတ်တမ်းမတင်နိုင်ဘဲ ရခိုင်ပြည် နေရာအနှံ့အပြားတွင်အများအပြားတွေ့ရသေးသည်။ ပုဏ္ဏကျွန်းမြို့အနီးရှိ ဂူဝဘုရား သိမ်တွင်လည်းကောင်း၊မြောက်ဦးမြို့မှ ထင်ရှားသောဘုရားပုထိုးများတွင်လည်းကောင်း၊ ကျောက်ဖြူမြို့မှ ကျောက်တလုံးဘုရားသိမ်တွင်လည်းကောင်း၊ရသေ့တောင်မြို့နယ်မှ ကူတောင် ဘုရားသိမ်များတွင်လည်းကောင်း တွေ့ရှိရပေသည်။ ရခိုင်ပြည်တွင် ရာသီဥတုပြင်းထန် ကြမ်းတမ်းမှု ကြောင့် ထိန်းသိမ်းနိုင်သလောက် မထိန်းသိမ်းနိုင်၍ ပျက်စီးသွားသည်များလည်း အမြောက်အများ ရှိနေဦးမည်ဖြစ်ပေသည်။

## ထိုးပန်းချီ

စိုင်းတင်မြို့စားအမတ်ပညာရှိ သီရိမလ္လာမိပန်းရံ က ရခိုင်အောင်လံတော်လက်ာဖြင့် ဆေးရောင်စုံခြယ်သခဲ့သည်။ ထီးမွေနန်းမွေအဖြစ်ဘုရင့်နန်းဦးထိပ်ဝယ် တလူလူလွင့်ထူထားခဲ့သော ရခိုင်အောင်လံတော်ကို ချည်ရောင်စုံဖြင့်ရက်လုပ်ခြယ်သခဲ့သည်။ "မြင်းသိန္ဓဝ၊ နာဂဆဒ္ဒန်၊ ရည်မာန် ပယ်လျှော့ခြင်္သေ့ကေရီအောင်နီအောင်ဖြူပဉ္စရူကို" ဟုဖော်ပြထားသည်။ သဘာဝမြင်းရုပ်၊ ဆင်ရုပ်၊ ခြင်္သေ့ရုပ်၊ပဉ္စရူပရုပ်များ ဖြင့်ခြယ်သခဲ့ခြင်းဖြစ်သည်။ ပေကြိုးပတ်သောကြိုးများ၊ လွယ်အိတ်များ၊ တင်းခွန်၊ကုဏ္ဍားများတွင် ထိုးပန်းချီ များကိုဆက်လက်ထိန်းသိမ်းထားလျှက်ရှိသည်။

## ရက်ပန်းချီ

အထည်ရက်လုပ်ရာတွင်အသုံးပြုသည့်ရက်ပန်းချီအမျိုးမျိုးရှိသည်။ ရခိုင်ဘုရင်များ လက်ထက်ကအားပေးအားမြှောက်ပြုခဲ့သည်။ယနေ့တိုင်မြောက်ဦးမြို့နယ်တွင် "အရက်သည်မရွာ"

http://www.dhammadownload.com



ဟု ထင်ရှားရှိနေသေးသည်။ ၄င်းအပြင် ရက်ပန်းချီ၊ ထိုးပန်းချီ၊ ရိုက်ပန်းချီ၊ ရွှေပန်းချီ၊ ငွေပန်းချီ၊ ဆေးရေးပန်းချီ၊ ပေရေးပန်းချီ၊ သင်္ဂဇာပန်းချီများအပြင် ပိသုကာပညာများလည်းရှိနေသေးသည်။

## ငစေခြင်း

ငစေခြင်းသည် ဘုရင်သီရိသုဓမ္မရာဇာမင်းကြီးလက်ထက်(အေဒီ-၁၆၃၇)တွင် ပေါ်ပေါက်ခဲ့သည်။ မိဖုရားနတ်ရှင်မယ်နှင့်ချစ်ကြိုက်နေသော လောင်းကြက်စားငကုသလက မင်းအဖြစ်ကို ရယူနိုင်ရန်အတွက် ဘုရင်မင်းကြီးအားနှိပ်၍သီဆိုသောပတ္တရာပင်ဖြစ်လေသည်။ ငစေမှာ ရှည်လျား၍ နီကြန့်ကြန့် အရောင်ရှိသော ငါးတစ်မျိုးဖြစ်သည်။ ငစေနိုက်ခန်းဆိုသည်မှာ ငစေကို လိုက်လံရှာဖွေဖမ်းဆီးသည်ကို ကပြသောဇာတ်ခန်းပင်ဖြစ်သည်။ ငစေခြင်းဆိုသည်မှာ ငစေနိုက်ခန်း ကပြရာတွင်သီဆိုသောတေးခြင်းဖြစ်၍၊ ငစေနိုက်ခန်းကပြသူများကို ငစေတတ်(ငစေဆရာ)ဟုခေါ်လေသည်။ ငစေတတ်သည် ကွက်စိပ်ဆရာကဲ့သို့ မိမိတစ်ဦးတည်းဖြင့် ဇာတ်ကောင်အားလုံး၏ နေရာတွင်ပြောဆိုကပြရသည်။ သို့ရာတွင်ကွက်စိပ်ဆရာသည် ဇာတ်ကောင်၏အဆို၊ အငို၊ အပြောကိုသာ ဟောပြောရသည်။ ငစေတတ်မှာမူ ဆိုရုံ ငိုရုံ ပြောရုံမျှသာမက၊ ရယ်စရာဖြစ်အောင် ဝတ်စား ဆင်ပြင်ပြီးဇာတ်ကောင်နှင့်လိုက်ဖက်သော အမူအရာဟန်ပန်များကိုပါသရုပ်ဆောင်ကပြရလေသည်။ ငစေနိုက်ယင်း ငါးရှာယင်း၊ငါးရှာယင်း အတိတ်တဘောင်များ၊ ဘုန်းတော်ဘွဲ့များ၊ မင်းတရား၏ ချွတ်ယွင်းချက်များ၊ ရခိုင်ပြည်ကြီးသာယာ ဝပြောပုံများ၊ တိုင်းပြည်၏ မျက်မှောက်ကိစ္စရပ်များ၊ ဇာတ်ဝတ္ထုများ စသည် တို့ကိုထည့်သွင်းရွတ်ဆိုကြသည်။ ရွတ်ဆိုရာ၌ လည်းစကားပြောင်းပြန်များ၊ ရယ်စရာပြက်လုံးများတို့ဖြင့် အာဝဇ္ဇန်းရွှင်ရွှင်ဟောပြောရသည်။ ငစေတတ်၏။ ဟာသဉာဏ်၊ ဇဝနဉာဏ်သည်အံ့သြချီးမွမ်း ဖွယ်ရာပင်ဖြစ်သည်။ ရခိုင်ဒေသ၌လောင်းကြက်စားငကုသလ စတင်တီထွင်ခဲ့သော ငစေသီခြင်း၊ ငစေဆိုခြင်း ဓလေ့သည်ယနေ့တိုင်အမျိုးသား ယဉ်ကျေးမှုတစ်ရပ်အဖြစ်ရှင်သန်နေဆဲဖြစ်ပေသည်။

## ငစေ အကသင်ရန် လိုအပ်သည့်အခင်းအကျင်းများ

http://www.dhammadownload.com



ငစေအကသည် ထင်ရှားသည့် ရခိုင်ရိုးရာအက ပညာတစ်ရပ်ဖြစ်သည်။ ငစေကပြရာတွင် အခင်းအကျင်းအနေဖြင့် အောက်ပါတို့ကိုစီစဉ်ရလေသည်။ ရှေးဟောင်း ရိုးရာအကဖြစ်၍ မြေဝိုင်းအကပင်ဖြစ်သည်။ စင်တင်ရန်မလိုချေ-

(၁) မောင်း ၁-လုံး (၂) ဝါးဖြင့်ရက်လုပ်ထားသောယက်သဲ့ ၁-ခု
(၃) ငါးထည့်ရန်ဝါးပလိုင်း ၁-လုံး (၄) ဆန်ဖွတ်ရန် ဆုံ ၁-လုံး
(၅) ဆန်ဖွတ်ရန်ကျည်မွှေ့၁ချောင်း (၆) လှော်တက် ၁-ချောင်း
(၇) ဆန် ၁-ခွက်၊ (၈) အုန်းသီးငှက်ပျောသီးကွမ်းသီးဆေးလိပ်စုံကန်တော့ပွဲ ၁ပွဲ
(၉) ကပြရန်အသင့်အတင့်ကျယ်ဝန်းသောမြေတလင်း ၁-ခု၊ (၁၀) ဖျာကြမ်း ၁-ချပ်

## ငစေတာတ်ဇာ်အာရုပ်သွင်ပြင်

ငစွေတတ်သည် သူ၏တင်ပါးကို ပြောင်လှဲ့အောင် ခါးတောင်းကျိုက်ပြီး လျှင် တင်ပါးတစ်ဘက်တစ်ချက်၌ ထုံးဖြူဖြင့်(ဝ)လုံးကွင်းကာ၊ နို့သီးကိုအလယ်၌ ထုံးဖြူဖြင့် (ဝ)လုံးကွင်းထားရသည်ခေါင်းထက်တွင်မူ ဒယော(လုံချည်) (သို့မဟုတ်)ပိတ်စကို ဆင်နှာမောင်းကဲ့သို့ ရှေ့ဘက်ကိုချွန်နေအောင် ပေါင်းထားရမည်။ ငစေနှင့်သဏ္ဍာန်တူအောင်ပြုလုပ်ခြင်းဖြစ်သည်။မြင်ရသူတိုင်းကရယ်ချင်ဖွယ်ရာ အမူအထားဖြစ်နေရမည်။

## ငစေတာတ်ဇာ်သရုပ်ဆောင်ရသ

ငစေအကမှာ တစ်ယောက်တည်း ကပြရသောအကမျိုးဖြစ်သည်။ ကွက်စိပ် ဟောပြောသကဲ့သို့အသံအပေါ်၌ မူတည်နေသည်။ တစ်ယောက်တည်းကပင် ရှင်ဘုရင် ဖြစ်လိုက်၊မိဖုရားကြီးဖြစ်လိုက်၊ အမတ်ကြီးဖြစ်လိုက် သရုပ်ပေါ်အောင်ဆောင်ရသည်။ ရသမြောက်စေရန် အသံကိုပါတူနိုင်သမျှတူအောင်ကြိုးစားရသည်။ အဝတ်အစားမှာ ဘုရင်အဖြစ် သရုပ်ဆောင်သည့် အခါရှင်ဘုရင်အဝတ်၊ မိဖုရားအဖြစ်သရုပ်ဆောင်သည့်အခါမိဖုရား အဝတ် စသည်ဖြင့် လိုက်လျော ညီထွေဝတ်စားရသည်။ ဥပမာ-ရှင်ဘုရင် အဖြစ် သရုပ်ဆောင်မည်ဆိုပါက၊ သရဖူကို စက္ကူဖြင့် ပြုလုပ်ပြီး၊ ဓားကိုမူ နေအိမ်တစ်အိမ်မှဓားမကြီး ၁-လက် ကိုငှားယူရသည်။ ရာဇပလ္လင်မှာ ဆန်ဖွတ်သည့် ဆုံပင်ဖြစ်သည်။ ဘုရင် အဖြစ် သရုပ်ဆောင်နေယင်း အမတ်ကြီးအဖြစ် သရုပ်ဆောင်ရမည်ဆိုလျှင် ဆုံပေါ်မှ ချက်

http://www.dhammadownload.com



ချင်းဆင်းပြီးမြေကြီးပေါ်၌ ဒူးထောက်ကာလက်အုပ်ချီ ရသည်။ မိဖုရားဆိုပါက ပုဝါစည်းပြီး သရုပ်ဆောင်ပြရလေသည်။

## ငစေကသည့်အချိန်ကာလ

ကျေးလက်တောရွာများတွင် လယ်သမားများ တလင်းသိမ်းချိန်၊ ရွာသားများ အားလပ်မည့် အချိန်ကိုရွေးချယ်ကပြရသည်။ ငစေတတ်မှာ လွယ်အိတ်(၁)လုံးနှင့် ထီး(၁)ဆောင်သာ ပါသည်။ ကျေးရွာလူကြီး နေအိမ်မှာတည်းခိုလျှက် ရွာသားများကို စည်းရုံးကပြ လေ့ရှိသည်။ အခ ကြေးငွေ အနေဖြင့် ပွဲကြည့်ပရိသတ်များက စေတနာအလျောက် ဆန်(၁)ဘူးကျစီ ပေးလှူကြလေ့ရှိသည်။

## ငစေအခြင်း

သိုက်တတ်လေက်ရုံးနှင့် လောင်းကြက်စားငကုသလတို့၏ယတြာ၊ ပတ္တာရာအခြင်းပင် ဖြစ်သည်-

"ကိုးရာကိုးဆယ်၊ ကိုးခုဝယ်တွင်၊ ငတွင်ခရေ၊ ညာနေတန်းခွ၊ ပြည်မ မတ်ကျွန်၊ ဟန်ပန် ကောင်းစွာ၊

ကျွန်ရည်ကောင်းကော၊ ဘာရဲ့ဘ ။"

" ဟုတ်တည့်လင်ချာ၊ လင်နွဲ့နှောင်း၊ လင်ကောင်းဆိုသည်၊ ကောင်းလတ်မည်၊ ငစေရှုရှု၊ နှာရောင်ဖြူကို၊ မောင်ဖြူကျုံးကော၊ မရတကား ဘာရဲ့ဘ။"

"ငစေက္ကပေါက်၊ ငါရကောက်မှာ၊ ရှိလေသည်လည်း၊ ဘာရဲ့ဘ။"

"ကျေးကတုပ်ပင်ရင်း၊စည်တွင်း၊နင်းလေမောင်မင်း တယောက်ချင်း၊ နင့်မိမောင်ကြီး၊ နင့်ဝရီးမှာ၊ တရွှင်းငှားခီ၊ တူရွှင်းမရ၊ ရန်ကင်းရှာကော၊ ခရာဆိုးမည်၊ အိုမိန်းမ"

"စည်ရှုရှု၊ နှာရောင်ဖြူကို၊ မောင်ဖြူကျုံး၍ မရတကား ဘာရဲ့ဘ။"

"သားဘာရဲကို၊ ကျောင်းမှာမထား၊ အိမ်မှာထားလို့၊ ရှင်များပြုမည် ကြံလတ်တော၊ အခေါင်းကိုင်လည်း၊ အခေါင်းမရ၊ ရမ်းရမ်းတကား ဘာရဲ့ဘ။"

"အမြီးကိုင်လည်း၊ အမြီးမရ၊ ရမ်းရမ်းတကား ဘာရဲ့ဘ။"

"ငစေသားကို တန်ယောင်မစား၊ လွန်ယောင်စားလို့ တင်သားချီးယို၊ ယိုလတ်တေလေး၊ ဘာရဲ့ဘ။"

http://www.dhammadownload.com



ခြေင်းထဲတွင် အတိတ်တဘောင်များကိုပါ ထည့်သွင်းရွတ်ဆိုသည့်အတွက် ပရိသတ်၏ နှလုံးသားထဲမှာ စွဲကျန်ရစ်စေပါသည်-

(၁) ကျွဲခြီရာနှင့် နွားခြီရာကို မြေဇာမြက်ကြီး ဖုံးလိမ့်မည်။

(၂) လူတို့ကိုယ်မှာ ရောဂါထူးဆန်း အနာဆန်းကို ဆေးကျမ်းမဝင် ကုလျှင်မရ ဖြစ်လိမ့်မည်။

(၃) သမားယောင်ယောင်၊ တုတ်ဓားဆောင်၍ လူရှောင်လူပြောင်များလိမ့်မည်။

ငစေနှိုက်ပုံ၊ ငစေအဖမ်းရခက်ခဲပုံ၊ ငစေတွင်းများတည်နေပုံ၊ ငစေတို့က အမြီးရမ်းရမ်း ခေါင်းရမ်းရမ်း ဖြစ်နေပုံ၊ ငစေသားကို အလွန်မတန်စား၍ဝမ်းပျက်ရပုံ စသည်တို့ကို ပါဖွဲ့နွဲ့ ထားသည်ကို တွေ့ရသည်။ ဤ ငစေခြင်းသည် အင်္ဂါသားဖြစ်သူ ဘုရင် သီရိသုဓမ္မရာဇာမင်းကြီးကို နံနိပ် သိဆိုထားသောပတ္တရာဖြစ်သော်လည်း၊ ရခိုင်အမျိုးသားတို့၏ စာပေအမွေအနှစ် အဖြစ် လည်းကောင်း၊ ငစေဆိုခြင်းတည်းဟူသော ရခိုင်ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ်လည်းကောင်း ထိန်းသိမ်း လေ့လာသင့်သော ကဗျာတစ်မျိုးပင်ဖြစ်လေသည်။ မြောက်ဦးတတိယခေတ်တွင် ငစေဆရာဘာရဲဘ ဟုကျော်ကြားခဲ့သူမှာမင်းပြားမြို့နယ်၊ ကျိန်းတောင်တောင်ရင်း၏ လက်ျာဘက်ရှိ ဖူးပင်ရွာသား ဖြစ်ကြောင်းသိရပေသည်။

## ပင့်ကူအက

ရခိုင်ရိုးရာ ပင့်ကူအကမှာ အဘယကုမ္မာဇာတ်တော်မှဇာတ်ကောင်တစ်ခုဖြစ်သည်။ ပင့်ကူ၏ ကပြလှုပ်ရှားမှုကို အစွဲပြုလျှက် ပင့်ကူအက၊ အဆိုကိုပင့်ကူသာခြင်းဟု ခေါ်တွင်လာခြင်း ဖြစ်သည်။ နတ်သမီးများကို ဂူအတွင်း၌ပိတ်ဆို့မြေးယှက်ထားသော ထိုပင့်ကူကို ဓမ္မဝိဇယမင်းသားတို့ က တွန်းလှန်ကြရလေသည်။ ဗျည်း(၃၃)လုံးရခိုင်လှေတော်သံပါ "ဖ-ကိုမ္မကား၊ ဖယကုမ္မာ၊ ကြီးစွာ ပြောင်အား၊ ပင့်ကူများကို၊ လွှားလွှား ခွပ်ကာ၊ ခွပ်ကာသော်လည်း၊ ဟန်စိလေ ဟန်စွလေ"ဟု မှတ်တမ်းတင်ထားပေသည်။ ဝေသာလီခေတ် လှေတော် သံဖြစ်၍ ဘယကုမ္မာဇာတ်တော်မှာ ဝေသာလီခေတ်ထက် နောက်မကျနိုင်ပေ။ ထိုကဆက်နွယ်၍ သီဆိုက ပြရသော သဘင်ဇာတ်တို့မှာ ဓမ္မဝိဇယဇာတ်၊ မနော်ဟာရီဇာတ်၊ ပန်ဒန်မင်းသားကဇာတ်၊ ဥဂ္ဂါဇာတ်၊ ရာမဇာတ်တို့မှာလည်း ထင်ရှားလှပေသည်။ ပင့်ကူအကသာခြင်းမှ "လားစဉ်မှာလားစဉ်၊ လားငြားစဉ်၊ လာစဉ်မှာတလည်၊

http://www.dhammadownload.com



ဟောဝန်တောကို၊ ငါဇာတ္တိ ရောက်တော၊ လက်ဝဲ ကေဘယ်ညာနှစ်ဘက်က၊ ဘယ်ညာစောင့်လှည့် ဝန်းရိုကြည့် ကြောက်ချီတမုံ မြင်ချိမုံ သစ်ပင်မှာဆိုင်းဆိုင်း၊ ပြိုင်းရိုင်းရိုင်း၊ ဆီးနှင်းဝီဝီ နှင်းရီရီ သစ်တော ရကြိုင်ကျိုးခြိုင် ခြိုင်ကော၊ ဇောင်ပင် ဝမ်းနည်းဖွယ်၊ မိုးပန်းပေါက်ပန်း၊ ဆင်ဝီပန်း၊ နတ်ပန်းပွင့်ရေ ဂနိုင်တောမှာ၊ ဇောင်ပင် ဝမ်းနည်းဖွယ်။ ပြိန်းမတူဝါရောင်၊ ငှက်ယင်ဘောင်၊ အောက်ချင်းမှာ ဖော်ကွဲ ဂနိုင်တောမှာ၊ ဒေဇာ ဖော်နှင့်ကွဲ ထိုနည်းပမာ၊ ငါဇာကိုယ်ချည်း၊ ဂနိုင်တောမှာ၊ ငါဇာတကိုယ်တည်း၊ လက်ဝဲ ကာလက်ယာနှစ်ဘက်က၊ဘယ်ညာ စောင်းရွဲ့၊ ဝန်းလှည့်ကြည့်၊ မပြတ်တင့်တယ်၊ သစ်ပင်ရင်းဝယ်၊ သျှင်ရသီကို၊ သာယာမြင်လတ်တေ"

**ဓမ္မဝိဇယဆို။** ။တိုင်းကိုစောင့်တတ်-တိုင်းစောင့်နတ်၊ ပြည်ကိုစောင့်တတ်-ပြည်စောင့်နတ်၊ နတ်မြင်အညီ ငါမင်းသားကို၊ ကုန်အောင် မ,ပါစီ၊ အထက်သိကြား-အောက်နဂါး၊ အလယ်ဘုရား-ဒေသုံးပါး၊ သုံးပါးကေအညီ ငါမင်းသားကိုကုန်အောင် မ,ပါစီ။ ။ လားစဉ်မှာ လားစဉ်၊သွားစဉ်မှာ သွားစဉ်၊ သွားခြားစဉ်၊ကျောက်သလင်း ဖြူစင်၊ အုဋ္ဌဖြူလည်းမိုး၊ မပြတ်တင့်တယ်၊ စေတရာဇ်ဆို၊ တိုင်းရွှီပြည်ကို၊ငါ ဇာ ရောက်လတ်တော။

**သီဆိုကရန်။** သီဆိုကပြရန်ဖြစ်သည်။

**ဓမ္မဝိဇယ ဆို ပြော။** ။ အော်လည်းဘောင်မ၊ ပန်းသည်မ၊ ငါလျှင်မနီ၊ ဘောင်မအိမ်မှာ၊ တည၍ တည်းရစီ။

**ပန်းသည်မ ဆို ပြော။** ။ဇာပြည်နီငြား၊ ဇာယောကျ်ား၊ ဇာကစီရီ၊ နင်ယောကျ်ားကို၊ ငါ ဇာမိန်းရစီ၊ ငါ ဇာတကယ် နင်ယောကျ်ားကို တည်းခိုမပီးနိုင်။

ဤကဲ့သို့သီဆိုကပြရန်တစ်နည်း၊ သရုပ်ပြတစ်လှည့်စီဖြင့် ကဇာတ်သဘောကိုတွေ့မြင် ရသည်။ ဇာတ်ကောင်ဇာတ်လမ်းများက ခမ်းနားကြီးကျယ်သည်။ စကားပြောမပါဘဲ အဆိုချည်း သက်သက်ဆို ကပြရသော ဇာတ်များကို တရုတ်ပြည်တွင် ယနေ့ထိ တွေ့ရသေး သည်ဟု သိရသည်။ ဤအကဇာတ်မျိုး မှာအိန္ဒိယပြည်တွင် ကပြနေကြသော တီယာတာ ကဇာတ်သဘင်နှင့်ဆင်တူသည် ဟု ဆိုသည်။ အဆိုနှင့် ကကွက်တို့ကို တစ်သီးတစ် ခြားအလိုက်လည်းကောင်း၊ တွဲဘက်၍ လည်းကောင်း ဖန်တီးထားသည်။ ရခိုင်အကဇာတ်တွင်သီဆို၍ ခြေဟန်လက်ဟန်လှုပ်ရှားကပြခြင်း၊ သီဆိုပြီးကရန်မလိုဘဲ သရုပ်ဆောင် ရုံမျှဖြင့်လည်းရှိသေးသည်။သို့ရာတွင် သူ့အခန်းအလိုက်ကား၊ တူရိယာတီးမှုတ် ပါရသည်ချည်း ဖြစ်လေသည်။

**ဖပြုတ်ဘောဝတ္ထု**

http://www.dhammadownload.com



အယင်ကခါယင် ဖပြုတ်ကေတကောင်ရေ အုန်းဘောင်စီးလို့ ချောင်းချေထဲကိုဝင်လို့လာရေလတ်။ ယေခါ ချောင်းကမ်းနားက ပြားဇီးကိုင်းမှာနားနိန်ရေ ပန်းဇင်းငှက်ချေက "အို-အဆွေခင်ပွန်း မိတ်ဆွေဖပြုတ်ကေ၊ ဇာပြေဇာရွာကလာပါရေလဲ" လို့မိန်းရေခါ၊ ဖပြုတ်ကေက-"တိုင်းပြေမြို့ရွာ ကိုလှည့်လည်လို့ လားနိန်စွာရာ၊ " လို့ဖြေပါရေ။ ယေခါ ပန်းဇင်းငှက်ချေက-" ဇာသတင်း ဇာသတင်းတိ ကြားခရရေလဲ"လို့ ထပ်ပနာမိန်းပါရေလတ်။ ဖပြုတ်ကေက-"သမုဒ္ဒရာသီတာရှိမြီ မိုးလီမုန်တိုင်း ထဖို့၊ လျှောင်ကြီးလှုပ်ဖို့" လို့ ပြန်ပြောပါရေလတ်။ နောက်တခါ ပန်းဇင်းငှက်ချေက ထပ်မိန်းပြန်ပါရေ။ အို-အို-မိတ်ဆွေ ဖပြုတ်ကေ၊ "ယင်းပိုင်ရာဖြိုက်လာဖို့ဆိုကေငါရို့မှာ ဇာပိုင်လုပ်ရပါဖို့လဲ" လို့ဆိုရေခါ၊ ဖပြုတ်ကေက-" ကြီးသူဖင်ကို ငယ်သူကဝင်ရဖို့" လို့ဆိုရေလတ်။ ယင်းပိုင်ပြောလိုက်တေခါ ပန်းဇင်းငှက်ချေကကြောက်လန့်တကြားဖြိုက်လားပနာငှက်ကြီးရောင်ရင် ဝမ်းထဲကို ဝင်ဖို့ ကြံပါလီရေလတ်။ ယင်းချင့်ကိုငှက်ကြီးရောင်ရင်က ကြောက်လန့်လားပြီးကေ အသံကုန်အော်ဟစ် လိုက်တေအတွက်နန့် ဒပြုတ်ပင်ထက်မှာ ဒပြုတ်သီးဆွတ်စားဖို့ပျင်နိန်ရေ မက္ကဋမျောက်က ကြားရေခါ စားဖို့ပျင်နိန်ရေဒပြုတ်သီး လက်ထဲကပြုတ်ကျလားပနာအပင်အောက်မှာဟိရေ ဆတ်မနောက်ကုံး ထက်ကိုကျလား ခပါရေလတ်။ တောဆတ်မလဲ ဒပြုတ်သီးကျလာလို့နာရေအတွက် ကြောက်လန့်ပြီးကေ ခြံစုံပေါက်လို့ပြီးလားရေခါ ဥလို့ပေါက်နိန်ရေတောကြက်မအသိုက်ကို တက်နင်းမိလားခပါရေ။ အသိုက်မှာလည်းအားလုံးပျက်စီးလားပါလီရေလတ်။ ယေခါ တောကြက်မရေ စိတ်ပူပနာ လမ်းမှာတွိရေ ခြအုံကိုဖျက်ဆီးလိုက်ပါရေ။ ခြအုံကြီးပြိုကျ လာပြီးကေ တောဝက်မ ဝပ်နိန်ရေနီရာကို ကျလားခရေဆိုပါရေဝါး။ တောဝက်မကလည်းသူ့ဝမ်း၊ ရင်ဘတ်နန့် နို့အုံရှိကို ခြကိုက်ခံရေအတွက် နာလွန်းအားကြီးလို့ ခုန်ပေါက်ပြီလားရေခါတောမျောက်တစ်ကောင်နန့်တွိပါရေ၊ တောမျောက်က "အဆွေဝက်မ" ဇာဖြစ်လို့ ပြီးလားနီရေလည်း"လို့ မိန်းပနာ "ဒေအနားကတောင်ယာစပါးခြင်းကို ဝင်လို့စားလီ"လို့ပြောရေ အတွက်ခုန်ပေါက်လားခပနာ တောင်ယာစပါးခင်း တစ်ခုကို ဝင်လို့ စားမိလိုက်ပါရေလတ်။ ယင်းချင့်ကိုယာစောင့် ငမဲတုတ်ကျာ တွိရေခါ ယာသူကြီးကိုတိုင်ဖို့လားလီပါရေ။ ယာသူကြီး ငမဲတုတ်ကျာကိုမြင်ရေခါ "ငမဲတုတ်ကျာ ယာကလာ ယာတွင်းစပါး မှဲ့ယာလား"လို့မိန်းပါရေလတ်။ ယေခါငမဲတုတ်ကျာက- "ကောင်းကားကောင်းယင့် အနောက်ပတ်လည် မျောက်ဖျက်တေ၊ အလယ်တရိုးဝက်ချေတိုး" လို့ ဖြေလီပါရေ။ ဒေစကားကို ယာသူကြီးကြားရရေခါ "ယာမှာစားနိန်ရေ ဝက်ချေကိုအဂုချက်ချင်းပင် ဖမ်းလို့ယူပီးရဖို့" လို့ အာဏာပီးလိုက်ပါရေ။ ယင်းအတွက်နန့် ငမဲတုတ်ကျာရေတောဝက်မကို ညွှတ်ကွင်းထောင်လို့ ဖမ်းယူပြီးကေ ယာသူကြီးဘားကိုအပ်ခီပါရေ။ ယေခါယာသူကြီးက- တောဝက်မကို "ငါပိုင် ရေစပါးခင်းကို ဇာဖြိုက်လို့ ဝင်စားရရေလဲ" လို့မိန်းရေခါ

http://www.dhammadownload.com



တောဝက်မက၊ အကျွန်ုပ်ဝက်မ သဘာဝ အိပ်တေနီရာကို ခြတိလာပြီးကေ အကျိုင်လိုက်ကိုက်ကတ်လို့ ထလို့ပြီးရေခါ မျောက် တစ်ကောင်နန့်တွိပါရေ။ ယင်းတောမျောက်က-အဆွေဝက်မ-ဇာဖြို့က်လို့ပြီးနိန်ရေလဲလို့ မိန်းပါရေ။ အကျွန်က ခြကိုက်လို့ ပြီးရေလို့ ဖြေပါရေ။ ယေခါ တောမျောက်က- တွိရေ တောင်ယာ စပါးခင်းကို ဝင်လို့စားလီ လို့ပြောပါရေ။ အကျွန်မလည်း ခန္ဓာပင်ပန်းလို့ ဝမ်းဆာရေ အတွက်နန့် စပါးခင်းကို ဝင်စား မိစွာရာဖြို့က်ပါရေ အရှင်ယာသူကြီးလို့ ဖြေကြားပါလီရေလတ်။

ယေခါ် ယာသူကြီးက- "ခြမကိုခေါ် ခီ" လို့အမိန့်ချပြန်ပါရေ။ ယင်းအတွက် ခြမနန့်ခြပေါင်း ထောင်သောင်း ယာသူကြီးဘားကိုရောက်လာကတ်ပါရေ။ ယာသူကြီးစစ်မိန်းရေခါ၊ "အကျွန်ရို့မှာ စုပုံထားဟိရေ ခြအုံကြီးကိုတောကြက်ယက်လို့ ပျက်စီးလားပါရေ။ ယေဇုနန့် နီဖို့နီရာမဟိလို့ ပျံလားကတ်ပါရေ။ ယင်းပိုင်ပျံယက်ပင်း တောဝက်မအိပ်ရာကိုရောက်လားခလို့ ကိုက်ရစွာ ဖြို့က်ပါရေ" လို့ပြန်ဖြေလီပါရေ။ တခါ တောကြက်မကိုခေါ် ခိုင်းလိုက်လို့ ရောက်လာရေအခါမှာ၊ တောကြက်မက-"အကျွန်ရို့မှာ ကြက်ရို့ဘာဝ ဥသိုက်မှာဥတိကိုစောင့်ယှောက်နီရေအခါမှာ ဆတ်မကလာလို့ အကျွန်ရို့အသိုက်ကို ခြီကျောက် လက်ကန်မှောက်လှန်ဖျက်ဆီးရေးအတွက် အကျွန်မမှာ စိတ်ကပူဆာ မနီသာလို့ လမ်းမှာတွိရေတောခြအုံကို ယက်ဖြို့ပစ်စွာရာ" လို့ ဖြေပါရေလတ်။ ယာသူကြီးက တောဆတ်မကို ခေါ် ဖို့ခိုင်းပြန်လီပါရေ။ တောဆတ်မ ရောက်လာရေခါ "ဇာဖြို့က်လို့ ကြက်မအသိုက်ကို နင်းပစ်ဖျက်ဆီးရရေလဲ လို့ယာသူကြီးကမိန်းရေခါ "ဆတ်ရို့သဘာဝအတိုင်း ညဥ့်အခါမှာ သစ်တစ်ပင်ဖြို့က်တေ ဒပြုတ်ပင်အောက်မှာ အိပ်ဖို့ ပျင်နီရေခါ မက္ကဋမျောက် အပင်ထက်ကနိန်လို့ ဒပြုတ်သီးကိုကိုက်ချလိုက်လို့ အကျွန်မ၏နောက်ကုံးကို ကျလာပါရေ။ ယေဇုနန့် ကကောင်း နာကြင်ပနာ ကြောက်အားလန့်အားနန့် ထွက်ပြီးရေခါ တောကြက်သိုက်ကို ကျလားစွာရာ ဖြို့က်ပါရေ၊ တောကြက်မကိုတမင်တကာ နာအောင်ဒေါသနန့် လုပ်စွာမဟုတ်ပါလို့" ဖြေပါရေ။ တခါ မက္ကဋမျောက်ကိုခေါ် ခိုင်းလီပြန်ပါရေ။ မက္ကဋမျောက်က- "အကျွန့်ဘာသာ ဒပြုတ်ပင် အကိုင်းမှာနိန်လို့ ဒပြုတ်သီးစားဖို့လို့ပျင်နိန်ရေခါ ရောင်ရင်မက အသံကြီးအော်လိုက်တေအတွက် အကျွန်လည်း ကြောက်လန့်လားရေခါ လက်ထဲမှာကိုင်ထားရေ ဒပြုတ်သီးလွတ်ကျလားခရစွာ ဖြို့က်ပါရေ။ တောဆတ်မ နာလားအောင်တမင်တကာ လုပ်လိုက်စွာ မဟုတ်ပါ"လို့ဖြေလီပါရေ။ ယာသူကြီးက ရောင်ရင်မကိုခေါ် လိုက် ပြန်ပါရေလတ်။ ရောင်ရင်မက- "အကျွန်ရို့ငှက်ရို့သဘာဝ သစ်ပင်ထက်မှာ အိပ်ပျော်နီစိုင်မှာ ပန်းဇင်း ငှက်ချေက အကျွန့်ဝမ်းခေါင်းထဲကိုဝင်ဖို့လုပ်ပါရေ။ ယေဇုနန့်ကြောက်လား ပနာ အော်လိုက်ရစွာဖြို့က်ပါရေ။ တခြားသတ္တဝါတိ ကြောက်လားအောင် တမင်တကာ အော်စွာ မဟုတ်ပါ"လို့ ဖြေပါရေ။ ဆက်ပြီးကေ ပန်းဇင်း

http://www.dhammadownload.com



ငှက်ချေကို ခေါ်ခိုင်းပြန်ပါရေ။ ပန်းဇင်းငှက်ချေက အက္ကန့်ဘာသာ ချောင်းနားက ပြားဇီးကိုင်းဖျားမှာ နားနီရေခါ အက္ကန့်မိတ်ဆွေဖြိုက်တေ ဖပြုတ်ကေက- "သမုဒ္ဒရာ သီတာရီမြိ မိုးလီမုန်တိုင်း အုန်းမှိုင်း မှိုင်းနန့် တော်ပဲ့တင်ခြင်း ငလျှင်မြီကြီး ကွဲဖို့ ကြီးသူဖင်ကို ငယ်သူဝင်ရဖို့ ယင်းပိုင်မှရာ ချမ်းသာရာ ရကတ်ဖို့" လို့ပြောရေအတွက်နန့် ကြီးသူကိုရှာဖွေရေခါ ရောင်ရင်းဘားကိုဝင်ဖို့ အမှန်တကယ်ပင် ကြံစည်မိခပါရေ" လို့ ဖြေဆိုလီပါရေ။

ယင်းအတွက်နန့် ယာသူကြီးကနောက်ဆုံးမှာ ဖပြုတ်ကေကိုခေါ်ခိုင်းလိုက်ပါရေ။ ဖပြုတ်ကေက ထိုယောင် ဒေယောင်နန့် ပဇောင်မသိ ပရိယာယ်မာယာတိကြံပြီးကေ ခေါ်စွာကိုမလာဘဲ ရှောင်နိန်ပါလီ ရေ။ ခေါ်ဖန်များလာရေခါ မလာဘဲမနိန်ဝံ့ရေအတွက် ဖပြုတ်ကေ လာဖို့ကျပါရေ။ ယေခါ ဖပြုတ်ကေက မာယာပရိယာယ်လုပ်ပနာ "ခြီလက်ပြောင်းပြန် မျက်စိဆံသုတ် လျှာကိုထုတ်လို့ သီနီရေပိုင်" လုပ်ပြပါရေလတ်။ ယေခါ ယာသူကြီးက အမြင်ကတ်ကတ်နန့် လိမ်လို့ပြောရေ ဖပြုတ်ကေကို "ကျောက်နန့်ထု" လို့ အာဏာပီးလိုက်ပါရေ။ ဖပြုတ်ကေကို ကျောက်နန့်ထုကတ်တေခါ ဖပြုတ်ကေမှာ "ကျောက်နန့်ထုယင်း ကွတက်ယင်း " ဖြစ်လာပါရေ။ ထုဖန်များလာရေခါ ဖပြုတ်ကေ ပဇကသွီးတိ ကကောင်းထွက်လာပါရေ။ ဖပြုတ်ကေကို ယာသူကြီးကပြန်လွှတ်လိုက်လို့ပြန်လားရေခါ လမ်းမှာတွိရေသူရှိက "အဆွေဖပြုတ်၊ ပဇနခွန်းတိ နီနီပါရေကား၊ ဇာကလာပါရေလဲ" လို့မိန်းကတ်ပါရေ။ ယေခါ "ငါ ယာသူကြီးအိမ်ကိုလားလို့ ကွမ်းစားရရေ-အို မိတ်ဆွေရို့" လို့ ပြန်ဖြေလီပါရေလတ်။ ငါ့ ဝတ်ထုလဲ အေမှာပင် ဆုံးပါလီယာ။

## ပိုးဝါဘွဲ့

ပိုးဝါဘွဲ့သည် မြောက်ဦးရွှေနန်းရှင် သျှစ်သောင်းပုထိုးတော်ကြီး၏ဒါယကာ မင်းဗာကြီး (အေဒီ-၁၅၃၁-၁၅၅၃)၏သမီးတော် ပိုးဝါမင်းသမီးလေး၏ ဝတ်စားဆင်ပြင် ထုံးဖွဲ့မှုကို ဖွဲ့ဆိုထားသော အဖွဲ့အနွဲ့ဖြစ်သည်။ ပိုးဝါမင်းသမီးသည် ဘုရင်မင်းဗာကြီးနှင့် သံတွဲမင်းသမီးတို့၏ သမီးတော်ဖြစ်သည်။ မင်းသမီးလေး သည်ဘုရားတရားကိုကြည်ညိုသော၊ ရက္ကန်းခတ်ရာတွင် နာမည်ကျော်ကြားသော မင်းသမီးတစ်ပါးဖြစ်၍၊ ရခိုင်စာဆိုတော်များက အမြင်မိုးစုံဖြင့် ဖွဲ့နွဲ့ခဲ့ကြသည်ကိုတွေ့ရသည်။

ရခိုင်တို့၏သမိုင်းတွင် မှူးမတ်ပညာရှိများသည် မင်းစဉ်မင်းဆက်မပြတ်ပေါ်ထွက်ခဲ့သည်။ အထက်၌ ဖော်ပြခဲ့သော အမတ်ပညာရှိများသာမက၊ ဘုရင်မင်းခရီလက်ထက်တွင် ဥသာလင်းစား အမတ်၊ ဘုရင်မင်းဗာကြီးလက်ထက်တွင်ကောင်းကျော်ထင်စား ဝိမလနှင့် သျှင်ငယ်ဆရာဦးမြဝါ၊

http://www.dhammadownload.com



အဘယရာဇာမင်းကြီးလက်ထက်တွင် ကိုယ်ရံကြီးရဲအောင်၏သားအကြီး ပညာရှိကောင်းကျော်ထင်စားမြကျော်ဦး၊ နရပတိကြီးလက်ထက်တွင် ဆရာတော်သူမြတ်(၁၂)ပါးတို့သည်လည်း မင်းရေးမင်းမှုတွင်အတိုင်ပင်ခံရသော၊ အလျှောက်အတင် ပြုရသောအမတ်ပညာရှိများ၊ ရဟန်းပညာရှိများ ဖြစ်ကြလေသည်။

ငှင်းအပြင် မင်းကြီးအဘယမဟာရာဇာလက်ထက်တွင်ပေါ် ပေါက်ခဲ့သည့် စာဖတ်တတ် အမတ်ကြီး ဒိုးဝေသည်(၄၈)အင်္ဂါရှိသောရာဇဝင်ကြီးကိုရေးသားခဲ့သည်။ ပြည့်ဦးကင်းဖြစ်သော အမတ်ပညာရှိတို့သည် လျှောက်ထုံးကျမ်းများဖြင့်တရား ဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးဘက်တို့တွင် နိုင်ငံ့ဝန်ထမ်းဆောင်ခဲ့ကြသည်သာမက၊ စာပေတာဝန်ကို လည်းထုထည်ကြီးကြီးမားမား ထမ်းရွက်ခဲ့ကြသည်။ လျှောက်ထုံးများတွင် မှူးမတ်များ၏ ဗဟုသုတပညာရည်ကို အကဲခတ်နိုင်သည့် အပြင်၊ အမတ်ကြီးတို့၏ ကျမ်းဂန်အကိုးအကားများကလည်း ရှေးဟောင်းရခိုင်ကျမ်းဂန်စာပေတို့ကို ခြေရာကောက်နိုင်ခဲ့သည်။

မြောက်ဦးခေတ်ရခိုင်စာပေခရီးသည် စကားပြေနှင့် လင်္ကာပါထွန်းကားခဲ့သည် ကိုတွေ့ ရသည်။ ဤ ခေတ်ကို ရခိုင်စာပဒေသာခေတ်ဟုခေါ် ဆိုနိုင်ပါသည်။ မြောက်ဦးခေတ်တွင် ဘွဲ့လင်္ကာ၊ ရတု၊ ချေင်း ၊ကဗျာ လင်္ကာများသာမက၊ လျှောက်ထုံး၊ ဖြတ်ထုံး၊ စကားပြေများ၊ နရာဓိပတိ ဓမ္မသတ်ကျမ်းများ၊အလင်္ကာကျမ်းများ၊ မော်ကွန်းကဲ့သို့ ကမ္ဗည်းကျောက်စာ မော်ကွန်း များလည်း ပေါ်ထွန်းခဲ့သည်။ ရခိုင်စာပေ၌ သိုက်ကျမ်းပေါင်း (၁၂)စောင်ရှိသည့်အနက်၊ နရပတိလက်ထက်တွင် "ငလက်ရုံးအမေးအဖြေ" ကဲ့သို့သောနာမည်ကြီး သိုက်ကျမ်းများလည်းပေါ် ထွက်ခဲ့သည်။ သက္ကရာဇ်(၈၀၀)ခန့်တွင် ကျမ်းပြုပြီးစီးသည်ဟု ခန့်မှန်းရသော ရခိုင်အရှင်သီလဝံသ၏ "ကဝိကန္ဒကျမ်း" ကဲ့သို့သောအလင်္ကာကျမ်းများလည်းရှိခဲ့ပြန်သည်။

တွေ့ရှိရသမျှသော ကဗျာ၊ စကားပြေအဖွဲ့အနွဲ့များအရ၊ မြောက်ဦးခေတ် စာပေအရည် အသွေး အဆင့်အတန်းသည် အတော်ပင်မြင့်မားခဲ့သည်ကို ထင်ထင်ရှားရှား တွေ့ကြရမည်ဖြစ် ပေသည်။

http://www.dhammadownload.com



# အခန်း (၇)

## ရခိုင်ပွဲတော်များနှင့် ရခိုင်ရိုးရာအားကစားများ

### နှစ်သစ်ကူးသင်္ကြန်ပွဲတော်

ရခိုင်တို့သည် ဆယ့်နှစ်ရာသီပွဲတော်များအနက် နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို အနှစ်သာရရှိရှိ တမူထူးခြားစွာကျင်းပကြသည်။ သင်္ကြန်မကျမီရက်အနည်းငယ်ခန့်ကပင် သက်ဆိုင်ရာ ရပ်ကွက် အသီးသီးမှရပ်ကွက်လူကြီးများသည်သင်္ကြန်ပွဲတော်စည်ကားစွာဖြစ်မြောက်ရေး အတွက်တိုင်ပင် ဆွေးနွေးခြင်း၊ ဘုရားရေသပ္ပါယ်ရန် အလှူငွေများကောက်ခံခြင်းများ ပြုလုပ်ကြသည်။သင်္ကြန်အကြိုနေ့ တွင် ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း၌ မဏ္ဍာပ်ကြီးငယ်များ တည်ဆောက်ပြီး ကရမက်၊ နံ့သာဖြူ၊ နံ့သာနီအစရှိသော အမွှေးတုံးတို့ကို ကလေးငယ်များ၊ အမျိုးသားအမျိုးသမီးတို့စုပေါင်းလျှက် နံ့သာသွေးကြသည်။ အချို့ကလည်းဗုံမောင်းများတီးခတ်၍ သင်္ကြန်သံချပ်များကိုသီဆိုကာ ကခုန်မြူးတူးကြသည်။ သင်္ကြန်အကြိုနေ့ကို "နံ့သာသွေးနိန့်"ဟု ခေါ်သည်။ သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ရပ်ကွက်လူကြီး လူငယ် အမျိုးသား အမျိုးသမီး အပျိုအရွယ်များသည် တစ်အိမ်လျှင် ဆွမ်းတစ်အုပ်စီ ချက်ပြုတ်၍ သွေးထားပြီးသောနံ့သာရည်များကို ဆောင်ယူကာ၊ မိမိတို့ရပ်ကွက် ကိုးကွယ်သည့် ဘုန်းတော်ကြီး ကျောင်းတိုက်သို့ တစ်စုတစ်ဝေး တပျော်တပါးသွားကြသည်။ ဘုန်းတော်ကြီးကျောင်းရှိ ဗုဒ္ဓဆင်းတု တော်များကို ရေသပ္ပါယ်ခြင်း၊ အမွှေးနံ့သာပက်ဖြန်းခြင်း၊ သာသနိက အဆောက်အအုံများအား သန့်ရှင်းခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။ ဤနေ့ကို "ဘုရားရီချိုးနိန့်" ဟု ခေါ်ကြသည်။

ဘုရားရေသပ္ပါယ်ပြီးမှသာလျှင် ရေကစားပွဲကိုဆင်နွှဲကြရပါသည်။ သင်္ကြန်အကျနေ့တွင် ကလေး သူငယ်များကရေပက်ကစားကြသော်လည်း၊ အပျိုလူပျိုများမှာ မဏ္ဍာပ်အတွင်း၌ ရေမကစား ကြသေးချေ။ သင်္ကြန်အကြတ်နေ့၊ အတာတက်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့တို့တွင် အပျိုလူပျိုများ မဏ္ဍာပ်အတွင်း ရေကစားကြလေသည်။ ရခိုင်တို့၏မဏ္ဍာပ်အတွင်းရေကစားကြပုံမှာ အလွန်ယဉ်ကျေး ၍ စည်းကမ်းစနစ်ကျနလှပေသည်။ ရပ်ကွက်တိုင်းလိုလိုရေကစားမဏ္ဍာပ်များ ဖွင့်လှစ်ထားရာ၊ လူပျိုကာလသားများသည်အုပ်စုအလိုက် ပတ်သာဗုံမောင်းများတီးကာသင်္ကြန် သံချပ်များမြိုင်မြိုင် ဆိုင်ဆိုင်သီဆိုကခုန်မြူးတူးလျှက်၊ ရေပက်ရန်မဏ္ဍာပ်များသို့လာရောက်ကြသည်။ မဏ္ဍာပ်များအတွင်းရှိ လောင်းလှေများတွင် ရေအပြည့်ဖြည့်ထားကြသည်။ တူညီဝတ်စုံ

http://www.dhammadownload.com



ဝတ်ဆင်ထားကြသော အမျိုးသမီးပျိုများသည် လှည့်လည်ရေပက်ခြင်း အလေ့အထမရှိဘဲ၊ မိမိတို့ ရပ်ကွက်အလိုက်ဆောက် လုပ်ထားသည့် မဏ္ဍာပ်အတွင်း၌ သာရေကစားလေ့ရှိကြသည်။ မဏ္ဍာပ်အတွင်းမှ ရေပက်ခံ အမျိုးသမီး များနှင့်၊ ပြင်ဘက်မှ ရေလာပက်သော အမျိုးသားများမရော ထွေးမိစေရန် ကာရံထားရသည်။ ရေပက်လာသောအမျိုးသားလူငယ်များသည် မဏ္ဍာပ်အတွင်းပိုင်းသို့ ဝင်လာခွင့်လုံးဝမရှိချေ။ ရပ်ကွက်အတွင်း ဩဇာတိက္ကမရှိသည့် အမျိုးသမီးကြီးများက ရေလောင်း မဏ္ဍာပ်ကို အစအဆုံးကြပ်မတ် ကွပ်ကဲပေးကြရသည်။

အမျိုးသားအဖွဲ့များတွင် ခေါင်းဆောင်တစ်ဦးထားရှိကာ ခိုက်ရန်မဖြစ်ပွားစေရန် ထိန်းသိမ်း ပေးသည်။အဖွဲ့ဝင်များကလည်းထိုသူ၏စကားကိုလိုက်နာကြရသည်။ မဏ္ဍာပ်အတွင်း ပထမ ရောက်ရှိ နေသော အဖွဲ့ရောက်နေလျှင်၊ နောက်ရောက်လာသောအဖွဲ့ ကမဏ္ဍာပ်အပြင်ဘက်တွင် သံချပ်ထိုးကာ ကခုန်မြူးတူးလျှက်မိမိရေလောင်းရမည့်အလှည့်ကို စောင့်ဆိုင်းကြရသည်။ "အခါတော်တန်ဆူးလ၊ ဉဩက ကျူးသံသာ၊ သင်္ကြန်ကျဖို့ခေါ် ရေလာ၊ ဉဩကျူးသံကြားပြန်လတ်ကော၊ ပျိုအိုမကျန်သင်္ကြန် မွတ်တော၊ ရီဖလားတကိုင်ကိုင် တန်းစီထိုင်ဗျာစောင့်ပါလို့ ပြုံးချိုချိုမျက်နှာထားနန့် ဒေမရီးကလုရေ" စသည်ဖြင့် အမျိုးသမီးများကို စောင်းမြောင်းသံချပ်ထိုးကြသည်မှာလည်း ချစ်စရာကောင်းသည့် ရိုးရာဓလေ့ တစ်ခုပင်ဖြစ်ပေသည်။ အထူးသဖြင့် အပျိုနှင့် လူပျိုများတွေ့ဆုံခွင့် ရကြသည့်အခါကာလလည်း ဖြစ်လေသည်။မောင်နှမချင်း၊သားအမိချင်း၊တူဝရီးချင်း၊ခဲအိုနှင့်ခယ်မ စသည်အချင်းချင်း ရေလောင်းလေ့မရှိကြပေ။ ယင်းအစဉ်အလာများကို ထိန်းသိမ်းကြဆဲဖြစ်သည်။

သင်္ကြန်ရက်အတွင်းသက်ကြီးရွယ်အိုများမှာ ဥပုသ်သီလ ဆောက်တည်ခြင်း၊ အလှူဒါန ပြုလုပ် ခြင်းများကို ပြုလုပ်ကြသည်။ သင်္ကြန်အတက်နေ့တွင် သင်္ကြန်စာတွင်ပါသည့်အတိုင်း အတာမုန့်များ ပြုလုပ်၍ အတာတက်ကြရသည်။ ရခိုင်တို့က "အစာတက်သည်" ဟုခေါ် သည်။ နှစ်ဆန်း တစ်ရက်နေ့ တွင် သက်ကြီးရွယ်အိုများအား ကန်တော့ပူဇော်ပွဲကျင်းပကန်တော့ကြသည်။ တစ်ချို့ ရခိုင်ဒေသများ တွင် အခါကြီးရက်ကြီးလွန်မှရေလောင်းကြပြီး၊ ဝါဝင်သည်အထိ ရေလောင်းကြသည်ကိုလည်း တွေ့ရ သည်။ အတာမုန့်ကို ဘုန်းတော်ကြီးကျောင်းသို့ အဦးဆုံးကပ်လှူကြပြီးလျှင်၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အိမ်နီးဝန်းကျင်တို့ကို အပြန်အလှန်ပေးကမ်းစားသောက်ကြသည်။ အိမ်တိုင်းတွင် မုန့်လှိုင်သော နေ့တစ်နေ့ ဖြစ်သည်။ အတာတက်သူများသည် နေ့နံသင့်ရာအရပ်သို့ လှည့်၍ အမွှေးနံ့သာရည်တို့ဖြင့် ဦးခေါင်း လျှော်ကြသည်။ သပြေ၊ သျှားရား၊ အုန်းစသည့် နေ့နံသင့်အညွန့်များဖြင့် အတာအိုးများ ပြုလုပ်ကာ ဘုရားတွင်သွားရောက်ကပ်လှူပြီးလာမည့် နှစ်သစ်အတွက် မင်္ဂလာလာဘ်လာဘ ကောင်းမွန် စေရန် ဆုတောင်းကြရသည်

http://www.dhammadownload.com



# ပြိုင်လောင်းပြိုင်ပွဲ

ရခိုင်လူမျိုးများ၏ပြိုင်လောင်းပြိုင်ပွဲ(လှေပြိုင်ပွဲ)ကျင်းပရခြင်းမှာ ရှေးရခိုင်ဘုရင်များလက်ထက် က ကာကွယ်ရေးအတွက် ရေတပ်သားကောင်းများပေါ် ထွက်လာရေးကို ရည်ရွယ်လေ့ကျင့် ရွေးချယ် သောပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ ယင်းမှအစပြုလျှက် ရိုးရာပွဲတော်တစ်ခုဖြစ်လာခဲ့ပြီး၊ စုပေါင်းဆောင်ရွက် ရသည့်ကျန်းမာရေးဆိုင်ရာ အားကစားပျော်ပွဲရွှင်ပွဲတစ်ရပ်လည်းဖြစ်လာသည်။ ပြိုင်လောင်း ပြိုင်ပွဲကို တန်ကူး(တန်ခူး)နှင့် ကဆုန်လများတွင် ကျင်းပလေ့ရှိသည်။ ပြိုင်ပွဲကျင်းပရာချောင်းရိုးတစ်လျှောက်တွင် မဏ္ဍပ်များဆောက်လုပ်ကာ၊ ပွဲကြည့်ပရိသတ်များက အတီးအမှုတ်အကအခုန်များဖြင့် အားပေးလေ့ ရှိကြသည်။

ပြိုင်လောင်းပြိုင်ပွဲကို ဒီရေတက်သောရက်များကို ရွေးချယ်ကျင်းပရသည်။ ရပ်ရွာအလိုက်ပြိုင်ပွဲဝင်ရန်ဖိတ်ခေါ်ကြရပြီး၊ စားသောက်နေထိုင်ရေးကိုရွာခံရွာသားများက တာဝန်ယူရသည်။ ပြိုင်ပွဲမစတင်မီတွင်ပြိုင်ပွဲဝင်မည့်ပြိုင်လောင်းအသင်းများက ဟန်ရေးပြကြရသည်။ ယင်းကို "ပြိုင်လောင်း စိုင်းသည်" ဟုခေါ် သည်။ လှေပြိုင်ရာတွင် ပြိုင်လှေ၏အရွယ်အစားကိုလိုက်၍ ၁၂-လံတန်း၊ ၁၀-လံတန်း၊ ၈-လံတန်း၊ ၆ လံတန်းစသည်ဖြင့် အဆင့်ဆင့်သတ်မှတ်ထားသည်။ ပြိုင်လောင်း၏ အရွယ်အစားအလိုက်သာ ယှဉ်ပြိုင်ရပြီး၊ အရှည်ပို၍လည်းကောင်း၊ လျော့၍ လည်းကောင်းယှဉ်ပြိုင်ခွင့် မရှိချေ။

ပြိုင်လောင်းတွင် လောင်းဦးကို မီးကျောင်းရုပ်၊ မြွေရုပ်၊ ဆင်ရုပ်၊ နဂါးရုပ်၊ ကိန္နရာရုပ်၊ နယားရုပ်၊ ဟသ်ာရုပ်၊ ခြူးပန်းစသည်တို့ဖြင့် ပန်းထုလုပ်ကာ ဆေးရေးမွမ်းမံထားတတ်ကြသည်။ ပဲ့ပိုင်းတွင် "မာဒင်ခုံ" ခေါ် တက်မခုံကို ကျားရုပ်၊ ငှက်ရုပ်၊ ကြာပန်းတို့ဖြင့် မွမ်းမံထားသည်။ လောင်းလှေဝမ်းပိုင်းတွင် လှေလှော်သားများထိုင်ရန် "ပင်းကန်" တို့ကိုတပ်ဆင်ထားသည်။ လှေလှော်သားများမှာ အဝတ်ဆင်တူ၊ ရင်စီးစလွယ် သိုင်း၊ ရင်သိုင်း၊ ခေါင်းပေါင်းစွန်တောင်များကို ဝတ်ဆင်ကြလေ့ရှိသည်။ တာထွက်ပန်းဝင် ကိုဒိုင်လူကြီးများက ကြီးကြပ်ဆောင်ရွက်ပေးရသည်။ ပန်းဖူးအဝင်တွင်လည်းအနိုင်၊ အရှုံးကို ကြိုးတန်းထားပြီး "စက်ပန်းဖြတ်ဆွဲနည်း" ဖြင့် ဆုံးဖြတ်လေ့ရှိသည်။ စက်ပန်းဖြတ်ဆွဲနည်းမှာ လောင်းဦးတွင်ဓားကို စိုက်ထားပြီး စက်တိုင်တွင်အလံနှစ်ခုကိုဖြတ်စေသည်။ ဦးစွာဖြတ်သောလောင်းလှေဘက်မှ ကြိုးပြတ်သွား၍ စက်အကူအညီဖြင့် တစ်ဘက်အလံကိုလှဲပစ်သည်။ နိုင်သောအလံမှာ လဲခြင်းမရှိချေ။ ဤနည်းဖြင့် အနိုင်အရှုံးကိုဆုံးဖြတ်ခြင်းဖြစ်သည်။

http://www.dhammadownload.com



ပြိုင်ပွဲကိုသုံးရက်ခန့်ကျင်းပလေ့ရှိသည်။နောက်ဆုံးနေ့တွင်အနိုင်ရရှိသောလောင်းလှေကို ရွှေမောင်း၊ ငွေမောင်း၊ အောင်ဆုအောင်လံတို့ကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆု စသည်ဖြင့် ချီးမြှင့်သည်။ အနိုင်ရသောလောင်းလှေက ချောင်းရိုးတစ်လျှောက် လက်တန်းသံချပ် ထိုးကာအောင်ပွဲခံသည်။ ပြိုင်ဘက် လောင်းလှေကို သရော်စောင်းမြောင်း၍လည်းကောင်း၊ မိမိလှေကို အမွှမ်းတင်၍ လည်းကောင်း၊ အမျိုးသမီးပရိသတ်များကို စောင်းမြောင်း၍လည်းကောင်း အာဝဇ္ဇန်းရွှင် ကဗျာဉာဏ်ရှိသလောက်လောင်းလှေထက်တွင် ကခုန်ကာ လက်ဟန်ကိုယ်ဟန်ပြလျှက် သံချပ်ထိုးကြ သည်။-

မက္ကလာကို ဂေါင်းမှာဆောင်းလို့
ကမ်းဆောင့်ထက်က အရီးလေ
သမက်လောင်းချေ နိုင်စီကြောင်းကို
ဆုမွန်တောင်းဘို့ ကောင်းပါရေ

အနိုင်ရထားသောလောင်းလှေဦးစီးသည် ဆုရရှိသောရွှေမောင်းကို လည်တွင်ဆွဲလျှက်၊ လောင်းလှော်သားများက အောင်လံများကိုကိုင်ဆောင်ကာ၊ ချောင်းရိုးတစ်လျှောက်အစုန်အဆန် လှော်ခတ်ဟန်ရေးပြပြီး၊ ပရိသတ်များကိုနှုတ်ဆက်လေ့ရှိကြလေသည်။

## ကျင်ပွဲ

ရခိုင်ပြည်တွင် ဘုရားပွဲတော်များနှင့် ဘုန်းတော်ကြီးဈာပနပွဲတော်များတွင် မပါလျှင် မဖြစ်သော ရိုးရာအားကစားပြိုင်ပွဲတစ်မျိုးဖြစ်သည်။ တစ်ချို့ကရခိုင်နပန်းပွဲဟုဆိုကြသော်လည်း မတူညီပေ။ နပန်းပွဲတွင် စည်းကမ်းသတ်မှတ်ချက်များနည်းပါးပြီး၊ ကျင်ပွဲတွင်စည်းကမ်းသတ်မှတ်ချက် များလေသည်။နပန်းတွင်ခွန်အားမှာအဓိကဖြစ်သော်လည်း၊ ကျင်ပွဲ၌ ခွန်အားရှိခြင်းထက် ဖြတ်လတ် ခြင်း၊ သတိရှိခြင်းနှင့် ပညာရည်ပြည့်ဝခြင်းတို့ကအဓိကဖြစ်သည်။

ကျင်တွင် အဖမ်းနှင့်အခံဟူ၍ နှစ်မျိုးရှိသည်၊ တစ်ဦးကဖမ်း၍တစ်ဦးကခံကာ တစ်ဦးကို တစ်ဦး မြေသို့ကျအောင် အားပြိုင်ကြရခြင်းဖြစ်သည်။ သို့သော်စည်းကမ်းချက်များအရ မြေသို့ကျတိုင်းလည်း ရှုံးသည်ဟု မဆိုနိုင်သည်များလည်းရှိသည်။ တစ်ဘက်သား ကိုမြေတွင်အိပ်၍ ကျော်ပြစ်နိုင်သည်။ သို့သော် ဤအပြုအမူသည်အချိန်မကြာစေရ။ ကြာသွားလျှင် မြေတွင်ကျသည်ဟု ဆုံးဖြတ်ခံရကာ

http://www.dhammadownload.com



အရှုံးပေးခံရတတ်သည်။ အနိုင်အရှုံးကိုဆုံးဖြတ်နိုင်ရန် ကျင်သန်ပောင်းနှစ်ဦးကို ကျင်ဒိုင်အဖြစ် ရွေးချယ်လေ့ရှိသည်။ အပြင်ပရိသတ်များထဲမှလည်း ရွေးချယ်ထားတတ်သည်။

ကျင်သန်များသည်ပြိုင်ပွဲမတိုင်မီတွင် ရွှေမောင်း၊ငွေမောင်းတန်း ဟူ၍ခွဲခြားပြီး စာရင်းသွင်းကြရသည်။ ယှဉ်ပြိုင်မည့်အတွဲကိုမဲစနစ်ဖြင့်ပြုလုပ်သည်။ ကျင်သန်များသည် ကျင်မကိုင်မီနှင့် ကျင်ကိုင်၍နိုင်သည့် အခါများတွင်ကျင်ကွင်းတတ်ကြသည်။ ကျင်ကွင်းနေစဉ် ကျင်စည်ကို တီးပေးရသည်။ ကျင်ကွင်းသည့်အခါပြိုင်ပွဲအသီးသီး၌ အနိုင်ရရှိထားသော ရွှေမောင်း၊ ငွေမောင်း ဆုတံဆိပ်တို့ကို လည်တွင်ဆွဲလျှက် ကျင်ကွင်းကြသည်။ ကျင်ကွင်းနည်းများမှာ စံလက် သိုက်လွတ်ကွင်း၊ လင်းကွင်း၊ ကျီးကန်းရေချိုးကွင်း၊ ဥဒေါင်းဝဲကွင်း၊ ငှါမ်းထိုး ကွင်းစသည် ဖြင့်နည်းအမျိုးမျိုးရှိသည်။

ကျင်ပွဲစတင်သည့်နေ့တွင် ပထမဦးစွာမင်္ဂလာကျင်အဖြစ် ပထမတန်းနှင့် ဒုတိယတန်းတွင် မပါဝင် သူနှစ်ဦးအားယှဉ်ပြိုင်စေကာကျင်ပွဲကို ဖွင့်လှစ်သည်။ ထို့နောက် အတွဲလိုက်ယှဉ်ပြိုင်ကြပြီး၊ တစ်တွဲလျှင်နှစ် ကြိမ်ကျစီယှဉ်ပြိုင်စေ၍၊ တစ်ဦးကဖမ်း၊ တစ်ဦးကခံဖြင့်တစ်လှည့်စီကိုင်ကြရသည်။ ဖမ်းသူကချိတ်၍၊ခံသူက ခြေထိုးရသည်။ တစ်ဦးနှင့်တစ်ဦးလုံးကြ၍လဲသွားသောအခါ အပေါ်ရှိသူက နိုင်လျှက်၊ အောက်လူကရှုံးသည်။ တူနေပါကခံသူဖမ်း၍ ဖမ်းသူခံရသည်။ အကယ်၍ သရေပွဲ ဖြစ်နေပါက နောက်တစ်ကြိမ် ယှဉ်ပြိုင်ပြီးအနိုင်အရှုံးကိုဆုံးဖြတ်ရသည်။

ကျင်အတတ်ပညာတွင်လုံးနည်းပေါင်း(၃၀)ကျော်ရှိသည်။ ငှါမ်းပစ်၊ ကုပ်ချိုး၊ ကြောင်လိမ်၊ ဘယ်တင်ပစ်၊ ညာတင်ပစ်၊ ခြေချင်းရိုက်၊ ပေါင်စက်ကွင်း၊ တပေါင်သန်း၊ မောင်းပစ်၊ ခါးပုတ်သတ်၊ လက်ဖျားဆွဲ၊ ခွာထောင်စီး၊ မောင်းထောင်းနင်း စသည်တို့ဖြစ်သည်။

ကျင်ပွဲနောက်ဆုံးနေ့တွင် အနိုင်ရရှိသူများအား၊ ရွှေမောင်းတန်းအတွက် ရွှေမောင်းကို လည်းကောင်း ငွေမောင်းတန်းအတွက် ငွေမောင်းကိုလည်းကောင်း ဆုချီးမြှင့်သည်။ အနိုင် ရရှိသော ကျင်သန်များသည် ပြိုင်ပွဲကွင်းကိုပတ်၍ ဟန်ရေးပြကျင်ကွင်းပြကြသည်။ ထိုစဉ် ပွဲကြည့်ပရိသတ်များက ဆုငွေများချီးမြှင့်ပေး လေ့ရှိကြပါသည်။

## ရထားဆွဲပွဲ

စာဆိုဥက္ကာပျံ၏(၁၂)လရာသီတွင် "ကုံရာသီတပို့တွဲသည်၊ လွှမ်းဖွယ်ပင် ပျော်ရွှင် လူ့ရပ်မြေ ရထားငယ်တာသဘင်၊ နှစ်စဉ်ငင်ကော၊ သောင်းခွင်ရှိုပြည်ထက်" ဟူ၍ရထားပွဲတော် အကြောင်းကို စပ်ဆိုခဲ့သည်။ ရထားပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း(၁၄)ရက်မှ လပြည့်ကျော် (၁)ရက်နေ့အထိ

http://www.dhammadownload.com



ကျင်းပလေ့ရှိကြသည်။ ရထားဆွဲပွဲကိုညနေ(၉)နာရီမှစတင်ပြီး၊ သန်ခေါင်ကျော် အထိ အပြန်အလှန် ဆွဲလေ့ရှိကြသည်။ ရထား ဆွဲပွဲနားချိန်တွင် အငြှေးအမွေး အတီးအမှုတ်တို့ဖြင့် ကခုန်ကာ တပျော် တပါး စည်ကားစွာကျင်းပကြသည်။ တနည်းအားဖြင့် ရထားဆွဲပွဲသည် ရွာလုံးကျွတ်၊ မြို့လုံးကျွတ်ပါဝင် ရသော ပျော်ပွဲရွှင်ပွဲကြီးဖြစ်၍၊ စည်းလုံးမှု နှင့်စုပေါင်းခြင်းသဘာဝကို ဖော်ပြသည့်ပွဲတော်လည်းဖြစ် သည်။ ရထားကိုပြည်သူအများ ရွာဟုန်ရွာလုံးကျွတ် ဆွဲကြရသဖြင့်အထူး ခိုင်ခန့်အောင်ပြုလုပ်ရသည်။

ရထားဘောင်ကို အထူးခိုင်ခန့်အောင်ဦးစွာပြုလုပ်ရပြီး၊ ရထားစက်ဘီးကိုတပ်ရသည်။ စက်ဘီး ဝင်ရိုးကိုသင်းပင်း၍စိုက်ကာ၊ ဖိုးခေါင်ကြိမ်နဗက်ခြမ်းများဖြင့် အထပ်ထပ်ခိုင်အောင်ချည်ရသည်။ ထို့နောက်ဝါးညွှန့်ကို ရထားညွှန့်အဖြစ်စိုက်ထူပြီး၊ ဝါးညွှန့်ထက်၌ အောင်ဆုအောင်လံတော် ကို စိုက်ထူရပြန်သည်။ ရထားဆင်ပြင်၍ပြီးသောအခါ၊ တစ်ဘက်စီတွင်ခိုင်ခန့်သော ကြိုးတစ်ချောင်းစီ ကို တပ်ဆင်ပေးရသည်။ ရှေးအခါကနွယ်ကြိုး ဝါးကြိုးများကိုအသုံးပြုခဲ့ကြရသည်။

ရထားဆွဲသည့်အခါ၌လူသန်ယောကျ်ားကြီးများက နှစ်ဘက်မှနေပြီး ထိန်းပေးကြရသည်။ ရထားအပေါ် သို့ မြောက်တက်သည့်အခါများတွင် ရထားဘောင်ကိုဘက်၍ထိန်းပေးရသည်။ ရထားဆွဲ ဖန်များလာ၍ ရထားစက်ဘီးများအသံမြည်လာသောအခါ၊ ရထား အစာ တောင်း သည် ဟုဆိုပြီး၊ ငှက်ပျောပင်ကို ရထားဝင်ရိုးထဲသို့ထည့်ပေးရသည်။ ရထားကိုယောကျ်ားတစ်ဘက်၊ မိန်းမတစ်ဘက် ဆွဲလေ့ရှိကြသည်။ ရထားပြုလုပ်စီစဉ်ပေးသည့်ရွာကို"ရွာခံရွာ" ဟုခေါ် သည်။ တစ်ရွာနှင့်တစ်ရွာလည်း အပြိုင်ဆွဲကြသည်။ ရထားပွဲသဘင်တွင် လူပျို၊ အပျို၊ လူရွယ်၊မ င်းကျွန်၊ လူကြီးသူအို အားလုံးပါဝင်နိုင်သည်။ သံချပ်များသီဆိုပြီး၊ အိုးစည်ဗုံမောင်းတီးကာ ကခုန်၍ ရထား ဆွဲကြရသည်မှာအလွန်ပင်ပျော်စရာ ဖြစ်သည်သာမက၊ အမျိုးသားအချင်းချင်း စည်းလုံးညီညွတ်မှု ကိုလည်း ရရှိနိုင်မာစေလေသည်။မျိုးချစ်စိတ်ဓာတ်ကိုလည်း ထပ်လောင်းဖြစ်ပေါ် စေပေသည်။

## ရထားပွဲ သံချပ်ကြီး

**ယောကျ်ားဘက်။ ။** မောင်ရို့ မောင်ရို့ (လေး)(လေး)

လက်မောင်းလက်ဖန်ပြောက်တန်လောက်နန့် ရထားဆွဲဖို့ လာလတ်တေ၊ ဗေဒင် ဝှရား မိန်းခယင့်လား ငြိုဟ်လားငြိုလ်လာ ဇာတာစောင်းလို့ ရထားရှုံးဖို့မြင် လတ်တေ အရှက်ရမေ မလာကတ်ကဲ့၊ ဒေါက်ဖနပ်ကြီး စီးလို့လာ လမ်းလျှောက်တေခါ ယိုင်ဇီယိုင်ဇား၊ ရထားဆွဲဖို့ လာလတ်ခါ ကြိုးကိုပါအောင် ဆွဲနိုင်ယင့်လား၊ ကြိုးကိုကိုင်လို့ လက်ပေါက်တေ၊ ပဝါချေ နန့်ပတ်လို့ထားဂတ်၊

http://www.dhammadownload.com



အို မရီးရို့ မရီးရို့ မမခေါင်းဆောင် ထိုအရီးက၊ ခါးကြိုးစည်းလို့ ထွက်လတ်တော၊ ကလေလူချေ ကျွန်တော်ရို့နန့်၊ ရထားပြိုင်လို့ ဆွဲရေခါ လဲပါလားမေ သတိထားဂတ်၊ ယောကျ်ားဘက် က မောင်ရို့မှာ နိုင်ဖို့ဆိုစွာ ကျိန်းသီသိလို့၊ ဆွဲရဖို့တောင် အားနာရေ၊ ဆိတ်နန့်ဆင်ပုံ ပမာပြလို့ အားချင်းမမျှ ယုံဂတ်ပါ၊ ဘုရားသတ်စီ နိုင်ဖို့ဖက်သား၊ စေတနာနန့်ပြောခမေ၊ ရှုံးဖို့လာရေ အို- မရီးရို့၊ လဲပြိုကျလို့ ဒူးပွန်းကေ အရှုံးပီးဗျာယ် ပြန်ဂတ်ပါလင့်၊ ဆွဲနီလို့လဲအပိုရာ ကမ္ဘာဆုံးတောင် နိုင်ဖို့မဟုတ်၊ ခါချိုင်ကောင်ပိုင် မာန်ဟုန်ကြီးလို့ ထိုတောင်ကြီးကို ဖြိုဖို့ကြံ၊ ခါးကမသန် မာန်ကိုလျှော့ဂတ်။ မာန်ကိုလျှော့လို့ ပြန်ဂတ်လီ၊ ပြန်ရာပြန်လီ အို မရီးရို့၊ မောင်ရို့ မောင်ရို့ (လေးလေး)၂ မောင်ရို့လေး ဝါး။ ။

**မိန်းမဘက်။** ။ လက်မောင်းလက်ဖန် အကြီးသန်နန့်၊ ရထားဆွဲဖို့လာလတ်တော၊ နိုင်ဖို့ထင်ရေ အို-အမောင်ရို့၊ နားထောင်ဂတ်ဖို့ ပြောပြမယ်၊ လောကအလယ် အကျွန်ရို့မှာ၊ မောင်းထောင်းရီခပ် တတ်မျိုးစုံ၊ လက်ရုံးအစုံ အောင်တိုင်းမြောက်လို့၊ ရထားချေလောက် ဆွဲရာမှာ မနိုင်စရာ အကြောင်းမဟိ၊ ညီညီညာညာခွန်အားစိုက်လို့၊ အကျွန်ရို့က ဆွဲလိုက်ကေ၊ တာပြတ်လဲမေ သတိထားဂတ်၊ မမ တိရာဆိုပြီးကေ၊ ခွန်အားငယ်ရေ ထင်မိမှားလို့ ရထားပွဲမှာ ဆွဲရေခါ၊ အံ့ဩစရာ မောင်ရို့ရှုံးလို့၊ ယူကြုံးမရ ဖြစ်လိမ့်မယ်၊ လွန်လီခရေ ရထားပွဲမှာ၊ အကျွန်ရို့ကို နိုင်ဖူးယင့်လား၊ စကားလုံးက ကကြီးကျယ်၊ အလံယူရေ နောက်ဆုံးနိန့်မှာ၊ ကကော့လံလို့ရှုံးလိမ့်မယ်၊ သေသေချာချာကြည့်လို့ဆွဲဂတ်၊ ရပ်စောက်ထလို့အားကိုပျင်၊ ကြိုးကိုဒေါင်တင်ညီအောင်ဆွဲလို့ ရထားပွဲမှာ အရီးရာ ရှုံးရေမျက်နှာ ဖုံပြာပြာနန့်၊ အမောင်ရို့ရာ ပြန်ကတ်လီ ဇာမထီရေ မမဘက်သား၊ လဆုပ်ရက် နောက်ဆုံးမှာ၊ အောင်ပွဲခံကာ အလံယူဖို့၊ ရထားမီးတိုက် ကျိန်းသီပါ၊ ယှဉ်ပြိုင်လာ လို့ရဖို့မဟုတ်။ ။ (ဤသို့အားဖြင့် ရထားတစ်ကြိမ်ဆွဲလျှင် သံချပ်တစ်ခေါက်စီးထိုးကြသည်။ နောက်ဆုံးတွင်အနိုင်ရသည့်ဘက်က အလံနှင့်ရထားကိုယူကာ မီးတိုက်ကြလေသည်။) (ဆရာကြီးဥေစံ၏မူကိုဖော်ပြပါသည်။)

## ဒိုးကစားခြင်း

ရခိုင်ရိုးရာဒိုးကစားခြင်းကို ရခိုင်အမျိုးသမီးငယ်များ၊အပျိုအရွယ်များက အထူးနှစ်သက်ကြ သည်။ လသာသောညများတွင်လည်းကောင်း၊နေ့လည်နေ့ခင်းအားလပ်ချိန်များတွင် လည်းကောင်း အုပ်စုဖွဲ့ကာ တစ်ဘက်နှင့်တစ်ဘက်ယှဉ်ပြိုင်ကစားကြသည်။ အသက်အရွယ်ကြီးပြီး အတွေ့အကြုံရှိ သည့်အမျိုးသမီးကို အုပ်စုခေါင်းဆောင်(ဂေါင်လူကြီး)အဖြစ်ထားကြသည်။ ကျန်းမာရေးအတွက်

http://www.dhammadownload.com



သာမက အချင်းချင်း စည်းလုံးညီညွတ်ရေးကိုလည်းဖြစ်ပေါ်စေသည်။ ဒိုးကစားခြင်းကို ပထမဆုံး "ညို့မေ" ဖြင့် စ, ရသည်။

**ညို့မေ။** ။ မိမိ၏ပစ်ဒိုးကိုလက်ဖြင့်လှိမ့်၍လွှတ်ပြီး သတ်မှတ်သောစည်းကိုမကျော်မီ မိမိပစ်၍ထိနိုင်မည့် နေရာတွင် ဖမ်း၍ ထောင်ဒိုးအား ထိအောင်ပစ်ရသည်။

**ဖူးမှတ်တောက်တဲ့။** ။ဒိုးကိုပါးစပ်ထဲက "ဖူး" ဟုမှုတ်ပြီးလွှတ်လိုက်၍ ကျသည့်နေရာမှလုံးဝမရွေ့စေဘဲ ထောင်ဒိုး ကိုထိအောင်ပစ်ရသည်။

**ဆင်ခြေလှမ်း။** ။ ဆင်ခြေလှမ်းတာမှနေ၍ ညာဘက်ခြေဖမိုးပေါ်တွင် ဒိုးကိုတင်ပြီးဘယ်ဘက် ခြေဖြင့် တစ်လှမ်းလှမ်းကာ၊ညာခြေထောက်ကိုလွှဲ၍ ပစ်ရသည်။

**လျှပ်ထိုး။** ။ ဒိုးကိုခြေဖျားလေးများအောက်၌ထား၍၊ အပြားလိုက်ဖိညှပ်ကာ ကျန်ခြေတစ်ဘက် မြှောက် ပြီးလျှင်၊ လျှပ်တိုက်၍သွားရသည်။ထိုသို့သွားရန်တာမှစ၍ ထောင်ဒိုးကို သုံးပတ်စေ့အောင် ပတ်ရ သည်။ အကယ်၍ ဒိုးသည်ခြေဖဝါးအောက်သို့လျှော၍ဝင်သွားပါက "သေသည်"ဟု ယူဆ၍ "အပိုင်" ဟုခေါ်သည်။

**ခြေတင်ခုံ။** ။ ခြေဖမိုးပေါ်တွင် ဒိုးကိုအပြားလိုက်တင်ရသည်။ ဒိုးတင်ထားသောခြေကို မယ ၍၊ကျန် ခြေ တစ် ဘက်ဖြင့် မြေကြီးပေါ်တွင် ဒေါက်ခုန်ဒေါက်ခုန်ဖြင့်ထောင်ဒိုးကိုသုံးပတ်ပတ်ရသည်။

**ခြေတင်သွေ့။** ။ ခြေတင်ခုံပြုလုပ်နည်းအတိုင်း ဒိုးကိုဒေါက်ခုန်ဒေါက်ခုန်ဖြင့်ယူသွားကာ၊ သတ်မှတ်ထားသော ထောင်ဒိုးစည်းတွင်ရပ်၍ ဒိုးတင်ထားသောခြေကိုလွှဲယူကာ၊ ခြေမဒိုးဖြင့် အောင်ဒိုးကို ထိအောင်ပစ်ရသည်။

**မြင်းစလွှတ်။** ။ ဒိုးလွှတ်သောတာမှ ပစ်ဒိုးကိုလက်ဖြင့်ထိန်း၍ထောင်ဒိုးကိုမလွန်အောင်ပစ်ရ သည်။ ဒိုးရောက်သည့်နေရာမှ ထောင်ဒိုးနှင့်နီးစေရန် ခြေတစ်ဘက်ဖြင့်ထောက်၍ ကျန်ခြေ တစ်ဘက်ကို မ ကာ ဒိုးကို တိုးကာတိုးကာယူသွားပြီးပစ်ရသည်။

**ပေါင်ရင်းကြီး။** ။ ဒိုးကိုပေါင်ရင်း၌ညှပ်ကာ တာမှလွှတ်ပြီး ထောင်ဒိုးကိုမကျော်မီ လက်ဖြင့် ထိန်း၍ ပစ်ရသည်။

http://www.dhammadownload.com



**ပေါင်ရင်းလတ်**။ ။ ပေါင်ရင်းကြီးပစ်သကဲ့သို့ ဒိုးကိုပေါင်လယ်၌ညှပ်ကာ ပစ်ရသည်။

**ပေါင်ရင်းချေ**။ ။ ဒိုးကိုပေါင်အောက်ဘက်တွင်ညှပ်၍ ပေါင်ရင်းကြီးကဲ့သို့ပစ်ရသည်။

**ဒူးငုတ်(ဒူးခေါင်း)**။ ။ ဒူးနှစ်ခုကြားတွင် ဒိုးကိုညှပ်၍လွှတ်ပြီး ပေါင်ရင်းကြီးနည်း အတိုင်းပစ်ရသည်။

**ဒူးလိမ်**။ ။ညို့မေပြုလုပ်သည့်အတိုင်း တာမှမှန်း၍လွှတ်ကာ လက်ဖြင့်လုံးဝမထိန်းဘဲ ရောက် သည့်နေရာမှ ထောင်ဒိုးကိုထိအောင် လက်ဖြင့်ပစ်ရသည်။

**ခြေမျက်စိညှပ်**။ ။ ခြေမျက်စိနှစ်ခုကြားတွင်ဒိုးကိုညှပ်ပြီးမတ်တပ်ရပ်လျှက်လွှတ်၍ ပေါင်ရင်းကြီး ပစ်သကဲ့သို့ ပစ်ရသည်။

**ဖနောင့်ဆွဲ**။ ။ ဖနောင့်နှစ်ခုကြားတွင် ဒိုးကိုညှပ်၍ ခြေမျက်စိညှပ်ကဲ့သို့ပစ်ရသည်။

**ဖဝါးလယ်**။ ။ ဖဝါးလယ်တွင် ဒိုးကိုညှပ်၍ခြေမျက်စိညှပ်အတိုင်း ပစ်ရသည်။

**ခြေမညှပ်**။ ။ခြေမနှစ်ခုကြားတွင် ဒိုးကိုညှပ်၍ယခင်နည်းအတိုင်း ပစ်ရသည်။

**ခြေမကြားညှပ်**။ ။ခြေမနှင့်ခြေလယ်ကြား ဒိုးကိုညှပ်ကာမတ်တပ်ရပ်ပြီး တာမှလှိမ့်ရသည်။ ထို့နောက် လှိမ့်လာ သည့် ဒိုးကိုလက်ဖြင့် ဖမ်းပြီးပစ်ရသည်။

**ခြေလယ်ညှပ်**။ ။ခြေလယ်နှင့်ခြေသူကြွယ်ကြားတွင် ဒိုးကိုညှပ်ကာခြေမကြီးညှပ် အတိုင်းပစ်ရသည်။

**ခြေသန်းညှပ်**။ ။ဒိုးကို ခြေသန်းနှင့်ခြေသူကြွယ်ကြားတွင်ညှပ်ကာအထက်ပါနည်းအတိုင်း ပစ်ရသည်။

**ခေါင်းတင်**။ ။ဒိုးကိုခေါင်းပေါ်တွင်အပြားလိုက်တင်၍ လက်ဖြင့်လုံးဝမကိုင်ဘဲ တာမှ တဖြည်းဖြည်း လျှောက်လာပြီး ထောင်ဒိုးအနီးသို့ရောက်သောအခါ ဦးခေါင်းညွတ်၍ပစ်ရသည်။ (ယင်းသို့ ပစ်သောအခါ ခါးကိုလုံးဝမညွှတ်စေရ။)

**ပါးတင်**။ ။ ခေါင်းကိုအနည်းငယ်စောင်းကာ ဒိုးကိုပါးပေါ်တွင်တင်၍ ခေါင်းတင်အတိုင်း ပစ်ရသည်။

**နားတင်**။ ။ဒိုးကိုနားပေါ်တွင်တင်၍အထက်ပါနည်းအတိုင်း ပစ်ရသည်။

**နဖူးတင်**။ ။ မျက်နှာကိုမော့ကာ ဒိုးကိုနဖူးပေါ်တင်၍လမ်းလျှောက်သွားပြီး ပစ်ရသည်။

http://www.dhammadownload.com



**ထမင်းပို့။** ။ဒိုးကိုခြေခုံတွင်တင်၍ ခြေတစ်ဘက်တည်းခုန်ပြီး ထောင်သွားကာ ထောင်ဒိုးကို တစ်ပတ် ပတ်ရသည်။

**နံနံတို့စား။** ။ဒိုးကိုခြေမ ကြားတွင်ညှပ်ပြီးခြေတစ်ဘက်တည်းဖြင့်ခုန်သွားကာ ထောင်ဒိုးကို တစ်ပတ် ပတ်ရသည်။ ယင်းသို့ပတ်ရာတွင်စိုက်ထားသော ထောင်ဒိုးကို မြေ၌ မလဲစေရဘဲ မိမိခြေမကြား၌ ညှပ်ထားသော ဒိုးဖြင့် ထောင်ဒိုးကိုသုံးကြိမ်တိတိတို့ပြီး ပြန်လာရသည်။ ယင်းကဲ့သို့ သုံးကြိမ် ပြုလုပ်ရ သည်။

**ပုလင်းထောင်။** ။ထောင်ဒိုးနှင့်ထိအောင် တာမှနေ၍လက်ဖြင့်ပစ်ရသည်။ မိမိပစ်သောဒိုး နှင့် ထောင်ဒိုးကို ထိပြီး၊ထောင်ဒိုးလဲကျသွားလျှင် မူလစည်းမှရှေ့သို့ တစ်တောင်စီတိုး ၍ပစ်ရသည်။ ယင်းကဲ့သို့ တစ်တောင်စီတိုး၍ပစ်ခြင်းဖြင့် တဖြည်းဖြည်းဒိုးနှင့် နီးလာပြီး၊နောက်ဆုံး တစ်တောင် အကွာတွင် ပစ်ပြီးပါက ဒိုးကစား ခြင်းတစ်ပွဲပြီးစီးလေသည်။

တစ်ဘက်နှင့်တစ်ဘက်တစ်လှည့်စီ ကစားခြင်းဖြင့်ပထမဦးစွာပြီးစီးသူကအနိုင်ရသည်။ ဒိုးကစားသည့် အခါ မိမိအတွက် သတ်မှတ်ထားသောဒိုးကိုမထိဘဲ အခြားသူများ၏ ဒိုးကိုသွားထိ ပါက **"လျှောက်ခိုးသည်"** ဟုဆိုကြသည်။ လျှောက်ခိုးသည် ဆိုသည်မှာတစ်နည်းအားဖြင့် သူများ သားမယားကိုပြစ်မှားမိခြင်း၊ မိမိ၏ ခင်ပွန်းအပြင် အခြားသူ တစ်ဦးဦး နှင့် တိတ်တဆိတ် ဖောက်ပြန် ခြင်းမျိုးကိုခေါ် သည်။ ယင်းသို့ဒိုးကစားရာ တွင်တစ်ဦးဦးလျှောက်ခိုးမိပါက တစ်ဖွဲ့ လုံးသေပြီး၊ ကျန်အဖွဲ့က ကစားရသည်။

## အောင်လူဆီးတမ်းကစားခြင်း

အောင်လူဆီးတမ်းကစားနည်းသည် ရခိုင်ရိုးရာကစားနည်း တစ်မျိုးဖြစ်သည်။ ဤကစား နည်းမှာ ဒိုးကစားနည်းကဲ့သို့ပင် အမျိုးသမီး အပျိုအရွယ်များ အုပ်စုနှစ်စုဖွဲ့၍ ကစားရသောနည်း ဖြစ်သည်။ တစ်အုပ်စု လျှင် အနည်းဆုံး (၃)ဦးမှ အထက် ကစား နိုင်သည်။ ကစားခြင်းကို လသာ သည့်ညများတွင်လမ်းမပေါ်၌လည်းကောင်း၊ မြေညီနေသော တလင်းပြင် မြေကွက်လပ်များတွင် လည်းကောင်း ကစားလေ့ရှိကြသည်။

ကစားမည့် စည်းတန်းများကို ရေဖြင့်ဖြစ်စေ၊ထုံးဖြင့်ဖြစ်စေ စည်းတားရသည်။ ဥပမာ- တစ်ဘက်တွင် ငါးယောက်ကစားမည်ဆိုပါက စည်းငါးကြောင်းတားရသည်။ ဘောင် စည်းနှစ်ခု ကိုလည်းထိပ်မှအဆုံး အထိအရှုကြောင်းထားရသည်။ ပထမဆုံးစည်းကို "ထိပ်စည်း"ဟုခေါ် ၍၊ ဒုတိယ

http://www.dhammadownload.com



စည်းကို"ဂုတ်စည်း"ဟုခေါ်သည်။ရှေ့ဆုံးထိပ်စည်းနှင့်ဂုတ် စည်းကြားတွင် ကြက်လျှာသဏ္ဍာန် ပုံဖော် ၍ ထိပ်စည်းမှတားသော လူလိုက်နိုင်ရန် ပြုလုပ်ထားရသည်။ အုပ်စုတစ်ဘက်စီတွင် ခေါင်းဆောင် တစ်ဦးစီထား၍"ဂေါင်ကြီး"ဟုခေါ်သည်။ မိမိ၏ အုပ်စုအနိုင်ရရေးအတွက် ဂေါင်သူကြီးတွင် တာဝန်အရှိဆုံးဖြစ်သည်။

ကစားသောအုပ်စု(၂)စုတွင် အုပ်စုတစ်စုကဆီးလှည့်ကျလျှင် ကျန်တစ်အုပ်စုက တာဝင် လှည့်ကျသည်။ ဆီးလှည့်ကျသော အုပ်စုကစည်းတွင်စောင့်၍ ဝင်လှည့်ကျသူများစည်း သို့ကျော်ဝင် လျှင်ဖမ်းရသည်။ဆီးလှည့်ကျသောအဖွဲ့၌ဂေါင်သူကြီးသည် ထိပ်စည်း၌ စောင့်ကာကြက်လျှာ သဏ္ဍာန် စည်းလည်းကောင်း၊ အူကြောင်းတလျှောက် စည်းလည်းကောင်း စောင့်၍ဖမ်း ရသည်။ ကျန်လူများက မိမိတာဝန်ကျသောစည်းတွင် စောင့်၍ ဝင်လာသူကိုဖမ်းရသည်။ ဆီးသူကဝင်လာသူ ကိုမိမိ၏ စည်းမှနေ၍လှမ်းပြီး ဖမ်းနိုင်-မဖမ်းနိုင်ကိုမကစားမီကပင် အုပ်စုနှစ်စုကို သဘောတူညီမှုယူ ထားရသည်။ ယင်းသဘောတူညီမှု အရလက်လှမ်း၍ ဖမ်းနိုင်လျှင် လက်လှမ်း၍ ဖမ်းပြီး၊ လက်လှမ်း၍ မဖမ်းနိုင်လျှင်မိမိစောင့်သော စည်းကိုကျော်နေသော အချိန်၌ ဖမ်းရသည်။ အကယ်၍ စည်းတစ်ခုခုတွင် ဝင်သူတစ်ဦးဦးကို ဆီးသူကဖမ်းမိလျှင် ဝင်သူအဖွဲ့သေ၍ ယင်းတို့က တပြန်ဆီးပြီး ကျန်အဖွဲ့က ဝင်ရသည်။

အောင်လူဆီးတမ်းကစားရာ၌စည်းကမ်းများသတ်မှတ်ချက်ရှိသည်။ ဘေးနှစ်ဘက်တွင်ထား သော စည်းကိုကျော်လွန်၍ မဝင်ရ၊အကယ်၍ ဘေးစည်းများကိုကျော်လျှင် "ထမင်းရေပူလောင် သည်" ဟုခေါ်၍ ယင်းအဖွဲ့တစ်ဖွဲ့လုံး ဆီးသူအဖြစ်ပြန်လုပ်ရသည်။

ဝင်သူတစ်ဦးဦးသည်စည်းတစ်ခုကိုကျော်ဝင်ပြီးနောက် ပြန်မထွက်ရ။ ထိပ်စည်းမှ ပိတ်စည်း အထိ ကျော်အောင်ဝင်ပြီးမှပြန်လှည့်ပြီး ပိတ်စည်းမှထိပ်စည်းကိုကျော်အောင်ဝင်ရသည် အကယ်၍ ထိပ်စည်းကို ကျော်ဝင်ပြီးနောက် ဂုတ်စည်းကို မကျော်ခဲ့ဘဲ ထိပ်စည်းမှနောက်သို့ ပြန်ထွက်ပါမူ "အူပြန်လည်သည်" ဟု ခေါ်၍ တစ်ဖွဲ့လုံးသေသည်။ နောက်ဆုံးစည်း ကိုအောင်မြင်ခဲ့ပြီး ပြန်ထွက် လာသောသူကို "ပြန်လူ" ဟုခေါ်သည်။

ကစားရာ၌ မိမိအုပ်စုဝင်လှည့်တွင် တစ်ဦးဦးကိုဖမ်းမိပါက ဝင်သူ တစ်ဖွဲ့လုံး သေသည်ဟု ယူဆကာ ဆီးလှည့်ပြုလုပ်ရသည်။ ဝင်သူတစ်ဦးဦးသည်ထိပ်စည်းမှပိတ်စည်းအထိ တောက်လျှောက် အဖမ်းမခံရဘဲ ဝင်သွားနိုင်ပြီးပြန်လှည့်လာလျှင်၊ "ပြန်လူလာဗျာ" ဟုအော်၍၊ပြန်လူကိုမလွတ် အောင် ဖမ်းတတ်ကြသည်။ ယင်းပြန်လူသည် ထိပ်စည်းကို ပြန်လည်၍ ကျော်လွန်အောင်မြင်လျှင်

http://www.dhammadownload.com



"အောင်လူ" ဟု ဟစ်အော်၍ထွက်ရသည်။ အောင်လျှင် တစ်ပွဲ နိုင်ပြီဖြစ်သည်။

ယင်းကဲ့သို့ကစားကြ၍ အုပ်စုတစ်ဖွဲ့ကအနိုင်ရလျှင် နိုင်သူကရှုံးသူကိုလှောင်ပြောင်၍ စကားစစ်ထိုးကြသည်။"တစ်ပွဲတင်ကြောင်မလင်၊ပတ်စာထိုးကြိုးမလင်"စသည်ဖြင့် တစ်ဘက်သား မခံချင်အောင်စ,တတ်ကြသည်။ အောင်လူဆီးတမ်းကစားပွဲနှင့် ဒိုးကစားပွဲများသည် လူအများ စည်ကားစွာလာရောက်ကြည့်ရှု အားပေးကြသည့်ဒေသလိုက်၊ကျေးလက်ကစားပွဲများ ဖြစ်ကြပေသည်။

## ဒေါင်းပြောက်ခုန်တမ်းကစားနည်း

ရခိုင်ကျေးလက်အမျိုးသမီးငယ်များ၏ ကစားနည်းတစ်မျိုးဖြစ်သည်။ လူ(၄)ယောက်မှ(၁၀)ယောက်အထိကစားနိုင်သည်။ဤကစားနည်းမှာတစ်ဦးချင်းကျွမ်းကျင်မှုကို ပိုမို အလေးပေးသည်။ ပထမဦးစွာ "အပုပ်တိုင်" ချိုး၍ အပုပ်ကျသူ(ခံလှည့်ကျသူ) နှစ်ဦးအား မျက်နှာချင်းဆိုင် ခြေဆန့်ထိုင်ပြီး ခြေဖျားချင်း ထိထားရသည်။ ယင်းလူများက ယင်းကိုခုန်ကြရသည်။

**ကန်တော်ကြီး။** ။ ခြေကို အကျယ် ဆုံး ဆန့် ၍ ထား ရ သည်။ ကစားသူကတစ်လှည့်စွားချင်းခုန်ရသည်။**ကန်တော်ချေ။** ။ ထိထားသောခြေကိုအနည်းငယ်ကျဉ်းလိုက်ပြီးယခင်ကကဲ့သို့ခုန်ရသည်။

**ခြေနှစ်ဆင့်။** ။ထိုင်လှည့်ကျသူနှစ်ဦးသည် မိမိဆန့်ထားသော ခြေတစ်ချောင်း၏ ခြေထောက်များပေါ်တွင် ကျန်တစ်ချောင်း၏ ခြေဖနောင့်များကိုတင်ထားရသည်။ ခုန်လှည့်ကျသူများက ယင်းကိုခုန်ကျော်ကြသည်။

**တပွင့်။** ။ယင်းသို့ခြေနှစ်ချောင်းဆင့်ထားသောအပေါ်၌ လက်ဖဝါးကိုဖြန့်၍လက်မနှင့်ခြေဖျားများထိ ကွေ့ကာထောက်ထား၍ခုန်စေသည်။

**တပွင့်တင်။** ။အထက်ပါအတိုင်းလက်ဖဝါးတစ်ဘက်ကိုဖြန့်၍ ထောင်ထားသောအပေါ်ကျန်တစ်ဘက်ကို လက်သီးဆုပ်ဆုပ်ပြီး တင်ထားသည်။ တစ်နည်းအားဖြင့်လက်ဝါးခြင်းမှာ တပွင့်ဟုယူဆ၍၊ လက်သီးဆုပ်ကို ပန်းပွင့်တင်ဟုယူဆကာတပွင့်တင် ဟုခေါ်ခြင်းဖြစ်သည်။

**နှစ်ပွင့်။** ။ တပွင့်တင်ပြီးနောက်လက်ဖဝါးနှစ်ဘက်ကိုဖြန့်လျှက်တစ်ဘက်၏လက်သန်းပေါ်တွင်ကျန်တစ် ဘက်၏လက်မကို တင်ထားလျှက်ခုန်ရသည်။

**ဒေါက်ခုန်။** ။ထိုင်နေသူနှစ်ဦး ခြေနှစ်ဘက်ကိုဆန့်ထားသည်ကို ခုန်သူများကခြေတစ်ဘက်ကို

http://www.dhammadownload.com



မ,ကိုင်၍ ကျန်ခြေတစ်ဘက်တည်းဖြင့်ခုန်ရသည်။ ယင်းသို့ခုန်ရာတွင်တစ်ဘက်မှတစ်ဘက်ကို ကျော်ဖြတ် စည်းတားထားသော ခြေနှစ်ချောင်းအတွင်း၌ ခြေထောက်တစ်ခေါက်တည်းသာ ထောက်၍ ခုန်ရ သည်။ အကယ်၍ ယင်းအတွင်း၌ခြေထောက်ကိုနှစ်ခေါက်ချ၍ခုန်လျှင် "သေသည်" ဟုခေါ်သည်။ ယင်းသို့သေသူသည် ထိုင်လှည့်သို့ရောက်၍ကျန်သူများခုန်စေရန် ထိုင်ပေးရသည်။

**ဒူးကိုင်။** ။ထိုင်နေသူနှစ်ဦးသည် အထက်ပါနည်းအတိုင်း ခြေကိုကားထား၍၊ ခုန်သူက ဒူးတစ်ဘက်ကို နောက်သို့ကွေး၍၊လက်တစ်ဘက်ဖြင့်ဒူးကို မ,ကိုင်၍ခြေတစ်ဘက်တည်းဖြင့် ဒေါက်ခုန် ခုန်ရသည်။

**ကုလားထိုင်။** ။ ဘယ်ဘက်ခြေထောက်များကို ညာခြေထောက်ဒူးဆစ်နောက်သို့ကွေး၍ ဘယ်လက်ဖြင့် ထိန်းကာ ဒေါက်ခုန်ခုန်ရသည်။

**ကုလားထိုင်နောက်ပြန်။** ။ဘယ်ခြေထောက်များကို ညာခြေထောက် ဒူးဆစ်နောက်သို့ ကွေးတင်၍ ညာလက်ဖြင့် ထိန်းကာ ဒေါက်ခုန်ခုန်ရသည်။

**ဖယောင်းတိုင်။** ။ဖယောင်းတိုင်ပုံထောင်ထားသောညာလက်ကို ဘယ်လက်ဖြင့်ကိုင်၍ မတ်ရပ်စုံ ခုန်ကာ ကျော်ရသည်။

**ဝမ်းကြီး၊ဝမ်းလတ်၊ဝမ်းချေ။** ။လက်နှစ်ဘက်ရှေ့တွင်ဝိုင်း၍ဝမ်းပုံသဏ္ဍာန်ပြုလုပ်ကာ စုံခုန်၍ ဖြတ်ကျော် ရသည်။

**အချေရွက်။** ။ရင်ဘတ်၌လက်နှစ်ဘက်ယှဉ်လျှက်ကလေးချီထားသည့်ပုံသဏ္ဍာန်ပြုလုပ်၍ စုံခုန်ကာ ကျော်ရသည်။

**ရီချိုး၊သနပ်ခါးလိမ်း၊မှန်ကြည့်။** ။ခြေဆန့်ထားသည်ကိုဒေါက်ခုန်ခုန်ရ၍ ကျော်ဖြတ်

http://www.dhammadownload.com



ရာ၌ ရေချိုးဟန်၊ သနပ်ခါးလိမ်းဟန်နှင့် မှန်ကြည့်ဟန်သဏ္ဍာန်လုပ်ရသည်။

## အခန်း (၈)

## ရခိုင်သမိုင်းဆိုင်ရာ သုတေသီအချို့ ၏ အမြင်နှင့် ကျမ်းပြုသူ သုံးသပ်ချက်များ

### ဝေသာလီကျောက်တိုင် အနောက်ဘက်မျက်နှာပါ အာနန္ဒစန္ဒြကျောက်စာအပေါ် သုံးသပ်ချက်

"ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှု မြေကြီးကသက်သေတည့်သရွေ့"စာအုပ်တွင် ရခိုင်ရာဇဝင်အကြောင်းပါ အချက်အလက် ကို Dr. Sircar ၏ အာနန္ဒစန္ဒြကျောက်စာပါ ပထမဇယားနှင့် သက္ကရာဇ်အလိုက် နှိုင်းယှဉ်ပြ၍လည်းကောင်း၊ ထိုအချက်များကို ဆွေးနွေး၍လည်းကောင်း၊ သုံးသပ်ချက်ပြုလုပ်၍လည်ကောင်း ရေးသားဖော်ပြလိုပါ၍ ထိုနှိုင်းယှဉ်ချက်ဇယား ဆွေးနွေးချက်နှင့် သုံးသပ်ချက်များမှ ကောက်နှုတ်လျှက် အောက်ပါအတိုင်း ဖော်ပြပါသည်။

http://www.dhammadownload.com



## ရာလမာယုမှစတင်ဖော်ပြသော တတိယဓညဝတီခေတ် နှင့် အာနန္ဒစန္ဒြကျောက်စာ ပထမဇယားမင်းဆက် တို့၏ နှိုင်းယှဉ်ချက်ဇယား

| စဉ် | မင်းအမည် | နန်းစံနှစ် | မဟာ (သို့) သာသနာ | ကောဇာ | ဂေါတမပူရာဏ်အခြေခံခရစ် | Vikram အခြေခံခရစ် | Dr.Sircar ခန့်မှန်း ခရစ် | Dr.Sircar ခန့်မှန်း နန်းစံနှစ် | မင်းအမည် အာနန္ဒစန္ဒြကျောက်စာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၈၆၂၃ | | ဘီစီ | ဘီစီ | ဘီစီ | | | |
| ၁။ | ရာလမာယု | ၂၂ | ၈၆၄၅/၁ | - | ၆၇၇ | ၆၃၈ | ၆၃၈ | ၁၂၀ | ပျက် | (ပ)ကြိမ် သက္ကရာဇ်ဖြို |
| ၂။ | နာလမာယု | ၃၀ | ၃၃ | - | ၆၄၆ | ၆၀၇ | | | | |
| ၃။ | ဝရတကုန် | ၂၂ | ၅၅ | - | ၆၂၄ | ၅၈၅ | | | | |
| ၄။ | ဝိသုရာဇာ | ၁၂ | ၆၇ | - | ၆၀၂ | ၅၇၃ | | | | |
| ၅။ | သီရိရာဇာ | ၃၀ | ၉၇<br>၁၄၈/၁ | -<br>- | ၅၈၂<br>၅၃၀ | ၅၄၃<br>၄၉၂ | ၅၁၈ | ၁၂၀ | ပျက် | •(ဒု)ကြိမ် သက္ကရာဇ်ဖြို |
| ၆။ | စန္ဒသူရိယ | ၅၂ | ၂ | ၂ | ၅၃၀ | ၄၉၁ | | | | |
| ၇။ | သူရိယမိပတိ | ၄၇ | ၄၉ | ၄၉ | ၄၈၃ | ၄၄၄ | ၃၉၈ | ၁၂၀ | ပျက် | |
| ၈။ | သူရိယပတိ ပါတိ | ၅၆ | ၁၀၅ | ၁၀၅ | ၄၂၇ | ၃၈၈ | | | | |
| ၉။ | သူရိယရူပ | ၄၅ | ၁၅၀ | ၁၅၀ | ၃၈၂ | ၃၄၃ | | | | |
| ၁၀။ | သူရိယ စန္ဒာလ | ၆၄ | ၂၁၄<br>၂၁၈ | ၂၁၄<br>၂၁၈ | ၃၁၈<br>၃၁၄ | ၂၇၉<br>၂၇၅ | ၂၇၈<br>၂၇၄ | ၁၂၀ | ပျက် | Asokaနန်းတက် |
| ၁၁။ | သူရိယစက္က | ၄၄ | ၂၅၈ | ၂၅၈ | ၂၇၄ | ၂၃၅ | | | | |
| ၁၂။ | သူရိယနာထ | ၄၂ | ၃၀၀ | ၃၀၀ | ၂၃၂ | ၁၉၃ | | | | |
| ၁၃။ | သူရိယဝံသ | ၄၀ | ၃၄၀ | ၃၄၀ | ၁၉၂ | ၁၅၃ | ၁၅၈ | ၁၂၀ | ဗဟုဗလိ | |
| ၁၄။ | သူရိယဗန္ဓ | ၂၆ | ၃၆၆ | ၃၆၆ | ၁၆၆ | ၁၂၇ | | | | |
| ၁၅။ | သူရိယ ကလျာဏ | ၃၈ | ၄၀၄ | ၄၀၄ | ၁၂၈ | ၈၉ | | | | |

http://www.dhammadownload.com



| စဉ် | မင်းအမည် | နန်းစံနှစ် | မဟာ(သို့)သာသနာ | ကောဇာ | ဂေါတမပူရာဏ်အခြေခံခရစ် | Vikram အခြေခံခရစ် | Dr.Sircar ခန့်မှန်း ခရစ် | Dr.Sircar ခန့်မှန်း နန်းစံနှစ် | မင်းအမည် အာနန္ဒစန္ဒြကျောက်စာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁၆။ | သူရိယမုခ | ၃၀ | ၄၇၄ | ၄၇၄ | ၉၈ | ၅၉ | | | | |
| | | | | | | | ၃၈ | ၁၂၀ | ရယုပတိ | |
| ၁၇။ | သူရိယတေဇ | ၅၀ | ၄၈၄ | ၄၈၄ | ၄၈ | ၉ | | | | |
| ၁၈။ | သူရိယပုည | ၃၅ | ၅၁၉ | ၅၁၉ | ၁၃ | ၂၆အေဒီ | | | | |
| ၁၉။ | သူရိယကုလ | ၃၆ | ၅၅၅ | ၅၅၅ | ၂၃အေဒီ | ၆၂ | | | | |
| | | | | | | | ၈၂ | ၁၂၀ | ပျက် | |
| ၂၀။ | သူရိယပဘာ | ၅၄ | ၆၀၉/၁ံ | ၁ | ၇၇ | ၁၁၆ | | | | |
| ၂၁။ | သူရိယစိတြ | ၃၆ | ၆၄၅ | ၇၇ | ၁၁၃ | ၁၅၂ | | | | |
| ၂၂။ | သူရိယဇေ္ဓ | ၂၂ | ၆၆၇ | ၅၉ | ၁၃၅ | ၁၇၄ | | | | |
| ၂၃။ | သူရိယဝိမလ | ၁၈ | ၆၈၅ | ၇၇ | ၁၅၃ | ၁၉၂ | | | | |
| | | | | | | | ၂၀၂ | ၂၇ | စန္ဒြာဒယ | |
| ၂၄။ | သူရိယရေနု | ၂၂ | ၇၀၇ | | ၉၉ | ၁၇၅ | ၂၁၄ | | | |
| ၂၅။ | သူရိယဝံသ | ၁၆ | ၇၂၃ | ၁၁၅ | ၁၉၁ | ၂၃၀ | ၂၂၉ | ၅ | အဏ္ဏဝေကမင်းများ | |
| ၂၆။ | သူရိယသကျ | ၈ | ၇၃၁ | ၁၂၃ | ၁၉၉ | ၂၃၈ | ၂၃၄ | ၇၇ | ပျက် | |
| ၂၇။ | သူရိယသီရိ | ၂၀ | ၇၅၁ | ၁၄၃ | ၂၁၉ | ၂၅၈ | | | | |
| ၂၈။ | သူရိယကေသီ | ၁၉ | ၇၇၀ | ၁၆၂ | ၂၃၈ | ၂၇၇ | | | | |
| ၂၉။ | သူရိယကုမ္မာ | ၃၂ | ၈၀၂ | ၁၉၄ | ၂၇၀ | ၃၀၉ | ၃၁၁ | ၂၃ | ရိုဘျပွေါ | |
| | | | | | | | ၃၃၄ | ၇ | ကုရောမိဒေဝိမိဖုရား | |
| | | | | | | | ၃၄၁ | ၂၀ | ဥပဝိရာ | |
| ၃၀။ | သူရိယကေတု | ၅၄ | ၈၅၆ | ၂၄၈ | ၃၂၄ | ၃၆၃ | ၃၆၁ | ၇ | ဇူဠ | |
| | | | | | | | ၃၆၈ | ၂ | လကီ | |
| | | | | | | | ၃၇၀ | | | ဦးမြင့်ဆွေနှစ်ပေါင်း |
| | နှစ်ပေါင်း | ၁၀၂၃ | | | | | နှစ်ပေါင်း | ၁၀၀၈ | | ၁၀၁၆ဟုယူဆသည် |
| | | | | | | | | | | အာနန္ဒစန္ဒြသက္ကတ |
| | | | | | | | | | | ကျောက်စာ။စာ-၉ |

http://www.dhammadownload.com



ဖော်ပြရာတွင် သက္ကရာဇ်ဖြင့် ယှဉ်၍ဖော်ပြထားချက် စသည့်များအပြင် နောက်ဆုံးသုံးသပ်ချက်များမှ ကောက်နှုတ်ချက် အချို့ကိုပါ အောက်ပါအတိုင်း တင်ပြပါမည်။

ရခိုင်သမိုင်းကို မှတ်တမ်းတင်ခဲ့သော ရာဇဝင်၊ စာပေ၊ ကဗျာ၊ လင်္ကာ အထောက်အထားများ[၁] အရ ရှေးဟောင်းရခိုင်သမိုင်းတွင် သက္ကရာဇ်ဖြိုခြင်း လေးကြိမ်ရှိခဲ့ကြောင်း တွေ့ရပေသည်။ ပထမဆုံးအကြိမ်အနေဖြင့် ဒုတိယဓညဝတီခေတ် နှစ်ဆယ့်လေးဆက် ရာလမာယုမင်းသည် မိဘာစံဇီကိန်း (၈၆၄၅) ခုနှစ်ကို ဖြိုခဲ့သည်။ ထိုကိန်း (ကုသမင်း သက္ကရာဇ် ၈၆၄၅) ကိုပင် ဘိုးတော်အဉ္စနမင်းကြီး (မြတ်စွာဘုရား၏အဘိုး)သည် နဝစန္ဒေကိန်းအဖြစ်ဖြိုခဲ့သည်။ ထိုဖြိုကြွင်း သက္ကရာဇ်ကိုမဟာ သက္ကရာဇ်အဖြစ် ရေတွက်ခဲ့ကြသည်။ဗုဒ္ဓမြတ်စွာသည် ထိုမဟာသက္ကရာဇ် ၆၈ တွင် ဖွားမြင် သည်။ မဟာသက္ကရာဇ် ၁၀၃ တွင် ဘုရားဖြစ်တော်မူသည်။ မဟာသက္ကရာဇ် ၁၄၈ တွင် ပရိနိဗ္ဗာန်စံ သည်။ ထိုနှစ် (၁၄၈) ကို မဇ္ဈိမဒေသ (အိန္ဒိယ) မှ အဇာတသတ်မင်းသည် ပဿူးစတုရူပကိန်းအဖြစ် ဖြိုကာ သာသနာ သက္ကရာဇ်ကို စတင်သကဲ့သို့ တတိယဓညဝတီခေတ်စန္ဒသူရိယမင်းသည် ဇီဝကကိန်းအဖြစ် (၁၄၈) ကိုပင်ဖြိုကာ ကောဇာသက္ကရာဇ်ကို စတင်ခဲ့သည်။[၂] ကောဇာသက္ကရာဇ်ကို (၁)မှစတင်ရေတွက်လာခဲ့ရာ တတိယဓညဝတီခေတ် (၁၆) ဆက်မြောက် သူရိယစိတြမင်း လက်ထက်ကောဇာ (၆၀၉) တွင် ခနဥ္စကိန်းအဖြစ် ဖြိုခဲ့သည်။ ထိုမှတဖန် ကောဇာသက္ကရာဇ်ကို စတင်ရေတွက်လာရာ နှစ်ပေါင်း (၅၆၀) ရောက်သော အခါ ဝေသာလီခေတ် သီရိစန္ဒြားမင်းက ဥတ္တမကိန်းပြုကာ စတုတ္ထနှင့် နောက်ဆုံးအကြိမ်အဖြစ် ဖြိုခဲ့သည်။ ထို့ကြောင့် ရခိုင် ကောဇာသက္ကရာဇ်သည် သာသနာသက္ကရာဇ်အောက် (၆၀၉ + ၅၆၀ = ၁၁၆၉) ယုတ်လျော့ခဲ့သည်။

လက်ရှိအသုံးပြုသော ကောဇာသက္ကရာဇ် ၁၃၆၉ ခုနှစ်သည် ဥတ္တမကိန်း (၅၆၀)ကို ဖြိုသော

---

၁။ (က) မေဓပညာမော်ကွန်းလင်္ကာ(ပေမူ)(အေဒီ ၆၇၈-၆၉၄)အတွင်းရေးစပ်ခဲ့သည်။
(ခ) လေးမြို့ခေတ်ဖွဲ့"ရခိုင်သာစွလေကဗျာ"(သာသနာသက္ကရာဇ် ၁၂၀၀-၁၂၆၀) အတွင်း။
(ဂ) မဟာမုနိရုပ်ပွားတော် သွန်းလုပ်ခန်းလင်္ကာ။
(ဃ) အောင်သာဦး၊ ဦး၊ (၁၉၉၅)၊ သာသနာသက္ကရာဇ်နှင့်ပတ်သက်၍ သုတေသီတို့၏ အယူအဆများ၊ ရခိုင်မဂ္ဂဇင်း။ (ဝေသာလီအထူးထုတ်)စာ ၁၁၃-၁၂၂။

၂။ မှုကွဲတစ်ရပ်အနေဖြင့် တတိယအကြိမ် သက္ကရာဇ်ဖြိုမင်းမှာ တတိယဓညဝတီခေတ် (၁၅)ဆက်မြောက် သူရိယပဘာမင်း၊ (ကောဇာ ၅၅၅-၆၀၉)ဖြစ်သည်ဟုဆိုသည်။ ၎င်းလက်ထက်သက္ကရာဇ် ၆၀၉ ကိုဖြို၍ အသစ်ပြန်စသက္ကရာဇ်ဖြိုခြင်း မှတ်တမ်းတင်ရာ၌ မင်းအမည်ကွဲပြားသော်လည်း အဓိပ္ပါယ်မှာအတူတူပင်ဖြစ်သည်။ ဦးသာထွန်းဦး၊ ၁၉၄၄၊ "ရခိုင့်တန်ဆောင်ဆောင်းပါးများ" တက်လမ်းစာပေ၊ ရန်ကုန်။

http://www.dhammadownload.com



နှစ်မှ ယခုအချိန်ထိ တိုင်အောင် ရေတွက်ထားသော နှစ်အရေအတွက်ဖြစ်သည်။ တစ်နည်းအားဖြင့် နောက်ဆုံး အကြိမ်သက္ကရာဇ်ဖြိုကြွင်းနှစ်မှ ယနေ့ထိတိုင် အချိန်ကာလကွာခြားမှုဖြစ်သည်။ ကိန်းသေ (၆၃၈) ကို နောက်ဆုံးအကြိမ် သက္ကရာဇ်ဖြိုးပြီးနောက် တိုးတက်ရေတွက်လာသောကောဇာ သက္ကရာဇ် များအား ခရစ်သက္ကရာဇ်ဖြင့် ဖော်ပြရာတွင်သာ အသုံးပြုနိုင်သည်။ ယင်း ကိန်းသေကို စတုတ္ထအကြိမ် သက္ကရာဇ်ဖြိုခြင်းမတိုင်မီ ကောဇာသက္ကရာဇ်များအား ခရစ်သက္ကရာဇ်ပြ ရာတွင် အသုံးပြုပါက မှားယွင်းမည်ဖြစ်သည်။

အာသောကနန်းတက်နှစ်ကို အခြေခံ၍တွက်ချက်သော ဗုဒ္ဓပရိနိဗ္ဗာန်ပြုနှစ် (သို့) သာသနာ နှစ် (၁)စတင်သော ပြက္ခဒိန်စနစ်သည် အာနန္ဒစန္ဒြကျောက်စာသက္ကရာဇ်ကို ခန့်မှန်းခဲ့သူ ဒေါက်တာ ဆာကား၏ ခရစ်သက္ကရာဇ်တွက်ချက်မှုများ နှင့် လွန်စွာနီးစပ်မှုရှိသည်ကို တွေ့ရသည်။ ဒေါက်တာ ဆာကားအနေဖြင့် အာသောကအခြေခံပြက္ခဒိန်စံနစ်ကို အသုံးပြု၍ ကျောက်စ..ပါ နန်းစံနှစ်တို့ကို တွက်ချက်ခန့်မှန်းခဲ့သည်ဟု ယူဆမိပါသည်။ ရခိုင်ရာဇဝင်အရ ရခိုင်ကောဇာ ၂၄၉၊ သာသနာ သက္ကရာဇ် ၈၅၈ တွင် ဝေသာလီကို စတင်တည်ထောင်သည်ဟု ရရှိပါသည်။ ယင်းသက္ကရာဇ်သည် ဒေါက်တာဆားကား၏ မှန်းဆချက် ဝေသာလီတည် အေဒီ ၃၇၀ နှင့် အလွန်နီးစပ်နေသည်ကို တွေ့ရသည်။ ရခိုင်ရာဇဝင်မှ ကောဇာ ၅၆၀ တွင် သက္ကရာဇ်ဖြိုသော ဝေသာလီသီရိစန္ဒြားမင်းသည် အနန္ဒစန္ဒြ ကျောက်စာပါ မင်းဓမ္မဝိဇယနှင့် တိုက်ဆိုင်နေပါသည်။ အာသောကအခြေခံစနစ်ဖြင့် တွက်ချက်သော် သီရိစန္ဒြားမင်း သက္ကရာဇ်ဖြိုသောနှစ်မှာ ခရစ်အေဒီ ၆၇၇ ဖြစ်သည်ကို တွေ့ရပါ သည်။ တစ်နည်းအားဖြင့် နောက်ဆုံးအကြိမ် သက္ကရာဇ်ဖြိုပြီးနောက် အသစ်ရေတွက်သော ရခိုင်ကောဇာ (၁)သည် ခရစ်အေဒီ ၆၇၇ နှင့် ညီမျှသည်ဟု ဆိုနိုင်ပါသည်။

အသောကနန်းတက်နှစ်ကို အခြေခံ၍ တွက်ချက်သောစံနစ်ဖြင့်ပင် ရခိုင်ရာဇဝင်ပါ ပထမ ဆုံးအကြိမ် သက္ကရာဇ်ဖြိုသည့်နှစ်ကို ခရစ်သက္ကရာဇ်ဖြင့် ချိန်ထိုးကြည့်နိုင်ပါသည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြု မဟာ (၁၄၈) တွင် မဇ္ဈိမမှ အဇာတသတ်မင်း သက္ကရာဇ်ဖြို၍ သာသနာ (၁) ဟု စတင်ရေတွက်ခဲ့ သည်နှင့် အသောကနန်းတက်နှစ် အခြေခံဗုဒ္ဓပရိနိဗ္ဗာန်ပြု ဘီစီ ၄၉၂ ကို လက်ခံလျှင်-

မဟာ (၁၄၈) -သာသနာ (၁) = ခရစ် ၄၉၂ ဘီစီ

မဟာ ၁၄၈ + ၄၉၂ နှစ် = သာသနာ ၁ + ၄၉၂ နှစ် = ၄၉၂ ဘီစီ -၄၉၂ နှစ်

မဟာ ၆၄၀ = သာသနာ ၄၉၃ နှစ် = ခရစ် ၁ အေဒီ

မဟာသက္ကရာဇ် (၂) တွင် ရာလမာယုမင်း သက္ကရာဇ်ဖြိုသည်။

http://www.dhammadownload.com



မဟာ ၆၄၀ = ခရစ် ၁ အေဒီ

မဟာ ၆၄၀- ၆၃၈ နှစ် = ခရစ် ၁အေဒီ -၆၃၈ နှစ်

မဟာ ၂ = ၆၃၇ ဘီစီ ရရှိပါသည်။[၁]

ရခိုင်ရာဇဝင်အရ ရာလမာယုမင်း ပထမအကြိမ် သက္ကရာဇ်ဖြိုသောနှစ်သည် ခရစ်သက္ကရာဇ် ၆၃၈ ဘီစီနှင့် တိုက်ဆိုင်ကြောင်း ယူဆနိုင်ပါသည်။ စန္ဒသူရိယမင်း ဒုတိယအကြိမ် သက္ကရာဇ်ဖြိုသော ဘီစီ ၄၉၂နှင့် တိုက်ဆိုင်ပြီး၊ သူရိယစိတြမင်း၊ တတိယအကြိမ် သက္ကရာဇ်ဖြိုနှစ်သည်၊ခရစ် ၁၁၆ အေဒီ၊ သီရိစန္ဒြမင်း စတုတ္ထအကြိမ် သက္ကရာဇ်ဖြိုသည့်နှစ် ခရာဇ် ၆၇၇ အေဒီနှင့် တိုက်ဆိုင်နေသည်ကိုတွေ့ ရှိရပါသည်။ ဤသို့ သက္ကရာဇ်ဖြိုခြင်းများကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ရခိုင်မင်းတို့ သက္ကရာဇ်ဖြိုခဲ့သည်မှာ စာပေ လက်ာများနှင့် အသောက အခြေခံတွက်ချက်မှုများဖြင့် အထင်ရှားဆုံးရှိနေပါသည်။ သက္ကရာဇ် ဖြိုသောနှစ်များ၊ ကောဇာနှစ် များနှင့် ခရစ်နှစ်တိုက်ဆိုင် တွက်ချက်ခြင်းများမှာ ခုနှစ်အတိအကျအားဖြင့် မှားယွင်းမှုရှိကောင်း ရှိမည် ဖြစ်သော်လည်း ယင်းသက္ကရာဇ်ဖြိုခြင်းများကြောင့် အနောက်တိုင်းသုတေသီတို့၏ အတွေးအမြင်ဖြင့် ခရစ်သက္ကရာဇ်နှင့် ရခိုင်ကောဇာသက္ကရာဇ်များကို နှိုင်းယှဉ်ချိန် ထိုးကြသောအခါ ရခိုင်ရာဇဝင်တို့၏ ခေတ်များပိုင်းခြားရေတွက်မှုနှင့် မကိုက်ညီတော့ သည်ကိုတွေ့ရသည်။

---

၁။ ရာ ဇက္ကမ (၁၉၆၉ )၊ စာ ၁၃-၁၅။ နှင့် အာသောကနန်းတက်နှစ်သည် မဟာဝံသကျမ်းအရ သာသနာ ၂၁၈ နှစ်ဖြစ်သည်ဟူသော အဆိုဖြင့် ဗုဒ္ဓပရိနိဗ္ဗာန်ပြု နှစ်ကို တွက်ချက်ယူရာတွင် အားနည်းချက်များ ရှိပါသည်။

(က) အသောကနန်းတက်နှစ်ကို အတိအကျမသတ်မှတ်နိုင်ခြင်း၊ အသောကနန်းတက်နှစ်ကို အိန္ဒိယသမိုင်းသုတေသီပညာရှင်များက ဘီစီ ၂၆၈ မှ ၂၇၄ အတွင်း ဟုသော ခန့်မှန်းနိုင်ကြသည်။

(ခ) မဟာဝံသကျမ်းအရ အာသောကနန်းတက်နှစ်နှင့် ဘိသိက်ခံနှစ် မကွဲပြာခြင်း၊ အသောကမင်းသည် နန်းတက်ပြီး (၄) နှစ်အကြာတွင်မှ ဘိသိက်ခံသည်ဟု သိရှိရရာ နန်းတက်နှစ်နှင့်ဘိသိက်ခံနှစ် မတူညီသည်ကို သတိပြုပေမည်။ ထိုကြောင့် ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်ပြုနှစ်သည် ဘီစီ ၄၈၃ မှ ၄၉၂ အတွင်း ကွာဟနှစ်(၁၀)နှစ် ရှိနေပါသည်။

http://www.dhammadownload.com



## ရာလမာယု ပထမအကြိမ် သက္ကရာဇ်ဖြိုပြီးနောက် ဓညဝတီခေတ်

ရခိုင်ရာဇဝင်များအရ ဓညဝတီခေတ် (၃) ခေတ်ရှိခဲ့ကြောင်း သိရသည်။ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီမှ သုတေသနပြုကာ ပြုစုခဲ့သော ပြည်နယ်ဖြစ်စဉ်သမိုင်း (၁၉၈၄)တွင် ဒုတိယ ဓညဝတီခေတ် ဘီစီ ၁၅၀၇ မှ ဘီစီ ၅၈၀၊ မြို့တော်ခေတ် သက်တမ်း ၉၂၇ နှစ်နှင့် မင်းဆက် (၂၈)ဆက်ဟု ဖော်ပြထားသည်။ မကြာသေးမီက (၂၀၀၃ ခု၊ အောက်တိုဘာလ) ရှေးဟောင်း သုတေသနဌာနမှ ဓညဝတီမြို့တော်ဟောင်း ရှာဖွေတူးဖော်မှုများပြုလုပ်ခဲ့ရာ ဓညဝတီ မြို့တော် ဟောင်း၏ နန်းမြို့ရိုး၊ မြို့ရိုး၊ နန်းတော်ဂိတ်၊ ကျောက်လှေခါးခုံများကို တူးဖော်ရရှိသည်ဟုသိရသည်။ ထို့ကြောင့်ဓညဝတီ မြို့တော်အား အနောက်တိုင်းသုတေသီတို့၏ အလိုတော်အရ ဒဏ္ဍာရီပုံပြင်မှ မြို့တော်ဟု ကောက် ချက်ချလက်ခံရန် မဖြစ်တော့သည်ကို တွေ့ရပေမည်။[1]

အာနန္ဒစန္ဒြကျောက်စာအရ ဝေသာလီစတင်နှစ် အေဒီ ၃၇၀ (ဒေါက်တာဆာကား အလို) မတိုင်မီနှစ်ပေါင်း ၁၀၁၆ နှစ်ရှည်လျားသော ပထမမင်းဆက်ကိုဖော်ပြထားရာ ယင်းမင်းဆက်သည် ရာဇဝင်အလိုအရ ဓညဝတီခေတ်ဖြစ်နိုင်ပေသည်။ တိုက်ဆိုင်မှု ပထမအဆင့်အနေဖြင့် ကျောက်စာ တွင် စတင်မှတ်တမ်းတင်သည်ဟု ယူဆရသောမင်း (ဂါထာအမှတ် ၄ မှာ အနှစ်-၁၂၀ စိုးစံသော မင်း)[2] (အမည်ပျက်နေ၍ ဖတ်မရသော) သည် ဖော်ပြခဲ့သော ဓညဝတီခေတ် ဇယားအရ အသောကအခြေခံစနစ်ဖြင့် တွက်ချက်ယူထားသော ရခိုင်ရာဇဝင်အလို ရာလမာယု သက္ကရာဇ် ဖြို၍ မဟာသက္ကရာဇ်စတင်နှစ် ဘီစီ ၆၃၈နှင့် အတူတူဖြစ်ခြင်း ဖြစ်သည်။ ဒုတိယ အချက် အနေဖြင့် ကျောက်စာပါဂါထာအမှတ် (၆) မင်းအမည်ဖတ်မရသော မင်းသည် ခရစ်ဘီစီ ၂၇၈ နှင့် တိုက်ဆိုင် နေပြီး ရာဇဝင်မှ အသောကမင်းနှင့်ခေတ်ပြိုင်သူရိယစက္ကမင်း ဘီစီ (၂၇၈-၂၃၅) (သာသနာနှင့် ကောဇာ ၂၁၄-၂၅၈) နှင့် အတူတူဖြစ်နေပါသည်။ ဗုဒ္ဓဝင်နှင့် သီဟိုဠ် မဟာဝံသ ကျမ်းများအရ

---

၁။ ယခုစာတမ်းတွင် သက္ကရာဇ်ဖြိုခြင်းနှင့် ပတ်သက်၍ သက္ကရာဇ်အမှားအမှန် ဆန်းစစ်ခြင်းဖြစ်ရာ ရာလမာယု ပထမအကြိမ် သက္ကရာဇ်ဖြိုသည့် ဒုတိယဓညဝတီခေတ် (ရခိုင်ရာဇဝင်များ၏အဆို)မှ စတင်၍ လေ့လာ ဆန်းစစ်သွားမည်ဖြစ်ပါသည်။

၂။ Shwe Zan U (2004) Golden Mrauk- U Yangon , Cho Tay Than Sarpay, P 168 ( Hereafter this will be referred to as a Shwe Zan, Mrauk-U)

http://www.dhammadownload.com



သာသနာ ၂၁၈ သည် ခရစ်ဘီစီ ၂၇၄ (အသောကနန်းတက်နှစ်)နှင့် ကိုက်ညီကြောင်း အိန္ဒိယသမိုင်း ပညာရှင်တို့ တွက်ချက်မှုများနှင့် တိကျစွာ ကိုက်ညီနေသည်ကို တွေ့ရပါသည်။[၁] ထို့ပြင် ကျောက်စာ အရပထမမင်းဆက်၏ နန်းစံနှစ်ပေါင်းကို ဦးမြင့်ဆွေက (၁၀၁၆) နှစ်ဟု ပြန်ဆိုပြီး၊ ရခိုင်ရာဇဝင် တွင် ရာလမာယု သက္ကရာဇ်ဖြိုသည်မှ တတိယဓညဝတီ ကုန်ဆုံးနှစ်အထိ နန်းစံနှစ်ပေါင်း(၁၀၂၃)နှစ် ရှိရာ၊ (၇)နှစ်သာခြားနားချက်ရှိသည်ကို တွေ့ရသည်။[၁]

ရခိုင်သမိုင်းကို အင်္ဂလိပ်ဘာသာဖြင့် စတင်ရေးသားပြုစုသူ၊ ရခိုင်ကောဇာသက္ကရာဇ်ကို ခရစ်သက္ကရာဇ်ဖြင့် နှိုင်းယှဉ်ပြခဲ့သူ ဆာအာသာဖယ်ယာ၏ ရခိုင်မင်းစဉ်သက္ကရာဇ်ကိုသာ အများ အားဖြင့် အတည်ပြုလက်ခံကြပြီး ရခိုင်ရာဇဝင်ဆရာတို့၏ ခေတ်ကာလပိုင်းခြားမှုကို လက်မခံကြ ကြောင်း ဝမ်းနည်းဖွယ်ရာတွေ့ရပါသည်။

ကျွန်ုပ်တို့သည် ရခိုင်သမိုင်းစဉ်ကို ခရစ်သက္ကရာဇ်နှင့်ဖော်ပြရန် ကြိုးပမ်းသည့်အနေဖြင့် သုတေ သီ အများလက်ခံထားကြ သော အာသောကနန်းတက်နှစ် **သာသနာသက္ကရာဇ် ၂၁၈=ဘီစီ ၂၇၄** ကို အခြေခံအဖြစ်မှုတည်၍ ရခိုင်ရာဇဝင်လာ အသောကမင်းနှင့်ခေတ်ပြိုင် သူရိယစက္က မင်းလက်ထက် အသောကမင်းစေလွှတ်သော သာသနာပြုအဖွဲ့ ရခိုင်ပြည်သို့ ရောက်ရှိခြင်းအချက် အားဖြင့် ချိန်ထိုးတွက်ချက်ခဲ့ရာ တိုက်ဆိုင်စွာပင် အာနန္ဒစန္ဒြကျောက်စာ သက္ကရာဇ်ကို ခန်းမှန်းခဲ့သူ အိန္ဒိယကျောက်စာဝန် ဒေါက်တာဆာကား၏ လက်ရေးလက်သားပညာအရ ခန်းမှန်းမှုနှင့် လွန်စွာနီးစပ်ကြောင်း တွေ့ရှိလာရသည်။

သူရိယစက္ကမင်းနန်းတက်နှစ် သာသနာသက္ကရာဇ် ၂၁၄ နှင့်လည်းကောင်း၊ ၎င်းမှတွက်ယူရသည့် အသောကနန်းတက်သာသနာ ၂၁၈=ဘီစီ ၂၇၄ သည်လည်းကောင်း၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြု သာသနာ (၁) ဘီစီ ၄၉၂ သည်လည်းကောင်း ကိုက်ညီနေသဖြင့် ရခိုင်ရာဇဝင်မှ မဟာသက္ကရာဇ်၊ ကောဇာသက္ကရာဇ်များမှာ တိကျမှန်ကန်နေသည်ဟု ကောက်ချက်ချနိုင်ပါသည်။ အာနန္ဒစန္ဒြ ကျောက်စာပါ ပထမမင်းဆက် (၁၅)ဆက်နှင့် ရာဇဝင်လာတတိယဓညဝတီခေတ်တို့ ခေတ်ပြိုင်

---

၁။ ဂါထာများတွင် ပါဝင်သောမင်းများ၏ နန်းစံနှစ် (၁၂၀) သည် နန်းစံနှစ်ကို အတိအကျမသိ၍ စိတ်မှန်းနှင့် ရေးထားခြင်း ဖြစ်သည်။ ယနေ့ ဇာတာရက်ချုပ်တို့တွင် " အသက် (၁၂၀)ရှည်စေသတည်း" ဟူသော အသုံးအနှုန်း သည် အာနန္ဒစန္ဒြခေတ်ကပင် ရှိနေပြီဖြစ်ကြောင်း ထင်ရှားသည်ဟု ဦးစံသာအောင်က ကောက်ချက်ချခဲ့သည်။ ဦးစံသာအောင်၊ ဦး (၁၉၇၅) အာနန္ဒစန္ဒြ၊ စာ-၂၁၁။

Mookerji, Rakhakumud (1962) Asoka, Delhi, p-44 (Hereaafter this work will be referred to as Mooerji, Asoka.

http://www.dhammadownload.com



ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ အနောက်တိုင်းသုတေသီတို့၏ ရခိုင်သမိုင်း ခေတ်ကာလ သတ်မှတ်မှု ခရစ်သက္ကရာဇ်တွက်ချက်မှု မှားယွင်းနေကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရပါသည်။

အထက်ပါဆွေးနွေးပြချက်များ၊ သုံးသပ်ချက်များနှင့်တကွ ဇယား (က)ပါ နှိုင်းယှဉ်ချက်များကို လေ့လာကြည့်မည်ဆိုပါလျှင် ဤအာနန္ဒစန္ဒြကျောက်စာတွင် မင်း(၇) ဆက်၏ နန်းသက်များ နန်းသက်-၁၂၀စီ ဆက်တိုက်ဖြစ်နေသည်ကို ပစ်ပယ်၍မရစကောင်းသောအချက်များ ဖြစ်နေသည်ကို တွေ့လာရပါသည်[၁]။ ရခိုင်ရာဇဝင်တို့တွင် အလွန်အရေးပါသော သက္ကရာဇ်ဖြိုခြင်းကိစ္စ၊ စန္ဒသူရိယ နန်းစံနှစ်သူရိယစက္ကမင်းနှင့်အသောကမင်းတို့နန်းစံနှစ်တို့နှိုင်းယှဉ်ချက်၊ ဂေါတမဗုဒ္ဓမြတ်စွာဘုရား နိဗ္ဗာန်စံလွန်သောနှစ် အစရှိသည်တို့မှာ အကျိုးဝင်ကာ ကွင်းကွင်းကွက်ကွက် ပေါ်လွင်နေသည် အပြင် ဤဇယားနှင့် တတိယ ဓညဝတီမင်းဆက်ဇယားတို့မှာ နှိုင်းယှဉ်၍ ရလာသော ဇယားတစ်ခု ဖြစ်နေသည်ကိုတွေ့ရပါသည်။

ထိုအပြင် ထောင်ဂဏန်းရှိနေသော သက်တမ်းတို့မှာ တူညီသလောက်ရှိနေပြီး (၇) နှစ်မျှသာ ကွာနေပါ၍ မှတ်တမ်း(၂) မျိုးသည် တစ်ခြားစီမဟုတ်ကြောင်း ကောက်ချက်ချ၍ ရလာသည်မှာ အလွန်တန်းဖိုးကြီးသည်ဟု ဆိုရပေမည်။

ရာဇဝင်နှင့် ကျောက်စာ မင်းဆက်များအမည်မှာ တစ်ခြားစီ မတူညီဖြစ်နေသော်လည်း သက်တမ်းမှာ အတူတူပင်ဟု ဆိုလို့ရပါသည်။ ထို့အတွက်ကြောင့် နန်းသက်ဆက်တိုက် ၁၂၀စီရှိသည်မှာလည်း ဘောင်ဝင်လျှက်ရှိနေသည့်အပြင် ပစ်ပယ်၍မရနိုင်သော သို့မဟုတ် ဖယ်ရှား ရန်မဖြစ်နိုင်သော နန်းသက်များသာ ဖြစ်ပါတော့သည်။ ဤကဲ့သို့တွေ့လာရသည်မှာ Dr. Sircar သုံးစွဲသော သက္ကရာဇ်နှင့်(ယခုကျွန်ုပ်သုံးစွဲပြသော အသောက အခြေခံVikran Sambox သက္ကရာဇ်တို့မှာ အခြေခံအားဖြင့် နီးစပ်နေသည်မှာ ထင်ရှားလာပါသည်။ အများသုံးစွဲသော Kaliyug သက္ကရာဇ်) သို့မဟုတ် ဂေါတမပူရဏ်ကျမ်းပါ သက္ကရာဇ်တို့ကို သုံးစွဲမြဲ သုံးစွဲနေလျှင် နှစ်ဖက် ညှိနှိုင်းမရသောကြောင့် ကျောက်စာနှင့်ရာဇဝင်တို့မှာ တူညီမှုရမည် မဟုတ်ကြောင်း ဆိုနိုင်ပါသည်။ အဘယ်ကြောင့် ဆိုသော် နှစ်ဖက်အခြေခံခြင်း ကွာဟနေ၍ပင်ဖြစ်ပါသည်။

---

၁။ မြင့်ဆွေဦး၊ ဦး၊ အာနန္ဒစန္ဒြ၊ စာ-၇။

http://www.dhammadownload.com



## စာပေဗိမာန်မှထုတ်ဝေသော မြန်မာစာညွှန့်ပေါင်းစာအုပ်ပါ သျှိုးလိုက်ရတုကို ဖော်ပြရာတွင်တွေ့ရသည့် သိန်ကန်မိန်တွင် သျှိုးလိုက်ရတုနှင့်ပတ်သက်၍သုံးသပ်ချက်

မြန်မာစာပေညွှန့်ပေါင်းစာအုပ်တွင် သက္ကရာဇ် ၁၅၂ ကိုတာယ်ကရပါသလဲဆိုသည်ကို ရှေးဦးစွာ လေ့လာကြည့်ရန်လိုပါမည်။ ရခိုင်သမိုင်းကိုစိတ်ဝင်စားသော ဥရောပတိုက်သား သုတေသီများဖြစ်ကြသည့် A.M.B Irwin, I.C.S, Burmese & Arakanese Calendar စာအုပ်ကို ရေးသားသူ Dr. Forchhammer မြန်မာနိုင်ငံ၏ပဌမဦးဆုံးသော ရှေးဟောင်းသုတေသနဝန် ဂျာမန် လူမျိုး မဟာမုနိအကြောင်းကိုရေးသား သူ Lt. General Sir Arthur P. Phayre 1833 A.D တွင် History of Burma စာအုပ်ကို ရေးသားသူ၊ ရခိုင်တိုင်းမင်းကြီးနှင့် အင်းဝနေပြည်တော်တွင် ဗြိတိသျှသံတမန်လုပ်ခဲ့ဘူးသူနှင့် ကင်းဝန်မင်းကြီး ပေမူကရယူသော ပဲခူးမင်း ကျောင်းဆရာတော်(ဓညဝတီရာဇဝင်သစ်ကျမ်းကိုရေးသားပြုစုသူ)တို့အရေးအသားတွင် ဝေသာလီစတင်ချိန်ကို ၁၅၂ သို့မဟုတ် A.D (၈)ရာစုဟုဆိုကြသည်ကိုတွေ့ရပါသည်။)အေဒီ(၈)ရာစုဖြစ် ပေါ်လာပုံမှာကောဇာ ၁၅၂+ခရစ် ၆၃၈ = ၇၉၀° အေဒီ(သို့မဟုတ်)(၈)ရာစုအဖြစ်ဖော်ပြခြင်းဖြစ်ပါသည်။

၎င်း"သိန်ကန်မိန်တွင်"ရတုပိုဒ်စုံတွင်ဖော်ပြထားသောသက္ကရာဇ် ၁၅၂ မှာ ဖော်ပြပါသုတေသီများနှင့် ရာဇဝင်ရေးသားသူများ အရေးအသားမှရယူသုံးစွဲကြသည့်သဘောတွေ့ရပါသည်။[၂] ဆိုလိုသည်မှာ ဝေသာလီမြို-ခေတ် စတင်ချိန်ကပင် ၎င်း"သိန်ကန်မိန်တွင်" သျှိုးလိုက်ရတုကို ရေးဖွဲ့သည့် အဖြစ်ပြနေပါသည်။

စိစစ်ကြည့်သောအခါ အာနန္ဒစန္ဒြကျောက်စာ၊ အစအဆုံးကိုဘာသာပြန်သူ လက်ရေးလက်သား ပါရဂူပညာရှင် Dr. Johnstan ကဝေသာလီစတင်ချိန်ကို အေဒီ၃၅၀၊ Dr. Sircar, အိန္ဒိယနိုင်ငံ ကျောက်စာဝန်က အေဒီ ၃၇၀၊ ထိုနည်းတူစွာ ရခိုင်သုတေသီများ၏အလိုအရ အေဒီ၃၂၇၊ ဂေါတမပူရမ်ကျမ်းအလိုနှင့် အိန္ဒိယကာလိယုဒ်ပြက္ခဒိန်အလိုအရ နှင့် Vikram Sambat (သို့) အသောကအခြေခံအလိုအရ အေဒီ၃၆၄(သို့) အေဒီ ၃၆၆ တို့ဖြစ်ကြောင်း တွေ့ရရာ၊ဝေသာလီ စတင်ချိန်မှာ(၄)ရာစု အတွင်းဖြစ်ကြောင်း ဆုံးဖြတ်နိုင်ပါသည်။မှန်လည်း မှန်ပါသည်။ တဖန် ရတု၏ အပိုဒ်(၁ )ပါ တိုင်းမင္ဂိမာ ယင်းကဖြာသည့် ရာဇာမျိုးမြတ်၏၊ ဆက်မပြတ်သိမ်းယူခံ ဘီကာအထက်

---

(၁) မဟာဝီရ (အေဒီ ၆၀၀-၆၁၂) ဂါထာ (၃၃)။ ပြယဇပ် (အေဒီ ၆၁၂-၆၂၄) ဂါထာ (၃၄)။

(၂) သေဝိဇ်ရောင်(အေဒီ ၆၂၄-၆၃၆) ဂါထာ (၃၅)။ ဓမ္မဝူရ ( အေဒီ ၃၆-၆၄၉) ဂါထာ (၃၆)။

http://www.dhammadownload.com



နွှယ်မပျက်သည် ကနက်ဖြန့်ကာစံ၏။ ရှစ်တန်ပလ္လင်ရိုး ဘိုးကဆက်ခံ ဖနန်းစံသည်နန်းရန်တို့အမျိုးတည်း။

ရတုလာ သင်္ဂါယနာတင်မင်းကြီးသီရိစန္ဒရားနှင့် ကျောက်စာလာ ဂြိဓမ္မဝိဇယမင်းမှာတစ်ဦးတည်းဖြစ်ကြောင်းပေါ်လွင်သည်။ ရတုလာ သိင်္ဂစန္ဒရားမင်းကြီး (စောပြည့်ညို၏ခင်ပွန်း)သည်၊ မောင်တစ်ဝမ်း ကွဲတော်စပ်သည့် ဓမ္မစန္ဒရားမင်းဖြစ်ကြောင်း ပေါ်လွင်ပါသည်။

နောက်ထပ် ပေါ်လာသောအချက်များမှာ-

တိုင်းမဇ္ဈိမာ၊ယင်းကဖြာသည်၊ရာဇာမျိုးရိုးမြတ်၏၊ဆက်မပြတ်သိမ်းယူခံ၊ဘီကအထက်နွှယ်မပျက်သည်၊ကနက်ဖြန့်ကာစံ၏၊ရှစ်တန်ပလ္လင်ရိုး၊ ဘိုးကဆက်ခံ၊ဖနန်းစံသည်၊နန်းရန်တို့ အမျိုး တည်း၊ ကတိုးအနံ့လိုးသင်းပျံ့မွှေးကြိုင်၊ရှစ်ရပ်လှိုင်သည်၊မဏ္ဍိုင်ချက်မြုပ်၊ထိုထက် ပြည်နဂိုဝေသာလီ၊ ဓညနှစ်ခန်း၊ နှစ်ပြည်မြန်းသည်၊ ထီးနန်းအလီလီတည့်၊မျိုးသာကီစဉ်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာရန်မယ့်ဌာနီသို့ ရာသီမစွန်းခံ . . .

အာနန္ဒစန္ဒြကျောက်စာပါ တတိယဇယားကိုလေ့လာလျှင် အောက်ပါအတိုင်းတွေ့ရပါသည်-

ကျောက်စာပါ ဝေသာလီမင်းဆက် တတိယဇယား၊မင်းစဉ်မင်းဆက် ဆင်းသက်ပုံနှင့် သုဝဏ္ဏဒေဝီ စောပြည့်ညို ၏ သိန်ကန်မိန်တွင် သျှိုးလိုက်ရတုနှင့်နှိုင်းယှဉ်ချက်။

မှတ်ချက်

(၁) သိန်ကန်မိန်တွင် ရတုလာ ဤမင်းဆက်ဆင်းသက်ပုံဇယားကို လေ့လာခြင်းအားဖြင့် တွေ့ရသည် မှာ (၈ တန်ပလ္လင်ကိုပေါ်လွင်စွာမြင်ရသည်။)

(၂) ရတုလာ ဖခင် သင်္ဂါယနာတင်မင်းကြီး သီရိစန္ဒရားနှင့် ဂြိဓမ္မဝိဇယမင်းမှာတစ်ဦးတည်း ဖြစ်ကြောင်း ပေါ်လွင်သည်။

(၃) ရတုလာ သိင်္ဂစန္ဒရားမင်း (စောပြည့်ညို၏ခင်ပွန်း)သည် မောင်တစ်ဝမ်းကွဲတော်စပ်သည့် ဓမ္မစန္ဒရား မင်းဖြစ်ကြောင်းပေါ်လွင်ထင်ရှားသည်။ ကျောက်စာအလိုအရ ဓမ္မစန္ဒရားနှင့် မိဖုရားသုဝဏ္ဏဒေဝီ (ခေါ်) စောပြည့်ညိုဖြစ်သည်။ ၎င်းတို့၏သားမှာ အာနန္ဒစန္ဒရားမင်း အေဒီ-၇၂၀ ဖြစ်ပါသည်။ သမိုင်းအလိုအရ သိင်္ဂစန္ဒရားမင်း၏ မိဖုရားမှာ စောပြည့်ညို- ၎င်းတို့၏ သားမှာ စူဠစန္ဒရားမင်း ဖြစ်သည်။

http://www.dhammadownload.com



ထို့ကြောင့် အာနန္ဒစန္ဒရားမင်းနှင့် စူဠစန္ဒရားမင်းတို့မှာ အတူတူ(သို့မဟုတ်)ညီအစ်ကိုအရင်းအချာ ဖြစ်သည်ဟု ကောက်ချက်ဆွဲလို့ရပါသည်။ ထို့အပြင် အာနန္ဒစန္ဒရားမင်းသည် နောက်ထပ် (၁၀)နှစ်အုပ်စိုးကြောင်းလေ့လာထားရ၍၊ စုစုပေါင်းနန်းစံနှစ်မှာ(၁၉)နှစ်ဖြစ် ကြောင်း ကောက်ချက်ဆွဲ၍ရပါသည်။

အာနန္ဒစန္ဒရားမင်းကြီး နတ်ရွာစံသောအခါ စူဠစန္ဒရားမင်းက ဝေသာလီထီးနန်းကိုဆက်ခံသည်။ ထိုမင်း၏နန်းစံနှစ်မှာ(၁၆)နှစ်ဖြစ်ပါသည်။

ထို့အပြင် ဥရောပသုတေသီ A.M.B. Irwin, I.C.S., Forchhammer, Phayre နှင့်ပဲခူးမင်းကျောင်း ဆရာတော်ဦးပဏ္ဍိ၏ ဓညဝတီရာဇဝင်သစ်အရ ဝေသာလီစတင်ချိန်မှာ (၄)ရာစုဖြစ်ရ မည့်အစား (၈) ရာစု ဖြစ်နေရာ၊ နောက်ဆုံးသက္ကရာဇ်ဖြိုနှစ်၏ ရခိုင် မြန်မာင်းပြိုင်မှာ ပုပ္ပါးစောရဟန်းနှင့် ဝေသာလီမင်း သီရိစန္ဒရား(သို့) ဓမ္မဝိဇယမင်း ဖြစ်ရမည့်အစား၊ Irwin က ပုပ္ပါးစောရဟန်းနှင့် တတိယဓညဝတီခေတ်မှ မင်းကြီးသူရိယရေနု တို့မှာ ခေတ်ပြိုင်မင်းပြိုင် ဆိုထားခြင်းသည် ရခိုင်သမိုင်းကိုအကုန်အစင်လွဲမှား လာစေတော့သည်။ သမိုင်းကြောင်းအရ အမှန်တကယ်ရှေးကျနေသော ဝေသာလီခေတ်သည်အဆိုပါဥရောပ သုတေသီတို့၏ အယူအဆလွဲမှားနေမှုကြောင့် မြန်မာပုဂံခေတ်အောက်သို့ရောက်မှန်းမသိ ရောက်သွားပါတော့သည်။ ရခိုင်တို့၏ ယဉ်ကျေးမှု၊ ဘာသာရေး၊ စာပေအရေးအသားတို့မှာ ပုဂံရေစီးကြောင်းမှ တစ်ဆင့်သာ ရလာတော့သည်ဟုလွဲမှား စွာယုံကြည်လာကြတော့သည်။ ဤကဲ့သို့အယူအဆလွဲ မှားမှုကြောင့် ရခိုင်တို့၏သမိုင်းကြောင်းကို အထင်အမြင်လွဲမှားစေတော့သည်။ ထို့ကြောင့် ဤရတုမှာ မည်သို့မျှ မဖြစ်နိုင်ဟူ၍လည်းကောင်း၊ ပုဂံအနော်ရထာမင်း နှင့်ပင်အလှမ်းဝေးနေ သေးသည်ဟုဆိုထားရာ၊ ဤအချက်များကိုလည်း မည်သည့်အတိုင်းအတာအထိ မှန်သည်၊ မှားသည်(သို့)လက်ခံနိုင်စရာရှိသည်တို့ကိုလည်းအသောက် အထားနှင့်တကွ ဆန်းစစ်ကြည့်ရန် လိုအပ်မည်ဖြစ်ပါသည်။

အရေးအကြီးဆုံးကား ရခိုင်စာနှင့်မြန်မာစာတို့မှာ မည်သည့်စာက ရှေးကျသလဲ၊ ဘယ်လောက် ထိ စောသလဲ၊ နောက်ကျသလဲ ဆိုသည်ကို စိစစ်ပြသွားရပါတော့မည်။ လွဲမှားနေသည့် အယူအဆများ ကြောင့် ရခိုင်စာသည် မြန်မာစာမှသာဆင်းသက်ခြင်းဖြစ်သည်ဟု ယူဆနေခြင်းတို့မှာ ဟုတ်-မဟုတ်ကို ဆန်းစစ် ကြည့်ကြပါစို့။

အထက်ပါနိုင်းယှဉ်ချက်ဇယားအရဆိုပါလျှင် စောပြည့်ညိုမှာ ဓမ္မစန္ဒြ၏မိဖုရားဖြစ်သည်။ သက္ကရာဇ်မှာ (၇၀၄-၇၂၀)အကွင်းဖြစ်ကြောင်းတွေ့ရပါသည်။

http://www.dhammadownload.com



မြန်မာစာညွန့်ပေါင်းစာအုပ်တွင်သက္ကရာဇ်(၁၅၂)ကိုအဘယ်ကရလာသည်ဆိုသည်ကို အထက်က ဖော်ပြသည့်အတိုင်း ဆန်းစစ်ကြည့်ကြရာတွင် Dr. Forchhammer ရှေးဟောင်း သုတေသနပညာရှင်၏ ရေးသားချက်တွင် ဝေသာလီစတင်ချိန်ကို သက္ကရာဇ်(၁၅၂)အဖြစ်တွေ့ရပါ သည်။ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြ မည်ဆိုပါလျှင် ၁၅၂ + ကိန်းသေ ၆၃၈ = ခရစ်အေဒီ ၇၉၀ ရမည် ဖြစ်ရာ၊ဝေသာလီစတင်ချိန်ကို ၇၉၀ (သို့မဟုတ်) (၈)ရာစု ဖြစ်သည် ဟုဆိုရန်ဖြစ်လာပါသည်။ မင်းကြီး ဦးကောင်းကလည်း ရခိုင်ရာဇဝင်ကို Lt. General Sir Arthur P. Phayre ၏ မူကို လိုက်လျောညီထွေ ပြင်ဆင်ရေးသားခဲ့ရာတွင်လည်း၊ ဝေသာလီခေတ်၏ အစသည် (၈)ရာစု အဖြစ်ယူ၍ လည်းကောင်း၊ ပဲခူးမင်းကျောင်းဆရာတော်ကလည်း ဤကဲ့သို့ပင်ရေးသားခဲ့မှုကြောင့် လည်းကောင်း ဝေသာလီစတင် နှစ်မှာ (၈)ရာစု ဖြစ်လာသည်သာမက၊ စောပြည့်ညိုမှာ သူရိယမင်းသားတော်၏မိဖုရား "သိန်ကန်မိန်တွင်ရတု" ကိုရေးသူ (သို့)ပညာရှင်တစ်ဦးကို ရေးစေသူဖြစ်လာတော့သည်။ ဤပေမူမှရ ယူသော မြန်မာစာညွန့်ပေါင်းကိုပြုစုသူတို့ကလည်း ဤအတိုင်းပင် လွှဲချော်မှုဖြစ်လာသည့်အတွက် ပုဂံခေတ် အောက်သို့ရောက်မှန်း မသိရောက်သွားတော့သည်။

ထို့နောက် ဘာသာရေး၊ ယဉ်ကျေးမှုအရေး၊ စာပေအရေး စသည်တို့မှာလည်း ပုဂံရေစီး ကြောင်းမှ ဆင်းလာသည့်သဖွယ် အထိမြင်လာပါတော့သည်။ စာပေအရေးအသားမှာလည်း ပုဂံနောက်မှာမှ ဖြစ်လာသည့်အယူအဆများဖြစ်လာစေသည့်ပုဂံအနော်ရထာမင်းနှင့်ပင် အလှမ်း ဝေးနေသော ဤ "သိန်ကန်မိန်တွင်" ရတုမှာလည်း မည်သို့မျှမဖြစ်နိုင်ပါ ဟုယတိပြတ်ဆိုထားသည် အထိတွေ့လာရပါသည်။ ဤကဲ့သို့ကောက်ချက်ဆွဲထားချက်မှာ မည်သည့်အတိုင်း အတာထိမှန် သနည်းဆိုသည်ကို ဆက်လက် လေ့လာဆန်းစစ်ရန်လိုအပ်ပါမည်။

လေးမြို့ ပဋ္ဌာခေတ်တွင်အစောဆုံးဖော်ပြသောကျောက်စာ(၂)ချပ်မှာ ကောဇာ-၁၈၀-၄၆၅၊ အေဒီ ၈၁၈-၁၁၀၃ အတွင်းရေးထိုးခဲ့သော မင်းရင်ဖြူကောင်းမှုမဟာကျန်ဆင်းတုတော်ဝမ္ဗခဏ်၌ ပါရှိသည့် ကမ္ပည်းစာနှင့် ဗူးတောင်းကွဲဘုရားကျောက်စာ(မာန်အောင်) (ယခုစစ် တွေမြို့)တို့မှာ လေးမြို့ ခေတ်၏ အစောဆုံးတွေ့ရသော ကောဇာသက္ကရာဇ်ရေးထိုးထားသည့် ရက္ခဝဏ္ဏာ ကျောက်စာများ ဖြစ်ကြပါသည်။

ဥရောပသုတေသီများအလိုအရပျောက်ဆုံးနေသောကျောက်စာများဖြစ်နေပါသည်။° ဥရောပ သုတေသီများ၏မှားယွင်းချွတ်ချော်မှုများပင်ဖြစ်ပါသည်။ လေးမြို့ခေတ်တွင် နောက်ထပ်ရရှိထားသော သက္ကရာဇ်ရေးထိုးထားသည့် ရက္ခဝဏ္ဏာကျောက်စာမှာ အနည်းဆုံး (၁၀)ချပ်ခန့် ရှိနေပါသေးသည်။

http://www.dhammadownload.com



ဆက်လက်ပြီး ပုဂံကျောက်စာနှင့်ပတ်သက်၍လေ့လာကြည့်သောအခါ အစောဆုံး ကျောက်စာဟု သတ်မှတ်ကြသည့် ကျောက်စာမှာ (Glimpses of Glorious Pagan) ကျန်စစ်မင်း ကံကုန်မည့်နှစ်တွင် ပေါ်ထွန်းခဲ့သောရာဇကုမ္မာကျောက်စာဖြစ်ပါသည်။ ကျန်စစ်မင်း၏ နန်းစံနှစ်မှာ(၂၈)နှစ်၊ သာသနာ-၁၈၀၈၊ကောဇာ-၄၂၀၊ ခရစ်အေဒီ-၁၀၁၄ ဖြစ်ရာ ကျန်စစ်မင်းကံကုန်သည့် နှစ်မှာ အေဒီ- ၁၀၉၂ ဖြစ်ပါသည်။ သို့ဖြစ်၍ဤကျောက်စာရေးထိုးချိန်ကို အေဒီ-၁၀၉၂ ဟုတွက်ချက် ရယူနိုင်ပါသည်။ ရခိုင်လေးမြို့ပဥ္စာခေတ် မင်းရင်ဖြူမင်းကြီးကျောက်စာမှာ ကောဇာ ၂၀၉၊ ခရစ်-၈၄၇ အေဒီ ဖြစ်သဖြင့် ကွာခြားနေသောနှစ်မှာ (၁၀၉၂-၈၄၇ =၂၄၅) နှစ် ဖြစ်ကြောင်း တွေ့ရပါသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ရခိုင်စာပေါ် ပေါက်လာခြင်းမှာ လေးမြို့ပဥ္စာခေတ်နှင့်နှိုင်းယှဉ် လျှင် ပင်မြန်မာစာပေါ် ပေါက်ချိန်ထက် ရာစုနှစ်ပေါင်း(၂. ၅)ခန့်စောနေကြောင်းတွေ့ရပါသည်။ ဝေသာလီခေတ်နှင့် နှိုင်းယှဉ်လျှင် ရာဇကုမ္မာကျောက်စာထက်အနည်းဆုံး(၃)ရာစုခန့်စောနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤသို့စောနေပါလျှက် ရခိုင်စာသည် မြန်မာစာမှဆင်းသက်လာသည် ဆိုခြင်းမှာ ယုတ္တိတန်ပါမည်လား။

ဤသို့တင်ပြခြင်းမှာအငြင်းပွားလို၍မဟုတ်ပါ။ ချင့်ချိန်စဉ်းစားနိုင်ရန်အတွက်သာ ဖြစ်ပါသည်။

ဆက်လက်၍ ကျွန်ုပ်တို့ပြုစုထားသော ရှေးခေတ်ရခိုင်သမိုင်းမှ ကောက်နုတ်၍ တင်ပြရပါလျှင် "သိန်ကန်မိန်တွင်" အားရေးဖွဲ့သည့်အချိန်ကို မြန်မာစာညွှန့်ပေါင်းကျမ်းအရ သက္ကရာဇ် ၁၅၂ ဟု ဆိုရာ၌ ဝေသာလီခေတ် အစတွင်ရေးဖွဲ့ခြင်းဟုဆိုလိုခြင်းဖြစ်ပါသည်။သို့သော်ယင်းခေတ် အစ (၈) ရာ စုမှာလွဲချော် မှားယွင်းနေသောအချိန်ဖြစ်နေပါသည်။

အထက်ကဆိုခဲ့သည့်အတိုင်း ဝေသာလီစတင် ချိန်မှာ(၄)ရာစုသာဖြစ်ပြီး၊ ရှစ်တန် ပလ္လင်မဟာ ဝီရမင်းဆင်းသက်ပုံ ဇယားကိုလေ့လာကြည့်လျှင်လည်း၊ သုဝဏ္ဏာဒေဝီစောပြည့်ညိုက "သိန်ကန်မိန် တွင်" ရတုကို အမှန်တကယ်ရေးဖွဲ့ချိန်မှာ သိင်္ဂစန္ဒရား (သို့) ဓမ္မစန္ဒရား၏မိဖုရား ဖြစ်လာချိန် (၈) ရာစုပင်ဖြစ်ပါသည်။သို့ သော် ဤ(၈)ရာစုမှာ ဝေသာလီ စတင်ချိန်မှနှစ်ပေါင်း (၄၀၀)ကျော်ကြာလာပြီး သော အချိန်ဖြစ်ရာ၊ ဤအချိန်သည် ဝေသာလီ၏ ဘာသာတရား၊ ယဉ်ကျေး မှုအရာ၊ စာပေအက္ခရာ စသည်တို့မှာ အထူးရင့်ကျက်ပြောင်း လဲနေပြီဖြစ်ပါသည်။ ဤအချိန်နှင့် မရှေးမနှောင်း "သိန်ကန်မိန် တွင်" မတိုင်မီပညာရှိအမတ်ကြီး မေဓပညာရေးဖွဲ့သော "မေဓပညာမော်ကွန်းလင်္ကာ" ကိုလည်း ကောင်း၊ "သိန်ကန်မိန်တွင်" နောက်မှ ဓမ္မဇေယျအမတ်ကြီး

http://www.dhammadownload.com



ရေးဖွဲ့သော "ဗျည်းသုံးဆယ့်သုံးလုံး ရခိုင်လေ့တော်သံကဗျာ" များမှာ အထူးထင်ရှားလျှက် ရှိကြောင်း လည်း တွေ့ရပါသည်။

ဤ "သိန်ကန်မိန်တွင်" အစချီအလွမ်းဖွဲ့ (သျှိုးလိုက်ရတု) ၃ ပိုဒ်တွင် စောပြည့်ညိုမင်းသမီးက စန္ဒြနွယ်ဝင်များ၏ ရှေးရှေးကမျိုးရိုးအပြည့်အစုံကို "အတိုဆုံးနှင့်အထိရောက်ဆုံး "ကိုဖော်ကြုံးထားပြီး နောက်ကိုယ်ရည်သွေးဖော်ပြရာတွင်လည်းကောင်း စကားလုံးအနည်းငယ်ဖြင့်စပ်ဆိုထားရာမှ သိရှိခဲ့ရပါသည်။ ရေးဖွဲ့ပုံမှာ-

ဘဂ်ါ (၁၂)ခွင်ပြည်ထောင်များအား-

ရာဇမျိုးမြတ်၏၊ဆက်မပြတ်သိမ်းယူခဲ၊ ဘီကအထက် နွယ်မပျက်သည်၊ကနက်ဖြန့်ကာစံ၏။ ရှစ်တန်ပလ္လင်ရိုး၊ဘိုးကဆက်ခံ(ဓမ္မဂူရမင်း) ထိုနောက် ဖနန်းစံသည့် စောပြည့်ညို၏ ဖခမည်းတော် သီရိဓမ္မဝိဇယ- (၁၉ ဆက်မြောက်မင်းနှင့်) သီရိဓမ္မစန္ဒြကြင်ရာတော်အိမ်ရှေ့မင်းသား၏ ဖခင် ဝဇြ ဝတ္တိ- ၁၈ ဆက်မြောက်မင်း)ညီနောင်နှစ်ပါးအားနန်းစံသည်ဟု ပြဆိုကာ အိမ်ရှေ့နန်းရံဉပရာဇနန်း လျာများ ဖြစ်ကြသော မိမိကြင်ရာတော် ဓမ္မစန္ဒြ(သိင်္ဂစန္ဒြ)တို့မှာ ၄င်းမင်း ညီနှစ်ပါး၏ သားတော် သမီးတော် မောင်နှမ(ဝမ်းကွဲ)နှစ်ဖော်ကို "နန်းရန်တို့အမျိုးတည်း " ဟုဖော်ပြရုံသာမက၊ မိမိတို့ရှေ့မှ(၃) နှစ်တာမျှသာ နန်းစံခဲ့သော မောင်တော်ရင်းချာ နရေန္ဒြဝိဇယမင်းအားလည်း-

"ဖနတ်ရှင်လောင်းဘုရား(သီရိစန္ဒြဓမ္မဝိဇယ) ခြားဝမ်းမကွာ ဖေ/မေတူရင်းချာ(ဝဇြဝတ္တိ) မင်းညီ နောင်နှစ်ဖော်တို့၏သားတော်များဖြစ်ကြကုန်သော မောင်တော်ရင်း နရေန္ဒြဝိဇယ နှင့်မောင် တော်(ဝမ်းကွဲ) မိမိကြင်ရာတော် ဓမ္မစန္ဒြမင်း "နှစ်ပါးမောင်စုံ၊ကုန်းရိပ်လှုံသည်" ။ မိမိကိုယ်မိမိ၊ "တောင်ညာ မပဟေသွေး၊ ပဒုံမာ ကြာနံ့မွှေး"ဟု ကိုယ်ရည်သွေးကာပြထားပါသည်။ ဘုရင်မင်းနှစ်ပါး ၏သမီး/ချွေးမဖြစ်သည့် ဘုန်း တန်ခိုးအာဏာစက်ပြင်းထန်ပြီး၊ လက်ရုံးရည် နှလုံးရည်ဖြင့်ပြည့်စုံသော ဘုရင်မင်းမြတ်၏ တပင်တိုင်နန်းစံ သမီးတော်၊ အိမ်ရှေ့နန်းလျာ၏နှမတော်ရင်းဖြစ်သည်သာမက၊ ငယ်ရွယ်စဉ်ကပင် ပါဠိသက္ကတ၊ရက္ခဝဏ္ဏ ဘာသာစကားစာပေများထွန်းကားနေသည်ကို ကောင်းစွာ ထင်ဟပ်စေပြီး၊နန်းတွင်းစာဆို၊ စာချ၊ နန်းတွင်းဖွားမင်း သမီးသူရဲကောင်းတစ်ဦးပီပီ၊ ကြောက်ရွံ့ တုန်လှုပ်မှုမရှိ၊ မြောက်သားတော် သိင်္ဂစန္ဒြနှင့် လက်ဆက်၍၊ မောင်တော်နရေန္ဒြမင်း ဖြစ်လာသော အခါ၊နန်းစံအိမ်ရှေ့မင်း၏မိဖုရားဘဝဖြင့် ဖြစ်မြောက်ကြောင်း အဖြာဖြာသွင်းဖွဲ့ဆိုထားသော နက်နဲ ကောင်းမွန်လှသည့် ရတုပိုဒ်စုံ(၃)ပိုဒ်ဖြင့် လွမ်းဖွဲ့ဆိုကာ မိမိ၏ကြင်ရာတော် သိင်္ဂစန္ဒြအား ဖျောင်းဖျနိုင် ခဲ့ပါသည်။ ထို့အပြင် လက်ရှိဘုရင်၏နှမရင်းချာ အိမ်ရှေ့ဉပရာဇာ၏ ကြင်ရာတော် တောင်ညာ

http://www.dhammadownload.com



နန်းတွင်းဖွား မဟာသွေး စသည်ဖြင့် ကိုယ်ရည်သွေး မှတ်တမ်း ပြုကာ၊ မျိုးရိုးကို ဖော်ကျူးပြသခဲ့ပါသည်။သည်ပင်မက မဏ္ဍိုင်ချက်မြုပ်၊ထိုထက် ပြည်နဂိုရ်ဝေ သာလီ၊ ဓညနှစ်ခန်း၊ နှစ်ပြည်မြန်းသည်၊ ထီးနန်းအလီလီ တည်သူမျိုးသာကီ စဉ် မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာနွယ် ရိုးဆက်၏၊ မယှက်နှောပြီ ရှစ်သောင်းအချာ၊ ဆက်ကာစိုးစံ၊ နန်းရန်မယှ်ဌာနီသို့၊ ရာသီမစွန်းခံ-ဝေသာလီကျောက်လှေကားခေတ် ၏ မဏ္ဍိုင်ချက်မြုပ်စတင်လာခဲ့သည့် သမိုင်းကြောင်းရှေးရှေးက အဋ္ဌနဒေဝီပြဟ္မဏရာဇာမင်းတို့ တည်ထောင်ရင်း၊ နဂိုရ်ဝေသာလီ ရှေးရှေးပဝေသဏီကပင် မျိုးသာကီနွယ်ဝင်မင်းများ စံလာသည့် ဓညဝတီ မာရယု၊ ကံရာဇာကြီး၊မင်းစဉ်မင်းဆက်ကစပြီး၊ မယှက်မနှော သူရိယကေတု အထိကိုပါ စာလုံးရေ (၁၆)လုံးမျှဖြင့် စီကုံးဖွဲ့နွဲ့သွားသည်ကိုလည်း တွေ့ရပေသည်။

ဤရတုမှာ စောပြည့်ညိုက မိမိမျိုးရိုးကိုဖော်ကာ ကိုယ်ရည် သွေးလွမ်းဖွဲ့ဆိုသည်ထက်၊ မရောမယှက် မျိုးရိုးသန့်စင်သာကီဝင်များ စဉ်ဆက်မပြတ်နှစ်ပေါင်းရှည်ကြာ မဟာနွယ်ရိုးဆက်ကိုပါ ခေတ်အဆက်ဆက်ပြ၍ ကြင်ရာတော်အား သတိတရားရစေကြောင်း သွယ်ဝိုက်သောအသုံးအနှုန်းဖြင့် နားချလျှောက်တင်ရာလည်း ရောက်ပေသည်။

အချုပ်ဆိုပါက-

ဘုန်းတန်ခိုးအာဏာပြင်းထန်ပြီး လက်ရုံးရည်နှလုံးရည်နှင့်ပြည့်စုံသော ဘုရင်မင်းမြတ်၏ တပင်တိုင် နန်းစံမင်းသမီးတော်ထက် အိမ်ရှေ့နန်းလျာ၏နှမတော်ရင်းဖြစ်သည်သာမက၊ ငယ်ရွယ်စဉ်ကပင် အဆင့်မြင့်ပါဠိ၊သက္ကတ၊ရက္ခဝဏ္ဏဘာသာစကားစာပေများကိုပါ ကောင်းစွာတတ်ကျွမ်းပြီး၊ နန်းတွင်းစာဆို၊ စာချ၊ဘာသာပြန်ကျမ်းပြုနိုင်သည့် ပညာအရာ ထူးချွန်သော မိန်းမ၊နန်းတွင်းဖွားမင်းသမီးအာဇာနည်သူရဲကောင်းတစ်ဦးက ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ လွန်လေပြီးသော ဘကြီးတော် ဘုရင်မင်းမြတ်၏သားတော်ဖြစ်သော မြောက်သားတော် သိဂ်စန္ဒြဖြင့်လက်ဆက်၍၊မောင်တော်နရေန္ဒြမင်းဖြစ်လာသောအခါ၊ နန်းရံအိမ်ရှေ့မင်း၏ မိဖုရားဘဝဖြင့် မိမိကြင်ရာတော်အားမျိုးရိုးစဉ်လာ အကြောင်းအဖြာဖြာကို သတိတရားလက်ကိုင်ထားစေရန် ရှေးရှေးကသမိုင်းကြောင်းပါ ထည့်သွင်းဖွဲ့ဆိုထားသော နက်နဲကောင်းမွန်လှသည့် ရတုပိုဒ်စုံ(၃) ပုဒ်ဖြင့် လွမ်းဖွဲ့ဆိုကာဖျောင်းဖျနိုင်ခဲ့ပါသည်။

အေဒီ-၆၈၉ ခုမတိုင်မီကပင် အလွန်တရာမှအဆင့်အတန်းမြင့်မားသည့် ပါဠိ၊သက္ကတအပြင် ရက္ခဝဏ္ဏစာပေဘာသာစကားထွန်းကားနေသည်ကို ထင်ဟပ်စေပြီး သီရိဓမ္မစန္ဒြမင်းဖြစ်၍ စောပြည့်ညို တောင်ညာစံ သုဝဏ္ဏဒေဝီဘွဲ့ခံ မိဖုရားကြီးဖြစ်လာသည့်အခါ၌ ရခိုင် ဘာသာ

http://www.dhammadownload.com



စကားပီသစွာဖြင့် ရှောက“ သိန်ကန်မိန်တွင် ဆယ့်နှစ်ခွင် ” ကိုပါညွှန်းပြီး၊ မိမိဘာသာ ပြန်ပြုစုခဲ့သော “ကဝိကဏ္ဍပါသန” ကျမ်း နှင့် “ကဝိဂန္ဓကျမ်း” ၌ပါသော “အယင်အခါ၊ ပြည်ဧသာဝယ်၊ ဝယ်သာနန်းမ၊ ရာဇတန်ိုက်၊ဝဏ္ဏပဘာ၊ ကညာမယ်လျ၊ အလှသဇင်၊ တသလျှင် သည်၊ မြင်ရအာ ရုံစွဲတုံတသ၊ဂိုဏ်းနှစ်ဝဖြင့်၊ဖော်ပြပြီးခါ၊ ပဘာမည်ရ၊ သုဝဏ္ဏသည်၊ ယေကကျမ်းကို၊ လွမ်းဘွဲ့ဆို၍၊ တမ်းတသတည်း” (မိမိဘွဲ့သစ်အဖြစ် တောင်ညာ စံမိဖုရားဖြစ် လာသည်ကို ကိုယ်ရည်သွေး ဖော်ပြလိုခြင်းကားမဟုတ်။ ရှေးကဖွဲ့နွဲ့ခဲ့သည့် ရတုနှင့် ဘာသာပြန်ဆိုခဲ့သည့် ကာလီဒါသကျမ်းတို့ကို ရည်ညွှန်းကာ၊ မိဖုရားဖြစ်ပြီးမှ ကဗျာကျမ်းကိုပြုစုခဲ့ကြောင်း ပြဆိုခြင်းဖြစ်ပေသည်။

အကျဉ်းပြောရပါလျှင် “သိန်ကန်မိန်တွင်” သျှိုးလိုက်ရတုကိုရေးဖွဲ့သူမှာ ရာဇဝင် စာအုပ်အချို့ တွင် ဖော်ပြထားသည့် အမည်တူ စောပြည့်ညိုဖြစ်သော်လည်း သူရိယတဥ္စန္ဒရား အိမ်ရှေ့မင်းသား၏ မိဖုရားကား မဟုတ်ပါ။ ရေးဖွဲ့သည့်အချိန်မှာလည်း ကောဇာ ၁၅၂ မဟုတ်ပါ။ တစ်နည်းပြောရသော် ဝေသာလီ စတင်ချိန် ၁၅၂+ ၆၃၈ =၇၉၀ အေဒီ(သို့)(၈)ရာစုတွင်လည်းမဟုတ်ပါ။ ရေးဖွဲ့သူအမှန်မှာ အမည်၊ စောပြည့်ညို ဖြစ်ပါသည်။ ရေးဖွဲ့ချိန်မှာခရစ် (၈)ရာစုဖြစ်သော်လည်း၊ ဝေသာလီခေတ်၊ ဝေသာလီမြို့ကို စတင်ချိန် လည်းမဟုတ်ပါ။ မြို့တော်စတင်ချိန်မှ နှစ်ရာ စု(၄)စုခန့် ရောက်လာ သောအချိန်အခါမှ ရေးဖွဲ့ခြင်းဖြစ်ပါသည်။ ဤအချိန်သည်ကား ဝေသာလီခေတ်သာသနာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့်စာပေရေးများ တိုးတက် ရင့်ကျက်လာပြီးသောအချိန် ဖြစ်ပါသည်။ ရက္ခဝဏ္ဏအက္ခရာနှင့်စာပေဖြစ်ပေါ် လျှက်ရှိနေပြီး၊ ဤကဲ့သို့ဖြစ်လာခြင်းမှာ ပါဠိုပြဟ္မီ၊ သက္ကတ၊ နာဂရီ စသည်ဗျဉ်းနှင့် သရများနှင့် အခြေအနေတူသော အက္ခရာပြောင်းလဲလာပြီး အချိန်ဖြစ်ပါသည်။ “သိန်ကန်မိန်တွင်” မပေါ် မီ(၁၀)နှစ်ခန့်ကပင် မေဓပညာအမတ်ကြီးရေးသားပြုစုသော “မေဓပညာ မော်ကွန်းလင်္ကာ” ထွက်ပေါ် ခဲ့ပြီးလည်းဖြစ်သကဲ့သို့ “သိန်ကန်မိန်တွင် ” သျှိုးလိုက်ရတု နောက်မှ ထွက်ပေါ်လာသည့် ကဗျာလင်္ကာမှာ ဓမ္မဇေယျအမတ်ကြီး ရေးသားသော “ဗျဉ်း (၃၃)လုံး လှေတော်သံ” ကဗျာဖြစ်ပါသည်။ မေဓပညာမော်ကွန်းလင်္ကာ အရေးအသားအဖွဲ့အနွဲ့တွင် ရခိုင် သမိုင်း ခေတ်ကာလပိုင်းခြားမှုအရဖြစ်ပေါ် ခဲ့သော ဓညဝတီဒုတိယ ခေတ်(၂၄)ဆက်၊ ရာလမာရုမင်း ဖြိုချေသောပထမအကြိမ်ပြီးလျှင် မဟာသက္ကရာဇ်ပေါ် လာခြင်း ကိုသိလာရပါသည်၊ ဒုတိယ အကြိမ် သက္ကရာဇ်(၁၄၈) ကိုဖြိုပြီးနောက်၊ သာသနာနှင့် ကောဇာသက္ကရာဇ် များ ကိုတပြိုင်တည်းစတင်ခဲ့ ကြောင်းကိုလည်းသိလာရပြန်သည်။တဖန် ကောဇာသက္ကရာဇ်(၆၀၉) ရောက်သောအခါ တတိယ ဓညဝတီခေတ်အတွင်း(၁၉)ဆက်မြောက်သူရိယစိတြမင်းကြီးက ကောဇာသက္ကရာဇ်ကို အသစ်ပြန်စ

http://www.dhammadownload.com



ပါသည်။ စန္ဒသူရိယမင်းကြီးနောက်ဝယ် (၃၂)ဆက် မင်းသီရိစန္ဒရား(ခေါ်) ဓမ္မဝိဇယ ဝေသာလီမင်း လက်ထက်မှာ နောက်ဆုံးအချိန်ကောဇာသက္ကရာဇ်(၅၆၀)ကိုဖြိုချေ၍ အသစ်ပြန်စသည်ကို တွေ့လာ ရပါသည်။ ယနေ့ကျွန်ုပ်တို့ သုံးစွဲနေသော ကောဇာသက္ကရာဇ်(၁၃၇၃)မှာ သီရိစန္ဒရား(သို့) ဓမ္မဝိဇယ မင်းဖြိုချေပြီး အချိန်မှစတင် ရေတွက်လာသော သက္ကရာဇ်ကောဇာဖြစ်ပါသည်။ သီရိစန္ဒရား(သို့) ဓမ္မဝိဇယမင်း ကောဇာသက္ကရာဇ်(၅၆၀)ကို ဖြိုချိန်နှင့် တိုက်ဆိုင်နေသော ခရစ်သက္ကရာဇ်မှာ အေဒီ-၆၃၈ ဖြစ်ပါသည်။ ဥရောပတိုက်သား အထူးသဖြင့် Phayre ၏အယူအဆအတိုင်းမဟုတ်သော ကိန်းသေ(၆၃၈)ကို ဆိုလိုခြင်းဖြစ်ပါသည်။

ယနေ့ကောဇာသက္ကရာဇ်မှာ ၁၃၇၃ ဖြစ်၍၊ခရစ်သက္ကရာဇ်မှာ

၁၃၇၃ + ၆၃၈ ကိန်းသေ = ၂၀၁၁ အေဒီ ဖြစ်ပါသည်။

၂၀၁၁ + ၅၄၄ = ၂၅၅၅ ဖြစ်ပါသည်။

ဤသည်မှာ မေဓပညာမော်ကွန်းလင်္ကာ၏အကျိုးရလဒ်ပင်ဖြစ်ပါတော့သည်။

"သိန်ကန်မိန်တွင်" နောက်ဝယ်မှပေါ် ထွန်းခဲ့သောဖျဉ်း(၃၃)လုံးလှေတော်သံသည်လည်း အဆင့်အတန်းမြင့်မားသော ကဗျာဖြစ်ပါသည်။ ယခုတင်ပြရခြင်းမှာ ဝေသာလီခေတ် (၈)ရာစုအချိန် အခါကပင် ရက္ခဝဏ္ဏစာပေနှင့်ယဉ်ကျေးမှုအရာမှာ အဆင့်အတန်းမြင့်မားလျှက်ရှိနေပြီကို ပြောပြနေ ခြင်းသာဖြစ်ပါ သည်။ ဤဖျဉ်း(၃၃)လုံး ရခိုင်လှေတော်သံကို သီဆိုခြင်းအားဖြင့် အာနန္ဒစန္ဒြနောက်ဝယ် မင်းဖြစ်လာသော စူဠစန္ဒရားမင်း အထက်မြန်မာနိုင်ငံ တကောင်းသင်းတွဲသို့သွားစဉ် လှေလှော်သား များ ရောဝတီမြစ်ကို ဆန်တက်လှော်ခတ်ရာ၌ လှေသမားများကသီဆိုကြသည်နှင့် သင်းတွဲက အပြန်တွင် မုန်တိုင်းမိသဖြင့် လှေသင်္ဘောနစ်မြုပ်၍ စူဠစန္ဒရား မင်းကြီးနတ်ရွာစံခဲ့သည်ကိုလည်း သတိရစေပါသည်။ နစ်မြုပ်သေဆုံးသည့်နေရာမှာ မော်တင်စွန်းအနီးအနား နေဂရေအငူ ဘင်္ဂလား ပင်လယ်အော်ဖြစ်ပါသည်။

## လောကသာရပျို့ နှင့်ပတ်သက်၍ သုံးသပ်ချက်

မှတ်တမ်းတင်နိုင်သော ရှေးခေတ်ရခိုင်သမိုင်းကို လေ့လာဆန်းစစ်တင်ပြခဲ့ရာတွင် ကျွန်ုပ်တို့၏ ခရီးစဉ်မှာ နှစ်ပေါင်းလေးထောင်ခုနစ်ရာကျော်ရှိခဲ့လေပြီ။ ဖြတ်သန်းလာသောခေတ်များကား ဓညဝတီ (၃)ခေတ်၊ ဝေသာလီကျောက်လှေကားခေတ်၊ လေးမြို့ခေတ်ဟုခေါ် ဆိုသော ခေတ်ကြီး အတွင်း ပဥ္စာ၊ ပရိန်၊ နေရဉ္စရာတောင်ငူ နှင့်လောင်းကြက်မင်းဆက်(၉)ဆက်မြောက် သက်တော်ရှည် ဘုရင်မင်းထီး လက်ထက် တိုင်ရောက်ခဲ့ပေပြီ။

http://www.dhammadownload.com



ဤသမိုင်းခရီးစဉ်ရှည်ကြီးမှာ ကျွန်ုပ်တို့သိရှိလာရသော အက္ခရာ၊ စာပေများကိုဖော်ပြရပါမူ

(၁) ဓညဝတီတတိယခေတ်တွင် ပါဠိဘာသာကိုပြဟ္မီအက္ခရာဖြင့် ရေးထိုးတွေ့ရှိရသော ဂေါတမ မြတ်စွာဘုရားနှင့်ရဟန္တာ ၅၀၀ တို့ ရခိုင်ဓညဝတီသို့ကြွရောက်လာသည့် အကြောင်းအရာကို ကျောက်ထက်ပါဠိစာ ပြဟ္မီအက္ခရာဖြင့် ရေးထိုးထားသည့် တောင်ပေါက်ကြီးကျောက်စာနှင့် သစ္စက ပရိဘာစကဇိန(သစ္စကပရပိုက်)ဟု ပါဠိစာကိုပြဟ္မီအက္ခရာဖြင့် ရေးထိုးထားသည့် ဗိုက်ပူဘုရား(ခေါ်) ဘုရားဝမ်းပူ ကျောက်စာ။

(၂) ဝေသာလီကျောက်လှေကားခေတ် အေဒီ(၄)ရာစုမှ(၈)ရာစုအတွင်း ဒေသသုံး ပြဟ္မီပွား၊ ဒေဝ နာဂရီအက္ခရာ စသည်တို့နှင့်ရေးထိုးသော ပါဠိနှင့်သက္ကတ ကျောက်စာ အထောက်အထားများဖြစ်သည့် နီတိစန္ဒြကျောက်စာ၊ ဝီရစန္ဒြမင်း ကျောက်စာ၊ သင်းကျစ်တော်မှကျောက်စာ၊ ကျောက်ဖြူမှကျောက်စာ၊ ကျောက်တော်မှကျောက်စာ၊ သံတွဲ လွှမ်းမော်ကျောက်စာ၊ ကျောက်တော်တောင် ကျောက် ခေါင်းလောင်းကျောက်စာ၊ ဝေသာလီမြို့ဟောင်း မှကျောက်စာ၊ ဝေသာလီဘုရားကြီးကုန်းကျောက် စေတီမှကျောက်စာ၊ ဝေသာလီကြေးနီပြားစာ၊ အာနန္ဒစန္ဒြကျောက်စာ စသည်များ။

(၃) ထိုသို့တစ်ဆင့်ပြီးတစ်ဆင့် ရာစုနှစ်အလိုက်အက္ခရာသုံးစွဲမှုပြောင်းလဲလာရာတွင် အေဒီ(၇) ရာစု ထက်ဝက်ခန့်ကိုရောက်ရှိလာသောအခါ ရက္ခဝဏ္ဏအက္ခရာ အဖြစ်သို့ ကူးပြောင်းလာသည်ကို တွေ့လာရပြီး၊ ရက္ခဝဏ္ဏခေါ် ရခိုင်စာပေပေါ် ထွန်းလာသည်ကို တွေ့လာရသည်။

ဤခေတ်၏ ရက္ခဝဏ္ဏအက္ခရာ ရခိုင်စာဖြင့်ရေးထိုးတွေ့ရှိထားသော ရုပ်ဝတ္ထုပစ္စည်း အချို့ကို အထောက်အထား အားဖြင့်ပြရပါလျှင် "အာယာနာကောင်းမှု" ဟုရေးထိုးပါရှိသည့် ကြေးနီ ဆီမီးခွက်၊ အမျိုးသမီးအရုပ်(၁)ရုပ်နှင့် ဝေသာလီကျုံးတစ်နေရာမှ ရက္ခဝဏ္ဏအက္ခရာဖြင့်ရေးထိုးထား သည့် သုံးမြှောင့်ပုံစံကျောက်ပြားစာတစ်ချပ်တို့ဖြစ်သည်။

ဤ ဝေသာလီကျောက်လှေကားခေတ် (၇)ရာစုထက်ဝက်ပိုင်းခန့်ကစတင်၍ ရက္ခဝဏ္ဏ အက္ခရာရခိုင်စာဖြင့် ရေးသားထားသော "မေဓပညာမော်ကွန်းလင်္ကာ"၊ သုဝဏ္ဏဒေဝီစောပြည့်ညို ကိုယ်တိုင်ရေးစပ်သီကုံးသည့် "သိန်ကန်မိန်တွင်"သျှန်းလိုက်ရတုု၊ ဓမ္မဇေယျအမတ်ကြီးစပ်ဆိုသော"

http://www.dhammadownload.com



ဖျဉ်း(၃၃)လုံးလှေတော်သံ” စသည်တို့မှာရခိုင်စာပေသမိုင်းတွင် ထင်ရှားနေဆဲဖြစ်သော စာပေများ ဖြစ်သည်သာမကပဲ၊မြန်မာစာပေ သမိုင်းကိုပြုစုတင်ပြသည့် မြန်မာစာညွှန့်ပေါင်းကျမ်း ပထမတွဲ၊ ပထမ ဆုံးစာမျက်နှာတွင်”သိန်ကန်မိန်တွင်” ရတုမှာ ထိပ်ဆုံးကစ၍ ဖော်ပြသည့် ရှေးအကျဆုံး မြန်မာစာ လင်္ကာ(က) ရတု (သျှိုး)လိုက်ဖြစ်ပေသည်။ (မြန်မာ စာညွှန့်ပေါင်းကျမ်း ပထမတွဲ၊စာ ၁၁-၁၃)

သုဝဏ္ဏဒေဝီစောပြည့်ညိုမှာစာဆိုကျမ်းပြုသူတစ်ဦးဖြစ်ပြီး၊အိန္ဒိယ သက္ကဋ္ဌဘာသာကဗျာ အကျော်အမော်ဆရာကြီးများက ချီးကျူးအမွှမ်းတင်လောက်အောင် ရေးစပ်သီကုံးနိုင်သည့် အလှ ကေရီ နတ်ဒေဝီ တစ်ပါးဖြစ်သည့်အလျောက် စောပြည့်ညို(ခေါ်) သုဝဏ္ဏပပါမင်းသမီးမှာ မိဖုရားဖြစ် လာသောအခါ၊ “သုဝဏ္ဏဒေဝီ”ဘွဲ့ ကိုမှည့်ခေါ် ခံရသူဖြစ်ပါသည်။(ဤညွှန့်ပေါင်းကျမ်းမှာ စာပေဗိမာန်မှ စာတည်း မှူးချုပ် ဦးမျိုးသန့်က ၁၉၉၁ခုနှစ်တွင်ထုတ်ဝေပြီး၊ “သိန်ကန်မိန်တွင် ” ရတုကို ဘားနက်ပိဋကတ်တိုက်ရှိ စာပေမှကူးသည် ဟုဆိုပါသည်။)

ဝေသာလီကျောက်လှေကားခေတ်စာဆို သုဝဏ္ဏဒေဝီ၏ ထင်ရှားသော နောက်ကျမ်း တစ်ကျမ်းမှာ “ကဝိကဏ္ဍ” ကျမ်းဖြစ်ပါသည်။ ဤကျမ်းမှာသက္ကဋ္ဌဘာသာဖြင့် ရေးသားထားသော မဂဓတိုင်းပြည်၊ ကာလိဒါသပညာရှိ၏ “သျှုရုဗောဒဆန်းကျမ်း ”ကိုရခိုင်ဘာသာ ဖြင့်ပြန်ဆိုထားသော ကျမ်း ဖြစ်ပါသည်။ ထို့အပြင် နောက်ထပ်ဘာသာပြန်ကျမ်းပေါင်းများစွာရှိပေသေးရာ၊ယင်းအနက် စာနာကျအမတ်ကြီး၏ “စာနာကျနီတိကျမ်း”၊ “ကြမ္မာဒိုက်မင်းကြီးဝတ္ထု”၊ “မနုဓမ္မသတ်ကျမ်း” တို့မှာ လူသိများသော ကျမ်း ဖြစ်ကြပေသည်။ “ဂေါတမပူရမ်ကျမ်း” သည်နက္ခတ်ဗေဒင်ကျမ်းဖြစ်၍၊ ယင်းနက္ခတ်ဗေဒင်ကျမ်းနှင့် ပတ်သက်သောကျမ်းများ ဆေးကျမ်းများ၊ သချ်ာကျမ်း များလည်းရှိကြကုန် သေး၏။

ဝေသာလီကျောက်လှေကားခေတ်နောက်ဝယ် ပေါ် ထွန်းလာသော လေးမြို့ခေတ် စာပေများ အနက်မှ မြန်မာစာညွှန့်ပေါင်းကျမ်း(ပထမတွဲ)၊စာ ၁၃-၁၄ မှာဖော်ပြပါရှိသော ရခိုင်ပြည်၌ ကုမ္မာဘယမင်းသားသည် ဒသရာဇာဟူသောဘွဲ့ကိုခံ၍ နန်းတက်ပြီးနောက် ဘိသိက်ခံသောအခါ ကိရိယာစုံလင်ရာသော အကြောင်းကိုပညာရှိ အမတ်ကဝိကျော်စပ်ဆိုသော လင်္ကာထုံးပေါင်းသျှိုး လိုက်ရတုဖြစ်ပါသည်။

အကြောင်းအရာမှာ ပရိန်ခေတ် ဒသရာဇာမင်း(အေဒီ ၁၁၂၃-၁၁၃၉)၏ ဘိသိက်မင်္ဂလာပြု လုပ်ခြင်းကို ရေးစပ်ထားသော သျှိုးလိုက်ရတု တစ်ပုဒ်ဖြစ်ပေသည်။ (ဤရတုကိုမြန်မာသက္ကရာဇ်

http://www.dhammadownload.com



၁၂၁၅၊ အေဒီ ၁၈၅၄ခုနှစ်၌ ကူးရေးသောမင်းကြီးဦးကောင်း၏ ရာဇဝင်ပေမူနှင့်ဦးပဏ္ဍိတ်ရေး ဓညဝတီရာဇဝင်သစ်၌ ဖော်ပြထားသည် ကို တွေ့ရပါသည်။)

လေးမြို့ခေတ်ဖွဲ့"ရခိုင်သာစွလေ" ကဗျာများသည်လည်း ဘုရင်မင်းထီးလက်ထက်ဖွဲ့ဆိုသော ကဗျာများဖြစ်ပါသည်။ ဘုရင်မင်းထီးမတိုင်မီအထိ လေးမြို့ခေတ်အကြောင်းကို စုံလင်စွာ ဖွဲ့ဆိုထား ခြင်းဖြစ် ပါသည်။ ရခိုင်စာပေသမိုင်း၏မှတ်တိုင်တစ်ခုဟုဆိုရပေမည်။

ကျွန်ုပ်တို့သည် ရခိုင်စာပေသမိုင်းခရီးစဉ်ကို ဆက်လက်လျှောက်ခဲ့ရာတွင် ရခိုင် ဘုရင်မင်းထီး၊ သက္ကရာဇ် (၆၄၁-၇၁၁)(အေဒီ ၁၂၈၃-၁၃၈၉)လက်ထက်သို့ရောက်လာသောအခါ ရခိုင်ရာဇဝင် ကြောင်းအရ "လောကသာရပျို့" ကို ရခိုင် **အဂ္ဂသာရအသျှင်သူမြတ်** သည် သက္ကရာဇ် (၆၉၅ခုနှစ်နှင့် ၇၀၁ခုနှစ်) အကြားတွင်စီကုံးသည်ဟုအဆိုရှိပါသည်။ ထိုပျို့မှာ အကောင်းဆုံး၊ လူသိ အများဆုံး၊ ကာရန်သတ်ပုံမှန်ကန် သောပျို့ ဟူ၍ ထူးခြားချက်ရှိကြောင်းကို ဆရာကြီးမင်းသုဝဏ် တည်းဖြတ်၍ ၁၃၁၇ခုနှစ်၊ကုသလဝတီ ပုံနှိပ်တိုက်၊၆၀-ရေကျော်လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသော လောကသာရပျို့ အဖြေအဘိဓာန်တွင်ပါရှိ ပါသည်။

ဤ လောကသာရပျို့ ကို စီရင်ရေးသားသော ရခိုင်မဟာသံဃရာဇာနှင့်ပတ်သက်၍ အထက် တွင် ဖော်ပြထားသည့်အတိုင်းပင် မြန်မာစွယ်စုံကျမ်း အတွဲ-၁၃ (သပိတ်-ဟက်) စာ-၉၅(၄) "ရခိုင်မဟာ သံဃရာဇာ" ခေါင်းစဉ်ဖြင့်ထပ်တူထပ်မျှသဘောရေးသားထား သည်ကို ဖတ်ရှုရပါသည်။

သို့သော်မြန်မာ့စွယ်စုံကျမ်းအတွဲ(၁) (က-ကံ)စာ-၃၆၀ တွင်ပြထားသော ကန်တော်မင်း ကျောင်းဆရာတော်၏ အကြောင်းအရာကို "ကန်တော်မင်းကျောင်းဆရာတော်မှာ မြန်မာဂန္တဝင်တွင် ထင်ရှားသော ကန်တော်မင်းကျောင်းမေတ္တာစာနှင့် လောကသာရပျို့များကိုရေးစီရင်ခဲ့သည်" ဟု ဆိုထားသည်ကို တွေ့ရပြန်ပါသည်။ သက္ကရာဇ် ၈၄၂ခုနှစ်(အေဒီ ၁၄၈၀)အင်းဝခေတ် ဒုတိယမင်းခေါင် လက်ထက်မှာဖြစ်ပါသည်။

တဖန် မြန်မာစာညွန့်ပေါင်းကျမ်း၊ပထမတွဲ စာ ၁၄၁-၁၄၂ တွင်လည်း အထက်အပိုဒ် ၁၀တွင် လောကသာရပျို့ အပြည့်အစုံကိုရေးသားဖော်ပြထားပါသည်။ စာဆိုမှာကန်တော်မင်းကျောင်း ဆရာတော်ဟု ပင်ဆိုပါသည်။

လောကသာရပျို့၏ နောက်ဆက်ခေါင်းစဉ်ဖြင့် မြန်မာ့သတင်းစာတစ်စောင်တွင်လွန်ခဲ့သော နှစ် အနည်းငယ်က ကလောင်ရှင် "မြန်မာစာသိန်းလွင်" အမည်ဖြင့်၊ကန်တော်မင်းကျောင်းဆရာတော်

http://www.dhammadownload.com



သည်သာ လောကသာရပျို့ကို ရေးသားသူအမှန်ဖြစ်ကြောင်း ဆိုထားသည့်ဆောင်းပါးကို ဖတ်မိလိုက်ပါသည်။ ၄င်းကလည်း အထက်အပိုဒ် ၁၁နှင့် ၁၂တို့ကိုထောက်ခံတင်ပြ၍ ဤပျို့ကိုရေးသူမှာ **ရခိုင်သူမြတ်** မဖြစ်နိုင်ကြောင်းကိုပြောဆိုလိုခြင်းပင်ဖြစ်ပါသည်။

ဆရာကြီး မင်းသုဝဏ်တည်းဖြတ်သည့် ရခိုင်သူမြတ်၏ လောကသာရပျို့မှာ ဦးကုလား ရာဇဝင် မဟာယာဇဝင်တော်ကြီး၊ သာသနာလင်္ကာရစာတမ်းတို့နှင့်အညီဖြစ်ကြောင်းဆိုထား ပါသည်။ ထို့အပြင် မှန်နန်း ၉၂ တွင်ဆိုထားသည်မှာ(စာ-၄၁၀)-

မင်းကြီးစွာစော်ကဲမင်းဖြစ်၍(၆)နှစ်ရှိသောအခါ သက္ကရာဇ် ၇၄၅ ခုတွင် မိမိတို့ညီနောင် သုံးဖော်တို့အား ရခိုင်တွင်နေစဉ်ပညာသင်ကြားပေးခဲ့သော ရခိုင်သူမြတ် ရှင်အဂ္ဂသာရအား အင်းဝမြို့ တော်သို့ ပင့်ဖိတ်ဆောင်ယူပြီး၊ မဟာသံယရာဇာဘွဲ့တော်ကိုဆက်ကပ်ကာ ရွာသစ်ကြီး၌ ကျောင်းတော် ဆောက်လုပ်လှူဒါန်း၍ ကိုးကွယ်တော်မူသည်။

**လောသာရဆုံးမစာပြုဆရာတော်**

ရခိုင်မှာ မင်းသား ၃ ပါးကိုစာပေပို့ချစဉ်ကပင် လောကသာရဆုံးမစာကို ဆရာတော်ပြုသည်။ ရခိုင်ကပြုခဲ့၍ အဝသို့လာရာတွင် ဆက်သည် ဟုလည်းဆိုကြသည်။ (အင်းဝဆရာတော် သာသနာ လင်္ကာရစာတမ်း စာမျက်နှာ ၁၃၇)အရဖြစ်သည်။

တဖန် အရှင်ကောသလ္လ(ဂဝေသီ)၏ ရခိုင်သားကြီးစာပေမှ ၁၉၉၈-ခုနှစ်၊ ဇူလိုင်လထုတ် "ရခိုင်စာပေခရီး " စာအုပ် စာ-၁၅၃-၁၅၅ တွင်အထက်အပိုဒ် ၁၃ ကိုထောက်ခံ၍ရေးသားရာတွင် ဦးပညာစာရ(ရမ္မာဝတီ)၏သုတေသနပြုမှုတို့ကိုကိုးကား၍၊အိန္ဒိယနိုင်ငံရှိ မြို့ပြည် မြားမြောင်ဝရွာတွင် ရခိုင်လောကသာရပျို့ ပုရပိုက်မူများကိုပင်တွေ့ရှိရသည်ဟုဆိုထားပါသည်။

ဤကဲ့သို့ လောကသာရပျို့ တစ်မျိုးတည်းကို စီရင်ရေးသားသူနှင့်ပတ်သက်၍ ဝိဝါဒကွဲပြား အယူအဆနှစ်မျိုး ရှိနေသည်ကိုတွေ့ရပေရာ၊ မည်သည့်အယူအဆကမှန်သည်ဟု မည်သူက အဆုံးအဖြတ် ပေးရပါမည်နည်း။ ဤကဲ့သို့အယူအဆနှစ်မျိုးဖြစ်နေသည်ကို မြန်မာနိုင်ငံစွယ်စုံကျမ်း က နှစ်မျိုးစလုံးကို အတည်ပြုရေးသားဖော်ပြထားပေရာ သုတေသီများ ချင့်ချိန်၍ လက်ခံယူရန်သာ ရှိပေတော့သည်။

ရခိုင်သူမြတ်၏ လောကသာရပျို့ကို ကောဇာသက္ကရာဇ် ၆၉၅ ခုနှစ်နှင့် ၇၀၅ခုနှစ် အကြားတွင် (အေဒီ ၁၃၃၃-၁၃၄၃ ကြား)ရေးသားပြုစုကြောင်း တွေ့ရပေသည်၊ တဖန် ကန်တော်မင်း

http://www.dhammadownload.com



ကျောင်းဆရာတော်ရေးသားပြုစုသည်ဆိုသော သက္ကရာဇ်မှာ ၈၄၂(အေဒီ-၄၈၀)တို့ဖြစ်ရာ၊ ရခိုင်သူမြတ်က နှစ်ပေါင်း(၁၃၇)နှစ်ခန့်ရှေးကျနေသည်ကိုတွေ့ရပါသည်။

ဤနေရာတွင် စာပေသမိုင်းခရီးရင့်ကျက်မှုအခြေအနေကိုဆန်းစစ်ကြည့်ရန်လိုလာပါမည်။ ရှေးဦးစွာ ရခိုင်စာပေသမိုင်းခရီးစဉ်ကိုဆန်းစစ်ကြည့်ပါက၊ အေဒီ( ၇)ရာစုထက်ဝက်နှစ်ပိုင်း အချိန်ကပင် စတင်ရေတွက်ရပါလိမ့်မည်။ ယခုမင်းကြီးမင်းထီးဘုရင်လက်ထက်ထိတိုင်အောင် ဆိုပါလျှင်၊ အေဒီ(၁၃)ရာစုထက်ဝက်နှစ်အထိနှစ်ပေါင်း(၆)ရာစုသက်တမ်းမျှရှိခဲ့ပေပြီ။

ထိုနည်းတူစွာ မြန်မာစာပေသမိုင်းခရီးစဉ်ကိုပြောရမည်ဆိုပါက၊ကျန်စစ်သားမင်း(ထီးလှိုင်ရှင်)ကံတော်ကုန်သည့်နှစ်တွင်ရေးထိုးသည့် "ရာဇကုမ္မာရ်ကျောက်စာ" ကိုရေးထိုးသည့် အချိန်မှစတင်ရမည်ဖြစ် ပါသည်။ ကျွန်ုပ်တို့၏ ရခိုင်သက္ကရာဇ်အယူအဆအရ သက္ကရာဇ် အေဒီ ၁၀၉၂ ဖြစ်ပြီး ဒေါက်တာသန်းထွန်း တို့၏အယူအဆအရသက္ကရာဇ် အေဒီ ၁၁၁၃ ဖြစ်ပါသည်။"ခေတ်ဟောင်းမြန်မာရာဇဝင်" ကိုရေးသား ပြုစုသူ ဒေါက်တာသန်းထွန်းက ၄င်း၏စာအုပ်အကြောင်းအရာ မြန်မာနိုင်ငံ၏ကျောက်စာများ စာမျက်နှာ ၃ တွင်ဆိုထားသည်မှာ-

"ခရစ်နှစ် ၁၁၁၃ မှ ၁၁၇၄ အတွင်း၌မြန်မာတို့သည်မွန်ယဉ်ကျေးမှုကိုမှီငြမ်းပြု၍၊ သီးခြားယဉ်ကျေးမှုထူထောင်ရန် အားထုတ်ဆဲဖြစ်ကြောင်းတွေ့ရသဖြင့် ကြားကာလဖြစ်သည်ဟုဆိုရချေမည်။ သက္ကတ ပါဠိ၊ မွန်နှင့်မြန်မာဘာသာတို့နှင့် ကျောက်စာများကို ဤကာလအတွင်း၌ရေးထိုးခဲ့သည်ကိုတွေ့ရသဖြင့်၊ မွန်ဘာသာအစားမြန်မာဘာသာကိုမသုံးစွဲမီ၊ မြန်မာတို့သည် မည်သည့်ဘာသာစကားကိုသုံးရမည်မသိသဖြင့် ယောင်ဝါးဝါးရှိနေကြပုံကိုပြသည်ဟုထင်မိ၏။ ပါဠိကို ပထမစတင် စမ်းသတ်ကြဟန်တူ ပါသည်။ ရွှေဂူကြီးကျောက်စာ(ခရစ်နှစ် ၁၁၃၁ ခုနှစ်)ကို များစွာအထက်တန်းကျသော ပါဠိဂါထာများဖြင့် ရေးထိုးခဲ့၏။ ပျူဘာသာကိုပင်စမ်းသပ်ချေသေးသည်။ရာဇကုမ္မာရ်ရေးထိုးခဲ့သော ကျောက်စာ၌ ပျူဘာသာပြန်တစ်မျက်နှာ၊ (ခရစ်နှစ် ၁၁၁၃ ခုကျွန်ုပ်တို့အယူအဆ ခရစ် ၁၀၉၂)၊ ပုဂံအာနန္ဒာ၏ အရှေ့တောင်ဘီရှာ၌ တွေ့ရသောမြေပုံဘုရား သုံးဆယ့်ငါးဆူတို့၌ ဘုရားတွင် ပူဇော်သောသစ်သီး၊ သစ်ပင်တို့၏ အမည်များကို ရေးထိုး ထား၏။ လက်ရေးနှင့်သတ်ပုံကိုအကဲခတ်လျှင် ရာဇကုမ္မာရ်ထက်များစွာ ရှေးကျလျှက် မြန်မာတို့မြန်မာစာကို ရေးတတ်စက ယူဆရန်ရှိပါသည်။

ဒေါက်တာသန်းထွန်းက သူ့စာအုပ်၏ မြန်မာနိုင်ငံကျောက်စာများ ခေါင်းစဉ်ပါ စာမျက်နှာ(၅) တွင် ဆက်လက်၍၊ "မြန်မာတို့သည် တစ်ဆယ့်တစ်ရာစုကျော်သည်အထိ မွန်စာဖြင့်ကျောက်စာ ရေးထိုးသည် ဟုယူဆလောက်အောင် အေဒီ ၁၀၈၄မှ ၁၁၁၃ အထိ

http://www.dhammadownload.com



(ကျွန်ုပ်တို့၏အယူအဆ ၁၀၆၄ မှ ၁၀၉၂အထိ) ပုဂံတွင်နန်းစံခဲ့သော ထီးလှိုင်မင်း(ကျန်စစ်သား) လက်ထက်၌ မွန်ကျောက်စာများကို တွေ့ခဲ့သဖြင့်၊ အေဒီ ၁၀၇၄ ခုကျော်လောက်တွင်မှ မြန်မာတို့သည် မြန်မာဆန်အောင်ကြိုးစားလာ ကြောင်းတွေ့ရ၏" ဟု ဆိုထားသည်ကို ထောက်ရှုခြင်းအားဖြင့် မြန်မာစာပေသမိုင်း၏ ခရီးစဉ်ကို ရေတွက်ကြည့်ပါလျှင် ကန်တော်မင်းကျောင်းဆရာတော်၏ အချိန်ကာလမှာ အေဒီ-၁၈၈၀အထိ (၄)ရာစုနှစ်ခန့်ရှိမည်ဖြစ်ပါသည်။ အကယ်၍ ဘုရင်မင်းထီးမင်းလက်ထက် ရခိုင်သူမြတ်၏ အချိန်ထိ ဆိုပါလျှင် (၃)ရာစုခန့်ရှိပါမည်။

ဤသက်တမ်းကာလကိုလေ့လာခြင်းအားဖြင့် စာပေသမိုင်းခရီးစဉ်အရာမှာ ရခိုင်စာပေသည် နှစ်ပေါင်း(၆)ရာစုခန့်အထိရင့်ကျက်မှုရှိနေပြီဖြစ်သည်မှာအမှန်ပင်ဖြစ်ပြီး မြန်မာစာပေသည် နှစ်ပေါင်း (၂)ရာစုမှ(၃)ရာစုခန့်အထိနုသေးသည်ကိုတွေ့ရပေသည်။

အထက်ဖော်ပြပါဆွေးနွေးတင်ပြသော အချက်အလက်များမှာ လောကသာရပျို့ စီကုံးမှုနှင့် ပတ်သက်၍ ဝိဝါဒကွဲနေမှုကို စာရှုသူတို့ချင့်ချိန်စဉ်းစားလက်ခံနိုင်ရန်တင်ပြခြင်းဖြစ်ပါသည်။

## လေးမြို့ခေတ်နိဂုံးပိုင်းတွင်တွေ့ရှိရသော ရခိုင်ရာဇဝင်နှင့် မြန်မာရာဇဝင် ကွဲလွဲနေမှုကိစ္စ

ဤကိစ္စဖြစ်ပေါ်လာပုံမှာ မြောက်ဦးခေတ်ရခိုင်စာဆို အဒူမင်းညို၏ "ရခိုင်မင်းသမီးချေ‌င်း"ကို အကြောင်းပြု၍ ပေါ်ပေါက်လာသောအချက်ဖြစ်ပါသည်။ ရခိုင်မင်းသမီးချေ‌င်းမှာမြောက်ဦးခေတ် ဘစောဖြူမင်းကြီးလက်ထက်တွင် ပေါ်ထွန်းခဲ့ခြင်းဖြစ်သော်လည်း ရာဇဝင်သမိုင်းကြောင်းကို ဖော်ပြရာတွင် လေးမြို့ခေတ်၏ နိဂုံးပိုင်းဖြစ်သော လောင်းကြက်ခေတ်နှင့် အကျုံးဝင်လျှက်ရှိနေသည် ကို တွေ့ရပေရာ ယခု လေးမြို့ခေတ်၏ နိဂုံးပိုင်းနှင့်ဆက်စပ်၍ ဆွေးနွေးတင်ပြရန်လိုအပ်လာပါသည်။ ဤသို့ဆွေးနွေးရာတွင် စာပေအရေးအသားကိုပါ သုံးသပ်တင်ပြမှသာ အမြင်ကြည်လင်သွားဘွယ်ရာ ရှိမည်ဟုယူဆပါ၍၊ စာပေအရေးအသားအပေါ် သုံးသပ်ချက်ကို ရှေးဦးစွာ တင်ပြသွားပါမည်။

ဆရာကြီးဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းစာအုပ်၊စာမျက်နှာ ၅၄ တွင် အဒူမင်းညို ရေးသားသီကုံးသော "ရခိုင်မင်းသမီးချေ‌င်း"သည် အထင်အရှားတွေ့ရှိရသမျှသော ချေ‌င်းများတွင် အဟောင်းဆုံးဖြစ်သည်။ ချေ‌င်းဖွဲ့ဆိုသော ခုနှစ်ကိုကားအတိအကျမသိရ။ ဘစောဖြူမင်းကြီးနန်းတက်

http://www.dhammadownload.com



သော သက္ကရာဇ် ၈၁၇ နှစ်တွင်ပင်ဖွဲ့ဆိုလေရာမည်။ ထိုခေတ်ထိုအခါက ရခိုင်ပြည်တွင် မြန်မာစာ ထွန်းကားတိုးတက်လျှက်ရှိနေကြောင်းမှာ များစွာအံ့သြဖွယ်ရာဖြစ်သည်။ "မြန်မာပြည်က အားကျဖွယ် ကောင်းလှ၏။ အဘယ်ကြောင့် ရခိုင်ပြည်တွင်မြန်မာစာ ပွင့်လန်းနေရပါသနည်းဟူမူ ရာဇဝင်ကျမ်း များအရ မင်းကြီးစွာစော်ကဲလက်ထက် သက္ကရာဇ် ၇၃၅ နှစ်တွင် ရခိုင်အမတ်များ တောင်းပန်သဖြင့် မြန်မာဘုရင်မင်းမြတ်သည် မြန်မာဘုရင်ခံ စောမွန်ကြီးကို ခန့်ထားသည်မှ အစပြု၍ မြန်မာစာပေသည် လည်း ရခိုင်ပြည်တွင် ပွင့်လင်းပြတ်သားလျှက် ရှိရတော့သည် ဟူ၍ယူဆဖွယ်ရာဖြစ်သည်" ဆိုသည့် အယူအဆ စာသားကို လည်းကောင်း။

"ထိုနောင်ကာလများတွင်လည်း အဝပြည်မှကဗျာဝိဒူများဖြစ်ကြသော ရှင်မဟာရဋ္ဌသာရနှင့် ရှင်တေဇောသာရတို့သည် ရခိုင်ပြည်သို့ကြွရောက်သီတင်းသုံးဘူး၍ ရတုစာကိုယ်အမြောက်အများပင် ဖွဲ့နွဲ့ခဲ့ကြသေးသည်။ ထိုကြောင့် ရခိုင်မင်းသမီးချေင်းဆရာသည်လည်း မြန်မာပညာရှိများနှင့် ဆက်ဆံဖူးဟန်တူသည်" ဆိုသည့်အချက်။

အထက်ဖော်ပြပါအချက်များကို တစ်ချက်ချင်း ရှင်းပြရပါလျှင်-

(၁) ရခိုင်မင်းသမီးချေင်းသည် တွေ့ရှိသမျှသော ချေင်းများတွင်အဟောင်းဆုံးဖြစ်သည် ဆိုသည်မှာ မှန်ကန်ပါသည်။ ချေင်းဖွဲ့ဆိုသော သက္ကရာဇ်ဖော်ပြချက်မှာ အနည်းငယ် ကွဲလွဲမှုရှိလေသည်။ ရခိုင်ရာဇဝင်အလိုအရမှာ ဘစောဖြူမင်းကြီးနန်းစံနှစ်အစမှာ သက္ကရာဇ် ၈၂၀ ဖြစ်၍၊ ထိုနှစ် တွင်ပင်ဖွဲ့ဆိုသည်ဟု ယူဆရပါသည်။

(၂) ထိုအချိန်ထိုအခါက"ရခိုင်ပြည်တွင်မြန်မာစာပေတိုးတက်ပွင့်လန်းနေခြင်းမှာ များစွာ အံ့သြဖွယ်ရာကောင်းသည်။ မြန်မာများကအားကျဖွယ်ရာလည်းဖြစ်၏" ဆိုခြင်းမှာ လည်း ပဟေဠိဆန်နေပါသည်။ မြန်မာစာပေသမိုင်း ကိုရေးသားပြုစုသူများ အနေဖြင့် ရက္ခဝဏ္ဏ စာပေ၊ ဝေသာလီကျောက်လှေကားခေတ် အလယ်လောက်ကစ၍ ထွန်းကား လာနေပြီကို မတွက်ဆမိ၍ပင်ဖြစ်ပါလိမ့်မည်။ ထိုခေတ်တွင် မေဓပညာ အမတ်ကြီးရေးသားသည့် "မေဓပညာမော်ကွန်းလင်္ကာ"၊ စောပြည့်ညို(ခေါ်) သုဝဏ္ဏဒေဝီမင်းသမီးရေးသား သီကုံးသည့် "သိန်ကန်မိန်တွင်" သျှုးလိုက်ရတု၊ ဓမ္မဇေယျအမတ်ကြီးရေးသားသည့် ဗျည်းသုံးဆယ့် သုံးလုံးလှေတော်သံ စသည်များမှာ ရခိုင်တွင်သာမကဘဲ၊ ရိုးမကိုကျော်လွန်၍ ယခုတိုင် ထင်ရှားလျှက်ရှိသော စာပေများ ဖြစ်ကြပါသည်။

http://www.dhammadownload.com



ခရစ်သက္ကရာဇ်(၁၅)ရာစုနှောင်းပိုင်းအထိတွေ့ရှိရမှုသောမြန်မာစာပေအရေးအသားတွင်(၁) စကား ပြေအရေးအသား(၂)လင်္ကာအရေးအသား(၃) ရကန်အရေးအသားများကိုသာ တွေ့ရှိရ ပေသည်။ထိုအချိန်၌ ရခိုင်တွင် (၁)ရက္ခဝဏ္ဏစာ စကားပြေအရေးအသား (၂)လင်္ကာအရေးအသား (၃)ရကန် အရေးအသား(၄) ရတုအရေးအသား(၅)သက္ကရာဇ် ၈၁၇ ခုနှစ်၊သို့မဟုတ်၊ ၈၂၀ ခုနှစ်၌ ရခိုင်မင်းသမီး ချေင်း ကိုပါတွေ့ရှိရပေသည်။ မြန်မာပြည်တွင် ရှင်သရဲက သခင်ထွေးချေင်းကို သက္ကရာဇ် ၈၃၈ သို့ ရောက်မှဖွဲ့ဆိုခဲ့လေသည်။

ထို့အပြင် ရှင်မဟာရဋ္ဌသာရ ဖွားသက္ကရာဇ်မှာ ၈၃၀ ခုနှစ်ဖြစ်၍(၁၅)နှစ်အရွယ် သက္ကရာဇ် ၈၄၆ ခုနှစ်သို့ရောက်မှ ပို့၊ကဗျာ၊လင်္ကာများကိုစတင်ရေးသားနိုင်ခဲ့လေသည်။ရှင်တေဇောသာရမှာ ရှင်မဟာရဋ္ဌသာရထက် နှစ်ပေါင်းများစွာနောက်ကျသောပုဂ္ဂိုလ်ဖြစ်၍၊ ၎င်းကိုထည့်သွင်းစဉ်းစား ရန် မလိုအပ်ချေ။

ဤသည်များကိုကြည့်ခြင်းအားဖြင့် ရခိုင်မင်းသမီးချေင်းသည် မြန်မာစာပေဂန္ထဝင်တွင် ချေင်း တကာတို့၏ရှေ့သွားဖြစ်သည်ကိုလည်းကောင်း၊ ချေင်းဟူသောကဗျာစာပေကိုအစ ဦးပြုစု ပျိုးထောင်သွားသူမှာလည်း ရခိုင်မြေဒေဝတီ မြောက်ဦး အရပ်က စတင်သည်တို့ကိုတွေ့ရပေမည်။ အဒူမင်းညို၏ ရခိုင်မင်းသမီးချေင်း နှင့်ပတ်သက်၍ ရှင်းလင်းချက်မှာ ဤမျှဖြင့်လုံလောက်ပြီဟု ထင်ပါသည်။

"ရခိုင်အမတ်များ၏တောင်းပန်ချက်အရ မြန်မာဘုရင်ခံစောမွန်ကြီးကိုခန့်ထားသည်မှ" ဆိုသည့် ရာဇဝင်ကြောင်းကို ရှင်းလင်းတင်ပြသွားပါမည်။

လေးမြို့ခေတ်၏နိဂုံးပိုင်းဖြစ်သော လောင်းကြက်ခေတ်အချိန်သမယသည် အရှေ့ပြည်မြန်မာ၊ မွန်၊ ရှမ်း၊ မွန်ဂိုတရုတ်တရက်တို့နှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်ထိတွေ့မှု ရှိလေရာ ဤကဲ့သို့ ရှုပ်ထွေးလှသော အဖြစ်အပျက်များကို ချိန်ထိုးကြည့်သောအခါ၊ လောင်းကြက်ခေတ်ဆင်းသက်ပုံနှင့် အတူ မြန်မာခေတ်ပြိုင် ပုဂံခေတ်နှောင်းပိုင်းပြီးနောက်၊ ပင်းယခေတ်၊ စစ်ကိုင်းခေတ်နှင့် အင်းဝခေတ် အစပိုင်းတို့ ဆက်စပ်မှုရှိနေသည်ကိုတွေ့ရပါသည်။

ရခိုင်အမတ်များတောင်းပန်သဖြင့် မြန်မာဘုရင်မင်းမြတ်သည်မြန်မာဘုရင်ခံစောမွန်ကြီးကို ခန့်ထားသည်မှစ၍ မြန်မာစာပေသည်လည်းရခိုင်ပြည်တွင် ပွင့်လင်းပြတ်သားလျှက်ရှိတော့သည်ဟု ဆရာကြီးဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းစာအုပ်စာမျက်နှာ ၅၄ တွင် ရေးသားချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းလည်းမည်ပေသည် ဟုစာရေးသူယုံကြည်မိပါသည်-

http://www.dhammadownload.com



လောင်းကြက်ခေတ်မင်းစဉ်မင်းဆက်ဆင်းသက်ပုံနှင့်ပုဂံမင်းဆက် ပင်းယ၊ စစ်ကိုင်းနှင့် အင်းဝမင်း စဉ် မင်းဆက်တို့ကို ဆက်စပ်လေ့လာကြည့်ပါက အောက်ပါအတိုင်းတွေ့ရပါမည်-

(၁) အင်းဝမင်းဆက်အရ စွာစော်ကဲမင်းမှာ ကောဇာ ၇၂၉ မှ ၇၆၂(အေဒီ ၁၃၆၇-၁၄၀၀) အထိ အင်းဝဘုရင်ဖြစ်ခဲ့ကြောင်းတွေ့ရသည်။

(၂) စောမွန်ကြီးမှာလောင်းကြက်မြို့ကိုတည်ထောင်၍ လောင်းကြက်ခေတ်ကိုစတင်သော အလောမာဖြူမင်းကြီး၏သားဖြစ်သည်။ ကောဇာ(၆၃၀-၆၃၅)(အေဒီ ၁၂၆၉-၁၂၇၄)၌ လောင်းကြက်တွင်နန်းစံသောရခိုင်မင်းဖြစ်ကြောင်းတွေ့ရပါသည်။ အင်းဝစွာစော်ကဲမင်း အင်းဝတွင်မင်းမဖြစ်မီ (၉၈)နှစ်အလိုကပင် လောင်းကြက်တွင်မင်းဖြစ်နေပြီးဖြစ်ရာ မြန်မာစာပေသမိုင်းပါ ရာဇဝင် ကြောင်းအယူအဆမှာမည်သို့မျှဖြစ်နိုင်ဖွယ်ရာမရှိပါ။

(၃) လောင်းကြက်ခေတ်၏နောက်ဆုံးမင်း မင်းစောမွန်၏နန်းတက်သက္ကရာဇ်ကို စိစစ်ကြည့်ပြန်သောအခါတွင်လည်း ကောဇာ ၇၆၆၊ အေဒီ ၁၄၀၄ ဖြစ်ကြောင်း၊ တွေ့ရပြန်ရာ မြန်မာစာပေသမိုင်းရာဇဝင်အချက်အလက်များမှာ ယုတ္တိမတန်ကြောင်း ထင်ရှားနေပါသည်။

*(အင်းဝစွာစော်ကဲမင်းထက် ၃၇နှစ်နောက်ကျပြီးမှသာ တွေ့ရသဖြင့် မြန်မာစာပေ သမိုင်းရာဇဝင်အချက် အလက်များမှာ ယုတ္တိမတန်ကြောင်းထင်ရှားနေပါသည်။)*

(၄) ထို့အပြင် မှန်နန်း ၉၂ စာ-၃၆၁ အရလည်းကောင်း ဦးကုလားရာဇဝင်၊ ဓညဝတီ အရေး တော်ပုံ သာသနာလင်္ကာရစာတမ်းတို့အရလည်းကောင်း၊ လောသာရပျို့နှင့် ပျို့ဆရာ ရခိုင်သူမြတ်တို့၏ အတ္ထုပ္ပတ္တိများအရလည်းကောင်း သက္ကရာဇ် ၆၈၈ ခုတွင် မင်းသျှင်စော သည် သရက်မြို့တည်၍နေသည်၊ သက်လူမျိုးကိုအုပ်စိုးသောကြောင့် သက်မင်းဟု ကျော်စောသည်။ သက်မင်း သျှင် စောတွင်စောစုံ၊ စောဖြူ၊ စောတူ ဟူ၍သားတော်သုံးပါး ရှိသည်။

(၅) ရခိုင်ဘုရင်မင်းထီးမင်းကြီးလက်ထက် သက္ကရာဇ် ၆၉၅ တွင် သက်မင်း မင်းသျှင်စောအား မိဖုရား၊ မောင်းမ၊ သမီးတော်တို့နှင့်အတူ ရခိုင်သို့ဆောင်ယူလေသည်။

(၆) မင်းသျှင်စောလည်း ရခိုင်သို့ရောက်လျှင် သားတော်သုံးပါးကို ပိဋကတ်၊ဗေဒင် တတ်သော အရှင်အဂ္ဂသာရ ဆရာသူမြတ်လက်ဝယ်အပ်နှံ၍ပညာသင်ကြားစေခဲ့၏။

http://www.dhammadownload.com



သက္ကရာဇ် ၇၀၅ တွင်အရှေ့ပြည်သို့ပြန်သွားကြလေသည်။ စစ်ကိုင်း၊ ပင်းယသို့ ရောက်သောအခါ၊ စောစုံ သည် မြင်းစိုင်းမြို့ကိုစားရသည်။စောဖြူ သည်ပြည်မြို့ကို စားရသည်။စောတုသည်အမြင့်မြို့ ကို တရဖျားစော်ကဲအမည်ဖြင့် စားရသည်။

(၇) နောင်သောအခါ အမြင့်တရဖျားစော်ကဲသည် အင်းဝမြို့မင်းကြီးစွာစော်ကဲ အမည်နှင့်မင်း ဖြစ်လေသည်။နန်းသက်မှာ ကောဇာ(၇၂၉-၇၆၂)(အေဒီ ၁၃၆၇-၁၄၀၀) ဖြစ်ပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် စောတုစော်စွာကဲမှာ ရခိုင်သို့သက္ကရာဇ် ၆၉၅ မှာ ရောက်ရှိပြီး၊ သက္ကရာဇ်၇၀၅ တွင်အရှေ့ပြည်သို့ပြန်သွားပြီးနောက်၊ ကောဇာ ၇၂၉ တွင် မင်းဖြစ်လာကြောင်းတွေ့ရ၍၊ စောတုစွာစော်ကဲမှာ ရခိုင်တွင်(၁၀)နှစ်နေခဲ့ပြီး အရှေ့သို့ပြန် ပြီးနောက်(၂၄)နှစ်ကြာသောအခါမင်းဖြစ်လာကြောင်းတွေ့ရသည်။ ဤအချိန် အခါဝယ် ရခိုင်တွင် မင်းကြီးမင်းထီးဘုရင်ဖြစ်ဆဲပင်ရှိနေပါသေးသည်။ (ဘုရင်မင်းထီး၏ နန်းသက် မှာ ၁၀၆ နှစ်ဖြစ်ပါသည်။)

(၈) ဤသည်များကိုကြည့်ခြင်းအားဖြင့် မြန်မာစာပေသမိုင်းပါရာဇဝင်ကြောင်းသည် တဘက် သတ် အမြင်သာဖြစ်နေသည်သာမက၊ ရခိုင်မြန်မာရာဇဝင်နှစ်ဘက် အမြင်ကို ဖော် ပြခြင်းမပြုသဖြင့် ကိုက်ညီမှုမရှိသည်ကို ရှင်းလင်အောင်တင်ပြရခြင်းဖြစ်ပါသည်။

(၉) တဖန် ပုဂံမင်းဆက်နှင့်ပင်းယ၊ စစ်ကိုင်းနှင့်အင်းဝမင်းဆက်တို့ ကိုလေ့လာကြည့်လျှင် နရသီဟပတေ့ (ငခွေးချေး)တရုတ်ပြေးမင်းမှ စောမွန်နစ်အထိ ပုဂံမင်းဆက်မှာ (၁၁၅)နှစ်ကြာရှည်ခဲ့ကြောင်း တွေ့ရပါမည်။သို့သော်မြို့စားအဆင့်လောက်သာ ရှိတော့ သည်။ နောက်ဆုံးမင်းနှစ်ဆက် စောနစ် နှင့်စောမွန်နစ်တို့လက်ထက်တွင် ဘိန္နကန္ဒယ်ရှမ်း မင်းဆက်များ (တကောင်းသင်းတွဲဘက်က ဆင်းလာသည့်မင်းဆက်) က ပင်းယမြို့နှင့် စစ်ကိုင်းများတွင် ဆင့်ပွားမင်းဆက်များထူထောင်ခဲ့ကြသည်ကိုတွေ့ရပါသည်။ ယင်းအချိန်အခါသည်ကား မွန်ဂို(Sung)တရုတ်တရက်များနှင့် (Kublai Khan)တပ်များ မြန်မာနိုင်ငံတလွှားသို့ဝင်ရောက်လာကာ မွှေနှောက်ခဲ့သည်ကိုတွေ့ရပါသည်။နောင်ပုဂံ မင်းဆက်(ဒလမြို့စား)ကျော်စွာ ကို ဘိန္နကအန္ဒယ်ရှမ်းမင်းတို့ကသတ်ဖြတ်၍ သေဆုံး ကြောင်းကို မွန်ဂိုတရုတ်တရက်များက သိရှိသွားပြီးမှလည်းကောင်း(Kublai Khan) သေဆုံးသွားပြီးမှလည်းကောင်း တရုတ်ရန်ငြိမ်းသွားသည်ဟုဆိုပါသည်။

http://www.dhammadownload.com



(၁၀) ထိုသို့သောအချိန်အခါတွင် ရခိုင်လောင်းကြက်ခေတ်မှာ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝတို့နှင့် ခေတ်ပြိုင်ဖြစ်ပေသည်။ဤကဲ့သို့လျှင် ပုဂံ၊ စစ်ကိုင်း၊ ပင်းယခေတ်တွင် လောင်းကြက်မှာ အုပ်စိုးမည့်မင်းမရှိ၍မင်းလျှာတောင်းခဲ့ရာ စောမွန်ကြီးကို ဘုရင်ခံအဖြစ်ပို့ခဲ့ရသည်ဆိုခြင်းသည် မည်သို့မျှဖြစ်နိုင်ဖွယ်ရာမရှိပါ။ ထိုအချိန်အခါသည်ကား ရခိုင်တွင်စစ်မက်ရေးရာ တစ်စုံတစ်ရာမျှမရှိပါ။

(၁၁) လောင်းကြက်မင်းကြီးမင်းထီးအချိန်သို့ရောက်လာသောအခါ မြန်မာနိုင်ငံကိုတာရုတ်တရက်များ ဝင်နှောက်ခဲ့သကဲ့သို့ ရခိုင်ကိုလည်းထိပါးလာမှုရှိခဲ့ပါသည်။ သို့သော် တောင့်တင်း ခိုင်မာသောဘုရင်မင်းထီး၏ တပ်တို့က တိုက်ထုတ်နိုင်မှုကြောင့် (ပုဂံမြို့ ပျက်စီးခဲ့ရသလိုမျိုး) ရခိုင် တွင်အပျက်အစီးတစ်စုံ တစ်ရာမျှမရှိခဲ့ပါ။

ဤအချက်များကိုချင့်ချိန်စဉ်းစားကြည့်ပါက အဖြေမှန်ပေါ် ထွက်လာမည်ဖြစ်ကြောင်း အကျဉ်းချုံး၍ တင်ပြရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



# အခန်း (၉)
## ရခိုင်ဘာသာရေးဆိုင်ရာ တင်ပြချက်များ

### မြောက်ဦးမြို့ရှိ ဗုဒ္ဓဆင်းတုတော်များ၏အခြေအနေကိုသုံးသပ်တင်ပြခြင်း

ရခိုင်ပြည်၊ ရှေးဟောင်းမြို့တော်နှင့်ပတ်ဝန်းကျင်ရှိ ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်များမှာ ယနေ့ အချိန်အခါတွင် မူလကြေးသွန်းဆင်းတုတော်များအားကျောက်ညို(သို့မဟုတ်) သဲကျောက် ဘုရား ဆင်းတုတော်များဖြင့် အစားထိုးထားသည်ကို အများအပြားတွေ့လာရပါသည်။ကွယ်လွန်သူ ရခိုင်- မြန်မာ ပဏ္ဍိတ် ဦးဦးသာထွန်းက ရခိုင်ပြည်ကိုအင်္ဂလိပ်များက သိမ်းယူသောအခါ ရခိုင်သမျှသော ကြေးသွန်းဆင်းတုတော် မြတ်များကို အိန္ဒိယနိုင်ငံသို့ပင့်ဆောင်ယူသွားကြသည် များတွင် အစားထိုးခြင်းများဖြစ် သည် ဟုဆိုပါသည်။ သို့သော်ဤ ဘုရားဆင်းတုတော်မြတ်များမှာ ယနေ့အချိန်ခါ၌ မြောက်ဦးခေတ် (Meditation Mood)တရားထိုင်မှု ပုံစံမျိုးမဟုတ်တော့ဘဲ၊ များသောအားဖြင့် မျက်လုံးတော်များ ဖွင့်လျှက်ရှိနေရုံသာမက ပြုံးကျယ်နေသည်ကို သာတွေ့ ရပါတော့သည်။

(Meditation Mood) တရားထိုင်သည့်ပုံစံဖြစ်သော မျက်လွှာအောက်ချပုံစံများကိုပြုပြင် ထားလျှက်ရှိကြောင်းဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။နောက်တစ်ချက်မှာ(ပုံ)တွင်ဖော်ပြထားသည့် ဗုဒ္ဓဆင်းတုတော်များအနက် စန္ဒာမုနိဆင်းတုတော်၊ မဟာကျန်ဆင်းတုတော်(မောင်တော)၊ မဟာကျန် ဆင်းတုတော် (စစ်တွေ)မဟာကျန်ဆင်းတုတော်(ညောင်ပင်လယ်-မြောက်ဦး) နှင့်မင်းရင်ဖြူမင်းကြီး ၏မဟာကျန်ဆင်းတုတော်(စစ်တွေ)မှလွဲ၍ ကျန်ဆင်းတုတော်များက ဘိုးတော်ဦးဝိုင်းလက်ထက် မြန်မာပြည်သို့ ပင့်ဆောင်သွားခြင်းခံရပါသည်။

ယခုအချိန်အခါတွင်မြန်မာနိုင်ငံအရပ်ရပ်၌ကိန်းဝပ်လျှက်ရှိသောဆင်းတုတော်မြတ်များမှာ-

(၁) မဟာမြတ်မုနိ — မန္တလေးမြို့

(၂) လာဘမုနိ — ချမ်းသာကြီးကျောင်းတိုက်၊မန္တလေးမြို့

(၃) ရှင်ကျော်မုနိ — ရွှေနတ်တောင်၊ရွှေတောင်မြို့၊ပြည်ခရိုင်

(၄) မာန်အောင်မြင်မုနိ — ဇလွန်မြို့၊ဟင်္သာတခရိုင်

(၅) ပုံစံတော်ဘုရားဆင်းတုတော် — ဘုတ်ချောင်းရွာ၊ဟင်္သာတခရိုင်

(၆) ဒသရာဇာမင်းဘိသိက်ခံဆင်းတု ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့ဖြစ်ပါသည်။

http://www.dhammadownload.com



အလားတူ မျက်လုံးဖွင့်လှစ်အစားထိုးခံထားရသော အထင်ကရ ဆင်းတုတော်တစ်ဆူမှာ ကျောက်တစ်လုံးတည်းကိုထုဆစ်၍ ကုန်းမြင့်တွင်ကိန်းဝပ်နေသည့် ဝေသာလီဘုရားကြီးဖြစ်ပါသည်။ အလွန် တရာမှုနမြောစရာကောင်းလှပါသည်။ ဤကဲ့သို့ဖြစ်ရသည်မှာ စစ်ကြီးများ၏ အကျိုးဆက်ကြောင့် ဖြစ်ပါသည်။ သင်ခန်းစာယူသင့်ကြပြီးလျှင် နောင်အလားတူမပြုလုပ်မိကြရန် ရဟန်းရှင်လူအားလုံးက သတိပြုသင့်ပါသည်။ မြို့ကျပျက်စီးနေသည့်စေတီများမှထွက်ပေါ်လာသော ဆင်းတုတော်များကို လေ့လာကြည့်ပါက၊ တရားထိုင်နေသောပုံစံကိုတွေ့ရမည်ဖြစ်ပါသည်။ မြောက်ဦးမြို့ လက်ကောက်စျေးဘုန်းတော်ကြီးကျောင်းတွင်ကိန်းဝပ်လျှက်ရှိသည့်ကြေးသွန်း ဆင်းတုတော်မြတ်မှာ တရားထိုင်နေပုံ ပုံစံအမှန်ကိုဖော်ပြနေသည့် ဆင်းတုတော်မြတ်ဖြစ်ကြောင်း တင်ပြလိုပါသည်။ ဤဆင်းတုတော်တို့မှာ မူလ မြောက်ဦး ခေတ်ဆင်းတုတော်မြတ်များ ( Iconography ) အမှန်ပင်ဖြစ်ပါသည်။

**မဟာမုနိသိမ်တော်နှင့်တန်ဆောင်းပြဿဒ်တော်။** After casting Mahamuni, King Canda Thuriya cast two other images from the same stock of noble metal. Afterwards 33 smaller likeness of the Mahamuni and countless Mahagyan ( lit-left-over) images were also cast by the king.

King Naradhipati had the Yettara bell cast and placed in the platform of Mahamuni shrine in 1734. The magical formula and numbered squares make it the rarest of its kind in the word. The bell inscriptions in Pali, Arakanese (Rakhine) and Sanskrit were used to ward off and work magical spells upon any invading troops. Details of the procedure were inscribed on the bell. This bell was lost in 1950 and never recovered.

Until 1785 when the Great Images was carried off to Amarapura the holy precincts were ever bustling with pilgrims and monastic schools activities.

ဤသိမ်တော်နှင့်တန်ဆောင်းသည် ခေတ်အဆက်ဆက်တွင် မကြာခဏ မီးလောင်မှုရှိခဲ့ပါသည်။ ခေတ်အဆက်ဆက် ဘုန်းတန်ခိုးကြီးမားသည့်မင်းမြတ်များက ပြန်လည်ပြုပြင်ခဲ့ကြောင်း သိရပါသည်။ နောက်ဆုံးဖြစ်သော မြောက်ဦးခေတ်တွင် ကြေးနီပြားဖြင့် မိုးထားခဲ့ကြောင်း အဆိုရှိပါသည်။ မဟာမုနိဆင်းတုတော်ကို ဘိုးတော်ဦးဝိုင်းက ပင့်ဆောင်ယူသွားခဲ့သည်နောက်ပိုင်းမှ ယခုအချိန်အထိ ကိန်း ဝပ်နေသောဆင်းတုတော်ကို ကျောက်တော်မဟာမုနိ ဟုခေါ် ဆိုကြပါသည်။ ဤဆင်းတုတော်မှာ

http://www.dhammadownload.com



ကျောက်ညိုဖြင့် ထုဆစ်ထားသော ဆင်းတုတော်ဖြစ်ပြီး၊ယခုကာလတွင် ရွှေချထားသဖြင့် သပ္ပါယ်စွာ ဖူးတွေ့ရပါသည်။ နောက်ဆင်းတုတော်တစ်ဆူမှာ စစ်တွေမြို့မှ သူဌေးကြီးဦးရဲကျော်သူ လှူဒါန်းထားသော မဟာမုနိတော်၏ (Replica) ကြေးဆင်းတုတော်ပုံတူ ဖြစ်ပါသည်။

ကျောက်တော်မဟာမုနိဆင်းတုတော်၏ အရံကျောက်ဆင်းတုတော်နှစ်ဆူမှာ ရှင်သာရိပုတ္တရာ နှင့် ရှင်မောဂ္ဂလန် လက်ဝဲရံ လက်ျာရံဆင်းတုတော်ပုံတူများဖြစ်ကြပါသည်။ မဟာမုနိပုံတော်ကို ကျောက် တော်မြို့နယ်ရှိ မဟာမုနိဂူကျောင်းအတွင်းကိန်းဝပ်တော်မူနေသော ဆင်းတုတော်များနှင့်အတူ မဟာမုနိသိမ်တော်သို့ ပင့်ဆောင်၍ ဆက်လက်ကိုးကွယ်ကြခြင်း ဖြစ်ပါသည်။

ဆင်းတုတော်၏ပုံအစဉ်မှာ

၁။ မဟာမုနိဆင်းတုတော်

၂။ ရှင်ကျော်မုနိဆင်းတုတော်

၃။ မာရ်အောင်မြင် မုနိဆင်းတုတော်

၄။ ပုံစံတူဆင်းတုတော်

၅။ မောင်တောမြို့မှမဟာကျန်ဆင်းတုတော်

၆။ စစ်တွေမြို့မှမဟာကျန်ဆင်းတုတော်

၇။ စန္ဒမုနိဆင်းတုတော်

၈။ စကြာမုနိဆင်းတုတော်

၉။ မင်းရင်ဖြူမင်းကြီး၏မဟာကျန်ဆင်းတုတော်

ရခိုင်တွင်ကိန်းဝပ်ခဲ့သော ဗုဒ္ဓဆင်းတုတော်များနှင့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများမှာ သဘာဝဘေးကြောင်းလည်းကောင်း၊ ထိန်းသိမ်းမှုအားနည်းချက်တို့ကြောင်းလည်းကောင်း၊ ယနေ့ထိတိုင် ပျက်စီးမြဲ ပျက်စီးဆုံးရှုံးလျက်ရှိသည်ကိုတွေ့ရပါသည်။ ဥပမာ ပြရလျှင် ရခိုင်ပြည် စစ်တွေမြို့ ပွိုင့် လေညှင်းခံအပန်းဖြေစခန်းနေရာတွင်အင်္ဂလိပ် ခေတ်ကပင်အများပြည်သူသို့ပြသ ထားသည့်အမြောက်ကြီး (၂)လက်မှာ ယနေ့အခါတွင် (၁)လက်ကိုသာတွေ့ရပါတော့သည်။(The Golden Mrauk U, An Ancient Capital of Rakhine)စာမျက်နှာ-၁၈၁ ကိုရှု။

နောက်ထပ်တင်ပြရပါလျှင် ရခိုင်ယဉ်ကျေးမှုရှေးဟောင်းတူးဖော်မှု(Exvavation)လုပ်ငန်းများ ဖြစ်သည့် ဝေသာလီကောင်းကင်မြေပုံ နေရာနှင့် ဓညဝတီကောင်းကင်မြေပုံနေရာတို့ကို တူးဖော်ရာ၌ရ ရှိသော ရလဒ်အသေးစိတ်ကို ပြည်သူများ ယနေ့တိုင် သိခွင့်မရရှိသေးပါ။ ရခိုင်တို့ယဉ်ကျေးမှုဘဏ္ဍာ တိုက် ဖြစ်သည့် သျှစ်သောင်းပုထိုးတော်ကြီးကို ပြုပြင်ခဲ့ပါသေးသည်။ ဤသည်ကိုလည်း ပြည်သူများကို အသိပေးခြင်းမရှိခဲ့ပါ။ ယခုအခါ သျှစ်သောင်းပုထိုးတော်ကြီး၏ ဝင်ဝ မုခ်ဝကြီးကိုလည်း ပြင်ဆင်ထား

http://www.dhammadownload.com



လျက်ရှိရာ ရှေးဟောင်းပုံစံများ ပျက်စီးဆုံးရှုံးသွားပြီဖြစ်သဖြင့် နိုင်ငံခြားညွှဲသည်များ၊ သုတေသီများ လာရောက်မှုနည်းပါးသွားသည်ကိုတွေ့ရပါသည်။ ၎င်းအပြင် ဒုက္ကန်သိမ်၊ ရတနာပုံ အစရှိသည့် စေတီပုထိုးများကိုလည်း ပြုပြင်ထားရာ မူလပုံစံပျက်ပြားသွားပါသည် ဤသည်များမှာ ရခိုင်တို့၏ယဉ်ကျေးမှုဆုံးရှုံးရခြင်းဖြစ်ကြောင်း ရခိုင်ပြည်သူများအနေဖြင့် ရှေးဟောင်း အမွေနှစ်များ ရည်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော် အစိုးရနှင့်အတူ ပူးပေါင်းထိန်းသိမ်းရန် လိုအပ်ကြောင်းကို ဖော်ပြလိုပါသည်။

## သိသင့်သိထိုက်သည့် မုဒြာများ

### အဘာယမုဒြာ

ဘေးအန္တရာယ်မရှိအောင်ကာကွယ်ပေးသည့်ဟန် ဖြစ်သည်။ ဘေးမဲ့ဟန်ဟုလည်း ခေါ်နိုင်သည်။ သန္တိဒမုဒြာဟူ၍ ၎င်းအဘာယဟတ္တဟူ၍ အမျိုးမျိုးလည်းကောင်းခေါ် ဝေါ်ကြသေးသည်။

လက်တစ်ဖက်ကို အနည်းငယ်ထောင်၍ ကွေးထားပြီးလျှင် လက်ဖဝါးကိုပြင်ဘက်သို့ လှန်ကာ လက်ချောင်းများကို အပေါ်သို့ ထောင်ဖြန့်ပြနေသောပုံကို အဘာယမုဒြာဘေးမဲ့ဟန်ဟုခေါ်ကြသည်။ ၎င်းရုပ်တုကို ကြည့်သူသည် ထိုလက်ဖဝါးကိုမြင်ရသည်။ တခါတရံလက်ဖဝါးပြင်တွင် စက်လက္ခဏာများ ဖော်ပြထားတတ်သည်။ ထောင်ထားသောလက်ဖဝါးသည်ရင်ဘတ်နှင့် အညီမြင့်တင်နေရသည်။ အခြားလက်တစ်ဖက်ကိုမူ ပေါင်ခွင်တွင်လက်ဝါးဖြန့်ပြီးဖြစ်စေ၊မှောက်ပြီးဖြစ်စေတင်ထားလေ့ရှိသည်။ တခါတရံလက်နှစ်ဖက်စလုံးကို အဘာယမုဒြာဖြင့်လှန်၍ ပြထားသည်ကိုလည်းတွေ့ရှိရတတ်သည်။

တခါတရံလက်ျာလက်ကိုပခုံးနှင့် ထိသည်အထိမြှင့်တင်ထားပြီး ထောင်၍ပြကာ လက်ဝါးဖြန့်၍ လက်ချောင်းများကိုအပေါ်သို့ ထောင်ထားသောပုံမျိုးဖြင့် တွေ့ရသည်။ လက်ဝဲလက်ကိုမူ ပေါင်ခွင်တွင် တင်ထားသည်ကို အများဆုံးတွေ့ရတတ်သည်။ ဤသည်လည်းအဘာယမုဒြာပင်ဖြစ်သည်။

အဘာယမုဒြာသည် ဝရဒမုဒြာနှင့် ပြောင်းပြန်ဖြစ်သည်။ ဝရဒမုဒြာတွင်လက်ဝါးကို လှန်၍ လက်ချောင်းများကို အောက်သို့စိုက်ပြထားသည်။ လက်ကိုလည်း အောက်သို့ကွေး၍ ချပြထားသည်။ ဤမုဒြာနှစ်ခုကို နှိုင်းယှဉ်ပြီးလျှင်ခြားနားချက်ကိုစိစစ်ကြည့်ပါက ပို၍ထင်ရှားစွာသိသာနိုင်ပါသည်။

တဖန်အဘာယမုဒြာနှင့် စပေဋဒါနမုဒြာတို့၏ ခြားနားချက်ကိုလည်း သတိမူသင့်သည်။ စပေဋဒါနမုဒြာတွင်လက်ျာလက်ကို အပေါ်သို့ ခပ်မြင့်မြင့်မြှောက်ကာ ရန်သူအားလက်ဝါးဖြင့် ရိုက်ပုတ်တော့မည့်ဟန်မျိုးကိုပြသည်။ အဘာယမုဒြာတွင် ဤဒေါသဟန်မျိုးမပါချေ။ ဖူးမျှော်လာသူအား မကြောက်မရွံ့စေရန် အားပေးနေသော ဟန်အမူအရာမျိုးကိုသာ တွေ့ရှိရပေသည်။

http://www.dhammadownload.com



အဘယမုဒြာ၏ အနက်သဘောမှာ မကြောက်ရွံ့စေရန်ဘေးအန္တရာယ်များမှ အသင်အား ကာကွယ်ပေးနေပါသည်ဟူ၍ ၎င်းဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်မှာ ကိလေသာ ကင်းစင်တော်မူသော အနန္တဇိနဖြစ်တော်မူသောကြောင့် (န ကုတော ဘယံ) ကြောက်ရွံ့ထိတ်လန့်ဘွယ်တစ်စုံ တစ်ရာမရှိတော့ပြီ ဟူသော ဗုဒ္ဓဂုဏ်တော်ကိုသိစေလို၍ ၎င်းလက်တော်ဖြင့်ပြထားခြင်း ဖြစ်ပေသည်။

"မစိုးရိမ်လင့်၊ မကြောင့်ကြလင့်၊ ကြက်သီးမွေးညင်းထခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း တစုံတရာ မဖြစ်လင့် ကိုးကွယ်အားထားစရာဗုဒ္ဓမြတ်စွာရှိနေပါပြီ" ဟူသော ဓဇဂ္ဂသုတ်ပရိတ်တော် ဒေသနာကို ဟောကြားနေဟန်ဖြစ်သည်ဟု သုတေသီများကမိန့်ဆိုထားကြလေသည်။

တနည်းအားဖြင့်ဆိုသော် လောကဓံတရားများနှင့် ရင်ဆိုင်နေကြရသူများအား မတုန်လှုပ်ခြင်း၊ သောကကင်းခြင်း၊ ကိလေသာမြူကင်းခြင်း၊ ဘေးရန်ကင်းခြင်းတည်းဟူသော မင်္ဂလာများကို ရရှိစေရန် သရုပ်ဆောင်ထားခြင်း ဖြစ်ပေသည်။

အဘယမုဒြာသည် ဝီရရသပေါ် လွင်စေခြင်း သတ္တိရှိပေသည်။ ပညာပါရမီ၊ အဓိဋ္ဌာန်ပါရမီနှင့် ဝီရိယပါရမီတို့သို့ အနှစ်သာရအားဖြင့်ဖော်ညွှန်း ပြသထားခြင်းဖြစ်ပေသည်။

ဟိန္ဒူပြဇာတ်ယဉ်ကျေးမှုတွင်လည်းကောင်း၊ ပျူယဉ်ကျေးမှုတွင်လည်းကောင်း အဘယမုဒြာဟန်မျိုးကို အသက်-ဂုဏ် သိက္ခာ-ပညာ စသည်အားဖြင့်၊ ကြီးမားမြင့်မြတ်သူကညွှန်သည် အာဂန္တုအား ကျန်းမာပါ၏လော၊ ဘေးကင်းရန်ရှင်းဖြစ်ပါ၏လော၊ တစုံတရာသော အနှောင့်အယှက်မှကင်းပါ၏ လောဟူ၍ မေးမြန်းနှုတ်ဆက်ခြင်း၊ အလ္လာပသလ္လာပပဋိသန္ထာရ စကားပြောလိုသောအခါ ကိုယ်လက် ဟန်အမူအရာဖြင့် အသုံးပြုကြောင်း လေ့လာမှတ်သားခဲ့ရပေသည်။

## ကာရဏာမုဒြာ

လက်တစ်ဘက်ကိုပြင်ဘက်သို့ဖြန့်ထားပြီးလျှင် လက်သန်းနှင့်လက်ညှိုးနှစ်ချောင်းကိုသာ ထောင်ပြထား၍ ကျန်လက်သူကြွယ်နှင့်လက်ခလယ်နှစ်ချောင်းကို လက်မဖြင့်ဖိနှိပ်ပြထားသော လက်ပုံ ဖြစ်သည်။

စိတ်ညှို့သောသဘောတရား၊မက်မောစွဲလန်းသောသဘောတရားများကို ဖော်ပြလိုသော ဟန် ပန်မျိုးဖြစ်သည်။ အာရတီ ဝိရတီ ပါပါ မင်္ဂလာများ၊ တပေါစ မင်္ဂလာနှင့် ဗြဟ္မစရိယမင်္ဂလာ များ၏ အနက်သဘောကို ဆောင်ပြထားခြင်းဖြစ်သည်။

သိင်္ဂါရရသ အဗ္ဘုတရသ နှင့်သန္တရသ တို့ကိုဖော်ဆောင်ထားခြင်းဖြစ်သည်။

ဝိရိယပါရမီ သစ္စာပါရမီ အဓိဋ္ဌာနပါရမီစခန်းများသို့ညွှန်ပြထားခြင်းသဘောကို ဆောင်သည်။

http://www.dhammadownload.com



## ဘူမိဖဿမုဒြာ

မြေကြီးကို လက်များထိထားသော ဟန်ဖြစ်သည်။ ဝသုန္ဒရီမြေကြီးကိုသက်သေ ညွှန်းသော ဟန်ဟူ၍လည်း ခေါ်သည်။ လက်ျာလက်သည် လက်ျာဒူးမှ အောက်သို့တွဲလွဲချ၍ထားသည်။ လက်ဝါး ကို တွင်းဘက်သို့ လှည့်ထားပြီးလျှင် လက်ချောင်းများ အားလုံးကိုဖြန့်၍ အောက်တည့်တည့်သို့ စိုက်ကာ ကြာပလ္လင်ကိုဖြစ်စေ မြေကြီးကိုဖြစ်စေ၊ထိုင်ခုံတခုခုကိုဖြစ်စေ ထိထားသောဟန်ဖြစ်သည်။ လက်ဝဲလက် မှာ ပေါင်ခွင်ပေါ်တွင်လက်ဖဝါးလှန်၍ တင်ထားလေ့ရှိသည်။ လက်ျာလက်ဖမိုး ကိုမြင် ရသည်။ လက်ဝဲလက်ဖဝါးကိုလည်း မြင်နိုင်သည်။

တခါတရံ လက်ဝဲလက်ထဲတွင် သပိတ်ဖြစ်စေ တခုခုကိုထည့်ပေးထားတတ်သည်။ ဤမုဒြာ ဖြစ်ပေါ်လာပုံမှာ ဂေါတမမြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ဘုရားအဖြစ်သို့ ရောက်၍ အပရာဇိတပလ္လင် တက်ဝယ်စံနေတော်မူစဉ် မာရ်နတ်သား ကလာရောက်တိုက်ခိုက်လေသည်။ ထိုအခါဘုရား ကဝသုန္ဒရာမြေကြီးကို သက်သေညွှန်းခြင်းဖြင့် မာရ်စစ်သည် အပေါင်းကို အောင်နိုင် တော်မူခဲ့လေသည်။ ဤအဖြစ် အပျက်ကိုစွဲ၍ မာရ်နတ်ကို အောင်မြင်တော်မူခန်းကိုသရုပ်ဖော်ရာ၌ ဤမုဒြာကိုတီထွင်ခဲ့သည်ဟု ရှေးဆိုရိုးရှိခဲ့လေသည်။ ထို့ကြောင့် မြန်မာအနုပညာသဘင်တွင် ဝသုန် ဤမြေသိကြားစေ သက်သေညွှန်းဟူ၍ စပ်ဆိုခဲ့ကြရလေသည်။

တိဘက်မြန်မာအယူအဆအရဆိုပါလျှင် ပထဝီမြေကြီးဓာတ်သည် မကုန်ခန်းနိုင်သော သဘော၊ ခိုင်မာခက်ကြောသောသဘော၊ ထောက်ခံသောသဘော၊ ထိတွေ့ကိုင်တွယ်၍ ရနိုင်သော သဘောတည်းဟူသော ဂုဏ်ထူးဝိသေသများဖြင့်ပြည့်စုံသည်။ ထိုပထဝီကိုလက်ညွှန်ပြထားသော မုဒြာ၏ ဆိုလိုရင်းမှာ ဤရုပ်ပွားတော်သည်လည်း အထက်ပါဂုဏ်ထူး ဝိသေသများနှင့် ပြည့်စုံတော်မူ သော အက္ခောဘျမြတ်စွာဘုရား ဈာနိဗုဒ္ဓ၏ ပုံတော်ဖြစ်သည်ဟူ၍ နိမိတ်ပြထားကြောင်း တိဘက် ဘာသာကျမ်းရင်းများ ၌မိန့်ဆို ထားလေသည်။

ပုဗ္ဗေစ ကတပုညတာမင်္ဂလာ၊ အတ္တသမာပဏိဓိမင်္ဂလာ၊ ခန္တီမင်္ဂလာ၊ ဖုဋ္ဌဿ လောက ဓမ္မေဟိ စိတ္တံ ယဿန ကမ္ပတိမင်္ဂလာ တို့ကိုသရုပ်သဏ္ဍာန်ဆောင်ပြထားပေသည်။

သစ္စာပါရမီ၊ အဓိဋ္ဌာပါရမီ၊ ဥပေက္ခာပါရမီ၊ စခန်းများသို့ညွှန်ပြသည်။

ဝီရရသ အဇ္ဈုတရသများကို ပေါ်လွင်စေသည်။

လောကီဂန္ဓာရီအရမူကား- ရန်သူတကာကို အောင်နိုင်ခြင်း၊ တရားအမှုတွင် မိမိဘက်မှ လွတ်လွတ်ကျွတ်ကျွတ်အနိုင်ရခြင်း၊ အစိမ်းသားရဲ သင်းကွဲပြိတ္တာနတ်မိစ္ဆာတို့၏ ပယောဂ နှောင့်ယှက်မှု

http://www.dhammadownload.com



ကိုနှိမ်နင်းနိုင်ခြင်း၊ သေလုမျောပါးဖြစ်နေသော လူနာအား အသက်မသေ ဝေဒနာမှ ချမ်းသာရာရစေခြင်း၊ ဆင်ကြမ်း မြင်းကြမ်း နွားကြမ်း သူရဲကြမ်းတို့ကို အောင်နိုင်ခြင်း၊ မြို့ရာ နေရာ အိမ်ရာ မြေရာ ကျောင်းရာ စသည်တို့ကို စတင်ရှင်းလင်းခုတ်ထွင်ရာ၌ မြေကြမ်းကို အောင်နိုင်ခြင်း၊ ရဲရင့်စေခြင်း၊ စစ်ထိုးစစ်ဆင်စစ်ချီရာ၌ ရန်သူတကာကို အောင်ပွဲရခြင်း၊ သံ့ပန်းများကို အရှင်လတ်လတ်ဖမ်းဆီးရမိခြင်း၊ တနိုင်ငံလုံးကိုစိုးမိုးလွှမ်းခြုံ၍ အာဏာတန်ခိုးထက်မြက်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း စသည့်အကျိုးထူးများကိုမုချ အောင်မြင်ရရှိနိုင်သည်။ မာရဝိဇယမုဒြာဟူ၍၎င်း၊ ဘူမိဖဿမုဒြာဟူ၍ ၎င်းခေါ်တွင်အပ်သည်ဟူ၍ တန္တရာယာန၊ ဝဇီရာယာန ကျမ်းများ၌ မိန့်ဆိုထားလေသည်။

## မဟာကရုဏာမုဒြာ

လက်ဝဲလက်ကိုဖြစ်စေ၊ လက်ျာလက်ကိုဖြစ်စေ ရင်ဘတ်(သို့မဟုတ်) ရင်အုံအထက်ပိုင်းလောက်ဆီသို့ မြှောက်ချီထားကာ၊ လက်ဝါးကိုအတွင်းဘက်သို့ လှည့်၍ ရင်ပတ်ရင်အုံ ပခုံးစပ်ကိုဖုံးအုပ်ဖိနှိပ်ထားသော ပုံမျိုးဖြစ်သည်။ သနားကရုဏာဖြစ်ခြင်း သဘောကို ပုံဆောင်ပြထားခြင်းဖြစ်သည်။ မြတ်စွာဘုရားပုံတော်တွင် တွေ့ရပါမူ မဟာကရုဏာတော်ရှင်ဖြစ်ကြောင်း ဖော်ပြလိုရင်းဖြစ်ပါသည်။

လက်ထဲတွင်သက်န်းစကို ကိုင်ဆုပ်ထားပါက၊ စိဝရဟတ္ထပုံဖြစ်ပါသည်။ လက်ဝါးဖြန့်၍ အုပ်ဖုံးဖိနှိပ်ထားပါက မဟာကရုဏာမုဒြာဖြစ်ပါသည်။ လက်ျာလက်က မဟာကရုဏာမုဒြာပြပြီးလျှင် လက်ဝဲလက်က ဘူမိဖဿမုဒြာဖြင့် ပြလေ့ရှိပါသည်။ "မြတ်စွာဘုရားသခင်သည်သချေ်များစွာ ကမ္ဘာများစွာ ပတ်လုံးသတ္တဝါအများအပေါ်၌ မဟာကရုဏာတော်ကြီးမားလှသဖြင့် ပါရမီတော်တို့ကိုဖြည့်ဆည်းခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း ဤသစ္စာစကားကိုပထဝီမြေကြီးက သက်သေအရာ၌ ရပ်တည်ပါစေသတည်း" ဟူသော သစ္စာအဓိဋ္ဌာန်ပြုတော်မူခန်းအတွက် ရည်စူးပူဇော်ထားခြင်းဖြစ်ပါသည်။

ကရုဏာရသ၊ သန္တရသတို့ကို ပေါ်လွင်စေပါသည်။ ပညာပါရမီ၊ ခန္တီပါရမီ၊ မေတ္တာပါရမီ၊ သစ္စာပါရမီခန်းများသို့ ရည်ညွှန်းပါသည်။

ဉာတကာနဥ္စ သင်္ဂဟမင်္ဂလာ၊အပ္ပမာဒေါ စ ဓမ္မေသုမင်္ဂလာ၊သမဏာနဥ္စ ဒဿနမင်္ဂလာ၊ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ စသောမင်္ဂလာတရားတော်များကို ရည်ညွှန်းဖော်ဆောင်ထားပါသည်။

http://www.dhammadownload.com



ဤမုဒြာကို မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွတော်မူပုံများ နှင့် ပူဆွေးဒုက္ခသောကပရိဒေဝ ခံစားနေရသူများအား တရားဓမ္မဟောပြနေပုံများ စသည်တို့တွင် အများဆုံး တွေ့ရတတ်ပါသည်။

ဤမဟာကရုဏာမုဒြာပုံတော်များကို ကိုးကွယ်ခြင်းအားဖြင့်၊ ကယ်ဆယ်ကူညီစောင်မသူများ ပေါ်ပေါက်လာခြင်း၊ စိုးရိမ်ပိုကြွေးပူဆွေးမှုမှ လွတ်ငြိမ်းချမ်းသာရာရခြင်း၊ ရန်သူများကပင် မိမိအား သနားကြင်နာ ခွင့်လွှတ်လာခြင်း၊ ရန်ပြေမာန်ပြေဖြစ်ခြင်း၊ တရားတဘောင်အမှုအခင်းများ၌ အောင်နိုင်ခြင်း၊ မင်းအာဏာ တန်ခိုးတေဇာကြီးမြင့်ထက်မြက်ခြင်း၊ ဘုန်းကြီးခြင်း၊ ကြည်ညိုလေးစားသူ များခြင်း၊ မိမိအားချီးမြှင့်မြှောက်စား မည့်ပုဂ္ဂိုလ်မြတ်ပေါ်ပေါက်လာခြင်း စသောအကျိုးထူးများကို ရရှိနိုင်သည်ဟု တန္တရာယာနကျမ်းများ၌ပြဆို ထားပါသည်။

## ဝရဒမုဒြာပုံစံကွဲများ

အိန္ဒိယမူလ ဝရဒမုဒြာ၏နည်းဥပဒေသအရ ဝရဒမုဒြာလက်ဟန်ကို လက်ဝဲလက်ဖြင့်သာ ပြရသည်၊ လက်ျာလက်ဖြင့်ပြပါက အဘယမုဒြာဖြစ်သည်ဟုဆိုသည်။ တဖန် အောက်ကို လက်ဝဲလက်ချ၍ ပြထားလျှင် ဝရဒမုဒြာဖြစ်၏။ အထက်သို့မြှောက်ချီ၍လက်ျာလက်ဖြင့်ပြက အဘယမုဒြာဖြစ်၏ ဟုဆိုသည်။

သို့သော် အိန္ဒိယရုပ်ပွားဆင်းတုအချို့၌လည်းကောင်း၊ တရုတ်၊ ဂျပန်၊ ရခိုင်၊ မြန်မာရုပ်ပွားဆင်းတုများ၌ ၄င်းဝရဒမုဒြာကို လက်ဝဲလက်ဖြင့်ဖြစ်စေ၊ လက်ျာလက်ဖြင့်ဖြစ်စေ ပြသထားသည်ကို တွေ့ရှိရပေသည်။ ဤသည်ကို ထောက်ရှု၍၊ပန်းပုဆရာ အနုပညာသမားတို့သည် ကျမ်းဂန်စာပေမှ မိန့်မှာချက်ဥပဒေသကို တိကျစွာ လိုက်နာကြခြင်း မရှိကြောင်းကိုသိရှိနိုင်ပေသည်။

လက်ဟန်ခြေဟန်များကိုထောက်ဆ၍အလွန်တောင့်တင်းခက်မာနေပါက၊ရှေးကျသောရုပ်တုများ ဖြစ်ကြောင်း၊ လက်ချောင်းလက်ညှိုးလက်ထားဟန်တို့မှာ ပျော့ပျောင်းကျနလာပါက၊ နောက်နှောင်း လက်ရာများဖြစ်ကြောင်း သိရှိအပ်ပေသည်။

တရုပ်၊ ဂျပန် ပဋ္ဌမာသိပ္ပံလောကတွင် ဝေးမင်းလက်ထက်နှင့် ဆွီကောလက်ထက်များမှ ရုပ်ပွားများသည် တောင့်တင်းခက်မာ၍နေကြသည်။ ထို(ဝေးဆွီ)ခေတ်နောက်ပိုင်း ကျလာသောအခါမှ ထုလုပ်သည့် ရုပ်ပွားများ၏ မုဒြာဟန်ပန်များမှာ ပျော့ပျောင်းကျနလာ

http://www.dhammadownload.com



သည်ကိုတွေ့ရှိနိုင်ပေသည်။ အထူးသဖြင့် လက်မောင်းလက်ရုံးများ အချိုးအဆစ်တို့ကို လေ့လာသုံးသပ်ပါက သိသာနိုင်ပေသည်။

ဝရဒမုဒြာတွင်ပင်လည်း ပုံစံကွဲများရှိနေပေသေးသည်။

လက်ဝါးကိုဖြန့်ထားပြီးလျှင် လက်မ၊ လက်သူကြွယ်နှင့် လက်သန်းများကို အနည်းငယ်ကွေးထားပြီး လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းကို ဆန့်ပြီးအောက်သို့ချပြထားသော ဝရဒမုဒြာပုံဟန်ကိုလည်းတွေ့ရှိ နိုင်ပေသည်။ ဤပုံစံကွဲမူကွဲကို တရုတ်ပြည် ဆီွခေတ်ရုပ်ပွားတော်များတွင်လည်းကောင်း၊ ဂျပန်ပြည် ဆီွကော ဟေယန်ခေတ်မှ ကန္နုန်းရုပ်ပွားများတွင်လည်းကောင်း များစွာတွေ့ရှိရသည်။ ဂျပန်ဆင်းတုများ၏ လက်ချောင်းများ မှာတရုတ်ဆင်းတုများထက် ပိုမိုပျော့ပျောင်းဟန်ကျလာသည်ကို တွေ့ရသည်။ အမိဒရုပ်ပွားတော်မှ လက်များသည် သဘာဝပို၍ကျနလာသည်ကိုတွေ့ရပေသည်။

အိန္ဒိယပြည် ဝရဒမုဒြာကို အဝလောကိတေသွာရပုံတော်တွင်အများဆုံးတွေ့ရသည်။ စတုတ္ထရာစုနှစ် ဂုပ္တခေတ်မှစ၍ အဋ္ဌမရာစုနှစ်တလျှောက် ဘင်္ဂလားပါလသေန အနုပညာတိမ်ကောလာသည့် ခေတ်တိုင်အောင် အသုံးများခဲ့ကြသည်။ ဂျပန်ပြည် ဝရဒမုဒြာကို ကန္နုန်း၊ရှိုကန္နုန်း၊ ခေါင်းဆယ့်နှစ်လုံး ကန္နုန်း ရုပ်တုများ တွင်တွေ့ရသည်။ လက်ဝဲလက်ဖြင့် ဝရဒမုဒြာကို ပြလေ့ရှိသည်။

တဖန်ဤဝရဒမုဒြာကို ရတနသမ္ဘဝပုံတော်၌လည်းကောင်း၊ ဝေရောစနပုံတော်၌ လည်းကောင်း၊ သကျမုနိပုံတော်၌လည်းကောင်း အမိဒပုံတော်၌လည်းကောင်း၊ မိရောကု၊ ယကုရှိ မွန်းဂျူနှင့် ကီချိဂျိုးတဲန်း ဘုရားလောင်းများ၊ နတ်များ၏ ပုံတော်တို့တွင်လည်းကောင်းတွေ့ရှိနိုင်ပေသည်။

ဝရဒမုဒြာကို တရုတ်ဘာသာဖြင့် ရှီးယွန်ယင်ဟုခေါ် သည်။ ဂျပန်ဘာသာဖြင့် ဆေးဂန်အင်းဟုခေါ် သည်။

## အဘာယမုဒြာ၏ မူကွဲ ပုံစံကွဲ အထူးများ

ဂန္ဓါရရုပ်ပွားဆင်းတုများတွင် လက်ျာဘက်ကိုမြှောက်ချီ၍ ပြထားသော အဘာယမုဒြာ ဟန်များကို အများဆုံးတွေ့ရှိရသည်။ ရောမအနုပညာများတွင် ဆေဗီရစ်ခေတ်(၂၀၀-ခုနှစ်ခန့်) လောက်က ဘုရားရုပ်တုများကိုလည်း အဘာယမုဒြာဟန်မျိုးဖြင့်တွေ့ရှိရလေသည်။

လက်ျာဘက်လက်သည် တန်ခိုးသတ္တိနှင့်ပြည့်စုံသည်ဟူသော ယုံကြည်ချက်မှာ မြေထဲပင်လယ်ဒေသပါရှား နိုင်ငံများမှစ၍ အရှေ့အလယ်ပိုင်းဒေသများ၌ပင်လည်း ပျံ့နှံ့လျှက်ရှိခဲ့လေသည်။ လက်ျာလက်ဝါးကိုဖြန့်ထားကာ လက်ချောင်းငါးချောင်းစလုံးကို ပခုံးနှင့်အညီလောက်နေရာတွင်

http://www.dhammadownload.com



ထောင်၍ ပြထားသည်။ မျက်နှာကိုရှေ့တည့်တည့်သို့မူထားသည်။ အဘယမုဒြာဟုခေါ်သည်။ အေးငြိမ်းချမ်းသာမှုနှင့် ဘေးကင်းမှုကိုပေးစွမ်းနိုင်သောသတ္တိရှိသည်ဟုဆိုသည်။

အဘယမုဒြာကို တစ်ဦးနှင့်တစ်ဦးနှုတ်ဆက်ရာ၌လည်းအသုံးပြုကြသည်။

အချို့ဂျပန်ရုပ်ပွားများတွင်လက်ချောင်းများကိုစိုက်၍ဖြန့်ပြထားသော်လည်း အဘယမုဒြာဟူ၍ပင် သတ်မှတ်ကြသည်။ အဘယမုဒြာနှင့် ဝရဒမုဒြာတို့ကို မကြာခဏရောထွေး အသုံးပြုတတ်ကြသည်။

လက်ညှိုးများထောင်ထားလျှင် အဘယမုဒြာဖြစ်၍၊ လက်ချောင်းများ အောက်စိုက်ပြထားပါက ဝရဒမုဒြာဖြစ်သည်ဟုလည်း အဆိုရှိကြသည်။

ပဋ္ဌမရာစုလောက်ကျသောအခါ လက်မြှောက်ထားသည်မှာ ပခုံးနှင့်အညီမဟုတ်တော့ဘဲ တင်ပါးဆုံအထက်နားလောက်အထိသာ မြင့်လာပေတော့သည်။

တခါတရံ ဝရဒမုဒြာနှင့် အဘယမုဒြာနှစ်ခုကို လက်တစ်ဘက်စီတွင်ပြထားသော ရုပ်တုများကို တရုတ် ဂျပန်ပြည်တွင်များစွာတွေ့ရှိနိုင်ပေသည်။ အဘယလေးမျိုးရှိကြောင်း ဖွင့်ဆိုထားကြသည်-

(၁) သဗ္ဗညုတဉာဏ်တော်မှလာသော အဘယ

(၂) အဝိဇ္ဇာကိုအကြွင်းမဲ့ပယ်ပြီးသောဉာဏ်မှလာသော အဘယ

(၃) ဝိစိကိစ္ဆာများကိုပယ်ဖျောက်ရာမှထွက်ပေါ်လာသော အဘယ

(၄) ဒုက္ခသစ္စာအဆုံးကိုပြုခြင်းမှပေါ်လာသော အဘယ

ရှင်းဂွန်းဂိုဏ်းဝါဒအရ အဘယ ခြောက်မျိုးရှိသည်-

(၁) ကုသိုလ်တရားကြောင့်ရသော အဘယ

(၂) အသုဘကာယကမ္မဋ္ဌာန်းရှု၍ရသော အဘယ

(၃) အနတ္တလက္ခဏာကိုရှု၍ရသော အဘယ

(၄) ရူပက္ခန္ဓာဓမ္မသဘောကိုသိ၍ရရှိသော အဘယ

(၅) သဗ္ဗေ ဓမ္မာ အနတ္တာသဘောကိုသိ၍ရသော အဘယ

(၆) ဓမ္မဓာတ်အားလုံးကိုသိ၍ရသော အဘယ ။

အဝလောကီတေသွာရ အားပေးထားသောမုဒြာများအနက် ရှေးအကျဆုံးမှာ အဘယမုဒြာဖြစ်၍ မထူရာဒေသကုဿာန် အနုပညာလက်ရာဖြစ်လေသည်။

http://www.dhammadownload.com



အိန္ဒိယပြည် အဇန္တာအရပ်နှင့် ဩရင်္ဂဗာဒ်ဒေသတွင်၎င်း၊ သတ္တမရာစုနှစ် ပါလသေန အနုပညာထွန်းကားသော ဘင်္ဂလားနယ်တွင်၎င်း အဘယမုဒြာနှင့်ဝရဒမုဒြာတို့မှာ တလှည့်စီလွှမ်းမိုးခဲ့လေသည်။

ဂျပန်ပြည်တွင် ဆီဂိုကောခေတ်ဦးပိုင်းမှစ၍ အဘယမုဒြာနှင့် ဝရဒမုဒြာတို့မှာ ရောထွေးယှက်တင်ဖြစ်လာခဲ့လေသည်။ ဆယ်ရာစုနှစ်လောက်တွင် တန်ဆွန်ယဉ်ကျေးမှုလွှမ်းမိုးချက်ကြောင့် တရုတ်ဗောဓိသတ္တဟန်ဆန်ဆန်ပုံများ ထွန်းကားလာခဲ့လေသည်။

ထိုအဘယမုဒြာဝရဒမုဒြာတို့၏ နေရာတွင်တဖြည်းဖြည်း မဟာရာဇလိလာသနနှင့် အဘယမုဒြာများဝင်ရောက်လွှမ်းမိုးလာခဲ့လေသည်။ ဂျပန်ပြည်တွင်လက်နှစ်ဘက်စလုံး အဘယမုဒြာ သက်သက်သာပြသော ရုပ်တုဟူ၍ မရှိသလောက်ပင်ရှားပါးလေသည်။

ဂျပန်ပြည်တွင် ဤအဘယဝရဒမုဒြာနှစ်မျိုးကွဲဟန်ကို သကျမုနိပုံ၊ ဝေရောစနဗုဒ္ဓပုံ၊ မိရောကုပုံ မွန်ဂျူပုံ ဂျီဇိုးပုံများတွင် အများဆုံးတွေ့ရသည်။ (၉) မှ (၁၂) ရာစုများတွင် ဂျီဇိုးပုံတော်ကို လက်ဝဲလက်၌ ပုလဲရတနာကိုကိုင်လျှက်၎င်း၊ လက်ျာလက်တွင် အဘယမုဒြာကိုပြလျှက်၎င်း တွေ့ရှိခဲ့ရသည်။ သို့သော် (၁၂)ရာစုနှစ် နောက်ပိုင်းမှစ၍ ယခုအခါတွင် လက်ဝဲလက်၌ ပုလဲရတနာကိုကိုင်ထားပြီးလျှင် လက်ျာလက်၌ မိုးကြိုးသွားကိုကိုင်ထားဟန်ဖြင့် တွေ့ရှိနေရပေသည်။

## ဘူမိဖဿမုဒြာပုံစံအမျိုးကွဲများ

လက်ဝဲဘက်ကိုပေါင်ခွင်ပေါ် လက်ဖဝါးလှန်တင်ထားပြီးလျှင် လက်ျာဘက်ကို မြေကြီးသို့မဟုတ် ထိုင်ခုံပလ္လင်ကို ထောက်ပြထားသောဟန်ကို မြေကြီးသက်သေညွှန်းဟန် ဘူမိဖဿမုဒြာ သို့မဟုတ် ဘူမိဖဿမုဒြာဟုခေါ်သည်။

(၂) လက်ျာဘက်ကို ပလ္လင်နှင့်မထိဘဲ ဖော်ညွှန်းနေသောပုံလည်းရှိသည်၊ လက်ညှိုးများသည် လက်ျာဒူးပေါ်တွင်သာ ရှိနေကြသည်။

(၃) လက်ျာလက်ချောင်းများသည် အတိုအရှည် တညီတညွှတ်တည်း ဖြစ်နေသောဟန်လည်းရှိသည်။

(၄) လူသာမန်၏ လက်ချောင်းများကဲ့သို့ တိုရှည် နိမ့်မြင့် ဖြစ်နေသောဟန်လည်းရှိသည်။

(၅) လက်ျာလက်ညှိုးဖြင့်သာ မြေကြီးကို ညွှန်ပြနေသောပုံလည်းရှိသည်။

(၆) လက်ျာလက်ဖဝါးကို ကြမ်းပြင် မြေကြီး ပလ္လင်ပေါ်တွင် ပြားဝပ်နေအောင် ထောက်ထား

http://www.dhammadownload.com



သော ဟန်လည်းရှိသည်။

(၇) လက်ဝဲလက်ဝါးကို ပြားချပ်နေအောင်ဖြန့်ပြီး လက်ဖမိုးနှင့်လက် ဝဲပေါင်တွင်ထိ ကပ်ထားသောဟန်လည်းရှိသည်။

(၈) လက်ဝဲလက်ကို တစုံတစ်ခု လက်ခံကိုင်ထားသကဲ့သို့ ခပ်ခုန်းခုန်းခွက်၍ ထားသောဟန်လည်းရှိသည်။

ဤသို့လျှင် ဘူမိဖဿမုဒြာ မူကွဲ ရှစ်မျိုးခန့် ရှိနေပေသည်။

လက်ျာလက်ကိုပင်လည်း လက်ျာဒူးပေါ် တင်ထားသောဟန်၊

ဒူးနှင့်မထိဘဲ ခွါ၍ချထား ထောက်ပြထားသောဟန် ဟူ၍ ကွဲပြားပြန်သည်။

အချို့ ဂျပန်ပဋိမာသိပ္ပံတွင် လက်ဝဲလက်ကို လက်ဝဲပေါင်ပေါ် ဒူးပေါ်တင်ထားပြီးလက်ျာလက်ကို မြေကြီးညွှန်းဟန် ပြထားသော ဘူမိဖဿဟန်လည်း ရှိသေးသည်။

လက်ဝဲလက်ကို သင်္ကန်းစ ကိုင်ထားသောပုံ၊

လက်ဝဲလက်ကို လက်သီးဆုပ် ပြထားသောပုံ၊

ရပ်တော်မူလျှက် ဘူမိဖဿမုဒြာပုံ၊

ထိုင်လျှက် ဘူမိဖဿမုဒြာပုံ၊

စသည်ဖြင့် အမျိုးမျိုးကွဲ ပြားနေလေည်။

ဂျပန် ရုပ်ပွါးဆင်းတုများတွင် အန်ဇန်အင်းခေါ် မုဒြာသည် ဘူမိဖဿမုဒြာမျိုးပင်ဖြစ်၍ တောင်ကြီးကို ဖိနှိပ်ထားဟန်ဖြစ်သည်။ လက်ျာလက်ဝါးကို မြေကြီးပေါ် ခင်း၍ ဖိနှိပ်ထားပုံဖြစ်လေသည်။ လက်ဝဲလက်ကမူ လက်ဝဲပေါင်ခွင်ပေါ်တွင် လက်ဝါးလှန်၍ တင်ထားလေသည်။

အလားတူပင် ဂိုးမအင်း သည် နတ်ဘီလူးများကို နှိမ်နှင်းတော်မူသောမုဒြာ၊

ဟမအင်းသည် မာရ်နတ်ကို နှိမ်နှင်းတော် မူသောမုဒြာ၊

ဒိုင်ဖူကူရှိုးမအင်း အစိမ်းသရဲ၊ သင်းကွဲပြိတ္တာ နတ်မိစ္ဆာဟူသမျှကို နှိမ်နှင်းတော်မူသောမုဒြာ၊

ချိုးဟချီဂျင်းအင်း မြေစောင့်နတ်များ ထိတ်လန့်အံ့သြစေသော မုဒြာ စသည်အားဖြင့် များ စွာပင် ရှိလေသည်။

http://www.dhammadownload.com



ဘူမိဖဿပြောင်းပြန်ပုံလည်း ရှိသေးသည်၊ လက်ျာလက်ကိုလှန်လျက် ခြေခွင်ပေါ် တင်ထား ပြီးလျှင် လက်ဝဲလက်ဖြင့် မြေကြီး သို့မဟုတ် ပလ္လင်ကို ထောက်ပြထားသောပုံတော်ဖြစ်သည်။

## ဓမ္မစက္ကမုဒြာမူကွဲပုံစံကွဲများ

ဤ ဓမ္မစက္ကမုဒြာပုံသည် မူကွဲပုံစံကွဲများဖြင့် များစွာပင်ရှိလေသည်။ မူလအခြေခံအားဖြင့် လက်ျာဘက်ကို ရင်ညွန့်ဆီလောက်ထားပြီးလျှင် လက်ဝါးကို ရှေ့သို့ထုတ်ပြထားသည်။ လက်ညှိုးနှင့် လက်မကို ထိပ်ချင်းထိထား၍ စက်ဝိုင်း(လှည်းဘီး)သဏ္ဌာန်ပြထားသည်။ လက်ဝဲလက်မှ လက်ချောင်း တစ်ချောင်းနှင့် ထိထားသည်။ လက်ဝဲလက်ဝါးမှာမူ အတွင်းဘက်သို့လှည့်နေသည်။ ဤမုဒြာဟန်မျိုး ကို အိန္ဒိယပြည် ဆာရ်နသ်ရုပ်တုများတွင် စတင်အသုံးပြုခဲ့သည်ကို လေ့လာတွေ့ရှိရပေသည်။

အဇန္တာဂူ ရုပ်ပွါးရုပ်ကြွများတွင်မူ လက်နှစ်ဖက်စလုံးကို ရင်ညွန့်ဆီလောက်တွင် ထား၍ လက်ဝဲလက်က သက်န်းစကို ဆွဲကိုင်ထားသည်။ လက်ျာလက်၏ လက်ညှိုးလက်မများကို ထိထားပြီးလျှင် လက်ဝဲလက်၏ လက်သန်းကလေးကို ဖိနှိပ်ထားသည်။

အဇန္တာဂူမှ ရုပ်ကြွတစ်ခုတွင်မူ လက်နှစ်ဖက်စလုံးကိုပူး၍မြှောက်ထားသော်လည်း လက်ချောင်းများတခုနှင့်တခု မထိထားကြချေ။ ဤဓမ္မစက္ကမုဒြာပုံမျိုးကို ဂျပန်တိုးရယူဂျီရှိ အမိဒ ရုပ်ပွါးတော်တွင် တွေ့ရှိရပေသည်။ လက်ျာလက်မနှင့် လက်ညှိုးကို စက်ကွင်းဟန်ပြထားသော်လည်း ထိပ်ဖျားချင်းမ ထိကြချေ။ လက်ဝဲလက်မနှင့်လက်ညှိုးတို့ကလည်း လက်ျာလက်မရင်းကို မထိတထိပြထားသည်။

ဂန္ဓာရလက်ရာတွင် လက်ျာလက်၏လက်ဝါးကို အတွင်းဘက်သို့ လှည့်ထား၍ လက်ချောင်းများကို ပူးကပ်၍ဆုပ်ထားသည်။ လက်ဝဲလက်၏ လက်မနှင့် လက်ညှိုးထိထားသည့်အဖျားပိုင်းကို လက်ျာလက်က ဆုပ်ထားသည်။ လက်ဝဲလက်၏ ကျန်လက်ချောင်းများကိုလည်း ကွေး၍ဆုပ်ထားသည်။

တိဗက်မှ ဓမ္မစက္ကမုဒြာတွင် လက်ျာလက်ကို ရင်ညွန့်ဆီလောက်တွင် တည့်တည့်ထောင်ထား၍ လက်ညှိုးနှင့် လက်မကိုထိကွင်း၍ ပြထားသည်။ လက်ဝါးကို အပြင်ဘက်သို့ လှန်ပြထားသည်။ လက်ဝဲလက်ဝါးကို အတွင်းဘက်လှန်ထားပြီး လက်မနှင့် လက်ညှိုးထိထားသည်။ လက်ျာစက်ကွင်းနှင့်

http://www.dhammadownload.com



လက်ဝဲ စက်ကွင်းကိုထိ၍ ဆက်၍ထားသောပုံဖြစ်သည်။ တခါတရံ လက်ဝဲလက်သည် လက်ျာလက်ကို ဖုံးအုပ်ထားသည်။

တခါတရံ လက်ဝဲလက်က လက်ျာလက်အောက် အနည်းငယ် လျှောချ၍ ထိပြထားသည်။

တရုပ်ပြည် ဟန်မင်းဆက်လက်ထက်တွင် ဆူအန်စန်နှင့် ဝန်ဆူအန်ခေ့တို့က ၄င်းမုဒြာပုံများကို သယ်ဆောင်လာခဲ့ကြသည်ဟု သမိုင်းများက ဆိုထားကြလေသည်။

ဂျပန်ပြည် တိုးရယူဂျိမ္မစက္က မုဒြာပုံတွင်မူ လက်ဝဲလက်၏ လက်မနှင့် လက်ခလယ်ကို ထိကွင်း၍ ထားပြီးလျှင် အတွင်းဘက်လှည့်ထားသည်။ လက်ဝဲလက်ညှိုးကို လက်ျာလက်၏ လက်မ လက်ညှိုးကွင်းထားသည့် အရင်းကို ထိထားသည်။ လက်ဝဲလက်သန်းကို လက်ျာလက်မရင်းတွင် ဖိကပ်၍ထားသည်။ လက်ဝဲလက်ျာ စက်ဝိုင်း(လှည်းဘီး)နှစ်ခုကို လက်ဝဲလက်ညှိုးက ဆက်ချိတ်၍ ထားသကဲ့သို့ ပုံရှိသည်။

အထူး ဓမ္မစက္ကမုဒြာပုံတခုရှိသေးသည်။ လက်နှစ်ဖက်ကို လက်ဖမိုးချင်း ကပ်ထားပြီးလျှင် လက်ဝဲလက်ဝါးကို ပြင်ဘက်သို့လှန်ထား၍ လက်ျာလက်ဝါးကို အတွင်းဖက်လှန်ထားသည်။ လက်သန်းကို လက်သန်းချင်း၊ လက်မကိုလက်မချင်း ထိပ်ဖျားများတွင် ချိတ်၍ယှက်ထားသည်။ ဤမုဒြာဟန်မှာ အလွန်ရှားပါးလှပေသည်။

## အဘိသေက မုဒြာ

ရေသွန်း အဘိသိက်ခံ မင်္ဂလာများ၌အသုံးပြုသောလက်ဟန်ကို အဘိသေက မုဒြာဟု ခေါ် သည်။ လက်နှစ်ဖက် ကိုလက်ဝါးခြင်း ပူးကပ်ထားသော လက်မနှင့်လက်ညှိုးများကို ဆန့်ထားပြီး ကျန်လက်ချောင်းများကိုမူ ယှက်၍ အတွင်းဘက်သို့ ခေါက်ကွေးထားသောပုံဖြစ်သည်။ ထိပ်ချင်းပူး ထားသော လက်မနှစ်ချောင်းနှင့် လက်ညှိုးနှစ်ချောင်းကိုသာ တွေ့မြင်ရသည့်ပုံ ဖြစ်သည်။

http://www.dhammadownload.com



ဗုဒ္ဓရုပ်ပွါးကို ဤမုဒြာဖြင့် မတွေ့ရသေးချေ။ ဤမုဒြာဖြင့် ဗောဓိသတ္တပုံများကိုသာ အများ တွေ့ရသည်။ နတ်ဗြဟ္မာများ ရုပ်ပွါးကိုလည်း ဤမုဒြာဖြင့် မကြာခဏ တွေ့ရတတ်ပေသည်။

## ဈာနမုဒြာ

တရားအားထုတ်ဟန် သို့မဟုတ် ဈာန်ဝင်စားဟန်ဖြစ်သည်။

သမာဓိမုဒြာ၊ သမာဟိတမုဒြာ တို့နှင့်ဆင်တူဖြစ်သည်။ ယောဂမုဒြာဟု လည်းခေါ်သည်။

လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်လက်ဝါးနှစ်ဖက်စလုံးလှန်၍ လက်ျာလက်ဝါးသည် လက်ဝဲလက်ဝါးပေါ်တွင် ထပ်ပြီးလျှင် မတောင့်မတင်းစေဘဲအကြောများကို လျှော့ထားကာ သက်သက်သာသာတင်ထားသော ပုံဟန်ဖြစ်သည်။ ဈာန်ဝင်စားနေပုံ၊ သမာဓိရနေပုံမျိုးပေါ်လာ အောင် စီရင်ထားသည်။ ဤပုံများတွင် တခါတရံလက်မနှစ်ခုထိပ်ချင်းတေ့ဆိုင်ထားခြင်း၊ ကျန် လက်ချောင်းများကိုဖြန့်တင်ထားခြင်းများကို တွေ့ရတတ်သည်။

တိဗက်၊ ရခိုင်၊ မြန်မာယဉ်ကျေးမှုအယူအဆများအရ ဈာနမုဒြာကိုအမိတာဘာ ဈာနိဗုဒ္ဓ၏ ရုပ်ပွားတော် ထုလုပ်ကြရာ၌အသုံးပြုကြသည်။ ဈာန်ဝင်စားနေသောပုဂ္ဂိုလ်၏စိတ်သည် အလွန် ကြည်လင် သန့်ရှင်းရကား အဆုံးအပိုင်းအခြားမရှိတောက်ပြောင်းထွန်းလင်းသော ဉာဏ် အလင်း ရောင် ရှိတော်မူသည့် အမိတာဘာဘုရားကို ညွှန်ပြလိုသော သဘောကြောင့်ဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရား၊ မဥ္ဇုသြီဘုရားနှင့် မာန်လဘုရားများကို ဤမုဒြာဖြင့်မကြာခဏတွေ့ရှိ နိုင်ပေသည်။ အချို့ဈာနမုဒြာပုံများတွင်မူ လက်တစ်ဖက်စီကိုတင်ပလ္လင်ထိုင်ထားသော ဒူးတစ်ဖက်စီ တွင် အလိုက်သင့်တင်ထားတတ်ပေသည်။ သီဝဇသုပတိရုပ်ပုံနှင့် ကွန္ဒူမြစ်ဝှမ်းမှ ရုပ်ပွားတော်များ၏ ဈာနမုဒြာ- ယောဂမုဒြာများကိုဤဟန်ဖြင့်တွေ့ရှိနိုင်ပေသည်။

တပေါ်စမင်္ဂလာပြဟ္မစရိယမင်္ဂလာ၊ အရိယသစ္စာနဒဿနမင်္ဂလာများကိုရည်ဆောင်ပုံဖော်ပြ ထားခြင်းဖြစ်သည်။ သဒ္ဓရသနှင့် ဝိမုတ္တိရသတို့ကိုပေါ်လွင်စေရန်ရည်ညွှန်းပေသည်။ ဗောဓိပက္ခိယ တရားများအနက် ဈာန်တရားများကို ပဓာနအားဖြင့်ရည်ညွှန်းထားသည်ဟုအဆိုရှိသည်။ သမထ လုပ်ငန်းအကျင့်စခန်းကို ညွှန်ပြလျှက်ရှိပေသည်။ ပုံစံအားဖြင့်ဂျပန်ပြည်ရှိ ဒိုင်ဗုစုခေါ် ရုပ်ပွားတော်ကြီး သည်ဈာနမုဒြာဖြစ်သည်။ ဈာနမုဒြာပါသောရုပ်ပွားဆင်းတုများကို ကိုးကွယ်သူသည် တည်ကြည် ငြိမ်သက်ခြင်း၊ ဓာတ်သဘောအပြည့်အဝရရှိခြင်း စိတ်ဝေဒနာသောက ပရိဒေဝကင်းငြိမ်းခြင်း၊ ဉာဏ်ပညာတိုးတက်ပွင့်လင်းခြင်း၊ တရားထူးကိုရလွယ်ခြင်း၊ သမထ ပေါက်လွယ်ခြင်း၊ ထွက်ရပ်ပေါက်

http://www.dhammadownload.com



လွယ်ခြင်း၊ သိဒ္ဓိပြီးခြင်းမကောင်းကျိုးဟူသမျှ လောင်ကျွမ်းချုပ်ပျောက်သွားခြင်းစသော အကျိုးထူးများ ရရှိနိုင်ကြောင်း ဝဇီရာယာနကျမ်းဂန်များ၌ ဖွင့်ဆိုထားပေသည်။

## ရခိုင်ပြည်ထောင်အတွင်းရှိ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်ရ ဓာတ်တော်မွေတော်စေတီပုထိုးများ

ဂေါတမဗုဒ္ဓမြတ်စွာဘုရားသခင်သည် ဓညဝတီပြည့်ရှင် ဘုရင်စန္ဒသူရိယမင်းကြီး၏ ပင့်ဖိတ်လျှောက်ထားချက်အရ ကြွလာတော်မူစဉ်၊ ရှေးဦးစွာ ကျောက်တော်မြို့ တစ်ဘက်ကမ်းရှိ သေလာဂီရိကျောက်တော်တောင်ထိပ်၌ ဆင်းသက်ရပ်နားတော်မူခဲ့သည်။ ထိုသို့ရပ်နားတော်မူနေစဉ် အရပ်ထက်ဝန်းကျင်ကို ရှုစားတော်မူပြီးပြုံးတော်မူရာ၊ ညီတော်အာနန္ဒာက အဘယ်ကြောင့် ပြုံးတော် မူရပါသနည်းဟု လျှောက်ထားမေးမြန်း လေသည်။ ထိုအခါဘုရားရှင်က ဤဓညဝတီပြည်ကြီးသည် ကစ္ဆပနဒီမြစ် အရှေ့ဘက်၌ ကိုးဆယ့်ကိုးမြို့ အနောက်ဘက်၌ ကိုးဆယ့်ကိုးမြို့အားဖြင့် စည်စည် ကားကားထင်ရှားသော တိုင်းပြည်ဖြစ်လတ္တံ့။ ငါဘုရား၏ကိုယ်စား တည်ထားကိုးကွယ် အံ့သော မဟာမုနိရုပ်ရှင်တော်သည် သာသနာ့ငါးထောင်ပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကိုခံယူလျှက်၊ ရခိုင်ပြည်၌ ကိန်းဝပ်တော်မူလတ္တံ့ဟု မိန့်ကြားလျှက် ဗျာဒိတ်တော်ထားတော်မူ လေသည်။

http://www.dhammadownload.com



## ဗျာဒိတ်တော်ရ စေတီပုထိုးတော်များ

| စဉ် | ဘုရား၊စေတီပုထိုးအမည် | တည်နေရာ | လက်ရှိအခြေအနေ |
|---|---|---|---|
| ၁။ | ကျောက်ရိုးတော်ခတ် | သေလာဂီရိတောင်<br>ကျောက်တော်မြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၂။ | ချက်တော်စေတီ | မဥ္ဇူပဗ္ဗတတောင်<br>ကျောက်တော်မြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၃။ | သင်းကျပ်တော်စေတီ<br>(နဖူးသင်းကျစ်တော်) | မိဂပဗ္ဗတတောင်<br>မြောက်ဦးမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၄။ | ပါးတော်စေတီ | နန္ဒပဗ္ဗတတောင်<br>မြောက်ဦးမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၅။ | နားလိပ်တော်စေတီ<br>(နားရင်းခတ်) | ဝေဠုပဗ္ဗတတောင်<br>မြောက်ဦးမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၆။ | ပြိုင်းလက္ကရာတောင်စေတီ<br>(လက်ျာပါးရိုးတော်) | မုဋ္ဌပဗ္ဗတတောင်<br>မြောက်ဦးမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၇။ | ဇိဝှာဓာတ်စေတီတော်<br>(လျှာရင်းတော်ခတ်) | ကာလာဂီရိတောင်<br>မင်းပြားမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၈။ | ဂီဝါခတ်စေတီ<br>(လည်ပင်းခတ်) | တပေါဂီရိတောင် | |
| ၉။ | ပေါင်တော်စေတီ<br>(ပေါင်ရိုးတော်ခတ်) | စူဠပဗ္ဗတတောင်<br>လေးမြို့ချောင်း | |
| ၁၀။ | ဦးခွံတော်စေတီ<br>(ဦးခွံတော်ခတ်) | ဂန္ဓပဗ္ဗတတောင် | |
| ၁၁။ | ပါးရိုးတော်စေတီ<br>(လက်ဝဲပါးရိုးတော်ခတ်) | ရေနုသာရတောင်ထိပ် | |
| ၁၂။ | မောင်းဆွဲစေတီ<br>(လက်မောင်းတော်ခတ်) | ဝါယုပဏ္ဏရတောင် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၁၃။ | ရင်ရိုးတော်စေတီ | ဧလပဗ္ဗတတောင် | |

http://www.dhammadownload.com



| စဉ် | ဘုရားစေတီပုထိုးအမည် | တည်နေရာ | လက်ရှိအခြေအနေ |
|---|---|---|---|
| ၁၄ | မေးငူတော်ဓာတ်စေတီ | မြေငူကျွန်း၊ပေါက်တောမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၁၅ | သလုံးတော်ဓာတ်စေတီ | နေသာပဗ္ဗတတောင် စစ်တွေမြို့အနီး | တည်ရှိဆဲဖြစ်ပါသည်။ |
| ၁၆ | ဆံတော်ရှင်စေတီ | မြေငူကျွန်း၊ပေါက်တောမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၁၇ | ဦးစွန်းတော်စေတီ | မလပဗ္ဗတတောင် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၁၈ | နှာသဓာတ်စေတီ (နှာရိုးတော်ဓာတ်) | | |
| ၁၉ | ကဏ္ဍဓာတုစေတီ (လက်ဝဲနားတော်ဓာတ်) | | |
| ၂၀ | စမြုံတော်ဓာတ်စေတီ | သာလမယတောင် ပုဏ္ဏားကျွန်းမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၂၁ | ဦးရစ်တော်စေတီ | သီလပဗ္ဗတတောင် ပုဏ္ဏားကျွန်းမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၂၂ | ဦးကင်းတော်စေတီ | စာရပဗ္ဗတတောင်၊ မယူမြစ် အရှေ့ဘက်ကမ်း၊ ရသေ့တောင် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၂၃ | လည်ရိုးတော်စေတီ | ကာသီရတောင်၊မယူမြစ် အနောက်ဘက်ကမ်း၊ ရသေ့တောင်မြို့နယ်။ | |
| | ဒွာရာဝတီသို့ကြွရောက်စဉ်မိန့်ကြားချက် | | |
| ၂၄ | အံတော်စေတီ | ဝါသုရတောင်၊ သံတွဲမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၂၅ | နံတော်စေတီ | ရောဟကူဋတောင်၊ သံတွဲမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |
| ၂၆ | ဆံတော်စေတီ | မဏိကေသတောင်၊ သံတွဲမြို့နယ် | တည်ရှိဆဲဖြစ်ပါသည်။ |

http://www.dhammadownload.com



## ဝေသာလီခေတ် အာဘာယမုဒြာနှင့် ဝဇီရာသနမုဒြာ ဆင်းတုတော်

ရခိုင်နိုင်ငံတော်ကြီးကို သမိုင်းတင်သော ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်ဟူသော ခေတ်ကြီး (၄)ခေတ်ဖြင့် တည်ထောင်အုပ်ချုပ်တော်မူလာခဲ့ကြသည်။ ဓညဝတီခေတ်ကို ကျော်ဖြတ်လာပြီးနောက် ဝေသာလီခေတ် သိရိစန္ဒြားမင်းလွန်လေသော် သားတော် သိင်္ဂစန္ဒြားမင်းသည် မိဖုရား သုဝဏ္ဏာဒေဝီနှင့်လက်ဆက်ကာ အေဒီ ၆၆၇ တွင် ထီးနန်းဆက်ခံစိုးစံတော်မူသည်။ သိရိစန္ဒြားမင်းကြီးသည် ခမည်းတော်တို့ လက်ထက်ကပင် သိမ်းပိုက်အုပ်ချုပ်လာသော အနောက်ပြည်ဘင်္ဂါ(၁၂) မြို့သို့ စစ်ရေးစစ်ရာခရီးထွက်လာခဲ့သည်။ စစ်ရေးကိစ္စများ အောင်မြင်ပြီးဆုံးသော်လည်း ဝေသာလီနေပြည်တော်သို့ ပြန်လည်ထွက်ခွာခြင်းမပြုဘဲ၊ (၃)နှစ်တိတိကြာမြင့်စွာ အနောက်ပြည်တွင် နန်းစံလျှက်ရှိလေသည်။ ထိုအခါ မျောက်သားတော် သုဝဏ္ဏာဒေဝီက "နောက်ခွင်ကြာလွန်းစွတကား "အစချီ "သိန်ကန်မိန်တွင်" သျှိုးလိုက်အလွမ်းရတုစပ်ဆိုပို့ဆက်ခဲ့သည်။ ထိုအခါမှသာ မင်းကြီးသည် ဝေသာလီနေပြည်တော်ကို သတိရလာကာ နေရပ်သို့ပြန်လည်ကြွချီတော်မူခဲ့လေသည်။

သိင်္ဂစန္ဒြားမင်းကြီးနတ်ရွာလားလေသော် သားတော် စူဠစန္ဒြားမင်းသည် မိဖုရားစန္ဒာဒေဝီနှင့် အေဒီ ၇၃၃ ခုတွင် ဝေသာလီထီးနန်းကို ဆက်ခံစိုးစံတော်မူလေသည်။ ဤမင်းသည် ဦးဂြုတ်နာခံစားလာရခြင်းကြောင့် ကုသရန် အရှေ့တကောင်းသင်းတွဲပြည်သို့ ဘုရင့်နောက်ပါ သင်္ဘော၊ လောင်း၊ လှေသမ္ဗာန်ပိတ္တကိုးသိန်းဖြင့် ရေကြောင်းထွက်တော်မူသည်။ ဘုရင့်စီးတော်သင်္ဘောမှာ သင်္ဂနက်သားကို ထွင်းလုပ်စပ်တင်ထားပြီး၊ ကိုးဆယ့်ကိုးလံကိုးပင်းကန် ကျင်သန်တပြီး ကြီးမားကျယ်ဝန်းလှသည်။ မင်းကြီးသည် ဦးဂြုတ်နာကို ပျောက်ကင်းအောင်ကုသပြီးသော်လည်း ဝေသာလီနေပြည်တော်သို့ ပြန်လည်ကြွချီခြင်းမပြုဘဲ သုံးနှစ်သုံးမိုး ကြာညောင်းသည်အထိ တကောင်းသင်းတွဲပြည်၌ ပျော်ပိုက်နေလေသည်။ ထိုအခါနောက်ပါ မှူးမတ်အခြွေအရံတို့က ရခိုင်နိုင်ငံတော်သို့ ပြန်လိုသော်လည်း၊ ဘုရင်မင်းကြီးအား လျှောက်တင်ခြင်း မပြုဝံ့ကြချေ။ ထိုအခါ အမတ်ကြီးမဝ္ဗဇေယျက ဘုရင်မင်းကြီး ကြားသိတော်မူစေရန် ပရိယာယ်အကြံဖြင့် "ထွန်းလင်း ကြက်သရီ၊ လှုပြီကျော်သောင်း၊ မင်းကောင်းရာဇာ၊ ဝေသာလီမာ၊ ကိုးဆက်ပေါ် ရေ၊ စကြာအမှန်၊ လှန်ပျံလည်းရ၊ ဝေသာလီမာ စိုင်းဒြားလေ" အစချီသော စိုင်းဒြားစောင်းသံဖွဲ့ကိုရေးစပ်ပြီးလျှင်၊ ညဦးပိုင်းကပင် မိုးအလင်းထိ ဘုရင်မင်းကြီး ကြားနိုင်လောက်သည့် နေရာများမှ သီဆိုတီးမှုတ်လေသည်။ မင်းကြီးကြားလေသော်

http://www.dhammadownload.com



ဤ တီးမှုတ်သံသည် ငါတို့ရခိုင်တေးဂီတ အသံနှင့်တူသည်၊ အဘယ်အကြောင်းပါနည်း ဟုဓမ္မဇေယျ အမတ်ကြီးကို ခေါ် ယူမေးမြန်းလေသည်။ ထိုအခါ အမတ်ကြီးက "အရှင်မင်းကြီး၊ တကောင်းသင်းတွဲ ပြည်သည်ကား အရှင်၏ ပြည်မဟုတ်ပါ။ အရှင်မင်းကြီး၏ပြည်တော်သည်ကား ရခိုင်ဝေသာလီ ပြည်ကြီး ဖြစ်ပါသည်။ မိမိတို့ရခိုင်ပြည်ကြီး သို့ ပြန်လည်ကြွရောက်ရန် အချိန်တန်ပါပြီ" ဟု လျှောက်တင်လေသည်။ ထိုအခါမှသာ စူဠစန္ဒြား မင်းကြီးသည် ရခိုင်ဝေသာလီနိုင်ငံတော်သို့ပြန်လည် ကြွမြန်းတော်မူပါသည်။ (ဤစန္ဒြား စောင်းသံသည် ရခိုင်၊ ဘင်္ဂလားနယ်နှင့် အိန္ဒိယစာပယ်နယ်တို့၌ ထင်ရှားပါသည်။)

ယခုအခါ ကျောက်တော်မြို့နယ်၊ ရှင်ကြမ်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဝေသာလီ ခေတ် ရုပ်တော်မူကြေးဆင်းတုတစ်ဆူ ကိန်းဝပ်လျှက်ရှိပါသည်။ ဆင်းတုတော်မှာ အဘယမုဒြာနှင့် ဝဇီရာသနမုဒြာ နှစ်မျိုးပါရှိသည်။ ဤဆင်းတုတော်ကို သိင်္ဂစန္ဒြားမင်းကြီးနှင့် စူဠစန္ဒြားမင်းကြီးတို့ နှစ်ပါးအနက် တစ်ပါးပါးက သွန်းလုပ်ခဲ့သည်ဟု ခန့်မှန်းယူဆကြပါသည်၊ မည်သူကသွန်းလုပ်ခဲ့သည်ဟု တိတိကျကျ မသိရသော်လည်း ဝေသာလီခေတ် သွန်းလောင်းခဲ့သည်ကိုကား တိတိကျကျ ခိုင်ခိုင်မာမာဆို နိုင်ကြပေသည်။ မြန်မာနိုင်ငံ၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ရန်ကုန်မြို့၏ ၂၀၀၅-ခု၊ စက်တင်ဘာလ (၅)ရက်နေ့စွဲပါ စာအမှတ်၊ ၅၇၁၂/၃ ကဖြင့် သတင်းထုတ်ပြန်ခဲ့သည်မှာ '(၅-၉-၂၀၀၅)နေ့က အပ်နှံခဲ့သော ၄င်းကြေးဆင်းတုတော်မှာ ရှေးဟောင်းပစ္စည်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရာ၊ ဝေသာလီခေတ် ရှေးဟောင်းကြေးဆင်းတုတော်ဖြစ်ကြောင်း'စစ်ဆေးတွေ့ရှိကြောင်း ဖော်ပြထားသည်။ ဤ ဆင်းတုတော်ကိုဖူးမျှော်ခြင်းဖြင့်အောက်ပါအတိုင်း တွေ့နိုင်ပါသည်-

(၁) ဆံတော်သည် ဓညဝတီခေတ်ဟန် ခရုဗွီဆန်စုဖြစ်သည်။ ဆံထုံးတော်သည် အလွန် မမောက်၊ ပိသည်။ ဤဟန်မျိုးကို ဓညဝတီခေတ်နှင့် ဝေသာလီခေတ် များတွင်ထုလုပ် ကိုးကွယ်မှုများသည်။ စန္ဒသူရိယမင်းကြီးနှင့် မြတ်စွာဘုရားရှင် ဓမ္မစကြာတရား ဟောကြားတော်မူနေဟန် ကျောက်ခွက်မှ ဆံတော်နှင့်တူသည်။

(၂) ရောင်ခြည်(ရောင်လျှံ) စက်ဝိုင်းတော်ပါသော်လည်း အပြည့်အစုံမတွေ့ရတော့ပါ။

(၃) မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်၊ နားရွက်နှင့် မျက်နှာတော်သည် ရခိုင်ဆန်သည်။ အိန္ဒိယ စသည့် အခြားနိုင်ငံများ၏ မျက်နှာတော်များနှင့်မတူပါ။

(၄) နားမဆက်ပါ။ ဗမာဟန်ကဲ့သို့ သင်းကျစ်တော် အလွန်အမင်းမပေါ် လွင်ပါ။ လည်ရစ် များ ပါသည်။ ပါးလွှာသောသင်္ကန်းတော်ကိုဝတ်ရုံထား၍ သင်းပိုင်၊ ခါးပတ်၊ ပေါင်၊ ဒူး၊ ခြေသလုံးတော်များကို ပီသပေါ် လွင်အောင် ဖူးတွေ့ရသည်။

http://www.dhammadownload.com



(၅) ဦးဘက်က အဘယမုဒြာဟန်၊ ဘယ်ဘက်လက်တော်ကသင်္ကန်းစွန်ကို ကျစ်၍မြဲမြံစွာ ကိုင်ဆုပ်ထားသည်။ ဝဇီရာသနမုဒြာဟန်ဖြင့် မုဒြာနှစ်မျိုးလုံး ပါဝင်နေသော ထူးခြားသည့် ရုပ်ပွားတော်တစ်ဆူ ဖြစ်ပါသည်။ ဤရုပ်ပွားတော်များကိုကိုးကွယ်ခြင်းဖြင့် ဘေးဘယာပေါင်းများစွာ ဖိးဒဏ်ကလွတ်မြောက်နိုင်ခြင်း၊ ရဲရင့်ပြတ်သားခြင်း၊ မှန်ကန်ခြင်းအကျိုးများကို ရရှိနိုင်ကြောင်း ဖော်ညွှန်းပြနေသည်။

(၆) သင်္ကန်းသင်းပိုင်၏ အောက်နားတော်သည် ဖုံးကွယ်၍မဟုတ်၊ သင်းပိုင်အထက်မှ တစ်ဆင့်မြင့်၍ သင်္ကန်းအနားကိုဖော်ပြထားသည်။ သင်္ကန်းအနားတွန့်နေသည်။ ဝိနည်း၊ ဝတ်နည်း စည်းကမ်းနှင့်အညီ စနစ်တကျဝတ်ရုံထားသည့် သင်္ကန်းဝတ်နည်းဖြစ်ရာ၊ ရခိုင်တို့၏ ဓညဝတီ၊ ဝေသာလီခေတ်ကပင် အဝတ်ဝတ်ရုံနည်းစနစ်သည် ပီပြင်လှသည်ဟု ဆိုနိုင်ပါသည်။

(၇) ဉာဏ်တော်မှာ(၆)လက်မခန့်သာရှိပါသည်။ ပလ္လင်တော်၏စမ္မခံ(အခင်း)ထက်တွင် ဘုရားရှင်သည် ခြေတော်အစုံကို စုံရပ်ထားသည်။ စမ္မခံအောက် အနည်းငယ် တစ်ထစ်လျှော့၍ ပလ္လင်ကို ကြာမှောက်ကြာလှန် ခါးစည်းစည်းဖြင့်ပြုလုပ်ထားသည်။ ပလ္လင်အောက်ပိုင်းသည်ကြီး၍ ကျယ်ပြန့်သည်။ ဝေသာလီခေတ် အာနန္ဒစန္ဒြ မင်းကြီး၏ ကျောက်စာပါ လက်ရေးဟန်မျိုးဖြင့် စာတစ်ကြောင်းရေးထိုးပါရှိသည်။ ရေးထိုးထား သော စာမှာရခိုင်သာသနသမိုင်း၌ အလွန်ထင်ရှားသော ယေဓမ္မာ ဂါထာတော်ပင် ဖြစ်သည်။ "ယေဓမ္မာ ဟေတုပဘဝါ တေသံဟေတု တထာဂတော" ဟု ရေးထိုးထား သည်။ ကြွင်းကျန်သော " အာဟ တေသဥ္စ ယောနိရောဓော ဧဝံဝါဒီ မဟာသမဏော" ကိုရေးထိုးပါရှိခြင်း မရှိချေ။

## ဝေသာလီခေတ် အေဒီ(၈)ရာစု လောကမဥ္ဇူ ဈာနမုဒြာရွှေဆင်းတုတော်

မန္တလေးမြို့မှဒေါက်တာသိန်းထွန်းမိသားစုက မြောက်ဦးမြို့၊ ဇောဓိရွှေဂူတောင်တန်းမှ စေတီနှစ်ဆူကို ပြုပြင်ရန်လှူဒါန်းသည့်အတွက် စေတီပုထိုးများကိုပြုပြင်ခဲ့ကြရာ၊ စေတီတစ်ဆူကို ပြုပြင်ခဲ့ပြီးနောက်၊ ရတနာ့မာရ်အောင်ကျောင်းတိုက်အနီးမှ လောကမဥ္ဇူစေတီတော်ဟောင်းကို ပြုပြင်ရန်စီမံကြပါသည်။ စေတီတော်ကို သန့်ရှင်းရေးပြုလုပ်သည့်အခါ စေတီတော်တွင် ကျောက်လုံး ကြီးတစ်လုံးဖုံးအုပ်ထားသည်ကိုတွေ့ရပြီး၊ ယင်းကျောက်တုံးမှာ မတော်တဆထိမိလျှင် အနည်းငယ် လှုပ်ခါသည်ကိုမြင်ကြရပါသည်။ ထိုအခါ ပန်းရံဆရာက စေတီတော်တည်လာသည့်အခါ ဤကဲ့သို့

http://www.dhammadownload.com



မခိုင်မာသည့် ကျောက်တုံးများပါဝင်သွားပါက စေတီတော်၏ ရေရှည်ခိုင်မာတည်တံ့ရေးကို ထိခိုက်နိုင်ကြောင်း ပြောပြပါသည်။ ထို့နောက် အဆိုပါကျောက်တုံးကြီးကို ဖယ်လိုက်ကြပါသည်။ ထိုအခါ စေတီအောက်ခံဖိနပ်ကိုတွေ့ရှိရပြီး၊ လက်များဖြင့် အသာအယာယက်ကြည့်သည့်အခါ ဘုရားဆင်းတုတော်များ၏ ဦးတော်အချွန်ကလေးများကို စမ်းမိပါသည်။ ၂၀၁၁-ခုနှစ် မေလ(၃၀)ရက်နေ့တွင် အသေအချာ တူးကြည့်သည့်အခါမှ ဘုရားဆင်းတုတော်များဖြစ်နေသည်ကို တွေ့ကြရပြီး၊ ထိုနေရာမှာ စေတီတော်၏ ဌာပနာတိုက်ဖြစ်နေသည်ကို တွေ့ကြရပါသည်။

ရှေးဟောင်းဆင်းတုတော်များကို တွေ့ရသည့်အတွက် ရှေးဟောင်းပစ္စည်းဖြစ်သည်ဆိုကာ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးနှင့် မြောက်ဦးမြို့ ရှေးဟောင်းသုတေသနဦးစီးဌာနတို့သို့ အကြောင်းကြားကြပါသည်။ ပန်းရံဆရာက ဌာပနာအတွင်းမှ ဆင်းတုတော်များကို ပင့်ယူရန် ပြုလုပ်စဉ် မိုးကြိုးပစ်ပြီး လေကြီးမိုးကြီး ရွာသွန်းချပါသည်။ ပန်းရံဆရာမှာ အလွန်တရာ ကြောက်ရွံ့သွားပြီး "အကျွန်ုပ်သည် ကောင်းမြတ်သော အလုပ်ကို လုပ်ဆောင်ခြင်းသာဖြစ်ပါသည်။ ဤဆင်းတုတော်များအား ပိုမိုတင့်တယ်သပ္ပါယ်စေရန် ဆောင်ရွက်ပြီး ဤနေရာမှ မည်သည့်နေရာသို့မျှ ဆောင်ယူသွားခြင်းမပြုပါ၊ ဤမှန်သောသစ္စာစကားကြောင့် တပည့်တော်အား ချမ်းသာရာပေးတော်မူပါ" ဟု(၃)ကြိမ်အဓိဋ္ဌာန်ပြုပါသည်။ ထိုအခါမှသာမိုးကြိုးပစ်ခြင်း ရပ်စဲသွားပြီး မိုးသည်းလေပြင်းတိုက်ခတ်မှုလည်း ငြိမ်းအေးသွားပါသည်။

တွေ့ရှိရသည့်ဆင်းတုတော်များအထဲတွင် (၁)တောင်(၁)မိုက်ခန့်ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရပါသည်။ ဆင်းတုတော်မှာသေးငယ်သော်လည်း အလေးချိန်ကြီးမားနေသဖြင့် ရွှေဖြစ်နိုင်သည်ဟုဆိုကာ နီးစပ်ရာ မြောက်ဦးမြို့မှ ပန်းထိမ်ဆိုင်သို့ သွားရောက်ပြသ စစ်ဆေးကြပါသည်။ စစ်ဆေးချက်အရ ရွှေဆင်းတုတော် ဖြစ်ကြောင်းနှင့် အလေးချိန်(၆. ၄၅)ပိဿာရှိသည်ကို သိကြရပါသည်။

ဤသို့သိရသည့်အခါ ရှေးဟောင်းသုတေသနဦးစီးဌာန မြောက်ဦးဇုန်နယ် တာဝန်ခံက ချက်ခြင်းပင် မြောက်ဦးမြို့ရဲတပ်ဖွဲ့စခန်းသို့ယူဆောင်သွားပါသည်။ ကျန်ဆင်းတုတော်များကိုလည်း ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ယူဆောင်သွားပါသည်။ တဆက်တည်းပင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်(နေပြည်တော်)ထံဖုန်းဆက်တင်ပြပါသည်။ ဒုဝန်ကြီးက နေပြည်တော်သို့ ပို့ရန်ညွှန်ကြားပါသည်။ ဤအစီအစဉ်ကို မြို့လူထုမှသိရသည့်အခါ မိန်းမများ အချင်းချင်း စည်းရုံးလှုံ့ဆော်ပြီး ရှေးဟောင်းသုတေသနဌာနသို့ သွားကြပါသည်။ ထို့နောက် "မြတ်စွာဘုရင်း

http://www.dhammadownload.com



ဆင်းတုတော်ကို အဘယ်ကြောင့် ရဲစခန်းသို့ ပို့ရပါသလဲ၊ ပို့မည်ဆိုလျှင် ဘုန်းတော်ကြီး ကျောင်းသို့သာ ပို့ရမည်မဟုတ်လား"ဟု ဝိုင်းပြောကြပါသည်။ ထိုစဉ်မိန်းမကြီး ပေါင်း(၃၀၀၀)ကျော် လူအုပ်ကြီး ဖြစ်သွားပါသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနတာဝန်ခံက "မြောက်ဦးမြို့အနေဖြင့် ဤမျှ များပြားသည့် ရွှေကိုထိန်းသိမ်းနိုင်မည်မဟုတ်ပါ။ လောလောဆယ်နေပြည်တော်သို့ အစစ်ဆေးခံ ရန်ပို့ရပါမည်" ဟုပြောပါသည်။ ထိုအခါမိန်းမကြီးများက "မြောက်ဦးမြို့သားများ ဤမျှလောက် ရွှေကိုတောင်မထိန်းနိုင်ဆိုပါက အဆိပ်စား၍သေပစ်လိုက်မည် မြောက်ဦးမြို့သူများ ဤထက် များပြားသောရွှေကို ပိဿာလိုက်ဝတ်ဆင်နိုင်ကြပါသည်။ ဤဆင်းတုတော်ကို နေပြည်တော်သို့ယူ၍ လုံးဝမဖြစ်ပါ။ ယခင်က ယူသွားသည့် ဘုရားဆင်းတုများ၊ ရွှေလောင်ပွန်း များနှင့် အရေးကြီးသည့် ရှေးဟောင်းပစ္စည်းများကို ယနေ့တိုင် ပြန်လည်မပေးပို့သေး၊ ယခုလည်း ယခင်အတိုင်းပင်ဖြစ် မည်"ဟု ပြန်ပြောကြပါသည်။

၁၆-၆-၂၀၁၁နေ့ထုတ်ပြည်မြန်မာဂျာနယ်တွင် ကြေးဆင်းတုဟု ရေးသားထားသည်ကို ဤသို့တွေ့ရပါသည်-

"ဗောဓိရွှေဂူတောင်တန်းမှ စေတီနှစ်ဆူကို မန္တလေးမှ ဒေါက်တာသိန်းထွန်းမိသားစုက လှူဒါန်းသည့် အတွက် ပြုပြင်နေရာတစ်ဆူပြီးစီးပြီဖြစ်၍ ဒုတိယအဆူကို ပြုပြင်ရန် ရှင်းလင်းရာမှ မြေအောက် ဌာပနာအဖြစ် တွေ့ရခြင်းဖြစ်ကြောင်း သိရသည်။ ယင်းတွင် ကြေးဆင်းတုတော် ၂၃ ဆူ၊ ကျောက် ဆင်းတုတော် နှစ်ဆူ၊ ရွှေဆင်းတုတော်ဆစ်တူ၊ ဓာတ်တော်ဌာပနာစီးဘုရား ၂၀၀ဆူ၊ ကြေးမဏ္ဍိုင် နှစ်ဆူ၊ ရွှေဖြင့်ပြုလုပ်ထားသော အရာနှစ်ဆူ၊ စဉ့်တစ်ခု၊ အုတ်ခွက်ဘုရားတစ်ဆူ၊ စကျင်ကျောက် ဘုရားနှစ်ဆူတို့ကို တွေ့ရခြင်းဖြစ်ကြောင်း၊ ကြေးဆင်းတုတော်မှာ အလေးချိန် လေးပိဿာ ၆၄ ကျပ်သားရှိကြောင်း၊ ဓာတ်တော်ကြုတ်တွင်လည်း ရွှေဖြင့်ပြုလုပ်ထားသည်များ ပါဝင်ကြောင်း သိရသည်။ ဆင်းတုတော်အကြီးအငယ် ၂၃ဆူရှိပြီး အကြီးဆုံးမှာ ကြေးဆင်းတုတော်ဖြစ်ကြောင်း၊ ဝေသာလီခေတ်ဆင်းတုတော်ကို မြောက်ဦးခေတ်တွင် ဌာပနာထားခဲ့ဟန်တူပြီး မုဒြာမှာ ဈာနမုဒြာ ဖြစ်ကြောင်း၊ ဆင်းတုတော်မှာ သီရိလင်္ကာပုံစံမျိုးနှင့် တူ၍ သီရိလင်္ကာဆင်းတုတော်များကို ကမ္ဘာက အေဒီ(၈)ရာစုဟု အသိအမှတ်ပြုထားသည့်အတွက် ယခုဆင်းတုတော်သည်အေဒီ(၈)ရာစုထက် နောက်မကျဘဲ ဝေသာလီခေတ်ဆင်းတုတော်ဟုယူဆရကြောင်း သိရသည်။ ယခုအခါ ကြည်ညို ဖူးမြော်သူ များပြားကြောင်း၊ ဆင်းတုတော်ကို မြောက်ဦးမြို့ ရတနမာရ်အောင် ဘုန်းတော်ကြီး ကျောင်းတွင် ဗိမာန်ဖြင့် အပူဇော်ခံလျှက်ရှိကြောင်းသိရသည်။"

http://www.dhammadownload.com



လောကမဥ္ဇူစေတီတော်ကို ပထမမြောက်ဦးခေတ် ဘုရင် နရနု(အလီခင်)က တည်ထားခဲ့ပါသည်။

**7 Days Journal ဂျာနယ်ကမူ ရွှေဆင်းတုတော်ဟု ရေးသားဖော်ပြခဲ့ပါသည်။**

## လေးမြို့ခေတ် အာဘာယမုဒြာနှင့် မဟာကာရုဏာမုဒြာ ဆင်းတုတော်မြတ်

ဤဘုရားရှင်၏ဆင်းတုတော်မှာ ကြေးသတ္တုအပြင်အခြားသတ္တုများလည်း ပါဝင်မည်ဟု ယုံကြည်ရပါသည်။ လေးမြို့ခေတ် ပဥ္စာမင်းကြီး မင်းရင်ဖြူသည် ပဉ္စမသင်္ဂါယနာကို တင်တော်မူပြီးလျှင်၊ သင်္ဂါယနာတင် အထိမ်းအမှတ်အဖြစ် နှစ်ကျိပ်ရှစ်ဆူသောဆင်းတုတော်များကို ဓညဝတီပြည့်ရှင် ဘုရင်စန္ဒသူရိယမင်းကြီး၏ မဟာမုနိသွန်းစက်တော်ကိုသွန်းတော်မူပြီးနောက် ကျန်ရှိသော ပဥ္စလော ဟာဖြင့် သွန်းလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဤဘုရားရှင်ဆင်းတုတော်ကိုလည်း၊ ဘုန်းတန်ခိုးကြီးမားသော သာသနာပြုမင်းတစ်ပါးပါးက၊ အလားတူ ပဥ္စလောဟာဖြင့် သွန်းလုပ်ခဲ့မည်ဟု ခန့်မှန်းရပါသည်။

ဆင်းတုတော်မှာ -

| | | |
|---|---|---|
| (၁) | အမြင့် | ၁၄. ၀ လက်မ |
| (၂) | စမ္ဗခဏ် | ၁. ၆ လက်မ |
| (၃) | အောက်ခြေအဝိုင်း | ၁၁. ၀ လက်မ |
| | - အပေါ်လေးထောင့်ကွက် | ၂. ၀လက်မ x ၂. ၅ လက်မ |
| | - အချင်း | ၃. ၄ လက်မ |
| (၄) | ယာဘက်လက်မောင်းတော် | ၃. ၀ လက်မ |
| (၅) | ပန်းတော်အကျယ် | ၄. ၀ လက်မ |
| (၆) | အလေးချိန် | (၇) ပေါင် |

ဆံတော်သည် လေးမြို့ခေတ်ပုံဟန်ဆန်ပြီး၊ ဆံထုံးတော်မှာ အနည်းငယ်ရှည်သည်။ မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်၊ နားရွက်နှင့် မျက်နှာတော်သည် ရှေးခေတ်ရခိုင်ဆန်သည်။ နားရွက်နှင့် ပန်းတော် မဆက်ထားပါ။ သင်္ကန်းဝတ်ရုံထားသည်။ သင်္ကန်းကိုဝတ်ရုံနည်း စနစ်နှင့်အညီ ပီပြင်စွာ

http://www.dhammadownload.com



ဝတ်ဆင်ထားပြီး၊ ဘုရားရှင်သည် ဓမ္မခဏ်ပေါ်တွင် ခြေစုံရပ်ထားသော ရပ်တော်မူပုံတော်ဖြစ်ပါသည်။ ရင်ဘတ်တော်မှာ ကျယ်ပြောမို့မောက်လျှက် ခွန်အားဗလနှင့် ပြည့်စုံသော ပူရိသယောက်ျားကောင်းတို့၏ လက္ခဏာကို ဖော်ပြနေသည်။

တာဝတိံသာနတ်ပြည်တွင် မယ်တော်မိနတ်သားအားတရားဦးဟောတော်မူပြီးနောက်၊ သင်္ကဿနဂိုရ် ပြည်သို့ ပြန်လည်သက်ဆင်းတော်မူလာခြင်းဖြစ်သည်။ အဘယမုဒြာပုံတော်ဖြစ်ပြီးလျှင်၊ ယာဘက်လက်တော်ကို ရှေ့သို့လှန်ပြထားကာ၊ ဘယ်ဘက်လက်တော်က ရင်အုပ်တော်ကိုဖုံးအုပ်ထားသဖြင့်လည်း၊ သနားကရုဏာ ဖြစ်ခြင်းသဘောကို ပုံဆောင်ထားသည့် မဟာဂရုဏာ မုဒြာပုံတော် ဖြစ်သည်။ ဤဆင်းတုတော်မြတ်မှာ မုဒြာနှစ်မျိုးပါဝင်သည့် အလွန်ထူးခြားသော ရှေးဟောင်း ဆင်းတုတော်တစ်ဆူဖြစ်ပါသည်။

အောက်ဓမ္မခဏ်မှာအဝိုင်းဖြစ်ပြီး၊ ခြေတော်စုံရပ်နားထားသည့် အပေါ်ပိုင်းမှာလေးထောင့်သဏ္ဍာန်ဖြစ်သည်။ ဓမ္မခဏ်အဝိုင်းပတ်လည်တွင် ရက္ခဝဏ္ဏအက္ခရာဖြင့် ကမ္ပည်းရေးထိုးထားသည်။ နှစ်ပေါင်းများစွာ မပြုမပြင်ထားရှိခြင်းကြောင့် ကမ္ပည်းစာများကို ပီပီပြင်ပြင်ဖတ်မရနိုင်သေးချေ။ ရက္ခဝဏ္ဏစာ အရေးအသားလက်ရာနှင့်စာပါ အကြောင်းအရာများကို ကူးယူဖတ်ရှုနိုင် သည့်အခါမှသာ သွန်းလုပ်သည့်ခေတ်နှင့် သွန်းလုပ်သည့်အလှူရှင် ကိုတိတိကျကျဖော်ထုတ်နိုင် မည်ဖြစ်ပါသည်။

ဤသို့ထူးခြားတော်မူသည့် ဗုဒ္ဓဆင်းတုတော်များအား ကိုးကွယ်ရခြင်းကြောင့်၊ အကြောင်းဖြစ်ပေါ်တိုင်း ကယ်ဆယ်ကူညီမည့်သူများပေါ်လာခြင်း၊ ပူဆွေးငိုကြွေးရခြင်းမှ လွတ်မြောက်၍ ချမ်းသာမှုကိုရနိုင်ခြင်း၊ ဖီဒဏ် ဝဋ်ကြွေးလုံးဝမခံရခြင်း၊ သူတပါးမြောက်စားမှုကိုခံရခြင်း၊ အရာရာကို အောင်နိုင်ခြင်းများ အကျိုးဖြစ်ပေါ်စေတတ်ပါသည်။ ဗုဒ္ဓဘုရားသခင်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတော်ဖြည့်ဆည်းခဲ့သည်မှာ အမှန်ပင်ဖြစ်၍ ဤသစ္စာစကားကို ပထဝီမြေကြီးက သက်သေအရာ၌ ရပ်တည်ပါစေသတည်း ဟူသော အဓိဋ္ဌာန်ဖြင့် ရည်စူးပူဇော်တည်ထားခဲ့ခြင်းလည်း ဖြစ်ပါသည်။

စိစစ်တွေ့ရှိပြီးသမျှအရ ဤဆင်းတုတော်မြတ်မှာ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ မြောက်ဦးခေတ်များတွင်သွန်းလုပ်ခဲ့သည့် (Iconographic)အထောက်အထားအရ တူညီမှုမရှိသည်ကို တွေ့ရပါသည်။ လေးမြို့ခေတ်ရှိ(Iconographic)ရရှိထားပြီးသော အထောက်အထားများကို လေ့လာချက် အရမူလေးမြို့ခေတ်တွင် သွန်းလုပ်ခဲ့မည်ဟုယူဆရပါသည်။ လေးမြို့ခေတ်တွင် ပေါ်ထွန်းခဲ့သော သာသနာပြုမင်းကောင်းမြတ်များအနေဖြင့် ပဉ္စာမင်းဆက်တွင် မင်းကြီး မင်းရင်ဖြူ

http://www.dhammadownload.com



သည် ပဉ္စမသံဂါယနာတင်မင်းမြတ်ဖြစ်၍ သာသနာတော်ကို ယုံကြည်လေးစားသည့် မင်းတစ်ပါး ဖြစ်ပါသည်။သို့ရာတွင် အဆိုပါမင်းကြီးသွန်းလုပ်တော်မူခဲ့သည့် စစ်တွေမြို့ သင်္ဂဇာစုရပ်ကွက်၊ ခေါင်းလောင်း ဘုန်းတော်ကြီးကျောင်း၌ ကိန်းဝပ်စံပါယ်တော်မူလျှက်ရှိသော မဟာကျန်ဘုရားရှင် ဆင်းတုတော်နှင့် လည်းကောင်း၊ ဆင်းတုတော်ပါ ရက္ခဝဏ္ဏအက္ခရာအရေးအသားနှင့်လည်းကောင်း တူညီသည်ကို မတွေ့ရပါ။ ပရိန်မင်းဆက်တွင် မင်းကြီးကောလိယသည်မဟာထီးဘုရား၊ ပီစိဘုရားနှင့် ပါးရိုတော်ဓာတ် ဘုရားဆင်းတုတော်များကို တည်ထားတော်မူခဲ့သောသာသနာပြု မင်းတစ်ပါးဖြစ်ပြီး၊ ရက္ခဝဏ္ဏအက္ခရာ ရခိုင်စာပေကို တဟုန်ထိုးတိုးတက်စေခဲ့သော နှလုံးရည်လက်ရုန်းရည်များနှင့် ပြည့်စုံသည့် သာသနာပြုမင်းမြတ်တစ်ပါးဖြစ်ပါသည်။ ဤမင်းကြီး၏ကျောက်စာ၊ သမိုင်းမော်ကွန်းများ နှင့် ညှိနှိုင်းသည့်အခါ၌၊ နီးစပ်မှုမရှိသည်ကို တွေ့ရပါသည်။ ဤမင်းဆက်တွင်ပင် မင်းကြီးဒသရာဇ သည် ပျူ (မြန်မာ)၊ တလိုင်းများဖျက်ဆီးသဖြင့် ကွယ်ပျောက်ခဲ့သော သမိုင်းဝင်မဟာမုနိရုပ်ရှင်တော် မြတ်ကြီးကို ပြန်လည်ရှာဖွေလျှက်၊ အသစ်တဖန်ပြန်လည်မွမ်းမံတည် ထားနိုင်ခဲ့သူ၊ ဒုတိယစန္ဒသူရိယ မင်းကြီးဟုလည်း ကျော်ကြားခဲ့သူ၊ ယခုရန်ကုန်မြို့ရှိမဟာကျိန် ရာဇဘိသေက ဘေသဋ္ဌဘုရားနှင့် မေရုံဘုရားရှင်တို့၏ ဒါယကာမင်းမြတ်တစ်ပါးဖြစ်ပါသည်။ သို့သော်ဤမင်းမြတ်လက်ထက် ကတွေ့ရှိထားသည့် အထောက်အထားများနှင့်လည်း နီးစပ်မှုမရှိပါ။ မင်းကြီးမဥ္ဇုသင်သည် နေရဥ္စရာတောင်ငူမြို့တည်မင်းကြီးဖြစ်ပြီး၊ ဘာသာသာသနာတိုးတက်ရေးအတွက် စေတီပုထိုး၊ ရေတွင်း၊ ရေကန်များ တည်ဆောက်လျှက်၊ ကောင်းမှုအလှူများတွင် "ရခိုင်မင်းကောင်းမှု" ဟု ကမ္ပည်း ကျောက်စာရေးထိုးခဲ့သော မင်းမြတ်တစ်ပါးဖြစ်သည်။ သို့ရာတွင် ဤမင်းမြတ်လက်ထက်က တွေ့ရှိထား သည့်အထောက်အထားများနှင့်လည်း နီးစပ်မှုမရှိသည်ကိုတွေ့ရပါသည်။ လောင်းကြက်မင်းဆက် ဖြစ်သည့် မဇ္ဈိမဒေသ မဟာဗောဓိစေတီတော်မြတ်ကို ပြန်လည်ပြုပြင်မွမ်းမံတော်မူခဲ့သည့် တရားစောင့်သော သက်တော်ရှည် မင်းကြီးမင်းထီး တည်ထားတော်မူခဲ့သော စစ်တွေခရိုင်၊ မြောက်ဦးမြို့နယ်၊ နန်းကျကျေးရွာရှိတိဿဘုရား၊ အိန္ဒိယ နိုင်ငံဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော် မြတ်တွင် အလှူမော်ကွန်းရေးထိုးထားရှိသော မဟာဗောဓိပိဋကတ်ကထာကျမ်းပါ ရခိုင်ဘုရင်၏ ကျောက်စာနံပါတ်-၁၃ လက်ရေးလက်သားစသည့် အထောက်အထားများကို လေ့လာသည့်အခါ၌ လည်း နီးစပ်မှုရှိသည်ကို မတွေ့ရပါ။

လောင်းကြက်မြို့တည် မင်းကြီးအလောမာဖြူသည် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြု အဖွဲ့ စေလွှတ်ပြီး နိုင်ငံခြားသို့သာသနာပြုခဲ့သောမင်းမြတ်တစ်ပါးဖြစ်ပါသည်။ မင်းကြီးလက်ထက် သွန်းလုပ်တော်မူခဲ့သည့် ကြေးဆင်းတုတော်တစ်ဆူမှာ ယခုအခါ၊ မြောက်ဦးမြို့ လက်ကောက်ဈေး

http://www.dhammadownload.com



ဘုန်းတော်ကြီး ကျောင်း၌ကိန်းဝပ်စံပယ်လျှက်ရှိပါသည်။ ဤမင်းကြီးလက်ထက် ဆောင်ရွက်ခဲ့သည့် တွေ့ရှိပြီးသည့် အထောက်အထားများ၊ ရုပ်ပုံကားချပ် အနုပညာလက်ရာ သင်္ကေတများကို (iconography) အရလေ့လာရာတွင်မူ၊ ဆင်းတုတော် သွန်းလုပ်ထားပုံနှင့် ရက္ခဝဏ္ဏ အက္ခရာဖြင့် ရေးထိုးထားသည့် မော်ကွန်းစာအရေးအသားတို့မှာ အနီးစပ်ဆုံး တူညီမှုရှိသည်ကို တွေ့ရပါသည်။ ဤသို့အားဖြင့် ဤမုဒြာနှစ်မျိုးဖြင့်သွန်းလုပ်ထားသောသွန်းဆင်းတုတော်မှာ လေးမြို့ခေတ် လောင်းကြက်မင်းဆက် ၌သွန်းလုပ်တော်မူခဲ့သည်ဟု ယာယီအားဖြင့်သတ်မှတ်နိုင်ပါသည်။

## ထူးဆန်းအံ့ဖွယ်ရာ ဖူးပွင့်လာသော ရွှေဆင်းတုတော်မြတ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်ရှိ ရွှေစေတီကျောင်းတိုက်၏ အဌမမြောက် ဆရာတော်သည် ၁၃၇၀ပြည့်နှစ်တန်ခူးလဆန်း(၉)ရက်(၃-၄-၂၀၀၉) သောကြာနေ့ နံနက်(၇)နာရီ အချိန်ခန့်တွင် ကျောင်းပေါ်၌ ဘုရားဆင်းတုတော်များကို အနေကဇာတင်တော်မူပြီး နောက်၊ ကျောင်းခြံဝင်း အတွင်းသို့ ဆင်းလာကာ ဓမ္မစကြာပရိတ်တော်နှင့် ပဌာန်းတရားတော် များကို စကြံန်သွားယင်း ရွတ်ဖတ်မေတ္တာပို့သနေစဉ် မထင်မှတ်ဘဲ ကျောင်းတိုက်၏ မြောက်ဘက်ခြံ ဘုရားကြီးအနီးကျောင်းခြံဝင်းအတွင်းမှ ရွံ့ညွှန်များနှင့် မြက်ပင်များထဲမှ ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရပါသည်။

ဆရာတော်သည် ဗုဒ္ဓဆင်းတုတော်မြတ်အား ကျောင်းတိုက်ပေါ်သို့ ပင့်ယူလာပြီး ရိုးရိုး ဆင်းတုတော်ဟု ထင်မှတ်လျှက် သန့်စင်ပြီးလျှင် ဘုရားခန်းတွင် တည်ထားကိုးကွယ်ပါသည်။ ကျောင်းတိုက်နှင့် ခြံချင်းကပ်လျှက်ရှိသည့် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးတွင်လည်း ဆင်းတုတော်တစ်ပါးရရှိထားကြောင်း သိရှိရသည့်အတွက် အဆိုပါဆင်းတုတော်ကို ဖူးမျှော်ရန် ကြွရောက်ခဲ့ပါသည်။ ဂေါပကအဖွဲ့အား မိမိတွင်လည်း အလားတူ ဆင်းတုတော်တစ်ဆူ ရရှိကိုးကွယ် ထား လျှက်ရှိကြောင်းနှင့် လာရောက်ဖူးမျှော်ကြရန်ဖိတ်ကြားခဲ့ပါသည်။ ၃-၆-၂၀၀၉ ဗုဒ္ဓဟူးနေ့ နံနက် (၈)နာရီတွင် ဂေါပကအဖွဲ့ဝင်များ ကျောင်းတိုက်သို့ ရောက်ရှိလာကြပါသည်။ ဆရာတော်က ရွှေပန်းထိမ်ဆရာကြီးတစ်ဦးအားလည်း ဖိတ်ထားရာ၊ အားလုံးတွေ့ဆုံလျှက် ဆင်းတုတော်အား ဖူးမျှော်စစ်ဆေးကြရာ ရွှေဆင်းတုတော်ဖြစ်ကြောင်း တွေ့ကြရပါသည်။ ရွှေဆင်း တုတော်မှာ ဓမ္မခဏ်ပါ ဉာဏ်တော်အမြင့် ၄ လက်မခွဲ၊ ဓမ္မခဏ်ထိပ်ဝအထိ ၂လက်မခွဲရှိကာ၊ ရွှေချိန်(၄)ကျပ် (၃)ပဲရှိပါသည်။

http://www.dhammadownload.com



လေးမြို့ခေတ် လောင်းကြက်မင်းကြီး အလောမာဖြူသည် ရွှေဆင်းတုတော်မြောက်များစွာကို သွန်းလုပ်တော်မူခဲ့ရာ၊ ယခုဆင်းတုတော်မှာလည်း လေးမြို့ခေတ် လောင်းကြက်မင်းကြီး အလောမာဖြူဘုရင်သွန်းလုပ်တော်မူခဲ့သည့် ဆင်းတုတော်ဟု သတ်မှတ်နိုင်ကြောင်း ပညာရှင်များက သဘောတူကြပါသည်။

ဆရာတော်သည်ဆင်းတုတော်ကို မတွေ့ရမီ(၁)လခန့်က အိပ်မက်ထဲတွင် အဝတ်ဖြူစင်ကြယ်ဖြင့် သူတော်စင်တစ်ဦး ဆရာတော်ထံရောက်လာပြီး၊ ခွန်အားဗလကောင်းမွန်သည့် လူသန်ကြီးတစ်ဦးမှာလည်း တပြိုင်တည်းရောက်လာကြောင်း၊ လူသန်ကြီးကလောင်းလှေတစ်စီးဖြင့် ပင်လယ်ပြင်ကို လှော်ခတ်ယူသွားရာ ပင်လယ်ပြင်တွင် မဟာမုနိပြဿဒ်တော်ကဲ့သို့ ဘုံပြဿဒ်တစ်ခုကိုတွေ့ရပြီး၊ ဤပြဿဒ်တော်မှာ ဆရာတော်အတွက်ဖြစ်ကြောင်း လက်ညိုးညွှန်ပြီးနောက် ပျောက်ကွယ်သွားခဲ့ပါသည်။ ထို့နောက်အိပ်ရာမှ နိုးထသွားပါသည်။ နောက် ၃/၄ ရက်ခန့်အကြာတွင် စစ်တွေမြို့ စံပြမုန့်တိုက်ပိုင်ရှင်ဦးစံမောင်ကျောင်းတိုက်သို့ ရောက်ရှိလာပြီး၊ ရန်ကုန်မြို့ အိုကေဂျုံစက်ရုံမိသားစုက မိဂဒါဝုန်ပရိယတ္တိသုံးထပ်ကျောင်းဆောင်ကို လှူဒါန်းမည် ဖြစ်ကြောင်း လျှောက်ထားလာပါသည်။ သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးနောက်တွင်လည်း ဒုတိယအကြိမ် ဆရာတော်က ပထမအကြိမ်အတိုင်းပင် အိပ်မက်မက်ပြန်ပါသည်။ အိပ်မက်မက်ပြီး၍ (၁)လအကြာ တွင် အထက်ပါအတိုင်း ရွှေဆင်းတုတော်အား ကျောင်းတိုက်အတွင်း၌ ဖူးတွေ့ရခြင်းဖြစ်ပါသည်။

**ရည်ညွှန်း- ရွှေစေတီကျောင်းဆရာတော်၏မိန့်ကြားချက်။**

## နေရဥ္စရာမြို့ဟောင်းမှ အကြီးတော်ပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်

၁၃၅၅-ခုနှစ်နတ်တော်လဆန်း ၉ ရက် ညသန်းခေါင်ယံအချိန်တွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ် လေးမြို့မြစ်၏ အရှေ့ဘက် နေရဥ္စရာမြို့ဟောင်းအနီးရှိ နဂရာကျေးရွာ ကျောင်းထိုင်ဆရာတော်သည် ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတစ်ယောက် ဆရာတော်ထံသို့ရောက်ရှိလာပြီး၊ "ဆရာတော်ဘုရား-နေရဥ္စရာဘုရင် မဥ္စုသင်ကိုးကွယ်တော်မူခဲ့သော အကြီးတော်ပြည့် ဗုဒ္ဓဆင်းတုတော်မြတ်သည် မြို့ဟောင်း တည်ရာတောကြီးထဲ၌ကိန်းဝပ်စံပယ်တော်မူနေပါသည်။ တူးဖော်ကိုးကွယ်ပါ။ တပည့်တော်လည်း ကူညီပါမည်ဘုရား-"ဟုလျှောက်ထားပြီး ပျောက်ကွယ်သွားလေသည်။

http://www.dhammadownload.com



ဆရာတော်သည် အိပ်မက်ကို စဉ်းစားပြီးမင်းပြားမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်းပြားမြို့ တက္ကသီလသာသနာ့ အလင်းရောင်ကျောင်းတိုက်မြို့မ မြောက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တယောသိတာရမ္မထံ အကျိုးအကြောင်းကို ကြွရောက်လျှောက် ထားလေသည်။ ထိုအခါဥက္ကဋ္ဌဆရာတော်သည် အခက်အခဲမျိုးစုံကို တွန်းလှန်ပြီး(၃)နှစ်အကြာ တူးဖော်ရှာဖွေရာ ၁၃၅၈-ခုနှစ်တွင် နေရဥ္စရာမြို့တော် ဟောင်း အောက်အနက်(၆)ပေခန့်တွင် အကြီတော်ပြည့်ဗုဒ္ဓနှင့်အရံဆင်းတုတော်နှစ်ဆူကို ကျိုးပဲ့ပျက်စီး လျှက်ဖူးတွေ့ရလေသည်။ ဆရာတော်ဘုရားသည် အကြီတော်ပြည့်ဗုဒ္ဓဆင်းတုတော်နှင့် ကျောက်ညိုဆင်းတုတော်နှစ်ဆူကို လောင်းလှေကြီးများဖြင့် မိုးထဲရေထဲတွင်ခက်ခက်ခဲခဲပင် မင်းပြားမြို့ တက္ကသီလသာသနာ့ အလင်းရောင်ကျောင်းတိုက်သို့ ပင့်ဆောင်ယူလာကာ သိမ်တော်ဆောက်လုပ်လျှက် ကိုးကွယ်တော်မူ လေသည်။ ရခိုင်ပြည်ထောင်တွင် သမိုင်းတင်သောခေတ်ကြီးလေးခေတ် ဓညဝတီခေတ်၊ ဝေသာလီ ခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် များထွန်းကားခဲ့သည်။ လေးမြို့ခေတ်မှာ အေဒီ ၈၁၈ မှ ၁၄၃၀ အထိ ကြာမြင့်ခဲ့ကာ ပဥ္စာမင်းဆက်ခေတ်၊ ပရိန်မင်းဆက်ခေတ် ၊ခြိတ်မင်းဆက်ခေတ်၊ စမ္ဘဝက်မင်းဆက်ခေတ်၊ နေရဥ္စရာတောင်ငူမင်းဆက်ခေတ်နှင့် လောင်းကြက်မင်းဆက်ခေတ်ဟု ပေါ်ထွန်းခဲ့သည်။နေရဥ္စရာတောင်ငူ မင်းဆက်ကို မင်းကြီးမဥ္စုသင်က အဥ္စနနဒီ လေးမြို့မြစ်ကြီး၏ အရှေ့ဘက်ကမ်း၌ အေဒီ -၁၁၆၁ ခုတွင် စတင်တည်ထောင်ခဲ့သည်။

မဥ္စုသင်မင်းကြီးနှင့်မိဖုရားရွှေစင်ပြောင်တို့သည် ဗုဒ္ဓသာသနာတော်ကို အလွန်ယုံကြည် အားပေးကြသူများ ဖြစ်ကြသည့်အလျောက် အိမ်နိမ့်စံဘဝကပင်အကြီတော်ပြည့်ဝစေရန် ထီးဦး နန်းဦးတွင် ကိန်းဝပ်စေလျှက် ရှေးဘေးတော်၊ ဘိုးတော်၊ ဖခမည်းတော်တို့ အစဉ်အလာယုံကြည် ဆုတောင်း ဆည်းကပ်ကိုးကွယ်လာခဲ့သည့် ဆင်းတုတော်မြတ်ဖြစ်ပေသည်။

(ရည်ညွှန်း- ၂၆-၄-၂၀၀၈ နေ့မြန်မာ့အလင်းသတင်းစာ စာ-၁၅)

**A Mahakyain Phara of Lemro Period**

In general appearance, this bronze image is a Crowned Buddha Image wearing royal garbs such as the Crown, the ear-rings, necklets, armlets etc. and the garment is ornamented on the whole of the front part of the body.

The Crown Buddha Image most probably come out because of the desire of kings and commoners alike to worship the Buddha as the "King of Kings" as has been ex0lained in the Maha Parinibana Sutta.

http://www.dhammadownload.com



The Crown Of this Buddha Image consists of eight ornately carved leaves all around the Crown. The Crown is enclosed with a ball-shape coiffure ( a unique style of coiled hair ) pointed in two sides. A thick hair pin, decorated with precious stone ( Star Ruby ) is fixed on top of the coiffure. Attached on each side underneath the Crown are two horn-shaped of thin flaps curved upwards just above the ears. This shows, the Buddha image has trivial or the three graceful folds.

- ( Note- It is clearly stated in the Mahaparinibana Sutta that the Lord Buddha did not adorn himself with the royal regalia, such as the Crown, necklace, rings, bracelets etc. However Buddha delivered many of his sermons from the throne of kings, certain inhabitants of the far flung universes were under the impression that it was their who was speaking to them. According to our elders, it is this impression in the minds of these extra-terrestrial beings, of Buddha in royal regalia, which give rise to the production and worship of the Crowned Buddha images.)

The posture of the Buddha Image is cross-legged, seated majestically on an integrally cast double-stepped solid bronze sitting-mat. The upper step of the sitting mat is supported by the lotus leaves from the upper place of the lower step or we can say that there are lotus leaves decorated in between the two steps of the sitting mat. The lower step is also decorated with Baindu dots around the edge of it. Again, the double-stepped sitting-mat is fitted on a hollow and perforated pedestal embellished with artistic designs and varieties of figures.

**The Size**

| | |
|---|---|
| 1. Height of the image is | 12.5" |
| 2. Thickness of the double-stepped sitting-mat | 3.5" |
| 3. Height of the Pedestal is | 5.5" |
| Therefore, the total height is | 21.5" |
| 4. Breadth of the Buddha image id | 6.3" |
| 5. Breadth or the sitting-mat is | 10.0" |
| 6. Breadth of the Pedestal is | 17.5" (front) |
| | 9.5" (back) |

http://www.dhammadownload.com



**2. The double-stepped sitting-mat**

As mentioned above, it is integrally cast with Buddha image. It is a solid bronze, double-stepped sitting-mat decorated with lotus leaves and Baindu dots around the edge of the lower step. Here, it needs some explanations about the indication of lotus leaves and Baindu dots. Bothe the lotus leaves and Baindu dots are representations of water and those are the indications of fertility, prosperity, peace and tranquility. In other sense, those are the indication of the king who seated on the throne is supposed to be a Chackravartin king, the possessor of the universal spaces of sea (water), land and air. It is also indicates the powerfulness of the king who is the ruler of the noble and prosperous land of bounteous Rice and abundant food for the people as well.

**3. Attendant figures**

Placed on the special brackets, fixed at the upper terrace of the Pedestal are four kneeling attendant figures in prayers, two on each side of the Buddha image. Their hands are clasped against the chest, palm to palm, both of which are extended upwards with all figures erect. Three of the four sitting figures are ornamented with ear-drops where as the fourth sitting attendant figure wears none. Moreover, sitting position of the former three figures are feminine by appearance and the last one seems male figure. Again, females figures wear shawls thinner in size than that of the male figure. So, by observing carefully, these sitting figures of royal attendants in prayers are probably taking precepts in the oath taking Ceremony. Two of the sitting figures on the right side of the Buddha image appear as royal couple and two other seems to be other royal female attendants or lesser queens of the King.

Besides, there are two standing attendants figures at the back of the Pedestal one on each side of the Buddha image. These standing attendant figures also wear royal garbs similar to that of the Buddha image. But unlike the Buddha image, the Crown of these two standing attendants figures are enclosed with less significant coiffure than that of the Buddha image. The standing attendant figure on

http://www.dhammadownload.com



the left side of the Buddha image appears blowing a pipe connected with a conch which is commonly used in and auspicious or Mangala Ceremony and the other standing attendant figure seems holding a kjain. These two standing attendant figures are also appeared as royal attendants or the learned persons of the Court, who took part in a royal occasion.

**1. kind of staff used by Myanmar royalty and nobility as an emblem of rank.2. ceremonial mace (used in some countries as an emblem of authority.)*

## 4. Inscriptions

Fortunately enough, there are three lines of Arakanese (Rakhine) inscriptions (Rakkha Wunna ) and Arakan (Rakhine) numerals inscribed at the back of the thick sitting-mat. It is to be noted that the word lè (လဲ) pronounce in Arakan (Rakhine) as lay (လေး) – Four. Also, Arakanese (Rakhine) alphabet " Da Dwe" or English numeral 3 are read as numeral one (၁) in Arakan (Rakhine). Therefore, we can read – လဲ ၈၈ - word+ numerals as 488 and numerals 33 as eleven in Arakan (Rakhine). It is the year , date and time of completion of the Crowned Buddha image.

** The inscription read as follows:

The name of the donor is Randa Myitzu ( most probably a Sasana Paing Abbot).

This Buddha image was cast in the year 488 R.E. (M.E.) and completed at dusk on Saturday the 11th waxing day of the month of Tagu.

** ရန္ဒမဉ္ဇူ ကောင်မှု လဲ ၈၈ ခု တန်ခူလဆန် ၁၁ စနေနေဝင် နှစ်မောင်တွင် အောင်မြင်၏။

## 5. Detail explanations

For further details it needs more knowledge about the meaning of postures, gestures, mudras, The Arakan (Rakhine) version of Crowned Buddha, the Mahakyain Phara, Buddha Abhisaka Mangala Ceremony, Coronation Ceremony etc:. Without these knowledge, it will not be an easy one to interpret to the nearest representations of this particular scene.

http://www.dhammadownload.com



For easy reference, chapters XV & XVI of the book, entitled " The Buddhist Art of Ancient Arakan ", written by U San Tha Aung, is reffered, where those information are clearly stated in detail.

By studying the U San Tha Aung's book, we can get exact information about Crowned Buddha. From these imformation, it can be definitely said that this Crowned Buddha image is a Mahakyain Phara, because the posture of this image is cross-legged posture and is distinguished from ordinary images. This Buddha image wears a Crown similar to that of a king who takes part in a Coronation Ceremony. The ears are adorned with ear-rings. The body is also covered not with monk's robe but with royal garbs. ( *This is an exact representation of the royal garbs worn by the king at whose command the image was cast.)*

As we know, different images of Buddha represent a distinct incident happened in the Blessed-One's life and that incident can be identified from the posture of Buddha's or some attendant figures.

According to the definitions mentioned in Chapter XVI, the technical term used to donate the hand poses of the images is mudra. Mudra usually indicates some actions in which Buddha was engaged. The action is depicted by means of a particular gesture which is the expression of the idea.

In this particular case, Buddha image is seated with cross-legged, and worn a Crown and royal garbs. The positions of hands are peculiar here. The palm of the left hand is placed on the lap and he was in Varada mudra with a mendicant bowl in this left hand. In the case of the right hand of this Buddha image, it is bent downwards and the palm facing the front, touches the knee. The tips of the thumb and the fore-fingers appeared holding an object in between, which looks like a fruit useful in medicinal purpose, are made of form a circle and the other fingers are kept open.

By studying the postures and gestures of the Buddha image, it is clear that, the mudra of the Buddha image is not a single one, but a combination of different

http://www.dhammadownload.com



mudras. The gestures of left hand indicates the Varada mudra. Whereas, in the case of the right mhand of the Buddha image, the posture appears as if some medicine is to be given away to the audience. If the tip of the thumb and forefingers of the right hand are made to touch each other without holding any object, so as to form a circle, is setting thence-forward the wheel of law in motion or in other sence, Buddha is preaching sermon to the audience. In other words, this gestures indicate the Damacackra mudra.

It is clear therefore that, the right hand indicates not Damacackra mudra, but a Bethesa mudra, that means, Buddha, in disguised as a Physician, appears to be given away some medicinal fruit or object to the audience who are to be treated as Teacher's patients. Moreover, the presence of Vasumdhari or the Earth Goddess in front of the Pedestal testify the enlightenment of the Lord Buddha.

( *The ideology here is characteristically expressive. Buddha was in an act of explainng and teaching the true knowledge he obtained to the audience- In Myanmar* ဗုဒ္ဓမြတ်စွာဘုရားက သတ္တဝါအပေါင်းချမ်းသာစေရန် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးနေဟန်ဟု ဆိုနိုင်ပါသည်။)

**6.Appearance of the body structure of the Buddha image**

By appearance, the body structure of this Buddha image is proportionate representing the ichnography of Parein period which is directly inherited from Vesali period. A strong lion-like broad torso, large head, slightly bowed, eyes half shut in meditation, ear lobes extended but not touching the shoulders, gaps between the arms and the body, full lips, garment being of thin fibre muslin clearly revealing the breast. These all inspire a sense of deep reverence to worshippers.

By studying this body structure, position of ears, arms and eyes, one can definitely say that, this image is a Arakanese (Rakhine) Phara, because, all indications shown here are common in Arakanese (Rakhine) Phara of all ages.

http://www.dhammadownload.com



**7.The Scene of occurrence**

In this particular scene Buddha regally attired in royal regalia can be seen as a Chackravartin or king of the world and also all of the attendants are presumably royal attendants. This scene of occurrence may be considered as Court scene of an auspicious oa a Mangla Ceremony, most probably an office Oath taking Ceremony of a king. According to Dhanyawady Razawinthit, Datha Raza, a prominent King of Parein period, ascended to the throne at the age of Ten and Coronation took place in grand scale at the age of Fifteen. Again, according to Arakan (Rakhine) State Gazetteer compiled by Arakan (Rakhine) State Peoples' Council, Datha Raza ascended to the throne in the year 485 R.E. (1123 A.D.). If so, this Buddha image was cast three years after the accession. In other words, this Buddha image was cast in the year 488 R.E. (1125 A.D.). It is possible that this Mahakyain Phara is one of the images or particular image used in the office Oath taking Ceremony during the Datha Raza Coronation. In short, we can draw a conclusion that, the present scene represents the Office Oath taking Ceremony of Datha Raza, the most powerful Monarch of Parein Period in Lemro Dynasty.

**8. King Datha Raza**

Son of King Kawlia-Reign 16-

Why we named the monarch as Datha Raza ?

Datha Raza means $10^{th}$ Monarch.

Many historians believed that, during the Vesali (Wethali) period, there were nine powerful Kings who possessed Ahraindamar Hlan ( A Celestial Spear ) of Thagramon. After those Nine Kings, Datha Raza possessed Ahraindamar Hlan next to them. This is the reason why we called or named the majesty as Datha Raza. In other scene, Datha Raza was as powerful as those of the Vesali (Wethali) Kings.

http://www.dhammadownload.com



**Proof:-**

During the reign of Datha Raza, Arakan (Rakhine) regained her strength and not only reoccupied Twelve Towns of East Bengal (Bunyagyi Province), but also Arakan (Rakhine) extended her Eastern territory up to Thayet in Myanmar roper. Moreover, since then Arakan (Rakhine) is freed from Bagan influence.

In accordance with the Arakan (Rakhine) Ancient Historians, it is learnt that the year 1103 A.D, proved to be the worst hour in the history of Mahamuni, since the image was lost in hiding for some twenty years. Only when King Datha Raza came to the throne (1123-1139 A.D), the image was rediscovered and Lords were given the responsibility for the upkeep. He also took the precautionary measures against any future mis-adventure of the shrine. That is also the reasons why Datha Raza is known as Second donor of Mahamuin and also his greatness is compared to that of Canda Thuria, the original Donor of Mahamuni (554 B.C.) of Third Dhanyawady period, during the life time of Guatama Buddha.

**9.The Pedestal and the Symbolic Figures**

As mentioned above, this double terrace Pedestal is a hollow and perforated embellished with artistic designs and varieties of figures. Fixed at the centre in the front part of the Pedestal is the figure of a protruding kneeling Vasumdhari, the Earth Goddess, wringing the hair with her hands, brought in a trees over the left shoulders. There are two front corners of the Pedestal, facing opposite to each other. Other figures carved on the front of the Pedestal are one sitting elephant, Maha Peinne ( Ganesa deity) and a dancing figure placed on the right side of the Vasumdhari and a Theindaw Horse, Maha Peinne and a dancing figures are placed on left side. There are also figures carved at the back and two sides of the Pedestal. The two protruded ogre figures are placed in two corners at the back of the Pedestal. Also, a protruded Guinea Pig figure is placed in the centre of the back side of the Pedestal. Figures on the right side of the Guinea Pig are Byala and Chu animal whereas, rinoceras and deer are two figures carved on the left side of the Guinea Pig. Again, there are figures of Zamari, a dancing figure, Hamsa Duck and Peacock,

http://www.dhammadownload.com



carved on the left side of the Pedestal and parrot, a dancing figure and Naga (Serpent) are carved on the right side of the Pedestal. Eight bird figures are also carved on the second terrace at the back of the Pedestal. They are two Hamsa Duck, two ashygrongo, two fowls and two crows carving each on eight square colums.

**10. Indications and representations of figures;-** Three kinds of the representations are observed here.

**Firstly-** Horse, Vasumdhari, sitting elephant, Naga and two ogress represent some incidents happened in the life time of Gautama Buddha.

**Horse-** At the age of 29, Prince Siddhattha when he made the great renunciation, he rode away with his favourite horse, Kanthaka to the deep forest. Horse indicates the quickness too.

**Vasumdhari-** The story of Buddha's calling the earth as his witness for testifying to his attainment of perfect knowledge. (Enlightenment).

**Sitting elephant-** Represents the incidents of the taming of the Nalagiri elephant.

**Naga (Serpent)-** It has been said that after the enlightenment, there was a great storm in Buddha Gaya and rainfall in torrents for several days. At that time a Naga King named Muchalinda protected the Buddha by coiling his body around that of the Blessed-One and spreading his hood as an umbrella over the Buddha's head.

**Two Ogres-** Two Ogres represents the emancipation of ogres Suciloma and Kharaloma. This happened during the fourteenth year after enlightenment. The two ogres lived near Gaya village close to the Mahaboghi tree. The Blessed-One went to the abode of Suciloma and stayed there waiting for the ogre to come. The Ogre sensing the presence of Buddha create himself a terrifying figure and tried his best to frighten the Blessed-One. When he failed to do so, he asked several questions to the Buddha which the Buddha answered to his satisfaction. The ogre Kharaloma also listened to the Buddha's answers and both of them were emancipated.

http://www.dhammadownload.com



**Secondly-** The 136 lives that the Buddha was born in the " higher animal plane " are depicted in the forms of Zamari, Hamsa Duck, Peacock, Ashydrongo, Parrot, Crow and Fowl.

**Thirdly-** Manuthiha figures, Guinea Pig, Byala, Ganesa deity represent the Buddhist art of ancient Arakan (Rakhine) and Galone (a giant bird) Rinoceras, deer, Zamari and Peacock are some of the auspicious symbols or Lekhanas mentioned in Buddhist art. Buddhist Arakan (Rakhine) used those figures as traditional since ancient time.

**Manuthiha Figures -** A mythological animal of double-bodied with human face and head are seen wearing celestial headdress. The Manuthiha figures are usually placed as guardians at the corners of Noble structures. It is one of the traditional believes of Arakan (Rakhine).

**Guinea Pig-** A double -bodied animal with lion-like face and head with girdle around the neck. It is also a traditional animal figure placed on the Buddhistic structures, Monuments and Pagodas.

**Byala-** The mythological animal of the Arakanese (Rakhine) having four legs, smiling face, beautiful girdle of jair around the neck and a beautiful tail is considered as symbol of peace and prosperity. As an auspicious symbol, the figure of Byala can be found erected near the pagodas.

**Ganesa deity (Mahapeinne)-** A figure of elephant jead with human body is one of the famous deity of Buddhists and Hindus. The presence of this figure symbolize the state of fertility in Culture, Art and Wisdom.

**Galone-** A giant bird figure symbolize the strength and greatness.

**Rhinoceros-** A thicked skin, heavy animal one or two horns on the nose always go straight and cleared with his horn all the objects he found on the way. The horn of the rhinoceros is useful as medicine to cure the poisonous infections. It indicates the straight forwardness.

http://www.dhammadownload.com



**Deer** - Mrganka, " deer-marked" is one of the names for the moon in Sanskrit literature. It also symbolizes the Mrigadeva forest (samath) Buddha preached his first sermon at the outskirts of Benerese city in a park then known as the Deer Park (Mrigadeva). This place is now called Sarnath.

**Zamari** - Buddha lived as Zamari elven times in the previous existences. This symbolizes the nobility, noble character, mind, birth and rank.

**Peacock** - The peacock is a royal bird in India and has been considered to be the emblem of the Maurya dynasty. Arakanese (Rakhine) historians have given the Maurya as solar origin, from which they trace their royal lineage.

The two symbols of Peacock and Deer represent the sun and moon. In Buddhist literature the sun and the moon first appear as marks on the feet of Buddha as Chakravartin in the Mahapadana sutta.

**Four dancing figures** - As all of these four dancing figures wear similar dress of celestial beings, it can be assumed that these figures represent the Cetulokapala Deities, the four guardians of Buddha Sasana.

(*In fact, all these indications and artistic designs of the pedestal reflect the qualities and designs of the throne belonged to the Monarch of that period.*)

**Conclusion**

This ancient bronze Buddha image of excellent workmanship inspires a sense of deep reverence to the worshippers. If we pay homage to this Arakanese (Rakhine) Phara, one can also gain some information about the country where this image was cast. By assessing the ornamentations and decorations on the Buddha image and indications of figures carved on the Pedestal with supporting carvations of lotus leaves and Baindu dots on the double-stepped sitting-mat, we can also come to know the situation of the country at that time as peaceful, prosperous, cultured and civilized land of the period.

Moreover, we can also draw a conclusion that this Mahakyain Phara is an only ancient bronze Buddha image of Arakan (Rakhine), we have ever worshipped,

http://www.dhammadownload.com




inscribed with Arakan (Rakkha Wunna) alphabets and numerals. The inscriptions also mention the name of the donor and exact finishing time and date of casting which is nearly Nine centuries ago. The style of the hand writing and usage of words and numerals clearly indicated the Parein Period of Lemro dynasty. It can be also assumed that the name of the king of the period as Datha Raza who probably took an oath with this very Mahakyain Phara in Office Oath taking ceremony during his Coronation.

## Present resting place of Mahakyain Phara

It is learnt that, this Mahakyain Phara was handed over to Gyopyu Saya Daw Gyi by a Arakanese (Rakhine) noble man in the year 1960 ( a full moon day of Waso). The name of the noble man is unknown. The Buddha image is now rested at the residence of U Aye Pe, Associate Professor (retired) of Burmese Department, Yangon University, (Myanmar),47(B) Pyidaungsu Road, North Western Quarter of SayaSan, Bahan Township, Yangon.

**U Shwe Zan**

**CHART SHOWING THE FIGURES CARVED AROUND THE PEDESTAL**




| | | | |
|---|---|---|---|
| Pigeon | Pigeon | Crow | Crow |
| Hamsa duck | Hamsa duck | Fowl | Fowl |

http://www.dhammadownload.com



**Referrences:**


1. The Buddhist Art of Ancient Arakan, by U San Tha Aung.
2. Dhanyawaddy Razawinthit, by U Pandi.
3. Arakan(Rakhine) State Gazetteer, Vol I (1984), by Arakan State People Council ( Un published)
4. The Golden Mrauk-U, an Ancient Rakhine Capital of Rakhine, by U Shwe Zan.
5. Rakhine coins ( in Myanmar)
6. A Bronze image of Ancient Rakhine Capital now rested at Yangon, (Myanmar), by Saw Min Nwe (Mrauk-U). Attached with two pictures, one is a Crowned Buddha Image seated on a Pedestal and a copy of inscriptions inscribed at the back of the Pedestal.
7. A brief account of Mahakyain image of Bethitsa Guru Mudra and Hsay Theidi Laba Muni, by U Aye Pe.


## ရှေးသမိုင်းအမွေ အနှစ်များစုဝေးရာ မဟာရာနဒီ တန်းလွဲချောင်းဒေသမှ ဖူးမြော်ဂုဏ်ယူ ဖွယ်ရာများ

တောင်ကုတ်မြို့နယ်တွင် မအီချောင်း၊ တန်လွဲချောင်း၊ လမူချောင်းဟူ၍ မြစ်ငယ်သုံးစင်း စီးဆင်းလျက်ရှိသည်။ ယင်းအနက် တန်းလွဲချောင်းသည် ရှေးသမိုင်းအမွေနှစ်များ စုဝေးရာဒေသကြီး တစ်ခုဖြစ်သည်ကိုတွေ့ရသည်။ တန်းလွဲချောင်းသည် အကွေ့ အကောက်တောင်ကြောကွေ့များပွားများ လှသည်ဖြစ်ရာ တစ်စုံတစ်ရာ အန္တရာယ်ဖြင့် တွေ့လာရပါက မြတ်စွာဘုရားရှင်အား သတိရစေပြီး ဘေးအန္တရာယ်မှ ကင်းလွတ်စေဖို့ ဆုမွန်ကောင်းများ တောင်းယူနိုင်ရန် ချောင်းတစ်လျှောက် အကွေ့များ၌ ဘုရားစေတီပုထိုးများကို ခေတ်အဆက်ဆက်ကပင် တည်ထားကိုးကွယ်လာခဲ့ကြသည်။ ယင်းအထဲတွင် ငလွန်းမော်ကျေးရွာအနီးတည်ရှိသည့် ငလွန်းမော်(သို့) ဝဲကြီးထောင့် စေတီတစ်ဆူ လည်းပါဝင်ပေးသည်။

ဝဲကြီးထောင့်စေတီဟောင်းဂူထဲမှ ရခိုင်သမိုင်းအတွက်တန်ဖိုးကြီးမားလှသည့် ငလွန်းမော် ကျောက်စာကို ဗိုလ်မှူးကြီး ဂျီးအီးဖရိုင်ယာသည် (၁၈၇၂)နှစ်က တွေ့ရှိခဲ့သည်။ ထိုကျောက်စာမှာ ယေ ဓမ္မာ ဂါထာတော် ဖြစ်သည် (ဖော်ပြထားပြီးဖြစ်ပါသည်။) ကျောက်စာကို အင်္ဂလန်နိုင်ငံသို့ယူသွား

http://www.dhammadownload.com



ခဲ့ပြီး၊ သူကွယ်လွန်သည့်အခါ ထိုကျောက်စာမှာ ရှိုင်ရယ် အာရှတိုက် အသင်းသို့ ရောက်သွားသည်။ ဒေါက်တာဂျွန်စတင်က ကျောက်စာကို ယင်းအသင်းမှဌာနရမ်းဖတ်ရှုခဲ့သည်။ ယခုအခါ ကာလကတ္တား ပြတိုက်တွင်ပြသထားသည်။

မူလဝဲကြီးထောင့်စေတီတော်မှာ အေဒီ ၃/၄ ရာစုခန့် သူရိယမင်းဆက်တွင် တည်ထားခဲ့သည် ဟု ယူဆကြသည်[၁]။ မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးနောက် (၈၄၃)နှစ်အကြာတွင် ဣဂါနှင့် ဝမ္မညီအမနှစ်ဦးက ကွယ်လွန်သူမိဘနှစ်ပါးကို ရည်စူးလျက် လှူဒါန်းခဲ့သည်ဟုသိရသည်။ ငလွန်းမော် ကျောက်စာမှာ ဗြဟ္မီအက္ခရာကို သက္ကဋမှုပ်ပါဠိဘာသာဖြင့် ရေးထိုးထားခြင်းကြောင့် ဝေသာလီခေတ် အစောပိုင်းဟု သမိုင်းပညာရှင်များက ဆုံးဖြတ်ခဲ့ကြသည်[၂]။



ငလွှမ်းမော်(သို့)ဝဲကြီးထောင့် စေတီတော်



မောင်ထောင့်တောင်ပေါ်မှရရှိသည့် ဝေသာလီကျောက်စာအချို့

၁။ မင်းကိုကို၊ နေသိဒ္ဓိ သတင်းစုံဂျာနယ်၊ အမှတ်(၂၁၇)(၂၂-၂-၂၀၀၆)။

၂။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း ပဠမတွဲ၊ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ၊ စစ်တွေ။

http://www.dhammadownload.com



## မောင်းထောင့်တောင်ပေါ်တော်မူ ရှေးဟောင်းရုပ်ပွားတော်မြတ်

တောင်ကုတ်မြို့နယ်၊ရွာမကျောင်းဆရာတော်အသျှင်ကောဝိဒ၏ညွှန်ကြားချက်အရ ၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ရှေးနှစ်ပေါင်းများစွာကပင် ချုံနွယ်ပိတ် ပေါင်းဖုံးလွှမ်းနေသောမောင်းထောင့်စေတီပျက်တစ်တဆူကိုပြန်လည်တည်ဆောက်ရန် ရှင်းလင်းခဲ့ကြပါသည်။ တန်ဆောင်မုန်းလပြည့်ကျော်(၁၁)ရက်နေ့တွင် ကျောက်သေတ္တာ ငယ်ဖြင့်ထည့်သွင်းထားသည့် ငွေကြုတ်ထဲမှ မြူဖွေးသောဝါဂွမ်းနှင့်ဓာတ်တော်(၅)ဆူနှင့် နှစ်ကျိုပ်ရှစ်ဆူဟုယူဆရသော ဆင်းတုတော် (၂၂)ဆူကိုလည်းကောင်း၊ တန်ဆောင်မုန်း လပြည့်ကျော်(၁၃)ရက်နေ့တွင်ရှေးဟောင်းသတ္တုဌာနကြေးဆင်းတုတော် (၇)ဆူကို လည်းကောင်း ဖူးတွေ့ရပြီး၊ယင်းနေ့နံနက်(၉)နာရီခွဲခန့်တွင်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် တစ်ဆူပေါ်တော်မူလာသည်ကိုဝမ်းမြောက်ဖွယ်ဖူးတွေ့ကြရပါသည်။ ရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူ နေသည့်ဂန္ဓကုဋိတိုက်စေတီတော်ကိုလည်း ကျောက်ထီးတော်များဖြင့် ဖူးတွေ့ကြရပါသည်။ စေတီတော်တည်ရှိသည့်နေရာမှာ ရွာမကျေးရွာအနီးဖြစ်ပြီး၊ အေဒီ(၃/၄)ရာစုရေး ငလွှမ်းမော်ကျောက်စာ ကိုတွေ့ရသည့် ငလွှမ်းမော်ဘုရား (ဝဲကြီးထောင့်ဘုရား)နှင့်(၃)မိုင်အကွာတွင် တည်ရှိသည်။(အခန်း၁၀ ခေတ်အလိုက်ဗုဒ္ဓ ဆင်းတုတော်များ ပုံ-၄၆)

ပေါ်တော်မူရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်၏ ထူးခြားချက်များ မှာ(၁) ဓညဝတီခေတ်ပုံစံခြေစုံကပ်ထိုင်တော်မူခြင်း(၂) တစ်လုံးတည်းသောသုံးတန်ခန့် ရှိကျောက်ကိုထုဆစ်ထားခြင်း(၃)မျက်လွှာချဘူမိဖဿနထိုင်တော်မူဖြစ်ခြင်း(၄) ရှေ့စူးစူးနေထွက်ရာအရပ်သို့မျက်နှာတော်မူနေခြင်း(၅)မျက်လုံးတော်သည် ရုပ်ပွား တော်၏ လက်တောင်သုံးတောင် ထိသာရှေ့ပြုအာရုံတည်ခြင်း (၆)ဦးခေါင်းမတ် ရုပ်မဟုတ် ဘဲအနည်းငယ်ရှေ့သို့စောင်းနေခြင်း(၇)ဓညဝတီခေတ်လက်ရာ ရာဇမုနိ (ကျောက်တော်) နှင့်ပမာဏအတိုင်းအတာ၊ လက်ရာ၊ နေရာအားလုံး တစ်ထပ်တည်း တူညီနေခြင်းကို တွေ့ရသည်။

ဤစေတီတော်မြတ်ကိုကောဇာ၉၃၃၊အေဒီ ၁၅၇၁ခုနှစ်နန်းတက်တော်မူသော မင်းဖလောင်းဘုရင်မင်းမြတ်၏မိဖုရား စောမဲကျီသည် တောင်ကုတ်မြို့နယ် မဟူရာနဒီ တန်းလွှဲချောင်း၏ လက်ယာကမ်းရွာမရွာကြီးထိပ်တွင်တည်ရှိသော မောင်းထောင့် တောင်ပေါ်တွင်

http://www.dhammadownload.com



ဘုရားရှင်၏ဓာတ်တော်(၅) ဆူနှင့် ဉာဏ်တော်(၆) ပေ(၄)လက်မရှိ ဝေသာလီခေတ်အစောပိုင်း မောင်းထောင့်ရွှေးဟောင်းရုပ်ပွား တော်ကိုဌာပနာလျှက် စေတီတော်တည်ထားခဲ့သည်ဟု ရခိုင်သမိုင်းကဆိုပါသည်။။

(အညွှန်း-

မင်းရွှေမင်း (တောင်ကုတ်)။ကနောင်ဂျာနယ်အတွဲ(၈)။

အသျှင်သုဇာတ အေါင်ဆန်းတောရပရိယတ္တိစာသင်တိုက်-ရွှေပြည်သာမြို့။)

http://www.dhammadownload.com



# အခန်း (၁၀)


## အကိုးအကားများ

## ရှေးခေတ်မှတ်တမ်းဓာတ်ပုံများ

http://www.dhammadownload.com



## ရှေးခေတ်မှတ်တမ်း ဓာတ်ပုံများ



ရခိုင်ကျောက်လက်နက်ပစ္စည်း (ကြီး) ပုံ-၁



(ငယ်) ပုံ-၂

ရခိုင်ကျောက်လက်နက်ပစ္စည်းများ



(ကြီး) ပုံ-၃

ကျောက်မိုးကြိုးသွားများ



(ငယ်) ပုံ-၄

(ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း ပထမတွဲ -သမိုင်းကဏ္ဍ)

http://www.dhammadownload.com




# မြေပုံအညွှန်းမှတ်တမ်းများ

http://www.dhammadownload.com



## သမိုင်းဦးခေတ်ရခိုင်မြေသို့ လူမျိုးများဝင်ရောက်လာပုံ




(ရှေးခေတ်ရခိုင်သမိုင်းစဉ်နှင့် ခေတ်အဆက်ဆက်ယဉ်ကျေးမှု-ဓညဝတီခေတ်) ပုံ-၁

http://www.dhammadownload.com



ဧသဝတီခေတ် ရခိုင်ပြည်ထောင်နယ်နိမိတ်





( ဧသဝံ ၏ ရခိုင်နယ်နိမိတ်ဆောင်းပါး ရခိုင်သဟာယမဂ္ဂဇင်း-ရန်ကုန်) ပုံ-၂

http://www.dhammadownload.com



## ဝေသာလီခေတ် ရခိုင်ပြည်ထောင်နယ်နိမိတ်





( ဓညစံ ၏ ရခိုင်နယ်နိမိတ်ဆောင်းပါး ရခိုင်သဟာယမဂ္ဂဇင်း-ရန်ကုန်) ပုံ-၃

http://www.dhammadownload.com



## လေးမြို့ခေတ် ရခိုင်ပြည်ထောင်နယ်နိမိတ်





( ဧညစ် ၏ ရခိုင်နယ်နိမိတ်ဆောင်းပါး ရခိုင်သဟာယမဂ္ဂဇင်း-ရန်ကုန်) ပုံ-၄

http://www.dhammadownload.com



## မြောက်ဦးခေတ် ရခိုင်ပြည်ထောင်နယ်နိမိတ်




အေဒီ ၁၆၆၆-ခု (စန္ဒသုဓမ္မရာဇာမင်းကြီးလက်ထက်) မဟိုစစ်ပွဲမတိုင်မီကာလအထိ


အေဒီ ၁၆၆၆-ခု၊ ရခိုင်-မဟိုစစ်ပွဲပြီးဆုံးနောက်ပိုင်းကာလ၊

( ဓညစံ ၏ ရခိုင်နယ်နိမိတ်ဆောင်းပါး ရခိုင်သဟာယမဂ္ဂဇင်း-ရန်ကုန်) ပုံ-၅

http://www.dhammadownload.com



ဘိုးတော်ဘုရားလက်ထက် ရခိုင်နယ်နိမိတ်ပြမြေပုံ





(ဓညစံ ၏ ရခိုင်နယ်နိမိတ်ဆောင်းပါး ရခိုင်သဟာယမဂ္ဂဇင်း-ရန်ကုန်) ပုံ-၆

http://www.dhammadownload.com



## ဗြိတိသျှခေတ် ရခိုင်နယ်နိမိတ်ပြမြေပုံ





ဗြိတိသျှတို့သိမ်းပိုက်ပြီးနောက် မူလ ရခိုင်ပြည်နယ်နိမိတ် ၁၈၉၃-ခုနှစ်တွင်၊ သံတွဲခရိုင်ကျောက်ချွန်ချောင်းမှ မော်တင်စွန်းထိနယ်မြေကို ပုသိမ်ခရိုင်သို့ပေါင်းထည့်သည်။ ၁၉၃၅-ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအရ ပလက်ဝမြို့နယ်ကို တောင်တန်းဒေသအုပ်ချုပ်ရေးတွင် ထည့်သွင်းစုံသည်။

(ဓညဝတ် ၏ ရခိုင်နယ်နိမိတ်ဆောင်းပါး ရခိုင်သဟာယမဂ္ဂဇင်း-ရန်ကုန်) ပုံ-၇

http://www.dhammadownload.com






ရခိုင်ဘုရင်မင်းမြတ်များ၏ ပိုင်နက်နယ်မြေအဆင့်ဆင့်မှသည် ယနေ့ကာလအထိ
ရခိုင်ပြည်၏နယ်နိမိတ်ပြမြေပုံ ပုံ-ဂ

http://www.dhammadownload.com



## ရခိုင်ပြည် မြစ်ချောင်းအင်းအိုင်ပြမြေပုံ




(ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း ပထမတွဲ- သမိုင်းကလျာ) ပုံ-၉

http://www.dhammadownload.com




# ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ

http://www.dhammadownload.com



ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ (ဓညဝတီခေတ်)



မဟာမုနိ(မန္တလေး) ပုံ-၁



ရှင်ကျော်မုနိ (ရွှေနတ်တောင်) ပုံ-၂



မာရ်အောင်မြင်မုနိ (ဇလွန်) ပုံ-၃



မဟာမုနိပုံစံတူ (ဘုတ်ချောင်း) ပုံ-၄


http://www.dhammadownload.com



## ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ (ဓညဝတီခေတ်)



စန္ဒမုနိ(မြောက်ဦး) ပုံ-၅



စကြာမုနိ(စစ်တွေ) ပုံ-၆



မဟာကျန်(အောင်တိုင်) ပုံ-၇



မဟာကျန်(မောင်တော) ပုံ-၈

http://www.dhammadownload.com



## ခေတ်အလိုက်တန်ခိုးကြီး ပုဒ္ဓဆင်းတုတော်များ (ဓညဝတီခေတ်)



မဟာကျန်(ညောင်ပင်လယ်) ပုံ-၉



မဟာကျန်(စစ်တွေ)- ပုံ-၁၀



မဟာကျန်(ကြွဖြူ) ပုံ-၁၁




မဟာမုနိ(ကျောက်တော်) ပုံ-၁၂

http://www.dhammadownload.com



ခေတ်အလိုက်တန်ခိုးကြီး ပုဒ္ဓဆင်းတုတော်များ (ဓညဝတီခေတ်)



မဟာမုနိပြဿဒ်တော်(ကျောက်တော်) ပုံ-၁၃



မဟာမုနိ(ဝဲ၊ ယာရံ) ပုံ-၁၄

http://www.dhammadownload.com



## ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ (ဝေသာလီခေတ်)



ဝေသာလီဘုရားကြီး ပုံ-၁၅



ဘိသေကမဟာကျိန်ဆင်းတု ပုံ-၁၆




မောင်းထောင့်ပေါ်တော်မူ ပုံ-၁၇



အဘယ + ဝရဒရုပ်တော်မူ ပုံ-၁၈

http://www.dhammadownload.com

## ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ (ဝေသာလီခေတ်)




ဘူမိဖဿမုဒြ ပုံ-၁၉



ဒါရဏမုဒြ ပုံ-၂၀



ကြေးသွန်းတင်ပလင်ခွေ ပုံ-၂၁




ကြေးသွန်းတင်ပလင်ခွေ ပုံ-၂၂

http://www.dhammadownload.com



## ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ (ဝေသာလီခေတ်)




ရှာနမှုဒြာ(ဂ)ရာစုရွှေဆင်းတုတော် ပုံ-၂၃



မဟိတကဲဆင်းတုများပါရှိသော
[illegible]

စတူပါများ
ပုံ-၂၄




ကျောက်သားရေးထိုးပါကျောက်တော်
[illegible]

http://www.dhammadownload.com



ခေတ်အလိုက်တန်ခိုးကြီး ပုဒ္ဓဆင်းတုတော်များ (ဝေသာလီခေတ်)



ဖြစ်စဉ်(ဂ)ရုပ်ပါ အုတ်ခွက်ဘုရား ပုံ-၂၅




အဘယမုဒ်မုဒြာဆင်းတု ပုံ-၂၆

http://www.dhammadownload.com



ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ (လေးမြို့ခေတ်)



အဘယ+မဟာကရုဏာရုပ်တော်မှု ပုံ-၂၇



ရွှေဆင်းတုတော် ပုံ-၂၈



ကြေးတင်ပလင်ခွေဆင်းတုတော် ပုံ-၂၉



ကြေးတင်ပလင်ခွေဆင်းတုတော် ပုံ-၃၀

http://www.dhammadownload.com




ခေတ်အလိုက်တန်ခိုးကြီး ပုဒ္ဓဆင်းတုတော်များ (လေးမြို့ခေတ်)



မဟာကျန်ဆင်းတုတော် ပုံ-၃၁



ဘိသိက်ခံဘေသစွဆင်းတုတော် ပုံ-၃၂



နေရဥ္စရာမြို့တော်ဟောင်းမှ အကြံတော်ပြည့်ဆင်းတုတော် ပုံ-၃၃

http://www.dhammadownload.com



ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ (မြောက်ဦးခေတ်)




မျက်လှာချဆင်းတုတော် ပုံ-၃၄



မျက်လှာချဆင်းတုတော် ပုံ-၃၅



မျက်လှာချဆင်းတုတော် ပုံ-၃၆



မျက်လှာချဆင်းတုတော် ပုံ-၃၇

http://www.dhammadownload.com



ခေတ်အလိုက်တန်ခိုးကြီး ပုဒ္ဓဆင်းတုတော်များ (မြောက်ဦးခေတ်)



ဂူလေးဝမဟာကျန်ဆင်းတုတော် ပုံ-၃၈



ဂူလေးဝရွှေဆင်းတုတော် ပုံ-၃၉



ဂူလေးဝ စိန်ဆင်းတုတော် ပုံ-၄၀



A bronze Buddha - Bumisparsa mudra (Mrauk-U period)

ကြေးသွန်းတင်ပလင်ခွေ ပုံ-၄၁

http://www.dhammadownload.com



ခေတ်အလိုက်တန်ခိုးကြီး ပုဒ္ဓဆင်းတုတော်များ (မြောက်ဦးခေတ်)



မျက်လှာချကြေးဆင်းတုတော် ပုံ ၄၂



မျက်လှာချကြေးဆင်းတုတော် ပုံ ၄၃



တရားထိုင်ကြေးဆင်းတုတော် ပုံ-၄၄



တရားထိုင်ကြေးဆင်းတုတော် ပုံ-၄၅

http://www.dhammadownload.com



## ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ (မြောက်ဦးခေတ်)



တရားထိုင်ကြေးဆင်းတုတော် ပုံ-၄၆



တရားထိုင်ကြေးဆင်းတုတော် ပုံ-၄၇




နဂါးအရေခွံသင်္ကန်းရုံဆင်းတုတော် ပုံ-၄၈



လာဘမုနိဆင်းတုတော် ပုံ-၄၉


http://www.dhammadownload.com




ခေတ်အလိုက်တန်ခိုးကြီး ဗုဒ္ဓဆင်းတုတော်များ (မြောက်ဦးခေတ်)



မျက်လုံးတော်ပြူပြင်ထားသည့်မှူးချောင်းတောင်ဆင်းတုတော် ပုံ-၅၀




သီဟိုဠ်မှဗုဒ္ဓအံတော်မြတ် ပုံ-၅၁



ရခိုင်ယဉ်ကျေးမှုဘဏ္ဍာတော်တိုက် သျှစ်သောင်းပုထိုးတော်ကြီး ပုံ-၅၂

http://www.dhammadownload.com



## ဓညဝတီခေတ်

**မဟာမုနိသိမ်တော်နှင့်တန်ဆောင်းပြဿဒ်တော်**။ ဤသိမ်တော်နှင့်တန်ဆောင်းပြဿဒ်(ပုံ-၇)သည်ခေတ်အဆက်ဆက်၌ မီးဘေးသင့်မှုမကြာခဏဖြစ်ပွားခဲ့ရာ၊ ဘုန်းတန်ခိုးကြီးမားသည့်ဘုရင်မင်းမြတ်များက ပြန်လည်ပြုပြင် ခဲ့ကြပါသည်။ သိမ်တော် တန်ဆောင်းပြဿဒ်တော်အမိုးကို ရခိုင်တို့၏ နောက်ဆုံးမင်းနေပြည်တော်ဖြစ်သော မြောက်ဦးခေတ်တွင် ကြေးနီပြားဖြင့်မိုးထားခဲ့ကြောင်း အဆိုရှိပါသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကို ဘိုးတော်ဦးဝိုင်းပင့်ဆောင်ယူသွားပြီးနောက်ပိုင်းမှ ယနေ့အထိတိုင် ကိန်းဝပ်စံပယ်လျှက်ရှိသောဆင်းတုတော်ကို မဟာမုနိ(ကျောက်တော်) (ပုံ-၈) ဟုခေါ် ဆိုကြပါသည်။ ဤဆင်းတုတော်ကိုကျောက်ညိုဖြင့်ထုဆစ်ထားပြီး၊ ယခုအခါရွှေအတိချထားသဖြင့် ကြည်ညိုဖွယ်ရာဖူးတွေ့နိုင်ပါသည်။ မဟာမုနိဆင်းတုတော်နှင့်ကပ်လျှက်ကိန်းဝပ်နေသည့်ကြေးဆင်းတုတော်မှာ စစ်တွေမြို့မှသူဌေးကြီးဦးရဲကျော်သူမိသားစုလှူဒါန်းသော r [ mr&ydMw m\ (Replica) ပုံတူဖြစ်ပါသည်။ မဟာမုနိ(ကျောက်တော်)ကိုရံထားသော ဆင်းတုတော် နှစ်ဆူမှာ(ပုံ-၁၄)လက်ဝဲရံ လက်ျာရံ ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလန်ဆင်းတုတော်များဖြစ်ကြပါသည်။ မဟာမုနိဆင်းတုတော်ကိုကျောက်တော်မြို့နယ်၊ မဟာမုနိကျေးရွာ ဂူကျောင်းအတွင်း' ကိန်းဝပ်နေသည့် ဆင်းတုတော်များကို မဟာမုနိသိမ်တော်သို့ ပင့်ဆောင်လျှက်ကိုးကွယ်ကြခြင်းဖြစ်ပြီး၊ ဤဆင်းတုတော်များမှာ တန်ခိုးကြီးမားထူးခြားသည့် ဆင်းတုတော်များဖြစ်ကြပါသည်။

တတိယဓညဝတီခေတ်ကိုတည်ထောင်တော်မူသော စန္ဒသူရိယမင်းကြီးလက်ထက် မဟာသက္ကရာဇ် ၁၂၃၃၊ ဘီစီ-၅၁၇ခုတွင်နဝလောဟာနှင့်ပဥ္စလောဟာ တို့ဖြင့်သွန်းလုပ်သည့်ဆင်းတုတော်များနှင့်မဟာကျန် ဆင်းတုတော်များကိုဖူးတွေ့ရပါသည်။ နဝလောဟာဟူသည်မှာ သတ္တု(၉) မျိုးဖြစ်သောရွှေ၊ ငွေ၊ သံ၊ ခဲ၊ ပြဒါး၊ ကြေးနှင့် နောက်သတ္တု(၃)မျိုးကိုရောစပ်ထားခြင်းဖြစ်ပြီး၊ ပဥ္စလောဟာဟူသည်မှာဖော်ပြပါသတ္တုများအနက်မှ (၅)မျိုးကိုရောစပ်ထားခြင်းဖြစ်ပါသည်။ မဟာကျန်ဆင်းတုတော်များမှာမဟာမုနိဆင်းတုတော်ကိုဗုဒ္ဓဘုရား ရှင်ရှေ့မှောက်၌သွန်းလုပ်တော်မူပြီးနောက်မှကျန်ရှိသေးသောသတ္တု(၉)မျိုး(၅)မျိုးဖြင့် သွန်းလုပ်သောဆင်းတုတော်များကိုခေါ် ဆိုကြပါသည်။ ဆင်းတုတော်မြတ်အချို့ကို အခန်း(၁၀)တွင် ဖူးမျှော်နိုင်ပါသည်-

| | | |
|---|---|---|
| (၁) | မဟာမုနိ (မန္တလေး) | ပုံ-၁ |
| (၂) | ရှင်ကျော်မုနိ (ရွှေနတ်တောင်)၊ ပဲခူးတိုင်း | ပုံ-၂ |

http://www.dhammadownload.com



(၃) မာရ်အောင်မြင်မုနိ(ဇလွန်)၊ ရောဝတီတိုင်း ပုံ-၃
(၄) ရွှေဘုံသာမုနိ(ပန်းတောင်း)၊ ပဲခူးတိုင်း ပုံ-၄
(၅) မဟာမုနိပုံစံတူ(ဘုတ်ချောင်း)၊ ဟင်္သာတခရိုင် ပုံ-၅
(၆) စန္ဒာမုနိ(မြောက်ဦး) ပုံ-၆
(၇) စကြာမုနိ(စစ်တွေ) ပုံ-၇
(၈) မဟာမုနိသိမ်တော်(ကျောက်တော်) ပုံ-၈
(၉) မဟာမုနိ(ကျောက်တော်) ပုံ-၉
(၁၀) မဟာကျန်ဆင်းတုတော်၊ အောင်တိုင်းရွာ၊ စစ်တွေမြို့နယ် ပုံ-၁၀
(၁၁) မဟာကျန်ဆင်းတုတော်(မောင်တော) ပုံ-၁၁
(၁၂) မဟာကျန်ဆင်းတုတော်၊ ညောင်ပင်လယ်ရွာ၊
မြောက်ဦးမြို့နယ် ပုံ-၁၂
(၁၃) မဟာကျန်ဆင်းတုတော်၊ မဟာကုသလကျောင်းတိုက်၊
စစ်တွေမြို့ ပုံ-၁၃
(၁၄) မဟာကျန်ဆင်းတုတော်၊ ကြွဖြူကျောင်းတိုက်၊ စစ်တွေမြို့ ပုံ-၁၄
(၁၅) မဟာမုနိ(ကျောက်တော်)၏လက်ဝဲရံ၊ လက်ျာရံ ပုံ-၁၅

## ဝေသာလီခေတ်

ဝေသာလီခေတ်သည် ဘုရားစေတီပုထိုးများပေါ်ကြွယ်လှပါသည်။ ဝေသာလီဘုရားကြီးမှာ ကြီးမား သောကျောက်တုံးကိုတောင်ပေါ်သို့ခက်ခက် ခဲခဲဖြင့်မ,တင်ကာ လက်ရာမြောက် ထုဆစ်ခဲ့သောဆင်းတုတော် ဖြစ်ပါသည်။ ယခုအခါရှေးမူမျက်လွှာချပုံစံအားပြုပြင်ကာ မျက်လုံးတော်ကိုဖွင့်လှစ်ထားသည်ကိုတွေ့ရပါသည်။ ရခိုင်ရှေးဟောင်းမူအတိုင်းထိန်းသိမ်းကြရန် ပုဒ္ဓဘာသာဝင်တိုင်းတာဝန်ရှိကြပါသည်။ ဤခေတ် စတူပါစေတီအမြောက်အများကို ရခိုင်ပြည်ထောင်အနှံ့၌အများအပြားတွေ့ရပါသည်။ ဝေသာလီခေတ်က ဘုရင်မင်းမြတ်အဆက်ဆက်ဘိသိက်ခံပွဲတော်၌ကိုးကွယ်ခဲ့သည့်ဘိသေကမုနိမဟာကျိန်ဆင်းတုတော်မြတ် တစ်ဆူမှာ ယခုအခါမြောက်ဦးမြို့၊ လက်ကောက်ဈေးဘုန်းတော်ကြီးကျောင်း၌ကိန်းဝပ်လျှက်ရှိပါသည့်

http://www.dhammadownload.com



မြောက်ဦးမြို့ လောကမဏ္ဍူစေတီတော်မြတ်ဌာပနာအတွင်းမှဖူးတွေ့ရသည့်(၈) ရာစုစျာန မုဒြာရွှေဆင်းတုတော်မြတ်တစ်ဆူမှာလည်း ရတနာ့မာရ်အောင်တောရ ကျောင်းတိုက်၌ ကိန်းဝပ်လျှက် ရှိပါသည်။သမိုင်းအကျဉ်းကိုသီးခြားဖော်ပြထားပါသည်။ ကျောက် တော်မြို့နယ် ရှင်ကြမ်းကျေးရွာ တွင်လည်း တံငါးများကွန်ပစ်ရာမှဆင်းတုတော်မြတ် တစ်ဆူ ကိုရရှိခဲ့ရာ၊ ယခုအခါကျေးရွာ ဘုန်းတော်ကြီး ကျောင်းတိုက်၌ ကိန်းဝပ်လျှက်ရှိပါသည်။ သမိုင်း အကျဉ်းကိုသီးခြားဖော်ပြထားပါသည်။(ပုံ-၂၅)။ ဆင်းတုတော်အချို့ကို အခန်း(၁၀)တွင် ဖူးမျှော်နိုင်ပါသည်-

| | | |
|---|---|---|
| (၁) | ဝေသာလီဘုရားကြီး(မြောက်ဦး) | ပုံ-၁၅ |
| (၂) | ဘိသေကမုဒ္ဒိမဟာကျန်ဆင်းတုတော် | ပုံ-၁၆ |
| (၃) | မောင်းထောင့်ပေါ်တော်မူဆင်းတုတော် | ပုံ-၁၇ |
| (၃) | အဘယ+ဝရဒဆင်းတုတော် | ပုံ-၁၈ |
| (၄) | ဘူမိဖဿမုဒြာဆင်းတုတော် | ပုံ-၁၉ |
| (၅) | ဒါရဏမုဒြဆင်းတုတော် | ပုံ-၂၀ |
| (၆) | ကြေးသွန်းတင်ပလ္လင်ခွေဆင်းတုတော် | ပုံ-၂၁ |
| (၇) | ကြေးသွန်းတင်ပလ္လင်ခွေဆင်းတုတော် | ပုံ-၂၂ |
| (၈) | လောကမဏ္ဍူစျာနမုဒြာ(၈)ရာစုရွှေဆင်းတုတော် | ပုံ-၂၃ |
| (၉) | စတူပါငယ်များ | ပုံ-၂၄ |
| (၁၀) | ဖြစ်စဉ်(၈)ရပ်ပါအုတ်ခွက်ဘုရား | ပုံ-၂၅ |
| (၁၁) | အဘယမုဒ္ဒိမုဒြဆင်းတုတော် | ပုံ-၂၆ |

ပဉ္စာမင်းဆက် မင်းရင်ဖြူမင်းကြီး(အေဒီ-၈၄၃)သည်ပဥ္စသဂ်ီယနာ (ရခိုင် ကေဒဿမ မြောက်သဂ်ီ ယနာ)တင်အောင်မြင်မှုအထိမ်းအမှတ်အဖြစ် မဟာကျန်ဆင်းတုတော်(၂၈)ဆူကို သွန်းလုပ်တော်မူခဲ့ရာ၊ ယင်းအနက်မှ(၁)ဆူမှာစစ်တွေမြို့ ခေါင်းလောင်းဘုန်းတော်ကြီးကျောင်း ၌ ကိန်းဝပ်လျှက်ရှိပါသည်။(ပုံ-၃၀) ပုရိန် မင်းဆက် ဒဿရာဇာမင်းကြီး (အေဒီ၁၁၂၃) ဘိသိက်ခံ သောဘေသစ္စမုဒြာမဟာကျန်ဆင်းတုတော်မှာ ယခုအခါ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံ အနောက်မြောက်ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်၄၇/ခ မြန်မာစာ တွဲဘက်ပါမောက္ခ

http://www.dhammadownload.com



(ငြိမ်း)ဦးအေးဖေ၏နေအိမ်တွင် ကိန်းဝပ်လျှက်ရှိပါသည်။ (ပုံ-၃၂)။ အဘယ+ မဟာကရုဏာ မုဒြာဆင်းတုတော်တစ်ဆူကိုလည်း မကြာမီကဖူးတွေ့ရပါသည်။သမိုင်းအကျဉ်းကို သီးခြား ဖော်ပြထားပါသည်။ စစ်တွေမြို့ ရွှေစေတီဘုန်းတော်ကြီး ကျောင်း၌ထူးဆန်း အံ့ဖွယ်ရာရွှေဆင်း တုတော်တစ်ဆူကိုလည်း ဖူးတွေ့ရပြန်ရာ၊ သမိုင်းအကျဉ်းကိုသီးခြား ဖော်ပြထားပါသည်။ နေရဥ္စရာ တောင်ငူမြို့တော်ဟောင်းမှ အိပ်မက်အရတူးဖော်ရာတွင် အကြံတော်ပြည့်ဆင်းတု တော် ကိုဖူးတွေ့ကြရပါသည်။ သမိုင်းအကျဉ်းကို သီးခြားဖော်ပြထား ပါသည်။(ပုံ-၃၃)။ ထူးခြားသည့် ဆင်းတုတော်အချို့ကို အခန်း(၁၀)တွင် ဖူးမျှော်နိုင်ပါသည်။

(၁) အဘယ+မဟာကရုဏာဆင်းတုတော် ပုံ-၂၇
(၂) ထူးဆန်းအံ့ဖွယ်ရာဖူးပွင့်လာသောရွှေဆင်းတုတော် ပုံ-၂၈
(၃) ကြေးသွန်းတင်ပလ္လင်ခွေဆင်းတုတော် ပုံ-၂၉
(၄) ဘူမိဖဿမုဒြာဆင်းတုတော် ပုံ-၃၀
(၅) မင်းရင်ဖြူ၏မဟာကျန်ဆင်းတုတော် ပုံ-၃၁
(၆) ဒဿရာဇာမင်းကြီး၏ဘိသိက်ခံဆင်းတုတော် ပုံ-၃၂
(၇) နေရဥ္စရာမြို့ဟောင်းမှ အကြံတော်ပြည့်ဗုဒ္ဓရုပ်ပွားတော် ပုံ-၃၃

## မြောက်ဦးခေတ်

မြောက်ဦးခေတ်ဗုဒ္ဓဆင်းတုတော်များမှာယနေ့ကာလ၌ မူလကြေးသွန်းဆင်းတုတော် များ၏နေရာ တွင် ကျောက်ညို(သို့မဟုတ်)သဲကျောက်ဆင်းတုတော်များနှင့်အစားထိုးထားသည်ကို အများအပြားဖူးတွေ့လာရပါသည်။ ကွယ်လွန်သူ ရခိုင်+မြန်မာပဏ္ဍိတ် ဆရာကြီးဦးဦးသာထွန်း၏ မိန့်ကြားချက်အရသိရသည်မှာ ရခိုင်ပြည်ကိုအင်္ဂလိပ်များကသိမ်းယူသောအခါ၌ ရခိုင်သမျှသော ကြေးသွန်းဗုဒ္ဓဆင်းတုတော်မြတ်များကို အိန္ဒိယနိုင်ငံသို့ပင့်ဆောင်ယူသွားကြလေရာ၊ ယင်းဆင်း တုတော်များ၏နေရာတွင် ကျောက်ညို၊ သဲကျောက် ဆင်းတုတော်များဖြင့် အစားထိုးခြင်း ရှိသည်ဟုဆိုပါသည်။ သို့သော်၎င်းဆင်းတုတော်မြတ်များမှာ ယခုအခါ မြောက်ဦးခေတ်(Meditation Mood) တရားထိုင်မှုပုံစံမျိုးမဟုတ်တော့ဘဲ၊ များသောအားဖြင့်မျက်လုံးတော် များကိုဖွင့်ထား ကြသည်သာမက ပြုံးကျယ်နေသည်ကိုပင်တွေ့ကြရပါသည်။ (ပုံ-၅၀)။ (Meditation Mood)

http://www.dhammadownload.com



ဆိုသည်မှာ တရားထိုင်သည့်ပုံစံဖြစ်သော မျက်လွှာအောက်ချပုံစံများကို ပြုပြင်ထားခြင်းဖြစ်၍ရှေးဟောင်းမှုကို ဖျက်ဆီးထားသည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။ မျက်လွှာချတရားထိုင်နေသည့်ဆင်းတုတော်များကို တွေ့ကြပါမည်။ ယင်းဆင်းတုတော်များမှာ မြောက်ဦးခေတ်ဘုရား(Iconography) အမှန်များပင်ဖြစ်ကြပါသည်။ မြောက်ဦးမြို့နယ်မှ(၃)မိုင်ခန့်အကွာ မရွားကျွန်း၌သက်န်းကိုဝတ်ရုံဆင်မြန်းထားခြင်းမရှိဘဲ၊ နဂါးအရေခွံကို ဝတ်ရုံထားသည့် မင်းဗာမင်းမြတ်လက်ထက်က ထူးဆန်းသည့်ဆင်းတုတော်တစ်ဆူကိုဖူးတွေ့ရပြန်ပါသည်။ သိုက်ဘုရားဟုထင်မှတ်ပြီး သိုက်တူးသူများကဖျက်ဆီးခဲ့၍ပျက်စီးနေခဲ့ရာ ယခုအခါပြုပြင်လျှက် မြောက်ဦးမြို့နယ်၊ ချောင်းနားကျေးရဓမ္မာရုံ၌ကိန်းဝပ်လျှက်ရှိပါသည်။ (ပုံ-၄၈)။ ဝေသာလီအစောပိုင်းက တည်ထားခဲ့ပြီး မြောက်ဦးဒုတိယခေတ်ဘုရင် မင်းဖလောင်း၏ မိဖုရားပတ္တမြားဒေဝီစောမဲကျီပြုပြင်တည်ထားခဲ့သည့် တောင်ကုတ်မြို့နယ်၊ တန်းလွဲချောင်းမှ မောင်းထောင့်ပေါ်တော်မူဆင်းတုတော်မှာလည်း တစ်မူထူးခြား လျှက်ရှိပါသည်။ ထူးခြားသည့်ဆင်းတုတော်အချို့ကို အခန်း(၁၀)တွင်ဖူးမျှော်နိုင်ပါသည်-

| | | |
|---|---|---|
| (၁) | မျက်လွှာချဆင်းတုတော် | ပုံ-၃၄ |
| (၂) | မျက်လွှာချဆင်းတုတော် | ပုံ-၃၅ |
| (၃) | မျက်လွှာချဆင်းတုတော် | ပုံ-၃၆ |
| (၄) | မျက်လွှာချဆင်းတုတော် | ပုံ-၃၇ |
| (၅) | ဂူလေးဝမဟာကျန်ဆင်းတုတော် | ပုံ-၃၈ |
| (၆) | ဂူလေးဝရွှေဆင်းတုတော် | ပုံ-၃၉ |
| (၇) | ဂူလေးဝစိန်ဆင်းတုတော် | ပုံ-၄၀ |
| (၈) | ကြေးသွန်းတင်ပလ္လင်ခွေဆင်းတုတော် | ပုံ-၄၁ |
| (၉) | ကြေးသွန်း မျက်လွှာချဆင်းတုတော် | ပုံ-၄၂ |
| (၁၀) | ကြေးသွန်း မျက်လွှာချဆင်းတုတော် | ပုံ-၄၃ |
| (၁၁) | တရားထိုင်ကြေးသွန်း ဆင်းတုတော် | ပုံ-၄၄ |
| (၁၂) | တရားထိုင်ကြေးသွန်းဆင်းတုတော် | ပုံ-၄၅ |
| (၁၃) | တရားထိုင်ကြေးသွန်းဆင်းတုတော် | ပုံ-၄၆ |
| (၁၄) | တရားထိုင်ကြေးသွန်းဆင်းတုတော် | ပုံ-၄၇ |

http://www.dhammadownload.com



(၁၅) နဂါးအရေခွံသက်နီးရုံဆင်းတုတော် ပုံ-၄၈
(၁၆) လာဘမုနိဆင်းတုတော် ပုံ-၄၉
(၁၇) မူးချောင်းတောင်ရွာမှမျက်လုံးတော်ပြူပြင်ထားသည့်
ဆင်းတုတော် ပုံ-၅၀
(၁၈) သီဟိုဠ်နိုင်ငံမှသာသနာပြုလက်ဆောင်ဗုဒ္ဓအံတော်မြတ် ပုံ-၅၁
(၁၉) ရခိုင်တို့၏ယဉ်ကျေးမှုဘဏ္ဍာတိုက်သျှစ်သောင်းပုထိုးတော်ကြီး ပုံ-၅၂

**ကြေးသွန်းဆင်းတုတော်များနှင့်ပတ်သက်၍တွေ့ရှိချက်**။ တတိယ ဓညဝတီခေတ်မှမြောက်ဦးခေတ်ကုန်ဆုံးသည့် အချိန်အထိ အဓိကရဆင်းတုတော်များမှာ (၁)မဟာမုနိဘုရားကြီး (၂)သျှင်ကျော်မုနိဘုရားကြီး (၃) ရန်အောင်မြင်မုနိဘုရားကြီး (၄)ရွှေဘုံသာမုနိဘုရားကြီး (၅)မဟာမုနိပုံစံတူ ဘုရားကြီး(၆)မဟာကျန်ဘုရား (မောင်တော)(၇) မဟာကျန်ဘုရား (စစ်တွေ)(၈) စန္ဒမုနိနှင့်ဘုရားလေးဆူ (၉)စကြာမုနိဘုရား(၁၀)ဝေသာလီဘုရားကြီး (၁၁)လေးမြို့ခေတ် ဘုရင်မင်းရင်ဖြူမဟာကျန်ဆင်းတုတော်နှင့် သင်္ဂါယနာတင်ဘုရား(၂၈)ဆူ (၁၂)ဒသရာဇာမင်း၏နန်းတက်ဘေသိဇ္ဇဆင်းတု (၁၃)လောင်းကြက်မင်းကြီး၏ဆင်းတုတို့ဖြစ်ပါသည်။

အဆိုပါဆင်းတုတော်များအနက် ရခိုင်တွင်ယနေ့တိုင်ကိန်းဝပ်လျှက်ရှိသော ဆင်းတုတော်များမှာ (၁)စန္ဒမုနိ (ယခုစန္ဒမုနိကျောင်းတိုက်-မြောက်ဦး) (၂)စကြာမုနိ (စစ်တွေမြို့ လောကနန္ဒာစေတီဝင်း) (၃)ဝေသာလီ ဘုရားကြီး-မြောက်ဦး (၄)လေးမြို့ခေတ် မင်းရင်ဖြူ၏ သင်္ဂါယနာတင် မဟာကျန်ဆင်းတုတော် (စစ်တွေမြို့ ခေါင်းလောင်း ဘုန်းတော်ကြီးကျောင်း) တို့ကိုသာ ရခိုင်ပြည်နယ်အတွင်းဖူးတွေ့ရပါတော့သည်။

ထို့အပြင်မဟာကျန်ဆင်းတုတော်များဖြစ်သော မောင်တောမြို့မှ(၁)ဆူ၊ စစ်တွေမြို့မှ(၂)ဆူ၊ မြောက်ဦး မြို့နယ်မှ(၁)ဆူတို့ကိုသာတွေ့ရပါသည်။ ကျန်ဆင်းတုတော်များမှာ မြန်မာနိုင်ငံပြည်မသို့ နည်းမျိုးစုံဖြင့် ရောက်ရှိကိန်းဝပ်လျှက်ရှိပါသည်။ ယနေ့ကာလတွင်မူရခိုင်၌ မုဒြာအမျိုးမျိုး ပုံစံပါဆင်းတုငယ်များကိုဖူး တွေ့ကြရပါသည်။ အဆိုပါဆင်းတုတော်များမှာ များသောအားဖြင့် စေတီပုထိုးများတွင်ဌာပနာထားသော ဆင်းတုများသာဖြစ်ကြောင်းသိရပါသည်။ သို့သော် ဤဆင်းတုတော်များကိုဖူးမြော်ခြင်းအားဖြင့် မြတ်စွာဘုရားရှင်၏ မုဒြာပုံစံအမျိုးမျိုး ကိုမြင်တွေ့ ကြရပါသည်။ တွေ့ရှိရသောပုံစံများကိုဖော်ပြရပါလျှင်-

http://www.dhammadownload.com



(၁) အဘယမုဒြာ (၂) အဘယနှင့် ဝရဒပူးတွဲမုဒြာ (၃) အဘယနှင့်မဟာကရုဏာ ပူးတွဲမုဒြာ (၄) ဘေသဇ္ဇမုဒြာ (၅) ဘူမိဖဿမုဒြာ (၆) ဗျာကပါလမုဒြာ (၇) ဓမ္မစကြာမုဒြာ (၈) ဓာရဏမုဒြာ တို့ ဖြစ်ကြပါသည်။

၎င်းမုဒြာများမှာ မြတ်စွာဘုရားရှင် (၄၅)ဝါကာလပတ်လုံးသီတင်းသုံးတော်မူစဉ် ဆုံးမဟောကြား တော်မူခဲ့သောအကြောင်းအရာများကိုဖော်ပြလိုခြင်းဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားနှင့်ဆိုင်ရာသရုပ်ဖော်ပုံတော်များကို ဆင်းတုတော် များစံမဏ္ဍပ်တွင် လည်းကောင်း စေတီပုထိုးတို့၏ခြေတော်ရင်းတွင်လည်းကောင်းတွေ့ရသည်။ အချို့မှာ ဝသုန္ဒရီ ၊ ဝသုန္ဒရာပုံများ။

ယနေ့တွေ့ရသောမြောက်ဦးမှဆင်းတုတော်များမှာ သဲ၊ ကျောက် (သို့မဟုတ်၊ ကျောက်ညို ဘုရား ဆင်းတုတော်များသာဖြစ်ပါသည်။ ဤသို့တွေ့ရှိရခြင်းနှင့်ပတ်သက်၍ မြောက်ဦးမြို့ ဇာတိဖြစ်သော ရခိုင်+ မြန်မာ ပဏ္ဍိတ်ဦးဦးသာထွန်း၏အဆိုအရ မြောက်ဦးဘုရား စေတီများတွင် အထူးသဖြင့် သျှစ်သောင်း၊ ထုက္ကန်သိမ် စသည့်အထင်ကရ စေတီပုထိုးများတွင် ယနေ့ဖူးမြော်သူများအနေဖြင့် ကျောက်ဆင်းတုများသာ ရှိနေသည်ကို တွေ့ကြရပါသည်။ အမှန်စင်စစ် ဤဆင်းတုတော်များမှာ မြို့သူမြို့သားပြည်သူပြည်သားများ၏ ဆုံးရှုံးသွားသော ကြေးနီကြေးဝါဆင်းတုတော်များနေရာတွင် အစားထိုးထားခြင်းသာဖြစ်သည်ဟုဆိုပါသည်။ ဤသို့ဆိုလျှင် ဆုံးရှုံးပျောက်ကွယ်သွားသောကြေးနီကြေးဝါဆင်းတုတော်များ အဘယ်ကြောင့် ပျောက်ဆုံးသွားသည်ကို ဆန်းစစ်ကြည့်သောအခါ ရခိုင်ပြည်ကို ဘိုးတော်ဘုရားသိမ်းယူပြီး နောက်တွင်နှစ် ပေါင်း(၄၀)အုပ်ချုပ်ခဲ့ပါသည်။ဤအချိန်ကာလအတွင်း ရခိုင်ပြည်ရှိအထင်ကရ ဆင်းတုတော်များကိုမြန်မာ ပြည်မသို့ယူဆောင်သွားသဖြင့် မြောက်ဦးခေတ်ကုန်ဆုံး ချိန်မှစ၍ရခိုင်မြေတွင်အထင်ကရဆင်းတုတော်များ (၄)(၅)ဆူခန့်သာကျန်ရှိသည်ကို တွေ့ရပါသည်။ ၎င်းနောက်ဗြိတိသျှများအုပ်စိုးသည့်နှစ်(၁၀၀)ကာလတွင် ရခိုင်မှဗုဒ္ဓဆင်းတုတော်အများအပြားကို အိန္ဒိယသို့ယူဆောင်သွားခြင်းခံရပါသည်။ ၎င်းတို့သယ်ယူသွားခြင်း ၏ရည်ရွယ်ချက်မှာ လက်နက်များ၊ အမြောက်၊ ကျည်ဆံများသွန်းလုပ်ရန်ဖြစ်ပါသည်။ထိုနည်းတူမြန်မာပြည် မဥ္ဇရောက်ရှိနေသည့်ရခိုင်မှ ဗုဒ္ဓဆင်းတုတော် များကိုလည်းအိန္ဒိယသို့ယူဆောင်သွားကြောင်း သိရပါသည်။ နမူနာအားဖြင့်တင်ပြရလျှင် ပြည်တော်ပြန် ဇလွန်မုနိဆင်းတုတော်မှာ အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ရောက်ရှိခဲ့ ကြောင်းသိရပါသည်။ ဤဆင်းတုနှင့် ပတ်သက်၍ဖြစ်စဉ်တစ်ရပ်မှာ ဗြိတိသျှဘုရင်မကြီး Queen Marry အိန္ဒိယသို့ရောက်လာစဉ် ခေါင်းခဲနာ အကြီးအကျယ် ဖြစ်လာသဖြင့် အကြောင်းရင်း ကိုလိုက်လံကြည့်ရှုသည့်အခါ ပညာရှိများ၏ပြောပြချက်အရ

http://www.dhammadownload.com



တန်ခိုးကြီးသောဆင်းတုတော်တစ်ဆူ(ဇလွန်မုနိ)ဘုံဘေမြို့ ဂိုဒေါင်ထဲ တွင်ကိန်းဝပ်နေရခြင်းကြောင့် ဖြစ်ကြောင်း ပြောဆိုကြပါသည်။ ယင်းကြောင့်ဆင်းတုတော်ကိုမြန်မာပြည်သို့ ပြန်လည်ပို့ဆောင်ပေးပါသည်။ သို့သော်မူလ နေရာတွင်မဟုတ်တော့ဘဲ၊ ဟသ်ာတမြို့ကမ်းခြေတွင် ထားရစ်ခဲ့ကြောင်းသိရပါသည်။ မူလကိုးကွယ်ကြသော ဇလွန်မြို့သားများကသိရှိသောအခါ သက်ဆိုင်ရာဟသ်ာတ အရေးပိုင်ကို ထင်ပြတောင်းဆိုကြလေသည်။အရေးပိုင်က ဆင်းတုတော်ကို နှစ်ဘက်လှေဖြင့်ဆွဲ၍ အနိုင်ရသည့်မြို့သို့ ဆင်းတုကို ပင့်ဆောင်ခွင့်ပြုမည် ဖြစ်ကြောင်းဆုံးဖြတ်လေသည်။ ပထမတွင် ဇလွန်ဘက်တော်သားများက အဆန်ဘက်တွင်နေ၍ ဟသ်ာတဘက်တော်သားများကအစုန်ဘက်ကဆွဲကြရာ အဆန်ဘက်သို့ပါသွားပါသည်။ ယင်းနောက်တဖန်ပြောင်းပြန် ဆွဲကြရာ ဇလွန်ဘက်သို့လိုက်ပါသွား၍ဟသ်ာတအရေး ပိုင်ကဆင်းတုတော်အား ဇလွန်ဘက်သို့ ပေးအပ် လိုက်ကြောင်းသိရပါသည်။ ဤသည်မှာ သာဓကကောင်းတစ်ခုဖြစ်ပါသည်။ ဤဆင်းတုတော်မြတ်၏ တန်ခိုး ကြီးမားမှုကိုဖော်ပြနေခြင်းလည်းဖြစ်ပါသည်။ ကြေးနီ၊ ကြေးဝါပစ္စည်းများကို အသုံးပြုလျှက် လက်နက်ပစ္စည်း ပြုလုပ်ခြင်းမှာလည်း အမှန်ပင်ဖြစ်ကြောင်း ပေါ်လွင်စေပါသည်။

ရခိုင်တွင်ကိန်းဝပ်နေသောဆင်းတုနှင့်ယဉ်ကျေးမှုပစ္စည်းများမှာလည်း ယနေ့တိုင်ပျက်စီးဆုံးရှုံးလျှက် ရှိသည်ကိုတွေ့မြင်နေရပါသည်။ ဥပမာဆိုပါလျှင်- ရခိုင်ပြည်နယ်စစ်တွေမြို့ရှိ ပိုင့်(ခေါ်)ပင်လယ်အပန်းဖြေစခန်း နေရာတွင် အင်္ဂလိပ်ခေတ်ကပင်အလှဆင်ပြသထားသည့် ကြေးအမြောက်ကြီး(၂)လက်မှာယခုအခါ(၁)လက် သာကျန်တော့သည်ကိုတွေ့ရပါသည်။ (Golden Mrauk U, An Ancient Capital of Rakhine စာမျက်နှာ ၁၈၁ ကိုရှုပါ)

နောက်တစ်ရပ်မှာ ရခိုင်ရှေးဟောင်းပစ္စည်း တူးဖော်ရေးလုပ်ငန်းများ (Excavation) ဖြစ်သည့်ဝေသာလီကောင်းကင်မြေပုံနေရာနှင့် ဓညဝတီကောင်းကင်မြေပုံနေရာများကို တူးဖော်ရာ၌ရရှိခဲ့သောရလဒ်များအသေးစိပ်ကို ယနေ့တိုင်ပြည်သူများ သိရှိခွင့်မရကြသေးပါ။ ဤသည်မှာလည်း ရခိုင်တို့၏ယဉ်ကျေးမှု ဆုံးရှုံးရခြင်းတစ်ရပ်ပင်ဖြစ်ပါသည်။

http://www.dhammadownload.com




# နိုင်ငံခြားသားများ၏ ကိုယ်တွေ့မှတ်တမ်းများ


http://www.dhammadownload.com



## နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (ဝေသာလီခေတ်)



ဝေသာလီမြို့တော်စတုတ္ထသင်္ဂါယနာတင်ခန်းမကြီးနှင့်ဘုန်းတော်ကြီးကျောင်း၏ပုံရိပ် ပုံ-၁
(Pamela Gutman)




ဝေသာလီမြို့တော် အရှေ့မှခ်ဝ ပုံ-၂ (Pamela Gutman)

http://www.dhammadownload.com



## နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



မြောက်ဦးရွှေနန်းတော်အားကျုံးများ၊ တောင်ကုန်းများ၌ စေတီပုထိုးများဖြင့်ဝေဝေဆာဆာရှုမြင်ရပုံ ပုံ-၃


နန်းတော်ကုန်းမှာ(၃)ဆင့်ရှိပြီးပေ(၅၀)မြင့်သည်။ တတိယအဆင့်တွင် တောင်မှ မြောက်သို့ (၁၆၀၆)ပေ၊ အရှေ့မှအနောက်သို့(၁၇၄၀)ပေရှိသည်။ အပေါ်ဆုံး အထက်နန်းရင်ပြင်၏ မြောက်မှ တောင်သို့(၆၇၉) ပေကျယ်ဝန်းပြီး၊ တောင်ဘက် တတိယအဆင့်တံခါးမှ ဒုတိယအဆင့်တံခါးသို့ (၁၃၈)ပေ၊ ၎င်းမှပထမအဆင့် တံခါးသို့(၄၅၀)ပေကွာဝေးသည်။ ဝင်ပေါက်တံခါးများမှာ(၁၀)ပေစီ ကျယ်ဝန်းသည်။

အနောက်ဘက်ဒုတိယနှင့်တတိယတံတိုင်းအကြားတွင်(ပုံ-၃ ပါအတိုင်း) ကျုံးများရှိသည်။ အရှေ့တောင်ဘက်တွင် ဗဟိုရ်စည်တော်၊ တောင်ဘက်တွင် ဥယျာဉ် တော်၊ အရှေ့ဘက်ဒုတိယအဆင့်တွင်နန်းသူ နန်းသားများ၏သောက်သုံး ရေကန် (နန်းသာကန်)ရှိသည်။

http://www.dhammadownload.com



## နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



**Dutch traveller Gautier Schouten** အမြင်ကိုရေးဆွဲထားသည့်
မြောက်ဦးရွှေနန်းတော်ပုံတစ်စိပ်တစ်ဒေသမြင်ကွင်း ပုံ-၄


### ဘုန်းတော်ကြီး မန်နရိတ်၏ကိုယ်တွေ့မှတ်တမ်း

**Manrique says that the palace buildings-** *.. have great wooden pillars such length and symmetry that one is astonished that trees so lofty and straight can exist ... those inside the houses are entirely gilded over. Such palaces also contain rooms made of odiferous woods such as white and red sandal-wood and forest or wild eagle-wood, which thus gratify the sense of smell by their own natural fragrance ... there was one room known as the " House of Gold " as being entirely ornamented from top to bottom in that metal. It had in it a creeper along the ceiling made of the finest gold, with a hundred or more gourds of the same metal .. In this chamber were also seven idols of gold, each of the size and shape of a man ... ornamented with many fine precious stones....*

http://www.dhammadownload.com



## နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)




နိုင်ငံခြားသားများ၏မျက်မြင် မြောက်ဦးရွှေနန်းတော်၏ပုံရိပ်တစ်စိပ်တစ်ဒေ ပုံ-၅

မြောက်ဦးခေတ်ရွှေရောင်းလွှမ်းချိန်က နိုင်ငံခြားသားကုန်သည်ကြီးများ၊ သာသနာပြုများ၊ ပညာရှင်များအမြဲမပြတ် ဝင်ထွက် သွားလာလျှက်ရှိကြရာ မြောက်ဦးဘုရင့်နန်းတော်အားကိုယ်တိုင်တွေ့မြင်ရသည့် မိမိတို့၏အမြင်ကို ဓာတ်ပုံပညာမထွန်းကားသည့် ကာလ ဖြစ်သည်အလျောက် ပန်းချီပညာဖြင့်သာ မှတ်တမ်းတင်ခဲ့ကြပေသည်။

http://www.dhammadownload.com



## နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



မြောက်ဦးမြို့တော်ရောက် နိုင်ငံခြားသားတစ်ဦး၏ကိုယ်တွေ့ မြောက်ဦးနန်းတော် - ပုံ-ဖ


ဒီပအောင်မြေ ကျွန်းသပြေထက် ပရမေထွန်းလင်း တရားမင်းလျှင် မင်းနေဒုံသာ လောကနာ၏ ရတနာစုံရောင် ဟုမ်းဟုမ်းပြောင်သို့ တည်ထောင်ဆောက်လုပ် နန်းစမုခ်တွင် မွန်ထိပ်လက်တန် ငုံဟန်စံကား ဆပ်သွားရိုင်ဆိုင်း တုမနှိုင်းမူ နှစ်ဆောင်ထီးဖြူ နှစ်ဆူဖြန့်ကြက် ထီးကနက်တွင် ကွမ်းဖဲလူလူ ခြူလည်းသွင်သွင် မျက်စုံဆင်လျက် မြင့်ဆိုင်းပလ္လင် ဦးဘင်သလုံး အံ့မဆုံးတည့် မြလျှင်မြနှစ် နရစ်ချယ်သန်း ခပန်းသွယ်မျှောင် စိန်ကြောင်မြမြတ် နဝရတ်တည့် ရုပ်ထပ်ဆင့်ပွား၊ မိုးသားပစ္စုံ စမုန်ကြာပြန် ရှိသည့်ဟန်နှင့် ဆောင်းတွင်းပန်းရုံ ပဒုမ်ကြာလျောက် ကြက်မောက်ကြက်တိုက် စုံစွာစိုက်၍ ယပ်နှင့်စမြင့် ကျရင့်မဂန် တိမ်ယံမိုးစွန် ဆောင်သွားဟန်သို့ လုံ့ချုံ လုံ့ဖူး လင်းရောင်မြူးသည် သောက်ရှူးပမာ သို့ခြင်းရာကြောင့် မြင့်ခေါင်ထိပ်မှာ ဝေယန္တာနှင့် ပမာတမျှ တူမောလှသည် သိကြားဗိမာန် အလားတည်း ။ ။

ဝိမလပညာရှိအမတ်ကြီး - မြောက်ဦးခေတ်

http://www.dhammadownload.com



နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



မြောက်ဦးမြို့တော်ဝင်ဝ ဂိတ်ပေါက်တစ်နေရာ ပုံ- ၇ (Pamela Gutman)





PLAN OF MRAUK-U

(Schouten) မြောက်ဦးမြို့တော်ပန္နက်ပုံ ပုံ-၈

http://www.dhammadownload.com



## နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)
## မြောက်ဦးမြို့တော်ရှိ မြို့ရိုး၊ကျုံး၊ရေတံခါး၊ခံတပ်များပြမြေပုံ




**Arakan's Vigour- Volume(2), Arakan Historical Research Association, 1996, August. ပုံ - ၉**

http://www.dhammadownload.com




နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



ပေါ်တူဂီဘုန်းတော်ကြီးမန်နရိတ်ကိုယ်တွေ့မြောက်ဦးမြို့တော် (အေဒီ ၁၆၄၃) ပုံ-၁၀
(From the Portuguse quarter of Daingri)





**Arakan is a second Venice;** *its streets are rivers; its gardens, valleys; its ramparts, mountains. For, as the natives of the country are naturally weak and timid, they have chosen for their city a site fortified by nature, and impregnable by force of arms.*


***13 coins of Mrauk-U period. In the middle of he 15th century coins were inscribed in Persian. By the mid-16th coins were inscribed in Bengali, Persian and Arakanese and from the mid-17th only in Arakanese.***

မြောက်ဦးဒင်္ဂါး (Pamela Gutman) ပုံ-၁၁

http://www.dhammadownload.com



နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



ဒတ်ချ်တို့၏ကြွင်းကျန်ရစ်သည် စက်ရုံပုံရိပ် ပုံ-၁၂ (Pamela Gutman)




ဘောင်းဒွတ်အရပ်ရှိ ဒတ်ချ်ကုန်တိုက်ဟောင်းတစ်နေရာ ပုံ-၁၃

http://www.dhammadownload.com



နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



နိုင်ငံခြားသားများအခြေချရာမြောက်ဦးမြို့တော် ဘောင်းဒွတ်အရပ်စည်ကားနေပုံ (Pamela Gutman) ပုံ-၁၄

**Father Sebastian Manrique recordef that;** *... the city of Aracan according to general opinion must have contained one hundred and sixty thousand inhabitants, excluding foreign merchants, of whom there was a great influx owing to the large number of ships trading with this port from Bengala, Masulipattam, Tenasserim, Martaban, Achem and Jacatara. There were some other foreigners, too, some being merchants and some soldiers, the latter being enlisted on salaries, and were, as I have said, Portuguese, Pegus, Burmese and Mogors. Besides these there were many Christians of Japanese, Bengal and other nationalities.*

*... The capital was crowded with visitors from the towns and villages and a largeer number of foreign merchants from the countries of Bay, Siam, Burma, India and the Spice Islands, took the apportunity of what was expected to be a lively market and arrived in ships loaded with every sort of merchandies food, medicines, scented woods, minerials, silk, carpet, metal works and porcelin. The goods were allowed in duty free. The mean street became a vast bazaar, where in addition to the articles, mentioned it was possible to by a wide variety of precious stones, with such varities as amber, jade, musk and quicksilver, as well as lac, cinnaber, opium and ioncense.*

http://www.dhammadownload.com



နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



ဘုရင်စန္ဒသုဓမ္မရာဇာ တိုင်းခန်းလှည့်လည်ပုံ (Pamela Gutman) ပုံ-၁၅

**The Portuguese Jesuit Sebastian Manrique, describing a similar procession before the coronation of King Sanda-thu-dhamma wrote:-** *The Nobles and the other men of rank gathered at the palace whence, amongst music of all kinds, a huge elephant emerged, richly caparisoned, with his ivory tusks adorned with rings of gold and jewles. He carried on his back a howdah made of silver. It was open on all four sides except for curtains of green and gold silver veiling. Inside it was a tray of gold set with precious stones of immense value, which bore the royal order containing the proclamation of the coronation. Just in front, before the howdah, sat the Chique, or chief-justic at the Court, clothed in white silver cloth covered with plaques of go;d. In front of him was the elephant driver or cornaca in his usual place. He was dressed in red damask and carried in his hand the accustomed implement with which that land vessel is guided, in this instance of the finest gold. He was followed in due order by thirty-two war elephants, dressed in silken cloths and ornamented with gold, bearing the usual uncovered howdahs their backs, made of wood but covered with silver plates. They carried huge silver bells around their necks and had rings of theis same metal on their tusks. Each elephant had four silken banners of various colours fastened to the howdah which trembled in the light breeze and acted as flapping fans for their heated bodies.*

http://www.dhammadownload.com



နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



လက်ဆည်ကန်ဂိတ်
ပုံ-၁၆

***PhD defence: Thursday 13 March, 16.15 hrs. Stephan Van Galen: Arakan and Bengal.***

***The rise and decline of the Mrauk U kingdom from the fifteenth to the seventeenth century AD. Wrote:***

***The Letsekan Gate, in Mrauk U***

*Trading Post*

*Between 1608 and 1682, the VOC had an important trading post in Arakan. The source material provided by these trading contacts is invaluable for the History of the Kingdom. Van Galen: " The diaries which have not previously been sonsulted, journals and intensive letter exchanges between Batavia, the Netherlands and Mrauk U are very valuable because there are almost no contemporary Burmese sources available . Using VOC archives, and to a lesser extent, Persian and Portuguese sources, I have been able to write the history of Arakan".*


*Explosive growth*

*Van Galen was particulary interested in the rapid rise and fall of the kingdom. He attributes the rapid expansion which Arakan underwent to the relationship with neighbouring Bengal. " From the fifteenth century, the Bengali economy experienced enormous growth. The king of Arakan formed alliances with Portuguese adventures and traders, which gained them a large part of the riches of Bengal.*

http://www.dhammadownload.com



## နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)




ရခိုင်ပြည်ထောင်ပိုင်နက်သို့ ကျူးကျော်ဝင်ရောက်လာသည့် ပေါ်တူဂီရေတပ်သင်္ဘောတစ်စီးအား
ရခိုင့်ရေတပ်တော်ကဖမ်းဆီး ခေါ်ဆောင်လာပုံ (အေဒီ-၁၅၅၈) ပုံ-၁၇

*Thirithudamma cultivated friendlu relations with the Dutch of Batavia permitted them to open a factory at his capital. They were in urgent need of regular supplied of rice and slaves ofr their Indonesion settlements and could obtained large quantities of both in Arakan. The slaves were, the fruits of the feringhi raids in Bengal. After Thirithudama's death the Dutch quarrelled with his successor, Narapatigyi (1638-45) and for one year, with drew their factory. It was not responed until the reign of Sandathudamma. In 1653 he signed a commercial, treaty with Batavia, which laid down the terms ypon which Dutch trade at Mrohaung (Mrauk U) was regulated for many years. Sandathudamma is celebrated in the Arakanese chronicles as one of the noblest of their kings. During his long reign. Arakan persued a far more enlightened policy towards European traders than did its neighbour Burma. Unlike Burma it used coined money.*

*The Mughal Tanga, the predecessor of the rupee, was used in its port. Fpr small bazaar transactions cowrie shells were used. They were imported from the Maldives, often by Dutch ship, which sold them in Arakan at the rate of forty-eight viss for a rupee. The main articles imported into the country by the Dutch were spices and Japanese iron Batavia, and Indian piece- goods from their eorimandel coast factories. The Daghregister of Batavia shows that the Arakan trade was by no means a unimportant department of Dutch commerce in the Bay of the Bengal.*

*( D.G.E. Hall , Dutch relation.)*

http://www.dhammadownload.com



နိုင်ငံခြားသားများ၏ကိုယ်တွေ့မှတ်တမ်းများ (မြောက်ဦးခေတ်)



မြောက်ဦးမြို့တော်ရှုခင်းပုံ (Pamela Gutman) ပုံ-၁၈

**The Dutch traveller Gautier Schouten who visited Arakan in 1660 wrote:** *As we ascended sufficiently high up the mountain we could descry the city of Aracan and the golden roofs of the palace, which shone magnificently in the rays of the sun. Here and there , both on the mountain and in the valleys the eye fell on many pagodas, which made the view most enchanting. To the other side lay our settlement and our Residence, with lakes, fish-ponds, orchards, and country houses. On the opposite side of the mountain was a descent into a lovely country which in the far distance was seen to be encircled by yet other mountain dotted with townships, villages and beautiful fields, indeed, it would be difficult to imagine a more entrancing landscape. ( View of Mrauk-U)*

**The Dutch traveller Schouten ....** *It should be borne in mind that Mrauk-U, though less substantially built, was comparable in size and wealth to such Western cities as Amsterdam and London. Schouten, writing decleares it the richest city in that part of Asia, acceding in its resources both Pegu and Aryudhi, the capital of Siam (Thailand).*

http://www.dhammadownload.com




# ရခိုင်ဘုရင်မင်းမြတ်များ၏ ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ

http://www.dhammadownload.com



ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (ဓညဝတီခေတ်)



တတိယဓညဝတီပြည်ရှင် ဘုရင်စန္ဒသူရိယမင်းကြီး စန္ဒိမာလာမိဖုရားကြီးနှင့်အတူ ဘိသိက်ခံယူနေပုံ
(ဘီစီ ၅၀၀ - ၅၂၈) ပုံ-၁

http://www.dhammadownload.com



ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (ဝေသာလီခေတ်)



ဝေသာလီကျောက်လှေကားမြို့တော်နှင့် ဝေသာလီပြည်ထောင်ကြီး စန္ဒြမင်းဆက်ကိုစတင်တည်ထောင်တော်မူသည့် မဟာတိုင်းစန္ဒြား(ခေါ်) ဒွေင်စန္ဒြမင်းကြီးနှင့် သုပဘာဒေဝီမိဖုရားကြီးပုံ ပုံ-၂

http://www.dhammadownload.com



ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (လေးမြို့ခေတ်)




လေးမြို့ခေတ် လောင်းကြက်မင်းဆက်၏ နန်းကျားဘုရင်မင်းမြတ်ပုံတော် ပုံ-၃

http://www.dhammadownload.com



ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (မြောက်ဦးခေတ်)



မင်းဟာ(ခေါ်)မင်းဘင်(ခေါ်)စစ်တကောင်းမင်းနှင့် မိဖုရားကြီး ဖွားမင်းစောပုံ ပုံ-၄

http://www.dhammadownload.com



ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (မြောက်ဦးခေတ်)




ဘုရင်မင်းပလောင်း(ခ)သီကွန်ဒါသျှာ(ခေါ်)သျှောက်ဖြူသျှာဘုရင်မင်းမြတ်ပုံတော် ပုံ-၅

http://www.dhammadownload.com



ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (မြောက်ဦးခေတ်)




ဘုရင် မင်းဖလောင်းနှင့် မိဖုရားစောမဲကျီ တို့၏ပုံ ပုံ-၆

http://www.dhammadownload.com



## ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (မြောက်ဦးခေတ်)




ဆင်ဖြူဆင်နီသခင် ဘုရင်သီရိသုဓမ္မရာဇာနှင့် မိဖုရားကြီးနတ်သျှင်မယ်ပုံ ပုံ-၇

http://www.dhammadownload.com



## ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ မြောက်ဦးခေတ်



အင်္ဂါပုညဇေ(၁) မဟာသမ္မတရာဇာမင်းကြီး

ရခိုင်ပြည်ပြည်ထောင်၏နောက်ဆုံးဘုရင်
မဟာသမ္မတရာဇာမင်းကြီးပုံ ပုံ-၉

*ဘေးတော်အမရပူရပဌမမြို့တည်နန်းတည် မင်းတရားကြီးတိုက်ခိုက်သိမ်းယူအောင်မြင် တော်မူခေါ်ဆောင်ဆိုက်ရောက်သော ရခိုင် ဘုရင်မဟာသမ္မတရာဇာပုံ*
(ယင်းစဉ်ကရေးဆွဲထားသည့်ဘုရင့်ပုံတော်နှင့်မော်ကွန်းစာ မူရင်းဖြစ်သည်။)



http://www.dhammadownload.com



ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်ဖွယ်ရာများ (မြောက်ဦးခေတ်)




ပေါ်တူဂီရေတပ်သဘော်ကပ္ပတိန် ရခိုင်မင်းသားဒွန်မာတင်ပုံ
(အေဒီ ၁၆၀၆-၁၆၄၃) ပုံ-ဂ

http://www.dhammadownload.com



## ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (မြောက်ဦးခေတ်)



**မြောက်ဦးပြည်ကြီးသခင် ဘုရင်မင်းပလောင်း၏မိဖုရား ပတ္တမြားဒေဝီစောမဲကျီ၏ ထမ်းစင်ပုံ (ပုံ-၁၀)**

မိဖုရားကြီး၏ဇာတိဖြစ်သော ရမ်းဗြဲမြို့နယ်၊ ကံဒိုင်းတိုက်နယ်၊ ရွာရင်းကျေးရွာ ပတ်ဝန်းကျင်၌ ထင်ဟပ်နေ သည့် မြေကြီးသက်သေများ

(၁) စောမဲကျီအလောင်းရေဆန်တက်ရာ ဆန်တက်ချောင်း

(၂) စောမဲကျီအရိုးဂူတော် (၃) စောမဲကျီမိဖုရားအသုံးပြုခဲ့သည့် ပြဿဒ်ထမ်းစင်(အထက်ပုံ)

(၄) နန်းသူစေတီ (၅) လွမ်းစေတီ (၆) မင်းတက်လှေကား (၇) စောမဲကျီမိဖုရား ဆွေမျိုး များသင်္ချိုင်း


(၈) စောမဲကျီသုံးစွဲခဲ့သည့် ရေအိုးတစ်လုံး

(၉) စောမဲကျီ၏ညီမတော် ဘုမေသန်း(ခေါ်) စောသန္တာ၏ စေတီနှစ်ဆူ

http://www.dhammadownload.com



## ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (မြောက်ဦးခေတ်)



မြောက်ဦးရွှေနန်းတော် ညီလာသဘင် ဆင်ယင်ကျင်းပပုံ
(ရာထူးအလိုက်နေရာပြပုံ) (ရခိုင် - မြန်မာပတ္တိတ်ဆရာကြီး ဦးဦးသာထွန်း) ပုံ-၁၁


http://www.dhammadownload.com



### ရခိုင်ဘုရင်မင်းမြတ်များနှင့် ထီးသုံးနန်းသုံး ပေါင်းတော်၊ တူရိယာများ (မြောက်ဦးခေတ်)

ရခိုင်ပြည်ထောင်၏ယဉ်ကျေးမှုသည် ဓညဝတီခေတ်၊ဝေသာလီခေတ်၊ လေးမြို့ခေတ်မှသည် ရခိုင်တို့၏နောက်ဆုံးမင်းနေပြည်တော်ဖြစ်သော မြောက်ဦးခေတ် မြောက်ဦးယဉ်ကျေးမှုထိ လူမှု သမိုင်းအဆင့်ဆင့်ပြောင်းလဲလာခဲ့သကဲ့သို့ ကျောက်စာ၊ ပေစာ၊ စာပေယဉ်ကျေးမှုများ အနုပညာ လက်ရာများသည်လည်း တိုးတက်ပြောင်းလဲလာခဲ့ပေသည်။

ဤပုံပါတူရိယာများမှာ မြောက်ဦးခေတ်၌တိုးတက်ဖြစ်ပေါ်ခဲ့သော ရခိုင်လူမျိုးတို့၏ တူရိယာ ပစ္စည်းအချို့ဖြစ်သည်။




ရခိုင်ရိုးရာတူရိယာများပုံ ပုံ-၁၂ (ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း ပဌမတွဲ)

http://www.dhammadownload.com



## ထီးသုံးနန်းသုံးပေါင်းတော်များ



ကေရာင်ဘုရင်



ဥပရာဇ



သေနာပတိမင်း



မျှုးတော်ကြီး(လက်ဝဲ)



ဟာရဇကြီး



လွှတ်တော်ဝန်(ရေ့တန်း)



ပြည်ငယ်စားမင်း



သံတော်ခံ




ဒေါလောဦးစီး



ရှေ့တော်ခံ



ငှက္ကတ်လက်ျာပျံချီ(ကြည်း)



ငှက္ကတ်လက်ျာပျံချီ(ရေ)

http://www.dhammadownload.com



## ထီးသုံးနန်းသုံးပေါင်းတော်များ




သူငယ်တော်ဦး



အစိခံ




ပြည်စိုးကြီးနရီ



အတွင်းဝန်လက်ဝဲ




ပြည်စိုးကြီး




ဝင်းစားမီး



ရှိစာတော်ဖတ်



မြို့ဝန်မင်း



ဒိုင်းဝန်းလမိုင်းဝန်



ပွဲရားသူကြီး



စားပိုင်ကြီး



မော်ဇလိပ်

http://www.dhammadownload.com



## ထီးသုံးနန်းသုံးပေါင်းတော်များ



ဓားပိုင်ကြီးတာနော


စည်ကြီးမှူဒိန်း


ပရိတ်ရွတ်ပုဏ္ဏား


ကတ္တော်



ပုရောဟိတ်



စာကိုင်တော်


မှူးတော်ကြီးလက်ျာ


မတ်တော်ကြီးလက်ဝဲ


ကြည်းတပ်သား


ရေတပ်သား


ဒါးခံချေ


ခွင်စရာ

http://www.dhammadownload.com



# ပြောင်းလဲလာသည့် ဆိုထုံးပိုစိအမျိုးမျိုး

http://www.dhammadownload.com



## ပြောင်းလဲလာသည့် ဆံထုံးပုံစံအမျိုးမျိုး



သုံးပတ်ခွီ



ပန်းငုံအာ



မြိတ်ခေါက်



မုတ္တာရွှေး



နှစ်ပတ်ခွီ



ပန်းစိုက်



မြွတ်စို



နှစ်ပတ်ခွီ



ကျိုက်ထုံး

http://www.dhammadownload.com



## ပြောင်းလဲလာသည့်ဆံထုံးပုံစံများ



စပါယ်ငုံ



မြိတ်ဝန်း



လမုံ့သီး



ဘီးစိုက်



လမင်း



လမုံ့သီး



မြိတ်လွတ်



မြိတ်လွတ်



လျှော့ယဲ

http://www.dhammadownload.com



## ပြောင်းလဲလာသည့် ဆံထုံးပုံစံအမျိုးမျိုး



ဦးစွန်း



မြိတ်တံ့ရှည်



သုံးပတ်ခွေ



ကြာဝတ်ဆံ



သုံးပတ်ခွေ



သုံးပတ်ခွေ

http://www.dhammadownload.com



## ပြောင်းလဲလာသည့် ဆံထုံးပုံစံအမျိုးမျိုး



ကထုံး



ပုလဲကုံး



ခရုပတ်



နဂါးလိမ်



ဒီတုတ်

http://www.dhammadownload.com



# ဈေးဟောင်းမြို့တော်များနှင့် အစောင့်အရှောက်ခိတပ်များ

http://www.dhammadownload.com



## ရှေးဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ခံတပ်များ



အသျှင်သိရိသီတာဒေဝ ပုံ-၁

(နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ )[၃]

### အမလံဂါထာတော်

အမလံ သိတ္တိကာမဥ္စ ။ မာလာလဘတ္တိ သိဋ္ဌတ္တိ ။
သပ္ပလာဘံ လာဘိဿတိ ။ သက္ကာရန္တိ ဘဝန္တုမေ ။
အတိတျာ၊ စန္ဒာ အင်္ဂါရံ၊ ဗောမ ဗုဒ္ဓ ဂုရု သောကြာဿ။
ဂြဟပတ္တိ ၊ သွားရိ ရာဟု ကိတဉ္စ။ ပူဇာလော နဟန္တုမေ။
အာရက္ခာ သတ္တာ သိဗ္ဗေ။ မေတ္တာစိတ္တေန သဗ္ဗဒါ။
ဝဏ္ဏံ ဝဏ္ဏာ ပတ္တိ ပတ္တာ။ ပမတ္တောဒေဝ သကရောယ။
နတာမယာ သတ္တျ သတ္တျာ။ သတ္တကာ ပတ္တိစိတ္တာန စိတ္တာ။
မတိထာနေ နမ္ဗု သျှမသျှ။ သောဟတ္တေ။ ငတေနစတု ။
ရောလောပေါ မက္ကံတာ ကန္တု မုတ္တမံ ။ အဂ္ဂိရာ သိဂုရု ပေတံ။
တဏ္ဏတမိ ဂြဟပတ္တိ ဒုသုဗိဏ္ဏံ ၊ ဒုပဘာစိသုဂ္ဂတ္တော။
တာန သန္တံ သန္တံ ကန္တု မန္တု မု သွားဟ။ ။

## ရှေးဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ခံတပ်များ



ဘားမဲ့ဆရာတော်ပုံ ပုံ-၂



သီရိမန္တလာဆေးဝိဇ္ဇာ ပုံ-၃



ပြဟ္မသိဒ္ဓိ-ဆေးဝိဇ္ဇာ ပုံ-၄



လိတ္တိကာရဘီလူးမင်း ပုံ-၅

http://www.dhammadownload.com



ရေးဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ခံတပ်များ



သျှင်မြဝါ ပုံ-၆

သျှင်မြဝါ၏ ဇယမန္တာန်

| | | | |
|---|---|---|---|
| သျှရီ | ပထဝီ | ဇယံ | သဗ္ဗံ |
| အနေက | အန္တရာ | ယိကံ။ | |
| ဇယံ | ပစ္စေက | ဗုဒ္ဓာစ၊ | |
| ဇယံ | အုပရိ | မဟောသယော၊ | |
| ဇယံ | အရေဟရိ | ဒေဝေါ။ | |
| ဇယံ | ဗြဟ္မာ | ဓဋ္ဌရဋ္ဌော၊ | |
| ဇယံ | နာဂေါစ | ဝိရူဠှော။ | |
| ဝိရူပက္ခာစ | စန္ဒိမာ၊ | | |
| ဇယော | ဟောတုမေ၊ | | |
| ဇယံ | မေ | ဒ ဒန္တု ။ ။ | |

(မြောက်ဦးမြို့တော်ကိုအသက်ဆက်သည့်အခါ သျှင်ဇယ်မြဝါ ရွတ်ဆိုခဲ့သည်။ မြေ၊ ရေ၊ လေ အဝှမ်းရှိသမျှ၌ ရှိသောအန္တရာယ်အကုန်အစင်ကိုကာကွယ်စေပါသည်။)

http://www.dhammadownload.com



ရှေးဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ခံတပ်များ



လောကပါလနတ်မင်း ပုံ-၇



ဥတုသမ္မနတ်မင်း ပုံ-၈



ပြောက်ဦးနန်းတော်စောင့်နတ်မင်း ပုံ-၉

http://www.dhammadownload.com



ရွှေဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ဓါတပ်များ




မြောက်ဦးသျှင်မ
အဘောင်သျှင်မြသွင် ပုံ-၁၀




အနောက် မယ့သျှင်မ
(Pamela Gutman)ပုံ-၁၁



ဝေသာလီမင်းသမီး
နာဂိမယ်တော် ပုံ-၁၂



ဝေသာလီစောင့်နတ် (Pamela Gutman) ပုံ-၁၃



ပုဒ္ဓါမော်အသျှင်မ (Pamela Gutman) ပုံ-၁၄

http://www.dhammadownload.com



ရှေးဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ခံတပ်များ



နောင်တော် တာနောယက္ခ
ဘီလူးမင်း
(Golden Mrauk U)
ပုံ-၁၅




ညီတော် ပိင်္ဂယက္ခ
ဘီလူးမင်း
(Golden Mrauk U)
ပုံ-၁၆


http://www.dhammadownload.com



ရှေးဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ခံတပ်များ



လေသာတောင်ခံတပ် (Pamela Gutman)) ပုံ-၁၇




မြတောင်ခံတပ်(Pamela Gutman) ပုံ-၁၈


http://www.dhammadownload.com



ရွှေဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ခံတပ်များ



ကြောင်လေတောင်ခံတပ် (Golden Mrauk U) ပုံ-၁၉




ဆင်ဖြူတော်တံခါးပေါင်းဝ (ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း) ပုံ-၂၀

http://www.dhammadownload.com



ရှေးဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ခံတပ်များ



မောက်တော်ဂိတ် (Pamela Gutman) ပုံ-၂၁




ဂုန္တတ်စစ်သေနာပတိကြီး (မြောက်ဦးလမ်းညွှန်) ပုံ-၂၂


http://www.dhammadownload.com



ရှေးဟောင်းမြို့တော်များနှင့်အစောင့်အရှောက်၊ ခံတပ်များ



အနန္တမပြောင် (ကန်) (Golden Mrauk U) ပုံ-၂၃



လက်ဆည်ကန်တော်ကြီး (Golden Mrauk U) ပုံ-၂၄

http://www.dhammadownload.com



# အခြားထင်ရှားသည့် သမိုင်းဝင်မှတ်တမ်းများ

http://www.dhammadownload.com




## အခြားထင်ရှားသည့်သမိုင်းဝင်မှတ်တမ်းများ

ဓညဝတီသိမ် (မြောက်ဦးခေတ်)
(အရှေ့တောင်အာရှပုဒ္ဓဘာသာသမိုင်း၊ ၁၉၇၁-ခု)
သီရိလင်္ကာနိုင်ငံ



ဓညဝတီသိမ်တော် ပုံ-၁




သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့အနီး
ပေရာဒနိယဒေသရှိ မဟာဝေလိဂင်္ဂါ
(ခေါ်) မဟာဝေလီမြစ် ဥဒ္ဒကုက္ခေပ
ရေသိမ်တော် (မြောက်ဦးခေတ်)
(အရှေ့တောင်အာရှပုဒ္ဓဘာသာသမိုင်း၊
၁၉၇၁-ခု)

ဥဒ္ဒကုက္ခေပရေသိမ်တော် ပုံ-၂


http://www.dhammadownload.com



အခြားထင်ရှားသည့် သမိုင်းမှတ်တမ်းများ



ကတွော်သိမ် (Pamela Gutman) ပုံ-၃




ခြင်ကိုက်ပိဋကတ်တိုက် (Golden Mrauk U) ပုံ-၄

http://www.dhammadownload.com




## အခြားထင်ရှားသည့်သမိုင်းမှတ်တမ်းများ


ရွှေဒင်္ဂါး




ငွေဒင်္ဂါး

ရွှေနန်းသခင် ဝရဓမ္မရာဇာ ၏





ရွှေဒင်္ဂါး (ရင်ဘက်) (ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း) (ကျောဘက်) ပုံ-၅



ကျောက်မျက်များဖြင့်စီခြယ်ထားသည့် ဝေသာလီမှငွေလက်စွပ် (Pamela Gutman) ပုံ-၆

http://www.dhammadownload.com




အခြားထင်ရှားသည့်သမိုင်းမှတ်တမ်းများ



ကြွေရည်သုတ်ပန်းအိုး
အေဒီ-၁၆ ရာစု
(ဘုရားပေါ်ကျေးရွာ) ပုံ-ဂ
မြောက်ဦးမြို့နယ်
(Pamela Gutman)


ဟာရီကိုလပြည်ဗုဒ္ဓဘာသာဘုန်းတော်ကြီး
ကျောင်းမြေလှူသူများ၏အမည် ကုလစန္ဒြ၊
ရတနစန္ဒြ ရွှေပန်းထိမ်အလုပ်ဖြင့် အသက်
မွေးကြောင်းရခိုင်ကောဇာဖြင့်ကမ္ပည်းထိုးထားသည့်
သတ္တုအိုး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဒက္ကာမြို့
အမျိုးသားပြတိုက်တွင် ပြသထားသည်။ ပုံ-ဂ
(Chowdhury Vasant(1996)
( A.D. 754 )



http://www.dhammadownload.com



အခြားထင်ရှားသည့်သမိုင်းဝင်မှတ်တမ်းများ



သျှစ်သောင်းပုထိုးတော်ကြီးမှရခိုင်လူရိယာမျိုးစုံတီးခတ်ဟန် ( Pamela Gutman ) (2001) ပုံ-၉



ဘုရားရှင်အားဆီးမီးပူဇော်သည့် ဗုဒ္ဓပူဇနီယရခိုင်မှုပိုင်အက(၁၉၆၆) ရခိုင်ပညာရှင်ဆရာကြီး ဦးအောင်ကျော်ခိုင် စတင်ဖော်ထုတ်ခဲ့သည်။ (ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း ပဉ္စမတွဲ) ပုံ-၁၀

http://www.dhammadownload.com



## အခြားထင်ရှားသည့်သမိုင်းဝင်မှတ်တမ်းများ

ရှင်ပြုမင်္ဂလာ



ဆရာတော်ကမောင်ရှင်လောင်းအား
ရှင်သာမဏေဘောင်သို့သွတ်သွင်းပေးပုံ
ပုံ-၁၁



မင်္ဂလာမြောက်ကြရသည်
ပုံ-၁၂



ဆံချနေစဉ် ပုံ-၁၃



ရခိုင်မင်္ဂလာစည်တော်ကလည်း
ရိုးရာမပျက် ပုံ-၁၄

http://www.dhammadownload.com



## အခြားထင်ရှားသည့်သမိုင်းဝင်မှတ်တမ်းများ



သမက်တက်(လက်ထပ်ထိမ်းမြား)မင်္ဂလာ
မင်္ဂလာမြောက်ရပုံ
ပုံ-၁၅



သတို့သမီးအားပန်းဆင်နေပုံ
ပုံ-၁၆



သတို့သားသမက်ရှင်နှင့်
သတို့သမီး သမီးရှင်
တို့က ဝတ်စုံပြည့်ဖြင့်
ပုံ-၁၇



လက်ထပ်ထိမ်းမြားမင်္ဂလာ
ပြုလုပ်ပေးနေပုံ
ပုံ-၁၈


http://www.dhammadownload.com



## အခြားထင်ရှားသည့်သမိုင်းဝင်မှတ်တမ်းများ
## ရခိုင်ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်



သင်္ကြန်အလှအပသဘာဝ
ပုံ-၁၉



ဖွင့်ပွဲအခမ်းအနား
မြင်ကွင်းပုံ-၂၀



ရခိုင်ပျိုဖြူများဘုရားရေချိုးရန်
နံ့သာသွေးကြိတ်ပုံ-၂၁




လောင်းလှေဖြင့်ရေပက်
ကစားနေကြပုံ-၂၂

http://www.dhammadownload.com




## အခြားထင်ရှားသည့်သမိုင်းဝင်မှတ်တမ်းများ



အနိုင်ရ ပြိုင်လောင်း ပန်းဝင်လာပုံ ပုံ-၂၃






ရှေးဦးကျွန်းတန်း ကျင်ပွဲ အကြိတ်အနယ် ပုံ-၂၄

http://www.dhammadownload.com



အခြားထင်ရှားသည့်သမိုင်းဝင်မှတ်တမ်းများ



ရခိုင်ရိုးရာ ရထားဆွဲပွဲကျင်းပနေစဉ် ပုံ-၂၅



ရခိုင်ရိုးရာ ရထားဆွဲပွဲကျင်းပနေစဉ် ပုံ-၂၆

http://www.dhammadownload.com



# ရှေးဟောင်းမြို့တော်များနှင့်

# မြောက်ဦးနန်းတော်ကုန်း တူးဖော်မှုပုံရိပ်များ

http://www.dhammadownload.com



## ရှေးဟောင်းမြို့တော်များနှင့် မြောက်ဦးနန်းတော်ကုန်းတူးဖော်မှုပုံရိပ်များ

### တတိယ ဧည၀တီ ရှေးဟောင်းမြို့တော်တူးဖော်မှု (၂၀၀၃ - ခုနှစ်၊ အောက်တိုဘာလ)



ဧည၀တီမြို့တော်တူးဖော်မှုပုံရိပ်အား မဟာမုနိစက်ပြဿဒ်တော်၏နောက်ခံနှင့်တူတွေမြင်ရပုံ ပုံ-၁

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်

*ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်အဖွဲ့က ဧည၀တီမြို့တော် ဟောင်းတူးဖော်မှုလုပ်ငန်းခွင်သို့(၂၂-၁၂-၂၀၀၃) ရက်နေ့ကသွား ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ (၂၄-၁၂-၂၀၀၃ နေ့ထုတ် မြန်မာ့ အလင်း နေ့စဉ်သတင်းစာ) ပုံ-၁*


*(ယခုအခါ နန်းမြို့ရိုး၏မြို့ဝင်ပေါက်နေရာကို ဖော်ထုတ်တွေ့ရှိရပြီးဖြစ်သည်။ နန်းမြို့ရိုးထုမှာ ၁၅ ပေကျယ်ပြီး၊ မပြိုမီက ၁၂ ပေခန့်မြင့်မည်ဟုခန့်မှန်းရသည်။ နန်းမြို့ဝင်ပေါက် အကျယ် ၁၄ ပေရှိပြီး ခပ်ကွေးကွေးချိုးဝင်သွားသောမြို့ဝင်ပေါက်ပုံသဏ္ဌာန်မျိုးဖြစ်သည်။ဧည၀တီမြို့ဟောင်းကို ခိုင်မာသောရှေးဟောင်း သုတေသနအထောက်အထားများဖော်ထုတ်ရရှိနိုင်ရန် ဆက်လက်တူးဖော် သုတေသနပြုဆဲဖြစ်သည်။)*

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧည၀တီမြို့ဟောင်း တူးဖော်မှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ဧည၀တီမြို့ဟောင်းအတွင်းရှိနန်းမြို့ရိုး အရှေ့ဘက်တွင် အောက်တိုဘာလမှ စတင်၍ တူးဖော်ရာတွင် ယခုအခါ နန်းမြို့ရိုး၏ မြို့ဝင်ပေါက်နေရာကို ဖော်ထုတ် တွေ့ရှိရပြီးဖြစ်သည်။ နန်းမြို့ရိုးထုမှာ ၁၅ ပေ ကျယ်ပြီး မပြိုမီက ၁၂ ပေခန့်မြင့်မည်ဟု ခန့်မှန်းရသည်။ နန်းမြို့ဝင်ပေါက်အကျယ် ၁၄ ပေ ရှိပြီး ခပ်ကွေးကွေးချိုးဝင် သွားသော မြို့ဝင် ပေါက်ပုံသဏ္ဌာန် မျိုးဖြစ်သည်။ ဧည၀တီမြို့ဟောင်းကို ခိုင်မာသော ရှေးဟောင်းသုတေသန အထောက်အထားများ ဖော်ထုတ်ရရှိ နိုင်ရန် ဆက်လက်တူးဖော် သုတေသန ပြုဆဲဖြစ်သည်။


http://www.dhammadownload.com




## ရှေးဟောင်းမြို့တော်များနှင့် မြောက်ဦးနန်းတော်ကုန်းတူးဖော်မှုပုံရိပ်များ (ဓညဝတီခေတ်)



ဓညဝတီနန်းတော်တံတိုင်းကြီးကိုတွေ့ရစဉ်
ပုံ-၂



ဓညဝတီနန်းတော်၏နန်းဝင်ပေါက် မြောက်ဘက် လက်တံတူးဖော်မှုကိုမြင်တွေ့ရစဉ် ပုံ-၃



ဓညဝတီနန်းတော်၏နန်းဝင်ပေါက် တောင်ဘက် လက်တံတူးဖော်မှုကိုမြင်တွေ့ရစဉ် ပုံ-၄





တူးဖော်မှုအဝေးမှမြင်ကွင်းပုံ ပုံ-၅

http://www.dhammadownload.com



## ရှေးဟောင်းမြို့တော်များနှင့် မြောက်ဦးနန်းတော်ကုန်းတူးဖော်မှုပုံရိပ်များ






ဓညဝတီမြို့တော်ကို ယနေ့တိုင်သစ္စာမပျက် လက်ညှိုးထိုးညွှန်ပြနေသည့် မင်းသားဆည်နှင့် ပဒိုင်းဆည်များ ပုံ-၆၊ ၇

ဆည်၊ ကျုံးများကိုကား ယနေ့တိုင်ရှုမြင်နိုင်ပါသေးသည်။ သို့သော် ရုပ်ဝတ္ထု ဖြစ်သည်အားလျော်စွာ သရိနဒီ၏ကမ်းပြိုမှုကြောင့် ဆီးတားမရ ယိုယွင်းခဲ့ရ သည်မှာလည်း အများအပြားပင်။ မိုးရေ ချိန်လက်မ (၂၀၀) ကျော်ရွာသွန်းသည့်ဒေသတစ်ခုတွင် ဤသို့သာ သဘာဝတရားအတိုင်း အနိစ္စသဘော ရှင်သန်သွားရဦးမည်ဆိုပါလျှင် ရင်လေးစရာပါပေ။

http://www.dhammadownload.com



ရှေးဟောင်းမြို့တော်များနှင့် မြောက်ဦးနန်းတော်ကုန်းတူးဖော်မှုပုံရိပ်များ
ဝေသာလီမြို့တော်ဟောင်းတူးဖော်မှု (၁၉၈၀-၈၄)



*Exposed structure (70' X 60' hall of a building) (mound No. 2)*

(Golden Mrauk U)

ပေ ၇၀ ၆၀ ပေ ရှိခန်းမဆောင်နေရာ တူးဖော်ကုန်းအမှတ်(၂) ပုံ-၈



*A fragment of a back portion stone figure of a sitting bull (mound No. 3)*


နွားလားဥသဘရုပ်တုပါကျောက်အပိုင်းအစ (Golden Mrauk U) တူးဖော်ကုန်းအမှတ်(၃) ပုံ-၉

http://www.dhammadownload.com



## ရှေးဟောင်းမြို့တော်များနှင့် မြောက်ဦးနန်းတော်ကုန်းတူးဖော်မှုပုံရိပ်များ

ဝေသာလီမြို့တော်ဟောင်းတူးဖော်မှု (၁၉၈၀-၈၄)



*A 6th century stone inscription inscribed with* YeDhamma *verse (mound No. 4)*

ယေဓမ္မာဂါထာတော်ရေးထိုးပါရှိသည့် ၆-ရာစုကျောက်စာ တူးဖော်ကုန်းအမှတ်(၄) ပုံ-၁၀
(Golden Mrauk U)




ထေရဝါဒဗုဒ္ဓသာသနာမှတ်တိုင် ဘဒ္ဒသိမ်သမှတ်တိုင် တူးဖော်ကုန်းအမှတ်(၅) ပုံ-၁၁
(Golden Mrauk U)


http://www.dhammadownload.com



## ရှေးဟောင်းမြို့တော်များနှင့် မြောက်ဦးနန်းတော်ကုန်းတူးဖော်မှုပုံရိပ်များ
### မြောက်ဦးနန်းတော်တူးဖော်မှု



နန်းတော်ကုန်းတူးဖော်မှုပုံရိပ်
(၁၉၉၆-၉၇) ပုံ-၁၂
(Golden Mrauk U)




နန်းတော်ကုန်းတူးဖော်မှုပုံရိပ်
(၁၉၉၆-၉၇) ပုံ-၁၃
(Golden Mrauk U)


http://www.dhammadownload.com




## ရှေးဟောင်းမြို့တော်များနှင့် မြောက်ဦးနန်းတော်ကုန်းတူးဖော်မှုပုံရိပ်များ
## မြောက်ဦးနန်းတော်ကုန်းတော်ဟောင်းတူးဖော်မှု (၁၉၉၆-၉၇)




မြောက်ဦးနန်းတော်ကုန်း ပုံရိပ်
ပုံ-၁၄



အနောက်ဘက်တံတိုင်းကြီး
ပုံ-၁၅



နန်းတော်တံတိုင်းကြီး
ပုံ-၁၆



နန်းတော်ကုန်းအရှေ့ဘက်တက်လမ်း
ပုံ-၁၇

http://www.dhammadownload.com




# ထင်ရှားသည့် ဗုဒ္ဓစေတီတော်ရာများ

http://www.dhammadownload.com



## ထင်ရှားသည့် ပုဒ္ဓခြေတော်ရာများ


ပေါက်တောမြို့နယ်
မြေငူကျွန်း ဆံတော်ရှင်စေတီတော်
တောင်ဘက်ပင်လယ်ကမ်းစပ်မှ
ပုဒ္ဓခြေတော်ရာပုံ ပုံ-၁





ဝေသာလီခေတ်
ကြေးလက်ရာ
ခြေတော်ရာ
ပုံ-၂






ရသေ့တောင်မြို့နယ် မှန်စဲကျွန်း မှ
ပုဒ္ဓခြေတော်ရာ ပုံ-၃

http://www.dhammadownload.com




## ထင်ရှားသည့် ပုဒ္ဒခြေတော်ရာများ



၁၀-၃-၂၀၀၄နေ့က ပုဒ္ဒခြေတော်ရာသို့လာရောက်ပူးမျှော်သည့်ပုံ ပုံ-၅



ပုဒ္ဒခြေတော်ရာအတွင်းဝင်ရောက်နေစဉ်
ပုံ-၆




ပုဒ္ဒခြေတော်ရာအတွင်းပူးမျှော်နေစဉ် ပုံ-၇

http://www.dhammadownload.com




ထင်ရှားသည့် ပုဒ္ဓခြေတော်ရာများ



မအီချောင်းဖျားမှပုဒ္ဓအထက်စက်တော်ရာပုံ ပုံ-ဂ

မအီချောင်းဖျားမှပုဒ္ဓအောက်စက်တော်ရာပုံ
ပုံ-ဃ



http://www.dhammadownload.com



ထင်ရှားသည့် ဗုဒ္ဓခြေတော်ရာများ



မအီချောင်းအထက်
စက်တော်ရာ ပုံ-၁၀




ခြေချောင်းများပြန့်ကားနေပုံ ပုံ-၁၁



ခြေချောင်းများစုလျက်ရှိနေပုံ ပုံ-၁၂

ဓာတ်ပုံရိုက်သည့်အခါတစ်ကြိမ်နှင့်
တစ်ကြိမ်တန်ခိုးပြာဋိဟာပြသည့်
မအီချောင်း အောက်စက်တော်ရာ



မအီချောင်းမှ အထက်စက်တော်ရာနှင့် အောက်စက်တော်ရာ အညွှန်းပြမြေပုံ ပုံ-၁၃

http://www.dhammadownload.com



# ရခိုင်သမိုင်းဆိုင်ရာ မြေကြီးသက်သေများ

## တတိယစာဝတီခေတ်

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဓညဝတီခေတ်)



သေလာဂီရိတောင်ခြေမှရရှိသော မြတ်စွာဘုရားရှင်က စန္ဒသူရိယမင်းကြီးအား တရားပြနေသည့်ကျောက်ဆစ်လက်ရာ




သေလာဂီရိတောင်တော်နှင့် ရခိုင်လူမှုယဉ်ကျေးမှုကိုထူထောင်ပေးနေသည့် ကစ္ဆပနဒီမြစ်မကြီး

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဓညဝတီခေတ်)

### တောင်ပေါက်ကြီးကျောက်စာ




ဘာသာစကားမှာ ပါဠိ ဖြစ်၏၊ မြန်မာပြန်လျှင် အောက်ပါအတိုင်းရ၏။

၁။ (လူနတ်ဖြဟ္မာတို့၏) ပူဇော်ခြင်းကို ခံတော်မူထိုက်သော (သစ္စာလေးပါးတရားကို) ကောင်းစွာထိုးထွင်း၍ သိတော်မူထသော ထို (ဘုန်းတော်ခြောက်ပါး)နှင့် ပြည့်စုံတော်မူထသော ဘုရားရှင်အား ရှိခိုးဖူးမြော်ခြင်းသည် (ဖြစ်ပါ၏)

၂။ ထိုအခါ၌ စင်စစ်ဘုရားရှင်သည် ရဟန်းသံဃာအပေါင်းကို ပြာသာဒ်ပေါ်သို့ တက်စေ၍

၃။ ပြာသာဒ်ငါးရာ ဝန်းရံလျက်ရှိသော ဓညဝတီတိုင်းပြည်သို့ ကောင်းကင်ခရီးဖြင့် ခေသစာရီ လှည့်တော်မူစဉ်

၄။ ဓညဝတီ (မည်သော) နေပြည်တော်ကြီး၏ အနောက်အရပ်၌ (ရှိသော)

၅။ ဂဋ္ဌပ (မည်သော) မြစ်၏ အရှေ့မျက်နှာကမ်းပါး၌ (ရှိသော) ကျောက်တောင် (မှုဠ်နိ) ထိပ်၌ ဆင်းသက်တော်မူ၍ ရပ်တည်တော်မူ၏။

တောင်ပေါက်ကြီးကျောက်စာ

တောင်ပေါက်ကြီးကျောက်စာ ပုံ-၃

http://www.dhammadownload.com




ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဓညဝတီခေတ်)



မဟာမုနိရုပ်ရှင်တော်မြတ်ကြီး

ပုံ-၄



ပုဒ္ဓဝင်ခန်းကျောက်ဆစ်လက်ရာပုံများ ပုံ-၅

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဓညဝတီခေတ်)



ဘုရားဝမ်းပူ (ဗိုက်ပူဘုရား) ပုံ-၆



ဗိုက်ပူဘုရားကျောက်စာ ပုံ-၇


http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဓညဝတီခေတ်)



ယက္ခသေနာပတိပနာဒ
ပုံ-၈



ကျောက်စာ
ပုံ-၉

မဟာသျှုံရိယသျှန္ဒြရော နာမနော သျုပ္ပဒါနေ ပကရကေ(သက္ကတ)



ပုံ-၁၀




ပုံ-၁၁

မဟာမုနိကုန်းတော်မှ နာဂဘုရင်နှင့်ဘုရင်မကျောက်ဆစ်ရုပ်

http://www.dhammadownload.com




ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဓညဝတီခေတ်)




ဥဿလင်း ပရုတ်တော်ဓာတ်စေတီတော် ပုံ-၁၇



ဘုရားရှင်၏ အံတော်ဓာတ်စေတီတော်၊ သံတွဲမြို့
ပုံ-၁၈



ဘုရားရှင်၏ နံတော်ဓာတ်စေတီတော်၊ သံတွဲမြို့ ပုံ-၁၉



ဘုရားရှင်၏ ဆံတော်ဓာတ်စေတီတော်၊ သံတွဲမြို့ ပုံ-၂၀

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ



သံကိုးမောင်း ပုံ-၂၀

ရခိုင်တို့၏သမိုင်းတွင် ဖြစ်ရပ်မှန်ပင်ဖြစ်စေ၊ ဒဏ္ဍာရီဟုဆိုကြသည်ပင်ဖြစ်စေ သံကိုးမောင်းဟူသော သတ္တိဗျတ္တိနှင့်ပြည့်စုံသည့် အားကောင်းမောင်းသန် ရခိုင်အမျိုးသားတစ်ဦးကားအမှန်ပင် ပေါ်ထွန်းခဲ့ပါသည်။ သူသည်သူ၏အောင်မြင်မှုအတွက် ဝမ်းသာအားရဖြစ်လျက်ရခိုင်ရိုးရာထုံးစံအတိုင်း ကျင်ကွင်းပျော်မြူးနေသည်ကိုတွေ့ရသည်။

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ

## တတိယဓညဝတီခေတ် စစ်သူကြီးသံကိုးမောင်း

'သံကိုးမောင်း'ဟူသောဝေါဟာရကိုတတိယဓညဝတီခေတ်တွင်တွေ့ရ၏။ ဘုရင်စန္ဒသူရိယ မင်းမြတ် နှင့်သံကိုးမောင်း ညီအစ်ကိုသုံးယောက်တို့မှာ အဖိုးတူညီအစ်ကိုများဖြစ်ကြသည်။ သံကိုးမောင်း၏ ညီ (၂) ယောက်မှာ 'သံဘောတူ' နှင့် 'သံခဲ' တို့ဖြစ်ကြပြီး၊ သူတို့၏ဘခင်မှာ သေနကုမ္မာ ဖြစ်၍ ဥဂ္ဂိရိအရပ်တွင် ဘုရင့်အမှုတော်ထမ်းနေသူဖြစ်သည်။ သားသုံးယောက် အရွယ်ရောက်ချိန်တွင် သူတို့၏ဘခင်မှာ ကွယ်လွန်သွားခဲ့လေသည်။

ရခိုင်ဘုရင်တို့သည်လောင်းလှေကိုစစ်အင်္ဂါအနေဖြင့် ရေလမ်းခရီးစစ်ကြောင်းများတွင် တိုက်လှေ အဖြစ်အသုံးပြုခဲ့ကြသည်။ ရခိုင်ဘုရင်မင်းများ၏လောင်းလှေအသုံးပြုပုံများဆိုင်ရာ တတိယဓညဝတီခေတ် ဘုရင်စန္ဒာသူရိယမင်းလက်ထက်တွင် သံကိုးမောင်းညီအစ်ကို သုံးယောက် အကြောင်းကိုရေးသားထားသည်ကိုတွေ့ရသည်။

တစ်နေ့တွင် ဘုရင်မင်းကြီးသည် သံဘောတူနှင့် သံခဲတို့ကိုရေတပ်ဗိုလ်မှူးများအဖြစ် ခန့်ထားလျှက် တိုက်လောင်းလှေ(၁၀၀၀)ဖြင့်လည်းကောင်း၊ ကံသာစား 'အောင်ဇီဝင်း'ကို တိုက် လောင်းလှေ(၃၀၀)ဖြင့် လည်းကောင်း စုစုပေါင်းတိုက်လောင်းလှေ(၁၃၀၀)ဖြင့် သက်မင်း၏ အန္တရာယ်ကိုနှိမ်နင်းစေခဲ့သည်။ ယင်း အချိန်က အစ်ကိုကြီး သံကိုးမောင်းမှာ ကံသာချောင်း (စစ်တကောင်းနယ်)သို့ရောက်ရှိနေရာ၊ ညီအစ်ကိုများစုစည်းလျှက် စစ်သည်တော်ပေါင်း (၆၀၀၀)ဖြင့်သက်မင်း၏ စစ်သည်များကိုဖြိုခွင်းရာ အောင်မြင်လေသည်။ စစ်ပွဲကြီးအောင်မြင်သဖြင့် စန္ဒာသူရိယဘုရင်သည် သံကိုးမောင်းအားတိုက်လောင်းလှေကြီးများကို ဦးစီးရသူ စစ်ဦးစီး (စစ်သူကြီး)ရာထူးကို ခန့်အပ်မြှောက်စားလေသည်။ ထိုအခါမှစ၍စစ်သူကြီးသံကိုးမောင်း ဟုထင်ရှား လာလေသည်။

'သံကိုးမောင်း' တိုက်လောင်းလှေကြီးများဖြင့် စစ်စခန်းချနေထိုင်ခဲ့ရာဖြစ်သော ပလက်ဝ မြို့နယ်၊ ကျီးကန်တောင်ခြေရင်းအနီးရှိကျောက်ကို 'သံကိုးမောင်းကျောက်' ဟု ယနေ့တိုင်သမိုင်းတွင် ခေါ်တွင်လျှက်ရှိလေသည်။

ဤဖြစ်ရပ်သည်ကား နှစ်ပေါင်း (၂၅၆၀)ခန့်ပင်ရှိပါတော့မည်။

ရခိုင်တို့၏သမိုင်းတွင်ဖြစ်ရပ်မှန်ပင်ဖြစ်စေ၊ ဒဏ္ဍာရီဟုဆိုကြသည်ပင်ဖြစ်စေ သံကိုးမောင်းဟူသော သတ္တိဗျတ္တိနှင့်ပြည့်စုံသည့် အားကောင်းမောင်းသန် ရခိုင်အမျိုးသားတစ်ဦး ကားအမှန်ပင်ပေါ်ထွန်းခဲ့ပါသည်။ သူသည်သူ၏အောင်မြင်မှုအတွက် ဝမ်းသာအားရဖြစ်လျှက် ရခိုင်ရိုးရာထုံးစံအတိုင်း ကျင်ကွင်းပျော်မြူး နေသည်ကိုတွေ့ရသည်။ (ပုံ)

**ကိုးကား-**

*(သံတွဲမြို့ အောင်မြေသာစည်ဆရာတော်၊ ဒွါရာဝတီ အရှင်ကုသလ(ငွေသဇင်) စီရင်ရေးသား အပ်သော ရက္ခပူရဒွါဒသရာသီဋီကာအမည်ရှိ ရခိုင့်ဌာနီ လရာသီကျမ်း- ၂၀၀၈-ခု၊ ဩဂုတ်လ)*

http://www.dhammadownload.com



# ရခိုင်သမိုင်းဆိုင်ရာ မြေကြီးသက်သေများ

## ဝေသာလီကျောက်လှေကားခေတ်

http://www.dhammadownload.com




## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဓညဝတီခေတ်)



ပုံ-၁

မုဒ်တကဲတင်းဆုများပါရှိသော
ကျောက်စထူပါ



ပုံ-၂


ကျောက်စာရေးထိုးပါကျောက်တော်
သေလ္လာဝီရိတောင်မှရရှိသော ကျောက်စထူပါ

ပုံ-၄



Miniature stone stupa 1
from Meechaungwa

ပုံ-၃



Yedhamma verse on miniature stone stupa 1 from Meechaungwa

ကျောက်စာရေးထိုးပါ ကျောက်တော် မိချောင်းဝမှ ရရှိသော ကျောက်စထူပါ

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



အာနန္ဒစန္ဒြကျောက်စာ အရှေ့ဘက်မျက်နှာ အပေါ်ပိုင်း (အေဒီ ၅-၆ ရာစု) ပုံ-၅

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



အာနန္ဒစန္ဒြကျောက်စာ အရှေ့ဘက်မျက်နှာ အပေါ်ပိုင်း (အေဒီ ၅-၆ ရာစု) ပုံ-၆

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ရှင်ငယ်တစ်တောင် မှ ကျောက်စာ (အေဒီ ၅-၆ ရာစု) မုံ-ဂ

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီမြို့တော်ဟောင်းမှရရှိသည့် ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-ဂ

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



မင်းပြားမြို့၊ ကျုန်းတောင်ဘုရား ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၉


http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီ ကျောက်စာ ပထမမျက်နှာဘက် (အေဒီ ၅-၆ ရာစု) ပုံ-၁၀



ဝေသာလီ ကျောက်စာ ဒုတိယမျက်နှာဘက် (အေဒီ ၅-၆ ရာစု) ပုံ-၁၁



ဝေသာလီ ကျောက်စာ တတိယမျက်နှာဘက် (အေဒီ ၅-၆ ရာစု) ပုံ-၁၂

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီကြေးနီပြားစာ (မျက်နှာဘက်) (အေဒီ ၅-၆ ရာစု) ပုံ-၁၃



ဝေသာလီကြေးနီပြားစာ (ကျောဘက်) (အေဒီ ၅-၆ ရာစု) ပုံ-၁၄


http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ကျောက်တော် သေလာဂီရိတောင်မှကျောက်စတူပါကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၀




သေလာဂီရိကျောက်ကော်တောင်မှ ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၁


http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီ နိတိစန္ဒြမိပုရားကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၂



သံတွဲ နိတိစန္ဒြမင်းမိပုရားကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၃


http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



သံတွဲမှ အုတ်ချပ်ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၄




ဝေသာလီ ဗိရစခြွမ်းကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၅


http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီဘုရားကြီးကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၆



ဝေသာလီ သင်းကျစ်တော်တောင်ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၇

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ ဝေသာလီခေတ်



ဝေသာလီ သတ္တုပြားကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၈




သာရပဗ္ဗတတောင် ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၂၉

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



တောင်ကုတ် အိုးထိမ်းရွာကျောက်စာ(အေဒီ ၅-၆ ရာစု) ပုံ-၃၀



ကျောက်ပြု ဂန်ဂါ့ရွာမှကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၃၁

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ပြိုင်းတောင် မှ ခေါင်းလောင်းစာ (အေဒီ ၅-၆ ရာစု)




ပြိုင်းတောင် မှ ခေါင်းလောင်းစာများ (အေဒီ ၅-၆ ရာစု) ပုံ-၃၂


http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



မြောက်ဦး အဘောင်တော်အင်း မှ ခေါင်းလောင်းစာ (အေဒီ ၅-၆ ရာစု)



မြောက်ဦး အဘောင်တော်အင်း မှ ခေါင်းလောင်းစာများ (အေဒီ ၅-၆ ရာစု) ပုံ-၃၃


http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



သံတွဲခရိုင် တောင်ကုတ်မြို့နယ် လွှမ်းမော်ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၃၄




ပတ္တော် စေတီ ကျောက်စာ ( အေဒီ ၅-၆ ရာစု) ပုံ-၃၅


http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီ မင်းသားချောင်း ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၃၆




ဝေသာလီဘုရားအောက်ခြေမှ ကျောက်ပြားကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၃၇

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီမှ ဘုရားပလ္လင်အပိုင်းအစမှ ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၃၈



ဝေသာလီ ကြေးသွန်းဆင်းတုတော်မှ ကြေးပြားစာ (အေဒီ ၅-၆ ရာစု) ပုံ-၃၉




ဝေသာလီ ပိသနိုးရုပ်တုမှ ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၄၀


http://www.dhammadownload.com




## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



မြောက်ဦး သင်းကျစ်တော်တောင် ကျောက်စာတိုင်ကျောက်စာ (အေဒီ ၅-၆ ရာစု) ပုံ-၄၁



ဝေသာလီမှ ပလ္လင်၌ရေးထိုးပါကျောက်စာအပိုင်းအစ (ဘယ်ဘက်) (အေဒီ ၅-၆ ရာစု) ပုံ-၄၂



ဝေသာလီမှ ပလ္လင်၌ရေးထိုးပါကျောက်စာအပိုင်းအစ (ယာဘက်) (အေဒီ ၅-၆ ရာစု) ပုံ-၄၃

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)




ဓမ္မဝိဇယမင်းကျောက်စာ (အပေါ်ပိုင်း)(အောက်ပိုင်း) (အေဒီ ၆-၇ ရာစု) ပုံ-၄၄

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီ စေတီယ ကျောက်စာ (အေဒီ ၆-၇ ရာစု) ပုံ-၄၅


http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



အာနန္ဒစန္ဒြကျောက်စာ အနောက်ဘက်မျက်နှာ အပိုင်း-၁ (အေဒီ ၈ ရာစု) ပုံ-၄၆




အာနန္ဒစန္ဒြကျောက်စာ အနောက်ဘက်မျက်နှာ အပိုင်း-၂ (အေဒီ ၈ ရာစု) ပုံ-၄၇


http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



အာနန္ဒစန္ဒြကျောက်စာ အနောက်ဘက်မျက်နှာ အပိုင်း-၃ (အေဒီ ၈ ရာစု) ပုံ-၄၈



အာနန္ဒစန္ဒြကျောက်စာ အနောက်ဘက်မျက်နှာ အပိုင်း-၄ (အေဒီ ၈ ရာစု) ပုံ-၄၉


http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



အာနန္ဒစန္ဒြကျောက်စာ အနောက်ဘက်မျက်နှာ အပိုင်း-၅ (အေဒီ ၈ ရာစု) ပုံ-၅၀





အာနန္ဒစန္ဒြကျောက်စာ အနောက်ဘက်မျက်နှာ အပိုင်း-၆ (အေဒီ ၈ ရာစု) ပုံ-၅၁

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)





အာနန္ဒစန္ဒြကျောက်စာ မြောက်ဘက်ဘက်မျက်နှာ အပေါ်ပိုင်း (အေဒီ ၉-၁၀ ရာစု) ပုံ-၅၂

အာနန္ဒစန္ဒြကျောက်စာ မြောက်ဘက်မျက်နှာ အောက်ပိုင်း (အေဒီ ၉-၁၀ ရာစု) ပုံ-၅၃

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



အာနန္ဒစန္ဒြကျောက်စာ မြောက်ဘက်မျက်နှာ ထိပ်ပိုင်း (အေဒီ ၉-၁၀ ရာစု) ပုံ-၅၄




မြောက်ဦး ကျီရာပြင်ရွာမှ ကျောက်စာ (အေဒီ ၉-၁၀ ရာစု) ပုံ-၅၅

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီသုံးမြောင့်ပုံစာပါ ကျောက်စာ (အေဒီ ၉-၁၀ ရာစု) ပုံ-၅၆




ရခိုင်စာရေးထိုးပါ ဝေသာလီကြေးဆီမီးခွက် (အေဒီ ၉-၁၀ ရာစု) ပုံ-၅၇

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ဝေသာလီ ဝန်တိန်တောင်မှ ပျူကျောက်စာ (အေဒီ ၆ ရာစု) ပုံ-၅၈

http://www.dhammadownload.com



# ရခိုင်သမိုင်းဆိုင်ရာ မြေကြီးသက်သေများ
# ဝေသာလီကျောက်လှေကားခေတ် ဒင်္ဂါးများ

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)



ယဇ္ဉနစန္ဒြဒင်္ဂါး ပုံ-၁



3 Legend on Yajnacandra Coin
(c. 5th - 6th century A.D.)



ဒေဝစန္ဒြဒင်္ဂါး ပုံ-၂



2 Legend on Deva Coin
(c. 5th - 6th century A.D.)



စန္ဒြဗန္ဓုဒင်္ဂါး ပုံ-၃



4 Legend on Candrabandhu Coin
(c. 5th - 6th century A.D.)



ဘူမိစန္ဒြဒင်္ဂါး ပုံ-၄




5 Legend on Bhumicandra Coin
(c. 5th - 6th century A.D.)

## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)





ဘူတိစန္ဒြဒင်္ဂါး ပုံ-၅



နီတိစန္ဒြဒင်္ဂါး
ပုံ-၆


7 Legend on Niticandra Coin
(c. 5th - 6th century A.D.)



ဝီရစန္ဒြဒင်္ဂါး ပုံ-၇

8 Legend on Viracandra Coin
(c. 5th - 6th century A.D.)

ပြီတိစန္ဒြဒင်္ဂါး
ပုံ-၈




9 Legend on Priticandra Coin
(c. 5th - 6th century A.D.)

http://www.dhammadownload.com




## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)




ပြိုတိစန္ဒြဒင်္ဂါး ပုံ-၉

**10 Legend on Prithivicandra Coin**
**(c. 5th - 6th century A.D.)**



ဒါတိစန္ဒြဒင်္ဂါး ပုံ-၁၀

**11 Legend on Dhrticandra Coin**
**(c. 5th - 6th century A.D.)**



**12 Legend on Suryacandra Coin**
**(c. 5th - 6th century A.D.)**

သူရိယစန္ဒြဒင်္ဂါး ပုံ-၁၁


http://www.dhammadownload.com





ဓမ္မဝိဇယဒင်္ဂါး ပုံ-၁၂

13 Legend on Dharmavijaya Coin
(c. 6th - 7th century A.D.)




ဓမ္မစန္ဒြဒင်္ဂါး ပုံ-၁၃

14 Legend on Dhammacandra Coin
(c. 6th - 7th century A.D.)



ဓမ္မရာဇာဒင်္ဂါး ပုံ-၁၄

15 Legend on Dharmmarajah Coin
(c. 7th - 8th century A.D.)




ဂုလမဟာရာဇာဒင်္ဂါး ပုံ-၁၅

15. Legend on Culamaharaja Coin
(c. 9th - 10th century A.D.)

http://www.dhammadownload.com




## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဓညဝတီခေတ်)



16. ( c. 8th Century A.D. )

အာနန္ဒစန္ဒြဒင်္ဂါး ပုံ-၁၆

တွေ့ရှိထားသော ရာဇစန္ဒြဒင်္ဂါး နှစ်မျိုး ပုံ-၁၇




ကင်းမြီးကောက် — သီရိဝစ္ဆ

ကင်းမြီးကောက် — သီရိဝစ္ဆ

ခရသင်း — သီရိဝစ္ဆ

ဥသဘတိုင်ပုံ — သီရိဝစ္ဆ

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)

### Three Types of Devacandra coins

ဒေဝစန္ဒြ



Deva candra

သီရိဝိစ္ဆ



Thirivetsa

ဒေဝစန္ဒြ
နွားဘယ်လှည့်



Deva candra
Bull left turn

သီရိဝိစ္ဆ



Thirivetsa

ဒေဝစန္ဒြ
နွားညာလှည့်



Deva candra
Bull right turn

သီရိဝိစ္ဆ



Thirivetsa

ဒေဝစန္ဒြဒင်္ဂါးများ ပုံ-၁၈

### Rajna Candra and Candra Bhandu

ရာဇစန္ဒြနွား
ဘယ်လှည့်ထိုင်



Rajna Candra left turn sitting bull
with garland of bead round the neck

သီရိဝိစ္ဆ



Thirivetsa

သီရိဝိစ္ဆ



Thirivetsa

စန္ဒြဘန္ဓု နွားထိုင်ပုံ



Candra Bhandu
sitting bull

ရာဇနစန္ဒြဒင်္ဂါးများ ပုံ-၁၉

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)

Same collection from Khayine Island in Taunggoke

ဘူမိစန္ဒြ
နွားဘယ်လှည့်ထိုင်
ပုံ-၂၀



Bhumi Candra sitting bull left turn with garland of bead round the neck

သိရိဝစ္ဆ



Srivetsa
Thirivetsa

သိရိဝစ္ဆ
ပုံ-၂၁



Srivetsa
Thirivetsa

နိတိစန္ဒြ နွားထိုင်ပုံ



Niti Candra
Sitting bull

Circulations of coins in different sizes

In Wethali days the King like Bhumi Candra and Niti Candra issued denmination of half size of coins (i.e. in Myanmar as မူးစေ့ဒင်္ဂါး) and the King Niti Candra, Vira Candra and Priti Candra issued the denomination of ¼th Size (i.e. in Myanmar as မတ်စေ့ဒင်္ဂါး)

| S.N | Name of Kings | Full size | ½ size | ¼ size |
|---|---|---|---|---|
| | Denomination of different sizes in circulation Chart IV | | | |
| 1. | Bhumi Candra | ✓ | ✓ | |
| 2. | Niti Candra | ✓ | ✓ | ✓ |
| 3. | Vira Candra | ✓ | - | ✓ |
| 4. | Priti Candra | ✓ | - | ✓ |





ဘူမိစန္ဒြ ဒင်္ဂါးငါးမူးစေ့ ပုံ-၂၂

ဘူမိစန္ဒြဒင်္ဂါးငါးမူးစေ့
**Bhumicandra 1/2 Size coin**





နိတိစန္ဒြ ဒင်္ဂါးငါးမူးစေ့ ပုံ-၂၃

နိတိစန္ဒြဒင်္ဂါးငါးမူးစေ့
**Niticandra 1/2 Size coin**

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)

နီတိစန္ဒြမင်း ဒင်္ဂါးမတ်စေ့များ ပုံ-၂၄



ဝိရစန္ဒြမင်း ဒင်္ဂါးမတ်စေ့များ ပုံ-၂၅



http://www.dhammadownload.com




## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (ဝေသာလီခေတ်)





18 Salamsharazar coin

စုဠမဟာရာဇာဒဂါး ပုံ-၂၇



19 Thurracandra coin or Suryacandra coin


သူရိယစန္ဒြ ဒဂါး ပုံ-၂၈



Raja Candra Coin

ရာဇစန္ဒြ ဒဂါး ပုံ-၂၉






ရာဇစန္ဒြ ဒဂါး ပုံ-၃၀

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ ဝေသာလီခေတ်

ဟာရိကေလဒင်္ဂါးများ ပုံ-၃၁




http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ ဝေသာလီခေတ်

### ဟာရိကေလဒင်္ဂါးများ ပုံ-၃၂



http://www.dhammadownload.com



# ရခိုင်သမိုင်းဆိုင်ရာ မြေကြီးသက်သေများ

လေးမြို့ခေတ်

http://www.dhammadownload.com





မင်းရင်ဖြူ၏မဟာကျန်ဘုရားဆင်းတုတော် ကောဇာ-၂၀၉



ပုံ-၁

နောက်လှည့်ကျောဘက် ဘယ်ဘက်ခြမ်းမြင်ရပုံ ပုံ-၂



နောက်လှည့်ကျောဘက် ယာဘက်ခြမ်းမြင်ရပုံ ပုံ-၃



ရှေ့လှည့် ယာဘက်ခြမ်းမြင်ရပုံ ပုံ-၄




ရှေ့တည့်တည့်မှမြင်ရပုံ ပုံ-၅

သက္ကရာဇ် ၂၀၉ ကဆုန်လဆန်း ၆ ရက် တနင်္လာနေ့ ငါးနာရီကျော်အချိန်ရောက်သောအခါ ကြီးသွန်းအဲသည်။
မောင်ရှိဖြူကောင်းမှုဘုရားကို ပဥ္စလောဟာဖြင့် ပြီးပြည့်စုံသည်။ ဘုရားပြုသော
အကျိုး(ဖြင့်)ဘုရားမဥ္စတ်ဖြစ်စေသောဝ်။

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



ဘူးတောင်းကွဲဘုရားကျောက်စာ (မာန်အောင်) ကောဇာ-၄၅၂ ပုံ-၆

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)

၈ တာဗျာငွေမဖိုးဖြိုးဆိ ၅ ဧတာဇံဒဝဗး ဧတာဒီဖိုဝ်ကွတ်

— — ပြာစောင်စစ်လဲသ — — — — —

၉ . . . ဒတတ်ထိမုံပြိုတိုင်မ္ဘိဆိုဂျပြားနွံကျိုဗဒိဿိဖဲလွဝ်ကျိုဝ် —

. . . ဿပြိဓဝဧဿဗတ် — — —

၁၀ . . . . . . မခ်တဟာမထာခ်ိရှိဂျဂးစဖပါငါတိုင်ဒွှန်ဂျာ —

နိမ္ဗဂျိတ် . .

၁၁ . . . . . . ပ်ဗိဇော်ကွဲလိုနှတိုင်မ ၅၀ မင်မဧသာရ်ု .

. ဇထို . . . . —


၁၂ . . . . . ယှဂ ၆ ဧသ . . . . . . . . .

. . . . . . . .

—

— . . တဓာဇဗာဓီး ရှဗည် ဗျှဂ်ဧသားသဓည်မဘဿ ဟကျာတဇကျင် -

— . . . ကျိုးပြတ်ဿဗွားဗြိ . . . .




ကျောက်စာမူရင်း ပုံ-၇

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)

### နန်းကျားကြီးဘုရားကမ္ပည်းစာ၊ ကောဇာ-၄၅၁



ကျောက်စာမူရင်း ပုံ-ဂ

နန်းကျားမတ်ရပ်တော်ဘုရား ပုလ္လင်စာ

သက္ကရာဇ် ၄၅၁ - ( [illegible] )

မြောက်ဦးမြို့နယ် နန်းကျားဥဘုတောင်ဘက်ဘုရားကျောင်းတွင် [illegible]

တွေ့ရှိသည့် ယောနန်းကျား ဥဘုဘုရားကြီးသိမ်တော်ဓာတ်ကျွင်းတွင်ရှိသည်။

၁ [illegible]

၂ [illegible]

၃ [illegible]

၄ [illegible]


မူလ [illegible]

[illegible] ရှာဖွေတွေ့ရှိသည်။

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



သျှငွေ့ပျောင်ကျောက်စာ၊ ကောဇာ-၅၇၃ ပုံ-၉



သကျမုနိဘုရားကျောက်စာ၊ ကောဇာ-၅၇၃ ပုံ-၁၀


http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



ဘုရင်မင်းထီးကသိုလ်တော် တိသဘုရားကြီး၊ ကောဇာ-၆၉၂ ပုံ-၁၁



ကမ္ဗည်းစာမူရင်း ပုံ-၁၂

http://www.dhammadownload.com




## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)

[illegible]

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



### မဟာထီးကျောက်မီးကျောင်းကျောက်စာ မုံ-၁၄

မဟာထီးကျောက်မီးကျောင်းကျောက်စာ ([illegible])

([illegible]) သက္ကရာဇ် ၅၁၈ [illegible]

မြောက်ဦးမြို့ရှိ မဟာထီးကျောင်း [illegible]

[illegible]

[illegible]

([illegible])

၁ [illegible]

[illegible]

[illegible]

၂ [illegible]

[illegible]

[illegible]


၃ [illegible]

[illegible]

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



ကျောက်တော်ဘုရားကျောက်စာ၊ ကောဇာ-၇၇၃ မုံ-၁၅

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



လောင်းကြက်တောင်မော်ကျောက်စာ၊ ကောဇာ-၄၇၀ ပုံ-၁၆




ရန္ဒမဥ္ဇူကျောင်းမှုဘိသေက မဟာကျန်ဆင်းတုတော် ကမ္ပည်းစာ ပုံ-၁၇

http://www.dhammadownload.com




ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)

အလောမာဖြူမင်း၏ဆင်းတုတော်နှင့်ကမ္ပည်းစာ၊ ကောဇာ ၆၁၂-၆၁၉ ပုံ-၁၈



(မြောက်ဦးမြို့ လက်ကောက်ဈေးဘုန်းတော်ကြီးကျောင်းတွင်ကိန်းဝပ်လျက်ရှိ)




တောင်ကုတ်မြို့မှကျောက်စာ၊ ကောဇာ-၇၁၈ ပုံ-၁၉

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



**အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မှ ဘုရင်မင်းထီးကျောက်စာ၊ ကောဇာ-၆၅၇-၆၆၀ ပုံ-၂၀**

*ဘုရားသခင်သာသနာ ၂၁၈ လွန်လေပြီးသောအခါ၌ ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော သီရိဓမ္မသောကမည်သောမင်းကြီး စေတီရှစ်သောင်းလေးထောင် အနက်၌ ဆွမ်းတော်ဘုဉ်းပေးရာ ပါယာသဘတ်ကိုအခါ လေးမြင့်ပျက်၍ပြင်သော သခင်ပင့် သက္ကကြီးတယောက်၊ ထိုပြီး တချက်ပျက်ခဲ့ရကား သတိုးမင်းပြု၏။ ထိုပြီး တချက်ပျက်ခဲ့တုံရကား ဆင်ဖြူသခင်တရားမင်းကြီး၊ မိမိကိုယ်စားဆရာ, သီရိဓမ္မရာဇဂုရုကို စေတော်မူလတ်သောအခါ၌ပါလတ်သောတပည့်သား သီရိကဿပသည် လုပ်အံ့သည် ဥစ္စာရှိလျက် မလုပ်ရတတ်ရကား ဝရတသိသခင်ထေရ်ကိုခံဝန် ခံစေရကား ပြူတသိန်းမင်းကူ၍လုပ်စေက ပြူသခင်ငယ် ကို အမတ်ကြီး ရထကို အခွင့်ပြုရကား၊ သက္ကရာဇ် ၆၅၇-ခု၊ ပြာသိုလဆန်း ၁၀ ရက် ၆-နေ့ပြုကုန်၏။ သက္ကရာဇ် ၆၆၀၊ တန်ဆောင်မုန်းလဆန်း ၈-ရက်တနင်္ဂနွေနေ့ လှူပသော တံခွန်ကုက္ကားတံခွန်များကိုလည်း ပူဇော်၏။ သင်ပုတ်တော် ဆီမီးထောင်ကို အကြိမ်များစွာလှူပူဇော်၏၊ သားသမီးဟုမှတ်၍ သူငယ် ၂၀-ယောက်နှင့်ပန်၍ ပန်းခွက်၊ ပုဆိုးဆွဲသော ပဒေသာလည်းပူဇော်၏၊ အခါခပ်သိမ်းလျှင် သင်ဗုတ်ဝတ် မပြတ် တည်စိမ့်သောအကြောင်းကို အကျွန်ုပ်ဘို့ကိုလေး ဝယ်၍လှူခဲ့၏။ ဤပြုသောကောင်းမှုကား နိဗ္ဗာန်ပစ္စည်း အထောက်အပင့် ဖြစ်ချင်သတည်း။ အရိမတေးဘုရားသခင်လက်ထက်လျှင် ရဟန္တာဆု လိုသတည်း။*

**(အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန်ဆရာတော်ကြီးအသျှင် ကိတ္တိမာ၏ မဟာဗောဓိဝင်ပုတ္တိကထာကျမ်း မှဖြစ်သည်)**


မြန်မာနိုင်ငံ သာသနာရေးဦးစီးဌာနက ၂၀၀၆-ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေပါသည်။

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)

လေးမျက်နှာဘုရားကျောက်စာ၊ ကောဇာ-၇၉၂ ပုံ-၂၁




သံတွဲမြို့နယ် စတီပြင်ကျေးရွာမှကျောက်စာ၊ အေဒီ ၁၂ ရာစု ပုံ-၂၂



http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



တောင်ကုတ်မြို့နယ်၊ သိန်တောင်ရွာကျောက်စာ၊ အေဒီ ၁၃ ရာစု ပုံ-၂၃



ကျောက်တော်မြို့နယ် အပေါက်ဝရွာမှကျောက်စာ၊ ကောဇာ-၆၁၂-၇၉၂ ပုံ-၂၄


http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



မင်းပြားမြို့နယ်၊ မင်းဖူးရွာကျောက်စာ၊ ကောဇာ-၇၅၉ ပုံ-၂၅




*An inscribed slab from Minphu village, Minbyu Township - inscribed in Rakhine (Rakha Wunna) as RE 759 Thursday the full moon day of Kason (AD 1397). The date coincides with the reign of King Nankya (AD 1396 - 1410) (Lemro period).*

ကျောက်တော်မြို့နယ်မှ ပိတ်သလက်ကျောက်စာ၊ ကောဇာ-၇၇၃ ပုံ-၂၆

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)



မြောက်ဦးမြို့ ရွှေဂူတောင်ဘုရား ကျောက်စာ၊ ကောဇာ-၆၁၂-၇၉၂ ပုံ-၂၇



မြောက်ဦးမြို့ ဘော်ရော်ဈေးမှကျောက်စာ၊ ကောဇာ-၆၁၂-၇၉၂ ပုံ-၂၈

http://www.dhammadownload.com



မြောက်ဦးခေတ်


http://www.dhammadownload.com




## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)

ပုံ - ၁


လေးမျက်နှာပုထိုးတော်ကြီး



ဘုရင်မင်းစောမွန်(ခ)နရမိတ်လုရာဇာ၊ ကောဇာ-၇၉၂



လေးမျက်နှာပုထိုးတော်ကြီး၏ပန္နက်ပုံ




အရှေ့မြင်နှင့်ဖြတ်ပိုင်းပုံ

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (လေးမြို့ခေတ်)
ဝိဇယရုံသီ ပုံ-၂







ဘုရင်မင်းစောမွန်(ခ)နာရမိတ်လှ၊ ကောဇာ-၇၉၂

http://www.dhammadownload.com



လေးမျက်နှာပုထိုးတော်ကြီး





လေးမျက်နှာပုထိုးတော်ကြီး၏ပန္နက်ပုံ

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)

ထူပါရုံစေတီ ပုံ-၄





ဘုရင်မင်းရန်အောင်၊ ကောဇာ-၈၅၆

တေဇရာမစေတီ ပုံ-၅



ဘုရင်မင်းစလင်္ကာသူ၊ ကောဇာ-၈၅၆








ပန္နက်ပုံများ

http://www.dhammadownload.com









http://www.dhammadownload.com




## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)


### အံ့တော်သိမ် ပုံ-၇



ဘုရင်မင်းဗာကြီး၊ ကောဇာ-၈၉၃



ပန္နက်ပုံ




မုတ်ဦးတံကဲပုံစံများ

http://www.dhammadownload.com



## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)


## သျှစ်သောင်းပုထိုးတော်ကြီး ပုံ-ဂ




ဘုရင်မင်းဗာကြီး၊ ကောဇာ-ဂ၉ဂ



မြေကြီးမြေပုံ




ပန္နက်ပုံ




http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)
ကိုးသောင်းပုထိုးတော်ကြီး ပုံ-၉



ဘုရင်မင်းတိက္ခ၊ ကောဇာ-၉၁၅




ရတနာပုံစေတီ ဘုရင်မင်းဖလောင်းနှင့်မိဖုရားသျှင်ထွေး၊ ကောဇာ-၉၃၃ ပုံ-၁၀

http://www.dhammadownload.com




ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)


ထုက္ကန်သိမ် ပုံ-၁၁



ဘုရင်မင်းပလောင်း ၊ ကောဇာ-၉၃၃



ပန္နက်ပုံ




ဖြတ်ပိုင်းပုံ


http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)
မင်းခေါင်ရွှေဂူစေတီ



မိဖုရားနတ်သျှင်မယ် ကောဇာ-၁၀၂၂ ပုံ-၁၂




မင်္ဂလမာရ်အောင်စေတီ ဘုရင်ဘုရင်ဥက္ကါပလ၊ ကောဇာ- ၁၀၃၆ ပုံ-၁၃

http://www.dhammadownload.com




## ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)

သကျမာန်အောင်စေတီ ပုံ-၁၄




ဘုရင်သီရိသုဓမ္မရာဇာ၊ ကောဇာ-၁၀၂၉




ပန္နက်ပုံ

ရတနာမာန်အောင်စေတီ ပုံ-၁၅



ဘုရင်စန္ဒသုဓမ္မရာဇာ၊ကောဇာ-၁၀၁၄



ပန္နက်ပုံ


http://www.dhammadownload.com




ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)

ဇိနမာရ်အောင်စေတီ ပုံ-၁၆ လောကမာရ်အောင်စေတီ ပုံ-


၁၇




ဘုရင်စန္ဒသုဓမ္မရာဇာကောဇာ- ၁၀၁၄



ဘုရင်စန္ဒသုဓမ္မရာဇာကောဇာ-၁၀၁၄



ပန္နက်ပုံ




ပန္နက်ပုံ

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)

ဘုရားပေါ်စေတီ ပုံ-၁၈



ဘုရင်မင်းရာဇာကြီး၊ ကောဇာ-၉၃၂



ဘုရားပေါ်ဘုရားကြီး ပုံ-၁၉

http://www.dhammadownload.com



ရခိုင်သမိုင်းဆိုင်ရာမြေကြီးသက်သေများ (မြောက်ဦးခေတ်)



ဝသဲ့ဘုရားကြီး
ဘုရင်သဇာတ၊ ကောဇာ-၈၇၇
ပုံ-၂၀



ရေတံခါးဘုရားကြီး ပုံ-၂၁

http://www.dhammadownload.com



# အထူးဝေါဟာရ ခက်ဆစ်အဓိပ္ပါယ်ရှင်းလင်းချက်

| | | |
|---|---|---|
| ၁။ | ရမ္မာဝတီ ရမ်းပြဲမြို့တော် | ကမ္ဘာဦးအစ သမုတ္တိဒေဝမင်းတည်ခဲ့သောမြို့တော် |
| ၂။ | ဒွာရာဝတီ | ဘီစီ ၄၀၀၀ခန့်က ကဏှာဒီပါယန ရသေ့ကြီး အကြံပြုချက်ဖြင့် ဝါသု ဒေဝ၊ ဗလဒေဝ ညီနောင်တစ်ကျိပ်တည်ခဲ့သောမြို့တော် |
| ၃။ | ပထမဝေသာလီ (သို့) | ပြဟ္မဏရာဇာမင်းနှင့် မိဖုရားအဥ္စနဒေဝီတို့ မင်းပြုစိုးစံခဲ့သည့် |
| | ဝေသာလီသာရဘန်း | (အိန္ဒိယအရှေ့မြောက်၊ ကမ္ဘုရူပတိုင်းမှ ဝင်ရောက်လာသည်) ဒွာရာ ဝတီပျက်သုဉ်းပြီးနောက် တည်ထောင်သောမြို့တော်။ |
| ၄။ | အဥ္စုနရသေ့ကြီး | ပထမဓညဝတီမြို့တော်တည်ထောင်ရန် ဩဝါဒပြုညွှန်ပြသည့် ပညာရှိရသေ့ကြီး၊ နန်းစွန့်ရသေ့ကြီး၊ မာရယုမင်းသား၏ဖခင် |
| ၅။ | မာရယု | ပထမဓညဝတီမြို့တော်ကိုတည်ထောင်သည့်မင်း |
| ၆။ | ရခိုင် | ရက္ခသ္သ-အာရက္ခ-ရက္ခ-ရက္ခိုက်-ရက္ခို-ရက္ခိုင်-ရခိုင် |
| ၇။ | ဓညဝတီ | ဆန်ရေစပါးပေါကြွယ်ဝသောတိုင်းပြည် |
| ၈။ | မဟာသကတိုင်း | ရက္ခပူရ-ရက္ခသ္သဒေသ-ရခိုင်ပြည် |
| ၉။ | ပထမဓညဝတီ | မာရယုမင်းဆက် ၅၇ ဆက်က ဘီစီ ၃၂၇၈ မှ ၁၄၆၉ အထိ နှစ်ပေါင်း ၁၈၁၈ နှစ်ကြာမြင့်ခဲ့သည့် ရခိုင်ပြည် |
| ၁၀။ | ဒုတိယဓညဝတီ | ကမ္ဘုရာဇာ(ခ)ကံရာဇာကြီးမင်း ၂၈ ဆက်က ဘီစီ ၁၄၄၅ မှဘီစီ ၅၄၂-အထိနှစ်ပေါင်း ၉၀၃ နှစ်ကြာမြင့်ခဲ့သည့် ရခိုင်ပြည် |
| ၁၁။ | တတိယဓညဝတီ | စန္ဒသူရိယမင်း ၂၅ ဆက်က ဘီစီ ၅၄၂ မှ အေဒီ ၃၆၄ အထိ နှစ်ပေါင်း ၉၀၆ နှစ်ကြာမြင့်ခဲ့သည့် ရခိုင်ပြည် (မြန်မာနိုင်ငံတော် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ၂၀၀၃ခုနှစ် ဩဂုတ်ကစတင် တူးဖော် |

http://www.dhammadownload.com



| | | |
|---|---|---|
| | | တွေ့ရှိ ထားပြီးဖြစ်ပါသည်)။ မဟာမုနိ စက်တော်၏ တောင် ဘက်ကပ်လျှက်တည်ရှိသည်။ |
| ၁၂။ | မောရပပ္ပတတောင် | သောလာဂီရိ ကျောက်တော်တောင် |
| ၁၃။ | သီရိမာနဒီ | သရီချောင်း |
| ၁၄။ | ကျောက်ပန်းတောင်းမြို့ | ပထမဓညဝတီနှင့် ဒုတိယဓညဝတီ ကြားကာလ မြို့တော် ကစ္ဆပနဒီမြစ်ဖျား မီးချောင်းအညာဘက်၌ တည်ရှိသည်။ |
| ၁၅။ | နီလာပန်းတောင်းမြို့ | ကျောက်တော်မြို့နှင့်ပလက်ဝမြို့အကြားကစ္ဆပနဒီ မြစ်၏ အနောက်ဘက် နီလာပန်းတောင်းတောင်ပေါ် မြို့တော် |
| ၁၆။ | စန္ဒသူရိယ | နေဝင် လထွက်ချိန်၌မွေးဖွားသူ မဟာ-၇၂တွင်ဖွားမြင်၊ မဟာ-၉၇ တွင်မိဖုရားစန္ဒီမာလာနှင့် လက်ဆက် နန်းတက်၊<br>မဟာ-၉၇တွင်နတ်ရွာစံ။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် ပြုသည့်နှစ်ဖြစ်သော မဟာသက္ကရာဇ်(၁၄၈)ကို ဒုတိယအကြိမ်ဖြိုသောမင်း။ ယင်းအချိန်မှစ၍ ကောဇာ-၁၊ သာသနာ-၁ ဟူ၍စတင်လာသည်။ |
| ၁၇။ | ဗုဒ္ဓဂေါတမဘုရားရှင် | ကောဇာ-၆၈တွင်မွေးဖွား၊ ကောဇာ-၉၇တွင် တောထွက်၊ ကောဇာ-၁၀၃ သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိ၊ မဟာ-၁၂၃ ဓညဝတီမြို့တော်သို့ကြွလာ၊ မဟာ-၁၄၈ တွင်ပရိနိဗ္ဗာန် ပြုတော်မူသည်။ |
| ၁၈။ | ကစ္ဆပနဒီ | ရခိုင်ယဉ်ကျေးမှုများစီးဆင်းရာ ကုလားတန်မြစ် |
| ၁၉။ | တောင်ပေါက်ကြီးကျောက်စာ | ဗုဒ္ဓဘုရားရှင်ဓညဝတီပြည်သို့ကြွလာကြောင်းရေးထိုး ထားသည့်ကျောက်စာ။ ကျောက်စာဝန်ဦးစံရွှေဘုနှင့် တပည့် ဦးဦးသာထွန်းတို့က ၁၉၃၂-ခုနှစ် ဧပြီလတွင် ကျောက်တော် တောင်နှင့်မဟာမုနိ သွားရာလမ်း အကြား တောင်ပေါက်ကြီး ကျေးရွာအနီး၌ တွေ့ရှိ ခဲ့ခြင်းဖြစ်သည်။ ပြဟ္မီအက္ခရာ၊ ပါဠိဘာသာဖြင့်ရေး ထိုးထားပါသည်။ |

http://www.dhammadownload.com



၂၀။ သမ္ဗဒါနပကာရနကျမ်း — ဘုရားရှင်ဓညဝတီမြို့တော်သို့ ကြွလာကြောင်းညွှန်းဆို
Sarvasthana Pakarana — ထားသည့်အထောက်အထားကျမ်း

၂၁။ သတ္တုဗိမ္ဗသုတ္တန် — ဗုဒ္ဓဆင်းတုတော်မြတ်သွန်းလုပ်ကိုးကွယ်ရခြင်း၏ အကျိုးကို ဘုရားရှင်ဟောတော်မူသည့်တရား

၂၂။ သက္ကရာဇ်ဖြိုခြင်း(၄)ကြိမ်

ပမထအကြိမ် ရာလမာယုမင်းကြီး ဒုတိယဓညဝတီ မိဘဇ်စီကိန်း (၈၆၄၅) ဘုရားမပွင့်မီ
ဒုတိယအကြိမ် စန္ဒသူရိယမင်း တတိယဓညဝတီ ဇီဝကကိန်း(၁၄၈)ဖြို ပရိနိဗ္ဗာန်ပြု သောနှစ်
တတိယအကြိမ် သူရိယစိတြမင်း တတိယဓညဝတီ နေဥ္ဌကိန်း(၆၀၉)ကိုဖြို။
စတုတ္ထအကြိမ် သီရိစန္ဒြမင်း ဝေသာလီ ဥတ္တမကိန်း(၅၆၀)ကိုဖြိုသည်။

၂၃။ စတုလောကပါလ — ကမ္ဘာလောကတစ်ခွင်ကိုစောင့်ရှောက်သည့် နတ်မင်းကြီး

၂၄။ ဒေဝ — နတ်

၂၅။ ဗျာလ္လ — နဝရူပ

၂၆။ စက္က — လှည်းဘီး

၂၇။ ဇာတက — ဇာတ်တော်

၂၈။ မင်္ဂလ — မင်္ဂလိုင် အလယ်ဗဟို

၂၉။ သာဝက — ဘုရားရှင်၏တပည့်သားသံဃာ

၃၀။ တိပိဋက — ဘုရားရှင်၏ပိဋကတ်သုံးပုံ

၃၁။ ဂါထာ — ပါဠိဘာသာ၊ ဥပမာ ယေဓမ္မာဟေတုပဘာဝါ . . အကြောင်း
တရားကြောင့်အကျိုးတရားဖြစ်သည်ဟု ရှင်အဿဇိ မထေရ်က အရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်လောင်း လျာတို့အားဟောကြားသည့် ဗုဒ္ဓတရားအနှစ်ချုပ်ဂါထာ

၃၂။ ပရိနိဗ္ဗာန — ပရိနိဗ္ဗာန်ပြုသည်

၃၃။ ဝသုန္ဒရီ — မြေစောင့်နတ်သမီး

၃၄။ ဝေသာလီ — ဝေ-အထူးထူးအပြားပြားသော၊ သာလီ-ကောက်ပဲ သလဲ ပေါ်များခြင်း

၃၅။ မဟာတိုင်းစန္ဒြား — ဒွေင်စန္ဒြ ဟုလည်းခေါ်သည်။ ဝေသာလီကျောက်လှေကားမြို့တော်ကို စတင်တည်ထောင်သည့်မင်းကြီး

http://www.dhammadownload.com



၃၆။ အာနန္ဒစန္ဒြကျောက်စာ

ဂါထာပေါင်း(၇၁)ဂါထာပါဝင်လျှက် ဝေသာလီခေတ်၏ မင်းစဉ် မင်းဆက်များနှင့်တကွ ဘုရင်မင်းမြတ်များ၏ဘာသာသာသနာရေး ဆောင်ရွက်ပုံ၊ နိုင်ငံခြားနှင့် ကူးလူးဆက်ဆံပုံတို့ကို ရေးထိုးထားသည်။ ကျောက်စာတိုင်မှာ လေးမျက်နှာပါရှိပြီး၊ မျက်နှာတစ်ဘက်စီသည် နှစ်ပေလေးလက်မကျယ်သည်။ အမြင့် ရှစ်ပေ ၇ လက်မခန့်ရှိသည်။ အရှေ့ဘက်၊အနောက်ဘက် နှင့်မြောက်ဘက်တို့တွင် ဖြဟ္မီပွား အက္ခရာဖြင့်ရေးထိုးထားပြီး အရှေ့မျက်နှာ၌ ရေးထိုးထားသည့် စာသည်ရှေး အကျဆုံးဖြစ်သည်။ အက္ခရာစာလုံးများ၏ပုံသဏ္ဌာန်အရ အေဒီ ၆-ရာစုမတိုင်မီဝေသာလီ ဒုတိယခေတ်က ရေးထိုးခဲ့သည်ဟု ပညာရှင်များကခန့်မှန်းကြသည်။ အနောက်ဘက်မျက်နှာပါအက္ခရာ ရှေ့ပြေးနာဂရီ အက္ခရာအဖြစ် ပြောင်းလဲလာခဲ့ပြီးအေဒီ ၇၂၉ ခန့်ကဟုခန့်မှန်းရသည်။ မြောက်ဘက်မျက်နှာတွင်အေဒီ ၆-ရာစု ခန့်က ရေးထိုးမည်ဟုခန့်မှန်းရပြီး ရှေ့ပြေးဘင်္ဂလီ အက္ခရာနှင့် သဏ္ဌာန်တူသည်။ ဤအာနန္ဒစန္ဒြ ကျောက်စာကဲ့သို့နှစ်ပေါင်း(၂၀၀)စီခြားလျှက်ပြောင်းလဲလာသော ဖြဟ္မီပွားအက္ခရာ သုံးမျိုးဖြင့် ရေးထိုး ထားသည့် ကျောက်စာမျိုးကမ္ဘာပေါ်တွင်အလွန်ရှားပါးသည်ဟု ပညာရှင်များက မှတ်ချက် ပြုကြသည်။

၃၇။ ဟာရီကေလ(Harikala)

ဝေသာလီကျောက်လှေကားခေတ်မှဆင့်ပွား ခေတ်ပေါ်ပေါက်လာခဲ့ပြီး ဟာရီကေလ ဒင်္ဂါးကိုထုတ်လုပ်သုံးစွဲခဲ့ကြသည်။

၃၈။ စတုတ္တသင်္ဂါယနာ

သီရိစန္ဒြားမင်း(အေဒီ၅၆၀-၆၃၈)လက်ထက်တွင် သီဟိုဠ်မှသံဃာ (၁၀၀၀)ပါး၊ ရခိုင်မှသံဃာ(၁၀၀၀)ပါးဖြင့်ဝေသာလီမြို့တော်အနီး ရွှေတောင်ကုန်းပေါ်၌

http://www.dhammadownload.com



အရှင်စူဠရေဝမထေရ်ကြီးမှူးလျှက်စတုတ္ထ အကြိမ် သင်္ဂါယနာတင်ခဲ့သည်။ ဝိနည်း(၅)ကျမ်းကို ကြေးဝါ(၂၅၀)ချပ်၊ သုတ်(၃)ကျမ်းကို(၉၁၀)ချပ်၊ အဘိဓမ္မာ(၇)ကျမ်းကို(၈၄၀)ချပ် စုစု ပေါင်းကြေး ဝါအချပ်ရေ(၂၀၀၀)ကို တစ်နှစ်အကြာ တင်သည်။ အဋ္ဌကထာပိုင်း တွင်ဝိနည်း(၅)ကျမ်းကို ကြေးနီ (၇၅၀)ချပ်၊ သုတ်(၃) ကျမ်းကို(၁၅၀၀)ချပ်၊ အဘိဓမ္မာ(၇)ကျမ်းကို(၆၉၀)ချပ်၊ ဝိသုဒ္ဓိမဂ် ကျမ်းကို (၆၀)ချပ်၊ စုစုပေါင်းကြေးနီ ချပ်ရေ (၃၀၀၀)ဖြင့် နှစ်နှစ်ကြာတင်ခဲ့သည်။ ကြေးပြားချပ်မှာ အလျား တစ်တောင့်တစ်ထွာ၊ အနံ (၁)တောင်နှင့် အထူမှာ(၁) မူးရှိသည်။ နှစ်ဘက်စလုံး၌ ရေးထိုးပြီး စာကြောင်းရေ (၂၇)ကြောင်းစီရှိသည်။

သင်္ဂါယနာတင်ပွဲကို အရှေ့တောင်အာရှတွင် ပထမ ဆုံးဖြစ်မည်ဟု သမိုင်းဆရာအချို့က ဆိုကြ သည်။

၃၉။ ပူရေပူရမြို့ ဘင်္ဂါ(၁၂)ခွင်မှရခိုင်ပိုင်နက်မြို့၊ အာနန္ဒစန္ဒြရ ကျောက်စာတွင် "ပူရေပူရ မြို့မှလူတို့၏အရှင်မင်း မဟာဝီရသည် ထိုအခါ တရားတော်နှင့်အညီ ၁၂- နှစ်တိုင်အောင်မင်းပြုလေ၏" ဟုပါရှိသည်။ တိုလမီပထဝီဝင်မြေပုံတွင်"ဘရကုရ"မြို့ ဟုဖော် ပြသည်။ ဂင်္ဂါမြစ် အရှေ့ဘက်ကမ်းတွင် တည်ရှိ၍ ရခိုင်တို့၏ကူးသန်းရောင်းဝယ်ရာဆိပ်ကမ်းမြို့ဖြစ်သည်။

၄၀။ သုဝဏ္ဏဒေဝီစောပြည့်သို့ ဝေသာလီမင်းဓမ္မစန္ဒြ(သိင်္ဂစန္ဒြ)၏မိဖုရား၊ နရေန္ဒြ ဝိဇယ၏ နှမရင်းချာ၊ ဘုရင့်သမီးတော်၊ ဘုရင့်နှမတော်၊ ဘုရင့်ချွေးမတော်၊ ဘုရင့်မိဖုရားနှင့် ဘုရင်နှစ်ပါး၏မယ်တော်ကြီး၊ မဟာသွေးသားများ ဖြစ်သည်။သိန်ကန်မိန်တွင်သျှိုးလိုက် ရတုကို စပ်ဆိုခဲ့ သည်သာမက ကဝိကဏ္ဍပါသနကျမ်း၊ ကဝိဂန္ဓ ကျမ်းတို့ကိုပါငြိ၊ သက္ကတဘာသာမှ ရခိုင် ဘာသာ

http://www.dhammadownload.com



| | | |
|---|---|---|
| | | သို့ပြန်ဆို ခဲ့သည့်အပြင်ယင်းခါကထင်ရှားသော သက္ကတဘာသာဖြင့် ရေးသားထားသည့်ကာလီဒါသ၏ "သျှရုတဗောဓကျမ်း"ကိုလည်း ရခိုင်အသံနှောလျှက် ဘာသာပြန်ဆိုရေး သားခဲ့သော ထူးချွန်သည့် စာဆိုပညာရှင်ဖြစ်သည်။ |
| ၄၁။ | မေဓပညာအမတ်စာဆို | အေဒီ ၇-ရာစုကထင်ရှားသည့် စာဆိုအမတ်ကြီးဖြစ်သည်။ရခိုင်တို့၏ပထမသင်္ဂါယနာ(သို့)မဇ္ဈိမဒေသစတုတ္ထ သင်္ဂါ ယနာတင်မော်ကွန်းလင်္ကာကိုရေးစပ်ခဲ့ပြီး၊ မေဓပညာ အမတ်ကြီးရေးသားသည့်မေဓပညာမော်ကွန်းစာကိုလည်း ရေးစပ်ခဲ့သည်။ |
| ၄၂။ | ဓမ္မဇေယျအမတ်ကြီး | ဗျည်း(၃၃)လုံးလေ့တော်သံကဗျာကိုစပ်ဆိုရေးသားသူဖြစ် သည်။ (သာသနာ ၁၂၀၀-၁၂၆၀) |
| ၄၃။ | မဟာကျန်ဆင်းတုတော် | မဟာမုနိစက်တော်အားသွန်းလောင်းပြီးနောက်ကျန်ရှိသည့် နဝ/ပဥ္စလောဟာတို့ဖြင့် သွန်းလောင်းသည့် ဗုဒ္ဓဆင်းတုတော်များ |
| ၄၄။ | မဟာကိုန် | ဘုရင်မင်းမြတ်များဘိသေကခံသစ္စာကိုန်ဆိုသည့်ဘုရား ဆင်းတုတော်များ |
| ၄၅။ | စူဠစန္ဒြားမင်း | စူဠမဟာရာဇာဟုလည်းခေါ်သည်။ "စူလမဟာရာဇာ"အမည်ဖြင့် ရက္ခဝဏ္ဏအက္ခရာပါ ဒင်္ဂါးကိုတွေ့ရှိထားပြီးဖြစ်သည်။ |
| ၄၆။ | စစ်တကောင်း | စစ်မတိုက်ကောင်းမြို့ဟုခေါ် ရာမှ နှစ်ပေါင်းကြာလာသည့်အခါ စစ်တကောင်းမြို့ ဟုခေါ် ဝေါ်လာခြင်းဖြစ်သည်။ |
| ၄၇။ | ဒေဝဒူတသုတ္တန် | မဟာရေဝထေရ်(ခ)မဟာဒေဝရဟန္တာထေရ်မြတ်ကဥဇ္ဇေဝတီ ပြည့်ရှင် ဘုရင်သူရိယစက္ကအား ဟောကြားသည့်သုတ္တန် |

http://www.dhammadownload.com



| | | |
|---|---|---|
| ၄၈။ | ထမ္မရာဇ်စစ်သေနာပတိ | စူဠစန္ဒြားမင်းကြီး၏ သက်တော်စောင့် စစ်သေနာပတိကြီး စစ်တကောင်းအရှေ့မြောက်အရပ်၊ တောတောင်ထူထပ်ပြီး လူသူအရောက် အပေါက်နည်းသောဒေသ တြိပူရ (Chittagong Hill Tracks Tripura) ကံသာမြို့ကို တည်ထောင်သူ |
| ၄၉။ | ကြေးဆီမီးခွက် | "အာယာနာကောင်းမှု" ရက္ခဝဏ္ဏဖြင့်ရေးထိုးထားသည့်ကြေးဆီမီး ခွက်၊ ဝေသာလီ၏စာပေနှင့် ယဉ်ကျေးမှုကိုဖော်ပြသည်။ |
| ၅၀။ | ခေါင်းလောင်းစာ | ဝေသာလီကြေးခေါင်းလောင်းများတွင် ရေးသားထားသည့်စာ။မြောက်ဦးမြို့နယ်ပြိုင်းတောင်ရွာနှင့် အဘောင်တော်အင်းတို့မှကြေး ခေါင်းလောင်းများ ရရှိထားသည်။ |
| ၅၁။ | ဒင်္ဂါးစာ | ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများ၌ရေးထိုးထားသည့်စာ။ |
| ၅၂။ | ကြေးနီပြားစာ | ကြေးနီပြားများ၌ရေးထိုးထားသည့်စာ |
| ၅၃။ | ပေစာ | ပေရွက်များပေါ်တွင် ရေးထိုးထားသည့်ရှေးဟောင်းပေစာ |
| ၅၄။ | ကျောက်စာ | ကျောက်တုံးကျောက်ပြားများပေါ်တွင် ထွင်းထုရေးသားထားသည့် ကျောက်စာ |
| ၅၅။ | ပရပိုက်စာ | ပရပိုက်များအဖြစ်ရေးထိုးခဲ့သောစာ |
| ၅၆။ | စတူပါ | ကျောက်စေတီငယ် ။ မုတ်တံကဲဗုဒ္ဓဆင်းတုတော်များပါရှိသည့် စတူပါ၊ ကျောက်စာရေးထိုးပါရှိသည့် စတူပါနှင့် စာရေးထိုးပါရှိခြင်း မရှိသောစတူပါများကို ရခိုင်ပြည်အနှံ့အပြားတွင်တွေ့ရသည်။ စာရေးထိုးထားသောစတူပါများတွင် ယေဓမ္မာဂါထာတော်ကို ရေးထိုး ထားသည်ကိုအများအားဖြင့်တွေ့ရသည်။ |
| ၅၇။ | ဝေသာလီဒင်္ဂါးများ | ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများထုတ်ဝေခဲ့သည်။ ဝေသာလီအစောပိုင်း အေဒီ ၅-ရာစုကပင် ထုတ်လုပ်ခဲ့ပြီး ပုံစံအမျိုးမျိုးကိုတွေ့ရသည်။ နွားလား ဉသဘဘယ်လှည့်ညာလှည့်အရုပ်များ၊ ကင်းမြီးကောက် |

http://www.dhammadownload.com



အရုပ်များ၊ သီရိဝစ္ဆများ ပါဝင်သည်။ ဒင်္ဂါးများအပြင် အလွယ်တကူလဲလှယ် နိုင်မည့် ငါးမူးစေ့၊ မတ်စေ့များကိုထုတ်လုပ်ခဲ့သည်။ ဥပမာ-ဘူမိစန္ဒြ ငါးမူးစေ့၊ နီတိစန္ဒြငါးမူးစေ့၊ နီတိစန္ဒြ မတ်စေ့နှင့် ဝီရစန္ဒြမတ်စေ့များဖြစ်သည်။

၅၈။ အဋ္ဌနနဒီ — လေးမြို့မြစ်

၅၉။ လေးမြို့ခေတ် — ပဋ္ဌာမင်းဆက်၊ ပရိန်မင်းဆက်၊ စမ္ဗဝက်မင်းဆက်၊ နေရဉ္စရာတောင်ငူ မင်းဆက်၊ လောင်းကြက်မင်းဆက်များက အဋ္ဌနနဒီလေးမြို့မြစ် ဝဲယာကို အခြေခံလျှက်ထူထောင်စိုးစံခဲ့ကြသောရခိုင်ပြည်ထောင်၏ ခေတ်ကြီးတစ်ခေတ်ဖြစ်သည်။ အေဒီ ၈၁၈ မှ အေဒီ ၁၄၃၀ အထိ မင်းပေါင်း(၆၀) စိုးစံတော်မူခဲ့သည်။

၆၀။ ခေတ္တာသင်မင်း — လေးမြို့ခေတ်ဦးပဋ္ဌာမင်းဆက်ကို စတင်တည်ထောင်သည့်မင်း

၆၁။ မင်းရင်ဖြူ — ပဋ္ဌာမင်းဆက်၏တတိယမြောက်မင်းကြီး၊ အေဒီ ၈၄၇-ခုနှစ်တွင်သီဟိုဠ် နိုင်ငံမှသံဃာတော်(၈၀၀)၊ ရခိုင်ပြည်မှသံဃာတော်(၈၀၀) ပါးဖြင့် ပဌမသင်္ဂါယနာ(ရခိုင်ပြည်တွင်း၌ ကေဒသမမြောက်သင်္ဂါယနာ)တင်ခဲ့သည်။ ပတ္တားခတ်ထားသောရွှေပြားပေါ်တွင် ရက္ခ ဝဏ္ဏအက္ခရာဖြင့် ရေးထိုးခဲ့သည်။

၆၂။ ကောလိယမင်း — ပရိန်မင်းကြီးဖြစ်သည်။ လောင်းကြက်တောင်မော်တောင်တန်း၏ မြောက်ဘက်၌သဘာဝကျောက်တောင်ကြီးတွင်အလျှုမှတ်တမ်း ကျောက်စာရေးထိုးခဲ့သည်။ လောင်းကြက်တောင်မော်ကျောက်စာဟုခေါ်ပြီး၊ အလျား ၅၅ပေ၊ အနံ ၃၀-ပေခန့်ရှိသည်။ အေဒီ (၁၁၁၈-၁၁၂၃) ကာလဖြစ်၏။

၆၃။ ဒသရာဇာမင်း — ကောလိယမင်း၏သားတော်။ ဘိသေကဆင်းတုတော်တစ်ဆူမှာ ရန်ကုန်မြို့ အမှတ်(၄၇/ခ) ပြည်ထောင်

http://www.dhammadownload.com



စုလမ်း (ဗဟန်း)နေအိမ်တွင် ကိန်းဝပ်လျှက်ရှိသည်။ "ရန္ဒမဥ္ဇူကောင်းမှု၊ သက္ကရာဇ် ၄၈၈ တန်ခူးလဆန်း ၁၁ ရက်စနေနေ့ နေဝင်ချိန်နှစ်မောင်းတွင် အောင်မြင်သည်" မဟာမုနိရုပ်ရှင်တော်ကိုပြန်လည်ရှာဖွေလျှက်ဆန်း ကြယ်ထူးခြားစွာ ပူဇော်ခဲ့သူဖြစ်သည်။ "မဟာမုနိ၏ ဒုတိယဒါယကာ" ဟုပင်တင်စားခြင်းခံရသည်။ သိကြားမင်းချီးမြှင့်သည့်လှံပုံတော်ကို ရခိုင်ဘုရင်များအနက် (၁၀)ဆက်မြောက်ရရှိသူဖြစ်၍ ဒဿရာဇာဟုသမုတ်ကြသည်။ဘုန်းသမ္ဘာ ကြီးမားသူဖြစ်သည့်အားလျော်စွာသီဟိုဠ်နိုင်ငံမှ မဟာဝိဇယဗာဟု မင်း၏ တောင်းပန်ချက်အရ ရခိုင်သံဃာတော် (၂၆)ပါးကို သီဟိုဠ် နိုင်ငံသို့ သာသနာပြုရန်စေလွှတ်ခဲ့သည်။

၆၄။ လက်ျာမင်းနန် — ပရိန်မြို့တော်သစ်ကိုတည်ထောင်သည့်မင်း

၆၅။ မင်းဖုန်းစား — ခြိတ်မြို့တော်ကိုတည်ထောင်သည့်မင်း

၆၆။ မဥ္ဇူသင်မင်း — နေရဥ္စရာတောင်ငူမြို့ကိုတည်ထောင်သည့်မင်း

၆၇။ အလောမာဖြူမင်း — လောင်းကြက်မြို့ကိုတည်ထောင်သည့်မင်း။ သီဟိုဠ်သို့ သာသနာပြုအဖွဲ့ စေလွှတ်ခဲ့သည်။

၆၈။ ဘုရင်မင်းထီး — လောင်းကြက်မင်းဆက်၏(၉)ဆက်မြောက် ဖြစ်သည်။ အသက်(၇) နှစ်အရွယ်ကပင် တိုင်းပြည်ကိုရင်ခွင်ပိုက်အုပ်ချုပ်ခဲ့ပြီး နန်းသက် (၁၀၆)နှစ်တိုင် ဘုန်းသမ္ဘာရင့်မာစွာစိုးစံခဲ့သည်။ ဥပဒေကိုအလေး ထားပြီးမင်းကျင့်တရားနှင့်အညီအုပ်ချုပ်ခဲ့၍ ရခိုင်ပြည်ထောင်ရေနှယ် အေးပြီးပန်းနှယ်မွှေးခဲ့သည်။ သားမကောင်းလျှင် အဘ၊ သမီး မကောင်းလျှင် အမိ၊ မယားမကောင်းလျှင် လင်၊ တပည့် မကောင်း လျှ င် ဆရာ၊ ကျွန်မကောင်းလျှင် အရှင် တို့တွင်တာဝန်ရှိသည်ဟု ဥပဒေပြဋ္ဌာန်းစီရင်ခဲ့သည်။ (အေဒီ၆၄၅-၇၅၁)။ ဥပဒေအရာ၌ မိမိလက်ကိုဖြတ်ခဲ့သည်အထိ မိမိကိုယ်တိုင် လိုက်နာခဲ့သည့်စံပြမင်း တစ်ပါးပါပေ။

http://www.dhammadownload.com



၆၉။ မင်းထီး၏သစ္စာအဓိဋ္ဌာန် — ဘုရင်မင်းထီးသည် မဟာမုနိရုပ်ရှင်တော်မြတ်ထံ၌ လက်စွဲတော် စိပ်ပုတီးကို ဘုရားရှင်ရှေ့မှောက်တင်တော်မူပြီး ပြုတော်မူသည့် အဓိဋ္ဌာန်- မြတ်စွာဘုရားရှင်ကိုစောင့်ရှောက်တော်မူကြသည့် နတ်အပေါင်းနှင့် သာသနာငါးထောင်ကို စောင့်ရှောက်တော်မူကြသည့် နတ်အပေါင်းတို့ သိတော်မူစေအပ်ပါသည်။ ငါတမူကား-ဤဘဝပတ်လုံးခန္ဓာတည်သရွေ့ ဒါန သီလဘာဝနာနှင့်မွေ့လျော် တော်မူလျှက် နေ့ရက်ကို ကုန်စေအံ့ ဟုမှတ်ယူခဲ့ပါသည်။ ယခုရန်သူ များသည် ငါ၏တိုင်းနိုင်ငံကို ရန်ပြုလာသည်ဖြစ်သောကြောင့် ဘုန်းလက်ရုံးတန်ခိုးကိုပြပြီးမှသာလျှင် တိုင်းနိုင်ငံလုံးအံ့စေသတည်း။

၇၀။ မဟာဗောဓိကျောက်စာ — ဘုရင်မင်းထီးသည် သာသနာပိုင်အရှင်သီရိဓမ္မရာဇဂုရုကိုယ်တိုင် ကြပ်မတ်လျှက် အိန္ဒိယနိုင်ငံဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော် ကို ၃-နှစ်ခန့်အချိန်ယူပြီး ရှေးမူမပျက်ပြုပြင်ခဲ့ကြောင်း ရက္ခဝဏ္ဏာရခိုင် စာပေဖြင့် ရေးထိုးထားသည့်ကျောက်စာ

၇၁။ လောကသာရပျို့ — အေဒီ ၁၃၃၃-၁၃၄၃ တွင် ရခိုင်သူမြတ်အဂ္ဂသာရအရှင် စပ်ဆိုခဲ့သည်။ အကောင်းဆုံး၊ လူသိအများဆုံး၊ ကာရန်သတ်ပုံအမှန် ကန်ဆုံးသောထူးခြားသည့် ပျို့တစ်စောင်ဖြစ်သည်ဟုမြန်မာစာပေ ပါရဂူဆရာ တစ်ဆူဖြစ်သောဆရာကြီးမင်းသုဝဏ်ကဆိုသည်။

၇၂။ လေးမြို့ခေတ်မြို့တော်များ — (က)ပဥ္စာမြို့ -ယခုဆင်အိုးကျေးရွာ၊မြောက်ဦးမြို့နယ်
(ခ)စမ္ဘဝက်မြို့- ယခုစင်းပြွန်းကိုင်း(စမ္ဘဝက်ကိုင်) ကျေးရွာ၊ မြောက်ဦး မြို့နယ်
(ဂ) နေရဉ္ဇရာတောင်ငူ-ပန်းမြောင်းကျေးရွာ၊ မင်းပြားမြို့နယ်
(ဃ) ပရိန်မြို့- မြက်ရိတ်ကျွန်းကျေးရွာ၊ မြောက်ဦးမြို့နယ်

http://www.dhammadownload.com



(င) လောင်းကြက်မြို့- ပေါင်းတုတ်ကျေးရွာ၊ မြောက်ဦးမြို့နယ်

၇၃။ လေးမြို့ခေတ်ခံယူချက် — တစ်မင်းမကောင်း တစ်မင်းပြောင်း စံနစ်

၇၄။ အမတ်ကြီးဇေယျဗိုလ် — ဓမ္မဇေယျအမတ်ကြီးဟုလည်းခေါ်သည်။ ကဝိကျော်တစ်ဦးဖြစ်သည်။ ဘင်္ဂါ(၁၂)ခွင်မှ သက်နှင့်ကုလားသောင်းကျန်းယုက်ကွဲခြင်းကိုနှိမ်နင်းရန် နိမိတ်တိတ်ထုံကို "ထိုငှက်ကြီးကြာ၊ နံမှာကုလား၊ မှောက်မှား ရေယှက်၊ သက်ကားသရေ၊ မိတ်ဆွေပြုလျှက်၊ ခြားနားချက်မှာ၊ တိတ်အလာပေ၊ သရေနှင့်ငှက်၊ ပျံလျှက် မလွတ်၊ ကိုင်းညွတ် တုံလာ၊ ချင်းအစာလည်း၊ မကွာစုံဖက်၊ ပို့ဆက်လာပြန်၊ ထိုကျွန်နှစ်ပါး၊ ကုလားနှင့်သက်၊ ငှက်နှင့်သားရေ၊ အနေမယွင်း၊ ချက်ချင်းမကြာ၊ အောင်မြင်ပါမည်" ဟုလျှောက်တင်ရာ အောင်မြင်သဖြင့် ဘုရင်က ဆင်ပေါက်တစ်စီးဆုချီးမြှင့်လေသည်။

၇၅။ အခွန်ကောက်ခံမှုစံနစ် — တစ်နှစ်လျှင်အိမ်ကြီးငါးသပြာ၊ အိမ်ငယ်နှစ်သပြာခွဲ၊ အစိုးအင် သားများမှာ အိမ်ကြီးဆယ်သပြာ၊ အိမ်ငယ် ငါးသပြာ၊ အရိုင်း တောင်သူတို့မှာ ဒါးတစ်စင်းယာ တစ်ခင်းလျှင် သုံးသပြာစီ၊ အမှုထမ်း ကိုယ်ရံနှင့် ကင်းသား၊ ဒိုင်းသား၊ ဟာရီစီရီတို့ အခွန်ကင်းလွတ်ခွင့်ရကြသည်။

၇၆။ တရားစီရင်ရေး — ခိုးမှု၊ မုဒိန်းမှုတို့ကို နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ နယ်နှင်ဒဏ်ပေးခြင်းများရှိသည်။ တစ်ချို့ကအင်္ဂါကြီးငယ်ကိုဖြတ်၍စီရင်သည်။ တစ်ချို့မှု မုဒိန်းတန္တကို ကြိန်ဒဏ်မပေး၊ ထိုက်လျောက်သော ဥစ္စာပေး၍ လုပ်ကိုင်စားသောက်စေသည်။ (၃)ကြိမ်ပြုပြင်၍ မရကနယ် နှင်ဒဏ်ပေးသည်။ မြေမှု၊ ရေမှု၊ ငွေမှုတို့ကိုပြည်စိုးတို့ကစီရင်ရသည် တစ်ဦးတည်းဆုံးဖြတ်၍ မရသောအမှုကိုအမတ်(၄)ဦးက စုံဆုံးဖြတ်ရသည်။ ခိုးမှု၊ ယိုးမှုတို့ကိုရိုက်ပုတ်၍မစစ်ဆေးရ ပညာဖြင့်ပေါ်

http://www.dhammadownload.com



| | | |
|---|---|---|
| | | လာအောင်စစ်ဆေးရသည်။ ခိုးမှုမြောက်လျှင် ဟာရီ အစို့တွင်ဖြည့်သည်။ လူသတ်မှုကိုသေ ဒဏ်ပေးသည်။ |
| ၇၇။ | ဗုဒ္ဓစာပေ | တစ်ပြည်လုံးရှိကျောင်းတိုက်ကြီးများတွင် သီဟိုဠ်မူပိဋကတ်မူရင်းကို သာသင်ကြားစေသည်။ လွယ်ကူစွာသင်ယူနိုင်ရန် ဘုရင်မင်းများက မူရင်းအတိုင်း ကူးယူဖြန့်ဖြူးလှူဒါန်းပေးကြသည်။ |
| ၇၈။ | မုနိုင်းဆူ(မင်းရင်ဖြူ) | (၁) ဒေဝမုနိစပါးဆိပ်ကျေးရွာအနီး၊ ကျောက်တော်မြို့နယ်<br>(၂) စူဠာမုနိညောင်ချောင်းကျေးရွာအနီး၊ ကျောက်တော်မြို့နယ်<br>(၃) ရာဇမုနိရွာမပြင်ကျေးရွာအနီး၊ ကျောက်တော်မြို့နယ်<br>(၄)သကျမုနိ - ကျောက်ကြပ်ကျေးရွာ အနီး၊ ကျောက်တော်မြို့နယ်<br>(၅)စန္ဒမုနိ - တောင်ဦးကျေးရွာအနီး၊ မြောက်ဦးမြို့နယ် |
| ၇၉။ | မြောက်ဦးခေတ် | အေဒီ ၁၄၃၀-၁၇၈၄ ထိကြာမြင့်ခဲ့ပြီးမင်း(၄၈)ဆက်အုပ်စိုးခဲ့သည်။ |
| ၈၀။ | မင်းစောမွန်(ခ)နရမိတ်လှ | မြောက်ဦးမြို့တော်သစ်ကို တည်ထောင်သူ ။ "ရွှေနန်းသခင် နာရမိတ်လှ" အမည်ဖြင့်ဒင်္ဂါးထုတ်ဝေခဲ့သည်။ |
| ၈၁။ | မင်းခရီ(ခ)နရနု (မင်းစောမွန်၏ညီ) | ညီတော်စေတီနှင့် လောကမဠ္ဍုစေတီများကို တည်ခဲ့သည်။ လောကမဠ္ဍုစေတီမှ တွေ့ရှိရသေ ဌာပနာများမှာ ဈာနမုဒြာရွှေဘုရားကြီး (ယခု ရတနာ့ မာရ်အောင်ကျောင်းတိုက်)နှင့် ဘုရားဆင်းတုတော်များ (ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်) (၃)ခေတ်မှ ဘုရားဆင်းတုတော်များကို စုစည်းဌာပနာထားသည်ကို တွေ့ရသည်။ |
| ၈၂။ | ဘစောဖြူမင်း | မြောက်ဦးခေတ်၏ တတိယမြောက်မင်းဖြစ်သည်။ နိုင်ငံခြားသား များ၏ သောက်သုံးရေဖူလုံရေးကို ရှေ့ရှု |

http://www.dhammadownload.com



လျှက် ဒိုင်းကျီအရပ်တွင်ရေကန်ကြီးတစ် ကန်ကိုတူးဖော်ခဲ့သည်။ "ဒိုင်းကျီယှိယင့် ရီယှိယင့်" ဟုဆိုရိုးစကားဖြစ်ခဲ့သည်။

၈၃။ မင်းဗာကြီး — ဒုတိယမြောက်ဦးခေတ်ကိုတည်ထောင်သည်။ "စောမွန် ပြင်ပြု မင်းဗာတည်ကေ ရွှေမြောက်ဦး" ဟုဆိုစမှတ်ရှိခဲ့သည်။ မင်းဘင်၊ သီရိသူရိယ စန္ဒမဟာဓမ္မရာဇာ ဟုလည်းခေါ်ပြီး "စစ်တကောင်း မင်းဘင်" တစ်ဘက်၊ ပါရှန်စာတစ်ဘက် ရေးထိုးထားသည့် ဒင်္ဂါးများနှင့် "မင်းဘင်သခ်ယာ" တစ်ဘက်၊ ပါရှန်စာတစ်ဘက်ရေးထိုးထားသည့် ဒင်္ဂါးငယ်များကို တွေ့ရှိထားပြီးဖြစ်သည်။

၈၄။ ဘင်္ဂါ(၁၂)မြို့ — (က)မောက်သူဇာ(Murshidahad) (ခ) ဒက္ကား (Dacca) (ဂ)ဂန်ဘီလာ (Gumbila) (ဃ)သီလက် (Shilat) (င)ပဋိက္ကရား (Pattikara) (စ)ဂင်္ဂါသာရ (Gangasara) (ဆ)စစ်တကောင်း (Chittagong) (ဇ)ကံသာ (Kansa)(ဈ)ဂေါတောပလွှင် (Gawtawpalon) (ည)တိလိင်္ဂါ (Tilinga) (ဋ)ဘာရီဆာရ် (Barasal) (ဌ)ရောင်ပူရ် (Rampur)

၈၅။ သျှင်မြဝါ — ဗာရာဏသီမြို့နှင့်မိဂဒါဝုန်တောရှိ ဗိဿနိုး ဆရာထံတွင်အနှစ် (၂၀)တိုင်အောင်လောကီပညာ ရပ်များကိုသင်ကြားခဲ့သည်။မြောက်ဦးမြို့ တောင်ညို ကျောင်းတိုက်၌(နမန္တာ)(ဓားကျမ်း)ကို ရေးသားခဲ့သည်။ မင်းဗာဘုရင်နှင့် ညီအစ်ကိုတော်စပ်ပြီး၊ မဟာပညာကျော်နှင့် ဖွားဘက်ငယ်သူငယ်ချင်းဖြစ်သည်။ မြောက်ဦးမြို့ တော်သက်တမ်းရှည်ရေးအတွက် အသက်ကိုစွန့်စားသွားသည့် တိုင်း ချစ်ပြည်ချစ်ပညာရှင်ဖြစ်သည်။ မြောက်ဦးမြို့တွင် သျှင်ငယ်မြဝါတောင်၊ သျှင်ငယ်မြဝါဂူ ဘုရားတည်ထားရှိသည်။ ဘခင်မှာစိုးတင် မြို့စား မဟာနန္ဒသင်္ကြန်ဖြစ်၍ မယ်တော်မှာ

http://www.dhammadownload.com



ဆင်ကဲကြီး ဦးအောင်ထင်နှင့် စောသန္တာတို့၏ သမီးတော်ဇေယျခေမာဖြစ်သည်။

၈၆။ မဟာပညာကျော် — ငယ်မည်မှာ မြတ်သာထွန်းဖြစ်သည်။ မင်းဇာကြီး၊ သျှင်ငယ်မြဝါတို့ နှင့်အတူ မဇ္ဈိမဒေသ၌ ပညာရပ်များကိုသင်ကြားခဲ့ပြီး၊ မြောက်ဦးခေတ်တစ် လျှောက်ထင်ရှားသည့် ကဝိကျော်တစ်ဦးဖြစ်သည်။ မဟာပညာကျော်၏လျှောက်ထုံးသည်အလွန်ထင်ရှားသည်။ မဟာ ပညာကျော် လျှောက်ထားသည့် တြင်းနမူနာတစ်ခုမှာ ‹ဆင်ဖြူ ပေါင်ကျိုး၊ ထီးဖြူညှိုး၍၊ ပဲခူးဘုရင်၊ ဒွိအရှင်ထံ ဝင်လိမ့်မည်-ဗယံသာဝတီ ပဲခူးမြို့တော်အားတောင်ငူမင်းထံအပ်နှံပြီး ရခိုင် နေပြည်တော်သို့ အပြန်ခရီးအကြား မော်တင်စွန်းသို့ ရောက်ရှိရာ သက်တော်ရှည် မဟာပညာကျော်အမတ်ကြီး အနိစ္စရောက်တော်မူသည်။ မီးသဂြိုဟ်သည့် နေရာပေါ်တွင်စေတီတော် တစ်ဆူကို တည်ထားခဲ့ရာ ယနေ့တိုင် မော်တင်စေတီဟုခေါ် ဝေါ် လျှက်ရှိသည်။

၈၇။ သက်မင်းကောင်းလှဖြူ — သက်ထောင်၊ ဖလံထောင်၊ ဘိုမင်းထောင် စသည်တို့ကိုအုပ်ချုပ် ရသည့်အကြီးအကဲဖြစ်သည်။ ရခိုင်ရိုးရာ ဘာသာစကားယဉ်ကျေးမှု စာပေစသည်တို့ကို ယနေ့တိုင်ထိန်းသိမ်းထားလျှက်ရှိသည်။

၈၈။ မင်းရာဇာကြီး — မြောက်ဦးခေတ်၏(၁၈)ဆက်မြောက်မင်း။ သာသနာစည်ပင်ပြန့်ပွား ရေးကိုအထူးအလေးထားဆောင်ရွက်ခဲ့သည်။ သီဟိုဠ်နိုင်ငံ ဝိမလ ဓမ္မသူရိယမင်းက သီဟိုဠ်၌သာသနာညစ်နွမ်းပျက်စီးနေ၍ ဆရာတော်သံဃာတော်များအား စေလွှတ်သာသနာပြုပေးရန် လျှောက်ထား တောင်းပန်လာသည့်အတွက် မြောက်ဦးမြို့ မြောက်တန်ဆောင် ဆရာတော် အရှင်စန္ဒဝိလာသနှင့် အရံသံဃာတော်(၂၀)ပါးတို့အား သာသနာပြုစေလွှတ်ခဲ့သည်။

၈၉။ အရည်ဝါသီ — တောနေရဟန်းတော်

http://www.dhammadownload.com



၉၀။ ဂါမဝါသီ — မြို့နေရဟန်း

၉၁။ မင်းခမောင်း — အဥ္စနနဒီမြစ်၏လက်တက် ခမောင်းဆိပ်၌တဲနန်းတော်တွင် ဖွားမြင်သောကြောင့် မင်းခမောင်းဟုခေါ်သည်။ နာရဓိပတိဝရဓမ္မရာဇာဘွဲ့ ခံယူသည်။ အေဒီ ၁၆၁၂ခုတွင် ဆင်ဖြူရှင်ဝရဓမ္မရာဇာ ဥသျှောင်သျှာ ဘွဲ့အမည်ဖြင့်လည်းကောင်း၊ အေဒီ ၁၆၁၉ခုတွင် ဆင်ဖြူသခင် ဆင်နီသခင် မင်းတရားကြီး ဥသျှောင်သျှာဘွဲ့အမည်ဖြင့်လည်းကောင်း ဒင်္ဂါးထုတ်လုပ်ခဲ့သည်။

၉၂။ ငကုသလ — နရပတိကြီးဘွဲ့မည်ဖြင့် နန်းဆက်ခံသည်။ ဆင်ဖြူသခင် ဆင်နီသခင် နရပတိကြီးအမည်ဖြင့် ဒင်္ဂါးထုတ်ဝေသည်။ ဤမင်းလက်ထက်မှစ၍ ဒင်္ဂါးနှစ် ဘက်စလုံးတွင် ရခိုင်စာကိုသာထည့်သွင်းခဲ့သည်။

၉၃။ မာရုပ္ပိယ — ဘုန်းကြီးလူထွက် ဂူဖြူ ။ ဤမင်းလက်ထက် ကောဇာ-၁၀၅၈တွင် သီဟိုဠ်ကျွန်းသို့ သတ္တဌာနဆရာတော်ဣန္ဒမဥ္ဇူနှင့်လောင်းကြက် ဆရာတော်တို့ ဦးဆောင်ကြွရောက်သာသနာပြုတော်မူခဲ့သည်။

၉၄။ မိပန်းရုံ — အမတ်ကြီးမဟာပညာကျော်၏ သမီးတော်ဖြစ်သည်။ မိပန်းရုံသည် အမတ်ကြီးရွှေသဲနှင့် လက်ဆက်ခဲ့သည်။ အမတ်ကြီးရွှေသဲ ကွယ်လွန်ပြီးနောက် စိန်တင်မြို့ကိုစားရသည်။ ပညာရည်ကောင်းမွန်သည့်အလျောက် သိရိမလ္လာဘွဲ့ကိုချီးမြှင့်ခြင်းခံရသည်။ ကြားပိမ့်၊ ဗိုလ်လူအံ့ချီးမူလော၊ သောင်းယူဇနာ၊ မြေမျက်နှာထက်၊ မြောက်မှာအာသံ၊ တောင်ရံသီဟိုဠ်၊ နောက်ကိုလှည့်သည်၊ မရွံ့ပြည်နှင့်၊ ဦးတည်ပိုင်းခြား၊ ပင်လယ်ဆင်းအောင်၊ စိုးမင်းတကာ၊ ဦးညွတ်ရာသည် . . . ဟူသော ရခိုင်လူမျိုးနှင့် ရခိုင်ပြည်ထောင်သမိုင်းတွင် အလွန်ထင်ရှားလှသော " ရခိုင်အောင်လံတော်လင်္ကာ" ကို ရေးစပ်လျှက် အမျိုးဘာသာ သာသနာကို ကျေးဇူးဆပ်ခဲ့ပေသည်။

http://www.dhammadownload.com



| | | |
|---|---|---|
| ၉၅။ | အမတ်ကြီးရွှေသဲ | အသက်(၂၀)အရွယ်ကပင် အိမ်ထောင်ကျပြီး အမတ်ကြီးဖြစ်ခဲ့သည်။ နရအဘယရာဇာမင်းလက်ထက်တွင် ဘဏ္ဍာစိုး၊ ရိုးကျွန်းနှင့် စိန်တင်စားအမတ်ကြီးအဖြစ် ဘုရင်၏ သူကောင်းပြုခြင်းကိုခံရသည်။ အမတ်ကြီး၏ နို့ထိန်းရွေးချယ်ရေး လျှောက်ထုံးမှာ အလွန်တန်ဘိုးရှိလှသည်။ နို့ထိန်းမကောင်းသဖြင့် ပျက်စီးရခြင်း၊ အတိဇာတ သားဖြစ်ရန် အလွန်လိုအပ်လှကြောင်း မိန်းမများ၏ အရည်အသွေး အလိုက် နို့ရည်ထွက်ပုံ၊ ထိုနို့ရည်၏အရသာ၊ ဝေဒနာဖြစ်နိုင်၊ မဖြစ် နိုင်တို့ကို မှတ်သားဖွယ်လျှောက်ထားခြင်းဖြစ်သည်။ |
| ၉၆။ | ရမ်းပြည့်သံတောင်စား | အဘယမဟာရာဇာ ဘွဲ့ဖြင့်အေဒီ-၁၇၆၄ တွင်နန်းတက်သည်။ ရွှေနန်းသခင်အဘယမဟာရာဇာအမည်ဖြင့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး နှစ်မျိုးစလုံး ထုတ်ဝေခဲ့သည် |
| ၉၇။ | အောက်တန်ခိုးကျွန်း | ကူးသန်းရောင်းဝယ်ရေးအရာရှိ ရေတံခါးမင်း နေထိုင်ခဲ့သည့်အရပ် (ယခုပုဏ္ဏားကျွန်းမြို့နယ်) |
| ၉၈။ | စပါးထား ဝါဘိုကျွန်း | တောင်သူလယ်သမားများကစပါး၊ ဝါဂွမ်းတို့ကို စုပုံရောင်းချသည့် နေရာ (ယခုစစ်တွေမြို့နယ်) |
| ၉၉။ | တပ်မော်ကျွန်း | နိုင်ငံခြားလှေလောင်းသင်္ဘောတို့ကို စောင့်ရှောက်ရန် တပ်တော် ဖွဲ့စည်းထားသည့်နေရာ (ယခုပေါက်တောမြို့နယ်) |
| ၁၀၀။ | မင်းကန်ကျွန်း | ပြည်တွင်း၊ ပြည်ပကုန်သည်များလမ်းခရီး၌ ရေပြည့်ပြည့်ဝဝလုံလုံ ခြံခြံ ရရှိရေးအတွက် ရေကန်ကြီးတူးဖော်ထားသောနေရာ (ယခုစစ်တွေမြို့နယ်) |
| ၁၀၁။ | ဗားပူစာရ/တောင် | မြောက်ဦးမြို့တော်၌ ဗားပူစာရနေထိုင်ခဲ့သောအရပ် |
| ၁၀၂။ | စပါးဈေးဆိပ် | မြောက်ဦးမြို့တော်ဆိပ်ကမ်း အရောင်းအဝယ် ပြုလုပ်သောနေရာ ဈေးကြီးတံခါးဝ၊ စပါးဈေးဆိပ် |
| ၁၀၃။ | အောင်တပ် | နိုင်ငံခြားသင်္ဘောများကိုစောင့်ရှောက်ရန် တပ်တော်ဖွဲ့ထားသောနေရာ |
| ၁၀၄။ | ရေတံခါး | ရေတံခါးမင်းနေထိုင်သောအရပ် (ရေတံခါးအရပ်) |

http://www.dhammadownload.com



၁၀၅။ ဒိုင်းကျီကျွန်း — ပြည်ကျိုးဆောင် ဒိုင်းကျီလုပ်သားများနေထိုင်ရာအရပ်

၁၀၆။ ဒိုဘာဈေး — ဦးရစ်တောင်ရေတပ်စခန်းနှင့် မျက်နှာချင်းဆိုင် ကုလားတန်မြစ် တစ်ဘက်ကမ်းအရပ်

၁၀၇။ ညောင်ပင်ဈေး — နိုင်ငံခြားကုန်သည်များ စခန်းချကုန်ဝယ်ရာဈေး (မြောက်ဦး)

၁၀၈။ လက်ကောက်ဈေး — နိုင်ငံခြားကုန်သည်များ စခန်းချကုန်ဝယ်ရာဈေး (မြောက်ဦး)

၁၀၉။ ပြင်ဈေး — နိုင်ငံခြားကုန်သည်များ စခန်းချကုန်ဝယ်ရာဈေး (မြောက်ဦး)

၁၁၀။ ဒိုင်းကျီ — ပေါ်တူဂီများနေထိုင်ရာအရပ်(မြောက်ဦး)

၁၁၁။ အစွန်းမပေါက် မြို့မရောက် ဘောင်းဒွတ်အဆီ ပြန်လတ်စီ — မြောက်ဦးဆင်ခြေဖုံးဘောင်းဒွတ်အရပ်မှာ အထူးစည်ကားနေရာ နယ်ဒေသမှလာရောက်ကြသည့် ဈေးဝယ်သူများသည်ဘောင်းဒွတ် ကိုပင်မြောက်ဦး မြို့တော်ဟု ထင်မှတ်ပြီးမြို့ကိုမရောက်မပေါက်ဘဲ ကျေးလက်ကိုပြန်ခဲ့ကြသည်ဟု ဆိုရိုးစကားဖြစ်သည်။

၁၁၂။ မြောက်ဦးခေတ်ဒင်္ဂါးများ — ဆင်ဖြူပိုင်ရှင်မင်းများက "ဆင်ဖြူရှင်"ဟူ၍ လည်းကောင်း၊ ဆင်ဖြူ ဆင်နီပိုင်သည့်မင်းများက "ဆင်နီသခင်ဆင်ဖြူသခင်"ဟူ၍လည်း ကောင်း၊ ဆင်ဖြူမပိုင်သောမင်းများက "ဆင်နီသခင်" ဟုလည်း ကောင်း သုံးစွဲကြသည်။ "ရွှေနန်းသခင်"၊ "ရွှေပြည်သခင်" ဟုလည်း သုံးစွဲသေးသည်။မြောက်ဦးတတိယ ခေတ်နှောင်းကာလမှစ၍ ဒင်္ဂါး နှစ်ဘက်စလုံးတွင် ရခိုင်စာဖြင့်သာရေးသားလာကြပြီး ဒင်္ဂါးအနား ပတ်လည်တွင် ဗိန္ဒု ပြောက်များပါရှိသည့် ဒင်္ဂါးအချို့ကိုလည်းတွေ့ရသည်။

၁၁၃။ စေတီ — သက္ကတ -စဲတျ- Setra -ပါဠိ-စေတီယ - သပိတ်မှောက်ပုံရှိသော အဆောက်အအုံပုံစံမျိုး ။ အုတ်၊ ကျောက်၊ အင်ဂတေတစ်ခုခုဖြင့် ဆောက်လုပ်ထားသောအဆောက်အအုံအတွင်း ဗုဒ္ဓ(သို့) ရဟန္တာ တို့၏ဓာတ်တော်မွေတော်များကိန်းဝပ်ရာနေရာ

http://www.dhammadownload.com



| | | |
|---|---|---|
| ၁၁၄။ | စေတီလေးမျိုး | (၁)ဓာတုစေတီ-ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာစေတီ<br>(၂)ပရိဘောဂစေတီ-ဗောဓိပင် (သို့) ဗုဒ္ဓ၏ဓာတ်တော်မွေတော်များကို ဌာပနာထားသည့်စေတီ<br>(၃)ဥဒ္ဒိဿစေတီ-ဗုဒ္ဓရုပ်ပွားတော်နှင့် ဗုဒ္ဓပုံတော်များကိန်းဝပ်ရာ စေတီ<br>(၄)ဓမ္မစေတီ- ရွှေပေချပ်၊ ငွေပေချပ်၊ ကြေးပေချပ်၊ ကျောက်ချပ် ပေါ်တွင်ဗုဒ္ဓတရား တော်မြတ်များကို ရေးထိုးလျှက် ဌာပနာတည်ထား သောစေတီ |
| ၁၁၅။ | ပုထိုး | သက္ကတဘာသာ။ ဗုဒ္ဓိုး(Budo) (သို့)ထိုင်းစကား (Bahrobudor) ဗုရောဗုတ်ဓောမှ ဆင်းသက်လာဟန်ရှိသည်ဟု ပညာရှင်တို့ဆိုသည် လိပ်ခုံးပုံသဏ္ဌာန်ရှိ ဂူပေါက်လမ်းကြောင်းများအတွင်း ဓာတ်တော်မွေတော်များ ကိန်းဝပ်တော်မူရာအဆောက်အအုံ |
| ၁၁၆။ | ပုထိုးအမျိုးအစား | (၁)အဆောက်အအုံအတွင်းရှိ ဘုရားဝတ်ပြုရာ ခန်းမနေရာသို့ သွားရောက်ရန် လမ်းရှိသော အဆောက်အအုံ<br>(၂)တောင့်တင်းသည့်ဂူပေါက်အတွင်းလမ်းရှိသော အဆောက်အအုံ |
| ၁၁၇။ | သိမ် | ရခိုင်ဘုရင်မင်းများလက်ထက်သမုတ်ခဲ့သည့် သိမ်များ-<br>(၁) မဟာသိမ် -<br>သံဃာတော်(၅၀၀)မှ(၁၀၀၀)အထိဥပုသ်ပဝါရဏာပြုနိုင်သည်။<br>(၂)မဇ္ဈိမသိမ် - ကျောင်းတိုက်တိုင်း၌ရှိသည်။<br>(၃) ခုဒ္ဒကသိမ် - ကျောင်းတိုက်တိုင်း၌ရှိသည်။ |
| ၁၁၈။ | သဇင်ပန်းခိုင်တမြိုင်မြိုင် | မဟာရာဇဝင်ကြီးလာဖြစ်သည်။ ၆၃၅၂၅၅ ပါး ရခိုင်ဘုရားပေါင်း |
| ၁၁၉။ | တရားစီရင်ထုံးများ | မနုဓမ္မသတ်ကျမ်း၊ ရာဇဝံသကျမ်း၊ ဝိနည်းဓမ္မခဏ်ကျမ်း၊ ရာဇနီတိကျမ်း၊ ရွှေမျဉ်းဓမ္မသတ်ကျမ်း ကိုမှီငြမ်းပြုသည်၊ |

http://www.dhammadownload.com



၁၂၀။ ရွှေမျဉ်းမွေ့သတ်ကျမ်း — သျှင်ငယ်မြဝါပြုစုသည်။ လက်ရှိတရားစီရင်သည့်ကျမ်းများမှာ ပြင်းထန် သဖြင့် ခေတ်နှင့်လျော်ညီအောင်သင့်တော်ရာများကို ထုတ်နှုတ်လျှက် ပြုစုထားခြင်းဖြစ်သည်။ ရခိုင်ပြည်ထောင်အတွင်းရှိ ရဟန်းပညာရှိလူပညာရှိများကိုပင့်ဖိတ်ပြီး ဖြည့်စွက်ပြင်ဆင်အတည်ပြုခဲ့သောကျမ်းဖြစ်သည်။

၁၂၁။ ပြည်စိုးကြီး — တရားသူကြီး

၁၂၂။ တရားသွေး — ပြည်သူလူထုက ရွေးကောက်တင်မြှောက်သောသမာဓိလူကြီး

၁၂၃။ ဘုရားကျွန် — သူတစ်ပါးကျွန်မခံလိုသူများကို ဘုရားကျွန်အဖြစ်လှူဒါန်းကြသည်။ ဘုရားကျွန်(၃)မျိုးရှိသည် (၁)အချိန်ကာလသတ်မှတ်ထမ်းဆောင်ရသည့်ဘုရားကျွန် (၂)ပေါက်ဖွားလာသည့် သားသမီးများကိုမထိခိုက်စေသော တစ်သက်တာဘုရားကျွန် (၃)သားစဉ်မြေးဆက်တာဝန်ထမ်းဆောင်ရသည့်ဘုရားကျွန်

၁၂၄။ ရွှေမနိုင်ထောင် — အကျင့်ယုတ်၍ ပြစ်ဒဏ်ခံရပြီးသူများကို ထိန်းသိမ်းသည့်ထောင်

၁၂၅။ ဟာရီအစွဲ — အကျင့်ယုတ်သူများအဖြစ် သွတ်သွင်းခံရသူအားဟာရီအစွဲသွင်းသည်။ ဟာရီအစွဲ့ဝင်သည် နန်းရင်ပြင်၊ မှူးကြီးမတ်ရာ၊ သေနာပတိစသည့် မင်းမှုထမ်းနေအိမ်များနှင့် ပြည်သူလုနေအိမ်များတွင် သန့်ရှင်းရေးလုပ်ဆောင်ရသည်။

၁၂၆။ တိုင်းကြီး(၁၂)တိုင်း — (၁) နာဂသျှန္တတိုင်း-အာသံနယ်နှင့်ဆက်စပ်လျှက်ရှိသောနယ်မြေ။
(၂)မဟိသကတိုင်း-နာဂသျှန္တတိုင်းနှင့် ရောင်ဖြူနယ်အကြားရှိနယ်မြေ
(၃) ကမ္ဗုရူပတိုင်း-ရောင်ဖြူနယ်။ (၄) ဖလံတိုင်း-ဖလံတောင်။

http://www.dhammadownload.com



(၅) သက်တိုင်း-သက်ထောင်။ (၆) ဘိုမင်းတိုင်း-ဘိုမင်းထောင်။ (၇) ဘုညားကြီးတိုင်း-ဘင်္ဂါ ၁၂-မြို့။ (၈) ဥသ္သ လင်းတိုင်း-ပလက်ဝ ချင်းတောင်ကုန်းဒေသ။ (၉) ရက္ခပူရတိုင်း-မြစ်ကြီးလေးသွယ်၊ မြစ်ဝှမ်း ဒေသ။ (၁၀) ရမ္မာပူရတိုင်း-ရမ်းဗြဲနယ်တောင်ရိုးအထိဒေသ (၁၁) မေဃ ဝတီတိုင်း-မာန်အောင်ကျွန်းနှင့် ကျွန်းရံများ။ (၁၂)ဒွါရကတိုင်း-တောင်စဉ် ခုနှစ်ခရိုင်၊ တောင်ခွင်တန်းမှ မော်တင်စွန်း နဂါးရစ်အငူ အထိ နယ်မြေ။

၁၂၇။ အခံမြို့များ

မြောက်ဦးမြို့တော်၏အခံမြို့(၁၁)မြို့-
(၁) ရန်အောင်မြို့ (၂)သံလျှင်မြို့ (၃)မြတောင်မြို့ (၄) ကုလားမြို့ (၅)သာယာမြို့ (၆)တလက်တောင်မြို့ (၇) ပိန္နဲတောင်မြို့ (၈)နတ် တောင်မြို့ (၉) သျှမ်းတောင်မြို့ (၁၀)အင်ကြင်းတောင်မြို့ (၁၁) ကျားခုတ်တောင်မြို့

၁၂၈။ မြောက်ဦးမြို့အိမ်ခြေစာရင်း

ပန်းမဍ္ဂူ ကြိုင်ကြိုင်မွှီး အိမ်ခြေစာရင်းပီး -၅၅၃၂၂၅ ဆောင်

၁၂၉။ ထင်ရှားသည့်ဆရာတော်များ

(၁) တောင်ညိုကိုက်ဆရာတော်အသျှင်အဂ္ဂမုနိ တိုင်းပြည်နှင့်လူမျိုး အတွက် မနုဓမ္မသတ်ကျမ်းကိုပြုပြင်လျှက် ရွှေမျဉ်းဓမ္မသတ် အဖြစ် စီစဉ်ပေးခဲ့သည်။
(၂) သံတွဲ တေဇာရာမဆရာတော် ဗုဒ္ဓုပ္ပတ္တိပျို့ကိုရေးခဲ့သည့် ကဗျာ ပါရဂူတစ်ဆူဖြစ်သည်။
(၃) မြောက်ဦးဆရာတော် ကဝိကဏ္ဍပါသနကျမ်းကိုရေးသားတော်မူခဲ့သည်။
(၄) ဆေးတိုင်ဆရာတော်အသျှင်ဇီဝက-ဆေးဘက်ဆိုင်ရာပါရဂူ ဇီဝက တစ်ပါးဖြစ်သည်။
(၅) စစ်ကွပ်ဆရာတော်- ရခိုင်ပြည်ထောင်၏စစ်ရေးစစ်ရာများတွင် ရှေ့ဆောင်ဩဝါဒပြုသည်။
ဂ၈+ဆေ့မ္မခဆသူ⊣(သခပသ့။ခယ)ိည=(သ=လေပပ့
စေသ-ဖေညး၅ခြပသ့အညဆစ္စ

http://www.dhammadownload.com



(၇) ဘုရားပေါ် ဆရာတော်၊ ပိန္နဲတောင်ဆရာတော်၊ ပရက္ကမတိုက် ဆရာတော်၊ စစ်ကွပ်ဆရာတော်၊ သံတွဲ ရွှေကျောင်းပြင်ဆရာ တော်တို့မှာ အဘက်ဘက်မှ ထူးချွန်တော်မူကြသည်။

(၈) အရက်သည်မဆရာတော်၊ ဖားမဲ့ဆရာတော်တို့မှာ ရခိုင်ပြည် ထောင်အတွက် စက်ယန္တရားအတတ်ဖြင့် စွန့်စားပါဝင်ဆောင် ရွက်ခဲ့သည်။

(၉) တောင်စဉ် လမုချောင်း ရင်းငူဆရာတော်၊ ရမ်းပြဲ သံတောင်တိုက် အသျှင်ဇောတိပါလဆရာတော်တို့မှာ ဘာသန္တရဘက် ၌ထင်ရှားတော်မူကြသည်။

(၁၀) ဘားကရာတိုက်ကျောင်းဆရာတော်နှင့် ပရက္ကမတိုက်ကျောင်း ဆရာတော်တို့မှာ သိုက်၊ ဓာတ်၊ ယကြတာ၊ အင်းအိုင်၊ မန္တရား ပညာများကို တဘက်ကမ်းခပ် တတ်မြောက်တော်မူခဲ့သည်။

(၁၁) ဝေသာလီခေတ် ဘားမဲ့အဂ္ဂမဟာ သမာဓိ ဆရာတော်နှင့် ဘားဂရာအဂ္ဂမဟာ သမာဓိဆရာ တော်တို့မှာ သီရိစန္ဒြားမင်း (ကောဇာ-၅၁၇)တွင် ထင်ပေါ်ကျော်ကြားခဲ့သည်။

၁၃၀။ သျှင်ရသေ့ကြီးများ

(၁) ဂဝံပတိရသေ့ကြီး-ရှေးခေတ်ရမ္မာဝတီ၊ "ရမ်း" မြို့တော်ကာလ အဘိညာဏ် (၅)ဆင့်အထိ ပေါက် မြောက်အောင်မြင်သော ဘာသာရေးဆိုင်ရာ ညွှန်ပြ ဦးဆောင်ရှင်ရသေ့ကြီး။

(၂) နာဂိန္ဒရသေ့ကြီး ပထမဓညဝတီမြို့တော်ကို တည်ထောင်ရန် ဩဝါဒညွှန်ပြသူ

(၃) ကဏ္ဍာဒီပါယနရသေ့ကြီး-ပထမရှေးဟောင်း ဒွါရာဝတီမြို့တော်ကို တည်ထောင်ရန် ဩဝါဒ ညွှန်ပြသူ

(၄) ဒီပရသေ့ကြီး-မေဃဝတီမာန်အောင်ကျွန်းကို ထူထောင်စောင့် ရှောက်သူ

http://www.dhammadownload.com



(၅) ကလိင်ရသေ့ကြီး-ရမ္မာဝတီရမ်းဗြဲကျွန်းကို ထူထောင်စောင့် ရှောက်သူ

**ဝေသာလီခေတ် သျှင်ရသေ့ကြီးများ**

(၁) သီရိသီတာဒေဝရသေ့ကြီး၊ (၂) သီရိသုဓမ္မလင်္ကာရရသေ့ကြီး၊ (၃) သီရိခေမာဝရရသေ့ကြီး (၄) သီရိသုဒိဗ္ဗရသေ့ကြီး (၅) သီရိ သုမင်္ဂလရသေ့ကြီး၊ (၆) သီရိရေဝတရသေ့ကြီး၊ (၇) သီရိအနောမဒဿီရသေ့ကြီး၊ (၈) သီရိဒဿီရသေ့ကြီး၊ (၉) သီရိပါရဂူရသေ့ကြီး အပါအဝင် ရသေ့ကြီးသုံး ကျိပ်သုံးပါးတို့သည် ဝေသာလီမြို့တော်အရှေ့ဘက် ဇော်ဂျီမြောင်နှင့် ညောင်ချိုင်မြောင်တို့ဆုံရာ ဥမင်သုံးဆယ်တောင်တွင် အုတ်ဂူတစ်ဂူစီဖြင့် သီတင်းသုံး တရားအားထုတ်ခဲ့ကြသည်။ ဂန္ဓာရီ ထွက်ရပ်ပေါက်သောအခါ စန္ဒြားမင်း နေပြည်တော်မင်းကိုးဆက်တိုင် တိုင်ရတနာမိုးကို ရွာသွန်းစေခဲ့သည်။ ဆေးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာများဖြစ်ကြသည်၊ ဥမင်သုံးဆယ်တို့မှာ သစ်ပင်ကြီးများပေါက်ရောက်လျက် ယနေ့တိုင် တွေ့ရသေးသည်။

၁၃၁။ တတိယဓညဝတီမြို့တော် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၅၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃ မိနစ်တွင် တည်ရှိသည်။ (ကျောက်တော်မြို့မှ အရှေ့ဘက် ၅ မိုင်ခန့်အကွာတွင်ဖြစ်သည်) မြို့ရိုးများ အဝိုင်းသဏ္ဌာန်ရှိပြီး တောင်နှင့်မြောက် (၁. ၅)မိုင်၊ ပေ(၈၀၀၀) အရှေ့မှအနောက်သို့ (၁. ၃)မိုင်၊ ပေ(၇၀၀၀) ခန့်ကျယ်ဝန်းသည်။ ကောင်းကင်ဓာတ်ပုံအရ နန်းတွင်းမြို့ရိုးမှာ လေးထောင့် မကျတကျပုံ သဏ္ဌာန် တွေ့ရပြီး၊ တောင်နှင့်မြောက်ပေ (၁၇၀၀)ခန့်၊ အရှေ့နှင့်အနောက် ပေ(၂၀၀၀) ခန့် ကျယ်ဝန်းသည်။ နန်းမြို့ရိုးကိုပေ (၂၀၀)ခန့်ကျယ်ဝန်း သောကျုံး များဖြင့်ကာရံထားသည်။ ၂၀၀၃ ခုနှစ် ဩဂုတ်လ (၁၈)ရက်

http://www.dhammadownload.com



နေ့တွင် ရှေးဟောင်းသုတေသန ဦးစီးဌာနက စတင် တူးဖော်ခဲ့ရာ နန်းဝင် ပေါက်နှင့် လက်တံကြီးများ ထင်ရှားပေါ်လွင်စွာ တွေ့ရပြီဖြစ်သည်။ မြို့ရိုးနန်းရိုး အဆောက်အအုံများအရလည်းကောင်း၊ တူးဖော် တွေ့ရှိချက်များအရလည်းကောင်း၊ သမိုင်းအထောက် အထားများအရ လည်းကောင်း ဓညဝတီမြို့တော် ဟောင်းသည် ရခိုင်သမိုင်းတွင် ရှေ့အကျဆုံး မြို့တစ်မြို့ဖြစ်နိုင်သည်ဟု ဆိုနိုင်ပြီဖြစ်ကြောင်း ဌာနဆိုင်ရာ အတည်ပြု ထားပြီးဖြစ်သည်။

၁၃၂။ ဝေသာလီမြို့တော် ဝေသာလီကျောက်လှေကားမြို့တော်သည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၉ မိနစ်တွင်တည်ရှိသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၈၀ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ တူးဖော်ခဲ့သည်။ ဗုဒ္ဓသာသနာ ဆိုင်ရာ အထောက်အထားများ ယဉ်ကျေးမှုဆိုင် ရာပစ္စည်းများ၊ ယေဓမ္မာဂါထာတော်ရေးထိုးထားသည့် ကျောက်စာများ၊ ဘဒ္ဒသိမ်ဟုယူဆရသည့်ခန်းမများကို တွေ့ရှိခဲ့သည်။ အေဒီ(၄)ရာစုမှ (၉)ရာစုအတွင်း တည်ရှိခဲ့သော မြို့တော်ဖြစ်ကြောင်း အတည်ပြု နိုင်ခဲ့သည်။

၁၃၃။ ဉဿလင်းစေတီတော် ပလက်ဝမြို့နယ်၊ ဉဿလင်းအရပ် ဂန္ဓစာရုဥ္စတောင် ထိပ်ပေါ်တွင်တည်ရှိသည်။ စေတီတော်ကို အဌဂံပုံစံ တည်ဆောက်ထားပြီး အရံစေတီငယ်(၈)ဆူနှင့် ဂြိုဟ်တိုင်များ ဝိုင်းရံထားသည်။ မွေတော်ငါးရပ် အဝင်ဖြစ်သည်။ အမြီးကား ဉဿလင်း၊ ဦးခေါင်းကား ဦးရာဇ်ရှင်ပင်၊ နှုတ်သီးကား ကျိန်းတော်ရှင်၊ ပခုံးကား သေလာဂီရိကျောက်တော် တောင်၊ ခန္ဓာကိုယ်ကား ဘုရားကြီးပင်ဖြစ်သည်။ ရခိုင်ပြည်ထောင်ကို တည်ထောင်ရာတွင် ပြည်၏ဦးကင်း ဉဿလင်းဟု

http://www.dhammadownload.com



ဆိုပါသည်။ အောင်တလင်းမြို့ဟု ခေါ်ဆိုသမုတ်ခဲ့ကြပါသည်။ ယတြာခေါင်း လောင်း၏ မူရင်းနေရာဖြစ်သည်ဟု သိရသည်။

၁၃၄။ အဘိုးသျှင်လိတ္တိကာရဘီလူးမင်း — ဥဿလင်းစေတီတော်မြတ်နှင့် ရခိုင်ပြည်ဦးကင်းအား အနီးကပ်စောင့် ရှောက်နေသည့် အဘိုးသျှင်ဘီလူးမင်းဖြစ်သည်။

၁၃၅။ ဝန်းတိန်းနတ်မင်း — ဝေသာလီခေတ်ကပင် ဘုရင်မင်းမြတ်များ စစ်ရေး စစ်ရာအတွက် စောင့်ရှောက်ပေးသောနတ်။

၁၃၆။ ဝတီလေးရပ် — (၁) ဓညဝတီ-ပလက်ဝမြို့နယ်အပါအဝင် စစ်တွေခရိုင်ဒေသများ၊ (၂) ရမ္မာဝတီ-ရမ်းဗြဲနယ်တောင်ရိုးအထိဒေသ၊ (၃) မေဃဝတီ-မာန် အောင်ကျွန်းနှင့် ကျွန်းရံများ။ (၄) ဒွါရာဝတီ-ဒွါရကတိုင်းနယ်မြေဒေသများ

၁၃၇။ တောင်စဉ်ကမ်း — တောင်စဉ်ခုနှစ်ခရိုင်ကို ခေါ်သည်။

၁၃၈။ တောင်ခွင်တန်း — ကျိန္တလီမှစ၍ မော်တင်စွန်းနဂါးရစ်အငူထိကို "တောင်ခွင်တန်း" ဟု ခေါ်သည်။

၁၃၉။ ဒွါရဝတီနယ် — "တောင်စဉ်ကမ်း" နှင့် "တောင်ခွင်တန်း" ကိုပေါင်း၍ ဒွါရာဝတီနယ်၊ သို့မဟုတ်၊ ဒွါရကတိုင်းဟု ရခိုင်ဘုရင်တို့က သတ်မှတ်ခဲ့ကြသည်။

၁၄၀။ ကမ်းယံပြည် — တောင်စဉ်ခုနှစ်ခရိုင်ဒေသသည် ခရိုင်ရိုးမ တောင်စဉ်တောင်တန်းကြီး နှင့် ပင်လယ်ကမ်းခြေကြားတွင် တည်ရှိ၍ တောင်စဉ်ကမ်း၊ သို့မဟုတ် တောင်စဉ်ခုနှစ်ခရိုင်ဟု ခေါ်သည်။ ပျူလူမျိုးတို့က "ကမ်းယံပြည်" ဟု ခေါ်ကြသည်။ ပါဠိဘာသာဖြင့် တိရယာမပူရကမ်း - ကမ်းယံပြည်ဟု မဟာရာဇဝင်ကြီးငှီကာ၌ ဖော်ပြထားသည်။

၁၄၁။ ရခိုင်စည် — ပိတောက်စည်ကို အများအားဖြင့်အသုံးပြုကြသည်။ တတိယဓညဝတီ ပြည့်ရှင် ရှင်ဘုရင် စန္ဒသူရိယမင်းကြီးသည် မဟာမုနိစက်တော်ကို သွန်းလုပ်တော်မူစဉ် စောင်းညှင်းပတ်သာတူရိယာတို့ဖြင့် သာယာနာ

http://www.dhammadownload.com



ပျော်ဖွယ်ရာ တီးမှုတ်ခဲ့သည်ဟု တွေ့ရပြီး၊ ဝေသာလီ ကျောက်လှေကား ခေတ် စူဠစန္ဒြား ဘုရင်မင်း မြတ်သည် တကောင်းသင်းတွဲပြည်သို့ ရောက်နေချိန် ဓညဝတီရခိုင်ပြည်ကြီးသို့ ပြန်လည်ကြွရောက်ရန် သတိရလာစေရန် မှူးမတ်တို့က စောင်းညှင်းပတ် သာတီးပြီး ပြန်လည် သတိရလာအောင် ဆောင်ရွက်ခဲ့ သည်။ ဒသရာဇာမင်းဘိသိက်သွန်း ချိန်တွင် မြောက် စည်၊ ဒုံမင်းစသော အသံဆယ်ပါးဖြင့် . . . ဟု တွေ့ရ သည်။ နန်းကျဘုရင်လက်ထက် စည်သဘင်အမတ် ကြီး၏သမီး ပန်းနီလာနှင့် အမတ်ကြီးလက်ျာနန္ဒသူ ၏သားတို့ ထိမ်းမြားမင်္ဂလာတွင် စည်သံ၊ ပတ်သံကို ဘုရင်မင်းကြီးကိုယ်တိုင် ကြားခဲ့ရသည်ဟု စာပေ များတွင် တွေ့ရသည်။ သို့ဖြစ်၍ ရခိုင်စည်တော်မှာ ဓညဝတီခေတ် ကပင် ရှိနေပြီဖြစ်သည်ဟု ဆိုရပေမည်။

၁၄၂။ မဟိသကတိုင်း

ဓညဝတီရက္ခိုင်ပြည်။ ဘီစီ-၃၀၉ ခု၊ အိန္ဒိယနိုင်ငံ အသောကမင်းလက်ထက် တတိယသင်္ဂါယနာ တင်ပြီး နောက်၊ သာသနာပြုအဖွဲ့ (၉)ဖွဲ့ကို ကိုးတိုင်းကိုးဌာန သို့ စေလွှတ်ခဲ့ရာ အရှင်ရေဝတထေရ်သျှင်ဦးဆောင် တော်မူသည့်ရဟန်းတော်(၅)ပါး ပါဝင်သည့်အဖွဲ့ အမှတ်(၂)သည် မဟိ သကမဍ္ဍလ (မဟိသက)တိုင်း သို့ တန်ဆောင်မုန်းလတွင် ကြွရောက် တော်မူခဲ့ကြပြီး၊ ဓညဝတီပြည်သားတို့အား ဒေဝဒူတသုတ္တန်တော်ကို အဓိကထား ဟောကြားတော်မူခဲ့ပါသည်။ မဟိသကတိုင်းမှာ ဗြဟ္မပုတြ မြစ်၏ကျယ်ဝန်းလှသော တောင်ဘက်မြစ်ဝှမ်းဒေသကြီးတစ်ခုလုံးကို ခေါ် ဆိုခြင်း ဖြစ်ပေသည်။ ဤမဟိသကတိုင်းတွင် ဓညဝတီပါဝင် ကြောင်း သာသနာဝင်မြေပုံကျမ်း၊ ရခိုင်ရာဇဝင် သစ်ကျမ်း (ပထမတွဲ)၊ ဝေသာလီခေတ် သင်္ဂါယနာ တင်မော်ကွန်းတို့၌ တွေ့ရပါသည်။ ဝေသာလီ

http://www.dhammadownload.com



ကျောက်လှေကားခေတ်မှ ဝီရစန္ဒြဒေဝမင်း (အေဒီ-၅၇၆-၅၇၈)၏ ကုသိုလ်ကောင်းမှုမှတ်တမ်း ကျောက်စာတွင် "ဂြိဝီရစန္ဒြဒေဝကာမ ဟီမဏ္ဍာလမဏ္ဍာန်" ဟု ပါရှိသည်။ "မဟီမဏ္ဍာလ" မှာ "မဟီသက" ပင်ဖြစ်သည်။ ဝေသာလီခေတ်အမတ်ကြီး မေဓပညာ၏ မေဓပညာ လင်္ကာတွင်လည်း "မဟီသက မဏ္ဍာလဟု မည်ရသမိုင်း ရက္ခိုင်တိုင်း" ဟု ဆိုထားသည်။ မြန်မာ ရာဇဝင်မှတ်တမ်းများတွင် ဓညဝတီကို မဟီသကဟု ခေါ်ကြောင်း အများအပြားရေးသား ထားကြသည့် အပြင်၊ မင်းတုန်းမင်းလက်ထက်က အုပ်ချုပ်ရေး နယ်မြေဖွဲ့စည်းရာတွင်လည်း ကောင်း၊ မဟာမုနိ ဘုရားကြီး ထီးတော်အသစ်လဲလှယ်သည့် မော်ကွန်း အလင်္ကာတွင်လည်းကောင်း၊ ဓညဝတီကို "မဟီသက" ဟု ခေါ်ကြောင်း တွေ့ရပေသည်။

၁၄၃။ ဂူလေးဝဘုရား

မြောက်ဦးခေတ်မင်းဗာဘုရင်မင်းမြတ်သည် အနောက် ကိုတိုက်ခိုက် အောင်မြင်ပြီးနောက် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော် မြတ်တွင် အလှူကြီးပေးပြီး နေပြည်တော်သို့ပြန်လာစဉ် ယခု ရသေ့တောင်မြို့နယ် ဂူလေးဝနေရာကို အောင်မြေ သမုတ်လျှက် သက္ကရာဇ် ၈၉၄ ခု တန်ဆောင်မုန်း လပြည့်နေ့တွင် တည်ထားခဲ့သည့်ဘုရားဖြစ်သည်။ စေတီမှာ ပြိုပျက်နေရာ သက္ကရာဇ် ၁၃၀၉-ခုနှစ်ခန့်က မသမာသူများ၏တူးဖော်မှုအား ရွာသားများက ဆက်လက်ဖော်ထုတ်ခဲ့ကြရာ အောက်ပါသမိုင်းတန်ဖိုး များပြားလှသော ဗုဒ္ဓဆင်းတုတော်များကို တွေ့ရသဖြင့် ဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့များစုပေါင်းပြီး လုံခြုံစွာထိန်းသိမ်းထားလျှက်ရှိသည်။-

(၁) မဟာကျီဆင်းတုတော် ဉာဏ်တော် ၆. ၅လက်မ ရင်ဝတော် ၄-လက်မ

http://www.dhammadownload.com



(၂)ရွှေဗုဒ္ဓဆင်းတုတော် ဉာဏ်တော် ၃.၅ လက်မ ရင်ဝတော် ၂.၅ လက်မ

(၃)စိန်ဗုဒ္ဓဆင်းတုတော် ဉာဏ်တော် ၃.၂၅ လက်မ ရင်ဝတော် ၂.၅ လက်မ

၁၄၄။ တောင်စဉ်ခုနစ်ခရိုင်

မအီချောင်း၊ လမူးချောင်း၊ တန်းလွဲချောင်း၊ တောင်ကုတ်ချောင်း ၊ သူငွေးချောင်း၊ သံတွဲချောင်း၊ ကျိန္တလီချောင်း ဟူ၍ ရိုးပေါက် ချောင်းကြီး ခုနစ်ချောင်း၊ သို့မဟုတ်၊ ဒေသကြီး ခုနစ်ခုကို ခေါ်ဝေါ်သည်။ "ထီးကို အချုပ်၊ ခရိုင်အုပ်၊ အလုပ်ကောင်းမွန် စီ " ဟူသောရခိုင်ဆိုရိုးစကားနှင့်အညီ ရိုးမ တောင် စဉ်တောင်တန်းကြီးကို ဗဟိုပြုလျှက်ဖြာထွက်လာ သော ဒေသကြီးခုနစ်ခု။ ရခိုင်ရိုးမတောင်တန်းကြီးက ခရိုင်သဖွယ် ချုပ်ထားသောကြောင့်" "တောင်စဉ် ခုနစ်ခရိုင်" ဟု ရခိုင်လူမျိုးတို့ခေါ်တွင်လာခြင်း ဖြစ်သည်။

http://www.dhammadownload.com



# ကျမ်းကိုးစာရင်း (အင်္ဂလိပ်ဘာသာ)


1. Banerji, R.D.M.A. and Manindra, Chandra Nundy, A Junior History of India, Baneres University 1933.
2. Forchhammer, E.Dr. Papers on subjects Relating to the Archaeology of Burma.
3. Gorden Stowel, Acropolis, The Book of the Knowledge Vol. 1.
4. Gutman, P.Dr. Ancient Arakan, Ph.D Thesis, Australian National University.
5. Hall. D.GE, A Histroy of South East Asia, New Edition.
6. Irwin, A.B.M.C.S.L., ICS, Rangoon, The Burmese and Arakanese Calender (AD. 1909)
7. Information, Ministry of India, The Way of Buddha, 1956.
8. Latturette, K.S, A Short History of the Far East.
9. Maurice Winternitz M.A, Ph.D, History of Indian Literature.
10. Nehru, Jawahalal, The Discovery of India, 1946, 1989 Edition.
11. Odhams (UK), Hundred Great Lives, London.
12. Odhams (UK), Time Chart, Mankind and Histiory.
13. Phyare, Sir Arthur P., History of Burma 1883.
14. Rakha, Aung, The Rakhine Kingdom.
15. Radha Kristan, S, 2500 Years of Buddhism.
16. San Tha Aung, U, The Buddhist Art of Ancient Arakan.
17. Sein Nyo Tun, U, ICS Retd; Review of the most Ancient Rakhaing History.
18. Shwe Zan, U, The Golden Mrauk-U, An Ancient Cpital of Rakhine, January 1995.
19. Than Tun, U, Paya Lamma (Lords High Way) 1983, Mandalay University.
20. Colis, Morris, Arakan's Place in the Civilization of the Bay J.B.R.S. XV1 F.A.R.
21. Cwen, C, Sources of Early Burma History.
22. Gazetteer, Burma, Akyab District, Vol. B, 1924.
23. Hall. D.G.E, The Pre Pagan Period.
24. History Department, Y.U., Glimpses of Glorious Pagan.
25. Luce, T.H., South East Asian History and Histography.
26. Nehru, Jawahalal, Search for India.
27. San Shwe Bu, U, Brass Figure Lamp found at Vesali, Arakan, Burma Research Journal, Vol X.

http://www.dhammadownload.com



28. Shwe Zan, U , A Mahakyain Phara of Lemro Period, Thahaya Magazine, No.3, 1996-P 141-150.

29. Shwe Zan, U , Evidences gained out of Archaeological Remains, Rakhine Magazine No. 27, P-162-168.

30. Chowdhury, Vasant, Harikela Coins, Calcutta, India.

31. Aung Zan, U ,Some interesting coins of Anauk Baraung and Sittagoing Mong.

32. Collis, Morris, The Land of the Great Image. P-211.

33. Galen, Stephan Van, The serpent and the King, The Dutch-Arakanese Relationship 1608-1683.

34. Ghosh, Jamine Mohan, B.A,BCS (Retd), Magh Raiders in Bengal.

35. Galen, Stephan Van (London University), Arakan's placein the trade network of the Bay of Bengal.

36. Hall, D.G.E., Dutch Relation, P-71.

37. Hla Tun Pru, U, A survey of the Causes underying the Decline & Fall of the Great Arakanese Empire with special reference to king Sanda Wizaya 1072-1093 AE or BE.

38. Leider, Jacque, P, (Chcelalonkon University, Bankok)Elephants, slaves and rubies.

39. Mg Ngwe Soe, Study on Religious Architecture in Mrauk-U, Rakhine.

40. Nimal Samal Samarasundera, Special dekivered by Nima Samarasundera, Secretary of Ministry of Buddha Sasana, Sri Lanka.

41. Robinson & L Shaw, Coin and Bank Notes of Burma.

42. San Kyaw Tun, U, Mro Haung, The Coronation of the Emperror of Arakan.

43. San Tha Aung, U, Arakanese Coins and Reflections.

44. Shwe Mra, U, The fair princes of Pegu.

45. Suniti Bhushan Qamungo, M.A.Ph D, Department of History, University of Chittagong, A History of Chittagong, Vol. 1.

http://www.dhammadownload.com



46. Than Tun, u , Paya Lanma (Lord's Highway) Over the Yoma (Yakhine Range) Journal of Asian and African studies, No.25, 1983.
47. Takashi Suzuki, Ambassador of Japan (in Burma from 1970 to 1974), Samurai ADC to the King of Arakan.
48. Aung Thaw, U, Historical sites in Burma, Yangon 1972, second Edition 1978
49. Aung Tha Oo, U, Historical background of Ananda Candra Inscription
50. Ashin Candamala, History of Buddhism in Arakan (Rakhine).
51. Chowdhury, Vasant, Indian Museum' title of the Book, town prese
52. Gutman, P, Dr, Burma's Lost Kingdom: Splendours of Arakan.
53. G.S.I, ICS, Johnstan E.H., Some Sanskrit Inscription of Arakan (Rakhine) B.S. OAS, Vol.1.
54. Kyaw Zaw Hla, Sandamuni Image.
55. Sandamuni Bhikkhu, The Origin and Development of Arakanese Script, Ph.D Thesis, Calcutta University, India.
56. San Shwe Bu, u, The eye copy of Toun Paukkri Inscription.
57. San Tha Aung, U, The Sceipts of Arakan 6th century and before.
58. San Tha Aung, U, Ananda Candra a king of 8th century Vesali, 1975.
59. San Tha Aungm U, The Mog or Magh or the Arakanese of Bangladesh
60. Shwe Zan, U, A series of Buddhist Reliefs from Salagiri in golden Mrauk-U, An Ancient Capital of Rakhine.
61. Shwe Zan, U, Some justifications about Wethali, A single Rakhine Dynasty existing between fourth and ninth century, P 206-212. Myat Pan Thazin Magazine ofRakhine women Association, Yangon.
62. Shwe Zan, U, Mahamuni Sculptures, Customs Magazine, 2005.
63. Shwe Zan , U,& Mg Kyaw,U, Study of Rakhine History Vol.2, Wethali Kyaukhlaga period, (Unpublished)
64. Sircar, D.C, Select Inscription.
65. Thin Kyi, Dr. Arakanese Capitals: A preliminary survey of their geographical sitting "Journal of the BurmaResearch Society, LIII in December 1970."
66. Tun Shwe Khine, U, Rakhine culture at Wethali Age (in Burmese).
67. H.R. Perera , Buddhis, in Sri Lanka, A Short History.

http://www.dhammadownload.com



68. Stephan Van Galen, Dr. Arakan and Bengal

69. ARAKAN'S VIGOUR-VOLUME(2), Arakan Historical Research Association, 1996

## ကျမ်းကိုးစာရင်း (မြန်မာ)

၁။ ပဏ္ဍိတဦး၊ ဓညဝတီရာဇဝင်သစ်၊ ၁၂၇၁ခုနှစ်တန်ဆောင်မုန်းလဆန်း။ ပဲဆူးမင်းကျောင်းဆရာတော် (၇)ရက် ၁၉၁၀ခုနှစ်။

၂။ စန္ဒမာလာလင်္ကာရဦး၊ရမ်းပြဲတောင်ကျောင်းဆရာတော်၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပထမတွဲ ၁၂၉၂ခု ဝါဆိုလဆုတ်(၅)ရက်။

၃။ ဉာဏဦး၊ အထက်ကျောင်းတောင်ဆရာတော်၊ ရခိုင်ရာဇဝင်လင်္ကာ။

၄။ စံလှဦး၊ ဓညဝတီမြို့၏နိဂုံးရွာများသမိုင်းလင်္ကာ(ဝါ)ကဗျာ(ရခိုင်သက္ကရာဇ် ၁၁၁၉ခုနှစ် တဆင့် ရေးကူးသော ပေပုရပိုက်မှထုတ်နှုတ်၍)။

၅။ တိလောက ဘဒ္ဒန္တ၊ ဘာသာရေးပြဿနာများ၊ ၁၉၉၀ခု၊မေလ။

၆။ ချန်ထွန်း၊ ဦး၊ ရခိုင်ရာဇဝင်ယဉ်ကျေးမှုသမိုင်းနှင့်သုတေသီတို့၏အတွေးအမြင်၊ ရခိုင်ကြေးမုံမဂ္ဂဇင်း၊ အမှတ်(၂)၊ ၁၉၉၅ခုအောက်တိုဘာလ။

၇။ ချန်ထွန်း၊ဦး၊ ဘုရားဗျာဒိတ်များတိများ၊ ငလက်ရိုးသိုက်နှင့်တခြားသိုက်ကျမ်းများ အကြောင်းနှင့် ရခိုင်ရာဇဝင်မင်းဆက်များ။

၈။ စံသာအောင်၊ဦး၊ ရခိုင်ဒင်္ဂါးများ ၊ ၁၉၉၅ခုဇွန်လ

၉။ စံသာအောင်၊ဦး၊ အေဒီ(၆)ရာစုနှင့်ယင်းမတိုင်မီရခိုင်ပြည်သုံးအက္ခရာ(၁၉၇၄)

၁၀။ စံသာအောင်၊ဦး၊ အာနန္ဒစန္ဒြ၊ ၈-ရာစု ရခိုင်ဝေသာလီမင်း။

၁၁။ စောဝင်း၊ဝေါ်ရာမြေ၊ ရခိုင်ပြည်နယ်ဗုဒ္ဓဘာသာ၊ ဒီဇင်ဘာလ၊ ၁၉၉၃ခု။

၁၂။ ဘစံ၊ ဦး၊ ရခိုင်မဏ္ဍိုင်အမှတ်(၁)၊ ၁၉၉၅ခု ဆောင်းပါး။

၁၃။ ဘစံ၊ ဦး၊(၁)ရခိုင်ရာဇဝင်(၄၈)စောင်၊(၂)ကစ္ဆပနဒီ၊(၃)ရခိုင်ပြည်ရှန်းလိုက်ရတုများ။

၁၄။ ဘစံ၊ ဦး၊ ရခိုင်ပြည်နယ်နိမိတ်ဆောင်းပါး၊ရခိုင်သဟာယစာစောင်အမှတ်(၂) ၁၉၉၆ခု။

http://www.dhammadownload.com



၁၅။ မောင်ရှင်း၊ဦး၊ ဇလွန်ဘုရားကြီး၏ဖြစ်စဉ်သမိုင်းအကျဉ်းချုပ် (ဦးလှထွန်းကျော်) ရှာဖွေစုဆောင်းသည်။
၁၆။ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ၊ မြောက်ဦးလမ်းညွှန်၊ ၁၉၉၈ ခု။
၁၇။ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ၊ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ သမိုင်းကဏ္ဍ၊ ယဉ်ကျေးမှု ကဏ္ဍ၊စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ။
၁၈။ ခိုင်စောသိန်း(ပန်းမြောင်း)၊သမိုင်းဝင်ပြိုင်းတိုင်စေတီ၊သို့မဟုတ်၊ပါးရိုးတော် ဓာတ်ကျိန်းမြေ မဂ္ဂဇင်းအမှတ်(၁)။
၁၉။ မေဓပညာ၊ မေဓပညာမော်ကွန်းလင်္ကာ၊
၂၀။ စာပေဗိမာန်၊ မြန်မာ့စွယ်စုံကျမ်း အမှတ်(၉)။
၂၁။ တိလောကသာရဘဒ္ဒန္တာမြတ်မင်္ဂလာစာစောင်၊အတွဲအမှတ်(၁)၊ ၁၉၉၆ခုမေလထုတ် ဘာသာရေးပြဿနာ။
၂၂။ ထွန်းရွှေခိုင်၊ဦး၊ ရခိုင်ရှေးဟောင်းမြို့တော်များ။
၂၃။ ဓမ္မဇေယျအမတ်ကြီး၊ ဗျည်း(၃၃)လုံးရခိုင်လေ့တော်သံ။
၂၄။ မောင်ကျော်၊ဦး၊ ဓညဝတီခေတ်သည်ဒဏ္ဍာရီပုံပြင်မဟုတ်ပါ။ ရခိုင်သဟာယ မဂ္ဂဇင်း အမှတ်(၄၄)
၂၅။ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ၊ ကျောက်တော်တောင်မှ ကျောက်ဆစ်လက်ရာများ၊ ရခိုင်ယဉ်ကျေးမှုမဂ္ဂဇင်း။
၂၆။ ရွှေဇံ၊ ဦး၊ တတိယဓညဝတီခေတ် သူရိယမင်းဆက်စွမ်းပကား။
၂၇။ ရွှေဇံ၊ ဦး၊ မောင်ကျော်၊ဦး၊ ရှေးခေတ်ရခိုင်သမိုင်းအပိုင်း(၁)၊ဓညဝတီခေတ်။
၂၈။ သန့်ဇင်၊ရဲအုပ်၊ ပဟိ(မအီ)ခြေတော်ရာ၊မြောက်ဦးမဂ္ဂဇင်း။
၂၉။ အရိယာဝံသ၊ဦး၊မအီခြေတော်ရာသမိုင်း။
၃၀။ အင်ဝင်ကာနစ်၊ ဗုဒ္ဓ၏ပရိနိဗ္ဗာန်စံသောနှစ်။ ၁၉၉၃ခုဖေဖော်ဝါရီလ။
၃၁။ အဒူမင်းညို၊ ရခိုင်မင်းသမီးချောင်း။
၃၂။ အောင်သာဦး၊ဦး၊ဓညဝတီခေတ်ရာဇဝင်သမိုင်းနှင့် တချို့သောသုတေသီတို့အတွေးအမြင် (ရခိုင်သဟာယအသင်း၊ ငွေရတုသဘင်အထိမ်းအမှတ်စာစောင်၊ဒီဇင်ဘာလ ၁၉၈၇ခု။
၃၃။ ဦးသာထွန်း၊ ဦး၊ ရခိုင်တန်ဆောင် ဆောင်းပါးများ။
၃၄။ ဦးသာထွန်း၊ ဦး၊ ဗုဒ္ဓခြေတော်ရာများ။
၃၅။ မင်းထီးလက်ထက်၊ လေးမြို့ခေတ်သာစွလေကဗျာများ။
၃၆။ ဘစံ၊ဦး၊ စစ်တွေမြို့လမ္ဗုတော်တောင်ရပ်ကွက်၊ ခေါင်းလောင်းကျောင်းတွင် ကိန်းဝပ်လျှက်ရှိ

http://www.dhammadownload.com



သည့် ဗုဒ္ဓဆင်းတုတော်မှတ်စု။
၃၇။ မြင့်ဆွေ၊ဦး၊ ပဋ္ဌာန၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး၊ အာနန္ဒစန္ဒြသက္ကတကျောက်စာ။
၃၈။ သန်းထွန်း၊ B.A, B.L. PhD (London) ခေတ်ဟောင်းမြန်မာရာဇဝင်။
၃၉။ ဉာဏိဿရ ၊အရှင်၊ သဲကုန်းဆရာတော်၊မြတ်မင်္ဂလာစာစောင် ၁၉၉၆ခုမေလထုတ်။
၄၀။ ရွှေဇံ၊ ဦး၊ ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှု မြေကြီးကသက်သေတည်သရွေ့။ (၂၀၀၆ခုနှစ်)။
၄၁။ ကောသလ္လ၊ အသျှင်၊ (ဂဝေသီ)၊ ရခိုင်စာပေခရီး၊ ၁၉၉၈ခု။
၄၂။ စံရွှေဘု၊ဦး၊ စမ္ပဝက် နှင့် ပဋ္ဌာ ။
၄၃။ စံသာအောင်၊ဦး၊ လေးမြို့ခေတ်ရခိုင်အက္ခရာများနှင့်အရေးအသားများ ၁၉၇၄ခု။
၄၄။ စောပြည့်ညို (သုဝဏ္ဏဒေဝီ)၊ သိန်ကန်မိန်တွင်
၄၅။ စောမင်းနွယ် (မြောက်ဦး၊ မြို့တော်ရန်ကုန်ရောက် ရခိုင်မြို့တော်ဟောင်းမှ ကြေးဆင်းတု တစ်ဆူ။
၄၆။ စောလှ၊ ဦး၊ ပုဂံခေတ် မြန်မာစာပေ။
၄၇။ ဖေမောင်တင်၊ဦး၊ မြန်မာစာပေသမိုင်း၊ စတုတ္ထအကြိမ်ထုတ်။
၄၈။ ဘစံ၊ ဦး၊ ရှေးခေတ် ရခိုင်အက္ခရာနှင့်အရေးအသားများ။
၄၉။ သင်းကြည်၊ဒေါက်တာ၊ပထဝီပါမောက္ခ၊ ကောင်းကင်မြေတိုင်းဓာတ်ပုံများ။
၅၀။ လေးမြို့ခေတ် သာစွလေကဗျာ၊အမှတ်စဉ်-၄၊ ရခိုင်မဂ္ဂဇင်း၊ ၂၉-၁-၁၉၉၆ထုတ်။
၅၁။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ၊ ၁၉၉၀ခု။
၅၂။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၁၃၊ သပိတ်-ဟက်စာ-၉၅(၄) ရခိုင်မဟာသံဃရာဇာ။
၅၃။ ဓညဝတီအရေးတော်ပုံ မှ ဒသရာဇာဘိသိက်ခဏ်း၊ မှန်နန်းရာဇဝင်တော်ကြီး၊ ၁၉၉၂ခု။
၅၄။ အောင်သာဦး၊ ဦး၊ Pamela Gutman သို့ ရခိုင်ရာဇဝင်မင်းစဉ် သက္ကရာဇ်နှင့် ပတ်သက်၍ပေးစာ။
၅၅။ ရခိုင်ရာဇဝင်ပုံကျမ်း၊ မင်းပါကြီး၏သားတော် မင်းဖလောင်းလက်ထက်ရေး)
၅၆။ မြောက်ဦးမဂ္ဂဇင်း(ပထမအကြိမ်)၊ ၁၉၉၆ခုမတ်လ။
၅၇။ ခင်မောင်ညွှန့်၊ ဒါရိုက်တာ၊ ရခိုင်ပြည်ဖရှောင်းဝယ်ရေး။
၅၈။ မင်းဗာမင်း၊တပင်ရွှေထီး၊ဘုရင်စစ်မက်အသေးစိတ်၊ ရခိုင်ရာဇဝင်သစ်ကျမ်း။
၅၉။ စက္ကိန္ဒ၊ဦး၊ မြောက်ဦးခေတ်ကျောင်းတော်များနှင့်ဆရာတော်အကျော်အမော်များ။
၆၀။ စက္ကိန္ဒ၊ ဦး၊ မြောက်ဦးခေတ်ဆင်ယင်ထုံးဖွဲ့မှု
၆၁။ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ(ရခိုင်)

http://www.dhammadownload.com



၆၂။ ထွန်းရွှေခိုင်၊ ဦး၊ (စစ်တွေကောလိပ်)ဘစံ၊ ဦး၊ မြောက်ဦးခေတ်စီးပွားရေး။
၆၃။ မိဂဒါဝုန်ဦးကိတ္တိမာ၊မဟာဗောဓိပတ္တိကထာကျမ်း၊သာသနာရေးဝန်ကြီးဌာန(၂၀၀၆)
၆၄။ လှထွန်းဖြူ ဦး၊ ရခိုင်ပြည်နယ်စီးပွားရေးဘဏ္ဍာတိုက်(ရက္ကန်း)
၆၅။ ဓညစံ၊ ရန်ကုန်တက္ကသိုလ်၊ရခိုင်ကျောင်းသူကျောင်းသားများမဂ္ဂဇင်း၊ ရခိုင်စာပေ။
၆၆။ ဓညဝတီအရေးတော်ပုံကျမ်း၊ မြောက်ဦးခေတ်တရားစီရင်ရေး၊ အခွန်ဘဏ္ဍာ ကောက်ခံရေး ဆင်ယင်ထုံးဖွဲ့မှု ။
၆၇။ သျှင်နှောင်း၊ မိဖုရားကြီး ၊ ရက္ခိုင်နန်းတော် ။
၆၈။ ပညာသီရိ၊ ဦး၊ ပေါ်တူဂီမှ ရခိုင်ဇာနီ။
၆၉။ ဘုရင်မင်းဖလောင်း နရာဓိပတိမော်ကွန်း။
၇၀။ ဘစံ၊ ရန်ကုန်တက္ကသိုလ်ရခိုင်ကျောင်းသူကျောင်းသားများ မဂ္ဂဇင်း၊ မဟာသမတမင်း လက်ထက်ဝယ် မြို့ဟောင်းခေတ် စီးပွားရေးရာ။
၇၁။ မြန်မာ့အလင်းသတင်းစာ(၁၁-၁-၂၀၀၀) ပြည်ထောင်စုစိတ်ဓာတ်ခေါင်းစဉ်ပါဆောင်းပါး။
၇၂။ မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၊ စာ ၃၇၄-၃၇၆ ။
၇၃။ မြန်မာ့စွယ်စုံကျမ်း အတွဲ-၈၊ စာ ၃၅၈-၃၅၉ ။
၇၄။ မြန်မာမှန်နန်းမဟာရာဇဝင်တော်ကြီး(ပထမတွဲ)၊ ၁၉၉၂ခုနှစ်ထုတ်။
၇၅။ ရခိုင်သဟာယအသင်းမဂ္ဂဇင်း(ရန်ကုန်)၊အမှတ်(၅)၊ အမေးပုစ္ဆာပဟေဠိ ဖြေဆိုနိုင်သူ ပညာရှိခေါင်းစဉ်ဆောင်းပါး(ရခိုင်မြန်မာပဏ္ဍိတ်ဦးဦးသာထွန်းကဦးစိန်လွင်ကိုရှင်းပြသည့် ဝေသာလီခေတ် ဒင်္ဂါး၏အဓိပ္ပါယ်။
၇၆။ ရခိုင်ရာဇဝင်တော်ကြီး(ပေမူ)၊ မြောက်ဦး (ပထမနှင့်ဒုတိယခေတ်)(အေဒီ ၁၄၃၀-၁၆၃၈)။
၇၇။ ရခိုင်သိုက်ကျမ်း။
၇၈။ ရွှေသာခိုင်၊ ဦး၊ ရခိုင်ရိုးမမဂ္ဂဇင်း၊ ကုလီသျှာအမည်ထိုးဆင်းတုတော်တစ်ဆူယ ပင်မလာ ဒကာမ။
၇၉။ မြန်မာ့အလင်းသတင်းစာ (စစ်တွေအောက်တိုဘာ-၁၄) ရခိုင်ရှေးဟောင်းငွေဒင်္ဂါးများ
၈၀။ ရှေးခေတ် ရခိုင်ဘုရင်များအုပ်ချုပ်ပုံစံစနစ် ။
၈၁။ ဦးလင်း၊ဆရာကြီး၊အဂ္ဂမဟာပဏ္ဍိတ၊ မဟာပညာကျော်လျှောက်ထုံး။
၈၂။ ဥက္ကာပျံ ၊ ရခိုင်စာဆိုတော် (မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၅)
၈၃။ ဥတ္တမ၊ ဦး၊ လမ္ဘုတော်ဆရာ၊ ရခိုင်ရာဇဝင်ကြီး ။
၈၄။ ခင်မောင်ညွှန့်၊ ဒွန်မာတင်၊ မြတ်ပန်းသဇင်မဂ္ဂဇင်း၊ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)။ ၂၀၀၂
၈၅။ ဝေသာလီခေတ် အဘယမုဒြမုနိမြတ်စွာဘုရား။ ရှင်ကြမ်းကျေးရွာကျောင်းဂေါပကအဖွဲ့ ကျောက်တော်မြို့နယ်။

http://www.dhammadownload.com



၈၆။ လေးမြို့ခေတ် အဘယမုဒြာနှင့်မဟာကရုဏာမုဒြာဆင်းတုတော်မြတ်။
၈၇။ သူ့ဘဝ သူ့ဒဿန ။ The Flower News Vol. 7. No.6, Tuesday, 8-14 February, 2011.
၈၈။ မစံပယ်(တက္ကသိုလ်)၊ ပေါ်တော်မူ လာဘမုနိဘုရားကြီးသမိုင်း ။ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်
၈၉။ လှထွန်းဖြူ ဦး၊ မဇ္ဈိမအရေးတော်ပုံကျမ်း (၁၉၉၈)
၉၀။ တက္ကသိုလ်မင်းလွင်(M.A)။ ဦးလှထွန်းဖြူ M.A.BL.Ex. M.L.A ၏ဘဝနှင့်စာပေ (၁၉၈၄)
၉၉။ ရွှေဇံ၊ဦး၊ ရှေးခေတ်ရခိုင်သမိုင်းစဉ်နှင့်ခေတ်အဆက်ဆက်ယဉ်ကျေးမှု-ဓညဝတီခေတ် (၂၀၀၉-ခု)
၁၀၀။ ခိုင်ကျော်နွယ်(ကျောက်တော်)၊ဂုဏ်ယူပါသည် ဓညဝတီ ၊၂၄၄၄ မြဲဖေညေန စာ-၄၆ နိုင်ငံတကာရခိုင်အမျိုးသားအသင်း၊ နယူးယောက်မြို့၊အမေရိကန်နိုင်ငံ
၁၀၁။ သံတွဲမြို့အောင်မြေသာစည်ဆရာတော် ဒွါရာဝတီအရှင်ကုသလ (ငွေသဇင်) စီရင်ရေး သားအပ်သော ရက္ခပူရဒွါဒသရာသီဋီကာ အမည်ရှိ ရခိုင်ဗွာနီလရာသီကျမ်း(၂၀၀၈-ခု)
၁၀၂။ ဘဒ္ဒန္တပညာဇေ (သာသနဇေမွာစရိယ)၊ မဟာမုနိရုပ်ရှင်တော်မြတ်သွန်း လုပ်တော်မူပုံသမိုင်း(၁၉၆၆)
၁၀၃။ မောင်တောသား၊ အနောက်တံခါးမှဝင်ရောက်လာသူများအပေါ် သမိုင်းအမြင်၊ ရခိုင်သဟာယမဂ္ဂဇင်း
၁၀၄။ စံထွန်းအောင်၊ဦး၊ ကိုယ်တွေ့မေယုမြေနှင့်ရိုဟင်ဂျာ(လက်နှိပ်စက်မူ)(၁၉၆၉-ခု)
၁၀၅။ မင်းပြား မင်းသိဏ်းထွဏ်း၊ အမ်းမြို့နယ်ဒါးလက်အနောက်ရွာ မြသိန်းတန်းသမိုင်းဝင်ဘုရား (၂၀၀၈-ခု)
၁၀၆။ ဦးတင် ၊အဂ္ဂမဟာပဏ္ဍိတ၊ မဟာပညာကျော်လျှောက်ထုံး
၁၀၇။ နန္ဒာထွန်း၊ ဓညဝတီသာသနာ၊ ရိုးမလှိုင်းတောင်ကုတ်မဂ္ဂဇင်းအမှတ်(၅)(၂၀၁၁-ခု)
၁၀၈။ ဒွါရာဝတီအရှင်ကုသလ၊ ရိုးမလှိုင်းကိုဆန်းစစ်ခြင်း၊ ရိုးမလှိုင်းတောင်ကုတ်မဂ္ဂဇင်းအမှတ်(၅) (၂၀၁၁-ခု)
၁၀၉။ ခိုင်ထွန်းသစ်(ရွှေကျွန်းမြေ)၊ဘုရားဖူးခရီးသည်(၃)၊မုနိမြေမဂ္ဂဇင်းအမှတ်(၈) (၂၀၀၈-ခု)
၁၁၀။ ဘသောင်း၊ စာရေးဆရာဒါရိုက်တာ၊ ရွှေတောင်မောရပဗ္ဗတ
၁၁၁။ မြတ်မင်းလှိုင် ၊ ရခိုင်ပြည်နယ်ဝတီလေးရပ်ရှိရှေးဟောင်းစေတီပုထိုးများ (၂၀၀၃-ခု)
၁၁၂။ ကပ္ပတိန်သာစိန်၊ ရခိုင်မျိုးနွယ်လူငယ်များသို့ ရခိုင်သမိုင်းကောက်ကြောင်းများ (၂၀၁၁-ခုမတ်လ)

http://www.dhammadownload.com




# အခန်း (၁၁)

## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

http://www.dhammadownload.com



## ၁၉၄၂ ခုနှစ်မတိုင်မီက မောင်တောမြို့နယ်အတွင်းတည်ရှိခဲ့သော ရခိုင်ရပ်ရွာများ



http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့်နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ
## ၁၉၄၂ ခုနှစ်မတိုင်မီကမောင်တောမြို့နယ်အတွင်းတည်ရှိခဲ့သောရခိုင်ရပ်ရွာများ

၁။ အထက်ဘော်တလာ
၂။အောက်ဘော်တလာ
၃။အင်တူလာ
၄။ကာ့လာရွာ
၅။ဒိုင်းပိုင်ရွာ
၆။ဒိုးကျော်ဘရွာ
၇။သင်္ကေပြင်(အောင်သပြေ)
၈။ကျီချိုင်
၉။ရဲဘောက်ကျာ
၁၀။ရဲဘော်ဦးရွာ
၁၁။ရွှေချမ်းအောင်ရွာ
၁၂။အတွင်းကြောင်နဖေ
၁၃။ရွှေလှရွာ
၁၄။ထန်းချောင်း
၁၅။လမုံကိုင်း
၁၆။စံထွန်းဦးရွာ
၁၇။ခမောင်းဆိပ်
၁၈။ထွီးဖြူရွာ
၁၉။မီးကျောင်းခေါင်း
၂၀။ငရုံ့ချောင်း
၂၁။ချဒိုးရှီရွာ
၂၂။မြကျော်ရွာ
၂၃။စေတီပြင်သက်ရွာ
၂၄။စေတီပြင်သက်ရွာ
၂၅။ကြောင်တိုးရွာ
၇၆။မီးတိုက်
၇၇။ရဲအောင်ချောင်း

၂၆။သလူတောင်
၂၇။အတွင်းသလူတောင်
၂၈။ဒလာရွာ
၂၉။ပြုစုကောင်းရွာ
၃၀။လှိုင်သီ(သက်)ရွာ
၃၁။သစ်တုံးနားရွာ
၃၂။ကုလားပုန်း(အပြင်)
၃၃။ကုလားပုန်း(အတွင်း)
၃၄။မှိုင်းစရီ
၃၅။ဖားအောက်ရွာ(ဖေါင်ဆိပ်)
၃၆။အပြင်ရေနောက်ငါးသား
၃၇။အတွင်းရေနောက်ငါးသား
၃၈။အင်္ဂါဖရွာ
၃၉။ရီချမ်းချောင်း
၄၀။ရွှေဒိုင်
၄၁။တပ်ချောင်း
၄၂။ဒုံးညိုရွာ
၄၃။သာသြအောင်ဖရွာသစ်
၄၄။ကာလာဒေးဖ(ညံအင်း)
၄၅။သဲနီ
၄၆။ဆတ်ရိုးကျ
၄၇။လောင်းပုတ်
၄၈။ဝက်ကျိန်း
၄၉။ရိုးဒါး
၅၀။ဟာသ်ာရတရိန်း
၁၀၁။ဖန်မြောင်
၁၀၂။ပြောင်ပစ်

၅၁။အင်းချောင်းရွာ
၅၂။လပေါ်ရွာ
၅၃။ပန်းတိုင်ရွာ
၅၄။မောင်ရွှေဇံရွာ
၅၅။မိမင်းသားဖရွာ
၅၆။တောင်ပုတ်ရွာ
၅၇။ဝေလာဖောင်တုံးချောင်း
၅၈။ရဲရှုပ်ရွာ
၅၉။ကျောက်ပြင်လှ
၆၀။ဖက်ဝန်းချောင်း
၆၁။ဂါရာပြင်
၆၂။ကျွဲသပေါက်
၆၃။ဝကျိန်းသျှေ
၆၄။စံကားပင်ရင်း
၆၅။စိုင်တောပြင်
၆၆။ငဖြူချောင်း
၆၇။ကျောက်တန်း
၆၈။နတ်ကျောက်
၆၉။ပြိုင်းချောင်း
၇၀။ကြင်ဖော်
၇၁။ကတုံ့ကျွန်း(မင်းကြီးရွာ)
၇၂။တောင်ပြို
၇၃။အောင်လှဖြူရွာ
၇၄။ကွမ်းသီးပင်
၇၅။သဘော်လှ
၁၂၆။ငတိုးရွာ
၁၂၇။ရွက်ညိုတောင်

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

၇၈။နံ့သာတောင်
၇၉။ကျွန်းတောင်
၈၀။ဂေါ်တူရ
၈၁။ကျော်ထွီးရွာ
၈၂။ဂေါ်တူရသဲချောင်း
၈၃။ဆင်အိုး
၈၄။နပျိုးချောင်း
၈၅။ကျွန်းပေါက်
၈၆။ထန်းချောင်း
၈၇။ပြားရွာ
၈၈။ကျောက်ချောင်းကြီး
၈၉။ကျောက်ချောင်းသျှေ
၉၀။ငစံဘော်
၉၁။ကန့်ဒရံ
၉၂။အထက်ပြူးမ
၉၃။ဘော်လီစီး
၉၄။ဖောက်ကျီတောင်
၉၅။ဂြစ်ချောင်း(အောက်ရွာ)
၉၆။ဂြစ်ချောင်း(အထက်ရွာ)
၉၇။ဆင်သီပြင်အထက်
၉၈။ဆင်သီပြင်အောက်
၉၉။ဆင်သီပြင်အလယ်
၁၀၀။လောင်းတုံစေတီပြင်
၁၅၁။အခေါင်းပေါက်ရွာ
၁၅၂။ခွဆုံပြင်
၁၅၃။သစ်ပုတ်ချောင်း
၁၅၄။ကင်းချောင်း
၁၅၅။အတွင်းကင်းချောင်း

၁၀၃။ဟန်ဇားမ
၁၀၄။ငါးစားကြူး
၁၀၅။အောက်ပြူးမ
၁၀၆။ငါးခူရတောင်ရွာ
၁၀၇။ငါးခူရချောင်းဝရွာ
၁၀၈။ယောင်ဗွိရွာ(မြို့သစ်)
၁၀၉။စံပေပင်ရင်း
၁၁၀။ခြိပြင်
၁၁၁။ကျားခေါင်းထောင်
၁၁၂။ပီယေရွာ
၁၁၃။ရေမျက်တောင်
၁၁၄။ကပ်ပကောင်း
၁၁၅။မောင်လုံခလော
၁၁၆။ကြက်ရိုးပြင်
၁၁၇။ငနိုးချောင်း
၁၁၈။ပွင့်ဖြူချောင်းရွာကြီး
၁၁၉။ပွင့်ဖြူချောင်းရွာချေ
၁၂၀။ချစ်စံဘရွာ
၁၂၁။ဖားဝပ်ချောင်း
၁၂၂။နေပူခံရွာ
၁၂၃။မောင်နှမသဲချောင်း
၁၂၄။ချောင်းခြောက်
၁၂၅။သရက်အုပ်ရွာကြီး
၁၆၆။စိန်ပန်းရွာ
၁၆၇။တုံးချောင်းအောက်
၁၆၈။တုံးချောင်းအထက်
၁၆၉။ကာတိရွာ
၁၇၀။အုန်းပင်ရင်းရွာ

၁၂၈။ရိုခပ်ချောင်း
၁၂၉။တောင်ဖီလာ
၁၃၀။ပြင်ဖြူချောင်း
၁၃၁။ဒက်ရွာ
၁၃၂။ဒိုးတန်းသာစည်ကုန်း
၁၃၃။ပုဏ္ဏားဆိပ်
၁၃၄။ရွာသစ်ကေ
၁၃၅။ကန်းကျင်ချောင်း
၁၃၆။ကယုချောင်းသျှေ
၁၃၇။မင်္ဂလာကြီးစီးရွာ
၁၃၈။သင်္ကေပြင်ရွာ
၁၃၉။ဝပိတ်ရွာ
၁၄၀။ကျောက်ချောင်း
၁၄၁။ဒါးကြီးဇား
၁၄၂။ကန့်ပြင်
၁၄၃။ကျောက်ပြင်ဆိပ်
၁၄၄။ကျောက်လှေကား
၁၄၅။ပုန်းတောပြင်
၁၄၆။စပ်ချကုန်း
၁၄၇။မောင်ဦးရွာ
၁၄၈။သဲဖြူကျွန်း
၁၄၉။မင်းကျိုးချောင်း
၁၅၀။ရိုဖုံးပြင်
၁၈၁။မြင်းလွှတ်ချောင်းသားရွာ
၁၈၂။မြို့ချောင်းရွာ
၁၈၃။ရှောက်ကိုင်းရွာ
၁၈၄။ကျောက်ပန်းတူ
၁၈၅။ဇောမိကုန်း

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

၁၅၆။ကန်ပြင်သာစည်
၁၅၇။ကျီးကန်းဖြူ
၁၅၈။မှော်ဝင်ရွာ
၁၅၉။ဂြင်းချောင်း
၁၆၀။လင်းဘာကုန်း
၁၆၁။ကိုင်းကြီး
၁၆၂။ဇော်မတတ်
၁၆၃။အပေါက်ဝ
၁၆၄။ချီးဇားရွာ
၁၆၅။လာလီရွာ
၁၇၁။ဒိုးတန်း
၁၇၂။ကညင်တန်း
၁၇၃။အလယ်သံကျော်ရွှါပေါင်း
၁၇၄။အလယ်သံကျော်ရွာသစ်
၁၇၅။ကြိမ်ချောင်း
၁၇၆။ကံပူး
၁၇၇။ဥဒေါင်း
၁၇၈။သင်္ဂနက်
၁၇၉။တပ်တုံးပြင်
၁၈၀။ကျောင်းတောင်
၁၈၆။ချဒိုးရှိဘရွာ
၁၈၇။ရွှေမောင်ရွာ
၁၈၈။အတွင်းပြင်
၁၈၉။ကြိမ်တန်းချောင်း
၁၉၀။အင်းတင်ရွာကြီး
၁၉၁။အင်းတင်ရွာ
၁၉၂။အင်းတင်ရွာသွေ
၁၉၃။သဝင်ချောင်း
၁၉၄။သလူချောင်း
၁၉၅။တမန်းသား

**မောင်တောမြို့ပေါ်ရှိရပ်ကွက်များ**

၁။ အောက်ရွာ
၂။ ဒက်ရွာ
၃။ သင်္ဘောဆိပ်
၄။ ပြိုင်လှီဆိပ်
၅။ အလယ်ရွာ
၆။ ရှိတ္တာရွာ
၇။ အရှေ့ဘက်ရွာ
၈။ ညောင်ပင်လှရွာ

၁။အင်းဒင်
၂။ပဲရုံ(နတလရွာသစ်)
၃။အလယ်သံကျော်
၄။မောရဝတီ(နတလရွာသစ်)
၅။ကိုင်းကြီး
၆။တုံးချောင်း
၇။ဇောဓိကုန်း
၈။အလယ်ရွာ
၁၆။အောင်ဗလ
၁၇။ကညင်ချောင်း
၁၈။အောင်မင်္ဂလာ(နတလရွာသစ်)
၁၉။သရက်အုပ်
၂၀။ပီယေရွာ
၂၁။ခြိပြင်
၂၂။ရွှက်ညို
၂၃။စံပေပင်ရင်း
၃၁။တမန်းသား
၃၂။မင်္ဂလာညွန့်(နတလရွာသစ်)
၃၃။မင်းခမောင်း(နတလရွာသစ်)
၃၄။ဝေလာတောင်
၃၅။အောင်သပြေ
၃၆။ရွှေဒိုင်း
၃၇။ရီချမ်းချောင်း
၃၈။တပ်မင်းချောင်း

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

၉။ကံသာယာ
၁၀။ကံပြင်သာစည်
၁၁။ရွာသာယာ
၁၂။သစ်တောရွာ
၁၃။မကျည်းကုန်း
၁၄။ငွေတောင်
၁၅။ပြားသားရွာ
၂၄။ငါးခူရ
၂၅။ယောင်ဘူရွာ(မြို့သစ်)
၂၆။အောက်ပြူးမ
၂၇။အထက်ပြူးမ
၂၈။ကြိမ်ချောင်း
၂၉။ရန်အောင်ပြင်(နတလရွာသစ်)
၃၀။မင်းကြီးရွာ
၃၉။ကပ်ပကောင်း
၄၀။တောင်ပြို
၄၁။သဘော်လှ
၄၂။မီးတိုက်
၄၃။နံ့သာတောင်
၄၄။သာယာကုန်း
၄၅။ရေနောက်ငါးသား
၄၆။တရိန်း

## ရခိုင်တိုင်းရင်းသားများ၏ရပ်ရွာအိမ်ခြေစာရင်း (တစ်ဘက်နိုင်ငံ)

<u>ဖလောင်းချိတ်နယ်ရှိရခိုင်ရွာစာရင်း</u>

| စဉ် | ရွာအမည် | ယခင်အိမ်ခြေ | ယခုအိမ်ခြေ | လက်ရှိလူဦးရေ |
|---|---|---|---|---|
| ၁။ | မော် | ၁၀ | - | - |
| ၂။ | ပင်စသျှေစု(ခွင်စသျှေစု) | ၇၀ | ၄ | ၂၀ |
| ၃။ | ပန်းစားဖစု | ၆၀ | ၃ | ၂၀ |
| ၄။ | ငါးစျီးတန်း | ၁၂၀ | ၇၀ | - |
| ၅။ | ဟင်းစျီးတန်း | ၅၀ | ၄ | - |
| ၆။ | သရက်တန်း | ၅၀ | ၁၅ | - |
| ၇။ | ရွှေဘုံတန်း | ၇၀ | ၄ | - |
| ၈။ | ကျော်ဦးတန်း | ၈၀ | ၄၀ | - |

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

### ဖလောင်းချိတ်မြို့ရှိဘုန်းတော်ကြီးကျောင်းများ

| | | |
|---|---|---|
| (၁) မြစ်နားကျောင်း | (၂) ပိဋကတ်ကျောင်း | (၃) မျောက်ချေကျောင်း |
| (၄) တောကျောင်း | (၅) တိသကျောင်း | (၆) အကာမေစကျောင်း |
| (၇) ဝိမာသာရကျောင်း | (၈) ငါးခူဆောင်တန်းကျောင်း | (၉) မေတ္တိရင်းကျောင်း |

### သော်ဒီဂျာနယ်ရှိရွာများ

| | | |
|---|---|---|
| ၁။ | ကျောင်းနားရွာ | ၇၀ |
| ၂။ | မော်ရွာ | ၆၀ |
| ၃။ | အထက်ရွာ | ၇၀ |

### ကုလားချုပ်နယ်ရှိရွာများ

| | | | |
|---|---|---|---|
| ၁။ | ကြက်စားရွာ | မသိ | မရှိ |
| ၂။ | မောင်ဇံရွာ | မသိ | ၄၀ |
| ၃။ | မုရိုးတော်ရွာ | မသိ | ၂ |
| ၄။ | ရွာသစ်ရွာ | မသိ | ၃ |
| ၅။ | ဆည်ကြီးရွာ | မသိ | မရှိ |
| ၆။ | လေးဆောင်ရွာ | - | ၄ |
| ၇။ | ဦးဒေါင်းပြင်ရွာ | | |
| ၈။ | ပတ်တလီရွာ | - | ၂ |
| ၉။ | နွားရုံတောင်ရွာ | | ၃၅ |
| ၁၀။ | စိုင်းဒါး | | ၂ |
| ၁၁။ | မန်းဇာစီး(မန်းဇရီပင်စီး) | မသိ | မရှိ |

### မဟာငိုနယ်ရှိရွာများ

| | | | |
|---|---|---|---|
| ၁။ | ရွာကြီး | ၆၀ | မသိ |
| ၂။ | အထက်ရွာ | | |
| ၃။ | အောက်ရွာ | | |
| ၄။ | ဘောဒကူရွာ | | |

http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

၅။ တန်းထားဒကူရွာ
၆။ မဒီချောင်း
၇။ ဟာလဘင်း(ငသံဒေဖတည်ရွာ) ၁၇၀
၈။ စုတ္တရာ ၇၀
၉။ မာလဖုံ
၁၀။ လေးဆောင်ရွာ

*ဖလောင်းချိတ်နှင့်ကယုချောင်းကြားရှိရခိုင်ရွာများ*

| စဉ် | ရွာအမည် | ယခင်အိမ်ခြေ | ယခုအိမ်ခြေ | လက်ရှိလူဦးရေ |
|---|---|---|---|---|
| ၁။ | ထမ်းချောင်း | ၄၀ | မရှိ | - |
| ၂။ | ဝါးခွပ်ချောင်း | ၇၀ | ၅၀ | |
| ၃။ | ရှောက်ချောင်း | ၄၀ | ၁၀ | |
| ၄။ | ပန်းမော် | ၄၀ | ၅၀ | |
| ၅။ | ခိုင်မရှိဖရွာ | ၅၀ | ၈၀ | |
| ၆။ | သင်ပုန်းချောင်း | ၅၀၀ | ၁၀၀ | |
| ၇။ | ခြံချောင်း | ၆၀ | ၁၀၀ | |
| ၈။ | နခေါင်းချောင်း | ၅၀ | ၅ | |
| ၉။ | ညလား | ၇၀၀ | ၂၀ | |
| ၁၀။ | မိုးပန်းဖရွာ(မိုးဖြူရွာ) | ၆၀ | မရှိ | |
| ၁၁။ | မြစ်နားရွာ | ၅၀၀ | ၁၅၀ | |
| ၁၂။ | အလယ်ချောင်း | ၄၀ | မရှိ | |
| ၁၃။ | ပေါက်ဆိန်ခေါင်း | ၂၀ | ၅ | |
| ၁၄။ | ညောင်ပင်လှ | ၇၀ | မရှိ | |
| ၁၅။ | သူကြီးရွာ | ၇၀ | မရှိ | |
| ၁၆။ | ရွာသစ် | ၇၀ | ၁၀ | |
| ၁၇။ | ထပ်တောင်ရွာ | ၁၀ | မရှိ | |
| ၁၈။ | ညောင်ကြပ်ပင်ရွာ | ၁၀ | မရှိ | |

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| | | | |
|---|---|---|---|
| ၁၉။ | ကယုချောင်း | ၅၀၀ | ၃၀ |
| ၂၀။ | ကင်းဂုတ်ရွာ | ၄၀ | မရှိ |
| ၂၁။ | ဆားပြင် | ၆၀ | ၁၂ |
| ၂၂။ | မောင်ဦးရွာ | ၂၀ | မရှိ |
| ၂၃။ | ကုန်တန်းသျှေ | ၃၀ | မရှိ |
| ၂၄။ | ရှင်မဖြူ | ၂၀ | မရှိ |
| ၂၅။ | ရှင်မညို | ၃၀ | မရှိ |

**ပင်းဝါနယ်ရှိရခိုင်ရွာများ**

| | | | |
|---|---|---|---|
| ၁။ | ရွာကြီးဖက်ရွာ | ၁၂၀ | ၃၀ |
| ၂။ | မြောင်းနားဖက်ရွာ | ၅၀ | ၁၀ |
| ၃။ | ကျောင်းနားရွာ | ၃၀ | ၂၀ |
| ၄။ | ထုံးသယ်ရွာ | ၄၀ | |
| ၅။ | လက်ပံပင်ရင်းရွာ | ၄၀ | ၂ |
| ၆။ | အောက်သားဖရွာ | မသိ | မရှိ |
| ၇။ | ရာဇာဖက်ရွာ | မသိ | မရှိ |
| ၈။ | တောင်သျှေရွာ | မသိ | ၂ |

**ခါးခရားဆော်ရီတောင်တန်းဒေသ၊ မနီဆော်ရီမြို့နယ်ရှိရခိုင်အိမ်ခြေ၊ လူဦးရေ**

| စဉ် | ရွာအမည် | ယခင်အိမ်ခြေ | ယခုအိမ်ခြေ | လက်ရှိလူဦးရေ |
|---|---|---|---|---|
| ၁။ | မာချေးရီရွာ | ၁၁၀ | ၅၉၀ | |
| ၂။ | မာနီဆော်ရီရွာ | ၁၀၀ | ၄၂၀ | |
| ၃။ | ဇော်ဆော်လောရွာ | ၉၀ | ၂၈၀ | |
| ၄။ | ကာလာပါနီရွာ | ၈၀ | ၃၃၀ | |
| ၅။ | ရင်ဂါပါနီရွာ | ၉၀ | ၃၇၀ | |
| ၆။ | ဘာယောင်းဆော်ရီရွာ | ၇၀ | ၂၉၀ | |
| ၇။ | ပင်းလယာဆော်ရာရွာ | ၁၀၀ | ၅၈၀ | |
| ၈။ | မာချောရီရွာ | ၁၀၀ | ၄၉၀ | |

http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| | | | |
|---|---|---|---|
| ၉။ | မင်းဘင်သျှေရွာ | ၁၂၀ | ၆၀၀ |
| ၁၀။ | ခါးခရားဆော်ရီမြို့ | ၁၅၀ | ၇၃၀ |

စုစုပေါင်းအိမ်ခြေ - ၁၀၁၀

စုစုပေါင်းလူဦးရေ- ၄၆၈၀

### ရင်ဂါမတီတောင်တန်းဒေသ ကာတိုက်မြို့နယ်ရှိရခိုင်အိမ်ခြေ လူဦးရေ

| စဉ် | ရွာအမည် | အိမ်ခြေပေါင်း | လူဦးရေ |
|---|---|---|---|
| ၁။ | စိန်မြောင်ရွာကြီး | ၁၂၀ | ၅၀၀ |
| ၂။ | ဟက်မန်ရွာ | ၁၀၀ | ၄၀၀ |
| ၃။ | ဆောင်းရဆော်ရီရွာ | ၁၀၀ | ၄၅၀ |
| ၄။ | အင်တမာရွာ | ၁၀၀ | ၄၀၀ |
| ၅။ | အာကာရွာ | ၉၀ | ၂၈၀ |
| ၆။ | ဘင်ဟီးရွာ | ၁၁၀ | ၄၃၀ |
| ၇။ | ကာလူဘော်ရှီးဘာရွာ | ၆၀ | ၂၅၀ |
| ၈။ | ပေကိုဝါရွာ | ၁၅၀ | ၆၀၀ |
| ၉။ | ပုဏ္ဏားဘချောင်းရွာ | ၈၀ | ၃၅၀ |
| ၁၀။ | စိန်လောင်ရွာ | ၇၀ | ၂၈၀ |
| ၁၁။ | အာရဆော်ရီရွာ | ၁၀၀ | ၄၀၀ |
| ၁၂။ | ကိုတာဆော်ရီရွာ | ၁၀၀ | ၄၀၀ |
| ၁၃။ | ဟူကောင်ဆော်ရီရွာ | ၈၀ | ၃၅၀ |
| ၁၄။ | မှိုယိုင်တောင်းရွာ | ၁၀၀ | ၄၂၀ |
| ၁၅။ | ဘောရိတ်ဆော်ရီရွာ | ၁၅၀ | ၆၅၀ |
| ၁၆။ | ဘန်ဆော်ရီရွာ | ၁၂၀ | ၄၅၀ |
| ၁၇။ | အော်ရိန်ဆော်ရွာ | ၁၀၀ | ၃၂၀ |
| ၁၈။ | ဇာဘော်ရီရွာ | ၈၀ | ၃၃၀ |
| ၁၉။ | နူဘော်ရီရွာ | ၁၀၀ | ၃၅၀ |
| ၂၀။ | နာဘော်ရီရွာ | ၁၁၀ | ၅၀၀ |

http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| | | | |
|---|---|---|---|
| ၂၁။ | နာဝါရွာ | ၁၁၀ | ၆၀၀ |
| ၂၂။ | မိုရာလီရွာ | ၁၀၀ | ၄၁၀ |
| ၂၃။ | ဘော်ဘူရွာ | ၉၀ | ၃၇၀ |
| ၂၄။ | စိန်မြောင်အလယ်ရွာ | ၆၀ | ၂၅၀ |

စုစုပေါင်းအိမ်ခြေ - ၂၃၇၀

စုစုပေါင်းလူဦးရေ - ၉၆၃၀

***ရင်ဂါမတီတောင်၊ ဘီလာဆော်ရီမြို့နယ်ရှိ ရခိုင်အိမ်ခြေနှင့်လူဦးရေ***

| | | | |
|---|---|---|---|
| ၁။ | အီချားဘော်ရီရွာ | ၁၀၀ | ၄၀၀ |
| ၂။ | ဂီကျောင်းဘော်ရရွာ | ၈၀ | ၃၀၀ |
| ၃။ | နာရစ်ဆော်ရီရွာ | ၁၀၀ | ၃၅၀ |
| ၄။ | ဘော်တော်လာရွာ | ၇၀ | ၂၅၀ |
| ၅။ | ဘင်ဂါကာတာရွာ | ၈၀ | ၃၁၀ |
| ၆။ | ပေဂူဝါရွာ | ၇၀ | ၂၈၀ |
| ၇။ | တိန်တာနာလာရွာ | ၁၀၀ | ၄၀၀ |
| ၈။ | လော်တာဘာအားရွာ | ၈၀ | ၂၅၀ |
| ၉။ | ဖော်ရိုဝါရွာ | ၁၀၀ | ၃၈၀ |
| ၁၀။ | ဒေါင်းရွာ | ၈၀ | ၃၂၀ |
| ၁၁။ | တိန်ကိုနီလာရွာ | ၉၀ | ၃၀၀ |
| ၁၂။ | တားဇားဆော်ရီရွာ | ၈၀ | ၂၆၀ |
| ၁၃။ | ဘေရိုဆော်ရီရွာ | ၉၀ | ၂၇၀ |
| ၁၄။ | အာဇာချီရီရွာ | ၆၀ | ၁၈၀ |
| ၁၅။ | အော်ရာဘော်ရီရွာ | ၁၀၀ | ၃၀၀ |

စုစုပေါင်းအိမ်ခြေ - ၁၃၆၀

စုစုပေါင်းလူဦးရေ - ၄၅၅၀

***ကာအိုနာလီခရိုင် ဘော့ဂ်နီယာမြို့နယ်ရှိ ရခိုင်အိမ်ခြေနှင့်လူဦးရေ***

http://www.dhammadownload.com



## အမျိုးသားယဥ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| | | | |
|---|---|---|---|
| ၁။ | ဟတ်မာန်ရွာ | ၁၁၀ | ၄၂၀ |
| ၂။ | မာယားဆင်ရွာ | ၁၀၀ | ၄၂၀ |
| ၃။ | အင်ဆော်ရီရွာ | ၉၀ | ၂၈၀ |
| ၄။ | ဂါရီဘော်ရရွာ | ၁၀၀ | ၄၃၀ |
| ၅။ | ဘင်နင်ဆော်ရရွာ | ၈၀ | ၃၃၀ |
| ၆။ | မိုဒေါင်းရွာ(အလယ်ရွာ) | ၉၀ | ၃၀၀ |
| ၇။ | အိုင်မာရာရွာ | ၁၀၀ | ၅၀၀ |
| ၈။ | လိုင်လာဆော်ရီရွာ | ၉၀ | ၃၀၀ |
| ၉။ | ဂါနာဆူရွာ | ၈၀ | ၃၅၀ |
| ၁၀။ | တာရာဘော်နာရွာ | ၁၀၀ | ၄၅၀ |
| ၁၁။ | ဂီယာဘော်နာရွာ | ၁၀၀ | ၄၈၀ |
| ၁၂။ | ဂေါ်ဝါရွာ | ၈၀ | ၃၁၀ |
| ၁၃။ | ဟတ်မင်ရွာ | ၁၀၀ | ၄၂၀ |
| ၁၄။ | မင်နီရွာ | ၉၀ | ၂၉၀ |
| ၁၅။ | ပူရီရွာ | ၉၀ | ၃၇၀ |
| ၁၆။ | လုံးဂေရွာ | ၁၀၀ | ၃၉၀ |
| ၁၇။ | မာစတာရွာ | ၁၁၀ | ၄၁၀ |
| ၁၈။ | ကာလာကာဆီရွာ | ၈၀ | ၃၄၀ |
| ၁၉။ | ရာဟူဇာရွာ | ၉၀ | ၃၇၀ |
| ၂၀။ | ဘော်ရော်စီးရွာ | ၈၀ | ၃၁၀ |
| ၂၁။ | ချစ်လောက်ဆော်ရာရွာ | ၇၀ | ၂၁၀ |

http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ



ရခိုင်တိုင်းရင်းသားများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်အားလျော်စွာ
မိမိတို့အခြေစိုက်နေထိုင်ရာအရပ်ဒေသတို့၌ဘုရားပုထိုးစေတီသိမ်ကျောင်းဇရပ်များကို
တည်ထားကိုးကွယ်ကြသည်မှာ အမျိုး ဘာသာ သာသနာကို
စောင့်ထိန်းရမည်ဟူသော ဗုဒ္ဓဘုရားရှင်၏မိန့်မှာချက်ကို
အလေးထားလိုက်နာစောင့်ရှောက်ကြခြင်းပင်ဖြစ်ပေသည်။
(ယခင် ဘင်္ဂါ ၁၂မြို့နယ်မြေ၊ ယခုဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းမှ
ဘုန်းတော်ကြီးကျောင်းကို တွေ့မြင်ပုံ) (မဠိုမသတင်း) ပုံ-၁

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

## ၁၉၄၂ခု၊ ဘူးသီးတောင်မြို့နယ်ရှိကျေးရွာများအခြေပြစာရင်း

| ရခိုင် | အိမ်ခြေ | ခမွေး | ဒိုင်းနက် | ကုလား |
|---|---|---|---|---|
| လှေမ်းပြင် | ၁၀၀ | | | |
| ဝက်ခေါ်ရွာ | ၁၂၀ | | | |
| ပေါက်တော | ၁၂၀ | | | |
| အောင်ဇေယျ | ၄၀ | | | ကာလာရွာ |
| အတွင်းပြင်ရွာသစ် | ၅၀ | | | |
| အတွင်းပြင်ရွာဟောင်း | ၄၀ | ရှောက်ခြုံ | | |
| မောင်နှမ | ၁၂၀ | | | |
| အိုးသည်မ | ၈၀ | | | ဒုအိုးသည်မ |
| ဒိုးဝေရွာ | ၅၀ | | | |
| ထိန်ဝေရွာ | ၅၀ | | | |
| သာစေရွာ | ၅၅ | | | |
| ကျိန်ချောင်း+ဒုပြင်ရှည် | ၅၅ | | | |
| တောင်ချောင်း+ဇင်းခါ | ၄၀ | | တောင်ပေါ် ၆၅ | |
| သာစည်ကုန်း | ၃၀ | | ရွှေတောင် ၆၁ | |
| ပြိုင်းတောင် | ၆၀ | | | |
| ကွဲကြိုမော် | ၃၀ | | | |
| ညောင်ချောင်း | ၈၀ | | | |
| ညောင်ချောင်းရွာသစ် | ၄၀ | | ထိန်တောပြင် ၈၀ | |

<u>အုပ်စုနံပါတ်(၁၄)ငွေတောင်အုပ်စု</u>

| ရခိုင် | အိမ်ခြေ | ခမွေး | ဒိုင်းနက် | ကုလား |
|---|---|---|---|---|
| ဒိုးတန်း | ၈၀ | | | |
| ဖရုံချောင်း | ၅၀ | | ဒိုးတန်း | |
| ငှက်ပျောချောင်း | ၇၅ | | | |
| ဂူတာပြင် | ၃၀ | | ဂူတာပြင် | |
| ကျောက်စာတိုင် | ၅၀ | ကျောက်စာတိုင်၂၀ | | |

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| ရခိုင် | အိမ်ခြေ | ခမွေး | ဒိုင်းနက် | ကုလား |
|---|---|---|---|---|
| ဒိုးတန်းရွာသစ်(ကံပြင်) | ၈၀ | | | ရက်တောင် |
| အတွင်းပြင် | ၆၀ | | | |
| စိမ်းညှင်းပြား | ၃၀ | | | စိမ်းညှင်းပြား |
| ကသေ | ၂၀ | | သပြေတော ၃၀ | |
| သပိတ်တောင် | ၁၅၀ | | ဘုရားတောင် ၃၀ | |
| ကင်းချောင်း | ၈၀ | | ကင်းချောင်း ၆၈ | ကင်းချောင်း |
| အတွင်းပြင် | ၃၀ | | လက်ပံကိုင် ၄၀ | |
| သပေါ့ချောင်း | ၄၀ | | | |
| အလယ်ချောင်း | ၄၀ | | အလယ်ချောင်း | |
| အုံးတပင် | ၂၀ | | လက်သာရွာ | |
| | | | ကကျဘက် | |
| | | | မြောင်းနား | |

## <u>အုပ်စုနံပါတ်(၁၅)ဘူးသီးတောင်</u>

| ရခိုင် | အိမ်ခြေ | ခမွေး | ဒိုင်းနက် | ကုလား |
|---|---|---|---|---|
| ဖြေ့ရွာ | ၄၀ | ကျောက်တန်း | | ကကျဘက် |
| ဆင်အိုး | | ဘကုံးနား | | |
| ဒုံးချောင်း ၃၀ | | ဒုံးချောင်း | | |
| စေတီတောင် | ၂၅ | | | |
| တပ်ရာ | ၂၀ | | | |
| ဘူးသီးတောင်ရွာမ | ၈၀ | | | ရွာမ |
| လေးဆောင်စု | ၁၅ | | | ရှာရီကုန်တန်း |
| | | | | ကျောက်လှုပြင် |
| | | | | ကကြီးပြင် |
| လက်ဝဲဒက် | ၃၀ | | | လက်ဝဲဒက်ပြင်ရှည် |
| ထိန်တော | ၂၀ | | | လက်ဝဲဒက် |
| | | | | ကျောက်ဖြူတောင် |
| အထက်ထိန်တော | ၂၀ | | | တပ်မင်းချောင်း |
| | | | | ပုဇွန်ချောင်း |

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| ရခိုင် | အိမ်ခြေ | ခမွေး | ဒိုင်းနက် | ကုလား |
|---|---|---|---|---|
| ဖွတ်ကိုက်ချောင်း | ၁၅ | | | ဆင်အိုးပြင် |
| ပေါက်တောပြင်+ | ၉၉၀ | | | မောင်ဂူရာ |
| ပေါင်ကြီးထောင့် | | | | ဖေါင်တော်ပြင် |
| စည်အောင်ရွာ | ၄၅ | | | စည်အောင်ရွာ |
| စည်အောင်ရွာသစ် | ၅၀ | | | |
| စေတီပြင် | ၃၀ | | ငကျည်တောက် | |
| ဒပိုင်ဆရာ | ၄၀ | | လောင်းချောင်း၈၅ | အောင်လှပြင် |
| | | | ကြိန်ချောင်း | |
| | | | ဆင်စွယ်ရ ၅၅ | |
| မီးကျောင်းခေါင်းဆွဲ | ၁၃၀ | | မီးကျောင်းခေါင်း | |
| | | | ဆွဲ ၄၀ | |
| ကင်းချောင်း | ၄၀ | | အင်းချောင်း၄၀ | အင်းချောင်း |
| ကင်းချောင်း+ချီလိုင်ပြင် | ၃၀ | | ထယင်ဒူး ၄၀ | ဘဒနာ |
| | | | | ငါးရန့်ချောင်း |
| ပြင်ခေါင်ချေ | ၆၀ | ပြင်ခေါင် | | ယင်တောင် ၃၀ |
| ပြင်ခေါင်ကြီး | ၂၈၀ | | | ငါးရန့်ချောင်း |
| တောင်ရင်းကြီး | ၈၀ | | | ဘဒနာ ၈၀ |
| မျောက်ရဲ | ၁၅၀ | | | |
| လိပ်ပုပ် | ၄၀ | | | |
| ဘဒနာ | ၄၀ | | | |
| ယင်တောင် | ၃၀ | | | |

(၁၆)ကုလားပန်းဇင်းအုပ်စု

| | | | | |
|---|---|---|---|---|
| ပန်းဖဲချောင်း | ၁၅၀ | | | ပန်းဖဲချောင်း |
| မောင်နှမ | ၆၀ | | | မောင်နှမ |
| သပေါက်သားရွာ | ၂၀ | | | ကျွန်းပေါက် |

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| ရခိုင် | အိမ်ခြေ | ခမွေး | ဒိုင်းနက် | ကုလား |
|---|---|---|---|---|
| ကုန်းလှ | ၁၅ | | | |
| ဆယ်ခူ | ၄၀ | ကျွန်းပေါက် ၂၀ | | |
| ကြို့ချောင်းနှစ်ရွာ | ၁၂၀ | ကြို့ချောင်း | | |
| ကြို့ချောင်းရွာသစ် | ၄၀ | ကြို့ချောင်း | | |
| ပဲသကူ | ၁၅ | | | |
| ကျောင်းတောင် | ၄၀ | ကျောင်းတောင် ၂၀ | ကျောင်းတောင်၂၀ | ကျောင်းတောင် |
| စာကိုင်း | ၄၀ | | | စာကိုင်း |
| ဘဒကား | ၂၀ | ဘဒကား ၁၅ | | ဘဒကား |
| ပန်ဇေ | ၈၁ | ပန်ဇေ ၃၀ | | ပန်ဇေ |
| ဘိုကလေး | ၈၀ | ဘိုကလေး၂၀ | | ဘိုကလေး |
| တံခွန်တိုင် | ၂၀ | | | |
| ကျီးနှုတ်သီး | ၃၀ | | | |
| ပေါက်ကျပ် | ၃၀ | ပေါက်ကျပ် ၁၅ | | |
| ဂန်ဒရူး | ၁၆ | ဂန်ဒရူး ၁၆ | | |
| လက်ပံရွာနှစ်ရွာ | ၆၀ | | | |
| စရို | ၂၀ | | | |
| စရိုတောင်ကြား | ၂၀ | | | |
| အိုးဖြူရွာ | ၅၀၀ | | | |
| ကြိန်ချောင်း | ၁၅ | | | |
| နာဂရာ | ၃၀ | | | |
| ယင်းမကျောင်းတောင် | ၂၀ | | ပေါက်ကျပ် | ယင်းမ |
| ပီရွက် | ၄၀ | | အင်းချောင်း | ပေါက်တောပြင် |
| ငပိတ်ချောင်း | ၄၀ | | ပန်းကုံးမ | ဒပိုင် |
| တရူ | ၃၀ | | သံပုရာ | မီးချောင်း |
| အုတ်တောင် | ၈၆ | အုတ်တောင်၁၅ | ပဟိုးပြင်<br>နှိုင်းစရာ | ခိုက်ခူရာ<br>ပေါက်တော<br>ပြင်ရွာသစ် |

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| ရခိုင် | အိမ်ခြေ | ခမွေး | ဒိုင်းနက် | ကုလား |
|---|---|---|---|---|
| ခဝါချောင်းခွဆုံ | ၅၀၀ | | | |
| ကန်ပိုင်ချောင်း | ၁၅ | | | |
| ဝင်းတွင်း | ၂၄ | | | |
| ပြင်ရှည် | ၄၀ | | | |
| စညုင်းဝေ | ၅၀ | | | စညုင်းဝေ |
| ကျောက်တောင် | ၃၀ | | | သက္ကင်းမန္း |
| ကျောက်ရန် | ၅၀ | | | မောင်နှမ |
| သခွေရွာ | ၅၀ | | | နန်းရာကုန်း |
| ငါးပြီးသွားရွာ | ၂၅ | | | မောင်နှမပုလဲတောင် |
| ခယင်ပြင် | ၁၆ | | ခယင်ပြင်၅၀ | ကွန်ဒိုင် |

(၁၈)စိုင်းဒင်အုပ်စု

| ရခိုင် | အိမ်ခြေ | ခမွေး | ဒိုင်းနက် | ကုလား |
|---|---|---|---|---|
| အတွင်းငှက်သေ | ၂၀ | | | |
| ဒပြုချောင်း | | | | ဒပြုချောင်း |
| ငှက်သေ | ၄၀ | | | ရွက်ညိုတောင် |
| တောင်မွေ့ချ | ၂၀ | | | ဦးလှဖေ |
| လေးမြို့ | ၈၀ | စိုင်းဒင်ခမွေး | | ကျောက်ဆိပ် |
| ညောင်ချောင်း | ၁၅ | | | သိန်တောင် |
| သရက်ပြင် | ၆၅ | | | ကင်းတောင် |
| ပြင်ချောင်း | ၂၀ | လက်ပံကိုင်း | | အတွင်းငှက်သေ |
| အေရာချ | ၁၅ | | | သိန်းရှောက်ခန် |
| ဖုံညိုလိပ် | ၉၀ | | | ဖုံညိုလိပ် |
| ပျာရေ | ၄၀ | | | ကြိမ်ချောင်း |
| | | | | ဝရက္ခန်း |

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| ရခိုင် | အိမ်ခြေ | ခမွေး | ဒိုင်းနက် | ကုလား |
|---|---|---|---|---|
| ဆေးအိုးကျ | ၆၉ | | | ဝရကျွန်း |
| သဇင်တော | ၃၀ | | | ကြိမ်ချောင်း |
| နန္ဒင်းတူး | ၄၀ | | | ဒိုးတန်း |
| ကျောက်ရန်ပြင် | ၇၀ | | | ဖိုးခေါင်ချောင်း |
| ဦးကျော်ရွာ | ၃၀ | | | |
| လိုင်ရှည်ပြင် | ၉၀ | | | |
| ပြင်လှနှစ်ရွာ | ၁၄၀ | | | |
| သိန်းတန် | ၂၃၀ | | | |
| စေတီတောင် | ၁၀၀ | | | |
| ဘော်လီရွာ | ၄၀ | | | |
| ခွဆုံ | ၁၄၀ | | | |
| ကျောက်ဖြူသားသေကံ | ၆၅ | | | |
| ခေါင်းကြီးရွာ | ၆၈ | | | |
| ဝက်မကျ | ၁၀ | | | |
| ငါးမကုန်း | ၁၀ | | | |
| ဥယျာဉ်သာ | ၇၀ | | | |
| နွားရုံတောင် | ၃၀ | | | |
| စတိုးထောင်ရွာ | ၄၀ | | | ဆင်သေပြင် |
| ပရှားတောင် | ၃၅ | | | |
| စပါးထားပျာရေ | ၄၀ | | | |
| တောင်ပေါ်ပြင် | ၅၀ | | | |
| စပါးထား | ၄၀ | | | |
| ဆင်သေပြင် | ၂၅ | | | |
| ကျောက်ဆိပ်ပြင် | | | | |
| သိုင်းတပုပ် | | | | |
| ထိပ်တူးပေါက် | ၅၀၀ | | | |
| ကျွန်းတောင် | ၃၅ | | | |

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| စဉ် | ဘုရားစေတီပုထိုးအမည် | တည်နေရာ |
|---|---|---|
| ၁ | ဝက်ကျိန်းတော်ဓာတ်စေတီ | ဝက်ကျိန်းရွာ |
| ၂ | ကိန္နရာဓာတ်စေတီ | |
| ၃ | ခိုမင်းဓာတ်စေတီ | |
| ၄ | သရီဘုန်ဘောင်ဓာတ်စေတီ | သရီကုန်ဘောင်ကျေးရွာ |
| ၅ | ဉဒေါင်းတောင်ဓာတ်စေတီ | ဉဒေါင်းကျေးရွာ |
| ၆ | ဖားဝပ်ချောင်းဓာတ်စေတီ | ဖားဝပ်ချောင်းကျေးရွာ |
| ၇ | ရင်ငူတော်ဓာတ်စေတီ | |
| ၈ | ကျောက်ပန်းတူဓာတ်စေတီ | |
| ၉ | သဲတော်ဓာတ်စေတီ | |
| ၁၀ | ပုဏ္ဏားဆိပ်ဓာတ်စေတီ | |
| ၁၁ | အောင်ဆိပ်ပြင်တံခွန်ဓာတ်စေတီ | |
| ၁၂ | သလူတောင်တံခွန်ဓာတ်စေတီ | |
| ၁၃ | အင်းဒင်ပါဒစေတီတော် | |
| ၁၄ | ၆-မိုင် ဖနင့်စေတီ | |
| ၁၅ | မိုက္ကရိုအနီးစေတီ | |
| ၁၆ | ငွေတောင်းစေတီ | |
| ၁၇ | အောင်ဗလ(အဘယသိဒ္ဓိစေတီ) | |
| ၁၈ | ရွက်ညိုတောင်စေတီ | ရွက်ညိုတောင်ကျေးရွာ |
| ၁၉ | ရွက်ညိုတောင်စေတီ | ရွက်ညိုတောင်ကျေးရွာ |
| ၂၀ | ငခူရစေတီ | ငခူရကျေးရွာ |
| ၂၀ | ငခူရစေတီ | ငခူရကျေးရွာ |
| ၂၂ | ငခူရစေတီ | ငခူရကျေးရွာ |
| ၂၃ | ငခူရစေတီ | ငခူရစေတီ |
| ၂၄ | လိပ်ရစေတီ | လိပ်ရကျေးရွာ |
| ၂၅ | မီးတိုက်စေတီ | မီးတိုက်ကျေးရွာ |
| ၂၆ | ကြိမ်ချောင်းစေတီ | ကြိမ်ချောင်းကျေးရွာ |
| ၂၇ | အောင်သပြေစေတီ | အောင်သပြေကျေးရွာ |
| ၂၈ | တရွှန်းစေတီ | |
| ၂၉ | ဗန္ဓုလစေတီ | ဗန္ဓုလကျေးရွာ |

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| စဉ် | ဘုရားစေတီပုထိုးအမည် | တည်နေရာ |
|---|---|---|
| ၃၀ | ဇေယျာသီရိတပ်ဦးစေတီ | |
| ၃၁ | အလယ်သံကျော်စေတီ | အလယ်သံကျော်ကျေးရွာ |
| ၃၂ | ကင်းချောင်းကေဓာတုစေတီ | |
| ၃၃ | ကျိုးကန်းတောင်ပေါ်စေတီ | |
| ၃၄ | သဲလတောင်စေတီ | |
| ၃၅ | ရွှေတောင်စေတီ | |
| ၃၆ | မြင်းလှွတ်စေတီ | |

## မြတ်စွာဘုရားရှင်၏ ပျာဒိတ်တော်ရ ဘူးသီးတောင်နှင့်မောင်တောမြို့နယ်အတွင်း တည်ထားရှိသည့် စေတီတော်များ

| စဉ် | ဘုရားစေတီပုထိုးအမည် | တည်နေရာ |
|---|---|---|
| ၁ | ထိပ်တော်ဓာတ် | သန္တဝါပဗ္ဗတတောင် |
| ၂ | သလုံးတော်ဓာတ် | သိန္ဒနန္ဒပဗ္ဗတတောင် |
| ၃ | သဲတော်ဓာတ် | သိန္ဒသိန္ဒပဗ္ဗတတောင် |
| ၄ | မျက်ရိုးတော်ဓာတ် | သာလာမိဂပဗ္ဗတတောင် |
| ၅ | မိတ်တော်ဓာတ် | စူဠပဗ္ဗတတောင် |
| ၆ | ဝမ်းတော်ဓာတ် | သီလာနန္ဒစူဠပဗ္ဗတတောင် |
| ၇ | ချက်တော်ဓာတ် | ဂန္ဒနန္ဒစူဠပဗ္ဗတတောင် |
| ၈ | လက်ဝဲလက်ရိုးဓာတ် | မောလစူဠပဗ္ဗတတောင် |
| ၉ | သလုံးတော်ဓာတ် | နန္ဒပဗ္ဗတတောင် |
| ၁၀ | ဦးဆက်တော်ဓာတ် | သာရဂဏပဗ္ဗတတောင် |
| ၁၁ | မျက်ရိုးတော်ဓာတ် | သာလပဗ္ဗတတောင် |
| ၁၂ | ပါးရှုတ်တော်ဓာတ် | နန္ဒပဗ္ဗတတောင် |
| ၁၃ | မျက်စိတော်ဓာတ် | သာလာမိဂပဗ္ဗတတောင် |
| ၁၄ | မျက်ရစ်တော်ဓာတ် | နန္ဒမိဂစူဠပဗ္ဗတတောင် |
| ၁၅ | တင်ဖိုင်တော်ဓာတ် | ကာကမေယစူဠပဗ္ဗတတောင် |

http://www.dhammadownload.com




## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

| စဉ် | ဘုရားစေတီပုထိုးအမည် | တည်နေရာ |
|---|---|---|
| ၁၆ | နံတော်ဓာတ် | ဓိဏသာလမေဃစူဠပဗ္ဗတတောင် |
| ၁၇ | ကုန်းရိုးတော်ဓာတ် | သန္တဝရပဗ္ဗတတောင် |
| ၁၈ | သဲတော်ဓာတ် | ဂန္ဓဝရပဗ္ဗတတောင် |
| ၁၉ | နားမွေးတော်ဓာတ် | ပဏ္ဍုသာရပဗ္ဗတတောင် |
| ၂၀ | လျှာတော်ဓာတ် | ပဏ္ဍုစူဠပဗ္ဗတတောင် |
| ၂၀ | ထိပ်တော်ဓာတ် | ဂန္တမန္တပဗ္ဗတတောင် |
| ၂၂ | နားလိပ်တော်ဓာတ် | မဏ္ဍုသာရပဗ္ဗတတောင် |
| ၂၃ | ထိပ်တော်ဓာတ် | နန္ဒဂန္ဓပဗ္ဗတတောင် |
| ၂၄ | အာကျပ်တော်ဓာတ် | စူဠဝရပဗ္ဗတတောင် |
| ၂၅ | အာခေါင်တော်ဓာတ် | နန္ဒစူဠပဗ္ဗတတောင် |
| ၂၆ | ကန်ကောက်တော်ဓာတ် | မေလစူဠပဗ္ဗတတောင် |


http://www.dhammadownload.com




## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ




ပုံ-၂



ပုံ-၃



ပုံ-၄



ပုံ-၅

လွန်ခဲ့သောနှစ်(၂၀၀)ကအလွန်စည်ကားပြီး ရခိုင်လူမျိုးတို့၏ လောင်းလှေဆိပ်ကမ်းမြို့ဖြစ်၍အိမ်ခြေ(၄၀၀)ကျော်ရှိခဲ့သည်။
ယခုအခါအိမ်ခြေ (၁၃)ဆောင်သာကျန်တော့သည်၊ ဘုန်းကြီးကျောင်း၊ ရေကန်တို့ကို ဘာသာခြားများ
ကျူးကျော်ဖျက်ဆီးနေပြီး စေတီတော်များမှာလည်းဖျက်ဆီးခြင်း ခံနေရသည်။ မြင်ရသည့် ကညင်ပင်မှာသက်တမ်း
(၂၀၀)နှစ်ကျော်ပြီဖြစ်သည်။ လူမျိုးခြားများက အပင်တွင်ထူးခြားသော အစောင့်ရှိသည်ဟု ယုံကြည်၍ မဖျက်ဆီးဝံ့ကြချေ။
နတ်မြစ်ကမ်းခြေ မောင်တောမြို့နယ်၊ ငါးခူရကျေးရွာနှင့် တစ်ဘက်တစ်ကမ်းတွင်တည်ရှိသည်ကျေးရွာဖြစ်သည်။

http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ



ပုံ-၆



ပုံ-၇

ပလောင်းချိတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်မြတ်နှစ်ဆူ အကာအကွယ်မဲ့ဖြစ်လျက်ရှိသည်ကို ဝမ်းနည်းဖွယ်ရာ ဖူးတွေ့ရစဉ်


http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ



ပုံ - ၈




ပုံ - ၉

ပလောင်းချိတ်ကျေးရွာပုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း၏ အနတ္တသဘောဖြစ်ပျက်နေသည်များကိုတွေ့မြင်ရပုံ

http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ



ပုံ - ၁၀

ရခိုင်ဗုဒ္ဓဘာသာဝင်တို့ နှစ်ရာပေါင်းများစွာကဆောက်လုပ်ကိုးကွယ်လာခဲ့သော ဘုန်းတော်ကြီးကျောင်းများမှာလည်း အကာအကွယ်မဲ့နေဆဲပင်



ပုံ - ၁၁

ဤကဲ့သို့ပြောင်ပြောင်တင်းတင်းကျူးကျော်နေကြသော်လည်း တားဆီးမည့်သူမရှိ၊ ဥပဒေမရှိဖြစ်နေလေသလော

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

## အောက်ချုပ်ညသူ ဋ္ဌာ

*"မဟာရေဝတထေရောပိ မဟိံသကမဏ္ဍလံ ဂန္တွာဒေဝဒူတသုတ္တံ ကထေသိ၊ သုတ္တပရိယောသာနေ စတ္တာလီသပါဏသဟဿာနိ မဂ္ဂဖလံပဋိလဘိံသု၊ စတ္တာလီသံယေဝပါဏသဟဿာနိပဗ္ဗဇိံသု။"*

*"ဂန္တွာနရဋ္ဌံ မဟိံသက မဟာရေဝေါမဟိဒ္ဓိကော*
*စောဒေတွာ ဒေဝဒူတေဟိ မောစေသိ ဗန္ဓနာ ဗဟူတိ။"*

မဟာရေဝတထေရောပိ မဟာရေဝတထေရ်သည်လည်း၊ မဟိံသကမဏ္ဍလံ မဟိံသကတိုင်းဟုအမည်ရသောရက္ခိုင်ပြည်သို့၊ ဂန္တွာ ကြွလာတော်မူ၍၊ဒေဝဒူတသုတ္တံ ဒေဝဒူတသုတ်တော်ကို၊ကထေသိ ဟောကြား တော်မူ၏။သုတ္တပရိယောသာနေ သုတ်တော်၏အဆုံး၌စတ္တာလီသပါဏသဟဿာနိ လေးသောင်းကုန် သောလူတို့သည် မဂ္ဂဖလံ့ အောက်မဂ်ဉာဏ်သုံးပါးကို၊ ပဋိလဘိံသု ရကြလေကုန်၏။ စတ္တာလီသံယေဝ ပါဏသဟဿာနိ လေးသောင်းကုန်သောလူတို့သည်လည်း ပဗ္ဗိံသု ရဟန်းပြုကြလေကုန်၏။

မဟိဒ္ဓိကော ကြီးသောအာနုဘော်ရှိသော မဟာရေဝေါ မဟာရေဝတထေရ်သည် မဟိံသကရဋ္ဌံ မဟိံသကတိုင်းဟုအမည်ရသော ရက္ခိုင်ပြည်သို့ ဂန္တွာ ကြွလာတော်မူ၍ ဒေဝဒူတေဟိ နတ်တို့၏တမန် ငါးပါးဖြင့် စောဒေတွာ တိုက်တွန်းနှိုးဆော်ဟောကြားတော်မူ၍ ဗဟူ များစွာကုန်သောရက္ခိုင်ပြည်သူပြည် သားတို့ကို ဗန္ဓနာ ကိလေသာတည်းဟူသောပူပင်ခြင်းအနှောင်အဖွဲ့မှ မောစေသိ လွတ်မြောက်တော်မူစေ၏။

**ရည်ညွှန်း**-ပါရာဇိကာံအဋ္ဌကထာ (ရှေးမူဟောင်း)
(ဦးအောင်သာဦး၊ ဗုဒ္ဓသာသနာတော်နှင့် ရက္ခိုင်ပြည်)

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

## ဝက်ကျိန်းဓာတ်စေတီ



ပုံ-၁

ရှေးရခိုင်ဘုရင်မင်းများလက်ထက်ကာလ၊ ဗုဒ္ဓဘုရားရှင်၏ဗျာဒိတ်တော်ရဓာတ်တော်မွေတော်များကိုဓာတုစေတီအဖြစ်ဌာပနာပြုတည်ထား ကိုးကွယ်လာခဲ့ကြရာ၊မောင်တောမြို့နယ်၏မြောက်ပိုင်း (၁၉)မိုင်ခန့်အကွာရှိ၊ ဝက်ကျိန်းဓာတ် စေတီတော်မြတ်အားသာသနာ-၂၂၂ခု(ဘီစီ-၃၂၁) ခုနှစ် တွင် ဓညဝတီပြည့်ရှင်သူရိယစက္ကမင်းတရားကြီးက၊ဘုရားရှင်နုစဉ်ဘဝတွင် ဝက်မင်းအဖြစ်ဖြင့်ကျင်လည်ခဲ့ရာ သန္တဝါရပဗ္ဗတအမည်ရှိသော မယူတောင်တန်း၏ အနောက်ဘက်တောင်ပေါ်၌ဗုဒ္ဓဘုရားရှင်၏ ထိပ်တော်မှဖြစ်သောသရီရဓာတ်တော်ကိုဌာပနာလျှက် ဝက်ကျိန်းဓာတ်စေတီတော်ကိုတည်ထားခဲ့သည်။

ဤသို့ဖြင့်ရခိုင်ဘုရင်အဆက်ဆက် ဘင်္ဂလားသို့စစ်ချီရာလမ်းတွင်တည်ရှိနေသောကြောင့်စဉ်ဆက်မပြတ်ထိန်းသိမ်းကိုးကွယ်လာခဲ့ကြောင်းသိရပါသည်။ အေဒီ-၁၆၀၀ ခန့်က မန်နရိတ်၏မှတ်တမ်းတွင် မယူတောင်တန်းအနောက်ဘက် ကမ်း၌ဘုရားစေတီများ စွာတွေ့ရှိရကြောင်းရေးသားထားသဖြင့်၊ ယင်းကာလမတိုင်မီကပင် ဤစေတီတော်မြတ်တည်ရှိခဲ့ကြောင်း မှတ်ယူနိုင်ပါသည်။ အေဒီ-၁၇၃၂ ခုတွင် လက်ရှိစေတီတော်အနီး သူတော်စင်ဦးရန်အောင်ကဓာတ်တော် များကွန့်မြူးသည်ကိုရှာဖွေတွေ့ရှိခဲ့ပြီး၊ ထိုဓာတ်တော် (၇)ဆူကိုဌာပနာကာ ဤစေတီတော်ကိုအသစ် တည် ဆောက်ခဲ့ကြောင်းလည်းသိရပါသည်။

ထိုနောက်ပိုင်းတွင် ၁၉၄၂-ခုနှစ်ဒုတိယကမ္ဘာစစ်ကြောင့် မောင်တောမြို့နယ်မှ တိုင်းရင်းသား ဗုဒ္ဓ ဘာသာဝင်များသည် အိန္ဒိယနိုင်ငံသို့စစ်ဘေးဒုက္ခသည်များအဖြစ် သွားရောက်နေရစဉ် ဘင်္ဂါလီကုလား များ၏ဖျက်ဆီးခြင်းခံရသောကြောင့် ၁၉၄၆-ခုနှစ်တွင်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ မိမိဌာနေသို့ပြန် လည်ရောက်ရှိလာသည့်အခါ ဘုရားငုတ်တိုအဖြစ်ဖြင့် သာဖူးတွေ့လာကြရပါသည်။၁၉၅၈-ခုနှစ်မောင်တောမြို့၊ မြို့မကျောင်းတိုက် ဆရာတော် အသျှင်သာဂရမှကြီးကြပ်ပြီးဘုရားနှင့်အနီးစပ်ဆုံးကျေးရွာများမှ တကာ များဖြင့်ဘုရားဂေါပကအဖွဲ့ ဖွဲ့စည်းပြီး စေတီတော်ကိုပြန်လည်တည်ထားခဲ့ကြရာ မောင်တောမြို့နယ်၊ မင်းကြီးကျေးရွာအနီး၊ သန္တဝါရပဗ္ဗတတောင်ပေါ်တွင်ဉာဏ်တော်အမြင့်(၁၁)တောင်ရှိ ဝက်ကျိန်းစေတီတော် မြတ်ကိုဖူး တွေ့ကြရခြင်းဖြစ်ပေသည်။ ။


http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

## ဖားဝပ်ချောင်းဓာတ်စေတီ

မြတ်စွာဘုရားရှင်နုစဉ်ဘဝပါရမီတော်ဖြည့်စဉ်က ဤဒေသတွင်ဖားမင်းဖြစ်ခဲ့ဘူး၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် မျက်ရိုးတော်မှဖြစ်သော သရီရဓာတ်တော်သည်ဗျာဒိတ်တော်မြတ်အတိုင်းကိန်းဝပ်လာပြီးလျှင် ထိုဓာတ်တော် ကိုဌာပနာပြုလျှက် ဖားမင်းဘဝကိုအမှတ်ရစေရန်ရည်ညွှန်းကာ ဖားဝပ်ချောင်းဓာတ်တော်စေတီဟုခေါ်တွင်လျှက်ရှိသည်။ ဓညဝတီပြည့်ရှင်သူရိယစက္ကမင်းကြီး(ဘီစီ၃၁၆-၂၇၂)ကရဟန္တာအရှင်မြတ်နှစ်ပါးကိုခရီးဦးကြိုဆိုလျှက်ဓာတ်တော်များကိုဝမ်းမြောက်ဝမ်းသာလက်ခံတော်မူပြီးလျှင်၊ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးရုစိတာဒေဝီတို့သည်သာသနာ-၂၂၂ခု၊ဘီစီ-၃၂၂ ခုတွင်ဗျာဒိတ်တော်ရနေရာအသီးသီး၌စေတီတော်မြတ်များကိုတည်ထားကြလေသည်။



ပုံ–၂

ဤသို့ဖြင့် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်များကိုဖြတ်ကျော်လာခဲ့ကာ၊ မြောက်ဦးခေတ် မြောက်ဦးရွှေနန်းရှင်ဘုရင်မင်းဗာကြီးသည် အေဒီ-၁၅၃၆ခုတွင် ငကျဉ်တောက်မြို့၏ တစ်ဘက်ရှိ ဖားဝပ်ချောင်းဓာတ်တော်မြတ်ကိုပြုပြင်မွမ်းမံခဲ့လေသည်။ ထို့နောက်ကောဇာ-၉၈၉-ခုတွင်ဘုရင်သီရိသုဓမ္မ ရာဇာကနောက်ထပ်တဖန်ပြုပြင်ခဲ့ကြောင်းသမိုင်းများကဆိုပါသည်။

စေတီတော်မှရောင်ခြည်ကွန့်မြူးသည်ကိုမှန့်ချက်ရွာသားများမြင်တွေ့ကြ၍ဝမ်းမြောက်ဝမ်းသာဖြင့် ရပ်ရွာအနီးအပါးကျေးရွာများသို့သတင်းပေးအကြောင်းကြားပြီးရှာဖွေသောအခါ ရောင်ခြည်တော်ဓာတ် ကွန့်မြူးနေသည့်နေရာတွင်တွေ့မြင်ကြရကြ၍ ဆီမီးနံ့သာများဖြင့်ပူဇော်ကာ ပင့်ဆောင်လာကြလေသည်။၁၉၄၂-ခုနှစ်ကုလား-ရခိုင်အရေးအခင်းကြောင့် မောင်တောမြို့နယ်မှရခိုင်ကျေးရွာများအားလုံးပျက်စီးခဲ့ပြီး ပြုစုစောင့်ရှောက်သူမရှိဖြစ်ခဲ့ရာ စေတီတော်မှာထပ်မံပြိုပျက်ပြီးအုတ်ပုံအုတ်ကျိုးဘဝသို့တိုင် ရောက်ခဲ့ရလေသည်။ပျက်စီးနေသည့်နေရာမှ ရောင်ခြည်တော်ကွန့်မြူးသည်ကိုဖူးတွေ့ရပြန်ရာ ယူအမ်ပီတပ်မှဗိုလ်ကြီး ဘိုနီနှင့်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့်ပူးပေါင်းလျှက်၊ မောင်တောမြို့မကျောင်း ဆရာတော်ကြီး အသျှင်သာဂရ၏

http://www.dhammadownload.com



သြဝါဒနှင့်အညီ ကောဇာ-၁၃၅၆ခုတွင်အမြင့်ဥာဏ်တော်(၂၅)တောင်ရှိသည့် ဤစေတီတော်မြတ်ကိုတည်ထားခဲ့ခြင်းဖြစ်ပေသည်။ စေတီတော်မြတ်မှာမောင်တောမြို့မြောက်ဘက် မင်္ဂလာကြီး တောင်ခြေရင်း အနီးတွင်တည်ရှိပါသည်။ ။

## ဓာတ်ပေါင်းစုစေတီ

ဗုဒ္ဓဘုရားရှင်နုစဉ်ဘဝက ကျီးမင်း တစိုက်ကျင်လည်ဖူးခဲ့သည့်နေရာတွင် ဓာတ်တော်မွေတော်များကို ဌာပနာလျှက်စေတီတည်ထားကိုးကွယ်လာခဲ့ရာ၊မောင်တောမြို့(၃)မိုင် အနီးတွင်တည်ရှိသည့် ဓာတ်ပေါင်းစုစေတီတော် တစ်ဆူ အပါအဝင်ဖြစ်သည်။ ဤစေတီတော်ကိုဧဉဝတီပြည့်ရှင်ဘုရင် သူရိယစက္ကမင်းကြီး က ကောဇာ-၂၂၂ခု၊ ဘီစီ-၃၂၂ ခုတွင်တည်ထားခဲ့ကြောင်းရခိုင်သမိုင်းကဆိုပါသည်။



ပုံ-၃

ဤစေတီတော်မြတ်ကိုခေတ်အဆက် ဆက်ရခိုင်ဘုရင်မင်းမြတ်များကပြုပြင်ထိန်းသိမ်းလာခဲ့ရာ နှစ်ထောင်ချီကြာမြင့်လာသည့်အတွက်ပျက်စီး ယိုယွင်းမည်ပြုနေစဉ် ၁၉၄၂-ခုနှစ် အရေးအခင်းကြီးကြောင့် ရခိုင်တိုင်းရင်းသားများ အိန္ဒိယနိုင်ငံသို့ စစ်ဘေးဒဏ်ကိုရှောင်ရှားရန် သွားရောက်နေစဉ် ဘာသာခြားတို့၏ ဖျက်ဆီးမှုကိုခံရလေသည်။ ရခိုင် တိုင်းရင်းသားများ ၁၉၄၆ ခုနှစ်တွင်ဌာနေပြန်ရောက်လာသည့်အခါ မယုတောင်တန်း၏ အနောက်ဘက် ကေလာသဘ တောင်ကမူငယ် အထက်၌ယခင်တည်ထားကိုးကွယ်ခဲ့သည့် ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်(နှာရိုးတော်ဓာတ်) စေတီတော်မြတ်သည် ပြိုပျက်ပြီး ဟင်းလင်းပြင်ကြီးဖြစ်နေသည်ကိုဝမ်းနည်းဖွယ် ရာတွေ့ကြရပါသည်။

ထိုသို့ဓာတုစေတီတော်မြတ်ပျက်စီးနေသည်ကိုတိုင်းရင်းသားဗုဒ္ဓဘာသာဝင်များအနေဖြင့်ပြန်လည်တည်ထားနိုင်ရန် ၁၉၆၄ ခုနှစ်တွင်မောင်တောမြို့၊ မြို့မကျောင်းတိုက် ဆရာတော် အသျှင်သာဂရထံလျှောက်ထားကြရာ ဆရာတော်၏သြဝါဒနှင့်အညီဉာဏ်တော်အမြင့်(၁၉)တောင်ရှိ စေတီတော်မြတ်ကိုပြန်လည် တည်ထားကိုးကွယ်ခြင်းဖြစ်လေသည်။ ။

http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

## ခိုမင်းဓာတ်စေတီ

ရခိုင်ပြည်နယ်၏အနောက်ဘက် အရပ် မောင်တောမြို့နယ်တစ်ခွင် ဗုဒ္ဓ မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော် များကိုဘုရားရှင်၏ဗျာဒိတ်တော်အရ ဓညဝတီပြည့်ရှင် ဘုရင်သူရိယစက္က မင်းကြီးမှအစပြုကာ ရခိုင်ဘုရင် မင်းမြတ် များကတည်ထားခြင်း၊ ထိန်းသိမ်းပြုပြင် ခြင်းများ ပြုလုပ်လာခဲ့ကြပါသည်။



ပုံ-၄

ထိုသို့တည်ထားကိုးကွယ်ခဲ့ရာတွင်မောင်တောမြို့အရှေ့ဘက်(၃)မိုင်ခန့်အကွာတွင် ဓညဝတီပြည့် ရှင်ဘုရင်သူရိယစက္ကမင်းကြီး (သာသနာ-၂၂၂၊ ဘီစီ-၃၂၁) သည် ဗုဒ္ဓဘုရားရှင် နုစဉ်ဘဝက ခိုမင်းအဖြစ် ကျင်လည်ခဲ့ဖူးသည့် ယခုလက်ရှိစေတီတော်မြတ် နေရာ၌တည်ထား ခဲ့သည်ဟု ရခိုင်သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။

အဆိုပါစေတီတော်မြတ်ကို ခေတ်အဆက်ဆက်ရခိုင်ဘုရင်မင်းမြတ်များက ထိန်းသိမ်းပြုပြင် လာခဲ့ကြပါသည်။ အေဒီ-၁၉၄၂-ခုနှစ်အရေးအခင်းကာလတွင် ရခိုင်တိုင်းရင်းသား ဗုဒ္ဓဘာသာ ဝင်များ အိန္ဒိယနိုင်ငံ သို့ထွက်ပြေးတိမ်းရှောင်နေကြစဉ် ဘာသာခြားဘင်္ဂလီ ကုလားများ၏ ကျူးကျော်ဖျက်ဆီးခြင်းကြောင့် ပြိုပျက်သွားခဲ့ရကာ ဘုရားငုတ်တိုအဖြစ်သို့ကျရောက်ခဲ့ရပါသည်။

ရခိုင်တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များ မိခင်ဌာနေသို့ပြန်လည်ရောက်ရှိလာကြသည့်အခါ စေတီတော်ဟောင်းနေရာမှဓာတ်တော်ကွန့်မြူးနေသည်ကိုတွေ့မြင်ကြရပါသည်။ ထိုအခါ မောင်တောမြို့၊ မြို့မ ကျောင်းတိုက်ဆရာတော်ကြီးအသျှင်သာဂရ၏ဩဝါဒပြုလမ်းညွှန်မှုဖြင့် ဉာဏ်တော်အမြင့်(၁၁)တောင်ရှိ ယခုစေတီတော်မြတ်ကိုပြန်လည်တည်ထားကိုးကွယ်လာခဲ့ကြရာ ယနေ့တိုင်အောင်ဗုဒ္ဓဓနိယပွဲတော်များ နှစ်စဉ်ကျင်းပလျှက် စည်ပင်ထွန်းကားနေသည်ကို တွေ့ရပါသည်။ ။


http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

## ကေဓာတုဓာတ်စေတီ

မောင်တောမြို့ နယ်၏တောင်ဘက်အရပ်(၄)မိုင်ခန့် အကွာတွင်ကင်းချောင်း ဟုအမည်တွင်ခဲ့သည့်ဗုဒ္ဓဘာသာ ရခိုင်တိုင်းရင်းသားတို့နေထိုင်ရာ ရွာသိမ်ရွာ ငယ်တစ်ခုတွင်လည်းခေတ်အဆက်ဆက်ကရခိုင်ဘုရင်မင်းမြတ်တို့သည် ဗုဒ္ဓမြတ်စွာဘုရားသခင်၏ဗျာဒိတ်တော်အတိုင်း မောင်တောမြို့ နယ်တဝိုက်တဝန်းတွင်ဓာတ်တော် မွေတော်များကိုဌာပနာလျှက်စေတီတော်မြတ်များကိုတည်ထား ကိုးကွယ်ခဲ့ရာ၌ပါဝင်ခဲ့သည်ကိုတွေ့ရပါသည်။



ပုံ - ၅

ဓညဝတီပြည့်ရှင်ဘုရင်သူရိယစက္ကမင်းကြီးသည် သာသနာ-၂၂၂ ခု၊ ဘီစီ(၃၂၁)ခုတွင်ဘုရားရှင် နုစဉ်ဘဝ၌ သမင်မင်းဖြစ်ခဲ့ဖူးသည့် နေရာဒေသဖြစ်သော ကင်းချောင်းဒေသတွင်ဗုဒ္ဓသရီရဓာတ်တော် တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရသိရှိရပါသည်။

၎င်းစေတီတော်သည်ရခိုင်ဇုန္နတ်စစ်သူကြီးများ၏ ဘင်္ဂါ(၁၂)မြို့သို့စစ်ချီတက်ရာလမ်းကြောင်းတွင် ကျရောက်နေသဖြင့် စဉ်ဆက်မပြတ်ဖူးမျှော်ကြည်ညိုမှုပြုကြသည့်အတွက်လက်ဆင့်ကမ်းကာ စနစ်တကျ ထိန်းသိမ်းကိုးကွယ်လာခဲ့ကြောင်းကိုလည်း ရခိုင်သမိုင်းတွင်ဆိုထားပါသည်။

၎င်းကဲ့သို့ခေတ်အဆက်ဆက်ပြောင်းလဲ၍ စေတီတော်မှာ နှစ်ပေါင်း(၃၀၀)ခန့် တိမ်ကောနေခဲ့ရာ၊ ၁၉၉၉-ခုနှစ်တွင် မောင်တောမြို့ မြို့မကျောင်းတိုက်ဆရာတော်အသျှင်ကေတု ၏ဩဝါဒပြုလမ်းညွှန်ချက် အရ မောင်တောခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးရန်မျိုးအောင် ဦးစီးလျှက် ကေဓာတု အမည်ရှိသော ဉာဏ်တော်အမြင့်(၉) တောင်ရှိ စေတီတော်တစ်ဆူကိုတည်ထား ကိုးကွယ်ခဲ့ပြီး ယခုထက်တိုင် နှစ်စဉ်နှစ်တိုင်း သမိုင်းဝင် ဘုရားများ ၏ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပသည့်သတ်မှတ်ရက် များအတွင်းပါဝင်ပြီး ပွဲတော်ကျင်းပလျှက်ရှိပါသည်။

http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

## သရီရကုဋ္ဌ(ခေါ်)သရီကုန်ဘောင်စေတီ

မောင်တောမြို့နယ်အတွင်းဗုဒ္ဓ ဘုရားသခင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်တော်မူလျက်ရှိရာ မောင်တောမြို့နယ်၏တောင်ဘက်အရပ်(၈)မိုင်ခန့် အကွာ သရီရကုဋ္ဌ(ခေါ်)သရီကုန်ဘောင်ဓာတ်စေတီတော်အား ဧညဝတီပြည့်ရှင် ဘုရင်သူရိယ စက္ကမင်းကြီးက သာသနာ-၂၂၂ခု၊ ဘီစီ-၃၂၁ခု တွင်တည်ထားခဲ့သည် ဟုသမိုင်းများက ဆိုထားပါသည်။ ဘုရားရှင်နုစဉ်ကပုဏ္ဏားတစိုက် ဤသရဝဏ္ဏပဗ္ဗတတောင်တွင်ဖြစ်ခဲ့ဖူးသည်ဟု သိရပါသည်။



ပုံ–၆

စေတီတော်အားဧညဝတီမှမြောက် ဦးခေတ်အထိရခိုင်ဘုရင်မင်းများ အဆက်ဆက်ကိုးကွယ်ပြုပြင်ထိန်းသိမ်းလာခဲ့ကြပြီး ဘင်္ဂလားသို့စစ်ချီစစ်တက်ရာ၌ကိုးကွယ်ဆည်းကပ်ခဲ့ကြပါသည်။ မြတ်စွာဘုရား၏သရီရဓာတ်တော် (အရေတော်)ကို ကုဋ္ဌ ခေါ် ဓာတ်တော်ကိန်းဝပ်ရာ အိုးတွင် ထည့်လှူက်ဌာပနာတော်မူသောကြောင့်သရီရကုဋ္ဌ မှ သရီကုန်ဘောင်ဟုတွင်လာခဲ့ခြင်းဖြစ်ပါသည်။ ၁၉၄၂-ခုနှစ်အထိမောင်တောမြို့နယ်မှ ရခိုင်တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များက ထိန်းသိမ်းပြုပြင်မွမ်းမံကိုးကွယ်ခဲ့ကြပြီး၊ ၁၉၄၂-ခုနှစ်မှ ၁၉၄၆-ခုနှစ် အထိအတွင်းဘင်္ဂါလီကုလားများ၏ ဘာသာရေးလူမျိုးရေးကျူးကျော်စစ်ကြောင့်ဓာတ်တော်မွေတော်များဖျက်ဆီး မီးရှို့ခြင်းခံခဲ့ရရာ၌ ဤစေတီတော်မြတ်တစ်ဆူလည်းအပါအဝင်ဖြစ်ပါသည်။ တိုင်းရင်းသားများ ပြန်လည် ရောက်ရှိလာကြသည့်အခါ မောင်တောမြို့၊မြို့မဘုန်းတော်ကြီးကျောင်းဆရာတော် အသျှင် သာဂရ၏ ဩဝါဒနှင့်အညီ နီးစပ်ရာကျေးရွာများစုပေါင်းဂေါပကဖွဲ့စည်းကာ စေတီတော်ကို ပြန်လည် ပြုပြင်တည်ထားခဲ့ကြပါသည်။ ထိုသို့ပြန်လည်တည်ထားခဲ့သော်လည်း စေတီတော်၏ ပတ်ဝန်းကျင်တွင်ရခိုင်ကျေးရွာများ မရှိတော့ပြီဖြစ်၍ဘင်္ဂါလီကုလားများက ဖျက်ဆီးပြန်ရာ ဘုရားငုတ်တိုဖြစ်သွားခဲ့ပါသည်။ မောင်တောမြို့၊ မြို့မ ပရိယတ္တိစာသင်တိုက်နာယက အသျှင်ကေတု၏ ဩဝါဒနှင့်အညီဌာနဆိုင်ရာတာဝန်ခံများ၊တပ်ရင်းတပ်ဖွဲ့များ၊ ဗုဒ္ဓဘာသာဝင်များ စုပေါင်းကာ အမြင့်(၁၁)တောင်(၁)မှတ်ရှိ စေတီတော်ကိုတည်ထားခဲ့ပြီး၊ ၁၉၉၂-ခုနှစ် မတ်လ(၁၈) ရက်နေ့တွင်ရွှေထီးတော်တင်မင်္ဂလာကိုအောင်မြင်စွာပြုလုပ်နိုင်ခဲ့ကာ ယနေ့တိုင် ကိုးကွယ် လျှက်ရှိကြပါသည်။ ။

http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

## ဥဒေါင်းဓာတ်စေတီ

ဗုဒ္ဓမြတ်စွာဘုရားသခင်နုစဉ်ဘဝက ရွှေဥဒေါင်းမင်းအဖြစ် ကျင်လည်ခဲ့ဖူးသည့် မောင်တောမြို့တောင်ဘက်အရပ်(၁၄)မိုင်ခန့်အကွာ ယခု ဥဒေါင်းကျေးရွာ၏အရှေ့ဘက်၊ မယူတောင်တန်း၏ တောင်ခြေရင်းကွင်းပြင်အလယ်တွင် ဘုရားရှင်၏ကျောက်ဆစ်တော်(ကျောရိုးတော်)ဓာတ်ကို၌ဥပနာပြုလျှက် သာသနာ-၂၂၂ခု၊ ဘီစီ-၃၂၁ခုတွင် ဓည ဝတီပြည့်ရှင်ဘုရင်သူရိယစက္ကမင်းကြီးက ဓာတုစေတီတော်ကို ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီတည်ထားခဲ့ပါသည်။

ဤသို့အားဖြင့်ဓညဝတီခေတ်၊ ဝေသာလီခေတ်၊လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်အထိ လက်ဆင့်ကမ်းကိုးကွယ် ထိန်းသိမ်းလာခဲ့ကြပါသည်။



ပုံ-၇

ခေတ်အဆက်ဆက်ပြောင်းလဲလာပြီး စေတီတော်ကြီးအနီးအနားတွင်ရခိုင်တိုင်းရင်းသား ဗုဒ္ဓဘာသာကျေးရွာများမှာကျူးကျော်လာသည့် ဘင်္ဂါလီမူဆလင်များ၏ ဖျက်ဆီးမှုကိုခံရသဖြင့်၊ ဗုဒ္ဓဘာသာဝင်များမနေနိုင်တော့သည့်အလျောက် ပြုပြင်သူမဲ့ဖြစ်ကာ နှစ်ပေါင်း(၃၀၀)ခန့် တိမ်ကောနေခဲ့ပါသည်။

မောင်တောမြို့၊ မြို့မပရိယတ္တိစာသင်တိုက် နာယကဆရာတော် အသျှင်ကေတု၏ သြဝါဒနှင့်အညီ မူလစေတီတော်ကြီးနေရာကိုရှာဖွေတူးဖော်ခဲ့ကြရာ ၁၉၉၀-ခုနှစ်နိုဝင်ဘာလတွင် စေတီတော်၏ မဟာရံတံတိုင်းနှင့် ၁၉၉၁-ခုနှစ်ဇန်နဝါရီလတွင် ၂၄-ပေပတ်လည် စတုရန်းပုံ စေတီတော်ပန်းတင်ခုံအောက်ဆင့်နှင့် ၆-ပေ ထုရှိသော မဟာရံတံတိုင်း(၄)ဘက်တို့ကို ထင်ရှားစွာ တွေ့ရှိကြပါသည်။ ၁၉၉၃-ခုနှစ်တွင် အသျှင် ကေတု၏သြဝါဒကိုခံယူကာ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်၏ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးသန်းအေးကဦးဆောင်လျှက် ဉာဏ်တော်အမြင့်(၂၇)တောင်ရှိစေတီတော်ကိုတည်ထားခဲ့ရာ ၁၉၉၃ ခုနှစ် မေလ(၄-၅-

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

၆)ရက်တို့တွင်ရွှေထီးတော်တင်လှူပူဇော်ပွဲကြီးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အပြင် နှစ်စဉ် မေလ (၄-၅-၆)ရက်များ၌ဗုဒ္ဓပူဇနိယပွဲတော်ကိုစည်ကားသိုက်မြိုက်စွာကျင်းပလျှက်ရှိပါသည်။ ။

## သမိုင်းဝင် လက်ဝဲလက်ဖျံတော်ဓာတ်သန္တိသုခ စေတီတော်

ရှေးရခိုင်ဘုရင်မင်းမြတ်များသည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ဗျာဒိတ်တော်ပါအတိုင်း မောင်တောမြို့နယ်အနှံ့အပြား၌ဓာတ်တော်မွေတော်များကို တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ဓညဝတီပြည့်ရှင် ဘုရင်သူရိယစက္ကမင်းကြီးသည် သာသနာ-၂၂၂ခု၊ ဘီစီ-၃၂၁-ခုနှစ်တွင် ဗုဒ္ဓဘုရားရှင်၏ လက်ဝဲလက်ဖျံတော် ဓာတ်ကို မောင်တောမြို့မှအရှေ့ဘက်အရပ် (၆)မိုင်ခန့် အကွာတွင် ယခင်က ဘုရားတောင် ဟုအမည် တွင်ခဲ့သော တောင်တန်းပေါ်တွင် ဘုရားရှင်နှစ်စဉ် ဘဝက စိုင်မင်းတစိုက်ဖြင့်ကျင်လည်ကျက်စားရာနေရာ၌တည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်း အထောက်အထားများအရ သိရှိရပါသည်။

စေတီတော်မြတ်အား ဓညဝတီခေတ်၊ ဝေသာလီကျောက်လှေကားခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦး ခေတ်ထိတိုင် ရခိုင်ဘုရင်မင်းမြတ်များ အဆက်ဆက်ပြုပြင်ထိန်းသိမ်းကိုးကွယ်လာ ခဲ့ကြပါသည်။

မြောက်ဦးခေတ်နောက်ပိုင်းတွင် ရခိုင်ပြည်နယ်နယ်နိမိတ်သည်လည်း ပြောင်းလဲလာခဲ့ သည့်ဖြစ်ရာ စနစ်တကျပြုပြင်ထိန်းသိမ်းနိုင်မှုမရှိခြင်း၊ ရာသီဥတုနှင့်သစ်တောများဖုံးလွှမ်းမှုတို့ကြောင့် စေတီတော်မှာ ပြိုကျပျက်စီးသွားကာ နှစ်ပေါင်း (၃၀၀) ခန့်တိမ်ကောနေခဲ့ပါသည်။


မောင်တောမြို့၊ အမှတ်(၃)ဝိမလရပ်ကွက်နေ ဗိုလ်ကြီး ဦးကျော်(ငြိမ်း)သည် သမိုင်းမှတ်တမ်း အထောက်အထားများဖြင့် စေတီတော်မြတ်ရှိမည့်နေရာကို ရှာဖွေခဲ့ရာ ၁၉၈၃-ခု နှစ်တွင် စေတီတော် ၏အုတ်ကျိုးအုတ်ပဲ့များနှင့် ဘုရားဆင်းတုတော်များ၏ အပိုင်းအစများကို တွေ့ရှိခဲ့ရ ပါသည်။ ၎င်းအပြင် သန့်ရှင်းရေးလုပ်ငန်း၊ လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခါများတွင်လည်း စေတီ တော်မြတ်နေရာမှ ဓာတ်တော်များကွန့်မြူးသည်ကိုဖူးတွေ့ခဲ့ကြရပါသည်။

ဗိုလ်ကြီးဦးကျော်(ငြိမ်း)သည်အနီးပတ်ဝန်းကျင်မှ ဗုဒ္ဓဘာသာ ရခိုင်တိုင်းရင်းသားများကို စည်းရုံး လျှက် တတ်နိုင်သလောက်သည့် အင်အားဖြင့် ဉာဏ်တော်အမြင့်(၉) တောင်၊ (၁)မုတ်ရှိ သမိုင်းဝင်လက်ဝဲ လက်ဖျံတော်ဓာတ် သန္တိသုခစေတီမြတ်ကို အသစ်ပြန်လည်တည်ထားနိုင်ခဲ့ရာ ယခုအခါ ဘုရားတောင် ပေါ်၌ကိန်းဝပ်စံပယ်လျှက်ရှိပါသည်။ ။


http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ



ကျောက်တော်ကြီးစေတီ ပုံ-၈



ဇေယျသုခတပ်ဦးစေတီ ပုံ-၉


http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ



ရှာသာယာကျောင်းစေတီ ပုံ-၁၀




အောင်ဖလကျောင်းစေတီ ပုံ-၁၁


http://www.dhammadownload.com



အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ



မြို့ဦးရွှေစည်းခုံဆဲတော်မြတ်စေတီ ပုံ-၁၂



မြို့ဦးကျောင်းစေတီ ပုံ-၁၃

http://www.dhammadownload.com







မြို့သစ်ကျောင်းစေတီ ပုံ–၁၄



ဇဟိုကျောင်းစေတီ ပုံ–၁၅

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ



မြို့မကျောင်းစေတီ ပုံ-၁၆




နန်းဦးဘုရားကြီး၊
မြို့ဦးကျောင်းတိုက် ပုံ-၁၇

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

ဥဿလင်းတိုင်း



ရှေးဟောင်းပလ္လင်တော်ပုံ

ပလက်ဝမြို့အနီး ဒလက် မေကျေးရွာဥဿလင်း တောင်အောက်ရှိ စေတီပြင်ကျေးရွာကမ်းစပ်တွင် ထူးဆန်းသည့် ကျောက်ပလ္လင်တစ်ချပ်ကို ၂၄-၄-၂၀၀၉နေ့က တွေ့ရှိခဲ့သည်။

ပလ္လင်မှာအဖြူရောင်သန်းနေသော်လည်းဓာတ်ပုံရိုက်ပါက အခြားအရောင်များ ပေါ်ထွက်လာကြောင်းတွေ့ရသည်။ "အပြင်မှာကြည့်ရင် အရောင်တစ်မျိုး၊ ဓာတ်ပုံထဲမှာ အရောင်တစ်မျိုး ထွက်ပါတယ်၊ ကိုယ့်ကင်မရာကမကောင်းတာလားဆိုပြီးတော့ နောက်တစ်ယောက်ရဲ့ ကင်မရာကို ယူရိုက်လည်း ဒီအတိုင်းပါပဲ" ဟုပြောကြသည်။ ပလ္လင်တော်မှာ အောက်ခံအဝိုင်း ၁၅ပေ၊ အထက်ထိပ်အချင်း ၄ပေ၊ အလယ်ခါးဆစ် ၁၁ပေ ၁၀လက်မ၊ အမြင့်၂ပေ ၇လက်မ ကြာမှောက်၃၄ ခုနှင့်ပန်းကွက် ၂၉ ကွက်ပါရှိသည်။

ဥဿလင်းစေတီတော်မြတ်မှာ ရခိုင်ပြည်ထောင်၏ အထွတ်အမြတ်ထားရာ ဦးကင်းတော်ဖြစ်၍ ရှေးရခိုင်ဘုရင်မင်းမြတ်အဆက်ဆက်က အလေးထားကိုးကွယ်ထိန်းသိမ်းလာခဲ့ကြသည်။

ပလက်ဝမြို့နယ်သည်ရခိုင်ပြည်ထောင်နယ်နိမိတ်အတွင်းရှိလာသော်လည်း ပြည်ထောင်စုမြန်မာ နိုင်ငံ၏ ၁၉၇၄-ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းပြည်နယ်ထဲသို့သွတ်သွင်းခြင်းခံရသည်။

ပလက်ဝမြို့နယ်တွင်ရခိုင်လူမျိုးများနှင့်ခမီးလူမျိုးများနေထိုင်လျှက်ရှိကြသည်။ရှေးခေတ်နီလာပန်း တောင်းမြို့တော်မှာ ကစ္ဆပနဒီမြစ်လက်တက်ဖြစ်သောမီးချောင်းဖျား ဆမီးမြို့(Sami)အနီးနီလာပန်းတောင်း တောင်တန်းကြီးပေါ်တွင် တည်ရှိပြီး၊ မင်းငယ်ပျော်လုစည်သူ၏ မိဖုရားကြီးစောစစ်နှင့် သမီးတော်နှစ်ပါးတို့က ကန်သုံးဆင့်မြို့နှင့် ထီးပြိုင်နန်းပြိုင်တည် ထောင်ခဲ့ကြသည်။ ဤမြို့တော်မှာတောင်ပေါ်၌တည်ရှိပြီး အလျား(၈)မိုင်၊ အနံ(၅)မိုင်ခန့် ကျယ်ဝန်းကြောင်းနှင့်ရှေးခေတ်ကျောက်ပန်းတောင်းမြို့တော်မှာ မီးချောင်းဖျား အညာဒေသ မြေပြန့်လွင်ပြင်တွင်တည်ရှိသည်ဟု သမိုင်းပညာရှင်များကဆိုကြသည်။

http://www.dhammadownload.com




### အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

ဤသို့အားဖြင့်ပလက်ဝဒေသသည် ရခိုင်ပြည်ထောင်ကြီးစတင်မွေးဖွားရာ ဥသလင်းတိုင်းကြီးတစ်ခု ဖြစ်သည့်အပြင် ရခိုင့်လူမှုယဉ်ကျေးမှုစီးဆင်းရာ ကစ္ဆပနဒီမြစ်ကြီး၏ မြစ်ဖျားခံရာဒေသလည်း ဖြစ်လေရာ၊ ဗုဒ္ဓဘာသာဝင် ရခိုင်တို့၏နယ်မြေဖြစ်ကြောင်းကို ဘာသာရေးဆိုင်ရာမြေကြီး သက်သေများကတစ်စတစ်စ ပေါ်ထွက် ဖော်ညွှန်းလာနေခြင်းပင်ဖြစ်ပေတော့သည်။

ရည်ညွှန်း။ ရှေးခေတ်ရခိုင်သမိုင်းစဉ်နှင့် ခေတ်အဆက်ဆက်ယဉ်ကျေးမှု - ဓညဝတီခေတ် (၂၀၀၉)။
ပြည်မြန်မာဂျာနယ် (၃-၇-၂၀၀၉)

### နီလာပန်းတောင်း၊ ကျောက်ပန်းတောင်းမြို့



နီလာပန်းတောင်းတောင်တန်းကြီးအား ကစ္ဆပနဒီအနောက်ဘက်ကမ်းမှ မှိုင်းဝါးဝါးမြင်တွေ့ရပုံ

ပလက်ဝမြို့အရှေ့ကမ်းမှ ပလက်ချောင်းစီးဝင်နေ၏။ လွန်ခဲ့သောနှစ်(၃၀)ခန့်က ရာပြည့်ပွဲတော် ကျင်းပခဲ့သောနှစ်ကခန့်မျှကျယ်ဝန်းသည့် ရေလယ်ကျွန်းမရှိတော့သကဲ့သို့ ပလက်ချောင်းဝမှကျွန်းတော ကြီးမှာလည်းမရှိတော့ပြီ။ ပလက်ချောင်းဖျားမှကျော်ဖြတ်လျှင် ကျောက်ပန်းတောင်းတောင်သို့ရောက်၏။ ကျောက်ပန်းတောင်းမြို့၌လူနေစည်ကားသဖြင့် အနောက်ဘက်မြေပြန့်သို့ ရွှေ့ခဲ့သည်ဟု ရခိုင်သမိုင်းတွင် တွေ့ရသည်ကိုထောက်ထားလျှင် ဤချောင်းအနီး၌ ယာယီမြို့ပြတည်ခဲ့ဟန်ရှိပေလိမ့်မည်။ ရခိုင်လူမျိုးတို့ ၏ ဒုတိယဓညဝတီမြို့တော်မတိုင်မီက တိမ်ဆီမိုးဆောင် တောင်ကျောက်ပန်းတောင်း မှာ ပထမဓညဝတီ ခေတ်နောက်ဆုံးမင်း မင်းငယ်ပျော်လှစည်သူ၏မိဖုရားကြီးစောစစ်၏ အမြော်အမြင် ကြီးမားမှုကို ထင်ဟပ် နေသယောင်ခံစားရမိသည်။ (မုနိမြေမဂ္ဂဇင်းအမှတ်-၈) ဗြိတိသျှခေတ် ကဥ္စဒေသသို့

http://www.dhammadownload.com





မြေတိုင်းရန်ရောက် ရှိခဲ့သောကပ္ပတိန်ဇီစီရပ်ဗီက ဤကုန်းမြင့်တွင် လူနေထိုင်မှု ရှိခဲ့ဟန်တူကြောင်း သူ၏အစီရင်ခံစာတွင်ဖော်ပြထားသည်။


(ရခိုင်မဟာမုနိဘုရားသမိုင်း၊ဦးထွန်းရွှေခိုင်-မဟာဝိဇ္ဇာ)

လောင်းကဒူးဆိပ်ကမ်းမှစုန်ဆင်းခဲ့သော် မီးဝစခန်းသို့ရောက်လာပေမည်။ အရှေ့ဘက်မှ စီးဆင်းလာသော မီးချောင်း ကိုတွေ့မြင်ရသည်။ ဤမီးချောင်းဖြင့်ဆန်တက်လေလျှင် သမိန်းသို့ရောက်ပြီး ထိုမှ တစ်ဆင့် ရိုးမတောင်ကို ဖြတ်ကျော်နိုင်လေသည်။ ရာဇဝင်၌ထင်ရှားသော ကျောက်ပန်းတောင်းကား ဤမီးချောင်းကလေး၏ အညာဘက်၌ပင်တည်ရှိတော့သည်။ ဤသို့စုန်ခဲ့သော် အနောက်ဘက်ကမ်းလွန် ၌နီလာပန်းတောင်းတောင်တန်းကြီး ကိုတွေ့မြင်နိုင်ပြီး၊ အောက်သို့စုန်လာသော် ကျောက်တော်တောင်မှာ ကျောက်တော်မြို့ အနောက်ဘက် ကမ်းတွင် ရှိသည်။ ၎င်းမြို့အရှေ့ဘက်ကမ်းလွန် ၅/၆ မိုင် ခန့်တွင် တတိယဓညဝတီမြို့တော်ရာဟောင်းနှင့် မဟာမုနိဘုရားကုန်းတော်တို့ရှိပေသည်။

ရခိုင်တို့၏ပထမဓညဝတီ၊ နီလာပန်းတောင်းနှင့်ကျောက်ပန်းတောင်းမြို့ခေတ်၊ ဉဿလင်းတိုင်းကြီး ဒေသများအဖြစ်ရပ်တည်ခဲ့ကြသော ဤဒေသသည် ယနေ့ကာလ၏ မြေကြီးသက်သေပင်မဟုတ်ပါလား။ ။

## မင်းတိုင်ပင်အမတ်ကြီးမဟာပညာကျော်

မဟာပညာကျော်ကို ကောဇာ-၈၅၀ တွင်ဖွားမြင်ခဲ့သည်။ ငယ်မည်မှာမြတ်သာထွန်း ဖြစ်သည်။ ငယ်စဉ်က မြောက်ဦးမြို့တော်ရှိ တောင်ညိုတိုက်အသျှင်အဂ္ဂစိန္တေယျဆရာတော် ထံတွင်ပညာသင်ကြားခဲ့ပြီးအသက်(၁၆)နှစ်လွန် သောအခါ မင်းဗာကြီး၊ သျှင်မြဝါတို့နှင့်အတူ အိန္ဒိယနိုင်ငံဗာရာဏသီမြို့သို့ပညာသင်သွား ရောက်ခဲ့ကြသည်။



ဖော်တင်စွန်းစေတီတော်

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

ဤလောကတွင်ဘုန်းတန်ခိုးကြီးမားသည့်ဘုရင်မင်းမြတ်များပေါ် ထွန်းလာသောအခါ ထိုဘုရင်မင်း မြတ်အားတရားလမ်းကြောင်း တိမ်းစောင်းမှုမရှိစေရန်အတွက် တရားမှန်ကိုညွှန်ပြနိုင်သောသတ္တုသလ္လဇာတ် တော်လာသေနက အမတ်ကြီး၊ ဝိဓူရ ဇာတ်တော်လာ ဝိဓူရအမတ်ကြီးများပေါ် ပေါက်လာရဘိသကဲ့သို့ဓညဝတီ ရခိုင်ပြည်ထောင်၌လည်း သာကီဝင်မျိုးနွယ်ဝင်မင်းရာဇာကြီးဘုရင်မင်းမြတ်လက်ထက်အခါက မင်းအတိုင်ပင်ခံမဟာပညာကျော်အမတ်ကြီးပေါ် ပေါက်လာခဲ့ရလေသည်။ မဟာပညာကျော် အမတ်ကြီးသည်ပြည့်ရှင် ဘုရင်မင်းမြတ်များအားတိုင်းရေးပြည်ရေးစစ်မက်ရေးနှင့်မင်းရေး မင်းရာအဖြာဖြာတို့၌ အမြော်အမြင်ကြီးမားလှစွာ အတိုင်ပင်ခံအမတ်ကြီးပီပီနည်းပြလျှောက်ထားနိုင်ခဲ့သဖြင့် မြောက်ဦးနေပြည်တော်ကြီးသည် အဘက်ဘက် ၌တိုးတက်သာယာအေးချမ်းမှုရှိခဲ့ပေသည်။

**(ဦးလင်း၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာပညာကျော်လျှောက်ထုံး)**

ထိုသို့မြောက်ဦးနေပြည်တော်ခေတ်ကို ထင်ရှားစေခဲ့သောမင်းအတိုင်ပင်ခံသက်တော်ရှည် မဟာပညာကျော်အမတ်ကြီးသည် ဘုရင်မင်းရာဇာကြီးနှင့်အတူ တောင်ငူမြို့မှနေပြည်တော်သို့ တောင်ငူမင်း ထံမှဆက်သသည့်လက်ဆောင်ပဏ္ဏာများဖြင့်ရေကြောင်းခရီးပြန်လာကြရာ ရခိုင်ပြည်ထောင်၏နယ်နိမိတ် ဖြစ်သော မော်တင်စွန်းအရပ်သို့ရောက်ရှိသည့်အခါ လွန်စွာမှမကျန်းမမာဖြစ်လာပြီး၊ ကောဇာ-၉၅၅ ခု တွင်ကွယ်လွန်တော်မူလေသည်။ဘုရင်မင်းကြီးသည် ထိုအရပ်မှာပင်ကြီးကျယ်စွာမီးသဂြိုဟ်လျှက်စေတီတော် တစ်ဆူကိုတည်ထားခဲ့လေသည်။ ထိုစေတီတော်မှာ ယနေ့တိုင် မော်တင်စေတီ အမည်ဖြင့်ထင်ရှားနေပြီး ရှေးကဒွါရကတိုင်း၏နယ်ခြားမှတ်တိုင်သဖွယ်ဖြစ်လျှက်ရှိပေသည်။ ။

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

### မြသိန်းတန်ဗုဒ္ဓဆင်းတုတော်

မြသိန်းတန်ဗုဒ္ဓဆင်းတုတော်မြတ်သည် အမ်းမြို့နယ်ဒါးလက်မြို့ သာမိကကုန်းတော်ပေါ်၌ကိန်းဝပ်လျှက်ရှိသည်။ မြောက်ဦးပြည့်ရှင်ဘုရင် မင်းဖလောင်း၏ မိဖုရားကြီးစောမဲကျီသည် ကောဇာ-၉၅၄ ခုတွင်တိုင်းခန်းလှည့်လည်ရာမှ ဒါးလက်သက်မြို့သို့ရောက်ရှိခဲ့သည်။ ထိုစဉ်သက်များက မြသိန်းတန်၊ မြသီတာ၊မြကျီဝါဘုရားသုံးဆူမှာ ရဂ်ီမတီအရပ်တွင် ရှိကြောင်း လျှောက်ထားကြရာ၊မိဖုရားကြီးမှာအလွန်တရာကြည်ညိုလွန်းလှသည်ဖြစ်၍ ရဂ်ီမတီမှသက် မင်းစောလှမင်းထံသံတမန်စေလွှတ်တောင်းခံရရှိခဲ့သဖြင့် ဒါးလက်သက်မြို့၌ဘုရားသုံးဆူ ကိုတည်ထားလှူဒါန်းခဲ့လေသည်။



မြသိန်းတန်ဘုရား

အမ်းမြို့နယ်နှင့်စပ်လျဉ်းပြီး "အမ်းနှင့်ဒါးလက် မပျက်အိမ်ခြေ ကိုးကုဋေ" ဟု ဆိုရိုးတဘောင်ရှိနေခဲ့သည်။

အမ်းမြို့နယ်တွင်နန်းရာကုန်း(၄)ခုရှိသည်။ ပထမနန်းရာကုန်းမှာ ဒါးလက်ချောင်း၏အရှေ့ဘက်ကမ်း အလယ်ကျွန်းနှင့်ဒါးလက်တောင်ရွာအကြားပေ ၄၀-ခန့်မြင့်ပြီး ဝါး(၅၀)ခန့်ကျယ်ဝန်းသည့် တောင်ကုန်းငယ်ဖြစ်သည်။ ဒုတိယနန်းရာကုန်းမှာဒါးလက်မြောက်ရွာအရပ်ဖြစ်သည်။ ပေ ၇၀-ခန့်မြင့်သည်။ တတိယ နန်းရာကုန်းမှာ ဒါးလက်ချောင်းအနောက်ရွာ၏မြောက်စူးစူးတောင်နှင့်မြောက်သွယ်တန်းနေသည့် တောင် ကုန်း၏တောင်ဘက်ပေ ၇၀-ခန့်မြင့်သည့်အပိုင်းဖြစ်သည်။ စတုတ္တနန်းရာကုန်းမှာဒါးလက်အနောက်ရွာနှင့် ၃-မိုင်အကွာသက်မြို့ဟောင်းဖြစ်သည်။

ရခိုင်သမိုင်းမှတ်တမ်းများအရ ရခိုင်ဘုရင်များသည်ဒါးလက်စားအမတ်များကို အမြော်အမြင်ရှိသူ၊ အရည်အချင်းပြည့်ဝသူ၊အထူးသဖြင့်စစ်ရေး၊ နိုင်ငံရေးပါးနပ်ကျွမ်းကျင်သူများကို ရွေးချယ်ခန့်ထားခဲ့ကြသည်။ ဘုရင်မင်းထီးသည် ဒါးလက်မြို့စားအဖြစ် "ကျော်ပုံ"ကို

http://www.dhammadownload.com



## အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများ

ခန့်ထားခဲ့ကြောင်းတွေ့ရပြီး၊ ယင်းမှမြောက်ဦးခေတ် ကုန်ဆုံးသည့်ကာလအထိ ဒါးလက်စားများကို ရွေးချယ်ခန့်ထားခဲ့ကြောင်း ရခိုင်သမိုင်းကဖော်ပြလေသည်။ အမ်းနှင့်ဒါးလက်တို့သည် တောင်စဉ်ခုနစ်ခရိုင်အုပ်ချုပ်ရေးတွင်ပါဝင်သဖြင့်အရှေ့နယ်နိမိတ်အတွက်အရေးကြီးသည်။ ရခိုင်ပြည်ထောင်၏အရှေ့ဘက်တွင် ရခိုင်ရိုးမတောင်တန်းကြီးကာဆီးထားသော်လည်း တရုတ် တရက်များ မကြာခဏကျူးကျော်ဝင်ရောက်လေ့ရှိကြသည်။ လေးမြို့ခေတ်တွင် ဘုရင်မင်းထီး ကိုယ်တိုင်တိုက်ထုတ်ခဲ့ရဘူးသည်။

မည်သို့ဆိုစေ ရခိုင်ပြည်ထောင်၏အရှေ့ဘက်နယ်နိမိတ်သည်ကား နွယ်ချိုဖိုးခေါင်ရိုးမတောင်တန်း ကြီးဖြစ်လေရာ၊ ယနေ့ကာလ အမ်းမြို့နယ်သည် ရခိုင်တို့၏အရှေ့ဘက် နယ်နိမိတ်ကို ထိန်းသိမ်းထားလျှက်ရှိကြောင်း မြသိန်းတန် ဗုဒ္ဓဆင်းတုတော်မြတ်ကို သက်သေပြုလျှက် တင်ပြရပေသည်။ ။

**(မင်းပြား-မင်းသိဏ်းထွဏ်း၊ မြသိန်းတန်သမိုင်းဝင်ဘုရား - ၂၀၀၈ဂျူလိုင်လ)**

http://www.dhammadownload.com



# အခန်း (၁၂)

## နိ ဂုံး

### ရခိုင်သမိုင်းအလင်းပြကျမ်း ထုတ်ဝေရခြင်းအကြောင်း

ဦးရွှေဇံကို အဖ-စက်ရှင်တရားသူကြီးဦးသာဇံဦးနှင့် အမိ-မိမဘုတို့မှ မွေးဖွားခဲ့ပြီး၊ (၁၃)ယောက် မြောက်သားဖြစ်သည်။ (သမိုင်းသုတေသီ ဆရာကြီးဦးစံသာအောင်၏ညီအငယ်ဆုံး ဖြစ်သည်) စစ်တွေမြို့ အစိုးရ အထက်တန်းကျောင်းတွင်ပညာသင်ကြားခဲ့ပြီး၊ ၁၉၄၆-ခုနှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲကို အောင်မြင်ကာ၊ ၁၉၅၂-ခုနှစ်တွင်(B.Sc)ဘွဲ့ကိုရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ရူပဗေဒ နည်းပြ အဖြစ်ခေတ္တထမ်းဆောင်ခဲ့ပြီး၊ သန်းခေါင် စာရင်း အရာရှိအဖြစ်(၂)နှစ် အမှုထမ်းဆောင်ခဲ့ပြီး၊ ၁၉၅၄-ခုနှစ်တွင်မြန်မာနိုင်ငံဝန်ထမ်း (အကြီးတန်း)အဖြစ် ခန့်ထားခံရသည်။ မြို့ပိုင်၊ နယ်ပိုင်၊ မြို့မ ဝန်ထောက်ကြီး အဖြစ်၁၉၆၁-ခုနှစ်၊ ဖေဖော်ဝါရီလအထိ ထမ်းဆောင်ခဲ့သည်။ ၁၉၆၁-ခုနှစ်၊ မတ်လမှ ၁၉၆၇-ခု နှစ်၊ စက်တင်ဘာ လအထိ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနတွင် အတွင်းဝန်ကလေးနှင့် ဒုတိယအတွင်းဝန်အဖြစ်လည်း ကောင်း၊ ၁၉၆၇-ခုနှစ်အောက်တိုဘာလမှ ၁၉၆၈-ခုနှစ်စက်တင်ဘာလ အထိ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာန လက်အောက်ရှိ အောင်ဘာလေသိန်းဆုဌာနတွင် လက်ထောက် အုပ်ချုပ်ရေးမှူး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၈-ခုနှစ်၊ အောက်တိုဘာလမှ ၁၉၇၀-ခုနှစ်၊ ဇန်နဝါရီလအထိ ကရင်ပြည်နယ်၊ ဘားအံခရိုင် တွဲဘက်ခရိုင်ဝန်၊ ၁၉၇၀-ခုနှစ် မှ ၁၉၇၂-ခုနှစ်ဩဂုတ်လအထိ သံတွဲခရိုင်ဝန် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၇၂-ခုနှစ်၊ဩဂုတ်လမှစ၍ ရခိုင်တိုင်းလုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ ဒုတိယရုံးအဖွဲ့ မှူးနှင့် ရခိုင်တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးဌာနမှူး ပူးတွဲတာဝန်ကို ၁၉၇၇-ခုနှစ်အထိ ထမ်းဆောင် ခဲ့ပါသည်။

၁၉၇၈-ခုနှစ်တွင် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီဝင်အဖြစ်ရွေးချယ် ခံရပြီးလျှင် ၁၉၇၈-ခုနှစ်မှ ၁၉၈၄-ခုနှစ်အထိ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူးတာဝန်ကိုလည်းကောင်း၊ ၁၉၈၅-ခုနှစ်နှစ်မှ ၁၉၈၈-ခုနှစ်အထိ ရခိုင်ပြည်နယ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ တာဝန်ကိုလည်း ကောင်းထမ်းဆောင်ခဲ့သည်။ ပြည်သူ့ ကောင်စီတာဝန်ထမ်းဆောင်ယင်း ၁၉၇၈-ခုနှစ်တွင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ရာထူးတိုးမြှင့်ခံရသည်။

http://www.dhammadownload.com



ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီအတွင်းရေးမှူးနှင့် ပြည်နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ တာဝန် များကိုထမ်းဆောင်နေစဉ် ရခိုင်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်း သုံးရပ်၏ တာဝန်ပေးအပ်ချက် အရ၊ (၁)ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း (သမိုင်းနှင့်ပထဝီ အနေအထားကဏ္ဍ) ( Physical Features )၊ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍပြုစုရေးအဖွဲ့ ခေါင်းဆောင် တာဝန်၊ (၂)ရခိုင်ပြည်နယ်မဂ္ဂဇင်းအယ်ဒီတာနှင့် ထုတ်ဝေသူ (၃) မြောက်ဦးလမ်းညွှန် စာအုပ် ထုတ်ဝေရေး ကော်မတီဥက္ကဋ္ဌနှင့်ထုတ်ဝေသူ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၈-ခုနှစ်တွင်နိုင်ငံတာဝန်အရပ်ရပ်မှအငြိမ်းစား၊ အနားယူပြီးနောက်၊ ရခိုင်သဟာ ယမဂ္ဂဇင်း-ရန်ကုန်မြို့၊ ရခိုင် မဂ္ဂဇင်း-စစ်တွေမြို့၊ မြတ်ပန်းသဇင်ရခိုင်အမျိုးသမီးမဂ္ဂဇင်း- ရန်ကုန်မြို့၊ မဇ္ဈိမ အလင်းရောင် မဂ္ဂဇင်း-အိန္ဒိယ၊ ထေရ်ရဂုဏ်ရည် စာပန်းချီစာစောင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တို့မှထုတ်ဝေသည့် မဂ္ဂဇင်းစာစောင်များနှင့်အမေရိကန်နိုင်ငံရှိ ရခိုင်အမျိုးသား အသင်း (World Arakanese Organization) မှထုတ်ဝေသည့် ရက္ခိတမဂ္ဂဇင်းတွင်(A Buddha Foot Print of Mrauk-U Period )ဆောင်းပါးနှင့် အခြား ရခိုင်သမိုင်းဆိုင်ရာအဆက်အစပ် ဆောင်းပါးများ ကို ရေးသားခဲ့သည်။ ၁၉၅၂-၅၃ ခုနှစ်က ရခိုင်ပြည်နယ်၌ သန်းခေါင် စာရင်းအရာရှိ တာဝန်ထမ်းဆောင်စဉ်၊ တစ်ဘက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့်ဘင်္ဂါလီ မူဆလင် များနှင့်ပတ်သက်သည့် (Study of Muslim infiltration into Rakhine State )ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာ ဖြင့်ရေးသားပြုစုခဲ့ရာ၊ အမေရိကန်နိုင်ငံ၊ ကိုလံဘီယတက္ကသိုလ်မှ အချိန်ပိုင်းပါမောက္ခ ဒေါက်တာနာယက ကအဆိုပါစာတမ်းအား၊ ဂျပန်နိုင်ငံ၊ ကန္ဒတက္ကသိုလ်မှ သမိုင်းပါမောက္ခဒေါက်တာအေးချမ်း ၏(The Development of Muslim Enclave in Arakan(Rakhine) State of Burma (Myanmar))နှင့် ပူးတွဲပြီး( INFLUX VIRUSES ,The Illegal Muslim in Arakan) အမည်ဖြင့် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဓညဝတီခေတ်နှင့်ပတ်သက်၍၊ ရခိုင်လူကြီးတချို့က၊ အမှန်တကယ်မရှိသော ဓညဝတီခေတ်ကို မည်သည့်အတွက် ဖော်ထုတ်ရန်ကြိုးစားနေပါသလဲ- ဟူသောသရော်တော်တော် မေးခွန်းများကို မေးမြန်းခံခဲ့ရသည်။ သို့ကြောင့်လည်း ဓညဝတီခေတ်သည် ဒဏ္ဍာရီမဟုတ်ပါဆိုသည့် ဆောင်းပါးကို ရေးသားလျှက် ပျောက်ကွယ်နေသည့် ဓညဝတီရှေးဦးခေတ်ကို ဖော်ထုတ်မှတ်တမ်း တင်နိုင်ခဲ့သည်။ တတိယဓညဝတီခေတ် သူရိယမင်းဆက်၏စွမ်းပကား၊ Cultural and Religious Relation between India and Dhanyawady, A Buddhistic Land of Rakhine, ဓညဝတီခေတ် ရခိုင်ခေတ်ဦး။ ဝေသာလီခေတ်ကိုဖော်ညွှန်း သည့်ဆောင်းပါးများမှာ ဝေသာလီကျောက်လှေကား

http://www.dhammadownload.com



ခေတ် ပဟေဠိပုစ္ဆာနှင့်အဖြေ၊ Some justifications about Wethali a Single Rakhine Dynasty, existing between Fourth and Ninth Century, လေးမြို့ခေတ်ကို ဖော်ညွှန်းသည့် ဆောင်းပါးများမှာ A Mahakyain Phara of Lemro period လေးမြို့ခေတ်ဗုဒ္ဓသာသနာ၊ မြောက်ဦးခေတ်ကို ဖော်ညွှန်းသည့် ဆောင်းပါးများမှာ The Golden Mrauk-U, an ancient Capital of Rakhine မြောက်ဦးခေတ် ငွေဒင်္ဂါး၊ သို့မဟုတ်၊ ဒင်္ဂါးကပြောသောမြောက်ဦးခေတ်သမိုင်း တို့ဖြစ်သည်။

၁၉၉၆-ခုနှစ်တွင် ဦးဘစံ(ညေစံ)(အစ်ကို)ရေးသားသည့် အင်္ဂလိပ်နှင့်ဖက်ဆစ်ဂျပန်တော်လှန်ရေး မှတ်တမ်းကို မှီး၍ "ရခိုင်တိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှု" စာအုပ်ကို စီစဉ်ထုတ်ဝေ ဖြန့်ချီခဲ့ပါသည်။

ဝိသိဋ္ဌဂုဏပူဇာ မော်ကွန်းတင်စာစောင်တွင် "ရခိုင်တို့၏ဗုဒ္ဓသာသနာ ရွှေရောင်လွှမ်းမိုးခဲ့သည့်အချိန်" ဆောင်းပါးကိုလည်းကောင်း၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ထုတ်ဝေသည့် ဦးရာဇ်မြေမဂ္ဂဇင်းအမှတ်(၁)တွင် ရခိုင်ဝါးတောနှင့် စပ်လျဉ်းပြီး "ရခိုင်ဝါးတောနှင့်ရှေးအလားအလာ" ဆောင်းပါးကိုလည်းကောင်း၊ ခေတ်သုတေသီ များက ညေဝတီခေတ်နှင့် ဝေသာလီခေတ် မင်းဆက်များအကြောင်း ရေးသားတင်ပြကြရာ၌ အသုံးပြုနေကြသည့် သက္ကရာဇ်ဆောင်းပါးနှင့် Sekyamuni copper Image and Inscription on it ဆောင်းပါးကို ၂၀၀၃-ခုနှစ် အောက်တိုဘာလထုတ် ရခိုင်မဂ္ဂဇင်းနှင့် ရန်ကုန်မြို့ရခိုင်သဟာယမဂ္ဂဇင်းအမှတ်(၆) တို့တွင်လည်းကောင်း၊ Customs 2005 မဂ္ဂဇင်းတွင် Mahamuni Sculpture နှင့် Evolution of Buddhism in Rakhine ဆောင်းပါးတို့ကို လည်းကောင်းရေးသားခဲ့သည်။ ၄င်းအပြင် နိုင်ငံတကာနှင့်မြန်မာ့ခရီးသွားလုပ်ငန်း အထောက်အကူ ဖြစ်စေရန်နှင့် ရခိုင်ပြည်နယ်မှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကလေ့လာသိရှိနိုင်စေရန် ရည်ရွယ်လျှက် The Golden Mrauk-U, an ancient Capital of Rakhine စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် မြောက်ဦးမြို့ရှိ ဘုရားစုံကို ဖော်ပြပြီးထုတ်ဝေခဲ့ပါသည်။ ၂၀၁၀-ခုနှစ်၊ အိန္ဒိယနိုင်ငံမှထုတ်ဝေသည့် "ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်မော်ကွန်း" ထုတ်ဝေရာတွင် အတိုင်ပင်ခံအယ်ဒီတာ အဖြစ်ဆောင်ရွက်ခဲ့ပြီး၊ "ရခိုင်တို့၏အတိတ်ကာလ ဂေါတမမြတ်စွာဘုရား မပွင့်ထွန်းမီ အချိန်အခါနှင့် ပွင့်ပြီးစ တတိယညေဝတီကာလ" ဆောင်းပါးကိုရေးသားချီးမြှင့်ခဲ့ပါသည်။

၂၀၀၆-ခုနှစ်က "ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှု မြေကြီးကသက်သေတည်သရွေ့" စာအုပ်ကို ထုတ်ဝေခဲ့ရာတွင် သမိုင်းကော်မရှင်အဖွဲ့၏မေတ္တာရပ်ခံချက်အရ၊ ရခိုင်သမိုင်းတွင် ကိုလိုနီခေတ်က အုပ်ချုပ်ခဲ့သော ဗြိတိသျှအရာရှိကြီးများ၏မှားယွင်းသောသက္ကရာဇ် သတ်မှတ်မှုကြောင့် ရှေးခေတ်ရခိုင်သမိုင်းစဉ် အချိန် ကာလရွေ့လျော့ နောက်ဆုတ်ရသည်ကို အမှန်တည့်မတ်ပေးလိုသည့် စေတနာဖြင့် သမိုင်းဆိုင်ရာ အထောက်အထားများကို ကိုယ်တိုင်

http://www.dhammadownload.com



ထောက်ပြရှင်းပြခဲ့သည်။ အေဒီ (၄)ရာစုနှောင်းပိုင်း၌ စတင်ခဲ့သည်ဟု ယူဆသောဝေသာလီခေတ်သည် ဗိသနိုးခေတ်နှောင်း၊ သရေခေတ္တရာအစောပိုင်းနှင့်သာခေတ်ပြိုင် ဖြစ်နေသည်ကိုလည်းကောင်း၊ သရေခေတ္တရာနောက်မှပေါ်ထွန်းခဲ့သော ပုဂံခေတ်အစဦးပိုင်းသည် ဝေသာလီခေတ်နှောင်းနှင့်သာ ခေတ်ပြိုင်ဖြစ်နိုင်တော့သည်ကိုလည်းကောင်း၊ ရှေးဟောင်းမြန်မာနိုင်ငံတွင် ပျူခေတ် ကုန်ဆုံး၍ပုဂံခေတ် မစတင်မီ သီရိပစ္စယာခေတ်နောက်ပိုင်းနှစ်ပေါင်း (၁၅၀)အကြာတွင်မှ မင်းဖြစ်လာသော ပုပ္ပါးစောရဟန်းမင်းနှင့် တတိယ ဓညဝတီခေတ်၏သူရိယရေနုမင်းတို့ ခေတ်ပြိုင်ဖြစ်သည်ဟု တွက်ချက်ထားသော အနောက်တိုင်းသုတေသီတို့၏မှားယွင်းမှုကိုလည်းကောင်းတွေ့ရှိလာရပြီး၊ ပုဂံသီရိပစ္စယာခေတ်မှ ပုပ္ပါး စောရဟန်းမင်းသည် ဝေသာလီနှောင်းပိုင်းမှ သီရိစန္ဒြားမင်း (ဓမ္မဝိဇယမင်း)နှင့်သာ သက္ကရာဇ်ဖြို့မှုနှင့်ယှဉ်၍ ခေတ်ပြိုင်ဖြစ်သည်ကို တွေ့လာရကြောင်း အနောက်တိုင်းသားသုတေသီများ၏မဟာအမှားတော်ပုံကြီးကို ရှင်းလင်းဖော်ထုတ်တင်ပြခဲ့သည်။ သမိုင်းကော်မရှင်အတွင်းရေးမှူး ဒေါက်တာ တိုးလှက ဆရာကြီးဦးရွှေဇံကဲ့သို့ မြန်မာ့သမိုင်း၌လည်း မှားယွင်းမှုများကိုလေ့လာပြီးဖော်ထုတ်နိုင်အောင်ကြိုးစားကြရန် သုတပည့် များကိုမှာကြားခဲ့သည်ဟုသိရသည်။ မှားယွင်းနေသည့်သက္ကရာဇ်များကို ဖော်ထုတ်ပြသနိုင်ခဲ့သည့်အတွက်၊ ရခိုင်သမိုင်း ခေတ်ကြီး (၄)ခေတ်ကိုသမိုင်းမှန်၊ သက္ကရာဇ်မှန်များဖြင့် ခိုင်ခိုင်မာမာမှတ်တမ်းတင်နိုင်ခဲ့ရာ ရခိုင်သမိုင်းတစ်ခုလုံး၏အဆင့်အတန်းကို မြင့်မားစေခဲ့ပါသည်။

မိဂဒါဝုန်မြန်မာကျောင်းတိုက်မော်ကွန်း” ထုတ်ဝေရာတွင် အတိုင်ပင်ခံအယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့ပြီး၊ “ရခိုင်တို့၏အတိတ်ကာလ ဂေါတမမြတ်စွာဘုရားမပွင့်ထွန်းမီအချိန်အခါနှင့် ပွင့်ပြီးစ တတိယဓညဝတီကာလ” ဆောင်းပါးကိုရေးသားချီးမြှင့်ခဲ့ပါသည်။

၂၀၀၆-ခုနှစ်က “ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှု မြေကြီးကသက်သေတည်သရွေ့” စာအုပ်ကို ထုတ်ဝေခဲ့ရာတွင် သမိုင်းကော်မရှင ်အဖွဲ့၏မေတ္တာရပ်ခံချက်အရ၊ ရခိုင်သမိုင်းတွင် ကိုလိုနီခေတ်က အုပ်ချုပ်ခဲ့သော ဗြိတိသျှအရာရှိကြီးများ၏မှားယွင်းသောသက္ကရာဇ် သတ်မှတ်မှုကြောင့် ရှေးခေတ်ရခိုင်သမိုင်းစဉ် အချိန် ကာလရွှေ့လျော့ နောက်ဆုတ်ရသည်ကို အမှန်တည့်မတ်ပေးလိုသည့် စေတနာဖြင့် သမိုင်းဆိုင်ရာ အထောက်အထားများကို ကိုယ်တိုင် ထောက်ပြရှင်းပြခဲ့သည်။ အေဒီ (၄)ရာစုနှောင်းပိုင်း၌ စတင်ခဲ့သည်ဟု ယူဆသောဝေသာလီ ခေတ်သည် ဗိသနိုးခေတ်နှောင်း၊ သရေခေတ္တရာ အစောပိုင်းနှင့်သာခေတ်ပြိုင် ဖြစ်နေသည်ကို လည်းကောင်း၊ သရေခေတ္တရာ နောက်မှ ပေါ်ထွန်းခဲ့သော ပုဂံခေတ်အစဦးပိုင်းသည် ဝေသာလီ ခေတ်နှောင်းနှင့်သာ ခေတ်ပြိုင်ဖြစ်နိုင်တော့သည် ကိုလည်းကောင်း၊ ရှေးဟောင်းမြန်မာနိုင်ငံတွင် ပျူခေတ် ကုန်ဆုံး၍ပုဂံခေတ် မစတင်မီ သီရိပစ္စယာခေတ်နောက်ပိုင်းနှစ်ပေါင်း (၁၅၀)အကြာတွင်မှ မင်းဖြစ်လာသော ပုပ္ပါးစောရဟန်းမင်းနှင့် တတိယ ဓညဝတီခေတ်၏သူရိယရေနုမင်းတို့

http://www.dhammadownload.com



ခေတ်ပြိုင်ဖြစ်သည်ဟု တွက်ချက်ထားသော အနောက်တိုင်း သုတေသီတို့၏ မှားယွင်းမှုကိုလည်း ကောင်းတွေ့ရှိလာရပြီး၊ ပုဂံသီရိပစ္စယာခေတ်မှ ပုပ္ပါး စောရဟန်းမင်းသည် ဝေသာလီနှောင်းပိုင်းမှ သီရိစန္ဒရားမင်း (ဓမ္မဝိဇယမင်း)နှင့်သာ သက္ကရာဇ်ပြိုင်မှုနှင့်ယှဉ်၍ ခေတ်ပြိုင်ဖြစ်သည်ကို တွေ့လာရကြောင်း အနောက်တိုင်းသားသုတေသီများ၏ မဟာအမှားတော်ပုံကြီးကို ရှင်းလင်း ဖော်ထုတ်တင်ပြခဲ့သည်။ သမိုင်းကော်မရှင် အတွင်းရေးမှူး ဒေါက်တာ တိုးလှက ဆရာကြီးဦးရွှေဇံ ကဲ့သို့ မြန်မာ့သမိုင်း၌လည်း မှားယွင်းမှုများကိုလေ့လာပြီး ဖော်ထုတ်နိုင် အောင်ကြိုးစားကြရန် သူ့တပည့်များကိုမှာ ကြားခဲ့သည်ဟုသိရသည်။ မှားယွင်းနေသည့် သက္ကရာဇ်များကို ဖော်ထုတ်ပြသနိုင်ခဲ့သည့်အတွက်၊ ရခိုင်သမိုင်း ခေတ်ကြီး (၄)ခေတ်ကိုသမိုင်းမှန်၊ သက္ကရာဇ်မှန်များဖြင့် ခိုင်ခိုင်မာမာမှတ်တမ်းတင်နိုင်ခဲ့ရာ ရခိုင်သမိုင်းတစ်ခုလုံး၏အဆင့်အတန်းကို မြင့်မားစေခဲ့ပါသည်။

၂၀၀၉-ခုနှစ်တွင် "ရှေးခေတ်ရခိုင်သမိုင်းစဉ်နှင့်ခေတ်အဆက်ဆက်ယဉ်ကျေးမှု-ဓညဝတီခေတ်" စာအုပ်ကို အင်္ဂလိပ်၊ မြန်မာစာများဖြင့်ပူးတွဲထုတ်ဝေပြီး၊ ရခိုင်တို့၏သမိုင်း ခေတ်ဦးကို ဓညဝတီမြို့တော် တူးဖော်မှုရလာဘ်များနှင့်အတူ-"ဓညဝတီခေတ်သည် ဒဏ္ဍာရီမဟုတ်ပါ" ဆိုသည်ကို ပိုမိုခိုင်မာအောင် အတည်ပြုချက်ပေးနိုင်ခဲ့သည်။ ၄င်းအပြင် အဓိကသံသယဝင်လျက်ရှိကြသည့် ဗုဒ္ဓဂေါတမဘုရားရှင် ဓညဝတီရက္ခိုင်ပြည်ကြီးသို့ ကြွလာသည်မှာ မှန်ကန်ယုတ္တိရှိကြောင်းကိုလည်း သက္ကရာဇ် အထောက် အထား၊ ခေတ်ပြိုင်သမိုင်း အထောက်အထားများဖြင့် တင်ပြနိုင်ခဲ့ပါသည်။ တတိယဓညဝတီခေတ် အချိန်ကပင် ရခိုင်တို့သည် ပဥ္စလောဟာနှင့် သတ္တုသွန်းလုပ်မှု အတတ်ပညာများကို နိုင်နင်းစွာ တတ်မြောက်လျက်ရှိပြီး၊ ခေတ်ပြိုင်ဖြစ်သော ဥရောပတိုက် ဂရိအေသင်မြို့တို့တွင်တည်ဆောက်ခဲ့သော (Acropolis) ခံတပ်၌ စိုက်ထူထားသော နတ်ဘုရား ရုပ်တုကြီးများ၏စက်မှုအတတ်ပညာထက် ရခိုင်တို့၏စက်မှုပညာမှာ နောက်မကျကြောင်း ဖော်ထုတ်တင်ပြခဲ့ပါသည်။ ရခိုင်တို့၏ခေတ်ဦးဖြစ်သော ဓညဝတီခေတ်ကိုဖော်ထုတ်ခဲ့သည့်အတွက် ဗုဒ္ဓ ဘုရားရှင်ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခဲ့သည့် ထေရဝါဒ ဗုဒ္ဓသာသနာကိုသာ ယုံကြည်သက်ဝင်လာခဲ့ကြသော ရခိုင်လူမျိုးတို့၏ဘာသာရေး ယုံကြည်ချက်၊ ခံယူချက်များနှင့် ရခိုင်တို့၏နည်းပညာထွန်းကားမှု၊ ယဉ်ကျေးမှု စာပေဆိုင်ရာတိုး တက်မြင့်မားမှု အခြေအနေများကိုလည်း အများပြည်သူတို့အား ပိုမိုရှင်းရှင်းလင်းလင်း သိစေနိုင်ခဲ့ပါသည်။

၂၀၁၀-ခုနှစ်တွင် နိုင်ငံခြားသုတေသီများအတွက်ပါရည်ရွယ်လျက်လည်းကောင်း၊ ရခိုင်သမိုင်း၏ကြွယ်ဝလှသော ဝေသာလီခေတ်ကို ကမ္ဘာကပါသိရှိနိုင်စေရန်နှင့် ရခိုင်လူမျိုး၏သမိုင်း၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ဖြစ်ထွန်းခဲ့မှုများသည်

http://www.dhammadownload.com



ခေတ်ကာလအားဖြင့် ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်ခဲ့သည်ကို ထင်သာမြင်သာဖြစ်စေလိုသည့်စေတနာဖြင့်လည်းကောင်း WETHALI: THE LAND OF HISTORIC FINDS စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနိုင်ခဲ့ပြီဖြစ်သည်။ ဝေသာလီခေတ်သည် ရခိုင်ယဉ်ကျေးမှုအထွန်းကားဆုံး ကာလဖြစ် သကဲ့သို့၊ ဘာသာရေးနှင့်စပ်လျဉ်းပြီး၊ စတုတ္ထသံဂါယနာကိုတင်နိုင်ခဲ့သည့် သမိုင်းအထောက် အထားများ၊ ဘုရင်အဆက်ဆက်ထုတ်ဝေခဲ့သည့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများနှင့် ကျောက်စာ၊ ပေစာ၊ ကြေးနီပြားစာ၊ ခေါင်းလောင်းစာ၊ အုတ်ခွက်စာ၊ ဆီမီးခွက်စာ၊ ဒင်္ဂါးစာ၊ ရတု၊ ကဗျာ၊ ဧချင်းစသည်များ အဘက်ဘက်က တိုးတက်လာခဲ့သည်တို့ကို ဓာတ်ပုံ၊ ရုပ်ပုံအထောက်အထားများနှင့်အတူ တင်ပြထားသဖြင့်၊ သမိုင်း သုတေသီများနှင့် သမိုင်းကို လေ့လာလိုက်စားသူများ၊ နောင်လာရခိုင်မျိုးချစ်လူငယ်များအတွက် တန်ဖိုးမဖြတ်နိုင်သော သမိုင်းမော်ကွန်းမှတ်တမ်းတစ်ခု ပင်ဖြစ်ပါသည်။

ဓညဝတီခေတ်(မြန်မာ)နှင့် ဝေသာလီခေတ် (အင်္ဂလိပ်) စာအုပ်များ ထွက်လာပြီးနောက် ခေတ်ကြီး(၄) ခေတ်ပြည့်ပြည့်စုံစုံပါဝင်သည့် ရခိုင်သမိုင်းအပြည့်အစုံကို ထုတ်ဝေရန်စဉ်း စားခဲ့ပါသည်။ ရခိုင်သမိုင်းကျမ်းကြီး တစ်စောင် ထွက်ပေါ်လာရန်မှာ ယနေ့ရခိုင်လူမျိုး တို့၏လက်ငင်းတာဝန်ကြီး တစ်ရပ်ဖြစ်နေရာ၊ ဆရာကြီးသည် ရခိုင်သမိုင်းတစ်စောင်ကို အမြန်ဆုံး ထုတ်ဝေရန် ဆန္ဒပိုမိုပြင်းထန်လာခဲ့လေသည်။

ရန်ကုန်တိုင်း၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဓမ္မာစရိယတက္ကသိုလ်နာယကချုပ် အသျှင်သုစိတ္တာ ဘိဝံသကလည်း ကျမ်းစာအုပ်ထုတ်ဝေရန်တိုက်တွန်းသည့်အပြင်၊ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ မိဂဒါဝုန် မြန်မာကျောင်းတိုက်ပဓာန နာယက အသျှင်ဝဏ္ဏဓဇနှင့် ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အသျှင်သုဇာတတို့ကလည်း စာအုပ် ထုတ်ဝေရန် အားပေးတိုက်တွန်းကြရာ ဆရာကြီး၏ ဆန္ဒကိုထပ်လောင်းတွန်းအားပေးသကဲ့သို့ ဖြစ်သွားပါသည်။ သို့ကြောင့်လည်း ဤသမိုင်းကျမ်းကြီး ထွက်ပေါ်လာရခြင်းဖြစ်သည်ဟု ဆိုရမည် ဖြစ်ပါသည်။

ဤသို့အဘက်ဘက်မှတိုက်တွန်းအားပေးမှုများကြောင့် ကျမ်းပြုစုရေးလုပ်ငန်းကို ၂၀၁၁-ခု၊ ဧပြီလပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ကြပြီး၊ကျမ်းအမည်ကို ရခိုင်သမိုင်းအလင်းပြကျမ်း ဟုပေးခဲ့ ပါသည်။ ပထမတွင်ရခိုင်သမိုင်း၏ခေတ်ကြီး (၄) ခေတ်သမိုင်းမျှကိုသာ ထုတ်ဝေရန်စီစဉ်ခဲ့သော်လည်း ဖြစ်ထွန်း ပေါ်ပေါက်လာသည့် ခေတ်ရေစီးကြောင်းများအရ ရခိုင်သမိုင်းကိုလေ့လာရာတွင် သမိုင်း၏ပကတိဖြစ်စဉ်များအပြင် သမိုင်းနှင့်ဆက်နွှယ်ပါလာသည့် စာပေ၊ရိုးရာယဉ်ကျေးမှု၊ အနုပညာရပ်များ၊ ရခိုင်ရိုးရာပွဲတော်များ၊အား ကစားများ၊ ဘာသာရေးဆိုင်ရာအမြင်၊ စာပေဆိုင်ရာ

http://www.dhammadownload.com



အမြင်၊ ယဉ်ကျေးမှုဆိုင်ရာအမြင်များကိုပါဆက်စပ်လေ့လာ သင့်သည်ကိုတွေ့လာရသဖြင့်၊ ထိုသို့ဆက်စပ်လေ့လာနိုင်စေရန် ရခိုင်စာပေသမိုင်း၊ ရခိုင်ရိုးရာယဉ်ကျေးမှု အနုပညာများ၊ ရခိုင်ပွဲတော်များနှင့် ရခိုင်ရိုးရာအားကစားများ၊ သုတေသီအချို့၏ ရခိုင်သမိုင်းဆိုင်ရာ အမြင်နှင့်ကျမ်းပြုသူ၏သုံးသပ်ချက်၊ ရခိုင်ဘာသာရေးဆိုင်ရာတင်ပြချက်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများစသည်ဖြင့် သီးခြားအခန်းကဏ္ဍတစ်ခုစီဖွင့်လှစ်တင်ပြထားပါသည်။ ၎င်းအပြင် ရခိုင်သမိုင်းအား ပိုမိုပြည့်စုံစေရေးကိုရှေးရှုလျှက် ကျမ်းပြုသူကိုယ်တိုင် ရခိုင်ပြည်နယ်ပြည်သူ့ ကောင်စီအတွင်းရေးမှူးတာဝန်ထမ်းဆောင်စဉ် အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်ပြုစုခဲ့သည့် ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်းကိုလည်း ကိုးကားထားသည့်အပြင် အများပြည်သူလွယ်ကူစွာတစ်ဆက်တစ်စပ်တည်း လေ့လာနိုင်စေရန်ရည်ရွယ်လျှက် အချို့အကြောင်းအရာအချက်အလက်များကိုလည်း ကောက်နုတ် ဖော်ပြပေးထားပါသည်။ထို့ကြောင့် ဤကျမ်းသည်ပြီးပြည့်စုံသည့်ရခိုင်သမိုင်းကျမ်းတစ်ကျမ်းဟုမဆိုနိုင် သော်လည်း၊ ဤကျမ်းကိုလေ့လာခြင်းအားဖြင့် ရခိုင်သမိုင်း၏အနေအထား၊ ရခိုင်လူမျိုး၏စာပေ ယဉ်ကျေးမှုအဆင့်အတန်းတို့ကို သိတန်သလောက်သိရှိနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ဤကျမ်းဖြစ်မြောက်ရေးအတွက် အားပေးကူညီ အမှာစာရေးပေးကြသော အိန္ဒိယနိုင်ငံ၊ ဥတ္တရာ ပရာ ဒတ်ရှ် ပြည်နယ်၊ဗာရာဏသီမြို့၊ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက် ဆရာတော်အသျှင်ဝဏ္ဏဓဇ (M.A.) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အားလည်းကောင်း၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) အသျှင်သုဇာတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)အား လည်းကောင်း၊ မန္တလေးမြို့မစိုးရိမ်တိုက်သစ်ဓမ္မသိတဂူကျောင်းတိုက်နာယက၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဓမ္မာစရိယတက္ကသိုလ် နှင့်စစ်တွေမြို့ ဓမ္မာစရိယ တက္ကသိုလ်တို့၏ နာယကချုပ် အသျှင်သုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အားလည်းကောင်း၊ နယ်စပ်ဒေသရှိဗုဒ္ဓဘာသာဆိုင်ရာ စေတီပုထိုးများ၏သမိုင်းနှင့်ဓာတ်ပုံများကို ကူညီပံ့ပိုးဆောင်ရွက်ပေးသည့် မောင်တောမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မောင်တောမြို့ မြို့မကျောင်းတိုက်၏ ပဓာနနာယက အသျှင် ကေတု (မဟာဂန္ထဝါစကပဏ္ဍိတ)အားလည်းကောင်း၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အောင်ဆန်းတောရပရိယတ္တိ စာသင်တိုက်မှအသျှင်သုမနအား လည်းကောင်း၊ ရန်ကုန်တိုင်း၊ စမ်းချောင်း မြို့နယ်၊ ကျွန်းတောလမ်းနေ ဦးကျော်စိန် (**ကောင်း-ပညာ့ဝန်ဆောင်လုပ်ငန်း**)နှင့် ရွှေပြည်သာမြို့နေ ဆရာဦးမောင်ထွန်း ( မြတ်သာထွန်း) တို့အား လည်းကောင်း၊ မဟာကျန်ဆင်းတုတော်မြတ်များကို ရှာဖွေစုဆောင်း ပေးသည့် ပန်းချီ မင်းညို (စစ်တွေ) နှင့်ဦးထွန်းသာ(ရန်ကုန်)တို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

http://www.dhammadownload.com



## ရခိုင်သမိုင်း အလင်းပြကျမ်း

* သမိုင်းဆိုစွာ
(ရှိလူအမှားတကို နောက်လူမမှားရအောင်)
နှစ်ခါမမှားရအောင် သိထားဖို့မှတ်တမ်း၊
ဆြာဦးရွှေဇံ ရခိုင်သမိုင်းအလင်းပြကျမ်း။
* သုံးလောကအမြဲတေက ရုပ်နာမ်ဓမ္မသင်္ခါရ
အတိအကျပြောရကေ
ဖြစ်တည်သမျှ ပျက်ရသေချာ ဓမ္မတာ၊
ဒေကျမ်းမှာရှာ သင်ဇာလုပ်ဖို့လေ့ ခန့်မှန်း၊
ဆြာဦးရွှေဇံ ရခိုင်သမိုင်းအလင်းပြကျမ်း။
* အဖြစ်ဟိကေ အပျက်ဟိရမေ
အပျက်ဟိက အဖြစ်ဟိရဖို့၊
တွဲလို့နီရေ ဆန့်ကျင်ဘက်တရား၊
သိထားဖို့က ဗုဒ္ဓအဘိဓမ္မာ၊
ဇာသောခါမှမပြောင်းလဲတရားမပျက်တေသဘော၊
အနားကနိဗ္ဗာန် အမှန်မြင်ရဖို့၊
မျိုးဆက်သစ်ရို့ဓိဋ္ဌာန် ဉာဏ်ကြည်လင်ဖို့လမ်း၊
ဆြာဦးရွှေဇံ ရခိုင်သမိုင်းအလင်းပြကျမ်း။
* အမှန်တရားဆိုစွာ
အမုန်းစကား အနားမှာလေ့မဟိ၊
အချစ်၏နွံမှာလေ့ မတည်၊ ခွဲနီကေလေ့ မရ၊
အမုန်းဟိက အချစ်ဟိရဖို့၊
အချစ်ဟိကေ အမုန်းလေ့ ဟိမေ၊
တွဲလို့နီရေ ဆန့်ကျင်ဘက်တရား၊
သိထားဖို့က ဗုဒ္ဓအဘိဓမ္မာ၊
ဇာသောခါမှ မပြောင်းလဲတရား
မပျက်သဘော
အနားကနိဗ္ဗာန် အမှန်မြင်ရဖို့၊
မျိုးဆက်သစ်ရို့ ဓိဋ္ဌာန်
ဉာဏ်ကြည်လင်ဖို့လမ်း၊
ဆြာဦးရွှေဇံ ရခိုင်သမိုင်းအလင်းပြကျမ်း။
*အမုန်းစကားမပါ
အချစ်တရားဆိုစွာလေ့မကြီး
အသိပီးရို့ သက်သက်၊
(မျိုးဆက်သစ်ရို့နှစ်ခါမမှားဖို့အတွက်)
တွိသမျှ စံရ ခံရ မချန်၊
အံချ လှန်ပြ ဝေါဟာရမရှိုင်း၊
အရှုံးမခံ၊ အနိုင်မပိုင်း၊ အယှဉ်းတကာ့လမ်း
ဆြာဦးရွှေဇံ ရခိုင်သမိုင်းအလင်းပြကျမ်း။

(မြတ်သာထွန်း)
၂၂၊ ၈၊ ၂၀၁၁။

***စာအုပ်ထုတ်ဝေရန်စီစဉ်ရေးအဖွဲ့***

http://www.dhammadownload.com



# ရှေးရှိုင်တို့၏ ကျင့်ဝတ္တရား

(၁) ရှေဦးရတနာသုံးပါးအားမမေ့မလျော့စေလျှက်ကျင့်သုံးဆောက်တည်ဆည်းကပ်ကိုးကွယ်ကြဖို့။

(၂) မိဘဆရာတို့၏ဆိုဆုံးမလျှက်ဩဝါဒဖြင့်ပေးခြင်းကိုမြေဝယ်မကျမှတ်သားနာယူလျှက်ကျင့်သုံး စောင့်ရှောက်ဖို့

(၃) မိမိတို့၌မငြိမ်သက်စေလျှက်သွေးသွမ်းခြင်း၊ကြွကြမ်းခြင်း၊ရွရွမ်းခြင်းဖြင့်မကောင်းသောအကျင့်တရားတို့ကို ပယ်ရှား စောင့်ရှောက်ကြဖို့။

(၄) ပညာသိပ္ပတတ်မြောက်စေဖို့ကြိုးစားအားထုတ်လျှက်သင်အံလေ့ကျင့်ကြဖို့။

(၅) သက်ဖြင့်ကြီးသောသူ၊ဝါဖြင့်ကြီးသောသူတို့နှင့်မိဘဆရာရေမြေရှင်ဘုရင်မင်းတို့အားလည်းမရိုမသေမလေး မခန့်ဖြင့် ဂါရဝပြုခြင်းကိုလည်း ရှောင်ကြဉ်ကြဖို့

(၆) မိမိကိုယ်ကိုပညာဖြင့်ပေါင်းယှဉ်လျှက်ဒေါသမောဟဟုဆိုအပ်သောမကောင်းသောဆန္ဒတရားတို့ကို ပယ်ရှား ရခြင်း။

(၇) ငါးပါးသောသီလကျင့်ဝတ်တရားတို့ကိုစောင့်ရှောက်ကြပြီးလျှင်မိမိတို့အားလျော်စွာအလှူဒါနတည်းဟူသော ကောင်းမှုကုသိုလ်တရားတို့ကို နေ့ညမပြတ်စိုက်ပျိုးရခြင်း။

(၈) လောကသူတစ်ပါးတို့အားနှုတ်ဖြင့်ကျူးလွန်ခြင်း၊ကိုယ်ဖြင့်ကျူးလွန်ခြင်းတည်းဟူသောမကောင်းသောတရား နှစ်ပါးကိုပယ်ရှားပြီးလျှင်စိတ်ကြည်လင်စွာဖြင့်မေတ္တာတရားကို ရှေ့ထားလျှက်သဘောဖြောင့်မတ်စွာနေရခြင်း။

(၉) ထို့ပြင်လောကမွေနှစ်ဌာနတည်းဟူသောကျင့်ဝတ်တရားနှစ်ပါးကိုပစ္စုပ္ပန်သံသရာတို့၌ ချမ်းသာစွာဖြင့်သိစွမ်း ဆောင်ရွက်နိုင်သောပညာရှိပုဂ္ဂိုလ်တို့အားအလေးအမြတ်ပြုပြီးလျှင်မိတ်ကျွမ်းဝင်ရခြင်း။

(၁၀) ၄င်းမိတ်ကျွမ်းဝင်သောပုဂ္ဂိုလ်တို့၌ပညာဖြင့်ပေါင်းယှဉ်ပြီးလျှင် တရားလက်လွတ်လျှက် ကျင့်ဝတ္တရား မှောက်မှား သူတို့သည်လောကတွင်လူသတ္တဝါတို့၌အကျိုးစီးပွားလည်းမရှိ၊သံသရာ၌လည်းအကျိုးမရှိသော သူတို့ကိုဝေးစွာရန်သူကဲ့သို့ မိမိစိတ်၌ထားပြီးလျှင် ရှောင်ကြဉ်ရခြင်း။

(၁၁) သူတစ်ပါးမစွည်းဥစ္စာတို့ကိုခိုးယူခြင်းဖြင့်၄င်း၊ သူတစ်ပါးသားမယားတို့အားကျူးလွန်ခြင်းဖြင့်၄င်း၊ အထူးသဖြင့် ရှောင်ကြဉ်ရခြင်း။

(၁၂) မိမိတို့အားသူတပါးတို့သည်ကျူးလွန်ခြင်းဖြင့်ကြိမ်ကြစ်ငြားသော်လည်းမျက်မာန်ဒေါသတို့ကို သိမ်းချုပ်လျှက် သည်းခံခြင်းဖြင့် ရှောင်ကြဉ်ရခြင်း။

(၁၃) လူတို့၌အနိစ္စ၊ဒုက္ခ၊အနတ္တဟုဆိုအပ်သောလက္ခဏာရေးသုံးပါးတို့ကိုအလေ့အလာအားဖြင့်အခါခါအောက် မေ့ပြီးလျှင်မိမိခန္ဓာကိုယ်ကိုပညာမျက်စိဖြင့် ကြည့်ရှုဆင်ခြင်ဆုံးမပြီးလျှင်၊ တပြောင်းပြန်ပြန်စက် အဟန်သို့ ဖြစ်ပျက်နေခြင်းကို ဒုက္ခတရားဖြင့်သိမြင်လျှက်ကြောက်ရွံ့ထိတ်လန့်စေဖို့ရှာမှီးရခြင်း။

(၁၄) လောဘ၊ ဒေါသ၊ မောဟဟုဆိုအပ်သောစိတ်ဆင်ရိုင်းကို နေ့ညမပြတ်ယဉ်ကျေးစေခြင်းငှာနေရခြင်း။

(၁၅) မိခင်ဖခင်တို့အားချစ်ခင်မြတ်နိုးလျှက်ဘုရားတစ်ဆူဂူတစ်လုံးကဲ့သို့နေ့ညမပြတ်အရိုအသေ အလေးအမြတ် ရှိခိုးဦးတင်လျှက်ပြုစု လုပ်ကျွေးမွေးမြူရခြင်း။

(၁၆) မိမိတို့၏ဆွေမျိုးဉာတိသင်္ဂဟတို့၌လည်းသက်ကြီးသူအိုတို့အားမိမိစိတ်၌ကြည်လင်စွာအားဖြင့် သဂါရဝအရိုအသေ အလေးအမြတ်ပြုလုပ်ဆောင်ရွက်ရခြင်း။

(၁၇) အရပ်လေးမျက်နှာကလာကြသောပုဏ္ဏား၊ ရဟန်း၊ ရသေ့မုဏိတို့၌အဝတ်အစားရိက္ခာတို့ဖြင့်ချို့တဲ့သောပုဂ္ဂိုလ်တို့ အားလည်း မခေါင်းပါးစေမူ၍ ကောင်းမွန်စွာ ပေးကမ်းထောက်ပံ့ခြင်းဖြင့် ဘဝတစ်ပါးသို့ သေခဲဥစ္စာထုပ်ကို သိုမှီးဖို့ ပြုလုပ်ခြင်း။ ။

http://www.dhammadownload.com